
ဓမ္မသစ်ကျမ်း
ထားဝယ်ဘာသာစကား



The Holy Bible in the Tavoyan language of Myanmar:

ဓမ္မသစ်ကျမ်း ထားဝယ်ဘာသာစကား

ဓမ္မသစ်ကျမ်း ထားဝယ်ဘာသာစကား

The Holy Bible in the Tavoyan language of Myanmar: ဓမ္မသစ်ကျမ်း ထားဝယ်ဘာသာစကား

copyright © 2024 The Word for the World International

Language: (Tavoyan)

Contributor: The Word for the World International

ထားဝယ် ဓမ္မသစ်ကျမ်း

The New Testament in Dawei Language
The Word for the World
This translation is made available to you under the terms of the Creative Commons Attribution Share-Alike license 4.0.
You have permission to share and redistribute this Bible translation in any format and to make reasonable revisions and adaptations of this translation, provided that:

- You include the above copyright and source information.
- If you make any changes to the text, you must indicate that you did so in a way that makes it clear that the original licensor is not necessarily endorsing your changes.
- If you redistribute this text, you must distribute your contributions under the same license as the original.

Pictures included with Scriptures and other documents on this site are licensed just for use with those Scriptures and documents. For other uses, please contact the respective copyright owners. Note that in addition to the rules above, revising and adapting God's Word involves a great responsibility to be true to God's Word. See Revelation 22:18-19.

2025-07-09

PDF generated using Haiola and XeLaTeX on 21 Oct 2026 from source files dated 9 Jul 2025
0c63f106-1001-58e4-ad11-6f62c327c4e1

Contents

မဿဲ
မဿဲ ရေးဟ်ားဟူ ခရစ်တော်ရဲ့ ဒန်းကောန်း
နိဒါန်း

မဿဲ ရေးဟ်ားဟူ ခရစ်တော်ရဲ့ ဒန်းကောန်းဟ်ာ ဓမ္မသစ်ကျမ်းထဲမာ ယေရှုခရစ်တော်ရဲ့ သတ်တော်စဉ်ဟို ဖော်ပြဟ်ားဟူ ကျမ်းလေးစောန်ထဲဟ် တစောန်ဖြစ်ဟ့ယ်။ အယ်ကျမ်းတစောန်စီဟို "ဧဝံဂေလိ" ဆိုဘီး ခေါ်ဟ့ယ်။ "ဒန်းကောန်း" ဆိုဘီး ဓိပါယ်ရဟ့ယ်။ ယေရှု သေဆောင်းဘီးန အယ်ကျမ်းလေဟို မဿဲ၊ မာကု၊ လုကာန ယောဟန်လေဟ် ရေးဟ်ားဟ့ယ်။ ကျမ်းစာပညာရှင်လေဟာ မဿဲရေးဟ်ားဟူ ဒန်းကောန်းရဲ့ နေ့ရစ်ဟို တိတိကျ်လကျ်လ သိဂေ့ဟ်။ အယ်ဘေမဲ့ အယ်ကျမ်းဟ်ာ ခရစ်တော် မီးဘီးန ၆၀ ခုနှစ်လောက်ဟ် ဖြစ်နိုင်ဟ့ယ်။ အယ်ကျမ်းဟို ရေးသားဟူ နေရာဟို့လည်း သိဂေ့ဟ်။ အယ်ဘေမဲ့ အယ်ကျမ်းဟို ပါလတိန (ပါလက်စတိုင်း) န ယေရုရှလင်ဗြို့မာ ရေးဟ်ားဟ့ယ် ဆိုဘီး ခန်မှန်းဂေ့ဟ့ယ်။

မဿဲဟ်ာ ကျမ်းရေးသူဖြစ်ဘီး ယေရှုရဲ့ တဗဲ့ ဖြစ်လာဟို့တွပ် ကိုယ်တော်ခေါ်ခန်ဒူးဟ် သူဟ်ာ ခွန်ကော့-က်မား တယော့-က်ဖြစ်ဟ့ယ်။ သူဟို့ လေဝိ နာမယ်နလည်း သိဂေ့ဟ့ယ်။ မဿဲဟ်ာ တမန်တော် ဆယ့်နှေ့ပါးထဲဟ် တပါးဖြစ်ဘီး သူဟ်ာ ယုဒလူမျိုး စာဖတ်မားလေတွပ် ရေးဟ်ားဟ့ယ်။ အယ်မူဇာဟ်ာ ဓမ္မဟောန်းကျမ်းဟို့ ရည်ညွန်းဟ်ားဟူ ကျမ်းပိုဒ်ပေါန်း ခြော့-က်ဆယ်ကျော်အားဖြင့် ရှင်းရှင်းလန်းလန်းဟ်ား ဗြင်နိုင်ဟ့ယ်။ ယေရှုဟ်ာ ပရောဖက်ပြုခံဟ်ားရဟူ၊ ဘုရားသခင်ရဲ့ ဝီးကော့-က်ဟ်ားဟူ ကယ်တန်ရှင် မေရှိယဖြစ်ဟ့ယ် ဆိုဇာဟို့ ပြဟို့တွပ် မဿဲဟ် ရည်ရွယ်လေဟ့ယ်။ မဿဲဟ်ာ ဘုရားသခင်ရဲ့ နိုင်ငံတော်ကြောန်းဟို့လည်း ဘောင်ဂီး ရေးဟ်ားဟ့ယ်။ ယုဒလေဟ်ာ မေရှိယဟို့ နိုင်ငံရေးနဆိုင်ဟူ နိုင်ငံရဲ့ မန်းဂီး ဖြစ်လာဟို့တွပ် မျော်လင့်ဟ်ားဟ့ယ်။ မဿဲဟ်ာ ဝိညာဉ်ရေးန ဆိုင်ဟူ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ဖော်ပြလိုက်ဇာအားဖြင့် အယ်မျိုး ယောင်ကြည်မူတွပ် ကီးမားဟူ စိန်ခေါ်မှုဖြစ်ဟ့ယ်။

အယ်ကျမ်းရဲ့ ရည်ညွန်းချစ်လေ ဂူလောင်းဟ်ာ ဓမ္မဟောန်းကျမ်းဟို့ ရည်ညွန်းဟ်ားဟူကြောန့် မဿဲရေးဟ်ားဟူ ဒန်းကောန်းဟ်ာ ဓမ္မသစ်ကျမ်း စပြုဟို့တွပ် ကျမ်းကောန်းတဆူ ဖြစ်လေဟ့ယ်။ အယ်ကျမ်းဟ်ာ ကျမ်းနှေ့စောန်လောင်းဟို့ ခိဆစ်ပေးဟ်ားဟ့ယ်။ မဿဲဟ်ာ ဓမ္မဟောန်းကျမ်းရဲ့ ပထမဆောင်း ငါးကျမ်းဖြစ်ဟူ မောရှေရဲ့ ကျမ်းလေရဲ့ ပေါင်စံနတူဟို့တွပ် ကြိုးစားဟ်ားနိုင်ဟ့ယ် ဆိုဘီး ကျမ်းစာပညာရှင်လေဟ့လည်း ကြံပြုဟ်ားလေဟ့ယ်။ ယေရှုရဲ့ တောန်ထတ်တရားတော်ဟ်ာ (၅—၇) မောရှေဟို့ ဘုရားသခင်ပေးလိုက်ဟူ ပညတ်တော်န နှိုင်းယှဉ်ကေ့နိုင်ဟ့ယ် (တရားဟောရာကျမ်း ၁၉.၃—၂၃.၃၃)။

ကြောန်းရာ ကျဉ်းချောက်

၁။ မဿဲဟာ ယေရှုခရစ်တော်ရဲ့ မွီးဖွားဟူကြောန်းဖြစ်ဟူ ဧဝံဂေလိ ဒန်းကောန်းဟို
ပြောပြဟားဟူဇာန ကိုယ်တော်ရဲ့ သာသနာ စပြုဟူဇာအားဖြင့်
စတန်ဟားဟူကြောန်း (၁.၁—၄.၂၅)
၂။ မဿဲဟ ယေရှုရဲ့ သာသနာန ကိုယ်တော်ရဲ့ သွန်သန်ချစ် ဘောင်းဂီးဟို
ဖော်ပြဟားဟူကြောန်း (၅.၁—၂၅.၄၆)
၃။ မဿဲရဲ့ ဆောင်းသတ်ပိုင်းမာ ကိုယ်တော်ရဲ့ သေဟားဟူဇာန ထမြော့-က်ဇာဟာ
ယေရှုသာသနာရဲ့ ဇာတ်ရှိဖြင့်ဆောင်း ဖြစ်ဟူကြောန်း (၂၆.၁—၂၈.၂၀)

ယေရှုခရစ်တော်ရဲ့ ဘိုးဘေးလေကြောန်း
(လုကာ ၃.၂၃-၃၈)

1 အာဗြဟံန ဒါဝိဒ်လေဟုနေဘီးဟာ မွီးဖွားဆင်းသတ်လာဟူ ယေရှုခရစ်တော်ရဲ့
ဆွေဇင်မျိုးဆစ်စာရင်းမာ အယ်မျိုးဖြစ်လေဟုယ်။

2 အာဗြဟံဟာ ဣဇာက်ရဲ့ဖ ဖြစ်ဟုယ်။
ဣဇာက်ဟာ ယာကုပ်ရဲ့ဖ၊
ယာကုပ်ဟာ ယုဒန သူညီကိုလေရဲ့ဖ၊
3 ယုဒဟာ တာမာနရဟူ သားလေဖြစ်ဟူ ဖာရက်န ဇာရရဲ့ဖ၊
ဖာရက်ဟာ ဟေဇရုံရဲ့ဖ၊
ဟေဇရုံဟာ အာရံရဲ့ဖ၊
4 အာရံဟာ အမိနဒပ်ရဲ့ဖ၊
အမိနဒပ်ဟာ နာရှွန်ရဲ့ဖ၊
နာရှွန်ဟာ စာလမုန်ရဲ့ဖ၊
5 စာလမုန်ဟာ ရာခပ်နရဟူ ဗောဇရဲ့ဖ၊
ဗောဇဟာ ရုသနရဟူ ဩဗက်ရဲ့ဖ၊
ဩဗက်ဟာ ယေရှဲရဲ့ဖ၊
6 ယေရှဲဟာ ဒါဝိဒ်မန်းဂီးရဲ့ဖ။

ဒါဝိဒ်မန်းဂီးဟာ ဥရိယရဲ့မယားဖြစ်ဖူးဟူ မီးမနရဟူသား ရှောလမုန်ရဲ့ဖ
ဖြစ်လေဟုယ်။
7 ရှောလမုန်ဟာ ရောဗောင်ရဲ့ဖ၊
ရောဗောင်ဟာ အဘိယရဲ့ဖ၊
အဘိယဟာ အာသရဲ့ဖ၊
8 အာသဟာ ယောရှဖက်ရဲ့ဖ၊ ယောရှဖက်ဟာ ယဟောရံရဲ့ဖ၊
ယဟောရံဟာ ဩဇိရဲ့ဖ၊
9 ဩဇိဟာ ယောသံရဲ့ဖ၊
ယောသံဟာ အာခတ်ရဲ့ဖ၊

အာခတ်ဟာ ဟေဇကိရဲ့ဖ၊
10 ဟေဇကိဟာ မနာရှေရဲ့ဖ၊
မနာရှေဟာ အာမုန်ရဲ့ဖ၊
အာမုန်ဟာ ယောရှိရဲ့ဖ၊
11 ဗာဗုလုန်ဗြို့ဟို့ ကျသရေလလူမျိုးလေ ဖမ်းဆောန်ခံရဟူ ခဲမာ
ယောရှိရဲ့သားလေဟု ယေခေါနိန ညီကိုလေဖြစ်လေဟုယ်။

12 ဗာဗုလုန်ဗြို့ဟို့ ကျသရေလလူမျိုးလေ ဖမ်းဆောန်ခံရဘီးန၊
ယေခေါနိဟာ ရှာလသေလရဲ့ဖ ဖြစ်ဟုယ်။
ရှာလသေလဟာ ဇေရုဗဗေလရဲ့ဖ၊
13 ဇေရုဗဗေလဟာ အာဗျုန်ရဲ့ဖ၊
အာဗျုန်ဟာ ဧလျာကိမ်ရဲ့ဖ၊
ဧလျာကိမ်ဟာ အာဇော်ရဲ့ဖ၊
14 အာဇော်ဟာ ဇာဒုတ်ရဲ့ဖ၊
ဇာဒုတ်ဟာ အာခိမ်ရဲ့ဖ၊
အာခိမ်ဟာ ဧလုဒ်ရဲ့ဖ၊
15 ဧလုဒ်ဟာ ဧလာဇာရဲ့ဖ၊
ဧလာဇာဟာ မဿန်ရဲ့ဖ၊
မဿန်ဟာ ယာကုပ်ရဲ့ဖ၊
16 ယာကုပ်ရဲ့သားဟာ မာရိရဲ့လန် ယောသပ် ဖြစ်လေဟုယ်။ အယ်မူမာရိဟာ
ခရစ်တော်* ဆိုဘီး နာမယ်ရှိဟူ ယေရှုရဲ့မိ ဖြစ်လေဟုယ်။

17 အယ်မျိုး မျိုးဆစ်ပေါ်နိုးဟာ အာဗြဟံဟုနေဘီး ဒါဝိဒ်ထိ ဆယ့်လေးဆစ်၊
ဒါဝိဒ်ဟုနေဘီး ဗာဗုလုန်ဗြို့ဟို့ နယ်နှင်ဒန် ခံရခန်ခဲထိ ဆယ့်လေးဆစ်၊ ဗာဗုလုန်ဗြို့ဟို့
နယ်နှင်ဒန် ခံရဘီးန ခရစ်တော် မွီးလာဟူ ခဲထိ ဆယ့်လေးဆစ် ဖြစ်လေဟုယ်။

ယေရှုခရစ် မွီးဖွားလာဟူကြောန်း
(လုကာ ၂.၁–၇)

18 ယေရှုခရစ်တော် မွီးဖွားလာဟူ ကြောန်းရာဟု အယ်မျိုးဖြစ်ဟုယ်။ မိခင်မာရိဟု
ယောသပ်န မင်္ဂလာဆောန်ဟို့တွပ် စေ့စပ်ဘီး တူးဒူနေခန်မာ
သန့်ရှင်းဟူဝိညာဉ်တော်အားဖြင့် ဗိုက်ပိုက်နေလေဟုယ်။
19 သူ့လန် ယောသပ်ဟု ဖြောန့်မတ်ဟူသူ ဖြစ်ဟူကြောန့် မာရိဟို့ လူဘောင်လယ်မာ
ယှစ်ရဘဲနေအောန် တိတိဟုား ကွာရှင်းမယ် ဆိုဘီး ကြံစည်ဟုားလေဟုယ်။
20 အယ်မျိုး ကြံစည်နေခဲမာ အိမတ်ထဲမာ ယောသပ်ဟို့ ဘုရားသခင်ရဲ့
ကောန်းဂန်တမန်ဟု "ဒါဝိဒ်အမျိုး ယောသပ်၊ နန့်မယား မာရိရဲ့ ဗိုက်တွပ် စိုးရိမ်န။

* **1:16 ၁.၁၆ ခရစ်တော်၊** မန်းဂီးရာတွပ် ဘုရားသခင်ဟု ဝီးကော့-က်ဟုားဟူ ကယ်တန်ရှင် ဆိုဘီး ခိပါယ်ရဟုယ်။
1:18 ၁.၁၈ လု ၁.၂၇

အယ်ဗိုက်ဟာ ဘုရားသခင်ရဲ့ သန့်ရှင်းဟူဝိညာဉ်တော်ရဲ့ တဂိုးအားဖြင့်
ရလာဟူဗိုက်ဖြစ်လေဟုယ်။
21 သူဟာ သားယော့-က်ကျားဟို့ မွီးလေ့မယ်။ အယ်မူသားဟာ သူ့ရဲ့လူလေဟို့
ပြစ်ဟုနေဘီး ကယ်တန်ပေးမယ့်သူ ဖြစ်ဟုယ်။ အယ်ကြောန့် ယေရှု ဆိုဘီး
နာမယ်ပေးရမယ်” ဆိုဘီး ပြောလေဟုယ်။
22 အယ်ကြောန်းရာဟု ရှေးပရောဖက်လေအားဖြင့် ပြောဟုားဟူ ဘုရားသခင်ရဲ့
ဗျာဒိတ်တော် ပုလဲ့ဇောင်ဟုားလေဟုယ်။
23 ဗျာဒိတ်ပြုဟုားဇာဟု “ကေ့ရှုဂေ့။ ပျိုမဟာ ဗိုက်ပိုက်ဘီး သားဟို့ မွီးဖွားလေ့မယ်။
အယ်သားဟို့ ဧမာနွေလ ဆိုဘီး နာမယ်ပေးရမယ်” (ဧမာနွေလရဲ့ နတ်ဓိပါယ်ဟာ
“နို့လေနတူးဒူရှိဟူ ဘုရားသခင်” ဆိုဘီး ဓိပါယ်ရလေဟုယ်)။
24 ယောသပ်ဟာ အိယာဟု နိုးလာဘီးန ဘုရားသခင်ရဲ့
ကောန်းဂန်တမန်ပြောဟုားတိုင်း မာရိဟို့ သူ့မီးမဖြစ် လတ်ထတ်
ပေါန်းသင်းလိုက်လေဟုယ်။
25 အယ်ကြောန့် အယ်သားဟို့ မွီးဖွားခီရော့-က်ခန်ထိ တူးဒူအိဘဲန နေလေဟုယ်။
အယ်သားဟို့လည်း ယေရှု ဆိုဘီး နာမယ်ပေးလေဟုယ်။

2

ရှေ့တိုင်းပြည်ဟု ပညာရှိလေကြောန်း

1 ယုဒပြည်ဗက်လင်ဗြို့ ဟေရုဒ်မန်းဂီး လတ်ထတ်မာ ယေရှုဟို့ မွီးဖွားတော်မူဟုယ်။
မာဂုပညာရှိလေဟု ရှေ့တိုင်းပြည်ဟုနေ ယေရုရှလင်ဗြို့ဟို့ ရော့-က်လာဘီးဟု၊
2 “ခုမွီးဖွားလာဟူ ယုဒမန်းဂီးဟု ဖယ်မာရှိနူး။ ရှေ့တိုင်းပြည်ဟုနေဘီး သူ့ရဲ့
ကြယ်ဟို့ နို့လေ ဗြင်ရဂေ့ဟူကြောန့် ရှိခိုးပူဇော်ဟို့တွပ် ရော့-က်လာဂေ့ဟုယ်” ဆိုဘီး
မေးဂေ့လေဟုယ်။
3 အယ်မူစကားဟို့ ကြားလိုက်ဟူ ခီမာ ဟေရုဒ်မန်းဂီးန ယေရုရှလင်ဗြို့ဟု လူလေ
ဂူလောင်းဟုာ ပူပန်သောက ရော့-က်ဂေ့ဟုယ်။
4 ယဇ်ပုရောဟိတ်ဂီးလေ၊ ဘာသာရေး ခေါန်းဆောန်လေန ကျမ်းပြုဆရာရှိမျှဟို့
စုဝေးခေါဘီးဟုာ “ခရစ်တော်ဟုာ ဖယ်ရပ်မာ မွီးဖွားလာမယ်နူး” ဆိုဘီး မေးလေဟုယ်။
5 ကျမ်းပြုဆရာလေဟုလည်း “ယုဒပြည်ဗက်လင်ဗြို့မာ မွီးဖွားပါလေ့မယ်။
ပရောဖက်တပါး ရေးဟုားဇာဟု၊
6 “‘ယုဒပြည် ဗက်လင်ဗြို့၊
စိုးရဟူ ယုဒဗြို့လေထဲမာ နန်ဟုာ ဗြို့ငယ်မူဟု။
ဖြားဖြစ်ကြောန့်နူးဆိုဟုာ ငါ့ရဲ့ကူသရေလလူမျိုးဟို့ အောက်စိုးဟို့သခင်ဟုာ
နန်းနို့ထဲမာ ပေါ်ထွပ်လေ့မယ်’” ဆိုဘီး ပုလန်ဖြေဂေ့လေဟုယ်။

1:21 ခ.၂၁ လု ၁.၃၁ **1:25 ခ.၂၅** လု ၂.၂၁

7 အယ်ဘီးန ဟေရုဒ်မန်းဂီးဟှာ မာဂုပညာရှိလေဟှို့ တိတိဟှားခေါ်ဘီးဟှာ
ကြယ်ပေါ်ထွပ်ဟှ ခီကာလဟှို့ သေးသေချားချာဟှား သိဟှားလေဟှယ်။
8 “နန်းနို့လေသွားဘီးဟှာ အယ်သားဂန်းဟို့ သေးသေချားချာရှာဂွေ့။ တွိဟှယ် ဆိုဟှာ
ငါလည်း ရှိခိုးပူဇော်ရှင်ကြောန့် ပ့လန်လာဘီး ပြောဂွေ့ပါ” ဆိုဘီး ဗက်လင်ဗြို့ဟို့
လွှတ်လိုက်လေဟှယ်။
9 မာဂုပညာရှိလေလည်း မန်းဂီးရဲ့ စကားဟို့ နားထောန်ဘီးဟှာ ထွပ်လာဂွေ့ဘီးန
ရှေ့ပြည်မာ ဗြင်ဟှားဟှကြယ်ဟှာ သူးနို့ရှေ့မာသွားဘီးဟှာ သားဂန်းဟှားရှိဟှ
နေရာထတ်ဟို့ ရော့-က်ဟှားခီမာ ရွှေ့ဘဲန ရပ်ဘီးနေလေဟှယ်။
10 အယ်ကြယ်ဟို့ ပ့လန်ဘီးဗြင်ရခီမာ မာဂုပညာရှိလေဟှာ
ရရာတိုင်းဝန်းသာဂွေ့ဟှယ်!
11 သူးနို့ဟှာ အီထဲဟို့ ဝမ်ဟှားဇာ မိခင်မာရိနတူးဒူ သားဂန်းဟှားဟို့ ဗြင်ဟှားခီမာ
ပျပ်ဝပ်ကိုးကွယ်လေဟှယ်။ သူးနို့ဟှာ ယူဆောန်လာဟှ ဘဏ္ဍာသစ်တာလေဟို့ ဖွမ့်ဘီး
လောဗန်၊ မုရန်န ရွှေလေဟို့ ပူဇော်ဂွေ့လေဟှယ်။
12 အယ်ဘီးန ဟေရုဒ်မန်းဂီးနားဟို့ ပ့လန်ဂွေ့န ဆိုဘီး ဘုရားသခင်ဟှာ
အိမတ်အားဖြင့် ဒိပေးဟှကြောန့် သူးနို့ပြည်ဟို့ တခြားလမ်းဟှနေဘီး
ပ့လန်ဟှားဂွေ့လေဟှယ်။

အဲဂုတ္တုတုပြည်ဟို့ တီးရှောန်ဟှားကြောန်း

13 မာဂုပညာရှိလေ ပ့လန်ဘီးန ဘုရားသခင်ရဲ့ ကောန်းဂန်တမန်တပါးဟို့
အိမတ်ထဲမာ ဗြင်တွိရဘီး ကောန်းဂန်တမန်ဟှ ယောသပ်ဟို့ “နန်ထဝေါ့။ မိခင်န
သားဂန်းဟှားဟို့ ခေါ်ဘီးဟှာ အဲဂုတ္တုတုပြည်ဟို့ ထွပ်ပ့လေးဘီး နော့-က်ထပ်
ငါပြောခန်ခီထိ အယ်မူပြည်မာဘဲ့ နေနေဂွေ့။ ဟေရုဒ်မန်းဂီးဟှာ သားဂန်းဟှားဟို့
သတ်ဟို့ရှာလေ့မယ်” ဆိုဘီး ပြောလေဟှယ်။
14 အယ်ဘီးန ယောသပ်ဟှာ အိယာဟှထဘီး မိခင်န သားဂန်းဟှားဟို့
ညဉ့်ရှင်းခေါ်ဘီး၊ အဲဂုတ္တုတုပြည်ဟို့ ထွပ်ဟှားဘီး၊
15 ဟေရုဒ်မန်းဂီး သေဟှားခီထိ အယ်မူပြည်မာဘဲ့ နေနေလေဟှယ်။
အယ်ကြောန်းရာဟှာ “ငါ့သားဟို့ အဲဂုတ္တုတုပြည်ဟှနေ ငါခေါ်ထုလာဘီ” ဆိုဘီးဟှာ
ပရောဖက်လေအားဖြင့် ပြောဟှားဟှ ဘုရားသခင်ရဲ့ ဗျာဒိတ်တော် ပ့လဲ့ဇောင်ဟို့တွပ်
ဖြစ်လာလေဟှယ်။

သားဂန်းဟှားလေဟို့ သတ်ဟှကြောန်း

16 အယ်ခီမာ ဟေရုဒ်မန်းဂီးဟှာ မာဂုပညာရှိလေဟို့ သူမှာလိုက်ဟှတိုင်း
ပ့လန်လာဘီးပြောဘဲန လှည့်ဇားဘီး သွားလိုက်ဇာဟို့ သိရဟှ ခီမာ ရရာတိုင်း
ဒေါသထွပ်လေဟှယ်။ အယ်ဘီးန သူ့လူလေဟို့ ခေါ်ဘီးဟှာ မာဂုပညာရှိလေဟို့
သေးသေချားချာ မေးဟှားဟှတိုင်း ကြယ်ပေါ်ထွပ်ခီဟို့ ခန့်မှန်းဘီးဟှာ ဗက်လင်ဗြို့န

ကျေးဝါလေမာရှိဟူ နှေ့နှစ်အော့-က် ယော့-က်ကျား သားဂန်းဟားလေဟို
သတ်ဟို့ခိုင်းလေဟုယ်။
17 ပရောဖက်ယေရမိ ဟောဟုားဇာလေ ပ့လဲ့ဇော်င်လာဇာဟု၊
18 “ရာမဗြို့မာ ရာရာတိုင်း ခါးသီးဟူ ငိုသံလေဟိုကြားဘီး
ရာခေလဟုာ
သူ့သားလေ သေဟုားကြောန့်
စိပြေဟို့တွပ် အားပေးစကားပြောဟူဇာဟို ငြင်းဆိုလေဟုယ်” ဆိုဘီး
ပြောဟုားစကားဟာ အယ်ခီမာ တကယ်ဘဲ့ ဖြစ်လာလေဟုယ်။

အဲဂုတ္တုတုပြည်ဟုနေ ပ့လန်လာဟူကြောန်း

19 ဟေရုဒ်မန်းဂီး သေဘီးန ယောသပ်ဟာ အဲဂုတ္တုတုပြည်မာ အိမတ်ဟို
ထပ်ဘီးမတ်လေဟုယ်။ ဘုရားသခင်ရဲ့ ကောန်းဂန်တမန်ဟု၊
20 “နန်ထဘီး မိခင်န သားဂန်းဟားဟို ခေါ်ဘီးဟာ ဂ္လသရေလပြည်ဟို သွားဂေ့။
သားဂန်းဟားဟို သတ်ဟို့ရှာနေသူလေ သေကူဘီ” ဆိုဘီးဟာ ပြောလေဟုယ်။
21 အယ်ခီမာ ယောသပ်ဟာ ထဘီး မိခင်န သားဂန်းဟားဟို ခေါ်ဘီး
ဂ္လသရေလပြည်ဟို ပ့လန်ဟားလေဟုယ်။
22 အယ်ဘေမဲ့ ဟေရုဒ်မန်းဂီး နေရာမာ သူ့သားအာခေလဟု ယုဒပြည်မာ မန်းဂီး
ဖြစ်နေကြောန်းဟို ကြားရဟူ ခီမာ သူဟာ အယ်နေရာဟို သွားဟို့ ကြော့-က်နေဟုယ်။
သူဟာ အီမတ်ထဲမာ အယ်နေရာဟို သွားဘဲဟို့တွပ် ကောန်းဂန်တမန်ရဲ့ ဒီပေးဇာဟို
ခံရကြောန့် သူဟာ ဂါလိလဲပြည်ဟို သွားဘီး၊
23 နာဇရက်ဗြို့ ဆိုဘီး နာမယ်ခေါ်ဟူ ဗြို့မာ ကိုယ်တော်ဟာ မြဲဒမ်း
နေထိုင်လေဟုယ်။ အယ်ကြောန့် “ခရစ်တော်ဟို နာဇရက်ဗြို့သား ဆိုဘီး
ခေါ်ဂေ့လေ့မယ်” ဆိုဘီးဟာ ပရောဖက်လေ ရေးဟုားတိုင်း ပ့လဲ့ဇော်င်လာလေဟုယ်။

3

ဗတ္တိဇံယောဟန်ရဲ့ ဟောပြောဟူကြောန်း
(မာကု ၁.၁–၈; လုကာ ၃.၁–၁၈; ယောဟန် ၁.၁၉–၂၈)

1 အယ်ကာလမာ ဗတ္တိဇံယောဟန်ဟာ ပေါ်လာဘီး ယုဒပြည် ကန္တာရမာ စဘီး
ဟောပြောလေဟုယ်။
2 “နောန်ဒရဂေ့ပါ။ ကောန်းဂန်နိုင်ငံတော်ဟာ တည်ခါနီးနေဘီ!” ဆိုဘီး
ကြေညာဟုယ်။
3 ပရောဖက်ဟေရှာယ ဟောပြောဟုားဇာဟု
“ ‘ဘုရားသခင်ရဲ့ လမ်းဟို ပြင်ဆင်ဟုားဂေ့!
လမ်းခရီးတော်ဟို ဖ့လောန့်တန်းအောန် လောက်ဂေ့ပါ’

2:23 **ဘ.ဘ၃** မာ ၁.၂၄; လု ၂.၃၉; ယော ၁.၄၅ **3:2** **၃.၂** မ ၄.၁၇; မာ ၁.၁၅

တောကန္တာရထဲမာ လူတယော့-က် ကြွေးကြော်နေဟုယ်” ဆိုဇာဟာ
အယ်မူယောဟန်ဟို့ ပြောနေဇာဖြစ်ဟုယ်။
4 ယောဟန်ဟာ ကုလားအုတ်ရဲ့ မွီးန လောက်ဟားဟူဝတ်န သားရေခါးဗတ်ဟို့
ခါးမာပတ်ဟားဘီး ကျိုင်းကောန်ရန တောပျားရယ်ဟို့ စားလေဟုယ်။
5 အယ်ခီမာ ယေရုရှလင်ဗြို့၊ ယုဒပြည် တပြည်လောင်းန ယော်ဒန်မ့လစ်နားဟာ
လူလေဟာ ယောဟန်နားဟို့ ရော့-က်လာဂေ့ဘီး
6 သူးန်ခို့ရဲ့ ပြစ်လေဟို့ ဝန်ခံဂေ့ဟိုကြောန့် ယော်ဒန်မ့လစ်မာ ယောဟန်အားဖြင့်
ဗတ္တိဇံခံဂေ့ဟုယ်။
7 ဖာရိရှဲန ဇဒ္ဒုကဲလေလည်း ဗတ္တိဇံခံယူဟို့ လာဂေ့ဇာဟို့ ဗြင်ရခီမာ ယောဟန်ဟာ
“ဧ့ မွီဗွေးမျိုးလေ၊ က့လရော့-က်လာမယ့် ဘေးဒန်ဟာ လွတ်ဟို့တွပ် နန်းန်ခို့လေဟို့
ဖယ်သူဟာ ဒိပေးလိုက်နူး။
8 နောန်ဒန ထိုက်တန်ဟူ ကျင့်ဟို့ ကျင့်ဂေ့။
9 အာဗြဟံဟာ နို့လေရဲ့ဖ ဖြစ်ဟုယ် ဆိုဘီး ပြောရောင်ဒန နန်းန်ခို့လေ ပြစ်ဒန်ဟာ
လွတ်လေ့မယ် ဆိုဘီး ထန်ဂေ့န။ နန်းန်ခို့ဟို့ ငါပြောမယ်။ ဘုရားသခင်ဟာ
အယ်က့လော့-က်ခဲလေဟုနေဘီး အာဗြဟံရဲ့ မ့လေးမ့လစ်လေဟို့ ဖန်ဆင်းနိုင်ဟုယ်!
10 သစ်ပန်လေရဲ့ ပြစ်လေနားမာ ကတ်ပထားဟားကြောန့် သီးကောန်းဟို့ သီးဘဲဟူ
သစ်ပန်တိုင်းဟို့ ခွတ်ပစ်ဘီးဟာ မီးထဲဟို့ ပစ်ခ့လလေ့မယ်။
11 နန်းန်ခို့လေ နောန်ဒရဟူကြောန့် ငါဟာ ရေန ဗတ္တိဇံပေးဟုယ်။ ငါ့နော့-က်ဟာ
ကြွလာဟူသူဟာ သန့်ရှင်းဟူဝိညာဉ်တော်န မီးန နန်းန်ခို့လေဟို့ ဗတ္တိဇံပေးလေ့မယ်။
အယ်သူဟာ ငါ့ထတ် ပိုဘီး ကီးမြတ်လေဟုယ်။ ငါဟာ သူ့ရဲ့ ခေနပ်ကြိုးဟို့
ခလွတ်ပေးဟို့ဟို့မ့ထိုက်ဟု။
12 လတ်ထဲမာ ဗားပ့လာဟို့တွပ် ဂေါဟို့ကိုင်ဘီး သူ့ဗားလန်းပ့လန်ဟို့ ရှင်းလေ့မယ်။
ကျောင်န ဗားလေဟို့လည်း ဗားဂတ်ထဲဟို့ ထဲ့ဘီးဟာ ဗားဖျင်းလေဟို့ သေနိုင်ဘဲဟူမီးန
ရှို့လေ့မယ်” ဆိုဘီး ယောဟန်ဟု ဟောပြောလေဟုယ်။

ယေရှု ဗတ္တိဇံခံဟူကြောန်း
(မာကု ၁.၉–၁၁; လုကာ ၃.၂၁,၂၂)

13 အယ်ခီမာ ယေရှုဟု ယောဟန်နားဟို့ ဗတ္တိဇံခံယူဟို့တွပ် ဂါလိလဲပြည်ဟုနေဘီး
ယော်ဒန်မ့လစ်ဟို့ ကြွလာလေဟုယ်။
14 အယ်ဘေမဲ့ ယောဟန်ဟု “ကျွန်တော်ဟာ ကိုယ်တော်နားမာ
ဗတ္တိဇံခံယူရဟို့ဇာဟို့ ကိုယ်တော်ဟာ ကျွန်တော်နားဟို့ ကြွလာတော်မူဟုယ်လော”
ဆိုဘီးဟာ ဆီးတားလေဟုယ်။
15 ယေရှုဟု “တရားလေ ဂူလောင်းဟို့ ကူအောန် ကျင့်သင့်ဟူကြောန့် ခု ခွမ့်ပေးပါ”
ဆိုဘီး ပ့လန်ပြောတော်မူဟုယ်။ အယ်ကြောန့် ယောဟန်ဟာ ဘောတူလေဟုယ်။

3:7 **ဒ.၇** မ ၁၂.၃၄; ၂၃.၃၃ **3:9** **ဒ.၉** ယော ၈.၃၃ **3:10** **ဒ.၁၀** မ ၇.၁၉

16 ယေရှုဟာ ဗတ္တိဇံခံယူဘီး ရေထဲဟ့ ထလိုက်ဟူန ကောန်းဂန်ဘောင် ပွမ့်ဟားဘီး
ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟာ ချိုးငှတ်မျိုး ဆင်းလာဘီး ကိုယ်တော်ထတ်မာ
နားလေဟုယ်။
17 အယ်ဘီးန "အယ်သူဟာ ငါနှစ်သက်မြတ်နိုးဟူ ငါ့ရဲ့ ရှစ်သား ဖြစ်ဟုယ်" ဆိုဘီး
ကောန်းဂန်ဘောင်ဟုနေ သံတော်ဟို ကြားရလေဟုယ်။

4

စောင်ဇမ်းသွီးဆောန်ဟူကြောန်း
(မာကု ၁.၁၂,၁၃; လုကာ ၄.၁–၁၃)

1 အယ်ဘီးန မာရ်နတ်ရဲ့ စောင်ဇမ်းသွီးဆောန်ရှင်းဟို ခံဟို့တွပ် ဝိညာဉ်တော်ဟာ
ယေရှုဟို တောကန္တာရထဲဟို ပို့ဆောန်လေဟုယ်။
2 ယေရှုဟာ နေ့ရောညဉ့်ပါ ရစ်လေးဆယ် လောင်းလောင်း စာရှောန်ဘီးန ရရာတိုင်း
ဗိုက်ဆာတော်မူဟုယ်။
3 အယ်ခီမာ မာရ်နတ်ဟ့ ယေရှုနားဟို ချဉ်းကပ်လာဘီး "သင်ဟာ ဘုရားသခင်ရဲ့
သားဖြစ်ဟုယ် ဆိုဟာ အယ်ကလော့-က်ခဲလေဟို မုဖြစ်လာအောန် မိန့်ပေးကေ့" ဆိုဘီး
ပြောလေဟုယ်။
4 အယ်ဘေမဲ့ ယေရှုဟ့ " 'လူဟာ စားဇာတခုဒဲန သတ်ရှင်ရဟို့ မူဟ့။ ဘုရားသခင်ရဲ့
စကားတော်အားဖြင့်ဘဲ့ သတ်ရှင်ရမယ်' ဆိုဇာ ကျမ်းစာဟ့ ပြောဟ့ားဟုယ်" ဆိုဘီး
မိန့်တော်မူဟုယ်။
5 အယ်ဘီးန မာရ်နတ်ဟ့ ယေရှုဟို သန့်ရှင်းဟူ ယေရုရှလင်ဗြို့ဟို
ခေါ်ဆောန်ဘီးဟ့ ကိုယ်တော့်ဟို ဗိမာန်တော်ရဲ့ ထိဖျားမာ တန်ဟ့ားလိုက်ဘီး
6 "ဘုရားသခင်ဟ့ ကိုယ်တော့်ဟို စောန့်ရှော့-က်ဟို့တွပ် ကောန်းဂန်တမန်လေဟို
"'မိန့်မာဟ့ားကြောန့် သူးနို့လေဟ့
ကိုယ်တော်ရဲ့ ခေဟို့ ကလော့-က်န ထိခိုက်ဘဲ့နနေအောန်
ကိုယ်တော့်ဟို့ လတ်န ခီမဟ့ားလေ့မယ် ဆိုဘီး ကျမ်းစာဟ့ ပြောဟ့ားဟုယ်။
အယ်ကြောန့် ကိုယ်တော်ဟ့ ဘုရားသခင်ရဲ့ သားမှန်ဟုယ် ဆိုဟ့ အော့-က်ဟို့
ခူခ့လလိုက်'" ဆိုဘီး ပြောလေဟုယ်။
7 ယေရှုဟ့ "နန့်ရဲ့သခင်၊ ဘုရားသခင်ဟို့ စောင်ဇမ်းန ဆိုဇာ ကျမ်းစာဟ့
ပြောဟ့ားဟုယ်" ဆိုဘီး မိန့်တော်မူလေဟုယ်။
8 နော့-က်တခါ မာရ်နတ်ဟ့ ကိုယ်တော့်ဟို့ ရရာတိုင်း ဖြစ်ဟူ တောန်ထတ်ဟို့
ခေါ်ဆောန်ဟ့ားဘီး အယ်လောကမာရှိဟူ တိုင်းနိုင်ငံလေရှိဟူမ့ျန
အယ်တိုင်းနိုင်ငံလေမာရှိဟူ ဖောင်းစည်းဇီမ်လေဟို့ ပြလေဟုယ်။
9 မာရ်နတ်ဟ့ "ကိုယ်တော်ဟ့ ငါ့ဟို့ ပျတ်ဝပ်ဘီး ကိုးကွယ်မယ် ဆိုဟ့
အယ်မူဇာလေ ဂူလောင်းဟို့ ငါပေးမယ်" ဆိုဘီး ပြောလေဟုယ်။

3:17 **ခ.၁၇** မ ၁၂.၁၈; ၁၇.၅; မာ ၁.၁၁; လု ၉.၃၅ **4:1** **၄.၁** ဟေ ၂.၁၈; ၄.၁၅

10 ယေရှုဟုလည်း “ဧ့ စာတန် ငါ့နားဟုထွပ်ဟုး! ‘နန်ရဲ့ဘုရားသခင် တပါးဒဲဟိုဘဲ့
ကိုးကွယ်ရမယ်! အယ်မူ ဘုရားသခင် တပါးဒဲဟိုဘဲ့ စေခံရမယ်’ ဆိုဇာ ကျမ်းစာဟု
ပြောဟုးဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
11 အယ်ဘီးန မာရ်နတ်ဟုာ ယေရှုနားဟုနေဘီး ထွပ်ဟုးလေဟုယ်။ အယ်ခီမာ
ကောန်းဂန်တမန်လေဟုာ ရှေ့-က်လာဘီးဟုာ ကိုယ်တော့်ဟို လောက်ကျွေးဧ့ဟုယ်။

ဂါလိလဲပြည်မာ ယေရှု မူတော်ဆောန်ဟူကြောန်း
(မာကု ၁.၁၄,၁၅; လုကာ ၄.၁၄,၁၅)

12 ယောဟန် ထောန်ခ့လခံနေရဟုယ် ဆိုဇာဟို ကြားရဟူကြောန့် ယေရှုဟုာ
ဂါလိလဲပြည်ဟို ထွပ်ဟုးလေဟုယ်။
13 ကိုယ်တော်ဟုာ နာဇရက်ဗြို့မာ နေဘဲန ဇာဗုလုန်နယ် နဿလိနယ်စပ်ကြားဟု
ဂါလိလဲအိုင်နားမာရှိဟူ ကပေရနောင်ဗြို့ဟို သွားဘီးနေလေဟုယ်။
14 အယ်ကြောန်းရာဟုာ ပရောဖက် ဟေရှာယဟို ဘုရားသခင်ပေးဟုးဟူ
ဗျာဒိတ်တော် ပ့လဲ့ဇောင်ဟို့တွပ် ဖြစ်လေဟုယ်။ ပရောဖက် ဟေရှာယဟု
15 “အို၊ ဇာဗုလုန်နယ်န နဿလိနယ်၊
ယော်ဒန်မ့လစ်ဟို့ဖတ်ကမ်း၊ အိုင်လမ်းတရှော့-က်န၊
လူမျိုးခြားလေနေထိုင်ဟူ ဂါလိလဲပြည်!
16 မှောန်ထဲမာ နေထိုင်ဟူ သူလေဟုာ တော့-က်ပဟူ လန်းရောန်ဟို ဖြင်ရလေ့မယ်။
သေမန်းရဲ့ ရိအော့-က်မာ
နေဧ့ဟူ လူလေထတ်ဟို
တော့-က်ပဟူ လန်းရောန် ရှော့-က်လာလေ့မယ်” ဆိုဘီး
ဟောပြောဟုးလေဟုယ်။
17 အယ်ခီဟုနေစဘီး ယေရှုဟုာ “နောန်ဒရဧ့။ ကောန်းဂန်နိုင်ငံတော်ဟုာ
တည်ခါနီးနေဘီ!” ဆိုဘီးဟုာ ကြေညာဟုယ်။

ငါးဖမ်းမား လေးယော့-က်ဟို ခေါ်ဟူကြောန်း
(မာကု ၁.၁၆-၂၀; လုကာ ၅.၁-၁၁)

18 ယေရှုဟုာ ဂါလိလဲအိုင်နား ဖြတ်ဘီး သွားဟူ ခီမာ ညီကိုနေ့ယော့-က်ဖြစ်ဟူ၊
ပေတရု ဆိုဘီး နာမယ်ခေါ်ဟူ ရှိမုန်န သူ့ညီအန့ဒြေလေဟုာ ပိုက်ကွန်ပစ်နေဇာဟို
ဖြင်လေဟုယ်။
19 ယေရှုဟုာ အယ်သူလေဟို “ငါ့နော့-က်လိုက်ဧ့။ နန်းနို့လေဟို လူလေဟိုဖမ်းဟူ
ငါးဖမ်းမားဖြစ်စေမယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
20 သူးနို့လေလည်း တခါဒဲဘဲ့ ပိုက်ကွန်လေဟို ထားရစ်ဘီးန နော့-က်တော်ဟို
လိုက်ဧ့ဟုယ်။

4:12 **၄.၁၂** မ ၁၄.၃; မာ ၆.၁၇; လု ၃.၁၉,၂၀ **4:13** **၄.၁၃** ယော ၂.၁၂ **4:17** **၄.၁၇** မ ၃.၂

21 ကိုယ်တော်ဟာ ဆစ်ဘီးသွားခီမာ တခြားညီကို နှေ့ယော့-က်ဖြစ်ဟူ
ဇေဗေဒဲရဲ့သား ယာကုပ်န သူညီယောဟန်ဟို့ သူ့ဖနတူးဒူ လေ့ထတ်မာ ပိုက်ကွန်လေ
ဖာနေဇာဟို့ ဗြင်တော်မူလေဟုယ်။ ကိုယ်တော်ဟု အယ်သူလေဟို့ ခေါ်ဟူ ခီမာ
22 သူးနို့်လေလည်း လေ့န သူးနို့်ဖဟို့ ထားရစ်ဘီးဟာ ယေရှုနော့-က်ဟို့ တခါဒဲ
လိုက်ဟားဂေ့လေဟုယ်။

သွန်သန်ဇာ၊ ဟောပြောဇာန ရောဂါပျော့-က်စေဟူကြောန်း
(လုကာ ၆.၁၇-၁၉)

23 ယေရှုဟာ ဂါလိလဲပြည် တပြည်လောင်းဟို့ လှည့်လည် သွားလာဘီးဟာ
နိုင်ငံတော်ကြောန် ဒန်းကောန်းဟို့ ဝါလယ်ဇရပ်လေမာ သွန်သန် ဟောပြောဘီး
နေကောန်းဘဲဟူ သူလေဟို့ ကျန်းမာစေလေဟုယ်။
24 ယေရှုရဲ့ ဒန်းဟာ ရှုရိပြည် တပြည်လောင်းဟို့ ပုလံ့နှံ့ဟားကြောန့် နတ်ဆိုးပူးခံရဟူ
လူလေ၊ ဝပ်ရူးစွဲဟူ လူလေ၊ ခေလတ်သေနေဟူ လူလေန
ရောဂါဘောင်းဇောင်စွဲဟူလူလေ ဂူလောင်းဟို့ ယေရှုနားဟို့ ခေါ်လာဂေ့လေဟုယ်။
ခေါ်လာဂေ့ဟူ လူနာလေ ဂူလောင်းလည်း ရောဂါပျော့-က်ဂေ့လေဟုယ်။
25 ဂါလိလဲပြည်၊ ဒေကာပေါလိပြည်၊* ယေရုရှလင်ဗြို့၊ ယုဒပြည်န ယော်ဒန်မှ့လစ်ရဲ့
ဟို့ဖတ်ကမ်းဟ့ လာဟူ သူလေလည်း ကိုယ်တော်နော့-က်ဟို့ လိုက်ဂေ့ဟုယ်။

5

တောန်ထတ်တရားတော်ကြောန်း

1 ယေရှုဟာ လူအောက်ဂီးဟို့ ဗြင်ဟူ ခီမာ တောန်ထတ်ဟို့ တတ်ဘီး
ထိုင်နေလေဟုယ်။ တဗဲတော်လေလည်း ကိုယ်တော်နားဟို့ လာဂေ့ကြောန့်
2 ကိုယ်တော်ဟာ တဗဲတော်လေဟို့ စဘီးဟာ သွန်သန်ဇာဟ့၊

မင်္ဂလာတရားတော်ကြောန်း
(လုကာ ၆.၂၀-၂၃)

3 “စိန့လောင်းနို့ခ့လဟူသူလေဟာ မင်္ဂလာရှိဟုယ်။
ကောန်းဂန်နိုင်ငံတော်ဟာ အယ်သူလေရဲ့ နိုင်ငံဖြစ်ဟုယ်!
4 ဝန်းနဲပူဆွေးဘီး သောကရော့-က်နေဟူသူလေဟာ မင်္ဂလာရှိလေဟုယ်။
ဘုရားသခင်ဟာ အယ်သူလေဟို့ အားပေးနှစ်သိမ့်မှုလေ ပေးလေ့မယ်!
5 စိန္ဒးညံ့သိမ်မွေ့ဟူသူလေဟာ မင်္ဂလာရှိဟုယ်။
အယ်သူလေဟာ ဘုရားသခင် ဂဒိထားတော်မူဟူ လောကရဲ့ မွီဟို့
လတ်ခံရလေ့မယ်!
6 ဖြောန့်မတ်ရှင်းဟို့ ငတ်ပြတ်နေဟူ သူလေဟာ မင်္ဂလာရှိဟုယ်။
ဖြားဖြစ်ကြောန်းနူးဆိုဟာ သူးနို့်လေဟာ ဗိုက်ပုလဲ့ရဂေ့လေ့မယ်!

4:23 **၄.၂၃** မ ၉.၃၅; မာ ၁.၃၉ * **4:25** **၄.၂၅** **ဒေကာပေါလိပြည်၊** “ဗြို့ဆယ်ဗြို့” ဖြစ်ဟုယ် ဆိုဘီး
ခိပါယ်ရဟုယ်။

7 သနားကြင်နာတတ်ဟူ သူလေဟာ မင်္ဂလာရှိဟုယ်။
ဘုရားသခင်ဟာ အယ်သူလေဟို သနားကြင်နာတော်မူလေ့မယ်!
8 စိန္နလောင်းဖွလူစင်ဂေ့ဟူ သူလေဟာ မင်္ဂလာရှိဂေ့ဟုယ်။
အယ်သူလေဟာ ဘုရားသခင်ဟို ဗြင်ရဂေ့လေ့မယ်!
9 ယော့-က်နယော့-က်ဟို သင့်မြတ်အောန် လောက်ပေးဟူသူလေဟာ မင်္ဂလာရှိဟုယ်။
အယ်သူလေဟာ ဘုရားသခင်ရဲ့ သားမီးလေ ဆိုဘီး ခေါ်ခံရလေ့မယ်!
10 ဘုရားသခင်ရဲ့ လိုတော်တိုင်း လောက်ဆောန်ဟူကြောန့် နှိစစ်ညှဉ်းဆဲခံရသူလေဟာ
မင်္ဂလာရှိဟုယ်။
ကောန်းဂန်နိုင်ငံတော်ဟာ အယ်သူလေရဲ့ နိုင်ငံဖြစ်ဟုယ်!
11 “ငါ့ကြောန့် ညှဉ်းဆဲကဲ့ရဲ့ခံရဘီး မှန်ဘဲန စွပ်စွဲခံရခီမာ နန်းနို့ဟာ မင်္ဂလာရှိဟုယ်။
12 ဝန်းသာအားရဖြစ်ဂေ့ပါ။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ကောန်းဂန်ဘောင်မာ နန်းနို့တွပ်
ရရာတိုင်း ကီးဟူဆုလာဘ် ရှိဟုယ်။ နန်းနို့ရှေ့ဟု ပရောဖက်လေလည်း အယ်မျိုးဘဲ့
ညှဉ်းဆဲခံရဂေ့ဟုယ်။”

ဆားန လန်းရောန်ကြောန်း
(မာကု ၉.၅၀; လုကာ ၁၄.၃၄,၃၅)

13 “နန်းနို့လေဟာ အယ်လောကရဲ့ ဆားဖြစ်ဟုယ်။ ဆားဟာ ငန်ဟူရသာ
ပျော့-က်ဟားမယ် ဆိုဟာ ငန်ဟူရသာဟို ဖယ်မျိုးလည်း ပုလန်ရနိုင်ဟို့ မူဟု။
တန်ဖိုးမှေ့ဘဲဟူ ဆားဖြစ်ဟားကြောန့် ပုလန်ဟိုပစ်ထုလိုက်ဘီး လူလေဟာ
ကျော်နန်းဟားဟုယ်။
14 “နန်းနို့လေဟာ အယ်လောကရဲ့ လန်းရောန်ဖြစ်ဟုယ်။ တောန်ထိထတ်မာ
တည်ဟူဖြို့ဟို့ ကွယ်နိုင်ဟု။
15 ဆီမီးအီဟို့ ထွန်းဘီးဟာ တောန်းအော့-က်မာ ထားဟားလေ့ မှေ့ဟု။
အီသူအီသားလေ လန်းရောန်ရအောန် ဆိုဘီး ဆီမီးခေါင်ထတ်မာဘဲ့
တန်ဟားတတ်ဟုယ်။
16 အယ်မျိုးဘဲ့ လူလေဟာ နန်းနို့လေရဲ့ ကောန်းဟူ ကျင့်ဟို့ ဗြင်ဘီးဟာ
ကောန်းဂန်ဘောင်မာရှိဟူ နန်းနို့ဖရဲ့ ဂေါင်တော်ဟို့ ချီးမွမ်းစေဟို့တွပ် နန်းနို့လေရဲ့
သတ်တာလန်းရောန်ဟို့ လန်းစေဂေ့ပါ။

ပညတ်တရားန ပရောဖက်လေကြောန်း

17 “မောရှေရဲ့ ပညတ်တရားန ပရောဖက်လေရဲ့ သွန်သန်ဟားဇာလေဟို့
ဖျစ်ပယ်ဟို့တွပ် ငါလာဟုယ် ဆိုဘီး ထန်ဂေ့န။ ဖျစ်ပယ်ဟို့တွပ် ငါလာဇာ မူဟု။
ပုလဲ့ဇောင်ဟို့တွပ် ငါလာဇာဖြစ်ဟုယ်။

5:10 **၅.၁၀** ၁ ပေ ၃.၁၄ **5:11** **၅.၁၁** ၁ ပေ ၄.၁၄ **5:12** **၅.၁၂** တ ၇.၅၂ **5:13** **၅.၁၃** မာ ၉.၅၀; လု ၁၄.၃၄,၃၅ **5:14** **၅.၁၄** ယော ၈.၁၂; ၉.၅ **5:15** **၅.၁၅** မာ ၄.၂၁; လု ၈.၁၆; ၁၁.၃၃ **5:16** **၅.၁၆** ၁ ပေ ၂.၁၂

18 နန်းနှိပ်ဟို့ ငါ မှန်ပြောမယ်၊ ကောန်းဂန်ဘောင်န မ့္လေဂီး ပျော့-က်ကွယ်ခန်ထိ
ပညတ်တရားထဲမာ ငယ်ဆောင်းဖြစ်ဟူ စာလောင်း တလောင်းလည်း ပ့္လဲဖောင်ခန်ထိ
ပျစ်စီးစေဟ့။*
19 အယ်ကြောန့် ငယ်ဆောင်းဖြစ်ဟူ ပညတ်တခုဟို့ ကိုယ်ကိုယ်တိုင်လည်း
ကျူးလွန်ဘီးဟ့ သူများလေဟို့လည်း အယ်မျိုးသွန်သန်ပေးဟ့ယ်။ အယ်သူဟ့
ကောန်းဂန်နိုင်ငံတော်မာ အငယ်ဆောင်းသူ ဖြစ်ရလေ့မယ်။ ကိုယ်ကိုယ်တိုင်လည်း
လိုက်နာဘီးဟ့ သူများလေဟို့လည်း သွန်သန်ပေးလေဟ့ယ်။ အယ်သူဟ့
ကောန်းဂန်နိုင်ငံမာ ကီးမြတ်ဟူ သူဖြစ်လေ့မယ်။
20 ဘုရားသခင်ရဲ့ လိုတော်တိုင်း သတ်ရှင်ခီမာ နန်းနှိုလေရဲ့ ကျင့်ဟ့ ဖာရိရှဲန
ကျမ်းပြုဆရာလေ ကျင့်ဟူကျင့်ထတ် ပိုသာဘဲဟ့ ဆိုဟ့ ကောန်းဂန်နိုင်ငံတော်ဟို့
ဝမ်ရဟို့ မှုဟ့ ဆိုဘီး ငါမှန်တိုင်းပြောဟ့ယ်။

မျစ်ဒေါသကြောန်း

21 "'လူ့ရဲ့သတ်ဟို့ သတ်န။ သတ်ဟူသူဟ့ တရားရောင်းမာ ပြစ်စီရင်ခံရမယ် ဆိုဘီး
ရှေးဟ့ ပြောဟ့ားဇာဟို့ နန်းနှိုကြားသိပီးဘီ။'
22 ငါပညတ်ဇာဟ့ နန်ဟ့ာ ကိုယ့်ညီကိုဟို့ ဒေါသထွပ်ဟ့ယ်† ဆိုဟ့
တရားလွတ်တော်ရှေ့ဟို့ ရော့-က်ရမယ်! ညီကိုရှင်းရှင်းဟို့ ကီဆဲဟူသူဟ့ ရောင်းမာ
ပြစ်ပေးခံရမယ်။ ညီကိုရှင်းရှင်းဟို့ လူမိုက် ဆိုဘီး ပြောဟူသူလည်း ငရဲမှာ
မီးရို့ဇာခံရလေ့မယ်။
23 အယ်ကြောန့် နန်းနှိုလေဟ့ာ ယဇ်ပလ္လင်မာ ပူဇော်ဆစ်သဟို့ ပြင်ဆင်ဟူ ခီမာ
ညီကိုဟို့ ပြစ်မှားဟ့ားဇာလေ ဒီရလာဟ့ယ် ဆိုဟ့
24 နန့်ရဲ့ ပူဇော်သကာဟို့ ယဇ်ပလ္လင်ရှေ့မာ ထားရစ်ဘီး ညီကိုဟို့ သွားဘီး
တောန်းဗန်လိုက်ပါ။ အယ်ဘီးမှ ပ့္လန်လာဘီး ဘုရားသခင်ဟို့ ပူဇော်သကာဟို့
ပူဇော်ပါ။
25 "နန့်ဟို့ တရားစွဲဟူ လူနတူးဒူ ခရီးသွားနေခီမာ သူဟို့ ဗြန်းဗြန် တောန်းဗန်လိုက်ပါ။
နော့-က်မူဘဲနေဟ့ာ သူဟ့ နန့်ဟို့ တရားသူဂီးလတ်ထဲအပ်ဘီး တရားသူဂီးဟ့
ရဲလတ်ဟို့ အပ်လိုက်ဟူကြောန့် နန်ဟ့ာ ထောန်ထဲမာ ထဲ့ဟ့ားဇာဟို့ ခံရလေ့မယ်။
26 နန်းနှိုဟို့ ငါ မှန်ပြောမယ်၊ ကပ်ကွီးကျေအောန် မဆပ်မရှင်း နန်ဟ့ာ ထောန်ထဲမာ
နေရလေ့မယ်။

သူများရဲ့မယားဟို့ ပြစ်မှားဟူကြောန်း

27 "'အီထောန်ရေးဖော့-က်ပ့္လန်ဇာဟို့ ကျူးလွန်န ဆိုဘီး ပြောဟ့ားဇာဟို့
နန်းနှိုကြားသိပီးဘီ။'

5:18 ၅.၁၈ လု ၁၆.၁၇ * **5:18 ၅.၁၈** တလောင်းလည်း ပ္လဲဖောင်ခန်ထိ ပျစ်စီးစေဟ့၊ အယ်မျိုးမူဘဲနေဟ့ာ
အယ်ကျမ်းစာမာ သန်ကြားဇာလေ ဂူလောင်းဟ့ာ ဖြစ်လာရလေ့မယ်။ † **5:22 ၅.၂၂** ဒေါသထွပ်ဟ့ယ်၊ တချို့
မူရင်းလတ်ရေးမူလေမာ ကြောန်းမှေ့ဘဲန စိဆိုးဟ့ားဟ့ယ်၊ ဆိုဘီး ပါရှိဟ့ယ်။

28 ငါပညတ်ဇာဟု ကိလေသစိန သူများရဲ့မယားဟို့ ကေ့မိဟူသူဟုာ စိန္နလောင်းထဲဟု
အယ်မီးမန ပြစ်မှားလေဘီ။
29 အယ်ကြောန့် ညာမျစ်စိန မှားယွင်းမိဟုယ် ဆိုဟုာ ညာမျစ်စိဟို့ ထုပစ်လိုက်!
တကိုယ်လောင်း ငရဲထဲဟို့ ပစ်ခ့လခံရထတ် မျစ်စိတဖတ်မ့ေဘဲန သတ်ရှင်ရဇာဟုာ
ပိုကောန်းဟုယ်။
30 အယ်မျိုးဘဲ့ နန်ညာလတ်ဟု နန့်ဟို့ မှားယွင်းစေဟုယ် ဆိုဟုာ ညာလတ်ဟို့
ဖြတ်ပစ်လိုက်! တကိုယ်လောင်း ငရဲထဲဟို့ ပစ်ခ့လခံရထတ် လတ်တဖတ်မ့ေဘဲန
သတ်ရှင်ရဇာဟု ပိုကောန်းဟုယ်။

လန်မယား ကွာရှင်းဟူကြောန်း
(မဿဲ ၁၉.၉; မာကု ၁၀.၁၁,၁၂; လုကာ ၁၆.၁၈)

31 “‘ကိုယ့်မယားဟို့ ကွာရှင်းရှင်ဟုယ် ဆိုဟုာ ကွာရှင်းစာချောက်ဟို့ ပေးရမယ်
ဆိုဘီး ပညတ်ဟုားလေဟုယ်။’
32 ငါပညတ်ဇာဟု ဆိုးသွန်းဘီး ဖော့-က်ပ့လန်ဇာမ့ေဘဲန တခြားကြောန်းလေကြောန့်
ကိုယ့်မယားဟို့ ကွာရှင်းရှင်သူဟုာ အီထောန်ရေးဖော့-က်ပ့လန်ရှင်းဟို့ ကျူးလွန်သူ
ဖြစ်ဟုယ်။ ကွာရှင်းဟူမီးမန ပေါန်းသင်းဟူသူဟုလည်း
အီထောန်ရေးဖော့-က်ပ့လန်ရှင်းဟို့ ကျူးလွန်ဟုယ်။

ကီဆိုဟူကြောန်း
33 “‘မှူဘဲန ကီဆိုဂ့ေန။ ကီဆိုလိုက်ဟူတိုင်း ဘုရားသခင်ရှေ့မာ တည်ရမယ် ဆိုဘီး
ရှေးဟုပညတ်ဟုားဇာဟို့ နန်းနို့ကြားသိပီးဘီ။’
34 ငါပညတ်ဇာဟု လောင်းဝ ကီဆိုဂ့ေန။ ကောန်းဂန်ဘောင်ဟို့ တိုင်တယ်ဘီးဟုာ
ကီဆိုဂ့ေန။ ကောန်းဂန်ဘောင်ဟုာ ဘုရားသခင်ရဲ့ ပလ္လင်တော်ဖြစ်ဟုယ်။
35 မ့လေဂီးဟို့ တိုင်တယ်ဘီး ကီဆိုဂ့ေန။ မ့လေဂီးဟုာ ဘုရားသခင်ရဲ့
ခတော်တန်ရာခေါင် ဖြစ်ဟုယ်။ ယေရုရှလင်ဗြို့ဟို့ တိုင်တယ်ဘီး ကီဆိုဂ့ေန။
မဟာမန်းဂီးရဲ့ ဗြို့တော်ဖြစ်လေဟုယ်။
36 နန်းနို့ရဲ့ ဆားဗန်တဗန်ဟို့မှ ဖ့လူအောန်၊ မဲအောန် လောက်နိုင်ဘဲန ကိုယ့်ရဲ့ခေါန်းဟို့
တိုင်တယ်ဘီးဟုာ ကီဆိုဂ့ေန။
37 နန်းနို့စကားဟုာ ‘မှန်ဇာဟို့’ မှန်ဖြစ်စေဘီး ‘မှူဘဲဇာဟို့’ မှူဟု ဆိုဘီး ဖြစ်စေဂ့ေပါ။
အယ်ထတ်ပိုဟူစကားဟုာ မုသာနဘဲ့ စပ်ဆိုင်ဇာဖြစ်လေဟုယ်။

ရန်တုံ့ပ့လန်ဟူကြောန်း
(လုကာ ၆.၂၉,၃၀)

38 “‘မျစ်စိတလောင်းတွပ် မျစ်စိတလောင်း၊ သွားတရှောန်းတွပ် သွားတရှောန်း’
ဆိုဘီး ပညတ်ဟုားဇာဟို့ နန်းနို့ကြားဟုားပီးဘီ။

5:29 **၅.၂၉** မ ၁၈.၉; မာ ၉.၄၇ **5:30** **၅.၃၀** မ ၁၈.၈; မာ ၉.၄၃ **5:31** **၅.၃၁** မ ၁၉.၇; မာ ၁၀.၄ **5:32** **၅.၃၂** မ ၁၉.၉; မာ ၁၀.၁၁,၁၂; လု ၁၆.၁၈; ၁ ကော ၇.၁၀,၁၁ **5:34** **၅.၃၄** မ ၂၃.၂၂

39 ငါပညတ်ဇာဟု နှော့-က်ယှစ်ဟူ သူလေဟို့ ရန်တုံ့ပ့ုလန်ဂေ့န ဆိုဘီး ငါပြောဟှယ်။
နန့်ပါးတဖတ်ဟို့ ရိုက်ဟှယ် ဆိုဟှာ ကျန်ဟူ ပါးတဖတ်ဟို့လည်း ရိုက်ဟို့
လှည့်ပေးလိုက်ပါ။
40 နန့်အန်းဂီဟို့ လိုရှင်ဟူကြောန့် စီရင်ဟူသူလေဟို့ နန့်ဝတ်လောင်ဟို့လည်း
ပေးလိုက်ပါ။
41 ယော့-က်ယော့-က်ဟု နန်းနို့ဟို့ နိုင်ကျင့်ဘီး တမိုင် သွားခိုင်းမယ် ဆိုဟှာ
အယ်သူနတူးဒူ နှေ့မိုင် သွားလိုက်ပါ။
42 နန့်နားမာ တောန်းဟူလူဟို့ ပေးလိုက်ပါ။ ချေးငှားဟူသူလေဟို့လည်း ငြင်းဘဲန
ချေးငှားလိုက်ပါ။

ရန်သူဟို့ ရှစ်ရဟို့ကြောန်း
(လုကာ ၆.၂၇,၂၈,၃၂-၃၆)

43 "'နန့်ရဲ့ အီဇနီးရှင်းဟို့ ရှစ်ပါ။ ရန်သူဟိုမူးပါ ဆိုဘီး ရှေးဟုပညတ်ဟှားဇာဟို့
နန်းနို့ကြားသိပီးဘီ။'
44 ငါပညတ်ဇာဟု ရန်သူလေဟို့ ရှစ်ဂေ့။ ညှဉ်းဆဲဟူသူလေဟို့ ဆုတောန်းဂေ့။
နန်းနို့လေဟို့ မူးဟူသူလေဟို့လည်း ကူညီဂေ့။
45 အယ်ဆိုဟှာ နန်းနို့လေဟှာ ကောန်းဂန်ဘောင်မာ ရှိတော်မူဟူ ဘုရားသခင်ရဲ့
သားမီးလေဖြစ်လာလေ့မယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ကောန်းဂန်ဘောင်မာ
ရှိတော်မူဟူ နန်းနို့ဖဟှာ ဖြောန့်မတ်ဟူသူလေ၊ ဖြောန့်မတ်ဘဲဟူသူလေထတ်မာ
သူ့ရဲ့နေရောန်ဟို့ ထွန်းလန်းစေဘီး သူတော်ကောန်းလေ၊
သူယောက်မာလေထတ်မာလည်း မိုးဝါစေတော်မူဟှယ်။
46 နန်းနို့ဟို့ ရှစ်ဟူသူလေဟို့ဘဲ့ ပ့ုလန်ဘီးရှစ်ဟှယ် ဆိုဟှာ ဖြားကျိုးထူးမယ်နူး။
ခွန်ကော့-က်မားလေလည်းဘဲ့ အယ်မျိုး လောက်တတ်ဟှယ်!
47 နန်းနို့ရဲ့ ညီကိုလေဟို့ဘဲ့ မြစ်တာထားဘီး စကားပြောဟှယ် ဆိုဟှာ ဘုရားသိဘဲဟူ
လူလေန ဖြားဇာလေ ကွာခြားနူး။ ဘုရားသိဘဲဟူ လူလေလည်းဘဲ့ အယ်မျိုး
လောက်ဂေ့ဟှယ်!
48 အယ်ကြောန့် ကောန်းဂန်ဘောင်ဟှ နန်းနို့ ဖဟှာ စောင်လင်ဟူ မျိုးဘဲ့ နန်းနို့လည်း
စောင်လင်အောန် နေဂေ့ပါ။

6

လူဒါနကြောန်း

1 "နန်းနို့လေဟှာ ကောန်းဇာလေလောက်ဟူ ခီမာ လူလေဖြင်အောန်
လောက်မိဘဲနေဟို့ ဒိထားဂေ့ပါ။ နန်းနို့ဟှာ လူလေဖြင်အောန် လောက်မယ် ဆိုဟှာ
ကောန်းဂန်ဘောင်မာ ရှိတော်မူဟူ နန်းနို့ဖနားဟှ ကျိုးဟို့ ခံစားရဂေ့ဟို့ မူဟှ။

6:1 **၆.၁** မ ၂၃.၅

2 “အယ်ကြောင့် နန်းနို့ လူဒါနပေးဟူ ခီမာ သူတော်ကောန်း ယောန်ဆောန်ဟူ သူလေ
လောက်ဂေ့ဟူမျိုး လူလေထန်ကီးဇာခံရဟို့ ဝါလယ်ဇရပ်လေန
လမ်းဆောင်လမ်းခွလေမာ တံပိုးမူဘီး ကြေညာဂေ့န။ သူးနို့လေဟှာ
လူလေရဲ့ထန်ကီးဘီး ချီးမွမ်းခံရအောန်ဘဲ့ လောက်ဂေ့လေဟှယ်။ ငါမှန်တိုင်းပြောမယ်
အယ်သူလေဟှာ ခုဘဝကျိုးဟိုဘဲ့ ရဂေ့လေဟှယ်။
3 နန်းနို့လေဟှာ လူဒါနပေးဟူ ခီမာ ဘယ်ဖတ်လတ်န ပေးဟူဇာဟို့ ညာဖတ်လတ်ဟို့
သိစေန။
4 ထန်ရှားဘဲဇာဟို့ ဗြင်တော်မူဟူ နန်းနို့ဖဟှာ ကျိုးဟို့ ထန်ရှားအောန်
ပေးတော်မူလေ့မယ်။

ဆုတောန်းဟူကြောန်း
(လုကာ ၁၁.၂-၄)

5 “နန်းနို့လေဟှာ ဆုတောန်းဟူ ခီမာ သူတော်ကောန်း ယောန်ဆောန်သူလေမျိုး
လောက်ဂေ့နှ! အယ်သူလေဟှာ လူလေဗြင်အောန် ဆိုဘီး ဝါလယ်ဇရပ်လေ၊
လမ်းဆောင်လမ်းခွလေမာ ရပ်ဘီးဟှာ ဆုတောန်းဂေ့လေဟှယ်။ ငါမှန်တိုင်းပြောမယ်
အယ်သူလေဟှာ လူလေရဲ့ ထန်ကီးဇာလေန ချီးမွမ်းဇာလေဟို့ ခံရဂေ့လေဟှယ်။
6 နန်းနို့လေ ဆုတောန်းဟူ ခီမာ တိဆိဟူ အီခန်းထဲဟို့ဝမ်ဘီး ခွမော့-က်ဟို့
လောင်အောန်ပိဘီးဟှာ ထန်ရှားဘဲဟူရပ်မာ ရှိတော်မူဟူ နန်းနို့ဖနားမာ ဆုတောန်းဂေ့ပါ။
ထန်ရှားဘဲဇာဟို့ ဗြင်တော်မူဟူ နန်းနို့ဖဟှာ ကျိုးဟို့ ထန်းထန်ရှားရှား ပေးလေ့မယ်။
7 “နန်းနို့လေဟှာ ဆုတောန်းဟူ ခီမာ ဘုရားသိဘဲဟူလူလေမျိုး ဓိပါယ်မ့ေဘဲဟူ
စကားလေန ထပ်ခါထပ်ခါ တောန်းဂေ့န။ အယ်သူလေဟှာ ရရာတိုင်းရှယ်ဟူ စကားန
ခီကြာဂီး ဆုတောန်းဟှယ် ဆိုဟှာ သူးနို့လိုရှင်ဇာဟို့ ရလေ့မယ် ဆိုဘီး
ထန်မှတ်ဂေ့ဟှယ်။
8 သူးနို့လေမျိုး လောက်ဂေ့န။ နန်းနို့လိုအပ်ဟူ ဇာလေဟို့ နန်းနို့တောန်းခန်ဂဲဟှ
နန်းနို့ရဲ့ဖ သိတော်မူလေဟှယ်။
9 အယ်ကြော့ခ် နန်းနို့လေ ဆုတောန်းဟူ ခီမာ၊
“ ‘ကောန်းဂန်ဘောင်မာ ရှိတော်မူဟူဖ၊
ကိုယ်တော်ရဲ့ နာမတော်ဟို့ ရိုသေလေးမြတ်ရှင်း ရှိပါစေ။
10 နိုင်ငံတော် တည်ထောန်ပါစေ။
လိုတော်ဟှာ ကောန်းဂန်နိုင်ငံမာ ပ္ဒလဲ့ဇောင်ဟူမျိုးဘဲ့ မ့ေလဂီးထတ်မာလည်း
ပ္ဒလဲ့ဇောင်ပါစေ။
11 ကျွန်တော့်ဟှားလေ လိုအပ်ဟူစားဇာဟို့* အယ်နေ့တွပ် ပေးသနားတော်မူပါ။
12 ကျွန်တော့်ဟှားလေဟို့ ပြစ်မှားဟူ သူလေရဲ့ ပြစ်လေဟို့ ကျွန်တော်ဟှားလေ
ခွမ့်လွတ်ပေးဟူမျိုးဘဲ့

6:5 **၆.၅** လု ၁၈.၁၀-၁၄ * **6:11** **၆.၁၁** ကျွန်တော့်ဟှားလေ လိုအပ်ဟူစားဇာဟို့၊ အယ်မျိုးမူဘဲနေဟှာ အယ်နေ့တွပ်၊ အယ်မျိုးမူဘဲနေဟှာ နော့-က်နေ့တွပ် လိုအပ်ဟှယ်။

ကျွန်တော်ဟုားလေရဲ့ ပြစ်လေဟို့ ခွမ့်လွတ်ပေးပါ။
13 ပြစ်သွီးဆောန်ဟူနော့-က်ဟို့ လိုက်ပါသွားစေဘဲန၊
ကောန်းဘဲဟူဇာလေဟုလည်း ကယ်နှုပေးပါ'† ဆိုဘီး ဆုတောန်းဂေ့ပါ။
14 "နန်းနို့လေဟုာ သူများလေရဲ့ ပြစ်မှားဇာဟို့ ခွမ့်လွတ်ပေးဟုယ် ဆိုဟုာ
ကောန်းဂန်ဘောင်မာ ရှိဟူ နန်းနို့ဖလည်း နန်းနို့လေရဲ့ ပြစ်လေဟို့
ခွမ့်လွတ်ပေးလေ့မယ်။
15 အယ်ဘေမဲ့ နန်းနို့လေဟုာ သူများလေ ပြစ်မှားဟူဇာဟို့ ခွမ့်လွတ်ပေးဟု ဆိုဟုာ
နန်းနို့ဖလည်း နန်းနို့လေရဲ့ပြစ်ဟို့ ခွမ့်လွတ်ပေးလေ့ မူဟု။

စာရှောန်ဟို့ သွန်သန်ဟူကြောန်း

16 "နန်းနို့လေဟုာ စာရှောန်ခီမာ သူတော်ကောန်းယောန်ဆောန်ဟူ သူလေမျိုး
သူများလေရဲ့ရှေ့မာ မျစ်နှာညှိုးငယ်ဘီး နေဂေ့န။ အယ်သူလေဟုာ သူးနို့စာရှောန်ဇာဟို့
သူများလေသိအောန် ရရာတိုင်း ဗိုက်ဆာဘီး အားနဲနေဟူပေါင်ဇံမျိုးန
သူများလေရှေ့မာ ပြသတတ်ဟုယ်။ ငါမှန်တိုင်းပြောမယ် အယ်သူလေဟုာ လူလေရဲ့
ထန်ကီးဇာလေ၊ ချီးမွမ်းဇာလေဟို့ ခံရလေဟုယ်။
17 နန်းနို့လေဟုာ စာရှောန်ဟူ ခီမာ စာရှောန်ဟူကြောန်းဟို့ သူများလေဟို့ သိစေန။
ထန်ရှားဘဲရပ်မာရှိဟူ နန်းနို့ဖရှေ့မာ ထန်ရှားစေဟို့တွပ် မျစ်နှာဟို့သစ်၊ ခေါန်းဟို့ ဆီန
လူးဘီးဟုာ လန်းလန်းဆန်းဆန်းဟုား နေဂေ့ပါ။
18 ထန်ရှားဘဲဇာဟို့ ဗြင်တော်မူဟူ နန်းနို့ဖဟုာ ကျိုးဟို့ ထန်းထန်ရှားရှား
ပေးလေ့မယ်။

ကောန်းဂန်ဘဏ္ဍာကြောန်း
(လုကာ ၁၂.၃၃,၃၄)

19 "သံခ့လေး၊ ခြလေ၊ ခိုးလေ၊ မ့လလေ ဖော့-က်ထွမ်းဘီး ခိုးယူနိုင်ဟူ
လောကီဘဏ္ဍာဟို့ စုဂေ့န။
20 အယ်ဘေမဲ့ သံခ့လေး၊ ပိုးလေ၊ ခိုးလေ၊ မ့လလေလည်း ခိုးယူနိုင်ဘဲဟူ
ကောန်းဂန်ဘဏ္ဍာဟို့ စုဂေ့ပါ။
21 ဖြားဖြစ်ကြောန်နူးဆိုဟုာ နန်းနို့လေဟုာ ဘဏ္ဍာရှိဟူ နေရာဟို့ဘဲ့
နန်းနို့စိန္တလောင်းဟုာ ရော့-က်တတ်ဟုယ်။

ကိုယ်ခန္ဓာရဲ့ ဆီမီးကြောန်း
(လုကာ ၁၁.၃၄-၃၆)

22 "မျစ်စိဟုာ ကိုယ်ခန္ဓာတွပ် ဆီမီးအီန တူဟုယ်။ မျစ်စိကောန်းဟုယ် ဆိုဟုာ နန်းနို့ရဲ့
ကိုယ်ခန္ဓာ တခုလောင်း လန်းလေ့မယ်။

---

† **6:13** **၆.၁၃** တချို့ မူရင်းလတ်ရေးမူလေမာ စိုးပိုင်ဟူခွမ့်ခန ဖောင်းတဂိုး အာနဘော်တော်ဟုာ ကဟ္တာဆစ်ဆစ်
ကိုယ်တော်မာ ရှိပါစေ။ အာမင်။ ဆိုဘီး ပေါန်းထဲ့ဟုားလေဟုယ်။ **6:14** **၆.၁၄,၁၅** မာ ၁၁.၂၅,၂၆ **6:19**
၆.၁၉ ယာ ၅.၂,၃

23 အယ်ဘေမဲ့ မျစ်စိကောန်းဂေ့ဟု ဆိုဟု ကိုယ်ခန္ဓာ တခုလောင်း မှောန်လေ့မယ်။
နန်းနို့လေရဲ့ လန်းရောန်ဟု မှောန်မိုက်ဖြစ်နေဟုယ် ဆိုဟု အယ်မှောန်မိုက်ဟု
ရရာတိုင်း မိုက်လေဟုယ်!

ဘုရားသခင်န လောကစည်းဇိမ်ကြောန်း
(လုကာ ၁၆.၁၃; ၁၂.၂၂-၃၁)

24 “ဖယ်သူဟုလည်း သခင်နှေ့ယော့-က်ရဲ့ စေဟို ခံနိုင်ဟု။ သခင်တယော့-က်ဟို
မူးဘီး တယော့-က်ဟို ရှစ်လေ့မယ်။ သခင်တယော့-က်ဟို သစ်စာစောန့်ဘီးဟု
တယော့-က်ဟို ထီမဲ့မြင်လောက်လေ့မယ်။ နန်းနို့လေဟု ဘုရားသခင်န
လောကစည်းဇိမ်လေဟို တပြိုင်ဒဲ စေခံနိုင်ဂေ့ဟု။

25 “အယ်ကြောန့် နန်းနို့ဟို ငါပြောမယ်။ ဖယ်မျိုးစားရဟို့၊ ဖယ်မျိုးသော့-က်ရဟို့
ဆိုဘီး သတ်တွပ် စိုးရိမ်ဂေ့န။ ဖယ်မျိုးဝတ်ရဟို့ ဆိုဘီးလည်း ကိုယ်ခန္ဓာတွပ်
စိုးရိမ်ဂေ့န။ စာထတ် သတ်ဟု ပိုမြတ်ဟုယ် မူဟုလော။ ဝတ်ထတ်လည်း
ကိုယ်ခန့ာဟု ပိုဘီး မြတ်ဟုယ် မူဟုလော။

26 ကောန်းဂန်မာရှိဟူ ငှတ်လေဟို့ ကေ့ဘီးဟု ဆင်ခြင်ကေ့ဂေ့ပါ။ သူးနို့လေဟု
မျိုးစေ့လည်း ကြဲဟု။ သီးနှံလည်း ရိဟု။ သိုဘီးလည်း ထားဟု။ အယ်ဘေမဲ့
ကောန်းဂန်ဘောင်ဟု နန်းနို့လေရဲ့ ဖဟု သူးနို့လေဟို့ ကျွေးမွေးလေဟုယ်!
အယ်ငှတ်လေထတ် နန်းနို့လေဟု ပိုဘီး မြတ်ဟုယ် မူဟုလော။

27 နန်းနို့လေထဲမာ ဖယ်သူဟု စိုးရိမ်နေဇာအားဖြင့် သတ်နဲ့ပိုရှယ်‡လာနိုင်မယ်နူး။

28 “နန်းနို့လေ ဖြားဖြစ်ကြောန့် ဝတ်တွပ် စိုးရိမ်နေဂေ့နူး။ တောပန်းလေဟု
ဖယ်မျိုးရှင်ဘီး ဖယ်မျိုး ကီးလာဇာဟို့ ကေ့ဘီးဟု ဆင်ခြင်ဂေ့ပါ။
အယ်တောပန်းလေဟု လောက်လည်းလောက်ဟု။ ခယ်ဖြစ်အောန်လည်း တတ်နိုင်ဟု။

29 အယ်ဘေမဲ့ ရှောလမုန်မန်းဂီးရဲ့ ဖောင်းစည်းဇိမ်လေ ဂူလောင်းဟို့ ဆင်ဟုယ်ဟို့မှ
အယ်တောပန်းလေထဲဟု တဗန်မျိုး လှပတင့်တယ်ဟု ဆိုဘီး နန်းနို့လေဟို့
ငါပြောဟုယ်။

30 ယောင်ကြည်ရှင်း အားနဲ့ဟူလူလေ! အယ်နေ့သတ်ရှင်ဘီး နတ်ကီးတိုင်ဟု
မီးဖိုထဲဟို့ ရော့-က်ရဟူ တောဖြစ်ပန်လေဟို့ ဘုရားသခင်ဟု အယ်မျိုးဆင်ပေးဟုယ်
ဆိုဟု နန်းနို့လေဟို့ အယ်ထတ်မက ဆင်ပေးမယ် မူဟုလော။

31 “အယ်ကြောန့် ဖယ်မျိုးစားရဟို့နူး၊ ဖယ်မျိုးသော့-က်ရဟို့နူး၊ ဖယ်မျိုးဝတ်ရဟို့နူး
ဆိုဘီး စိုးရိမ်ဂေ့န။

32 (ဘုရားသိဘဲဟူလူလေဟုဘဲ့ အယ်မူဇာလေဟို့ စိုးရိမ်တတ်ဂေ့ဟုယ်။)
အယ်မူဇာလေဟို့ နန်းနို့လေ လိုအပ်ဟုယ် ဆိုဇာဟို့ ကောန်းဂန်ဘောင်ဟု နန်းနို့ဖ
သိတော်မူဟုယ်။

---

‡ **6:27** ၆.၂၇ သတ်နဲ့နဲ့ပိုရှယ်၊ အယ်မျိုးမူဘဲနေဟုာ နဲ့နဲ့ဟုားကီးထွား။

33 ဘုရားသခင်ရဲ့ နိုင်ငံတော်န ဖြောန့်မတ်ရှင်းဟို ဦးဆောင်း ရှာဂေ့ပါ။ နော့-က်မှ
နန်းနို့လိုအပ်ဟူဇာလေဟို ထပ်ဘီးပေးလေ့မယ်။
34 အယ်ကြောန့် နတ်ကီးတိုင်တွပ် စိုးရိမ်ဂေ့န။ နတ်ကီးတိုင်ဟုဘဲ့
သူ့တွပ်စိုးရိမ်လေ့မယ်။ အယ်မူနေ့မာ တွိကြောင်ရင်ဆိုင်ရဟူ ဇာလေဟာ အယ်နေ့တွပ်
လောင်လော့-က်လေဟုယ်။

7

သူများလေဟို စစ်ကြောစီရင်ဟူကြောန်း
(လုကာ ၆.၃၇,၃၈,၄၁,၄၂)

1 "နန်းနို့လေဟာ ကိုယ်ကိုယ်တိုင် စစ်ကြောစီရင်ရှင်းဟုနေ လွတ်ရှင်ဟုယ် ဆိုဟာ
သူများလေဟိုလည်း စစ်ကြောစီရင်ဂေ့န။
2 ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်းနို့လေဟာ သူများလေဟို စစ်ကြောစီရင်ဟူတိုင်းဘဲ့
နန်းနို့လည်းဘဲ့ ဘုရားသခင်ဟု စစ်ကြောစီရင်လေ့မယ်။ နန်းနို့ဟာ သူများလေဟို
ပေးဟူ ပမာဏတိုင်း ဘုရားသခင်ဟု နန်းနို့ဟို ပေးလေ့မယ်။
3 နန့်ဟာ ကိုယ့်မျစ်စိထဲဟု သစ်တောင်းဟို ဖြင်ဘဲန နန့်ညီကိုရဲ့ မျစ်စိထဲဟု သစ်မုဟို
ဖြားဖြစ်ကြောန့် ဖြင်ရနူး။
4 နန့်မျစ်စိထဲဟု သစ်တောင်းဟို ဖြင်ဘဲန နန့်ညီကိုဟို 'နန့်မျစ်စိထဲဟု သစ်မုဟုားဟို
ထုပစ်ပေးပါရစေ' ဆိုဘီး ဖြားဖြစ်ကြောန့် ပြောရနူး။
5 သူတော်ကောန်းယောန်ဆောန်ဟူသူ! နန့်မျစ်စိထဲဟု သစ်တောင်းဟို
ရင်ဦးဆောင်းထုပစ်လိုက်ပါ။ အယ်ဆိုဟာ ညီကိုမျစ်စိထဲဟု သစ်မုဟို ထုပစ်ပေးဟို့တွပ်
ရှင်းရှင်းလန်းလန်းဟုား ဖြင်ရလေ့မယ်။
6 "သန့်ရှင်းဟူဇာလေဟို ခွီးလေဟို ပေးဂေ့န။ အယ်မျိုးလောက်ဆိုဟာ နန်းနို့ဟို
ကိုက်ဂေ့လေ့မယ်။ ပုလဲလေဟိုလည်း ဝပ်လေရှေ့မာ ထားဂေ့န။ အယ်မျိုးလောက်မယ်
ဆိုဟာ နန်းနို့လေဟို ကျော်ဘီးနန်းဂေ့လေ့မယ်။

တောန်းဟူဇာ၊ ရှာဟူဇာန ခွဖော့-က်ဟို ခေါ့-က်ဟူကြောန်း
(လုကာ ၁၁.၉–၁၃)

7 "တောန်းဂေ့။ တောန်းမယ် ဆိုဟာ ရဂေ့လေ့မယ်။ ရှာဂေ့။ ရှာမယ် ဆိုဟာ
တွိဂေ့လေ့မယ်။ ခွဖော့-က်ဟို ခေါ့-က်ဂေ့။ ခေါ့-က်မယ် ဆိုဟာ ဖွမ့်ပေးလေ့မယ်။
8 တောန်းဟူသူဟာ ရလေဟုယ်။ ရှာဟူသူဟာ တွိလေဟုယ်။ ခွဖော့-က်ဟို
ခေါ့-က်ဟူသူဟာ ခွဖော့-က်ဟို ဖွမ့်ပေးလေ့မယ်။
9 နန်းနို့ရဲ့ သားမီးလေဟု မုဟို တောန်းဟူ ခီမာ ကွလော့-က်ခဲဟို ပေးမယ့်ဖလေ
ရှိဂေ့ဘဲ့လော။
10 ငါးဟို တောန်းဟူ ခီမာ ဗွီဟို ပေးမယ့်ဖလေ ရှိဂေ့ဘဲ့လော။

7:2 ၃.၂ မာ ၄.၂၄

11 နန်းနို့လေဟှာ ဆိုးဖြစ်ရဲ့နေ နန်းနို့ရဲ့ သားမီးလေဟို့ ကောန်းဟူဇာလေဟို့ဘဲ့
ပေးတတ်ဟုယ် ဆိုဟှာ ကောန်းဂန်ဘောင်မာ ရှိတော်မူဟူ နန်းနို့ရဲ့ ဖလည်း ဆုတောန်းဟူ
သူလေဟို့ အယ်ထတ်မက ကောန်းဟူဇာလေဟို့ဘဲ့ ပိုဘီး ပေးလေ့မယ် မူဟှလော။
12 "နန်းနို့လေဟို့ သူများလေဟှ ပြုမူဆစ်ဆံစေရှင်မျိုး သူများလေဟို့လည်း
ပြုမူဆစ်ဆံဂေ့ပါ။ အယ်ပညတ်ဟှ မောရှေရဲ့ ပညတ်တရားကျမ်းန
ပရောဖက်ကျမ်းလေရဲ့ ချောက်ခြာ ဖြစ်လေဟှယ်။

ကျဉ်းဟူခွဖော့-က်ကြောန်း
(လုကာ ၁၃.၂၄)

13 "ခွဖော့-က်ကျဉ်းထဲဟို့ ဝမ်ဂေ့ပါ။ ပျစ်စီးရှင်းထဲဟို့ ရော့-က်ဟူလမ်းန
ခွဖော့-က်ဟှာ ရရာတိုင်း ကွ်လယ်ကြောန့် ဘောင်ဂီးဝမ်ဂေ့လေဟှယ်။
14 သတ်ရှင်ရှင်းဟို့ ရော့-က်ဟူလမ်းန ခွဖော့-က်ဟှာ ရရာတိုင်း ကျဉ်းဘီး
ကြမ်းဟူကြောန့် တွိဟူသူလေန ဝမ်ဟူသူလေဟှာ နဲဂေ့လေဟှယ်။

ပန်န သီးကြောန်း
(လုကာ ၆.၄၃,၄၄)

15 "ကော့-က်ကျစ်ယောက်မာဘီး ကြမ်းထန်းဟူ ဝံပုလွေလေမျိုး သိုးရေဟို့
ခြောင်ဘီးဟှာ နန်းနို့လေနားဟို့ လာမယ့် ပရောဖက်တုယောန်လေဟို့ ဒိထားဂေ့ပါ။
16 သူးနို့လေရဲ့ကျင့်ဟို့ ကေ့လိုက်န သူးနို့လေရဲ့ စိသဘောဟို့ သိရလေ့မယ်။
ဆူးဗန်ဘောန်းဇောင်မာ စဗျစ်သီးန သန်းဖောသဖန်းသီးဟို့ ဆွတ်ယူရနိုင်ဘဲ့လော။
17 အယ်မျိုးဘဲ့ ကောန်းဟူသစ်ပန်မာ ကောန်းဟူသီးဟို့ သီးဘီးဟှာ
ကောန်းဘဲဟူပန်မာ ကောန်းဘဲဟူသီးလေဟို့ဘဲ့ သီးတတ်လေဟှယ်။
18 ကောန်းဟူ သစ်ပန်တဗန်မာ ကောန်းဘဲဟူသီး၊ ကောန်းဘဲဟူ သစ်ပန်တဗန်မာ
ကောန်းဟူသီးဟို့ သီးနိုင်ဟှ။
19 ကောန်းဟူသီး သီးဘဲဟူ သစ်ပန်လေဟို့ ခွတ်လဲ့ဘီးဟှာ မီးထဲဟို့
ပစ်ခ့လတတ်လေဟှယ်။
20 အယ်ကြောန့် အယ်ပရောဖက်တုယောန်လေရဲ့ ကျင့်ဟို့ ကေ့လိုက်န သူးနို့လေရဲ့
စိသဘောဟို့ သိရလေ့မယ်။

နန်းနို့လေဟို့ ငါလောင်းဝသိဟှ
(လုကာ ၁၃.၂၅-၂၇)

21 "ငါ့ဟို့ 'သခင်၊ သခင်' ဆိုဘီး ခေါ်ဟူသူတိုင်း ကောန်းဂန်နိုင်ငံတော်ဟို့ ဝမ်ရဟို့
မူဟှ။ ကောန်းဂန်ဘောင်မာ ရှိဟူ ငါ့ဖရဲ့လိုဟို့ ဆောန်ဟူသူဘဲ့ ဝမ်ရလေ့မယ်။
22 တရားစီရင်ဟူနေ့ ရော့-က်ဟူ ခီမာ 'သခင်၊ သခင်! ကျွန်တော်ဟှားလေဟှာ
ကိုယ်တော်ရဲ့ နာမန ပရောဖက်ပြု ဟောပြောဟှယ်။ ကိုယ်တော်ရဲ့ နာမတော်န
နတ်ဆိုးလေဟို့ နှန်ထုဟှယ်။ ကိုယ်တော်ရဲ့ ခွမ့်အာဏာန အံ့သြဘွယ်တဂိုး

7:12 **ဥ.၁၂** လု ၆.၃၁ **7:19** **ဥ.၁၉** မ ၃.၁၀; လု ၃.၉ **7:20** **ဥ.၂၀** မ ၁၂.၃၃

နိမိတ်လတ်ခဏာလေဟို့ ဘောင်ဂီးပြရဟုယ် မှုဟုလော' ဆိုဘီးဟာ လူလေဘောင်ဂီးဟု လျှော့-က်ဂေ့လေ့မယ်။
23 အယ်ခီမာ 'နန်းနို့လေဟို့ ငါလောင်းဝသိဟု့။ အဓမ္မကောန်လေ၊ ငါ့နားဟုဖယ်ဂေ့!' ဆိုဘီး သူးနို့လေဟို့ ငါပြောမယ်။

အီဆော့-က်မားနှေ့ယော့-က်ကြောန်း
(လုကာ ၆.၄၇-၄၉)

24 "အယ်ကြောန့် ငါဟောပြောဟူ တရားစကားဟို့ ကြားဘီး နားထောန်ဟူသူဟာ ကုလော့-က်ထတ်မာ အီဆော့-က်ဟူ ပညာရှိန တူဟုယ်။
25 မိုးဝါဟူကြောန့် ရေစီးလာဟူန လေလာဘီးဟာ အယ်အီဟို့ ပြင်းပြင်းထန်ထန် တိုက်ဟူ ခီမာ ကုလော့-က်ထတ်မာ အုပြစ်ခုလဟုားဟူကြောန့် ပြိုလဲဘဲန နေလေဟုယ်။
26 "အယ်ဘေမဲ့ ငါစကားဟို့ ကြားဘီးဟာ နားထောန်ဘဲဟူသူဟာ သဲထတ်မာ အီဆော့-က်ဟူ လူမိုက်န တူဟုယ်။
27 မိုးဝါဟူကြောန့် ရေစီးလာဟူန လေလာဘီးဟာ အယ်အီဟို့ ပြင်းပြင်းထန်ထန် တိုက်ဟူ ခီမာ ပြိုကုလ ပျစ်စီးဟုားလေဟုယ်!" ဆိုဘီး ဟောပြောလေဟုယ်။

ယေရှုရဲ့ ခွမ့်အာဏာကြောန်း
28 ယေရှုဟာ အယ်မျိုးဟောပြောဘီးဟူ ခီမာ လူလေဟု ကိုယ်တော်ရဲ့ သွန်သန်ဟူဇာလေဟို့ ရရာတိုင်း အံ့သြဟုားဂေ့ဟုယ်။
29 ဖြားဖြစ်ကြောန့်နူးဆိုဟာ ကျမ်းတတ်ဆရာလေမျိုးမူဘဲန ခွမ့်အာဏာရှိဟူသူမျိုး သွန်သန်ဟူကြောန့် ဖြစ်ဟုယ်။

8

နူနာသယ် တယော့-က်ကြောန်း

(မာကု ၁.၄၀-၄၅; လုကာ ၅.၁၂-၁၆)

1 ယေရှုဟာ တောန်ထတ်ဟုနေဘီး ဆင်းလာဟူ ခီမာ လူအောက်ဂီးဟာ ကိုယ်တော်နော့-က်ဟို့ လိုက်ဂေ့ဟုယ်။
2 အယ်ခီမာ နူနာသယ် တယော့-က်ဟာ လာဘီးဟာ ကိုယ်တော်ရှေ့မာ ပျုပ်ဝပ်ဘီး "သခင်၊ လိုတော်ရှိမယ် ဆိုဟာ ကျွန်တော့်ဟို့ အယ်ရောဂါဟုနေ သန့်ရှင်းပေးပါ"* ဆိုဘီး တောန်းလျှော့-က်ဟုယ်။
3 ယေရှုဟုလည်း လတ်တော်ဟို့ ဆန့်ဘီးဟာ "ငါလိုရှိဟုယ်။ သန့်ရှင်းစေ!" ဆိုဘီး မိန့်တော်မူဟုယ်။ ရှစ်ရှင်းဘဲ့ နူနာရောဂါဟာ ပျော့-က်ဟုားဘီး သူဟာ သန့်ရှင်းဟုားလေဟုယ်

7:28 **၃.၂၈.၂၉** မာ ၁.၂၂; လု ၄.၃၂ * **8:2** **၈.၂ ကျွန်တော့်ဟို့ အယ်ရောဂါဟုနေ သန့်ရှင်းပေးပါ၊** အယ်ရောဂါဟုာ ထောင်းဒမ်းစဉ်လာအရ လူတယော့-က်ဟို့ ညစ်ညူးစေဟုယ် ဆိုဘီး ယူဆရှိဟုယ်။

4 ယေရှုဟု “အယ်ကြောန်းဟို့ ဖယ်သူဟို့လည်း ပြောန။ ဒိထားပါ!
ယဇ်ပုရောဟိတ်နားဟို့ သွားဘီး ကိုယ်ဟို့ပြလိုက်ပါ။ လူလေရှေ့မာ
သတ်သေဖြစ်ဟို့တွပ် မောရှေပညတ်ဟုားဟူတိုင်း ပူဇော်သကာဟို့ ဆစ်သပါ” ဆိုဘီး
မိန့်တော်မူလေဟုယ်။

တပ်မှူးရဲ့ ယောင်ကြည်ဇာကြောန်း
(လုကာ ၇.၁–၁၀)

5 ယေရှုဟုာ ကပေရနောင်ဖြို့ဟို့ ဝမ်လာဟူ ခီမာ ရောမတပ်မှူးတယော့-က်ဟု
ကိုယ်တော်နားဟို့ လာဘီး တောန်းဗန်ဇာဟု
6 “သခင်၊ ကျွန်တော်ရဲ့ စေခံတယော့-က်ဟုာ လတ်ခသေဟူရောဂါန ရရာတိုင်း
နာကျင်ဘီးဟုာ အီမာ ထနိုင်ဘဲ ဖြစ်နေပါဟုယ်။ ကယ်မတော်မူပါ” ဆိုဘီး ဖြစ်ဟုယ်။
7 ယေရှုဟု “ငါလာဘီးဟုာ ရောဂါဟို့ ပျော့-က်ကင်းစေမယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
8 တပ်မှူးဟု “သခင်၊ ကျွန်တော်ရဲ့ အီးခေါန်မိုးအော့-က်ဟို့ ကိုယ်တော်ဝမ်ရှင်း
ကျေးဇူးဟို့ ကျွန်တော်ခံထိုက်ဟု။ မိန့်ပေးလိုက်န ကျွန်တော်ရဲ့ စေခံဟုာ
ကျန်းမာရပါလေ့မယ်။
9 ဥပမာ ကျွန်တော် ကိုယ်တိုင်လည်း အာဏာပိုင် လတ်အော့-က်မာ
ရာရှိတယော့-က်ဖြစ်ဘီး ကျွန်တော်ရဲ့ လတ်အော့-က်မာရှိဟူ စစ်သားလေဟို့
အောက်ချောက်ရပါဟုယ်။ တယော့-က်ဟို့ ‘သွား!’ ဆိုဟုာ သွားပါဟုယ်။
တယော့-က်ဟို့ ‘လာ!’ ဆိုဟုာ လာပါဟုယ်။ အယ်ဘီးဟုာ ကျွန်တော်ဟုာ ကျွန်တော့်ရဲ့
ကျွန်ဟို့ မိန့်ပေးလိုက်ဟုယ် ‘အယ်မူဇာဟို့ လောက်လိုက်!’ ဆိုဟုာ လောက်လေဟုယ်”
ဆိုဘီး လျှော့-က်လေဟုယ်။
10 အယ်စကားဟို့ ယေရှုကြားဟူ ခီမာ အံ့သြဟုားဘီး “ငါ မှန်ပြောမယ်၊
အယ်မျှလော့-က်ကီးဟူ ယောင်ကြည်ရှင်းမျိုး ကျသရေလ လူမျိုးထဲမှာဟို့ ငါတွိဖူးဟု။
11 ငါပြောမယ်။ လူလေဘောင်ဂီးဟုာ ရှေ့ရပ်၊ နော့-က်ရပ်ဟုလာဘီး
ကောန်းဂန်နိုင်ငံတော်မာ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်လေနတူးဒူ စားသော့-က်မွဲမာ
လာဘီးထိုင်လေ့မယ်။
12 အယ်ဘေမဲ့ နိုင်ငံတော်သားလေလည်း ငိုကြွေးဘီး အံသွားခဲကလိဟူ နေရာ
ပွလန်ရပ် မှောန်မိုက်ထဲမာ နေရလေ့မယ်” ဆိုဘီး တဗဲတော်လေဟို့
မိန့်တော်မူလေဟုယ်။
13 အယ်ဘီးမှ ယေရှုဟု “နန်သွားဝေါ့။ နန်ယောင်ကြည်တိုင်း ဖြစ်လေ့မယ်” ဆိုဘီး
ပြောလိုက်ခီမာဘဲ့ တပ်မှူးရဲ့စေခံလည်း ရောဂါပျော့-က်ဟုားလေဟုယ်။

ရောဂါသယ်လေဟို့ ကျန်းမာစေဟူကြောန်း
(မာကု ၁.၂၉–၃၄; လုကာ ၄.၃၈–၄၁)

8:11 **ဓ.၁၁** လု ၁၃.၂၉ **8:12** **ဓ.၁၂** မ ၂၂.၁၃; ၂၅.၃၀; လု ၁၃.၂၈

14 ယေရှုဟုဲ ပေတရုရဲ့အီဟို့ ရော့-က်ဟုားဟူ ခီမာ ပေတရုရဲ့ ယောက္ခမဟုာ
ဖျားနာဘီး အိယာထဲမာလဲနေဇာဟို့ ဖြင်တော်မူလေဟုယ်။
15 ယေရှုဟုလည်း အယ်မီးမရဲ့ လတ်ဟို့ တို့ထိလိုက်ဟူ ခီမာ
ဖျားနာပျော့-က်ဟုားကြောန့် ထထိုင်ဘီးဟုာ ဧည့်ဝတ်ပြုလေဟုယ်။
16 နေဒန်ဇာဟို့ ရော့-က်ဟူ ခီမာ နတ်ဆိုး ဝမ်ပူးခံရဟူ လူလေဟို့ ယေရှုနားဟို့
ခေါ်လာဂေ့လေဟုယ်။ ယေရှုဟု စကားတခွန်းဒဲန မိန့်ပေးဘီးဟုာ နတ်ဆိုးလေဟို့
နှန်ထုလိုက်ဟူ ခီမာ လူနာလေလည်း ကျန်းမာသွားဂေ့လေဟုယ်။
17 အယ်မူကြောန်းရာဟု "အယ်သူဟုာ နို့လေရဲ့ ရောဂါန ဝေဒနာလေဟို့
ယူဆောန်ဟုားလေဟုယ်" ဆိုဘီး ပရောဖက် ဟေရှာယ ပြောဟုားတိုင်းဘဲ့
ပ့လဲ့ဇောင်လာဟို့တွပ် ဖြစ်လေဟုယ်။

ယေရှုနော့-က်ဟို့ လိုက်ရှင်းရဲ့ ဖိုးခလေကြောန်း
(လုကာ ၉.၅၇-၆၂)

18 ယေရှုဟုာ သူနားပတ်လည်မာ လူအောက်ဂီး ဝိုင်းနေဂေ့ဇာဟို့ ဖြင်ရဟူ ခီမာ
အိုင်ဟို့ဖတ်ကမ်းဟို့ ကူးဟို့တွပ် တဲ့တော်လေဟို့ မိန့်တော်မူလေဟုယ်။
19 အယ်ခီမာ ကျမ်းပြုဆရာတယော့-က် လာဘီးဟုာ "ဆရာ၊ ကိုယ်တော်သွားမယ့်
နေရာလေဟို့ ကျွန်တော်လည်း လိုက်ရှင်ပါဟုယ်" ဆိုဘီး လျှော့-က်လေဟုယ်။
20 ယေရှုဟုလည်း "မ့လေခွီးမာ တွမ်းရှိဟုယ်။ ကောန်းဂန်ဟု ငှတ်မာလည်း
သိုက်ရှိဟုယ်။ လူရဲ့သားမာဟု ခေါန်းခ့လဟို့တွပ် နေရာ မ့ေဟု" ဆိုဘီး
မိန့်တော်မူလေဟုယ်။
21 တခြားတဲ့တော် တယော့-က်ဟုလည်း "သခင်၊ ကျွန်တော့်ဖဟို့ ရင်ဦးဆောင်း
သွားဘီးသ်ဂြိုဟ်ဟို့တွပ် ခွမ့်ပေးပါ" ဆိုဘီး လျှော့-က်လေဟုယ်။
22 ယေရှုဟုလည်း "ငါ့နော့-က်ဟို့လိုက်ပါ။ လူသေလေဟို့ လူသေလေဘဲ့
သဂြိုဟ်ပါစေ" ဆိုဘီး မိန့်တော်မူလေဟုယ်။

လေမ့ောန်ဒိုင်းဟို့ ဆောင်းမဟူကြောန်း
(မာကု ၄.၃၅-၄၁; လုကာ ၈.၂၂-၂၅)

23 ယေရှုဟုာ လှေထဲဟို့ ဝမ်တော်မူဘီး တဲ့တော်လေလည်း ကိုယ်တော်နတူးဒူ
လိုက်ဂေ့လေဟုယ်။
24 ရောက်တရစ် အိုင်ထဲမာ ကြမ်းတမ်းဟူ လေမ့ောန်ဒိုင်းတိုက်လာဘီး လှေဟုာ
နစ်မ့လောက်ခါနီး ဖြစ်ဟုားလေဟုယ်။ အယ်ခီမာ ကိုယ်တော်ဟု လှေထဲမာ
အိနေတော်မူဟုယ်။
25 တဲ့တော်လေလည်း ကိုယ်တော့်ဟို့ နှိုးဘီးဟုာ "သခင်၊ ကယ်တန်တော်မူပါ!
ကျွန်တော့်ဟုားလေ သေဟို့ဖြစ်နေဂေ့ဘီ!" ဆိုဘီး လျှော့-က်ဂေ့လေဟုယ်။

26 ကိုယ်တော်ဟုလည်း “ယောင်ကြည်ရှင်း အားနဲ့ဟူလူလေ! ဖြားဖြစ်ကြောန့်
ကြေ့-က်နေဂေ့နူး” ဆိုဘီး ထလာဘီးန လေနလှိုင်းဟို့ ဆောင်းမဟူ ခီမာ
လေနလှိုင်းလည်း ငြိဟုားဘီး သာယာဟုားလေဟုယ်။
27 တဗဲ့တော်လေလည်း ရရာတိုင်း အံ့ဩဘီး “အယ်လူဟု ဖယ်သူနူး။
လေနလှိုင်းလေတောန်မှ သူ့ဟို့ နားထောန်ဂေ့ဟုယ်!” ဆိုဘီး ပြောဂေ့လေဟုယ်။

လူနှေ့ယော့-က်ထဲဟု နတ်ဆိုးလေဟို့ နှန်ထုဟူကြောန်း
(မာကု ၅.၁-၂၀; လုကာ ၈.၂၆-၃၉)

28 အိုင်ဟို့ဖတ်ကမ်း ဂါဒရပြည်ဟို့ ရော့-က်ဟူ ခီမာ နတ်ဆိုးဝမ်ပူးနေဟူ
လူနှေ့ယော့-က်ဟုာ သန်းခုလိုင်းထဲဟုနေ ထွပ်လာဘီး ကိုယ်တော်န
ဆောင်တွိလေဟုယ်။ အယ်သူလေဟုာ ရာရာတိုင်း ခွန်အားကီးဘီး ဆိုးသွန်းဂေ့ကြောန့်
ဖယ်သူလေလည်း အယ်လမ်းဟုနေဘီး သွားဟို့ရဲဂေ့ဟု။
29 အယ်သူလေဟုလည်း “ဘုရားသခင်ရဲ့ သားတော်၊ ကျွန်တော်ဟုားလေဟို့
ဖြားလောက်ရှင်ကြောန့်နူး။ ခီရော့-က်ခန်မာ ညှဉ်းဆဲဟို့တွပ် ကြွလာဟူဇာလော”
ဆိုဘီးဟုာ သံက့လယ်ဂီးန လျှော့-က်ဂေ့လေဟုယ်။
30 အယ်သူလေရဲ့ လော့က်ဂီးဝီးဘဲဟူ နေရာမာလည်း ဝပ်အောက်ဂီးဟုာ
စာစားနေဂေ့ဟုယ်။
31 နတ်ဆိုးလေဟုလည်း “ကျွန်တော်ဟုားလေဟို့ နှန်ထုမယ် ဆိုဟုာ
အယ်ဝပ်လေထဲဟို့ ဝမ်ခွမ့်ပေးတော်မူပါ” ဆိုဘီး ယေရှုဟို့ တောန်းဗန်ဂေ့ဟုယ်။
32 ကိုယ်တော်ဟုလည်း “သွားဂေ့” ဆိုဘီး မိန့်တော်မူဟုယ်။ နတ်ဆိုးလေလည်း
ထွပ်ဟုားဘီးဟုာ ဝပ်လေထဲဟို့ ဝမ်ဟုားဟုယ်။ ဝပ်အောက်ဂီးဟုာ အိုင်ကမ်းနားဟို့
ပ့လေးဆင်းဟုားဘီး ရေမ့လောက်သေဟုားလေဟုယ်။
33 ဝပ်ထီးမားလေလည်း ဗြို့ထဲဟို့ ဝမ်ပ့လေးဘီးဟုာ နတ်ဆိုးဝမ်ပူးနေဟူ
လူနှေ့ယော့-က်ကြောန်းန သူးနို့လေဗြင်တွိရဟူ ကြောန်းရာလေ ဂူလောင်းဟို့
ပြောပြဂေ့လေဟုယ်။
34 အယ်ဘီးန တဗြို့လောင်းမာရှိဟူ လူလေလည်း ယေရှုဟို့ တွိရှင်ကြောန့်
ဗြို့ပ့လန်ဟို့ ထွပ်လာဂေ့ဟုယ်။ ကိုယ်တော့်ဟို့ တွိဟူ ခီမာ သူးနို့လေရဲ့ ဒေသဟုနေဘီး
ထွပ်ဟုားဟို့တွပ် တောန်းဗန်ဂေ့ဟုယ်။

9

လေဖြတ်နေဟူသူဟို့ ကျန်းမာစေဟူကြောန်း
(မာကု ၂.၁-၁၂; လုကာ ၅.၁၇-၂၆)

1 ယေရှုဟုာ လှေနပ့လန်ကူးဘီးဟုာ သူ့ရဲ့ နေရပ်ဗြို့*ဟို့ ကြွတော်မူလေဟုယ်၊
2 အယ်နေရာမာ လေဖြတ်နေဟူ လူတယော့-က်ဟို့ ထမ်းစင်ထတ်မာ တန်ဘီးဟုာ
ကိုယ်တော်နားဟို့ ထမ်းလာဂေ့လေဟုယ်။ ယေရှုဟုာ အယ်သူလေရဲ့

* **9:1 ၉.၁ သူ့ရဲ့ နေရပ်ဗြို့၊** ကပေရနောင်ဗြို့ (ရှု ၄.၁၃)။

ယောင်ကြည်ရှင်းဟို့ ဗြင်ရဟ္ဟု ခီမာ လေဖြတ်နေဟ္ဟုသူဟို့ “ငါ့သား၊ စိုးရိမ်မန! နန်ရဲ့ ပြစ်ဟို့ ငါလွတ်စေဘီ” ဆိုဘီး မိန်တော်မူလေဟုယ်။

3 ကျမ်းပြုဆရာတချို့ဟု “အယ်သူဟုာ ဘုရားသခင်ဟို့ ပြစ်မှားစော်ကားဘီး ပြောနေဟုယ်!” ဆိုဘီးဟုာ သူးနို့ရှင်းရှင်း ပြောနေဂေ့ဟုယ်။

4 ယေရှုဟုာ အယ်သူလေရဲ့ စိဟို့ သိနေကြောန့် “နန်းနို့လေ ဖြားဖြစ်ကြောန့် ကောန်းဘဲဟ္ဟုဇာလေဟို့ စဉ်းစားနေဂေ့နူး။

5 ‘နန်ရဲ့ ပြစ်ဟို့ လွတ်စေဘီ’ အယ်မျိုးမှုဘဲနေဟုာ ‘နန်ထဘီးဟုာ လမ်းသွားဝေါ့’ ဆိုဘီး ပြောဟို့ပိုလွယ်ကြောန့်လော။

6 လူ့ရဲ့သားဟုာ အယ်လောကမာ ပြစ်ဖြေလွတ်ဟို့ ခွမ့်အာဏာရှိဟုယ် ဆိုဇာဟို့ နန်းနို့လေသိရအောန်” လေဖြတ်နေသူဟို့ “ထဒန်၊ ထမ်းစင်ဟို့ ကော့-က်ဘီး နန့်အီဟို့ သွားဝေါ့!” ဆိုဘီး မိန်တော်မူလေဟုယ်။

7 အယ်သူဟုာ ထဘီး သူ့အီဟို့ သွားလေဟုယ်။

8 အယ်မူဇာလေဟို့ ကေ့နေဂေ့ဟ္ဟု လူအောက်ဂီးဟုာ ရရာတိုင်း ကြော့-က်ရွံ့ဘီးဟုာ လူလေဟို့ အယ်မျိုးခွမ့်အာဏာဟို့ ပေးတော်မူဟ္ဟု ဘုရားသခင်ရဲ့ ဂေါင်တော်ဟို့ ချီးမွမ်းဂေ့လေဟုယ်။

မဿဲဟို့ ခေါ်ဟ္ဟုကြောန်း
(မာကု ၂.၁၃-၁၇; လုကာ ၅.၂၇-၃၂)

9 ယေရှုဟုာ အယ်နေရာဟုနေဘီး ထွပ်ကြွလာဟ္ဟု ခီမာ မဿဲ ဆိုဘီး နာမယ်ခေါ်ဟ္ဟု လူတယော့-က်ဟို့ ခွန်ရောင်းမာ ထိုင်နေဇာဟို့ ဗြင်တော်မူလေဟုယ်။ ကိုယ်တော်ဟု “ငါ့နော့-က်ဟို့လိုက်ပါ” ဆိုဘီး မိန်တော်မူဟုယ်။ မဿဲဟုာ ထဘီး နော့-က်ဟို့လိုက်လေဟုယ်။

10 ယေရှုဟုာ မဿဲရဲ့အီမာ† ညဉ့်ခန်းဇာစားနေခီမာ ခွန်ကော့-က်မားလေန ပြစ်သားလေဟုာ ကိုယ်တော်နားဟို့ လာဘီး တမဲ့တော်လေနတူးဒူ မှန်းမွဲမာ ဝမ်ထိုင်ဂေ့ဟုယ်။

11 အယ်ဇာဟို့ ဖာရိရှဲလေ တချို့ဟု ဗြင်ဟုားဘီး တမဲ့တော်လေဟို့ “ဖြားဖြစ်ကြောန့် နန်းနို့ဆရာဟုာ ခွန်ကော့-က်မားလေ၊ ပြစ်သားလေနတူးဒူ စားနေနူး” ဆိုဘီး မေးဂေ့ဟုယ်။

12 ယေရှုကြားဟ္ဟု ခီမာ “ကျန်းမာဟ္ဟုသူလေဟုာ ဆေးဆရာဟို့ လိုဂေ့ဟု။ ဖျားနာဟ္ဟုသူလေဟုဘဲ့ လိုဂေ့ဟုယ်။

13 ‘ငါဟုာ ယဇ်ပူဇော်ဇာထတ် သနားကြင်နာရှင်းဟို့ ပိုဘီး နှစ်သက်ဟုယ်’ ဆိုဘီး ပြောဟုားဟ္ဟုကျမ်းစကားဟို့ နားလည်ဟို့ သွားဘီးသန်ယူဂေ့ပါ။ ဖြောန့်မတ်ဟ္ဟုသူလေဟို့ ကယ်ဟို့တွပ် ငါလာဇာ မှုဟု။ ဆိုးဟ္ဟုလူလေဟို့ ကယ်ဟို့တွပ် ငါလာဟုယ်” ဆိုဘီး မိန်တော်မူလေဟုယ်။

9:10 **ဧ.၁၀,၁၁** လု ၁၅.၁ † **9:10** **ဧ.၁၀** မဿဲရဲ့အီမာ၊ အယ်မျိုးမှုဘဲနေဟုာ သူ့ရဲ့ အီမာ။ **9:13** **ဧ.၁၃** မ ၁၂.၇

စာရှောန်ဇာန ဆိုင်ဟူမေးခွန်းကြောန်း
(မာကု ၂.၁၈–၂၂; လုကာ ၅.၃၃–၃၉)

14 အယ်ခီမာ ယောဟန်ရဲ့ တဗဲ့လေဟှာ ယေရှုနားဟို့ ရော့-က်လာဘီးဟှာ
“ကျွန်တော်ဟှားလေန ဖာရိရှဲလေဟှာ မကြာမကြာ စာရှောန်ဂေ့ဟှယ်။
ကိုယ်တော်ရဲ့တဗဲ့လေဟှာ ဖြားဖြစ်ကြောန့် စာရှောန်ဂေ့ဟှနူး” ဆိုဘီး
မေးလျှော့-က်ဂေ့ဟှယ်။

15 ယေရှုဟှ “အီတတ်ဗွဲမာ ဒို့သားနတူးဒူ ရှိနေဟှူ ပေါန်းသင်းလေဟှာ ဒို့သားနတူးဒူ
ရှိနေခီမာ ဝန်းနဲပူဆွေးဂေ့ဘဲ့လော။ မင်္ဂလာဆောန်ဒို့သားန သူ့ပေါန်းသင်းလေဟှာ
ခွဲခွာရဟို့ခီ ရော့-က်လာလေ့မယ် အယ်ဆိုဟှာ သူးနို့လေဟှာ စာရှောန်ဂေ့လေ့မယ်။”

16 “ဖယ်သူလည်း အန်းဂီဟောန်းဟို့ ပိစသစ်န ဖာလေ့ မွေ့ဟှ။
ဖြားဖြစ်ကြောန်နူးဆိုဟှာ ဖာဟှားဟူ ပိစသစ်ဟှ အန်းဂီဟောန်းဟို့ စုဖ့လဲဘီးဟှာ
ပိုဆိုးဟှားလေ့မယ်။

17 အယ်မျိုးဘဲ့ ဝိုင်သစ်ဟို့ သားရေဖူးဟောန်းထဲမာ ထဲ့လေ့ မွေ့ဟှ။ ထဲ့မယ် ဆိုဟှာ
ဝိုင်သစ်ဟှ သားရေဖူးဟောန်းဟို့ ပေါ့-က်ပ့လဲစောဘီး ဝိုင်န သားရေဖူး နှေ့ခုလောင်းဟှာ
ပျစ်စီးဟှားလေ့မယ်။ အယ်ဘီးဟှာ သရေဖူးလည်း ပျစ်စီးဟှားလေ့မယ်။ အယ်မျိုး
ဖြစ်ဘဲနေအောန် ဝိုင်သစ်ဟို့ သားရေဖူးသစ်ထဲဟို့ ထည့်ရဟှယ်။ အယ်ဆိုဟှာ
နှေ့ခုလောင်းဟှာ ကြာဂီးခံလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

ယာကွရုရဲ့ သမီးန ဝတ်လောင်တော်ဟို့တို့ဟူ မီးမကြောန်း
(မာကု ၅.၂၁–၄၃; လုကာ ၈.၄၀–၅၆)

18 ယေရှုဟှာ အယ်မျိုး ပြောနေခီမာ ယုဒလူမျိုး ရာရှိတယော့-က်ဟှ
ရော့-က်လာဘီးဟှာ ကိုယ်တော်ရှေ့မာ ပျပ်ဝပ်လေဟှယ်။ အယ်သူဟှလည်း
“ကျွန်တော့်သမီးဟှာ သေဟှားဘီ။ အယ်ဘေမဲ့ ကိုယ်တော်ကြွဘီး သူ့ထတ်မာ
လတ်တန်မယ် ဆိုဟှာ သတ်ရှင်ပါလေ့မယ်” ဆိုဘီး လျှော့-က်လေဟှယ်။

19 အယ်ကြောန့် ယေရှုဟှာ ထဘီးဟှာ တဗဲ့တော်လေနတူးဒူ အယ်သူနော့-က်ဟို့
လိုက်ဟှားလေဟှယ်။

20 ဆယ့်နှေ့နှစ် လောင်းလောင်း သွီးသွန်နာစွဲနေဟှူ မီးမတယော့-က်ဟှာ
ယေရှုနော့-က်ဟို့ လိုက်ဘီး ဝတ်လောင်တော် ပန်းဗွားဟို့ တို့ထိလေဟှယ်။
21 အယ်မီးမဟှာ “ငါဟှာ သူ့ရဲ့ ဝတ်လောင်တော်ဟို့ တို့ထိမယ် ဆိုဟှာ
ငါကျန်းမာရလေ့မယ်” ဆိုဘီးဟှာ ကိုယ့်ကိုယ်ကိုယ် ပြောနေဟှယ်။

22 ယေရှုဟှ လှည့်ကေ့ခီမာ အယ်မီးမဟို့ ဖြင်ဟှားဘီး “ငါ့သမီး၊ စိုးရိမ်နန်! နန့်ရဲ့
ယောင်ကြည်ရှင်းဟှာ နန့်ဟို့ ကျန်းမာစောဘီ” ဆိုဘီး မိန့်တော်မူလေဟှယ်။ အယ်ခီမာဘဲ့
အယ်မီးမဟှာ ရောဂါပျော့-က်ဟှားလေဟှယ်။

23 အယ်ဘီးန ယေရှုဟှာ ရာရှိရဲ့အီဟှိ ရော့-က်ဟှားလေဟှယ်။ ကိုယ်တော်ဟှာ
တီးမှုမားလေန မသာအီဟှိ လာဟှူသူလေ အောက်အောက်သဲသဲ ဖြစ်နေဂေ့ဇာဟှိ
ဖြင်တော်မူဟှူ ခီမာ
24 ကိုယ်တော်ဟှ "ဖယ်ဂေ့၊ မီးမငယ် သေနေဇာ မှူဟှ! အိမွိနေဇာဖြစ်ဟှယ်!" ဆိုဘီး
မိန့်တော်မူလေဟှယ်။ လူလေ ဂူလောင်းဟှာ ကိုယ်တော့်ဟှိ သရော်ဂေ့လေဟှယ်။
25 လူအောက်ဂီးဟှာ ပ့လန်ဟှိထွပ်ဟှားဘီးန ယေရှုဟှာ မီးမငယ်ရဲ့ အိခန်းထဲဟှိ
ဝမ်ဘီး မီးမငယ်ရဲ့လတ်ဟှိ ဆွဲထူလိုက်ဟှူ ခီမာ မီးမငယ်ဟှာ ထလေဟှယ်။
26 အယ်မူဒန်းဟှာ အယ်ဒေသ တခုလောင်းဟှိ ပ့လံ့နှံ့ဟှားလေဟှယ်။

မျစ်စိဖြင်ဘဲဟှူ လူနှေ့ယော့-က်ဟှိ ဖြင်စေဟှူကြောန်း

27 အယ်ရပ်ဟှနေဘီး ယေရှုကြွေဟှားဟှူ ခီမာ မျစ်စိဖြင်ဘဲဟှူ လူနှေ့ယော့-က်ဟှ
ကိုယ်တော်နော့-က်ဟှိ လိုက်ဘီးဟှာ "ဒါဝိဒ်ရဲ့ သားတော်! ကျွန်တော်ဟှားလေဟှိ
သနားတော်မူပါ" ဆိုဘီး အော်ဟစ်ဂေ့လေဟှယ်။
28 အီတအီဟှိ ဝမ်ခီမာ မျစ်စိကန်းနေသူလေဟှာ ယေရှုနားဟှိ လာဂေ့လေဟှယ်။
ကိုယ်တော်ဟှလည်း "နန်းနှိမျစ်စိဟှိ ငါဖြင်စေနိုင်ဟှယ် ဆိုဇာဟှိ ယောင်ဘဲ့လော"
ဆိုဘီး မေးလိုက်ဇာ "ယောင်ကြည်ပါဟှယ် သခင်!" ဆိုဘီး လျှော့-က်ဂေ့လေဟှယ်။
29 ယေရှုဟှာ သူးနှိလေရဲ့ မျစ်စိဟှိ တို့ဘီးဟှာ "နန်းနှိယောင်ကြည်ဟှူတိုင်း
နန်းနှိမာဖြစ်စေ!" ဆိုဘီး မိန့်တော်မူဘီးန၊
30 အယ်သူလေဟှာ မျစ်စိပွမ့်လန်းလာဘီးဟှာ ဖြင်ရဂေ့လေဟှယ်။ ယေရှုဟှ
"အယ်ကြောန်းရာလေဟှိ ဖယ်သူဟှိလည်း သိစေန!" ဆိုဘီး ကျပ်ကျပ်တဲတဲဟှား
ဒိပေးလေဟှယ်။
31 အယ်ဘေမဲ့ သူးနှိလေ ထွပ်ဟှားဘီးဟှာ ယေရှုရဲ့ဒန်းဟှာ တပြည်လောင်းဟှိ
ပ့လံ့နှံ့ဟှားလေဟှယ်။

စကားအနေဟှူသူဟှိ ကုသပေးဟှူကြောန်း

32 အယ်သူလေထွပ်ဟှားဘီးန နတ်ဆိုးဝမ်ဘီး စကားအနေဟှူ လူတယော့-က်ဟှိ
ယေရှုနားဟှိ ခေါ်လာဂေ့လေဟှယ်။
33 နတ်ဆိုးဟှိ နှန်ထုလိုက်ဟှူ ခီမာ စကားအ,နေဟှူ သူဟှာ စကားပြောလေဟှယ်။
လူလေ ဂူလောင်းဟှာ အံ့သြဟှားဂေ့ဟှယ်။ "အယ်မျိုးမှုရာလေဟှိ ဣသရေလ
လူမျိုးထဲမာ ခါလည်းဖြင်ဖူးဟှ!" ဆိုဘီး ပြောဆိုဂေ့လေဟှယ်။
34 ဖာရိရှဲလေဟှလည်း "အယ်သူဟှာ နတ်ဆိုးခေါ်နှးဆောန် ဗေလဇေဗုလဟှိ
အားကိုးဘီး နတ်ဆိုးလေဟှိ နှန်ထုဇာဖြစ်ဟှယ်" ဆိုဘီး ပြောဆိုဂေ့လေဟှယ်။

လူလေဟှိ သနားကြင်နာဟှူကြောန်း

9:34 **ဧ.၃၄** မ ၁၀.၂၅; ၁၂.၂၄; မာ ၃.၂၂; လု ၁၁.၁၅

35 ယေရှုဟာ ဝါလယ်ဇရပ်လေမာ ဆောင်းမဩဝါဒပေးဘီး နိုင်ငံတော်ကြောန်း
ဒန်းကောန်းဟို့ ကြေညာတော်မူလေဟုယ်။ လူလေခံစားနေရဟူ ရောဂါလေဟို့လည်း
ကျန်းမာစေဘီးဟာ ဗြို့ဝါလေဟို့ လှည့်လည်တော်မူလေဟုယ်။
36 ကိုယ်တော်ဟာ လူအောက်ဂီးဟို့ ဗြင်လိုက်န သနားဟူစိ ဖြစ်လေဟုယ်။
ဖြားဖြစ်ကြောန်နူးဆိုဟာ သူးနို့ဟာ သိုးထီးမားမှေ့ဘဲဟူ သိုးလေမျိုး
ပူပန်သောကရော့-က်ဘီး အားကိုးရာမှေ့ဘဲ ဖြစ်နေဂေ့ကြောန်ဖြစ်ဟုယ်။
37 အယ်ကြောန့် ကိုယ်တော်ဟာ "ရိသီးဇာလေ ဘောင်ဂီးရှိဘေမဲ့ ရိသီးမားလေဟာ
နဲဂေ့လေဟုယ်။
38 အယ်ကြောန့် ရိသီးမားလေဟို့ စေလွတ်ပေးဟို့တွပ် ဗားဇရှင်ဟို့ ဆုတောန်းဂေ့"
ဆိုဘီး တဗဲတော်လေဟို့ မိန့်တော်မူလေဟုယ်။

10

ဆယ့်နှေ့ပါးဟို့ စေလွတ်ဟူကြောန်း
(မာကု ၃.၁၃-၁၉; လုကာ ၆.၁၂-၁၆)

1 ယေရှုဟာ တဗဲတော် ဆယ့်နှေ့ပါးဟို့ ခေါ်ဘီးဟာ ညစ်ညူးဟူနတ်လေဟို့
နှန်ထုဟို့တွပ်န ရောဂါဘောင်းဇောင်ဟို့ ပျော့-က်ကင်းစေဟို့တွပ် ခွမ့်တဂိုးအာဏာဟို့
ပေးအပ်တော်မူလေဟုယ်။
2 တမန်တော်ဆယ့်နှေ့ပါးရဲ့ နာမယ်လေဟာ ပေတရု ဆိုဘီးခေါ်ဟူ ရှိမုန်န သူညီ
အန့ဒြေ၊ ဇေဗေဒဲရဲ့သား ယာကုပ်န သူညီကို ယောဟန်၊
3 ဖိလိပ့ပုန ဗာသောလမဲ၊ သောမန အခွန်ကော့-က်မား မဿဲ၊ အာလဖဲရဲ့သား
ယာကုပ်န သဒ္ဒဲ၊
4 မျိုးရှစ်စိအားထတ်သန်ဟူ ရှိမုန်န ယေရှုဟို့ သစ်စာဖော့-က်ဟူ ယုဒရှကာရုတ်
ဖြစ်လေဟုယ်။

ဆယ့်နှေ့ပါးရဲ့ သာသနာပြုဟူကြောန်း
(မာကု ၆.၇-၁၃; လုကာ ၉.၁-၆)

5 ဆယ့်နှေ့ပါးဟို့ ယေရှုဟာ စေလွတ်လိုက်ဘီး မိန့်မှာလိုက်ဇာဟု "လူမျိုးခြားဒေသန
ရှမာရိဗြို့လေဟို့ သွားဂေ့နန။
6 ဣသရေလလူမျိုးရဲ့ ပျော့-က်နေဟူ သိုးလေနားဟို့ဘဲ့ ရင်ဦးဆောင်းသွားဂေ့ပါ။"
7 "သွားဘီးဟာ 'ကောန်းဂန်နိုင်ငံတော် တည်ထောန်ဟို့နီးဘီ!' ဆိုဘီး ဟောပြောဂေ့ပါ။
8 လူနာလေဟို့ ကျန်းမာစေပါ။ လူသေလေဟို့ ပ့လန်ရှင်စေဂေ့ပါ။ နူနာသယ်လေဟို့
သန့်ရှင်းစေဂေ့ပါ။ နတ်ဆိုးလေဟို့လည်း နှန်ထုဂေ့ပါ။ နန်းနို့လေဟာ ဖိုးခပေးရဘဲန
လတ်ခံရရှိဟူမျိုး ဖိုးခယူဘဲန ပေးကမ်းဂေ့ပါ။
9 နန်းနို့ရဲ့ ခါးဗတ်ထဲမာ ရွှေ၊ ငွေ၊ ကြေးဒန်းဂါးလေဟို့ ထည့်သွားဂေ့နန။

9:35 **ဥ.၃၅** မ ၄.၂၃; မာ ၁.၃၉; လု ၄.၄၄ **9:36** **ဥ.၃၆** မာ ၆.၃၄ **9:37** **ဥ.၃၇.၃၈** လု ၁၀.၂ **10:7** **၁၀.၇-၁၅** လု ၁၀.၄-၁၂

10 ခရီးတွဝ် လွယ်အိ၊ အန်းဂီပို၊ ခေနပ်ခ တောန်အူးဟို့လည်း ယူဆောန်ဂေ့ခ။
လောက်လောက်ဟူ သူဟ့ာ ကျွေးမွေးဇာဟို့ ရထိုက်ဟ့ယ်။”
11 “ဗြို့တဗြို့၊ ဝါတဝါဟို့ ဝမ်ဟူ ခီမာ နန်းနို့ဟို့ ကြဲဆိုဟူ သူဟို့ ရှာဘီး
အယ်နေရာဟ့ နန်းနို့လေ ထွပ်ဟ့ားခန်ခီထိ သူးနို့နတူးဒူနေဂေ့ပါ။
12 နန်းနို့လေ အီထဲဟို့ ဝမ်ဟ့ားခီမာ ‘နန်းနို့နတူးဒူ ငြိသတ်မှုရှိပါစေ’ ဆိုဘီး
နှောက်ဆစ်ဂေ့ပါ။
13 အယ်အီမာရှိဟူ လူလေဟ့ာ နန်းနို့ဟို့ လတ်ခံကြဲဆိုဟ့ယ် ဆိုဟ့ာ နန်းနို့လေ
နှော့-က်ဆစ်ဟူ ငြိသတ်မှုဟ့ာ ကျန်ရစ်ပါစေ။ အယ်ဘေမဲ့ နန်းနို့ဟို့
လတ်ခံဂေ့ဘဲနေဟ့ယ် ဆိုဟ့ာ နန်းနို့နားဟို့ ပ့လန်လာစေ။
14 တယော့-က်ယော့-က်ဟ့ နန်းနို့လေဟို့ လတ်ခံဟ့ ဆိုဟ့ာ နန်းနို့စကားဟို့
နားထောန်ဂေ့ဘဲနေဟ့ယ် ဆိုဟ့ာ အယ်အီဟ့ ထွပ်ဟ့ားဟူ ခီမာ နန်းနို့ခေဖွားဟ့
မ့လေမုဟို့ ခါခ့လလိုက်ဂေ့။
15 ငါ မှန်ပြောမယ်၊ တရားစီရင်ဟူ နေ့မာ ဘုရားသခင်ဟ့ာ အယ်ဗြို့ထတ်
သောဒုံဗြို့နဂေါမောရဗြို့ဟို့ ပိုဘီး ကရုဏာတော်ဟို့ ပြသလေ့မယ်!”

ရော့-က်လာနေဟူ ညှဉ်းဆဲမှုလေကြောန်း
(မာကု ၁၃.၉-၁၃; လုကာ ၂၁.၁၂-၁၇)

16 “နားထောန်ဂေ့! ဝံပုလွေအောက်ထဲဟို့ သိုးလေဟို့ လွှတ်ဟူမျိုး နန်းနို့လေဟို့
ငါစေလွှတ်မယ်။ အယ်ကြောန့် ဗွီမျိုးလီမာဘီး ချိုးငှတ်မျိုး ဖ့လူစင်ရမယ်။
17 လူလေဟို့ ဒိထားဘီးနေဂေ့ပါ။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ နန်းနို့လေဟို့
ဖမ်းဆီးဘီးဟ့ာ တရားရောင်းဟို့ အပ်လေ့မယ်။ ဝါလယ်ဇရပ်လေမာ
ရိုက်ခံရဂေ့လေ့မယ်။
18 အယ်သူလေန လူမျိုးခြားလေရှေ့မာ သတ်သေဖြစ်ဟို့တွပ် ဗြို့ဝန်မန်းလေန
မန်းဂီးလေ ရှေ့ဟို့ ငဲ့ကြောန့် နန်းနို့ဟို့ စစ်ဆေးဟို့ ခေါ်ဆောန်ဟ့ားဇာ ခံရဂေ့လေ့မယ်။
19 နန်းနို့ဟို့ စစ်ဆေးဟို့ ခေါ်ဟ့ားခီမာ ဖယ်မျိုးပြောရဟို့ ဆိုဘီး စိုးရိမ်ဂေ့န။
အယ်ခီမာ နန်းနို့ပြောရဟို့စကားဟို့ ရဂေ့လေ့မယ်။
20 ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ နန်းနို့လေဟ့ာ ကိုယ့်ကိုယ်ကိုယ် ပြောနေဇာ မှုဟ့။ နန်းနို့ဖ
ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟ့ာ နန်းနို့အားဖြင့် ပြောတော်မူလေဟ့ယ်။”
21 “လူလေဟ့ာ သူးနို့ရဲ့ ညီကိုရှင်းရှင်း သေစေဟို့တွပ် အပ်ဂေ့လေ့မယ်။
ဖလေဟ့လည်း သားလေဟို့ အပ်လေ့မယ်။ သားမီးလေလည်း သူးနို့ရဲ့ မိဖလေဟို့
ရန်ပြုဘီးဟ့ာ သတ်ဂေ့လေ့မယ်။
22 လူလေဟ့လည်း ငါ့နာမကြောန့် နန်းနို့လေဟို့ မူးတီးဂေ့လေ့မယ်။ အယ်ဘေမဲ့
ငါ့နာမဟို့ ဆောင်းထိ ဆွဲကိုင်ဟူသူဟ့ာ ကယ်တန်ရှင်းဟို့ ခံရလေ့မယ်။

10:10 ၁၀.၁၀ ၁ ကော ၉.၁၄; ၁ တိ ၅.၁၈ **10:14 ၁၀.၁၄** တ ၁၃.၅၁ **10:15 ၁၀.၁၅** မ ၁၁.၂၄ **10:16 ၁၀.၁၆** လု ၁၀.၃ **10:17 ၁၀.၁၇-၂၀** မာ ၁၃.၉-၁၁; လု ၁၂.၁၁,၁၂; ၂၁.၁၂-၁၅ **10:21 ၁၀.၂၁** မာ ၁၃.၁၂; လု ၂၁.၁၆ **10:22 ၁၀.၂၂ ကာ** မ ၂၄.၉; မာ ၁၃.၁၃; လု ၂၁.၁၇; **ခ** မ ၂၄.၁၃; မာ ၁၃.၁၃

23 ဗြိုတဗြိုမာ နန်းနို့ဟှာ ညှဉ်းဆဲခံရဟူ ခီမာ တခြားဗြိုဟို့ ထွပ်ပ့လေးဂေ့ပါ။ ငါ
မှန်ပြောမယ်၊ ကလသရေလ ဗြိုလေ ဂူလောင်းဟို့ သွားလာဟို့ ပီးခန်မာ လူ့ရဲ့သားဟှာ
ကြွလာလေ့မယ်။”

24 “တဗဲ့လည်း ဆရာထတ် သာဟှ။ ကျွန်လည်း သခင်ထတ်သာဟှ။

25 တဗဲ့လည်း ဆရာဟူမျိုး၊ ကျွန်လည်း သခင်ဟူမျိုး ဖြစ်ဟုယ် ဆိုဟှာ
ရလော့-က်ဘီ။ အီးထောန်ဦးစီးဟို့ ဗေလဇေဗုလ ဆိုဘီး ခေါ်ခဲရဟုယ် ဆိုဟှာ
အီသူအီသားလေဟို့ ပိုဘီး ခေါ်ဂေ့လေ့မယ်!”

ဖယ်သူဟို့ ကြော့-က်ရဟို့ကြောန်း
(လုကာ ၁၂.၂-၇)

26 “အယ်ကြောန့် သူးနို့လေဟို့ ကြော့-က်ဂေ့န။ ဖောင်းဟှားဟူ ဇာလေ ဂူလောင်း
ပေါ်လာလေ့မယ်။ ဝှပ်ဟှားဇာလေ ဂူလောင်းဟှာလည်း ထန်ရှားလာလေ့မယ်။

27 မှောန်ထဲမာ နန်းနို့ဟို့ ငါပြောဟူ စကားလေဟို့ လန်းရောန်ထဲမာ နန်းနို့လေ
ကြေညာဂေ့ပါ။ နန်းနို့ရဲ့ နားနားမာ တိုးတိုးဟှားကြားဟူ စကားလေဟို့
အီးခေါန်မိုးထတ်မာ အော်ဘီးကြေညာဂေ့ပါ။

28 ကိုယ်ခန့ာဟို့ဘဲ့ သတ်နိုင်ဘီးဟှာ သတ်ဝိညာဉ်ဟို့ သတ်နိုင်ဂေ့ဘဲသူလေဟို့
ကြော့-က်ဂေ့န။ ကိုယ်ခန္ဓာန သတ်ဝိညာဉ်ဟို့ ငရဲမာ ဖျစ်ဆီးနိုင်သူဟို့ဘဲ့
ကြော့-က်ဂေ့ပါ။

29 အီးဇာဟှား နှေ့ကောန်ဟို့ ပဲနီတပ့လားန ရောန်းဟုယ်မှုဟှလော။ နန်းနို့ဖရဲ့
ခွမ့်မှေ့ဘဲနေဟှာ အယ်မူအီးဇာဟှားလေ တကောန်လည်းဘဲ့ မ့လေထတ်ဟို့ ကုလဂေ့ဟှ။

30 နန်းနို့ခေါင်းထတ်ဟှ ဆားဗန်လေ ဂူလောင်းဟို့လည်း ရေတွပ်ဘီးသား ဖြစ်ဟုယ်။

31 အယ်ကြောန့် ကြော့-က်ဂေ့န! နန်းနို့လေဟှာ အီးဇာဟှားလေထတ် ရရာတိုင်း
ဖိုးကီးဟုယ်။”

ခရစ်တော်ဟို့ ဝန်ခံဟူကြောန်း
(လုကာ ၁၂.၈-၉)

32 “ဖယ်သူဘဲ့ဖြစ်ဖြစ် လူလေရှေ့မာ ငါ့ဟို့ ကယ်တန်ရှင် သခင်နေန ဝန်ခံလေဟုယ်။
ကောန်းဂန်ဘောင်မာ ရှိတော်မူဟူ ငါ့ဖရှေ့မာ အယ်သူဟို့ ငါဝန်ခံမယ်။

33 အယ်ဘေမဲ့ လူလေရှေ့မာ ငါ့ဟို့ ငြင်းပယ်ဟုယ် ဆိုဟှာ ကောန်းဂန်ဘောင်မာရှိဟူ
ငါ့ဖရှေ့မာ အယ်သူဟို့ ငါငြင်းပယ်မယ်။”

ငြီသတ်ရှင်းမူဟှ
(လုကာ ၁၂.၅၁-၅၃; ၁၄.၂၆,၂၇)

10:24 **၁၀.၂၄ က** လု ၆.၄၀; **ခ** ယော ၁၃.၁၆; ၁၅.၂၀ **10:25** **၁၀.၂၅** မ ၉.၃၄; ၁၂.၂၄; မာ ၃.၂၂; လု ၁၁.၁၅ **10:26** **၁၀.၂၆** မာ ၄.၂၂; လု ၈.၁၇ **10:33** **၁၀.၃၃** ၂ တိ ၂.၁၂

34 “အယ်လောကဟို့ ငြိသတ်ရှင်းပေးဟို့တွပ် ငါလာဟုယ် ဆိုဘီး ထန်ဂေ့န။
ငြိသတ်ရှင်းပေးဟို့ လာဟူဇာ မူဟု။ အယ်ဘေမဲ့ ရှင်းရှင်းကွဲပြားဟို့တွပ် ငါလာဟူဇာ
ဖြစ်လေဟုယ်။
35 ဖနသား၊ မိနမီး၊ ယောက္ခမန ခွေးမလေ ရှင်းရှင်း စိဝန်းကွဲစေဟို့တွပ်
ငါလာဇာဖြစ်ဟူကြောန့်
36 နန်းနို့ရဲ့ အီသူအီသားလေလည်း နန်းနို့ရဲ့ ရန်သူလေ ဖြစ်လာလေ့မယ်။”
37 “ယော့-က်ယော့-က်ဟုာ ငါ့ထတ် သူးနို့ရဲ့ မိဖဟို့ ပိုဘီး ရှစ်လေဟုယ်။
အယ်သူဟုာ ငါ့နထိုက်တန်ဟု။ ယော့-က်ယော့-က်ဟုာ ငါ့ဟို့ ရှစ်ဟူထတ်
သားမီးလေဟို့ ပိုဘီး ရှစ်လေဟုယ်။ အယ်သူဟုာလည်း ငါနထိုက်တန်ဟု။
38 သူးနို့ရဲ့ လတ်ဝါးကပ်တိုင်ဟို့ ထမ်းဘီး ငါ့နော့-က်ဟို့ လိုက်ဂေ့ဘဲနေသူဟုာ
ငါ့တဗဲ့လေဖြစ်ဟို့ ထိုက်တန်ဂေ့ဟု။
39 သူးနို့ရဲ့သတ်ဟို့ တိွဟူသူဟုာ သတ်ရှောင်းလေ့မယ်။ အယ်ဘေမဲ့ ငါ့ကြောန့်
သူးနို့ရဲ့ သတ်ရှောင်းဟူသူဟုာ သတ်ဟို့ တိွရလေ့မယ်။”

ခံစားရဟို့ ကျိုးလေကြောန်း
(မာကု ၉.၄၁)

40 “နန်းနို့ဟို့ လတ်ခံဟူ သူလေဟုာ ငါ့ဟို့ လတ်ခံဇာဖြစ်လေဟုယ်။ ငါ့ဟို့ လတ်ခံဟူ
သူလေဟုာလည်း ငါ့ဟို့ စေလွတ်ဟူသူဟို့ လတ်ခံဇာဖြစ်လေဟုယ်။
41 ဘုရားသခင်ရဲ့ နာမတော်ဟို့ ထော့-က်ဘီး ဘုရားသခင်ရဲ့ ပရောဖက်ဟို့
လတ်ခံဟူသူလေဟုာ အယ်ပရောဖက်ရဲ့ ကျိုးဟို့ ခံစားရလေ့မယ်။ ဖြောန့်မတ်ဟူသူဟို့
ထော့-က်ဘီး ဖြောန့်မတ်ဟူသူဟို့ လတ်ခံဟူသူဟုာလည်း ဖြောန့်မတ်ဟူသူရဲ့ ကျိုးဟို့
ခံစားရလေ့မယ်။
42 ငါ မှန်ပြောမယ်၊ ငါ့နာမဟို့ ထော့-က်ဘီး ငါ့တဗဲ့လေထဲဟု
အားနဲဟူသူတယာ့-က်ယော့-က်ဟို့ ရေတခွပ်တိုက်ဟုယ် ဆိုဟုာ အယ်သူဟုာ ကျိုးဟို့
ခံစားရလေ့မယ်” ဆိုဘီး မိန့်မှာဟုားလေဟုယ်။

11

ယေရှုန ဗတ္တိဇံယောဟန်ကြောန်း
(လုကာ ၇.၁၈-၃၅)

1 ယေရှုဟုာ တဗဲ့တော်ဆယ့်နှေ့ပါးဟို့ အယ်မူဇာလေ ဂူလောင်း မိန့်မှာဘီးဟုာ
ဂါလိလဲပြည်ရဲ့ ဗြို့လေမာ ဆောင်းမည်ဝါဒပေးဘီး ဒန်းကောန်းဟို့ ကြေညာဟို့တွပ်
အယ်ရပ်ဟုနေဘီး ထွပ်ကြွဟုားတော်မူလေဟုယ်။
2 ခရစ်တော် ပြုလောက်နေဟူ ကြောန်းရာလေဟို့ ထောန်ထဲမာ ယောဟန်ကြားရဟူ
ခီမာ သူ့တဗဲ့တချို့ဟို့ ကိုယ်တော်နားဟို့ လွတ်ဘီး

10:38 **၁၀.၃၈** မ ၁၆.၂၄; မာ ၈.၃၄; လု ၉.၂၃ **10:39** **၁၀.၃၉** မ ၁၆.၂၅; မာ ၈.၃၅; လု ၉.၂၄; ၁၇.၃၃; ယော ၁၂.၂၅ **10:40** **၁၀.၄၀ ကာ** လု ၁၀.၁၆; ယော ၁၃.၂၀; **ခ** မာ ၉.၃၇; လု ၉.၄၈

3 “ကိုယ်တော်ဟာ ကြွလာတော်မူဟူ ခရစ်တော်ဘဲ့လော။ နော့-က်မှုဘဲနေဟာ
တခြားတယော့-က်ဟို့ စောန့်မျော်ရဟို့သေးလော” ဆိုဘီး မေးလျော့-က်စေလေဟုယ်။
4 ယေရှုဟုလည်း “နန်းန့်ကြားသိဟူ ဇာလေ၊ ဗြင်တွိဟူ ဇာလေဟို့ သွားဘီးဟာ
ယောဟန်ဟို့ ပြောပြဂေ့ပါ။
5 မျစ်စိကန်းနေဟူ သူလေဟာ မျစ်စိဗြင်ရဟုယ်။ ခေလတ်သေနေဟူ သူလေလည်း
လမ်းသွားရဟုယ်။ နူနာရောဂါသယ်လေဟာ သန့်ရှင်းမှုဟို့ ရဟုယ်။*
နားကြားဘဲနေဟူသူလေ နားကြားရဟုယ်။ သေဟူသူလေဟာ ပ့္လန်ရှင်ဇာဟို့ခံရဟုယ်။
ဆင်းရဲသားလေလည်း ဝန်းသာဇာဒန်းကောန်းဟို့ ကြားရလေဟုယ်။
6 ငါ့ဟို့ ငြင်းပယ်ဘဲဟူ လူလေဟာ မင်္ဂလာရှိဟုယ်!” ဆိုဘီး မိန့်တော်မူလေဟုယ်။
7 ယောဟန်ရဲ့ တဗဲလေ ပ့္လန်ဟုားခီမာ ယေရှုဟာ ယောဟန်ဟို့ ကြောန်းပြုဘီးဟာ
ဒေသနာ နားထောန်ဟို့ လာဟူသူလေဟို့ “နန်းန့်လေဟာ ဖယ်ဇာဟို့ ကေ့ဟို့
တောထဲဟို့သွားဂေ့နူး။ လေတိုက်ဘီး လှောက်ရှားတတ်ဟူ ကျူဗန်ဟို့ ကေ့ရှင်ကြောန့်
သွားဂေ့လော။
8 အယ်မျိုးမှုဟ ဆိုဟာ ဝတ်ကောန်းစားလှဝတ်ဟုားဟူသူဟို့ ကေ့ရှင်ကြောန့်
သွားဂေ့လော။ အယ်မျိုးဝတ်ဟုားဟူ သူလေဟာ မန်းဂီးရဲ့ နန်းတော်လေမာဘဲ့
ရှိဂေ့ဟုယ်!
9 ပရောဖက်ဟို့ ကေ့ရှင်ကြောန့် သွားဇာလော။ မှန်ဟုယ်။ ပရောဖက်ထတ်
ကီးမြတ်ဟူ သူလည်းဖြစ်ဟုယ် ဆိုဘီး နန်းန့်လေဟို့ ငါပြောဟုယ်။
10 ကျမ်းစာမာ ‘နန်သွားမယ့် လမ်းဟို့ ပြင်ဟို့တွပ် ဘုရားသခင်ဟ ငါ့ရဲ့တမန်ဟို့
နန့်ရှေ့မာ စေလွှတ်မယ်’ ဆိုဘီး ယောဟန်ကြောန်းဟို့ ရေးဟုားလေဟုယ်။
11 ငါ မှန်ပြောရမယ် ဆိုဟာ မီးမမွီးဟူ သူလေထဲမာ ဗတ္တိဇံယောဟန်ထတ်
ကီးမြတ်ဟူသူ တယော့-က်လည်း ပေါ်ထွပ်သေးဟ့။ အယ်ဘေမဲ့
ကောန်းဂန်နိုင်ငံတော်မာ ငယ်ဆောင်းဖြစ်ဟူသူဟာ ယောဟန်ထတ် ပိုဘီး
ကီးမြတ်လေဟုယ်။
12 ဗတ္တိဇံယောဟန် လတ်ထတ်ဟုနေဘီး ခုခီထိ ကောန်းဂန်နိုင်ငံတော်ဟာ
အဓမ္မလူလေရဲ့ ကြမ်းဖတ်မှုလေဟို့ ခံရလေဟုယ်။†
13 ယောဟန်ပေါ်ထွပ်ခန်ဂဒဲဟ မောရှေရဲ့ ပညတ္တိကျမ်းန ပရောဖက်လေ
ဂူလောင်းဟာ ကောန်းဂန်နိုင်ငံတော်ကြောန်းဟို့ ပြောဟုားဟုယ်။
14 နန်းန့်လေဟာ လတ်ခံဟို့ ဆန္ဒအာရှိမယ် ဆိုဟာ အယ်သူဟာ ဧလိယဘဲ့ ဖြစ်ဟုယ်။
15 နန်းန့်မာ နားရှိဟုယ် ဆိုဟာ ကြားဂေ့!”
16 “အယ်ခေတ် လူလေဟို့ ငါဖယ်မျိုး နှိုင်းပြရဟို့နူး။ ဇာတ်ပွဲကနေဟူ
လူငယ်လေဟာ သူးန့်ငယ်ဂျင်းလေဟို့ အော်ဘီးဟာ

* **11:5 ၁၁.၅ သန့်ရှင်းမှုဟို့ ရဟုယ်၊** ရှ ၈.၂။ **11:12 ၁၁.၁၂-၁၃** လု ၁၆.၁၆ † **11:12 ၁၁.၁၂** ကြမ်းဖတ်မှုလေဟို့ ခံရလေဟုယ်၊ အယ်မျိုးမှုဘဲနေဟာ ကြမ်းဖတ်မှုလေ ဖြစ်နေဟုယ်။ **11:14 ၁၁.၁၄** မ ၁၇.၁၀-၁၃; မာ ၉.၁၁-၁၃

17 ‘နို့လေဟှာ သားသာယားယာ တီးမှုဂေ့ဟှူလည်းဘဲ့ နန်းနို့လေ ကဂေ့ဟှ!
ဝန်းနဲ့ပူဆွေးဟှူချင်းဟှိ ဆိုဟှူလည်းဘဲ့ ငိုဂေ့ဟှ!’ ဆိုဘီး ပြောဟှူလူငယ်လေန
အယ်လူမျိုးလေဟှာ တူလေဟှယ်။

18 ယောဟန်ဟှ စားသော့-က်ဘဲန လာဟှယ် ဆိုဟှာ သူးနို့လေဟှာ ‘အယ်သူဟှာ
နတ်ဆိုးဝမ်နေဟှူ သူဖြစ်ဟှယ်!’ ဆိုဘီး ပြောဆိုဂေ့လေဟှယ်။

19 လူ့ရဲ့သားဟှာ စားသော့-က်ဘီးလာဟှယ် ဆိုဟှာ ‘ကေ့ကေ့ အယ်လူဟှာ
စားမတ်ဘီး ဝိုင်သော့-က်သူ၊ ခွန်ကော့-က်မားလေန ပြစ်သားလေရဲ့ မိဆွေဖြစ်ဟှယ်!’
ဆိုဘီး ပြောဂေ့ဗ့လန်ဟှယ်။ အယ်ဘေမဲ့ ဘုရားသခင်ရဲ့ ဉာဏ်ပညာတော်ဟှာ
မှန်ကန်ကြောန်းဟှိ အယ်မူကြောန်းရာအားဖြင့် သတ်သေပြဟှယ်” ဆိုဘီး
မိန့်တော်မူလေဟှယ်။

ယောင်ကြည်ဘဲဟှူ ဗြို့လေကြောန်း
(လုကာ ၁၀.၁၃-၁၅)

20 အယ်ဘီးန ယေရှုဟှာ နိမိတ်လတ်ခဏာလေဟှိ ပြဘီးလည်းဘဲ့ နောန်ဒရဂေ့ဘဲဟှူ
ဗြို့လေဟှိ ပြစ်တန်ဘီး ဆောင်းမတော်မူလေဟှယ်။

21 “အို၊ ခေါရဇိန်ဗြို့၊ နန်ဟှာ အမင်္ဂလာရှိလေဟှယ်! အို၊ ဗက်ဇဲဒဗြို့၊ နန်ဟှာ
အမင်္ဂလာရှိလေဟှယ်! နန်းနို့လေမှာ ငါပြဟှူတဂိုးလေဟှိ တုရုဗြို့န ဇိဒုန်ဗြို့လေမှာ
ပြလိုက်မယ် ဆိုဟှာ အယ်ဗြို့လေဟှာ ရှေးမဆွဂဒဲဟှ လျှော်တေဝတ်ဟှိ ဝတ်ဘီး၊
ပ့လာနလူးဘီး နောန်ဒရဟှားဂေ့ဘီ!

22 ငါပြောမယ်။ တရားစီရင်ဟှူနေ့မာ ဘုရားသခင်ဟှာ နန်းနို့လေထတ် တုရုဗြို့န
ဇိဒုန်ဗြို့ဟှိ ပိုဘီး ကရုဏာတော် ပြလေ့မယ်!

23 ကပေရနောင်ဗြို့! နန်ဟှာ ကောန်းဂန်ဘောင်ထိအောန် မ့လော့-က်စားခံရလေ့မယ်
ဆိုဘီး ထန်နေလော။ မရဏာနိုင်ငံဟှိ ပစ်ခ့လခံရလေ့မယ်! နန်းနို့နားမာ ပြလိုက်ဟှူ
တဂိုးလေဟှိ သောဒုံဗြို့မာလည်း ပြဖူးမယ် ဆိုဟှာ အယ်ဗြို့ဟှာ ခုခီထိ
ပျစ်စီးဘဲရှိနေလေ့မယ်။

24 ငါပြောမယ်။ တရားစီရင်ဟှူနေ့မာ ဘုရားသခင်ဟှာ နန့်ထတ် သောဒုံဗြို့ဟှိ ပိုဘီး
ကရုဏာတော် ပြလေ့မယ်!” ဆိုဘီး မိန့်တော်မူလေဟှယ်။

ငါ့နားဟှိ လာဘီး နားယူဂေ့
(လုကာ ၁၀.၂၁,၂၂)

25 အယ်ခီမာ ယေရှုဟှ “ဖ၊ ကောန်းဂန်ဘောင်န မ့လေဂီးရဲ့သခင်! ကိုယ်တော်ဟှာ
ပညာရှိလေဟှိ သိစေဘဲ ဖောင်းကွယ်ဟှားဘီး ပညာမ့ေဘဲဟှူ သူလေဟှိဘဲ့
ဖွမ့်ပြပေးဟှိကြောန့် ကျွန်တော်ဟှိ ချီးမွမ်းပါဟှယ်။

26 မှန်ပါဟှယ် ဖ၊ အယ်မူဇာဟှာ ကိုယ်တော် လိုတော်ရှိဟှူဇာဖြစ်ဟှယ်။

11:24 ၁၁.၂၄ မ ၁၀.၁၅; လု ၁၀.၁၂

27 “ငါ့ဖဟ့ာ ရှိမ့ျဂူလောင်းဟ့ို ငါ့ဟ့ို ပေးဟ့ားပီးဘီ။ ဖဟ့ုလွဲဘီး ဖယ်သူလည်း
သားတော်ဟ့ို သိဂေ့ဟ့။ ဖဟ့ိုလည်း သားတော်န သားတော်ဟ့ ဖွမ့်ပြလိုဟ့ူ သူဟ့ုလွဲဘီး
ဖယ်သူလည်း သိဂေ့ဟ့။

28 “ဝန်လေးဘီး ပန်ဘန်းနေဟ့ူ သူလေ ဂူလောင်း ငါ့နားဟ့ို လာဂေ့ပါ။ ငါနန်းနို့ဟ့ို
နားပေးမယ်။

29 ငါ့ထမ်းဘိုးဟ့ို ယူဘီးထမ်းဂေ့ပါ။ ငါ့နားမ သန်ယူဂေ့ပါ။ ငါဟ့ာ နူးညံ့သိမ်မွေ့ဘီး
နှိခ့လဟ့ူ စိသဘောရှိကြောန့် နန်းနို့ဟ့ာ သတ်သာမှုဟ့ို တွိဂေ့လေ့မယ်။

30 ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ ငါ့ထမ်းဘိုးဟ့ာ ထမ်းရလွယ်ဘီး ဝန်လည်းပေါ့ဟ့ယ်”
ဆိုဘီး မိန့်တော်မူလေဟ့ယ်။

12

ဒန်းနေ့ ပြဿနာကြောန်း
(မာကု ၂.၂၃-၂၈; လုကာ ၆.၁-၅)

1 ဒန်းနေ့မာ ယေရှုဟ့ာ ဂျောင်စဗားလယ်ဂွမ့်လေဟ့ို ဖြတ်ရှော့-က်ဟ့ားဟ့ယ်။
ကိုယ်တော်ရဲ့ တဗဲတော်လေဟ့ာ ရရာတိုင်း ဗိုက်ဆာဂေ့ဟ့ကြောန့် ဂျောင်စဗားနှံလေဟ့ို
ဆွတ်ဘီးစားဂေ့လေဟ့ယ်။

2 အယ်မူဇာဟ့ို ဖာရိရှဲလေဖြင်ဟ့ူ ခီမာ “ကေ့ဂေ့၊ ကိုယ်တော်ရဲ့ တဗဲတော်လေဟ့ာ
ဒန်းနေ့မာ လောက်အပ်ဘဲဟ့ူဇာလေဟ့ို လောက်နေဂေ့ဘီ!” ဆိုဘီး ယေရှုဟ့ို
ပြောဂေ့လေဟ့ယ်။

3 ယေရှုဟ့ာ “ဒါဝိဒ်ဟ့ာ သူ့ပေါန်းဖော်လေနတူးဒူ ဗိုက်ဆာလာဟ့ူ ခီမာ ဖယ်မျိုး
လောက်ဟ့ားဟ့ယ် ဆိုဇာဟ့ို နန်းနို့ လောင်းဝ ဖတ်ဖူးဂေ့ဟ့လော။

4 သူ့နှ သူ့ပေါန်းဖော်လေဟ့ာ ဘုရားသခင်ရဲ့ ဗိမာန်တော်ဟ့ို ဝမ်ဘီး
သူလည်းစားမအပ်၊ သူ့ပေါန်းဖော်လေလည်း စားအပ်ဘဲဟ့ူ၊ ဘုရားသခင်ဟ့ို
ဆစ်ကပ်ဟ့ားဟ့ူ မုဟ့ို ပညတ်တရားဟ့ို ဆန့်ကျင်ဘီး စားဂေ့လေဟ့ယ်။ အယ်မုဟ့ာ
ယဇ်ပုရောဟိတ်လေဘဲ့ စားအပ်လေဟ့ယ်။

5 ယဇ်ပုရောဟိတ်လေလည်း ဒန်းနေ့မာ ဗိမာန်တော်မာ ဒန်းနေ့နဆိုင်ဟ့ူ ပညတ်ဟ့ို
ခ့လိုးဖော့-က်ဟ့ူလည်းဘဲ့ ပြစ်ဖြစ်ဘဲနေဇာဟ့ို မောရှေရဲ့ ပညတ့်တိကျမ်းစာမာ
ဖတ်ဖူးဟ့လော။

6 ငါပြောမယ်၊ အယ်ရပ်မာ ဗိမာန်တော်ထတ် ပိုဘီး ကီးမြတ်ဟ့ူဇာ ရှိလေဟ့ယ်။

7 ‘ယဇ်ပူဇော်ဇာထတ် သနားကြင်နာမှုဟ့ို ငါ ပိုဘီး နှစ်သက်ဟ့ယ်။’ အယ်ကျမ်းစာဟ့ို
နန်းနို့နားလည်ဟ့ယ် ဆိုဟ့ာ ပြစ်မှေ့ဘဲဟ့ူ သူလေဟ့ို ပြစ်တန်စီရင်လေ့ဟ့ို့ မှုဟ့။

8 ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ လူ့ရဲ့သားဟ့ာ ဒန်းနေ့ရဲ့ သခင်ဖြစ်ဟ့ယ်” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။

11:27 **၁၁.၂၇ ၈** ယော ၃.၃၅; **ခ** ယော ၁.၁၈; ၁၀.၁၅ **12:7** **၁၂.၇** မ ၉.၁၃

လတ်တဖတ် သေနေဟူ လူတယော့-က်ကြောန်း
(မာကု ၃.၁–၆; လုကာ ၆.၆–၁၁)

9 ယေရှုဟာ အယ်ရပ်ဟု ကြွဟူးဘီးဟာ ဝါလယ်ဇရပ်ထဲဟို ဝမ်လေဟုယ်။
10 အယ်နေရာမာ လတ်တဖတ်သေနေဟူ လူတယော့-က်ရှိနေလေဟုယ်။
တချို့လူလေဟာ ယေရှုဟို ပြစ်တန်စွပ်စွဲရှင်ဟိုကြောန့် “ဒန်းနေ့မာ ရောဂါဟို
ကုသပေးဇာဟာ ပညတ်တော်ဟို ဆန့်ကျင်ဇာမူဟုလော” ဆိုဘီး
မေးလျှော့-က်ဂေ့လေဟုယ်။
11 ယေရှုဟု “တကယ်ဟို နန်းနို့မာ သိုးတကောန်ဘဲ့ရှိဟုယ်။ အယ်သိုးဟာ ဒန်းနေ့မာ
တွမ်းထဲဟို ကွ့လဟွားဟုယ် ဆိုဟာ နန်းနို့ဟာ ဆွဲဒန်ဘဲန နေဟို့လော။
12 လူဟာ သိုးထတ် ပိုဘီး မြတ်လေဟုယ်! အယ်ကြောန့် နို့လေရဲ့ ပညတ်တော်ဟာ
ဒန်းနေ့မာ ကယ်တန်ပေးဟို့ ခွမ့်ပြုဟွားဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
13 အယ်ဘီးန လတ်သေနေဟူသူဟို “နန်ရဲ့ လတ်ဟို ဆန့်လိုက်” ဆိုဘီး
ပြောလေဟုယ်။
အယ်သူဟာ သူ့လတ်ဟို ဆန့်လိုက်ဘီးန ကျန်ဟူလတ်တဖတ်မျိုး ကောန်းတိုင်း
ပ့လန်ဖြစ်ဟွားလေဟုယ်။
14 အယ်ဘီးန ဖာရိရှဲလေဟာ ထွပ်ဟွားဘီး ယေရှုဟို သတ်ဟို့တွပ်
ကြံစည်ဂေ့လေဟုယ်။

ဘုရားသခင် ဝီးကော့-က်ဟူ စေခံကြောန်း
15 အယ်မျိုး ကြံစည်ဟွားဇာဟို ယေရှုသိတော်မူဟူ ခီမာ တခြားနေရာဟို
ထွပ်ကြွဟွားလေဟုယ်။ လူအောက်ဂီးလည်းဘဲ့ နော့-က်တော်ဟို လိုက်ဟွားဂေ့ဟုယ်။
ကိုယ်တော်ဟာ သူးနို့လေရဲ့ ရောဂါလေ ဂူလောင်းဟို ပျော့-က်ကင်းစေလေဟုယ်။
16 သူ့ကြောန်းရာလေဟို ဖယ်သူ့ဟို့လည်း ပြောဂေ့ဘဲဟို့တွပ်
မိန့်ပေးတော်မူလေဟုယ်။
17 အယ်မျိုး မိန့်ပေးဟွားဇာဟာ ပရောဖက် ဟေရှာယအားဖြင့် ဘုရားသခင်
ပေးဟွားဟူ ဗျာဒိတ်တော် ပ့လဲ့ဇောင်ဟို့တွပ် ဖြစ်လေဟုယ်။ ဗျာဒိတ်တော်ဟု၊
18 “ငါမြတ်နိုးဘီး ရှစ်ရဟူ၊ ငါဝီးကော့-က်ဟွားဟူ
ငါ့ရဲ့ စေခံဟို ကေ့ရှုဂေ့ပါ။
ငါ့ဝိညာဉ်တော်ဟို အယ်သူထတ်ဟို ငါစေလွှတ်မယ်။
အယ်သူဟာ လူမျိုးဘောန်းဇောင်ဟို တရားပေးလေ့မယ်။
19 ငြင်းခုံဇာလေ၊ အော်ဟစ်ဇာလေဟို့ လောက်ဟု။
လမ်းမာလည်း သူ့ရဲ့အသံဟို့ ဖယ်သူဟို့လည်း ကြားစေဟု။
20 သူဟာ ကွေ့ကော့-က်ဟူ ကျူဗန်ဟို့ ခ့လိုးဘဲန၊
မီးခိုးများဟူ မီးဇာဟို့လည်း သတ်ဘဲန၊
တရားမျှတမှုဟို့ အောန်မြင်ဟို့တွပ် ပို့ဆောန်လေ့မယ်၊

12:11 **၁၂.၁၁** လု ၁၄.၅

21 သူ့ရဲ့ နာမဟိုလည်း လူမျိုးဘောန်းဇောင် မျော်လင့်လေ့မယ်” ဆိုဘီး
ဟောဟ့ားလေဟ့ယ်။

ယေရှုန ဗေလဇေဗုလကြောန်း
(မာကု ၃.၂၀-၃၀; လုကာ ၁၁.၁၄-၂၃)

22 အယ်ခီမာ နတ်ဆိုးဝမ်ပူးနေဟ့ူ မျစ်စိကန်းဘီး စကားအနေဟ့ူ လူတယော့-က်ဟို့
ယေရှုနားဟို့ ခေါ်ဆောန်လာဂေ့လေဟ့ယ်။ ယေရှုဟ့ာ နတ်ဆိုးဟို့ နှန်ထုလိုက်ဟ့ူကြောန့်
အယ်သူဟ့ာ မျစ်စိဖြင်လာဘီး စကားပြောလေဟ့ယ်။

23 လူအောက်ဂီးဟ့ာ ရရာတိုင်း အံ့သြဟ့ားဘီးဟ့ာ “အယ်သူဟ့ာ ဒါဝိဒ်ရဲ့သားတော်
ဖြစ်လေ့မယ်လော” ဆိုဘီး မေးဂေ့လေဟ့ယ်။

24 အယ်မူဇာလေဟို့ ဖာရိရှဲလေကြားဟ့ူ ခီမာ “အယ်သူဟ့ာ နတ်ဆိုးခေါန်းဆောန်
ဗေလဇေဗုလဟို့ အားကိုးဘီးဟ့ာ နတ်ဆိုးလေဟို့ နှန်ထုဟ့ယ်” ဆိုဘီး
ပြောဆို့ဂေ့လေဟ့ယ်။

25 ယေရှုဟ့ာ အယ်သူလေရဲ့ စိနေသဘောထားဟို့ သိနေဟိုကြောန့် “နိုင်ငံတနိုင်ငံဟ့ာ
ရှင်းရှင်း တိုက်ခိုက်ဘီး ကွဲပြားနေမယ် ဆိုဟ့ာ အယ်နိုင်ငံဟ့ာ ကြာခန် ပျစ်စီးလေ့မယ်။
အယ်မျိုးဘဲ့ လူလေစိဝန်းကွဲပြားဘီး ရှင်းရှင်း တိုက်ခိုက်နေမယ် ဆိုဟ့ာ အယ်ဖြို့၊
အယ်အီထောန်ဟ့ာ ပျစ်စီးလေ့မယ်။

26 စာတန်ရဲ့ အောက်စိုးမှုဟို့ ဝန်ခံဟ့ူသူလေဟ့ာ ရှင်းရှင်း တိုက်ခိုက်ဘီး
ကွဲပြားနေမယ် ဆိုဟ့ာ သူးနို့နိုင်ငံဟ့ာ ဖယ်မျိုးလည်း တည်မြဲနိုင်ဟို့မှုဟ့!

27 ငါဟ့ာ နတ်ဆိုးခေါန်းဆောန် ဗေလဇေဗုလဟို့ အားကိုးဘီးဟ့ာ နတ်ဆိုးလေဟို့
နှန်ထုဟ့ယ် ဆိုဟ့ာ နန်းနို့တဗဲ့လေဟ့ာ ဖယ်သူဟို့ အားကိုးဘီးဟ့ာ နှန်ထုဂေ့နူး။
နန်းနို့လေ မှားယွင်းနေဟ့ယ် ဆိုဇာဟို့ နန်းနို့တဗဲ့လေ ပြုမူဟ့ သတ်သေပြနေဟ့ယ်!

28 ငါဟ့ာ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟို့ အားကိုးဘီးဟ့ာ နတ်ဆိုးလေဟို့ နှန်ထုဟ့ယ်
ဆိုဟ့ာ နန်းနို့လေတွပ် ဘုရားသခင်ရဲ့ နိုင်ငံတော် တည်ဟို့ခီ ရော့-က်လေဘီ။”

29 “ဖယ်သူလည်း ခွန်အားကီးဟ့ူလူဟို့ ရင်ဦးဆောင်း ကြိုးန တောက်ဘဲန သူ့အီထဲဟို့
ဝမ်ဘီးဟ့ာ သူ့ပစ်စီးလေဟို့ လုယူနိုင်ဟို့မှုဟ့။ သူ့ဟို့ ရင်ဦးဆောင်း တောက်ဘီးမှ
သူ့အီမာရှိဟ့ူ ပစ်စီးလေဟို့ လုယူနိုင်လေ့မယ်။”

30 “ငါ့ဖတ်မာ နေဘဲဟ့ူသူဟ့ာ ငါ့ရန်ဖတ်ဖြစ်ဟ့ယ်။ ငါ့နတူးဒူ စုသီးဘဲဟ့ူသူဟ့ာ
ကြဲဖြန့်နေဟ့ူသူ ဖြစ်လေဟ့ယ်။

31 အယ်ကြောန့် ငါပြောမယ်။ ပြစ်မှားပြောဆိုဟ့ူပြစ်နာ ကဲ့ရဲ့ဟ့ူ
ပြစ်ဘောန်းဇောင်*တွပ် လူလေဟ့ာ ခွမ့်လွတ်ခံရနိုင်ဘေမဲ့ သန့်ရှင်းဟ့ူဝိညာဉ်တော်ဟို့
ပြစ်မှားဘီး ပြောဆိုဟ့ူ သူဟ့ာ ခွမ့်လွတ်ခံရဟို့ မှုဟ့။

12:24 **ၵ၂.၂၄** မ ၉.၃၄; ၁၀.၂၅ **12:30** **ၵ၂.၃၀** မာ ၉.၄၀ * **12:31** **ၵ၂.၃၁** ကဲ့ရဲ့ဟ့ူ ပြစ်ဘောန်းဇောင်၊
အယ်မျိုးမူဘဲနေဟ့ာ ဘုရားဟို့ ကဲ့ရဲ့ဘီး ပြောဇာလေ။

32 လူ့ရဲ့သားဟို့ နှောက်နပြစ်မှားဘီး ပြောဆိုဟူသူရဲ့ ပြစ်ဟို့လည်း လွတ်နိုင်ဟုယ်။
သန့်ရှင်းဟူဝိညာဉ်တော်ဟို့ ပြစ်မှားဘီး ပြောဆိုဟူ သူဟာ ခုဘဝ နော့-က်ဘဝ
လွတ်နိုင်ဟု။”

ပန်န သီးကြောန်း
(လုကာ ၆.၄၃-၄၅)

33 “သီးကောန်းဟို့ လိုရှင်ဟုယ် ဆိုဟာ သစ်ပန်ကောန်းဟို့ စိုက်ရဟုယ်။
သစ်ပန်ကောန်းဟာ သီးကောန်းဟို့ဘဲ့ သီးလေ့မယ်။ သီးဟို့ ကေ့လိုက်ဟူန သစ်ပန်ရဲ့
သဘောဟို့ သိရလေဟုယ်။

34 ဝေ့ မြွေဗွေးလေ နန်းနို့လေဟာ ယောက်ည့ံဟူသူလေ ဖြစ်ဟူကြောန့် ကောန်းမြတ်ဟူ
စကားလေဟို့ ဖယ်မျိုး ပြောနိုင်ဂေ့မယ်နူး။ စိန့လောင်းထဲမာ ရှိဟူတိုင်းဘဲ့ နှောက်ဟာ
ပြောတတ်လေဟုယ်။

35 ကောန်းမြတ်ဟူသူလေဟာ ကောန်းမြတ်ဟူ စိန့လောင်းဘဏ္ဍာတိုက်ထဲဟာ
ကောန်းမြတ်ဟူဇာလေဟို့ ထုဖော်တတ်ဘီး ယောက်ည့ံဟူသူလေဟာ ယောက်ည့ံဟူ
စိန့လောင်းဘဏ္ဍာတိုက်ထဲဟာနေဘီး ယောက်ည့ံဟူဇာလေဟို့ဘဲ့
ထုဖော်တတ်လေဟုယ်။”

36 “နန်းနို့လေဟို့ ငါပြောမယ်၊ တရားစီရင်ဟူနေ့မာ လူတိုင်း ကျိုးမွေ့ဘဲ့ဟူ
စကားလေတွပ် စစ်ကြောစီရင်ခံရလေ့မယ်။

37 နန်းနို့ရဲ့ စကားအားဖြင့် ပြစ်လွတ်ခံရဘီး နန်းနို့ရဲ့ စကားအားဖြင့်ဘဲ့
ပြစ်စီရင်ဇာဟို့ ခံရလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

နိမိတ်လတ်ခဏာဟို့ တောန်းဆိုဂေ့ကြောန်း
(မာကု ၈.၁၁,၁၂; လုကာ ၁၁.၂၉-၃၂)

38 အယ်ခီမာ ကျမ်းပြဆရာတချို့နူ ဖာရိရှဲလေဟ့ “ဆရာ၊ ကျွန်တော်ဟ့းလေ
ကိုယ်တော်ပြဟူ နိမိတ်လတ်ခဏာတခုခုဟို့ ဗြင်ရှင်ပါဟုယ်” ဆိုဘီး
လျှော့-က်ဂေ့ဟုယ်။

39 ယေရှုဟ့ “ဆိုးညစ်ဘီး ဉာဏ်များဟူ အယ်နေ့ခေတ်ရဲ့ အဓမ္မလူလေ! နန်းနို့လေ
တောန်းနေဟူ နိမိတ်လတ်ခဏာဟာ ပရောဖက်ယောနရဲ့ နိမိတ်လတ်ခဏာဟ့လွဲဘီး
ဖယ်မျိုး နိမိတ်လတ်ခဏာလည်း ဗြင်တွိရဟို့ မူဟ့။

40 ယောနဟာ ငါးဂီးဗိုက်ထဲမာ သောင်းရစ် လောင်းလောင်း နေရဟူမျိုး
လူ့ရဲ့သားဟာ မ့လေဂီးထဲမာ သောင်းရစ်နေရလေ့မယ်။

41 တရားစီရင်ဟူနေ့မာ နိနဝေဗြို့သားလေဟာ အယ်လူမျိုးလေဟို့ ထဘီးဟာ
ပြစ်တန်ဂေ့လေ့မယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ သူးနို့လေဟာ ယောနဟောပြောဟူ

12:32 ၁၂.၃၂ လု ၁၂.၁၀ **12:33 ၁၂.၃၃** မ ၇.၂၀; လု ၆.၄၄ **12:34 ၁၂.၃၄ ၈** မ ၃.၇; ၂၃.၃၃; လု ၃.၇; **ခ** မ ၁၅.၁၈; လု ၆.၄၅ **12:38 ၁၂.၃၈** မ ၁၆.၁; မာ ၈.၁၁; လု ၁၁.၁၆ **12:39 ၁၂.၃၉** မ ၁၆.၄; မာ ၈.၁၂

စကားကြောင့် နောန်ဒရဂေဟုယ်။ အယ်နေရာမာ ယောနထတ် ပိုဘီး ကီးမြတ်ဟူသူ
ရှိနေလေဟုယ်။
42 တရားစီရင်ဟူနေ့မာ ရှေဘပြည်ရဲ့ မိဖုရားဟာ အယ်လူမျိုးလေဟို ထဘီးဟာ
ပြစ်တန်လေ့မယ်။ ဖြားဖြစ်ကြောင့်နူးဆိုဟာ အယ်မိဖုရားဟ ရှောလမုန် မန်းဂီးရဲ့
ပညာစကားဟို နားထောန်ရှင်ကြောင့် ရေခြားမ့လေခြားဟုနေဘီး လာလေဟုယ်။
အယ်နေရာမာ ရှောလမုန် မန်းဂီးထတ် ကီးမြတ်ဟူသူရှိလေဟုယ်။

ညစ်ညူးဟူနတ် ပ့လန်လာဟူကြောင်း
(လုကာ ၁၁.၂၄-၂၆)

43 “ညစ်ညူးဟူနတ်လေဟာ လူရဲ့ကိုယ်ထဲဟ ထွပ်ဟားဘီးခီမာ
ခြေ့-က်သွိဟူနေရာလေမာ သူးနို့နေဟို့နေရာလေဟို လိုက်ရှာတတ်လေဟုယ်။
ရှာတွိနိုင်ဟ ဆိုဟာ
44 ‘ငါ့အီဟို ပ့လန်သွားအူးမယ်။’ အယ်ကြောင့် ပ့လန်ရော့-က်ဟားဘီးန အယ်အီဟာ
သပ်သပ်ရပ်ရပ် ရှင်းလန်းဟားဇာဟို တွိရဟုယ်။
45 အယ်ဘီးန သူ့ထတ် ပိုဘီး ညစ်ညူးဟူ နတ်ဆိုးခွန်နှေ့ကောန်ဟို ခေါ်လာဘီးဟာ
အယ်လူထဲဟို ဝမ်လေဟုယ်။ အယ်သူရဲ့ နော့-က်ဖြစ်ဟူဇာဟာ ရှေ့ဖြစ်ဟူဇာထတ်
ပိုဘီး ဆိုးဝါးလေဟုယ်။ ဆိုးညစ်ဟူ အယ်လူမျိုးလေဟာ အယ်မျိုးခံစားရလေ့မယ်”
ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုရဲ့မိခင်နှ ညီလေကြောင်း
(မာကု ၃.၃၁-၃၅; လုကာ ၈.၁၉-၂၁)

46 ယေရှုဟာ ပရိသတ်လေဟို ပြောနေဒူး မိန ညီလေဟာ ရော့-က်လာဟုယ်။
ကိုယ်တော့်ဟို တွိရှင်ဟူကြောင့် သူးနို့ဟာ ပ့လန်မာ စောန့်နေဂေ့လေဟုယ်။
47 အယ်ကြောင့် လူတယော့-က်ဟ “ကိုယ်တော်ရဲ့ မိန ညီလေဟာ ကိုယ်တော့်ဟို
တွိရှင်ဟူကြောင့် ပ့လန်မာ စော့နေ့နေဂေ့ဟုယ်” ဆိုဘီး လျှော့-က်လေဟုယ်။†
48 ယေရှုဟုလည်း “ငါ့မိ၊ ငါ့ညီလေဟု ဖယ်သူနူး” ဆိုဘီး မေးလေဟုယ်။
49 အယ်ဘီးန တဗဲတော်လေဟို့ ညွန်ပြဘီးဟာ “ကေ့ဂေ့! ငါ့မိ၊ ငါ့ညီလေဟာ
အယ်သူလေဘဲ့ ဖြစ်လေဟုယ်!
50 ကောန်းဂန်ဘောင်မာ ရှိတော်မူဟူ ငါ့ဖရဲ့ လိုတော်ဟို့ ဆောန်ရွက်ဟူ
သူမှန်ဟူမျှဟာ ငါ့ညီ၊ ငါ့ညီမန ငါ့မိလေဘဲ့ ဖြစ်ဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

13

မျိုးစေ့ကြဲမားရဲ့ ပေါင်ဥပမာကြောင်း
(မာကု ၄.၁-၉; လုကာ ၈.၄-၈)

1 အယ်နေ့မာ ယေရှုဟာ အီဟုနေ ထွပ်ကြွဟားဘီး အိုင်ကမ်းနားမာ
ထိုင်နေလေဟုယ်။

† **12:47** **၁၂.၄၇** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၄၇ မ့ေဟု။

2 ကိုယ်တော်နားမာ စုဝီးနေဟူ လူအောက်ဂီးဟှာ ရရာတိုင်း များဂေ့ကြောန့်
လှေထတ်ဟို တတ်ဘီး ထိုင်နေလေဟှယ်။ အယ်ခီမာ လူအောက်ဂီးဟှာ ကမ်းနားမာ
ရပ်နေဂေ့လေဟှယ်။
3 ကိုယ်တော်ဟှာ အယ်သူလေဟို ပေါင်ဥပမာလေဘောင်းဂီးန သွန်သန်လေဟှယ်။
"မျိုးစေ့ကြဲမားတယော့-က်ဟှာ မျိုးစေ့ကြဲဟို့တွပ် ထွပ်ဟှားလေဟှယ်။
4 သူဟှာ မျိုးစေ့ဟို ကြဲဟူ ခီမာ တချို့စေ့လေဟှာ လမ်းထတ်မာ က့လဟှိကြောန့်
ငှတ်လေလာဘီးဟှာ ကော့-က်စားဂေ့လေဟှယ်။
5 တချို့မျိုးစေ့လေဟှာ မ့လေနဲဘီး က့လော့-က်များဟူ နေရာလေမာ က့လဟှယ်။
မ့လေနဲကြောန့် စေ့လေဟှာ ဖြန်းဖြန်ပန်ပေါ့-က်လာဟှယ်။
6 အယ်ဘေမဲ့ နေထွပ်လာဟူ ခီမာ ပြစ်စွဲဘဲကြောန့် ပူဒန်ဟို ခံနိုင်ဘဲ
ခြော့-က်ဟှားလေဟှယ်။
7 တချို့မျိုးစေ့လေဟှာ ဆူးဒေါထဲဟို့ က့လဟှိကြောန့် ဆူးချောင်လေကြားမာ
ကီးထွားနိုင်ဘဲ သေဂေ့လေဟှယ်။
8 တချို့စေ့လေဟှာ ကောန်းဟူမ့လေမာ က့လဟူကြောန့် ပန်လေပေါ့-က်လာဘီး
တချို့ဟှ ဆသောင်းဆယ်၊ တချို့ဟှ ဆခြော့-က်ဆယ်၊ တချို့ဟှ ဆတရာ
ပွားများလာဘီးဟှာ သီးသီးဂေ့လေဟှယ်။"
9 ယေရှုဟှ "နန်းနို့မာ နားရှိဟှယ် ဆိုဟှာ ကြားဂေ့!" ဆိုဘီး မိန့်တော်မူလေဟှယ်။

ပေါင်ဥပမာလေရဲ့ ရည်ရွယ်ချစ်
(မာကု ၄.၁၀-၁၂; လုကာ ၈.၉,၁၀)

10 တမဲ့တော်လေဟှာ ကိုယ်တော်နားဟို့ လာဂေ့ဘီးဟှာ "ကိုယ်တော်ဟှာ
ဖြားဖြစ်ကြောန့် အယ်သူလေဟို ပေါင်ဥပမာလေန ဟောပြောဟှယ်နူး" ဆိုဘီး
မေးလျှော့-က်ဂေ့လေဟှယ်။
11 ကိုယ်တော်ဟှ "နန်းနို့လေဟှာ ကောန်းဂန်နိုင်ငံတော်ရဲ့ နတ်နဲဟူ ကြောန်းရာလေဟို့
သိခွမ့်ရှိဂေ့ဟှယ်။ အယ်ဘေမဲ့ တခြားသူလေဟှာ သိခွမ့် မ့ေဟှ။
12 ရှိဟူလူဟို ထပ်ပေးဘီး သူဟို့ ကြွယ်ဝစေလေ့မယ်။ မ့ေဘဲဟူ လူနားဟှ ရှိဟူမျှဟို့
နှုလေ့မယ်။
13 အယ်ကြောန့် သူးနို့လေဟှာ ကေ့နေဘေမဲ့လည်း ဗြင်ဂေ့ဟှ။
နားထောန်နေဘေမဲ့လည်း ကြားဂေ့ဟှ။ နတ်ဓိပါယ်ဟို့လည်း နားလည်ဘဲကြောန့်
ပေါင်ဥပမာဟို့ သောင်းပြုဘီး ငါဟောပြောရဟှယ်။
14 ပရောဖက် ဟေရှာယ ဟောပြောဖူးဟူ အနာဂတ်ကျမ်းစကားဟှာ အယ်သူလေမာ
ပ့လဲဇောင်ရှင်းဟို့ ရော့-က်လေဟှယ်။ ဟောပြောဟှားဇာဟှ၊
" 'အယ်လူလေဟှာ ကြားနေဘေမဲ့လည်း နတ်ဓိပါယ်ဟို့ နားလည်ဘဲန
ကြားဂေ့လေ့မယ်။

13:2 **ဘရ.၂** လု ၅.၁-၃ **13:12** **ဘရ.၁၂** မ ၂၅.၂၉; မာ ၄.၂၅; လု ၈.၁၈; ၁၉.၂၆

ဖြင်နေဘေမဲ့လည်း အာရောင်ရော့-က်ဘဲန ဖြင်ဂေ့လေ့မယ်။
15 ဖြားဖြစ်ကြောန်နူးဆိုဟှာ အယ်လူလေရဲ့ စိနှလောင်းဟှာ ထူထိုင်းနေဘီး
နားဟှလည်း ကြားဂေ့ဟှ။
အယ်ဘီးဟှာ မျစ်စိလည်း ပိနေဂေ့ဟှယ်။
အယ်သူလေရဲ့ မျစ်စိဟှာ ဖြင်ဘီး
အယ်သူလေရဲ့ နားဟှလည်း ကြားဘီး
အယ်သူလေရဲ့ စိနှလောင်းဟှာ နားလည်ဘီး
အယ်သူလေဟှာ ငါ့နားဟို့ ပ္ဟလန်လာမယ် ဆိုဟှာ
ငါဟှာ အယ်သူလေဟို့ ကျန်းမာစေမယ်’” ဆိုဘီး ပြောလေဟှယ်။
16 “နန်းနို့လေရဲ့ မျစ်စိဖြင်ဘီး နန်းနို့လေရဲ့ နားကြားဟို့ကြောန့် မင်္ဂလာရှိဟှယ်။
17 ငါ မှန်ပြောမယ်၊ နန်းနို့ဖြင်ရဟှူဇာလေဟို့ ပရောဖက်လေန
ဖြောန့်မတ်ဟှူသူလေဟှာ ဖြင်တို့ရှင်လည်းဘဲ့ ဖြင်တို့ရဂေ့ဟှ။
နန်းနို့ကြားရဟှူဇာလေလည်း ကြားရဂေ့ဟှ။

မျိုးစေ့ကြဲမားရဲ့ ပေါင်ဥပမာဟို့ ရှင်းပြဟှူကြောန်း
(မာကု ၄.၁၃-၂၀; လုကာ ၈.၁၁-၁၅)

18 “အယ်ကြောန့် မျိုးစေ့ကြဲမားရဲ့ ပေါင်ဥပမာရဲ့ နတ်ခိပါယ်ဟို့ နားထောန်ဂေ့။
19 လမ်းမာက္လဟှူ မျိုးစေ့ကြောန်းဟှာ ဘုရားသခင်ရဲ့ နိုင်ငံတော်တရားစကားဟို့
ကြားရဘေမဲ့လည်း နားလည်ဘဲဟှူ လူလေနတူဟှယ်။ နှလောင်းထဲဟှမျိုးစေ့ဟို့
နတ်ဆိုးဟှာ လာဘီး နှုယူဟှားဟှယ်။
20 က္လော့-က်ပေါဟှူမှလေထတ်မာ က္လဟှူမျိုးစေ့ ဆိုဇာဟှာ တရားစကားဟို့
ကြားဟှူနကြားရှင်း ဝန်းသာအားရခံယူဟှူလူဟို့ ဆိုလိုဟှယ်။
21 အယ်ဘေမဲ့ စိနှလောင်းထဲမာ ပြစ်စွဲဘဲဟှူကြောန့် တရားစကားအားဖြင့်
ညှဉ်းဆဲမှုလေဟို့ ခံလာရဟှူ ခီမာ ရှစ်ရှင်းဖော့-က်ပ္ဟလန်ဟှားဟှယ်။
22 ဆူးချောင်မာ က္လဟှူမျိုးစေ့ဟှာ တရားစကားဟို့ ကြားရဘေမဲ့ ဘဝရဲ့
စိုးရိမ်ပူပန်မှုလေန စည်းဇိမ်အောက်စာလေရဲ့ လှည့်ဇားမှုလေအားဖြင့် တရားစကားဟို့
တားဆီးလိုက်ဟှူကြောန့် သီးသီးဘဲဟှူသူလေဟို့ ဆိုလိုဟှယ်။
23 ကောန်းဟှမ္ဘလေမာ က္လဟှူမျိုးစေ့ကြောန်းရာဟှ တရားစကားဟို့ ကြားရခီမာ
ဝန်းသာအားရခံယူဘီး ဆင်ခြင်နှလောင်းသွမ်းဟိုကြောန့် တချို့ဟှ ဆသောင်းဆယ်၊
တချို့ဟှ ဆခြော့-က်ဆယ်၊ တချို့ဟှ ဆတရာ သီးသီးဟှူ သူလေဖြစ်ဟှယ်” ဆိုဘီး
မိန့်တော်မူလေဟှယ်။

ဖြစ်ပန်ရဲ့ ပေါင်ဥပမာကြောန်း

24 ယေရှုဟှာ တခြားပေါင်ဥပမာန မိန့်တော်မူဟှူဇာဟှာ “ကောန်းဂန်နိုင်ငံတော်ဟှာ
ကောန်းဟှူမျိုးစေ့ဟို့ လယ်ထဲမာ ကြဲမားနတူလေဟှယ်။

13:16 **၁၃.၁၆,၁၇** လု ၁၀.၂၃,၂၄

25 လယ်သမားလေ အိမ်ဖိနေခဲမာ ရန်သူလာဘီးဟှာ ဂျောင်မျိုးစေ့လေကြားထဲမာ
ဖြစ်စေ့လေဟို့ ကြဲလေဟှယ်။
26 အပန်လေပေါ့-က်လာဘီး သီးနှံထွပ်လာခဲမာ တောဖြစ်ပန်လေလည်း
ထန်ရှားလာလေဟှယ်။
27 လယ်ဇရှင်ရဲ့ စေခံလေဟှ လယ်ဇရှင်နားဟို့ လာဘီး 'သခင်၊
ကျွန်တော်ဟှားလေဟှာ ကောန်းဟှမျိုးစေ့ဟို့ လယ်ထဲမာ ကြဲပါဟှယ်။
တောဖြစ်ပန်လေဟှ ဖယ်နေရာဟှ ရော့-က်လာပါနူး' ဆိုဘီး မေးဂေ့လေဟှယ်။
28 လယ်ဇရှင်ဟှ 'အယ်မျိုးဖြစ်ဇာဟှာ ရန်သူလောက်ဇာဖြစ်ဟှယ်' ဆိုဘီး
ပ့လန်ပြောလိုက်ဟှယ်။ စေခံလေဟှ 'ကျွန်တော်ဟှားလေ သွားနှုပစ်ရဟို့လော' ဆိုဘီး
မေးဂေ့လေဟှယ်။
29 လယ်ဇရှင်ဟှ 'နှုပစ်နအူး။ တောဖြစ်ပန်လေဟို့ နှုဟှယ် ဆိုဟှာ ဗားဗန်လေလည်း
ရောဘီးဟှာ နှုမိလေ့မယ်။
30 ဗားရိခဲထိ တူးဒူကီးနေပါစေ။ ဗားရိကာလမာ ရင်ဦးဆောင်း တောဖြစ်ပန်လေဟို့
ဝိုးနှုဘီးဟှာ မီးရှို့ဟို့တွပ် ကြိုးနခယ်ဂေ့။ ဗားလေဟို့ စုသီးဘီးဟှာ ဗားဂတ်ထဲဟို့
ထဲ့ဂေ့' ဆိုဘီး ဗားရိမားလေဟို့ ငါပြောမယ် ဆိုဘီး လယ်ဇရှင်ဟှ ပြောလေဟှယ်"
ဆိုဘီး မိန့်တော်မူလေဟှယ်။

မုညှင်းစေ့ရဲ့ ပေါင်ဥပမာကြောန်း
(မာကု ၄.၃၀-၃၂; လုကာ ၁၃.၁၈,၁၉)

31 ယေရှုဟှာ တခြားပေါင်ဥပမာအားဖြင့် "ကောန်းဂန်နိုင်ငံတော်ဟှာ
လယ်ထဲမာစိုက်ဟှ မုညင်းစေ့နတူလေဟှယ်။
32 မုညင်းစေ့ဟှာ စေ့လေ ဂူလောင်းထဲမာ ငယ်ဆောင်းဖြစ် ဘေမဲ့လည်း
ကီးတတ်လာဟှ ခဲမာ ဖြစ်ပန်လေ ဂူလောင်းထဲမာ ကီးဆောင်း ဖြစ်ဟှယ်။ အယ်ကြောန့်
ကောန်းဂန်ဒ့တ်လေဟှာ သစ်ကိုင်း သစ်ခပ်လေမာ သိုက်လောက်ဘီး ခိုနားနိုင်ဟှ
သစ်ပန်တဗန် ဖြစ်လာလေဟှယ်" ဆိုဘီး မိန့်တော်မူလေဟှယ်။

တဆေးရဲ့ ပေါင်ဥပမာကြောန်း
(လုကာ ၁၃.၂၀,၂၁)

33 ယေရှုဟှာ တခြား ပေါင်ဥပမာအားဖြင့် "ကောန်းဂန်နိုင်ငံတော်ဟှာ တဆေးန
တူဟှယ်။ မီးမ တယော့-က်ဟှာ တဆေးဟို့ ယူဘီး မုညစ် သောင်းတောန်းထဲဟို့
ထဲ့လိုက်ဘီးဟှာ မုညစ် ဂူလောင်းဟို့ ဖောန်းကြွစေတတ်ဟှယ်" ဆိုဘီး
မိန့်တော်မူလေဟှယ်။

ပေါင်ဥပမာလေဟို့ သောင်းပြုဟှကြောန်း
(မာကု ၄.၃၃,၃၄)

34 ယေရှုဟာ လူအစောက်ဂီးဟို့ အယ်မူကြောန်းရာလေဟို့ ပေါင်ဥပမာလေအားဖြင့်
ဟောပြောတော်မူဘီး ပေါင်ဥပမာပါဘဲန ဖြားကြောန်းရာလေဟို့မှ ဟောပြောတော်
မူဟု့။
35 ကိုယ်တော်ဟာ အယ်မျိုး ဟောပြောဟာ့းဇာဟု့
“ငါဟာ့ ပေါင်ဥပမာလေဟို့ သောင်းပြဲဘီး သူးနို့ဟို့ ငါပြောမယ်။
ကမ္ဘာဦးဟာ့နေဘီး ကွယ်ဝှပ်ဟာ့းဟူဇာလေဟို့ ဖော်ပြပေးမယ်” ဆိုဘီး
ပရောဖက်ပြောဟာ့းဇာ ပ့လဲ့ဇောင်ဟို့တွပ် ဖြစ်လေဟု့ယ်။

ဖြစ်ပန်ရဲ့ ပေါင်ဥပမာဟို့ ရှင်းပြဟူကြောန်း

36 အယ်ဘီးန ယေရှုဟာ တရားတော်ဟို့ ဆောင်းသတ်ဘီးဟာ အီထဲဟို့
ဝမ်လေဟု့ယ်။ တဗဲ့တော်လေလည်း ကိုယ်တော်နားဟို့ လာဂေ့ဘီးဟာ
“လယ်ထဲမာကြဲဟူ ဖြစ်စေ့ရဲ့ ပေါင်ဥပမာဟို့ ကျွန်တော်ဟာ့းလေဟို့ ပြောပြပေးပါ”
ဆိုဘီး လျှော့-က်ဂေ့လေဟု့ယ်။
37 ယေရှုဟု့ “ကောန်းဟူ မျိုးစေ့ဟို့ ကြဲမားဟာ လူရဲ့သား ဖြစ်ဟု့ယ်။
38 လယ်ဟာ့ အယ်လောကဖြစ်ဟု့ယ်။ ကောန်းဟူ မျိုးစေ့ဟ နိုင်ငံတော်သား
ဖြစ်ဟု့ယ်။ ဖြစ်စေ့ဟာ့ နတ်ဆိုးရဲ့ သားလေဖြစ်ဟု့ယ်။
39 ဖြစ်စေ့ဟို့ ကြဲဟူ ရန်သူဟာ့ မာရ်နတ် ဖြစ်ဟု့ယ်။ ဗားရိဟူ ကာလဟာ့
အယ်ကမ္ဘာကူဆောင်းဟူ ခီမာ ဖြစ်ဘီး ဗားရိမားလေဟာ့ ကောန်းဂန်တမန်လေ
ဖြစ်ဟု့ယ်။
40 တောဖြစ်ပန်လေဟို့ စုသီးဘီးဟာ့ မီးရို့ဟူမျိုး ကမ္ဘာကူဆောင်းဟူ ခီမာ
ဖြစ်ရလေ့မယ်။
41 လူရဲ့သားဟာ့ သူရဲ့ ကောန်းဂန်တမန်လေဟို့ စေလွှတ်ဘီးဟာ့ လူလေဟို့
လမ်းလွဲဘီး မှားယွင်းအောန်လောက်ဟူ သူလေန တရားဘဲဟူ သူလေ ဂူလောင်းဟို့
နိုင်ငံတော်ထဲဟ ဝီးထုဘီးဟာ့၊
42 တော့-က်လောန်နေဟူ မီးဖိုထဲဟို့ ပစ်ခ့လစေတော်မူမယ်။ အယ်သူလေလည်း
အံသွားခဲကဲ့လိဘီး ငိုကြွေးရဂေ့လေ့မယ်။
43 အယ်ဘီးန ဖြောန်မတ်ဟူ လူလေဟာ့ သူးနို့ရဲ့ ဖနိုင်ငံတော်မာ နေတော့-က်ပမျိုး
တော့-က်ပလေ့မယ်။ နန်းနို့မာ နားရှိဟု့ယ် ဆိုဟာ့ ကြားဂေ့!

ဂှပ်ဟာ့းဟူဘဏ္ဍာ ပေါင်ဥပမာကြောန်း

44 “ကောန်းဂန်နိုင်ငံတော်ဟာ့ လယ်ထဲမာဂှပ်ဟာ့းဟူ ဘဏ္ဍာနတူလေဟု့ယ်။
လူတယော-က်ဟာ့ ဘဏ္ဍာဥာဟို့ တွိဟူ ခီမာ ပ့လန်ဖောင်းအောက်ဘီး ဝန်းသာအားရန
ပ့လန်ဟာ့းဘီး သူမာရှိဟူ ပစ်စီးလေ ဂူလောင်းဟို့ ရောန်းဘီးဟာ့ အယ်လယ်ဟို့
ဝယ်လေဟု့ယ်။

ပုလဲ ပေါင်ဥပမာကြောန်း

45 “အယ်ဘီးဟှာ ကောန်းဂန်နိုင်ငံတော်ဟှာ ကောန်းဟှူ ပုလဲဟှိ ရှာနေဟှူ ကူသယ်နတူဟှယ်။
46 အယ်မူကူသယ်ဟှာ ကောန်းဟှူ ပုလဲဟှိ တွိရဟှူ ခီမာ သူမာရှိဇာ ဂူလောင်းဟှိ ရောန်းဘီးဟှာ အယ်ပုလဲဟှိ ဝယ်လေဟှယ်။

ပိုက်ကွန် ပေါင်ဥပမာကြောန်း

47 “အယ်ဘီးဟှာ ကောန်းဂန်နိုင်ငံတော်ဟှာ ပန်လယ်ထဲဟှ ငါးလေဟှိ ဖမ်းဟှူပိုက်ကွန်နတူလေဟှယ်။
48 ပိုက်ကွန်ထဲမာ ငါးလေပ့လဲ့ဟှားခီမာ ငါးဖမ်းမားလေဟှ ကူးထပ်ဟှိ ဆွဲဒန်ဘီး ကောန်းဟှူငါးလေဟှိ တောန်းထဲမာ ဝီးထဲ့ဘီးဟှာ ကောန်းဘဲဟှူငါးလေဟှိ ပ့လန်ဟှိ ပစ်ထုလိုက်ဂေ့ဟှယ်။
49 အယ်မူတိုင်းဘဲ့ ကပ်ကမ္ဘာကူဆောင်းဟှူ ခီမာ ကောန်းဂန်တမန်လေ ဆင်းလာဘီး ဖြောန်မတ်ဟှူသူလေထဲဟှ ဆိုးယောက်ဟှူသူလေဟှိ ခွဲထုဘီးဟှာ
50 တော့-က်လောန်နေဟှူ မီးဖိုထဲဟှိ ပစ်ခ့လေ့မယ်။ အယ်သူလေဟှာ အံသွားခဲက့လိဘီး ဝိုကြွေးရဂေ့လေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

ဘဏ္ဍာသစ်န ဘဏ္ဍာဟောန်းကြောန်း

51 ယေရှုဟှ “အယ်ကြောန်းရာလေ ဂူလောင်းဟှိ နန်းနို့လေ နားလည်ဂေ့ဘဲ့လော” ဆိုဘီး မေးတော်မူလိုက်ဟှယ်။
တဗဲ့တော်လေဟှ “နားလည်ပါဘီ သခင်” ဆိုဘီး လျှော့-က်ဂေ့လေဟှယ်။
52 ကိုယ်တော်ဟှ “အယ်မူဇာဟှာ ကောန်းဂန်နိုင်ငံတော်ရဲ့ ကြောန်းရာဟှိ သန်ယူဘီး တဗဲ့ဖြစ်လာဟှူ ကျမ်းပြုဆရာဟှာ ကိုယ့်ရဲ့ ဘဏ္ဍာတိုက်ထဲဟှ ပစ်စီးသစ်နပစ်စီးဟောန်းလေဟှိ ထုယူတတ်ဟှူ အီရှင်နတူလေဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

နာဇရက်ဗြို့မာ ငြင်းပယ်ခံရဟှူကြောန်း
(မာကု ၆.၁-၆; လုကာ ၄.၁၆-၃၀)

53 အယ်ပေါင်ဥပမာလေဟှိ ယေရှု မိန့်တော်မူဘီးန ကိုယ်တော်ဟှာ အယ်ရပ်ဟှနေထွပ်ဟှားဘီး၊
54 နေထိုင်ဟှူ ဗြို့ဟှိ ပ့လန်ကြွေဟှားတော်မူဟှယ်။ ကိုယ်တော်ဟှာ ဝါလယ်ဇရပ်မာသွန်သန်လေဟှယ်။ အယ်မူဇာဟှိ ကြားရဟှူ လူလေလည်း အံ့ဩဂေ့ဟှယ်။ “အယ်သူဟှာ အယ်ပညာဟှိ ဖယ်ဟှရလာနူး။ အယ်နိမိတ်လတ်ခဏာလေလည်း ဖယ်ဟှရလာနူး။
55 သူဟှာ လတ်သမားရဲ့သား မူဟှလော။ သူ့မိဟှာ မာရိ မူဟှလော။ သူညီလေဟှာ ယာကုပ်၊ ယောသပ်၊ ရှိမုန်၊ ယုဒ မူဟှလော။
56 သူရဲ့ညီမလေလည်း နို့လေနားမာ နေဂေ့ဟှယ် မူဟှလော။ အယ်ဆိုဟှာ အယ်သူဟှာ အယ်နိမိတ်လတ်ခဏာလေဟှိ ဖယ်ဟှရလာနူး” ဆိုဘီး သူးနို့ဟှမေးဂေ့ဟှယ်။

57 အယ်ကြောန့် သူးနို့ဟှာ ကိုယ်တော့်ဟို့ ငြင်းပယ်ဂေ့လေဟှယ်။
ယေရှုဟှ “ပရောဖက်ဟှာ ကိုယ့်ဗြို့ ကိုယ့်အီဟှနေလွဲဘီး နေရာတိုင်းမာ
လေးစားခံရဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။
58 အယ်သူလေဟှာ ယောင်ကြည်ဘဲကြောန့် ကိုယ်တော်ဟှာ အယ်နေရာမာ
အံ့ဘွယ်တဂိုးလေဟို့ ဘောင်ဂီးပြတော်မူဟှ။

14

ဗတ္တိဇံယောဟန် သေဆောင်းဟူကြောန်း
(မာကု ၆.၁၄-၂၉; လုကာ ၉.၇-၉)

1 အယ်ခီမာ ဂါလိလဲပြည်ဟို့ အောက်ချောက်ဟူ ဟေရုဒ်ဟှာ ယေရှုရဲ့ ဒန်းဟို့
ကြားရဟူ ခီမာ၊
2 “အယ်သူဟှာ ဗတ္တိဇံယောဟန်ဘဲ့ ဖြစ်ဟှယ်။ သူဟှာ သေရာဟှနေ
ပ့လန်ရှင်လာဘီ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နိမိတ်လတ်ခဏာလေ ပြဟို့တွပ်
အယ်တဂိုးဟှာ သူမာရှိနေဟှယ်” ဆိုဘီး သူ့ရဲ့ စေခံလေဟို့ ပြောဆိုလေဟှယ်။
3 ဟေရုဒ်ဟှာ သူညီ ဖိလိပ္ပုပုရဲ့ မယား ဟေရောဒိကြောန့် ယောဟန်ဟို့ ဖမ်းဘီးဟှာ
ထောန်ထဲမာ ချောက်ဟှားလေဟှယ်။
4 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ယောဟန်ဟှ “မန်းဂီးဟှာ ကိုယ့်ညီရဲ့ မယားဟို့
သီးယူဇာဟှာ ပညတ်တော်နညီဟှ!” ဆိုဘီးဟှာ ဟေရုဒ်ဟို့ ပြောဟှားဖူးဟှယ်။
5 ဟေရုဒ်ဟှာ ယောဟန်ဟို့ သတ်ရှင်ဘေမဲ့ ယုဒလူလေဟို့ ကြော့-က်ဟှယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ ယုဒလူလေဟှာ ယောဟန်ဟို့ ပရောဖက်တပါး ဖြစ်ဟှယ်
ဆိုဘီး မှတ်ယူဂေ့ဟှယ်။
6 ဟေရုဒ်ရဲ့ မွီးနေ့မာ ဟေရောဒိရဲ့ မီးဟှာ ဧည့်သယ်လေရှေ့မာ ကပြလေဟှယ်။
ဟေရုဒ်ဟှာ ရရာတိုင်း ကျေနပ်ဟှားဘီး
7 “နန်တောန်းဟူမျှ ငါပေးမယ်!” ဆိုဘီး သစ်စာန ဂဒိပေးလေဟှယ်။
8 အယ်မီးမငယ်ဟှလည်း သူ့မိ တောန်းခိုင်းဟူတိုင်း “ဗတ္တိဇံယောဟန်ရဲ့ ခေါန်းဟို့
လန်းဗန်းထဲမာ ထဲ့ပေးတော်မူပါ!” ဆိုဘီး တောန်းလေဟှယ်။
9 မန်းဂီးဟှာ စိကောန်းဘဲ ဖြစ်ဟှားဘေမဲ့လည်း ဧည့်သယ်လေရှေ့မာ ပေးမယ် ဆိုဘီး
ကီဆိုဟူတိုင်း ပေးဟို့တွပ် မိန့်ခ့လလိုက်လေဟှယ်။
10 အယ်ကြောန့် စောန့်တယော့-က်ဟို့ စေလွတ်ဘီးဟှာ ယောဟန်ရဲ့ ခေါန်းဟို့
ထောန်ထဲမာ ဖြတ်စေလေဟှယ်။
11 ခေါန်းဟို့ လန်းဗန်းထတ်မာ တန်ဘီးဟှာ ယူဆောန်လာဘီး မီးမငယ်ဟို့
ပေးလိုက်ဟှယ်။ အယ်မီးမငယ်လည်း သူ့မိနားဟို့ ယူဆောန်ဟှားလေဟှယ်။
12 ယောဟန်ရဲ့ တဗဲ့လေဟှာ လောန်းဟို့ ယူဘီး သဂြိုဟ်လေဟှယ်။ အယ်ဘီးမှ
ယေရှုနားဟို့ သွားဘီး ပြောပြဂေ့လေဟှယ်။

13:57 ၁၃.၅၇ ယော ၄.၄၄ **14:3 ၁၄.၃.၄** လု ၃.၁၉,၂၀

လူငါးထောန်ဟို့ စားဇာကျွေးဟူကြောန်း
(မာကု ၆.၃၀-၄၄; လုကာ ၉.၁၀-၁၇; ယောဟန် ၆.၁-၁၄)

13 အယ်ဒန်းဟို့ ယေရှုကြားရဟူ ခီမာ လူသူကင်းရှင်းဟူ နေရာဟို့ လှေစီးဘီး
ကြွဟှားလေဟှယ်။ ဗြို့ဝါလေဟှ လူလေလည်း အယ်ကြောန်းဟို့ ကြားရဂေ့ကြောန့်
နော့-က်တော်ဟို့ ကူးကြောန်းလိုက်ဂေ့လေဟှယ်။
14 ယေရှုဟှာ လှေဟှနေ ဆင်းလိုက်ဘီး လူအောက်ဂီးဟို့ ဗြင်ရခီမာ သူးနို့ဟို့
သနားဟူစိ ရှိတော်မူဘီး ဖျားနာနေဟူလူလေ ဂူလောင်းဟို့ ကျန်းမာစေလေဟှယ်။
15 နေဒန်ဇာ ရော့-က်လာဟူ ခီမာ တဗဲတော်လေဟှာ ကိုယ်တော်နားဟို့ လာဘီး
“အယ်နေရာဟှာ လူသူကင်းဝီးဟူ နေရာဖြစ်ဘီး ခီလည်း နော့-က်ကွလဟှားဘီ။
လူလေဟို့ စေလွှတ်ဘီးဟှာ ဝါလေမာ စားဇာဝယ်ခိုင်းဟို့တွပ် သွားခွမ့်ပေးပါ” ဆိုဘီး
လျှော့-က်ဂေ့လေဟှယ်။
16 ယေရှုဟှ “သူးနို့လေ သွားဇာလိုဟှ။ အယ်သူလေစားဟို့ စားဇာဟို့ နန်းနို့လေ
ကိုယ်တိုင် ပေးဂေ့ပါ!” ဆိုဘီး မိန့်တော်မူလေဟှယ်။
17 တဗဲတော်လေဟှ “မုငါးလောင်းန ငါးနှေ့ကောန်ဘဲ့ ကျွန်တော်ဟှားလေမာ
ရှိပါဟှယ်” ဆိုဘီး ပ့လန်လျှော့-က်လေဟှယ်။
18 ယေရှုဟှ “အယ်မုန ငါးဟို့ ယူလာပါ” ဆိုဘီး မိန့်တော်မူလေဟှယ်။
19 ကိုယ်တော်ဟှ လူလေဟို့ ဗြစ်ပ့လန်ထတ်မာ ထိုင်ဟို့ မိန့်တော်မူဘီးန
မုငါးလောင်းန ငါးနှေ့ကောန်ဟို့ ယူဘီး ကောန်းဂန်ထတ်ဟို့ မျှော်ကေ့ဘီးဟှာ
ဘုရားသခင်ဟို့ ကျေးဇူးတော် ချီးမွမ်းလေဟှယ်။ အယ်ဘီးမှ မုန ငါးဟို့ ဖွဲ့ဘီး
တဗဲတော်လေဟို့ ပေးလေဟှယ်။ တဗဲတော်လေဟှလည်း လူလေဟို့ ပေးလေဟှယ်။
20 လူလေဂူလောင်းဟှာ စားဘီး ဗိုက်ပ့လဲ့ဟှားဟှယ်။ အယ်ဘီးန တဗဲတော်လေဟှာ
စားဘီး ကျန်ဇာလေဟို့ စုသီးလိုက်ဇာ ဆယ့်နှေ့တောန်းပ့လဲ့ ရဂေ့ဟှယ်။
21 မီးမန သားဂန်းဟှားလေပါဘဲန စားဂေ့ဟူ ယော့-က်ကျား ရေတွပ်ဟှာ ၅,၀၀၀
လော့-က် ရှိလေဟှယ်။

ရေထတ်မာ လမ်းရှော့-က်ဟူကြောန်း
(မာကု ၆.၄၅-၅၂; ယောဟန် ၆.၁၅-၂၁)

22 အယ်ဘီးန ယေရှုဟှာ လူလေဟို့ ပ့လန်လွှတ်လိုက်ခီမာ တဗဲတော်လေဟို့လည်း
လှေထတ်ဟို့ တတ်စေဘီး ဟို့ဖတ်ကမ်းဟို့ ရင်ဦးဆောင်း ကူးစေလေဟှယ်။
23 ယေရှုဟှာ လူလေ ပ့လန်ဟှားဂေ့ဘီးန ဆုတောန်းဟို့တွပ် တောန်ထတ်ဟို့
ယော့-က်ဒဲ တတ်ဟှားတော်မူဟှယ်။ နေဒန်ဇာ ရော့-က်လာဟူ ခီမာ အယ်နေရာမာ
ယေရှုတပါးဒဲ ရှိတော်မူဘီး
24 တဗဲတော်လေရဲ့ လှေဟှလည်း ကမ်းန ရရာတိုင်း ကွာဟှားဘီး လေဆန်ဘီး
လာနေကြောန့် လှိုင်းလေရဲ့ ရိုက်ခတ်ဇာဟို့ ခံရလေဟှယ်။

25 မိုးသာထပိုင်းမာ ယေရှုဟှာ ရေထတ်မာ လမ်းရှော့-က်ဘီး တဗဲတော်လေနားဟို့
ကြွလာတော်မူလေဟှယ်။
26 တဗဲတော်လေဟှာ ရေထတ်မာ လမ်းရှော့-က်နေဟူ ကိုယ်တော့်ဟို့ ဗြင်ဟူ ခီမာ
ရရာတိုင်း ကြော့-က်လန့်ဟှားဂေ့ဘီး "ဖုကသေ!" ဆိုဘီး အော်ဂေ့လေဟှယ်။
27 ယေရှုဟှ "စိုးရိမ်ဂေ့န! ငါဘဲ့ဖြစ်ဟှယ်။ ကြော့-က်ဂေ့န!" ဆိုဘီး သူးနို့ဟို့
ရှစ်ရှင်းဘဲ့ မိန့်တော်မူလေဟှယ်။
28 ပေတရုဟှ "သခင်၊ ကိုယ်တော်မှန်ဟှယ် ဆိုဟှာ ကျွန်တော်လည်း ရေထတ်မာ
လမ်းရှော့-က်ဘီး ကိုယ်တော်နားဟို့ လာဟို့ မိန့်တော်မူပါ" ဆိုဘီး လျှော့-က်လေဟှယ်။
29 ယေရှုဟှ "လာပါ!" ဆိုဘီး မိန့်တော်မူလေဟှယ်။ အယ်ကြောန့် ပေတရုဟှာ
လှေထတ်ဟှဆင်းဘီး ရေထပ်မာ လမ်းရှော့-က်ဟှားဘီး ယေရှုနားဟို့ သွားလေဟှယ်။
30 အယ်ဘေမဲ့ ကြမ်းထန်းဟူလေဟို့ ဗြင်ဟူ ခီမာ ကြော့-က်လန့်ဟှားဘီး ရေထဲဟို့
နစ်မှုလုစပြုဟှားဟှယ်။ "သခင်၊ ကျွန်တော်ဟို့ ကယ်တော်မူပါ!" ဆိုဘီး
အော်ဟစ်လေဟှယ်။
31 ယေရှုဟှ ရှစ်ရှင်းဘဲ လတ်တော်ဟို့ ဆန့်ဘီးဟှာ ပေတရုဟို့ ဆွဲကိုင်ဘီး
"ယောင်ကြည်ရှင်း အားနဲဟူလူ! ဖြားဖြစ်ကြောန့် ယောင်မှားဟူ စိဖြစ်ရနူး" ဆိုဘီး
မိန့်တော်မူလေဟှယ်။
32 သူးနို့နှေ့ယော့-က်ဟှာ လှေထတ်ဟို့ ရော့-က်ဟှားဘီးန လေဟှာ
ငြီဟှားလေဟှယ်။
33 လှေထဲမာ ရှိဟူ တဗဲတော်လေဟှလည်း ယေရှုဟို့ ရှိခိုးလေဟှယ်။ "ကိုယ်တော်ဟှာ
တကယ်ဘဲ့ ဘုရားသခင်ရဲ့ သားတော်ဖြစ်ဟှယ်!" ဆိုဘီး လျှော့-က်ဂေ့လေဟှယ်။

ဖျားနာသူလေဟို့ ဂင်နေသရက်ဗြို့မာ ကျန်းမာစေဟူကြောန်း
(မာကု ၆.၅၃-၅၆)

34 သူးနို့ဟှာ အိုင်ဟို့ ကူးဟှားဂေ့ဘီး ဂင်နေသရက်ဗြို့ဟို့ ရော့-က်လာဂေ့လေဟှယ်။
35 အယ်နေရာဟှ လူလေဟှာ ယေရှုဟို့ မှတ်မိဂေ့ဟှယ်။ အယ်ကြောန့် သူးနို့ဟှာ
လူလေဟို့ စေလွှတ်ဘီး ပတ်ဝန်းကျင် ရပ်ရပ်မာရှိဟူ လူနာလေရှိဟူမျှဟို့ ယေရှုနားဟို့
ခေါ်လာဂေ့လေဟှယ်။
36 လူနာလေဟှလည်း ကိုယ်တော်ရဲ့ ဝတ်လောင်ရဲ့ ပန်းဗွားဟို့ဘဲ့
တို့ထိခွမ့်ပေးဟို့တွပ် တောန်းဗန်ဂေ့လေဟှယ်။ အယ်ဘီးဟှာ တို့ထိဟူလူလေ
ဂူလောင်းလည်း ကျန်းမာရဂေ့လေဟှယ်။

15

ရှေးလူဂီးလေရဲ့ ထောင်းဒန်းစဉ်လာကြောန်း
(မာကု ၇.၁-၁၃)

1 အယ်ဘီးန ယေရုရှလင်ဗြို့ဟှ ဖာရိရှဲတချို့န ကျမ်းပြုဆရာတချို့ဟှာ ယေရှုနားဟို့
လာဘီးဟှာ

2 “ကိုယ်တော်ရဲ့ တမဲ့တော်လေဟုာ ရှေးလူဂီးလေရဲ့ ထောင်းဒန်းစဉ်လာလေဟို့
ဖြားဖြစ်ကြောန့် ခုလိုးဖေ့-က်ဂေ့ပါနူး။ သူးနို့ဟုာ လက်ဆေးဘဲန စာစားလေဟုယ်!”
ဆိုဘီး ကိုယ်တော့်ဟို့ မေးလျှော့-က်ဂေ့ဟုယ်။
3 ကိုယ်တော်ဟု “ဖြားဖြစ်ကြောန့် ဘုရားသခင်ရဲ့ ပညတ်တော်ဟို့
ခုလိုးဖေ့-က်ဘီးဟုာ နန်းနို့လေရဲ့ ထောင်းဒန်းစဉ်လာလေဟို့
လိုက်နာကျင့်သောင်းဂေ့နူး။
4 ဖြားဖြစ်ကြောန့်နူးဆိုဟုာ ဘုရားသခင်ရဲ့ ပညတ်တော်ဟု ‘မိဖဟို့ ရိုသေပါ။ မိဖဟို့
ကီဆဲဟူ့ သူဟုာ သေဒန်ကုလခံစေ’ ဆိုဘီး မိန့်တော်မူဟုားဟုယ်။
5 အယ်ဘေမဲ့ နန်းနို့လေ သွန်သန်ဇာဟု တဇောင်တယော့-က်ဟုာ ကိုယ့်ဖ
အယ်မျိုးမူဘဲနေဟုာ ကိုယ့်မိဟို့ ပေးကမ်းထော့-က်ပုံဟို့တွပ် ပစ်စီး အောက်စာလေရှိဟူ
လည်းဘဲ့ အယ်ပစ်စီး အောက်စာလေဟုာ ‘ဘုရားသခင်တွပ် လူဝတ္ထုဖြစ်ဟုယ် ဆိုဘီး
ပြောလေဟုယ်။’
6 အယ်သူဟုာ ကိုယ့်ဖ*ဟို့ ဂေါင်ပြုဟို့လိုအပ်ဟု ဆိုဘီး သွန်သန်ပေးလေဟုယ်။
အယ်မျိုးဘဲ့ နန်းနို့လေဟုာ နန်းနို့ရဲ့ ထောင်းဒန်းစဉ်လာလေတွပ် ဘုရားသခင်ရဲ့
ပညတ်တော်ဟို့ ပယ်ဂေ့လေဟုယ်။
7 သူတော်ကောန်း ယောန်ဆောန်ဟူသူလေ! နန်းနို့လေ ကြောန်းဟို့ ဘုရားသခင်ဟုာ
ဟေရှာယအားဖြင့် ပရောဖက်ပြုဟုားဇာဟု
8 “ ‘အယ်လူလေဟုာ သူးနို့ရဲ့ နှောက်န ငါ့ဟို့ ရိုသေလေဟုယ်။
သူးနို့ရဲ့ စိန္တလောင်းဟုာ ငါ့နဲ ဝီးလှုဟုယ်။
9 သူးနို့ဟုာ ငါ့ဟို့ အလဂါး သတ်သတ် ကိုးကွယ်ဂေ့ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟုာ လူလေရဲ့ ပညတ်လေဟို့ ဩဝါဒလေဖြစ်
သွန်သန်ပေးကြောန့်ဖြစ်ဟုယ်!’ ” ဆိုဘီး ဖြေတော်မူလေဟုယ်။

လူဟို့ ညစ်ညူးစေဟူဇာလေကြောန်း
(မာကု ၇.၁၄-၂၃)

10 အယ်ဘီးမှ ယေရှုဟုာ လူအောက်ဂီးဟို့ သူနားဟို့ ခေါ်ဘီးဟုာ “နားထောန်ဘီး
နားလည်ဂေ့ပါ!
11 လူဟို့ ညစ်ညူးစေဟူဇာလေဟုာ လူ့ရဲ့ဇုပ်ပေါ့-က်ထဲဟို့ ဝမ်ဟူဇာလေ မူဟု။
လူ့ရဲ့ဇုပ်ပေါ့-က်ထဲဟု ထွပ်လာဟူဇာလေဟုဘဲ့ လူဟို့ ညစ်ညူးစေဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
12 တမဲ့တော်လေဟုာ ကိုယ်တော်နားဟို့ လာဘီးဟု “ဖာရိရှဲလေဟုာ မိန့်တော်မူဟူ
စကားဟို့ ကြားဘီး မျစ်ဖြစ်ဟုားဂေ့ဇာဟို့ ကိုယ်တော်သိဘဲ့လော” ဆိုဘီး မေးဂေ့ဟုယ်။
13 ကိုယ်တော်ဟုလည်း “ကောန်းဂန်ဘောင်ဟု ငါရဲ့ဖ စိုက်ပျိုးဘဲဟူပန်လေ
ဂူလောင်းဟို့ ပြစ်ဟုနေ နှုပစ်ရလေ့မယ်။

* **15:6 ၁၅.၆** ကိုယ့်ဖ၊ တချို့ မူရင်းလတ်ရေးမူလေမာ သူးနို့လေရဲ့ဖ အယ်မျိုးမူဘဲနေဟုာ သူးနို့လေရဲ့မိ၊ ဆိုဘီး ပါရှိဟုယ်။

14 သူးနို့လေဟ့ဳ စိုးရိမ်ဂ့ေန! သူးနို့လေဟှာ လူကန်းဟ့ဳ လမ်းပြဟ့ဳ
လူကန်းလေဘဲ့ဖြစ်ဟှယ်။ လူကန်းဟှ လူကန်းဟ့ဳ လမ်းပြမယ် ဆိုဟှာ
နှေ့ယော့-က်လောင်း တွမ်းထဲဟ့ဳ က့လလေ့မယ်!” ဆိုဘီး မိန့်တော်မူလေဟှယ်။
15 ပေတရုဟှ “အယ်ပေါင်ဥပမာဟ့ဳ ကျွန်တော်ဟှားလေဟ့ဳ ရှင်းပြတော်မူပါ” ဆိုဘီး
လျှော့-က်လေဟှယ်။
16 ယေရှုဟှ “နန်းနို့လေဟှာ ခုခီထိ ဉာဏ်ပညာမဲ့နေသေးဟှယ်။
17 လူ့ရဲ့ဇပ်ပေါ့-က်ထဲဟ့ဳ ဝမ်ဟူဇာလေဟှာ စာအီထဲဟ့ဳ ရော့-က်ဟှားဘီးဟှာ
နော့-က်ဖေးအီထဲဟ့ဳ စွန့်ပစ်လိုက်ဟှယ် ဆိုဇာဟ့ဳ နန်းနို့လေ နားလည်သေးဟှလော။
18 ဇပ်ပေါ့-က်ထဲဟှ ထွပ်လာဟူဇာလေဟှာ နှလောင်းထဲဟှ ထွပ်လာဘီး လူဟ့ဳ
ညစ်ညူးစေတတ်ဟူဇာလေ ဖြစ်ဟှယ်။
19 ကောန်းဘဲဟူကြဲိစည်ရှင်း၊ လူ့သတ်ရှင်း၊ အီထောန်ရေးဖော့-က်ပ့လန်ရှင်း၊
ကာမဂုဏ်လိုက်စားရှင်း၊ ခိုးယူရှင်း၊ မှန်ဘဲဟူသတ်သေခံရှင်း၊
သူများဟ့ဳစော်ကားရှင်းလေဟှာ နှလောင်းထဲဟှ ထွပ်လာဟှယ်။
20 အယ်မူဇာလေဟှာ လူဟ့ဳ ညစ်ညူးစေဇာလေ ဖြစ်ဟှယ်။ အယ်ဘေမဲ့
လတ်ဆေးဘဲန စာစားဇာဟှာ လူဟ့ဳ ညစ်ညူးစေဇာ မူဟှ” ဆိုဘီး မိန့်တော်မူလေဟှယ်။

မီးမတယော့-က်ရဲ့ ယောင်ကြည်ရှင်းကြောန်း
(မာကု ၇.၂၄-၃၀)

21 ယေရှုဟှာ အယ်မူရပ်ဟှနေ ထွပ်ခွာတော်မူဘီးဟှာ တုရုဗြို့နှ ဇီဒုန်ဗြို့ရဲ့
ကျေးဝါလေဟ့ဳ ကြွဟှားလေဟှယ်။
22 အယ်ဒေသမာနေဟူ ခါနာန်လူမျိုးဖြစ်ဟူ မီးမတယော့-က်ဟှာ ကိုယ်တော်နားဟ့ဳ
လာဘီး “သခင်၊ ဒါဝိဒ်ရဲ့သားတော်! ကျွန်မဟ့ဳ သနားတော်မူပါ! ကျွန်မသမီးဟှာ
နတ်ဆိုးဝမ်ဘီး ရရာတိုင်း နှိစစ်ခံနေရပါဟှယ်” ဆိုဘီး အော်ဟစ်လေဟှယ်။
23 အယ်ဘေမဲ့ ကိုယ်တော်ဟှာ စကားတခွန်းလည်း ပ့လန်ပြောဟှ။ တဗဲ့တော်လေဟှာ
ကိုယ်တော်နားဟ့ဳ လာဘီးဟှာ “အယ်မီးမဟ့ဳ ဝီးဂီးဟ့ဳ သွားစေတော်မူပါ! သူဟှာ
အော်ဟစ်ဆူညံဘီး နော့-က်ဟှနေ လိုက်နေပါဟှယ်!” ဆိုဘီး
တောန်းလျှော့-က်ဂ့ေလေဟှယ်။
24 ကိုယ်တော်ဟှ “ငါဟှာ ဣသရေလလူမျိုးလေရဲ့ ပျော့-က်နေဟူ သိုးလေနားဟ့ဳဘဲ့
စေလွတ်ရှင်းခံရဟှယ်” ဆိုဘီး ပ့လန်ဖြေတော်မူလေဟှယ်။
25 အယ်မီးမဟှာ လာဘီး ကိုယ်တော်ရှေ့မာ ပျပ်ဝပ်ဘီး “သခင်၊ ကျွန်မဟ့ဳ
ကယ်မတော်မူပါ!” ဆိုဘီး လျှော့-က်လေဟှယ်။
26 ယေရှုဟှ “သားမီးလေရဲ့ စားဇာဟ့ဳ ယူဘီးဟှာ ခွီးဟ့ဳ ကျွေးအပ်ဟှ” ဆိုဘီး
မိန့်တော်မူလေဟှယ်။

15:14 **၁၅.၁၄** လု ၆.၃၉ **15:18** **၁၅.၁၈** မ ၁၂.၃၄

27 အယ်မီးမဟုလည်း “မှန်ပါဟုယ်သခင်၊ ခွီးလေဟှာ သူးနို့သခင်ရဲ့ စားဗွဲဟှ
က့်လလာဟူ စားကြွင်းစားကျန်လေဟို့ စားရဂေ့ပါဟုယ်” ဆိုဘီး လျှော့-က်လေဟုယ်။
28 အယ်ကြောန့် ယေရှုဟှ “နန်ဟှာ ယောင်ကြည်မှုကီးမားဟူ မီးမဖြစ်ဟုယ်!
နန့်အလိုရှိဟူတိုင်း နန့်မာဖြစ်စေ” ဆိုဘီး သူဟို့ မိန့်တော်မူလေဟုယ်။ အယ်ခီမာဘဲ့
အယ်မီးမရဲ့ သမီးဟှာ ကျန်းမာဟှားလေဟုယ်။

လူလေဘောင်ဂီးဟို့ ကျန်းမာစေဟူကြောန်း

29 ယေရှုဟှာ အယ်ရပ်ဟုနေ ထွပ်ဟှားဘီးဟှာ ဂါလိလဲအိုင်နားဟို့ ကြွဟှားဘီးန
တောန်ထတ်ဟို့တတ်ဘီး ထိုင်လေဟုယ်။
30 လူအောက်ဂီးဟှာ ကိုယ်တော်နားဟို့ လာဘီး ခေသန်ဘဲသူလေ၊
မျစ်စိမြင်ဘဲသူလေ၊ ကိုယ်အင်္ဂါချို့တဲ့သူလေ၊ စကားအဟူ သူလေန
တခြားရောဂါသယ်လေ ရှိဟူမျှဟို့ ခေါ်ဆောန်လာဘီးဟှာ ယေရှုရဲ့ ခေတော်ရင်းမာ
ခ့လဟှားဂေ့ဟုယ်။ ကိုယ်တော်ဟှာ သူးနို့ဟို့ ကျန်းမာစေဟုယ်။
31 စကားအဟူ သူလေဟှာ စကားပြောလာဟုယ်။ ခေသန်ဘဲဟူ သူလေဟှာ
လမ်းရှော့-က်လာဟုယ်။ မျစ်စိကန်းဟူ သူလေဟှာ မြင်လာဂေ့ဇာဟို့ ကေ့နေဟူ
လူအောက်ဂီးဟှာ ရရာတိုင်း အံ့သြဟှားဂေ့ဘီး ဂ္လသရေလ လူမျိုးလေရဲ့
ဘုရားသခင်ဟို့ ချီးမွမ်းဂေ့ဟုယ်။

လူလေးထောန်ဟို့ ကျွေးဟူကြောန်း
(မာကု ၈.၁-၁၀)

32 ယေရှုဟှာ တဗဲတော်လေဟို့ သူနားဟို့ ခေါ်ဘီးဟှာ “အယ်လူလေဟို့
ငါသနားဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူးနို့ဟှာ သောင်းရစ်လောင်းလောင်း
ငါနတူးဒူ နေဂေ့ဘီး သူးနို့မာလည်း စားဟို့မှေ့ဘီ။ သူးနို့ဟို့ ဖြားဇာလည်းကျွေးဘဲန
ပ့လန်ဟှားဇာဟို့ ငါလိုရှင်ဟှ။ အယ်မျိုးပ့လန်စေမယ် ဆိုဟှာ
လမ်းမာအားပြတ်ဂေ့မယ်” ဆိုဘီး မိန့်တော်မူဟုယ်။
33 တဗဲတော်လေဟှ “အယ်လူအောက်ဂီးဟို့ ဝအောန်ကျွေးဟို့တွပ်
ကျွန်တော်ဟှားလေဟှာ အယ်တောထဲမာ ဖယ်မျိုးရနိုင်ဟို့နူး” ဆိုဘီး
လျှော့-က်ဂေ့ဟုယ်။
34 ယေရှုဟှ “နန်းနို့လေမာ မုဖယ်လော့-က်ရှိနူး” ဆိုဘီး မေးလိုက်ခီမာ
သူးနို့ဟှ “မုခွန်နှေ့လောင်းန ငါးနဲနဲဟှားရှိပါဟုယ်” ဆိုဘီး ပ့လန်လျှော့-က်ဂေ့ဟုယ်။
35 အယ်ကြောန့် ယေရှုဟှ လူအောက်ဂီးဟို့ မ့လေဂီးထတ်မာထိုင်နေဟို့
မိန့်တော်မူဟုယ်။
36 မုခွန်နှေ့လောင်းန ငါးဟို့ယူဘီးဟှာ ဘုရားသခင်ဟို့ ကျေးဇူးချီးမွမ်းဘီးန မုနငါးဟို့
ဖဲ့ဘီးဟှာ တဗဲတော်လေဟို့ ပေးဟုယ်။ တဗဲတော်လေဟှလည်း လူလေဟို့
ပေးဂေ့ဟုယ်။

37 သူးနို့လေ ဂူလောင်းဟ့ဳ စားဘီးဟ့ဳ ဗိုက်ပ့ုလဲ့ဟ့ဳးဂေ့ဟ့ဳယ်။ အယ်ဘီးန
တဗဲ့တော်လေဟ့ဳ ကြွင်းကျန်လေဟ့ဳ ကော့-က်သီးလိုက်ဟ့ူဇာ ခွန်နေ့တောန်းပ့ုလဲ့
ရဂေ့လေဟ့ဳယ်။
38 စားဟ့ူသူလေဟ့ဳ မီးမန သားဂန်းဟ့ဳးလေပါဘဲန ယော့-က်ကျားလေဘဲ့ ၄,၀၀၀
ရှိဟ့ဳယ်။
39 အယ်ဘီးန ယေရှုဟ့ဳ လူလေဟ့ဳ ပ့ုလန်လွတ်ဘီးန လေ့စီးဘီး မာဂဒလဝါဟ့ဳ
ကြွဟ့ဳးတော်မူဟ့ဳယ်။

16

နိမိတ်လတ်ခဏာဟ့ဳ တောန်းဆိုဟ့ူကြောန်း
(မာကု ၈.၁၁-၁၃; လုကာ ၁၂.၅၄-၅၆)

1 ဖာရိရှဲတချို့န ဇဒ္ဒုကဲတချို့ဟ့ဳ ယေရှုဟ့ဳ စမ်းသပ်ရှင်ဂေ့ဟ့ူကြောန့် နားဟ့ဳ
လာဂေ့ဘီးဟ့ဳ "ကောန်းဂန်ဘောင်ဟ့ဳ နိမိတ်လတ်ခဏာဟ့ဳ ပြပေးတော်မူပါ" ဆိုဘီး
တောန်းဆိုဂေ့လေဟ့ဳယ်။
2 အယ်ဘေမဲ့ ယေရှုဟ့ဳ "နန်းနို့လေဟ့ဳ နေဝမ်ဟ့ူ ခီမာ 'ကောန်းဂန်ဟ့ဳ နီနေဟ့ဳယ်
ဆိုဟ့ဳ ရာသီဥတု သာယာလေ့မယ်' ဆိုဘီး ပြောတတ်လေဟ့ဳယ်။
3 အယ်ဘီးဟ့ဳ မိုးလန်းစောစောဂီးမာလည်း 'ကောန်းဂန်ဟ့ဳ နီဘီး မှောန်နေကြောန့်
အယ်နေ့ မုန်တိုင်းတိုက်လေ့မယ်' ဆိုဘီး ပြောတတ်ဂေ့လေဟ့ဳယ်။ နန်းနို့လေဟ့ဳ
ကောန်းဂန် ခြေနေကေ့ဘီးဟ့ဳ ရာသီဥတုဟ့ဳ ခန့်မှန်းနိုင်ဟ့ဳယ်။ အယ်ဘေမဲ့ နန်းနို့ဟ့ဳ
အယ်ကပ်ကာလရဲ့ နိမိတ်လတ်ခဏာလေဟ့ဳ ပိုင်းခြားနိုင်ဂေ့ဟ့!*
4 ဆိုးညစ်ဘီး ဖောက်ပ့ုလန်ဟ့ူအမျိုးဟ့ဳ နိမိတ်လတ်ခဏာ တောန်းဟ့ူလည်းဘဲ့၊
ယောနရဲ့ နိမိတ်လတ်ခဏာဟ့ဳလွဲဘီး ဖယ်မျိုးနိမိတ်လတ်ခဏာလေဟ့ဳမှ ပြဟ့ဳမူဟ့!"
ဆိုဘီး မိန့်တော်မူလေဟ့ဳယ်။
အယ်ဘီးန ကိုယ်တော်ဟ့ဳ အယ်သူလေနားဟ့ဳနေ ထွပ်ဟ့ဳးလေဟ့ဳယ်။

ဖာရိရှဲန ဇဒ္ဒုကဲလေရဲ့ တဆေးကြောန်း
(မာကု ၈.၁၄-၂၁)

5 တဗဲ့တော်လေဟ့ဳ အိုင်ရဲ့ဟ့ဳဖတ်ကမ်းဟ့ဳ ကူးဟ့ဳးခီမာ စားဇာလေဟ့ဳ
ယူလာဟ့ဳတွပ် မေ့ဟ့ဳးဂေ့လေဟ့ဳယ်။
6 ယေရှုဟ့ဳ "နန်းနို့လေဟ့ဳ ဖာရိရှဲန ဇဒ္ဒုကဲလေရဲ့ တဆေးဟ့ဳ ဒိထားဘီး ရှောန်ဂေ့ပါ"
ဆိုဘီး မိန့်တော်မူလေဟ့ဳယ်။
7 တဗဲ့တော်လေဟ့ဳ "နို့လေဟ့ဳ စားဇာသယ်လာဘဲဟ့ဳကြောန့် အယ်မျိုး
မိန့်တော်မူဇာဖြစ်ဟ့ဳယ်" ဆိုဘီး သူးနို့ရှင်းရှင်း ပြောဆိုဂေ့လေဟ့ဳယ်။

16:1 ၁၆.၁ မ ၁၂.၃၈; လု ၁၁.၁၆ * **16:3 ၁၆.၃** အချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၂-၃ မာ ယေရှုရဲ့
စကား မေ့ဟ့ဳ။ **16:4 ၁၆.၄** မ ၁၂.၃၉; လု ၁၁.၂၉ **16:6 ၁၆.၆** လု ၁၂.၁

8 အယ်မျိုး ပြောနေဂေ့ဟူဇာဟို့ ယေရှုသိတော်မူဟူ ခီမာ “ယောင်ကြည်ရှင်း
အားနဲဟူလူလေ! နန်းနို့လေဟှာ စားဇာပါလာဘဲဟူ ကြောန်းဟို့ ဖြားဖြစ်ကြောန့်
ဆွေးနွေး ပြောဆိုနေဂေ့နူး။
9 နန်းနို့လေဟှာ ခုခီထိ နားလည်သေးဟှလော။ မုငါးလောင်းဟို့ လူ ၅,၀၀၀ စားဘီး၊
ဖယ်လော့-က်တောန်း ကော့-က်သီးရဂေ့ဟူဇာန၊
10 မုခွန်နစ်လောင်းဟို့ လူ ၄,၀၀၀ စားဘီး၊ ဖယ်လော့-က်တောန်း
ကော့-က်သီးရဟူဇာဟို့ မှတ်မိဂေ့ဟှမ်းလော။
11 မုကြောန်းဟို့ နန်းနို့လေဟို့ ပြောနေဇာ မှုဟှ ဆိုဇာဟို့ ဖြားဖြစ်ကြောန့်
နန်းနို့နားလည်ဂေ့ဘဲနေနူး၊ ဖာရိရှဲန ဇဒ္ဒုကဲလေရဲ့ တဆေးဟို့ ဒိနရှောန်ဂေ့!” ဆိုဘီး
မိန်တော်မူဟှယ်။
12 အယ်ဘီးန တဗဲတော်လေဟှာ မုမာသောင်းပြုဟူ တဆေးဟို့ ရှောန်ရဟို့မူဘဲန
ဖာရိရှဲန ဇဒ္ဒုကဲလေရဲ့ သြဝါဒဟို့ ဒိထားဟို့ မိန့်တော်မူကြောန်း နားလည်ဟှားဂေ့ဟှယ်။

ယေရှုဟှာ ခရစ်တော်ဖြစ်ကြောန်းဟို့ ပေတရုဝန်ခံဟူကြောန်း
(မာကု ၈.၂၇-၃၀; လုကာ ၉.၁၈-၂၁)

13 ယေရှုဟှာ ကဲသရိဖိလိပ့ပိနယ်ဟို့ ကြွဟှားဘီး အယ်နေရာမာ တဗဲတော်လေဟို့
“လူလေဟှာ လူ့ရဲ့သားဟို့ ဖယ်သူဖြစ်ဟှယ် ဆိုဘီး ပြောဆိုဂေ့နူး” ဆိုဘီး
မေးတော်မူလေဟှယ်။
14 “တချို့လူလေဟှ ကိုယ်တော်ဟှာ ဗတ္တိဇံယောဟန်ဖြစ်ဟှယ်။ တချို့ဟှ
ဧလိယဖြစ်ဟှယ်။ တချို့လေဟှ ယေရမိ မှုဘဲနေဟှာ ပရောဖက်ဖြစ်ဟှယ် ဆိုဘီး
ပြောဂေ့ပါဟှယ်” ဆိုဘီး လျှော့-က်ဂေ့လေဟှယ်။
15 ကိုယ်တော်ဟှ “နန်းနို့လေဟှမား ငါ့ဟို့ ဖယ်သူဖြစ်ဟှယ် ဆိုဘီး ပြောဂေ့နူး” ဆိုဘီး
မေးတော်မူဟှယ်။
16 ရှိမုန်ပေတရုဟှ “ကိုယ်တော်ဟှာ သတ်ရှင်တော်မူဟူ ဘုရားသခင်ရဲ့
သားတော်ဖြစ်ဟူ ခရစ်တော်ဖြစ်ပါဟှယ်” ဆိုဘီး လျှော့-က်ဟှယ်။
17 ယေရှုဟှ “ယောနရဲ့သားရှိမုန်! နန်ဟှာ မင်္ဂလာရှိလေဟှယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ အယ်မူဇာဟို့ ဇာတိသွီးသားဟှ နန့်ဟို့ ဖွမ့်ပြလိုက်ဇာ မှုဟှ။
ကောန်းဂန်ဘောင်မာ ရှိတော်မူဟူ ငါ့ဖဟှာ ဖွမ့်ပြတော်မူဟှယ်။
18 အယ်ကြောန့် ငါပြောမယ်၊ နန်ဟှာ ပေတရု ဖြစ်ဟှယ်။ အယ်ကျလော့-က်ထတ်မာ
ငါ့သင်းတော်ဟို့ ငါတည်ဆော့-က်မယ်။ မရဏာနိုင်ငံရဲ့ ခွမော့-က်ဝဟှာ
အယ်သင်းတော်ဟို့ နိုင်စေရဟှ။
19 ငါဟှာ နန့်ဟို့ ကောန်းဂန်နိုင်ငံရဲ့ သော့လေဟို့ ပေးအပ်မယ်။ နန်ဟှာ မှုလေဂီးမာ
ချည်နှောန်ဟူမျှဟို့ ကောန်းဂန်မာ ချည်နှောန်ခံရလေ့မယ်။ မှုလေဂီးမာ
ဖြေလွတ်ဟူမျှဟို့ ကောန်းဂန်မာ ဖြေလွတ်ခံရလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

16:9 **၁၆.၉** မ ၁၄.၁၇-၂၁ **16:10** **၁၆.၁၀** မ ၁၅.၃၄-၃၈ **16:14** **၁၆.၁၄** မ ၁၄.၁,၂; မာ ၆.၁၄,၁၅; လု ၉.၇,၈ **16:16** **၁၆.၁၆** ယော ၆.၆၈,၆၉ **16:19** **၁၆.၁၉** မ ၁၈.၁၈; ယော ၂၀.၂၃

20 အယ်ဘီးန ယေရှုဟု မိမိဟာ ခရစ်တော် ဖြစ်ဟုယ် ဆိုဇာဟို့ ဖယ်သူလေဟို့လည်း
ပြောဘဲဟို့တွပ် တဗဲတော်လေဟို့ မိန့်ပေးလေဟုယ်။

ကိုယ်တော်ရဲ့ ဝေဒနာန သေခံရဟူကြောန်း
(မာကု ၈.၃၁—၉.၁: လုကာ ၉.၂၂-၂၇)

21 ယေရှုဟု "ငါဟာ ယေရုရှလင်မြို့ဟို့ သွားရမယ်။ အယ်ဘီးဟာ ဘာသာရေး
ခေါန်းဆောန်လေ၊ ယဇ်ပုရောဟိတ်ဂီးလေန ကျမ်းပြုဆရာလေရဲ့ လတ်မာ
ဝေဒနာဘောင်ဂီး ခံရလေ့မယ်။ ငါဟာ သေသတ်ခံရလေ့မယ်။ အယ်ဘေဗဲ့
သောင်းရစ်မြော့-က်ဟူ နေ့မာ ထမြော့-က်လေ့မယ်" ဆိုဘီး အယ်ခီဟုနေစဘီး
တဗဲတော်လေဟို့ ဖော်ပြလေဟုယ်။

22 ပေတရုဟု ကိုယ်တော့်ဟို့ ဘေးနားဟို့ ခေါ်ဘီးဟာ "သခင်၊ အယ်မျိုးမူရာလေဟို့
ကိုယ်တော်နလွဲပါစေ! ကိုယ်တော့်ဟို့ အယ်မျိုးမူရာလေ လောင်းဝဖြစ်ပါစေန!" ဆိုဘီး
ပြစ်တန်ဘီး ပြောလေဟုယ်။

23 ယေရှုဟု လှည့်ကေ့ဘီး ပေတရုဟို့ "စာတန်၊ ငါ့နော့-က်ဟို့ဆို့! နန်ဟာ ငါ့တွပ်
ထိမိဘီးလဲဇာ ဖြစ်ဟုယ်။ ဖြားဖြစ်ကြောန်နူးဆိုဟာ နန်ဟာ
ဘုရားသခင်နဆိုင်ဟူဇာလေဟို့ စိစွဲလမ်းဘဲန မ့လေဂီးနဆိုင်ဟူဇာလေဟို့ဘဲ့
စိစွဲလမ်းဟုယ်" ဆိုဘီး မိန့်တော်မူလေဟုယ်။

24 အယ်ဘီးန ယေရှုဟု တဗဲတော်လေဟို့ "ဖယ်သူဘဲ့ဖြစ်ဖြစ် ငါ့နော့-က်ဟို့
လိုက်ရှင်ဟုယ် ဆိုဟာ ကိုယ့်ကိုယ်ကိုယ် ငြင်းပယ်ရမယ်။ ကိုယ့်ရဲ့ လတ်ဝါးကပ်တိုင်ဟို့
ထမ်းဘီးဟာ ငါ့နော့-က်ဟို့ လိုက်ရမယ်။

25 ဖယ်သူဘဲ့ဖြစ်ဖြစ် သူ့ရဲ့သတ်ဟို့ ကယ်တန်ရှင်ဟုယ် ဆိုဟာ
သတ်ရှောင်းရလေ့မယ်။ အယ်ဘေဗဲ့ ဖယ်သူဘဲ့ဖြစ်ဖြစ် ငါ့တွပ်န သတ်ရှောင်းဟုယ်
ဆိုဟာ သတ်ဟို့ ရလေ့မယ်။

26 လူဟာ လောက တခုလောင်းဟို့ ရရှိဟူလည်းဘဲ့ သူးနို့ရဲ့ သတ်ဝိညာဉ်
ဆောင်းရှောင်းဟာ်းမယ် ဆိုဟာ ဖြာကျိုးရှိမယ်နူး။ သူးနို့ဟာ ဖြားဇာလေဟို့ ပေးဘီး
သူးနို့ရဲ့ သတ်ဟို့ ပုလန်ဝီးနိုင်မယ်နူး။

27 ဖြားဖြစ်ကြောန်နူးဆိုဟာ လူ့ရဲ့သားဟာ သူ့ရဲ့ ကောန်းဂန်တမန်လေနတူးဒူ သူ့ဖရဲ့
ဖောင်းသရေတော်ဟို့ ဆောန်ဘီးဟာ ကြွလာတော်မူလေ့မယ်။ အယ်ဘီးဟာ
လူယော့-က်စီတိုင်းဟာ သူးနို့ရဲ့ လောက်ဆောင်ဟာ်းတိုင်း ကျိုးပြစ်ဟို့
ပေးတော်မူလေ့မယ်။

28 နန်းနို့လေဟို့ ငါ မှန်ပြောမယ်၊ အယ်နေရာမာ ရပ်နေဟူ လူလေထဲမာ လူသားဟာ
သူ့ရဲ့နိုင်ငံတော်နန ကြွလာတော်မူဇာဟို့ ဗြင်ရဘဲန သေရဟို့ မှုဟု" ဆိုဘီး
မိန့်တော်မူလေဟုယ်။

16:24 ၁၆.၂၄ မ ၁၀.၃၈; လု ၁၄.၂၇ **16:25 ၁၆.၂၅** မ ၁၀.၃၉; လု ၁၇.၃၃; ယော ၁၂.၂၅ **16:27 ၁၆.၂၇**
က မ ၂၅.၃၁; **ခ** ရော ၂.၆

17

ပေါင်သဏ္ဌာန် ပုလောန်းလဲတော်မူဟူကြောင်း
(မာကု ၉.၂–၁၃; လုကာ ၉.၂၈–၃၆)

1 ခြေ့-က်ရစ်ကြာဘီးန ယေရှုဟှာ ပေတရု၊ ယာကုပ်၊ ယာကုပ်ရဲ့ညီ
ယောဟန်လေဟှိ ခေါ်ဘီးဟှာ တောန်ထတ်ဟှိ ကြွဟှားလေဟှယ်။
2 သူးနို့လေရှေ့မာ ကိုယ်တော်ရဲ့ ပေါင်သဏ္ဌာန်တော်ဟှာ ပုလောန်းလဲဟှားဘီး
မျစ်နှာတော်ဟှာ နေရောန်မျိုးဘဲ့ တော့-က်ပနေလေဟှယ်။ ဝတ်တော်ဟှလည်း
လန်းရောန်မျိုး ဖှလူဆွတ်ဆွတ် ဖြစ်လာဟှယ်။
3 အယ်ဘီးန မောရှေန ဧလိယဟှာ ပေါ်လာဘီး ယေရှုန စကားပြောနေဇာဟှိ
ဖြင်ရလေဟှယ်။
4 အယ်ကြောန့် ပေတရုဟှ ယေရှုဟှိ "သခင်၊ အယ်နေရာဟှာ ကျွန်တော်ဟှားလေတွပ်
ရရာတိုင်းဘဲ့ ကောန်းပါဟှယ်! ကိုယ်တော် လိုတော်ရှိဟှယ် ဆိုဟှာ ကိုယ်တော်တွပ်
တဲတဆောန်၊ မောရှေတွပ် တဆောန်န ဧလိယတွပ် တဆောန်၊ တဲသောင်းဆောန်ဟှိ
ကျွန်တော်ဆော့-က်ပါမယ်" ဆိုဘီးဟှာ လျော့-က်လေဟှယ်။
5 ပေတရု လျော့-က်နေဟှ ခီမာဘဲ့ တော့-က်ပဟှ မိုးတီတခုဟှာ သူးနို့လေထတ်ဟှိ
လွှမ်းမိုးလာဘီး "အယ်သူဟှာ ငါနှစ်သက်မြတ်နိုးဟှ ငါရဲ့ ရှစ်ဟှသား ဖြစ်ဟှယ်။
သူ့ရဲ့စကားဟှိ နားထောန်ဂေ့ပါ!" ဆိုဘီး မိုးတီထဲဟှ သံတော်ဟှိ ကြားရလေဟှယ်။
6 အယ်သံတော်ဟှိ တမဲ့တော်လေ ကြားရဟှ ခီမာ ရရာတိုင်း ကြော့-က်လန့်ဂေ့ဘီး
သူးနို့ဟှာ မ့လေဂီးမာ ဝပ်နေဂေ့ဟှယ်။
7 ယေရှုဟှာ သူးနို့လေနားဟှိ ကြွလာဘီး သူးနို့လေဟှိ တို့လိုက်ဘီးဟှာ "ထဂေ့၊
ကြော့-က်ဂေ့န!" ဆိုဘီး မိန့်တော်မူလေဟှယ်။
8 သူးနို့လေလည်း မှော်ကေ့လိုက်ဟှ ခီမာ ယေရှုဟှလွဲဘီး ဖယ်သူဟှိလည်းဘဲ့
တွိဂေ့ဟှမ်း။
9 အယ်ဘီးန တောန်ထတ်ဟှနေ ဆင်းလာဟှ ခီမာ ယေရှုဟှ "နန်းနို့လေ ဖြင်လိုက်ဟှ
ရှုပါရောင်လေဟှိ လူရဲ့သားဟှာ သေရာဟှနေဘီး ထမြော့-က်ခန်ခီထိ ဖယ်သူဟှိလည်း
ပြောပြဂေ့န" ဆိုဘီး မိန့်တော်မူလေဟှယ်။
10 တမဲ့တော်လေဟှ "ဧလိယဟှာ ရင်ကြွလာရမယ် ဆိုဘီး ကျမ်းပြုဆရာလေဟှ
ဖြားဖြစ်ကြောန့် ပြောဟှားဂေ့နူး" ဆိုဘီး ယေရှုဟှိ မေးလျော့-က်ဂေ့ဟှယ်။
11 ယေရှုဟှ "ဧလိယဟှာ ရင်ဦးဆောင်း ကြွလာဘီး ရှိမျှဂူလောင်းဟှိ
ပုလန်ဘီးတည်ဆော့-က်ရမယ် ဆိုဇာ မှန်ဟှယ်။
12 နန်းနို့လေဟှိ ငါပြောမယ်။ ဧလိယဟှာ ကြွလာပီးဘီ။ လူလေဟှာ သူ့ဟှိသိဂေ့ဟှ။
အယ်ဘေမဲ့ လောက်ရှင်ဟှုတိုင်း လောက်ဂေ့လေဘီ။ အယ်မျိုးဘဲ့ လူ့ရဲ့သားဟှာလည်း
အယ်သူလေ လတ်ထဲမာ နှိစစ်ညှဉ်းဆဲခံရလေ့မယ်" ဆိုဘီး မိန့်တော်မူလေဟှယ်။

17:1 **၁၇.၁–၅** ၂ ပေ ၁.၁၇,၁၈ **17:5** **၁၇.၅** မ ၃.၁၇; ၁၂.၁၈; မာ ၁.၁၁; လု ၃.၂၂ **17:12** **၁၇.၁၂** မ ၁၁.၁၄

13 အယ်ဘီးန တဗဲတော်လေဟှလည်း ဗတ္တိဇံယောဟန် ကြောန်းဟို
မိန့်တော်မူနေဟှယ် ဆိုဇာဟို နားလည်ဂေ့ဟှယ်။

ကောန်သားထဲဟှ နတ်ဆိုးဟို နှန်ထုဟ္မကြောန်း
(မာကု ၉.၁၄-၂၉; လုကာ ၉.၃၇-၄၃က)

14 ကိုယ်တော်န တဗဲတော်လေဟှာ လူအောက်ဂီးနားဟို ရော့-က်လာခီမာ
လူတယော့-က်ဟှ ယေရှုရှေ့မာ ဒူးထော့-က်ဘီး
15 "သခင်၊ ကျွန်တော်ရဲ့ သားဟို သနားတော်မူပါ! သူဟှာ ဝပ်ရူးပှလန်ရောဂါစွဲဘီး
မီးထဲရေထဲဟို ခါဘီးခါ လဲက့လတတ်ပါဟှယ်။
16 ကိုယ်တော်ရဲ့ တဗဲတော်လေနားဟို ခေါ်လာဘေမဲ့ သူးနို့လေဟှာ သူဟို
ကျန်းမာပေးနိုင်ဂေ့ဟှ" ဆိုဘီး လျှော့-က်လေဟှယ်။
17 ယေရှုဟှ "ယောင်ကြည်ရှင်းမှေ့ဘဲန ဖော့-က်ပှလန်တတ်ဟ္မ လူလေ! ငါဟှာ
နန်းနို့လေနတူးဒူ ဖယ်မျကြောအောန် နေရဟို့နူး၊ နန်းနို့လေဟို ဖယ်မျကြောအောန်
သီးခံရအူးမယ်နူး၊ ကောန်သားဟို ငါ့နားဟို့ခေါ်လာဂေ့!" ဆိုဘီး မိန့်တော်မူလေဟှယ်။
18 ယေရှုဟှ နတ်ဆိုးဟို ထွပ်ဟှားဟို့ မိန့်ပေးလိုက်ဟ္မ ခီမာ နတ်ဆိုးဟှာ
အယ်မူကောန်သားထဲဟှနေ ထွပ်ဟှားလေဟှယ်။ အယ်ခီမာဘဲ့ အယ်ကောန်သားလည်း
ကျန်းမာဟှားလေဟှယ်။
19 အယ်ဘီးန တဗဲတော်လေဟှာ ယေရှုနားဟို သီးသန့်လာဂေ့ဘီး
"ကျွန်တော်ဟှားလေဟှာ အယ်နတ်ဟို ဖြားဖြစ်ကြောန့် နှန်ထုနိုင်ဘဲနေပါနူး" ဆိုဘီး
မေးလျှော့-က်ဂေ့ဟှယ်။
20 ကိုယ်တော်ဟှ "နန်းနို့လေဟှာ ယောင်ကြည်ရှင်း မှေ့ဘဲကြောန့်ဖြစ်ဟှယ်။ ငါ
မှန်ပြောမယ်။ နန်းနို့လေဟှာ မုညင်းစေ့မျလော့-က်ဘဲ့ ယောင်ကြည်ရှင်းရှိမယ် ဆိုဟှာ
'အယ်တောန်ဟို အယ်နေရာဟှရွေ့!' ဆိုဘီး ပြောလိုက်ဟ္မန အယ်တောင်ဟှာ
ရွေ့ဟှားလေ့မယ်။ နန်းနို့တွပ် ဖြစ်နိုင်ဘဲဇာလေ မှေ့ဟှ!"
21 *

သေခံရဟို့တွပ် ထပ်ဘီးပြောဟ္မကြောန်း
(မာကု ၉.၃၀-၃၂; လုကာ ၉.၄၃ခ-၄၅)

22 သူးနို့ဟှာ ဂါလိလဲပြည်မာ ရှိနေခီမာ ယေရှုဟှ "လူ့ရဲ့သားဟို လူလေရဲ့ လတ်ထဲဟို
အပ်ဂေ့လေ့မယ်။
23 သူးနို့လေဟှာ လူ့ရဲ့သားဟို သတ်ဂေ့လေ့မယ်။ သောင်းရစ်မြော့-က်ဟ္မ နေ့မာ
သူဟှာ ထမြော့-က်လေ့မယ်" ဆိုဘီး တဗဲတော်လေဟို့ မိန့်တော်မူလေဟှယ်။
တဗဲတော်လေဟှလည်း ရရာတိုင်း ဝန်းနံဂေ့လေဟှယ်။

ဗိမာန်တော် ခွန်ပေးဆောန်ဟ္မကြောန်း

17:20 ၁ဂှ.၂၀ မ ၂၁.၂၁; မာ ၁၁.၂၃; ၁ ကော ၁၃.၂ * **17:21 ၁ဂှ.၂၁** တချို့ မူရင်းလတ်ရေးမူလေမာ
ခန်းငယ် ၂၁ ဟို့၊ အယ်ဘေမဲ့ ဆုတောန်းဇာန စာရှောန်ဇာတခုဒဲဘဲ့ အယ်နတ်ဟို့ နှန်ထုနိုင်ဟှယ်၊ ဖြားဇာမျိုးလည်း
တတ်နိုင်ဂေ့ဟှ၊ ဆိုဘီး ထပ်ပေါန်းထဲ့ဟှားဟှယ် (ရှု မာ ၉.၂၉)။

24 ကပေရနောင်ဗြို့ဟို့ သူးနို့ရော့-က်လာဟူ ခီမာ ဗိမာန်တော်
ခွန်ကော့-က်မားလေဟှာ ပေတရုနားဟို့ လာဘီး “နန့်ရဲ့ ဆရာဟှာ ဗိမာန်တော်ခွန်ဟို့
ပေးဘဲ့လော” ဆိုဘီး မေးဂေ့ဟှယ်။
25 ပေတရုဟှ “ပေးပါဟှယ်” ဆိုဘီး ဖြေလေဟှယ်။
ပေတရုဟှ အီဆဲဟို့ ဝမ်လာခီမာ ယေရှုဟှ “ရှိမုန်၊ နန်ဖယ်မျိုးထန်နူး။
လောကမာရှိဟူ မန်းဂီးလေဟှာ ဖယ်သူနားဟှနေ ခွန်ကော့-က်ဂေ့နူး။ သူးနို့သားလေ
နားဟှလော။ ခြားသူလေ နားဟှလော” ဆိုဘီး မေးလေဟှယ်။
26 ပေတရုဟှ “ခြားသူလေဘဲ့ ပေးရပါဟှယ်” ဆိုဘီး ပ့လန်လျော့-က်လေဟှယ်။
ယေရှုဟှ “အယ်ဆိုဟှာ သားလေဟှာ ကန်းလွတ်ခွမ့်ရဂေ့ဟှယ်။
27 အယ်ဘေမဲ့ အယ်သူလေဟို့ မှားယွင်းစေရှင်ဟှ။ အယ်ကြောန့် အိုင်ထဲဟို့
သွားဘီးဟှာ ငါးဟို့များလော။ ရင်ဦးဆောင်းရလာဟူ ငါးဟို့ ယူဘီးဟှာ ဇပ်ပေါ့-က်ဟို့
ဖွမ့်လိုက်ပါ။ ငွေဒင်္ဂါးတပ့လားဟို့ တွိရလေ့မယ်။ အယ်ဒ်ဂါးဟို့ ယူဘီးဟှာ နန့်နငါ့တွပ်
ဗိမာန်တော်ခွန်ဟို့ ပေးလိုက်ပါ” ဆိုဘီး မိန့်တော်မူလေဟှယ်။

18

ဖယ်သူဟှာ ကီးမြတ်ဆောင်းနူး
(မာကု ၉.၃၃-၃၇; လုကာ ၉.၄၆-၄၈)

1 အယ်ခီမာ တဗဲ့တော်လေဟှ ယေရှုနားဟို့ လာဂေ့ဘီးဟှာ “ကောန်းဂန်နိုင်ငံတော်မာ
ဖယ်မျိုးသူဟှ ကီးမြတ်ဆောင်းနူး” ဆိုဘီး မေးလျော့-က်ဂေ့လေဟှယ်။
2 ယေရှုဟှ သားဂန်းတယော့-က်ဟို့ သူနားဟို့ခေါဘီးဟှာ တဗဲ့တော်လေရှေ့မာ
ရပ်ခိုင်းလေဟှယ်။
3 အယ်ဘီးန ကိုယ်တော်ဟှ “ငါ မုန်ပြောမယ်၊ နန်းနို့လေ ပ့လောန်းလဲဘီးဟှာ
အယ်သားဂန်းဟှားမျိုး ဖြစ်ဘဲဟှ ဆိုဟှာ ကောန်းဂန်နိုင်ငံတော်ဟို့ ရော့-က်ရဟို့ မှုဟှ။
4 အယ်ကြောန့် အယ်သားဂန်းမျိုး စိန့်ခ့လဟူသူဟှာ ကောန်းဂန်နိုင်ငံတော်မာ
ကီးမြတ်ဆောင်း ဖြစ်ဟှယ်။
5 ငါ့နာမဟို့ ထော့-က်ဘီးဟှာ အယ်မျိုး သားဂန်းဟှား ယော့-က်ယော့-က်ဟို့
လတ်ခံသူဟှာ ငါ့ဟို့ လတ်ခံဇာဘဲ့ ဖြစ်လေဟှယ်။

ပြစ်သွီးဆောန်ဟူကြောန်း
(မာကု ၉.၄၂-၄၈; လုကာ ၁၇.၁,၂)

6 “ငါ့ဟို့ ယောင်ကြည်ဟူ အယ်မူသားဂန်း ယော့-က်ယော့-က်ဟို့ မှားယွင်းစေသူဟှာ
လည်ဘန်းမာ ကွလော့-က်ကွလိဆောင်နခယ်ဘီး ပန်လယ်ထဲဟို့ ပစ်ခ့လခံရဟူဇာဟှ
ပိုဘီး ကောန်းလေ့မယ်။

18:1 **၁၈.၁** လု ၂၂.၂၄ **18:3** **၁၈.၃** မာ ၁၀.၁၅; လု ၁၈.၁၇

7 မှားယွင်းတတ်ဟူကြောင်းလေ ရှိဟိုကြောင့် လောကီသားလေဟူ အမင်္ဂလာရှိဟုယ်!
မှားယွင်းတတ်ဟူကြောင်းလေ ရှိရမယ်။ အယ်ဘေမဲ့လည်း မှားယွင်းတတ်ဟူ
ကြောင်းရာလေဟို ဖြစ်စေဟူသူဟူ အမင်္ဂလာရှိဟုယ်!
8 "နှန့်ရဲ့ခေ၊ နှန့်ရဲ့လတ်ဟူ နှန့်ဟို မှားယွင်းစေဟုယ် ဆိုဟူ အယ်ခေ၊ အယ်လတ်ဟို
ခွတ်ဖြတ်ပစ်ပါ! ထာဝရရဲမီးထဲဟို ခေလတ်ဇောင်နှ ပစ်ခ့လခံရထတ် ခေလတ်မွေ့ဘဲန
သတ်ရှင်ဇာဟို ဝမ်စားရဟူဇာဟု ပိုကောန်းဟုယ်။
9 နှန့်ရဲ့ မျစ်စိဟုလည်း နှန်းနို့ဟို မှားယွင်းစေဟုယ် ဆိုဟူ မျစ်စိဟို ဖော့-က်ပစ်ပါ!
မျစ်စိနှေ့ဖတ်ဇောင်နှ ငရဲထဲဟို ပစ်ခ့လခံရဟူထတ် မျစ်စိတဖတ်နှ သတ်ရှင်ဇာဟို
ဝမ်စားရဟူဇာဟု ပိုကောန်းဟုယ်။

ပျော့-က်ဟူသိုးရဲ့ ပေါင်ဥပမာကြောင်း
(လုကာ ၁၅.၃-၇)

10 "နှန်းနို့လေဟူ ဖယ်မူသားဂန်းဟိုမှလည်း ထီမဲ့မြင်လော့-က်မိဘဲ့နေအောန်
ဒိထားဂေ့ပါ၊ နှန်းနို့လေဟို ငါပြောဟုယ်။ အယ်သားဂန်းလေရဲ့ ကောန်းဂန်တမန်လေဟူ
ကောန်းဂန်ဘောင်မာ ရှိတော်မူဟူ ငါ့ဖရဲ့ မျစ်နှာတော်ဟို မြဲဒမ်း ဖူးမြင်ရဂေ့ဟုယ်။
11 ([11]) *
12 "နှန်းနို့လေဟူ ဖယ်မျိုးထန်မှတ်ဂေ့နူး။ လူတယော့-က်မာ သိုးကောန် ၁၀၀ ရှိဘီး
သိုးတကောန်ဟူ ပျော့-က်ဟူးမယ် ဆိုဟူ ကျန်နေဟူ ၉၉ ကောန်ဟို တောန်ထတ်မာ
ထားရစ်ဘီးဟူ ပျော့-က်နေဟူ သိုးတကောန်ဟို လိုက်ရှာတတ်ဟုယ် မူဟုလော။
13 ရှာဟိုတွိဟူ ခီမာ လမ်းလွဲဘီး ပျော့-က်ဘဲ့နေဟူ ကိုးဆယ်ကိုးကောန်ထတ်
ပ့လန်တွိဟူ သိုးတကောန်တွပ် ပိုဘီး ဟူ ဝန်းသာဟုယ် ဆိုဘီး ငါ မှန်တိုင်းပြောဟုယ်။
14 အယ်မျိုးဘဲ့ ကောန်းဂန်ဘောင်မာ ရှိတော်မူဟူ နှန်းနို့† ဖလည်း အယ်မူသားဂန်း
တယော့-က်ဟိုမှ ပျစ်စီးစေဟို့တွပ် လိုတော်မွေ့ဟူ။

ပြစ်မှားဟူ ယောင်ကြည်သူကြောင်း

15 "အယ်ကြောင့် ညီကို မောန်နှမဟူ နှန့်ဟို ပြစ်မှားဟုယ် ဆိုဟူ‡ သူ့ပြစ်ဟို
ဖော်ပြပေးဟို့တွပ် သူ့နားဟို သွားပါ။ အယ်ဘေမဲ့ နှေ့ယော့-က်ဒဲတွိဘီး သူ့ပြစ်ဟို့
ဖော်ပြပါ။ နှန့်စကားဟို သူနားထောန်ဟုယ် ဆိုဟူ နှန်းနို့ဟူ သူ့ဟို့ ပ့လန်ရလေဘီ။
16 အယ်ဘေမဲ့ နှန့်ရဲ့ စကားဟို့ နားထောန်ဟု ဆိုဟူ သူ့စကားဟို့ တည်ဖြစ်စေဟို့တွပ်
ကျမ်းစာမာ ပြောဟူးဟူတိုင်း သိသတ်သေ နှေ့ယော့-က်၊ သောင်းယော့-က်ဟို့ ခေါ်ပါ။
17 အယ်သူဟူ နားထောန်ဟို့ ငြင်းဆန်နေဟုယ် ဆိုဟူ သင်းတော်ဟို့ တန်ပြပါ။
သင်းတော်ရဲ့ စကားဟို့လည်း သူနားထောန်ဟု ဆိုဟူ တခြားဘာသာဟု

18:8 ၁၈.၈ မ ၅.၃၀ **18:9 ၁၈.၉** မ ၅.၂၉ **18:11 ၁၈.၁၁** လု ၁၉.၁၀ * **18:[11] ၁၈.၁၁** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၁၁ ဟို၊ လူ့ရဲ့သားဟူ ပျော့-က်ဆောင်းနေဟူ သူလေဟို့ ကယ်တန်ဟို့တွပ် ကြွလာဇာဖြစ်လေဟုယ်၊ ဆိုဘီး ထပ်ပေါန်းထဲ့ဟူးဟုယ် (ရှု လု ၁၉.၁၀)။ † **18:14 ၁၈.၁၄** နှန်းနို့၊ တချို့ မူရင်းလတ်ရေးမူလေမာ ငါ၊ ဆိုဘီး ရှိဟုယ်။ **18:15 ၁၈.၁၅** လု ၁၇.၃ ‡ **18:15 ၁၈.၁၅** တချို့ မူရင်းလတ်ရေးမူလေမာ နှန့်ဟို့ ပြစ်မှားဟုယ် ဆိုဟူ၊ ဆိုဇာဟူ မွေ့ဟူ။

လူတယော့-က်မျိုးဘဲဖြစ်ဖြစ် အယ်မျိုးမူဘဲနေဟှာ ခွန်ကော့-က်မား
တယော့-က်မျိုးဘဲ့ အယ်သူဟို့ သတ်မှတ်ဂေ့ပါ။

တားမြစ်ဟူဇာန ခွမ့်ပြုဟူဇာကြောန်း

18 “ငါ မှန်ပြောမယ်၊ နန်းနို့လေဟှာ မ့္လေဂီးထတ်မာ ချည်နှောင်ဟူမျှဟှာ
ကောန်းဂန်ဘောင်မာ ချည်နှောင်လေ့မယ်။ မ့္လေဂီးထတ်မာ ဖြေလွှတ်ဟူမျှဟှာ
ကောန်းဂန်ဘောင်မာ ဖြေလွှတ်လေ့မယ်။

19 “နော့-က်ထပ် ငါ မှန်ပြောမယ်။ မ့္လေဂီးထတ်မာ လူနှေ့ယာ့-က် ဘောတူဘီး
ဆုတောန်းဟှယ် ဆိုဟှာ နန်းနို့တောန်းဟူမျှဟို့ ကောန်းဂန်ဘောင်ဟှ ငါ့ဖဟှာ
ပေးတော်မူလေ့မယ်။

20 ဖြားဖြစ်ကြောန့်နူးဆိုဟှာ လူနှေ့ယော့-က်၊ သောင်းယော့-က်ဟှာ ငါ့ရဲ့ နာမဟို့
အားကိုးဘီး စုဝေးနေဟူ နေရာလေမာ ငါဟှာ သူးနို့နတူးဒူး ရှိနေမယ်။”

ခွမ့်လွှတ်ဘဲနေဟူ ကျွန်ရဲ့ ပေါင်ဥပမာ

21 အယ်မူဒီမာ ပေတရုဟှ ယေရှုနားဟို့ လာဘီး “သခင်၊ ညီကို မောန်နမဟှ
ကျွန်တော်ဟို့ ပြစ်မှားဟှယ် ဆိုဟှာ သူ့ဟို့ ဖယ်မျှခါလော့-က် ခွမ့်လွှတ်ရမယ်နူး၊
ခွန်နစ်ခါလော့-က်ထိ ခွမ့်လွှတ်ရဟို့လော” ဆိုဘီး မေးလျှော့-က်လေဟှယ်။

22 ယေရှုဟှ “ခွန်နစ်ခါတိုင်အောန် ခွမ့်လွှတ်ရမယ် ဆိုဘီး ငါပြောဟှ။ ခါခွန်နစ်ဆယ်
ခွန်နစ်လီတိုင်အောန် (ခွန်နစ်ဆယ်ခွန်နစ်ခါ)§ ခွမ့်လွှတ်ရမယ် ဆိုဘီး ငါပြောလေဟှယ်။

23 အယ်ကြောန့် ကောန်းဂန်နိုင်ငံတော်ဟှာ သူ့ကျွန်လေရဲ့ စာရင်းဟို့ စစ်ဆေးဟူ
မန်းဂီးတပါးန တူလေဟှယ်။

24 စာရင်းယူဟူ ခဲမာ ကပ်သန်းပေါန်းများစွာ ကပ်ကွီးတန်နေဟူ လူတယော့-က်ဟို့
ခေါ်စေလေဟှယ်။

25 အယ်သူဟှာ ကပ်ကွီးဆပ်နိုင်ဘဲဟူကြောန့် သူ့သခင်ဟှ အယ်သူနတူးဒူ
သားမယား၊ အောက်စာ ပစ်စီးလေ ရှိဟူမျှဟို့ ရောန်းဘီးဟှာ ကပ်ကွီးဆပ်စေဟို့တွပ်
မိန့်ခွလမှတ်တော်မူဟှယ်။

26 အယ်ကျွန်ဟှလည်း မန်းဂီးရှေ့မာ ပျပ်ဝပ်ဘီး ‘ကျွန်တော်ဟို့ သီးခံတော်မူပါ။
ကပ်ကွီးရှိဟူမျှဟို့ ဆပ်ပါမယ်!’ ဆိုဘီး တောန်းဗန်လေဟှယ်။

27 အယ်စေခံရဲ့ သခင်ဟှလည်း သူ့ဟို့ သနားဟှကြောန့် ကပ်ကွီးရှိဟူမျှဟို့
လွှတ်ပေးဘီး သွားခွမ့်ပေးလေဟှယ်။

28 “အယ်ဘေမဲ့ အယ်ကျွန်ထွပ်ဟှားခဲမာ မိမိဒေနာရိတရာ ကပ်ကွီးတန်နေဟူ
ကျွန်တယော့-က်ဟို့ တွိလေဟှယ်။ သူဟှာ အယ်ကျွန်ရဲ့ လည်ဗန်းဟို့ ညှစ်ဘီး
ငါ့ကပ်ကွီးဟို့ ဆပ်ပေးပါ!” ဆိုဘီး တောန်းလေဟှယ်။

18:18 **၁၈.၁၈** မ ၁၆.၁၉; ယော ၂၀.၂၃ **18:21** **၁၈.၂၁,၂၂** လု ၁၇.၃,၄ § **18:22** **၁၈.၂၂** ခါခွန်နစ်ဆယ်ခွန်နစ်လီတိုင်အောန်၊ အယ်မျိုးမူဘဲနေဟှာ ခွန်နစ်ဆယ်ခွန်နစ်ခါ။

29 “အယ်ကျွန်ရှင်းရှင်းဟုလည်း ဒူးထော့-က်ဘီးဟာ ‘ကျွန်တော်ဟို့ သီးခံပေးပါ။
ကပ်ကွီးလေ ဂူလောင်းဟို့ ဆပ်ပေးပါမယ်!’ ဆိုဘီး တောန်းဗန်လေဟုယ်။
30 အယ်ဘေမဲ့ သူဟာ လတ်ခံဘဲန ကပ်ကွီးလေ ဆပ်ခန်ခီထိ ထောန်ထဲမာ
ချောက်ဟုးလေဟုယ်။
31 အယ်မူကြောန်းရာဟို့ တခြားကျွန်လေ ဖြင်သိရဟူ ခီမာ ရရာတိုင်း စိဆိုးဂေ့ဘီး
သူးနို့သခင်နားဟို့ သွားဘီးဟာ ဖြစ်ပျစ်ဟူ ကြောန်းရာလေဟို့ လျော့-က်ဂေ့လေဟုယ်။
32 အယ်ကြောန့် သခင်ဟု အယ်ကျွန်ဟို့ ခေါ်ဘီးဟာ ‘ဆိုးညစ်ဟူကျွန်! နန်ဟာ ငါ့ဟို့
တောန်းဗန်ဟိုကြောန့် ကပ်ကွီးလေ ဂူလောင်းဟို့ ခွမ့်လွတ်ပေးဟုးဟုယ်။
33 ငါဟာ နန့်ဟို့ သနားဟူမျိုးဘဲ့ နန်ဟာလည်း ကျွန်ရှင်းရှင်းဟို့ သနားသင့်ဟုယ်’
34 အယ်ဘီးန သူ့သခင်ဟု အယ်ကျွန်ဟို့ စိဆိုးဘီးဟာ ကပ်ကွီးလေ ဂူလောင်းဟို့
ဆပ်ပေးခန်ခီထိ ထောန်ထဲမာ ချောက်ဟုးစေ” ဆိုဘီး ပြောလေဟုယ်။
35 အယ်ဘီးန ယေရှုဟု “နန်းနို့လေလည်း နန်းနို့ရဲ့ ညီကို မောန်နှမလေဟို့
စိနှလောင်းထဲဟုနေ ခွမ့်လွတ်ဘဲဟု ဆိုဟာ ကောန်းဂန်ဘောင်ဟု ငါ့ဖလည်း
နန်းနို့လေဟို့ ခွမ့်လွတ်ပေးဟို့ မှုဟု” ဆိုဘီး မိန့်တော်မူလေဟုယ်။

19

လန်မယားကွာရှင်းဟူကြောန်း
(မာကု ၁၀.၁-၁၂)

1 အယ်မူတရားစကားလေဟို့ ယေရှုဟောပြောဘီးဟူ ခီမာ ဂါလိလဲပြည်ဟုနေ
ထွပ်ဟုးဘီး ယော်ဒန်မ့်လစ်ရဲ့ ဟို့ဖတ်ကမ်းမာရှိဟူ ယုဒပြည်ဟို့ ကြွတော်မူလေဟုယ်။
2 လူအောက်ဂီးဟာ ကိုယ်တော့်နော့-က်တော်ဟို့ လိုက်ဂေ့ဟူကြောန့် အယ်နေရာမာ
ကိုယ်တော်ဟာ သူးနို့ဟို့ ကျန်းမာစေတော်မူလေဟုယ်။
3 ဖာရိရဲတချို့ဟာ ကိုယ်တော်နားဟို့ လာဘီး “လူတယော့-က်ဟာ
ဖြားမျိုးကြောန်းပြချစ်နဘဲ့ဖြစ်ဖြစ် သူ့မယားဟို့ ကွာရှင်းဟို့တွပ်
ပညတ်တော်နညီဘဲ့လော” ဆိုဘီး စမ်းသပ်ရှင်ဟူကြောန့်ဟို့
မေးလျော့-က်ဂေ့လေဟုယ်။
4 ယေရှုဟု “ဖန်ဆင်းရှင်ဟာ စစဒူးဟု ယော့-က်ကျားန မီးမနှေ့ယော့-က်ဒဲဟို့ဘဲ့
ဖန်ဆင်းတော်မူဟုယ် မှုဟုလော။
5 ဘုရားသခင်ဟု ‘အယ်မူကြောန်းရာကြောန့် ယော့-က်ကျားဟာ ကိုယ့်မိဖဟို့ စွန့်ဘီး၊
ကိုယ့်မယားန ပေါန်းသင်းဘီး သူးနို့နှေ့ယော့-က်ဟာ တသားတကိုယ်ဒဲ
ဖြစ်ရဂေ့လေ့မယ်။’
6 အယ်ကြောန့် သူးနို့ဟာ နှေ့ယော့-က်မှုဘဲ့ တယော့-က်ဒဲဘဲ့ ဖြစ်ဂေ့ဟုယ်။
ဘုရားသခင်ဟု တူးဒူစောင်ဖတ်ပေးဟုးဇာဟို့ လူခွဲခွာစေန” ဆိုဘီး
မိန့်တော်မူလေဟုယ်။
7 ဖာရိရဲ့လေဟုလည်း “အယ်မျိုးဆိုဟာ ကွာရှင်းစာချောက်ဟို့ ပေးဘီး

19:7 ၁၉.၇ မ ၅.၃၁

မယားဟို့ကွာဟို့တပ် ဖြားဖြစ်ကြောန့် မောရှေဟ့ ပညတ်ဟ့ားနူး” ဆိုဘီး
မေးလ္ဝေ့-က်ဂေ့လေဟ့ယ်။
8 ကိုယ်တော်ဟ့ “နန်းနို့လေရဲ့ စိနလောင်းဟ့ာ ခိုင်မာဂေ့ဟို့ကြောန့် မောရှေဟ့ာ
နန်းနို့ရဲ့ မယားလေန ကွာရှင်းဟို့ ခွမ့်ပြုဟ့ားဟ့ယ်။ အယ်ဘေမဲ့ စဒူးဟ့
အယ်မျိုးခွမ့်ပြုချစ်မှေဟ့။
9 နန်းနို့ဟို့ ငါပြောမယ်။ တရားဘဲဟ့ မေထုန်ပြုဇာဟ့လွဲဘီး ကိုယ့်မယားဟို့
ကွာရှင်းဘီးဟ့ာ တခြားမီးမတယော့-က်န အီထောန်ပြုဟ့ူသူဟ့ာ
အီထောန်ရေးဖော့-က်ပ္လန်ရှင်းဟို့ ကျူးလွန်သူ ဖြစ်ဟ့ယ်” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။
10 တမဲ့တော်လေဟ့လည်း “လန်နမယား ပေါန်းသင်းမှုဟ့ာ အယ်မျိုးဖြစ်ဟ့ယ် ဆိုဟ့ာ
အီထောန်နေဘဲဇာဟ့ာ ပိုဘီး ကောန်းမယ်” ဆိုဘီး လ္ဝေ့-က်လေဟ့ယ်။
11 ကိုယ်တော်ဟ့လည်း “အယ်စကားဟို့ လူတိုင်းခံယူနိုင်ဟ့။ ဘုရားသခင်
ခွမ့်ပြုဟ့ူသူလေဘဲ့ ခံယူနိုင်လေဟ့ယ်။
12 တချို့လူလေဟ့ာ အီထောန်ပြုနိုင်စွမ်းမှေဘဲန မွီးလာဟ့ူ လူလေရှိဂေ့ဟ့ယ်။
လူလေကြောန့် အီထောန်ပြုနိုင်စွမ်းဟို့ စွန့်လွှတ်လိုက်ရဟ့ူ လူလေလည်း ရှိဂေ့ဟ့ယ်။
ကောန်းဂန်နိုင်ငံတော်တွပ် အီထောန်ပြုနိုင်စွမ်းဟို့ စွန့်လွှတ်လိုက်ရဟ့ူ
လူလေရှိဂေ့ဟ့ယ်။ အယ်စကားဟို့ ခံယူနိုင်ဟ့ူ သူလေဘဲ့ ခံယူပါစေ” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။

သားဂန်းလေဟို့ ကောန်းဂျီးပေးဟ့ူကြောန်း
(မာကု ၁၀.၁၃-၁၆; လုကာ ၁၈.၁၅-၁၇)

13 လူတချို့ဟ့ာ သားဂန်းလေဟို့ လတ်တန်ဘီးဆုတောန်းခံဟို့တပ် ယေရှုနားဟို့
ခေါ်ဆောန်လာဂေ့ကြောန့် တမဲ့တော်လေဟ့ ပြစ်တန်ဘီး ပြောဂေ့လေဟ့ယ်။
14 ယေရှုဟ့လည်း “သားဂန်းလေ ငါ့နားဟို့ လာပါစေ။ ဆီးတားဂေ့န။
ကောန်းဂန်နိုင်ငံတော်ဟ့ာ အယ်မျိုးသူလေရဲ့ နိုင်ငံဖြစ်လေဟ့ယ်” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။
15 ကိုယ်တော်ဟ့ာ သားဂန်းလေထတ်ဟို့ လတ်တန်ဘီးဟ့ာ အယ်နေရာဟ့နေဘီး
ကြွတော်မူလေဟ့ယ်။

ဌေးသားလူငယ်ကြောန်း
(မာကု ၁၀.၁၇-၃၁; လုကာ ၁၈.၁၈-၃၀)

16 လူတယော့-က်ဟ့ ယေရှုနားဟို့ လာဘီးဟ့ာ “ဆရာ၊ ထာဝရသတ်ဟို့ ရဟို့တပ်
ကျွန်တော်ဟ့ ကောန်းဟ့ူဇာလေဟို့ ဖယ်မျိုးလောက်ရဟို့နူး” ဆိုဘီး
မေးလ္ဝေ့-က်လေဟ့ယ်။

19:9 **၁၉.၉** မ ၅.၃၂; ၁ ကော ၇.၁၀,၁၁

17 ယေရှုဟုလည်း “ကောန်းဟူကျင့်န ပတ်သတ်ဘီးဟှာ ငါ့ဟို့ ဖြားဖြစ်ကြောန့်မေးနူး၊
ဘုရားသခင်တပါးဒဲဘဲ့ ကောင်းမြတ်တော်မူလေဟုယ်။ ထာဝရသတ်ဟို့ လိုရှင်ဟုယ်
ဆိုဟှာ ပညတ်တော်လေဟို့ စောန့်ထီးပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။
18 အယ်သူဟုလည်း “ဖယ်ပညတ်လေဟို့ စောန့်ထီးရဟို့နူး” ဆိုဘီး
မေးလျှော့-က်လေဟုယ်။ ယေရှုဟု “လူဟို့သတ်န၊ အီထောန်ရေးဖော့-က်ပ့်လန်န၊ ခိုးန၊
မှန်ဘဲဟူသတ်သေဟို့ခံန၊
19 မိနဖဟို့ ရိုသေပါ။ နန့်ရဲ့ အီဇနီးရှင်းဟို့ နန့်ကိုယ်နန် ရှစ်မျိုး ရှစ်ပါ” ဆိုဘီး
မိန့်တော်မူလေဟုယ်။
20 အယ်လူငယ်ဟုလည်း “ကျွန်တော်ဟှာ အယ်ပညတ်လေ ဂူလောင်းဟို့
စောန့်ထီးဟှားဟုယ်။ ဖြားဇာလောက်ဟို့လိုပါသေးနူး” ဆိုဘီး
ပ့်လန်လျှော့-က်လေဟုယ်။
21 ယေရှုဟုလည်း “နန်ဟှာ စောင်လင်ရှင်ဟုယ် ဆိုဟှာ သွားဘီးဟှာ နန့်မာရှိဟူ
ပစ်စီးအောက်စာလေ ဂူလောင်းဟို့ ရောန်းဘီးဟှာ ဆင်းရဲသားလေဟို့ ပေးပါ။
အယ်မျိုးဆိုဟှာ နန်ဟှာ ကောန်းဂန်ဘောင်မာရှိဟူ ဘဏ္ဍာဟို့ ရလေ့မယ်။ အယ်ဘီးမှ
ငါ့နော့-က်ဟို့ လိုက်ပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။
22 အယ်လူငယ်ဟှာ ပစ်စီးအောက်စာလေ ကြွယ်ဝဟူ သူဖြစ်ကြောန့် အယ်စကားဟို့
ကြားဟူ ခီမာ ဝန်းနဲ့ဟှားဘီး ထွပ်ဟှားလေဟုယ်။
23 အယ်န ယေရှုဟှ တဗဲ့တော်လေဟို့ “ငါ မှန်ပြောမယ်၊ ပစ်စီးအောက်စာ ကြွယ်ဝဟူ
သူလေဟှာ ဘုရားသခင်ရဲ့ ကောန်းဂန်နိုင်ငံတော်ဟို့ ဝမ်နိုင်ဟို့ ရရတိုင်း ခတ်လေဟုယ်။
24 ငါထပ်ပြောအူးမယ်။ ပစ်စီးအောက်စာ ကြွယ်ဝဟူ သူလေဟှာ ဘုရားသခင်ရဲ့
ကောန်းဂန်နိုင်ငံတော်ဟို့ ဝမ်နိုင်ဟို့ထတ် ကုလားအုတ်ဟှာ အပ်ခေါန်းပေါ့-က်ဟို့ လျှိုဟို့
ပိုဘီး လွယ်ကူဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
25 တဗဲ့တော်လေဟှာ အယ်စကားဟို့ ကြားဟူ ခီမာ သူးနို့ဟှာ ရရာတိုင်း
အံ့ဩြဟှားဘီး “အယ်ဆိုဟှာ ဖယ်သူလေဟှာ ကယ်တန်ဇာဟို့ ခံရနိုင်မယ်နူး” ဆိုဘီး
မေးလျှော့-က်ဂေ့လေဟုယ်။
26 ယေရှုဟှ သူးနို့လေဟို့ ကေ့ဘီးဟှာ “အယ်မှုဟို့ လူတတ်နိုင်ဟှ။ အယ်ဘေမဲ့
ဘုရားသခင်ဟှာ ဂူလောင်းဟို့ တတ်နိုင်တော်မူလေဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
27 အယ်ခီမာ ပေတရုဟှ “ကျွန်တော့်ဟှားလေမာ ရှိဟူမျှဟို့ စွန့်ဘီးဟှာ
ကိုယ်တော်နော့-က်ဟို့ လိုက်ဂေ့ဟုယ်။ အယ်ဆိုဟှာ ကျွန်တော့်ဟှားလေဟှာ
ဖြားဇာလေဟို့ ရမယ်နူး” ဆိုဘီးဟှာ မေးလျှော့-က်လေဟုယ်။
28 ယေရှုဟှ “ငါ မှန်ပြောမယ်၊ ကမ္ဘာသစ်မာ လူ့ရဲ့သားဟှာ ဖောင်းသရေတော်န
ပ့်လဲ့ဇောင်ဟူ ပလ္လင်ထတ်မာ ထိုင်တော်မူဟူ ခီမာ ငါ့နော့-က်ဟို့ လိုက်ဂေ့ဟူ
နန်းနို့လေဟှာ ပလ္လင်ဆယ့်နှေ့ခု ထတ်မာ ထိုင်ဘီး ဣသရေလလူမျိုး ဆယ့်နှေ့မျိုးဟို့
အောက်စိုးရလေ့မယ်။

19:28 **၁၉.၂၈ ၈** မ ၂၅.၃၁; **ခ** လု ၂၂.၃၀

29 ငါ့နာမကြောင့် အိမ်၊ လယ်၊ ညီကို၊ ညီမ၊ မိဖ၊ သားမယားဟို့ စွန့်ဟူလူတိုင်းဟာ
ဆတရာကျိုးဟို့ရဘီး ထာဝရသတ်ဟို့လည်း ရလေ့မယ်။
30 အယ်ဘေမဲ့ ဦးဆောင်းဖြစ်ဟူ လူလေဘောင်ဂီးဟာ နော့-က်ဆောင်းဖြစ်ဂေ့ဘီး
နော့-က်ဆောင်းဖြစ်ဟူ လူလေဘောင်ဂီးဟာ ဦးဆောင်းဖြစ်လေ့မယ်။

20

စဗျစ်ခြံလောက်သမားလေရဲ့ပေါင်ဥပမာ

1 “ကောန်းဂန်နိုင်ငံတော်ဟာ သူ့ရဲ့စဗျစ်ခြံတွပ် လောက်သမားလေဟို့ ဌားဟို့
မိုးလန်းစောစော ထွပ်ဟာ်းဟူ ခြံဇရှင်နတူလေဟုယ်။
2 သူဟု တနေ့ဟို့ ငွေဒန်းဂါးတပ္လားန ဌားဟို့ ဘောတူဘီးဟာ သူးနို့ဟို့
စဗျစ်ခြံထဲဟို့ စေလွတ်လေဟုယ်။
3 သူဟာ မိုးလန်း ကိုးနာရီ လော့-က်မာ ဆေးဟို့ ပ္လန်ထွပ်လာဇ
လောက်လောက်ဘဲန အယ်နေရာမာ ရပ်နေဟူ တခြားသူလေဟို့ တွိရလေဟုယ်။
4 အယ်ကြောင့် သူးနို့လေဟို့ ‘နန်းနို့လေလည်း သွားဘီး စဗျစ်ခြံထဲမာ
လောက်လောက်ဂေ့ပါ။ ထိုက်သင့်ဟူ လောက်အားခဟို့ ငါပေးမယ်’ ဆိုဘီး သူးနို့လေဟို့
ပြောလေဟုယ်။
5 အယ်ကြောင့် သူးနို့လေဟာ သွားဂေ့ဟုယ်။ အယ်ဘီးဟာ ဆယ်နှေ့နာရီန
သောင်းနာရီမာ တခါ ပ္လန်ဟို့ ထွပ်ဘီး လောက်သမားလေဟို့ ဌားလေဟုယ်။
6 နေဒန်ဇာ ငါးနာရီလော့-က်မာ သူဟာ ထွပ်ဟာ်းဟူ ခီမာ တခြားလူလေဟာ
အယ်နေရာမာဘဲ့ ရပ်နေဂေ့ဇာဟို့ တွိလေဟုယ်။ ‘နန်းနို့လေ ဖြားဖြစ်ကြောင့်
တနေ့လောင်း လောက်လောက်ဘဲန ရပ်နေဂေ့နူး’ ဆိုဘီး သူးနို့လေဟို့ မေးလေဟုယ်။
7 အယ်သူလေဟုလည်း ‘ကျွန်တော်ဟာ်းလေဟို့ ဖယ်သူလည်း ဌားဂေ့ဟု’ ဆိုဘီး
ပြောလေဟုယ်။ ခြံဇရှင်ဟု ‘နန်းနို့လည်း သွားဘီး ငါ့စဗျစ်ခြံမာ လောက်လောက်ဂေ့ပါ’
ဆိုဘီး ပြောလေဟုယ်။
8 “ညဥ့်ခန်းဖတ်ရော့-က်ဟူ ခီမာ စဗျစ်ခြံဇရှင်ဟု ‘လောက်သမားလေဟို့ ခေါ်ဘီး
နော့-က်ဆောင်းဌားဟူ သူလေဟုစဘီး ဦးဆောင်းဌားဟူ သူလေထိ
လောက်အားခရှင်းပေးလိုက်’ ဆိုဘီး သူ့ရဲ့ဘဏ္ဍာစိုးဟို့ ပြောလေဟုယ်။
9 အယ်ကြောင့် ဘဏ္ဍာစိုးဟာ နေဒန်ဇာငါးနာရီမာ ဌားဟာ်းဟူ လူလေဟို့
ငွေဒန်းဂါးတပ္လားစီ ရှင်းပေးလေဟုယ်။
10 ဦးဆောင်းဌားဟာ်းဟူ သူလေဟာ တခြားလူလေထတ် ပိုဘီး ရလေ့မယ်
ထန်မှတ်ဘီး ရော့-က်လာဟုယ်။ အယ်ဘေမဲ့ သူးနို့လည်း ငွေဒန်းဂါးတပ္လားစီဘဲ့
ရလေဟုယ်။
11 သူးနို့လေဟာ ငွေဒန်းဂါးတပ္လားစီဘဲ့ ရဂေ့ကြောင့် ခြံဇရှင်ဟို့
ပြစ်တန်ဂေ့လေဟုယ်။

19:30 ၁၉.၃၀ မ ၂၀.၁၆; လု ၁၃.၃၀

12 ‘နော့-က်ဆောင်းဌားဟ့ားဟ့ူ အယ်သူလေဟ့ာ တနာရီဘဲ့ လောက်လောက်ရဟ့ယ်။
ကျွန်တော့်ဟ့ားလေဟ့ာ နေပူဗ့ဇ္ဇလန်ထဲမာ တနေ့လောင်း ပန်ပန်ဘန်းဘန်းန
လောက်ဆောန်ရဟ့ူလည်းဘဲ့ သင်ဟ့ာ ကျွန်တော်ဟ့ားလေဟ့ို အယ်သူလေနဒန်းတူဘဲ့
လောက်အားခဟ့ို ပေးဟ့ယ်!’ ဆိုဘီး ပြောဆို့ဂေ့လေဟ့ယ်။
13 ခြဲဇရှင်ဟ့ သူးနို့ထဲဟ့ ထယော့-က်ဟ့ို ‘မိဆွေ၊ ငါဟ့ာ နန့်ဟ့ို တရားဘဲလောက်ဇာ
မူဟ့။ နန်ဟ့ာ ဒွေဒန်းဂါးတပ့်လားန လောက်လောက်ဟ့ို့တွပ် ဘောတူဟ့ားဟ့ယ်။
14 နန့်ရဲ့ လောက်အားခဟ့ို ယူဘီးသွားဝေါ့။ နော့-က်ဆောင်းဌားဟ့ူ လူလေဟ့ိုလည်း
နန်းနို့လေဟ့ို ပေးဟ့ူမျိုးဘဲ့ ငါပေးမယ်။
15 ငါ့ကပ်လေဟ့ို ငါလောက်ရှင်မျိုး လောက်ခွမ့် မ့ေဟ့လော ငါဟ့ာ
ဘောကောန်းဟ့ူကြောန့် နန်ဟ့ာ နာလိုဘဲဖြစ်ရလော’ ဆိုဘီး ပြောလေဟ့ယ်” ဆိုဘီးဟ့ာ
မိန့်တော်မူလေဟ့ယ်။
16 အယ်ကြောန့် ယေရှုဟ့ “အယ်မျိုးဘဲ့ နော့-က်ဆောင်းဖြစ်ဟ့ူ လူလေဟ့ာ
ဦးဆောင်းဖြစ်ဟ့ားဘီး ဦးဆောင်းဖြစ်ဟ့ူ လူလေဟ့ာ နော့-က်ဆောင်းဖြစ်လေ့မယ်”
ဆိုဘီး မိန့်တော်မူလေဟ့ယ်။

ယေရှုဟ့ သေခံရဟ့ို့ကြောန်းဟ့ို သောင်းခါတိတိ ပြောဟ့ူကြောန်း
(မာကု ၁၀.၃၂-၃၄; လုကာ ၁၈.၃၁-၃၄)

17 ယေရှုဟ့ာ ယေရုရှလင်ဗြို့ဟ့ို တတ်နေဒူးမာ တဗဲတော်ဆယ့်နှေ့ပါးဟ့ို
သီးသန့်ခေါ်ဘီး၊
18 “နားထောန်ဂေ့။ နို့လေဟ့ာ ယေရုရှလင်ဗြို့ဟ့ို တတ်ဂေ့မယ်။ အယ်ဗြို့မာ
လူ့ရဲ့သားဟ့ာ ယဇ်ပုရောဟိတ်ဂီးလေန ကျမ်းပြုဆရာလေရဲ့ လတ်ထဲဟ့ို
အပ်ခံရလေ့မယ်။ သူးနို့လေဟ့ာ လူ့ရဲသားဟ့ို သေဒန်စီရင်ဘီး၊
19 လူမျိုးခြားလေရဲ့ လတ်ထဲဟ့ို အပ်ဂေ့လေ့မယ်။ သူးနို့ဟ့ာ လူ့ရဲ့သားဟ့ို
လှောန်ပြောန်ဘီး၊ ကီဒန်ပေးဘီး လတ်ဝါးကပ်တိုင်မာ တန်ဘီး သတ်ဂေ့လေ့မယ်။
အယ်ဘေမဲ့ သောင်းရစ်မြော့-က်ဟ့ူနေ့မာ လူ့ရဲ့သားဟ့ာ ထမြော့-က်လေ့မယ်” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။

မိခင်တယော့-က်ရဲ့ တောန်းဆိုဟ့ူကြောန်း
(မာကု ၁၀.၃၅-၄၅)

20 အယ်ဘီးန ဇေဗေဒဲရဲ့ မီးမဟ့ာ သူ့သားနှေ့ယော့-က်နတူးဒူ တခုခုဟ့ို
တောန်းဟ့ို့တွပ် ယေရှုနားဟ့ို လာဘီး ပျပ်ဝပ်လေဟ့ယ်။
21 ယေရှုဟ့ “ဖြားဇာလိုရှင်နူး” ဆိုဘီး မေးလေဟ့ယ်။
အယ်မီးမဟ့ “ကိုယ်တော်ရဲ့ နိုင်ငံတော်မာ ကျွန်မရဲ့ သားနှေ့ယော့-က်ဟ့ို
ကိုယ်တော်ရဲ့ ညာဖတ်မာတယော့-က် ကိုယ်တော်ရဲ့ ဘယ်ဖတ်မာတယော့-က်
ထိုင်စေတော်မူပါ” ဆိုဘီး တောန်းလျှော့-က်လေဟ့ယ်။

20:16 **၂၀.၁၆** မ ၁၉.၃၀; မာ ၁၀.၃၁; လု ၁၃.၃၀

22 ယေရှုဟု “နန်းနို့လေဟုာ ဖြားဇာလေ တောန်းလျှာ့-က်နေဟုယ် ဆိုဇာဟို့
နန်းနို့သိဂေ့ဟု။ ငါသော့-က်ရဟို့ ဒေါက်ခဝေဒနာခွပ်ဟို့ နန်းနို့သော့-က်နိုင်ဘဲ့လော”
ဆိုဘီး မေးတော်မူလေဟုယ်။
သူးနို့ဟုလည်း “ကျွန်တော်ဟုားလေ သော့-က်နိုင်ပါဟုယ်” ဆိုဘီး
လျှာ့-က်ဂေ့လေဟုယ်။
23 ကိုယ်တော်ဟု “ငါ့ရဲ့ခွပ်ဟို့ နန်းနို့လေဟုာ သော့-က်ရလေ့မယ်။ အယ်ဘေမဲ့ ငါ့ရဲ့
ညာဖတ်န ဘယ်ဖတ်မှာ ထိုင်ရဟို့ခွမ့်ဟို့ ငါပေးပိုင်ဟု။ အယ်နေရာဟုာ ငါ့ရဲ့ဖ
ပြင်ဆင်ဟုားဟူ သူလေတွပ်ဘဲ့ ဖြစ်လေဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
24 အယ်ကြောန်းရာဟို့ တဗဲ့တော် ဆယ်ယော့-က်ဟုာ ကြားသိဟူ ခီမာ အယ်ညီကို
နှေ့ယော့-က်ဟို့ စိဆိုးဂေ့ဟုယ်။
25 ယေရှုဟုာ တဗဲ့တော်လေဟို့ သူနှားဟို့ ခေါ်တော်မူဘီး “နန်းနို့လေ သိဂေ့ဟူတိုင်းဘဲ့
လူမျိုးခြားလေမာ အောက်ချောက်ဟူ သူလေဟုာ ပြည်သူလေထတ်မာ စိုးတရပြုဘီး
ခေါ်နိုးဆောန်လေလည်း အာဏာထားတတ်ဂေ့လေဟုယ်။
26 နန်းနို့လေထဲမာ အယ်မျိုး ဖြစ်သင့်ဟု။ နန်းနို့ထဲဟု တယော့-က်ဟုာ
အကြီးကဲဖြစ်ရှင်ဟုယ် ဆိုဟုာ အယ်လူဟုာ နန်းနို့လေရဲ့ စေခံဖြစ်ရမယ်။
27 အယ်ဘီးဟုာ နန်းနို့လေထဲဟု တယော့-က်ဟုာ ကီးမြတ်ဆောင်းဖြစ်ရှင်ဟုယ်
ဆိုဟုာ အယ်လူဟုာ နန်းနို့လေရဲ့ ကျွန်ဖြစ်ရမယ်။
28 အယ်မျိုးဘဲ့ လူရဲ့သားဟုာ သူတပါးဟို့ စေစားဟို့လာဇာ မူဟု။ သူတပါးရဲ့
စေခံဟို့နှ သူ့သတ်ဟို့ စွန့်ဘီး လူလေဘောင်ဂီးဟို့ ဝီးနှုဟို့တွပ် ကြွလာဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။

လူကန်းနှေ့ယော့-က်ဟို့ ကုသပေးဟူကြောန်း
(မာကု ၁၀.၄၆-၅၂; လုကာ ၁၈.၃၅-၄၃)

29 ယေရှုန တဗဲ့တော်လေဟုာ ယေရိခေါဗြို့ဟုနေ ထွပ်လာဟူ ခီမာ လူအောက်ဂီးဟုာ
နော့-က်တော်ဟို့ လိုက်ဂေ့လေဟုယ်။
30 လမ်းဘေးမာထိုင်နေဟူ လူကန်းနှေ့ယော့-က်ဟုာ ယေရှုဖြတ်ဟုားဟုယ် ဆိုဇာဟို့
ကြားသိဟို့ကြောန့် “သခင်၊ ဒါဝိဒ်ရဲ့ သားတော်! ကျွန်တော်ဟုားလေဟို့
သနားတော်မူပါ!” ဆိုဘီး အော်ဟစ်လေဟုယ်။
31 လူအောက်ဂီးဟု သူးနို့ဟို့ တိတိဆိုဆိုဟုား နေဟို့တွပ် ပြစ်တန်ဘီး ပြောဂေ့ဟုယ်။
အယ်ဘေမဲ့ သူးနို့ဟု “သခင်၊ ဒါဝိဒ်ရဲ့ သားတော်! ကျွန်တော်ဟုားလေဟို့
သနားတော်မူပါ!” ဆိုဘီး ပိုဘီး ဟုာ အော်ဟစ်ဂေ့ဟုယ်။
32 ယေရှုဟုာ ရပ်တော်မူလိုက်ဘီး သူးနို့ဟို့ ခေါ်လိုက်ဟုယ်။ “နန်းနို့တွပ်
ဖြားဇာလောက်ပေးစေရှင်ဟုယ်နူး” ဆိုဘီး ကိုယ်တော်ဟု မေးတော်မူလေဟုယ်။

20:25 **ဂၜ.၂၅.၂၆** လု ၂၂.၂၅.၂၆ **20:26** **ဂၜ.၂၆.၂၃** မ ၂၃.၁၁; မာ ၉.၃၅; လု ၂၂.၂၆

33 သူးနို့ဟ့ “သခင်၊ ကျွန်တော်ဟ့ားလေရဲ့ မျစ်စိဟို့ ဗြင်စေတော်မူပါ!” ဆိုဘီး
လျော့-က်ဂေ့လေဟ့ယ်။
34 ယေရှုဟ့ သူးနို့ဟို့ သနားတော်မူဟ့ကြောန့် သူးနို့လေရဲ့ မျစ်စိဟို့ လတ်န
တို့တော်မူလေဟ့ယ်။ ရှစ်ရှင်းဘဲ့ သူးနို့ဟ့ မျစ်စိဗြင်ဟ့ားဘီး နော့-က်တော်ဟို့
လိုက်ဂေ့လေဟ့ယ်။

21

ယေရုရှလင်ဗြို့ဟို့ ဝမ်တော်မူဟ့ကြောန်း
(မာကု ၁၁.၁-၁၁; လုကာ ၁၉.၂၈-၄၀; ယောဟန် ၁၂.၁၂-၁၉)

1 ယေရှုန တဗဲ့တော်လေဟ့ ယေရုရှလင်ဗြို့နားဟို့ ရော့-က်လာဘီးဟ့
သံလွင်တောန်ခေရင်းမာရှိဟ့ ဗက်ဖာဂေဝါဟို့ ရော့-က်ဂေ့လေဟ့ယ်။ ယေရှုဟ့
တဗဲ့တော်နှေ့ယော့-က်ဟို့ စေလွှတ်ဘီး
2 “နန်းနို့ရှေ့မာရှိဟ့ ဝါဟို့သွားဂေ့။ အယ်ဘီးဟ့ ခယ်ဟ့ားဟ့ မြည်းမနတူးဒူး
သူ့ဘေးမာရှိဟ့ မြည်းသားဂန်းဟ့ားဟို့ နန်းနို့ရှစ်ရှင်းတွိလေ့မယ်။ ကြိုးဟို့ဖြေဘီး
ငါ့နားဟို့ ယူလာဂေ့ပါ။
3 အယ်ဘီးဟ့ ယော့-က်ယော့-က်ဟ့ နန်းနို့လေဟို့ တခုခု မေးမယ် ဆိုဟ့
‘သခင်ဘုရား* လိုရှိဟ့ယ်’ ဆိုဘီး ပ့လန်ပြောဂေ့ပါ။ အယ်ဆိုဟ့ မြည်းဟို့
ရှစ်ရှင်းပေးလိုက်လေ့မယ်” ဆိုဘီး မှာလိုက်လေဟ့ယ်။
4 ပရောဖက် ဟောပြောဟ့ားဟ့ ကြောန်းရာလေဟ့ ပ့လဲ့ဇောင်လာဇာဟ့
5 “ဇိအုန်ဗြို့ဟို့ ပြောပါ။
ကေ့ရှုပါ။ နန်ရဲ့ မန်းဂီးဟ့ နန်နှားဟို့ ကြွလာတော်မူဘီ!
သူဟ့ နူးညံ့ဟ့ယ်။ အယ်ဘီးဟ့ မြည်းဟို့ စီးတော်မူလေဟ့ယ်။
အယ်ဘီးဟ့ မြည်းသားဂန်းဟို့ စီးတော်မူလေဟ့ယ်” ဆိုဘီး ဖြစ်လာလေဟ့ယ်။
6 အယ်ကြောန့် တဗဲ့တော်လေဟ့ ထွပ်ဟ့ားဘီးဟ့ ယေရှုမိန့်မှာဟ့တိုင်း
လောက်ဆောန်ဂေ့လေဟ့ယ်။
7 သူးနို့လေဟ့ မြည်းမန မြည်းသားဂန်းဟို့ ယူလာဘီးဟ့ ယေရှုထိုင်တော်မူဟို့တွပ်
သူးနို့လေရဲ့ ဝတ်လေဟို့ တန်ဂေ့လေဟ့ယ်။
8 ကီးမားဟ့ လူအောက်ဂီးဟ့ သူးနို့ဝတ်လေဟို့ လမ်းမာ ခန်းဟ့ားဂေ့လေဟ့ယ်။
တချို့ဟ့ သစ်ပန်ဟ့ သစ်ခတ်လေဟို့ ခွတ်ဘီးဟ့ လမ်းမာ ခန်းဂေ့လေဟ့ယ်။
9 ယေရှုရဲ့ ရှေ့န နော့-က်မာ လိုက်လာဂေ့ဟ့ လူအောက်ဂီးဟ့ “ဒါဝိဒ်ရဲ့ သားတော်
ဟောရှဏ္ဏာဖြစ်ပါစေ! ဘုရားသခင်ရဲ့ နာမန ကြွလာဟ့ သခင်ဟ့ မင်္ဂလာရှိပါစေ!
ဗြင့်ဆောင်းဟ့ နေရာမာ ဟောရှဏ္ဏာဖြစ်စေပါ!” ဆိုဘီး ကြွေးကြော်ဂေ့လေဟ့ယ်။

* **21:3** **၂ဘ.၃** သခင်ဘုရား၊ အယ်မျိုးမှုဘဲနေဟ့ သူးနို့ရဲ့ဇရှင်။

10 ယေရှုဟုဲ ယေရုရှလင်ဗြို့ထဲဟို့ ဝမ်လာဟူ ခီမာ တဗြို့လောင်းဟုဲ
အောက်အောက်သဲသဲ ဖြစ်ဟုးဂေ့ဟုယ်။ လူလေဟု “အယ်သူဟု ဖယ်သူနူး” ဆိုဘီး
မေးဂေ့လေဟုယ်။
11 လူအောက်ဂီးဟု “အယ်သူဟုဲ ဂါလိလဲပြည် နာဇရက်ဗြို့ဟု ပရောဖက်
ယေရှုဖြစ်ဟုယ်” ဆိုဘီး ဖြေဂေ့လေဟုယ်။

ဗိမာန်တော်ဟို့ ကြွတော်မူဟူကြောန်း
(မာကု ၁၁.၁၅-၁၉; လုကာ ၁၉.၄၅-၄၈; ယောဟန် ၂.၁၃-၂၂)

12 ယေရှုဟုဲ ဗိမာန်တော်ဟို့ဝမ်ဘီး အယ်နေရာမာ ရောန်းဝယ်နေဟူ လူလေဟို့
နှန်ထုတော်မူလေဟုယ်။ ကိုယ်တော်ဟုဲ ကပ်လဲမားလေရဲ့ ဗွဲလေန
ချိုးငှတ်ရောန်းမားလေရဲ့ ထိုင်ခေါင်လေဟို့လည်း မှော့-က်ပစ်လေဟုယ်။
13 အယ်ဘီးဟုဲ ကိုယ်တော်ဟု “ ‘ငါ့အိတော်ဟို့ ဆုတောန်းဟူ အီတော် ဆိုဘီး
ခေါဝေါဂေ့လေ့မယ်’ ဆိုဘီးဟုဲ ကျမ်းစာမာ ရေးဟုးဟုယ်။ အယ်ဘေမဲ့ နန်းနို့လေဟုဲ
အီတော်ဟို့ မ့လလေတွပ် ခိုအောန်းဟူ နေရာ ဖြစ်စေဂေ့ဘီ!” ဆိုဘီး
မိန့်တော်မူလေဟုယ်။
14 ဗိမာန်တော်ထဲမာ မျစ်ကန်းလေန ခေသန်ဘဲဟူ သူလေဟုဲ ကိုယ်တော်နားဟို့
လာဂေ့ဟူကြောန့် ကိုယ်တော်ဟုလည်း သူးနို့ဟို့ ကျန်းမာစေတော်မူလေဟုယ်။
15 ယဇ်ပုရောဟိတ်ဂီးလေန ကျမ်းပြုဆရာလေဟုဲ ကိုယ်တော်ပြုဟူ
အံ့သြဘွယ်မှုရာလေဟို့ ဗြင်ဟုးဘီး သားဂန်းဟုးလေဟုလည်း “ဒါဝိဒ်ရဲ့သားတော်
ဟောရှဏ္ဏာဖြစ်ပါစေ!” ဆိုဘီး ဗိမာန်တော်ထဲမာ ကြွေးကြော်ဂေ့ဟူ ခီမာ သူးနို့ဟုဲ
စိဆိုးဂေ့လေဟုယ်။
16 အယ်ကြောန့် သူးနို့ဟု “အယ်သားဂန်းဟုးလေ ကြွေးကြော်နေဂေ့ဇာဟို့
ကြားဘဲ့လော” ဆိုဘီး ကိုယ်တော့်ဟို့ မေးလျှော့-က်ဂေ့လေဟုယ်။
ယေရှုဟု “ငါကြားဟုယ်။ ‘သားဂန်းဟုးလေန နို့စို့ဟုးလေရဲ့ နှောက်ထဲဟု
ချီးမွမ်းဇာဟို့ ပြင်ဆင်တော်မူဘီ’ ဆိုဘီး ရေးဟုးဟူ ကျမ်းစာဟို့
နန်းနို့ဖတ်ဖူးဂေ့ဟုလော” ဆိုဘီး မိန့်တော်မူလေဟုယ်။
17 အယ်ဘီးန ယေရှုဟုဲ သူးနို့ဟို့ ထားရစ်ဘီး ဗြို့ထဲဟုထွပ်ဟုးဟုယ်။ ဗေသနိဝါဟို့
ကြွားဟုးဘီး အယ်နေရာမာ တညဉ့်တဲခိုတော်မူလေဟုယ်။

သဖန်းဗန်ဟို့ ကီတော်မူဟူကြောန်း
(မာကု ၁၁.၁၂-၁၄,၂၀-၂၄)

18 ယေရှုဟုဲ မိုးလန်းစောစောဂီး ဗြို့ဟို့ ပ့လန်ကြွလာဟူ ခီမာ
ဗိုက်ဆာတော်မူလေဟုယ်။
19 ကိုယ်တော်ဟုဲ လမ်းဘေးမာ သဖန်းဗန်တဗန်ဟို့ ဗြင်ဘီး အယ်ပန်နားဟို့
ကြွတော်မူလေဟုယ်။ အယ်ဘေမဲ့ ပန်ထတ်မာ ဝပ်လေဟို့ဘဲ့ တွိဟူကြောန့်
ကိုယ်တော်ဟု “နန်ဟုဲ ခုခီဟုနေစဘီး ကာလစဉ်ဆစ် လောင်းဝ သီးသီးစေန!” ဆိုဘီး

အယ်ပန်ဟို့ မိန့်တော်မူလေဟုယ်။ အယ်မူခီမာ သဖန်းဗန်ဟုာ တခါဒဲ
သွိခြေ့-က်ဟုားလေဟုယ်။
20 တဗဲတော်လေဟုာ အယ်မူဇာဟို့ ဗြင်ဘီးဟုာ အံ့ဩြဲဂေ့လေဟုယ်။ သူးနို့ဟု
"သဖန်းဗန်ဟုာ ဖယ်မျိုးဖြစ်ဟူကြောန့် တခါဒဲ သွိခြေ့-က်ဟုားရနူး" ဆိုဘီး
သူးနို့ရှင်းရှင်း မေးဂေ့လေဟုယ်။
21 ယေရှုဟု "ငါ မှန်ပြောမယ်၊ နန်းနို့လေဟုာ သံသယမွေ့ဘဲန ယောင်ကြည်မယ်
ဆိုဟုာ သဖန်းဗန်ဟို့ ငါပြုဟူမျိုး နန်းနို့ပြုနိုင်ဘီး အယ်ထတ်မက အယ်တောန်ဟို့
'အယ်နေရာဟုနေရွေ့ဘီး ပန်လယ်ထဲဟို့ က့လစေ' ဆိုဘီး ပြောမယ် ဆိုဟုာ
ပြောဟူတိုင်း ဖြစ်လေ့မယ်။
22 နန်းနို့လေ ယောင်ကြည်မယ် ဆိုဟုာ တောန်းလျှော့-က်ဟူမျှဟို့ ရဂေ့လေ့မယ်"
ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုရဲ့ အခွမ့်အာဏာ
(မာကု ၁၁.၂၇-၃၃; လုကာ ၂၀.၁-၈)

23 ယေရှုဟုာ ဗိမာန်တော်ဟို့ ပ့လန်ကြွလာဘီး သွန်သန်နေခီမာ
ယဇ်ပုရောဟိတ်ဂီးလေန ဘာသာရေးခေါင်းဆောန်လေဟု ကိုယ်တော်နားဟို့ လာဂေ့ဘီး
"ကိုယ်တော်ဟုာ အယ်မူဇာလေဟို့ ဖယ်သူ့ရဲ့ ခွမ့်အာဏာန ပြုလောက်ပါနူး၊
အယ်ခွမ့်အာဏာဟို့ ဖယ်သူပေးအပ်နူး" ဆိုဘီး မေးလျှော့-က်လေဟုယ်။
24 ယေရှုဟု "နန်းနို့လေဟို့ မေးခွန်းတခု ငါမေးအူးမယ်။ အယ်မေးခွန်းဟို့
နန်းနို့ဖြေမယ် ဆိုဟုာ အယ်မူဇာလေဟို့ ဖယ်သူခွမ့်အာဏာန ငါလောက်ဟုယ် ဆိုဇာဟို့
ငါပြောမယ်။
25 ယောဟန်ရဲ့ ဗတ္တိဇံဟု ဖယ်နေရာဟုနေ ဖြစ်လာဟုယ်နူး ကောန်းဂန်ဟုနေ
ဖြစ်လာဇာလော အယ်မျိုးမူဘဲနေဟုာ လူလေဟုနေ ဖြစ်လာဇာလော" ဆိုဘီး
မေးတော်မူလေဟုယ်။
သူးနို့လေဟုာ "နို့လေဖြားမျိုးပြောရမယ်နူး။ 'ဘုရားသခင်ဟုနေ ဖြစ်လာဟုယ်'
ဆိုဘီး နို့လေဖြေလိုက်မယ် ဆိုဟုာ နန်းနို့ဟုာ ဖြားဖြစ်ကြောန့် 'ယောဟန်ဟို့
ယောင်ကြည်ဂေ့ဘဲနေရနူး' ဆိုဘီး သူဟု နို့လေဟို့ မေးလေ့မယ်။
26 အယ်ဘေမဲ့ 'လူလေဟုနေ ဖြစ်လာဟုယ်' ဆိုဘီး နို့လေဖြေလိုက်မယ်
ဆိုဟုာလူလေ ဂူလောင်းဟုာ ယောဟန်ဟို့ ပရောဖက်တပါး ဖြစ်ဟုယ် ဆိုဘီး
ယောင်ကြည်ဂေ့ဟိုကြောန့် လူလေဟို့လည်း ကြော့-က်ရဟုယ်" ဆိုဘီး သူးနို့ရှင်းရှင်း
ဆွေးနွေးဂေ့လေဟုယ်။
27 အယ်ကြောန့် သူးနို့ဟု ယေရှုဟို့ "ကျွန်တော်ဟုားလေ သိဂေ့ဟု" ဆိုဘီး
ပ့လန်လျှော့-က်ဂေ့လေဟုယ်။
အယ်န ယေရှုဟု "ငါပြုဟူအယ်မူဇာလေဟို့ ဖယ်သူခွမ့်အာဏာန
ပြုဟုယ်ဆိုဇာဟို့လည်း ငါပြောဟု" ဆိုဘီး မိန့်တော်မူလေဟုယ်။

21:21 **ဂ၁.၂၁** မ ၁၇.၂၀; ၁ ကော ၁၃.၂

သားနှေ့ယော့-ဂ်ရဲ့ ပေါင်ဥပမာကြောင်း

28 “နှန်းနို့လေ ဖယ်မျိုးထန်မှတ်ဂေ့နူး။ လူတယော့-ဂ်မာ
သားနှေ့ယော့-ဂ်ရှိလေဟှယ်။ သူဟှာ သားဂီးနားဟို့ သွားဘီးဟှာ ‘ငါ့သား၊ အယ်နေ့
စဗျစ်ခြံဟို့ သွားဘီးဟှာ လောက်လောက်ပါ’ ဆိုဘီး ပြောလေဟှယ်။
29 သားဂီးဟှ ‘ကျွန်တော်သွားနိုဟှ’ ဆိုဘီး ပ့လန်ဖြေလေဟှယ်။ အယ်ဘေမဲ့
သူ့ရဲ့စိဟှာ ပ့လောန်းလဲဘီးဟှာ ခြံထဲဟို့ သွားလေဟှယ်။
30 အယ်န ဖဟှ သားငယ်နားဟို့ သွားဘီး အယ်မျိုးဘဲ့ ပြောလေဟှယ်။ အယ်သားဟှ
‘သွားပါမယ်၊ သခင်’ ဆိုဘီး ပြောဘေမဲ့လည်း သွားဘဲန နေလေဟှယ်။
31 အယ်သား နှေ့ယော့-ဂ်မာ ဖယ်သူဟှ သူ့ဖရဲ့ လိုဟို့ လောက်ဆောန်ဟှယ်နူး”
ဆိုဘီး မေးတော်မူလေဟှယ်။
သူးနို့လေဟှ “သားဂီး” ဆိုဘီး ဖြေဂေ့လေဟှယ်။
အယ်ကြောန့် ယေရှုဟှ “ငါ မှန်ပြောမယ်၊ အခွန်ကော့-ဂ်မားလေန ကောန်းဘဲဟှူ
မီးမလေဟှာ နန်းနို့ထတ်ဦးဘီး ကောန်းဂန်နိုင်ငံတော်ဟို့ ဝမ်ဂေ့လေဟှယ်။
32 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဗတ္တတိဇံ ယောဟန်ဟှာ ဖြောန့်မတ်ဟှူ လမ်းအားဖြင့်
နန်းနို့လေနားဟို့ လာဘီး မှန်ဟှူလမ်းဟို့ ပြဟှူလည်းဘဲ့ နန်းနို့လေဟှာ သူ့ဟို့
ယောင်ကြည်ဂေ့ဟှ။ အယ်ဘေမဲ့ ခွန်ကော့-ဂ်မားလေန ကောန်းဘဲဟှူ မီးမလေဟှာ
ယောင်ကြည်ဂေ့လေဟှယ်။ အယ်မူဇာလေဟို့ ဖြင်ရဟှူ ခီမာလည်းဘဲ့ နန်းနို့လေဟှာ
ယောင်ကြည်ဟို့တွပ် စိပ့လောန်းလဲဂေ့ဟှ။”

စဗျစ်ခြံစောန့်မားလေရဲ့ ပေါင်ဥပမာကြောင်း
(မာကု ၁၂.၁-၁၂; လုကာ ၂၀.၉-၁၉)

33 ယေရှုဟှ “တခြားပေါင်ဥပမာတခုဟို့ နားထောင်ဂေ့။ စဗျစ်ခြံဟို့ စိုက်ပျိုးဟှူ
မ့လေဇရှင်တယော့-က် ရှိလေဟှယ်။ သူဟှာ ခြံစည်းရိုးဟို့ ကာဘီး
စဗျစ်သီးနယ်ဟို့တွပ် တွမ်းဟို့ တူးလေဟှယ်။ အယ်ဘီးဟှာ မျော်စင်တခုဟို့လည်း
ဆော့-ဂ်လေဟှယ်။ အယ်ဘီးမှ သူဟှာ စဗျစ်ခြံဟို့ ခြံလောက်မားလေဟို့ ဌားဘီးဟှာ
ခရီးထွပ်ဟှားလေဟှယ်။
34 စဗျစ်သီးပေါ်ခီ ရော့-ဂ်ဟှူ ခီမာ စဗျစ်သီးယူဟို့တွပ် သူ့စေခံလေဟို့
ခြံလောက်မားလေနားဟို့ စေလွှတ်လေဟှယ်။
35 ခြံလောက်မားလေဟှာ အယ်သူရဲ့ စေခံလေဟို့ ဖမ်းဘီးဟှာ တယော့-ဂ်ဟို့ ရိုက်၊
တယော့-ဂ်ဟို့ သတ်ဘီး တယော့-ဂ်ဟို့ ကွလော့-ဂ်ခဲန ပစ်လေဟှယ်။
36 နော့-ဂ်ထပ်ခါ ခြံဇရှင်ဟှ ရင်ဟှထပ်များဟှူ စေခံလေဟို့ လွှတ်လိုဂ်ဟှယ်။
ခြံလောက်မားလေဟှာ အယ်မူတိုင်းဘဲ့ လောက်ဂေ့လေဟှယ်။
37 ခြံဇရှင်ဟှ ‘အယ်သူလေဟှာ ငါ့သားဟို့ လေးစားဂေ့လေ့မယ်’ ဆိုဘီး
နော့-ဂ်ဆောင်းမာ သူ့သားဟို့ စေလွှတ်လေဟှယ်။

21:32 **ဃာ.၃၂** လု ၃.၁၂; ၇.၂၉,၃၀

38 အယ်ဘေမဲ့ ခြံလောက်မားလေဟှာ ဇရှင်ရဲ့သားဟို့ ဗြင်ဟူ ခီမာ ‘အယ်သူဟှာ
ဇရှင်ရဲ့သားဖြစ်ဟှယ်။ လာဂေ့။ သူဟို့သတ်ဘီး သူ့ရဲ့အောက်စာဟို့ ယူဂေ့ဓို့!’ ဆိုဘီး
သူးနို့ရှင်းရှင်းပြောဂေ့လေဟှယ်။
39 အယ်ကြောန့် သူးနို့ဟှာ စဗျစ်ခြံဇရှင်ရဲ့ သားဟို့ ဖမ်းဘီး ခြံပ္လန်ဟို့ ဆွဲထုဘီးဟှာ
သတ်ဂေ့လေဟှယ်။
40 “အယ်မျိုးဆိုဟှာ စဗျစ်ခြံဇရှင် ရော့-က်လာဟူ ခီမာ ခြံလောက်မားလေဟို့
ဖယ်မျိုးလောက်လေ့မယ်နူး” ဆိုဘီး မေးတော်မူလေဟှယ်။
41 သူးနို့ဟှ “စဗျစ်ခြံဇရှင်ဟှာ အယ်လူဆိုးလေဟို့ သေသတ်ပါလေ့မယ်။
အယ်ဘီးဟှာ ခြံဟို့လည်း စဗျစ်သီး သီးဟူ ခီမာ ခြံဇရှင်ဟို့ ပေးဟူ
ခြံလောက်မားလေဟို့ဘဲ့ ဉားပါလေ့မယ်” ဆိုဘီး ဖြေဂေ့လေဟှယ်။
42 ယေရှုဟှ “ကျမ်းစာဟို့ နန်းနို့လေ ဖတ်ဖူးဟှလော၊
“ ‘တိုက်ဆော့-က်မားလေ ဖယ်ဟှားဟူ ကွ်လော့-က်ဟှာ
တိုက်ရဲ့ ထိဖျားဟို့ ရော့-က်လေဟှယ်။
အယ်မူဟှာ ဘုရားသခင်အားဖြင့် ဖြစ်လာဘီး၊
နို့လေရဲ့ မျစ်စိရှေ့မာလည်း အံ့သြဘွယ်ရာ ဖြစ်ဟှယ်!’
43 “အယ်ကြောန့် နန်းနို့လေဟို့ ငါပြောမယ်။ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့
နန်းနို့လေဟှနေဘီး ရောက်သီးဘီးဟှာ နိုင်ငံတော်ရဲ့ သီးဟို့ သီးမယ့်လူမျိုးလေဟို့
ပေးလေ့မယ်။” ဆိုဘီး မိန့်တော်မူလေဟှယ်။
44 †
45 ယေရှုရဲ့ ပေါင်ဥပမာစကားဟို့ ယဇ်ပုရောဟိတ်ဂီးလေန ဖာရိရှဲလေ ကြားဟူ ခီမာ
သူးနို့လေကြောန်းဟို့ မိန့်တော်မူဟှယ် ဆိုဇာဟို့ သိဂေ့လေဟှယ်။
46 ယေရှုဟို့ ဖမ်းဟို့ ကြိုးစားဂေ့လေဟှယ်။ အယ်ဘေမဲ့ လူအောက်ဂီးဟှ
ကိုယ်တော့်ဟို့ ပရောဖက်ဖြစ်ဟှယ် ဆိုဘီး ထန်မှတ်ဂေ့ကြောန့် သူးနို့ဟှာ လူလေဟို့
ကြော့-က်ဂေ့ဟှယ်။

22

မင်္ဂလာဆောန်ပွဲရဲ့ ပေါင်ဥပမာ
(လုကာ ၁၄.၁၅-၂၄)

1 နော့-က်ထပ် ယေရှုဟှ ပေါင်ဥပမာဟို့ သောင်းပြဘီးဟှာ လူလေဟို့
မိန့်တော်မူလေဟှယ်။
2 “ကောန်းဂန်နိုင်ငံတော်ဟှာ သူ့ရဲ့သားတွပ် မင်္ဂလာပွဲဟို့ ပြင်ဆင်ဟှားဟူ မန်းဂီးန
တူလေဟှယ်။

† **21:44** **ဟှ၁.၄၄** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၄၄ ဟို့၊ ယော့-က်ယော့-က်ဟှ အယ်ကွော့-က်ထတ်ဟို့
ကွမယ် ဆိုဟှာ အယ်သူဟှာ ကွိုးပဲ့ကြေမွဟှားလေ့မယ်၊ ယော့-က်ယော့-က်ထတ်ဟို့ အယ်ကွော့-က်ကွမယ်
ဆိုဟှာလည်း အယ်သူဟှာ ညစ်ညစ်ကြေလေ့မယ်၊ ဆိုဘီး ထပ်ပေါန်းထဲ့ဟှားဟှယ် (ရှ လု ၂၀.၁၈)။

3 သူဟာ ဖိခေါ်ဟာ်းဟူ လူလေဟို ခေါ်ဟို့တွပ် သူ့ရဲ့ စေခံလေဟို စေလွတ်လေဟုယ်။
အယ်ဘေမဲ့ သူးနို့လေဟာ လာဂေ့ဟု။
4 အယ်ကြောန့် သူဟ ‘ငါ့ရဲ့စားမွဲလည်း ဆင်သင့်ဖြစ်ဘီ။ နွားန ဆူဖြိုးဟူ
လိဆန်လေဟို့လည်း သတ်ပီးဘီ။ ဂူလောင်း ဆင်သင့်ဖြစ်နေဘီ။ မင်္ဂလာဆောန်ပွဲဟို
ကြွဂေ့ပါ!’ ဆိုဘီး တခြားစေခံလေဟို စေလွတ်ဘီးဟာ ပြောစေလေဟုယ်။
5 အယ်ဘေမဲ့ ဖိခေါ်ဟာ်းသူလေဟာ ဂရုစိုက်ဘဲန တယော့-က်ဟ လယ်ထဲဟို
သွားလိုက်ဘီး တခြားတယော့-က်ဟ သူ့ရဲ့ ကူသယ်လောက်ငန်းဟို သွားလေဟုယ်။
6 တခြားသူလေဟုလည်း စေခံလေဟို ဖမ်းဘီး ရိုက်ဘီး သတ်ဂေ့လေဟုယ်။
7 အယ်ကြောန့် မန်းဂီးဟာ ရရာတိုင်း ဒေါသဖြစ်ဘီး သူ့ရဲ့ စစ်သားလေဟို
လွှတ်ဘီးဟာ အယ်လူသတ်မားလေဟို သတ်စေဘီး သူးနို့ဗြို့ဟို့လည်း
မီးရို့စေလေဟုယ်။
8 အယ်ဘီးန သူဟာ စေခံလေဟို ခေါ်ဘီး ‘မင်္ဂလာဆောန်ပွဲ ဆင်သင့်ဖြစ်နေဘီ။
အယ်ဘေမဲ့လည်း ဖိခေါ်ဟာ်းသူလေဟာ အယ်ပွဲန ထိုက်တန်ဟု။
9 လမ်းမဂီးလေဟို သွားဘီးဟာ နန်းနို့တိမ္မဟူ လူလေဟို ခေါ်ဖိဂေ့’ ဆိုဘီး
မိန့်တော်မူလေဟုယ်။
10 အယ်ကြောန့် စေခံလေဟာ လမ်းမလေဟို သွားဘီးဟာ တွိမ္မဟူလူဆိုး၊
လူကောန်းလေဟို ဖိခေါ်လေဟုယ်။ မင်္ဂလာခန်းမလည်း လူလေန ပ့ဲလဲ့ဟာ်းလေဟုယ်။
11 “မန်းဂီးဟာ ဧည့်သယ်လေဟို ကေ့ရူဟို့တွပ် ကြွလာခီမာ မင်္ဂလာဆောန်ပွဲရဲ့
ဝတ်ဟို ဝတ်ဘဲဟူ လူတယော့-က်ဟို ဗြင်ဟာ်းလေဟုယ်။
12 မန်းဂီးဟ ‘မိဆွေ၊ မင်္ဂလာဆောန်မွဲရဲ့ ဝတ်ဟို ဝတ်ဘဲန ဖြားဖြစ်ကြောန့် ဝမ်လာနူး’
ဆိုဘီး မေးလေဟုယ်။ အယ်ဘေမဲ့ အယ်သူဟာ ဖြားလည်းပ့လန်ဖြေဟ့။
13 အယ်ခီမာ မန်းဂီးဟ စေခံလေဟို ‘အယ်သူရဲ့ ခေနလတ်ဟို တောက်ဘီးဟာ
ပ့လန်ရပ် မှောန်မိုက်ထဲဟို ပို့လိုက်ဂေ့။ အယ်မူနေရာမာ သူဟာ ငိုကြွေးဘီး
အံသွားခဲကဲ့လိနေရလေ့မယ်’ ဆိုဘီး ပြောလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
14 အယ်ဘီးန ယေရှုဟ “ဖိခေါ်ခံရဟူ သူလေ ဘောင်းဂီးရှိဘေမဲ့လည်း
ဝီးကော့-က်ခံရဟူ သူလေဟာ နဲလေဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

ခွန် ဆစ်သဟူကြောန်း
(မာကု ၁၂.၁၃-၁၇; လုကာ ၂၀.၂၀-၂၆)

15 အယ်ဘီးန ဖာရိရှဲလေဟာ ထွပ်ဟာ်းဘီး ကိုယ်တော်ရဲ့စကားဟို ဖယ်မျိုး
ထောန်ချော့-က်ဆင်ဘီး မေးမြန်းရမယ် ဆိုဇာဟို ကြံစည်ဂေ့လေဟုယ်။
16 သူးနို့လေဟာ သူးနို့ရဲ့ တမဲ့လေဟို ဟေရုဒ်ရဲ့ လူလေနတူးဒူး ကိုယ်တော်နားဟို
စေလွတ်လိုက်ဟုယ်။ သူးနို့ဟ “ဆရာ၊ ကိုယ်တော်ဟာ သမ္မာတရားဟို ပြောဟုယ်
ဆိုဇာဟို ကျွန်တော့်ဟာ်းလေ သိပါဟုယ်။ ဖယ်သူဟို့မှလည်း ကြော့-က်ဘဲန၊ လူလေရဲ့
မျစ်နှာဟို့လည်း ထော့-က်ဘဲန ဘုရားသခင်ရဲ့ တရားလမ်းဟို သွန်သန်လေဟုယ်။

22:13 **ᏗᏗ.ᎾᎾ** မ ၈.၁၂; ၂၅.၃၀; လု ၁၃.၂၈

17 အယ်ကြောန့် ကိုယ်တော်ဟု ဖယ်မျိုး ထန်မှတ်ပါနူး။ ကျွန်တော်ဟုးလေဟို့
မိန့်တော်မူပါ။ ကဲသာမန်းဂီးဟို့ ခွန်ဆစ်သဇာဟု ပညတ်တော်န ညီဘဲ့လော။
အယ်မျိုးမူဘဲဟု ညီဟုလော” ဆိုဘီး မေးလျွှ-က်ဂေ့လေဟုယ်။
18 အယ်ဘေမဲ့လည်း ယေရှုဟု အယ်သူလေရဲ့ ဆိုးညစ်ဟူ ကြံစည်ဟို့ သိဟိုကြောန့်
“သူတော်ကောန်း ယောန်ဆောန်ဟူသူလေ! ဖြားဖြစ်ကြောန့် ငါ့ဟို့
ထောန်ချော့-က်ဆင်ဟို့ ကြိုးစားနေဂေ့ဟုယ်နူး။
19 ခွန်ဆစ်သဟို့တွပ် ဒန်းဂါးတပ္လားဟို့ ပြကေ့ကေ့!” ဆိုဘီး မိန့်တော်မူလေဟုယ်။
သူးနို့လေဟု ဒေနာရိတပ္လားဟို့ ယူလာဘီး ကိုယ်တော့်ဟို့ ပေးလေဟုယ်။
20 ကိုယ်တော်ဟု “အယ်မူဇာဟု ဖယ်သူ့ရောက်ပေါင်န ဖယ်သူ့ကြောန်းရာနူး” ဆိုဘီး
မေးတော်မူလေဟုယ်။
21 သူးနို့ဟု “ကဲသာမန်းဂီးရဲ့ပေါင်န ကဲသာမန်းဂီးရဲ့ ကြောန်းရာဖြစ်ပါဟုယ်” ဆိုဘီး
ပ္လန်လျွှ-က်ဂေ့လေဟုယ်။
အယ်ကြောန့် ယေရှုဟု “အယ်ဆိုဟု ကဲသာမန်းဂီးရဲ့ အောက်စာဟို့ ကဲသာမန်းဂီးဟို့
ပေးဂေ့။ ဘုရားသခင်ရဲ့ အောက်စာဟို့ ဘုရားသခင်ဟို့ ပေးဂေ့” ဆိုဘီး
မိန့်တော်မူဟုယ်။
22 သူးနို့ဟု အယ်မျိုးကြားဟူ ခီမာ သူးနို့ဟု ရရာတိုင်း အံ့ဩဂေ့ဘီးဟု
ကိုယ်တော်နားဟု ထွပ်ဟုးဂေ့လေဟုယ်။

ရှင်ပ္လန်ထမြွေ-က်ဟူ ကြောန်းန ဆိုင်ဟူ မေးခွန်း
(မာကု ၁၂.၁၈-၂၇; လုကာ ၂၀.၂၇-၄၀)

23 အယ်နေ့မာဘဲ့ ရှင်ပ္လန်ထမြွေ-က်ဟူဇာ မ့ေဟု ဆိုဘီးဟု လတ်ခံဟုးဟူ
ဇဒ္ဒုကဲတချို့ဟု ကိုယ်တော်နားဟို့ လာဂေ့ဟုယ်။
24 အယ်သူလေဟု “ဆရာ၊ လူတယော့-က်ဟု သားမီးမ့ေဘဲန သေဟုးမယ် ဆိုဟု
နောန်ရဲ့မယားဟို့ သူ့ညီဟု ပေါန်းသင်းရမယ်။ ရလာဟူ သားမီးလေအားဖြင့် သူ့နောန်ရဲ့
မျိုးနွယ်ဟို့ ဆစ်ခံပေးရမယ် ဆိုဘီး မောရှေဟု မိန့်မှာဟုးပါဟုယ်။
25 ကျွန်တော်ဟုးလေမာ ညီကို ခွန်နေ့ယော့-က်ရှိပါဟုယ်။ နောန်ဂီးဆောင်းဟု
အီထောန်ကလဘီးဟု သားမီးလေမ့ေဘဲန သေဆောင်းဟုးဟုယ်။ အယ်ကြောန့် သူ့ရဲ့
မယားဟို့ သူ့ညီဟု ပေါန်းသင်းရပါဟုယ်။
26 ဒုတိယညီ၊ တတိယညီဟုနေ ခွန်နေ့ယော့-က်ထိ အယ်မျိုးဘဲ့ဖြစ်ဂေ့ဟုယ်။
27 နော့-က်ဆောင်းမာ အယ်မီးမလည်း သေဆောင်းဟုးပါဟုယ်။
28 အယ်ဆိုဟု ရှင်ပ္လန်ထမြွေ-က်ဟူနေ့မာ အယ်မီးမဟု ညီကို
ခွန်နေ့ယော့-က်ထဲမာ ဖယ်သူရဲ့ မယားဖြစ်မယ်နူး။ သူးနို့လေ ဂူလောင်းဟု
အယ်မီးမန ပေါန်းသင်းဟုးဂေ့ဟုယ်” ဆိုဘီး မေးလျွှ-က်ဂေ့လေဟုယ်။

22:23 ၂၂.၂၃ တ ၂၃.၈

29 ယေရှုဟု “ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေဟှာ ကျမ်းစာဟို့ နားလည်းဂေ့ဟှ။
ဘုရားသခင်ရဲ့ တဂိုးတော်ဟို့လည်း သိဂေ့ဟှ။ အယ်ကြောန့် နန်းနို့ဟှာ ရရာတိုင်း
လွဲမှားဂေ့လေဟှယ်!
30 ရှင်ပ္ပလန်ထမြွေ့-က်ဟူ ကာလမာ လူလေဟှာ ကောန်းဂန်တမန်လေမျိုးဘဲ့
ဖြစ်ဟှားဘီး အီထောန်ပြုဇာလေမ့ေဘီ။
31 သေဟှားလူလေရဲ့ ရှင်ပ္ပလန်ထမြွေ့-က်ဟူ ကြောန်းရာန ပတ်သတ်ဘီး
ဘုရားသခင် ပြောဟှားဇာဟို့ နန်းနို့ဖတ်ဖူးဟှလော။ ဘုရားသခင်ဟှ၊
32 ‘ငါဟှာ အာဗြဟံရဲ့ ဘုရားသခင်၊ ဣဇာက်ရဲ့ ဘုရားသခင်၊ ယာကုပ်ရဲ့
ဘုရားသခင် ဖြစ်လေဟှယ်’ ဆိုဘီး ဘုရားသခင်ဟှ မိန့်တော်မူဟှားဟှယ်။
ကိုယ်တော်ဟှာ သေဟူလူလေရဲ့ ဘုရား မူဟှ။ သတ်ရှင်နေဟူ လူလေရဲ့
ဘုရားဖြစ်ဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။
33 အယ်မျိုး သွန်သန်ရှင်းဟို့ လူအောက်ဂီးဟှာ ကြားဟူ ခီမာ အံ့သြဂေ့လေဟှယ်။

ကီးမြတ်ဟူ ပညတ်တော်ကြောန်း
(မာကု ၁၂.၂၈-၃၄; လုကာ ၁၀.၂၅-၂၈)

34 ယေရှုဟု ဇဒ္ဒုကဲလေဟို့ ဇာတ်ပေါ့-က်ပိဟှားအောန် ဖြေလိုက်ဟှယ် ဆိုဇာဟို့
ဖာရိရှဲလေကြားဟူ ခီမာ သူးနို့ဟှာ စုဝေးလာဘီး၊
35 သူးနို့လေထဲဟှ ကျမ်းတတ်ဆရာ တယော့-က်ဟှ ကိုယ်တော့်ဟို့ မေးခွန်းတခုန
ထောန်ချော့-က်ဆင်ဟို့တွပ် ကြိုးစားလေဟှယ်။
36 “ဆရာ၊ ပညတ္တတိကျမ်းမာ ဖယ်ပညတ်ဟှာ ကီးမြတ်ဆောင်းဖြစ်ပါနူး” ဆိုဘီး
မေးလျှော့-က်လေဟှယ်။
37 ယေရှုဟု “ ‘နန့်ရဲ့သခင်၊ ဘုရားသခင်ဟို့ စိနှလောင်းကြွင်းမဲ့ ဉာဏ်ရှိဟူမျှန ရှှစ်ပါ။’
38 အယ်ပညတ်ဟှာ ရေးကီးဆောင်းန ကီးမြတ်ဆောင်း ဖြစ်ဟှယ်။
39 ဒုတိယရေးကီးဆောင်း ပညတ်တော်ဟှ ‘နန့်ကိုယ်နန် ရှှစ်မျိုးဘဲ့ နန့်ရဲ့
အီဇနီးရှင်းဟို့ ရှှစ်ပါ။’
40 အယ်မူပညတ်နှေ့ပါးဟှာ မောရှေရဲ့ ပညတ်ကျမ်း တဇောင်လောင်းန
ပရောဖက်ကျမ်းလေရဲ့ ချောက်ဘဲ့ဖြစ်ဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

မေရှိယနဆိုင်ဟူ မေးခွန်းကြောန်း
(မာကု ၁၂.၃၅-၃၇; လုကာ ၂၀.၄၁-၄၄)

41 ဖာရိရှဲလေ စုဝေးဘီးနေဟူ ခီမာ ယေရှုဟှ၊
42 “နန်းနို့လေဟှာ မေရှိယဟို့ ဖယ်မျိုးထန်မှတ်ဂေ့နူး။ ဖယ်သူရဲ့ သားဖြစ်ဟှယ်နူး”
ဆိုဘီး သူးနို့ဟို့ မေးတော်မူလေဟှယ်။
အယ်သူလေဟှ “ဒါဝိဒ်ရဲ့ သားတော်ဖြစ်ပါဟှယ်” ဆိုဘီး လျှော့-က်လေဟှယ်။
43 ယေရှုဟု “အယ်ဆိုဟှာ ဒါဝိဒ်ဟှ သူဟို့ ဝိညာဉ်တော်အားဖြင့် ‘သခင်’ ဆိုဘီး
ဖြားဖြစ်ကြောန့်ခေါ်ပါနူး။ ဒါဝိဒ်ဟှ၊

22:35 **ကန.၃၅-၄၀** လု ၁၀.၂၅-၂၈

44 “ဘုရားသခင်ဟာ ငါ့ရဲ့ သခင်ဟို့
‘နန်ရဲ့ ရန်သူလေဟို့ နန်ရဲ့ ခေဖွားအော့-က်မာ ထားခန်ခီထိ
ငါ့ရဲ့ ညာဖတ်မာ ထိုင်နေပါ’ ဆိုဘီး မိန့်တော်မူဟုယ်။
45 အယ်ဆိုဟာ ဒါဝိဒ်ဟာ မေရှိယဟို့ ‘သခင်’ ဆိုဘီး ခေါ်ဟုယ် ဆိုဟာ မေရှိယဟာ
ဖယ်မျိုးဖြေစ်ဘီး ဒါဝိဒ်ရဲ့ မ့လေးမ့လစ်ဖြစ်နိုင်မယ်နူး” ဆိုဘီး မေးတော်မူလေဟုယ်။
46 ဖယ်သူလည်းဘဲ့ ကိုယ်တော့်ဟို့ ဖြေပ့လန်ပေးဟို့ တတ်နိုင်ဂေ့ဟု။
အယ်နေ့ဟုနေစဘီး ဖယ်သူလည်းဘဲ့ ကိုယ်တော့်ဟို့ မေးခွန်းမေးရဲဂေ့ဟုမ်း။

23

ကျမ်းပြုဆရာလေန ဖာရိရှဲလေဟို့ ဒိပေးဟူကြောန်း
(မာကု ၁၂.၃၈,၃၉; လုကာ ၁၁.၄၃,၄၆; ၂၀.၄၅,၄၆)

1 အယ်ဘီးန ယေရှုဟာ လူအောက်ဂီးန တမဲ့တော်လေဟို့ မိန့်တော်မူဇာဟု၊
2 “ကျမ်းပြုဆရာန ဖာရိရှဲလေဟာ မောရှေရဲ့ ထိုင်ခေါင်မာထိုင်ဘီး ပညတ်ကျမ်းဟို့
အနတ်ဖွမ့်ဟို့ ခွမ့်အာဇာရရှိဟူ သူလေဖြစ်ဟုယ်။
3 အယ်ကြောန့် သူးနို့လေရဲ့ သွန်သန်ဟူ ရာလေဟို့ လိုက်နာဘီး ကျင့်သောင်းဂေ့။
အယ်ဘေမဲ့လည်း သူးနို့လေ ကျင့်ဟူတိုင်း လိုက်ကျင့်ဂေ့န။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
သူးနို့လေဟာ သူများဟို့ သွန်သန်ဘီး သူးနို့ကိုယ်တိုင်ကျင့်ဂေ့ဟု။
4 သူးနို့လေဟာ လေးလံဘီး ထမ်းရခတ်ဟူ ဝန်ထောက်လေဟို့ လူလေရဲ့
ခေါ်းထတ်ဟို့ တန်တတ်လေဟုယ်။ အယ်ဘေမဲ့ သူးနို့ကိုယ်တိုင်ဟု
အယ်ဝန်ထောက်လေဟို့ လတ်ဖျားန ထိရှင်ဂေ့ဟု။
5 သူးနို့လောက်ဟူဇာလေဟို့ လူလေမြင်ဟို့ဘဲ့ လောက်တတ်ဂေ့လေဟုယ်။
သူးနို့လေရဲ့ နဖူးလေန လတ်မောန်းလေထတ်မာ ကျမ်းစာလတ်ဖွဲ့လေဟို့ ကီးကီးမားမား
လောက်ဘီးဟာ ဝတ်တတ်ဂေ့လေဟုယ်! သူးနို့လေရဲ့ ဝတ်လောင်မာ ပန်းဗွား*
ဟို့လည်း ကီးကီးမားမား ချောက်ဘီးဟာ တတ်ဂေ့လေဟုယ်!
6 စားသော့-က်မွဲလေမာလည်း ကောန်းဆောင်းနေရာလေန
ဝါလယ်ဇရပ်လေမာလည်း မြင့်မြတ်ဟူ နေရာလေဟို့ဘဲ့ နှစ်သက်လေဟုယ်။
7 ရိုးရိုသေးသေန နှောက်ဆစ်ဇာဟို့ လတ်ခံရှင်ဘီး ‘ဆရာ’ ဆိုဘီး ခေါ်ခံရဇာဟို့
နှစ်သက်ဂေ့လေဟုယ်။
8 နန်းနို့လေဟာ ‘ဆရာ’ ဆိုဘီး ခေါ်ခံဂေ့န။ ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်းနို့လေ
ဂူလောင်းဟာ ညီကိုလေ ဖြစ်ဘီး နန်းနို့လေမာ ဆရာတပါးဒဲဘဲ့ ရှိလေဟုယ်။
9 မ့လေဂီးထတ်မာ ဖယ်သူဟို့မ့လည်း ‘ဖ’ ဆိုဘီး ခေါ်ဂေ့န။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
ကောန်းဂန်ဘောင်မာ နန်းနို့လေရဲ့ ‘ဖ’ တပါးဒဲဘဲ့ ရှိလေဟုယ်။
10 နန်းနို့လေဟာ ခေါ်းဆောန့်ဆိုဘီး ခေါ်ခံဂေ့န။ နန်းနို့လေရဲ့ ခေါ်းဆောန်ဟာ
ခရစ်တော် တပါးဒဲဘဲ့ဖြစ်ဟုယ်။

23:5 ၂၃.၅ မ ၆.၁ * **23:5 ၂၃.၅ သူးနို့လေရဲ့ ဝတ်လောင်မာ ပန်းဗွား၊** အယ်ပန်းဗွားလေဟာ ဘုရားသခင်ဟို့ ကိုးကွယ်ဟူ လတ်ခဏာတခုနေန ဝတ်ဂေ့ဟုယ်။

11 နန်းနဲ့လေထဲမာ ကီးဆောင်းဖြစ်ဟူ သူဟ့ာ နန်းနဲ့ရဲ့ စေခံဖြစ်ရမယ်။
12 ကိုယ့်ကိုယ်ကိုယ် ချီးမြှော့-က်ဟူသူဟ့ာ နှိခ့လခံရလေ့မယ်။ ကိုယ့်ကိုယ်ကိုယ်
နှိခ့လဟူသူဟ့ာ ချီးမြှော့-က်ခံရလေ့မယ်။”

ယေရှုဟ့ သူတော်ကောန်း ယောန်ဆောန်ဟူဟို့ ပြစ်တန်ဟူကြောန်း
(မာကု ၁၂.၄၀; လုကာ ၁၁.၃၉-၄၂,၄၄; ၂၀.၄၇)

13 သူတော်ကောန်း ယောန်ဆောန်ဟူ ကျမ်းပြုဆရာလေန ဖာရိရှဲလေ နန်းနဲ့လေဟ့ာ
အမင်္ဂလာရှိလေဟ့ယ်! ကောန်းဂန်နိုင်ငံတော်ရဲ့ ခွဖော့-က်ဟို့ လူလေရှေ့မာ ပိဟ့ားဘီး
နန်းနဲ့ကိုယ်တိုင်လည်း ဝမ်ဟ့။ ဝမ်ဟို့ ကြိုးစားနေဟူ သူလေဟို့လည်း ဝမ်ဟို့ ခွမ့်ပေးဟ့!
14 †
15 သူတော်ကောန်း ယောန်ဆောန်ဟူ ကျမ်းပြုဆရာလေန ဖာရိရှဲလေ နန်းနဲ့လေဟ့ာ
အမင်္ဂလာရှိလေဟ့ယ်! လူတယော့-က်ဟို့ ဘာသာသွမ်းဟို့တွပ် ကူးကြောန်း၊
ရေကြောန်း လှည့်လည်တတ်လေဟ့ယ်! ဘာသာဝမ်ဘီးဟူ သူလေဟို့လည်း
နန်းနဲ့လေထတ် နှေ့ဆဟူ ငရဲသား ဖြစ်စေလေဟ့ယ်!
16 “လမ်းပြဟူလူကန်းလေ၊ နန်းနဲ့လေဟ့ာ အမင်္ဂလာရှိလေဟ့ယ်!
‘ယော့-က်ယော့-က်ဟ့ ဗိမာန်တော်ဟို့ တိုင်တယ်ဘီး ကီဟ့ယ် ဆိုဟ့ာ အယ်ကီဆိုမူဟ့ာ
တည်ဟ့။ ဗိမာန်တော်ရဲ့ ရွှေဟို့ တိုင်တယ်ဘီးကီမှဘဲ့ တည်ဟ့ယ်’ ဆိုဘီး
နန်းနဲ့ပြောတတ်လေဟ့ယ်။
17 လူမိုက်လူကန်းလေ! ဖယ်ရာဟ့ ပိုဘီး ရေးကီးဟ့ယ်နူး ရွှေဟ့ ရေးကီးဟ့ယ်လော၊
ရွှေဟို့ သန့်ရှင်းစေဟူ ဗိမာန်တော်ဟ့ ရေးကီးဟ့ယ်လော။
18 အယ်ဘီးဟ့ာ ‘ယဇ်ပလ္လင်ဟို့တိုင်တယ်ဘီး ကီဟ့ယ် ဆိုဟ့ာ အယ်ကီဆိုမူဟ့
တည်ဟ့။ ယဇ်ပလ္လင်ထတ်မာရှိဟူ ပူဇော်သကာဟို့ တိုင်တယ်ဘီး ကီမှဘဲ့ တည်ဟ့ယ်’
ဆိုဘီး နန်းနဲ့ပြောတတ်လေဟ့ယ်။
19 လူမိုက်လူကန်းလေ! ဖယ်ရာဟ့ ပိုဘီး ရေးကီးဟ့ယ်နူး၊ အယ်ပူဇော်သကာဟ့ဘဲ့
ရေးကီးဟ့ယ်လော၊ အယ်မျိုးမူဘဲနေဟ့ာ အယ်ပူဇော်သကာဟို့ သန့်ရှင်းစေဟူ
ယဇ်ပလ္လင်ဟ့ဘဲ့ ရေးကီးဟ့ယ်လော။
20 အယ်ကြောန့် ယဇ်ပလ္လင်ဟို့ တိုင်တယ်ဘီး ကီဟ့ယ် ဆိုဟ့ာ ယဇ်ပလ္လင်န
ယဇ်ပလ္လင်ထတ်မာ ရှိဟူဇာလေ ဂူလောင်းဟို့ တိုင်တယ်ဘီး ကီဆိုဇာဖြစ်ဟ့ယ်။
21 ဗိမာန်တော်ဟို့ တိုင်တယ်ဘီး ကီဟ့ယ် ဆိုဟ့ာ ဗိမာန်တော်န ဗိမာန်တော်မာ
ကိန်းဝပ်ဟူဘုရားသခင်ဟို့ တိုင်တယ်ဘီး ကီဆိုဇာဖြစ်ဟ့ယ်။

23:11 **ယာ.၁၁** မ ၂၀.၂၆,၂၇; မာ ၉.၃၅; ၁၀.၄၃,၄၄; လု ၂၂.၂၆ **23:12** **ယာ.၁၂** လု ၁၄.၁၁; ၁၈.၁၄ † **23:14** **ယာ.၁၄** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၁၄ ဟို့၊ သူတော်ကောန်း ယောန်ဆောန်ဟူ ကျမ်းပြုဆရာလေန ဖာရိရှဲလေ နန်းနဲ့လေဟ့ာ အမင်္ဂလာရှိလေဟ့ယ်! နန်းနဲ့လေဟ့ာ မောက်ဆိုးမလေရဲ့ အီရာပစ်စီးလေဟို့ မတရားသီးယူဂေ့ဘီးဟ့ာ လူဖြင်ကောန်းအောန် ကြာဟို့ဒီး ဆုတောန်းဂေ့လေဟ့ယ်! အယ်မျိုးလောက်ဟို့ကြောန့် နန်းနဲ့လေဟ့ာ ပိုဘီး ဆိုးဟူ ပြစ်ဒန်ဟို့ ခံရဂေ့လေ့မယ်! ဆိုဘီး ထပ်ပေါန်းထဲ့ဟ့ားဟ့ယ် (ရှု မာ ၁၂.၄၀)။

22 အယ်ဘီးဟှာ ကောန်းဂန်ဘောင်ဟို့ တိုင်တယ်ဘီး ကီဟှယ် ဆိုဟှာ ဘုရားသခင်ရဲ့
ပလ္လင်တော်န အယ်ပလ္လင်ထတ်မာ ထိုင်တော်မူဟ္ဟုသခင်ဟို့ တိုင်တယ်ဘီး
ကီဇာဖြစ်ဟှယ်။”
23 “သူတော်ကောန်းယောန်ဆောန်ဟ္ဟု ကျမ်းပြုဆရာလေန ဖာရိရှဲလေ၊ နန်းနို့လေဟှာ
အမင်္ဂလာရှိလေဟှယ်! နန်းနို့လေဟှာ ပန်ဇီး၊ စမ္မတ်န ဇီယာလေဟို့ ဆယ်ဖို့တဖို့
ပေးဂေ့ဟှယ်။ အယ်ဘေမဲ့ ပညတ်တရားထဲမာ ပိုဘီး ရေးကီးဟ္ဟု တရားမျှတမှု၊
သနားကြင်နာမှုန သစ်စာရှိမှုဟို့ လတ်လျှူရှုဟှားဂေ့ဟှယ်။ အယ်မူဇာလေဟို့
လောက်ရမယ်ဖြစ်ဘီး စဒူးဟှပြောဟှားဇာလေဟို့လည်း ထားရစ်န။
24 လမ်းပြဟ္ဟုလူကန်းလေ! နန်းနို့လေဟှာ ခြင်ကောန်ဟို့ စစ်ထုဘီး
သော့-က်ဂေ့ဟှယ်။ အယ်ဘေမဲ့ ကုလားအုတ်ဟို့ ကောန်လိုက်မျိုဂေ့လေဟှယ်!”
25 “သူတော်ကောန်း ယောန်ဆောန်ဟ္ဟု ကျမ်းပြုဆရာလေန ဖာရိရှဲလေ၊ နန်းနို့ဟှာ
အမင်္ဂလာရှိလေဟှယ်! နန်းနို့လေဟှာ ခွပ်နစံရဲ့ပ့လန်ဟို့ဘဲ့ စင်ကြယ်စေဘီး နန်းနို့ရဲ့
စိထဲမာ လောဘလွန်ကျူးရှင်းန ကြမ်းဖတ်မှုလေ ပ့လဲ့နေလေဟှယ်။
26 မျစ်စိဖြင်ဘဲ့ဟ္ဟု ဖာရိရှဲလေ! ခွပ်ရဲ့ထဲဟို့ဘဲ့ ရင်စင်ကြယ်စေပါ! အယ်မျိုးဆိုဟှာ
ပ့လန်ဟှလည်း စင်ကြယ်ဟှားလေ့မယ်။”
27 “သူတော်ကောန်းယောန်ဆောန်ဟ္ဟု ကျမ်းပြုဆရာလေန ဖာရိရှဲလေ၊ နန်းနို့ဟှာ
အမင်္ဂလာရှိလေဟှယ်! နန်းနို့လေဟှာ ထူးဖ့လူသုဟှားဟ္ဟု သန်းခ့လိုင်းဂူနတူဂေ့ဟှယ်။
အယ်အုဂူလေဟှာ အပ့လန်မာ လှပတင့်တယ် ဘေမဲ့လည်း ထဲမာ ပေါက်ပွနေဟ္ဟု
လူသေလေရဲ့ ရိုးစုလေန ပ့လဲ့နေလေဟှယ်။
28 အယ်မျိုးဘဲ့ နန်းနို့လေဟှာ အပ့လန်အားဖြင့် လူလေရှေ့မာ ဖြောန့်မတ်ဟှယ်
ဆိုဘီး ထန်ရဟှယ်။ အယ်ဘေမဲ့ နန်းနို့ထဲမာ ဟန်ဆောန်ဟ္ဟု ဇာလေ၊ ဆိုးညစ်ဟ္ဟု
ဇာလေန ပ့လဲ့နေလေဟှယ်။”

ကျမ်းပြုဆရာလေန ဖာရိရှဲလေရဲ့ ပြစ်ဒန်ဟို့ ကြိုတန်ဘီး ဖော်ပြဟ္ဟုကြောန်း (လုကာ ၁၁.၄၇-၅၁)

29 “သူတော်ကောန်းယောန်ဆောန်ဟ္ဟု ကျမ်းပြုဆရာလေန ဖာရိရှဲလေ၊ နန်းနို့ဟှာ
အမင်္ဂလာရှိလေဟှယ်! နန်းနို့လေဟှာ ပရောဖက်လေရဲ့ သန်းခ့လိုင်းအုဂူလေဟို့
တည်ဆော့-က်ဘီး ဖြောန့်မတ်ဟ္ဟုသူလေရဲ့ သန်းခ့လိုင်းအုဂူလေဟို့ တန်ဆာဆင်ဘီး၊
30 ‘နို့လေဟှာ နို့လေရဲ့ ဘိုးဘေးလေရဲ့ လတ်ထတ်မာ ရှိမယ် ဆိုဟှာ
ပရောဖက်လေဟို့ သတ်ဖြတ်ဟို့တွပ် ပါဝမ်သူလေဖြစ်ဟို့ မှုဟှ’ ဆိုဘီး
ပြောဂေ့လေဟှယ်။
31 အယ်ကြောန့် နန်းနို့လေဟှာ ပရောဖက်လေဟို့ သတ်ဟ္ဟု မှုလေးမှုလစ်လေ
ဖြစ်ကြောန်းဟို့ နန်းနို့ကိုယ်တိုင် သတ်သေခံဂေ့ဟှယ်!
32 အယ်ဘီးဟှာ နန်းနို့ရဲ့ ဘိုးဘေးလေ စပြုဟှားဇာဟို့ ပီးဆောင်းအောန် ဆစ်ဘီး
လောက်ဆောန်ဂေ့ပါ!

23:22 **ဥရ.၂၂** မ ၅.၃၄ **23:27** **ဥရ.၂၃** တ ၂၃.၃

33 မွဲဗွေးအမျိုးလေ! နန်းနို့လေဟှာ ငရဲမာ ပြစ်စီရင်ခံရရှင်းဟှနေဘီး ဖယ်မျိုး
လွတ်လေ့မယ်နူး။
34 အယ်ကြောန့် နန်းနို့ဟို့ ငါပြောမယ်။ နန်းနို့နှားဟို့ ပရောဖက်လေ၊ ပညာရှိလေ၊
ကျမ်းပြုဆရာလေဟို့ ငါစေလွှတ်မယ်။ တချို့လေဟို့ သတ်လေ့မယ်။ တချို့လေဟို့
လတ်ဝါးကပ်တိုင်မာ တန်သတ်ဂေ့လေ့မယ်။ တချို့လေဟိုလည်း ဝါလယ်ဇရပ်လေမာ
ရိုက်ဘီး တချို့လေဟို့ တဗြို့ဘီးတဗြို့ လိုက်ဖမ်းဂေ့လေ့မယ်။
35 အယ်ကြောန့် ဖြောန့်မတ်ဟူ အာဗေလဟှနေစဘီး ဗိမာန်တော်န ယဇ်ပလ္လင်ကြားမာ
နန်းနို့သတ်ဟှားဟူ ဗာရခိသား ဇာခရိထိအောန် မ့လေဂီးထတ်မာ သွန်းလောန်းဟူ
သူတော်ကောန်းလေရဲ့ သွီးဟှာ နန်းနို့လေထတ်ဟို့ သတ်ရော့-က်လေ့မယ်။
36 ငါ မှန်ပြောမယ်၊ အယ်မူ သတ်ဖြတ်မူလေတွပ် ပြစ်ဒန်ဟှာ အယ်နေ့ခေတ်
လူလေထတ်ဟို့ ကျလရော့-က်လေ့မယ်!”

ယေရုရှလင်ဗြို့တွပ် ယေရှုရဲ့ မြစ်တာတော်ကြောန်း
(လုကာ ၁၃.၃၄,၃၅)

37 “အို၊ ယေရုရှလင်ဗြို့၊ ယေရုရှလင်ဗြို့! နန်ဟှာ ပရောဖက်လေဟို့ သတ်ဘီး
ဘုရားသခင်စေလွှတ်ဟူ တမန်လေဟိုလည်း ကျလော့-က်ခဲန ပစ်လေဟှယ်!
ကြစ်မဂီးဟှာ ကြစ်သားဂန်းဟှားလေဟို့ သူ့ရဲ့ တွန်အော့-က်မာ စုဘီးထားဟူမျိုး ငါဟှာ
နန့်ဟို့ စုဘီးထားဟို့တွပ် ခါဘီးခါ လိုရှင်ဟှားဟှယ်!
38 အယ်ကြောန့် နန်ရဲ့ ဗိမာန်တော်ဟို့ ဘုရားသခင်ဟှာ စွန့်ပစ်လေ့မယ်။
39 နန့်ဟို့ ငါပြောမယ်။ ‘ဘုရားသခင်ရဲ့ နာမတော်န ကြွလာဟူသခင်ဟှာ
မဂ်လာရှိပါစေ’ ဆိုဘီး နန်ပြောခန်ထိ ခုခီဟှနေစဘီး နန်ဟှာ ငါ့ဟို့
လောင်းဝဖြင်ရလေ့မယ် မူဟှ” ဆိုဘီး မိန့်တော်မူလေဟှယ်။

24

ဗိမာန်တော် ပျစ်စီးမယ့်ကြောန်း
(မာကု ၁၃.၁, ၂: လုကာ ၂၁.၅,၆)

1 ယေရှုဟှာ ဗိမာန်တော်ဟှနေ ထွပ်လာဟူ ခီမာ တဗဲ့တော်လေဟှ ဗိမာန်တော်ရဲ့
ဆော့-က်ဦးလေဟို့ ပြဟို့တွပ် ကိုယ်တော်နားဟို့ လာဂေ့ဟှယ်။
2 ကိုယ်တော်ဟှ “အယ်ဆော့-က်ဦးလေဟို့ နန်းနို့လေ ဗြင်ဂေ့ဟှယ် မူဟှလော။ ငါ
မှန်ပြောမယ်။ အယ်နေရာမာ ဖြိုခ့လဇာခံရဘဲန တခြားက့လော့-က်ထတ်မာ ကျန်ရစ်ဟူ
က့လော့-က်တလောင်းလည်းမွေအောန် က့လော့-က်လေ ဂူလောင်းဟို့
ဖြိုခ့လေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

ဆင်းရဲဒေါက်ခလေန ညှဉ်းဆဲနှိစစ်မှုလေကြောန်း
(မာကု ၁၃.၃-၁၃: လုကာ ၂၁.၇-၁၉)

23:33 ၂၃.၃၃ မ ၃.၇: ၁၂.၃၄: လု ၃.၇

3 ယေရှုဟှာ သံလွင်တောန်ထတ်မာ ထိုင်နေဟှုခဲ့ တဗဲ့တော်လေဟှာ
တခြားလူလေပါဘဲန ကိုယ်တော်နားဟှိ လာဂေ့ဟှယ်။ သူးနှဲ့ဟှ “အယ်မူဇာလေဟှာ
ဖယ်ခီမာ ဖြစ်မယ်နူး၊ ကိုယ်တော်ကြွလာဟှုခီန ကမ္ဘာကူဆောင်းဟှ ခီမာ ဖြားနိမိတ်လေ
ဖြစ်ပေါ်လာမယ်နူး၊ ကျွန်တော်ဟှားလေဟှိ မိန့်တော်မူပါ” ဆိုဘီး
လျှော့-က်ဂေ့လေဟှယ်။

4 ယေရှုဟှ “နန်းနှဲ့လေဟှိ ဖယ်သူလည်း လှည့်ဇားဘဲနေအောန် ဒိထားဂေ့ပါ။

5 လူလေဘောင်ဂီးဟှ ‘ငါဟှာ ခရစ်တော်ဖြစ်ဟှယ်!’ ဆိုဘီး ငါ့နာမဟှိ သောင်းဘီးဟှာ
လူလေဟှိ လှည့်ဇားဂေ့လေ့မယ်။

6 နန်းနှဲ့လေဟှာ စစ်ပွဲလေန စစ်တိုက်ဟှုဒန်းလေဟှိ ကြားရဂေ့လေ့မယ်။ အယ်ဘေမဲ့
ကြော့-က်လန့်ဂေ့န။ အယ်မူဇာလေဟှာ ဖြစ်လာရမယ်။ အယ်ဘေမဲ့ ဆောင်းဟှိ
ရော့-က်သေးဟှ။

7 လူမျိုးတမျိုးန တမျိုး၊ တနိုင်ငံန တနိုင်ငံ စစ်ဖြစ်ဂေ့လေ့မယ်။ နေရာနှံ့မာ စာရေဇာ
ခေါန်းပါးဘီးဟှာ မ့လေငလျင်လှော့က် လေ့မယ်။

8 အယ်မူဇာလေ အားလာင်းဟှာ သားမီ့းမျိုး ခံစားရဟှု နာကျင်မှုရဲ့
စဘဲ့ဖြစ်လေဟှယ်။

9 “အယ်ဘီးဟှာ နန်းနှဲ့လေဟှာ ညှဉ်းဆဲခံရဟှိ့ အပ်ခံရဂေ့ဘီး သေသတ်ရှင်းဟှိ
ခံရဂေ့လေ့မယ်။ နန်းနှဲ့လေဟှာ ငါ့နာမကြောန့် လူမျိုးလေ ဂူလောင်းရဲ့ မူးတီးဂေ့ဇာဟှိ
ခံရလေ့မယ်။

10 အယ်ခီမာ လူဘောင်ဂီးဟှာ သူးနှဲ့ရဲ့ ယောင်ကြည်မှုဟှိ စွန့်ပစ်လေ့မယ်။ သူးနှဲ့ဟှာ
ယော့-က်နယော့-က် မူးတီးဂေ့ဘီး သစ်စာဖော့-က်ဂေ့လေ့မယ်။

11 ပရောဖက် တုယောန်လေ ဘောင်ဂီး ပေါ်လာဂေ့လေ့မယ်။ အယ်ဘီးဟှာ
လူလေဘောင်ဂီးဟှိ လှည့်ဇားလေ့မယ်။

12 ဆိုးညစ်မှုလေ များပြားလာဟှိကြောန့် လူလေရဲ့ ရှစ်မြစ်တာဟှာ
ခေါန်းဘားဟှားလေ့မယ်။

13 အယ်ဘေမဲ့ ဆောင်းထိ တည်ကြည်ဟှုသူဟှာ ကယ်တန်ရှင်းဟှိ ခံရလေ့မယ်။

14 နိုင်ငံတော်ကြောန်း အယ်ဒန်းကောန်းဟှာ လူမျိုးတိုင်းဟှိ သတ်သေဖြစ်ဟှိ့တွပ်
ကမ္ဘာတခုလောင်းမာ ဟောပြောဂေ့လေ့မယ်။ အယ်ဘီးမှ ဆောင်းဟှာ
ရော့-က်လာလေ့မယ်။

ရှုံဇာကောန်းဟှုဇာကြောန်း
(မာကု ၁၃.၁၄-၂၃; လုကာ ၂၁.၂၀-၂၄)

15 “အယ်ကြောန့် နန်းနှဲ့လေဟှာ ပရောဖက်ဒံယေလ ပြောဟှားတိုင်းဘဲ့
‘ဖျစ်ဆီးတတ်ဘီး ရှုံဇာကောန်းဟှုဇာ’ ဟှိ ဗြင်ရလေ့မယ်။ အယ်မူဇာဟှာ
သန့်ရှင်းဟှုနေရာမာ ရပ်နေလေ့မယ်” (စာဖတ်သူဟှာ အယ်မူခိပါယ်ဟှိ နားလည်ပါစေ!)

16 အယ်ဆိုဟှာ ယုဒပြည်မာရှိဟှ လူလေဟှာ တောန်ထတ်ဟှိ ပုလေးရမယ်။

24:9 **ဥ၄.၉** မ ၁၀.၂၂ **24:13** **ဥ၄.၁၃** မ ၁၀.၂၂

17 အီးခေါန်မိုးထတ်မာ ရှိနေဟူသူဟု အီထဲဟု ပစ်စီးလေဟို့ ယူဟို့တွပ် အော့-က်ဟို့
ဆင်းစေန။
18 လယ်ထဲမာရှိဟူသူဟုာ သူ့ရဲ့ဝတ်လောင်ဟို့ ယူဟို့တွပ် အီဟို့ ပ့လန်စေန။
19 အယ်မူနေ့ရစ်လေဟုာ ဗိုက်ရှင်မလေန သားရှင်မိလေဟုာ ရရာတိုင်း
ကြော့-က်လန့်ဂေ့လေ့မယ်!
20 နန်းနို့လေ ထွပ်ပ့လေးရဟို့ခီဟုာ ဆောန်းကာလန ဒန်းနေ့မာ ဖြစ်ဘဲဟို့တွပ်
ဆုတောန်းဂေ့ပါ!
21 ဖြားဖြစ်ကြောန်နူးဆိုဟုာ ကမ္ဘာဦးဟုနေဘီး ခုခီထိ ဖြစ်ဖူးဘဲဟူ
ဆင်းရဲဒေါက်ခလေဟုာ အယ်ကာလမာ ကုလရော့-က်လာလေ့မယ်။ အယ်မျိုးလည်း
နော့-က်တခါဖြစ်လေ့ဟို့မူဘီ။
22 ဘုရားသခင်ဟုာ အယ်နေ့ရစ်လေဟို့ တိုစောဲဟု ဆိုဟုာ တယော့-က်လည်းဘဲ့
သတ်ဘေးဟုလွတ်ဟို့ မူဟု။ အယ်ဘေမဲ့ ဘုရားသခင် ဝီးကော့-က်ဟုားဟူ လူလေတွပ်
အယ်နေ့ရစ်လေဟို့ တိုစေတော်မူလေ့မယ်။
23 “အယ်ဘီးဟုာ ယော့-က်ယော့-က်ဟု နန်းနို့ဟို့ အယ်မျိုးပြောမယ် ဆိုဟုာ
‘ကေ့ကေ့ပါ။ အယ်နေရာမာ ခရစ်တော်ရှိဟုယ်!’ အယ်မျိုးမူဘဲနေဟုာ ‘ဟို့နေရာမာ
ခရစ်တော်ရှိဟုယ်!’ ဆိုဟုာ ယောင်ကြည်ဂေ့န။
24 ဖြားဖြစ်နူးဆိုဟုာ မေရှိယ တုယောန်လေန ပရောဖက် တုယောန်လေဟုာ
ပေါ်လာဘီး သူးနို့ဟုာ ဖြစ်နိုင်မယ် ဆိုဟုာ ဘုရားသခင် ဝီးကော့-က်ဟုားဟူ
လူလေဟို့လည်း လှည့်ဇားဟို့တွပ် ကီးမားဟူ နိမိတ်လတ်ခဏာလေန
အံ့သြဘွယ်လေဟို့ ပြဂေ့လေ့မယ်။
25 နားထောန်ဂေ့! အယ်မူဇာလေဖြစ်ခန် နန်းနို့လေဟို့ ငါပြောဟုားဘီ။”
26 “အယ်ကြောန့် လူလေဟု ‘ကေ့ကေ့ပါ။ မေရှိယဟုာ တောထဲမာရှိဟုယ်!’ ဆိုဘီး
ပြောမယ် ဆိုဟုာ အယ်နေရာဟို့ သွားဂေ့န။ ‘အီခန်းထဲမာရှိဟုယ်!’ ဆိုဘီး ပြောမယ်
ဆိုဟုာလည်း ယောင်ကြည်ဂေ့န။
27 ဖြားဖြစ်ကြောန်နူးဆိုဟုာ လျှပ်စီးဟုာ ရှေ့ဟုနေဘီး နော့-က်ထိလာလန်းမျိုးဘဲ့
လူ့ရဲ့သားဟုာ ကြွလာလေ့မယ်။”
28 “သေကောန်ရှိဟူ နေရာတိုင်းမာ လင်းတလေ စုဝေးနေဂေ့လေ့မယ်။”

လူ့ရဲ့သား ကြွလာတော်မူဟူကြောန်း
(မာကု ၁၃.၂၃–၂၇; လုကာ ၂၁.၂၅–၂၈)

29 “အယ်နေ့ရစ်လေရဲ့ ဆင်းရဲဒေါက်ခလေ ကုလရော့-က်လာဘီးန ရှုစ်ရှင်းဘဲ့
နေဟုာ မှောန်မိုက်လေ့မယ်။ လဟုလည်း လန်းရောန်ပေးဟို့ မူဟု။ ကြယ်လေလည်း
ကောန်းဂန်ဟု ကိုက္လလေ့မယ်။ ကောန်းဂန်တဂိုးလေဟုာ လှောက်ခါဂေ့လေ့မယ်။
30 အယ်ဘီးန လူ့သားရဲ့ နိမိတ်လတ်ခဏာဟုာ ကောန်းဂန်မာ ပေါ်ထွပ်လာလေ့မယ်။

24:17 **ဂန့.၁၇.၁၈** လု ၁၇.၃၁ **24:21** **ဂန့.၂၁** ဗျာ ၇.၁၄ **24:26** **ဂန့.၂၆.၂၇** လု ၁၇.၂၃.၂၄ **24:28** **ဂန့.၂၈** လု ၁၇.၃၇ **24:29** **ဂန့.၂၉ က** ဗျာ ၆.၁၂; **ခ** ဗျာ ၆.၁၃ **24:30** **ဂန့.၃၀** ဗျာ ၁.၇

လူ့ရဲ့သားဟာ မိုးတိမ်ဟို့ စီးဘီး ကီးမားဟူ့ ဖောင်းတဂိုးန ကြွလာဟူ့ဇာဟို့
ကမ္ဘာမှလေမာရှိဟူ့ လူမျိုးလေ ဂူလောင်းဟာ ဗြင်ဂေ့ဟူ့ ခီမာ ဝိုကြွေးဂေ့လေ့မယ်။
31 အယ်ဘီးဟာ လူ့ရဲ့သားဟာ သံက့လယ်ဟူ့ တံပိုးသံနတူးဒူ သူ့ရဲ့
ကောန်းဂန်တမန်လေဟို့ ရပ်လေးမျစ်နာဟို့ စေလွှတ်လေ့မယ်။ အယ်ဘီးဟာ သူးနို့ဟာ
ကိုယ်တော် ဝီးကော့-က်ဟားဟူ့ သူလေဟို့ မှ့လေဂီး တဖတ်စွန်းဟုနေဘီး မှ့လေဂီး
တဖတ်စွန်းထိအောန် စုသီးတော်မူလေ့မယ်။”

သဖန်းဗန်ရဲ့ သန်ဂန်းဇာကြောန်း
(မာကု ၁၃.၂၈-၃၁; လုကာ ၂၁.၂၉-၃၃)

32 “သဖန်းဗန်ဟုနေ အယ်သင်ဂန်းဇာယူဂေ့။ သဖန်းဗန်လေမာ ခတ်လတ်လေဟာ
စီးစိဘီး ဝပ်နုလေ ထွပ်လာခီဟာ နွီကာလနီးလာဘီ ဆိုဇာဟို့ နန်းနို့သိဂေ့လေဟုယ်။
33 အယ်မျိုးဘဲ့ နန်းနို့လေဟာ အယ်မူဇာလေ ဂူလောင်းဟို့ ဗြင်ရခီမာ လူ့ရဲ့သားဟာ
ခွဗော့-က်ဝနားဟို့ ရော့-က်နေဘီ*ဆိုဇာဟို့ သိမှတ်ဂေ့ပါ။
34 ငါ မှန်ပြောမယ်၊ ခု သတ်ရှင်နေဟူ့ လူလေ ဂူလောင်း သေခန်မာ အယ်မူဇာလေ
ဂူလောင်းဟာ ဖြစ်လာလေ့မယ်။
35 ကောန်းဂန်န မှ့လေဂီးဟာ ကွယ်ပျော့-က်ဟားလေ့မယ်။ အယ်ဘေမဲ့ ငါ့စကားဟာ
လောင်းဝ ကွယ်ပျော့-က်ဟားလေ့မယ် မူဟု။”

အယ်နေ့ အယ်ခီဟို့ ဖယ်သူလည်း သိဘဲဟူကြောန်း
(မာကု ၁၃.၃၂-၃၇; လုကာ ၁၇.၂၆-၃၀,၃၄-၃၆)

36 “အယ်ဘေမဲ့လည်း အယ်နေ့ရစ်၊ အယ်ခီနာရီန ပတ်သတ်ဘီး ဖယ်သူလည်း သိဟု။
ကောန်းဂန်တမန်လေ သိဟု။ သားတော်လည်း သိဟု။† ဖတပါးဒဲဘဲ့
သိတော်မူလေဟုယ်။
37 လူ့ရဲ့သား ကြွလာဟူ့ ခီဟာ နောရဲ့ နေ့ရစ်လေမျိုးဘဲ့ ဖြစ်လေ့မယ်။
38 ရေကီးရှင်း ဖြစ်ခန် နေ့ရစ်လေမာ နောဗော့ သန်းဖောထဲဟို့ ဝမ်ဟူ့ နေ့ထိ
လူလေဟာ စားသော့-က်ရင်း၊ မင်္ဂလာဆောန်နေဂေ့ဘီး၊
39 ရေကီးလာဘီး သူးနို့လေ ဂူလောင်းဟို့ သေကြေ ပျစ်စီးဟားထိတိုင် သူးနို့ဟာ
ဒိလတ်လွတ် နေဂေ့လေဟုယ်။ လူ့ရဲ့သား ကြွလာဟူ့ ခီမာလည်း
အယ်မျိုးဘဲ့ဖြစ်လေ့မယ်။
40 အယ်ခီမာ လဲဗ့လန်ထဲမာ လောက်လောက်နေဟူ့ လူနှေ့ယော့-က်ထဲဟ့
တယော့-က်ဟို့ သီးယူဘီးဟာ တယော့-က်ဟ့ ကျန်ရစ်လေ့မယ်။
41 က့လီဆောင်က့လီနေဟူ့ မီးမ နှေ့ယော့-က်ထဲဟ့ တယော့-က်ဟို့ သီးယူဘီး
တယော့-က်ဟ့ ကျန်ရစ်လေ့မယ်။

---

* **24:33** **ဒန.၇.၁၃** လူ့ရဲ့သားဟာ ခွဗော့-က်ဝနားဟို့ ရော့-က်နေဘီ၊ အယ်မျိုးမူဘဲနေဟာ လူ့ရဲ့သားဟာ
ရော့-က်လာဟို့ ဆင်သင့်ဖြစ်နေဘီ။ † **24:36** **ဒန.၇.၁၆** တချို့ မူရင်းလတ်ရေးမူလေမာ သားတော်လည်း သိဟု၊
ဆိုဇာဟာ မမြဟု။

42 အယ်ကြောန့် ဒိနစောန့်နေဂေ့ပါ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေရဲ့ သခင်ဟှာ
ဖယ်နေ့ရစ်မာ ရော့-က်လာမယ် ဆိုဇာဟို့ နန်းနို့ သိဂေ့ဟှ။
43 အီဇရှင်ဟှာ ခိုးလာဟို့ခီဟို့ သိနေဟှယ် ဆိုဟှာ အိဘဲန စောန့်နေဘီး သူ့ရဲ့ အီဟို့
ဖော့-က်ထွမ်းဟို့တွပ် ခွမ့်ပြုဟို့ မှုဟှ။
44 အယ်ကြောန့် နန်းနို့လေလည်း ဆင်သင့်ဖြစ်နေဂေ့။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ
နန်းနို့လေ ထန်မှတ်ဘဲဟှ ခီနာရီမာ လူ့ရဲ့သားဟှာ ကြွလာလေ့မယ်။”

သစ်စာရှိဟှ စေခံန သစ်စာမှေ့ဘဲဟှ စေခံကြောန်း
(လုကာ ၁၂.၄၁-၄၈)

45 “အယ်ဆိုဟှာ သစ်စာန ပညာရှိဟှ စေခံဟှ ဖယ်သူနူး။ တခြားစေခံလေဟို့
အောက်ချောက်ဟို့တွပ်န ခီတန်ဟှာ စားဇာလေ ထုပေးဟို့ သူ့သခင် ခန့်ဟှားဟှ
သူဖြစ်ဟှယ်။
46 သူ့သခင်ပ့လန်လာဟှ ခီမာ အယ်မူတိုင်းဘဲ့ လောက်ဆောန်နေဇာဟို့ သခင်တွိမယ်
ဆိုဟှာ အယ်စေခံဟှာ မင်္ဂလာရှိဟှယ်!
47 ငါ မှန်ပြောမယ်၊ သခင်ဟှာ သူ့ရဲ့ ပစ်စီးအောက်စာလေ ဂူလောင်းဟို့
စီမံအောက်ချောက်ဟို့တွပ် အယ်စေခံဟို့ ခန့်ဟှားလေ့မယ်။
48 အယ်ဘေမဲ့ ဆိုးဟှစေခံဟှ သူ့ရဲ့စိထဲမာ ‘ငါ့သခင်ဟှာ တော်တော်န လာဟို့ မှုဟှ’
ဆိုဘီး ပြောဘီးန၊
49 တခြားကျွန်လေဟို့ ရိုက်ဘီးဟှာ ရစ်သမားလေန သော့-က်စားနေလေဟှယ်။
50 အယ်ကျွန်ရဲ့ သခင်ဟှာ သူမျှော်လင့်ဘဲဟှ နေ့ရစ်၊ ကြားသိဘဲဟှ ခီနာရီမာ
ရော့-က်လာလေ့မယ်။
51 အယ်စေခံဟို့ ကီးမားဟှ ပြစ်ဒန်ပေးဘီးဟှာ‡ သူတော်ကောန်း ယောန်ဆောန်ဟှ
သူလေနတူးဒူ နေရလေ့မယ်။ အယ်နေရာမာ သူဟှာ ငိုကြွေးဘီး၊ အံသွားခဲက့လိဘီးဟှာ
နေရလေ့မယ်။”

25

ဒို့သမီးဆယ်ယော့-က်ကြောန်း

1 “အယ်မူခီမာ ကောန်းဂန်နိုင်ငံတော်ဟှာ ဒို့သားဟို့ ကြိုဟို့တွပ် သူးနို့ရဲ့
မီးခွပ်လေယူဘီး ထွပ်ဟှားဟှ ဒို့သမီးဆယ်ယော့-က်န တူလေဟှယ်။
2 သူးနို့ထဲဟှ ငါးယော့-က်ဟှာ မိုက်မဲဟှသူလေဖြစ်ဘီး ငါးယော့-က်ဟှာ
ပညာရှိလေဖြစ်ဂေ့ဟှယ်။
3 မိုက်မဲဟှသူလေဟှာ မီးခွပ်လေဟို့ဘဲ့ယူဘီး ဆီဟို့ ယူဂေ့ဟှ။
4 ပညာရှိဟှသူလေဟှာ မီးခွပ်လေနတူးဒူ ဆီဟို့လည်း ယူဂေ့ဟှယ်။
5 ဒို့သားဟှာ လာသေးဘဲနနေဟှကြောန့် သူးနို့လေဂူလောင်းဟှာ အိငိုက်လာဘီး
အိမွိဟှားလေ့ဟှယ်။

24:43 **ဂန.၄၃.၄၄** လု ၁၂.၃၉,၄၀ ‡ **24:51** **ဂန.၅၁** ကီးမားဟှ ပြစ်ဒန်ပေးဘီးဟှာ၊ အယ်မျိုးမှုဘဲနေဟှာ သူ့ဟို့
နှန်ထုပါ။ **25:1** **ဂဌ.၁** လု ၁၂.၃၅

6 “ညဉ့်နက်သန်းခေါင်မှာ ‘ဒို့သားရော့-က်လာဘီ! ကြိုဟို့ထွပ်လာဂေ့ပါ!’ ဆိုဘီး
အော်သံထွပ်ပေါ်လာလေဟုယ်။
7 အယ်ခီမာ ဒို့သမီးလေဟုာ ထဘီးဟုာ သူးနို့လေရဲ့ မီးခွပ်လေဟို့ ပြင်ဆင်ဂေ့ဟုယ်။
8 မိုက်မဲဟူသူလေဟု ‘နို့လေရဲ့မီးခွပ် မီးသေဟုမယ်။ အယ်ကြောန့် နန်းနို့ရဲ့ ဆီဟို့
နဲနဲပေးပါ’ ဆိုဘီး ပညာရှိဟူ သူလေဟို့ တောန်းဂေ့ဟုယ်။
9 ပညာရှိဟူ သူလေဟု ‘အယ်မျိုးလောက်မယ် ဆိုဟုာ နန်းနို့န နို့လေတွပ်
ဆီလော့-က်ဟို့ မူဟု။ အယ်ကြောန့် ဆီရောန်းမားနားဟို့ သွားဘီး ဝယ်ဂေ့ပါ’ ဆိုဘီး
ပ့လန်ပြောလေဟုယ်။
10 မိုက်မဲဟူသူလေဟုာ ဆီဝယ်သွားနေဒူးမာ ဒို့သားဟုာ ရော့-က်လာဟုယ်။
ဆင်သင့်ရှိနေဟူ ဒို့သမီးလေဟုာ ဒို့သားနတူးဒူ အီတတ်မွဲဟို့ ဝမ်ဘီးဟုာ ခွမော့-က်ဟို့
ပိဟုားလိုက်ဟုယ်။”
11 “မိုက်မဲဟူ ဒို့သမီးလေလည်း ရော့-က်လာဘီးဟုာ ‘သခင်၊ သခင်!
ကျွန်မဟုားလေဟို့ ခွမော့-က်ဖွမ့်ပေးပါ!’ ဆိုဘီး လျှော့-က်ဂေ့ဟုယ်။
12 အယ်ဘေမဲ့ ဒို့သားဟု ‘နန်းနို့လေဟို့ ငါမှန်ပြောမယ်၊ နန်းနို့လေဟို့ ငါသိဟု!’ ဆိုဘီး
ပ့လန်ပြောဟုယ်။”
13 “အယ်ကြောန့် နန်းနို့လေလည်း အယ်နေ့အယ်ခီဟို့ သိဘဲဟူကြောန့်
ဒိနစောန့်နေဂေ့ပါ။”

စေခံသောင်းယော့-က် ပေါင်ဥပမာကြောန်း
(လုကာ ၁၉.၁၁-၂၇)

14 “ကောန်းဂန်နိုင်ငံတော်ဟုာ ခရီးထွပ်ဟို့ လူတယော့-က်ဟု သူ့စေခံလေဟို့
ခေါ်ဘီးဟုာ သူ့ရဲ့ ပစ်စီးအောက်စာလေဟို့ အပ်ပေးရစ်ဟူ သူနတူလေဟုယ်။
15 အယ်သူဟုာ တယော့-က်ဟို့ ရွှေဒန်းဂါး ၅,၀၀၀၊ တယော့-က်ဟို့ ရွှေဒန်းဂါး
၂,၀၀၀၊ တယော့-က်ဟို့ ရွှေဒန်းဂါး ၁,၀၀၀ ဟို့ ရည်ချင်းရှိဟူတိုင်း အပ်ပေးလေဟုယ်။
16 ရွှေဒန်းဂါး ၅,၀၀၀ ဟို့ ရဟူသူဟု ပ့လန်ဘီးရင်းနှီးလောက်ဟူကြောန့် နော့-က်ထပ်
ရွှေဒန်းဂါး ၅,၀၀၀ ဟို့ မ့လတ်ရလေဟုယ်။
17 အယ်မျိုးဘဲ့ ရွှေဒန်းဂါး ၂,၀၀၀ ဟို့ ရဟူသူဟုလည်း
ပ့လန်ရင်းနှီးလောက်ဟူကြောန့် ရွှေဒန်းဂါး ၂,၀၀၀ ဟို့ မ့လတ်ပ့လန်ရလေဟုယ်။
18 အယ်ဘေမဲ့ ရွှေဒန်းဂါး ၁,၀၀၀ ဟို့ ရဟူသူဟု သူ့သခင်ရဲ့ ကပ်လေဟို့
တွမ်းတူးဘီးဟုာ မ့လေထဲမာ မ့လောက်ဟုားလေဟုယ်။”
19 “နှစ်ကာလကြောဘီးန အယ်စေခံလေရဲ့ သခင်ဟုာ ပ့လန်လာဘီး သူးနို့လေန
စာရင်းရှင်းလေဟုယ်။
20 ရွှေဒန်းဂါး ၅,၀၀၀ ဟို့ ရဟူသူဟု မ့လတ်ရဟူ ရွှေဒန်းဂါး ၅,၀၀၀ ဟို့လည်း
ယူလာဟုယ်။ သူဟု ‘သခင်၊ ကိုယ်တော်ဟုာ ကျွန်တော်ဟို့ ရွှေဒန်းဂါး ၅,၀၀၀ ဟို့

အပ်ပေးဟုန်းပါဟုယ်။ ကေ့ကေ့ပါ! နော့-က်ထပ် ရွှေဒန်းဂါး ၅,၀၀၀ ဟို့လည်း
မ့လတ်ရပါဟုယ်' ဆိုဘီး လျှော့-က်လေဟုယ်။
21 သူ့ရဲ့ သခင်ဟု 'ကောန်းလေဟုယ်။ နန်ဟုာ သစ်စာရှိဟူ စေခံကောန်း! နန်ဟုာ
သေးငယ်ဟူ မူမာ သစ်စာရှိလေဟုယ်။ အယ်ကြောန့် ကီးမားဟူ မူလေဟို့လည်း နန့်ဟို့
ငါအပ်ပေးအူးမယ်။ နန်ရဲ့ သခင်နတူးဒူ စည်းဇိမ်ဟို့ ဝမ်ဇားပါ!' ဆိုဘီး ပြောလေဟုယ်။
22 ရွှေဒန်းဂါး ၂,၀၀၀ ဟို့ ရဟူ သူဟုလည်း လာဘီးဟုာ 'သခင်၊ ကိုယ်တော်ဟုာ
ရွှေဒန်းဂါး ၂,၀၀၀ ဟို့ ကျွန်တော်ဟို့ အပ်ပေးဟုန်းပါဟုယ်။ ကေ့ကေ့ပါ! နော့-က်ထပ်
ရွှေဒန်းဂါး ၂,၀၀၀ ဟို့လည်း မ့လတ်ရပါဟုယ်' ဆိုဘီး လျှော့-က်လေဟုယ်။
23 သခင်ဟု 'ကောန်းလေဟုယ်။ သစ်စာရှိဟူ စေခံကောန်း! နန်ဟုာ သေးငယ်ဟူမူမာ
သစ်စာရှိလေဟုယ်။ အယ်ကြောန့် ကီးမားဟူ မူလေဟို့လည်း နန့်ဟို့ ငါအပ်ပေးအူးမယ်။
နန်ရဲ့ သခင်နတူးဒူ စည်းဇိမ်ဟို့ ဝမ်ဇားပါ!' ဆိုဘီး မိန့်တော်မူလေဟုယ်။
24 အယ်ဘီးန ရွှေဒန်းဂါး ၁,၀၀၀ ဟို့ ရဟူသူဟုလည်း လာဘီးဟုာ 'သခင်၊ သခင်ဟုာ
ခက်ထန်ဟူ သူဖြစ်ဘီး ကိုယ်စိုက်ဘဲဟူ နေရာမာ ရိသီးဘီး ကိုယ်ကြဲဘဲဟူ နေရာမာ
စုသီးတတ်ဟူဇာဟို့ ကျွန်တော်သိဟုယ်။
25 ကျွန်တော်ဟုာ ကြော့-က်ဟူကြောန့် သွားဘီး သခင့်ရဲ့ ကပ်ဟို့ မ့လေထဲမာ
မ့လောက်ဟုန်းပါဟုယ်။ ကေ့ကေ့ပါ! ခု သခင်ရဲ့ အောက်စာရှိပါဟုယ်' ဆိုဘီး
လျှော့-က်လေဟုယ်။
26 သခင်ဟု 'ပျင်းရိဆိုးယောက်ဟူ စေခံ! ငါဟုာ စိုက်ဘဲဟူ နေရာမာ ရိသီးတတ်ဘီး
ကြဲဘဲဟူ နေရာမာ စုသီးတတ်ဟုယ် ဆိုဇာဟို့ နန်သိဟုယ် မူဟုလော။
27 အယ်ဆိုဟုာ နန်ဟုာ ငါ့ကပ်ဟို့ ပွဲဇားလတ်မာ အပ်ဟုန်းသင့်ဟုယ်။ အယ်မျိုးမှဘဲ့
ငါပ့်လန်လာဟူ ခီမာ ငါ့ကပ်ဟို့ တိုးန ရလေ့မယ်။
28 အယ်ကြောန့် သူ့နားဟု ရွှေဒန်းဂါး ၁,၀၀၀ ဟို့ ယူဘီးဟုာ ရွှေဒန်းဂါး ၁၀,၀၀၀
ရှိဟူလူဟို့ ပေးဂေ့။
29 ရှိဟူလူဟို့ ထပ်ပေးဘီး သူ့ဟို့ ကြွယ်ဝစေလေ့မယ်။ မ့ေဘဲဟူ လူနားဟု ရှိဟူမ့ျဟို့
နှုလေ့မယ်။
30 သောင်းကဲ့လဘဲဟူ အယ်စေခံဟို့ ပ့်လန်ရပ် မ့ောန်မိုက်ထဲဟို့ ပစ်ခ့လဂေ့။
အယ်နေရာမာ သူဟုာ အံသွားခဲကဲ့လိဘီး ငိုကြွေးနေရလေ့မယ်' ဆိုဘီး
ပြောလေဟုယ်။"

နော့-က်ဆောင်း တရားစီရင်ဟူကြောန်း

31 "လူ့ရဲ့သားဟုာ ကောန်းဂန်တမန်လေနတူးဒူ မန်းဂီးဖြစ်န ကြွလာခီမာ သူဟုာ
ဖောင်းသရေတော်ရှိဟူ ပလ္လင်တော်ထတ်မာ ထိုင်တော်မူဘီး
32 လူမျိုးလေ ဂူလောင်းဟို့ ရှေ့တော်မာ စုဝီးစေလေ့မယ်။ အယ်ဘီးမှ သိုးထီးမားဟု
သိုးနဘဲ့ဟို့ ခွဲဟုားမျိုးဘဲ့ လူ့ရဲ့သားဟုလည်း လူလေဟို့ နှေ့စုခွဲလေ့မယ်။

25:29 **ၸ၅.၂၉** မ ၁၃.၁၂; မာ ၄.၂၅; လု ၈.၁၈ **25:30** **ၸ၅.၃၀** မ ၈.၁၂; ၂၂.၁၃; လု ၁၃.၂၈ **25:31** **ၸ၅.၃၁** **က** မ ၁၆.၂၇; **ခ** မ ၁၉.၂၈

33 သိုးလေဟို့ ညာဖတ်မာ ထားဘီး ဘဲ့လေဟို့ ဘယ်ဖတ်မာ ထားလေ့မယ်။
34 အယ်ဘီးန မန်းဂီးဟ့ ညာဖတ်ဟ့ လူလေဟို့ 'ငါ့ဖအားဖြင့် ကောန်းဂျီးခံရဟူ့
သူလေ! ကမ္ဘာတည်ဂဒဲဟ့ နန်းနို့လေတွပ် ပြင်ဆင်ဟ့ားဟူ့ နိုင်ငံတော်ဟို့ လာဘီး
မွိယူဂေ့ပါ။
35 ဖြားဖြစ်ကြောန်နူးဆိုဟ့ာ ငါဟ့ာ ဗိုက်ဆာဟူ့ ခီမာ နန်းနို့လေဟ့ာ ငါ့ဟို့
စားဇာပေးဂေ့လေဟုယ်။ ငါရေတ်ဟူ့ ခီမာ နန်းနို့လေဟ့ာ သော့-က်ဇာပေးလေဟုယ်။
ငါဟ့ာ ည့်သယ်ဖြစ်ဟူ့ ခီမာ နန်းနို့လေဟ့ာ ငါ့ဟို့ နန်းနို့ရဲ့ အီလေမာ လတ်ခံဂေ့ဘီး၊
36 ငါဟ့ာ ခ့လေးပ့လန်းဗ့လန်းဖြစ်နေဟူ့ ခီမာ နန်းနို့လေဟ့ာ ဝတ်ဇာဟို့
ပေးလေဟုယ်။ ငါဟ့ာ ဖျားနေဟူ့ ခီမာ နန်းနို့လေဟ့ာ ပြုစုဂေ့ဟုယ်။ ငါဟ့ာ
ထောန်က့လနေဟူ့ ခီမာ နန်းနို့လေဟ့ာ ငါ့နားဟို့ လာဂေ့ဟုယ်' ဆိုဘီး
မိန့်တော်မူလေ့မယ်။
37 ဖြောန့်မတ်ဟူသူလေဟ့ 'သခင်၊ ကျွန်တော်ဟ့ားလေဟ့ ဖယ်ခီဒူးဟ့ ကိုယ်တော်
ဗိုက်ဆာနေဇာဟို့ ဗြင်ဘီး ကျွေးမွေးပါဟုယ်နူး၊ ရေငတ်နေဇာဟို့ ဗြင်ဘီး
သော့-က်ဟူဇာဟို့ ပေးဟ့ားပါဟုယ်နူး၊
38 ကိုယ်တော်ဟ့ာ ည့်သယ်ဖြစ်တော်မူဟုယ် ဆိုဇာဟို့ ကျွန်တော်ဟ့ားလေဗြင်ဘီး
ကျွန်တော်ဟ့ားလေရဲ့ အီမာ ဖယ်ခီဒူးဟ့ လတ်ခံဟ့ားဟုယ်နူး။ ကိုယ်တော်ဟ့ာ
ခ့လေးပ့လန်းဗ့လန်းန နေတော်မူဟုယ် ဆိုဇာဟို့ ကျွန်တော်ဟ့ားလေဗြင်ဘီး ဖယ်ခီဒူးဟ့
ဝတ်ဟူဇာလေ ပေးဟ့ားဟုယ်နူး၊
39 ကိုယ်တော် ဖျားနာတော်မူဇာလေ၊ ထောန်က့လနေဇာလေဟို့
ကျွန်တော်ဟ့ားလေဗြင်ဘီး ဖယ်ခီဒူးဟ့ ကိုယ်တော်နားဟို့ ရော့-က်လာပါဟုယ်နူး'
ဆိုဘီး ပ့လန်လျွော့-က်ဂေ့လေ့မယ်။
40 မန်းဂီးဟ့ 'ငါ မှန်ပြောမယ်၊ အယ်မူ ငါ့ညီကို မောန်နှမလေထဲဟ့ ငယ်ဆောင်းသူ
တယော့-က်ဟို့ နန်းနို့ပြုစုဇာလေဟ့ာ ငါ့ဟို့ ပြုစုဟူဇာဘဲ့!' ဆိုဘီး
ပ့လန်မိန့်တော်မူလေ့မယ်။"
41 "အယ်ဘီးမှ ဘယ်ဖတ်ဟ့ သူလေဟို့ မန်းဂီးဟ့ 'ကီဆဲခံရဟူသူလေ၊ ငါ့နားဟ့
ထွပ်ဟ့ားဂေ့! မာရ်နတ်န သူ့ရဲ့ တမန်လေတွပ် ပြင်ဆင်ဟ့ားဟူ့ ထာဝရ ငရဲမီးအိုင်ထဲဟို့
သွားဂေ့!
42 ဖြားဖြစ်ကြောန်နူးဆိုဟ့ာ ငါဟ့ာ ဗိုက်ဆာဟူ့ ခီမာ နန်းနို့လေ ငါ့ဟို့ ကျွေးဂေ့ဟ့။
ငါဟ့ာ ရေတ်ဟူ့ ခီမာ နန်းနို့လေ ငါ့ဟို့ သော့-က်ဟူ့ ဇာပေးဂေ့ဟ့။
43 ငါဟ့ာ ည့်သယ်ဖြစ်နေဟူ့ ခီမာ နန်းနို့လေရဲ့ အီလေမာ ငါ့ဟို့ လတ်ခံဂေ့ဟ့။
ငါဟ့ာ ခ့လေးပ့လန်းဗ့လန်းဖြစ်နေဟူ့ ခီမာ နန်းနို့လေဟ့ာ ငါ့ဟို့ ဝတ်စားပေးဂေ့ဟ့။
ငါဟ့ာ ဖျားနာနေဘီး ထောန်က့လနေဘေမဲ့လည်း နန်းနို့လေဟ့ာ ငါ့နားဟို့ လာဂေ့ဟ့'
ဆိုဘီး မိန့်တော်မူလေ့မယ်။
44 အယ်သူလေဟ့ 'သခင်၊ ကျွန်တော့်ဟ့ားလေဟ့ ဖယ်ခီဒူးဟ့ ကိုယ်တော်
ဗိုက်ဆာတော်မူဇာလေ၊ ရေငတ်တော်မူဇာလေ၊ ည့်သယ်ဖြစ်တော်မူဇာလေ၊

ခ့လေးပ့လန်းဗ့လန်းနေတော်မူဇာလေ၊ ဖျားနာတော်မူဇာလေ၊ ထောန်က့လနေဇာလေဟို့
ဖြင်ဘီး လောက်ကျွေးပြုစုဘဲန နေပါဟ့ယ်နူး' ဆိုဘီး ပ့လန်လျှော့-က်ဂေ့လေ့မယ်။
45 မန်းဂီးဟ့ 'ငါ မ့န်ပြောမယ်။ နန်းန့်လေဟ့ာ အယ်သူလေထဲမာ အငယ်ဆောင်းသူ
တယော့-က်ဟို့ ပြုစုဘဲနနေဇာဟ့ာ ငါ့ဟို့ ပြုစုဘဲနနေဇာ ဖြစ်ဟ့ယ်' ဆိုဘီး
မိန့်တော်မူလေ့မယ်။
46 အယ်ကြောန့် သူးန့်လေဟ့ာ ထာဝရ ပြစ်ဒန်ခံရာဟို့ သွားဂေ့လေ့မယ်။ အယ်ဘေမဲ့
ဖြောန့်မတ်ဟူ သူလေဟ့ာ ထာဝရ သတ်ရှင်ရာဟို့ သွားဂေ့လေ့မယ်" ဆိုဘီး
မိန့်တော်မူလေဟ့ယ်။

26

ယေရှုဟို့ သတ်ဟို့တွပ် ကြံစည်ဟူကြောန်း

(မာကု ၁၄.၁,၂; လုကာ ၂၂.၁,၂; ယောဟန် ၁၁.၄၅-၅၃)

1 အယ်မူဇာလေဂူလောင်းဟို့ သွန်သန်တော်မူဘီးန ယေရှုဟ့ တဗဲတော်လေဟို့၊
2 "ပသခါပွဲတော်ကျင်းပဟို့ နှေ့ရစ်ဘဲ့လိုဘီ ဆိုဇာဟို့ နန်းန့် သိဂေ့လေဟ့ယ်။
အယ်ခီမာ လူရဲ့သားဟို့ လတ်ဝါးကပ်တိုင်မာ ရိုက်သတ်ဟို့တွပ် အပ်ဂေ့လေ့မယ်"
ဆိုဘီး မိန့်တော်မူလေဟ့ယ်။
3 အယ်ခီမာ ယဇ်ပုရောဟိတ်ဂီးလေန ဘာသာရေးခေါန်းဆောန်လေဟ့ာ
ကယာဖဆိုဘီး နာမယ်ရှိဟူ ယဇ်ပုရောဟိတ်မန်းရဲ့ အီဝမ်းထဲမာ စုဝီးဂေ့ဟ့ယ်။
4 အယ်ဘီးဟ့ာ သူးန့်လေဟ့ ယေရှုဟို့ တိတိဆိုဆိုဟ့ား ဖမ်းဘီး သတ်ဟို့တွပ်
တိုင်ဗန်ဂေ့ဟ့ယ်။
5 သူးန့်လေဟ့ "အယ်ဘေမဲ့ ပွဲတော်ရစ်မာ ဖမ်းနအူး။ လူလေထဲမာ ရုန်းရင်းဆန်ခတ်
ဖြစ်ဂေ့လေ့မယ်" ဆိုဘီး ပြောဂေ့ဟ့ယ်။

ဘိသိခံဟူကြောန်း

(မာကု ၁၄.၃-၉; ယောဟန် ၁၂.၁-၈)

6 ယေရှုဟ့ာ ဗေသနိဝါ နူနာသယ်ရှိမုန်ရဲ့ အီမာ ရှိနေဘီး၊
7 စားဇာသောင်းဆောန်နေဒူးမာ ဖိုးကီးဟူ ဆီမွီးန ပ့လဲ့နေဟူ ကလော့-က်ဖ့လူဖူးဟို့
ယူလာဟူ မီးမတယော့-က်ဟ့ာ ကိုယ်တော်နားဟို့ ရော့-က်လာဘီး သူဟ့ာ ကိုယ်တော်ရဲ့
ခေါန်းထတ်ဟို့ လောန်းခ့လလေဟ့ယ်။
8 အယ်မူဇာဟို့ တဗဲတော်လေဗြင်ဟ့ားဘီး စိဆိုးဂေ့လေဟ့ယ်။ "ဖြားဖြစ်ကြောန့်
အယ်မျိုးဖ့လူးပစ်ရနူး။
9 အယ်ဆီမွီးဟို့ ဆေးဂီးဂီးန ရောန်းဘီးဟ့ာ ဆင်းရဲသားလေဟို့ ပေးကမ်းနိုင်ဟ့ယ်!"
ဆိုဘီး ပြောလေဟ့ယ်။
10 ယေရှုဟ့ာ သူးန့်ပြောနေဇာဟို့ သိဟူ ခီမာ သူးန့်လေဟို့ "ဖြားဖြစ်ကြောန့်
အယ်မီးမဟို့ နှော့-က်ယ့စ်ဂေ့နူး။ သူဟ့ာ ငါ့တွပ်ကောန်းဟူမူဟို့ ပြုလေဟ့ယ်။

26:7 ၂၆.၇ လု ၇.၃၇,၃၈

11 ဆင်းရဲသားလေဟှာ နန်းနို့လေနတူးဒူ မြဲဒမ်း ရှိနေလေ့မယ်။ အယ်ဘေမဲ့ ငါဟှ
နန်းနို့နတူးဒူ မြဲဒမ်း ရှိနေဟို့ မူဟှ။
12 အယ်မီးမဟှာ ငါ့ကိုယ်ထတ်ဟို့ ဆီမွီးလောန်းဇာဟှာ ငါ့ဟို့ သင်္ဂြိဟ်ဟို့တွပ်
ပြင်ဆင်ဟူဇာဖြစ်လေဟှယ်။
13 ငါ မှန်ပြောမယ်၊ ဒန်းကောန်းဟို့ ကမ္ဘာရပ်ရပ်မာ ဟောပြောဟူ ခီတိုင်း အယ်မီးမဟို့
အော့-က်မေ့စေဟို့တွပ် သူပြုဟှားဟူ အယ်မျိုးမူရာဟို့ ပြောဂေ့လေ့မယ်” ဆိုဘီး
မိန့်တော်မူလေဟှယ်။

သစ်စာဖော့-က်ဟို့ ယုဒကြိုစည်ဟူကြောန်း
(မာကု ၁၄.၁၀,၁၁; လုကာ ၂၂.၃-၆)

14 အယ်ဘီးန တဗဲ့တော် ဆယ်နှေ့ပါးထဲဟှ တပါးဖြစ်ဟူ ယုဒရှကာရုတ်ဟှာ
ယဇ်ပုရောဟိတ်ဂီးလေနားဟို့ သွားဘီး၊
15 “ယေရှုဟို့ နန်းနို့လေရဲ့ လတ်ထဲဟို့ အပ်ပေးမယ် ဆိုဟှာ ကျွန်တော်ဟို့
ကပ်ဖယ်လော့-က် ပေးဟို့နူး” ဆိုဘီး မေးလေဟှယ်။ အယ်ကြောန့် အယ်သူလေဟှ
ငွေဒန်းဂါး သောင်းဆယ်ဟို့ ရေတွပ်ဘီးဟှာ သူ့ဟို့ ပေးလေဟှယ်။
16 အယ်ခီဟှနေဘီး ယုဒဟှာ ယေရှုဟို့ သစ်စာဖော့-က်ဟို့တွပ် ခွမ့်ရေးကောန်းဟို့
ရှာကြိုလေဟှယ်။

တဗဲ့တော်လေနတူးဒူ ပသခါ စားဗွဲစားဟူကြောန်း
(မာကု ၁၄.၁၂-၂၁; လုကာ ၂၂.၇-၁၃,၂၁-၂၃; ယောဟန် ၁၃.၂၁-၃၀)

17 တဆေးပါဘဲဟူ မုပွဲတော်ရဲ့ ဦးဆောင်းနေ့မာ တဗဲ့တော်လေဟှာ ယေရှုနားဟို့
လာဘီး “ပသခါ စားဗွဲဟို့ ကိုယ်တော် သောင်းဆောန်ဟို့တွပ် ကျွန်တော်ဟှားလေ
ဖယ်နေရာမာ ပြင်ရမယ်နူး” ဆိုဘီး မေးလျှော့-က်ဂေ့လေဟှယ်။
18 ကိုယ်တော်ဟှ “ဗြို့ထဲဟှ လူတယော့-က်နားဟို့ သွားဘီးပြောဂေ့။
ဆရာမှာလိုက်ဟှယ်။ ‘ငါ့ခီနီးဘီ။ ငါ့တဗဲ့လေနတူးဒူ ပသခါပွဲဟို့ နန့်အိမာ ကျင်းပမယ်’”
ဆိုဘီး မိန့်တော်မူလေဟှယ်။
19 တဗဲ့တော်လေဟှ ယေရှုပြောလိုက်ဟူတိုင်း လောက်ဘီးဟှာ ပသခါစားဗွဲဟို့
ပြင်ဆင်ဂေ့လေဟှယ်။
20 ညဉ့်ခန်းဖတ် ရော့-က်ဟူ ခီမာ ယေရှုဟှာ တဗဲ့တော် ဆယ့်နှေ့ပါးလေနတူးဒူ
ညဉ့်ဇာစားဟို့ ဗွဲမာ ထိုင်လေဟှယ်။
21 သူးနို့စားနေဒူးမာဘဲ့ ယေရှုဟှ “ငါ မှန်ပြောမယ်၊ နန်းနို့ထဲမာ တယော့-က်ဟှာ
ငါ့ဟို့ သစ်စာဖော့-က်လေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။
22 တဗဲ့တော်လေဟှာ ရရာတိုင်း စိကောန်းဘဲဖြစ်ဂေ့ဘီး “သခင်၊ အယ်သူဟှ
ဖယ်သူနူး။ ကျွန်တော်လော” ဆိုဘီး ယော့-က်ဘီးယော့-က်
မေးလျှော့-က်ဂေ့လေဟှယ်။
23 ယေရှုဟှ “ငါ့နတူးဒူ စံထဲမာ နှိုက်ဟူ သူဟှာ ငါ့ဟို့ သစ်စာဖော့-က်လေ့မယ်။

24 ကျမ်းစာဟု ပြောဟုန်းတိုင်း လူ့ရဲ့သားဟာ သေခံရလေ့မယ်။ အယ်ဘေမဲ့
လူ့ရဲ့သားဟို့ သစ်စာဖော့-က်ဟူ သူဟာ အမင်္ဂလာရှိဟုယ်! အယ်သူဟာ လောင်းဝ
မွီးလာဘဲနေဟာ သူ့တွပ် ပိုကောန်းလေ့မယ်!” ဆိုဘီး မိန့်တော်မူလေဟုယ်။
25 ကိုယ်တော့်ဟို့ သစ်စာဖော့-က်မယ့် ယုဒဟု “ဆရာ၊ ကျွန်တော်လော” ဆိုဘီး
မေးလျှော့-က်လေဟုယ်။
ယေရှုဟု “နန်မေးဟူတိုင်းဘဲ့ မှန်ဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

ပွဲတော်မင်္ဂလာကြောန်း

(မာကု ၁၄.၂၂-၂၆; လုကာ ၂၂.၁၄-၂၀; ၁ ကောရိန္သု ၁၁.၂၃-၂၅)

26 သူးနို့ဟာ စားနေဒူးမာ ယေရှုဟု မုဟို့ယူဘီး ကျေးဇူးတော်ဟို့ ချီးမွမ်းဘီးမှ
မုဟို့ဖဲ့ဘီးဟာ “အယ်မုဟ ငါ့ရဲ့ ကိုယ်ခန္ဓာဖြစ်ဟုယ်။ ယူဘီးစားဂေ့ပါ” ဆိုဘီး
မိန့်တော်မူဘီးဟာ တဖဲ့တော်လေဟို့ ပေးတော်မူလေဟုယ်။
27 ခွပ်ဟို့လည်း ယူဘီးဟာ ကျေးဇူးတော် ချီးမွမ်းဘီးမှ တဖဲ့တော်လေဟို့
ပေးလေဟုယ်။ ကိုယ်တော်ဟ “နန်းနို့အားလောင်း သော့-က်ဂေ့ပါ။
28 အယ်ခွပ်ဟာ ဘုရားသခင်ရဲ့ ပဋိညာဉ်တော်ဟို့ ဇိခတ်ဟားဟူ လူလေရဲ့ပြစ်ဟို့
ဖြေလွှတ်ပေးဟို့တွပ် သွန်းလောန်းဟူ ငါ့ရဲ့သွီး ဖြစ်လေဟုယ်။
29 နန်းနို့လေဟို့ ငါပြောမယ်။ ခုခဲဟုနေ စဘီး ငါ့ဖရဲ့ နိုင်ငံတော်မာ နန်းနို့လေနတူးဒူ
စဗျစ်ဝိုင်သစ်ဟို့ သော့-က်ရဟူ နေ့ရော့-က်ခန်ခီထိ အယ်စဗျစ်ဝိုင်ဟို့ နော့-က်ထပ်
လောင်းဝ ငါသော့-က်ဟို့ မှုဟ့” ဆိုဘီး မိန့်တော်မူလေဟုယ်။
30 အယ်ဘီးန သူးနို့လေဟာ ဓမ္မချင်းဟို့ ဆိုဘီး သံလွင်တောန်ဟို့
ထွပ်ဟားဂေ့လေဟုယ်။

ပေတရုရဲ့ ငြင်းပယ်မှုဟို့ ဖော်ပြဟူကြောန်း

(မာကု ၁၄.၂၇-၃၁; လုကာ ၂၂.၃၁-၃၄; ယောဟန် ၁၃.၃၆-၃၈)

31 အယ်ဘီးန ယေရှုဟ “ ‘သိုးထီးမားဟို့ ငါရိုက်သတ်ဟူကြောန့် သိုးလေဟာ
ဖုလဲဖုလဲစင်ဖြစ်ဂေ့လေ့မယ်’ ဆိုဘီး ကျမ်းစာပြောဟူဇာဟ အယ်ညဉ့်မာဘဲ့
နန်းနို့လေဟာ ငါ့ဟို့ ထားရစ်ဘီး ထွပ်ပုလေးဂေ့လေ့မယ်။
32 အယ်ဘေမဲ့ ငါဟာ ထမြော့-က်ဘီးန နန်းနို့ထတ် စောဘီး ဂါလိလဲပြည်ဟို့
သွားမယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
33 ပေတရုဟ “တခြားသူလေဟာ ကိုယ်တော့်ဟို့ ထားရစ်လည်းဘဲ့ ကျွန်တော်ဟာ
လောင်းဝ ထားရစ်ဟို့ မှုဟ့!” ဆိုဘီး ယေရှုဟို့ လျှော့-က်လေဟုယ်။
34 ယေရှုဟ “နန်ဟို့ ငါ မှန်ပြောမယ်၊ အယ်ညဉ့်မာဘဲ့ ကြစ်တွန်ခန်မာ နန်ဟာ ငါ့ဟို့
သောင်းခါ ငြင်းပယ်လေ့မယ်” ဆိုဘီး ပေတရုဟို့ မိန့်တော်မူလေဟုယ်။
35 ပေတရုဟ “ကိုယ်တော်နတူးဒူ သေရမယ် ဆိုဟာလည်း ကျွန်တော်ဟာ
ကိုယ်တော့်ဟို့ ငြင်းပယ်ဟ့!” ဆိုဘီး ပုလန်လျှော့-က်လေဟုယ်။

26:32 ၂၆.၃၂ မ ၂၈.၁၆

တခြား တမဲ့တော်လေလည်း အယ်မျိုးဘဲ့ လျှော့-က်ဂေ့လေဟှယ်။

ဂေသရှေမန် ဥယျာဉ်မာ ဆုတောန်းဟူကြောန်း
(မာကု ၁၄.၃၂-၄၂: လုကာ ၂၂.၃၉-၄၆)

36 အယ်ဘီးန ယေရှုဟှာ တမဲ့တော်လေနတူးဒူ ဂေသရှေမန် ဆိုဘီး ခေါ်ဟှူ နေရာဟို
ရော့-က်တော်မူဘီး ကိုယ်တော်ဟှ “ငါ ဟိုနားမာ ဆုတောန်းနေဒူးမာ အယ်နေရာမာ
ထိုင်နေဂေ့ပါ” ဆိုဘီး တမဲ့တော်လေဟို မိန့်တော်မူလေဟှယ်။
37 ကိုယ်တော်ဟှာ ပေတရုနတူးဒူ ဇေဗေဒဲရဲ့ သားနှေ့ယော့-က်ဟို
ခေါ်ဟှားတော်မူလေဟှယ်။ ကိုယ်တော်ဟှာ ဝန်းနဲပူဆွေးဘီး
စိဒေါ့-က်ခရော့-က်နေလေဟှယ်။
38 အယ်ကြောန့် ယေရှုဟှ “ငါ့ရဲ့ စိန္တလောင်းဟှာ သေခါနီးနီးဘဲ့ ရရာတိုင်း
ဝန်းနဲဟှယ်။ အယ်နေရာမာ ငါ့နတူးဒူ စောန့်ဘီးနေဂေ့ပါ” ဆိုဘီး သူးန့်ဟို
မိန့်တော်မူလေဟှယ်။
39 ကိုယ်တော်ဟှာ ရှေ့ဟို နဲနဲတိုးဟှားဘီးဟှာ မှလေထတ်မာ ပျဉ်ဝပ်ဘီး
“ကျွန်တော်ရဲ့ဖ၊ ဖြစ်နိုင်မယ် ဆိုဟှာ အယ်မူဝေဒနာခွပ်ဟို ကျွန်တော်ဟှနေဘီး
ယူဟှားပေးပါ! အယ်ဘေမဲ့ ကျွန်တော်လိုရှင်တိုင်း ဖြစ်စေဘဲန ဖလိုရှင်တိုင်းဘဲ့
ဖြစ်စေပါ” ဆိုဘီး ဆုတောန်းတော်မူလေဟှယ်။
40 အယ်ဘီးန ကိုယ်တော်ဟှာ တမဲ့တော် သောင်းယော့-က်နားဟို ပ့လန်လာဟူ ခီမာ
သူးန့်ဟှာ အိမွိနေဂေ့ဇာဟို တွိရဟိုကြောန့် ကိုယ်တော်ဟှ ပေတရုဟို့ “နန်းန့်လေဟှာ
တနာရီလော့-က်ဘဲ့ ငါ့နတူးဒူ စောန့်နိုင်ဂေ့ဟှလော၊
41 နန်းန့်လေဟှာ စောင်ဇမ်းနှော့-က်ယှစ်မူထဲဟို့ ကှလဘဲဟို့တွပ် ဆုတောန်းဘီး
စောန့်နေဂေ့ပါ။ စိဝိညာဉ်ဟှာ အားကီးဘေမဲ့လည်း ကိုယ်ခန့ဓာဟှာ အားနဲလေဟှယ်”
ဆိုဘီး ပေတရုဟို့ မိန့်တော်မူလေဟှယ်။
42 ယေရှုဟှာ နော့-က်တခါ သွားဘီး “ကျွန်တော်ရဲ့ဖ၊ အယ်ဝေဒနာခွပ်ဟို့
ကျွန်တော်သော့-က်ဘဲန လွန်သွားဟို့ ရနိုင်ဟှ ဆိုဟှာ ကိုယ်တော်ရဲ့ လိုရှိဟူတိုင်းဘဲ့
ဖြစ်ပါစေ” ဆိုဘီး ဆုတောန်းလေဟှယ်။
43 ကိုယ်တော်ဟှာ ပ့လန်လာဟူ ခီမာ တမဲ့တော်လေဟှာ မျစ်စိလေးလံလာဟူကြောန့်
နော့-က်တခါ အိမွိနေဂေ့ဇာဟို့ တွိရလေဟှယ်။
44 အယ်ကြောန့် ယေရှုဟှာ သူးန့်လေဟို့ ထားရစ်ဘီး နော့-က်တခါ ထွပ်ဟှားဘီး
ရင်းရင်ဒူးဟှမျိုးဘဲ့ သောင်းခါမြော့-က် ဆုတောန်းတော်မူလေဟှယ်။
45 အယ်ဘီးမှ တမဲ့တော်လေနားဟို့ ပ့လန်လာဘီး “နန်းန့်လေဟှာ အိမွိဘီးဟှာ
နားယူနေဂေ့လော။ ကေ့ဂေ့! လူ့ရဲ့သားဟို့ ပြစ်သားလေရဲ့ လတ်ထဲဟို့ အပ်ခံရဟို့ ခီဟှာ
ရော့-က်လာဘီ။
46 ထဂေ့၊ နို့လေသွားဂေ့ဇို့။ ကေ့ကေ့၊ ငါ့ဟို့ သစ်စာဖော့-က်ဟို့သူ ရော့-က်လာဘီ!”
ဆိုဘီး မိန့်တော်မူလေဟှယ်။

ကိုယ်တော်ဟိုဖမ်းဟူကြောင်း
(မာကု ၁၄.၄၃-၅၀; လုကာ ၂၂.၄၇-၅၃; ယောဟန် ၁၈.၃-၁၂)

47 ယေရှုဟုဂ မိန့်တော်မူနေဒူးမာဘဲ့ တဗဲ့တော် ဆယ်နှေ့ပါးထဲဟု တပါးဖြစ်ဟူ
ယုဒရှကာရုတ်ဟု ရော့-က်လာဘီးဟု သူနတူးဒူ ယဇ်ပုရောဟိတ်ဂီးလေန ဘာသာရေး
ခေါင်းဆောန်လေဟုနေ စေလွတ်လိုက်ဟူ လူအောက်ဂီးဟု ဒေါက်လေ၊
ထားလေပါလာဂေ့ဟုယ်။

48 ကိုယ်တော်ဟို သစ်စာဖော့-က်ဟူသူဟု "ငါနမ်းဟူသူဟု ယေရှုဘဲ့ဖြစ်ဟုယ်။
သူဟို ဖမ်းဂေ့ပါ!" ဆိုဘီး မှတ်ပေးဟုားလေဟုယ်။

49 ယုဒဟု ရှစ်ရှင်းဘဲ့ ယေရှုနားဟို တိုးဝမ်လာဘီး "မင်္ဂလာပါ၊ ဆရာ" ဆိုဘီး
ကိုယ်တော်ဟို နမ်းလေဟုယ်။

50 ယေရှုဟု "မိဆွေ၊ နန်လောက်ရဟို့ ကိစဟို ဗြန်းဗြန်ဟုား လောက်ပါ!"* ဆိုဘီး
မိန့်တော်မူလေဟုယ်။

အယ်ခီမာ အယ်သူလေဟု လာဘီး ကိုယ်တော်ဟို ဖမ်းချောက်ဂေ့လေဟုယ်။

51 ယေရှုန ပါလာဟူ လူတယော့-က်ဟု ထားဟို့ ဆွဲထုဘီး ယဇ်ပုရောဟိတ်မန်းရဲ့
ကျွန်တယော့-က်ဟို ခွတ်လိုက်ဟူ ခီမာ နားဝပ်ပြတ်ဟုားလေဟုယ်။

52 ယေရှုဟု "နန့်ထားဟို ထားအီထဲမာ ပ္ဟန်သီးလိုက်ပါ! ထားဟို ကိုင်ဟူ
သူလေဟု ထားနဘဲ့ သေဂေ့လေ့မယ်။

53 ခု ငါ့ရဲ့ ဖနားမာ တောန်းလျှော့-က်မယ် ဆိုဟု ကောန်းဂန်တမန်
ဆယ့်နှေ့တပ်မကဘဲ ငါ့နားဟို လွတ်ပေးမယ် ဆိုဇ နန်းနို့လေ သိဂေ့ဟုလေ။

54 အယ်မျိုးဆိုဟု အယ်မူဇာလေ ဖြစ်ရမယ် ဆိုဘီး ပြောဟုားဟူကျမ်းစာဟု
ဖယ်မျိုး ပ္ဟလဲ့ဇောင်လာအူးမယ်နူး" ဆိုဘီး မိန့်တော်မူလေဟုယ်။

55 အယ်ခီမာဘဲ့ ယေရှုဟု "ဖြားဖြစ်ကြောန့် နန်းနို့လေဟု မ္ဟလဟို့ ဖမ်းဟို့မျိုး ငါ့ဟို့
ဖမ်းဟို့တွပ် ဒေါက်လေ၊ ထားလေန လာဂေ့နူး။ ငါဟု ဗိမာန်တော်မာ ထိုင်ဘီး နေ့တိုင်း
သွန်သန်နေဒူးဟု နန်းနို့လေဟု ငါ့ဟို့ ဖမ်းဂေ့ဟုားမား။

56 အယ်ဘေမဲ့ အယ်မူကြောန်းရာလေဟု ကျမ်းစာမာ ပရောဖက်လေ
ဟောပြောဟုားဟူတိုင်း ပ္ဟလဲ့ဇောင်ဟို့တွပ် ဖြစ်လာလေဟုယ်" ဆိုဘီး လူအောက်ဂီးဟို့
မိန့်တော်မူလေဟုယ်။

အယ်ခီမာ တဗဲ့တော်လေဟု ကိုယ်တော်ဟို့ ထားရစ်ဘီး ထွပ်ပ္လေးဂေ့ဟုယ်။

ယေရှုဟို့ တရားလွှတ်တော်မာ စစ်ဆေးခံရဟူကြောန်း
(မာကု ၁၄.၅၃-၆၅; လုကာ ၂၂.၅၄,၆၃-၇၁; ယောဟန် ၁၈.၁၃,၁၄,၁၉-၂၄)

57 ယေရှုဟို့ လာဖမ်းဟူ သူလေဟု ကျမ်းပြုဆရာလေန ဘာသာရေးကြီးကဲလေ
စုဝေးဟူနေရာ ယဇ်ပုရောဟိတ်မန်း ကယာဖအီဟို့ ခေါ်ဆောန်ဟုားဂေ့ဟုယ်။

---

* **26:50** **၂၆.၅၀** မိဆွေ၊ နန်လောက်ရဟို့ ကိစဟို့ ဗြန်းဗြန်ဟုား လောက်ပါ! အယ်မျိုးမူဘဲနေဟုာ မိဆွေ၊
နန်ဖြားဖြစ်ကြောန့် အယ်မာရှိနေနူး။ **26:55** **၂၆.၅၅** လု ၁၉.၄၇; ၂၁.၃၇

58 ပေတရုဟှာ ခပ်ဝီးဝီးဟှနေဘီး ယဇ်ပုရောဟိတ်မန်းရဲ့ အီနားထိ
ကိုယ်တော်နော့-က်ဟှို လိုက်လေဟှယ်။ သူဟှာ အီဝမ်းထဲဟှို ဝမ်ဟှားဘီးဟှာ ဖယ်မျိုး
ဖြစ်လာအူးမယ် ဆိုဇာဟှို ဗြင်ရဟှို့တွပ် စောန့်လေနတူးဒူ ထိုင်နေလေဟှယ်။
59 ယဇ်ပုရောဟိတ်ဂီးလေန ယုဒတရားလွတ်တော် တခုလောင်းဟှာ ယေရှုဟှို
သေဒန်ပေးဟှို့တွပ် မှန်ဘဲဟှူ သတ်သေထော့-က်ထားဟှို တွိအောန် ရှာဂေ့ဟှယ်။
60 သူးနို့ဟှာ မှန်ဘဲဟှူ သတ်သေခံလေ ဘောင်ဂီး လာဂေ့ဘေမဲ့လည်း
ဖြားထော့-က်ထားလည်း တွိဂေ့ဟှ။ နော့-က်ဆောင်းမာ လူနှေ့ယော့-က်ဟှာ ရှေ့ဟှို
ထွပ်လာဘီး
61 “အယ်သူဟှ ‘ငါဟှာ ဘုရားသခင်ရဲ့ ဗိမာန်တော်ဟှို ဖြိုဖျစ်ဘီးဟှာ သောင်းရစ်ထဲန
ပ့လန်ဆော့-က်နိုင်ဟှယ်’ ဆိုဘီး ပြောပါဟှယ်” ဆိုဘီး ထွပ်ဆိုလေဟှယ်။
62 ယဇ်ပုရောဟိတ်မန်းဟှာ ထရပ်လိုက်ဘီး “အယ်မျိုး စွပ်စွဲနေဇာဟှို ပြောဟှို့တွပ်
နန့်မာ ဖြေမှေ့ဟှလော” ဆိုဘီး ယေရှုဟှို မေးလေဟှယ်။
63 အယ်ဘေမဲ့ ယေရှုဟှာ တိဆိဘီး နေတော်မူဟှယ်။ ယဇ်ပုရောဟိတ်မန်းဟှလည်း
“နန်ဟှာ ဘုရားသခင်ရဲ့ သားတော် မေရှိယဖြစ်ဟှယ် ဆိုဟှာ ငါ့ဟှို့ ပြောပါ။
သတ်ရှင်ဟှူ ဘုရားသခင်ဟှို တိုင်တယ်ဘီး နန့်ဟှို့ ငါမေးဟှယ်” ဆိုဘီး ပြောလေဟှယ်။
64 ယေရှုဟှ “မန်းဂီးပြောဟှူတိုင်း မှန်ပါဟှယ်။ အယ်ဘေမဲ့ နန်းနို့လေ ဂူလောင်းဟှို
ငါပြောမယ်။ အယ်ခီဟှနေစဘီး လူရဲ့သားဟှာ အနန္တတဂိုးရှင်ရဲ့ ညာဖတ်မာ ထိုင်ဘီး
ကောန်းဂန်ဟှ မိုးတီဟှို စီးဘီးဟှာ ကြွလာဇာဟှို နန်းနို့လေ ဗြင်ဂေ့ရလေ့မယ်!” ဆိုဘီး
မိန့်တော်မူလေဟှယ်။
65 အယ်ကြောန့် ယဇ်ပုရောဟိတ်မန်းဂီးဟှာ သူ့ရဲ့ အန်းဂီဟှို ဆုဖ့လဲဘီးဟှာ
“အယ်သူဟှာ ဘုရားသခင်ဟှို ပြစ်မှားစော်ကားဘီး ပြောဆိုလေဘီ! နော့-က်ထပ်
ဖြားသတ်သေလေ လိုသေးနူး။ ဘုရားသခင်ဟှို ပြစ်မှားဇာဟှို ခု နန်းနို့လေ
ကြားရဂေ့ဘီ!
66 နန်းနို့လေ ဖယ်မျိုး ထန်ဂေ့နူး။”
အယ်သူလေဟှ “သူဟှာ သေဒန်နဘဲ့ ထိုက်တန်ပါဟှယ်” ဆိုဘီး ပြောဂေ့လေဟှယ်။
67 အယ်ဘီးန အယ်သူလေဟှာ ကိုယ်တော်ရဲ့ မျစ်နှာတော်ဟှို ထွီးရယ်န ထွီးဂေ့ဘီး
လတ်သီးန ထိုးဂေ့ဟှယ်။ အယ်ဘီးဟှာ ကိုယ်တော့်ပါးဟှို ရိုက်ဟှူလူလေဟှ
68 “မေရှိယ! ကိုယ်တော့်ဟှို ဖယ်သူရိုက်ဟှယ် ဆိုဇာဟှို ပရောဖက်ပြုကေ့ကေ့!”
ဆိုဘီး ပြောဂေ့လေဟှယ်။

ယေရှုဟှို ပေတရုငြင်းဟှူကြောန်း
(မာကု ၁၄.၆၆-၇၂; လုကာ ၂၂.၅၆-၆၂; ယောဟန် ၁၈.၁၅-၁၈,၂၅-၂၇)

69 ပေတရုဟှာ အီပ့လန်ခြံဝန်းထဲမာ ထိုင်နေဟှူ ခီမာ စေခံမီးမ တယော့-က်ဟှာ
သူနားဟှို လာဘီး “နန်လည်း ဂါလိလဲနယ်သား ယေရှုနတူးဒူ ရှိဟှားဟှယ်” ဆိုဘီး
ပြောလေဟှယ်။

26:61 ၂၆.၆၁ ယော ၂.၁၉

70 အယ်ဘေမဲ့ ပေတရုဟု “နန်ပြောနေဟူဇာဟို့ ငါသိဟု” ဆိုဘီး လူလေ
ဂူလောင်းရှေ့မာ ကိုယ်တော့်ဟို့ ငြင်းပယ်ဘီး
71 အီခြံဝန်းရဲ့ ခွဖော့-က်ဟို့ ထွပ်ဟုားလေဟုယ်။ တခြားစေခံမီးမ တယောက်ဟု
သူ့ဟို့ ဖြင်ဟုားဘီး အယ်နေရာမာ ရှိနေဟူလူလေဟို့ “အယ်လူဟုာ နာဇရက်ဖြို့ဟု
ယေရှုနတူးဒူ ရှိဟုားဟုယ်” ဆိုဘီး ပြောလေဟုယ်။
72 ပေတရုဟု “အယ်လူဟို့ ငါသိဟု!” ဆိုဘီး နော့-က်ထပ်ခါ သစ်စာဆိုဘီး
ငြင်းလေဟုယ်။
73 နဲနဲကြာဘီးန အယ်နေရာမာ ရပ်နေဟူ လူလေဟုာ ပေတရုနားဟို့
လာဂေ့လေဟုယ်။ သူးန့်ဟု “တကယ်ဘဲ့ နန်ဟုာ အယ်လူလေထဲဟု
တယော့-က်ဖြစ်ဟုယ်။ ဖြားဖြစ်ကြောန်နူးဆိုဟုာ နန့်ရဲ့ ပြောပေါင်ဆိုပေါင်ဟုာ
ရရာတိုင်း သိသာဟုယ်!” ဆိုဘီး ပြောလေဟုယ်။
74 ပေတရုဟု “အယ်သူဟို့ ငါတကယ်ဟို့ သိဟု!” ဆိုဘီး ဘုရားသခင်ဟို့
တိုင်တယ်ဘီး ကီဆိုလေဟုယ်။
အယ်ခီမာဘဲ့ ကြစ်တွန်လေဟုယ်။
75 အယ်ဘီးမ့ “ကြစ်တွန်ခန် နန်ဟုာ ငါ့ဟို့ သောင်းခါ ငြင်းပယ်လေ့မယ်” ဆိုဘီး
ယေရှု မိန့်တော်မူဟုားဟူ စကားဟို့ ပေတရုဟုာ ဒိရလာဟုယ်။ အယ်ကြောန့် သူဟုာ
ပ့လန်ဟို့ထွပ်ဟုားဘီး ရရာတိုင်း ငိုလေဟုယ်။

27

ယေရှုဟုာ ပိလတ်နားဟို့ ပို့ဆောန်ခံရဟူကြောန်း
(မာကု ၁၅.၁; လုကာ ၂၃.၁,၂; ယောဟန် ၁၈.၂၈–၃၂)

1 မိုးလန်းစောစောဂီးမာ ယဇ်ပုရောဟိတ်ဂီးလေန သတ်ကီးဝါဂီးလေဟုာ ယေရှုဟို့
သေဒန်ခ့လဟို့တွပ် တိုင်ဗန်ဂေ့လေဟုယ်။
2 အယ်ဘီးန ကိုယ်တော့်ဟို့ တောက်နောန်ဘီး ဗြို့ဝန်မန်း ပိလတ်နားဟို့
ခေါ်ဆောန်ဟုားဘီး အပ်လိုက်လေဟုယ်။

ယုဒရှကာရုတ် သေဆောင်းဟူကြောန်း
(တမန်တော် ၁.၁၈,၁၉)

3 သစ်စာဖော့-က် ယုဒဟုာ ယေရှုသေဒန်ပေးခံရဟုယ် ဆိုဇာဟို့ သိရဟူ ခီမာ သူဟုာ
နောန်ဒရဟုားဘီး ငွေဒန်းဂါးသောင်းဆယ်ဟို့ ယဇ်ပုရောဟိတ်ဂီးလေန
သတ်ကီးဝါဂီးလေဟို့ ပ့လန်ပေးလိုက်ဘီး၊
4 “ကျွန်တော်ဟုာ ပြစ်မှေ့ဘဲဟူ သူ့ရဲ့သွီးဟို့ အပ်ဘီး ပြစ်လောက်မိဟုားဘီ!”
ပြောလေဟုယ်။
အယ်ဘေမဲ့ သူးန့်လေဟု “နို့လေန ဖြားဇာဆိုင်နူး။ နန့်ကိစဘဲ့ ဖြစ်ဟုယ်!” ဆိုဘီး
ပ့လန်ပြောဂေ့လေဟုယ်။

27:3 ၂၃.၃–၈ တ ၁.၁၈,၁၉

5 ယုဒဟှာ ငွေဒန်းဂါးသောင်းဆယ်ဟှိ ဗိမာန်တော်ထဲမာ ပစ်ခ့လဘီး
ထွပ်ဟှားလေဟှယ်။ အယ်ဘီးန တခြားဟှိ သွားဘီးဟှာ သူ့ကိုယ်သူ ကြိုးဆွဲခ့လဘီး
သေလေဟှယ်။
6 ယဇ်ပုရောဟိတ်ဂီးလေဟှာ ဒန်းဂါးလေဟှိ ကော့-က်ယူဘီးဟှာ "ပညတ်တရားအရ
အယ်ဒန်းဂါးလေဟှာ သွီးပေနေဟှူ ကပ်လေဖြစ်ဟှူကြောန့် ဘဏ္ဍာတိုက်ထဲဟှိ
သွမ်းအပ်ဟှ" ဆိုဘီး ပြောလေဟှယ်။
7 အယ်ကြောန့် သူးနို့လေဟှာ ဆွေးနွေး တိုင်ဗန်ဂ့ဲဘီး သူစိမ်း ဧည့်သည်လေတွပ်
သန်းခ့လိုင်းဖြစ် သောင်းပြုဟှို့ အိုးလောက်မားရဲ့ မ့လေဂွပ်ဟှို အယ်ကပ်န
ဝယ်ယူဂ့ဲလေဟှယ်။
8 အယ်ကြောန့် အယ်လယ်ဂွပ်ဟှို အယ်နေ့ထိ "သွီးမ့လေ" ဆိုဘီး ခေါ်ဂ့ဲလေဟှယ်။
9 ပရောဖက်ယေရမိဟှ "သူးနို့လေဟှာ အယ်သူတွပ် ပေးဟှို့ ကွသရေလ လူလေ
ဘောတူဟှားဟှူ ငွေဒန်းဂါး သောင်းဆယ်ဟှို ယူဘီးဟှာ
10 ဘုရားသခင်ဟှာ ငါ့ဟှို မှာဟှားဟှူတိုင်း အိုးလောက်မားရဲ့ မ့လေဂွပ်ဟှို
ဝယ်ဂ့ဲဟှယ်" ဆိုဘီး ဟောဟှားဇာဟှာ ခုခီမာ ပ့လဲဇောင်ဟှားလေဟှယ်။

ယေရှုဟှို ပိလတ် စစ်ဆေးဟှူကြောန်း
(မာကု ၁၅.၂-၅; လုကာ ၂၃.၃-၅; ယောဟန် ၁၈.၃၃-၃၈)

11 ယေရှုဟှာ ဗြို့ဝန်မန်းရဲ့ ရှေ့မာ ရပ်တော်မူနေဒူးမာ ဗြို့ဝန်မန်းဟှ "နန်ဟှာ
ယုဒလူမျိုးလေရဲ့ မန်းဂီးလော" ဆိုဘီး မေးလေဟှယ်။
ယေရှုဟှ "သင်ပြောဟှူတိုင်းဘဲ့" ဆိုဘီး ပ့လန်မိန့်တော်မူလေဟှယ်။
12 အယ်ဘေမဲ့ ယဇ်ပုရောဟိတ်ဂီးလေန သတ်ကီးဝါဂီးလေရဲ့ စွပ်စွဲဂ့ဲဟှူဇာဟှို
ကိုယ်တော်ဟှာ ဖြေတော်မူဟှမ်း။
13 အယ်ကြောန့် ပိလတ်ဟှ "သူးနို့ရဲ့ သတ်သေခံဇာလေဟှို နန်ကြားဟှလော" ဆိုဘီး
ကိုယ်တော့်ဟှို မေးလေဟှယ်။
14 အယ်ဘေမဲ့ ယေရှုဟှာ ခွန်းလည်း ပ့လန်ပြောဘဲကြောန့် ဗြို့ဝန်မန်းဟှာ ရရာတိုင်း
အံ့ဩလေဟှယ်။

ယေရှုဟှို သေဒန်ပေးဟှူကြောန်း
(မာကု ၁၅.၆-၁၅; လုကာ ၂၃.၁၃-၂၅; ယောဟန် ၁၈.၃၉—၁၉.၁၆)

15 ဗြို့ဝန်မန်းဟှာ ပသခါပွဲတိုင်းမာ လူလေတောန်းဆိုဟှူ ထောန်သား တယော့-က်ဟှို
လွှတ်ပေးဟှူ ထောင်းဇံရှိဟှယ်။
16 အယ်ခီမာ ယေရှုဗာရဗ္ဗ ဆိုဘီး နာမယ်ရှိဘီး ထန်ပေါ်ဟှူ ထောန်သား
တယော့-က်ရှိဟှယ်။
17 အယ်ကြောန့် လူအောက်ဂီးဟှာ စုလာဟှူ ခီမာ ပိလတ်ဟှ သူးနို့ဟှို "နန်းနို့လေ
ဖယ်သူ့ဟှို လွှတ်ပေးစေရှင်ဟှယ်နူး။ ယေရှုဗာရဗ္ဗလော။ ခရစ်တော် ဆိုဘီး ခေါ်ဟှူ
ယေရှုလော" ဆိုဘီး မေးလေဟှယ်။

18 သူးန့်လေဟှာ နာလိုဘဲစိရှိဟူကြောန့် ယေရှုဟို့ အပ်ဂေ့ဟှယ် ဆိုဇာဟို့ ပိလတ်ဟှ
ကောန်းကောန်းသိနေဟူကြောန့် ဖြစ်ဟှယ်။
19 ပိလတ်ဟှ တရားပလွှင်ထတ်မာ ထိုင်နေဒူးမာ သူ့ရဲ့ မယားဟှ လူတယော့-က်ဟို့
လွှတ်ဘီးဟှာ "အယ်မူဖြောန့်မတ်ဟူ သူဟို့ ဖြားလည်းလောက်ပါန။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ နတ်ကီးညဉ့်ခန်းဒူးဟှ အိမတ်ထဲမာ အယ်သူကြောန့် ရရာတိုင်း
စိဒေါက်ခဖြစ်ဟှယ်" ဆိုဘီး မှာလိုက်လေဟှယ်။
20 အယ်ဘေမဲ့ ဗာရဗ္ဗဗဟို့ လွှတ်ပေးဟို့န ယေရှုဟို့ သတ်ဟို့တွပ် တောန်းဆိုဟို့
ယဇ်ပုရောဟိတ်ဂီးလေန သတ်ကီးဝါဂီးလေဟှာ လူအောက်ဂီးဟို့
စည်းရောင်းဂေ့လေဟှယ်။
21 ဗြို့ဝန်မန်းဟှ "အယ်လူလေ နှေ့ယော့-က်မာ ဖယ်တယော့-က်ဟို့
လွှတ်ပေးစေရှင်ဟှယ်နူး" ဆိုဘီး လူအောက်ဂီးဟို့ မေးလေဟှယ်။
သူးန့်လေဟှ "ဗာရဗ္ဗ!" ဆိုဘီး ဖြေဂေ့လေဟှယ်။
22 ပိလတ်ဟှ "အယ်ဆိုဟှာ ခရစ်တော် ဆိုဘီး ခေါ်ဟူ ယေရှုဟို့
ဖြားလောက်ရမယ်နူး" ဆိုဘီး သူးန့်ဟို့ မေးလေဟှယ်။
သူးန့်လေအားလောင်းဟှ "သူ့ဟို့ ကားစင်တန်ပါ!" ဆိုဘီး ဖြေဂေ့လေဟှယ်။
23 အယ်ဘေမဲ့ ပိလတ်ဟှ "အယ်သူဟှာ ဖယ်မျိုးပြစ်မူဟို့ လွှန်ကြူးမိဟှယ်နူး" ဆိုဘီး
မေးလေဟှယ်။
သူးန့်လေဟှ "သူ့ဟို့ ကားစင်တန်ပါ!" ဆိုဘီး သံက့်လယ်ဂီးန အော်ဂေ့လေဟှယ်။
24 ပိလတ်ဟှာ ရုန်းရင်းဆန်ခတ် ဖြစ်လာမယ် ဆိုဇာဟို့ ဗြင်ဟူ ခီမာ သူဟှာ ရေဟို့
ယူဘီးဟှာ "အယ်မူ ပြစ်မှေ့ဘဲဟူသူရဲ့ သွီးဟှာ ငါ့နဆိုင်ဟှ! နန်းန့်ရဲ့
တာဝန်ဘဲ့ဖြစ်ဟှယ်!" ဆိုဘီး လူအောက်ဂီးရဲ့ ရှေ့မာ သူ့ရဲ့ လတ်ဟို့ ဆေးလေဟှယ်။
25 လူအောက်ဂီး တခုလောင်းဟှ "သူ့ရဲ့သွီးဟှာ ကျွန်တော်ဟှားလေန
ကျွန်တော်ဟှားလေရဲ့ သားမီးလေထတ်မာ သတ်ရော့-က်ပါစေ!" ဆိုဘီး
ပ့လန်ပြောဂေ့လေဟှယ်။
26 အယ်ဘီးန ပိလတ်ဟှ ဗာရဗ္ဗဗဟို့ လွှတ်ပေးလိုက်ဘီးဟှာ ယေရှုဟို့ ကီဒန်ပေးဘီးန
ကားစင်တန်ဟို့တွပ် အပ်လိုက်လေဟှယ်။

စစ်သားလေဟှာ ယေရှုဟို့ သရော်ဟူကြောန်း
(မာကု ၁၅.၁၆-၂၀; ယောဟန် ၁၉.၂,၃)

27 အယ်ဘီးန ပိလတ်ရဲ့ စစ်သားလေဟှာ ယေရှုဟို့ ဗြို့ဝန်မန်းရဲ့ အီတော်ဟို့
ခေါ်ဟှားဘီး စစ်တပ်တတပ်လောင်းဟို့ ကိုယ်တော်နားမာ စုဝီးစေလေဟှယ်။
28 အယ်ဘီးမှ စစ်သားလေဟှာ ကိုယ်တော်ရဲ့ ဝတ်တော်ဟို့ ခလွတ်ဘီး
ကမ္မဗလာနီဝတ်လောင်ဟို့ ချောင်ပေးဂေ့လေဟှယ်။
29 အယ်ဘီးန ဆူးခတ်န လောက်ဟှားဟူ သရဖူဟို့ ခေါန်းတော်မာ
ဆောန်းပေးဂေ့ဘီး၊ ကျူဒေါက်တရှောန်းဟို့လည်း ညာဖတ်လတ်တော်မာ

ကိုင်စေလေဟုယ်။ အယ်ဘီးန ကိုယ်တော်ရှေ့မာ ဒူးထော့-က်ဘီးဟုာ “ယုဒမန်းဂီး
သတ်တော်ရှယ်ပါစေ!” ဆိုဘီး သရော်ဂေ့လေဟုယ်။
30 သူးနို့ဟုာ ကိုယ်တော့်ဟို့ ထိုးရယ်န ထိုးဂေ့ဘီး ကျူဒေါက်ဟို့ ယူဘီးဟုာ ခေါန်းဟို့
ခါဘီးခါ ရိုက်ဂေ့လေဟုယ်။
31 သူးနို့ဟုာ ကိုယ်တော့်ဟို့ သရော်ဂေ့ဘီးန ကမ္မဗလာနီဝတ်လောင်ဟို့ ခလွတ်ဘီးဟုာ
ကိုယ်တော်ရဲ့ အန်းဂီးဟို့ ပ့လန်ဝတ်စေဟုယ်။ အယ်ဘီးန လတ်ဝါးကပ်တိုင်မာ
တန်ဘီးသတ်ဟို့တွပ် ခေါ်ဆောန်ဟုားဂေ့လေဟုယ်။

ကားစင်တန်ခံရဟူကြောန်း
(မာကု ၁၅.၂၁-၃၂; လုကာ ၂၃.၂၆-၄၃; ယောဟန် ၁၉.၁၇-၂၇)

32 သူးနို့လေ ထွပ်လာဟူ ခီမာ ရှိမုန် ဆိုဘီး နာမယ်ရှိဟူ ကုရေနေဗြို့ဟု
လူတယော့-က်ဟို့ လမ်းမာ တွိဟုားဘီး စစ်သားလေဟုာ အယ်သူဟို့ ယေရှုရဲ့
လတ်ဝါးကပ်တိုင်ဟို့ အခမ္မထမ်းခိုင်းဂေ့လေဟုယ်။
33 “ဦးခေါန်းခွံနေရာ” ဆိုဘီး မိပါယ်ရှိဟူ၊ ဂေါလဂေါသနာမယ်ရှိဟူ နေရာဟို့
ရော့-က်လာဂေ့ဟုယ်။
34 အယ်နေရာမာ သူးနို့လေဟုာ ယေရှုဟို့ ဆေးခါးန ရောစပ်ဟုားဟူ ဝိုင်ဟို့
ပေးသော့-က်ဂေ့ဟုယ်။ အယ်ဘေမဲ့ ယေရှုဟု မြဲကေ့ဘီးန သော့-က်ဟို့
ငြင်းတော်မူလေဟုယ်။
35 ကိုယ်တော့်ဟို့ ကားစင်တန်ဂေ့ဘီးန ကိုယ်တော်ရဲ့ ဝတ်တော်ဟို့ မဲနို့က်ဘီး
ခွဲဝီဂေ့လေဟုယ်။
36 အယ်မျိုးလောက်ဘီးန အယ်နေရာမာ ကိုယ်တော့်ဟို့ ထိုင်ဘီး
စောန့်ကေ့နေဂေ့လေဟုယ်။
37 ကိုယ်တော်ရဲ့ ခေါန်းတော်ထတ်မာ “ယုဒမန်းဂီး ယေရှုဖြစ်ဟုယ်” ဆိုဘီး
ကိုယ်တော့်ဟို့ စွပ်စွဲဟုားဟူ စာပ့လားဟို့လည်း ကပ်ဟုားလေဟုယ်။
38 အယ်ဘီးန ယေရှုနတူးဒူ မ့လန့ေယော့-က်ဟို့လည်း ကိုယ်တော်ရဲ့ ညာဖတ်မာ
တယော့-က်၊ ဘယ်ဖတ်မာ တယော့-က် ထားဘီးဟုာ ကားစင်တန်ဂေ့ဟုယ်။
39 ဖြတ်သန်းသွားလာနေဟူ သူလေဟုာ သူးနို့ရဲ့ ခေါန်းလေဟို့ ခါဘီးဟုာ ယေရှုဟို့
ကဲ့ရဲ့ဂေ့ဇာဟု
40 “ဗိမာန်တော်ဟို့ ဖြိုဖျစ်ဘီး သောင်းရစ်ဒဲန ပ့လန်တည်ဆော့-က်ဟို့သူ! နန့်ကိုယ်နန်
ကယ်တန်ပါ! နန်ဟုာ ဘုရားသခင်ရဲ့ သားတော်ဖြစ်ဟုယ် ဆိုဟုာ
လတ်ဝါးကပ်တိုင်ဟုနေ ဆင်းလာပါ!”
41 အယ်နည်းတူ ယဇ်ပုရောဟိတ်ဂီးလေ၊ ကျမ်းပြုဆရာလေန
သတ်ကီးဝါဂီးလေဟုလည်း ကိုယ်တော့်ဟို့

27:40 **ဟု.၄၀** မ ၂၆.၆၁; ယော ၂.၁၉

42 “အယ်သူဟ့ဟာ တခြားလူလေဟို့ ကယ်တန်ဘီးဟ့ဟာ သူ့ကိုယ်သူ ကယ်တန်နိုင်ဟ့မား!
သူဟ့ဟာ ဣသရေလမန်းဂီး မှူဟ့လော။ သူဟ့ဟာ လတ်ဝါးကပ်တိုင်ဟ့နေ ဆင်းလာမယ်
ဆိုဟ့ဟာ နို့လေ ယောင်ကြည်ဂေ့မယ်!
43 သူဟ့ဟာ ဘုရားသခင်ဟို့ အားကိုးဟ့ယ်။ ‘ငါဟ့ဟာ ဘုရားသခင်ရဲ့
သားတော်ဖြစ်ဟ့ယ်’ ဆိုဘီး ပြောဟ့ယ်။ အယ်ကြောန့် သူ့ဟို့ ဘုရားသခင်
လိုတော်ရှိမယ် ဆိုဟ့ဟာ ခုဘဲ့ ကယ်တန်ပါစေ!” ဆိုဘီး သရော်ဂေ့ဟ့ယ်။
44 ကိုယ်တော်နတူးဒူ ကားစင်တန်ဟ့ားဟ့ူ မ့လနေ့့ယော့-က်ဟ့လည်း အယ်နည်းတူ
ကဲ့ရဲ့လေဟ့ယ်။

ယေရှုရဲ့ သတ်ချောက်တော်မူဟ့ူကြောန်း
(မာကု ၁၅.၃၃-၄၁; လုကာ ၂၃.၄၄-၄၉; ယောဟန် ၁၉.၂၈-၃၀)

45 မွန်းဒဲ့ခီဟ့နေ နေဒန်သောင်းနာရီထိအောန် တပြည်လောင်းဟ့ဟာ
မှောန်မိုက်ဂ့လလေဟ့ယ်။
46 နေဒန်သောင်းနာရီမာ ယေရှုဟ့ “ဧလိ၊ ဧလိ၊ လာမာရှာဗခသာနိ” ဆိုဘီး
သံဂ့လယ်ဂီးန အော်ဟစ်တော်မူလေဟ့ယ်။ အယ်မူဓိပါယ်ဟ့ “ကျွန်တော့်ဘုရားသခင်၊
ကျွန်တော့်ဘုရားသခင်၊ ဖြားဖြစ်ကြောန့် ကျွန်တော့်ဟို့ စွန့်ပစ်တော်မူဟ့ယ်နူး” ဆိုဘီး
ဖြစ်လေဟ့ယ်။
47 အယ်နေရာမာ ရပ်နေဟ့ူ လူလေတချို့ဟ့ာ အယ်မူဇာဟို့ ကြားရခီမာ “သူဟ့ာ
ဧလိယဟို့ ခေါ်နေဟ့ယ်!” ဆိုဘီး ပြောဂေ့လေဟ့ယ်။
48 သူးနို့လေထဲဟ့ တယော့-က်ဟ့ာ တခါဒဲ ပ့လေးဟ့ားဘီး ရေမ့လောက်ဟို့ ယူဘီး
ရှင်နေဟ့ူ ဝိုင်ရှင်ထဲဟို့ နှစ်ထဲ့လေဟ့ယ်။ အယ်ဘီးန ကျူဒေါက်ဖျားမာ တပ်ဘီး
ကိုယ်တော့်ဟို့ သော့-က်ဟို့ ပေးလေဟ့ယ်။
49 အယ်ဘေမဲ့ တခြားလူလေဟ့ “နေအူး၊ ဧလိယဟ့ာ သူ့ဟို့ ကယ်ဟို့တွပ် လာမယ်
ဆိုဇာဟို့ ကေ့ဂေ့ဇို့!” ဆိုဘီး ပြောဂေ့လေဟ့ယ်။
50 ယေရှုဟ့ာ နော့-က်ထပ် သံဂ့လယ်ဂီးန အော်ဘီးဟ့ာ သတ်တော်ဟို့
စွန့်တော်မူလေဟ့ယ်။
51 အယ်မူခီမာဘဲ့ ဗိမာန်တော်ရဲ့ လိုက်ကာဟ့ာ ထတ်ဟ့နေ အော့-က်ဟို့
နှေ့ခြမ်းကွဲဟ့ားလေဟ့ယ်။ မ့လေဂီးဟ့ာ လှောက်ဘီး ကလော့-က်လေဟ့ာ
အတ်ကွဲဟ့ားဘီး၊
52 သန်းခ့လိုင်းဂူလေလည်း ပွမ့်ထွပ်ဟ့ားလေဟ့ယ်။ ဘုရားသခင်ရဲ့
သန့်ရှင်းသူလေရဲ့ ကိုယ်ခန္ဓာလေဟ့ာ ထမြော့-က်ဂေ့လေဟ့ယ်။
53 ယေရှု ရှင်ပ့လန်ထမြော့-က်တော်မူဘီးန သူးနို့လေဟ့ာ သန်းခ့လိုင်းဂူထဲဟ့
ထွပ်လာဘီးဟ့ာ သန့်ရှင်းဟ့ူ ဗြို့တော်ထဲဟို့ ဝမ်ဟ့ားဘီး လူလေဟို့
ကိုယ်ထန်ရှားပြလေဟ့ယ်။

54 တပ်မှူးနတူးဒူ ယေရှုဟို့ စောန့်ကေ့နေဂေ့ဟူ စစ်သားလေဟှာ မှလေဂီးလှောက်ဟူ
ဇာလေန ဖြစ်ပျစ်ဟှားဟူ ဇာလေ ဂူလောင်းဟို့ တွိမြင်ရဟူ ခီမာ သူးနို့ဟှာ ရရာတိုင်း
ကြော့-က်လန့်ဟှားဂေ့ဘီး “အယ်သူဟှာ တကယ်ဘဲ့ ဘုရားသခင်ရဲ့
သားတော်ဖြစ်ဟုယ်!” ဆိုဘီး ပြောဂေ့လေဟုယ်။
55 ဂါလိလဲပြည်ဟုနေ ယေရှုနော့-က်လိုက်ဘီးဟှာ လောက်ကျွေးနေဟူ မီးမလေဟှာ
အယ်နေရာမာရှိနေဘီး ဝီးဟုနေ ကေ့နေဂေ့လေဟုယ်။
56 သူးနို့လေထဲမာ မာဂဒလဖြို့သူ မာရိ၊ ယာကုပ်န ယောသပ်လေရဲ့ မိဖြစ်ဟူမာရိန
ဇေဗေဒဲရဲ့မီးမ ပါလေဟုယ်။

ယေရှုဟို့ သင်္ဂြိုဟ်ဟူကြောန်း
(မာကု ၁၅.၄၂-၄၇; လုကာ ၂၃.၅၀-၅၆; ယောဟန် ၁၉.၃၈-၄၂)

57 နေဒန်ဇာဟို့ ရော့-က်ဟူ ခီမာ အရိမသဲဖြို့ဟုနေ ယောသပ် ဆိုဘီး နာမယ်ရှိဟူ
ဌေးတယော့-က် ရော့-က်လာဘီး သူဟှာ ယေရှုရဲ့ တဗဲ့တော်လည်း ဖြစ်လေဟုယ်။
58 အယ်သူဟှ ပိလတ်နားဟို့ ဝမ်ဟှားဘီး ယေရှုရဲ့ လောန်းတော်ဟို့ တောန်းဟူကြောန့်
ပိလတ်ဟှာ ပေးလိုက်ဟို့ မိန့်ပေးလေဟုယ်။
59 အယ်ကြောန့် ယောသပ်ဟှာ လောန်းဟို့ ယူဘီး ဖှလူစင်ဟူ ပိဖှလူန လိလေဟုယ်။
60 ကွလော့-က်တောင်းမာ ထွမ်းဟှားဟူ သူရဲ့ကိုယ်ပိုင် သန်းခှလိုင်းဂူသစ်ထဲမာ
သင်္ဂြိုဟ်လေဟုယ်။ အယ်ဘီးမှ သူဟှာ ကီးမားဟူ ကွလော့-က်တောင်းဟို့
သန်းခှလိုင်းဂူဝမ်ဝရဲ့ ရှေ့မာ ပိဟှားဘီးန ပှလန်ဟှားလေဟုယ်။
61 မာဂဒလဖြို့သူ မာရိန တခြားမာရိလေဟှာ သန်းခှလိုင်းရှေ့မာ
ထိုင်နေဂေ့လေဟုယ်။

သန်းခှလိုင်းဂူမာ စောန့်လေထားဟှားဟူကြောန်း
62 ဒန်းနေ့တွပ် ပြင်ဆင်ရာနေ့ဘီးန ယဇ်ပုရောဟိတ်ဂီးလေန ဖာရိရှဲလေဟှာ
ပိလတ်နားဟို့ သွားဘီး၊
63 “သခင်၊ အယ်မူလူလီဟှာ သတ်ရှင်နေဒူးဟှ ‘သောင်းရစ်ကြာဘီးန ငါဟှာ
ပှလန်ထမြော့-က်လေ့မယ်’ ဆိုဘီး ပြောဟှားဇာဟို့ ကျွန်တော့်ဟှားလေ မှတ်မိပါဟုယ်။
64 အယ်ကြောန့် သောင်းရစ်မြော့-က်ဟူ နေ့တိုင်အောန် သန်းခှလိုင်းဂူဟို့
ဒိနစောန့်ကေ့ဟို့တွပ် မိန့်ပေးတော်မူပါ။ အယ်မျိုးလောက်ဘဲဟှ ဆိုဟှာ သူတဗဲ့လေဟှာ
လောန်းဟို့ လာခိုးဟှားဘီး သူဟှာ သေရာဟုနေ ထမြော့-က်ဟှားဘီ ဆိုဘီး လူလေဟို့
ပြောဂေ့ပါလေ့မယ်။ အယ်ဆိုဟှာ နော့-က်ဆောင်း လီညာဟူဇာဟှာ ရင်ဟှ
လီညာဟူဇာထတ် ပိုဘီး ဆိုးဝါးပါလေ့မယ်” ဆိုဘီး လျော့-က်ဂေ့လေဟုယ်။
65 ပိလတ်ဟှ “စောန့်တပ် တတပ်ဟို့ ခေါ်ဟှားဂေ့။ သန်းခှလိုင်းဂူဟို့ တတ်နိုင်ဟူမျ
လောင်ခြောင်အောန် စောန့်ကေ့ခိုင်းဂေ့” ဆိုဘီး မိန့်လေဟုယ်။

27:55 **ဘု.၅၅.၅၆** လု ၈.၂,၃ **27:63** **ဘု.၆၃** မ ၁၆.၂၁; ၁၇.၂၃; ၂၀.၁၉; မာ ၈.၃၁; ၉.၃၁; ၁၀.၃၃,၃၄; လု ၉.၂၂; ၁၈.၃၁-၃၃

66 အယ်ကြောန့် သူးနို့လေဟှာ သန်းခ့လိုင်းဟို့ သွားဘီးဟှာ ကၠလော့-က်တောင်းဟို့
ဇိခပ်ဘီး စောန့်လေဟို့ နေရာခ့လဟှားလိုက်ဘီး စောန့်ကေ့စေလေဟှယ်။

28

ရှင်ပ့လန်ထမြော့-က်တော်မူဟူကြောန်း
(မာကု ၁၆.၁-၁၀; လုကာ ၂၄.၁-၁၂; ယောဟန် ၂၀.၁-၁၀)

1 ဒန်းနေ့လွန်ဘီးန နန်းနွေနေ့ မိုးလန်းခါနီးမာ မာဂဒလဗြို့သူ မာရိန
တခြားမာရိလေဟှာ သန်းခ့လိုင်းဟို့ သွားဘီး ကေ့ဂေ့လေဟှယ်။
2 ဘုရားသခင်ရဲ့ ကောန်းဂန်တမန်တပါးဟှာ ကောန်းဂန်ဘောင်ဟှနေ
ဆင်းလာဟူကြောန့် ရောက်တရစ် ရရာတိုင်း ကြမ်းဟူ မ့လေဂီးလှောက်လာဟှယ်။
အယ်ဘီးန ကၠလော့-က်တောင်းဟို့ လှိဖယ်လိုက်ဘီး အယ်ကၠလော့-က်တောင်းထတ်မာ
ထိုင်နေလေဟှယ်။
3 သူ့ရဲ့ ရောန်ဆင်းဟှာ လျှပ်စစ်လတ်ဟူမျိုးဖြစ်ဘီး သူ့ရဲ့ ဝတ်ဟှလည်း
နှမ်းပွမ့်မျိုးဘဲ့ ဖ့လူလေဟှယ်။
4 စောန့်လေဟှာ ကောန်းဂန်တမန်ဟို့ ရရာတိုင်း ကြော့-က်လန့်ဂေ့ဘီး
လူသေလေမျိုးဘဲ့ ဖြစ်ဟှားဂေ့လေဟှယ်။
5 ကောန်းဂန်တမန်ဟှ အယ်မီးမလေဟို့ "ကြော့-က်ဂေ့န။ နန်းနို့လေဟှာ
လတ်ဝါးကပ်တိုင်မာ သတ်ခံရဟူ ယေရှုဟို့ ရှာနေဂေ့ဟှယ် ဆိုဇာဟို့ ငါသိဟှယ်။
6 ကိုယ်တော်ဟှာ အယ်နေရာမာမ့ေဘီ။ မိန့်တော်မူဟှားဟူတိုင်းဘဲ့
ထမြော့-က်တော်မူဟှားဘီ။ ကိုယ်တော်လျောင်းတော်မူဟှားဟူ နေရာဟို့
လာဘီးကေ့ဂေ့ပါ။
7 တဗဲ့တော်လေနားဟို့ ဗြန်းဗြန်သွားဘီး 'ကိုယ်တော်ဟှာ သေရာဟှနေ
ထမြော့-က်တော်မူဟှားဘီ။ နန်းနို့လေထတ်စောဘီး ဂါလိလဲပြည်ဟို့
ကြွတော်မူလေ့မယ်။ အယ်နေရာမာ နန်းနို့လေဟှာ ကိုယ်တော့်ဟို့ တွိရဂေ့လေ့မယ်!'
ဆိုဘီး ပြောဂေ့ပါ။ ငါပြောလိုက်ဇာလေဟို့ မေ့ဂေ့န။"
8 အယ်ကြောန့် အယ်မီးမလေဟှာ ကြော့-က်လန့်ဘေ့ဲလည်း အားရဝန်းသာန
သန်းခ့လိုင်းဟှနေ ဗြန်းဗြန်ထွပ်ဟှားဘီး တဗဲ့တော်လေဟို့ ပြောပြဟို့တွပ်
ပ့လေးဂေ့လေဟှယ်။
9 ရောက်တရစ် ယေရှုဟှ သူးနို့နားဟို့ ရော့-က်လာဘီးဟှာ "နန်းနို့နတူးဒူ
ငြိသတ်ရှင်းရှိပါစေ" ဆိုဘီး မိန့်တော်မူလေဟှယ်။ သူးနို့ဟှာ ကိုယ်တော်နားဟို့
ချဉ်းကပ်ဘီးဟှာ ခေတော်ဟို့ ဖတ်ဘီး ရှိခိုးဂေ့လေဟှယ်။
10 ယေရှုဟှ "ကြော့-က်ဂေ့န။ သွားဘီးဟှာ ငါ့ရဲ့ ညီကိုလေဟို့ ဂါလိလဲပြည်ဟို့
သွားဟို့တွပ် ပြောဂေ့။ သူးနို့လေဟှာ အယ်နေရာမာ ငါ့ဟို့ ဗြင်ရဂေ့လေ့မယ်" ဆိုဘီး
မိန့်တော်မူလေဟှယ်။

စောန့်လေရဲ့ စီရင်ခံစာကြောန်း

11 အယ်မီးမလေဟှာ လမ်းမာ သွားနေဒူးမာ သန်းခ့လိုင်းဂူစောန့်နေဟှူ
တပ်သားတချို့ဟှာ ဗြို့ထဲဟှိ ဝမ်ဘီး ယဇ်ပုရောဟိတ်ဂီးလေဟှိ ဖြစ်ပျစ်ဇာလေ
ဂူလောင်းဟှိ ပြောပြဂေ့လေဟှယ်။
12 ယဇ်ပုရောဟိတ်ဂီးလေဟှာ သတ်ကီးဝါဂီးလေန တွိဆောင်ဂေ့ဘီး ဆွေးန္လေးဘီးန
သူးန့်ဟှာ စစ်သားလေဟှိ ကပ်လေဘောင်ဂီးပေးဘီး၊
13 “န့်လေအိမွိနေဒူးမာ သူ့ရဲ့ တမဲ့လေဟှာ ညဉ့်ခန်းဖတ်မာ လာဘီး လောန်းဟှိ
ခိုးဆောန်ဟှားဟှယ် ဆိုဘီး ပြောဂေ့။
14 ဗြို့ဝန်မန်းဟှာ အယ်မူဒန်းဟှိ သိဟှားမယ် ဆိုဟှာ န့်လေဟှာ သူ့ဟှိ
စည်းရောင်းဘီး နန်းန့်မာ စိုးရိမ်ဇာမှေ့ဟှိ့တွပ် လောက်ပေးမယ်” ဆိုဘီး ပြောဂေ့ဟှယ်။
15 စောန့်လေဟှာ ကပ်ဟှိ ယူဘီးဟှာ သူးန့်ဟှိ ညွန်ကြားဟှားဟှူတိုင်း
လောက်ဂေ့လေဟှယ်။ အယ်ကြောန့် အယ်ဒန်းဟှာ ယုဒလူမျိုးလေထဲမာ အယ်နေ့ထိ
ပ့လုံန့်နေလေဟှယ်။

တမဲ့တော်လေဟှိ ကိုယ်ထန်ရှားပြဟှူကြောန်း
(မာကု ၁၆.၁၄-၁၈; လုကာ ၂၄.၃၆-၄၉; ယောဟန် ၂၀.၁၉-၂၃; တမန်တော် ၁.၆-၈)

16 တမဲ့တော်ဆယ့်တယော့-က်ဟှာ ဂါလိလဲပြည်ဟှိ သွားဘီး ယေရှုမှာဟှားတိုင်း
တောန်ထတ်ဟှိ သွားဂေ့လေဟှယ်။
17 သူးန့်လေဟှာ ကိုယ်တော့်ဟှိ တွိဖြင်ရဟှူ ခီမာ ရှိခိုးဂေ့လေဟှယ်။ အယ်ဘေမဲ့
သူးန့်ထဲဟှ တချို့ဟှာ သံသယဖြစ်ဂေ့ဟှယ်။
18 ယေရှုဟှာ တမဲ့တော်လေနားဟှိ ကြွလာဘီးဟှာ “ကောန်းဂန်န မ့လေဂီးထတ်မာ
ရှိမျှဟှူ ခွမ့်အာဏာလေဟှိ ငါ့ဟှိ ပေးအပ်တော်မူဘီ။
19 အယ်ကြောန့် နန်းန့်လေဟှာ သွားဘီး လူဘောန်းဇောင်ဟှိ ငါ့တမဲ့ဖြစ်စေဘီးဟှာ ဖ၊
သားတော်၊ သန့်ရှင်းဟှူဝိညာဉ်တော်ရဲ့ နာမတော်ထဲမာ ဗတ္တိဇံပေးဂေ့ပါ။
20 နန်းန့်လေဟှိ ငါပညတ်ဟှားဇာလေ ဂူလောင်းဟှိ နာခံဟှိ့တွပ် သွန်သန်ဂေ့ပါ။
ငါဟှာလည်း ကမ္ဘာကူဆောင်းဟှူ ခီထိ နန်းန့်လေနတူးဒူ မြဲဒမ်းရှိနေမယ်” ဆိုဘီး
မိန့်တော်မူလေဟှယ်။

28:16 **၂ဂ.၁၆** မ ၂၆.၃၂; မာ ၁၄.၂၈ **28:19** **၂ဂ.၁၉** တ ၁.၈

မာကု

မာကု ရေးဟ့ားဟ့ူ ခရစ်တော်ရဲ့ ဒန်းကောန်း

နိဒါန်း

မာကု ရေးဟ့ားဟ့ူ ခရစ်တော်ရဲ့ ဒန်းကောန်းဟ့ာ ဓမ္မသစ်ကျမ်းထဲမာ ယေရှုခရစ်တော်ရဲ့ သတ်တော်စဉ်ဟ့ို ဖော်ပြဟ့ားဟ့ူကျမ်း လေးစောန်ထဲဟ့ု တစောန်ဖြစ်ဟ့ယ်။ အယ်ကျမ်းတစောန်စီဟ့ို "ဧဝံဂေလိ" ဆိုဘီး ခေါ်ဟ့ယ် "ဒန်းကောန်း" ဆိုဘီး ဓိပါယ်ရဟ့ယ်။ ယေရှု သေဟ့ားဘီးန အယ်ကျမ်းလေဟ့ို မဿဲ၊ မာကု၊ လုကာန ယောဟန်ဟ့ု ရေးဟ့ားဟ့ယ်။ မာကုရေးဟ့ားဟ့ူ ဧဝံဂေလိကျမ်းဟ့ာ ဧဝံဂေလိ လေးစောန်ထဲမာ တိုဆောင်းဖြစ်ဟ့ယ်။ ဧဝံဂေလိကျမ်း ဂူလောင်းရဲ့ ဦးဆောင်းဖြစ်ဟ့ူ အယ်ကျမ်းဟ့ာ ခရစ်တော် မိုးဘီးန ၆၅-၇၀ ခုနှစ်ကြားမာ ရေးဟ့ားဟ့ယ် ဆိုဘီး ယောင်ကြည်ဟ့ားဂေ့ဟ့ယ်။ အယ်ကျမ်းဟ့ာ ရောမ ခရစ်ယာန်လေဟ့ို အားပေးဟ့ို့ ရည်ရွယ်ချစ်န ရောမဗြို့မာ ရေးဟ့ားဟ့ယ် ဆိုဘီး ကျမ်းစာပညာရှင်လေဟ့ု ယောင်ကြည်ဂေ့ဟ့ယ်။

ယောဟန်မာကု ဆိုဘီးလည်း ထန်ပေါ်ဟ့ူ မာကုဟ့ာ တမန်တော် ပေါလုန ဗာနဗရဲ့ ပေါန်းဖော် တယော့-က်ဖြစ်ဘေမဲ့ သူဟ့ာ သူးနို့ရဲ့ သာသနာခရီးစဉ်ဟ့ို စွန့်ပစ်လိုက်ဟ့ူ ခီမာ သူ့ရဲ့ ဂေါင်သိက္ခာဟ့ို ထိခိုက်လေဟ့ယ် (တ ၁၃.၁၃)။ နော့-က်တခါ မာကုဟ့ာ ဗာနဗန ပ့ုလန်ဘီး ခရီးသွားလေဟ့ယ် (တ ၁၅.၃၇-၃၉)။ မာကုဟ့ာ ပေတရုရဲ့ ရရာတိုင်းခင်ဟ့ူ ငယ်ဂျင်းဖြစ်လည်း သိမ့တ်ဂေ့ဟ့ယ် (၁ ပေ ၅.၁၃)။ မာကုဟ့ာ ယေရှုရဲ့ သတ်တော်စဉ်ဟ့ို မျစ်မြင်တယော့-က် မူဘေမဲ့လည်း ပေတရုရဲ့ သတ်သေလေ ဘောင်ဂီးဟ့ို မှတ်တမ်းတန်ဟ့ားဟ့ယ် ဆိုဘီး ကျမ်းစာပညာရှင်လေဟ့ာ ယောင်ကြည်ဂေ့ဘီး အယ်ဇာဟ့ာ မာကုရေးဟ့ားဟ့ူ ဧဝံဂေလိတွပ် ခြေခံဖြစ်ဟ့ယ်။ အယ်ကျမ်းထဲမာ မာကုဟ့ာ တဗဲတော်ဖြစ်ဇာန နော့-က်ဆောင်းခီမာ ယေရှုရဲ့ သွန်သန်ဇာဟ့ို လေးပေးဘီး ဖော်ပြဟ့ယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ မာကုဟ့ာ အယ်ကျမ်းဟ့ို နိဒါန်းပျိုးဟ့ယ် (၁.၁-၁၃)

၂။ မာကုဟ့ာ ဂါလိလဲပြည်မာ ယေရှုရှိနေသူး သူ့ရဲ့ သာသနာလောက်ငန်းဟ့ို ဖော်ပြဟ့ယ် (၁.၁၄—၈.၂၁)

၃။ နော့-က်ဘီးဟ့ာ သူဟ့ု ယေရုရှလင်ဗြို့ဟ့ို ယေရှုရဲ့ ခရီးစဉ်န ပတ်သတ်ဘီး ပြောဟ့ယ် (၈.၂၂—၁၀.၅၂)

၄။ မာကုဟ့ာ ယေရုရှလင်ဗြို့မာ ယေရှုရဲ့ သေရှင်းန ရှင်ပ့ုလန်ထမြော့-က်ရှင်း ပါဝမ်ဟ့ူ သူ့ရဲ့ ခီကြောန်းဟ့ို ရေးသားချစ်န ဆောန်းသတ်ဟ့ားဟ့ယ် (၁၁.၁—၁၆.၈)

ဗတ္တိဇံယောဟန်ရဲ့ ဟောပြောရှင်း
(မဿဲ ၃.၁–၁၂; လုကာ ၃.၁–၁၈; ယောဟန် ၁.၁၉–၂၈)

1 ဘုရားသခင်ရဲ့ သားတော်* ယေရှုခရစ်တော်ကြောင်း ဒန်းကောန်းဟာ
အယ်မျိုးဖြစ်ဟုယ်။
2 ပရောဖက်ဟေရှာယ ရေးဟားဟူဇာဟု၊
“ဘုရားသခင်ဟု ပြောဟားဟုယ်၊
‘ငါဟာ နန်ရဲ့လမ်းဟို ပြင်ဆင်ဟို့တွပ် ငါ့ရဲ့တမန်ဟို နန်ရှေ့မာ စေလွတ်မယ်။’
3 တောကန္တာရထဲမာ ယော့-က်ယော့-က်ဟု အော်ပြောနေဇာဟု
‘ဘုရားသခင်ရဲ့ လမ်းဟို ပြင်ဆင်ဟားဂေ့!
အယ်သခင်တွပ် ဖြောန့်တန်းဟူလမ်းဟို လောက်ဟားဂေ့!’”
4 ယောဟန်ဟာ ပေါ်လာဘီး၊ တောကန္တာရမာ ဟောပြောဘီးန ဗတ္တိဇံပေးနေဟုယ်။†
“နောန်ဒရဘီး ဗတ္တိဇံခံဂေ့။ အယ်ဆိုဟာ ဘုရားသခင်ဟု နန်းနို့ရဲ့ ပြစ်လေဟို့
ခွမ့်လွတ်လေ့မယ်” ဆိုဘီး ကြေညာဟုယ်။
5 ယုဒပြည်ဟု လူလေန ယေရှုရှလင်ဖြို့ရဲ့လူလေ ဂူလောင်းဟာ ယောဟန်နားဟို့
ရော့-က်လာဂေ့ဘီး သူးနို့ရဲ့ ပြစ်လေဟို့ ဝန်ခံဂေ့ဟူကြောန့် ယော်ဒန်မ့လစ်မာ
ယောဟန်အားဖြင့် ဗတ္တိဇံခံဂေ့ဟုယ်။
6 ယောဟန်ဟာ ကုလားအုတ်ရဲ့ မွီးန လောက်ဟားဟူဝတ်န သားရေခါးဗတ်ဟို့
ခါးမာပတ်ဟားဘီး ကျိုင်းကောန်ရန တောပျားရယ်ဟို့ စားလေဟုယ်။
7 သူဟာ လူလေဟို့ ကြေညာဇာဟု “ငါ့ထတ် ပိုဘီး ကီးမြတ်ဟူလူဟာ ငါ့နော့-က်ဟု
ကြွလာလေ့မယ်။ ငါဟာ ငေါက်ဘီးဟာ သူ့ရဲ့ ခေနပ်ကြိုးဟို့ ဖြေဟို့ဟို့မှ ထိုက်ဟု။
8 ငါဟု နန်းနို့လေဟို့ ရေန ဗတ္တိဇံပေးဟုယ်။ အယ်ဘေမဲ့ သူဟု နန်းနို့ဟို့
သန့်ရှင်းဟူဝိညာဉ်တော်န ဗတ္တိဇံပေးလေ့မယ်။”

ယေရှုရဲ့ ဗတ္တိဇံမင်္ဂလာန စောန်ဇမ်းသွီးဆောန် ခံဟူကြောန်း
(မဿဲ ၃.၃၃—၄.၁၁; လုကာ ၃.၂၁–၂၂; ၄.၁–၁၃)

9 အယ်ခီမာ ယေရှုဟု ဂါလိလဲပြည် နာဇရက်ဖြို့ဟု လာဘီးဟာ ယော်ဒန်မ့လစ်မာ
ယောဟန်အားဖြင့် ဗတ္တိဇံခံလေဟုယ်။
10 ယေရှုဟာ ရေထဲဟုထလိုက်ဟူနု ကောန်းဂန်ဘောင် ပွမ့်ဟားဘီး ဝိညာဉ်တော်ဟု
ချိုးငှတ်မျိုး ကိုယ်တော်ထတ်ဟို့ ဆင်းလာနေဇာဟို့ ဖြင်လေဟုယ်။
11 “နန်ဟာ ငါနှစ်သက်မြတ်နိုးဟူ ငါ့ရဲ့ ရှစ်ရဟူသား ဖြစ်ဟုယ်” ဆိုဘီး
ကောန်းဂန်ဟုနေ သံတော်ထွပ်ပေါ်လာဟုယ်။
12 ဝိညာဉ်တော်ဟု ကိုယ်တော့်ဟို့ တောကန္တာရထဲဟို့ ရှစ်ရှင်းပို့ဆောန်ဘီး

---

* **1:1 ၁.၁** တချို့ မူရင်းလတ်ရေးမူလေမာ ဘုရားသခင်ရဲ့ သားတော်၊ ဆိုဇာဟာ မှေ့ဟု။ † **1:4 ၁.၄** ယောဟန်ဟာ ပေါ်လာဘီး၊ တောကန္တာရမာ ဟောပြောဘီးန ဗတ္တိဇံပေးနေဟုယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဗတ္တိဇံယောဟန်ဟာ ပေါ်လာဘီး တောကန္တာရထဲမာ ဟောပြောနေဟုယ်၊ ဆိုဘီး ပါရှိဟုယ်။ **1:11 ၁.၁၁** မ ၃.၁၇; ၁၂.၁၈; မာ ၉.၇; လု ၃.၂၂

13 ကိုယ်တော်ဟာ တောကန္တာရထဲမာ ရစ်လေးဆယ် လောင်းလောင်း နေဘီး
စာတန်ရဲ့ စောင်ဇမ်းသွီးဆောန်ရှင်းဟို့ ခံတော်မူဟုယ်။ ကိုယ်တော်ဟာ
သားရဲလေနတူးဒူ ရှိတော်မူဘီး ကောန်းဂန်တမန်လေဟာ ကိုယ်တော့်ဟို့
လောက်ကျွေးဂေ့ဟုယ်။

ယေရှုဟာ ငါးဖမ်းမားလေးယော့-က်ဟို့ ခေါ်ဟူကြောန်း
(မဿဲ ၄.၁၂-၂၂; လုကာ ၄.၁၄,၁၅; ၅.၁-၁၁)

14 ယောဟန် ထောန်ခ့လခံရဘီးန ယေရှုဟာ ဂါလိလဲပြည်ဟို့ သွားဘီး
ဘုရားသခင်ရဲ့ ဒန်းကောန်းဟို့ ကြေညာလေဟုယ်။
15 “ခီပ့လဲဇောင်ဟုားဘီ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟာ တည်ခါနီးနေဘီ!
နောန်ဒရဘီးဟာ ဒန်းကောန်းဟို့ ယောင်ကြေည်ဂေ့ပါ!” ဆိုဘီး မိန့်တော်မူလေဟုယ်။
16 ယေရှုဟု ဂါလိလဲအိုင်ဘေးမာ ရှော့-က်သွားနေဒူးမာ ငါးဖမ်းမားလေဖြစ်ဟူ ရှိမုန်န
သူညီ အန့ဒြေလေဟာ အိုင်ထဲမာ ပိုက်ကွန်ပစ်နေဇာဟို့ ဗြင်လေဟုယ်။
17 ယေရှုဟု “ငါ့နော့-က်လိုက်ဂေ့။ နန်းနို့လေဟို့ လူလေဟို့ဖမ်းဟူ
ငါးဖမ်းမားဖြစ်စေမယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
18 သူးနို့လေဟု ရှစ်ရှင်းဘဲ ပိုက်လေဟို့ ထားရစ်ဘီးန နော့-က်ဟို့ လိုက်ဂေ့ဟုယ်။
19 ကိုယ်တော်ဟာ နဲနဲဆစ်ဘီးသွားဟူ ခီမာ ဇေဗေဒဲရဲ့သား ယာကုပ်န
သူညီယောဟန်ဟို့ ဗြင်ဟုားဟုယ်။ သူးနို့ဟာ လေ့ထဲမာ ပိုက်ကွန်လေ ဖာနေဂေ့ဟုယ်။
20 ယေရှုဟု သူးနို့လေဟို့ ရှစ်ရှင်းခေါ်လိုက်ဟုယ်။ သူးနို့လေဟာ သူးနို့ဖ ဇေဗေဒဲဟို့
လူဌားလေနတူးဒူ လေ့ထတ်မာ ထားရစ်ဘီးဟာ ယေရှုနော့-က်ဟို့ လိုက်ဟုားဂေ့ဟုယ်။

ညစ်ညူးဟူနတ် ဝမ်ပူးနေဟူ လူတယော့-က်ကြောန်း
(လုကာ ၄.၃၁-၃၇)

21 ယေရှုန တဗဲတော်လေဟာ ကပေရနောင်ဗြို့ဟို့ ဝမ်ဂေ့ဘီး ဒန်းနေ့မာ ယေရှုဟာ
ဝါလယ်ဇရပ်ထဲဟို့ ဝမ်ဟုားဘီးဟာ စဘီးသွန်သန်လေဟုယ်။
22 လူလေဟာ ကိုယ်တော်ရဲ့ သွန်သန်ဇာဟို့ အံ့သြဂေ့ဟုယ်။ ဖြားဖြစ်ကြောန်နူးဆိုဟာ
ကိုယ်တော်ဟာ သူးနို့ဟို့ ကျမ်းတတ်ဆရာလေမျိုး မူဘဲ့န ခွမ့်အာဏာရှိဟူသူမျိုး
သွန်သန်ဟူကြောန့် ဖြစ်ဟုယ်။
23 အယ်ခီမာဘဲ့ ညစ်ညူးဟူနတ် ဝမ်ပူးနေဟူ လူတယော့-က်ဟာ ဝါလယ်ဇရပ်ထဲဟို့
ဝမ်လာဘီးဟာ အော်နေဇာဟု
24 “နာဇရက်ဗြို့သား ယေရှု၊ ကိုယ်တော်ဟု ကျွန်တော့်လေန ဖြားဆိုင်ဟုယ်နူး။
ကျွန်တော့်လေဟို့ ဖျစ်ဆီးဟို့တွပ် ရော့-က်လာဇာလော။ ကိုယ်တော်ဟာ
ဖယ်သူဖြစ်ဟုယ် ဆိုဇာ ကျွန်တော်သိဟုယ်။ ကိုယ်တော်ဟာ ဘုရားသခင်ရဲ့
သန့်ရှင်းဟူသူ ဖြစ်ဟုယ်!”

1:15 ခ.၁၅ မ ၃.၂ **1:22** ခ.၂၂ မ ၇.၂၈,၂၉

25 ယေရှုဟှာ အယ်နတ်ဟှိ “တိတိဟှားနေဘီး အယ်လူထဲဟှ ထွပ်ဟှားဂေ့!” ဆိုဘီး
ဆောင်းမလေဟှယ်။
26 ညစ်ညူးဟှုနတ်ဟှ အယ်လူဟှိ ရရာတိုင်း တတ်စေဘီး သံက္လယ်ဂီး
အော်ဘီးဟှာ ထွပ်ဟှားလေဟှယ်။
27 လူလေ ဂူလောင်းဟှ အံ့ဩဟှားဂေ့ဘီး “အယ်ဇာဟှ ဖယ်မျိုးနူး။ အယ်ဇာဟှ
သွန်သန်မှု သစ်တမျိုးလော။ အယ်လူဟှာ ညစ်ညူးဟှုနတ်လေဟှိ ခွမ့်အာဏာန
မိန့်ပေးလိုက်ဇာ သူးနို့ဟှာ နာခံဂေ့ဟှယ်!” ဆိုဘီး ရှင်းရှင်း မေးနေဂေ့ဟှယ်။
28 အယ်ကြောန့် ယေရှုရဲ့ ဒန်းဟှာ ဂါလိလဲပြည် တခုလောင်းဟှိ ရှစ်ရှင်း
ပ့လန်နှံ့ဟှားလေဟှယ်။

ယေရှုဟှာ လူလေဘောင်ဂီးဟှိ ကျန်းမာစေဟှုကြောန်း
(မဿဲ ၈.၁၄-၁၇; လုကာ ၄.၃၈-၄၁)

29 ယေရှုန တမဲ့တော်လေဟှာ ဝါလယ်ဇရပ်ဟှနေ ထွပ်ဟှားဘီး ရှစ်ရှင်းဘဲ့၊ ယာကုပ်၊
ယောဟန်နတူးဒူး ရှိမုန်န အန့ဒြေရဲ့အီဟှိ သွားဂေ့ဟှယ်။
30 ရှိမုန်ရဲ့ ယောက္ခမဟှာ ဖျားနာဘီး အိယာထတ်မာ လဲ့နေကြောန်းဟှိ ယေရှုဟှိ
ရှစ်ရှင်း တောန်းလျှောက်လေဟှယ်။
31 အယ်ကြောန့် ကိုယ်တော်ဟှာ အယ်မီးမနားဟှိ သွားဘီးဟှာ သူ့ရဲ့လတ်ဟှိ ကိုင်ဘီး
ဆွဲဒန်လိုက်ဟှယ်။ သူဟှာ ဖျားနာပျော့-က်ဟှားကြောန့် သူးနို့ဟှိ ဧည့်ဝတ်ပြုလေဟှယ်။
32 နေဝမ်ဟှားဘီး ညဉ့်ခန်းဇာရော့-က်ဟှားခီမာ လူလေဟှာ ဖျားနာသူလေန
နတ်ဆိုးဝမ်ပူးသူလေ ဂူလောင်းဟှိ ယေရှုနားဟှိ ခေါ်လာဂေ့ဟှယ်။
33 တဖြိုလောင်းဟှာ ခွဖော့-က်ဝမာ စုဝီးလာဂေ့ဟှယ်။
34 ယေရှုဟှာ ရောဂါဘောန်းဇောင်ရှိဟှ လူလေဘောင်ဂီးဟှိ ကျန်းမာစေဘီး
နတ်ဆိုးဘောင်ဂီးဟှိ နှန်ထုဟှယ်။ နတ်ဆိုးလေဟှ ကိုယ်တော့်ဟှိ သိဂေ့ဟှုကြောန့်
သူးနို့ဟှိ စကားပြောခွမ့်ပေးဟှ။

ယေရှုဟှာ ဂါလိလဲပြည်မာ ဟောပြောဟှုကြောန်း
(လုကာ ၄.၄၂-၄၄)

35 မိုးလန်းခန် စောစောဂီးမာ ယေရှုဟှ အိယာဟှထဘီးဟှာ အီဟှထွပ်ဟှားဟှယ်။
ကိုယ်တော်ဟှာ ဖြိုထဲဟှနေ လူမှေ့သူမှေ့ဘဲဟှ နေရာဟှိ ထွပ်ဟှားဘီးဟှာ
ဆုတောန်းလေဟှယ်။
36 ရှိမုန်န သူ့ရဲ့ ပေါ်နဲးဖော်လေဟှာ ကိုယ်တော့်ဟှိ လိုက်ရှာဂေ့ဘီး
37 ကိုယ်တော့်ဟှိ တွိဂေ့ဟှ ခီမာ “လူတိုင်းဟှာ ကိုယ်တော့်ဟှိ လိုက်ရှာနေဂေ့ဟှယ်”
ဆိုဘီး လျှော့-က်ဂေ့ဟှယ်။
38 ယေရှုဟှ “နို့လေဟှာ နီးနားမာရှိဟှ တခြား ဖြို့ဝါလေဟှိ သွားရမယ်။ ငါဟှ
သူးနို့ဟှိလည်း ဟောပြောရအူးမယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ငါဟှာ
အယ်တွပ်ဘဲ့ကြွလာဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

39 အယ်ကြောန့် ကိုယ်တော်ဟှာ ဂါလိလဲပြည် တပြည်လောင်းဟို့ ကြွတော်မူဘီး
ဝါလယ်ဇရပ်လေမာ ဟောပြောဘီးဟှာ နတ်ဆိုးလေဟို့ နှန်ထုလေဟှယ်။

ယေရှုဟှာ လူတယော့-က်ဟို့ ကျန်းမာစေဟူကြောန်း
(မဿဲ ၈.၁–၄; လုကာ ၅.၁၂–၁၆)

40 နူနာသယ် တယော့-က်ဟှာ ယေရှုနားဟို့ ရော့-က်လာဟူ ခီမာ ဒူးထော့-က်ဘီးဟှာ
“ကိုယ်တော်လိုရှိဟှယ် ဆိုဟှာ ကျွန်တော့်ဟို့ သန့်ရှင်းပေးပါ”‡ ဆိုဘီး
တောန်းဗန်လေဟှယ်။

41 ယေရှုဟှာ သနား §တော်မူဟှားဘီး လတ်တော်ဟို့ ဆန့်ဘီးဟှာ အယ်လူဟို့
ထိလိုက်ဟှယ်။ “ငါလိုရှိဟှယ်။ သန့်ရှင်းစေ!” ဆိုဘီး မိန့်တော်မူလေဟှယ်။

42 ရှစ်ရှင်းဘဲ့ နူနာရောဂါဟှာ ပျော့-က်ဟှားဘီး သူဟှာ သန့်ရှင်းဟှားလေဟှယ်။

43 ယေရှုဟှာ သူ့ဟို့ ရှစ်ရှင်းလွှတ်လိုက်ဘီး

44 “နန်ဟှာ အယ်မူဇာဟို့ ဖယ်သူ့ဟို့လည်း ပြောန။ အယ်ဘေမဲ့ ယဇ်ပုရောဟိတ်နားဟို့
သွားဘီး ကိုယ်ဟို့ပြလိုက်ပါ။ စင်ကြယ်ကြောန်းဟူ လူလေရှေ့မာ သတ်သေဖြစ်ဟို့တွပ်
မောရှေ ပညတ်ဟှားဟူတိုင်း ပူဇော်သကာဟို့ ဆစ်သပါ” ဆိုဘီး မိန့်တော်မူလေဟှယ်။

45 အယ်ဘေမဲ့ အယ်လူဟှ ထွပ်ဟှားဘီး အယ်ဒန်းဟို့ အားရပါးရ ဟောပြောဘီး
ပ့လံ့နှံ့စေလေဟှယ်။ အယ်ကြောန့် ယေရှုဟှ ဗြို့ထဲဟို့ ထန်းထန်ရှားရှားဟှား
ဝမ်နိုင်ဘဲန လူမွေ့သူမွေ့ဘဲဟူ ဗြို့ပ့လန်နေရာမာဘဲ့ နေရဟှယ်။ အယ်ဘေမဲ့
နေရာတိုင်းဟှနေ လူလေဟှ ကိုယ်တော်နားဟို့ ရော့-က်လာဂေ့ဟှယ်။

2

ယေရှုဟှာ လေဖြတ်ဟူလူဟို့ ကျန်းမာစေဟူကြောန်း
(မဿဲ ၉.၁–၈; လုကာ ၅.၁၇–၂၆)

1 ရစ်နဲနဲကြာဘီးန ယေရှုဟှာ ကပေရနောင်ဗြို့ဟို့ ပ့လန်ဝမ်ဟှားဘီး၊ ကိုယ်တော်ဟှာ
အီမာရှိနေဟှယ် ဆိုဘီး ဒန်းဟို့ လူလေကြားဂေ့ဟှယ်။

2 လူလေဘောင်ဂီးဟှာ ရော့-က်လာဂေ့ဟူကြောန့် ခွဖော့-က်ဝပ့လန်မာလည်း
နေရာလွတ် မ့ေဟှမ်း။ ယေရှုဟှာ သူးနို့ဟို့ တရားစကားဟို့ ဟောပြောနေလေဟှယ်။

3 အယ်ခီမာ လူလေးယော့-က်ဟှ ရော့-က်လာဘီး လေဖြတ်နေဟူ လူတယော့-က်ဟို့
ယေရှုနားဟို့ သယ်လာဂေ့ဟှယ်။

4 အယ်ဘေမဲ့လည်း လူအောက်ဂီးကြောန့် သူးနို့ဟှာ အယ်လူဟို့ ကိုယ်တော်နားဟို့
သယ်ဟို့တတ်နိုင်ဟှမ်း။ အယ်ကြောန့် သူးနို့ဟှာ ယေရှုရှိဟူ နေရာထတ်ဟှ ခေါန်မိုးဟို့
ပေါ့-က်ဖော့-က်လိုက်ဟှယ်။ သူးနို့ဟှာ လေဖြတ်နေဟူလူဟို့ ထမ်းစင်န
လျှောခ့လဂေ့ဟှယ်။

1:39 ၁.၃၉ မ ၄.၂၃; ၉.၃၅ ‡ **1:40 ၁.၄၀ ကျန်တော့်ဟို့ သန့်ရှင်းပေးပါ၊** အယ်ရောဂါဟှာ လူတယော့-က်ဟို့ သန့်ရှင်းဘဲအောန် လောက်ဟှားဟှယ်။ § **1:41 ၁.၄၁** သနား၊ တချို့ မူရင်းလတ်ရေးမူလေမာ မျစ်ဒေါသ၊ ဆိုဘီး ပါရှိဟှယ်။

5 ယေရှုဟာ သူးနဲ့လေရဲ့ ယောင်ကြည်ရှင်းဟို့ ဗြင်ဟားဟူ ခီမာ လေဖြတ်နေဟူလူဟို့
“ငါ့သား၊ နန်ရဲ့ ပြစ်လေဟာ ခွမ်လွတ်ဇာခံရဘီ” ဆိုဘီး မိန်တော်မူလေဟုယ်။
6 အယ်နေရာမာ ထိုင်နေဟူ ကျမ်းတတ်ဆရာ တချို့ဟု သူးနို့ရဲ့ စိထဲမာ
စဉ်းစားနေဇာဟု
7 “အယ်လူဟာ ဖြားဖြစ်ကြောန့် အယ်မျိုးပြောနူး! သူဟာ ပြစ်မှားနေဇာ ဖြစ်ဟုယ်!
ဘုရားသခင် တပါးဒဲဘဲ့ ပြစ်လေဟို့ လွတ်ပိုင်နိုင်ဟုယ်!”
8 သူးနို့ရဲ့ စိထဲမာ အယ်မျိုး စဉ်းစားနေဇာဟို့ ယေရှုဟာ ရှစ်ရှင်း သိဟူကြောန့်
“နန်းနို့လေဟု ဖြားဖြစ်ကြောန့် အယ်ဇာလေဟို့ စဉ်းစားနေဂေ့နူး။
9 လေဖြတ်နေဟူ လူဟို့ ‘နန်ရဲ့ ပြစ်ဟို့ လွတ်ဟူးဘီ’ အယ်မျိုးမူဘဲ့နေဟာ
‘နန်ထလိုက်၊ နန့်ထမ်းစင်ဟို့ ထမ်းဘီးသွားလိုက်’ ဆိုဘီး ဖယ်စကားဟု ပိုဘီး
ပြောဟို့လွယ်နူး။
10 အယ်ကြောန့် လူ့ရဲ့သားဟာ မ့လေဂီးထတ်မာ ပြစ်လေလွတ်ဟို့ ခွမ်အာဏာရှိဟုယ်
ဆိုဇာ နန်းနို့လေဟို့ ငါသတ်သေထူပြမယ်။” အယ်ကြောန့် ကိုယ်တော်ဟု
လတ်ခေသေနေဟူ လူဟို့
11 “နန့်ဟို့ ငါပြောမယ်။ ထဒန်။ နန်ရဲ့ ထမ်းစင်ဟို့ ကော့-က်ဘီးဟာ အီဟို့
ပ့လန်ဟားလိုက်!” ဆိုဘီး ပြောလေဟုယ်။
12 လူလေ ဂူလောင်းဟာ စောန့်ကေ့နေဒူးမာ အယ်လူဟာ ထဘီး၊ သူ့ရဲ့ ထမ်းစင်ဟို့
ယူဘီးဟာ ထွပ်ဟားလေဟုယ်။ သူးနို့လေ ဂူလောင်းဟာ ရရာတိုင်း အံ့သြဟားဘီးဟာ
ဘုရားသခင်ဟို့ ချီးမွမ်းဂေ့ဘီး “နို့လေဟာ အယ်မျိုးဇာဟို့ လောင်းဝဖြင်ဖူးဟု!” ဆိုဘီး
ပြောဂေ့ဟုယ်။

ယေရှုဟာ လေဝိဟို့ ခေါ်ဟူကြောန်း
(မဿဲ ၉.၉-၁၃; လုကာ ၅.၂၇-၃၂)

13 ယေရှုဟာ နော့-က်တခါ ဂါလိလဲအိုင်နားဟို့ ပ့လန်ဟားလေဟုယ်။
လူအောက်ဂီးဟု ကိုယ်တော်နားဟို့ လာဂေ့ဟူကြောန့် ကိုယ်တော်ဟာ သူးနို့ဟို့ စဘီးဟာ
သွန်သန်လေဟုယ်။
14 ကိုယ်တော်ဟာ ဆစ်ဘီး ရှော့-က်သွားဟူ ခီမာ အာလဖဲရဲ့သား၊ ခွန်ခံလေဝိဟာ
သူ့ရဲ့ ရောင်းမာ ထိုင်နေဇာဟို့ ဗြင်ဟားလေဟုယ်။ ယေရှုဟ “ငါ့နော့-က်ဟို့ လိုက်ပါ”
ဆိုဘီး မိန်တော်မူလေဟုယ်။ လေဝိဟာ ထဘီး ကိုယ်တော်နော့-က်ဟို့ လိုက်ဟားဟုယ်။
15 အယ်ဘီးန ယေရှုဟာ လေဝိရဲ့အီမာ * ညဉ့်ခန်းဇာ စားနေဂေ့ဟုယ်။
ခွန်ကော့-က်မားလေန ပြစ်သားလေ ဘောင်ဂီးဟာ ယေရှုနော့-က်ဟို့ လိုက်လာဂေ့ဘီး
သူးနို့ထဲဟု တချို့ဟာ ကိုယ်တော်န တမဲ့တော်လေနတူးဒူ စားသော့-က်ဂေ့ဟုယ်။
16 ယေရှုဟာ ခွန်ကော့-က်မားလေ၊ ပြစ်သားလေနတူးဒူ စားသော့-က်နေဇာဟို့
ဖာရိရှဲလေ၊ ကျမ်းတတ်ဆရာလေဟာ ဗြင်ဟားဘီး “ဖြားဖြစ်ကြောန့် သူဟ
အယ်လူလေန စားသော့-က်နေရနူး” ဆိုဘီး တမဲ့တော်လေဟို့ မေးဂေ့ဟုယ်။

* **2:15** ၂.၁၅ လေဝိရဲ့အီမာ၊ အယ်မျိုးမူဘဲ့နေဟာ သူ့အီ၊ (ယေရှုရဲ့) အီ။

17 ယေရှုဟု ကြားဟုၢ်းဘီး သူးနိၣ်ဟို့ “ကျန်းမာဟူ လူလေဟ့ ဆရာဝန်ဟို့ လိုဂ့ေဟ့၊
ဖျားနေဟူ လူလေဘဲ့ လိုရှင်ဟ့ယ်။ ငါဟ့ာ ဖြောန့်မတ်ဟူ လူလေဟို့ ခေါ်ဟို့်လာဇာမှုဟ့။
ပြစ်သားလေဟို့ ခေါ်ဟို့်လာဟ့ယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။

စာရှောန်ဇာန ဆိုင်ဟူမေးခွန်း
(မဿဲ ၉.၁၄-၁၇; လုကာ ၅.၃၃-၃၉)

18 တနေ့မာ ဗတ္တတိဇံယောဟန်ရဲ့ တဗဲတော်လေန ဖာရိရဲ့ဲလေဟ့
စာရှောန်နေဂ့ေဟ့ယ်။ လူတချိုဟ့ ယေရှုနားဟို့ လာဘီး “ယောဟန်ရဲ့ တဗဲလေန
ဖာရိရဲ့ဲရဲ့ တဗဲလေဟ့ာ စာရှောန်ဂ့ေဘီး ကိုယ်တော်ရဲ့ တဗဲလေဟ့ ဖြားဖြစ်ကြောန့်
စာရှောန်ဘဲန နေဂ့ေနူး” ဆိုဘီး မေးလျှော့-က်ဂ့ေဟ့ယ်။

19 ယေရှုဟ့ “အီတတ်ဗဲ့မာ ဒို့သားနတူးဒူ ရှိနေဟူ ဧည့်သည်လေဟ့ာ ဒို့သားနတူးဒူ
ရှိနေဒူးမာ စာရှောန်မယ် ဆိုဘီး မျော်လင့်နိုင်ဘဲ့လော။ သူးနိ့ဟ့ာ ဒို့သားနတူးဒူ
ရှိနေဒူးမာ စာရှောန်နိုင်ဂ့ေဟ့။

20 အယ်ဘေမဲ့ ဒို့သားဟို့ သူးနိ့နားဟ့နေ ယူဆောန်ဟ့ားဟူ ခီရော့-က်လာလေ့မယ်။
အယ်နေ့မာ သူးနိ့ဟ့ စာရှောန်ဂ့ေလေ့မယ်။

21 “ဖယ်သူလည်း အန်းဂီဟောန်းဟို့ ပိစသစ်နဖာလေ့ မ့ေဟ့။
ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ ဖာဟ့ားဟူ ပိစသစ်ဟ့ အန်းဂီဟောန်းဟို့ စုဖ့လဲဘီးဟ့ာ
ပိုဆိုးဟ့ားလေ့မယ်။

22 အယ်မျိုးဘဲ့ ဝိုင်သစ်ဟို့ သားရေဖူး ဟောန်းထဲမာထဲ့လေ့ မ့ေဟ့။ ထဲ့မယ် ဆိုဟ့ာ
ဝိုင်သစ်ဟ့ သားရေဖူးဟောန်းဟို့ ပေါ့-က်ပ့လဲစေဘီး ဝိုင်န သားရေဖူး နှေ့ခုလောင်းဟ့ာ
ပျစ်စီးဟ့ားလေ့မယ်။ အယ်မျိုးလောက်မယ့်စား ဝိုင်သစ်ဟို့ သားရေဖူးသစ်ထဲမာ
ထဲ့ရမယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။

ဒန်းနေ့န ဆိုင်ဟူ မေးခွန်း
(မဿဲ ၁၂.၁-၈; လုကာ ၆.၁-၅)

23 ဒန်းနေ့မာ ယေရှုဟ့ာ ဂျောင်စဗားလယ်ဂွမ့်လေဟို့ ဖြတ်ရှော့-က်နေလေဟ့ယ်။
ကိုယ်တော်ရဲ့ တဗဲတော်လေနတူးဒူ သွားနေဟူ ခီမာ သူးနိ့ဟ့ာ စဘီးဟ့ာ
ဂျောင်စဗားနံ့လေဟို့ ဆွတ်ဂ့ေဟ့ယ်။

24 ဖာရိရဲ့ဲလေဟ့ “ဒန်းနေ့မာ လောက်အပ်ဘဲဟူ ဇာဟို့ ကိုယ်တော်ရဲ့ တဗဲတော်လေဟ့
ဖြားဖြစ်ကြောန့် လောက်ဂ့ေနူး” ဆိုဘီး ယေရှုဟို့ မေးဂ့ေဟ့ယ်။

25 ယေရှုဟ့ “ဒါဝိဒ်ဟ့ စားဟို့ တခုခု လိုအပ်လာဟူ ခီမာ သူဟ့ာ
ဖယ်မျိုးလောက်ဟ့ားဇာဟို့ နန်းနို့ လောင်းဝ ဖတ်ဖူးဂ့ေဟ့လော။ သူန သူ့ရဲ့ လူလေဟ့ာ
ဗိုက်ဆာလာဟူကြောန့်

26 သူဟ့ာ ဘုရားသခင်ရဲ့ အီတော်ထဲဟို့ ဝမ်ဟ့ားဘီး ဘုရားသခင်ဟို့
ဆစ်ကပ်ဟ့ားဟူ မုဟို့ စားဂ့ေဟ့ယ်။ အယ်ဇာဟ့ာ ယဇ်ပုရောဟိတ်မန်း
အဗျာသာလတ်ထတ်မာ ဖြစ်ပျစ်ဟ့ားဟ့ယ်။ နို့လေရဲ့ ပညတ်တရား တိုင်းဆိုဟ့ာ

အယ်မုဟ္ဂိ ယဇ်ပုရောဟိတ်လေဘဲ့ စားခွမ့်ရှိဟ့ယ်။ အယ်ဘေမဲ့ ဒါဝိဒ်ဟ့ာ အယ်မုဟ္ဂိ
စားဘီးဟ့ာ သူ့ရဲ့ လူလေဟ္ဂိလည်း ပေးလေဟ့ယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။
27 အယ်ဘီးန ယေရှုဟ့ာ “ဒန်းနေ့ဟ့ာ လူလေတွပ်ဘဲ့ ဖြစ်ဟ့ယ်။ လူဟ့ာ
ဒန်းနေ့တွပ်ဖြစ်ဇာ မှုဟ့။
28 အယ်ကြောန် လူ့ရဲ့သားဟ့ာ ဒန်းနေ့ရဲ့ သခင်ဖြစ်ဟ့ယ်” ဆိုဘီး သူးန့်လေဟ္ဂိ
မိန့်တော်မူလေဟ့ယ်။

3

လတ်တဖတ်သေနေဟ့ာ လူကြောန်း
(မဿဲ ၁၂.၉–၁၄; လုကာ ၆.၆–၁၁)

1 ယေရှုဟ့ာ ဝါလယ်ဇရုပ်ထဲဟ္ဂိ ပ့လန်ဝမ်ဟ့ားဘီးဟ့ာ အယ်နေရာမာ
လတ်တဖတ်သေနေဟ့ာ လူတယော့-က်ရှိနေဟ့ယ်။
2 လူလေဟ့ာ ယေရှုဟ္ဂိ စွတ်စွဲဟ္ဂိတွပ် အယ်လူဟ္ဂိ ဒန်းနေ့မာ နာပျော့-က်စေမယ်၊
ပျော့-က်စေဟ့ ဆိုဇာဟ္ဂိ နီးကပ် စောန့်ကေ့နေဂေ့ဟ့ယ်။
3 ယေရှုဟ့ာ အယ်လူဟ္ဂိ “လူလေ ဂူလောင်းရှေ့မာ ထဒန်လိုက်” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။
4 အယ်ဘီးန ယေရှုဟ့ာ “နို့လေရဲ့ ပညတ်တော်ဟ့ ဒန်းနေ့မာ
ကောန်းဇာလောက်ဟ္ဂိလော။ ဆိုးဇာလောက်အပ်ဘဲ့လော။ လူသတ်ဟ္ဂိ
ကယ်အပ်ဘဲ့လော။ သတ်အပ်ဘဲ့လော” ဆိုဘီး သူးန့်ဟ္ဂိ မေးတော်မူလေဟ့ယ်။
အယ်ဘေမဲ့ သူးန့်ဟ့ာ တိတိဟ့ားဘဲ့ နေဂေ့ဟ့ယ်။
5 ယေရှုဟ့ာ ဒေါသထွပ်ဘီးဟ့ာ သူးန့်လေဟ္ဂိ လှည့်ပတ်ကေ့ဘီး သူးန့်ရဲ့
စိန့လောင်းမာကြောဟ္ဂူကြောန် ရရာတိုင်း ဝမ်းနဲဘီး လတ်သေနေလူဟ္ဂိ “နန်လတ်ဟ္ဂိ
ဆန့်လိုက်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။ သူဟ့လည်း လတ်ဟ္ဂိ ဆန့်လိုက်ဟ္ဂူ ခီမာ
သူ့လတ်ဟ့ာ ကောန်းတိုင်း ပ့လန်ဖြစ်ဟ့ားလေဟ့ယ်။
6 ဖာရိရှဲလေဟ့ာ ဝါလယ်ဇရုပ်ဟ့ ထွပ်ဟ့ားကေ့ဘီး ယေရှုဟ္ဂိသတ်ဟ္ဂိ
နည်းလမ်းလေဟ္ဂိ ဟေရုဒ်ဖွဲ့ဝမ်လေန ရှစ်ရှင်းဘဲ့ တိုင်ဗန်ကေ့ဟ့ယ်။

အိုင်နားမာရှိဟ္ဂူ လူအောက်ဂီးကြောန်း

7 ယေရှုဟ့ာ တဗဲ့တော်လေနတူးဒူ ဂါလိလဲအိုင် ယုဒပြည်ဟ္ဂိ သွားလေဟ့ယ်။
အယ်ဘီးန လူအောက်ဂီးဟ့ာ ကိုယ်တော်နော့-က်ဟ္ဂိ လိုက်ကေ့ဟ့ယ်။ သူးန့်လေဟ့
ဂါလိလဲပြည်၊ ယုဒပြည်၊
8 ယေရုရှလင်ဗြို့၊ ကွကဒုမဲပြည်၊ ယော်ဒန်မ့လစ်ရဲ့ ဟိုဖတ်ကမ်း၊ တုရုနဇီဒုန်ဗြို့
နီးနားရပ်ဝါလေဟ့ လူလေဟ့ာ ယေရှုလောက်ဟ့ားဟ္ဂူ မှုရာလေဟ္ဂိ ကြားဟ္ဂူ ခီမာ
သူးန့်ဟ့ာ ကိုယ်တော်နားဟ္ဂိ လာဂေ့ဟ့ယ်။

9 လူအောက်ဟာ ရရာတိုင်းကီးဟူကြောင့် ယေရှုဟု သူ့ဟို့လူလေ တိုက်မိဘဲနေအောန်
လျေတစီးဟို့ သူ့တွပ်ဆင်သင့်လောက်ဟားဟို့ တဗဲတော်လေဟို့ မိန့်မှာဟားဟယ်။
10 ကိုယ်တော်ဟာ လူနာဘောင်ဂီးဟို့ ကျန်းမာစေပီးဘီ ဖြစ်ဟူကြောင့်၊ ရောဂါရှိနေဟူ
လူလေဟု ကိုယ်တော့်ဟို့ ထိရဟို့တွပ် တိုးဝမ်လာဂေ့ဟယ်။
11 ညစ်ညူးဟူ နတ်လေဟု ကိုယ်တော့်ဟို့ ဖြင်ဟူ ခီမာ ကိုယ်တော့်ရှေ့မာ
ပျပ်ဝပ်ဘီးဟာ "ကိုယ်တော်ဟာ ဘုရားသခင်ရဲ့ သားတော်ဖြစ်ဟုယ်!" ဆိုဘီး
အော်ဟစ်ဂေ့ဟယ်။
12 ယေရှုဟု သူဖယ်သူ ဖြစ်ဟုယ် ဆိုဇာ ပြောဘဲနေဟို့တွပ် ညစ်ညူးဟူ နတ်လေဟို့
မိန့်ပေးလေဟုယ်။

ယေရှုဟာ တမန်တော် ဆယ့်နှစ်ပါးဟို့ ဝီးကော့-က်ဟူကြောန်း
(မဿဲ ၁၀.၁-၄; လုကာ ၆.၁၂-၁၆)

13 အယ်ဘီးန ယေရှုဟာ တောန်ထတ်ဟို့ ကြွဟားဘီး လိုရှင်ဟူ လူလေဟို့
ခေါ်လိုက်လေဟုယ်။ သူးနို့ဟာ ကိုယ်တော်နားဟို့ လာဂေ့ဟယ်။
14 ကိုယ်တော်ဟု ဆယ့်နှစ်ပါးဟို့ ဝီးလိုက်ဘီး တမန်တော်လေ ဆိုဘီး ခေါ်လေဟုယ်။
ကိုယ်တော်ဟ "နန်းနို့လေဟို့ ငါ့နတူးဒူရှိဟို့တွပ် ဝီးကော့-က်ဟားဟုယ်။ နန်းနို့လေဟို့
ကြေညာဟို့တွပ်လည်း ငါလွတ်မယ်။
15 နတ်ဆိုးလေဟို့ နှန်ထုနိုင်ဟူ ခွမ့်အာဏာဟို့လည်း ငါပေးမယ်" ဆိုဘီး
မိန့်တော်မူလေဟုယ်။
16 ကိုယ်တော် ဝီးကော့-က်ဟားဟူ ဆယ့်နှစ်ပါးဟု ပေတရု ဆိုဘီး ယေရှုဟု
နာမယ်ပေးဟားဟူ ရှိမုန်၊
17 ဇေဗေဒဲရဲ့ သားနှစ်ယော့က်ဖြစ်ဟူ ယာကုပ်န သူညီယောဟန် (မိုးကြိုးရဲ့ သားလေ
ဆိုဘီး ဓိပါယ်ရှိဟူ ဗောနေရဂတ် ဆိုဘီး ယေရှုဟု နာမယ်ပေးဟားဟုယ်)၊
18 အန္ဒြေ၊ ဖိလိပ္ပု၊ ဗာသောလမဲ၊ မဿဲ၊ သောမ၊ အာလဖဲရဲ့သား ယာကုပ်၊ သဒ္ဒဲ၊
မျိုးရှစ်စီ အားထတ်သန်ဟူ ရှိမုန်န၊
19 ယေရှုဟို့ သစ်စာဖော့-က်ဟူ ယုဒရှကာရုတ် ဖြစ်ဟုယ်။

ယေရှုန ဗေလဇေဗုလကြောန်း
(မဿဲ ၁၂.၂၂-၃၂; လုကာ ၁၁.၁၄-၂၃; ၁၂.၁၀)

20 အယ်ဘီးန ယေရှုဟု အီဟို့ ပ့လန်ဟားဟုယ်။ လူအောက်ဂီးဟာ ပ့လန်ဘီးဟာ
စုလာဂေ့ဟူကြောင့် ယေရှုန တဗဲတော်လေဟု စာစားဟို့ခီ မွေ့ဟုမ်း။
21 လူလေဟု "ကိုယ်တော်ဟာ စိဖော့-က်ပ့လန်ဟားဘီ" ဆိုဘီး ပြောနေဂေ့ဟူကြောင့်
ကိုယ်တော်ရဲ့ မိသားစုဟာ အယ်ကြောန်းဟို့ ကြားဟူ ခီမာ သူးနို့ဟာ ကိုယ်တော့်ဟို့
ထီးသီးဟို့တွပ် လိုက်လာဂေ့ဟုယ်။

3:9 ၃.၉.၁၀ မာ ၄.၁; လု ၅.၁-၃

22 ယေရုရှလင်ဗြို့ဟုနေ ရော့-က်လာဟူ ကျမ်းတတ်ဆရာလေ တချို့ဟု
“ကိုယ်တော်ဟာ ဗေလဇေဗုလနတ် ပူးနေဟုယ်! နတ်ဆိုးမန်းဟု ပေးဟားဟူ
တဂိုးအားဖြင့် နတ်ဆိုးလေဟို နှန်ထုဟုယ်” ဆိုဘီး ပြောဂေ့ဟုယ်။
23 အယ်ကြောန့် ယေရှုဟု သူးနို့လေဟို ခေါဘီးဟု ဥပမာဆောန်ဘီး
ပြောလိုက်ဇာဟု “စာတန်ဟု စာတန်ဟို ဖယ်မျိုး နှန်ထုနိုင်ဟို့နူး။
24 နိုင်ငံတနိုင်ငံဟု အောက်စု တစုနတစု တိုက်ခိုက်ဘီး ကွဲပြားနေမယ် ဆိုဟု
အယ်နိုင်ငံဟု ဖယ်မျိုးလည်း ရပ်တည်နိုင်ဟို့ မူဟု။
25 အီသူအီသားလေဟုလည်း အောက်စု တစုနတစု တိုက်ခိုက်ဘီး ကွဲပြားနေမယ်
ဆိုဟု အယ်မိသားစုဟု ဖယ်မျိုးလည်း ရပ်တည်နိုင်ဟို့ မူဟု။
26 အယ်မျိုးဘဲ့ စာတန်ရဲ့ နိုင်ငံဟု အောက်စုလေ ကွဲပြားနေမယ် ဆိုဟု
အယ်နိုင်ငံဟု ရပ်တည်နိုင်ဘဲန ပျစ်စီးဟုးလေ့မယ်။
27 “ခွန်အားကီးဟူ လူဟို့ ရင်ဦးဆောင်း တောက်ဘဲန ဖယ်သူလည်း ခွန်အားကီးဟူ
လူရဲ့ အီဟို့ ဝမ်ဘီးဟု သူ့အောက်စာလေဟို့ လုယူနိုင်ဟို့ မူဟု။ သူ့ဟို့ တောက်ဘီးမှဘဲ့
သူ့ရဲ့ အီဟို့ လုယူနိုင်မယ်။
28 “နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ လူလေဟု သူးနို့ရဲ့ ပြစ်ရှိမှု* န ဘုရားသခင်ဟို့
စော်ကားပြောဆိုဇာလေ အားလောင်းတွပ် ခွမ့်လွတ်ခံရမယ်။
29 အယ်ဘေမဲ့ ဖယ်သူဘဲ့ဖြစ်ဖြစ် သန့်ရှင်းဟူဝိညာဉ်တော်ဟို့ ပြစ်မှားဘီး
ပြောဆိုမယ် ဆိုဟု လောင်းဝ ပြစ်လွတ်လေ့မယ် မူဟု။ ဖြားဖြစ်ကြောန့်နူးဆိုဟု
သူဟု ထာဝရပြစ်ဟို့ ကျူးလွန်ဟူကြောန့် ဖြစ်ဟုယ်။”
30 ယေရှု အယ်မျိုး ပြောလိုက်ဇာဟု လူတချို့ဟု “ကိုယ်တော်ထဲမာ ညစ်ညူးဟူ
နတ်ရှိနေဟုယ်” ဆိုဘီး ပြောနေဂေ့ဟူကြောန့် ဖြစ်ဟုယ်။

ယေရှုရဲ့ မိန ညီလေကြောန်း
(မဿဲ ၁၂.၄၆–၅၀; လုကာ ၈.၁၉–၂၁)

31 ယေရှုရဲ့ မိန ညီလေဟု ရော့-က်လာဂေ့ဟုယ်။ သူးနို့ဟု အီပ့လန်မာ
ရပ်နေဘီးဟု ကိုယ်တော့်ဟို့ ခေါ်ဟို့တွပ် ယော့-က်ယော့-က်ဟို့ စေလွှတ်လေဟုယ်။
32 လူအောက်ဂီးဟု ယေရှုရဲ့ ဘေးပတ်ပတ်လည်မာ ထိုင်နေဂေ့ဟုယ်။ သူးနို့ဟု
“ကိုယ်တော်ရဲ့ မိ၊ ညီလေန ညီမလေဟု ပ့လန်မာရှိဟုယ်။ သူးနို့ဟု ကိုယ်တော့်ဟို့
တို့ရှင်နေဂေ့ဟုယ်” ဆိုဘီး ကိုယ်တော့်ဟို့ လျှော့-က်ဂေ့လေဟုယ်။
33 ယေရှုဟု “ငါ့မိဟု ဖယ်သူနူး။ ငါ့ညီကိုလေဟု ဖယ်သူနူး” ဆိုဘီး ပ့လန်ဘီး
မိန့်တော်မူလေဟုယ်။
34 ကိုယ်တော်ဟု သူ့ပတ်ပတ်လည်မာ ထိုင်နေဟူ လူလေဟို့ ကေ့ဘီးဟု
“အယ်လူလေဟု ငါ့မိ၊ ငါ့ညီ၊ ငါ့ညီမ ဖြစ်ဟုယ်!

3:22 **ရှ.၂၂** မ ၉.၃၄; ၁၀.၂၅ * **3:28** **ရှ.၂၈** သူးနို့ရဲ့ ပြစ်ရှိမှု၊ အယ်မျိုးမူဘဲ့နေဟု ကောန်းဘဲ့ပြောနေဇာဟု ဘုရားသခင်ဟို့ လွန်ကျူးဘီး ပြောဇာဖြစ်ဟုယ်။ **3:29** **ရှ.၂၉** လု ၁၂.၁၀

35 ဘုရားသခင်ရဲ့ လိုတော်ဟို ဆောန်ဟူလူဟာ ငါ့ညီ၊ ငါ့ညီမန ငါ့မိဘဲ့ ဖြစ်ဟုယ်”
ဆိုဘီး မိန့်တော်မူလေဟုယ်။

4

ပျိုးစေ့ကြဲမားရဲ့ ပေါင်ဥပမာ
(မဿဲ ၁၃.၁-၉; လုကာ ၈.၄-၈)

1 နော့-က်တခါ ယေရှုဟု ဂါလိလဲအိုင်ဘေးမာ စဘီးဟာ သွန်သန်လေဟုယ်။
ရရာတိုင်းများဟူ လူအောက်ဂီးဟာ ကိုယ်တော်နားမာ စုလာဂေ့ဟူကြောန့်
ကိုယ်တော်ဟာ အိုင်ထဲမာရှိဟူ လေ့တစင်းထတ်မာ တတ်ထိုင်လိုက်ဟုယ်။ လေ့ဟာ
ရေပ့လန်မာ ရှိနေဟူကြောန့် လူအောက်ဂီးဟု ကမ်းခြေရေစပ်မာ ရှိနေဂေ့ဟုယ်။
2 ကိုယ်တော်ဟု ပေါင်ဥပမာဆောန်ဘီးဟာ ကြောန်းရာလေဘောင်ဂီးဟို့ သွန်သန်ဘီး
ပြောနေဇာဟု၊
3 “နားထောန်ဂေ့! မျိုးစေ့ကြဲမား တယော့-က်ဟာ မျိုးစေ့ကြဲဟို့ ထွပ်ဟားလေဟုယ်။
4 မျိုးစေ့ကြဲလိုက်ဟူ ခီမာ တချို့ စေ့လေဟု လမ်းမာက့လဘီး ငှတ်လေဟာ
လာကော့-က်စားလေဟုယ်။
5 တချို့ စေ့လေဟု မ့လေဆီလွာနဲဘီး က့လော့-က်ခဲများဟူ
နေရာမာက့လလေဟုယ်။ မျိုးစေ့လေဟာ မ့လေသားနဲဟူကြောန့် ဗြန်းဗြန်ဟုား
ပန်ပေါ့-က်လာဟုယ်။
6 အယ်ဘေမဲ့ နေပူဟူ ခီမာ ပြစ်စွဲဘဲကြောန့် ညှိုးဘီးဟာ ခြော့-က်ဟုားလေဟုယ်။
7 တချို့ မျိုးစေ့လေဟု ဆူးချောင်ထဲမာ က့လဟုားဘီး ဆူးဗန်လေဟု ကီးလာဘီးဟာ
ပန်လေဟို့ အောက်လိုက်ဟူကြောန့် သီးလေဟု သီးနိုင်ဟုမ်း။
8 တချို့ စေ့လေဟု ကောန်းဟူမ့လေမာ က့လဟူကြောန့် ပန်လေပေါ့-က်လာဘီး
ကီးလာဘီးဟာ သီးနှံလေဟာ တချို့ဟု ဆသောင်းဆယ်၊ တချို့ဟု ဆခြော့-က်ဆယ်၊
တချို့ဟု ဆတရာသီးလေဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
9 အယ်ဘီးန ယေရှုဟု “နန်းနို့မာ နားရှိဟုယ် ဆိုဟာ ကြားဂေ့!” ဆိုဘီး
မိန့်တော်မူလေဟုယ်။

ပေါင်ဥပမာလေရဲ့ ရည်ရွယ်ချစ်
(မဿဲ ၁၃.၁၀-၁၇; လုကာ ၈.၉-၁၀)

10 ယေရှုတယော့-က်ဒဲဘဲ့ ရှိဟူ ခီမာ တဗဲတော် ဆယ့်နှေ့ပါးနတူးဒူ
လိုက်လာဟူလူလေဟု ပေါင်ဥပမာရဲ့ ဓိပါယ်ဟို့ မေးဂေ့ဟုယ်။
11 ယေရှုဟု “နန်းနို့လေဟု ဘုရားသခင်ရဲ့ နိုင်ငံတော်နဆိုင်ဟူ နတ်နဲဟူ
ကြောန်းရာလေဟို့ သိခွမ့်ရှိဟုယ်။ အယ်ဘေမဲ့ ပ့လန်လူလေတွပ် ကြောန်းရာလေဟို့
ပေါင်ဥပမာလေနဘဲ့ ဖော်ပြဂေ့ဟုယ်”
12 ဖြားဖြစ်ကြောန့်နူးဆိုဟာ

4:1 **၄.၁** လု ၅.၁-၃

“ ‘သူးနို့လေဟ့ ဗြင်းဗြင်ဟိုးန
ဗြင်ဟ့။
သူးနို့လေဟာ နားလည်းလည်ဟိုးန
နားလည်ဂေ့ဟ့။
သူးနို့ဟာ တကယ်ဗြင်ဘီးဟာ နားလည်ဟားမယ် ဆိုဟာ သူးနို့ဟာ ဘုရားသခင်ဖတ်ဟို့
လှည့်ဟားဟူကြောန့်
ကိုယ်တော်ဟ့ သူးနို့ဟို့ ခွမ့်လွတ်လေ့မယ်’” ဆိုဘီး မိန့်တော်မူလေဟ့ယ်။

မျိုးစေ့ကြဲမား‌ရဲ့ ပေါင်ဥပမာဟို့ ရှင်းပြဟူကြောန်း
(မဿဲ ၁၃.၈–၂၃; လုကာ ၈.၁၁–၁၅)

13 ယေရှုဟ့ “နန်းနို့ဟ့ အယ်ပေါင်ဥပမာဟို့ နားလည်ဟ့လော။ အယ်ဆိုဟာ
တခြားပေါင်ဥပမာလေဟို့ ဖယ်မျိုး နားလည်နိုင်ဟို့နူး။
14 မျိုးစေ့ကြဲမားဟ့ ဘုရားသခင်ရဲ့ စကားတော်ဟို့ ကြဲလေဟ့ယ်။
15 လူတချို့ဟာ လမ်းထတ်မာက့်လဟူ မျိုးစေ့နတူဘီး သူးနို့ဟာ တရားစကားဟို့
ကြားဟူ ခီမာ စာတန်ဟ့ လာဘီးဟာ အယ်မူတရားစကားဟို့ နှုယူလေဟ့ယ်။
16 တချို့ လူလေဟ့ ကွ်လော့-က်ခဲပေါဟူ မ့လေမာက့်လဟူ မျိုးစေ့နတူဟ့ယ်။
သူးနို့လေဟ့ တရားစကားဟို့ ကြားဟူ ခီမာ သူးနို့ဟာ ဝန်းသာအားရ လတ်ခံဂေ့ဟ့ယ်။
17 အယ်ဘေမဲ့ တရားစကားဟာ သူးနို့ထဲမာ ပြစ်စွဲဘဲန ရှစ်ဟားဘဲ ခံလေဟ့ယ်။
အယ်မူတရားစကားကြောန့် ဒေါက်ခန နှိစစ်ညှဉ်းဆဲဇာလေ တွိရဟူ ခီမာ သူးနို့လေဟ့
ရှစ်ရှင်းဘဲ့ ဖော့-က်ပ့လန်ဟားဂေ့ဟ့ယ်။
18 တခြားလူလေဟ့ ဆူးချောင်မာက့်လဟူ မျိုးစေ့နတူဟ့ယ်။ သူးနို့လေဟ့
တရားစကားဟို့ ကြားရဟ့ယ်။
19 အယ်ဘေမဲ့ ဘဝရဲ့ စိုးရိမ်ရှင်းလေ၊ စည်းဇိမ်အောက်စာရဲ့ လှည့်ဇားရှင်းလေန
တခြားတပ်မတ်ရှင်းလေ ဝမ်လာဘီး အယ်မူတရားစကားဟို့ လွှမ်းမိုးလိုက်ဟူကြောန့်
တရားစကားဟ့ ဖယ်မျိုးလည်း သီးဟို့ သီးနိုင်ဟ့မ်း။
20 တချို့ လူလေဟ့ ကောန်းဟူမ့လေမာက့်လဟူ မျိုးစေ့နတူဟ့ယ်။ သူးနို့ဟ့
တရားစကားဟို့ ကြားဘီး လတ်ခံဟူကြောန့် တချို့ဟ့ ဆသောင်းဆယ်၊ တချို့ဟ့
ဆခြော့-က်ဆယ်၊ တချို့ဟ့ ဆတရာ သီးသီးလာဟ့ယ်” ဆိုဘီး ပြောလေဟ့ယ်။

တောန်းအော့-က်မာရှိဟူ မီးအီကြောန်း
(လုကာ ၈.၁၆–၁၈)

21 ယေရှုဟ့ “ဖယ်လူဟ့ ဆီမီးအီဟို့ ယူလာဘီးဟ့ တောန်းအော့-က်မာ
ထားဟ့ားမယ်နူး။ ကဒန်အော့-က်မာ ထားဟ့ားမယ်နူး။ အယ်မျိုးထားမယ့်စား
အယ်ဇာဟို့ ဆီမီးခေါင်ထတ်မာ ထားဟ့ားရမယ် မှုဟ့လော။

4:21 **၄.၂၁** မ ၅.၁၅; လု ၁၁.၃၃

22 ဝှပ်ဟှားဟူဇာလေ ဂူလောင်း ပေါ်လာလေ့မယ်။ ဖောင်းဟှားဟူဇာလေ
ဂူလောင်းဟှာလည်း ပွမ့်လာလေ့မယ်။
23 နန်းနို့မာ နားရှိဟှယ် ဆိုဟှာ ကြားဂေ့!” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။
24 အယ်ခီမာ ယေရှုဟှာ “နန်းနို့ ကြားရဇာလေဟို့ ဂရုစိုက်ဘီးဟှာ နားထောန်ဂေ့!
နန်းနို့ဟှာ သူများလေဟို့ ပေးဟူ ပမာဏတိုင်း ဘုရားသခင်ဟှ နန်းနို့ဟို့ ပေးလေ့မယ်။
ပို့ဘီး ဟှာ ပေးလေ့မယ်။
25 ရှိဟူလူဟို့ ထပ်ပေးဘီး သူ့ဟို့ ကြွယ်ဝစေလေ့မယ်။ မွေ့ဘဲဟူ လူနားဟှ ရှိဟူမျှဟို့
နှုလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

ကီးလာဟူ မျိုးစေ့ရဲ့ ပေါင်ဥပမာကြောန်း

26 ယေရှုဟှ ဆစ်ဘီးဟှာပြောဇာဟှ “ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှာ သူ့ရဲ့လယ်ထဲမာ
မျိုးစေ့ကြဲဟူ လူတယော့-က်နတူဟှယ်။
27 သူဟှ ညခီမာ အိလိုက်၊ နေ့ခီမာ နိုးနေဒူးမာ၊ မျိုးစေ့လေ ဂူလောင်းဟှာ
ပန်ပေါ့-က်လာဘီး ကီးလာဟှယ်။ အယ်ဘေမဲ့ အယ်ဇာ ဖယ်မျိုးဖြစ်လာဟှယ် ဆိုဇာဟို့
အယ်လူဟှာ သိဟှ။
28 မ့လေဂီးဟှ သူ့လိုလို ပန်လေဟို့ ကီးစေဘီး သီးသီးလာဇာဟှ ဦးဆောင်းမာ
ညွှန့်ထွပ်လာဟှယ်။ အယ်ဘီးန ဗားနုံ နော့-က်ဆောင်းမာ နုံထဲမာ အောန်ဟူဆန်။
29 ဗားနုံလေ မှည့်ဟူ ခီမာ ဗားရိခီ ရော့-က်လာဟူကြောန့် အယ်လူဟှ ဗားဟို့
စဘီးဟှာ ဇင်နရိဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

မုညင်းစေ့ရဲ့ ပေါင်ဥပမာကြောန်း
(မဿဲ ၁၃.၃၁,၃၂,၃၄; လုကာ ၁၃.၁၈-၁၉)

30 ယေရှုဟှ “ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှာ ဖြားဇာနတူဟှယ် ဆိုဘီး နို့လေဟှ
ပြောရမယ်နူး။ ဖယ်မျိုးပေါင်ဥပမာဟို့ သောင်းပြုဘီး အယ်ဇာဟို့ နို့လေဟှ
ရှင်းပြရဟို့နူး။
31 အယ်ဇာဟှ မုညင်းစေ့နတူဟှယ်။ လူတယော့-က်ဟှာ ကမ္ဘာမာ ငယ်ဆောင်းစေ့ဟို့
ယူဘီးဟှာ မ့လေဂီးမာ စိုက်လေဟှယ်။
32 အယ်ဘေမဲ့ အယ်ပန်ဟှာ ကီးလာဟူ ခီမာ သီးနှံပန်လေ ဂူလောင်းထဲမာ
ကီးဆောင်းဖြစ်လာဟှယ်။ ကိုင်းခတ်ကီးလေလည်း ထွပ်လာဘီး ကောန်းဂန်ဟှ
ဌတ်လေဟှာ လာဘီး အယ်ပန်ရဲ့ရိမာ သူးနို့ရဲ့သိုက်ဟို့ လောက်ဂေ့ဟှယ်” ဆိုဘီး
မိန့်တော်မူလေဟှယ်။
33 ယေရှုဟှာ အယ်မျိုး တခြား ပေါင်ဥပမာ ဘောင်ဂီးဟို့ သောင်းပြုဘီး သူးနို့ဟို့
တရားစကားဟို့ ဟောလေဟှယ်။ အယ်လူလေ နားလည်နိုင်အောန် ပြောလေဟှယ်။

4:22 **၄.၂၂** မ ၁၀.၂၆; လု ၁၂.၂ **4:24** **၄.၂၄** မ ၇.၂; လု ၆.၃၈ **4:25** **၄.၂၅** မ ၁၃.၁၂; ၂၅.၂၉; လု ၁၉.၂၆

34 ကိုယ်တော်ဟာ ပေါင်ဥပမာလေ သောင်းဘဲန သူးနို့ဟို့ ဟောတော်မူဟု။
အယ်ဘေမဲ့ ကိုယ်တော်ဟာ တဗဲတော်လေနတူးဒူ သီးသန်ရှိနေဟူ ခီမာ ကိုယ်တော်ဟာ
ဂူလောင်းဟို့ သူးနို့ဟို့ ရှင်းပြလေဟုယ်။

ယေရှုဟာ လေမှောန်တိုင်းဟို့ ငြီးစေဟူကြောန်း
(မဿဲ ၈.၂၃-၂၇; လုကာ ၈.၂၂-၂၅)

35 အယ်နေ့ နေဒန်ဇာမာ ယေရှုဟာ “အိုင်ရဲ့ ဟို့ဖတ်ကမ်းဟို့ ကူးဂေ့ဇို့” ဆိုဘီး
တဗဲတော်လေဟို့ မိန့်တော်မူလေဟုယ်။
36 အယ်ကြောန့် သူးနို့ဟာ လူအောက်ဂီးဟို့ ထားရစ်ဘီးဟာ တဗဲတော်လေဟာ
လှေထတ်မာထိုင်နေဟူ ယေရှုဟို့ သူးနို့နတူးဒူ ခေါ်ဟားဂေ့ဟုယ်။ အယ်နေရာမာ
တခြားလှေလေလည်း ကိုယ်တော်နတူးဒူ လိုက်ဟားဂေ့ဟုယ်။
37 ရောက်တရစ် ပြင်းထန်ဟူ လေမှောန်တိုင်းက္နလာဘီး လှိုင်းလေဟာ လှေဟို့
စဘီးဟာ ရိုက်လေဟုယ်။ အယ်ကြောန့် လှေဟာ ရေနပ္လဲ့ခါနီးနီး ဖြစ်ဟားဟုယ်။
38 ယေရှုဟူ လှေရဲ့ပဲ့မာ ခေါန်းအောင်း အောင်းဘီး အိနေဟုယ်။ တဗဲတော်လေဟူ
ကိုယ်တော့်ဟို့ နှိုးဂေ့ဘီး “ဆရာ၊ ကျွန်တော့်ဟားလေ သေဟို့ဖြစ်နေဂေ့ဇာဟို့
ကိုယ်တော် ဂရုစိုက်ဘဲနနေဟို့လော” ဆိုဘီး လျှော့-က်ဂေ့လေဟုယ်။
39 ယေရှုဟူ ထလာဘီးန လေနလှိုင်းဟို့ မိန့်မှာဟူ ခီမာ လေနလှိုင်းလည်း ငြီဟားဘီး
သာယာဟားလေဟုယ်။
40 အယ်ဘီးန ယေရှုဟူ တဗဲတော်လေဟို့ “ဖြားဖြစ်ကြောန့် နန်းနို့လေ
ကြော့-က်နေဂေ့နူး။ ခုထတ်ထိ နန်းနို့လေဟူ ယောင်ကြည်ရှင်း မှေ့သေးဟူလော”
ဆိုဘီး မေးမြန်းလေဟုယ်။
41 အယ်ဘေမဲ့ သူးနို့လေဟူ ရရာတိုင်း ကြော့-က်နေဂေ့ဘီး “အယ်လူဟူ ဖယ်သူနူး။
လေနလှိုင်းလေတောန်မှ သူ့ဟို့ နားထောန်ဂေ့ဟုယ်!” ဆိုဘီး သူးနို့ရှင်းရှင်း စဘီးဟာ
ပြောနေဂေ့ဟုယ်။

5

ယေရှုဟာ ညစ်ညူးဟူနတ်လေဟို့ နှန်ထုဟူကြောန်း
(မဿဲ ၈.၂၈-၃၄; လုကာ ၈.၂၆-၃၉)

1 ယေရှုန တဗဲတော်လေဟာ ဂါလိလဲအိုင်ရဲ့ ဟို့ဖတ်ကမ်းမာရှိဟူ ဂါဒရဒေသဟို့
ရော့-က်လာဂေ့ဟုယ်။
2 ယေရှုဟူ လှေထဲဟူ ထွပ်လာဟူ ခီမာ လူတယော့-က်ဟာ သန်းခ့လိုင်းထဲဟူနေ
ထွပ်လာဘီး ကိုယ်တော့်ဟို့ တွိဆောင်လေဟုယ်။ အယ်လူဟာ ညစ်ညူးဟူနတ်
ဝမ်ပူးနေဘီး
3 သန်းခ့လိုင်းဂူလေ ကြားမာနေဟုယ်။ ဖယ်သူလဲ သူ့ဟို့ တောက်နိုင်ဂေ့ဟု။
သံကြိုးနဟို့မှ ခယ်ဟားနိုင်ဂေ့ဟု။

4 သူ့ရဲ့ ခေလေနလတ်လေဟို့ ခါဘီးခါ ခယ်ဖူးဂေ့ဟုယ်။ အယ်ဘေမဲ့ သူဟုာ ခီတိုင်း
သံကြိုးလေဟို့ ဆွဲဖြတ်ဘီး ခေရှင်းလေဟို့လည်း ဆွဲဖ့လဲလေဟုယ်။ သူဟုာ ရရာတိုင်း
ခွန်အားကီးဟူကြောန့် ဖယ်သူလည်း ထီးချောက်နိုင်ဂေ့ဟု။
5 နေ့ရောညဥ့်ရော သူဟုာ သန်းခုလိုင်းဂူကြားလေန တောန်ဂူးထပ်လေမာ
ရှော့-က်သွားနေဘီး၊ အော်ဘီးဟုာ သူ့ကိုယ်သူ ထတ်ဟူကလော့-က်တောင်းလေန
လီးဖြတ်နေဟုယ်။
6 သူဟုာ ယေရှုဟို့ ဝီးဟုနေ ဖြင်ဟူ ခီမာ ပ့လေးလာဘီးဟုာ ကိုယ်တော်ရဲ့
ခေတော်ရင်းမာ ပ့လားပ့လားပျပ်ဝပ်ဘီး
7 “ဖြစ်ဆောင်းဖြစ်ဟူ ဘုရားသခင်ရဲ့ သားတော်ယေရှု! ကိုယ်တော်ဟုာ ကျွန်တော့်န
ဖြားဆိုင်ကြောန်နူး။ ကျွန်တော့်ဟို့ ညှဉ်းဆဲပါန ဘုရားသခင်ဟို့ အားကိုးဘီးဟုာ
ကိုယ်တော့်ဟို့ ကျွန်တော်တောန်းဗန်ဟုယ်!” ဆိုဘီး သံက့လယ်ဂီးန
လျှော့-က်လေဟုယ်။
8 သူအယ်မျိုးပြောဇာဟုာ ယေရှုဟု “ညစ်ညူးဟူနတ်၊ အယ်လူထဲဟုနေ ထွပ်ဟုား!”
ဆိုဘီး ပြောဟုားဟူကြောန့် ဖြစ်ဟုယ်။
9 ယေရှုဟု “နန်းနို့နာမယ် ဖြားမျိုးခေါ်နူး” ဆိုဘီး မေးလိုက်ဟုယ်။
အယ်လူဟု “ကျွန်တော့်လေဟု ဘောင်ဂီးဖြစ်ဟူကြောန့် ‘လေဂေါင်၊’ ‘လူအောက်ဂီး’
ဆိုဘီး ခေါ်ဂေ့ဟုယ်!” ဆိုဘီး ယေရှုဟို့ ပ့လန်ပြောလိုက်ဟုယ်။
10 ညစ်ညူးဟူနတ် ပူးနေဟူသူဟုာ နတ်ဆိုးလေဟို့ အယ်နယ်ဟုနေဘီးဟုာ
နှန်ထုဘဲနေဟို့တွပ် ယေရှုဟို့ တောန်းဗန်လေဟုယ်။
11 အယ်ခီမာ တောန်ဂူးထတ်မာ ဝပ်အောက်ဂီးဟုာ စာစားနေဂေ့ဟုယ်။
12 နတ်ဆိုးလေဟုလည်း “ကျွန်တော့်လေဟို့ အယ်ဝပ်လေထဲဟို့ စေလွှတ်ပေးပါ။
သူးနို့ထဲဟို့ ဝမ်ခွမ့်ပေးပါ” ဆိုဘီး ယေရှုဟို့ တောန်းဗန်ဂေ့ဟုယ်။
13 ယေရှုဟု ခွမ့်ပေးလိုက်ဟူကြောန့် ညစ်ညူးဟူ နတ်လေဟု ထွပ်ဟုားဘီး
ဝပ်လေထဲဟို့ ဝမ်ဂေ့လေဟုယ်။ ၂,၀၀၀ လော့-က်ရှိဟူ ဝပ်အောက်ဂီးဟုာ
အိုင်ကမ်းနားဟို့ ပ့လေးဆင်းဟုားဘီး ရေမ့လောက်ဘီးဟုာ သေဟုားလေဟုယ်။
14 ဝပ်ထီးမားလေဟု ထွပ်ပ့လေးဟုားဘီး ဗြို့နု တောဝါလေနှံ့ အယ်ဒန်းဟို့
လိုက်ပြောဂေ့ဟုယ်။ လူလေဟုာ ဖြားဇာလေ ဖြစ်ဟုားဟုယ် ဆိုဇာဟို့ ကေ့ဟို့
ထွပ်လာဂေ့ဟုယ်။
15 သူးနို့လေဟု ယေရှုနားဟို့ ရော့-က်လာဟူ ခီမာ သူးနို့လေဟုာ
လေဂေါင်နတ်ဆိုးလေ ပူးခံရဟူလူဟို့ တွိဟုားလေဟုယ်။ အယ်လူဟုာ ဝတ်ဟို့
ဝတ်ဟုားဘီး ပေါင်မှန်စိန အယ်နေရာမာ ထိုင်နေဟူကြောန့် သူးနို့လေ ဂူလောင်းဟုာ
ကြော့-က်နေဂေ့ဟုယ်။
16 အယ်ဇာဟို့ ဖြင်ဟုားဘီးဟူ လူလေဟု နတ်ဆိုးပူးနေဟူ လူမာ
ဖြားမျိုးဖြစ်ဟုားဇာန ဝပ်လေရဲ့ ကြောန်းဟို့ အယ်လူလေဟို့ ပြောပြဂေ့ဟုယ်။

17 အယ်ကြောန့် သူးနို့ဟှာ သူးနို့ရဲ့ နယ်ဟှနေ ထွပ်ဟှားဟို့တွပ် ယေရှုဟို့
တောန်းဗန်ဂေ့ဟှယ်။

18 ယေရှုဟှာ လှေထတ်ဟို့ တတ်နေဒူးမာ နတ်ဆိုးပူးဖူးဟှ လူဟှ "ကျွန်တော့်ဟို့
ကိုယ်တော်နတူးဒူ သွားခွမ့်ပေးပါ!" ဆိုဘီး ကိုယ်တော့်ဟို့ တောန်းဗန်လေဟှယ်။

19 အယ်ဘေမဲ့ ယေရှုဟှ သူ့ဟို့ လိုက်ခွမ့်ပေးဟှ။ အယ်မျိုးလိုက်ခွမ့်ပေးမယ့်စား
ကိုယ်တော်ဟှ "နန်ရဲ့ မိသားစုနားဟို့ ပ့လန်သွားဘီး ဘုရားသခင်ဟှာ နန့်တွပ်
ဖယ်မျှလော့-က် လောက်ဆောန်ပေးဟှားဇာန နန့်ဟို့ ဖယ်မျှသနားတော်မူကြောန်းဟို့
သူးနို့လေဟို့ ပြောပြပါ" ဆိုဘီး သူ့ဟို့ မိန့်တော်မူလေဟှယ်။

20 အယ်ကြောန့် အယ်လူဟှ ထွပ်ဟှားဘီး ယေရှုဟှ သူ့တွပ် ဖြားဇာလေ
လောက်ပေးဟှားဟှယ် ဆိုဇာဟို့ ဒေကာပေါလိနယ်မာ စဘီးဟောပြောလေဟှယ်။
အယ်ကြောန်းဟို့ ကြားရဟူလူလေ ဂူလောင်းဟှာ အံ့သြဂေ့ဟှယ်။

ယာကျရုရဲ့ သမီးန ယေရှုရဲ့ ဝတ်လောင်ဟို့ တို့ဟူမီးမကြောန်း
(မသဲ ၉.၁၈-၂၆; လုကာ ၈.၄၀-၅၆)

21 ယေရှုဟှ အိုင်ရဲ့ ဟို့ဖတ်ကမ်းဟို့ လှေန ပ့လန်ကူးဟှားလေဟှယ်။ အိုင်ဘေးနားမာ
လူအောက်ဂီးဟှာ ကိုယ်တော်ပတ်လည်မာ စုလာဂေ့ဟှယ်။
22 ယာကျရု နာမယ်ရှိဟူ ဝါလယ်ဇရပ်မူး တယော့-က်ဟှ ရော့-က်လာဘီးဟှာ
ယေရှုဟို့ ဖြင်ဟူ ခီမာ သူဟှာ ကိုယ်တော့်ခေရင်းမာ ဒူးထော့-က်ဘီး၊
23 "ကျွန်တော့်သမီးငယ်ဟှ သေခါနီး ဖြစ်နေဟှယ်။ ကြွလာဘီးဟှာ သူ့ထတ်မာ
ကိုယ်တော်ရဲ့ လတ်ဟို့ တန်တော်မူပါ၊ အယ်ဆိုဟှာ သူဟှာ ကျန်းမာဘီး
သတ်ရှင်လေ့မယ်!" ဆိုဘီး နူးညွတ် တောန်းဗန်လေဟှယ်။

24 အယ်ဆိုန ယေရှုဟှ သူနတူးဒူ လိုက်ဟှားဟှယ်။ လူလေဘောင်ဂီးဟှ ယေရှုနတူးဒူ
လိုက်လာဟူကြောန့် သူးနို့ဟှာ ဘေးပတ်ပတ်လည်ဟှနေ ကိုယ်တော့်ဟို့
တိုးဝှေ့နေဂေ့ဟှယ်။

25 အယ်နေရာမာ ဆယ့်နှေ့နှစ် လောင်းလောင်း သွီးသွန်ရောဂါဟို့ ပြင်းပြင်းထန်ထန်
ခံစားနေရဟူ မီးမတယော့-က်ရှိဟှယ်။
26 သူဟှာ ဆရာဝန်လေ ဘောင်ဂီးနလည်း ကုသဟှားပီးဘီ။ သူ့ရဲ့ကပ်လေ
ဂူလောင်းလည်း ကူဟှားဘေမဲ့ သတ်သာလာဟို့ နေနေသာသာ ရောဂါဟှ ပိုဘီး
ဆိုးလာဟှယ်။
27 အယ်မီးမဟှာ ယေရှုကြောန်းဟို့ ကြားဟှားလေဟှယ်။ အယ်ကြောန့် ဝတ်ဟို့
တို့ဟို့တွပ် ကိုယ်တော်နော့-က်ဟှ လူအောက်ဂီးထဲဟို့ ရော့-က်လာဘီး
28 "ငါဟှာ ကိုယ်တော့်ဝတ်ဟို့ တို့လိုက်မယ် ဆိုဟှာ ငါ့ဟှာ ကျန်းမာဟှားလေ့မယ်။"
ဆိုဘီး သူ့ကိုယ်သူ ပြောနေလေဟှယ်။

29 သူဟာ ကိုယ်တော်ရဲ့ ဝတ်လောင်ဟို့ တို့လိုက်ဟူန သူ့ရဲ့
သွီးသွန်နေဇာလေဟာ ရှစ်ရှင်းဘဲ့ ရပ်ဟားဘီး၊ သူဟာ ရောဂါပျော့-က်ဟားဘီ ဆိုဇာဟို့
သူ့ကိုယ်ထဲမာ ခံစားရနေဟုယ်။
30 ရှစ်ရှင်းဘဲ့ ယေရှုဟာ သူ့ကိုယ်ဟ့ တဂိုးထွပ်ဟားဇာဟို့ သိဟားကြောန့်
လူအောက်ဂီးဖတ်ဟို့ လှည့်ဘီးဟာ "ငါ့ဝတ်ဟို့ ဖယ်သူတို့နူး" ဆိုဘီး မေးလေဟုယ်။
31 တမဲ့တော်လေဟ့ "လူလေဟ့ ကိုယ်တော့်ဟို့ တိုးဝှေ့နေဇာဟို့ ဗြင်းဗြင်ဟိုန၊ 'ငါ့ဟို့
ဖယ်သူတို့ဟုယ်နူး' ဆိုဘီး ခုထိ ကိုယ်တော်ဟာ မေးနိုင်သေးဟုယ်" ဆိုဘီး
ပ့လန်လျှော့-က်လေဟုယ်။
32 အယ်ဘေမဲ့ ယေရှုဟာ အယ်ဇာဟို့ ဖယ်သူလောက်ဟုယ် ဆိုဇာဟို့ ဗြင်ဟို့တွပ်
ပတ်ပတ်လည်ဟို့ ကေ့နေလေဟုယ်။
33 အယ်မီးမဟ့ သူ့မာ ဖြားမျိုးဖြစ်ဟားဇာဟို့ သိနားလည်ဟားဟုယ်။ အယ်ကြောန့်
သူဟာ ကြော့-က်ကြော့-က်လန့်လန့်နှ ကိုယ်တော့်ခေရင်းမာ ဒူးထော့-က်ဘီးဟာ
မှန်တိုင်းပြောလေဟုယ်။
34 ယေရှုဟ့ "ငါ့သမီး၊ နန့်ရဲ့ ယောင်ကြည်ရှင်းဟာ နန့်ဟို့ ကျန်းမာစေဘီ။
ငြိသတ်ဘီးသွားပါ၊ နန့်ရဲ့ ဝေဒနာဟ့နေ လွတ်မြော့-က်စေ" ဆိုဘီး သူ့ဟို့
မိန့်တော်မူလေဟုယ်။
35 အယ်မျိုးပြောနေဒူးမာ ဝါလယ်ဇရပ်မူးရဲ့ အီဟ့ တမန်တချို့ဟာ ရော့-က်လာဘီး
"ကိုယ်တော်ရဲ့ သမီးဟာ သေဟားဘီ။ ဖြားဖြစ်ကြောန့် ဆရာဟို့
နှော့-က်ယှစ်နေသေးနူး" ဆိုဘီး သူးနို့ဟ့ ပြောလေဟုယ်။
36 ယေရှုဟ့ သူးနို့ဖြားဇာဘဲ့ပြောပြော ဂရုစိုက်ဟ့။* အယ်ဘေမဲ့ "ကြော့-က်န။
ယောင်ကြည်ပါ" ဆိုဘီး ဝါလယ်ဇရပ်မူးဟို့ ပြောလိုက်ဟုယ်။
37 အယ်ဘီးန ပေတရ၊ ယာကုပ်န သူ့ညီ ယောဟန်ဟို့ဘဲ့ ခေါ်ဘီးဟာ
တခြားဖယ်သူ့ဟို့လည်း လိုက်ခိုင်းဟ့။
38 သူးနို့ဟာ ဝါလယ်ဇရပ်မူးရဲ့ အီဟို့ ရော့-က်ဟူ ခီမာ ယေရှုဟာ
အောက်အောက်သဲသဲ ဖြစ်နေဇာလေဟို့ ဗြင်ဟားဘီး သူးနို့လေ ဂူလောင်းဟာ
သံကွလယ်ဟ့ီး အော်ဘီး ဝိုနေဇာလေဟို့ ကြားရလေဟုယ်။
39 ကိုယ်တော်ဟာ အီထဲဟို့ ဝမ်ဟားဘီး "ဖြားဖြစ်ကြောန့် နန်းနို့လေဟ့ အယ်မျိုး
အောက်အောက်သဲသဲ လောက်နေဝှေနူး။ ဖြားဖြစ်ကြောန့်နှန်းနို့လေဟာ ဝိုနေရဟုယ်နူး။
အယ်မီးမဂန်းဟားး သေနေဇာ မူဟ့။ သူမဟာ အိမွိနေဇာဖြစ်ဟုယ်!" ဆိုဘီး သူးနို့ဟို့
မိန့်တော်မူလေဟုယ်။
40 အယ်လူလေဟ့ ကိုယ်တော့်ဟို့ ရယ်ဇားဝှေဟုယ်။ အယ်ကြောန့် ကိုယ်တော်ဟာ
သူးနို့လေ ဂူလောင်းဟို့ ပ့လန်ဟို့ ထွပ်ခိုင်းဘီးဟာ မီးမဂန်းဟားရဲ့ မိဖလေန
ကိုယ်တော်နတူးဒူ ပါလာဟူ တမဲ့တော် သောင်းပါးဟို့ ခေါ်ဘီး မီးမဂန်းဟားး
ထားဟားဟူ နေရာဟို့ သွားလေဟုယ်။

* **5:36** ၅.၃၆ ဂရုစိုက်ဟ့၊ အယ်မျိုးမူဘဲ့နေဟာ ရရာတိုင်း ကြားနေရဟုယ်။

41 ကိုယ်တော်ဟာ သူ့ရဲ့လတ်ဟို့ ကိုင်ဘီးဟာ “တလိသ ကုမိ” ဆိုဘီး သူ့ဟို့
ပြောလေဟုယ် “မီးမငယ်၊ နန့်ဟို့ ငါပြောမယ်၊ ထလိုက်!” ဆိုဘီး ဓိပါယ်ရဟုယ်။
42 ရှစ်ရှင်းဘဲ့ သူဟု ထဘီးဟာ စဘီး ပတ်ပတ်လည် လမ်းရှော့-က်လေဟုယ်။ (သူဟု
သတ် ဆယ့်နှေ့နှစ်ရှိဟုယ်။) အယ်မျိုး ဖြစ်ပျစ်ဟားဟူ ခီမာ သူးနို့လေ ဂူလောင်းဟာ
ရရာတိုင်း အံ့သြဟားဂေ့ဟုယ်။
43 အယ်ဘေမဲ့ ယေရှုဟာ ဖယ်သူဟို့လည်း ပြောဘဲဟို့တွပ် သူးနို့ဟို့
တင်းတင်းကျပ်ကျပ်ဟား မိန့်ပေးလိုက်ဟုယ်။ အယ်ဘီးဟာ “သူ့ဟို့ စားဟို့တွပ်
တခုခုပေးလိုက်ပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။

6

ယေရှုဟာ နာဇရက်ဗြို့မာ ငြင်းပယ်ခံဟူကြောန်း
(မဿဲ ၁၃.၅၃-၅၈; လုကာ ၄.၁၆-၃၀)

1 ယေရှုဟ အယ်နေရာဟုနေ ထွပ်ဟားဘီးန သူ့ဗြို့ဟို့ ပ့လန်ဟားလေဟုယ်။
ကိုယ်တော်ရဲ့ တဗဲ့တော်လေလည်း လိုက်ဟားလေဟုယ်။
2 ဒန်းနေ့မာ ကိုယ်တော်ဟာ ဝါလယ်ဇရပ်မာ စဘီးဟာ သွန်သန်လေဟုယ်။
အယ်နေရာမာ လူလေဘောင်ဂီး ရှိနေဘီး ကိုယ်တော် သွန်သန်ဇာလေဟို့
လူလေဟုကြားရခီမာ ရရာတိုင်း အံ့သြဂေ့ဟုယ်။ “အယ်ဇာလေ ဂူလောင်းဟို့ သူဟာ
ဖယ်နေရာဟု ရဟားနူး” ဆိုဘီး သူးနို့ဟာ မေးလေဟုယ်။ “သူ့ဟို့ ပေးဟားဟူပညာဟု
ဖယ်မျိုးပညာနူး။ သူဟာ အယ်နိမိတ်လတ်ခဏာလေဟို့ ဖယ်မျိုးလောက်နူး။
3 သူဟာ လတ်သမား မူဟုလော။ မာရိရဲ့သား၊ ယာကုပ်၊ ယောသေ၊ ယုဒန
ရှိမုန်လေရဲ့နောန် မူဟုလော။ သူ့ညီမလေဟု အယ်နားမာဘဲ့ နေဂေ့ဟုယ် မူဟုလော။”
အယ်ကြောန့် သူးနို့လေဟာ ကိုယ်တော့်ဟို့ ငြင်းပယ်ဂေ့လေဟုယ်။
4 ယေရှုဟုလည်း သူးနို့ဟို့ “ပရောဖက်လေဟာ သူးနို့ရဲ့ ဗြို့၊ သူးနို့ရဲ့ ရွှေမျိုးလေန
သူးနို့ရဲ့ အီသူအီသားလေဟု လွဲဘီး နေရာတိုင်းမာ လေးစားခံရဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
5 ကိုယ်တော်ဟာ အယ်ဗြို့မာ ကျန်းမာဘဲ့ဟူ လူတချို့ထတ်မာ ကိုယ်တော်ရဲ့
လတ်လေဟို့ တန်ဘီးဟာ သူးနို့ဟို့ ကျန်းမာစေဇာဟုလွဲဘီး
ဖြာနိမိတ်လတ်ခဏာလေလည်း လောက်နိုင်ဟု။
6 ကိုယ်တော်ဟာ ရရာတိုင်း အံ့သြဟားဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
အယ်လူလေဟာ ယောင်ကြည်ဘဲကြောန့် ဖြစ်ဟုယ်။

ယေရှုဟာ တဗဲ့တော်ဆယ့်နှေ့ပါးဟို့ စေလွှတ်ဟူကြောန်း
(မဿဲ ၁၀.၅-၁၅; လုကာ ၉.၁-၆)

အယ်ဘီးန ယေရှုဟာ အယ်နေရာဟု ဝါလေဟို့ လှည့်လည်သွားဘီးဟာ လူလေဟို့
သွန်သန်လေဟုယ်။

6:4 **၆.၄** ယော ၄.၄၄

7 ကိုယ်တော်ဟာ တဗဲ့တော် ဆယ့်နှစ်ပါးဟို့ တူးဒူခေါ်ဘီးဟာ နှစ်ယော့-က်စီ
တွဲခိုင်းဘီး သူးနို့ဟို့ စေလွှတ်လေဟုယ်။ ကိုယ်တော်ဟာ သူးနို့ဟို့
ညစ်ညူးဟူနတ်လေဟို့ နိုင်ရဟူ ခွင့်အာဏာဟို့လည်း ပေးဘီး
8 “ခရီးတွပ် နန်းနို့နတူးဒူ တောန်အူးတခုဟုလွဲဘီး တခြားဇာလေ ယူဂေ့န။ စားဇာ၊
လွယ်အိ၊ နန်းနို့ရဲ့ ခါးဗတ်လေထဲမာ ကပ်လေဟို့ ထွဲဆောန်ဂေ့န။
9 ခေနပ်လေဟို့ စီးဂေ့ပါ၊ အယ်ဘီးဟာ အန်းဂီပိုတထည်ဟို့လည်း ယူဆောန်ဂေ့န။”
10 ကိုယ်တော်ဟ့ “ဖယ်နေရာမဆို နန်းနို့လေဟို့ လတ်ခံဟူအီမာ နန်းနို့လေဟာ
အယ်နေရာဟ့ ထွပ်ခန်ထိ အယ်အီမာဘဲ့ တည်းနေဂေ့။
11 နန်းနို့လေဟာ ဗြို့တဗြို့ဟို့ ရော့-က်လာဘီး အယ်ဗြို့ဟ့ လူလေဟာ နန်းနို့လေဟို့
လတ်ခံဟ့ အယ်မျိုးမူဘဲနေဟာ နန်းနို့လေဟို့ နားထောန်ဂေ့ဟ့ဆိုဟာ၊ နန်းနို့ခေဖွားဟ့
မ့်လေမုဟို့ ခါခ့လဘီးဟာ ထွပ်ဟားဂေ့။ အယ်ဇာဟာ သူးနို့တွပ် သတ်သေတခု
ဖြစ်ဟုယ်!” ဆိုဘီး သူးနို့ဟို့ မိန့်ပေးလေဟုယ်။
12 အယ်ကြောန့် သူးနို့ဟာ ထွပ်ဟားဘီး လူလေ နောန်ဒရဟို့ကြောန်းဟို့
ဟောပြောဂေ့ဟုယ်။
13 သူးနို့ဟာ နတ်ဆိုးလေဘောင်ဂီးဟို့ နှန်ထုဂေ့ဟုယ်။ အယ်ဘီးဟာ ကျန်းမာဘဲဟူ
လူလေဘောင်ဂီးဟို့ ဆီန လူးဘီးဟာ သူးနို့ဟို့ ကျန်းမာစေဟုယ်။

ဗတ္တိဇံယောဟန် သေဟားဟူကြောန်း
(မဿဲ ၁၄.၁–၁၂; လုကာ ၉.၇–၉)

14 အယ်ခီမာ အယ်ကြောန်း ဂူလောင်းဟို့ ဟေရုဒ်မန်းဂီး*ဟာ ကြားဟားဘီ။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ယေရှုရဲ့ နာမယ်ဟ့ နေရာတိုင်းဟို့ ပ့်လှဲန့်ဟားလေဟုယ်။
လူတချို့ ပြောနေဇာဟ့ “ဗတ္တိဇံယောဟန်ဟာ သေရာဟ့နေ ထမြော့-က်ဟားဘီ!
အယ်ကြောန့် သူဟာ နိမိတ်လတ်ခဏာလေ ပြဟို့တွပ် အယ်မျိုးတဂိုး ရှိနေဟုယ်။”
15 အယ်ဘေမဲ့လည်း တခြားလူလေ ပြောဇာဟ့ “သူဟာ ဧလိယဖြစ်ဟုယ်။”
တခြားလူလေ ပြောဇာဟ့ “သူဟာ ရှေးဟ့ ပရောဖက်လေ တပါးပါးမျိုးဘဲ့
ပရောဖက်တပါးဖြစ်ဟုယ်။”
16 ဟေရုဒ်ဟ့ ကြားရဟူ ခီမာ သူဟ့ “အယ်လူဟာ ဗတ္တိဇံယောဟန် ဖြစ်ဟုယ်!
ငါဟာ အယ်လူရဲ့ ခေါန်းဟို့ ဖြတ်လိုက်ပီးဘီဘဲ့။ အယ်ဘေမဲ့ အယ်လူဟာ သေရာဟ့နေ
ထမြော့-က်ဟားဘီ!” ဆိုဘီး ပြောလေဟုယ်။
17 ဟေရုဒ် ကိုယ်တိုင်ဘဲ့ ယောဟန်ဟို့ ဖမ်းဆီးဟို့ မိန့်ထုဟားကြောန့် သူ့ဟို့
တောက်နှောင်ဘီး ထောန်ထဲမာ ထားဟားလေဟုယ်။ ဟေရုဒ်ဟာ
အယ်မျိုးလောက်ဇာဟ့ သူညီ ဖိလိပ့ပုရဲ့ မယား၊ ဟေရောဒိဟို့ ယူဟားဟူကြောန့်
ဖြစ်ဟုယ်။

6:8 ၆.၈-၁၁ လု ၁၀.၄-၁၁ **6:11 ၆.၁၁** တ ၁၃.၅၁ **6:13 ၆.၁၃** ယာ ၅.၁၄ **6:14 ၆.၁၄-၁၅** မ ၁၆.၁၄; မာ ၈.၂၈; လု ၉.၁၉ * **6:14 ၆.၁၄ ဟေရုဒ်မန်းဂီး၊** ဂါလိလဲပြည်ရဲ့ခေါန်းဆောန် ဟေရုဒ်အန္တိပ။ **6:17 ၆.၁၇-၁၈၊** လု ၃.၁၉-၂၀

18 ဖြားဖြစ်ကြောင်နှူးဆိုဟှာ ဗတ္တိဇံယောဟန်ဟှ ဟေရုဒ်ဟှို “နန်ဟှာ နန်ညီရဲ့
မယားဟှို ယူဇာဟှာ ပညတ်တော်န ညီဟှ!” ဆိုဘီး ပြောဟှားကြောန့် ဖြစ်ဟှယ်။
19 အယ်ကြောန့် ဟေရောဒိဟှာ ယောဟန်ဟှို ရန်ငြိုးထားဘီးဟှာ သတ်ဟှို့တွပ်
လိုရှင်ဟှယ်။ အယ်ဘေမဲ့ ဟေရုဒ်ကြောန့် သူဟှာ ခွမ့်ရဟှ။
20 ဟေရုဒ်ဟှာ ယောဟန်ဟှို ကြော့-က်ဟှယ်။ ဖြားဖြစ်ကြောန့်နှူးဆိုဟှာ ယောဟန်ဟှာ
ဖြောန့်မတ်ဘီး သန့်ရှင်းဟှူလူ ဖြစ်ဟှယ် ဆိုဇာဟှို သူသိဟှားဟှယ်။ အယ်ကြောန့်
သူဟှာ သူ့ဟှို လောင်းလောင်ခြောင်းခြောင်ဟှား ထားဟှားလေဟှယ်။
သူဟောပြောဇာလေဟှို ကြားရဟှူ ခီတိုင်း ရရာတိုင်း စိန္နောင့်ယှစ် ဖြစ်ဘေမဲ့လည်း
သူဟှာ သူ့ရဲ့ ဟောပြောဇာဟှို နှစ်သက်ဘီး နားထောန်တတ်ဟှယ်။
21 နော့-က်ဆောင်းမာ ဟေရောဒိဟှာ ခွမ့်ရေး ရဟှားဟှယ်။ အယ်ခွမ့်ရေးဟှာ ဟေရုဒ်
မွေးနေ့မာ ဖြစ်ဟှယ်။ အယ်နေ့မာ ဟေရုဒ်ဟှ ထိတန်းစိုးရ ရာရှိဂီးလေ၊ တပ်မတော်
ရာရှိဂီးလေ၊ ဂါလိလဲနယ်ရဲ့ ခေါန်းဆောန်ဂီးလေ အားလောင်းတွပ် စားသော့-က်မွဲဂီး
ကျင်းပပေးလေဟှယ်။
22 ဟေရောဒိရဲ့ မီးဟှား†ဟှ လာဘီးဟှာ ကပြလေဟှယ်။ အယ်ခီမာ ဟေရုဒ်ဒန သူ့ရဲ့
ည့်သည်လေဟှာ ကျေနပ်ဟှားလေဟှယ်။ အယ်ကြောန့် မန်းဂီးဟှ မီးမငယ်ဟှို
“နန်ဖြားဇာလိုရှင်နူး။ နန်လိုရှင်ဇာလေဟှို ငါပေးမယ်” ဆိုဘီး ပြောလေဟှယ်။
23 “ငါ့နိုင်ငံတဝပ်ဟှို နန်တောန်းမယ် ဆိုဟှာ ငါတကယ်ပေးမယ်!” ဆိုဘီးဟှာ
ဒီပေးဘီး ပြောလေဟှယ်။
24 အယ်ကြောန့် မီးမငယ်ဟှားဟှ ထွပ်ဟှားဘီးဟှာ သူ့ရဲ့ မိဟှို မေးလိုက်ဇာဟှ
“ကျွန်မဟှ ဖြားဇာတောန်းရဟှို့နူး!” သူ့ရဲ့ မိဟှ “ဗတ္တိဇံယောဟန်ရဲ့ ခေါန်းဟှို
တောန်းပါ” ဆိုဘီး ပြောလေဟှယ်။
25 မီးမငယ်ဟှ ရှစ်ရှင်းဘဲ့ ဟေရုဒ် မန်းဂီးနားဟှို ဗြန်းဗြန်ဟှား ပ့်လန်ဟှားဘီးဟှာ
“ဗတ္တိဇံယောဟန်ရဲ့ ခေါန်းဟှို လန်းဗန်းထတ်မာ တန်ဘီးဟှာ ခုပေးပါ” ဆိုဘီး
တောန်းဆိုလေဟှယ်။
26 အယ်မျိုး တောန်းဆိုဟှူကြောန့် မန်းဂီးဟှာ ရရာတိုင်း ဝန်းနဲ့ဟှားဟှယ်။ အယ်ဘေမဲ့
ည့်သည်လေရှေ့မာ သူ့ကိုယ်သူ ကီဆိုဟှားဟှူကြောန့် သူဟှာ ငြင်းနိုင်ဟှမ်း။
27 အယ်ကြောန့် မန်းဂီးဟှ ယောဟန်ရဲ့ ခေါန်းဟှို ယူလာဟှို့တွပ် မိန့်ပေးဘီးဟှာ
စောန့်တယော့-က်ဟှို ရှင်းရှင်း လွတ်လေဟှယ်။ အယ်လူဟှ ထောန်ထဲဟှို သွားဘီးဟှာ
ယောဟန်ရဲ့ ခေါန်းဟှို ဖြတ်လေဟှယ်။
28 အယ်ခေါန်းဟှို လန်းဗန်းထတ်မာ တန်ဘီးဟှာ ယူဆောန်လာဘီး မီးမငယ်ဟှားဟှို
ပေးလေဟှယ်။ သူဟှလည်း သူ့ရဲ့ မိဟှို ပ့်လန်ပေးလေဟှယ်။
29 ယောဟန်ရဲ့ တဗဲတော်လေဟှ အယ်ဒန်းဟှို ကြားဟှူ ခီမာ လာဘီး ယောဟန်ရဲ့
လောန်းဟှို ယူဘီးဟှာ ဂူထဲမာ ထားလိုက်ဂေ့ဟှယ်။

† **6:22** ၆.၂၂ ဟေရောဒိရဲ့ မီးဟှား၊ တချို့ မူရင်းလတ်ရေးမူလေမာ သူ့သမီးဟှား ဟေရောဒိ၊ ဆိုဘီး ရှိဟှယ်။

ယေရှုဟာ လူအောက်ဂီးဟို့ စားဇာကျွေးဟူကြောင်း
(မဿဲ ၁၄.၁၃-၂၁; လုကာ ၉.၁၀-၁၇; ယောဟန် ၆.၁-၁၄)

30 တမန်တော်လေဟာ ယေရှုနားမာ စုဂေ့ဘီးဟာ သူးနို့ လောက်ဆောန်ဘီး
သွန်သန်ဟာ့းဟူဇာ ဂူလောင်းဟို့ ကိုယ်တော့်ဟို့ လျှော့-က်လေဟုယ်။
31 အယ်နေရာဟို့ လူလေဘောင်ဂီးဟ သွားလိုက်လာလိုက် လောက်နေဟူကြောန့်
ယေရှုန တဗဲတော်လေဟာ စားဟို့ ခီဟို့မှ မွေ့ဟုမ်း။ အယ်ကြောန့် သူဟ “ငါ့နတူးဒူ
တိဆိဟူ နေရာဟို့ သွားဘီးဟာ ရှစ်ဟာ့းနားယူ ဂေ့ဇို့” ဆိုဘီး သူးနို့ဟို့
မိန့်တော်မူလေဟုယ်။
32 အယ်ကြောန့် ယေရှုန တဗဲတော်လေဟ တိဆိဟူ နေရာတခုနားဟို့ လှေန
ထွပ်ဟာ့းဂေ့ဟုယ်။
33 သွားလိုက်ဇာဟို့ လူလေဟ့ဖြင်ဟူ ခီမာ ကိုယ်တော်န တဗဲတော်လေဘဲ့ ဆိုဘီး
သိဟာ့းဟူကြောန့် ဖြို့လေဝါလေဟ့ လူလေဟာ ယေရှုသွားလိုက်ဟူ နေရာဟို့
ဖြန်းဖြန်ဟာ့း ကူးကြောန်းရှော့-က်ဘီးဟာ ယေရှုန တဗဲတော်လေ ရော့-က်ခန်
အယ်နေရာဟို့ ရင်ရော့-က်နေဂေ့ဟုယ်။
34 ယေရှုဟ့ လှေဟ့နေ ထွပ်ဟူ ခီမာ ကိုယ်တော်ဟာ လူအောက်ဂီးဟို့ ဖြင်ဟာ့းဘီး
ကိုယ်တော်ဟာ သူးနို့တွပ် သနားဟူစိ ဖြစ်ဟာ့းလေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
သူးနို့ဟာ သိုးထီးမားမွေ့ဘဲဟူ သိုးလေမျိုး ဖြစ်နေဟုယ်။ အယ်ကြောန့် ကိုယ်တော်ဟာ
သူးနို့ဟို့ ကြောန်းရာလေ ဘောင်ဂီးဟို့ စဘီးဟာ သွန်သန်ဟုယ်။
35 ညဉ့်မိုက်ခါနီး ရော့-က်လာဟူ ခီမာ တဗဲတော်လေဟ့ ယေရှုနားဟို့ လာဘီးဟာ
“အယ်နေရာဟာ တောဖြစ်နေဟူကြောန့် လူလေလည်း နေဘဲဟူ နေရာဖြစ်ဟုယ်။
နော့-က်ကုလဟာ့းဘီ။
36 စားဇာသွားဝယ်ဘီး စားနိုင်ဟို့တွပ် လူလေဟို့ နီးနားမာရှိဟူ တောဝါလေဟို့
လွှတ်လိုက်ပါ” ဆိုဘီး လျှော့-က်ဂေ့ဟုယ်။
37 ယေရှုဟ့ “နန်းနို့လေဘဲ့ သူးနို့ဟို့ စားဇာတခုခု ကျွေးလိုက်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
အယ်ခီမာ တဗဲတော်လေဟ့ “ကျွန်တော့်လေဟ့ ငွေဒန်းဂါး‡ ၂၀၀ ဖိုးန စားဇာဝယ်ဘီး
အယ်လူလေဟို့ ကျွေးရဟို့လော” ဆိုဘီး လျှော့-က်လေဟုယ်။
38 ယေရှုဟ့ “နန်းနို့လေမာ မုဖယ်မျှလော့-က်ရှိနူး။ သွားဘီးဟာ ကေ့ကေ့” ဆိုဘီး
မိန့်တော်မူလေဟုယ်။
သူးနို့လေဟ့ ကေ့ဟူ ခီမာ “မုငါးလောင်းန ငါးနှေ့ကောန်ရှိဟုယ်” ဆိုဘီး
လျှော့-က်လေဟုယ်။
39 အယ်ဘီးန ယေရှုဟ့ လူလေ ဂူလောင်းဟို့ အောက်စုခွဲဘီးဟာ ဖြစ်ပန်လေထတ်မာ
ထိုင်ခိုင်းလိုက် ဆိုဘီး တဗဲတော်လေဟို့ လောက်ဟို့တွပ် ပြောလေဟုယ်။

6:34 **၆.၃၄** မ ၉.၃၆ ‡ **6:37** **၆.၃၇ ငွေဒန်းဂါး၊** ငွေဒန်းဂါးတယ်လားဟ့ တရစ်ဇာလောက်ဟူ လောက်အားခဖြစ်ဟုယ် (ရူ မ ၂၀.၂)။

40 အယ်ကြောန့် လူလေဟှာ တရာတဖွဲ့န ငါးဆယ်တဖွဲ့ တန်းလိုက်ထိုင်ဂေ့ဟှယ်။
41 အယ်ဘီးန ယေရှုဟှ မုငါးလောင်းန ငါးနှေ့ကောန်ဟှိ ယူဘီးဟှာ ကောန်းဂန်ဟှိ
မျှော်ကေ့ဘီး ဘုရားသခင်ဟှိ ကျေးဇူးတော် ချီးမွမ်းလိုက်ဟှယ်။ ကိုယ်တော်ဟှာ
မုလေဟှိ ဖဲ့ဘီးဟှာ လူလေဟှိ ဝီပေးဟှိတွပ် တဲ့တော်လေဟှိ မုလေ ပေးလိုက်ဟှယ်။
ကိုယ်တော်ဟှာ ငါးနှေ့ကောန်ဟှိလည်း သူးနှိလေ ဂူလောင်း ကြားထဲမာ
ခွဲဝီပေးလိုက်ဟှယ်။
42 လူတိုင်းဟှာ စားဘီး ဗိုက်ပှလဲ့ဟှားဂေ့ဟှယ်။
43 အယ်ဘီးန တဲ့တော်လေဟှ စားဘီး ကျန်နေဟှ မုနငါးလေရဲ့ ကှလိုးပဲ့လေဟှိ
လိုက်ကော့-က်ဟှ ခီမာ ဆယ့်နှေ့တောန်းပှလဲ့ ရဂေ့ဟှယ်။
44 မုစားဟှ ယော့-က်ကျား ရေတွပ်ဟှာ ၅,၀၀၀ ရှိလေဟှယ်။

ယေရှုဟှာ ရေထတ်မာ လမ်းရှော့-က်ဟှကြောန်း
(မဿဲ ၁၄.၂၂-၃၃; ယောဟန် ၆.၁၅-၂၁)

45 ယေရှုဟှာ လူအောက်ဂီးဟှိ ပှလန်လွတ်နေဒူးမာ ရှစ်ရှင်းဘဲ့ တဲ့တော်လေဟှိ
လှေထတ်ဟှိ တတ်ခိုင်းဘီး အိုင်ရဲ့ ဟှိဖတ်ကမ်းဟှ ဗက်ဇဒဗြိုဟှိ ရင်ဦးဆောင်း
သွားခိုင်းလိုက်ဟှယ်။
46 ယေရှုဟှ လူလေဟှိ နှောက်ဆစ်ဘီးန ဆုတောန်းဟှိတွပ် တောန်ထတ်ဟှိ
တတ်ဟှားဟှယ်။
47 ညဉ့်မိုက်လာဟှ ခီမာ တဲ့တော်လေရဲ့ လှေဟှ ရေအိုင်ရဲ့ လယ်မာရော့-က်နေဘီး
ယေရှုဟှ တယော့-က်ဒဲ ကူးထတ်မာ ရှိလေဟှယ်။
48 လေဆန်ဟှိ လှေလှော်နေဟှကြောန့် ရရာတိုင်း ပန်းနေဟှ တဲ့တော်လေဟှိ
ကိုယ်တော်ဟှ ဖြင်ဟှားလေဟှယ်။ အယ်ကြောန့် မိုးလန်းသောင်းနာရီန ခြော့-က်နာရီ
ကြားမာ ကိုယ်တော်ဟှာ ရေထတ်မာ လမ်းရှော့-က်ဘီးဟှာ§ သူးနှိနှားဟှိ
ရော့-က်လာလေဟှယ်။ ကိုယ်တော်ဟှာ သူးနှိဟှိ ကျော်ဖြတ်ဟှိ့ လောက်လေဟှယ်။
49 အယ်ဘေမဲ့ တဲ့တော်လေဟှ ရေထတ်မာ ကိုယ်တော်ဟှာ လမ်းရှော့-က်နေဇာဟှိ
ဖြင်ဟှားဟှ ခီမာ "ဖုကသေ ဖြစ်ဟှယ်!" ဆိုဇာဟှိ ထန်ဘီးဟှာ အော်ဟစ်ဂေ့ဟှယ်။
50 သူးနှိလေ ဂူလောင်းဟှ ယေရှုဟှိ ဖြင်ဟှ ခီမာ ထိလန့်နေဂေ့ဟှယ်။
ယေရှုဟှ ရှစ်ရှင်းဘဲ့ "သတ်တိရှိဂေ့!" ဆိုဘီး ပြောလေဟှယ်။ "ငါဘဲ့ဖြစ်ဟှယ်။
ကြော့-က်ဂေ့နှ!"
51 အယ်ဘီးန သူးနှိရှိနေဟှ လှေထတ်ဟှိ တတ်ဟှားဟှ ခီမာ လေဟှာ
ငြိဟှားလေဟှယ်။ တဲ့တော်လေဟှ ရရာတိုင်း အံ့သြဂေ့ဟှယ်။
52 ဖြားဖြစ်ကြောန့်နှားဆိုဟှာ သူးနှိဟှာ လူ ၅,၀၀၀ ဟှိ မုကျွေးဟှ ခိပါယ်ဟှိ
နားလည်ဂေ့ဘဲန သူးနှိရဲ့ စိန့လောင်းဟှာ မာကျောဂေ့ဟှယ်။

§ **6:48 ၆.၄၈** လမ်းရှော့-က်ဘီးဟှာ၊ အယ်မျိုးမှုဘဲ့နေဟှာ သူးနှိလေန ပူးပေါန်းလေဟှယ်။

ယေရှုဟာ ဂင်နေသရက်မာ လူနာလေးဦး ကျန်းမာစေဟူကြောန်း
(မဿဲ ၁၄.၃၄-၃၆)

53 သူးနို့ဟာ အိုင်ဟို့ ကူးဟားဂေ့ဘီး ဂင်နေသရက်ဗြို့ဟို့ ရော့-က်လာဂေ့ လေဟုယ်။
အယ်နေရာမာ လှေဟို့ ခယ်လိုက် လေဟုယ်။
54 သူးနို့လေဟာ လှေထတ်ဟုနေ ဆင်းလိုက်ဟူ ခီမာ ရှစ်ရှင်းဘဲ့ လူလေဟု ယေရှုဟို့
မှတ်မိဂေ့ဟုယ်။
55 အယ်ကြောန့် သူးနို့လေဟာ ဒေသတခုလောင်းဟို့ ပုလဲ့နှံ့အောန်
ပုလေးဟုးဂေ့ဘီးဟာ ကိုယ်တော်ရှိဟုယ် ဆိုဘီး ကြားဟုးဟူ နေရာဟို့ လူနာလေးဦး
ထမ်းစင်လေန ကိုယ်တော်နားဟို့ ခေါ်လာဂေ့ဟုယ်။
56 ယေရှုသွားဟူ ဝါလေ၊ ဗြို့လေ၊ နေရာတိုင်းဟု လူလေဟု လူနာလေးဦး
ဆေးလေမာ ခုလဟုးဂေ့ဘီး ကိုယ်တော်ရဲ့ ဝတ်လောင် ပန်းဗွားဟို့ဘဲ့
ထိခွမ့်ပေးဟို့တွပ် လူလေဟု တောန်းဗန်ဂေ့ဟုယ်။ အယ်ဘီးန ဝတ်လောင်ဟို့ တို့ထိဟူ
လူလေဂူလောင်းဟာ ကျန်းမာဟုးဂေ့ဟုယ်။

7

ရှေးလူဂီးလေရဲ့ သွန်သန်ကြောန်း
(မဿဲ ၁၅.၁-၉)

1 တချို့ ဖာရိရှဲလေန ယေရုရှလင်ဗြို့ဟုနေ လာဂေ့ဟူ ကျမ်းတတ်ဆရာလေဟာ
ယေရှုပတ်ပတ်လည်မာ စုနေဂေ့ဟုယ်။
2 ကိုယ်တော်ရဲ့ တမဲ့တော်လေ တချို့ဟု စင်ကြယ်ဘဲဟူ လတ်လေန စာစားနေဇာဟို့
သူးနို့လေဟု ဒိထားမိဟုးဟုယ်။
3 ဖြားဖြစ်ကြောန့်နူးဆိုဟာ ကျန်နေဟူ ယုဒလူမျိုးလေန ဖာရိရှဲလေဟာလည်း သူးနို့ရဲ့
ရှေးလူဂီးလေဟုနေ လတ်ခံဟုးဟူ သွန်သန်မှု နော့-က်ဟို့ လိုက်ဘီး သူးနို့လေဟု
မှန်ဟူ နည်းလမ်းအားဖြင့် သူးနို့ရဲ့ လတ်လေဟို့ ဆေးဘဲန စာစားဂေ့ဟု။
4 ဆေးဟုနေ ရလာဟူ ဖယ်ဇာဘဲ့ဖြစ်ဖြစ် ရေန ရင်ဆေးဘဲ့န စားဂေ့ဟု။*
အယ်ဘီးဟာ သူးနို့လေ လတ်ခံဟုးဟူ တခြားထောင်းဒန်းလေ နော့-က်ဟို့
လိုက်ဟုယ်။ ဥပမာ အိုးလေ၊ ခွပ်လေ၊ ကြေးဖလားခွပ်လေန ကဒန်လေဟို့†
မှန်ဟူနည်းလမ်းအားဖြင့် ဆေးဂေ့ဟုယ်။
5 အယ်ကြောန့် ဖာရိရှဲလေန ကျမ်းတတ်ဆရာလေဟု "ဖြားဖြစ်ကြောန့်
အယ်မျိုးသတ်ရှင်နူး။ ကိုယ်တော်ရဲ့ တမဲ့တော်လေဟု ရှေးလူဂီးလေရဲ့
လတ်ဆစ်ကမ်းဟုးဟူ သွန်သန်မှု နော့-က်ဟို့ လိုက်ဂေ့ဟု။ အယ်မျိုးလိုက်ဟို့စား
စင်ကြယ်ဘဲဟူ လတ်န စားဂေ့နူး" ဆိုဘီး ယေရှုဟို့ မေးဂေ့ဟုယ်။

---

* **7:4 ၇.၄** ဆေးဟုနေ ရလာဟူ ဖယ်ဇာဘဲ့ဖြစ်ဖြစ် ရေန ရင်ဆေးဘဲ့န စားဂေ့ဟု၊ အယ်မျိုးမူဘဲ့နေဟာ သူးနို့ဟာ
ဆေးဟုနေ ရလာဇာလေဟို့ ရင်ဦးဆောင်း ရေန ဆေးဘီးမှ စားဟုယ်။ † **7:4 ၇.၄** တချို့ မူရင်းလတ်ရေးမူလေမာ
ကဒန်လေ၊ ဆိုဇာ မှေဟု။

6 ယေရှုဟု “ဟရှာယဟု နန်းနို့လေ ကြောန်းဟို့ ပရောဖက်ပြုဟုားဇာဟုာ ရရာတိုင်း
မှန်ဟုယ်! နန်းနို့လေဟုာ ကြောန်သူတော်လေ ဖြစ်ဟူကြောန့် သူဟု
အယ်မျိုူးရေးဟုားဟုယ်။”
“ ‘ဘုရားသခင် မိန့်တော်မူဇာဟု အယ်လူလေဟုာ ငါ့ဟို့ နှောက်န ရိုသေဟုယ်။
အယ်ဘေမဲ့ သူးနို့ရဲ့ စိနှလောင်းဟု ငါန တကယ်ဘဲ့ ရရာတိုင်း ဝီးနေဂေ့ဟုယ်။
7 ငါ့ဟို့ အလဂါး ကိုးကွယ်နေဟုယ်။
ဖြောဖြစ်ကြောန့်နူးဆိုဟုာ သူးနို့ဟုာ ဘုရားသခင်ရဲ့ပညတ်တရားလေ ဖြစ်ဟုယ်
ဆိုဘေမဲ့
လူရဲ့ စည်းမျဉ်းလေဟို့ သန်ပေးလေဟုယ်!’”
8 “နန်းနို့လေဟု ဘုရားသခင်ရဲ့ ပညတ်တော်ဟို့ ဖယ်ဟုားဘီးဟုာ လူလေရဲ့
သွန်သန်မှုလေဟို့ လိုက်နာဂေ့ဟုယ်” ဆိုဘီး သူးနို့ဟို့ ပ့လန်ဖြေတော်မူလေဟုယ်။
9 အယ်ဘီးဟုာ ယေရှုဟု ဆစ်ဘီး “နန်းနို့လေရဲ့ ကိုယ်ပိုင်သွန်သန်မှုဟို့
ကျင့်သောင်းနိုင်ဟို့တွပ် နန်းနို့လေဟုာ ဘုရားသခင်ရဲ့ ပညတ်တော်ဟို့ ပယ်ဟူဇာဟု
ကျွမ်းကျင်ဂေ့ဟုယ်။
10 ဖြောဖြစ်ကြောန့်နူးဆိုဟုာ မောရှေပညတ်ဟုားဇာဟု ‘နန်းနို့မိဖဟို့ ရိုသေဂေ့။
အယ်ဘီးဟုာ ဖယ်သူဘဲ့ဖြစ်ဖြစ် ကိုယ့်မိဖဟို့ ကီဆဲမယ် ဆိုဟုာ သေဒန်ခံရမယ်။’
11 အယ်ဘေမဲ့ နန်းနို့ဟု အယ်မျိုးသွန်သန်ဘီး လူလေမာ သူးနို့ရဲ့ မိဖဟို့ ကူညီဟို့
တခုခုရှိဟုယ် ဆိုဟုာ ‘အယ်ဇာဟုာ ကော်ဘန်ဖြစ်ဟုယ်’ ဆိုဘီး ပြောဟုယ်
(အယ်ဓိပါယ်ဟု ဘုရားသခင်ဟို့ လူဘီးဟူ အောက်စာဖြစ်ဟုယ်)။
12 အယ်မျိုးဆိုဟုာ နန်းနို့ဟု အယ်အောက်စာလေဟို့ သောင်းပြဘီးဟုာ သူရဲ့ မိဖဟို့
ကူညီဟို့တွပ် ခွမ့်ပေးဟုယ်။
13 အယ်မျိုးဘဲ့ နန်းနို့လေဟု တခြားလူလေဟို့ လတ်ဆစ်ကမ်းလိုက်ဟူ သွန်သန်မှုဟုာ
ဘုရားသခင်ရဲ့ စကားတော်ဟို့ ဖျစ်ပစ်ဂေ့ဟုယ်။ အယ်ဆိုဟုာ အယ်မျိုးဇာလေ
ဘောင်ဂီးဟို့ နန်းနို့လေ လောက်ဂေ့ဟုယ်။”

လူဟို့ ညစ်ညူးစေဟူ ဇာလေကြောန်း
(မဿဲ ၁၅.၁၀–၂၀)

14 အယ်ဘီးန ယေရှုဟု လူအောက်ဂီးဟို့ သူနားဟို့ ပ့လန်ခေါဘီးဟုာ
“နန်းနို့အားလောင်း ငါ့စကားဟို့ နားထောန်ဘီးဟုာ နားလည်ဂေ့။
15 ပ့လန်ဟုနေ လူထဲဟို့ဝမ်ဘီး လူဟို့ ညစ်ညူးစေနိုင်ဟူဇာ ခုလည်း မ့ေဟု။
လူထဲဟုနေ ထွပ်လာဟူဇာလေဟုဘဲ့ လူဟို့ ညစ်ညူးနိုင်ဟုယ်။”
16 ‡
17 ကိုယ်တော်ဟုာ လူအောက်ဂီးနားဟု ထွပ်ဟုားဘီးဟုာ အီထဲဟို့ ဝမ်ဟုားဟူ ခီမာ
တဗဲတော်လေဟု အယ်ပေါင်ဥပမာကြောန်းဟို့ ကိုယ်တော့်ဟို့ မေးဂေ့ဟုယ်။

‡ **7:16 ဥ.၁၆** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၁၆ ဟို့၊ နန်းနို့မာ နားရှိဟုယ် ဆိုဟုာ ကြားဂေ့! ဆိုဘီး
ထပ်ပေါန်းထဲ့ဟုားဟုယ် (ရှူ ၄.၂၃)။

18 ယေရှုဟု “နန်းနို့လေဟု အယ်မျှလော့-က် သိဉာဏ်နဲရလော” ဆိုဘီး သူးနို့ဟို့
ပြောလေဟုယ်။ “နန်းနို့ နားလည်ဂေ့ ဟုလော။ ပ္ဒလန်ဟုနေ လူထဲဟို့ ဝမ်လာဟူ ဇာဟု
လူဟို့ လောင်းဝ ညစ်ညူးစေနိုင်ဟု၊
19 ဖြားဖြစ်ကြောန်နူးဆိုဟုာ အယ်ဇာလေဟု စိနှလောင်းထဲဟို့ ဝမ်ဇာမူဟု။
စာအီထဲဟို့ ဝမ်ဟုားဘီးန နော့-က်ဖေးအီထဲဟို့ ဆင်းဟုားလေဟုယ်။” (အယ်မျိုး
မိန့်တော်မူဇာဟု စာဂူလောင်းဟုာ သန်ရှင်းဟုယ် ဆိုဘီး ယေရှု ကြေညာလိုက်ဟုယ်။)
20 ကိုယ်တော်ဟု ဆစ်ဘီးဟုာ “လူရဲ့ ထဲဟု ထွပ်လာဇာလေဘဲ့ လူဟို့
ညစ်ညူးစေဟုယ်။
21 ဖြားဖြစ်ကြောန်နူးဆိုဟုာ လူရဲ့ စိနှလောင်းထဲဟုနေ မှားယွင်းဟူ ကြံစည်လေဟု
ထွပ်လာဘီး တရားဘဲဟူ မေထုန်ပြုရှင်း၊ ခိုးရှင်း၊ လူသတ်ရှင်း၊
22 အီထောန်ရေးဖော့-က်ပ္ဒလန်ရှင်း၊ လောဖကီးရှင်း၊ ကောန်းဘဲဟူဇာ
ဘောန်းဇောင်လောက်ရှင်း၊ လှည့်ဇားရှင်း၊ ပျော်ပါးလိုက်စားရှင်း၊ နာလိုရှင်း၊
ကဲ့ရဲ့ပြစ်တန်ရှင်း၊ မာနကီးရှင်း၊ လျှပ်ပေါ်ရှင်း၊
23 အယ်ကောန်းဘဲဟူ ဇာလေ ဂူလောင်းဟုာ လူရဲ့ ထဲဟုနေ ထွပ်လာဘီးဟုာ လူဟို့
ညစ်ညူးစေဟုယ်။”

မီးမဂီးတယော့-က်ရဲ့ ယောင်ကြည်ရှင်းကြောန်း
(မဿဲ ၁၅.၂၁-၂၈)

24 အယ်ဘီးန ယေရှုဟု အယ်နေရာဟုနေ ထွပ်ဟုားဘီးဟုာ တုရုဗြို့တော်န နီးဟူ
ဒေသဟို့ သွားလိုက်ဟုယ်။ ကိုယ်တော်ဟုာ အီတအီထဲဟို့ ဝမ်ဟုားဘီး အယ်နေရာမာ
ကိုယ်တော် ရှိနေဟုယ် ဆိုဇာဟို့ ဖယ်သူဟို့လဲ သိစေရှင်ဟု။ အယ်ဘေမဲ့ ကိုယ်တော်ဟုာ
ပူးဘီးနေနိုင်ဟု။
25 ညစ်ညူးဟူ နတ် ဝမ်ပူးနေဟူ သမီးငယ်ရဲ့ မိဟု ယေရှုကြောန်းဟို့ ကြားဟူ ခီမာ
ကိုယ်တော်နားဟို့ ရှစ်ရှင်း ရော့-က်လာဘီးဟုာ ခေရင်းမာ ဒူးထော့-က်လေဟုယ်။
26 အယ်မီးမဂီးဟုာ ရှုရိဖိနိတ်နယ်သူ လူမျိုးခြောဖြစ်ဟုယ်။ သူရဲ့ သမီးထဲဟု
နတ်ဆိုးဟို့ နှန်ထုဟို့တွပ် ယေရှုဟို့ တောန်းလျှော့-က်ဟုယ်။
27 အယ်ဘေမဲ့ ယေရှုဟု “သားမီးလေဟို့ ရင်ဦးဆောင်းကျွေးခွမ့်ပေးပါ။
သားမီးလေရဲ့ စားဇာဟို့ ယူဘီးဟုာ ခွီးလေဟို့ ပစ်ပေးဇာဟုာ မှန်ဟု” ဆိုဘီး
ပ္ဒလန်ဖြေလေဟုယ်။
28 အယ်မီးမဂီးဟု “သခင်၊ ဗွဲအော့-က်ဟု ခွီးလေဟို့မှ သားမီးလေရဲ့
စားကြွင်းစားကျန်လေဟို့ စားရဂေ့ဟုယ်!” ဆိုဘီး ပ္ဒလန်လျှော့-က်လေဟုယ်။
29 အယ်ကြောန် ယေရှုဟု “အယ်မျိုး ပ္ဒလန်လျှော့-က်ဟူကြောန် အီဟို့
ပ္ဒလန်ဟုားလိုက်။ နတ်ဆိုးဟုာ နန့်သမီးထဲဟုနေ ထွပ်ဟုားဘီ ဆိုဇာဟို့
နန်တွိရလေ့မယ်!” ဆိုဘီး သူဟို့ မိန့်တော်မူလေဟုယ်။

30 အယ်မီးမဂီးဟု အီဟ္ဝိ ပ္ဟလန်ရော့-က်ဟုးဟူ ခီမာ သူ့ရဲ့ သမီးဟာ အိယာထဲမာ
လဲလျောင်းနေဇာဟ္ဝိ တွိရဇာဟ သူနားဟ နတ်ဆိုး ထွပ်ဟုးပီးဘီ ဆိုဇာဟ္ဝိ
သိရလေဟုယ်။

ယေရှုဟ ဆွံ့အနားပန်းနေဇာဟ္ဝိ ပျော့-က်စေကြောန်း

31 အယ်ဘီးန ယေရှုဟာ တုရုဗြို့တော်ရဲ့ နီးနားဝန်းကျင်ဟ ထွပ်ဟုးဘီး
ဇီဒုန်ဗြို့တော်ဟ္ဝိ ဖြတ်ဘီး ဒေကာပေါလိနယ် ဟ့တဆင့် ဂါလိလဲအိုင်ဟ္ဝိ
ဆစ်သွားလိုက်ဟုယ်။

32 လူတချို့ဟ ဆွံ့အနားပန်းနေဟူ လူတယော့-က်ဟ္ဝိ ကိုယ်တော်နားဟ္ဝိ
ခေါ်လာဟုယ်။ အယ်ဘီးဟာ သူးနို့ဟ သူ့ထတ်မာ လတ်တန်ပေးဟ္ဝိတွပ် ယေရှုဟ္ဝိ
တောန်းဗန်လေဟုယ်။

33 အယ်ကြောန့် ယေရှုဟ သူ့တယော့-က်ထဲဟ္ဝိဘဲ့ လူအောက်ဂီးထဲဟ့နေ
ခေါ်ဟုးဘီးဟာ အယ်လူရဲ့ နားလေထဲဟ္ဝိ လတ်ညှိုးဟ္ဝိ ထိုးသွမ်းလိုက်ဘီး၊ ထွီးရယ်န
ထွီးဘီး အယ်လူရဲ့ လျှာဟ္ဝိ တို့လိုက်ဟုယ်။

34 အယ်ဘီးန ယေရှုဟာ ကောန်းဂန်ဟ္ဝိ မျှော်ကွေ့ဘီး သတ်ပြင်းခုလဘီးဟာ "ဧဖေသ"
ဆိုဘီး အယ်လူဟ္ဝိ မိန့်တော်မူလေဟုယ်။ အယ်ဓိပါယ်ဟ "ပွမ့်စေ!" ဆိုဘီး ဖြစ်ဟုယ်။

35 ရှစ်ရှင်းဘဲ့ အယ်လူရဲ့ နားဟ ပွပ်လာဘီးဟာ ခယ်ဟုးဇာခံရဟူ သူ့လျှာလေဟ
လွတ်ဟုးဘီး ပီးပီသသဟုး စကားပြောနိုင်ဟုးဟုယ်။

36 ယေရှုဟ အယ်မျိုး ဖြစ်ပျစ်ကြောန်းဟ္ဝိ ဖယ်သူ့ဟ္ဝိလည်း ပြောဘဲဟ္ဝိတွပ်
လူလေဟ္ဝိ တားလိုက်ဟုယ်။ အယ်ဘေမဲ့ ယေရှုဟ တားလေလေ သူးနို့လေဟ
အယ်ကြောန်းဟ္ဝိ ပိုဘီး ဟာ ဟောပြောနေဂေ့ဟုယ်။

37 အယ်မျိုး ဖြစ်ပျစ်ကြောန်းဟ္ဝိ ကြားရဟူလူလေဟ ရရာတိုင်း ဒဲ့ဩဂေ့ဟုယ်။
"ကိုယ်တော်ဟာ ရှိမျှဂူလောင်းဟ္ဝိ လျောက်ပတ်အောန် လောက်ဟုယ်! နားပန်းဟူ
လူလေဟ္ဝိ နားကြားစေဟုယ်။ ဆွံ့အနေဟူ လူလေဟ္ဝိလည်း စကားပြောစေဟုယ်!"
ဆိုဘီး တဒဲ့တဩြ ပြောဂေ့ဟုယ်။

8

ယေရှုဟာ လူ ၄,၀၀၀ ဟ္ဝိ စားဇာကျွေးဟူကြောန်း
(မဿဲ ၁၅.၃၂-၃၉)

1 ကြာခန်မာဘဲ့ နော့-က်ထပ် ရရာတိုင်းများဟူ လူအောက်ဂီးဟာ စုလာဂေ့ဟုယ်။
သူးနို့လေမာ စားဟ္ဝိ ဖြားလည်းမှေ့ဘဲဟူကြောန့် ယေရှုဟ တဗဲ့တော်လေဟ္ဝိ
သူနားဟ္ဝိခေါ်ဘီး ပြောလိုက်ဇာဟ့၊

2 "အယ်လူလေဟ္ဝိ ငါသနားဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ သူးနို့ဟ ငါ့နတူးဒူ
သောင်းရစ်လောင်းလောင်း ရှိနေဂေ့ဘီး ခုစားဟ္ဝိ ဖြားလည်းမှေ့ဘီ။

3 သူးနို့ထဲဟ တချို့ဟာ ဝီးဟ့နေလာရဟူကြောန့် သူးနို့ဟ္ဝိ ငါဟ ကျွေးဘဲ့န
အီပ့လန်ခိုင်းမယ် ဆိုဟာ သူးနို့လေဟ လမ်းမာ အားပြတ်ဂူလေ့မယ်။"

4 တဗဲတော်လေဟု “လူမျှေဘဲဟူ နေရာမာ ဖယ်သူဟု အယ်လူလေ ဂူလောင်းဟို
လော့-က်အောန်ကျွေးဟို့ မုဟို ဖယ်ဟု ရနိုင်ဟို့နူး” ဆိုဘီး ယေရှုဟို
ပ့လန်လျှော့-က်ဂေ့ဟုယ်။
5 ယေရှုဟု “နန်းနို့မာ မုဖယ်မျှလော့-က်ရှိနူး” ဆိုဘီး မေးလေဟုယ်။
တဗဲတော်လေဟု “မုခွန်နစ်လောင်းရှိဟုယ်” ဆိုဘီး ပ့လန်လျှော့-က်လေဟုယ်။
6 ကိုယ်တော်ဟု လူအောက်ဂီးဟို့ မ့်လေမာ ထိုင်ခိုင်းလိုက်ဟုယ်။ အယ်ဘီးန
မုခွန်နစ်လောင်းဟို့ ယူဘီးဟု ဘုရားသခင်ဟို့ ကျေးဇူးတော် ချီးမွမ်းလိုက်ဘီး၊
မုလေဟို့ ဖဲ့လေဟုယ်။ အယ်ဘီးမှ လူအောက်ဂီးဟို့ ဝီပေးဟို့တွပ် တဗဲတော်လေဟို့
ပေးလိုက်ဘီး၊ တဗဲတော်လေဟု လူအောက်ဂီးဟို့ ဝီပေးလေဟုယ်။
7 သူးနို့မာလည်း ငါးဂန်းဟုားလေ နဲနဲရှိလေဟုယ်။ ယေရှုဟု အယ်ဇာလေတွပ်
ကျေးဇူးတော် ချီးမွမ်းဘီးန ငါးလေဟို့လည်း ဝီပေးဟို့တွပ် တဗဲတော်လေဟို့
ပြောလေဟုယ်။
8 လူတိုင်းဟုာ ဗိုက်ပ့လဲ့အောန်စားရဂေ့ဇာဟု။ အယ်ဘီးန တဗဲတော်လေဟုာ
စားဘီးကျန်နေဟူ ကုလိုးပဲ့လေဟို့ ပ့လန်ကော့-က်သီးဟူ ခီမာ
ခွန်နစ်တောန်းပ့လဲ့ရဟုယ်။
9 လူ ၄,၀၀၀ လော့-က် ရှိဟုယ်။ ယေရှုဟု လူလေဟို့ ပ့လန်လွတ်လိုက်ဘီး၊
10 ရှစ်ရှင်းဘဲ့ တဗဲတော်လေနတူးဒူ လေ့ထတ်ဟို့ တတ်ဟုားဘီး ဒါလမနုသဒေသဟို့
ကြွဟုားလေဟုယ်။

ဖာရိရှဲလေဟု နိမိတ်လတ်ခဏာ တောန်းဂေ့ဟူကြောန်း
(မဿဲ ၁၆.၁-၄)

11 တချို့ ဖာရိရှဲလေဟုာ ယေရှုနားဟို့ ရော့-က်လာဘီး ကိုယ်တော်န စဘီးဟုာ
ဂြင်းခူဂေ့ဟုယ်။ သူးနို့ဟု ကိုယ်တော့်ဟို့ စမ်းသပ်ရှင်ဂေ့ဟူကြောန့် ကောန်းဂန်ဘောင်ဟု
နိမိတ်လတ်ခဏာတခုဟို့ လောက်ပြဟို့ ကိုယ်တော့်ဟို့ တောန်းဆိုဂေ့ဟုယ်။
12 အယ်ဘေမဲ့ ယေရှုဟု သူ့ရဲ့စိထဲမာ သတ်ပြင်းခ့လဘီးဟုာ “အယ်ခေတ်လူလေဟု
ဖြားဖြစ်ကြောန့် နိမိတ်လတ်ခဏာဟို့ တောန်းဂေ့နူး။ နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်!
အယ်လူလေဟို့ ဖြားသတ်သေလည်း ပေးလေ့မယ် မူဟု!” ဆိုဘီး မိန့်တော်မူလေဟုယ်။
13 ကိုယ်တော်ဟုာ သူးနို့ဟို့ ထားရစ်ဘီး လေ့ထတ်ဟို့ ပ့လန်တတ်ဘီးဟုာ
အိုင်ရဲ့ဟို့ဖတ်ကမ်းဟို့ စဘီးဟုာ ကူးလေဟုယ်။

ဖာရိရှဲလေန ဟေရုဒ်ရဲ့တဆေးကြောန်း
(မဿဲ ၁၆.၅-၁၂)

14 တဗဲတော်လေဟုာ မုယူလာဟို့ မေ့ဟုားဟူကြောန့် လေ့ထတ်မာ သူးနို့တွပ်
မုတလောင်းဘဲ့ရှိဟုယ်။

8:11 **ဂ.၁၁** မ ၁၂.၃၈; လု ၁၁.၁၆ **8:12** **ဂ.၁၂** မ ၁၂.၃၉; လု ၁၁.၂၉

15 ယေရှုဟု “ဖာရိရှဲလေရဲ့ တဆေးန ဟေရုဒ်ရဲ့ တဆေးဟို့ ဒိထားဂေ့” ဆိုဘီး
သူးနို့ဟို့ ဒိပေးလေဟုယ်။
16 တဗဲတော်လေဟု သူးနို့ရှင်းရှင်းထဲမာ စဘီးဟှာ ဆွေးနွေးနေဇာဟု “ကိုယ်တော်ဟှာ
အယ်မျိုးပြောဇာဟု နို့လေမာ ဖြားမုလည်း ပါလာဘဲ့ကြောန့်ဖြစ်ဟုယ်။”
17 သူးနို့လေပြောနေဇာဟို့ ယေရှုဟှာ သိနေလေဟုယ်။ အယ်ကြောန့် ကိုယ်တော်ဟှ
“ဖြားမုလည်း မွေ့ဘဲဟူကြောန်းဟို့ နန်းနို့လေ ဖြားဖြစ်ကြောန့် ဆွေးနွေးနေဂေ့နူး။
နန်းနို့လေဟှာ ခုထိ နားလည်ဂေ့သေးဟှလော။ နန်းနို့ သိဂေ့သေးဟှလော။ နန်းနို့ရဲ့
စိနှလောင်းလေဟှ မာကျောနေဟုယ်လော။
18 နန်းနို့မာမျစ်စိရှိဟုယ် နန်းနို့ ဗြင်ဂေ့ဟှလော။ နန်းနို့မာနားရှိဟုယ် ဆိုဟှာ နန်းနို့
ကြားဂေ့ဟှလော။
19 ငါဟှ လူ ၅,၀၀၀ ဟို့ ကျွေးဟို့တွပ် မုငါးလောင်းဟို့ ငါခ့လိုးဖဲ့ဟူခီဟို့ နန်းနို့
ဒိရဂေ့ဟှလော။ စားဘီးကျန်နေဟူ ကှလိုးပဲ့လေဟို့ ပှလန်ကော့-က်ဇာဟှ ဖယ်မျှရနူး”
ဆိုဘီးဟှာ မေးလေဟုယ်။
တဗဲတော်လေဟု “ဆယ့်နှေ့တောန်းရပါဟုယ်” ဆိုဘီး ပှလန်ဖြေလေဟုယ်။
20 ယေရှုဟှ “အယ်ဘီးဟှာ ငါဟှာ လူ ၄,၀၀၀ တွပ် မုခွန်နစ်လောင်းဟို့ ဖဲ့ဟူ ခီမာ
စားဘီးကျန်နေဟူ ကှလိုးပဲ့လေဟို့ ဖယ်မျှတောန်းပှလဲ့ နန်းနို့လေ
ပှလန်ကော့-က်ရဂေ့နူး” ဆိုဘီး မေးလေဟုယ်။
တဗဲတော်လေဟု “ခွန်နစ်တောန်းရပါဟုယ်” ဆိုဘီး ပှလန်ဖြေလေဟုယ်။
21 ကိုယ်တော်ဟှ “အယ်ဆိုဟှာ နန်းနို့ နားလည်ဂေ့သေးဟှလော” ဆိုဘီး သူးနို့ဟို့
မေးလေဟုယ်။

ယေရှုဟှာ ဗက်ဇဲဒဝါမာ မျစ်ကန်းတယော့-က်ဟို့ ဗြင်စေဟူကြောန်း

22 သူးနို့လေဟှာ ဗက်ဇဲဒဝါဟို့ ရော့-က်လာဂေ့ဟုယ်။ အယ်နေရာမာ လူတချို့ဟှ
မျစ်ကန်းတယော့-က်ဟို့ ယေရှုနားဟို့ ခေါ်လာဘီးဟှာ အယ်လူဟို့ တို့ထိဟို့တွပ်
တောန်းဗန်ဂေ့ဟုယ်။
23 ယေရှုဟှ မျစ်ကန်းဟို့ လတ်ဆွဲဘီးဟှာ ဝါပှလန်ဟို့ ခေါ်ဟှားလိုက်ဟုယ်။
အယ်လူရဲ့ မျစ်စိဟို့ ထွီးရယ်နထွီးဘီးန ယေရှုဟှာ သူ့ထတ်မာ လတ်လေဟို့
တန်လိုက်ဘီးဟှာ “နန် တခုခုဟို့ ဗြင်ရဘဲ့လော” ဆိုဘီး မေးလေဟုယ်။
24 အယ်လူဟှ မော့ကေ့လိုက်ဘီး “ကျွန်တော်ဟှာ လူလေဟို့ ဗြင်ရဟုယ်။ အယ်ဘေမဲ့
သူးနို့လေဟှ သစ်ပန်လေမျိုး လမ်းရှော့-က်နေဂေ့ဟုယ်” ဆိုဘီး ပြောလေဟုယ်။
25 ယေရှုဟှာ အယ်လူရဲ့ မျစ်စိထတ်မာ လတ်လေဟို့ ပှလန်ဘီး တန်လိုက်ဟုယ်။
အယ်ခီမာ အယ်လူဟှာ အားစိုက်ဘီး ကေ့လိုက်ဇာ သူ့ရဲ့ မျစ်စိလန်းရောန်
ပှလန်ရဟှားဘီး သူဟှာ ဂူလောင်းဟို့ ရှင်းရှင်းလန်းလန်းဟှား ဗြင်ဟှားဟုယ်။
26 ယေရှုဟှ သူ့ဟို့ “ဝါထဲဟို့ ပှလန်ဝမ်န” ဆိုဘီးဟှာ မိန့်ပေးဘီး အီဟို့
ပှလန်ခိုင်းလိုက်လေဟုယ်။

8:15 ဈ.၁၅ လု ၁၂.၁ **8:18 ဈ.၁၈** မာ ၄.၁၂

ယေရှုကြောင်းဟို့ ပေတရုရဲ့ ကြေညာရှင်းကြောင်း
(မဿဲ ၁၆.၁၃-၂၀; လုကာ ၉.၁၈-၂၁)

27 အယ်ဘီးန ယေရှုန တဗဲတော်လေဟ့ ကဲသရိဖိလိပ့ပုနားဟ့ ကျေးဝါလေဟို့
သွားဂေ့ဟ့ယ်။ လမ်းခရီးမာ ကိုယ်တော်ဟ့ "လူလေဟ့ ငါ့ဟို့ ဖယ်သူဖြစ်ဟ့ယ် ဆိုဘီး
ပြောနေဂေ့နူး" ဆိုဘီးဟ့ သူးနို့ဟို့ မေးလေဟ့ယ်။
28 "တချို့ဟ့ ဗတ့တိဇံယောဟန် ဖြစ်ဟ့ယ်။ တချို့ဟ့ ဧလိယ ဖြစ်ဟ့ယ်။ တချို့ဟ့
ပရောဖက်တပါး ဖြစ်ဟ့ယ်။ ဆိုဘီး ပြောနေဂေ့ဟ့ယ်" ဆိုဘီး သူးနို့ဟ့
ပ့လန်လျှော့-က်လေဟ့ယ်။
29 "နန်းနို့လေဟ့မား ငါ့ဟို့ ဖယ်သူဖြစ်ဟ့ယ် ဆိုဘီး ထန်ဂေ့နူး" ဆိုဘီး ကိုယ်တော်ဟ့
သူးနို့လေဟို့ မေးလိုက်ဟ့ယ်။
ပေတရုဟ့ "ကိုယ်တော်ဟ့ ခရစ်တော် ဖြစ်ဟ့ယ်" ဆိုဘီး ပ့လန်လျှော့-က်လေဟ့ယ်။
30 ယေရှုဟ့ "ငါ့ကြောန်းဟို့ ဖယ်သူဟို့လည်း ပြောဂေ့န" ဆိုဘီး သူးနို့လေဟို့
မိန့်ပေးလေဟ့ယ်။

ယေရှုဟ့ မိမိရဲ့ဝေဒနာခံဇာန သေခံဇာဟို့ ပြောဟ့ကြောန်း
(မဿဲ ၁၆.၂၁-၂၈; လုကာ ၉.၂၂-၂၇)

31 အယ်ဘီးန ယေရှုဟ့ "လူရဲ့သားဟ့ ဝေဒနာဘောင်ဂီး ခံရဘီး သတ်ကီးဝါဂီးလေ၊
ယဇ်ပုရောဟိတ်ဂီးလေ၊ ကျမ်းတတ်ဆရာလေအားဖြင့် ငြင်းပယ်ခံရမယ်။ သူဟ့
သတ်ခံရမယ်၊ အယ်ဘေမဲ့ သောင်းရစ်ကြာဘီးန သူဟ့ ပ့လန်ထမြော့-က်လေ့မယ်"
ဆိုဘီး တဗဲတော်လေဟို့ စဘီး သွန်သန်လေဟ့ယ်။
32 ကိုယ်တော်ဟ့ အယ်ကြောန်းဟို့ ပွမ့်ပွမ့်လန်းလန်းဟ့ား ပြောလိုက်ဟ့ယ်။
အယ်ကြောန့် ပေတရုဟ့ ကိုယ်တော့်ဟို့ ဘေးနားဟို့ ခေါ်ဘီးဟ့ စဘီး
ပြစ်တန်လေဟ့ယ်။
33 အယ်ဘေမဲ့ ယေရှုဟ့ ပ့လန်လှည့်ဘီး တဗဲတော်လေဟို့ ကေ့ဘီးဟ့ ပေတရုဟို့
ဆောင်းမလေဟ့ယ်။ "စာတန်၊ ငါ့နားဟ့နေ ထွပ်ဟ့ား။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ နန်ဟ့
ဘုရားသခင်န ဆိုင်ဟ့ူဇာလေဟို့ စိစွဲလန်းဘဲန လူလေန ဆိုင်ဟ့ူ ဇာလေဟို့ဘဲ
စွဲလန်းဟ့ယ်!" ဆိုဘီး ပြောလေဟ့ယ်။
34 အယ်ဘီးန ယေရှုဟ့ လူအောက်ဂီးန တဗဲတော်လေဟို့ သူနားဟို့ ခေါ်လေဟ့ယ်။
ကိုယ်တော်ဟ့ "ဖယ်လူဘဲ့ဖြစ်ဖြစ် ငါ့နော့-က်ဟို့ လိုက်ရှင်ဟ့ယ် ဆိုဟ့
ကိုယ့်ကိုယ်ကိုယ် ငြင်းပယ်ရမယ် အယ်ဘီးဟ့ ကိုယ့်ရဲ့ လတ်ဝါးကပ်တိုင်ဟို့ ထမ်းဘီး
ငါ့နော့-က်ဟို့ လိုက်ရမယ်။
35 ဖြားဖြစ်ကြောန်နူးဆိုဟ့ ကိုယ့်သတ်ဟို့ ကယ်ရှင်ဟ့ူ လူဟ့
သတ်ဆောင်းရှောင်းလေ့မယ်။ အယ်ဘေမဲ့ ငါ့တွပ်န ဒန်းကောန်းတွပ်
သတ်ဆောင်းရှောင်းရဟ့ူ လူဟ့ ကိုယ့်သတ်ဟို့ ကယ်ဆယ်လေ့မယ်။

8:28 ဂ.၂၈ မာ ၆.၁၄,၁၅; လု ၉.၇,၈ **8:29 ဂ.၂၉** ယော ၆.၆၈,၆၉ **8:34 ဂ.၃၄** မ ၁၀.၃၈; လု ၁၄.၂၇ **8:35 ဂ.၃၅** မ ၁၀.၃၉; လု ၁၇.၃၃; ယော ၁၂.၂၅

36 လူတယော့-က်ဟှာ လောက တခုလောင်းဟို့ ရဘေမဲ့ သူ့ရဲ့ သတ်ဝိညာဉ်
ဆောင်းရှောင်းဟှားမယ် ဆိုဟှာ ဖြားကျိုးရှိမယ်နူး။ ဖြားကျိုးလည်း မ့ေဟှ!
37 လူတယော့-က်ဟှာ သူ့ရဲ့ သတ်ဝိညာဉ်ဟို့ ပ့လန်ဝီးဟို့တွပ် ဖြားဇာပေးနိုင်ဟို့နူး။
38 ဖော့-က်ပ့လန်ဘီး ပြစ်န ပ့လဲ့နေဟူ အယ်မျိုးဆစ်မာ ဖယ်သူမဆို ငါ့န
ငါ့စကားလေဟို့ ယှစ်ကြော့-က်မယ် ဆိုဟှာ၊ လူ့ရဲ့သားဟှာ သူ့ဖရဲ့ ဖောင်းတာ်ဟို့
ဆောန်ဘီး သန်ရှင်းဟူ ကောန်းဂန်တမန်လေနတူးဒူ လာဟူ ခီမာ အယ်လူဟှာ
ယှစ်ကြော့-က်ခံရလေ့မယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။

9

1 အယ်ဘီးဟှာ ကိုယ်တော်ဟှ “ငါ မှန်တိုင်းပြောမယ်၊ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှ
တဂိုးန တည်ဟှယ် ဆိုဇာဟို့ ဖြင်ရဘဲ့န အယ်နေရာမာ ရှိနေဟူ လူတချို့ဟှာ သေရဟို့
မူဟှ” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။

သဏ္ဌာန်ပ့လောန်းလဲဟူကြောန်း
(မဿဲ ၁၇.၁–၁၃; လုကာ ၉.၂၈–၃၆)

2 ခြော့-က်ရစ်ကြာဘီးန ယေရှုဟှာ ပေတရု၊ ယာကုပ်၊ ယောဟန်လေဟို့ သူနတူးဒူ
ခေါ်ဟှားဘီး ဖြင့်ဟူတောန်ထတ်ဟို့ တတ်ဟှားဟှယ်။ အယ်နေရာမာ သူးနို့်လေဘဲ့
ရှိလေဟှယ်။ အယ်ခီမာ သူးနို့ရှေ့မာ ယေရှုဟှာ သဏ္ဌာန်ပ့လောန်းလဲဟှားဟှယ်။
3 အယ်ဘီးဟှာ ကိုယ်တော်ရဲ့ ဝတ်ဟှ ဖ့လူဆွတ်ဆွတ် ဖြစ်လာဟှယ် ကမ္ဘာမာ
ဖယ်လူလည်း လျော်ဟို့ တတ်နိုင်ဘဲအောန် ရရာတိုင်း ဖ့လူဟှယ်။
4 အယ်ဘီးဟှာ တဗဲ့တော်သောင်းပါးရှေ့မာ ဧလိယန မောရှေဟှ ပေါ်လာဘီး ယေရှုန
စကားပြောနေဂေ့ဟှယ်။
5 ပေတရုဟှ “ဆရာ၊ အယ်နေရာမာ ကျွန်တော့်ဟှားလေ ရှိနေဇာ ရရာတိုင်း
ကောန်းဟှယ်! ကိုယ်တော်တွပ် တဆောန်၊ မောရှေတွပ် တဆောန်၊ ဧလိယတွပ်
တဆောန်၊ တဲသောင်းဆောန်ဟို့ ကျွန်တော့်ဟှားလေ ဆော့-က်ပေးမယ်” ဆိုဘီး
ယေရှုဟို့ ပြောလေဟှယ်။
6 သူးနို့ဟှာ ရရာတိုင်း ကြော့-က်လန့်နေဂေ့ဘီး၊ သူဟှာ ဖယ်မျိုးပြောရဟို့ ဆိုဇာ
သိဟှ။

7 အယ်ဘီးန မိုးတီတခုဟှ ပေါ်လာဘီးဟှာ သူးနို့လေဟို့ အောက်ခ့လလိုက်ဟှယ်
“အယ်သူဟှ ငါ့ရဲ့ ရှစ်သား ဖြစ်ဟှယ်။ သူ့စကားဟို့ နားထောန်ဂေ့!” ဆိုဘီး
မိုးတီထဲဟှနေ သံတော်ဟှ ထွပ်လာဟှယ်။
8 ရှစ်ရှင်းဘဲ့ သူးနို့လေဟှာ ပတ်စိမ့်ဘီး ကေ့လိုက်ဟှယ် အယ်ဘေမဲ့ ယေရှုတပါးဘဲ့
သူးနို့နတူးဒူ ရှိနေဘီး တခြားဖယ်သူလည်း တွိရဂေ့ဟှမ်း။

9:2 ဧ.၂-၃ ၂ ပေ ၁.၁၇,၁၈ **9:7** ဧ.၃ မ ၃.၁၇; မာ ၁.၁၁; လု ၃.၂၂

9 သူးနို့လေဟ့ တောန်ထတ်ဟ့နေ ဆင်းလာဂေ့ဟ့ူ ခီမာ ယေရှုဟ့ “လူရဲ့သားဟ့
သေရာဟ့နေ ထမြော့-က်ခန်ထိ နန်းနို့ဖြင်ဟ့ားဇာဟ့ို ဖယ်သူ့ဟ့ိုလည်း ပြောဂေ့နေ”
ဆိုဘီး သူးနို့ဟ့ို မိန့်မှာလေဟ့ယ်။
10 သူးနို့လေဟ့ ကိုယ်တော်ရဲ့ မိန့်ဟ့ို နာခံဂေ့ဟ့ယ် အယ်ဘေမဲ့လည်း “‘သေရာဟ့နေ
ထမြော့-က်ဟ့ယ်’ ဆိုဇာဟ့ ဖြားခိပါယ်မျိုးနူး” ဆိုဘီး အယ်ကြောန်းဟ့ို
သူးနို့ရှင်းရှင်းထဲမာ စဘီး ဆွေးနွေးနေဂေ့ဟ့ယ်။
11 အယ်ဘီးဟ့ာ သူးနို့ဟ့ ယေရှုဟ့ို “ဧလိယဟ့ာ ရင်ဦးဆောင်း လာမယ် ဆိုဘီး
ကျမ်းတတ်ဆရာလေဟ့ ဖြားဖြစ်ကြောန့် ပြောဂေ့နူး” ဆိုဘီး မေးဂေ့ဟ့ယ်။
12 ယေရှုဟ့ “ဧလိယဟ့ာ ရင်ဦးဆောင်း လာဘီး ဂူလောင်းဟ့ို သစ်ပ့လန်လောက်မယ်
ဆိုဇာဟ့ာ မှန်ဟ့ယ်။ အယ်ဘေမဲ့ လူရဲ့သားဟ့ ဝေဒနာဘောင်ဂီး ခံဘီးဟ့ာ
ငြင်းပယ်ခံရမယ် ဆိုဘီး ကျမ်းစာမာ ဖြားဖြစ်ကြောန့် ရေးဟ့ားနူး။
13 အယ်ဘေမဲ့လည်း နန်းနို့ဟ့ို ငါပြောမယ်။ ဧလိယဟ့ာ ရော့-က်လာပီးဘီ။
သူ့ကြောန်းဟ့ို ကျမ်းစာမာ ရေးဟ့ားတိုင်း လူလေဟ့ သူးနို့လောက်ရှင်ဟ့ူတိုင်း သူ့ဟ့ို
လောက်ဂေ့ဟ့ယ်” ဆိုဘီး ပ့လန်ဖြေလေဟ့ယ်။

ယေရှုဟ့ာ ညစ်ညူးဟ့ူ နတ်ရှိနေဟ့ူ ကောန်းသားတယော့-က်ဟ့ို ကျန်းမာစေဟ့ူကြောန်း (မဿဲ ၁၇.၁၄-၂၁: လုကာ ၉.၃၇-၄၃က)

14 သူးနို့ဟ့ာ တခြားတမဲ့တော်လေနားဟ့ို ရော့-က်လာဟ့ူ ခီမာ ရရာတိုင်း ကီးမားဟ့ူ
လူအောက်ဂီးဟ့ာ သူးနို့လေဟ့ို ဝိုင်းရံဟ့ားဘီး ကျမ်းတတ်ဆရာ တချို့ဟ့ာ သူးနို့န
ငြင်းခုနေဇာဟ့ို ဖြင်ဟ့ားလေဟ့ယ်။
15 ရှစ်ရှင်းဘဲ့ လူလေဟ့ ယေရှုဟ့ို ဖြင်ဟ့ူ ခီမာ သူးနို့ဟ့ာ ရရာတိုင်း အံ့သြဂေ့ဘီးဟ့ာ
ကိုယ်တော်နားဟ့ို ပ့လေးလာဘီး နှောက်ဆစ်ဂေ့ဟ့ယ်။
16 ယေရှုဟ့ တမဲ့တော်လေဟ့ို “နန်းနို့လေဟ့ာ သူးနို့လေန ဖြားကြောန်းရာဟ့ို
ငြင်းခုနေဂေ့နူး” ဆိုဘီး မေးလေဟ့ယ်။
17 လူအောက်ဂီးထဲဟ့နေ တယော့-က်ဟ့ “ဆရာ၊ ညစ်ညူးဟ့ူနတ်
ဝမ်ပူးနေဟ့ူကြောန့် စကားပြောနိုင်ဘဲဟ့ူ ကျွန်တော့်သားဟ့ို ဆရာ့နားဟ့ို ခေါ်လာဟ့ယ်။
18 နတ်ဆိုးဟ့ာ သူ့ဟ့ို ဖမ်းစားဟ့ူခီတိုင်း သူ့ဟ့ို မ့လေဂီးမာ လဲခ့လဲတတ်ဘီး၊
ဇပ်ပေါ့-က်ဟ့ ဖြုပ်ထွပ်ဘီး၊ အံသွားလေ ကၠဲလိတတ်ဟ့ယ်။ အယ်ဘီးန တော့-က်မာ
လာဟ့ယ်။ ကျွန်တော်ဟ့ာ ကိုယ်တော်ရဲ့ တမဲ့တော်လေဟ့ို အယ်နတ်ဆိုးဟ့ို နှန်ထုဟ့ို
ပြောဟ့ယ် အယ်ဘေမဲ့ သူးနို့လေဟ့ တတ်နိုင်ဂေ့ဟ့” ဆိုဘီး ပ့လန်ဖြေလေဟ့ယ်။
19 ယေရှုဟ့ “နန်းနို့ဟ့ာ လောင်းဝ ယောင်ကြည်ဘဲဟ့ူ လူလေ ဖြစ်ဟ့ယ်! ငါဟ့ာ
ဖယ်လော့-က်ကြာအောန် နန်းနို့နတူးဒူ နေရဟ့ို့နူး။ ဖယ်မျှလော့-က်ကြာအောန် နန်းနို့ဟ့ို
သီးခံရဟ့ို့နူး။ ကောန်းသားဟ့ားဟ့ို ငါ့နားဟ့ို ခေါ်လာဂေ့!” ဆိုဘီး သူးနို့ဟ့ို
ပြောလေဟ့ယ်။
20 အယ်ကြောန့် သူးနို့လေဟ့ သူ့ဟ့ို ယေရှုနားဟ့ို ခေါ်ဟ့ားဂေ့ဟ့ယ်။

9:11 ဧ.၁၁ မ ၁၁.၁၄

နတ်ဆိုးဟှာ ယေရှုဟို့ ဗြင်ဟူ ခီမာ ရှစ်ရှင်းဘဲ့ ကောန်းသားဟှားဟို့ လဲခ့လဘီး တူတတ်စေဟှယ်။ အယ်ကြောန့် သူဟှာ မ့္လေမာ လဲခ့လဘီး လူးလိနေဘီးဟှာ ဇပ်ပေါ့-က်ဟှ ဖြုပ်လေ ထွပ်နေလေဟှယ်။

21 ယေရှုဟှ "အယ်မျိုးဖြစ်နေဇာ ကြာဘီလော" ဆိုဘီး ကောန်သားရဲ့ ဖဟို့ မေးလေဟှယ်။

သူဟှ "သားဂန်းဟှား ဂဒဲဟှ ဖြစ်နေဟှယ်။"

22 "သူ့ဟို့ မီးထဲမာရော၊ ရေထဲမာရော လဲက့လစေဘီးဟှာ သတ်ဟို့ ခါဘီးခါ ကြိုးစားဟှယ်။ အယ်ဘေမဲ့ ကိုယ်တော်ဟှာ တခုခု တတ်နိုင်မယ် ဆိုဟှာ ကျွန်တော့်ဟို့ သနားဘီးဟှာ ကူညီပေးပါ!" ဆိုဘီး ပ့လန်ဖြေလေဟှယ်။

23 ယေရှုဟှ "နန်ကိုယ်တိုင်လည်း တတ်နိုင်ဟှယ် မှုဟှလော။ ယောင်ကြည်ရှင်းရှိဟှ လူတယော့-က်တွပ် ဂူလောင်း ဖြစ်နိုင်ဟှယ်" ဆိုဘီး မိန့်တော်မူလေဟှယ်။

24 ရှစ်ရှင်းဘဲ့ ကောန်သားဟှားရဲ့ ဖဟှ "ကျွန်တော် တကယ် ယောင်ကြည်ပါဟှယ်။ ကျွန်တော်ဟှာ ယောင်ကြည်ဘဲကြောန့် ကျွန်တော့်ဟို့ မစပေးပါ!" ဆိုဘီး အော်ဘီးပြောလေဟှယ်။

25 လူအောက်ဂီးဟှာ သူးနို့ရှိဟှ နေရာဟို့ ပ့လေးလာဂေ့ဇာဟို့ ယေရှု ဗြင်ဟှားဟှယ်။ အယ်ကြောန့် ကိုယ်တော်ဟှ ညစ်ညူးဟှ နတ်ဟို့ မိန့်ပေးလိုက်ဟှယ်။ "ဆွံ့အဘီး နှားပန်းဟှ နတ် ကောန်သားထဲဟှနေ ထွပ်ဟှားဘီး နော့-က်ထပ် သူ့ထဲဟို့ လောင်းဝ ဝမ်န ငါမိန့်ပေးဟှယ်!" ဆိုဘီး ပြောလေဟှယ်။

26 နတ်ဆိုးဟှ အော်ဘီးဟှာ ကောန်သားဟို့ ရရာတိုင်း တူတတ်ခိုင်းဘီးန ထွပ်ဟှားလေဟှယ်။ ကောန်သားဟှ သေကောန်မျိုး ဖြစ်ဟှားကြောန့် "သူသေဟှားဘီ!" ဆိုဘီး လူတိုင်းပြောဂေ့ဟှယ်။

27 အယ်ဘေမဲ့ ယေရှုဟှ ကောန်သားရဲ့ လတ်ဟို့ ကိုင်ဘီး ထဒန်ဟို့ ဆွဲဒန်လိုက်ဟှ ခီမာ သူဟှာ ထလာဟှယ်။

28 ယေရှုဟှ အီထဲဟို့ ဝမ်ဟှားဘီးန တဗဲတော်လေဟှ "ကျွန်တော့်ဟှားလေဟှ ဖြားဖြစ်ကြောန့် အယ်နတ်ဆိုးဟို့ နှန်ထုနိုင်ဟှနူး" ဆိုဘီး ကိုယ်တော့်ဟို့ တိတိဟှား မေးဂေ့ဟှယ်။

29 ယေရှုဟှ "အယ်နတ်မျိုးဟို့ ဆုတောန်းဇာအားဖြင့်ဘဲ့ နှန်ထုနိုင်ဟှယ်" ဆိုဘီး ပ့လန်ဖြေလေဟှယ်။

ယေရှုဟှာ သေခံမယ့်ကြောန်းဟို့ ထပ်ဘီးပြောဟှကြောန်း
(မဿဲ ၁၇.၂၂,၂၃; လုကာ ၉.၄၃ခ-၄၅)

30 ယေရှုန တဗဲတော်လေဟှ အယ်နေရာဟှနေ ထွပ်ဟှားဘီး ဂါလိလဲနယ်ဟို့ ဖြတ်ဘီး ဆစ်သွားလေဟှယ်။ သူးနို့လေ အယ်နေရာမာ ရှိနေဟှယ် ဆိုဇာဟို့ ယေရှုဟှ ဖယ်သူ့ဟို့လည်း သိခိုင်းရှင်ဟှ၊

31 ဖြားဖြစ်ကြောင်နှူးဆိုဟှာ ကိုယ်တော်ဟှာ သူ့ရဲ့ တဗဲ့တော်လေဟှိ “လူ့ရဲ့သားဟှာ
သူ့ဟှိ သတ်မယ့်လူလေရဲ့ လတ်ထဲဟှိ အပ်ခံရလေ့မယ်။ အယ်ဘေမဲ့လည်း
သောင်းရစ်ကြာဘီးန သူဟှာ ထမြောက်လေ့မယ်” ဆိုဘီး သွန်သန်နေကြောင့်
ဖြစ်ဟှယ်။

32 အယ်ဘေမဲ့ ကိုယ်တော်ပြောနေဇာဟှာ ဖြားခိပါယ်ရှိဟှယ် ဆိုဇာဟှိ သူးနို့လေ
နားလည်ဂေ့ဟှ။ အယ်ဘီးဟှာ ကိုယ်တော့်ဟှိ မေးဟှိ့လည်း သူးနို့ဟှာ
ကြော့-က်နေဂေ့ဟှယ်။

ဖယ်သူဟှ ကီးမြတ်ဆောင်းနူး။
(မဿဲ ၁၈.၁–၅; လုကာ ၉.၄၆–၄၈)

33 သူးနို့လေဟှာ ကပေရနောင်ဗြို့ဟှိ ရော့-က်ဟှားဂေ့ဘီး အီထဲဟှိ ဝမ်ဟှားဘီးန
ယေရှုဟှ “နန်းနို့ဟှ လမ်းမာ ဖြားကြောန်းဟှိ ဂြင်းခူနေဂေ့နူး” ဆိုဘီး တဗဲ့တော်လေဟှိ
မေးလေဟှယ်။

34 အယ်ဘေမဲ့ သူးနို့လေဟှာ ကိုယ်တော့်ဟှိ ဖြေဂေ့ဟှ။ ဖြားဖြစ်ကြောန်နူးဆိုဟှာ
လမ်းမာ ဖယ်သူဟှ ကီးမြတ်ဆောင်းဖြစ်ဟှယ် ဆိုဘီး သူးနို့ရှင်းရှင်းထဲမာ
ဂြင်းခူနေကြောင့် ဖြစ်ဟှယ်။

35 ယေရှုဟှာ ထိုင်ခ့လဘီးန တဗဲ့တော် ဆယ့်နှေ့ပါးဟှိ ခေါ်လိုက်ဘီး
“ဖယ်လူဘဲ့ဖြစ်ဖြစ် ဦးဆောင်းဖြစ်ရှင်ဟှယ် ဆိုဟှာ အယ်လူဟှာ ဂူလောင်းရဲ့
နော့-က်ဆောင်းဖြစ်ရမယ်။ ဂူလောင်းရဲ့ စေခံလည်း ဖြစ်ရမယ်” ဆိုဘီး သူးနို့ဟှိ
မိန့်တော်မူလေဟှယ်။

36 အယ်ဘီးန ကိုယ်တော်ဟှ သားဂန်းတယော့-က်ဟှိ ခေါ်ဘီးဟှာ သူးနို့ ရှေ့မာ
ရပ်ခိုင်းလေဟှယ်။ ကိုယ်တော်ဟှာ သူ့ဟှိ ပိုက်ဘီးဟှာ သူးနို့ဟှိ ပြောလိုက်ဇာဟှ၊
37 “ဖယ်လူဘဲ့ဖြစ်ဖြစ် အယ်သားဂန်းလေထဲဟှ တယော့-က်ဟှိ ငါ့နာမဟှိ
ထော့-က်ဘီးဟှာ လတ်ခံဟှယ် ဆိုဟှာ ငါ့ဟှိ လတ်ခံဟှယ်။ ဖယ်သူဘဲ့ဖြစ်ဖြစ် ငါ့ဟှိ
လတ်ခံဟှယ် ဆိုဟှာ ငါ့ဟှိဘဲ့ လတ်ခံဇာ မူဟှ ငါ့ဟှိ စေလွှတ်လိုက်ဟှ သူဟှိလည်း
လတ်ခံဟှယ်။”

ဖယ်သူဘဲ့ဖြစ်ဖြစ် နို့လေဟှိ ဆန့်ကျင်ဟှ ဆိုဟှာ နို့လေဖတ်ဟှဘဲ့ ဖြစ်ဟှကြောန်း
(လုကာ ၉.၄၉–၅၀)

38 ယောဟန်ဟှ “ဆရာ၊ ကိုယ်တော်ရဲ့ နာမန နတ်ဆိုးလေဟှိ နှန်ထုနေဟှ
လူတယော့-က်ဟှိ ကျွန်တော်လေ တွိဖြင်လာဟှယ်။ သူဟှာ ကျွန်တော့်ဟှားလေရဲ့
အောက်စုထဲဟှ မူဘဲဟှကြောန် သူ့ဟှိ လောက်ဘဲဟှိ့တွပ် ပြောရစ်ဟှယ်” ဆိုဘီး
ကိုယ်တော့်ဟှိ ပြောလေဟှယ်။

9:34 **ဧ.၃၄** လု ၂၂.၂၄ **9:35** **ဧ.၃၅** မ ၂၀.၂၆,၂၇; ၂၃.၁၁; မာ ၁၀.၄၃,၄၄; လု ၂၂.၂၆ **9:37** **ဧ.၃၇** မ ၁၀.၄၀; လု ၁၀.၁၆; ယော ၁၃.၂၀

39 ယေရှုဟု “သူ့ဟို့ တားဂေ့နဖ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ငါ့နာမန
နိမိတ်လတ်ခဏာပြဘီးဟှာ ကြာခန်မာ ငါ့ကြောန်းဟို့ ကဲ့ရဲ့နိုင်ဟူလူ ယော့-က်လည်း
မ့ေဟှ။
40 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဖယ်လူဘဲ့ဖြစ်ဖြစ် နို့လေဟို့ ဆန်ကျင်ဟှဆိုဟှာ
နို့လေဖတ်ဟှဘဲ့ ဖြစ်ဟှယ်။
41 ငါ မှန်တိုင်းပြောမယ်၊ နန်းနို့ဟှာ ခရစ်တော်ရဲ့ တဗဲ့တော်လေဖြစ်ဟူကြောန့်
ငါ့နာမဟို့ ထော့-က်ဘီး နန်းနို့လေဟို့ ရေတခွပ် ပေးသော့-က်ဟူ လူတိုင်းဟှာ
တကယ်ဘဲ့ ကျိုးဟို့ လတ်ခံရလေ့မယ်။

ပြစ်သွီးဆောန်ဇာလေကြောန်း
(မဿဲ ၁၈.၆-၉; လုကာ ၁၇.၁-၂)

42 “ဖယ်လူဘဲ့ဖြစ်ဖြစ် ငါ့ဟို့ ယောင်ကြည်ဟူ အယ်သားဂန်းလေထဲဟှ တယော့-က်ဟို့
မှားယွင်းစေမယ် ဆိုဟှာ သူ့ရဲ့ လည်ဘန်းမာ ကီးမားဟူ က့လော့-က်က့လိဆောင်ဟို့
ခယ်ဘီး ပန်လယ်ထဲဟို့ ပစ်ခ့လခံရဇာဟှ အယ်လူတွပ် ပိုကောန်းဟှယ်။
43 နန့်လတ်ဟှ နန့်ဟို့ မှားယွင်းစေဟှယ် ဆိုဟှာ အယ်လတ်ဟို့ ဖြတ်ပစ်လိုက်!
လတ်နှေ့ဖတ်န မီးသေဘဲဟူ ငရဲထဲဟို့ သွားရဇာထတ် လတ်တဖတ်မ့ေဘဲန
သတ်ရှင်ဇာဟို့ ဝမ်ရဇာဟှာ ပိုကောန်းဟှယ်။
44 *
45 နန့်ခေဟှ နန့်ဟို့ မှားယွင်းစေဟှယ် ဆိုဟှာ အယ်ခေဟို့ ဖြတ်ပစ်လိုက်! ငရဲထဲဟို့
ခနှေ့ဖတ်န ပစ်ခ့လခံရဇာထတ် ခေတဖတ်မ့ေဘဲန သတ်ရှင်ဇာဟို့ ဝမ်ရဇာဟှာ
ပိုကောန်းလေဟှယ်။
46 †
47 နန့်မျစ်စိဟှ နန့်ဟို့ မှားယွင်းစေဟှယ် ဆိုဟှာ အယ်မျစ်စိဟို့ ထုပစ်လိုက်!
မျစ်စိနှေ့ဖတ်န ငရဲထဲဟို့ ပစ်ခ့လခံရထတ် မျစ်စိတဖတ်န ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့
ဝမ်ရဇာဟှ ပိုကောန်းဟှယ်။
48 ‘အယ်နေရာမာ သူးနို့ဟို့ စားဟှူပိုးကောန်လေဟှ လောင်းဝသေဟှ။ အယ်ဘီးဟှာ
သူးနို့ဟို့ လောန်နေဟှူမီးဟှလည်း လောင်းဝသေဟှ။’”
49 “ယဇ်ကောန်ဟှာ ဆားအားဖြင့် စင်ကြယ်ဟှားမျိုးဘဲ့ လူတိုင်းဟှာ မီးအားဖြင့်
စင်ကြယ်ဟှားလေ့မယ်။”
50 “ဆားဟှ သောင်းဝမ်ဟှယ်။ အယ်ဘေမဲ့ သူ့ရဲ့ ငန်ဟူရသာ ပျော့-က်ဟှားမယ်
ဆိုဟှာ ငန်ဟူရသာဟို့ ဖယ်မျိုး ပ့လန်ရနိုင်ဟို့နူး။

9:40 **ဧ.၄၀** မ ၁၂.၃၀; လု ၁၁.၂၃ **9:41** **ဧ.၄၁** မ ၁၀.၄၂ **9:43** **ဧ.၄၃** မ ၅.၃၀ * **9:44** **ဧ.၄၄** တချို့ မူရင်းလတ်ရေးမူလေမာ အယ်နေရာမာ သူးနို့ဟို့ စားဟူ လော့-က်ကောန်လေဟှ လောက်ဝသေဟှ အယ်ဘီးဟှာ သူးနို့ဟို့ လောန်နေဟူမီးဟှလည်း လောက်ဝသေဟှ၊ ဆိုဘီး ခန်းငယ် ၄၄ ဟို့ ထပ်ပေါန်းထဲ့ဟှားဟှယ် (ရူ ခန်းငယ် ၄၈)။ † **9:46** **ဧ.၄၆** တချို့ မူရင်းလတ်ရေးမူလေမာ အယ်နေရာမာ သူးနို့ဟို့ စားဟူ လော့-က်ကောန်လေဟှ လောင်းဝသေဟှ။ အယ်ဘီးဟှာ သူးနို့ဟို့ လောန်နေဟူ မီးဟှလည်း လောင်းဝသေဟှ၊ ဆိုဘီး ခန်းငယ် ၄၆ ဟို့ ထပ်ပေါန်းထဲ့ဟှားဟှယ် (ရူ ခန်းငယ် ၄၈)။ **9:47** **ဧ.၄၇** မ ၅.၂၉ **9:50** **ဧ.၅၀** မ ၅.၁၃; လု ၁၄.၃၄-၃၅

“နန်းနို့ ကိုယ်တိုင်မာလည်း ဆားရဲ့ ဂေါင်သတ်တိမျိုးရှိဂ့ေ။ အယ်ဘီးဟှာ ရှင်းရှင်း
သင့်မြတ်အောန်နေဂ့ေ” ဆိုဘီး သူးနို့ဟှိ မိန့်တော်မူလေဟှယ်။

10

ယေရှုဟှာ လန်မယားကွာရှင်းမှုဟှိ သွန်သန်ဟှုကြောန်း
(မဿဲ ၁၉.၁-၁၂; လုကာ ၁၆.၁၈)

1 အယ်ဘီးန ယေရှုဟှ အယ်နေရာဟှ ထွပ်ဟှားဘီး၊ ယုဒနယ်ဟှိ သွားလေဟှယ်။
အယ်ဘီးဟှာ ယော်ဒန်မ့လစ်ဟှိ ကူးဟှားလေဟှယ်။ လူအောက်ဂီးဟှ ကိုယ်တော်နားဟှိ
ပ့လန်ဘီး စုလာဂ့ေဟှယ်။ ကိုယ်တော်ဟှာ လောက်နေကျတိုင်း သူးနို့ဟှိ
သွန်သန်လေဟှယ်။

2 ဖာရိရှဲလေ တချို့ဟှာ ကိုယ်တော်နားဟှိ လာဘီးဟှာ ထောန်ချော့-က်ဆင်ဟှို့
ကြိုးစာဟှယ်။ သူးနို့ဟှ “ကျွန်တော့်လေဟှိ ပြောပြပါ။ ကျွန်တော့်လေရဲ့
ပညတ်တရားဟှ လူတယော့-က်ဟှိ သူ့မယားန ကွာရှင်းဟှို့ ခွမ့်ပြါဘဲ့လော” ဆိုဘီး
မေးဂ့ေဟှယ်။

3 ယေရှုဟှ “မောရှေဟှာ နန်းနို့ဟှိ ဖြားမျိုး ပညတ်ပေးဟှားနူး” ဆိုဘီး မေးခွန်းန
ပ့လန်မေးလေဟှယ်။

4 သူးနို့ရဲ့ ဖြေဟှ “လူတယော့-က်ဟှာ သူ့မယားဟှိ ကွာရှင်းစာချောက်ဟှိ ပေးဘီး
ကွာရှင်းဟှို့တွပ် မောရှေဟှ ခွမ့်ပြုဟှားဟှယ်” ဆိုဘီး ဖြစ်ဟှယ်။

5 ယေရှုဟှ “မောရှေဟှာ အယ်မျိုးပညတ်ချစ်ဟှိ နန်းနို့လေတွပ် ရေးဟှားဟှယ်
ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့ရဲ့ စိနှလောင်းမာကျောဟှုကြောန့် ဖြစ်ဟှယ်။

6 အယ်ဘေမဲ့ ကျမ်းစာမာ ပြောဟှားတိုင်းဘဲ့ ဖန်ဆင်းစဒူးဟှ ‘ဘုရားသခင်ဟှာ
ယော့-က်ကျားန မီးမဟှိ ဖန်ဆင်းဟှားဟှယ်။

7 အယ်ကြောန်းကြောန့် ယော့-က်ကျားဟှ သူ့မိဖဟှိ စွန့်ဘီး သူ့မီးမန
ပေါန်းသင်းလေဟှယ်။*

8 အယ်ဘီးဟှာ အယ်နှေ့ယော့-က်ဟှာ တသားတကိုယ်ဒဲ ဖြစ်လာလေ့မယ်။’
အယ်ကြောန့် သူးနို့ဟှာ နှေ့ယော့-က်မှုဟှ။ အယ်ဘေမဲ့ တယော့-က်ဒဲဘဲ့ ဖြစ်ဟှယ်။

9 အယ်ကြောန့် ဘုရားသခင် ပေါန်းစပ်ပေးဟှားဇာဟှိ လူခွဲခွာစေန” ဆိုဘီး သူးနို့ဟှိ
မိန့်တော်မူလေဟှယ်။

10 သူးနို့လေဟှာ အီဟှိ ပ့လန်ရော့-က်ဟှူ ခီမာ တဗဲ့တော်လေဟှာ အယ်ကြောန်းဟှိ
ယေရှုဟှိ မေးလျှော့-က်ဂ့ေဟှယ်။

11 ကိုယ်တော်ဟှ “ကိုယ့်မယားဟှိ ကွာရှင်းဘီး တခြားမီးမဟှိ ကိုယ့်မယားဟှိ
ပြစ်မှားဘီး အီထောန်ရေးဖော့-က်ပ့လန်ရှင်းဟှိ ကျူးလွန်သူ ဖြစ်ဟှယ်။

10:4 **၁၀.၄** မ ၅.၃၁ * **10:7** **၁၀.၇** တချို့ မူရင်းလတ်ရေးမူလေမာ အယ်ဘီးဟှာ သူ့မီးမနတူးဒူ
ပေါန်းသင်းလေဟှယ်၊ ဆိုဇာဟှာ မ့ေဟှ။ **10:11** **၁၀.၁၁,၁၂** မ ၅.၃၂; ၁ ကော ၇.၁၀,၁၁

12 အယ်မျိုးဘဲ့ ကိုယ့်လန်ဟို့ ကွာရှင်းဘီး တခြားယော့-က်ကျားဟို့ ပေါ်နှံးသင်းဟူ
မီးမဟာ ကိုယ့်လန်ဟို့ ပြစ်မှားဘီး အီထောန်ရေးဖော့-က်ပ့လန်ရှင်းဟို့ ကျူးလွန်သူ
ဖြစ်ဟုယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။

ယေရှုဟာ သားဂန်းဟားလေဟို့ ကောန်းဂျီးပေးဟူကြောန်း
(မဿဲ ၁၉.၁၃-၁၅; လုကာ ၁၈.၁၅-၁၇)

13 လူလေတချို့ဟာ သားဂန်းလေရဲ့ထတ်မာ ကိုယ်တော်ရဲ့ လတ်လေဟို့
တန်ခိုင်းဟို့တွပ် ယေရှုနားဟို့ ခေါ်လာဂေ့ဟုယ်။ အယ်ဘေမဲ့ တဗဲ့တော်လေဟု
အယ်လူလေဟို့ ပြစ်တန်ဂေ့ဟုယ်။
14 ယေရှုဟု အယ်ဇာဟို့ ဗြင်ဟုားခီမာ ကိုယ်တော်ဟာ စိဆိုးဟုားဘီး
“သားဂန်းလေဟို့ ငါ့နားဟို့ လာဂေ့ပါစေ၊ သူးနို့ဟို့ တားဂေ့န။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
အယ်မျိုးလူလေဘဲ့ ဘုရားသခင် နိုင်ငံတော်မာ နေရလေ့မယ်။
15 ငါ မှန်တိုင်းပြောမယ်၊ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ သားဂန်းတယော့-က်မျိုး
လတ်ခံဘဲဟူလူဟု နိုင်ငံတော်ဟို့ လောင်းဝ ဝမ်ရလေ့ဟို့ မူဟု” ဆိုဘီး တဗဲ့တော်လေဟို့
မိန့်တော်မူလေဟုယ်။
16 အယ်ဘီးန ကိုယ်တော်ဟာ သားဂန်းလေဟို့ ခီလိုက်ဘီး သူးနို့ထတ်မာ သူ့ရဲ့
လတ်လေဟို့ တန်ဟုယ်။ အယ်ဘီးဟာ သူးနို့ဟို့ ကောန်းဂျီးပေးလေဟုယ်။

ကပ်ပေါ်ဟူလူကြောန်း
(မဿဲ ၁၉.၁၆-၃၀; လုကာ ၁၈.၁၈-၃၀)

17 ယေရှုဟု ခရီးစပြုနေဟူ ခီမာ လူတယော့-က်ဟု ပ့လေးလာဘီး၊
ကိုယ်တော်ရှေ့မာ ဒူးထော့-က်ဘီး “ကောန်းမြတ်ဟူဆရာ၊ ထာဝရသတ်ဟို့
လတ်ခံရဟို့တွပ် ကျွန်တော့်ဟု ဖြားဇာလောက်ရဟို့နူး” ဆိုဘီး မေးလျှော့-က်လေဟုယ်။
18 ယေရှုဟု “နန်ဟာ ဖြားဖြစ်ကြောန့် ငါ့ဟို့ ကောန်းမြတ်ဟုယ် ဆိုဘီး ခေါ်နေရနူး။
ဘုရားသခင် တပါးဟုလွဲဘီး ဖယ်သူလည်း ကောန်းမြတ်ဟု။
19 ‘လူသတ်ဟို့သတ်န၊ အီထောန်ရေးဖော့-က်ပ့လန်န၊ ခိုးန၊ ဖယ်သူ့ဟို့ဘဲ့ဖြစ်ဖြစ်
မှားမှားဟီးန စွပ်စွဲန၊ လီညာန၊ နန့်ရဲ့မိဖဟို့ ရိုသေဂေ့’ ဆိုဘီး ပညတ်ဟုားဇာလေဟို့
နန်သိဟုယ်” ဆိုဘီး ပ့လန်ဖြေလေဟုယ်။
20 အယ်လူဟု “ဆရာ၊ အယ်ပညတ်ချစ်လေ ဂူလောင်းဟို့ ကျွန်တော် ငဲငယ်ဂဲဟု
ကျွန်တော်ဟာ စောန့်ထီးလာဟုယ်” ဆိုဘီး ပြောလေဟုယ်။
21 ယေရှုဟု အယ်လူဟို့ ရှစ်ဟူစိန စေ့စေ့ကေ့ဘီး “နန့်မာ တခုဘဲ့ လိုနေဟုယ်။
သွားဘီး နန့်မာရှိဇာလေ ဂူလောင်းဟို့ ရောန်းလိုက်ဘီးဟာ ဆင်းရဲသားလေဟို့
ပေးလိုက်။ အယ်ဆိုဟာ နန့်ဟာ ကောန်းဂန်ဘောင်မာ ဘဏ္ဍာရလေ့မယ်။ အယ်ဘီးမှ
လာဘီးဟာ ငါ့နော့-က်ဟို့ လိုက်ပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။

10:15 ၁၀.၁၅ မ ၁၈.၃

22 အယ်လူဟှာ အယ်စကားဟို့ ကြားရဟူ့ ခီမာ။ သူ့ရဲ့ မျစ်နှာဟှာ
ညိုးငယ်ဟှားဟှယ်။ အယ်ဘီးန သူဟှာ ဝန်းနဲပန်းနဲန ထွပ်ဟှားလေဟှယ်။
ဖြားဖြစ်ကြောန်နူးဆိုဟှာ သူဟှာ ရရာတိုင်း ကပ်ပေါဟူ့ကြောန် ဖြစ်ဟှယ်။
23 ယေရှုဟှာ တဗဲတော်လေဟို့ လှည့်ပတ်ကေ့ဘီးန "ကပ်ပေါဟူ့ လူလေတွပ်
ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ဝမ်ရဟို့ ရရာတိုင်း ခတ်လေ့မယ်!" ဆိုဘီး သူးနို့ဟို့
မိန့်တော်မူလေဟှယ်။
24 တဗဲတော်လေဟှ အယ်စကားလေဟို့ အံ့သြရေ့ဟှယ်။ အယ်ဘေမဲ့ ယေရှုဟှ
ဆစ်ဘီး ပြောလိုက်ဇာဟှ "ငါ့သားမီးလေ၊ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ဝမ်ဟို့တွပ်
ရရာတိုင်း ခတ်လေဟှယ်!
25 ကပ်ပေါဟူ့ လူတယော့-က်ဟှာ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ဝမ်ဟို့ထတ်
ကုလားအုတ် တကောန်ဟှာ အပ်ပေါ့-က်ထဲဟို့ ဝမ်ဟို့ ပိုဘီး လွယ်ဟှယ်။"
26 တဗဲတော်လေဟှာ ပိုဘီး အံ့သြဟှားဘီး "အယ်မျိုးဆို ဖယ်သူဟှ ကယ်တန်ရှင်း
ခံရနိုင်ဟို့နူး" ဆိုဘီး ရှင်းရှင်း မေးရေ့ဟှယ်။
27 ယေရှုဟှာ သူးနို့လေဟို့ စေ့စေ့ကေ့ဘီးဟှာ "အယ်မူဟှာ လူလေတွပ် ဖြစ်နိုင်ဟှ။
အယ်ဘေမဲ့ ဘုရားသခင်တွပ် ဂူလောင်း ဖြစ်နိုင်ဟှယ်" ဆိုဘီး ပ့လန်ဖြေလေဟှယ်။
28 ပေတရုဟှ "ကွျန်တော့်လေဟှာ ကိုယ်တော်နော့က်ဟို့ လိုက်ဟို့ ဂူလောင်းဟို့
ထားရစ်ရေ့ဟှယ်" ဆိုဘီး လျှော့-က်လေဟှယ်။
29 ယေရှုဟှ "ငါ မှန်းမှန်ကန်းကန် ပြောမယ်။ ငါ့တွပ်နှ ဧဝံဂေလိတွပ် အီ၊ ညီကိုလေ၊
မောန်နှမလေ၊ မိဖ၊ သားမီးလေ၊ လယ်မ့လေလေဟို့ စွန့်ဟူ့ လူဟှာ၊
30 ခုဘဝမာ ဆတရာထတ်ပိုဟူ့ အီလေ၊ ညီကိုလေ၊ ညီမလေ၊ မိဖလေ၊ သားမီးလေ၊
လယ်မ့လေလေနတူးဒူ ညှဉ်းဆဲဇာဟို့ လတ်ခံရရှိလေ့မယ်။ အယ်ဘီးဟှာ
နော့-က်ဘဝမာလည်း ထာဝရသတ်ဟို့ လတ်ခံရရှိလေ့မယ်။
31 အယ်ဘေမဲ့ ရင်ဦးဆောင်း ကှ်လဟူ့ သူဘောင်ဂီးဟှ
နော့-က်ဆောင်းကှ်လလေ့မယ်၊ နော့-က်ဆောင်း ကှ်လဟူ့ သူဘောင်ဂီးဟှ
ရင်ဦးဆောင်း ကှ်လလေ့မယ်" ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။

ယေရှုဟှာ သူ့ရဲ့ သေခံရမယ့်ကြောန်းဟို့ သောင်းခါမြော့-က် ပြောဟူ့ကြောန်း (မဿဲ ၂၀.၁၇-၁၉; လုကာ ၁၈.၃၁-၃၄)

32 ယေရှုန တဗဲတော်လေဟှာ ယေရုရှလင်ဗြို့ဟို့ သွားနေရေ့ဟှယ်။
လမ်းမာယေရှုဟှာ သူးနို့ရှေ့ဟှနေ သွားဟူ့ကြောန် တဗဲတော်လေဟှာ
အံ့သြနေရေ့ဟှယ်။ နော့-က်ဟှ လိုက်လာဟူ့ လူလေဟှာလည်း ကြော့-က်နေရေ့ဟှယ်။
ယေရှုဟှာ တဗဲတော် ဆယ့်နှေ့ယော့-က်ဟို့ သူ့ဘေးနားဟို့ တခါ ထပ်ခေါ်ဘီးဟှာ သူ့မာ
တွိကြောင်လာရဟို့ ဇာလေဟို့ ပြောပြလေဟှယ်။
33 ကိုယ်တော်ဟှ "နားထောန်ရေ့။ နို့လေဟှာ ခု ယေရုရှလင်ဗြို့ဟို့ သွားနေရေ့ဘီး
အယ်နေရာမာ လူ့ရဲ့သားဟှာ ယဇ်ပုရောဟိတ်ဂီးလေန ကျမ်းတတ်ဆရာလေနားဟို့

10:31 ၁၀.၃၁ မ ၂၀.၁၆; လု ၁၃.၃၀

အပ်ဇာဟို့ ခံရလေ့မယ်။ သူးနို့ဟာ သူ့ဟို့ သေဒန်စီရင်ဘီးန လူမျိုးခြားလေနားဟို့
အပ်ဂေ့လေ့မယ်၊
34 လူမျိုးခြားလေဟာ သူ့ဟို့ ပြစ်ရယ်ပြုဘီး သူ့ဟို့ ထိုးရယ်န ထွီးဘီး၊ သူ့ဟို့
ကီဒန်ပေးဘီး သေသတ်ဂေ့လေ့မယ်။ သောင်းရစ်ကြာဘီးန လူ့ရဲ့သားဟာ သေရာဟုနေ
ထမြွေ့-က်လေ့မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

ယာကုပ်န ယောဟန်ရဲ့ တောန်းဆိုဇာ
(မဿဲ ၂၀.၂၀-၂၈)

35 အယ်ဘီးန ဇေဗေဒဲရဲ့ သားလေဖြစ်ဟူ ယာကုပ်န ယောဟန်လေဟာ ယေရှုနားဟို့
လာဟုယ်။ သူးနို့ဟ “ဆရာ၊ ကျွန်တော့်ဟာ်းလေတွပ် လောက်ပေးစေရှင်ဇာ
တခုရှိပါဟုယ်” ဆိုဘီး လျှော့-က်လေဟုယ်။
36 ယေရှုဟ “နန်းနို့တွပ် ဖြာ်းဇာဟို့ ငါလောက်ပေးရဟို့နူး” ဆိုဘီး မေးလေဟုယ်။
37 သူးနို့ဟ “ကျွန်တော့်ဟာ်းလေဟို့ ကိုယ်တော်ရဲ့ ဖောင်းသရေတော်ထဲမာ
ညာဖတ်မာ တယော့-က်န ဘယ်ဖတ်မာ တယော့-က် ထိုင်ခွမ့်ပေးပါ” ဆိုဘီး
ပ့လန်လျှော့-က်လေဟုယ်။
38 ယေရှုဟ “နန်းနို့ဟ ဖြာ်းဇာလေ တောန်းနေဟုယ် ဆိုဇာဟို့ နန်းနို့လေ သိဂေ့ဟ့။
ငါသော့-က်ရမယ့် ဝေဒနာခွပ်ဟို့ နန်းနို့ သော့-က်နိုင်ဘဲ့လော။ ငါခံရမယ့် ဗတ္တိဇံဟို့
နန်းနို့ ခံနိုင်ဘဲ့လော” ဆိုဘီး မိန့်တော်မူလေဟုယ်။
39 သူးနို့ဟ “ကျွန်တော့်လေဟာ တတ်စွမ်းနိုင်ဟုယ်” ဆိုဘီး ပ့လန်ဖြေဂေ့ဟုယ်။
ယေရှုဟ “နန်းနို့ဟာ ငါသော့-က်ရမယ့် ခွပ်ဟို့ သော့-က်ရလေ့မယ်။ အယ်ဘီးဟာ
ငါခံရမယ့် ဗတ္တိဇံဟို့လည်း ခံရဂေ့လေ့မယ်။
40 အယ်ဘေမဲ့ ဖယ်လူဟာ ငါ့ရဲ့ ညာဖတ်န ဘယ်ဖတ်မာ ထိုင်ရလေ့မယ် ဆိုဇာဟို့
ဝီးကော့-က်ဟို့ခွမ့် ငါမာ မ့ေဟ့။ ဘုရားသခင် ပြင်ဆင်ဟ်းဟူ လူလေတွပ်
အယ်နေရာလေဟို့ ကိုယ်တော်ဟာ ပေးလေ့မယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။
41 အယ်ကြောန်းဟို့ တဗဲ့တော်ဆယ်ပါး ကြားဂေ့ဟူ ခီမာ သူးနို့ဟာ ယာကုပ်န
ယောဟန်ဟို့ စိဆိုးဂေ့ဟုယ်။
42 အယ်ကြောန် ယေရှုဟာ သူးနို့လေ ဂူလောင်းဟို့ တူးဒူခေါ်ဘီးဟာ “နန်းနို့လေ
သိဟ်းမျိုးဘဲ့ မန်းစိုးရာဇာလေဟာ လူမျိုးခြားလေထတ်မာ အောက်ချောက်ဂေ့ဟုယ်။
ကဲမူးလေဟုလည်း ခွမ့်အာဏာ ထားဂေ့ဟုယ်။
43 နန်းနို့လေထဲမာ အယ်မျိုးဖြစ်ဂေ့န။ အယ်မျိုးဖြစ်မယ့်စား ကီးဆောင်းဖြစ်ရှင်ဟူ
ဖယ်လူဘဲ့ဖြစ်ဖြစ် နန်းနို့ထဲမာ စေခံဖြစ်ရမယ်။
44 အယ်ဘီးဟာ ကီးဆောင်း ဖြစ်ရှင်ဟူ ဖယ်လူဘဲ့ဖြစ်ဖြစ် ဂူလောင်းရဲ့
ကျွန်ဖြစ်ရမယ်။

10:38 **၁၀.၃၈** လု ၁၂.၅၀ **10:42** **၁၀.၄၂.၄၃** လု ၂၂.၂၅.၂၆ **10:43** **၁၀.၄၃.၄၄** မ ၂၃.၁၁; မာ ၉.၃၅; လု ၂၂.၂၆

45 ဖြားဖြစ်ကြောင်နှူးဆိုဟှာ လူရဲ့သားဟှာလည်း ခိုင်းစားဟို့လာဇာ မှူဟှ။ သူဟှာ
စေခံဟို့နှ သူ့သတ်ဟို့ စွန့်ဘီး လူလေဟို့ ဝီးနုတွပ် လာဟှယ်” ဆိုဘီး
မိန့်တော်မူလေဟှယ်။

ယေရှုဟှာ မျစ်ကန်းဗာတိမဲဟို့ ဖြင်စေဟူကြောင်း
(မဿဲ ၂၀.၂၉-၃၄; လုကာ ၁၈.၃၅-၄၃)

46 သူးနို့ဟှာ ယေရိခေါဖြို့ဟို့ ရော့-က်လာဂေ့ဟှယ်။ အယ်ဘီးဟှာ ယေရှုဟှာ
တဗဲတော်လေန ကီးမားဟူ လူအောက်ဂီးနတူးဒူ ထွပ်ဟှားဟူ ခီမာ တိမဲရဲ့သား ဗာတိမဲ
နာမယ်ရှိဟူ မျစ်ကန်းဒေါင်းဇား တယော့-က်ဟှာ လမ်းဘေးမာ ထိုင်နေဟှယ်။
47 သူဟှာ နာဇရက်ဖြို့သား ယေရှု ဖြစ်ဟှယ် ဆိုဗာဟို့ ကြားရဟူ ခီမာ သူဟှ “ဒါဝိဒ်ရဲ့
သားတော်! ယေရှု! ကျွန်တော့်ဟို့ သနားပါ!” ဆိုဘီး စဘီး အော်ဟစ်လေဟှယ်။
48 လူလေဘောင်ဂီးဟှ သူ့ဟို့ ပြစ်တန်ဂေ့ဘီး တိတိဟှားနေဟို့ ပြောဂေ့ဟှယ်။
အယ်ဘေမဲ့ သူဟှ “ဒါဝိဒ်ရဲ့ သားတော်၊ ကျွန်တော့်ဟို့ သနားပါ!” ဆိုဘီး ရင်ဟှထတ်
က့လယ်ဟှီး အော်ဟစ်လေဟှယ်။
49 ယေရှုဟှာ ရပ်လိုက်ဘီးန “သူ့ဟို့ ခေါ်ဂေ့” ဆိုဘီး ပြောလေဟှယ်။
အယ်ကြောန့် သူးနို့ဟှာ မျစ်ကန်းဟို့ ခေါ်ဂေ့ဟှယ်။ သူးနို့ဟှ “အားငယ်နှ။ ထဒန်။
နန့်ဟို့ ကိုယ်တော် ခေါ်နေဟှယ်” ဆိုဘီး ပြောဂေ့ဟှယ်။
50 အယ်လူဟှာ သူ့ရဲ့ ဝတ်လောင်ဟို့ ဘေးဟို့ ပစ်ခ့လလိုက်ဘီး၊ ထခူဘီးဟှာ
ယေရှုနားဟို့ လာဟှယ်။
51 ယေရှုဟှ “နန့်တွပ် ဖြားဇာ လောက်ပေးစေရှင် ဟှယ်နူး” ဆိုဘီး သူ့ဟို့
မေးလေဟှယ်။
မျစ်စိကန်းဟူ လူဟှ “ဆရာ၊ ကျွန်တော် ဖြင်ရှင်ဟှယ်” ဆိုဘီး ပြောလေဟှယ်။
52 ယေရှုဟှ “သွားလိုက်၊ နန့်ရဲ့ ယောင်ကြည်ရှင်းဟှာ နန့်ဟို့ ကျန်းမာစေဘီ” ဆိုဘီး
မိန့်တော်မူလေဟှယ်။
ရှစ်ရှင်းဘဲ အယ်လူဟှာ မျစ်စိဖြင်ဟှားဘီး လမ်းတရော့-က်လောင်း ယေရှု
နော့-က်ဟို့ လိုက်လေဟှယ်။

11

ယေရုရှလင်ဖြို့ဟို့ အောန်ဗွဲခမ်းနားန ဝမ်ဟှားဟူကြောင်း
(မဿဲ ၂၁.၁-၁၁; လုကာ ၁၉.၂၈-၄၀; ယောဟန် ၁၂.၁၂-၁၉)

1 သူးနို့လေဟှာ ယေရုရှလင်ဖြို့နန နီးကပ်လာဘီး သံလွင်တောန်မာရှိဟူ ဗက်ဖာဂေဝါန
ဗေသနိဝါဟို့ ရော့-က်လာဂေ့ဟူ ခီမာ ယေရှုဟှာ တဗဲတော် နှေ့ယော့-က်ဟို့
စေလွတ်ဘီး၊
2 သူးနို့ဟို့ ပြောနေဇာဟှ “နန်းနို့ရှေ့မာရှိဟူ ဝါဟို့သွားဂေ့။ နန်းနို့ဟှာ အယ်နေရာဟို့
ရော့-က်ရော့-က်ရှင်း ဖယ်သူလည်း စီးဖူးသေးဘဲဟူ မြည်းသားဂန်း တကောန်ဟို့
ခယ်ဟှားဇာဟို့ နန်းနို့ တွိလေ့မယ်။ အယ်မြည်းဟို့ ကြိုးဖြေဘီးဟှာ ယူလာဂေ့။

3 နန်းနို့ဟို့ ယော့-က်ယော့-က်ဟ့ ‘ဖြားဖြစ်ကြောန့် အယ်မျိုး လောက်ရဟ့ယ်နူး’
ဆိုဘီး မေးမယ် ဆိုဟ့ ‘သခင်* လိုရှိဟ့ယ်။ အယ်နေရာဟို့ ရှစ်ရှင်း
ပ့လန်ပို့ပေးလေ့မယ်’ ဆိုဘီး ပြောဂေ့” ဆိုဘီး မိန့်တော်မူဟ့ယ်။
4 အယ်ကြောန့် သူးနို့ဟ့ ထွပ်ဟ့ားဘီး လမ်းဘေးဟ့ အီခွဖော့-က်မာ ခယ်ဟ့ားဟ့ူ
မြည်းသားဂန်း တကောန်ဟို့ တွိဂေ့ဟ့ယ်။ သူးနို့ဟ့ မြည်းဟို့ ကြိုးဖြေနေဟ့ူ ခီမာ
5 လမ်းမာရပ်နေဟ့ူ လူတချို့ဟ့ “နန်းနို့ဟ့ ဖြားဖြစ်ကြောန့် အယ်မြည်းဟို့
ကြိုးဖြေနေဂေ့နူး” ဆိုဘီး သူးနို့ဟို့ မေးဂေ့ဟ့ယ်။
6 သူးနို့ဟ့ ယေရှုပြောလိုက်တိုင်း ပ့လန်ဖြေဂေ့ဟ့ယ်။ အယ်ဆိုန အယ်လူလေဟ့
သူးနို့ဟို့ သွားခွမ်ပေးဂေ့ဟ့ယ်။
7 သူးနို့ဟ့ မြည်းသားဂန်းဟ့ားဟို့ ယေရှုနားဟို့ ခေါ်ဆောန်လာဘီး မြည်းထတ်မာ
သူးနို့ဝတ်လောင်ဟို့ တန်လိုက်ဂေ့ဟ့ယ်။ အယ်ဘီးဟ့ ယေရှုဟ့ မြည်းဟို့
စီးလေဟ့ယ်။
8 လူလေ ဘောင်းဂီးဟ့လည်း သူးနို့ ဝတ်လောင်လေဟို့ လမ်းမာ ခမ်းဂေ့ဟ့ယ်။
တချို့လူလေဟ့ ကွမ်းပ့လန်ထဲဟ့နေ သစ်ခတ်လေဟို့ ခွတ်ဘီး လမ်းမာခမ်းဂေ့ဟ့ယ်။
9 ရှေ့မာရှိဟ့ူ လူလေန နော့-က်ဟ့ လိုက်လာဟ့ူ လူလေဟ့ “ဟောရှဏ္ဏာ!
ဘုရားသခင်ရဲ့ နာမန ကြွလာဟ့ူ သခင်ဟ့ မင်္ဂလာရှိပါစေ!
10 ကြွလာနေဟ့ူ နို့လေဖ ဒါဝိဒ်ရဲ့ နိုင်ငံတော်ဟ့ မင်္ဂလာရှိပါစေ! ဗြင့်ဆောင်းမာ
ဟောရှဏ္ဏာ ဖြစ်ပါစေ! ဆိုဘီး ချီးမွမ်းဂေ့ဟ့ယ်!”
11 ယေရှုဟ့ ယေရုရှလင်ဗြို့ထဲဟို့ ဝမ်ဘီး ဗိမာန်တော်ထဲဟို့ ကြွဟ့ားဟ့ယ်။
အယ်ဘီးဟ့ ရာရာဟို့ ကေ့တော်မူဟ့ယ်။ အယ်ဘေမဲ့ နေဝမ်ဟ့ားဘီ ဖြစ်ဟ့ူကြောန့်
တဗဲ့တော် ဆယ့်နှေ့ပါးနတူးဒူ ဗေသနိဝါဟို့ သွားလိုက်ဟ့ယ်။

ယေရှုဟ့ သဖန်းဗန်ဟို့ ကီဆဲဟ့ူကြောန်း
(မဿဲ ၂၁.၁၈-၁၉)

12 နော့-က်တနေ့မာ သူးနို့ဟ့ ဗေသနိဝါဟ့နေ ပ့လန်လာဂေ့ဟ့ူ ခီမ ယေရှုဟ့
ဗိုက်ဆာနေဟ့ယ်။
13 ကိုယ်တော်ဟ့ ဝပ်လေန ဖောင်းနေဟ့ူ သဖန်းဗန်ဟို့ ဝီးဟ့နေ ဗြင်လေဟ့ယ်။
အယ်ကြောန့် သီးတွိနိုင်ဟ့ယ် ဆိုဘီး ပန်နားဟို့ သွားလိုက်ဟ့ယ်။ အယ်ဘေမဲ့ ပန်နားဟို့
ရော့-က်ဟ့ားဟ့ူ ခီမာ သဖန်းသီးဆွပ်ဟို့ခီ ရော့-က်သေးဘဲဟ့ူကြောန့် ဝပ်လေဘဲ့
တွိဟ့ယ်။
14 အယ်ဆိုန ယေရှုဟ့ “နန့်ရဲ့ သီးဟို့ ကာလစဉ်ဆစ် ဖယ်သူလဲ စားရစေန!” ဆိုဘီး
သဖန်းဗန်ဟို့ မိန့်တော်မူလေဟ့ယ်။

တဗဲ့တော်လေလည်း ကြားဂေ့ဟ့ယ်။

---

* **11:3 ၁၁.၃** သခင်၊ အယ်မျိုးမူဘဲ့နေဟ့ာ မြည်းဇရှင်။

ယေရှုဟာ ဗိမာန်တော်ဟို့ သွားဟူကြောန်း
(မဿဲ ၂၁.၁၂-၁၇; လုကာ ၁၉.၄၅-၄၈; ယောဟန် ၂.၁၃-၂၂)

15 သူးနို့ဟာ ယေရုရှလင်ဗြို့ဟို့ ရော့-က်ဟားဟူ ခီမာ ယေရှုဟာ ဗိမာန်တော်ဟို့
သွားဘီးဟာ ရောန်းဝယ်နေဟူ လူလေဟို့ စဘီးဟာ နှန်ထုလေဟုယ်။ ကိုယ်တော်ဟာ
ကပ်လဲမားလေရဲ့ ဗွဲလေန ချိုးငှတ်ရောန်းနေဟူ ထိုင်ခေါင်လေဟို့လည်း
မှော့-က်ပစ်လိုက်ဘီး
16 သူဟာ ဗိမာန်တော်ဝမ်းဟို့ ဖြတ်ကူးဘီး ကူပစ်စီးလေ ရောန်းဝယ်ဟို့တွပ်
ဖယ်သူ့ဟို့လည်း ခွမ့်ပေးဟုမ်း။
17 အယ်ဘီးန ကိုယ်တော်ဟာ လူလေဟို့ သွန်သန်ဇာဟ့ " 'ငါ့ရဲ့ အီတော်ဟို့
လူမျိုးအားလောင်းတွပ် ဆုတောန်းအီ ဆိုဘီး ခေါ်ခဲရလေ့မယ်' ဆိုဘီး ကျမ်းစာမာ
ရေးဟုးဟုယ်မှလော။ အယ်ဘေမဲ့ နန်းနို့ဟာ အယ်အီတော်ဟို့ မှ့လလေတွပ်
နေရာဖြစ်ခိုင်းဂေ့ဟုယ်!"
18 ယဇ်ပုရောဟိတ်ဂီးလေန ကျမ်းတတ်ဆရာလေဟာ အယ်ဇာဟို့
ကြားဟုးဂေ့ဟုယ်။ အယ်ကြောန့် ယေရှုဟို့ သတ်ဟို့တွပ် စဘီးဟာ
နည်းလမ်းရှာဂေ့ဟုယ်။ လူအောက်ဂီး တခုလောင်းဟာ ကိုယ်တော်ရဲ့ သွန်သန်ဇာဟို့
အုံ့သြဟုးဟူကြောန့် သူးနို့ဟာ ကိုယ်တော့်ဟို့ ကြော့-က်နေဂေ့ဟုယ်။
19 ညဉ့်မိုက်လာဟူ ခီမာ ယေရှုန တဗဲ့တော်လေဟာ ဗြို့ပ့လန်ဟို့ ထွပ်ဟုးဂေ့ဟုယ်။

သဖန်းဗန်ဟာ သင်ဂန်းဇာ
(မဿဲ ၂၁.၂၀-၂၂)

20 သူးနို့ဟာ နော့-က်တနေ့ မိုးလန်းစောစောဂီး လမ်းရှော့-က်ဟုးဂေ့ဟူ ခီမာ
ပြစ်ဟုနေဘီး ခြော့-က်နေဟူ သဖန်းဗန်ဟို့ သူးနို့ဟာ ဗြင်ဟုးဂေ့ဟုယ်။
21 ပေတရုဟ့ ဒိရဟုးဘီး ယေရှုဟို့ "ဆရာ၊ ကေ့လိုက်ဂေ့! ကိုယ်တော်
ကီဆဲလိုက်ဟူ သဖန်းဗန်ဟာ ခြော့-က်ဟုးဘီ!" ဆိုဘီး လျော့-က်လေဟုယ်။
22 ယေရှုဟ့ "ဘုရားသခင်ဟို့ ယောင်ကြည်ပါ။
23 ငါ မှန်းမှန်ကန်းကန် ပြောမယ်။ ဖယ်လူဘဲ့ဖြစ်ဖြစ် အယ်တောန်ဟို့
'အယ်နေရာဟုနေ ရွှေ့ဘီး ပန်လယ်ထဲဟို့ က့လလော' ဆိုဘီး သူ့ရဲ့ စိန္တလောင်းထဲမာ
သံသယမှေ့ဘဲ့ ယောင်ကြည်ဘီး ပြောမယ် ဆိုဟာ အယ်တိုင်းဘဲ့ ဖြစ်လေ့မယ်။
24 အယ်ကြောန့် နန်းနို့ဟို့ ငါပြောမယ်။ နန်းနို့ဟာ တခုခုတွက် ဆုတောန်းဘီး
တောန်းရှော့-က်ဟူ ခီမာ အယ်ဇာဟို့ ရပီးဘီး ဆိုဘီး နန်းနို့ ယောင်ကြည်ဂေ့။
အယ်ဆိုဟာ နန်းနို့ ဖြားဇာဘဲ့ တောန်းတောန်း ရဂေ့လေ့မယ်။
25 နန်းနို့လေဟာ ရပ်ဘီး ဆုတောန်းဟူ ခီမာ နန်းနို့မာ ယော့-က်ယော့-က်ဟို့
ပြစ်မှားဇာ တခုခုရှိမယ် ဆိုဟာ အယ်လူဟို့ ခွမ့်လွတ်ဂေ့။ အယ်ဆိုဟာ
ကောန်းဂန်ဘောင်ဟ့ နန်းနို့ဖလည်း နန်းနို့လေရဲ့ ပြစ်ဟို့ လွတ်ပေးလေ့မယ်။"

11:23 ၁၁.၂၃ မ ၁၇.၂၀; ၁ ကော ၁၃.၂ **11:25 ၁၁.၂၅.၂၆** မ ၆.၁၄,၁၅

26 †

ယေရှုရဲ့ ခွင့်အာဏာန ဆိုင်ဟူမေးခွန်း
(မဿဲ ၂၁.၂၃-၂၇; လုကာ ၂၀.၁-၈)

27 သူးနို့ဟှာ ယေရုရှလင်ဗြို့ဟို့ နော့-က်တခါ ရော့-က်ဟှားဂေ့ဟှယ်။ ယေရှုဟှာ
ဗိမာန်တော်ထဲမာ လမ်းရော့-က်နေဟူ ခီမာ ယဇ်ပုရောဟိတ်ဂီးလေ၊
ကျမ်းတတ်ဆရာလေန သတ်ကီးဝါးဂီးလေဟှာ ကိုယ်တော်နားဟို့ လာဂေ့ဘီး
28 ကိုယ်တော့်ဟို့ "အယ်မှုဇာလေဟို့ ဖြားခွင့်အာဏာန လောက်နေနူး။
အယ်ခွင့်အာဏာဟို့ ဖယ်သူဟှပေးနူး" ဆိုဘီး မေးဂေ့ဟှယ်။
29 ယေရှုဟှ "နှန်နို့ဟို့ ငါ မေးခွန်းတခု မေးမယ်။ နှန်းနို့ဟှာ ငါ့ဟို့ ဖြေပေးမယ် ဆိုဟှာ
အယ်မှုဇာလေဟို့ လောက်ဟို့ ငါ့မာ ဖြားခွင့်အာဏာ ရှိဟှယ် ဆိုဇာဟို့ ငါပြောမယ်။
30 ဗတ္တတိဇံပေးဟို့တွပ် ယောဟန်ရဲ့ ခွင့်အာဏာဟှာ ကောန်းဂန်ဟှနေ ဖြစ်ဇာလော။
လူဟှနေဖြစ်ဇာလော။ ငါ့ဟို့ဖြေဂေ့!" ဆိုဘီး ပုလန်မိန့်တော်မူလေဟှယ်။
31 သူးနို့ရှင်းရှင်း စဘီး ဆွေးနွေးဂေ့ဇာဟှ "နို့လေဟှ ဖြားမျိုးပြောရဟို့နူး။
'ကောန်းဂန်ဟှနေ ဖြစ်ဟှယ်' ဆိုဘီး နို့လေဖြေမယ် ဆိုဟှာ 'အယ်ဆိုဟှာ ဖြားဖြစ်ကြောန့်
နန်းနို့ဟှ ယောဟန်ဟို့ ယောင်ကြည်ဂေ့ဟှနူး' ဆိုဘီး သူဟှာ ပြောလေ့မယ်။
32 'လူဟှနေဖြစ်ဟှယ် ...' ဆိုဘီး နို့လေ ဖြေမယ် ဆိုဟှာ" သူးနို့လေဟှာ လူလေဟို့
ကြော့-က်ဂေ့ဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ယောဟန်ဟို့ ပရောဖက်မှန် ဖြစ်ဟှယ်
ဆိုဘီး လူတိုင်းဟှ မှတ်ယူဟှားဂေ့ဟှယ်။
33 အယ်ကြောန့် သူးနို့ဟှာ "ကျွန်တော့်ဟှားလေ သိဟှ" ဆိုဘီး ယေရှုဟို့
ဖြေလိုက်ဂေ့ဟှယ်။

ယေရှုဟှ "အယ်ဆိုဟှာ အယ်မှုဇာလေဟို့ ဖြားခွင့်အာဏာန ငါလောက်ဟှယ်
ဆိုဇာဟို့လည်း ငါပြောဟှ" ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။

12

စဗျစ်ခြဲလောက်မားလေရဲ့ ပေါင်ဥပမာ
(မဿဲ ၂၁.၃၃-၄၆; လုကာ ၂၀.၉-၁၉)

1 အယ်ဘီးန ယေရှုဟှာ သူးနို့ဟို့ ပေါင်ဥပမာန စဘီးပြောလိုက်ဇာဟှ
"လူတယော့-က်ဟှာ စဗျစ်ခြဲဟို့ တည်ဘီး၊ ခြဲစည်းရိုး ပတ်ပတ်လည်ရံဘီး
စဗျစ်သီးနယ်ဟို့တွပ် တွမ်းဟို့လည်း တူးလေဟှယ်။ အယ်ဘီးဟှာ မျော်စင်ဟို့
ဆော့-က်ဟှယ်။ အယ်ဘီးန သူဟှာ စဗျစ်ခြဲလောက်မားလေ တချို့ဟို့ ငှါးရစ်ဘီးဟှာ
ခရီးထွပ်ဟှားလေဟှယ်။
2 စဗျစ်သီးဆွတ်ဟူခီ ရော့-က်လာဟူ ခီမာ စဗျစ်ခြဲဟှ သီးတချို့ဟို့ ယူဟို့တွပ်
ကျွန်တယော့-က်ဟို့ ခြဲလောက်မားလေနားဟို့ လွှတ်လိုက်ဟှယ်။

† **11:26 ၁၁.၂၆** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၂၆ ဟို့၊ နန်းနို့ဟှာ တခြားလူလေရဲ့ ပြစ်လေဟို့ လွှတ်ဘဲ့နနေမယ် ဆိုဟှာ ကောန်းဂန်ဘောင်ဟှ နန်းနို့ဖဟှာ နန်းနို့ရဲ့ ပြစ်လေဟို့ လွှတ်ပေးလေ့မယ် မူဟှ၊ ဆိုဘီး ထပ်ပေါန်းထဲ့ဟှားဟှယ် (ရှု မ ၆.၁၅)။

3 ခြံလောက်မားလေဟှာ အယ်ကျွန်ဟို့ ဖမ်းဘီး ရိုက်လေဟှယ်။ အယ်ဘီးဟှာ
လတ်ခဲခဲ ပုလန်လွတ်လိုက်ဂေ့ဟှယ်။
4 အယ်ဆိုန ဇရှင်ဟှာ နော့-က်ထပ် ကျွန်တယော့-က်ဟို့ လွှတ်လေဟှယ်။
ခြံလောက်မားလေဟှာ အယ်ကျွန်ဟို့ ခေါန်းရိုက်ခွဲဘီး ရှစ်ကွဲအောန် လောက်လေဟှယ်။
5 ဇရှင်ဟှာ နော့-က်ထပ် ကျွန်တယော့-က်ဟို့ လွှတ်လေဟှယ်။ အယ်ဆိုန
အယ်တယော့-က်ဟို့လည်း သူးနို့ဟှ သတ်ဂေ့ဟှယ်။ အယ်ဘီးဟှာ တခြားကျွန်လေ
ဘောင်းဂီးဟို့လည်း တချို့ဟို့ ရိုက်ဂေ့ဘီး တချို့ဟို့ သတ်ဂေ့ဟှယ်။
6 အယ်လူရဲ့ ရှစ်ဆောင်းသား တယော့-က်ဒဲဘဲ့ စေလွှတ်ဟို့ ကျန်လေဟှယ်။ သူဟှ
'သူးနို့လေဟှာ ငါ့ရဲ့ သားဟို့ လေးစားဂေ့လေ့မယ်' ဆိုဘီး ပြောဘီးန
နော့-က်ဆောင်းမာ သူ့ရဲ့ သားဟို့ ခြံလောက်မားလေနားဟို့ စေလွှတ်လေဟှယ်။
7 အယ်ဘေမဲ့ အယ်ခြံလောက်မားလေဟှ 'အယ်လူဟှာ ဇရှင်ရဲ့ မွီစားမွီခံ ဖြစ်ဟှယ်။
လာဂေ့။ သူ့ဟို့ သတ်ဂေ့ဇို့။ အယ်ဆိုဟှာ သူ့ရဲ့မွီအောက်စာဟှာ နို့လေရဲ့ အောက်စာ
ဖြစ်ဟှားလေ့မယ်!' ဆိုဘီး ရှင်းရှင်း ပြောဂေ့လေဟှယ်။
8 အယ်ကြောန့် သူးနို့ဟှာ သူ့ဟို့ ဖမ်းဘီးဟှာ သတ်လိုက်လေဟှယ်။ အယ်ဘီးန
စဗျစ်ခြံပုလန်ဟို့ ပစ်ဟှားလိုက်ဂေ့ဟှယ်။"
9 "အယ်ဆိုဟှာ စပျစ်ခြံဇရှင်ဟှ ဖြားမျိုး လောက်လေ့မယ်နူး။ သူဟှာ လာဘီး
အယ်ခြံလောက်မားလေဟို့ သတ်ပစ်လိုက်ဘီးဟှာ စဗျစ်ခြံဟို့ တခြားလူလေဟို့
ပေးလေ့မယ်။
10 အယ်ကျမ်းစာဟို့ နန်းနို့ဟှာ သေးသေချားချာဟှား ဖတ်ဂေ့ဟှလော။"
" 'သောင်းဝမ်ဟှ ဆိုဘီးဟှာ တိုက်ဆောက်မားလေ ဖယ်ဟှားဟူကွ်လော့-က်ဟှာ
ရေးကီးဆောင်းဟူ ဒေါန့်ချောက်ကွ်လော့-က် ဖြစ်လာရဟှယ်။
11 အယ်ဇာဟှာ ဘုရားသခင်အားဖြင့် ဖြစ်လာဟှယ်။
နို့လေရှေ့မာ အံ့သြဘွယ်ဖြစ်ဟှယ်!'"
12 အယ်န သူးနို့လေဟှာ ယေရှုဟို့ ဖမ်းဟို့ ကြိုးစားဂေ့ဟှယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ ကိုယ်တော်ဟှာ သူးနို့ဟို့ စောန်းဘီးဟှာ အယ်ဥပမာဟို့
ပြောလိုက်ဟှယ် ဆိုဇာဟို့ သူးနို့ဟှာ သိဂေ့ဟှယ်။ အယ်ဘေမဲ့ သူးနို့ဟှာ လူအောက်ဂီးဟို့
ကြော့-က်ဂေ့ဟှယ်။ အယ်ကြောန့် ကိုယ်တော့်ဟို့ ထားရစ်ဘီး ထွပ်ဟှားဂေ့ဟှယ်။

ခွန်ပေးဇာနဆိုင်ဟူမေးခွန်း
(မဿဲ ၂၂.၁၅-၂၂; လုကာ ၂၀.၂၀-၂၆)

13 အယ်ဘီးန သူးနို့ဟှာ ကိုယ်တော်ရဲ့ စကားထဲမာ ကိုယ်တော့်ဟို့ ဖမ်းဟို့တွပ်
ဖာရိရှဲတချို့နူ ဟေရုဒ်ရဲ့လူလေတချို့ဟို့ ယေရှုနားဟို့ လွှတ်လိုက်ဂေ့ဟှယ်။
14 အယ်လူလေဟှာ ယေရှုနားဟို့ လာဘီး "ဆရာ၊ ကိုယ်တော်ဟှာ
လူလေဖြားမျိုးဘဲ့ထန်ထန် စိုးရိမ်မှုမွေ့ဘဲန မှန်တိုင်းဘဲ့ ပြောဟှယ် ဆိုဇာဟို့
ကျွန်တော့်ဟှားလေ သိဂေ့ဟှယ်။ ကိုယ်တော်ဟှာ ဖယ်လူရဲ့ မျစ်နှာဟို့လည်း ကေ့ဘဲ့န

လူလေတွပ် ဘုရားသခင်ရဲ့ လိုတော်ဟို့ မှန်တိုင်း သွန်သန်လေဟုယ်။ ကဲသာမန်းဂီးဟို့
ခွန်ပေးဇာဟှာ ကျွန်တော့်ဟှားလေရဲ့ ပညတ်တရားဟို့ ဆန့်ကျင်နေဇာလော။
ကျွန်တော့်ဟှားလေဟှာ ခွန်ပေးသင့်လော။ ပေးသင့်ဟှလော” ဆိုဘီး
မေးလျှော့-က်ဂေ့ဟုယ်။

15 အယ်ဘေမဲ့ ယေရှုဟှာ အယ်လူလေရဲ့ ဟန်ဆောန်ဇာဟို့ သိဟူကြောန့် “နန်းနို့ဟှ
ငါဟို့ ဖြားဖြစ်ကြောန့် ထောန်ချော့-က်ဆင်ဟို့ ကြိုးစားဂေ့နူး” ဆိုဘီး မေးလေဟုယ်။
“ဒေနာရိတပ့လားဟို့ ယူလာဂေ့၊ ငါကေ့ကေ့မယ်။”

16 သူးနို့ဟှာ ဒန်းဂါးဟို့ ယူလာဂေ့ဟုယ်။ အယ်ဆိုန ကိုယ်တော်ဟှ “အယ်ဇာဟှ
ဖယ်လူရဲ့ရောက်ပေါင်နူး။ အယ်ဘီးဟှာ ဖယ်လူရဲ့လိစာနူး” ဆိုဘီး မေးလေဟုယ်။

သူးနို့ဟှ “ကဲသာရဲ့ ရောက်ပေါင်န လိစာ ဖြစ်ဟုယ်” ဆိုဘီး
ပ့လန်လျှော့-က်လေဟုယ်။

17 အယ်ကြောန့် ယေရှုဟှာ “ကဲသာန ဆိုင်ဇာဟို့ ကဲသာဟို့ ပေးဂေ့။ ဘုရားသခင်န
ဆိုင်ဇာဟို့ ဘုရားသခင်ဟို့ ပေးဂေ့” ဆိုဘီး သူးနို့လေဟို့ မိန့်တော်မူလေဟုယ်။
အယ်ဆိုန သူးနို့လေဟှာ ယေရှုဟို့ အံ့သြဟှားဂေ့ဟုယ်။

သေရာဟှနေ ထမြော့-က်ဇာန ဆိုင်ဟူမေးခွန်း
(မဿဲ ၂၂.၂၃-၃၃; လုကာ ၂၀.၂၇-၄၀)

18 အယ်ဘီးန သေရာဟှနေ ထမြော့-က်ဇာ မှေဟှ ဆိုဘီး ပြောဟူ ဇဒ္ဒုကဲတချို့ဟှာ
ယေရှုနားဟို့ လာဘီး၊

19 “ဆရာ၊ ‘လူတယော့-က်ဟှာ သားမီးလေမှေဘဲန သေဟှားဘီး မယားဟို့
ထားရစ်မယ် ဆိုဟှာ၊ အယ်လူရဲ့ညီဟှာ အယ်မောက်ဆိုးမဟို့ ယူရမယ် အယ်ဘီးဟှာ
သူးနို့မာ ရလာဟူ သားမီးလေဟို့ သူ့နောန်ရဲ့သားမီးလေ ဆိုဘီး မှတ်ယူရမယ်’ ဆိုဘီး
အယ်ပညတ်တရားဟို့ ကျွန်တော့်လေတွပ် မောရှေဟှ ရေးဟှားဟုယ်။

20 ညီကိုခွန်နစ်ယော့-က်ရှိဘီး၊ နောန်ဂီးဟှာ မီးမယူဘီးဟှာ သားမီးလေမှေဘဲန
သေဟှားဟုယ်။

21 အယ်ဆိုန ဒုတိယညီဟှာ အယ်မီးမဟို့ ယူလိုက်ဟုယ်။ သူလည်းဘဲ့
သားမီးလေမှေဘဲန သေဟှားဟုယ်။ တတိယညီဟှာလည်း အယ်မျိုးဘဲ့ဖြစ်ဘီး

22 ညီကို ခွန်နစ်ယော့-က်လောင်းဟှာ အယ်မီးမဟို့ ယူဘီး သားမီးလေမှေဘဲန
သေဟှားဂေ့ဟုယ်။ နော့-က်ဆောင်းမာ အယ်မီးမဟှလည်း သေဟှားဟုယ်။

23 ရှင်ပ့လန်ထမြော့-က်နေ့မာ ဂူလောင်းဟှာ ထမြော့-က်ဟူ ခီမာ အယ်မီးမဟှာ
ဖယ်လူရဲ့ မယားဖြစ်မယ်နူး။ သူးနို့ ခွန်နစ်ယော့-က်လောင်းဟှာ အယ်မီးမဟို့
ယူဟှားဂေ့ဟုယ်” ဆိုဘီး ပြောဂေ့ဟုယ်။

24 ယေရှုဟှ “နန်းနို့ဟှာ ကျမ်းစာဟို့လည်း သိဂေ့ဟှ။ ဘုရားသခင်ရဲ့
တဂိုးတော်ဟို့လည်း သိဂေ့ဘဲဟူကြောန့် အယ်မျိုးယူလွဲနေဂေ့ဟုယ် မှုဟှလော။

12:18 **၁၂.၁၈** တ ၂၃.၈

25 ဖြားဖြစ်ကြောင်နှုးဆိုဟှာ လူလေဟှာ သေရာဟှနေ ထမြွေ့-က်ဟှူ ခီမာ သူးနှိဟှာ
အီထောန်ပြုဇာမွေ့ဘဲန ကောန်းဂန်ဘောင်မာ ကောန်းဂန်တမန်လေမျိုး
ဖြစ်ဟှားလေ့ဟှယ်။
26 သေဟှားဟှူလူလေ ထမြွေ့-က်ရှင်းန ပတ်သတ်ဘီး မောရှေရဲ့ကျမ်းမာ
မီးလောန်နေဟှူ ချောင်နဆိုင်ဟှူ ကျမ်းပိုဒ်ဟှိ ဖတ်ဖူးဂေ့ဟှလော့။ အယ်ကျမ်းမာ
ရေးဟှားဇာဟှ ဘုရားသခင်ဟှာ 'ငါဟှာ အာဗြဟံရဲ့ ဘုရားသခင်၊ ဣဇာက်ရဲ့
ဘုရားသခင်၊ ယာကုပ်ရဲ့ ဘုရားသခင် ဖြစ်ဟှယ်' ဆိုဘီး မောရှေဟှိ ပြောဟှားဟှယ်။
27 အယ်သခင်ဟှာ သေဟှားဟှူ လူလေရဲ့ ဘုရားသခင် မှုဟှ။ သတ်ရှင်နေဟှူ
လူလေရဲ့ ဘုရားသခင်ဖြစ်ဟှယ်။ နန်းနှိဟှာ ရရာတိုင်း ယူလွဲနေဂေ့ဟှယ်!" ဆိုဘီး
ပ့လန်ဖြေလေဟှယ်။

ကီးမြတ်ဟှူ ပညတ်တော်ကြောန်း
(မဿဲ ၂၂.၃၄-၄၀; လုကာ ၁၀.၂၅-၂၈)

28 အယ်နေရာမာ ဆွေးနွေးဟှားဇာလေဟှိ ကြားဟှားဟှူ ကျမ်းတတ်ဆရာ
တယော့-က် ရှိနေဟှယ်။ ယေရှုဟှာ ဇဒ္ဒုကဲလေဟှိ ကောန်းဟှူ ဖြေဟှိ ပေးလိုက်ဗီးဘီ
ဆိုဇာဟှိ သူမြင်ဟှာဘီး ကိုယ်တော့်ဟှိ "ပညတ်လေ ဂူလောင်းထဲမာ ဖယ်ပညတ်ဟှာ
ရေးကီးဆောင်းဖြစ်နူး" ဆိုဘီး မေးလျှော့-က်လေဟှယ်။
29 ယေရှုဟှ "ရေးကီးဆောင်း ပညတ်ဟှာ 'ဣသရေလ လူမျိုးလေ၊ နားထောန်ဂေ့!
နှိလေရဲ့ သခင် ဘုရားသခင်ဟှာ တဆူဒဲရှိဟှူ ဘုရားသခင် ဖြစ်ဟှယ်။*
30 နန့်ရဲ့ သခင်၊ ဘုရားသခင်ဟှိ စိနှလောင်းစွမ်းရှိမှု၊ စိဝိညာဉ်စွမ်းရှိမှု၊
ဉာဏ်စွမ်းရှိမှု၊ ကိုယ်စွမ်းရှိမှု ရှစ်ပါ။'
31 'နန့်ရဲ့ အီဇနီးရှင်းဟှိ နန့်ကိုယ်နန် ရှစ်မျိုး ရှစ်ပါ' ဆိုဇာဟှာ ဒုတိယ ရေးကီးဆောင်း
ပညတ်ဖြစ်ဟှယ်။ အယ်ပညတ် နှေ့ခုထတ် ပိုဘီး ရေးကီးဟှူ ပညတ် မှေ့ဟှ" ဆိုဘီး
ယေရှုဟှ ပ့လန်ဖြေလေဟှယ်။
32 ကျမ်းတတ်ဆရာဟှ ယေရှုဟှိ "မှန်ပါဟှယ် ဆရာ! ဘုရားသခင်ဟှာ
တဆူဒဲဘဲ့ရှိဘီး ဘုရားသခင်မှတပါး တခြားဘုရား မှေ့ဟှ ဆိုဘီး ဆရာပြောဇာဟှာ
မှန်ဟှယ်။
33 ဘုရားသခင်ဟှိ စိနှလောင်းစွမ်းရှိဟှူမှု၊ ဉာဏ်စွမ်းရှိမှု၊ ကိုယ်စွမ်းရှိမှုန ရှစ်ပါ။
အယ်ဘီးဟှာ နန့်ရဲ့ အီဇနီးရှင်းဟှိ နန့်ကိုယ်နန် ရှစ်မျိုးဘဲ့ ရှစ်ပါ ဆိုဇာဟှာ
ဘုရားသခင်ဟှိ ပူဇော်ဟှူ မီးရှို့ယဇ်န တခြားယဇ် ဂူလောင်းထတ် ပိုဘီး ရေးကီးဟှယ်"
ဆိုဘီး ပ့လန်လျှော့-က်လေဟှယ်။
34 အယ်လူရဲ့ဖြေဟှာ ရရာတိုင်း ပညာရှိဟှယ် ဆိုဇာဟှိ ယေရှု ဗြင်ဟှားဟှူ ခီမာ
ကိုယ်တော်ဟှ "နန်ဟှာ ဘုရားသခင်ရဲ့ နိုင်ငံတော်န ဝီးဟှ" ဆိုဘီး သူးဟှိ
မိန့်တော်မူလေဟှယ်။

12:28 **ဒ၂.၂၈-၃၄** လု ၁၀.၂၅-၂၈ * **12:29** **ဒ၂.၂၉** နှိလေရဲ့ သခင် ဘုရားသခင်ဟှာ တဆူဒဲရှိဟှူ ဘုရားသခင် ဖြစ်ဟှယ်၊ အယ်မျိုးမှုဘဲ့နေဟှာ နှိလေရဲ့ သခင် ဘုရားသခင်ဟှာ တပါးဒဲရှိဟှူ ဘုရားသခင် ဖြစ်ဟှယ်။

အယ်ဘီးန ဖယ်သူဟုလည်း ယေရှုဟို့ ထပ်ဘီး မေးခွန်းလေဟို့ မေးရဲဂေ့ဟုမ်း။

မေရှိယန ဆိုင်ဟူမေးခွန်း
(မဿဲ ၂၂.၄၁-၄၆; လုကာ ၂၀.၄၁-၄၄)

35 ယေရှုဟု ဗိမာန်တော်မာ သွန်သန်နေဟူ ခီမာ ကိုယ်တော်ဟု "ခရစ်တော်ဟုာ
ဒါဝိဒ်ရဲ့သားမ့လေး ဖြစ်ဟုယ် ဆိုဘီး ကျမ်းတတ်ဆရာလေဟု ဖယ်မျိုးပြောနိုင်ဂေ့နူး။
36 ဒါဝိဒ်ကိုယ်တိုင် သန်ရှင်းဟူဝိညာဉ်တော်အားဖြင့် ပြောဟုားဇာဟု၊
" 'ဘုရားသခင်ဟု ငါ့သခင်ဟို့ ပြောဟုယ်။
နန့်ရဲ့ ရန်သူလေဟို့ နန့်ရဲ့ ခေဖွားအော့-က်မာ ခ့လဟုားခန်ထိ
ငါ့ရဲ့ ညာဖတ်မာ ထိုင်နေပါ။'"
37 "ဒါဝိဒ်ကိုယ်တိုင်ဟု ကိုယ်တော့်ဟို့ 'သခင်' ဆိုဘီး ခေါ်ဟုယ်။ ဖယ်မျိုး ဖြစ်ဟူကြောန့်
မေရှိယဟုာ ဒါဝိဒ်ရဲ့ သားမ့လေး ဖြစ်နိုင်ဟို့နူး" ဆိုဘီး ကြေညာလေဟုယ်။

ယေရှုဟု ကျမ်းတတ်ဆရာလေဟို့ ရှောန်ဟို့ ဒိပေးဟူကြောန်း
(မဿဲ ၂၃.၁-၃၆; လုကာ ၂၀.၄၅-၄၇)

လူအောက်ဂီးဟုာ ယေရှုရဲ့ စကားဟို့ ဝန်းသာအားရ နားထောန်နေဂေ့ဟုယ်။
38 အယ်မျိုး သွန်သန်နေဟူ ခီမာ ယေရှုဟု "ကျမ်းတတ်ဆရာလေဟို့ ဒိထားဂေ့။
သူးနို့ဟုာ ဝတ်လောင်ရှယ်လေဟို့ ဝတ်ဘီးဟုာ ရှော့-က်သွားရဇာ ကြိုက်ဂေ့ဘီး
ဆေးလေမာ ရိုသေပေးဇာဟို့ ခံရှင်ဂေ့ဟုယ်။
39 ဝါလယ်ဇရပ်လေမာ သီးသပ်ထားဟုားဟူ ထိုင်ခေါင်လေ၊
စားသော့-က်မွဲလေမာလည်း ကောန်းဆောင်း နေရာလေဟို့ ဝီးကော့-က်ဂေ့ဟုယ်။
40 မောက်ဆိုးမလေရဲ့ အိလေဟို့ တရားဘဲဟူနည်းန သီးယူဟုယ်။ အယ်ဘီးဟုာ
လူကြားကောန်းအောန် ရှယ်ဟို့း ဆုတောန်းဂေ့ဟုယ်။ သူးနို့ရဲ့ ပြစ်ဒန်ဟုာ ပိုဘီး
ဆိုးလေ့မယ်!" ဆိုဘီး မိန့်တော်မူလေဟုယ်။

မောက်ဆိုးမရဲ့ လူငွေကြောန်း
(လုကာ ၂၁.၁-၄)

41 ယေရှုဟုာ ဗိမာန်တော် လူခံဖောင်းရှေ့မာ ထိုင်နေဟူ ခီမာ လူခံဖောင်းထဲဟို့
လူလေဟုာ ကပ်ထဲ့နေဇာဟို့ ကေ့ရှုနေဟုယ်။ ကပ်ပေါ်ဟူ လူလေဘောင်ဂီးဟုာ
ကပ်ဘောင်ဂီး ထဲ့ဂေ့ဟုယ်။
42 အယ်ဘေမဲ့ ဆင်းရဲဟူ မောက်ဆိုးမတယော့-က်ဟုာ လာဘီးဟုာ
တပဲလော့-က်ဘဲ့တန်ဘီး ရရာတိုင်း နဲ့ဟူ ကြေးပ့လား နှေ့ပ့လားဟို့ ထဲ့လေဟုယ်။
43 ယေရှုဟုာ တဖဲ့တော်လေဟို့ ခေါ်ဘီးဟုာ "နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊
အယ်ဆင်းရဲဟူ မောက်ဆိုးမဟုာ လူခံဖောင်းထဲဟို့ ထဲ့ဝမ်ဂေ့ဟူလူလေ ဂူလောင်းထတ်
ပိုဘီး ဟုာ ထဲ့လေဟုယ်။

44 ဖြားဖြစ်ကြောန်နှုးဆိုဟှာ အယ်လူလေ ဂူလောင်းဟှာ သူးနို့ရဲ့ ကြွယ်ဝဇာလေထဲဟှ
နုဘီး ထဲ့ဂေ့ဟှယ်။ အယ်မီးမဟှာ ရရာတိုင်း ဆင်းရဲဘေမဲ့လည်း သူဟှာ သတ်မှီးဟို့
အောက်စာ ဂူလောင်းဟို့ ထဲ့လေဟှယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။

13

ယေရှုဟှာ ဗိမာန်တော်ပျစ်စီးမယ့်ဇာဟို့ ပြောဟှူကြောန်း
(မဿဲ ၂၄.၁–၂: လုကာ ၂၁.၅–၆)

1 ယေရှုဟှာ ဗိမာန်တော်ဟှနေ ထွပ်ဟှားနေဒူးမာ၊ တဗဲတော်လေထဲဟှ
တယော့-က်ဟှ “ဆရာ၊ ကေ့ကေ့! ရရာတိုင်းအုံသြဘွယ်ကောန်းဟူ
က္လော့-က်တောင်းလေန ဆော့-က်ဦးလေ!” ဆိုဘီး ကိုယ်တော့်ဟို့ ပြောလေဟှယ်။
2 ယေရှုဟှ “အယ်ဆော့-က်ဦးဂီးလေဟို့ နန်းနို့ ဗြင်ဘဲ့လော။ က္လော့-က်တောင်းလေ
တလောင်းလည်း အယ်ဆော့-က်ဦးရဲ့ ရင်နေရာမာ ကျန်ဂေ့ဟို့ မူဟှ။
က္လော့-က်တောင်းလေ အားလောင်း ပြိုက္လလေ့မယ်” ဆိုဘီး ပ့လန်ဖြေလေဟှယ်။

ဆင်းရဲဒေါက်ခန ညှဉ်းဗန်းနှိစစ်ဇာလေကြောန်း
(မဿဲ ၂၄.၃–၁၄: လုကာ ၂၁.၇–၁၉)

3 ယေရှုဟှာ သံလွင်တောန်ထတ်မာ ဗိမာန်တော်ဖတ်ဟို့ မျစ်နှာမူဘီး ထိုင်နေဟူ ခီမာ
ပေတရု၊ ယာကုပ်၊ ယောဟန်န အန္ဒဒြေလေဟှာ ကိုယ်တော်နားဟို့ တိတိဟှား
လာဂေ့ဟှယ်။
4 သူးနို့လေဟှ “အယ်ဇာလေဟှ ဖယ်ခီမာ ဖြစ်လာလေ့မယ် ဆိုဇာဟို့
ကျွန်တော့်ဟှားလေဟို့ ပြောပြပါ၊ အယ်ဘီးဟှာ အယ်ဇာလေ အားလောင်း
ပ့လဲဇောင်ဟို့ ဖြားနိမိတ် ဖြစ်လာလေ့မယ် ဆိုဇာဟို့ ကျွန်တော့်ဟှားလေဟို့ ပြောပြပါ”
ဆိုဘီး လျှော့-က်ဂေ့ဟှယ်။
5 ယေရှုဟှ “နန်းနို့ဟို့ ဖယ်သူလည်း လှည့်ဇားနိုင်အောန် ဒိထားဂေ့။
6 လူလေဘောင်ဂီးဟှာ ငါ့နာမန ရော့-က်လာဘီး ပြောဇာဟှ ‘ငါ့ဟှာ အယ်လူဘဲ့
ဖြစ်ဟှယ်!’ ဆိုဘီး လူလေဘောင်ဂီးဟို့ လှည့်ဇားဂေ့လေ့မယ်။
7 နန်းနို့လေဟှာ စစ်ပွဲလေန စစ်ပွဲဒန်းလေဟို့ ကြားရဟူ ခီမာ ထိလန့်ဟှားဂေ့န။
အယ်ဇာလေဟှ ဖြစ်ရမယ်။ အယ်ဘေမဲ့ ဆောင်းဟှာရော့-က်သေးဟှ။
8 လူမျိုးလေဟှာ သူးနို့ရှင်းရှင်း တိုက်ခိုက်လေ့မယ်။ နိုင်ငံလေဟှာ သူးနို့ရှင်းရှင်း
တိုက်ခိုက်လေ့မယ်။ နေရာတိုင်းမာလည်း မ့လေငလျင်လေ လျော့-က်လေ့မယ်။
အယ်ဘီးဟှာ စားဇာ ရှားပါးလေ့မယ်။ အယ်ဇာလေဟှာ သားမှီးဟူ ဝေဒနာရဲ့
စဖြစ်လေဟှယ်။
9 “နန်းနို့ ကိုယ်တိုင်ဟှာ ဒိရှိရမယ်။ နန်းနို့ဟှာ ဖမ်းခံရဂေ့ဘီး တရားရောင်းဟို့
ခေါ်ဟှား ခံရဂေ့လေ့မယ်။ ဝါလယ်ဇရုပ်လေမာလည်း နန်းနို့ဟှာ ရိုက်ခံရလေ့မယ်။

13:9 **၁၃.၉–၁၁** မ ၁၀.၁၇–၂၀: လု ၁၂.၁၁,၁၂

နန်းနို့ဟု ဗြို့ဝန်မန်းလေန မန်းဂီးလေ ရှေ့မာ မတ်တတ်ရပ်ဘီးဟာ သူးနို့ဟို ငါ့တပ်
သတ်သေဖြစ်စေလေ့မယ်။
10 အယ်ဘေမဲ့ ဆောင်းရော့-က်ခန်မာ ဒန်းကောန်းဟို လူမျိုးဂူလောင်းဟို
ဟောပြောရလေ့မယ်။
11 နန်းနို့ဟို ဖမ်းဘီး တရားရောင်းဟို ခေါ်ဟားဂေ့ဟူ ခီမာ ဖြားမျိုးပြောရမယ်
ဆိုဇာဟို ကြိုတန်ဘီး စိုးရိမ်ဂေ့နေ။ ခီရော့-က်လာဟူ ခီမာ နန်းနို့ဟို ဖော်ပြဟူ
စကားလေဟို ပြောဂေ့။ ဖြားဖြစ်ကြောန်နူးဆိုဟာ အယ်စကားဟို နန်းနို့ပြောနေဇာ မူဟာ
သန့်ရှင်းဟူဝိညာဉ်တော် ပြောနေဇာဖြစ်ဟုယ်။
12 လူလေဟာ သူးနို့ရဲ့ ညီကိုရင်းဟို သေစေဟို့တွပ် အပ်ဂေ့လေ့မယ်။ အယ်ဘီးဟာ
ဖလေဟ သူးနို့ရဲ့ သားမီးလေဟို သေစေဟို့တွပ် လောက်လေ့မယ်။
သားမီးလေဟာလည်း သူးနို့ရဲ့ မိဖလေဟို ရန်ပြုဘီးဟာ သေစေဟို့တွပ်
လောက်လေ့မယ်။
13 ငါ့နာမကြောန့် လူတိုင်းဟ နန်းနို့လေဟို မူးတီးလေ့မယ်။ အယ်ဘေမဲ့ ဆောင်းထိ
တည်ကြည်ဟူလူဟာ ကယ်တန်ရှင်းဟို ခံရလေ့မယ်။

ရွံဇာကောန်းဟူ ဇာလေကြောန်း
(မဿဲ ၂၄.၁၅-၂၈; လုကာ ၂၁.၂၀-၂၄)

14 “ ‘ရွံဇာကောန်းဟူဇာ’ ဟာ မွေ့အပ်ဘဲ့ဟူ နေရာမာ ရှိနေဇာဟို နန်းနို့လေဟာ
ဗြင်ရဂေ့လေ့မယ်။” စာဖတ်လူဟာ အယ်ဓိပါယ်ဟို နားလည်ပါစေ! “အယ်ဆိုဟာ
ယုဒနယ်မာရှိဟူ လူလေဟာ တောန်ထတ်ဟို ပ့လေးဂေ့စေ။
15 အီးခေါန်မိုးထတ်မာ ရှိဟူလူဟာ အော့-က်ဟို ဆင်းဘီး အီထဲဟို ဝမ်ဘီးဟာ
ဖြားဇာလည်း ယူစေန။
16 လယ်ထဲမာ ရှိဟူ လူဟာ သူ့ရဲ့ ဝတ်လောင်ဟို ယူဟို့တွပ် အီဟို ပ့လန်စေန။
17 အယ်နေ့ရစ်ဟာ ဝန်းရှင်မလေန သားရှင်မိလေ ရရာတိုင်း ခတ်ခဲလေ့မယ်!
18 အယ်ဇာလေဟာ ဆောန်းကာလမာ ဖြစ်ဘဲဟို့တွပ် ဆုတောန်းဂေ့!
19 ဖြားဖြစ်ကြောန့်နူးဆိုဟာ ဘုရားသခင် ဖန်ဆင်းဟူ ကမ္ဘာဦးစဟုနေ ခုခီထိ
အယ်နေ့ရစ်လေရဲ့ ရရာတိုင်း ဆိုးဝါးဟူ ဆင်းရဲဒေါက်ခမျိုး ဖြစ်ဖူးဟ့။
နော့-က်ထပ်လည်း အယ်မျိုး ဖြစ်လေ့ဟို့ မူဟ့။
20 ဘုရားသခင်ဟာ အယ်နေ့ရစ်လေဟို ရှယ်စေမယ် ဆိုဟာ ဖယ်လူလည်း
သတ်ရှင်ဘီး လွတ်လေ့ဟို့ မူဟ့။ အယ်ဘေမဲ့ ကိုယ်တော် ဝီးကော့-က်ဟ့ားဟူ
လူလေတွပ် အယ်နေ့ရစ်လေဟို့ တိုစေလေ့မယ်။
21 “အယ်ကာလမာ ယော့-က်ယော့-က်ဟ့ ‘ကေ့ကေ့။ အယ်နားမာ ခရစ်တော်
ရှိဟ့ယ်! ဟို့နားမာ ခရစ်တော် ရှိဟ့ယ်!’ ဆိုဘီး နန်းနို့ဟို ပြောမယ် ဆိုဟာ အယ်လူဟို့
ယောင်ကြည်ဂေ့နေ။

13:13 ၁၃.၁၃ မ ၁၀.၂၂ **13:15 ၁၃.၁၅.၁၆** လု ၁၇.၃၁ **13:19 ၁၃.၁၉** ဗျာ ၇.၁၄

22 ဖြားဖြစ်ကြောင်နှူးဆိုဟှာ ခရစ်တော် တုယောန်လေန ပရောဖက် တုယောန်လေဟှာ
ပေါ်လာလေ့မယ်။ ဖြစ်နိုင်မယ် ဆိုဟှာ သူးနို့လေဟှာ ဘုရားသခင် ဝီးကော့-က်ဟှားဟှူ
လူလေဟှိုလည်း လှည့်ဇားနိုင်ဟှို့တွပ် အံ့သြဘွယ်လေန နိမိတ်လတ်ခဏာလေဟှို
ပြဂေ့လေ့မယ်။

23 အယ်ကြောန့် နန်းနို့ဟှာ ဒိနနေဂေ့! ငါဟှာ အယ်ဇာလေ ဂူလောင်းဟှို နန်းနို့ဟှို
ကြိုတန်ဘီး ပြောပြဟှားဟှယ်။

လူ့ရဲ့သား ပ့လန်ကြွလာဟှို့ကြောန်း
(မဿဲ ၂၄.၂၉-၃၁; လုကာ ၂၁.၂၅-၂၈)

24 “ဒေါက်ခဆင်းရဲလေ က့လရော့-က်လာဟှူ နေ့ရစ်လေမာ နေဟှာ
မိုက်ဟှားလေ့မယ်။ လဟှာလည်း လန်းဟှို့မှူဘီ။

25 ကြယ်လေဟှာ ကောန်းဂန်ဟှနေ ကွိက့လလေ့မယ်။ အယ်ဘီးဟှာ အာကာသ
တဂိုးလေဟှာ လှောက်ဂေ့လေ့မယ်။

26 အယ်ခီမာ မိုးတီထဲမာ ကီးမားဟှူ တဂိုးတော်န ဖောင်းသရေတော်လေနတူးဒူ
လူ့ရဲ့သား ကြွလာဇာဟှို လူလေဟှာ မြင်ရဂေ့လေ့မယ်။

27 အယ်ဘီးန လူ့ရဲ့သားဟှာ ကောန်းဂန်တမန်လေဟှို ရပ်လေးမျစ်နှာဟှို့ စေလွှတ်ဘီး
မ့လေဂီးစွန်းဟှနေ တခြားတဖတ်စွန်းထိ ဘုရားသခင်ရဲ့ ဝီးကော့-က်ဟှားဟှူ လူလေဟှို
စုသီးလေ့မယ်။

သဖန်းဗန်ရဲ့ သင်ဂန်းဇာကြောန်း
(မဿဲ ၂၄.၃၂-၃၅; လုကာ ၂၁.၂၉-၃၃)

28 “သဖန်းဗန်ဟှနေ သင်ဂန်းဇာ တခုဟှို သန်ယူဂေ့။ အယ်ပန်ရဲ့ ခတ်လေဟှာ
နုလာဘီး ဝပ်လေထွပ်လာဟှူ ခီမာ နွီကာလ နီးလာဘီ ဆိုဇာဟှို နန်းနို့ဟှာ သိဂေ့ဟှယ်။

29 အယ်မျိုးဘဲ့ အယ်မူဇာလေ ဖြစ်လာဇာဟှို နန်းနို့ဟှာ မြင်ရဟှူ ခီမာ လူ့ရဲ့သားဟှ
ခွဟော့-က်ဝနီးဟှို ရော့-က်နေဘီ* ဆိုဇာဟှို သိမှတ်ဂေ့ပါ။

30 ငါ မှန်တိုင်းပြောမယ်၊ အယ်မူဇာလေ ဂူလောင်း ဖြစ်သေးခန် ခု သတ်ရှင်နေဟှူ
လူလေဟှာ လောင်းဝ သေရလေ့ဟှို့ မှူသေးဟှ။

31 ကောန်းဂန်န မ့လေဂီးဟှာ ပျစ်စီးဟှားလေ့မယ်။ အယ်ဘေမဲ့ ငါ့ရဲ့ စကားလေဟှာ
လောင်းဝ ပျစ်စီးဟှို့ မှူဟှ။

အယ်နေ့ရစ်ခီနာရီဟှို့ ဖယ်လူလည်းသိဟှ
(မဿဲ ၂၄.၃၆-၄၄)

32 “အယ်ဘေမဲ့လည်း အယ်နေ့ရစ် နာရီ ရော့-က်လာဟှူ ခီဟှို့ ဖယ်လူလည်း သိဂေ့ဟှ
ကောန်းဂန်ဘောင်ဟှ ကောန်းဂန်တမန်လေလည်း သိဟှ။ သားတော်လည်း သိဟှ။
ဖတပါးဒဲဘဲ့ သိလေဟှယ်။

13:24 **၁၃.၂၄** ဗျာ ၆.၁၂ **13:25** **၁၃.၂၅** ဗျာ ၆.၁၃ **13:26** **၁၃.၂၆** ဗျာ ၁.၇ * **13:29** **၁၃.၂၉** ခွဟော့-က်ဝနီးဟှို့ ရော့-က်နေဘီ၊ အယ်မျိုးမူဘဲ့နေဟှာ ကိုယ်တော် ရော့-က်လာခါနီးဟှားဘီ။ **13:32** **၁၃.၃၂** မ ၂၄.၃၆

33 ဒါပြုဘီး ့နိုးနိုးကြားကြား နေဂေ့။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ အယ်ခီဟှာ ဖယ်ခီမှ
ရော့-က်လာမယ် ဆိုဇာဟို့ နန်းနို့လေ သိဂေ့ဟှ။
34 အယ်ဇာဟှာ ဝီးဟို့ ထွပ်ဟှားဟူ လူတယော့-က်န တူဟှယ်။ သူဟှာ သူ့အီဟို့
ထားရစ်ဘီး သူ့ရဲ့ စေခံလေဟို့ ခွမ့်အာဏာန လောက်ကိုယ်စီ လောက်ဆောန်ဟို့
မိန့်ပေးဟှားရစ်ဟှယ်။ အယ်ဘီးဟှာ ခွဇော့-က်စောန့်မားဟို့ ဒိနစောန့်ဟို့
ပြောဟှားရစ်ဟှယ်။
35 အယ်ဆိုဟှာ ဒိနစောန့်ဂေ့။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ အီဇရှင်ဟှာ
ဖယ်ခီပ့လန်လာမယ် ဆိုဇာဟို့ နန်းနို့လေ သိဂေ့ဟှ။ နေဒန်ဇာခီ၊ ညဥ့်နတ်ခီ၊ မိုးသာထခီ၊
မိုးလန်းစောစောဂီး ခီလေမာ ဖြစ်ရှင်ဖြစ်မယ်။
36 သူဟှာ ရောက်တရစ် ရော့-က်လာမယ် ဆိုဟှာ နန်းနို့လေ အိမ့်နေဇာဟို့ တွိစေန။
37 အယ်ဘီးဟှာ နန်းနို့ဟို့ ပြောဟှားတိုင်း လူတိုင်းဟို့လည်း ငါပြောဟှယ်။
ဒိနစောန့်နေဂေ့!" ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။

14

ယေရှုဟို့ သတ်ဟို့ ကြံစည်ဂေ့ဟူကြောန်း
(မဿဲ ၂၆.၁-၅; လုကာ ၂၂.၁-၂; ယောဟန် ၁၁.၄၅-၅၃)

1 ပသခါပွဲန တဆေးမှေ့ဘဲဟှ မုပွဲတော်ဖြစ်ခန် နှေ့ရစ်လိုမာ၊ ယဇ်ပုရောဟိတ်ဂီးလေန
ကျမ်းတတ်ဆရာလေဟှာ ယေရှုဟို့ တိတိဟှားဖမ်းဘီး သတ်ဟို့တွပ်
နည်းလမ်းရှာကြံနေဂေ့ဟှယ်။
2 သူးနို့ဟှာ "နို့လေဟှာ ပွဲတော်ရစ်ထဲမာ အယ်ဇာဟို့ လောက်ဂေ့န၊ လူလေဟှာ
ရောင်းရင်းဆန်ခတ် ဖြစ်ဟှားနိုင်ဟှယ်" ဆိုဘီး ပြောဂေ့ဟှယ်။

ဗေသနိဝါမာ ယေရှုဟှာ ဆီမွှီးလောန်းခံရဟူကြောန်း
(မဿဲ ၂၆.၆-၁၃; ယောဟန် ၁၂.၁-၉)

3 ယေရှုဟှာ ဗေသနိဝါမာ နူနာရောဂါဖြစ်ဖူးဟူ ရှိမုန်ရဲ့အီမာရှိဟှယ်။ ယေရှုဟှာ
စားသော့-က်နေဒူးမာ မီးမတယော့-က်ဟှာ ရရာတိုင်း ဖိုးကီးဘီး နာဒုဆီမွှီးစစ်စစ်န
ပ့လဲ့နေဟူ ကွလော့-က်ဖ့လူဖူးဟို့ ယူဘီး ရော့-က်လာဟှယ်။ အယ်ဘီးဟှာ အယ်ဖူးဟို့
ရိုက်ခွဲလိုက်ဘီးဟှာ ယေရှုရဲ့ ခေါန်းထတ်ဟို့ လောန်းခ့လလေဟှယ်။
4 အယ်နေရာမာရှိဟူ လူတချို့ဟှာ စိဆိုးလာဘီးဟှာ "ဖြားဖြစ်ကြောန့် အယ်ဆီမွှီးဟို့
ကျိုးမှေ့ဘဲန လောက်နေရန်နူး။
5 အယ်ဆီမွှီးဟို့ ငွေဒန်းဂါး* ၃၀၀ ကျော်န ရောန်းဘီးဟှာ အယ်ကပ်လေဟို့
ဆင်းရဲသားလေဟို့ ပေးရမယ်!" ဆိုဘီး ယော့-က်နယော့-က်ပြောနေဂေ့ဟှယ်။
အယ်ဘီးဟှာ သူးနို့ဟှာ အယ်မီးမဟို့ ရရာတိုင်း ပြစ်တန်ဂေ့ဟှယ်။
6 အယ်ဘေမဲ့ ယေရှုဟှ "အယ်မီးမဟို့ ထားလိုက်ဝေါ့! ဖြားဖြစ်ကြောန့် သူ့ဟို့
နှောက်ရှစ်နေဂေ့နူး။ သူဟှ ငါ့တွပ် ကောန်းဟူဇာဟို့ လောက်ဟှယ်။

13:34 ၁၃.၃၄ လု ၁၂.၃၆-၃၈ **14:3 ၁၄.၃** လု ၇.၃၇.၃၈ * **14:5 ၁၄.၅ ငွေဒန်းဂါး၊** ရူ ၆.၃၇။

7 ဆင်းရဲသားလေဟှာ နန်းနို့န မြဲဒမ်း ရှိဂေ့ဟှယ်။ အယ်ဘီးဟှာ နန်းနို့
လိုရှင်ဟှုခီတိုင်း သူးနို့ဟှိ ကူညီနိုင်ဟှယ်။ အယ်ဘေမဲ့ ငါဟှ နန်းနို့န မြဲဒမ်းရှိနေဟှို့ မှုဟှ။
8 အယ်မီးမဟှာ သူတတ်နိုင်မျလောက်ဟှယ်။ သ်ကြိုဟ်ဟှို့တွပ် ကြိုတန်ဘီးဟှာ
ငါ့ရဲ့ကိုယ်ထတ်ဟှို့ ဆီမွီးလောန်းခ့လလေဟှယ်။
9 နန်းနို့ဟှို့ ငါ မှန်တိုင်းပြောမယ်၊ ကမ္ဘာနှံ့ ဧဝံဂေလိဟောပြောဟှု
နေရာတိုင်းမာအယ်မီးမ လောက်ရစ်ဇာလေဟှိလည်း သူရဲ့ မှတ်တရဖြစ်
ပြောကြားဂေ့လေ့မယ်” ဆိုဘီး မိန့်တော်မှုလေဟှယ်။

ယေရှုဟှို့ သစ်စာဖော့-က်ဟှို့ ယုဒဘောတူဟှုကြောန်း
(မဿဲ ၂၆.၁၄-၁၆; လုကာ ၂၂.၃-၆)

10 အယ်ဘီးန တဗဲတော်ဆယ့်နှေ့ပါးထဲဟှ တပါးဖြစ်ဟှု ယုဒရှကာရုတ်ဟှာ
ယဇ်ပုရောဟိတ်ဂီးလေနားဟှို့ ယေရှုဟှို့ အပ်ဟှို့တွပ် သူးနို့နားဟှို့ သွားလေဟှယ်။
11 သူလာပြောဇာဟှို့ သူးနို့်လေဟှာ ကြားရခီမာ ဝန်းသာဟှားဟှယ်။ အယ်ဘီးဟှာ
သူ့ဟှို့ ကပ်ပေးဟှို့တွပ် ဒီပေးဂေ့ဟှယ်။ အယ်ကြောန် ယုဒဟှာ ယေရှုဟှို့ အပ်ဟှို့တွပ်
ခွမ့်ကောန်းဟှို့ စဘီး ရှာနေလေဟှယ်။

ယေရှုဟှ တဗဲတော်လေန ပသခါညဥ့်ဇာ စားဟှုကြောန်း
(မဿဲ ၂၆.၁၇-၂၅; လုကာ ၂၂.၇-၁၄,၂၁-၂၃; ယောဟန် ၁၃.၂၁-၃၀)

12 တဆေးမှေ့ဘဲဟှု မုပွဲတော်ရဲ့ ပထမနေ့ ပသခါ သိုးသားဂန်းဟှားလေဟှို့
သတ်ရဟှု နေ့မာ ယေရှုရဲ့ တဗဲတော်လေဟှာ “ကိုယ်တော်တွပ် ပသခါ ညဥ့်ဇာစားဟှို့
ကျွန်တော့်ဟှားလေဟှို့ ဖယ်နားမာသွားဘီး ပြင်ဆင်စေရှင်ဟှယ်နူး” ဆိုဘီး
ကိုယ်တော့်ဟှို့ မေးလျှော့-က်ဂေ့ဟှယ်။
13 အယ်ကြောန် ယေရှုဟှ တဗဲတော်နှေ့ပါးဟှို့ စေလွှတ်လေဟှယ်။ သူးနို့ဟှို့
ပြောလိုက်ဇာဟှ “ဗြို့ထဲဟှို့ သွားဂေ့။ ရေအိုးထမ်းလာဟှု လူတယော့-က်ဟှ နန်းနို့ဟှို့
တွိဂေ့လေ့မယ်။ သူ့နော့-က်ဟှို့ လိုက်ဟှားဂေ့။
14 သူဝမ်ဟှားဟှု အီရဲ့ အီဇရှင်ဟှို့ ပြောပါ ‘ဆရာဟှ ငါ့တဗဲတော်လေနတူးဒူး ပသခါ
ညဥ့်ဇာစားဟှို့တွပ် ခန်းဟှာ ဖယ်မာနူး’ ဆိုဘီး ဆရာဟှ မေးခိုင်းလိုက်ဟှယ် ဆိုဘီး
ပြောပါ။
15 အယ်ဆိုဟှာ သူဟှာ သင့်ပြင်ဆင်ဟှားဘီး ကီးမားဟှု ထပ်ခန်းမဟှို့ နန်းနို့ဟှို့
ပြလေ့မယ်။ အယ်ခန်းမာ နို့လေတွပ် ညဥ့်ဇာစားဟှို့ ပြင်ဂေ့ပါ။”
16 အယ်တဗဲတော်လေဟှာ ထွပ်ဟှားဘီး ဗြို့ထဲဟှို့ ဝမ်ဟှားဂေ့ဟှု ခီမာ သူးနို့ဟှို့
ယေရှုပြောလိုက်တိုင်းဘဲ ဂူလောင်းဟှို့ တွိရလေဟှယ်။ အယ်ကြောန် သူးနို့ဟှာ ပသခါ
ညဥ့်ဇာစားဟှို့ ပြင်ဆင်ဂေ့ဟှယ်။
17 ညဥ့်ခန်းဇာ ရော့-က်လာဟှု ခီမာ ယေရှုဟှာ တဗဲတော်ဆယ့်နှေ့ပါးနတူးဒူ
ကွေ့လာဂေ့ဟှယ်။

18 သူးနို့ဟှာ ဗွဲမာထိုင်ဘီး စားနေဂေ့ဒူးမာ ယေရှုဟှ “နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊
နန်းနို့ထဲဟှ တယော့-က်ဟှာ ငါ့ဟို့ သစ်စာဖော့-က်လေ့မယ်။ အယ်လူဟှာ ငါ့နတူးဒူ
စားသော့-က်နေဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

19 တဗဲ့တော်လေဟှာ စိကောန်းဘဲ ဖြစ်ဟှားဂေ့ဘီး “ကျွန်တော်လော” ဆိုဘီး
ယော့-က်ဘီးယော့-က် ကိုယ်တော့်ဟို့ စဘီးမေးလျှော့-က်ဂေ့ဟှယ်။

20 ယေရှုဟှ “တဆယ့်နှေ့ပါးထဲဟှ တပါးဖြစ်ဘီး ငါ့နတူးဒူး စံထဲမာ မုန့်ဂိုက်ဟူလူ
ဖြစ်ဟှယ်။

21 လူ့ရဲ့သားဟှာ ကျမ်းစာမာ ရေးဟှားတိုင်း သေခံရလေ့မယ်။ အယ်ဘေမဲ့
လူ့ရဲ့သားဟို့ သစ်စာဖော့-က်ဟူ အယ်လူတွပ် အမင်္ဂလာဖြစ်ဟှယ်! အယ်လူဟှာ
မီးဖွားလာဘဲနေဇာဟှ သူ့တွပ် ပိုဘီး ကောန်းသေးဟှယ်!” ဆိုဘီး
ပ့လန်ဖြေတော်မူလေဟှယ်။

သခင်ဘုရားရဲ့ညဉ့်ဇာကြောန်း
(မဿဲ ၂၆.၂၆-၃၀; လုကာ ၂၂.၁၄-၂၀; ၁ ကောရိန့သု ၁၁.၂၃-၂၅)

22 သူးနို့လေဟှာ စားနေဒူးမာ ယေရှုဟှာ မုဟို့ယူဘီး၊ ကျေးဇူးတော်ဟို့ ချီးမွမ်းဘီးမှ
မုဟို့ဖဲ့ဘီးဟှာ တဗဲ့တော်လေဟို့ ပေးလေဟှယ်။ ကိုယ်တော်ဟှ “ယူဂေ့။ အယ်မုဟှာ
ငါ့ရဲ့ကိုယ်ခန္ဓာ ဖြစ်ဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

23 ခွပ်ဟို့လည်း ယူဘီးဟှာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းလေဟှယ်။
အယ်ဘီးန သူးနို့လေဟို့ ပေးလိုက်ဟှယ်။ သူးနို့လေ ဂူလောင်းဟှာ အယ်ခွပ်ဟို့
သော့-က်ဂေ့ဟှယ်။

24 ယေရှုဟှ “အယ်ဇာဟှာ လူလေတွပ် လောန်းပေးဟူ ဘုရားသခင်ရဲ့
ပဋိညာဉ်နဇိခတ်ဟှားဟူ ငါ့ရဲ့သွီးဖြစ်ဟှယ်။

25 နန်းနို့ဟို့ ငါ မှန်ပြောမယ်၊ ဘုရားသခင်ရဲ့ နိုင်ငံတော်မာ စဗျစ်ဝိုင်သစ်ဟို့
သော့-က်ရဟူ နေ့ရော့-က်ခန်ထိ ငါဟှာ အယ်စဗျစ်ဝိုင်ဟို့ နော့-က်တခါ လောင်းဝ
သော့-က်ဟို့မူဘီ” ဆိုဘီး မိန့်တော်မူလေဟှယ်။

26 အယ်ဘီးန သူးနို့လေဟှာ ချီးမွမ်းချင်းဟို့ ဆိုဘီး သံလွင်တောန်ဟို့
ထွပ်ဟှားဂေ့ဟှယ်။

ယေရှုဟှာ ပေတရုငြင်းပယ်မယ် ဆိုဇာဟို့ ကြိုတန်ပြောဟူကြောန်း
(မဿဲ ၂၆.၁-၃၅; လုကာ ၂၂.၃၁-၃၄; ယောဟန် ၁၃.၃၆-၃၈)

27 ယေရှုဟှ “ငါ့ဟို့ ထားရစ်ဘီး နန်းနို့ဂူလောင်းဟှာ ထွပ်ပ့လေးလေ့မယ်၊
ဖြားဖြစ်ကြောန်နူးဆိုဟှာ ကျမ်းစာထဲမာ ပြောဟှားဇာဟှ ‘ဘုရားသခင်ဟှာ
သိုးထီးမားဟို့ ရိုက်သတ်လေ့မယ်၊ အယ်ဆိုဟှာ သိုးလေဂူလောင်းဟှာ
ဆွတ်ဆွတ်ဖ့လူဟှားဂေ့လေ့မယ်။’

28 အယ်ဘေမဲ့ ငါဟှာ ထမြောဲ့-က်ဟှားဘီးန၊ ငါဟှာ ဂါလိလဲနယ်ဟို့
နန်းနို့ထတ်ရင်သွားလေ့မယ်” ဆိုဘီး သူးနို့လေဟို့ မိန့်တော်မူလေဟှယ်။
29 ပေတရုဟှ “တခြားလူလေ ဂူလောင်းဟှာ ထားရစ်ဂေ့ဘေမဲ့၊ ကျွန်တော့်ဟှ
ကိုယ်တော့်ဟို့ လောင်းဝထားရစ်ဟို့ မူဟှ!” ဆိုဘီး ပ့လန်လျွှ-က်လေဟှယ်။
30 ယေရှုဟှ “နန့်ဟို့ ငါ မှန်တိုင်းပြောမယ်၊ ခုညဉ့်မာဘဲ့ ကြစ်နှေ့ခါ တွန်ခန်မာ နန်ဟှာ
ငါ့ဟို့ သိဟှဆိုဘီး သောင်းခါ ပြောလေ့မယ်” ဆိုဘီး ပေတရုဟို့ မိန့်တော်မူလေဟှယ်။
31 အယ်ဘေမဲ့ ပေတရုဟှ “ကျွန်တော့်ဟှာ ကိုယ်တော်နတူးဒူ သေရမယ်
ဆိုဟှာလည်း၊ အယ်မျိုးလောင်းဝ ငြင်းပယ်ဟို့ မူဟှ!” ဆိုဘီး လေးလေးနတ်နတ်ဟှား
ပ့လန်လျွှ-က်လေဟှယ်။
အယ်ဘီးဟှာ တခြားတဗဲ့တော်လေ အားလောင်းဟှလည်း အယ်မျိုးဘဲ့
လျွှ-က်ဂေ့ဟှယ်။

ယေရှုဟှာ ဂေသရှေမန်မာ ဆုတောန်းဟူကြောန်း
(မဿဲ ၂၆.၃၆-၄၆; လုကာ ၂၂.၃၉-၄၆)

32 သူးနို့လေဟှာ ဂေသရှေမန် ဆိုဘီး နာမယ်ခေါ်ဟူ နေရာဟို့ သွားဂေ့ဟှယ်။
အယ်ဘီးန ယေရှုဟှာ “ငါဆုတောန်းနေဒူးမာ အယ်နေရာမာ ထိုင်နေဂေ့ပါ” ဆိုဘီး
တဗဲ့တော်လေဟို့ ပြောဟှယ်။
33 ကိုယ်တော်ဟှာ ပေတရု၊ ယာကုပ်န ယောဟန်ဟို့ သူနှတူးဒူ
ခေါ်ဆောန်ဟှားလေဟှယ်။ ဆိုးဝါးဟူ ပူပန်သောကဟှာ ကိုယ်တော့်ဟို့
စိုးမိုးလာလေဟှယ်။
34 အယ်ဘီးဟှာ ကိုယ်တော်ဟှ “ငါ့စိဟှာ သေလော့-က်အောန် ဝန်းနဲနေလေဟှယ်။
အယ်နေရာမာ နေရစ်ဘီး ဒိနစောန့်နေဂေ့” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူဟှယ်။
35 ကိုယ်တော်ဟှ ရှေ့ဟို့ နဲနဲတိုးဟှားဘီးဟှာ သူ့ကိုယ်သူ မ့လေဂီးမာ လှဲခ့လလိုက်ဘီး
ဖြစ်နိုင်မယ် ဆိုဟှာ အယ်ခီနာရီဟို့ သူ့ဟှနေ လွန်ဟှားစေပါ ဆိုဘီး
ဆုတောန်းလေဟှယ်။
36 “အဗ့ဗ၊ ဖ! ကိုယ်တော်တွပ် ရှိမျှဂူလောင်းဟှာ ဖြစ်နိုင်ဟှယ်။ အယ်ဝေနာခွပ်ဟို့
ကျွန်တော့်နားဟှနေ ဖယ်ပေးပါ။ အယ်ဘေမဲ့ ကျွန်တော့်ရဲ့ လိုဖြစ်စေန။
ကိုယ်တော်ရဲ့လိုဘဲ့ ဖြစ်စေပါ။”
37 အယ်ဘီးန ကိုယ်တော်ဟှာ ပ့လန်လာဟူ ခီမာ တဗဲ့တော်သောင်းပါးဟှာ
အိမ်ခီနေဂေ့ဇာဟို့ တွိဟှားဟှယ်။ ကိုယ်တော်ဟှ “ရှိမုန်၊ နန်ဟှ အိမ်ခီနေလော။
တနာရီလော့-က် စောန့်နေနိုင်ဟှလော” ဆိုဘီး ပေတရုဟို့ မိန့်တော်မူလေဟှယ်။
38 ကိုယ်တော်ဟှ “နန်းနို့ဟှာ စောင်ဇမ်းသွီးဆောန်မူထဲဟို့ ကှလဘဲနေဟို့တွပ်
ဆုတောန်းဘီး စောန့်နေဂေ့။ ဝိညာဉ်ဟှဆန္ဒရှိဘေမဲ့ ဇာတိဟှအားနည်းဟှယ်” ဆိုဘီး
သူးနို့ဟို့ မိန့်တော်မူလေဟှယ်။
39 ကိုယ်တော်ဟှာ နော့-က်တခါ ထွပ်ဟှားဘီး၊ ရင်တိုင်းဘဲ ဆုတောန်းလေဟှယ်။

14:28 ၁၄.၂၈ မ ၂၈.၁၆

40 ကိုယ်တော်ဟာ ပုလန်လာဟူ ခီမာ သူးနို့မျစ်စိလေဟု လေးလံနေဟူကြောန့်
အိမွီနေဇာဟို့ တခါတွိဟားဟုယ်။ သူးနို့ဟာ ကိုယ်တော့်ဟို့ ဖြားဇာပြောရဟို့
သိဂေ့ဟုမ်း။
41 ကိုယ်တော်ဟာ သောင်းခါမြေ့-က် ပုလန်လာဟူ ခီမာ ကိုယ်တော်ဟု "နန်းနို့ဟာ
ခုထိ အိမွီးဘီး နားယူနေသေးလော။ တော်ဘီ! ခီနာရီဟာ ရော့-က်လာဘီ! ကေ့ဂေ့!
လူရဲ့သားဟာ ပြစ်သားလေရဲ့ လတ်ထဲဟို့ အယ်နှံခံရမယ်။
42 ထဂေ့။ နို့လေ သွားဂေ့ဇီ့။ ငါ့ဟို့ အပ်ဟို့လူဟာ ရော့-က်လာဘီး!" ဆိုဘီး
မိန့်တော်မူလေဟုယ်။

ယေရှုဟို့ ဖမ်းဂေ့ဟူကြောန်း
(မဿဲ ၂၆.၄၇-၅၆; လုကာ ၂၂.၄၇-၅၃; ယောဟန် ၁၈.၃-၁၂)

43 တမဲ့တော် ဆယ့်နှေ့ပါးထဲဟု တပါးဖြစ်ဟူ ယုဒဟာ ရော့-က်လာဟူ ခီမာ
ယေရှုဟာ စကားပြောနေဒူး ဖြစ်ဟုယ်။ သူနတူးဒူ ဒေါက်လေ၊ ထားလေကိုင်လာဟူ
လူအောက်ဂီး ပါလာဘီး အယ်လူလေဟို့ ယဇ်ပုရောဟိတ်ဂီးလေ၊
ကျမ်းတတ်ဆရာလေန သတ်ကီးဝါဂီးလေဟု စေလွှတ်လိုက်ဟုယ်။
44 ကိုယ်တော့်ဟို့ အပ်ဟူ လူဟု "ငါနမ်းဟူ လူဟာ နန်းနို့ လိုရှင်နေဟူလူ ဖြစ်ဟုယ်။
သူဟို့ ဖမ်းဘီး စောန့်လေန ခေါ်ဟုားဂေ့" ဆိုဘီး လူအောက်ဂီးဟို့ ချစ်ပြဘီး မှတ်သား
ပေးဟုားလေဟုယ်။
45 ယေရှုနားဟို့ ရှစ်ရှင်း သွားဘီး၊ ယုဒဟု "ဆရာ!" ဆိုဘီး ခေါ်လိုက်ဘီး
ကိုယ်တော့်ဟို့ နမ်းလေဟုယ်။
46 အယ်ကြောန့် သူးနို့ဟု ယေရှုဟို့ ဖမ်းဘီး ချောက်ဟုားဂေ့ဟုယ်။
47 အယ်ဘေမဲ့ နားမာရပ်နေဟူ လူလေထဲဟု တယော့-က်ဟာ ထားဟို့ ဆွဲထုဘီး
ယဇ်ပုရောဟိတ်မန်းရဲ့ ကျွန်တယော့-က်ဟို့ ခွတ်လိုက်ဟူ ခီမာ အယ်လူရဲ့ နားဝှပ်
ပြတ်ဟုားဟုယ်။
48 အယ်ဆိုန ယေရှုဟာ "ငါဟာ မှလတယော့-က် ဖြစ်ဟူကြောန့် နန်းနို့ဟာ ငါ့ဟို့
ဖမ်းဟို့တွပ် ဒေါက်လေ၊ ထားလေန ရော့-က်လာဂေ့ ဇာလော။
49 ငါဟာ နေ့တိုင်း နန်းနို့နတူးဒူး ဗိမာန်တော်ထဲမာ သွန်သန်နေဟုယ်။ နန်းနို့ဟာ ငါ့ဟို့
ဖမ်းဂေ့ဟုမား။ အယ်ဘေမဲ့ ကျမ်းစာတိုင်းဘဲ့ ပုလဲ့ဇောင်လာရမယ်" ဆိုဘီး
သူးနို့လေဟို့ မိန့်တော်မူလေဟုယ်။
50 အယ်ဆိုန တမဲ့တော်လေဟာ ကိုယ်တော့်ဟို့ ထားရစ်ဘီး ထွပ်ပုလေးဟုားဂေ့ဟုယ်။
51 ပိချောဝတ် တထည်ဘဲ့ ခြောင်ဟုားဟူ လူငယ် တယော့-က်ဟာ ယေရှုနော့-က်ဟို့
လိုက်လာဟုယ်။ သူးနို့ဟာ သူဟို့ ဖမ်းဟို့ ကြိုးစားဂေ့ဟူ ခီမာ
52 သူဟာ ပိချောဝတ်ဟို့ ထားရစ်ဘီးဟာ ခုလေးပုလန်းဗုလန်းန
ထွပ်ပုလေးဟုားလေဟုယ်။

14:49 **၁၄.၄၉** လု ၁၉.၄၇; ၂၁.၃၇

ယေရှုဟာ တရားလွှတ်တော်ရှေ့မှာ
(မဿဲ ၂၆.၅၇-၆၈; လုကာ ၂၂.၆၄-၇၁,၆၃-၇၁; ယောဟန် ၁၈.၁၃,၁၄,၁၉-၂၄)

53 အယ်ဘီးန ယေရှုဟို့ ယဇ်ပုရောဟိတ်ဂီးလေ၊ သတ်ကီးဝါဂီးလေန
ကျမ်းတတ်ဆရာလေ စုဝီးနေဟူ ယဇ်ပုရောဟိတ်မန်းရဲ့ အီဟို့ ခေါ်ဆောန်ဟုးဂေ့ဟုယ်။
54 ပေတရုဟု ခပ်ဝီးဝီးဟုနေ လိုက်လာဘီး ယဇ်ပုရောဟိတ်မန်းရဲ့ အီဝမ်းထဲဟို့
ဝမ်ဟုးလေဟုယ်။ အယ်နေရာမာ သူဟာ စောန့်လေနတူးဒူ ထိုင်ဘီး
မီးကန်နေလေဟုယ်။
55 ယဇ်ပုရောဟိတ်ဂီးလေန တရားလွှတ်တော် တခုလောင်းဟာ ယေရှုဟို့
သေဒန်ပေးနိုင်ဟို့တွပ် ကိုယ်တော့်ဟို့ ဆန့်ကျင်ထွပ်ဆိုမယ့် သတ်သေတချို့ဟို့ ရှာဟို့
ကြိုးစားဂေ့ဟုယ်။ အယ်ဘေမဲ့ သူးနို့ဟာ ဖြားဇာလည်း ရှာတွိဂေ့ဟု။
56 သတ်သေလေ ဘောင်းဂီးဟာ ယေရှုဟို့ ဆန့်ကျင်ဟို့ လီညာဘီး ထွပ်ဆိုဂေ့ဟုယ်။
အယ်ဘေမဲ့ သူးနို့ထွပ်ဆိုဇာလေဟု တူညီဂေ့ဟု။
57 အယ်ဆိုန လူတချို့ဟာ ထရပ်ဘီးဟာ ယေရှုဟို့ ဆန့်ကျင်ဟို့ အယ်မျိုးလီညာဘီး
ထွပ်ဆိုလိုက်ဇာဟု
58 “ ‘လူလောက်ဟုးဟူ အယ်ဗိမာန်တော်ဟို့ ငါဖြိုဖျစ်မယ်။ အယ်ဘီးဟာ
သောင်းရစ်ကြာဘီးန လူလောက်ဘဲဟူ ဗိမာန်တော်ဟို့ ငါပ့်လန်ဆော့-က်မယ်’ ဆိုဘီး
သူပြောဇာဟို့ ကျွန်တော့်လေ ကြားဟုးဟုယ်။”
59 အယ်ဘေမဲ့လည်း သူးနို့ရဲ့ သတ်သေထွပ်ဆိုချစ်ဟာ တူညီဂေ့ဟု။
60 ယဇ်ပုရောဟိတ်မန်းဟာ သူးနို့လေ ဂူလောင်းရဲ့ ရှေ့မာ ရပ်ဘီးဟာ ယေရှုဟို့
“အယ်လူလေဟာ နန့်ဟို့ စွပ်စွဲပြောဆိုနေဇာ နန်ဟာ ဖြားလည်းဖြေဘဲန နေပို့လော”
ဆိုဘီး မေးလေဟုယ်။
61 အယ်ဘေမဲ့ ယေရှုဟာ ဇပ်ပေါ့-က်ဟို့ ပိဟုးဘီး စကားခွန်းလည်း ပြောဟု။
တခါပ့်လန်ဘီး ယဇ်ပုရောဟိတ်မန်းဟု “နန်ဟာ မင်္ဂလာရှိဟူ ဘုရားသခင်ရဲ့ သားတော်
ခရစ်တော်လော” ဆိုဘီး ကိုယ်တော့်ဟို့ မေးလေဟုယ်။
62 ယေရှုဟု “ငါဘဲ့ဖြစ်ဟုယ်။ လူရဲ့သားဟာ တဂိုးတော်ရဲ့ ညာဖတ်မာ ထိုင်နေဘီး
ကောန်းဂန်မိုးတီဟို့ စီးဘီးလာနေဇာဟို့ နန်းနို့ ဗြင်ရလေ့မယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
63 ယဇ်ပုရောဟိတ်မန်းဟာ မိမိဝတ်ယောင်ဟို့ ဆုဖ့လဲဘီးဟာ “နို့လေဟာ
နော့-က်ထပ် ဖြားသတ်သေလေ လိုသေးဟုယ်နူး။
64 ဘုရားသခင်ဟို့ ပြစ်မှားဘီး ပြောနေဟူ စကားဟို့ နန်းနို့ ကြားရဂေ့ဘီ။ နန်းနို့ရဲ့
စီရင်ချစ်ဟု ဖယ်မျိုးနူး” ဆိုဘီး မေးလိုက်ဟုယ်။
သူးနို့လေ ဂူလောင်းဟာ ကိုယ်တော့်ဟို့ သေဒန်ခံထိုက်ဟုယ် ဆိုဘီး
စီရင်ဂေ့လေဟုယ်။

14:58 **၁၄.၅၈** ယော ၂.၁၉

65 သူးနို့ထဲဟ့တချို့ဟ့ ယေရှုဟို့ စဘီးဟ့ ထိုးရယ်န ထိုးဂေ့ဟ့ယ်။ အယ်ဘီးဟ့
ကိုယ်တော့်ဟို့ မျစ်နှာဟို့ဖောင်းဘီး လတ်သီးန ထိုးဂေ့ဟ့ယ်။ “ဖယ်လူဟ့
ရိုက်လိုက်ဟ့ယ် ဆိုဇာဟို့ ပရောဖက်ပြုပါ!” ဆိုဘီး သူးနို့ဟ့ ပြောဂေ့ဟ့ယ်။
အယ်ဘီးဟ့ စောန့်လေဟ့ ကိုယ်တော့်ဟို့ ခေါ်ဆောန်းဟ့ားဘီး ကိုယ်တော့်ဟို့
ပါးရိုက်ဂေ့ဟ့ယ်။

ပေတရုဟ့ ယေရှုဟို့ ငြင်းပယ်ဟ့ကြောန်း
(မဿဲ ၂၆.၆၉-၇၅; လုကာ ၂၂.၅၆-၆၂; ယောဟန် ၁၈.၁၅-၁၈,၂၅-၂၇)

66 ပေတရုဟ့ အယ်အီဝမ်းထဲမာ ရှိနေဒူးမာ ယဇ်ပုရောဟိတ်မန်းရဲ့
စေခံဝယ်သားလေထဲဟ့ တယော့-က်ဟ့ ရော့-က်လာဟ့ယ်။
67 အယ်ဝယ်သားဟ့ ပေတရု မီးကန်နေဇာဟို့ ဖြင်ဟ့ဒီမာ သူဟ့ သူ့ဟို့
စေ့စေ့ကေ့ဘီး “နန်ဟ့ာလည်း နာဇရက်ဖြို့သား ယေရှုနတူးဒူး ရှိနေဟ့ယ်” ဆိုဘီး
ပြောလေဟ့ယ်။
68 အယ်ဘေမဲ့ ပေတရုဟ့ “နန်ပြောနေဇာလေဟို့ ငါသိဟ့။ ငါနားလည်ဟ့” ဆိုဘီး
ငြင်ဘီးဟ့ ပ့လန်ဖြေလိုက်ဟ့ယ်။ အယ်ဘီးန ခြံဝဟို့ ထွပ်ဟ့ားလေဟ့ယ်။ အယ်ခီမာဘဲ့
ကြစ်တွန်လေဟ့ယ်။†
69 စေခံဝယ်သားဟ့ ပေတရုဟို့ အယ်နေရာမာ တွိဟ့ ခီမာ နားမာရပ်နေဟ့ လူလေဟို့
“အယ်လူဟ့ သူးနို့လေထဲဟ့ တယော့-က်ဖြစ်ဟ့ယ်!” ဆိုဘီး ထပ်ပြောပ့လန်ဟ့ယ်။
70 အယ်ဘေမဲ့ ပေတရုဟ့ နော့-က်တခါ ငြင်းပ့လန်ဟ့ယ်။
နဲနဲကြာဘီးန နားမာရပ်နေဟ့ လူလေဟ့ “နန်ဟ့ာ မှန်ဘဲ့ သူးနို့ထဲဟ့
တယော့-က်ဖြစ်ဟ့ယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ နန်ဟ့လည်း ဂါလိလဲပြည်သား
တယော့-က်ဖြစ်ဟ့ယ်” ဆိုဘီး သူးနို့ဟ့ ပေတရုဟို့ စွပ်စွဲဂေ့ဟ့ယ်။
71 အယ်ဆိုန ပေတရုဟ့ “ငါဟ့ာ မှန်တိုင်း ပြောနေဟ့ယ် ဆိုဇာဟို့ ငါကီရဲဟ့ယ်။”
72 ရှစ်ရှင်းဘဲ့ ဒုတိယခါ ကြစ်တွန်လေဟ့ယ်။ အယ်ဆိုန “နန်ဟ့ာ ငါ့ဟို့ သိဟ့ ဆိုဘီး
သောင်းခါ ငြင်းလေ့မယ်” ဆိုဘီး ယေရှုပြောဟ့ားဟ့ စကားဟို့ ပေတရုဟ့ာ
ဒီရဟ့ားဟ့ယ်။ အယ်ဆိုန သူဟ့ာ ရရာတိုင်း ငိုလေဟ့ယ်။

15

ယေရှုဟို့ ပိလတ်ရှေ့ဟို့ ခေါ်ဆောန်ဟ့ားဟ့ကြောန်း
(မဿဲ ၂၇.၁,၂,၁၁-၁၄; လုကာ ၂၃.၁-၅; ယောဟန် ၁၈.၂၈-၃၈)

1 မိုးလန်းစောစောမာ ယဇ်ပုရောဟိတ်ဂီးလေဟ့ာ ကျမ်းတတ်ဆရာလေ၊
သတ်ကီးဝါဂီးလေန တရားလွှတ်တော်တခုလောင်းန ဗြန်းဗြန်ဟ့ား တွိဂေ့ဘီးဟ့ာ
ဆောင်းဖြတ်ဂေ့ဟ့ယ်။ သူးနို့ဟ့ာ ယေရှုဟို့ တောက်ဂေ့ဘီး ခေါ်ဆောန်ဟ့ားဟ့ယ်။
အယ်ဘီးဟ့ာ ပိလတ်မန်းဟို့ အပ်လိုက်ဂေ့ဟ့ယ်။

† **14:68 ၁၄.၆၈** တချို့ မူရင်းလတ်ရေးမူလေမာ အယ်ခီမာဘဲ့ ကြစ်တွန်လေဟ့ယ်၊ ဆိုဇာဟ့ာ မမြဟ့။

2 ပိလတ်မန်းဟ့ “နန်ဟ့ာ ယုဒလူမျိုးလေရဲ့ မန်းဂီးလော” ဆိုဘီး ယေရှုဟ့ို
မေးလေဟ့ယ်။
ယေရှုဟ့ “မန်းဂီးပြောတိုင်းဘဲ့” ဆိုဘီး ပ့လန်ဖြေလေဟ့ယ်။
3 ယဇ်ပုရောဟိတ်ဂီးလေဟ့ာ ယေရှုဟ့ို မျိုးမျိုးဘဲ့ စွပ်စွဲဂေ့ဟ့ယ်။
4 အယ်ကြောန့် ပိလတ်မန်းဟ့ာ ယေရှုဟ့ို “နန်ဟ့ာ ဖြားလည်းဖြေဘိလော။ သူးန့်လေ
ဂူလောင်းရဲ့ စွပ်စွဲချစ်လေဟ့ို နားထောန်ကေ့!” ဆိုဘီး ထပ်ဘီးမေးလေဟ့ယ်။
5 အယ်ဘေမဲ့ ယေရှုဟ့ာ ခွန်းလည်း ပ့လန်ပြောဘဲန အယ်တိုင်းဘဲ့ နေလေဟ့ယ်။
အယ်ဆိုန ပိလတ်မန်းဟ့ာ အံ့သြဟ့ားလေဟ့ယ်။

ယေရှုဟ့ို သေဒန်ခ့လိုက်ဟ့ူကြောန်း
(မဿဲ ၂၇.၁၅-၂၆; လုကာ ၂၃.၁၃-၂၅; ယောဟန် ၁၈.၃၉—၁၉.၁၆)

6 ပသခါပွဲတိုင်းမာ ပိလတ်မန်းဟ့ာ ပြည်သူလေ တောန်းဟ့ူ
ထောန်သားတယော့-က်ဟ့ို လွှတ်ပေးဟ့ူ ထောင်းဇီရှိဟ့ယ်။
7 အယ်ခီမာ ဆူပူအုံကြွမှုမာ လူသတ်မှု ကျူးလွန်ဟ့ူ ပေါင်ကန်သူလေနတူးဒူ ဗာရဗ့ဗ
နာမယ်ရှိဟ့ူ လူတယော့-က်ဟ့ာ ထောန်ကဲ့လနေဟ့ယ်။
8 လူအောက်ဂီးဟ့ာ ပိလတ်မန်းနားဟ့ို စုဝီးလာဘီး လောက်လေ့ရှိဟ့ူတိုင်း သူးန့်ဟ့ို
လောက်ဆောန်ပေးဟ့ို့ ပိလတ်မန်းဟ့ို တောန်းဆိုဂေ့ဟ့ယ်။
9 ပိလတ်မန်းဟ့ “နန်းန့်ဟ့ာ ယုဒလူမျိုးရဲ့ မန်းဂီးဟ့ို လွှတ်ပေးစေရှင်ဟ့ယ်လော”
ဆိုဘီး သူးန့်ဟ့ို မေးလေဟ့ယ်။
10 ယဇ်ပုရောဟိတ်ဂီးလေဟ့ာ ယေရှုဟ့ို နာလိုဘဲဟ့ူကြောန့် အပ်ဟ့ယ်ဆိုဇာ
ပိလတ်မန်းဟ့ာ သိဟ့ူကြောန့် ဖြစ်ဟ့ယ်။
11 အယ်ဘေမဲ့ ယဇ်ပုရောဟိတ်ဂီးလေဟ့ာ ဗာရဗ့ဗဟ့ိုဘဲ့ လွှတ်ပေးဟ့ို့တွပ်
ပိလတ်မန်းနားမာ တောန်းဆိုဟ့ို့ လူအောက်ဂီးဟ့ို နှို့ဆော်ဂေ့ဟ့ယ်။
12 ပိလတ်မန်းဟ့ “ယုဒလူမျိုးရဲ့ မန်းဂီး ဆိုဘီး နန်းန့်ခေါ်ဟ့ူ လူဟ့ို
ငါဖယ်မျိုးလောက်ရဟ့ို့နူး” ဆိုဘီး လူအောက်ဂီးဟ့ို ထပ်မေးလေဟ့ယ်။
13 အယ်လူလေဟ့ “သူ့ဟ့ို ကားစင်တန်ပါ!” ဆိုဘီး အော်ဂေ့ဟ့ယ်။
14 ပိလတ်မန်းဟ့ာ “ဖြားဖြစ်ကြောန့်နူး။ အယ်လူဟ့ ဖြားပြစ်မှုဟ့ို ကျူးလွန်ဟ့ားနူး”
ဆိုဘီး မေးလေဟ့ယ်။
လူလေ ဂူလောင်းဟ့ာ “သူ့ဟ့ို ကားစင်တန်ပါ!” ဆိုဘီး ပိုဘီး ဟ့ာ
က့လယ်ဟ့ီးအော်ဂေ့ဟ့ယ်။
15 ပိလတ်ဟ့ာ လူအောက်ဂီးဟ့ို ကျေနပ်စေရှင်ဟ့ယ်။ အယ်ကြောန့် သူးန့်တွပ်
ဗာရဗ့ဗဟ့ို လွှတ်ပေးလိုက်ဟ့ယ်။ အယ်ဘီးန သူဟ့ာ ယေရှုဟ့ို ကျာပွတ်န
ရိုက်စေဘီးဟ့ာ ကားစင်တန်ဟ့ို့တွပ် အပ်လေဟ့ယ်။

စစ်သားလေဟ့ာ ယေရှုဟ့ို ရယ်ဇားဟ့ူကြောန်း
(မဿဲ ၂၇.၂၇-၃၁; ယောဟန် ၁၉.၂-၃)

16 စစ်သားလေဟာ ယေရှုဟို့ ဗြိုဝန်မန်းရဲ့ အိခြဲဝမ်းထဲဟို့ ခေါ်ဆောန်ဟားဘီး
တပ်ဖွဲ့တဖွဲ့လောင်းဟို့ စုခိုင်းလိုက်ဟုယ်။
17 သူးနို့ဟာ ယေရှုဟို့ ခရမ်းရောန် ဝတ်လောင်ဟို့ ဝတ်ပေးလိုက်ဟုယ်။ အယ်ဘီးန
ဆူးခတ်လေဟို့ သရဖူဖြစ် ရစ်လောက်ဘီး ကိုယ်တော့်ဟို့ ဆောန်းပေးလိုက်ဟုယ်။
18 အယ်ဘီးန ကိုယ်တော့်ဟို့ "ယုဒလူမျိုးရဲ့ မန်းဂီး သတ်တော်ရှယ်ပါစေ!" ဆိုဘီး
စဘီး နှောက်ဆစ်ဂေ့ဟုယ်။
19 သူးနို့ဟာ ကိုယ်တော်ရဲ့ ခေါန်းဟို့ ကျူဒေါက်န ရိုက်ဂေ့ဟုယ်။ ကိုယ်တော့်ဟို့လည်း
ထွီးရယ်န ထွီးဂေ့ဟုယ်။ သူးနို့ရဲ့ ဒူးဟို့ ထော့-က်ဘီးဟာ ကိုယ်တော့်ဟို့ ရှိခိုးဂေ့ဟုယ်။
20 သူးနို့ဟာ ကိုယ်တော့်ဟို့ ရယ်ဇားဂေ့ဘီးဟာ သူးနို့ဟ ခရမ်းရောန် ဝတ်လောင်ဟို့
ခလွတ်ဘီးဟာ ကိုယ်တော်ရဲ့ ဝတ်ဟို့ ပ့လန်ဝတ်ပေးဂေ့ဟုယ်။ အယ်ဘီးန သူးနို့ဟာ
လတ်ဝါးကပ်တိုင်ထတ်မာ သတ်ဟို့တွပ် ကိုယ်တော့်ဟို့ ခေါ်ဟားဂေ့ဟုယ်။

ယေရှုဟို့ ကားစင်တန်ဘီး သတ်ဟူကြောန်း
(မဿဲ ၂၇.၃၂-၄၄; လုကာ ၂၃.၂၆-၄၃; ယောဟန် ၁၉.၁၇-၂၇)

21 သူးနို့ဟာ တောဝါဟုနေ ဗြိုဟို့တတ်လာဟူ ရှိမုန်နာမယ်ရှိဟူ လူတယော့-က်ဟို့
လမ်းမာ တွိလေဟုယ်။ အယ်ဆိုန စစ်သားလေဟာ ယေရှုရဲ့ လတ်ဝါးကပ်တိုင်ဟို့ သူ့ဟို့
တန်ဘီးထမ်းခိုင်းလေဟုယ်။ (ရှိမုန်ဟာ ကုရေနေဗြိုသားဖြစ်ဘီး အာလေဇန္ဒြန ရုဖရဲ့
ဖလည်း ဖြစ်ဟုယ်။)
22 သူးနို့ဟာ ယေရှုဟို့ ဂေါလဂေါသ ဆိုဘီး ခေါ်ဟူ နေရာဟို့
ခေါ်ဆောန်ဟားဂေ့ဟုယ်။ ဂေါလဂေါသရဲ့ ဓိပါယ်ဟ "ဦးခေါန်းခွံနေရာ" ဖြစ်ဟုယ်။
23 အယ်နေရာမာ သူးနို့ဟ ကိုယ်တော့်ဟို့ မုရန် ဆိုဘီး ခေါ်ဟူ ဆေးန ရောဟားဟူ
ဝိုင်ဟို့ တိုက်ဟို့ ကြိုးစားဂေ့ဟုယ်။ အယ်ဘေမဲ့ ယေရှုဟ သော့-က်ဟ။
24 အယ်ဘီးန သူးနို့ဟာ ကိုယ်တော့်ဟို့ ကားစင်တန်ဘီး သတ်ဂေ့ဘီးဟာ ဝတ်ရဲ့
ဖြားပိုင်းဟို့ ဖယ်လူဟုရဟုယ် ဆိုဇာဟို့ ဗြင်ဟို့တွပ် မဲနှိုက်ဘီး သူးနို့ရှင်းရှင်းထဲမာ
ကိုယ်တော်ရဲ့ ဝတ်ဟို့ ခွဲဝေဂေ့ဟုယ်။
25 သူးနို့ဟာ ကိုယ်တော့်ဟို့ ကားစင်တန်ဘီး သတ်ဟူ ခီဟာ မိုးလန်း ကိုးနာရီ
ဖြစ်ဟုယ်။
26 ကိုယ်တော့်ဟို့ ဆန့်ကျင်ဘီး စွတ်စွဲချစ်ဟို့ ရေးဟားဟူစာမာ "ယုဒမန်းဂီး" ဆိုဘီး
ဖြစ်ဟုယ်။
27 သူးနို့ဟာ ယေရှုနတူးဒူ မ့လနှေ့ယော့-က်ဟို့လည်း ဘယ်ဖတ်မာ တယော့-က်
ညာဖတ်မာ တယော့-က် ထားဘီးဟာ ကားစင်တန်ဂေ့ဟုယ်။
28 *

15:21 **၁၅.၂၁** ရော ၁၆.၁၃ * **15:28** **၁၅.၂၈** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၂၈ ဟို့၊
အယ်နည်းလမ်းဟာ ကျမ်းစာစစ်မှန် ဖြစ်လာမယ် ဆိုဘီး ပြောဟားဇာဟ "ကိုယ်တော်ဟာ ရာဇဝတ်ကောန်လေရဲ့
စာရင်းထဲမာ ပါဝမ်ဟားလေဟုယ်၊" ဆိုဘီး ထပ်ပေါန်းထဲ့ဟားဟုယ် (ရှ လု ၂၂.၃၇)။

29 ဖြတ်သွားဖြတ်လာလောက်နေဟူ လူလေဟှာ ခေါန်းခါဘီးဟှာ ယေရှုဟို့
ကဲ့ရဲ့လိုက်ဇာဟှ “ဟင်! ဗိမာန်တော်ဟို့ဖြိုခ့ုလဘီး သောင်းရစ်ထဲမာ
ပ့ုလန်ဆော့-က်ဟို့လူ!
30 ခု လတ်ဝါးကပ်တိုင်ဟှနေ ဆင်းလာဘီးဟှာ နန့်ကိုယ်နန် ကယ်တန်ပါ!”
31 အယ်မျိုးဘဲ့ ယဇ်ပုရောဟိတ်ဂီးလေန ကျမ်းတတ်ဆရာလေဟှာ ယေရှုဟို့
ရယ်ဇားဂေ့ဘီး၊ ယော့-က်နယော့-က်ပြောနေဇာဟှ “အယ်လူဟှာ တခြားလူလေဟို့
ကယ်ဟှယ်။ အယ်ဘေမဲ့ သူ့ကိုယ်သူလော ကယ်နိုင်ဟှမား!
32 ဣသရေလမန်းဂီး၊ ကယ်တန်ရှင် ခရစ်တော်ဟှာ ခုဘဲ့ လတ်ဝါးကပ်တိုင်ဟှနေ
ဆင်းလာဇာဟို့ နို့လေဖြင်ရမယ် ဆိုဟှာ နို့လေဟှ ယောင်ကြည်မယ်!”
အယ်ဘီးဟှာ ယေရှုနတူးဒှ ကားစင်တန်ဘီး သတ်ခံရဟူ လူနှေ့ယော့-က်ဟှလည်း
ယေရှုဟို့ ရယ်ဇားဂေ့ဟှယ်။

ယေရှုရဲ့ သေဆောင်းမှုကြောန်း
(မဿဲ ၂၇.၄၅-၅၆; လုကာ ၂၃.၄၄-၄၉; ယောဟန် ၁၉.၂၈-၃၀)

33 မွန်းဒဲ့ခီမာ တနိုင်ငံလောင်းဟှာ မှောန်ကုလဟှားဘီး၊ အယ်ဇာဟှာ
သောင်းနာရီကြာလေဟှယ်။
34 နေဒန်သောင်းနာရီမာ ယေရှုဟှာ “ဧလိ၊ ဧလိ၊ လာမ ရှာဗဒသနိ” ဆိုဘီး
သံကုလယ်ဂီးန အော်လိုက်ဟှယ်။ အယ်ဓိပါယ်ဟှ “ကျွန်တော့် ဘုရားသခင်၊ ကျွန်တော့်
ဘုရားသခင် ဖြားဖြစ်ကြောန့် ကျွန်တော့်ဟို့ စွန့်ပစ်နူး” ဆိုဘီး ဖြစ်လေဟှယ်။
35 နားမာရပ်နေဟူ လူတချို့ဟှာ အယ်စကားဟို့ ကြားဟူ ခီမာ သူးန့်ဟှ
“နားထောန်ကေ့။ သူဟှာ ဧလိယဟို့ ခေါ်နေဟှယ်!” ဆိုဘီး ပြောဂေ့ဟှယ်။
36 သူးန့်ထဲဟှ တယော့-က်ဟှာ ဝိုင်ရှင်ထဲမာ နှစ်ဟှားဟူ ရေမ့လောက်န
ပ့ုလေးလာဟှယ်။ အယ်ဘီးဟှာ အယ်ဇာဟို့ ကျူဒေါက်ဖျားမာ တတ်လေဟှယ်။
အယ်ဘီးန သူဟှာ ယေရှုရဲ့ ဇတ်ပေါ့-က်မာ ထားပေးလိုက်ဘီးဟှာ “စောန့်ပါအူး!
ဧလိယဟှာ သူ့ဟို့ လတ်ဝါးကပ်တိုင်ဟှနေ အော့-က်ဟို့ ယူခ့ုလဟို့တွပ် လာနေဟှယ်
ဆိုဇာဟို့ နို့လေကေ့ကေ့ဖို့!” ဆိုဘီး ပြောဟှယ်။
37 သံကုလယ်ဂီး အော်ဘီးန ယေရှုဟှာ သတ်ချောက်တော်မူလေဟှယ်။
38 ဗိမာန်တော်ရဲ့လိုက်ကာဟှာ ထတ်ဟှနေအော့-က်ထိ နှေ့ခြမ်းကွဲဟှားဟှယ်။
39 လတ်ဝါးကပ်တိုင်ရှေ့မာ ရပ်နေဟူ တပ်မူးဟှာ ယေရှု
ဖယ်မျိုးသေဟှားဟှယ်†ဆိုဇာဟို့ ဖြင်ဟှားဟှယ် “အယ်လူဟှာ မှန်ဘဲ့ ဘုရားသခင်ရဲ့
သားတော်ဖြစ်ဟှယ်!” ဆိုဘီး ပြောလေဟှယ်။
40 အယ်နေရာမာ ရှိနေဟူ မီးမတချို့ဟှာ ဝီးဟှနေဘီး ကေ့နေဂေ့ဟှယ်။
အယ်မီးမလေထဲမာ မာဂဒလဖြို့သူ မာရိ၊ ယာကုပ်ငယ်န ယောသေလေရဲ့မိဖြစ်ဟူ
မာရိန ရှာလုံလေ ရှိနေဟှယ်။

15:29 **၁၅.၂၉** မာ ၁၄.၅၈; ယော ၂.၁၉
15:39 **၁၅.၃၉** † အော်ဘီးဟှာ သေဟှားဟှယ်၊ ဆိုဘီး ပါရှိဟှယ်။ သေဟှားဟှယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ
15:40 **၁၅.၄၀,၄၁** လု ၈.၂,၃

41 ယေရှုဟာ ဂါလိလဲနယ်မာ ရှိနေဒုးဟု၊ သူးနို့ဟာ ကိုယ်တော့်နော့-က်ဟို့ လိုက်ဘီး
လောက်ကျွေး ပြုစုဂေ့ဟုယ်။ အယ်နေရာမာ ကိုယ်တော်နတူးဒု ယေရှုရှလင်မြို့ဟို့
လိုက်လာဟူ့ တခြားမီးမလေလည်း ဘောင်ဂီးရှိနေဂေ့ဟုယ်။

ယေရှုဟို့ သင်္ဂြိုဟ်ဟူ့ကြောန်း
(မဿဲ ၂၇.၅၇-၆၁; လုကာ ၂၃.၅၀-၅၆; ယောဟန် ၁၉.၃၈-၄၂)

42 အယ်နေ့ဟာ ဖိနေ့ဖြစ်ဟုယ် (အယ်နေ့ဟာ ဒန်းနေ့တိုင်ခန်နေ့ဖြစ်ဟုယ်)။
အယ်ကြောန့် နေဒန်ဇာရော့-က်လာဟူ့ ခီမာ
43 တရားလွတ်တော်ရဲ့ လေးစားခံရဟူ့ ဖွဲ့ဝမ်တယော့-က်ဖြစ်ဘီး ဘုရားသခင်ရဲ့
နိုင်ငံတော်ဟို့ စောန့်မျော်နေဟူ့ အရိမသဲဗြို့သား ယောသပ်ဟာ ယေရှုရဲ့လောန်းဟို့
တောန်းဟို့တွပ် ပိလတ်နားဟို့ ရဲရဲတန်းတန်းဟာ့းဘဲ့ ဝမ်းဟာ့းလေဟုယ်။
44 ပိလတ်ဟာ ယေရှုသေဟာ့းဘီး ဆိုဇာဟို့ ကြာ့းဟူ့ ခီမာ အံ့သြဟာ့းလေဟုယ်။
သူဟာ တပ်မှူးဟို့ ခေါ်လိုက်ဘီး ယေရှုသေဟာ့းဇာ ဖယ်မျှကြာဟာ့းဘီ ဆိုဘီး
မေးလေဟုယ်။
45 သေဟာ့းဘီ ဆိုဘီး တပ်မှူးရဲ့စီရင်ခံဇာဟို့ ကြာ့းရဟူ့ ခီမာ ပိလတ်ဟာ
ယောသပ်ဟို့ လောန်းဟို့ပေးလိုက်ဟုယ်။
46 အယ်ကြောန့် ယောသပ်ဟာ ပိဖ့လူဟို့ ဝယ်ဘီး၊ လောန်းဟို့ ယူခ့လဘီး ပိဖ့လူန
ပတ်လေဟုယ်။ အယ်ဘီးဟာ ကလော့-က်ဆောန်ဟို့ ထွမ်းဟာ့းဟူ့ သန်းခ့လိုင်းဂူထဲမာ
လောန်းဟို့ ထားဟာ့းလေဟုယ်။ အယ်ဘီးန သူဟာ သန်းခ့လိုင်းဂူဝဟို့
ကလော့-က်တောင်းဂီးန ပိဟာ့းလိုက်ဟုယ်။
47 မာဂဒလဗြို့သူ မာရိန ယောသေရဲ့မိ မာရိဟာ စောန့်ကေ့နေဂေ့ဘီး
ယေရှုရဲ့လောန်းထားဟာ့းဟူ့ နေရာဟို့ တွိဖြင်ဂေ့ဟုယ်။

16

ရှင်ပ့လန်ထမြော့-က်ဟူ့ကြောန်း
(မဿဲ ၂၈.၁-၈; လုကာ ၂၄.၁-၁၂; ယောဟန် ၂၀.၁-၁၀)

1 ဒန်းနေ့လွန်ဘီးန မာဂဒလဗြို့သူ မာရိ၊ ယာကုပ်ရဲ့မိ မာရိန ရှာလုံဟာ
ယေရှုရဲ့လောန်းဟို့ လူးပေးဟို့တွပ် နံ့သာလေဟို့ ဝယ်ယူဂေ့ဟုယ်။
2 နန်းနွေနေ့ မိုးလန်းစောစော နေထွပ်ခီမာ သူးနို့ဟာ သန်းခ့လိုင်းဟို့ သွားဂေ့ဟုယ်။
3 သူးနို့ဟ “သန်းခ့လိုင်းရဲ့ ဂူဝဟုနေ ကလော့-က်တောင်းဟို့ ဖယ်သူဟ
တွန်းဖယ်ပေးဟို့နူး” ဆိုဘီး ယော့-က်နယော့-က် မေးနေဂေ့ဟုယ်။
4 အယ်ဘေမဲ့ သူးနို့ဟာ ကေ့လိုက်ဟူ့ ခီမာ ရရာတိုင်း ကီးဟူ့
အယ်ကလော့-က်တောင်းဟို့ တွန်းဖယ်ဟာ့းဘီးသား ဖြစ်နေဇာဟို့ သူးနို့ဟာ
တွိဟာ့းဂေ့ဟုယ်။

5 အယ်ကြောက်ခဲ့ သူးနို့ဟှာ သန်းခုလိုင်းထဲဟို့ ဝမ်ဟှားဘီး အယ်နေရာမာ
ဝတ်လောင်ဖ့လူ ဝတ်ဟှားဟူ လူငယ်တယော့-က်ဟှာ ညာဖတ်မာ ထိုင်နေဇာဟို့
ဖြင်ဟှားလေဟှယ်။ အယ်ခ သူးနို့ဟှာ ထိလန့်ဟှားဂေ့ဟှယ်။
6 အယ်လူဟှ "လန့်ဂေ့ခ။ နန်းနို့ဟှာ ကားစင်တန်ခံရဟူ နာဇရက်ဖြို့သားယေရှုဟို့
ရှာနေဟှယ် ဆိုဇာဟို့ ငါသိဟှယ်။ ကိုယ်တော်ဟှ အယ်နေရာမာ မ့ေဟှမ်း ကိုယ်တော်ဟှ
ထမြော့-က်ဟှားဘီ! ကေ့ကေ့၊ အယ်နေရာဟှာ ကိုယ်တော့်ဟို့ ထားဟူနေရာဖြစ်ဟှယ်။
7 နန်းနို့ဟှာ ပေတရုန တခြားတမဲ့တော်လေနားဟို့ သွားဘီးဟှာ 'ကိုယ်တော်ဟှာ
ဂါလိလဲပြည်ဟို့ ရင်ဦးဆောင်း သွားမယ်။ နန်းနို့ဟို့ ကိုယ်တော် ပြောဟှားဟူ တိုင်းဘဲ့
အယ်နေရာမာ နန်းနို့ဟှာ ကိုယ်တော့်ဟို့ တိုရလေ့မယ် ဆိုဘီး ပြောဂေ့ပါ။'"
8 အယ်ကြောက် မီးမဂီးလေဟှာ စိုးရိမ်ထိလန့်ဘီး သန်းခုလိုင်းဟှနေ ထွပ်လာဘီး
ပ့လေးဟှားဂေ့ဟှယ်။ သူးနို့ဟှာ ကြော့-က်နေဂေ့ကြောက် ဖယ်သူဟို့လည်း
ဖြားလည်းပြောဂေ့ဟှ။

ဒန်းကောန်း နည်းဟောန်းဆောင်းသတ်တမျိုး*

ယေရှုဟှာ မာဂဒလဖြို့သူ မာရိဟို့ ကိုယ်ထန်ရှားပြဟူကြောန်း
(မဿဲ ၂၈.၉–၁၀; ယောဟန် ၂၀.၁၁–၁၈)

[
9 ယေရှုဟှာ နန်းနွေနေ့ မိုးလန်းစောစောမာ သေရာဟှနေ ထမြော့-က်ဘီးန၊
ကိုယ်တော်ဟှာ နတ်ဆိုးခွန်နစ်ကောန် ထွပ်ဟှားဟူ မာဂဒလဖြို့သူ မာရိဟို့
ရင်ဦးဆောင်း ကိုယ်ထန်ရှားပြဟှယ်။
10 သူဟှာ ကိုယ်တော်ရဲ့ ပေါန်းဖော်လေနားဟို့ သွားဘီး ပြောလေဟှယ်။ သူးနို့ဟှာ
မြည်တမ်း ငိုကြွေနေဘီး
11 အယ်ဘီးဟှာ ယေရှုဟှာ သတ်ရှင်နေဟှယ် ဆိုဇာန သူဟှာ ကိုယ်တော့်ဟို့
တွိလိုက်ဟှယ် ဆိုဘီး သူ့ရဲ့ ပြောဟူစကားဟို့ သူးနို့ကြားလိုက်ဟူ ခီမာ သူးနို့ဟှာ သူ့ဟို့
ယောင်ကြည်ဂေ့ဟှ။

ယေရှုဟှာ တမဲ့တော်နှေ့ပါးဟို့ ကိုယ်ထန်ရှားပြဟူကြောန်း
(လုကာ ၂၄.၁၃–၃၅)

12 အယ်ဘီးန သူးနို့ထဲဟှ နေ့ယော့-က်ဟှာ တောဝါဟို့ လမ်းရှော့-က်သွားနေဒူးမာ
ယေရှုဟှာ ခြားနားဟူ ပေါင်စံန သူးနို့ဟို့ ကိုယ်ထန်ရှားပြဟှယ်။
13 သူးနို့ဟှာ တခြားလူလေနားဟို့ ပ့လန်ဟှားဘီးဟှာ ပြောပြလေဟှယ်။ အယ်ဘေမဲ့
အယ်ဒန်းဟို့ သူးနို့ဟှာ ယောင်ကြည်ဂေ့ဟှ။

ယေရှုဟှာ တမဲ့တော်ဆယ့်တပါးဟို့ ကိုယ်ထန်ရှားပြဟူကြောန်း
(မဿဲ ၂၈.၁၆–၂၀; လုကာ ၂၄.၃၆–၄၉; ယောဟန် ၂၀.၁၉–၂၃; တမန်တော် ၁.၆–၈)

16:7 ၁၆.၇ မ ၂၆.၃၂; မာ ၁၄.၂၈ * **16:8 ၁၆.၈** တချို့ မူရင်းလတ်ရေးမူလေန ရှေးဟောန်း ဘာသာပွန်လေမာ ဒန်းကောန်းဟို့ အယ်မျိုး ဆောန်းသတ်ဇာ မ့ေဟှ (ခန်းငယ် ၉–၂၀)။

14 အယ်ဘီးန တဗဲတော်ဆယ့်တပါး စားသော့-က်နေဟူ ခီမာ ယေရှုဟှာ သူးနို့ဟို့
ကိုယ်ထန်ရှားပြလေဟှယ်။ သူးနို့ဟှာ ယောင်ကြည်ဘဲန စိန့လောင်းမာကျောနေဘီး
ကိုယ်တော် ထမြော့-က်ဘီးန ကိုယ်တော့်ဟို့ တွိရဟူ လူလေရဲ့စကားဟို့
ယောင်ကြည်ဘဲဟူကြောန့် ယေရှုဟှာ သူးနို့ဟို့ ဆောင်းမလေဟှယ်။
15 ကိုယ်တော်ဟှ သူးနို့ဟို့ "တကမ္ဘာလောင်းဟို့ ပ့လံ့နှံ့အောန်သွားဘီး လူတိုင်းဟို့
ဒန်းကောန်း ဟောပြောဂေ့။
16 ယောင်ကြည်ဘီး ဗတ္တိဇံခံဟူလူ မှန်မျှဟှာ ကယ်တန်ခံရလေ့မယ်၊
ယောင်ကြည်ဘဲဟူ လူမှန်မျှဟှာ ပြစ်စီရင်ခံရလေ့မယ်။
17 ယောင်ကြည်သူလေဟှာ နိမိတ်လတ်ခဏာလေ ပြဟို့တွပ် တဂိုးဟို့
ပေးအပ်ခံရလေ့မယ်၊ သူးနို့ဟှာ ငါ့နာမဟို့ အားကိုးဘီး နတ်ဆိုးလေဟို့
နှန်ထုဂေ့လေ့မယ်၊ သူးနို့ဟှာ ထူးဆန်းဟူ ဘာသာစကားလေဟို့ ပြောဂေ့လေ့မယ်၊
18 သူးနို့ဟှာ ဗွီလေဟို့ ကိုင်ဂေ့လေ့မယ်။ သေစေတတ်ဟူ ဖြာမျိုးဆိလေဘဲ့ဖြစ်ဖြစ်
သော့-က်မယ် ဆိုဟှာ ဥပါဒ်ဖြစ်ဟှ။ ကျန်းမာဘဲဟူ လူနာလေထတ်မာ လတ်တန်ဟူ
ခီမာ လူနာလေဟှာ ကျန်းမာဟှားလေ့မယ်" ဆိုဘီး မိန့်တော်မူလေဟှယ်။

ယေရှုဟှာ ကောန်းဂန်ဟို့ ယူဆောန်ခံရဟူကြောန်း
(လုကာ ၂၄.၅၀-၅၃; တမန်တော် ၁.၉-၁၁)

19 သခင်ယေရှုဟှာ သူးနို့နှ စကားပြောဘီးန ကောန်းဂန်ဘောင်ဟို့
ယူဆောန်ခံရဘီးဟှာ ဘုရားသခင်ရဲ့ ညာဖတ်မာ ထိုင်နေလေဟှယ်။
20 တဗဲတော်လေဟှာ နေရာရှိမျှဟို့ သွားဘီးဟှာ ဟောပြောဂေ့ဟှယ်။ အယ်ဘီးဟှာ
သခင်ဘုရားဟှာ သူးနို့လေနတူးဒူ လောက်ဆောန်နေဘီး အယ်မျိုးလောက်ဆောန်ဟူ
နိမိတ်လတ်ခဏာလေအားဖြင့် သူးနို့ရဲ့ တရားဟောချစ်ဟှာ မှန်ဟှယ် ဆိုဇာဟို့
သတ်သေပြလေဟှယ်။]

တခြားကျမ်းဟောန်းဆောင်းသတ်†

[
21 မီးမဂီးလေဟှာ ပေတရုန သူ့ငယ်ဂျင်းလေနားဟို့ သွားဂေ့ဘီး၊ သူးနို့ကြားရဟူ
ဒန်းလေဟို့ ပ့လန်ဘီးပြောဂေ့ဟှယ်။
22 အယ်ဘီးန ယေရှုကိုယ်တိုင်ဟှာ သူ့တဗဲတော်လေဟို့ ထာဝရကယ်တန်ဇာ
ဒန်းစကားဟို့ ပြောဟို့တွပ် ရှေ့ဟှနေ နော့-က်ဟို့ လွတ်လိုက်ဟှယ်။]

16:15 **၁၆.၁၅** တ ၁.၈ **16:19** **၁၆.၁၉** တ ၁.၉-၁၁ † **16:20** **၁၆.၂၀** တချို့
မူရင်းလတ်ရေးမူလေန ရှေးဟောန်း ဘာသာပ္လန်လေမာ အယ်မျိုးတိုးတိုဟှား ဆောင်းသတ်ဟှားဟူ ဒန်းကောန်မာ ပိုဘီး
ရှယ်ဟူ ဆောင်းသတ်ဟို့ ထပ်ပေါန်းထဲ့ဟှားဇာလေ ရှိလေဟှယ် (ခန်းငယ် ၉-၂၀)။

လုကာ

လုကာ ရေးဟုံးဟူ ခရစ်တော်ရဲ့ ဒန်းကောန်း

နိဒါန်း

လုကာ ရေးဟုံးဟူ ခရစ်တော်ရဲ့ ဒန်းကောန်းဟာ ယေရှုခရစ်တော်ရဲ့ သတ်တော်စဉ်ဟို ဖော်ပြဟုံးဟူ ဓမ္မသစ်ကျမ်းထဲမာ ကျမ်းလေးစောန်ထဲဟု တစောန်ဖြစ်ဟုယ်။ အယ်ကျမ်းတစောန်စီဟို "ဧဝံဂေလိ" ဆိုဘီး ခေါ်ဟုယ်။ "ဒန်းကောန်း" ဆိုဘီး ဓိပါယ်ရဟုယ်။ ယေရှုသေဆောင်းဘီးန အယ်ကျမ်းလေဟို မသဲ၊ မာကု၊ လုကာန ယောဟန်ဟု ရေးဟုံးဟုယ်။ လုကာဟာ ယေရှုရဲ့ သတ်တော်စဉ်ကြောန်းဟို ရေးဟုံးရုံမျှမူဘဲ သူဟာ ကိုယ်တော်ရဲ့ သေဆောင်းဇာန ထမြော့-က်ဘီးန ယေရှုရဲ့ တမဲ့တော်လေ လောက်ဆောန်ဟုံးဟူ ကြောန်းရာလေဟိုလည်း ရေးဟုံးသေးဟုယ်။ အယ်ကျမ်းဟို တမန်တော်လေရဲ့ လောက်ဆောန်မူကျမ်း ဆိုဘီး ခေါ်ဟုယ်။ လုကာရေးဟုံးဟူ ဒန်းကောန်းဟာ ရေးဟုံးဟူ ခီနာရီတိက့်လန နေရာဟို ဖယ်လူလည်း သိဂေ့ဟု။ အယ်ဘေမဲ့ အယ်ကျမ်းဟာ ခရစ်တော် မွီးဘီးန ၇၀ ခုနှစ်လော့-က်ဟု ရေးဟုံးဇာ ဖြစ်မယ် ဆိုဘီး ကျမ်းစာပညာရှင် များစုဟု ဘောတူဂေ့ဟုယ်။

ကျမ်းရေးသူဖြစ်ဟူ လုကာဟာ ဆရာဝန် တယော့-က်လည်း ဖြစ်ဟုယ်။ သူဟာ ပညာတတ် တယော့-က် ဖြစ်ဟုယ် ဆိုဇာဟို သူ့ရဲ့ စာရေးသားဟန်န သောင်းပြုံဟုံးဟူ ဘာသာစကားဟု ပြသနေဟုယ်။ လုကာဟာ ယေရှုသတ်တော်စဉ်ရဲ့ ဖော်ပြချစ်မှန်ဟို ရေးဟို့တွပ် လိုရှင်ဟုယ်။ အယ်ကြောန့် သူးနို့လေ တွိကြောင်ဟုံးဟူ ဖြစ်ပျစ်လေဟို ပြောပြနေဇာ ဖြစ်ဟုယ်။ အယ်မျိုးမှဘဲ့ အယ်ကျမ်းဟို ဖတ်ဟူ တခြားလူလေဟာ ကျိုးကျေးဇူးရနိုင်မယ် (၁.၁–၃)။ သူဟာ ယုဒလူမျိုး တယော့-က် မူဟု။ (ကော ၄.၁၀–၁၄) အယ်ဘီးဟာ သူဟာ ယုဒလူမျိုးမူဘဲဟူ လူလေ နားလည်နိုင်အော်န ဆိုဘီး အယ်နည်းလမ်းန ရေးဟုံးလေဟုယ်။ သူဟာ ယုဒလူမျိုးရဲ့ ထောင်းဇံလေဟို ရှင်းပြဟုံးဟူထဲမာ အယ်မူကြောန်းဟို ရှင်းရှင်းလန်းလန်းဟုံး တွိရဟုယ် (၁.၈)။

လုကာရေးဟူ ဒန်းကောန်းဟာ မသဲန မာကုရဲ့ ကျမ်းလေန ရရာတိုင်း တူညီလေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ သူးနို့ဟာ တူညီဟူ ကြောန်းရာလေန တူညီဟူ နည်းလမ်းဟို ဖော်ပြဟုံးဟူကြောန့် ဖြစ်ဟုယ်။ အယ်သောင်းယော့-က်ထဲမာ လုကာဟာ ဗတ္တိဇံယောဟန်ရဲ့ မွီးဖွားဇာန ဆိုင်ဟူကြောန်းဟို သေးဇီ ဖော်ပြဟုံးဟုယ်။ လုကာဟာ ပြစ်လွတ်ဇာန (ခန်းဂီး ၃.၃; ၁၁.၄; ၁၇.၃–၄; ၂၃.၃၄; ၂၄.၄၇) ဆုတောန်းဇာ (၃.၂၁; ၅.၁၆; ၆.၁၂; ၁၁.၁–၁၂; ၂၂.၃၂) ဟို့လည်း လေးထားဘီး ဖော်ပြဟုံးဟုယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ လုကာဟာ သူ့ရဲ့ ဒန်းကောန်းဟို မိတ်ဆစ်ဟုံးဘီး သူဟာ အယ်ကျမ်းဟို ဖြားဖြစ်ကြောန့် ရေးဟုယ် ဆိုဘီး ရှင်းပြဟုံးဟူကြောန်း (၁.၁–၄)

၂။ အယ်ဘီးန သူဟာ ယေရှုရဲ့ မွီးဖွားဇာဟို့ ဖော်ပြဟားဘီး ကိုယ်တော်ဟာ
သာသနာတွပ် ဖယ်မျိုး ပြင်ဆင်ဟားဟူကြောန်း (၁.၅—၄.၁၃)
၃။ ဒန်းကောန်းရဲ့ ကျန်သေးဟူ စိပိုင်းများစုမာ လုကာဟာ ထူးသဖြင့်
ယေရှုလောက်ဆောန်ဟားဟူ နိမိတ်လတ်ခဏာကြောန်းန ကိုယ်တော်
သွန်သန်ဟားဟူ ဇာလေဟို့ ပြောပြဟားဟူကြောန်း (၄.၁၄—၂၁.၃၈)
၄။ နိဂေါင်းမာ သူဟ ယေရှုဟာ ဖယ်မျိုး သေဆောင်းဟားဟယ်၊ ဖယ်မျိုး
သ်ဂြိုဟ်ဟားဟယ်၊ အယ်ဘီးဟာ ဖယ်မျိုး သေရာဟုနေ ထမြော့-က်ဟားဟယ်
ဆိုဇာဟို့ နော့-က်ဆောင်းခန်းဂီး နှေ့ခန်းမာ ဖော်ပြဟားဟူကြောန်း
(၂၂.၁—၂၄.၅၃)

1 ရှစ်ရဟူ သော်ဖိလု၊
ကျွန်တော့်ဟားလေထဲမာ ဖြစ်ပျစ်နေဟူ ကြောန်းရာလေဟို့ ကောန်းဆောင်း
ရေးသားဟားဟူ လူလေဘောင်ဂီး ရှိဟုယ်။
2 သူးနို့်လေဟာ အယ်ဖြစ်ပျစ်ဇာလေဟို့ စစဒူးဟု ဗြင်ဟူလူလေန ဒန်းကောန်းဟို့
ဟောပြောဟူ မူဆောန်လေ ပ့လန်ပြောပြဇာလေဟို့ ကျမ်းပြု ပေါက်ကိုလေဟု
ရေးသားဟားဟုယ်။
3 သော်ဖိလု၊ ကျွန်တော်ဟာ အယ်ကြောန်းရာလေဟို့ ဖြစ်ပျစ်ခီဟုနေ စဘီး
သေးသေချားချာ လေ့လာဟားဟူ လူဖြစ်ကြောန့် သင်ဖတ်ရှုနိုင်ဟို့တွပ်
စီစဉ်က့လက့လန ကျမ်းစာဟို့ ရေးသားမယ် ဆိုဟာ ကောန်းဆောင်း ဖြစ်မယ် ဆိုဘီး
ယူဆဟုယ်။
4 အယ်ကြောန့် သင်ကြားသိဟားဟူ ကြောန်းရာလေဟို့ သေးသေချားချာန သင့်ဟို့
သိစေရှင်ကြောန့် အယ်ကျမ်းစာဟို့ ရေးသားဟားဇာ ဖြစ်ဟုယ်။

ဗတ္တိဇံယောဟန်ဟို့ မွီးဟို့ကြောန်း

5 ယုဒပြည်*ဟို့ အောက်ချောက်ရဟူ ဟေရုဒ်မန်းဂီး လတ်ထတ် အဘိယသင်းဝမ်
ဖြစ်ဘီး ဇာခရိ နာမယ်ရှိဟူ ယဇ်ပုရောဟိတ် တယော့-က်ရှိဟုယ်။ သူ့မီးမ နာမယ်ဟာ
ဧလိရှဗက် ဖြစ်ဘီး သူဟာ အာရုန်ရဲ့ မျိုးနွယ်လည်း ဖြစ်ဟုယ်။
6 သူးနို့ နှေ့ယော့-က်ဟာ ဘုရားသခင်ရဲ့ ရှေ့တော်မာ ဖြောန့်မတ်သူလေဖြစ်ဘီး
ကိုယ်တော်ရဲ့ ပညတ်တော်လေန မိန့်တော်လေ ဂူလောင်းဟို့ ကျင့်ဆောန်ဟူကြောန့်
ပြစ်တန်ဇာမှေ့ဟု။
7 ဧလိရှဗက်ဟာ မ့လုံနေဟူကြောန့် သူးနို့မာ သားမီးမွေ့ဟု။ ဇာခရိန သူ့မီးမ
နှေ့ယော့-က်လောင်းဟာ ရရာတိုင်း အိုနေဘီ။
8 တရစ်မာ ဇာခရိဟာ သူ့မူဆောန်ရဟို့ လှည့်ရော့-က်ကြောန့် ဘုရားသခင်ရှေ့မာ
ယဇ်ပုရောဟိတ်လောက်ဟို့ လောက်နေဟုယ်။

---

* **1:5 ၁.၅ ယုဒပြည်၊** အယ်ဝေါဟာရဟာ ပါလတိနပြည် (ပါလက်စတိုင်း) တခုလောင်းဟို့ ရည်ညွန်းဟုယ်။

9 ယဇ်ပုရောဟိတ်လေရဲ့ ထောင်းဇံတိုင်း သူဟာ ယဇ်ပလ္လင်ထက်မာ နံ့သာပေါင်းဟို့
မီးရှို့ဟို့ ဝီးကော့-က်ခံရဟုယ်။ အယ်ကြောန့် သူဟာ သခင်ဘုရားရဲ့ ဗိမာန်တော်ထဲဟို့
ဝမ်ဟုားဘီး၊
10 နံ့သာပေါင်းဟို့ မီးရှို့နေခီမာ ပုလန်မာနေဟူ လူလေ ဂူလောင်းဟာ ဆုတောန်းဘီး
နေဂေ့ဟုယ်။
11 အယ်ခီမာ သခင်ဘုရားရဲ့ ကောန်းဂန်တမန်ဟာ သူ့ရှေ့မာ ပေါ်လာဘီး
နံ့သာပေါင်းဟို့ မီးရှို့ဟူ ယဇ်ပလ္လင်ရဲ့ ညာဖတ်မာ ရပ်နေဟုယ်။
12 ဇာခရိဟာ ဗြင်လိုက်ခီမာ ကြော့-က်ရွံ့ ထိလန့်ဟုားဟုယ်။
13 အယ်ဘေမဲ့ ကောန်းဂန်တမန်ဟ “ဇာခရိ၊ ကြော့-က်န! ဘုရားသခင်ဟာ နန့်ရဲ့
ဆုတောန်းသံဟို့ ကြားဘီး နန့်ရဲ့ မီးမ ဧလိရှဗက်ဟာ သားမွီးရလေ့မယ်။ အယ်သားဟို့
ယောဟန်နာမယ်န မှတ်ရမယ်။
14 အယ်သားဟို့ မွီးခီမာ နန်ဟာ ရရာတိုင်း ဝန်းသာဘီး လူလေဟာလည်း
ဝန်းသာလေ့မယ်!
15 ယောဟန်ဟာ ဘုရားသခင်ရှေ့တော်မာ ရရာတိုင်း ကီးမြတ်ဟူ လူဖြစ်လေ့မယ်။
သူဟာ ဝိုင်န ယစ်သေဇာဟို့ လောင်းဝသော့-က်ဟု။ မွီးဂဒဲဟ သူဟာ
သန့်ရှင်းဟူဝိညာဉ်တော်န ပုလဲ့ဝနေဘီး
16 သူဟာ ဣသရေလလူမျိုး များစုဟို့ သူးန့်ရဲ့ သခင်ဖြစ်ဟူ ဘုရားသခင်နားဟို့
ပုလန်ခေါ်ဆောန်လာလေ့မယ်။
17 သူဟာ ပရောဖက်ဧလိယမျိုး ခွန်အားန တဂိုးကီးဘီး သခင်ဘုရားရှေ့တော်ဟို့
သွားလေ့မယ်။ သူဟာ ဖခင်လေရဲ့ စိန္နလောင်းဟို့ သားမီးလေဖတ်ဟို့
ပုလန်လှည့်စေဘီး သူဟာ နားထောန်ဘဲဟူ လူလေဟာ ဖြောန့်မတ်ဟူလမ်းဟို့
ပုလောန်းလဲစေဘီး သခင်ဘုရားတွပ် ဆင်သင့်ဖြစ်နေဟို့ ကိုယ်တော့် လူမျိုးဟို့
ပြင်ဆင်ဟုားဟုယ်” ဆိုဘီး ဇာခရိဟို့ ပြောလေဟုယ်။
18 ဇာခရိဟ “အယ်မျိုးဖြစ်မယ် ဆိုဇာဟို့ ကျွန်တော် ဖြားမျိုးသိရနူး။ ကျွန်တော်ဟာ
ဖိုးသန်ဂီးဖြစ်နေဘီ။ ကျွန်တော့် မီးမဟုလည်း ဖွားသန်မဖြစ်နေဘီ” ဆိုဘီး
ကောန်းဂန်တမန်ဟို့ ပြောလေဟုယ်။
19 ကောန်းဂန်တမန်ဟ “ငါဟာ ဂါဗြေလဖြစ်ဟုယ်။ ငါဟာ ဘုရားသခင်ရဲ့
ရှေ့တော်မာ ရပ်နေသူဖြစ်ဘီး နန့်ဟို့ အယ်ဒန်းကောန်း ပြောဟို့တွပ် ငါ့ဟို့
စေလွှတ်လိုက်ဟုယ်။
20 နန်ဟာ ငါ့ပြောဟူ အယ်ဒန်းကောန်းဟို့ ယောင်ကြည်ဘဲ ဖြစ်နေဘေမဲ့လည်း
သတ်မှတ်ဟုားဟူ ခီရော့-က်ဟာ ပုလဲ့ဇောင်လာလေ့မယ်။ နန်ဟာ ငါပြောဟူ
ဒန်းကောန်းဟို့ ယောင်ကြည်ဘဲဟူကြောန့် ငါ့ဂဒိတော်လေဟာ နန့်မာ
ပုလဲ့ဇောင်ခန်နေ့ထိ စကားပြောနိုင်ဘဲ အ,ဘီး နေရလေ့မယ်” ဆိုဘီး ပြောလေဟုယ်။
21 လူလေဟာ ဇာခရိဟို့ စောန့်မျော်နေဘီး ဗိမာန်တော်ထဲမာ ကြာဂီးနေဇာဟို့
အံ့ဩနေဟုယ်။

22 ဇာခရိဟ္ဟာ ထွပ်လာဟ္ဟူ ခီမာ စကားပြောနိုင်ဘဲဟ္ဟုကြောန့် ဗိမာန်တော်ထဲမာ
ရှုပါရောင် ဖြင်ရကြောန်းဟ္ဟိ သူးန့်ဲ သိဂေ့ဟ္ဟယ်။ စကားတလောင်းလည်း
ပြောနိုင်ဘဲကြောန့် သူဟ္ဟာ သူးန့်ဲလေဟ္ဟို လတ်ရိလတ်ခေနဘဲ့ ချစ်ပြလိုက်ဟ္ဟယ်။
23 ဗိမာန်တော်ထဲမာ ယဇ်ပုရောဟိတ်မူဟ္ဟို ဆောန်ရွက်ရဟ္ဟို့ ခီပီးဆောင်းဟ္ဟားကြောန့်
ဇာခရိဟ္ဟာ အီဟ္ဟို ပ့လန်ဟ္ဟားဟ္ဟယ်။
24 အယ်ဘီးန သူ့မီးမ ဧလိရှဗက်ဟ္ဟာ ဗိုက်ပိုက်နေဟ္ဟုကြောန့် ငါးလလောင်းလောင်း
အီပ့လန်ဟ္ဟို ထွပ်ဘဲနေဟ္ဟယ်။
25 အယ်မီးမဟ္ဟ “ခု သခင်ဘုရားဟ္ဟာ ငါ့ဟ္ဟို မဇတော်မူလိုက်ဘီ။ ကိုယ်တော်ဟ္ဟာ ငါ့ဟ္ဟို
လူလေကဲ့ရဲ့ ဝေဖန်နေဇာလေဟ္ဟို ပယ်ရှင်းပေးတော်မူလိုက်ဘီ!” ဆိုဘီး ပြောလေဟ္ဟယ်။

ယေရှုဟ္ဟို မွီးဟ္ဟို့ကြောန်း

26 ဧလိရှဗက်ရဲ့ ဗိုက်ဟ္ဟာ ခြော့-က်လဟ္ဟို ရော့-က်လာဟ္ဟူ ခီမာ ဘုရားသခင်ဟ္ဟ
ကောန်းဂန်တမန် ဂါဗြေလဟ္ဟို ဂါလိလဲပြည် နာဇရက် နာမယ်ရှိဟ္ဟူ ဗြို့ဟ္ဟို
လွတ်လိုက်ဟ္ဟယ်။
27 ဒါဝိဒ်မန်းဂီးရဲ့ သားမ့်လေးဖြစ်ဘီး ယောသပ် နာမယ်ရှိဟ္ဟူ လူတယော့-က်န
လတ်ထပ်ဟ္ဟို့ စေ့စပ်ဟ္ဟားဟ္ဟူ မီးမပျိုတွပ် သူ့မာ ဒန်းစကား ရှိဟ္ဟယ်။ အယ်မီးမပျိုရဲ့
နာမယ်ဟ္ဟာ မာရိ ဖြစ်ဟ္ဟယ်။
28 ကောန်းဂန်တမန်ဟ္ဟာ ရော့-က်လာဘီး “နန့်နတူးဒူ ငြိသတ်မှုရှိပါစေ! နန့်နတူးဒူ
သခင်ဘုရား ရှိဘီး နန်ဟ္ဟာ ရရာတိုင်း မင်္ဂလာရှိဟ္ဟယ်!” ဆိုဘီး ပြောလေဟ္ဟယ်။
29 ကောန်းဂန်တမန်ရဲ့ စကားကြောန့် မာရိဟ္ဟာ စိန္နလောင်းငြိသတ်ဘဲ ဖြစ်ဟ္ဟားဘီး
သူ့စကားလေဟ္ဟာလည်း အံ့သြဘွယ် ဖြစ်ဟ္ဟယ်။
30 ကောန်းဂန်တမန်ဟ္ဟ “မာရိ၊ ကြော့-က်န။ နန်ဟ္ဟာ ဘုရားသခင်ရှေ့မာ
မျစ်နှာသာရဟ္ဟားဘီ။
31 နန်ဟ္ဟာ ဝန်းရှင်မဖြစ်လာဘီး သားဟ္ဟို မွီးရလေ့မယ်။ အယ်သားဟ္ဟို ယေရှု ဆိုဘီး
နာမယ်ပေးရလေ့မယ်။
32 သူဟ္ဟာ ကီးမြတ်ဟ္ဟူ သူဖြစ်ဘီး ဖြစ်ဆောင်းဟ္ဟူ ဘုရားသခင်ရဲ့ သား ဆိုဘီး
ခေါ်ဇာဟ္ဟို ခံရလေ့မယ်။ သူ့ဘိုးဘေ ဒါဝိဒ်ရဲ့ ရာဇပလ့္လင်ဟ္ဟို ထာဝရသခင်
ဘုရားသခင်ဟ္ဟာ သူ့ဟ္ဟို ပေးအပ်လေ့မယ်။
33 သူဟ္ဟာလည်း ယာကုပ်ရဲ့ မျိုးနွယ်ဟ္ဟို မြဲဒမ်း အောက်ချောက်လေ့မယ်။
သူ့နိုင်ငံတော်ဟ္ဟာ လောင်းဝ ဆောင်းမ့ေဟ္ဟ!” ဆိုဘီး အယ်မီးမဟ္ဟို ပြောလေဟ္ဟယ်။
34 မာရိဟ္ဟ ကောန်းဂန်တမန်ဟ္ဟို “ကျွန်မဟ္ဟာ မီးမပျို ဖြစ်ဟ္ဟယ်။ အယ်မျိုးဆိုဟ္ဟာ
ဖယ်မျိုးလောက်ဘီး သားမွီးနိုင်ဟ္ဟို့နူး။” ဆိုဘီး မေးလေဟ္ဟယ်။
35 ကောန်းဂန်တမန်ဟ္ဟာ “သန့်ရှင်းဟ္ဟူဝိညာဉ်တော်ဟ္ဟာ နန့်ထတ်မာ သတ်ရော့-က်ဘီး
ဖြစ်ဆောင်းဖြစ်ဟ္ဟူ ဘုရားသခင်ရဲ့ တဂိုးတော်ဟ္ဟာလည်း နန့်ထတ်မာ

1:27 ခ.၂၇ မ ၁.၁၈ **1:31 ခ.၃၁** မ ၁.၂၁

လွှမ်းမိုးနေလေ့မယ်။ အယ်ကြောန်းကြောန့် သန့်ရှင်းဟူ သားတော်ဟာ ဘုရားသခင်ရဲ့
သားဆိုဘီး ခေါ်ဇာဟို ခံရလေ့မယ်။
36 နန့်ရဲ့ ဆွေမျိုး ဧလိရှဗက်ဟို ဒီရဂေ့။ မြိုမ ဆိုဘီး ခေါ်ခဲနေရဟူ သူဟာ ဖွားသန်မ
ဖြစ်နေဘေမဲ့ ခု ဝန်းရှင်မ ဖြစ်နေဇာ ခြေ့-က်လရှိနေဘီ။
37 အယ်ကြောန့် ဘုရားသခင်မာ လောက်နိုင်ဘဲဇာ ဖြားလည်းမ့ေဟု” ဆိုဘီး
မိန့်တော်မူလိုက်ဟုယ်။
38 မာရိဟု “ကျွန်မဟာ သခင်ဘုရားရဲ့ စေခံဖြစ်ဟုယ်။ ကိုယ်တော်ပြောဟားတိုင်း
ကျွန်မမာ ပ့လဲဇောင်ပါစေ” ဆိုဘီး ပြောဟုယ်။ အယ်ဘီးန ကောန်းဂန်တမန်ဟာ
မာရိနားဟု ထွပ်ဟားဟုယ်။

ဧလိရှဗက်နားဟို မာရိအီးခ့လယ်သွားဟူကြောန်း

39 အယ်မျိုးဖြစ်ဘီး ကြာခန်မာဘဲ့ မာရိဟာ သင့်ပြင်ဘီးန တောန်ထတ်ဒေသမာရှိဟူ
ယုဒပြည် ဗြို့တဗြို့ဟို ဗြန်းဗြန်သွားလိုက်ဟုယ်။
40 ဇာခရိရဲ့ အီဟို ဝမ်ဘီး ဧလိရှဗက်ဟို နှောက်ဆစ်လေဟုယ်။
41 မာရိရဲ့ နှောက်ဆစ်စကားဟို ဧလိရှဗက်ကြားဟူ ခီမာ ဗိုက်ထဲဟ သားဂန်ဟားဟာ
ထခူလေဟုယ်။ ဧလိရှဗက်ဟာ သန့်ရှင်းဟူဝိညာဉ်တော်န ပ့လဲနေဘီး
42 သံက့လယ်ဂီးန “နန်ဟာ မီးမလေ ဂူလောင်းထတ် မင်္ဂလာရှိဆောင်း ဖြစ်ဘီး
နန်မွီးမယ့် သားဟာလည်း မင်္ဂလာရှိဆောင်း ဖြစ်ဟုယ်!
43 ငါ့သခင်ရဲ့ မိခင်ဟာ ငါ့နားဟို အီးခ့လယ်လာကြောန့် အယ်မျိုးကီးမားဟူဇာလေ
ဖြစ်နေဇာလော။
44 နန့်ရဲ့ နှောက်ဆစ်စကားဟို ကြားလိုက်ဟူန ရှင်းရှင်းဘဲ့ ငါ့ဗိုက်ထဲဟ
သားဂန်းဟားဟာ ဝန်းသာအားရ ထခူလေဟုယ်။
45 သခင်ဘုရားရဲ့ ဒန်းစကားဟာ နန့်မာ ပ့လဲဇောင်လေ့မယ် ဆိုဇာဟို ယောင်ကြည်ဟူ
မီးမဟာ မင်္ဂလာရှိဟုယ်!” ဆိုဘီး ပြောလေဟုယ်။

မာရိရဲ့ ချီးမွမ်းချင်းကြောန်း

46 မာရိဟု၊
“ငါ့ရဲ့ စိန့လောင်းဟာ သခင်ဘုရားဟို ချီးမွမ်းဘီး၊
47 ငါ့ရဲ့ ကယ်တန်ရှင် ဘုရားသခင်ကြောန့် ငါ့ရဲ့ ဝိညာဉ်ဟာ ဝန်းသာအားရဘီး၊
48 ကိုယ်တော်ဟာ သူ့စေခံရဲ့ နှိခ့လနေဇာဟို အော့-က်မေ့တော်မူဘီ!
ခုဟာ့စဘီး လူလေ ဂူလောင်းဟာ ငါ့ဟို မင်္ဂလာရှိသူ ဆိုဘီး ခေါ်ဂေ့လေ့မယ်၊
49 ဖြားဖြစ်ကြောန့်နူးဆိုဟာ တဂိုးန ပ့လဲဇောင်တော်မူဟူ ဘုရားသခင်ဟ
ရရာတိုင်း ကီးမားဇာလေဟို ငါ့တွပ် ပြုတော်မူကြောန့် ဖြစ်ဟုယ်။
ဘုရားသခင်ရဲ့ နာမတော်ဟာ သန့်ရှင်းတော်မူဘီး၊
50 မျိုးဆစ် ဆစ်ဘီးဆစ်
ကိုယ်တော့်ဟို ကိုးကွယ်သူလေဟို ကိုယ်တော်ဟာ ကရုဏာဟို ပြတော်မူဟုယ်။

51 ကိုယ်တော့် လတ်ရောင်းတော်ဟို့ ဆန့်တန်းဘီး
သူးနို့စိန္နလောင်းထဲဟု ကြဲစည်လေန မာနထောန်လွှားနေဟူ လူလေဟို့
ဖ့လဲဖ့လဲစင်စေမယ်။
52 မန်းဂီးလေဟို့ သူးနို့ရာဇပလ္လင်ထတ်ဟု ခ့လဘီးန
နှိခ့လဟူ လူလေဟို့ မ့လော့-က်စားတော်မူဟုယ်။
53 ငတ်နေဟူ လူလေဟို့ ကောန်းဟူ ဇာလေန ကျွေးဘီးန
ကြွယ်ဝဟူ လူလေဟို့ လတ်ခဲခဲ လွှတ်လိုက်တော်မူဟုယ်။
54 ကိုယ်တော်ဟာ နို့လေရဲ့ ဘိုးဘေးလေဟို့ ပေးဟားဟူ ဂဒိတော်တိုင်း
ကိုယ်တော်ရဲ့ စေခံဖြစ်ဟူ ဣသရေလလူမျိုးဟို့ ကရုဏာပြဟို့
ကြွလာတော်မူဟုယ်။
55 ကိုယ်တော်ဟာ အာဗြဟံန သူ့မျိုးနွယ် ဂူလောင်းဟို့ ကရုဏာ ကျေးဇူးတော်ဟို့
မြဲဒမ်းပြဟို့ အော့-က်မ့တော်မူဘီး!” ဆိုဘီး ပြောလေဟုယ်။
56 မာရိဟာ ဧလိရှဗက်နတူးဒူ သောင်းလနီးပါး နေဘီးမှ မိမိအိမ်ဟို့
ပ့လန်ဟားလေဟုယ်။

ဗတ့တိဇံယောဟန် မွီးဟို့ကြောန်း

57 ဧလိရှဗက်ဟာ ဖွားခိရော့-က်လာဘီး သားဂန်းဟို့ မွီးလေဟုယ်။
58 အီဇနီးရှင်းလေန ဆွေမျိုးလေဟု သခင်ဘုရားဟာ အံ့သြဘွယ် ကောန်းအောန်
ကရုဏာ ပြတော်မူကြောန်းဟို့ ကြားဘီးန သူးနို့ ဂူလောင်းဟာ သူ့နတူးဒူ
ဝန်းသာဂေ့ဟုယ်။
59 ရှစ်ရစ်ပ့လဲ့ဟူ ခိမာ သူးနို့ဟာ သားဂန်းရဲ့ ရေဖျားလှီးဟို့ လာဂေ့ဘီးန သူးနို့ဟာ
သူ့ဖရဲ့ နာမယ်တိုင်း ဇာခရိ ဆိုဘီး နာမယ်ပေးလေဟုယ်။
60 အယ်ဘေမဲ့ သူ့မိဟု “အယ်နာမယ် ပေးန! သူ့နာမယ်ဟို့ ယောဟန် ဆိုဘီး
ပေးရမယ်” ဆိုဘီး ပြောလေဟုယ်။
61 သူးနို့ဟု “ယောဟန်နာမယ်န နန်းနို့ဆွေမျိုးထဲမာ မ့ေဟု!” ဆိုဘီး သူ့ဟို့
ပြောလေဟုယ်။
62 အယ်ဘီးန သူးနို့ဟာ သူ့ဖဟို့ လတ်ရိလတ်ခေပြဘီး သားဂန်းနာမယ်ဟို့
ဖယ်မျိုးပေးရဟို့ ဆိုဘီး မေးဟုယ်။
63 ဇာခရိဟာ သန်းဖူးကီးဟို့ တောန်းဘီးန “သားဂန်းဟာ နာမယ်ဟာ ယောဟန်
ဖြစ်ဟုယ်” ဆိုဘီး ရေးပေးလိုက်ဟုယ်။ သူးနို့ ဂူလောင်းဟာ အံ့သြဟားဂေ့ဟုယ်!
64 အယ်ခီမာဘဲ့ ဇာခရိဟာ ပ့လန်ဘီး စကားပြောနိုင်ဟားဘီးန သူဟာ ဘုရားသခင်ရဲ့
ကျေးဇူးတော်ဟို့ စဘီးချီးမွမ်းလေဟုယ်။
65 အီဇနီးရှင်းလေ ဂူလောင်းဟာ ကြော့-က်ရွံ့မူလေန ပ့လဲ့နေဘီး အယ်ဖြစ်ပျစ်ဇာန
ဆိုင်ဟူဒန်းလေဟို့ ယုဒပြည် တောန်ကြားနေရာ နှံ့ပ့လားမာ လူလေဟာ
ပြောနေလေဟုယ်။

66 အယ်ဒန်းဟို့ ကြားရဟူ လူလေဂူလောင်းဟာ စိထဲမာ စဉ်းစားဘီးဟာ မေးနေဇာဟ
“အယ်သားဂန်းဟ့ ဖယ်မျိုးသားဂန်းနူး။” သခင်ဘုရားရဲ့ တဂိုးတော်ဟာ
အယ်သားဂန်ထတ်မာ ရှိနေကြောန့် ဖြစ်ဟ့ယ်။

ဇာခရိရဲ့ ပရောဖက်ပြုချစ်ကြောန်း

67 ယောဟန်ရဲ့ဖ ဇာခရိဟာ သန့်ရှင်းဟူဝိညာဉ်တော်န ပ့လဲ့ဝဘီး
ပရောဖက်ပြုဟူဇာဟ့၊
68 “ဣသရေလလူမျိုးရဲ့ ဘုရားသခင်၊ သခင်ဘုရားဟို့ နို့လေချီးမွမ်းဂေ့ဇို့!
ကိုယ်တော်ဟာ ကိုယ်တော်ရဲ့ လူမျိုးနားဟို့ ကြွလာဘီး သူးနို့ဟို့
လွတ်မြော့-က်စေတော်မူဘီ။
69 ကိုယ်တော်ရဲ့ စေခံဒါဝိဒ်ရဲ့ မ့လေးမ့လစ် တယော့-က်ဟို့၊
ကိုယ်တော်ဟာ တဂိုးကီးမားဟူ ကယ်တန်ရှင်ဟို့ နို့လေတွပ် ပေါ်ပေါ့-က်စေဟ့ယ်။
70 ကိုယ်တော်ဟာ ကိုယ်တော်ရဲ့ ရှေးသန့်ရှင်းဟူ ပရောဖက်လေ ဟ့နေတဆင့်
ဂဒိပေးဟ့ားဇာဟ့
71 ကိုယ်တော်ဟာ နို့လေရဲ့ ရန်သူလတ်ဟ့ရော၊
နို့လေဟို့ မူးဟူသူ ဂူလောင်းရဲ့ တဂိုးဟ့ရော နို့လေဟို့ ကယ်တန်တော်မူလေ့မယ်။
72 ကိုယ်တော်ဟာ နို့လေရဲ့ ဘိုးဘေးလေဟို့ ကရုဏာတော် ပြဘီးဟာ
ကိုယ်တော်ရဲ့ သန့်ရှင်းဟူ ပဋိညာဉ်တော်ဟို့ အော့-က်မေ့ပါ ဆိုဘီး
ပြောဟ့ားဟ့ယ်။
73 နို့လေရဲ့ ဘိုးဘေး အာဗြဟံဟို့ လေးနတ်ဟူ ဂဒိသစ်စာ ပြုဟ့ားဇာဟ့၊
74 ကိုယ်တော်ဟာ နို့လေရဲ့ ရန်သူလေ လတ်ထဲဟ့နေ နို့လေဟို့ ကယ်တန်ဟို့န
ကြော့-က်လန်မူမေ့ဘဲ့ ကိုယ်တော့်ဟို့ စေခံဟို့ နို့လေဟို့ ခွမ့်ပြုမယ် ဆိုဘီး
ဖြစ်ဟ့ယ်။
75 အယ်ကြောန့် နို့လေဟာ ကိုယ်တော့်ရှေ့တော်မာ သန့်ရှင်းရှင်းန ဖြောန့်မတ်ရှင်းဟို့
တသတ်လောင်းရဟ့ယ်။

76 “သားဂန်းဟ့ား၊ နန့်ဟို့လည်း ဖြစ်ဆောင်းဖြစ်ဟူ ပရောဖက်ဆိုဘီး ခေါ်ဇာဟို့
ခံရလေ့မယ်။
နန်ဟ့ာ သခင်ဘုရားရဲ့ လမ်းဟို့ ပြင်ဆင်ဟို့
ရှေ့တော်ပ့လေး သွားရလေ့ဘီး၊
77 ကိုယ်တော်ရဲ့ လူလေဟို့ သူးနို့ရဲ့ ပြစ်လေ ဖြေလွတ်ပေးဇာခံရကြောန့်
ကယ်တန်ခံရလေ့မယ် ဆိုဘီး ပြောလေ့မယ်။
78 နို့လေရဲ့ ဘုရားသခင်ဟ့ာ သနားကြင်နာမူန ကရုဏာတော် ဖြစ်ဟူကြောန့်
ကိုယ်တော်ဟ့ာ ကယ်တန်မူရဲ့ မိုးလန်းဇခီဟို့ နို့လေထတ်မာ သတ်ရော့-က်စေဘီး
79 မ့ောန်မိုက်န သေမန်းရဲ့ ရိထဲမာ ရှိနေဟူ လူလေ ဂူလောင်းထတ်မာ
ကောန်းဂန်ဟ့နေ လန်းရောန်ထွန်းလန်းဟို့န၊

ငြိသတ်ရှင်းလမ်းထဲမာ နို့လေရဲ့ ခေလှမ်းလေဟို့ ပြဟို့ဖြစ်ဟုယ်” ဆိုဘီး
ဘုရားသခင်ရဲ့ စကားတော်ဟို့ ပြောလေဟုယ်။
80 အယ်သားဂန်းဟုာ ကီးဒတ်လာဘီး ခန္ဓာန ဝိညာဉ်လည်း အားကီးလာဟုယ်။
သူဟုာ ဣသရေလ လူမျိုးလေရဲ့ ရှေ့မာ ထန်းထန်ရှားရှား ပေါ်လာခန်ဒူးဟု ဆိုဟုာ
တောကန္တရထဲမာ နေလေဟုယ်။

2

ယေရှုမွီးဖွားဟူကြောန်း
(မဿဲ ၁.၁၈-၂၅)

1 အယ်ခီမာ ကဲသာမန်းဂီး သြဂုတ္တုတုဟုာ ရောမအင်ပါယာ တခုလောင်းဟို့
သန်းဂေါန်စာရင်း ကော့-က်စေဟို့ မိန့်ပေးလိုက်ဟုယ်။
2 ကုရေနိဟုာ ရှုရိပြည်မာ ဗြို့ဝန်ဖြစ်ခီမာ အယ်သန်းဂေါန်စာရင်း ကော့-က်ဇာဟုာ
ဦးဆောင်း ဖြစ်ဟုယ်။
3 အယ်ဘီးန လူတိုင်းဟုာ ကိုယ်တိုင် သန်းဂေါန်စာရင်းဝမ်ဟို့ သူးနို့ရဲ့ ဇာတိဗြို့ဟို့
သွားဂေ့ဟုယ်။
4 ယောသပ်ဟုာ ဂါလိလဲပြည် နာဇရက်ဗြို့ဟုနေ ဒါဝိဒ်မန်းရဲ့
ရှစ်မ့လောက်နေရာဖြစ်ဟူ ယုဒပြည် ဗက်လင်ဗြို့ဟို့ သွားဟုယ်။ ယောသပ်ဟုာ ဒါဝိဒ်ရဲ့
မ့လေးမ့လစ်ဖြစ်ကြောန့် အယ်နေရာဟို့ သွားရဟုယ်။
5 သူဟုာ လတ်ထပ်ဟို့ စေ့စပ်ဟုားဟူ မာရိနတူးဒူ သန်းဂေါန်စာရင်းဝမ်ဟို့ သွားဟူ
ခီမာ မာရိဟုာ ဝန်းရှင်မ ဖြစ်နေဘီး၊
6 သူးနို့ဟုာ ဗက်လင်ဗြို့မာ ရှိနေဒူးမာ သားမွီးခီ ရော့-က်လာဟုယ်။
7 သူဟုာ သားဦးဟို့ မွီးဘီး ဝတ်န ပတ်ဘီးဟုာ တည်းခိုဟူ နေရာမာ သူးနို့တွပ်
ခန်းမ့ေဘဲကြောန့် သားဂန်းဟုားဟို့ နွားစားခွပ်ထဲမာ အိခိုင်းဟုားဟုယ်။

သိုးထီးမားလေန ကောန်းဂန်တမန်လေကြောန်း

8 အယ်ရပ်ဟု သိုးထီးမားတချို့ဟုာ တညဉ့်လောင်း ကွမ်းပ့လန်မာနေဘီး၊ သူးနို့ရဲ့
သိုးလေဟို့ ကေ့ရှုဟုယ်။
9 သခင်ဘုရားရဲ့ ကောန်းဂန်တမန်ဟုာ သူးနို့နားမာ ပေါ်လာဘီး ဘုရားသခင်ရဲ့
ဖောင်းသရေတော်ဟုာ သူးနို့ထတ်မာ လန်းထီလာဟုယ်။ သူးနို့ဟုာ ရရာတိုင်း
ကြော့-က်လန့်ဟုားဟုယ်။
10 အယ်ဘေမဲ့ ကောန်းဂန်တမန်ဟုာ သူးနို့ဟို့ ပြောလိုက်ဇာဟု၊ “ကြော့-က်ဂေ့န!
ငါဟုာ လူမျိုးအားလောင်းတွပ် ရရာတိုင်း ဝန်းသာဇာ ဒန်းကောန်းဟို့
သယ်ဆောန်လာဟုယ်။
11 အယ်နေ့မာ ဒါဝိဒ်ဗြို့နှိုက် သခင်ခရစ်တော် ဆိုဘီး နန်းနို့ရဲ့ ကယ်တန်ရှင်ဟို့
မွီးလေဘီ!

12 နန်းနို့ဟာ ဖယ်မျိုးသတ်သေန သိရဟို့ ဆိုဟာ သားဂန်းဟားဟို့ ဝတ်စန ပတ်ဘီး
နွားစားခွပ်ထဲမာ အိခိုင်းဟားဇာဟို့ တွိလေ့မယ်။”
13 ရောက်တရစ် ကောန်းဂန်ဘောင်ရဲ့ ကောန်းဂန်တမန်နတူးဒူ ကောန်းဂန်ဗိုလ်ခေ
ဘောင်ဂီးဟာ ရှစ်ရှင်းထန်ရှားဘီး ဘုရားသခင်ဟို့
14 “ဖြင့်ဆောင်းကောန်းဂန်မာ ဘုရားသခင်ဟာ ဖောင်းသရေတော်ရှိဘီး၊
မှလေဂီးမာ ကိုယ်တော်မြတ်နိုးဟူ လူလေဟာ ငြိသတ်မှုရှိပါစေ!” ဆိုဘီး
ချီးမွမ်းချင်းဟို့ ဆိုဂေ့ဟုယ်။
15 ကောန်းဂန်တမန်လေဟာ သူးနို့နားဟုနေ ကောန်းဂန်ဘောင်ဟို့ ပ့လန်ဟားခီမာ
သိုးထီးမားလေဟာ ယော့-က်နယော့-က် “ဗက်လင်ဖြို့ဟို့ သွားဘီး ဘုရားသခင်ဟာ
နို့လေဟို့ ပြောပြဟူ ကြောန်းရာလေဟို့ ကေ့ကေ့ရအောန်” ဆိုဘီး ပြောလေဟုယ်။
16 အယ်ကြောန့် သူးနို့ဟာ ဗြန်းဗြန်ဟားသွားဘီးန မာရိန ယောသပ်ဟို့ရော၊
နွားစားခွပ်ထဲမာ အိနေဟူ သားဂန်းဟားဟို့ရော တွိရဟုယ်။
17 သိုးထီးမားလေဟာ သားဂန်းဟားဟို့ တွိဟူ ခီမာ သူးနို့ဟို့ ကောန်းဂန်တမန်ဟု
သားဂန်းဟားကြောန်းဟို့ ဖယ်မျိုးပြောဟားဟုယ် ဆိုဇာဟို့ သူးနို့ဟို့ ပြောပြဟုယ်။
18 သိုးထီးမားလေပြောဟူ စကားဟို့ ကြားဟူလူလေ ဂူလောင်းဟာ
အံ့ဩဟားဂေ့ဟုယ်။
19 မာရိဟာ ကြောန်းရာလေ ဂူလောင်းဟို့ အော့-က်မေ့လာဘီး အယ်စကားလေဟို့
လေးလေးနတ်နတ် စိထဲမာ ဆင်ခြင်နေလေဟုယ်။
20 သိုးထီးမားလေဟာ သူးနို့ဟို့ ကောန်းဂန်တမန် ပြောဟားတိုင်း သူးနို့ဖြင်ရ
ကြားရဇာလေ ဂူလောင်းတွပ် ဘုရားသခင်ဟို့ ချီးမွမ်းချင်းဆိုဘီး ပ့လန်ဟားဂေ့ဟုယ်။

ယေရှု ဆိုဘီး နာမယ်ပေးဟူကြောန်း

21 တဘတ်ကြားဘီးန သားဂန်းဟားတွပ် ရေဖျားလှီးပေးရဟို့ ခီရော့-က်လာဘီး
ဗိုက်မှေ့ခန်ဟု ကောန်းဂန်တမန် ပေးဟားဟူတိုင်း သူ့ဟို့ ယေရှုနာမယ်ဖြစ်
မှည့်ခေါ်ဂေ့ဟုယ်။

ယေရှုဟို့ ဗိမာန်တော်မာ ဆစ်ကပ်ကြောန်း

22 မောရှေရဲ့ ပညတ်တရားတိုင်း ယောသပ်န မာရိတွပ် စင်ကြယ်မှု
ခမ်းနားလောက်ဟို့ ခီရော့-က်လာဟုယ်။ အယ်ကြောန့် သူးနို့ဟု သားဂန်းဟားဟို့
ဘုရားသခင်နားမာ ဆစ်ကပ်ဟို့ ယေရုရှလင်ဖြို့ဟို့ ခေါ်ဟားဘီး၊
23 ဘုရားသခင်ရဲ့ ပညတ်တရားထဲမာ “သားဦးတိုင်းဟာ ဘုရားသခင်ဟို့
သန့်ရှင်းရမယ်” ဆိုဘီး ရေးဟားလေဟုယ်။
24 ခိုဌတ်ဟားနှေ့ကောန် အယ်မျိုးမှုဘဲနေဟာ ချိုးဌတ်ဟားနှေ့ကောန်ဟို့ ပူဇော်ရမယ်
ဆိုဘီး ဘုရားသခင်ရဲ့ ပညတ်တရားတိုင်း ပူဇော်ဟို့ သူးနို့လည်း သွားလေဟုယ်။

2:21 ၂.၂၁ လု ၁.၃၁

25 အယ်ခီမာ ယေရုရှလင်ဖြို့မာနေဟူ ရှုမောင်နာမယ်ရှိဟူ လူတယော့-က်ရှိဟုယ်။
သူဟုာ ဖြောန်မတ်ဟူလူ၊ ဘုရားသခင်ဟို့ ကြော့-က်ဟူလူန ကျသရေလလူမျိုးဟို့
ကူညီဟို့တွပ် စောန့်နေဟူ လူဖြစ်ဟုယ်။ သန်ရှင်းဟူဝိညာဉ်တော်ဟုာ သူနတူးဒူရှိဘီး
26 သူဟုာ ဘုရားသခင်ရဲ့ ဂဒိပေးဟုားဟူ မေရှိယဟို့ သူဖြင်လိုက်ရဘဲန သေရလေ့ဟို့
မူဟု ဆိုဘီး သန်ရှင်းဟူဝိညာဉ်တော်ဟုာ သူ့ဟို့ ဖွမ့်ပြဟုားဟုယ်။
27 ဘုရားသခင်ရဲ့ ဝိညာဉ်တော်အားဖြင့် ရှုမောင်ဟုာ ဗိမာန်တော်ထဲဟို့
ဝမ်ဟုားဟုယ်။ မိဖလေဟုာ ပညတ်တရားတိုင်း သူ့တွပ်လောက်ဟို့ သားဂန်းဟုား
ယေရှုဟို့ ဗိမာန်တော်ထဲဟို့ ခေါ်ဟုားခီမာ
28 ရှုမောင်ဟုာ သားဂန်းဟုားဟို့ သူရဲ့ လတ်ထဲမာယူဘီး၊ ဘုရားသခင်ဟို့ ချီးမွမ်းဘီး၊
29 “ဘုရားသခင်၊ ကိုယ်တော်ရဲ့ စကားတော်ဟုာ ပ့လဲ့ဇောင်ဟုားဘီ။
ခု ကိုယ်တော်ဟုာ ကိုယ်တော်ရဲ့ ကျွန်ဟို့ ငြိသတ်မူထဲ သွားခွမ့်ပေးလေဘီ။
30 ကိုယ်တော်ရဲ့ ကယ်တန်ရှင်းဟို့ ကျွန်တော်ရဲ့ မျစ်စိန မြင်ရပီးဘီ။
31 ကိုယ်တော်ဟုာ အယ်ကယ်တန်ရှင်းဟို့ လူမျိုးဂူလောင်းရဲ့ ရှေ့မာ
ပြင်ဆင်ဟုားပီးဘီ။
32 ကိုယ်တော်ရဲ့ လိုတော်ဟုာ လူမျိုးခြားလေဟို့ လန်းဖွမ့်ပြဘီး
ကိုယ်တော်ရဲ့ လူမျိုးဖြစ်ဟူ ကျသရေလနားဟို့ ဖောင်းသရေတော်ဟို့ ယူလာဟုယ်”
ဆိုဘီး ပြောလေဟုယ်။
33 သားဂန်းဟုားရဲ့ မိန ဖဟုာ သားဂန်းကြောန်းလေဟို့ ရှုမောင် ပြောလိုက်ဟူ ခီမာ
အံ့ဩဟုားဂေ့ဟုယ်။
34 ရှုမောင်ဟုာ သူးနို့ဟို့ ကောန်းဂျီးပေးဘီးန သူရဲ့မိ မာရိဟို့ “အယ်သားဂန်းဟုားဟုာ
ကျသရေလလူမျိုး ဘောင်ဂီးဟို့ လဲက့လဟို့န ထမြော့-က်ဟို့တွပ် ဘုရားသခင်
ဝီးကော့-က်ဟုားဇာ ဖြစ်ဟုယ်။ သူဟုာ ဘုရားသခင်နားဟု နိမိတ်လတ်ခဏာ
တခုဖြစ်ဘီး လူဘောင်ဂီးဟုာ ဆန့်ကျင်ပြောလေ့မယ်
35 အယ်ကြောန့် သူးနို့ရဲ့ လျှို့ဝှပ်ဟုားဟူ ကြဲစည်လေဟို့ ဖွမ့်ပြလေ့မယ်။ ဝန်းနဲမူဟုာ
ထတ်ဟူ သန်လျက်မျိုးဘဲ့ နန့်ရဲ့ စိနှလောင်းဟို့ ထိုးဖော့-က်လေ့မယ်” ဆိုဘီး
ပြောလေဟုယ်။
36 အယ်နေရာမာ အာရှာမျိုးဖြစ်ဟူ ဖနွေလရဲ့မီး၊ အနှန့နာမယ်ရှိဘီး သတ်ကီးဟူ
ပရောဖက်မ တယော့-က် ရှိဟုယ်။ သူဟုာ ပျိုရွယ်ဟူ ခီဟုစဘီး လန်နတူးဒူ
ခွန်နစ်နှစ်ဘဲ့ ပေါန်းသန်းရဘီး
37 ခု သတ် ၈၄ နှစ်ရွယ် မောက်ဆိုးမ ဖြစ်ဟုားဘီ။* သူဟုာ ဗိမာန်တော်ဟုနေ
လောင်းဝ ခွာဘဲန သူဟုာ ဆုတောန်းရှင်းန စာရှောန်ရှင်းအားဖြင့် နေ့ညဉ့်မပြတ်
ဘုရားသခင်ဟို့ ကိုးကွယ်လေဟုယ်။

---

* **2:37** ၂.၃၇ ခု သတ် ၈၄ နှစ်ရွယ် မောက်ဆိုးမ ဖြစ်ဟုားဘီ၊ အယ်မျိုးမူဘဲ့နေဟုာ မောက်ဆိုးမဖြစ်ဟုားဇာ ၈၄ နှစ်
ရှိဟုားဘီ။

38 အယ်ခိနာရီမာဘဲ့ သူဟ့ာ ရော့-က်လာဘီးန ဘုရားသခင်ဟို့ ချီးမွမ်းဘီးဟ့ာ
ယေရုရှလင်ဗြို့ လွတ်မြော့-က်ဟို့တွပ် ဘုရားသခင်ဟို့ စောန့်နေဟ့ာ လူလေဂူလောင်းဟို့
သားဂန်းဟ့ားကြောန်း ပြောလိုက်ဟ့ယ်။

နာဇရက်ဗြို့ဟို့ ပ့လန်ဟ့ာကြောန်း

39 ယောသပ်န မာရိဟ့ာ ဘုရားသခင်ရဲ့ ပညတ်တရားတိုင်း ဂူလောင်း
လောက်ပီးဟ့ားဟ့ာ ခိမာ သူးနို့်ဟ့ာ သူးန့်ရဲ့ မိုးရပ်မ့လေဖြစ်ဟ့ာ ဂါလိလဲပြည်
နာဇရက်ဗြို့ဟို့ ပ့လန်ဟ့ားဟ့ယ်။

40 အယ်သားဂန်းဟ့ားဟ့ာ ကီးဒတ်လာဘီး သန်မာလာဟ့ယ်။ သူဟ့ာ
ဉာဏ်ပညာပ့လဲ့လာဘီးန ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟ့ာ သူ့ထတ်မာ ရှိနေဟ့ယ်။

ဗိမာန်တော်ထဲဟ့ ကောန်သားဟ့ား ယေရှုကြောန်း

41 ယေရှုရဲ့ မိဖလေဟ့ာ နှစ်စဉ်နှစ်တိုင်း ပသခါပွဲတော်တွပ် ယေရုရှလင်ဗြို့ဟို့
သွားဂေ့ဟ့ယ်။

42 ယေရှုဟ့ာ သတ်ဆယ့်နှေ့နှစ် ရော့-က်လာဟ့ာ ခိမာ သူးနို့်ဟ့ာ ရင်းရင်ဒူးဟ့ာ
သွားနေမျိုးဲ့ ပွဲတော်ဟို့ သွားဂေ့ဟ့ယ်။

43 ပွဲတော်ပီးဟ့ားဟ့ာ ခိမာ သူးနို့်ဟ့ာ အီဟို့ ပ့လန်ဂေ့ဟ့ယ်။ အယ်ဘေမဲ့
ကောန်သားယေရှုဟ့ာ ယေရုရှလင်ဗြို့မာ နေရစ်ဟ့ယ်။ အယ်မျိုး နေရစ်ဇာဟို့
သူ့မိဖလေ သိဂေ့ဟ့။

44 သူဟ့ာ အောက်စုနတူးဒူ ရှိဟ့ယ် ဆိုဘီး သူးနို့်ထန်ကြောန့် သူးနို့်ဟ့ာ တနေ့လောင်း
ခရီးသွားဘီးန သူးနို့်ရဲ့ ဆွေမျိုးလေန ငယ်ဂျင်းလေကြားထဲမာ သူ့ဟို့ လိုက်ရှာဂေ့ဟ့ယ်။

45 သူးနို့်ဟ့ာ သူ့ဟို့ ရှာတွိဂေ့ဟ့။ အယ်ကြောန့် သူးနို့်ဟ့ာ သူ့ဟို့ ရှာဟို့တွပ်
ယေရုရှလင်ဗြို့ဟို့ ပ့လန်သွားလိုက်ရဟ့ယ်။

46 တတိယနေ့မာ သူးနို့်ဟ့ာ သူ့ဟို့ ဗိမာန်တော်ထဲမာ တွိဟ့ားဘီး၊ ယုဒဆရာလေနတူးဒူ
ထိုင်ဘီး၊ သူးနို့်ပြောဇာဟို့ နားထောန်ဘီး မေးခွန်းလေ မေးနေဟ့ယ်။

47 သူ့စကားဟို့ ကြားဟ့ာ လူလေဂူလောင်းဟ့ာ သူ့ရဲ့ထတ်မြတ်ဟ့ာ ဖြေဟို့
အံ့သြဂေ့ဟ့ယ်။

48 သူ့ရဲ့ မိဖလေဟ့ာ သူ့ဟို့ တွိလိုက်ဟ့ာ ခိမာ အံ့သြဟ့ားဘီး သူ့မိဟ့ာ “ဖစု၊ နန်ဟ့
ဖြားဖြစ်ကြောန့် နို့လေဟို့ အယ်မျိုးလောက်ရနူး။ နန့်ဖန ငါဟ့ာ ရရာတိုင်း စိပူဘီး နန့်ဟို့
လိုက်ရှာနေဟ့ယ်” ဆိုဘီး သူ့ဟို့ ပြောလေဟ့ယ်။

49 ကောန်သားဟ့ားဟ့ာ “ဖြားဖြစ်ကြောန့် နို့်မိဟ့ာ နို့်ဟို့ လိုက်ရှာနေရနူး။ နို့်ဟ့ာ နို့်ဖရဲ့
အီမာရှိနေဇာဟို့ နို့်မိ သိဟ့လော။” ဆိုဘီး သူးနို့်ဟို့ ပ့လန်ပြောလေဟ့ယ်။

50 အယ်ဘေမဲ့ သူးနို့်ဟ့ာ ကောန်သားဟ့ားရဲ့ စကားဟို့ နားလည်ဂေ့ဟ့။

51 အယ်ကြောန့် ယေရှုဟ့ာ သူးနို့်နတူးဒူ နာဇရက်ဗြို့ဟို့ ပ့လန်လိုက်ဟ့ားဘီး
အယ်နေရာမာ သူဟ့ာ သူးနို့်စကားဟို့ နားထောန်ဘီးနေဟ့ယ်။ ကောန်သားဟ့ားရဲ့
မိခင်ဟ့ာ အယ်ဖြစ်ပျစ်ဇာလေ ဂူလောင်းဟို့ စိန့လောင်းထဲမာ သီးဟ့ားဟ့ယ်။

52 ယေရှုဟာ ကာယညာဏ ကီးဒတ်လာဘီး ဘုရားသခင်ရှေ့နှ လူလေရှေ့မာ
မျစ်နှာသာရလေဟုယ်။

3

ဗတ္တိဇံယောဟန် တရားဟောဟူကြောန်း
(မဿဲ ၃.၁–၁၂; မာကု ၁.၁–၈; ယောဟန် ၁.၁၉–၂၈)

1 ကဲသာမန်းဂီး တိဗေရိ အောက်စိုးဇာဟှာ ဆယ့်ငါးနှစ်မြော့-က်ဟူ ခီမာ ယုဒပြည်ဟို
အောက်ချောက်ဟူ လူဟှာ ပုန္တုတိပိလတ်၊ ဂါလိလဲပြည်ဟို အောက်ချောက်ဟူ လူဟှာ
ဟေရုဒ်၊ ဣတုရဲပြည်နှ တရာခေါနိုပြည်လေဟို အောက်ချောက်ဟူ လူဟှာ
ဟေရုဒ်ရဲ့နောန် ဖိလိပ္ပုပု၊ အဘိလင်ပြည်ဟို အောက်ချောက်ဟူ လူဟှာ လုသာနိန၊
2 အန္နန၊ ကယာဖ လေဟှာ ယဇ်ပုရောဟိတ်ဂီးလေ ဖြစ်ဟုယ်။ အယ်ခီမာ
တောကန္တာရထဲမာရှိဟူ ဇာခရိရဲ့သား ယောဟန်နားဟို ဘုရားသခင်ရဲ့ စကားတော်
ရော့-က်လာဟုယ်။
3 အယ်ကြောန် ့ ယောဟန်ဟှာ ယော်ဒန်မ့လစ်ရဲ့ ပတ်ဝန်းကျင် တခုလောင်းသွားဘီး
“နောန်ဒရဘီး ဗတ္တိဇံခံဂေ့။ ဘုရားသခင်ဟှာ နန်းနို့ရဲ့ ပြစ်လေဟို ခွမ့်လွတ်လေ့မယ်”
ဆိုဘီး ကြေညာဟုယ်။
4 ပရောဖက်ဟေရှာယရဲ့ ကျမ်းထဲမာ၊
“လူတယော့-က်ဟှာ တောကန္တာရထဲမာ အော်ဘီးပြောနေဇာဟှ
‘ဘုရားသခင်ရဲ့ လမ်းဟို ပြင်ဆင်ဟှားဂေ့!
ကိုယ်တော်ကြွဟို့တွပ် လမ်းဟို ဖ့လောန့်အောန်လောက်ဂေ့!
5 ချိုင့်ဝှမ်းလေ ဂူလောင်းဟို ဖ့လဲ့ဘီး၊
တောန်ဂီးတောန်ငယ် ဂူလောင်းဟို ဖြိုခ့လရမယ်။
လမ်းကော့-က်လေဟို ဖ့လောန့်အောန်လောက်ဘီးန၊
လမ်းကြမ်းလေဟို ချောအောန်လောက်ရမယ်။
6 လူသားမျိုးနွယ်စု တခုလောင်းဟှာ ဘုရားသခင်ရဲ့ ကယ်တန်တော်မူရှင်းဟို
ဖြင်ရလေ့မယ်!’” ဆိုဘီး ရေးဟှားဟုယ်။
7 ယောဟန်ဟှာ သူနားဟို ဗတ္တိဇံခံဟို့ ရော့-က်လာဟူ လူအောက်ဂီးဟို “ဧ့
မီဗွေးမျိုးလေ! ဂ့လရော့-က်လာမယ့် ဘေးဒန်ဟှ လွတ်ဟို့တွပ် နန်းနို့လေဟို ဖယ်သူဟှ
ဒိပေးလိုက်နူး။
8 နောန်ဒန ထိုက်တန်ဟူ ကျင့်ဟို ကျင့်ဂေ့။ အာဖြဟံဟှ နို့လေရဲ့ ဖဖြစ်ဟုယ် ဆိုဘီး
ပြောရောင်န နန်းနို့လေ ပြစ်ဒန်ဟှ လွတ်လေ့မယ် ဆိုဘီး ထန်ဂေ့န။ နန်းနို့ဟို
ငါပြောမယ် ဘုရားသခင်ဟှာ အယ်ကလော့-က်ခဲလေဟှနေဘီး အာဖြဟံရဲ့
မ့လေးမ့လစ်လေဟို ဖန်ဆင်းနိုင်ဟုယ်!

3:7 **၃.၇** မ ၁၂.၃၄; ၂၃.၃၃ **3:8** **၃.၈** ယော ၈.၃၃

9 သစ်ပန်လေရဲ့ ပြစ်လေနားမာ ကတ်ပထားဟုးကြောန့် သီးကောန်းဟို့ သီးဘဲဟူ
သစ်ပန်တိုင်းဟို့ ခွတ်ပစ်ဘီးဟာ မီးထဲဟို့ ပစ်ခ့လလေ့မယ်” ဆိုဘီး ပြောလေဟုယ်။
10 လူလေဟာ “အယ်ဆိုဟာ နို့လေဟ့ ဖြားဇာလေ လောက်ရနူး။” ဆိုဘီး သူ့ဟို့
မေးဂေ့ဟုယ်။
11 သူဟ့ “ဖယ်လူဘဲ့ဖြစ်ဖြစ် အန်းဂီနေ့ ထည်ရှိဟုယ် ဆိုဟာ အန်းဂီမ့ေဘဲဟူ လူဟို့
တထည်ပေးရမယ်။ ဖယ်လူဘဲ့ဖြစ်ဖြစ် စားဇာရှိဟုယ် ဆိုဟာ အယ်စားဇာဟို့
ဝီပေးရမယ်” ဆိုဘီး ဖြေလေဟုယ်။
12 ခွန်ကော့-က်မားလေ တချို့ဟာ ဗတ့တိဇံခံဟို့ လာဘီးန သူးနို့ဟာ “ဆရာ၊
ကျွန်တော့်ဟားလေဟ့ ဖြားဇာလောက်ရမယ်နူး။” ဆိုဘီး သူ့ဟို့ မေးဂေ့ဟုယ်။
13 သူဟ့ “ဥပဒေဟ့ သတ်မှတ်ဟားဇာထတ် ပိုဘီး ခွန်ဟို့ ကော့-က်ဂေ့န” ဆိုဘီး
သူးနို့ဟို့ ပြောလေဟုယ်။
14 စစ်သားတချို့ဟ့လည်း “ကျွန်တော့်ဟားလေတွပ် ဟုမား။ ကျွန်တော်ဟားလေဟ့
ဖြားဇာလောက်ရနူး။” ဆိုဘီး သူ့ဟို့ မေးဂေ့ဟုယ်။
“ဖယ်လူဟို့လည်း မူဘဲန စွပ်စွဲဂေ့န၊ ဖယ်လူနားဟ့ဘဲ့ဖြစ်ဖြစ် နိုင်ကျင့်ဘီး ကပ်ဟို့
ယူဂေ့န။ နန်းနို့ရဲ့ လစာနဘဲ့ ရောန့်ရဲဂေ့” ဆိုဘီး သူးနို့ဟို့ ဖြေလေဟုယ်။
15 လူလေရဲ့ မျော်လင့်ချစ်လေ ဗြင့်လာဘီး ယောဟန်ဟ့ာ မေရှိယ ဖြစ်နိုင်ဟုယ်
ဆိုဘီး သူးနို့ နှလောင်းထဲမာ အံ့သြလာဂေ့ဟုယ်။
16 အယ်ကြောန့် ယောဟန်ဟ့ာ “ငါဟ့ာ နန်းနို့ဟို့ ရေန ဗတ့တိဇံပေးဟုယ်။
အယ်ဘေမဲ့ ငါ့ထတ် ရရာတိုင်း ကီးမြတ်ဟူလူဟ့ာ လာနေဘီ။ ငါဟ့ာ အယ်လူရဲ့
ခေနပ်ကြိုးဟို့ ဖြေဟို့ဟို့မှ ထိုက်ဟ့။ အယ်သူဟ့ာ သန့ရှင်းဟူဝိညာဉ်တော်န၊ မီးန
နန်းနို့ဟို့ ဗတ့တိဇံပေးလေ့မယ်။
17 လတ်ထဲမာ ဂေါဟို့ ကိုင်ဟ့ားဘီး သူ့ဗားလန်းပ့လန်ဟို့ ရှင်းလန်းစေဘီး ဗားလေဟို့
ဗားဂတ်ထဲဟို့ ထဲ့ဘီးဟ့ာ ဗားဖျင်းလေဟို့ သေနိုင်ဘဲဟူမီးန ရှို့လေ့မယ်” ဆိုဘီး
သူးနို့ဟို့ ပြောလေဟုယ်။
18 ယောဟန်ဟ့ာ နည်းလမ်းဘောန်းဇောင်န လူလေဟို့ ဒန်းကောန်းဟောဘီး သူးနို့ရဲ့
နည်းလမ်းလေ ပ့လောန်းဟ့ားဟို့ သူးနို့ဟို့ တိုက်တွန်းလေဟုယ်။
19 ဟေရုဒ်ဟ့ာ သူ့နောန်ရဲ့ မီးမ ဟေရောဒိန ပတ်သတ်ဇာဟို့ရော၊ သူကိုယ်တိုင်
ကျူးလွန်ဟ့ားဟူ ကောန်းဘဲဟူမူလေ ဇာဟို့ရော ယောဟန်ဟ့ာ သူ့ဟို့
ဆောင်းမဟ့ားဟုယ်။
20 အယ်မျိုး ဆောင်းမလိုက်ကြောန့် ဟေရုဒ်ဟ့ာ ယောဟန်ဟို့ ထောန်ထဲမာ
လောန်ဟ့ားလိုက်ဟုယ်။ အယ်မျိုး လောက်ရှင်းအားဖြင့် ပိုဘီး ဆိုးဝါးဟူ ပြစ်ဟို့
ထပ်လောက်လိုက်ဟုယ်။

ယေရှု ဗတ့တိဇံ ခံဟူကြောန်း
(မဿဲ ၃.၁၃-၁၇; မာကု ၁.၉-၁၁)

21 လူလေ ဂူလောင်းဟှာ ဗတ္တိဇံခံဂေ့ဘီးန ယေရှုလည်း ဗတ္တိဇံခံတော်မူဟှယ်။
ကိုယ်တော်ဟှာ ဆုတောန်းနေဟှူ ခီမာ ကောန်းဂန်ဘောင် ပွမ့်ဟှားဘီး
22 သန့်ရှင်းဟှူဝိညာဉ်တော်ဟှာ ချိုးဒုတ်မျိုး ခန္ဓာန ကိုယ်တော်ထတ်ဟို
ဆင်းလာဟှယ်။ အယ်ဘီးန ကောန်းဂန်ဘောင်ဟှနေ “အယ်သူဟှာ
ငါနှစ်သက်မြတ်နိုးဟှူ ငါ့ရဲ့ ရှစ်ဟှူသား ဖြစ်ဟှယ်” ဆိုဘီး သံတော်ထွပ်လာဟှယ်။

ယေရှုရဲ့ ဘိုးဘေးလေကြောန်း
(မဿဲ ၁.၁–၁၇)

23 ယေရှုဟှာ မှူတော်မြတ်ဟို စဘီး လောက်ဟှူ ခီမာ ကိုယ်တော်ဟှာ
သတ်တော်သောင်းဆယ်လော့-က်ဘဲ့ ရှိဟှယ်။ အယ်ကြောန့် လူလေထန်ဇာဟှ
ကိုယ်တော်ဟှာ ယောသပ်ရဲ့သား၊ ယောသပ်ဟှာ ဧလိရဲ့သား၊
24 ဧလိဟှာ မဿတ်ရဲ့သား၊ မဿတ်ဟှာ လေဝိရဲ့သား၊ လေဝိဟှာ မေလခိရဲ့သား၊
မေလခိဟှာ ယန္နရဲ့သား၊ ယန္နဟှာ ယောသပ်ရဲ့သား၊
25 ယောသပ်ဟှာ မတ္တသိရဲ့သား၊ မတ္တသိဟှာ အာမုတ်ရဲ့သား၊ အာမုတ်ဟှာ
နာဟုံရဲ့သား၊ နာဟုံဟှာ ဧသလိရဲ့သား၊ ဧသလိဟှာ နဂ့ဂဲရဲ့သား၊ နဂ့ဂဲဟှာ
မာအတ်ရဲ့သား၊
26 မာအတ်ဟှာ မတ္တသိရဲ့သား၊ မတ္တသိဟှာ ရှေမိရဲ့သား၊ ရှေမိဟှာ ယောသပ်ရဲ့သား၊
ယောသပ်ဟှာ ယုဒရဲ့သား၊ ယုဒဟှာ ယောဟန္နရဲ့သား၊
27 ယောဟန္နဟှာ ရေသရဲ့သား၊ ရေသဟှာ ဇေရုဗဗေလရဲ့သား၊ ဇေရုဗဗေလဟှာ
ရှာလသေလရဲ့သား၊ ရှာလသေလဟှာ နေရိရဲ့သား၊
28 နေရိဟှာ မေလခိရဲ့သား၊ မေလခိဟှာ အဒ္ဒိရဲ့သား၊ အဒ္ဒိဟှာ ကောသံရဲ့သား၊
ကောသံဟှာ ဧလမောဒံရဲ့သား၊ ဧလမောဒံဟှာ ဧရရဲ့သား၊
29 ဧရဟှာ ယောရှုရဲ့သား၊ ယောရှုဟှာ ဧလျေဇာရဲ့သား၊ ဧလျေဇာဟှာ
ယောရိမ်ရဲ့သား၊ ယောရိမ်ဟှာ မဿတ်ရဲ့သား၊ မဿတ်ဟှာ လေဝိရဲ့သား၊
30 လေဝိဟှာ ရှိမောင်ရဲ့သား၊ ရှိမောင်ဟှာ ယုဒရဲ့သား၊ ယုဒဟှာ ယောသပ်ရဲ့သား၊
ယောသပ်ဟှာ ယောနန်ရဲ့သား၊ ယောနန်ဟှာ ဧလျာကိမ်ရဲ့သား၊
31 ဧလျာကိမ်ဟှာ မေလေရဲ့သား၊ မေလေဟှာ မဲနန်ရဲ့သား၊ မဲနန်ဟှာ မတ္တသရဲ့သား၊
မတ္တသဟှာ နာသန်ရဲ့သား၊ နာသန်ဟှာ ဒါဝိဒ်ရဲ့သား၊
32 ဒါဝိဒ်ဟှာ ယေရှဲရဲ့သား၊ ယေရှဲဟှာ ဩဗက်ရဲ့သား၊ ဩဗက်ဟှာ ဗောဇရဲ့သား၊
ဗောဇဟှာ စာလမုန်ရဲ့သား၊ စာလမုန်ဟှာ နာရှွန်ရဲ့သား၊
33 နာရှွန်ဟှာ အမိနဒပ်ရဲ့သား၊ အမိနဒပ်ဟှာ အဒ်မိန်ရဲ့သား၊ အဒ်မိန်ဟှာ
အာရံနိရဲ့သား၊ အာရံနိဟှာ ဟေဇရုံရဲ့သား၊ ဟေဇရုံဟှာ ဖာရက်ရဲ့သား၊ ဖာရက်ဟှာ
ယုဒရဲ့သား၊
34 ယုဒဟှာ ယာကုပ်ရဲ့သား၊ ယာကုပ်ဟှာ ဣဇာက်ရဲ့သား၊ ဣဇာက်ဟှာ
အာဗြဟံရဲ့သား၊ အာဗြဟံဟှာ တေရရဲ့သား၊ တေရဟှာ နာခေါရဲ့သား၊

3:22 **ခ.JJ** မ ၃.၁၇; မာ ၁.၁၁; လု ၉.၃၅

35 နာခေါ်ဟုာ စေရောက်ရဲ့သား၊ စေရောက်ဟုာ ရာဂေါရဲ့သား၊ ရာဂေါဟုာ
ဖာလက်ရဲ့သား၊ ဖာလက်ဟုာ ဟေဗာရဲ့သား၊ ဟေဗာဟုာ ရှာလရဲ့သား၊
36 ရှာလဟုာ ကာကွနန်ရဲ့သား၊ ကာကွနန်ဟုာ အာဖာဇဒ်ရဲ့သား၊ အာဖာဇဒ်ဟုာ
ရှေမရဲ့သား၊ ရှေမဟုာ နောဧရဲ့သား၊ နောဧဟုာ လာမက်ရဲ့သား၊
37 လာမက်ဟုာ မသုရှလရဲ့သား၊ မသုရှလဟုာ ဧနောက်ရဲ့သား၊ ဧနောက်ဟုာ
ယာရက်ရဲ့သား၊ ယာရက်ဟုာ မဟာလေလရဲ့သား၊ မဟာလေလဟုာ ကာကွနန်ရဲ့သား၊
38 ကာကွနန်ဟုာ နေတ်ရဲ့သား၊ နေတ်ဟုာ ရှေသရဲ့သား၊ ရှေသဟုာ အာဒံရဲ့သား၊
အာဒံဟုာ ဘုရားသခင်ရဲ့ သားဖြစ်ဟုယ်။

4

ယေရှုဟို့ သွီးဆောန်ဟူကြောန်း
(မဿဲ ၄.၁–၁၁; မာကု ၁.၁၂–၁၃)

1 ယေရှုဟုာ သန့်ရှင်းဟူဝိညာဉ်တော်န ပုလဲ့ဝဘီး ယော်ဒန်မ့လစ်နားဟုနေ
ပုလန်လာဘီးန ကိုယ်တော်ဟုာ ဝိညာဉ်တော်အားဖြင့် တောကန္တရထဲဟို့ ပို့ဆောန်ရှင်းဟို့
ခံတော်မူဘီး၊
2 အယ်နေရာမာ ကိုယ်တော်ဟုာ ရစ်လေးဆယ် လောင်းလောင်း နေဘီး မာရ်နတ်ရဲ့
သွီးဆောန်ရှင်းဟို့ ခံရဟုယ်။ အယ်နေ့ရစ်လေမာ ကိုယ်တော်ဟုာ
ဖြားလည်းစားဘဲကြောန့် အယ်နေ့ရစ်လေ ပီးဆောင်းဟုားဟူ ခီမာ ကိုယ်တော်ဟုာ
ရရာတိုင်း ဗိုက်ဆာတော်မူဟုယ်။
3 မာရ်နတ်ဟု “သင်ဟုာ ဘုရားသခင်ရဲ့ သားဖြစ်ဟုယ် ဆိုဟုာ အယ်ကလော့-က်ခဲဟို့
မုဖြစ်လာအောန် မိန့်ပေးကေ့” ဆိုဘီး ကိုယ်တော့်ဟို့ ပြောဟုယ်။
4 အယ်ဘေမဲ့ ယေရှုဟု “ ‘လူဟုာ စားဇာတခုဒဲန သတ်ရှင်ရဟို့ မှုဟု’ ဆိုဇာ
ကျမ်းစာဟု ပြောဟုားဟုယ်” ဆိုဘီး မိန့်တော်မူဟုယ်။
5 အယ်ဘီးန မာရ်နတ်ဟုာ ကိုယ်တော့်ဟို့ ရရာတိုင်း ဗြစ်ဟူ တောန်ထတ်ဟို့
ခေါ်ဆောန်ဟုားဘီး အယ်လောကရဲ့ နိုင်ငံလေဟို့ တခဏရှင်းမာ ကိုယ်တော့်ဟို့
ပြလိုက်ဟုယ်။
6 မာရ်နတ်ဟု “ငါဟုာ ကိုယ်တော့်ဟို့ အယ်ခွမ့်အာဏာ ဂူလောင်းန
အယ်ဖောင်းစည်းဇိမ် ဂူလောင်းပေးမယ်။ အယ်ဇာလေ ဂူလောင်းဟုာ ငါ့ဟို့
အပ်ဟုားပီးဘီ။ ငါဟုာ အယ်ဇာလေဟို့ ငါဝီးကော့-က်ဟုားဟူ ဖယ်လူဘဲ့ဖြစ်ဖြစ်
ငါပေးနိုင်ဟုယ်။
7 ကိုယ်တော်ဟုာ ငါ့ဟို့ ကိုးကွယ်မယ် ဆိုဟုာ အယ်မူဇာလေ ဂူလောင်းဟုာ
ကိုယ်တော်ရဲ့ အောက်စာလေ ဖြစ်ဟုားလေ့မယ်” ဆိုဘီး ကိုယ်တော့်ဟို့ ပြောဟုယ်။
8 ယေရှုဟု “ကျမ်းစာမာ ‘နန့်ရဲ့ ဘုရားသခင် တပါးဒဲဟို့ဘဲ့ ကိုးကွယ်ရမယ်။
အယ်သခင် တပါးဒဲဟို့ဘဲ့ စေခံရမယ်!’ ဆိုဇာ ပြောဟုားဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။

9 အယ်ဘီးန မာရ်နတ်ဟာ ကိုယ်တော့်ဟို့ ယေရုရှလင်ဗြို့ဟို့ ခေါ်ဟားဘီး
ဗိမာန်တော်ရဲ့ ထိဖျားမာ တန်ဟားဘီးဟာ "ကိုယ်တော်ဟာ ဘုရားသခင်ရဲ့
သားဖြစ်ဟုယ် ဆိုဟာ အယ်နေရာဟုနေ အော့-က်ဟို့ ခူခ့လလိုက်။
10 ဖြားဖြစ်ကြောန်နူးဆိုဟာ 'ဘုရားသခင်ဟာ ကိုယ်တော့်ဟို့ စောန်ရှော့-က်ဟို့တွပ်
ကောန်းဂန်တမန်လေဟို့ မိန့်ပေးဟားလေ့မယ်။
11 ကိုယ်တော်ရဲ့ ခေဟို့ ကုလော့-က်န ထိခိုက်ဘဲနေအောန် သူးနို့ဟာ ကိုယ်တော့်ဟို့
လတ်န ခီမဟားလေ့မယ်' ဆိုဇာ ကျမ်းစာမာ ပြောဟားဟုယ်" ဆိုဘီး ပြောလေဟုယ်။
12 အယ်ဘေမဲ့ ယေရှုဟု "'နန့်ရဲ့သခင်၊ ဘုရားသခင်ဟို့ စောင်ဇမ်းန' ဆိုဇာ
ကျမ်းစာဟု ပြောဟားဟုယ်" ဆိုဘီး မိန့်တော်မူဟုယ်။
13 မာရ်နတ်ဟာ သွီးဆောန့်ရှင်း ဘောန်းဇောင် လောက်ဘီးန ယေရှုနားဟု
ထွပ်ဟားဘီး ခွမ့်ကောန်းဟို့ စောန့်နေလေဟုယ်။

မှူတော်မြတ် စပြုဟူကြောန်း
(မဿဲ ၄.၁၂-၁၇; မာကု ၁.၁၄-၁၅)

14 အယ်ဘီးန ယေရှုဟာ ဂါလိလဲပြည်ဟို့ ပ့လန်ဟားဘီး ဘုရားသခင်ရဲ့
ဝိညာဉ်တော်တဂိုးဟာ ကိုယ်တော်နတူးဒူ ရှိတော်မူဟုယ်။ ကိုယ်တော့်ဒန်းဟာ
အယ်ဒေသ တခုလောင်း ပ့လန်နှံ့ဟားဟုယ်။
15 ကိုယ်တော်ဟာ ဝါလယ်ဇရပ်လေမာ သွန်သန်ဘီး ကိုယ်တော့်ဟို့
လူတိုင်းချီးမွမ်းဂေ့ဟုယ်။

ယေရှုဟို့ နာဇရက်ဗြို့ဟ ငြင်းပယ်ဟူကြောန်း
(မဿဲ ၁၃.၅၃-၅၈; မာကု ၆.၁-၆)

16 အယ်ဘီးန ယေရှုဟာ နာဇရက်ဗြို့ဟို့ ကြွဟားတော်မူဟုယ်။ အယ်ဗြို့ဟာ
ကိုယ်တော် ကီးဒတ်လာဟူ ဗြို့ဖြစ်ဘီး ဒန်းနေ့မာ ကိုယ်တော်ဟာ ခါတိုင်းသွားနေမျိုးဘဲ့
ဝါလယ်ဇရပ်ဟို့ ကြွဟားတော်မူဟုယ်။ ကိုယ်တော်ဟာ ကျမ်းစာဖတ်ဟို့
မတ်တတ်ထလိုက်ဘီးန
17 ကိုယ်တော်ဟာ ပရောဖက် ဟေရှာယရဲ့ ကျမ်းဟို့ လှမ်းယူလိုက်ဘီး ကျမ်းစာဟို့
ဖွမ့်လိုက်န အယ်ကျမ်းမာ
18 "သခင်ဘုရားရဲ့ ဝိညာဉ်တော်ဟာ ငါ့ထတ်မာ ရှိတော်မူဟုယ်။
ဖြားဖြစ်ကြောန်နူးဆိုဟာ ကိုယ်တော်ဟာ ဆင်းရဲသားလေနားဟို့
ဒန်းကောန်းသယ်ဆောန်ဟို့ ငါ့ဟို့ ဝီးကော့-က်တော်မူဟုယ်။
ကိုယ်တော်ဟာ ခယ်ဟားဇာခံရဟူ လူလေနားဟို့ လွတ်မြော့-က်စေဟို့န
မျစ်စိကန်းဟူ လူလေဟို့ လန်းပ့လန်ရစေဟို့၊
ညှဉ်းဆဲခံရဟူ လူလေ လွတ်မြော့-က်စေဟို့ကြောန်း ကြေညာဘီးန
19 သခင်ဘုရားဟာ ကိုယ်တော်ရဲ့ လူလေဟို့ ကယ်တန်ဟို့

ခဲဟုာ ရော့-က်လာဘီ ဖြစ်ကြောန်းဟို့ ကြေညာဟို့ ငါ့ဟို့ စေလွတ်ဟုယ်” ဆိုဘီး
ရေးဟုားလေဟုယ်။
20 ယေရှုဟုာ ကျမ်းစာဟို့ လိဘီး ဇရပ်စောန့်ဟို့ ပုလန်ပေးဘီးန ထိုင်လိုက်ဟုယ်။
ဝါလယ်ဇရပ်ထဲဟု လူလေ ဂူလောင်းရဲ့ မျစ်လောင်းလေဟုာ ကိုယ်တော့်ဟို့ဘဲ့
စေ့စေ့ကေ့နေဟုယ်။
21 အယ်ကြောန့် ယေရှုဟုာ သူးနို့ဟို့ “နန်းနို့ ကြားဟုားမျိုးဘဲ့ အယ်ကျမ်းပိုဒ်ဟုာ
အယ်နေ့ဘဲ့ မှန်ဖြစ်လာဘီ” ဆိုဘီး မိန့်တော်မူလေဟုယ်။
22 လူလေ ဂူလောင်းဟုာ ကိုယ်တော့်ဟို့ ရရာတိုင်း ထော့-က်ခံဂေ့ဘီး ကိုယ်တော်ရဲ့
ဆွဲဆောန်အားကောန်းဟူ စကားလေကြောန့် အံ့သြဂေ့ဟုယ်။ သူးနို့ဟု “သူဟုာ
ယောသပ်ရဲ့ သား မူဟုလော” ဆိုဘီး ပြောနေဂေ့ဟုယ်။
23 ကိုယ်တော်ဟုာ “နန်းနို့ဟုာ ငါ့ဟို့ အယ်မျိုးဆိုရိုးစကားန ကိုးကားလေ့မယ်
‘ဆရာဝန်၊ ကိုယ့်ကိုယ်ကိုယ် နာပျော့-က်အောန်ကု’ ဆိုဘီး ပြောမယ် ဆိုဇာဟို့
ငါတိကုလ သိဟုယ်။ ကပေရနောင်ဗြို့မာ လောက်ဟုားဇာဟို့ နန်းနို့ ကြားဟုားပီးဘီ
အယ်မျိုးဇာလေဟို့ ငါ့ရဲ့ မွီးရပ်ဗြို့မာလည်း နန်းနို့ဟုာ ငါ့ဟို့ လောက်ပြဟို့
ပြောလေ့အူးမယ်။
24 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ပရောဖက်လေဟုာ သူးနို့ရဲ့ ဗြို့မာ ကြိုဆိုရှင်းဟို့
လောင်းဝ ခံရဟု။
25 ငါ မှန်တိုင်းပြောမယ်၊ နားထောန်ဂေ့။ ဧလိယ လတ်ထတ်ဟု ဣသရေလနိုင်ငံမာ
သောင်းနှစ်ခွဲ ကောန်းဂန်ပိဟုားဘီး တနိုင်ငံလောင်း စာရေဇာ ခေါန်းပါးနေခဲမာ
ဣသရေလနိုင်ငံမာ မောက်ဆိုးမလေ ဘောင်ဂီးရှိဟုယ်။
26 ဧလိယဟုာ ဣသရေလနိုင်ငံထဲဟု ဖယ်မောက်ဆိုးမ တယော့-က်နားဟို့လည်း
စေလွတ်ရှင်းခံရဘဲ့ ဇီဒုန်ပြည် ဇရတ့်တဗြို့မာနေဟူ မောက်ဆိုးမ တယော့-က်နားဟို့ဘဲ့
စေလွတ်ဟုယ်။
27 ပရောဖက် ဧလိရှဲ့ လတ်ထတ်ဟု ဣသရေလနိုင်ငံမာနေဟူ နူနာရောဂါသယ်လေ
ဘောင်ဂီးရှိဘေမဲ့ သူးနို့လေထဲဟု တယော့-က်လည်း သန့်ရှင်းခွမ့် ရဂေ့ဟု။ အယ်ဘေမဲ့
ရှုရိလူမျိုး နေမန်တယော့-က်ဘဲ့ သန့်ရှင်းခွမ့် ရဟုားဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
28 ဝါလယ်ဇရပ်မာရှိဟူ လူလေဟုာ အယ်စကားဟို့ ကြားရဟူ ခဲမာ သူးနို့ဟုာ
ဒေါသထွပ်ဟုားဂေ့ဟုယ်။
29 သူးနို့ဟုာ မတ်တတ်ထလိုက်ဘီး ယေရှုဟို့ ဗြို့ပုလန်ထိ ဒရွတ်တိုက်ဆွဲဟုားဘီးန
သူးနို့ ဗြို့တည်ဟုားဟူ တောန်ထိဟို့ ခေါ်ဆောန်ဟုားဟုယ်။ သူးနို့ဟုာ ကိုယ်တော့်ဟို့
က့လော့-က်ဆောန်ထတ်ဟုနေ တွန်းခ့လဟို့ ခေါ်ဆောန်ဟုားဘေမဲ့၊
30 ကိုယ်တော်ဟုာ လူအောင်ဂီးလယ်ဟုနေ ရော့-က်ဟုားဘီး ကြွဟုားလေဟုယ်။

4:24 ၄.၂၄ ယော ၄.၄၄

ညစ်ညူးဟူနတ် ဝမ်ပူးနေဟူ လူကြောန်း
(မာကု ၁.၂၁-၂၈)

31 အယ်ဘီးန ယေရှုဟှာ ဂါလိလဲပြည်ဟှ ဗြို့တဗြို့ဖြစ်ဟူ ကပေရနောင်ဗြို့ဟို
ဆင်းဟှားဘီး ဒန်းနေ့မာ ကိုယ်တော်ဟှာ လူလေဟို သွန်သန်တော်မူဟှယ်။
32 သူးနို့ ဂူလောင်းဟှာ ကိုယ်တော်ရဲ့ သွန်သန်ဟူ နည်းလမ်းဟို အံ့ဩဟှားဟှယ်။
ဖြားဖြစ်ကြောန်နူးဆိုဟှာ ကိုယ်တော်ဟှာ ခွမ့်အာဏာန ပြောတော်မူကြောန့် ဖြစ်ဟှယ်။
33 ဝါလယ်ဇရပ်မာ ညစ်ညူးဟူနတ် ဝမ်ပူးနေဟူလူ တယော့-က်ရှိဘီး သူဟှာ
သံက့လယ်ဟှီးန
34 "မိ-ဝေး! နာဇရက်ဗြို့သားယေရှု၊ ကိုယ်တော်ဟှာ ကျွန်တော့်လေန
ဖယ်မျိုးဆိုင်နူး။ ကိုယ်တော်ဟှာ ကျွန်တော့်လေဟို ဖျစ်ဆီးဟို့တွပ် အယ်နေရာဟို
ရော့-က်လာဇာလော။ ကိုယ်တော်ဟှာ ဖယ်သူဖြစ်ဟှယ် ဆိုဇာဟို ကျွန်တော်သိဟှယ်။
ကိုယ်တော်ဟှာ ဘုရားသခင်ရဲ့ သန့်ရှင်းဟူ စေတမန်ဖြစ်ဟှယ်!" ဆိုဘီး
အော်လေဟှယ်။
35 ယေရှုဟှာ အယ်နတ်ဟို "တိတိနေဘီး အယ်လူထဲဟှထွပ်!" ဆိုဘီး
မိန့်ပေးလေဟှယ်။ နတ်ဆိုးဟှာ အယ်လူဟို သူးနို့ရှေ့မာ ပစ်လဲခ့လဘီးန သူ့ဟို
ထိခိုက်ရှင်း မ့ေဘဲန သူ့ထဲဟှ ထွပ်ဟှားဟှယ်။
36 လူလေ ဂူလောင်းဟှ အံ့ဩဟှားဂေ့ဘီး ယော့-က်နယော့-က် "အယ်စကားလေဟှ
ဖြားမျိုးစကားလေနူး။ အယ်လူဟှာ ညစ်ညူးဟူ နတ်လေဟို ခွမ့်အာဏာတဂိုးန
မိန့်ပေးလိုက်ဟူန သူးနို့ဟှာ ထွပ်ဟှားဟှယ်!" ဆိုဘီး ပြောနေဂေ့ဟှယ်။
37 ယေရှုရဲ့ ဒန်းဟှာ အယ်ဒေသ တခုလောင်းဟို ပ့လန့်ခ့ံဟှားလေဟှယ်။

လူလေဘောင်ဂီးဟို နာပျော့-က်စေဟူကြောန်း
(မဿဲ ၆.၁၄-၁၇; မာကု ၁.၂၉-၃၄)

38 ယေရှုဟှာ ဝါလယ်ဇရပ်ဟှနေ ထွပ်ဟှားဘီးန ရှိမုန်ရဲ့ အီဟို ကြွဟှားလိုက်ဟှယ်။
ရှိမုန်ရဲ့ ယောက့ခမဟှာ ဖျားနာဘီး ရရာတိုင်း နေကောန်းဘဲ ဖြစ်နေကြောန်း သူးနို့ဟှာ
ယေရှုဟို တောန်းလျှော့-က်လေဟှယ်။
39 ကိုယ်တော်ဟှာ အယ်မီးမရဲ့ ဘေးနားမာ သွားရပ်ဘီး ဖျားပျော့-က်စေ ဆိုဘီး
မိန့်ပေးလိုက်ဟှယ်။ အယ်မီးမဟှာ ဖျားနာပျော့-က်ဟှားကြောန့် ရှစ်ရှင်းထဘီး
ကိုယ်တော်န တမဲ့တော်လေဟို ည့်ဝတ်ပြုလေဟှယ်။
40 နေဝမ်ဟှားဘီးန ရောဂါဘောန်းဇောင်နန နေကောန်းဘဲဖြစ်နေဟူ လူလေရဲ့
ငယ်ဂျင်းလေဟှာ သူးနို့ဟို ယေရှုနားဟို ခေါ်လာဂေ့ဟှယ်။ ကိုယ်တော်ဟှာ သူးနို့
ဂူလောင်းထတ်မာ လတ်ဟို တန်ဘီးန သူးနို့ ဂူလောင်းဟို နာပျော့-က်စေဟှယ်။
41 နတ်ဆိုးလေဟှာလည်း လူလေထဲဟှနေ "ကိုယ်တော်ဟှာ ဘုရားသခင်ရဲ့
သားတော် ဖြစ်ဟှယ်!" ဆိုဘီး အော်ဟစ်ဘီး ထွပ်ဟှားဂေ့ဟှယ်။

4:32 ၄.၃၂ မ ၇.၂၈,၂၉

ယေရှုဟာ မေရှိယဖြစ်ဟုယ် ဆိုဇာဟို့ နတ်ဆိုးလေဟု သိဟုယ်။ အယ်ကြောန့်
သူးနို့ဟို့ စကားခွန်းလည်းပြောန ဆိုဘီး မိန့်ပေးတော်မူဟုယ်။

ဝါလယ်ဇရပ်လေမာ ဟောပြောဟူကြောန်း
(မာကု ၁.၃၅-၃၉)

42 မိုးလန်းဟူ ခီမာ ယေရှုဟာ ဗြို့ဟုနေ ထွပ်ဟုားဘီးန တိဆိဟူ နေရာဟို့
ကြွဟုားလေဟုယ်။ လူလေဟာ ကိုယ်တော့်ဟို့ လိုက်ရှာဂေ့ဘီး သူးနို့ဟာ ကိုယ်တော့်ဟို့
တွိဟူ ခီမာ ကိုယ်တော့်ဟို့ ထွပ်ဟုားဘဲနေအောန် ဆီးတားဂေ့ဟုယ်။
43 အယ်ဘေမဲ့ ကိုယ်တော်ဟာ "ငါဟာ ဘုရားသခင်ရဲ့ နိုင်ငံတော်ကြောန်း
ဒန်းကောန်းဟို့ တခြား ဗြို့ဝါလေမာလည်း ကြေညာရအူးမယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ အယ်မျိုးကြေညာဟို့ ဘုရားသခင်ဟ ငါ့ဟို့ စေလွတ်ရှင်း
ဖြစ်ဟုယ်" ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။
44 အယ်ကြောန့် ကိုယ်တော်ဟာ ယုဒပြည် တပြည်လောင်းမာရှိဟူ
ဝါလယ်ဇရပ်လေမာ ကြေညာတော်မူလေဟုယ်။

5

တဗဲတော်လေဟို့ ခေါ်ဟူကြောန်း
(မဿဲ ၄.၁၈-၂၂; မာကု ၁.၁၆-၂၀)

1 တနေ့မာ ယေရှုဟာ ဂ်ေနေသရက်အိုင်ရဲ့ ကမ်းနားမာ ရပ်နေဟူ ခီမာ လူလေဟာ
ဘုရားသခင်ရဲ့ စကားတော်ဟို့ နားထောန်ဟို့ ကိုယ်တော်နားဟို့ တိုးဝမ်ဂေ့ဟုယ်။
2 ကိုယ်တော်ဟာ ကမ်းနားမာ ကပ်ဟုားဟူ လှေနှေ့စင်းဟို့ ဗြင်တော်မူဟုယ်။
ငါးဖမ်းမားလေဟာ လှေလေထတ်ဟုနေ ဆင်းဘီးန ငါးဖမ်းပိုက်လေဟို့
ဆေးနေဂေ့ဟုယ်။
3 ယေရှုဟာ အယ်လှေနှေ့စီးထဲဟ ရှိမုန်ရဲ့ လှေထတ်ဟို့ တတ်တော်မူဘီးန လှေဟို့
ကမ်းဟုနေ နဲနဲခွာဟို့ သူ့ဟို့ ခွမ့်တောန်းလေဟုယ်။ ယေရှုဟာ လှေထတ်မာ ထိုင်ဘီးန
လူအောက်ဂီးဟို့ သွန်သန်ဟုယ်။
4 ကိုယ်တော်ဟာ သွန်သန်ရှင်းလေ ပီးဟုားဟူ ခီမာ ရှိမုန်ဟို့ "ရေနတ်ထဲဟို့
ထွပ်ဟုားဘီး ငါးလေဟို့ ဖမ်းဟို့တွပ် နန့်နှ နန့်ပေါန်းဖော်လေရဲ့ ငါးဖမ်းပိုက်လေဟို့
ခှလဂေ့" မိန့်တော်မူလေဟုယ်။
5 ရှိမုန်ဟ "ကျွန်တော့်ဟုားလေဟာ တညဉ့်လောင်း ကြိုးစားဘီး ဖမ်းလည်း
ဂေါန်လည်းရဂေ့ဟု။ အယ်ဘေမဲ့ ကိုယ်တော်ရဲ့ မိန့်တော်တိုင်း ငါးဖမ်းပိုက်လေဟို့
ခှလလိုက်မယ်" ဆိုဘီး ပ့လန်ပြောတော်မူဟုယ်။
6 သူးနို့ဟာ ငါးဖမ်းပိုက်လေဟို့ ခှလလိုက်ဘီးန ငါးလေဘောင်ဂီး ဖမ်းမိကြောန့်
ငါးဖမ်းပိုက်လေ စုပ့လဲခါနီး ဖြစ်ဟုားဟုယ်။

5:1 ၅.၁ မ ၁၃.၁၂; မာ ၃.၉,၁၀; ၄.၁ **5:5 ၅.၅** ယော ၂၁.၃ **5:6 ၅.၆** ယော ၂၁.၆

7 အယ်ကြောန့် သူးနို့ဟှာ လာဘီး ကူညီပေးဟို့ တခြားလှေထဲမာရှိနေဟူ သူးနို့ရဲ့
ပေါန်းဖော်လေဟို့ လတ်ပြဘီး ခေါ်လိုက်ဟုယ်။ သူးနို့ဟှာ လာဘီးန
လှေနှေ့စင်းလောင်းဟို့ ငါးလေပ့လဲ့ ဖ့လဲ့လိုက်ကြောန့် လှေလေဟှာ မ့လုပ်ခါနီး
ဖြစ်ဟှားဟုယ်။

8 အယ်မျိုးဖြစ်ဇာလေဟို့ ရှိမုန်ပေတရု ဗြင်လိုက်ဟူ ခီမာ ယေရှုရှေ့မာ
ဒူးထော့-က်ဘီး "သခင်၊ ကျွန်တော့်နားဟှနေ ကြွဟှားတော်မူပါ! ကျွန်တော်ဟှာ
ပြစ်သား ဖြစ်ဟုယ်!" ဆိုဘီး လျှော့-က်လေဟုယ်။

9 သူနှတူးဒူရှိဟူ လူလေ ဂူလောင်းဟှာ ဖမ်းမိဟူ ငါးလေဟှာ ဘောင်ဂီး ဖြစ်နေကြောန့်
အံ့ဩြဟှားဂေ့ဟုယ်။

10 ရှိမုန်ရဲ့ လောက်ဖော်ဆောန်ဖတ်လေဖြစ်ဘီး ဇေဗေဒဲရဲ့ သားလေဖြစ်ဟူ ယာကုပ်န
ယောဟန်လေဟှာလည်း အယ်မျိုးဘဲ့ အံ့ဩြဟှားဂေ့ဟုယ်။ ယေရှုဟှာ ရှိမုန်ဟို့
"ကြော့-က်ဂေ့န။ ခုဟှစဘီး နန်ဟှာ လူလေဟို့ ဖမ်းရလေ့မယ်" ဆိုဘီး
မိန့်တော်မူလေဟုယ်။

11 သူးနို့ဟှာ လှေလေဟို့ ကမ်းနားမာ ကပ်လိုက်ဘီး ငါးလေ ဂူလောင်း ထားရစ်ဘီးန
နော့-က်တော်ဟို့ လိုက်ဂေ့ဟုယ်။

နူနာရောဂါဟို့ ပျော့-က်စေဟူကြောန်း
(မဿဲ ၈.၁-၄; မာကု ၁.၄၀-၄၅)

12 တနေ့မာ ယေရှုဟှာ ဗြို့တဗြို့မာ ရှိနေဒူးမာ နူနာသယ် တယော့-က်ဟှာ ယေရှုဟို့
ဗြင်ဟှားဟူ ခီမာ ပျပ်ဝပ်ဘီး ကိုယ်တော့်ဟို့ "သခင်၊ လိုတော်ရှိဟုယ် ဆိုဟှာ
ကျွန်တော့်ဟို့ သန့်ရှင်းအောန် လောက်နိုင်ဟုယ်!" ဆိုဘီး တောန်းမန်လေဟုယ်။ *

13 ယေရှုဟှာ လတ်တော်ဟို့ ဆန့်ဘီးဟှာ သူ့ဟို့ တို့ထိတော်မူဟုယ်။ "ငါလိုရှိဟုယ်။
သန့်ရှင်းစေ!" ဆိုဘီး ကိုယ်တော်ဟှ မိန့်တော်မူဟုယ်။ ရှစ်ရှင်းဘဲ့ နူနာရောဂါဟှာ
ပျော့-က်ဟှားလေဟုယ်

14 ယေရှုဟှာ သူ့ဟို့ "ဖယ်သူဟို့လည်း ပြောန။ အယ်ဘေမဲ့ ယဇ်ပုရောဟိတ်နားဟို့
သွားဘီး ကိုယ်ဟို့ ပြလိုက်ပါ။ စင်ကြယ်ဟှားဘီး ဆိုဇာဟို့ လူလေရှေ့မာ
သတ်သေဖြစ်ဟို့တွပ် မောရှေပညတ်ဟှားဟူတိုင်း ပူဇော်သကာဟို့ ဆစ်သပါ" ဆိုဘီး
မိန့်တော်မူလေဟုယ်။

15 အယ်ဘေမဲ့ ယေရှုရဲ့ ဒန်းဟှာ ရရာတိုင်း ပ့လံ့နှံ့ဟှားဘီး လူအောက်ဂီးဟှာ
ကိုယ်တော်ရဲ့ တရားတော်လေ ကြားရဟို့န သူးနို့ရဲ့ ရောဂါလေ ပျော့-က်ဟို့တွပ်
လာဂေ့ဟုယ်။

16 အယ်ဘေမဲ့ ကိုယ်တော်ဟှာ တိဆိဟူ နေရာမာ ဆုတောန်းဟို့
ထွပ်ကြွဟှားတော်မူဟုယ်။

---

* **5:12 ၅.၁၂ ကျွန်တော့်ဟို့ သန့်ရှင်းအောန် လောက်နိုင်ဟုယ်၊** အယ်ရောဂါဟှာ လူတယော့-က်ဟို့ မြဲဒမ်း
သန့်ရှင်းဘဲအောန် လောက်ဟုယ် ဆိုဘီး ယူဆဟုယ်။

လေဖြတ်နေဟူ လူဟို့ နာပျော့-က်စေဟူကြောင်း
(မဿဲ ၉.၁-၈; မာကု ၂.၁-၁၂)

17 တနေ့မာ ယေရှုဟာ သွန်သန်တော်မူနေဒူးမာ ယေရှုရှလင်ဗြို့၊ ယုဒပြည်နဂါလိလဲပြည် ဗြို့ဝါလေဟုနေ လာဟူဖာရိရှဲ့ တချို့န ကျမ်းတတ်ဆရာလေဟာ ထိုင်နေဂေ့ဟုယ်။ ရောဂါ ပျော-က်စေဟို့ ဘုရားသခင်ရဲ့ တဂိုးတော်ဟာ ယေရှုမာ ရှိတော်မူဟုယ်။

18 လူတချို့ဟာ လေဖြတ်နေဟူ လူတယော့-က်ဟို့ ထမ်းစင်န သယ်လာဘီး အီထဲဟို့ သယ်ဆောင်ဟားဘီး ယေရှုရဲ့ ရှေ့တော်မာ ခ့လဟားဟို့ ကြိုးစားဂေ့ဟုယ်။

19 ကြိုးစားဘေမဲ့လည်း လူလေဘောင်ဂီး ရှိနေကြောန့် သူးနို့ဟာ လူနာဟို့ သယ်သွမ်းဟားဟို့ လမ်းရှာတွိဘဲ ဖြစ်နေဟုယ်။ အယ်ကြောန့် သူးနို့ဟာ အီးခေါန်မိုးထတ်ဟို့ တတ်ဘီးဟာ အီးခေါန်မိုးဟို့ ဖော့-က်ဘီးမှ လူနာဟို့ ထမ်းစင်နလူအောက်ဂီးရဲ့လယ် ယေရှုရဲ့ ရှေ့တော်ဟို့ လျောခ့လဂေ့ဟုယ်။

20 ယေရှုဟာ သူးနို့မာ ရရာတိုင်း ယောင်ကြည်ရှင်း ရှိဟုယ် ဆိုဇာဟို့ ဖြင်တော်မူဟားဘီး လူနာဟို့ "မိဆွေ၊ နန်ဟာ ပြစ်လေလွတ်ရှင်းခံရဘီ" ဆိုဘီး မိန့်တော်မူလေဟုယ်။

21 ကျမ်းတတ်ဆရာလေန ဖာရိရှဲလေဟာ "ဘုရားဟို့ စော်ဂါးဘီး ပြောနေဟူ လူဟုဖယ်သူနူး! ဘုရားသခင် တပါးဒဲဘဲ့ ပြစ်လေဟို့ ဖြေလွတ်ပေးနိုင်ဟုယ်!" ဆိုဘီး သူးနို့ရှင်းရှင်း ပြောနေဂေ့ဟုယ်။

22 ယေရှုဟာ သူးနို့ရဲ့ စိဟို့ သိကြောန့် သူးနို့ဟို့ "နန်းနို့ဟာ ဖြားဖြစ်ကြောန့် အယ်ဇာလေဟို့ နန်းနို့ရဲ့ နှလောင်းထဲမာ စဉ်းစားနေဂေ့နူး။

23 'နန်ဟာ ပြစ်လွတ်ရှင်းခံရဘီ' ဆိုဘီး ပြောဇာဟု လွယ်လော။ 'နန် ထဘီး လမ်းရှော့-က်' ဆိုဘီး ပြောဇာဟု လွယ်လော။

24 လူရဲ့သားဟာ လောကမာ ပြစ်လွတ်ပိုင်ဟူ ခွမ့်အာဏာ ရှိဟုယ် ဆိုဇာ နန်းနို့ဟို့ သတ်သေပြမယ်" ဆိုဘီး မိန့်တော်မူလေဟုယ်။ အယ်ကြောန့် ကိုယ်တော်ဟာ လေဖြတ်နေဟူ လူဟို့ "ထဒန်၊ ထမ်းစင်ဟို့ သီးဘီးဟာ အီပ့လန်ဝေါ့!" ဆိုဘီး မိန့်တော်မူလေဟုယ်။

25 ရှစ်ရှင်းဘဲ့ အယ်လူဟာ သူးနို့ ဂူလောင်းရှေ့မာ ထရပ်ဘီး။ သူအိဟားဟူ အိယာဟို့ သီးဘီး၊ ဘုရားသခင်ဟို့ ချီးမွမ်းဘီး အီဟို့ ပ့လန်ဟားဟုယ်။

26 သူးနို့ ဂူလောင်းဟာ ရရာတိုင်း အံ့ဩဟားဂေ့ဟုယ်! သူးနို့ဟာ ကြော့-က်လန့်လာဘီး ဘုရားသခင်ဟို့ "အယ်နေ့မာ ရရာတိုင်း အံ့ဩဇာလေဟို့ နို့လေဖြင်ရဂေ့ဘီ" ဆိုဘီး ချီးမွမ်းဂေ့လေဟုယ်။

လေဝိဟို့ ခေါ်ဟူကြောင်း
(မဿဲ ၉.၉-၁၃; မာကု ၂.၁၃-၁၇)

27 အယ်ဇာလေ ပီးဟှားဘီးန ယေရှုဟှာ ထွပ်ကြွဟှားတော်မူဘီး လေဝိနာမယ်ရှိဟူ
ခွန်ကော့-က်မားဟှာ သူ့ခွန်ရောင်းမာ ထိုင်နေဇာဟို့ ဗြင်တော်မူလေဟှယ်။ ယေရှုဟှာ
သူ့ဟို့ "ငါ့နော့-က်ဟို့ လိုက်ပါ" ဆိုဘီး မိန့်တော်မူလေဟှယ်။
28 လေဝိဟှာ ဂူလောင်းဟို့ ထားရစ်ဘီး နော့-က်တော်ဟို့ လိုက်ဟှားဟှယ်။
29 အယ်ဘီးန လေဝိဟှာ သူ့ရဲ့ အီမာ ယေရှုတွပ် ဧည့်ခံဗွဲဂီး ကျင်းပလေဟှယ်။
အယ်ပွဲဟို့ လာဟူ ဧည့်သည်လေထဲမာ ခွန်ကော့-က်မားလေန တခြားလူလေ ပါဟှယ်။
30 ကျမ်းတတ်ဆရာလေ တချို့န သူးနို့ရဲ့ အောက်စုဝ်မ်ဖြစ်ဟူ ဖာရိရှဲလေ တချို့ဟှာ
ယေရှုရဲ့ တဗဲတော်လေဟို့ ပြစ်တန်ဂေ့ဟှယ်။ "ဖြားဖြစ်ကြောန့် နန်းနို့ဟှာ
ခွန်ကော့-က်မားလေ၊ ပြစ်သားလေနတူးဒူ စားသော့-က်ရဂေ့နူး" ဆိုဘီး သူးနို့ဟို့
မေးလိုက်ဟှယ်။
31 ယေရှုဟှာ သူးနို့ဟို့ "နေကောန်းနေဟူ လူလေဟှ ဆရာဝန်ဟို့ လိုအပ်ဟှ။
အယ်ဘေမဲ့ နေကောန်းဘဲလူဟှ ဆရာဝန်ဟို့ လိုအပ်ဟှယ်။
32 ငါဟှာ ဖြောန့်မတ်ဟူ လူလေ နောန်ဒရဟို့တွပ် ခေါ်ဟို့လာဇာ မူဟှ။ ပြစ်ရှိဟူ
လူလေဟို့ နောန်ဒရစေဟို့တွပ် ခေါ်ဟို့လာဇာ ဖြစ်ဟှယ်" ဆိုဘီး မိန့်တော်မူလေဟှယ်။

စာရှောန်ရှင်းန ဆိုင်ဟူမေးခွန်းကြောန်း
(မဿဲ ၉.၁၄-၁၇; မာကု ၂.၁၈-၂၂)

33 လူတချို့ဟှ ယေရှုဟို့ "ယောဟန်ရဲ့ တဗဲလေန ဖာရိရှဲလေရဲ့ တဗဲလေဟှာ
စာရှောန်ရှင်းန ဆုတောန်းရှင်းလေဟို့ ခါဘီးခါ လောက်ဘေမဲ့ ကိုယ်တော်ရဲ့
တဗဲလေဟှာ စားသော့-က်ဘီး နေဂေ့ဟှယ်" ဆိုဘီး မေးလျှော့-က်ဂေ့ဟှယ်။
34 ယေရှုဟှ "အီတတ်ဗွဲမာ ဒို့သားနတူးဒူ ရှိနေဟူ ပေါန်းသင်းလေဟှာ ဒို့သားနတူးဒူ
ရှိနေခီမာ စာရှောန်ခိုင်းနိုင်လော။
35 အယ်ဘေမဲ့ ဒို့သားဟို့ သူးနို့နားဟှနေ ဆောန်ယူဟှားဟို့နေ့ ရော့-က်လာဟူ ခီမာ
သူးနို့ဟှာ စာရှောန်လေ့မယ်" ဆိုဘီး ဖြေတော်မူလေဟှယ်။
36 ယေရှုဟှာ သူးနို့ဟို့ ပေါင်ဥပမာန "ဖယ်သူလည်း အန်းဂီးစသစ်ဟို့ ဆုဖ့လဲဘီး
အန်းဂီဟောန်းမာ ဖာလေ့မွေ့ဟှ။ အယ်မျိုးဖာမယ် ဆိုဟှာ အန်းဂီသစ်ဟှာ
ပျစ်စီးဟှားဘီး အန်းဂီဇသစ်ခ အန်းဂီဟောန်းဟှာ လိုက်ဖက် မူဟှ။
37 အယ်မျိုးဘဲ့ ဝိုင်သစ်ဟို့ သားရေဖူးဟောန်းထဲမာ ထဲ့လေ့ မွေ့ဟှ။ ထဲ့မယ် ဆိုဟှာ
ဝိုင်သစ်ဟှ သားရေဖူးဟောန်းဟို့ ပေါ့-က်ပ့လဲစေဘီး ဝိုင်ခ သားရေဖူး နှေ့ခုလောင်းဟှာ
ပျစ်စီးဟှားလေ့မယ်။
38 ဝိုင်သစ်ဟို့ သားရေဖူးသစ်မာဘဲ့ ထဲ့ရဟှယ်!
39 ဝိုင်ဟောန်းဟို့ သော့-က်ဟှားဘီးဟူ လူဟှာ ဝိုင်သစ်ဟို့ သော့-က်ရှင်ဂေ့ဟန်း!
'ဝိုင်ဟောန်းဟှ ပိုကောန်းဟှယ်' ဆိုဘီး နန်နို့ ပြောလေ့မယ်" ဆိုဘီး
မိန့်တော်မူလေဟှယ်။

5:30 **၅.၃၀** လု ၁၅.၁

6

ဒန်းနေ့နဆိုင်ဟ္ဂူ မေးခွန်းလေကြောန်း
(မဿဲ ၁၂.၁-၈; မာကု ၂.၂၃-၂၈)

1 ဒန်းနေ့မာ ယေရှုဟ္ဂာ ဂျောင်စဗားလယ်ဂွမ့်လေဟ္ဂို ဖြတ်ကြွဟ္ဂားတော်မူဟ္ဂယ်။
ကိုယ်တော်ရဲ့ တမဲ့တော်လေဟ္ဂာ ဂျောင်စဗားနှံလေဟ္ဂို ဆွတ်ဘီး၊ လတ်နပွတ်ဘီး
စားဂေ့ဟ္ဂယ်။
2 ဖာရိရှဲတချို့ဟ္ဂ “ဒန်းနေ့မာ နန်းနို့ဟ္ဂို လောက်န ဆိုဘီး နို့လေရဲ့ ပညတ်တရားမာ
ပြောဟ္ဂားဇာဟ္ဂို ဖြားဖြစ်ကြောန့် နန်းနို့ လောက်ဂေ့ရန္ဒး” ဆိုဘီး မေးဂေ့ဟ္ဂယ်။
3 ယေရှုဟ္ဂာ သူးနို့ဟ္ဂို “ဒါဝိဒ်ဟ္ဂာ သူ့ရဲ့ ပေါန်းဖော်လေ ဗိုက်ဆာလာခိမာ
ဖယ်မျိုးလောက်ဟ္ဂားဟ္ဂယ် ဆိုဇာဟ္ဂို နန်းနို့ ဖတ်ဖူးဂေ့ဟ္ဂလော။
4 သူဟ္ဂာ ဘုရားသခင်ရဲ့ အီတော်ဟ္ဂို ဝမ်ဘီး ဘုရားသခင်ဟ္ဂို ပူဇော်ဟ္ဂားဟ္ဂူ မုဟ္ဂို
ယူဘီးစားဟ္ဂယ်။ အယ်ဘီးဟ္ဂာ သူ့ရဲ့ ပေါန်းဖော်လေဟ္ဂို ကျွေးဟ္ဂယ်။
ယဇ်ပုရောဟိတ်လေမှတပါး ဖယ်သူလည်း စားခွမ့်မှေ့ဟ္ဂူ အယ်မုဟ္ဂို ယူစားဟ္ဂယ်
ဆိုဇာဟ္ဂာ နို့လေရဲ့ ပညတ်တရားဟ္ဂို ဆန့်ကျင်ဘဲ့” ဆိုဘီး မိန့်တော်မူလေဟ္ဂယ်။
5 ယေရှုဟ္ဂ “လူ့ရဲ့သားဟ္ဂာ ဒန်းနေ့ရဲ့ သခင် ဖြစ်ဟ္ဂယ်” ဆိုဘီး မိန့်တော်မူလေဟ္ဂယ်။

လတ်တဖတ် လေဖြတ်နေဟ္ဂူ လူကြောန်း
(မဿဲ ၁၂.၉-၁၄; မာကု ၃.၁-၆)

6 တခြားဒန်းနေ့မာ ယေရှုဟ္ဂာ ဝါလယ်ဇရပ်ဟ္ဂို ဝမ်ဘီး သွန်သန်တော်မူဟ္ဂယ်။
အယ်နေရာမာ ညာလတ်တဖတ် သေနေဟ္ဂူ လူတယော့-က် ရှိဟ္ဂယ်။
7 ကျမ်းတတ်ဆရာ တချို့န ဖာရိရှဲ တချို့ဟ္ဂာ ယေရှုဟ္ဂို ပြစ်တန်ရှင်ကြောန့်
ဒန်းနေ့မာ ကိုယ်တော်ဟ္ဂာ အယ်လူဟ္ဂို နာပျော့-က်စေဟ္ဂို့လော၊ ပျော့-က်စေဟ္ဂလော
ဆိုဇာဟ္ဂို သူးနို့ဟ္ဂာ သေးသေချားချာ စောန့်ကေ့နေဟ္ဂယ်။
8 အယ်ဘေမဲ့ ယေရှုဟ္ဂာ သူးနို့ရဲ့ ကြဲစည်ဟ္ဂို သိကြောန့် အယ်လူဟ္ဂို “ထဒန်ဘီး
ရှေ့ဟ္ဂို ထွပ်လာဟ္ဂား” ဆိုဘီး မိန့်တော်မူလေဟ္ဂယ်။ အယ်လူဟ္ဂာ ထဒန်ဘီး
မတ်တတ်ရပ်နေဟ္ဂယ်။
9 အယ်ဘီးန ယေရှုဟ္ဂာ သူးနို့ဟ္ဂို “နန်းနို့ဟ္ဂို ငါမေးမယ်၊ နို့လေရဲ့ ပညတ်တရားဟ္ဂာ
ဒန်းနေ့မာ ဖြားဇာလေ လောက်ဟ္ဂို့ ခွမ့်ပြုဟ္ဂားနူး။ ကောန်းဇာလောက်ရလော။
ဆိုးဇာလောက်ရလော။ လူတယော့-က်ရဲ့ သတ်ဟ္ဂို ကယ်အပ်လော။ သတ်အပ်လော”
ဆိုဘီး မေးတော်မူလေဟ္ဂယ်။
10 ကိုယ်တော်ဟ္ဂာ သူးနို့လေ ဂူလောင်း ပတ်လည်ဟ္ဂို ကေ့ရှုဘီးန ကိုယ်တော်ဟ္ဂာ
အယ်လူဟ္ဂို “နန့်ရဲ့ လတ်ဟ္ဂို ဆန့်လိုက်” ဆိုဘီး မိန့်တော်မူ* လေဟ္ဂယ်။ အယ်လူဟ္ဂာ
လတ်ဟ္ဂို ဆန့်လိုက်ဟ္ဂူ ခီမာ သူ့လတ်ဟ္ဂာ ကောန်းတိုင်း ပုလန်ဖြစ်ဟ္ဂားဟ္ဂယ်။

---

* **6:10 ၆.၁၀** မိန့်တော်မူ၊ တချို့ မူရင်းလတ်ရေးမူလေမာ စိဆိုးဘီး မိန့်တော်မူ၊ ဆိုဘီး ရှိဟ္ဂယ်။

11 ဖာရိရှဲလေဟှာ ဒေါသထွပ်ဟှားဘီး ယေရှုဟို့ ဖယ်မျိုးလောက်ရဟို့ ဆိုဘီးဟှာ
သူးနို့ရှင်းရှင်း တိုင်ဗန်ဂေ့ဟှယ်။

တမန်တော် ဆယ့်နှေ့ပါးဟို့ ဝီးကော့-က်ဟူကြောန်း
(မဿဲ ၁၀.၁-၄; မာကု ၃.၁၃-၁၉)

12 အယ်နေ့ရစ်မာ ယေရှုဟှာ ဆုတောန်းဟို့ တောန်ထတ်ဟို့ တတ်ကြွဟှားဘီး
တညဉ့်လောင်း ဘုရားသခင်ဟို့ ဆုတောန်းဘီး နေတော်မူဟှယ်။
13 မိုးလန်းလာဟူးခီမာ တမဲ့တော်လေဟို့ ကိုယ်တော်နားဟို့ ခေါ်ဘီး သူးနို့ထဲဟှ
ဆယ့်နှေ့ပါးဟို့ ဝီးကော့-က်ဘီး တမန်တော် ဆိုဘီး နာမယ် ပေးတော်မူဟှယ်။
14 ကိုယ်တော်ဟှ ပေတရု ဆိုဘီး နာမယ် ပေးဟှားဟူ ရှိမုန်န သူညီအန္ဒြေ၊ ယာကုပ်န
ယောဟန်၊ ဖိလိပ္ပုပုန ဗာသောလမဲ၊
15 မဿဲန သောမ၊ အာလဖဲရဲ့သား ယာကုပ်န မျိုးရှစ်ပေါက်ကို ရှိမုန်၊
16 ယာကုပ်ရဲ့သား ယုဒန ကိုယ်တော့်ဟို့ သစ်စာဖော့-က်ဟူ ယုဒရှကာရုတ် ဖြစ်ဟှယ်။

သွန်သန်ရှင်းန ရောဂါပျော့-က်စေဟူကြောန်း
(မဿဲ ၄.၂၃-၂၅)

17 ယေရှုဟှာ တမန်တော်လေနတူးဒူ တောန်ထတ်ဟှနေ ဆင်းလာဘီး
တမဲ့တော်လေဘောင်ဂီးန မ့လေညီးညီနေရာမာ ရပ်လိုက်ဟှယ်။ အယ်နေရာမာရှိနေဟူ
လူအောက်ဂီးဟှာ ယုဒပြည်န ယေရုရှလင်ဖြို့ဟှနေ လာဟူ လူလေန ပန်လယ်ကမ်းနား
တုရုဖြို့န ဇိဒုန်ဖြို့ဟှနေ လာဟူ လူလေဖြစ်ဘီး
18 သူးနို့ဟှာ ကိုယ်တော်ရဲ့ တရားဟို့ ကြားနာရဟို့န သူးနို့ရဲ့ နာပျော့-က်ဟို့
လာဂေ့ဟှယ်။ ညစ်ညူးဟူးနတ်ဟှ ဒေါက်ခပေးရှင်းဟို့ ခံနေရဟူ လူလေလည်း
နာပျော့-က်ဟှားဂေ့ဟှယ်။
19 ကိုယ်တော်နားဟှနေ တဂိုးတော်ထွပ်ဘီးဟှာ သူးနို့လေ ဂူလောင်းဟို့
နာပျော့-က်စေကြောန့် လူလေ ဂူလောင်းဟှာ ကိုယ်တော့်ဟို့ ထိဟို့ ကြိုးစားဂေ့ဟှယ်။

မင်္ဂလာန အမင်္ဂလာကြောန်း
(မဿဲ ၅.၁-၁၂)

20 ယေရှုဟှာ တမဲ့တော်လေဟို့ ကေ့ဘီး
“ဆင်းရဲသားလေ၊ နန်းနို့ဟှာ မင်္ဂလာရှိဟှယ်။
ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှာ နန်းနို့ရဲ့ နိုင်ငံဖြစ်ဟှယ်!”
21 “ခု ငတ်ပြတ်နေဟူ နန်းနို့ဟှာ မင်္ဂလာရှိဟှယ်။
ဖြားဖြစ်ကြောန်းနူးဆိုဟှာ နန်းနို့ဟှာ ဗိုက်ပ့လဲ့ရဂေ့လေ့မယ်!”
“ခု ငိုနေဟူ နန်းနို့ဟှာ မင်္ဂလာရှိဘီး၊
နန်းနို့ဟှာ ရယ်ရလေ့မယ်!”

22 “လူ့ရဲ့သားကြောင့် နှန်းနှိမ့်ဟို့ လူလေမှုးဟူဇာဘဲ့ဖြစ်ဖြစ်၊ ငြင်းပယ်ဟူ ဇာဘဲ့ဖြစ်ဖြစ်၊
နှန်းနှိနာမယ် ပျစ်အောန်လောက်ဟူ ဇာဘဲ့ဖြစ်ဖြစ် နှန်းနှိဟ့ာ မင်္ဂလာရှိဟ့ယ်!
23 အယ်မျိုးဖြစ်ဟူ ခီမာ ဝန်းသာဘီးဟ့ာ ကခူဂေ့။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ
ကောန်းဂန်ဘောင်မာ နှန်းနှိတွပ် ရရာတိုင်း ကီးဟူ ဆုလာဘ် ရှိဟ့ယ်။ သူးနှိရဲ့
ဘိုးဘေးလေဟ့ာ ပရောဖက်လေဟို့ အယ်မျိုးဘဲ့ ညှဉ်းဆဲဟ့ားဂေ့ဟ့ယ်။”
24 “အယ်ဘေမဲ့ ကပ်ရှိဟူ နှန်းနှိဟ့ာ အမင်္ဂလာရှိဘီး၊
နှန်းနှိဟ့ာ ခုခီမာ သတ်သာဟူ ဘဝဟို့ ရဂေ့ဟ့ယ်!”
25 “ခု ဗိုက်ပ့လဲ့အောန်စားရဟူ နှန်းနှိဟ့ာ အမင်္ဂလာရှိဘီး၊
နှန်းနှိဟ့ာ ဗိုက်ဆာရလေ့မယ်!”
“ခု ရယ်နေဟူ နှန်းနှိဟ့ာ အမင်္ဂလာရှိဘီး၊
နှန်းနှိဟ့ာ ရရာတိုင်း ငြီးတွားဘီး ငိုရလေ့မယ်!”
26 “လူလေ ဂူလောင်းဟ့ာ နှန်းနှိဟို့ ချီးမွမ်းစကားပြောမယ် ဆိုဟ့ာ နှန်းနှိဟ့ာ
အမင်္ဂလာရှိဘီး သူးနှိရဲ့ ဘိုးဘေးလေဟ့ာလည်း ပရောဖက်တုယောန်လေဟို့
အယ်မျိုးဘဲ့ ချီးမွမ်းဟ့ားဟ့ယ်။

ရန်သူဟို့ ရှစ်ဂေ့ဟို့ကြောန်း
(မဿဲ ၅.၃၈-၄၈; ၇.၁၂)

27 “အယ်ဘေမဲ့ ငါ့စကားဟို့ ကြားရဟူ နှန်းနှိဟို့ ငါပြောမယ်။ နှန်းနှိရဲ့ ရန်သူလေဟို့
ရှစ်ဂေ့။ နှန်းနှိဟို့ မူးဟူလူလေဟို့ ကျေးဇူးပြုဂေ့။
28 နှန်းနှိဟို့ ကီဆဲဟူ လူလေဟို့ ကောန်းဂျီးပေးဂေ့။ နှန်းနှိဟို့ နှော့-က်ယှစ်ဟူ
လူလေတွပ် ဆုတောန်းဂေ့။
29 ယော့-က်ယော့-က်ဟ့ နှန့်ပါးတဖတ်ဟို့ ရိုက်ဟ့ယ် ဆိုဟ့ာ ကျန်ဟူ
ပါးတဖတ်ဟို့လည်း ရိုက်ဟို့ လှည့်ပေးလိုက်ပါ။ နှန့်ဝတ်လောင်ဟို့ လိုရှင်ဟူ သူလေဟို့
နှန့်အန်းဂီဟို့လည်း ပေးလိုက်ပါ။
30 နှန့်နားမာ တောန်းဟူလူဟို့ ပေးလိုက်ပါ။ နှန့်အောက်စာဟို့ သီးယူဟူ လူနားမာ
ပ့လန်ဘီး တောန်းန။
31 နှန်းနှိလေဟို့ သူများလေဟ့ ပြုမူဆစ်ဆံစေရှင်မျိုး သူများလေဟို့လည်း
ပြုမူဆစ်ဆံဂေ့ပါ။
32 “နှန်းနှိဟို့ ရှစ်ဟူ သူလေဟို့ဘဲ့ ပ့လန်ရှစ်မယ် ဆိုဟ့ာ ဖယ်မျိုးလောက်ဘီး
ကောန်းဂျီးမ်ဂလာဟို့ နှန်းနှိ ခံစားရဟို့နူး။ ပြစ်သားလေလည်းဘဲ့ သူးနှိဟို့ ရှစ်ဟူ
သူလေဟို့ဘဲ့ ပ့လန်ရှစ်ဟ့ယ်!
33 နှန်းနှိဟို့ ကောန်းဇာလောက်ဟူ လူလေဟို့ဘဲ့ ကျေးဇူးပြုမယ် ဆိုဟ့ာ
ဖယ်မျိုးလောက်ဘီး ကောန်းဂျီးမ်ဂလာဟို့ နှန်းနှိ ခံစားရဟို့နူး။ ပြစ်သားလေလည်း
အယ်မျိုးဘဲ့ လောက်ဟ့ယ်!

6:22 **ဓ.၂၂** ၁ ပေ ၄.၁၄ **6:23** **ဓ.၂၃** တ ၇.၅၂ **6:31** **ဓ.၃၁** မ ၇.၁၂

34 နန်းနို့ဟို့ ပ့လန်ဘီး ဆပ်ပေးလေ့မယ် ဆိုဘီး မျော်လင့်နေဟူ လူလေဟို့ဘဲ့ နန်းနို့
ချေးငှါးမယ် ဆိုဟှာ ဖယ်မျိုးလောက်ဘီး ကောန်းဂျီးမ််ဂလာဟို့ နန်းနို့ ခံစားရဟို့နူး။
ပြစ်သားလေလည်းဘဲ့ ပ့လန်ဘီး ဆပ်ပေးလေ့မယ် ဆိုဇာဟို့ ယောင်ကြည်ဘီး ရှင်းရှင်း
ချေးငှားဂေ့ဟှယ်!
35 နန်းနို့ရဲ့ ရန်သူဟို့ ရှစ်ဘီး သူးနို့ဟို့ ကောန်းဇာလောက်ဂေ့။ တခုခု ပ့လန်ရမယ်
ဆိုဘီး မျော်လင့်ဘဲန ချေးငှါးဂေ့။ အယ်မျိုးလောက်မှ နန်းနို့ရဲ့ ကျိုးဟှာ ကီးမားဘီး
နန်းနို့ဟှာ ဖြစ်ဆောင်းဖြစ်ဟူ ဘုရားသခင်ရဲ့ သားမီးလေ ဖြစ်လေ့မယ်။
ဖြားဖြစ်ကြောန်နူးဆိုဟှာ ကိုယ်တော်ဟှာ ကျေးဇူးကန်းဟူ သူလေန ဆိုးဟူ
သူလေဟို့လည်း ကျေးဇူးပြုကြောန် ဖြစ်ဟှယ်။
36 နန်းနို့ ဖဟှာ ကရုဏာရှိမျိုးဘဲ့ နန်းနို့လည်း ကရုဏာရှိဂေ့ပါ။

သူတပါးဟို့ စီရင်ဟူကြောန်း
(မဿဲ ၇.၁–၅)

37 “သူတပါးဟို့ စစ်ကြောစီရင်ဂေ့န။ အယ်မျိုးဆိုဟှာ ဘုရားသခင်ဟှလည်း နန်းနို့ဟို့
စစ်ကြောစီရင်လေ့ မူဟှ။ သူတပါးဟို့ ရှုတ်ခ့လဂေ့န။ အယ်မျိုးဆိုဟှာ
ဘုရားသခင်ဟှလည်း နန်းနို့ဟို့ ရှောက်ခ့လဟို့ မူဟှ။ သူတပါးဟို့ ပြစ်လွှတ်ဂေ့။
အယ်မျိုးဆိုဟှာ ဘုရားသခင်ဟှလည်း နန်းနို့ဟို့ ပြစ်လွှတ်လေ့မယ်။
38 သူတပါးဟို့ ပေးဂေ့။ အယ်မျိုးဆိုဟှာ ဘုရားသခင်ဟှလည်း နန်းနို့ဟို့
ပေးလေ့မယ်။ နန်းနို့ဟှာ ပ့လဲ့လျှံလတ်ခံရလေ့မယ်။ နန်းနို့ဟှာ သူတပါးဟို့ ပေးဟူ
ပမာဏတိုင်း ဘုရားသခင်ဟှ နန်းနို့ဟို့ ပေးလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။
39 အယ်ဘီးန ယေရှုဟှာ သူးနို့ဟို့ ပေါင်ဥပမာန “မျစ်ကန်းတယော့-က်ဟှ
တခြားမျစ်ကန်းတယော့-က်ဟို့ လမ်းပြနိုင်ဟှ။ လမ်းပြမယ် ဆိုဟှာ
နှေ့ယော့-က်လောင်း တွမ်းထဲဟို့ ကူလလေ့မယ်။
40 တဗဲ့လည်း ဆရာထတ် သာဟှ။ အယ်ဘေမဲ့ သူးနို့ရဲ့ ပညာသန်ယူဇာ
ပီးဆောင်းဟှားဟူ ခီမာ တဗဲ့ဂူလောင်းဟှာ သူးနို့ရဲ့ ဆရာမျိုးဘဲ့ ဖြစ်လေ့မယ်။
41 “နန်ဟှာ ကိုယ့်မျစ်စိထဲဟှ သစ်တောင်းဟို့ ဖြင်ဘဲန နန့်ညီကိုရဲ့ မျစ်စိထဲဟှ
သစ်မုဟို့ ဖြားဖြစ်ကြောန် ဖြင်ရနူး။
42 နန့်မျစ်စိထဲဟှ သစ်တောင်းဟို့ ဖြင်ဘဲန နန့်ညီကိုဟို့ ‘ညီကို၊ နန့်မျစ်စိထဲဟှ
သစ်မုဟှားဟို့ ထုပစ်ပေးပါရစေ’ ဆိုဘီး ဖြားဖြစ်ကြောန် ပြောရနူး။ သူတော်ကောန်း
ယောန်ဆောန်ဟူသူ! နန့်မျစ်စိထဲဟှ သစ်တောင်းဟို့ ရင်ဦးဆောင်း ထုပစ်လိုက်ပါ။
အယ်ဆိုဟှာ ညီကိုမျစ်စိထဲဟှ သစ်မုဟို့ ထုပစ်ပေးဟို့တွပ် ရှင်းရှင်းလန်းလန်းဟှား
ဖြင်ရလေ့မယ်။

သီးန ပန်ကြောန်း
(မဿဲ ၇.၁၆–၂၀; ၁၂.၃၃–၃၅)

6:39 **၆.၃၉** မ ၁၅.၁၄ **6:40** **၆.၄၀** မ ၁၀.၂၄,၂၅; ယော ၁၃.၁၆; ၁၅.၂၀

43 “သစ်ပန်ကောန်းဟာ သီးညံ့ဟို့ သီးဂေ့ဟ့။ အယ်မျိုးဘဲ့ သစ်ပန်ညံ့ဟာလည်း
သီးကောန်းဟို့ သီးဂေ့ဟ့။
44 သစ်ပန်တိုင်းဟာ သီးဟို့ ကေ့လိုက်ဟူန သစ်ပန်ရဲ့ ကြောန်းဟို့ သိရလေဟ့ယ်။
နန်းနို့ဟာ ဆူးဗန်ဟ့နေ သန်းဖောသဖန်းသီးဟို့ ဆွတ်ဟို့ ရဂေ့ဟ့မျိုးဘဲ့ ဆူးချောင်ဟ့နေ
စဗျစ်သီးဟို့ ဆွတ်ဟို့ ရဂေ့ဟ့။
45 လူကောန်းဟာ သူ့ရဲ့ စိန့လောင်း ဘဏ္ဍာတိုက်ထဲဟ့ ကောန်းဟူဇာလေဟို့
ထောက်ဖော်တတ်ဘီး လူဆိုးဟာ ဆိုးဟူ ဇာလေဟို့ ထောက်ဖော်တတ်ဟ့ယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ နှောက်ဟာ စိန့လောင်းပ့လဲ့ ရှိဒဲ့တိုင်း ပြောတတ်ဟ့ယ်။

အီဆော့-က်မားနှေ့မျိုးကြောန်း
(မဿဲ ၇.၂၄-၂၇)

46 “ငါဖြားဘဲ့ပြောပြော လောက်ဂေ့ဘဲ့န နန်းနို့ဟ့ ငါ့ဟို့ ‘သခင်၊ သခင်’ ဆိုဘီး
ဖြားဖြစ်ကြောန့် ခေါ်နေရနူး။
47 ငါ့နားဟို့လာဘီး ငါ့စကားဟို့ ကြားဒဲ့တိုင်း နားထောန်ဟူ သူဟာ ဖယ်သူန တူဟ့ယ်
ဆိုဇာ နန်းနို့ဟို့ ငါပြမယ်။
48 အယ်လူဟာ မ့လေဂီးဟို့ နတ်နတ်တူးဘီး က့လော့-က်ထတ်မာ အုပြစ်ခ့လဘီးမှ
အီဆော့-က်မားန တူဟ့ယ်။ ရေကီးတတ်လာဘီးန အယ်အီဟို့ တိုက်ခတ်ဟူ ခီမာ
က့လော့-က်ထတ်မာ ဆော့-က်ဟ့ားဟူကြောန့် တူခါနိုင်ဟ့။
49 အယ်ဘေမဲ့ ငါ့စကားဟို့ ကြားဘီးဟ့ာ နားထောန်ဘဲ့ဟူသူဟ့ာ အုပြစ်ခ့လဘဲန
မ့လေဂီးထတ်မာ အီဆော့-က်မားနတူဘီး ရေကီးတတ်လာန အယ်အီဟို့
တိုက်ခတ်လိုက်ဟူ ခီမာ အီဟ့ာ ရှစ်ရှင်းပြုက့လဟ့ားဘီး ဂူလောင်းဟ့ာ
ပျစ်စီးဟ့ားဟ့ယ်!” ဆိုဘီး မိန့်တော်မူလေဟ့ယ်။

7

တပ်မှူးရဲ့ ကျွန်ဟို့ နာပျော့-က်စေဟူကြောန်း
(မဿဲ ၈.၅-၁၃)

1 ယေရှုဟ့ာ လူလေဟို့ ဂူလောင်း မိန့်တော်မူဘီးန ကိုယ်တော်ဟ့ာ ကပေရနောင်ဗြို့ဟို့
ကြွဟ့ားလိုက်ဟ့ယ်။
2 အယ်ဗြို့မာ တပ်မှူးတယော့-က်ရဲ့ ရရာတိုင်း ရှစ်ဟူ ကျွန်တယော့-က်ဟ့ာ ဖျားဘီး
သေခါနီး ဖြစ်နေဟ့ယ်။
3 တပ်မှူးဟ့ာ ယေရှုရဲ့ ဒန်းဟို့ ကြားလိုက်ဟူ ခီမာ သူဟ့ာ ယုဒလူမျိုး
ကြီးကဲတချို့ဟို့ ကိုယ်တော်နားဟို့ စေလွှတ်ဘီး သူ့ရဲ့ ကျွန်ဟို့ ကယ်တန်ပေးဟို့
တောန်းလျှော့-က်လေဟ့ယ်။
4 သူးနို့လေဟ့ာ ယေရှုနားဟို့ ရော့-က်ဟူ ခီမာ မြစ်တာရပ်ခံဘီး “အယ်တပ်မှူးဟ့ာ
ကိုယ်တော်ရဲ့ ကျေးဇူးပြုရှင်းဟို့ ခံထိုက်ဟ့ယ်။

6:44 **၆.၄၄** မ ၁၂.၃၃ **6:45** **၆.၄၅** မ ၁၂.၃၄

5 သူဟာ ကျွန်တော့်ဟာ်းလေရဲ့ လူမျိုးလေဟို့ ရှစ်ကြောန့် ကျွန်တော့်ဟာ်းလေတွပ်
ဝါလယ်ဇရပ်တဆောန်ဟို့ သူကိုယ်တိုင် ဆော့-က်ပေးဟာ်းဟုယ်” ဆိုဘီး ကိုယ်တော့်ဟို့
လျှော့-က်လေဟုယ်။
6 အယ်ကြောန့် ယေရှုဟာ သူးနို့လေနတူးဒူ လိုက်ဟာ်းဟုယ်။ ကိုယ်တော်ဟာ
တပ်မှူးရဲ့ အီနားဟို့ ရော့-က်ခါနီးမာ တပ်မှူးစေလွတ်လိုက်ဟူ မိဆွေလေဟာ
ကိုယ်တော့်ဟို့ “သခင်၊ ကိုယ့်ကိုယ်ကိုယ် ပန်ဗန်းခံတော်မူပါန။ ကျွန်တော်ရဲ့
အီးခေါန်မိုးအော့-က်ဟို့ ကိုယ်တော်ဟာ ဝမ်တော်မူရှင်း ကျေးဇူးဟို့
ကျွန်တော်ခံထိုက်ဟု။
7 အယ်မျိုးဘဲ့ ကျွန်တော် ကိုယ်တိုင်လည်း ကိုယ်တော်နားဟို့ ရော့-က်ထိုက်ဟူလူ
မူဟု။ မိန့်ပေးလိုက်န ကျွန်တော်ရဲ့ စေခံဟာ ကျန်းမာရပါလေ့မယ်။
8 ဥပမာ ကျွန်တော် ကိုယ်တိုင်လည်း အာဏာပိုင်လတ်အော့-က်မာ ရာရှိတယော့-က်
ဖြစ်ဘီး ကျွန်တော်ရဲ့ လတ်အော့-က်မာရှိဟူ စစ်သားလေဟို့ အောက်ချောက်ရပါဟုယ်။
တယော့-က်ဟို့ ‘သွား!’ ဆိုဟာ သွားပါဟုယ်။ တယော့-က်ဟို့ ‘လာ!’ ဆိုဟာ
လာပါဟုယ်။ အယ်ဘီးဟာ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ကျွန်ဟို့ မိန့်ပေးလိုက်ဟုယ်
‘အယ်မူဇာဟို့ လောက်လိုက်!’ ဆိုဟာ လောက်လေဟုယ်” ဆိုဘီး လျှော့-က်စေဟုယ်။
9 အယ်စကားဟို့ ယေရှုကြားဟူ ခီမာ အံ့ဩဟာ်းဘီး ကိုယ်တော်ဟာ ပတ်လည်ဟို့
ကေ့ဘီးန နော့-က်တော်ဟို့ လိုက်နေဟူ လူအောက်ဂီးဟို့ “နန်းနို့ဟို့ ငါပြောမယ်။
အယ်မျှလော့-က်ဂီးဟူ ယောင်ကြည်ရှင်းမျိုး ဣသရေလလူမျိုးထဲမာဟို့ ငါလောင်းဝ
တွိဖူးဟု!” ဆိုဘီး မိန့်တော်မူလေဟုယ်။
10 တပ်မှူးစေလွတ်လိုက်ဟူ လူလေဟာ အီဟို့ ပ့လန်ရော့-က်န တပ်မှူးရဲ့ ကျွန်ဟာ
ကျန်းမာဟာ်းဘီ ဆိုဇာဟို့ တွိလိုက်ရဟုယ်။

မောက်ဆိုးမရဲ့ သားဟို့ သတ်ရှင်စေဟူကြောန်း

11 နော့-က်တနေ့မာ* ယေရှုဟာ နာဣန နာမယ်ရှိဟူဗြို့ဟို့ တဗဲ့တော်လေန
လူအောက်ဂီးနတူးဒူ ကြွဟာ်းတော်မူဟုယ်။
12 ကိုယ်တော်ဟာ ဗြို့ခွမေါ့-က်နား ရော့-က်ဟူ ခီမာ မောက်ဆိုးမရဲ့
တယော့-က်ဒဲရှိဟူ သားရဲ့ လောန်းဟို့ သ်ကြိုဟ်ဟို့ ဗြို့ပ့လန်ဟို့ ထွပ်လာဂေ့ဟုယ်။
အယ်မောက်ဆိုးမနတူးဒူ ဗြို့သူဗြို့သားလေ ဘောင်ဂီးဟာ မသာပို့ လိုက်ဂေ့ဟုယ်။
13 သခင်ဘုရားဟာ အယ်မောက်ဆိုးမဟို့ ဗြင်တော်မူဟူ ခီမာ ကိုယ်တော်ရဲ့
စိနှလောင်းမာ အယ်မီးမဟို့ သနားစိ ဖြစ်လာတော်မူဘီးန အယ်မီးမဟို့ “ငိုန” ဆိုဘီး
မိန့်တော်မူလေဟုယ်။
14 အယ်ဘီးန ကိုယ်တော်ဟာ တလားဟို့ လတ်န သွားဘီး ထိလိုက်ဟူကြောန့်
တလားထမ်းလာဟူ လူလေဟာ ရပ်ဟာ်းဂေ့ဟုယ်။ ယေရှုဟု “ကောန်သားဟာ်း! နန့်ဟို့
ငါပြောမယ်၊ ထပါ!” ဆိုဘီး မိန့်တော်မူလေဟုယ်။

* **7:11 ၇.၁၁** နော့-က်တနေ့မာ၊ တချို့ မူရင်းလတ်ရေးမူလေမာ ကြာခန်မာ၊ ဆိုဘီး ရှိဟုယ်။

15 သေကောန်ဟှာ ထထိုင်ဘီးန စကားပြောနေဟှယ်။ ယေရှုဟှ ကောန်သားဟှားဟို
သူ့မိဟို ပ့လန်ပေးတော်မူလိုက်ဟှယ်။
16 လူလေ ဂူလောင်းဟှာ ကြော့-က်ရွံ့ရှင်းပ့လဲန ဘုရားသခင်ဟို ချီးမွမ်းဂေ့ဟှယ်။
“နို့လေထဲမာ ပရောဖက်ဂီး ပေါလာဘီ! ဘုရားသခင်ဟှာ သူ့ရဲ့ လူမျိုးဟို ကယ်တန်ဟို့
ရော့-က်လာဘီ!” ဆိုဘီး သူးနို့ဟှ ချီးမွမ်းဂေ့ဟှယ်။
17 ယေရှုရဲ့ ဒန်းဟှာ ယုဒပြည်ဟှ စဘီး ပတ်ဝန်းကျင် တခုလောင်းဟို
ပ့လံ့နှံ့ဟှားဟှယ်။

ဗတ္တိဇံယောဟန်နားဟှ စေတမန်လေကြောန်း
(မဿဲ ၁၁.၂-၁၉)

18 ယောဟန်ရဲ့ တဗဲ့လေဟှာ အယ်ကြောန်းရာ ဂူလောင်းဟို သူးနို့ဆရာဟို ပြောပြဟှူ
ခီမာ သူဟှာ တဗဲ့လေထဲဟှ နေ့ယော့-က်ဟို ခေါ်လိုက်ဘီးန
19 သခင်ဘုရားနားဟို စေလွတ်ဘီး “ကိုယ်တော်ဟှာ ကြွလာတော်မူမယ် ဆိုဘီး
ပြောနေသူလော။ နော့-က်ထပ် တယော့-က်ဟို မျှော်နေရအူးလော” ဆိုဘီး
မေးလျှော့-က်ခိုင်းလေဟှယ်။
20 သူးနို့ဟှာ ယေရှုနားဟို ရော့-က်လာဟှူ ခီမာ “ဗတ္တိဇံယောဟန်ဟှ
ကျွန်တော့်ဟှားလေဟို မေးလျှော့-က်ခိုင်းလိုက်ဟှယ်။ ကိုယ်တော်ဟှာ ရော့-က်လာမယ်
ဆိုဘီး ပြောနေဟှူ သခင်လော။ နော့-က်ထပ် တယော့-က်ဟို မျှော်နေရအူးလော”
ဆိုဘီး မေးလျှော့-က်လေဟှယ်။
21 အယ်ခီမာ ယေရှုဟှာ လူလေဘောင်ဂီးဟို သူးနို့ရဲ့ ဖျားနာရှင်းလေ၊ ရောဂါလေ၊
နတ်ဆိုးဘေးဟှနေ လွတ်မြော့-က်စေဟှယ်။ မျစ်စိကန်းဟှူ လူလေဟို
မျစ်စိပ့လန်ဖြင်စေဟှယ်။
22 ကိုယ်တော်ဟှာ ယောဟန် စေလွတ်လိုက်ဟှူ လူလေဟို “နန်းနို့လေကြားရ၊
ဖြင်ရဇာလေဟို ပ့လန်ဟှားဘီး ယောဟန်ဟို ပြောပြဂေ့။ မျစ်စိကန်းနေဟှူလူလေ
ဖြင်ဟှားဘီ။ လမ်းရှော့-က်နိုင်ဘဲဟှူ လူလေ လမ်းပ့လန်ရှော့-က်ဟှားဘီ။
နူနာသည်လေဟှာ သန့်ရှင်းဟှားဘီ။[†] နားပန်းနေဟှူ လူလေဟှာ နားကြားဟှားဘီ။
သေနေဟှူ လူလေဟှာ ပ့လန်ရှင်ဟှားဘီ။ ဆင်းရဲသားလေဟှာ အယ်ဒန်းကောန်းဟို
ကြားရဟှားဘီ။
23 ငါ့ဟို ငြင်းပယ်ဘဲဟှူ လူလေဟှာ မင်္ဂလာရှိဟှယ်!” ဆိုဘီး
ပ့လန်ဖြေတော်မူလေဟှယ်။
24 ယောဟန် စေလွတ်လိုက်ဟှူ လူလေ ပ့လန်ဟှားဘီးန ယေရှုဟှာ
ယောဟန်ကြောန်းဟို “ယောဟန်ဟို တို့ဟို့ ဆိုဘီး တောကန္တာရထဲဟို့ သွားဟှူ ခီမာ
ဖြားဇာလေ တို့မယ် ဆိုဘီး မျှော်လင့်နူး။ လေတိုက်ဟှ လှောက်နေဟှူ ကျူဗန်လေဟို့
ကေ့ဟို့ သွားဟှူဇာလော။

† **7:22 ဒု.၂၂ သန့်ရှင်းဟှားဘီ၊** ရှ ၅၁.၁။

25 ဖြားဇာလေဟို့ တို့ရှင်ကြောန့် သွားနူး။ ဝတ်ကောန်းကောန်းဝတ်ဟူ လူဟို့ ကေ့ဟို့
သွားဟူဇာလော။ အယ်မျိုး အံ့သြဘွယ်ဝတ်ဟွားဘီး စည်းဇိမ်ခံနေဟူ လူလေဟှာ
နန်းတော်မာဘဲ့ ရှိဟှယ်!
26 ဖြားဇာလေ ကေ့ရှင်ကြောန့် သွားနူး။ ငါဟို့ ပြောကေ့။ ပရောဖက်ဟို့
ကေ့ရှင်ကြောန့် သွားဇာလော။ မှန်ပါဟှယ်။ အယ်ဘေမဲ့ နန်းနို့ဟှာ ပရောဖက်ထတ်
ရရာတိုင်း ကီးဟူလူဟို့ ဖြင်ဟှားဟှယ်။
27 ယောဟန်ဟို့ ကျမ်းစာမာ 'ဘုရားသခင်ဟှ ပြောဟှယ်။ ငါဟှာ
သင်သွားမယ့်လမ်းဟို့ ဆင်သင့်ဖြစ်စေဟို့ ငါ့ရဲ့ တမန်ဟို့ နန့်ရှေ့မာ စေလွှတ်မယ်'
ဆိုဘီး ပြောဟှားဟှယ်။
28 နန်းနို့ဟို့ ငါပြောမယ်။ လောကမာ သတ်ရှင်ဟှားဟူ လူလေထဲမာ ယောဟန်ထတ်
ကီးမြတ်ဟူ လူမှေဟှု။ အယ်ဘေမဲ့ ဘုရားသခင်ရဲ့ နိုင်ငံတော်မာ ငယ်ဆောင်းဟူလူဟှာ
ယောဟန်ထတ် ပိုဘီး ကီးမြတ်ဟှယ်" ဆိုဘီး ယေရှုဟှ ထပ်ဘီး မိန့်တော်မူလေဟှယ်။
29 လူလေ ဂူလောင်းဟှာ ကိုယ်တော်ရဲ့စကားဟို့ ကြားဟူ ခီမာ သူးနို့နှ ထူးသဖြင့်
ခွန်ကော့-က်မားလေဟှာ ဘုရားသခင်ရဲ့ ဖြောန့်မတ်ရှင်းဟို့ ဝန်ခံဂေ့ဘီး
ယောဟန်ပေးဟူ ဗတ္တိဇံခံဂေ့ဟှယ်။
30 အယ်ဘေမဲ့ ဖာရိရှဲလေန ကျမ်းတတ်ဆရာလေဟှာ သူးနို့ကိုယ်တိုင်တွပ်
ဘုရားသခင်ရဲ့ ကြဲစည်တော်ဟို့ ငြင်းပယ်ဂေ့ဘီး ယောဟန်ရဲ့ ဗတ္တိဇံဟို့ ခံဂေ့ဟှ။
31 ယေရှုဟှ ဆစ်ဘီး "ခုခေတ်မာ ရှိနေဟူ လူလေဟို့ ဖြားဇာန နှိုင်းပြရမယ်နူး။
သူးနို့ဟှာ ဖြားဇာလေန တူဟှယ်နူး။
32 သူးနို့ဟှာ ဆေးထဲမာ ထိုင်နေဟူ သားဂန်းလေန တူဟှယ်။ သားဂန်းတအောက်ဟှာ
တခြား သားဂန်းတအောက်ဟို့ 'နို့လေဟှာ အီတတ်မွဲတီးလောင်းဟို့ နန်းနို့တွပ်
တီးမူပေးဘေမဲ့ နန်းနို့ဟှာ ကဂေ့ဟှ! နို့လေဟှာ မသာအီမာဆိုဟူ မသာချင်းဟို့ ဆိုဘေမဲ့
နန်းနို့ဟှာ ငိုဂေ့ဟှ!' ဆိုဘီး အော်ပြောဂေ့ဟှယ်။
33 ဗတ္တိဇံယောဟန်ဟှာ စာရှောန်ဘီး ဝိုင်ဟို့ သော့-က်ဘဲန ရော့-က်လာဟူကြောန့်
နန်းနို့ဟှ 'သူထဲမာ နတ်ဆိုးပူးနေဟှယ်!' ဆိုဘီး ပြောဂေ့ဟှယ်။
34 လူရဲ့သားဟှာ စားသော့-က်ဘီး ရော့-က်လာဟူ ခီမာ နန်းနို့ဟှ 'အယ်လူဟို့ ကေ့ပါ!
အယ်လူဟှာ စားမတ်ဘီး ဝိုင်သော့-က်သူ၊ ခွန်ကော့-က်မားလေန ပြစ်သားလေရဲ့
မိဆွေဖြစ်ဟှယ်!' ဆိုဘီး ပြောဂေ့ဟှယ်။
35 အယ်ဘေမဲ့လည်း ဘုရားသခင်ရဲ့ ပညာတရားဟို့ လတ်ခံဟူ လူလေဟှ
အယ်ပညာတရားဟှာ မှန်ဟှယ် ဆိုဇာဟို့ သတ်သေပြဂေ့ဟှယ်" ဆိုဘီး
မိန့်တော်မူလေဟှယ်။

ဖာရိရှဲရှိမုန်ရဲ့ အီမာ ယေရှုရှိနေဟူကြောန်း

7:29 ၇.၂၉.၃၀ မ ၂၁.၃၂; လု ၃.၁၂

36 ဖာရိရှဲတယော့-က်ဟှာ သူ့နတူးဒူ ညဉ့်ဇာစားဟို့ ယေရှုဟို့
တောန်းလျှော့-က်တော်မူကြောန့် ယေရှုဟှာ ဖာရိရှဲရဲ့ အီဟို့ ဝမ်ဘီးန စားဗွဲမာ
ထိုင်လိုက်ဟုယ်။
37 အယ်ဗြို့မာ ရရာတိုင်း ပြစ်ကီးဟူ မီးမတယော့-က် ရှိဟုယ်။ ဖာရိရှဲရဲ့ အီမာ
ယေရှုဟှာ ညဉ့်ဇာစားနေဟုယ် ဆိုဇာဟို့ အယ်မီးမဟှာ ကြားလိုက်ဟူကြောန့် ဆီမွှီး
က့လော့-က်ဖ့လူဖူးဟို့ ယူဟှားဘီးန
38 ယေရှုရဲ့ ခေတော်ရင်းမာ ရပ်ဘီး ဝိုနေဟူကြောန့် အယ်မီးမရဲ့ မျစ်ရယ်ဟှာ
ကိုယ်တော်ရဲ့ ခေတော်ထတ်ဟို့ က့လနေဟုယ်။ အယ်ဘီးန အယ်မီးမဟှာ
သူ့ရဲ့ဆားဗန်န ကိုယ်တော်ရဲ့ ခေတော်ဟို့ ခြော့-က်အောန်သုဘီး ကိုယ်တော်ရဲ့
ခေတော်ဟို့ နမ်းဘီး ဆီမွှီးန လူးလေဟုယ်။
39 အယ်မူဇာဟို့ ဗြင်နေဟူ ဖာရိရှဲဟှာ "အယ်လူဟှာ ပရောဖက် မှန်ဟုယ် ဆိုဟှာ
သူ့ရဲ့ခေဟို့ ကိုင်နေဟူ အယ်မီးမဟှာ ဖယ်မျိုး မီးမဖြစ်ဟုယ် ဆိုဇာဟို့ သိလေ့မယ်။
အယ်မီးမဟှာ ဖယ်မျိုး ပြစ်သား ဖြစ်ဟုယ် ဆိုဇာဟို့ သိလေ့မယ်!" ဆိုဘီး သူ့ကိုယ်သူ
ပြောနေလေဟုယ်။
40 ယေရှုဟှာ "ရှိမုန်၊ နန့်ဟို့ ငါပြောဇာရှိဟုယ်" ဆိုဘီး သူ့ဟို့ မိန့်တော်မူလေဟုယ်။
ရှိမုန်ဟှာ "ပြောပါ၊ ဆရာ" ဆိုဘီး လျှော့-က်လေဟုယ်။
41 ယေရှုဟှာ "ကပ်ကွီးချေးမား တယော့-က်မာ ကပ်ကွီးတန်နေဟူ လူနှေ့ယော့-က်
ရှိဟုယ်။ တယော့-က်မာ ငွေဒန်းဂါးပ့လားငါးရာ ကပ်ကွီးတန်နေဘီး
တခြားတယော့-က်မာ ငွေဒန်းဂါးပ့လားငါးဆယ် ကပ်ကွီးတန်နေဟုယ်။
42 သူးနို့ နှေ့ယော့-က်လောင်းဟှာ ကပ်ကွီးဟို့ ပ့လန်ဆပ်နိုင်ဘဲကြောန့်
ကပ်ကွီးချေးမားဟှာ သူးနို့ရဲ့ ကပ်ကွီးဂူလောင်းဟို့ ကင်းလွတ်ခွမ့် ပေးလိုက်ဟုယ်။
အယ်ဆိုဟှာ သူးနို့နှေ့ယော့-က်ထဲဟှ ဖယ်သူဟှာ ကပ်ကွီးချေးမားဟို့ ပိုဘီး
ရှစ်လေ့မယ်နူး။"
43 ရှိမုန်ဟှ "ကပ်ကွီးဘောင်ဂီး ကင်းလွတ်ခွမ့် ပေးခံရဟူလူဟှာ ပိုဘီး ရှစ်လေ့မယ်
ထန်ဟုယ်" ဆိုဘီး လျှော့-က်လေဟုယ်။
ယေရှုဟှ "နန်ထန်ဇာ မှန်ဟုယ်" ဆိုဘီး မိန့်တော်မူလေဟုယ်။
44 အယ်ဘီးန ကိုယ်တော်ဟှာ အယ်မီးမဖတ်ဟို့ လှည့်ဘီး ရှိမုန်ဟို့ "အယ်မီးမဟို့
နန်ဗြင်ဘဲ့လော။ နန့်အီဟို့ ငါလာဟူ ခီမာ နန်ဟှာ ငါ့တွပ် ခေဆေးရေဟို့ ပေးဟှ။
အယ်ဘေမဲ့ အယ်မီးမဟှာ ငါ့ခေဟို့ သူ့မျစ်ရယ်န ဆေးပေးဘီး ငါ့ခေဟို့
ခြော့-က်အောန် သူ့ဆားဗန်န သုပေးဟုယ်။
45 နန်ဟှာ ငါ့ဟို့ နမ်းဟှ။ အယ်ဘေမဲ့ အယ်မီးမဟှာ ငါ့ခေဟို့ နားဒမ်း နမ်းနေဟုယ်။
46 နန်ဟှာ ငါ့ခေါန်းဟို့ ဆီန လူးပေးဟှ။ အယ်ဘေမဲ့ အယ်မီးမဟှာ ငါ့ခေဟို့ ဆီမွှီးန
လူးပေးဟုယ်။

7:37 ၇.၃၇.၃၈ မ ၂၆.၇; မာ ၁၄.၃; ယော ၁၂.၃

47 နန့်ဟို့ ငါပြောမယ်၊ သူဟာ ပြစ်ဘောင်ဂီး ခွမ့်လွတ်ရှင်းခံရကြောန်းဟို့ သူ့ရဲ့
ကီးမားဟူ မြစ်တာန သတ်သေပြနေဟုယ်။ အယ်ဘေမဲ့ ပြစ်နဲနဲဘဲ့ လွတ်ရှင်းခံရဟူ
လူဟာ နဲနဲဘဲ့ ရှစ်ဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
48 အယ်ဘီးန ယေရှုဟာ အယ်မီးမဟို့ “နန့်ရဲ့ ပြစ်လေ ခွမ့်လွတ်ရှင်းခံရဘီ” ဆိုဘီး
မိန့်တော်မူလေဟုယ်။
49 စားဗွဲမာ ထိုင်နေဟူ တခြားလူလေဟု “ပြစ်လေဟို့ ခွမ့်လွတ်ပေးနေဟူ အယ်လူဟု
ဖယ်သူနူး။” ဆိုဘီး သူးနို့ ရှင်းရှင်းပြောနေဂေ့ဟုယ်။
50 အယ်ဘေမဲ့ ယေရှုဟာ အယ်မီးမဟို့ “နန့်ရဲ့ ယောင်ကြည်ရှင်းဟာ နန့်ဟို့
ကယ်တန်လိုက်ဘီ။ ငြိသတ်ရှင်းန သွားပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။

8

ယေရှုနော့-က်ဟို့လိုက်ဟူ မီးမလေကြောန်း

1 ခီနဲနဲ ကြာဘီးန ယေရှုဟာ ဗြို့ဝါလေဟို့ ဖြတ်ကြွဟုားဘီး ဘုရားသခင်ရဲ့
နိုင်ငံတော်ကြောန်း ဒန်းကောန်းဟို့ ဟောတော်မူဟုယ်။ တဗဲ့တော်
ဆယ့်နှေ့ယော့-က်ဟာ ကိုယ်တော်နတူးဒူ လိုက်ဟုားဘီး၊
2 ရောဂါဘေး၊ နတ်ဆိုးဘေးလေဟု လွတ်ဟုားဟူ မီးမတချို့န
နတ်ဆိုးခွန်နစ်ကောန်ရဲ့ နှိစစ်ရှင်းဟုနေ လွတ်ဟုားဟူ မာရိန (မာဂဒလဝါသူ ဆိုဘီး
လည်းခေါ်ဟုယ်)၊
3 ဟေရုဒ်မန်းဂီးရဲ့ မျစ်နှာလွဲဖြစ်ဟူ ခုဇရဲ့ မယား ယောဟန္နန်၊ ရှုရှန္နန်၊ ယေရှုန
တဗဲ့တော်လေဟို့ လောက်ကျွေးနေဟူ မီးမတချို့လည်း လိုက်ဟုားဟုယ်။

မျိုးစေ့ကြဲမားရဲ့ ပေါင်ဥပမာ
(မဿဲ ၁၃.၁-၉; မာကု ၄.၁-၉)

4 ဗြို့ဗြို့နယ်နယ်ဟု လာဂေ့ဟူ လူလေဟု ယေရှုနားမာ စုရောင်းဘီးနေဟူ ခီမာ
ကိုယ်တော်ဟုာ အယ်ပေါင်ဥပမာအားဖြင့်
5 “မျိုးစေ့ကြဲဟို့ ထွပ်ဟုားဟူ မျိုးစေ့ကြဲမား တယော့-က်ရှိဟုယ်။ သူဟုာ မျိုးစေ့ဟို့
ကြဲလိုက်ဟူ ခီမာ တချို့စေ့လေဟုာ လမ်းမာက့လဟူကြောန့် အယ်မျိုးစေ့ဟုာ
နန်းချေရှင်းခံရဘီးန ကောန်းဂန်ဒုတ်လေဟု ကော့-က်စားဟုားဟုယ်။
6 တချို့စေ့လေဟုာ က့လော့-က်ပေါဟူ မ့လေမာက့လဘီးန ပန်ပေါ့-က်လာဟူ ခီမာ
စိုခါတ်မ့ေဘဲဟူ မ့လေဖြစ်ဟူကြောန့် ခြော့-က်ဟုားလေဟုယ်။
7 တချို့စေ့လေဟုာ ဆူးချောင်ကြားမာ က့လဟူကြောန့် ဆူးဗန်လေနတူးဒူး
ကီးလာဘီးဟုာ ပန်လေဟို့ အောက်မိုးလိုက်ဟုယ်။
8 တချို့စေ့လေဟုာ ကောန်းဟူမ့လေမာ က့လဟူကြောန့် ပန်လေဟုာ ကီးလာဘီး
ဆတရာ သီးသီးဟုားဂေ့ဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

8:2 ဂ.၂.၃ မ ၂၇.၅၅.၅၆; မာ ၁၅.၄၀.၄၁; လု ၂၃.၄၉

အယ်ဘီးန ယေရှုဟာ နိဂေါင်းချောက်ဘီး “နန်းနို့မာ နားရှိဟုယ် ဆိုဟာ ကြားဂေ့!” ဆိုဘီး မိန့်တော်မူလေဟုယ်။

ပေါင်ဥပမာလေရဲ့ ရည်ရွယ်ချစ်
(မဿဲ ၁၃.၁၀–၁၇; မာကု ၄.၁၀–၁၂)

9 တမဲ့တော်လေဟာ အယ်ပေါင်ဥပမာရဲ့ ဓိပါယ်ဟို့ ယေရှုဟို့
မေးလျှော့-က်ဂေ့ဟူကြောန့်၊
10 ကိုယ်တော်ဟ့ ပေါင်ဥပမာန “ဘုရားသခင်နိုင်ငံတော်ရဲ့ နတ်နဲဟူ
ကြောန်းရာလေဟို့ နန်းနို့ဟာ သိရပီးဘီ။ တခြားလူလေဟာ ကေ့နေဘေမဲ့ ဗြင်ဂေ့ မူဟ့။
ကြားနေဘေမဲ့ နားလည်ဂေ့ မူဟ့။ အယ်ကြောန့် ပြောရရှင်း ဖြစ်ဟုယ်။”

မျိုးစေ့ကြဲများရဲ့ ပေါင်ဥပမာဟို့ ရှင်းပြဟူကြောန်း
(မဿဲ ၁၃.၁၈–၂၃; မာကု ၄.၁၃–၂၀)

11 “အယ်ပေါင်ဥပမာရဲ့ ဓိပါယ်ဟ့ မျိုးစေ့ဟာ ဘုရားသခင်ရဲ့ တရားစကား
ဖြစ်ဟုယ်။
12 လမ်းမာက့်လဟူ မျိုးစေ့ဟာ တရားစကားဟို့ ကြားရဟူ လူလေဖြစ်ဟုယ်။
အယ်ဘေမဲ့ သူးနို့ဟာ ယောင်ကြည်ဘီး ကယ်တန်ရှင်းဟို့ ရော့-က်စေဘဲ့ဟို့တွပ်
မာရ်နတ်ဟာလာဘီး တရားစကားဟို့ သူးနို့ရဲ့ နှလောင်းထဲဟုနေ နှုယူဟူးဟုယ်။
13 က့်လော့-က်ပေါဟူ မ့လေမာ က့်လဟူမျိုးစေ့ဟာ တရားစကားဟို့ ကြားရဟူ ခီမာ
ဝန်းသာအားရန လတ်ခံဂေ့ဟူ လူလေဖြစ်ဟုယ်။ အယ်ဘေမဲ့ သူးနို့ထဲမာ
တရားစကားဟာ ပြစ်စွဲဘဲကြောန့် ရှစ်ဟူးဘဲ့ ယောင်ကြည်ဘီး စောင်ဇမ်းရှင်းလေန
တွိကြောင်ဟူ ခီမာ ဖော့-က်ပ့်လန်ဟူးဟုယ်။
14 ဆူးချောင်မာက့်လဟူ မျိုးစေ့ဟာ တရားစကားဟို့ ကြားရဘီးန ဘဝရဲ့
စိုးရိမ်ရှင်းလေ၊ စည်းဇိမ်ကြွယ်ဝရှင်းလေ၊ လောက သာယာမှုလေရဲ့ လွှမ်းမိုးရှင်းဟို့
ခံရဟူကြောန့် သီးသီးနိုင်ဂေ့ဘဲဟူ သူလေ ဖြစ်ဟုယ်။
15 ကောန်းဟူမ့လေမာ က့်လဟူ မျိုးစေ့ဟာ တရားစကားဟို့ ကြားရဘီးန
ဖြောန့်မတ်စင်ကြယ်ဟူ စိန္နလောင်းန ခံယူကြောန့် ခိုင်မြဲဟူ သီးဟို့ သီးဂေ့ဟူ
လူလေဖြစ်ဟုယ်။

တောန်းအော့-က်မာထားဟုားဟူ ဆီမီးအီကြောန်း
(မာကု ၄.၂၁–၂၅)

16 “ဖယ်သူလည်း ဆီမီးအီဟို့ ထွန်းဘီးဟာ တောန်းအော့-က်မာ ထားဂေ့ဟ့။
ကဒန်အော့-က်မာလည်း ထားဟုားဂေ့ဟ့။ အယ်မျိုးထားမယ့်စား ဆီမီးအီဟို့
ဆီမီးခေါင်ထတ်မာဘဲ့ တန်ဟုားဟုယ်။ အယ်မျိုးထားမှဘဲ့ လူလေဟာ အီထဲဟို့
ဝမ်လာခီမာ လန်းရောန်ဟို့ ဗြင်ရမယ်။

8:16 **၈.၁၆** မ ၅.၁၅; လု ၁၁.၃၃

17 “ဝှပ်ဟှားဇာလေ ဂူလောင်း ပေါ်လာလေ့မယ်။ ဖောင်းဟှားဇာလေ
ဂူလောင်းဟှာလည်း ပွမ့်ဟှားလေ့ဘီးန လန်းရောန်နားဟို့ ယူလာလေ့မယ်။
18 “အယ်ကြောန့် နန်နို့ဟှာ ဖယ်မျိုးနားထောန်ရမယ် ဆိုဇာဟို့ ဒိပြုဂေ့။
ဖြားဖြစ်ကြောန်နူးဆိုဟှာ ရှိဟူဟို့ ထပ်ပေးလေ့မယ်။ အယ်ဘေမဲ့ လောင်းဝမ့ေဘဲဟူ
လူလေနားဟှ သူးနို့မာ နဲနဲရှိဟှယ် ဆိုဘီး ထန်နေဇာလေဟို့ သီးယူလေ့မယ်” ဆိုဘီး
မိန့်တော်မူလေဟှယ်။

ယေရှုရဲ့ မိန ညီလေကြောန်း
(မဿဲ ၁၂.၄၆-၅၀; မာကု ၃.၃၁-၃၅)

19 ယေရှုရဲ့ မိန ညီလေဟှာ ကိုယ်တော်နားဟို့ လာဘေမဲ့ လူအောက်ဂီးကြောန့်
ကိုယ်တော်နားဟို့ ရော့-က်နိုင်ဘဲ့ ဖြစ်နေဟှယ်။
20 တယော့-က်ဟှ ယေရှုဟို့ “ကိုယ်တော်ရဲ့ မိန ညီလေဟှာ ကိုယ်တော့်ဟို့
တိွရှင်ကြောန့် ပ့လန်မာ ရပ်စောန့်နေဟှယ်” ဆိုဘီး လာလျှော့-က်လေဟှယ်။
21 ယေရှုဟှာ “ဘုရားသခင်ရဲ့ စကားတော်ဟို့ ကြားဘီးဟှာ နားထောန်ဟူ လူလေဟှာ
ငါ့မိ၊ ငါ့ညီလေဖြစ်ဟှယ်” ဆိုဘီး သူးနို့လေ ဂူလောင်းဟို့ မိန့်တော်မူလေဟှယ်။

လေမူဒိုင်းဟို့ ငြိုးစေဟူကြောန်း
(မဿဲ ၈.၂၃-၂၇; မာကု ၄.၃၅-၄၁)

22 တနေ့မာ ယေရှုဟှာ တဗဲ့တော်လေနတူးဒူ လှေထဲဟို့ ဝမ်ဟှားဘီးန သူးနို့ဟို့
“အိုင်တဖတ်ဟို့ ကူးဂေ့ဇို့” ဆိုဘီး မိန့်တော်မူလေဟှယ်။ အယ်ကြောန့် သူးနို့ဟှာ
စဘီးကူးဂေ့ဟှယ်။
23 သူးနို့ဟှာ ဝပ်လွမ့်နေဟူ ခီမာ ယေရှုဟှာ အိမွိနေတော်မူဟှယ်။ ရောက်တရစ်
အိုင်ထဲမာ လေမူဒိုင်းက့လဘီး လှေဟှာ ရေနပ့လဲ့ခါနီးနီး ဖြစ်ဟှားဟူကြောန့် သူးနို့လေ
ဂူလောင်းဟှာ ရရာတိုင်း ကြော့-က်လန့်နေဂေ့ဟှယ်။
24 တဗဲ့တော်လေဟှာ ယေရှုနားဟို့ သွားဘီးန ကိုယ်တော့်ဟို့ နှိုးဘီး “သခင်၊ သခင်!
ကျွန်တော့်ဟှားလေ သေဟို့ဖြစ်နေဂေ့ဘီ!” ဆိုဘီး လျှော့-က်ဂေ့လေဟှယ်။
ယေရှုဟှာ အိယာဟှ ထလာဘီးန လေနလို့င်းဟို့ မိန့်ပေးလိုက်ဟူန လေနလို့င်းလည်း
လောက်ဝ ငြိသတ်ဟှားလေဟှယ်။
25 အယ်ဘီးမှ ကိုယ်တော်ဟှာ တဗဲ့တော်လေဟို့ “နန်းနို့ရဲ့ ယောင်ကြည်ရှင်း
ဖယ်မာနူး” ဆိုဘီး မိန့်တော်မူလေဟှယ်။
သူးနို့ဟှာ ကြော့-က်ရွံ့အံ့ဩဘီး “အယ်လူဟှ ဖယ်သူနူး။ သူဟှာ လေနလို့င်းလေဟို့
မိန့်ပေးလိုက်န သူးနို့လေဟှာ နားထောန်ဂေ့ဟှယ်!” ဆိုဘီး သူးနို့ရှင်းရှင်း
ပြောနေဂေ့ဟှယ်။

နတ်ဆိုးဟို့ နှန်ထုဟူကြောန်း
(မဿဲ ၈.၂၈-၃၄; မာကု ၅.၁-၂၀)

8:17 **၈.၁၇** မ ၁၀.၂၆; လု ၁၂.၂ **8:18** **၈.၁၈** မ ၂၅.၂၉; လု ၁၉.၂၆

26 ယေရှုန တဗဲတော်လေဟှာ ဂါရစပြည်*ဟို့ ဝပ်လွှမ့်ဟှားဘီး ဂီရသဒေသဟှာ
ဂါလိလဲပြည် အိုင်တဖတ်မာ ရှိဟှယ်။
27 ယေရှုဟှာ ကမ်းထတ်ဟို့ ခေခ့လလိုက်ဟှုန နတ်ဆိုးလေပူးနေဟှု ဂါရစဗြို့သား
တယော့-က်ဟှာ ကိုယ်တော့်ဟို့ လာတွိလေဟှယ်။ အယ်လူဟှာ ခီကြာဂီး
ဝတ်လည်းဝတ်ဘဲန၊ အီမာလည်းနေဘဲန သန်းခ့လိုင်းထဲမာဘဲ့ နေလေဟှယ်။
28 သူဟှာ ယေရှုဟို့ ဗြင်ခီမာ ကိုယ်တော်ရဲ့ ခေတော်ရင်းမာ ပ့လားပ့လားဝပ်ဘီး
“ဗြင့်ဆောင်းဟှု ဘုရားသခင်ရဲ့ သားတော် ယေရှု! ကိုယ်တော်ဟှာ ကျွန်တော်န
ဖြားဆိုင်ဟှယ်နူး။ ကျွန်တော် တောန်းဗန်ပါဟှယ်။ ကျွန်တော့်ဟို့ နှိစစ်ပါန!” ဆိုဘီး
သံက့လယ်ဂီးန လျှော့-က်လေဟှယ်။
29 အယ်မျိုး တောန်းဗန်နေဇာဟှ ယေရှုဟှာ ညစ်ညူးဟှု နတ်လေဟို့ အယ်လူထဲဟှ
ထွပ်ဟှားဟို့ မိန့်ပေးတော်မူလိုက်ကြောန့် ဖြစ်ဟှယ်။ အယ်လူဟှာ နတ်ဆိုးရဲ့ ခါဘီးခါ
နှိစစ်ဇာဟို့ ခံရဘီး သူ့ရဲ့ ခေလတ်လေဟို့ သံကြိုးလေန ခယ်ဟှားဘီး
လှောန်ဟှားဘေမဲ့လည်း သူဟှာ သံကြိုးလေဟို့ ဆွဲဖြတ်ဘီးဟှာ တောကန္တာရထဲဟို့
ထွပ်ပ့လေးဟှယ်။
30 ယေရှုဟှာ “နန့်နာမယ် ဖြားမျိုးခေါ်နူး” ဆိုဘီး သူဟို့ မေးတော်မူဟှယ်။
သူ့ထဲမာ နတ်ဆိုးလေ ဘောင်ဂီးရှိနေဟှုကြောန့် သူဟှ “ကျွန်တော့်နာမယ်ဟှာ
‘လေဂေါင် ဖြစ်ဟှယ်’” ဆိုဘီး ပ့လန်လျှော့-က်လေဟှယ်။
31 နတ်ဆိုးလေဟှာ သူးနို့ဟို့ နတ်ဆောင်းတွမ်း†ထဲဟို့ နှန်ခ့လဘဲဟို့တွပ် ယေရှုဟို့
တောန်းဗန်ဂေ့ဟှယ်။
32 နီးနားဟှ တောန်ဂူးထတ်မာ ဝပ်အောက်ဂီးဟှာ စာစားနေဂေ့ဟှယ်။
နတ်ဆိုးလေဟှာ သူးနို့ဟို့ အယ်ဝပ်လေထဲဟို့ ဝမ်ခွမ့်ပေးတော်မူဟို့
တောန်းဗန်ဂေ့ဟှုကြောန့် ယေရှုဟှာ ခွမ့်ပေးလေဟှယ်။
33 နတ်ဆိုးလေဟှာ အယ်လူထဲဟှ ထွပ်ဟှားဘီးန ဝပ်လေထဲဟို့ ဝမ်ဟှားဟှယ်။
ဝပ်အောက်ဂီးဟှာ အိုင်ကမ်းနားဟို့ ပ့လေးဆင်းဟှားဘီး
ရေမ့လောက်သေဟှားလေဟှယ်။
34 ဝပ်ထီးမားလေဟှာ အယ်မျိုး ဖြစ်ဟှားဇာလေဟို့ ဗြင်ဟှားကြောန့် သူးနို့ဟှာ
ထွပ်ပ့လေးဂေ့ဘီးန ဗြို့ုန တောဝါလေမာ အယ်ဒန်းဟို့ လိုက်ပြောဂေ့ဟှယ်။
35 လူလေဟှာ အယ်မျိုးဖြစ်ဟှားဇာလေဟို့ ကေ့စားဟို့ ထွပ်လာဂေ့ဟှု ခီမာ
နတ်ဆိုးလေ ထွပ်ဟှားဘီးဟှု လူဟှာ ဝတ်ဟို့ ဝတ်ဟှားဘီး ပေါင်မှန်စိန ယေရှုရဲ့
ခေတော်ရင်းမာ ထိုင်နေဇာဟို့ တွိလိုက်ကြောန့် သူးနို့လေ ဂူလောင်းဟှာ
ကြော့-က်လန့်ဟှားဂေ့ဟှယ်။

---

* **8:26 ဂ.၂၆** ဂါရစပြည်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဂါဒရပြည်၊ ဆိုဘီး ရှိဟှယ် (ရှု မ ၈.၂၈)။ တခြားကျမ်းလေမာ ဂါရဂီသ၊ ဆိုဘီး ရှိဟှယ်။ † **8:31 ဂ.၃၁ နတ်ဆောင်းတွမ်း၊** နော့-က်ဆောင်းဟှု တရားစီရင်ဟို့ခီထိ နတ်ဆိုးလေဟို့ တောက်နှာန်ဟှားဟို့တွပ် မွေ့ဂီးရဲ့ အော့-က်မာရှိဟှု တွမ်းဖြစ်ဟှယ်။

36 အယ်လူဟှာ ဖယ်မျိုးလောက်ဘီး နတ်ဆိုးလေရဲ့ နှိစစ်ရှင်းဟှနေ
လွှတ်မြော့-က်ဟှားဟှယ် ဆိုဇာဟို့ ကိုယ်တိုင်ဖြင်ဘီးဟူ လူလေဟှ ခုမှရော့-က်လာဟူ
လူလေဟို့ ပြောပြလေဟှယ်။
37 အယ်ဘီးန ဂါရစဒေသဟှ လူလေ ဂူလောင်းဟှာ ရရာတိုင်း
ကြော့-က်လန့်နေဟူကြောန့် အယ်ဒေသဟှ ထွပ်ဟှားတော်မူဟို့ ယေရှုဟို့
တောန်းလျှာ့-က်ဂေ့ဟှယ်။ အယ်ကြောန့် ယေရှုဟှာ လှေထဲဟို့ ဝမ်ဟှားတော်မူဘီးန
ပ့လန်ဟှားလိုက်ဟှယ်။
38 နတ်ဆိုးလေ ထွပ်ဟှားဟူ လူဟှာ ယေရှုဟို့ "ကိုယ်တော်နတူးဒူ
လိုက်ခွမ့်ပေးတော်မူပါ" ဆိုဘီး တောန်းဗန်လေဟှယ်။
အယ်ဘေမဲ့ ယေရှုဟှာ သူ့ဟို့
39 "အီဟို့ ပ့လန်ဟှားဘီး ဘုရားသခင်ဟှာ နန့်ဟို့ ဖယ်မျိုး ကျေးဇူးပြုတော်မူဟှယ်
ဆိုဇာဟို့ သွားဘီး ကြေညာပါ" ဆိုဘီး မိန့်တော်မူလေဟှယ်။
အယ်လူဟှာ တဖြို့လောင်းဟို့ သွားဘီး ယေရှုဟှာ သူ့ဟို့ ဖယ်မျိုး
ကျေးဇူးပြုလိုက်ဟှယ် ဆိုဇာဟို့ ပြောလေဟှယ်။

ယာကျရုရဲ့ သမီးန ယေရှုရဲ့ ဝတ်လောင်ဟို့ တို့ထိဟူမီးမ
(မဿဲ ၉.၁၈-၂၆; မာကု ၅.၂၁-၄၃)

40 ယေရှုဟှာ အိုင်တဖတ်ဟို့ ပ့လန်ဟှားဟူ ခီမာ လူလေဟှာ ကိုယ်တော့်ဟို့
ကြိုဆိုဂေ့ဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူးနို့ဟှာ ကိုယ်တော့်ဟို့ စောန့်နေဂေ့ကြောန့်
ဖြစ်ဟှယ်။
41 အယ်ခီမာ ယာကျရု နာမယ်ရှိဟူ လူတယော့-က် ရော့-က်လာဟှယ်။ သူဟှာ
ဝါလယ်ဇရုပ်မူး ဖြစ်ဟှယ်။ သူဟှာ ယေရှုရဲ့ ခေတော်ရင်းမာ ပ့လားပ့လားဝပ်ဘီး
သူ့အီဟို့ ကြွပေးတော်မူဟို့တွပ် ကိုယ်တော့်ဟို့ တောန်းဗန်နေဟှယ်။
42 ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူ့ရဲ့ တယော့-က်ဒဲရှိဟူ ဆယ့်နှေ့နှစ်ရွယ် သမီးဟှာ
သေခါနီးဖြစ်နေကြောန့် ဖြစ်ဟှယ်။
ယေရှုဟှာ သူနတူးဒူ လိုက်ဟှားဟူ ခီမာ လူလေဟှာ ကိုယ်တော့်ဟို့
တိုးဝှေ့နေဂေ့ဟှယ်။
43 သူးနို့လေထဲမာလည်း ဆယ့်နှေ့နှစ် လောင်းလောင်း သွီးသွန်နာဖြစ်နေဟူကြောန့်
သူ့ကပ်လေ ဂူလောင်း ကူဒဲ့ထိ ဆရာဝန်လေန ကုဟှယ်။‡ အယ်ဘေမဲ့လည်း
သူ့ရောဂါဟို့ ပျော့-က်အောန် ကုနိုင်ဂေ့ဘဲဟူ မီးမတယော့-က်ရှိလေဟှယ်။
44 အယ်မီးမဟှာ ယေရှုနော့-က်ဟှ ကပ်လိုက်ဟှားဘီးန ကိုယ်တော်ရဲ့
ဝတ်လောင်တော်ဟှ ပန်းမွားဟို့ တို့ထိလိုက်ဟူန အယ်မီးမရဲ့ သွီးသွန်ဇာဟှ ရှင်းရှင်း
တိဟှားဟှယ်။
45 ယေရှုဟှ "ငါ့ဟို့ ဖယ်သူ တို့ထိလိုက်နူး" ဆိုဘီး မေးလိုက်ဟှယ်။

‡ **8:43 ဇ.၄၃** တချို့ မူရင်းလတ်ရေးမူလေမာ သူ့ကပ်လေ ဂူလောင်း ကူဒဲ့ထိ ဆရာဝန်လေန ကုဟှယ်၊ ဆိုဘီး မှေ့ဟှ။

လူတိုင်းဟု ဂြင်းဂေ့ဘီး ပေတရုဟု “သခင်၊ လူလေဟာ ကျွန်တော့်ဟားလေရဲ့
ပတ်လည်မာရှိနေဘီး ကိုယ်တော့်ဟို့ တိုးဝှေ့နေဂေ့ဟုယ်” ဆိုဘီး ပ့လန်ဖြေလေဟုယ်။
46 အယ်ဘေမဲ့ ယေရှုဟု “ငါ့ဟို့ ယော့-က်ယော့-က်ဟု တို့ထိလိုက်ဟုယ်။ ငါ့ထဲဟု
တဂိုးထွပ်ဟုားဇာဟို့ ငါသိဟုယ်” ဆိုဘီး ပ့လန်မိန့်တော်မူလေဟုယ်။
47 အယ်မီးမဟာ သူတို့ထိလိုက်ဇာဟို့ သိဟုားဘီ ဆိုဘီး
ကြော့-က်ရွံ့တောင်လျောက်နေကြောန့် ရှေ့ဟို့ ထွပ်လာဘီး ယေရှုရဲ့ ခေတော်ရင်းမာ
ပျပ်ဝပ်လိုက်ဟုယ်။ လူလေ ဂူလောင်းရဲ့ရှေ့မာ ကိုယ်တော့်ဟို့ ဖြားကြောန့်
တို့ထိရကြောန်းန ဖယ်မျိုး ရှင်းရှင်း နာပျော့-က်ဟုားကြောန်းဟို့ ပြောပြလိုက်ဟုယ်။
48 ယေရှုဟု အယ်မီးမဟို့ “ငါ့သမီး၊ နန့်ရဲ့ ယောင်ကြည်ရှင်းဟု နန့်ဟို့
ကျန်းမာစေဘီ။ ငြိသတ်ရှင်းန သွားပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။
49 ယေရှုဟု အယ်မျိုး ပြောနေဟူ ခီမာဘဲ့ ဝါလယ်ဇရပ်မူးရဲ့ အီဟုနေ
လူတယော့-က် ရော့-က်လာဟုယ်။ ယာကျရုဟို့ “ကိုယ်တော်ရဲ့ သမီးဟု သေဟုားဘီ။
ဆရာဟို့ နှောက်ယှစ်ပေးန” ဆိုဘီး သူဟု ပြောလေဟုယ်။
50 အယ်ဘေမဲ့ ယေရှုဟု အယ်မျိုးပြောနေဇာဟို့ ကြားဘီးန ယာကျရုဟို့ “စိုးရိမ်န။
ယောင်ကြည်ရှင်းဘဲ့ရှိပါ။ ဝယ်ဟုားဂန်းဟု ကျန်းမာဟုားလေ့မယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
51 ယာကျရုရဲ့ အီဟို့ ရော့-က်ဟုားဟူ ခီမာ ကိုယ်တော်ဟု ပေတရု၊ ယောဟန်၊
ယာကုပ်န ဝယ်ဟုားဂန်းရဲ့ မိဖလေဟုလွဲဘီး တခြားဖယ်သူဟို့မှ ကိုယ်တော်နတူးဒူ
အီထဲဟို့ ဝမ်ခွမ့်ပေးဟု။
52 လူတိုင်းဟု ဝယ်ဟုားဂန်းတွပ် ဝိုကြွေးဘီးဝန်းနဲ့ နေဂေ့ဟုယ်။ ယေရှုဟု “ဝိုန၊
ဝယ်ဟုားဂန်းဟု သေနေဇာ မှုဟု။ အီမွိနေဟုယ်!” ဆိုဘီး မိန့်တော်မူလေဟုယ်။
53 သူးနို့ ဂူလောင်းဟု ကိုယ်တော့်ဟို့ ရယ်ဇားဂေ့ဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟု
ဝယ်ဟုားဂန်းဟု သေနေဘီ ဆိုဇာဟို့ သူးနို့ သိနေကြောန့် ဖြစ်ဟုယ်။
54 အယ်ဘေမဲ့ ယေရှုဟု ဝယ်ဟုားဂန်းရဲ့ လတ်ဟို့ ကိုင်လိုက်ဘီး “ဝယ်ဟုားဂန်း၊
ထဝေါ့!” ဆိုဘီး မိန့်တော်မူလေဟုယ်။
55 ဝယ်ဟုားဂန်းဟု သတ်ဝိညာဉ် ပ့လန်ဝမ်လာဘီး ရှစ်ရှင်းထလေဟုယ်။ ယေရှုဟု
ဝယ်ဟုားဂန်းဟို့ စားဇာကျွေးဟို့ သူးနို့ဟို့ မိန့်တော်မူလိုက်ဟုယ်။
56 ဝယ်ဟုားဂန်းရဲ့ မိဖလေဟု ရရာတိုင်း အုံသြဟုားဟုယ်။ အယ်ဘေမဲ့ ယေရှုဟု
အယ်မျိုးဖြစ်ဇာလေဟို့ ဖယ်သူဟို့လည်း ပြောဘဲ့ဟို့တွပ် သူးနို့ဟို့
ပညတ်တော်မူလေဟုယ်။

9

တဗဲ့တော် ဆယ့်နှေ့ပါးဟို့ စေလွှတ်ဟူကြောန်း
(မဿဲ ၁၀.၅-၁၅; မာကု ၆.၇-၁၃)

1 ယေရှုဟာ တဖဲ့တော် ဆယ့်နှစ်ပါးဟို့ ခေါ်ဘီး နတ်ဆိုးလေဟို့ နှုန်ထုဟို့နှ
ရောဂါလေ ပျော့-က်စေဟို့ သူးနို့ဟို့ တဂိုးန ခွမ့်အာဏာဟို့ ပေးတော်မူဟုယ်။
2 အယ်ဘီးန ကိုယ်တော်ဟာ ဘုရားသခင်ရဲ့ နိုင်ငံတော်ကြောန်း ဟောပြောဟို့နှ
လူနာလေ ကျန်းမာစေဟို့ သူးနို့ဟို့ စေလွှတ်တော်မူဘီးန၊
3 သူးနို့ဟို့ "ခရီးသွားဟို့တွပ် နန်းနို့နတူးဒူ ဖြားဇာလည်း ယူဟုားဂေ့နှ။ တောန်အူး၊
လွယ်အိ၊ စားဇာ၊ ကပ်လေန အန်းဂီပိုလည်း ယူဂေ့နှ။
4 ဖယ်အီဘဲ့ဖြစ်ဖြစ် နန်းနို့ဟို့ ဝမ်ခွမ့်ပြုဟုယ် ဆိုဟာ အယ်ဗြို့ဟ ထွပ်ခန်ထိ
အယ်အီမာနေဘီး
5 လူလေဟ နန်းနို့ဟို့ လတ်ခံဟ ဆိုဟာ အယ်ဗြို့ဟ ထွပ်ဟုားဘီး သူးနို့ဟာ
လတ်ခံဂေ့ဟ ဆိုဇာဟို့ သတ်သေဖြစ်န နန်းနို့ခေဖွားဟ မ့်လေမုဟို့ ခါခ့်လလိုက်ဂေ့"
ဆိုဘီး မိန့်တော်မူလေဟုယ်။
6 တဖဲ့တော်လေဟာ ထွပ်ဟုားဘီး ဝါလေဂူလောင်းဟို့ သွားဘီးန ရော့-က်ဟူ
နေရာတိုင်းမာ ဒန်းကောန်းဟောပြောဂေ့ဘီး ရောဂါလေဟို့ ပျော့-က်စေဂေ့ဟုယ်။

ဟေရုဒ်စိရှောက်နေဟူကြောန်း
(မဿဲ ၁၄.၁-၁၂; မာကု ၆.၁၄-၂၉)

7 ဂါလိလဲပြည်ဟို့ အောက်ချောက်ဟူ ဟေရုဒ်ဟာ ကိုယ်တော် ပြုတော်မူဟူ ဇာလေ
ဂူလောင်းဟို့ ကြားဟူ ခီမာ ရရာတိုင်း စိရှောက်ဟုားဟုယ်။ ဖြားဖြစ်ကြောန်နူးဆိုဟာ
လူတချို့ဟ ဗတ္တိဇံ ယောဟန်ဟာ သေဘီးမ ပ့်လန်ရှင်လာဟုယ် ဆိုဘီး
ပြောနေကြောန် ဖြစ်ဟုယ်။
8 တခြားလူလေဟ ဧလိယ ပ့်လန်ပေါ်လာဟုယ် ဆိုဇာဟို့ ပြောဂေ့ဘီး
တခြားလူလေဟုလည်း ရှေးပရောဖက်လေထဲဟ တယော့-က် သေဘီးမ
ပ့်လန်ရှင်လာဟုယ် ဆိုဘီး ပြောနေဂေ့ဟုယ်။
9 ဟေရုဒ်ဟ "ငါဟာ ယောဟန်ရဲ့ ခေါန်းဟို့ ဖြတ်လိုက်ပီးဘီ။ အယ်ဆိုဟာ
ငါဒန်းကြားနေရဟူ အယ်လူဟာ ဖယ်သူနူး" ဆိုဘီး ပြောလေဟုယ်။ အယ်ဘီးန သူဟာ
ယေရှုဟို့ တွိရဟို့ ရှာကြံလေဟုယ်။

လူငါးထောန်ဟို့ ကျွေးမွေးဟူကြောန်း
(မဿဲ ၁၄.၁၃-၂၁; မာကု ၆.၃၀-၄၄; ယောဟန် ၆.၁-၁၄)

10 တမန်တော်လေဟာ ပ့်လန်ရော့-က်လာဘီးန ယေရှုဟို့ သူးနို့ရဲ့
လောက်ဆောန်ချစ်လေ ဂူလောင်းဟို့ လျှော့-က်ဂေ့ဟုယ်။ ကိုယ်တော်ဟာ သူးနို့နတူးဒူ
ဗက်ဇဒ ဆိုဘီး နာမယ်ရှိဟူ ဗြို့ဟို့ ကြွဟုားလေဟုယ်။
11 လူအောက်ဂီးဟာ အယ်မျိုးကြွဟုားဟုယ် ဆိုဇာဟို့ ကြားရဟူ ခီမာ
ကိုယ်တော်နော့-က်ဟို့ လိုက်ဂေ့ဟုယ်။ ကိုယ်တော်ဟာ သူးနို့ဟို့ ကြိုဆိုဘီး

9:3 **ဥ.၃-၅** လု ၁၀.၄-၁၁ **9:5** **ဥ.၅** တ ၁၃.၅၁ **9:7** **ဥ.၇,၈** မ ၁၆.၁၄; မာ ၈.၂၈; လု ၉.၁၉

ဘုရားသခင်ရဲ့ နိုင်ငံတော်ကြောင်းဟို့ ဟောပြောဘီးဟှာ ရောဂါရှိဟူ သူလေဟို့
နာပျော့-က်စေဟှယ်။
12 ညဥ့်မိုက်ခါနီးခဲမာ တဗဲတော် ဆယ့်နှေ့ပါးဟှာ ကိုယ်တော့်နားဟို့ လာဘီးန
"လူလေဟို့ နီးနားမာရှိနေဟူ ဝါလေဟို့ သွားစေဘီး အိဟို့နေရာလေန စားဇာလေရှာဟို့
ရှာစေတော်မူပါ။ ဖြားဖြစ်ကြောင့်နူးဆိုဟှာ အယ်နေရာဟှာ လူသူမှေ့ဘဲဟူ
နေရာဖြစ်ဟူကြောင့် ဖြစ်ဟှယ်" ဆိုဘီး လျှော့-က်ဂေ့ဟှယ်။
13 အယ်ဘေမဲ့ ကိုယ်တော်ဟှာ သူးနို့ဟို့ "နန်းနို့ကိုယ်တိုင် သူးနို့စားဟို့
စားဇာတခုခုပေးဂေ့" ဆိုဘီး မိန့်တော်မူလေဟှယ်။
သူးနို့ဟှ "ကျွန်တော့်ဟှားလေ ဂူလောင်းမာ မုငါးလောင်းန ငါးနှေ့ကောန်ဘဲ့ ရှိဟှယ်။
ကိုယ်တော်ဟှ အယ်လူအောက်ဂီးတွပ် စားဇာဝယ်ဟို့ ကျွန်တော့်ဟှားလေဟို့
သွားစေရှင်လော" ဆိုဘီး ပုလန်လျှောက်ဂေ့ဟှယ်။
14 (အယ်လူအောက်ဂီးထဲမာ ယော့-က်ကျား ၅,၀၀၀ လော့-က် ရှိဟှယ်။)
ယေရှုဟှာ တဗဲတော်လေဟို့ "လူလေဟို့ ငါးဆယ်စီစုဘီး ထိုင်ခိုင်းလိုက်" ဆိုဘီး
မိန့်တော်မူလေဟှယ်။
15 တဗဲတော်လေဟှာ မိန့်တော်မူလိုက်ဟူတိုင်း လောက်ဘီးန၊
16 ယေရှုဟှာ မုငါးလောင်းန ငါးနှေ့ကောန်ဟို့ ယူလေဟှယ်။ အယ်ဘီးန
ကောန်းဂန်ဟို့ မော့ကေ့ဘီး၊ မုန ငါးတွပ် ဘုရားသခင်ဟို့ ချီးမွမ်းဘီး၊ မုဟို့ ဖဲ့ဘီးန
လူလေဟို့ ဝီပေးဟို့ တဗဲတော်လေဟို့ ပေးလေဟှယ်။
17 သူးနို့ ဂူလောင်းဟှာ ဗိုက်ပုလဲ့အောန် စားဂေ့ဘီးန တဗဲတော်လေဟှာ
ကြွင်းကျန်လေဟို့ လိုက်ကော့-က်ဂေ့ဇာ ခြင်းဒေါန်းန ဆယ့်နှေ့တောန်းပုလဲ့ ရဂေ့ဟှယ်။

ပေတရုရဲ့ ဝန်ခံချစ်ကြောန်း
(မဿဲ ၁၆.၁၃-၁၉; မာကု ၈.၂၇-၂၉)

18 တနေ့မာ ယေရှုတပါးဒဲ ဆုတောန်းနေဟူ ခဲမာ တဗဲတော်လေဟှာ ကိုယ်တော်နားဟို့
လာဂေ့ဟှယ်။ ကိုယ်တော်ဟှ "လူအောက်ဂီးဟှ ငါဟို့ ဖယ်သူ ဆိုဘီး ပြောနေဂေ့နူး"
ဆိုဘီး သူးနို့ဟို့ မေးတော်မူဟှယ်။
19 သူးနို့ဟှ "တချို့ဟှ ကိုယ်တော်ဟှာ ဗတ္တိဇံယောဟန် ဖြစ်ဟှယ်။
တခြားလူလေဟှ ကိုယ်တော်ဟှာ ဧလိယဖြစ်ဟှယ်။ တခြားလူလေဟှ သေဘီးမှ
ပုလန်ရှင်လာဟူ ရှေးပရောဖက် တပါးပါး ဖြစ်ဟှယ် ဆိုဘီး ပြောဂေ့ဟှယ်" ဆိုဘီး
လျှော့-က်လေဟှယ်။
20 ကိုယ်တော်ဟှ "နန်းနို့လေဟှမား ငါ့ဟို့ ဖယ်သူဖြစ်ဟှယ် ဆိုဘီး ပြောဂေ့နူး" ဆိုဘီး
သူးနို့ဟို့ မေးတော်မူလေဟှယ်။
ပေတရုဟှ "ကိုယ်တော်ဟှာ ဘုရားသခင်ရဲ့ မေရှိယ ဖြစ်ဟှယ်" ဆိုဘီး
လျှော့-က်လေဟှယ်။

9:19 **ဧ.၁၉** မ ၁၄.၁,၂; မာ ၆.၁၄,၁၅; လု ၉.၇,၈ **9:20** **ဧ.၂၀** ယော ၆.၆၈,၆၉

သေခံရဟို့တွပ် ပြောဟူကြောန်း
(မဿဲ ၁၆.၂၀–၂၈; မာကု ၈.၃၀—၉.၁)

21 အယ်ဘီးန ယေရှုဟှာ အယ်ကြောန်းဟို့ ဖယ်သူ့ဟို့လည်း ပြောဘဲဟို့တွပ် သူးနို့ဟို့
မိန့်ပေးလေဟှယ်။
22 ကိုယ်တော်ဟှလည်း “လူ့ရဲ့သားဟှာ ရရာတိုင်း နာကျင်ရှင်း ဝေဒနာဟို့ ခံရဘီး
ကြီးကဲလေ၊ ယဇ်ပုရောဟိတ်ဂီးလေန ကျမ်းတတ်ဆရာလေရဲ့ ငြင်းပယ်ရှင်းဟို့
ခံရလေ့မယ်။ လူ့ရဲ့သားဟှာ သေသတ်ရှင်းဟို့ ခံရမယ်။ အယ်ဘေမဲ့ သောင်းရစ်
ပ့လဲ့ဟူ နေ့မာ လူ့ရဲ့သားဟှာ ပ့လန်ရှင်လေ့မယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။
23 အယ်ဘီဟှာ ကိုယ်တော်ဟှာ သူးနို့ ဂူလောင်းဟို့ “နန်းနို့ဟှ ငါ့တမဲ့ ဖြစ်ရှင်ဟှယ်
ဆိုဟှာ ကိုယ့်ကိုယ်ကိုယ် ငြင်းပယ်ဘီး နေ့တိုင်း နန်းနို့ရဲ့ လတ်ဝါးကပ်တိုင်ဟို့
ထမ်းဘီးဟှာ ငါ့နော့-က်ဟို့ လိုက်ရမယ်။
24 ဖြားဖြစ်ကြောန့်နူဆိုဟှာ နန်းနို့ရဲ့ သတ်ဟို့ ကယ်တန်ရှင်ဟှယ် ဆိုဟှာ နန်းနို့ဟှာ
သတ်ရှောင်းလေ့မယ်။ အယ်ဘေမဲ့ ငါ့ကြောန့် နန်းနို့ရဲ့ သတ်ရှောင်းမယ် ဆိုဟှာ
နန်းနို့ဟှာ နန်းနို့သတ်ဟို့ ကယ်တန်လေ့မယ်။
25 နန်းနို့ဟှာ လောက တခုလောင်းဟို့ ပိုင်ဆိုင်ခွမ့် ရဘေမဲ့လည်း နန်းနို့ရဲ့
သတ်ရှောင်းမယ် ဆိုဟှာ ဖြားကျိုးရှိမယ်နူး။ ဖြားကျိုးလည်းမေ့ဟှ!
26 နန်းနို့ဟှာ ငါ့နှ ငါ့ရဲ့ စကားလေတွပ် ယှစ်နေမယ် ဆိုဟှာ လူ့ရဲ့သားဟှာ သူ့ရဲ့
ဖောင်းသရေတော်၊ ဖရဲ့ ဖောင်းသရေတော်၊ သန့်ရှင်းဟူ ကောန်းဂန်တမန်လေရဲ့
ဖောင်းသရေတော်နှ ကြွလာဟူ ခီမာ အယ်လူတွပ် ယှစ်လေ့မယ်။
27 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ အယ်နေရာမာ ရှိနေဟူ လူတချို့ဟှာ ဘုရားသခင်ရဲ့
နိုင်ငံတော်ဟို့ ဗြင်ရဘဲ့နှ သေရလေ့ဟို့ မူဟှ” ဆိုဘီး မိန့်တော်မူလေဟှယ်။

ဆင်းသဏ္ဌာန် ပ့လောန်းလဲဟူကြောန်း
(မဿဲ ၁၇.၁–၈; မာကု ၉.၂–၈)

28 ယေရှုဟှာ အယ်မျိုးမိန့်တော်မူဘီး တဘတ်လော့-က် ကြာဟူ ခီမာ ပေတရု၊
ယာကုပ်နှ ယောဟန်လေဟို့ ခေါ်ဘီးန ဆုတောန်းဟို့ တောန်ထတ်ဟို့
တတ်ဟှားဂေ့ဟှယ်။
29 ကိုယ်တော်ဟှာ ဆုတောန်းနေဟူ ခီမာ ကိုယ်တော်ရဲ့ မျစ်နှာဟှာ ဆင်းသဏ္ဌာန်
ပ့လောန်းလဲဟှားဘီး ဝတ်တော်ဟှာလည်း ဖ့လူဆွတ်ဆွတ် ဖြစ်လာဟှယ်။
30 လူနှေ့ယော့-က်ဟှာ ရောက်တရစ် ပေါ်လာဘီး ကိုယ်တော်နှ
စကားပြောနေဂေ့ဟှယ်။ သူးနို့ဟှာ မောရှေန ဧလိယဖြစ်ဘီး
31 သူးနို့ဟှာ ကောန်းဂန်ဖောင်းသရေတော်နှ ပေါ်လာဘီး ဘုရားသခင်ရဲ့ ရည်ရွယ်ချစ်
ပ့လဲ့ဇောင်ဟို့တွပ် ကြာခန်မာ ယေရုရှလင်ဗြို့မာ ကိုယ်တော် သေခံရဟို့ကြောန်းဟို့
ယေရှုန ပြောနေဂေ့ဟှယ်။

9:23 ဧ.၂၃ မ ၁၀.၃၈; လု ၁၄.၂၇ ၂ ပေ ၁.၁၇.၁၈ **9:24** ဧ.၂၄ မ ၁၀.၃၉; လု ၁၇.၃၃; ယော ၁၂.၂၅ **9:28** ဧ.၂၈–၃၅

32 ပေတရုန သူ့ရဲ့ လောက်ဖော်ဆောန်ဖတ်လေဟှာ အိမွိနေဂေ့ဟှယ်။ အယ်ဘေမဲ့
သူးနို့ဟှာ နိုးလာဘီးဟှာ ယေရှုရဲ့ ဖောင်းသရေတော်န ကိုယ်တော်နတူးဒှ ရပ်နေဟှ
လူနှေ့ယော့-က်ဟှိ ဖြင်ရဟှယ်။
33 အယ်လူနှေ့ယော့-က်ဟှာ ယေရှုနားဟှ ထွပ်ဟှားဟှ ခီမာ ပေတရုဟှာ
ကိုယ်တော့်ဟှိ "သခင်၊ အယ်နေရာဟှာ နေရှင်ဘွယ်ကောန်းဟှယ်!
ကျွန်တော့်ဟှားလေဟှာ ကိုယ်တော်တွပ် တဲတဆောန်၊ မောရှေတွပ် တဲတဆောန်န
ဧလိယတွပ် တဲတဆောန်၊ တဲသောင်းဆောန်ဟှိ ကျွန်တော်ဟှားလေ ဆော့-က်ပေးမယ်"
ဆိုဘီး လျှော့-က်လေဟှယ်။ (သူပြောနေဇာဟှိ သူတကယ် သိဂေ့ဟှ။)
34 သူဟှာ အယ်မျိုး လျှော့-က်နေဟှ ခီမာဘဲ့ မိုးတီတခု ပေါ်လာဘီးဟှာ သူးနို့ဟှိ
ဖောင်းဟှားလိုက်ဟှကြောန့် ကြော့-က်လန့်ဟှားဂေ့ဟှယ်။
35 မိုးတီထဲဟှနေ "အယ်သူဟှာ ငါဝီးကော့-က်ဟှားဟှ ငါ့ရဲ့ ရှစ်ဟှသား ဖြစ်ဟှယ်။
သူ့စကားဟှိ နားထောန်ဂေ့!" ဆိုဘီး သံတော် ထွပ်ပေါ်လာဟှယ်။
36 သံတော် ထွပ်ပေါ်လာဘီးန ယေရှုတပါးဒဲဟှိဘဲ့ ဖြင်ရလေဟှယ်။ အယ်ခီမာ
တဲ့တော်လေဟှာ ဖြင်ရဟှဇာလေ ဂူလောင်းဟှိ ဖယ်သူ့ဟှိလည်း ပြောဘဲန
တိတိဟှားနေဂေ့ဟှယ်။

ညစ်ညူးဟှနတ်ဟှိ နှန်ထုကြောန်း
(မဿဲ ၁၇.၁၄-၁၈; မာကု ၉.၁၄-၂၇)

37 နတ်ကီးဖတ်မာ ယေရှုန တဲ့တော် သောင်းပါးဟှာ တောန်ထတ်ဟှနေ
ဆင်းလာဂေ့ဟှ ခီမာ လူအောက်ဂီးဟှာ ယေရှုဟှိ ကြိုဆိုဂေ့ဟှယ်။
38 လူအောက်ဂီးထဲဟှနေ လူတယော့-က်ဟှ "ဆရာ! ကျွန်တော့်ရဲ့ သားဟှိ
ကေ့ရှုပေးဟှိ့ ကျွန်တော်တောန်းဗန်ပါဟှယ်။ သူဟှာ ကျွန်တော့်ရဲ့ တယော့-က်ဒဲဟှ
သားဖြစ်ဟှယ်!
39 နတ်ဖမ်စားဟှားဟှကြောန့် သူဟှာ ရောက်တရစ် ထအော်ဘီးဟှာ ဇတ်ပေါ့-က်ဟှ
ဖြုတ်လေထွပ်ဘီး တော့-က်မာလာလေဟှယ်။ နတ်ဟှာ သူ့ဟှိ
နာကျင်အောန်လောက်ဘီးမှ ခတ်ခတ်ခဲခဲ ထွပ်ဟှားဟှယ်!
40 ကျွန်တော်ဟှာ ဆရာရဲ့ တဲ့လေဟှိ အယ်နတ်ဟှိ နှန်ထုခိုင်းဘေမဲ့ သူးနို့ဟှာ
တတ်နိုင်ဂေ့ဟှ" ဆိုဘီး အော်ဟစ်ဘီး လျှော့-က်လေဟှယ်။
41 ယေရှုဟှ "ယောင်ကြည်ရှင်းလည်းမှေ့။ ဖော့-က်ပ့လန်ဟှ လူလေ! ငါဟှာ
နန်းနို့နတူးဒှ ဖယ်လော့-က်ကြာအောန် နေနေရနူး။ ငါဟှာ နန်းနို့ဟှိ
ဖယ်လော့-က်ကြာကြာ သီးခံရဟှိ့နူး။" ဆိုဘီး မိန့်တော်မူလေဟှယ်။ အယ်ဘီးန
ကိုယ်တော်ဟှာ အယ်လူဟှိ "နန့်ရဲ့ သားဟှိ ခေါ်လာပါ" ဆိုဘီး မိန့်တော်မူလေဟှယ်။
42 ကောန်သားဟှားဟှာ လာနေဒူးမာဘဲ့ နတ်ဆိုးဟှာ သူ့ဟှိ မှလေထတ်မာလှဲခ့လဘီး
တော့-က်မာအောန် လောက်ဟှယ်။ ယေရှုဟှာ ညစ်ညူးဟှနတ်ဟှိ မိန့်ပေးလိုက်ဘီး
ကောန်းသားဟှားဟှိ ကျန်းမာစေဘီးန သူ့ရဲ့ဖဟှိ ပ့လန်ပေးလေဟှယ်။

9:35 **ဧ.၃၅** မ ၃.၁၇; ၁၂.၁၈; မာ ၁.၁၁; လု ၃.၂၂

43 လူလေ ဂူလောင်းဟှာ ဘုရားသခင်ရဲ့ မဟာတဂိုးတော်ဟို့ အံ့ဩြဟှားဂေ့ဟှယ်။

သေခံရဟို့တွပ် ထပ်ဘီး မိန့်တော်မူဟူကြောန်း
(မဿဲ ၁၇.၂၂,၂၃; မာကု ၉.၃၀-၃၂)

လူလေဟှာ ယေရှု ပြုလောက်ဇာလေ ဂူလောင်းဟို့ အံ့ဩြနေခီမာဘဲ့ ကိုယ်တော်ဟှာ တဗဲ့တော်လေဟို့

44 “နန်းနို့ဟို့ ငါမိန့်မှာဟှားဇာလေဟို့ မေ့ဂေ့နဲ့! လူရဲ့သားဟှာ လူလေရဲ့ လတ်ထဲဟို့ အပ်ရှင်းဟို့ ခံရလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

45 အယ်ဘေမဲ့ အယ်စကားဟို့ တဗဲ့တော်လေ နားလည်နိုင်ဘဲအောန် ဓိပါယ်ဟို့ ဖောင်းဟှားကြောန့် သူးနို့ဟှာ နားလည်ဂေ့ဟှ။ အယ်ဓိပါယ်န ပတ်သတ်ဘီး ကိုယ်တော့်ဟို့ တောန်းလျှော့-က်ဟို့လည်း သူးနို့ ကြော့-က်ဂေ့ဟှယ်။

ကီးဆောင်းဟှ ဖယ်သူနူး။
(မဿဲ ၁၈.၁-၅; မာကု ၉.၃၃-၃၇)

46 တဗဲ့တော်လေ ကြားထဲမာ ဖယ်သူဟှာ ကီးမြတ်ဆောင်း ဖြစ်ဟှယ် ဆိုဘီး ဂြင်းခူရှင်းလေ ဖြစ်လာဟှယ်။

47 ယေရှုဟှာ သူးနို့ ဖြားဇာလေ ဂြင်းခူနေဟှယ် ဆိုဇာဟို့ စိထဲမာ သိဟူကြောန့် သားဂန်းဟှား တယော့-က်ဟို့ ခေါ်ဘီးဟှာ ကိုယ်တော်ရဲ့ ဘေးနားမာ ရပ်စေဘီးန၊

48 သူးနို့လေဟို့ “အယ်မူသားဂန်းဟှားဟို့ ငါ့နာမနှိုက် လတ်ခံဟူသူဟှာ ငါ့ဟို့ လတ်ခံဟှယ်။ ငါ့ဟို့ လတ်ခံဟူသူဟှာ ငါ့ဟို့ စေလွှတ်လိုက်ဟူ သူဟို့လည်း လတ်ခံရှင်းဖြစ်ဟှယ်။ အယ်ကြောန့် နန်းနို့ထဲမာ ငယ်ဆောင်းဟူလူဟှာ ကီးမြတ်ဆောင်း ဖြစ်ဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

နန်းနို့ဟို့ ဆန့်ကျင်ဘဲဟူလူဟှာ နန်းနို့ဖတ်မာရှိဟူကြောန်း
(မာကု ၉.၃၈-၄၀)

49 ယောဟန်ဟှ “သခင်၊ ကိုယ်တော်ရဲ့ နာမန နတ်ဆိုးလေဟို့ နှန်ထုနေဟူ လူတယော့-က်ဟို့ ကျွန်တော့်ဟှားလေ တွိဟှားဟှယ်။ အယ်လူဟှာ ကျွန်တော့်ဟှားလေ အောက်စုထဲဟှမူဘဲကြောန့် ကိုယ်တော်ရဲ့ နာမဟို့ သောင်းန ဆိုဘီး တားမြစ်ဟှားဟှယ်” ဆိုဘီး လျှော့-က်လေဟှယ်။

50 ယေရှုဟှာ “အယ်လူဟို့ တားမြစ်ဂေ့န။ ဖြားဖြစ်ကြောန်ဆိုဟှာ နန်းနို့ဟို့ ဆန့်ကျင်ဘဲဟူ လူဟှာ နန်းနို့ဖတ်မာရှိဟှယ်” ဆိုဘီး ယောဟန်န တခြားတဗဲ့တော်လေဟို့ မိန့်တော်မူလေဟှယ်။

ယေရှုဟို့ ငြင်းပယ်ဟူ ရှမာရိဝါကြောန်း

51 ယေရှုဟှာ ကောန်းဂန်ဘောင်ဟို့ တတ်ကြွဟို့ နီးလာဟူ ခီမာ ယေရုရှလင်ဗြို့ဟို့ ကြွဟှားတော်မူဟို့ စိဆောင်းဖြတ်လေဟှယ်။

9:46 **ဧ.၄၆** လု ၂၂.၂၄ **9:48** **ဧ.၄၈** မ ၁၀.၄၀; လု ၁၀.၁၆; ယော ၁၃.၂၀

52 ကိုယ်တော်ဟာ စေတမန်လေးဘို့ ရှေ့ဟုနေ စေလွှတ်ဘီး သူးနို့ဟာ ကိုယ်တော်တွပ်
ပြင်ဆင်ဘို့ ရှုမာရိဝါထဲဟို ဝမ်ဂေ့ဟုယ်။
53 အယ်ဘေမဲ့ ကိုယ်တော်ဟာ ယေရှုရှလင်ဖြို့ဟို ခရီးပြုနေဟုယ် ဖြစ်ဟူကြောန့်
အယ်နေရာမာရှိနေဟူ လူလေဟာ ကိုယ်တော့်ဟို လတ်ခံဂေ့ဟု။
54 အယ်မူဇာဟို တဗဲတော်လေဖြစ်ဟူ ယာကုပ်န ယောဟန်လေ ဖြင်ဟားဟူ ခီမာ
သူးနို့ဟ “သခင်ဘုရား၊ ကျွန်တော့်ဟားလေဟာ ဧလိယလောက်ဟူမျိုး ကောန်းဂန်ဟုနေ
မီးကျလစေလိုက်ဘီး သူးနို့ဟို လောန်ဟားဟို့ ကိုယ်တော် လိုရှင်လော။”* ဆိုဘီး
မေးလျှော့-က်လေဟုယ်။
55 အယ်ဘေမဲ့ ယေရှုဟာ လှည့်ကေ့ဘီးန သူးနို့ဟို ဆောင်းမလေဟုယ်။†
56 အယ်ဘီးန ယေရှုဟာ တဗဲတော်လေန တခြားဝါဟို ဆစ်ဘီး ကြွဟားတော်မူဟုယ်။

ယေရှုရဲ့ နော့-က်လိုက်ဖြစ်ရှင်ဟူ သူလေကြောန်း
(မဿဲ ၈.၁၉-၂၂)

57 သူးနို့ဟာ ခရီးဆစ်သွားနေကြောန့် လူတယော့-က်ဟာ ယေရှုဟို “ကိုယ်တော်
ဖယ်နေရာသွားသွား ကျွန်တော် လိုက်ပါမယ်” ဆိုဘီး လျှော့-က်လေဟုယ်။
58 ယေရှုဟုလည်း “မ့လေခွီးမာ တွမ်းရှိဟုယ်။ ကောန်းဂန်ဟု ငှတ်မာလည်း
သိုက်ရှိဟုယ်။ အယ်ဘေမဲ့ လူရဲ့သားမာဟု ခေါန်းခ့လဟို့တွပ် နေရာမ့ေဟု” ဆိုဘီး
မိန့်တော်မူလေဟုယ်။
59 ကိုယ်တော်ဟာ “ငါ့နော့-က်ဟို့ လိုက်ပါ” ဆိုဘီး တခြား တယော့-က်ဟို့
မိန့်တော်မူလေဟုယ်။
အယ်ဘေမဲ့ အယ်လူဟ “သခင်၊ ကျွန်တော့်ဖဟို့ ရင်ဦးဆောင်း သွားဘီး
သင်္ဂြိုဟ်ဟို့တွပ် ခွမ့်ပေးပါ” ဆိုဘီး လျှော့-က်လေဟုယ်။
60 ယေရှုဟ “လူသေလေဟို့ လူသေလေဘဲ့ သင်္ဂြိုဟ်ပါစေ။ နန်ဟာ သွားဘီး
ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ဟောပြောပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။
61 နော့-က်တယော့-က်ဟုလည်း “သခင်၊ ကျွန်တော်ဟာ ကိုယ်တော့်
နော့-က်တော်ဟို့ လိုက်ရှင်ဟုယ်။ အယ်ဘေမဲ့ ကျွန်တော့်မိသားစုဟို့ ရင်ဦးဆောင်း
နှောက်ဆစ်ခွမ့်ပြုပါ” ဆိုဘီး လျှော့-က်လေဟုယ်။
62 ယေရှုဟာ သူ့ဟို့ “ထွန်ဂိုင်းဟို့ ကိုင်ဘီး နော့-က်ဟို့ ပ့လန်လှည့်ကေ့ဟူ လူဟုာ
ဘုရားသခင်ရဲ့ နိုင်ငံတော်တွပ် သောင်းဇာဟိုရဟု” ဆိုဘီး မိန့်တော်မူလေဟုယ်။

10

တဗဲတော် ခွန်နစ်ဆယ်နှေ့ယော့-က်ဟို့ စေလွှတ်ကြောန်း

* **9:54** **၉.၅၄** တချို့ မူရင်းလတ်ရေးမူလေမာ ဧလိယလောက်ဟူမျိုး၊ ဆိုဘီး ထပ်ပေါန်းထဲ့ဟုားဟုယ်။ † **9:55** **၉.၅၅** တချို့ မူရင်းလတ်ရေးမူလေမာ “နန်းနို့ရဟုားဟူ ဝိညာဉ်တော်ဟို့ နန်းနို့ သိဂေ့ဟု၊ လူရဲ့သားဟုာ လူလေရဲ့
သတ်ဟို့ ဖျစ်ဆီးဟို့တွပ် လာဇာ မူဟု၊ သူးနို့ဟို့ ကယ်တန်ဟို့တွပ် လာဟုယ်၊” ဆိုဇာဟို့ ထပ်ပေါန်းထဲ့ဟုားဟုယ်။

1 အယ်မျိုးမိန့်တော်မူဘီးန သခင်ဘုရားဟှာ နော့-က်ထပ် လူ ၇၂ ပါး*ဟှို
ဝီးကော့-က်တော်မူဘီး၊ နှေ့ယော့-က်စီတွဲဘီး ကိုယ်တော်ကိုယ်တိုင် သွားဟှို့
ဗြို့ဝါလေဟှို ရင်ဦးဆောင်း စေလွှတ်လေဟှယ်။
2 ကိုယ်တော်ဟှာ သူးနို့ဟှို "ရိသီးဇာလေ ဘောင်ဂီးရှိဘေမဲ့ ရိသီးမားလေဟှာ
နဲနဲဘဲ့ရှိဟှယ်။ ရိသီးမားလေ စေလွှတ်ပေးဟှို့တွပ် ဗားဇရှင်ဟှို ဆုတောန်းဂေ့။
3 သွားဂေ့! ဝံပုလွေအောက်ထဲဟှို သိုးသားဂန်းလေဟှို စေလွှတ်ဟှုမျိုး နန်းနို့ဟှို
ငါစေလွှတ်ဟှယ်။
4 ကပ်အိ၊ လွယ်အိ၊ ခေနပ်လေဟှို ယူဂေ့န။ လမ်းမာရပ်ဘီး ဖယ်သူဟှိုလည်း
နှောက်ဆစ်ဂေ့န။
5 နန်းနို့ဟှာ အီတအီဟှို ဝမ်ဟှားဟှုခီတိုင်း ရင်ဦးဆောင်း 'အယ်အီမာ
ငြိသတ်ရှင်းရှိပါစေ' ဆိုဘီး နှောက်ဆစ်ဂေ့။
6 အယ်အီမာ ငြိသတ်ရှင်းဟှို ရှစ်မြတ်နိုးသူရှိမယ် ဆိုဟှာ နန်းနို့ နှောက်ဆစ်ဟှု
ငြိသတ်ရှင်းဟှာ အယ်လူထတ်မာ ကျန်ရစ်လေ့မယ်။ ငြိသတ်ရှင်းဟှို ရှစ်မြတ်နိုးသူ
မှေ့ဟှ ဆိုဟှာ နန်းနို့ နှောက်ဆစ်ဟှု ငြိသတ်ရှင်းဟှာ နန်းနို့နားဟှို ပ့လန်လာလေ့မယ်။
7 နန်းနို့ဟှာ အယ်အီမာနေဘီး သူးနို့ ကျွေးဇာလေဟှို စားသောက်ဂေ့။
ဖြားဖြစ်ကြောန်နူးဆိုဟှာ လောက်လောက်ဟှု သူဟှာ လောက်ခဟှို ရထိုက်ဟှယ်။
တအီဟှနေ တအီဟှို ပ့လောန်းဂေ့န။
8 နန်းနို့ဟှို လတ်ခံဟှု ဗြို့ဟှိုဝမ်ဘီး ကျွေးဇာလေဟှို စားဂေ့။
9 အယ်ဗြို့မာရှိဟှု လူနာလေဟှို နာပျော့-က်စေဘီး 'ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှာ
တည်ခါနီးနေဘီ' ဆိုဘီး အယ်လူလေဟှို ပြောဂေ့။
10 အယ်ဘေမဲ့ နန်းနို့ဟှို လတ်ခံဘဲဟှု ဗြို့ဖြစ်မယ် ဆိုဟှာ လမ်းထတ်ဟှနေ
11 'နန်းနို့ဟှို ဒီပေးဟှုနေန နို့လေရဲ့ ခေဖွားမာ ကပ်နေဟှု နန်းနို့ဗြို့ဟှ မ့လေမုလေဟှို
နို့လေ ခါခ့လလိုက်ဟှယ်။ အယ်ဘေမဲ့ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှာ တည်ခါနီးနေဘီ
ဆိုဇာဟှို အော့-က်မေ့ဂေ့!' ဆိုဘီး ပြောဂေ့။
12 တရားစီရင်ဟှုနေ့မာ ဘုရားသခင်ဟှာ အယ်ဗြို့ထတ် သောဒုံဗြို့ဟှိုဘဲ့ ပိုဘီး
ကရုဏာတော် ပြလေ့မယ် ဆိုဇာဟှို ငါ ပြောဟှယ်!

ယောင်ကြည်ဘဲဟှု ဗြို့လေကြောန်း
(မဿဲ ၁၁.၂၀–၂၄)

13 "ခေါရဇိန်ဗြို့၊ နန်ဟှာ အမင်္ဂလာရှိဟှယ်! ဗက်ဇဲဒဗြို့၊ နန်ဟှာ အမင်္ဂလာရှိဟှယ်!
နန်းနို့ဟှို ပြဟှားဟှု နိမိတ်လတ်ခဇာလေဟှို တုရုဗြို့န ဇီဒုန်ဗြို့မာ ပြဟှားမယ် ဆိုဟှာ
အယ်ဗြို့လေဟှ လူလေဟှာ လျှော်တေဟှို ဝတ်ဘီး ပ့လာထဲမာ ထိုင်ဘီး
နောန်ဒရဂေ့လေ့မယ်!

---

* **10:1 ၁၀.၁** ၇၂ ပါး၊ တချို့ မူရင်းလတ်ရေးမူလေမာ ခွန်နစ်ဆယ်၊ ဆိုဘီး ဖော်ပြဟှားဟှယ်။ **10:2 ၁၀.၂** မ ၉.၃၇,၃၈ **10:3 ၁၀.၃** မ ၁၀.၁၆ **10:4 ၁၀.၄–၁၁** မ ၁၀.၇–၁၄; မာ ၆.၈–၁၁; လု ၉.၃–၅ **10:7 ၁၀.၇** ၁ ကော ၉.၁၄; ၁ တိ ၅.၁၈ **10:10 ၁၀.၁၀,၁၁** တ ၁၃.၅၁ **10:12 ၁၀.၁၂ ကာ** မ ၁၁.၂၄; **ခ** မ ၁၀.၁၅

14 တရားစီရင်ဟူနေ့မာ ဘုရားသခင်ဟာ နန်းနို့ထတ် တုရုဗြို့နု ဇီဒုန်ဗြို့လေဟိုဘဲ့
ပိုဘီး ကရုဏာပြလေ့မယ်။
15 ကပေရနောင်ဗြို့၊ နန်ဟာ အမင်္ဂလာရှိဟုယ်! နန့်ဟာ ကောန်းဂန်ထိ
ချီးမြှော-က်ရှင်းဟို ခံရဘေမဲ့လည်း မရဏာနိုင်ငံဟိုဘဲ့ ခ့လရှင်းဟို ခံရလေ့မယ်!”
ဆိုဘီး မိန့်တော်မူလေဟုယ်။
16 ယေရှုဟာ တဗဲ့တော်လေဟို “ဖယ်သူဘဲ့ဖြစ်ဖြစ် နန်းနို့စကားဟို
နားထောန်ဟူသူဟာ ငါ့စကားဟို နားထောန်ဟူသူ ဖြစ်ဟုယ်။ ဖယ်သူဘဲ့ဖြစ်ဖြစ်
နန်းနို့ဟို ငြင်းပယ်ဟူ သူဟာ ငါ့ဟို ငြင်းပယ်ဟူသူ ဖြစ်ဟုယ်။ ဖယ်သူဘဲ့ဖြစ်ဖြစ် ငါ့ဟို
ငြင်းပယ်ဟူ လူဟာ ငါ့ဟို စေလွှတ်လိုက်ဟူ လူဟိုလည်း ငြင်းပယ်ဟူလူ ဖြစ်ဟုယ်”
ဆိုဘီး မိန့်တော်မူလေဟုယ်။

တဗဲ့တော် ခွန်နစ်ဆယ်နှေ့ပါး ပ့လန်ရော့-က်လာဟူကြောန်း

17 တဗဲ့တော် ၇၂ ပါး†ဟာ ရရာတိုင်း ဝန်းသာဘီး ပ့လန်ရော့-က်လာဂေ့ဘီး “သခင်၊
ကျွန်တော့်ဟားလေဟာ ကိုယ်တော်ရဲ့ နာမန နတ်ဆိုးလေဟို နှန်ထုလိုက်ဟူ ခီမာ
သူးနို့လေဟာ နားထောန်ဘီးဟာ ထွပ်ဟားဂေ့ဟုယ်!” ဆိုဘီး လျှော-က်ဂေ့ဟုယ်။
18 ယေရှုဟာ “စာတန်ဟာ ကောန်းဂန်ဟုနေ လျှပ်စစ်ဖြန့်မျိုး က့လလာဇာဟို
ငါဖြင်ရဟုယ်။
19 နားထောန်ဂေ့! နန်းနို့ဟာ ဗွီလေန ကန်းမီးဂေါ့-က်လေ ထတ်မာ
လမ်းရှော့-က်နိုင်ဘီး ရန်သူရဲ့တဝိုး အာဏာလေ ဂူလောင်းဟို နိုင်ရဟူ
ခွမ့်အာဏာလေဟို ငါပေးဟုးပီးဘီ ဖြစ်ဟူကြောန့် ဖယ်ဘေးလည်း နန်းနို့ဟို
ညှဉ်းဆဲလေ့ မှုဟု။
20 အယ်ဘေမဲ့ နန်းနို့ဟာ နတ်ဆိုးလေဟို နှန်ထုနိုင်ဟူကြောန့် ဝန်းသာဂေ့န။ နန်းနို့ရဲ့
နာမယ်ဟာ ကောန်းဂန်စာရင်းမာ ရေးဟုးပီးဘီ ဖြစ်ဟူကြောန့် ဝန်းသာဂေ့” ဆိုဘီး
သူးနို့ဟို မိန့်တော်မူလေဟုယ်။

ယေရှု ဝန်းသာတော်မူဟူကြောန်း
(မာကု ၁၁.၂၅-၂၇; ၁၃.၁၆-၁၇)

21 အယ်ခီမာ ယေရှုဟာ သန့်ရှင်းဟူဝိညာဉ်တော်‡အားဖြင့် ရရာတိုင်း ဝန်းသာနေဘီး
“ကောန်းဂန်ဘောင်န မ့လေဂီးရဲ့သခင် ဖြစ်တော်မူဟူဖ! ကိုယ်တော်ဟာ ပညာရှိလေန
ဉာဏ်ကောန်းဟူ သူလေတွပ် ဉပ်ဟုးဟူ ဇာလေဟို ပညာတတ်ဘဲဟူ သူလေဟိုဘဲ့
ဖွမ့်ပြပေးဟူကြောန့် ကိုယ်တော့်ဟို ကျေးဇူးတန်ဟုယ်။ မှန်ပါဟုယ် ဖ၊ အယ်မူဇာဟာ
ရှေ့တော်မာ နှစ်သက်ဖွယ် ဖြစ်ပါဟုယ်။

10:16 **၁၀.၁၆** မ ၁၀.၄၀; မာ ၉.၃၇; မာ ၉.၄၈; ယော ၁၃.၂၀ † **10:17** **၁၀.၁၇** ၇၂ ပါး၊ တချို့ မူရင်းလတ်ရေးမူလေမာ ခွန်နစ်ဆယ်၊ ဆိုဘီး ဖော်ပြဟုးဟုယ် (ရှု ခန်းငယ် ၁)။ ‡ **10:21** **၁၀.၂၁** သန့်ရှင်းဟူဝိညာဉ်တော်အားဖြင့်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဝိညာဉ်တော်အားဖြင့် ဆိုဘီး ဖော်ပြဟုးဟုယ်။ တချို့ မူရင်းလတ်ရေးမူလေမာ ကိုယ်တော်ရဲ့ ဝိညာဉ်ထဲမာ၊ ဆိုဘီး ဖော်ပြဟုးဟုယ်။

22 “နို့ဖဟ့ဘ ရှိမ့ျဂူလောင်း ငါ့ဟို့ ပေးဟ့ဘးပီးဘီ။ အယ်သားဟ့ဘ ဖယ်သူဖြစ်ဟ့ယ်
ဆိုဇာဟို့ ဖဟ့လွဲဘီး ဖယ်သူလည်း သိဂေ့ဟ့။ ဖဟ့ဘ ဖယ်သူ ဖြစ်ဟ့ယ် ဆိုဇာဟို့လည်း
အယ်သားန အယ်သားတော်ဟ့ ဖွမ့်ပြဟို့တွပ် ဝီးကော့-က်ဟ့ားဟ့ူ သူလေမ့တပါး
ဖယ်သူလည်း သိဂေ့ဟ့” ဆိုဘီး မိန့်တော်မူလေဟ့ယ်။

23 အယ်ဘီးန ယေရှုဟ့ဘ တမဲ့တော်လေဖတ်ဟို့ လှည့်ဘီးန သူးနို့ဟို့ “နန်းနို့
ခုဖြင်နေရဟ့ူ ဇာလေဟို့ ဖြင်ရဟ့ူကြောန့် နန်းနို့မျစ်စ်ဟ့ဘ မင်္ဂလာရှိဂေ့ဟ့ယ်!
24 နန်းနို့ဟို့ ငါပြောမယ်။ နန်းနို့ ဖြင်ရဟ့ူ ဇာလေဟို့ ပရောဖက်လေန မန်းဂီးလေဟ့ဘ
ဖြင်ရှင်ဘေမဲ့လည်း သူးနို့ဟ့ဘ ဖြင်ရဂေ့ဟ့။ နန်းနို့ ကြားရဟ့ူ ဇာလေဟို့လည်း သူးနို့
ကြားရဂေ့ဟ့” ဆိုဘီး မိန့်တော်မူလေဟ့ယ်။

ကောန်းဟ့ူ ရှမာရိရဲ့ ပေါင်ဥပမာ

25 ကျမ်းတတ်ဆရာ တယော့-က်ဟ့ဘ ထလာဘီးဟ့ဘ ယေရှုဟို့ “ဆရာ၊ ထာဝရသတ်
ရရှိဟို့တွပ် ဖြားလောက်ရမယ်နူး။” ဆိုဘီး ပညာစမ်းရှင်ဟ့ူကြောန့်
မေးလျှော့-က်လေဟ့ယ်။

26 ယေရှုဟ့ဘ “ပညတ်တော်မာ ဖြားဇာလေ ပြောဟ့ားနူး။ နန်းနို့
ဖယ်မျိုးဖတ်ဟ့ားနူး။” ဆိုဘီး သူဟို့ မေးတော်မူလေဟ့ယ်။

27 အယ်လူဟ့ “ ‘နန့်ရဲ့သခင်၊ ဘုရားသခင်ဟို့ စိနှလောင်းကြွင်းမဲ့၊ ဉာဏ်စွမ်းကြွင်းမဲ့၊
ကိုယ်စွမ်းရှိမ့ျန ရှစ်ပါ။ အယ်ဘီးဟ့ဘ နန့်ရဲ့ အီဇနီးရှင်းဟို့ နန့်ကိုယ်နန် ရှစ်မျိုးဘဲ့ရှစ်ပါ’”
ဆိုဘီး ပုလန်လျှော့-က်လေဟ့ယ်။

28 ယေရှုဟ့ “နန်ဖြေဇာဟ့ဘ မုန်ဟ့ယ်။ အယ်မျိုးလောက်မယ် ဆိုဟ့ဘ နန်ဟ့ဘ
သတ်ရှင်ရလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။

29 အယ်ဘေမဲ့ အယ်ကျမ်းတတ်ဆရာဟ့ဘ ဖြောန့်မတ်ကြောန်းပြရှင်ဟ့ူကြောန့်
ယေရှုဟို့ “ကျွန်တော့်ရဲ့ အီဇနီးရှင်းဟ့ဘ ဖယ်သူနူး။” ဆိုဘီး သူဟ့ဘ မေးတော်မူလေဟ့ယ်။

30 ယေရှုဟ့ “လူတယော့-က်ဟ့ဘ ယေရုရှလင်ဗြို့ဟ့နေ ယေရိခေါဗြို့ဟို့ ဆင်းလာဟ့ူ
ခီမာ မ့လတိုက်ခံရလေဟ့ယ်။ မ့လလေဟ့ဘ သူ့ရဲ့ အန်းဂီးလေဟို့ ခလွတ်ဘီး၊
ရိုက်သတ်ဘီးဟ့ဘ သေခါနီးနီး ဖြစ်နေဟ့ူ ခီမာ ပစ်ဟ့ားဘီး ထွပ်ဟ့ားဟ့ယ်။
31 အယ်မျိုးဖြစ်ဘီးန ယဇ်ပုရောဟိတ် တပါးဟ့ဘ အယ်လမ်းတိုင်း ရော့-က်လာဟ့ူ
ခီမာ အယ်လူဟို့ ဖြင်ဘေမဲ့လည်း ရှောန်ဘီးဟ့ဘ သွားလေဟ့ယ်။
32 အယ်မျိုးဘဲ့ လေဝိတယော့-က်လည်း ရော့-က်လာဘီး အယ်လူဟို့ ကေ့ဘီးန
ရှောန်ဘီးဟ့ဘ သွားလေဟ့ယ်။
33 အယ်ဘေမဲ့ ရှမာရိလူမျိုး တယော့-က်ဟ့ဘ ခရီးသွားရင်းန အယ်လူရှိဟ့ူ နေရာဟို့
ရော့-က်လာဟ့ယ်။ သူဟ့ဘ အယ်လူဟို့ ဖြင်လိုက်ဟ့ူ ခီမာ သနားစိလေ ဖြစ်လာဟ့ယ်။

10:22 **၁၀.၂၂ က** ယော ၃.၃၅; **ခ** ယော ၁၀.၁၅ **10:25** **၁၀.၂၅-၂၈** မ ၂၂.၃၅-၄၀; မာ ၁၂.၂၈-၃၄

34 သူဟာ အယ်လူနားဟို့ သွားဘီး အယ်လူရဲ့ ဒန်ရာလေထတ်ဟို့ ဆီနဝိုင်ဟို့
လောန်းထဲဘီးဟာ ဝတ်န စဲပေးလေဟုယ်။ အယ်ဘီးန သူ့ရဲ့ မြည်းထတ်ဟို့ တန်ဘီးန
လူနာဟို့ ပြုစုပေးဟို့တွပ် တည်းခိုခန်းဟို့ ခေါ်ဟုားဟုယ်။
35 နတ်ကီးတိုင်မာ သူဟာ ဇရှင်ဟို့ ငွေဒန်းဂါးနှေ့ပ်လား ပေးဘီး 'အယ်လူဟို့
ကေ့ရှုပြုစုပေးပါ။ နော့-က်ထပ် ကူကုလဇာလေဟို့ ငါပ့်လန်လာဟူ ခီမာ ပေးမယ်'"
ဆိုဘီး ပြောလေဟုယ်။
36 ယေရှုဟာ "အယ်လူလေ သောင်းယော့-က်ထဲမာ ဖယ်သူဟာ မ့်လတိုက်ခံရသူန
အီဇနီးရှင်းဖြစ်ဟုယ် ဆိုဘီး နန်ထန်နူး။" ဆိုဘီး မေးတော်မူလေဟုယ်။
37 ကျမ်းတတ်ဆရာဟု "လူနာဟို့ သနားဟူလူ ဖြစ်ဟုယ်" ဆိုဘီး
လျှော့-က်လေဟုယ်။
ယေရှုဟု "အယ်ဆိုဟာ နန်သွားဘီး အယ်မျိုးလောက်ပါ" ဆိုဘီး
မိန့်တော်မူလေဟုယ်။

မာသန မာရိအီဟို့ အီးခ့လယ်သွားဟူကြောန်း

38 ယေရှုန တဗဲတော်လေဟု ခရီးသွားနေဒူးမာ ဝါတဝါဟို့ ဝမ်ဂေ့လေဟုယ်။
အယ်ဝါမာ မာသနာမယ်ရှိဟူ မီးမဟု သူ့အီမာ ကိုယ်တော့်ဟို့ ည့်ခံလေဟုယ်။
39 မာသမာလည်း မာရိနာမယ်ရှိဟူ ညီမတယော့-က်ရှိဟုယ်။ အယ်ညီမဟု
သခင်ဘုရားရဲ့ ခေတော်ရင်းမာ ထိုင်ဘီးန ကိုယ်တော်ရဲ့ စကားတော်ဟို့
နားထောန်နေလေဟုယ်။
40 မာသဟု ည့်ဝတ်ပြုရှင်းမူလေကြောန့် စိပူပန်ဘီး ကိုယ်တော့်ဟို့ "သခင်၊
ကျွန်မဟု ည့်ဝတ်ပြုရှင်းလောက်ဟို့ လောက်နေရဟူ ခီမာ ကျွန်မညီမဟု
ကိုယ်တော်ရဲ့ ခေတော်ရင်းမာ လာထိုင်နေဇာဟု မျှတမူရှိဘဲ့လော။ ကျွန်မဟို့
ကူညီပေးဟို့ သူဟို့ ပြောပေးအူး!" ဆိုဘီး လျှော့-က်လေဟုယ်။
41 သခင်ဘုရားဟု "မာသ၊ မာသ! နန်ဟာ အယ်မူကိစလေတွပ်ဘဲ့
စိုးရိမ်ပူပန်နေဟုယ်။
42 အယ်ဘေမဲ့ နန့်မာ လိုအပ်နေဟူဇာ တခုဘဲ့ရှိဟုယ်။ မာရိဟာ ပိုကောန်းဟူဇာဟို့
ဝီးကော့-က်ဟားပီးဘီ။ အယ်မူဇာဟို့ သူ့နားဟုနေ ဖယ်သူလည်း ယူရဟို့ မူဟု" ဆိုဘီး
သူ့ဟို့ မိန့်တော်မူလေဟုယ်။

11

ဆုတောန်းနည်း သန်ပေးဟူကြောန်း
(မဿဲ ၆.၉-၁၃; ၇.၇-၁၁)

1 တနေ့ ယေရှုဟာ တနေရာမာ ဆုတောန်းနေဟုယ်။ ကိုယ်တော်ဟာ
ဆုတောန်းပီးဟားဟူ ခီမာ တဗဲတော်လေထဲဟု တယော့-က်ဟု "သခင်၊ ယောဟန်ဟာ

10:38 **၁၀.၃၈.၃၉** ယော ၁၁.၁

သူ့တမဲ့လေဟို့ ဆုတောန်းနည်းသန်ပေးမျိုး ကျွန်တော့်ဟုးလေဟို့လည်း
သန်ပေးတော်မူပါ” ဆိုဘီး လျှောက်လေဟုယ်။
2 ယေရှုဟု “နန်းနို့လေ ဆုတောန်းဟူ ခီမာ
“‘ကောန်းဂန်ဘောင်မာ ရှိတော်မူဟူဖ၊
ကိုယ်တော်ရဲ့ နာမတော်ဟို့ ရိုသေလေးမြတ်ရှင်း ရှိပါစေ။
နိုင်ငံတော် တည်ထောန်ပါစေ။
3 ကျွန်တော့်ဟုးလေတွပ် လိုအပ်ဟူ စားဇာဟို့* နေ့စဉ်နေ့တိုင်း ပေးသနားတော်မူပါ။
4 ကျွန်တော့်ဟုးလေဟို့ ပြစ်မှားဟူ သူလေရဲ့ ပြစ်လေဟို့ ကျွန်တော်ဟုးလေ
ခွမ့်လွှတ်ပေးဟူမျိုးဘဲ့
ကျွန်တော့်ဟုးလေရဲ့ ပြစ်လေဟို့လည်း ခွမ့်လွှတ်ပေးပါ။
ပြစ်သွီးဆောန်ဟူ နော့-က်ဟို့ လိုက်ပါသွားစေဘဲန၊
ကောန်းဘဲဟူ ဇာလေဟုလည်း ကယ်နှုပေးပါ’” ဆိုဘီး သူးနို့ဟို့
မိန့်တော်မူလေဟုယ်။
5 အယ်ဘီးန ယေရှုဟု “နန်းနို့ထဲဟု ယော့-က်ယော့-က်ဟု ညဉ့်နတ်ဟူ ခီမာ
အယ်မိဆွေရဲ့ အီဟို့သွားဘီး ‘မိဆွေ၊ ကျွန်တော့်ဟို့ မုသောင်းလောင်းချေးပါ။
6 ကျွန်တော့်မိဆွေ တယော့-က်ဟု ခရီးဟုနေပ့လန်လာဘီး ကျွန်တော့်အီဟို့
ရော့-က်လာဟုယ်။ သူ့ဟို့ ကျွေးဟို့ ဖြားလည်းမှေ့ဘဲဖြစ်နေဟုယ်!’ ဆိုဘီး
ပြောလေဟုယ်။
7 နန့်မိဆွေဟု အီထဲဟုနေ ‘ငါ့ဟို့ နှော့-က်ယုစ်နှ! ခွမော့-က်လည်းပိဟုးပီးဘီ။
ငါ့သားမီးလေန ငါလည်း အိယာဝမ်နေဘီ။ ငါထဘီး နန့်ဟို့ ဖြားဇာလည်း ပေးနိုင်ဟု’
ဆိုဘီး ပ့လန်ပြောလေ့မယ်။
8 နန်းနို့ဟို့ ငါပြောမယ်၊ အယ်လူဟု သူ့မိဆွေ ဖြစ်ဟုယ် ဆိုဇာဟို့ ထော့-က်ဘီး
ဖြားဇာဟို့မျှ ထဘီး ပေးဘဲနေဘေမဲ့လည်း အားလျော့ဘဲန တောန်းနေဟူကြောန့် ထဘီး
လိုရှင်ဇာလေ ဂူလောင်းဟို့ ပေးလေ့မယ်။
9 အယ်ကြောန့် နန်းနို့ဟို့ ငါပြောမယ်။ တောန်းဂေ့။ တောန်းမယ် ဆိုဟု
ရဂေ့လေ့မယ်။ ရှာဂေ့။ ရှာမယ် ဆိုဟု တွိဂေ့လေ့မယ်။ ခွမော့-က်ဟို့ ခေါ့-က်ဂေ့။
ခေါ့-က်မယ် ဆိုဟု ဖွမ့်ပေးလေ့မယ်။
10 တောန်းဟူသူဟု ရလေဟုယ်။ ရှာဟူသူဟု တွိလေဟုယ်။ ခွမော့-က်ဟို့
ခေါ့-က်ဟူသူဟု ခွမော့-က်ဟို့ ဖွမ့်ပေးလေ့မယ်။
11 နန်းနို့မာ ဖယ်မျိုးဖဟု သားမီးလေဟု ငါးဟို့ တောန်းဟူ ခီမာ ငါးဟို့ ပေးဘဲန
ဗွီဟို့ ပေးဟို့လော။
12 ကြစ်ဥဟို့ တောန်းဟူ ခီမာ ကန်းမီးကေါ့-က်ဟို့ ပေးဟို့လော။

* **11:3** ၁၁.၃ ကျွန်တော့်ဟုးလေတွပ် လိုအပ်ဟူ စားဇာဟို့၊ အယ်မျိုးမူဘဲ့နေဟု နတ်ကီးတိုင်တွပ်စာ။

13 နန်းနှိမ်ဟာ ကောန်းဘဲဟူသူလေ ဖြစ်ဘေမဲ့လည်း နန်းနှိမ်ရဲ့ သားမီးလေဟို့
ကောန်းဟူဇာလေဟို့ဘဲ့ ပေးဟုယ် ဆိုဟာ ကောန်းဂန်ဘောင်မာ ရှိတော်မူဟူ နန်းနှိဖဟာ
တောင်းဟူလူလေဟို့ သန်ရှင်းဟူဝိညာဉ်တော်ဟို့ ပိုဘီး ပေးတော်မူလေ့မယ်!" ဆိုဘီး
တဲ့တော်လေဟို့ မိန့်တော်မူလေဟုယ်။

ယေရှုန ဗေလဇေဗုလကြောန်း
(မဿဲ ၁၂.၂၂-၃၀; မာကု ၃.၂၀-၂၇)

14 ယေရှုဟာ အ,နေဟူ နတ်ဆိုးဟို့ နှန်ထုလေဟုယ်။ နတ်ဆိုးထွပ်ဟားဘီးန
အ,နေဟူသူဟာ စကားပြောလာဟူကြောန့် လူအောက်ဂီးဟာ ရရာတိုင်း
အံ့ဩြဟားဟုယ်။

15 အယ်ဘေမဲ့ လူတချို့ဟ "ကိုယ်တော်ဟာ နတ်ဆိုးမန်း ဗေလဇေဗုလဟ
ပေးဟားဟူတဂိုးန နတ်ဆိုးလေဟို့ နန်ထုဂေ့ဟုယ်" ဆိုဘီး ပြောဂေ့ဟုယ်။

16 တချို့ဟ ယေရှုဟို့ စမ်းသပ်ရှင်ဂေ့ဟူကြောန့် ကောန်းဂန်ဘောင်ဟ
နိမိတ်လတ်ခဏာတခုဟို့ ပြကေ့ ဆိုဘီး တောန်းဆိုဂေ့ဟုယ်။

17 အယ်ဘေမဲ့ ယေရှုဟာ သူးနှိလေရဲ့ ကြံစည်ဟို့ သိနေဟူကြောန့် "နိုင်ငံတနိုင်ငံမာ
လူလေကွဲပြားဘီး ရှင်းရှင်းတိုက်ခိုက်နေမယ် ဆိုဟာ အယ်နိုင်ငံဟာ ကြာခန်မာ
ပျစ်စီးဟားလေ့မယ်။ အီထောန်တခုမာ အီသူအီသားလေ ကွဲပြားဘီး
ရှင်းရှင်းတိုက်ခိုက်နေမယ် ဆိုဟာ အယ်အီထောန်ဟာ ပျစ်စီးဟားလေ့မယ်။

18 အယ်ကြောန့် စာတန်ရဲ့ နိုင်ငံဟာ ကွဲပြားမယ် ဆိုဟာ ဖယ်မျိုး ရပ်တည်နိုင်မယ်နူး။
ငါဟာ ဗေလဇေဗုလ ပေးဟားဟူတဂိုးန နတ်ဆိုးလေဟို့ နှန်ထုဟုယ် ဆိုဘီး
နန်းနှိုပြောဂေ့ဟုယ်။

19 ငါဟာ ဗေလဇေဗုလ ပေးဟားဟူတဂိုးန နတ်ဆိုးလေဟို့ နှန်ထုဟုယ် ဆိုဟာ
နန်းနှိရဲ့ တဲ့လေဟာ ဖယ်သူပေးဟားဟူ တဂိုးန နှန်ထုဂေ့နူး။ နန်းနှိရဲ့ တဲ့လေဟာ
နန်းနှိရဲ့ တရားသူဂီးလေ ဖြစ်ဟုယ်!

20 ငါဟာ ဘုရားသခင်ရဲ့ တဂိုးတော်အားဖြင့် နတ်ဆိုးလေဟို့ နှန်ထုဟုယ်။
အယ်ကြောန့် ဘုရားသခင်ရဲ့ နိုင်ငံတော်ဟာ နန်းနှိထဲမာ တည်ထောန်နေဘီ။

21 "ခွန်အားကီးဟူလူဟ လတ်နတ်စောင်န သူအီဝမ်းဟို့ စောန့်နေဟူ ခီမာ
သူအောက်စာလေဟာ လောင်ခြောင်နေဟုယ်။

22 အယ်ဘေမဲ့ အယ်သူထတ် ခွန်အားကီးဟူလူဟ ရော့-က်လာဘီး သူ့ဟို့
တိုက်ခိုက်အောန်မြင်ဟားဟူ ခီမာ သူအားကိုးဟူ လတ်နတ်စောင်လေဟို့ သီးယူဘီး
ရရှိဟားဟူ ပစ်စီးလေဟို့ ခွဲတမ်းခ့လလေ့မယ်။"

23 "ငါ့ဖတ်မာ နေဘဲဟူသူဟာ ငါ့ရန်ဖတ်ဖြစ်ဟုယ်။ ငါ့နတူးဒူ စုသီးဘဲဟူသူဟာ
ကြဲဖြန့်နေဟူသူ ဖြစ်လေဟုယ်။

11:15 ၁၁.၁၅ မ ၉.၃၄; ၁၀.၂၅ **11:16** ၁၁.၁၆ မ ၁၂.၃၈; ၁၆.၁; မာ ၈.၁၁ **11:23** ၁၁.၂၃ မာ ၉.၄၀

ညစ်ညူးဟူနတ် ပုလန်ဝမ်ပူးကြောန်း
(မဿဲ ၁၂.၄၃-၄၅)

24 “ညစ်ညူးဟူ နတ်ဟှာ လူထဲဟှ ထွပ်ဟှားဘီး ခြေ-က်ကပ်ဟူ နေရာမာ
ခိုနားရာဟို့ ရှာလေဟှယ်။ တွိဟှ ဆိုဟှာ ‘ငါဟှာ နေရာဟောန်းဟို့ဘဲ့ ပုလန်မယ်’ ဆိုဘီး
ပြောလေဟှယ်။
25 နေရာဟောန်းဟို့ ပုလန်ရော့-က်ဟူ ခီမာ သန့်ရှင်းအောန် ခါဟှားဇာဟို့
တွိလေဟှယ်။
26 သူ့ထတ်ပိုဆိုးဟူ ညစ်ညူးဟူနတ် ခွန်နစ်ကောန်ဟို့ ခေါ်လာဘီးဟှာ
အယ်နေရာဟောန်းမာဘဲ့ နေလေဟှယ်။ အယ်ကြောန့် အယ်လူရဲ့ နော့-က်ဖြစ်ဟူ
ဇာဟှာ ရှေ့ဖြစ်ဟူ ဇာထတ် ပိုဘီး ဆိုးဝါးလေဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

စစ်မှန်ဟူ မင်္ဂလာကြောန်း
27 ယေရှုဟှာ အယ်မျိုးပြောလိုက်ဟူ ခီမာ လူအောက်ဂီးထဲဟှ မီးမတယော့-က်ဟှာ
ကိုယ်တော့်ဟို့ “ကိုယ်တော့်ဟို့ မွီးဘီး နို့တိုက်ဟူ မီးမဟှာ မင်္ဂလာရှိဟှယ်!” ဆိုဘီး
လျှော့-က်လေဟှယ်။
28 အယ်ဘေမဲ့ ယေရှုဟှ “ဘုရားသခင်ရဲ့ စကားတော်ဟို့ ကြားဘီး
နားထောန်ဟူလူဟှာ မင်္ဂလာရှိဟှယ်!” ဆိုဘီး ပုလန်မိန့်တော်မူလိုက်ဇာဟှ၊

နိမိတ်လတ်ခဏာတောန်းဟူကြောန်း
(မဿဲ ၁၂.၃၈-၄၂)
29 လူအောက်ဂီးဟှာ ယေရှုနားမာ ဝိုင်းအောင်နေဟူကြောန့် ကိုယ်တော်
မိန့်တော်မူလိုက်ဇာဟှ “ခုခေတ် လူလေဟှာ ရရာတိုင်း ဆိုးညစ်ဂေ့ဟှယ်! သူးနို့ဟှာ
နိမိတ်လတ်ခဏာဟို့ တောန်းဘေမဲ့ ယောနရဲ့ နိမိတ်လတ်ခဏာမှတပါး
ဖယ်နိမိတ်လတ်ခဏာလည်း သူးနို့ဟို့ ပြလေ့မယ် မူဟှ။
30 နိနဝေဗြိသားလေတွပ် ယောနဟှာ နိမိတ်လတ်ခဏာဖြစ်ဟူ မျိုးဘဲ့ အယ်ခေတ်
လူလေတွပ် လူရဲ့သားဟှာလည်း နိမိတ်လတ်ခဏာ ဖြစ်လေ့မယ်။
31 ရှေဘပြည်ဟှ မိဖုရားဟှာ ရှောလမုန် မန်းဂီးရဲ့ စကားဟို့ နားထောန်ဟို့ ဆိုဘီး
ဟိုးဝီးဂီးမာရှိနေဟူ တိုင်းပြည်ဟှနေ လာဟှယ်။ အယ်နေရာမာ ရှောလမုန်ထတ်
ကီးမြတ်ဟူလူ ရော့-က်ရှိနေဘီ။ တရားစီရင်တော်မူဟူ နေ့မာ ရှေဘပြည်ဟှ မိဖုရားဟှာ
ထရပ်ဘီး အယ်မူလူလေဟို့ ပြစ်တန်စွပ်စွဲလေ့မယ်။
32 တရားစီရင်ဟူ နေ့မာ နိနဝေဗြိသားလေဟှာ ထရပ်ဘီး နန်းနို့ဟို့ စွပ်စွဲလေ့မယ်။
ဖြားဖြစ်ကြောန်နူးဆိုဟှာ ယောနဟောပြောဟူ တရားဟို့ ကြားရဟူ ခီမာ သူးနို့ဟှာ
နောန်ဒရဟှားကြောန့် ဖြစ်ဟှယ်။ အယ်နေရာမာ ယောနထတ် ရရာတိုင်း ကီးမြတ်ဟူသူ
ရှိဟှယ် ဆိုဇာ နန်းနို့ဟို့ ငါပြောဟှယ်!”

11:29 **၁၁.၂၉** မ ၁၆.၄; မာ ၈.၁၂

ကိုယ်ခန္ဓာရဲ့ ဆီမီးအိမ်
(မဿဲ ၅.၁၅; ၆.၂၂,၂၃)

33 “ဖယ်လူလည်း ဆီမီးအိမ်ဟို့ ဖောင်းကွယ်ဘီး ထွန်းဂေ့ဟု့။ ဆီမီးအိမ်ဟို့
တောန်းအော့-က်မာ ထားဘီး †လည်း ထွန်းဂေ့ဟု့။ အီထဲဟို့ ဝမ်လာဟူ့ လူလေဟု့
လန်းရောန်ရဟို့တွပ် ဆီမီးခေါင်ထတ်မာ တန်ဘီး ထွန်းဂေ့ဟုယ်။
34 မျစ်စိဟု့ ကိုယ်ခန္ဓာတွပ် ဆီမီးအိန တူဟုယ်။ မျစ်စိကောန်းဟုယ် ဆိုဟု့ နန်းနို့ရဲ့
ကိုယ်ခန္ဓာ တခုလောင်း လန်းဟုးဘီး မျစ်စိကောန်းဂေ့ဟု့ ဆိုဟု့ နန်းနို့ရဲ့ ကိုယ်ခန္ဓာ
တခုလောင်း မိုက်လေ့မယ်။
35 အယ်ကြောန့် နန်းနို့ရဲ့ လန်းရောန်ဟို့ မိုက်ဖြစ်ဘဲအောန် ဒိပြုဂေ့။
36 နန့်ရဲ့ ကိုယ်ခန္ဓာ တခုလောင်းဟု့ လောင်းဝ မှောန်ဘဲန လန်းနေမယ် ဆိုဟု့
ဆီမီးအီရဲ့ တော့-က်ပဟူ့ လန်းဟု့ နန့်ထတ်မာ ထွန်းလန်းမျိုး နန့်ရဲ့ ကိုယ်ခန္ဓာ
တခုလောင်းလည်း လန်းရောန်န တော့-က်ပနေလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

ဖာရိရှဲန ကျမ်းတတ်ဆရာလေဟို့ ပြစ်တန်ဟူကြောန်း
(မဿဲ ၂၃.၁-၃၆; မာကု ၁၂.၃၈-၄၀)

37 ယေရှုဟု့ အယ်မျိုးမိန့်တော်မူဘီးန ဖာရိရှဲတယော့-က်ဟု့ ကိုယ်တော့်ဟို့
သူ့နတူးဒူ စားသော့-က်ဟို့ တောန်းလျှာ့-က်ဟူကြောန့် သူ့ရဲ့ အီထဲဟို့ ဝမ်ဘီးန ဗွဲမာ
ထိုင်တော်မူလေဟုယ်။
38 ယေရှုဟု့ လတ်ဆေးဘဲ့ဒန စာစားနေဇာဟို့ ဖာရိရှဲ ဗြင်ဟုးဟူ ခီမာ
အံ့သြဟုးလေဟုယ်။
39 သခင်ဘုရားဟု့ သူ့ဟို့ “နန်းနို့ ဖာရိရှဲလေဟု့ စံဟန်းဇားလေရဲ့ ပ့လန်ဖတ်ဟို့
စင်ကြယ်အောန် ဆေးဂေ့ဟုယ်။ အယ်ဘေမဲ့ နန်းနို့ရဲ့ စိထဲမာ ကြမ်းဖတ်ရှင်း၊
ဆိုးညစ်ရှင်းလေန ပ့လဲ့နေဟုယ်။
40 လူမိုက်လေ! ပ့လန်ဖတ်ဟို့ ဖန်ဆင်းဟူ ဘုရားဟု့ တွမ်းဖတ်ဟို့လည်း
ဖန်ဆင်းဟုယ် ဆိုဇာဟို့ သိဂေ့ဟုလော။
41 အယ်ဘေမဲ့ နန်းနို့ရဲ့ ခွပ်လေ၊ စံလေထဲမာ ရှိဟူဇာလေဟို့ ဆင်းရဲသားလေဟို့
ပေးကမ်းဂေ့ပါ။ အယ်မျိုးလောက်မယ် ဆိုဟု့ ဂူလောင်းဟု့ နန်းနို့တွပ်
စင်ကြယ်ဟုးလေ့မယ်။”
42 “ဖာရိရှဲလေ၊ နန်းနို့ဟု့ အမင်္ဂလာရှိဟုယ်! နန်းနို့ဟု့ ပန်ဇီး၊ စမူစဗားန
တခြားဆေးဖပ်ဝမ်ဟူ ဝပ်ဘောန်းဇောင်ဟို့ ဆယ်ဖို့တဖို့ ပေးလူဂေ့ဟုယ်။ အယ်ဘေမဲ့
တရားမျှတမှုန ဘုရားသခင်ရဲ့ ရှစ်မြစ်တာလေဟို့ လျစ်လူရှုဟုးဂေ့ဟုယ်။ နန်းနို့ဟု့
ဆယ်ဖို့တဖို့ဟို့ ပေးလှူဟူ ခီမာ တရားမျှတမှုန ဘုရားသခင်ရဲ့ ရှစ်မြစ်တာဟို့
ချန်ဟုးဂေ့ဟုယ်။”

11:33 **၁၁.၃၃** မ ၅.၁၅; မာ ၄.၂၁; လု ၈.၁၆ † **11:33** **၁၁.၃၃** တချို့ မူရင်းလတ်ရေးမူလေမာ ဆီမီးအီဟို့ တောန်းအော့-က်မာ ထားဘီး၊ ဆိုဇာဟု့ မှေ့ဟု့။

43 “ဖာရိရှဲလေ၊ နန်းနို့ဟာ့ အမင်္ဂလာ ရှိဂေ့ဟာ့ယ်! နန်းနို့ဟာ့ ဝါလယ်ဇရပ်မာ ဆိုလည်း
မြင့်မြတ်ဟူ့ နေရာလေဟို့ရော၊ ဆေးမာ ဆိုလည်း လူလေရဲ့ ရိုးရိုသေးသေ
နှော့-က်ဆစ်ရှင်းလေဟို့ရော နှစ်သက်ဂေ့ဟာ့ယ်။
44 နန်းနို့လေဟာ့ အမင်္ဂလာရှိဂေ့ဟာ့ယ်! နန်းနို့ဟာ့ မှတ်သားမှေ့ဘဲဟူ့
သန်းခ့လိုင်းဒွမ်းန တူဂေ့ဟာ့ယ်။ အယ်တွမ်းလေထတ်မာ သွားနေဟူ့ လူလေဟာ့
သန်းခ့လိုင်းဒွမ်းဖြစ်မှန်း သိဂေ့ဟာ့” ဆိုဘီး မိန့်တော်မူလေဟာ့ယ်။
45 ကျမ်းတတ်ဆရာ တယော့-က်ဟာ့ ကိုယ်တော့်ဟို့ “ဆရာ၊ အယ်မျိုးပြောဇာဟာ့
ကျွန်တော့်ဟာ့းလေဟို့လည်း စော်ဂါးရာရော့-က်ပါဟာ့ယ်!” ဆိုဘီး လျှော့-က်လေဟာ့ယ်။
46 ယေရှုဟာ့ “ကျမ်းတတ်ဆရာလေ၊ နန်းနို့ လည်းဘဲ့ အမင်္ဂလာ ရှိဂေ့ဟာ့ယ်! နန်းနို့ဟာ့
ထမ်းဟို့ခတ်ဟူ့ ဝန်ထောက်လေဟို့ လူလေဟို့ ထမ်းခိုင်းဂေ့ဟာ့ယ်။ နန်းနို့ကိုယ်တိုင်ဟာ့
အယ်မူဝန်ထောက်လေဟို့ လတ်ဖျားန ထိဂေ့ဟာ့။
47 နန်းနို့ဟာ့ အမင်္ဂလာ ရှိဟာ့ယ်! နန်းနို့ရဲ့ ဘိုးဘေးလေ သတ်ဟာ့းဟူ့
ပရောဖက်လေတွပ် နန်းနို့ဟာ့ သန်းခ့လိုင်းလေဟို့ ဆော့-က်ပေးဂေ့ဟာ့ယ်။
48 အယ်ကြောန့် နန်းနို့ရဲ့ ဘိုးဘေးလေ ကျူးလွန်ဟာ့းဟူ့ မူလေတွပ် နန်းနို့ဟာ့
သတ်သေလေ ဖြစ်ဂေ့ဟာ့ယ်။ သူးနို့လေဟာ့ ပရောဖက်လေဟို့ သတ်ဘီး နန်းနို့ဟာ့
သန်းခ့လိုင်းလေဟို့ ဆော့-က်ပေးဂေ့ဟာ့ယ်။
49 အယ်ကြောန့် ဘုရားသခင်ရဲ့ ရွှေဉာဏ်တော်န ‘အယ်လူလေထဲဟို့ ပရောဖက်လေ၊
စေတမန်လေဟို့ ငါစေလွှတ်မယ်။ သူးနို့လေဟာ့ အယ်ပရောဖက်လေ၊
စေတမန်လေထဲဟ့ တချို့ဟို့ ညှဉ်းဆဲဘီး တချို့ဟို့ သတ်ဂေ့လေ့မယ်’ ဆိုဘီး
မိန့်တော်မူဟာ့းဟာ့ယ်။
50 အယ်ကြောန့် ကမ္ဘာတည်ခီဟ့နေစဘီး သတ်ခံရဟူ့ ပရောဖက်လေရဲ့ သွီးကြောန့်
အယ်ခေတ်လူလေဟာ့ ပြစ်ဒန်စီရင်ရှင်းဟို့ ခံရဂေ့လေ့မယ်။
51 အာဗေလရဲ့ သွီးဟ့နေ ယဇ်ပလ္လင်န ဗိမာန်တော်ကြားမာ သတ်ခံရဂေ့ဟူ့ ဇာခရိရဲ့
သွီးထိ ဖြစ်ဟ့ယ်။ အယ်မူဇာလေ ဂူလောင်းတွပ် အယ်ခေတ်လူလေဟာ့
ပြစ်ဒန်စီရင်ရှင်းဟို့ ခံရလေ့မယ် ဆိုဇာဟို့ ငါမှန်တိုင်း ပြောဟ့ယ်!
52 “ကျမ်းတတ်ဆရာလေ၊ နန်းနို့ဟာ့ အမင်္ဂလာရှိဂေ့ဟာ့ယ်! နန်းနို့ဟာ့ သိပညာဗိမာန်
ခွဖေါ့-က်သော့ဟို့ သီးဟာ့းဘီး နန်းနို့ကိုယ်တိုင်လည်း ဝမ်ဂေ့ဟာ့။
ဝမ်ဟို့သူလေဟို့လည်း တားဆီးဂေ့ဟာ့ယ်!” ဆိုဘီး မိန့်တော်မူလေဟာ့ယ်။
53 အယ်နေရာဟူ့နေ ယေရှုထွပ်ဟာ့းဟူ့ ခီမာ ကျမ်းတတ်ဆရာန ဖာရိရှဲလေဟာ့
ကိုယ်တော့်ဟို့ စဘီးဟာ့ ပြင်းပြင်းထန်ထန် ဝေဖန်ဂေ့ဘီး၊
54 စကားတော်ထဲမာ မှားရှာဟို့တွပ် မေးခွန်းလေ ဘောင်ဂီးမေးဂေ့လေဟာ့ယ်။

12

သူတော်ကောန်း ယောန်ဆောန်ရှင်းန ပတ်သတ်ဘီး ဒိပေးဟူ့ကြောန်း
(မဿဲ ၁၀.၂၆,၂၇)

1 ထောန်ဗောန်းဘောင်ဂီးရှိဟူ လူလေဟှာ စုဝီးလာဟူ ခီမာ သူးနို့ရှင်းရှင်း
နန်းမိဂေ့ဟူကြောာ်နို့ ယေရှုဟှာ တဗဲတော်လေဟို့ “ဖာရိရှဲလေရဲ့ ဟန်ဆောန်မှုနတူဟူ
တဆေးဟို့ ဒါပြုဂေ့။
2 ဖောင်းဟှားဟူ ဇာလေ ဂူလောင်းဟှာ ပွမ့်လာရလေ့မယ်။ ဌပ်ဟှားဟူ ဇာလေ
ဂူလောင်းဟှာလည်း ပေါ်လာရလေ့မယ်။
3 အယ်ကြောာ်နို့ မှောန်ထဲမာ နန်းနို့ပြောဟူ စကားလေဟို့ လန်းရောန်ထဲမာ
ကြားသိလေ့မယ်။ အီခန်းထဲမာ နန်းနို့ တိုးတိုးပြောနေဟူ စကားလေဟို့
အီးခေါန်မိုးထတ်ဟှနေဘီး ကြေညာဂေ့လေ့မယ်။”

ကြော့်-က်ရဟို့လူကြောန်း
(မဿဲ ၁၀.၂၈–၃၁)

4 “ငါ့မိဆွေလေ၊ နန်းနို့ဟို့ ငါပြောမယ်။ ကိုယ်ခန့ဓာဟို့ဘဲ့ သတ်နိုင်ဘီးဟှာ
နော့-က်ထပ် ဖြားလည်းလောက်နိုင်ဘဲဟူ သူလေဟို့ ကြော့-က်ဂေ့နန။
5 နန်းနို့ကြော့-က်ရဟို့ သူဟို့ ငါပြမယ်။ ကိုယ်ခန့ဓာဟို့ သတ်ဘီးန နန်းနို့ဟို့
ငရဲထဲခ့လနိုင်ဟူ ခွမ့်အာဏာရှိဟူ ဘုရားသခင်ဟို့ ကြော့-က်ဂေ့။ နန်းနို့ဟို့
ငါထပ်ပြောမယ်။ ဘုရားသခင်ဟို့ ကြော့-က်ဂေ့!
6 “အီးဇာဟှား ငါးကောန်ဟို့ ကပ်နှေ့ပ့လားန ရောန်းဂေ့ဟှယ် မူဟှလော။ အယ်ဘေမဲ့
ဘုရားသခင်ဟှာ အယ်မူအီးဇာဟှားလေ တကောန်ဟို့မူ့ မေ့တော်မူဟှ။
7 နန်းနို့ ခေါန်းဟှ ဆားဗန်လေ ဂူလောင်းဟို့ ရေတွပ်ဟှားဟှယ်။ အယ်ကြောာ်နို့
ကြော့-က်ဂေ့နန။ နန်းနို့ဟှာ အီးဇာဟှားလေထတ် ရရာတိုင်း ဖိုးကီးဟှယ်!

ခရစ်တော်ဟို့ ဝန်ခံရှင်းန ငြင်းပယ်ရှင်းကြောန်း
(မဿဲ ၁၀.၃၂,၃၃; ၁၂.၃၂; ၁၀.၁၉,၂၀)

8 “နန်းနို့ဟို့ ငါပြောမယ်။ ဖယ်သူဘဲ့ဖြစ်ဖြစ် လူလေရှေ့မာ ငါ့ဟို့ ဝန်ခံမယ် ဆိုဟှာ
လူ့ရဲ့သားဟှလည်း ဘုရားသခင်ရဲ့ ကောန်းဂန်တမန်လေရှေ့မာ အယ်သူဟို့
ဝန်ခံလေ့မယ်။
9 အယ်ဘေမဲ့ လူလေရှေ့မာ ငါ့ဟို့ ငြင်းပယ်မယ် ဆိုဟှာ လူ့ရဲ့သားဟှလည်း
ဘုရားသခင်ရဲ့ ကောန်းဂန်တမန်လေရှေ့မာ ငြင်းပယ်လေ့မယ်။
10 “လူ့ရဲ့သားဟို့ နှောက်န စော်ဂါးဟူ သူဟှာ ပြစ်လွတ်ရှင်းခွမ့် ရနိုင်ဘေမဲ့လည်း
သန့်ရှင်းဟူဝိညာဉ်တော်ဟို့ ပြစ်မှားဘီး ပြောဆိုဟူ သူဟှာ ပြစ်လွတ်ရှင်းခွမ့် ရလေ့မယ်
မူဟှ။
11 “လူလေဟှ နန်းနို့ဟို့ ဝါလယ်ဇရပ်လေ၊ လူဂီးမန်းလေ၊ အာဏာပိုင်လေရဲ့ ရှေ့ဟို့
ခေါ်ဆောန်လာဟူ ခီမာ ဖယ်မျိုး ပ့လန်ပြောရမယ် ဆိုဇာဟို့ စိုးရိမ်ဂေ့နန။

12:1 ခ၂.၁ မ ၁၆.၆; မာ ၈.၁၅ **12:2** ခ၂.၂ မာ ၄.၂၂; လု ၈.၁၇ **12:10** ခ၂.၁၀ မ ၁၂.၃၂; မာ ၃.၂၉
12:11 ခ၂.၁၁,၁၂ မ ၁၀.၁၉,၂၀; မာ ၁၃.၁၁; လု ၂၁.၁၄,၁၅

12 ဖြားဖြစ်ကြောင်နှူးဆိုဟှာ နန်းနို့ ဖယ်မျိုး ပြောရမယ် ဆိုဇာဟို့
သန်ရှင်းဟူဝိညာဉ်တော်ဟှ အယ်ခဲမာ သန်ပေးလေ့မယ်” ဆိုဘီး ရင်ဦးဆောင်း
မိန့်တော်မူလေဟှယ်။

ဌေးမိုက် ပေါင်ဥပမာကြောန်း

13 လူအောက်ဂီးထဲဟှ လူတယော-က်ဟှာ ယေရှုဟို့ “ဆရာ၊ ကျွန်တော့်ဟို့ မွီခွဲပေးဟို့
ကျွန်တော့်နောန်ဟို့ ပြောပေးပါ” ဆိုဘီး လျှော-က်လေဟှယ်။
14 ယေရှုဟှ “မိဆွေ၊ ဖယ်သူဟှ ငါ့ဟို့ နန်းနို့ရဲ့ တရားသူဂီးဖြစ်နရော၊
မွီခွဲဝီသူဖြစ်နရော ခန့်ဟှားဂေ့ဟှယ်နူး။” ဆိုဘီး သူ့ဟို့ မိန့်တော်မူလေဟှယ်။
15 အယ်ဘီးန ကိုယ်တော်ဟှာ သူးနို့လေ ဂူလောင်းဟို့ “လောဘလွန်ကျူးရှင်း
ဘောန်းဇောင်ဟို့ ဒိထားဂေ့။ ဖြားဖြစ်ကြောန်နူးဆိုဟှာ လူ့ရဲ့ သတ်ဟှာ အောက်စာပစ်စီး
ပေါရှင်းနှိုက် တည်ဂေ့ဟှ” ဆိုဘီး မိန့်တော်မူလေဟှယ်။
16 အယ်ဘီးန ယေရှုဟှာ ပေါင်ဥပမာန “တခါဒူးဟှ ဌေးတယော့-က်ဟှာ
သူ့လယ်ယာဟှနေ သီးနှံလေ ဘောင်ဂီးထွပ်ဟှယ်။
17 ‘ငါ့ရဲ့ သီးနှံလေ ဂူလောင်းဟို့ သိုလှောန်ဟှားဟို့တွပ် နေရာ မ့ေဟှ။
ငါဖယ်မျိုးလောက်ရမယ်နူး။’ ဆိုဘီး တယော့-က်ဒဲ စဉ်းစားနေလေဟှယ်။
18 အယ်ဘီးန သူဟှ ‘ငါ အယ်မျိုးလောက်မယ်။ အယ်ဂိုဒေါန်ဟောန်းဟို့ ဖျစ်ဘီး
အယ်ထတ် ပိုကီးဟူ ဂိုဒေါန်ဟို့ ဆော့-က်ဘီးဟှာ ဂျောင်ဆန်လေန
တခြားအောက်စာပစ်စီး ဂူလောင်းဟို့ သိုလှောင်ဟှားမယ်။
19 အယ်ဘီးဟှာ ငါ့ဝိညာဉ်ဟို့လည်း ဝှေ့ဝိညာဉ်၊ နှစ်လေဘောင်ဂီးတွပ် လိုအပ်ဟူ
အောက်စာလေ ဂူလောင်းဟို့ သိုလှောန်ဟှားပီးဘီ။ စားလိုက်၊ သော့-က်လိုက်န
ပျော်ပါးဘီးနေပါ! ဆိုဘီး ငါ့ကိုယ့်ငါ ပြောမယ်။’
20 အယ်ဘေမဲ့ ဘုရားသခင်ဟှာ ‘လူမိုက်! အယ်ညဉ့်မာ နန့်ဝိညာဉ်
ချောက်ငြီးရလေ့မယ်။ အယ်ဆိုဟှာ နန်သိုလှောင်ဟှားဇာလေဟို့ ဖယ်သူလေ
ရလေ့မယ်နူး။’” ဆိုဘီး မိန့်တော်မူလေဟှယ်။
21 အယ်ဘီးန ယေရှုဟှာ “ကိုယ့်တွပ်အောက်စာလေ ဘောင်ဂီးဟို့
စုဆောန်းဟှားဘေမဲ့လည်း အယ်ဌေးဟှာ ဘုရားသခင်ရဲ့ ရှေ့မာ ဆင်းရဲနေဟူသူ
ဖြစ်ဟှယ်” ဆိုဘီး နိဂေါန်းချောက် မိန့်တော်မူလေဟှယ်။

ဘုရားသခင်ဟို့ ယောင်ကြည်ဟူကြောန်း
(မဿဲ ၆.၂၅-၃၄)

22 အယ်ဘီးန ယေရှုဟှာ တမဲ့တော်လေဟို့ “အယ်ကြောန့် နန်းနို့ဟို့ ငါပြောမယ်၊
ဖယ်မျိုးစားရဟို့၊ ဖယ်မျိုးသော့-က်ရဟို့ ဆိုဘီး သတ်တွပ် စိုးရိမ်ဂေ့နန
ဖယ်မျိုးဝတ်ရဟို့ ဆိုဘီးလည်း ကိုယ်ခန္ဓာတွပ် စိုးရိမ်ဂေ့နန
23 စာထတ် သတ်ဟှ ပိုဘီး ရေးကီးဟှယ်။ ဝတ်ထတ်လည်း ကိုယ်ခန့်ဓာဟှာ ပိုဘီး
ရေးကီးဟှယ်။

24 ကုလီးကန်းလေဟို့ ကေ့ကေ့။ သူးနို့လေဟှာ မျိုးစေ့လည်းကြဲဟှ။
သီးနှံလည်းရိဟှ။ သူးနို့မာ ကူလှောန်ခန်းလေ၊ ဗားဂတ်လေလည်း မွေ့ဟှ။ အယ်ဘေမဲ့
ဘုရားသခင်ဟှ သူးနို့ဟို့ ကျွေးမွေးတော်မူဟှယ်! နန်းနို့ဟှာ အယ်ဒှတ်လေထတ်
ရရာတိုင်း ဖိုးကီးဟှယ်!
25 နန်းနို့လေထဲမာ ဖယ်သူဟှ စိုးရိမ်ရှင်းအားဖြင့် သတ် ပိုဘီး ရှယ်လာ* နိုင်ဘဲ့လော။
26 အယ်မျလော့-က် သေးငယ်ဟူ မူဟို့ လောက်နိုင်ဟှ ဆိုဟှာ ဖြားဖြစ်ကြောန့်
တခြားမူလေတွပ် စိုးရိမ်နေဂေ့နူး။
27 တောပန်းလေဟို့ ကေ့ကေ့။ အယ်ပန်းလေဟှာ ဗိုင်းငင်ဟှ။
ယက်ကန်းလည်းရစ်ဟှ။ အယ်ဘေမဲ့ ရှောလမုန်မန်းဂီးရဲ့ ဖောင်းစည်းဇိမ်လေ
ဂူလောင်းဟို့ ဆင်ဟှယ်ဟို့မှ အယ်တောပန်းလေထဲဟှ တဗန်မျိုး လှုပတင့်တယ်ဟှ
ဆိုဘီး နန်းနို့လေဟို့ ငါပြောဟှယ်။
28 ယောင်ကြည်ရှင်း အားနဲဟူလူလေ! အယ်နေ့ ကွမ်းပ့လန်ထဲမာရှိဘီး
နတ်ကီးတိုင်ဟှာ မီးဖိုထဲဟို့ ရော့-က်ရဟူ တောဖြစ်ပန်ဟို့ ဘုရားသခင်ဟှ အယ်မျိုး
ဝတ်ဆင်ပေးဟှယ် ဆိုဟှာ နန်းနို့ဟို့ အယ်ထတ်မက ဝတ်ဆင်ပေးမယ် မူဟှလော။”
29 “အယ်ကြောန့် ဖယ်မျိုး စားရဟို့နူး။ ဖယ်မျိုး သော့-က်ရဟို့နူး ဆိုဘီး
စိုးရိမ်ရှင်းရှိဂွေ့န။
30 (အယ်လောကရှိ ဘုရားသိဘဲဟူ လူလေဟှဘဲ့ အယ်မူဇာလေဟို့ ရှာဖွေဂွေ့ဟှယ်။)
အယ်မူဇာလေဟို့ နန်းနို့လေ လိုအပ်ဟှယ် ဆိုဇာဟို့ နန်းနို့ဖ သိတော်မူဟှယ်။
31 နန်းနို့ဟှာ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ရှာဂွေ့။ အယ်ဆိုဟှာ ကိုယ်တော်ဟှာ
အယ်မူဇာလေဟို့ ပေးတော်မူလေ့မယ်။”

ကောန်းကန်ဘဏ္ဍာကြောန်း
(မဿဲ ၆.၁၉-၂၁)

32 “သိုးစုငယ်၊ ကြော့-က်ဂွေ့န။ နန်းနို့ရဲ့ ဖဟှာ နန်းနို့တွပ် နိုင်ငံတော်ဟို့ ပေးဟို့
လိုရှိတော်မူဟှယ်။
33 နန်းနို့ရဲ့ အောက်စာလေဟို့ ရောန်းဘီး ဆင်းရဲသားလေဟို့ ပေးကမ်းစွန့်ကြဲဂွေ့။
ဆွီးဟောန်းနိုင်ဘဲဟူ ကပ်အိလေဟို့ လောက်ဂွေ့ဘီး သူခိုးဖော့-က်နိုင်ဘဲဟူ၊
ပိုးလေကိုက်စားနိုင်ဘဲဟူ၊ ကောန်းကန်ဘောင်မာ ကူခန်းနိုင်ဘဲဟူ ဘဏ္ဍာဟို့ စုဂွေ့ပါ။
34 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေဟှာ ဘဏ္ဍာရှိဟူ နေရာဟို့ဘဲ့
နန်းနို့စိန္နလောင်းလေ ရော့-က်တတ်ဟှယ်။”

ဒိန စောန့်နေဟူ စေခံလေကြောန်း

35 “နန်းနို့ဟှာ ဆင်သင့်ဖြစ်နေဂွေ့ဟို့တွပ် ခါးဟို့ စဲဘီး မီးအီလေဟို့ ထွန်းညှိဂွေ့။
36 အီတတ်မွဲဟှ ပ့လန်လာဟူ သူးနို့ရဲ့ သခင်ဟို့ စောန့်နေဟူ စေခံလေမျိုး ဖြစ်ဂွေ့။
သူဟှာ ခွမော့-က်ဟို့ ခေါ့-က်ဟူ ခီမာ သူးနို့ဟှာ ရှစ်ရှင်း ဖွမ့်ပေးလေ့မယ်။

---

* **12:25** **၁၂.၂၅** သတ် ပိုဘီး ရှယ်လာ၊ အယ်မျိုးမူဘဲ့နေဟှာ သတ် ပိုဘီး ကီးလာဟှယ်။ **12:35** **၁၂.၃၅** မ ၂၅.၁-၁၃ **12:36** **၁၂.၃၆** မာ ၁၃.၃၄-၃၆

37 သခင်ပ့လန်ရော့-က်လာဟူ ခီမာ ဆင်သင့်စောန့်နေဟုယ် ဆိုဇာဟို့ သခင်တွိရဟူ
စေခံလေဟှာ မင်္ဂလာရှိဟုယ်! နန်းန့်ိဟို့ ငါမှန်တိုင်း ပြောမယ်။ သခင်ဟှာ စေခံလေဟို့
ည့်သည်လေမျိုး ဗွဲမာ ထိုင်ခိုင်းဘီး သူကိုယ်တိုင် ခါးဟို့ စဲဘီးဟှာ
လောက်ကျွေးလေ့မယ်။
38 သခင်ဟှ ည၌်နတ်ခီမာဘဲ့ဖြစ်ဖြစ်၊ မိုးလန်းခီမာဘဲ့ဖြစ်ဖြစ် လာမယ် ဆိုဘီး
စောန့်နေဟူ စေခံလေဟှာ မင်္ဂလာရှိဂေ့ဟုယ်!
39 အီဇရှင်ဟှာ သူခိုးလာနိုင်ဟူခီဟို့ သိနေမယ် ဆိုဟှာ သူ့အီဟို့
သူခိုးဖော့-က်ခံရလေ့မယ် မှုဟှ ဆိုဇာဟို့ နားလည်ဟှားဂေ့။
40 လူရဲ့သားဟှာ နန်းန့ိ မျှော်လင့်ဘဲဟူ ခီမာ ရော့-က်လာမယ် ဖြစ်ဘီး နန်းန့ိလည်း
ဆင်သင့် ရှိနေဂေ့” ဆိုဘီး မိန့်တော်မူလေဟုယ်။

သစ်စာရှိဟူ စေခံန သစ်စာမှေ့ဘဲဟူ စေခံကြောန်း
(မဿဲ ၂၄.၄၅-၅၁)

41 ပေတရုဟှ “သခင်၊ အယ်ပေါင်ဥပမာဟှာ ကျွန်တော့်ဟှားလေတွပ်
ပြောနေဇာလော။ လူလေ ဂူလောင်းတွပ် ပြောနေဇာလော။” ဆိုဘီး
မေးလျှော့-က်လေဟုယ်။
42 သခင်ဘုရားဟှ “သစ်စာရှိဘီး ပညာရှိဟူ စေခံဟှ ဖယ်သူန္ဒး။ အီဇရှင်ဟှာ
စေခံလေဟို့ အောက်ချောက်ဟို့န သတ်မှတ်ဟှားဟူ ခီမာ စားဇာလေဟို့ ထုပေးဟို့
စေခံအောက် တယော့-က်ဟို့ ခန့်ဟှားဟှယ်။
43 အီဇရှင် ပ့လန်လာဟူ ခီမာ သစ်စာရှိရှိ လောက်ဆောန်နေဇာဟို့ တွိရမယ် ဆိုဟှာ
အယ်စေခံဟှာ မင်္ဂလာရှိဟုယ်!
44 နန်းန့ိဟို့ ငါ မှန်တိုင်းပြောမယ်၊ အီဇရှင်ဟှာ သူ့အောက်စာပစ်စီး ဂူလောင်းဟို့
စီမံအောက်ချောက်ဟို့ အယ်စေခံဟို့ အပ်လေ့မယ်။
45 အယ်ဘေမဲ့ အယ်စေခံဟှာ ငါ့သခင် ပ့လန်လာဟို့ ကြာအူးမယ် ဆိုဘီး စိထဲမာ
အော့-က်မေ့ဘီး စေခံယော့-က်ကျားလေ၊ စေခံမီးမလေဟို့ ရိုက်ဘီး သော့-က်စား
ယစ်မောနေလေဟှယ်။
46 အယ်စေခံရဲ့ သခင်ဟှာ သူမျှော်လင့်ဘဲဟူနေ့ သိနိုင်ဘဲဟူ ခီမာ
ပ့လန်ရော့-က်လာမယ် ဆိုဟှာ အယ်စေခံဟို့ ပြင်းပြင်းထန်ထန် ပြစ်ဒန်ပေးဘီး†
ယောင်ကြည်ဘဲဟူ သူလေနတူးဒူ နေရာခ့လဟှားရှင်းဟို့ ခံရလေ့မယ်။
47 “သခင်ရဲ့ လိုဆန့ဒဟို့ သိသိဂီးန ပြင်ဆင်ဟှားရှင်းလည်း မှေ့ဘဲဟူ၊ သခင့်ရဲ့
လိုဆန့ဒဟို့ လိုက်လျောရှင်းလည်း မှေ့ဘဲဟူ စေခံဟှာ ကီဒန်ဘောင်ဂီး
ရိုက်ခံရလေ့မယ်။
48 အယ်ဘေမဲ့ သခင့်ရဲ့ လိုဆန့ဒဟို့ သိဘဲန ကီဒန်နဲ့ဘဲ့ ထိုက်တန်ဟူ မူဟို့
လောက်မိဟူ သူဟှာ ကီဒန်နဲ့ဲဘဲ့ ရိုက်ခံရမယ်။ ဘောင်ဂီးရဟှားဟူ သူလေနားဟှနေ

12:39 **ဘ၂.၃၉.၄၀** မ ၂၄.၄၃.၄၄ † **12:46** **ဘ၂.၄၆** ပြင်းပြင်းထန်ထန် ပြစ်ဒန်ပေးဘီး၊ အယ်မျိုးမူဘဲ့နေဟှာ
ပ္လန်ဟို့ ပစ်လိုက်ဟှယ်။

ဘောင်ဂီးတောန်းလေ့မယ်။ ဘောင်ဂီးအပ်ဟုးဟူ သူလေနားဟုနေ ဘောင်းဂီး
တောန်းဂေ့လေ့မယ်။

ယေရှုဟှာ စိဝန်းကွဲရှင်းဟို ဖြစ်စေဟူကြောန်း
(မဿဲ ၁၀.၃၄-၃၆)

49 “ငါဟု အယ်လောကဟို မီးလောန်စေဟို့တွပ် လာဟုယ်။ ခုဘဲ့ မီးလောန်စေရှင်ဘီ!
50 ငါခံယူရဟို့ ဗတ္တိဇံတခု ရှိသေးဟုယ်။ အယ်မူဇာဟို လောက်ဆောန်ဟို့ ပီးခန်ထိ
ငါ့ဟှာ စိဒေါက်ခရော့-က်နေဟုယ်!
51 အယ်လောကဟို ငြိသတ်ရှင်းပေးဟို့ ငါလာဟုယ် ဆိုဘီး ထန်ဂေ့ဟုယ်လော။
ငြိသတ်ရှင်းပေးဟို့ လာဟူဇာ မူဟု။ ရှင်းရှင်း စိဝန်းကွဲစေဟို့ဘဲ့ ငါလာဟုယ်။
52 ခုဟုနေဘီးဟှာ လူငါးယော့-က်ရှိဟူ အီထောန်မာ နှေ့ယော့-က်ဟု တဖတ်၊
သောင်းယော့-က်ဟု တဖတ် ဆန့်ကျင်ဘီး ကွဲပြားဂေ့လေ့မယ်။
53 ဖနသား၊ မိနမီး၊ ယောကျ့မန ချွေးမလေ ရှင်းရှင်း စိဝန်းကွဲလေ့မယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။

ခေတ်ကာလဟို့ သိရှိဟူကြောန်း
(မဿဲ ၁၆.၂,၃)

54 ယေရှုဟှာ လူလေဟို့ “နော့-က်ဖတ်မာ မိုးတီလေ တတ်လာဇာဟို့ ဗြင်ဟူ ခီမာ
မိုးဝါလေ့မယ် ဆိုဘီး နန်းနို့ရှစ်ရှင်း ပြောဂေ့ဟုယ်။ နန်းနို့ပြောမျိုးဘဲ့ ဖြစ်တတ်ဟုယ်။
55 အယ်ဘီးန တောင်လေတိုက်လာနေဇာဟို့ မြင်ဟူ ခီမာ နေပူလေ့မယ် ဆိုဘီး
ပြောဂေ့ဟုယ်။ နန်းနို့ပြောမျိုးဘဲ့ ဖြစ်တတ်ဟုယ်။
56 သူတော်ကောန်း ယောန်ဆောန်ဟူသူလေ! နန်းနို့ဟှာ မ့လေဂီးန ကောန်းဂန်ရဲ့
ခြေနေဟို့ ကေ့ဘီးဟှာ ရာသီဥတုရဲ့ ခြေနေဟို့ ပိုင်းခြားဘီး သိနိုင်ဂေ့ဟုယ်။ ခုကာလ
ခြေနေဟို့ ဖြားဖြစ်ကြောန့် ခန့်မှန်းဘီး သိနိုင်ဂေ့ဟုနူး။

ကြေအေးရှင်းကြောန်း
(မဿဲ ၅.၂၅,၂၆)

57 “မှန်ကန်ဟူလောက်ဟို့ လောက်ဟို့တွပ် ဖြားဖြစ်ကြောန့် နန်းနို့ကိုယ်တိုင်
ဆောင်းဖြတ်ဂေ့ဟုနူး။
58 နန့်ဟို့ တရားစွဲဟူ လူနတူးဒူ တရားသူဂီးနားဟို့ သွားရမယ် ဆိုဟှာ လမ်းမာ
ကြေအေးအောန်လောက်ဂေ့။ အယ်မျိုးလောက်ဘဲဟ့ ဆိုဟှာ သူဟှာ နန့်ဟို့
တရားသူဂီးရှေ့ဟို့ ဆွဲခေါ်ဟှားလေ့မယ်။ တရားသူဂီးဟ့ နန့်ဟို့ ရဲလတ်ထဲမာ
အပ်လိုက်လေ့မယ်။ ရဲလေဟှလည်း နန်ဟို့ ထောန်ထဲမာ ထဲဟှားလေ့မယ်။
59 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ကပ်ကွီးလေ ဂူလောင်းဟို့ ကျေအောန် ဆပ်ခန်ထိ
နန်ဟှာ ထောန်ထဲမာ နေရလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

12:50 ၁၂.၅၀ မာ ၁၀.၃၈

13

နောန်ဒရရှင်းလော၊ ပျစ်စီးရှင်းလော

1 အယ်ခီမာ လူတချို့ဟာ ယေရှုနားဟို့ လာဘီး ပိလတ်ဟ့ သတ်ဖြတ်လိုက်ဟ့
ဂါလိလဲလူလေကြောန်းဟို့ လျှောက်ဂေ့ဟ့ယ်။ အယ်လူလေဟာ ယဇ်ပူဇော်နေဒူးမာ
သတ်ခံရဟ့ သူလေ ဖြစ်ဂေ့ဟ့ယ်။
2 ယေရှုဟာ သူးနို့ဟို့ "အယ်ဂါလိလဲ လူလေဟာ အယ်မျိုးသတ်ခံရဟ့ကြောန့်
တခြားဂါလိလဲ လူလေထတ် ပိုဆိုးဟ့ ပြစ်သားလေ ဖြစ်ဟ့ယ် ဆိုဘီး နန်းနို့
ထန်နေဂေ့ဟ့ယ် မှုဟ့လော။
3 နန်းနို့ဟို့ ငါပြောမယ်၊ သူးနို့လေဟာ ပိုဆိုးဟ့ ပြစ်သားလေ မှုဟ့! အယ်ဘေမဲ့
နန်းနို့ဟာ နောန်ဒရဂေ့ဟ့ ဆိုဟာ အယ်လူလေမျိုးဘဲ့ သေကျေပျစ်စီးဂေ့ လေ့မယ်။
4 ရှိလောင်မျော်စင် ပြိုက့်လဟ့ ခီမာ ပိဘီးသေဟာ်းဟ့ လူဆယ့်ရှစ်ယော့-က်ဟို့
ဖြားမျိုးပြောမယ်နူး။ သူးနို့ဟာ ယေရုရှလင်ဗြို့မာ နေထိုင်ဟ့ တခြားသူလေ
ဂူလောင်းထတ် ပိုဆိုးဟ့ ပြစ်သားလေ ဖြစ်ဟ့ယ် ဆိုဘီး နန်းနို့ ထန်နေဂေ့လော။
5 နန်းနို့ဟို့ ငါပြောမယ်။ သူးနို့လေဟာ ပိုဆိုးဟ့ ပြစ်သားလေ မှုဟ့။ အယ်ဘေမဲ့
နန်းနို့ဟာ နောန်ဒရဂေ့ဟ့ ဆိုဟာ အယ်လူလေမျိုးဘဲ သေကျေပျစ်စီးဂေ့ လေ့မယ်"
ဆိုဘီး မိန့်တော်မူလေဟ့ယ်။

သီးသီးဘဲဟ့ သဖန်းဗန်ရဲ့ ပေါင်ဥပမာကြောန်း

6 အယ်ဘီးန ယေရှုဟာ အယ်ပေါင်ဥပမာန "လူတယော့-က်ရဲ့ စဗျစ်ခြံထဲမာ
စိုက်ပျိုးဟ်ားဟ့ သဖန်းဗန်တဗန် ရှိဟ့ယ်။ ဇရှင်ဟာ အယ်ပန်မာ သီးဟို့ လာရှာဟ့ ခီမာ
တွိရဟ့။
7 အယ်ကြောန့် သူဟာ ခြံစောန့်မားဟို့ 'ငါဟာ အယ်သဖန်းဗန်မာ
သဖန်းသီးလာရှာနေဇာ သောင်းနှစ်ရှိဟ်ားဘီ။ အယ်ဘေမဲ့ လောင်းလည်း တွိရဟ့။
အယ်မူပန်ဟို့ ခွတ်ပစ်လိုက်! ဖြားဖြစ်ကြောန့် မ့လေဂီးဟို့ ကျိုးမွေ့ဘဲအောန်
လောက်နေဂေ့ဟို့နူး။' ဆိုဘီး ပြောလေဟ့ယ်။
8 အယ်ဘေမဲ့ ခြံစောန့်မားဟ့ 'ဆရာ၊ အယ်ပန်ဟို့ တနှစ်လော့-က် ထားပေးပါအူး။
ပန်ရင်းပတ်ပတ်လည်ဟို့ တူးဆွဘီးဟ့ မ့လေသြဇာ ထဲ့ကွေ့ကွေ့မယ်။
9 အယ်ဆိုဟ့ နော့-က်နှစ်မာ ပိုကောန်းဟ့ သီးဟို့ သီးရှင်သီးလေ့မယ်၊ အယ်ဘေမဲ့
သီးသီးဟ့ ဆိုဟ့ ခွတ်ပစ်ပါ ဆိုဘီး ပြောလေဟ့ယ်' " ဆိုဘီး မိန့်တော်မူလေဟ့ယ်။

ဒန်းနေ့မာ သန်စွမ်းဘဲဟ့ မီးမဟို့ ရောဂါပျော့-က်စေဟ့ကြောန်း

10 ဒန်းနေ့ တနေ့မာ ယေရှုဟာ ဝါလယ်ဇရုပ်တခုမာ သွန်သန်နေတော်မူဟ့ယ်။
11 အယ်နေရာမာ ဆယ့်ရှစ်နှစ်လောင်းလောင်း နတ်ဆိုးဝမ်ပူးရှင်းဟို့ ခံနေရဟ့ကြောန့်
ခါးကူးဟ်ားဘီး လောင်းဝ ခါးဆန့်နိုင်ဘဲဟ့ မီးမတယော့-က်ရှိနေဟ့ယ်။
12 ယေရှုဟာ သူ့ဟို့ ဗြင်ဟ့ ခီမာ ရှေ့တော်ဟို့ ခေါ်ဘီး "ဝေ့ မီးမ၊ နန့်ရောဂါ
ပျော့-က်ဟ်ားဘီ!" ဆိုဘီး မိန့်တော်မူလေဟ့ယ်။

13 အယ်ဘီးန ကိုယ်တော်ဟှာ သူ့ထတ်မာ လတ်ဟှို့ တန်လိုက်ဟှူ ခီမာ ရှစ်ရှင်းဘဲ့
သူ့ရဲ့ခါးဟှာ ဆန့်ဟှားဘီး ဘုရားသခင်ဟှို့ ချီးမွမ်းလေဟှယ်။
14 ဒန်းနေ့မာ ယေရှုဟှာ ရောဂါပျော့-က် စေတော်မူဟှူကြောန့် ဝါလယ်ဇရပ်မှူးဟှာ
စိဆိုးဘီး လူလေဟှို့ "လောက်လောက်နိုင်ဟှူရစ် ခြော့-က်ရစ်ရှိဟှယ်။ အယ်ရစ်လေမာ
ရောဂါလာကုဂေ့။ ဒန်းနေ့မာ ရောဂါလာကုဂေ့နှ!" ဆိုဘီး ပြောလေဟှယ်။
15 သခင်ဘုရားဟှာ သူ့ဟှို့ "သူတော်ကောန်း ယောန်ဆောန်ဟှူသူလေ! နန်းနို့
ဂူလောင်းဟှာ ဒန်းနေ့မာ နန်းနို့ရဲ့ မြည်းလေ၊ နွားလေဟှို့ တင်းကုပ်ဟှနေ
ကြိုးဖြေပေးဘီး ရေတိုက်ဟှို့ ခေါ်ဆောန်ဂေ့ဟှယ် မူဟှလော။
16 အယ်မျိုးဆိုဟှာ ဆယ့်ရှစ်နှစ် လောင်းလောင်း စာတန်ရဲ့ တောက်နှောန်ရှင်းဟှို့
ခံနေရဟှူ အာဗြဟံရဲ့ သမီးဟှို့ ဒန်းနေ့မာ ဖြေလွှတ်သင့်ဟှယ် မူဟှလော။" ဆိုဘီး
မိန့်တော်မူလေဟှယ်။
17 အယ်မျိုး မိန်တော်မူလိုက်ဟှူ ခီမာ ကိုယ်တော့်ဟှို့ ဆန့်ကျင်ဖတ်လောက်နေဟှူ
သူလေဟှာ ယှစ်ရဟှားဂေ့ဘီး လူလေ ဂူလောင်းဟှာ ကိုယ်တော် လောက်ဟှူ
အံ့သြဘွယ်လေကြောန့် ဝန်းသာဂေ့ဟှယ်။

မုညင်းစေ့ ပေါင်ဥပမာကြောန်း
(မဿဲ ၁၃.၃၁,၃၂; မာကု ၄.၃၀-၃၂)

18 ယေရှုဟှ "ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှာ ဖြားဇာန တူဟှယ်နူး။ ဖြားဇာန
နှိုင်းယှဉ်ရနူး။
19 နိုင်ငံတော်ဟှာ အယ်ပေါင်ဥပမာန တူဟှယ်။ လူတယော့-က်ဟှာ မုညင်းတစေ့ဟှို့
သူ့ခြံထဲမာ စိုက်လိုက်ဟှယ်။ အယ်စေ့ဟှ ကီးလာဘီး သစ်ပန်ကီးဖြစ်လာဟှူ ခီမာ
အယ်ပန်ရဲ့ ကိုင်းခတ်လေမာ ကောန်းဂန်ငှတ်လေဟှာ သူးနို့ရဲ့ သိုက်ဟှို့
ဆော့-က်လောက်ဘီး နေဂေ့ဟှယ်" ဆိုဘီး မိန့်တော်မူလေဟှယ်။

တဆေး ပေါင်ဥပမာကြောန်း
(မဿဲ ၁၃.၃၃)

20 ယေရှုဟှာ "ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှို့ ဖြားဇာန နှိုင်းယှဉ်ရဟှို့နူး။
21 နိုင်ငံတော်ဟှာ အယ်ပေါင်ဥပမာန တူဟှယ်။ မီးမတယော့-က်ဟှာ တဆေးဟှို့
ယူဘီး မုညစ်သောင်းတောန်းန ရောနှောလိုက်ဟှူ ခီမာ မုညစ် အားလောင်းဂူဟှို့
ဖောန်းကြွစေနိုင်ဟှူ တဆေးန တူဟှယ်" ဆိုဘီး ထပ်ဘီး မိန့်တော်မူလေဟှယ်။

ခွဖော့-က်ကျဉ်းကြောန်း
(မဿဲ ၇.၁၃,၁၄,၂၁-၂၃)

22 အယ်ဘီးန ယေရှုဟှာ ဗြို့လေ၊ ဝါလေမာ သွန်သန်ဘီး ယေရုရှလင်ဗြို့ဟှို့
သွားလေဟှယ်။
23 လူတယော့-က်ဟှာ ကိုယ်တော့်ဟှို့ "သခင်၊ ကယ်တန်ရှင်းခံရဟှူ သူလေ နဲနဲဘဲ့
ရှိဟှယ်လော။" ဆိုဘီး မေးလျှော့-က်လေဟှယ်။

24 ယေရှုဟု “ခွဖော့-က်ကျဉ်းထဲဟို့ ဝမ်ဟို့ ကြိုးစားအားထုဂေ့။
ဖြားဖြစ်ကြောန်နူးဆိုဟု လူလေဘောင်ဂီးဟာ အယ်ခွဖော့-က်ထဲဟို့ ဝမ်ဟို့
ကြိုးစားဘေမဲ့ ဝမ်နိုင်ဂေ့ဟု။
25 အီဇရှင်ဟာ ထဘီး ခွဖော့-က်ဟို့ ပိလိုက်ဟူကြောန့် နန်းနို့လေဟာ ပ့လန်မာရပ်ဘီး
ခွဖော့-က်ဟို့ ခေါ့-က်ဘီး ‘ဆရာ၊ ကျွန်တော့်ဟားလေဟို့ ခွဖော့-က်ဖွမ့်ပေးပါ!’ ဆိုဘီး
တောန်းဗန်ဂေ့လေ့မယ်။ ဇရှင်ဟု ‘နန်းနို့လေ ဖယ်ဟုလာဟုယ် ဆိုဇာဟို့ ငါသိဟု!’
ဆိုဘီး ပ့လန်ပြောလေဟုယ်။
26 အယ်ဆိုဟာ နန်းနို့လေဟု ‘ကျွန်တော့်ဟားလေဟာ ကိုယ်တော်နတူးဒူ
စားဂေ့ဟုယ်။ သော့-က်ဂေ့ဟုယ်။ ကျွန်တော့်ဟားလေရဲ့ ဗြို့ဝါမာလည်း
ကိုယ်တော်ဟာ သွန်သန်ပေးဟုယ်!’ ဆိုဘီး ဖြေလေ့မယ်။
27 အယ်ဘေမဲ့ ကိုယ်တော်ဟု ‘နန်းနို့ ဖယ်ဟုလာဟုယ် ဆိုဇာဟို့ ငါသိဟု။ တရားဘဲဟူ
မူဟို့ လောက်ဟူ သူလေ၊ ငါ့နားဟု ဖယ်ဂေ့!’ ဆိုဘီး ပြောလေ့မယ်။
28 နန်းနို့ဟာ ဘုရားသခင် နိုင်ငံတော်ထဲမာ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်န
ပရောဖက်လေ ဂူလောင်းဟို့ ဗြင်ရဘေမဲ့ နန်းနို့လေဟာ နိုင်ငံတော်ပ့လန်ဟို့ နှန်ထုခံရဟူ
ခီမာ ရရာတိုင်း ဝိုကြွေးဘီး အံသွားခဲကုလိရဂေ့ လေ့မယ်!
29 ရှေ့ဖတ်၊ နော့-က်ဖတ်၊ တောန်ဖတ်၊ မြော့-က်ဖတ်ဟု လာဂေ့ဟူ လူလေဟာ
ဘုရားသခင် နိုင်ငံတော်ရဲ့ စားသော့-က်ဗွဲမာ လာဘီး ထိုင်ဂေ့လေ့မယ်။
30 ခု နော့-က်ဆောင်းဟို့ ရော့-က်နေဟူ သူလေဟာ ရှေ့ဆောင်းဟို့
ရော့-က်ဂေ့လေ့မယ်။ ခု ရှေ့ဆောင်းဟို့ ရော့-က်နေဟူ သူလေဟာ နော့-က်ဆောင်းဟို့
ရော့-က်ဂေ့လေ့မယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။

ယေရုရှလင်ဗြို့တွပ် ယေရှုရဲ့ မြစ်တာတော်ကြောန်း
(မဿဲ ၂၃.၃၇-၃၉)

31 အယ်ခီမာ ဖာရိရှဲတချို့ဟာ ယေရှုနားဟို့ လာဘီး “ဟေရုဒ်ဟု ကိုယ်တော့်ဟို့
သတ်ရှင်နေဟူကြောန့် အယ်နေရာဟု ထွပ်ဟုားဘီး တခြားနေရာဟို့ သွားပါ” ဆိုဘီး
လျှော့-က်လေဟုယ်။
32 ယေရှုဟု “အယ်မ့လေခွီးဟို့ သွားပြောဂေ့ပါ။ ‘ငါဟု အယ်နေ့န
နတ်ကီးတိုင်မာလည်း နတ်ဆိုးလေဟို့ နှန်ထုဘီးဟု ရောဂါလေဟို့လည်း
ပျော့-က်စေအူးမယ်။ သောင်းရစ်မြော့-က်ဟူနေ့မာ ငါ့ရဲ့ လောက်ဟို့
ပီးဆောင်းစေမယ်။’
33 အယ်ဘေမဲ့ ငါဟု အယ်နေ့၊ နတ်ကီးတိုင်၊ နတ်ကီးဖတ်လည်း ခရီးသွားရအူးမယ်။
ပရောဖက်ဟု ယေရုရှလင်ဗြို့ဟုလွဲဘီး တခြားနေရာမာ သတ်ခံရဟို့ မ့ေဟု။”
34 “ယေရုရှလင်ဗြို့၊ ယေရုရှလင်ဗြို့၊ ပရောဖက်လေဟို့ သတ်ဟူဗြို့၊ ဘုရားသခင်
စေလွတ်လိုက်ဟူ တမန်လေဟို့ ကုလော့-က်ခဲန ပစ်ဟူဗြို့! ကြစ်မဟုာ

13:28 ၁၃.၂၈ မ ၂၂.၁၃; ၂၅.၃၀ **13:28 ၁၃.၂၈.၂၉** မ ၈.၁၁,၁၂ **13:30 ၁၃.၃၀** မ ၁၉.၃၀; ၂၀.၁၆; မာ ၁၀.၃၁

ကြစ်သားဟုးလေဟို့ သူ့ရဲ့ တောန်အော့-က်မာ စုသီးဟုးမျိုး ငါဟာ နန့်ရဲ့လူမျိုး ဂူလောင်းဟို့လည်း စုသီးဟို့ ခါဘီးခါ လိုရှင်လေဟုယ်။ အယ်ဘေမဲ့လည်း နန်ဟာ ငါ့ဟို့ ခွမ့်ပြုဟု!

35 အယ်ကြောန့် နန့်ရဲ့ အီဟို့ ဘုရားသခင် စွန့်ပစ်လေ့မယ်။ ငါပြောမယ်။ 'ဘုရားသခင် နာမန ကြွလာဟူ သခင်ဟာ မင်္ဂလာရှိဟုယ်' ဆိုဘီး နန်ပြောဟူခီ ရော့-က်ခန်မာ ငါ့ဟို့ နန်ဖြင်ရလေ့မယ် မူဟု" ဆိုဘီး သူးနို့ဟို့ မိန့်တော်မူဟုယ်။

14

လူနာတယော့-က်ဟို့ ရောဂါပျော့-က်စေဟူကြောန်း

1 ဒန်းနေ့မာ ယေရှုဟာ စားဇာစားဟို့ ဖာရိရှဲခေါန်းဆောန်တယော့-က်ရဲ့ အီထဲဟို့ ဝမ်ဟုးဟူ ခီမာ သူးနို့လေဟာ ကိုယ်တော့်ဟို့ စောန့်ကေ့နေဂေ့ဟုယ်။

2 ရေဖျဉ်းစွဲမား တယော့-က်ဟာ ယေရှုနားဟို့ ရော့-က်လာဟုယ်။

3 ယေရှုဟု "ဒန်းနေ့မာ ရောဂါ ပျော့-က်စေဟို့တွပ် ပညတ်တော်ဟု ခွမ့်ပြုဟုးဘဲ့လော။" ဆိုဘီး ဖာရိရှဲလေန ကျမ်းတတ်ဆရာလေဟို့ မေးတော်မူလိုက်ဟုယ်။

4 အယ်ဘေမဲ့ သူးနို့လေဟာ တိဆိနေဂေ့ဟုယ်။ ယေရှုဟာ အယ်လူနာဟို့ ခေါ်ဘီး၊ ရောဂါပျော့-က်စေဘီး သူ့ဟို့ လွှတ်လိုက်ဟုယ်။

5 ကိုယ်တော်ဟု "နန်းနို့ရဲ့ သားဂန်းဟုးဘဲ့ဖြစ်ဖြစ်၊ နွားတကောန်ဘဲ့ဖြစ်ဖြစ် ဒန်းနေ့မာ ရေဒွမ်းထဲဟို့ ကုလဟုးမယ် ဆိုဟာ နန်းနို့ဟာ ရှစ်ရှင်း ဆွဲဒန်လေ့မယ် မူဟုလော။" ဆိုဘီး သူးနို့ဟို့ မေးတော်မူလေဟုယ်။

6 အယ်ဘေမဲ့ သူးနို့လေဟာ ဖြားလည်း ဖြေနိုင်ဂေ့ဟု။

ဧည့်ဝတ်ပြုရှင်းန နှိခ့လရှင်းကြောန်း

7 ဧည့်သည်လေဟာ ကောန်းဆောင်းနေရာဟို့ ဝီးကော့-က်နေဇာဟို့ ယေရှုဖြင်ဟူ ခီမာ သူးနို့လေဟို့ အယ်ပေါင်ဥပမာန

8 "နန်းနို့ဟို့ ယော့-က်ယော့-က်ဟ အီတတ်ဗွဲဟို့ ဖိဟုးဟူ ခီမာ ကောန်းဆောင်းနေရာမာ ထိုင်ဂေ့န။ နန်းနို့ထတ် ရေးကီးဟူ ယော့-က်ယော့-က်ဟို့လည်း ဖိခေါ်ဟုးမယ် ဆိုဟု၊

9 ခေါ်ဖိသူဟာ နန့်ဟို့ 'အယ်လူတွပ် နေရာဖယ်ပေးဂေ့' ဆိုဘီး ပြောလေ့မယ်။ အယ်ဆိုဟာ နန်ဟာ ယှစ်ရဘီး နိဆောင်းနေရာမာ ထိုင်ရလေ့မယ်။

10 အယ်ကြောန့် နန့်ဟို့ ဖိခေါ်ဟူ ခီမာ နိဆောင်းနေရာမာ သွားဘီးထိုင်ဂေ့။ အယ်မျိုးဆိုဟာ ဖိခေါ်သူဟ နန့်နားဟို့ လာဘီးဟာ 'မိဆွေ ပိုကောန်းဟူ နေရာမာ ထိုင်ပါ' ဆိုဘီး နန့်ဟို့ ပြောလေ့မယ်။ အယ်ဆိုဟာ နန်ဟာ ဧည့်သည်လေရဲ့ ရှေ့မာ ဂေါင်သရေ ရှိလေ့မယ်။"

14:5 ၁၄.၅ မ ၁၂.၁၁

11 “အယ်ကြောန့် ကိုယ့်ကိုယ်ကိုယ် ချီးမြှော့-က်ဟူသူဟာ နှိခ့လခံရဘီး
ကိုယ့်ကိုယ်ကိုယ် နှိခ့လဟူသူဟာ ချီးမြှော့-က်ခံရလေ့မယ်” ဆိုဘီး မိန့်တော်မူဟုယ်။
12 အယ်ဘီးန ယေရှုဟာ ဖိခေါ်သူဟို့ “နန့်ဟာ မွန်းဒဲ့ဇာ၊ ညဉ့်ဇာဟို့ ကျွေးမွေးဟူ ခီမာ
မိဆွေလေ၊ ညီကိုလေ၊ ဆွေမျိုးလေ၊ အီဇနီးရှင်း ဌေးလေဟို့ ဖိခေါ်န။
ဖြားဖြစ်ကြောန့်နူးဆိုဟာ သူးနို့လေဟာ နန့်ဟို့ ပ့လန်ဖိဘီးဟာ ကျေးဇူးဆပ်လေ့မယ်။
13 အယ်ကြောန့် စားသော့-က်ဗွဲ ကျင်းပဟူ ခီမာ ဆင်းရဲသား၊ အင်္ဂါချို့တဲ့သူ၊
ခေသန်ဘဲဟူသူ၊ မျစ်စိကန်းသူလေဟို့ဘဲ့ ဖိခေါ်ပါ။
14 အယ်မျိုးဆိုဟာ နန်ဟာ မင်္ဂလာရှိလေ့မယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ သူးနို့လေဟ
နန့်ဟို့ ပ့လန်ဘီး ကျေးဇူးဆပ်နိုင်ဂေ့ဟို့ မူဟ့။ အယ်ဘေမဲ့လည်း ဖြောန့်မတ်သူလေ
ရှင်ပ့လန်ထမြော့-က်ဟူ ခီမာ ဘုရားသခင်ဟ့ နန့်ဟို့ ပ့လန်ဆပ်ပေးလေ့မယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။

စားသော့-က်ဗွဲဂီး ပေါင်ဥပမာ
(မဿဲ ၂၂.၁-၁၀)

15 စားဗွဲမာ ထိုင်နေဟူ ည့်သည်လေထဲဟ့ တယော့-က်ဟာ အယ်စကားဟို့ ကြားဟူ
ခီမာ ယေရှုဟို့ “ဘုရားသခင်နိုင်ငံတော်ရဲ့ စားသော့-က်ဗွဲမာ ထိုင်ရဟူ သူလေဟာ
ရရာတိုင်း ပျော်လေ့မယ်!” ဆိုဘီး လျှော့-က်လေဟုယ်။
16 ယေရှုဟာ “လူတယော့-က်ဟာ စားသော့-က်ဗွဲဂီးဟို့ ပြင်ဆင်ဟုားဘီး
လူဘောင်ဂီးဟို့ ဖိဟုားဂေ့ဟုယ်။
17 စားသော့-က်ဗွဲခီ ရော့-က်ဟူ ခီမာ ဖိဟုားဟူ လူလေနားဟို့ သူ့ရဲ့ကျွန်ဟို့
စေလွှတ်ဘီးဟာ ‘ဂူလောင်း ဆင်သင့်ဖြစ်နေဘီ။ ကြွဂေ့ပါ!’ ဆိုဘီး ပြောစေဟုယ်။
18 အယ်ဘေမဲ့ သူးနို့လေ ဂူလောင်းဟာ ယော့-က်ဘီးယော့-က် ဆင်ခေလတ်ခေလေ
ပေးဂေ့ဟုယ်။ ပထမတယော့-က်ဟ့ ‘ငါ့ဟာ လဲဗ့လန်တဂွပ် ဝယ်ဟုားဇာဟို့ သွားဘီး
ကေ့ကေ့ရအူးမယ်။ ငါ့ဟို့ ခွမ့်လွှတ်ဟို့ တောန်းလျှော့-က်ပါဟုယ်’ ဆိုဘီး
ပြောလေဟုယ်။
19 နော့-က်ထပ် တယော့-က်ဟ့ ‘ငါဝယ်ဟုားဟူ နွားငါးရှဉ်းဟို့ မောန်းစမ်းဟို့
သွားရအူးမယ်။ ငါ့ဟို့ ခွမ့်လွှတ်ဟို့ တောန်းလျှော့-က်ပါဟုယ်’ ဆိုဘီး ပြောလေဟုယ်။
20 နော့-က်ထပ် တယော့-က်ဟ့ ‘ငါလည်း ခုဘဲ့သေး အီထောန်က့လကြောန့်
လာနိုင်ဟို့ မူဟ့’ ဆိုဘီး ပြောလေဟုယ်။
21 စေခံဟာ သူ့သခင်နားဟို့ ပ့လန်ဟုားဘီးဟာ အယ်ကြောန်းရာ ဂူလောင်းဟို့
ပ့လန်ပြောပြဟုယ်။ သခင်ဟာ ရရာတိုင်း ဒေါသထွပ်ဟုားဘီး ‘ဗြို့ထဲမာရှိဟူ
လမ်းမလမ်းကြားလေဟို့ ဗြန်းဗြန်သွား။ အယ်ဘီးဟာ ဆင်းရဲသား၊ အင်္ဂါချို့တဲ့သူ၊
ခေသန်ဘဲဟူသူ၊ မျစ်စိကန်းသူလေဟို့ ခေါ်ပါ’ ဆိုဘီး သူ့ရဲ့စေခံဟို့ ပြောလေဟုယ်။
22 စေခံဟာ ပ့လန်ရော့-က်လာဘီး ‘သခင်၊ သခင်ခိုင်းဒဲ့တိုင်း လောက်ပီးဘီ။
အယ်ဘေမဲ့ နေရာလပ်လေ ရှိနေသေးဟုယ်’ ဆိုဘီး ပြောလေဟုယ်။

14:11 **ဘ၄.၁၁** မ ၂၃.၁၂; လု ၁၈.၁၄

23 အယ်ကြောန့် သခင်ဟု ‘ဗြို့ပ္ပလန်၊ လမ်းမ၊ ခြံစည်းရိုးနားဟို့ သွားပါ။ အယ်ဘီးဟာ
ငါ့အီဟို့ ပ့ုလဲ့အောန် လူလေဟို့ ခေါ်လာပါ’ ဆိုဘီး စေခံဟို့ ပြောလေဟုယ်။
24 နန်းနို့ဟို့ ငါပြောမယ်။ ရင်းရင်ဒူးဟု ဖိခေါ်ဟုားဟူ လူလေ တယော့-က်လည်း ငါ့ရဲ့
စားသော့-က်ဗွဲဟို့ မြည်းစမ်းရလေ့ဟို့ မူဟု!” ဆိုဘီး ပြောလေဟုယ်။

တဗဲ့တော်ဖြစ်ဟို့တွပ် ပေးရဟူ ဖိုးခ
(မဿဲ ၁၀.၃၇,၃၈)

25 လူအောက်ဂီးဟာ ယေရှုနတူးဒူ သွားနေဟူ ခီမာ ကိုယ်တော်ဟာ လှည့်ကေ့ဘီး
26 “ယော့-က်ယော့-က်ဟာ ငါ့နားဟို့ လာဘေဲ့လည်း ငါ့ဟို့ ရှစ်ဇာထတ် မိဖ၊
သားမယား၊ နောန်၊ ညီမန သူးနို့ရဲ့ သတ်ဟို့ ပိုဘီး ရှစ်မယ် ဆိုဟာ ငါ့တဗဲ့ ဖြစ်နိုင်ဟို့
မူဟု။
27 သူးနို့ရဲ့ လတ်ဝါးကပ်တိုင်ဟို့ ထမ်းဘီး ငါ့နော့-က်ဟို့ လိုက်ဂေ့ဟု ဆိုဟာ
ငါ့တဗဲ့လေ ဖြစ်နိုင်ဟို့ မူဟု။
28 နန်းနို့ထဲဟု တယော့-က်ဟာ မျော်စင်တခုဟို့ ဆော့-က်မယ် ဆိုဘီး ကြဲ့ရှိဟူသူဟု
ကပ်လော့-က်ဒုအောန် ရှိလော၊ မေ့ဟုလော ဆိုဘီး ရင်ဦးဆောင်း ထိုင်ဘီး
ကူကူလဇာလေဟို့ တွပ်ကေ့လေ့မယ်။
29 အယ်မျိုးတွပ်ဘဲန ဆိုဟာ မျော်စင်ဟို့ အုပြစ်ခ့ုလဘီး ပီးအောန်
ဆော့-က်နိုင်ဘဲကြောန့် ဗြင်ဟူသူလေ ဂူလောင်းဟာ ရယ်ဇားလေ့မယ်။
30 ‘အယ်လူဟာ တည်ဆော့-က်ဟို့ စပြုနိုင်ဘေမဲ့ ဆောင်းသတ်နိုင်ဘဲဟူသူ!’ ဆိုဘီး
သူးနို့ဟာ ပြောဂေ့လေ့မယ်။
31 စစ်သား ၁၀,၀၀၀ ရှိဟူ မန်းဂီးတပါးဟာ စစ်သား ၂၀,၀၀၀ န ချီတတ်လာဟူ
တခြားမန်းဂီးဟို့ ထွပ်ဘီး ရင်ဆိုင်မယ် ဆိုဟာ အယ်စစ်သားအင်အားန ခုခံနိုင်မယ်
ခုခံနိုင်ဟု ဆိုဘီး ရင်ဦးဆောင်း ထိုင်ဘီးဟာ တွပ်ကေ့ဘီး ဆောင်းဖြတ်လေ့မယ်။
32 ခုခံဟို့ အင်အား မေ့ဟု ဆိုဟာ တခြားမန်းဂီးဟာ ဝီးဂီးမာ ရှိနေဂဲ့ဟု
တမန်လေဟို့ လွှတ်ဘီးဟာ စစ်ပြေငြိမ်းရေး စကားဟို့ တောန်းလျှော့-က်ရလေ့မယ်။
33 အယ်မျိုးဘဲ့ နန်းနို့မာ ရှိမျှဟို့ စွန့်ဘဲဟု ဆိုဟာ ငါ့တဗဲ့ ဖြစ်နိုင်ဟို့ မူဟု။”

ငန်ခါတ်မေ့ဘဲဟူ ဆားကြောန်း
(မဿဲ ၅.၁၃; မာကု ၉.၅၀)

34 “ဆားဟာ ကောန်းဟုယ်။ အယ်ဘေမဲ့ ငန်ခါတ်မေ့ဟု ဆိုဟာ ငန်ဟူ ရသာဟို့
ပ့ုလန်ရဟို့ နည်းလမ်းမေ့ဘီ။
35 မ့ုလေဆီလွှာတွပ်လည်း ကောန်းဟု။ မ့ုလေဩာတွပ်လည်း ကောန်းဘဲဟူကြောန့်
ဝီးဝီးဟို့ ပစ်လွှပ်လိုက်ဂေ့ဟုယ်။
“အယ်ကြောန့် နန်ဟာ နားရှိဟုယ် ဆိုဟာ ကြားဂေ့!” ဆိုဘီး မိန့်တော်မူလေဟုယ်။

14:26 ၁၄.၂၆ မ ၁၀.၃၇ **14:27 ၁၄.၂၇** မ ၁၀.၃၈; ၁၆.၂၄; မာ ၈.၃၄; လု ၉.၂၃

15

ပျော့-က်နေဟူ သိုးကြောင်း
(မဿဲ ၁၈.၁၂-၁၄)

1 တနေ့မာ ခွန်ကော့-က်မားလေန ပြစ်သားလေဟှာ တရားစကားဟို့
နားထောန်ဟို့တွပ် ယေရှုနားဟို့ ရော့-က်လာဟူ ခီမာ
2 ဖာရိရဲလေန ကျမ်းတတ်ဆရာလေဟု "အယ်လူဟှာ ပြစ်သားလေဟို့ လတ်ခံဘီးဟှာ
သူးနို့နတူးဒူလည်း စားသော့-က်ဂေ့ဟှယ်!" ဆိုဘီး ပြစ်တန်ဂေ့ဟှယ်။
3 အယ်ကြောန့် ယေရှုဟှ အယ်ပေါင်ဥပမာန
4 "နန်းနို့ထဲဟှ တယော့-က်မာ သိုးကောန်တရာရှိဘီး တကောန်ပျော့-က်ဟှားမယ်
ဆိုဟှာ ဖယ်မျိုးလောက်ဂေ့မယ်နူး။ သိုးကိုးဆယ်ကိုးကောန်ဟို့ စားကျစ်မာ
ထားရစ်ဘီးဟှာ ပျော့-က်နေဟူ သိုးတကောန်ဟို့ တွိအောန်လိုက်ရှာဂေ့လေ့မယ်။
5 အယ်သိုးဟို့ ပ့ုလန်တွိဟူ ခီမာ ရရာတိုင်း ဝန်းသာဘီးဟှာ ခေါင်းထတ်မာ
6 ထမ်းဘီး အီဟို့ ပ့ုလန်ဟှားဟှယ်။ အယ်ဘီးန အီဇနီးရှင်းလေန မိဆွေလေဟို့
ခေါ်ဘီးဟှာ 'ပျော့-က်နေဟူ သိုးဟို့ ငါပ့ုလန်တွိဟှားဘီ။ နို့လေ ပွဲလောက်ဂေ့ဇို့!' ဆိုဘီး
ပြောလေ့မယ်။
7 အယ်မျိုးဘဲ့ နောန်ဒရဘဲဟူ ဖြောန့်မတ်သူ ကိုးဆယ်ကိုးယော့-က်ထတ် နောန်ဒရဟူ
ပြစ်သားတယော့-က်တွပ် ကောန်းဂန်ဘောင်မာ ပိုဘီး ဝန်းသာလေ့မယ် ဆိုဘီး နန်းနို့ဟို့
ငါပြောဟှယ်။"

ပျော့-က်နေဟူ ဒန်းဂါးကြောန်း
8 "အယ်မျိုးဘဲ့ မီးမတယော့-က်မာ ငွေဒန်းဂါး ဆယ်ပ့ုလားရှိဘီး ငွေဒန်းဂါး
တပ့ုလားပျော့-က်ဟှားမယ် ဆိုဟှာ အယ်မီးမ ဖြားဇာလောက်မယ်နူး။ သူဟှာ
မီးအီထွန်းဘီး၊ ရှင်းလန်းဘီးဟှာ တွိအောန် သေးသေချားချာ ရှာလေ့မယ်။
9 အယ်ငွေဒန်းဂါးဟို့ တွိဟူ ခီမာ သူဟှာ အီဇနီးရှင်းလေန မိဆွေလေဟို့ ခေါ်ဘီး
'ပျော့-က်ဟှားဟူ ဒန်းဂါးဟို့ ငါပ့ုလန်တွိဘီ။ နို့လေ ပွဲလောက်ဂေ့ဇို့!' ဆိုဘီး
ပြောလေ့မယ်။
10 အယ်မျိုးဘဲ့ ဘုရားသခင်ရဲ့ ကောန်းဂန်တမန်လေဟှာလည်း နောန်ဒရဟူ
ပြစ်သားတယော့-က်တွပ် ရရာတိုင်း ဝန်းသာလေ့မယ် ဆိုဇာဟို့ နန်းနို့ဟို့ ငါပြောဟှယ်"
ဆိုဘီး မိန့်တော်မူလေဟှယ်။

ပျော့-က်နေဟူ သားကြောန်း
11 ယေရှုဟှာ ဆစ်ဘီး "လူတယော့-က်မာ သားနှေ့ယော့-က် ရှိဟှယ်။
12 သားငယ်ဟှ ဖဟို့ 'ဖ၊ နို့ရဲ့ မွိလေဟို့ ပေးပါ' ဆိုဘီး တောန်းလေဟှယ်။
အယ်ကြောန့် ဖဟှ သူ့ရဲ့ မွိအောက်စာလေဟို့ သားနှေ့ယော့-က်ဟို့ ခွဲဝီပေးလိုက်ဟှယ်။

15:1 **၁၅.၁** လု ၅.၂၉,၃၀

13 ရစ်နဲနဲကြာဘီးန သားငယ်ဟှာ သူ့ရဲ့ မွီအောက်စာလေဟို့ ရောန်းခုလဘီး ကပ်ထုန
အီထတ်ဟှနေ ဆင်းဟှားဟှယ်။ သူဟှာ ဟိုးဝီးဂီးမာရှိနေဟူ တိုင်းပြည်ဟို့ သွားဘီး
အယ်နေရာမာ ဗရမ်းဗဒါသတ်ရှင်ဘီးဟှာ သူကပ်လေဟို့ ဖြုန်းစားပစ်လေဟှယ်။
14 သူ့ရဲ့ ကပ်လေ ဂူလောင်းဟို့ သောင်းဖြုန်းပစ်ဘီးဟူ ခီမာ အယ်တိုင်းပြည်
နှံ့ပ့လားမာ ဆိုးဝါးဟူ ငတ်မွတ်ရှင်းဘေး က့လရော့-က်လာဟူကြောန့် သူဟှာ
ငတ်ပြတ်လေဟှယ်။
15 အယ်ကြောန့် အယ်တိုင်းပြည်ရဲ့ ပြည်သားလေထဲဟှ တယော့-က်နားဟို့
လောက်လောက်ဟို့ သွားလေဟှယ်။ အယ်ပြည်သားဟှ သူ့ရဲ့လဲမ့်လန်ထဲဟို့
စေလွှတ်လိုက်ဘီး ဝပ်လေဟို့ ထီးခိုင်းလေဟှယ်။
16 သူဟှာ ဝပ်လေစားနေဟူ ပဲတောန့်လေဟို့ စားရှင်ဟူစိ ဖြစ်လာလေဟှယ်။
အယ်ဘေမဲ့ ဖယ်သူလည်း သူဟို့ စားဇာကျွေးဟို့သူ မွေ့ဟှ။
17 နော့-က်ဆောင်းမာ သူဟှာ သိတရား ဝမ်လာဘီး 'ငါ့ဖရဲ့ လောက်သမားလေ
ဂူလောင်းဟှာ ဗိုက်ဝအောန် စားနေရဂေ့ဟှယ်။ ငါဟှ အယ်မာ ငတ်ပြတ်နေဟှယ်!
18 ငါ့ဖနားဟို့ သွားဘီး "ဖ၊ နို့ဟှာ ကောန်းဂန်ဟို့ရော၊ နို့ဖဟို့ရော ပြစ်မှားမိဘီ။
19 နို့ဟို့ သား ဆိုဘီး ခေါ်ဟို့ထိုက်ဟှ။ နို့ဖရဲ့ လောက်သမား တယော့-က်မျိုးဘဲ့
ပြုမူပါ" ဆိုဘီး ပြောမယ်' ဆိုဘီး ကြဲစည်ရှိလေဟှယ်။
20 အယ်ကြောန့် သူဟှာ ထဘီး ဖနားဟို့ ပ့လန်ဟှားဟှယ်။
"သူဟှာ ဟိုးဝီးမာရှိနေဒူးမာ သူ့ရဲ့ဖဟှ သားဟို့ ဗြင်လိုက်ဟူ ခီမာ သနားစိ
ဖြစ်လာဟူကြောန့် ပ့လေးလာဘီး၊ သူဟို့ ပိုက်ဘီး နမ်းလေဟှယ်။
21 သားဟှာ 'ဖ၊ နို့ဟှာ ကောန်းဂန်ဟို့ရော၊ နို့ဖဟို့ရော ပြစ်မှားမိဘီ။ နို့ဟို့ သား ဆိုဘီး
ခေါ်ဟို့ထိုက်ဟှ' ဆိုဘီး ပြောလေဟှယ်။
22 အယ်ဘေမဲ့ ဖဟှ စေခံလေဟို့ ခေါ်လိုက်ဘီး 'ဖြန်းဖြန်လောက်! ကောန်းဆောင်း
ဝတ်လောင်ရှယ်ဟို့ ယူလာဘီးဟှာ သူဟို့ ဝတ်ပေးဂေ့။ သူ့လတ်မာ လတ်စွပ်ဟို့
စွပ်ပေးဘီး သူ့ရဲ့ခေမာ ခေနပ်ဟို့ စီးပေးဂေ့။
23 အယ်ဘီးဟှာ ကောန်းဆောင်း နွားသားဂန်းဟို့ သွားဘီးဟှာ သတ်ဂေ့။ နို့လေ
စားသော့-က်ဗွဲဂီးဟို့ လောက်ဂေ့ဇို့!
24 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ငါ့သားဟှာ ရင်းရင်ဒူးဟှ သေဟှားဘေမဲ့
ခုပ့လန်ရှင်ဟှားဘီ။ ရင်းရင်ဒူးဟှ ပျော့-က်ဟှားဘေမဲ့ ခုပ့လန်တွိဟှားဘီ' ဆိုဘီး
ပြောလေဟှယ်။ အယ်ဘီးန စားသော့-က်ဗွဲဂီးဟို့ စပြုဂေ့လေဟှယ်။"
25 "အယ်ခီမာဘဲ့ သားဂီးဟှာ လဲမ့်လန်ဟှနေ အီဟို့ ပ့လန်လာလေဟှယ်။ အီနားဟို့
ရော့-က်လာဟူ ခီမာ တီးမှုသံလေ၊ ကခူသံလေဟို့ ကြားရဟှယ်။
26 အယ်ကြောန့် စေခံတယော့-က်ဟို့ ခေါ်ဘီး 'ဖြဲားဇာလေ ဖြစ်နေဂေ့နူး။' ဆိုဘီး
မေးလေဟှယ်။
27 စေခံဟှ 'သင့်ရဲ့ညီဟှာ ဘေးတွိဘဲ့နှ ပ့လန်ရော့-က်လာဟူကြောန့် သင့်ရဲ့ဖဟှ
ကောန်းဆောင်း နွားသားဂန်းဟို့ သတ်ဘီးဟှာ စားသော့-က်ဗွဲဂီး လောက်ပေးနေဟှယ်'

ဆိုဘီး ပုလန်ပြောလေဟုယ်။
28 သားဂီးဟုာ ရရာတိုင်း မျစ်ဘီးဟုာ အီထဲဟို့ ဝမ်ဘဲန နေလေဟုယ်။ အယ်ကြောန့်
သူဖဟုာ ပုလန်ဟို့ ထွပ်လာဘီးဟုာ သူ့ဟို့ ဖျောန်းဖျလေဟုယ်။
29 အယ်ဘေမဲ့ သူဟုာ ဖဟို့ 'နို့ဟုာ နှစ်လေဘောင်ဂီး ကျွန်တယော့-က်မျိုး နို့ဖတွပ်
လောက်လောက်ပေးဟုယ်။ နို့ဖရဲ့ မိန့်ဟို့လည်း မြဲဒမ်း နားထောန်ဟုယ်။ အယ်ဘေမဲ့
နို့ဖဟုာ နို့ဟို့ ဖြားဇာပေးဖူးနူး။ နို့ငယ်ဂျင်းလေနတူးဒူ စားသော့-က်ဗွဲလောက်ဟို့တွပ်
ဘဲ့တကောန်ဟို့မျှ ပေးဖူးဟု!
30 အယ်ဘေမဲ့ နို့ဖရဲ့ အောက်စာ ပစ်စီးလေဟို့ မီးမပျစ်လေန
ပျော်ပါးဖ့လူးစားပစ်ဘီး ပုလန်လာဟူ အယ်သားတွပ် ဆိုဘီး ကောန်းဆောင်း
နွားသားဂန်းဟို့ သတ်ဘီးကျွေးဟုယ်!' ဆိုဘီး ပုလန်ပြောလေဟုယ်။
31 ဖဟု 'ငါ့သား၊ သားဟု ဖနတူးဒူ မြဲဒမ်းနေဟုယ်။ ဖရဲ့ အောက်စာပစ်စီး
ဂူလောင်းဟုာလည်း သားရဲ့ အောက်စာပစ်စီးလေ ဖြစ်ဟုယ်။
32 အယ်ဘေမဲ့ သားရဲ့ ညီဟုာ ရင်းရင်ဒူးဟု သေဟုားဘေမဲ့ ခုပ့်လန်သတ်ရှင်ဟုားဘီ။
ရင်းရင်ဒူးဟု ပျော့-က်ဟုားဘေမဲ့ ခုပ့်လန်တွိဟုားဘီ။ အယ်ကြောန့် နို့လေဟုာ
ဝန်းသာဘီး ပွဲလောက်နေဟုယ်' ဆိုဘီး ပုလန်ပြောလေဟုယ်" ဆိုဘီး
မိန့်တော်မူလေဟုယ်။

16

ပါးနပ်ဟူ ဘဏ္ဍာစိုးကြောန်း

1 ယေရှုဟုာ တဗဲတော်လေဟို့ "ဌေးတယော့-က်မာ ဘဏ္ဍာစိုး တယော့-က် ရှိဟုယ်။
အယ်ဘဏ္ဍာစိုးဟုာ ဌေးရဲ့ အောက်စာ ပစ်စီးလေဟို့ ဖ့လူးစားပစ်နေဟုယ် ဆိုဘီး
ဌေးဟို့ လာပြောဂေ့ဟုယ်။
2 အယ်ကြောန့် ဌေးဟု ဘဏ္ဍာစိုးဟို့ ခေါ်ဘီး 'နန့်ကြောန်းလေ ငါကြားရဇာလေဟု
ဖြားလေနူး။ နန့်ဟို့ ငါ့ရဲ့ ဘဏ္ဍာစိုးဖြစ်န ဆစ်ဘီး ထားနိုင်ဟို့မူဘီ။ အယ်ကြောန့် နန့်ရဲ့
လောက်ငန်းနဆိုင်ဟူ့ စာရင်းလေဟို့ တန်ပြပါ' ဆိုဘီး ပြောလေဟုယ်။
3 ဘဏ္ဍာစိုးဟု 'ငါ့သခင်ဟု ငါဟို့ လောက်ဖ့လုလိုက်ဘီ။ ငါ
ဖယ်မျိုးလောက်ရမယ်နူး။ ငါ့မာ မ့လေတူးဟို့ ခွန်အားလည်း မ့ေဟု။
တောန်းစားဟို့လည်း ငါယ့စ်ဟုယ်။
4 ဘဏ္ဍာစိုး ရာထူးဟုနေ ငါပ့လုဟုားဟူ ခီမာ လူလေဟုာ သူးနို့ရဲ့ အီလေမာ ငါ့ဟို့
လတ်ခံအောန် ဖြားမျိုးလောက်ရမယ် ဆိုဇာဟို့ ငါသိဘီ!' ဆိုဘီး ကိုယ့်ကိုယ်ကိုယ်
ပြောလေဟုယ်။
5 အယ်ကြောန့် သူ့သခင်ဟို့ ကပ်ကွီးပေးဇာရှိဟူ လူလေ ဂူလောင်းဟို့ ခေါ်လိုက်ဟုယ်။
ပထမလူဟို့ 'ငါ့သခင်ဟို့ ဆပ်ရဟို့ ကပ်ကွီး ဖယ်မျှရှိနူး' ဆိုဘီး မေးလေဟုယ်။

6 အယ်လူဟု ‘ဆီဂါလံ ၈၀၀ ပေးဇာ ရှိပါဟုယ်’ ဆိုဘီး ပုလန်ဖြေဟုယ်။ ဘဏ္ဍာစိုးဟု
သူ့ဟို့ ‘နန့်ရဲ့ ကပ်ကွီးစာရင်းဟို့ ယူဘီး ဂါလံ ၄၀၀ ဆိုဘီး ဗြန်းဗြန်ဟုးရေးပါ’ ဆိုဘီး
ပြောလေဟုယ်။
7 အယ်ဘီးန နော့-က်ထပ် တယော့-က်ဟို့ ‘နန့်မာလည်း ကပ်ကွီး ဖယ်မျှရှိဟုယ်နူး’
ဆိုဘီး မေးလေဟုယ်။ သူဟု ‘ဂျောင်အိ ၁,၀၀၀ ပေးဇာရှိပါဟုယ်’ ဆိုဘီး
ပုလန်ဖြေဟုယ်။ ဘဏ္ဍာစိုးဟု ‘နန့်ရဲ့ ကပ်ကွီး စားရင်းဟို့ ယူဘီး အိ ၈၀၀ ဆိုဘီး
ရေးပါ’ ဆိုဘီး သူ့ဟို့ ပြောလေဟုယ်။
8 သခင်ဟု အယ်မျိုးရိုးသားဘဲဟူ ဘဏ္ဍာစိုးရဲ့ ပါးနပ်ဟူ လောက်ဆောန်မူတွပ် သူ့ဟို့
ချီးကျူးလေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟု လောကသားလေဟု သူးနို့ရဲ့
လောကီကိစလေ လောက်ဟူ ခီမာ လန်းသားလေထတ် ပိုဘီး ပါးနပ်ဂေ့ဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
9 ယေရှုဟု “နန်းနို့ဟို့ ငါပြောမယ်။ လောက စည်းဇိမ်အားဖြင့် မိဆွေလေ
ရအောန်လောက်ဂေ့။ အယ်မျိုးဆိုဟု အယ်စည်းဇိမ်လေ ကူဟုားဟူ ခီမာ သူးနို့ဟု
နန်းနို့ဟို့ ထာဝရအီတော်မာ ကြိုဆိုလတ်ခံလေ့မယ်။
10 သေးငယ်ဟူ မူမာ သစ်စာရှိဟူသူဟု ကီးမားဟူ မူမာလည်း သစ်စာရှိလေ့မယ်။
သေးငယ်ဟူ မူမာ သစ်စာမ့ေဘဲဟူ သူဟု ကီးမားဟူ မူမာလည်း သစ်စာရှိလေ့မယ်
မူဟု။
11 အယ်ကြောန့် နန်းနို့ဟု လောကစည်းဇိမ်ဟို့ သောင်းပြုဟူ ခီမာ သစ်စာမ့ေဘဲဟူသူ
ဖြစ်မယ် ဆိုဟု စစ်မှန်ဟူ စည်းဇိမ်ဟို့ ဖယ်သူဟု နန်းနို့ဟို့ အပ်မယ်နူး။
12 အယ်ဘီးဟု တခြားလူရဲ့ အောက်စာပစ်စီးဟို့ သောင်းပြုဟူ ခီမာ သစ်စာမ့ေဟု
ဆိုဟု နန်းနို့ပိုင်ဆိုင်ဟို့ အောက်စာပစ်စီးဟို့ ဖယ်သူဟု ပေးဂေ့မယ်နူး။
13 “ဖယ်ကျန်ဘဲဖြစ်ဖြစ် သခင်နေ့ယော့-က်ရဲ့ စေဟို့ ခံနိုင်ဟု။ သခင်တယော့-က်ဟို့
မူးဘီး သခင်တယော့-က်ဟို့ ရှစ်လေ့မယ်။ တယော့-က်ဟို့ သစ်စာစောန့်ဘီး
တယော့-က်ဟို့ ထီလေးဇားလောက်လေ့မယ်။ နန်းနို့လေဟု ဘုရားသခင်န
လောကစည်းဇိမ်လေဟို့ တပြိုင်ဒဲ စေခံနိုင်ဂေ့ဟု” ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုရဲ့ စကားတော်တချို့
(မဿဲ ၁၁.၁၂; ၅.၃၁-၃၂; မာကု ၁၀.၁၁,၁၂)

14 အယ်စကားလေဟို့ ဖာရိရှဲလေ ကြားရဟူ ခီမာ ယေရှုဟို့ လှောန်ပြောန်ဂေ့ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟု သူးနို့လေဟု ကပ်မတ်မားလေ ဖြစ်ဟုယ်။
15 ယေရှုဟု သူးနို့ဟို့ “နန်းနို့ဟု လူလေရဲ့ ရှေ့မာ ဖြောန့်မတ်ဟန်ဆောန်ဟုယ်။
အယ်ဘေမဲ့ ဘုရားသခင်ဟု နန်းနို့ရဲ့ စိန္နလောင်းဟို့ သိနေဟုယ်။ လူလေ ရရာတိုင်း
တန်ဖိုးထားဟူဇာဟု ဘုရားသခင်ရဲ့ ရှေ့မာ ရွံဇာကောန်းဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။

16:13 **၁၆.၁၃** မ ၆.၂၄

16 “မောရှေရဲ့ ပညတ်ကျမ်းနဲ့ ပရောဖက်ကျမ်းလေဟာ ဗတ္တိဇံယောဟန်
လတ်ထတ်ထိ သတ်ရော့-က်မှု ရှိဟုယ်။ အယ်ခီဂဒဲဟုနေ ဘုရားသခင်ရဲ့
နိုင်ငံတော်ကြောန်း ဒန်းကောန်းဟို့ ဟောပြောဂေ့ဟုယ်။ လူတိုင်းဟာ
အယ်နိုင်ငံတော်ထဲဟို့ လုယက် တိုးဝမ်ဂေ့ဟုယ်။
17 အယ်ဘေမဲ့ ပညတ်တရားထဲမာ ငယ်ဆောင်းဖြစ်ဟူ စာလောင်း
တလောင်းပျစ်စီးဟို့ထတ် ကောန်းဂန်ဘောင်ခ မ့်လေဂီး ပျစ်စီးဟို့ လွယ်ဟုယ်။”
18 “ကိုယ့်မယားဟို့ ကွာရှင်းဘီးဟာ တခြားမီးမန အီထောန်ပြုဟူသူဟာ
အီထောန်ရေးဖော့-က်ပ့လန်ရှင်းဟို့ ကျူးလွန်သူ ဖြစ်ဟုယ်။ ကွာရှင်းဟာ်းဟူ
မီးမတယော့-က်ခ အီထောန်ပြုဟူ ယော့-က်ကျာ်းဟာလည်း
အီထောန်ရေးဖော့-က်ပ့လန်ရှင်းဟို့ ကျူးလွန်ဟုယ်။”

ဌေးနု လာဇရု

19 “တခါဒူးဟ ဌေးတယော့-က်ဟာ ရရာတိုင်း ဖိုးကီးဟူ ခရမ်းရောန်ဝတ်ရောင်နု
ပိချောဟို့ ဝတ်ဆင်ဘီး နေ့တိုင်း စည်းဇိမ်ခံစားဘီး နေလေဟုယ်။
20 ဌေးရဲ့ အီခွဗော့-က်နားမာ လာဇရု နာမယ်ရှိဟူ ဆင်းရဲသား တယော့-က်ရှိဘီး
သူ့တကောန်လောင်းမာ အိုင်းနာလေ ပေါ့-က်နေဘီး၊”
21 “သူဟာ ဌေးရဲ့ စားမွဲဟ ကုလဟူ စားကြွင်းစားကျန်လေဟို့ စားရဟို့တွပ်
မျော်နေဟုယ်။ ခွီးလေဟုလည်း သူ့ရဲ့ အိုင်းနာလေဟို့ လာဘီး ယစ်နေလေဟုယ်။
22 ဆင်းရဲသားဟာ သေဟာ်းဟူ ခီမာ ကောန်းဂန်တမန်လေဟ သူ့ဟို့ အာမြဟံရဲ့
ဘေးမာ ထိုင်စေဟို့ သယ်ဆောန်ဟာ်းလေဟုယ်။ ဌေးလည်း သေဟာ်းဘီးဟာ
သဂြိုဟ်ရှင်းဟို့ ခံရလေဟုယ်။
23 သူဟာ မရဏာနိုင်ငံ*မာ ဝေဒနာဟို့ ဆိုးဆိုးဝါးဝါး ခံနေရဘီး မော့ကေ့လိုက်ဇာ
အာမြဟံန အာမြဟံရဲ့ ဘေးမာ လာဇရုဟို့လည်း ဗြင်လိုက်ရဟုယ်။
24 အယ်ကြောန့် သူဟ ‘ဖအာမြဟံ! ကျွန်တော့်ဟို့ သနားပါ။ ကျွန်တော်ဟာ
အယ်မီးဘောင်ထဲမာ ဝေဒနာဟို့ ဆိုးဆိုးဝါးဝါး ခံနေရကြောန့် လာဇရုရဲ့ လတ်ဖျားဟို့
ရေဆွတ်ဘီး ကျွန်တော့်လျာဟို့ အေးစေဟို့ သူ့ဟို့ စေလွတ်ပေးပါ!’ ဆိုဘီး
အော်ပြောလေဟုယ်။
25 အယ်ဘေမဲ့ အာမြဟံဟ ‘ငါ့သား၊ နန်ဟာ သတ်ရှင်ခီဒူးဟ ကောန်းဟူဇာလေဟို့
လတ်ခံရရှိဘီး လာဇရုဟာ ကောန်းဘဲဟူဇာလေဟို့ လတ်ခံရရှိဟာ်းဟုယ် ဆိုဇာဟို့
အော့-က်မေ့ပါ။ အယ်ဘေမဲ့ ခု သူဟာ အယ်နေရာမာ သတ်သာရှင်းရှိဘီး နန်ဟ
ဝေဒနာဟို့ ဆိုးဆိုးဝါးဝါး ခံစားနေရဟုယ်။
26 အယ်ဘီးဟာ နန်းနို့နှ နို့လေကြားမာ ရရာတိုင်း နတ်ဟူချော့-က်ဂီး တခုရှိဟုယ်။
အယ်ကြောန့် နန်းနို့ဟ့လည်း နို့လေနားဟို့ ကူးနိုင်ဂေ့ဟ့။ နို့လေဟ့လည်း နန်းနို့နားဟို့
ကူးနိုင်ဂေ့ဟ့’ ဆိုဘီး ပ့လန်ပြောလေဟုယ်။

16:16 **၁၆.၁၆** မ ၁၁.၁၂,၁၃ **16:17** **၁၆.၁၇** မ ၅.၁၈ **16:18** **၁၆.၁၈** မ ၅.၃၂; ၁ ကော ၇.၁၀,၁၁
* **16:23** **၁၆.၂၃ မရဏာနိုင်ငံ၊** လူသေလေရဲ့ လောက။

27 ဌေးဟု ‘ဖ၊ အယ်ဆိုဟာ လာဇရုဟို့ ကျွန်တော့်ဖရဲ့ အီဟို့ စေလွှတ်ပေးဟို့တွပ်
ကျွန်တော် တောန်းလျှောက်ပါဟုယ်။
28 ကျွန်တော့်မာ ညီငါးယော့-က်ရှိပါဟုယ်။ သူးနို့လေဟို့ ဝေဒနာခံစားရဟူ
အယ်နေရာဟို့ ရော့-က်ဘဲအောန် သူးနို့ဟို့ ဒီပေးဟို့ လာဇရုဟို့ သွားစေပါ’ ဆိုဘီး
ပြောလေဟုယ်။
29 အာဗြဟံဟု ‘နန့်ရဲ့ ညီလေဟို့ ဒီပေးဟို့ မောရှေန ပရောဖက်လေ ရှိဟုယ်။
သူးနို့စကားလေဟို့ နားထောန်ရမယ်’ ဆိုဘီး ပြောလေဟုယ်။
30 ဌေးဟု ‘ဖအာဗြဟံ၊ အယ်မျိုး မှူဟု! သေရာဟု ပ့လန်ရှင်လာဟူ
ယော့-က်ယော့-က်ဟို့ သူးနို့နားဟို့ သွားစေမယ် ဆိုဟာ သူးနို့ဟာ နောန်ဒရလေ့မယ်’
ဆိုဘီး ပ့လန်ပြောလေဟုယ်။
31 အယ်ဘေမဲ့ အာဗြဟံဟု ‘သူးနို့လေဟာ မောရှေန ပရောဖက်လေရဲ့ စကားဟို့
နားထောန်ဂေ့ဟု ဆိုဟာ သေရာဟုနေ ပ့လန်ရှင်လာဟူ ယော့-က်ယော့-က်ဟို့လည်း
လတ်ခံယောင်ကြည်ဂေ့ဟို့ မှူဟု’ ဆိုဘီး ပြောလေဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

17

ပြစ်ကြောန်း
(မဿဲ ၁၈.၆,၇,၂၁,၂၂; မာကု ၉.၄၂)

1 ယေရှုဟာ တမဲ့တော်လေဟို့ “လူလေဟို့ ပြစ်ထဲက့လအောန် လောက်ဟို့
မှားယွင်းဇာလေ ရှိရမယ်။ အယ်ဘေမဲ့ ပြစ်ထဲက့လအောန် မှားယွင်းဇာလေ လောက်ဟူ
သူဟာ အမင်္ဂလာရှိဟုယ်။
2 အယ်လူဟာ အယ်မျိုး သားဂန်းတယော့-က်ဟို့ မှားယွင်းစေရှင်းထတ်
ကိုယ့်လည်ဗန်းမာ ကီးမားဟူ ကွ့လိဆောင်ဟို့ ဆွဲဘီးဟာ ပန်လယ်ထဲမာ
ပစ်ခ့လခံရရှင်းဟာ ပိုဘီး ကောန်းအူးမယ်။
3 အယ်ကြောန့် ဖြားဘဲ့လောက်လောက် ဒီထားဂေ့!
“နန့်ရဲ့ ညီကိုဟု နန့်ဟို့ ပြစ်မှားမယ် ဆိုဟာ သူ့ဟို့ ဆောင်းမပါ။ သူဟာ နောန်ဒရမယ်
ဆိုဟာ ခွမ့်လွှတ်လိုက်ပါ။
4 သူ့ဟု နန့်ဟို့ တရစ်မာ ခွန်နစ်ခါ ပြစ်မှားဘီးဟာ ခွန်နစ်ခါလောင်းလောင်း နန့်နားဟို့
လာဘီးဟာ ‘ငါနောန်ဒရဘီ’ ဆိုဘီး လာပြောမယ် ဆိုဟာ သူ့ဟို့ ခွမ့်လွှတ်ရမယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။

ယောင်ကြည်ရှင်းကြောန်း

5 တမန်တော်လေဟု သခင်ဘုရားဟို့ “ကျွန်တော့်ဟုားလေရဲ့ ယောင်ကြည်ရှင်းဟို့
တိုးလာအောန် လောက်ပေးတော်မူပါ!” ဆိုဘီး လျှောက်ဂေ့ဟုယ်။

17:3 **၁၇.၃** မ ၁၈.၁၅

6 သခင်ဘုရားဟု “နန်းနို့မာ မုညင်းစေ့လော့-က် ယောင်ကြည်ရှင်း ရှိမယ် ဆိုဟာ
အယ်ပိုးစားဗန်ဟို့ ‘ပြစ်ဟုနေ ကွလော့ဘီးဟာ ပန်လယ်ထဲမာ စိုက်နေစေ!’ ဆိုဘီး
နန်းနို့ဟု ပြောမယ် ဆိုဟာ နန်းနို့ပြောဟူတိုင်း အယ်ပန်ဟု နားထောန်လေ့မယ်။

စေခံတယော့-က်ရဲ့ တာဝန်

7 “နန်းနို့ထဲဟု တယော့-က်မာ လယ်ထွန်ဟို့၊ သိုးထီးဟို့ ခိုင်းဟုားဟူ
စေခံတယော့-က် ရှိဟုယ်။ သူဟုာ လဲဗ့လန်ဟု ပ့လန်လာဟူ ခီမာ ဗြန်းဗြန်လာဘီး
စားသော့-က်ဂေ့ ဆိုဘီးဟာ နန်းနို့ထဲမာ ဖယ်သူပြောမယ်နူး။
8 လောင်းဝပြောဟို့ မူဟု! အယ်မျိုးပြောဟို့စား ‘ငါ့တွပ်စားဇာပြင်ပါ။
ငါစားသော့-က်နေဒူးမာ ခါးစဲဘီး ငါ့ဟို့ စေခံပါ။ ငါစားဘီးမှ နန်စားရမယ်’ ဆိုဘီး
ပြောလေ့မယ် မူဟုလော။
9 စေခံဟုာ ခိုင်းဟုားဟူတိုင်း လောက်ပေးဟူကြောန့် သူဟို့ ကျေးဇူးတန်ရဟို့လော။
10 အယ်မျိုးဘဲ့ နန်းနို့ဟို့ ခိုင်းဟုားဟူ လောက်လေ ဂူလောင်း လောက်ဘီးဟုားဟူ
ခီမာ ‘နို့လေဟုာ သာမန်စေခံလေ ဖြစ်ဘီး နို့လေရဲ့ တာဝန်ဟို့ လောက်ဆောန်ဇာဘဲ့
ဖြစ်ဟုယ်’ ဆိုဘီး ပြောဂေ့ပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုဟုာ လူဆယ်ယော့-က်ဟို့ နာပျော့-က်စေဟူကြောန်း

11 ယေရှုဟုာ ယေရုရှလင်ဗြို့ဟို့ ကြွဟုားဟူ ခီမာ ရှမာရိပြည်န ဂါလိလဲပြည်
နယ်စပ်ဟုနေဘီး ကြွတော်မူလေဟုယ်။
12 ကိုယ်တော်ဟုာ ဝါတဝါထဲဟို့ ဝမ်တော်မူဟူ ခီမာ နူနာ ဆယ်ယော့-က်ဟုာ
ကိုယ်တော့်ဟို့ လာတွိဂေ့ဟုယ်။ သူးနို့လေဟုာ ဝီးဝီးမာ ရပ်နေဘီး
13 “သခင်ယေရှု! ကျွန်တော့်ဟုားလေဟို့ သနားတော်မူပါ!” ဆိုဘီး
အော်ပြောလေဟုယ်။
14 ယေရှုဟုာ သူးနို့ဟို့ ဗြင်တော်မူဟူ ခီမာ “နန်းနို့ဟုာ ယဇ်ပုရောဟိတ်လေနားဟို့
သွားဘီး မိမိကိုယ်ဟို့ ပြဂေ့” ဆိုဘီး မိန့်တော်မူလေဟုယ်။
သူးနို့ဟုာ သွားနေဒူးမာဘဲ့ သန့်ရှင်းဟုားလေဟုယ်။*
15 သူးနို့ထဲဟု တယော့-က်ဟုာ ရောဂါပျော့-က်ဟုားဘီ ဆိုဇာဟို့ ဗြင်ဟူ ခီမာ
ဘုရားသခင်ဟို့ သံကွလယ်ဂီးန ချီးမွမ်းဘီး ပ့လန်လာလေဟုယ်။
16 ယေရှုရဲ့ ခေတော်ရင်းမာ ပျပ်ဝပ်ဘီးဟုာ ကိုယ်တော့်ဟို့ ကျေးဇူးတန်လေဟုယ်။
အယ်လူဟုာ ရှမာရိလူ တယော့-က်ဖြစ်ဟုယ်။
17 ယေရှုဟု “လူဆယ်ယော့-က်လောင်း သန့်ရှင်းဟုားဟုယ် မူဟုလော။ ကျန်ဟူ
ကိုးယော့-က်ဟု ဖယ်မာနူး။
18 ဖြားဖြစ်ကြောန့် အယ်လူမျိုးခြား တယော့-က်ဘဲ့ ပ့လန်လာဘီး ဘုရားသခင်ဟို့
ချီးမွမ်းရနူး။” ဆိုဘီး မေးတော်မူလေဟုယ်။

---

* **17:14** **၁ဂု.၁၄သန့်ရှင်းဟုားလေဟုယ်၊** ရှု ၅.၁၂။

19 အယ်ဘီးန ယေရှုဟု သူ့ဟို့ “ထဘီးသွားဝေါ့၊ နန့်ရဲ့ ယောင်ကြည်ရှင်းဟု နန့်ဟို့
ကျန်းမာစေဘီ” ဆိုဘီး မိန့်တော်မူလေဟုယ်။

နိုင်ငံတော် တည်ထောန်ဟူကြောန်း
(မဿဲ ၂၄.၂၃-၂၈,၃၇-၄၁)

20 ဖာရိရှဲတချို့ဟု ယေရှုဟို့ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟုာ ဖယ်ခီမာ
တည်ထောန်မယ်နူး။ ဆိုဘီး မေးဂေ့ဟုယ်။ ကိုယ်တော်ဟု “ဘုရားသခင်ရဲ့
နိုင်ငံတော်ဟုာ မြင်ရဟူ နိုင်ငံမျိုး တည်ထောန်ဟို့ မူဟု။
21 ‘ကေ့ကေ့။ နိုင်ငံတော်ဟု အယ်မာရှိဟုယ်! ဟောက်မာရှိဟုယ်!’ ဆိုဘီး
ဖယ်သူလည်း ပြောနိုင်လေ့မယ် မူဟု။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ နိုင်ငံတော်ဟု
နန်းနို့ထဲမာ† ရှိနေကြောန့် ဖြစ်ဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
22 အယ်ဘီးန ကိုယ်တော်ဟုာ တဗဲ့တော်လေဟို့ “နန်းနို့ ဖြင်ရှင်နေဟူ လူသားရဲ့
နေ့ရစ်တရစ် ရော့-က်လာလေ့မယ်။ အယ်ဘေမဲ့ နန်းနို့ ဖြင်ရလေ့မယ် မူဟု။
23 လူလေဟု ‘ကေ့ကေ့၊ လူရဲ့သားဟုာ ဟောက်မာရှိဟုယ်! အယ်မာရှိဟုယ်!’ ဆိုဘီး
နန်းနို့ဟို့ ပြောလေ့မယ်။ အယ်ဘေမဲ့ လိုက်ရှာဂေ့နှ။
24 ဖြားဖြစ်ကြောန့်နူးဆိုဟုာ လျှပ်စစ်ဟုာ ဖျတ်ဟူ ခီမာ ကောန်းဂန်တဖတ်ဟုနေ
တခြားတဖတ်ထိ လန်းဟုားမျိုးဘဲ့ လူရဲ့သားဟုာ ပ့လန်လာဟူ နေ့ရစ်မာလည်း
အယ်မျိုးဘဲ့ ဖြစ်လေ့မယ်။
25 အယ်ဘေမဲ့ သူဟုာ ရင်ဦးဆောင်း နာကျင်ရှင်းလေ ဘောင်ဂီး ခံရဘီး ခုခေတ်
လူလေရဲ့ ငြင်းပယ်ရှင်းလေဟို့ ခံရလေ့မယ်။
26 နောဧရဲ့ နေ့ရစ်လေမာ ဖြစ်ဟုားမျိုးဘဲ့ လူရဲ့သား ပ့လန်လာဟူ
နေ့ရစ်လေမာလည်း ဖြစ်လေ့မယ်။
27 နောဟုာ သန်းဖောထဲဟို့ ဝမ်ဟူ နေ့ရစ်တိုင်အောန် လူလေဟုာ စားလိုက်၊
သော့-က်လိုက်၊ လတ်ထပ်လိုက် လောက်နေဂေ့ဟုယ်။ အယ်ဘီးန ရေကီးလာဘီး
သူးနို့လေ ဂူလောင်းဟို့ ဖျစ်ဆီးလေဟုယ်။
28 အယ်မျိုးဘဲ့ လောတရဲ့ နေ့ရစ်လေမာလည်း လူတိုင်းဟုာ စားလိုက်၊
သော့-က်လိုက်၊ ရောန်းလိုက်၊ ဝယ်လိုက်၊ စိုက်ပျိုးလိုက်၊ တည်ဆော့-က်လိုက်န
လောက်နေဂေ့ဟုယ်။
29 သောဒုံဗြို့ဟုနေ လောတ ထွပ်ဟူနေ့မာ ကောန်းဂန်ဟုနေ ကန့်န မီးဝါခ့လလိုက်ဘီး
သူးနို့လေ ဂူလောင်းဟို့ ဖျစ်စီးလေဟုယ်။
30 လူရဲ့သား ပေါ်ထွပ်ဟူ နေ့ရစ်မာလည်း အယ်မျိုးဘဲ့ ဖြစ်လေ့မယ်။”
31 “အယ်မျိုးနေ့မာ အီးခေါန်မိုးထတ်မာရှိဟူ လူဟို့ အီထဲမာရှိဟူ ပစ်စီးလေဟို့
ယူဟို့တွပ် အော့-က်ဟို့ ဆင်းစေန။ အယ်မျိုးဘဲ လဲဗ့လန်ထဲမာရှိနေဟူ လူလည်း အီဟို့
ပ့လန်စေန။

† **17:21 ၁၇.၂၁** နန်းနို့ထဲမာ၊ အယ်မျိုးမူဘဲဟုာ နန်းနို့ကြားထဲမာ အယ်မျိုးမူဘဲဟုာ နန်းနို့ကြားထဲမာ ရောက်တရစ်
ပေါ်လာလေ့မယ်။ **17:31 ၁၇.၃၁** မ ၂၄.၁၇,၁၈; မာ ၁၃.၁၅,၁၆

32 လောတရဲ့ မယားဟို့ အော့-က်မေ့ဂေ့။
33 ကိုယ့်သတ်ဟို့ ကယ်ရှင်ဟူ လူဟာ သတ်ရှောင်းလေ့မယ်။ ကိုယ့်သတ်ဟို့
ရှောင်းစေဟူ သူဟာ သတ်ဟို့ ကယ်တန်လေ့မယ်။
34 နန်းနို့ဟို့ ငါပြောမယ်၊ အယ်ညဉ့်မာဘဲ့ အိယာတခုဒဲမာ တူးဒူအိနေဟူ
လူနှေ့ယော့-က်ထဲဟ တယော့-က်ဟို့ သီးယူဟ့ားဘီးဟာ တယော့-က်ဟ
ကျန်ရစ်လေ့မယ်။
35 တူးဒူက့်လိဆောင်က့်လိနေဟူ မီးမနှေ့ယော့-က်ထဲဟ တယော့-က်ဟို့
သီးယူဟ့ားဘီးဟာ တယော့-က်ဟ ကျန်ရစ်လေ့မယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။
36 ‡
37 တဗဲ့တော်လေဟာ ကိုယ်တော့်ဟို့ “သခင်၊ အယ်မူဇာလေဟ့ ဖယ်နားမာ ဖြစ်ဟို့နူး”
ဆိုဘီး မေးဂေ့ဟ့ယ်။
ယေရှုဟ့ “သေကောန်ရှိဟူ နေရာမာ လင်းတင့်တ်လေ စုနေဂေ့လေ့မယ်” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။

18

မောက်ဆိုးမန တရားသူဂီးရဲ့ ပေါင်ဥပမာ

1 အယ်ဘီးန ယေရှုဟ့ တဗဲ့တော်လေဟို့ လောင်းဝ လတ်လျှော့ဘဲန မြဲဒမ်း
ဆုတောန်းရမယ် ဆိုဘီး သူးနို့ဟို့ သွန်သန်ဟို့တွပ် ပေါင်ဥပမာန မိန့်တော်မူလေဟ့ယ်။
2 “ဗြို့တဗြို့မာ ဘုရားသခင်ဟို့လည်း ကြော့-က်ဘဲဟူ၊ လူလေဟို့လည်း ရိုသေဘဲဟူ
တရားသူဂီး တယော့-က်ရှိဟ့ယ်။
3 အယ်ဗြို့မာရှိဟူ မောက်ဆိုးမ တယော့-က်ဟ သူနားဟို့ တခီလောင်းလာဘီး
‘ကျွန်မဟို့ တရားစွဲဟူသူဟို့ မျှမျှတတ စီရင်ပေးပါ’ ဆိုဘီး တောန်းဗန်ဟ့ယ်။
4 ခီကြာဂီး တရားသူဂီးဟာ အယ်မောက်ဆိုးမရဲ့ လျှော့-က်ဟ့ားချစ်ဟို့
ငြင်းဆန်လေဟ့ယ်။ အယ်ဘေမဲ့ နော့-က်ဆောင်းမာ သူဟ့ာ ‘ငါဟ့ာ
ဘုရားသခင်ဟို့လည်း ကြော့-က်ဟ့။ လူလေဟို့လည်း ရိုသေဟ့။
5 အယ်ဘေမဲ့လည်း အယ်မောက်ဆိုးမဟ့ာ ငါဟို့ နှော့-က်ယှစ်ပေးနေဟူကြောန့်
သူမူဟို့ တရားနည်းလမ်းတိုင်း စီရင်မယ်။ အယ်မျိုးလောက်ဟ့ ဆိုဟ့ာ သူဟ့ာ
တခီလောင်းလာဘီး နော့က်ဆောင်းမာ ငါဟို့ ပန်ဗန်းစေလေ့မယ်!’ ဆိုဘီး
ကိုယ့်ကိုယ်ကိုယ် ပြောလေဟ့ယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။
6 သခင်ဘုရားဟ့ာ ဆစ်ဘီး “တရားဘဲဟူ တရားသူဂီး ပြောလိုက်ဇာဟို့
နားထောန်ကေ့။

17:33 **၁ဂု.၃၃** မ ၁၀.၃၉; ၁၆.၂၅; မာ ၈.၃၅; လု ၉.၂၄; ယော ၁၂.၂၅ ‡ **17:36** **၁ဂု.၃၆** တချို့ မူရင်းလတ်ရေးမူလေမာ လဲဗွန်မာ လောက်လောက်နေဟူ ယော-က်ကျားနှေ့ယော့-က်ထဲဟ့ တယော့-က်ဟို့ သီးဟ့ားဘီးဟ့ာ တယော့-က်ဟ့ ကျန်ရစ်လေ့မယ်၊ ဆိုဘီး ခန်းငယ် ၃၆ ဟို့ ထပ်ပေါန်းထဲ့ဟ့ားဟ့ယ် (ရှု မ ၂၄.၄၀)။

7 ဘုရားသခင်လည်း သူနားဟို့ နေ့ရောညဉ့်ပါ ကူညီဟို့တွပ် အော်ဟစ်နေဟူ့၊
သူဝီးကော့-က်ဟားဟူ့ လူလေတွပ် စီရင်ဘဲန နေဟို့လော။ ကိုယ်တော်ဟာ
အယ်လူလေဟို့ ကူညီဟို့တွပ် ခိဆွဲနေဟို့လော။
8 နန်းနို့ဟို့ ငါပြောမယ်။ ကိုယ်တော်ဟာ သူးနို့လေတွပ် ဗြန်းဗြန်ဟားး
တရားစီရင်လေ့မယ်။ အယ်ဘေမဲ့ လူ့ရဲ့သား ရော့-က်လာဟူ့ ခီမာ ယောင်ကြည်ရှင်းဟို့
မ့လေဂီးထတ်မာ တွိရအူးမယ် ဘဲ့လော။” ဆိုဘီး မိန့်တော်မူလေဟုယ်။

ဖာရိရှဲန ခွန်ကော့-က်မား ပေါင်ဥပမာ

9 ကိုယ့်ဖြောန့်မတ်ရှင်းဟို့ အားကိုးဘီး တပါးသူဟို့ ထန်သေးတတ်ဟူ သူလေတွပ်
ယေရှုဟာ အယ်ပေါင်ဥပမာန မိန့်တော်မူလေဟုယ်။
10 “တခါဒူးဟ့ လူနှေ့ယော့-က်ဟာ ဆုတောန်းဟို့ ဆိုဘီး ဗိမာန်တော်ဟို့
သွားဂေ့ဟုယ်။ တယော့-က်ဟ့ ဖာရိရှဲ ဖြစ်ဘီး နော့-က်တယော့-က်ဟ့
ခွန်ကော့-က်မား ဖြစ်ဟုယ်။
11 ဖာရိရှဲဟ့ မတ်တတ်ရပ်ဘီး ‘ဘုရားသခင်၊ ကျွန်တော်ဟာ တခြားသူလေမျိုး
လောဘကီးဟူသူ၊ ဖြောန့်မတ်ဘဲဟူသူ၊ အီထောန်ရေးဖော့-က်ပ့လန်ဟူသူ
မုဘဲဟူကြောန့် ကျေးဇူးတန်ဟုယ်။ ကျွန်တော်ဟာ အယ်ခွန်ကော့-က်မားမျိုးလည်း
မုဘဲဟူကြောန့် ကိုယ်တော့်ဟို့ ကျေးဇူးတန်ဟုယ်’ ဆိုဘီး ဆုတောန်းလေဟုယ်။
12 ‘ကျွန်တော်ဟာ တဘတ်မာ နေ့ရစ်စာရှောန်ဘီး ကျွန်တော့်ဝမ်ငွေ ဂူလောင်းရဲ့
ဆယ်ဖို့တဖို့ဟို့လည်း ပေးဟုယ်’ ဆိုဘီး ဆုတောန်းလေဟုယ်။
13 အယ်ဘေမဲ့ ခွန်ကော့-က်မားဟာ ဝီးမာဘဲ့ရပ်နေဘီး ကောန်းဂန်ဟို့လည်း
မော်ကွေ့ရဲဘဲန ‘ဘုရားသခင်၊ ပြစ်သား ကျွန်တော့်ဟို့ သနားတော်မူပါ!’ ဆိုဘီး
ရင်ဖတ်ဟို့ ထုဘီးဟာ ဆုတောန်းလေဟုယ်။
14 နန်းနို့ဟို့ ငါပြောမယ်၊ အယ်ခွန်ကော့-က်မားဟာ ဘုရားသခင်ရှေ့မာ
သူတော်ကောန်းဖြစ်န အီဟို့ ပ့လန်ဟားးရဟုယ်။ ဖာရိရှဲဟ့ အယ်မျိုးမူဟ့။
ဖြားဖြစ်ကြောန့်နူးဆိုဟာ သူ့ကိုယ်သူ ချီးမြှော့-က်ဟူသူဟာ နှိခ့လခံရဘီး သူ့ကိုယ်သူ
နှိခ့လဟူသူဟာ ချီးမြှော့-က်ရှင်းခံရလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုဟ့ သားဂန်းလေဟို့ ကောန်းဂျီးပေးဟူကြောန်း
(မဿဲ ၁၉.၁၃-၁၅; မာကု ၁၀.၁၃-၁၆)

15 လူတချို့ဟာ သူးနို့သားဂန်းလေထတ်မာ လတ်တန်ပေးဟို့တွပ် ယေရှုနားဟို့
ခေါ်ဆောန်လာဟုယ်။ တဗဲ့တော်လေဟ့ အယ်မူဇာဟို့ ဗြင်ဟူ ခီမာ သူးနို့ဟို့
ပြစ်တန်လေဟုယ်။
16 အယ်ဘေမဲ့ ယေရှုဟာ သားဂန်းလေဟို့ သူနားဟို့ ခေါ်လိုဂ်ဘီး “သားဂန်းလေဟာ
ငါနားဟို့ လာပါလေစေ။ သူးနို့ဟို့ တားဂေ့န။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ဘုရားသခင်ရဲ့
နိုင်ငံတော်ဟာ အယ်သူလေရဲ့ နိုင်ငံဖြစ်ဟူကြောန့် ဖြစ်ဟုယ်။

18:14 **၁၈.၁၄** မ ၂၃.၁၂; လု ၁၄.၁၁

17 နန်းနှိပ်ဟို့ ငါ မှန်တိုင်းပြောမယ်၊ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့
သားဂန်းတယော့-က်မျိုး လတ်ခံဘဲဟူ သူဟာ နိုင်ငံတော်ဟို့ ဝမ်ရလေ့ဟို့ မုဟ့” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။

ဌေးသားကြောန်း
(မဿဲ ၁၉.၁၆-၃၀; မာကု ၁၀.၁၇-၃၁)

18 ယုဒခေါန်းဆောန်တယော့-က်ဟ့ ယေရှုဟို့ “ကောန်းမြတ်ဟူဆရာ၊ ထာဝရသတ်ဟို့
လတ်ခံရရှိဟို့တွပ် ဖြားမျိုးလောက်ရဟို့နူး။” ဆိုဘီး မေးလျှော့-က်လေဟ့ယ်။
19 ယေရှုဟ့ “ငါ့ဟို့ ကောန်းမြတ်ဟူသူ ဆိုဘီး ဖြားဖြစ်ကြောန့် ခေါ်ရနူး။
ဘုရားသခင်မှတပါး ကောန်းမြတ်ဟူသူ ဖယ်သူလည်း မ့ေဟ့။
20 ‘အီထောန်ရေးဖော့-က်ပ့လန်န၊ လူသတ်န၊ ခိုးန၊ လီညာဘီး သတ်သေခံန၊ မိဖဟို့
ရိုသေရမယ်’ ဆိုဘီး ပညတ်တော်လေဟို့ နန်သိဟ့ယ် မူဟ့လော။” ဆိုဘီး သူ့ဟို့
မိန့်တော်မူလေဟ့ယ်။
21 အယ်သူဟ့ “ကျွန်တော်ဟာ ငဲငယ်ဂဒဲဟ့ အယ်ပညတ်လေ ဂူလောင်းဟို့
လိုက်ရှော့-က်ပီးဘီ” ဆိုဘီး လျှော့-က်လေဟ့ယ်။
22 အယ်စကားဟို့ ကြားရခီမာ ယေရှုဟ့ “နန်လောက်ရဟို့ တခုကျန်သေးဟ့ယ်။
နန့်မာရှိဇာလေ ဂူလောင်းဟို့ ရောန်းဘီး ရလာဟူ ကပ်ဟို့ ဆင်းရဲသားလေဟို့ ပေးပါ။
အယ်ဆိုဟ့ နန်ဟ့ ကောန်းဂန်ဘောင်မာ ဘဏ္ဍာဟို့ ရလေ့မယ်။ အယ်ဘီးမ
ပ့လန်လာဘီးဟ့ ငါ့နော့-က်ဟို့ လိုက်ရမယ်” ဆိုဘီး သူ့ဟို့ မိန့်တော်မူလေဟ့ယ်။
23 အယ်သူဟ့ ကိုယ်တော်ရဲ့ စကားတော်ဟို့ ကြားရဟူ ခီမာ ရရာတိုင်း
ဝန်းနဲဟ့ားဟ့ယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ သူမာအောက်စာလေ ဘောင်ဂီးရှိဟူကြောန့်
ဖြစ်လေဟ့ယ်။
24 ယေရှုဟ့ အယ်သူ ရရာတိုင်း ဝန်းနဲဟ့ားဟူဇာဟို့ ဗြင်တော်မူဟူ ခီမာ
“ဌေးသားလေဟ့ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ဝမ်ဟို့ ရရာတိုင်း ခတ်ဟ့ယ်။
25 ဌေးသားဟ့ ဘုရားသခင်ရဲ့ နိုင်ငံတော်ထဲဟို့ ဝမ်ဟို့ထတ် ကုလားအုတ်ဟ့
အပ်ပေါ့-က်ထဲဟို့ ဝမ်ဟို့ ပိုဘီး လွယ်ဟ့ယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။
26 အယ်စကားဟို့ ကြားရဟူ သူလေဟ့ ကိုယ်တော့်ဟို့ “အယ်မျိုးဆိုဟ့ ဖယ်သူလေ
ကယ်တန်ရှင်း ခံရနိုင်ဟို့နူး။” ဆိုဘီး မေးလျှော့-က်ဂေ့ဟ့ယ်။
27 ယေရှုဟ့ “လူလေတွပ် ဖြစ်နိုင်ဘဲဟူ ဇာလေဟ့ ဘုရားသခင်တွပ် ဖြစ်နိုင်ဟ့ယ်”
ဆိုဘီး မိန့်တော်မူလေဟ့ယ်။
28 အယ်ဘီးန ပေတရုဟ့ “ကျွန်တော့်ဟ့ားလေဟ့ ရှိမျှဂူလောင်းဟို့ ထားဟ့ားရစ်ဘီး
ကိုယ်တော် နော့-က်ဟို့ လိုက်ဂေ့ဟ့ယ်” ဆိုဘီး လျှော့-က်လေဟ့ယ်။
29 ယေရှုဟ့ သူးနှိပ်ဟို့ “နန်းနှိပ်ဟို့ ငါ မှန်တိုင်းပြောမယ်၊ ဘုရားသခင်ရဲ့ နိုင်ငံတော်တွပ်
အီ၊ မယား၊ ညီကိုလေ၊ မိဖလေ၊ သားမီးလေဟို့ စွန့်ဟူ သူဟ့ဟ့

30 ခုဘဝမာ ကျိုးဘောင်ဂီး ရရှိဘီးဟှာ နောန်ဘဝမာလည်း ထာဝရသတ်ဟှိ
ရလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

သေခံရဟှိ့ကြောန်းဟှိ သောင်းခါမြေ့-က်ပြောဟှူကြောန်း
(မဿဲ ၂၀.၁၇-၁၉; မာကု ၁၀.၃၂-၃၄)

31 ယေရှူဟှ တဗဲ့တော် ဆယ့်နှေ့ပါးဟှိ နီးနားဟှိ ခေါ်ဘီးဟှာ “နားထောန်ဂေ့!
နို့လေဟှာ ယေရုရှလင်ဗြို့ဟှိ သွားနေဂေ့ဟှယ်။ အယ်နေရာမာ လူ့ရဲ့သားန
သက်ဆိုင်ဟှူ ပရောဖက်လေ ရေးဟှားဇာလေ ဂူလောင်းဟှာ ပ့လဲ့ဇောင်ရလေ့မယ်။
32 လူ့ရဲ့သားဟှိ လှောန်ပြောန်၊ သရော်ဘီး ထွီးရယ်န ထွီးမယ့် လူမျိုးခြားလေ
လတ်ထဲဟှိ အပ်ဂေ့လေ့မယ်။
33 သူးနို့လေဟှာ ကီဒန်ပေးဘီး သတ်ဂေ့လေ့မယ်။ အယ်ဘေမဲ့လည်း လူ့ရဲ့သားဟှာ
သောင်းရစ်မြေ့-က်ဟှူ နေ့မာ ထမြေ့-က်လေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။
34 အယ်ဘေမဲ့လည်း တဗဲ့တော်လေဟှာ အယ်မူဇာလေဟှိ တခုလည်း
ဘောပေါ့-က်ဂေ့ဟှ။ အယ်မူဇာရဲ့ ဓိပါယ်ဟှိ ဖောင်းကွယ်ဟှားဟှူကြောန့် ယေရှူ
မိန့်တော်မူနေဟှူ ဇာလေဟှိ နားလည်ဂေ့ဟှ။

မျစ်ကန်းဒေါန်းစားဟှိ ဖြင်စေဟှူကြောန်း
(မဿဲ ၂၀.၂၉-၃၄; မာကု ၁၀.၄၆-၅၂)

35 ယေရှူဟှာ ယေရိခေါဗြို့နားဟှိ ရော့-က်လာတော်မူဟှူ ခီမာ
မျစ်ကန်းတယော့-က်ဟှာ လမ်းဘေးမာ ထိုင်ဘီး တောန်းစားနေဟှယ်။
36 သူဟှာ လူအောက်ဂီး ဖြတ်ဟှားဇာဟှိ ကြားလိုက်ဟှူ ခီမာ “ဖြားဇာလေဖြစ်နေနူး”
ဆိုဘီး မေးလိုက်ဟှယ်။
37 သူးနို့ဟှ “နာဇရက်ဗြို့သားယေရှူ ဖြတ်ဟှားတော်မူဟှယ်” ဆိုဘီး သူ့ဟှိ
ပြောဂေ့ဟှယ်။
38 အယ်သူဟှ “ဒါဝိဒ်ရဲ့သားတော်! ယေရှူ! ကျွန်တော့်ဟှိ သနားတော်မူပါ!” ဆိုဘီး
အော်ဟစ်လေဟှယ်။
39 ရှေ့မာရှိနေဟှူ လူလေဟှ သူ့ဟှိ ပြစ်တန်ဂေ့ဘီး တိတိဟှားနေဟှို့ ပြောဂေ့ဟှယ်။
အယ်ဘေမဲ့လည်း သူဟှ “ဒါဝိဒ်ရဲ့သား! ကျွန်တော့်ဟှိ သနားတော်မူပါ!” ဆိုဘီး ပိုဘီး
အော်ဟစ်လေဟှယ်။
40 အယ်ကြောန့် ယေရှူဟှာ ရပ်နားဘီး မျစ်ကန်းဟှိ သူ့နားဟှိ ခေါ်လာဟှို့
မိန့်ပေးတော်မူလေဟှယ်။ အယ်သူဟှာ နီးနားဟှိ ရော့-က်လာဟှူ ခီမာ ယေရှူဟှ၊
41 “နန့်တွပ် ငါ့ဟှိ ဖြားဇာလောက်စေရှင်ဟှယ်နူး။” ဆိုဘီး သူ့ဟှိ
မေးတော်မူလေဟှယ်။
သူဟှ “သခင်၊ ကျွန်တော်ဟှိ မျစ်စိဖြင်စေတော်မူပါ” ဆိုဘီး လျှော့-က်လေဟှယ်။
42 ယေရှူဟှ “မျစ်စိဖြင်စေ! နန့်ရဲ့ ယောင်ကြည်ရှင်းဟှ နန့်ဟှိ ကယ်တန်ဘီ” ဆိုဘီး
သူ့ဟှိ မိန့်တော်မူလေဟှယ်။

43 ရှစ်ရှင်းဘဲ့ သူဟ့ဟာ ဗြင်ဟ့ားလေဟ့ယ်။ အယ်ဘီးန ဘုရားသခင်ရဲ့
ကျေးဇူးတော်ဟို့ ချီးမွမ်းဘီးဟ့ာ ယေရှု နော့-က်ဟို့ လိုက်လေဟ့ယ်။ အယ်မူဇာဟို့
ဗြင်လိုက်ဟ့ူ လူအောက်ဂီးဟ့ာ ဘုရားသခင်ဟို့ ချီးမွမ်းဂေ့ဟ့ယ်။

19

ယေရှုန ဇက္ခဲကြောန်း

1 ယေရှုဟ့ာ ယေရိခေါဗြို့ထဲဟို့ ဝမ်ဟ့ားဘီးဟ့ာ အယ်ဗြို့ဟို့ ဖြတ်ဟ့ားတော်မူဟ့ယ်။
2 အယ်နေရာမာ ဇက္ခဲနာမယ်ရှိဟ့ူ လူတယော့-က်ရှိဟ့ယ်။ သူဟ့ာ ခွန်ခေါန်းဖြစ်ဘီး
ဌေးသားလည်း ဖြစ်ဟ့ယ်။
3 သူဟ့ာ ယေရှုဟို့ ဖယ်သူဖြစ်ဟ့ယ် ဆိုဇာဟို့ ဗြင်ရှင်ဘေမဲ့လည်း ရပ်ပုဟ့ူသူ
တယော့-က်ဖြစ်ဟ့ူကြောန့် လူအောက်ဂီးဟို့ ကျော်ဘီး ယေရှုဟို့
ဗြင်နိုင်ဘဲဖြစ်နေဟ့ယ်။
4 အယ်ကြောန့် သူဟ့ာ လူအောက်ဂီးရှေ့ဟ့နေ ပ့လေးဟ့ားဘီး ယေရှုဟို့ ဗြင်ဟို့တွပ်
သဖန်းဗန်ထတ်ဟို့ တတ်လေဟ့ယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ ကိုယ်တော်ဟ့
အယ်လမ်းတိုင်း လာနေဟ့ူကြောန့် ဖြစ်လေဟ့ယ်။
5 ယေရှုဟ့ာ အယ်နေရာဟို့ ရော့-က်လာဟ့ူ ခီမာ မော်ကေ့လိုက်ဘီးန “ဇက္ခဲ၊
ဗြန်းဗြန်ဆင်းလာ။ အယ်နေ့ နန့်အီမာ ငါတည်းမယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။
6 ဇက္ခဲဟ့ာ ဗြန်းဗြန်ဆင်းလာဘီး ကိုယ်တော့်ဟို့ ရရာတိုင်း ဝန်းသာဟ့ူစိန
ကြိုဆိုလေဟ့ယ်။
7 အယ်မူဇာဟို့ ဗြင်လိုက်ဟ့ူ လူလေ ဂူလောင်းဟ့ “အယ်လူဟ့ာ
ပြစ်သားတယော့-က်ရဲ့ အီမာတည်းဟို့ လိုက်ဟ့ားဘီ!” ဆိုဘီး ကဲ့ရဲ့ပြစ်တန်ဂေ့ဟ့ယ်။
8 ဇက္ခဲဟ့ာ ထရပ်ဘီးဟ့ာ “သခင်! ကျွန်တော်ရဲ့ အောက်စာပစ်စီး တဝပ်ဟို့
ဆင်းရဲသားလေဟို့ ပေးပါမယ်။ အယ်ဘီးဟ့ာ ကျွန်တော်ဟ့ာ
တယော့-က်ယော-က်နားဟ့ တရားဘဲန ယူဟ့ားဇာလေ ရှိမယ် ဆိုဟ့ာ ကျွန်တော်ဟ့ာ
လေးဆ ပ့လန်ပေးပါမယ်” ဆိုဘီး သခင်ဘုရားဟို့ လျှော့-က်လေဟ့ယ်။
9 ယေရှုဟ့ “အယ်နေ့ဘဲ့ ကယ်တန်ရှင်းဟ့ာ အယ်အီထတ်ဟို့ ရော့-က်လေဘီ။
ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ အယ်သူဟ့ာလည်း အာဗြဟံရဲ့ မ့လေးမ့လစ် တယော့-က်
ဖြစ်ဟ့ူကြောန့် ဖြစ်လေဟ့ယ်။
10 လူသားဟ့ာ ပျော့-က်နေဟ့ူ သူလေဟို့ ရှာဟို့န ကယ်တန်ဟို့တွပ် ကြွလာဟ့ယ်”
ဆိုဘီး သူဟို့ မိန့်တော်မူလေဟ့ယ်။

ရွှေဒန်းဂါး ပေါင်ဥပမာကြောန်း
(မဿဲ ၂၅.၁၄-၃၀)

11 ယေရှုဟ့ာ အယ်ကြောန်းရာလေဟို့ နားထောန်နေဟ့ူ သူလေဟို့ ပေါင်ဥပမာ တခုန
ထပ်ဘီး မိန့်တော်မူလေဟ့ယ်။ ကိုယ်တော်ဟ့ာ ယေရုရှလင်ဗြို့နားမာ ရှိနေဟ့ူကြောန့်

19:10 ၁၉.၁၀ မ ၁၈.၁၁ **19:11 ၁၉.၁၁-၂၇** မ ၂၅.၁၄-၃၀

ဘုရားသခင်ရဲ့ နိုင်ငံတော်ဟာ ရှစ်ရှင်းပေါ်လာမယ် ဆိုဘီး သူးနို့လေဟု
ထန်နေဂေ့ဟူကြောန့် ဖြစ်ဟုယ်။
12 အယ်ကြောန့် ကိုယ်တော်ဟု "မြင့်မြတ်ဟူသူ တယောဲက်ဟာ မန်းဂီးဖြစ် ခံယူဘီးမှ
ပ့လန်လာမယ် ဆိုဘီး ဝီးဂီးမာရှိဟူ နိုင်ငံဟို သွားလေဟုယ်။
13 ခရီးသွားခန်မာ သူဟာ စေခံဆယ်ယော့-က်ဟို ခေါ်ဘီးန ရွှေဒန်းဂါး တပ့လားစီ
ပေးဘီးဟာ 'ငါခရီးထွပ်နေဒူးမာ အယ်ဒန်းဂါးလေန စီးပွားရှာဂေ့' ဆိုဘီး သူးနို့ဟို
မှာဟုားရစ်လေဟုယ်။
14 အယ်ဘေမဲ့ သူ့ရဲ့ တိုင်းသူပြည်သားလေဟာ သူ့ဟို မူးဂေ့ဟုယ်။ အယ်ကြောန့်
သူ့နော့-က်ဟုနေ တမန်လေဟို စေလွှတ်ဘီး 'နို့လေဟာ အယ်သူဟို နို့လေရဲ့ မန်းဂီးဖြစ်
လိုရှင်ဂေ့ဟု'" ဆိုဘီး လျှော့-က်ခိုင်းလေဟုယ်။
15 "အယ်လူဟာ နိုင်ငံအောက်ချောက်ခွမ့်ဟို ခံယူဘီး ပ့လန်လာဟုယ်။ ရှစ်ရှင်းဘဲ့
သူဟာ ရွှေဒန်းဂါးလေပေးဟုားဟူ စေခံလေဟို ဖယ်မျှလော့-က် မ့လတ်ရဟုားဟုယ်
ဆိုဇာဟို သိရှင်ဟူကြောန့် သူးနို့ဟို ခေါ်ခိုင်းလိုက်ဟုယ်။
16 ပထမ စေခံဟာ ရော့-က်လာဘီး 'သခင်၊ သခင်ပေးဟုားဟူ
ရွှေဒန်းဂါးတပ့လားအားဖြင့် မ့လတ်ဆယ်ပ့လားရဟုယ်' ဆိုဘီး လျှော့က်လေဟုယ်။
17 သခင်ဟု 'ကောန်းလေဟုယ်။ နန်ဟာ စေခံကောန်း တယော့-က် ဖြစ်လေဟုယ်!
နန်ဟာ ငယ်ဟူမှုမာ သစ်စာရှိဟူကြောန့် ဗြို့ဂီးဆယ်ဗြို့ဟို အောက်စိုးပါ' ဆိုဘီး
မိန့်တော်မူလေဟုယ်။
18 ဒုတိယ စေခံဟာ ရော့-က်လာဘီး 'သခင်၊ သခင်ပေးဟုားဟူ
ရွှေဒန်းဂါးတပ့လားအားဖြင့် မ့လတ်ငါးပ့လားရဟုယ်' ဆိုဘီး လျှော့-က်လေဟုယ်။
19 အယ်လူဟို 'နန်ဟာ ဗြို့ဂီးငါးဗြို့ဟို အောက်ချောက်ပါ' ဆိုဘီး
မိန့်တော်မူလေဟုယ်။
20 နော့-က်ထပ်စေခံ ရော့-က်လာဘီး 'သခင်၊ အယ်မာ သခင်ရဲ့ ရွှေဒန်းဂါးတပ့လား
ရှိဟုယ်။ ကျွန်တော်ဟာ အယ်ဒန်းဂါးဟို လတ်ကိုင်ပဝါန ထောက်ဘီးဟာ
သီးဟုားဟုယ်။
21 သခင်ဟာ စိဆတ်ဟူသူ ဖြစ်ဟူကြောန့် သခင်ဟို ကျွန်တော်ကြော့-က်ဟုယ်။
သခင်ဟာ ဖြားလည်းသွမ်းဟုားဘဲဇာဟို ထောက်ယူဘီး ဖြားလည်းစိုက်ဘဲဇာဟို
ရိသီးဟုယ်' ဆိုဘီး လျှော့-က်လေဟုယ်။
22 သခင်ဟု 'ဆိုးညစ်ဟူစေခံ! နန့်စကားတိုင်း နန့်ဟို ငါစီရင်မယ်! ငါဟာ
စိဆတ်ဟူသူ၊ ငါဟာ ဖြားလည်းသွမ်းဘဲဇာဟို ထောက်ယူဘီးဟာ
ဖြားလည်းစိုက်ဘဲဇာဟို ရိသီးဟုယ် ဆိုဇာဟိုလည်း နန်သိဟုယ်။
23 အယ်မျိုးဆိုဟာ ဖြားဖြစ်ကြောန့် ငါ့ကပ်လေဟို ဘဏ်မာအပ်ဘဲနနေနူး။
အပ်ဟုားမယ် ဆိုဟာ ငါပ့လန်ရော့-က်ဟူ ခီမာ တိုးလေနတူးဒူ ငါ့ကပ်လေဟို
ပ့လန်ရမယ်' ဆိုဘီး သူ့ဟို ပြောလေဟုယ်။

24 အယ်ဘီးန နီးနားမာ ရပ်နေဟူ သူလေဟို့ ‘သူ့ရဲ့ ရွှေဒန်းဂါး တပ့်လားယူဘီး
ရွှေဒန်းဂါး ဆယ်ပ့်လားရှိဟူ စေခံဟို့ ပေးလိုက်’ ဆိုဘီး ပြောလေဟုယ်။
25 အယ်ဘေမဲ့ သူးနို့လေဟု ‘သခင်၊ အယ်သူမာ ရွှေဒန်းဂါး ဆယ်ပ့်လား ရှိနေဘီးသား
ဖြစ်ဟုယ်!’ ဆိုဘီး လျှော့-က်ဂေ့ဟုယ်။
26 ‘နန်းနို့ဟို့ ငါပြောမယ်။ ရှိဟူလူဟို့ ထပ်ပေးဘီး သူ့ဟို့ ကြွယ်ဝစေလေ့မယ်။
မ့ေဘဲဟူ လူလေနားဟု ရှိဟူမျှဟို့ နှုလေ့မယ်။
27 ငါ့ဟို့ သူးနို့လေရဲ့ မန်းဂီးဖြစ်န လိုရှင်ဘဲဟူ ငါ့ရဲ့ ရန်သူလေဟို့ အယ်နေရာဟို့
ခေါ်လာဂေ့။ ငါ့ရှေ့တော်မာ သတ်ဂေ့!’ ဆိုဘီး စီရင်တော်မူလေဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။

အောန်ဗွဲခံဘီး ယေရှုရှလင်မြို့ထဲ ဝမ်တော်မူဟူကြောန်း
(မဿဲ ၂၁.၁-၁၁; မာကု ၁၁.၁-၁၁; ယောဟန် ၁၂.၁၂-၁၉)

28 ယေရှုဟာ အယ်မျိုးမိန့်တော်မူဘီးန သူးနို့လေရဲ့ ရှေ့ဟုနေဘီး ယေရှုရှလင်မြို့ဟို့
ကြွဟုားတော်မူဟုယ်။
29 သံလွင်တောန်နားမာရှိဟူ ဗက်ဖာဂေဝါန ဗေသနိဝါနားဟို့ ရော့-က်လာဟူ ခီမာ
တဗဲတော် နှေ့ပါးဟို့ ရှေ့ဟုနေစေလွှတ်ဘီး
30 “နန်းနို့ရှေ့မာရှိဟူ ဝါဟို့ သွားဂေ့။ ဝါထဲဟို့ ရော့-က်ဟူ ခီမာ ဖယ်သူလည်း
စီးဖူးသေးဘဲဟူ မြည်းသားဂန်းဟုားဟို့ ခယ်ဟုားဇာဟို့ နန်းနို့ဟု တွိလေ့မယ်။
အယ်မြည်းသားဂန်းဟုားဟို့ ကြိုးဖြေဘီး ငါ့နားဟို့ ခေါ်လာဂေ့။
31 ယော့-က်ယော့-က်ဟ ဖြားဖြစ်ကြောန့် မြည်းကြိုးဟို့ ဖြေဂေ့နေနူး။ ဆိုဘီး
နန်းနို့ဟို့ မေးမယ် ဆိုဟု အယ်မြည်းဟို့ သခင်*လိုရှိဟုယ် ဆိုဘီး သူးနို့ဟို့ ပြောဂေ့”
ဆိုဘီး မိန့်တော်မူလေဟုယ်။
32 စေလွှတ်လိုက်ဟူ သူလေဟု ထွပ်ဟုားဘီးန ယေရှုမိန့်တော်မူမျိုးဘဲ့ ဂူလောင်းဟို့
တွိရဟုယ်။
33 သူးနို့လေဟု မြည်းဟို့ ကြိုးဖြေပေးနေဟူ ခီမာ မြည်းဇရှင်ဟု “ဖြားဖြစ်ကြောန့်
မြည်းဟို့ ကြိုးဖြေပေးနေရနူး။” ဆိုဘီး သူးနို့ဟို့ မေးလေဟုယ်။
34 သူးနို့ဟု “အယ်မြည်းဟို့ သခင် လိုရှိဟုယ်” ဆိုဘီး ဖြေဂေ့ဟုယ်။
35 အယ်ဘီးန သူးနို့ဟု မြည်းသားဂန်းဟုားဟို့ ယေရှုနားဟို့ ယူဆောန်ဟုားလေဟုယ်။
အယ်မြည်းထတ်မာ သူးနို့ရဲ့ ဝတ်ရောင်လေဟို့ ခန်းဘီးန ယေရှုဟို့ စီးစေဂေ့ဟုယ်။
36 ကိုယ်တော်ဟု စီးဘီးလာဟူ ခီမာ လူလေဟု သူးနို့ရဲ့ ဝတ်ရောင်လေဟို့
လမ်းထတ်မာ ခန်းပေးဂေ့ဟုယ်။
37 ကိုယ်တော်ဟု ယေရှုရှလင်မြို့နီး သံလွင်တောန် ဆင်းလမ်းဟို့ ရော့-က်လာဟူ
ခီမာ တဗဲတော် အောက်ဂီးဟု သူးနို့ဖြင်ရဟူ နိမိတ်လတ်ခဏာ ဂူလောင်းတွပ်
ဝန်းသာဟူစိန ဘုရားသခင်ရဲ့ ဂေါင်တော်ဟို့၊

19:26 ၁၉.၂၆ မ ၁၃.၁၂; မာ ၄.၂၅; လု ၈.၁၈ * **19:31 ၁၉.၃၁** သခင်၊ အယ်မျိုးမှုဘဲ့နေဟု မြည်းဇရှင်။

38 “ဘုရားသခင်ရဲ့ နာမန ကြွလာဟူ မန်းဂီးဟှာ မင်္ဂလာရှိပါစေ! ကောန်းဂန်ဘောင်မာ
ဌိသတ်ရှင်းရှိပါစေ။ ဗြင့်ဆောင်းဟူ နေရာမာ ဖောင်းကီးတော်မူပါစေ!” ဆိုဘီး
သံက့လယ်ဂီးန ချီးမွမ်းဂေ့ဟှယ်။

39 အယ်ခီမာ လူအောက်ဂီးထဲဟှ ဖာရိရှဲတချို့ဟှ “ဆရာ၊ ကိုယ်တော်ရဲ့
တဗဲတော်လေဟို့ တိတိဟှားနေဟို့ ဆောင်းမပေးတော်မူပါ!” ဆိုဘီး ယေရှုဟို့
လျှော့-က်လေဟှယ်။

40 ယေရှုဟှ “နန်းန်ဲဟို့ ငါပြောမယ်၊ သူးန်ဲဟို့ တိတိဟှားနေစေမယ် ဆိုဟှာ
က့လော့ခဲလေဟှ အော်ဟစ်ဂေ့လေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

ယေရုရှလင်ဗြို့တွပ် ဝိုတော်မူဟူကြောန်း

41 ကိုယ်တော်ဟှာ ယေရုရှလင်ဗြို့နားဟို့ ရော့-က်လာဘီး အယ်ဗြို့ဟို့ ဗြင်တော်မူဟူ
ခီမာ ဝိုတော်မူဘီး၊

42 “နန်ဟှာ ဌိသတ်ရှင်းတွပ် လိုအပ်ဟူဇာလေဟို့ အယ်နေ့မာဘဲ့ သိရမယ် ဆိုဟှာ
မင်္ဂလာရှိဟှယ်! အယ်ဘေမဲ့ အယ်မူဇာလေဟှာ ခုနန်ရဲ့ မျစ်စိရှေ့မာ
ဖောင်းကွယ်ဟှားရှင်းခံရဟှယ်!

43 နန်ရဲ့ ရန်သူလေဟှာ ဖတ်ဖတ်ဟှနေဘီး တားဆီးလေန ဝန်းရံဘီး ပိဟှားမယ့်နေ့
ရော့-က်လာလေ့မယ်။

44 သူးန်ဲလေဟှ နန်ဟို့ရော၊ နန်ရဲ့ ဗြို့ရိုးထဲဟှ သူလေဟို့ရော တယော့-က်လည်း
ကျန်ဘဲအောန် ဖျစ်ဆီးဂေ့လေ့မယ်။ အယ်နေရာမာ က့လော့တောင်း တလောင်းလည်း
ကျန်ရစ်ဟို့မုဟှ။ ဖြားဖြစ်ကြောန်နူးဆိုဟှာ နန်ဟို့ ကယ်တန်ဟို့ ဘုရားသခင်
ရော့-က်လာမယ့် ခီဟို့ သိဘဲကြောန် ဖြစ်ဟှယ်!” ဆိုဘီး မိန့်တော်မူလေဟှယ်။

ဗိမာန်တော်ဟို့ ကြွဟှားဟူကြောန်း
(မဿဲ ၂၁.၁၂-၁၇; မာကု ၁၁.၁၅-၁၉; ယောဟန် ၂.၁၃-၂၂)

45 ယေရှုဟှာ ဗိမာန်တော်ထဲဟို့ ဝမ်တော်မူဘီးန ရောန်းဝယ်နေဟူ လူလေဟို့
နှန်ထုတော်မူဘီး

46 သူးန်ဲလေဟို့ “ကျမ်းစာထဲမာ ဘုရားသခင်ဟှ ‘ငါ့ဗိမာန်တော်ဟှာ ဆုတောန်းဟူ
အီတော် ဖြစ်ရလေ့မယ်’ ဆိုဘီး မိန့်တော်မူဟှားဟှယ်။ အယ်ဘေမဲ့ နန်းန်ဲဟှ
အယ်အီတော်ဟို့ သူခိုးလေတွပ် ပူးအောန်းဟူနေရာ ဖြစ်စေဂေ့ဘီ!” ဆိုဘီး
မိန့်တော်မူလေဟှယ်။

47 ယေရှုဟှာ နေ့တိုင်း ဗိမာန်တော်မာ သွန်သန်ပေးတော်မူဟှယ်။
ယဇ်ပုရောဟိတ်ဂီးလေ၊ ကျမ်းတတ်ဆရာလေန လူထုခေါန်းဆောန်လေဟှာ
ကိုယ်တော့်ဟို့ သတ်ဟို့တွပ် ရှာကြံဂေ့ဟှယ်။

19:47 **၁၉.၄၇** လု ၂၁.၃၇

48 အယ်ဘေမဲ့ လူလေ ဂူလောင်းဟာ ကိုယ်တော်ရဲ့ စကားတော်ဟို အာရုံစိုက်ဘီး
နားထောန်နေဂေ့ဟူကြောန့် ကိုယ်တော့်ဟို သတ်ဟို့တွပ် နည်းလမ်းရှာဟို့
တွိဘဲဖြစ်နေဟုယ်။

20

ယေရှုရဲ့ ခွမ့်အာဏာနဆိုင်ဟူ မေးခွန်းကြောန်း
(မဿဲ ၂၁.၂၃-၂၇; မာကု ၁၁.၂၇-၃၃)

1 တနေ့မာ ယေရှုဟာ ဗိမာန်တော်ထဲမာ လူလေဟို့ သွန်သန်တော်မူဘီးဟာ
ဒန်းကောန်းဟို့ ဟောတော်မူနေဟူ ခီမာ ယဇ်ပုရောဟိတ်ဂီးလေန
ကျမ်းတတ်ဆရာလေဟာ သတ်ကီးဝါဂီးလေနတူးဒူ ရော့-က်လာဘီး
2 ကိုယ်တော့်ဟို့ "အယ်မူဇာလေဟို့ ဖြားခွမ့်အာဏာန လောက်နေနူး။
အယ်ခွမ့်အာဏာဟို့ ဖယ်သူဟ ပေးဟားနူး။" ဆိုဘီး မေးလျှော့-က်လေဟုယ်။
3 ယေရှုဟာ "အယ်ဆိုဟာ ငါလည်း နန်းနို့ဟို့ မေးခွန်းတခု မေးအူးမယ်။ ငါ့ဟို့
ဖြေပေးဂေ့။
4 ယောဟန်ရဲ့ ဗတ္တိဇံဟာ ကောန်းဂန်ဟုနေ လာဇာလော။ လူလေဟုနေ
လာဇာလော။" ဆိုဘီး သူးနို့ဟို့ မေးတော်မူလေဟုယ်။
5 သူးနို့ဟာ "နို့လေဖြားမျိုး ဖြေရမယ်နူး။ 'ကောန်းဂန်ဟုနေ လာဟုယ် ဆိုဘီး
ဖြေလိုက်မယ် ဆိုဟာ ယောဟန်ဟို့ နန်းနို့လေ ဖြားဖြစ်ကြောန့် ယောင်ကြည်ဂေ့ဟုနူး။
ဆိုဘီး ပ့လန်မေးလေ့အူးမယ်။
6 လူလေဟုနေ လာဟုယ် ဆိုဘီး နို့လေဟ ဖြေလိုက်မယ် ဆိုဟာလည်း ယောဟန်ဟို့
ပရောဖက်တပါး ဖြစ်ဟုယ် ဆိုဇာဟို့ လူလေဟ ယောင်ကြည်ဂေ့ဟူကြောန့် နို့လေဟို့
က့လော့ခဲန ပစ်လေ့မယ်'" ဆိုဘီး ရှင်းရှင်းဆွေးနွေးဂေ့ဟုယ်။
7 အယ်ကြောန့် သူးနို့လေဟာ "အယ်ခွမ့်အာဏာဟာ ဖယ်ဟုနေလာဟုယ် ဆိုဇာဟို့
ကျွန်တော့်ဟားလေ သိဂေ့ဟ" ဆိုဘီး ပ့လန်ဖြေလေဟုယ်။
8 ယေရှုဟာ "အယ်မူဇာလေဟို့ ဖြားခွမ့်အာဏာန ငါလောက်ဟုယ် ဆိုဇာဟို့လည်း
နန်းနို့ဟို့ ငါပြောဟ" ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။

စဗျစ်ခြံလောက်မားလေရဲ့ ပေါင်ဥပမာကြောန်း
(မဿဲ ၂၁.၃၃-၄၆; မာကု ၁၂.၁-၁၂)

9 အယ်ဘီးန ယေရှုဟာ အယ်ပေါင်ဥပမာန လူလေဟို့ "လူတယော့-က်ဟာ
စဗျစ်ခြံဟို့ စိုက်ဘီး ခြံစောန့်မားလေဟို့ ဌားရစ်ဘီးန ခီကြာဂီး ခရီးထွပ်ဟုားလေဟုယ်။
10 စဗျစ်သီး ဆွတ်ခီရော့-က်ဟူ ခီမာ စဗျစ်ခြံထွပ် သီးတချို့ဟို့ ယူဟို့တွပ်
ခြံစောန့်မားလေနားဟို့ ကျွန်တယော့-က်ဟို့ စေလွှတ်လေဟုယ်။ အယ်ဘေမဲ့
ခြံစောန့်မားလေဟ အယ်ကျွန်ဟို့ ရိုက်နှက်ဘီး လတ်ခဲခဲန ပ့လန်လွှတ်လေဟုယ်။

11 အယ်ကြောန့် ဇရှင်ဟု ကျွန်တယော့-က်ဟို့ ထပ်လွှတ်လေဟုယ်။ အယ်ဘေမဲ့
ခြံစောန့်မားလေဟု အယ်ကျွန်ဟို့လည်း ရိုက်နှက်ဘီး၊ ရှက်ခွဲဘီး လတ်ခဲခဲန
ပ့လန်လွှတ်လေဟုယ်။
12 အယ်ဘီးန ဇရှင်ဟု တတိယကျွန်ဟို့ ထပ်ဘီး စေလွှတ်လေဟုယ်။
ခြံစောန့်မားလေဟု အယ်ကျွန်ဟို့လည်း ဒန်ရာရစေဘီးဟု ပ့လန်ဟို့ နှန်ထုဂေ့ဟုယ်။
13 စဗျစ်ခြံ ဇရှင်ဟု 'ငါဖယ်မျိုးလောက်ရမယ်နူး။ ငါ့ရဲ့ ရှစ်ဟူသားဟို့ စေလွှတ်မယ်
ဆိုဟု ခြံစောန့်မားလေဟု သူ့ဟို့ ရိုသေကောန်း ရိုသေဂေ့လေ့မယ်!' ဆိုဘီး
ပြောလေဟုယ်။
14 အယ်ဘေမဲ့ ခြံစောန့်မားလေဟု သူ့ရဲ့သားဟို့ ဗြင်ဟူ ခီမာ 'အယ်သူဟု ဇရှင်ရဲ့
သားဖြစ်ဟုယ်။ သူ့ဟို့ သတ်ဂေ့ဇို့။ အယ်ဆိုဟု သူ့ဖရဲ့ အောက်စာဟု
နို့လေရဲ့အောက်စာ ဖြစ်ဟုးလေ့မယ်!' ဆိုဘီး သူးနို့လေ ယော့-က်နယော့-က်
ပြောဂေ့ဟုယ်။
15 အယ်ကြောန့် သူးနို့လေဟု ဇရှင်ရဲ့ သားဟို့ စဗျစ်ခြံပ့လန်ဟို့ ထုဘီးဟု
သတ်ဂေ့လေဟုယ်။"
"အယ်မျိုးဆိုဟု စဗျစ်ခြံဇရှင်ဟု ခြံစောန့်မားလေဟို့ ဖြားဇာလောက်မယ်နူး။"
ဆိုဘီး ယေရှုဟု မေးတော်မူလေဟုယ်။
16 "ဇရှင်ဟု လာဘီး အယ်လူလေဟို့ သတ်ဘီးဟု စဗျစ်ခြံဟို့
တခြားခြံစောန့်မားလေဟို့ အပ်ပေးလေ့မယ်" ဆိုဘီး မိန့်တော်မူလေဟုယ်။
လူလေဟု အယ်မျိုး ကြားရဟူ ခီမာ "အယ်မျိုး ဖြစ်ပါစေန!" ဆိုဘီး ပြောဂေ့ဟုယ်။
17 ယေရှုဟု သူးနို့ဟို့ ကေ့ဘီး
"'အီဆော့-က်မားလေဟု သောင်းဇားရဘဲဟူကြောန့် ဖယ်ဟုးဟူ ကုလော့-က်ဟု
ဂူလောင်းထဲမာ ရေးကီးဆောန်း ဖြစ်လာရဂေ့ဟုယ်' ဆိုဘီး ရေးဟုးဇာဟု
ဖြားခိပါယ်နူး။"
18 "အယ်ကုလော့-က်ထတ်ဟို့ ကုလဟူလူတိုင်းဟု ပိုင်းပိုင်းကုလိုးလေ့မယ်။
အယ်ဘီးဟု အယ်ကုလော့-က်ဟု ယော့-က်ယော့-က်ထတ်ဟို့ ကုလမယ် ဆိုဟု
အယ်သူဟု ညစ်ညစ်ကြေဟုးလေ့မယ်" ဆိုဘီး မိန့်တော်မူလေဟုယ်။

ခွန်ဆောန်ရှင်းန ဆိုင်ဟူမေးခွန်းကြောန်း
(မဿဲ ၂၂.၁၅-၂၂; မာကု ၁၂.၁၃-၁၇)

19 ကျမ်းတတ်ဆရာလေန ယဇ်ပုရောဟိတ်ဂီးလေဟု အယ်ပေါင်ဥပမာဟု သူးနို့ဟို့
စောန်းခိဘီး ပြောနေဟုယ် ဆိုဇာဟို့ သိဂေ့ဟူကြောန့် ရှစ်ရှင်းဘဲ့ ယေရှုဟို့ ဖမ်းဟို့တွပ်
ရှာကြံဂေ့ဟုယ်။ အယ်ဘေမဲ့ လူလေဟို့ ကြော့-က်ဂေ့ဟုယ်။
20 အယ်ကြောန့် သူးနို့လေဟု ခွမ့်ကောန်းဟို့ ရှာနေဂေ့ဟုယ်။ သူးနို့လေဟု
လူတချို့ဟို့ ရိုးသားဟန်ဆောန်ဟို့တွပ် လာဘ်ထိုးဟုးဟုယ်။ အယ်ဘီးဟု
သူးနို့လေဟု ကိုယ်တော်ရဲ့ စကားထဲမာ မှားရှာဟို့တွပ် အယ်လူလေဟို့

စေလွှတ်လေဟုယ်။ အယ်ဆိုဟုာ သူးနို့လေဟုာ ကိုယ်တော့်ဟို့ ခွမ့်အာဏာန တဂိုးရှိဟူ
ရောမ ဗြို့ဝန်းမန်း နားဟို့ အပ်ဂေ့လေ့မယ်။

21 အယ်သူလျှိုလေဟု “ဆရာ၊ ဆရာဟောနေဇာလေရော၊ သန်ကြားနေဇာလေရော
မှန်ဟုယ် ဆိုဇာဟို့ ကျွန်တော့်ဟုားလေ သိဟုယ်။ ဆရာဟုာ မျစ်နှာလိုက်ဘဲန
လူလေတွပ် ဘုရားသခင်ရဲ့ လိုတော်နု ဆိုင်ဟူ သမ္မာတရားဟို့ သန်ကြားပေးဟုယ်။

22 ကဲသာ မန်းဂီးဟို့ ခွန်ဆောန်ရှင်းဟုာ ပညတ်တော်နု ညီဟုယ်လော။ ညီဟုလော။”
ဆိုဘီး ယေရှုဟို့ မေးလျှော့-က်လေဟုယ်။

23 အယ်ဘေမဲ့ ယေရှုဟုာ သူးနို့ရဲ့ ပရိယာယ်ဟို့ သိတော်မူဟူကြောန့်

24 “ငါ့ဟို့ ငွေဒန်းဂါးတပ္လား ပြဂေ့။ အယ်ဒန်းဂါးမာ ဖယ်သူ့ရောက်ပေါင်န
နာမယ်ရှိဟုယ်နူး။” ဆိုဘီး မေးတော်မူလေဟုယ်။

သူးနို့လေဟု “ကဲသာမန်းဂီး ပေါင်နု ကဲသာမန်းဂီး နာမယ်ရှိဟုယ်” ဆိုဘီး
ဖြေဂေ့ဟုယ်။

25 အယ်ကြောန့် ယေရှုဟု “အယ်မျိုးဆိုဟုာ ကဲသာမန်းဂီး ပိုင်ဟူဇာဟို့
ကဲသာမန်းဂီးဟို့ ပေးဂေ့။ ဘုရားသခင် ပိုင်ဟူဇာဟို့ ဘုရားသခင်ဟို့ ပေးဂေ့” ဆိုဘီး
မိန့်တော်မူလေဟုယ်။

26 သူးနို့လေဟုာ လူလေရှေ့မာ ကိုယ်တော်ရဲ့ စကားလေထဲမာ မှားရှာတွိနိုင်ဘဲ
ဖြစ်နေဂေ့ဟုယ်။ အယ်ဘီးဟုာ ကိုယ်တော်ရဲ့ ပ့လန်မိန့်တော်မူဟူ စကားဟို့
အံ့သြဟုားဂေ့ဘီး တိဆိဟုားဂေ့လေဟုယ်။

ရှင်ပ့လန်ထမြော့-က်ရှင်းန ဆိုင်ဟူမေးခွန်းကြောန်း
(မဿဲ ၂၂.၂၃-၃၃; မာကု ၁၂.၁၈-၂၇)

27 အယ်ဘီးန ရှင်ပ့လန်ထမြော့-က်ရှင်းမှေ့ဟု ဆိုဘီး ပြောဂေ့ဟူ ဇဒ္ဒုကဲတချို့ဟုာ
ယေရှုနားဟို့ လာဘီးဟုာ၊

28 “ဆရာ၊ မောရှေဟု ‘လူတယော့-က်ဟုာ သားမီးလေမှေ့ဘဲ့န သေဟုားမယ် ဆိုဟုာ
ကျန်ရစ်ဟူ မယားဟို့ သူ့ရဲ့ညီဟု ပ့လန်ဘီး လတ်ထပ်ရဟုယ်။ အယ်ဘီးဟုာ
သူးနို့မာရလာဟူ သားမီးလေဟို့ သေဟုားဟူသူရဲ့ သားမီးလေဖြစ် သတ်မှတ်ရမယ်’
ဆိုဘီး ကျွန်တော့်ဟုားလေတွပ် အယ်ပညတ်တရားဟို့ ရေးဟုားဟုယ်။

29 တခါဒူးဟု ညီကို ခွန်နစ်ယော့-က် ရှိဟုယ်။ နောန်ဂီးဆောင်းဟုာ အီထောန်ပြုဘီး
သားမီးလေ မှေ့ဘဲန သေဟုားဟုယ်။

30 အယ်ဘီးန အယ်မီးမဟို့ ဒုတိယညီဟု ယူလေဟုယ်။

31 အယ်ဘီးန တတိယညီဟု ယူလေဟုယ်။ အယ်မျိုးနဘဲ့ ညီကို
ခွန်နစ်ယော့-က်လောင်းဟုာ သားမီးလေ မှေ့ဘဲန သေဟုားဂေ့ဟုယ်။

32 နော့-က်ဆောင်းမာ အယ်မီးမလည်း သေဟုားဟုယ်။

20:27 **ဥပ.၂၃** တ ၂၃.၈

33 အယ်မျိုးဆိုဟှာ ရှင်ပ့ုလန်ထမြော့-က်ဟှူ နေ့မာ အယ်မီးမဟှာ ဖယ်သူ့ရဲ့ မယား
ဖြစ်လေ့မယ်နူး။ ညီကို ခွန်နစ်ယော့-က်လောင်းဟှ အယ်မီးမဟို့ ယူဟှားပီးဘီ ဆိုဘီး
သူးနို့ဟှ လျှော့-က်လေဟှယ်။”
34 ယေရှုဟှာ “အယ်ဘဝမာ ယော့-က်ကျားလေန မီးမလေဟှာ အီထောန်ပြုဂေ့ဟှယ်။
35 အယ်ဘေမဲ့ သေရာဟှနေ ပ့ုလန်ရှင်ဟို့ ထိုက်တန်ဟူ ယော့-က်ကျားလေန
မီးမလေဟှာ နောန်ဘဝမာ အီထောန်ပြုရှင်းလေ မ့ေဟှ။
36 သူးနို့လေဟှာ ကောန်းဂန်တမန်လေမျိုး ဖြစ်ဟှားဘီး သေဂေ့ဟှမ်း။ သူးနို့လေဟှာ
သေရာဟှနေ ပ့ုလန်ရှင်လာဟူကြောန့် ဘုရားသခင်ရဲ့ သားမီးလေ ဖြစ်ဂေ့ဟှယ်။
37 အယ်ဘီးဟှာ သေရာဟှနေ ပ့ုလန်ရှင်ဟှယ် ဆိုဇာဟို့ မောရှေဟှ ရှင်းရှင်းလန်းလန်း
သတ်သေပြဟှားဟှယ်။ မောရှေဟှာ မီးလောန်နေဟူချောင်ကြောန်းန ပတ်သတ်ဘီး
ဘုရားသခင်ဟို့ ‘အာဗြဟံရဲ့ ဘုရားသခင်၊ ဣဇာက်ရဲ့ ဘုရားသခင်၊ ယာကုပ်ရဲ့
ဘုရားသခင်’ ဆိုဘီး ဖော်ပြဟှားလေဟှယ်။
38 ဘုရားသခင်ဟှာ သေဟှားဟူ သူလေရဲ့ ဘုရား မူဟှ။ သတ်ရှင်ဟူ သူလေရဲ့
ဘုရား ဖြစ်ဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ လူလေ ဂူလောင်းဟှာ ကိုယ်တော့်အားဖြင့်
သတ်ရှင်ဂေ့ဟှယ်” ဆိုဘီး သူးနို့လေဟို့ မိန့်တော်မူလေဟှယ်။
39 ကျမ်းတတ်ဆရာ တချို့ဟှ “ဆရာ၊ ကောန်းဟူဖြေ ဖြစ်ဟှယ်!” ဆိုဘီး
လျှော့-က်ဂေ့လေဟှယ်။
40 အယ်ကြောန့် သူးနို့လေဟှာ ကိုယ်တော့်ဟို့ နော့-က်ထပ် မေးခွန်းလေ
မေးရဲဂေ့ဟှမ်း။

မေရှိယန ဆိုင်ဟူမေးခွန်းကြောန်း
(မဿဲ ၂၂.၄၁-၄၆; မာကု ၁၂.၃၅-၃၇)

41 ယေရှုဟှာ “မေရှိယဟှာ ဒါဝိဒ်ရဲ့ မ့ေလေးမ့လစ်ဖြစ်ဟှယ် ဆိုဇာဟို့
ဖယ်မျိုးပြောနိုင်ဂေ့နူး။ ဆိုဘီး သူးနို့လေဟို့ မေးတော်မူလေဟှယ်။
42 ဒါဝိဒ်ကိုယ်တိုင်ဟှ ဆာလံကျမ်းမာ”
“ ‘သခင်ဘုရားဟှ ငါ့သခင်ဟို့၊
43 နန့်ရဲ့ ရန်သူလေဟို့ နန့်ရဲ့ ခေတန်ခေါင်ဖြစ် ငါခ့ုလဟှားခီထိ ငါ့ရဲ့ ညာဖတ်မာ
ထိုင်နေပါ ဆိုဘီး ပြောဟှယ်’ ဆိုဘီး ရေးဟှားဟှယ်။”
44 “ဒါဝိဒ်ဟှ ကိုယ်တော့်ဟို့ ‘သခင်’ ဆိုဘီး ခေါ်လေဟှယ်။ အယ်ဆိုဟှာ
ဖယ်မျိုးဖြစ်ဘီးဟှာ မေရှိယဟှာ ဒါဝိဒ်ရဲ့ မ့ေလေးမ့လစ် ဖြစ်ဟှားရနူး။” ဆိုဘီး
မေးတော်မူလေဟှယ်။

ကျမ်းတတ်ဆရာလေဟို့ ရှောန်ဟို့ ဒိပေးဟူကြောန်း
(မဿဲ ၂၃.၁-၃၆; မာကု ၁၂.၃၈-၄၀)

45 လူလေ ဂူလောင်းဟှာ နားထောန်နေဟူ ခီမာ ယေရှုဟှ တဗဲတော်လေဟို့

46 “ကျမ်းတတ်ဆရာလေဟို့ ဒိထားဂေ့။ သူးနို့လေဟှာ ဝတ်လောင်ရှယ်လေန
ရှော့-က်သွားဘီး ဆေးလေထဲမာ နှောက်ဆစ်ခံရဇာဟို့ နှစ်သက်ဂေ့ဟှယ်။
သူးနို့လေဟှာ ဝါလယ်ဇရပ်လေမာ သီးသန့်ခေါင်လေန စားသော့-က်မွဲလေမာ
ကောန်းဆောင်းနေရာဟို့ ဝီးကော့-က်ဂေ့လေဟှယ်။
47 သူးနို့လေဟှာ မောက်ဆိုးမလေရဲ့ အီလေဟို့ အဓမ္မသီးယူဟှယ်။ အယ်ဘီးဟှာ
လူလေထန်ကီးအောန် ခီကြာဂီး ဆုတောန်းဂေ့ဟှယ်! သူးနို့လေဟှာ ရရာတိုင်း ဆိုးဟူ
ပြစ်ဒန်ဟို့ ခံရလေ့မယ်!” ဆိုဘီး မိန့်တော်မူလေဟှယ်။

21

မောက်ဆိုးမရဲ့ လူငွေကြောန်း
(မာကု ၁၂.၄၁-၄၄)

1 ယေရှုဟှာ ပတ်ပတ်လည်ဟို့ ကေ့လိုက်ဟူ ခီမာ ဌေးသားလေဟှာ ဗိမာန်တော်ထဲဟှ
လှူခံဗောင်းထဲဟို့ သူးနို့ရဲ့ လူငွေလေ ထဲ့နေဂေ့ဇာဟို့ မြင်တော်မူဟှယ်။
2 အယ်ဘီးဟှာ ကိုယ်တော်ဟှာ ရရာတိုင်း ဆင်းရဲဟူ မောက်ဆိုးမဟှ ကြေးဒန်းဂါး
နှေ့ပ္ပလား ထဲ့နေဇာဟို့လည်း မြင်တော်မူလေဟှယ်။
3 ကိုယ်တော်ဟှ “အယ်ဆင်းရဲဟူ မောက်ဆိုးမဟှာ တခြားလူလေ ဂူလောင်းထတ်
ဘောင်ဂီးလှူဟှယ် ဆိုဇာဟို့ နန်းနို့ဟို့ ငါမှန်တိုင်း ပြောဟှယ်။
4 ဖြားဖြစ်ကြောန်နှူးဆိုဟှာ တခြားလူလေ ဂူလောင်းဟှာ သူးနို့အောက်စာရဲ့
ပိုနေဟူဇာလေဟို့ လှူဂေ့လေဟှယ်။ အယ်ဘေမဲ့ အယ်မောက်ဆိုးမဟှာ သူ့မာရှိမှူ
ဂူလောင်းဟို့ ပေးလေဟှယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

ဗိမာန်တော်ဖျစ်ဆီးခံရဟို့ကြောန်း
(မဿဲ ၂၄.၁,၂; မာကု ၁၃.၁,၂)

5 ဗိမာန်တော်ဟို့ လှုပဟူ ကုလော့-က်တောင်းလေနရော၊ ဘုရားသခင်ဟို့
ဆစ်ကပ်ဟှားဟူ လှူပစ်စီးလေနရော လှဆင်ဟှားဟှယ် ဆိုဘီး တဗဲတော်တချို့ဟှာ
ပြောနေဂေ့ဟှယ်။
6 ယေရှုဟှ “နန်းနို့ ဗြင်ဟှားဇာလေ ဂူလောင်းဟှာ ကုလော့-က်တတောင်းလည်း
ကျန်ရစ်ဘဲအောန် ဖျစ်ဆီးရှင်းခံရဟို့ ခီရော့-က်လာလေ့မယ်” ဆိုဘီး
မိန့်တော်မူလေဟှယ်။

ဆင်းရဲဒေါက်ခန ညှဉ်းဆဲရှင်းကြောန်း
(မဿဲ ၂၄.၃-၁၄; မာကု ၁၃.၃-၁၃)

7 သူးနို့လေဟှ “ဆရာ၊ အယ်မူဇာလေဟှ ဖယ်ခီမာ ဖြစ်လာမယ်နူး။ အယ်မူဇာလေ
ဖြစ်ခါနီးဟူ ခီမာ ဖယ်မျိုးနိမိတ်လေ ပေါ်လာဟို့နူး။” ဆိုဘီး မေးလျှော့-က်ဂေ့ဟှယ်။
8 ယေရှုဟှ “နန်းနို့လေ လှည့်ဇားခံရဘဲအောန် ဒိထားဂေ့။ လူလေဘောင်ဂီးဟှာ
ငါ့နာမန ရော့-က်လာဘီးဟှာ ‘ငါဟှာ အယ်လူဘဲ့ ဖြစ်ဟှယ်! ခီရော့-က်လာဘီ!’ ဆိုဘီး
ပြောလေ့မယ်။ အယ်ဘေမဲ့ သူးနို့ နော့-က်ဟို့ လိုက်ဂေ့နှ။

9 နန်းနို့လေဟှာ စစ်ပွဲလေန ပူကန်ရှင်းကြောန်းလေဟို့ ကြားရဟူ ခီမာ
ကြော့-က်ဂေ့နေ။ အယ်မူဇာလေဟှ ရင်ဦးဆောင်း ဖြစ်ရမယ်။ အယ်ဘေမဲ့လည်း
ဆောင်းသတ်ခီဟှာ ရော့-က်လာသေးဟှ” ဆိုဘီး မိန့်တော်မူလေဟှယ်။
10 ကိုယ်တော်ဟှ “လူမျိုးလေဟှာ တမျိုးန တမျိုး၊ နိုင်ငံလေဟှာ တနိုင်ငံန တနိုင်ငံ
တိုက်ဂေ့လေ့မယ်။
11 နေရာတိုင်းမာ ကြော့-က်ဘွယ်လန့်ဘွယ် မ့္လေဂီးလှောက်ရှင်းလေ၊ စာရေဇာ
ရှားပါးရှင်းလေ၊ ကပ်ရောဂါလေ ဖြစ်ဂေ့လေ့မယ်။ ကောန်းဂန်ထတ်ဟှနေ ထူးဆန်းဘီး
ကြော့-က်ဇာကောန်းဟူ နိမိတ်လေ ပေါ်လာဂေ့လေ့မယ်။
12 အယ်ဘေမဲ့လည်း အယ်မူဇာလေ ဖြစ်လာခန်မာ နန်းနို့လေဟို့ ဖမ်းဆီးဘီး
ညှဉ်းဆဲဂေ့လေ့မယ်။ နန်းနို့လေဟို့ ဝါလယ်ဇရပ်လေမာရော၊ ထောန်ထဲမာရော
လှောန်ဟှားဂေ့လေ့မယ်။ ငါ့နာမကြောန့် နန်းနို့လေဟို့ ဗြို့ဝန်မန်းလေန မန်းဂီးလေ
ရှေ့မှော့-က်ဟို့ ခေါ်ဆောန်ဟှားဂေ့လေ့မယ်။
13 အယ်နည်းလမ်းအားဖြင့် နန်းနို့ဟှာ ဒန်းကောန်းဟို့ သတ်သေခံဟို့တွပ် ခွမ့်ရေး
ဖြစ်လာဂေ့လေ့မယ်။
14 အယ်ကြောန့် ဖယ်မျိုးချေပရမယ် ဆိုဇာဟို့ ကြိုတန်ဘီး စိုးရိမ်ဘဲဟို့တွပ် နန်းနို့ရဲ့
စိန္နလောင်းဟို့ ဆောင်းဖြတ်ဟှားဂေ့။
15 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့ရန်သူလေဟှာ ပ့္လန်ဘီး
ခုခံဟန့်တားနိုင်ဘဲနေအောန် နန်းနို့ဟို့ နှောက်စွမ်းန ဉာဏ်ပညာဟို့ ငါပေးမယ်။
16 နန်းနို့ရဲ့ မိဖလေရော၊ ညီကိုလေရော၊ ဆွေမျိုးလေရော၊ ငယ်ဂျင်းလေဟှာ နန်းနို့ဟို့
အပ်ဂေ့လေ့မယ်။ နန်းနို့ထဲဟှ တချို့ဟှာ သေသတ်ရှင်းဟို့ ခံရဂေ့လေ့မယ်။
17 လူတိုင်းဟှာ ငါ့နာမကြောန့် နန်းနို့ဟို့ မူးတီးဂေ့လေ့မယ်။
18 အယ်ဘေမဲ့ နန်းနို့ခေါန်းဟှ ဆားဗန်တဗန်မျှ ဆောင်းရှောင်းစေဟှ။
19 နန်းနို့ဟှာ တည်ကြည်ရှင်းအားဖြင့် ကယ်တန်ရှင်းဟို့ ခံရဂေ့လေ့မယ်။”

ယေရုရှလင်ဗြို့ ဖျစ်ဆီးခံရဟို့ကြောန်း
(မဿဲ ၂၄.၁၅-၂၁; မာကု ၁၃.၁၄-၁၉)

20 “ယေရုရှလင်ဗြို့ဟို့ စစ်တပ်လေ ဝိုင်းဟှားဇာဟို့ နန်းနို့ ဗြင်ရဟူ ခီမာ အယ်ဗြို့ဟှာ
ကြာခန်မာ ဖျစ်ဆီးရှင်းခံရမယ် ဆိုဇာဟို့ နန်းနို့လေ သိဂေ့လေ့မယ်။
21 အယ်ဆိုဟှာ ယုဒနယ်မာရှိဟူ သူလေဟှာ တောန်ထတ်ဟို့ တတ်ပ့လေးဂေ့စေ။
ဗြို့ထဲမာရှိဟူ လူလေဟှာ ဗြို့ပ့လန်ဟို့ ထွပ်ဂေ့စေ။ အယ်ဘီးဟှာ ကျေးဝါမာရှိဟူ
သူလေဟို့လည်း ဗြို့ထဲဟို့ ဝမ်ဂေ့စေန။
22 ဖြားဖြစ်ကြောန့်နူးဆိုဟှာ အယ်နေ့ရစ်လေဟှာ ကျမ်းစာဟှ ပြောဟှားတိုင်း
ပ့လဲ့ဇောင်ဟို့တွပ် ‘ပြစ်ဒန်ပေးဟို့ နေ့ရစ်လေ’ ဖြစ်ဟှယ်။
23 အယ်နေ့ရစ်လေမာ ဝန်းရှင်မလေန သားရှင်မိလေတွပ် ရရာတိုင်း
ဆိုးဝါးဂေ့လေ့မယ်! ဒေါက်ခဆင်းရဲဟှာ အယ်ပြည်ထတ်ဟို့ ရော့-က်လာလေ့မယ်။

21:14 ၂၁.၁၄,၁၅ လု ၁၂.၁၁,၁၂

အယ်ဘီးဟာ ဘုရားသခင်ရဲ့ မျစ်တော်ဟာ အယ်သူလေ ထတ်မာလည်း
က့လရော့-က်လေ့မယ်။
24 တချို့လေဟာ ထားန သတ်ခံရဂေ့လေမယ်။ ကျန်ဟူ သူလေဟာ
ထောန်သားလေဖြစ်န နိုင်ငံသီးသီးဟို့ ဖမ်းဆီးဟားရှင်း ခံရဂေ့လေ့မယ်။
လူမျိုးခြားလေဟာ သူးနို့ရဲ့ ခီကူခန်ထိ ယေရုရှလင်ဗြို့ဟို့ နန်းချေဂေ့လေ့မယ်။”

လူ့ရဲ့သား ကြွလာတော်မူဟူကြောန်း
(မဿဲ ၂၄.၂၉-၃၁; မာကု ၁၃.၂၄-၂၇)

25 “နေ၊ လ၊ ကြယ်လေမာ ထူးဆန်းဟူ နိမိတ်လေ ဖြစ်လေ့မယ်။ မ့လေဂီးထတ်ဟ့
လူမျိုးလေ ဂူလောင်းဟာ ပန်လယ်လှိုင်းတံပိုးသံကြောန့် စိပျစ်ဟားဘီး
ကြော့-က်လန့်ဂေ့လေ့မယ်။
26 ကောန်းဂန်ဟ့ တဂိုးလေဟာ လှောက်ခါဂေ့ဘီး လူလေဟာ ကမ္ဘာထတ်ဟို့
သတ်ရော့-က်လာဟို့ ဇာလေတွပ် ကြိုတွီးဘီး ကြော့-က်လန့်လာဟူကြောန့်
မူးလှဲဂေ့လေ့မယ်။
27 အယ်ခီမာ လူ့ရဲ့သားဟာ ကီးမားဟူ ဖောင်းတဂိုးန မိုးတီဟို့ စီးဘီး ကြွလာနေဇာဟို့
သူးနို့လေ ဖြင်ရဂေ့လေ့မယ်။
28 အယ်မူဇာလေ စဘီး ဖြစ်လာဟူ ခီမာ နန်းနို့ဟို့ ဝီးကော့-က်ဟို့ ခီဟာ
နီးလာဘီဖြစ်ဟူကြောန့် မတ်တပ်ထဘီး နန်းနို့ရဲ့ ခေါန်းလေဟို့ မော့ဟားဂေ့” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။

သဖန်းဗန် ပေါင်ဥပမာကြောန်း
(မဿဲ ၂၄.၃၂-၃၅; မာကု ၁၃.၂၈-၃၁)

29 အယ်ဘီးန ယေရှုဟာ သူးနို့ဟို့ အယ်ပေါင်ဥပမာန “သဖန်းဗန်န
တခြားသစ်ပန်လေဟို့ ကေ့ကေ့။
30 နန်းနို့လေဟာ အယ်ပန်လေမာ ဝပ်နုလေ ထွပ်လာဇာဟို့ ဖြင်ဟူ ခီမာ နွေရာသီ
ရော့-က်ခါနီးဘီ ဆိုဇာဟို့ နန်းနို့လေ သိဂေ့ဟ့ယ်။
31 အယ်မျိုးဘဲ့ အယ်မူဇာလေ ဖြစ်လာဇာဟို့ နန်းနို့လေ ဖြင်ဟူ ခီမာ ဘုရားသခင်ရဲ့
နိုင်ငံတော် တည်ခါနီးဘီ ဆိုဇာဟို့ နန်းနို့လေ သိဂေ့ပါ။
32 “ငါ မှန်တိုင်းပြောမယ်၊ အယ်မူဇာလေ ဂူလောင်း ဖြစ်လာခန်မာ အယ်မျိုးဆစ်ဟ့
လောင်းဝ ပျော့-က်ကွယ်ဟ့းဟို့ မူဟ့။
33 ကောန်းဂန်န မ့လေဂီးဟ့ ပျော့-က်ကွယ်ဟ့းလေ့မယ်။ အယ်ဘေမဲ့
ငါ့စကားလေဟ့ လောင်းဝ ပျော့-က်ကွယ်လေ့မယ် မူဟ့။

ဒီရှိဟို့ လိုအပ်ဟူကြောန်း
34 “ဒီနနေဂေ့။ ပျော်လွန်ကြူးရှင်းလေ၊ သော့-က်စားယစ်မောရှင်းလေ၊
လောကီမူရေး စိုးရိမ်ရှင်းလေကြောန့် နန်းနို့ရဲ့ စိန့လောင်းလေဟ့

လေးလံထိုင်းမှိုင်းနေဒုံးမာ အယ်နေ့ရစ်ဟှာ ထောန်ချော့-က်မျိုးဘဲ နန်းနို့ထတ်ဟှိ
ရောက်တရစ် ရော့-က်လာလေ့မယ်။
35 ဖြားဖြစ်ကြောန်နှုးဆိုဟှာ အယ်နေ့ရစ်ဟှာ မ့လေဂီး တဗ့လန်လောင်းမာရှိဟှူ
လူလေ ဂူလောင်းထတ်ဟှိ ကုလရော့-က်လာလေ့မယ်။
36 အယ်ကြောန် နန်းနို့ဟှာ ဖြစ်လာဟှိဇာလေ ဂူလောင်းဟှနေ လွတ်မြော့-က်ဘီး
လူသားရဲ့ ရှေ့တော်မာ မတ်တတ်ရပ်နိုင်ဟှိုတွပ် ခီတိုင်း ဒိနနေဘီး ဆုတောန်းဂေ့”
ဆိုဘီး မိန့်တော်မူလေဟှယ်။
37 ယေရှုဟှာ နေ့ခီလေမာ ဗိမာန်တော်မာ သွန်သန်တော်မူဘီး ညဉ့်ခီလေမာ ပ့လန်ဟှိ
ထွပ်ဟှားဘီး သံလွင်တောန်ထတ်မာ ညဉ့်ဟှိ ကူစေတော်မူဟှယ်။
38 လူလေ ဂူလောင်းဟှာ ဗိမာန်တော်မာ တရားနားထောန်ဟှိ မိုးလန်းစောစောဂီး
ကိုယ်တော်နားဟှိ လာဂေ့ဟှယ်။

22

ယေရှုဟှိ သတ်ဟှိ့ ကြံစည်ဟှူကြောန်း
(မဿဲ ၂၆.၁-၅; မာကု ၁၄.၁,၂; ယောဟန် ၁၁.၄၅-၅၃)

1 ပသခါပွဲ ဆိုဘီး ခေါ်ဟှူ တဆေးမ့ေဘဲဟှူ မုပွဲတော် ခီနီးလာလေဟှယ်။
2 ယဇ်ပုရောဟိတ်ဂီးလေန ကျမ်းတတ်ဆရာလေဟှာ လူလေဟှိ့
ကြော့-က်လန့်ဂေ့ဟှူကြောန် ယေရှုဟှိ့ တိတိဟှားသတ်ဟှိ့တွပ်
နည်းလမ်းရှာကြံဂေ့လေဟှယ်။

ယေရှုဟှိ့ အပ်ဟှိ့ ယုဒဘောတူဟှူကြောန်း
(မဿဲ ၂၆.၁၄-၁၆; မာကု ၁၄.၁၀,၁၁)

3 အယ်ဘီးန စာတန်ဟှာ တဗဲတော် ဆယ့်နှေ့ပါးထဲဟှ တပါးဖြစ်ဟှူ ဣရှကာရုတ်
ဆိုဘီး ခေါ်ဟှူ ယုဒထဲဟှိ့ ဝမ်လေဟှယ်။
4 အယ်ကြောန် ယုဒဟှာ ယဇ်ပုရောဟိတ်ဂီးလေန ဗိမာန်တော်စောန့် ကြီးကဲလေနားဟှိ့
သွားဘီး ယေရှုဟှိ့ သူးနို့လတ်ထဲဟှိ့ ဖယ်မျိုး အပ်ရမယ် ဆိုဇာဟှိ့ သူးနို့လေန
တိုင်ဗန်ဂေ့လေဟှယ်။
5 သူးနို့လေဟှာ ဝန်းသာဘီးဟှာ သူ့ဟှိ့ ကပ်ပေးဟှိ့ ဘောတူဂေ့ဟှယ်။
6 ယုဒဟှာလည်း ဘောတူဘီး လူလေဟှိ့ သိစောဲန ယေရှုဟှိ့ သူးနို့လတ်ဟှိ့
အပ်ဟှိ့တွပ် ခွမ့်ကောန်းဟှိ့ ရှာကြံလေဟှယ်။

ပသခါပွဲ ပြင်ဆင်ဟှူကြောန်း
(မဿဲ ၂၆.၁၇-၂၅; မာကု ၁၄.၁၂-၂၁; ယောဟန် ၁၃.၂၁-၃၀)

7 တဆေးမ့ေဘဲဟှူ မုပွဲတော် ခီမာ ပသခါသိုးသားဂန်းလေဟှိ့ သတ်ရဟှူနေ့
ရော့-က်လာဟှယ်။

21:37 **ၶာ.၃၇** လု ၁၉.၄၇

8 ယေရှုဟာ ပေတရုန ယောဟန်ဟို့ “ပသခါပွဲတော်ဟို့ နို့လေစားဟို့ သွားဘီး
ပြင်ဆင်ဂေ့ပါ” ဆိုဘီး မိန့်တော်မူဘီး သူးနို့ဟို့ စေလွှတ်လေဟုယ်။
9 သူးနို့ဟုလည်း “ကိုယ်တော်ဟု ကျွန်တော့်ဟုားလေဟို့ ဖယ်နေရာမာ
ပြင်ဆင်စေရှင်ဟုယ်နူး။” ဆိုဘီး မေးလျှော့-က်ဂေ့ဟုယ်။
10 ကိုယ်တော်ဟု “နန်းနို့ဟု ဗြို့ထဲဟို့ ဝမ်ဟုားဟူ ခီမာ ရေအိုးထမ်းလာဟူ
လူတယော့-က်ဟာ နန်းနို့ဟို့ လာတွိလေ့မယ်။ အယ်လူ ဝမ်ဟုားဟူ အီထဲဟို့
ဝမ်လိုက်ဟုားဘီးဟုာ၊
11 အီဇရှင်ဟို့ ‘ဆရာဟု ငါ့တဗဲလေနတူးဒူ ပသခါညဉ့်ဇာစားဟို့ ခန်းဟု ဖယ်မာနူး။
ဆိုဘီး မေးခိုင်းလိုက်ဟုယ်’ ဆိုဘီး ပြောဂေ့ပါ။
12 အယ်လူဟု ပြင်ဆင်ဟုားဟူ ထတ်ခန်းမဟို့ နန်းနို့ဟို့ ပြလေ့မယ်။ အယ်ခန်းမာ
နန်းနို့ ပြင်ဆင်ဂေ့ပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။
13 သူးနို့ဟု ထွပ်ဟုားဘီးန ယေရှုဟု သူးနို့ဟို့ မိန့်တော်မူဟုားတိုင်းဘဲ ဂူလောင်းဟို့
တွိရဟူကြောန့် ပသခါညဉ့်ဇာဟို့ ပြင်ဆင်ဂေ့ဟုယ်။

သခင်ဘုရားရဲ့ ညဉ့်ဇာကြောန်း
(မဿဲ ၂၆.၂၆-၃၀; မာကု ၁၄.၂၂-၂၆; ၁ ကောရိန္သု ၁၁.၂၃-၂၅)

14 ခီရော့-က်လာဟူ ခီမာ ယေရှုဟု တမန်တော်လေနတူးဒူ စားဗွဲမာ
ထိုင်တော်မူဟုယ်။
15 ကိုယ်တော်ဟု “ငါဟု ဒေါက်ခဝေဒနာခံရခန်မာ အယ်ပသခါ ညဉ့်ဇာဟို့
နန်းနို့နတူးဒူ ရရာတိုင်း စားရှင်ဟုယ်။
16 နန်းနို့ဟို့ ငါပြောမယ်၊ ပသခါပွဲတော်ဟု ဘုရားသခင်ရဲ့ နိုင်ငံတော်မာ
ပုံလွဲဇောင်သေးခန်ထိ အယ်ပွဲတော်ဟို့ နော့-က်ထပ်ခါ ငါစားဟို့မှုဟု” ဆိုဘီး သူးနို့ဟို့
မိန့်တော်မူလေဟုယ်။
17 အယ်ဘီးန ယေရှုဟု ခွပ်ဟို့ ယူဘီး ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းဘီးန
“အယ်ခွပ်ဟို့ ယူဘီး၊ ရှင်းရှင်းဝီမျှဘီး သော့-က်ဂေ့ပါ။
18 နန်းနို့ဟို့ ငါပြောမယ်။ ခုဟုစဘီး ဘုရားသခင်ရဲ့ နိုင်ငံတော် တည်ထောန်ခန်ထိ
အယ်စဗျစ်ဝိုင်ဟို့ ငါလောင်းဝ သော့-က်လေ့မယ် မုဟု” ဆိုဘီး မိန့်တော်မူလေဟုယ်။
19 အယ်ဘီးန ကိုယ်တော်ဟု မုဟို့ယူဘီး ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့
ချီးမွမ်းဘီးန မုဟို့ ဖဲ့ဘီးဟု သူးနို့လေဟို့ ပေးဘီး “အယ်မုဟု နန်းနို့တွပ် စွန့်ဟူ ငါ့ရဲ့
ကိုယ်ခန္ဓာ ဖြစ်ဟုယ်။ ငါ့ဟို့ အော့-က်မေ့ဟို့ အယ်မျိုးလောက်ဂေ့” ဆိုဘီး
မိန့်တော်မူလေဟုယ်။
20 အယ်မျိုးဘဲ့ ညဉ့်ဇာစားဘီးန ကိုယ်တော်ဟု ခွပ်ဟို့လည်း ယူဘီးဟု
“အယ်ခွပ်ဟု နန်းနို့တွပ် သွန်းလောန်းဟူ ငါ့ရဲ့ သွီးန ဇီခတ်ဟုားဟူ ဘုရားသခင်ရဲ့
ပဋိညာဉ်တရားသစ် ဖြစ်ဟုယ်”*

* **22:20** **ယ၂.၂၀** တချို့ မူရင်းကျမ်းစာလေမာ ယေရှုရဲ့ စကားနော့-က်မာပါဟူ အယ်မုဟု ငါ့ရဲ့ ကိုယ်ခန္ဓာ
ဖြစ်ဟုယ်၊ ဆိုဇာဟု ခန်းငယ် ၁၉ နဲ ခန်းငယ် ၂၀ မာ မွေ့ဟု။

21 “အယ်ဘေမဲ့ ငါ့ဟို့ အပ်မယ့်လူရဲ့ လတ်ဟာ ငါ့နတူးဒူ စားဗွဲထတ်မာ ရှိနေဟုယ်!
22 လူ့ရဲ့သားဟာ ဘုရားသခင် ခ့လမ့တ်ဟားတိုင်းဘဲ့ သေခံဟို့ မှန်ဘဲ့သွားရမယ်။
အယ်ဘေမဲ့ လူ့ရဲ့သားဟို့ အပ်ဟူလူဟာ အမင်္ဂလာရှိဟုယ်!” ဆိုဘီး
မိန့်တော်မူလေဟုယ်။
23 အယ်ဘီးန တဗဲတော်လေဟာ နို့လေထဲဟ ဖယ်သူဟာ အယ်မျိုးလောက်ဟို့နူး။
ဆိုဘီး သူးနို့ရှင်းရှင်း မေးဂေ့လေဟုယ်။

ကီးမြတ်ရှင်းန ပတ်သတ်ဘီး ဂြင်းခူဟူကြောန်း

24 သူးနို့လေထဲဟ ဖယ်သူဟို့ ကီးမြတ်ဆောင်း ဖြစ်ဟုယ် ဆိုဘီး မှတ်ယူရမယ်
ဆိုဇာဟို့ သူးနို့ရှင်းရှင်း ဂြင်းခူဂေ့လေဟုယ်။
25 ယေရှုဟ သူးနို့လေဟို့ “လူမျိုးခြားလေရဲ့ မန်းဂီးလေဟာ ပြည်သူလေထတ်မာ
စိုးတရ လောက်တတ်ဂေ့ဟုယ်။ လူလေထတ်မာ အာဏာရှိဟူ သူလေဟို့လည်း
သူများကျိုးဆောန်ဝုပ်သူ ဆိုဘီး ခေါ်ခံရဂေ့ဟုယ်။
26 အယ်ဘေမဲ့ နန်းနို့လေဟ အယ်မျိုးလောက်ဂေ့န။ နန်းနို့ထဲမာ
ကီးမြတ်ဆောင်းဖြစ်ဟူ သူဟာ ငယ်ဆောင်းဟူ သူမျိုး ဖြစ်ရမယ်။ ဦးဆောန်ဟူ သူဟာ
စေခံမျိုး ဖြစ်ရမယ်။
27 စားဗွဲမာ ထိုင်နေဟူသူန စေခံဟူ သူလေထဲမာ ဖယ်သူဟ ပိုဘီး ကီးမြတ်နူး။
စားဗွဲမာ ထိုင်နေဟူသူ မူဟုလော။ အယ်ဘေမဲ့ ငါဟာ နန်းနို့ထဲမာ စေခံဟူသူမျိုး
ဖြစ်ဟုယ်။”
28 “စောင်ဇမ်း နှောန့်ယှစ်ရှင်းလေဟို့ ငါခံနေရဒူးမာ နန်းနို့ဟာ ငါ့နတူးဒူ
ရပ်တည်ပေးဟူ လူလေ ဖြစ်ဂေ့ဟုယ်။
29 အယ်ဘီးဟာ ငါ့ဖဟ ငါ့ဟို့ နိုင်ငံတော်ဟို့ ပေးအပ်ဟူမျိုးဘဲ့ ငါဟုလည်း
နိုင်ငံတော်ဟို့ နန်းနို့ဟို့ ပေးအပ်မယ်။
30 နန်းနို့ဟာ ငါ့ရဲ့ နိုင်ငံတော်မာ ငါ့ရဲ့ စားဗွဲမာ ထိုင်ဘီး စားသော့-က် ရဂေ့လေ့မယ်။
အယ်ဘီးဟာ ပလ္လင်ထတ်မာ ထိုင်ဘီး ဣသရေလမျိုးနွယ် ဆယ့်နှေ့နွယ်ဟို့ တရားစီရင်
ရဂေ့လေ့မယ်။

ပေတရုဟာ ဂြင်းဆိုလေ့မယ် ဆိုဇာဟို့ ဖော်ပြဟူကြောန်း

(မဿဲ ၂၆.၃၁-၃၅; မာကု ၁၄.၂၇-၃၁; ယောဟန် ၁၃.၃၆-၃၈)

31 “ရှိမုန်၊ ရှိမုန်! နားထောန်ပါ! ဂျောင်ဆန်ဟို့ ဇဂါခ့လဟူမျိုးဘဲ့ စာတန်ဟ
နန်းနို့ဂူလောင်းဟို့ ဇဂါခ့လဟို့တွပ် ခွမ့်တောန်းလေဘီ။
32 အယ်ဘေမဲ့ နန့်ရဲ့ ယောင်ကြည်ရှင်း ဆောင်းရှောင်းဘဲဟို့တွပ်
ငါဆုတောန်းနေဟုယ်။ နန်ဟာ ငါဖတ်ဟို့ ပုလန်လှည့်လာဟူ ခီမာ နန့်ရဲ့ ညီကိုလေဟို့
ခိုင်ခံ့စေပါ” ဆိုဘီး မိန့်တော်မူလေဟုယ်။

22:24 **JJ.J၄** မ ၁၈.၁; မာ ၉.၃၄; လု ၉.၄၆ **22:25** **JJ.J၅.J၆** မ ၂၀.၂၅-၂၇; မာ ၁၀.၄၂-၄၄ **22:26** **JJ.J၆** မ ၂၃.၁၁; မာ ၉.၃၅ **22:27** **JJ.J၇** ယော ၁၃.၁၂-၁၅ **22:30** **JJ.၃၀** မ ၁၉.၂၈

33 ပေတရုဟ့ “သခင်၊ ကျွန်တော်ဟာ ကိုယ်တော်နဲ့တူးဒူ ထောန်ဘဲ့ကွ်လကွ်လ၊
သေဘဲ့သေသေ ဆင်သင့်ရှိဟ့ယ်!” ဆိုဘီး လျော့-က်လေဟ့ယ်။
34 ယေရှုဟ့ “ပေတရု၊ နန့်ဟို့ ငါပြောမယ်။ အယ်ညဉ့် ကြစ်တွန်ခန်မာ နန့်ဟာ ငါဟို့
သိဟ့ ဆိုဘီး သောင်းခါ ငြင်းလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။

ကပ်အိ၊ ထားန လွယ်အိကြောန်း

35 အယ်ဘီးန ယေရှုဟ့ာ “နန်းန့်ဟို့ ကပ်အိ၊ လွယ်အိန ခေနပ်မှေ့ဘဲ စေလွတ်ဟူ ခီမာ
နန်းန့်လေမာ လိုအပ်ဇာလေ ရှိသေးလော။” ဆိုဘီး တဗဲ့တော်လေဟို့ မေးလေဟ့ယ်။
သူးန့်ဟ့ာ “မှေ့ဟ့” ဆိုဘီး လျော့-က်လေဟ့ယ်။
36 ယေရှုဟ့ “အယ်ဘေမဲ့ ခု ကပ်အိရှိဟူ သူဟ့ာ ယူဟ့ားစေ။ လွယ်အိရှိဟူ
သူဟ့ာလည်း ယူဟ့ားစေ။ ထားမှေ့ဘဲဟူ သူဟ့ာ မိမိဝတ်လောင်ဟို့ ရောန်းဘီးဟ့ာ
ထားဟို့ ဝယ်စေ။
37 နန်းန့်ဟို့ ငါပြောမယ်၊ ‘သူဟ့ာ တရားမှေ့ဘဲဟူ သူလေရဲ့ စာရင်းထဲမာ
ထဲ့သွမ်းရှင်းခံရမယ်’ ဆိုဘီး ကျမ်းစာမာ ရေးဟ့ားဟူဇာဟ့ာ ငါ့မာ ပ့လဲ့ဇောင်ရမယ်။
ဖြားဖြစ်ကြောန်နူးဆိုဟ့ာ ငါ့ကြောန်းဟို့ ရေးဟ့ားဇာဟ့ာ ပ့လဲ့ဇောင်ရှင်းဟို့
ရော့-က်နေဘီ” ဆိုဘီး မိန့်တော်မူလေဟ့ယ်။
38 တဗဲ့တော်လေဟ့ “သခင်! ကေ့တော်မူပါ! အယ်မာ ထားနှေ့ရှောန်း ရှိဟ့ယ်”
ဆိုဘီး လျော့-က်လေဟ့ယ်။
ကိုယ်တော်ဟ့ “အယ်ဆိုဟ့ာ ရလော့-က်ဘီ!”† ဆိုဘီး မိန့်တော်မူလေဟ့ယ်။

သံလွင်တောန်ထတ်မာ ဆုတောန်းဟူကြောန်း
(မဿဲ ၂၆.၃၆-၄၆; မာကု ၁၄.၃၂-၄၂)

39 ယေရှုဟ့ာ ဗြို့ထဲဟ့နေ ထွပ်ဟ့ားဘီး ခါတိုင်းမျိုးဘဲ့ သံလွင်တောန်ထတ်ဟို့
ကြွတော်မူဟ့ယ်။ တဗဲ့တော်လေလည်း ကိုယ်တော်နဲ့တူးဒူ လိုက်ဟ့ားဂေ့ဟ့ယ်။
40 အယ်နေရာဟို့ ရော့-က်ဟူ ခီမာ ကိုယ်တော်ဟ့ “နန်းန့်လေဟ့ာ သွီးဆောန်ရှင်းထဲဟို့
က့လဘဲဟို့တွပ် ဆုတောန်းဂေ့” ဆိုဘီး သူးန့်ဟို့ မိန့်တော်မူလေဟ့ယ်။
41 အယ်ဘီးန ကိုယ်တော်ဟ့ာ သူးန့်လေန က့လော့-က်ခဲတပစ်ဇာလောက် ဝီးဟို့
သွားဘီးဟ့ာ ဒူးထော့-က်ဘီးန ဆုတောန်းဟူဇာဟ့
42 ကိုယ်တော်ဟ့ “ဖ၊ ဖြစ်နိုင်မယ် ဆိုဟ့ာ အယ်မူဝေဒနာခွပ်ဟို့ ကျွန်တော့်ဟ့နေဘီး
ယူဟ့ားပေးပါ။ အယ်ဘေမဲ့ ကျွန်တော့် လိုရှင်တိုင်းဖြစ်စေဘဲန ဖလိုရှင်းတိုင်းဘဲ့
ဖြစ်စေပါ” ဆိုဘီး ဆုတောန်းလေဟ့ယ်။
43 အယ်ခီမာ ကောန်းဂန်ဘောင်ဟ့ ကောန်းဂန်တမန်တပါးဟ့ာ ကိုယ်တော်နားမာ
ပေါ်လာဘီး ကိုယ်တော့်ဟို့ အားပေးတော်မူဟ့ယ်။

22:35 **ယ၂.၃၅** မ ၁၀.၉,၁၀; မာ ၆.၈,၉; လု ၉.၃; ၁၀.၄ † **22:38** **ယ၂.၃၈**အယ်ဆိုဟ့ာ ရလော့-က်ဘီ၊ အယ်မျိုးမူဘဲဟ့ာ အယ်ထားနှေ့ရှောင်းနဆို တော်ဘီ။

44 ကိုယ်တော်ဟာ ပြင်းထန်ဟူ ဝေဒနာဟို ခံစားဘီး ပိုဘီး ပြင်းပြင်းထန်ထန်
ဆုတောန်းဟူကြောန့် ကိုယ်တော်ရဲ့ ချွေးဟာ သွီးစစ်လေမျိုး မ့လေဂီးထတ်ဟို
က့လလေဟုယ်။‡
45 ကိုယ်တော်ဟာ ဆုတောန်းရာဟုနေ ထတော်မူဘီး တဗဲတော်လေနားဟို
ပ့လန်လာဟူ ခီမာ သူးနို့်လေဟာ ဝန်းနဲဘီး အိမွိနေဇာဟို တွိဟားလေဟုယ်။
46 ကိုယ်တော်ဟာ "နန်းနို့်လေ ဖြားဖြစ်ကြောန့် အိမွိနေဂေ့နူး။ သွီးဆောန်ရှင်းထဲဟို
က့လဘဲဟို့်တွပ် ထဒန်ဘီး ဆုတောန်းဂေ့" ဆိုဘီး သူးနို့်ဟို့ မိန့်တော်မူလေဟုယ်။

ယေရှုဟို့ ဖမ်းဆီးဟူကြောန်း

(မဿဲ ၂၆.၄၇-၅၆; မာကု ၁၄.၄၃-၅၀; ယောဟန် ၁၈.၃-၁၁)

47 အယ်မျိုးမိန့်တော်မူနေဒူးမာဘဲ့ တဗဲတော် ဆယ့်နှေ့ပါးထဲဟု တပါးဖြစ်ဟူ
ယုဒဟာ လူအောက်ဂီးဟို့ ဦးဆောန်ဘီး ရော့-က်လာဟုယ်။ သူဟာ ယေရှုဟို့
နမ်းဟို့်တွပ် တိုးဝမ်လာလေဟုယ်။
48 အယ်ဘေမဲ့ ယေရှုဟု "ယုဒ၊ လူ့ရဲ့သားဟို့ နမ်းရှင်းအားဖြင့် အပ်ဟို့လော။" ဆိုဘီး
မေးတော်မူလေဟုယ်။
49 ယေရှုနတူးဒူ ရှိနေဂေ့ဟူ တဗဲတော်လေဟာ ဖြစ်လာမယ့်ဇာဟို့ သိလိုက်ဟူ ခီမာ
သူးနို့်ဟု "သခင်၊ ကျွန်တော့်ဟားလေ ထားန ခွတ်ရဟို့လော။" ဆိုဘီး
မေးလျှော့-က်လေဟုယ်။
50 သူးနို့်ထဲဟု တယော့-က်ဟာ ယဇ်ပုရောဟိတ်မန်းရဲ့ ကျွန်တယော့-က်ဟို့
ခွတ်လိုက်ဇာ အယ်လူရဲ့ ညာဖတ်နားဂုပ်ဟာ ပြတ်ဟားလေဟုယ်။
51 အယ်ဘေမဲ့ ယေရှုဟာ "တော်ဘီ!" ဆိုဘီး မိန့်တော်မူလေဟုယ်။ ကိုယ်တော်ဟာ
အယ်လူရဲ့ နားဂုပ်ဟို့ လတ်တော်န ထိလိုက်ဘီး ပ့လန်ကောန်းစေလေဟုယ်။
52 အယ်ဘီးန ယေရှုဟာ မိမိဟို့ ဖမ်းဟို့ရော့-က်လာဟူ ယဇ်ပုရောဟိတ်ဂီးလေ၊
ဗိမာန်တော်စောန့် တပ်မှူးလေန သတ်ကီးဝါဂီးလေဟို့ "နန်းနို့်ဟာ မ့လဟို့ ဖမ်းဟူမျိုး
ထားလေ၊ ဒေါက်လေဟို့ ကိုင်ဆောန်ဘီး လာဂေ့ရလော။
53 ငါဟာ နေ့တိုင်း နန်းနို့်နတူးဒူ ဗိမာန်တော်မာ ရှိနေဒူးမာ နန်းနို့်ဟာ ငါ့ဟို့ ဖမ်းဂေ့ဟု။
အယ်ဘေမဲ့ အယ်မျိုး လောက်ဆောန်ဟို့်တွပ် နန်းနို့်ရဲ့ခီ ဖြစ်ဟုယ်။
မှောန်မိုက်တဂိုးလည်း ဖြစ်ဟုယ်" ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုဟို့ ပေတရု ဂြင်းဟူကြောန်း

(မဿဲ ၂၆.၅၇,၅၈,၆၉-၇၅; မာကု ၁၄.၅၃,၅၄,၆၆-၇၂; ယောဟန် ၁၈.၁၂-၁၈,၂၅-၂၇)

54 သူးနိုးလေဟု ယေရှုဟို့ ဖမ်းဘီးဟာ ယဇ်ပုရောဟိတ်မန်းရဲ့ အီဟို့
ခေါ်ဟားဂေ့ဟုယ်။ ပေတရုဟာလည်း ခပ်ဝီးဝီးဟုနေ လိုက်ဟားလေဟုယ်။
55 အီဝမ်းရဲ့ လယ်မာ မီးမောင်ဟို့ ဝိုင်းဘီးထိုင်နေဟူ လူလေကြားထဲမာ ပေတရုဟာ
ဝမ်ထိုင်လေဟုယ်။

‡ **22:44** **ဃ၂.၄၄** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၄၃-၄၄ ဟာ မမြဟု။ **22:53** **ဃ၂.၅၃** လု ၁၉.၄၇; ၂၁.၃၇

56 အယ်မျိုး ပေတရုဟာ မီးဖောင်းနားမာ ထိုင်နေဇာဟို့ စေခံမီးမ တယော့-က်ဟ
ဖြင်ဟားဟူကြောန့် သူ့ဟို့ စေ့စေ့ကေ့ဘီး “အယ်လူဟာလည်း ယေရှုရဲ့ ပေါန်းဖော်
ဖြစ်ဟုယ်!” ဆိုဘီး ပြောလေဟုယ်။

57 အယ်ဘေမဲ့ ပေတရုဟ “ဧ့ေမီးမ၊ အယ်သူဟို့ ငါ သိဟ့!” ဆိုဘီး ငြင်းလေဟုယ်။

58 ရှစ်ဟားကြာဘီးန လူတယော့-က်ဟာ ပေတရုဟို့ ဖြင်ဟားဟူ ခီမာ “နန်လည်း
သူးနို့လေထဲဟ့ တယော့-က်ဘဲ့ ဖြစ်ဟုယ်!” ဆိုဘီး ပြောလေဟုယ်။

အယ်ဘေမဲ့ ပေတရုဟာ “ဧ့ေလူ၊ ငါဟာ သူးနို့ထဲဟ့ မူဟ့!” ဆိုဘီး ပြောလေဟုယ်။

59 တနာရီလော့-က် ကြာဘီးန တခြားတယော့-က်ဟ “မုန်တိုင်း ပြောရမယ် ဆိုဟာ
အယ်သူဟာ ဂါလိလဲလူ ဖြစ်ဟူကြောန့် ယေရှုန ပေါန်းဖော်ဟူသူ ဖြစ်ဟုယ်!” ဆိုဘီး
ခိုင်ခိုင်မာမာ ပြောလေဟုယ်။

60 အယ်ဘေမဲ့ ပေတရုဟ “ဧ့ေလူ၊ နန်ပြောနေဇာလေဟို့ ငါ သိဟ့!” ဆိုဘီး
ပ့လန်ပြောလေဟုယ်။

သူအယ်မျိုး ပြောနေဒူးမာဘဲ့ ကြစ်တွန်လေဟုယ်။

61 အယ်ခီမာ သခင်ဘုရားဟာ လှည့်ဘီး ပေတရုဟို့ စူးစိုက်ဘီး ကေ့တော်မူဟုယ်။
ပေတရုဟ့လည်း “အယ်ညဉ့် ကြစ်တွန်ခန်မာ နန်ဟာ သောင်းခါတိတိ
ငြင်းပယ်လေ့မယ်” ဆိုဘီး မိန့်တော်မူဟားဟူ သခင်ဘုရားရဲ့ စကားတော်ဟို့
ပ့လန်အော့-က်မေ့လာဟုယ်။

62 အယ်ကြောန့် ပေတရုဟာ ပ့လန်ဟို့ ထွပ်ဟားဘီး ရရာတိုင်း ငိုလေဟုယ်။

ယေရှုဟို့ လှောန်ပြောန်ဘီး ရိုက်နှက်ဟူကြောန်း
(မဿဲ ၂၆.၆၇,၆၈; မာကု ၁၄.၆၅)

63 ယေရှုဟို့ စောန့်ကြပ်နေဟူ လူလေဟ့ ကိုယ်တော့်ဟို့ လှောန်ပြောန်ဘီး
ရိုက်နှက်ဂေ့ဟုယ်။

64 သူးနို့လေဟ့ ကိုယ်တော်ရဲ့ မျစ်နှာဟို့ ဖောင်းဘီးဟာ “ကိုယ်တော့်ဟို့ ဖယ်သူလေ
ရိုက်ဂေ့နူး။ ပရောဖက်ပြုဂေ့!” ဆိုဘီး ကိုယ်တော့်ဟို့ မေးဂေ့ဟုယ်။

65 အယ်ဘီးဟာ သူးနို့လေဟ့ တခြားကဲ့ရဲ့ဇာလေ ဘောင်ဂီးန ကိုယ်တော့်ဟို့
ပြောဂေ့ဟုယ်။

ယေရှုဟို့ တရားလွတ်တော်ရှေ့မာ စစ်ဆေးဟူကြောန်း
(မဿဲ ၂၆.၅၉-၆၆; မာကု ၁၄.၅၅-၆၄; ယောဟန် ၁၈.၁၉-၂၄)

66 မိုးလန်းဟားဟူ ခီမာ သတ်ကီးဂါဂီးလေ၊ ယဇ်ပုရောဟိတ်ဂီးလေန
ကျမ်းတတ်ဆရာလေဟ့ စုဝီးဂေ့ဘီး ယေရှုဟို့ တရားလွတ်တော်ရှေ့ဟို့
ခေါ်ဆောန်ဟ့ားဂေ့ဟုယ်။

67 သူးနို့လေဟ့ “နန်ဟ့ာ မေရှိယဘဲ့လော။ နို့လေဟို့ ပြောပါ” ဆိုဘီး မေးဂေ့ဟုယ်။
ကိုယ်တော်ဟ့ “နန်းနို့ဟို့ ငါပြောမယ် ဆိုဟ့ာလည်း နန်းနို့ ယောင်ကြည်ဂေ့ဟို့ မူဟ့။
68 နန်းနို့ဟို့ ငါ မေးမေးမယ် ဆိုဟ့ာလည်း နန်းနို့ ဖြေဂေ့ဟို့ မူဟ့။

69 အယ်ဘေမဲ့ ခုဟုနေဘီး လူရဲ့သားဟာ အနန္တတဂိုးရှင် ဘုရားသခင်ရဲ့ ညာဖတ်မာ
ထိုင်တော်မူလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
70 သူးနို့လေ ဂူလောင်းဟာ “အယ်မျိုးဆိုဟာ နန်ဟု ဘုရားသခင်ရဲ့သား
ဖြစ်ဟုယ်လော။” ဆိုဘီး မေးလျှော့-က်လေဟုယ်။
ကိုယ်တော်ဟာ “နန်းနို့ မေးဟူတိုင်းဘဲ ငါဖြစ်ဟုယ်” ဆိုဘီး သူးနို့ဟို
မိန့်တော်မူလေဟုယ်။
71 အယ်ဘီးန သူးနို့လေဟာ “နို့လေကိုယ်တိုင် သူရဲ့နှော့-က်ဟုနေ အယ်စကားလေဟို
ကြားရဘီ ဖြစ်ဟူကြောန့် နော့-က်ထပ် ဖြားသတ်သေလေ လိုသေးဟုယ်နူး!” ဆိုဘီး
ပြောဂေ့ဟုယ်။

23

ပိလတ်ရှေ့ဟို ခေါ်ဆောန်တော်ဟူမူကြောန်း
(မဿဲ ၂၇.၁,၂,၁၁-၁၄; မာကု ၁၅.၁-၅; ယောဟန် ၁၈.၂၈-၃၈)

1 တရားလွှတ်တော် တဖွဲ့လောင်းဟာ ထဘီးန ယေရှုဟို ပိလတ်မန်းရှေ့ဟို
ခေါ်ဆောန်ဟူးဘီး၊
2 အယ်နေရာမာ သူးနို့လေဟာ ကိုယ်တော့်ဟို “ကဲသာမန်းဂီးဟို ခွန်ဆောန်ဇာလိုဟု
ဆိုဘီး သူးနို့ဟို ပြောဘီး သူ့ကိုယ်သူလည်း မေရှိယဖြစ်ဟူ မန်းဂီး ဖြစ်ဟုယ် ဆိုဘီး
လူလေဟို လမ်းမှားအောန် လောက်နေကြောန့် ကျွန်တော့်ဟူးလေဟာ အယ်လူဟို
ဖမ်းလာဟုယ်” ဆိုဘီး စွပ်စွဲဂေ့ဟုယ်။
3 ပိလတ်ဟာ “နန်ဟာ ယုဒမန်းဂီးလော။” ဆိုဘီး ကိုယ်တော့်ဟို မေးလေဟုယ်။
ယေရှုဟ “မန်းဂီးမေးဟူတိုင်းဘဲ ဖြစ်ဟုယ်” ဆိုဘီး မိန့်တော်မူဟုယ်။
4 အယ်ဘီးန ပိလတ်မန်းဟာ ယဇ်ပုရောဟိတ်ဂီးလေန လူအောက်ဂီးဟို “ငါဟာ
အယ်လူမာ ပြစ်တခုလည်း ငါတွိဟု” ဆိုဘီး ပြောလေဟုယ်။
5 အယ်ဘေမဲ့ သူးနို့လေဟာ “သူဟာ ဂါလိလဲနယ်ဟုနေ အယ်နေရာထိတိုင်အောန်
ယုဒနယ် တနယ်လောင်းမာ သွန်သန်ဘီး လူလေဟို နှိုးဆော်နေဟူသူ ဖြစ်ဟုယ်” ဆိုဘီး
ပြင်းပြင်းထန်ထန်ဟူး ပြောဂေ့ဟုယ်။

ဟေရုဒ်ရှေ့ဟို ခေါ်ဆောန်ဟူးဟူကြောန်း
6 ပိလတ်ဟာ အယ်စကားလေဟို ကြားဟူ ခီမာ “အယ်လူဟာ
ဂါလိလဲနယ်သားလော။” ဆိုဘီး မေးလေဟုယ်။
7 ဟေရုဒ် အောက်စိုးဟူ နယ်ဟု ဖြစ်ဟုယ် ဆိုဇာဟို သိဟူးဟူ ခီမာ ကိုယ်တော့်ဟို
ဟေရုဒ်နားဟို ပို့စေလိုက်ဟုယ်။ အယ်ခီမာ ဟေရုဒ်ဟာလည်း ယေရုရှလင်ဗြို့မာ
ရှိနေလေဟုယ်။
8 ဟေရုဒ်ဟာ ယေရှုဟို ဗြင်ဟူ ခီမာ ရရာတိုင်း ဝန်းသာဟူးဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ကိုယ်တော့်ကြောန်းဟို ကြားဟူးဘီး ကိုယ်တော့်ဟို

တို့ရှင်နေဇာဟှာ ကြာဘီ။ ယေရှုလောက်ပြမယ့် နိမိတ်လတ်ခဏာ တချို့ဟှိ တို့ရဟို့
မျှော်လင့်နေလေဟုယ်။
9 အယ်ကြောန့် ဟေရုဒ်ဟှ ယေရှုဟို့ မေးခွန်းလေ ဘောင်ဂီးမေးလေဟုယ်။
အယ်ဘေမဲ့ ကိုယ်တော်ဟှာ ဖြေဘဲ့န နေတော်မူဟုယ်။
10 ယဇ်ပုရောဟိတ်ဂီးလေန ကျမ်းတတ်ဆရာလေဟှာ ရှေ့ဟို့ တိုးလာဘီး ယေရှုဟို့
ပြင်းပြင်းထန်ထန်ဟှား စွပ်စွဲဂေ့ဟုယ်။
11 ဟေရုဒ်န သူ့ရဲ့စစ်သားလေဟှာ ယေရှုဟို့ ထီလေးဇာလောက်ဘီး
လှောန်ပြောန်ဂေ့ဟုယ်။ အယ်ဘီးန သူးနို့်လေဟှာ ကောန်းဇားဝတ်လောင်ဟို့
ဝတ်ပေးဘီးဟှာ ကိုယ်တော့်ဟို့ ပိလတ်မန်းနားဟို့ ပ့လန်ပို့လေဟုယ်။
12 ရင်းရင်ဒူးဟှ ရန်သူဖြစ်ဂေ့ဟူ ဟေရုဒ်န ပိလတ်မန်းဟှာ အယ်နေ့မာ မိဆွေလေ
ဖြစ်လာဂေ့ဟုယ်။

ယေရှုဟို့ သေဒန်ခ့လဟူကြောန်း
(မဿဲ ၂၇.၁၅-၂၆; မာကု ၁၅.၆-၁၅; ယောဟန် ၁၈.၃၉—၁၉.၁၆)

13 ပိလတ်မန်းဟှာ ယဇ်ပုရောဟိတ်ဂီးလေ၊ ခေါန်းဆောန်လေန လူလေဟို့
ခေါလိုက်ဘီး
14 “နန်းနို့်လေဟှာ လူလေဟို့ လမ်းမှားအောန် နှိုးဆော်ဟူသူ ဖြစ်ဟုယ် ဆိုဘီး
အယ်လူဟို့ ငါနားဟို့ ခေါလာဂေ့ဟုယ်။ ခု နန်းနို့်လေရဲ့ ရှေ့မာ ငါစစ်ဆေးဘေမဲ့
အယ်လူမာ နန်းနို့်လေ စွပ်စွဲဟှားဟူ ပြစ်တခုလည်း တို့ဟှ။
15 ဟေရုဒ်လည်းဘဲ့ ပြစ်ရှာတို့ဘဲဟူကြောန့် သူဟို့ နို့်လေနားဟို့ ပ့လန်ပို့လိုက်ဟုယ်။
အယ်လူဟှာ သေဒန်န ထိုက်တန်ဟူ ပြစ်တခုလည်း ကျူးလွန်ဟှ။
16 အယ်ကြောန့် အယ်လူဟို့ ကီဒန်ပေးဘီးဟှာ လွှတ်လိုက်မယ်” ဆိုဘီး သူးနို့်လေဟို့
ပြောလေဟုယ်။
17 *
18 အယ်ဘေမဲ့ လူအောက်ဂီး တခုလောင်းဟှ “အယ်သူဟို့ သတ်ပါ!
ကျွန်တော့်ဟှားလေတွပ် ဗာရဗ္ဗဟို့ လွှတ်ပေးပါ!” ဆိုဘီး အော်ဟစ်ဂေ့ဟုယ်။
19 (ဗာရဗ္ဗဟှာ ဗြို့ထဲမာ ဆူပူမှုန လူသတ်မှုလေတွပ် ထောန်ကုလနေလေဟုယ်။)
20 ပိလတ်မန်းဟှာ ယေရှုဟို့ လွှတ်ပေးရှင်ဟူကြောန့် လူအောက်ဂီးဟို့ နော့-က်တခါ
ပြောလေဟုယ်။
21 အယ်ဘေမဲ့ လူလေဟှ “သူ့ဟို့ ကားစင်တန်ပါ! ကားစင်တန်ပါ!” ဆိုဘီး
အော်ဟစ်ဂေ့ဟုယ်။
22 ပိလတ်မန်းဟှ “အယ်သူဟှာ ဖြားပြစ်ဟို့ လောက်ဟှားနူး။ အယ်သူဟှာ သေဒန်န
ထိုက်တန်ဟူ ပြစ်လောက်ဟှားဟုယ် ဆိုဇာဟို့ ငါ တို့ဟှ! အယ်ကြောန့် အယ်သူဟို့
ကီဒန်ပေးဘီးဟှာ လွှတ်လိုက်မယ်” ဆိုဘီး သူးနို့်ဟို့ တတိယခါ ပြောလေဟုယ်။

* **23:17** ၂၃.၁၇ တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၁၇ ဟို့၊ ပသခါပွဲတိုင်းမာ ပိလတ်မန်းဟှာ လူလေတွပ်
ထောန်သားတယော့-က်ဟို့ လွှတ်ငြီးခွမ့်ပေးလေ့ရှိဟုယ်၊ ဆိုဘီး ထပ်ပေါန်းထဲ့ဟှားဟုယ် (ရှု မာ ၁၅.၆)။

23 အယ်ဘေမဲ့ လူလေဟှာ ယေရှုဟို့ ကားစင်တန်ရမယ် ဆိုဘီး
သံက့်လယ်ဂီးအော်ဘီး တောန်းဆိုဂေ့ဟှယ်။ နော့-က်ဆောင်းမာ သူးနို့လေရဲ့
တောန်းဆိုရှင်းဟှာ အောန်မြင်ဟှားဟှယ်။
24 အယ်ကြောန့် သူးနို့လေ တောန်းဆိုဟှားဟှုတိုင်း ပိလတ်ဟှာ ယေရှုဟို့
သေဒန်ပေးဟို့ ဆောင်းဖြတ်ပေးလိုက်ဟှယ်။
25 ဆူပူမှုန လူသတ်မှုလေတွပ် ထောန်က့်လနေဟှု သူဟို့ သူးနို့လေ
တောန်းဆိုဟှားဟှုတိုင်း လွတ်ပေးလိုက်ဘီး ယေရှုဟို့ သူးနို့ ဆန္ဒတိုင်း
လောက်စေဟို့တွပ် အပ်ပေးလိုက်ဟှယ်။

ယေရှုဟို့ ကားစင်တန်ဟှုကြောန်း
(မဿဲ ၂၇.၃၂-၄၄; မာကု ၁၅.၂၁-၃၂; ယောဟန် ၁၉.၁၇-၂၇)

26 စစ်သားလေဟှာ ယေရှုဟို့ ခေါ်ဆောန်ဟှားဟှု ခီမာ တောဝါဟှနေ လာနေဟှု
ကုရေနေဖြို့သား ရှိမုန်ဟို့ ဖမ်းဘီး သူ့ထတ်မာ လတ်ဝါးကပ်တိုင်ဟို့ တန်ပေးလေဟှယ်။
အယ်ဘီးဟှာ လတ်ဝါးကပ်တိုင်ဟို့ ထမ်းခိုင်းဘီး ယေရှုနော့-က်ဟှနေ
လိုက်စေလေဟှယ်။
27 ကိုယ်တော်နော့-က်ဟှနေ လိုက်နေဟှု လူအောက်ဂီးထဲဟှ မီးမတချို့ဟှာ
ငိုကြွေးဘီး မြည်တမ်းနေဂေ့ဟှယ်။
28 ယေရှုဟှာ အယ်မီးမလေဟို့ လှည့်ကေ့ဘီးဟှာ "ယေရုရှလင်ဖြို့သူလေ!
ငါ့တွပ်ငိုဂေ့နှ။ နန်းနို့နှ နန်းနို့ရဲ့ သားမီးလေတွပ်ဘဲ့ ငိုဂေ့။
29 ဖြားဖြစ်ကြောန့်နှုးဆိုဟှာ 'မြိုနေဟှု မီးမလေ၊ သားမွီးဖူးဘဲဟှု မီးမလေ၊
နို့တိုက်ဖူးဘဲဟှု မီးမလေဟှာ မင်္ဂလာရှိလေဟှယ်!' ဆိုဘီး လူလေဟှ ပြောဟို့
နေ့ရစ်လေဟှာ ရော့-က်လာလေ့မယ်။
30 အယ်ခီမာ လူလေဟှာ တောန်လေဟို့ 'နို့လေထတ်ဟို့ ကုလဂေ့ပါ!'
တောန်ဂူးလေဟို့ 'နို့လေဟို့ ဖောင်းအောက်ဂေ့ပါ!' ဆိုဘီး ပြောဂေ့လေ့မယ်။
31 ဖြားဖြစ်ကြောန့်နှုးဆိုဟှာ စီးစိုနေဟှုပန်ဟို့ အယ်မျိုးလောက်ဟှယ် ဆိုဟှာ
ခြော့-က်နေဟှုပန် ဆိုဟှာ ဖြားမျိုးဖြစ်လေ့မယ်နှး။" ဆိုဘီး မိန့်တော်မူလေဟှယ်။
32 ရာဇဝတ်သား နှေ့ယော့-က်ဟို့လည်း ယေရှုနတူးဒူ သတ်ဟို့တွပ်
ခေါ်ဆောန်ဟှားဂေ့ဟှယ်။
33 "ဦးခေါ်နှုံးခွံနေရာ" ဟို့ ရော့-က်ဟှ ခီမာ သူးနို့ဟှာ ယေရှုဟို့
ကားစင်တန်လေဟှယ်။ အယ်ဘီးဟှာ ရာဇဝတ်သား နှေ့ယော့-က်ဟို့လည်း
ကိုယ်တော်ရဲ့ ညာဖတ်မာ တယော့-က်၊ ဘယ်ဖတ်မာ တယော့-က် ထားဘီးဟှာ
ကားစင်တန်ဂေ့ဟှယ်။
34 ယေရှုဟှ "ဖ! သူးနို့လေဟှာ သူးနို့ ဖြားလောက်ဟှယ် ဆိုဇာဟို့ သိဂေ့ဘဲဟှုကြောန့်
သူးနို့လေဟို့ ခွမ့်လွတ်တော်မူပါ"† ဆိုဘီး ပြောလေဟှယ်။

23:30 **ဟော.၁၀** ဗျာ ၆.၁၆ † **23:34** **ဟော.၃၄** တချို့ မူရင်းလတ်ရေးမူလေမာ ယေရှုဟှ "ဖ! သူးနို့လေဟှာ သူးနို့
ဖြားလောက်ဟှယ် ဆိုဇာဟို့ သိဂေ့ဘဲဟှုကြောန့် သူးနို့လေဟို့ ခွမ့်လွတ်တော်မူပါ" ဆိုဘီး ပြောလေဟှယ်၊ ဆိုဇာဟှာ
မေ့ဟှ။

သူးနို့လေဟှာ ကိုယ်တော်ရဲ့ ဝတ်စားလေဟို့ မဲနှိုက်ဘီး ခွဲဝီယူဂေ့ဟှယ်။
35 လူလေဟှာ ရပ်ဘီး ကေ့နေဂေ့ဟှယ်။ ယုဒခေါ်နဲးဆောန်လေဟှ ကိုယ်တော့်ဟို့
“အယ်လူဟှာ ဘုရားသခင် ဝီးကော့-က်ဟှားဟူ မေရှိယဖြစ်ဟှယ် ဆိုဟှာ
တခြားလူလေဟို့ ကယ်တန်မျိုး သူ့ကိုယ်သူ ကယ်တန်ပါစေ!” ဆိုဘီး
လော်နပြောန်ဂေ့ဟှယ်။
36 စစ်သားလေဟှလည်း ကိုယ်တော်နားဟို့ တိုးဝမ်လာဘီး ဝိုင်ရှင်ဟို့ တိုက်ဘီး
37 “နန်ဟှာ ယုဒမန်းဂီးဖြစ်ဟှယ် ဆိုဟှာ နန့်ကိုယ်နန် ကယ်တန်ပါ!” ဆိုဘီး
လော်နပြောန်ဂေ့ဟှယ်။
38 ကိုယ်တော်ရဲ့ ထတ်ဖတ်မာလည်း “အယ်သူဟှာ ယုဒမန်းဂီး ဖြစ်ဟှယ်” ဆိုဘီး
ရေးဟှားဟှယ်။
39 လတ်ဝါးကပ်တိုင်မာ ခိဆွဲဟှားဟူ ရာဇဝတ်သား နှေ့ယော့-က်ထဲဟှ
တယော့-က်ဟှာ “နန်ဟှာ မေရှိယ မူဟှလော။ နန့်ကိုယ်နန် ကယ်တန်ဘီး
နို့လေဟို့လည်း ကယ်တန်ပါ!” ဆိုဘီး ကိုယ်တော့်ဟို့ ကဲ့ရဲ့ဟှယ်။
40 အယ်ဘေမဲ့ တခြား ရာဇဝတ်သားဟှ အယ်သူဟို့ ပြစ်တန်ဘီး “နန်ဟှာ
အယ်သူမျိုးဘဲ့ ဒန်စီရင်ရှင်းဟို့ ခံနေရတောန်မှ ဘုရားသခင်ဟို့ ကြော့-က်ဟှလော။
41 နို့လေဟု နို့လေလောက်ဟှားဟူ ပြစ်လေန ထိုက်တန်ဟူ ဒန်ဟို့ ခံရဇာဟှာ
တရားပါဟှယ်။ အယ်ဘေမဲ့ အယ်သူဟှာ ဖြားပြစ်ဟို့မျှ လောက်ဟှားဇာ မူဟှ” ဆိုဘီး
ပြောလေဟှယ်။
42 အယ်ဘီးန သူဟှ “ယေရှု၊ ကိုယ်တော်ရဲ့ နိုင်ငံတော်ဟို့ ကြွလာဟူ ခီမာ
ကျွန်တော့်ဟို့ အော့-က်မေ့တော်မူပါ!” ဆိုဘီး ယေရှုဟို့ လျှော့-က်လေဟှယ်။
43 ယေရှုဟှာ “နန့်ဟို့ ငါ မှန်တိုင်းပြောမယ်၊ အယ်နေ့ဘဲ့ နန်ဟှာ ငါ့နတူးဒူ
ပရဒိသုဘောင်မာ ရှိမယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။

ယေရှု သေဟှားဟူကြောန်း
(မဿဲ ၂၇.၄၅-၅၆; မာကု ၁၅.၃၃-၄၁; ယောဟန် ၁၉.၂၈-၃၀)

44 အယ်ခီဟှာ မွန်းဒဲ့ခီလော့-က်ဖြစ်ဟှယ်။ နေဒန်ဇာ သောင်းနာရီထိ
ဒေသတခုလောင်း မှောန်မိုက် ဖြစ်ဟှားဘီး၊
45 နေရောန်ဟှာ ကွယ်ပျော့-က်ဟှားလေဟှယ်။ အယ်ဘီးဟှာ ဗိမာန်တော်ထဲမာ
ခိဆွဲဟှားဟူ လိုက်ကာဟှာ နှေ့ခြမ်းကွဲဟှားလေဟှယ်။
46 ယေရှုဟှာ “ဖ! ကျွန်တော့်ရဲ့ ဝိညာဉ်ဟို့ ဖရဲ့လတ်ထဲမာ အပ်ပါဟှယ်!” ဆိုဘီး
သံကျလယ်ဂီးန အော်တော်မူဘီးန သတ်ချောက်တော်မူလေဟှယ်။
47 အယ်မျိုးဖြစ်ဇာဟို့ ဗြင်လိုက်ဟူ တပ်မှူးဟှ ဘုရားသခင်ဟို့ ချီးမွမ်းလိုက်ဘီး
“အယ်သူဟှာ မှန်ဘဲ့ ဖြောန့်မတ်ဟူသူ ဖြစ်လေဟှယ်!” ဆိုဘီး ပြောနေဟှယ်။
48 အယ်မူဇာဟို့ ကေ့ဇားဟို့ စုလာဂေ့ဟူ လူလေဟှာ အယ်မျိုးဖြစ်ဇာဟို့ ဗြင်လိုက်ဟူ
ခီမာ ရင်ဖတ်ဟို့ ထုအိုက်ဘီး ပ့လန်ဟှားဂေ့ဟှယ်။

49 ဂါလိလဲနယ်ဟ့နေ ကိုယ်တော်နော့-က်ဟ့ို လိုက်လာဟ့ူ မီးမလေရော၊ ယေရှုန
ရရာတိုင်း ရင်းနှီးဟ့ူ လူလေရော ဝီးဟ့နေ ရပ်ကေ့ဇားနေဂေ့ဟ့ယ်။

ယေရှုဟ့ို သ်ဳဂြိုဟ်ဟ့ူကြောန်း
(မဿဲ ၂၇.၅၇-၆၁; မာကု ၁၅.၄၂-၄၇; ယောဟန် ၁၉.၃၈-၄၂)

50 အယ်ခီမာ ဖြောန်မတ်ဘီး သူတော်ကောန်း ဖြစ်ဟ့ူ ယောသပ် နာမယ်ရှိဟ့ူ
လွတ်တော်ဖွဲ့ဝမ် တယော့-က် ရှိဟ့ယ်။
51 သူဟ့ာ တရားလွတ်တော်ရဲ့ ဆောင်းဖြတ်ချစ်န လောက်ဆောင်ချစ်ဟ့ို ဘောတူဟ့ာ။
ယောသပ်ဟ့ာ ယုဒပြည်၊ အရိမသဲဖြို့သား ဖြစ်ဘီး ဘုရားသခင်ရဲ့ နိုင်ငံတော်ဟ့ို
စောန်မျှော်နေဟ့ူ သူလည်း ဖြစ်ဟ့ယ်။
52 သူဟ့ာ ပိလတ်ရှေ့ဟ့ို သွားဘီးန ယေရှုရဲ့ လောန်းတော်ဟ့ို တောန်းလေဟ့ယ်။
53 အယ်ဘီးန လောန်းတော်ဟ့ို လတ်ဝါးကပ်တိုင်ဟ့နေ ခ့လဘီး ပိဖ့လူန
ပတ်လေဟ့ယ်။ က့လော့-က်ဆောန်ဟ့ို ထွမ်းဟ့ားဘီး တခါလည်း သောင်းသေးဘဲဟ့ူ
သန်းခ့လိုင်းဂူထဲမာ ထားလေဟ့ယ်။
54 အယ်နေ့ဟ့ာ ဖိနေ့ ဖြစ်ဘီး ဒန်းနေ့လည်း ရော့-က်ခါနီးလေဘီ။
55 ဂါလိလဲနယ်ဟ့နေ ယေရှုနော့-က်ဟ့ို လိုက်လာဟ့ူ မီးမလေဟ့ာ ယောသပ်နတူးဒူ
သွားဘီး သန်းခ့လန်းဂူဟ့ိုရော၊ ယေရှုရဲ့ လောန်းတော်ဟ့ိုရော ဖယ်မျိုးထားဟ့ားဟ့ယ်
ဆိုဇာဟ့ို ဗြင်ဂေ့ဟ့ယ်။
56 အယ်ဘီးန သူးနို့လေဟ့ာ အီဟ့ို ပ့လန်ဟ့ားဘီး လောန်းတော်တွပ် ဆီမွှီးန
နံ့သာပေါန်းလေဟ့ို ပြင်ဆင်ဂေ့ဟ့ယ်။
ဒန်းနေ့မာ သူးနို့လေဟ့ာ ပညတ်တော်တိုင်း နားယူဂေ့ဟ့ယ်။

24

ရှင်ပ့လန်ထမြော့-က်ဟ့ူကြောန်း
(မဿဲ ၂၈.၁-၁၀; မာကု ၁၆.၁-၈; ယောဟန် ၂၀.၁-၁၀)

1 နန်းနွေနေ့ မိုးလန်းစောဂီးမာ အယ်မီးမလေဟ့ာ သူးနို့ကိုယ်တိုင် ပြင်ဆင်ဟ့ားဟ့ူ
နံ့သာပေါန်းလေဟ့ို ယူဆောန်ဘီး သန်းခ့လိုင်းဂူဟ့ို သွားဂေ့ဟ့ယ်။
2 သူးနို့လေဟ့ာ သန်းခ့လိုင်းဂူဝဟ့ာ က့လော့-က်တောင်းဟ့ို လှိမ့်ဖယ်ဟ့ားဇာဟ့ို
တွိဟ့ားဂေ့ဟ့ယ်။
3 အယ်ကြောန့် သူးနို့လေဟ့ာ သန်းခ့လိုင်းထဲဟ့ို ဝမ်ဟ့ားဂေ့ဟ့ယ်။ အယ်ဘေမဲ့
သခင်ယေရှုရဲ့ လောန်းတော်ဟ့ို တွိဂေ့ဟ့ု။
4 အယ်ကြောန့် သူးနို့လေဟ့ာ အယ်ကြောန်းရာဟ့ို စဉ်းစားနိုင်ဘဲဖြစ်နေဒူးမာ
တော့-က်ပဟ့ူ ဝတ်ဟ့ို ဝတ်စားဟ့ားဟ့ူ လူနေ့ယော့-က်ဟ့ာ ရောက်တရစ် သူးနို့နားမာ
ပေါ်လာလေဟ့ယ်။

23:49 ၂၃.၄၉ လု ၈.၂.၃

5 အယ်မီးမလေဟု ကြော့-က်လန့်ဘီး မ့လေဂီးမာ ပျပ်ဝပ်နေဂေ့ဟုယ်။
အယ်သူနှေ့ယော့-က်ဟာ “နန်းန့်လေဟု သေဟူသူလေထဲမာ သတ်ရှင်ဟူသူဟို့
ဖြားဖြစ်ကြောန့် လာရှာနေဂေ့နူး။
6 ကိုယ်တော်ဟာ အယ်နေရာမာ မ့ေဟု။ ရှင်ပ့လန်ထမြော့-က်ဟားဘီ။
ကိုယ်တော်ဟာ ဂါလိလဲနယ်မာ ရှိနေဒူးဟ နန်းန့်ဟို့ ဖယ်မျိုးမိန့်တော်မူဟားဟုယ်
ဆိုဇာဟို့ အော့-က်မေ့ဂေ့။
7 သူးန့်ဟို့ ‘လူ့ရဲ့သားဟာ ပြစ်သားလေ လတ်ထဲဟို့ အပ်ရှင်းဟို့ ခံရလေ့မယ်။
ကားစင်တန် ခံရလေ့မယ်။ အယ်ဘီးန သောင်းရစ်မြော့-က်ဟူ နေ့မာ
ထမြော့-က်လေ့မယ်’ ဆိုဘီး မိန့်တော်မူဟားဟုယ် မူဟုလော။” ဆိုဘီး ပြောဂေ့ဟုယ်။
8 အယ်ခီမာ မီးမလေဟာ ကိုယ်တော်ရဲ့ စကားလေဟို့ ပ့လန်အော့-က်မေ့လာဘီး
9 သန်းခ့လိုင်းဟုနေ ပ့လန်ဟားဘီး တဗဲတော် ဆယ့်တပါးန ကျန်လူလေ ဂူလောင်းဟို့
အယ်မူကြောန်းရာလေ ဂူလောင်းဟို့ ပြောပြဂေ့ဟုယ်။
10 တမန်တော်လေဟို့ အယ်မူကြောန်းရာလေဟို့ ပြောပြသူလေဟာ မာဂဒလဝါသူ
မာရိ၊ ယောဟန္နန၊ ယာကုပ်ရဲ့ မိခင်ဖြစ်ဟူ မာရိန သူးန့်လေနတူးဒူ ရှိနေဟူ
တခြားမီးမလေ ဖြစ်ဂေ့ဟုယ်။
11 အယ်ဘေဗဲ့ အယ်မီးမလေ ပြောဟူ စကားလေဟာ ဓိပါယ်မ့ေဘဲဟူကြောန့်
တမန်တော်လေဟု ယောင်ကြည်ဂေ့ဟု။
12 အယ်ဘေဗဲ့ ပေတရုဟာ ထဘီး သန်းခ့လိုင်းဂူဟို့ ပ့လေးဟားလေဟုယ်။
ရော့-က်ဟားဟူ ခီမာ ငေါက်ကေ့လိုက်ဟူဇာ ပိဖ့လူစဟို့ဘဲ့ တွိရဟူကြောန့်
အယ်ဖြစ်ပျစ်ဟို့ အံ့သြဟားဘီး အီဟို့ ပ့လန်ဟားဟုယ်။*

ဧမောက်ဝါဟို့ လမ်းရော့-က်ဟားဟူကြောန်း
(မာကု ၁၆.၁၂,၁၃)

13 အယ်နေ့မာဘဲ့ ယေရှုရဲ့ နော့-က်တော်လိုက် နေ့ယော့-က်ဟာ ယေရုရှလင်ဗြို့န
ခွန်နစ်မိုင်လောက်ဝီးဟူ ဧမောက် ဆိုဘီး နာမယ်ရှိဟူ ဝါဟို့ သွားနေဂေ့ဟုယ်။
14 သူးန့်ဟာ ဖြစ်ပျစ်ဟားဘီးဟူ ကြောန်းရာလေ ဂူလောင်းဟို့ ယော့-က်နယော့-က်
ပြောနေဂေ့ဟုယ်။
15 အယ်မျိုးပြောဆို ဆွေးနွေးနေဒူးမာ ယေရှုကိုယ်တိုင် ရော့-က်လာဘီး သူးန့်နတူးဒူ
ကွေ့တော်မူလေဟုယ်။
16 သူးန့်ဟာ ကိုယ်တော့်ဟို့ ဗြင်ဘေဗဲ့လည်း ကိုယ်တော့်ဟို့ မှတ်မိဘဲ ဖြစ်နေဂေ့ဟုယ်။
17 ယေရှုဟ “နန်းန့်လေ လမ်းရော့-က်ရင်းန ယော့-က်နယော့-က် ဖြားဇာလေ
ပြောနေဂေ့နူး။” ဆိုဘီး သူးန့်ဟို့ မေးတော်မူလေဟုယ်။
သူးန့်ဟာ ဝမ်းနဲဟူမျစ်နှာန ရပ်နေဂေ့ဟုယ်။

24:6 **ဘ၄.၆.၇** မ ၁၆.၂၁; ၁၇.၂၂,၂၃; ၂၀.၁၈,၁၉; မာ ၈.၃၁; ၉.၃၁; ၁၀.၃၃,၃၄; လု ၉.၂၂; ၁၈.၃၁–၃၃ * **24:12** **ဘ၄.၁၂** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၁၂ မ့ေဟု။

18 သူးနို့ထဲဟှ ကလောဖ နာမယ်ရှိဟူသူဟှ “နန်ဟှာ ယေရုရှလင်ဗြို့မာ
ည့်သည်ဖြစ်န နေထိုင်နေဘေမဲ့ အယ်နေ့ရစ်လေမာ အယ်ဗြို့နှိုက် ဖြစ်ပျစ်ဟှားဟူ
ကြောန်းရာလေဟို့ နန့်ယော့-က်ဒဲဘဲ့ သိသေးဟှလော။” ဆိုဘီး ကိုယ်တော့်ဟို့
မေးလေဟှယ်။

19 ကိုယ်တော်ဟှ “ဖြားကြောန်းရာလေနူး။” ဆိုဘီး မေးတော်မူလေဟှယ်။

အယ်လူနှေ့ယော့-က်ဟှ “နာဇရက်ဗြို့သားယေရှု ကြောန်းဘဲ့ဖြစ်ဟှယ်။ အယ်သူဟှာ
ဘုရားသခင်န လူလေရဲ့ရှေ့မာ လတ်သတ်တိ၊ နှော့-က်သတ်တိန ပ့လဲ့ဇောင်ဟူ
ပရောဖက် ဖြစ်ဟှယ်။

20 နို့လေရဲ့ ယဇ်ပုရောဟိတ်ဂီးလေန ဘာသာရေးခေါန်းဆောန်လေဟှ သူ့ဟို့
သေဒန်စီရင်ရှင်း ခံဟို့ ဆိုဘီး အပ်ပေးဂေ့ဟှယ်။ အယ်ကြောန့် သူ့ဟို့
ကားစင်တန်ဂေ့ဟှယ်။

21 သူဟှာ ကွသရေလလူမျိုးဟို့ လွတ်မြော့-က်စေဟို့တွပ် လာမယ် ဆိုဘီး နို့လေ
မျော်လင့်ဟှားဂေ့ဟှယ်! အယ်မူဇာလေ ဖြစ်ပျစ်ဟှားဇာဟှ သောင်းရစ်ရှိဟှားဘီး။

22 နို့လေရဲ့ အောက်စုထဲဟှ မီးမတချို့ဟှာ နို့လေဟို့ အံ့သြဟှားစေဂေ့ဟှယ်။
သူးနို့လေဟှာ မိုးလန်းစောစောဂီးမာ သန်းခ့လိုင်းဂူဟို့ သွားဂေ့ဟှယ်။

23 အယ်ဘေမဲ့ ကိုယ်တော်ရဲ့ လောန်းဟို့ တွိဂေ့ဟှ။ သူးနို့လေဟှ ကိုယ်တော်ဟှာ
သတ်ရှင်နေဟှယ် ဆိုဘီး ပြောပြဟူ ကောန်းဂန်တမန်လေဟို့ ရူပါရောင်မာ ဗြင်ရဟှယ်
ဆိုဇာဟို့ ပ့လန်လာဘီး ပြောဂေ့လေဟှယ်။

24 နို့လေရဲ့ အောက်စုထဲဟှ လူတချို့ဟှာ သန်းခ့လိုင်းဂူဟို့ သွားဟူ ခီမာလည်း
မီးမလေ ပ့လန်ပြောပြမျိုးဘဲ့ တိတိကဲ့လကဲ့လ တွိရဂေ့ဘေမဲ့ ကိုယ်တော့်ဟို့ တွိဂေ့ဟှ”
ဆိုဘီး ပ့လန်ဖြေဂေ့ဟှယ်။

25 အယ်ဘီးန ယေရှုဟှ “ပရောဖက်လေ ဟောဟှားဇာ ဂူလောင်းဟို့ နှလောင်းထဲမာ
ယောင်ကြည်ဟို့ ရရာတိုင်း နှေးကွေးဟူ လူမိုက်လေ!

26 မေရှိယဟှာ အယ်မျိုးဒေါက်ခခံဘီးန သူ့ရဲ့ဖောင်းသရေထဲဟို့ ဝမ်စားရမယ်
မူဟှလော။” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။

27 အယ်ဘီးဟှာ ယေရှုဟှ မောရှေရဲ့ ကျမ်းလေန ပရောဖက်လေရဲ့
ကျမ်းဂူလောင်းမာ ကိုယ်တော်န ပတ်သတ်ဘီး ရေးဟှားဇာလေဟို့ သူးနို့လေဟို့
ရှင်းပြတော်မူဟှယ်။

28 သူးနို့ သွားနေဟူ ဝါနားဟို့ ရော့-က်ခါနီးမာ ယေရှုဟှာ ရှေ့ဟို့ ဆစ်ဘီးသွားဟူမျိုး
လောက်တော်မူဟူကြောန့်၊

29 သူးနို့လေဟှ ကိုယ်တော့်ဟို့ ပ့လန်ဆွဲဟှားဘီး “နေဒန်ဟှားဟူကြောန့်
ည၌်ခန်းဇာရော့-က်နေဘီ။ အယ်ကြောန့် နို့လေနတူးဒူ တည်းခိုပါ” ဆိုဘီး
ပြောဂေ့ဟှယ်။ အယ်ကြောန့် ကိုယ်တော်ဟှာ သူးနို့နတူးဒူ တည်းခိုဟို့
လိုက်ဟှားတော်မူဟှယ်။

30 ကိုယ်တော်ဟာ သူးနို့နတူးဒူ ထိုင်တော်မူဟူ ခီမာ မုဟို့ ယူဘီး ကျေးဇူးတော်ဟို့
ချီးမွမ်းတော်မူဟုယ်။ အယ်ဘီးန မုဟို့ ဖဲ့ဘီး သူးနို့လေဟို့ ပေးတော်မူဟုယ်။
31 အယ်ခီမာ သူးနို့လေရဲ့ မျစ်စိဟာ ပွမ့်ဟုးဘီး ကိုယ်တော့်ဟို့
ပ့လန်မှတ်မိဟုးဂေ့ဟုယ်။ အယ်ဘေမဲ့ ကိုယ်တော်ဟာ သူးနို့လေရဲ့ မျစ်စိရှေ့မာဘဲ့
ပျော့-က်ကွယ်ဟုးလေဟုယ်။
32 သူးနို့ဟာ "လမ်းတရှော့-က်လောင်းမာ ကိုယ်တော်ဟာ နို့လေဟို့ စကားပြောနေဟူ
ခီမာရော၊ ကျမ်းစာလေဟို့ ရှင်းပြနေဟူ ခီမာရော နို့လေရဲ့ စိန္တလောင်းထဲမာ
မီးလောန်နေမျိုးဘဲ့ ဖြစ်နေဂေ့ဟုယ် မူဟုလော။" ဆိုဘီး ယော့-က်နယော့-က်
မေးနေဂေ့ဟုယ်။
33 သူးနို့ဟာ ရှစ်ရှင်းထဘီး ယေရှုရှလင်ဗြို့ဟို့ ပ့လန်ဟုးဂေ့ဟုယ်။ အယ်နေရာမာ
တမဲ့တော် ဆယ့်တပါးဟာ သူးနို့ရဲ့ ပေါန်းဖော်လေနတူးဒူ စုဝီးနေဇာဟို့ တွိရဂေ့ဟုယ်။
34 အယ်သူလေဟု "သခင်ဘုရားဟာ တကယ်ဘဲ့ ထမြော့-က်ဟုးဘီ!
ကိုယ်တော်ဟာ ရှိမုန်ဟို့ ကိုယ်ထန်ရှားပြတော်မူဟုယ်!" ဆိုဘီး ပြောလေဟုယ်။
35 အယ်ဘီးန အယ်လူနှေ့ယော့-က်ဟု လမ်းမာ ဖြစ်ပျစ်ဟုးဇာလေဟို့ရော၊ မုဟို့
ဖဲ့လိုက်ဟူ ခီမာ သခင်ဘုရား ဖြစ်ဟုယ် ဆိုဘီး သိလိုက်ရဟုယ် ဆိုဇာဟို့ရော
ပြောပြဂေ့ဟုယ်။

တမဲ့တော်လေဟို့ ကိုယ်ထန်ရှားပြဟူကြောန်း
(မဿဲ ၂၈.၁၆-၂၀; မာကု ၁၆.၁၄-၁၈; ယောဟန် ၂၀.၁၉-၂၃; တမန်တော် ၁.၆-၈)

36 သူးနို့နှေ့ယော့-က်ဟာ အယ်မျိုးပြောနေဒူးမာ သခင်ဘုရားကိုယ်တိုင်
သူးနို့လေထဲမာ ရောက်တရစ် ပေါ်လာဘီး "နန်းနို့နတူးဒူ ငြိသတ်ရှင်း ရှိပါစေ" ဆိုဘီး
သူးနို့လေဟို့ မိန့်တော်မူလေဟုယ်။†
37 သူးနို့လေဟာ ကသေဟို့ ဗြင်ဟုယ် ဆိုဘီး ထန်ဘီးဟာ ကြော့-က်နေဂေ့ဟုယ်။
38 အယ်ဘေမဲ့ ကိုယ်တော်ဟု "ဖြားဖြစ်ကြောန့် ကြော့-က်နေဂေ့ဟုယ်နူး။
ဖြားဖြစ်ကြောန့် နန်းနို့စိထဲမာ သံသယဖြစ်နေဂေ့ဟုယ်နူး။
39 ငါ့လတ်လေ၊ ငါ့ခေလေဟို့ ကေ့ဂေ့ပါ။ ငါကိုယ်တိုင် ဖြစ်ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ကသေမာ သားလေ၊ ရိုးလေ မမ့ဟု။ နန်းနို့ ဗြင်ဟူတိုင်းဘဲ့
ငါ့မာ သားလေ၊ ရိုးလေရှိဟုယ် ဆိုဇာဟို့ ငါ့ဟို့ စမ်းကေ့လိုက် နန်းနို့သိလေ့မယ်" ဆိုဘီး
သူးနို့ဟို့ မိန့်တော်မူလေဟုယ်။
40 ကိုယ်တော်ဟာ အယ်မျိုးပြောဘီး သူ့ရဲ့လတ်လေန ခေလေဟို့ သူးနို့ဟို့
ပြလေဟုယ်။‡
41 သူးနို့ဟာ ရရာတိုင်း အံ့သြဟုးဘီး ဝန်းသာနေဟူကြောန့် ယောင်ကြည်နိုင်ဘဲ
ဖြစ်နေဟူ ခီမာ ကိုယ်တော်ဟု "နန်းနို့မာ စားဟို့ တခုခုရှိလော။" ဆိုဘီး သူးနို့ဟို့
မေးတော်မူလေဟုယ်။

† **24:36** **၂၄.၃၆** တချို့ မူရင်းလတ်ရေးမူလေမာ "နန်းနို့နတူးဒူ ငြိသတ်ရှင်း ရှိပါစေ" ဆိုဘီး သူးနို့လေဟို့
မိန့်တော်မူလေဟုယ်၊ ဆိုဇာဟာ မမ့ဟု။ ‡ **24:40** **၂၄.၄၀** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၄၀ မမ့ဟု။

42 သူးနို့ဟှာ ကိုယ်တော့်ဟို့ ငါးဂန်တပိုင်း ပေးဂေ့ဟှယ်။
43 အယ်ငါးဂန်ဟို့ ကိုယ်တော်ဟှာ သူးနို့ရှေ့မာဘဲ့ ယူဘီးဟှာ စားတော်မူလေဟှယ်။
44 အယ်ဘီးန ကိုယ်တော်ဟှ “နန်းနို့နတူးဒူ ရှိနေဒူးဟှ ငါပြောဟှားမျိုးဘဲ့ မောရှေရဲ့
ပညတ်တရားကျမ်း၊ ပရောဖက်ကျမ်းလေန ဆာလံကျမ်းမာ ငါ့ကြောန်းဟို့
ရေးဟှားဇာလေဟှာ ပ့လဲ့ဇောင်ဟှားဘီ” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။
45 အယ်ဘီးန ကိုယ်တော်ဟှာ ကျမ်းစာလေဟို့ နားလည်ဟို့တွပ် သူးနို့ရဲ့ သိဉာဏ်ဟို့
ဖွမ့်ပေးဘီးဟှာ
46 “ကျမ်းစာလေမာ ရေးဟှားဇာဟှ မေရှိယဟှာ ဝေဒနာခံတော်မူဘီး
သောင်းရစ်မြော့-က်ဟှနေ့မာ သေရာဟှနေ ထမြော့-က်လေ့မယ်။
47 အယ်ဘီးဟှာ သူနာမအားဖြင့် ပြစ်လွှတ်ရှင်းနဆိုင်ဟှ နောန်ဒတရားဟို့
ယေရုရှလင်ဖြို့ဟှစဘီး လူမျိုးဂူလောင်းဟို့ ဟောပြောရမယ်။
48 နန်းနို့ဟှာ အယ်ကြောန်းရာလေရဲ့ မျစ်မြင်သတ်သေလေ ဖြစ်ဟှယ်။
49 အယ်ဘီးဟှာ ငါဟှာ ငါ့ဖရဲ့ ဂဒိဟို့ နန်းနို့နားဟို့ ငါကိုယ်တိုင် စေလွှတ်မယ်။
အယ်ဘေမဲ့ ထတ်ကောန်းဂန်ဟှနေ တဂိုးဟှာ နန်းနို့ထတ်ဟို့ ဆင်းလာခန်ထိ
ယေရုရှလင်ဖြို့မာဘဲ့ စောန့်နေရမယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟှယ်။

ကောန်းဂန်ဘောင်ဟို့ ယူဆောန်ခံရဟှူကြောန်း
(မာကု ၁၆.၁၉,၂၀; တမန်တော် ၁.၉–၁၁)

50 အယ်ဘီးန ကိုယ်တော်ဟှာ သူးနို့ဟို့ ဗေသနိ၀ါဟို့ ခေါ်ဆောန်ဟှားဘီး
ကိုယ်တော်ဟှာ လတ်တော်ဟို့ မြော့-က်ဘီး သူးနို့ဟို့ ကောန်းဂျီးပေးတော်မူဟှယ်။
51 အယ်မျိုး သူးနို့ဟို့ ကောန်းဂျီးပေးနေဒူးမာ ကိုယ်တော်ဟှာ သူးနို့နားဟှနေ
ထွပ်ခွာဟှားဘီး ကောန်းဂန်ဘောင်ဟို့ ယူဆောန်ခံရလေဟှယ်။§
52 သူးနို့ဟှာ ကိုယ်တော့်ဟို့ ကိုးကွယ်ဘီးန ရရာတိုင်း ဝန်းသာဘီးဟှာ
ယေရုရှလင်ဖြို့ဟို့ ပ့လန်ဟှားဂေ့ဘီးဟှာ၊
53 ဗိမာန်တော်မာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ မြဲဒမ်း ချီးမွမ်းနေဂေ့ဟှယ်။

24:49 **၂၄.၄၉** တ ၁.၄ **24:50** **၂၄.၅၀** တ ၁.၉–၁၁ § **24:51** **၂၄.၅၁** တချို့ မူရင်းလတ်ရေးမူလေမာ
ကောန်းဂန်ဘောင်ဟို့ ယူဆောန်ခံရလေဟှယ်၊ ဆိုဇာဟှာ မွေ့ဟှ။

ယောဟန်
ယောဟန် ရေးဟုံးဟူ ခရစ်တော်ရဲ့ ဒန်းကောန်း
နိဒါန်း

ယောဟန် ရေးဟုံးဟူ ခရစ်တော်ရဲ့ ဒန်းကောန်းဟာ ယေရှုခရစ်တော်ရဲ့ သတ်တော်စဉ်ဟို့ ဖော်ပြဟုံးဟူ ဓမ္မသစ်ကျမ်းထဲမာ ကျမ်းလေးစောန်ထဲဟု တစောန်ဖြစ်ဟုယ်။ အယ်ကျမ်းတစောန်စီဟို့ "ဧဝံဂေလိ" ဆိုဘီး ခေါ်ဟုယ်။ "ဒန်းကောန်း" ဆိုဘီး ဓိပါယ်ရဟုယ်။ ယေရှုသေဆောင်းဘီးန အယ်ကျမ်းလေဟို့ မသဲ၊ မာကု၊ လုကာန ယောဟန်ဟု ရေးဟုံးဟုယ်။ ယောဟန်ရေးဟူ ဒန်းကောန်းဟာ ခရစ်တော် မိုးဘီးန ၉၀ ခုနှစ်လော့-က်မာ တမန်တော် ယောဟန်ဟု ရေးဟုံးဇာ ဖြစ်နိုင်ဟုယ်။ အယ်ကျမ်းမာ ယောဟန်ဟာ ကျမ်းရေးသူ ဖြစ်ဟုယ် ဆိုဘီး ပြောဟုံးဘေမဲ့လည်း စာရေးသားပေါင်စံဟာ ယောဟန်ရဲ့ ပထမပေးစာ၊ ယောဟန်ရဲ့ ဒုတိယပေးစာ၊ ယောဟန်ရဲ့ တတိယပေးစာန ရရာတိုင်း တူညီလေဟုယ်။ ယောဟန်ဟာ အယ်ခီဒူးဟု ဧဖက်ဗြို့မာ နေဟူကြောန့် အယ်ကျမ်းဟို့ ဧဖက်ဗြို့မာ ရေးဟုံးဇာဖြစ်မယ် ဆိုဘီး ရှေးခေတ် စာရေးဆရာလေဟု သတ်မှတ်ဂေ့ဟုယ်။

ယေရှုဟာ သတ်ရှင်ဟူ ဘုရားသခင်ရဲ့ သားတော် (၂၀.၃၁)၊ ခရစ်တော် ဖြစ်ဟုယ် ဆိုဇာဟို့ လူလေယောင်ကြည်အောန် ကူညီဟို့တွပ် ဖြစ်ဟုယ် ဆိုဘီး ယောဟန်ဟာ အယ်ကျမ်းရဲ့ ရည်ရွယ်ချစ်ဟို့ ရှင်းရှင်းလန်းလန်း ဖော်ပြဟုံးဟုယ်။ အယ်မျိုး ယောင်ကြည်ဇာအားဖြင့် နို့လေဟုန ကိုယ်တော်နာမနှိုက် သတ်ဟို့ ရဂေ့မယ်။ အယ်ကျမ်းဟာ ယုဒလူမျိုးလေန ယုဒလူမျိုးမှဘဲဟူ စာဖတ်မားလေ နှေ့မျိုးလောင်းတွပ် ရေးဟုံးလေဟုယ်။ ယောဟန်ရဲ့ ဒန်းကောန်းကျမ်းဟာ တချို့နေရာလေမာ တခြားဒန်းကောန်း သောင်းစောန်ရ ရရာတိုင်း ကွာခြားလေဟုယ်။ သူဟုန ယေရှုလောက်ဆောန်ဟုံးဟူ နိမိတ်လတ်ခဏာဟို့ ရေးဟုံးဘီး ကိုယ်တော်ရဲ့ ပေါန်ဥပမာလေကြောန်းဟို့ ဘောင်ဂီးရေးဟုမ်း။ ယေရှုရဲ့ ဗတ္တိတိဇံခဇာန တောကန္တာရထဲမာ စောင်ဇမ်းခံရဇာလေမျိုးနတူဟူ တခြားဓိကဖြစ်ပျစ်လေဟို့လည်း အယ်ဒန်းကောန်းထဲမာ ရေးဟုမ်း။

ကြောန်းရာ ကျဉ်းချောက်

၁။ ယောဟန်ဟုန အယ်ဒန်းကောန်းကျမ်းဟို့ စပြုဟုံးဟူကြောန်း (၁.၁–၁၈)

၂။ သူဟုန ယေရှုလောက်ဆောန်ဟုံးဟူ နိမိတ်လတ်ခဏာလေ ဘောန်းဇောင်ဟို့ ရေးဟုံးဟူကြောန်း (၁.၁၉—၁၂.၅၀)

၃။ နော့-က်ဘီးဟုန သူဟုန ယေရှုရဲ့ သတ်တော်စဉ်ထဲမာ ဖြစ်ပျစ်လေ ဘောန်းဇောင်ဟို့ ဖော်ပြဘီး ကိုယ်တော်ရဲ့ သေခံဇာန ထမြော့-က်ဇာထိ ဆွဲခေါ်ဟုံးဟူကြောန်း (၁၃.၁—၂၀.၃၁)

၄။ ယောဟန်ဟာ ယေရှုရဲ့ သေရာဟုနေ ထမြောက်ဘီးန လူလေဟို့ ထန်ရှားပြဇာလေ ဘောင်ဂီးထဲဟ့ တခုဟို့ ပြောပြဘီးဟာ အယ်ကျမ်းရေးဟ့ားဟူ သူ့ရဲ့ ရည်ရွယ်ချစ်ဟို့ ဖော်ပြလိုက်ဘီး အယ်ဒန်းကောန်းဟို့ ဆောန်းသတ်လိုက်ဟူကြောန်း (၂၁.၁–၂၅)

သတ်ရှင်ဟူ စကားတော်

1 စစဒူးဟ့ စကားတော်*ဟ့ာ ရှိဘီးသားဖြစ်ဟ့ယ်။ အယ်စကားတော်ဟ့ာ
ဘုရားသခင်နတူးဒူ ရှိနေဟ့ယ်။ အယ်စကားတော်ဟ့ာလည်း ဘုရားသခင်ဖြစ်ဟ့ယ်။
2 အယ်စကားတော်ဟ့ာ စစဒူးဟ့ ဘုရားသခင်နတူးဒူ ရှိနေဟ့ယ်။
3 ဘုရားသခင်ဟ့ာ စကားတော်နဘဲ့ ရှိမျှဂူလောင်းဟို့ ဖန်ဆင်းဟ့ားဟ့ယ်။
ဖန်ဆင်းဘဲ့န ဖြစ်နေဇာလေ တခုလည်း မွေ့ဟ့။
4 စကားတော်ဟ့ာ သတ်ရဲ့ ရင်းမြစ်ဖြစ်ဟ့ယ်။† အယ်ဘီးဟ့ာ အယ်သတ်ဟ့ာ
လူလေနားဟို့ လန်းရောန်ဟို့ သယ်ဆောန်လာဟ့ယ်။
5 အယ်လန်းရောန်ဟ့ာ မှောန်ထဲမာ လန်းထီနေဟ့ယ်။ အယ်ဘီးဟ့ာ အယ်မှောန်ဟ့ာ
အယ်လန်းရောန်ဟို့ ဖောင်းနိုင်ဟ့။
6 ဘုရားသခင်ဟ့ာ ယောဟန် နာမယ်ရှိဟူ လူတယော့-က်ဟို့ မိမိရဲ့ စေတမန်ဖြစ်န
စေလွှတ်လိုက်ဘီး၊
7 လူလေဂူလောင်းဟ့ာ တရားစကားဟို့ ကြားဘီးန ယောင်ကြည်ဟို့တွပ် အယ်လူဟ့ာ
လန်းရောန်ကြောန်းဟို့ သတ်သေခံဟို့ လာဟ့ယ်။
8 သူကိုယ်တိုင်ဟ့ာ လန်းရောန် မူဟ့။ လန်းရောန်ကြောန်းဟို့ သတ်သေခံဟို့တွပ်
လာဟ့ယ်။
9 အယ်စစ်မှန်ဟူ လန်းရောန်ဟ့ာ လောကဟို့ ကြွလာဘီးန လူလေ ဂူလောင်းထတ်မာ
လန်းထီဟ့ယ်။
10 စကားတော်ဟ့ာ လောကထဲမာ ရှိဟ့ယ်။ ဘုရားသခင်ဟ့ာ ကိုယ်တော်အားဖြင့်
လောကဟို့ ဖန်ဆင်းဟ့ားဟ့ယ်။ အယ်ဘေမဲ့ အယ်လောကဟ့ ကိုယ်တော့်ဟို့ သိဂေ့ဟ့။
11 ကိုယ်တော်ဟ့ာ သူ့ဒေသဟို့ ပ့လန်လာဟ့ယ်။ အယ်ဘေမဲ့ ကိုယ်တော်ရဲ့
လူမျိုးလေဟ့ ကိုယ်တော့်ဟို့ လတ်ခံဂေ့ဟ့။
12 အယ်ဘေမဲ့ တချို့ဟ့ ကိုယ်တော့်ဟို့ လတ်ခံဘီး ကိုယ်တော်ရဲ့ နာမဟို့
ယောင်ကြည်ဟ့ယ်။ အယ်ကြောန့် ကိုယ်တော်ဟ့ သူးနို့ဟို့ ဘုရားသခင်ရဲ့
သားမီးလေဖြစ်ခွမ့်ပေးဟ့ယ်။
13 သူးနို့ဟ့ာ သွီးသားရှင်းပေါန်းဘီး ပေါ့-က်လာဟူ သားမီးလေ မူဟ့။
လူသားဖဟ့နေ ပေါ့-က်လာဟူ သားမီးလေ မူဟ့။ ဘုရားသခင်ဟ့နေ ပေါ့-က်လာဟူ
သားမီးလေဖြစ်ဟ့ယ်။

---

* **1:1 ၁.၁** စကားတော်၊ ဟ့ာ ခရစ်တော်ဟို့ ရည်ညွန်းဟ့ားဟ့ယ်။ † **1:4 ၁.၄** စကားတော်ဟ့ာ သတ်ရဲ့ ရင်းမြစ်ဖြစ်ဟ့ယ်၊ အယ်မျိုးမူဘဲနေဟ့ာ သတ်ဟ့ာ စကားတော် နတူးဒူ ပေါင်းစည်းလိုက်ဟ့ယ်။ **1:6 ၁.၆** မ ၃.၁: မာ ၁.၄; လု ၃.၁,၂

14 စကားတော်ဟာ လူသားဖြစ်လာဘီး ကျေးဇူးတော်နဲ သမ္မာတရားနဲ
ပ့လဲ့ဇောင်ဘီးဟာ နို့လေထဲမာ စံမြန်းနေဟုယ်။ နို့လေဟာ ကိုယ်တော်ရဲ့
ဖောင်းသရေတော်ဟို ဗြင်ရဘီ။ အယ်ဖောင်းသရေတော်ဟာ ဖရဲ့ တယော့-က်ဒဲရှိဟူ
သားဖြစ် လတ်ခံရရှိုဟုယ်။
15 ယောဟန်ဟာ ကိုယ်တော်ရဲ့ ကြောန်းဟို "'ငါ့နော့-က်ဟုနေ ကြွလာဟူသူဟာ
ငါမိုးခန်ဂဲဟု ရှိနေကြောန့် ငါ့ထတ်ကီးမြတ်ဟုယ်' ဆိုဇာဟို ငါပြောဟုးဟူသူဟာ
အယ်လူဘဲ့ ဖြစ်ဟုယ်" ဆိုဘီး အော်ပြောဘီး သတ်သေခံလေဟုယ်။
16 ကိုယ်တော်ရဲ့ ကျေးဇူးတော် ပ့လဲ့ဇောင်မှုဟုနေ နို့လေဂူလောင်းဟာ
ကောန်းဂျီးလေ ခုဘီးခု လတ်ခံရရှိုဟုယ်။
17 ဘုရားသခင်ဟာ မောရှေအားဖြင့် ပညတ်တရားဟို ပေးဟုယ်။ ကျေးဇူးတရားနဲ
သမ္မာတရားဟို ယေရှုခရစ်တော်အားဖြင့် ဖြစ်လာဟုယ်။
18 ဘုရားသခင်ဟို ဖယ်လူလည်းဗြင်ဖူးဟု။ ဖရဲ့ ရင်ခွမ်မာရှိဟူ၊ ဘုရားသခင်ဖြစ်ဟူ၊
တယော့-က်ဒဲဟူသားဟာ ဘုရားသခင်ဟို ထန်ရှားစေဘီ။

ဗတ္တိဇံယောဟန်ရဲ့ တရား
(မဿဲ ၃.၁–၁၂; မာကု ၁.၁–၈; လုကာ ၃.၁–၁၈)

19 ခု ယေရုရှလင်ဗြို့ဟု ယုဒလူ အာဏာပိုင်လေဟာ ယဇ်ပုရောဟိတ်လေန
လေဝိတချို့ဟို ယောဟန်နားဟို စေလွှတ်ဘီး "နန်ဟာ ဖယ်သူနူး" ဆိုဘီး
မေးမြန်းလေဟုယ်။ ယောဟန်ရဲ့ သတ်သေခံချစ်ဟာ အယ်မျိုးဖြစ်ဟုယ်။
20 ယောဟန်ဟု လှည့်ဝှက်ဇာမှေ့ဘဲန ဝန်ခံဘီး "ငါဟာ မေရှိယ မူဟု" ဆိုဘီး
ပွမ့်ပွမ့်လန်းလန်းဟုးန ရှင်းရှင်းလန်းလန်းဟုးဘဲ့ ပ့လန်ဖြေလိုက်ဟုယ်။
21 "အယ်ဆိုဟာ နန်ဟု ဖယ်သူနူး။ နန်ဟာ ဧလိယလော" ဆိုဘီး သူးနို့ဟု
မေးလိုက်ဟုယ်။
"ငါဟာ ဧလိယ မူဟု" ဆိုဘီး ယောဟန်ဟု ပ့လန်ဖြေဟုယ်။
"နန်ဟာ ပရောဖက်လော"‡ ဆိုဘီး သူးနို့ဟု ပ့လန်မေးဟုယ်။
"ငါဟာ ပရောဖက်လည်း မူဟု" ဆိုဘီး ပ့လန်ဖြေဟုယ်။
22 "အယ်ဆိုဟာ နန်ဟာ ဖယ်သူနူး။ နို့လေဟို စေလွှတ်လိုက်ဟူ လူလေဟို
ပ့လန်ဘီးပြောပြရမယ်။ နန့်ကြောန်းဟို ဖြားမျိုးပြောမယ်နူး" ဆိုဘီး သူးနို့ဟု
မေးလေဟုယ်။
23 ယောဟန်ဟာ ပရောဖက်ဟေရှာယဟို ကိုးကားဘီး
"ငါဟာ 'ဘုရားသခင်ရဲ့ လမ်းဟို ပြင်ဆင်ဟုးဂေ့! ဆိုဘီး
တောကန္တာရထဲမာ အော်ဟစ်နေဟူ သံဖြစ်ဟုယ်'" ဆိုဘီး ပ့လန်ဖြေလိုက်ဟုယ်။
24 ဖာရိရှဲလေ စေလွှတ်လိုက်ဟူ စေတမန်လေဟု၊
25 ဖာရိရှဲလေ စေလွှတ်လိုက်ဟူ စေတမန်လေ§ဟု "နန်ဟာ မေရှိယလည်း မူဟု။

‡ **1:21 ၁.၂၁ ပရောဖက်၊** မေရှိယကြွလာဟို့တွပ် ကြေညာဟူ သူန ပေါ်ထွပ်လာဟို့တွပ် မျှော်လင့်နေဟူသူ။
§ **1:25 ၁.၂၅** ဖာရိရှဲလေ စေလွှတ်လိုက်ဟူ စေတမန်လေ၊ အယ်မျိုးမူဘဲနေဟာ အယ်စေတမန်လေဟာ ဖာရိရှဲလေဖြစ်ဟုယ်။

ဧလိယလည်း မှုဟု။ ပရောဖက်လည်း မှုဟု ဆိုဟုာ ဖြားဖြစ်ကြောန့် ဗတ္တိဇံပေးနေနှး”
ဆိုဘီး ယောဟန်ဟို့ မေးလေဟုယ်။
26 ယောဟန်ဟုာ “ငါဟုာ ရေန ဗတ္တိဇံပေးဟုယ်။ အယ်ဘေမဲ့ နန်းနို့ထဲမာ
နန်းနို့သိဘဲဟူ လူတယော့-က်ရှိဟုယ်။
27 သူဟုာ ငါ့နော့-က်ဟု ကြွလာနေဘီ။ အယ်ဘေမဲ့ ငါဟုာ သူ့ရဲ့ ခေနပ်ကြိုးဟို့
ဖြေဟို့ဟို့မှ ထိုက်ဟု” ဆိုဘီး ပ့လန်ဖြေလိုက်ဟုယ်။
28 အယ်မူဇာ ဂူလောင်းဟုာ ယောဟန် ဗတ္တိဇံပေးဟူ ယော်ဒန်မ့လစ်ရဲ့
ရှေ့ဖတ်ကမ်းဟု ဗေသနိဝါမာ ဖြစ်ဟုားဟုယ်။

ဘုရားသခင်ရဲ့ သိုးသားဂန်းဟုား

29 နတ်ကီးဖတ်မာ ယောဟန်ဟုာ သူ့နားဟို့ ယေရှုလာနေဇာဟို့ ဖြင်လိုက်ဟူ ခီမာ
“လောကသားလေရဲ့ ပြစ်ဟို့ ယူဆောန်ဟုားဟူ ဘုရားသခင်ရဲ့ သိုးသားဂန်းဟုားဟို့
ကေ့ကေ့!
30 ‘နော့-က်ဟုနေ ကြွလာဟူသူဟုာ ငါမ်ိဳးခန်ဂဒဲဟု ရှိနေကြောန့်
ငါ့ထတ်ကီးမြတ်ဟုယ်’ ဆိုဘီး ငါပြောနေဇာဟုာ အယ်လူကြောန်းဘဲ့ ဖြစ်ဟုယ်။
31 ငါကိုယ်တိုင်လည်း အယ်လူဟို့ သိဟု။ အယ်ဘေမဲ့ ဣသရေလလူမျိုးလေဟို့
သိစေဟို့တွပ် ရေန ဗတ္တိဇံပေးဟို့ ငါလာဟုယ်” ဆိုဘီး ပြောလေဟုယ်။
32 အယ်န ယောဟန် သတ်သေခံဇာဟု “ဝိညာဉ်တော်ဟုာ ကောန်းဂန်ဘောင်ဟုနေ
ချိုးငှတ်မျိုး ဆင်းလာဘီး အယ်လူထတ်မာ နားနေဇာဟို့ ငါမြင်ဟုယ်။
33 အယ်လူဟုာ ဖယ်လူဖြစ်ဟုယ် ဆိုဇာဟို့ ငါသိဟု။ အယ်ဘေမဲ့ ငါ့ဟို့ ရေန
ဗတ္တိဇံပေးဟို့ စေလွှတ်ဟူ ဘုရားသခင်ဟု ‘သန့်ရှင်းဟူဝိညာဉ်တော်ဟုာ ဆင်းလာဘီး
ယော့-က်ယော့-က်ထတ်မာ နားနေဇာဟို့ မြင်ရလေ့မယ်။ အယ်လူဟုာ
သန့်ရှင်းဟူဝိညာဉ်တော်န ဗတ္တိဇံပေးမယ့်လူ ဖြစ်ဟုယ်’ ဆိုဘီး ငါ့ဟို့ ပြောလေဟုယ်။
34 အယ်ဇာဟို့ ငါမြင်ရဘီ။ အယ်ကြောန့် နန်းနို့ဟို့ ငါပြောမယ် အယ်လူဟုာ
ဘုရားသခင်ရဲ့သား ဖြစ်ဟုယ်” ဆိုဘီး ယောဟန် သတ်သေခံလေဟုယ်။

ယေရှုရဲ့ ဦးဆောင်းတမဲ့တော်လေ

35 နတ်ကီးတိုင်မာ ယောဟန်ဟုာ တမဲ့တော်နှေ့ပါးနတူးဒူ အယ်နေရာမာ
ပ့လန်ဘီးရပ်နေဟုယ်။
36 ယောဟန်ဟုာ ယေရှု ကြွလာနေဇာဟို့ မြင်လိုက်ဟုယ်။ “ကေ့ကေ့! ဟောက်မာ
ဘုရားသခင်ရဲ့ သိုးသားဂန်းဟုား ဖြစ်ဟုယ်!” ဆိုဘီး သူဟု ပြောဟုယ်။
37 တမဲ့တော်နှေ့ပါးဟုာ အယ်မျိုးပြောဇာဟို့ ကြားလိုက်ဘီးန ယေရှုနတူးဒူ
လိုက်ဟုားဂေ့ဟုယ်။
38 ယေရှုဟု လှည့်ကေ့လိုက်ဘီး သူးနို့လေ လိုက်လာဇာဟို့ ဖြင်လေဟုယ်။ အယ်န
“ဖြားဇာရှာနေနှး” ဆိုဘီး သူးနို့ဟို့ မေးလေဟုယ်။

သူးနို့ဟ့ “ရဗ္ဗဗီ၊ ကိုယ်တော်ဟ့ ဖယ်မာနေဟ့ယ်နူး” ဆိုဘီး မေးလေဟ့ယ်။ (ရဗ္ဗဗီရဲ့ မိပါယ်ဟ့ “ဆရာ” ဖြစ်ဟ့ယ်။)

39 “လိုက်ဘီးကေ့ဂေ့” ဆိုဘီး ကိုယ်တော်ဟ့ ဖြေဟ့ယ်။ (အယ်ခီဟ့ နေဒန်ဇာလေးနာရီလော့-က်ရှိဘီ။) အယ်ကြောန့် သူးနို့လေဟ့ ကိုယ်တော်နတူးဒူ လိုက်ဟ့ားဘီး ကိုယ်တော်နေဟ့ူ နေရာဟ့ို တွိဟ့ားလေဟ့ယ်။ အယ်ဘီးန အယ်နေ့ဟ့ို ကိုယ်တော်နတူးဒူ နေလေဟ့ယ်။

40 ယောဟန်ရဲ့ စကားဟ့ို ကြားဘီး ယေရှုနော့-က်လိုက် ဖြစ်လာဟ့ူ နှေ့ယော့-က်ထဲဟ့ တယော့-က်ဟ့ဟ ရှိမုန်ပေတရုရဲ့ညီ အန့ဒြေဖြစ်ဟ့ယ်။

41 ရှစ်ရှင်းဘဲ့ အန့ဒြေဟ့ဟ သူနောန်ရှိမုန်ဟ့ို တွိဟ့ားခီမာ “နို့လေ မေရှိယဟ့ို တွိဟ့ားဘီ” ဆိုဘီး ပြောပြဟ့ယ်။ မေရှိယရဲ့ မိပါယ်ဟ့ဟ “ခရစ်တော်” ဖြစ်ဟ့ယ်။

42 အယ်ဘီးန သူဟ့ ရှိမုန်ဟ့ို ယေရှုနားဟ့ို ခေါ်ဆောန်ဟ့ားဟ့ယ်။

ယေရှုဟ့ဟ အယ်လူဟ့ို ကေ့ဘီးန “နန်ဟ့ဟ ယောဟန်ရဲ့သား ရှိမုန်ဖြစ်ဟ့ယ်။ အယ်ဘေမဲ့ နန့်ဟ့ို ကေဖ ဆိုဘီး ခေါ်ရမယ်” ဆိုဘီး ပြောလိုက်ဟ့ယ်။ ကေဖဟ့ဟ ပေတရုနာမယ်န ထပ်တူဖြစ်ဘီး က့လော့-က် ဆိုဘီး မိပါယ်ရဟ့ယ်။

ယေရှုဟ့ ဖိလိပ့ပုန နာသနေလဟ့ို ခေါ်ဟ့ူကြောန်း

43 နတ်ကီးတိုင်မာ ယေရှုဟ့ဟ ဂါလိလဲနယ်ဟ့ို သွားဟ့ို့ ဆောင်းဖြတ်ဟ့ယ်။ ကိုယ်တော်ဟ့ဟ ဖိလိပ့ပုဟ့ို တွိဟ့ူ ခီမာ “ငါ့နတူးဒူလိုက်ပါ!” ဆိုဘီး သူဟ့ို ပြောလေဟ့ယ်။

44 ဖိလိပ့ပုဟ့ဟ အန့ဒြေန ပေတရု နေထိုင်ဟ့ူ ဗက်ဇဲဒဗြို့ဟ့ဖြစ်ဟ့ယ်။

45 ဖိလိပ့ပုဟ့ဟ နာသနေလဟ့ို တွိဟ့ူ ခီမာ “နို့လေဟ့ဟ မောရှေရဲ့ ပညတ်ကျမ်းန ပရောဖက်လေရဲ့ ကျမ်းမာ ရေးဟ့ားဟ့ူလူဟ့ို တွိဟ့ားဘီ။ အယ်လူဟ့ဟ နာဇရက်ဗြို့ဟ့ ယောသပ်ရဲ့သား ယေရှုဖြစ်ဟ့ယ်” ဆိုဘီး ပြောပြလေဟ့ယ်။

46 “နာဇရက်ဗြို့ဟ့နေ ကောန်းဟ့ူဇာ ထွပ်နိုင်ဘဲ့လော” ဆိုဘီး နာသနေလဟ့ မေးဟ့ယ်။

“လာဘီးကေ့ကေ့” ဆိုဘီး ဖိလိပ့ပုဟ့ ဖြေလေဟ့ယ်။

47 ယေရှုဟ့ဟ သူနားဟ့ို လာနေဟ့ူ နာသနေလဟ့ို ဗြင်ဟ့ူ ခီမာ ကိုယ်တော်ဟ့ “ကေ့ကေ့! လှည့်ဇားမူ လောင်းဝ မှေ့ဘဲဟ့ူ၊ စစ်မှန်ဟ့ူ ဣသရေလလူ ဖြစ်ဟ့ယ်!” ဆိုဘီး သူဟ့ို ပြောဟ့ယ်။

48 နာသနေလဟ့ “ကိုယ်တော်ဟ့ ကျွန်တော်ဟ့ို ဖယ်မျိုးလောက်ဘီး သိနေရနူး” ဆိုဘီး ကိုယ်တော့်ဟ့ို မေးဟ့ယ်။

ယေရှုဟ့ “ဖိလိပ့ပုဟ့ နန့်ဟ့ို ခေါ်လာခန်မာ နန်ဟ့ဟ သဖန်းဗန်အော့-က်မာ ရှိနေဂဲဟ့ နန့်ဟ့ို ငါဗြင်ဟ့ယ်” ဆိုဘီး ပ့လန်ဖြေဟ့ယ်။

49 “ဆရာ၊ ကိုယ်တော်ဟ့ဟ ဘုရားသခင်ရဲ့ သားဖြစ်ဟ့ယ်! ဣသရေလလူမျိုးရဲ့ မန်းဂီးလည်းဖြစ်ဟ့ယ်!” ဆိုဘီး နာသနေလဟ့ ပ့လန်ဖြေလေဟ့ယ်။

50 ယေရှုဟု “သဖန်းဗန်အော့-က်မာ နန့်ဟို့ ငါဖြင်ဟုယ် ဆိုဘီး ပြောလိုက်ဇာဟို့
နန်ယောင်ကြည်ဘဲ့လော။ အယ်ထတ် ရရာတိုင်းကီးဟူ ဇာလေဟို့ နန်ဖြင်ရလေ့မယ်”
ဆိုဘီး ပြောလိုက်ဟုယ်။
51 ကိုယ်တော်ဟု “နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ကောန်းဂန်ပွမ့်ဘီးဟာ လူ့ရဲ့သား *
ထတ်မာ ဘုရားသခင်ရဲ့ ကောန်းဂန်တမန်လေဟာ ဆင်းလိုက်တတ်လိုက်
လောက်နေဇာဟို့ နန်းနို့ ဖြင်ရလေ့မယ်” ဆိုဘီး သူးနို့လေဟို့ ပြောလေဟုယ်။

2

ကာနဖြို့ဟုအီတတ်ဗွဲ

1 သောင်းရစ်မြော့-က်နေ့မာ ဂါလိလဲနယ် ကာနဖြို့မာ အီတတ်ဗွဲလောက်လေဟုယ်။
အယ်ပွဲမာ ယေရှုရဲ့ မိလည်း ရှိနေဟုယ်။
2 အယ်ဘီးဟာ ယေရှုန တဗဲ့တော်လေဟို့လည်း အီတတ်ဗွဲဟို့ ဖိဟုားလေဟုယ်။
3 ဝိုင်ကူဟုားခီမာ ယေရှုရဲ့မိဟု “သူးနို့မာ ဝိုင်ကူဟုားဘီ” ဆိုဘီး ကိုယ်တော့်ဟို့
ပြောလေဟုယ်။
4 ယေရှုဟု “ဝှေ့မီးမ၊ နို့ဟို့ ဖြားလောက်ရမယ် ဆိုဘီး ပြောန။ နို့ခီဟာ ခုထိ
ရော့-က်သေးဟု” ဆိုဘီး ပ့လန်ပြောဟုယ်။
5 အယ်ဘီးန ယေရှုရဲ့ မိဟု “နန်းနို့ဟို့ သူစေခိုင်းဟူတိုင်း လောက်ဂေ့” ဆိုဘီး
စေခံလေဟို့ ပြောလိုက်ဟုယ်။
6 ယုဒလူလေမာ ဘာသာဓလေ့တိုင်း ဆေးကြောဇာနဆိုင်ဟူ စည်းမျဉ်းလေရှိဟုယ်။
အယ်စည်းမျဉ်းလေကြောန့် အယ်နေရာမာ ကုလော့-က်ရေအိုး ခြော့-က်လောင်းရှိဘီး
ရေအိုးဂီးတလောင်းစီဟာ ဂါလံနှေ့ဆယ်န သောင်းဆယ်ကြား ဝမ်ဆံ့ဟုယ်။
7 ယေရှုဟု “အယ်ရေအိုးလေဟို့ ရေဖ့လဲ့ဂေ့” ဆိုဘီး စေခံလေဟို့ ပြောလိုက်ဟုယ်။
သူးနို့ဟာ ပ့လဲ့အောန် ဖ့လဲ့ဂေ့ဟုယ်။
8 အယ်ဘီးန ကိုယ်တော်ဟု “ခု အယ်အိုးထဲဟုရေဟို့ ခပ်ဘီးဟာ ပွဲအောက်နားဟို့
ယူဟုားဂေ့” ဆိုဘီး သူးနို့ဟို့ ပြောလိုက်ဟုယ်။ သူးနို့ဟာ ရေဟို့ ယူဟုားဟုယ်။
9 ခု အယ်ရေဟာ ဝိုင်ဖြစ် ပ့လောန်းလဲဟုားဘီး ပွဲအောက်ဟု ဗြည်းလေဟုယ်။
အယ်ဝိုင်ဟာ ဖယ်နေရာဟု ရလာဟုယ် ဆိုဇာဟို့ သူသိဟု။ အယ်ဘေမွဲ့ ရေခပ်လာဟူ
စေခံလေဟာ ကောန်းကောန်းဟုားသိနေဟုယ်။ အယ်ကြောန့် သူဟာ ဒို့သားဟို့
ခေါ်လိုက်ဘီး၊
10 “လူတိုင်းဟာ ကောန်းဆောင်း ဝိုင်နဘဲ့ ဦးဆောင်းဧည့်ခံဟုယ်။ ဧည့်သည်လေ
ဘောင်ဂီးသော့-က်ဘီးမှ ညံ့ဟူဝိုင်န ဧည့်ခံဟုယ်။ အယ်ဘေမွဲ့ နန်ဟု ကောန်းဆောင်း
ဝိုင်ဟို့ ခုထိသီးဟုားလေဟုယ်!” ဆိုဘီး ပြောလေဟုယ်။

---

* **1:51 ၁.၅၁** လူရဲ့သား၊ ဆိုဇာ ခရစ်တော် ဖြစ်ဟုယ်။

11 ယေရှုဟာ ဦးဆောင်း နိမိတ်လတ်ခဏာဟို ဂါလိလဲနယ် ကာနဗြိုမာ
လောက်ဘီးဟာ မိမိရဲ့ ဖောင်းသရေတော်ဟို ဖွဗ်ပြလေဟုယ်။ အယ်ဘီးန
တဗဲတော်လေဟာ ကိုယ်တော့်ဟို ယောင်ကြည်ဂေ့ဟုယ်။
12 အယ်မျိုး နိမိတ်လတ်ခဏာ ပြဘီးန ယေရှုဟာ သူ့ရဲ့မိ၊ ညီငယ်လေ၊
တဗဲတော်လေနတူးဒူ ကပေရနောင်ဗြိုဟို သွားဘီး အယ်ဗြိုမာ ရစ်နဲနဲဟား
နေလေဟုယ်။

ယေရှုဟာ ဗိမာန်တော်ဟို သွားဟူကြောန်း
(မဿဲ ၂၁.၁၂,၁၃; မာကု ၁၁.၁၅-၂၇; လုကာ ၁၉.၄၅,၄၆)

13 ယုဒလူလေရဲ့ ပသခါပွဲ နီးလာဟူကြောန့် ယေရှုဟာ ယေရုရှလင်ဗြိုဟို
သွားလေဟုယ်။
14 ကိုယ်တော်ဟာ ဗိမာန်တော်ထဲမာ သိုးလေ၊ နွားသားဂန်းလေ၊ ချိုးငှတ်လေဟို
ရောန်းဝယ်နေဟူ လူလေန ကပ်လဲပေးမားလေဟာ သူးနို့ရဲ့ စားဗွဲလေမာ ထိုင်နေဇာဟို
တွိဟုယ်။
15 အယ်ကြောန့် ကိုယ်တော်ဟာ ကြိုးလေန ကြာပွတ်ဟို လောက်ဘီးန သိုးလေ၊
နွားလေ ဂူလောင်းဟို ဗိမာန်တော်ထဲဟ နန်ထုဘီးဟား ကပ်လဲမားလေရဲ့ ဗွဲလေဟိုလည်း
မှော့-က်လှဲဘီးန သူးနို့ရဲ့ ဒန်းဂါးလေဟို ဖ့လဲဖ့လဲစင်အောန် လောက်လေဟုယ်။
16 အယ်ဘီးန ကိုယ်တော်ဟာ ချိုးငှတ်ရောန်းဟူ လူလေဟို "အယ်ပစ္စည်းလေဟို
ယူဟားဂေ့! ငါ့ဖရဲ့ အီတော်ဟို ဆေးဖြစ်ဟားအောန် လောက်ဂေ့န!" ဆိုဘီး
မိန့်ပေးလိုက်ဟုယ်။
17 ကိုယ်တော်ရဲ့ တဗဲတော်လေဟာ "အိုဘုရားသခင်၊ ကိုယ်တော်ရဲ့ အီတော်ဟို
ရှစ်ခင်တွယ်တာမှုဟာ ကျွန်တော်ထဲမာ မီးမျိုး လောန်ကျွမ်းနေဟုယ်" ဆိုဘီး
ကျမ်းစာဟ ပြောဟားဇာလေဟို အော့-က်မေ့လာဂေ့ဟုယ်။
18 ယုဒအာဏာပိုင်လေဟာ ကိုယ်တော်နားဟို ပ့လန်လာဘီး "နန်ဟာ အယ်မူဇာဟို
လောက်ပိုင်ခွမ့် ရှိဟုယ် ဆိုဇာဟို နို့လေဟို ဖြားမျိုး နိမိတ်လတ်ခဏာ
လောက်ပြနိုင်မယ်နူး" ဆိုဘီး မေးခွန်းတခုဟို မေးလေဟုယ်။
19 ယေရှုဟ "အယ်ဗိမာန်တော်ဟို ဖြိုဖျစ်ဂေ့။ သောင်းရစ်ထဲန
ငါ့လန်ဆော့-က်ပြမယ်" ဆိုဘီး ဖြေလိုက်ဟုယ်။
20 ယုဒလူလေဟ "အယ်ဗိမာန်တော်ဟို ဆော့-က်ဟို့တွပ် လေးဆယ့်ခြော့-က်နှစ်
ကြာဟုယ်! နန်ဟ သောင်းရစ်ထဲန ပ့လန်ဆော့-က်ဟို့လော" ဆိုဘီး မေးဂေ့ဟုယ်။
21 အယ်ဘေမဲ့ ယေရှုပြောနေဟူ ဗိမာန်တော်ဟာ သူ့ရဲ့ ကိုယ်ခန္ဓာဖြစ်ဟုယ်။
22 အယ်ကြောန့် ယေရှုဟာ သေရာဟုနေ ပ့လန်ရှင်လာဟူ ခီမာ ကိုယ်တော်ရဲ့
တဗဲတော်လေဟာ ကိုယ်တော်ပြောဟားဟူ စကားလေဟို အော့-က်မေ့လာလေဟုယ်။

2:12 **ယော ၂** မ ၄.၁၃ **2:19** **ယော ၉** မ ၂၆.၆၁; ၂၇.၄၀; မာ ၁၄.၅၈; ၁၅.၂၉

အယ်ဘီးန သူးနို့လေဟှာ ကျမ်းစာတော်န ကိုယ်တော်ပြောဟှားဟူ စကားလေဟို့
ယောင်ကြည်ဂေ့ဟှယ်။

ယေရှုဟှာ လူလေရဲ့ သဘောဟို့ သိဟူကြောန်း

23 ယေရှုဟှာ ယေရုရှလင်ဗြို့ဟှ ပသခါပွဲမာရှိနေဒူးမာ ကိုယ်တော်လောက်ဟူ
နိမိတ်လတ်ခဏာလေဟို့ တွိရဟူကြောန့် လူလေဘောင်ဂီးဟှာ ကိုယ်တော့်နာမဟို့
ယောင်ကြည်ဂေ့ဟှယ်။

24 အယ်ဘေမဲ့ ယေရှုဟှာ လူလေ ဂူလောင်းရဲ့ ကြောန်းဟို့ သိနေဟူကြောန့်
သူးနို့လေဟို့ ယောင်ကြည်ဟှ။

25 ကိုယ်တော်ဟှာ လူလေရဲ့ စိနှလောင်းဟို့ သိနေဟှယ်။ အယ်ကြောန့် ကိုယ်တော့်ဟို့
ယော့-က်ယော့-က်ဟှ သူးနို့ကြောန်းဟို့ သတ်သေခံဟို့ လိုအပ်ဟှ။

3

ယေရှုန နိကောဒင်

1 ဖာရိရှဲဖွဲ့ဝမ် နိကောဒင်နာမယ်ရှိဟူ ယုဒလူခေါန်းဆောန် တယော့-က်ရှိဟှယ်။
2 တညဉ့်မာ သူဟှာ ယေရှုနားဟို့ လာဘီးဟှာ ကိုယ်တော့်ဟို့ “ရဗ္ဗိ၊ ကိုယ်တော်ဟှာ
ဘုရားသခင်စေလွတ်လိုက်ဟူ ဆရာတယော့-က် ဖြစ်ဟှယ် ဆိုဇာဟို့
ကျွန်တော့်ဟှားလေ သိဟှယ်။ ဘုရားသခင်ဟှာ ဆရာနတူးဒူရှိဟှ ဆိုဟှာ ဖယ်လူလည်း
အယ်နိမိတ်လတ်ခဏာလေဟို့ လောက်နိုင်ဟို့ မူဟှ” ဆိုဘီး လျှော့-က်လေဟှယ်။
3 ယေရှုဟှ “နန့်ဟို့ ငါ မှန်တိုင်းပြောမယ်၊ ဒုတိယခါ ပ္ဟလန်*မွီးဟှ ဆိုဟှာ
ဖယ်လူလည်း ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ဗြင်နိုင်ဟို့ မူဟှ” ဆိုဘီး ဖြေလိုက်ဟှယ်။
4 “သတ်ကီးဟူလူဟှ ဖယ်မျိုးဒုတိယခါ ပ္ဟလန်မွီးနိုင်ဟို့နူး။ အယ်လူဟှာ ဒုတိယခါ
မွီးဟို့တွပ် သူမိရဲ့ ဗိုက်ထဲဟို့ လောင်းဝ ဝမ်နိုင်ဟှ!” ဆိုဘီး နိကောဒင်ဟှ မေးဟှယ်။
5 ယေရှုဟှ “နန့်ဟို့ ငါ မှန်တိုင်းပြောမယ်၊ ရေန ဝိညာဉ်တော်အားဖြင့် မွီးဟှ ဆိုဟှာ
ဖယ်လူလည်း ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ဝမ်နိုင်ဟို့ မူဟှ။
6 ဇာတိသွီးသားဟှာ ဇာတိသွီးသားဟို့ မွီးပေးဟှယ်။ အယ်ဘေမဲ့ ဝိညာဉ်တော်ဟှာ
ဝိညာဉ်ဟို့ မွီးပေးဟှယ်။
7 ဒုတိယခါ ပ္ဟလန်†မွီးရမယ် ဆိုဘီး ငါပြောဟူကြောန့် အံ့ဩဟှားန။
8 လေဟှာ သူလိုရှိဟူ နေရာဟို့ တိုက်လေဟှယ်။ နန်ဟှာ လေတိုက်သံဟို့
ကြားရဟှယ်။ အယ်ဘေမဲ့ အယ်လေဟှာ ဖယ်နေရာဟှ လာဘီး ဖယ်နေရာဟို့
သွားနေဟှယ် ဆိုဇာဟို့ နန်သိဟို့ မူဟှ။ ဝိညာဉ်တော်အားဖြင့် မွီးဟူလူတိုင်းဟှာလည်း
အယ်မျိုးဘဲ့ဖြစ်ဟှယ်” ဆိုဘီး ပ္ဟလန်ဖြေလေဟှယ်။
9 “အယ်ဇာဟှာ ဖယ်မျိုးဖြစ်နိုင်ဟို့နူး” ဆိုဘီး နိကောဒင်ဟှ မေးဟှယ်။
10 ယေရှုဟှ “နန်ဟှာ ဣသရေလလူမျိုးထဲမာ ဆရာဂီးတယော့-က်ဖြစ်ဘီး
အယ်မူဇာဟို့ နန်သိဟှလော။

---

* **3:3** ၃.၃ ပ္ဟလန်၊ အယ်မျိုးမူဘဲနေဟှာ ထတ်ဟှ။ † **3:7** ၃.၇ ပ္ဟလန်၊ အယ်မျိုးမူဘဲနေဟှာ ထတ်ဟှ။

11 နန့်ဟို့ ငါ မှန်တိုင်းပြောမယ်၊ နို့လေဟှာ သိဟူဇာဟို့ ပြောဘီး နို့လေဟှာ
ဖြင်ဟူဇာဟို့ သတ်သေခံဟှယ်။ အယ်ဘေမဲ့လည်း နန်းနို့ဟှာ နို့လေရဲ့ သတ်သေခံဇာဟို့
လတ်ခံရှင်ဟူ စိမ့ေဂ့ေဟှ။
12 အယ်လောကနဆိုင်ဟူ ဇာလေဟို့ ငါပြောဟူ ခီမာ နန်းနို့လေ ယောင်ကြည်ဂ့ေဟှ။
အယ်ဆိုဟှာ ကောန်းဂန်ဘောင်နဆိုင်ဟူ ဇာလေဟို့ ငါပြောဟူ ခီမာ နန်းနို့လေ ဖယ်မျိုး
ယောင်ကြည်မယ်နူး။
13 ကောန်းဂန်ဘောင်ဟှနေ ဆင်းလာဟူ လူ့ရဲ့သားမှတပါး ဖယ်လူလည်း
ကောန်းဂန်ဘောင်ဟို့ တတ်ဟှားဟူ လူမ့ေဟှ”‡ ဆိုဘီး ဖြေလိုက်ဟှယ်။
14 မောရှေဟှာ ကန္တာရထဲမာ ကြေးဝါဗွီဟို့ တိုင်ထတ်မာ ခိဟှားမျိုးဘဲ့
လူ့ရဲ့သားဟို့လည်း ခိဟှားလ့ေမယ်။
15 အယ်ကြောန့် ကိုယ်တော့်ဟို့ ယောင်ကြည်ဟူ လူတိုင်းဟှာ ထာဝရသတ်ဟို့ ရမယ်။
16 ဘုရားသခင်ဟှာ လောကသားလေဟို့ ရရာတိုင်း ရှစ်ဟူကြောန့် သူ့ရဲ့ တပါးဒဲရှိဟူ
သားတော်ဟို့ ပေးလေဟှယ်။ အယ်ကြောန့် သားတော်ဟို့ ယောင်ကြည်ဟူ လူတိုင်းဟှာ
ပျစ်စီးဘဲ့ခန ထာဝရသတ်ဟို့ ရမယ်။
17 ဘုရားသခင်ဟှ သူ့ရဲ့သားတော်ဟို့ အယ်လောကသားလေဟို့ တရားစီရင်ဟို့တွပ်
စေလွတ်လိုက်ဇာ မှုဟှ။ အယ်လောကဟို့ ကယ်တန်ဟို့တွပ် စေလွတ်လိုက်ဟှယ်။
18 သားတော်ဟို့ ယောင်ကြည်ဟူ လူလေဟှာ စီရင်ခံရဟှ။ အယ်ဘေမဲ့
ယောင်ကြည်ဘဲဟူ လူလေဟှာ ဘုရားသခင်ရဲ့ တပါးဒဲရှိဟူ သားတော်ရဲ့ နာမဟို့
ယောင်ကြည်ဘဲကြောန့် စီရင်ခံရဟှယ်။
19 စီရင်ရှင်းရဲ့ ဘောတရားဟှ အယ်မျိုးဖြစ်ဟှယ်။ လန်းရောန်ဟှာ လောကထဲဟို့
ရော့-က်လာဟှယ်။ အယ်ဘေမဲ့ လူလေဟှာ သူးနို့ရဲ့ ကျင့်လေ ဆိုးညစ်ဟူကြောန့်
လန်းရောန်ထတ် မှောန်မိုက်ဟို့ ရှစ်ဂ့ေဟှယ်။
20 ဆိုးညစ်ဟူ လူတိုင်းဟှာ လန်းရောန်ဟို့ မူးဘီး လန်းရောန်နားဟို့ လာဂ့ေဟှ။
သူးနို့ရဲ့ ဆိုးညစ်ဟူ ကျင့်လေဟို့ ထန်ရှားရှင်ဂ့ေဘဲဟူကြောန့် ဖြစ်ဟှယ်။
21 အယ်ဘေမဲ့ သမ္မာတရားအားဖြင့် သတ်ရှင်ဟူ လူလေဟှာ လန်းရောန်နားဟို့
လာဂ့ေဟှယ်။ အယ်ကြောန့် သူးနို့ လောက်ဆောန်ဟူ ဇာလေဟှာ ဘုရားသခင်ရဲ့
ရှေ့တော်မာ ထန်းထန်ရှားရှားဟှား ဖြင်ရလေဟှယ်။

ယေရှုန ယောဟန်

22 အယ်ဘီးန ယေရှုဟှာ တမဲ့တော်လေနတူးဒူ ယုဒနယ်ဟို့ သွားဂ့ေဘီး
အယ်နေရာမာ သူးနို့လေနတူးဒူနေဘီး ဗတ္တတိဇံပေးဟှယ်။
23 ယောဟန်ဟှာလည်း ရှာလိမ်ဗြို့နားဟှ အဲနုန်ရပ်မာ ဗတ္တတိဇံပေးနေဟှယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ အယ်နေရာမာ ရေလေဘောင်ဂီးရှိဟှယ်။ လူလေဟှာ သူ့နားဟို့
လာဂ့ေဘီး ဗတ္တတိဇံခံဂ့ေဟှယ်။

‡ **3:13 ၃.၁၃** ကိုးကားချစ်ဟှာ ခန်းငယ် ၂၁ ထိ ဖြစ်ဟှယ်။

24 အယ်မူဇာဟာ ယောဟန် ထောန်ကလခန်မာ ဖြစ်ဟုယ်။
25 ယောဟန်ရဲ့ တဗဲတော်တချို့ဟာ ဘာသာဓလေ့နဆိုင်ဟူ ဆေးကြောဇာန
ပတ်သက်ဘီး ယုဒလူတယော့-က်ဒိန စဘီးဟာ ငြင်းဂေ့ဟုယ်။
26 အယ်ကြောန် သူးနို့ဟာ ယောဟန်နားဟို့ သွားဘီး "ဆရာ၊ ယော်ဒန်မှလစ်
ရှေ့ဖတ်ကမ်းမာ ဆရာနတူးဒူ နေဖူးဟူ၊ သူ့ကြောန်းဟို့ သတ်သေခံဖူးဟူလူဟို့
မှတ်မိသေးဘဲ့လော။ ခု သူဟာ ဗတ္တတိဇံပေးနေဟုယ်။ လူတိုင်းဟ့လည်း သူ့နားဟို့
သွားနေဂေ့ဟုယ်!" ဆိုဘီး ပြောပြလေဟုယ်။
27 ယောဟန်ဟ့ "ကောန်းဂန်ဟ့နေ ပေးဟ့ ဆိုဟ့ာ ဖယ်လူလည်းရနိုင်ဟ့။
28 'ငါဟ့ာ မေရှိယ မူဟ့။ အယ်ဘေမဲ့ ငါ့ဟို့ သူ့ရှေ့ဟ့နေ စေလွှတ်လိုက်ဟုယ်' ဆိုဘီး
ငါပြောဟ့ားဇာလေဟ့ာ နန်းနို့ကိုယ်တိုင် ငါ့ရဲ့ သတ်သေခံလေ ဖြစ်ဟုယ်။
29 ဒို့သမီးဟို့ ပိုင်ဆိုင်ဟူလူဟ့ာ ဒို့သားဖြစ်ဟုယ်။ အယ်ဘေမဲ့ ဒို့သားရဲ့သံဟို့ ရပ်ဘီး
နားထောန်နေဟူ ဒို့သားရဲ့ မိဆွေဟ့ာ ဒို့သားရဲ့သံဟို့ ကြားရဟူ ခီမာ ဝန်းသာလေဟုယ်။
အယ်မျိုးဘဲ့ ငါဟ့ာလည်း အယ်ဝန်းသာဇာလေန ပ့လဲ့ဝနေဟုယ်။
30 အယ်သခင်ဟ့ာ တိုးပွားရမယ်။ ငါဟ့ာ ဆုတ်ယုတ်ရမယ်" ဆိုဘီး ဖြေလေဟုယ်။

ကောန်းဂန်ဘောင်ဟုနေ ကြွလာဟူသခင်

31 ထတ်ဟုနေ ကြွလာဟူ သူဟ့ာ ဂူလောင်းထတ် ကီးမြတ်ဟုယ်။ မ့လေဂီးဟုနေ
ဖြစ်ဟူလူဟ့ာ မ့လေဂီးန ဆိုင်ဘီး မ့လေဂီးရာဟို့ ပြောဟုယ်။ အယ်ဘေမဲ့
ကောန်းဂန်ဘောင်ဟုနေ ကြွလာဟူ သခင်ဟ့ာ ဂူလောင်းထတ် ကီးမြတ်ဟုယ်။
32 ကိုယ်တော်ဟ့ာ ဗြင်ဟ့ား၊ ကြားဟ့ားဇာလေဟို့ ပြောဟုယ်။ အယ်ဘေမဲ့လည်း
ကိုယ်တော်ရဲ့ စကားတော်ဟို့ ဖယ်သူလည်း ထော့-က်ခံဂေ့ဟ့။
33 အယ်ဘေမဲ့ ကိုယ်တော်ရဲ့ စကားတော်လေဟို့ လတ်ခံဟူလူတိုင်းဟ့
ဘုရားသခင်ဟ့ာ သမ္မာတရားဖြစ်ဟုယ် ဆိုဇာဟို့ သိမှတ်ပြုလေဟုယ်။
34 ဘုရားသခင် စေလွှတ်လိုက်ဟူလူဟ့ာ ဘုရားသခင်ရဲ့ စကားတော်လေဟို့
ပြောဟုယ်။ ဖြားဖြစ်ကြောန်နူးဆိုဟ့ာ ဘုရားသခင်ဟ့ာ သူ့ရဲ့ ဝိညာဉ်တော်ဟို့
ပ့လဲ့ဝပေးလေဟုယ်။
35 ဖဟ့ာ သားတော်ဟို့ ရှစ်တော်မူဘီး တဂိုးအာဏာ ဂူလောင်းဟို့ သားတော်ရဲ့
လတ်ထဲမာ အပ်ပေးဟ့ားဟုယ်။
36 သားတော်ဟို့ ယောင်ကြည်ဟူ လူဟ့ာ ထာဝရသတ်ဟို့ ရဘီး သားတော်ဟို့
နားထောန်ဘဲဟူ လူဟ့ာ သတ်ဟို့ ရဘဲန ဘုရားသခင်ရဲ့ မျစ်ဒေါသအော့-က်မာ
နေရလေ့မယ်။

4

ယေရှုန ရှမာရိမီးမ

3:24 ခ.၂၄ မ ၁၄.၃; မာ ၆.၁၇; လု ၃.၁၉,၂၀ § **3:25 ခ.၂၅** ယုဒလူတယော့-က်၊ တချို့ မူရင်းလတ်ရေးမူလေမာ
ယုဒလူမျိုးတချို့၊ ဆိုဘီး ရှိဟုယ်။ **3:28 ခ.၂၈** ယော ၁.၂၀ **3:35 ခ.၃၅** မ ၁၁.၂၇; လု ၁၀.၂၂

1 ယေရှုဟာ ယောဟန်ထက် တမဲ့တော်လေဘောင်ဂီး ဖြစ်စေဘီး
ဗတ္တိဇံပေးနေဟုယ် ဆိုဇာဟို့ ဖာရိရှဲလေဟ့ ကြားဂေ့ဟုယ်။
2 တဂယ်ဒန်းဆိုဟာ ယေရှုကိုယ်တိုင်ဟ့ ဖယ်လူဟို့လည်း ဗတ္တိဇံပေးဟ့။
တမဲ့တော်လေဟုဘဲ့ ဗတ္တိဇံပေးဂေ့ဟုယ်။
3 အယ်ကြောန့် ယေရှုဟာ ယုဒနယ်ဟ့နေ ထွပ်ဟားဘီး ဂါလိလဲနယ်ဟို့
ပ့လန်ဟ့ားဘီး၊
4 ကိုယ်တော်ဟ့ ရှမာရိနယ်ဟို့ ဖြတ်ဘီးဟာ သွားရဟုယ်။
5 ယာကုပ်ဟ့ သူ့သားယောသပ်ဟို့ ပေးဟ့ားဟူ မ့လေပ့လန်နား ရှမာရိနယ်ထဲဟ့
ရှုခါနာမယ်ရှိဟူဖြို့ဟို့ ရော့-က်လာဟုယ်။
6 ယာကုပ်ရဲ့ ရေဒွမ်းဟာ အယ်နေရာမာရှိဟုယ်။ ယေရှုဟာ ခရီးပန်းကြောန့်
ရေဒွမ်းနားမာ ထိုင်နေဟုယ်။ အယ်ခီဟာ မွန်းဒဲ့ခီလည်းဖြစ်ဟုယ်။
7 ရှမာရိမီးမတယော့-က်ဟာ ရေခပ်ဟို့တွပ် ရော့-က်လာဟူ ခီမာ ယေရှုဟ့
“ငါသော့-က်ဟို့ ရေပေးပါ” ဆိုဘီး အယ်မီးမဟို့ ပြောဟုယ်။
8 (ကိုယ်တော်ရဲ့ တမဲ့တော်လေဟာ စားဇာဝယ်စားဟို့ ဖြို့ထဲဟို့ သွားဂေ့ဟ့ားဟုယ်။)
9 အယ်မီးမဟာ “သင်ဟ့ ယုဒမျိုးသားတယော့-က် ဖြစ်ဟုယ်။ ကျွန်မဟ့
ရှမာရိမျိုးသမီးတယော-က် ဖြစ်ဟုယ်။ ဖယ်မျိုးဖြစ်ကြောန့် ရေတောန်းသော့-က်ရနူး”
ဆိုဘီး မေးလေဟုယ်။ (ယုဒလူလေဟာ ရှမာရိလူလေ သောင်းပြုဟူ
စန်ဟန်းဇားလေဟို့ သောင်းပြုလေ့ မ့ေဟ့။)*
10 ယေရှုဟ့ “ဘုရားသခင်ရဲ့ လတ်ဆောန်န ငါသော့-က်ဟို့တွပ် ရေပေးပါ ဆိုဘီး
တောန်းဆိုနေဟူလူဟာ ဖယ်သူဖြစ်ဟုယ် ဆိုဇာဟို့ သိမယ် ဆိုဟာ နန်ဟာ
အယ်လူနားမာ တောန်းလေ့မယ်။ အယ်လူဟ့လည်း နန့်ဟို့ သတ်ရေဟို့ ပေးလေ့မယ်”
ဆိုဘီး ပြောလေဟုယ်။
11 အယ်မီးမဟ့ “ဆရာ၊ ဆရာမာ ရေခပ်ဟို့ အန်းဗေါင်းလည်း မ့ေဟ့။
ရေဒွမ်းဟ့လည်း ရရတိုင်း နတ်ဟုယ်။ ဖယ်နေရာဟ့နေ သတ်ရေဟို့ ရဟို့နူး။
12 အယ်ရေဒွမ်းဟာ ကျွန်မဟ့ားလေရဲ့ ဘိုးဘေးယာကုပ်ဟ့ ကျွန်မဟ့ားလေဟို့
ပေးဟ့ားဘီး သူကိုယ်တိုင်န သူ့ရဲ့သားမီးလေ၊ သိုးလေ၊ နွားလေ ဂူလောင်းဟာ
အယ်ရေဒွမ်းဟ့ ရေဟို့ သော့-က်ဟုယ်။ ကိုယ်တော်ဟ့ ကျွန်မဟ့ားလေရဲ့ ဘိုးဘေး
ယာကုပ်ထတ် ကီးမြတ်ကြောန့်လော” ဆိုဘီး ပြောလေဟုယ်။
13 ယေရှုဟ့ “အယ်ရေဟို့ သော့-က်ဟူလူလေဟ့ာ ပ့လန်ဘီး ရေငတ်လေ့အူးမယ်။
14 အယ်ဘေမဲ့ ငါပေးမယ့်ရေဟို့ သော့-က်ဟူလူလေဟ့ာ ပ့လန်ဘီး ရေငတ်လေ့မယ်
မူဟ့။ ငါပေးမယ့်ရေဟ့ာ သူးနို့ထဲမာ သတ်စမ်းရေဗော့-က် ဖြစ်ဟ့ားဘီး သူးနို့ဟို့
ထာဝရသတ်ဟို့ ပေးလေ့မယ်” ဆိုဘီး ပ့လန်ဖြေဟုယ်။

* **4:9** ၄.၉ ယုဒလူလေဟ့ာ ရှမာရိလူလေ သောင်းပြုဟူ စန်ဟန်းဇားလေဟို့ သောင်းပြုလေ့ မ့ေဟ့၊
အယ်မျိုးမူဘဲနေဟ့ာ ယုဒလူလေဟ့ာ ရှမာရိလူလေနတူးဒူ လောင်းဝ စားသော့-က်လေ့ မ့ေဟ့။

15 အယ်မီးမဟ့ “ဆရာ၊ အယ်ရေဟို့ ကျွန်မဟို့ ပေးပါ! အယ်ဆိုဟ့ ကျွန်မဟ့
ပ့လန်ဘီး ရေတ်ဟို့မူဘီ အယ်နေရာဟို့ လာဘီး ရေခပ်ဇာလည်း လိုဟ့မ်း” ဆိုဘီး
ပြောဟ့ယ်။

16 ယေရှုဟ့ “သွားဘီး နန့်လန်ဟို့ ခေါ်ဘီးဟ့ ပ့လန်လာပါ” ဆိုဘီး အယ်မီးမဟို့
ပ့လန်ပြောဟ့ယ်။

17 “ကျွန်မမာ လန်မ့ေဟ့” ဆိုဘီး အယ်မီးမဟ့ ဖြေဟ့ယ်။

ယေရှုဟ့ “နန့်မာ လန်မ့ေဟ့ ဆိုဘီး ပြောဇာဟ့ မှန်ဟ့ယ်။

18 နန့်မာ လန်ငါးယော့-က်ရှိဖူးဟ့ယ်။ ခု နန့်နတူးဒူနေဟ့ လန်ဟ့လည်း နန့်လန်စစ်စစ်
မူဟ့။ နန်ဟ့ာ ငါ့ဟို့ မှန်ဟ့ စကားဟို့ ပြောဟ့ယ်” ဆိုဘီး ပ့လန်ပြောလေဟ့ယ်။

19 “ဆရာ၊ ဆရာဟ့ာ ပရောဖက်ဖြစ်ဟ့ယ် ဆိုဇာဟို့ ကျွန်မသိဟ့ားဘီ။

20 ကျွန်မဟ့ားလေရဲ့ ဘိုးဘေလေဟ့ာ အယ်တောန်ထတ်မာ ဘုရားသခင်ဟို့
ကိုးကွယ်ဂ့ေဟ့ယ်။ အယ်ဘေမဲ့ ဆရာရဲ့ ယုဒလူလေဟ့ာ ယေရုရှလင်ဗြို့မာဘဲ့
ဘုရားသခင်ဟို့ ကိုးကွယ်ရမယ် ဆိုဘီး ပြောဂ့ေဟ့ယ်” ဆိုဘီး အယ်မီးမဟ့ ပြောဟ့ယ်။

21 ယေရှုဟ့ “ဝ့ေမီးမ၊ ငါ့ဟို့ ယောင်ကြည်ပါ။ အယ်တောန်ထတ်ဟို့ရော၊
ယေရုရှလင်ဗြို့ဟို့ရော လာဘဲန ဖဟို့ ကိုးကွယ်ရဟို့ခီ ရော့-က်လာလ့ေမယ်။

22 ကယ်တန်ရှင်းဟ့ာ ယုဒလူလေဟ့နေတဆင့် ရော့-က်လာဟ့ကြောန့်
နို့ယုဒလူလေဟ့ာ နို့လေကိုးကွယ်ဟ့ဇာဟို့ သိဟ့ယ်။ အယ်ဘေမဲ့ နန်းနို့ရှမာရိလူလေဟ့ာ
နန်းနို့ကိုးကွယ်ဇာဟို့ မှန်သိဂ့ေဟ့။

23 စစ်မှန်ဟ့ ကိုးကွယ်သူလေဟ့ာ ဝိညာဉ်နရော၊ သစ်စာနရော ဖဟို့
ကိုးကွယ်ရမယ့်ခီဟ့ာ ရော့-က်လာလ့ေမယ်။ အယ်ဘေမဲ့ ခုဘဲ့ရော့-က်နေဘီ။ အယ်မျိုး
ကိုးကွယ်သူလေဟို့ ဖဟ့ လိုရှင်ဟ့ယ်။

24 ဘုရားသခင်ဟ့ာ ဝိညာဉ်ဖြစ်ဟ့ကြောန့် ကိုယ်တော့်ဟို့ ကိုးကွယ်သူလေဟ့ာ
ဝိညာဉ်နရော၊ သမ္မာတရားနရော ကိုးကွယ်ရမယ်” ဆိုဘီး အယ်မီးမဟို့ ပြောလေဟ့ယ်။

25 အယ်မီးမဟ့ “ခရစ်တော် ဆိုဘီး ခေါ်ဟ့ မေရှိယကြွလာမယ် ဆိုဇာဟို့
ကျွန်မသိဟ့ယ်။ ကြွလာဟ့ ခီမာ ကျွန်မဟ့ားလေဟို့ ဂူလောင်း ပြောပြလ့ေမယ်” ဆိုဘီး
ကိုယ်တော့်ဟို့ လ့ျောက်ဟ့ယ်။

26 ယေရှုဟ့ “နန့်နတူးဒူ စကားပြောနေဟ့ ငါဟ့ာ မေရှိယဖြစ်ဟ့ယ်” ဆိုဘီး
မိန့်တော်မူလေဟ့ယ်။

27 အယ်ခီမာဘဲ့ ယေရှုရဲ့ တမဲ့တော်လေဟ့ာ ပ့လန်ရော့-က်လာဟ့ယ်။ ကိုယ်တော်ဟ့ာ
မီးမတယော့-က်န စကားပြောနေဇာဟို့ သူးနို့လေဟ့ာ တိွလိုက်ကြောန့် ရရာတိုင်း
အံ့သြဟ့ားဂ့ေဟ့ယ်။ အယ်ဘေမဲ့ “ဖြားဇာလိုရှင်ဟို့နူး” ဆိုဘီး အယ်မီးမဟို့
ဖယ်လူလည်းမေးဂ့ေဟ့။ “ဖြားဖြစ်ကြောန့် အယ်မီးမန စကားပြောနေရနူး”
ဆိုဘီးလည်း ကိုယ်တော့်ဟို့ ဖယ်လူလည်းမေးဂ့ေဟ့။

28 အယ်ဘီးန မီးမဟ့ာ ရေအိုးဟို့ ထားရစ်ဘီး ဗြို့ထဲဟို့ ပ့လန်ဟ့ားဘီးဟ့ာ

29 “ကျွန်မလောက်ဟုးဟူဇာလေ ဂူလောင်းဟို့ ပြောပြသူဟို့ လာဘီးကေ့ကေ့။
အယ်သူဟှာ မေရှိယဘဲ့လော” ဆိုဘီး လူလေဟို့ ပြောလေဟှယ်။
30 အယ်ကြောန့် သူးနို့လေဟှာ ဗြို့ထဲဟှထွပ်ဟှားဘီး ယေရှုနားဟို့ သွားဂေ့ဟှယ်။
31 အယ်ခီမာဘဲ့ တဗဲ့တော်လေဟှာ ယေရှုဟို့ “ဆရာ၊ တခုခုစားပါအူး!” ဆိုဘီး
တောန်းလျှော့-က်နေဂေ့ဟှယ်။
32 အယ်ဘေမဲ့ ယေရှုဟှ “နန်းနို့သိဘဲဟှူ စားဇာဟှာ ငါ့မာရှိဟှယ်” ဆိုဘီး
ဖြေလေဟှယ်။
33 အယ်ကြောန့် တဗဲ့တော်လေဟှ “ကိုယ်တော့်ဟို့ ယော့-က်ယော့-က်ဟှ
စားဇာလေဟို့ လာပို့ဟှားလော” ဆိုဘီး သူးနို့ရှင်းရှင်း စဘီးမေးနေဂေ့ဟှယ်။
34 ယေရှုဟှ “ငါ့ဟို့ စေလွတ်ဟူသူရဲ့ လိုတော်ဟို့ လိုက်နာဘီး သူလောက်ခိုင်းဟှားဟူ
လောက်ဟို့ ပီးအောန်လောက်ဇာဟှာ ငါ့စားဇာဖြစ်ဟှယ်။
35 နန်းနို့ဟှ ‘လေးလကြာဘီးန ရိသီးခီရော့-က်လေ့မယ်’ ဆိုဘီး ပြောဂေ့ဟှယ်။
အယ်ဘေမဲ့ နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ လဲမ့လန်လေဟို့ ကေ့လိုက်။ ခု ရိသီးဟို့
သီးနှံလေဟှာ မှည့်နေဘီ!
36 ရိသီးမားဟှာ ခဟို့ ယူဘီး ထာဝရသတ်တွပ် သီးနှံလေဟို့ စုသီးဟှယ်။
အယ်ကြောန့် စိုက်မားန ရိသီးမားလေဟှာ တူးဒူဝန်းသာဂေ့လေ့မယ်။
37 အယ်ကြောန့် ‘တယော့-က်ဟှ စိုက်ဟှယ်။ တယော့-က်ဟှ ရိသီးဟှယ်’ ဆိုဘီး
ပြောဟှားဇာဟှာ မှန်ဖြစ်ဟှားဘီ။
38 နန်းနို့စိုက်ဘဲဟှူ လဲမ့လန်မာ သီးနှံလေဟို့ ရိသီးဟို့ နန်းနို့ဟို့
ငါစေလွတ်လိုက်ဟှယ်။ တခြားလူလေဟှ လောက်ရဘီး နန်းနို့ဟှ ကျိုးခံစားရဟှယ်”
ဆိုဘီး သူးနို့ဟို့ ပြောလေဟှယ်။
39 အယ်မီးမဟှ “အယ်လူဟှာ ကျွန်မလောက်ဟှားဇာလေ ဂူလောင်းဟို့ ပြောပြဟှယ်”
ဆိုဘီး သတ်သေခံဟူကြောန့် အယ်ဗြို့မာရှိဟူ ရှမာရိလူလေ ဘောင်ဂီးဟှာ ယေရှုဟို့
ယောင်ကြည်ဟှားဂေ့ဟှယ်။
40 အယ်ကြောန့် ရှမာရိလူလေဟှာ ကိုယ်တော်နားဟို့ လာဟူ ခီမာ သူးနို့ဟှာ
ကိုယ်တော့်ဟို့ သူးနို့နတူးဒူနေဟို့ တောန်းလျှော့-က်ဂေ့ဟှယ်။ အယ်န ကိုယ်တော်ဟှာ
အယ်နေရာမာ နှေ့ရစ်နေလေဟှယ်။
41 လူလေဘောင်ဂီးဟှာ ကိုယ်တော်ရဲ့ တရားစကားကြောန့် ယောင်ကြည်လာဂေ့ဘီး
42 သူးနို့ဟှ “ခု နို့လေ ယောင်ကြည်ဟှားဇာဟှာ နန်ပြောကြောန့် မူဟှ။ အယ်ဘေမဲ့
နို့လေကိုယ်တိုင် ကိုယ်တော်ရဲ့ တရားစကားဟို့ ကြားဟို့ကြောန့် အယ်သူဟှာ လောကရဲ့
စစ်မှန်ဟူ ကယ်တန်ရှင် ဖြစ်ဟှယ် ဆိုဇာဟို့ နို့လေသိဟှားဘီ” ဆိုဘီး အယ်မီးမဟို့
ပြောပြဂေ့ဟှယ်။

ယေရှုဟှ ရာရှိရဲ့ သားတယော့-က်ဟို့ နာပျော့-က်စေကြောန်း

43 နှစ်ရစ်နေဘီးန ယေရှုဟှာ အယ်နေရာဟှနေ ထွပ်ဟှားဘီး ဂါလိလဲနယ်ဟို့
ကြွတော်မူလေဟှယ်။
44 ယေရှုကိုယ်တိုင်ဟှ "ပရောဖက်လေဟှာ သူးနို့ရဲ့ ဗြို့မာ လေးစားခံရဂေ့ဟှ" ဆိုဘီး
မိန့်တော်မူလေဟှယ်။
45 ကိုယ်တော်ဟှာ ဂါလိလဲနယ်ဟို့ ရော့-က်လာခီမာ လူလေဟှာ ကိုယ်တော့်ဟို့
ကြိုဆိုဂေ့ဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ယေရုရှလင်ဗြို့ဟှ ပသခါပွဲဟို့
သူးနို့ရော့-က်ဟှားဂေ့ဘီး အယ်ပွဲတော်မာ ကိုယ်တော် လောက်ဟူဇာလေ ဂူလောင်းဟို့
ဗြင်ဟှားဂေ့ဟှယ်။
46 အယ်ဘီးန ယေရှုဟှာ ရေဟှနေ ဝိုင်ဖြစ် ပ္ဟလောန်းလဲဟှားဟူ ဂါလိလဲနယ်
ကာနဗြို့ဟို့ ပ္ဟလန်ဟှားဟှယ်။ ကပေရနောင်ဗြို့ဟှ ရာရှိတယော့-က်ရဲ့ သားဟှာ
နေကောန်းဘဲဖြစ်နေဟှယ်။
47 ယုဒနယ်ဟှနေ ဂါလိလဲနယ်ဟို့ ယေရှုရော့-က်လာဟှယ် ဆိုဇာဟို့ အယ်ရာရှိဟှာ
ကြားဟှားခီမာ ကိုယ်တော်နားဟို့ သွားဘီး သေခါနီးဖြစ်နေဟူ သူ့သားရဲ့ နာဟို့
ပျော့-က်စေဟို့တွပ် တောန်းလျော့-က်လေဟှယ်။
48 ယေရှုဟှ "နန်းနို့ဟှာ အံ့သြဘွယ်ရာလေန နိမိတ်လတ်ခဇာလေဟို့ ဗြင်ရဘဲ
ဆိုဟှာ ယောင်ကြည်ဂေ့ဟို့ မှုဟှ" ဆိုဘီး သူ့ဟို့ ပြောလေဟှယ်။
49 ရာရှိဟှ "ဆရာ၊ ကျွန်တော့်သား သေခန် ကျွန်တော်နတူးဒူ လိုက်ပါ" ဆိုဘီး
ပ္ဟလန်လျော့-က်လေဟှယ်။
50 ယေရှုဟှ "သွားလိုက်ပါ။ နန်ရဲ့သား သတ်ရှင်ဟှားလေ့မယ်" ဆိုဘီး သူ့ဟို့
ပြောလေဟှယ်။
အယ်လူဟှာ ယေရှုရဲ့ စကားတော်ဟို့ ယောင်ကြည်ဘီး သွားလိုက်ဟှယ်။
51 အီပ္ဟလန်လမ်းမာ သူ့ရဲ့ စေခံလေဟှ သူ့ဟို့ တွိဟူခီမာ "သခင်ရဲ့သားဟှာ
သတ်ရှင်ဟှားဘီ!" ဆိုဘီး ပြောဂေ့ဟှယ်။
52 သူဟှာ သူ့ရဲ့သား နာပျော့-က်ဟှားခီဟို့ စေခံလေဟို့ မေးဟူခီမာ သူးနို့လေဟှ
"နတ်ကီးမွန်းဒဲ့ တနာရီမာ နာပျော့-က်ဟှားဟှယ်" ဆိုဘီး ဖြေဂေ့လေဟှယ်။
53 အယ်ခီဟှာ "နန်ရဲ့သား သတ်ရှင်ဟှားဘီ" ဆိုဘီး ယေရှုပြောလိုက်ဟူ ခီဖြစ်ဟှယ်
ဆိုဇာဟို့ ဖဟှာ ဒီရဟှားလေဟှယ်။ အယ်ကြောန့် သူ့နှ သူ့ရဲ့အီသား ဂူလောင်းဟှာ
ယောင်ကြည်ဂေ့ဟှယ်။
54 အယ်မူဇာဟှာ ယုဒနယ်ဟှနေ ဂါလိလဲနယ်ဟို့ ရော့-က်လာဘီးန ယေရှုလောက်ဟူ
ဒုတိယ နိမိတ်လတ်ခဇာ ဖြစ်ဟှယ်။

5

ရေကန်နားမာ ကျန်းမာစေဟူကြောန်း

4:44 ၄.၄၄ မ ၁၃.၅၇; မာ ၆.၄; လု ၄.၂၄ 4:45 ၄.၄၅ ယော ၂.၂၃ 4:46 ၄.၄၆ ယော ၂.၁-၁၁

1 အယ်ဘီးန ယုဒလူလေရဲ့ ဘာသာရေးပွဲတော် ရှိဟူကြောန့် ယေရှုဟှာ
ယေရုရှလင်ဗြို့ဟှိ သွားလေဟှယ်။
2 ယေရုရှလင်ဗြို့ သိုးခွဇော့-က်နားမာ မုခ်ဦးဆောန် ငါးဆောန်ရှိဟူ
ရေကန်တကန်ရှိဟှယ်။* ဟေဗြဲစကားန မေသေဇာသ † ဆိုဘီး ခေါ်ဟှယ်။
3 အယ်မုခ်ဦးဆောန်လေထဲမာ မျစ်စိကန်းဟူလူ၊ ခေသန်ဘဲဟူလူန
လေဖြတ်ဟူလူလေ ဘောင်ဂီးဟှာ လဲ့လျောင်းနေဂေ့ဟှယ်။
4 ‡
5 အယ်နေရာမာ သောင်းဆယ်ရှစ်နှစ် လောင်းလောင်း နာဇားနေဟူ လူတယော့-က်
ရှိဟှယ်။
6 လဲ့လျောင်းနေဟူ အယ်လူဟို့ ယေရှုဟှ ဗြင်လိုက်ဘီး ခီကြာဂီး နာဇားနေရဟှယ်
ဆိုဇာဟို့ သိဟူကြောန့် ကိုယ်တော်ဟှ “နန့်အနာပျော့-က်ရှင်လော” ဆိုဘီး သူ့ဟို့
မေးလေဟှယ်။
7 နာဇားနေဟူလူဟှ “ဆရာ၊ ရေဟို့ လာမ္မီဟူ ခီမာ ကျွန်တော့်ဟို့ ရေကန်ထဲဟို့
ခ့လပေးဟို့လူ မ့ေဟှ။ ကျွန်တော်ဟှာ ရေကန်ထဲဟို့ ဆင်းဟို့လောက်နေဒူးမာ
တခြားတယော့-က်ဟှ ဦးဆောင်းဆင်းဟှားလေဟှယ်” ဆိုဘီး ဖြေလေဟှယ်။
8 ယေရှုဟှ “ထဒန်၊ နန့်ထမ်းစင်ဟို့ ကော့-က်ဘီးဟှာ လမ်းရှော့-က်ဟှားလိုက်”
ဆိုဘီး သူ့ဟို့ ပြောလေဟှယ်။
9 အယ်လူဟှာ ရှင်းရှင်းဘဲ့ နာပျော့-က်ဟှားဘီး သူ့အိယာဟို့ ကော့-က်ဘီး
လမ်းရှော့-က်ဟှားဟှယ်။
အယ်မျိုးဖြစ်ဟှားဟူ နေ့ဟှာ ဒန်းနေ့ဖြစ်ဟှယ်။
10 အယ်ကြောန့် ယုဒအာဏာပိုင်လေဟှာ “အယ်နေ့ဟှာ ဒန်းနေ့ဖြစ်ဟှယ်။ နန်ဟှာ
နန့်ရဲ့အိယာဟို့ ကော့-က်နေဇာဟှာ နို့လေရဲ့ ပညတ်တော်ဟို့ ဆန့်ကျင်နေဇာဘဲ့” ဆိုဘီး
နာပျော့-က်ဟှားဟူ လူဟို့ ပြောဂေ့ဟှယ်။
11 သူဟှ “ကျွန်တော့်ဟို့ ကျွန်းမာစေဟူလူဟှ အိယာကော့-က်ဘီးဟှာ
လမ်းရှော့-က်ဟှားလိုက် ဆိုဘီး ကျွန်တော့်ဟို့ ပြောဟှယ်” ဆိုဘီး ပ့လန်ဖြေလေဟှယ်။
12 သူးနို့ဟှ “နန့်ဟို့ အယ်မျိုးလောက်ဟို့ ပြောဟူလူဟှ ဖယ်သူနူး” ဆိုဘီး သူ့ဟို့
မေးဂေ့ဟှယ်။
13 အယ်ဘေမဲ့ နာပျော့-က်ဟှားဟူလူဟှ အယ်မျိုး လောက်ခိုင်းဟူလူဟှာ
ယေရှုဖြစ်ဟှယ် ဆိုဇာဟို့ သိဂေ့ဟှ။ အယ်နေရာမာ လူအောက်ဂီးရှိနေဟူကြောန့်
ယေရှုဟှလည်း တိတိဟှား ထွပ်ဟှားလေဟှယ်။

---

* **5:2** **၅.၂** ယေရုရှလင်ဗြို့ သိုးခွဇော့-က်နားမာ မုခ်ဦးဆောန် ငါးဆောန်ရှိဟူ ရေကန်တကန်ရှိဟှယ်၊ အယ်မျိုးမူဘဲနေဟှာ သိုးရေကန်နားမာ သိုးခွဇော့-က်ရှိဟှယ်။ † **5:2** **၅.၂** ဗေသေဇာသ၊ တချို့ မူရင်းလတ်ရေးမူမာ ဗေသေသဒ၊ ဆိုဘီး ရှိဟှယ်။ ‡ **5:4** **၅.၄** တချို့ မူရင်းလတ်ရေးမူမာ ခန်းငယ် ၃ခ-၄ ဟို့၊ သူးနို့ဟှာ ရေလောက်ရှားဇာဟို့ စောန့်နေဟှယ်၊ ၄ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ရဲ့ ကောန်းကန်တမန်ဟှာ တခါတလေမာ ရေကန်ထဲဟို့ ဆင်းလာဘီး ရေဟို့ မ့ီလေဟှယ်။ ရေဟို့ မ့ီးဟှားဘီးန ရေကန်ထဲဟို့ ဦးဆောင်းဆင်းနိုင်ဟူလူဟှာ ရောဂါပျော့-က်ဟှားဟှယ်၊ ဆိုဘီး ထပ်ပေါန်းထဲ့ဟှားဟှယ်။

14 အယ်ဘီးန ယေရှုဟှာ သူ့ဟို့ ဗိမာန်တော်ထဲမာ တွိဟူ ခီမာ “နားထောန်၊ နန်ဟှာ ခု
နာပျော့-က်ဟှားဘီ အယ်ကြောန့် ပြစ်လောက်ဇာလေဟို့ ရပ်လိုက် အယ်မျိုးမှုဘဲနေဟှာ
အယ်ထတ်ဆိုးဇာလေဟှာ နန့်မာ ဖြစ်လေ့မယ်” ဆိုဘီး ပြောလေဟှယ်။
15 အယ်ဘီးန အယ်လူဟှာ ထွပ်ဟှားဘီး သူ့ဟို့ နာပျော့-က်စေဟူလူဟှာ
ယေရှုဖြစ်ဟှယ် ဆိုဘီး ယုဒအာဏာပိုင်လေဟို့ ပြောပြလိုက်ဟှယ်။
16 အယ်ကြောန့် ဒန်းနေ့မာ အယ်မျိုး နာပျော့-က်အောန် လောက်ပေးကြောန့်
ယုဒခေါန်းဆောန်လေဟှာ ယေရှုဟို့ စဘီးဟှာ ညှဉ်းဆဲဂေ့ဟှယ်။
17 ယေရှုဟှာ “ငါ့ဖဟှာ မြဲဒမ်း လောက်လောက်ဟူကြောန့် ငါလည်း
လောက်လောက်ဟှယ်” ဆိုဘီး သူးနို့ဟို့ ပ့လန်ဖြေလေဟှယ်။
18 အယ်မျိုးပြောလိုက်ကြောန့် ယုဒအာဏာပိုင်လေ ဂူလောင်းဟှာ ကိုယ်တော့်ဟို့
သတ်ဟို့ ပိုဘီး ကြိုးစားဂေ့ဟှယ်။ ဖြာဖြစ်ကြောန့်နူးဆိုဟှာ ယေရှုဟှာ ဒန်းနေ့ဟို့
ခ့လိုးဖော့-က်ဟှယ်။ ဘုရားသခင်ဟို့ မိမိရဲ့ဖ ဆိုဘီး ခေါ်ဟှယ်။ သူ့ကိုယ်သူ
ဘုရားသခင်န တတန်းဒဲထားဟှယ်။

သားတော်ရဲ့ ခွမ့်အာဏာ

19 အယ်ကြောန့် ယေရှုဟှ “နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ သားတော်ဟှာ သူ့လိုလို
ဖြားလည်းလောက်နိုင်ဟှ။ ဖလောက်ဟူ ဇာလေဟို့ ဗြင်ဟူအတိုင်းဘဲ့
လောက်ဇာဖြစ်ဟှယ်။ ဖလောက်ဟူမျိုး သားတော်ဟှလည်း လောက်ဂေ့ဟှယ်။
20 ဖဟှ သားတော်ဟို့ ရှစ်ဟူကြောန့် ဖကိုယ်တိုင် လောက်နေဇာလေ ဂူလောင်းဟို့
သားတော်ဟို့ ပြဟှယ်။ အယ်မူဇာထတ် ရရာတိုင်း ကီးဟူဇာလေဟို့ လောက်ဟို့ ဖဟှ
သားတော်ဟို့ ပြအူးမယ်။ အယ်ဆိုဟှာ နန်းနို့ဂူလောင်းဟှာ အံ့ဩဟှားလေ့မယ်။
21 ဖဟှာ လူသေလေဟို့ ထမြော့-က်စေဘီး ပ့လန်ရှင်စေမျိုးဘဲ့ သားတော်ဟှာလည်း
မိမိလိုရှင်ဟူ လူလေဟို့ ပ့လန်ရှင်စေမယ်။
22 ဖဟှာ ဖယ်လူဟို့လည်း တရားစီရင်ဟှ။ ဖဟှာ သားတော်ဟို့ တရားစီရင်ခွမ့်
ဂူလောင်းဟို့ ပေးအပ်ဟှားဟှယ်။
23 အယ်ကြောန့် လူလေ ဂူလောင်းဟှာ ဖဟို့ ရိုသေမျိုးဘဲ့ သားတော်ဟို့လည်း
ရိုသေရမယ်။ သားတော်ဟို့ ရိုသေဟှ ဆိုဟှာ သားတော်ဟို့ စေလွှတ်ဟူ ဖဟို့လည်း
ရိုသေဟှ။”
24 “နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ငါ့စကားတော်လေဟို့ ကြားဘီး ငါ့ဟို့ စေလွှတ်ဟူ
ဖဟို့ ယောင်ကြည်ဟူလူဟှာ ထာဝရသတ်ရမယ်။ သူးနို့ဟှာ တရားစီရင်ခံရဘဲန
သေရာဟှနေ သတ်ရှင်ရာဟို့ ကူးဟှားဘီဖြစ်ဟှယ်။
25 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ လူသေလေဟှာ ဘုရားသခင်သားတော်ရဲ့ သံဟို့
ကြားရဟို့ခီဟှာ ရော့-က်နေဘီ။ အယ်ခီဟှာ ရော့-က်နေဘီ သားတော်ရဲ့ သံဟို့
ကြားရဟူ လူလေဟှာ သတ်ရှင်ရလေ့မယ်။
26 ဖကိုယ်တိုင်ဟှာ သတ်ရဲ့ ရင်းမြစ်ဖြစ်ဟူမျိုးဘဲ့ သားတော်ဟို့လည်း သတ်ရဲ့
ရင်းမြစ်ဖြစ်စေဟှယ်။

27 သားတော်ဟာ လူ့ရဲ့သားဖြစ်ဟူကြောင့် တရားစီရင်ခွင့်ဟို အပ်ပေးလေဟုယ်။
28 အယ်မူဇာဟို အံ့သြဂေ့နေ။ သန်းခုလိုင်းထဲဟု လူသေလေ ဂူလောင်းဟာ
သားတော်ရဲ့ သံဟို ကြားရဟို့ ခီရော့-က်လာနေဘီ
29 အယ်ဘီးဟာ သူးနို့ရဲ့ သန်းခုလိုင်းထဲဟု ထွပ်ရမယ်။ ကောန်းဇာလောက်ဟူ
လူလေဟာ ထမြော့-က်ဘီး သတ်ရှင်လေ့မယ်။ ကောန်းဘဲဇာလောက်ဟူ လူလေဟာ
ထမြော့-က်ဘီး ပြစ်စီရင်ခံရမယ်။

ယေရှုကြောန်း သတ်သေခံသူလေ

30 “ငါဟာ ငါ့ရဲ့ ခွမ့်အာဏာန ဖြားလည်းလောက်နိုင်ဟု။ ငါဟာ ဘုရားသခင်
ပြောဟားတိုင်းဘဲ့ တရားစီရင်ဟုယ်။ အယ်ကြောန့် ငါ့ရဲ့ တရားစီရင်ဇာဟာ မှန်ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါရဲ့ လိုတိုင်းလောက်ဟု။ ငါ့ဟို့ စေလွတ်ဟူ ဖရဲ့ လိုတိုင်းဘဲ့
လောက်ဟုယ်။
31 “ငါဟာ ငါ့ရဲ့ကြောန်းဟို့ သတ်သေခံမယ် ဆိုဟာ ငါ့ရဲ့ သတ်သေခံချစ်ဟာ
မှန်ဖြစ်ဟို့ မူဟု။
32 အယ်ဘေမဲ့ ငါ့ကြောန်းဟို့ သတ်သေခံပေးမယ့် လူတယော့-က် ရှိဟုယ်။
အယ်လူပြောဟူ ငါ့ကြောန်းဟာ မှန်ဖြစ်ဟုယ် ဆိုဇာဟို့ ငါသိဟုယ်။
33 နန်းနို့ဟာ ယောဟန်နားဟို့ တမန်လေဟို့ စေလွတ်ဟုယ်။ သူဟာ သမ္မာတရားဟို့
သတ်သေခံဟုယ်။
34 လူရဲ့သတ်သေခံချစ်ဟို့ ငါခံယူဇာ မူဟု။ နန်းနို့ကယ်တန်ခံရဟို့တွပ် အယ်မျိုး
ငါပြောဟုယ်။
35 ယောဟန်ဟာ တော့-က်လောန်ဘီး လန်းနေဟူ မီးအီနတူဟုယ်။ နန်းနို့ဟာ သူ့ရဲ့
လန်းရောန်ထဲမာ ရှစ်ဟားဘဲ့ ပျော်ဟို့ ဆန္ဒရှိဂေ့ဟုယ်။
36 အယ်ဘေမဲ့ ယောဟန်ရဲ့ သတ်သေထတ် ကီးမြတ်ဟူ သတ်သေဟာ ငါ့မာရှိဟုယ်။
ငါ့ဖဟု ငါ့ဟို့ ပေးအပ်ဟူ ဇာလေဟို့ ခု ငါပြီးမြော့-က်အောန် လောက်ဆောန်နေဇာဟာ
ငါ့ဟို့ ငါ့ဖဟု စေလွတ်ဟုယ် ဆိုဇာဟို့ သတ်သေခံနေဟုယ်။
37 ငါ့ဟို့ စေလွတ်ဟူ ဖဟုလည်းဘဲ့ ငါ့ကြောန်းဟို့ သတ်သေခံဟုယ်။ နန်းနို့ဟာ ဖရဲ့
သံတော်ဟို့ ကြားဖူးဂေ့ဟု။ မျစ်နှာတော်ဟို့လည်း မြင်ဖူးဂေ့ဟု၊
38 အယ်ဘီးဟာ ဖစေလွတ်ဟူလူဟို့ ယောင်ကြည်ဘဲကြောန့် စကားတော်ဟာ နန်းနို့ရဲ့
စိန္နလောင်းထဲမာ မွေ့ဟု။
39 နန်းနို့ဟာ ထာဝရသတ်ဟို့ တွိလေ့မယ် ထန်ဘီး ကျမ်းစာလေဟို့ လေ့လာဂေ့ဟုယ်။
အယ်ကျမ်းစာလေဟု ငါ့ကြောန်းဟို့ သတ်သေခံဟုးဟုယ်!
40 အယ်ဘေမဲ့ နန်းနို့ဟာ သတ်ရဟို့တွပ် ငါ့နားဟို့ လာရှင်ဟူ ဆန္ဒ မွေ့ဟု။
41 “ငါဟာ လူလေရဲ့ ချီးမွမ်းဇာဟို့ ရှာဟု။

5:33 **၅.၃၃** ယော ၁.၁၉-၂၇; ၃.၂၇-၃၀ **5:37** **၅.၃၇** မ ၃.၁၇; မာ ၁.၁၁; လု ၃.၂၂

42 အယ်ဘေမဲ့ နန်းနို့ဟာ ဖြားမျိုးလူဇားလေ ဖြစ်ဟုယ် ဆိုဇာဟို့ ငါသိဟုယ်။ နန်းနို့မာ
ဘုရားသခင်ဟို့ ရှစ်ဟူ နှလောင်းသားမွေ့ဟု ဆိုဇာဟို့လည်း ငါသိဟုယ်။
43 ငါဟာ ငါ့ဖရဲ့ ခွမ့်အာဏာန ရော့-က်လာဟုယ်။ အယ်ဘေမဲ့ နန်းနို့ဟု ငါ့ဟို့
လတ်ခံဂေ့ဟု။ အယ်ဘေမဲ့လည်း တခြားလူတယော့-က်ဟာ သူ့ကိုယ်ပိုင်ခွမ့်အာဏာန
ရော့-က်လာမယ် ဆိုဟာ နန်းနို့လတ်ခံလေ့မယ်။
44 နန်းနို့ဟာ ယော့-က်နယော့-က် ချီးမွမ်းခံရဇာဟို့ဘဲ့ ကြိုက်ဂေ့ဟုယ်။ အယ်ဘေမဲ့
တပါးဒဲရှိဟူ ဘုရားသခင်နားဟု ချီးမွမ်းခံရဟို့ ကြိုးစားဂေ့ဘဲဟူ နန်းနို့လေဟာ ငါ့ဟို့
ဖယ်မျိုး ယောင်ကြည်နိုင်ဂေ့မယ်နူး။
45 အယ်ဘီးဟာ ငါဟ နန်းနို့ဟို့ ငါ့ဖရှေ့မာ စွပ်စွဲလေ့မယ် ဆိုဇာဟို့ ထန်ဂေ့န။
နန်းနို့ဟို့ စွပ်စွဲမယ့်လူဟ နန်းနို့ မျော်လင့်အားကိုးဟူ မောရှေဘဲ့ဖြစ်ဟုယ်။
46 မောရှေဟာ ငါ့ကြောန်းဟို့ ရေးဟာ်းဟူကြောန့် နန်းနို့ဟာ မောရှေဟို့
ယောင်ကြည်ဟုယ် ဆိုဟာ ငါ့ဟို့လည်း ယောင်ကြည်ဂေ့လေ့မယ်။
47 အယ်ဘေမဲ့ မောရှေရေးဟာ်းဟူ ကျမ်းစာလေဟို့မှ ယောင်ကြည်ဟ ဆိုဟာ
ငါ့စကားတော်လေဟို့လည်း ဖယ်မျိုး ယောင်ကြည်နိုင်ဟို့နူး။”

6

ယေရှုဟ လူငါးထောန်ဟို့ ကျွေးမွေးတော်မူဟူကြောန်း
(မဿဲ ၁၄.၁၃-၂၁; မာကု ၆.၃၀-၄၄; လုကာ ၉.၁၀-၁၇)

1 အယ်ဘီးန ယေရှုဟာ ဂါလိလဲအိုင်ဟို့ ကူးတော်မူဟုယ်။ တိဗေရိအိုင် ဆိုဘီးလည်း
ခေါဂေ့ဟုယ်။
2 လူနာလေဟို့ နာပျော့-က်စေတော်မူဟူ နိမိတ်လတ်ခဇာလေဟို့
မြင်ဟာ်းဘီးကြောန့် လူအောက်ဂီးဟာ နော့-က်ဟို့ လိုက်ဂေ့ဟုယ်။
3 ယေရှုဟာ တောန်ထတ်ဟို့ တတ်ဟာ်းဘီး တဗဲတော်လေနတူးဒူ ထိုင်ဂေ့ဟုယ်။
4 ခုခီဟာ ယုဒလူလေရဲ့ ပသခါပွဲတော် နီးကပ်လာဟုယ်။
5 ယေရှုဟာ ပတ်စစ်မွိကေ့လိုက်ဟူ ခီမာ သူနားဟို့ လူအောက်ဂီးလာနေဇာဟို့
မြင်ဟာ်းဟုယ်။ အယ်ကြောန့် ဖိလိပ့ပုဟို့ “အယ်လူလေဟို့ ကျွေးဟို့စားဇ ဖယ်နေရာမာ
ဝယ်ရမယ်နူး” ဆိုဘီး မေးတော်မူလေဟုယ်။
6 ကိုယ်တော်ဟာ ဖိလိပ့ပုဟို့ စမ်းသပ်ဟို့တွပ် မေးလိုက်ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ကိုယ်တော်ဟ ဖြားဇာလောက်ရမယ် ဆိုဇာဟို့
သိတော်မူဟာ်းပီးဘီ။
7 ဖိလိပ့ပုဟ “သူးနို့ဟာ စားဇာဒစ်သားစီ စားရဟို့တွပ် ငွေဒန်းဂါး*လေ ၂၀၀ ထတ်
ပိုမှဘဲ့ လော့-က်အောန်ဝယ်နိုင်မယ်” ဆိုဘီး ပ့လန်လျော့-က်လေဟုယ်။
8 တဗဲတော်လေထဲဟ တယော့-က်ဖြစ်ဟူ ရှိမုန်ပေတရုရဲ့ညီ အန့ဒြေဟ့၊

* **6:7 ၆.၇ ငွေဒန်းဂါး၊** ငွေဒန်းဂါးတယ်လားဟ့ ကျေးဝါမာနေဟူ လောက်သမား တယော့-က်ရဲ့ တနေ့လောက်အားခ ဖြစ်ဟုယ် (ရှု မ ၂၀.၂)။

9 “အယ်နေရာမာ မုယောမုငါးလောင်းန ငါးနှေ့ကောန်ရှိဟ္ဟု
ကောန်သားတယော့-က်ရှိဟုယ်။ အယ်ဘေမဲ့ အယ်မုန ငါးလေဟုာ
အယ်လူလေဘောင်ဂီးတွပ် လောင်းဝလော့-က်ဟို့ မူဟု” ဆိုဘီး လျှော့-က်လေဟုယ်။

10 ယေရှုဟု “လူလေဟို့ ထိုင်ခိုင်းလိုက်” ဆိုဘီး မိန့်တော်မူဟုယ်။ အယ်နေရာမာ
ဗြစ်ပ္လန်လေ ရှိဟုယ်။ အယ်ကြောန့် ၅,၀၀၀ လော့-က်ရှိဟ္ဟု ယော့-က်ကျားလေဟုာ
ထိုင်ဂေ့ဟုယ်။

11 ယေရှုဟုာ မုဟို့ယူဘီးဟုာ ဘုရားသခင်ဟို့ ကျေးဇူးတော် ချီးမွမ်းဘီးန ထိုင်နေဟ္ဟု
လူလေဟို့ ဝီပေးလိုက်ဟုယ်။ အယ်မျိုးဘဲ့ ငါးဟို့လည်း သူးန့်စားရှင်မျိုးစား† ဂေ့ဟို့တွပ်
ဝီပေးလေဟုယ်။

12 သူးန့်လေ ဂူလောင်းဟုာ ဗိုက်ဝဟုားဟ္ဟု ခီမာ ကိုယ်တော်ဟု တဗဲ့တော်လေဟို့
“တခုလည်း ပစ်စလတ်ခတ် ဖြစ်ဘဲနေအောန် ကျန်နေဟ္ဟု ပိုင်းစလေဟို့ စုသီးဂေ့”
ဆိုဘီး ပြောဟုယ်။

13 အယ်ကြောန့် တဗဲ့တော်လေဟုာ စုသီးလိုက်ဟ္ဟု ခီမာ လူလေစားဟုားဟ္ဟု
မုယောမုငါးလောင်းန ငါးနှေ့ကောန်ဟုနေ ကျန်နေဟ္ဟု ပိုင်းစလေဟုာ
ဆယ့်နှေ့တောန်းပ္လဲ့ ရဂေ့ဟုယ်။

14 အယ်နေရာမာရှိဟ္ဟု လူလေဟုာ ယေရှုလောက်ဟ္ဟု အယ်နိမိတ်လတ်ခဏာဟို့
ဗြင်ဘီး “အယ်လူဟုာ လောကဟို့ ရော့-က်လာမယ့် ပရောဖက်‡ စစ်မှန်ဖြစ်ဟုယ်”
ဆိုဘီး ပြောဂေ့ဟုယ်။

15 သူးန့်ဟုာ မိမိဟို့ တင်းကြပ်ခေါ်ဆောန်ဟုားဘီးဟုာ မန်းဂီးလောက်ခိုင်းဟို့
ကြံနေဂေ့ဟုယ် ဆိုဇာဟို့ ယေရှုသိတော်မူကြောန့် နော့-က်တခါ တောန်ထတ်ဟို့
တယော့-က်ဒဲ ထွပ်ဟုားဟုယ်။

ယေရှု ရေထတ်မာ လမ်းရှော့-က်ကြောန်း
(မဿဲ ၁၄.၂၂-၃၃; မာကု ၆.၄၅-၅၂)

16 နေဒန်ဇာရော့-က်လာခီမာ ယေရှုရဲ့ တဗဲ့တော်လေဟုာ ဂါလိလဲအိုင်ထဲဟို့
ဆင်းဟုားဘီး၊

17 လှေထတ်ဟို့ တတ်ဘီး၊ အိုင်ဟို့ ဖြတ်ဘီး ကပေရနောင်ဗြို့ဟို့ ပ္လန်ဟုားဂေ့ဟုယ်။
ညဉ့်ခန်းဇာရော့-က်လာလည်း ယေရှုဟုာ သူးန့်နားဟို့ ရော့-က်လာသေးဟု။

18 အယ်ခီမာ လေပြင်းတိုက်လာဘီး လှိုင်းကီးလာဟုယ်။

19 အယ်ဘီးန တဗဲ့တော်လေဟုာ သောင်းလေးမိုင်လော့-က် လှော်ခတ်ဘီးခီမာ
ယေရှုဟုာ ရေထတ်မာ လမ်းရှော့-က်ဘီးဟုာ လှေနားဟို့ လာနေဇာဟို့ ဗြင်ဟုားဘီး
ကြော့-က်လန့်ဟုားဂေ့ဟုယ်။

20 ယေရှုဟု “ကြော့-က်ဂေ့န။ ငါဘဲ့ဖြစ်ဟုယ်” ဆိုဘီး သူးန့်ဟို့ မိန့်တော်မူလေဟုယ်။

---

† **6:11 ၆.၁၁** သူးန့်လေဟုာ ဗိုက်ပွဲ့အောန် စားဂေ့ဟုယ်။ ‡ **6:14 ၆.၁၄ ပရောဖက်၊** ရှု ၁.၂၁။

21 အယ်ဘီးန သူးန့်ဟှာ ဝန်းသာအားရန ကိုယ်တော့်ဟှိ လှေထတ်ဟှိ ဆွဲဒန်ဘီးန
လှေဟှာ သူးန့်သွားမယ့် ကမ်းခြေဟှိ ရှင်းရှင်းဘဲ့ ရော့-က်ဟှားဟှယ်။

ယေရှုဟှိ လူလေ လိုက်ရှာဟှူကြောန်း

22 နတ်ကီးတိုင်ရော့-က်မှ အိုင်တဖတ်မာနေဟှားဟှူ လူအောက်ဂီးဟှာ အယ်နေရာမာ
လှေတစင်းဘဲ့ရှိနေဇာဟှိ ဒိထားမိဂေ့ဟှယ်။ အယ်လှေထဲမာ ယေရှုဟှာ
တဗဲ့တော်လေနတူးဒူ လိုက်ဟှားဘဲ့ခန တဗဲ့တော်လေဘဲ့ ထွပ်ဟှားဇာဟှိ သူးန့်ဟှာ
သိဟှားဂေ့ဟှယ်။

23 တိဗေရိဗြိ့ဟှ တခြားလှေလေဟှာ သခင်ဘုရား ကျေးဇူးတော် ချီးမွမ်းဘီးန
လူအောက်ဂီး မုစားဟှားဟှူ ကမ်းခြေနီးဟှိ ရော့-က်လာဂေ့ဟှယ်။

24 လူအောက်ဂီးဟှာ အယ်နေရာမာ ယေရှုန တဗဲ့တော်လေရှိဟှ ဆိုဇာဟှိ သိဟှားဟှူ
ခီမာ အယ်လှေလေထဲဟှိ ဝမ်ဘီးန ကိုယ်တော့်ဟှိ ရှာဟှိ့တွပ် ကပေရနောင်ဗြိ့ဟှိ
သွားဂေ့ဟှယ်။

သတ်မုဖြစ်ဟှူ ယေရှု

25 အိုင်တဖတ်ကမ်းမာ ကိုယ်တော့်ဟှိ လူလေတွိဟှူ ခီမာ သူးန့်ဟှ "ဆရာ၊
အယ်နေရာဟှိ ဖယ်ခီဒူးဟှ ရော့-က်လာနူး" ဆိုဘီး ကိုယ်တော့်ဟှိ
မေးလှော့-က်လေဟှယ်။

26 ယေရှုဟှ "နန်းန့်ဟှိ ငါ မှန်တိုင်းပြောမယ်၊ နန်းန့် ငါ့ဟှိ လိုက်ရှာနေဇာဟှာ ငါ့ရဲ့
နိမိတ်လတ်ခဏာလေဟှိ နားလည်ဟှူကြောန် မှူဟှ။ နန်းန့်ဟှာ မုဟှိ
စားရှင်မျိုးစားရကြောန် ဖြစ်ဟှယ်။

27 ပုပ်ပျစ်တတ်ဟှူ စာတွပ် လောက်ဘဲန ထာဝရသတ်တွပ် တည်မြဲဟှူ စာဟှိ
လောက်ဂေ့။ အယ်မူဇာဟှာ လူရဲ့သားဟှ နန်းန့်ဟှိ ပေးမယ့် စာဖြစ်ဟှယ်။
ဖြားဖြစ်ကြောန်နူးဆိုဟှာ ဖဘုရားသခင်ဟှာ လူရဲ့သားဟှိ ဇိခတ်ဟှားတော်မူဟှယ်"
ဆိုဘီး ဖြေတော်မူလေဟှယ်။

28 အယ်ကြောန် သူးန့်ဟှ "ကျွန်တော့်ဟှားလေဟှာ ဘုရားသခင် လိုရှင်ဟှူ လောက်ဟှိ
လောက်ဟှိ့တွပ် ကျွန်တော့်ဟှားလေဟှ ဖြားဇာ လောက်ရဟှိ့နူး" ဆိုဘီး ကိုယ်တော့်ဟှိ
မေးလှော့-က်ဂေ့ဟှယ်။

29 ယေရှုဟှ "ဘုရားသခင် လောက်စေရှင်ဟှူဇာဟှ ဘုရားသခင် စေလွတ်လိုက်ဟှူ
သူဟှိ ယောင်ကြည်ဟှိ့ဘဲ့ ဖြစ်ဟှယ်" ဆိုဘီး ဖြေတော်မူဟှယ်။

30 သူးန့်ဟှ "အယ်ဆိုဟှာ ကျွန်တော့်ဟှားလေ ဗြင်ဘီး ကိုယ်တော့်ဟှိ
ယောင်ကြည်ဟှိ့တွပ် ဖယ်မျိုး နိမိတ်လတ်ခဏာဟှိ ကိုယ်တော်ဟှ လောက်ပြမယ်နူး။
ကိုယ်တော်ဟှ ဖယ်မျိုး လောက်ပေးမယ်နူး။

31 'ကိုယ်တော်ဟှာ ကောန်းဂန်ဟှ မုဟှိ သူးန့်စားဟှိ့ ပေးတော်မူဟှယ်' ဆိုဘီး
ကျမ်းစာမာ ရေးဟှားမျိုးဘဲ့ ကျွန်တော့်ဟှားလေရဲ့ ဘိုးဘေးလေဟှ ကန္တာရမာ မန္နမုဟှိ
စားဂေ့ဟှယ်" ဆိုဘီး ပ့လန်ဖြေဂေ့ဟှယ်။

32 ယေရှုဟု “နှန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ကောန်းဂန်ဟု မုဟို့ နှန်းနို့ဟို့ ပေးဟူ
သူဟု မောရှေ့ မုဟု။§ ငါ့ဖဟု ကောန်းဂန်ဟုနေ စစ်မှန်ဟူ မုဟို့ နှန်းနို့ဟို့
ပေးတော်မူဟုယ်။
33 ဘုရားသခင်ပေးဟူ မုဟု ကောန်းဂန်ဟုနေ ဆင်းလာဘီး လောကသားလေဟို့
သတ်ပေးဟူ သူဖြစ်ဟုယ်” ဆိုဘီး မိန့်တော်မူဟုယ်။
34 သူးနို့ဟု “သခင်၊ အယ်မုဟို့ ကျွန်တော့်ဟုားလေဟို့ မြဲဒမ်း ပေးပါ” ဆိုဘီး
တောန်းလျှော့-က်ဂေ့ဟုယ်။
35 ယေရှုဟု “ငါဟု သတ်မု ဖြစ်ဟုယ်။ ငါ့နားဟို့ လာဟူလူလေဟု လောင်းဝ
ငတ်မွတ်လေ့မယ် မူဟု။ ငါ့ဟို့ ယောင်ကြည်ဟူ လူလေဟုာလည်း လောင်းဝ
ရေငတ်လေ့မယ် မူဟု။
36 ခု နှန်းနို့ဟု ငါ့ဟို့ ဖြင်နေဘေမဲ့ ယောင်ကြည်လေ့ဟို့ မူဟု ဆိုဇာဟို့ နှန်းနို့ဟို့
ငါပြောဟုားဟုယ်။
37 ငါ့ဖဟု ငါ့ဟို့ ပေးဟုားဟူ လူတိုင်းဟု ငါ့နားဟို့ လာလေ့မယ်။ ငါ့နားလာဟူလူဟို့
ငါဟု လောင်းဝ ပစ်ပယ်ဟို့ မူဟု၊
38 ဖြားဖြစ်ကြောန့်နူးဆိုဟု ငါဟု ငါလိုရှင်ဟူတိုင်း လောက်ဟို့မူဘဲ ငါ့ဟို့
စေလွတ်ဟူ သူရဲ့ လိုရှင်ဟူတိုင်း လောက်ဟို့တွပ် ကောန်းဂန်ဟုနေ ဆင်းလာဟုယ်။
39 ငါ့ဟို့ စေလွတ်ဟူ သူရဲ့ လိုတော်ဟု ငါ့ဟို့ ပေးအပ်ဟုားဟူ လူလေ ဂူလောင်း
ဆောင်းရှောင်းစေဘဲန နော့-က်ဆောင်းနေ့မာ သူးနို့လေ ဂူလောင်းဟု
ရှင်ပ့လန်ထမြော့-က်စေဟို့တွပ် ဖြစ်ဟုယ်။
40 ငါ့ဖလိုရှင်ဇာဟု သားတော်ဟို့ ဖြင်ဘီး ယောင်ကြည်လာဟူ လူလေဂူလောင်းဟု
ထာဝရသတ်ရဟို့ဖြစ်ဟုယ်။ ငါဟုလည်း နော့-က်ဆောင်းနေ့မာ သူးနို့ဟို့
ရှင်ပ့လန်ထမြော့-က်စေမယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
41 ကိုယ်တော်ဟု “ငါဟု ကောန်းဂန်ဟုနေ ဆင်းလာဟူ မုဖြစ်ဟုယ်” ဆိုဘီး
မိန့်တော်မူလိုက်ဟူကြောန့် ယုဒလူလေဟုာ ကိုယ်တော်ကြောန်းဟို့ စဘီးဟု
ဝေဖန်ဂေ့ဟုယ်။
42 အယ်ကြောန့် သူးနို့ဟု “အယ်လူဟု ယောသပ်ရဲ့သား ယေရှု မူဟုလော။
နို့လေဟု သူရဲ့ မိဖဟို့ သိဟုယ်။ အယ်ဆိုဟု သူဟု ကောန်းဂန်ဟုနေ ဆင်းလာဟုယ်
ဆိုဘီး ဖယ်မျိုးဖြစ်ကြောန့် ပြောနေရနူး” ဆိုဘီး ပြောနေဂေ့ဟုယ်။
43 ယေရှုဟု “နှန်းနို့ရှင်းရှင်းထဲမာ ဝေဖန်နေဇာဟို့ ရပ်ဂေ့။
44 ငါ့ဟို့ စေလွတ်ဟူ ဖဟု သူးနို့ဟို့ ဆွဲခေါ်ဟု ဆိုဟု လူလေဟု ငါ့နားဟို့
လာနိုင်ဂေ့ဟု။ ငါ့နားဟို့ လာဟူလူလေဟို့ နော့-က်ဆောင်းနေ့မာ ငါဟု
ရှင်ပ့လန်ထမြော့-က်စေမယ်။

§ **6:32 ၆.၃၂** နှန်းနို့ဟို့ ပေးဟူ သူဟု မောရှေ့ မုဟု၊ အယ်မျိုးမူဘဲနေဟု နှန်းနို့ဟို့ မောရှေ့ပေးဇာ မူဟု။

45 ပရောဖက်ကျမ်းလေမာ ‘လူတိုင်းဟာ ဘုရားသခင်အားဖြင့် သွန်သင်ပေးဇာဟို့
ခံရလေ့မယ်’ ဆိုဘီး ရေးဟားဟုယ်။ ဖနားဟ ကြားရဘီး သန်ယူဟူ ဖယ်သူမဆို
ငါ့နားဟို့ လာဂေ့ဟုယ်။
46 အယ်မျိုးဆိုဟာ ယော့-က်ယော့-က်ဟ ဖဟို့ မြင်ဖူးဟုယ် ဆိုဘီး ပြောရှင်ဇာ
မူဟု။ ဘုရားသခင်နားဟနေ ရော့-က်လာဟူသူ တယော့-က်ဘဲ့ ဖဟို့ မြင်ဖူးဟုယ်။
47 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ငါ့ဟို့ ယောင်ကြည်ဟူ လူဟာ ထာဝရသတ်ဟို့
ရဟုယ်။
48 ငါဟာ သတ်မု ဖြစ်ဟုယ်။
49 နန်းနို့ရဲ့ ဘိုးဘေလေဟာ ကန္တာရထဲမာ မန္နမုဟို့ စားရဘေမဲ့လည်း
သေဟားဂေ့ဟုယ်။
50 အယ်ဘေမဲ့ အယ်မုဟာ ကောန်းဂန်ဟနေ ဆင်းလာဟူကြောန့် စားဟူလူတိုင်းဟာ
သေရလေ့ဟို့ မူဟု။
51 ငါဟာ ကောန်းဂန်ဟနေ ဆင်းလာဟူ သတ်မု ဖြစ်ဟုယ်။ နန်းနို့ဟာ အယ်မုဟို့
စားမယ် ဆိုဟာ ထာဝရသတ်ရှင် လေ့မယ်။ လောကသားလေ သတ်ရှင်နိုင်ဟို့တွပ်
ငါပေးဟူ မုဟာ ငါ့ရဲ့သား ဖြစ်ဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
52 အယ်န ယုဒလူလေဟု “အယ်လူဟု သူ့ရဲ့သားဟို့ နို့လေစားဟို့
ဖယ်မျိုးပေးနိုင်မယ်နူး” ဆိုဘီး သူးနို့ရှင်းရှင်းဟာ စဘီး ဂြင်းဂေ့လေဟုယ်။
53 ယေရှုဟု “နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ နန်းနို့ဟာ လူ့သားရဲ့ သားဟို့ စားဟု။
သူ့ရဲ့သွီးဟို့ သော့-က်ဟ ဆိုဟာ နန်းနို့ရဲ့ထဲမာ သတ်မှေ့ဟို့ မူဟု။
54 ငါ့သားဟို့ စားဘီး ငါ့သွီးဟို့ သော့-က်ဟူသူလေဟာ ထာဝရသတ်ဟို့ ရဟုယ်။
ငါဟာ သူးနို့ဟို့ နော့-က်ဆောင်းနေ့မာ ရှင်ပ့လန်ထမြော့-က်စေမယ်။
55 ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါ့သားဟာ စစ်မှန်ဟူ စားဇာဖြစ်ဘီး ငါ့ရဲ့ သွီးဟာ
စစ်မှန်ဟူ သော့-က်ဇာဖြစ်ဟုယ်။
56 ငါ့ရဲ့ သားဟို့ စားဘီး ငါ့သွီးဟို့ သော့-က်ဟူ လူလေဟာ ငါ့ရဲ့ ထဲမာ
သတ်ရှင်နေဟုယ်။ ငါဟာလည်း သူးနို့ရဲ့ ထဲမာ သတ်ရှင်နေဟုယ်။
57 သတ်ရှင်ဟူ ဖဟု ငါ့ဟို့ စေလွတ်တော်မူဘီး ငါဟာလည်း ဖအားဖြင့်
သတ်ရှင်ဟုယ်။ အယ်မျိုးဘဲ့ ငါ့ဟို့ စားဟူ လူတိုင်းဟာလည်း ငါ့အားဖြင့်
သတ်ရှင်ရလေ့မယ်။
58 အယ်မျိုးဆိုဟာ အယ်မုဟ ကောန်းဂန်ဟနေ ဆင်းလာဟူ မုဖြစ်ဟုယ်။ နန်းနို့
ဘိုးဘေးလေဟာ မန္နမုဟို့ စားဘီး သေဟားဂေ့ဟုယ်။ အယ်ဘေမဲ့ အယ်မုဟို့ စားဟူ
လူတိုင်းဟာ ထာဝရ သတ်ရှင်လေ့မယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။
59 ယေရှုဟာ ကပေရနောင်ဗြို့ဟ ဝါလယ်ဇရပ်မာ သွန်သင်ပေးဒူးဟ
အယ်မူဇာလေဟို့ မိန့်တော်မူလေဟုယ်။

ထာဝရသတ်နဆိုင်ဟူ စကားတော်လေ

60 ကိုယ်တော်ရဲ့ တပဲ့တော်လေ ဘောင်ဂီးဟာ အယ်မူဇာဟို့ ကြားဘီးန “အယ်မျိုး
သွန်သင်ဇာဟာ ရရာတိုင်း ခတ်ဟာယ်။ အယ်မူဇာဟို့ ဖယ်လူဟ နားထောန်နိုင်ဟို့နူး”
ဆိုဘီး ပြောဂေ့ဟာယ်။
61 တပဲ့တော်လေဟာ အယ်ကြောန်းရာဟို့ ဝေဖန်နေဂေ့ဟာယ် ဆိုဇာဟို့ ယေရှုဟ
လိုလိုသိနေဟာယ်။ အယ်ကြောန့် ကိုယ်တော်ဟ “အယ်စကားကြောန့် နန်းနို့
စိပျစ်ဟားဘီလော။
62 အယ်ဆိုဟာ လူ့ရဲ့သားဟ ရင်းရင်ဒူးဟ နေရာဟို့ ပ့လန်တတ်ကြွဇာဟို့ နန်းနို့လေ
ဖြင်ရမယ် ဆိုဟာ ဖယ်မျိုးထန်ဂေ့မယ်နူး။
63 ဘုရားသခင်ရဲ့ ဝိညာဉ်ဟ သတ်ဟို့ ပေးဟာယ်။ လူ့ရဲ့ တဂိုးဟာ လောင်းဝ
သောင်းဇားဟို့ ရဟု။ နန်းနို့ဟို့ ငါပြောဟူ စကားလေဟာ သတ်ပေးဟူ ဘုရားသခင်ရဲ့
ဝိညာဉ်တော်န ဆိုင်ဟယ်။
64 နန်းနို့ထဲဟ တချို့ဟာ ခုထိ ယောင်ကြည်ဂေ့ဟ” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူဟာယ်။
ဖယ်လူလေဟ ယောင်ကြည်ဂေ့ဟ။ ဖယ်လူဟ မိမိဟို့ သစ်စာဖော့-က်မယ် ဆိုဇာဟို့
ယေရှုဟာ စစဒူးဟ သိနေဟာယ်။
65 အယ်ဘီးန ကိုယ်တော်ဟ “အယ်ကြောန်းကြောန့် ဖဟ ခွမ့်ပေးဟ ဆိုဟာ
ဖယ်လူလည်း ငါ့နားဟို့ လာဂေ့ဟို့ မူဟ ဆိုဘီး နန်းနို့ဟို့ ငါပြောဟားဟယ်” ဆိုဘီး
မိန့်တော်မူလေဟာယ်။
66 အယ်ခီဟစဘီး ယေရှုရဲ့ တပဲ့တော်လေဘောင်ဂီးဟာ လှည့်ပ့လန်ဟားဘီး
နော့-က်ထပ် ကိုယ်တော်နတူးဒူ လိုက်ဂေ့ဟမ်း။
67 အယ်ကြောန့် ယေရှုဟ တပဲ့တော်ဆယ့်နှေ့ပါးဟို့ “နန်းနို့လည်း
ထွပ်ဟားရှင်ဂေ့လော” ဆိုဘီး မေးတော်မူလေဟာယ်။
68 ရှိမုန်ပေတရုဟာ ကိုယ်တော့်ဟို့ “သခင်၊ ကျွန်တော့်ဟားလေဟ ဖယ်လူနားဟို့
သွားရဂေ့ဟို့နူး။ ထာဝရသတ်နဆိုင်ဟူ စကားတော်လေဟ ကိုယ်တော်မာဘဲ့ရှိဟာယ်။
69 အယ်ဘီးဟာ ကိုယ်တော်ဟာ ဘုရားသခင်နားဟနေ ကြွလာဟူ
သန့်ရှင်းသူဖြစ်ဟာယ် ဆိုဇာဟို့ ခု ကျွန်တော့်ဟားလေ ယောင်ကြည်ဘီး သိဂေ့ဟာယ်”
ဆိုဘီး ဖြေတော်မူလေဟာယ်။
70 ယေရှုဟ “နန်းနို့ဆယ့်နှေ့ပါးဟို့ ငါဝီးကော့-က်ဟားဟာယ် မူဟာလော။ အယ်ဘေမဲ့
နန်းနို့ထဲဟ တယော့-က်ဟာ နတ်ဆိုးဖြစ်ဟာယ်!” ဆိုဘီး ပ့လန်မိန့်တော်မူလိုက်ဟာယ်။
71 ကိုယ်တော်ဟ ရှိမုန်ရှကာရုတ်ရဲ့သား ယုဒကြောန်းဟို့ ပြောနေဇာဖြစ်ဟာယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ယုဒဟာ တပဲ့တော်ဆယ့်နှေ့ပါးထဲဟ တပါးဖြစ်ဘေမဲ့လည်း
ကိုယ်တော့်ဟို့ သစ်စာဖော့-က်မယ့်လူဖြစ်ဟာယ်။

7

ယေရှုန သူညီလေကြောန်း

6:68 **၆.၆၈** မ ၁၆.၁၆; မာ ၈.၂၉; လု ၉.၂၀

1 အယ်ဘီးန ယေရှုဟှာ ဂါလိလဲနယ်ဟို့ လှည့်လည်တော်မူလေဟှယ်။
အယ်နေရာမာရှိဟူ ယုဒအာဏာပိုင်လေဟှာ ကိုယ်တော့်ဟို့ သတ်ဟို့ရှာနေဂေ့ဟူကြောန့်
ယုဒနယ်ဟို့ သွားရှင်ဟှမ်း။
2 ယုဒလူလေရဲ့ သစ်ခတ်တဲပွဲ နီးလာဟူ ခီမာ၊
3 ယေရှုရဲ့ ညီလေဟှာ ကိုယ်တော့်ဟို့ "နို့နောန် လောက်နေဇာလေဟို့ နို့နောန်ရဲ့
တဗဲ့တော်လေ ဗြင်ရဟို့တွပ် အယ်နေရာဟှ ထွပ်ဟှားဘီးဟှာ ယုဒနယ်ဟို့ သွားပါ။
4 ပေါ်ရှင်ဟူလူလေဟှာ သူးနို့ဖြားဇာဘဲ့လောက်လောက် လှည့်ဝုက်ဘီးလောက်ဂေ့ဟှ။
နို့နောန်ဟှာ အယ်မူဇာလေဟို့ လောက်မယ် ဆိုဟှာ နို့နောန်ကြောန်းဟို့
တလောကလောင်း သိစေပါ!" ဆိုဘီး ပြောဂေ့ဟှယ်။
5 ကိုယ်တော်ရဲ့ ညီလေဟို့မှ ကိုယ်တော့်ဟို့ ယောင်ကြည်ဂေ့ဟှ။
6 ယေရှုဟှာ သူးနို့ဟို့ "ငါ့ခီရော့-က်သေးဟှ။ နန်းနို့တွပ် ခီတိုင်းဟှာ
ဆင်သင့်ဖြစ်ဟှယ်။
7 လောကသားလေဟှာ နန်းနို့ဟို့ မူးဂေ့ဟှ။ အယ်ဘေမဲ့ ငါ့ဟို့ မူးဂေ့ဟှယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူးနို့ရဲ့ ကျင့်လေဟှ ဆိုးညစ်ဟှယ် ဆိုဘီး ငါဟှ
သတ်သေခံဟှယ်။
8 နန်းနို့ အယ်ပွဲတော်ဟို့ သွားဂေ့။ ငါ့ခီပ့လဲဇောင်သေးဘဲဟူကြောန့် အယ်ပွဲတော်ဟို့
ငါသွားဟှ"* ဆိုဘီး မိန့်တော်မူလေဟှယ်။
9 အယ်မျိုးပြောဘီးန ကိုယ်တော်ဟှာ ဂါလိလဲနယ်မာဘဲ့ ဆစ်ဘီးနေလေဟှယ်။

ယေရှုဟှာ တဲတော်ပွဲဟို့ ကြွတော်မူဟူကြောန်း

10 ကိုယ်တော်ရဲ့ ညီလေဟှာ ပွဲတော်ဟို့ သွားလိုက်ဘီးန ယေရှုဟှလည်း တိတိဟှား
လိုက်ဟှားဟှယ်။
11 ယုဒအာဏာပိုင်လေဟှာ အယ်ပွဲတော်မာ ကိုယ်တော့်ဟို့ ရှာဂေ့ဟှယ်။ သူးနို့ဟှ
"အယ်လူဟှာ ဖယ်မာနူး" ဆိုဘီး မေးဟှယ်။
12 လူအောက်ဂီးထဲမာ ကိုယ်တော်ကြောန်းဟို့ တီးတိုးပြောနေဂေ့ဟှယ်။ လူတချို့ဟှ
"အယ်လူဟှာ လူကောန်း ဖြစ်ဟှယ်" ဆိုဘီး ပြောဂေ့ဟှယ်။ လူတချို့ဟှ "မှုဟှ။
အယ်လူဟှာ လူလေဟို့ လှည့်ဇားနေဟှယ်" ဆိုဘီး ပြောဂေ့ဟှယ်။
13 အယ်ဘေမဲ့ သူးနို့ဟှာ ယုဒ အာဏာပိုင်လေဟို့ ကြော့-က်ဂေ့ဟူကြောန့်
ဖယ်လူလည်း ကိုယ်တော်ကြောန်းဟို့ ပွမ့်ပွမ့်လန်းလန်းဟှား ပြောဂေ့ဟှ။
14 ပွဲတော်ကာလခီဟှာ တဝပ်ကျော်လာဟူ ခီမာ ယေရှုဟှာ ဗိမာန်တော်ဟို့
သွားဘီးဟှာ စဘီးသွန်သန်လေဟှယ်။
15 ယုဒအာဏာပိုင်လေဟှာ ရရာတိုင်း အံ့ဩဟှားဘီး "အယ်လူဟှာ ပညာသန်ဖူးဘဲ့န
အယ်ပညာလေ ဘောင်ဂီးဟို့ ဖယ်မျိုးသိနေရနူး" ဆိုဘီး မေးဂေ့ဟှယ်။

---

* **7:8** **၇.၈** ငါသွားဟှ၊ တချို့ မူရင်းလတ်ရေးမူလေမာ ငါသွားဟို့မူသေးဟှ၊ ဆိုဘီး ရှိဟှယ်။

16 ယေရှုဟု “ငါ့သွန်သင်ချစ်ဟုဟာ ငါ့ရဲ့ကိုယ်ပိုင် သွန်သင်ချစ် မှုဟု။ အယ်ဘေမဲ့
ငါ့ဟို့စေလွတ်ဟူ ဘုရားသခင်ရဲ့ သွန်သင်ချစ်ဖြစ်ဟုယ်။
17 ဖယ်လူဘဲ့ဖြစ်ဖြစ် ဘုရားသခင်ရဲ့ လိုတော်ဟို့ လောက်ရှင်ဟူ ဆန္ဒရှိမယ် ဆိုဟုဟာ
ငါ့သွန်သင်ချစ်ဟု ဘုရားသခင်နားဟုလာဇာလော၊ အယ်မျိုးမှုဘဲနေဟုဟာ
ငါ့ရဲ့ကိုယ်ပိုင်ခွမ့်အာဏာန ပြောနေဇာလော ဆိုဇာဟို့ သိလေ့မယ်။
18 သူးနို့ရဲ့ ကိုယ်ပိုင် ခွမ့်အာဏာန ပြောဟူလူလေဟုဟာ သူးနို့တွပ်
ဖောင်းသရေတော်ဟို့ဘဲ့ ရှာဂေ့ဟုယ်။ အယ်ဘေမဲ့ သူ့ဟို့ စေလွတ်ဟူသူရဲ့
ဖောင်းသရေတော်ဟို့ ရှာဟူလူဟုဟာ ဖြောန့်မှန်ဟူလူဖြစ်ဘီး သူ့မာ လီညာဇာ မ့ေဟု။
19 မောရှေဟု နန်းနို့ဟို့ ပညတ်တရားဟို့ ပေးဟုားဟုယ် မှုဟုလော။ အယ်ဘေမဲ့
နန်းနို့ထဲမာ အယ်ပညတ်တရားဟို့ နားထောန်ဟူလူ ယော့-က်လည်း မ့ေဟု။
ဖြားဖြစ်ကြောန့် ငါ့ဟို့ သတ်ဟို့ကြိုးစားနေဂေ့နူး” ဆိုဘီး မိန့်တော်မူလေဟုယ်။
20 လူအောက်ဂီးဟု “နန့်ထဲမာ နတ်ဆိုးတကောန် ရှိဟုယ်! ဖယ်လူဟု နန့်ဟို့ သတ်ဟို့
ကြိုးစားနေဂေ့နူး” ဆိုဘီး ပ့လန်ပြောလေဟုယ်။
21 ယေရှုဟု “နိမိတ်လတ်ခဏာတခုဟို့ ငါလောက်ဟူ ခီမာ နန်းနို့ဂူလောင်းဟု
အံ့သြဟုားဟုယ်။
22 မောရှေဟု နန်းနို့ရဲ့ သားလေဟို့ ရေဖျားလှီးဟို့ နန်းနို့ဟို့ ခိုင်းဟုားဟူကြောန့်
အယ်မူဇာဟို့ မောရှေဟု စပြုဟုားဇာ မှုဟု။ နန်းနို့ရဲ့ ဘိုးဘေးလေဟု စဟုားဟုယ်
နန်းနို့ဟုာ ဒန်းနေ့မာလည်း သားဂန်းဟုားဟို့ ရေဖျားလှီးပေးဟုယ်။
23 မောရှေရဲ့ ပညတ်တရားဟို့ ခ့လိုးဖော့-က်ရာရော့-က်ဘဲအောန်
သားဂန်းတယော့-က်ဟို့ ဒန်းနေ့မာ ရေဖျားလှီးပေးဟုယ် ဆိုဟုဟာ ငါဟုာ ဒန်းနေ့မာ
လူတယော့-က်ဟို့ ကျန်းမာစေဟူကြောန့် နန်းနို့ဟုာ ငါ့ဟို့ ဖြားဖြစ်ဟို့ မျစ်ဖြစ်ရနူး။
24 ပြင်ပလတ်ခဏာအားဖြင့် စီရင်ဂေ့ဘဲန မှန်းမှန်ကန်းကန်ဟုား စီရင်ဂေ့” ဆိုဘီး
မိန့်တော်မူလေဟုယ်။

အယ်လူဟုာ မေရှိယဘဲ့လော

25 ယေရုရှလင်ဗြို့သားတချို့ဟု “အယ်လူဟို့ အာဏာပိုင်လေဟု သတ်ဟို့
ရှာနေဂေ့ဟုယ် မှုဟုလော။
26 ကေ့ကေ့! အယ်လူဟုာ လူဘောင်လယ်မာ ဟောပြောနေဇာဟို့ အာဏာပိုင်လေဟုာ
တားဂေ့ဟုမား! အယ်လူဟုာ မေရှိယဖြစ်ဟုယ် ဆိုဇာဟို့ သူးနို့ဟုာ မှန်တိုင်း
သိဟုားဘီလော။
27 အယ်ဘေမဲ့ မေရှိယကြွလာဟူ ခီမာ ဖယ်နေရာဟုနေ လာဟုယ် ဆိုဇာဟို့
ဖယ်သူလည်း သိဂေ့ဟု။ အယ်လူဟုာ ဖယ်ဟုလာဟုယ် ဆိုဇာဟို့ နို့လေအားလောင်း
သိဂေ့ဟုယ်” ဆိုဘီး ပြောဂေ့ဟုယ်။
28 ယေရှုဟု ဗိမာန်တော်ထဲမာ သွန်သန်ဟူ ခီမာ သံက့လယ်ဂီးန “နန်းနို့ဟု ငါ့ဟို့
တကယ်သိဘဲ့လော။ ငါဟုာ ဖယ်ဟုလာဟုယ် ဆိုဇာဟို့ သိဘဲ့လော။ ငါဟုာ ငါ့ရဲ့ ဆန္ဒန

7:23 ဥ.၂၃ ယော ၅.၉

လာဇာ မှုဟု။ အယ်ဘေမဲ့ ငါ့ဟို့ စေလွှတ်ဟူ လူဟာ သစ်စာန ပုလဲဇောင်လေဟုယ်။
နန်းနို့ဟာ သူ့ဟို့ သိဂေ့ဟု၊
29 အယ်ဘေမဲ့ ငါဟာ သူ့ဟို့ သိဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါဟာ
သူနားဟုနေလာဘီး သူဟ ငါ့ဟို့ စေလွှတ်လိုက်ဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
30 အယ်ကြောန့် သူးနို့ဟ ကိုယ်တော့်ဟို့ ဖမ်းဟို့ ကြိုးစားဘေမဲ့ ကိုယ်တော်ရဲ့ခီ
ရော့-က်သေးဘဲဟူကြောန့် ဖယ်သူလည်း ကိုယ်တော့်ဟို့ ဖမ်းဂေ့ဟု။
31 အယ်ဘေမဲ့ လူအောက်ထဲဟ များစုဟာ ကိုယ်တော့်ဟို့ ယောင်ကြည်ဂေ့ဘီး
“မေရှိယ ရော့-က်လာဟူ ခီမာ အယ်လူလောက်ဇာလေထတ် ပိုများဟူ
နိမိတ်လတ်ခဏာလေဟို့ ပြုတော်မူဟို့လော” ဆိုဘီး မေးဂေ့ဟုယ်။

ယေရှုဟို့ ဖမ်းဟို့တွပ် စောန့်လေဟို့ စေလွှတ်ကြောန်း

32 ယေရှုကြောန်းဟို့ လူအောက်ဂီးဟ တီးတိုးပြောနေဇာလေဟို့ ဖာရိရှဲလေ
ကြားဟူကြောန့် ယဇ်ပုရောဟိတ်ဂီးလေန ဖာရိရှဲလေဟာ ကိုယ်တော့်ဟို့ ဖမ်းဟို့တွပ်
စောန့်တချို့ဟို့ စေလွှတ်ဂေ့ဟုယ်။
33 ယေရှုဟ “ငါဟာ နန်းနို့နတူးဒူ ရှစ်ဟားနေဘီးဟာ ငါ့ဟို့ စေလွှတ်တော်မူဟူ
သူနားဟို့ သွားရမယ်။
34 နန်းနို့ဟာ ငါ့ဟို့ ရှာဘေမဲ့ တွိဟို့ မှုဟု။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါရှိဟူ နေရာဟို့
နန်းနို့လာနိုင်ဂေ့ဟ” ဆိုဘီး မိန့်တော်မူလေဟုယ်။
35 ယုဒအာဏာပိုင်လေဟ “နို့လေရှာတွိဘဲအောန် သူဟ ဖယ်နေရာဟို့ သွားဟို့နူး။
နို့လူမျိုးလေနေဟူ လူမျိုးခြားလေနေဟူ ဗြို့ဟို့ သွားဘီး လူမျိုးခြားလေဟို့
သွန်သန်ဟို့လော။
36 နို့လေဟာ သူ့ဟို့ လိုက်ရှာဘေမဲ့ ရှာတွိဟို့ မှုဟု။ သူရှိဟူ နေရာဟို့ နို့လေ လာနိုင်ဟို့
မှုဟ ဆိုဘီး ပြောဇာဟ ဖြားဓိပါယ်နူး” ဆိုဘီး ရှင်းရှင်း ပြောနေဂေ့ဟုယ်။

သတ်ပေးဟူ ရေခဲလောန်း

37 ပွဲတော်ရဲ့ ရေးကီးဆောင်းနေ့ဖြစ်ဟူ နော့-က်ဆောင်းနေ့မာ ယေရှုဟာ
ထရပ်ဘီးဟာ “ရေတစ်ဟူ လူဟာ ငါ့နားဟို့ လာဘီး သော့က်ဂေ့ပါ။
38 ငါ့ဟို့ ယောင်ကြည်ဟူ လူတိုင်းဟာ သော့-က်ရမယ်။ ကျမ်းစာမာ ပြောဟားမျိုးဘဲ့
‘သတ်ဟို့ပေးဟူ ရေခဲလောန်းဟာ သူ့ရဲ့ နှလောင်းထဲဟုနေ စီးထွပ်လာလေ့မယ်’”†
ဆိုဘီး သံကလယ်ဂီး မိန့်တော်မူလေဟုယ်။
39 ကိုယ်တော့်ဟို့ ယောင်ကြည်ဟူ လူလေဟာ လတ်ခံရရှိမယ့်
ဝိညာဉ်တော်ကြောန်းဟို့ မိန့်တော်မူလေဟုယ်။ ယေရှုဟာ ဖောင်းသရေတော်
ထန်ရှားဟို့တွပ် ထမြော့-က်ရသေးဘဲကြောန့် ဝိညာဉ်တော်ဟို့ ပေးတော်မူသေးဟု။

လူလေထဲမာ စိဝန်းကွဲဟူားကြောန်း

† **7:38** **၇.၃၈** ခန်းငယ် ၃၇-၃၈ ထဲဟ ယေရှုရဲ့ စကားလေဟို့ “သတ်ရေထွပ်ဟူ စမ်းရေဒွမ်း ဖြစ်လေ့မယ်။
၃၈ ကျမ်းစာမာ ပြောဟူားမျိုးဘဲ့ ‘သတ်ဟို့ပေးဟူ ရေခဲလောန်းဟာ သူ့ရဲ့ နှလောင်းထဲဟုနေ စီးထွပ်လာလေ့မယ်၊’”
ဆိုဘီး ဘာသာပွန်ဟူားဟုယ်။

40 လူအောက်ထဲမာ တချို့ဟာ ကိုယ်တော်ရဲ့ စကားလေဟို့ ကြားရဘီးန
“အယ်လူဟာ ပရောဖက်‡ စစ်မှန် ဖြစ်ဟုယ်!” ဆိုဘီး ပြောဂေ့ဟုယ်။
41 တချို့ဟာလည်း “အယ်လူဟာ မေရှိယ ဖြစ်ဟုယ်!” ဆိုဘီး ပြောဂေ့ဟုယ်။
အယ်ဘေမဲ့ တချို့ဟာ “မေရှိယဟာ ဂါလိလဲနယ်ဟာနေ ပေါ်ထွပ်လာဟို့ မူဟာ!
42 မေရှိယဟာ ဒါဝိဒ်မန်းဂီးရဲ့ မှလေးမှလစ်ဖြစ်ဘီး ဒါဝိဒ်နေဖူးဟူ ဗက်လင်ဗြို့မာ
မီးမယ် ဆိုဘီး ကျမ်းစာဟာ ပြောဟာ်းဟုယ်” ဆိုဘီး ပြောဂေ့ဟုယ်။
43 အယ်ကြောန့် ယေရှုကြောန့် လူအောက်ထဲမာ စိဝန်းကွဲဟာ်းဂေ့ဟုယ်။
44 တချို့ဟာ ကိုယ်တော့်ဟို့ ဖမ်းရှင်ဘေမဲ့ ဖယ်လူလည်း ကိုယ်တော့်ဟို့
ဖမ်းဆီးဂေ့ဟာ။

ယောင်ကြည်ဘဲဟူ ယုဒအာဏာပိုင်လေကြောန်း

45 စောန်လေ ပုလန်ရော့-က်လာဟူ ခီမာ ယဇ်ပုရောဟိတ်ဂီးလေန ဖာရိရှဲလေဟာ
“ဖြားဖြစ်ကြောန့် သူ့ဟို့ ခေါ်လာဟာ့နူး” ဆိုဘီး သူးန့်ဟို့ မေးဂေ့ဟုယ်။
46 စောန့်လေဟာ “အယ်လူမျိုး ဖယ်လူလည်းပြောဖူးဟာ့!” ဆိုဘီး ပုလန်ဖြေဂေ့ဟုယ်။
47 ဖာရိရှဲလေဟာ “နန်းန့်လည်း လှည့်ဇားခံရဂေ့ ဟာ်းဘီလော” ဆိုဘီး သူးန့်ဟို့
မေးဂေ့ဟုယ်။
48 “အာဏာပိုင်လေန ဖာရိရှဲလေထဲမာလည်း သူ့ဟို့ ယောင်ကြည်ဟူလူ
ယော့-က်ယော့-က်ရှိနေဘီလော။
49 အယ်လူအော့-က်ဟာ မောရှေရဲ့ ပညတ်တရားဟို့ သိဘဲကြောန့် သူးန့်ဟာ
ကီဇာမိနေဟူ လူလေ ဖြစ်ဟုယ်!”
50 ဖာရိရှဲလေထဲဟ တယော့-က်ဖြစ်ဘီး ရင်းရင်ဒူးဟ ယေရှုနားဟို့ လာဖူးဟူ
နိကောဒင်ဟ
51 “နန့်လေရဲ့ ပညတ်တရားဟာ လူလေနားဟ ကြားနာရသေးဘဲ့န လူလေ
လောက်ဟာ်းဇာလေဟို့လည်း သိရသေးဘဲ့န စီရင်မယ်ဘဲ့လော” ဆိုဘီး
တခြားလူလေဟို့ မေးဟုယ်။
52 သူးန့်ဟ “အယ်မျိုးဆိုဟာ နန်ဟာ့လည်း ဂါလိလဲနယ်သားဘဲ့လော။ ကျမ်းစာဟို့
လေ့လာဂေ့။ အယ်ဆိုဟာ ဂါလိလဲနယ်ဟူနေ ဖယ်ပရောဖက်လည်း ပေါ်ထွပ်ဂေ့ဟ§
ဆိုဇာဟို့ နန်းန့်သိလာဂေ့မယ်” ဆိုဘီး ဖြေဂေ့ဟုယ်။

အီထောန်ရေးဖော့-က်ပုလန်နေဟူ မီးမဟို့ ဖမ်းမိကြောန်း

[
53 အယ်ဘီးန သူးန့်လေဟာ ကိုယ့်အီဟို့ကိုယ် ပုလန်ဟာ်းဂေ့ဘီး၊

8

1 ယေရှုဟာ သံလွင်တောန်ဟို့ ကြွတော်မူဟာ်းဟုယ်။

---

‡ **7:40 ၇.၄၀ ပရောဖက်၊** ရှု ၁.၂၁။ **7:50 ၇.၅၀** ယော ၃.၁.၂ § **7:52 ၇.၅၂** ဖယ်ပရောဖက်လည်း ပေါ်ထွပ်ဂေ့ဟ့၊ မူရင်းလတ်ရေးမူ တခုမာ ပရောဖက်ဟာ ပေါ်ထွပ်လာဟို့ မူဟ့၊ ဆိုဘီး ရှိဟုယ်။

2 မိုးလန်းစောစောဂီးမာ ဗိမာန်တော်ဟို့ ပ့ုလန်ကြွဟ့ားဟ့ယ်။ လူလေ ဂူလောင်းဟ့ာ
ကိုယ်တော်နားမာ စုနေဂေ့ဟ့ယ်။ ကိုယ်တော်ဟ့ာ ထိုင်ဘီး သူးနို့ဟို့
သွန်သန်တော်မူလေဟ့ယ်။
3 ဖာရိရဲ့လေန ကျမ်းတတ်ဆရာလေဟ့ာ အီထောန်ရေးဖော့-က်ပ့ုလန်နေဟ့ူ ခီမာ
ဖမ်းဟ့ားဟ့ူ မီးမဟို့ ခေါ်လာဘီး သူးနို့လေ ဂူလောင်းရှေ့မာ အယ်မီးမဟို့
မတ်တတ်ရပ်ခိုင်းဟ့ားဟ့ယ်။
4 သူးနို့လေဟ့ ယေရှုဟို့ "ဆရာ၊ အယ်မီးမဟို့ အီထောန်ရေးဖော့-က်ပ့ုလန်နေဒူးမာ
ဖမ်းမိဟ့ယ်။
5 ကျွန်တော့်ဟ့ားလေရဲ့ ပညတ်တရားမာ မောရှေဟ့ အယ်မျိုးမီးမဟို့
က့ုလော့-က်ခဲန သေအောန်ပစ်ရမယ် ဆိုဘီး ပညတ်ဟ့ားဟ့ယ်။ အယ်ဆိုဟ့ာ ဆရာဟ့
ဖယ်မျိုးပြောမယ်နူး" ဆိုဘီး မေးဂေ့ဟ့ယ်။
6 သူးနို့ဟ့ာ ယေရှုဟို့ စွပ်စွဲရှင်ဟ့ူကြောန့် ထောန်ချော့-က်ဆင်ဟို့
အယ်မျိုးပြောဂေ့ဟ့ယ်။
အယ်ဘေမဲ့ ကိုယ်တော်ဟ့ာ ခေါန်းငေါက်ဘီး မ့ုလေဂီးထတ်မာ လတ်ညိုးန
ရေးနေတော်မူလေဟ့ယ်။
7 သူးနို့ဟ့ာ အယ်နေရာမာဘဲ့ မတ်တတ်ရပ်နေဘီး မေးခွန်းလေ မေးနေဟ့ူကြောန့်
ကိုယ်တော်ဟ့ာ မော့ကေ့ဘီး "နန်းနို့ထဲဟ့ ပြစ်မှေ့ဘဲလူဟ့ာ ဦးဆောင်း အယ်မီးမဟို့
က့ုလော့-က်ခဲနပစ်ဂေ့ပါ" ဆိုဘီး မိန့်တော်မူလေဟ့ယ်။
8 အယ်ဘီးန ကိုယ်တော်ဟ့ာ ခေါန်းငေါက်ဘီး မ့ုလေဂီးထတ်မာ
ပ့ုလန်ဘီးရေးတော်မူလေဟ့ယ်။
9 သူးနို့ဟ့ာ အယ်မူစကားကြားရဟ့ူ ခီမာ သတ်ကီးဟ့ူ လူလေဟ့စဘီး
ယော့-က်ဘီးယော့-က် ထွပ်ဟ့ားဂေ့လေဟ့ယ်။ ယေရှုတပါးဒဲဘဲ့ အယ်နေရာမာ
ရပ်နေဟ့ူမီးမနတူးဒူ ကျန်ရစ်ဟ့ယ်။
10 ယေရှုဟ့ာ မော့ကေ့ဘီး အယ်မီးမဟို့ "သူးနို့ ဖယ်ရော့-က်ဟ့ားဂေ့နူး။ နန့်ဟို့
ပြစ်စီရင်ဟို့ ယော့-က်လည်းမှေ့ဟ့မ်းလော။" ဆိုဘီး မေးတော်မူလေဟ့ယ်။
11 "ယော့-က်လည်းမှေ့ဟ့မ်း။ ဆရာ" ဆိုဘီး အယ်မီးမဟ့ ပ့ုလန်ဖြေလေဟ့ယ်။
ယေရှုဟ့ "ငါလည်း နန့်ဟို့ ပြစ်စီရင်ဟ့။ သွားလိုက်။ အယ်ဘေမဲ့
ပ့ုလန်ဘီးပြစ်လောက်န" ဆိုဘီး မိန့်တော်မူဟ့ယ်။]*

ယေရှုဟ့ာ အယ်လောကရဲ့ လန်းရောန်

12 ယေရှုဟ့ ဖာရိရဲ့လေဟို့ "ငါဟ့ာ လောကရဲ့ လန်းရောန် ဖြစ်ဟ့ယ်။ ငါ့ရဲ့
နော့-က်လိုက်လေဟ့ာ မှောန်ထဲမာ လောင်းဝရော့-က်ရဘဲ သတ်ရဲ့ လန်းရောန်ဟို့
ရရှိမယ်" ဆိုဘီး ပ့ုလန်မိန့်တော်မူဟ့ယ်။

---

* **8:11 ဂ.၁၁** မူရင်းလတ်ရေးမူလေ ဘောင်ဂီးန ရှေးဘာသာလွန်လေမာ အယ်စာပိုဒ် (၇.၅၃—၈.၁-၁၁) ဟ့ာ မှေ့ဟ့၊ တချို့ မူရင်းလတ်ရေးမူမာ အယ်စာပိုဒ်ဟို့ ယော ၂၁.၂၄ နော့-က်မာရှိဘီး၊ တချို့ မူရင်းလတ်ရေးမူမာ အယ်စာပိုဒ်ဟို့ လု ၂၁.၃၈ နော့-က်မာရှိဘီး မူရင်းလတ်ရေးမူ တခုမာဆို အယ်စာပိုဒ်ဟ့ာ ယော ၇.၃၆ နော့-က်မာရှိဟ့ယ်။ **8:12 ဂ.၁၂** မ ၅.၁၄; ယော ၉.၅

13 ဖာရိရှဲလေဟု “ခု နန်ဟာ နန့်ရဲ့ ကြောန်းဟိုဘဲ့ သတ်သေခံနေဟုယ်။ နန့်ရဲ့
သတ်သေခံချစ်ဟာ မှန်ဟု” ဆိုဘီး ပြောဂေ့ဟုယ်။
14 ယေရှုဟု “ငါ့ကြောန်းဟို ငါ သတ်သေခံနေဘေမဲ့လည်း ငါပြောနေဇာလေဟာ
တကယ်ဘဲ့ဖြစ်ဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါဟာ ဖယ်နေရာဟုနေလာဘီး
ဖယ်နေရာဟို သွားမယ် ဆိုဇာဟို ငါသိဟုယ်။ နန်းနို့ဟု ငါဟာ ဖယ်နေရာဟုနေလာဘီး
ဖယ်နေရာဟို သွားမယ် ဆိုဇာဟို သိဂေ့ဟု။
15 နန်းနို့ဟာ လူရဲ့ စံနုန်းတိုင်း စီရင်ဂေ့ဟုယ်။ ငါဟာ ဖယ်လူဟိုလည်း စီရင်ဟု။
16 အယ်ဘေမဲ့ ငါစီရင်မယ် ဆိုဟာလည်း ငါ့စီရင်ချစ်ဟာ မှန်ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါ့ယော့-က်ဒဲစီရင်ဇာ မူဟု။ ငါ့ဟို စေလွတ်ဟူ ဖဟာ
ငါ့နတူးဒူရိုနေဟုယ်။
17 နန်းနို့ပညတ်တရားထဲမာ သတ်သေနှေ့ယော့-က် ဘောတူဟူ ခီမာ
သူးနို့ဖြားဇာဘဲ့ပြောပြော မှန်ဟုယ်။
18 ငါဟာ ငါ့ကြောန်းဟို သတ်သေခံဟုယ်။ ငါ့ဟို စေလွတ်ဟူ ဖဟုလည်း ငါ့ကိုယ်စား
သတ်သေခံဟုယ်” ဆိုဘီး ပုလန်ဖြေတော်မူလေဟုယ်။
19 သူးနို့ဟု “နန့်ဖဟု ဖယ်မာနူး” ဆိုဘီး ကိုယ်တော့်ဟို မေးဂေ့ဟုယ်။
ယေရှုဟု “နန်းနို့ဟာ ငါ့ဟို သိဂေ့ဟုမျိုးဘဲ့ ငါ့ဖဟိုလည်း သိဂေ့ဟု။ နန်းနို့ဟာ ငါ့ဟို
သိမယ် ဆိုဟာ ငါ့ဖဟိုလည်း သိဂေ့မယ်” ဆိုဘီး ပုလန်ဖြေဟုယ်။
20 ယေရှုဟာ ဗိမာန်တော်ထဲမာ သွန်သန်တော်မူဒူးဟု အယ်စကားလေ ဂူလောင်းဟို
လှူခံသစ်တာနီးမာ မိန့်တော်မူဟုယ်။ ကိုယ်တော်ရဲ့ ခီရော့-က်သေးဘဲဟူကြောန့်
ကိုယ်တော့်ဟို ဖယ်လူလည်း ဖမ်းဂေ့ဟု။

ငါသွားမယ့် နေရာဟို နန်းနို့လာနိုင်ဂေ့ဟု

21 ယေရှုဟာ “ငါဝီးဟို သွားရလေ့မယ်။ နန်းနို့ဟာ ငါ့ဟို လိုက်ရှာဂေ့ဘေမဲ့ နန်းနို့ရဲ့
ပြစ်ထဲမာ သေလေ့မယ်။ ငါသွားဟို့နေရာဟို နန်းနို့လာနိုင်ဂေ့ဟု” ဆိုဘီး
မိန့်တော်မူလေဟုယ်။
22 အယ်ကြောန့် ယုဒအာဏာပိုင်လေဟု “သူလာမယ့် နေရာဟို နန်းနို့လာနိုင်ဂေ့ဟု
ဆိုဘီး သူဟု ပြောဟုယ်။ အယ်ဓိပါယ်ဟု သူ့ကိုယ်သူ သတ်သေဟို့လော” ဆိုဘီး
ပြောဂေ့ဟုယ်။
23 ယေရှုဟု “နန်းနို့ဟာ အော့-က်ဘောင်သားလေ ဖြစ်ဂေ့ဟုယ်။ ငါဟု
ထတ်ဘောင်ဟုနေ လာဟုယ်။ နန်းနို့ဟာ အယ်လောကသားလေ ဖြစ်ဂေ့ဟုယ်။ ငါဟာ
အယ်လောကသား မူဟု။
24 အယ်ကြောန့် နန်းနို့ဟာ နန်းနို့ရဲ့ ပြစ်ထဲမာ သေရလေ့မယ် ဆိုဘီး
ငါပြောဟုးဟုယ်။ ‘ငါဖြစ်ဟူတိုင်း ငါဖြစ်ဟုယ်’ ဆိုဇာဟို နန်းနို့ ယောင်ကြည်ဟု ဆိုဟာ
နန်းနို့ဟာ နန်းနို့ရဲ့ ပြစ်ထဲမာ သေရလေ့မယ်” ဆိုဘီး ဖြေတော်မူဟုယ်။
25 သူးနို့ဟု “နန်ဟု ဖယ်သူနူး” ဆိုဘီး ကိုယ်တော့်ဟို မေးဂေ့ဟုယ်။

8:13 ၈.၁၃ ယော ၅.၃၁

ယေရှုဟု “ငါဖယ်သူဖြစ်ဟုယ် ဆိုဇာ နန်းနို့ဟို့ စစဒူးဟု ငါပြောပီးဘီ။†
26 ငါ့မာ နန်းနို့န ပတ်သတ်ဘီး ပြောဟို့ရော၊ စီရင်ဟို့ရော ဘောင်ဂီးရှိဟုယ်။
အယ်ဘေမဲ့ ငါ့ဟို့ စေလွှတ်ဟူသူဟု သစ်စာန ပုလဲ့ဇောင်ဘီး ငါဟု သူ့နားဟုနေ
ကြားရဇာလေဟို့ဘဲ့ အယ်လောကဟို့ ပြောဟုယ်” ဆိုဘီး ဖြေတော်မူလေဟုယ်။
27 ယေရှုဟု ဖဟို့ ရည်ညွှန်းဘီး ပြောနေဇာဟို့ သူးနို့ဟု နားလည်ဂေ့ဟု။
28 အယ်ကြောန့် ယေရှုဟု သူးနို့ဟို့ “နန်းနို့ဟု လူ့ရဲ့သားဟို့ မ့လော့-က်ဟုားဟူ ခီမာ
‘ငါဖြစ်ဒဲ့တိုင်း ငါဖြစ်ဟုယ်’ ဆိုဇာဟို့ရော၊ ငါဟု ငါ့ကိုယ်ပိုင် ခွမ့်အာဏာန
ဖြားလည်းလောက်ဟု ဆိုဇာဟို့ရော၊ ငါ့ဟို့ ဖဟု ညွှန်ကြားဟုားဇာလေဟို့ဘဲ့
ငါပြောဟုယ် ဆိုဇာဟို့ရော နန်းနို့လေ သိလေ့မယ်။
29 ငါ့ဟို့ စေလွှတ်သူဟု ငါ့နတူးဒူ ရှိဘီး ငါဟု သူကြိုက်ဟူ ဇာလေဟို့ မြဲဒမ်း
လောက်နေကြောန့် သူဟု ငါ့ဟို့ တယော့-က်ဒဲ ပစ်ထားတော်မူဟု” ဆိုဘီး
မိန့်တော်မူလေဟုယ်။
30 အယ်မူဇာလေဟို့ ကြားရဟူ လူလေဟု ယေရှုဟို့ ယောင်ကြည်ဂေ့ဟုယ်။

သမ္မာတရားဟု နန်းနို့ဟို့ လွတ်မြော့-က်စေဟုယ်

31 အယ်ကြောန့် ယေရှုဟု သူ့ဟို့ ယောင်ကြည်ဟူ ယုဒလူလေဟို့ “နန်းနို့ဟု ငါ့ရဲ့
တရားစကားဟို့ နားထောန်မယ် ဆိုဟု နန်းနို့ဟု ငါ့ရဲ့ တဗဲ့တော်လေ မှန်ဘဲ့ဖြစ်ဘီး
32 နန်းနို့ဟု သမ္မာတရားဟို့ သိရဘီးဟု အယ်သမ္မာတရားဟု နန်းနို့ဟို့
လွတ်မြော့-က်စေလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
33 သူးနို့ဟု “နို့လေဟု အာဗြဟံရဲ့ မ့လေးမ့လစ်လေဖြစ်ဘီး နို့လေဟု
ဖယ်လူနားမာလည်း ကျွန်ခံဖူးဟု။ အယ်ဆိုဟု ‘နန်းနို့လေ လွတ်မြော့-က်လေ့မယ်’
ဆိုဘီး နန်ပြောနေဇာဟု ဖြားဓိပါယ်နူး” ဆိုဘီး မေးဂေ့ဟုယ်။
34 ယေရှုဟု “နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ပြစ်လောက်ဟူ လူတိုင်းဟု ပြစ်ရဲ့ကျွန်
ဖြစ်ဟုယ်။
35 ကျွန်ဟု အီမာ မြဲဒမ်းနေဇာ မူဟု။ အယ်ဘေမဲ့ သားဟု မြဲဒမ်း နေဟုယ်။
36 သားတော်ဟု နန်းနို့ဟို့ လွတ်ပေးမယ် ဆိုဟု နန်းနို့ဟု မှန်ဘဲ့လွတ်ဂေ့လေ့မယ်။
37 နန်းနို့ဟု အာဗြဟံရဲ့ မ့လေးမ့လစ်ဖြစ်ဟုယ် ဆိုဇာဟို့ ငါသိဟုယ်။ နန်းနို့ဟု ငါ့ရဲ့
သွန်သန်ချစ်ဟို့ လတ်ခံရှင်ဘဲဟူကြောန့် ငါ့ဟို့ သတ်ဟို့ ကြိုးစားနေဂေ့ဟုယ်။
38 ငါဟု ဖနားဟု ဗြင်ဟုားဇာလေဟို့ဘဲ့ ပြောဟုယ်။ နန်းနို့ဟု နန်းနို့ဖ
ပြောဟုားဇာလေဟို့ လောက်ဂေ့ဟုယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။
39 သူးနို့ဟု “နို့လေရဲ့ ဖဟု အာဗြဟံဖြစ်ဟုယ်” ဆိုဘီး ပုလန်ဖြေဂေ့ဟုယ်။

† **8:25 ဈ.၂၅** ငါဖယ်သူဖြစ်ဟုယ် ဆိုဇာ နန်းနို့ဟို့ စစဒူးဟု ငါပြောပီးဘီ၊ အယ်မျိုးမူဘဲနေဟု ဖြားဖြစ်ကြောန့် ငါဟု
နန်းနို့ဟို့ အားလောင်း ပြောပြရဟို့နူး။ **8:33 ဈ.၃၃** မ ၃.၉; လု ၃.၈

ယေရှုဟု “နန်းနို့ဟုာ အာဗြဟံရဲ့ သားမီးလေ မှန်ဘဲ့ဖြစ်မယ် ဆိုဟုာ
အာဗြဟံလောက်မျိုးဘဲ့ လောက်ဂေ့လေ့မယ်။‡
40 ဘုရားသခင်နားဟုနေ ငါကြားဟုားဟူ သမ္မာတရားဟို့ နန်းနို့ဟို့ ပြောဘေမဲ့လည်း
နန်းနို့ဟု ငါ့ဟို့ သတ်ဟို့ ကြိုးစားဂေ့ဟုယ်။ အာဗြဟံဟုာ အယ်မျိုးလောက်ဟု!
41 နန်းနို့ဟုာ နန်းနို့ဖ လောက်ဟုားမျိုး လောက်နေဂေ့ဟုယ်” ဆိုဘီး
ပ့လန်မိန့်တော်မူလေဟုယ်။
သူးနို့ဟု “ဘုရားသခင် ကိုယ်တိုင်ဟုာ နို့လေရဲ့ တပါးဒဲဟူ ဖဖြစ်ဘီး နို့လေဟုာ
မှားယွင်းမှုမွေ့ဘဲဟူ သားမီးလေဖြစ်ဟုယ်” ဆိုဘီး ဖြေဂေ့ဟုယ်။
42 ယေရှုဟုာ သူးနို့ဟို့ “ဘုရားသခင်ဟု နန်းနို့ဖ မှန်ဘဲ့ဖြစ်ဟုယ် ဆိုဟုာ နန်းနို့ဟုာ
ငါ့ဟို့ ရှစ်ဂေ့လေ့မယ်။ ဖြားဖြစ်ကြောန်နူးဆိုဟုာ ငါဟုာ ဘုရားသခင်နားဟု လာဘီး ခု
ငါအယ်မာရှိဟုယ်။ ငါ့ကိုယ်ပိုင် ခွမ့်အာဏာန လာဇာ မူဟု။ ကိုယ်တော်ဟု ငါ့ဟို့
စေလွှတ်တော်မူဟုယ်။
43 နန်းနို့ဟုာ ငါပြောဇာဟို့ ဖြားဖြစ်ကြောန့် နားလည်ဂေ့ဟုနူး။ နန်းနို့ဟုာ ငါ့ရဲ့
တရားဟို့ နားထောန်နိုင်ဘဲကြောန့် ဖြစ်ဟုယ်။
44 နန်းနို့ဟုာ နန်းနို့ဖ မာရ်နတ်ရဲ့ သားလေဖြစ်ဘီး နန်းနို့ဖရဲ့ လိုနော့-က်ဟို့
လိုက်ရှင်ဂေ့ဟုယ်။ စစဒူးဟု သူဟုာ လူသတ်မားဖြစ်ဘီး သမ္မာတရား ဖတ်မာ မွေ့ဟု။
ဖြားဖြစ်ကြောန်နူးဆိုဟုာ သူ့ထဲမာ သမ္မာတရားလည်း မွေ့ဟု။ သူဟုာ လီညာသူဖြစ်ဘီး
လီညာဇာ ဂူလောင်းရဲ့ ဖလည်းဖြစ်ဟူကြောန့် သူ့ပင်ကိုစရိုက်တိုင်းဘဲ့ ပြောဆိုဟုယ်။
45 အယ်ဘေမဲ့ ငါဟုာ သမ္မာတရားဟို့ ပြောဟူကြောန့် နန်းနို့ဟုာ ငါ့ဟို့
ယောင်ကြည်ဂေ့ဟု။
46 ငါ့မာ ပြစ်ရှိဟုယ် ဆိုဇာဟို့ နန်းနို့ထဲဟု ဖယ်လူတယော့-က်
သတ်သေပြနိုင်မယ်နူး။ ငါဟုာ သမ္မာတရားဟို့ ပြောဟုယ် ဆိုဟုာ ဖြားဖြစ်ကြောန့်
နန်းနို့ဟုာ ငါ့ဟို့ ယောင်ကြည်ဂေ့ဟုနူး။
47 ဘုရားသခင်နားဟု လာဟူလူဟုာ ဘုရားသခင်ရဲ့ စကားလေဟို့ နားထောန်ဟုယ်။
အယ်ဘေမဲ့လည်း နန်းနို့ဟု ဘုရားသခင်နားဟု လာဇာမူဘဲဟူကြောန့် နန်းနို့ဟုာ
နားထောန်ဂေ့ဟု” ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုန အာဗြဟံ

48 ယုဒလူလေဟုာ ယေရှုဟို့ “နန်ဟုာ ရှမာရိလူ ဖြစ်ဘီးဟုာ နန့်ထဲမာ နတ်ဆိုးရှိဟုယ်
ဆိုဘီး နို့လေပြောဇာဟုာ မှန်ဘဲကြောန့်လော” ဆိုဘီး မေးဂေ့ဟုယ်။
49 ယေရှုဟု “ငါ့မာ နတ်ဆိုး မွေ့ဟု။ ငါဟုာ ငါ့ဖဟို့ ချီးမြှော့-က်ဘေမဲ့ နန်းနို့ဟုာ ငါ့ဟို့
ချီးမြှော့-က်ဂေ့ဟု။

‡ **8:39 ဂ.၃၉** နန်းနို့ဟုာ အာဗြဟံရဲ့ သားမီးလေ မှန်ဘဲ့ဖြစ်မယ် ဆိုဟုာ အာဗြဟံလောက်မျိုးဘဲ့ လောက်ဂေ့လေ့မယ်၊
တချို့ မူရင်းလတ်ရေးမူလေမာ နန်းနို့ဟုာ အာဗြဟံရဲ့ သားမီးလေဖြစ်မယ် ဆိုဟုာ အာဗြဟံလောက်မျိုးဘဲ့
လောက်ဂေ့လေ့မယ်၊ ဆိုဘီး ပါရှိဟုယ်။

50 ငါဟာ ငါ့တပ် ဖောင်းသရေတော်ဟို့ ရှာဇာ မှုဟု။ အယ်ဘေမဲ့ ငါ့ရဲ့
ဖောင်းသရေတော်ဟို့ ရှာဘီး ငါ့ဖတ်မာ စီရင်တော်မူဟူသူ ရှိဟုယ်။
51 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ငါ့စကားဟို့ နာခံဟူ ဖယ်သူဘဲ့ဖြစ်ဖြစ်
ကာလစဉ်ဆစ် သေဘေးန ကြောင်ရဟို့ မှုဟု” ဆိုဘီး မိန့်တော်မူလေဟုယ်။
52 ယုဒလူလေဟု ကိုယ်တော့်ဟို့ “နန့်မာ နတ်ဆိုးရှိဟုယ် ဆိုဇာဟို့ ခု နို့လေ
တိကလသိဟုးဘီ! အာဗြဟံလည်း သေဟုးဘီ။ ပရောဖက်လေလည်း သေဟုးဘီ။
ခုထိ နန်ဟု နန့်ရဲ့ စကားဟို့ နာခံဟူ ဖယ်လူဘဲ့ဖြစ်ဖြစ် ကာလစဉ်ဆစ် သေရလေ့မယ်
မှုဟု ဆိုဘီး ပြောဟုယ်။
53 နန်ဟု သေဟုးဟူ နို့လေရဲ့ဖ အာဗြဟံထတ် ကီးမြတ်လော။ သူဟု
သေဟုးဘီ။ ပရောဖက်လေလည်း သေဟုးဂေ့ဘီ။ နန့်ကောန်နန် ဖယ်လူဖြစ်ဟုယ်
ဆိုဘီး ထန်နေနူး” ဆိုဘီး ပြောဂေ့ဟုယ်။
54 ယေရှုဟု “ငါဟာ ငါ့ကိုယ်ငါ ချီးမြှော့-က်မယ် ဆိုဟု အယ်မျိုး
ချီးမြှော့-က်ဇာဟု သောင်းဇားရဟို့ မှုဟု။ ငါ့ဟို့ ချီးမြှော့-က်ဟူ သူဟု ငါ့ဖ ဖြစ်ဘီး
နန်းနို့ပြောနေဟူ နန်းနို့ရဲ့ ဘုရားသခင် ဖြစ်ဟုယ်။
55 နန်းနို့ဟု သူဟို့ လောင်းဝ သိဂေ့ဘေမဲ့ ငါဟာ သူဟို့ သိဟုယ်။ သူဟို့ ငါသိဟု
ဆိုဘီး ပြောမယ် ဆိုဟု ငါဟုလည်း နန်းနို့မျိုးဘဲ့ လီညာသူ ဖြစ်ဟုးလေ့မယ်။
အယ်ဘေမဲ့ ငါဟာ သူဟို့ သိဘီး သူစကားဟို့ နာခံဟုယ်။
56 နန်းနို့ဖ အာဗြဟံဟု ငါလာမယ့် ခီကာလဟို့ ဗြင်ရမယ် ဖြစ်ဟူကြောန့်
ပျော်ရွှင်နေဘီး အယ်နေ့ရစ်ဟို့ ဗြင်ဟုးဟူ ခီမာ ဝန်းသာလေဟုယ်” ဆိုဘီး
ပ့လန်ဖြေတော်မူလေဟုယ်။
57 ယုဒလူလေဟု ကိုယ်တော့်ဟို့ “နန်ဟု သတ်ငါးဆယ်မျှ ပ့လဲ့သေးဘဲ့နန
ဖယ်မျိုးလောက်ဘီး အာဗြဟံဟို့ ဗြင်ဖူးဟုးဟုယ်နူး”§ ဆိုဘီး မေးဂေ့ဟုယ်။
58 ယေရှုဟု “နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ အာဗြဟံ မီးခန်ဂဒဲဟု ငါရှိဟုယ်!”
ဆိုဘီး ပ့လန်ဖြေဟုယ်။
59 အယ်နန သူးနို့ဟု ကိုယ်တော့်ဟို့ ပစ်ဟို့ ကူလော့-က်ခဲလေဟို့ ကော့-က်ဂေ့ဟုယ်။
အယ်ဘေမဲ့ ယေရှုဟု ဗိမာန်တော်ဟုနေ ရှောန်ထွပ်ဟုးတော်မူလေဟုယ်။

9

ယေရှုဟု မီးဂဒဲဟု မျစ်စိကန်းနေဟူ လူတယော့-က်ဟို့ ဗြင်စေဟူကြောန်း

1 ယေရှုဟု လမ်းရှော့-က်သွားနေဒူးမာ မီးဂဒဲဟု မျစ်စိကန်းနေဟူ လူတယော့-က်ဟို့
တွိတော်မူဟုယ်။
2 ကိုယ်တော်ရဲ့ တမဲ့တော်လေဟု ကိုယ်တော့်ဟို့ “ဆရာ၊ အယ်လူဟု မီးဂဒဲဟု
မျစ်စိကန်းနေဇာဟု ဖယ်လူရဲ့ ပြစ်ကြောန့်နူး။ သူ့ရဲ့ ပြစ်ကြောန့်လော။ သူ့မိဖရဲ့
ပြစ်ကြောန့်လော” ဆိုဘီး မေးဂေ့ဟုယ်။

§ **8:57** **၈.၅၇** အာဗြဟံဟို့ ဗြင်ဖူးဟုးဟုယ်နူး၊ တချို့ မူရင်းလတ်ရေးမူလေမာ အာဗြဟံဟု နန့်ဟို့
ဗြင်ဖူးဘီးဘဲ့လော၊ ဆိုဘီး ပါရှိဟုယ်။

3 ယေရှုဟု “သူ့ရဲ့ ပြစ်ကြောန့်လည်း မှုဟု။ သူ့မိဖရဲ့ ပြစ်ကြောန့်လည်း မှုဟု။ သူ့မာ
ဘုရားသခင်ရဲ့ တဂိုးတော်ဟာ ထန်ရှားစေဟို့တွပ်ဖြစ်ဟုယ်။
4 နို့လေဟာ ငါ့ဟို့ စေလွတ်ဟူသူရဲ့ မှုတော်ဟို့ နေ့ခီမာ လောက်ဆောန်ရမယ်။
ဖယ်လူလည်း လောက်နိုင်ဘဲဟူ ညဉ့်ခီ ရော့-က်လာလေ့မယ်။
5 ငါဟာ လောကမာ ရှိနေဟူ ခီမာ ငါဟာ လောကတွပ် လန်းရောန်ဖြစ်ဟုယ်” ဆိုဘီး
ဖြေတော်မူလေဟုယ်။
6 ယေရှုဟာ အယ်မျိုး မိန့်တော်မူဘီးန မ့လေဂီးထတ်ဟို့ ထွိးရယ်န ထွိးဘီးဟာ
အယ်ထွိးရယ်န ဗယ်ဟို့ နယ်လိုက်ဟုယ်။ ကိုယ်တော်ဟာ အယ်လူရဲ့ မျစ်စိလေဟို့
ဗယ်နလူးပေးလိုက်ဘီး
7 သူ့ဟို့ “ရှိလောင်ရေကန်မာ သွားဘီးဆေးလိုက်” ဆိုဘီး မိန့်တော်မူလေဟုယ်။
ရှိလောင် နာမယ်ဟာ “စေလွတ်ဟုယ်” ဆိုဘီး ခိပါယ်ရဟုယ်။ အယ်ကြောန့် အယ်လူဟာ
သွားဘီး သူ့မျစ်နှာဟို့ ဆေးလိုက်ဟူ ခီမာ မျစ်စိဖြင်ဟားဘီး ပ့လန်လာလေဟုယ်။
8 အီဇနီးရှင်းလေန ရင်းရင်ဒူးဟ တောန်းဇားနေဟူ သူဟို့ ဖြင်ဖူးဟူလူလေဟ
“အယ်လူဟာ ထိုင်ဘီးတောန်းဇားနေဟူလူ မှုဟုလော” ဆိုဘီး မေးဂေ့ဟုယ်။
9 တချို့ဟ “အယ်လူဘဲ့ ဖြစ်ဟုယ်” ဆိုဘီး ပြောဂေ့ဟုယ်။ အယ်ဘေမဲ့ တချို့ဟ
“အယ်လူ မှုဟ့။ အယ်လူန တူဇာဖြစ်ဟုယ်” ဆိုဘီး ပြောဂေ့ဟုယ်။
အယ်ကြောန့် အယ်လူကိုယ်တိုင်ဟ “အယ်လူဟာ ငါဘဲ့ဖြစ်ဟုယ်” ဆိုဘီး ပြောဟုယ်။
10 သူးန့်ဟ “နန်ဟ ဖယ်မျိုးဖြစ်ကြောန့် မျစ်စိဖြင်ဟားနူး” ဆိုဘီး မေးဂေ့ဟုယ်။
11 သူဟ “ယေရှု ဆိုဘီး ခေါ်ဟူလူဟ ဗယ်ဟို့ လောက်ဘီး ကျွန်တော်ရဲ့မျစ်စိဟို့
ဗယ်နလူးပေးဘီးဟာ ရှိလောင်ရေကန်ဟို့ သွားဘီးဆေးဟို့ပြောဟုယ်။ အယ်ကြောန့်
ကျွန်တော်ဟာ သွားဘီးငါ့မျစ်နှာဟို့ ဆေးလိုက်ဟူန မျစ်စိဖြင်ဟားလေဟုယ်” ဆိုဘီး
ဖြေလေဟုယ်။
12 သူးန့်ဟ “အယ်လူဟာ ဖယ်နားမာနူး” ဆိုဘီး မေးဂေ့ဟုယ်။
သူဟ “ကျွန်တော်သိဟ” ဆိုဘီး ဖြေလေဟုယ်။

ဖာရိရှဲလေဟ မျစ်စိဖြင်ဟားဇာဟို့ စစ်ဆေးဟူကြောန်း

13 အယ်ဘီးန သူးန့်ဟာ မျစ်စိကန်းဖြစ်ဖူးဟူလူဟို့ ဖာရိရှဲလေနားဟို့
ခေါ်ဟားဂေ့ဟုယ်။
14 ယေရှုဟာ ဗယ်ဟို့နယ်ဘီး အယ်လူရဲ့ မျစ်စိဟို့ ဖြင်စေတော်မူဟူနေ့ဟာ
ဒန်းနေ့ဖြစ်ဟုယ်။
15 အယ်ကြောန့် ဖာရိရှဲလေဟာ အယ်လူဟို့ ဖယ်မျိုး မျစ်စိဖြင်ဟားဟုယ် ဆိုဘီး
ပ့လန်မေးဂေ့ဟုယ်။ အယ်လူဟ “သူဟာ ကျွန်တော့်မျစ်စိဟို့ ဗယ်နလူးပေးဟုယ်။
ကျွန်တော်ဟာ မျစ်နှာဟို့ ဆေးလိုက်ဟူ ခီမာ မျစ်စိဖြင်ဟားလေဟုယ်” ဆိုဘီး သူးန့်ဟို့
ပြောပြဟုယ်။

9:5 **၉.၅** မ ၅.၁၄; ယော ၈.၁၂

16 ဖာရိရှဲတချို့ဟု “အယ်လူဟုာ ဒန်းနေ့ဟို့ ဖော့-က်ဖျစ်ဟူကြောန့်
ဘုရားသခင်နားဟု လာဟူလူ မူဟု” ဆိုဘီး ပြောဂေ့ဟုယ်။

တချို့ဟုလည်း “ပြစ်သားဖြစ်ဟူလူဟုာ ဖယ်မျိုးလောက်ဘီးဟုာ အယ်မျိုး နိမိတ်
လတ်ခဏာလေဟို့ ပြနိုင်ဟို့နူး” ဆိုဘီး ပြောဂေ့ဟုယ်။ အယ်ဘီးန သူးနို့ထဲမာလည်း
စိဝန်းကွဲဟုားဂေ့ဟုယ်။

17 အယ်ကြောန့် ဖာရိရှဲလေဟုာ အယ်လူဟို့ “နန့်ဟို့ မျစ်စိဖြင်စေဟူ လူရဲ့ကြောန်းဟို့
နန်ဖယ်မျိုးပြောမယ်နူး” ဆိုဘီး နော့-က်တခါ ပ္လန်မေးဂေ့ဟုယ်။

အယ်လူဟု “သူဟုာ ပရောဖက်ဖြစ်ဟုယ်” ဆိုဘီး ပ္လန်ဖြေလေဟုယ်။

18 အယ်ဘေမဲ့လည်း ယုဒအာဏာပိုင်လေဟု သူဟုာ ရင်းရင်ဒူးဟု မျစ်စိကန်းဖြစ်ဘီး
ခု ဖြင်နေဟုယ် ဆိုဇာဟို့ ယောင်ကြည်ဘဲကြောန့် သူးနို့ဟုာ သူ့မိဖလေဟို့ ခေါ်ဘီးန၊
19 သူးနို့ဟို့ “အယ်လူဟုာ နန်းနို့ရဲ့ သားဘဲ့လော။ သူဟုာ မွီးဂဒဲဟု ကန်းနေဟုယ်
ဆိုဘီး နန်းနို့ပြောဂေ့ဟုယ်။ အယ်ဆိုဟုာ ခု ဖယ်မျိုးဖြစ်ဟူကြောန့် ဖြင်နေရနူး” ဆိုဘီး
မေးဂေ့ဟုယ်။

20 သူ့မိဖလေဟု “သူဟုာ နို့လေရဲ့ သားဖြစ်ဟုယ် ဆိုဇာဟို့ နို့လေ သိဂေ့ဟုယ်။
သူဟုာ မွီးဂဒဲဟု ကန်းနေဟုယ် ဆိုဇာဟို့လည်း နို့လေသိဂေ့ဟုယ်။
21 အယ်ဘေမဲ့ ခု ဖယ်မျိုးလောက်ဘီး ဖြင်ဟုားဟုယ် ဆိုဇာဟို့ နို့လေသိဂေ့ဟု။ သူ့ဟို့
ဖြင်အောန်ကုသပေးဟူ သူဟို့လည်း နို့လေသိဂေ့ဟု။ သူ့ဟို့ဘဲ့ မေးကေ့။ သူဟုာ
ရွယ်ရော့-က်နေဘီ။ သူ့ကြောန်းဟို့ သူကိုယ်တိုင်ဘဲ့ ဖြေနိုင်မယ်!” ဆိုဘီး ဖြေဂေ့ဟုယ်။
22 သူ့မိဖလေဟုာ ယုဒအာဏာပိုင်လေဟို့ ကြော့-က်ဟူကြောန့် အယ်မျိုး
ပြောလိုက်ဂေ့ဟုယ်။ ယုဒအာဏာပိုင်လေဟုာ ဖယ်လူဘဲ့ဖြစ်ဖြစ် ယေရှုဟုာ
မေရှိယဖြစ်ဟုယ် ဆိုဘီး ဝန်ခံမယ် ဆိုဟုာ ဝါလယ်ဇရုပ်ဟုနေ နှန်ထုဟို့တွပ်
ဘောတူဟုားဟုယ်။
23 အယ်ကြောန့်ဘဲ့ သူ့မိဖလေဟု “သူဟုာ ရွယ်ရော့-က်နေဘီ။ သူ့ဟို့ဘဲ့ မေးကေ့!”
ဆိုဘီး ပြောလိုက်ဂေ့ဟုယ်။

24 သူးနို့ဟုာ မွီးဂဒဲဟု ကန်းနေဟူလူဟို့ ဒုတိယခါ ပ္လန်ခေါ်ဘီး
“မှန်တိုင်းပြောဇာအားဖြင့် ဘုရားသခင်ဟို့ ချီးမွမ်းပါ! နန့်ဟို့ ကုသပေးဟူလူဟုာ
ပြစ်သားတယော့-က် ဖြစ်ဟုယ် ဆိုဇာဟို့ နို့လေသိဂေ့ဟုယ်” ဆိုဘီး သူ့ဟို့
ပြောဂေ့ဟုယ်။

25 အယ်လူဟု “သူဟုာ ပြစ်သားဖြစ်ဟုယ်၊ ဖြစ်ဟု ဆိုဇာဟို့ ကျွန်တော်သိဟု။
ကျွန်တော်သိဇာတခုဟု ရင်းရင်ဒူးဟု ကျွန်တော်ဟုာ မျစ်ကန်းဖြစ်ဘီး ခု ဖြင်ဟုားဘီ”
ဆိုဘီး ပ္လန်ဖြေလေဟုယ်။

26 အယ်လူလေဟု “သူဟု နန့်ဟို့ ဖြားလေ လောက်ပေးဟုယ်နူး။ နန်ရဲ့ မျစ်စိဟို့
ဖယ်မျိုး ဖြင်စေဟုယ်နူး” ဆိုဘီး မေးဂေ့ဟုယ်။

27 သူဟု “ခန်ဗျားလေဟို့ ကျွန်တော်ပြောပီးဘီ။ ခန်ဗျားလေ နားထောန်ဂေ့ဟု။
ဖြားဖြစ်ကြောန့် ခန်ဗျားလေဟ ပ့ုလန်ဘီးကြားရှင်နေရနူး။ ခန်ဗျားလေလည်း သူ့တမဲ့
ဖြစ်ရှင်ကြောန့်လော” ဆိုဘီး ပ့ုလန်ပြောလေဟုယ်။

28 သူးန့်ဟ “နန်ဘဲ့အယ်လူရဲ့ တမဲ့ဖြစ်ဟုယ်။ နှိလေဟ မောရှေရဲ့ တမဲ့လေ
ဖြစ်ဟုယ်။

29 ဘုရားသခင်ဟာ မောရှေဟို့ ပြောဟူးဇာလေဟို့ နှိလေသိဂေ့ဟုယ်။ အယ်ဘေမဲ့
အယ်လူဟာ ဖယ်ဟ့နေလာဟုယ် ဆိုဇာဟို့ နှိလေသိဂေ့ဟု!” ဆိုဘီး သူ့ဟို့ ပြစ်တန်ဘီး
ပြောဂေ့ဟုယ်။

30 အယ်လူဟ “သူဟာ ကျွန်တော့်မျစ်စိဟို့ ဗြင်စေဟုယ်။ အယ်ဘေမဲ့ ခန်ဗျားလေဟ
အယ်လူဖယ်ဟ့နေ လာဟုယ် ဆိုဇာဟို့ သိဂေ့ဟ ဆိုဇာ ရရာတိုင်း အံ့ဇာကောန်းဟုယ်!
31 ဘုရားသခင်ဟာ ပြစ်သားလေရဲ့ စကားဟို့ နားထောန်ဟ့။
ဘုရားသခင်ဟို့ကြော့-က်ဘီး ကိုယ်တော် လိုရှင်ဇာဟို့ လောက်ဟ့လူလေရဲ့ စကားဟို့ဘဲ့
နားထောန်ဟုယ် ဆိုဇာဟို့ ကျွန်တော့်ဟ့ားလေသိဟုယ်။

32 မ့ိုးဂဒဲဟ့ ကန်းနေဟ့ လူတယော့-က်ဟာ မျစ်စိဗြင်ဟ့ားဟုယ် ဆိုဇာဟို့
ရှေးခေတ်ကာလဟ့ ယော့-က်လည်း ကြားဖူးဂေ့ဟ့။

33 အယ်လူဟာ ဘုရားသခင်နားဟ့နေ လာဟ့ ဆိုဟာ ဖြားတခုလည်း လောက်နိုင်ဟို့
မ့ူဟ့” ဆိုဘီး ပ့ုလန်ဖြေလေဟုယ်။

34 သူးန့်ဟ့ “နန်ဟာ မ့ိုးဂဒဲဟ့ ပြစ်န ကီးလာဟ့ လူဖြစ်ဘီးဟာ နှိလေဟို့
သွန်သန်ပေးဟို့လော” ဆိုဘီး မေးဂေ့ဟုယ်။ အယ်ဘီးန သူ့ဟို့ ဝါလယ်ဇရပ်ဟ့နေ
နှန်ထုလိုက်ဂေ့ဟုယ်။

ဝိညာဉ်မျစ်စိကန်းနေဟ့ကြောန်း

35 အယ်မျိုး နန်ထုလိုက်ဟုယ် ဆိုဇာဟို့ ယေရှုဟာ ကြားဟ့ားဟ့ ခီမာ အယ်လူဟို့
တွိလိုက်ဟ့နန “နန်ဟာ လူ့ရဲ့သားဟို့ ယောင်ကြည်ဘဲ့လော” ဆိုဘီး
မေးတော်မူလေဟုယ်။

36 အယ်လူဟ “ဆရာ၊ လူ့ရဲ့သားဟ ဖယ်သူနူး။ ကျွန်တော်ဟာ သူ့ဟို့
ယောင်ကြည်နိုင်ဟို့တွပ် ပြောပြပါလား” ဆိုဘီး မေးတော်မူလေဟုယ်။

37 ယေရှုဟ “နန်ဟာ သူ့ဟို့ ဗြင်ဖူးပီးဘီ။ ခု နန့်န စကားပြောနေဟ့ လူဘဲ့ ဖြစ်ဟုယ်”
ဆိုဘီး သူ့ဟို့ မိန့်တော်မူဟုယ်။

38 အယ်လူဟ “သခင်၊ ကျွန်တော် ယောင်ကြည်ပါဟုယ်!” ဆိုဘီး
လျှော့-က်လိုက်ဘီးဟာ ယေရှုဟို့ ရှိခိုးလေဟုယ်။

39 ယေရှုဟ “ငါဟာ ကန်းနေဟ့ လူလေဟို့ ဗြင်စေဘီး ဗြင်နေဟ့လူလေဟို့
ကန်းစေဟို့တွပ်န တရားစီရင်ဟို့တွပ် အယ်လောကဟို့ ကြွလာဟုယ်” ဆိုဘီး
မိန့်တော်မူဟုယ်။

40 ကိုယ်တော်နတူးဒူ ရှိနေဟူ ဖာရိရှဲတချို့ဟာ အယ်မျိုးပြောဇာဟို ကြားရဟူကြောန့်
ကိုယ်တော့်ဟို "ဖြားနူး။ နို့လေလည်း မျစ်ကန်းဖြစ်ဟုယ်လော။" ဆိုဘီး မေးဂေ့ဟုယ်။
41 ယေရှူဟ "နန်းနို့ဟာ မျစ်ကန်းဖြစ်မယ် ဆိုဟာ နန်းနို့မာ ပြစ် မှေ့ဟု။ အယ်ဘေမဲ့
နန်းနို့ဟ ဗြင်ဟုယ် ဆိုဘီး ပြောနေဟူကြောန့် နန်းနို့မာ ပြစ်ရှိဟုယ်" ဆိုဘီး
ဖြေတော်မူဟုယ်။

10

သိုးထီးမားရဲ့ ပေါင်ဥပမာ

1 ယေရှူဟ "နန်းနို့ဟို ငါ မှန်တိုင်ပြောမယ်။ သိုးခြံထဲဟို ခွဟော့-က်ဟုနေ ဝမ်ဘဲန
တခြားနည်းလမ်းန ကျော်ဝမ်ဟူလူဟာ ခိုးမ့လ ဖြစ်ဟုယ်။
2 ခွဟော့-က်ဟုနေ ဝမ်ဟူလူဟာ သိုးထီးမားဖြစ်ဟုယ်။
3 သိုးထီးမားဟို ခွဟော့-က်စောန့်ဟာ ခွဟော့-က်ဖွမ့်ပေးဟုယ်။ သိုးလေဟုလည်း
သူ့ရဲ့သံဟို နားထောန်ဂေ့ဟုယ်။ သူဟာ သူ့ရဲ့သိုးလေဟို နာမယ်န ထုဆောန်တတ်ဟုယ်။
4 သူ့သိုးလေဟို ထုဆောန်ဟုးခီမာ သိုးလေရှေ့ဟုနေ သွားဟုယ်။ သိုးလေဟုလည်း
သူ့ရဲ့သံဟို သိဟူကြောန့် သူ့နော့-က်လိုက်ဂေ့ဟုယ်။
5 သိုးလေဟာ လူဇီးနော့-က်လိုက်မယ့်စား အယ်လူရဲ့ သံဟို သိဘဲဟူကြောန့်
အယ်လူနားဟုနေ ထွပ်ပ့လေးဂေ့လေ့မယ်" ဆိုဘီး မိန့်တော်မူဟုယ်။
6 ယေရှူဟ ဖာရိရှဲလေဟို အယ်ပေါင်ဥပမာဟို ပြောပြဘေမဲ့လည်း
အယ်ပေါင်ဥပမာရဲ့ ဓိပါယ်ဟို နားလည်ဂေ့ဟု။

ကောန်းမြတ်ဟူ သိုးထီးမား ယေရှ

7 အယ်ကြောန့် ယေရှူဟ "နန်းနို့ဟို ငါ မှန်တိုင်ပြောမယ်။ ငါဟာ သိုးလေဝမ်ဟူ
ခွဟော့-က်ဖြစ်ဟုယ်။
8 ငါ့ရှေ့ဟု ရော့-က်လာဟူ လူလေ ဂူလောင်းဟာ ခိုးမ့လလေ ဖြစ်ဂေ့ဟုယ်။
အယ်ကြောန့် သိုးလေဟာ သူးနို့ရဲ့ သံဟို နားထောန်ဂေ့ဟု။
9 ငါဟာ ခွဟော့-က်ဖြစ်ဟုယ်။ ငါ့အားဖြင့်ဝမ်ဟူလူလေဟာ ကယ်တန်ခံရလေ့မယ်။
သူးနို့ဟာ ထွပ်ဝမ်ဘီး စားကျက်ဟို တွိလေ့မယ်။
10 ခိုးဟာ ခိုးဟို့၊ သတ်ဟို့၊ ဖျစ်ဆီးဟို့လာဟုယ်။ ငါဟာ နန်းနို့ဟို သတ်ရရောင်မျ
မူဟု သတ်န ပ့လဲ့ဇောင်စေဟို့တွပ် လာဟုယ်။"
11 "ငါဟာ ကောန်းဟူ သိုးထီးမား ဖြစ်ဟုယ်။ ကောန်းဟူ သိုးထီးမားဟာ သိုးလေတွပ်
သူ့သတ်ဟို့ စွန့်တတ်ဟုယ်။
12 သိုးထီးမားလည်း မူဘဲဟူ၊ သိုးလေရဲ့ ဇရှင်လည်း မူဘဲဟူ လူဌားဟာ
ဝံပုလွေလာနေဇာဟို ဗြင်ဟူ ခီမာ သိုးလေဟို ထားရစ်ဘီး ထွပ်ပ့လေးဟုားတတ်ဟုယ်။
အယ်ကြောန့် ဝံပုလွေဟာ သိုးလေဟို ကိုက်ဖမ်းဘီး ဖ့လဲဖ့လဲစင် ဖြစ်ဟုားစေဟုယ်။
13 လူဌားဟာ လူဌားဘဲ့ဖြစ်ဟူကြောန့် သိုးလေဟို ဂရုစိုက်ဘဲန
ထွပ်ပ့လေးဟုားလေဟုယ်။

14 ငါဟာ ကောန်းမြတ်ဟူ သိုးထီးမားဖြစ်ဟုယ်။ ဖဟု ငါ့ဟို့ သိတော်မူဘီး
ငါဟာလည်း ဖဟို့ သိမျိုးဘဲ့ ငါ့သိုးလေဟို့လည်း ငါသိဘီး ငါ့သိုးလေဟုလည်း
ငါ့ဟို့သိဟုယ်။
15 ငါဟာ သိုးလေတွပ် ငါ့သတ်ဟို့ စွန့်ဟုယ်။
16 အယ်သိုးခြံထဲဟို့ ဝမ်ဘဲဟူ တခြားသိုးလေဟို့လည်း ငါပိုင်သေးဟုယ်။
အယ်သိုးလေဟို့လည်း ငါခေါ်သွမ်းရအူးမယ်။ သူးနို့ဟာ ငါ့သံဟို့ နားထောန်ဟူကြောန့်
သိုးစုတစုဒဲ၊ သိုးထီးမား တယော့-က်ဒဲ ဖြစ်လာလေ့မယ်။*
17 “ငါဟာ သတ်ဟို့ ပ့လန်ရရှိစေဟို့ ငါ့သတ်ဟို့ စွန့်ရှင်ဟူကြောန့် ဖဟု ငါ့ဟို့
ရှစ်တော်မူဟုယ်။
18 ဖယ်လူလည်း ငါ့သတ်ဟို့ ငါ့နားဟုနေ နုယူဟို့ ရဂေ့ဟု။ ငါ့ရဲ့ ဆန္ဒတိုင်းဘဲ့
ငါ့သတ်ဟို့ ငါစွန့်ဟုယ်။ ငါမာ ငါ့သတ်ဟို့ စွန့်ဟို့တွပ် ခွမ့်ရှိဘီး ငါ့သတ်ဟို့
ပ့လန်ယူဟို့တွပ်လည်း ခွမ့်ရှိဟုယ်။ အယ်စေခိုင်းချစ်ဟို့ ငါဟာ ငါ့ဖနားဟု ရရှိဟုယ်”
ဆိုဘီး ထပ်ဘီး မိန့်တော်မူလေဟုယ်။
19 အယ်စကားလေကြောန့် ယုဒလူလေထဲမာ ထပ်ဘီး စိဝန်းကွဲဟုားဟုယ်။
20 သူးနို့လေဟု “သူ့မာ နတ်ဆိုးရှိဟုယ်! သူဟုာ ရှူးဖြစ်ဟုယ်! ဖြားဖြစ်ကြောန့်
နန်းနို့ဟု သူ့စကားဟို့ နားထောန်နေနူး” ဆိုဘီး ပြောနေဂေ့ဟုယ်။
21 အယ်ဘေမဲ့ တချို့ဟု “နတ်ဆိုးရှိဟူ လူဟုာ အယ်မျိုးပြောနိုင် မူဟု! နတ်ဆိုးဟု
မျစ်စိကန်းနေဟူ လူလေဟို့ ဖယ်မျိုးဖြင်အောန် လောက်ပေးနိုင်မယ်နူး” ဆိုဘီး
ပြောနေဂေ့ဟုယ်။

ယေရှုဟို့ ငြင်းပယ်ဟူကြောန်း

22 ယေရုရှလင်ဖြို့မာ ဗိမာန်တော် ဆစ်ကပ် ပွဲတော် ကျင်းပနေဟုယ်။ အယ်ခီဟု
ဆောန်းကာလ ဖြစ်ဟုယ်။
23 ယေရှုဟုာ ဗိမာန်တော်ထဲဟု ရှောလမုန်ရဲ့ မုခ်ဦးဆောန်ထဲမာ လမ်းရှော့-က်နေဘီး၊
24 ယုဒလူလေဟုာ ကိုယ်တော်နားဟို့ ဝိုင်းအောင်လာဘီးန “နန်ဟုာ ဖယ်ခီထိ နို့လေရဲ့
စိဟို့ ဒွိဟဖြစ်စေဟို့နူး။ နို့လေဟို့ မှန်တိုင်း ရှင်းရှင်းလန်းလန်းဟုားး ပြောပြပါ။ နန်ဟုာ
မေရှိယဘဲ့လော” ဆိုဘီး မေးဂေ့ဟုယ်။
25 ယေရှုဟု “နန်းနို့ဟို့ ငါပြောပြဟုားဘေမဲ့လည်း နန်းနို့ဟုာ ယောင်ကြည်ဂေ့ဟု။
နို့ဖရဲ့ ခွမ့်န ငါလောက်ဟူ မူလေဟုာ ငါ့ကြောန်းဟို့ သတ်သေခံနေဟုယ်။
26 အယ်ဘေမဲ့ နန်းနို့ယောင်ကြည်ဂေ့ဟု။ နန်းနို့ဟုာ ငါ့သိုးလေမူဘဲကြောန့် ဖြစ်ဟုယ်။
27 ငါ့သိုးလေဟုာ ငါ့သံဟို့ နားထောန်ဂေ့ဟုယ်။ ငါဟုလည်း သူးနို့ဟို့ သိဘီး သူးနို့ဟုာ
ငါ့နော့-က်လိုက်ဂေ့ဟုယ်။

10:14 ၁၀.၁၄-၁၅ မ ၁၁.၂၇; လု ၁၀.၂၂ * **10:16 ၁၀.၁၆** သူးနို့ဟုာ ငါ့သံဟို့ နားထောန်ဟူကြောန့် သိုးစုတစုဒဲ၊
သိုးထီးမား တယော့-က်ဒဲ ဖြစ်လာလေ့မယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ သူးနို့ဟုာ သိုးထီးမားတယော-က်ဒဲ၊
သိုးစုတစုဒဲ ဖြစ်ဟုားလေ့မယ်၊ ဆိုဘီး ပါရှိဟုယ်။

28 ထာဝရသတ်ဟိုလည်း ငါပေးဟုယ်။ အယ်သိုးလေဟုာ လောင်းဝ သေရလေ့ဟို့
မူဟု။ ဖယ်လူလည်း သူးနို့ဟို့ ငါ့နားဟုနေ လုယူနိုင်ဂေ့ဟု။
29 သူးနို့ဟို့ ငါ့နားမာ အပ်ပေးဟုားဟူ နို့ဖဟုာ ရှိမျှဂူလောင်းထတ်
ကီးမြတ်တော်မူဟုယ်။† ဖယ်လူလည်း သူးနို့ဟို့ ဖလတ်ဟုနေ လုယူနိုင်ဂေ့ဟု။
30 ငါ့ဖန ငါဟုာ တလောင်းတဝဲ ဖြစ်ဟုယ်” ဆိုဘီး ဖြေတော်မူလေဟုယ်။
31 ယုဒလူလေဟုာ ကိုယ်တော့်ဟို့ ပစ်ဟို့တွပ် ကုလော့-က်ခဲလေဟို့ ပုလန်ဘီး
ကော့-က်ယူဂေ့ဟုယ်။
32 ယေရှုဟုာ “ငါဟုာ ဖနားဟု ကောန်းမြတ်ဇာလေ ဘောင်ဂီးဟို့ နန်းနို့ရှေ့မာ
လောက်ပြပီးဘီ။ အယ်မူလေထဲဟု ဖြားမူတွပ်ကြောန့် ငါ့ဟို့ ကုလော့-က်ခဲန
ပစ်ရှင်ဂေ့နူး” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။
33 ယုဒလူလေဟု “ကောန်းဟူ ကျင့်တခုခုကြောန့် နို့လေဟုာ နန့်ဟို့ ကုလော့-က်ခဲန
ပစ်ရှင်ဇာ မူဟု။ နန်ဟုာ လူဖြစ်ဘေမဲ့လည်း နန့်ကောန်နန် ဘုရားဖြစ်ဟုယ် ဆိုဘီး
ဘုရားသခင်ဟို့ စော်ကားဟုယ်!” ဆိုဘီး ဖြေဂေ့ဟုယ်။
34 ယေရှုဟု “နန်းနို့ရဲ့ ပညတ်တရားမာ ‘နန်းနို့ဟုာ ဘုရားလေ ဖြစ်ဟုယ်’ ဆိုဘီး
ရေးဟုားဟုယ်။
35 ကျမ်းစာမာ ဖော်ပြဟုားဟူ ဇာဟုာ မြဲဒမ်း မှန်ဟုယ် ဆိုဇာဟို့ နို့လေသိဂေ့ဟုယ်။
ဘုရားသခင်ဟု သူ့ရဲ့ စကားတော်ဟို့ ကြားရဟူလူလေဟို့ ‘ဘုရားလေ’ ဆိုဘီး
ခေါ်လေဟုယ်။
36 ဖဟုာ ငါ့ဟို့ ဝီးကော့-က်ဘီး အယ်လောကထဲဟို့ စေလွတ်တော်မူဟုယ်။ ငါဟုာ
ဘုရားသခင်ရဲ့ သားတော် ဖြစ်ဟုယ် ဆိုဘီး ပြောဟူကြောန့် ငါဟုာ ဘုရားသခင်ဟို့
စော်ကားဟုယ် ဆိုဘီး ဖယ်မျိုးကြောန့် နန်းနို့ပြောနိုင်ဂေ့ဟုယ်နူး။
37 ငါဟုာ ငါ့ဖရဲ့ မူတော်လေဟို့ ဆောန်ရွက်ဟု ဆိုဟုာ ငါ့ဟို့ ယောင်ကြည်ဂေ့န။
38 အယ်ဘေမဲ့ ငါဟုာ အယ်မူလေဟို့ လောက်ဆောန်ဟုယ် ဆိုဟုာ ငါ့ဟို့
ယောင်ကြည်ဘဲဟို့မှ ငါ့ရဲ့ လောက်ဆောန်ချစ်လေဟို့ ယောင်ကြည်ဂေ့။
အယ်မျိုးယောင်ကြည်မယ် ဆိုဟုာ ဖဟုာ ငါ့ထဲမာ ရှိတော်မူဘီး ငါဟုာလည်း ဖထဲမာ
ရှိတော်မူဟုယ် ဆိုဇာဟို့ နန်းနို့သိဂေ့လေ့မယ်” ဆိုဘီး ဖြေတော်မူဟုယ်။
39 နော့-က်တခါ သူးနို့ဟုာ ယေရှုဟို့ ဖမ်းဟို့ ကြိုးစားဂေ့ဟုယ်။ အယ်ဘေမဲ့
ကိုယ်တော်ဟုာ သူးနို့လတ်ဟုနေ လွတ်မြောက်ဟုားလေဟုယ်။
40 အယ်ဘီးန ယေရှုဟုာ ယော်ဒန်မ့လစ်ဟို့ ဖြတ်ဘီး ပထမဦးဆောင်း
ယောဟန်ဗတ္တိဇံပေးဟူ နေရာဟို့ တခါပ့လန်ကြွဟုားဘီး အယ်နေရာမာ
နေတော်မူလေဟုယ်။

† **10:29 ၁၀.၂၉** သူးနို့ဟို့ ငါ့နားမာ အပ်ပေးဟုားဟူ နို့ဖဟုာ ရှိမျှဂူလောင်းထတ် ကီးမြတ်တော်မူဟုယ်၊ တချို့
မူရင်းလတ်ရေးမူလေမာ ငါ့ဟို့ ပေးဟုားဟူ သူးနို့လေရဲ့ ဖဟုာ ရှိမျှဂူလောင်းထတ် ကီးဟုယ်၊ ဆိုဘီး ရှိဟုယ်။
10:40 ၁၀.၄၀ ယော ၁.၂၈

41 လူလေဘောင်ဂီးဟှာ ကိုယ်တော်နားဟို့ လာဂေ့ဟှယ်။ သူးန့ဲဟှ “ယောဟန်ဟှာ
ဖြားနိမိတ်လတ်ခဏာလေလည်း လောက်ဟှ။ အယ်ဘေမဲ့လည်း အယ်လူကြောန်းဟို့
သူပြောဇာလေ ဂူလောင်းဟှာ မှန်ဟှယ်” ဆိုဘီး ပြောဂေ့ဟှယ်။
42 အယ်နေရာမာရှိဟှ လူလေဘောင်ဂီးဟှာ ယေရှုဟို့ ယောင်ကြည်ဂေ့လေဟှယ်။

11

လာဇရုသေဟှူကြောန်း

1 ဗေသနိဝါမာနေဟှ လာဇရုဟှာ နေကောန်းဘဲဖြစ်နေဟှယ်။ ဗေသနိဝါမာ
ညီအေးမလေဖြစ်ဂေ့ဟှ မာရိန မာသဟှာ နေထိုင်ဂေ့ဟှယ်။
2 အယ်မာရိဟှာ သခင်ဘုရားရဲ့ ခေတော်ထတ်ဟို့ ဆီမွှီးလောန်းခ့လဘီး ခေတော်ဟို့
ဆားဗန်န သုပေးဟှသူဖြစ်ဟှယ်။ နေကောန်းဘဲဖြစ်နေဟှ လာဇရုဟှာ
သူ့ရဲ့မောင်ဖြစ်ဟှယ်။
3 ညီအေးမနှေ့ယော့-က်ဟှာ ယေရှုနားဟို့ “သခင်၊ ကိုယ်တော်ရှစ်ဟှလူဟှာ
နေကောန်းဘဲ ဖြစ်နေဟှယ်” ဆိုဘီး ဒန်းစကားပို့လိုက်ဂေ့ဟှယ်။
4 အယ်ဒန်းဟို့ ယေရှု ကြားလိုက်ခီမာ “အယ်နာဟှာ လာဇရုဟို့ သေဟို့မှုဘဲ
ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို့ ထန်ရှားစေဘီး ဘုရားသခင်ရဲ့
သားတော်ဟှာလည်း ဖောင်းသရေတော် ထန်ရှားလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။
5 ယေရှုဟှာ မာသဟို့ရော၊ သူ့မရဲ့ ညီမဟို့ရော၊ လာဇရုဟို့ရော ရှစ်တော်မူဟှယ်။
6 ကိုယ်တော်ဟှာ လာဇရုရဲ့ဒန်းဟို့ ကြားဘေမဲ့လည်း အယ်နေရာမာ
နှေ့ရစ်နေနေသေးဟှယ်။
7 အယ်ဘီးန ကိုယ်တော်ဟှာ တမဲ့တော်လေဟို့ “ယုဒနယ်ဟို့ ပ့လန်ဂေ့ဇို့” ဆိုဘီး
မိန့်တော်မူလေဟှယ်။
8 တမဲ့တော်လေဟှ “ဆရာ၊ ယုဒလူလေဟှာ ဆရာ့ဟို့ စဒူးဟှဘဲ့သေး
က့လော့-က်ခဲနပစ်ဟို့ လောက်နေဂေ့ဟှယ်။ အယ်နေရာဟို့ဘဲ့
ပ့လန်ဘီးကြွတော်မူအူးလော” ဆိုဘီး မေးလျှော့-က်ဂေ့ဟှယ်။
9 ယေရှုဟှ “တနေ့မာ ဆယ့်နှ့နာရီ ရှိဟှယ် မှုဟှလော။ အယ်ကြော်ဲ့ နေ့ခီမာ
သွားလာဟှ လူလေဟှာ ခလောက်တိုက်မိဂေ့ဟှ။ ဖြားဖြစ်ကြော်ဲ့နူးဆိုဟှာ သူးန့ဲဟှ
လောကရဲ့ လန်းရောန်ဟို့ မြင်ရဟှယ်။
10 အယ်ဘေမဲ့ ညဉ့်မိုက်ဇာမာ သွားလာဟှ လူလေဟှာ ခလောက်တိုက်မိဂေ့ဟှယ်။
ဖြားဖြစ်ကြော်ဲ့နူးဆိုဟှာ သူးန့ဲမာ လန်းရောန်မှေ့ဟှ” ဆိုဘီး ဖြေတော်မူလေဟှယ်။
11 ယေရှုဟှာ အယ်မျိုး မိန့်တော်မူဘီးန “နို့လေရဲ့ မိဆွေ လာဇရုဟှာ အိမွှိဟှားဘီ။
သူဟို့ နှိုးဟို့ ငါသွားမယ်” ဆိုဘီး မိန့်တော်မူလေဟှယ်။
12 တမဲ့တော်လေဟှ “သခင်၊ သူဟှာ အိမွှိနေဟှယ် ဆိုဟှာ ကျန်းမာလာလေ့မယ်”
ဆိုဘီး ဖြေဂေ့ဟှယ်။

11:1 ၁၁.၁ လု ၁၀.၃၈,၃၉ **11:2** ၁၁.၂ ယော ၁၂.၃

13 ယေရှုဟာ လာဇရုသေဟာ်းကြောန်းဟို့ မိန့်တော်မူနေ ဘေမဲ့လည်း အိမ်မိုနေဇာဟို့ဘဲ့
မိန့်တော်မူနေဟုယ် ဆိုဘီး သူးနို့ထန်နေဂေ့ဟုယ်။
14 အယ်ကြောန့် ယေရှုဟာ သူးနို့ဟို့ “လာဇရု သေဟာ်းဘီ။
15 အယ်ဘေမဲ့ နန်းနို့လေ ယောင်ကြည်လာဟို့တွပ်ကြောန့် အယ်နေရာမာ
ငါမ့ေဘဲဇာဟာ နန်းနို့တွပ် ငါဝန်းသာဟုယ်။ သူနားဟို့ သွားဂေ့ဇို့” ဆိုဘီး
ပွမ့်ပွမ့်လန်းလန်းဟာ်း မိန့်တော်မူလေဟုယ်။
16 မြွာဘ့်လူး ဆိုဘီး ခေါ်ဟူ သောမဟာ သူရဲ့ဖော်လေဟို့ “နို့လေအားလောင်း
ဆရာနတူးဒူ သေခံဟို့ လိုက်ဟာ်းဂေ့ဇို့!” ဆိုဘီး ပြောလေဟုယ်။

သတ်ရှင်ဟူန ရှင်ပ့လန်ထမြွေ့-က်ဟူ ယေရှုကြောန်း

17 ယေရှု ရွေ့-က်လာတော်မူခီမာ လာဇရုဟို့ သန်းခ့လိုင်းဂူမာ သ်ကြိုဟ်ဟာ်းဇာ
လေးရစ်ရှိနေဘီ ဆိုဇာဟို့ တွိဟာ်းတော်မူဟုယ်။
18 ဗေသနိဝါဟာ ယေရုရှလင်ဗြို့ဟုနေ နှေ့မိုင်လော့-က်ဘဲ့ ဝီးဟုယ်။
19 ယုဒလူဘောင်ဂီးဟာ မာသန မာရိရဲ့မောင် သေဟာ်းဟူကြောန့် သူးနို့ဟို့ နှစ်သိမ့်ဟို့
လာဂေ့ဟုယ်။
20 မာသဟာ ယေရှုကွေ့လာဟုယ် ဆိုဇာဟို့ ကြားဟူ ခီမာ ကိုယ်တော့်ဟို့ ကြုံဆိုဟို့
ထွပ်ဟာ်းလေဟုယ်။ မာရိဟာ အီမာဘဲ့ နေရစ်ဟုယ်။
21 မာသဟာ ယေရှုဟို့ “သခင်၊ ကိုယ်တော်ဟာ အယ်နေရာမာရှိနေမယ် ဆိုဟာ
ကျွန်မမောင် သေဟို့ မူဟု!
22 အယ်ဘေမဲ့ ခု ကိုယ်တော်ဟာ ဘုရားသခင်နားမာ တောန်းတော်မူသမျှဟို့
ဘုရားသခင် ပေးတော်မူမယ် ဆိုဇာဟို့ ကျွန်မသိဟုယ်” ဆိုဘီး လျှော့-က်လေဟုယ်။
23 ယေရှုဟ့ “နန့်မောင်ဟာ သတ်ပ့လန်ရှင်လေ့မယ်” ဆိုဘီး သူ့ဟို့
မိန့်တော်မူလိုက်ဟုယ်။
24 မာသဟ့ “သူဟာ နော့-က်ဆောင်းဟူ နေ့မာ ရှင်ပ့လန်ထမြွေ့-က်လေ့မယ်
ဆိုဇာဟို့ ကျွန်မသိပါဟုယ်” ဆိုဘီး ပ့လန်လျှော့-က်ဟုယ်။
25 ယေရှုဟ့ သူ့ဟို့ “ငါဟာ ရှင်ပ့လန်ထမြွေ့-က်ရှင်း ဖြစ်ဟုယ်။ သတ်လည်း
ဖြစ်ဟုယ်။ ငါ့ဟို့ ယောင်ကြည်ဟူ လူလေဟာ သေဟာ်းဘေမဲ့လည်း ပ့လန်ရှင်လေ့မယ်။
26 ငါ့ဟို့ ယောင်ကြည်ဘီး သတ်ရှင်နေဟူ လူလေဟာ ကာလစဉ်ဆစ် သေရလေ့ဟို့
မူဟု။ အယ်မူဇာဟို့ နန်ယောင်ကြည်ဘဲ့လော” ဆိုဘီး မေးတော်မူလေဟုယ်။
27 သူဟ့ “ယောင်ကြည်ပါဟုယ်။ သခင်! ကိုယ်တော်ဟာ လောကဟို့
ကွေ့လာတော်မူဟူ ဘုရားသခင်ရဲ့ သားတော်၊ မေရှိယ ဖြစ်ဟုယ် ဆိုဇာဟို့ ကျွန်မ
ယောင်ကြည်ပါဟုယ်” ဆိုဘီး ပ့လန်လျှော့-က်လေဟုယ်။

ယေရှု ငိုတော်မူကြောန်း

28 မာသဟာ အယ်မျိုး လျှော့-က်လိုက်ဘီးန အီဟို့ ပ့လန်ဟားဘီး ညီမမာရိဟို့
တိတိဟားခေါ်လိုက်ဟယ်။ “ဆရာကြွလာတော်မူဘီ နန့်ဟို့ မေးနေဟယ်” ဆိုဘီး
ပြောလိုက်ဟယ်။
29 မာရိဟာ အယ်မျိုးကြားလိုက်ခီမာ ဗြန်းဗြန်ဟား ထွပ်ဟားဘီးဟာ
ကိုယ်တော်နားဟို့ သွားလေဟယ်။
30 အယ်ခီမာ ယေရှုဟာ ဝါထဲဟို့ ရော့-က်သေးဘဲ မာသ လာတွိဟူနေရာမာဘဲ့
ရှိနေသေးဟယ်။
31 မာရိဟို့ နှစ်သိမ့်ပေးဟို့ အီမာရှိနေဟူ ယုဒလူလေဟာ ဗြန်းဗြန်ဟားထွပ်ဟားဟူ
မာရိဟို့ ဗြင်လိုက်ဟယ်။ သူးန့်ဟ ဝိုဟို့တွပ် သန်းခ့လိုင်းဂူဟို့ ထွပ်ဟားဟယ် ဆိုဘီး
ထန်နေဂေ့ဟယ်။
32 မာရိဟာ ယေရှုရှိနေဟူ နေရာဟို့ ရော့-က်ဟားဘီး ကိုယ်တော့်ဟို့ တွိဟူန
ခေတော်ရင်းမာ ဒူးထွေ့-က်လေဟယ်။ “သခင်၊ ကိုယ်တော်ဟာ အယ်နေရာမာ
ရှိနေမယ် ဆိုဟာ ကျွန်မမောင် သေဟို့ မူဟ့!” ဆိုဘီး လျှော့-က်လေဟယ်။
33 ယေရှုဟာ မာရိဝိုနေဇာဟို့ရော၊ သူ့နတူးဒူလိုက်လာဟူ ယုဒလူလေ ဝိုနေဇာဟို့ရော
ဗြင်ဟူ ခီမာ ကိုယ်တော်ဟာ ရရာတိုင်း စိကောန်းဘဲ ဖြစ်ဟားဟယ်။
34 ကိုယ်တော်ဟ “သူ့ဟို့ ဖယ်မာ သ်ကြိုဟ်ဟားဂေ့နူး” ဆိုဘီး သူးန့်ဟို့
မေးတော်မူလေဟယ်။
သူးန့်ဟ “သခင်၊ ကြွဘီးကေ့တော်မူပါ” ဆိုဘီး ပ့လန်ဖြေတော်မူဂေ့ဟယ်။
35 ယေရှုဟာ ဝိုတော်မူလေဟယ်။
36 အယ်ကြောန့် ယုဒလူလေဟ “ကေ့ပါအူး၊ လာဇရုဟို့ ရရာတိုင်း ရှစ်ဇမား!” ဆိုဘီး
ပြောနေဂေ့ဟယ်။
37 အယ်ဘေမဲ့ သူးန့်ထဲဟ တချို့ဟ “မျစ်စိကန်းနေဟူ လူဟို့ မျစ်စိပ့လန်ဗြင်အောန
လောက်ပေးဟယ် မူဟ့လော။ လာဇရုဟို့လည်း သေဘဲအောန် လောက်ပေးနိုင်ဟ့လော”
ဆိုဘီး ပြောဂေ့ဟယ်။

လာဇရုဟို့ သတ်ပ့လန်ရှင် စေတော်မူကြောန်း

38 နော့-က်ထပ်တခါ ဝန်းနဲလာဘီး ယေရှုဟာ သန်းခ့လိုင်းဂူဟို့ ကြွဟားလေဟယ်။
အယ်သန်းခ့လိုင်းဂူဝဟို့ ကွလော့-က်န ပိဟားဟယ်။
39 ယေရှုဟ “ကွလော့-က်ဟို့ ဖယ်ထုလိုက်!” ဆိုဘီး မိန့်တော်မူလေဟယ်။
သေဟားလူရဲ့မယ်ဖြစ်ဟူ မာသဟ “သခင်၊ ခုဆိုဟာ နံနေလေ့မယ်။ သူ့ဟို့
သ်ကြိုဟ်ဟားဇာ လေးရစ်ရှိဟားဘီ!” ဆိုဘီး ပ့လန်ဖြေလေဟယ်။
40 ယေရှုဟာ “နန်ယောင်ကြည်မယ် ဆိုဟာ ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို့
ဗြင်ရလေ့မယ် ဆိုဇာ နန့်ဟို့ ငါပြောဟားပီးဘီ မူဟ့လော” ဆိုဘီး သူ့ဟို့
မိန့်တော်မူလေဟယ်။

41 သူးနို့ဟ့ာ ကၠလော့-က်ဟ့ိ ဖယ်ထုလိုက်ဟ့ယ်။ ယေရှုဟ့ာ မော့ကေ့ဘီး “ဖ၊
ကျွန်တော့်ရဲ့ စကားဟ့ို နားထောန်ဟ့ူကြောန့် ကျေးဇူးတန်ဟ့ယ်။
42 ဖဟ့ာ ကျွန်တော့်ရဲ့ စကားဟ့ို မြဲဒမ်း နားထောန်ဟ့ယ် ဆိုဇာ နို့သိဟ့ယ်။
အယ်ဘေမဲ့ ကျွန်တော် အယ်မျိုးပြောဇာဟ့ ဖဟ့ာ ကျွန်တော့်ဟ့ို စေလွတ်တော်မူဟ့ယ်
ဆိုဇာဟ့ို အယ်နေရာမာ ရှိနေဟ့ူ လူလေဟ့ို သူးနို့ရဲ့ ကျိုးဟ့ို ကေ့ဘီး
ယောင်ကြည်လာစေဟ့ို့ဘဲ့ ဖြစ်ဟ့ယ်” ဆိုဘီး ပြောလေဟ့ယ်။
43 ကိုယ်တော်ဟ့ာ အယ်မျိုးပြောဘီးန သံကြမ်းကြမ်းန “လာဇရ၊ ထွပ်လာဟ့ား!”
ဆိုဘီး ခေါ်ထုလိုက်ဟ့ယ်။
44 သေဟ့ားဟ့ူလူဟ့ာ လတ်ခေလေမာ ဝတ်ကြိုးန ခယ်ဟ့ားဘီး မျစ်နှာမာလည်း
ဝတ်န ပတ်ဟ့ားဘီး ထွပ်လာဟ့ယ်။ ယေရှုဟ့ာ “သူ့ဟ့ို ကြိုးဖြေပေးဂေ့” ဆိုဘီး သူးနို့ဟ့ို
မိန့်တော်မူလေဟ့ယ်။

ယေရှုဟ့ို သတ်ဟ့ို့တွပ် ကြံစည်ဟ့ူကြောန်း
(မဿဲ ၂၆.၁-၅; မာကု ၁၄.၁,၂; လုကာ ၂၂.၁,၂)

45 မာရိနားဟ့ို လာဟ့ူယုဒလူလေ ဘောင်ဂီးဟ့ာ ယေရှု ပြုတော်မူဇာလေဟ့ို မြင်ဘီး
ကိုယ်တော့်ဟ့ို ယောင်ကြည်ဂေ့ဟ့ယ်။
46 အယ်ဘေမဲ့ သူးနို့လေထဲဟ့ ဘချို့ဟ့ာ ဖာရိရှဲလေနားဟ့ို ပ့လန်လာဘီးဟ့ာ
ယေရှုပြုတော်မူဇာလေဟ့ို ပြောပြဂေ့ဟ့ယ်။
47 အယ်ကြောန့် ဖာရိရှဲလေန ယဇ်ပုရောဟိတ်ဂီးလေဟ့ာ ယုဒဘရားလွတ်တော်မာ
တို့ဆောင်ဘီး “နို့လေဖြားမျိုးလောက်ရမယ်နူး။ အယ်လူဟ့ာ နိမိတ်လတ်ခဏာလေ
ဘောင်ဂီး ပြုလောက်နေဟ့ယ်!
48 အယ်လူဟ့ို အယ်မျိုးခွမ့်ပေးဟ့ားမယ် ဆိုဟ့ာ လူတိုင်းဟ့ာ သူ့ဟ့ို
ယောင်ကြည်ဟ့ားလေ့မယ်။ အယ်ဆိုဟ့ာ ရောမအာဏာပိုင်လေဟ့ နို့လေရဲ့
ဗိမာန်တော်န နို့လေရဲ့ လူမျိုးဟ့ို ဖျစ်ဆီးပစ်လေ့မယ်!” ဆိုဘီး ပြောဂေ့ဟ့ယ်။
49 သူးနို့လေထဲဟ့ အယ်နှစ်မာ ယဇ်ပုရောဟိတ်မန်း ဖြစ်လာဟ့ူ ကယာဖဟ့
“နန်းနို့လေဟ့ာ ရူးလေဘဲ့!
50 လူမျိုးတမျိုးလောင်း သေကျေပျစ်စီးရဟ့ို့ထတ် လူတယော့-က်ဟ့ လူလေတွပ်
သေရဇာဟ့ ရရာတိုင်း ကောန်းဟ့ယ် ဆိုဇာဟ့ို နန်းနို့လေ နားလည်ဂေ့ဟ့လော” ဆိုဘီး
ပြောလေဟ့ယ်။
51 အယ်မျိုးပြောနေဇာဟ့ာ သူ့ရဲ့ ကိုယ်ပိုင်ဉာဏ်န ပြောနေဇာ မူဟ့။ သူဟ့ာ
အယ်နှစ်မာ ယဇ်ပုရောဟိတ်မန်း ဖြစ်လာဟ့ူကြောန့် ယုဒလူလေတွပ် ယေရှု
သေခံပေးတော်မူမယ် ဆိုဇာဟ့ို ပရောဖက်ပြုနေဇာဖြစ်ဟ့ယ်။
52 အယ်လူမျိုးတွပ်ဘဲ့မူဘဲန ဖ့ုလဲဖ့ုလဲစင်နေဟ့ူ ဘုရားသခင်ရဲ့ လူလေလည်းဘဲ့
ခန္ဓာတခုထဲမာ စုဝီးလာဟ့ို့တွပ် ဖြစ်ဟ့ယ်။

53 အယ်နေ့ဟုစဘီး ယုဒအာဏာပိုင်လေဟှာ ယေရှုဟို့ သတ်ဟို့တွပ်
ကြံစည်ဂေ့ဟုယ်။
54 အယ်ကြောန့် ယေရှုဟှာ ယုဒနယ်မာ ထန်းထန်းရှားရှားဟှား သွားလာဟုမ်း။
အယ်ဘေမဲ့ တောကန္တာရနားဟှ ဧဖရိမ်နာမယ်ရှိဟူ ဗြို့ဟို့ ကြွဟှားဘီး
တဗဲ့တော်လေနတူးဒူ နေတော်မူလေဟုယ်။
55 ယုဒလူလေရဲ့ ပသခါပွဲတော်ခီ နီးလာဟူ ခီမာ တောဝါဟှ လူလေဘောင်ဂီးဟှာ
ဘာသာရေးစဉ်လာတိုင်း စင်ကြယ်ဇာလောက်ဟို့ ပွဲတော်လောက်ခန်မာ
ယေရှုရှလင်ဗြို့ဟို့ တတ်လာဂေ့ဟုယ်။
56 သူးနို့လေဟှာ ယေရှုဟို့ လိုက်ရှာနေဂေ့ဟုယ်။ သူးနို့ဟှာ ဗိမာန်တော်ထဲမာ
စုရောင်းမိဟူ ခီမာ “နန်းနို့လေ ဖယ်မျိုးထန်ဂေ့နူး။ သူဟှာ အယ်ပွဲတော်ဟို့ လာဟို့တွပ်
သေချာဘဲ့လော” ဆိုဘီး သူးနို့ရှင်းရှင်း မေးနေဂေ့ဟုယ်။
57 ယဇ်ပုရောဟိတ်ဂီးလေန ဖာရိရှဲလေဟှ ဖယ်သူဘဲ့ဖြစ်ဖြစ် ယေရှုရှိဟူနေရာဟို့
သိမယ် ဆိုဟှာ သူ့ဟို့ ဖမ်းဆီးဟို့တွပ် ကြောန်းကြားရမယ် ဆိုဘီး
ညွှန်ကြားဟှားဂေ့ဟုယ်။

12

ယေရှုဟှာ ဗေသနိဝါမာ ဘိသိက်ခံဟူကြောန်း
(မဿဲ ၂၆.၆–၁၃; မာကု ၁၄.၃–၉)

1 ပသခါပွဲတော်တိုင်ခန် ခြော့-က်ရစ်ဘဲ့လိုဟူ ခီမာ သေဘီးန ပ့ုလန်ရှင်လာဟူ
လာဇရုနေထိုင်ဟူ ဗေသနိဝါဟို့ ယေရှုဟှာ ကြွတော်မူလေဟုယ်။
2 သူးနို့ဟှာ ကိုယ်တော်တွပ် ညဉ့်ခန်းဇာဟို့ ပြင်ဆင်ဘီးန မာသဟှ
လောက်ကျွေးပြုလေဟုယ်။ ယေရှုနတူးဒူ ဗဲ့မာထိုင်နေဟူ လူလေထဲမာ လာဇရုလည်း
ရှိနေလေဟုယ်။
3 အယ်ခီမာ မာရိဟှာ ရာရတိုင်း ဖိုးကီးဟူ နာဒုဆီမွီးစစ်စစ် ဖူးဝပ်ဟို့ ယူဘီး ယေရှုရဲ့
ခေတော်ထတ်ဟို့ လောန်းခုလဘီးန သူ့ရဲ့ ဆားဗန်န သုပေးလေဟုယ်။ အယ်ဆီမွီးရဲ့
နံ့ဟှာ တအီလောင်းဟို့ မွီးကြိုင်ဟှားလေဟုယ်။
4 ယေရှုရဲ့ တဗဲ့တော်တပါးဖြစ်ဟူ ကိုယ်တော့်ဟို့ သစ်စာဖော့-က်မယ့်လူဖြစ်ဟူ
ယုဒရှကာရုတ်ဟှ
5 “ဖြားဖြစ်ကြောန့် အယ်ဆီမွီးဟို့ ငွေဒန်းဂါး* ၃၀၀ န ရောန်းလိုက်ဘီးဟှား
ဆင်းရဲသားလေဟို့ ပေးဘဲ့နေရနူး” ဆိုဘီး မေးလေဟုယ်။
6 သူဟှာ အယ်မျိုးပြောနေဇာဟှ ဆင်းရဲသားလေဟို့ သနားကြောန့်မှဘဲန
သူခိုးတယော့-က် ဖြစ်ကြောန့်ဖြစ်ဟုယ်။ သူဟှာ ကပ်အိတ်ဟို့ လွယ်ရသူဖြစ်ဘီး
ကပ်လေဟို့ နှိုက်ယူတတ်ဟုယ်။

12:3 ၁၂.၃ လု ၇.၃၇.၃၈ * **12:5 ၁၂.၅ ငွေဒန်းဂါး၊** ရှု ၆.၇။

7 အယ်ဘေမဲ့ ယေရှုဟု “အယ်မီးမဟို့ နှော့-က်ယှစ်ဂေ့န! သူဟာ ငါ့ဟို့
သင်္ဂြိုဟ်မယ့်နေ့တွပ် အယ်ဆီမွီးဟို့ သီးဟားဇာဖြစ်ဟုယ်။
8 ဆင်းရဲသားလေဟာ နန်းနို့နတူးဒူ မြဲဒမ်း ရှိဂေ့ဟုယ်။ ငါဟု နန်းနို့နတူးဒူ မြဲဒမ်း
ရှိနေဟို့ မူဟု” ဆိုဘီး မိန့်တော်မူလေဟုယ်။

လာဇရုဟို့ သတ်ဟို့တွပ် ကြံစည်ဟူကြောန်း

9 ဗေသနိ၀ါမာ ယေရှုရှိတော်မူဟုယ် ဆိုဇာဟို့ ကြားလိုက်ဟူ ယုဒလူလေဘောင်ဂီးဟာ
အယ်၀ါဟို့ လိုက်ဟားဂေ့ဟုယ်။ သူးနို့ဟာ ယေရှုဟို့ တွိရှင်ရောင်မျှမက သေရာဟုနေ
ပ့လန်ရှင်လာဟူ လာဇရုဟို့လည်း တွိရှင်ဂေ့ဟုယ်။
10 အယ်ကြောန့် ယဇ်ပုရောဟိတ်ဂီးလေဟာ လာဇရုဟို့လည်း သတ်ဟို့တွပ်
ကြံစည်ဂေ့ဟုယ်။
11 ဖြားဖြစ်ကြောန့်နူးဆိုဟာ ယုဒလူဘောင်ဂီးဟာ လာဇရုကြောန့် သူးနို့ဟို့
ငြင်းပယ်ဘီး ယေရှုဟို့ ယောင်ကြည်လာဂေ့ဟုယ်။

အောန်ဗွဲခံဘီး ယေရုရှလင်ဗြို့ဟို့ ၀မ်တော်မူဟူကြောန်း
(မဿဲ ၂၁.၁-၁၁; မာကု ၁၁.၁-၁၁; လုကာ ၁၉.၂၈-၄၀)

12 နှော့-က်နေ့မာ ပသခါပွဲတော်ဟို့ လာဟူ လူအောက်ဂီးဟာ ယေရုရှလင်ဗြို့ဟို့
ယေရှုကြွလာတော်မူကြောန်းဟို့ ကြားလိုက်ဟုယ်။
13 အယ်ကြောန့် သူးနို့ဟာ စွန်ပလွံခတ်လေဟို့ ယူဘီး ကိုယ်တော့်ဟို့
ကြိုဆိုဟို့သွားဂေ့ဘီး “ဟောရှဏ္ဏာ! ဘုရားသခင်ရဲ့ နာမန ကြွလာဟူ သခင်ဟာ
မင်္ဂလာရှိတော်မူဟုယ်! ဣသရေလမန်းဂီးဟာ မင်္ဂလာရှိတော်မူဟုယ်!” ဆိုဘီး
ကြွေးကြော်ဂေ့လေဟုယ်။
14 ယေရှုဟာ မြည်းသားဂန်းဟို့ တွိဟားဘီး စီးတော်မူလေဟုယ်။
15 အယ်မူဇာဟု “ဇိအုန်ဗြို့ စိုးရိမ်ခန!
နန်းနို့ရဲ့ မန်းဂီးဟာ
မြည်းသားဂန်းဟားဟို့ စီးဘီးဟာ ကြွလာတော်မူဘီ” ဆိုဘီး ကျမ်းစာမာ အယ်မျိုး
ပြောဟားလေဟုယ်။
16 တမဲ့တော်လေဟာ အယ်ခီဒူးဟု အယ်ကျမ်းစာဟို့ နားလည်ဂေ့ဟု။ အယ်ဘေမဲ့
ယေရှုဟာ ဖောင်းသရေတော်တွပ် ပ့လန်ရှင်လာဟူ ခီမာ အယ်ကျမ်းစာဟု
ကိုယ်တော်ကြောန်းဟို့ ရေးဟားဇာဖြစ်ဟုယ် ဆိုဇာန ကိုယ်တော့်ဟို့ အယ်မျိုး
လောက်ဇာဖြစ်ဟုယ် ဆိုဇာလေဟို့ ပ့လန်အော့-က်မေ့လာဂေ့ဟုယ်။
17 ယေရှုနတူးဒူရှိနေဟူ လူလေဟာ လာဇရုဟို့ သန်းခ့လိုင်းဂူဟုနေ ခေါ်ထုလိုက်ဘီး
သေရာဟုနေ ပ့လန်ရှင်စေဟူကြောန်းဟို့ သတ်သေခံဂေ့ဟုယ်။
18 ဖြားကြောန့်ဟို့ လူအောက်ဟာ ကိုယ်တော့်ဟို့ ကြိုဆိုဂေ့ဇာဟာ သူးနို့ဟာ အယ်မျိုး
နိမိတ်လတ်ခဏာလေဟို့ ပြတော်မူကြောန်းဟို့ ကြားဟားဂေ့ဟုယ်။

19 အယ်ကြောန့် ဖာရိရှဲလေဟှာ “နို့လေဟှာ လောက်ဝ အောန်မြင်နိုင်ဟှ! ကေ့ကေ့။
တလောကလောင်းဟှာ အယ်လူနော့-က်ဟှိ လိုက်ဟှားဂေ့ဘီ!” ဆိုဘီး သူးနို့ရှင်းရှင်း
ပြောနေဂေ့ဟှယ်။

လူမျိုးခြားတချို့ ယေရှုဟှိ လိုက်ရှာဟူကြောန်း

20 ပွဲတော်မာ ကိုးကွယ်ဟှိတွပ် ယေရုရှလင်ဗြို့ဟှိ ရော့-က်လာဟူ လူလေထဲမာ
လူမျိုးခြားတချို့လည်းပါဟှယ်။
21 သူးနို့ဟှာ ဂါလိလဲနယ် ဗက်ဇဲဒဗြို့သားဖြစ်ဟူ ဖိလိပ္ပုနားဟှိ သွားဘီး “ဆရာ၊
ကျွန်တော့်ဟှားလေ ယေရှုဟှိ ဗြင်ရှင်ဟှယ်” ဆိုဘီး တောန်းလျော့-က်ဂေ့ဟှယ်။
22 ဖိလိပ္ပုပုဟှာ အန့ထြေနားဟှိ သွားပြောပြဘီးဟှာ သူးနို့နှေ့ယော့-က်ဟှာ
ယေရှုနားဟှိ သွားဘီး လျော့-က်ဂေ့ဟှယ်။
23 ယေရှုဟှာ သူးနို့ဟှိ “လူရဲ့သားဟှာ ရရာတိုင်း ကီးမားဟူ ဖောင်းသရေတော်ဟှိ
လတ်ခံဟှိ့ ခီဟှာ ခုဘဲ့ရော့-က်နေဘီ။
24 နန်းနို့ဟှိ ငါ မှန်တိုင်းပြောမယ်၊ ဂျောင်စေ့တစေ့ဟှာ မှ့လေဂီးထဲဟှိ ကှ့လဘီး
ပျစ်စီးဟှ ဆိုဟှာ တစေ့ဒဲဘဲ ရှိနေလေ့မယ်။ အယ်စေ့ဟှာ ပျစ်စီးဟှားမယ် ဆိုဟှာ
သီးလေ ဘောင်ဂီး ဖြစ်ဟှားဟှယ်။
25 ကိုယ့်သတ်ဟှိ ရှစ်ဟူ လူလေဟှာ သတ်ဆောင်းရှောင်း လေ့မယ်။ အယ်လောကမာ
ကိုယ့်သတ်ဟှိ မူးဟူ လူလေဟှာ ကိုယ့်သတ်ဟှိ ထာဝရ စောန့်ရှော့-က်ရလေ့မယ်။
26 ငါ့မူတော်ဟှိ လောက်ဆောန်ဟူ လူတိုင်းဟှာ ငါ့နော့-က်ဟှိ လိုက်ရမယ်။
အယ်ဆိုဟှာ ငါရှိဟူ နေရာမာ ငါ့မူဆောန်ဟှာ ငါ့နတူးဒူရှိ လေ့မယ်။ ငါ့ဖဟှလည်း ငါ့ရဲ့
မူဆောန်ဟှိ ချီးမြှော့-က်လေ့မယ်။

ယေရှုဟှ သေခံဟှိ့တွပ် ပြောဟူကြောန်း

27 “ခု ငါ့ရဲ့ စိနှလောင်း ပူလောန်နေဟှယ်။ ငါ ဖယ်မျိုး ပြောရဟှိ့နူး။ ငါဟှ ‘ဖ၊
ကျွန်တော်ထတ်ဟှိ ကှ့လရော့-က်လာမယ့် အယ်ခီနာရီဟှနေ ကယ်မပါ’ ဆိုဘီး
ပြောရဟှိ့လော။ အယ်ဘေမဲ့ ငါဟှာ အယ်ဒေါက်ခဝေဒနာခံဟှိ့တွပ်ဘဲ့
ရော့-က်လာဟှယ်။
28 ဖ၊ ဖရဲ့နာမတော်ဟှာ ဖောင်းသရေတော် ထန်ရှားစေတော်မူပါ!” ဆိုဘီး
မိန့်တော်မူလေဟှယ်။
အယ်ဘီးန ကောန်းဂန်ထတ်ဟှနေ သံတော်ဟှ “ငါဟှာ ဖောင်းသရေတော်
ထန်ရှားစေပီးဘီ။ နော့-က်တခါလည်း ထန်ရှားစေအူးမယ်” ဆိုဘီး
မိန့်တော်မူလေဟှယ်။
29 အယ်နေရာမာ ရပ်နေဂေ့ဟူ လူအောက်ဟှာ သံတော်ဟှိ ကြားလိုက်ရဘီး
သူးနို့ထဲဟှ တချို့ဟှ မိုးကြိုးသံဖြစ်ဟှယ် ဆိုဘီး ပြောဂေ့ဟှယ်။ တချို့ဟှ
“ကောန်းဂန်တမန်ဟှာ ကိုယ်တော့်ဟှိ စကားပြောဟှယ်!” ဆိုဘီး ပြောဂေ့ဟှယ်။

12:25 **၁၂.၂၅** မ ၁၀.၃၉; ၁၆.၂၅; မာ ၈.၃၅; လု ၉.၂၄; ၁၇.၃၃

30 အယ်ဘေမဲ့ ယေရှုဟာ သူးနို့ဟို့ “အယ်သံတော်ဟာ ငါ့တွပ် မူဟု့။ နန်းနို့တွပ်
ဖြစ်ဟုယ်။
31 အယ်လောကဟာ ခုဘဲ့ တရားစီရင်ခံရမယ်။ အယ်လောကဟို့
အောက်ချောက်မားဟာ ခုဘဲ့ နှန်ထုဇာခံရလေ့မယ်။
32 ငါဟာ မ့လေဂီးဟုနေ မ့လော့-က်ဟားဇာဟို့ ခံရဟူ ခီမာ လူတိုင်းဟို့ ငါနားဟို့
ဆွဲခေါ်မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
33 အယ်မျိုးမိန့်တော်မူဇာဟု ကိုယ်တော်ဟာ ဖယ်မျိုးသေနည်းန သေခံတော်မူရမယ်
ဆိုဇာဟို့ ဖော်ပြဇာဖြစ်ဟုယ်။
34 လူအောက်ဂီးဟု “မေရှိယဟာ ထာဝရသတ်ရှင်လေ့မယ် ဆိုဘီး
ကျွန်တော့်ဟားလေရဲ့ ပညတ်တော်မာ ပြောဟားဟုယ်။ အယ်ဆိုဟာ လူ့ရဲ့သားဟာ
မ့လေဂီးဟုနေ မ့လော့-က်ဟားခံရမယ် ဆိုဘီး ဖြားဖြစ်ကြောန့် ပြောနိုင်နူး။
အယ်လူ့ရဲ့သားဟု ဖယ်လူနူး” ဆိုဘီး မေးဂေ့ဟုယ်။
35 ယေရှုဟု “လန်းရောန်ဟာ နန်းနို့ထဲမာ ရှစ်ဟားဘဲ့ ရှိနေလေ့မယ်။ အယ်ကြောန့်
နန်းနို့ဟို့ မှောန်ဖောင်းခန် လန်းရောန်ရှိနေဒူးမာ သွားလာဂေ့။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
မှောန်ထဲမာ သွားလာလူဟာ ဖယ်နေရာဟို့ သွားနေဟုယ် ဆိုဇာဟို့ သိဟု့။
36 အယ်မူကြောန့်ဟို့ လန်းရောန်ဟာ နန်းနို့နရှိနေဒူးမာ လန်းရောန်ဟို့
ယောင်ကြည်ဂေ့။ အယ်ဆိုဟာ နန်းနို့ဟာ လန်းရောန်ရဲ့ သားမီးလေ ဖြစ်လေ့မယ်”
ဆိုဘီး ပ့လန်ဖြေတော်မူဟုယ်။

ယောင်ကြည်ဘဲဟူ လူလေကြောန်း

ယေရှုဟာ အယ်မျိုးမိန့်တော်မူဘီးန ထွပ်ကွေဟားဘီး သူးနို့ဟို့
တီးရှောန်ဟားလေဟုယ်။
37 ကိုယ်တော်ဟာ သူးနို့မျစ်စိရှေ့မာ အယ်နိမိတ်လတ်ခဏာလေ ဂူလောင်းဟို့
ပြဘေမဲ့ သူးနို့ဟာ ကိုယ်တော့်ဟို့ ယောင်ကြည်ဂေ့ဟု့။
38 အယ်ကြောန့်
“အို့၊ ဘုရားသခင် ကျွန်တော့်ဟားလေဟောပြောဟူ အယ်ဒန်းကောန်းဟို့ ဖယ်သူလေ
ယောင်ကြည်ကြောန့်နူး။
သခင်ဘုရားရဲ့ တဂိုးတော်ဟာ ဖယ်လူဟို့ ထန်ရှားဟို့နူး။” ဆိုဘီး
ပရောဖက်ဟေရှာယ ဟောဟားဇာဟာ မှန်ဘဲ့ဖြစ်လာဟုယ်။
39 အယ်ဘီးဟာ သူးနို့လေ ယောင်ကြည်နိုင်ဘဲကြောန့် ဟေရှာယဟု
40 “ဘုရားသခင်ဟာ သူးနို့ရဲ့ မျစ်စိဟို့ ကန်းစေဟားဘီး
သူးနို့ရဲ့ စိနှလောင်းဟို့ ပိစေဟားဟုယ်။
အယ်ကြောန့် သူးနို့ရဲ့ မျစ်စိဟာ ဗြင်ဂေ့ဟု့။
အယ်ဘီးဟာ သူးနို့ရဲ့ စိနှလောင်းဟို့ မာကျောစေဟုယ်။
အယ်ဘီးဟာ သူးနို့ဟာ ငါ့နားဟို့ ပ့လန်လာဂေ့ဟု့။

ဖြားဖြစ်ကြောင်နှုးဆိုဟှာ သူးနို့ဟှာ ငါ့နားဟို့ ပ္ဍလန်လာမယ် ဆိုဟှာ
နာပျော့-က်လေ့မယ်” ဆိုဘီး ဘုရားသခင်ဟ့ ပြောဟှားဟှယ်။
41 ဟေရှာယဟှာ ယေရှုရဲ့ ဖောင်းသရေတော်ဟို့ ဖြင်ဟှားဟှုကြောန့်
အယ်မျိုးပြောဆိုဘီး ကိုယ်တော်ကြောန်းဟို့ ပြောနေလေဟှယ်။
42 ဖယ်မျိုးဘဲ့ဖြစ်ဖြစ် ယုဒအာဏာပိုင်လေ ဘောင်ဂီးဟှာ ယေရှုဟို့
ယောင်ကြည်လာဂေ့ဟှယ်။ အယ်ဘေမဲ့ သူးနို့ဟှာ ဖာရိရှဲလေကြောန့် ဝါလယ်ဇရုပ်ဟှနေ
နှန်ထုခံရမာဟို့ စိုးရိမ်ဘီး ပွမ့်ပွမ့်လန်းလန်းဟှား ပြောဂေ့ဟှ။
43 သူးနို့ဟှာ ဘုရားသခင်ရဲ့ ချီးမွမ်းဇာထတ် လူလေရဲ့ ချီးမွမ်းဇာဟို့
နှစ်သက်ဂေ့ဟှယ်။

ယေရှုရဲ့ စကားတော်ကြောန့် တရားစီရင်ဟှုကြောန်း

44 ယေရှုဟှာ “ငါ့ဟို့ ယောင်ကြည်ဟှုလူဟှာ ငါ့ဟို့ဘဲ့ ယောင်ကြည်ဇာ မူဟှ။ ငါ့ဟို့
စေလွှတ်တော်မူဟှု သခင်ဟို့လည်း ယောင်ကြည်ဟှယ်။
45 ငါ့ဟို့ ဖြင်ဟှုလူဟှာ ငါ့ဟို့ စေလွှတ်တော်မူဟှု သခင်ဟို့လည်း ဖြင်ဟှယ်။
46 ငါဟှာ လန်းရောန်ဖြစ်န လောကထဲဟို့ ကြွလာဟှယ်။ အယ်ကြောန့် ငါ့ဟို့
ယောင်ကြည်ဟှု လူတိုင်းဟှာ မှောန်ထဲမာ နေရဟှမ်း။
47 လူလေဟှာ ငါ့ရဲ့စကားဟို့ ကြားဘီး နာခံဟှ ဆိုဟှာ သူးနို့ဟို့ ငါစီရင်လေ့မယ်
မူဟှ။ ဖြားဖြစ်ကြောန့်နှုးဆိုဟှာ ငါလာဇာဟှ အယ်လောကဟို့ စီရင်ဟို့လာဇာ မူဟှ။
အယ်လောကဟို့ ကယ်တန်ဟို့လာဟှယ်။
48 ငါ့စကားဟို့ လတ်ခံဘဲန ငြင်းပယ်ဟှု လူလေဟို့ စီရင်မယ့်သူရှိဟှယ်။ ငါပြောဟှု
စကားလေဟှဘဲ့ နော့-က်ဆောင်းဟှု နေ့မာ အယ်လူလေဟို့ စီရင်လေ့မယ်!
49 အယ်စကားဟှာ သမ္မာတရား ဖြစ်ဟှယ်။ ဖြားဖြစ်ကြောန့်နှုးဆိုဟှာ ငါဟှာ ကိုယ်ပိုင်
ခွမ့်အာဏာန ပြောနေဇာ မူဟှ။ အယ်ဘေမဲ့ ငါ့ဟို့ စေလွှတ်တော်မူဟှု ဖဟှာ
ဖယ်မျိုးပြောရမယ် ဆိုဇာဟို့ ငါ့ဟို့ ညွှန်ကြားတော်မူဘီ။
50 အယ်ဘီးဟှာ ဖရဲ့မိန့်တော်ဟှာ ထာဝရသတ် ဖြစ်ဟှယ် ဆိုဇာဟို့ ငါသိဟှယ်။
ငါပြောနေဇာလေဟှာ ဖဟှ ငါ့ဟို့ စေခိုင်းတော်မူဟှားတိုင်း ငါဟောပြောဟှယ်” ဆိုဘီး
သံက့လယ်ဂီးန မိန့်တော်မူလေဟှယ်။

13

ယေရှုဟှာ တမဲ့တော်လေရဲ့ခေဟို့ ဆေးတော်မူဟှုကြောန်း

1 ပသခါပွဲတော် လောက်ခန် တနေ့မာ ဖြစ်ဟှယ်။ ယေရှုဟှာ အယ်လောကဟှ
ထွပ်ခွါဘီး ဖနားဟို့ ကြွတော်မူဟို့ခီ ရော့-က်လာဘီ ဆိုဇာဟို့ သိတော်မူဟှယ်။
ကိုယ်တော်ဟှာ အယ်လောကမာရှိနေဟှု မိမိလူလေဟို့ ရှုစ်တော်မူဘီး ဆောင်းထိ
ရှုစ်တော်မူလေဟှယ်။

2 ယေရှုန တဗဲတော်လေဟှာ ညဉ့်ဇာစားနေဂေ့ဟှယ်။ မာရ်နတ်ဟှာ
ရှိမုန်ရှကာရုတ်သား ယုဒရဲ့ စိန္နလောင်းထဲမာ ကိုယ်တော့်ဟို့ သစ်စာဖော့-က်ဟို့
ကြဲစည်ဟို့ ထဲ့ပေးဟှားပီးဘီ။*
3 ဖဟှ သူ့ဟို့ အာဏာလေ အားလောင်း ပေးဟှားဟှယ် ဆိုဇာဟို့ရော၊
ဘုရားသခင်နားဟှနေ ကြွလာတော်မူဟှယ် ဆိုဇာရော၊ ဘုရားသခင်နားဟို့
ပ့ုလန်ကြွတော်မူရမယ် ဆိုဇာဟို့ရော ယေရှုဟှာ သိတော်မူဟှယ်။
4 အယ်ကြောန့် ကိုယ်တော်ဟှာ စားဗဲဟှနေ ထတော်မူဘီး ပ့ုလန်ဝတ်ဟို့
ခလွတ်တော်မူဘီး မျစ်နှာသုပိုင်းဟို့ ကိုယ်တော်ရဲ့ခါးမာ ပတ်တော်မူလေဟှယ်။
5 အယ်ဘီးန ကိုယ်တော်ဟှာ ရေအန်ဒုန်ထဲဟို့ ရေလောန်းထဲ့ဘီး စဘီးဟှာ
တဗဲတော်လေရဲ့ ခေဟို့ ဆေးပေးဘီးဟှာ ခါးမာပတ်ဟှားဟှ့ မျစ်နှာသုပိုင်းန
သုတော်မူလေဟှယ်။
6 ကိုယ်တော်ဟှာ ရှိမုန်ပေတရုနားဟို့ ရော့-က်ဟှ့ ခီမာ ပေတရုဟှ "သခင်၊
ကိုယ်တော်ဟှ ကျွန်တော့်ခေဟို့ ဆေးပေးဟို့လော" ဆိုဘီး ကိုယ်တော့်ဟို့
လျှော့-က်လေဟှယ်။
7 ယေရှုဟှာ သူ့ဟို့ "ငါလောက်ဇာလေဟို့ ခု နန်နားလည်ဟို့ မှုဟှ။ အယ်ဘေမဲ့
နော့-က်ဆိုဟှာ နားလည်လာလေ့မယ်" ဆိုဘီး ဖြေတော်မူဟှယ်။
8 ပေတရုဟှ "ကိုယ်တော်ဟှာ ကျွန်တော့်ရဲ့ ခေဟို့ လောင်းဝ ဆေးပေးတော်မူန!"
ဆိုဘီး လျှော့-က်လေဟှယ်။
ယေရှုဟှ "နန်ရဲ့ခေဟို့ ငါဆေးပေးရဘဲဟှ ဆိုဟှာ နန်ဟှာ ငါ့တဗဲတော် ဖြစ်ဟို့ မှုဟှ"
ဆိုဘီး ဖြေတော်မူလေဟှယ်။
9 ရှိမုန်ပေတရုဟှ "သခင်၊ အယ်မျိုးဆိုဟှာ ကျွန်တော့်ရဲ့ ခေဟို့ဘဲ့ဆေးန!
ကျွန်တော့်ရဲ့လတ်လေန ခေါန်းဟို့လည်း ဆေးပေးပါ!" ဆိုဘီး လျှော့-က်လေဟှယ်။
10 ယေရှုဟှ "ရေချိုးဘီးသားလူလေဟှာ တကိုယ်လောင်း
စင်ကြယ်ဟှားဘီဖြစ်ဟူကြောန့် သူးနို့ရဲ့ ခေဟို့ဘဲ့ ဆေးဟို့လိုဟှယ်။†
နန်းနို့ဂူလောင်းဟှာ စင်ကြယ်ဟှားဘီ။ အယ်ဘေမဲ့ တယော့-က်ဘဲ့ စင်ကြယ်ဟှ" ဆိုဘီး
မိန့်တော်မူလေဟှယ်။
11 ယေရှုဟှာ သူ့ဟို့ သစ်စာဖော့-က်မယ့်လူဟို့ သိဟှားဘီးဟူကြောန့် "နန်းနို့လေ
ဂူလောင်းထဲမာ စင်ကြယ်ဘဲဟူ လူတယော့-က်ရှိနေဟှယ်" ဆိုဘီး မိန့်တော်မူလေဟှယ်။
12 ယေရှုဟှာ သူးနို့ရဲ့ ခလေဟို့ ဆေးပေးဘီးန ပ့ုလန်ဝတ်ဟို့ ပ့ုလန်ဝတ်လိုက်ဘီး
စားဗဲမာ ပ့ုလန်ထိုင်တော်မူလေဟှယ်။ ကိုယ်တော်ဟှ "နန်းနို့ဟို့ ငါပြုလောက်ဇာလေဟို့
နားလည်ဂေ့ဘဲ့လော" ဆိုဘီး မေးတော်မူလေဟှယ်။

---

* **13:2 ၁၃.၂** မာရ်နတ်ဟှာ ရှိမုန်ရှကာရုတ်သား ယုဒရဲ့ စိန္နလောင်းထဲမာ ကိုယ်တော့်ဟို့ သစ်စာဖော့-က်ဟို့ ကြဲစည်ဟို့ ထဲ့ပေးဟှားပီးဘီ၊ အယ်မျိုးမှုဘဲနေဟှာမာရ်နတ်ဟှာ ရှိမုန်ရှကာရုတ်သား ယုဒဟို့ ယေရှုရဲ့ သစ်စာဖော့-က်ဟို့ ဆောင်းဖြတ်ဟှားပီးဘီ။ † **13:10 ၁၃.၁၀** တချို့ မူရင်းလတ်ရေးမူလေမာ သူးနို့ရဲ့ ခေဟို့ဘဲ့ ဆေးဟို့လိုဟှယ် ဆိုဇာဟှာ မေ့ဟှ။ **13:12 ၁၃.၁၂-၁၅** လု ၂၂.၂၇

13 “နန်းနို့ဟု ငါ့ဟို့ သခင်ဆိုဘီးရော၊ ဆရာဆိုဘီးရော ခေါ်ဂေ့ဟုယ်။ ငါလည်း
အယ်တိုင်းဘဲ့ဖြစ်ဟူကြောန့် နန်းနို့ခေါ်ဇာဟု မှန်ဟုယ်။
14 နန်းနို့ရဲ့ဆရာ၊ နန်းနို့ရဲ့သခင်ဖြစ်ဟူ ငါဟု နန်းနို့ရဲ့ခေလေဟို့ ဆေးပေးဟုယ်။
အယ်ဆိုဟု နန်းနို့လည်း ရှင်းရှင်းလေရဲ့ ခေဟို့ ဆေးပေးရမယ်။
15 နန်းနို့ဟို့ ငါပြုတော်မူမျိုးဘဲ့ နန်းနို့လည်းဘဲ့ အယ်မျိုးပြုလောက်ဟို့ စံနမူနာဟို့
ငါပြဟုးပီးဘီ။
16 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ကျွန်ဟု သူးနို့သခင်ထတ် ကီးမြတ်ဟု။
စေတမန်ဟု သူ့ဟို့ စေလွတ်သူထတ် ကီးမြတ်ဟု။
17 အယ်သမ္မာတရားဟို့ နန်းနို့ ခု သိဟုးဘီ။ အယ်မူတိုင်းလောက်မယ် ဆိုဟု
နန်းနို့ဟု ရရာတိုင်း ပျော်ရွှင်ရလေ့မယ်!
18 “ငါဟု နန်းနို့လေ ဂူလောင်းဟို့ ပြောဇာ မူဟု။ ငါဝီးကော့-က်ဟုးဟူ လူလေဟို့
ငါသိဟုယ်။ အယ်ဘေမဲ့ ကျမ်းစာဟု ‘ငါ့ရဲ့မုဟို့ စားဟူလူဟု ငါ့ဟို့
ပ့ုလန်ဘီးဆန့်ကျင်လေဘီ’ ဆိုဘီး ပြောဟုးဇာဟု မှန်ဘဲ့ဖြစ်လာဟုယ်။
19 အယ်ကြောန့် အယ်မူဇာလေ ဖြစ်လာခန်မာ ‘ငါဖြစ်မျိုးဘဲ့ ငါဖြစ်ဟုယ်’ ဆိုဇာဟို့
နန်းနို့ဟု ယောင်ကြည်လာစေဟို့ ခုဘဲ့ နန်းနို့ဟို့ ငါပြောဟုယ်။
20 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ငါစေလွတ်ဟူ သူဟို့ လတ်ခံဟူ သူဟု ငါ့ဟို့
လတ်ခံဟုယ်။ ငါ့ဟို့ လတ်ခံဟူ သူဟု ငါ့ဟို့ စေလွတ်လိုက်ဟူ သူဟို့လည်း
လတ်ခံဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုဟု သစ်စာဖော့-က်ခံရမယ် ဆိုဇာဟို့ ကြိုတန်ပြောဟူကြောန်း
(မဿဲ ၂၆.၂၀-၂၅; မာကု ၁၄.၁၇-၂၁; လုကာ ၂၂.၂၁-၂၃)

21 ယေရှုဟု အယ်မျိုးမိန့်တော်မူဘီးန ရရာတိုင်း စိပူဘန်ဟုးဘီး “နန်းနို့ဟို့ ငါ
မှန်တိုင်းပြောမယ်၊ နန်းနို့ထဲဟု တယော့-က်ဟု ငါ့ဟို့ သစ်စာဖော့-က်လေ့မယ်” ဆိုဘီး
ပွမ့်ပွမ့်လန်းလန်းဟုး သတ်သေခံဘီး မိန့်တော်မူလေဟုယ်။
22 ကိုယ်တော်ဟု ဖယ်လူကြောန်းဟို့ ပြောနေဟုယ် ဆိုဇာဟို့ တဗဲ့တော်လေဟု
လောင်းဝ နားလည်ဂေ့ဘဲဟူကြောန့် ယော့-က်နယော့-က် ကေ့နေဂေ့ဟုယ်။
23 ယေရှုရှစ်တော်မူဟူ တဗဲ့တော်လေထဲဟု တယော့-က်ဟု ယေရှုဘေးမာ
ထိုင်နေဟုယ်။
24 ရှိမုန်ပေတရုဟု သူ့ဟို့ “ကိုယ်တော်ဟု ဖယ်သူကြောန်းဟို့ ပြောနေဟုယ် ဆိုဇာဟို့
မေးကေ့” ဆိုဘီး မျစ်ရိုပြဘီး ပြောဟုယ်။
25 အယ်ကြောန့် အယ်တဗဲ့တော်ဟု ယေရှုနားဟို့ တိုးကပ်ဟုးဘီး “သခင်၊
အယ်လူဟု ဖယ်သူနူး” ဆိုဘီး မေးလျှော့-က်လေဟုယ်။

13:16 ၁၃.၁၆ မ ၁၀.၂၄; လု ၆.၄၀; ယော ၁၅.၂၀ **13:20 ၁၃.၂၀** မ ၁၀.၄၀; မာ ၉.၃၇; လု ၉.၄၈; ၁၀.၁၆

26 ယေရှုဟု “အယ်မုဟို ဟန်းဇားထဲမာ နှစ်လိုက်ဘီး ငါပေးလိုက်ဟူ လူဘဲ့ဖြစ်ဟုယ်”
ဆိုဘီး ဖြေတော်မူလေဟုယ်။ အယ်ကြောန့် ကိုယ်တော်ဟာ မုတဖဲ့ဟို ဟန်းဇားထဲမာ
နှစ်လိုက်ဘီး ရှိမုန်ရှကာရုတ်ရဲ့သား ယုဒဟို ပေးလေဟုယ်။
27 ယုဒဟာ အယ်မုဟို ယူဘီးန ရှင်းရှင်းဘဲ့ စာတန်ဟာ သူ့ထဲဟို ဝမ်လေဟုယ်။
ယေရှုဟာ သူ့ဟို “နန်လောက်ဇာရှိဇာဟို ဗြန်းဗြန်ဟားလောက်ပါ!” ဆိုဘီး
မိန့်တော်မူလေဟုယ်။
28 ဖြားဖြစ်ကြောန့် ယေရှုဟာ ယုဒဟို အယ်မျိုးမိန့်တော်မူဟုယ် ဆိုဇာဟို စားဗွဲမာ
ထိုင်နေဟူ လူယော့-က်လည်း နားလည်ဂေ့ဟု။
29 ယုဒဟာ ကပ်အိကိုင်ရဟူ သူဖြစ်ဟူကြောန့် ယေရှုဟု ပွဲတော်တွပ်
လိုအပ်ဇာလေဟို ဝယ်ခိုင်းလိုက်ဟုယ်။ အယ်မျိုးမူဘဲနေဟာ ဆင်းရဲသားလေဟို
တခုခုသွားပေးခိုင်းလိုက်ဟုယ် ဆိုဘီး တဗဲ့တော်တချို့ဟာ ထန်နေဂေ့ဟုယ်။
30 ယုဒဟာ မုဟို ခံယူဘီးန ရှစ်ရှင်းထွပ်ဟားလေဟုယ်။ အယ်ခီဟာ
ည၌်ခန်းဖတ်ဖြစ်ဟုယ်။

ပညတ်တော်သစ်

31 ယုဒထွပ်ဟားဘီးန ယေရှုဟု “ခု လူ့ရဲ့သားဟာ ဖောင်းသရေတော်
ထန်ရှားတော်မူဘီ။ ခု ဘုရားသခင်ဟာ လူ့ရဲ့သားအားဖြင့် ဖောင်းသရေတော်
ထန်ရှားတော်မူဘီ။
32 ဘုရားသခင်ဟာ လူ့ရဲ့သားအားဖြင့် ဖောင်းသရေတော် ထန်ရှားတော်မူဟုယ်
ဆိုဟာ ဘုရားသခင် ကိုယ်တိုင်အားဖြင့် လူ့ရဲ့သားဟို ဖောင်းသရေတော်
ထန်ရှားတော်မူဘီး အယ်ဖောင်းသရေတော်ဟို ရှစ်ရှင်း ထန်ရှားတော်မူလေ့မယ်။
33 ရှစ်ရဟူ သားမီးလေ၊ ငါဟာ နန်းနို့နတူးဒူ ရှစ်ဟူးဘဲ့ နေရလေ့မယ်။ နန်းနို့ဟာ
ငါ့ဟို လိုက်ရှာလေ့မယ်။ အယ်ဘေမဲ့ ယုဒအာဏာပိုင်လေဟို ပြောဟူးမျိုးဘဲ့
‘ငါသွားမယ့်နေရာဟို နန်းနို့လာနိုင်ဂေ့ဟု’ ဆိုဘီး နန်းနို့ဟို ခု ငါပြောဟုယ်။
34 ခု နန်းနို့ဟို ငါပေးဟူ ပညတ်တော်သစ်ဟု ရှင်းရှင်းရှစ်ဂေ့။ နန်းနို့ဟို ငါရှစ်မျိုးဘဲ့
ရှင်းရှင်းရှစ်ရမယ်။
35 နန်းနို့ရှင်းရှင်း ရှစ်ဂေ့မယ် ဆိုဟာ နန်းနို့ဟာ ငါ့တဗဲ့တော် ဖြစ်ဂေ့ဟုယ် ဆိုဇာဟို
လူတိုင်း သိဂေ့လေ့မယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုဟာ ပေတရုရဲ့ ငြင်းပယ်ဇာဟို ကြိုတန်ဖော်ပြဟူကြောန်း
(မဿဲ ၂၆.၃၁-၃၅; မာကု ၁၄.၂၇-၃၁; လုကာ ၂၂.၃၁-၃၄)

36 ရှိမုန်ပေတရုဟု “သခင်၊ ကိုယ်တော်ဟု ဖယ်နေရာဟို သွားဟို့နူး” ဆိုဘီး
ကိုယ်တော့်ဟို မေးလျှော့-က်လေဟုယ်။
ယေရှုဟု “ငါသွားဟို့နေရာဟို ခု နန်လိုက်နိုင်ဟို့ မှုဟု။ အယ်ဘေမဲ့ နော့-က်ဆိုဟာ
လိုက်ရလေ့မယ်” ဆိုဘီး ဖြေတော်မူလေဟုယ်။

13:33 **၁၃.၃၃** ယော ၇.၃၄ **13:34** **၁၃.၃၄** ယော ၁၅.၁၂,၁၇; ၁ ယော ၃.၂၃; ၂ ယော ၅

37 ပေတရုဟု “သခင်၊ ဖြားဖြစ်ကြောင့် ခုဟု ကိုယ်တော်နှော့-က်ဟို့ လိုက်နိုင်ရဟုန်း။
ကိုယ်တော်တွပ်ဆို ကျွန်တော့်သတ်ဟို့ စွန့်ဟို့ ဆင်သင့်ဘဲ့!” ဆိုဘီး
မေးလျှော့-က်လေဟုယ်။
38 ယေရှုဟု “နန်ဟု ငါ့တွပ် နန့်ရဲ့ သတ်ဟို့ စွန့်ဟို့ ဆင်သင့်ဘဲ့လော။ နန့်ဟို့ ငါ
မှန်တိုင်းပြောမယ်၊ ကြစ်တွန်ခန်မာ နန်ဟာ ငါ့ဟို့ သိဟု ဆိုဘီး သောင်းခါ
ငြင်းပယ်လေ့မယ်” ဆိုဘီး ဖြေတော်မူလေဟုယ်။

14

ယေရှုဟာ ဖနားဟို့ သွားဟူလမ်းဖြစ်ဟူကြောန်း

1 ယေရှုဟာ သူးနို့ဟို့ “နန်းနို့လေ စိပူဂေ့န။ ဘုရားသခင်ဟို့ ယောင်ကြည်ဂေ့။*
ငါ့ဟို့လည်း ယောင်ကြည်ပါ။
2 ငါ့ဖရဲ့ အီတော်မာ ခန်းလေ ဘောင်ဂီးရှိဟုယ်။ နန်းနို့တွပ် နေရာဟို့ ပြင်ဆင်ဟို့တွပ်
ငါသွားရမယ်။ ခန်းလေမှေ့ဟု ဆိုဟာ နန်းနို့ဟို့ အယ်မျိုး ပြောဟို့ မှုဟု။†
3 နန်းနို့တွပ် နေရာဟို့ သွားပြင်ဆင်ဘီးန ငါပ့လန်လာဘီး ငါရှိဟူနေရာမာ
နန်းနို့ရှိနေဟို့တွပ် နန်းနို့ဟို့ ငါနားဟို့ ခေါ်ဆောန်မယ်။
4 ငါသွားမယ့်နေရာဟို့ ရော့-က်နိုင်ဟူလမ်းဟို့ နန်းနို့သိဂေ့ဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
5 သောမဟာ ကိုယ်တော့်ဟို့ “သခင်၊ ကိုယ်တော်ဟာ ဖယ်နေရာဟို့ သွားမယ် ဆိုဇာ
ကျွန်တော့်ဟာ်းလေ သိဂေ့ဟာ့။ အယ်ဆိုဟာ ကျွန်တော့်ဟာ်းလေဟ့ အယ်နေရာဟို့
ရော့-က်နိုင်မယ့်လမ်းဟို့ ဖယ်မျိုး သိနိုင်ဟို့နှုး” ဆိုဘီး မေးလျှော့-က်လေဟုယ်။
6 ယေရှုဟာ သူ့ဟို့ “ငါဟာ လမ်း၊ သမ္မာတရားန သတ်ဖြစ်ဟုယ်။ ငါ့အားဖြင့် မှုဟ
ဆိုဟာ ဖယ်လူလည်း ဖနားဟို့ သွားနိုင်ဂေ့ဟာ့။
7 ခု နန်းနို့ဟာ ငါ့ဟို့ သိဟာ်းဘီ။ အယ်ဆိုဟာ နန်းနို့လေဟာ်‡ ငါ့ဖဟို့လည်း
သိဂေ့လေ့မယ်။ ခုဟုစဘီး နန်းနို့ဟာ ဖဟို့ သိဖြင်ဂေ့ဘီ” ဆိုဘီး မိန့်တော်မူလေဟုယ်။
8 ဖိလိပ့ပုဟ့ ကိုယ်တော့်ဟို့ “သခင်၊ ဖဟို့ ကျွန်တော့်ဟာ်းလေဟို့ ပြတော်မူပါ။
အယ်မူဇာဟို့ ကျွန်တော့်ဟာ်းလေ အားလောင်း လိုရှင်ဂေ့ဟုယ်” ဆိုဘီး
လျှော့-က်လေဟုယ်။
9 ယေရှုဟ့ “ဖိလိပ့ပု၊ ငါဟာ နန်းနို့လေ ဂူလောင်းနတူးဒူ ခီကြာဂီး ရှိနေဟို့မှ ငါ့ဟို့
သိဂေ့သေးဟုလော။ ငါ့ဟို့ ဖြင်ဟူလူဟာ ငါ့ဖဟို့ ဖြင်ရဟုယ်။ အယ်ဆိုဟာ ‘ဖဟို့
ကျွန်တော့်ဟာ်းလေဟို့ ပြပါ’ ဆိုဘီး ဖြားဖြစ်ကြောန် နန်းနို့ ပြောနေရနှုး။

---

* **14:1 ၁၄.၁** ယောင်ကြည်ဂေ့၊ အယ်မျိုးမူဘဲနေဟာ နန်းနို့ ယောင်ကြည်ဂေ့။ † **14:2 ၁၄.၂** ငါ့ဖရဲ့ အီတော်မာ ခန်းလေ ဘောင်ဂီးရှိဟုယ်။ နန်းနို့တွပ် နေရာဟို့ ပြင်ဆင်ဟို့တွပ် ငါသွားရမယ်။ ခန်းလေမှေ့ဟု ဆိုဟာ နန်းနို့ဟို့ အယ်မျိုး ပြောဟို့ မှုဟု၊ အယ်မျိုးမူဘဲ့နေဟာ ငါ့ဖရဲ့ အီတော်မာ ခန်းလေဘောင်ဂီးရှိဟုယ်၊ အယ်နေရာမာ ခန်းလေမှေ့ဟု ဆိုဟာ နန်းနို့တွပ် နေရာဟို့ ပြင်ဆင်ဟို့ ငါသွားရမယ် ဆိုဘီး ပြောနေရအူးလော။ ‡ **14:7 ၁၄.၇** ခု နန်းနို့ဟာ ငါ့ဟို့ သိဟာ်းဘီ၊ တချို့ မူရင်းလတ်ရေးမူလေမာ နန်းနို့ဟာ ငါ့ဟို့ သိဟာ်းဘီး ဆိုဟာ ငါ့ဖဟို့လည်း နန်းနို့သိရလေ့မယ်၊ ဆိုဘီး ပါရှိဟုယ်။

10 ဖိလိပ္ပု၊ ငါဟာ ဖထဲမာရှိဘီး ဖဟုလည်း ငါထဲမာရှိဟုယ် ဆိုဇာဟို
နန်ယောင်ကြည်ဟုလော။ နန်းနို့ဟို ငါပြောနေဟူ စကားလေဟာ ငါထဲဟုနေ ထွပ်လာဇာ
မူဟု။ ငါ့ထဲမာရှိနေဟူ ဖကိုယ်တိုင်ဟု သူ့ရဲ့ မူဟို ပြုတော်မူဟုယ်။
11 ငါဟာ ဖထဲမာ ရှိနေဘီး ဖဟုလည်း ငါ့ထဲမာ ရှိနေဟုယ် ဆိုဘီး ပြောနေဟူ ခီမာ
ငါ့ဟို ယောင်ကြည်ဂေ့။ ယောင်ကြည်ဘဲဟု ဆိုဟာ ငါလောက်နေဇာလေဟို
ယောင်ကြည်ဂေ့။
12 နန်းနို့ဟို ငါ မှန်တိုင်းပြောမယ်၊ ငါ့ဟို ယောင်ကြည်ဟူ လူဟာ ငါလောက်ဇာလေဟို
လောက်လေ့မယ်။ အယ်ထတ်ကီးဟူ ဇာလေဟိုလည်း လောက်လေ့မယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါဟာ ဖနားဟို သွားရဟို့တွပ် ဖြစ်ဟုယ်။
13 ဖရဲ့ ဖောင်းသရေတော်ဟာ သားတော်အားဖြင့် ထန်ရှားဟို့တွပ် ငါ့နာမန
နန်းနို့တောန်းဇာမှန်မျ ငါလောက်မယ်။
14 နန်းနို့ဟာ ငါ့နာမန တခုခုဟို ငါ့နားမာ§ တောန်းမယ် ဆိုဟာ အယ်တိုင်း ငါပြုမယ်။

သန့်ရှင်းဟူဝိညာဉ်တော်ဟို ပေးဟို့တွပ် ဂဒိတော်ကြောန်း

15 “နန်းနို့ဟာ ငါ့ဟို ရှစ်ဟုယ် ဆိုဟာ ငါ့ပညတ်တော်လေဟို လိုက်နာဂေ့လေ့မယ်။
16 ငါဟာ ဖဟို တောန်းလျှော့-က် လိုက်ဟူကြောန့် နန်းနို့နတူးဒူ ထာဝရနေထိုင်ဟူ
ကူညီမဇာသူ တပါးဟို့ ပေးတော်မူလေ့မယ်။
17 သူဟာ ဘုရားသခင်နဆိုင်ဟူ သမ္မာတရားဟို ဖွမ့်ပြပေးဟူ ဝိညာဉ်တော်ဖြစ်ဟုယ်။
အယ်လောကဟာ အယ်ဝိညာဉ်တော်ဟို့ ဖြင်ဂေ့ဟု။ သိဂေ့ဘဲဟူကြောန့်
အယ်ဝိညာဉ်တော်ဟို့ လတ်ခံဂေ့ဟု။ အယ်ဘေမဲ့ နန်းနို့ဟာ အယ်ဝိညာဉ်တော်ဟို့
သိဂေ့ဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ သူဟာ နန်းနို့နတူးဒူး နေတော်မူနေဘီး
နန်းနို့ထဲမာ ရှိနေတော်မူဟုယ်။*
18 “ငါဟာ နန်းနို့ဂူလောင်းဟို့ ခိုကိုးရာမဲ့ ထားရစ်ဇာ မူဟု။ ငါဟာ နန်းနို့နားဟို့
ပ့လန်လာရအူးမယ်။
19 ရှစ်ဟုးကြာဘီးဟာ အယ်လောကဟာ ငါ့ဟို့ နော့-က်တခါ ဖြင်ရလေ့ဟို့မူဘီ။
အယ်ဘေမဲ့ နန်းနို့ဟာ ငါ့ဟို့ ဖြင်ရလေ့မယ်။ ငါသတ်ရှင်ဟူကြောန့် နန်းနို့လည်း
သတ်ရှင်ရလေ့မယ်။
20 အယ်နေ့ရစ် ရော့-က်လာဟူ ခီမာ ငါဟာ ဖထဲမာ ရှိနေဟုယ် ဆိုဇာဟို့ရော၊
နန်းနို့ဟာ ငါ့ထဲမာ ရှိနေဟုယ် ဆိုဇာဟို့ရော၊ ငါဟာ နန်းနို့ထဲမာ ရှိနေဟုယ် ဆိုဇာဟို့ရော
နန်းနို့သိရလေ့မယ်။
21 “ငါ့ပညတ်တော်လေဟို့ လတ်ခံဘီး လိုက်နာဟူလူလေဟာ ငါ့ဟို့ ရှစ်ဟူလူလေ
ဖြစ်ဟုယ်။ ငါ့ဟို့ ရှစ်ဟူလူလေဟို့ ငါ့ဖဟုလည်း ရှစ်တော်မူဟုယ်။ ငါဟုလည်း သူးနို့ဟို့
ရှစ်ဟူကြောန့် ငါကိုယ်တိုင် သူးနို့ဟို့ ဖွမ့်ပြမယ်” ဆိုဘီး ဖြေတော်မူဟုယ်။

---

§ **14:14 ၁၄.၁၄** တချို့ မူရင်းလတ်ရေးမူလေမာ ငါ့နားမာ၊ ဆိုဇာဟာ မ့ေဟု။ * **14:17 ၁၄.၁၇** ရှိနေတော်မူဟုယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ ရှိလေ့မယ်၊ ဆိုဘီး ပါရှိဟုယ်။

22 ယုဒရှကာရုတ်မှုဘဲဟူ ယုဒဟု “သခင်၊ ကျွန်တော့်ဟူးလေဟို့
ကိုယ်တော်ကိုယ်တိုင် ထန်ရှားတော်မူဘီးဟှာ လောကသားလေဟို့ ထန်ရှားပြဘဲဇာဟှ
ဖယ်မျိုးနူး” ဆိုဘီး မေးလျှော့-က်လေဟှယ်။
23 ယေရှုဟှာ “ငါ့ဟို့ ရှစ်ဟူလူလေဟှာ ငါ့သွန်သန်ဇာလေဟို့ လိုက်နာလေ့မယ်။
ငါ့ဖဟှလည်း သူးနှဲ့ဟို့ ရှစ်လေ့မယ်။ ငါ့ဖန ငါဟှာ သူးနှဲ့နားဟို့ ကြွလာဘီး သူးနှဲ့နတူးဒူ
နေတော်မူမယ်။
24 ငါ့ဟို့ ရှစ်ဘဲဟူ လူလေဟှာ ငါ့သွန်သန်ဇာလေဟို့ လိုက်နာဂေ့ မူဟှ။
နန်းနှဲ့ကြားရဟူ သွန်သန်ဇာလေဟှာ ငါ့သွန်သန်ဇာလေ မူဟှ။ အယ်ဘေမဲ့ ငါ့ဟို့
စေလွှတ်တော်မူဟူ ဖရဲ့ သွန်သန်ဇာလေဘဲ့ ဖြစ်ဟှယ်။”
25 “နန်းနှဲ့နတူးဒူ ရှိနေဒူးမာ အယ်မူဇာဟို့ ငါပြောဟှားဟှယ်။
26 ဖဟှာ ငါ့နာမကြောန့် စေလွှတ်ပေးမယ့် ကူညီမဇူဖြစ်ဟူ
သန်ရှင်းဟူဝိညာဉ်တော်ဟှာ နန်းနှဲ့ဟို့ ဂူလောင်းဟို့ သွန်သန်ပေးဘီးဟှာ
ငါပြောဟှားဇာလေ ဂူလောင်းဟို့ မှတ်မိလာအောန် လောက်ပေးလေ့မယ်။”
27 “ငြိသတ်မှုဟို့ နန်းနှဲ့နတူးဒူ ငါထားဟှားဘီ။ ငါငြိသတ်မှုဟို့လည်း နန်းနှဲ့ဟို့
ငါပေးဟှားဟှယ်။ လောကသားလေဟို့ ပေးဟှားမျိုး ငါပေးဟှားဇာ မူဟှ။ နန်းနှဲ့လေ
စိုးရိမ်ပူဘန်ဂေ့နန။ ကြော့-က်ဂေ့နန။
28 ‘ငါ သွားလိုက်ဘေမဲ့ နန်းနှဲ့နားဟို့ ပ့လန်လာအူးမယ်’ ဆိုဘီး ငါပြောဟှားဇာဟို့
နန်းနှဲ့ကြားဟှားပီးဘီ။ နန်းနှဲ့ဟှာ ငါ့ဟို့ ရှစ်ဟှယ် ဆိုဟှာ ဖနားဟို့ ငါသွားဟူကြောန့်
နန်းနှဲ့ဝန်းသာရလေ့မယ်။ ဖြားဖြစ်ကြောန့်ဆိုဟှာ ဖဟှာ ငါ့ထတ် ကီးမြတ်တော်မူဟှယ်။
29 အယ်မူဇာလေဖြစ်လာဟူ ခီမာ နန်းနှဲ့ ယောင်ကြည်ဂေ့ဟို့တွပ်
အယ်မူဇာလေအားလောင်း ဖြစ်ခန်ဂဒဲဟှ နန်းနှဲ့ဟို့ ခု ငါပြောဟှားဟှယ်။
30 ငါဟှာ နန်းနှဲ့ဟို့ ဘောင်ဂီးပြောနိုင်ဟို့မူဘီ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ
အယ်လောကဟို့ အောက်ချောက်မားဟှာ လာနေဘီ။ သူဟှာ ငါထတ်မာ
ဖြားခွမ့်အာဏာလည်း မ့ေဟှ။
31 အယ်ဘေမဲ့ ငါဟှာ ဖဟို့ ရှစ်ဟှယ် ဆိုဇာဟို့ အယ်လောကဟို့ သိစေဟို့တွပ်
ဖပညတ်ဟှားတိုင်း ငါလောက်ဟှယ်။”
“လာဂေ့။ အယ်နေရာဟှနေ နှဲ့လေသွားဂေ့ဇို့” ဆိုဘီး သူ့ဟို့ မိန့်တော်မူလေဟှယ်။

15

စဗျစ်နွယ်ဗန်စစ်စစ်ဖြစ်ဟူ ယေရှုကြောန်း

1 “ငါဟှာ စစ်မှန်ဟူ စဗျစ်နွယ်ဗန် ဖြစ်ဟှယ်။ ငါ့ဖဟှာ ဥယျာဉ်မူးဖြစ်ဟှယ်။
2 ငါ့ထဲမာ သီးသီးဘဲဟူ ခတ်လေဟို့ ဖဟှာ ခွတ်ပစ်မယ်။ သီးသီးဟူ
ခတ်လေဟို့လည်း ပိုဘီး သီးစေဟို့တွပ် ရှင်းလန်းလေ့မယ်။
3 ငါဟောပြောဟူ တရားစကားအားဖြင့် ခု နန်းနှဲ့ဟှာ သန့်ရှင်းဟှားဘီ။

4 ငါ့နှိုက် ရှိနေဂေ့။ အယ်ဆိုဟှာ ငါဟှလည်း နန်းနို့ထဲမာ ရှိနေလေ့မယ်။ ခတ်ဟှာ
သူ့ကိုယ်သူ သီးသီးနိုင်ဟှ။ စဗျစ်နွယ်ဗန်မာရှိနေမယ် ဆိုဟှာ အယ်ခတ်ဟှာ
သီးသီးနိုင်ဟှယ်။ အယ်မျိုးဘဲ့ နန်းနို့ဟှာ ငါနှိုက်မှေ့ဟှ ဆိုဟှာ သီးသီးနိုင်ဂေ့ဟှ။”
5 “ငါဟှာ စဗျစ်နွယ်ဗန်ဖြစ်ဟှယ်။ နန်းနို့ဟှာ ခတ်လေဖြစ်ဟှယ်။ ငါ့နှိုက်
နန်းနို့ရှိနေဘီး နန်းနို့နှိုက် ငါရှိနေမယ် ဆိုဟှာ နန်းနို့လေဟှာ သီးလေဘောင်ဂီး
သီးဂေ့လေ့မယ်။ နန်းနို့ဟှာ ငါနှိုက်မှေ့ဟှ ဆိုဟှာ နန်းနို့ ဖြားဇာလည်း လောက်နိုင်ဂေ့
မှုဟှ။
6 ငါ့နှိုက် မှေ့ဘဲ့ဟှ လူလေဟှာ ပ့္လန်ဟှို ပစ်လိုက်ဟှ သစ်ခတ်ခြော့-က်မျိုးဘဲ့
ဖြစ်ဟှယ်။ အယ်ခတ်ခြော့-က်လေဟှို စုသီးဘီးဟှာ မီးထဲဟှို ပစ်ခ့လလိုက်ဟှကြောန့်
လောန်ကျွမ်းဟှားဂေ့ဟှယ်။
7 နန်းနို့ဟှာ ငါ့နှိုက်ရှိနေဘီး ငါ့စကားတော်လေဟှာလည်း နန်းနို့နှိုက်ရှိနေမယ် ဆိုဟှာ
နန်းနို့ တောန်းဇာဂူလောင်းဟှို ရလေ့မယ်။
8 နန်းနို့ဟှာ သီးလေဘောင်ဂီးဟှို သီးဟှအားဖြင့် ငါ့ဖရဲ့ ဖောင်းသရေတော်ဟှို
ထန်ရှားစေဘီး အယ်နည်းလမ်းအားဖြင့် ငါ့တမဲ့တော်လေ ဖြစ်လာဂေ့ဟှယ်။
9 ဖဟှာ ငါ့ဟှို ရှစ်မျိုးဘဲ နန်းနို့ဟှိုလည်း ငါရှစ်ဟှယ်။ အယ်ကြောန့်
ငါ့ရဲ့မြစ်တာထဲမာရှိဂေ့ပါ။
10 ငါဟှာ ဖရဲ့ ပညတ်တော်လေဟှို လိုက်နာဘီး ဖရဲ့ မြစ်တာထဲမာရှိနေမျိုးဘဲ့
နန်းနို့ဟှာလည်း ငါ့ရဲ့ ပညတ်တော်လေဟှို လိုက်နာမယ် ဆိုဟှာ ငါ့ရဲ့ မြစ်တာထဲမာ
ရှိလေ့မယ်။”
11 “နန်းနို့ထဲမာ ငါ့ရဲ့ ဝန်းသာမှုလေ ရှိနေဘီး နန်းနို့ရဲ့ ဝန်းသာမှုလေ
ပ့္လဲ့ဇောင်လာဟှို့တွပ် အယ်မှုဇာဟှို နန်းနို့ဟှို ငါပြောဟှယ်။
12 ငါ့ပညတ်ဟှ နန်းနို့ဟှို ငါရှစ်မျိုးဘဲ နန်းနို့ရှင်းရှင်း ရှစ်ဂေ့။
13 မိမိရဲ့ မိဆွေလေတွပ် နန်းနို့ရဲ့ သတ်ဟှို ပေးလိုက်ဇာဟှာ ကီးမားဆောင်းဟှ
မြစ်တာဖြစ်ဟှယ်။
14 နန်းနို့ဟှာ ငါ့ပညတ်ဟှာဇာလေဟှို လောက်မယ် ဆိုဟှာ နန်းနို့ဟှာ
ငါ့ရဲ့မိဆွေလေဖြစ်ဟှယ်။
15 ငါဟှာ နန်းနို့ဟှို စေခံ ဆိုဘီး ခေါ်ဟှို့မှုဘီ။ ဖြားဖြစ်ကြောန့်နှုးဆိုဟှာ စေခံဟှာ
သူးနို့သခင် လောက်ဇာလေဟှို သိရဂေ့ဟှ။ ငါ့ဖနားဟှနေ ကြားဟှားဇာလေ
ဂူလောင်းဟှို နန်းနို့ဟှို ငါ့ပြောပြနေဟှကြောန့် နန်းနို့ဟှို မိဆွေလေ ဆိုဘီး ငါခေါ်ဟှယ်။
16 နန်းနို့ဟှာ ငါ့ဟှို ဝီးကော့-က်ဟှားဇာ မှုဟှ။ သွားဘီးဟှာ တည်မြဲဟှသီးလေ
ဘောင်ဂီးသီးဟှို့တွပ် နန်းနို့ဟှို ဝီးကော့-က်ဘီး ခန့်အပ်ဟှားဟှယ်။ အယ်ကြောန့်
ငါ့နာမအားဖြင့် နန်းနို့တောန်းဇာလေ ဂူလောင်းဟှို ဖဟှ ပေးတော်မူလေ့မယ်။
17 အယ်ကြောန့်ဘဲ့ နန်းနို့ရှင်းရှင်း ရှစ်ဂေ့ ဆိုဘီး ငါပညတ်ဟှားဟှယ်။”

လောကသားလေရဲ့ မူးတီးမှုကြောန်း

15:12 **၁၅.၁၂** ယော ၁၃.၃၄; ၁၅.၁၇; ၁ ယော ၃.၂၃; ၂ ယော ၅

18 “လောကသားလေဟှာ နန်းနို့ဟို့ မူးတီးဂေ့မယ် ဆိုဟှာ နန်းနို့ဟို့ မူးတီးခန်မာ ငါ့ဟို့
ရင်ဦးဆောင်း မူးတီးဂေ့ဟှယ် ဆိုဇာဟို့ သိမှတ်ဂေ့။
19 နန်းနို့ဟှာ အယ်လောကနဆိုင်မယ် ဆိုဟှာ လောကသားလေဟှာ သူးနို့နဆိုင်ဟှ
နန်းနို့ဟို့ ရှစ်လေ့မယ်။ အယ်ဘေမဲ့ ငါဟှာ နန်းနို့ဟို့ အယ်လောကထဲဟှနေ
ဝီးကော့-က်ဟှားဟှကြောန့် နန်းနို့ဟှာ အယ်လောကနဆိုင်ဟှ။ အယ်ကြောန့်
လောကသားလေဟှာ နန်းနို့ဟို့ မူးတီးဂေ့ဟှယ်။
20 ‘ကျွန်လေဟှာ သူးနို့သခင်ထတ် ကီးမြတ်ဟှ’ ဆိုဘီး နန်းနို့ဟို့
ငါပြောဟှားဇာလေဟို့ မှတ်ဟှားဂေ့။ လူလေဟှာ ငါ့ဟို့ ညှဉ်းဆဲဂေ့မယ် ဆိုဟှာ
နန်းနို့ဟို့လည်း ညှဉ်းဆဲဂေ့လေ့မယ်။ သူးနို့ဟှာ ငါ့ရဲ့သွန်သန်ချစ်ဟို့ လိုက်နာမယ်
ဆိုဟှာ နန်းနို့သွန်သန်ချစ်ဟို့လည်း လိုက်နာဂေ့လေ့မယ်။
21 အယ်ဘေမဲ့ သူးနို့ဟှာ ငါ့ဟို့ စေလွှတ်ဟှသူဟို့ သိဘဲဟှတွပ် ငါ့နာမကြောန့်
နန်းနို့ဟို့ ညှဉ်းဆဲဂေ့လေ့မယ်။
22 ငါဟှာ လာဘီး သူးနို့ဟို့ ပြောဟှဆိုဟှာ သူးနို့မာ ပြစ် မ့ေဟှ။ အယ်ဘေမဲ့ ခု
သူးနို့ဟှာ သူးနို့ရဲ့ ပြစ်တွပ် ကြောန်းပြဇာမ့ေဘီ။
23 ဖယ်လူဘဲ့ဖြစ်ဖြစ် ငါ့ဟို့ မူးတီးမယ် ဆိုဟှာ ငါ့ဖဟို့လည်း မူးတီးလေဟှယ်။
24 ငါဟှာ တခြားလူလေ လောက်ဖူးဘဲဟှဇာလေဟို့ သူးနို့ရ့ေမာ ပြုလောက်ဟှ
ဆိုဟှာ သူးနို့မာ ပြစ်ရှိလေ့မယ် မှုဟှ။ ခုဆိုဟှာ ငါပြုလောက်ဇာလေဟို့
သူးနို့ဗြင်ဟှားဘီးဟှကြောန့် ငါ့နာ ငါ့ဖဟို့ မူးတီးဂေ့ဘီ။
25 အယ်မျိုး ဖြစ်လာရဇာဟှ သူးနို့ရဲ့ ပညတ်တော်မာ ‘သူးနို့ဟှာ
ကြောန်းပြချစ်မ့ေဘဲန ငါ့ဟို့ မူးတီးဂေ့ဟှယ်’” ဆိုဘီး ရေးဟှားဇာဟှာ
ပ့လဲ့ဇောင်စေဟို့ဖြစ်ဟှယ်။
26 “ဖနားဟှနေ ကြွလာတော်မှုဘီး ဘုရားသခင်န ဆိုင်ဟှ သမ္မာတရားဟို့
ဖွမ့်ပြပေးဟို့တွပ် ကူညီမဇသူဖြစ်ဟှ သန့်ရှင်းဟှဝိညာဉ်တော် ကြွလာလေ့မယ်။
ငါ့ဖနားဟှနေ နန်းနို့နားဟို့ သူ့ဟို့ ငါစေလွှတ်ပေးလိုက်ဘီး သူဟှာ ငါ့ကြောန်းဟို့
သတ်သေခံလေ့မယ်။
27 နန်းနို့လည်းဘဲ့ ရင်ဂဒဲဟှ ငါ့နတူးဒူရှိနေဟှကြောန့် ငါ့ကြောန်းဟို့
သတ်သေခံလေ့မယ်။”

16

1 “နန်းနို့ရဲ့ ယောင်ကြည်ရှင်း ပျစ်ပြားဘဲဟို့တွပ် အယ်မူကြောန်းဟို့
ငါပြောဟှားဟှယ်။
2 နန်းနို့ဟို့ ဝါလယ်ဇရပ်ဟှနေ နှန်ထုဂေ့လေ့မယ်။ နန်းနို့ဟို့ သတ်ဟှလူလေဟှ
ဘုရားသခင်ဟို့ ဝတ်ပြုဟှယ် ဆိုဘီး ထန်မှတ်ဟှ ခီကလရော့-က်လာလေ့မယ်။
3 လူလေဟှာ ငါ့ဟို့လည်း သိဂေ့ဟှ။ ဖဟို့လည်း သိဂေ့ဘဲဟှကြောန့် နန်းနို့ဟို့
အယ်မူဇာလေဟို့ လောက်လေ့မယ်။

15:20 ၁၅.၂၀ မ ၁၀.၂၄; လု ၆.၄၀; ယော ၁၃.၁၆

4 အယ်ခဲ ရော့-က်လာဟူ ခဲမာ နန်းနို့ဟို့ ငါပြောဟ့ားဘီးဇာဟို့ နန်းနို့ပ့လန်ဘီး
အော့-က်မေ့စေဟို့တွပ် ခု ငါပြောနေဟ့ယ်။”

သန့်ရှင်းဟူဝိညာဉ်တော်ရဲ့ လောက်ဆောန်မှုကြောန်း

“ငါဟ့ာ နန်းနို့နတူးဒူ ရှိနေဟူကြောန့် နန်းနို့ဟို့ အယ်မူဇာလေဟို့ ရင်းရင်ဒူးဟ့
ငါပြောဟ့။
5 ခု ငါ့ဟို့ စေလွတ်သူနားဟို့ ငါသွားဝေါ့မယ်။ အယ်ဘေမဲ့ ဖယ်နေရာဟို့ သွားဟို့နူး
ဆိုဘီး နန်းနို့ထဲဟ့ ယော့-က်လည်း ငါ့ဟို့ မေးဂေ့ဟ့မ်းမား။
6 ခု နန်းနို့ဟို့ အယ်မျိုး ပြောလိုက်ဟူကြောန့် နန်းနို့ရဲ့ စိန့လောင်းထဲမာ ရရာတိုင်း
ဝန်းနဲ့နေဂေ့ဟ့ယ်။
7 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ ငါသွားလိုက်ဇာဟ့ာ နန်းနို့တွပ် ပိုဘီး ကောန်းဟ့ယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ ငါသွားဟ့ ဆိုဟ့ာ ကူညီမဇသူဟ့ာ နန်းနို့နားဟို့ ရော့-က်လာဟို့
မူဟ့။ အယ်ဘေမဲ့ ငါသွားလိုက်မယ် ဆိုဟ့ာ အယ်သူဟို့ နန်းနို့နားဟို့ ငါစေလွတ်မယ်။
8 ကူညီမဇသူ ရော့-က်လာဟူ ခဲမာ လောကသားလေဟို့ ပြစ်ကြောန်းဟို့ရော၊
ဖြောန့်မတ်ကြောန်းဟို့ရော၊ တရားစီရင်ကြောန်းလေဟို့ရော ဖော်ပြပေးလေ့မယ်။
9 သူးနို့ဟ့ာ ငါ့ဟို့ ယောင်ကြည်ဂေ့ဘဲဟူကြောန့် သူးနို့ရဲ့ ပြစ်ဟို့ ဖော်ပြမယ်။
10 ငါဟ့ာ ဖနားဟို့ သွားရမယ်ဖြစ်ကြောန့် နန်းနို့ဟ့ာ ငါ့ဟို့ ဗြင်ရဟို့မူဘီ။ အယ်ကြောန့်
နန်းနို့ဟို့ ဖြောန့်မတ်ကြောန်းဟို့ ဖော်ပြမယ်။
11 အယ်လောကဟို့ အောက်ချောက်မားဟ့ာ တရားစီရင်ဇာဟို့ ခံရဘီဖြစ်ဟူကြောန့်
သူးနို့ဟို့ တရားစီရင်တော်မူကြောန်းဟို့ ဖော်ပြမယ်။”
12 “နန်းနို့ဟို့ ပြောပြဟို့ဇာလေ ဘောင်ဂီးရှိဘေမဲ့ ခု နန်းနို့ခံယူနိုင်ဂေ့ မူဟ့။
13 အယ်ကြောန့် ဘုရားသခင်ကြောန်းနဆိုင်ဟူ သမ္မာတရားဟို့ လမ်းပြပေးမယ့်
ဝိညာဉ်တော် ကြွလာဟူ ခဲမာ နန်းနို့ဟို့ သမ္မာတရား ဂူလောင်းဟို့ ဖွမ့်ပြတော်မူလေ့မယ်။
အယ်ဝိညာဉ်တော်ဟ့ာ သူ့ဆန္ဒတိုင်း ပြောနေဇာမူဘဲ သူကြားရဇာလေဟို့ ပြောပြဘီးဟ့ာ
ဖြစ်လာဟို့ ဇာလေဟို့လည်း ပြောပြလေ့မယ်။
14 သူဟ့ာ ငါပြောနေဇာလေဟို့ဘဲ့ နန်းနို့ဟို့ ပြောပြပေးနေဟူကြောန့်
ငါ့ဖောင်းသရေတော်ဟို့ ထန်ရှားစေလေ့မယ်။
15 ငါ့ဖမာ ရှိဇာလေ ဂူလောင်းဟ့ာ ငါ့ဇာလေဖြစ်ဟ့ယ်။ အယ်ကြောန့်
ဝိညာဉ်တော်ဟ့ာ ငါပြောဟ့ားဟူ စကားလေဟို့ နန်းနို့ဟို့ ပြောပြလေ့မယ်။”

ဝန်းနဲ့ဇာန ဝန်းသာဇာ

16 “ခီနဲ့နဲ့ကြာဘီးဟ့ာ နန်းနို့ဟ့ာ နော့-က်ထပ် ငါ့ဟို့ တွိရလေ့ဟို့မူဘီ။ အယ်ဘီးန
ခီနဲ့နဲ့ကြာဘီးဟ့ာ နန်းနို့ဟ့ာ ငါ့ဟို့ ပ့လန်တွိရလေ့မယ်။”
17 တဗဲတော်တချို့ဟ့ာ “ခီနဲ့နဲ့ကြာဘီးဟ့ာ နို့လေဟ့ာ ကိုယ်တော့်ဟို့ တွိရဟို့မူဘီ။
အယ်ဘီးန ခီနဲ့နဲ့ကြာဘီးဟ့ာ နို့လေဟ့ာ ကိုယ်တော့်ဟို့ ပ့လန်တွိရလေ့မယ်။

‘ဖြားဖြစ်ကြောင့်နှုးဆိုဟုဘာ ငါဟုဘာ ဖနားဟို့ သွားရအူးမယ်’ ဆိုဘီး နို့လေဟို့
မိန့်တော်မူနေဇာဟု ဖြားဓိပါယ်နှုး ဆိုဘီး သူးနို့ရှင်းရှင်း မေးနေဂေ့ဟုယ်။
18 အယ်ဆိုဟုဘာ ‘ခီနဲနဲကြာဘီးဟုဘာ’ ဆိုဇာဟု ဖြားဓိပါယ်နှုး။ ကိုယ်တော်
မိန့်တော်မူနေဇာလေဟို့ နို့လေလည်း နားလည်ဂေ့ဟု!”
19 သူးနို့လေဟုဘာ ကိုယ်တော့်ဟို့ မေးလျှော့-က်ရှင်ဂေ့ဟုယ် ဆိုဇာဟို့ ယေရှုဟု
သိနေတော်မူဟူကြောန့် “ ‘ခီနဲနဲကြာဘီးဟုဘာ နန်းနို့ဟုဘာ ငါ့ဟို့ တွိဟို့ မူဟု။ အယ်ဘီးန
ခီနဲနဲကြာဘီးဟုဘာ နန်းနို့ဟုဘာ ငါ့ဟို့ ပ့ုလန်တွိရလေ့မယ်’ ဆိုဘီး ငါပြောဟုားဟုယ်။
အယ်မူကြောန်းဟို့ နန်းနို့ရှင်းရှင်း မေးမြန်းနေဂေ့ဟုယ်လော။
20 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ နန်းနို့ဟုဘာ ငိုကြွေးရဂေ့လေ့မယ်။ အယ်ဘေမဲ့
အယ်လောကဟုဘာ ဝန်းသာဂေ့လေ့မယ်။ နန်းနို့ဟုဘာ ဝန်းနဲရဂေ့ဘေမဲ့ နန်းနို့ရဲ့ ဝန်းနဲမူဟုဘာ
ဝန်းသာမူဟို့ ပ့ုလောန်းလဲဟုားလေ့မယ်။
21 မီးမတယော့-က်ဟုဘာ သားမွီးခါနီးမာ မွီးဟို့ခီ ရော့-က်လာဟူကြောန့်
ဝန်းနဲမူရှိဟုယ်။ အယ်ဘေမဲ့ သားမွီးဘီးဟူ ခီမာ အယ်လောကမာ သားဂန်းတယော့-က်
မွီးဟုားပီးဘီတွပ် ဝန်းသာဟုားဟူကြောန့် ဝေဒနာဟို့ မေ့ဟုားလေဟုယ်။
22 ခု နန်းနို့ဟုဘာ ဝန်းနဲနေဂေ့ဟုယ်။ အယ်ဘေမဲ့ ငါဟုဘာ နန်းနို့နှ ပ့ုလန်တွိရမယ်
ဖြစ်ဟူကြောန့် နန်းနို့ရဲ့ စိနှလောင်းဟုဘာ ဝန်းသာဂေ့လေ့မယ်။ အယ်ဝန်းသာမူဟို့
ဖယ်သူလည်း နန်းနို့နားဟုနေ လုယူနိုင်ဂေ့ဟု။”
23 “အယ်မူနေ့ရော့-က်လာခီမာ နန်းနို့ဟုဘာ ငါ့ဟို့ ဖြားဇာလည်း မေးဂေ့လေ့မယ် မူဟု။
နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ နန်းနို့ဟုဘာ ငါ့နာမအားဖြင့် တောန်းဇာဂူလောင်းဟို့ ဖဟု
ပေးတော်မူလေ့မယ်။*
24 ခုထိ ငါ့နာမအားဖြင့် နန်းနို့ဟုဘာ ဖြားဇာလည်း တောန်းဂေ့သေးဟု။ နန်းနို့ရဲ့
ဝန်းသာဇာန ပ့ုလဲ့ဝဟို့တွပ် တောန်းဂေ့။ တောန်းမယ် ဆိုဟုဘာ ရဂေ့လေ့မယ်။

လောကဟို့ အောန်တော်မူဟူကြောန်း

25 “အယ်မူဇာလေဟို့ ပေါင်ဥပမာသောင်းပြုဘီး နန်းနို့ဟို့ ငါပြောဟုားဟုယ်။
အယ်ဘေမဲ့ ပေါင်ဥပမာဟို့ သောင်းပြုဘဲန ဖရဲ့ ကြောန်းဟို့ ပွမ့်ပွမ့်လန်းလန်းဟုား
ပြောရဟို့ ခီရော့-က်လာလေ့မယ်။
26 အယ်မူနေ့ ရော့-က်လာဟူ ခီမာ နန်းနို့ဟုဘာ ငါ့နာမအားဖြင့်
တောန်းလျှော့-က်ရလေ့မယ်။ နန်းနို့တွပ် ဖနားဟုနေ ငါဟု တောန်းလျှော့-က်ပေးမယ်
ဆိုဘီး ပြောနေဇာ မူဟု။
27 ဖြားဖြစ်ကြောန့်နှုးဆိုဟုဘာ ဖကိုယ်တိုင်ဟု နန်းနို့ဟို့ ရှစ်တော်မူဟုယ်။ ငါဟုဘာ
ဖနားဟုနေ ကြွလာဟုယ် ဆိုဇာဟို့ နန်းနို့ယောင်ကြည်ဟူကြောန့် ဖဟုဘာ နန်းနို့ဟို့
ရှစ်တော်မူဟုယ်။

---

* **16:23** **၁၆.၂၃** နန်းနို့ဟုဘာ ငါ့နာမအားဖြင့် တောန်းဇာဂူလောင်းဟို့ ဖဟု ပေးတော်မူလေ့မယ်၊ တချို့
မူရင်းလတ်ရေးမူလေမာ နန်းနို့ဟုဘာ ငါ့နာမအားဖြင့် တောန်းမယ် ဆိုဟုဘာ ဖဟု ပေးလေ့မယ်၊ ဆိုဘီး ပါရှိဟုယ်။

28 ငါဟာ ဖနားဟုနေ ထွပ်လာဘီး အယ်လောကထဲဟို့ ကြွလာဟုယ်။ ခု ငါဟာ
အယ်လောကဟုနေ ထွပ်ဟားဘီးဟာ ဖနားဟို့ သွားအူးမယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
29 အယ်ဘီးန တမဲ့တော်လေဟာ ကိုယ်တော့်ဟို့ “ခု ကိုယ်တော်ဟာ ပေါင်ဥပမာဟို့
သောင်းပြဲဘဲန ပွမ့်ပွမ့်လန်းလန်းဟားး ဟောပြောတော်မူဟုယ်။
30 ကိုယ်တော်ဟာ ဂူလောင်းဟို့ သိတော်မူဘီး ဖယ်လူလည်း ကိုယ်တော့်ဟို့
မေးလျှော့-က်ဟို့လိုအပ်ဟု ဆိုဇာဟို့ ခု ကျွန်တော့်ဟားးလေ သိရဂေ့ဘီ။ အယ်ကြောန့်
ကိုယ်တော်ဟာ ဘုရားသခင်နားဟုနေ ကြွလာတော်မူဟုယ် ဆိုဇာဟို့ ကျွန်တော့်ဟားးလေ
ယောင်ကြည်ပါဟုယ်” ဆိုဘီး လျှော့-က်ဂေ့ဟုယ်။
31 ယေရှုဟာ သူးနို့ဟို့ “ခု နန်းနို့ဟ ယောင်ကြည်ဂေ့ဘဲ့လော။
32 နန်းနို့ဟာ ဖ့လဲဖ့လဲစင်ဖြစ်ဟားးဘီး နန်းနို့အီဟို့ ပ့လန်ဟားးဂေ့ဟူ ခီမာ ငါ့ဟို့
တယော့-က်ဒဲ ထားရစ်ဟို့ ခီဟာလည်း ခုဘဲ့ ရော့-က်နေဘီ။ အယ်ဘေမဲ့ ဖဟာ
ငါ့နတူးဒူရှိနေတော်မူဟူကြောန့် ငါဟာ တယော့-က်ဒဲ မူဟု။
33 နန်းနို့ဟာ ငါ့အားဖြင့် ငြိသတ်မူရှိဟို့တွပ် အယ်စကားဟို့ ငါပြောပီးဘီ။ နန်းနို့ဟာ
အယ်လောကမာ ဆင်းရဲဒေါက်ခ ခံရဂေ့လေ့မယ်။ အယ်ဘေမဲ့ ကြော့-က်ဂေ့နန်! ငါဟာ
လောကဟို့ အောန်ဟားးပီးဘီ!” ဆိုဘီး မိန့်တော်မူလေဟုယ်။

17

ယေရှုဟာ တမဲ့တော်လေတွပ် ဆုတောန်းပေးဟူကြောန်း

1 ယေရှုဟာ အယ်မျိုး မိန့်တော်မူဘီးန ကောန်းဂန်ဟို့ မော့ကေ့ဘီးဟာ “ဖ၊
ခီရော့-က်ဟားးဘီ။ သားတော်ဟာ ဖရဲ့ ဖောင်းသရေတော်ဟို့ ထန်ရှားစေဟို့တွပ်
သားတော်ရဲ့ ဖောင်းသရေတော်ဟို့ ထန်ရှားစေတော်မူပါ။
2 ဖဟု သားတော်ဟို့ လူလေ ဂူလောင်းဟို့ အောက်စိုးရဟူ ခွမ့်အာဏာဟို့
ပေးတော်မူဟုယ်။ အယ်ကြောန့် သားတော်ဟာ ဖဟုနေ ပေးဟားးဟူ လူလေ
ဂူလောင်းဟို့ ထာဝရသတ် ပေးနိုင်ဟုယ်။
3 ထာဝရသတ် ဆိုဇာဟာ စစ်မှန်ဟူ ဘုရားသခင် တဆူဒဲရှိဟုယ် ဆိုဇာန
စေ့လွတ်တော်မူဟူ ယေရှုခရစ်တော်ဟို့ သိဟို့ဖြစ်ဟုယ်။
4 ကိုယ်တော် အပ်ပေးတော်မူဟူ မူတော်ဟို့ ကျွန်တော်ဟာ ဆောန်ရွက်ပီးဟားးဘီ
ဖြစ်ဟူကြောန့် ကိုယ်တော်ရဲ့ ဖောင်းသရေတော်ဟို့ မ့လေဂီးထတ်မာ ထန်ရှားစေဘီ။
5 ဖ! အယ်လောကဟို့ ဖန်ဆင်းခန်ဂဒဲဟ ကိုယ်တော်နတူးဒူ ကျွန်တော်ခံစားရဟူ
ဖောင်းသရေတော်ဟို့ ခု ကိုယ်တော့်ရှေ့တော်မာ ကျွန်တော့်ဟို့ ပေးတော်မူပါ။
6 “အယ်လောကထဲဟုနေ ဝီးကော့-က်ဘီး ကျွန်တော့်ဟို့ အပ်ပေးတော်မူဟူ
လူလေဟို့ ကိုယ်တော်ရဲ့ နာမဟို့ ထန်ရှားစေပီးဘီ။ သူးနို့ဟို့ ကိုယ်တော်ဟ
ပိုင်တော်မူဘီး ကျွန်တော့်ဟို့ အပ်ပေးတော်မူဘီ။ သူးနို့ဟာ ကိုယ်တော်ရဲ့
စကားတော်ဟို့ လိုက်နာဂေ့ဘီ။

7 ကျွန်တော့်ဟို့ ကိုယ်တော်ပေးဟှားဇာလေ ဂူလောင်းဟှာ ကိုယ်တော်နားဟှ
ရရှိလာဟှယ် ဆိုဇာဟို့ ခု သူးနို့သိရှိဂေ့ဘီ။
8 ကျွန်တော့်ဟို့ ကိုယ်တော် ပေးအပ်တော်မူဟှ့ စကားတော်ဟို့ ကျွန်တော်ဟှာ သူးနို့ဟို့
ပေးဟှ့ ခီမာ သူးနို့လတ်ခံဂေ့ဟှယ်။ ကိုယ်တော်နားဟှနေ ကျွန်တော်ကြွလာဟှယ်
ဆိုဇာဟို့ သူးနို့ဟှာ မှန်ဘဲ့သိဂေ့ဟှယ်။ ကျွန်တော့်ဟို့ ကိုယ်တော်စေလွှတ်ဟှယ်
ဆိုဇာဟို့လည်း သူးနို့ဟှာ ယောင်ကြည်ဂေ့ဟှယ်။
9 “သူးနို့တွပ် ကျွန်တော် ဆုတောန်းဟှယ်။ ကျွန်တော်ဟို့ ကိုယ်တော်
ပေးအပ်တော်မူဟှ့ လူလေဟှာ ကိုယ်တော်ပိုင်တော်မူဟှ့ လူလေဖြစ်ဟှ့ကြောန့်
အယ်လောကတွပ် မှဘဲ သူးနို့တွပ်ဘဲ့ တောန်းလျှော့-က်ပေးဟှယ်။
10 ကျွန်တော့်မာရှိဟှ့ဇာလေ ဂူလောင်းဟှာ ကိုယ်တော်ဇာလေဖြစ်ဘီး ကိုယ်တော်မာ
ရှိဟှ့ဇာလေ ဂူလောင်းဟှာလည်း ကျွန်တော့်ဇာလေဖြစ်ဟှ့ကြောန့် သူးနို့လေအားဖြင့်
ကျွန်တော့်ဖောင်းသရေတော်ဟို့ ထန်ရှားစေဘီ။
11 ကျွန်တော်ဟှာ အယ်လောကမာ ခီကြာဂီးရှိဟို့ မှုဟှ့။ အယ်ဘေမဲ့ သူးနို့ဟှာ
အယ်လောကမာ ရှိဂေ့ဟှယ်။ ခု ကျွန်တော်ဟှာ ကိုယ်တော်နားဟို့ လာပါဟှယ်။
သန့်ရှင်းတော်မူဟှ့ဖ! ကိုယ်တော်နှ ကျွန်တော်ဟှာ တလောင်းတဝဲ ဖြစ်မျိုးဘဲ့
ကျွန်တော့်ဟို့ ပေးအပ်တော်မူဟှ့ လူလေလည်း တလောင်းတဝဲ ဖြစ်ဟို့တွပ် သူးနို့ဟို့
ကိုယ်တော်ရဲ့ နာမတော်နှ တဂိုးတော်အားဖြင့် ကာကွယ်ပေးတော်မူပါ။*
12 ကျွန်တော်ဟှာ သူးနို့နတူးဒူရှိနေဒူးမာ ကိုယ်တော်ပေးတော်မူဟှ့ နာမတော်ထဲမာ
သူးနို့ဟို့ ပျစ်စီးမှုဟှနေ စောန့်ထီးတော်မူဘီ။† ကျွန်တော်ဟှာ သူးနို့ဟို့
ကာကွယ်ပေးတော်မူဟှာဘီ။ ပျစ်စီးရဟို့ လူတယော့-က်ဟှလွဲဘီး သူးနို့ထဲဟှ
ဖယ်လူလည်း ပျစ်စီးဂေ့ဟှ။ အယ်လူပျစ်စီးဟှားရဇာဟှာ ကျမ်းစာ ပ့လွဲဇောင်ဟို့
ဖြစ်ဟှယ်။
13 ခု ကိုယ်တော်နားဟို့ ကျွန်တော်ဟှာ လာပါဟှယ်။ သူးနို့ဟှာ ကျွန်တော့်ရဲ့
ဝန်းသာမှုဟို့ သူးနို့ရဲ့ စိန္နလောင်းထဲမာ ပ့လွဲဝခံစားရဟို့တွပ် အယ်လောကထဲ
ရှိနေဒူးခီမာ အယ်မူဇာလေဟို့ ကျွန်တော် ပြောပါဟှယ်။
14 ကျွန်တော်ဟှာ ကိုယ်တော်ရဲ့ တရားစကားဟို့ သူးနို့ဟို့ ပေးဟှားပီးဘီ။
ကျွန်တော်ဟှာ အယ်လောကနဆိုင်ဘဲမျိုး သူးနို့လည်း အယ်လောကနဆိုင်ဘဲဟှကြောန့်
လောကဟှာ သူးနို့ဟို့ မူးတီးဂေ့ဟှယ်။
15 သူးနို့ဟို့ အယ်လောကဟှနေ နုယူတော်မူဟို့မှုဘဲန နတ်ဆိုးရဲ့လှည့်ဇားမှုဟှနေ
ကွယ်ကာပေးဟို့ ကျွန်တော်တောန်းလျှော့-က်ဟှယ်။

---

* **17:11** **၁၇.၁၁** သူးနို့ဟို့ ကိုယ်တော်ရဲ့ နာမတော်နှ တဂိုးတော်အားဖြင့် ကာကွယ်ပေးတော်မူပါ၊ တချို့
မူရင်းလတ်ရေးမူလေမာ ကျွန်တော့်ဟို့ အပ်ပေးတော်မူဟှ့ လူလေဟို့ ကိုယ်တော့်နာမတော်ရဲ့ တဂိုးတော်အားဖြင့်
စောန့်ထီးပေးတော်မူပါ၊ ဆိုဘီး ပါရှိဟှယ်။ **17:12** **၁၇.၁၂** ယော ၁၃.၁၈ † **17:12** **၁၇.၁၂**
ကိုယ်တော်ပေးတော်မူဟှ့ နာမတော်ထဲမာ သူးနို့ဟို့ ပျစ်စီးမှုဟှနေ စောန့်ထီးတော်မူဘီ၊ တချို့ မူရင်းလတ်ရေးမူလေမာ
ကျွန်တော့်ဟို့ ကိုယ်တော်ပေးတော်မူဟှ့ လူလေဟို့ ကိုယ်တော့်နာမတော်ရဲ့ တဂိုးတော်အားဖြင့် ကျွန်တော်ဟှာ
စောန့်ထီးပေးတော်မူဘီ၊ ဆိုဘီး ပါရှိဟှယ်။

16 ကျွန်တော်ဟာ အယ်လောကနဆိုင်ဘဲမျိုး သူးနို့ဟာလည်း
အယ်လောကနဆိုင်ဂေ့ဟာ။
17 သမ္မာတရားအားဖြင့် သူးနို့ဟို့ သန်ရှင်းတော်မူပါ။ ကိုယ်တော်ရဲ့ စကားတော်ဟာ
သမ္မာတရားဖြစ်ဟုယ်။
18 ကိုယ်တော်ဟာ ကျွန်တော်ဟို့ အယ်လောကထဲဟို့ စေလွှတ်မျိုးဘဲ့
ကျွန်တော်ဟာလည်း သူးနို့ဟို့ အယ်လောကထဲဟို့ စေလွှတ်လိုက်ဟုယ်။
19 သူးနို့ဟာလည်း သမ္မာတရားအားဖြင့် သန်ရှင်းခံရဟို့တွပ် ကျွန်တော်ဟာ သူးနို့တွပ်
ကိုယ့်ကိုယ်ကိုယ် သန်ရှင်းစေပါဟုယ်။
20 “ကျွန်တော်ဟာ သူးနို့တွပ်ဘဲ့မူဘဲန သူးနို့ဟောပြောဟူ တရားစကားအားဖြင့်
ကျွန်တော့်ဟို့ ယောင်ကြည်ဟူ လူလေတွပ်လည်း တောန်းလျှော့-က်ဟုယ်။
21 သူးနို့လေ ဂူလောင်းဟာ တလောင်းတဝဲ ဖြစ်စေဟို့ ကျွန်တော်ဆုတောန်းဟုယ်။
ဖ! ကိုယ်တော်ဟာ ကျွန်တော့်ထဲမာရှိဘီး ကျွန်တော်ဟာလည်း ကိုယ်တော်ထဲမာ
ရှိနေမျိုးဘဲ့ သူးနို့ဟိုလည်း ကျွန်တော့်ဟားလေထဲမာ ရှိတော်မူစေပါ။ ကျွန်တော့်ဟို့
ကိုယ်တော်စေလွှတ်တော်မူဟုယ် ဆိုဇာဟို့ လောကသားလေ
ယောင်ကြည်လာစေဟို့တွပ် သူးနို့ဟို့ တလောင်းတဝဲ ဖြစ်စေတော်မူပါ။
22 ကိုယ်တော်န ကျွန်တော်ဟာ တလောင်းတဝဲ ဖြစ်မျိုးဘဲ့ သူးနို့ဟို့လည်း
တလောင်းတဝဲ ဖြစ်စေဟို့တွပ် ကျွန်တော်ဟို့ ကိုယ်တော်ပေးတော်မူဟူ
ဖောင်းသရေတော်ဟို့ သူးနို့ဟို့လည်း ပေးတော်မူဘီ။
23 ကျွန်တော်ဟာ သူးနို့ထဲမာရှိဘီး ကိုယ်တော်ဟာ ကျွန်တော်ထဲမာ ရှိပါဟုယ်။
သူးနို့ဟို့ တလောင်းတဝဲ ပ့လဲ့ဖောင်စေဟို့တွပ် ကိုယ်တော်ဟာ ကျွန်တော့်ဟို့
စေလွှတ်တော်မူကြောန်းန ကျွန်တော့်ဟို့ ရှုစ်မျိုးဘဲ့ သူးနို့ဟိုလည်း
ရှုစ်တော်မူကြောန်းဟို့ လောကသားလေဟာ သိရှိစေဟို့ဖြစ်ဟုယ်။
24 “ဖ! အယ်လောကဟို့ ဖန်ဆင်းခန်ဂဲဟာ ကိုယ်တော်ဟာ ကျွန်တော်ဟို့
ရှုစ်တော်မူဘီး ပေးတော်မူဟူ ဖောင်းသရေတော်ဟို့ ကျွန်တော့်ဟို့ ကိုယ်တော်
ပေးအပ်တော်မူဟူ လူလေဟို့ ဗြင်တွိစေဟို့တွပ် သူးနို့ဟို့ ကျွန်တော်ရှိဟူ နေရာမာ
ကျွန်တော့်နတူးဒူ ရှိစေရှင်ဟုယ်။
25 ဖြောန့်မတ်တော်မူဟူဖ! အယ်လောကဟာ ကိုယ်တော့်ဟို့ သိဂေ့ဟူ။ အယ်ဘေမဲ့
ကျွန်တော်ဟာ ကိုယ်တော့်ဟို့ သိဟုယ်။ ကိုယ်တော်ဟာ ကျွန်တော့်ဟို့
စေလွှတ်တော်မူဟုယ် ဆိုဇာဟို့ အယ်လူလေဟာ သိဂေ့ဟုယ်။
26 ကျွန်တော့်ဟို့ ကိုယ်တော် ရှုစ်ဟူမြစ်တာဟာ သူးနို့နှိုက်ရှိစေဘီး
ကျွန်တော်ဟာလည်း သူးနို့နှိုက်ရှိနေဟူကြောန့် ကိုယ်တော့်နာမဟို့ သူးနို့ဟို့
ကျွန်တော်သိစေပါဘီ။ ထပ်ဘီးလည်း သိစေအူးမယ်” ဆိုဘီး ပြောလေဟုယ်။

ယေရှုဟို့ ဖမ်းဆီးငေ့ဟူကြောန်း
(မဿဲ ၂၆.၄၇-၅၆; မာကု ၁၄.၄၃-၅၀; လုကာ ၂၂.၄၇-၅၃)

1 ယေရှုဟှာ အယ်မျိုးဆုတောန်းဘီးန တဗဲတော်လေနတူးဒူ ကြွဟှားတော်မူဘီး
ကေဒြန်ခ့လောန်းဟို့ ကူးတော်မူဟှယ်။ အယ်နေရာမာ ဥယျာဉ်တခုရှိဘီး ယေရှုန
တဗဲတော်လေဟှာ အယ်ဥယျာဉ်ထဲဟို့ ဝမ်တော်မူဟှယ်။
2 ယေရှုဟှာ အယ်နေရာမာ တဗဲတော်လေန ခါဘီးခါ တို့ဆောင်လေ့ရှိဟူကြောန့်
ကိုယ်တော့်ဟို့ သစ်စာဖော့-က်ဟူ ယုဒရှကာရုတ်ဟှာ အယ်နေရာဟို့ သိနေဟှယ်။
3 အယ်ကြောန့် ယုဒဟှာ ရောမစစ်သားတစု၊ ယဇ်ပုရောဟိတ်ဂီးလေန ဖာရိရှဲလေ
စေလွှတ်လိုက်ဟူ ဗိမာန်တော်စောန့်လေဟို့ ခေါ်ဟှားဘီး ဥယျာဉ်ဟို့ သွားငေ့ဟှယ်။
သူးနို့ဟှာ မီးအီလေ၊ မီးဒေါက်လေန လတ်နတ်လေဟို့ ကိုင်ဆောန်လာငေ့ဟှယ်။
4 ယေရှုဟှာ သူနှိုက်ဖြစ်ပျစ်လာဟို့ ဇာလေဂူလောင်းဟို့ သိတော်မူဟူကြောန့်
သူးနို့နားဟို့ ကြွတော်မူဘီး "နန်းနို့ ဖယ်လူဟို့ ရှာငေ့နေနူး" ဆိုဘီး မေးတော်မူလေဟှယ်။
5 သူးနို့ဟှ "နာဇရက်ဗြို့သား ယေရှုဟို့ ရှာနေဟှယ်" ဆိုဘီး ဖြေလိုက်ဟှယ်။
ကိုယ်တော်ဟှ "ငါဘဲ့ဖြစ်ဟှယ်" ဆိုဘီး မိန့်တော်မူလိုက်ဟှယ်။
ကိုယ်တော့်ဟို့ သစ်စာဖော့-က်ဟူ ယုဒဟှာ သူးနို့နတူးဒူ ရပ်နေဟှယ်။
6 ယေရှုဟှာ သူးနို့ဟို့ "ငါဘဲ့ဖြစ်ဟှယ်" ဆိုဘီး မိန့်တော်မူလိုက်ဟူ ခီမာ သူးနို့ဟှာ
နော့-က်ဆုဟှားဘီး မ့လေဂီးထတ်ဟို့ လဲက့လဟှားငေ့ဟှယ်။
7 ယေရှုဟှာ သူးနို့ဟို့ "နန်းနို့ ဖယ်လူဟို့ ရှာနေနူး" ဆိုဘီး နော့-က်တခါ
မေးတော်မူလေဟှယ်။
သူးနို့ဟှ "နာဇရက်ဗြို့သား ယေရှုဟို့ ရှာဟှယ်" ဆိုဘီး ဖြေငေ့ဟှယ်။
8 ယေရှုဟှ "ငါဘဲ့ဖြစ်ဟှယ် ဆိုဘီး နန်းနို့ဟို့ ငါပြောဟှားပီးဘီ။ နန်းနို့ဟှာ ငါ့ဟို့
ရှာနေဟှယ် ဆိုဟှာ အယ်လူလေဟို့ သွားခိုင်းလိုက်ပါ" ဆိုဘီး မိန့်တော်မူလိုက်ဟှယ်။
9 အယ်မျိုး မိန့်တော်မူဇာဟှ "ဖ၊ ကိုယ်တော်ပေးအပ်ဟှားဟူ လူလေဟှာ
တယော့-က်လည်း ပျစ်စီးဟို့မ့ေဟှ" ဆိုဘီး ကိုယ်တော် မိန့်တော်မူဟှားဇာလေဟှာ
မှန်ဘဲ့ဖြစ်လာလေဟှယ်။
10 အယ်ခီမာ ရှိမုန်ပေတရုဟှာ ပါလာဟူ ထားဟို့ ဆွဲထုလိုက်ဘီး
ယဇ်ပုရောဟိတ်မန်းရဲ့ ကျွန်ဟို့ ခွတ်လိုက်ဟူ ခီမာ ညာဖတ်နားဂှပ် ပြတ်ဟှားလေဟှယ်။
အယ်ကျွန်ရဲ့ နာမယ်ဟှာ မာလခု ဖြစ်ဟှယ်။
11 ယေရှုဟှာ ပေတရုဟို့ "နန့်ထားဟို့ ထားအီထဲမာ ပ့လန်သီးလိုက်ပါ!
ငါ့ဖပေးတော်မူဟူ ဒေါက်ခဝေဒနာခွပ်ဟို့ ငါသော့-က်ဘဲနေရဟို့လော" ဆိုဘီး
မိန့်တော်မူလေဟှယ်။

ယေရှုဟို့ အနှနတ်ရှေ့ဟို့ ခေါ်ဆောန်ဟှားဟူကြောန်း
12 အယ်ဘီးန ရောမစစ်သားလေ၊ သူးနို့ရဲ့ တပ်မှူးဂီးန ယုဒလူ
စောန့်တပ်သားလေဟှာ ယေရှုဟို့ ဖမ်းဆီးဘီး၊ တောက်နှောန်ငေ့ဘီး

18:11 ၁၈.၁၁ မ ၂၆.၃၉; မာ ၁၄.၃၆; လု ၂၂.၄၂

13 အန္နတ်နားဟို့ ရင်ဦးဆောင်း ခေါ်ဆောန်ဟုးဟုယ်။ အန္နတ်ဟာ အယ်နှစ်မာ
ယဇ်ပုရောဟိတ်မန်းဖြစ်ဟူ ကယာဖရဲ့ ယော့-က်ခမဖြစ်ဟုယ်။
14 အယ်ကယာဖဟာ လူလေ ဂူလောင်းတွပ် လူတယော့-က် သေရဇာဟု
ပိုကောန်းဟုယ် ဆိုဘီး ယုဒအာဏာပိုင်လေဟို့ ကြံပေးဟူ သူဖြစ်ဟုယ်။

ယေရှုဟို့ ပေတရုဟု ငြင်းဆိုဟူကြောန်း
(မဿဲ ၂၆.၆၉,၇၀; မာကု ၁၄.၆၆-၆၈; လုကာ ၂၂.၅၅-၅၇)

15 ရှိမုန်ပေတရုန တခြားတဗဲတော်ဟာ ယေရှုနော့-က်တော်လိုက်ဟုးဟုယ်။
အယ်တဗဲတော်ဟာ ယဇ်ပုရောဟိတ်မန်းရဲ့ သိဖြစ်ဟူကြောန့် ယေရှုနတူးဒူ
ယဇ်ပုရောဟိတ်မန်းရဲ့ ခြံဝမ်းထဲဟို့ ဝမ်ဟုးလေဟုယ်။
16 ပေတရုဟာ ခြံခွဇော့-က်ပ္လန်မာ နေရစ်ဟုယ်။ ယဇ်ပုရောဟိတ်မန်းရဲ့ သိဖြစ်ဟူ
တဗဲတော်ဟာ ပ္လန်ထွပ်လာဘီး ခွဇော့-က်စောန့် စေခံဝယ်သားဟို့ ပြောဘီးဟာ
ပေတရုဟို့ ထဲဟို့ ခေါ်ဟုးဟုယ်။
17 ခွဇော့-က်စောန့် စေခံဝယ်သားဟာ ပေတရုဟို့ "နန်ဟ အယ်မူလူရဲ့ တဗဲတော်
မူဟုလော" ဆိုဘီး မေးလိုက်ဟုယ်။
ပေတရုဟ "မူဟ" ဆိုဘီး ပ္လန်ဖြေလိုက်ဟုယ်။
18 အယ်ခီဟာ ရှမ်းဟူကြောန့် စေခံလေန စောန့်လေဟာ မီးဘောင် ပတ်ပတ်လည်မာ
ရပ်ဘီးဟာ မီးကန်နေဂေ့ဟုယ်။ အယ်ကြောန့် ပေတရုဟာ သူးနို့နတူးဒူ ရပ်ဘီးဟာ
မီးကန်နေလေဟုယ်။

ယဇ်ပုရောဟိတ်မန်းဟ ယေရှုဟို့ မေးမြန်းဟူကြောန်း
(မဿဲ ၂၆.၅၉-၆၆; မာကု ၁၄.၅၅-၆၄; လုကာ ၂၂.၆၆-၇၁)

19 အယ်ခီမာ ယဇ်ပုရောဟိတ်မန်းဟာ ယေရှုဟို့ တဗဲတော်လေကြောန်းန ယေရှုရဲ့
သွန်သန်ဇာကြောန်းဟို့ မေးနေလေဟုယ်။
20 ယေရှုဟ "ငါဟာ လောကမာ ပွမ့်ပွမ့်လန်းလန်းဟုးဘဲ့ သွန်သန်ဟုယ်။
ယုဒလူလေ စုဝီးဟူ ဝါလယ်ဇရုပ်လေန ဗိမာန်တော်မာဘဲ့ ငါဟာ သွန်သန်ဟုယ်။ ငါဟာ
တိတိဟုး ဟောပြောဟု။
21 အယ်ဆိုဟာ ဖြားဖြစ်ကြောန့် ငါ့ဟို့ မေးမြန်းနေနူး။ ငါဟောပြောဟုးဇာလေဟို့
ကြားဟုးဘီးဟူ လူလေဟို့ မေးမြန်းဂေ့။ ငါဖြားဇာလေ ဟောပြောဟုးဟုယ် ဆိုဇာဟို့
အယ်လူလေဟို့ မေးမြန်းဂေ့။ ငါပြောဟုးဇာလေဟို့ သူးနို့သိဂေ့ဟုယ်" ဆိုဘီး
ဖြေတော်မူလေဟုယ်။
22 ယေရှုဟာ အယ်မျိုးမိန့်တော်မူလိုက်ခီမာ စောန့်တယော့-က်ဟာ
"ယဇ်ပုရောဟိတ်မန်းဟို့ အယ်မျိုးပ္လန်ဖြေရလော!" ဆိုဘီး ကိုယ်တော့်ဟို့
ပါးရိုက်လေဟုယ်။

18:14 **၁၈.၁၄** ယော ၁၁.၄၉,၅၀

23 ယေရှုဟာ သူ့ဟို့ “ငါပြောဟာ့းဇာလေ မာ့းဟာ့ယ် ဆိုဟာ့ မာ့းကြောန့်းဟို့
သတ်သေပြေဂေ့။ ဖြေတော်မူလေဟာ့ယ်။ အယ်ဘေမဲ့ ငါပြောဟာ့းဇာလေ မှန်ဟာ့ယ်
ဆိုဟာ့ ဖြာ့းဖြစ်ကြောန့် ငါ့ဟို့ ရိုက်နေရနူ့း” ဆိုဘီ့း မိန့်တော်မူလေဟာ့ယ်။
24 အယ်ဘီ့းန အန္နတ်ဟာ့ ကိုယ်တော့်ဟို့ တောက်နော့ာန်ဘီ့း ယဇ်ပုရောဟိတ်မန့်း
ကယာဖနာ့းဟို့ ပို့စေလိုက်ဟာ့ယ်။

ယေရှုဟို့ ပေတရုနော့-က်တခါ ငြင့်းဆိုဟူကြောန့်း
(မဿဲ ၂၆.၇၁-၇၅; မာကု ၁၄.၆၉-၇၂; လုကာ ၂၂.၅၈-၆၂)

25 ရှိမုန်ပေတရုဟာ မတ်တတ်ရပ်ဘီ့းဟာ မီ့းကန်နေဒူ့းဘဲ့ဖြစ်ဟာ့ယ်။ အယ်ကြောန့်
လူတချို့ဟာ “နန်ဟာ့လည့်း အယ်လူရဲ့ တမဲ့တော်လေထဲဟ တယော့-က် မူဟာ့လော”
ဆိုဘီ့း သူ့ဟို့ မေ့းဂေ့ဟာ့ယ်။
အယ်ဘေမဲ့ ပေတရုဟာ “ငါမူဟ” ဆိုဘီ့း ငြင့်းလေဟာ့ယ်။
26 ယဇ်ပုရောဟိတ်မန့်းရဲ့ ကျွန်တယော့-က်ဖြစ်ဘီ့း ပေတရု ခွတ်လိုက်ဟူကြောန့်
နာ့းဝှပ်ပြတ်ဟာ့းဟူလူန ရွှေမျိုးတော်သူဟ “နန်ဟာ အယ်လူနတူ့းဒု ဥယျာဉ်ထဲမာ
ငါဖြင်လိုက်ဟာ့ယ် မူဟာ့လော” ဆိုဘီ့း မေ့းလေဟာ့ယ်။
27 ပေတရုဟာ “မူဟ” ဆိုဘီ့း နော့-က်တခါ ငြင့်းလိုက်ဟူ ခီမာ ရှင့်းရှင့်းဘဲ့
ကြေ့တွန်လေဟာ့ယ်။

ယေရှုဟာ ပိလတ်ရှေ့ဟို့ ခေါ်ဆောန်ဟာ့းကြောန့်း
(မဿဲ ၂၇.၁,၂,၁၁-၁၄; မာကု ၁၅.၁-၅; လုကာ ၂၃.၁-၅)

28 မိုးလန့်းစောစောန ယေရှုဟို့ ကယာဖရဲ့ အီဟာ့နေ ဗြို့ဝန်မန့်းရဲ့ နန့်းတော်ဟို့
ခေါ်ဆောန်ဟာ့းဟာ့ယ်။ ယုဒအာဏာပိုင်လေဟာ ပသခါပွဲတော်ဟို့ စားနိုင်ဟို့တွပ်
သူ့းနို့်ကိုယ်တိုင် ဘာသာရေးစဉ်လာတိုင့်း ညစ်ညူ့းစေရှင်ဘဲဟူကြောန့် နန့်းတော်ထဲဟို့
ဝင်လိုက်ဟာ့းဂေ့ဟ။
29 အယ်ကြောန့် ပိလတ်ဟာ သူ့းနို့်ရှိဟူ ပ့လန်ဟို့ ထွပ်လာဘီ့း “အယ်လူဟို့ ဖြာ့းမူန
စွပ်စွဲဟာ့းဂေ့နူ့း” ဆိုဘီ့း မေ့းလေဟာ့ယ်။
30 သူ့းနို့်ဟ “အယ်လူဟာ ရာဇဝတ်မှုဟို့ ကျူ့းလွန်ဘဲဟ ဆိုဟာ အယ်လူဟို့
ကျွန်တော့်ဟာ့းလေ ခေါ်လာဟို့ မူဟ” ဆိုဘီ့း ဖြေဂေ့ဟာ့ယ်။
31 ပိလတ်ဟာ “အယ်ဆိုဟာ နန့်းနို့်ကိုယ်တိုင် အယ်လူဟို့ ခေါ်ဟာ့းလိုက်ဘီ့း နန့်းနို့်ရဲ့
ပညတ်တရာ့းတိုင့်း စီရင်ဂေ့” ဆိုဘီ့း ယုဒလူလေဟို့ ပြောလေဟာ့ယ်။
သူ့းနို့်ဟ “ကျွန်တော့်ဟာ့းလေဟာ ဖယ်လူဟို့လည့်း သတ်ပိုင်ခွမ့်မှေ့ဟ” ဆိုဘီ့း
ပ့လန်ဖြေဂေ့ဟာ့ယ်။
32 အယ်မျိုးပြောနေဇာဟ မိမိဟာ ဖယ်မျိုးသေခံရမယ် ဆိုဇာဟို့
ယေရှုမိန့်တော်မူဟာ့းတိုင့်း ပ့လဲဇော်လာစေဟို့ဖြစ်ဟာ့ယ်။

18:32 ၁၈.၃၂ ယော ၃.၁၄; ၁၂.၃၂

33 ပိလတ်ဟာ နန်းတော်ထဲဟို့ ပ့ုလန်ဝမ်ဟားဘီး ယေရှုဟို့ ခေါ်လိုက်ဘီး “နန်ဟာ
ယုဒမန်းဂီးလော” ဆိုဘီး မေးလေဟ့ယ်။
34 ယေရှုဟ့ “နန်ဟာ နန့်ဆန္ဒတိုင်း အယ်မေးခွန်းဟို့ မေးဇာလော။
အယ်မျိုးမှုဘဲနေဟာ တခြားလူလေဟ့ ငါ့ကြောန်းဟို့ ပြောပြဟားကြောန့်လော” ဆိုဘီး
မေးတော်မူလေဟ့ယ်။
35 ပိလတ်ဟ့ “နန်ဟာ ငါ့ဟို့ ယုဒလူဖြစ်ဟ့ယ် ဆိုဘီး ထန်နေဟ့ယ်လော။ နန့်ဟို့
ငါ့နားဟို့ လာအပ်ပေးဟ့လူလေဟာ နန့်လူမျိုးလေန ယဇ်ပုရောဟိတ်ဂီးလေဖြစ်ဟ့ယ်။
နန်ဟာ ဖြားဇာလေလောက်ဟ့ားနူး” ဆိုဘီး မေးလေဟ့ယ်။
36 ယေရှုဟ့ “ငါ့နိုင်ငံတော်ဟာ အယ်လောကနဆိုင်ဟ့။ ငါ့နိုင်ငံတော်ဟာ
အယ်လောကနဆိုင်မယ် ဆိုဟာ ငါ့ဟို့ ယုဒအာဏာပိုင်လေ လတ်ထဲရော့-က်ဘဲအောန်
ငါ့စေခံလေဟာ တိုက်ခိုက်ဂေ့လေ့မယ်။ ငါ့နိုင်ငံတော်ဟာ အယ်လောကနဆိုင်ဟ့!”
ဆိုဘီး မိန့်တော်မူလေဟ့ယ်။
37 အယ်ကြောန့် ပိလတ်ဟာ “အယ်ဆိုဟာ နန်ဟာ မန်းဂီးလော” ဆိုဘီး ကိုယ်တော့်ဟို့
မေးလေဟ့ယ်။

ယေရှုဟ့ “သင်ပြောမျိုးဘဲ့ ငါဟာ မန်းဂီးဖြစ်ဟ့ယ်။ ငါဟာ သမ္မာတရားဟို့
သတ်သေခံဟို့တွပ် မွီးလာဘီး အယ်လောကဟို့ ကြွလာဟ့ယ်။ သမ္မာတရားနဆိုင်ဟူ
လူလေဟာ ငါ့စကားဟို့ နားထောန်ဂေ့ဟ့ယ်” ဆိုဘီး ဖြေတော်မူလေဟ့ယ်။
38 ပိလတ်ဟ့ “အယ်ဆိုဟာ သမ္မာတရားဟ့ ဖြားဇာနူး” ဆိုဘီး မေးလေဟ့ယ်။

ယေရှုဟို့ သေဒန်ပေးဟူကြောန်း
(မဿဲ ၂၇.၁၅-၃၁; မာကု ၁၅.၆-၂၀; လုကာ ၂၃.၁၃-၂၅)

အယ်ဘီးန ပိလတ်ဟာ ပ့ုလန်မာရှိနေဟူ ယုဒလူလေနားဟို့ ပ့ုလန်ဟားဘီးဟာ
“အယ်လူမာ ပြစ်စီရင်ဟို့ဇာ ဖြားလည်း မွေ့ဟ့။
39 နန်းနို့ရဲ့ ထောင်းဇံရ ပသခါပွဲမာ ထောန်သားတယော့-က်ဟို့ လွှတ်လေ့ရှိဟ့ယ်။
နန်းနို့တွပ် ယုဒမန်းဂီးဟို့ လွှတ်ပေးစေရှင်ဟ့ယ်လော” ဆိုဘီး သူးနို့ဟို့ မေးလေဟ့ယ်။
40 သူးနို့ဟာ “သူ့ဟို့ လွှတ်ပေးန! ဗာရဗ္ဗဟို့ဘဲ့ လွှတ်ပေးပါ!” ဆိုဘီး အော်ဘီး
ပ့ုလန်ဖြေဂေ့ဟ့ယ်။ ဗာရဗ္ဗဟာ ဓမ္မလတယော့-က် ဖြစ်ဟ့ယ်။

19

1 အယ်ကြောန့် ပိလတ်ဟာ ယေရှုဟို့ ခေါ်ဆောန်ဟားစောဘီး ကဒန်ပေးစေဟ့ယ်။
2 စစ်သားလေဟာ ဆူးခတ်လေန လောက်ဟားဟူ သရဖူဟို့
ကိုယ်တော့်ခေါ်နိုးထတ်မာ ဆောန်းပေးဘီးဟာ ခရမ်းရောန်ဝတ်ရောင်ဟို့ ဝတ်ပေးဘီး
3 ကိုယ်တော်နားဟို့ လာဂေ့ဘီး “ယုဒမန်းဂီး သတ်တော် ရာကျော်ရှယ်ပါစေ!” ဆိုဘီး
ပြောဂေ့ဟ့ယ်။ အယ်ဘီးန ကိုယ်တော့်ဟို့ ပါးရိုက်ဂေ့ဟ့ယ်။

4 ပိလတ်ဟုာ နော့-က်ထပ်တခါ ပ့လန်ဟို့ ထွပ်လာဘီးဟုာ “အယ်လူဟို့
ပြစ်စီရင်ဟို့ဇာ ဖြားလည်းတွိဟု။ အယ်ကြောန့် နန်းနို့ဖြင်စေဟို့ သူ့ဟို့ နန်းနို့နားဟို့
ငါခေါ်လာမယ်” ဆိုဘီး လူအောက်ဂီးဟို့ ပြောလေဟုယ်။

5 အယ်ဘီးန ယေရှုဟုာ ဆူးသရဖူန ခရမ်းရောန်ဝတ်ရောင်ဟို့ ဝတ်ဟုားဘီး ပ့လန်ဟို့
ထွပ်ကြတော်မူလေဟုယ်။ ပိလတ်ဟုာ “ကေ့ကေ့! အယ်လူဘဲ့ဖြစ်ဟုယ်!” ဆိုဘီး
သူနို့ဟို့ ပြောလေဟုယ်။

6 ယဇ်ပုရောဟိတ်ဂီးလေန စောန့်လေဟုာ ကိုယ်တော့်ဟို့ ဖြင်လိုက်ဟူ ခီမာ
“အယ်လူဟို့ ကားစင်တန်ပါ! အယ်လူဟို့ ကားစင်တန်ပါ!” ဆိုဘီး သူးနို့ဟုာ
အော်ဟစ်ဂေ့ဟုယ်။

ပိလတ်ဟုာ “အယ်ဆိုဟုာ နန်းနို့ဟုာ အယ်လူဟို့ ခေါ်ဆောန်ဟုားဘီး ကားစင်တန်ဂေ့။
ငါဟုာ သူ့ဟို့ ပြစ်စီရင်ဟို့ဇာ ဖြားလည်းတွိဟု” ဆိုဘီး သူးနို့ဟို့ ပြောလေဟုယ်။

7 ယုဒလူခေါ်းဆောန်လေဟုာ “အယ်လူဟုာ သူ့ကိုယ်သူ ဘုရားသခင်ရဲ့ သားတော်
ဆိုဘီး ကြေညာဟူကြောန့် သေထိုက်ကြောန်း ကျွန်တော့်ဟုားလေရဲ့ ပညတ်တရားမာ
ပြောဟုားဟုယ်” ဆိုဘီး ဖြေဂေ့ဟုယ်။

8 ပိလတ်ဟုာ အယ်စကားဟို့ ကြားရဟူ ခီမာ ပိုဘီး ကြော့-က်လန့်ဟုားဟုယ်။

9 သူဟုာ နန်းတော်ထဲဟို့ ပ့လန်ဝမ်ဟုားဘီးဟုာ ယေရှုဟို့ “သင်ဟုာ ဖယ်နေရာဟုနေ
လာဟုယ်နူး” ဆိုဘီး မေးလေဟုယ်။

အယ်ဘေမဲ့ ယေရှုဟုာ ခွန်းလည်း ပ့လန်ဖြေဟု။

10 ပိလတ်ဟုာ ကိုယ်တော့်ဟို့ “သင်ဟုာ ငါ့ဟို့ စကားပြောနို့ဘီလော။ ငါဟုာ သင့်ဟို့
လွှတ်ဟို့တွပ် ခွမ့်အာဏာလည်းရှိဘီး ကားစင်တန်ဟို့တွပ် ခွမ့်အာဏာလည်းရှိဟုယ်
ဆိုဇာဟို့ သိဟုလော” ဆိုဘီး မေးလေဟုယ်။

11 ယေရှုဟု “သင့်ဟို့ ဘုရားသခင်ဟု ပေးအပ်ဟုားဟူကြောန့်
အယ်မျိုးခွမ့်အာဏာဟို့ ရဟုားဟုယ်။ အယ်ကြောန့် ငါ့ဟို့ သင့်လတ်ထဲအပ်ဟူ လူဟုာ
ပြစ်ပိုကီးဟုယ်” ဆိုဘီး ဖြေလေဟုယ်။

12 ပိလတ်ဟုာ အယ်မျိုးကြားရဟူ ခီမာ ယေရှုဟို့ လွှတ်ပေးဟို့တွပ် နည်းလမ်းရှာဟို့
ကြိုးစားလေဟုယ်။ အယ်ဘေမဲ့ ယုဒလူခေါ်းဆောန်လေဟုာ “အယ်လူဟို့
လွှတ်ပေးမယ် ဆိုဟုာ သင်ဟုာ ကဲသာမန်းဂီးရဲ့ မိဆွေ မူဟု! ဖယ်လူဘဲ့ဖြစ်ဖြစ်
ကိုယ့်ကိုယ်ကိုယ် မန်းဂီးဆိုဘီး ကြေညာဟူလူဟုာ ကဲသာမန်းဂီးဟို့ ပူကန်ဇာဖြစ်ဟုယ်!”
ဆိုဘီး အော်ဂေ့ဟုယ်။

13 ပိလတ်ဟုာ အယ်စကားလေဟို့ ကြားဟူ ခီမာ ယေရှုဟို့ ပ့လန်ဟို့ ခေါ်ထုဟုားဘီး
က့လော့-က်ပ့လားစ်ကြဲ ဆိုဘီး ခေါ်ဟူ တရားပလွှင်ထတ်မာ ထိုင်လေဟုယ်။
အယ်စ်ကြဲဟို့ ဟေဗြဲစကားန ဂဗ္ဗဗသ ဆိုဘီး ခေါ်ဟုယ်။

14 အယ်နေ့ဟုာ ပသခါပွဲတိုင်ခန် နေဒန်ဇာဖြစ်ဟုယ်။ ပိလတ်ဟုာ “နန်းနို့မန်းဂီးဘဲ့
ဖြစ်ဟုယ်!” ဆိုဘီး ယုဒလူလေဟို့ ပြောလေဟုယ်။

15 သူးနဲ့ဟှာ “အယ်လူဟို့ သတ်ပါ! အယ်လူဟို့ သတ်ပါ! အယ်လူဟို့ ကားစင်တန်ပါ!”
ဆိုဘီး ပ့လန်အော်ဂေ့ဟှယ်။
ပိလတ်ဟှာ “နန်းနဲ့မန်းဂီးဟို့ ကားစင်တန်ရဟို့လော” ဆိုဘီး သူးနဲ့ဟို့ မေးလေဟှယ်။
ယဇ်ပုရောဟိတ်ဂီးလေဟှ “ကဲသာတပါးဒဲဘဲ ကျွန်တော်ဟှားလေရဲ့
မန်းဂီးဖြစ်ဟှယ်!” ဆိုဘီး ပ့လန်ဖြေဂေ့ဟှယ်။
16 အယ်ဘီးန ပိလတ်ဟှာ ယေရှုဟို့ ကားစင်တန်ဟို့တွပ် သူးနဲ့လတ်ထဲဟို့
အပ်ပေးလေဟှယ်။

ယေရှုဟို့ ကားစင်တန်ဟှကြောန်း
(မဿဲ ၂၇.၃၂-၄၄; မာကု ၁၅.၂၁-၃၂; လုကာ ၂၃.၂၆-၄၃)

အယ်ကြောန့် သူးနဲ့ဟှာ ယေရှုဟို့ ခေါ်ဆောန်ဟှားဂေ့ဟှယ်။
17 ကိုယ်တော်ဟှာ “ဦးခေါန်းခွံနေရာ” ဟို့ မိမိလတ်ဝါးကပ်တိုင်ဟို့ ထမ်းဘီး
ကြွတော်မူလေဟှယ်။ အယ်နေရာဟို့ ဟေဗြဲစကားန “ဂေါလဂေါသ” ဆိုဘီး ခေါ်ဟှယ်။
18 သူးနဲ့ဟှာ အယ်နေရာမာ ကိုယ်တော့်ဟို့ တခြားလူနှေ့ယော့-က်နတူးဒူ
ကားစင်တန်ဂေ့ဟှယ်။ ယေရှုဟို့ လယ်မာထားဘီး အယ်လူနှေ့ယော့-က်ဟို့ ညာဖတ်မာ
တယော့-က် ဘယ်ဖတ်မာ တယော့-က် ထားဂေ့ဟှယ်။
19 ပိလတ်ဟှာ “ယုဒမန်းဂီး၊ နာဇရက်ဗြို့သား ယေရှု” ဆိုဘီး ကမွည်းရေးထိုးဘီး
လတ်ဝါးကပ်တိုင်ထတ်မာ ကပ်ဟှားဟှယ်။
20 ယေရှုဟို့ ကားစင်တန်ဟှ နေရာဟှ ဗြို့နှ နီးဟှကြောန့် ယုဒလူလေဟှာ
အယ်ကမွည်းစာဟို့ ဖတ်ဂေ့ဟှယ်။ အယ်ကမွည်းစာဟို့ ဟေဗြဲစကား၊ လက်တင်စကား၊
ဟေလသစကားန ရေးဟှားဟှယ်။
21 ယဇ်ပုရောဟိတ်ဂီးလေဟှာ ပိလတ်ဟို့ “‘ယုဒမန်းဂီး’ ဆိုဘီး ရေးပါန။ ‘အယ်လူဟှ
ငါဟှာ ယုဒလူလေရဲ့ မန်းဂီးဖြစ်ဟှယ် ဆိုဘီး ပြောကြောန်းဟို့ဘဲ့ ရေးတော်မူပါ’ ”
ဆိုဘီး ပြောဂေ့ဟှယ်။
22 ပိလတ်ဟှ “ငါရေးဟှားဘီးဇာဘဲ့ တည်ဖြစ်ရမယ်” ဆိုဘီး ပ့လန်ပြောလေဟှယ်။
23 စစ်သားလေဟှာ ယေရှုဟို့ ကားစင်တန်ဂေ့ဘီးန ကိုယ်တော်ရဲ့ ဝတ်တော်ဟို့
လေးပိုင်းပိုင်းဘီး တယော့-က်တပိုင်းစီ ယူဂေ့ဟှယ်။ သူးနဲ့ဟှာ ထဲခံအန်းဂီဟို့လည်း
ယူဂေ့ဟှယ်။ အယ်အန်းဂီဟှာ ချောက်ကြောန်းမှေ့ဘဲ့ ရစ်လောက်ဟှားဟှ
အန်းဂီးဖြစ်ဟှယ်။
24 စစ်သားလေဟှာ “အယ်အန်းဂီးဟို့ ဆုဖ့လဲဘဲန ဖယ်လူရမယ် ဆိုဇာဟို့
မဲနှိုက်ဂေ့ဇို့” ဆိုဘီး သူးနဲ့ ရှင်းရှင်း ပြောဂေ့ဟှယ်။ အယ်မျိုးဖြစ်လာဇာဟှ
“သူးနဲ့ဟှာ ငါ့အန်းဂီးဟို့ ခွဲဝေယူဂေ့မယ်
အယ်ဘီးဟှာ ငါ့အန်းဂီဟို့ မဲနှိုက်ဘီးဟှာ ယူဂေ့ဟှယ်” ဆိုဘီး ကျမ်းစာမာ
ရေးဟှားဇာလေ ပ့လဲ့ဇောင်ဟို့တွပ် ဖြစ်လေဟှယ်။
အယ်ကြောန့် စစ်သားလေဟှာ အယ်မျိုး လောက်ဂေ့ဟှယ်။

25 ယေရှုရဲ့ လတ်ဝါးကပ်တိုင်နားမာ ကိုယ်တော်ရဲ့မိ၊ ကိုယ်တော်ရဲ့ညီမ၊
ကလောဖရဲ့မီးမ မာရိန မာဂဒလဝါသူ မာရိ မတ်တတ်ရပ်နေဂေ့ဟုယ်။
26 ယေရှုဟုာ နီးမာရပ်နေဟူ၊ ကိုယ်တော်ရှစ်ဟူ တဗဲတော်န မိဟို ဗြင်လိုက်ဟူကြောန့်
ကိုယ်တော်ဟု “နို့မိ၊ နို့မိသားဟို ကေ့ပါအူး” ဆိုဘီး မိဟို မိန့်တော်မူဟုယ်။
27 အယ်ဘီးန ကိုယ်တော်ဟုာ “သူဟုာ နန့်ရဲ့ မိဖြစ်ဟုယ်” ဆိုဘီး အယ်တဗဲတော်ဟို
မိန့်တော်မူလေဟုယ်။ အယ်ခီဟုနေစဘီး အယ်တဗဲတော်ဟုာ မိဟို သူ့ရဲ့ အီမာ
ခေါ်ဟုားလေဟုယ်။

ယေရှုဟုာ သတ်စွန့်တော်မူကြောန်း
(မဿဲ ၂၇.၄၅-၅၆; မာကု ၁၅.၃၃-၄၁; လုကာ ၂၃.၄၄-၄၉)

28 အယ်ဘီးန ယေရှုဟုာ မှုအားလောင်း ပီးဟုားဘီဆိုဇာဟို သိတော်မူဘီး
ကျမ်းစာပုလဲ့ဇောင်ဟို့တွပ် “ငါရေငတ်ဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
29 အယ်နေရာမာ ဝိုင်ရှင်ပုလဲ့ထဲ့ဟုားဟူ အိုးတလောင်းရှိဟုယ်။ အယ်ကြောန့်
သူးနို့ဟုာ ရေမ့လုတခုဟို အယ်ဝိုင်ရှင်ထဲမာ နှစ်လိုက်ဘီးဟုာ ဟုသုပ်ဗန်
ခတ်ဖျားမာတပ်ဘီး ကိုယ်တော်ရဲ့ နှော့-က်ခမ်းနားဟို့ ကပ်ပေးလေဟုယ်။
30 ယေရှုဟုာ ဝိုင်ရှင်ဟို သော့-က်တော်မူဘီးန “မှုပီးဟုားဘီး!” ဆိုဘီး
မိန့်တော်မူလေဟုယ်။
အယ်ဘီးန ကိုယ်တော်ဟုာ ဦးခေါန်းတော်ဟို့ အော့-က်ဟို့စိုက်ခ့လဘီး သတ်တော်ဟို့
စွန့်တော်မူလေဟုယ်။

ယေရှုရဲ့ နံဘေးတော်ဟို့ လှံနထိုးဖော့-က်ဟူကြောန်း
31 ယုဒအာဏာပိုင်လေဟုာ ကားစင်တန်ဟုားဟူ လူလေရဲ့ ခေလေဟို့
ရိုက်ခ့လိုးဘီးဟုာ လောန်းလေဟို့ ကားတိုင်ထတ်ဟုနေ အော့-က်ခ့လခွမ့်ပြုဟို့
ပိလတ်ဟို့ တောန်းလျှော့-က်ဂေ့ဟုယ်။ သူးနို့ အယ်မျိုးတောန်းလျှော့-က်ဇာဟု
အယ်နေ့ဟုာ ဖိနေဖြစ်ဘီး ဒန်းနေ့မာ လောန်းလေဟို့ လတ်ဝါးကပ်တိုင်ထတ်မာ
မှေ့စေရှင်ဟု။ နတ်ကီးတိုင်ဟုာလည်း ကီးမြတ်ဟူ ဒန်းနေ့ဖြစ်နေဟုယ်။
32 အယ်ကြောန့် စစ်သားလေဟုာ လာဘီးန ယေရှုနတူးဒူ ကားစင်တန်ခံရဟူ
ပထမလူရဲ့ ခေလေန ဒုတိယလူရဲ့ ခေလေဟို့လည်း ရိုက်ခ့လိုးလိုက်ဟုယ်။
33 အယ်ဘေမဲ့ သူးနို့ဟုာ ယေရှုနားဟို့ ရော့-က်လာဟူ ခီမာ သေနေဘီ ဆိုဇာဟို့
တိွဟုားဟူကြောန့် ကိုယ်တော်ရဲ့ခေလေဟို့ ရိုက်ခ့လိုးဟုမ်း။
34 အယ်ဘေမဲ့လည်း စစ်သားတယော့-က်ဟုာ ယေရှုရဲ့ နံဘေးတော်ဟို့ လှံန
ထိုးဖော့-က်လိုက်ဟူ ခီမာ သွီးနရေဟုာ ရှစ်ရှင်းထွပ်လာဟုယ်။
35 အယ်မျိုးဖြစ်ဇာလေဟို့ နန်းနို့လည်း ယောင်ကြည်ဟို့တွပ်*
ဗြင်ဟူလူတယော့-က်ဟု သတ်သေခံဟုားဟုယ်။ အယ်လူပြောဇာလေဟုာ မှန်ဖြစ်ဘီး
အယ်လူဟုာ မှန်းမှန်ကန်းကန်ဟုား ပြောဟုယ် ဆိုဇာဟို့ သူကိုယ်တိုင်သိဟုယ်။

* **19:35 ၁၉.၃၅** ယောင်ကြည်ဟို့တွပ်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဆစ်ဘီး ယောင်ကြည်ဂေ့၊ ဆိုဘီး ပါရှိဟုယ်။

36 အယ်မျိုးဖြစ်ဟုးဇာဟု “သူ့ရဲ့ ရိုးလေဟာ တရှောန်းလည်း ကျိုးဂေ့ဟု” ဆိုဘီး
ကျမ်းစာပ့လဲ့ဇောင်ဟို့တွပ် ဖြစ်ဟုယ်။
37 အယ်ဘီးဟာ တခြားကျမ်းစာမာ “လူလေဟာ သူးနို့ ထိုးဖော့-က်လိုက်ဟူ လူဟို့
ဖြင်ရဂေ့လေ့မယ်” ဆိုဘီး ရေးဟုးဟုယ်။

ယေရှုဟို့ သ်ဂြိုဟ်ဟူကြောန်း
(မဿဲ ၂၇.၅၇-၆၁; မာကု ၁၅.၄၂-၄၇; လုကာ ၂၃.၅၀-၅၆)

38 အယ်ဘီးန အရိမဿဲဖြို့သား ယောသပ်ဟာ ယေရှုရဲ့ လောန်းတော်ဟို့
ယူဟုးခွမ့်ပြုဟို့တွပ် ပိလတ်နားဟို့ သွားဘီး တောန်းလျှော့-က်လေဟုယ်။
ယောသပ်ဟာ ယုဒအာဏာပိုင်လေဟို့ ကြော့-က်ဟူကြောန့် ထန်းထန်ရှားရှားနေဘဲဟူ
ယေရှုရဲ့ တဗဲတော် တယော့-က် ဖြစ်ဟုယ်။ ပိလတ်ရဲ့ခွမ့်ပြုချစ်န ယောသပ်ဟာ
လောန်းတော်ဟို့ ယူဟုးလေဟုယ်။
39 ရင်းရင်ဒူးဟု ယေရှုဟို့ ညဉ့်ခန်းဖတ်မာ လာတွိဟူ နိကောဒင်ဟာ မုရန်န အကျော်
ရောနှောဟုးဟူ နံ့သာ ပိသာနှေ့ဆယ်ကျော်ဟို့ ယူဟုးဘီး ယောသပ်နတူးဒူ
လိုက်ဟုးဟုယ်။
40 အယ်လူနှေ့ယော့-က်ဟာ ယေရှုရဲ့ လောန်းဟို့ ယူဘီး ယုဒလူလေရဲ့
သဂြိုဟ်ဇာနဆိုင်ဟူ ထောင်းဒန်းစဉ်လာတိုင်း နံ့သာလေနတူးဒူ လောန်းတော်ဟို့
ပိဖ့လူနပတ်လေဟုယ်။
41 ယေရှုဟို့ လတ်ဝါးကပ်တိုင်မာ တန်ဘီးသတ်ဟူ နေရာနားမာ
ဥယျာဉ်တခုရှိဟုယ်။ အယ်ဥယျာဉ်ထဲမာ ဖယ်လူဟို့လည်း သ်ဂြဟ်ဖူးသေးဘဲဟူ
သန်းခ့လိုင်းဂူသစ်တခု ရှိလေဟုယ်။
42 အယ်နေ့ဟာ ယုဒလူလေရဲ့ ဖိနေ့ ဖြစ်ဟူကြောန့် နီးမာရှိဟူ သန်းခ့လိုင်းဂူမာ
ယေရှုရဲ့ လောန်းတော်ဟို့ သ်ဂြိုဟ်ဟုးလေဟုယ်။

20

လောန်းမ့ေဘဲဟူဂူကြောန်း
(မဿဲ ၂၈.၁-၈; မာကု ၁၆.၁-၈; လုကာ ၂၄.၁-၁၂)

1 နန်းနွေနေ့ မိုးလန်းခန် မ့ောန်နေဒူးခီမာ မာဂဒလဝါသူ မာရိဟာ သန်းခ့လိုင်းဟို့
ရော့-က်လာဘီး ကွလော့-က်တောင်းဟို့ ဂူဝဟုနေ ဖယ်ဟုးဇာဟို့ တွိရလေဟုယ်။
2 သူဟာ ရှိမုန်ပေတရုန ယေရှုရှစ်တော်မူဟူ တခြားတဗဲတော်နားဟို့ ပ့လေးဟုးဘီး
“သခင်ဘုရားဟို့ သန်းခ့လိုင်းဟုနေ သူးနို့ ယူဟုးဘီး ဖယ်နေရာမာ ထားဟုးဂေ့ဟုယ်
ဆိုဇာဟို့ နို့လေသိဂေ့ဟု!” ဆိုဘီး သူးနို့ဟို့ ပြောပြလေဟုယ်။
3 အယ်န ပေတရုန တခြားတဗဲတော်ဟာ သန်းခ့လိုင်းဟို့ သွားဂေ့လေဟုယ်။

19:37 **၁၉.၃၇** ဗျာ ၁.၇ **19:39** **၁၉.၃၉** ယော ၃.၁,၂

4 သူးနို့နှေ့ယော့-က်ဟှာ တူးဒူပ့လေးဟှားဂေ့ဘေမဲ့ တခြားတဗဲ့တော်ဟှာ
ပေတရုထတ် ဖြန်းဖြန်းပ့လေးဟှားဘီး သန်းခ့လိုင်းဟို့ ရင်ဦးဆောင်း
ရော့-က်ဟှားဟုယ်။
5 သူဟှာ ငေါက်ကေ့လိုက်ဟူဇာ ပိဖ့လူလေဘဲ့ တွိလေဟုယ်။ အယ်ဘေမဲ့ သူဟှာ
ထဲဟို့ ဝမ်ဘဲနေလေဟုယ်။
6 နော့-က်ဟှလိုက်လာဟူ ရှိမုန်ပေတရုဟှာ ရော့-က်လာဘီး သန်းခ့လိုင်းဂူထဲဟို့
ဝမ်ဟှားဟုယ်။ သူဟှာ ပိဖ့လူန
7 ယေရှုရဲ့ ဦးခေါင်းတော်ဟို့ ပတ်ဟှားဟူ ပိဖ့လူဟို့ဘဲ့ တွိရဟုယ်။ ဦးခေါင်းတော်ဟှ
ပိဖ့လူဟှာ တခြားပိဖ့လူလေနတူးဒူ မှေ့ဘဲ့ တခြားစီရှိနေလေဟုယ်။
8 အယ်ဘီးန သန်းခ့လိုင်းဂူဟို့ ရင်ဦးဆောင်း ရော့-က်နေဟူ တခြားတဗဲ့တော်လည်း
ထဲဟို့ ဝမ်ဟှားလေဟုယ်။ အယ်လူဟှာ ဗြင်ဟှားဘီး ယောင်ကြည်လေဟုယ်။
9 ကိုယ်တော်ဟှာ သေဘီးန ပ့လန်ရှင်ရမယ် ဆိုဘီး ပြောဟှားဟူ ကျမ်းစာဟို့
သူးနို့လေ နားလည်ဂေ့သေးဟှ။
10 အယ်ဘီးန တဗဲ့တော်နှေ့ပါးဟှာ အီဟို့ ပ့လန်ဟှားလေဟုယ်။

ယေရှုဟှာ မာဂဒလဝါသူ မာရိ ကိုယ်ထန်ရှားပြဟူကြောန်း
(မဿဲ ၂၈.၉,၁၀; မာကု ၁၆.၉-၁၁)

11 မာရိဟှာ သန်းခ့လိုင်းဂူပ့လန်မာ ငိဘီး ရပ်နေဟုယ်။ သူဟှာ ငိနေဒူးမာဘဲ့
သန်းခ့လိုင်းဂူထဲဟို့ ငုံကေ့ဝိုက်ဇာ
12 ကောန်းဂန်တမန်နှေ့ပါးဟှာ ဝတ်ရောင်ဖ့လူဟို့ ဝတ်ဟှားဘီး ယေရှုလောန်းတော်ရဲ့
ခေါင်းရင်းမာတပါး၊ ခေရင်းမာတပါး ထိုင်နေဇာဟို့ ဗြင်လေဟုယ်။
13 သူးနို့ဟှ "မီးမဂီး၊ ဖြားဖြစ်ကြောန့် ငိနေရနူး" ဆိုဘီး သူ့ဟို့ မေးဂေ့ဟုယ်။
သူဟှ "ကျွန်မရဲ့ သခင်ဟို့ သူးနို့ယူဆောန်ဟှားဘီး ဖယ်မာထားဟှားဟုယ် ဆိုဇာဟို့
သိဟှ!" ဆိုဘီး ပ့လန်ဖြေလေဟုယ်။
14 အယ်ဘီးန နော့-က်ဟို့ လှည့်ကေ့လိုက်ဇာ ယေရှုဟှာ ရပ်တော်မူနေဇာဟို့
ဗြင်ဘေမဲ့ ယေရှုဖြစ်ဟုယ် ဆိုဇာဟို့ သိဟှ။
15 ယေရှုဟှ "မီးမဂီး၊ ဖြားဖြစ်ကြောန့် ငိနေရနူး။ နန်ဟှာ ဖယ်လူဟို့ ရှာနေဟုယ်နူး။"
ဆိုဘီး သူ့ဟို့ မေးတော်မူလေဟုယ်။
မာရိဟှာ ကိုယ်တော့်ဟို့ ဥယျဉ်မူး ဆိုဘီး ထန်နေဟုယ်။ အယ်ကြောန့် သူဟှာ
ကိုယ်တော့်ဟို့ ပြောလိုက်ဇာဟှ "ဆရာ၊ သူ့ဟို့ ယူဆောန်ဟှားဟုယ် ဆိုဟှာ
ဖယ်နားမာထားဟှားဟုယ် ဆိုဇာဟို့ ကျွန်မဟို့ ပြောပြပါ။ ကျွန်မသွားဘီး ယူပါမယ်။"
16 ယေရှုဟှ "မာရိ!" ဆိုဘီး သူ့ဟို့ ခေါ်လေဟုယ်။
မာရိဟှာ လှည့်ဘီး ဟေဗြဲစကားန "ရဗ္ဗုနိ!" ဆိုဘီး ပ့လန်ထူးလေဟုယ်။ ရဗ္ဗုနိရဲ့
မိပါယ်မာ "ဆရာ" ဖြစ်ဟုယ်။

17 ယေရှုဟုဲ “ငါဟုဲ ဖနားဟို့ တတ်ရသေးဘဲဟူကြောန့် ငါ့ဟို့ ထိနအူး။
ငါ့ညီကိုလေနားဟို့ သွားဘီးဟု ငါ့ရဲ့ဖဖြစ်ဟူ နန်းနို့ရဲ့ဖ၊ ငါ့ရဲ့ဘုရားသခင်ဖြစ်ဟူ
နန်းနို့ရဲ့ ဘုရားသခင်နားဟို့ ငါတတ်ရအူးမယ် ဆိုဇာဟို့ ပြောပါ” ဆိုဘီး သူ့ဟို့
မိန့်တော်မူလေဟုယ်။

18 အယ်ကြောန့် မာဂဒလဝါသူ မာရိဟု တဗဲတော်လေနားဟို့ သွားဘီး
သခင်ဘုရားဟို့ တွိဟုားကြောန်းန ကိုယ်တော် မိန့်တော်မူဟုားဟူ ဇာလေဟို့
ပြောပြလေဟုယ်။

ယေရှုဟု တဗဲတော်လေဟို့ ကိုယ်ထန်ရှားပြဟူကြောန်း
(မဿဲ ၂၈.၁၆-၂၀; မာကု ၁၆.၁၄-၁၈; လုကာ ၂၄.၃၆-၄၉)

19 နန်းနွေနေ့ ညဥ့်ခန်းဖတ်မာ တဗဲတော်လေဟု ယုဒအာဏာပိုင်လေဟို့
ကြော့-က်ဟူကြောန့် ခွဖော့-က်လေပိဟုားဘီး စုဝီးနေဂေ့ဟုယ်။ အယ်ခီမာ ယေရှုဟု
ကြွလာတော်မူဘီး သူးနို့လယ်မာ ရပ်တော်မူဘီး “နန်းနို့နတူးဒူ ငြိသတ်ရှင်း ရှိပါစေ”
ဆိုဘီး မိန့်တော်မူလေဟုယ်။

20 အယ်မျိုး မိန့်တော်မူဘီးန ကိုယ်တော်ရဲ့ လတ်တော်န နံဘေးတော်ဟို့
တဗဲတော်လေဟို့ ပြတော်မူလေဟုယ်။ တဗဲတော်လေဟု သခင်ဘုရားဟို့ တွိဖြင်ရဟူ
ခီမာ ဝန်းသာဂေ့လေဟုယ်။

21 ယေရှုဟု “နန်းနို့မာ ငြိသတ်မူရှိစေ။ ဖဟု ငါ့ဟို့ စေလွတ်မျိုးဘဲ့ ငါလည်း နန်းနို့ဟို့
စေလွတ်မယ်” ဆိုဘီး သူးနို့ဟို့ ထပ်ဘီး မိန့်တော်မူလေဟုယ်။

22 အယ်ဘီးန ကိုယ်တော်ဟု တဗဲတော်လေထတ်ဟို့ မူတော်မူဘီး
“သန့်ရှင်းဟူဝိညာဉ်တော်ဟို့ လတ်ခံဂေ့။

23 နန်းနို့ဟု လူလေရဲ့ ပြစ်လေဟို့ ခွမ့်လွတ်မယ် ဆိုဟု သူးနို့ဟု
ပြစ်လေလွတ်ဇာခံရမယ်။ နန်းနို့ဟု သူးနို့ရဲ့ ပြစ်လေဟို့ ခွမ့်လွတ်ဘဲဟု ဆိုဟု
သူးနို့ဟု ပြစ်လေ လွတ်ဇာခံရမယ်မူဟု” ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရှုန သောမ

24 ယေရှုကြွလာတော်မူဟူ ခီမာ တဗဲတော် ဆယ့်နှေ့ပါးထဲဟု တယော့-က်ဖြစ်ဟူ
မြွာဘ့်လူး ဆိုဘီး ခေါ်ဟူ သောမဟု သူးနို့နတူးဒူ မှေ့ဟု။

25 အယ်ကြောန့် တခြားတဗဲတော်လေဟု “နို့လေဟု သခင်ဘုရားဟို့ ဖြင်ရပီးဘီ!”
ဆိုဘီး သူ့ဟို့ ပြောဂေ့ဟုယ်။

သောမဟု “လတ်တော်မာ သံရိုက်ရာဟို့ ဖြင်ရဘဲန၊ သံရိုက်ရာဟို့ တို့စမ်းရဘဲန၊
နံဘေးတော်ဟို့ လတ်ညိုးန စမ်းသပ်ရဘဲန ငါယောင်ကြည်ဟို့ မှုဟု” ဆိုဘီး သူးနို့ဟို့
ပြောလေဟုယ်။

26 တဘတ်ကြာဘီးန တဗဲတော်လေဟု အီထဲမာ ပ္ဍန်စုဝီနေဟူ ခီမာ သောမလည်း
သူးနို့နတူးဒူ ရှိနေလေဟုယ်။ ခွဖော့-က်လေဟို့ ပိဟုားဘေမဲ့ ယေရှုဟု

20:23 **၂ဝ.၂၃** မ ၁၆.၁၉; ၁၈.၁၈

ကြွလာတော်မူဘီး သူးနို့လယ်မာ ရပ်တော်မူဘီးဟှာ “နန်းနို့မာ ငြိသတ်မှုရှိစေ” ဆိုဘီး
မိန့်တော်မူလေဟှယ်။
27 အယ်ဘီးန ကိုယ်တော်ဟှာ “နန့်ရဲ့လတ်ညှိုးန အယ်နေရာဟှို တို့ဘီးဟှာ
ငါ့လတ်လေဟှိုကေ့။ အယ်ဘီးဟှာ နန့်လတ်ဟှို ဆန့်ဘီး ငါ့နံဘေးဟှို စမ်းသပ်ကေ့။
သံသယမှေ့ဘဲ့န ယောင်ကြည်ပါ!” ဆိုဘီး သောမဟှို မိန့်တော်မူလေဟှယ်။
28 သောမဟှာ “ကျွန်တော့်သခင်၊ ကျွန်တော့်ဘုရားသခင်!” ဆိုဘီး ကိုယ်တော့်ဟှို
လျှော့-က်လေဟှယ်။
29 ယေရှုဟှာ “နန်ဟှာ ငါ့ဟှို ဖြင်ရဟှုကြောန့် ယောင်ကြည်ဇာလော။ ငါ့ဟှို ဖြင်ဘဲ့န
ယောင်ကြည်ဟှု လူလေဟှာ မင်္ဂလာရှိဟှယ်!” ဆိုဘီးသူဟှို မိန့်တော်မူလေဟှယ်။

အယ်ကျမ်းရဲ့ ရည်ရွယ်ချစ်

30 အယ်ကျမ်းထဲမာ ရေးဟှားဘဲဟှု တခြားနိမိတ်လတ်ခဏာလေ ဘောင်ဂီးဟှိုလည်း
တဗဲ့တော်လေရှေ့မာ ယေရှုဟှာ ပြတော်မူလေဟှယ်။
31 အယ်ဘေဲ့ ယေရှုဟှာ ဘုရားသခင်ရဲ့ သားတော် မေရှိယ ဖြစ်တော်မူဟှယ်
ဆိုဇာဟှို နန်းနို့ ယောင်ကြည်ဂေ့ဟှို့န အယ်မျိုး ယောင်ကြည်ဇာအားဖြင့်*
ကိုယ်တော့်နာမနှိုက် သတ်ဟှို ရရှိဟှို့တွပ် အယ်မူဇာလေဟှို ရေးဟှားဇာဖြစ်ဟှယ်။

21

ယေရှုဟှ တဗဲ့တော်ခွန်နှေ့ပါးဟှို ကိုယ်ထန်ရှားပြတော်မူကြောန်း

1 အယ်ဘီးန ယေရှုဟှာ တိဗေရိအိုင်နားမာ တဗဲ့တော်လေဟှို နော့-က်တခါ
ကိုယ်ထန်ရှားပြတော်မူဟှယ်။ ကိုယ်ထန်ရှားပြဇာဟှ အယ်မျိုးဖြစ်ဟှယ်။
2 ရှိမုန်ပေတရု၊ မြွာဘ့လူး ဆိုဘီး ခေါ်ဟှူ သောမ၊ ဂါလိလဲနယ်၊ ကာနဗြိုသား
နာသနေလ၊ ဇေဗေဒဲရဲ့သားလေန တခြားတဗဲ့တော် နှေ့ယော့-က်ဟှာ
တူးဒှုရှိနေဂေ့ဟှယ်။
3 ရှိမုန်ပေတရုဟှာ “ငါ ငါးသွားဖမ်းမယ်” ဆိုဘီး တခြားလူလေဟှို ပြောလေဟှယ်။
သူးနို့ဟှ “နို့လေလည်းလိုက်မယ်” ဆိုဘီး ပ့လန်ပြောဂေ့ဟှယ်။ အယ်ကြောန့်
သူးနို့ဟှာ လှေန ငါးဖမ်းထွပ်ဟှားဂေ့ဟှယ်။ အယ်ဘေဲ့ အယ်ညဉ့်မာ တကောန်လည်း
ဖမ်းမိဂေ့ဟှ။
4 မိုးလန်းဇာမာ ယေရှုဟှာ ကမ်းနားမာ ရပ်နေဘေဲ့လည်း တဗဲ့တော်လေဟှာ
ယေရှုဖြစ်ဟှယ် ဆိုဇာဟှို သိဂေ့ဟှ။
5 အယ်န ယေရှုဟှာ “မိဆွေလေ၊ ငါးကောန်လည်းဖမ်းမိဟှလော” ဆိုဘီး သူးနို့ဟှို
မေးတော်မူလေဟှယ်။
သူးနို့ဟှာ “ကောန်လည်းမိဟှ” ဆိုဘီး ပ့လန်ဖြေလေဟှယ်။

---

* **20:31** **၂၀.၃၁** ယောင်ကြည်ဇာအားဖြင့်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဆစ်ဘီးဟှာ ယောင်ကြည်ဂေ့၊ ဆိုဘီး
ပါရှိဟှယ်။ **21:3** **၂၁.၃** လု ၅.၅

6 ကိုယ်တော်ဟုဘ “နန်းနို့လေ့ရဲ့ ညာဖတ်ဟို့ ပိုက်ဟို့ ပစ်ခ့လင့ေ။ အယ်ဆိုဟုဘ
နန်းနို့ဟုဘ ငါးလေဟို့ ဖမ်းမိလေ့မယ်” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။
အယ်ကြောန့် သူးနို့ဟုဘ ပိုက်ဟို့ ပစ်ခ့လလိုက်ဇာ ငါးလေဘောင်ဂီးမိနေကြောန့် ပိုက်ဟို့
ဆွဲဒန်ဟို့ ခွန်အားမေ့ဟုမ်း။
7 ယေရှုရှစ်တော်မူဟူ တဗဲတော်ဟုဘ “သခင်ဘုရားဘဲ့!” ဆိုဘီး ရှိမုန်ပေတရုဟို့
ပြောလေဟုယ်။ သူဟုဘ သခင်ဘုရားဖြစ်ဟုယ် ဆိုဇာဟို့ ပေတရုကြားလိုက်ခီမာ
ခလွတ်ဟုားဟူ ပ့လန်အန်းဂီဟို့ ခါးမာပတ်ဘီးဟုဘ ရေထဲဟို့ ခူခ့လဟုားလေဟုယ်။
8 တခြားတဗဲတော်လေဟုဘ ငါးနပ့လဲ့နေဟူပိုက်ဟို့ ဆွဲဒန်ဘီးဟုဘ လှေစီးဘီး
ကမ်းနားဟို့ လာင့ေဟုယ်။ သူးနို့ဟုဘ ကမ်းဟုနေ ကိုက်တရာလော့-က်ဘဲ့ ဝီးင့ေဟုယ်။
9 သူးနို့ဟုဘ ကမ်းထတ်ဟို့ ရော့-က်ဟူ ခီမာ မီးဘောင်ထတ်မာ ကန်ဟုားဟူ ငါးန
မုနဲနဲဟုားဟို့ တွိဟုားင့ေဟုယ်။
10 ယေရှုဟုဘ “နန်းနို့ ခုဖမ်းလာဟူ ငါးနဲနဲဟုား ယူလာင့ေ” ဆိုဘီး သူးနို့ဟို့
မိန့်တော်မူလေဟုယ်။
11 ရှိမုန်ပေတရုဟုဘ လှေထတ်ဟို့ တတ်ဟုားဘီး ငါးဂီးလေနပ့လဲ့နေဟူ ပိုက်ကွန်ဟို့
ကမ်းထတ်ဟို့ ဆွဲဒန်လိုက်ဟူ ခီမာ အားလောင်းပေါန်း ၁၅၃ ကောန် ရှိဟုယ်။
အယ်မျှလောက် ငါးလေဘောင်ဂီး ဖမ်းမိဘေမဲ့လည်း ပိုက်ဟုာ စုပ့လဲဟု။
12 ယေရှုဟုဘ “လာစားင့ေ” ဆိုဘီး သူးနို့ဟို့ မိန့်တော်မူလေဟုယ်။ တဗဲတော်လေဟု
သခင်ဘုရားဖြစ်တော်မူဟုယ် ဆိုဇာဟို့ သိနေဟူကြောန့် “ကိုယ်တော်ဟုာ ဖယ်သူနူး”
ဆိုဘီးလည်း မေးရဲင့ေဟု။
13 အယ်ကြောန့် ယေရှုဟုဘ သူးနို့နားဟို့ ကြွလာတော်မူဘီး မုဟို့ယူဘီးဟုာ
ပေးလေဟုယ်။ အယ်မျိုးဘဲ့ ငါးဟို့လည်း ယူဘီးဟုာ ပေးလေဟုယ်။
14 ယေရှုဟုဘ သေရာဟုနေ ထမြော့-က်တော်မူဘီးန တဗဲတော်လေဟို့
ကိုယ်ထန်ရှားပြဇာဟုာ တတိယခါ ဖြစ်လေဟုယ်။

ယေရှုန ပေတရု

15 တဗဲတော်လေ စားင့ေဘီးန ယေရှုဟု “ယောဟန်ရဲ့သား ရှိမုန်၊ သူးနို့ ငါ့ဟို့
ရှစ်ဇာထတ် နန်ဟုာ ငါ့ဟို့ ပိုဘီး ရှစ်ဘဲ့လော” ဆိုဘီး ရှိမုန်ပေတရုဟို့
မေးတော်မူလေဟုယ်။

ပေတရုဟု “မှန်ပါဟုယ် သခင်၊ ကိုယ်တော့်ဟို့ ကျွန်တော်ရှစ်ဟုယ် ဆိုဇာဟို့
ကိုယ်တော်သိပါဟုယ်” ဆိုဘီး ပ့လန်ဖြေလေဟုယ်။

ယေရှုဟု “ငါ့ရဲ့သိုးသားဂန်းလေဟို့ ကျွေးမွေးပါ” ဆိုဘီး သူ့ဟို့ မိန့်တော်မူလေဟုယ်။
16 ယေရှုဟုဘ “ယောဟန်ရဲ့သား ရှိမုန်၊ ငါ့ဟို့ ရှစ်ဘဲ့လော” ဆိုဘီး သူ့ဟို့ ဒုတိယခါ
မေးတော်မူလေဟုယ်။

ပေတရုဟု “ရှစ်ပါဟုယ် သခင်၊ ကျွန်တော် ရှစ်ဟုယ် ဆိုဇာဟို့ ကိုယ်တော်သိပါဟုယ်”
ဆိုဘီး ပ့လန်ဖြေလေဟုယ်။

21:6 ၂ဘ.၆ လု ၅.၆

ယေရှုဟာ “ငါ့သိုးလေးဟို့ ကေ့ရှုပါ” ဆိုဘီး သူ့ဟို့ မိန့်တော်မူလေဟုယ်။
17 ယေရှုဟာ “ယောဟန်ရဲ့သား ရှိမုန်၊ ငါ့ဟို့ ရှစ်ဘဲ့လော” ဆိုဘီး သူ့ဟို့ တတိယခါ
မေးတော်မူလေဟုယ်။

ယေရှုဟာ သောင်းခါ မေးတော်မူဟူကြောန့် ပေတရုဟာ ဝန်းနဲဟားဘီး “သခင်၊
ကိုယ်တော်ဟာ ဂူလောင်းဟို့ သိတော်မူဟူကြောန့် ကိုယ်တော့်ဟို့ ကျွန်တော်ရှစ်ဟုယ်
ဆိုဇာဟို့ ကိုယ်တော်သိပါဟုယ်!” ဆိုဘီး ကိုယ်တော့်ဟို့ ပ့လန်လျှော-က်လေဟုယ်။

ယေရှုဟာ “ငါ့သိုးလေးဟို့ ကေ့ရှုပါ။
18 နန်းနို့ဟို့ ငါ မှန်တိုင်းပြောမယ်၊ နန်ဟာ ငယ်ရွယ်ဒူးခီမာ နန်ဝတ်ရှင်ဇာဟို့ ဝတ်ဘီး
နန်သွားရှင်ဟူနေရာဟို့ သွားနိုင်ဟုယ်။ အယ်ဘေမဲ့ နန်ဟာ အိုဟ့ားဟူ ခီမာ
နန့်လတ်နှေ့ဖတ်ဟို့ ဆန့်ဟ့ားဘီး ယော့-က်ယော့-က်ဟ့ နန့်ဟို့ ဝတ်ဆင်ဘီးဟာ
နန်သွားရှင်ဘဲဟူ နေရာဟို့ ယူဆောန်ဟ့ားလေ့မယ်” ဆိုဘီး သူ့ဟို့ မိန့်တော်မူလေဟုယ်။
19 အယ်မျိုးပြောနေဇာဟ့ ပေတရုဟာ အယ်မျိုးနည်းလမ်းန သေရဇာအားဖြင့်
ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို့ ထန်ရှားစေမယ် ဆိုဇာဟို့ ယေရှုဟာ
ဖော်ပြနေဇာဖြစ်ဟုယ်။ အယ်ဘီးန ယေရှုဟာ “ငါ့နော့-က်လိုက်ဟ့ား!” ဆိုဘီး သူ့ဟို့
မိန့်တော်မူလေဟုယ်။

ယေရှုန တခြားတဲ့တော်

20 ပေတရုဟာ လှည့်ကေ့လိုက်ဘီး သူ့နော့-က်မာ ယေရှုရှစ်တော်မူဟူ တဲ့တော်ဟို့
ဖြင်လေဟုယ်။ အယ်လူဟာ ညဉ့်ဇာစားဟူ ခီမာ ယေရှုဟို့ မှီဘီး “သခင်၊ ကိုယ်တော့်ဟို့
သစ်စာဖော့-က်မယ့်လူဟာ ဖယ်သူနူး” ဆိုဘီး မေးဟူလူဖြစ်ဟုယ်။
21 ပေတရုဟာ အယ်တဲ့တော်ဟို့ ဖြင်ဟူ ခီမာ “သခင်၊ အယ်လူဟာ
ဖယ်မျိုးဖြစ်လေ့မယ်နူး” ဆိုဘီး ယေရှုဟို့ မေးလေဟုယ်။
22 ယေရှုဟ့ “ငါပ့လန်ကြွလာမယ့်ခီထိ သူ့ဟို့ သတ်ရှင်စေဟို့ ငါလိုရှိဟုယ် ဆိုဟာ
နန်နဖြားဆိုင်နူး။ ငါ့နော့-က်ဟို့ လိုက်ဟ့ား!” ဆိုဘီး ပ့လန်ဖြေတော်မူလေဟုယ်။
23 အယ်ကြောန့် အယ်တဲ့တော်ဟာ သေဟို့ မူဟ့ ဆိုဘီး အယ်ဒန်းဟာ ယေရှုရဲ့
နော့-က်တော်လိုက်လေထဲမာ ပ့လဲ့ဟ့ားလေဟုယ်။ အယ်ဘေမဲ့ ယေရှုဟာ
အယ်တဲ့တော် သေဟို့ မူဟ့ ဆိုဘီး မိန့်တော်မူဇာ မူဟ့။ ကိုယ်တော်ဟ့
“ငါပ့လန်ကြွလာမယ့်ခီထိ သူ့ဟို့ သတ်ရှင်စေဟို့ ငါလိုရှိဟုယ် ဆိုဟာ နန်နဖြားဆိုင်နူး”
ဆိုဘီး မိန့်တော်မူလေဟုယ်။
24 အယ်ကြောန်းရာလေဟို့ သတ်သေခံဘီး ရေးဟ့ားလူဟာ အယ်တဲ့တော်ဘဲ့
ဖြစ်ဟုယ်။ သူ့သတ်သေခံချစ်လေဟာ မှန်ဘဲ့ဖြစ်ဟုယ် ဆိုဇာဟို့ နို့လေသိဂေ့ဟုယ်။

နိဂေါင်း

21:20 ၂၁.၂၀ ယော ၁၃.၂၅

25 ယေရှုပြုတော်မူဟူ တခြားဇာလေဟှာ ဘောင်ဂီးရှိသေးဟှယ်။ အယ်မူဇာလေ
ဂူလောင်းဟို့ မှတ်တမ်းတန်ဟှားမယ် ဆိုဟှာ ကျမ်းလေဟို့ အယ်လောကမာ
ထားဇာနေရာမှေ့ဟို့ မူဟှ ဆိုဘီး ထန်မိဟှယ်။

တမန်တော်
တမန်တော်လေရဲ့ လောက်ဆောန်ရှင်း
နိဒါန်း

တမန်တော်လေရဲ့ လောက်ဆောန်ရှင်း ကျမ်းဟာ သင်းတော်ရဲ့ စဦးကြောန်းရာဖြစ်ဘီး သင်းတော်ဟာ ယေရုရှလင်ဗြို့ဟာနေ ယုဒပြည်၊ ရှမာရိဒေသ၊ အယ်ဘီးဟာ မှလေဂီးဆောင်းထိဟို့ ဖယ်မျိုး ပုလံနှံ့ဟားလေ့မယ် ဆိုဘီး ယေရှုဟာ ကောန်းဂန်ဘောင်ဟို့ တတ်ကြွခန်မာ သူ့ရဲ့ တမဲ့တော်လေဟို့ ပြောဟားလေဟုယ် (၁.၈)။ လုကာရေးဟားဟူ ဒန်းကောန်းကျမ်းဟို့ ရေးဟားဟူလူဟာ အယ်ကျမ်းဟို့လည်း ရေးဟားဟုယ်။ သူဟာ ဆရာဝန်တယော့-က်ဖြစ်ဘီး မှန်ဟူကြောန်းရာတခုဟို့ မှတ်တမ်းတန်ဟို့ ရရာတိုင်း ဂရုစိုက်ဟားလေဟုယ်။ သူဟာ သူ့ရဲ့ဒန်းကောန်းကျမ်းန တမန်တော်လေရဲ့ လောက်ဆောန်ရှင်းကျမ်း နှေ့စောန်လောင်းမာ ဟေလသလူမျိုး တယော့-က်ဖြစ်ဟူ သော်ဖိလုဟို့ လိမ္မဟားလေဟုယ်။ အယ်ဘေမဲ့ အယ်ကျမ်းလေဟာ ဟေလသလူမျိုးန ယုဒလူမျိုး နှေ့မျိုးလောင်းပါဝမ်ဟူ ခရစ်ယာန် ဖွဲ့စည်းလေတွပ်လည်း ရည်ရွယ်ဟားရှင်း ဖြစ်နိုင်ဟုယ် (၁.၁)။

တမန်တော်လေရဲ့ လောက်ဆောန်ရှင်းကျမ်းဟာ ယေရှု မွီးဘီးန ၆၀-၆၄ ခုနှစ်ကြားမာ ရေးဟားဇာ ဖြစ်နိုင်ဟုယ် ဖြားဖြစ်ကြောန့်နူးဆိုဟာ ပေါလုဟာ ထောန်ဟုနေ လွတ်ခန်မာ အယ်ကျမ်းဟို့ နိဂေါင်းချောက်ဟားဟုယ်။ လုကာဟာလည်း တမန်တော် ပေါလုနတူးဒူ ခရီးသွားလေဟုယ်။ အယ်ကြောန့် တမန်တော်လေရဲ့ လောက်ဆောန်ရှင်းကျမ်းဟာ အနှတိအုတ်ဗြို့မာ ရေးဟားဇာ ဖြစ်နိုင်ဟုယ်။ တမန်တော်လေရဲ့ လောက်ဆောန်ရှင်းကျမ်းဟာ လုကာဒန်းကောန်းကျမ်းရဲ့ ခန်းဆစ်ဖြစ်ဘီး ယေရှု ကောန်းဂန်ဘောင်ဟို့ တတ်ကြွဟားဇာန နိဒါန်းပျိုးဟားဟုယ်။ လုကာရဲ့ ရည်ရွယ်ချစ်ခန ရေးသားဟာ သူ့ရဲ့ဒန်းကောန်းကျမ်းန တူညီလေဟုယ်။ သူဟာ တိုးပွားလာဟူ ခရစ်ယာန်လေ ခံယူဟားမျိုးဘဲ့ သော်ဖိလုဟို့လည်း ခံယူဟို့တွပ် လိုရှိဟုယ်။ အယ်ကြောန့် သူဟာ ယေရှုသတ်တော်စဉ်ရဲ့ တိကျလဟူ မှတ်တမ်းန ခရစ်ယာန်ဖွဲ့စည်း ပုလံနှံ့ဟားရှင်းဟို့ ရေးဟားလေဟုယ်။

တမန်တော်လေရဲ့ လောက်ဆောန်ရှင်းကျမ်းဟာ ကနဦးသင်းတော်ရဲ့ ပေါင်သတ်သေန အယ်သင်းတော်မျိုးဘဲ့ ယေရှုနှိုက် ဆောင်းထိ ယောင်ကြည်ရှင်းဟို့ တုယူဟို့ နို့လေတွပ် ပြင်ဆင်ပေးဟားဟုယ်။ တမန်တော်လေရဲ့ ပေါင်သတ်သေလေဟာ တခြားလူလေနားဟို့ ဒန်းကောန်း ပုလံနှံ့ဟားအောန် သန့်ရှင်းဟူဝိညာဉ်တော်ရဲ့ တဂိုးဟို့ ဖယ်မျိုးအားကိုးဟုယ် ဆိုဇာဟို့ နို့လေဟို့ ပြသနေဟုယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ပထမဆောင်းနေန သန့်ရှင်းဟူဝိညာဉ်တော်ဟာ တမဲ့တော်လေထတ်ဟို့

ဆင်းကြွလာဘီး သင်းတော် ကီးလာဟို့ စတန်လာဟူကြောန်း (၁.၁—၈.၁)
၂။ သင်းတော်ဟှာ နှိစ်ခံရဘီး ယေရုရှလင်ဗြို့ဟှနေ ဝီးဟို့ ပ့လံ့နှံ့ဟို့
စတန်လာဟူကြောန်း (၈.၂—၁၂.၂၃)
၃။ အယ်ဘီးန ပေါလုဟှာ သူ့ရဲ့ပထမ သာသနာခရီးဟို့ သွားဟူကြောန်း
(၁၂.၂၄—၁၄.၂၈)
၄။ တရားလွတ်တော်ဟှာ ယောင်ကြည်သူ လူသစ်လေရဲ့ လိုအပ်ချစ်ဟို့
ဆောင်းဖြတ်ဟို့ ယေရုရှလင်မာ တွိဂေ့ဟူကြောန်း (၁၅.၁-၃၅)
၅။ ပေါလုဟှာ သူ့ရဲ့ ဒုတိယ သာသနာခရီးဟို့ သွားဟူကြောန်း (၁၅.၃၆—၁၈.၂၂)
၆။ သူဟှာ တတိယ သာသနာခရီးဟို့ သွားဟူကြောန်း (၁၈.၂၃—၂၀.၃၈)
၇။ ပေါလုဟှာ ယေရုရှလင်ဗြို့မာ ဖမ်းခံရဟူကြောန်း (၂၁.၁—၂၆.၃၂)
၈။ နော့-က်ဆောင်းမာ သူဟှာ ရောမဗြို့ဟို့ ပို့ခံရဟူကြောန်း (၂၇.၁—၂၈.၃၁)

1 ရှစ်ရဟူ သော်ဖိလု၊
ယေရှုဟှာ မူတော်ဆောန်ရှင်းန သွန်သန်ရှင်းလေဟို့ စလောက်ဟူခီဟှနေ၊
2 ကောန်းဂန်ဘောင်ဟို့ တတ်ကြွဟှားဟူနေ့ထိ လောက်ဆောန်ဟှားဇာလေ
ဂူလောင်းဟို့ ပထမစာစောန်မာ ကျွန်တော်ရေးဟှားဟှယ်။ ကိုယ်တော်ဟှာ
ကောန်းဂန်ဘောင်ဟို့ တတ်ကြွဟှားခန်မာ ဝီးကော့-က်ဟှားဟူ တမန်တော်လေဟို့
သန့်ရှင်းဟူဝိညာဉ်တော်ရဲ့ တဂိုးန မိန့်တော်မူဟှားဟှယ်။
3 ကိုယ်တော်ဟှာ သေခံဘီးန ရစ်လေးဆယ် လောင်းလောင်း ခီဘောင်ဂီး
ကိုယ်ထန်ရှားပြဘီး မိမိသတ်ရှင်ကြောန်းဟို့ ခိုင်လောင်ဟူ သတ်သေပြလေဟှယ်။
တမန်တော်လေဟှာ ကိုယ်တော့်ဟို့ ဖြင်ရဂေ့ဘီး ကိုယ်တော်ဟှလည်း သူးနို့ဟို့
ဘုရားသခင်ရဲ့ နိုင်ငံတော်ကြောန်းဟို့ ပြောပြလေဟှယ်။
4 သူးနို့လေဟှာ စုလာဂေ့ဟူ ခီမာ * ကိုယ်တော်ဟှ “ယေရုရှလင်ဗြို့ဟှနေ
ထွပ်ဟှားဂေ့ဘဲ့န ငါ့ဖရဲ့ ဂဒိဟို့ စောန့်နေဂေ့။ ငါဟှာ အယ်ဂဒိကြောန်းဟို့ နန်းနို့ဟို့
ပြောပြဟှားပီးဘီ။
5 ယောဟန်ဟှာ ရေန ဗတ္တိဇံပေးဟှယ်။ အယ်ဘေမဲ့ နန်းနို့ဟှာ ရစ်နဲနဲ ကြာဘီးဟှာ
သန့်ရှင်းဟူဝိညာဉ်တော်န ဗတ္တိဇံဟို့ ခံရဂေ့လေ့မယ်” ဆိုဘီး ပြောလေဟှယ်။

ယေရှုဟှာ ကောန်းဂန်ဘောင်ဟို့ တတ်ကြွဟှားဟူကြောန်း
(မဿဲ ၁၆.၁၉–၂၀: လုကာ ၂၄.၅၀–၅၃)

6 တမန်တော်လေဟှာ စုလာဟူ ခီမာ ကိုယ်တော့်ဟို့ “သခင်၊ ကိုယ်တော်ဟှ အယ်ခီမာ
ဂ္ဂသရေလ လူမျိုးတွပ် နိုင်ငံဟို့ ပ့လန်ပေးဟို့လော” ဆိုဘီး မေးဂေ့ဟှယ်။
7 ယေရှုဟှ “ငါ့ဖရဲ့ ခွမ့်အာဏာန စီရင်ဟှားဟူ နေ့ရစ်ခီလေဟို့ နန်းနို့ဟှာ သိခွမ့်
မ့ေဟှ။

1:1 ၁.၁–၂ လု ၁.၁–၄ **1:4 ၁.၄** လု ၂၄.၄၉ * **1:4 ၁.၄** သူးနို့လေဟှာ စုလာဂေ့ဟူ ခီမာ၊ အယ်မျိုးမူဘဲနေဟှာ ကိုယ်တော်ဟှ သူးနို့နှတူးဒူ ရှိနေဒူးမာ၊ အယ်မျိုးမူဘဲနေဟှာ ကိုယ်တော်ဟှာ သူးနို့နှတူးဒူ စားနေဒူးမာ။ **1:5 ၁.၅** မ ၃.၁၁: မာ ၁.၈: လု ၃.၁၆: ယော ၁.၃၃

8 အယ်ဘေမဲ့ နန်းနှိုထတ်ဟို့ သန့်ရှင်းဟူဝိညာဉ်တော် ကြွလာဟူ ခီမာ နန်းနှိုဟှာ
တဂိုးဟို့ ရဂေ့လေ့မယ်။ အယ်ဘီးမှ နန်းနှိုဟှာ ယေရုရှလင်ဗြို့၊ ယုဒနယ်န ရှမာရိနယ်
တနယ်လောင်းဟုနေ မှုလေဂီးဆောင်းထိ ငါ့ရဲ့ သတ်သေလေ ဖြစ်ဂေ့လေ့မယ်” ဆိုဘီး
သူးနှိုဟို့ မိန့်တော်မူလေဟှယ်။
9 အယ်မျိုး ပြောဘီးန သူးနှိုလေဟှာ ကေ့နေဒူးမာ ကိုယ်တော်ဟှာ
ကောန်းဂန်ဘောင်ဟို့ ယူဆောန်ခံရလေဟှယ်။ အယ်ဘီးမှ မိုးတီဟှာ ကိုယ်တော့်ဟို့
သူးနှိုရဲ့ မျစ်စိရှေ့ဟှနေ ဖောင်းဟှားလေဟှယ်။
10 ကိုယ်တော် တတ်ကြွဟှားဇာဟို့ သူးနှိုလေဟှာ ကောန်းဂန်ဟို့
စေ့စေ့ကေ့နေဂေ့ဟှယ်။ အယ်ခီမာ ဝတ်ဖုလူစင်ကြယ်န လူနှေ့ယော့-က်ဟှာ
ရောက်တရစ် သူးနှိုရဲ့ နားမာ ရပ်နေဘီး
11 အယ်လူလေဟှာ “ဂါလိလဲနယ်သားလေ၊ နန်းနှိုဟှ ဖြားဖြစ်ကြောန့် ရပ်ဘီးဟှာ
ကောန်းဂန်ဟို့ ကေ့နေဂေ့နူး။ နန်းနှိုနားဟှနေ ကောန်းဂန်ဘောင်ဟို့ တတ်ကြွဟှားဟူ
အယ်ယေရှုဟှာ ကောန်းဂန်ဟို့ တတ်ကြွဟှားဇာဟို့ နန်းနှိ ဗြင်ရမျိုးဘဲ့ ပုလန်ဘီး
ကြွလာလေ့မယ်” ဆိုဘီး ပြောဂေ့ဟှယ်။

ယုဒနေရာမာ စားထိုးခံရဟူလူကြောန်း
(မဿဲ ၂၇.၃-၁၀)

12 အယ်ဘီးန တမန်တော်လေဟှာ သံလွင် ဆိုဘီး ခေါ်ဟူ တောန်ဟှနေဘီး
ယေရုရှလင်ဗြို့ဟို့ ပုလန်ဟှားဂေ့ဟှယ်။ အယ်တောန်ဟှာ ယေရုရှလင်ဗြို့န
မိုင်ဝပ်လော့-က်ဘဲ့ ဝီးဟှယ်။
13 သူးနှိုလေဟှာ ဗြို့ထဲဟို့ ဝမ်ဘီးဟှာ သူးနှိုလေ တဲနေဟူ အီရဲ့ ထတ်ခန်းဟို့
သွားဂေ့ဟှယ်။ အယ်လူလေဟှ ပေတရု၊ ယောဟန်၊ ယာကုပ်၊ အန္ဒြေ၊ ဖိလိပ္ပု၊
သောမ၊ ဗာသောလမဲ၊ မဿဲ၊ အာလဖဲရဲ့သားယာကုပ်၊ မျိုးရှစ်ပေါက်ကို ရှိမုန်န
ယာကုပ်ရဲ့သား ယုဒလေဖြစ်ဟှယ်။
14 သူးနှိုဟှာ မီးမဂီးလေ၊ ယေရှုရဲ့မိ မာရိန ကိုယ်တော်ရဲ့ ညီလေဟှာ ခါဘီးခါ
စုဝီးဘီး ဆုတောန်းဂေ့ဟှယ်။
15 ရစ်နဲန် ကြာဘီးန ၁၂၀ လော့-က်ရှိဟူ ညီကိုလေဟှာ စည်းဝေးနေဟူ ခီမာ
ပေတရုဟှာ အယ်လူအောက် လယ်နှိုက် စကားပြောဟို့တွပ် ထဘီးဟှာ၊
16 “ညီကို မောန်နှမလေ၊ ယေရှုဟို့ ဖမ်းဟူ လူလေဟို့ လမ်းပြပေးမား
ယုဒရှကာရုတ်ကြောန်းဟို့ သန့်ရှင်းဟူဝိညာဉ်တော်ဟှ ဒါဝိဒ်အားဖြင့် ကြိုတန်ဘီး
ပြောဟှားဟူ ကျမ်းစာဟှာ ပုလဲဇောင်ရမယ်။
17 ယုဒဟှာ မှုတော်ဆောန် တယော့-က်နေန ဝီးကော့-က်ခံရဟူ လူဖြစ်ဘီး နိုလေရဲ့
ဖွဲ့ဝမ်လည်း ဖြစ်ဟှယ်။”

1:8 ၁.၈ မ ၂၈.၁၉; မာ ၁၆.၁၅; လု ၂၄.၄၇,၄၈ **1:9 ၁.၉** မာ ၁၆.၁၉; လု ၂၄.၅၀,၅၁ **1:13 ၁.၁၃** မ ၁၀.၂-၄; မာ ၃.၁၆-၁၉; လု ၆.၁၄-၁၆

18 သူဟာ တရားဘဲဟူ မူကြောင့် ရဟူကပ်န လယ်ဂွပ်ဟို ဝယ်ဘီးန အယ်လယ်ဂွပ်မာ
လဲက့်လဘီး သေဟူးလေဟုယ်။ သူဟာ ဗိုက်ပေါ့-က်ဟူးဘီး သူ့အူလေလည်း
ထွပ်က့်လလေဟုယ်။
19 ယေရုရှလင်ဗြို့မာ နေဟူလူလေဟာ အယ်ကြောန်းဟို့ ကြားဟူးဂေ့ဘီး
အယ်လယ်ဂွပ်ဟို့ သူးနို့စကားန "အကေလဒမ" ဆိုဘီး ခေါ်ဂေ့ဟုယ်။ "သွီးမ့်လေ"
ဆိုဘီး ဓိပါယ်ရဟုယ်။
20 "ဆာလံကျမ်းမာ
"'သူ့ရဲ့ အီဟာ လူလေတိဆိဟူ နေရာဖြစ်ပါစေ။
အယ်အီမာ ဖယ်လူလည်း နေရစေန'
ဆိုဘီး ရေးဟူးဟုယ်။"
"'အယ်လူရဲ့ ရာထူးဟို့လည်း တခြားတယော့-က်ဟု ယူပါစေ။'
21 "အယ်ကြောန့် သခင်ယေရှုဟာ နို့လေနားမာ ဝမ်ထွပ်သွားလာဟူ တခီလောင်း
22 ယောဟန်ရဲ့ ဗတ္တိဇံတရားဟို့ ဟောဟူ ခီဟုစဘီး† နို့လေနားဟုနေ ခွာဟူးဘီး
ထတ်ဟို့ ဆောန်ယူဟူးရှင်းဟို့ ခံတော်မူဟူ နေ့ရစ်ထိ နို့လေန လိုက်ပါသူလေထဲဟု
ယော့က်ယော့က်ဟာ အယ်သခင် ထမြော့-က်ရှင်းကြောန်းဟို့ နို့လေနတူးဒူ
သတ်သေခံဟူလူ ဖြစ်ရမယ်" ဆိုဘီး ပြောလေဟုယ်။
23 အယ်ကြောန့် သူးနို့လေဟာ ယုတ္တတု ဆိုဘီး ခေါ်ဟူ ဗာရှဗ (ခေါ်) ယောသပ်န
မသိလေ နှေ့ယော့-က်ဟို့ ဆိုပြုဂေ့ဟုယ်။
24 အယ်ဘီးန တဗဲတော်လေဟာ ဝီးကော့-က်ဇာဟို့ လောက်ဟို့တွပ် "သခင်၊
ကိုယ်တော်ဟာ လူလေရဲ့ စိနှလောင်းဟို့ သိဟူးဟူကြောန့် ဆုတောန်းဂေ့ဇာဟု
25 ယုဒဟာ သူ့နှ ထိုက်တန်ဟူ နေရာဟို့ သွားဟို့တွပ် ထွပ်ဟူးဟူကြောန့်
ယုဒနေရာမာ တမန်တော်ဖြစ်နှ မူတော်ဆောန်ဟို့တွပ် အယ်လူ နှေ့ယော့-က်ထဲဟု
ကိုယ်တော် ဝီးကော့-က်ဟူးဟူ လူဟို့ ပြတော်မူပါ" ဆိုဘီး ဖြစ်ဟုယ်။
26 အယ်ဘီးန အယ်လူ နှေ့ယော့-က်တွပ် မဲလိဆွဲဘီး ဝီးကော့-က်ဂေ့ဟူ ခီမာ
မသိဟာ တမန်တော် ဆယ့်တပါးနတူးဒူ တမန်တော်ဖြစ် ဝီးကော့-က်ခံရလေ့ဟုယ်။

2

သန့်ရှင်းဟူဝိညာဉ်တော် ဆင်းလာကြောန်း

1 ပင်တေကုတ္တေပွဲနေ့ ရော့-က်လာဟူ ခီမာ ယောင်ကြည်သူလေ ဂူလောင်းဟာ
တနေရာထဲမာ စုနေဂေ့ဟုယ်။
2 အယ်ခီမာ လေပြင်းမှောန်ဒိုင်းသံမျိုး ကောန်းဂန်ဟုနေ ရောက်တရစ် ပေါ်လာဘီးန
သူးနို့လေ ထိုင်နေဟူ အီတအီလောင်းဟို့ ပုလဲ့ဟူးလေဟုယ်။

1:21 **ၖ.၂၁-၂၂** **ကာ** မ ၃,၁၆: မာ ၁,၉: လု ၃,၂၁: **ခ** မာ ၁၆,၁၉: လု ၂၄,၅၁ † **1:22** **ၖ.၂၂** ယောဟန်ရဲ့ ဗတ္တိဇံတရားဟို့ ဟောဟူ ခီဟုစဘီး၊ အယ်မျိုးမူဘဲနေဟာ ယောဟန်ဟာ ကိုယ်တော့်ဟို့ ဗတ္တိဇံပေးဟုယ်။

3 အယ်ဘီးန သူးန့်ဟှာ ဖြာထွပ်နေဟူ မီးလျှာလေမျိုးဟို့ ဗြင်ရဂေ့ဘီး သူးန့်ထတ်မာ
ရှိနေဂေ့ဟုယ်။
4 သူးန့် ဂူလောင်းဟှာ သန်ရှင်းဟူဝိညာဉ်တော်န ပ့လဲ့နေဘီး ဝိညာဉ်တော်ဟှ
သူးန့်လေ ပြောနိုင်ဟူတိုင်း တခြားဘာသာစကားလေန စဘီးဟှာ ပြောဂေ့ဟုယ်။
5 အယ်ကာလမာ ကောန်းဂန်အော့-က် တိုင်းပြည်သီးသီးဟှ ဘုရားသခင်ဟို့
ကြော့-က်ဂေ့ဟူ ယုဒလူမျိုးလေဟှာ ယေရုရှလင်ဗြို့မာ တဲနေဂေ့ဟုယ်။
6 အယ်သံဟို့ ကြားရဟူ ခီမာ လူအောက်ဂီးဟှာ စုလာဂေ့ဟုယ်။ တဗဲတော်လေ
ပြောဟူဇာဟို့ သူးန့် အားလောင်းဟှ သူးန့် ဘာသာစကားန ကြားရဂေ့ဟူကြောန့်
အံ့ဩဟှားဂေ့ဟုယ်။
7 သူးန့်ဟှာ အံ့ဩနေဘီး "အယ်မျိုး ပြောနေဂေ့ဟူ လူလေဟှာ
ဂါလိလဲနယ်သားလေမား!
8 အယ်ဆိုဟှာ နိ့လေ ဂူလောင်းဟှာ နိ့လေရဲ့ ဘာသာစကားတိုင်း ကြားရဂေ့ဇာဟှ
ဖယ်မျိုးနူး။
9 နိ့လေဟှာ ပါသိပြည်၊ မေဒိပြည်၊ ဧလံပြည်၊ မေသောပေါတာမိပြည်၊ ယုဒပြည်၊
ကပ္ပဒေါကိပြည်၊ ပုန္တုပြည်၊ အာရှိပြည်၊
10 ဖြုဂိပြည်၊ ပံဖုလိပြည်၊ အဲဂုတ္တုတုပြည်၊ ကုရေနေဗြို့နီး လိဗုနယ်ဟှ ဖြစ်ဟုယ်။
တချို့ဟှ ရောမဗြို့ဟုနေ ရော့-က်လာဟူ
11 ယုဒလူမျိုးလေန ယုဒဘာသာဟို့ ပ့လောန်းလဲလာဂေ့ဟူ လူမျိုးခြားလေ
ဖြစ်ဂေ့ဟုယ်။ နိ့လေ တချို့ဟှ ကရေတေကျွန်းသားန အာရပ်ပြည်သားလေ
ဖြစ်ဂေ့ဟုယ်။ အယ်ဘေမဲ့ အယ်လူလေဟှာ ဘုရားသခင်ရဲ့ အံ့ဩဘွယ်မှုတော်ဟို့
နိ့လေရဲ့ ဘာသာစကားန ပြောဇာဟို့ နိ့လေ ကြားရဂေ့ဟုယ်" ဆိုဘီး ပြောဂေ့ဟုယ်။
12 သူးန့်လေဟှ အံ့ဩတွေဝေဟှားဘီး "အယ်မူဇာဟှ ဖယ်မျိုးနူး" ဆိုဘီး
ရှင်းရှင်းပြောနေဂေ့ဟုယ်။
13 အယ်ဘေမဲ့ တခြားလူလေဟှ "အယ်လူလေဟှာ ရစ်မောနေဂေ့ဟုယ်" ဆိုဘီး
ရယ်ဇားဂေ့ဟုယ်။

ပေတရုရဲ့ တရားစကားကြောန်း

14 အယ်ဘီးန ပေတရုဟှာ တမန်တော် တဆယ့်တပါးန တူးဒူရပ်ဘီး ကုလယ်ဟူသံန
"ယုဒမျိုးသားလေန ယေရုရှလင်ဗြို့မာ နေဟူလူလေ အယ်မူဇာဟို့ နန်းန့်ဟို့
ပြောပြမယ်။ ငါ့စကားဟို့ နားထောန်ဂေ့။
15 အယ်လူလေဟှာ နန်းန့်ထန်နေမျိုး ယစ်မောနေဇာ မူဟှ။ ခုမှ မိုးလန်းကိုးနာရီဘဲ့
ရှိသေးဟုယ်။
16 အယ်မူဇာဟှာ ပရောဖက်ယောလ ဟောဟှားဇာ ဖြစ်ဟုယ်။ အယ်ပရောဖက်ဟှ"
17 "'ဘုရားသခင်ဟှ မိန့်တော်မူဟုယ်။ ငါဟှာ နော့-က်ဆောင်း နေ့ရစ်လေမာ
လူလေထတ်ဟို့ ငါ့ရဲ့ ဝိညာဉ်တော်ဟို့ လောန်းခ့လမယ်။

နှန်းနှုံရဲ့ သားမီးလေဟှာ ငါ့ရဲ့ တရားတော်ဟှိ ပရောဖက်ဉာဏ်န
ဟောပြောဂေ့လေ့မယ်။
လူငယ်လေဟှာ ရူပါရောင်လေဟှိ ဖြင်ရဂေ့လေ့မယ်။
ဖိုးသန်ဂီးလေဟှာ အိမတ်လေဟှိ မတ်ဂေ့လေ့မယ်။
18 ငါ့ရဲ့ စေခံ ယော့-က်ကျားလေန မီးမလေထတ်ဟှိ
ငါ့ရဲ့ ဝိညာဉ်တော်ဟှိ လောန်းခ့လမယ်။
အယ်ဘီးဟှာ သူးနှုံဟှ ပရောဖက်ပြုဂေ့လေ့မယ်။
19 ထတ်ကောန်းဂန်မာ နိမိတ်လတ်ခဏာလေန
အော့-က်ရပ် မ့လေဂီးထတ်မာ
သွီး၊ မီးလျှံ၊ မီးခိုးလောင်းန အံ့သြဘွယ်လေဟှိ ငါပြမယ်။
20 သခင်ဘုရားရဲ့ အံ့သြဘွယ် ထူးမြတ်ဟူနေ့ ရော့-က်လာခန်မာ နေဟှာ
မှောန်မိုက်ဟှားဘီး
လဟုလည်း သွီးမျိုးဘဲ့ နီဟှားလေ့မယ်။'"
21 " 'အယ်ခီမာ ဘုရားသခင်ရဲ့ နာမတော်ဟှိ အော်ခေါ်ဂေ့ဟူ လူတိုင်းဟှာ
ကယ်တန်ရှင်းဟှိ ခံရဂေ့လေ့မယ်။'"
22 "ဣသရေလမျိုးသားလေ၊ အယ်စကားလေဟှိ နားထောန်ဂေ့! ဘုရားသခင်ဟှာ
နာဇရက်မြို့သား ယေရှုအားဖြင့် အံ့သြဘွယ်လေန နိမိတ်လတ်ခဏာလေဟှိ
ပြတော်မူဟှယ်။ ကိုယ်တော်ဟှာ ဘုရားသခင်ရဲ့ ခွမ့်အာဏာန ပ့လဲ့ဝဟူလူဖြစ်ဟှယ်
ဆိုဇာဟှိ ထန်းထန်ရှားရှားဟှာ သတ်သေပြဟှားဟှယ်။ အယ်မူဇာဟှာ နန်းနှုံရှေ့မာ
ဖြစ်ဟှားဟူကြောန့် နန်းနှုံ ကိုယ်တိုင် သိရဂေ့ဟှယ်။
23 ဘုရားသခင်ဟှာ သူ့ရဲ့ကြံစည်တော်တိုင်း ယေရှုဟှိ နန်းနှုံ လတ်ထဲဟှိ
အပ်လိုက်ဟှယ်။ နန်းနှုံဟှ ကိုယ်တော့်ဟှိ အဓမ္မလူလေလတ်န ကားစင်တန်ဘီး
သတ်ဂေ့ဟှယ်။
24 အယ်ဘေမဲ့ ဘုရားသခင်ဟှ ကိုယ်တော့်ဟှိ သေရှင်းတဂိုးဟှနေ
လွတ်မြော့-က်စေဘီး ထမြော့-က်စေလေဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ သေမန်းဟှာ
ကိုယ်တော့်ဟှိ မြဲဒမ်း ခယ်နှောန်ဟှားဟှိ့ ဖြစ်နိုင်ဟှ။
25 ဒါဝိဒ်ဟှ ကိုယ်တော်ကြောန်းဟှိ့၊"
"'ငါဟှာ သခင်ဘုရားဟှိ မြဲဒမ်း ဖြင်ရဟှယ်။
ကိုယ်တော်ဟှာ ငါ့ညာဖတ်မာ ရှိနေဟူကြောန့် ငါမာ တောင်လှောက်ဇာ မ့ေဟှ။
26 အယ်ကြောန့် ငါ့စိန္နလောင်းဟှာ ရွှင်လန်းနေဘီး
ငါ့ရဲ့ နှောက်ဟှာ ဝန်းသာရှင်းန ပ့လဲ့နေဟှယ်။
ငါ့ရဲ့ ကိုယ်ခန့်ဓာဟှာ မျော်လင့်ရှင်းထဲမာ ငြိသတ်နေမယ်။
27 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ကိုယ်တော်ဟှာ
ကျွန်တော်ဟှိ့ မရဏာနိုင်ငံမာ ပစ်ဟှားဟှိ့ မူဟှ။

2:23 **J.J2** မ ၂၇.၃၅: မာ ၁၅.၂၄: လု ၂၃.၃၃: ယော ၁၉.၁၈ **2:24** **J.J5** မ ၂၈.၅.၆: မာ ၁၆.၆: လု ၂၄.၅

ကိုယ်တော်ရဲ့ သန့်ရှင်းဟူ လူလေဟို့
သန်းခ့လိုင်းထဲမာ ပေါက်ပျစ်စေဟို့ မူဟ့။
28 ကိုယ်တော်ဟ့ ကျွန်တော်ဟို့ သတ်ရှင်ဟူလမ်းလေဟို့ ပြပေးဟ့ယ်။
ကိုယ်တော်ဟ့ာ ကျွန်တော့်ဟို့ ကိုယ်တော်ရဲ့ မျစ်မှော့-က်တော်ထဲမာ ဝန်းသာဇာန
ပ့လဲ့စေလေမယ်'" ဆိုဘီး ပြောဟ့ယ်။
29 "ညီကိုလေ၊ နို့လေရဲ့ ဘိုးဘေး ဒါဝိဒ်မန်းဂီးကြောန်းဟို့ နန်းနို့ဟို့ ငါ
ရှင်းရှင်းလန်းလန်းဟ့ား ပြောရှင်ဟ့ယ်။ သူဟ့ာ သေလွန်ဘီး သဂြိုဟ်ဇာဟို့ ခံရဟ့ယ်။
သူ့ရဲ့ သန်းခ့လိုင်းဟ့ာ အယ်နေ့ထိ နို့လေနတူးဒူ ရှိသေးဟ့ယ်။
30 သူဟ့ာ ပရောဖက်ဖြစ်ဘီး သူ့ရဲ့ သားမ့လေးတယော့-က်ဟို့ သူ့ရဲ့ ပလ္လင်ထတ်မာ
ထိုင်စေမယ် ဆိုဘီး ဘုရားသခင်ဟ့ သူ့ဟို့ သစ်စာပြဘီး ဂဒိပေးဟ့ားကြောန်းဟို့
သိဟ့ားဟ့ယ်။
31 နောင်ခါမာ ဘုရားသခင်ဟ့ ဖယ်မျိုးလောက်မယ် ဆိုဇာဟို့ သိဟူကြောန့်"
မေရှိယရဲ့ ထမြော့-က်ရှင်းကြောန်းဟို့
"'ကိုယ်တော့်ဟို့ မရဏာနိုင်ငံမာ ပစ်ဟ့ားဟ့။
သူ့ရဲ့ ခန့ာဟို့ သန်းခ့လိုင်းထဲမာ ပေါက်ပျစ်စေဟို့ မူဟ့'" ဆိုဘီး
ကြိုတန်ပြောဟ့ားဟ့ယ်။
32 ဘုရားသခင်ဟ့ အယ်ယေရှုဟို့ သေရာဟ့နေ ထမြော့-က်စေတော်မူဟ့ယ်။ နို့လေ
ဂူလောင်းဟ့ာ အယ်ဖြစ်ပျစ်ရဲ့ သတ်သေဖြစ်ဂေ့ဟ့ယ်။
33 ကိုယ်တော်ဟ့ာ ဘုရားသခင်ရဲ့ ညာဖတ်မာ ချီးမြှင့်ဇာခံဘီးန ဂဒိပေးဟ့ားတိုင်း
သန့်ရှင်းဟူဝိညာဉ်တော်ဟို့ ဖနားဟ့နေ ခံယူလေဟ့ယ်။ ခု နန်းနို့လေ တိွဖြင်ဘီး
ကြားသိဂေ့ဟူ ဝိညာဉ်တော်ဟို့ နို့လေထတ်ဟို့ လောန်းခ့လလေဟ့ယ်။
34 ဒါဝိဒ်ဟ့ာ ကောန်းဂန်ဘောင်ဟို့ တတ်ဟ့ားဇာ မူဟ့။ အယ်ဘေမဲ့ သူဟ့၊
"'ထာဝရဘုရားဟ့ ငါ့သခင်ဟို့
35 နန်ရဲ့ ရန်သူလေဟို့ နန့်ရဲ့ ခေတန်ခေါင်ဖြစ် ငါထားဟ့ားခီထိ
ငါ့ရဲ့ ညာဖတ်မာ ထိုင်နေပါ ဆိုဘီး မိန့်တော်မူဟ့ားဟ့ယ်' ဆိုဘီး ပြောလေဟ့ယ်။"
36 "အယ်ကြောန့် ဣသရေလလူမျိုး ဂူလောင်းဟ့ာ မေရှိယဖြစ်နရော၊
သခင်ဖြစ်နရော ဘုရားသခင် ခန့်ဟ့ားဟူသူဟို့ နန်းနို့ ကားစင်တန်လိုက်ဂေ့ဟူ
ယေရှုဘဲ့ဖြစ်ဟ့ယ် ဆိုဇာဟို့ သေးသေချားချာဟ့ား သိမ့တ်ဟ့ားဂေ့" ဆိုဘီး
လူအောက်ဂီးဟို့ ဟောလေဟ့ယ်။
37 လူလေဟ့ာ အယ်စကားဟို့ ကြားဂေ့ဟူ ခီမာ ရရာတိုင်း စိသောက ဖြစ်ဟ့ားဂေ့ဘီး
ပေတရုန တခြားတမန်တော်လေဟို့ "ညီကိုလေ၊ နို့လေဟ့ ဖယ်မျိုးလောက်ရဟို့နူး"
ဆိုဘီး မေးဂေ့ဟ့ယ်။
38 ပေတရုဟ့ "နန်းနို့ ပြစ်လေဟို့ ခွမ့်လွတ်ပေးဇာခံရဟို့တွပ် နောန်ဒရဂေ့ဘီး
ယေရှုခရစ်တော်ရဲ့ နာမန နန်းနို့ ယော့-က်စီတိုင်း ဗတ္တိဇံဟို့ခံဂေ့။ အယ်ဆိုဟ့ာ
နန်းနို့ဟ့ာ ဆုလတ်ဆောန်ဖြစ် သန့်ရှင်းဟူဝိညာဉ်တော်ဟို့ ရဂေ့လေ့မယ်။

39 ဖြားဖြစ်ကြောင်နှူးဆိုဟှာ ဘုရားသခင်ရဲ့ ဂဒိတော်ဟှာ နန်းနို့ တွပ်ရော၊ နန်းနို့
သားမီးလေတွပ်ရော၊ ဝီးမာရှိနေဟူ လူလေတွပ်ရော ဖြစ်ဟှယ်။ တနည်းအားဖြင့်ဆိုဟှာ
နို့လေရဲ့ ဘုရားသခင်ခေါ်ဟှားခံရဟူ လူလေ ဂူလောင်းတွပ်လည်း ဖြစ်ဟှယ်” ဆိုဘီး
သူးနို့ဟို့ ပြောလေဟှယ်။
40 ပေတရုဟှာ တခြားစကားဘောန်းဇောင်နလည်း တောန်းဗန်းဘီး “နန်းနို့ ကိုယ်တိုင်
အယ်ဆိုးညစ်ဟူ လူလေထတ်ဟို့ ရော့-က်လာမယ့် ပြစ်ဒန်ဟှနေ ကန်းလွတ်စေဂေ့”
ဆိုဘီး သူးနို့ဟို့ တိုက်တွန်းလေဟှယ်။
41 လူလေဘောင်ဂီးဟှ သူ့ရဲ့ တရားစကားဟို့ ယောင်ကြည်ဂေ့ဘီး
ဗတ္တိဇံခံဂေ့ဟှယ်။ အယ်နေ့မာ လူလေဟှာ ၃,၀၀၀ လော့-က် တိုးပွားဟှားလေဟှယ်။
42 အယ်လူလေဟှာ တမန်တော်လေရဲ့ သွန်သန်ဇာဟို့ ခံယူဂေ့ဘီး၊ မုဟို့ဖွဲ့ဂေ့ဘီး၊
မိတ်သဟာယ ဖွဲ့ဂေ့ဘီးဟှာ ဆုတောန်းဇာလေနဘဲ့ ခီဟို့ ကူစေဂေ့ဟှယ်။

ယောင်ကြည်သူလေရဲ့ သတ်ရှင်ရှင်းကြောန်း

43 တမန်တော်လေဟှာ အံ့သြဘွယ်ရာလေန နိမိတ်လတ်ခဏာလေဟို့ ပြဂေ့ဟူကြောန့်
လူတိုင်းဟှာ ကြော့-က်လန့်နေဂေ့ဟှယ်။
44 ယောင်ကြည်သူလေဟှာ တစုဒဲနေဂေ့ဘီးဟှာ သူးနို့ရဲ့ အောက်စာလေဟို့
ယော့-က်နယော့-က် ဝီမျှဂေ့ဟှယ်။
45 သူးနို့ရဲ့ အောက်စာလေန ပိုင်ဆိုင်ဇာလေဟို့ ရောန်းဂေ့ဘီးဟှာ လိုအပ်ဟူ
လူလေဟို့ ပေးဂေ့ဟှယ်။
46 သူးနို့ဟှာ နေ့တိုင်း ဗိမာန်တော်မာ စုနေဂေ့ဟှယ်။ သူးနို့ရဲ့ အီလေမာလည်း
မုဟို့ဖွဲ့ဂေ့ဘီး စေဒနာစိန ဝန်းသာအားရ စားဇာလေဟို့ ဝီမျှဘီး စားဂေ့ဟှယ်။
47 သူးနို့ဟှာ ဘုရားသခင်ဟို့ ချီးမွမ်းဘီး လူလေရှေ့မာလည်း မျစ်နှာသာ ရဂေ့ဟှယ်။
သခင်ဘုရားဟှလည်း ကယ်တန်ရှင်း ခံရဟူလူလေဟို့ နေ့တိုင်း တိုးပွားစေဟှယ်။

3

ခေသန်ဘဲဟူ ဒေါန်းဇားဟို့ ကျန်းမာစေကြောန်း

1 တနေ့မာ ပေတရုန ယောဟန်လေဟှာ ဆုတောန်းခီဖြစ်ဟူ နေဒန်ဇာ သောင်းနာရီမာ
ဗိမာန်တော်ဟို့ သွားဂေ့ဟှယ်။
2 မွီးဂဒဲဟှ ခေသန်ဘဲဟူ လူတယော့-က်ဟှာ တင့်တယ် ဆိုဘီး ခေါ်ဟူ
ခွဖော့-က်ဝမာ ရှိနေဟှယ်။ ဗိမာန်တော်ဟို့ လာဂေ့ဟူ လူလေနားဟှ ကပ်တောန်းဟို့တွပ်
အယ်လူဟို့ နေ့တိုင်း ထမ်းလာဂေ့ဘီး ခွဖော့-က်ဝမာ ခ့လဟှားဂေ့ဟှယ်။
3 အယ်လူဟှာ ပေတရုန ယောဟန်လေ ဗိမာန်တော်ထဲဟို့ ဝမ်ဟို့လောက်နေဇာဟို့
ဗြင်ဟူ ခီမာ တခုခုပေးဟို့တွပ် တောန်းလျှော့-က်လေဟှယ်။
4 သူးနို့ဟှာ အယ်လူဟို့ စေ့စေ့ကေ့လေဟှယ်။ အယ်ဘီးန ပေတရုန ယောဟန်ဟှ
“နို့လေဟို့ ကေ့!” ဆိုဘီး ပြောလေဟှယ်။

2:44 **ဂ.၄၄** တ ၄.၃၂-၃၅

5 အယ်ကြောန့် အယ်လူဟှာ သူးနို့နားဟှ တခုခုရမယ်ဆို ထန်ဘီး သူးနို့ဟို့
ကေ့လေဟှယ်။
6 အယ်ဘေမဲ့ ပေတရုဟှ “ငါ့မာ ရွှေလည်း မွေ့ဟှ။ ငွေလည်း မွေ့ဟှ။ အယ်ဘေမဲ့
ငါ့မာ ရှိဟှူဇာဟို့ နန့်ဟို့ပေးမယ်။ နာဇရက်ဖြို့သား ယေရှုခရစ်တော်ရဲ့ နာမန
ထဘီးလမ်းရှော့-က်!” ဆိုဘီး ပြောလေဟှယ်။
7 အယ်ဘီးန သူ့ရဲ့ ညာဖတ်လတ်ဟို့ ဆွဲဒန်လေဟှယ်။ ရှစ်ရှင်းဘဲ့ အယ်လူရဲ့
ခေဒေါ့-က်န ခေမျစ်စိလေဟှာ သန်မာလာဘီး
8 သူဟှ ထခူဘီး၊ ထရပ်ဘီးဟှာ စဘီးဟှာ လမ်းရှော့-က်လေဟှယ်။ အယ်ဘီးန
သူဟှာ ခူပေါ့-က်ဘီး၊ ဘုရားသခင်ဟို့ ချီးမွမ်းဘီး သူးနို့နတူးဒူး ဗိမာန်တော်ထဲဟို့
ဝမ်ဟှားဟှယ်။
9 အယ်နေရာမာ ရှိနေဟှ လူလေဟှ လမ်းရှော့-က်ဘီး ဘုရားသခင်ဟို့ ချီးမွမ်းနေဟှ
အယ်လူဟို့ ဖြင်ဟှားဟှ ခီမာ
10 အယ်လူဟှာ ဗိမာန်တော်ရဲ့ တင့်တယ်ခွဖော့-က်မာ ထိုင်နေဟှ ဒေါန်းဇားဖြစ်ဟှယ်
ဆိုဇာဟို့ မှတ်မိဟှားဟှ ခီမာ သူးနို့ ဂူလောင်းဟှာ အယ်လူမာ ဖြစ်ဟှားဇာလေဟို့
အံ့သြဘီး တွေ့ဝေဟှားဂေ့ဟှယ်။

ဗိမာန်တော်ထဲမာ ပေတရုရဲ့ တရားစကားကြောန်း

11 အယ်လူဟှာ ပေတရုန ယောဟန်လေဟို့ ပိုက်နေဒူးမာ လူလေဟှ အံ့သြဘီးဟှာ
ရှောလမုန်ရဲ့ မုခ်ဦးဆောန်နားမာ ရှိနေဟှ သူးနို့နားဟို့ ပ့လေးလာဂေ့ဟှယ်။
12 ပေတရုဟှာ လူလေဟို့ ဖြင်ဟှ ခီမာ “ဣသရေလူမျိုးလေ၊ ဖြားဖြစ်ကြောန့် နန်းနို့
အံ့သြနေဂေ့ဟှယ်နူး။ ဖြားဖြစ်ကြောန့် နို့လေဟို့ စိုက်ကေ့နေဂေ့နူး။ နို့လေရဲ့ တဂိုး၊
နို့လေရဲ့ သီလန အယ်လူဟို့ လမ်းရှော့-က်နိုင်အောန် လောက်ပေးဟှယ် ဆိုဘီး နန်းနို့
ထန်နေဂေ့ဇာလော။
13 အာဗြဟံ၊ ဣဇာက်၊ ယာကုပ်ရဲ့ ဘုရားသခင်၊ နို့လေ ဘိုးဘေးလေရဲ့
ဘုရားသခင်ဟှာ သူ့ရဲ့ စေခံယေရှုဟို့ ဖော်းသရေတော်ထန်ရှားစေဟှယ်။ ပိလတ်ဟှာ
အယ်သခင်ဟို့ လွှတ်ပေးဟို့တွပ် ဆောင်းဖြတ်ဟှယ်။ အယ်ဘေမဲ့လည်း နန်းနို့ဟှာ
အယ်သခင်ဟို့ အာဏာပိုင်လေဟို့ အပ်ဘီး ပိလတ်ရဲ့ ရှေ့မာ ငြင်းပယ်ဂေ့ဟှယ်။
14 နန်းနို့ဟှ သန့်ရှင်းဖြောန့်မတ်ဟှ သခင်ဟို့ ငြင်းပယ်ဂေ့ဘီး လူသတ်မားဟို့
လွှတ်ပေးဟို့တွပ် တောန်းဆိုဂေ့ဟှယ်။
15 နန်းနို့ဟှာ သတ်ပေးပိုင်ဟှ သူဟို့ သတ်ဂေ့ဟှယ်။ အယ်ဘေမဲ့ ဘုရားသခင်ဟှာ
အယ်သခင်ဟို့ သေရှင်းဟှနေ ထမြော့-က်စေဟှယ်။ နို့လေဟှာ အယ်ဖြစ်ပျစ်ရဲ့
သတ်သေလေ ဖြစ်ဂေ့ဟှယ်။
16 အယ်သခင်ရဲ့ နာမတော်တဂိုးန အယ်ခေသန်ဘဲဟှူလူဟှာ သန်စွမ်းလာဟှယ်။
အယ်သခင်ရဲ့ နာမတော်ဟို့ ယောင်ကြည်လိုက်ဟှန ခု နန်းနို့လေ တွိဖြင်ရဂေ့ဟှ

3:14 ခ.၁၄ မ ၂၇.၁၅-၂၃; မာ ၁၅.၆-၁၄; လု ၂၃.၁၃-၂၃; ယော ၁၉.၁၂-၁၅

မှုရာလေ ဖြစ်လာဟุယ်။ နန်းနို့လေဟု ဗြင်ရတိုင်းဘဲ့ ယေရှုဟို့ ယောင်ကြည်ရှင်းဟုဘဲ့
အယ်လူဟို့ ကျန်းမာလာစေဟုယ်။”
17 “ညီကိုလေ၊ ခု နန်းနိုဟု နန်းနို့လေရဲ့ ခေါင်းဆောန်မျိုးဘဲ့ ကိုယ်လောက်ဇာဟို့
ကိုယ်သိဘဲန လောက်ဂေ့ကြောင်းဟို့ ငါသိဟုယ်။
18 အယ်ဘေမဲ့ ခရစ်တော်ဟု သေခံရဟို့ကြောင်းဟို့ ပရောဖက်လေ ဂူလောင်းဟို့
ဘုရားသခင်ဟု ဗျာဒိတ်ပေးဟုားဟုယ်။ အယ်မျိုး ဖြစ်လာဇာဟု အယ်ဗျာဒိတ်တော်ဟို့
ပ့လဲ့ဇောင်ဟို့တွပ် ဖြစ်ဟုယ်။
19 အယ်ကြောန့် ဘုရားသခင်ဟု နန်းနို့ ပြစ်လေဟို့ လွှတ်ပေးနိုင်ဟို့တွပ်ကြောန့်
နောန်ဒရဘီး ပ့လောန်းလဲဂေ့။ အယ်မျိုးလောက်မယ် ဆိုဟု၊
20 ဘုရားသခင်နားဟုနေ ဝိညာဉ်ခွန်အား ရော့-က်လာဘီး နန်းနို့တွပ်
ဝီးကော့-က်ဟုားဟူ မေရှိယဖြစ်ဟူ ယေရှုဟို့ နန်းနို့နားဟို့ စေလွှတ်လေ့မယ်။
21 ရှေးရှေးဟု သန့်ရှင်းဟူ ပရောဖက်လေဟုတဆင့် ပေးလိုက်ဟူ ဘုရားသခင်ရဲ့
ဗျာဒိတ်တော်နညီ ဂူလောင်းဟို့ သစ်ပ့လောန်းလဲဟုားဟူ ကာလရော့-က်ခန်ထိ
အယ်သခင်ဟု ကောန်းဂန်ဘောင်မာ ရှိနေမယ်။
22 အယ်ကြောန့် မောရှေဟုာ ‘နန်းနို့ရဲ့ ဘုရားသခင် ထာဝရဘုရားဟုာ ငါ့ဟို့
စေလွှတ်မျိုးဘဲ့* ပရောဖက်တပါးဟို့ နန်းနို့နားဟို့ လွှတ်လေ့မယ်။ အယ်သခင်ဟု
နန်းနို့ရဲ့ ညီကိုလေထဲဟု ဖြစ်လေ့မယ်။ အယ်သခင် ပြောဇာလေ ဂူလောင်းဟို့ နန်းနို့ဟု
နားထောန်ရဂေ့လေ့မယ်။
23 အယ်ပရောဖက်ရဲ့ စကားဟို့ နားထောန်ဘဲ့ဟူ လူတိုင်းဟုာ ဘုရားသခင်ရဲ့
လူမျိုးတော်ဟုနေ ဖယ်ရှားဘီး ဖျစ်ဆီးခံရလေ့မယ်’ ဆိုဘီး ပြောဟုယ်။
24 ရှမွေလဟုနေစဘီး ဗျာဒိတ်တော်အားဖြင့် ဟောပြောဂေ့ဟူ
တခြားပရောဖက်လေဟု အယ်နေ့ရစ်လေမာ ဖြစ်ပျစ်မယ့် ကြောန်းရာလေဟို့
ကြေညာဂေ့ဟုယ်။
25 ပရောဖက်လေအားဖြင့် ဘုရားသခင်ပေးဟူ ဂဒိတော်လေဟုာ နန်းနို့တွပ်
ဖြစ်ဟုယ်။ နန်းနို့ ဘိုးဘေးလေန ဘုရားသခင် လောက်ဟုားဟူ ပဋိညာဉ်ဟုလည်း
နန်းနို့တွပ် ဖြစ်ဟုယ်။ ဘုရားသခင်ဟု အာဗြဟံဟို့ ‘နန့်ရဲ့ မှလေးမှလစ်လေအားဖြင့်
လောကသားလေဟုာ ကောန်းဂျီးမ်ဂလာဟို့ ခံစားရလေ့မယ်’ ဆိုဘီး ပြောလေဟုယ်။
26 အယ်ကြောန့် နန်းနို့ဟုာ ကောန်းဘဲဟူဇာလေဟို့ စွန့်ပစ်ဘီး
ကောန်းဂျီးခံစားရဟို့တွပ် ဘုရားသခင်ဟုာ သူ့ရဲ့ စေခံဟို့ နန်းနို့နားဟို့
စေလွှတ်လိုက်ဟုယ်” ဆိုဘီး ပြောလေဟုယ်။

4

တရားလွှတ်တော်မာ ပေတရုန ယောဟန်လေဟို့ စစ်ဆေးဂေ့ဟူကြောန်း

1 ပေတရုန ယောဟန်လေဟုာ လူလေဟို့ ဟောပြောနေဂေ့ခီမာ ယဇ်ပုရောဟိတ်လေ၊*

* **3:22 ၃.၂၂** ငါ့ဟို့ စေလွှတ်မျိုးဘဲ့၊ အယ်မျိုးမှုဘဲနေဟုာ ငါ့မျိုးဘဲ့။ * **4:1 ၄.၁** ယဇ်ပုရောဟိတ်လေ၊ တချို့
မူရင်းလတ်ရေးမူလေမာ ယဇ်ပုရောဟိတ်ဂီးလေ၊ ဆိုဘီး ပါရှိဟုယ်။

ဗိမာန်တော်ဟို့ စောန့်နေဟူတပ်မှူးန ဇဒ္ဒုကဲလေဟှာ ရော့-က်လာဂေ့ဟုယ်။
2 ယေရှုဟှ သေရာဟုနေ ထမြော့-က်ဟှားဘီ ဆိုဘီး တမန်တော်လေဟှာ
သတ်သေပြေဘီး ဟောပြောဟူကြောန့် ဇဒ္ဒုကဲလေဟှ စိဆိုးဂေ့ဟုယ်။
3 အယ်ကြောန့် သူးန့်ဲလေဟှာ တမန်တော်လေဟို့ ဖမ်းဂေ့ဘီး
ညဉ့်ခန်းဇာဖြစ်ဟှားကြောန့် နော့-က်တနေ့ထိ ထောန်ထဲမာ ထားဟှားဂေ့ဟုယ်။
4 အယ်ဘေမဲ့ တရားစကားဟို့ ကြားဂေ့ဟူ လူဘောင်ဂီးဟှ ကိုယ်တော့်ဟို့
ယောင်ကြည်ဂေ့ဟုယ်။ ယောင်ကြည်လာဟူ လူလေဟှ ၅,၀၀၀ လော့-က်
တိုးပွားလာဂေ့ဟုယ်။
5 နော့-က်တနေ့ ရော့-က်ဟူ ခီမာ ယုဒခေါန်းဆောန်လေ၊ လူဂီးလေန
ကျမ်းတတ်ဆရာလေဟှာ ယေရုရှလင်ဗြို့မာ စုဂေ့ဟုယ်။
6 ယဇ်ပုရောဟိတ်မန်း အနှန့တ်န သူ့ရဲ့ မိသားစုဖြစ်ဟူ ကယာဖ၊ ယောဟန်၊
အာလေဇန္ဒြေလူလေန တွိဂေ့ဟုယ်။
7 အယ်လူလေဟှာ သူးန့်ဲရှေ့မာ တမန်တော်နှေ့ပါးဟို့ ရပ်ခိုင်းဘီး "နန်းန့်ဲဟှ ဖယ်လူရဲ့
တဂိုး၊ ဖယ်လူရဲ့ နာမန အယ်မူလေဟို့ ဖယ်မျိုး လောက်ဂေ့နူး" ဆိုဘီး မေးဂေ့ဟုယ်။
8 သန့်ရှင်းဟူဝိညာဉ်တော်န ပ့လဲ့ဝနေဟူ ပေတရုဟှာ "လူလေရဲ့ ခေါန်းဆောန်လေန
လူဂီးလေ၊
9 ခေသန်ဘဲ့ဟူ လူတယော့-က်ဟို့ ကျိုးပြုကြောန်းန သူဟှာ ကျန်းမာဟှားဇာန
ပတ်သတ်ဘီး ခုန့်ဲလေဟှ စစ်ဆေးခံရမယ် ဆိုဟှာ၊
10 နာဇရက်ဗြို့သား ယေရှုခရစ်တော်ရဲ့ နာမတော်တဂိုးန အယ်လူဟှာ ခေသန်လာဘီး
ခုနန်းန့်ဲရှေ့မာ ရပ်နေဇာဟို့ နန်းန့်ဲန တူးဒူ ဣသရေလလူမျိုးလေ သိမှတ်ဂေ့ပါ။
အယ်သခင်ဟို့ နန်းန့်ဲဟှ ကားစင်တန်ဘေမဲ့ ဘုရားသခင်ဟှ သေရာဟုနေ
ထမြော့-က်စေလေဟုယ်။"
11 "ယေရှုဟှ 'တိုက်ဟို့ ဆော့-က်ဟူ ခီမာ နန်းန့်ဲ ပယ်ဟှားဟူကွ်လော့-က်ဟှာ
ရေးကီးဆောင်းကွ်လော့-က် ဖြစ်လာဟုယ်' ဆိုဘီး ကျမ်းစာဟှ ပြောဟှားဟုယ်။
12 အယ်သခင်တပါးဘဲ့ ကယ်တန်နိုင်ဟုယ်။ ကောန်းဂန်အော့-က်ဟှ လောကမာ
အယ်သခင်နာမဟုနေ လွဲဘီး နှ့ဲလေဟို့ ဖယ်လူလည်း ကယ်တန်နိုင်ဟှ" ဆိုဘီး သူးန့်ဲဟို့
ပြောလေဟုယ်။
13 ပေတရုန ယောဟန်လေဟှာ ပညာတတ်လေမူဘဲန သာမန်လူလေဖြစ်ဘီး
ရဲရင့်နေဇာဟို့ တရားလွှတ်တော် ဖွဲ့ဝမ်လေဟှ ဗြင်ဂေ့ဟူ ခီမာ ရရာတိုင်း
အံ့သြနေဂေ့ဟုယ်။ အယ်လူနှေ့ယော့-က်ဟှာ ယေရှုရဲ့
လောက်ဖော်ဆောန်ဖတ်လေဖြစ်ဇာဟို့ ဒီပြုမိဂေ့ဟုယ်။
14 အယ်ဘေမဲ့ ရောဂါပျော့-က်ဟှားဟူ လူဟှာ တမန်တော်လေန တူးဒူ ရပ်နေဇာဟို့
ဗြင်ဟူ ခီမာ သူးန့်ဲဟှာ ဖယ်မျိုးလည်း ပြောနိုင်ဂေ့ဟှ။
15 တမန်တော်လေဟို့ တရားလွှတ်တော်ထဲဟှနေ ထွပ်ခိုင်းဘီးဟှာ သူးန့်ရှင်းရှင်း
စဘီးဟှာ တိုင်ဗန်ဂေ့ဟုယ်။

16 သူးနို့လေဟှာ “နို့လေဟှ အယ်လူလေဟို့ ဖယ်မျိုးလောက်ရဟို့နူး။ သူးနို့အားဖြင့်
ထူးခြားဟူ နိမိတ်လတ်ခဏာ ဖြစ်ဟှားဇာဟို့ ယေရှုရှလင်ဗြို့ဟ့ လူတိုင်းဟ့
သိဂေ့ဟှယ်။ နို့လေဟှ ငြင်းနိုင်ဂေ့ဟှ။
17 အယ်ဘေမဲ့ အယ်ဒန်းဟှာ လူလေထဲမာ ပှလံ့နှံ့ဘဲနေအောန် ယေရှုရဲ့ နာမတော်ဟို့
မှီပြုဘီး နော့-က်ထပ် ဖယ်လူဟို့လဲ ဟောပြောဘဲနေဟို့တွပ် အယ်လူနေ့ယော့-က်ဟို့
ဒိပေးဂေ့မယ်” ဆိုဘီး ပြောဂေ့ဟှယ်။
18 အယ်ဘီးန တမန်တော်လေဟို့ ပှလန်ခေါ်ဘီးဟှာ ယေရှုရဲ့ နာမတော်ဟို့ မှီပြုဘီး
နော့-က်ထပ် လောင်းဝ ဟောပြောဘဲနေဟို့တွပ် မိန့်ပေးလိုက်ဂေ့ဟှယ်။
19 ပေတရုန ယောဟန်လေဟှ “နို့လေဟှာ ဘုရားသခင်ရဲ့ စကားဟို့
နားထောန်ဇာထတ် နန်းနို့ရဲ့ စကားဟို့ နားထောန်ဇာဟှ ဘုရားသခင်ရဲ့ ရှေ့မာ မှန်ဟှယ်၊
မှားဟှယ် ဆိုဇာဟို့ နန်းနို့ ကိုယ်တိုင်ဘဲ့ ဆောင်းဖြတ်ပေးဂေ့ပါ။
20 နို့လေကိုယ်တိုင် ကြားရ၊ ဖြင်ရဇာလေဟို့ ဟောပြောဘဲန နေနိုင်ဟှ” ဆိုဘီး
ပှလန်ပြောလိုက်ဂေ့ဟှယ်။
21 အယ်ကြောန့် တရားလွတ်တော် ဖွဲ့ဝမ်လေဟှာ သူးနို့ဟို့ ပှလန်ဘီးဟှာ
သေးသေချားချာဟှား ဒိပေးဘီးန ထွပ်ခိုင်းလိုက်ဂေ့ဟှယ်။ လူလေဟှာ ဖြစ်ပျစ်ဟူ
ဇာလေတွပ် ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို့ ချီးမွမ်းနေဂေ့ဟူကြောန့်
တမန်တော်လေဟို့ ဖြားပြစ်ဒန်လည်း စီရင်နိုင်ဂေ့ဟှ။
22 အံ့ဩဘွယ်ကောန်းအောန် ရောဂါပျော့-က်ဟှားဟူလူဟှာ
သတ်လေးဆယ်ကျော်လော့-က် ရှိဟှယ်။

ရဲရင့်လာဟို့တွပ် ယောင်ကြည်သူလေဟှ ဆုတောန်းပေးကြောန်း

23 ပေတရုန ယောဟန်လေဟှာ လွတ်မြော့-က်လာဂေ့ဟူ ခီမာ သူးနို့ လူလေနားဟို့
ပှလန်ဟှားဘီးန ယဇ်ပုရောဟိတ်ဂီးန သတ်ကီးဝါဂီးလေ ပြောလိုက်ဇာလေဟို့ ပှလန်ဘီး
ပြောဂေ့ဟှယ်။
24 အယ်ကြောန်းဟို့ ကြားရဂေ့ဟူ ခီမာ အယ်လူလေဟှာ တူးဒူ ဆုတောန်းဂေ့ဟှယ်။
“စိုးရဟူသခင်၊ ကိုယ်တော်ဟ ကောန်းဂန်ဂန မှလေဂီး၊ ပန်လယ်ဒန ရှိမျှဂူလောင်းဟို့လည်း
ဖန်ဆင်းဟူ ဘုရားသခင် ဖြစ်ဟှယ်!
25 ကိုယ်တော်ဟှာ သန်ရှင်းဟူဝိညာဉ်တော်အားဖြင့် ကိုယ်တော်ရဲ့ စေခံ၊
ကျွန်တော့်လေ ဘိုးဘေး ဒါဝိဒ်ဟှနေ တဆင့်၊”
“‘လူမျိုးခြားလေဟှာ ဖြားဖြစ်ကြောန့် ရောင်းရင်းဆန်ခတ် ဖြစ်နေဂေ့နူး’”
လူမျိုးဘောန်းဇောင်ဟှာ ဖြားဖြစ်ကြောန့် ကျိုးမွေ့ဘဲန ကြံစည်ဂေ့နူး။
26 လောကရဲ့ မန်းဂီးလေန အောက်ချောက်မားလေဟှာ ဘုရားသခင်ဟို့
ပေါင်ကန်ဟို့တွပ် ပြင်ဆင်ဂေ့ဟှယ်။
ဘုရားသခင်န ကိုယ်တော်ရဲ့
မေရှိယဟို့ ဆန့်ကျင်ဟို့တွပ် စုဂေ့ဟှယ်၊

ဆိုဘီး မိန့်တော်မူဟုဆိုပြီးလျှင်
27 မှန်တိုင်းဆိုဟာ ဟေရုဒ်နဲ့ ပုန္တိပိလတ်လေဟာ လူမျိုးခြားလေ၊
ဣသရေလလူမျိုးနဲ့ တူးဒူ ကိုယ်တော်ရဲ့ သန့်ရှင်းဘူးစေခံ၊ ကိုယ်တော်ဘိသိပေးဘူ
ယေရှုဟိုဆန့်ကျင်ဘို့တွပ် အယ်ဗြဲထဲမာ စုဝေ့ဟုယ်။
28 အယ်မျိုး စုဝေ့ဇာဟာ ကိုယ်တော်ရဲ့ တဂိုးတော်နဲ လိုတော်ရ ခွဲခန့်ဟားဇာလေဟို
ဖြစ်ပျစ်ဟို့တွပ် ဖြစ်ဟုယ်။
29 သခင်၊ ခု အယ်လူလေရဲ့ ချီးခြော့-က်ဟူဇာဟို မှတ်ဟားပေးပါ။ ကိုယ်တော်ရဲ့
စေခံလေဟို ကိုယ်တော်ရဲ့ တရားတော်ဟို ရဲရဲရင့်ရင့်ဟား ဟောဟို့ခွမ့် ပေးတော်မူပါ။
30 လူလေရဲ့ ရောဂါလေဟို ပျော့-က်စေဟို့တွပ် ကိုယ်တော်ရဲ့ လတ်တော်ဟို
ဆန့်တော်မူပါ။ ကိုယ်တော်ရဲ့ သန့်ရှင်းဘူစေခံ ယေရှုရဲ့ နာမတော်နဲ နိမိတ်လတ်ခဇာန
အံ့သြဘွယ်ရာလေဟို လောက်တော်မူပါ။
31 အယ်မျိုး ဆုတောန်းဂေ့ဘီးခီမာ သူးနို့ စည်းဝေးနေရာဟာ လှောက်လာဟုယ်။
သူးနို့ ဂူလောင်းဟာ သန့်ရှင်းဘူဝိညာဉ်တော်နဲ ပ့လဲ့ဝဘီး ဘုရားသခင်ရဲ့ တရားတော်ဟို
ရဲရဲရင့်ရင့်ဟား ဟောပြောဂေ့ဟုယ်။

ယောင်ကြည်သူလေဟာ သူးနို့ အောက်စာလေဟို မျှဝီဂေ့ဘူကြောန်း

32 ယောင်ကြည်သူလေဟာ စိနလောင်း တလောင်းတဝဲဒဲ ဖြစ်ဂေ့ဘူကြောန့်
ဖယ်လူလဲ ကိုယ့်ရဲ့ အောက်စာဟို ကိုယ်ပိုင်ဟုယ် ဆိုဘီး ပြောဂေ့ဟု။ သူးနို့မာ ရှိနေဘူ
အောက်စာလေ ဂူလောင်းဟို ပိုင်ဂေ့ဟုယ် ဆိုဘီး ကြေညာဟားဂေ့ဟုယ်။
33 တမန်တော်လေဟာ သခင်ယေရှုခရစ်တော်ရဲ့ ရှင်ပ့လန်ထမြော့-က်ရှင်းကြောန်းဟို
ကီးမားဟူ တဂိုးန သတ်သေခံဂေ့ဟုယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟာ ကီးမားဟူ
တဂိုးန သူးနို့ ဂူလောင်းထဲမာ လောက်လောက်လေဟုယ်။
34 လယ်လေ၊ အီလေ ပိုင်ဂေ့ဟူ လူလေဟာ သူးနို့ အောက်စာလေဟို ရောန်းခ့လဘီး၊
ရဟူကပ်လေဟို ယူလာဘီးဟာ တမန်တော်လေဟို ပေးဂေ့ဟုယ်။
35 အယ်ဘီးန တမန်တော်လေဟာ လိုအပ်ဟူ လူလေဟို လိုက်ဝီပေးဂေ့ဟုယ်။
36 ယောသပ် ဆိုဘီး ခေါ်ဟူ လူတယော့-က်ရှိဟုယ်။ သူ့ဟို တမန်တော်လေဟု ဗာနဗ
ဆိုဘီး ခေါ်ဂေ့ဟုယ်။ ဗာနဗရဲ့ ဓိပါယ်ဟု အားပေးကူညီဟူလူ ဆိုဘီး ခေါ်ဟုယ်။ သူဟာ
ကုရေနေနယ်သား လေဝိမျိုးနွယ် ဖြစ်ဟုယ်။
37 သူပိုင်ဟူ လယ်ဂွပ်ဟို ရောန်းဘီးဟာ ရဟူကပ်ဟို ယူလာဘီးန တမန်တော်လေဟို
ပေးလေဟုယ်။

5

အာနနိန ရှဖိရေကြောန်း

1 အာနနိနာမယ်ရှိဟူ လူတယော့-က်ဟာ သူ့ရဲ့မယား ရှာဖိရေနတူးဒူ သူးနို့
ပိုင်ဟူမ့လေဟို ရောန်းဂေ့ဟုယ်။

4:27 ၆.၂၃ ၈ လု ၂၃.၇-၁၁; ခ မ ၂၃.၁.၂; မာ ၁၅.၁; လု ၂၃.၁; ယော ၁၈.၂၈.၂၉ **4:32** ၆.၃၂ တ ၂.၄၄.၄၅

2 အယ်ဘီးန အာနနိဟှာ ရောန်းရဟှူ ကပ်တဝ်ပ်ဟှိ သူ့ရဲ့မယားန ဘောတူဘီးဟှာ
သူးနို့တွပ် ဖယ်ဟှားဘီးဟှာ ကျန်ဟှူကပ်လေဟှိဘဲ့ တမန်တော်လေဟှိ ပေးလေဟှယ်။
3 ပေတရုဟှ “အာနနိ၊ နန်ဟှာ လယ်ဟှိရောန်းရဟှူ ကပ်တဝ်ပ်ဟှိ နန်းနို့တွပ်
ဖယ်ဟှားဘီး ဖြားဖြစ်ကြောန့် သန့်ရှင်းဟှူဝိညာဉ်တော်ဟှိ လှည့်ဇားနူး။ ဖြားဖြစ်ကြောန့်
စာတန်ဟှိ နန်းနို့ စိနှလောင်းဟှိ အောက်စိုးခွမ့်ပေးနူး။
4 နန်ဟှာ အယ်လယ်ဟှိ ရောန်းခန်ဒူးဟှ နန်းနို့ပိုင်ဟှယ် မူဟှာလော။ ရောန်းလိုက်ဘီး
နော့-က်မာလည်း အယ်ကပ်လေဟှိ နန်ပိုင်ဟှယ် မူဟှလော။ ဖြားဖြစ်ကြောန့်
စိနှလောင်းထဲမာ အယ်မျိုး ကြံစည်ဂေ့နူး။ နန်ဟှာ လူလေဟှိဘဲ့ လှည့်ဇားဇာ မူဟှ။
ဘုရားသခင်ဟှိလည်း လှည့်ဇားဟှယ်!” ဆိုဘီး ပြောဟှယ်။
5 အယ်စကားဟှိ ကြားန အာနနိဟှ လဲက့်လဘီး သေဟှားဟှယ်။ အယ်ကြောန်းဟှိ
ကြားဂေ့ဟှူလူလေဟှာ ရရာတိုင်း ကြော့-က်လန့်ဂေ့ဟှယ်။
6 လူငယ်လေဟှာ လာဘီးဟှာ အာနနိရဲ့ လောန်းဟှိ ဝတ်နပတ်ဘီး ပ့လန်ဟှိ
ယူဟှားဘီး သင်္ဂြိဟ်ဂေ့ဟှယ်။
7 သောင်းနာရီလော့-က် ကြာဘီးန အာနနိရဲ့ မယားဟှ ဖြစ်ပျစ်ဟှားဟှူဇာလေဟှိ
သိဘဲန ရော့-က်လာဟှယ်။
8 ပေတရုဟှ “နန်းနို့ဟှာ လယ်ဟှိ အယ်မျှနဘဲ့ ရောန်းလော” ဆိုဘီး မေးလေဟှယ်။
အယ်မီးမဟှ “ဟုတ်ဟှယ်။ အယ်မျှနဘဲ့ ရောန်းဟှယ်” ဆိုဘီး ဖြေလေဟှယ်။
9 ပေတရုဟှ “သခင်ဘုရားရဲ့ ဝိညာဉ်တော်ဟှိ သွီးတိုးစမ်းဟှိတွပ် ဖြားဖြစ်ကြောန့်
နန်းနို့ဟှာ ဘောတူဂေ့နူး။ ကေ့ကေ့၊ နန့်ယော့-က်ကျားဟှိ သင်္ဂြိဟ်ဘီး
ပ့လန်လာဟှူလူလေဟှာ ခွဖော့-က်မာ ရှိနေဂေ့ဟှယ်။ သူးနို့ဟှာ နန့်ဟှိလည်း
သယ်ဟှားလေ့မယ်!” ဆိုဘီး ပြောဟှယ်။
10 ရှစ်ရှင်းဘဲ့ အယ်မီးမဟှာ ပေတရုရဲ့ ခေရင်းမာ လဲက့်လဘီးဟှာ သေဟှားဟှယ်။
လူငယ်လေဟှ ရော့-က်လာဂေ့ဟှူ ခီမာ အယ်မီးမဟှာ သေနေဇာဟှိ တွိဟှားဟှူကြောန့်
အယ်မီးမရဲ့ လောန်းဟှိ ယူဟှားဘီးန သူ့ယော့-က်ကျားနားမာ သင်္ဂြိဟ်လိုက်ဂေ့ဟှယ်။
11 သင်းတော်တခုလောင်းန အယ်ကြောန်းဟှိ ကြားဂေ့ဟှူ လူလေဟှာ ရရာတိုင်း
ကြော့-က်လန့်ဂေ့ဟှယ်။

နိမိတ်လတ်ခဇာလေန အံ့သြဘွယ်ရာလေကြောန်း

12 တမန်တော်လေဟှာ လူလေရှေ့မာ အံ့သြဘွယ်ရာလေန နိမိတ်လတ်ခဇာလေဟှိ
ပြဂေ့ဟှယ်။ ယောင်ကြည်သူလေဟှာ ရှောလမုန်ရဲ့ မုခ်ဦးဆောန်မာ စုနေဂေ့ဟှယ်။
13 လူလေဟှာ သူးနို့ဟှိ ချီးကျူးဂေ့ဘေမဲ့ ဖယ်လူလည်း သူးနို့ဟှိ ပေါန်းသင်းရဲဂေ့ဟှ။
14 အယ်ဘေမဲ့ သခင်ဘုရားဟှိ ယောင်ကြည်ဟှူ ယော့-က်ကျားလေန မီးမလေဟှာ
ဘောင်ဂီးဖြစ်လာဟှယ်။
15 လူလေဟှ နေကောန်းဘဲ့ဟှူ လူလေဟှိ ခေါ်လာဂေ့ဟှယ်။ ပေတရု ဖြတ်ရှော့-က်ဟှူ
ခီမာ သူ့ရဲ့ရိဟှာ လူနာလေထတ်ဟှိ ကုလဟှိတွပ် လူနာလေဟှိ အိယာလေ၊
ထမ်းစင်လေန သယ်လာဂေ့ဘီး လမ်းမထတ်မာ ခုလဟှားဂေ့ဟှယ်။

16 ယေရုရှလင်ဗြို့ ပတ်ပတ်လယ်ဟု ဗြို့လေဟု လူလေဟာ ဖျားနေဟူလူလေ၊
နတ်ဆိုးဝမ်းပူးနေဟူ လူလေဟို ခေါ်လာဂေ့ဟုယ်။ အယ်လူနာလေ ဂူလောင်းဟာ
ရောဂါပျော့-က်ဟားဂေ့ဟုယ်။

တမန်တော်လေဟို ညဉ်းဗန်း နှိစစ်ဂေ့ကြောန်း

17 အယ်ခီမာ ယဇ်ပုရောဟိတ်မန်းန သူ့ရဲ့ နော့-က်လိုက်လေဖြစ်ဟူ ဇဒ္ဒုကဲ
ဂိုဏ်းဝမ်လေဟာ တမန်တော်လေဟို ရရာတိုင်း နာလိုဝန်တိုစိ ရှိလာဂေ့ဟူကြောန့်
သူးနို့လေဟို ရေးယူဟို့တွပ် ဆောင်းဖြတ်ဂေ့ဟုယ်။
18 သူးနို့ဟာ တမန်တော်လေဟို ဖမ်းဘီးဟာ ပြည်သူ့ ကျဉ်းထောန်ထဲမာ
ထားဟားဂေ့ဟုယ်။
19 အယ်ဘေမဲ့ အယ်ညဉ့်မာ သခင်ဘုရားရဲ့ ကောန်းဂန်တမန်တပါးဟာ
ထောန်ခွဗော့-က်လေဟို ဖွမ့်ဘီး တမန်တော်လေဟို ခေါ်ထုဘီး၊
20 “သွားဘီး ဗိမာန်တော်ထဲမာရပ်ဘီး အယ်သတ်ရှင်ရှင်းန ဆိုင်ဟူဇာလေ
ဂူလောင်းဟို လူလေဟို ဟောပြောဂေ့ပါ” ဆိုဘီး သူးနို့ဟို ပြောဟုယ်။
21 တမန်တော်လေဟာ ကောန်းဂန်တမန်ရဲ့ စကားဟို နားထောန်ဘီး
မိုးလန်းစောစောမာ ဗိမာန်တော်ထဲဟို ဝမ်ဘီးဟာ ဟောပြောဂေ့ဟုယ်။

ယဇ်ပုရောဟိတ်မန်းန သူ့ပေါ်နီးဖော်လေဟာ ကွသရေလလူမျိုး သတ်ကီးဟူလူလေ
ဂူလောင်းဟို တရားလွတ်တော်စည်းဝေးမာ စုလာဟို့ ခေါ်ဂေ့ဟုယ်။ အယ်ဘီးန
တမန်တော်လေဟို ခေါ်ဆောန်လာဟို့တွပ် စောန့်တပ်သားလေဟို ကျဉ်းထောန်ဟို
စေလွတ်လိုက်ဂေ့ဟုယ်။
22 ရာရှိလေဟာ ရော့-က်ဟားဟူ ခီမာ တမန်တော်လေဟို တွိဂေ့ဟုမ်း။ အယ်ကြောန့်
သူးနို့ဟာ တရားလွတ်တော်ဟို ပ့လန်လာဘီး၊
23 “ကျွန်တော့်ဟားလေဟာ ထောန်ဟို ရော့-က်ဟားခီမာ သေးသေချားချာ
ပိဟားဘီး စောန့်တပ်သားလေဟုလည်း ခွဗော့-က်လေမာ ရပ်နေဇာဟို တွိဂေ့ဟုယ်။
အယ်ဘေမဲ့ ခွဗော့-က်လေဟို ဖွမ့်လိုက်ဟူ ခီမာ ထဲမာ ဖယ်လူဟို့လည်း တွိဂေ့ဟု!”
ဆိုဘီး စီရင်ခံဂေ့ဟုယ်။
24 အယ်စကားဟို ကြားဟူ ခီမာ ဗိမာန်တော်စောန့် တပ်မှူးန
ယဇ်ပုရောဟိတ်ဂီးလေဟာ တမန်တော်လေမာ ဖြစ်ပျစ်ဟားဇာဟို အံ့သြဟားဂေ့ဟုယ်။
25 အယ်ခီမာ လူတယော့-က်ဟု ရော့-က်လာဘီး “နားထောန်ဂေ့! ကျဉ်းခ့လဟားဟူ
လူလေဟာ ဗိမာန်တော်ထဲမာ ရပ်ဘီး လူလေဟို သွန်သန်နေဂေ့ဟုယ်!” ဆိုဘီး
ပြောလေဟုယ်။
26 အယ်ကြောန့် ရာရှိဟာ သူ့လူလေနသွားဘီး တမန်တော်လေဟို
ပ့လန်ခေါ်လာဂေ့ဟုယ်။ အယ်ဘေမဲ့လည်း သူးနို့ဟို လူလေဟု က့လော့-က်ခဲနပစ်
ဇာဟို စိုးရိမ်ဟူကြောန့် တမန်တော်လေဟို နိုင်ထတ်စီးနန်း လောက်ဂေ့ဟု။

27 တမန်တော်လေဟို့ ခေါ်လာဘီးန တရားလွှတ်တော်ရှေ့မာ ရပ်ခိုင်းလိုက်ဟုယ်။
ယဇ်ပုရောဟိတ်မန်းဟုာ တမန်တော်လေဟို့ စစ်ဆေးဂေ့ဟုယ်။
28 သူးနို့ဟု “အယ်လူရဲ့နာမဟို့ ဟောပြောဘဲနေဟို့တွပ် နန်းနို့ဟို့
တင်းတင်းကျပ်ကျပ်ဟုား မိန့်ပေးဟုားဟုယ်! အယ်ဘေမဲ့ နန်းနို့ဟုာ
ယေရုရှလင်တဗြို့လောင်း နန်းနို့လေရဲ့ သွန်သင်ဇာလေဟို့ ပုလုံနှံ့စေဘီး အယ်လူရဲ့
သွီးဟို့လည်း နို့လေထတ်ဟို့ ကုလစေဟို့တွပ် ကြဲစည်ဂေ့ဟုယ်!” ဆိုဘီး
တမန်တော်လေဟို့ ပြောဂေ့ဟုယ်။
29 ပေတရုန တမန်တော်လေဟု “နို့လေဟုာ လူရဲ့ စကားထတ် ဘုရားသခင်ရဲ့
စကားဟို့ နားထောန်ရမယ်။
30 နို့လေ ဘိုးဘေလေရဲ့ ဘုရားသခင်ဟုာ လတ်ဝါးကပ်တိုင်မာ နန်းနို့ သတ်လိုက်ဟူ
ယေရှုဟို့ ထမြှော့-က်စေဟုယ်။
31 ဣသရေလလူမျိုးလေဟုာ နောန်ဒရဘီး သူးနို့ ပြစ်လေဟို့ ဖြေလွှတ်ပေးဟို့တွပ်
ဘုရားသခင်ဟုာ အယ်သခင်ဟို့ သူ့ရဲ့ ညာဖတ်မာ ထားဟုားဘီးဟုာ ခေါ်နးဆောန်န
ကယ်တန်ရှင်းဖြစ် ချီးမြှော့-က်တော်မူလေဟုယ်။
32 အယ်မူဇာလေတွပ် နို့လေဟုာ သတ်သေလေ ဖြစ်ဂေ့ဟုယ်။ ဘုရားသခင်ရဲ့
စကားဟို့ နာခံဟူလူလေဟို့ ပေးတော်မူဟူ သန့်ရှင်းဟူဝိညာဉ်တော်ဟုလည်း သတ်သေ
ဖြစ်ဟုယ်” ဆိုဘီး ပြောဂေ့ဟုယ်။
33 တရားလွှတ်တော် ဖွဲ့ဝမ်လေဟုာ အယ်စကားဟို့ ကြားဂေ့ဟူ ခီမာ ရရာတိုင်း
ဒေါသထွပ်ဂေ့ဘီး တမန်တော်လေဟို့ သေဒန် ပေးရှင်ဂေ့ဟုယ်။
34 အယ်ခီမာ လူလေဟို့ ရရာတိုင်း ရိုသေလေးစားရဟူ၊ ကျမ်းတတ်ဆရာဖြစ်ဟူ၊
ဂါမလျေလ နာမယ်ရှိဟူ ဖာရိရှဲတယော့-က်ဟု တရားလွှတ်တော်မာ ထရပ်ဘီးဟုာ
တမန်တော်လေဟို့ ပုလန်ဟို့ ရှစ်ဟုား ခေါ်ထုဟုားဟို့ မိန့်ပေးလိုက်ဘီးန
35 “ဣသရေလလူမျိုးလေ၊ အယ်လူလေဟို့ ဖယ်မျိုးလောက်မယ် ဆိုဇာဟို့ ဒိန
ဆင်ခြင်ဂေ့ပါ။
36 တခီဒူးဟု သုဒနာမယ်ရှိဟူ လူတယော့-က်ဟုာ ပေါ်လာဘီး သူ့ကိုယ်သူ
ရေးပါရာရော့-က်ဟူ လူဖြစ်ဟုယ် ဆိုဟူကြောန့် သူ့နော့-က်ဟို့လိုက်ဟူ သူလေဟုာ
၄၀၀ လော့-က်ရှိလာဟုယ်။ အယ်ဘေမဲ့ သူသတ်ခံရဘီးန
သူ့ဟို့ယောင်ကြည်ဟူလေဟုာ ဖုလဲဖုလဲစင်ဖြစ်ဟုားဘီး သူ့ရဲ့လျောက်ရှားမှုလည်း
ပျော့-က်ကွယ်ဟုားဟုယ်။
37 အယ်ဘီးန သန်းဂေါန်စာရင်းကော့-က်ဟူ ခီမာ ဂါလိလဲနယ်သား ယုဒဟုာ
ပေါ်လာဘီး လူလေဟုာ သူ့ဟို့ အားကိုးလာအောန် စည်းရောင်းလေဟုယ်။ သူလည်းဘဲ့
သတ်ခံရဘီးန သူ့ဟို့ ကိုးစားဟူ လူလေဟုာ ဖုလဲဖုလဲစင် ဖြစ်ဟုားဂေ့ဟုယ်။
38 ခုကိစမာလည်း နန်းနို့ဟို့ ငါပြောမယ်။ အယ်လူလေဟို့ ရေးယူဂေ့န။ သူးနို့ဇာသူးနို့
နေပါစေ! သူးနို့ ကြဲစည်ဘီး လောက်ဟူဇာဟုာ လူဟုဖြစ်လာဟုယ် ဆိုဟုာ

5:28 ၅.၂၈ မ ၂၇.၂၅

အယ်ကိစဟှာ ပျစ်ရလေ့မယ်။

39 အယ်ဘေမဲ့ ဘုရားသခင်ဟှနေ ဖြစ်လာဟှူ ကြဲစည်ဆိုဟှာ အယ်လူလေဟှို နန်းနို့
တားဆီးနိုင်ဟှ။ နော့-က်ဘီး ဘုရားသခင်ဟှို ဆန့်ကျင်မျိုးဘဲ့ ဖြစ်ဟှားနိုင်ဟှယ်!”
ဆိုဘီး ပြောဟှယ်။

ယုဒ တရားလွှတ်တော်ဟှာ ဂါမလျေလရဲ့ ကြဲဉာဏ်ဟှို နားထောန်ဂေ့လေဟှယ်။
40 သူးနို့ဟှ တမန်တော်လေဟှို ခေါ်ဘီး ကီဒန်ပေးဘီးန “ယေရှုနာမဟှို မှီပြုဘီး
ဟောပြောဇာဟှို နော့-က်တခါလောက်န” ဆိုဘီး မိန့်ပေးဘီး လွှတ်လိုက်ဂေ့ဟှယ်။
41 တမန်တော်လေဟှာ ယေရှုရဲ့ နာမတော်တွပ် ရှစ်ကွဲခံရဟှုဇာဟှာ ထိုက်တန်ဟှယ်
ဆိုဘီး ဘုရားသခင်သတ်မှတ်ဟှားကြောန့် ဝန်းသာအားရန တရားလွှတ်တော်ဟှနေ
ထွပ်ဟှားဂေ့ဟှယ်။
42 အယ်ဘီးန သူးနို့ဟှာ နေ့တိုင်း ဗိမာန်တော်မာရော၊ လူလေရဲ့ အိမာရော ယေရှုဟှာ
မေရှိယဖြစ်ဟှုကြောန် ဒန်းကောန်းဟှို ဆစ်ဘီးဟှာ ဟောပြောဂေ့ဟှယ်။

6

လောက်ဖော်ဆောန်ဖတ် ခွန်နစ်ယော့-က်ကြောန်း

1 အယ်နေ့ရစ်လေမာ တမဲ့တော်လေဟှာ ဘောင်ဂီးဖြစ်လာဘီး
ဟေလသစကားပြောဟှူ ယုဒလူလေန * ဒေသခံ ယုဒလူလေဟှာ ရန်ဖြစ်ဂေ့ဟှယ်။
ဟေလသစကားပြောဟှူ ယုဒလူလေဟှ သူးနို့ရဲ့ မောက်ဆိုးမလေဟှို
ကူညီဘဲထားဟှားဟှယ် ဆိုဘီး ယုဒလူလေဟှို ပြစ်တန်ဂေ့ဟှယ်။
2 အယ်ကြောန့် တမန်တော် ဆယ့်နှေ့ပါးဟှာ တမဲ့တော်လေဟှို ခေါ်ဘီးန “နို့လေဟှာ
ဘုရားသခင်ရဲ့ စကားတော်ဟှို ဟောပြောဘဲန မဲ့မာစေခံနေမယ် ဆိုဟှာ ကောန်းဟှ။
3 ညီကို မောန်နှမလေ၊ နန်းနို့ထဲမာ သန့်ရှင်းဟှုဝိညာဉ်တော်နရော၊ ဉာဏ်ပညာနရော
ပှလဲ့ဝဘီးဟှာ အသရေရှိဟှုလူ ခွန်နစ်ယော့-က်ဟှို ဝီးဂေ့ပါ။ နို့လေဟှာ အယ်လူလေဟှို
အယ်တာဝန်တွပ် ခန့်ဟှားဟှို့တွပ် ထော့-က်ခံမယ်။
4 နို့လေဟှ ဆုတောန်းဇာ၊ တရားဟောဇာလေဟှို လောက်ဆောန်ဇာနဘဲ့
ခီဟှိုကူစေမယ်” ဆိုဘီး ပြောဟှယ်။

5 တမန်တော်လေရဲ့ကြဲဟှို တမဲ့တော်လေဟှ ကြိုက်ဂေ့ဟှယ်။ အယ်ကြောန့် သူးနို့ဟှာ
ယောင်ကြည်ရှင်းနရော၊ သန့်ရှင်းဟှုဝိညာဉ်တော်နရော ပှလဲ့ဝဟှူ သတေဖန်န ဖိလိပ်ပှပ၊
ပြောခေါ်၊ နိကနော်၊ တိမုန်၊ ပါမေနန ယုဒဘာသာဟှို ပှလောန်းလဲလာဟှူ
အနှတိအုတ်ဗြို့သား နိကောလလေဟှို ဝီးကော့-က်ဂေ့ဟှယ်။
6 သူးနို့ဟှာ အယ်လူလေဟှို တမန်တော်လေရှေ့ဟှို သွားခိုင်းလိုက်ဂေ့ဟှယ်။
အယ်ဘီးန တမန်တော်လေဟှာ ဆုတောန်းဘီးန သူးနို့ထတ်မာ လတ်ဟှိုတန်ဂေ့ဟှယ်။

* **6:1 ၆.၁** ဟေလသစကားန ဟေလသယဉ်ကျေးမှုလေရဲ့ လွှမ်းမိုးဇာခံရဟှူ ယုဒလူမျိုးလေ။

7 ဘုရားသခင်ရဲ့ စကားတော်ဟာ ဆစ်ဘီး ပုလဲနှံ့ဟားဟုယ်။ ယေရုရှလင်ဗြို့မာ
တဗဲတော်လေရဲ့ ရေတွပ်ဟာ ရရာတိုင်းတိုးပွားလာဟုယ်။ ယဇ်ပုရောဟိတ်လေ
ဘောင်ဂီးလည်း ဒန်းကောန်းဟို့ ယောင်ကြည်ဘီး လတ်ခံလာဂေ့ဟုယ်။

သတေဖန်ဟို့ ဖမ်းဂေ့ကြောန်း

8 သတေဖန်ဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်နရော၊ တဂိုးတော်နရော ပုလဲဝဘီး
ရရာတိုင်းကီးဟူ အံ့သြဘွယ်လေန နိမိတ်လတ်ခဏာလေဟို့ လူလေရှေ့မာ
ပြလေဟုယ်။

9 အယ်ခီမာ ကုရေနေန အာလေဇန္ဒြိယဗြို့ဟ ယုဒလူလေန လွတ်လပ်ဟူလူလေ[†]ရဲ့
ဝါလယ်ဇရပ်ရဲ့ ဖွဲ့ဝမ်တချို့ဟာ သူ့ဟို့ ပြဿနာရှာဂေ့ဟုယ်။ အယ်လူလေနတူးဒူ
ကိလိကိပြည်န အာရှိပြည်ဟ ယုဒလူတချို့ဟာ သတေဖန်န စဘီးဂြင်းဂေ့ဟုယ်။

10 အယ်ဘေမဲ့ သတေဖန်ဟာ ဝိညာဉ်တော်ပေးဟားဟူ ဉာဏ်ပညာန ပြောဟူ ခီမာ
အယ်လူလေဟာ သူ့ဟို့ ချေပနိုင်ဂေ့ဟ။

11 အယ်ကြောန့် သူးနှိုဟာ လူလေဟို့ “အယ်လူဟာ မောရှေဟို့ရော၊
ဘုရားသခင်ဟို့ရော စော်ကားဘီး ပြောနေဇာဟို့ နှိုလေကြားဟုယ်” ဆိုဘီး ပြောဟို့တွပ်
လာဘ်ထိုးဂေ့ဟုယ်။

12 အယ်မျိုးဘဲ့ သူးနှိုဟာ သတ်ကီးဝါဂီးလေ၊ ကျမ်းတတ်ဆရာလေန လူထုဟို့
နှိုးဆော်ပေးဂေ့ဟုယ်။ အယ်လူလေဟာ သတေဖန်ဟို့ ဖမ်းဘီးဟာ တရားလွတ်တော်ဟို့
ခေါ်ဟားဂေ့ဟုယ်။

13 အယ်ဘီးန သူးနှိုဟာ မှန်ဘဲ့ဟူ သတ်သေလေဟို့ ခေါ်လာဂေ့ဟုယ်။
သတ်သေခံဟူလူလေဟ “အယ်လူဟာ သန့်ရှင်းဟူဗိမာန်တော်န မောရှေရဲ့
ပညတ်တရားဟို့ ဆန့်ကျင်ဘီးဟာ မြဲဒမ်းပြောဂေ့ဟုယ်။

14 နာဇရက်ဗြို့သား ယေရှုဟာ ဗိမာန်တော်ဟို့ ဖြိုခ့လဘီး ကျွန်တော့်ဟားလေဟို့
မောရှေပေးဟားဟူ ထောင်းဒန်းစဉ်လာလေဟို့ ပုလောန်းလဲစေမယ် ဆိုဘီး
အယ်လူပြောနေဇာဟို့ ကျွန်တော့်ဟားလေ ကြားဂေ့ဟုယ်” ဆိုဘီး ထွပ်ဆိုဂေ့ဟုယ်။

15 တရားလွတ်တော်မာ ထိုင်နေဂေ့ဟူ လူလေ ဂူလောင်းဟ သတေဖန်ဟို့
စေ့စေ့ကေ့ဟူ ခီမာ သူ့မျစ်နှာဟာ ကောန်းဂန်တမန်ရဲ့ မျစ်နှာမျိုး ဖြစ်နေဟုယ် ဆိုဇာဟို့
တွိဖြင်ဂေ့ဟုယ်။

7

သတေဖန်ရဲ့ ပြောကြားချစ်

1 အယ်ခီမာ ယဇ်ပုရောဟိတ်မန်းဟ “အယ်စွပ်စွဲချစ်ဟာ မှန်ဘဲ့လော” ဆိုဘီး
သတေဖန်ဟို့ မေးဟုယ်။

---

† **6:9 ၆.၉ လွတ်လပ်ဟူလူလေ၊** အယ်လူလေဟာ ကျွန်ဖြစ်ဖူးဟူ ယုဒလူလေ ဖြစ်ဂေ့ဟုယ်၊ အယ်ဘေမဲ့ သူးနှိုဟို့
ဝယ်ဘီးဟာ လွတ်လပ်ခွမ့်ပေးလိုက်ဟုယ်။

2 သတေဖန်ဟု “ညီကိုလေန ဖလေ၊ ငါ့စကားဟို့ နားထောန်ဂေ့ပါ။ နို့လေရဲ့ဖ
အာဗြဟံဟု ခါရန်ဗြို့မာ နေဟို့တွပ် သွားခန်မာ မသောပေါတာမိပြည်မာ ရှိနေဒူးမာ
ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟု သူနားမာ ပေါ်လာဘီး
3 ဘုရားသခင်ဟု ‘နန့်ရဲ့ ပြည်န နန်ရဲ့ မိသားစုဟို့ ထားရစ်ဘီးဟု ငါပြဟူ ပြည်ဟို့
သွားပါ’ ဆိုဘီး သူဟို့ မိန့်တော်မူလေဟုယ်။
4 အယ်ကြောန့် အာဗြဟံဟု ခါလဒဲပြည်ဟုနေ ထွပ်လာဘီး ခါရန်ဗြို့မာ နေဟို့တွပ်
သွားလေဟုယ်။ သူဖ သေဟုားဘီးန အယ်ဗြို့ဟုနေ ခု နန်းန့် နေဟူပြည်ဟို့
ဘုရားသခင်ဟု ပ့လောန်းခိုင်းလိုက်ဟုယ်။
5 အယ်ဘီးန ဘုရားသခင်ဟု အာဗြဟံဟို့ အယ်ပြည်မာ ခေခ့လဟို့ နေရာဟို့မျ
ပေးဟု။ အယ်ဘေမဲ့ သူကိုယ်တိုင်န သူ့ရဲ့ သားမ့လေးလေဟို့ အယ်ပြည်ဟို့ ပိုင်ပေးမယ်
ဆိုဘီး ဂဒိပေးလေဟုယ်။ ဘုရားသခင်ဟု အယ်မျိုး ဂဒိပေးဟူ ခီဒူးဟု အာဗြဟံမာ
သားမီးလေ မ့ေသေးဟု။
6 ဘုရားသခင်ဟု အာဗြဟံဟို့ ‘နန့်ရဲ့ မ့လေးမ့လစ်လေဟု နိုင်ငံရပ်ခြားမာ
နေရဂေ့လေ့မယ်။ အယ်နိုင်ငံဟု လူလေဟု သူးန့်ဟို့ ကျွန်ခံစေဘီးဟု နှစ်ပေါန်း ၄၀၀
လောင်းလောင်း ညှဉ်းဆဲဇာဟို့ ခံရဂေ့လေ့မယ်။
7 အယ်ဘေမဲ့ ဘုရားသခင်ဟု သူးန့်ဟို့ ကျွန်ခံခိုင်းဟူ လူလေဟို့လည်း ငါစီရင်မယ်။
အယ်ဘီးန နန်ရဲ့ သားမ့လေးလေဟု အယ်ပြည်ဟုနေ လွတ်မြေ့-က်ဂေ့ဘီးဟု
အယ်နေရာမာ ငါ့ဟို့ ကိုးကွယ်ဘီး ဝတ်ပြုဂေ့လေ့မယ်’ ဆိုဘီး ပြောလေဟုယ်။
8 အယ်ဘီးန ဘုရားသခင်ဟု ရေဖျားလှီးဇာနဆိုင်ဟူ ပဋိညာဉ်ဟို့လည်း အာဗြဟံဟို့
ပေးလေဟုယ်။ အယ်ကြောန့် အာဗြဟံဟု ဣဇာက်ဟို့ မွီးဘီးန ရှစ်ရစ်မြေ့-က်နေ့မာ
ရေဖျားလှီးပေးဟုယ်။ ဣဇာက်ဟု သူသားယာကုပ်၊ ယာကုပ်ဟု
လူမျိုးဆယ့်နှေ့မျိုးရဲ့ ဘိုးဘေးလေဖြစ်ဟူ သူသား ဆယ့်နှေ့ယော့-က်ဟို့လည်း
ရေဖျားလှီးပေးလေဟုယ်။
9 “ယာကုပ်ရဲ့ သားလေဟု သူးန့်ညီ ယောသပ်ဟို့ နာလိုဘဲကြောန့် အဲဂုတ္တုတုပြည်မာ
ကျွန်ခံဟို့တွပ် ရောန်းလိုက်ဂေ့ဟုယ်။ အယ်ဘေမဲ့ ဘုရားသခင်ဟု သူနတူးဒူ
ရှိနေဟူကြောန့်
10 သူ့ရဲ့ ဒေါက်ခဆင်းရဲလေ ထဲဟုနေဘီး ကယ်တန်လိုက်ဟုယ်။ ဘုရားသခင်ဟု
ယောသပ်ဟို့ အဲဂုတ္တုတုပြည်ရဲ့ ဖာရောမန်းဂီးရှေ့မာ မျစ်နှာသာရစေဟုယ်။ သူဟို့လည်း
ဉာဏ်ပညာပေးလေဟုယ်။ ဖာရောမန်းဂီးဟု သူဟို့ အဲဂုတ္တုတုပြည်န သူ့ရဲ့
နန်းတော်တခုလောင်းဟို့ အောက်ချောက်မားဖြစ် သူဟို့ ခန့်ဟုားလေဟုယ်။
11 အဲဂုတ္တုတုပြည်န ခါနာန်ပြည်လေမာ စာခေါန်းမားဘေး ရော့-က်လာဟူ ခီမာ
လူလေဟု ရရာတိုင်း ဒေါက်ခရော့-က်ဂေ့ဟုယ်။ နို့လေရဲ့ ဘိုးဘေးလေမာလည်း
စားဇာမ့ေဂေ့ဟုမ်း။
12 အယ်ဘေမဲ့ အဲဂုတ္တုတုပြည်မာ စားဇာလေရှိနေဟုယ် ဆိုဇာဟို့ ယာကုပ်ကြားရခီမာ
သူ့ရဲ့ သားလေဟို့ အယ်ပြည်ဟို့ ပထမခါ လွတ်လိုက်ဂေ့ဟုယ်။

13 သူးနို့ဟှာ ဒုတိယခါ ရော့-က်လာဂေ့ဟှူ ခီမာ ယောသပ်ဟှာ သူ့ညီကိုလေဟှိုသူဟှာ ဖယ်လူဖြစ်ဟှယ် ဆိုဇာဟှိုပြောပြလိုက်ဟှယ်။ ဖာရောဟှာ ယောသပ်ရဲ့မိသားစုကြောန်းဟှိုသိဟှားဟှယ်။

14 အယ်ကြောန့် ယောသပ်ဟှာ သူ့ဖ ယာကုပ်နတူးဒူ ခွန်နစ်ဆယ်ငါးယော့-က်ရှိဟှူမိသားတစုလောင်းဟှိုအဲဂုတ္တုတုပြည်ဟှိုခေါ်လိုက်ဟှယ်။

15 အယ်ကြောန့် ယာကုပ်ဟှာ အဲဂုတ္တုတုပြည်ဟှိုသွားဟှယ်။ အယ်ပြည်မာဘဲ့ သူနသူ့သားလေဟှာ သေဟှားဂေ့ဟှယ်။

16 သူးနို့ရဲ့ လောန်းလေဟှိုရှေခင်ဗြို့ဟှိုယူဆောန်ဟှားဘီးဟှာအာဗြဟံဝယ်ဟှားရစ်ဟှူသန်းခ့လိုင်းမာသ်ကြိုဟ်ဂေ့ဟှယ်။ အယ်သန်းခ့လိုင်းဟှဟာမော်ရဲ့ သားလေနားဟှ ကပ်နဝယ်ဟှားဟှယ်။

17 “ဘုရားသခင်ဟှာ အာဗြဟံဟှိုပေးဟှားဟူ ဂဒိတော်ဟှိုပ့လဲ့ဇောင်ဟှို့တွပ်ခီနီးလာဟူခီမာ အဲဂုတ္တုတုပြည်မာ ဣသရေလ လူလေဟှိုလူဦးရေထိုးပွားစေဟှယ်။

18 အယ်ခီမာ အဲဂုတ္တုတုပြည်မာ ယောသပ်ဟှိုသိဘဲဟူမန်းဂီးတပါး ပေါ်လာဟှယ်။

19 အယ်မန်းဂီးဟှာ နို့လေရဲ့ ဘိုးဘေးလေဟှိုလှည့်ဇားဘီး သူးနို့ဟှိုနှိစစ်ဂေ့ဟှယ်။သူးနို့ရဲ့ သားဂန်းဟှားလေဟှိုလည်း သေစေဟှိုတွပ် အီပ့လန်မာ ပစ်ဟှားခိုင်းဟှယ်။

20 အယ်ခီကာလမာ မောရှေဟှာ မွီးလာဟှယ်။ မောရှေဟှာ ဘုရားသခင်ရှေ့မာရရာတိုင်း နားလူဘွယ်ကောန်းဟူ သားဂန်းဟှား ဖြစ်ဟှယ်။ သူ့မိသားစုရဲ့ သောင်းလလောင်းလောင်း စောန့်ရှော့-က်ဇာဟှိုခံရဘီး၊

21 သူဟှာ အီပ့လန်မာ ပစ်ဟှားခံရဟူခီမာ ဖာရောမန်းဂီးရဲ့ သမီးတော်ဟှ သူ့ဟှိုသားနေန မွီးဇားလေဟှယ်။

22 မောရှေဟှာ အဲဂုတ္တုတုလူလေရဲ့ တတ်ပညာ ဂူလောင်း သန်ဟှားဘီးနှလောင်းရည်၊ လတ်ရောင်းရည်လေန ပ့လဲ့ဇောင်ဟူလူ ဖြစ်ဟှယ်။”

23 “သူဟှာ သတ်လေးဆယ်ပ့လဲ့ဟူ ခီမာ သူ့ညီကိုလေဖြစ်ဟူ ဣသရေလလူလေနားဟှိုသွားလည်ဟှို့တွပ် စိဆောင်းဖြတ်လိုက်ဟှယ်။

24 ဣသရေလလူ တယော့-က်ဟှိုအဲဂုတ္တုတုလူ တယော့-က်ဟှ ညှဉ်းဆဲနေဇာဟှိုဖြင်ဟူခီမာ သူ့လူဖတ်ဟှနေ ဝမ်ကူညီဘီး အဲဂုတ္တုတုလူဟှိုသတ်လိုက်ဘီးဟှာဂလဲ့စားချေလေဟှယ်။

25 မောရှေဟှာ သူ့ရဲ့ ညီကို မောန်နှမလေဟှိုကယ်တန်ဟှို့တွပ် သူးနို့ဟှိုဘုရားသခင်ဟှ လွတ်လိုက်ဟှယ် ဆိုဇာဟှိုသူးနို့လေဟှ နားလည်ဂေ့လေ့မယ် ဆိုဘီးထန်ဟှားဟှယ်။ အယ်ဘေမဲ့ အယ်လူလေဟှာ နားလည်ဂေ့ဟှ။

26 နော့-က်တနေ့မာ ဣသရေလလူ နှေ့ယော့-က်ဟှာ ရန်ဖြစ်နေဂေ့ဇာဟှိုဖြင်ဟူခီမာမောရှေဟှ ‘နန်းနို့ဟှာ ညီကိုရှင်းဖြစ်ဘီးဟှာ ဖြားဖြစ်ကြောန့် ရန်ဖြစ်နေဂေ့နှး’ ဆိုဘီးသူးနို့ဟှိုမေးဘီး ရန်ငြီးဟှို့တွပ် ကြိုးစားလေဟှယ်။

27 အယ်ဘေမဲ့ နိုင်ကျင့်နေဟူလူဟှာ မောရှေဟှိုဘေးဟှိုတွန်းလိုက်ဘီးန ‘နို့လေဟှိုတရားစီရင်ဟှို့တွပ် အောက်ချောက်မားဖြစ် နန့်ဟှိုဖယ်သူဟှ ခန့်ဟှားနှး။

28 နတ်ကီးဒူးဟု အဲဂုတ္တုတူလူ တယောဒ်-က်ဟို့ သတ်မျိုး ငါ့ဟို့လည်း သတ်ဟို့လော'
ဆိုဘီး မေးဟုယ်။
29 မောရှေဟုာ အယ်စကားဟို့ ကြားဟူ ခီမာ အဲဂုတ္တုပြည်ဟုနေ
ထွပ်ပုလေးဟုားဘီး မိဒျန်ပြည်မာ နေလေဟုယ်။ အယ်ပြည်မာ သားနှေ့ယော့-က်ဟို့
ရလေဟုယ်။
30 "နှစ်လေးဆယ် ကြာဘီးန သိနာတောန်နားဟု ကန္တာရထဲမာ မီးလောန်နေဟူ
ချောင်ထဲမာ ကောန်းဂန်တမန် တပါးဟုာ မောရှေဟို့ ကိုယ်ထန်ရှားပြလေဟုယ်။
31 အယ်မူဇာဟို့ ဗြင်ဟူ ခီမာ မောရှေဟုာ ရရာတိုင်း အံ့သြဘီးန
ရှင်းရှင်းလန်းလန်းဟုား ဗြင်ရဟို့တွပ် နီးနားဟို့ တိုးဟုားဟုယ်။ အယ်ဘေမဲ့
ဘုရားသခင်ဟု
32 'ငါဟုာ နန်းနို့ ဘိုးဘေးလေရဲ့ ဘုရားသခင်၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်ရဲ့
ဘုရားသခင် ဖြစ်ဟုယ်' ဆိုဘီး သံတော်ဟို့ ကြားရဟူကြောန့် မောရှေဟုာ
ကြော့-က်လန့် တူလျောက်ဟုားဘီး ကေ့ဟို့ရဲဘဲ ဖြစ်ဟုားဟုယ်။
33 ဘုရားသခင်ဟု 'နန် ခေနန်းဟုားဟူ နေရာဟုာ သန့ရှင်းဟူမှလေ ဖြစ်ဟုယ်။
နန့်ခေနပ်ဟို့ ခလွတ်လိုက်။
34 အဲဂုတ္တုပြည်မာ ငါ့လူမျိုးလေဟို့ နှိစစ်ခံနေရဇာဟို့ ငါဗြင်ရဟုယ်။ သူးနို့ရဲ့
ညည်းတွားသံလေဟို့ ငါကြားရဟုယ်။ သူးနို့ဟို့ ကယ်တန်ဟို့တွပ် ငါဆင်းလာဘီ။
အယ်ကြောန့် ခုလာဟုယ်။ နန့်ဟို့ အဲဂုတ္တုပြည်ဟို့ ငါလွတ်မယ်' ဆိုဘီး မောရှေဟို့
မိန့်တော်မူလေဟုယ်။"
35 "မောရှေဟုာ ကြသရေလလူမျိုးလေရဲ့ ပစ်ပယ်ခံရဟူလူ ဖြစ်ဟုယ်။ အယ်ဘီးဟုာ
'နို့လေဟို့ တရားစီရင်ဟို့တွပ် အောက်ချောက်မားဖြစ် နန့်ဟို့ ဖယ်သူဟု ခန့်ဟုားနူး'
ဆိုဘီး အယ်လူလေရဲ့ မေးဇာဟို့လည်း ခံရဟုယ်။ အယ်ဘေမဲ့ သူဟုာ ကြသရေလ
လူမျိုးလေဟို့ အောက်ချောက်ဟို့တွပ် မီးတော့-က်နေဟူ ချောင်ထဲမာ ထန်ရှားဟူ
ကောန်းဂန်တမန် တပါးရဲ့ ကူညီန ကြသရေလလူမျိုးလေ လွတ်မြော့-က်ဟို့တွပ်
ဘုရားသခင် လွတ်လိုက်ဟူလူ ဖြစ်ဟုယ်။
36 သူဟုာ အဲဂုတ္တုပြည်န ပန်လယ်နီမာရော၊ နှစ်လေးဆယ် လောင်းလောင်း
တောကန္တာရထဲမာရော အံ့သြဘွယ်ရာန နိမိတ်လတ်ခဇာလေဟို့ ပြဘီး ကြသရေလ
လူမျိုးလေဟို့ အဲဂုတ္တုပြည်ဟုနေ ခေါ်ဆောန်လာဟူ လူဖြစ်ဟုယ်။
37 အယ်မောရှေဟုာ ကြသရေလ လူမျိုးလေဟို့ 'နန်းနို့ရဲ့ ညီကိုလေထဲမာ ငါ့နတူဟူ
ပရောဖက်တပါးဟို့ ဘုရားသခင်ဟုာ နန်းနို့တွပ် ပေါ်ခိုင်းလေ့မယ်' ဆိုဘီး ပြောဟူလူ
ဖြစ်ဟုယ်။
38 သူဟုာ တောကန္တာရမာ စုနေဟူ ကြသရေလ လူမျိုးလေနရော၊ နို့လေ
ဘိုးဘေးလေနရော၊ သိနာတောန်ထတ်မာ သူ့ဟို့ စကားပြောဟူ ကောန်းဂန်တမန်နရော
တူးဒူရှိနေဟူလူ ဖြစ်ဟုယ်။ နို့လေဟို့ ပြောဟို့တွပ် ဘုရားသခင်နားဟုနေ သတ်ရှင်စေဟူ
တရားတော်ဟို့ ရလာဟူလူလည်း ဖြစ်ဟုယ်။"

39 “အယ်ဘေမဲ့ နို့လေရဲ့ ဘိုးဘေးလေဟာ သူ့စကားဟို့ နားထောန်ဂေ့ဟု။ သူ့ဟို့
ငြင်းပယ်ဘီးဟာ သူးနို့ရဲ့ စိန့လောင်းဟ့ အဲဂုတ့တုပြည်ဟို့ ပ့လန်ရှင်ဂေ့ဟ့ယ်။
40 သူးနို့ဟာ ‘နို့လရှေ့ဟ့ ကြွဟ့ားမယ့် ဘုရားလေဟို့ နို့လေတွပ် လောက်ပေးပါ။
နို့လေဟို့ အဲဂုတ့တုပြည်ဟ့နေ ခေါ်ဆောန်လာဟ့ အယ်မောရှေဟ့
ဖယ်မျိုးဖြစ်ဟ့ားဟ့ယ်ဆိဇာ နို့လေသိဂေ့ဟ့’ ဆိုဘီး အာရုန်ဟို့ ပြောဂေ့ဟ့ယ်။
41 အယ်ဘီးန သူးနို့ဟာ နွားသားဂန်းဟ့ား ရောက်ထုဟို့ လောက်ဘီးဟာ သူးနို့လတ်န
လောက်ဟ့ားဟ့ူရောက်ထုဟို့ ယဇ်ပူဇော်ဘီးဟာ စားဗွဲသော့-က်ဗွဲ လောက်ဂေ့ဟ့ယ်။
42 အယ်ကြောန့် ဘုရားသခင်ဟာ သူးနို့ဟို့ မျစ်နာလွဲဘီးဟာ
ကောန်းဂန်ကြယ်တာရာလေဟို့ ကိုးကွယ်ဂေ့ဟို့တွပ် စွန့်ပစ်ဟ့ားလိုက်ဟ့ယ်။
ပရောဖက်ကျမ်းမာ”
“ ‘ဣသရေလ လူမျိုးလေ၊ နန်းနို့ဟာ တောကန္တာရမာ နှစ်လေးဆယ် လောင်းလောင်း
ယဇ်ကောန်လေဟို့ ပူဇော်ဟို့တွပ်
ငါ့နားဟို့ ယူလာဖူးဘဲ့လော။
43 နန်းနို့ဟာ မောလုပ်ရဲ့ တဲန
နန်းနို့ရဲ့ ဘုရား ရှင်ဖန်ရဲ့ ကြယ်လေဟို့ သယ်လာဂေ့ဟ့ယ်။
အယ်ဇာလေဟာ နန်းနို့ ကိုးကွယ်ဟို့တွပ် လောက်ဟ့ားဟ့ူ ရောက်ထုလေ ဖြစ်ဂေ့ဟ့ယ်။
အယ်ကြောန့် နန်းနို့ဟို့ ဗာဗုလုန်ဖြို့ဟို့ ကျော်ဘီးဟာ ခေါ်ဆောန်ဟ့ားမယ်’ ဆိုဘီး
ရေးဟ့ားတိုင်းဘဲ့ ဖြစ်လာဟ့ယ်။”
44 “နို့လေရဲ့ ဘိုးဘေးလေတွပ် တောကန္တာရမာ သတ်သေခံဟ့ူ တဲတော် ရှိဟ့ယ်။
မောရှေဟို့ ဘုရားသခင်ပြဟ့ားဟ့ူ ပေါင်ဇံတိုင်း သတ်သေခံဟ့ူ တဲတော်ဟို့
ဆော့-က်ဂေ့ဟ့ယ်။
45 နို့လေရဲ့ ဘိုးဘေးလေဟာ သူးနို့ရဲ့ ဖလေနားဟ့နေ အယ်တဲတော်ဟို့
မွေဆစ်ခံဘီးဟာ ဘုရားသခင် နှန်ထုဟ့ူ လူမျိုးလေရဲ့ ပြည်ဟို့ ယောရှုနတူးဒူ
ချီတတ်ဘီးဟာ သီးပိုက်ဂေ့ဟ့ူ ခီမာ အယ်တဲတော်ဟို့ သယ်ဟ့ားဂေ့ဟ့ယ်။
အယ်တဲတော်ဟ့ ဒါဝိဒ်မန်းဂီး လတ်ထတ်ထိ ရှိနေဟ့ယ်။
46 ဒါဝိဒ်ဟာ ဘုရားသခင်ရှေ့မာ မျစ်နာသာရဟ့ူလူ ဖြစ်ဟ့ယ်။ အယ်ဘီးဟာ
ယာကုပ်ရဲ့ ဘုရား * ကိန်းဝပ်ဘီးနေဟ့ူ ဗိမာန်တော်ဟို့ ဆော့-က်ရဟို့တွပ်
ဘုရားသခင်ဟို့ တောန်းရှော့-က်ဟ့ယ်။
47 အယ်ဘေမဲ့ ဘုရားသခင်ရဲ့ ဗိမာန်တော်ဟို့ ဆော့-က်ခွမ့်ရဟ့ူ လူဟ့
ရှောလမုန်မန်းဂီး ဖြစ်လေဟ့ယ်။”
48 “အယ်ဘေမဲ့ ဖြစ်ဆောင်းဖြစ်ဟ့ူ ဘုရားသခင်ဟာ လူလတ်န ဆော့-က်ဟ့ားဟ့ူ
အီမာ ကျိန်းဝပ်ဟ့ ဆိုဘီး ပရောဖက်ဟ့ပြောဟ့ယ်။”
49 ဘုရားသခင်ဟ့ “‘ကောန်းဂန်ဘောင်ဟာ ငါ့ရဲ့ ပလ္လင်ဖြစ်ဟ့ယ်။
မ့လေဂီးဟာ ငါ့ရဲ့ ခေတန်ခေါင် ဖြစ်ဟ့ယ်။

* **7:46 ၃.၄၆** ယာကုပ်ရဲ့ ဘုရား၊ တချို့ မူရင်းလတ်ရေးမူလေမာ ဣသရေလလူလေ၊ ဆိုဘီး ပါရှိဟ့ယ်။

နန်းနို့ဟှာ ဖြားအီမျိုး ငါ့တပ် ဆော့-က်ဂေ့ဟို့နူး။
ငါကျိန်းဝပ်နေဟူ နေရာဟှာ ဖယ်မာနူး။
50 ငါကိုယ်တိုင်ဘဲ့ အယ်ဇာလေဟို့
ဖန်ဆင်းဇာ မူဟှလော'"
ဆိုဘီး မိန့်တော်မူလေဟှယ်။
51 "နန်းနို့ဟှာ ရရာတိုင်း ခေါင်းမာဂေ့ဟှယ်! နန်းနို့ စိန္နလောင်းဟှာ ဘုရားသခင်ရဲ့
တရားတော်ဟို့ ကြားရဟို့တပ် နားပန်းဂေ့ဟှယ်! နန်းနို့ဟှာ နန်းနို့ ဘိုးဘေးလေမျိုးဘဲ့
သန့်ရှင်းဟူဝိညာဉ်တော်ဟို့ မြဲဒမ်းဆန့်ကျင်ဂေ့ဟှယ်။
52 နန်းနို့ ဘိုးဘေးလေ ညှဉ်းဆဲဖူးဘဲဟူ ပရောဖက်လေ ရှိဘဲ့လော။ သူးနို့ဟှာ
ဘုရားသခင်ရဲ့ ဖြောန့်မတ်ဟူစေခံ ကြွလာမယ့် ကြောန်းဟို့ ကြိုတန်ဘီးဟောဂေ့ဟူ
ပရောဖက်လေဟို့ သတ်ပစ်ဂေ့ဟှယ်။ ခုလည်း နန်းနို့ဟှာ အယ်သခင်ဟို့
သတ်လိုက်ဂေ့ဟှယ်။
53 နန်းနို့လေဟှာ ကောန်းဂန်တမန်လေဟှနေ တဆင့် ပေးလိုက်ဟူ ပညတ်တော်ဟို့
ရဘေမဲ့ အယ်ပညတ်တော်ဟို့ လိုက်နာဂေ့ဟှ" ဆိုဘီး သတေဖန်ဟှ ပြောလေဟှယ်။

သတေဖန်ဟို့ ကွလော့-က်ခဲန ပစ်ဂေ့ကြောန်း

54 ယုဒတရားလွှတ်တော် ဖွဲ့ဝမ်းလေဟှာ အယ်စကားဟို့ ကြားရဟူ ခီမာ ရရာတိုင်း
ဒေါသထွပ်ဘီးဟှာ အံကွလိနေဂေ့ဟှယ်။
55 သတေဖန်ဟှာ သန့်ရှင်းဟူဝိညာဉ်တော်နု ပ္လဲ့ဝဘီး ကောန်းဂန်ဟို့ ကေ့လိုက်ဟူ
ခီမာ ဘုရားသခင်ရဲ့ ဖောင်းသရေတော်နု ဘုရားသခင်ရဲ့ ညာဖတ်မာ ယေရှုရပ်နေဇာဟို့
ဖြင်နေရဟှယ်။
56 သတေဖန်ဟှ "ငါဟှာ ကောန်းဂန်ပွမ့်နေဇာန လူ့ရဲ့သားဟှာ ဘုရားသခင်ရဲ့
ညာဖတ်မာ ရပ်နေဇာဟို့ ငါဖြင်ရဟှယ်" ဆိုဘီး ပြောဟှယ်။
57 အယ်လူလေဟှာ သံကွလယ်ဂီး အော်ဘီးဟှာ သူးနို့ရဲ့ နားလေဟို့ လတ်န
ပိဟှားဘီးဟှာ သတေဖန်နားဟို့ တရှိထိုး ပ္လေးလာဂေ့ဘီးဟှာ၊
58 သူ့ဟို့ ဖြို့ပ္လန်ဟို့ ဆွဲထုဘီးန ကွလော့-က်ခဲန ပစ်ဂေ့ဟှယ်။ သိသတ်သေလေဟှာ
သူးနို့ အန်းဂီလေဟို့ ရှောလုနာမယ်ရှိဟူ လူငယ် တယော့-က်နားမာ ထားရစ်ဂေ့ဟှယ်။
59 သူးနို့ဟှာ ကွလော့-က်ခဲန ပစ်နေဟူ ခီမာ သတေဖန်ဟှာ "သခင်ယေရှု၊
ကျွန်တော့်ရဲ့ ဝိညာဉ်ဟို့ လတ်ခံတော်မူပါ" ဆိုဘီး ဆုတောန်းဟှယ်။
60 သူဟှာ ဒူးထော့-က်ဘီးဟှာ "သခင်ဘုရား၊ သူးနို့ရဲ့ ပြစ်ဟို့ ခွမ့်လွှတ်ပေးပါ ဆိုဘီး
သံကွလယ်ဂီး အော်ဘီးန သေဟှားလေဟှယ်။"

8

1 ရှောလုဟှာ သတေဖန် သတ်ခံရဟူ မူမာ သတ်သေ ဖြစ်ဟှယ်။

ရှောလုဟှာ သင်းတော်ဟို့ ညှဉ်းဆဲဟူကြောန်း

အယ်နေ့မာဘဲ့ ယေရုရှလင်မြို့ဟှ သင်းတော်မာ ပြင်းထန်ဟှူ ညှဉ်းဆဲဇာလေဟှာ စဘီး ဖြစ်လာဟှယ်။ အယ်ကြောန့် တမန်တော်လေဟှလွဲဘီး ယောင်ကြည်သူလေ ဂူလောင်းဟှာ ယုဒပြည်န ရှမာရိပြည်လေဟို့ ထွပ်ပ့လေးဂေ့ဟှယ်။

2 ဘုရားတရားဟို့ ရိုသေဟှူ လူတချို့ဟှာ သတေဖန်ဟို့ သင်္ဂြိဟ်ဘီး သူ့တွပ် ရရာတိုင်း ဝိုဂေ့ဟှယ်။

3 အယ်ဘေမဲ့ ရှောလုဟှာ အီဘီးအီ ဝမ်ဘီးဟှာ ယောင်ကြည်သူ ယော့-က်ကျားလေန မီးမလေဟို့ ဆွဲထုဘီး ထောန်ထဲမာ ခ့လဟှားဘီး သင်းတော်ဟို့ ဖျစ်ဆီးဟို့တွပ် ကြိုးစားနေဟှယ်။

ရှမာရိပြည်မာ ဒန်းကောန်းဟောပြောကြောန်း

4 ဖ့လဲဖ့လဲစင်ဖြစ်ဟှားဟူ ယောင်ကြည်သူလေဟှာ နေရာတိုင်းဟို့ သွားဘီးဟှာ ဒန်းကောန်းဟို့ ဟောပြောဂေ့ဟှယ်။

5 ဖိလိပ့ပုဟှာ ရှမာရိပြည်ရဲ့ ခိကမြို့တော်*ဟို့ သွားဘီး ခရစ်တော်ကြောန်းဟို့ ဟောပြောဟှယ်။

6 လူလေဟှာ ဖိလိပ့ပုပြဟူ နိမိတ်လတ်ခဏာလေဟို့ ဗြင်ဟူ ခီမာ သူ့ရဲ့ တရားစကားဟို့ အာရောင်စိုက်ဘီး နားထောန်ဂေ့ဟှယ်။

7 နတ်ဆိုးစွဲနေဟူ လူလေဘောင်ဂီးထဲဟှနေ နတ်ဆိုးလေဟှာ သံက့လယ်ဂီးန အော်ဘီးဟှာ ထွပ်ဟှားဂေ့ဟှယ်။ လေဖြတ်ဟူလူ၊ ခေလတ်သန်ဘဲ့ဟူ လူလေဟှာ ရောဂါပျော့-က်ဟှားဂေ့ဟှယ်။

8 အယ်ကြောန့် အယ်မြို့မာ ရရာတိုင်း ဝန်းသာဟှားဂေ့ဟှယ်။

9 အယ်မြို့မာ ရှိမုန် နာမယ်ရှိဟူလူ တယော့-က်ရှိဟှယ်။ သူဟှာ သူ့ရဲ့ နတ်ဝိဇ္ဇာပညာန ရှမာရိ လူမျိုးလေဟို့ အံ့သြစေဘီး သူ့ကိုယ်သူ ထူးမြတ်ဟူလူ ဖြစ်ဟှယ် ဆိုဘီး ဝါကြွားလေဟှယ်။

10 အယ်မြို့မာရှိဟူ လူတန်းစားလေ ဂူလောင်းဟှ သူ့ဟို့ အာရောင်စိုက်ဘီး “အယ်လူဟှာ ဘုရားသခင်ရဲ့ ‘မဟာတဂိုးတော်’ ဖြစ်ဟှယ်” ဆိုဘီး ပြောဂေ့ဟှယ်။

11 သူးနို့ဟှာ ရှိမုန်ဟို့ အာရောင်စိုက်နေဇာဟှ သူဟှာ ခီကြာဂီး နတ်ဝိဇ္ဇာပညာန အံ့သြစေဟူကြောန့် ဖြစ်ဟှယ်။

12 အယ်ဘေမဲ့ ဘုရားသခင်ရဲ့ နိုင်ငံတော်ကြောန်းန ယေရှုခရစ်တော်ကြောန်း ဒန်းကောန်းဟို့ ဖိလိပ့ပုဟှ ဟောဟူ ခီမာ အယ်လူလေဟှာ ယောင်ကြည်လာဂေ့ဘီးဟှာ ယော့-က်ကျားလေရော မီးမလေပါ ဗတ္တိဇံဟို့ ခံဂေ့ဟှယ်။

13 ရှိမုန် ကိုယ်တိုင်လည်း ယောင်ကြည်ဘီး ဗတ္တိဇံဟို့ ခံဘီးန ဖိလိပ့ပုနားမာ နေနေဟှယ်။ သူဟှာ ကီးမားဟူ အံ့သြဘွယ်လေန နိမိတ်လတ်ခဏာလေဟို့ ဗြင်ရဟူ ခီမာ အံ့သြနေဟှယ်။

8:3 ၈.၃ တ ၂၂.၄.၅: ၂၆.၉–၁၁ * **8:5 ၈.၅** ခိကမြို့တော်၊ တချို့ မူရင်းလတ်ရေးမူလေမာ မြို့တမြို့၊ ဆိုဘီး ပါရှိဟှယ်။

14 ရှမာရိပြည်သားလေဟှာ ဘုရားသခင်ရဲ့ စကားတော်ဟို့ ခံယူဂေ့ဟှယ် ဆိုဇာဟို့
ယေရုရှလင်ဗြို့မာရှိဟူ တမန်တော်လေ ကြားရဟူ ခီမာ ပေတရုန ယောဟန်လေဟို့
သူးနို့နားဟို့ လွတ်လိုက်ဂေ့ဟှယ်။
15 တမန်တော်နှေ့ပါးဟှာ ရော့-က်လာဟူ ခီမာ သန်ရှင်းဟူဝိညာဉ်တော်ဟို့
ယောင်ကြည်သူ လူသစ်လေ လတ်ခံရရှိဟို့ ဆိုဘီး သူးနို့တွပ် ဆုတောန်းဂေ့ဟှယ်။
16 ဖြားဖြစ်ကြောန်နူးဆိုဟှာ သူးနို့လေဟှာ သခင်ယေရှု နာမတော်နှိုက် ဗတ္တိဇံဟို့
ခံယောင်မျှဘဲ့ ရှိသေးဘီး သန်ရှင်းဟူဝိညာဉ်တော်ဟှာ အယ်လူလေထဲဟှ
ဖယ်လူထတ်မာလည်း ရော့-က်လာသေးဟှ။
17 အယ်ဘီးန ပေတရုန ယောဟန်လေဟှာ သူးနို့ထတ်ဟို့ လတ်တန်ဂေ့ဟူ ခီမာ
သူးနို့ဟှာ သန်ရှင်းဟူဝိညာဉ်တော်ဟို့ ခံရဂေ့ဟှယ်။
18 တမန်တော်လေ လတ်တန်ဟူ ခီမာ သန်ရှင်းဟူဝိညာဉ်တော်ဟို့
အယ်ယောင်ကြည်သူလေ ရရှိဟှားဟှယ် ဆိုဇာဟို့ ရှိမုန်ဟှ ဗြင်ဟှားဟူကြောန့် ကပ်ဟို့
ယူလာဘီးဟှာ၊
19 “ကျွန်တော် လတ်တန်လိုက်ဟူ လူတိုင်းဟှာ သန်ရှင်းဟူဝိညာဉ်တော်ဟို့ ရဟို့တွပ်
တဂိုးအာဏာဟို့ ကျွန်တော်ဟို့လည်း ပေးပါ” ဆိုဘီး တောန်းလိုက်ဟှယ်။
20 ပေတရုဟှ “နန်ဟှာ ဘုရားသခင်ရဲ့ ဆကျေးဇူးဟို့ ကပ်န ဝယ်နိုင်ဟှယ် ဆိုဘီး
ထန်မှတ်ဟူကြောန့် နန့်ရဲ့ ကပ်ဟှာ နန့်နတူးဒူ ပျစ်စီးပါစေ။
21 ဘုရားသခင်ရှေ့မာ နန့်ရဲ့ စိနလောင်းဟှာ ဖြောန့်ဘဲဟူကြောန့် နို့လေရဲ့
လောက်ထဲမာ ပါဝမ်ခွမ့် မှေ့ဟှ။ နန်ဝီစုလည်း မှေ့ဟှ။
22 အယ်မျိုး ဆိုးညစ်ဟူ ကြဲစည်ဟို့ နောန်ဒရဘီး အယ်မျိုးစိနလောင်းထဲမာ
ကြဲစည်မိဟူဇာဟို့ ပြစ်လွတ်ခံရဟို့တွပ် သခင်ဘုရားနားမာ ဆုတောန်းပါ။
23 ဖြားဖြစ်ကြောန်နူးဆိုဟှာ နန်ဟှာ ရိုးသားဘဲဟူစိန ပ့လဲ့နေဘီးဟှာ ပြစ်ရဲ့
ချောက်နှောန်ဇာထဲမာ ရှိနေဇာဟို့ ငါဖြင်ဟှယ်” ဆိုဘီး ပြောဟှယ်။
24 ရှိမုန်ဟှ “သင်ပြောနေဇာလေ တခုလည်းဖြစ်ဘဲဟို့တွပ် သခင်ဘုရားဟို့
ကျွန်တော်တွပ် ဆုတောန်းပေးဂေ့ပါ” ဆိုဘီး တောန်းဗန်လေဟှယ်။
25 ပေတရုန ယောဟန်လေဟှာ သခင်ဘုရားရဲ့ စကားတော်ဟို့ သတ်သေခံဘီးဟှာ
ဟောပြောဘီးန ယေရုရှလင်ဗြို့ဟို့ ပ့လန်ဟှားဂေ့ဟှယ်။ ပ့လန်ခရီးမာ သူးနို့ဟှာ
ရှမာရိဝါလေမာ ဒန်းကောန်းဟို့ ဟောပြောဂေ့ဟှယ်။

ဖိလိပ့ပုန အဲသယောပီ ရာရှိကြောန်း

26 ဘုရားသခင်ရဲ့ ကောန်းဂန်တမန်ဟှာ ဖိလိပ့ပုဟို့ “နန်ဟှာ ထဘီးဟှာ
ယေရုရှလင်ဗြို့ဟှနေ ဂါဇဗြို့ဟို့ သွားဟူလမ်းတိုင်း တောန်ဖတ်†ဟို့ သွားလိုက်” ဆိုဘီး
ပြောလိုက်ဟှယ်။ ခုခီမာ အယ်လမ်းဟို့ သောင်းဂေ့ဟှမ်း။‡

† **8:26 ဓ.၂၆** တောန်ဖတ်၊ အယ်မျိုးမူဘဲနေဟှာ မွန်းဒဲ့။ ‡ **8:26 ဓ.၂၆** ခုခီမာ အယ်လမ်းဟို့ သောင်းဂေ့ဟှမ်း၊
အယ်မျိုးမူဘဲနေဟှာ အယ်လမ်းဟှာ ကန္တာရလမ်းဖြစ်ဟှယ်။

27 အယ်ကြောန့် ဖိလိပ္ပုပုဟာ ထဘီးဟာ သွားလေဟုယ်။ အယ်ဘီးန
အဲသယောပိပြည်ဟု မိဖုရား ကန္ဒက်ရဲ့ မှူးမတ်ဂီးဖြစ်ဘီး မိဖုရားရဲ့ ဘဏ္ဍာလေ
ဂူလောင်းဟို့ စီမံခန့်ခွဲရဟူ အဲသယောပိပြည်သား တယော့-က်ဟာ ယေရုရှလင်ဗြို့ဟို့
လာရော့-က် ဝတ်ပြုကိုးကွယ်ဘီး
28 ပ့လန်လမ်းမာ သူ့ရဲ့ ဗြင်းရထားထတ်မာ ထိုင်ဘီး ပရောဖက် ဟေရှာယရဲ့
ကျမ်းစာဟို့ ဖတ်နေဟုယ်။
29 ဝိညာဉ်တော်ဟာ ဖိလိပ္ပုပုဟို့ "အယ်ဗြင်းလှည်းနားဟို့ သွားလိုက်" ဆိုဘီး
ပြောဟုယ်။
30 ဖိလိပ္ပုပုလည်း ပ့လေးဟားဘီးဟာ ပရောဖက်ဟေရှာယကျမ်းဟို့ အယ်လူဟာ
ဖတ်နေဇာဟို့ ကြားဟူ ခီမာ "နန်ဖတ်နေဇာဟို့ နားလည်ဘဲ့လော" ဆိုဘီး
မေးလိုက်ဟုယ်။
31 အယ်ရာရှိဟာ "ရှင်းပြပေးမယ့်လူ မ့ေဘဲန ဖယ်မျိုးနားလည်ဟို့နူး" ဆိုဘီး
ပ့လန်ဖြေလေဟုယ်။ သူဟာ ဖိလိပ္ပုပုဟို့ ဗြင်းလှည်းထတ်ဟို့ တတ်ခိုင်းဘီးဟာ
သူနတူးဒူ ထိုင်ဟို့တွပ် တိုက်တွန်းလိုက်ဟုယ်။
32 အယ်လူဖတ်နေဟူ ကျမ်းချစ်ဟု
"သတ်ခံရဟို့တွပ် ဆွဲခေါ်ဟားဟူ သိုးမျိုးဘဲ့ သူဟို့ ယူဆောန်ဟားဂေ့ဟုယ်။
မွီးညှပ်မားရ့ေမာ သိုးသားဂန်းဟားဟာ
သူ့နှောက်ဟို့ ပိဟားမျိုး သူဟာ သူ့နှောက်ဟို့ ဖွမ့်ဘဲနေဟုယ်။
33 သူဟာ ရှောက်ခ့လဇာဟို့ ခံရဘီး
တရားမျှတမှုတွပ် ငြင်းပယ်ခံရဟုယ်။
အယ်လောကဟာ သူ့သတ်ဟို့ ရောက်သီးဟားကြောန့်
ဖယ်လူလည်း သူ့ရဲ့ သားမ့လေးလေကြောန်းဟို့ ပြောပြနိုင် ဂေ့ဟု"
ဆိုဘီး ပြောဟုယ်။
34 အယ်ရာရှိဟု "နန့်ဟို့ မေးအူးမယ်။ ပရောဖက်ဟာ ဖယ်လူရဲ့ ကြောန်းဟို့
ပြောနေနူး။ သူကိုယ်သူ ပြောနေဇာလော။ တခြားလူ တယော့-က် ကြောန်းလော"
ဆိုဘီး ဖိလိပ္ပုပုဟို့ မေးဟုယ်။
35 ဖိလိပ္ပုပုဟာ အယ်ကျမ်းပိုဒ်နဘဲ့ စပြုဘီးဟာ ယေရှုကြောန်း ဒန်းကောန်းဟို့
ပြောလေဟုယ်။
36 သူးနို့ဟာ ဆစ်ဘီးဟာ ခရီးသွားနေဂေ့ဟူ ခီမာ ရေရှိဟူနေရာဟို့
ရော့-က်ဟားဂေ့ဘီး အယ်ရာရှိဟု "အယ်နေရာမာရေရှိဟုယ်။ ကျွန်တော်
ဗတ္တိဇံခံဟို့တွပ် တားဆီးမယ့် ဇာလေရှိလော" ဆိုဘီး ပြောဟုယ်။
37 §

§ **8:37** **၈.၃၇** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၃၇ ဟို့၊ ဖိလိပ္ပါဟု သူဟို့ "နန်ဟာ စိန့လောင်းန
ယောင်ကြည်မယ် ဆိုဟာ နှစ်ရှင်းခံနိုင်ဟုယ်၊" ဆိုဘီး ပြောဟုယ်။ သူဟု "ငါလောက်မယ်၊ ဘုရားသခင်ရဲ့ သားတော်
ယေရှုခရစ်ဟို့ ငါယောင်ကြည်ဟုယ်၊" ဆိုဘီး ထပ်ပေါန်းထဲ့ဟားဟုယ်။

38 ရာရှိဟာ ဖြင်းလှည်းဟို့ ရပ်ခိုင်းလိုက်ဟယ်။ အယ်ဘီးန သူးနို့ နှေ့ယော့-က်ဟာ
ရေထဲဟို့ ဆင်းဟားဂေ့ဘီးဟာ ဖိလိပ့ပုဟာ ရာရှိဟို့ ဗတ့တိဇံပေးလိုက်ဟယ်။
39 သူဟာ ရေထဲဟ့ ထလာဟူ ခီမာ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟာ ဖိလိပ့ပုဟို့
တခြားနေရာဟို့ ယူဆောန်ဟားလေဟယ်။ ရာရှိဟာ ဖိလိပ့ပုဟို့ နော့-က်ထပ်
တွိရဟှမ်း။ သူဟာ ဝန်းသာရှင်းပ့လဲန ခရီးဆစ်ဟားလေဟယ်။
40 ဖိလိပ့ပုဟာ အာဇုတ်ဖြို့ဟို့ ရော့-က်ရှိနေဇာဟို့ သိရဟှယ်။ အယ်ဘီးန
ကဲသရိဖြို့ဟို့ ရော့-က်ဒဲ့ထိ ဖြို့တိုင်းမာ ဒန်းကောန်းဟို့ ဟောပြောလေဟှယ်။

9

ရှောလု ပ့လောန်းလဲဟူကြောန်း
(တမန်တော် ၂၂.၆–၁၆; ၂၆.၁၂–၁၈)

1 အယ်ခီမာ ရှောလုဟာ သခင်ဘုရားရဲ့ တဗဲတော်လေဟို့ သတ်ဟို့တွပ်
ချီးခြော့-က်နေဟှယ်။ သူဟာ ယဇ်ပုရောဟိတ်မန်း နားဟို့ သွားဘီးဟာ၊
2 သခင်ဘုရားရဲ့ လမ်းစဉ်ဟို့ လိုက်ရှော့-က်ဟူ ယော့-က်ကျားန မီးမလေဟို့တွိမယ်
ဆိုဟာ အယ်လူလေဟို့ ဖမ်းဘီးဟာ ယေရုရှလင်ဖြို့ဟို့ ခေါ်လာနိုင်ဟို့တွပ်
ဒမာသက်ဖြို့မာရှိဟူ ဝါလယ်ဇရပ်လေဟို့ မှာစာလေဟို့ ရေးပေးဟို့တွပ်
တောန်းရှော့-က်လေဟှယ်။
3 ရှောလုဟာ ဒမာသက်ဖြို့နားဟို့ ရော့-က်ခါနီးမာ ကောန်းဂန်ဟှနေ
လန်းရောန်တခုဟာ သူပတ်လည်မာ ရောက်တရစ် ထွန်းတော့-က်လာဟှယ်။
4 သူဟာ မ့လေဂီးထတ်ဟို့ လဲက့လဘီးန "ရှောလု၊ ရှောလု နန်ဟာ ဖြားဖြစ်ကြောန့
ငါ့ဟို့ ညှဉ်းဆဲနူး" ဆိုဘီး သူ့ဟို့ မေးနေဟူ သံဟို့ ကြားရဟှယ်။
5 ရှောလုဟ့ "သခင်၊ ကိုယ်တော်ဟ့ ဖယ်သူနူး" ဆိုဘီး မေးလျော့-က်လိုက်ဟယ်။
သံတော်ဟ့ "ငါဟာ နန်ညှဉ်းဆဲနေဟူ ယေရှုဘဲ့ဖြစ်ဟှယ်။"
6 "အယ်ဘေမဲ့ ထဘီးဟာ ဖြို့ထဲဟို့ သွားလိုက်။ အယ်နေရာမာ နန်လောက်ရဟို့
ဇာလေဟို့ ငါပြောပြမယ်" ဆိုဘီး မိန့်တော်မူလေဟှယ်။
7 ရှောလုနတူးဒူ ခရီးသွားနေဂေ့ဟူ လူလေဟှာ အယ်သံဟို့ ကြားရဘေမဲ့
ဖယ်လူဟို့လည်း ဖြင်ရဘဲ့ဟူကြောန့ တွေဝေဘီးဟှာ ရပ်နေဂေ့ဟှယ်။
8 ရှောလုဟှာ မ့လေဂီးဟ့ထဘီးန မျစ်စိဟို့ ဖွမ့်လိုက်ဟူ ခီမာ ဖြားလည်း ဖြင်ရဟှမ်း။
အယ်ကြောန့ အယ်လူလေဟှာ သူ့လတ်ဟို့ ဆွဲဘီးဟှာ ဒမာသက်ဖြို့ထဲဟို့
ခေါ်ဆောန်ဟှားဂေ့ဟှယ်။
9 သူဟှာ သောင်းရစ်လောင်းလောင်း မျစ်ကန်းဖြစ်ဟှားဘီး ဖြားဇာလည်း
စားသော့-က်ဘဲန နေလေဟှယ်။
10 ဒမာသက်ဖြို့မာ အာနနီ နာမယ်ရှိဟူ တဗဲတော် တယော့-က်ရှိဟှယ်။
ရူပါရောင်ထဲမာ သခင်ဘုရားဟ့ အာနနီဟို့ "အာနနီ!" ဆိုဘီး ခေါ်လိုက်ဟှယ်။
အာနနီဟ့ "ကျွန်တော်ရှိပါဟှယ်။ သခင်ဘုရား" ဆိုဘီး ပ့လန်ဖြေလိုက်ဟှယ်။

11 သခင်ဘုရားဟု “နန်ထဘီး လမ်းဖြောန့် နာမယ်ရှိဟူ လမ်းဟိုသွားလိုက်။
တာရှုဗြို့သား ရှောလု နာမယ်ရှိဟူ လူဟို ယုဒရဲ့အိမာ မေးလိုက်ပါ။ သူဟာ
ဆုတောန်းနေဟုယ်။
12 သူဟာ မျစ်စိ ပ့လန်ဗြင်ရဟို့တွပ် အာနနိ နာမယ်ရှိဟူလူ လာဘီးဟာ သူ့ထတ်မာ
လတ်လာတန်ဇာဟို ရူပါရောင်ထဲမာ ဗြင်ဟားပီးဘီ” ဆိုဘီး မိန့်တော်မူလေဟုယ်။
13 အာနနိဟု “သခင်ဘုရား၊ အယ်လူဟာ ယေရုရှလင်ဗြို့မာရှိဟူ ကိုယ်တော်ရဲ့
သန့်ရှင်းဟူ လူလေဟို ဖယ်မျှလော့-က် ဒေါက်ခပေးဟုယ် ဆိုဇာ
လူလေဘောင်ဂီးနားဟုနေ ကျွန်တော်ကြားရဟုယ်။
14 ကိုယ်တော်နာမဟို ဆုတောန်းဟူ လူလေရှိမျှဟို ဖမ်းဟို့တွပ်
ယဇ်ပုရောဟိတ်ဂီးလေရဲ့ ခွမ့်အာဏာန ဒမာသက်ဗြို့ဟို လာဟူလူဖြစ်ဟုယ်” ဆိုဘီး
ရှော့-က်လိုက်ဟုယ်။
15 သခင်ဘုရားဟု “သွားလိုက်။ အယ်လူဟို လူမျိုးခြားလေ၊ မန်းဂီးလေန
ကသရေလလူမျိုးလေဟို ငါ့နာမဟို ကြေညာဟို့တွပ် ငါဝီးကော့-က်ဟုားဟုယ်။
16 ငါ့ရဲ့ နာမတော်ကြောန့် သူခံရမယ့် ဆင်းရဲဒေါက်ခကြောန်းဟို သူ့ဟို ငါကိုယ်တိုင်
ဖော်ပြမယ်” ဆိုဘီး ပြောလေဟုယ်။
17 အယ်ကြောန့် အာနနိဟာ ရှောလုရှိဟူအီဟို သွားဘီး ရှောလုထတ်မာ
လတ်ဟို့တန်ဘီးန “ညီရှောလု၊ နန်မျစ်စိ ပ့လန်ဗြင်ဟို့တွပ်ရော၊
သန့်ရှင်းဟူဝိညာဉ်တော်နေ ပ့လဲ့ဝဟို့တွပ်ရော လမ်းမာနန်ဟို ထန်ရှားပြဟူ
သခင်ယေရှုဟာ ငါ့ဟို နန့်နားဟို လွတ်လိုက်ဟုယ်” ဆိုဘီး ပြောဟုယ်။
18 ရှစ်ရှင်းဘဲ့ ရှောလုရဲ့ မျစ်စိဟုနေ ငါးကြေးလေဟာ ကွာက့်လမျိုးဖြစ်ဘီးဟာ
မျစ်စိပ့လန်ဗြင်ဟုားဟုယ်။ သူဟာ ထဘီးန ဗတ့်တိဇံခံလေဟုယ်။
19 သူဟာ စားဇာစားဘီးန ခွန်အား ပ့လဲ့လာလေဟုယ်။

ဒမာသက်ဗြို့မာ ရှောလု ဟောပြောကြောန်း

ရှောလုဟာ ဒမာသက်ဗြို့မာ တမဲ့တော်လေန ရစ်နဲနဲ ကြာအောန်နေလေဟုယ်။
20 ရှစ်ရှင်းဘဲ့ ဝါလယ်ဇရပ်လေဟို သွားဘီးဟာ ယေရှုဟာ ဘုရားသခင်ရဲ့
သားတော်ဖြစ်ဟုယ် ဆိုဇာဟို စဘီးဟာ ဟောပြောဟုယ်။
21 သူ့စကားဟို ကြားဟူလူလေဟာ အံ့သြဂေ့ဘီးဟာ “အယ်လူဟာ ယေရုရှလင်ဗြို့မာ
ယေရှုဟို ကိုးကွယ်ဟူ လူလေဟို သတ်ဟူလူ မူဟုလော။ သူဟာ အယ်လူလေဟို
ဖမ်းဘီးဟာ ယဇ်ပုရောဟိတ်ဂီးလေနားဟို ပို့ဟူလူ မူဟုလော” ဆိုဘီး မေးဂေ့ဟုယ်။
22 အယ်ဘေမဲ့ ရှောလုရဲ့ ဟောပြောချစ်ဟာ တဂိုးန ပိုဘီး ဟာ ပ့လဲ့ဇောင်လာဘီး
သခင်ယေရှုဟာ မေရှိယဖြစ်ဟုယ် ဆိုဇာဟို သတ်သေပြဘီး ဟောပြောဟူကြောန့်
ဒမာသက်ဗြို့မာနေဟူ ယုဒလူမျိုးလေဟု ပ့လန်ဘီးချေပဟို့ နိုင်ဂေ့ဟု။
23 ရစ်လေကြာဟုားဘီးန ရှောလုဟို သတ်ဟို့တွပ် ယုဒလူမျိုးလေဟာ
ကြံစည်ဂေ့ဟုယ်။

9:23 ဧ.၂၃-၂၅ ၂ ကော ၁၁.၃၂.၃၃

24 အယ်ဘေမဲ့ သူးနို့ရဲ့ စီစဉ်လေဟို့ ရှောလုဟု သိဟုားဟုယ်။ သူးနို့ဟာ ရှောလုဟို့
သတ်ဟို့တွပ် နေ့ရော၊ ညဥ့်ရော ဗြို့ရဲ့ ခွဖော့-က်နားမာ စောန့်နေဂေ့ဟုယ်။
25 ရှောလုရဲ့ တဗဲ့လေဟာ ညဥ့်ခန်းဇာမာ သူ့ဟို့ယူဘီးန တောန်းထဲဟို့ ထဲ့ဘီးဟာ
ဗြို့ရိုးထတ်ဟုနေ ရှောခ့လဂေ့ဟုယ်။

ယေရှုရှလင်ဗြို့ဟို့ ရှောလု ပ့လန်ဘီးဟာ ရော့-က်လာကြောန်း

26 သူဟာ ယေရှုရှလင်ဗြို့ဟို့ ရော့-က်လာဟူ ခီမာ တဗဲ့လေန ပေါန်းဟို့တွပ်
ကြိုးစားဟုယ်။ အယ်ဘေမဲ့ သူဟာ တဗဲ့တော်တယော့-က် ဖြစ်ဟုယ် ဆိုဇာဟို့
သူးနို့လေဟာ ယောင်ကြည်ဘဲ့ကြောန့် သူ့ဟို့ ကြော့-က်နေဂေ့ဟုယ်။
27 အယ်ဘီးန ဗာနဗဟာ သူ့ဟို့ ကူညီဘီး တမန်တော်လေနားဟို့ ခေါ်လာဟုယ်။
ရှောလုဟာ လမ်းမာ သခင်ဘုရားဟို့ ဗြင်ရဟူဇာလေရော၊ ဒမာသက်ဗြို့မာ
ယေရှူရဲ့နာမန ဖယ်မျှထိ ရဲရဲရင့်ရင့်ဟား ဟောဇာလေဟို့ရော သူဟ သူးနို့ဟို့
ရှင်းပြလေဟုယ်။
28 ရှောလုဟာ တမန်တော်လေနတူးဒူ နေဘီး ယေရှုရှလင်ဗြို့ဟို့
နှံ့အောန်သွားဘီးဟာ သခင်ဘုရားရဲ့ နာမတော်ဟို့ ရဲရဲရင့်ရင့်ဟား ဟောပြောဟုယ်။
29 သူဟာ ဟေလသစကားပြောဟူ ယုဒလေန ဆွေးနွီး ပြောဆိုဂေ့ဟုယ်။ အယ်ဘေမဲ့
အယ်လူလေဟာ သူ့ဟို့ သတ်ဟို့တွပ် ကြံစည်ဂေ့ဟုယ်။
30 အယ်ဒန်းဟို့ ညီကိုလေဟ ကြားရဟူ ခီမာ သူ့ဟို့ ကဲသရိဗြို့ဟို့ ခေါ်ဆောန်ဟားဘီး
တာရှုဗြို့ဟို့ ပို့ဂေ့ဟုယ်။
31 အယ်ကြောန့် ယုဒပြည်၊ ဂါလိလဲပြည်နှ ရှမာရိပြည် နေရာနှံ့မာရှိဟူ သင်းတော်ဟာ
ငြိသတ်ဟူ ကာလဟို့ ရဂေ့ဟုယ်။ သင်းတော်ဟာ သခင်ဘုရားဟို့ ကြော့-က်ရွံ့
ရိုသေဇာန သတ်ရှင်ဘီး သန်ရှင်းဟူဝိညာဉ်တော်ရဲ့ ကူညီရှင်းကြောန့်
ခိုင်ခန့်မြဲမြံဟားဘီး သင်းသားလေ ဘောင်ဂီးဖြစ်လာဟုယ်။

ပေတရုဟာ လုဒ္ဒဗြို့နှ ယုပ္ပေဗြို့ဟို့ ရော့-က်ဟားကြောန်း

32 ပေတရုဟာ နေရာတိုင်းဟို့ သွားဘီး လုဒ္ဒဗြို့မာရှိဟူ ဘုရားသခင်ရဲ့
သန့်ရှင်းသူလေနားဟို့ ရော့-က်ဟားဟုယ်။
33 အယ်ဗြို့မာ လေဖြတ်ဘီးဟာ ရှစ်နှစ်လောင်းလောင်း အိယာထဲမာ လဲနေဟူ
အဲနေနာမယ်ခေါ်ဟူ လူတယော့-က်ဟို့ တွိဟားဟုယ်။
34 ပေတရုဟ “အဲနေ၊ ယေရှုခရစ်တော်ဟာ နန့်ဟို့ ကျန်းမာစေဘီ။ ထဘီးဟာ
အိယာဟို့ ကော့-က်လိုက်” ဆိုဘီး သူ့ဟို့ ပြောလိုက်ဟုယ်။ အဲနေဟာ ရှစ်ရှင်းဘဲ့
ထလိုက်ဟုယ်။
35 လုဒ္ဒဗြို့နှ ရှာရုန်ဗြို့မာနေဟူ လူလေ ဂူလောင်းဟာ အဲနေဟို့ ဗြင်ဘီး
သခင်ဘုရားဖတ်ဟို့ ပ့လောန်းလဲလာဂေ့ဟုယ်။

36 ယုပ္ပေဗြို့မာ တဗိသနာမယ်ရှိဟူ တဗဲတော်မ တယော့-က်ရှိဟုယ်။ သူ့နာမယ်ဟု
ဟေလသစကားန ဆိုဟုာ “ဒေါကာ” ဖြစ်ဘီး “သမင်” ဆိုဘီး ဓိပါယ်ရဟုယ်။ သူဟုာ
မြဲဒမ်း ကောန်းဇာဟို့ လောက်ဘီး ဆင်းရဲသားလေဟို့ ကူညီဟုယ်။
37 အယ်ခီမာ သူဟုာ ဖျားဘီး သေဟုားလေဟုယ်။ သူ့လောန်းဟို့
ရေချိုးပေးဂေ့ဘီးဟုာ အီထတ်ခန်းမာ ထားဟုားဂေ့ဟုယ်။
38 လုဒ္ဒဒဗြို့နု ယုပ္ပေဗြို့ဟုာ ရရာတိုင်း ဝီးဘဲကြောန့် လုဒ္ဒဒဗြို့မာ ပေတရုရှိနေဇာဟို့
တဗဲတော်လေကြားဟူ ခီမာ “ကျွန်တော့်ဟုားလေနားဟို့ ဗြန်းဗြန်ဟုားလာပါ” ဆိုဘီး
လူနှေ့ယော့-က်ဟို့ ပေတရုနားဟို့ လွတ်လိုက်ဘီး တောန်းဗန်ဂေ့ဟုယ်။
39 အယ်ကြောန့် ပေတရုဟုာ အယ်လူနှေ့ယော့-က်န လိုက်ဟုားဟုယ်။ သူရော့-က်ဟူ
ခီမာ လူလေဟုာ သူ့ဟို့ အီထတ်ခန်းဟို့ ခေါ်ဟုားဂေ့ဟုယ်။ မောက်ဆိုးမလေဟုာ
ပေတရုနားမာ လာငိုဘီးဟုာ ဒေါကာသေခန်ဒူးဟု ချောက်ဟုားဟူ အန်းဂီလေန
ဝတ်ရောင်လေဟို့ ပြဂေ့ဟုယ်။
40 ပေတရုဟုာ အယ်လူလေဟို့ ခန်းပ့်လန်ဟို့ ထွပ်ခိုင်းဘီးဟုာ ဒူးထော့-က်
ဆုတောန်းလိုက်ဟုယ်။ အယ်ဘီးန လောန်းဖတ်ဟို့ လှည့်ဘီးဟုာ “တဗိသ ထလိုက်”
ဆိုဘီး ပြောလိုက်ဟုယ်။ ဒေါကာဟုာ မျစ်စိပွမ့်ဘီးန ပေတရုဟို့ ဗြင်ဟူ ခီမာ
ထထိုင်လိုက်ဟုယ်။
41 ပေတရုဟုာ လတ်ဟို့ ကမ်းပေးဘီးန အယ်မီးမဟို့ ဆွဲထူလိုက်ဟုယ်။ အယ်ဘီးန
သန့်ရှင်းသူလေန မောက်ဆိုးမလေဟို့ ခေါ်ဘီးဟုာ သတ်ရှင်နေဟူ ဒေါကာဟို့
ပေးလိုက်ဟုယ်။
42 အယ်ဒန်းဟို့ ယုပ္ပေဗြို့ တဗြို့လောင်း ကြားရဟူ ခီမာ လူလေဘောင်ဂီးဟု
သခင်ဘုရားဟို့ ယောင်ကြည်ဂေ့ဟုယ်။
43 ပေတရုဟုာ ယုပ္ပေဗြို့မာနေဟူ၊ ရှိမုန် နာမယ်ရှိဟူ သရေလောက်မားန
ခီကြာဂီးနေလေဟုယ်။

10

ပေတရုန ကော်နေလိကြောန်း

1 ကဲသရိဗြို့မာ ကော်နေလိ နာမယ်ရှိဟူ လူတယော့-က်ရှိဟုယ်။ သူဟုာ
“ဂ္ကတလိတပ်” ခေါ်ဟူတပ်ဟု တပ်မှူးတယော့-က်ဖြစ်ဟုယ်။
2 သူဟုာ ဘာသာရေးသမား တယော့-က်ဖြစ်ဘီး သူန သူ့မိသားတစုလောင်းဟုာ
ဘုရားသခင်ဟို့ ကိုးကွယ်ဂေ့ဟုယ်။ သူဟုာ ဆင်းရဲဟူ ယုဒလူမျိုးလေဟို့
ရစ်ရစ်ရောရောဟုား လှူတတ်ဟုယ်။ သူဟုာ ဘုရားသခင်ဟို့ ခီမှန်မှန် ဆုတောန်းဟုယ်။
3 နေဒန် သောင်းနာရီလော့-က်မာ ဘုရားသခင်ရဲ့ ကောန်းဂန်တမန်တပါးဟုာ
သူ့နားဟို့ လာဘီးဟုာ “ကော်နေလိ” ဆိုဘီး ခေါ်လိုက်ဇာဟို့ ရူပါရောင်ထဲမာ
ထန်းထန်ရှားရှားဟုား ဗြင်ရဟုယ်။

4 သူဟုာ ကြော့-က်ကြော့-က်န အယ်ကောန်းဂန်တမန်ဟို့ စိုက်ကေ့ဘီးန “သခင်၊
ဖြားကိစရှိနူး” ဆိုဘီး မေးလိုက်ဟုယ်။
အယ်ကောန်းဂန်တမန်ဟု “နန့်ဆုတောန်းသံန စွန့်ကြဲပေးကမ်းဇာလေဟို့
ဘုရားသခင်ဟု နှစ်သက်လေဟုယ်။
5 ခု ယုပ့ပေဖြို့ဟို့ လူလေဟို့ လွှတ်ဘီးဟုာ ပေတရု နာမယ်ရှိဟူ ရှိမုန်ဟို့
သွားခေါ်လာ။
6 သူဟုာ သရေလောက်မား ရှိမုန်အီမာ ရှိနေဟုယ်။ အယ်အီဟု
ပန်လယ်ကမ်းနားမာရှိဟုယ်” ဆိုဘီး ပြောဟုယ်။
7 အယ်ကောန်းဂန်တမန်ဟုာ ထွပ်ဟုားဟူ ခီမာ ကော်နေလိဟုာ သူ့ရဲ့
စေခံနှေ့ယော့-က်န ဘုရားတရားကိုင်းရှိုင်းဟူ စစ်သားတယော့-က်ဟို့လည်း
ခေါ်လေဟုယ်။
8 သူဟုာ သူးနို့ဟို့ ကြောန်းရာလေဟို့ ပြောပြဘီးဟုာ ယုပ့ပေဖြို့ဟို့ လွှတ်လိုက်ဟုယ်။
9 နော့-က်တနေ့မာ အယ်လူလေဟုာ ခရီးသွားဂေ့ဘီးန ယုပ့ပေဖြို့နားဟို့
ရော့-က်ဟုားဂေ့ဟုယ်။ မွန်းဒဲ့ခီမာ ပေတရုဟုာ ဆုတောန်းဟို့တွပ် အီးခေါ်နိမိုးထတ်ဟို့
တတ်ဟုားဟုယ်။
10 သူဟုာ ရရာတိုင်း ဗိုက်ဆာလာဘီး တခုခုစားရှင်လာဟုယ်။ စားဇာလေဟို့
ပြင်ဆင်နေဒူးမာ သူဟုာ ရူပါရောင်ဟို့ ဗြင်ရလေဟုယ်။
11 သူဟုာ ကောန်းဂန် ပွမ့်ဟုားဘီးဟုာ ဒေါ့-က်လေးဒေါ့-က်န ချောက်ဟုားဟူ
ပိစဂီးတခုန တူဟူဇာဟုာ မှုလေဂီးထတ်ဟို့ နိကှ့လလာဇာဟို့ ဗြင်ရဟုယ်။
12 အယ်မူဇာထဲမာ မှုလေဂီးထတ်မာရှိဟူ ခေလေးရှောန်းလိဆန်လေ၊ တွားဘီးသွားဟူ
လိဆန်လေန ကောန်းဂန်ဟု ငှတ်လေပါဟုယ်။
13 အယ်ဘီးန “ပေတရု၊ ထဘီး သတ်စားလိုက်” ဆိုဘီး ငါ့ဟို့ ပြောဟူသံဟို့လည်း
ငါကြားရဟုယ်။
14 ပေတရုဟု “သခင်၊ ဖယ်မျိုးလည်းဖြစ်နိုင်ဟု! ဖြားဖြစ်ကြောန့်နူးဆိုဟုာ
ကျွန်တော်ဟုာ ညစ်ညူးဇာန သန့်ရှင်းဘဲဟူဇာဟို့ ဖယ်ဒူးဟုလည်း စားဖူးဟု” ဆိုဘီး
လျှော့-က်လိုက်ဟုယ်။
15 သံတော်ဟု “ဘုရားသခင်ဟု သန့်ရှင်းဟုယ် ဆိုဇာဟို့ ညစ်ညူးဟုယ် ဆိုဘီး
ပြောန” ဆိုဘီး ဒုတိယခါ မိန့်တော်မူလေဟုယ်။
16 အယ်မျိုး သောင်းခါဖြစ်ဘီးန ရှစ်ရှင်းဘဲ အယ်ပိစဟို့ ကောန်းဂန်ထဲဟို့
ပ့လန်ဘီးဟုာ ဆွဲဒန်လိုက်ဟုယ်။
17 ပေတရုဟုာ အယ်ရူပါရောင်ရဲ့ ဓိပါယ်ဟို့ စဉ်းစားနေဒူးမာ ကော်နေလိ
လွှတ်လိုက်ဟူ လူလေဟုာ ရှိမုန်ရဲ့ အီဟို့ ရှာတွိဟုားဘီး အီခွဇော့-က်ရှေ့မာ
ရပ်နေဂေ့ဟုယ်။
18 အယ်လူလေဟု “ပေတရုနာမယ်ရှိဟူ ရှိမုန်ဟုာ အယ်အီမာရှိလော” ဆိုဘီး
အော်ဘီးဟုာ မေးဂေ့ဟုယ်။

19 ပေတရုဟာ ရူပါရောင်ကြောန်းဟို့ စဉ်းစားနေဒူးမာ ဝိညာဉ်တော်ဟာ
“လူသောင်းယော့-က်* ဟာ နန့်ဟို့ ရှာနေဂေ့ဟုယ်။
20 သူးနို့လေဟို့ ငါဘဲ့ လွတ်လိုက်ဟူကြောန့် ထဘီးဆင်းဟားလိုက်။ သံသယမွေ့ဘဲန
သူးနို့န လိုက်ဟားလိုက်” ဆိုဘီး ပြောဟုယ်။
21 ပေတရုဟာ အယ်လူလေနားဟို့ ဆင်းဟားဘီးဟာ “နန်းနို့ ရှာနေဟူလူဟာ
ငါဘဲ့ဖြစ်ဟုယ်။ ဖြားဖြစ်ကြောန့် နန်းနို့ ရော့-က်လာဂေ့နူး” ဆိုဘီး မေးဟုယ်။
22 အယ်လူလေဟု “ဖြောန်မတ်ဘီး ဘုရားသခင်ဟို့ ကြော့-က်ဟူ၊ ယုဒလူမျိုးလေရဲ့
ချီးကျူးဘီး လေးစားခံရဟူ တပ်မှူးကော်နေလိဟု လွတ်လိုက်ဟုယ်။ သင့်ဟို့ ဖိခေါဘီး
သင့်ရဲ့စကားဟို့ နားထောန်ရမယ် ဆိုဘီး သန်ရှင်းဟူ ကောန်းဂန်တမန်တပါးရဲ့
စကားတော်ဟို့ လတ်ခံရရှိဟုယ်” ဆိုဘီး ပုလန်ဖြေဂေ့ဟုယ်။
23 ပေတရုဟာ အယ်လူလေဟို့ အီထဲဟို့ ခေါဖိဘီးဟာ တည်းခိုစေလေဟုယ်။
နတ်ကီးတိုင်န သူဟာ အယ်လူလေန တူးဒူ ထွပ်ဟားဘီးဟာ ယုပ္ပေဗြိုဟု
ယောင်ကြည်သူ ညီကိုတချို့လည်း သူနတူးဒူ လိုက်ဟားဂေ့ဟုယ်။
24 နော့-က်နေ့မာ ပေတရုဟာ ကဲသရိဗြိုဟို့ ရော့-က်ဟားဟုယ်။ အယ်ဗြိုမာ
ကော်နေလိဟာ သူခေါဖိဟားဟူ ဆွေမျိုးလေန ရင်းနှီးဟူ မိဆွေလေန တူးဒူ
သူဟို့စောန့်နေဂေ့ဟုယ်။
25 ပေတရု ဝမ်လာဟူ ခီမာ ကော်နေလိဟာ ကြဲဆိုဘီးဟာ သူ့ရဲ့ ခေရင်းမာ
ပျပ်ဝပ်လိုက်ဟုယ်။
26 ပေတရုဟု သူ့ဟို့ ဆွဲဒန်ဘီး “ထဒန်၊ ငါကိုယ်တိုင်လည်း လူဘဲ့ဖြစ်ဟုယ်” ဆိုဘီး
ကော်နေလိဟို့ ပြောလိုက်ဟုယ်။
27 ပေတရုဟာ ကော်နေလိန စကားပြောရင်း အီထဲဟို့ ဝမ်ဟားဟူ ခီမာ
လူလေဘောင်ဂီး စုနေဇာဟို့ တွိလေဟုယ်။
28 အယ်လူလေဟို့ ပေတရုဟု “ယုဒလူလေဟာ လူမျိုးခြားလေန ပေါန်းဖော်ဟို့န
သူးနို့နားဟို့ အီးခ့လယ်သွားဟို့တွပ် ဘာသာတရားဟု ခွမ့်ပြုဟု ဆိုဇာဟို့ နန်းနို့
ကိုယ်တိုင်လည်း ကောန်းကောန်း သိဂေ့ဟုယ်။ အယ်ဘေမဲ့ ဖယ်လူဟို့မျ ညစ်ညူးဟူလူ၊
စင်ကြယ်ဘဲဟူလူ ဆိုဘီး ခေါဘဲနေဟို့တွပ် ဘုရားသခင်ဟာ ငါ့ဟို့ ဖော်ပြတော်မူဟုယ်။
29 အယ်ကြောန့် ငါ့ဟို့ နန်းနို့ ခေါဖိဟူ ခီမာ ငါဟာ ငြင်းဆိုဘဲန လိုက်လာဟုယ်။
ဖြားဖြစ်ကြောန့် ငါ့ဟို့ ခေါဖိရနူး” ဆိုဘီး မေးလေဟုယ်။
30 ကော်နေလိဟု “ပီးဟားဟူ သောင်းရစ်လော့-က်ဒူးဟု နေဒန်သောင်းနာရီမာ
ကျွန်တော်ဟာ အီမာ ဆုတောန်းနေဟုယ်။† အယ်ခီမာ တော့-က်ပြောန်နေဟူဝတ်န
လူတယော့-က်ဟာ ကျွန်တော့်ရှေ့မာ ရော့-က်တရစ်ရပ်ဘီး
31 ‘ကော်နေလိ၊ နန့်ဆုတောန်းသံဟို့ ဘုရားသခင်ဟု ကြားဟုယ်။ နန့်
စွန့်ကြဲပေးကမ်းဟူ ဇာလေဟို့လည်း သိဟုယ်။

* **10:19** **၁၀.၁၉** သောင်းယော့-က်၊ တချို့ မူရင်းလတ်ရေးမူလေမာ တချို့၊ ဆိုဘီး ပါရှိဟုယ်။ မူရင်းလတ်ရေးမူတခုမာ နှေ့ယော့-က်၊ ဆိုဘီး ပါရှိဟုယ်။ † **10:30** **၁၀.၃၀** ဆုတောန်းနေဟုယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ စာရွောန်ဘီး ဆုတောန်းနေဟုယ်၊ ဆိုဘီး ပါရှိဟုယ်။

32 အယ်ကြောန့် ယုပ္ပေဗြို့ဟို့ လူလွတ်ဘီးဟှာ ပေတရု နာမယ်ရှိဟူ ရှိမုန်ဟို့
ခေါ်ဖိုလိုက်။ သူဟှာ ပန်လယ်ကမ်းနားမာရှိဟူ သရေလောက်မား ရှိမုန်အီမာ ရှိနေဟှယ်'
ဆိုဘီး ပြောဟှယ်။
33 အယ်ကြောန့် ကျွန်တော်ဟှာ ရှစ်ရှင်းဘဲ သင့်နားဟို့ လူလွတ်လိုက်ဟှယ်။
သင်ကြွလာဇာတွပ် ကျေးဇူးတန်ဟှယ်။ သင့်ဟို့ သခင်ဘုရား ပြောဟှားဟူ
စကားလေဟို့ ကြားရဟို့တွပ် ကျွန်တော့်လေဟှာ ဘုရားသခင်ရှေ့မာ
ဆင်သင့်ဖြစ်နေဂေ့ဟှယ်" ဆိုဘီး ပြောဟှယ်။

ပေတရုရဲ့ ဟောပြောဇာကြောန်း

34 အယ်ဘီးန ပေတရုဟှ "ဘုရားသခင်ဟှာ မှန်တိုင်းဘဲ့ မျစ်နှာလိုက်ဟှ ဆိုဇာဟို့ ခု
ငါဟှာ နားလည်ဟှားဘီ။
35 ဘုရားသခင်ဟို့ ကြော့-က်ဘီး ဖြောန့်မတ်ဟူ လူမျိုးတိုင်းဟို့ဘဲ့ လတ်ခံဟှယ်။
36 ဘုရားသခင်ဟှာ ဂူလောင်းရဲ့ သခင်ဖြစ်ဟူ ယေရှုခရစ်တော်အားဖြင့်
ငြိသတ်ဇာနဆိုင်ဟူ ဒန်းကောန်းဟို့ ကသရေလလူမျိုးလေဟို့ ဟောဟို့တွပ်
စေလွတ်လိုက်ဟှယ် ဆိုဇာဟို့ နန်းနို့ သိဂေ့ဟှယ်။
37 ဗတ္တတိဇံတရားဟို့ ယောဟန်ဟောပြောဘီးန ဂါလိလဲပြည်ဟှနေ စဘီးဟှာ
ယုဒပြည် တရှော့-က်လောင်းမာ ကီးမားဟူ ဖြစ်ပျစ်ဟို့ နန်းနို့ သိဂေ့ဟှယ်။
38 ဘုရားသခင်ဟှာ နာဇရက်ဗြို့သား ယေရှုဟို့ သန့်ရှင်းဟူဝိညာဉ်တော်န
တဂိုးတော်လေ ကိုယ်တော်ထတ်ဟို့ ဖယ်မျိုးလောန်းခ့လဟှားဟှယ် ဆိုဇာဟို့ နန်းနို့
သိဂေ့ဟှယ်။ ဘုရားသခင်ဟှာ ကိုယ်တော်နတူးဒူ ရှိဟူကြောန့် ကိုယ်တော်ဟှာ
နေရာတိုင်းဟို့ သွားဘီးဟှာ ကောန်းဇာလေ လောက်ဆောန်ဘီး မာရ်နတ်ရဲ့
တဂိုးအော့-က်မာရှိဟူ လူလေ ဂူလောင်းဟို့ ကျန်းမာစေဟှယ်။
39 နို့လေဟှာ ယေရုရှလင်ဗြို့န ယုဒပြည်မာ ကိုယ်တော်လောက်ဟူဇာ ဂူလောင်းရဲ့
သတ်သေလေဖြစ်ဂေ့ဟှယ်။ အယ်ဘီးန လူလေဟှာ ကိုယ်တော့်ဟို့ လတ်ဝါးကပ်တိုင်မာ
ခံဆွဲဘီး သတ်လိုက်ဂေ့ဟှယ်။
40 အယ်ဘေမဲ့ သောင်းရစ်ကြာဘီးန ဘုရားသခင်ဟှာ ကိုယ်တော့်ဟို့ သေရာဟှနေ
ထမြော့-က်စေဘီးဟှာ ကိုယ်ထန်ရှားပြဟှယ်။
41 အယ်ဘေမဲ့ လူတိုင်းဟှာ ကိုယ်တော့်ဟို့ ဗြင်ရဂေ့ဇာ မှုဟှ။ သိသတ်သေလေဖြစ်န
ဘုရားသခင်ဟှ ကြိုတန်ဘီး ဝီးကော့-က်ဟှားဟူ၊ သေရာဟှနေ ထမြော့-က်ဘီးန
ကိုယ်တော်နတူးဒူ စားသောက်ဂေ့ဟူ နို့လေမျှဘဲ့ ဗြင်ရဂေ့ဟှယ်။
42 ကိုယ်တော်ဟှ လူလေဟို့ ဒန်းကောန်း ဟောပြောဟို့တွပ်န ကိုယ်တော်ဟှာ
သတ်ရှင်နေဟူလူလေန သေဟှားဟူလူလေဟို့ တရားစီရင်ဟူ သခင်ဖြစ်
ဘုရားသခင်ခန့်ဟှားဟှယ် ဆိုဇာဟို့ သတ်သေခံဟို့တွပ် နို့လေဟို့ မိန့်မှာဟှားဟှယ်။
43 ကိုယ်တော့်ဟို့ ယောင်ကြည်ဟူ လူတိုင်းဟှာ ကိုယ်တော်ရဲ့ နာမတော်အားဖြင့်
ပြစ်လွတ်ခံရလေ့မယ် ဆိုဘီး ကိုယ်တော်ကြောန်းဟို့ ပရောဖက်လေဟှ

သတ်သေခံဟုးဟုယ်” ဆိုဘီး ပြောလေဟုယ်။

လူမျိုးခြားလေဟှာ သန့်ရှင်းဟူဝိညာဉ်တော်ဟို့ လတ်ခံဟူကြောန်း

44 အယ်စကားဟို့ ပေတရုဟှ ပြောနေဒူးမာ သန့်ရှင်းဟူဝိညာဉ်တော်ဟှာ
တရားစကားဟို့ နားထောန်နေဂေ့ဟူ လူလေထတ်ဟို့ ဆင်းလာဟုယ်။
45 ပေတရုနတူးဒူး လိုက်လာဟူ ရေဖျားလှီးဟှားဟူ ယောင်ကြည်သူ
ယုဒလူမျိုးလေဟှာ သန့်ရှင်းဟူဝိညာဉ်တော်ရဲ့ လတ်ဆောန်ဟို့
လူမျိုးခြားလေထတ်ဟို့လည်း သွန်းလောန်းဟူကြောန့် ရရာတိုင်း အံ့ဩဂေ့ဟုယ်။
46 ဖြားဖြစ်ကြောန်နူးဆိုဟှာ လူမျိုးခြားလေဟှာ ထူးဆန်းဟူ ဘာသာစကားလေဟို့
ပြောနေဂေ့ဇာန ဘုရားသခင်ရဲ့ ဂေါင်တော်ဟို့ ချီးမွမ်းဂေ့ဇာဟို့ ကြားရဂေ့ဟုယ်။
အယ်ကြောန့် ပေတရုဟှ၊
47 “အယ်လူလေဟှာ နို့လေမျိုးဘဲ့ သန့်ရှင်းဟူဝိညာဉ်တော်ဟို့ ခံရဂေ့ဟုယ်။
အယ်ကြောန့် သူးနို့ဟို့ ရေနဗတ္တိဇံဟို့ ခံယူဘဲနေအောန် ဖယ်လူဟှ တားနိုင်ဟို့နူး”
ဆိုဘီး ပြောဟုယ်။
48 အယ်ကြောန့် ပေတရုဟှာ သူးနို့ဟို့ ယေရှုခရစ်တော်ရဲ့ နာမတော်မာ
ဗတ္တိဇံခံဟို့တွပ် မိန့်ပေးလိုက်ဟုယ်။ အယ်ဘီးန ပေတရုဟို့ သူးနို့လေနတူးဒူ
ရစ်နဲနဲနေဟို့တွပ် တောန်းလျှော့-က်ဂေ့ဟုယ်။

11

ယေရှုရှလင်ဗြို့ဟှ သင်းတော်ဟို့ ပေတရုရဲ့ စီရင်ခံစာကြောန်း

1 လူမျိုးခြားလေဟှ ဘုရားသခင်ရဲ့ စကားတော်ဟို့ လတ်ခံရရှိဂေ့ဟုယ် ဆိုဇာဟို့
ယုဒပြည် နေရာနှံ့မာ ရှိနေဟူ တမန်တော်လေန ယောင်ကြည်သူ ညီကိုလေဟှ
ကြားရဂေ့ဟုယ်။
2 ယေရှုရှလင်ဗြို့ဟို့ ပေတရု ရော့-က်ဟူ ခီမာ ရေဖျားလှီးဟှားဟူ ယောင်ကြည်သူ
ညီကိုလေဟှ သံသယဖြစ်ဟူကြောန့်
3 “နန်ဟှာ ရေဖျားလှီးဘဲဟူ လူမျိုးခြားလေရဲ့ အီဟို့ ဝမ်ဘီးဟှာ သူးနို့န တူးဒူ
စားသော့-က်နေမား” ဆိုဘီး သူ့ဟို့ ပြောဂေ့ဟုယ်။
4 အယ်ကြောန့် ပေတရုဟှာ ကြောန်းရာတခုလောင်းဟို့ စဟုနေဆောင်းထိ
ပြောပြလိုက်ဟုယ်။
5 ပေတရုဟှ “ငါဟှာ ယုပ္ပေဗြို့မာ ဆုတောန်းနေဒူးမာ ရူပါရောင်ဟို့ ဖြင်ရဟုယ်။
ဒေါ့-က်လေးဒေါ့-က်န ချောက်ဟှားဟူ ပိစဂီးတခုန တူဟူဇာဟှာ ကောန်းဂန်ဟှနေ
နိုက့်လလာဘီး ငါ့နားဟို့ ရော့-က်လာဇာဟို့လည်း ငါဖြင်ဟုယ်။
6 ငါဟှာ အယ်မူဇာထဲဟို့ သေးသေချားချာဟှား ကေ့လိုက်ဟူ ခီမာ
ခလေးရှောန်းလိဆန်လေ၊ မ့လေဂီးမာနေဟူ သားရဲလေ၊ တွားဘီးသွားဟူ လိဆန်လေန
ကောန်းဂန်ဟှ ငှတ်လေဟို့ ဖြင်ရဟုယ်။

7 အယ်ဘီးန ‘ပေတရု၊ ထဘီး သတ်စားလိုက်’ ဆိုဘီး ငါ့ဘို့ ပြောဟူသံဟို့
ငါကြားရဟုယ်။
8 အယ်ဘေမဲ့ ငါဟု ‘သခင်၊ ဖယ်မျိုးလည်း ဖြစ်နိုင်ဟု။ ကျွန်တော်ဟာ ညစ်ညူးဇာန
သန့်ရှင်းဘဲဟူဇာဟို့ ဖယ်ဒူးဟုလည်း စားဖူးဟု’ ဆိုဘီး ပုလန်လျှော့-က်လိုက်ဟုယ်။
9 ကောန်းဂန်ဟုနေ သံတော်ဟု ‘ဘုရားသခင်ဟု သန့်ရှင်းဟုယ် ဆိုဇာဟို့
ညစ်ညူးဟုယ် ဆိုဘီး ပြောန’ ဆိုဘီး ဒုတိယခါ မိန့်တော်မူဟုယ်။
10 အယ်မျိုး သောင်းခါဖြစ်ဘီးန အယ်ဇာတခုလောင်းဟို့ ကောန်းဂန်ထဲဟို့ ပုလန်ဘီး
ဆွဲဒန်လိုက်ဟုယ်။
11 ရှစ်ဟုားကြာဘီးန ကဲသရိဗြို့ဟုနေဘီး ငါ့နားဟို့ လွှတ်လိုက်ဟူ
လူသောင်းယော့-က်ဟု ငါတည်းနေဟူ* အီဟို့ ရော့-က်လာဟုယ်။
12 ဝိညာဉ်တော်ဟု သံသယမှေ့ဘဲန အယ်လူလေန တူးဒူ လိုက်ဟုားဟို့တွပ် ငါ့ဟို့
ပြောဟုယ်။ ယုပ္ပေဗြို့ဟု ညီကိုခြော့-က်ယော့-က်လည်း ငါ့နတူးဒူ လိုက်ဂေ့ဟုယ်။
နို့လေဂူလောင်းဟုာ ကော်နေလိရဲ့ အီဆဲဟို့ ဝမ်ဂေ့ဟုယ်။
13 ကော်နေလိဟု သူ့အီမာ ကောန်းဂန်တမန်တပါးဟု ရပ်ဘီးဟုာ ‘ပေတရု နာမယ်ရှိဟူ
ရှိမုန်ဟို့ ခေါ်ဟို့တွပ် ယုပ္ပေဗြို့ဟို့ ယော့-က်ယော့-က်ဟို့ လွှတ်လိုက်။
14 အယ်လူဟုာ နန့်နှ နန့်မိသားစု ဂူလောင်းဟို့ ကယ်တန်ခံရမယ့် တရားစကားဟို့
ပြောလေ့မယ်’ ဆိုဘီး နို့လေဟို့ ပြောဟုယ်။
15 အယ်ဘီးန ငါဟုာ စဘီးပြောဟူ ခီမာ သန့်ရှင်းဟူဝိညာဉ်တော်ဟုာ ရင်းရင်ဒူးဟု
နို့လေထတ်ဟို့ ဆင်းလာမျိုးဘဲ့ အယ်လူလေထတ်ဟို့လည်း ဆင်းလာဟုယ်။
16 အယ်ခီမာ ‘ယောဟန်ဟုာ ရေန ဗတ္တတိဇံပေးဟုယ်။ အယ်ဘေမဲ့ နန်းနို့ဟုာ
သန့်ရှင်းဟူဝိညာဉ်တော်န ဗတ္တတိဇံခံရဂေ့လေ့မယ်’ ဆိုဘီး သခင်ဘုရား
မိန့်တော်မူဟုားဇာဟို့ ငါဟုာ ပုလန်ဒိရဟုားဟုယ်။
17 ဘုရားသခင်ဟုာ သခင်ယေရှုခရစ်တော်ဟို့ ယောင်ကြည်ဟူ နို့လေဟို့
ပေးဟူမျိုးဘဲ့ အယ်လူမျိုးခြားလေဟို့လည်း တူညီဟူ လတ်ဆောန်ဟို့ ပေးဟုယ် ဆိုဇာ
ထန်ရှားနေဟုယ်။ အယ်ဆိုဟုာ ငါဟုာ ဖယ်မျိုးလူ ဖြစ်ဟူကြောန့် ဘုရားသခင်ဟို့
တားနိုင်ဟို့နူး!” ဆိုဘီး ပြောဟုယ်။
18 အယ်စကားဟို့ ကြားရဟူ ခီမာ အယ်လူလေဟုာ ပြစ်တန်ဂေ့ဟုမ်း။ အယ်ဘီးန
ဘုရားသခင်ဟို့ ချီးမွမ်းဂေ့ဘီး “အယ်ဆိုဟုာ ဘုရားသခင်ဟုာ သတ်ရှင်ဟို့တွပ်
ပို့ဆောန်ဟူ နောန်ဒတရားဟို့ လူမျိုးခြားလေဟို့လည်း ပေးတော်မူဘီ။”

အန္တိအုတ်ဗြို့ဟု သင်းတော်ကြောန်း

19 ယောင်ကြည်သူလေဟုာ သတေဖန်သတ်ခံရဟူ ခီမာ ဖြစ်လာဟူ ညှဉ်းဆဲမှုကြောန့်
နေရာတိုင်းဟို့ ကွဲဟုားဂေ့ဟုယ်။ တချို့ လူလေဟုာ ဖိနိတ်ပြည်၊ ကုပရုကျွန်း၊

---

* **11:11** **၁၁.၁၁** ငါတည်းနေဟူ၊ တချို့ မူရင်းလတ်ရေးမူလေမာ နို့လေတည်းနေဟူ၊ ဆိုဘီး ပါရှိဟုယ်။ **11:16** **၁၁.၁၆** တ ၁.၅ **11:19** **၁၁.၁၉** တ ၈.၁–၄

အနှတိအုတ်ဖြို့ထိ ရော့-က်ဟုားဂေ့ဟုယ်။ သူးနို့ဟုာ ဘုရားသခင်ရဲ့ စကားတော်ဟို့
ယုဒလူမျိုးလေဟို့ဘဲ့ ဟောပြောဂေ့ဟုယ်။
20 သူးနို့ထဲမာ ကုပရုကျွန်းန ကုရေနေနယ်ဟု ယောင်ကြည်သူလေ တချို့ပါဟုယ်။
သူးနို့ဟုာ အနှတိအုတ်ဖြို့ဟို့ သွားဘီးဟုာ လူမျိုးခြားလေ†ဟို့ သခင်ယေရှုရဲ့
ကြောန်းဖြစ်ဟူ ဒန်းကောန်းဟို့ ဟောပြောဂေ့ဟုယ်။
21 သူးနို့ဟုာ သခင်ဘုရားရဲ့ တဂိုးတော်ဟို့ ခံရဂေ့ကြောန့် လူလေဘောင်ဂီးဟု
ယောင်ကြည်ဘီးဟုာ သခင်ဘုရားဖတ်ဟို့ ပ့လောန်းလဲလာဂေ့ဟုယ်။
22 အယ်ဒန်းဟို့ ယေရှုရှလင်ဖြို့မာရှိဟူ သင်းတော်ဟု ကြားရဟူ ခီမာ ဗာနဗဟို့
အနှတိအုတ်ဖြို့ဟို့ လွှတ်လိုက်ဟုယ်။
23 သူဟုာ အယ်ဖြို့ဟို့ ရော့-က်ဟူ ခီမာ လူလေဟုာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့
ဖြင်ရဟူ ခီမာ ရရာတိုင်း ဝန်းသာဘီးဟုာ သခင်ဘုရားဟို့ စိန္နလောင်းကြွင်းမဲ့
ယောင်ကြည်ဘီး သစ်စာစောန့်ဂေ့ဟို့တွပ် တိုက်တွန်းလေဟုယ်။
24 ဗာနဗဟုာ သူတော်ကောန်းဖြစ်ဘီး သန့်ရှင်းဟူဝိညာဉ်တော်နရော၊
ယောင်ကြည်ရှင်းနရော ပ့လဲ့ဝနေဟုယ်။ အယ်ကြောန့် လူလေဘောင်ဂီးဟုာ
သခင်ဘုရားဖတ်ဟို့ ပ့လောန်းလဲလာဂေ့ဟုယ်။
25 အယ်ဘီးန ဗာနဗဟုာ ရှောလုဟို့ ရှာဟို့တွပ် တာရှုဖြို့ဟို့ သွားလိုက်ဟုယ်။
26 သူ့ဟို့ တွိဟူ ခီမာ အနှတိအုတ်ဖြို့ဟို့ ခေါ်လာဟုယ်။ သူးနို့ နှေ့ယော့-က်ဟုာ
တနှစ်လောင်းလောင်း သင်းတော်မာ စုဝေးဂေ့ဘီးဟုာ လူလေဟို့ သွန်သန်ဟုယ်။
တဗဲ့တော်လေဟုာ ပထမဦးဆောင်း ခရစ်ယာန် ဆိုဘီး ခေါ်ခဲရဟူနေရာဟုာ
အနှတိအုတ်ဖြို့မာ ဖြစ်ဟုယ်။
27 အယ်ခီမာ ပရောဖက်တချို့ဟုာ ယေရှုရှလင်ဖြို့ဟုနေ အနှတိအုတ်ဖြို့ဟို့
လာဂေ့ဟုယ်။
28 အယ်လူလေထဲဟု အာဂဗု နာမယ်ရှိဟူ လူတယော့-က်ဟုာ ထဘီးဟုာ
တကမ္ဘာလောင်းမာ ငတ်မွတ်ခေါန်းပါးဘေး ရော့-က်လာလေ့မယ် ဆိုဘီး
ဝိညာဉ်တော်အားဖြင့် ကြိုတန်ဘီး ဟောပြောလေဟုယ်။ အယ်မူဇာဟုာ မန်းဂီး
ကလောဒိ လတ်ထတ်မာ ငတ်မွတ်ခေါန်းပါးဘေး ကွလရော့-က်လာဟုယ်။
29 တဗဲ့တော်လေဟုာ သူးနို့ တတ်နိုင်မျှတိုင်းဘဲ့ ယုဒပြည်မာရှိနေဟူ ညီကို
မောန်နှမလေဟို့ ကူညီဟို့တွပ် ဆောင်းဖြတ်ဂေ့ဟုယ်။
30 အယ်မျိုး ဆောင်းဖြတ်ဂေ့ဘီးန ကပ်လေဟို့ ဗာနဗန ရှောလုလေအားဖြင့်
ယေရှုရှလင်ဖြို့မာရှိဟူ သင်းတော် လူဂီးလေနားဟို့ ပို့ပေးဂေ့ဟုယ်။

12

ညဉ်းဆဲဇာလေ ထပ်တိုးလာဟူကြောန်း

† **11:20** ၁၁.၂၀ လူမျိုးခြားလေ၊ တချို့ မူရင်းလတ်ရေးမူလေမာ ဟေလသစကားပြောဟူ ယုဒလူမျိုး၊
အယ်မျိုးမူဘဲ့နေဟုာ ဟေလသစကားပြောဟူ လူလေ၊ ဆိုဘီး ပါရှိဟုယ်။ **11:28** ၁၁.၂၈ တ ၂၁.၁၀

1 အယ်ခီကာလမာ ဟေရုဒ်မန်းဂီး*ဟာ သင်းတော်ဝမ်တချို့ဟို့ စဘီးဟာ
ညှဉ်းဆဲဟို့တွပ် ကြဲစည်လေဟုယ်။
2 သူဟာ ယောဟန်ရဲ့ နောန် ယာကုပ်ဟို့ ထားန သတ်လိုက်ဟုယ်။
3 အယ်မူဇာဟို့ ယုဒလူမျိုးလေဟု နှစ်သက်ဂေ့ဟုယ်။ အယ်ကြောန့် သူဟာ
ပေတရုဟို့လည်း ဖမ်းဟားလေဟုယ်။ အယ်မူဇာဟာ တဆေးမှေ့ဘဲ့ဟူ မုပွဲတော်ခီမာ
ဖြစ်ဟားဟုယ်။
4 ဟေရုဒ်ဟာ ပေတရုဟို့ ဖမ်းဘီးန စစ်သားလေးယော့-က်စီပါဟူ တပ်စုလေးစုရဲ့
လတ်ထဲဟို့ အပ်ဘီးဟာ ကျဉ်းခ့လဟားဟုယ်။ ပသခါပွဲပီးဟားဘီးန သူ့ဟို့
ယုဒလူမျိုးလေရဲ့ ရှေ့မာ စစ်ဆေးဘီးဟာ စီရင်ဟို့တွပ် ကြဲစည်ဟားဟုယ်။
5 အယ်ကြောန့် ပေတရုဟာ ထောန်ထဲမာ ကျဉ်းခ့လခံရဟုယ်။ အယ်ခီမာ
သင်းတော်ဟ သင်းသားလေဟာ ပေတရုတွပ် စိပါလတ်ပါန ဘုရားသခင်ဟို့
ဆုတောန်းနေဂေ့ဟုယ်။

ကျဉ်းထောန်ထဲဟုနေ ပေတရု လွတ်လာဟူကြောန်း

6 ဟေရုဒ်ဟာ ပေတရုဟို့ လူလေရှေ့ဟို့ ခေါ်လာဘီး စစ်ဆေးဟူ နေ့ရော့-က်ခန်
ညဉ့်ခန်းဇာမာ ပေတရုဟာ စစ်သားနှေ့ယော့-က်ကြားမာ အိမွိနေဟုယ်။ သူ့ဟို့
သံကြိုးနှေ့ပန်ခ ခယ်ဟားဟုယ်။ ထောန်ခွမော့-က်ရှေ့မာလည်း စောန့်တပ်သားလေဟာ
စောန့်နေဂေ့ဟုယ်။
7 ဘုရားသခင်ရဲ့ ကောန်းဂန်တမန်ဟာ ရော့-က်တရစ် ပေါ်လာဘီးဟာ
ချောက်ခန်းထဲမာ လန်းဟားလေဟုယ်။ ကောန်းဂန်တမန်ဟာ သူ့ရဲ့ခေါင်းဟို့
လော့က်ဘီးဟာ "ဖြန်းဖြန်ဟားထလိုက်!" ဆိုဘီး နိုးဟုယ်။ ရှစ်ရှင်းဘဲ ခယ်ဟားဟူ
သံကြိုးလေဟာ ပေတရုရဲ့ လတ်ဟုနေ ကလွတ်ဟားလေဟုယ်။
8 အယ်ဘီးန ကောန်းဂန်တမန်ဟ "နန့်ရဲ့ ခါးဗတ်ဟို့ ပတ်ဘီးဟာ ခေနပ်ဟို့ စီးလိုက်"
ဆိုဘီး ပြောလိုက်ဟုယ်။ ပေတရုဟာ ပြောဟူတိုင်း လောက်လိုက်ဟုယ်။
ကောန်းဂန်တမန်ဟ "ဝတ်လောင်ဟို့ ချောင်ဘီးဟာ ငါ့နတူးဒူလိုက်" ဆိုဘီး
ပြောလိုက်ဟုယ်။
9 ပေတရုဟာ ချောက်ခန်းဟုနေထွပ်ဘီး သူ့နော့-က်ဟို့ လိုက်ဟားလေဟုယ်။ သူဟာ
ကောန်းဂန်တမန် လောက်ဟူဇာလေဟို့ မှန်ဖြစ်ဟုယ် ဆိုဇာ သိဟ့။ ရူပါရောင်ဟို့
ဖြင်နေဟုယ် ဆိုဘီး ထန်နေဟုယ်။
10 သူးနို့ဟာ စောန့်လေခ့လဟားဟူ နေရာနှေ့ခုဟို့ ကျော်ဘီးဟာ ထောန်ထဲဟုထွပ်ဟူ
သံခွမော့-က်နားဟို့ ရော့-က်ဟားဂေ့ဟုယ်။ အယ်ခွမော့-က်ဟာ သူ့လိုလို
ပွမ့်နေဟူကြောန့် သူးနို့ ထွပ်ဟားဘီးဟာ လမ်းတိုင်းသွားလိုက်ဂေ့ဟုယ်။ အယ်ဘီးန
ကောန်းဂန်တမန်ဟာ ပေတရုနားဟုနေ ရော့-က်တရစ် ထွပ်ဟားလေဟုယ်။

* **12:1 ၁၂.၁ ဟေရုဒ်မန်းဂီး၊** ပါလတိန (ပါလက်စတိုင်း) ရဲ့ ခေါန်းဆောန် ပထမ ဟေရုဒ်အဂ္ဂြိပမန်းဂီး။

11 ပေတရုဟာ ပုလန်ဘီး ဒိရလာဟူ ခီမာ “သခင်ဘုရားဟာ သူ့ရဲ့
ကောန်းဂန်တမန်ဟို့ လွတ်ဘီးဟာ ငါ့ဟို့ ဟေရုဒ်ရဲ့ လတ်ထဲဟုရော၊ ယုဒလူမျိုးလေရဲ့
လတ်ထဲဟို့ ငါ့ဟို့ ရော့-က်စေဘဲဟို့တွပ် မျော်နေဟူဘေးဟုနေ ကယ်တန်ရှင်းဟို့ ခု
ငါစစ်မှန်သိဟုးဘီ ဆိုဘီး ပြောဟုယ်။”

12 အယ်မျိုးသိဟူ ခီမာ သူဟာ မာကု ဆိုဘီး ခေါ်ဟူ ယောဟန်ရဲ့မိ မာရိအီဟို့
သွားဟုယ်။ အယ်အီမာ လူလေဘောင်ဂီးဟ စုဘီးဟာ ဆုတောန်းနေဂေ့ဟုယ်။

13 ပေတရုဟာ အီခွဖော့-က်ဟို့ ခေါ့-က်လိုက်ဟူ ခီမာ ရောဒေနာမယ်ရှိဟူ၊ စေခံ
မီးမဂန်းဟုးဟာ ခွဖော့-က်ဖွမ့်ဟို့ လာဟုယ်။

14 သူဟာ ပေတရုသံဟို့ မှတ်မိဟူကြောန့် ရရာတိုင်း ဝန်းသာဘီးဟာ ခွဖော့-က်ဟို့
ဖွမ့်ဘဲန အီထဲဟို့ ပုလေးဟုးဘီး ပေတရု ပုလန်မာရော့-က်နေဟုယ် ဆိုဘီး လူလေဟို့
ပြောဟုယ်။

15 အယ်လူလေဟ “နန်ဟာ ရူးနေမား” ဆိုဘီး ပြောဟုယ်။ အယ်ဘေမဲ့
မီးမဂန်းဟုးဟ သူပြောနေဇာဟာ မှန်းမှန်ကန်းကန် ဖြစ်နေဟူကြောန့်
သေးသေချားချာဟုး ပြောဟူ ခီမာ သူးနို့ဟာ “ပေတရုရဲ့ ကောန်းဂန်တမန်
ဖြစ်လေ့မယ်” ဆိုဘီး ပြောဂေ့ဟုယ်။

16 ပေတရုဟာ ခွဖော့-က်ဟို့ ဆစ်ဘီးဟာ ခေါ့-က်နေဟူ ခီမာ သူးနို့ဟာ ခွဖော့-က်ဟို့
ဖွမ့်လိုက်ဂေ့ဟူကြောန့် ပေတရုဟို့ ဗြင်ဟုးဘီး အံ့သြဟုးဂေ့ဟုယ်။

17 ပေတရုဟာ တိတိဟုး နေဂေ့ဟို့တွပ် လတ်နချစ်ပြဘီးဟာ သခင်ဘုရားဟာ သူ့ဟို့
ထောန်ထဲဟု ဖယ်မျိုးခေါ်ထုလာဟုယ် ဆိုဇာဟို့ ပြောပြဟုယ်။ အယ်ဘီးန
“အယ်ကြောန်းဟို့ ယာကုပ်န တခြားညီကို မောန်နမ လေဟို့လည်း ပြောပြဂေ့ပါ”
ဆိုဘီး တခြားနေရာဟို့ ထွပ်ဟုးလိုက်ဟုယ်။

18 မိုးလန်းလာဟူ ခီမာ “ပေတရုဟ ဖယ်မာနူး” ဆိုဘီး စောန့်တပ်သားလေဟာ
ရရာတိုင်း ကြော့-က်နေဂေ့ဟုယ်။

19 ဟေရုဒ်မန်းဂီးဟာ ပေတရုဟို့ ရှာခိုင်းဟူ ခီမာ တွိဘဲ့ကြောန့် စောန့်တပ်သားလေဟို့
စစ်ဆေးဘီးန သေဒန်ပေးဟို့တွပ် မိန့်ခ့လိုက်ဟုယ်။

အယ်ဘီးန ဟေရုဒ်မန်းဂီးဟာ ယုဒပြည်ဟုနေ ထွပ်ဟုးဘီးဟာ ကဲသရိဗြို့ထဲမာ
ရှစ်ဟုးနေနေဟုယ်။

ဟေရုဒ်မန်းဂီး သေဟုးဟူကြောန်း

20 ဟေရုဒ်မန်းဂီးဟာ တုရုဗြို့သားလေန ဇိဒုန်ဗြို့သားလေဟို့ ရရာတိုင်း
ဒေါသထွပ်ဟူကြောန့် အယ်ဗြို့သားလေဟာ စည်းရောင်းဘီးဟာ မန်းဂီးနားဟို့
ရော့-က်လာဂေ့ဟုယ်။ နန်းတော်အောက် ဗလတ္တုရဲ့ ကူညီဟို့ ယူဂေ့ဘီး
ဟေရုဒ်မန်းဂီးနားဟို့ ဝမ်ဘီးဟာ ငြိသတ်ဟို့တွပ် စကားကမ်းလှမ်းဂေ့ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ သူးနို့ပြည်ဟာ ဟေရုဒ်မန်းဂီးရဲ့ ပြည်ဟို့
မှီခိုစားသော့-က်နေရဟုယ်။

21 ဟေရုဒ်ဟာ ချီးချစ်ဟုန်းဟူနေ့မာ မန်းဂီးအန်းဂီလေဟို့ ဝတ်ဘီးဟာ
ရာဇပလ္လင်ထတ်မာ ထိုင်ဘီးဟာ လူလေဟို့ မိန့်ခွန်းပြောဟုယ်။
22 အယ်လူလေဟု “အယ်သံဟာ လူရဲ့သံ မှုဟု။ ဘုရားသခင်ရဲ့ သံတော်ဖြစ်ဟုယ်”
ဆိုဘီး ကြွေးကြော်ဂေ့ဟုယ်။
23 အယ်ခီမာ မန်းဂီးဟာ ဘုရားသခင်ရဲ့ ဂေါင်တော်ဟို့ ချီးမွမ်းဘဲကြောန့် ရှစ်ရှင်းဘဲ့
ဘုရားသခင်ရဲ့ ကောန်းဂန်တမန်ဟာ သူ့ဟို့ ဒန်ခတ်လိုက်ဟူကြောန့် သူဟာ
ပိုးလေစားခံရဘီး သေဟုးလေဟုယ်။
24 အယ်ခီမာ ဘုရားသခင်ရဲ့ စကားတော်ဟာ နေရာတိုင်းဟို့ ပ့လံ့နှံ့ဟုးဘီးဟာ
ယောင်ကြည်သူလေဟာ တိုးပွားလာဟုယ်။

ဗာနဗန ရှောလုဟို့ ဝီးကော့-က်ဘီး လွှတ်လိုက်ဟူကြောန်း

25 ဗာနဗန ရှောလုလေဟာ သူးနို့ မှုကိစဟို့ လောက်ဂေ့ဘီးန မာကု ဆိုဘီး ခေါ်ဟူ
ယောဟန်ဟို့ သူးနို့နတူးဒူ ခေါ်ဘီးဟာ ယေရုရှလင်ဗြို့ဟုနေ† ပ့လန်လာဂေ့ဟုယ်။

13

1 အန့တိအုတ်ဗြို့ဟု သင်းတော်မာ ပရောဖက်လေန ဆရာလေရှိဟုယ်။
အယ်လူလေဟာ ဗာနဗ၊ နိဂါ ဆိုဘီး ခေါ်ဟူ ရှုမောင်၊ ကုရေနေနယ်သား လုကိ၊
စော်ဘွားဟေရုဒ်*ရဲ့ ငယ်ဂျင်းဖြစ်ဖူးဟူ မာနင်န ရှောလုဟုးလေ ဖြစ်ဂေ့ဟုယ်။
2 အယ်လူလေဟာ သခင်ဘုရားရဲ့ မှုတော်ဟို့ လောက်ဆောန်ဘီး စာရှောန်နေဂေ့ဒူးမာ
သန့်ရှင်းဟူဝိညာဉ်တော်ဟ သူးနို့ဟို့ “ရှောလုန ဗာနဗလေဟို့ ငါ့မှုဟို့ ဆောန်ဟို့တွပ်
သီးသန့် ဝီးကော့-က်ဟုးဂေ့” ဆိုဘီး ပြောဟုယ်။
3 သူးနို့ဟာ စာရှောန်ဆုတောန်းဘီးန ဗာနဗန ရှောလုလေရဲ့ ခေါန်းထတ်မာ
သူးနို့လတ်ဟို့ တန်ဂေ့ဟုယ်။ အယ်ဘီးန သူးနို့ဟို့ မှုတော်ဆောန်ဟို့တွပ်
လွှတ်လိုက်ဂေ့ဟုယ်။

ကုပရုကျွန်းမာ မှုတော်ဆောန်ဟူကြောန်း

4 ဗာနဗန ရှောလုလေဟာ သန့်ရှင်းဟူဝိညာဉ်တော် လွှတ်လိုက်တိုင်းဘဲ့
သေလုကိဗြို့ဟုနေ ကုပရုကျွန်းဟို့ သန်းဖောန သွားဂေ့ဟုယ်။
5 သူးနို့ဟာ ရှာလမိဗြို့ဟို့ ရော့-က်ဟူ ခီမာ ယုဒလူမျိုးလေရဲ့ ဝါလယ်ဇရပ်လေမာ
ဘုရားသခင်ရဲ့ စကားတော်ဟို့ ဟောပြောဂေ့ဟုယ်။ မာကု ဆိုဘီး ခေါ်ဟူ ယောဟန်ဟာ
သူးနို့လေရဲ့ လတ်ထော့-က်နေန ကူညီပေးဟို့တွပ် ခေါ်ဟုးဂေ့ဟုယ်။
6 သူးနို့ဟာ အယ်ကျွန်းဟို့ ဖြတ်ဟုးဘီးဟာ ပါဖုဗြို့ထိ သွားဂေ့ဟုယ်။ အယ်ဗြို့မာ
ယုဒလူမျိုး ပရောဖက်တုယောန်ဖြစ်ဟူ နတ်ဝိဇ္ဇာတယော့-က်ဟို့ တွိဂေ့ဟုယ်။
သူနာမယ်ဟ ဗာယေရှု ဖြစ်ဟုယ်။

---

† **12:25** **၁၂.၂၅** ဟုနေ၊ တချို့ မူရင်းလတ်ရေးမူလေမာ ဟို့၊ ဆိုဘီး ပါရှိဟုယ်။ * **13:1** **၁၃.၁ ဟေရုဒ်၊** ဂါလိလဲပြည်ရဲ့ အော်ကျောက်မား ဟေရုဒ်အန္တိပ (ရှု လု ၃.၁)။

7 သူဟာ ဗြို့ဝန်မန်း သေရဂိပေါလုရဲ့ မိဆွေဖြစ်ဟုယ်။ အယ်ဗြို့ဝန်မန်းဟာ
ဒီပညာရှိဟူ လူတယော့-က်ဖြစ်ဟုယ်။ သူဟာ ဘုရားသခင်ရဲ့ စကားတော်ဟို
ကြားရှင်ဟူကြောန့် ဗာနဗန ရှောလုဟို ဖိခေါလိုက်ဟုယ်။
8 အယ်ဘေမဲ့ ဟေလသဘာသာန ဧလုမနာမယ်ရှိဟူ နတ်ဝိဇ္ဇာတယော့-က်ဟာ
ဗြို့ဝန်မန်းဟို ယောင်ကြည်ရှင်းဟုနေ လွဲစေဟို့တွပ် ဗာနဗန ရှောလုလေဟို
တားလေဟုယ်။
9 အယ်ခီမာ ပေါလု ဆိုဘီး ခေါ်ဟူ ရှောလုဟာ သန့်ရှင်းဟူဝိညာဉ်တော်နဲ ပုလဲ့ဝဘီး
နတ်ဝိဇ္ဇာသမားဟို စိုက်ကေ့ဘီးန၊
10 “နန်ဟာ မာရ်နတ်ရဲ့သား! လှည့်ဇားလီညာသူ၊ မှန်တရားရဲ့ ရန်သူ၊ နန်ဟာ
ဘုရားသခင်ရဲ့ ဖြောန့်မတ်ဟူလမ်းဟို ဖျစ်ဆီးဘဲန နေနိုင်ဟုလော။
11 ခုဘဲ့ ဘုရားသခင်ရဲ့ လတ်တော်ဟာ နန့်ထတ်မာ က့လလာဘီးဟာ
မျစ်စိကန်းလေ့မယ်။ နန်ဟာ နေဟို့ ကြာဂီးဗြင်ရဟို့ မူဟု” ဆိုဘီး ပြောဟုယ်။
ရှစ်ရှင်းဘဲ့ ဧလုမဟာ မျစ်စိကန်းဟားဘီးဟာ လောင်းဝ မှောန်မိုက် ဖြစ်ဟားကြောန့်
သူလတ်ဟို့ ဆွဲဘီး လမ်းပြပေးဟူလူဟို့ စမ်းတဝါးဝါး ရှာနေရဟုယ်။
12 ဗြို့ဝန်မန်းဟာ အယ်ဖြစ်ပျစ်ဇာဟို့ ဗြင်ဟူ ခီမာ ယောင်ကြည်လာဟုယ်။ သူဟာ
သခင်ဘုရားရဲ့ တရားတော်ဟို့ ကြားရခီမာလည်း အံ့သြနေဟုယ်။

ပိသိဒိပြည် အန္တိအုတ်ဗြို့မာ မူတော်ဆောန်ဟူကြောန်း

13 ပေါလုန သူ့ပေါန်းဖော်လေဟာ ပါဖုဗြို့ဟုနေ သန်းဖောနသွားဘီးန ပံဖုလိပြည်
ပေရဂေဗြို့ဟို့ ရော့-က်ဟားဂေ့ဟုယ်။ အယ်နေရာမာ မာကု ဆိုဘီး ခေါ်ဟူ
ယောဟန်ဟာ သူးနို့န လမ်းခွဲဘီးဟာ ယေရုရှလင်ဗြို့ဟို့ ပ့လန်ဟားဟုယ်။
14 သူးနို့ဟာ ပေရဂေဗြို့ဟ ထွပ်ဟားဘီးဟာ ပိသိဒိပြည် အန္တိအုတ်ဗြို့ဟို့
ရော့-က်ဟားဘီး ဒန်းနေမာ ဝါလယ်ဇရပ်ဟို့ ဝမ်ဘီး ထိုင်နေဂေ့ဟုယ်။
15 ပညတ်ကျမ်းန ပရောဖက်ကျမ်းလေဟို့ ဖတ်ဟူ ခီမာ ဝါလယ်ဇရပ်
တာဝန်ခံလေဟာ သူးနို့ဟို့ “ညီကိုလေ၊ အယ်လူလေဟို့ တိုက်တွန်းအားပေးဟူစကား
ပြောမယ် ဆိုဟာ ပြောဂေ့ပါ” ဆိုဘီး ကြောန်းကြားဂေ့ဟုယ်။
16 ပေါလုဟာ ထဘီးဟာ လတ်နပြလိုက်ဘီးန

“ဣသရေလလူမျိုးလေန ဘုရားသခင်ဟို့ ကိုးကွယ်ဟူ လူမျိုးခြားလေ ငါ့စကားဟို့
နားထောန်ဂေ့ပါ။
17 ဣသရေလလူမျိုးလေရဲ့ ဘုရားသခင်ဟာ နို့လေရဲ့ ဘိုးဘေးလေဟာ
အဲဂုတ္တုပြည်မာ ဧည့်သည်ဖြစ်ခန နေဟူ ခီမာ သူးနို့ဟို့ ဝီးကော့-က်ဘီးဟာ လူမျိုးဂီး
ဖြစ်စေဟုယ်။ အားကီးဟူ တဂိုးတော်ခန အယ်ပြည်ဟုနေ ထုဆောန်ဟားဟူ ခီမာ
18 တောကန္တာရမာ နှစ်လေးဆယ်လောင်းလောင်း သူဟာ သီးခံဟုယ်။†

† **13:18** **၁၃.၁၈** သူဟာ သီးခံဟုယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ သူဟာ ပြုစုစောန့်ရှော့-က်ပေးဟုယ်၊ ဆိုဘီး
ပါရှိဟုယ်။

19 အယ်ဘီးန ခါနာန်ပြည်မာနေဟူ လူမျိုးခွန်နစ်မျိုးဟို ဖျစ်ဆီးဘီးဟှာ အယ်ပြည်ဟို
သူ့လူမျိုးလေဟို ပိုင်ပေးလိုက်ဟုယ်။
20 အယ်မူဇာလေဟှာ နှစ်ပေါန်းလေးရာငါးဆယ် နီးပါးကြာဟှားဟုယ်။”
“အယ်ဘီးန‡ ပရောဖက်ရှမွေလခီထိ တရားသူဂီးလေဟို ပေါ်လာစေဟုယ်။
21 သူးနို့ဟှာ မန်းဂီးတပါးဟို တောန်းဂေ့ဟူကြောန့် ဘုရားသခင်ဟှာ ကိရှရဲ့သား
ဗင်္ယာမိန်မျိုးနွယ်ဖြစ်ဟူ ရှောလုဟို နှစ်လေးဆယ်လောင်းလောင်း
အောက်ချောက်ဟို့တွပ် သူးနို့ဟို ပေးလိုက်ဟုယ်။
22 အယ်ဘီးန ဘုရားသခင်ဟှာ ရှောလုဟို ဖယ်ဘီးဟှာ ဒါဝိဒ်ဟို ဣသရေလရဲ့
မန်းဂီးဖြစ်န ချီးမြှော့-က်လိုက်ဟုယ်။ ဘုရားသခင်ဟု ‘ငါ လောက်ခိုင်းဟှားဇာလေဟို
လောက်ဟို့တွပ် ငါ့ရဲ့ စိတော်နတွိဟူ ယေရှဲရဲ့သား ဒါဝိဒ်ဟို ငါတွိဟှားဘီ’ ဆိုဘီး
ဒါဝိဒ်န ပတ်သတ်ဇာလေဟို သတ်သေခံလိုက်ဟုယ်။
23 ဘုရားသခင်ဟှာ သူ့ရဲ့ ဂဒိတော်တိုင်း ဣသရေလလူမျိုးလေတွပ်
ကယ်တန်ရှင်ယေရှုဟို အယ်ဒါဝိဒ်ရဲ့ သားမှလေးလေထဲမာ ပေါ်လာစေဟုယ်။
24 ယေရှုဟှာ မူတော်မြတ်ဟို လောက်ခန်မာ ယောဟန်ဟှာ ဣသရေလလူမျိုးလေဟို
နောန်ဒရဘီး ဗတ္တိဇံခံဂေ့ပါ ဆိုဘီး ဟောဟုယ်။
25 သူလောက်ရဟူ မူတော်မြတ် ပီးဆောင်းခါနီးမာ ယောဟန်ဟှာ ‘နန်းနို့ဟှ ငါ့ဟို
ဖယ်လူ ဆိုဘီး ထန်ဂေ့နူး။ ငါဟှာ နန်းနို့ စောန့်နေဟူသခင် မှုဟှ။ အယ်သခင်ဟှာ
ငါ့နော့-က်မာ ပေါ်လာလေ့မယ်။ ငါဟှာ အယ်သခင်ရဲ့ ခေနပ်ကြိုးဟို ဖြေဟို့ဟို့မှ
ထိုက်ဟှ’ ဆိုဘီး ပြောဟုယ်။”
26 “အာဗြဟံရဲ့ သားမှလေးလေဖြစ်ဟူ ငါ့ညီကိုလေန ဘုရားသခင်ဟို ကိုးကွယ်ဟူ
လူမျိုးခြားလေ၊ ကယ်တန်ရှင်းဆိုင်ဟူ အယ်မူတရားတော်ဟို နို့လေနားဟို
ပေးပို့လိုက်ဟုယ်။
27 ယေရုရှလင်ဗြို့သားလေန သူးနို့ခေါန်းဆောန်လေဟှ အယ်သခင်ဟှာ ကယ်တန်ရှင်
ဖြစ်ဟုယ် ဆိုဇာဟို နားလည်ဂေ့ဟှ။ ဒန်းနေ့တိုင်း သူးနို့ဖတ်ဂေ့ဟူ ပရောဖက်လေရဲ့
စကားလေဟို့လည်း နားလည်ဂေ့ဟှ။ အယ်ဘေမဲ့ သူးနို့လေဟှာ ပရောဖက်လေရဲ့
စကားတိုင်း ပ့လဲ့ဇောင်ဟို့တွပ် အယ်သခင်ဟို ပြစ်ဒန်စီရင်ဂေ့ဟုယ်။
28 အယ်မျိုး သေဒန်စီရင်ဟို့ ပြစ်တခုလည်း သူးနို့လေ တွိဘေမဲ့လည်း ကိုယ်တော့်ဟို့
သေဒန်ပေးဟို့တွပ် ပိလတ်မန်းဟို့ တောန်းဆိုဂေ့ဟုယ်။
29 သူးနို့ဟှာ အယ်သခင်န ပတ်သတ်ဘီး ကျမ်းစာထဲမာ ပြောဟှားဇာလေဟို
လောက်ဂေ့ဘီးန အယ်သခင်ရဲ့ တမဲ့တော်လေဟှာ လတ်ဝါးကပ်တိုင်ဟှနေ ခ့လဘီး
သန်းခ့လိုင်းဂူမာ သ်ဂြိုဟ်ဂေ့ဟုယ်။
30 အယ်ဘေမဲ့ ဘုရားသခင်ဟှာ အယ်သခင်ဟို သေရာဟှနေ ထမြှော့-က်စေဟုယ်။

---

‡ **13:20** **၁၃.၂၀** အယ်ဘီးန၊ အယ်မျိုးမှုဘဲနေဟှာ နှော့-က်ထပ် နှစ်ပေါန်း ၄၅၀ ကြာဟုယ်၊ ဆိုဘီး ပါရှိဟုယ်။
13:24 **၁၃.၂၄** မာ ၁.၄; လု ၃.၃ **13:25** **၁၃.၂၅** **က** ယော ၁.၂၀; **ခ** မ ၃.၁၁; မာ ၁.၇; လု ၃.၁၆; ယော ၁.၂၇ **13:28** **၁၃.၂၈** မ ၂၇.၂၂,၂၃; မာ ၁၅.၁၃,၁၄; လု ၂၃.၂၁–၂၃; ယော ၁၉.၁၅ **13:29** **၁၃.၂၉** မ ၂၇.၅၇–၆၁; မာ ၁၅.၄၂–၄၇; လု ၂၃.၅၀–၅၆; ယော ၁၉.၃၈–၄၂

31 အယ်ဘီးန အယ်သခင်ဟှာ ရင်းရင်ဒူးဟှ သူ့နတူးဒူ ဂါလိလဲပြည်ဟှနေ
ယေရုရှလင်ဗြို့ဟို့ လိုက်ပါလာဂေ့ဟူ လူလေဟို့ ရစ်ပေါန်းကြာဂီး
ကိုယ်ထန်ရှားပြဟှယ်။ သူးနို့ဟှ ခုခီမာ ဣသရေလလူမျိုးလေဟို့ ကိုယ်တော်ကြောန်းဟို့
သတ်သေခံနေဂေ့ဟှယ်။
32 နို့လေလည်း ဘိုးဘေးလေဟို့ ပေးဟှားဟူ၊ ဂဒိတော်နဆိုင်ဟူ၊ ကောန်းမြတ်ဟူ
ဒန်းကောန်းဟို့ နန်းနို့လေဟို့ ဟောပြောဂေ့ဟှယ်။
33 ဘုရားသခင်ဟှာ ယေရှုဟို့ ထမြော့-က်စေဘီး ဘိုးဘေးလေရဲ့
သားမီးလေဖြစ်ဂေ့ဟူ နို့လေတွပ် အယ်ဂဒိတော်လေဟို့ ပုလဲ့ဇောင်စေတော်မူဘီ။
ဆာလံကျမ်း ဒုတိယခန်းမာ၊”
“‘နန်ဟှာ ငါ့သားဖြစ်ဟှယ်။
အယ်နေ့ဘဲ့ နန့်ဟို့ သားရာဟို့ ငါပေးဘီ’ ဆိုဘီး ရေးဟှားတိုင်းဘဲ့ ဖြစ်ဟှယ်။”
34 “သန်းခ့လိုင်းထဲမာ ပေါက်ပျစ်ဘဲန သေရာဟှနေ ထမြော့-က်ဟူကြောန်းဟို့
ဘုရားသခင်ဟှ၊”
“‘ဒါဝိဒ်ဟို့လည်း ကောန်းဂျီးပေးဟို့တွပ် ဂဒိပြုဟှားတိုင်းဘဲ့
နန်းနို့ဟို့လည်း သန့်ရှင်းမြင့်မြတ်ဘီး သေချာဟူကောန်းဂျီးဟို့ ပေးမယ်’ ဆိုဘီး
ပြောဟှယ်။”
35 “တခြားကျမ်းပိုဒ်မာ၊
‘ကိုယ်တော်ဟှာ သန့်ရှင်းဟူ စေခံဟို့
သန်းခ့လိုင်းထဲမာ ပေါက်ပျစ်စေဟို့ မူဟှ’ ဆိုဘီး ပြောဟှားဟှယ်။”
36 “ဒါဝိဒ်ဟှာ သူသတ်ရှင်နေဒူးဟှ ဘုရားသခင်ရဲ့ ကြံစည်ရှိဟူတိုင်း
လိုက်ရှော့-က်ဘီးန သေဟှားဘီးဟှာ ဘိုးဘေးလေရဲ့ သန်းခ့လိုင်းထဲမာ
သဂြိုဟ်ခံရဟှယ်။ သူ့ရဲ့ခန့်မာဟှာ သန်းခ့လိုင်းထဲမာ ပေါက်ပျစ်ဟှားဟှယ်။
37 အယ်ဘေမဲ့ ဘုရားသခင် ထမြော့-က်စေလိုက်ဟူ သခင်ရဲ့ခန့်မာဟှာ ပေါက်ပျစ်ဟှ။
38 အယ်ကြောန့် ညီကိုလေ၊ အယ်သခင်အားဖြင့် ပြစ်လေ ခွမ့်လွတ်ရှင်းကြောန်းဟို့
နန်းနို့လေဟို့ ဟောပြောနေဇာဟို့ရော၊ ယောင်ကြည်ဟူ လူတိုင်းဟှာ ကိုယ်တော်အားဖြင့်
မောရှေရဲ့ ပညတ်တရားအားဖြင့် ဖြောန့်မတ်ဟှယ် ဆိုဘီး သိမှတ်ပြုရှင်း
ခံရနိုင်ဘဲဟူရာလေ ဂူလောင်းဟှနေ လွတ်ဘီး၊
39 အယ်သခင်အားဖြင့် ဖြောန့်မတ်ဟှယ် ဆိုဘီး သိမှတ်ပြုရှင်း ခံရဇာဟို့ရော နန်းနို့
သိမှတ်ဂေ့။
40 ပရောဖက်ကျမ်းလေမာ ငါ မိန့်တော်မူဟှားဇာဟို့ ထီမဲ့မြင်ဟူသူလေ§ နားထောန်ဂေ့။”
41 “‘ ထီလေးဇားမားလေ၊ ကေ့ရှုဂေ့! အံ့ဩဟှားဘီး သေပါလေစေ!
အယ်နေ့ ငါလောက်နေဟူဇာလေဟို့ ယော့-က်ယော့-က်ဟှ ရှင်းပြဘေမဲ့လည်း
နန်းနို့ဟှာ ယောင်ကြည်ဟို့ မူဟှ’
ဆိုဘီး ဖော်ပြဟှားဟှယ်။ အယ်မျိုး ဖော်ပြဟှားတိုင်း ဖြစ်ဟို့တွပ် ဒိထားဂေ့ပါ၊”

13:31 ၁၃.၃၁ တ ၁.၃ § **13:40 ၁၃.၄၀** တချို့ မူရင်းလတ်ရေးမူလေမာ သူလေ၊ ဆိုဇာ မေ့ဟှ။

ဆိုဘီး ဟောလေဟုယ်။

42 ဝါလယ်ဇရုပ်ဟုနေ ပေါလုန ဗာနဗလေဟုာ ထွပ်လာဟူ ခီမာ လူလေဟု သူးနို့ဟို့
နော့-က်ပတ်ဒန်းနေ့မာ အယ်ကြောန်းလေဟို့ နော့-က်တခါ ဟောပြောဟို့တွပ်
တောန်းဗန်ဂေ့ဟုယ်။

43 ဝါလယ်ဇရုပ်မာ လူစုကွဲဟုားဟူ ခီမာ ယုဒလူမျိုးလေန ဘုရားသခင်ဟို့
ကိုးကွယ်ဘီး ယုဒဘာသာဝင်ဖြစ်လာဟူ လူလေဟုာ ပေါလုန ဗာနဗလေရဲ့
နော့-က်ဟို့လိုက်ဟုားဂေ့ဟုယ်။ တမန်တော်လေဟု အယ်လူလေဟို့ ဘုရားသခင်ရဲ့
ကျေးဇူးတော်န ဆစ်ဘီးဟုာ သတ်ရှင်ဟို့တွပ် စည်းရောင်းဂေ့ဟုယ်။

44 နော့-က်ပတ်ဒန်းနေ့မာ သခင်ဘုရားရဲ့ စကားတော်ဟို့ ကြားရဟို့တွပ်
တဖြို့လောင်းနီးပါး ရော့-က်လာဂေ့ဟုယ်။

45 ယုဒလူမျိုးလေဟုာ လူအောက်ဂီးဟို့ ဖြင်ဟူ ခီမာ နာလိုဘဲကြောန့်
ပေါလုဟောပြောဟူ စကားလေဟို့ ကဲ့ရဲ့ဘီးဟုာ ပြောဂေ့ဟုယ်။

46 အယ်ဘေမဲ့ ပေါလုန ဗာနဗလေဟုာ "နို့လေဟု ဘုရားသခင်ရဲ့ စကားတော်ဟို့
နန်းနို့ဟို့ ပထမဆောင်း ဟောရဟုယ်။ အယ်ဘေမဲ့ နန်းနို့ဟုာ အယ်မူတရားတော်ဟို့
ပယ်ဘီးဟုာ ကိုယ့်ကိုယ်ကိုယ် ထာဝရသတ်န ထိုက်တန်ဟု ဆိုဘီး စီရင်ဂေ့ဟူကြောန့်
နို့လေဟုာ နန်းနို့နားဟုနေ ထွပ်ဟုားဘီးဟုာ လူမျိုးခြားလေနားဟို့ သွားမယ်။

47 ဘုရားသခင်ဟု"

"'ကယ်တန်ရှင်းကျေးဇူးဟို့ တကမ္ဘာလောင်းဟို့ ရော့-က်စေဟို့တွပ်န နန်းနို့လေဟို့
လူမျိုးခြားလေတွပ် လန်းရောန်ဖြစ်စေဟို့ ငါခန့်ဟုားဟုယ်။'
ဆိုဘီး နို့လေဟို့ မိန့်မှာဟုားဟုယ်" ဆိုဘီး ပိုဘီး ရဲရဲရင့်ရင့်ဟုား ဟောပြောလေဟုယ်။

48 လူမျိုးခြားလေဟုာ အယ်မျိုး ကြားရဟူ ခီမာ ဝန်းသာဘီးဟုာ သခင်ဘုရားရဲ့
စကားတော်ဟို့ ချီးမွမ်းဂေ့ဟုယ်။ ထာဝရသတ်တွပ် ဝီးကော့-က်ခံရဟူ လူလေဟုာ
ယောင်ကြည်သူလေ ဖြစ်လာဂေ့ဟုယ်။

49 သခင်ဘုရားရဲ့ တရားတော်ဟုာ တနယ်လောင်းဟို့ ပုလံ့နှံ့ဟုားလေဟုယ်။

50 အယ်ဘေမဲ့ ယုဒလူမျိုးလေဟုာ ဘုရားသခင်ဟို့ ကိုးကွယ်ဟူ
ထတ်တန်းလွှမီးမလေန ဗြို့ရဲ့ မျစ်နှာဖောင်းလေဟို့ တိုက်တွန်းဘီးဟုာ ပေါလုန
ဗာနဗလေဟို့ ညှဉ်းဆဲဟို့တွပ် စဘီးနှိုးဆော်လေဟုယ်။ သူးနို့ဟုာ
အယ်လူနှေ့ယော့-က်ဟို့ သူးနို့ နယ်ဟုနေ နှန်ထုလိုက်ဂေ့ဟုယ်။

51 အယ်ခီမာ ပေါလုန ဗာနဗလေဟုာ သူးနို့ဟို့ ဒီပေးဟို့တွပ် ခေဖွားဟု မ့လေမုဟို့
ခါခ့လဘီးဟုာ ဂ္ဂကောနိဗြို့ဟို့ ထွပ်ဟုားဂေ့ဟုယ်။

52 အနှတိအုတ်ဗြို့ဟု တဗဲတော်လေဟုာ ဝန်းသာဘီးဟုာ သန့်ရှင်းဟူဝိညာဉ်တော်န
ပုလဲ့ဝနေဂေ့ဟုယ်။

13:51 ၁၃.၅၁ မ ၁၀.၁၄; မာ ၆.၁၁; လု ၉.၅; ၁၀.၁၁

14

ဣကောနိဗြို့မာ မှုတော်မြတ်ကြောန်း

1 ဣကောနိဗြို့မာလည်း ပေါလုန ဗာနဗဟှာ ယုဒလူမျိုးလေရဲ့ ဝါလယ်ဇရုပ်ဟို
ဝမ်ဘီးဟှာ ဟောပြောဟူ ခီမာ ယုဒလူမျိုးလေန လူမျိုးခြားလေဟှာ ဘောင်ဂီး
ယောင်ကြည်ဂေ့ဟှယ်။
2 အယ်ဘေမဲ့ ယောင်ကြည်ဘဲ့ဟူ ယုဒလူမျိုးလေဟှာ လူမျိုးခြား ညီကိုလေဟို
နာလိုဘဲစိ ဖြစ်လာဟို့တွပ် ဆွပေးဂေ့ဟှယ်။
3 ပေါလုန ဗာနဗလေဟှာ အယ်ဒေသမာ ကြားကြာဟှား နေဘီးဟှာ
သခင်ဘုရားရဲ့ကြောန်းဟို ရဲရဲရင့်ရင့်ဟှား ဟောပြောဂေ့ဟှယ်။ ကိုယ်တော်ဟှာ
အယ်လူလေဟောပြောဟူ ကျေးဇူးတော်တရားဟှာ မှန်ကန်ဟှယ် ဆိုဇာဟို
သတ်သေပြဟို့တွပ် သူးနို့လေဟို အံ့သြဘွယ်ရာလေန နိမိတ်လတ်ခဏာလေဟို
ပြနိုင်ဟို့ တဂိုးဟို ပေးဟှယ်။
4 ဗြို့သူဗြို့သားလေဟှာ နှေ့စုကွဲဟှားဂေ့ဟှယ်။ တစုဟှ ယုဒလူမျိုးလေဖတ်ဟို
ပါဟှားဘီး နော့-က်တစုဟှ တမန်တော်လေဖတ်ဟို ပါဟှားဂေ့ဟှယ်။
5 ရာရှိလေ၊ ယုဒလူမျိုးလေန လူမျိုးခြား တချို့လေဟှာ တမန်တော်လေဟို
ညှဉ်းဆဲဘီး ကွလော့-က်ခဲနပစ်ဟို့တွပ် ဆောင်းဖြတ်ဂေ့ဟှယ်။
6 အယ်ကြောန်းဟို တမန်တော်လေဟှ ကြားရဟူ ခီမာ လုကောနိပြည်ထဲဟှ
လုတ့်တရဗြို့၊ ဒေရဗေဗြို့န နီးနားဟှဒေသဟို ထွပ်ပ့လေးဟှားဂေ့ဘီး၊
7 အယ်နေရာမာ သူးနို့ဟှာ ဒန်းကောန်းဟို ဟောပြောဂေ့ဟှယ်။

လုတ့်တရဗြို့န ဒေရဗေဗြို့မာ မှုတော်ဆောန်ဟူကြောန်း

8 လုတ့်တရဗြို့မာ မီးဂဒဲဟှ ခေသန်ဘဲကြောန့် လောင်းဝ လမ်းရှော့-က်နိုင်ဘဲဟူ
လူတယော့-က်ရှိဟှယ်။
9 သူဟှာ အယ်နေရာမာ ထိုင်ဘီး ပေါလုရဲ့စကားဟို နားထောန်နေဟှယ်။ ပေါလုဟှာ
သူ့ဟို စိစိကေ့လိုက်ဟူကြောန့် ကျန်းမာနိုင်ဟူ ယောင်ကြည်ရှင်းရှိဟှယ် ဆိုဇာဟို ဗြင်ဟူ
ခီမာ
10 “ထဘီးဟှာ မတ်တတ်ရပ်လိုက်” ဆိုဘီး သံကွလယ်ဂီးန အော်လိုက်ဟှယ်။
အယ်လူဟှာ ထခူဘီးဟှာ စဘီးလမ်းရှော့-က်လေဟှယ်။
11 လူအောက်ဂီးဟှာ ပေါလုလောက်ဟူဇာလေဟို ဗြင်ဟူ ခီမာ “နတ်ဘုရားလေဟှာ
လူယောန်ဆောန်ဘီးဟှာ နို့လေနားဟို လာဟှယ်!” ဆိုဘီး သူးနို့ဟှာ လုကောနိ
ဘာသာစကားန စဘီးဟှာ အော်ပြောဂေ့ဟှယ်။
12 သူးနို့ဟှာ ဗာနဗဟို ဇုသ ဆိုဘီး ခေါ်ဂေ့ဟှယ်။ ပေါလုဟှာ ဦးဆောန်ဟောပြောသူ
ဖြစ်ဟူကြောန့် ဟေရမေ ဆိုဘီး ခေါ်ဂေ့ဟှယ်။
13 ဇုသရဲ့ နတ်ဘုရားဗိမာန်ဟှာ ဗြို့ပ့လန်မာရှိဟူကြောန့် အယ်နတ်ဘုရားရဲ့
ယဇ်ပုရောဟိတ်ဟှာ နွားလားလေန ပန်းဂေါင်းလေဟို ဗြို့ခွဗော့-က်ဝဟို
ယူလာဂေ့ဟှယ်။ သူနတူးဒူ လူအောက်ဂီးလည်း တမန်တော်လေဟို ပူဇော်ရှင်ဂေ့ဟှယ်။

14 အယ်ဘေမဲ့ တမန်တော်ဗာနဗန ပေါလုလေဟု အယ်ကြောန်းဟို့ ကြားရဂေ့ဟူ ခီမာ
သူးနို့ရဲ့ အန်းဂီလေဟို့ ဆုဖ့လဲ့ဘီးဟှာ လူလေကြားထဲဟို့ ပ့လေးလာဘီးဟှာ
15 “နန်းနို့ဟှာ ဖြားဖြစ်ကြောန့် အယ်မျိုးလောက်ဂွေနူး။ နို့လေဟှ နန်းနို့မျိုးဘဲ့
သာမန်လူလေဖြစ်ဂွေ့ဟှယ်! နန်းနို့ဟှာ အယ်မျိုး ကျိုးမ့ေဘဲ့ဟူ ဇာလေဟို့
ပစ်လွှပ်ဂွေ့ဘီးဟှာ သတ်ရှင်ဟူ ဘုရားသခင်ဖတ်ဟို့ ပ့လန်လာဟို့တွပ် နန်းနို့ဟို့
ဒန်းကောန်းပြောဟို့တွပ် ရော့-က်လာဟှယ်။ သတ်ရှင်ဟူ ဘုရားသခင်ဟှာ ကောန်းဂန်န
မ့လေဂီး၊ ပန်လယ်န ရှိမ့ျဂူလောင်းဟို့လည်း ဖန်ဆင်းဟှားဟှယ်။
16 ရင်းရင်ဒူးဟှ ဆိုဟှာ ကိုယ်တော်ဟှာ လူလေ ဂူလောင်းဟို့ သူးနို့ရဲ့ လမ်းစဉ်တိုင်း
ရော့-က်လှမ်းဟို့ ခွမ့်ပေးဟှားဟှယ်။
17 အယ်ဘေမဲ့ ကောန်းဇာလေ လောက်ရှင်းအားဖြင့် ကိုယ်တော် ရှိဟှယ် ဆိုဇာဟို့
သတ်သေထော့-က်ထားလေန လူလေဟို့ မြဲဒမ်း ပြဟှယ်။ ကိုယ်တော်ဟှာ
ကောန်းဂန်ဟှနေ မိုးဝါစေဘီးဟှာ သီးနှံလေဟို့ ဖြစ်စေဟှယ်။ နန်းနို့ဟို့ စားဇာလေဟို့
ပေးဘီး နန်းနို့ရဲ့စိဟို့ ရွှင်လန်းစေဟှယ်” ဆိုဘီး အော်ဘီးပြောဟှယ်။
18 တမန်တော်လေဟှာ အယ်မျိုးပြောဘေမဲ့လည်း ပူဇော်ဆစ်သဟို့တွပ်
လောက်နေဟူ လူလေဟို့ ခတ်ခတ်ခဲခဲ တားနေရဟှယ်။
19 အန့တိအုတ်ဖြို့န ဣကောနိဖြို့ဟှနေ ရော့-က်လာဂွေ့ဟူ ယုဒလူတချို့ဟှာ
သူးနို့ဖတ်ဟို့ ပါအောန် စည်းရောင်းဂွေ့ဟှယ်။ အယ်ဘီးန ပေါလုဟို့ ကဲ့လော့-က်ခဲန
ပစ်ဘီးဟှာ သေဟှားဘီ ဆိုဘီး ထန်ဘီးဟှာ ဖြို့ပ့လန်ဟို့ ဆွဲထုဂွေ့ဟှယ်။
20 အယ်ဘေမဲ့ သူနှားဟို့ တဗဲတော်လေဟှာ စုလာဂွေ့ဟူ ခီမာ ပေါလုဟှာ ဖြို့ထဲဟို့
ပ့လန်ဝမ်ဟှားဟှယ်။ နော့-က်တနေ့မာ ပေါလုန ဗာနဗဟှာ ဒေရဗေဖြို့ဟို့
ထွပ်ဟှားဂွေ့ဟှယ်။

ရှူရိပြည် အန့တိအုတ်ဖြို့ဟို့ ပ့လန်လာကြောန်း

21 ပေါလုန ဗာနဗလေဟှာ ဒေရဗေဖြို့မာ ဒန်းကောန်းဟို့ ဟောပြောဂွေ့ဟူ ခီမာ
လူဘောင်ဂီးဟှ တဗဲတော်ဖြစ်လာဂွေ့ဟှယ်။ အယ်ဘီးန လုတ့တရဖြို့၊ ဣကောနိဖြို့န
ပိသိဒိပြည် အန့တိအုတ်ဖြို့ဟို့ ပ့လန်ဂွေ့ဟှယ်။
22 တဗဲတော်လေဟို့ ခိုင်ခန့်စေဘီး သူးနို့လေရဲ့ ယောင်ကြည်ရှင်းစိဟို့ ခိုင်မြဲဟို့တွပ်
တိုက်တွန်းဂွေ့ဟှယ်။ သူးနို့ဟှာ “နို့လေဟှာ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ဝမ်ဟို့တွပ်
ဒေါက်ခဆင်းရဲ ဘောင်ဂီး ခံရလေ့မယ်” ဆိုဘီး သွန်သန်ဂွေ့ဟှယ်။
23 ပေါလုန ဗာနဗလေဟှာ သင်းတော်လေမာ လူဂီးလေဟို့ ခန့်ဟှားဂွေ့ဟှယ်။
စာရှောန်ဆုတောန်းဘီးန သူးနို့ယောင်ကြည်ဂွေ့ဟူ သခင်ဘုရားနားဟို့ သူးနို့လေဟို့
အပ်ပေးလိုက်ဟှယ်။
24 ပေါလုန ဗာနဗဟှာ ပိသိဒိပြည်ဟို့ ဖြတ်ဘီးန ပံဖုလိပြည်ဟို့
ရော့-က်ဟှားဂွေ့ဟှယ်။
25 သူးနို့ဟှာ ပေရဂေဖြို့မာ တရားဟို့ ဟောဂွေ့ဟှယ်။ အယ်ဘီးန အတ္တလိဖြို့ဟို့
သွားဘီးဟှာ၊

26 အနှတိအုတ်ဗြို့ဟို့ သန်းဖောန သွားဂေ့ဟုယ်။ အယ်ဗြို့ဟှာ ခုသူးနို့ရဲ့
မှုတော်လောက်ငန်း ပီးဟှားဟူကြောန့် ဘုရားသခင်ရဲ့ ကျေးဇူးတော်ထဲဟို့ အပ်ဘီးဟှာ
လွှတ်လိုက်ဟူဗြို့ ဖြစ်ဟုယ်။
27 အနှတိအုတ်ဗြို့ဟို့ ရော့-က်ဟူ ခီမာ သူးနို့ဟှာ သင်းတော်မာ စုခိုင်းဘီးဟှာ
သူးနို့ဟို့ ဘုရားသခင်ဟှ သတ်သေထူဟှားဇာလေန လူမျိုးခြားလေ
ယောင်ကြည်လာဟို့တွပ် ကိုယ်တော်ဟှာ ယောင်ကြည်ရှင်း ခွဇော့-က်ဟို့
ဖွမ့်ပေးဟူကြောန်းလေဟို့ ပ့လန်ပြောပြဂေ့ဟုယ်။
28 အယ်ဘီးန သူးနို့ဟှာ တဗဲတော်လေနတူးဒူ ကြာဂီးနေဟုယ်။

15

ယေရုရှလင်ဗြို့ဟှ စည်းဝေးကြောန်း

1 လူတချို့ဟှာ ယုဒပြည်ဟှနေ အနှတိအုတ်ဗြို့ဟို့ သွားဘီးဟှာ ညီကို
မောန်နှမလေဟို့ “နန်းနို့ဟှာ မောရှေရဲ့ ပညတ်တရားတိုင်း ရေဖျားလှီးဇာဟို့ ခံဟှဆိုဟှာ
ကယ်တန်ရှင်းရနိုင်ဟှ” ဆိုဘီး သွန်သန်ဂေ့ဟုယ်။
2 ပေါလုန ဗာနဗလေဟှာ အယ်လူလေန ပြင်းပြင်းထန်းထန်ဟှား ဂြင်းခူဂေ့ဟုယ်။
အယ်ကြောန့် ပေါလု၊ ဗာနဗန ယောင်ကြည်သူတချို့ဟို့ အယ်ပြဿနာ ဆွေးနွေးဟို့တွပ်
ယေရုရှလင်ဗြို့ဟှ တမန်တော်လေန သင်းလူဂီးလေနားဟို့ စေလွှတ်ဟို့တွပ်
ဆောင်းဖြတ်လိုက်ဂေ့ဟုယ်။
3 သူးနို့ဟှာ သင်းတော်ရဲ့ ပို့ဆောန်ပေးရှင်းအားဖြင့် ဖိနိတ်ပြည်န ရှမာရိပြည်လေဟို့
ဖြတ်သွားနေဟူ ခီမာ လူမျိုးခြားလေဟှာ ဘုရားသခင်ဖတ်ဟို့
ပ့လောန်းလဲလာဂေ့ကြောန်းဟို့ ပြောပြဂေ့ဟူကြောန့် ညီကိုလေဟှာ ရရာတိုင်း
ဝန်းသာဂေ့ဟုယ်။
4 သူးနို့လေဟှာ ယေရုရှလင်ဗြို့ဟို့ ရော့-က်ဟှားဂေ့ဟူ ခီမာ သင်းတော်၊
တမန်တော်လေန သင်းလူဂီးလေဟှ သူးနို့ဟို့ ကြိုဆိုဂေ့ဟုယ်။ သူးနို့ဟို့ ဘုရားသခင်ဟှ
ဖယ်မျှလော့-က် သောင်းပြုဟုယ် ဆိုဇာဟို့ ဂူလောင်းဟို့ ပ့လန်ပြောပြဂေ့ဟုယ်။
5 အယ်ဘေမဲ့ ဖာရိရှဲဖွဲ့ဝမ်လေန ယောင်ကြည်သူ တချို့လေဟှာ ထဘီးဟှာ
“လူမျိုးခြားလေဟှာ ရေဖျားလှီးဇာခံရဘီး မောရှေရဲ့ ပညတ်တရားဟို့ စောန့်ထီးရမယ်”
ဆိုဘီး ပြောဂေ့ဟုယ်။
6 တမန်တော်လေန သင်းလူဂီးလေဟှာ အယ်ကိစဟို့ သောင်းသပ်ဟို့တွပ် စုဂေ့ဟုယ်။
7 ခီကြာဂီး ဆွေးနွေးဂေ့ဘီးန ပေတရုဟှာ ထဘီးဟှာ “ညီကိုလေ၊ လူမျိုးခြားလေဟှာ
ဒန်းကောန်းကြားဘီး ယောင်ကြည်နိုင်ဟို့တွပ် ရင်းရင်ဂဒဲဟှ ဘုရားသခင်ဟှာ
ဒန်းကောန်းဟို့ ဟောပြောဟို့တွပ် ငါ့ဟို့ ဦးဆောင်း နန်းနို့ ထဲဟှနေ
ဝီးကော့-က်ဟှားဟုယ် ဆိုဇာဟို့ နန်းနို့ သိဂေ့ဟုယ်။

15:7 **၁၅.၇** တ ၁၀.၁-၄၃

8 လူလေရဲ့ စိန္နလောင်းဟိုသိဟူ ဘုရားသခင်ဟာ သန့်ရှင်းဟူဝိညာဉ်တော်ဟို
နို့လေဟို ပေးမျိုးဘဲ့ လူမျိုးခြားလေဟိုလည်း ပေးရှင်းအားဖြင့် သူးနို့လေဟို
လတ်ခံကြောန်း သတ်သေဟို ပြလေဟုယ်။
9 ကိုယ်တော်ဟာ သူးနို့လေန နို့လေဟို ခွဲခြားဟု။ သူးနို့ဟာ ကိုယ်တော့်ဟို
ယောင်ကြည်ဟူကြောန့် သူးနို့ရဲ့ စိန္နလောင်းဟာ သန့်ရှင်းဟုားဘီး သူးနို့ရဲ့
ပြစ်လေလည်း ဖြေလွှတ်ပေးဟုယ်။
10 အယ်ကြောန့် နန်းနို့ဟာ ဖြားဖြစ်ကြောန့် ဘုရားသခင်ဟို စောင်ဇမ်းဂွေနူး။ နို့လေရဲ့
ဘိုးဘေးလေရော၊ နို့လေကိုယ်တိုင်ဟာ ထမ်းနိုင်ဘဲဟူ ဝန်ထောက်လေဟို
ဖြားဖြစ်ကြောန့် တဗဲတော်လေဟို ထမ်းခိုင်းဂွေနူး။
11 မူဟု! နို့လေဟုလည်း အယ်လူလေမျိုးဘဲ့ သခင်ယေရှုရဲ့ ကျေးဇူးတော်အားဖြင့်
ကယ်တန်ခံရဟုယ် ဆိုဇာဟို ယောင်ကြည်ဂွေဟုယ်” ဆိုဘီး ပြောဟုယ်။
12 ဗာနဗန ပေါလုလေဟုာ လူမျိုးခြားလေထဲမာ ဘုရားသခင်လောက်ဟူ
အံ့သြဘွယ်ရာလေန နိမိတ်လတ်ခဏာကြောန်းဟို ပြောနေဟူ ခီမာ စုနေဟူ လူလေဟု
တိတိဆိုဆိုဟုား နားထောန်နေဂွေဟုယ်။
13 သူးနို့လေ ပြောဘီးန ယာကုပ်ဟု “ညီကိုလေ၊ ငါ့စကားဟို နားထောန်ဂွေ!
14 ဘုရားသခင်ဟာ သူနာမတော်တွပ် လူမျိုးခြားလေထဲဟု လူတချို့ဟို သူ့ရဲ့
လူစုဖြစ်ဟို့တွပ် ဝီးထုဟူ ခီမာ သူးနို့ဟို ဂရုစိုက်ကြောန်းဟို ရှိမုန်ဟု ရှင်းပြဟုားပီးဘီ။
15 ပရောဖက်လေရဲ့ စကားလေဟုာ အယ်ကြောန်းရာန ကိုက်ညီဟုယ်။
ကျမ်းစာထဲမာ”

16 “‘အယ်မူဇာ ပီးဟုားဘီးန ငါပ့်လန်လာမယ်၊
အယ်ဘီးဟုာ ပြိုကွ်လနေဟူ ဒါဝိဒ်ရဲ့တဲဟို ငါပ့်လန်ဆော့-က်မယ်။
ငါဟုာ ပျစ်စီးနေဟူ အယ်တဲတော်ဟို ပ့်လန်ဆော့-က်ဘီး
ဒါဝိဒ်ရဲ့တဲဟို နော့-က်တခါ ပ့်လန်ဆော့-က်မယ်။
17 ကျန်ရစ်ဟူ လူလေန ငါ့နာမအားဖြင့် ခေါ်ရှင်းခံရဟူ လူမျိုးခြားလေ ဂူလောင်းဟုာ
ဘုရားသခင်ဟို ရှာဂွေလေ့မယ်။
18 ရင်းရင်ဂဒဲဟု အယ်မူဇာဟို သိစေတော်မူဟူ ထာဝရဘုရား မိန့်တော်မူဟုားဟုယ်’”
ဆိုဘီး ရေးဟုားဟုယ်။

19 ယာကုပ်ဟု ဆစ်ဘီးဟုာ “အယ်ကြောန့် ဘုရားသခင်နားဟို ပ့်လောန်းလဲလာဂွေဟူ
လူမျိုးခြားလေဟို ဒေါက်ခရော့-က်အောန် နို့လေ စီရင်သင့်ဟု ဆိုဘီး ငါထန်ဟုယ်။
20 အယ်ကြောန့် ရောက်ထုလေဟို ပူဇော်ဟုားဘီး သန့်ရှင်းဘဲဟူ စားဇာလေဟို
စားရှင်း၊ တရားဘဲဟူ မေထုန်ပြုရှင်း၊ လည်ဗန်းလှီးဘဲန သတ်ဟုားဟူ လိဆန်န
သွီးလေဟို စားရှင်းဟုနေ ရှောန်ဂွေဟို့တွပ် စာရေးသင့်ဟုယ် ဆိုဇာ ငါယူဆဟုယ်။

15:8 **ဒ၅.၈** တ ၁၀.၄၄; တ ၂.၄

21 ဖြားဖြစ်ကြောင်နှူးဆိုဟှာ ရင်းရင်ဒူးဟှ မောရှေရဲ့ ပညတ်တရားဟှိ
ဝါလယ်ဇရပ်မာ ဒန်းနေ့တိုင်းမာ ဖတ်ဟှယ်။ အယ်ဘီးဟှာ သူ့ရဲ့ တရားဟှိ ဗြို့တိုင်းမာ
ဟောပြောဂေ့ဟှယ်” ဆိုဘီး ပြောဟှယ်။

ယောင်ကြည်သူ လူမျိုးခြားလေဟှိ ပေးဟှစာကြောန်း

22 အယ်ကြောန် တမန်တော်လေ၊ သင်းလူဂီးလေန သင်းတော်တခုလောင်းဟှာ
သူးနို့လေထဲဟှ လူတချို့ဟှိ ဝီးကော့-က်ဘီးဟှာ ပေါလုန ဗာနဗလေနတူးဒူ
အန္ဒတိအုတ်ဗြို့ဟှိ လွှတ်ဟှို့တွပ် ဆောင်းဖြတ်ဂေ့ဟှယ်။ သူးနို့လေဟှာ ညီကိုလေထဲမာ
ရရာတိုင်း လေးစားခံရဟှူ ဗာရှဗ ဆိုဘီး ခေါ်ဟှူ ယုဒန သိလလေဟှိ
ဝီးကော့-က်ဂေ့ဟှယ်။

23 သူးနို့ဟှနေ တဆင့် ပေးလိုက်ဟှူ စာထဲမာ၊
“နန်းနို့ ညီကိုလေ ဖြစ်ဂေ့ဟှူ တမန်တော်လေန သင်းလူဂီးလေဟှ အန္ဒတိအုတ်ဗြို့၊
ရှူရိပြည်န ကိလိကိပြည်မာနေဟှူ လူမျိုးခြား ညီကိုလေဟှိ နှောက်ဆစ်လိုက်ဟှယ်။

24 နို့လေထဲဟှ လူတချို့ဟှာ နို့လေရဲ့ ခွမ့်ပြုချစ်ရဘဲန နန်းနို့နားဟှိ သွားဘီးဟှာ
စိနှောက်ယှစ်ဖြစ်စေဟှူ စကားလေဟှိ ပြောဘီး နန်းနို့ဟှိ ဒေါက်ခပေးကြောန်းဟှိ
နို့လေသိရဟှယ်။

25 အယ်ဘေမဲ့ ကျွန်တော့်လေဟှာ စည်းဝေးလောက်ဘီး လူတချို့ဟှိ
ဝီးကော့-က်ဘီးဟှာ နန်းနို့နားဟှိ လွှတ်ဟှို့တွပ် ဂူလောင်း ဘောတူဂေ့ဟှယ်။
အယ်လူလေဟှာ ကျွန်တော့်လေ ရှစ်ဟှူဗာနဗန ပေါလုလေနတူးဒူ
လိုက်ဟှားဂေ့လေ့မယ်။

26 ပေါလုန ဗာနဗလေဟှာ နို့လေရဲ့ သခင်ယေရှုခရစ်တော်ရဲ့ နာမတော်တွပ်
မှုတော်ဟှိ သတ်စွန့်ဘီး လောက်ဂေ့ဟှယ်။

27 အယ်ကြောန် ကျွန်တော့်လေဟှာ သူးနို့နတူးဒူ ယုဒန သိလလေဟှိ နန်းနို့နားဟှိ
လွှတ်လိုက်ဟှယ်။ ကျွန်တော့်လေ ရေးလိုက်ဟှစာမာ ပြောဟှားဟှူ ကြောန်းရာလေဟှိ
သူးနို့ ကိုယ်တိုင်လည်း ပြောပြဂေ့လေ့မယ်။

28 သန့်ရှင်းဟှူဝိညာဉ်တော်န ကျွန်တော့်လေဟှာ လိုက်နာဟှို့
လိုအပ်ချစ်လေမှတပါး တခြားဝန်လေဟှိ ထမ်းဘဲဟှို့တွပ် ဘောတူဂေ့ဟှယ်။

29 ရောက်ထုဟှိ ပူဇော်ဟှားဟှူစာဟှိ စားန။ သွီးဟှိုလည်း စားန။ လည်ဗန်းလှီးဘဲန
သတ်ဟှားဟှူ လိဆန်ဟှိုလည်း စားန။ နန်းနို့ ကိုယ်တိုင်လည်း တရားဘဲဟှူ မေထုန်ဟှို
ရှောန်ရမယ်။ အယ်မူဇာလေဟှိ ရှောန်မယ် ဆိုဟှာ နန်းနို့တွပ် လောင်လော့-က်ဟှားဘီ။
ကျန်းမာရွှင်လန်းဂေ့ပါစေ” ဆိုဘီး ရေးဟှားဟှယ်။

30 စေတမန်လေဟှိ လွှတ်လိုက်ဘီး သူးနို့ဟှာ အန္ဒတိအုတ်ဗြို့ဟှိ သွားဘီး
ယောင်ကြည်သူလေဟှိ စုခိုင်းဘီးဟှာ အယ်ပေးစာဟှိ ပေးလိုက်ဂေ့ဟှယ်။

31 သူးနို့ဟှာ အယ်စာဟှိ ဖတ်ပြဂေ့ဟှူ ခီမာ တိုက်တွန်းဟှားဟှူ စကားလေကြောန့်
ရရာတိုင်း ဝန်းသာဂေ့ဟှယ်။

32 ယုဒန သိလလေ ကိုယ်တိုင်ဟု ပရောဖက်လေ ဖြစ်ဂေ့ဟူကြောင့် ညီကိုလေဟို
ခီကြာဂီး တိုက်တွန်းအားပေးဘီး ခိုင်ခန့်စေဂေ့ဟုယ်။
33 သူးနို့ဟု အယ်နေရာမာ ရစ်ကြာဂီး နေဘီးန ညီကိုလေဟို ငြိုးငြိုးချမ်းချမ်းဟား
ပ့လန်လွှတ်လိုက်ဂေ့ဟုယ်။
34 *
35 ပေါလုန ဗာနဗလေဟု အန့တိအုတ်ဖြို့မာနေဘီး သခင်ဘုရားရဲ့ ဒန်းကောန်းဟို
တခြားလူလေနတူးဒူ ဟောပြောသွန်သန်ဂေ့ဟုယ်။

ပေါလုန ဗာနဗ လမ်းခွဲဂေ့ကြောန်း

36 ရစ်နဲနဲကြာဘီးန ပေါလုဟု ဗာနဗဟို "သခင်ဘုရားရဲ့ စကားတော်ဟို
နို့လေဟောဟားဟူ၊ ဖြို့လေမာရှိဟူ ညီကိုလေနားဟို ပ့လန်ဟားဘီးဟာ သူးနို့လေရဲ့
ခြေနေလေဟို လေ့လာဂေ့ဇို့" ဆိုဘီး ပြောဟုယ်။
37 ဗာနဗဟာ မာကုနာမယ် ဆိုဘီး ခေါ်ဟူ ယောဟန်ဟို ခေါ်ဆောန်ရှင်ဟုယ်။
38 အယ်ဘေမဲ့ ပေါလုဟု ပံဖုလိပြည်မာ သူးနို့နားဟုနေ ထွပ်ဟားဘီး သာသနာခရီးဟို
ဆောင်းထိလိုက်ဘဲဟူ သူဟို ခေါ်ဆောန်ဟို့ သင့်ဟု ဆိုဘီး ယူဆဟုယ်။
39 သူးနို့ဟု ပြင်းပြင်းထန်းထန်ဟား ဂြင်းခူဂေ့ဘီး လမ်းခွဲဂေ့ဟုယ်။ ဗာနဗဟာ
မာကုဟို့ ခေါ်ဘီးဟာ ကုပရုကျွန်းဟို့ သန်းဖောန သွားလိုက်ဟုယ်။
40 ပေါလုဟု သိလဟို့ ဝီးကော့-က်ဘီးဟာ ထွပ်ဟားဟုယ်။ ညီကိုလေဟာ ပေါလုဟို့
သခင်ဘုရားရဲ့ ကျေးဇူးတော်န အပ်လိုက်ဂေ့ဟုယ်။
41 ပေါလုဟာ အယ်နေရာဟုနေ ရှုရိပြည်န ကိလိကိပြည်ဟို့ သွားဘီးဟာ
သင်းတော်လေဟို့ ခိုင်ခန့်စေဟုယ်။

16

ပေါလု၊ သိလလေနတူးဒူ တိမောသေ လိုက်ဟားကြောန်း

1 ပေါလုဟာ ဒေရဗေဖြို့နု လုတ့်တရဖြို့ဟို့ ရော့-က်လာဟုယ်။ လုတ့်တရဖြို့မာ
တိမောသေ နာမယ်ရှိဟူ တမဲ့တော်တယော့-က်ရှိဟုယ်။ သူမိဟာ ယောင်ကြည်ဟူ
ယုဒလူမျိုးဖြစ်ဟုယ် သူဖဟာ ဟေလသလူမျိုးဖြစ်ဟုယ်။
2 လုတ့်တရဖြို့နု ဣကောနိဖြို့ဟု ညီကို မောန်နှမလေထဲမာ အသရေရှိဘီး
သတ်သေခံနိုင်ဟူ လူလည်းဖြစ်ဟုယ်။
3 ပေါလုဟာ တိမောသေဟို့ သူးနို့နတူးဒူ လိုက်ဟို့ရအောန် ဆိုဘီး အယ်နေရာမာရှိဟူ
ယုဒလူမျိုးလေကြောန် သူဟို့ ရေဖျားလှီးပေးလေဟုယ်။ အယ်မျိုး
လောက်ရဟူကြောန်းဟု တိမောသေရဲ့ ဖဟု ဟေလသလူမျိုးဖြစ်ဟုယ် ဆိုဇာဟို့
သူးနို့လေ ဂူလောင်း သိဂေ့ဟုယ်။

---

* **15:34** **၁၅.၃၄** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၁၇ ဟို့၊ အယ်ဘေမဲ့ သိလဟာ နေရစ်ဟို့တွပ်
ဆောင်းဖြတ်လိုက်ဟုယ်၊ ဆိုဘီး ထပ်ပေါန်းထဲ့ဟားဟုယ်။ **15:38** **၁၅.၃၈** တ ၁၃.၁၃

4 သူးနို့ဟှာ ဗြို့လေဟို့ ဖြတ်ဟှားဘီး ယေရုရှလင်ဗြို့မာနေဟူ တမန်တော်လေန
သင်းလူဂီးလေ ဆောင်းဖြတ်ဟှားဟူ စည်းမျဉ်းလေဟို့ စောန့်ထီးဟို့တွပ်
ယောင်ကြည်သူလေဟို့ ပေးအပ်ဂေ့ဟှပ်။
5 အယ်ကြောန့် သင်းတော်လေဟှာ ယောင်ကြည်မှု ပိုခိုင်မြဲလာဘီး နေ့တိုင်း လူဦးရေ
တိုးပွားလာလေဟှပ်။

တရောဗြို့မာ ပေါလုဗြင်ရဟူ ရှုပါရောင်ကြောန်း

6 သူးနို့ဟှာ ဖြူဂိုပြည်နေ ဂလာတိပြည်ဟို့ ဖြတ်ဟှားဂေ့ဟှပ်။
သန့်ရှင်းဟူဝိညာဉ်တော်ဟှာ သူးနို့ဟို့ အာရှိပြည်မာ တရားဟောဟို့တွပ် ခွမ့်ပေးဟှ။
7 သူးနို့ဟှာ မုသိပြည်နယ်စပ်ဟို့ ရော့-က်ဟှားဂေ့ဟူ ခီမာ ဗိသုနိပြည်ဟို့ သွားဟို့တွပ်
ကြိုးစားဂေ့ဟှပ်။ အယ်ဘေမဲ့ သခင်ယေရှုရဲ့ ဝိညာဉ်တော်ဟှ သူးနို့ဟို့ ခွမ့်ပေးဟှမ်း။
8 အယ်ကြောန့် သူးနို့ဟှာ မုသိပြည်ဟို့ ဖြတ်ဟှားဘီး* တရောဗြို့ဟို့ သွားဂေ့ဟှပ်။
9 အယ်ညဉ့်မာ ပေါလုဟှာ "မာကေဒေါနိပြည်ဟို့ လာဘီးဟှာ ကျွန်တော့်လေဟို့
ကူညီမဇပါ" ဆိုဘီး မာကေဒေါနိပြည်သား တယော့-က်ဟှာ ရပ်ဘီးဟှာ
တောန်းဗန်နေဇာဟို့ ရှုပါရောင်ထဲမာ ဗြင်ရဟှပ်။
10 ပေါလုဟှ အယ်ရှုပါရောင်ဟို့ ဗြင်ဘီးန မာကေဒေါနိပြည်သားလေဟို့
ဒန်းကောန်းဟောဟို့တွပ် ဘုရားသခင်ဟှာ နို့လေဟို့ ခေါတော်မူဟှပ် ဆိုဘီး ရှစ်ရှင်းဘဲ
မာကေဒေါနိပြည်ဟို့ သွားဟို့တွပ် ဆောင်းဖြတ်ဂေ့ဟှပ်။

ဖိလိပ္ပိဗြို့မာ လုဒိရဲ့ ပ္ပလောန်းလဲရှင်းကြောန်း

11 ကျွန်တော့်လေဟှာ တရောဗြို့ဟှနေ သာမောသရက်ကျွန်းဟို့ သန်းဖောန
သွားဂေ့ဘီးန နော့-က်တနေ့မာ နာပေါလိဗြို့ဟို့ ရော့-က်ဟှားဂေ့ဟှပ်။
12 အယ်ဗြို့ဟှနေဘီး ဖိလိပ္ပိဗြို့ဟို့ သွားဂေ့ဟှပ်။ ဖိလိပ္ပိဗြို့ဟှာ
မာကေဒေါနိပြည်ရဲ့ ပထမနယ်ရဲ့ ဗြို့တဗြို့† ရောမလတ်အော့-က်ခံဟူ
ဗြို့လည်းဖြစ်ဟှပ်။ အယ်ဗြို့မာ ကျွန်တော့်လေဟှာ ကြာဂီးနေဂေ့ဟှပ်။
13 ဒန်းနေ့မာ နို့လေဟှာ ဗြို့ပ္ပလန်ဟို့ ထွပ်ဂေ့ဟှပ်။ အယ်ဘီးန ဆုတောန်းဟို့တွပ်
နေရာရှိနိုင်ဟှပ် ဆိုဘီး စိထန်န မြစ်ကမ်းနားဟို့ သွားဘီး အယ်နေရာမာ စုနေဟူ
မီးမလေဟို့ ဟောဂေ့ဟှပ်။
14 အယ်လူလေထဲမာ သွာတိရဗြို့ဟှ ခရမ်းရောန် ဝတ်လေဟို့ ရောန်းဝယ်မား
လုဒိနာမယ်ရှိဟူ မီးမတယော့-က်လည်း နားထောန်နေဟှပ်။ သူဟှာ ဘုရားသခင်ဟို့
ကိုးကွယ်ဟူသူ ဖြစ်ဟှပ်။ သခင်ဘုရားဟှာ ပေါလုဟောနေဟူ တရားစကားဟို့
အာရောင်စိုက်ဟို့တွပ် အယ်မီးမရဲ့ စိန္နလောင်းဟို့ ဖွမ့်ပေးဟှပ်။

---

* **16:8 ၁၆.၈** ဖြတ်ဟှားဘီး၊ အယ်မျိုးမူဘဲနေဟှာ ဖြတ်သွားဟှားဟှပ်။ † **16:12 ၁၆.၁၂** မာကေဒေါနိပြည်ရဲ့
ပထမနယ်ရဲ့ ဗြို့တဗြို့၊ တချို့ မူရင်းလတ်ရေးမူလေမာ မာကေဒေါနိပြည်ရဲ့ ဗြို့ဟို့ ဦးတယ်ဟှပ်၊
အယ်မျိုးမူဘဲနေဟှာ မာကေဒေါနိပြည်မာရှိဟူ ဗြို့ဟို့ ဦးတယ်ဟှပ်၊ ဆိုဘီး ပါရှိဟှပ်။

15 သူနှတူးဒူ အီသူအီသားလေဟှာ ဗတ္တတိဇံခံဘီးန လုဒိဟှ “ကျွန်မဟှာ
သခင်ဘုရားဟို့ တကယ်ယောင်ကြည်သူ ဖြစ်ဟှယ် ဆိုဘီး ဆောင်းဖြတ်ဟှယ် ဆိုဟှာ
ကျွန်မအီဟို့ လာဘီးဟှာ နေဂေ့ပါ” ဆိုဘီး ကျွန်တော့်လေဟို့ တောန်းဗန်လေဟှယ်။

ပေါလုန သိလလေဟှာ ဖိလိပ္ပိဗြို့မာ ထောန်ခ့လခံရကြောန်း

16 တနေ့မာ ကျွန်တော့်လေဟှာ ဆုတောန်းဟှ နေရာဟို့ သွားဂေ့ဟှ ခီမာ
ဗေဒန်ဟောနိုင်ဟှ၊ နတ်ဝမ်ပူးနေဟှ၊ စေခံမီးမဂန်း တယော့-က်ဟို့ တွိဂေ့ဟှယ်။ သူဟှာ
အယ်မျိုး ဗေဒန်ဟောရှင်းအားဖြင့် သူဇရှင်ဟို့ ကပ်လေဘောင်ဂီး ရစေဟှယ်။
17 အယ်စေခံဟှာ ပေါလုန ကျွန်တော့်လေ နော့-က်ဟို့လိုက်ဘီးဟှာ “အယ်လူလေဟှာ
ဖြစ်ဆောင်းဟှ ဘုရားသခင်ရဲ့ စေခံလေဖြစ်ဟှယ်! သူးနို့ဟှာ နန်းနို့ဟို့ ဖယ်မျိုး
ကယ်တန်ခံရနိုင်ဟှယ် ဆိုဇာဟို့ ဟောဟှလူလေဖြစ်ဟှယ်” ဆိုဘီး အော်နေဟှယ်။
18 အယ်မီးမဂန်းဟှားဟှာ ရစ်လေကြောဂီး အယ်မျိုးလောက်နေကြောန့် ပေါလုဟှာ
ရရာတိုင်း စိနှောက်ရှစ်ဖြစ်လာဘီး၊ နော့-က်ဟို့လှည့်ဘီးဟှာ “နန်ဟှာ
အယ်မီးမဂန်းဟှားထဲဟှနေ ထွပ်ဟှားလိုက်။ ယေရှုခရစ်တော်ရဲ့ နာမတော်နှိုက် နန့်ဟို့
ငါ မိန့်ပေးဟှယ်!” ဆိုဘီး အယ်နတ်ဟို့ ပြောလေဟှယ်။ ရှစ်ရှင်းဘဲ အယ်နတ်ဟှာ
ထွပ်ဟှားဟှယ်။
19 မီးမဂန်းဟှားရဲ့ ဇရှင်ဟှာ သူးနို့မာ ကပ်ဝမ်ဟို့တွပ် မျော်လင့်ချစ်မှေ့ဘီ ဆိုဇာဟို့
သိဟှ ခီမာ ပေါလုန သိလလေဟို့ ဖမ်းဘီးဟှာ လူလေစုဝီးဟှ နေရာမာရှိနေဟှ
အာဏာပိုင်လေနားဟို့ ဆွဲခေါ်ဟှားဂေ့ဟှယ်။
20 ရောမရာရှိလေရဲ့ ရှေ့ဟို့ ရော့-က်ဟှ ခီမာ “အယ်လူလေဟှာ ယုဒလူမျိုးလေ
ဖြစ်ဂေ့ဟှယ်။ ကျွန်တော့်လေ ဗြို့ဟို့ ဆူပူအောန် လောက်နေဂေ့ဟှယ်။
21 ရောမနိုင်ငံသားလေဖြစ်ဟှ၊ ကျွန်တော့်လေ လတ်ခံအပ်ဘဲဟှ၊
ကျင့်သောင်းအပ်ဘဲဟှ ထောင်းဒန်းစဉ်လာလေဟို့ သူးနို့လေဟှာ သွန်သန်နေဂေ့ဟှယ်”
ဆိုဘီး လျှော့-က်ဟှားဂေ့ဟှယ်။
22 လူအောက်ဂီးဟှလည်း ပေါလုန သိလလေဟို့ ဆန့်ကျင်ဂေ့ဟှယ်။
ရာရှိလေဟှာ အယ်လူနှေ့ယော့-က်ရဲ့ ဝတ်လေဟို့ ဆုဖ့လဲ့ဘီး သူးနို့ဟို့
ကီဒန်ပေးဟို့တွပ် မိန့်ပေးဂေ့ဟှယ်။
23 သူးနို့ဟို့ ပြင်းပြင်းထန်းထန်ဟှား ရိုက်ဘီးန ထောန်ထဲမာ ထားဟှားဂေ့ဟှယ်။
အယ်ဘီးန သူးနို့ဟို့ လောင်းလောင်ခြောင်းခြောင်ဟှား ထားဟို့တွပ် ထောန်မှူးဟို့
မိန့်ပေးဂေ့ဟှယ်။
24 အယ်မျိုး မှာလိုက်ဟှတိုင်း ထောန်မှူးဟှာ သူးနို့ဟို့ ထောန်ရဲ့ ထဲခန်းမာ
ထားဟှားဘီးဟှာ သူးနို့ ခေလေဟို့လည်း ထိတောင်းခတ်ဟှားလိုက်ဟှယ်။
25 ညဥ့်သန်းဂေါန်ခီမာ ပေါလုန သိလလေဟှာ ဘုရားသခင်ဟို့ ဆုတောန်းဘီး
ချီးမွမ်းချင်း ဆိုနေဂေ့ဟှယ်။ သူးနို့လေ ချင်းဆိုနေဇာဟို့ တခြားထောန်သားလေလည်း
နားထောန်နေဂေ့ဟှယ်။

26 အယ်ခီမာ ရော့-က်တရစ် ပြင်းထန်ဟူ မှလေဂီးလျောက်လာဘီး ထောန်ရဲ့
အုပြစ်လေဟှာ လျောက်ခါလာဟှယ်။ ခွဖော့-က်လေ ဂူလောင်းဟှာ ရှစ်ရှင်းဘဲ
ပွမ့်ထွပ်ဟှားဘီး ထောန်သားလေ ဂူလောင်းရဲ့ ခယ်ဟှားဟူ သံကြိုးလေလည်း
ပှလုထွပ်ဟှားဂေ့ဟှယ်။
27 ထောန်မူးဟှာ အိယာဟှ နိုးဟှားဘီး ပွမ့်နေဟူ ထောန်ခွဖော့-က်လေဟို ဖြင်ဟူ
ခီမာ ထောန်သားလေဟှာ ထွပ်ပှလေးဟှားဘီ ဆိုဘီး စိထန်နေဟူကြောန့် ထားဟို
ဆွဲထုဘီးန သူကိုယ်သူ သတ်ဟို့ လောက်နေဟှယ်။
28 အယ်ဘေမဲ့ ပေါလုဟှ "နန့်ကိုယ်နန် အန္တရာယ်ဖြစ်စေန! နို့လေဂူလောင်း
အယ်နေရာမာ ရှိနေဂေ့ဟှယ်" ဆိုဘီး သံကှလယ်ဂီးန အော်ပြောလေဟှယ်။
29 ထောန်မူးဟှာ မီးတိုင်ဟို တောန်းဘီးန ပှလေးဝမ်ဟှားဘီး ပေါလုန သိလလေရဲ့
ခေရင်းမာ တောင်လျောက်ဘီး ပျုပ်ဝပ်နေဟှယ်။
30 အယ်ဘီးန သူးန့်ဟို ပှလန်ဟို ခေါ်ဆောန်လာဘီးဟှာ "ဆရာလေ၊ ကျွန်တော်ဟှာ
ကယ်တန်ခံရဟို့တွပ် ဖြားမျိုးလောက်ဟို့နူး" ဆိုဘီး မေးလိုက်ဟှယ်။
31 သူးန့်ဟှလည်း "သခင်ယေရှုဟို ယောင်ကြည်ပါ။ ယောင်ကြည်မယ် ဆိုဟှာ နန့်နှ
နန့်မိသားစုဟှာ ကယ်တန်ခံရလေ့မယ်" ဆိုဘီး ပှလန်ဖြေလေဟှယ်။
32 အယ်ဘီးန သူန သူ့အီမာရှိနေဟူ လူလေ ဂူလောင်းဟို သခင်ဘုရားရဲ့
စကားတော်ဟို ဟောပြောဂေ့ဟှယ်။
33 အယ်ညဉ့်မာဘဲ့ ထောန်မူးဟှာ ပေါလုန သိလလေဟို ခေါ်ဘီးဟှာ ဒန်ရာလေဟို
ဆေးပေးဟှယ်။ အယ်ဘီးန သူန သူ့အီသူအီသား ဂူလောင်းဟှာ ရှစ်ရှင်းဘဲ
ဗတ္တိဇံခံဂေ့ဟှယ်။
34 သူဟှာ ပေါလုန သိလလေဟို သူ့အီဟို ခေါ်ဘီးဟှာ စားဇာလေဟို ကျွေးဟှယ်။
သူန သူ့မိသားစုဟှာ ဘုရားသခင်ဟို ယောင်ကြည်ရဂေ့ကြောန့် ရရာတိုင်း
ဝန်းသာဂေ့ဟှယ်။
35 နော့-က်တနေ့ မိုးလန်းဟှားဟူ ခီမာ ရောမအာဏာပိုင်လေဟှာ သူးန့်လေဟို
ထောန်ဟှနေ လွှတ်လိုက်ဟို့တွပ် ရဲရာရှိလေဟို မိန့်ပေးလိုက်ဟှယ်။
36 အယ်ကြောန့် ထောန်မူးဟှာ ပေါလုဟို "ရာရှိလေဟှာ နန်းန့်ဟို ထောန်ဟှနေ
လွှတ်ဟို့တွပ် ပြောဟှားဟှယ်။ အယ်ကြောန့် ငြီးငြီးချမ်းချမ်းဟှား သွားဂေ့ပါ" ဆိုဘီး
ပြောဟှယ်။
37 ပေါလုဟှ "ရောမနိုင်ငံသားဖြစ်ဟူ နို့လေဟို စစ်ကြောစီရင်ဘဲန လူလေရှေ့မာ
ရိုက်ဂေ့ဟှယ်! အယ်ဘီးန နို့လေဟို ထောန်ခှလဟှားဂေ့ဟှယ်။ ခုလည်းဘဲ့ နို့လေဟို
တိတိဟှား လွှတ်လိုက်ဂေ့ဟို့လော။ အယ်မျိုးလောက်သင့်ဟှ! သူးန့် ကိုယ်တိုင်လာဘီး
နို့လေဟို ထောန်ဟှနေ လာထုဂေ့" ဆိုဘီး ရဲရာရှိလေဟို ပြောဟှယ်။
38 ရဲရာရှိလေဟှာ အယ်ကြောန်းဟို ရာရှိလေဟို ပှလန်ပြောဂေ့ဟှယ်။ ပေါလုန
သိလလေဟှာ ရောမနိုင်ငံသား ဖြစ်ကြောန်းဟို ရာရှိလေဟှာ ကြားရဟူ ခီမာ
ကြော့-က်လန့်ဂေ့ဟှယ်။

39 အယ်ကြောန့် သူးနို့ဟှာ လာဘီးဟှာ ပေါလုန သိလလေဟှို့ တိုက်တွန်းဂေ့ဟှယ်။
အယ်ဘီးန သူးနို့လေဟှို့ ထောန်ဟှနေ ထုဆောန်ဘီးဟှာ အယ်ဗြို့ဟှနေ
ထွပ်ဟှားဟှို့တွပ် တောန်းဗန်ဂေ့ဟှယ်။
40 ပေါလုန သိလလေဟှာ ထောန်ထဲဟှ ထွပ်ဘီးဟှာ လုဒိအီဟှို့ သွားဂေ့ဟှယ်။
အယ်ဘီးန ညီကို မောန်နှမလေဟှို့ တိွဘီးဟှာ အားပေးစကားလေဟှို့ ပြောဘီးန
အယ်ဗြို့ဟှနေ ထွပ်ဟှားဂေ့ဟှယ်။

17

သက်သာလောနိတ်ဗြို့မာ မှုတော်မြတ်ကြောန်း

1 ပေါလုန သိလဟှာ ခရီးသွားဂေ့ဟှ့ ခီမာ အံဖိပေါလိဗြို့န အာပေါလောနိဗြို့ဟှို့
ဖြတ်ဟှားဘီး သက်သာလောနိတ်ဗြို့ဟှို့ ရော့-က်ဟှားဂေ့ဟှယ်။ အယ်ဗြို့မာ
ယုဒဝါလယ်ဇရပ်ရှိဟှယ်။
2 ပေါလုဟှာ သူးနို့ထောင်းဇံရှိဟှ့တိုင်း ဝါလယ်ဇရပ်ဟှို့ သွားဘီးဟှာ ဒန်းနေ့
သောင်းရစ်လောင်းလောင်း ကျမ်းစာဟှို့ ကိုးကားဘီးဟှာ လူလေန
သေးသေချားချာဟှား ဆွေးနွေးဂေ့ဟှယ်။
3 မေရှိယဟှာ ဒေါက်ခဝေဒနာခံရဟှ့ ကြောန်းဟှို့ ကျမ်းချစ် ထော့-က်ထားလေနတူးဒူ
ရှင်းရှင်းလန်းလန်းဟှား ပြောပြဟှယ်။ ပေါလုဟှ “နန်းနို့ဟှို့ ငါပြောပြနေဟှ့ ယေရှုဟှာ
မေရှိယဖြစ်ဟှယ်” ဆိုဘီး ပြောဟှယ်။
4 ယုဒလူတချို့ဟှာ သွိုးဆောန်ခံရဘီး ပေါလုန သိလလေရဲ့ ဖွဲ့ထဲဟှို့
ဝမ်ဟှားဂေ့ဟှယ်။ ဘုရားသခင်ဟှို့ ကိုးကွယ်ဟှ့ ဟေလသလူမျိုး ဘောင်ဂီးန
ထန်ပေါကျော်ကြားဟှ့ မီးမလေလည်း သူးနို့ဖွဲ့ထဲဟှို့ ဝမ်ဂေ့ဟှယ်။
5 အယ်ဘေမဲ့ ယုဒလူ တချို့ဟှာ နာလိုဘဲဟှ့ စိရှိဟှ့ကြောန့် လမ်းလေမာ
ကောန်းဘဲဟှ့ လူလေဟှို့ ခေါ်ဘီးဟှာ လူလေဘောင်ဂီးဟှို့ စုခိုင်းဘီးဟှာ တဗြို့လောင်း
ဆူပူအောန် လောက်ဂေ့ဟှယ်။ သူးနို့ဟှာ ယာသုန်ရဲ့အီဟှို့ ဝမ်ဘီးဟှာ ပေါလုန
သိလလေဟှို့ လူလေရှေ့ဟှို့ ဆွဲထုဟှို့တွပ် ရှာဂေ့ဟှယ်။
6 ရှာတွိဘဲဟှ့ ခီမာ သူးနို့ဟှာ ယာသုန်န ညီကို မောန်နှမလေ တချို့ဟှို့ ဗြို့ရဲ့
အာဏာပိုင်လေရှေ့ဟှို့ ခေါ်ဆောန်ဟှားဘီးဟှာ “အယ်လူလေဟှာ လောကီနိုင်ငံရဲ့
နေရာတိုင်းမာ ဒေါက်ခပေးနေဂေ့ဟှယ်။ သူးနို့ဟှာ ခုလည်း ကျွန်တော့်လေရဲ့ဗြို့ဟှို့
ရော့-က်လာဂေ့ဟှယ်။
7 ယာသုန်ဟှာ အယ်လူလေဟှို့ သူ့အီမာ လတ်ခံဟှားဟှယ်။ အယ်လူလေဟှာ
ယေရှုနာမယ်န မန်းဂီးတပါးရှိဟှယ် ဆိုဘီး ကဲသာမန်းဂီးရဲ့ မိန့်တော်ဟှို့ ဆန့်ကျင်ဖတ်
လောက်နေဂေ့ဟှယ်” ဆိုဘီး အော်ဂေ့ဟှယ်။
8 အယ်မျိုး စကားလေန သူးနို့လေဟှာ လူအောက်ဂီးန ဗြို့အာဏာပိုင်လေဟှို့
ရောက်ရောက်သဲသဲ လောက်ဂေ့ဟှယ်။

9 အာဏာပိုင်လေဟှာ ယာသုန်န လောက်ဖော်ဆောန်ဖတ်လေဟို့ အာမခံဖြစ်န
ကပ်ပေးခိုင်းဘီးဟှာ ထွပ်ဟှားဟို့တွပ် ခွမ့်ပြုလိုက်ဂေ့ဟှယ်။

ဗေရိဗြို့မာ မူတော်မြတ်ကြောန်း

10 ညဉ့်ခန်းဇာ ရော့-က်လာဟူ ခီမာ ညီကို မောန်နှမလေဟှာ ပေါလုန သိလလေဟို့
ဗေရိဗြို့ဟို့ စေလွတ်ဂေ့ဟှယ်။ အယ်ဗြို့ဟို့ ရော့-က်ဟူ ခီမာ သူးနို့ဟှာ
ယုဒဝါလယ်ဇရပ်ဟို့ သွားဂေ့ဟှယ်။

11 ဗေရိဗြို့သားလေဟှ သက်သာလောနိတ်ဗြို့ဟှ လူလေထတ် စိထားမြတ်ဂေ့ဟှယ်။
အယ်ကြောန့် ပေါလုဟောဟူ တရားဟို့ ရရာတိုင်း ကြည်ညိုဟူစိန နာခံဂေ့ဟှယ်။
သူးနို့ဟှာ ပေါလု ပြောဇာလေဟှာ တကယ်မှန်ဘဲ့လား ဆိုဘီး သိနိုင်ဟို့တွပ်
နေ့တိုင်းကျမ်းစာဟို့ လေ့လာဂေ့ဟှယ်။

12 အယ်ကြောန့် လူလေဘောင်ဂီး ယောင်ကြည်လာဂေ့ဟှယ်။ အယ်မျိုး
ယောင်ကြည်သူလေထဲမာ ဂေါန်သရေရှိဟူ ဟေလသလူမျိုး မီးမန
ယော့-က်ကျားလေလည်း ပါဝမ်ဂေ့ဟှယ်။

13 ဗေရိဗြို့မာ ဘုရားသခင်ရဲ့ စကားတော်ဟို့ ပေါလု ဟောနေဟှယ် ဆိုဇာဟို့
သက်သာလောနိတ်ဗြို့ဟှ ယုဒလူမျိုးလေဟှာ ကြားရဂေ့ဟူ ခီမာ ဗေရိဗြို့ဟို့
လာဂေ့ဘီးဟှာ လူလေဟို့ ဆူပူအောန် နှိုးဆော်ဂေ့ဟှယ်။

14 ညီကို မောန်နှမလေဟှာ ရှုစ်ရှင်းဘဲ့ ပေါလုဟို့ ပန်လယ်ကမ်းခြေဟို့
သွားခိုင်းလိုက်ဟှယ်။ သိလန တိမောသေလေဟှ ဗေရိဗြို့မာဘဲ့ နေရစ်ဂေ့ဟှယ်။

15 ပေါလုဟို့ လိုက်ပို့ဂေ့ဟူ လူလေဟှာ သူနတူးဒူ အာသင်ဗြို့ထိ လိုက်ဟှားဂေ့ဟှယ်။
အယ်ဘီးန သိလန တိမောသေလေဟို့ ဗြန်းဗြန်ဟှား လိုက်လာဟို့တွပ် ညွန်ကြားချစ်ဟို့
ယူဘီးန ဗေရိဗြို့ဟို့ ပ့လန်ဟှားဂေ့ဟှယ်။

အာသင်ဗြို့မာ မူတော်ဆောန်ဟူကြောန်း

16 ပေါလုဟှာ အာသင်ဗြို့မာ သိလန တိမောသေလေဟို့ စောန့်နေဒူးမာ အယ်ဗြို့မာ
ရောက်ထုလေဘောင်ဂီး ရှိနေဟှယ် ဆိုဇာဟို့ ဗြင်ဟူ ခီမာ ရရာတိုင်း စိကောန်းဘဲ
ဖြစ်ဟှားဟှယ်။

17 အယ်ကြောန့် ဝါလယ်ဇရပ်မာ ယုဒလူမျိုးလေ၊ ဘုရားသခင်ဟို့ ကိုးကွယ်ဟူ
လူမျိုးခြားလေ နေ့တိုင်းဗြို့ထဲဟှ လူလေစုဝီးဟူ နေရာဟို့ လာဂေ့ဟူ လူလေန
ဆွေးနွေးဂေ့ဟှယ်။

18 ဧပိကုရုန သတောအိပ် တွေးခေါ်ပညာရှင်လေ တချို့လည်း ပေါလုန
ဆွေးနွေးငြင်းခုံဂေ့ဟှယ်။ အယ်လူလေထဲမာ တချို့ဟှ “အယ်လူဟှာ ဖြားဇာပြောနေနူး”
ဆိုဘီး ပြောဂေ့ဟှယ်။

တခြားလူလေဟှ “သူဟှာ လူမျိုးခြားလေရဲ့ နတ်ဘုရားလေရဲ့ ကြောန်းဟို့
ပြောနေဇာနတူဟှယ်” ဆိုဘီး ပြောဂေ့ဟှယ်။ ပေါလုဟှာ ယေရှုကြောန်းန

ရှင်ပ္ပလန်ထမြော့-က်ရှင်းကြောန်း*ဖြစ်ဟူ ဒန်းကောန်းဟို ဟောပြောကြောန့်
သူးနို့လေဟှာ အယ်မျိုး ပြောနေဂေ့ဇာဖြစ်ဟှယ်။
19 အယ်ကြောန့် အယ်လူလေဟှ ပေါလုဟို အာရေပါဂု တရားရောင်းဟို
ခေါ်ဆောန်ဟှားဂေ့ဘီးဟှာ "နန်ဟောပြောနေဟူ ယူဝါဒသစ်ကြောန်းဟို နို့လေလည်း
သိရှင်ဟှယ်။
20 နန်ဟောပြောဟူ ကြောန်းရာတချို့ဟှာ နို့လေတွပ် သစ်ဆန်းဖြစ်နေဟှယ်။
အယ်ကြောန်းရာရဲ့ ဓိပါယ်ဟိုလည်း နို့လေသိရှင်ဟှယ်" ဆိုဘီး ပြောဂေ့ဟှယ်။
21 အာသင်ဗြို့သား ဂူလောင်းန အယ်ဗြို့မာနေဟူ ဧည့်သည်လေဟှာ
ကြောန်းရာသစ်ဆန်းလေဟို ပြောဇာန နားထောန်ဇာ အားဖြင့်ဘဲ့ ခီဟို့ ကူစေဂေ့ဟှယ်။
22 ပေါလုဟှာ အာရေပါဂု တရားရောင်းရှေ့မာ ရပ်ဘီး "အာသင်ဗြို့သားလေ၊
နန်းနို့ဟှာ ရရာတိုင်း ဘုရားတရားဟို ကြည်ညိုဟူ လူလေဖြစ်ဟှယ် ဆိုဇာဟို့
ငါဖြင်ဟှယ်။
23 ကျွန်တော့်ဟှာ ခန်ဗျားလေရဲ့ဗြို့ဟို ရှော့-က်လည်ဘီး ကိုးကွယ်ဟူဇာလေဟို့
ကေ့ဟူ ခီမာ 'နို့လေ သိဘဲဟူ ဘုရားတွပ်' ဆိုဘီး နာမယ်ရေးဟှားဟူ ယဇ်ပလ္လင်တခုဟို့
တွိဟှယ်။ အယ်မျိုး ခန်ဗျားလေသိဘဲန ကိုးကွယ်နေဟူ ဘုရားကြောန်းဟို့ ခု
ကျွန်တော်ပြောပြမယ်။
24 ကမ္ဘာလောကဂီးန ရှိဇာဂူလောင်းဟို့ ဖန်ဆင်းဟူ ဘုရားသခင်ဟှာ ကောန်းဂန်န
မ့်လေဂီးရဲ့ သခင်ဖြစ်ဟူကြောန့် လူလတ်န ဆော့-က်ဟှားဟူ ဗိမာန်တော်လေမာနေဇာ
မူဟှ။
25 အယ်သခင်ကိုယ်တိုင်ဘဲ့ လူလေ ဂူလောင်းဟို့ သတ်နတူးဒူ တခြားရာ
ဂူလောင်းဟို့လည်း ပေးသနားတော်မူဟှယ်။ အယ်ကြောန့် သူဟှာ တခုခုဟို့
လိုရှင်ဟူကြောန့် လူလတ်န ပြုစုဇာဟို့ ခံတော်မူဟှ။
26 ကိုယ်တော်ဟှာ လူတယော့-က်ဟှနေဘီး လူမျိုးဂူလောင်းဟို့ ဖန်ဆင်းလိုက်ဘီး
တကမ္ဘာလောင်းမာ သူးနို့ဟို့ နေစေဟှယ်။ အယ်လူမျိုး ဂူလောင်းဟို့
သတ်ရှင်နေထိုင်ဟို့တွပ် ခီကာလန နေရာလေဟို့ ကြိုတန်ပိုင်းခြား သတ်မှတ်ဟှားဘီး
ပေးဟှားဟှယ်။
27-28 အယ်မျိုးလောက်ဇာဟှာ လူလေဟှာ ကိုယ်တော့်ဟို့ တွိလိုတွိငြား စမ်းသပ်ဘီး
ရှာဟို့တွပ်ဘဲ့ ဖြစ်ဟှယ်။"
"'ကျွန်တော့်လေဟှာ ကိုယ်တော်ကြောန့် သတ်ရှင်ဘီး လှောက်ရှား နေရဂေ့ဟှယ်။'"
အယ်ကြောန့် တကယ်ဆိုဟှာ ဘုရားသခင်ဟှ ဖယ်သူနလည်းဝီးဇာ မူဟှ။
ခန်ဗျားဟှားလေထဲမာ ကဗျာဆရာတချို့ဟှ၊
"'နို့လေဟှာ ကိုယ်တော်ရဲ့ သားမီးလေ ဖြစ်ဂေ့ဟှယ်'" ဆိုဘီး ပြောဟှားဟှယ်။

---

* **17:18 ၁ဂု.၁၈ ယေရှုကြောန်းန ရှင်ပ္လန်ထမြော့-က်ရှင်းကြောန်း၊** ဟေလသစကားမာ ဆိုဟှာ ရှင်ပ္လန်ထမြော့-က်
စကားလောင်းရဲ့ ဓိပါယ်ဟှ နတ်သမီးရဲ့ နာမယ်တခုဖြစ်ဟှယ် ဆိုဇာ နားလည်ဂေ့ဟှယ်။ **17:24 ၁ဂု.၂၄.၂၅** တ
ဂု.၄၈

29 “ကျွန်တော့်လေဟာ ဘုရားသခင်ရဲ့ သားမီးလေ ဖြစ်ဂေ့ဟူကြောန့် ဘုရားသခင်ဟို
လူရဲ့နုပညာန ကျွမ်းကျင်ရှင်းအားဖြင့် ထုလောက်ဟားဟူ ရွှေရောက်ထု၊ ငွေရောက်ထု၊
ကွလော့-က်ရောက်ထုနတူဟုယ် ဆိုဘီး ထန်မှတ်သင့်ဟု။
30 ဘုရားသခင်ဟာ လူလေသိနားလည်ဘဲဟူ ခီကာလဟို ရှုမှတ်တော် မူဟု။
အယ်ဘေမဲ့ ခု နေရာတိုင်းဟ လူလေဂူလောင်းဟို နောန်ဒရဟို့တွပ် မိန့်တော်မူဟုယ်။
31 ဖြားဖြစ်ကြောန့်နူးဆိုဟာ ကိုယ်တော် ဝီးကော့-က်ဟားဟူ လူအားဖြင့်
လောကသားလေဟို ဖြောန့်မတ်ရှင်းတရားန စီရင်မယ့် နေ့ရစ်ဟို့ သတ်မှတ်ဟားကြောန့်
ဖြစ်ဟုယ်။ အယ်မျိုးဖြစ်မယ် ဆိုဇာဟို့ အယ်သခင်ဟာ သေရာဟုနေ
ထမြော့-က်ရှင်းအားဖြင့် လူလေဂူလောင်းဟို့ အယ်သတ်သေဟို့ ပြဟားဟုယ်” ဆိုဘီး
ပြောဟုယ်။

32 သေရာဟုနေ ထမြော့-က်ကြောန်းဟို့ ကြားရဟူ ခီမာ တချို့လူလေဟု
ရယ်ဇားဂေ့ဟုယ်။ အယ်ဘေမဲ့ တချို့လူလေဟု “နန်ပြောနေဟူကြောန်းဟို့ နို့လေဟု
နော့-က်တခါ ကြားရှင်သေးဟုယ်” ဆိုဘီး ပြောဂေ့ဟုယ်။
33 အယ်ဘီးန ပေါလုဟာ စည်းဝေးဟုနေ ထွပ်ဟားလိုက်ဟုယ်။
34 တချို့လူလေဟာ ပေါလုန ပေါန်းဘီးဟာ ယောင်ကြည်သူလေ ဖြစ်လာဂေ့ဟုယ်။
အယ်လူလေထဲမာ ဒယောနုသိ နာမယ်ရှိဟူ အာရေတောင် တရားရောင်းရဲ့
ဖွဲ့ဝမ်တယော့-က်၊ ဒမာရိ နာမယ်ရှိဟူ မီးမတယော့-က်န တခြားလူ တချို့လည်း
ပါဂေ့ဟုယ်။

18

ကောရိန်ဗြို့မာ မူတော်ဆောန်ဟူကြောန်း

1 အယ်ဘီးန ပေါလုဟာ အာသင်ဗြို့ဟ ထွပ်ဟားဘီး ကောရိန်ဗြို့ဟို့
ရော့-က်ဟားဟုယ်။
2 အယ်ဗြို့မာ ပုန့်တုပြည်သား အာကုလ နာမယ်ရှိဟူ ယုဒလူမျိုးတယော့-က်န
သူမယား ပြစ်ကိလလေဟို့ တွိဟားဟုယ်။ ယုဒလူမျိုးလေဟ ရောမဗြို့ဟုနေ
ထွပ်ဟားဟို့တွပ် ကလောဒိမန်းဂီးဟ မိန့်ထုဟားဟူကြောန့် သူးနို့ဟာ ကြာသေးခန်ဟ
ဂ္ဂတလိပြည်ဟုနေ ထွပ်လာဂေ့ဟူ လူလေဖြစ်ဟုယ်။
3 အယ်လူလေဟာ ပေါလုမျိုးဘဲ တဲရှင်ချောက်ဘီး သတ်မွီးနေဟူ
တဲရှင်ချောက်မားလေ ဖြစ်ဂေ့ဟုယ်။ အယ်ကြောန့် ပေါလုဟာ သူးနို့လေနားဟို့
သွားဘီးဟာ သူးနို့နတူးဒူ လောက်ဂေ့ဟုယ်။
4 ယုဒလူမျိုးန ဟေလသလူမျိုးလေဟို့ သွီးဆောန်ဟို့တွပ် သူဟာ ဒန်းနေ့တိုင်း
ဝါလယ်ဇရပ်မာ ဆွေးနွေးဂေ့ဟုယ်။
5 သိလန တိမောသေလေဟာ မာကေဒေါနိပြည်ဟုနေ ရော့-က်လာဂေ့ဟူ ခီမာ
ပေါလုဟာ ယုဒလူမျိုးလေဟို့ တခီလောင်း တရားဟောပြောဘီးန ယေရှုဟာ
မေရှိယဖြစ်ဟုယ် ဆိုဘီး သတ်သေခံလေဟုယ်။

6 ယုဒလူမျိုးလေဟှာ သူ့ဟို့ စော်ကားဘီး ပြောနေဟူ ခီမာ ပေါလုဟှာ သူ့အန်းဂီဟှနေ
ဖောင်လေဟို့ ခါခ့လဘီးဟှာ “နန်းန့ဲရဲ့ သွီးဟှာ နန်းန့ဲ ခေါန်းထတ်မာ ရှိပါစေ! ငါ့တာဝန်
မူဟှ။ ခုဟှစဘီး ငါဟှာ လူမျိုးခြားလေနားဟို့ သွားမယ်” ဆိုဘီး ပြောဟှယ်။
7 အယ်ဘီးန အယ်လူလေနားဟှ ထွပ်ဟှားဘီးဟှာ ဘုရားသခင်ဟို့ ကိုးကွယ်ဟူ
တိတုယုတ့်တု နာမယ်ရှိဟူ လူမျိုးခြားရဲ့ အီဟို့ သွားဘီးဟှာ နေလေဟှယ်။ သူ့အီဟှာ
ဝါလယ်ဇရပ်န ကပ်နေဟှယ်။
8 ဝါလယ်ဇရပ်မူးဖြစ်ဟူ ကရိပ့ပုန သူ့မိသားစုဂူလောင်းဟှာ သခင်ဘုရားဟို့
ယောင်ကြည်ဟူသူလေ ဖြစ်လာဂေ့ဟှယ်။ တခြား ကောရိန့သုဗြို့သား
ဘောင်ဂီးဟှလည်း တရားတော်ဟို့ ကြားရဟူ ခီမာ ယောင်ကြည်ဘီးဟှာ
ဗတ့်တိဇံခံဂေ့ဟှယ်။

9 တညဉ့်မာ ပေါလုဟှာ ရူပါရောင်ဟို့ ဗြင်ရဟှယ်။ ရူပါရောင်ထဲမာ သခင်ဘုရားဟှ
“ကြော့-က်န။ ဆစ်ဘီးဟောပါ။ လတ်ရှော့န။
10 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ငါဟှာ နန့်နတူးဒူ ရှိဟှယ်။ ဖယ်သူဟှလည်း နန့်ဟို့
ဘေးပြုနိုင်ဟှ။ အယ်ဗြို့မာရှိဟူ လူဘောင်ဂီးဟှ ငါ့လူလေ ဖြစ်ဂေ့ဟှယ်” ဆိုဘီး
ပြောဟှယ်။
11 ပေါလုဟှာ အယ်ဗြို့မာ တနှစ်နခြော့-က်လ နေဘီးဟှာ ဘုရားသခင်ရဲ့
စကားတော်ဟို့ သွန်သန်လေဟှယ်။

12 ဂါလျုန်ဟှာ အခါယပြည်ရဲ့ ဗြို့ဝန်မန်း ဖြစ်နေဟူ ခီမာ ယုဒလူမျိုးလေဟှာ စုဘီး
ပေါလုဟို့ ဖမ်းဘီးဟှာ တရားပလွင်ရှေ့ဟို့ ခေါ်ဆောန်လာဂေ့ဟှယ်။
13 သူးန့ဲဟှ “အယ်လူဟှာ ပညတ်တရားဟို့ ဆန့်ကျင်ဘီး ဘုရားသခင်ဟို့
ကိုးကွယ်ဂေ့ဟို့တွပ် လူလေဟို့ သွီးဆောန်နေဟှယ်” ဆိုဘီး လျှော့-က်ဂေ့ဟှယ်။

14 ပေါလုဟှာ စကားပြောဟို့ လောက်နေဒူးမာ ဂါလျုန်ဟှ “ယုဒလူမျိုးလေ၊
အယ်မူဟှာ ကောန်းဘဲဟူမူ၊ တရားဘဲဟူမူဖြစ်ဟှယ် ဆိုဟှာ ငါဟှာ နန်းန့ဲရဲ့
စွပ်စွဲချစ်လေဟို့ စိရှယ်လတ်ရှယ်န နားထောန်နိုင်ဟှယ်။
15 အယ်ဘေမဲ့ အယ်မူဇာဟှာ စကားလေ၊ နာမယ်လေန ပညတ်တရားနဆိုင်ဟှယ်
ဆိုဟှာ နန်းန့ဲ ကိုယ်တိုင်ဘဲ့ ဆောင်းဖြတ်ဂေ့။ အယ်မူဟို့ ငါစီရင်ဟှ” ဆိုဘီး ပြောဟှယ်။
16 ယုဒလူမျိုးလေဟို့ တရားပလွင်ရှေ့ဟှနေ နှန်ထုလိုက်ဟှယ်။
17 အယ်လူလေဟှာ ဝါလယ်ဇရပ်မူး သုဿင်ဟို့ ဖမ်းဘီးဟှာ တရားပလွင်ရှေ့မာ
ရိုက်ဂေ့ဟှယ်။ အယ်ဘေမဲ့ ဂါလျုန်ဟှာ အယ်မူဟို့ လောင်းဝ ဂရုစိုက်ဘဲနေဟှယ်။

အန့တိအုတ်ဗြို့ဟို့ ပေါလု ပ့လန်ရော့-က်လာဟူကြောန်း

18 ပေါလုဟှာ ကောရိန့သုဗြို့မာ ကြာဂီးနေဟှယ်။ အယ်ဘီးန ညီကို မောန်နှမလေဟို့
နှောက်ဆစ်ဘီး ပြစ်ကိလ၊ အာကုလလေနတူးဒူ ရှူရိပြည်ဟို့ သန်းဖောန သွားဂေ့ဟှယ်။

ကင်ခြေဖြို့ဟုနေ သန်းဖောန ထွပ်ခန်မာ သူဟုာ ဘုရားသခင်ဟို့ သစ်စာဂဒိ
ပြုဟုားဟူကြောန်* သူ့ခေါန်းဟို့ ရိလိုက်ဟုယ်။
19 ဧဖက်ဖြို့ဟို့ ရော့-က်ဟုားဟူ ခီမာ ပေါလုဟုာ ပြစ်ကိလန အာကုလလေဟို့
ဖြို့မာထားရစ်ဟုယ်။ သူဟုာ ဝါလယ်ဇရပ်ဟို့ ဝမ်ဘီးဟုာ ယုဒလူမျိုးလေန
ဆွေးနွီးဟုယ်။
20 လူလေဟုာ သူးနို့နတူးဒု ကြာဂီးနေဟို့တွပ် တိုက်တွန်းဂေ့ဘေမဲ့လည်း ပေါလုဟုာ
လတ်ခံဟု။
21 အယ်မျိုးပြောမယ့်စား "ဘုရားသခင်ဟု လိုတော်ရှိမယ် ဆိုဟုာ နန်းနို့နားဟို့
ပ့်လန်လာမယ်" ဆိုဘီး ဧဖက်ဖြို့ဟုနေ သန်းဖောန ထွပ်ဟုားလေဟုယ်။
22 သူဟုာ ကဲသရိဖြို့ဟို့ ရော့-က်ဟုားဟူ ခီမာ ယေရုရှလင်ဖြို့ဟို့ တတ်ဟုားဘီး
သင်းတော်ဟို့ နှောက်ဆစ်ဘီး အနှတိအုတ်ဖြို့ဟို့ သွားလေဟုယ်။
23 အယ်ဖြို့မာ ကြာဂီးနေဘီးန ပ့်လန်ထွပ်ဟုားဘီး၊ ဂလာတိပြည်န ဖြူဂိပြည်ဟို့
လှည့်လည်ဘီး တမဲ့တော်လေဟို့ ခိုင်ခန်မြဲမြံ စေလေဟုယ်။

အာပေါလုဟုာ ဧဖက်ဖြို့န ကောရိန္သုဖြို့လေမာ တရားဟောဟူကြောန်း

24 အယ်ခီမာ အာလေဇန္ဒြိဖြို့သား အာပေါလု နာမယ်ရှိဟူ
ယုဒလူမျိုးတယော့-က်ဟုာ ဧဖက်ဖြို့ဟို့ ရော့-က်လာဟုယ်။ သူဟုာ ကျမ်းစာဟို့
ကျွမ်းကျင်ဘီး ဟောပြောကောန်းဟူ လူဖြစ်ဟုယ်။
25 သူဟုာ သခင်ဘုရားရဲ့ လမ်းစဉ်ဟို့ သေးသေချားချာဟုား သွန်သန်ခံဟုားရဟူလူ
ဖြစ်ဟုယ်။ သူဟုာ စိအားထတ်သန်ဘီး ယေရှန ဆိုင်ဟူဇာလေဟို့ မှန်းမှန်ကန်းကန်ဟုား
သွန်သန်နေဟုယ်။ အယ်ဘေမဲ့ သူဟုာ ယောဟန်ရဲ့ ဗတ္တိဇံဟို့ဘဲ့ သိဟုယ်။
26 သူဟုာ ဝါလယ်ဇရပ်မာ စဘီးဟုာ ရဲရဲရင့်ရင့်ဟုား ဟောနေဟုယ်။
သူဟောပြောချစ်လေဟို့ ကြားရဟူ ပြစ်ကိလန အာကုလလေဟုာ သူ့ဟို့ အီဟို့
ခေါ်ဘီးဟုာ ဘုရားသခင်ရဲ့ လမ်းစဉ်ဟို့ သေးသေချားချာဟုား ရှင်းပြပေးဂေ့ဟုယ်။
27 အယ်ဘီးန သူဟုာ အခါယပြည်ဟို့ သွားဟို့ ဆောင်းဖြတ်လိုက်ဟုယ်။
အယ်ကြောန့် ဧဖက်ဖြို့ဟု ယောင်ကြည်သူလေဟုာ သူ့ဟို့ လတ်ခံဟို့တွပ်
အခါယပြည်ဟု ယောင်ကြည်သူလေနားဟို့ စာရေးပေးရှင်းအားဖြင့် ကူညီပေးဂေ့ဟုယ်။
သူဟုာ အခါယပြည်ဟို့ ရော့-က်ဟူ ခီမာ ဘုရားသခင်ရဲ့ ကျေးဇူးတော်အားဖြင့်
ယောင်ကြည်လာဟူ လူလေဟို့ ဘောင်ဂီး ကူညီပေးဟုယ်။
28 ဖြားဖြစ်ကြောန်နူးဆိုဟုာ သူဟုာ ကျမ်းစာအားဖြင့် ယေရှဟုာ မေရှိယ
ဖြစ်ဟူကြောန်းဟို့ ထော့-က်ပြဘီး လူလေရှေ့မာ ယုဒလူမျိုးလေဟို့ ပိုင်းပိုင်ဟုား
ချေပလေဟုယ်။

---

* **18:18 ၁၈.၁၈ သစ်စာဂဒိ ပြုဟုားဟူကြောန်း,** ယုဒလူမျိုးရဲ့ ထောင်းဒန်းဓလေ့မာ ခေါန်းရိဇာဟုာ သစ်စာဂဒိပြုဟူ
လတ်ခဏာဖြစ်ဟုယ် ဆိုဇာဟို့ ရည်ညွှန်းဟုယ်။

19

ပေါလုဟာ ဧဖက်ဖြို့ဟို ရောဒ်-က်လာကြောန်း

1 ကောရိန်ဖြို့မာ အာပေါလု ရှိနေဟူ ခီမာ ပေါလုဟာ ထတ်မာ ဖော်ပြဟားဟူ
နေရာလေဟို ရှောဒ်-က်သွားဘီးန ဧဖက်ဖြို့ဟို ရောဒ်-က်လာဟုယ်။ အယ်ဖြို့မာ
တဗဲတော် တချို့ဟို တိုဘီး၊
2 သူးနို့ဟို "နန်းနို့လေဟာ ယောင်ကြည်သူလေ ဖြစ်လာဂေ့ဟူ ခီမာ
သန်ရှင်းဟူဝိညာဉ်တော်ဟို လတ်ခံဂေ့ဘီးလော" ဆိုဘီး မေးဟုယ်။
အယ်လူလေဟ "သန်ရှင်းဟူဝိညာဉ်တော်ရှိဟုယ် ဆိုဇာဟို ကျွန်တော့်လေ
ကြားဖူးဟ" ဆိုဘီး ပြောဂေ့ဟုယ်။
3 ပေါလုဟ "အယ်မျိုးဆိုဟာ နန်းနို့ဟာ ဖြားမျိုးစား ဗတ္တိဇံဟို ခံဟားနူး" ဆိုဘီး
မေးဟုယ်။
အယ်လူလေဟ "ယောဟန်ရဲ့ ဗတ္တိဇံဟို ခံဟားဟုယ်" ဆိုဘီး ပ့လန်ဖြေဂေ့ဟုယ်။
4 ပေါလုဟ "ယောဟန်ရဲ့ ဗတ္တိဇံဟာ နောန်ဒနဆိုင်ဟူ ဗတ္တိဇံဖြစ်ဟုယ်။
ယောဟန်ဟာ သူ့နော့-က်မာ ကြွလာဟူ သခင်ဟို ယောင်ကြည်ရမယ် ဆိုဘီး
ဣသရေလလူမျိုးလေဟို ပြောရစ်ဟုယ်။ အယ်သခင်ဟာ ယေရှုဘဲ့ ဖြစ်ဟုယ်" ဆိုဘီး
ပြောဟုယ်။
5 အယ်စကားဟို ကြားရဟူ ခီမာ သူးနို့ဟာ သခင်ယေရှုနာမနို်က်
ဗတ္တိဇံခံဂေ့ဟုယ်။
6 ပေါလုဟာ သူးနို့ခေါန်းထတ်ဟို လတ်တန်လိုက်ဟူ ခီမာ
သန်ရှင်းဟူဝိညာဉ်တော်ဟာ သူးနိုထတ်ဟို ရော့-က်လာဟုယ်။ အယ်ဘီးန သူးနို့ဟာ
ထူးဆန်းဟူ ဘာသာစကားလေဟို ပြောဂေ့ဘီး ဘုရားသခင်ရဲ့ တရားတော်ဟို့လည်း
ပရောဖက်ပြုဘီး ဟောပြောဂေ့ဟုယ်။
7 သူးနို့ဟာ အားလောင်းပေါန်း လူဆယ့်နှေ့ယော့-က်လော့-က် ရှိဟုယ်။
8 ပေါလုဟာ ဝါလယ်ဇရပ်ထဲဟို ဝမ်ဟားဘီး သောင်းလလောင်းလောင်း
ရဲရဲရင့်ရင့်ဟား ဟောပြောဘီး ဘုရားသခင်ရဲ့ နိုင်ငံတော်ကြောန်းဟို ဆွေးနွေးဘီး
လူလေဟို သွီးဆောန်လေဟုယ်။
9 အယ်ဘေမဲ့ လူတချို့ဟာ ခေါန်းမာဘီး ယောင်ကြည်ဘဲန လူလေရှေ့မာ
သခင်ဘုရားရဲ့ လမ်းစဉ်လေဟို ကဲ့ရဲ့ဂေ့ဟုယ်။ အယ်ကြောန့် ပေါလုဟာ
တဗဲတော်လေဟို ခေါ်ဘီး အယ်လူလေနားဟာနေ ထွပ်ဟားဘီးဟာ တုရန္နရဲ့
စာသန်ခန်းမမာ နေ့တိုင်း* ဆွေးနွေးဗဲ့လေ လောက်ဟုယ်။
10 နှေ့နှစ်လောင်းလောင်း အယ်မျိုးလောက်ဟူကြောန့် အာရှိပြည်မာနေဟူ
ယုဒလူမျိုးလေန ဟေလသလူမျိုးလေဟာ သခင်ဘုရားရဲ့ စကားတော်ဟို
ကြားရဂေ့ဟုယ်။

19:4 ၁၉.၄ မ ၃.၁၁; မာ ၁.၄,၇,၈; လု ၃.၄,၁၆; ယော ၁.၂၆,၂၇ * **19:9 ၁၉.၉** တချို့ မူရင်းလတ်ရေးမူလေမာ မိုးလန်း ၁၁ နာရီ ဟုနေဘီး နေဒန် ၄ နာရီထိ၊ ဆိုဘီး ပေါန်းထဲ့ဟုားဟုယ်။

သကေဝရဲ့ သားလေးကြောင်း

11 ဘုရားသခင်ဟာ ပေါလုအားဖြင့် ရရာတိုင်း ထူးခြားဟူ နိမိတ်လတ်ခဏာလေးဟို
ပြတော်မူဟုယ်။
12 ပေါလုသောင်းဟားဟူ လတ်ကိုင်ပဝါန ခါးဗတ်လေဟို လူနာလေနားဟို
ယူဆောန်ဟုားဟူ ခီမာ သူးနို့ဟုာ ရောဂါပျော့-က်ဟုားဘီး
နတ်ဆိုးလေလတ်ဟုနေလည်း လွှတ်ဟုားဂေ့ဟုယ်။
13 နယ်တကာလှည့်ဘီး နတ်ဆိုးလေဟို နှန်ထုနေဟူ ယုဒလူတချို့ဟုာ သခင်ယေရှုရဲ့
နာမဟို သောင်းပြဘီး နတ်ဆိုးဟို နှန်ထုဟို့ ကြိုးစာဂေ့ဟုယ်။ သူးနို့ဟုာ
“ပေါလုဟောနေဟူ ယေရှုရဲ့ နာမန နန့်ဟို ငါနှန်ထုဟုယ်” ဆိုဘီး နတ်ဆိုးဟို
မိန့်ပေးဂေ့ဟုယ်။
14 အယ်မျိုးလောက်နေဟူ သူလေဟုာ သာကေဝ နာမယ်ရှိဟူ
ယုဒယဇ်ပုရောဟိတ်ဂီးရဲ့ သားခွန်နစ်ယော့-က် ဖြစ်ဂေ့ဟုယ်။
15 အယ်ဘေမဲ့ နတ်ဆိုးဟု “ယေရှုဟို့ ငါသိဟုယ်။ ပေါလုဟို့လည်း ငါသိဟုယ်။
အယ်ဘေမဲ့ နန်းနို့ဟု ဖယ်သူလေနူး” ဆိုဘီး သူးနို့ဟို့ မေးလိုက်ဟုယ်။
16 အယ်ဘီးန နတ်ဆိုးဝမ်နေဟူ လူဟုာ သူးနို့ဟို့ ပြင်းပြင်းထန်းထန်ဟုား
တိုက်ခိုက်ဂေ့ဟုယ်။ သူးနို့ဟုာ ခ့လေးဗ့လန်းဗ့လန်းန၊ ဒန်ရာလေန အီထဲဟုနေ
ထွပ်ပ့လေးဂေ့ဟုယ်။
17 အယ်ကြောန်းဟို့ ဧဖက်ဗြို့မာနေဟူ ယုဒလူမျိုးလေန ဟေလသလူမျိုးလေဟုာ
ကြားရဂေ့ဟုယ်။ သူးနို့ဟုာ ရရာတိုင်း ကြော့-က်ဂေ့ဘီးဟုာ သခင်ယေရှုရဲ့ နာမဟို့
ချီးမွမ်းဂေ့ဟုယ်။
18 ယောင်ကြည်သူလေဟုာ ရော့-က်လာဂေ့ဘီး သူးနို့လောက်မိဟူ ဇာလေဟို့
ပွမ့်ပွမ့်လန်းလန်းဟုား ဖော်ပြဘီးဟုာ ဝန်ခံဂေ့ဟုယ်။
19 နတ်ဝိဇ္ဇာတတ်ဟို့ သောင်းဟူလူလေဟုာ သူးနို့ စာစောန်လေဟို့ စုစည်းယူလာဘီး
လူအားလောင်းရှေ့မာ မီးရို့ဂေ့ဟုယ်။ အယ်စာစောန်လေရဲ့ တန်ဖိုးဟို့ တွပ်ကေ့ဟူ ခီမာ
ငွေဒန်းဂါး† ၅၀,၀၀၀ ဖိုးလော့-က် ရှိဟုယ်။
20 အယ်နည်းလမ်းအားဖြင့် သခင်ဘုရားရဲ့ စကားတော်ဟုာ တဂိုးတော်နဲ့‡ တိုးပွားဘီး
အောန်မြင်လေဟုယ်။

ဧဖက်ဗြို့မာ ပဒိပခ ဖြစ်ဟူကြောန်း

21 အယ်ဇာလေ ဖြစ်ဟုားဘီးန မာကေဒေါနိပြည်နှ အခါယပြည်ဟုနေဘီး
ယေရုရှလင်ဗြို့ဟို့ သွားဟို့တွပ် ဝိညာဉ်တော်အားဖြင့် ပေါလုဟုာ

† **19:19 ၁၉.၁၉ ငွေဒန်းဂါး၊** လောက်သမား တယော့-က်ရဲ့ တရစ်လောက်အားခဟုာ ငွေဒန်းဂါးတပ္လား ဖြစ်ဟုယ် (ရှ မ ၂၀.၂)။ ‡ **19:20 ၁၉.၂၀** သခင်ဘုရားရဲ့ စကားတော်ဟုာ တဂိုးတော်နဲ့၊ အယ်မျိုးမှုဘဲနေဟုာ သခင်ဘုရားရဲ့ စကားတော်ဟုာ တဂိုးတော်အားဖြင့်။

စိဆောင်းဖြတ်လိုက်ဟုယ်။§ သူဟု “အယ်ဗြို့ဟို ငါသွားဘီးန ရောမဗြို့ဟိုလည်း
သွားမယ်” ဆိုဘီး ပြောဟုယ်။
22 ပေါလုဟု သူဟို စေခံနေဟူ တိမောသေန ဧရတ့်တုလေဟို မာကေဒေါနိပြည်ဟို
လွှတ်လိုက်ဟုယ်။ သူဟု အာရှိပြည်မာ ရှစ်ဟုးနေရစ်ဟုယ်။
23 အယ်ခီမာ သခင်ဘုရားရဲ့ လမ်းစဉ်ကြောန့် ဧဖက်ဗြို့မာ ဆူပူမှုဂီးတခု
ဖြစ်လာဟုယ်။
24 ဒေမေတရိ နာမယ်ရှိဟူ ငွေပဒေခတ်မားဟုဘ အာတေမိနတ်မီးရဲ့
ငွေနတ်ကွန်းငယ်လေ လောက်ရှင်းအားဖြင့် လတ်မှုပညာရှင်လေဟို ရရာတိုင်း
ကပ်ရစေလေဟုယ်။
25 အယ်ကြောန့် သူဟုဘ အယ်လောက်ငန်း လောက်နေဟူ လောက်မားလေနတူးဒူ
တခြားလောက်မား လေဟိုလည်း စုဘီးဟုဘ “ငါ့လူလေ၊ အယ်လောက်ငန်းန နို့လေဟုဘ
ဝမ်ငွေကောန်းနေဟုယ် ဆိုဇာဟို နန်းနို့လေ သိဂေ့ဟုယ်။
26 ခု နန်းနို့ကိုယ်တိုင် ဗြင်ရ၊ ကြားဟုးဟူတိုင်း အယ်ပေါလုဟုဘ ‘လူလတ်န
လောက်ဟုးဟူ ဘုရားလေဟုဘ ဘုရားမှုဟု’ ဆိုဘီး ဧဖက်ဗြို့န အာရှိပြည်
တပြည်လောင်းဟု လူလေဘောင်ဂီးဟို သွီးဆောန်ဘီး လမ်းမှားစေဟုယ်။
27 အယ်မှုဟုဘ နို့လေရဲ့ လောက်ငန်းဟို နာမယ်ပျစ်စေမယ် ဆိုဘီး စိုးရိမ်ဇာရှိမှု
မကဘဲန ကီးမြတ်ဟူ အာတေမိ နတ်ဖုရားမရဲ့ ဗိမာန်ဟုဘ ပမာဏပြုဇာ မှေ့ဘဲန
အာရှိပြည်န ကမ္ဘာတဝန်းလောင်းမာ ကိုးကွယ်ဟူ နတ်ဖုရားမရဲ့ ဂေါင်သရေလည်း
ပျော့-က်ကွယ်ဟုးလေ့မယ်” ဆိုဘီး ပြောလေဟုယ်။
28 အယ်စကားဟို ကြားဟူ လတ်မှုပညာရှင်လေဟုဘ ဒေါသထွပ်ဘီးဟုဘ “ဧဖက်ဗြို့ရဲ့
အာတေမိ နတ်ဖုရားမဟုဘ ကီးမြတ်ဟုယ်” ဆိုဘီး အော်ဂေ့ဟုယ်။
29 တဗြို့လောင်းဟုဘ ရရာတိုင်း ရှောက်ရှစ်ခတ်ဟုးဟုယ်။ လူလေဟုဘ ပေါလုနတူးဒူ
ခရီးသွားဟူ မာကေဒေါနိပြည်သား ဂါယုန အာရိတ့်တာခုလေဟို ဖမ်းဘီးဟုဘ ပွဲခံဟူ
ခန်းမဂီးဟို ဗြန်းဗြန်ဟုး ဆွဲခေါ်ဟုးဂေ့ဟုယ်။
30 ပေါလုဟုဘ သူကိုယ်တိုင်ဘဲ့ လူအောက်ဂီးရှေ့ဟို သွားရှင်ဘေမဲ့လည်း
တမဲ့တော်လေဟုဘ ခွမ်ပြုဂေ့ဟု။
31 ပေါလုရဲ့ မိဆွေဖြစ်ဟူ နယ်အာဇာပိုင် တချို့ဟုလည်း ပွဲခံဟူ ခန်းမဂီးထဲဟို
ဝမ်ဘဲဟို့တွပ် သူနားဟို လူလွတ်ဘီး တောန်းဗန်ဂေ့ဟုယ်။
32 အယ်ခီမာ လူလေဟုဘ တယော့-က်တဘော့-က် အော်ဘီးဟုဘ ရောက်ရောက်သဲသဲ
ဖြစ်နေဂေ့ဟုယ်။ လူလေဟု သူးနို့လေ ဖြားဖြစ်ကြောန့် စုနေဂေ့ဟုယ် ဆိုဇာဟို
သိဂေ့ဟု။
33 ယုဒလူမျိုးလေဟုဘ အာလေဇန္ဒြဟို ရှေ့ဟို ထွပ်ခိုင်းစေဟုယ်။
လူလေတချို့ဟုလည်း အယ်လူဟုဘ ခုဖြစ်နေဟူ ကိစနဆိုင်ဟုယ် ဆိုဘီး

§ **19:21 ၁၉.၂၁** ပေါလုဟုဘ စိဆောင်းဖြတ်လိုက်ဟုယ်၊ အယ်မျိုးမှုဘဲ့နေဟုဘ ဝိညာဉ်တော်ရဲ့ ဦးဆောန်မှုအားဖြင့်
ပေါလုဟုဘ ဆောင်းဖြတ်လိုက်ဟုယ်။

ယူဆဂေ့ဟုယ်။ အာလေဇန္ဒြုဟှာ လူအောက်ဂီးဟို့ တိတိဟှားနေဟို့တွပ် လတ်န
ချစ်ပြလိုက်ဟုယ်။ အယ်ဘီးဟှာ ဖြေရှင်းဟူ စကားဟို့ ပြောဟို့တွပ် ကြိုးစားဟုယ်။
34 သူဟှာ ယုဒလူမျိုးဖြစ်ဟုယ် ဆိုဇာဟို့ သူးနို့်လေ သိဂေ့ဟူ ခီမာ
“ဧဖက်ဗြို့သားလေရဲ့ အာတေမိ နတ်ဖုရားမဟှာ ကီးမြတ်ဟုယ်” ဆိုဘီး
နှေ့နာရီလော့-က်ထိ လူလေဟှာ တသံဒဲ အော်နေဂေ့ဟုယ်။
35 နော့-က်ဆောင်းမာ ဗြို့စာရေးဟှာ လူအောက်ဂီးဟို့ တိတိဟှားနေခိုင်းဘီး
“ဧဖက်ဗြို့သားလေ၊ ဧဖက်ဗြို့တော်ဟှာ ကီးမြတ်ဟူ အာတေမိနတ်ဖုရားမရဲ့
ဗိမာန်တော်န ကောန်းဂန်ဘောင်ဟှနေ ကွလလာဟူ ရောက်ထုလေဟို့
ထီးသီးစော့-က်ရှော့-က်ဟှားဟူ ဗြို့ဖြစ်ဟုယ် ဆိုဇာဟို့ လူတိုင်းသိဂေ့ဟုယ်။
36 အယ်မူဇာဟို့ ဖယ်လူလည်း ငြင်းနိုင်ဟှ။ အယ်ကြောန့် နန်းနို့်ဟှာ
တိတိဆိုဆိုနေဂေ့။ စဉ်းစားဘဲန ဖြားဇာလည်း လောက်ဂွေန။
37 နန်းနို့်ဟှာ သူးနို့်ဟို့ အယ်နေရာဟို့ ခေါ်နးဆောန်လာဂေ့ဟုယ်။ သူးနို့်ဟှာ နို့်လေရဲ့
ဗိမာန်တော်ဟို့ ဖျစ်ဆီးရှင်းလည်း မှုဟှ။ နို့်လေရဲ့ နတ်ဖုရားမဟို့လည်း ကဲ့ရဲ့ဟူ
စကားလေလည်း ပြောဟှ။
38 ဒေမေတရိန သူ့ပေါ်နးပါလေထဲဟှ ယော့-က်ယော့-က်ဟှ တရားစွဲမယ် ဆိုဟှာ
တရားရောင်းဖွမ့်ဟူ ရစ်မာဘဲ့ အာဇာပိုင်လေရှိဟူကြောန့် တရားစွဲနိုင်ဟုယ်။
39 အယ်ဘေမဲ့ နန်းနို့်မာ တခြားကိစရှိဟုယ် ဆိုဟှာ တရားဝမ်စည်းဝေးမာ
ဆောင်းဖြတ်ရမယ်။
40 အယ်နေ့ဖြစ်ဟှားဟူ ကိစန ပတ်သတ်ဘီး ခိုင်လောင်ဟူ ကြောန်းပြချစ်
ပေးနိုင်ဘဲဟူကြောန့် နို့်လေဟှာ အယ်ပဒိပခတွပ် တရားစွဲခံရမယ် ဆိုဇာဟို့ဘဲ့
စိုးရိမ်ရဟုယ်။ နို့်လေဟှာ အယ်ပဒိပခတွပ် ဖြေရှင်းချစ်ပေးနိုင်ဟို့ မှုဟှ” ဆိုဘီး
ပြောဟုယ်။
41 အယ်မျိုးပြောဘီးန ဗြို့စာရေးဟှာ လူအောက်ဂီးဟို့ ပ့လန်ခိုင်းလိုက်ဟုယ်။

20

မာကေဒေါနိပြည်ဟို့ ပ့လန်ရော့-က်လာဟူ ပေါလုကြောန်း

1 ရှောက်ရှစ်ခတ်ဇာလေ ပီးဟှားဘီးန ပေါလုဟှာ တဗဲတော်လေဟို့ ခေါ်ဘီး
နှစ်သိမ့်ပေးဟုယ်။ အယ်ဘီးန သူးနို့်ဟို့ နှောက်ဆစ်ဘီးဟှာ မာကေဒေါနိပြည်ဟို့
ထွပ်ဟှားလိုက်ဟုယ်။
2 သူဟှာ နေရာတိုင်းဟို့ သွားဘီးဟှာ ယောင်ကြည်သူလေဟို့ နှစ်သိမ့်အားပေးဘီးန
အခါယပြည်ဟို့ သွားဟုယ်။
3 သူဟှာ အယ်ပြည်မာ သောင်းလနေဟုယ်။ အယ်ဘီးန ရှုရိပြည်ဟို့ သန်းဖောန
သွားဟို့ ဆင်သင့်ဖြစ်နေဟူ ခီမာဘဲ့ ယုဒလူမျိုးလေဟှာ သူ့ဟို့ သတ်ဟို့တွပ်
ကြံစည်နေဟုယ် ဆိုဇာဟို့ ကြားရဟုယ်။ အယ်ကြောန့် သူဟှာ မာကေဒေါနိပြည်ဟို့
ဖြတ်ဘီး ပ့လန်ဟို့တွပ် စိဆောင်းဖြတ်လိုက်ဟုယ်။

4 ပေါလုနတူးဒူ လိုက်ဟုးသူလေဟု ဗေရိဗြိုသားဖြစ်ဟူ ပုရုရဲသား သောပတရု၊
သက်သာလောနိတ်ဗြိုသားလေ ဖြစ်ဂေ့ဟူ အာရိတ့်တာခုန သေကန့ဒု၊
ဒေရဗေဗြိုသားဖြစ်ဟူ ဂါယု၊ အာရှိပြည်သားလေ ဖြစ်ဂေ့ဟူ တုခိတ်န တရောဖိမ်လေ၊
အယ်ဘီးဟုဟ တိမောသေလေ ဖြစ်ဂေ့ဟုယ်။
5 အယ်လူလေဟုဟ ရင်ဦးဆောင်းသွားဂေ့ဘီးန ကျွန်တော့်လေဟို့ တရောဗြိုမာ
စောန့်နေဂေ့ဟုယ်။
6 တဆေးမွေ့ဘဲဟူ မုပွဲတော် ပီးဟုးဘီးန ကျွန်တော့်လေဟု ဖိလိပ့ပိဗြိုဟုနေဘီး
သန်းဖောန လာဂေ့ဟုယ်။ ငါးရစ်ကြာဘီးန သူးနို့ရှိနေဟူ တရောဗြိုဟို့
ရော့-က်ဟုးဘီး အယ်ဗြိုမာ ခွန်နစ်ရစ်လော့-က် နေဂေ့ဟုယ်။

ပေါလုဟုဟ တရောဗြိုဟို့ နော့-က်ဆောင်းခီ ရော့-က်ဟုးဟူကြောန်း

7 ကျွန်တော့်လေဟုဟ စနေနေ့ * နေဒန်ဇာမာ မိတ်သဟာယစာ စားဂေ့ဟို့တွပ်
စုဂေ့ဟုယ်။ ပေါလုဟုဟ နော့-က်တနေ့မာ အယ်ဗြိုဟုနေ ထွပ်ဟို့တွပ်
ကြဲစည်ဟုးကြောန့် ညဉ့်နတ်ခီထိ လူလေဟို့ ဆစ်ဘီးဟုဟ ဟောပြောနေဟုယ်။
8 ကျွန်တော့်လေ စည်းဝေးဟူ ထတ်ခန်းမာ မီးအီလေ ဘောင်ဂီးထွန်းဟုးဟုယ်။
9 ဥတုခု နာမယ်ရှိဟူ ကောန်သားတယော့-က်ဟုဟ လတ်တန်ဗော့-က်ထတ်မာ
ထိုင်နေဟုယ်။ ပေါလုဟု ဆစ်ဘီးဟောနေဟူ ခီမာ ဥတုခုဟုဟ အိဝိုက်လာဘီးန
နော့-က်ဆောင်းမာ အိမွိဟုးဟူကြောန့် အီသောင်းထပ်ဟုနေဘီး မ့္လေဂီးထတ်ဟို့
က့္လဟုးလေဟုယ်။ လူလေဟုဟ သူ့ဟို့ ခီလိုက်ဟူ ခီမာ သေဟုးဘီ ဆိုဇာဟို့
တွိဂေ့ဟုယ်။
10 အယ်ခီမာ ပေါလုဟုဟ အော့-က်ဟို့ ဆင်းဘီးဟုဟ အယ်လူထတ်မာ သူ့ကိုယ်ဟို့
မှောက်ခ့္လဘီးန ဖတ်ဟုးလိုက်ဟုယ်။ လူလေဟို့ "စိုးရိမ်ဂေ့န။ သူဟုဟ
သတ်ရှင်နေသေးဟုယ်" ဆိုဘီး ပြောဟုယ်။
11 ပေါလုဟုဟ အီထတ်ဟို့ ပ့္လန်တတ်ဘီး တဗဲ့တော်လေနတူးဒူ မုဟို့ဖဲ့ဘီး
စားဂေ့ဟုယ်။ မိုးလန်းဟူခီထိ ကြာဂီးစကားပြောဘီးန ပေါလုဟုဟ ထွပ်ဟုးလေဟုယ်။
12 တဗဲ့တော်လေဟုဟ သတ်ရှင်နေသေးဟူ ကောန်သားဟို့ သူ့အီဟို့ ခေါ်ဟုးဘီးမှ
ရရာတိုင်း သတ်သာရာ ရဂေ့ဟုယ်။

တရောဗြိုဟုနေ မိလက်ဗြိုဟို့ သွားဟူကြောန်း

13 ကျွန်တော့်လေဟုဟ သန်းဖောနားဟို့ ရင်ဦးဆောင်းသွားဘီးန အသုဗြိုဟို့
သွားဂေ့ဟုယ်။ အသုဗြိုဟို့ရော့-က်မှ ပေါလုဟို့ သန်းဖောစီးခိုင်းဟို့တွပ် ဖြစ်ဟုယ်။
ပေါလုဟုဟ အယ်ဗြိုဟို့ ကူးလမ်းဟုနေ သွားမယ် ဆိုဘီး ပြောဟုးကြောန့် ဖြစ်ဟုယ်။
14 သူ့ဟုဟ ကျွန်တော့်လေဟို့ အသုဗြိုမာ တွိဟူကြောန့် သူ့ဟို့ သန်းဖောထတ်ဟို့
ခေါ်ဘီးဟုဟ မိတုလင်ဗြိုဟို့ သွားဂေ့ဟုယ်။

---

* **20:7** **၂၀.၇** စနေနေ့၊ အယ်မျိုးမှုနေဟုဟ နန်းနွေနေ့။

15 ကျွန်တော်ဟုားလေဟုာ အယ်နေရာဟုနေ ဝုပ်လွပ်ဘီး နော့-က်တနေ့မာ
ခိအုကျွန်းနားဟို့ ရော့-က်ဟုားဂေ့ဟုယ်။ တရစ်ကြာဘီးန သာမုကျွန်းဟို့
ရော့-က်ဟုားဘီး နော့-က်တရစ်မှ မိလက်ဖြို့ဟို့ ရော့-က်ဟုားဂေ့ဟုယ်။
16 ပေါလုဟုာ အာရှိပြည်မာ ခီကူရှင်ဘဲကြောန့် ဧဖော်ဖြို့ဟို့ ဖြတ်ဘီး သန်းဖောန
သွားဟို့တွပ် စိဆောင်းဖြတ်ဟုားဟုယ်။ ဖြစ်နိုင်မယ် ဆိုဟုာ ပင်တေကုတ္တေ
ပွဲတော်မီအောန် ယေရုရှလင်ဖြို့ဟို့ ရော့-က်ဟို့တွပ် သူဟုာ ဖြန်းဖြန်ဟုား သွားနေဟုယ်။

ပေါလုဟုာ ဧဖော်သင်းတော်ရဲ့ လူဂီးလေဟို့ နှောက်ဆစ်စကားပြောဟူကြောန်း

17 အယ်ခီမာ ပေါလုဟုာ ဧဖော်ဖြို့ဟု သင်းတော်လူဂီးလေဟို့ သူ့ဟို့ လာတွိဟို့တွပ်
မိလက်ဖြို့ဟုနေ လူလွတ်ဘီး ကြောန်းကြားလိုက်ဟုယ်။
18 အယ်လူလေဟု ရော့-က်လာဂေ့ဟူ ခီမာ ပေါလုဟု "ငါဟုာ အာရှိပြည်ဟို့
ရော့-က်ဟူနေ့ဟုစဘီး နန်းနို့နတူးဒူ ရှိနေဟူ ခီတိုင်းဟုာ ဖယ်မျိုးသတ်ရှင်ဟုယ်
ဆိုဇာဟို့ နန်းနို့လေ သိဂေ့ဟုယ်။
19 ယုဒလူမျိုးလေရဲ့ ကြဲစည်လေကြောန့် ခတ်ခဲဟူခီလေဟို့
ကြောင်တွိနေရဘေမဲ့လည်း ငါဟုာ မျစ်ရယ်ကွလဘီး၊ စိနှလောင်းနှိခ့လဘီး
သခင်ဘုရားဟို့ စေခံဟုယ်။
20 လူအောက်ဂီးရှေ့မာရော၊ နန်းနို့ အီလေမာရော ငါဟုာ ဟောပြောဘီး သွန်သန်ဟူ
ခီမာ နန်းနို့တွပ် ကျိုးရှိဟူ စကားလေဟို့ ဖယ်ခါလည်း ဝုပ်ဘီးထားဟု။
21 ဘုရားသခင်ရှေ့မာ နောန်ဒရှင်း၊ နို့လေရဲ့ သခင်ယေရှုဟို့ ယောင်ကြည်ရှင်း
ကြောန်းလေဟို့ ယုဒလူမျိုးလေဟို့ရော၊ ဟေလသလူမျိုးလေဟို့ရော
လေးလေးနတ်နတ်ဟုား ဒီပေးဟုယ်။
22 ခု ငါဟုာ ဝိညာဉ်တော်ရဲ့ မိန့်တော်ဟို့ နာခံဘီး ယေရုရှလင်ဖြို့ဟို့ သွားရမယ်။
အယ်ဖြို့မာ ဖယ်မျိုးဖြစ်မယ် ဆိုဇာဟို့ ငါသိဟု။
23 သန့်ရှင်းဟူဝိညာဉ်တော်ဟု 'နန်ဟုာ တောက်နောန်ရှင်းန ဒေါက်ခလေဟို့
ခံရလေ့မယ်' ဆိုဘီး ဖြို့တိုင်းမာ ငါ့ဟို့ ဒီပေးဟုားဟုယ် ဆိုဇာဟို့ ငါသိဟုယ်။
24 အယ်ဘေမဲ့ ငါ့တွပ်သတ်မှတ်ဟုားဟူ လောက်တာဝန်န သခင်ယေရှုပေးဟုားဟူ
မူတော်ဟို့ ပီးအောန်လောက်ဆောန်ဟို့ ခိကဖြစ်ဟူကြောန့် ငါဟုာ ကိုယ့်သတ်ဟို့
ကိုယ်ဖြောဟု။ ကိုယ်တော်ပေးဟုားဟူ မူတော်ဟုာ ဘုရားသခင်ရဲ့
ကျေးဇူးတော်ကြောန်းဖြစ်ဟူ ဒန်းကောန်းဟို့ ကြေညာဟို့တွပ် ဖြစ်ဟုယ်။"
25 "ငါဟုာ ဘုရားသခင်ရဲ့ နိုင်ငံတော်ကြောန်းဟို့ နန်းနို့နားဟို့ လာဘီး
ဟောပြောဟုယ်။ အယ်ဘေမဲ့ နန်းနို့ဟုလွဲဘီး ဖယ်သူဟုလည်း ငါ့မျစ်နှာဟို့
နော့-က်တခါ ဖြင်ရဟို့မူဘီ ဆိုဇာဟို့ ငါသိနေဟုယ်။
26 အယ်ကြောန့် နန်းနို့ထဲဟု ယော့-က်ယော့-က်ဟုာ သတ်ဝိညာဉ်ဆောင်းရှောင်းမယ်
ဆိုဟုာ လူလေရဲ့သီးန ငါကင်းလွတ်ဟုယ် ဆိုဇာဟို့ အယ်နေ့ဘဲ့ နန်းနို့ဟို့ ငါဟုာ
လေးလေးနတ်နတ်ဟုား သတ်သေခံဟုယ်။

20:24 ၂၀.၂၄ ၂ တိ ၄.၇

27 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ငါဟှာ ဘုရားသခင်ရဲ့ လိုတော်ဟို့ နန်းနို့လေဟို့
ဂူလောင်း ပြောပြဟှားပီးဘီ။
28 အယ်ကြောန့် နန်းနို့လေဟှာ ကိုယ့်ကိုယ်ကိုယ်ရော၊ နန်းနို့လတ်ထဲဟို့
သန့်ရှင်းဟူဝိညာဉ်တော်ဟှ ပေးဟှားဟူ သိုးစုလေဟို့ရော စောန့်ရှော့-က်ဘီး
ကေ့ရူဂေ့ပါ။ ဘုရားသခင်† ရဲ့ သင်းတော်ဟို့ သိုးထီးမျိုး ကေ့ရူဂေ့ပါ။ ဘုရားသခင်ဟှာ
သူ့သားတော်ရဲ့ သွီးတော်အားဖြင့်‡ သင်းတော်ဟို့ ဝယ်ဟှားဟှယ်။
29 ငါမ့ေဘဲဟူ နော့-က်မာ လူတချို့ဟှာ နန်းနို့နားဟို့ လာဘီးဟှာ
ရစ်ဆစ်ကြမ်းထန်းဟူ ဝံပုလွေလေမျိုး သိုးစုဟို့ ညာတာဘဲန လောက်ဂေ့မယ် ဆိုဇာဟို့
ငါသိနေဟှယ်။
30 နန်းနို့ထဲမာ တချို့လူလေဟှာ လီညာပြောဆိုဘီး ယောင်ကြည်သူလေဟို့
သူ့နော့-က်ဟို့ ခေါ်ဟှားဟူခီ ရော့-က်လာလေ့မယ်။
31 အယ်ကြောန့် ဒီနနေဂေ့ပါ။ ငါဟှာ နန်းနို့ ဂူလောင်းဟို့ သောင်းနှစ်လောင်းလောင်း
နေ့ရောညဉ့်ရော မျစ်ရယ်က့လဘီး ဆောင်းမသွန်သန်ဇာဟို့ ဒိရဂေ့ပါ။
32 “ခု နန်းနို့လေဟို့ ဘုရားသခင်ရဲ့ လတ်ထဲဟို့ရော၊ ကျေးဇူးတော်တရားရဲ့
လတ်ထဲဟို့ရော ငါအပ်လိုက်ဟှယ်။ အယ်ကျေးဇူးတော်တရားဟှာ နန်းနို့လေဟို့
တည်ဆော့-က်ဟို့တွပ် ကိုယ်တော်ရဲ့ သန့်ရှင်းသူလေတွပ် ထားဟှားဟူ
ကောန်းဂျီးမင်္ဂလာလေဟို့ နန်းနို့ ခံစားရလေ့မယ်။
33 ငါဟှာ တခြားသူလေရဲ့ ရွှေလေ၊ ငွေလေန ဝတ်စားလေဟို့ တတ်မတ်ဇာ မ့ေဟှ။
34 ငါဟှာ အယ်လတ်လေန လောက်လောက်ဘီး ငါ့ပေါန်းသင်းလေရဲ့
လိုအပ်ဇာလေဟို့ ဖှလဲ့ပေးနေဟှယ် ဆိုဇာဟို့ နန်းနို့လေဟှ သိဂေ့ဟှယ်။
35 အယ်မျိုးဘဲ့ နန်းနို့လေလည်း လောက်ဟို့ ကြိုးစားဘီး ဆင်းရဲဟူ လူလေဟို့
ကူညီဂေ့ဟို့တွပ် ငါပြရစ်ဟှယ်။ သခင်ယေရှု ကိုယ်တိုင်ဟှ ‘ပေးဟူဇာဟှ ရယူဇာထတ်
ပိုဘီး မင်္ဂလာရှိဟှယ်’ ဆိုဘီး မိန့်တော်မူဟှားဟူ စကားဟို့ ဒိရဂေ့ပါ” ဆိုဘီး ပြောဟှယ်။
36 အယ်မျိုးပြောဘီးန ပေါလုဟှာ ဒူးထော့-က်ဘီး အယ်လူလေနတူးဒူ
ဆုတောန်းလေဟှယ်။
37 သူးနို့လေ ဂူလောင်းဟှာ ရရာတိုင်း ငိဂေ့ဘီးန ပေါလုဟို့ ဖတ်ဘီး
နှောက်ဆစ်ဂေ့ဟှယ်။
38 ပေါလုဟှာ သူ့မျစ်နှာဟို့ နော့-က်တခါ မြင်ရဟို့မူဘီ ဆိုဘီး ပြောဟူကြောန့်
သူးနို့လေဟှာ ပိုဘီး ဟှာ ဝန်းနဲဂေ့ဟှယ်။ အယ်ဘီးန သူးနို့ဟှာ ပေါလုဟို့
သန်းဖောနားဟို့ လိုက်ပို့ဂေ့ဟှယ်။

21

ယေရှုရှလင်မြို့ဟို့ ပေါလု ရော့-က်လာဟူကြောန်း

† **20:28 ၂ဝ.၂၈** ဘုရားသခင်၊ တချို့ မူရင်းလတ်ရေးမူလေမာ သခင်ဘုရား၊ ဆိုဘီး ပါရှိဟှယ်။ ‡ **20:28 ၂ဝ.၂၈** သူ့သားတော်ရဲ့ သွီးတော်အားဖြင့်၊ အယ်မျိုးမူဘဲနေဟှာ သူ့သားတော်ရဲ့ သေခံဇာအားဖြင့်၊ အယ်မျိုးမူဘဲနေဟှာ သူ့ရဲ့
သွီးတော်အားဖြင့်။

1 ကျွန်တော့်လေဟာ အယ်လူလေနားဟုနေဘီး ထွပ်လာဘီးဟာ သန်းဖောန
ကောသကျွန်းဟို့ တည့်တည့်သွားဂေ့ဟုယ်။ နော့-က်တနေ့မာ ရောဒုကျွန်းဟို့ရော၊
အယ်ကျွန်းဟုနေဘီး ပါတရဖြို့ဟို့ရော ရော့-က်ဟုားဂေ့ဟုယ်။
2 ဖိနိတ်ပြည်ဟို့ သွားဟူ သန်းဖောတစင်းဟို့ တွိဟုားဟူ ခီမာ အယ်သန်းဖောထတ်ဟို့
တတ်ဘီး သွားဂေ့ဟုယ်။
3 ကျွန်တော့်လေဟာ ကုပရုကျွန်းဟို့ ဖြင်ရဟူ ခီမာ အယ်ကျွန်းရဲ့
တောန်ဖတ်ဟုနေဖြတ်ဘီး ရှုရိပြည်ဟို့ သန်းဖောန သွားဂေ့ဟုယ်။ တုရုဖြို့မာ
ကူပစ်စီးလေဟို့ ခ့လရဟို့တွပ် အယ်ဖြို့မာ သန်းဖောဟို့ ဝမ်ဘီးနားရဟုယ်။
4 ကျွန်တော့်လေဟာ အယ်နေရာမာ တဗဲတော်တချို့ဟို့ တွိဘီး သူးနို့နတူးဒူ ခွန်နစ်ရစ်
နေဂေ့ဟုယ်။ အယ်တဗဲတော်လေဟာ ဝိညာဉ်တော်ရဲ့ တဂိုးန ပေါလုဟို့
ယေရုရှလင်ဖြို့ဟို့ သွားဘဲဟို့တွပ် ပြောဂေ့ဟုယ်။
5 အယ်ဘေမဲ့ ခွန်နစ်ရစ် ကြာဟုားဟူ ခီမာ ကျွန်တော့်လေဟာ ခရီးသွားဂေ့ဟုယ်။
တဗဲတော်လေ ဂူလောင်းဟာ သူးနို့ မီးမလေန သားဂန်းဟုားလေနတူးဒူ ဖြို့ပ့်လန်ဟ
ပန်လယ်ကမ်းနားဟို့ ရော့-က်အောန် လိုဂ်ပို့ဂေ့ဟုယ်။ ကျွန်တော့်လေဟာ
ပန်လယ်ကမ်းနားမာ ဒူးထော့-က်ဘီး ဆုတောန်းဂေ့ဟုယ်။
6 အယ်ဘီးန ယော့-က်နယော့-က် နှောက်ဆစ်ဘီးဟာ ကျွန်တော့်လေဟာ
သန်းဖောထတ်ဟို့ တတ်ဘီး သူးနို့လေဟ အီဟို့ ပ့လန်ဟုားဂေ့ဟုယ်။
7 တုရုဖြို့ဟုနေဘီး ဆစ်ဘီးသွားဂေ့ဟူ ခီမာ ကျွန်တော့်လေဟာ ပတောလင်ဖြို့ဟို့
ရော့-က်ဟုားဂေ့ဟုယ်။ အယ်ဖြို့မာ ညီကို မောန်နမလေဟို့ နှောက်ဆစ်ဘီးန
သူးနို့နတူးဒူ တရစ်လော့-က်နေဂေ့ဟုယ်။
8 နော့-က်တနေ့မာ ထွပ်ဟုားဘီး ကဲသရိဖြို့ဟို့ ရော့-က်ဟုားဂေ့ဟုယ်။
ကျွန်တော့်လေဟာ ဧဝံဂေလိဆရာ ဖိလိပ့ပု အီမာတည်းဂေ့ဟုယ်။ ဖိလိပ့ပုဟ
တဗဲတော်လေဟို့ ကူညီဟို့တွပ် ယေရုရှလင်သင်းတော်ဟ ဝီးကော့-က်ဟုားဟူလူ
ခွန်နစ်ယော့-က်ထဲမာပါဟူ လူတယော့-က်ဖြစ်ဟုယ်။
9 သူမာ အီထောန်ကလသေးဘဲဟူ သမီးလေးယော့-က်ရှိဟုယ်။ သူသမီးလေဟာ
ပရောဖက်ပြဘီး ဘုရားသခင်ရဲ့ တရားတော်ဟို့ ကြေညာဂေ့ဟုယ်။
10 အယ်အီမာ ကျွန်တော့်လေဟာ ရစ်တန်ကြာ နေဘီးဟူ ခီမာ အာဂဗု နာမယ်ရှိဟူ
ပရောဖက်တယော့-က်ဟာ ယုဒပြည်ဟုနေ ရော့-က်လာဟုယ်။
11 သူဟာ ကျွန်တော့်လေနားဟို့ လာဘီး ပေါလုရဲ့ ခါးဗတ်ဟို့ ယူဘီး သူ့ခေန လတ်ဟို့
ခယ်လိုက်ဟုယ်။ အယ်ဘီးန "အယ်ခါးဗတ် ဇရှင်ဟို့ ယုဒလူလေဟ ယေရုရှလင်ဖြို့မာ
အယ်မျိုးခယ်ဘီးဟာ လူမျိုးခြားလေဟို့ အပ်ဂေ့လေ့မယ် ဆိုဘီး
သန့်ရှင်းဟူဝိညာဉ်တော်ဟ မိန့်တော်မူဟုယ်" ဆိုဘီး ပြောဟုယ်။

21:8 ၂၁.၈ တ ၆.၅: ၈.၅ **21:10** ၂၁.၁၀ တ ၁၁.၂၈

12 အယ်စကားဟို့ ကြားရဟူ ခီမာ ကျွန်တော့်လေန အယ်နေရာမာရှိနေဟူ လူလေဟု
ယေရုရှလင်ဗြို့ဟို့ သွားဘဲဟို့တွပ် ပေါလုဟို့ တောန်းဗန်ဂေ့ဟုယ်။
13 အယ်ဘေမဲ့ ပေါလုဟု "နန်းနို့ဟု ဖြားဖြစ်ကြောန့် အယ်မျိုးငိုဘီးဟာ ငါ့ရဲ့
စိနှလောင်းဟို့ ကြေကွဲစေဂေ့နူး။ ငါဟာ သခင်ယေရှုရဲ့ နာမတော်ကြောန့်
ယေရုရှလင်ဗြို့မာ ခယ်ခံရဘီး သေခံဟို့ဟို့မှ ဆင်သင့်ရှိဟုယ်" ဆိုဘီး
ပ့လန်ပြောဟုယ်။
14 ပေါလုဟို့ သွီးဆောန်နိုင်ဘဲကြောန့် ကျွန်တော့်လေဟာ လတ်ရှေ့လိုက်ဘီး
"သခင်ဘုရားရဲ့ လိုတော်တိုင်းဘဲ ဖြစ်ပါစေ" ဆိုဘီး ပြောဂေ့ဟုယ်။
15 ရစ်နဲနဲကြာဘီးန ကျွန်တော့်လေဟာ ပစ်စီးလေဟို့ ထောက်ဘိုးဘီးဟာ
ယေရုရှလင်ဗြို့ဟို့ တတ်ဟားဂေ့ဟုယ်။
16 ကဲသရိဗြို့ဟု တဗဲတော်တချို့ဟာ ကျွန်တော့်လေနတူးဒူ လိုက်ဘီး
ကျွန်တော့်လေဟို့ ကုပရုကျွန်းသား တဗဲတော်ဟောန်း တယော့-က်ဖြစ်ဟူ မနာသုန်ရဲ့
အီမာတည်းဟို့တွပ် ခေါ်ဟားဂေ့ဟုယ်။*

ပေါလုဟာ ယာကုပ်ဟို့ သွားတွိဟူကြောန်း

17 ယေရုရှလင်ဗြို့ဟို့ ရော့-က်ဟားဂေ့ဟူ ခီမာ ညီကို မောန်နမလေဟု
ကြိုဆိုဂေ့ဟုယ်။
18 နော့-က်တနေ့မာ ပေါလုဟာ ကျွန်တော့်လေနတူးဒူ ယာကုပ်ဟို့ တွိဟို့တွပ်
သွားဂေ့ဟုယ်။ သင်းတော်လူဂီးလေ အားလောင်းလည်း သူနားမာ ရှိနေဂေ့ဟုယ်။
19 ပေါလုဟာ အယ်လူလေဟို့ နှောက်ဆစ်ဘီးန သူ့ရဲ့ မူတော်လောက်ငန်းအားဖြင့်
လူမျိုးခြားလေဟို့ ဘုရားသခင်လောက်ဟူ မူရှိမျှဂူလောင်းဟို့ တန်ပြဟုယ်။
20 သူးနို့လေဟာ အယ်မူဇာဟို့ ကြားရဘီးန ဘုရားသခင်ဟို့ ချီးမွမ်းဂေ့ဟုယ်။
အယ်ဘီးန သူးနို့ဟု "ညီပေါလု၊ ယုဒလူလေ ထောန်နသောန်းနချီဘီး
ယောင်ကြည်သူလေ ဖြစ်လာဂေ့ဟုယ် ဆိုဇာဟို့ နန်းနို့လေ သိဖြင်ဂေ့ဟုယ်။ သူးနို့လေ
ဂူလောင်းဟာ ပညတ်တရားဖတ်မာ စိအားထတ်သန်ဟူ သူလေ ဖြစ်ဂေ့ဟုယ်။
21 'နန်ဟာ လူမျိုးခြားလေထဲမာနေဟူ ယုဒလူလေဟို့ နန်းနို့ရဲ့ သားဂန်းဟားလေဟို့
ရေဖျားလီးပေးဂေ့နန။ နန်းနို့ဟာ ယုဒ ထောင်းဒန်းစဉ်လာလေဟို့ လိုက်ဂေ့နန' ဆိုဘီး
မောရှေရဲ့ ပညတ်တရားဟို့ စွန့်ပစ်ဟို့တွပ် သွန်သန်နေဇာဟို့ အယ်လူလေဟု
ကြားရဂေ့ဟုယ်။
22 အယ်မျိုးဆိုဟာ နို့လေဟာ ဖယ်မျိုးလောက်ရဟို့နူး။ နန်ရော့-က်လာဟူဒန်းဟို့
သူးနို့လေဟာ ကြားရမယ် ဆိုဇာ သေချာနေဟုယ်။
23 အယ်ကြောန့် နန့်ဟို့ နို့လေပြောဟားဟူတိုင်း လောက်လိုက်။ နို့လေမာ
သစ်စာဂဒိပြုဟားဟူ လူလေးယော့-က်ရှိဟုယ်။

---

* **21:16** **ယာ.၁၆** ကျွန်တော့်လေဟို့ ကုပရုကျွန်းသား တဗဲတော်ဟောန်း တယော့-က်ဖြစ်ဟူ မနာသုန်ရဲ့
အီမာတည်းဟို့တွပ် ခေါ်ဟားဂေ့ဟုယ်၊ အယ်မျိုးမူဘဲနေဟာ သူးနို့အီမာနေဟို့တွပ် ကျွန်တော့်ဟားလေဟို့
ခေါ်ဆောန်ဟားဟုယ်။

24 အယ်လူလေဟို့ ခေါ်ဟုးဘီး သူးနို့နတူးဒူ စင်ကြယ်ရှင်းဟို့ လောက်ဘီးဟုာ
သူးနို့ခေါန်းဟို့ ရိဟို့တွပ်†ခဟို့ ပေးလိုက်။ အယ်မျိုးလောက်မယ် ဆိုဟုာ နန့်ကြောန်းဟို့
သူးနို့ကြားရဂေ့ဟူ ဒန်းဟုာ မှန်ဟု ဆိုဇာဟို့ရော၊ နန်ကိုယ်တိုင်ဘဲ့ မောရှေရဲ့
ပညတ်တရားဟို့ တိတိကျ့လက့လဟုား စောန့်ထီးဟုယ် ဆိုဇာဟို့ရော
လူတိုင်းသိဂေ့လေ့မယ်။

25 အယ်ဘေမဲ့ ယောင်ကြည်သူ လူမျိုးခြားလေတွပ်ဟု ရောက်ထုရှေ့မာ
ပူဇော်ဟုားဟူ စားဇာ၊ သွီး၊ လည်ဗန်းလီုးဘဲန သတ်ဟုားဟူ လိဆန်လေဟို့
စားဘဲဟို့တွပ်န တရားဘဲဟူ မေထုန်ဟို့လည်း ရှောန်ဟို့တွပ် နို့လေဟုာ ဆောင်းဖြတ်ဘီး
သူးနို့နားဟို့ စာရေးဘီး ကြောန်းကြားဟုားပီးဘီ” ဆိုဘီး ပြောဂေ့ဟုယ်။

26 အယ်ကြောန့် ပေါလုဟုာ နော့-က်တနေ့မာ အယ်လူလေးယော့-က်ဟို့ ခေါ်ဘီးန
သူးနို့နတူးဒူ စင်ကြယ်ရှင်းဟို့ လောက်ဂေ့ဟုယ်။ အယ်ဘီးန သူဟုာ ဗိမာန်တော်ဟို့
သွားဘီး သူးနို့ယော့-က်ချင်းစီတွပ် ပူဇော်သကာလောက်ရမယ့် ခီဖြစ်ဟူ
စင်ကြယ်ရှင်းဟို့ လောက်ရဟူ နေ့ရစ်လေ ပီးဆောင်းမယ့်ခီဟို့ သိပေးလေဟုယ်။

ဗိမာန်တော်မာ ပေါလု ဖမ်းခံရဟူကြောန်း

27 ခွန်နစ်ရစ်လော့-က် ကြာဟုားဟူ ခီမာ အာရှိပြည်ဟုနေ ယုဒလူတချို့ဟုာ
ပေါလုဟို့ ဗိမာန်တော်မာ ဖြင်ဟုားဂေ့ဟုယ်။ သူးနို့ဟုာ လူအောက်ဂီးဟို့
နှိုးဆော်ပေးဘီး ပေါလုဟို့ ဖမ်းဂေ့ဟုယ်။

28 သူးနို့ဟု “ဣသရေလလူလေ၊ ကူညီဂေ့ပါ။ အယ်လူဟုာ နေရာတိုင်းဟို့ သွားဘီး
နို့လူမျိုးန နို့လူမျိုးရဲ့ ပညတ်တရားဟို့ရော၊ အယ်ဗိမာန်တော်ဟို့ရော ဆန့်ကျင်ဘီး
လူတိုင်းဟို့ သွန်သန်နေဟုယ်။ အယ်မျလော့-က်ဘဲ့ မူဘဲန သူဟုာ
လူမျိုးခြားလေဟို့လည်း ဗိမာန်တော်ထဲဟို့ ခေါ်ဆောန်လာဘီးဟုာ အယ်သန့်ရှင်းဟူ
နေရာဟို့ ညစ်ညူးစေဟုယ်” ဆိုဘီး အော်ဂေ့ဟုယ်။

29 ဖြားဖြစ်ကြောန့် အယ်မျိုးပြောနူး၊ ဆိုဟုာ သူးနို့ဟုာ ပေါလုဟို့ ဧဖက်ဖြို့သား
တရောဖိမ်နတူးဒူ ဗြို့ထဲမာတိုဘီး အယ်လူဟို့ ဗိမာန်တော်ထဲဟို့ ပေါလုဟုာ
ခေါ်လာဟုယ် ဆိုဘီး ထန်ဂေ့ဟုယ်။

30 တဗြို့လောင်းဟုာ ရှောက်ရှစ်ခတ်ဘီး လူလေဟုာ ပ့လေးလာဘီးန ပေါလုဟို့
ဖမ်းဘီးဟုာ ဗိမာန်တော်ပ့လန်ဟို့ ဆွဲထုဂေ့ဟုယ်။ ရှစ်ရှင်းဘဲ့ ဗိမာန်တော်ရဲ့
ခွဗော့-က်လေဟို့ ပိလိုက်ဂေ့ဟုယ်။

31 သူးနို့ဟုာ ပေါလုဟို့ သတ်ဟို့တွပ် ကြိုးစားနေဂေ့ဒူးမာ ယေရုရှလင်ဗြို့
တဗြို့လောင်းဟုာ ရှောက်ရှစ်ခတ်နေဟုယ် ဆိုဘီး ရောမတပ်မူးနားဟို့ ဒန်းဟုာ
ရော့-က်လာဟုယ်။

† **21:24 ၂၁.၂၄ သူးနို့ခေါန်းဟို့ ရိဟို့တွပ်၊** ရှ ၁၈.၁၈။ **21:25 ၂၁.၂၅** တ ၁၅.၂၉ **21:29 ၂၁.၂၉** တ ၂၀.၄

32 ရှစ်ရှင်းဘဲ့ တပ်မှူးဟှာ စစ်သားလေန ရာရှိတချို့ဟှိ ခေါ်ဘီးဟှာ လူအောက်နားဟှိ
ဆင်းပ့်လေးလာဂေ့ဟှယ်။ လူလေဟှာ တပ်မှူးန စစ်သားလေဟှိ မြင်ဟှားဟှူ ခီမာ
ပေါလုဟှိ ရိုက်ဘဲန နေဂေ့ဟှယ်။
33 အယ်ခီမာ တပ်မှူးဟှာ ပေါလုနားဟှိ ရော့-က်လာဘီး ဖမ်းဘီးဟှာ သံကြိုးနှေ့ပန်န
ခယ်ဟှိတွပ် မိန့်ပေးလိုက်ဟှယ်။ အယ်လူဟှ ဖယ်သူဖြစ်နူး။ ဖြားဇာလောက်ဟှားနူး၊
ဆိုဘီး မေးဟှယ်။
34 လူလေဟှ တယော့-က်တဘော့-က် အော်ဘီးဟှာ ရောက်ရောက်သဲသဲ
ဖြစ်နေဟူကြောန့် တပ်မှူးဟှာ ခြေနေမှန်ဟှိ သိနိုင်ဘဲကြောန့် ပေါလုဟှိ ရဲတိုက်ထဲဟှိ
ခေါ်ဆောန်ဟှားဟှိတွပ် မိန့်ပေးလိုက်ဟှယ်။
35 ရဲတိုက်လှေကားဟှိ ရော့-က်ဟှာဟှူ ခီမာ လူလေဟှ ပိုဘီး ကြမ်းလာဘီးဟှာ
စစ်သားလေဟှာ ပေါလုဟှိ ခီဘီးဟှာ ထမ်းဟှားဂေ့ရဟှယ်။
36 လူလေဟှာ "သူ့ဟှိ သတ်လိုက်" ဆိုဘီး အော်ဘီး လိုက်နေဂေ့ဟှယ်။

ပေါလုကိုယ်တိုင် ဖြေရှင်းဟူကြောန်း

37 ပေါလုဟှာ သူ့ဟှိ ရဲတိုက်ထဲဟှိ ခေါ်ဆောန်ဟှားဟှို့ လောက်ဟှူ ခီမာ သူဟှ
တပ်မှူးဟှိ "ခန်ဗျားန ကျွန်တော် စကားနဲနဲဟှား ပြောရှင်ဟှယ်" ဆိုဘီး ပြောလိုက်ဟှယ်။
တပ်မှူးဟှ "နန်ဟှာ ဟေလသစကားဟှိ ပြောတတ်ဘဲ့လော။
38 အယ်ဆိုဟှာ နန်ဟှာ အယ်ရစ်လေတိုင်ခန်ဟှ ပေါင်ကန်ထကြွဘီး ကြမ်းဖတ်မား
၄,၀၀၀ ဟှိ တောကန့်တာရဟှိ ခေါ်ဆောန်ဟှားဟူ အဲဂုတ္တုတူလူ မူဟှလော" ဆိုဘီး
မေးဟှယ်။
39 ပေါလုဟှ "ကျွန်တော်ဟှာ ယုဒလူဖြစ်ဘီး ကိလိကိနယ်ရဲ့ ထန်ရှားဟူ၊
တာရှုဗြို့မာမွီးဟူ ဗြို့ကီးသားဖြစ်ဟှယ်။ ကျွန်တော့်ဟှိ ကျေးဇူးပြုဘီး လူလေဟှိ
စကားပြောခွမ့်ပေးပါ" ဆိုဘီး ပြောဟှယ်။
40 တပ်မှူးဟှ ခွမ့်ပေးဟူကြောန့် ပေါလုဟှာ လှေကားထတ်မာရပ်ဘီး လူလေဟှိ
တိတိဆိဆိဟှား နေဟှိတွပ် လတ်န ချစ်ပြလိုက်ဟှယ်။ အယ်လူလေဟှာ
တိတိဆိဆိဟှား ဖြစ်ဟှားဂေ့ဟူ ခီမာ သူဟှာ ယုဒစကားန၊

22

1 "သူညီကိုလေန ဖလေ၊ ခုကျွန်တော့်ရဲ့ ဖြေရှင်းချစ်ဟှိ နားထောန်ဂေ့ပါ" ဆိုဘီး
ပြောဟှယ်။
2 သူးနို့ဟှိ ယုဒစကားန ပြောနေဟှယ် ဆိုဇာဟှိ ကြားရဟူ ခီမာ သူးနို့ဟှာ ပိုဘီး
တိဆိဟှားဂေ့ဟှယ်။
အယ်ဘီးန ပေါလုဟှ၊
3 "ကျွန်တော်ဟှာ ကိလိကိနယ်၊ တာရှုဗြို့မာမွီးဟူ ယုဒလူဖြစ်ဟှယ်။
ယေရုရှလင်ဗြို့မာ ကီးလာဘီး ဘိုးဘေးလေ လိုက်လျှော့-က် ကျင့်သောင်းဟူ

22:3 ၂၂.၃ တ ၅.၃၄-၃၉

ပညတ်တော်ဟို ဂါမလျေလနားမာ တိတိကျကျလုပ်ဟုး သန်ယူဟုးဟုယ်။ ခုနန်းနို့ဟု
ဘုရားသခင်ရဲ့ မှုတော်ဟို လောက်ဟို့တွပ် စိအားထတ်သန်ဟူမျိုးဘဲ့
ကျွန်တော်ဟုလည်း စိအားထတ်သန်ဟုးဟုယ်။
4 ကျွန်တော်ဟုာ ယေရှုရဲ့ လမ်းစဉ်ဟို လိုက်လျှော့-က်ဂေ့ဟူ လူလေဟို
သေလော့-က်အောန်ထိ ညှဉ်းဆဲဟုးဟုယ်။ ယော့-က်ကျားလေန မီးမလေဟို
ဖမ်းဘီးဟုာ ထောန်ခ့လဟုးဟုယ်။
5 ကျွန်တော် ပြောနေဇာလေဟုာ မှန်ဟုယ် ဆိုဇာဟို ယဇ်ပုရောဟိတ်မန်းနတူးဒူ
ယုဒတရားလွှတ်တော် တခုလောင်းဟု သတ်သေပြန်ိုင်ဂေ့ဟုယ်။ ကျွန်တော်ဟုာ
သူးနို့နားဟုနေဘီး ဒမာသက်ဗြို့မာရှိဟူ ယုဒညီကိုလေဟို ရေးပေးလိုက်ဟူ စာလေဟို
ယူဘီးန အယ်လမ်းစဉ်ဟို လိုက်လျှော့-က်ဟူ လူလေဟို ပြစ်စီရင်ဟို့တွပ် ဖမ်းဘီးဟုာ
ယေရှုရှလင်ဗြို့ဟို ခေါ်ဆောန်လာဟို့တွပ် အယ်ဗြို့ဟို ထွပ်ဟုးဟုယ်။

ပေါလုဟုာ သူ့ရဲ့ ပုလောန်းလဲလာပေါင်ဟို ပြောပြကြောန်း
(တမန်တော် ၉.၁–၁၉: ၂၆.၁၂–၁၈)

6 “ကျွန်တော်ဟုာ ခရီးသွားရင်းန ဒမာသက်ဗြို့နားဟို ရော့-က်ဟူ ခီမာ မွန်းဒဲ့ခီန
ကောန်းဂန်ဟုနေ တော့-က်ပဟူ လန်းရောန်တခုဟုာ ရောက်တရစ်
ကျွန်တော့်ပတ်လည်မာ ထွန်းတော့-က်လာဟုယ်။
7 ကျွန်တော်ဟုာ မှလေဂီးထတ်ဟို လဲက့လဟုးဘီး ‘ရှောလု၊ ရှောလု၊ နန်ဟုာ
ဖြားဖြစ်ကြောန့် ငါ့ဟို ညှဉ်းဆဲနူး’ ဆိုဘီး ကျွန်တော့်ဟို ပြောနေဟူသံဟို ကြားရဟုယ်။
8 ကျွန်တော်ဟု ‘သခင်၊ ကိုယ်တော်ဟု ဖယ်သူနူး’ ဆိုဘီး မေးလျှော့-က်လိုက်ဟုယ်။
ကိုယ်တော်ဟု ‘ငါဟုာ နန်ညှဉ်းဆဲနေဟူ နာဇရက်ဗြို့သား ယေရှုဘဲ့ဖြစ်ဟုယ်’ ဆိုဘီး
မိန့်တော်မူလေဟုယ်။
9 ကျွန်တော်နတူးဒူ ရှိနေဂေ့ဟူ လူလေဟုာ အယ်လန်းရောန်ဟို ဗြင်ရဂေ့ဘေမဲ့
ကျွန်တော့်ဟို ပြောနေဟူသူရဲ့ သံတော်ဟို ကြားရဂေ့ဟု။
10 ကျွန်တော်ဟု ‘သခင်၊ ကျွန်တော်ဟုာ ဖယ်မျိုးလောက်ရဟို့နူး’ ဆိုဘီး
မေးလျှော့-က်လိုက်ဟုယ်။ ကိုယ်တော်ဟု ‘ထဘီးဟုာ ဒမာသက်ဗြို့ဟို သွားလိုက်။
နန်လောက်ရဟို့တွပ် သတ်မှတ်ဟုးဟူဇာလေ ဂူလောင်းဟို အယ်ဗြို့မာ နန့်ဟို
ငါပြောပြမယ်’ ဆိုဘီး မိန့်တော်မူလေဟုယ်။
11 ကျွန်တော်ဟုာ တော့-က်ပဟူ လန်းရောန်ကြောန့် မျစ်စိကန်းဟုးဘီး
ကျွန်တော်နတူးဒူ ရှိနေဂေ့ဟူ လူလေဟု ကျွန်တော့်လတ်ဟို ဆွဲဘီးဟုာ
ဒမာသက်ဗြို့ထဲဟို ခေါ်ဆောန်ဟုးဂေ့ဟုယ်။
12 “အယ်ဗြို့မာ အာနန် နာမယ်ရှိဟူ လူဟုာ ပညတ်တရားဟို
လိုက်လျှော့-က်ကျင့်သောင်းဘီး ဘာသာရေးလိုက်စားဟူ လူလည်းဖြစ်ဟုယ်။
အယ်ဗြို့မာနေဟူ ယုဒလူလေရဲ့ ချီးကျူးလေးစားခံရဟူ လူဖြစ်ဟုယ်။

22:4 **ဃ၂.၄** တ ၈.၃; ၂၆.၉–၁၁

13 သူဟုဲ့ ကျွန်တော်နားဟို့ လာဘီး နီးနားမာ ရပ်ဘီးဟုဲ့ ‘ညီရှောလု၊
မျစ်စိပ့်လန်ဖြင်စေ!’ ဆိုဘီး ပြောဟုယ်။ ရှစ်ရှင်းဘဲ့ ကျွန်တော့်ဟုဲ့
မျစ်စိပ့်လန်ဖြင်ဟုးဘီး သူ့ဟို့ ကေ့လိုက်ဟုယ်။
14 အာနနိဟုဲ့ ‘နန်ဟုဲ့ နို့ဘိုးဘေးလေရဲ့ ဘုရားသခင် လိုတော်ဟို့ သိဟို့တွပ်ရော၊
ကိုယ်တော်ရဲ့ ဖြောန့်မတ်ဟို့ စေခံဟို့ ဖြင်ရဟို့တွပ်ရော၊ အယ်သခင်ရဲ့
နှောက်တော်ဟုနေ သံတော်ဟို့ ကြားရဟို့တွပ်ရော ကိုယ်တော်ဟုဲ့ နန်ဟို့
ဝီးကော့-က်လိုက်ဟုယ်။
15 နန်ဟုခု ဖြင်ရကြားရဇာလေဟို့ လူတိုင်းဟို့ ပြောဟို့တွပ် အယ်သခင်ရဲ့ သတ်သေ
ဖြစ်ရလေ့မယ်။
16 ခုနန်ဟုဲ့ ဖြားဖြစ်ကြောန့် ခီဆွဲနေရနူး။ ထဘီးဟုဲ့ ဗတ္တိဇံခံလိုက်။ အယ်ဘီးဟုဲ့
နန့်ရဲ့ ပြစ်လေ လွတ်ခံရဟို့တွပ် သခင်ဘုရားရဲ့ နာမတော်န ဆုတောန်းလိုက်’ ဆိုဘီး
ပြောဟုယ်။

လူမျိုးခြားလေဟို့ ဟောဟို့တွပ် ပေါလုဟို့ စေလွတ်ခံရကြောန်း

17 “ကျွန်တော်ဟုဲ့ ယေရှုရှလင်ဖြို့ဟို့ ပ့လန်ရော့-က်ဘီး ဗိမာန်တော်မာ
ဆုတောန်းနေဒူးမာ ရှုပါရောင်ဟို့ ဖြင်ရဟုယ်။
18 အယ်ရှုပါရောင်မာ သခင်ဘုရားဟို့ ဖြင်ရဘီး ကိုယ်တော်ဟု ‘နန်ဟုဲ့
ယေရှုရှလင်ဖြို့ဟုနေ ဖြန်းဖြန်ဟုဲ့ ထွပ်ဟုဲ့းလိုက်။ အယ်ဖြို့သားလေဟုဲ့
ငါ့ကြောန်းသတ်သေခံဇာဟို့ လတ်ခံဂေ့မူဟု’ ဆိုဘီး မိန့်တော်မူဟုယ်။
19 ကျွန်တော်ဟုလည်း ‘သခင်ဘုရား၊ ကျွန်တော်ဟုဲ့ ဝါလယ်ဇရပ်လေဟို့
သွားဘီးဟုဲ့ သခင်ဟို့ ယောင်ကြည်ဟူ လူလေဟို့ ရိုက်နှက်ဘီး ထောန်ခ့လဟုဲ့းဟုယ်
ဆိုဇာဟို့ အယ်လူလေ သိဂေ့ဟုယ်။
20 ကိုယ်တော်ရဲ့ သတ်သေဖြစ်ဟူ သတေဖန်ဟို့ သတ်ဂေ့ဟူ ခီမာလည်း
ကျွန်တော်ကိုယ်တိုင်ဟုဲ့ နားမာရပ်ဘီး လိုတူလိုပါဖြစ်ဟုယ်။ သူ့ဟို့ သတ်ဟူလူလေရဲ့
အန်းဂီလေဟို့ စောန့်ပေးဟုဲ့းဟုယ်’ ဆိုဘီး ပ့လန်လျှော့-က်လိုက်ဟုယ်။
21 သခင်ဘုရားဟုဲ့ ‘သွားလိုက်။ ရပ်ဝီးမာနေဟူ လူမျိုးခြားလေနားဟို့ နန့်ဟို့
ငါလွတ်မယ်’ ဆိုဘီး မိန့်တော်မူဟုယ်” ဆိုဘီး ပြောဟုယ်။
22 လူလေဟုဲ့ ပေါလုရဲ့ စကားဟို့ အယ်မျှထိ နားထောန်ဂေ့ဘီးန “အယ်လူဟို့
ကမ့ဘာမ့လေဂီးဟုနေ ဖယ်ရှားလိုက်! သူ့ဟို့ သတ်လိုက်! သူဟုဲ့ သတ်ရှင်သင့်ဟု!”
ဆိုဘီး သံက့လယ်ဂီးန အော်ဂေ့ဟုယ်။
23 သူးနို့ဟုဲ့ အန်းဂီလေဟို့ခါရမ်းဘီး မ့လေမုလေဟို့ လေထဲဟို့ ပစ်တန်ဘီးဟုဲ့
အော်ဂေ့ဟုယ်။
24 အယ်ခီမာ ရောမတပ်မူးဟုဲ့ ပေါလုဟို့ ရဲတိုက်ထဲဟို့ ခေါ်ဆောန်ဟုဲ့းဟို့တွပ်န
လူလေဟုဲ့ ဖြားဖြစ်ကြောန့် သူ့ဟို့ ဆန့်ကျင်ဘီး အယ်မျိုး အော်နေဂေ့ဇာဟို့ သိရှင်တွပ်
သူ့ဟို့ရိုက်ဘီး စစ်ဆေးဟို့တွပ် မိန့်ပေးလိုက်ဟုယ်။

22:20 JJ.Jo တ ၇.၅၈

25 သူ့ဟို့ ရိုက်ဟို့တွပ် ကြိုးန တောက်ဂေ့ဟူ ခီမာ ပေါလုဟ့ နီးနားမာရပ်နေဟူ ရာရှိဟို့
“ရောမ နိုင်ငံသားတယော့-က်ဟို့ စစ်ဆေးဘဲန ကီဒန်ပေးဇာဟ့ တရားဥပဒေန
ကိုက်ညီဘဲ့လော” ဆိုဘီး မေးဟ့ယ်။
26 အယ်စကားဟို့ ကြားရဟူ ရာရှိဟ့ တပ်မှူးနားဟို့ သွားဘီး “သခင်
ဖယ်မျိုးလောက်ဟို့နူး။ အယ်လူဟ့ ရောမနိုင်ငံသားဖြစ်ဟ့ယ်!” ဆိုဘီး
လျှော့-က်လိုက်ဟ့ယ်။
27 အယ်ကြောန့် တပ်မှူးဟ့ ပေါလုနားဟို့ လာဘီး “ငါ့ဟို့ပြောပါ။ နန်ဟ့
ရောမနိုင်ငံသားလော” ဆိုဘီး မေးဟ့ယ်။
ပေါလုဟ့ “မှန်ဟ့ယ်” ဆိုဘီး ပ့လန်ဖြေလိုက်ဟ့ယ်။
28 တပ်မှူးဟ့ “ငါဟ့ ကပ်လေဘောင်ဂီး ပေးဘီးမှ ရောမနိုင်ငံသား ခံယူဟ့ားဟ့ယ်”
ဆိုဘီး ပြောဟ့ယ်။ ပေါလုဟ့ “ငါဟ့ ဇာတိအားဖြင့် ရောမနိုင်ငံသားဖြစ်ဟ့ယ်” ဆိုဘီး
ပ့လန်ပြောဟ့ယ်။
29 သူ့ဟို့ စစ်ဆေးနေဟူ လူလေဟ့ ရှစ်ရှင်းဘဲ နော့-က်ဟို့ ဆုဟ့ားဂေ့ဟ့ယ်။
ပေါလုဟ့ ရောမနိုင်ငံသားဖြစ်ဟ့ယ် ဆိုဇာဟို့ရော၊ သူ့ဟို့ သံကြိုးန ခယ်လိုက်မိဘီ
ဆိုဇာဟို့ရော သိဟ့ားဟူ ခီမာ တပ်မှူးဟ့ ကြော့-က်နေဟ့ယ်။

ပေါလုဟို့ ယုဒတရားလွတ်တော်ရှေ့ဟို့ ခေါ်ဆောန်ဟ့ားဟူကြောန်း

30 တပ်မှူးဟ့ ပေါလုဟို့ ယုဒလူလေဟ့ ဖြားပြစ်မှန စွပ်စွဲဂေ့နူး၊ ဆိုဇာဟို့
သေးသေချားချာဟ့ား သိရှင်ဟ့ယ်။ အယ်ကြောန့် နော့-က်တနေ့မာ ပေါလုဟို့
ခယ်ဟ့ားဟူသံကြိုးဟို့ ဖယ်ဘီးဟ့ ယဇ်ပုရောဟိတ်ဂီးလေန တရားလွတ်တော်
ဖွဲ့ဝမ်လေဟို့ စုဂေ့ဟို့တွပ် မိန့်ပေးလိုက်ဟ့ယ်။ အယ်ဘီးန ပေါလုဟို့ ခေါ်ဆောန်လာဘီး
အယ်လူလေရှေ့မာ ရပ်ခိုင်းလိုက်ဟ့ယ်။

23

1 ပေါလုဟ့ ယုဒတရားလွတ်တော် ဖွဲ့ဝမ်လေဟို့ စေ့စေ့ကေ့ဘီး “ညီကိုလေ၊
ကျွန်တော်ဟ့ အယ်နေ့ထိ ဘုရားသခင်ရှေ့မာ ကောန်းဟူစိပ့လဲ့ဝန
သတ်ရှင်နေထိုင်ဟ့ယ်” ဆိုဘီး ပြောဟ့ယ်။
2 ယဇ်ပုရောဟိတ်မန်း အာနနိဟ့ ပေါလုနားမာရပ်နေဟူ လူလေဟို့
သူ့ဇာတ်ပေါ့-က်ဟို့ ရိုက်ခိုင်းလိုက်ဟ့ယ်။
3 ပေါလုဟ့ “ထူးဖ့လူသုဟ့ားဟူ အုရိုး၊ နန့်ဟို့ ဘုရားသခင်ဟ့ ဒန်ခတ်လေ့မယ်။
ခန်ဗျားဟ့ ကျွန်တော့်ဟို့ တရားဥပဒေန စီရင်ဟို့တွပ် တရားခွမ်မာ ထိုင်နေဘီး
ကျွန်တော့်ဟို့ ရိုက်ခိုင်းဇာဟ့ ဥပဒေဟို့ ခ့လိုးဖော့-က်ဟ့ယ်!” ဆိုဘီး သူ့ဟို့ ပြောဟ့ယ်။
4 ပေါလုနားမာ ရပ်နေဟူ လူလေဟ့ “နန်ဟ့ ဘုရားသခင်ရဲ့ ယဇ်ပုရောဟိတ်မန်းဟို့
အယ်မျိုးဘဲ့ ပ့လန်ပြောရလော!” ဆိုဘီး သူ့ဟို့ပြောဟ့ယ်။

23:3 **ယာ.၃** မ ၂၃.၂၇.၂၈

5 ပေါလုဟု “ညီကိုလေ၊ အယ်လူဟာ ယဇ်ပုရောဟိတ်မန်း ဖြစ်ဟုယ် ဆိုဇာဟို
ကျွန်တော်သိဟု။ ကျမ်းစာမာ ‘နန့်လူမျိုးရဲ့ လူဂီးမန်းဟို ကောန်းဘဲကြောန်းဟို
ပြောရဟု’ ဆိုဘီး ရေးဟားဟုယ်” ဆိုဘီး ပ့လန်ဖြေလိုက်ဟုယ်။

6 အယ်လူလေထဲမာ တဖွဲ့ဟု ဖာရိရှဲဖြစ်ဘီး တဖွဲ့ဟု ဇဒ္ဒုကဲလေဖြစ်ဟုယ် ဆိုဇာဟို
ပေါလုဟု သိဟားဟူ ခီမာ “ညီကိုလေ၊ ကျွန်တော့်ဟာ ဖာရိရှဲဖြစ်ဟုယ်။ ဖာရိရှဲရဲ့
သားလည်းဖြစ်ဟုယ်။ သေဟားလူလေဟာ ရှင်ပ့လန်ထမြော့-က်လေ့မယ် ဆိုဇာဟို
မျှော်လင့်ရှင်းကြောန်းကြောန့် စစ်ဆေးခံနေရဟုယ်” ဆိုဘီး တရားလွှတ်တော်မာ
အော်ဟစ်ဘီးပြောဟုယ်။

7 အယ်မျိုး သူပြောလိုက်ဟူ ခီမာ ဖာရိရှဲလေန ဇဒ္ဒုကဲလေဟု စဘီး
ပြဿနာဖြစ်ဂေ့ဘီးဟာ အောက်စု နှေ့ခြမ်းကွဲဟားဟုယ်။

8 ဖြားဖြစ်ကြောန့်နူးဆိုဟာ ဇဒ္ဒုကဲလေဟု ရှင်ပ့လန်ထမြော့-က်ဇာ မှေ့ဟု။
ကောန်းဂန်တမန်လည်း မှေ့ဟု။ နာမ်ဝိညာဉ်လည်း မှေ့ဟု ဆိုဘီး ပြောဂေ့ဟုယ်။
အယ်ဘေမဲ့ ဖာရိရှဲလေဟု အယ်မူသောင်းခုလောင်းရှိဟုယ် ဆိုဘီး
ယောင်ကြည်ဂေ့ဟုယ်။

9 အော်ဟစ်သံဟာ ပိုက့လယ်လာဘီး ဖာရိရှဲဂိုဏ်းဝမ်ဖြစ်ဟူ
ကျမ်းတတ်ဆရာတချို့ဟာ ထဘီးဟာ “အယ်လူမာ ဖြားပြစ်လည်း နို့လေတွိဟု!
ဝိညာဉ်တပါးပါး၊ ကောန်းဂန်တမန် တပါးပါးဟု သူ့ဟို ပြောဟားဇာ ဖြစ်နိုင်ဟုယ်!”
ဆိုဘီး ပြင်းပြင်းထန်ထန် ဂြင်းခူဂေ့ဟုယ်။

10 ဂြင်းခူဇာဟာ ရရာတိုင်း ပြင်းထန်လာဟူကြောန့် သူးနို့လေဟာ ပေါလုဟို
ပိုင်းပိုင်းဆွဲဖြတ်လေ့မယ် ဆိုဘီး တပ်မှူးဟာ စိုးရိမ်ဟားဟုယ်။ အယ်ကြောန့်
စစ်သားလေဟို ဆင်းခိုင်းလိုက်ဘီး ပေါလုဟို အယ်လူလေနားဟုနေ ခေါ်ထုလာဘီးဟာ
ရဲတိုက်ထဲဟို ခေါ်ဆောန်ဟားဟို့တွပ် မိန့်ပေးလိုက်ဟုယ်။

11 အယ်ညဉ့်မာဘဲ့ သခင်ဘုရားဟာ ပေါလုနားမာ ပေါ်လာဘီး “ကြော့-က်န။ နန်ဟာ
ယေရုရှလင်မြို့မာ ငါ့ကြောန်းဟို သတ်သေခံရဟူမျိုးဘဲ့ ရောမမြို့မာလည်း
သတ်သေခံ ဟောပြောရအူးမယ်” ဆိုဘီး ပြောဟုယ်။

ပေါလုဟို သတ်ဟို့ ကြံစည်ဂေ့ကြောန်း

12 နော့-က်တနေ့ မိုးလန်းဟူ ခီမာ ယုဒလူတချို့ဟာ တွိဂေ့ဘီး ပေါလုဟို
သတ်ရဘဲဟု ဆိုဟာ ဖြားလည်းစားဘဲ၊ သော့-က်ဘဲနေမယ် ဆိုဘီး မိဋ္ဌာန်ပြုဂေ့ဟုယ်။

13 အယ်မျိုး ကြံစည်ဂေ့ဟူ လူလေဟု ယော့-က်လေးဆယ်ကျော်ရှိဟုယ်။

14 သူးနို့ဟာ ယဇ်ပုရောဟိတ်ဂီးလေန သတ်ဂီးဝါဂီးလေနားဟို သွားဘီး
“ကျွန်တော့်လေဟာ ပေါလုဟို သတ်ရဘဲဟု ဆိုဟာ ဖြားလည်းစားဘဲ၊
သော့-က်ဘဲနေမယ် ဆိုဘီး ဂဒိသစ်စာပြုဟားဂေ့ဟုယ်။

23:6 **ယော.၆** တ ၂၆.၅; ဖိ ၃.၅ **23:8** **ယော.၈** မ ၂၂.၂၃; မာ ၁၂.၁၈; လု ၂၀.၂၇

15 အယ်ကြောန့် သခင်လေဟှာ တရားလွှတ်တော် ဖွဲ့ဝမ်လေနတူးဒူ ပေါလုရဲ့မှုဟှိ
ပိုဘီး ဟှာ တိတိကျ့လကျ့လဟှား စစ်ဆေးရှင်ဟှယ် ဆိုဘီး ယောန်ဆောန်ဘီးဟှာ သူဟှိ
သခင်လေနားဟှိ ခေါ်လာဟှိုတွပ် ရောမတပ်မှူးဟှိ မြစ်တာရပ်ခံဂေ့ပါ။ ပေါလုဟှာ
သခင်လေနားဟှိ ရော့-က်ခန်မာ သူဟှိ သတ်ဟှိုတွပ် ကျွန်တော့်လေဟှာ
ဆင်သင့်ရှိနေမယ်” ဆိုဘီး လျှော့-က်ဂေ့ဟှယ်။

16 အယ်ဘေမဲ့ အယ်မျိုး ကြံစည်နေဇာဟှိ ပေါလုညီမရဲ့ သားဟှာ
ကြားဟှားလေဟှယ်။ အယ်ကြောန့် သူဟှာ ရဲတိုက်ထဲဟှိ ဝမ်ဘီးန ပေါလုဟှိ
သွားပြောဟှယ်။

17 ပေါလုဟှာ ရာရှိတယော့-က်ဟှိ ခေါ်ဘီးဟှာ “အယ်ကောန်သားဟှိ တပ်မှူးနားဟှိ
ခေါ်ဟှားပေးပါ။ သူမာ တပ်မှူးဟှိ ပြောဇာတခုရှိဟှယ်” ဆိုဘီး ပြောဟှယ်။

18 ရာရှိဟှာ အယ်ကောန်သားဟှိ တပ်မှူးနားဟှိ ခေါ်ဆောန်ဟှားဘီးန
“ထောန်သားပေါလုဟှာ ကျွန်တော့်ဟှိ ခေါ်ဘီးဟှာ အယ်ကောန်သားဟှိ သခင်နားဟှိ
ပို့ခိုင်းလိုက်ဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူမာ သခင်ဟှိ ပြောဇာတခုရှိဟှယ်”
ဆိုဘီး တောန်းလျှော့-က်လိုက်ဟှယ်။

19 တပ်မှူးဟှာ အယ်ကောန်သားရဲ့ လတ်ဟှိ ဆွဲဘီး လူလေမှေ့ဘဲဟှ နေရာတခုဟှိ
ခေါ်ဟှားဟှယ်။ အယ်ဘီးန “နန်ဟှ ငါ့ဟှိ ဖြားဇာပြောရှင်နူး” ဆိုဘီး မေးဟှယ်။

20 ကောန်သားဟှ “ယုဒအာဇာပိုင်လေဟှာ ပေါလုရဲ့ မှုဟှိ ပိုဘီး ဟှာ
တိတိကျ့လကျ့လဟှား စစ်ဆေးရှင်ဟှယ် ဆိုဘီး ယောန်ဆောန်ဘီးဟှာ သခင်ဟှိ
နတ်ကီးတန်ဟှာ ပေါလုဟှိ တရားလွှတ်တော်ဟှိ ခေါ်ဆောန်ဟှားဟှိုတွပ်
တောန်းလျှော့-က်ဂေ့မယ် ဆိုဘီး ဘောတူဟှားဂေ့ဟှယ်။

21 သူးနို့ရဲ့ စကားလေဟှိ လတ်ခံယောင်ကြည်န။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ
လူလေးဆယ်ကျော်ဟှာ ပူးနေဘီး စောန့်နေဂေ့ဟှယ်။ အယ်လူလေဟှာ ပေါလုဟှိ
သတ်ရဘဲဟှ ဆိုဟှာ ဖြားလည်း စားဘဲ၊ သော့-က်ဘဲနေမယ် ဆိုဘီး ဓိဌာန်ပြုဂေ့ဟှယ်။
ခုဘဲ့ သူးနို့ဟှာ ပေါလုဟှိ သတ်ဟှိုတွပ် ဆင်သင့်ဖြစ်နေဘီး သခင်ရဲ့
ဆောင်းဖြတ်ချစ်ဟှိ စောန့်နေဂေ့ဟှယ်” ဆိုဘီး လျှော့-က်လိုက်ဟှယ်။

22 တပ်မှူးဟှ “နန်ဟှာ အယ်မျိုးငါ့ဟှိ လာပြောဟှယ် ဆိုဇာဟှိ ဖယ်သူဟှိလည်း
ပြောန” ဆိုဘီး အယ်ကောန်သားဟှိ သွားခိုင်းလိုက်ဟှယ်။

ပေါလုဟှိ ဗြို့ဝန်မန်းဖေလဇ်နားဟှိ ပို့လိုက်ဟှူကြောန်း

23 အယ်ဘီးန တပ်မှူးဟှာ ရာရှိနှေ့ယော့-က်ဟှိ ခေါ်ဘီး “ကဲသရိဗြို့ဟှိ သွားဟှိုတွပ်
စစ်သား ၂၀၀၊ မြင်းတပ်သား ခွန်နစ်ဆယ်န လှံတပ်သား ၂၀၀ ဟှိ အယ်ညဉ့်ခန်း
ကိုးနာရီမာ ထွပ်ဟှိုတွပ် ဆင်သင့်ဖြစ်နေဂေ့ပါ။

24 ပေါလုတွပ် မြင်းလေဟှိလည်း ဆင်သင့်ပြင်ဟှားဂေ့။ သူဟှိ
ဗြို့ဝန်မန်းဖေလဇ်နားဟှိ လောင်းလောင်ချောင်းချောင်ဟှား ပို့ဂေ့ပါ” ဆိုဘီး
ပြောလိုက်ဟှယ်။

25 အယ်ဘီးန တပ်မှူးဟှာ စာတစောန်ဟို့ ရေးဘီးဟှာ ပေးလိုက်ဟှယ်။
26 အယ်စာမာ “ကလော်ဒိလုသိဟှာ မြတ်ဟှ ဗြို့ဝန်မန်းဖေလဇ်ဟို့
နှောက်ဆစ်လိုက်ပါဟှယ်။
27 ယုဒလူလေဟှာ အယ်လူဟို့ ဖမ်းဘီးဟှာ သတ်ဟို့ လောက်နေဂေ့ဟှယ်။ သူဟှာ
ရောမနိုင်ငံသားဖြစ်ဟှယ် ဆိုဇာဟို့ ကျွန်တော့်လေဟှာ သိရဟှကြောန့် ကျွန်တော့်ရဲ့
စစ်သားလေနတူးဒူ သွားဘီးဟှာ သူဟို့ ကယ်တန်လာရဟှယ်။
28 ယုဒလူလေဟှာ ဖြားပြစ်မှုန စွပ်စွဲဂေ့ဟှယ် ဆိုဇာဟို့ သိရှင်ဟှကြောန့်
သူးနို့လေရဲ့ တရားလွှတ်တော်ဟို့ ခေါ်ဆောန်ဟှားဟှယ်။
29 သူဟှာ သူးနို့ရဲ့ ပညတ်တရားနဆိုင်ဟှ ပြဿနာလေတွပ် စွပ်စွဲခံရဟှယ်။ သူမာ
သေဒန်ခံထိုက်ဟှပြစ်၊ တောက်နှောန်ခံထိုက်ဟှပြစ် တခုလည်း မှေ့ဟှ ဆိုဇာဟို့
ကျွန်တော်တွိဖြင်ရဟှယ်။
30 ယုဒလူလေဟှာ သူဟို့ လောက်ကြဲဟို့တွပ် ကြဲစည်နေဟှယ် ဆိုဇာဟို့ သိရဟှ
ခီမာ ကျွန်တော်ဟှာ သခင်နားဟို့ သူဟို့ ရှစ်ရှင်း စေလွှတ်လိုက်ဟှယ်။
စွပ်စွဲမားလေဟို့လည်း သူဟို့ စွပ်စွဲဟှားဇာလေဟို့ သခင့်ရှေ့မာ လျှော့-က်ဂေ့ဟို့
ညွှန်ကြားလိုက်ဟှယ်။ သခင် ကျန်းမာပါစေ” ဆိုဘီး ပါရှိဟှယ်။
31 စစ်သားလေဟှာ တပ်မှူးရဲ့ မိန့်တိုင်း လောက်ဂေ့ဟှယ်။ သူးနို့ဟှာ ပေါလုဟို့
ခေါ်ဘီး အယ်ညဉ့်ခန်းမာဘဲ့ အနှတိပတရိဗြို့ထိ ပို့ဆောန်ဂေ့ဟှယ်။
32 နော့-က်တနေ့မာ ခေဂျင်စစ်သားလေဟှာ ရဲတိုက်ဟို့ ပ့ုလန်လာဂေ့ဟှယ်။
ဗြင်းတပ်သားလေဟှာ ပေါလုနတူးဒူ ဆစ်ဘီးဟှာ ခရီးသွားဂေ့ဟှယ်။
33 ဗြင်းတပ်သားလေဟှာ ကဲသရိဗြို့ဟို့ ရော့-က်ဟှ ခီမာ တပ်မှူးရဲ့ စာဟို့
ဗြို့ဝန်မန်းဟို့ ပေးဘီး ပေါလုဟို့ သူ့လတ်ထဲဟို့ အပ်လိုက်ဟှယ်။
34 ဗြို့ဝန်မန်းဟှာ စာဟို့ဖတ်ဘီးန “နန်ဟှာ ဖယ်ပြည်သားဖြစ်နူး” ဆိုဘီး ပေါလုဟို့
မေးဟှယ်။ ပေါလုဟှာ ကိလိကိပြည်သား ဖြစ်ဟှယ် ဆိုဇာဟို့ သိဟှ ခီမာ
35 ဗြို့ဝန်မန်းဟှ “အယ်နေရာမာ နန့်ဟို့ စွပ်စွဲမားလေ ရော့-က်လာဂေ့ဟှ ခီမာ နန့်မှုဟို့
ငါစစ်ဆေးမယ်” ဆိုဘီး ပြောဟှယ်။ အယ်ဘီးန ပေါလုဟို့ ဟေရုဒ်ရဲ့ နန်းတော်မာ
စောန့်လေန ထားဟို့တွပ် ပြောလိုက်ဟှယ်။

24

ပေါလုဟို့ ယုဒလူလေဟှ စွပ်စွဲဂေ့ကြောန်း

1 ငါးရစ်ကြာဘီးန ယဇ်ပုရောဟိတ်မန်း အာနနိဟှာ သတ်ဂီးဝါဂီးတချို့န တေရတုလု
နာမယ်ရှိဟှ ရှေ့နေနတူးဒူ ကဲသရိဗြို့ဟို့ ရော့-က်လာဟှယ်။ အယ်လူလေဟှာ
ဗြို့ဝန်မန်းဖေလဇ်ရှေ့ဟို့ ဝမ်ဘီးဟှာ ပေါလုဟို့ တရားစွဲဂေ့ဟှယ်။
2 ဗြို့ဝန်မန်းဟှာ ပေါလုဟို့ ရှေ့ဟို့ ခေါ်ဟှ ခီမာ ရှေ့နေ တေရတုလုဟှ၊
“ဗြို့ဝန်မန်းဖေလဇ်! သခင်ရဲ့ ကီးမြတ်ရှင်းကြောန့် ကျွန်တော့်လေဟှာ ရရာတိုင်း
ငြီးငြီးချမ်းချမ်းန နေရဂေ့ဟှယ်။ သခင်ဟှာ ကျွန်တော့်လေရဲ့ တိုင်းပြည်န

လူမျိုးလေတွပ် လိုအပ်ဟူ ပြုပြင်ပ့လောန်းလဲဇာလေဟို
ဘောင်ဂီးလောက်ပေးနေဟုယ်။”
3 “မြတ်ဟူဖေလဇ်၊ ကျွန်တော့်လေဟာ အယ်မူဇာဟို နေရာတိုင်းမာ ရရာတိုင်း
ကျေးဇူးတန်ဘီးဟာ ကြိုဆိုဂေ့ဟုယ်။
4 ကျွန်တော့်ဟာ သခင်ရဲ့ ခီဟို ဘောင်ဂီးယူရှင်ဘဲကြောန့် ကျဉ်းချောက်နဘဲ့
လျှော့-က်ဟားဇာဟို ကြင်နာဟူစိန နားထောန်ပေးဟို့ တောန်းဗန်ဟုယ်။
5 အယ်လူဟာ ပြဿနာကောန်ဖြစ်ဘီး ကမ္ဘာတဝန်းလောင်းမာရှိဟူ ယုဒလူလေဟို
ဆူပူအောင်ကြွမူ ဖြစ်အောန် နှိုးဆော်ပေးနေဟုယ်။ အယ်ဘီးဟာ သူဟာ
နာဇရက်ဂိုဏ်းရဲ့ ခေါန်းဆောန် တယော့-က်လည်း ဖြစ်ဟုယ် ဆိုဇာဟို ကျွန်တော့်လေ
တွိရဟုယ်။
6 ဗိမာန်တော်ဟို့လည်း ညစ်ညူးအောန်လောက်ဟို့ ကြိုးစားဟုယ်။ အယ်ကြောန့်
သူ့ဟို ကျွန်တော့်လေဟာ ဖမ်းဘီးဟုယ်။
7 *
8 သခင်ဟာ အယ်လူဟို စစ်ဆေးမယ် ဆိုဟာ သူ့ဟို ကျွန်တော့်လေဟ
စွပ်စွဲနေဟူဇာလေ ဂူလောင်းဟို သခင်ကိုယ်တိုင် သိရလေ့မယ်” ဆိုဘီး
လျှော့-က်ဟုယ်။
9 ယုဒလူလေဟုလည်း အယ်စွပ်စွဲချစ်ဟာ မှန်ဟုယ် ဆိုဘီး ပေါလုဟို ဝိုင်းဘီးဟာ
ပြောဂေ့ဟုယ်။

ဖေလဇ်မန်းရှေ့မာ ပေါလုရဲ့ ချေပကြောန်း

10 ဗြို့ဝန်မန်းဟာ ပေါလုဟို ပြောဟို့တွပ် လတ်ပြလိုက်ဟူ ခီမာ ပေါလုဟ
“သခင်ဟာ အယ်လူမျိုးဟို နှစ်ကြာဂီး တရားစီရင်သူ ဖြစ်ဟုယ် ဆိုဇာဟို့
ကျွန်တော်သိဟုယ်။ သခင့်ရှေ့မာ ကျွန်တော်ကိုယ်တိုင် ချေပခွန်ရဟူကြောန့်
ဝန်းသာဟုယ်။
11 ကျွန်တော်ဟာ ဘုရားသခင်ဟို ဝတ်ပြုကိုးကွယ်ဟို့တွပ် ယေရုရှလင်ဗြို့ဟို
သွားဟူဇာ ဆယ်နှေ့ရစ်လော့-က်ဘဲ့ ကြာသေးဟုယ် ဆိုဇာဟို ကိုယ်တော်ကိုယ်တိုင်
စောင်ဇမ်းသိနိုင်ဟုယ်။
12 ကျွန်တော်ဟာ ဗိမာန်တော်မာ တယော့-က်ယော့က်နာ ငြင်းခူဘီး
ဝါလယ်ဇရပ်မာဘဲ့ဖြစ်ဖြစ်၊ ဗြို့ထဲမာဘဲ့ဖြစ်ဖြစ် လူလေဟို ဆူပူအောင်ကြွအောန်
လောက်နေဟုယ် ဆိုဇာဟို ယုဒလူလေဟာ တွိရဂေ့ဟု။
13 ခု ကျွန်တော်ဟို့ စွပ်စွဲနေဂေ့ဟူ ဇာလေဟို့လည်း သူးနို့ဟာ သခင့်ရှေ့မာ
သတ်သေပြနိုင်ဂေ့ဟု။

---

* **24:7** **ဇ၄.၇** တချို့ လတ်ရေးမူလေမာ ခန်းငယ် ၆ခ-၈က ဟို့၊ နို့လေရဲ့ ကိုယ်ပိုင်ဥပဒေန သူ့ဟို့ စီရင်ဟို့
ကြိစည်ဂေ့ဟုယ်။ ၇ အယ်ဘေမဲ့ တပ်မူးလုသိဟု ရရာတိုင်း ဒေါသထွပ်ဘီးဟာ ပေါလုဟို့ သူးနို့လတ်ထဲဟုနေဘီး
ဆွဲယူလိုက်ဟုယ်။ ၈ အယ်ဘီးန လုသိဟု စွပ်စွဲမားလေဟို့ သခင်ရှေ့ဟို့ လာဟို့တွပ် မိန့်ပေးလိုက်ဟုယ်၊ ဆိုဘီး
ထပ်ပေါန်းထဲ့ဟုးဟုယ်။

14 အယ်ဘေမဲ့ အယ်လူလေဟု လွဲမှားဟုယ် ဆိုဘီး ယူဆဟူ လမ်းစဉ်ရ
ကျွန်တော်ဟာ ဘိုးဘေးလေရဲ့ ဘုရားသခင်ဟို့ ကိုးကွယ်ဟုယ် ဆိုဇာဟို့ သခင့်နားမာ
ဝန်ခံဟုယ်။ အယ်ဘေမဲ့ ကျွန်တော်ဟာ မောရှေရဲ့ ပညတ်ကျမ်းန
ပရောဖက်ကျမ်းလေမာ ပါဟူဇာ ဂူလောင်းဟို့ ယောင်ကြည်ဟုယ်။
15 သူးနို့ ကိုယ်တိုင်လည်း ဘုရားသခင်ဟို့ မျှော်လင့်ဟူမျိုးဘဲ့ လူဆိုး၊
လူကောန်းဝီးဘဲန လူလေ ဂူလောင်းဟာ သေရာဟုနေ ထမြော့-က်ဂေ့လေ့မယ် ဆိုဇာဟို့
ကျွန်တော်ဟာ မျှော်လင့်ဟူလူ ဖြစ်ဟုယ်။
16 အယ်ကြောန့် ကျွန်တော့်ဟာ ဘုရားသခင်ရှေ့၊ လူလေရှေ့မာ ပြစ်တန်ဇာမှေ့ဘဲဟို့
သိစိမြဲဒမ်းရှိဟို့တွပ် ကောန်းဆောင်း လောက်ဆောန်ဟုယ်။
17 “ကျွန်တော်ဟာ ယေရုရှလင်ဖြို့ဟု ထွပ်ဘီး နှစ်ပေါန်းဘောင်ဂီး ကြာဘီးန
ကိုယ့်လူမျိုးလေဟို့ ပေးကမ်းစွန့်ကြဲဟို့တွပ်န ဘုရားသခင်ဟို့ ပူဇော်ဆစ်သဟို့တွပ်
ရော့-က်လာဟုယ်။
18 ဗိမာန်တော်ထဲမာ ကျွန်တော့်ဟာ စင်ကြယ်ရှင်းဟို့ လောက်ဘီးန ပူဇော်သကာ
ဆစ်သနေဒူးမာ အယ်လူလေဟာ ကျွန်တော့်ဟို့ တွိဟားဂေ့ဟုယ်။ အယ်နေရာမာ
လူအောက်ဂီးလည်း ကျွန်တော်နတူးဒူ မွေ့ဟု။ ရောင်းရင်းဆန်ခတ်လည်း ဖြစ်ဂေ့ဟု။
19 အယ်ဘေမဲ့ အယ်နေရာမာ အာရှိပြည်ဟု ယုဒလူတချို့ရှိဟုယ်။ ကျွန်တော့်ဟို့
စွပ်စွဲမယ် ဆိုဟာ သခင်ရှေ့မာ သူးနို့ကိုယ်တိုင် လာဘီး စွပ်စွဲသင့်ဟုယ်။
20 အယ်မျိုးမှုဘဲနေဟာ အယ်မူရှိနေဟူ လူလေဟု သခင်ရှေ့မာ ကျွန်တော်
ကျူးလွန်ဟူပြစ်လေဟို့ ဖော်ပြဘီး စွပ်စွဲသင့်ဟုယ်။
21 ကျွန်တော်ဟာ တရားလွတ်တော်ရှေ့မာ ရပ်ဘီး ‘သေဟားလူလေဟာ
ရှင်ပ္ပလန်ထမြော့-က်လေ့မယ် ဆိုဇာဟို့ ယောင်ကြည်ဟူကြောန့် အယ်နေ့ နန်းနို့ရှေ့မာ
ကျွန်တော်ဟာ စစ်ဆေးခံနေရဟုယ်’ ဆိုဘီး စကားတခွန်းဟို့ဘဲ့ ကြွေးကြော်ဟုယ်”
ဆိုဘီး ပြောလေဟုယ်။
22 ဖေလဇ်မန်းဟာ အယ်လမ်းစဉ်ကြောန်းဟို့ ကောန်းကောန်းဟား သိဟူလူ
ဖြစ်ဟူကြောန့် မူစစ်ဆေးဇာဟို့ အယ်ခီမာ ရွှေ့ဆိုင်းလိုက်ဟုယ်။ သူဟု “တပ်မှူးလုသိ
ရော့-က်လာဟူ ခီမာ အယ်မူဟို့ ငါဟာ စီရင်ချစ်ခ့လမယ်” ဆိုဘီး သူးနို့ဟို့ ပြောဟုယ်။
23 ပေါလုဟို့ စောန့်လေန ထားဟားဟို့န လွတ်လပ်မူဟို့ နဲနဲပေးဘီး သူမိဆွေလေရဲ့
ပြုစုဇာဟို့ ခွမ့်ပြုပြဟို့ တပ်မှူးဟို့ မိန့်ပေးဟားဟုယ်။

ဖေလဇ်န ဒြုသိလေရှေ့မာ ပေါလု ဟောပြောဟူကြောန်း

24 ရပ်နဲနဲကြာဘီးန ဖေလဇ်မန်းဟာ သူမယား ဒြုသိလေနတူးဒူ ရော့-က်လာဟုယ်။
ဒြုသိလေဟု ယုဒလူမျိုးဖြစ်ဟုယ်။ ဖေလဇ်မန်းဟာ ပေါလုဟို့ ခေါ်ခိုင်းဘီးဟာ
ယေရှုခရစ်တော်ဟို့ ယောင်ကြည်ရှင်းန ဆိုင်ဟူကြောန်းဟို့ ပေါလုနားဟုနေ
ကြားနာလေဟုယ်။

24:17 **၂၄.၁၇.၁၈** တ ၂၁.၁၇-၂၈ **24:21** **၂၄.၂၁** တ ၂၃.၆

25 ပေါလုဟာ ဖြောန့်မတ်ရှင်း၊ ကာမဂေါင်ချောက်တီးရှင်းန ရော့-က်လာမယ့်
တရားစီရင်ရှင်း ကြောန်းလေဟို့ ပြောဟူ ခီမာ ဖေလဇ်မန်းဟာ ကြော့-က်လန့်ဘီး “ခု
နန်သွားနိုင်ဘီ။ နော့-က်ခွမ့်ကြောင်ဟူ ခီမာ နန့်ဟို့ ငါပ့်လန်ခေါ်မယ်” ဆိုဘီး ပြောဟုယ်။
26 အယ်ခီမာဘဲ့ ပေါလုဟာ သူ့ဟို့ ကပ်ပေးမယ် ဆိုဘီး မျော်လင့်နေဟူကြောန့် သူဟာ
ပေါလုဟို့ မကြာမကြာခေါ်ဘီးဟာ စကားပြောဟုယ်။
27 နေ့နှစ်လော့-က်ကြာဘီးန ဖေလဇ်မန်းရဲ့ ဗြို့ဝန်မန်းရာထူးဟို့ ပေါကိဖေတ့်တုဟု
ဆစ်ခံဟုယ်။ ဖေလဇ်မန်းဟာ ယုဒလူလေဟို့ ကျေးဇူးပြုရှင်ဟူကြောန့် ပေါလုဟို့
ထောန်ခ့လဟုားရစ်ဟုယ်။

25

မန်းဂီးနားဟို့ ပေါလုယူခံဝမ်ဟူကြောန်း

1 ဖေတ့်တုမန်းဟာ အယ်နယ်ဟို့ ရော့-က်လာဘီး သောင်းရစ်ကြာဘီးန
ကဲသရိဗြို့ဟုနေဘီး ယေရုရှလင်ဗြို့ဟို့ တတ်ဟုားဟုယ်။
2 အယ်ခီမာ ယဇ်ပုရောဟိတ်ဂီးလေန ယုဒခေါန်းဆောန်လေဟာ ပေါလုဟို့
ဆန့်ကျင်လွန်ကျူးကြောန်းဟို့ ဖေတ့်တုမန်းဟို့ စွဲချစ်တန်ဘီး တိုက်တွန်းဟုယ်။
3 သူးနို့ဟာ ပေါလုဟို့ လမ်းမာရှောန်းဘီးဟာ သတ်ဟို့တွပ်
လျှို့ဝှပ်ကြံစည်ဟုားဘီးသား ဖြစ်ဟုယ်။ အယ်ကြောန့် သူးနို့ဟို့ ကျေးဇူးပြုဟူနေန
ပေါလုဟို့ ယေရုရှလင်ဗြို့ဟို့ ခေါ်ဆောန်လာပေးဟို့တွပ် ဖေတ့်တုမန်းဟို့
မြစ်တာရပ်ခံဂေ့ဟုယ်။
4 ဖေတ့်တုမန်းဟ “ပေါလုဟို့ ကဲသရိဗြို့မာ ထောန်ခ့လထားရစ်ဟုယ်။ ငါကိုယ်တိုင်
အယ်ဗြို့ဟို့ ကြာခန်သွားမယ်။
5 နန်းနို့ရဲ့ ခေါန်းဆောန်လေဟာ ကဲသာမန်းဂီးနားဟို့ ငါ့နတူးဒူ လိုက်ဘီးဟာ ပေါလုမာ
ပြစ်တခုခုထန်ရှားမယ် ဆိုဟာ စွပ်စွဲချစ်လေဟို့ ငါ့ဟို့ တန်ပြေ့” ဆိုဘီး ပြောဟုယ်။
6 ဗြို့ဝန်မန်းဟာ ယေရုရှလင်ဗြို့မာ ဆယ်ရစ်လော့-က်နေဘီးန ကဲသရိဗြို့ဟို့
ထွပ်ဟုားလေဟုယ်။ နော့-က်တနေ့မာ တရားပလွင်မာ ထိုင်ဘီးဟာ ပေါလုဟို့
ခေါ်လာဟို့တွပ် မိန့်ပေးလိုက်ဟုယ်။
7 ပေါလုဟာ ရော့-က်ဟူ ခီမာ ယေရုရှလင်ဗြို့ဟုနေ ဆင်းလာဂေ့ဟူ
ယုဒလူမျိုးလေဟာ သူ့ဟို့ ဝိုင်းဘီးဟာ ရရာတိုင်း ကီးလေးဟူပြစ်လေန စွပ်စွဲဘီး
ပြောဂေ့ဟုယ်။ အယ်ဘေ့ဲလည်း သတ်သေဟ ပြနိုင်ဂေ့ဟ။
8 ပေါလုဟ “ကျွန်တော်ဟာ ယုဒလူမျိုးလေရဲ့ ပညတ်တရားဟို့ရော၊
ဗိမာန်တော်ဟို့ရော၊ ကဲသာမန်းဂီဟို့ရော ပြစ်မှုခုလည်း ကျူးလွန်ဟ” ဆိုဘီး
ကာကွယ်ဘီး ပြောဟုယ်။
9 ဖေတ့်တုမန်းဟာ ယုဒလူမျိုးလေဟုနေ မျစ်နာသာ ရရှင်ဟူကြောန့် “နန်ဟာ
ယေရုရှလင်ဗြို့ဟို့ တတ်ဟုားဘီးဟာ ငါ့ရှေ့မာ အယ်မျိုး စွပ်စွဲချစ်လေန ပတ်သတ်ဘီး
စီရင်ခံဟို့လော” ဆိုဘီး ပေါလုဟို့ မေးဟုယ်။

10 ပေါလုဟု “ကျွန်တော်ဟာ ခု ကဲသာမန်းဂီးရဲ့ တရားပလ္လင်ရှေ့မာ ရပ်နေဟုယ်။
အယ်နေရာမာ ကျွန်တော်ဟို စီရင်သင့်ပါဟုယ်။ သခင်ဟာ သိတိုင်းဘဲ့ ကျွန်တော်ဟာ
ယုဒလူမျိုးလေဟို ဖယ်မျိုးလည်း ပြစ်မှားဟု၊
11 ကျွန်တော်ဟာ တရားဥပဒေဟို ခ့လိုးဖော့-က်ဘီး သေဒန်ခံရဟူ တရားဘဲဟူပြစ်
ကျူးလွန်မယ် ဆိုဟာ ကျွန်တော့်ဟို သတ်ချမ်းသာပေးဟို့တွပ် တောန်းခံဟို့ မူဟု။
အယ်ဘေမဲ့ သူးန့်ရဲ့ စွပ်စွဲချစ်လေဟာ မှန်ကန်ဘဲ့နေဟာ ဖယ်သူလည်း ကျွန်တော့်ဟို
သူးန့်လတ်ထဲဟို အပ်နိုင်ဟု။ ကျွန်တော်ဟာ ဗြို့ဝန်မန်းမာ ယူခံဝ်ပါဟုယ်” ဆိုဘီး
လျှော့-က်ဟုယ်။
12 အယ်ခီမာ ဖေတ့်တုမန်းဟာ သူ့ရဲ့ ရာရှိလေန တိုင်ဗန်ဘီးန “နန်ဟာ
ကဲသာမန်းဂီးနားဟို ယူခံဝ်ဟို့တွပ် ကဲသာမန်းဂီးနားဟို သွားရမယ်” ဆိုဘီး ပြောဟုယ်။

ဖေတ့်တုမန်းဟာ အဂြိပ့ပမန်းဂီးဟို့ ပေါလုကြောန်းဟို့ ပြောပြကြောန်း

13 ရစ်နဲနဲဟား ကြာဟူ ခီမာ အဂြိပ့ပမန်းဂီးန မိဖုရား ဗေရနိတ်လေဟာ ကဲသရိဗြို့ဟို့
ရော့-က်နေဟူ ဖေတ့်တုမန်းဟို့ နှောက်ဆစ်ဟို့တွပ် ကဲသရိဗြို့ဟို့ လာဂေ့ဟုယ်။
14 အယ်ဗြို့မာ ရစ်ကြာဂီးနေဟူ ခီမာ ဖေတ့်တုမန်းဟာ ပေါလုရဲ့မူဟို့ မန်းဂီးဟို့
ပြောပြဟုယ်။ ဖေတ့်တုမန်းဟ့ “အယ်နေရာမာ ဖေလဇ်မန်းဟာ ထောန်ထဲမာ
ခ့လဟားဟူ လူတယော့-က်ရှိဟုယ်။
15 ကျွန်တော် ယေရုရှလင်ဗြို့ဟို့ ရော့-က်ဟူ ခီမာ ယဇ်ပုရောဟိတ်မန်းလေန
ယုဒလူမျိုး ခေါန်းဆောန်ဂီးလေဟာ ကျွန်တော့်ဟို့ အယ်လူဟို့ စွပ်စွဲချစ်တန်ဂေ့ဘီးန
သူ့ဟို့ ပြစ်ဒန်စီရင်ဟို့တွပ် တောန်းဆိုဂေ့ဟုယ်။
16 ကျွန်တော်ဟ့ ပြစ်တန်ခံရဟူ လူဟို့ ပြစ်တန်စွပ်စွဲဟူ လူလေန တွိခိုင်းဘီးဟာ
သူးန့်လေရဲ့ စွပ်စွဲဇာဟို့ ချေပဘီးပြောဟို့ ခွမ့်ပေးဘဲန ပြစ်ဒန်စီရင်ဇာဟ့ ရောမရဲ့
ထောင်းဇံမူဘဲဟူကြောန်း သူးန့်ဟို့ ပြောလိုက်ဟုယ်။
17 အယ်ကြောန့် သူးန့်ဟာ အယ်ဗြို့ဟို့ ရော့-က်လာဟူ ခီမာ ကျွန်တော့်ဟာ ခီဆွဲဘဲန
နော့-က်နေမာ တရားပလ္လင်မာ ထိုင်ဘီးဟာ အယ်လူလေဟို့ ခေါခိုင်းလိုက်ဟုယ်။
18 သူ့ဟို့ မူလောက်ဟူ လူလေဟာ ထဘီးဟာ ပြောဂေ့ဘေမဲ့ ကျွန်တော်ထန်ဟူ
ပြစ်မှုမျိုးမူဘဲ ဖြစ်နေဟုယ်။
19 သူးန့်လေရဲ့ ဘာသာတရားန ပတ်သတ်ဘီးရော၊ ယေရှု နာမယ်ရှိဟူသူ ကြောန်းန
ပတ်သတ်ဘီးရော ငြင်းပွားရှင်းဘဲ့ ဖြစ်ဟုယ်။ အယ်ယေရှုဟာ သတ်ရှင်နေဟုယ်
ဆိုဇာဟို့ ပေါလုဟာ ပြောနေဟုယ်။
20 အယ်ပြဿနာလေဟို့ ဖြေရှင်းဟို့တွပ် ကျွန်တော်ဟာ နားလည်ဘဲကြောန့် ‘နန်ဟာ
ယေရုရှလင်ဗြို့ဟို့ သွားဘီးဟာ အယ်စွပ်စွဲချစ်န ပတ်သတ်ဘီးဟာ စီရင်ခံရှင်လော’
ဆိုဘီး မေးဟုယ်။
21 အယ်ခီမာ ပေါလုဟာ ကဲသာမန်းဂီးရဲ့ ဆောင်းဖြတ်ဇာဟို့ ခံယူရှင်ကြောန်းဟို့
ပြောပြလာဟုယ်။ သူဟာ သူ့ဟို့ ထောန်ထဲမာဘဲ့ ထားရစ်ဘီးဟာ ကဲသာမန်းဂီးရဲ့

ဆောင်းဖြတ်ဇာဟို့ ခံရှင်ကြောန်းဟို့ တောန်းဗန်ကြောန့် သူ့ဟို့ ကဲသာမန်းဂီးနားဟို့ အပ်လိုက်ဟူ့ခီထိ ထောန်ခ့လဟ့ားဟို့တွပ် မိန့်ပေးရစ်ဟ့ယ်” ဆိုဘီး ပြောဟ့ယ်။

22 အဂြိပ့ပမန်းဂီးဟ့ာ “အယ်လူပြောဇာဟို့ ကျွန်တော်ကိုယ်တိုင် ကြားရှင်ဟ့ယ်” ဆိုဘီး ပြောဟ့ယ်။

ဖေတ့တုမန်းဟ့ “အယ်လူပြောဇာဟို့ နတ်ဂီးတန်ဟ့ာ ကြားစေရမယ်” ဆိုဘီး ပြောဟ့ယ်။

23 နော့-က်တနေ့မာ အဂြိပ့ပမန်းန မိဖုရား ဗေရနိတ်လေဟ့ာ ရရာတိုင်း ကြီးကျယ်ခမ်းနားဟူ ဂေါင်သရေလေဟို့ ဆောန်ဘီးဟ့ာ တပ်မူးလေန၊ ဗြို့မာနေဟူ ဂေါင်သရေရှိဟူ လူဂီးလေနတူးဒူ ကြွလာဘီးဟ့ာ ခန်းမဂီးထဲဟို့ ဝမ်လာဟ့ယ်။ အယ်ခီမာ ဖေတ့တုမန်းရဲ့ မိန့်ခ ပေါလုဟို့ ခေါ်လာဂေ့ဟ့ယ်။

24 ဖေတ့တုမန်းဟ့ “အဂြိပ့ပမန်းဂီးန ကြွလာဟူ လူပေါန်းလေ၊ ယေရုရှလင်ဗြို့န အယ်ဗြို့မာရှိနေဟူ ယုဒလူမျိုးလေဟ့ ‘အယ်လူဟ့ာ သတ်ရှင်သင့်ဟ့’ ဆိုဘီး ကျွန်တော့်ဟို့ လျှော့-က်ဟ့ားဂေ့ဟ့ယ်။ အယ်မျိုး လျှော့-က်ခံရဟူလူဟ့ အယ်လူဘဲ့ ဖြစ်ဟ့ယ်။

25 သူဟ့ာ သေဒန်ခံထိုက်ဟူပြစ် ခုလည်းကျူးလွန်ဟ့ ဆိုဇာဟို့ ကျွန်တော့်နေန သိရဟ့ယ်။ အယ်ကြောန့် သူကိုယ်တိုင်ဟ့ ကဲသာမန်းဂီးနားမာ ယူခံဝမ်မယ် ဆိုဘီး တောန်းဗန်ဘီးဟ့ာ ပြောဟူကြောန့် သူဟို့ မန်းဂီးနားဟို့ ပို့ဆောန်ဟို့တွပ် ကျွန်တော်ဆောင်းဖြတ် လိုက်ဟ့ယ်။

26 သူန ပတ်သတ်ဘီး မန်းဂီးဟို့ တိတိကၠလကၠလဟ့ား လျှော့-က်တန်ဇာ ခုလည်း ကျွန်တော့်မာ မ့ေဟ့။ အယ်ကြောန့် အယ်လူဟို့ ခန်ဗျားလေရ့ေဟို့ ခေါ်ဆောန်လာဇာ ဖြစ်ဟ့ယ်။ ထူးသဖြင့်ဟ့ အဂြိပ့ပမန်းဂီးရ့ေဟို့ ခေါ်လာဇာ ဖြစ်ဟ့ယ်။ အယ်မျိုးခေါ်လာဇာဟ့ာ သူ့ဟို့ သခင်ဟ့ာ စစ်ဆေးဘီးဟ့ာ ကျွန်တော့်ဟ့ာ စီရင်ခံစာရေးဟို့တွပ် ကြောန်းရာတခုခု ရနိုင်ဟို့တွပ် ဖြစ်ဟ့ယ်။

27 ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ ကျဉ်းသားတယော့-က်ဟို့ စွဲချစ်တခုခု ဖော်ပြဘဲန စေလွှတ်ဟို့တွပ် သင့်ဟ့ ဆိုဘီး ကျွန်တော်ထန်ဟ့ယ်” ဆိုဘီး ပြောဟ့ယ်။

26

အဂြိပ့ပမန်းဂီးရ့ေမာ ပေါလုပြစ်ဖြေစကားဟို့ ပြောကြောန်း

1 အဂြိပ့ပမန်းဂီးဟ့ “နန်ဟ့ာ ခုပြောနိုင်ဟ့ယ်” ဆိုဘီး ပေါလုဟို့ ပြောဟူ ခီမာ ပေါလုဟ့ာ လတ်ဟို့ ပြဘီးဟ့ာ၊

2 “အဂြိပ့ပမန်းဂီး၊ ကျွန်တော့်ဟို့ ယုဒလူမျိုးလေရဲ့ စွပ်စွဲချစ်န ပတ်သတ်ဘီး သခင်ရဲ့ရ့ေမာ လျှော့-က်ဘီး ပြောရဟို့ခွမ့်ဟ့ာ ကျွန်တော့်တွပ်ဟ့ မင်္ဂလာရှိဟူ ခွမ့်ရေးဖြစ်ဟ့ယ် ဆိုဘီး ယူဆဟ့ယ်။

3 သခင်ဟ့ာ ယုဒလူမျိုးလေရဲ့ ဓလေ့ထောင်းဇံလေန ပြဿနာလေဟို့ သိဟူလူဖြစ်ဟ့ယ်။ အယ်ကြောန့် လျှော့-က်တန်ဟူဇာဟို့ စိရှယ်ဘီး နားထောန်ပေးပါ။”

4 “ကျွန်တော်ဟာ လူပျိုရွယ်ဟုစဘီး ကိုယ်မှီးဟူ ဇာတိပြည်မာရော၊
ယေရုရှလင်ဗြို့မာရော၊ ဖယ်မျိုးနေနူး။ ဆိုဇာဟို ယုဒလူမျိုးလေဟာ သိဂေ့ဟုယ်။
5 ကျွန်တော့်ဟို သူးနို့ဟု သိဂေ့ဟူဇာဟာ ရရာကြောဟုားဘီ။ ကျွန်တော့်ဟာ
ယုဒဘာသာမာ ရရာတိုင်း ကျဉ်းကျပ်ဟူ စည်းမျဉ်းလေဟို လိုက်နာကျင့်သောင်းဟူ
ဖာရိရှဲဖွဲ့ဝမ် တယော့-က်နေနလည်း သတ်ရှင်လာဟူကြောန်းဟို အယ်လူလေဟု
သတ်သေခံရှင်ဟုယ် ဆိုဟာ ခံနိုင်ဂေ့ဟုယ်။
6 ဘုရားသခင်ဟာ ကျွန်တော့်လေ ဘိုးဘေးဟို ထားဟုားဟူ ဂဒိတော်ဟို
ကျွန်တော်ဟာ မျှော်လင့်ဘီးဟာ စောန့်နေဟို့တွပ်ကြောန့် ခု စစ်ဆေးခံနေရဟုယ် —
7 အယ်ဂဒိတော်ဟာ ကျွန်တော့်လေ မျိုးနွယ်ဆယ်နှေ့မျိုးဟာ နေညဉ့်မပြတ်
ဘုရားသခင်ဟို့ ဝတ်ပြုကိုးကွယ်ဘီး မျှော်လင့်ဘီးဟာ စောန့်နေဂေ့ဟူ
ဂဒိတော်ဘဲ့ဖြစ်ဟုယ်။ မန်းဂီး၊ အယ်မျိုး မျှော်လင့်ဘီးဟာ စောန့်နေဇာကြောန့်
ကျွန်တော့်ဟို့ ယုဒလူမျိုးလေဟု စွပ်စွဲဘီး ပြောနေဂေ့ဇာ ဖြစ်ဟုယ်။
8 သေဟုားလူလေဟို့ ဘုရားသခင်ဟု ရှင်ပ့လန်ထမြော့-က်ခိုင်းဟုယ် ဆိုဇာဟာ
ယောင်နိုင်ဇာ မှေ့ဟု ဆိုဘီး အယ်နေရာမာ ရှိနေဟူ လူလေဟာ ဖြားဖြစ်ကြောန့်
စီရင်နေဂေ့နူး။
9 “ကျွန်တော်ကိုယ်တိုင်ဘဲ့ နာဇရက်ဗြို့သား ယေရှုရဲ့ နာမတော်န ဆန့်ကျင်ဟူ
မူလေဟို့ လောက်သင့်ဟုယ် ဆိုဇာဟို့ ယူဆဟုားဟုယ်။
10 ယေရုရှလင်ဗြို့မာ အယ်မျိုးလောက်ဟုယ်။ ယဇ်ပုရောဟိတ်မန်းရဲ့ ခွမ့်အာဏာန
သန့်ရှင်းသူလေဟို့ ထောန်ထဲမာ ကျဉ်းခ့လဟုားဟုယ်။ သူးနို့ဟို့ သေဒန်စီရင်ဟူ ခီမာ
ကျွန်တော်ဟု ဘောတူပေးဟုယ်။
11 အယ်လူလေဟာ ဘုရားသခင်ဟို့ စော်ကားပြောဆိုအောန် ကျွန်တော်ဟာ
ဝါလယ်ဇရုပ်လေမာ သူးနို့ဟို့ ကီဒန်ပေးခိုင်းဘီးဟာ သူးနို့ရဲ့ ယူဝါဒဟို့ စွန့်ပစ်ဂေ့ဟို့တွပ်
ကြိုးစားဘီး လောက်ဆောန်ဟုယ်။ သူးနို့လေဟို့ ဒေါသစီလေကြောန့် ကျွန်တော်ဟာ
နိုင်ငံရပ်ခြားမာရှိဟူ ဗြို့လေဟို့ သွားဘီးဟာ သူးနို့လေဟို့ ညှဉ်းဆဲလာဟုယ်။

ပေါလုဟာ ယောင်ကြည်သူ ဖြစ်လာဇာဟို့ ပြောပြဟူကြောန်း
(တမန်တော် ၉.၁–၁၉; ၂၂.၆–၁၆)

12 “အယ်မျိုး ရည်ရွယ်ချစ်ခ ကျွန်တော်ဟာ ယဇ်ပုရောဟိတ်မန်းလေမာ ခွမ့်ပြုချစ်ခ
ခွမ့်အာဏာဟို့ ယူဘီးဟာ ဒမာသက်ဗြို့ဟို့ သွားနေဟူ ခီမာ
13 မွန်းဒဲ့ခီန ကောန်းဂန်ဟုနေ နေထတ်တော့-က်ပဟူ လန်းရောန်ဟာ
ထွန်းတော့-က်လာဇာဟို့ ကျွန်တော်န ကျွန်တော့် ပတ်လည်မာရှိနေဟူ ကျွန်တော့်
ပေါ်နေဖော်လေပါ ဖြင်ရဟုယ်။ အဂြိပ္ပမန်းဂီး။
14 အယ်ခီမာ ကျွန်တော့်လေ ဂူလောင်းဟာ မ့လေဂီးမာ လဲက့လဂေ့ဟုယ်။ အယ်ဘီးန
ယုဒဘာသာ စကားန ‘ရှောလု၊ ရှောလု၊ ဖြားဖြစ်ကြောန့် ငါ့ဟို့ ညှဉ်းဆဲနူး။

26:5 ၂၆.၅ တ ၂၃.၆; ဖိ ၃.၅ **26:9 ၂၆.၉–၁၁** တ ၈.၃; ၂၂.၄.၅

ဒေါက်ရှောန်ဟို့ ခေနကန်မယ် ဆိုဟှာ နန်ဘဲ့နာလေ့မယ်' ဆိုဘီး သံတော်ဟို့
ကျွန်တော်ကြားရဟှယ်။
15 အယ်ခီမာ ကျွန်တော်ဟှ 'သခင်၊ ကိုယ်တော်ဟှ ဖယ်သူနူး' ဆိုဘီး
မေးလျှော့-က်လိုက်ဟှယ်။ အယ်သခင်ဟှ 'ငါဟှာ နန်ညဉ်းဆဲနေဟူ ယေရှုဘဲ့
ဖြစ်ဟှယ်။
16 အယ်ဘေမဲ့ ထဘီးဟှာ မတ်တတ်ရပ်လိုက်။ နန့်ဟို့ ငါ့ရဲ့* မူတော်ဆောန်နေန
ခန့်ဟို့တွပ် နန့်နားဟို့ ငါဟှ ကြွလာဇာဖြစ်ဟှယ်။ အယ်နေ့ နန်ဖြင်ရဟူ
ဗျာဒိတ်ရူပါရောင်ကြောန်းန နော့-က်ခါမာလည်း ငါဖော်ပြဟူ ကြောန်းရာလေဟို့ နန်ဟှာ
တခြားသူလေဟို့ သတ်သေခံရမယ်။
17 ငါဟှာ နန့်ဟို့ ကွသရေလလူမျိုးလေ လတ်ဟှနေရော၊ လူမျိုးခြားလေ
လတ်ဟှနေရော၊ ကယ်တန်မယ်။
18 နန်ဟှာ ခုဖြင်ရဟူဇာလေ၊ နော့-က်မှ ငါဟှာ နန့်ဟို့ ထန်ရှားဟှားဟူ
ကြောန်းရာလေ၊ မူတော်ဆောန်ဟူသူ၊ သတ်သေခံဟူသူနေန နန့်ဟို့ ခန့်ဟှားဟို့တွပ်
ငါဟှာ နန့်ဟို့ ထန်ရှားဟှယ်။ လူမျိုးခြားလေဟှာ မှောန်ထဲဟှနေ လန်းရောန်ထဲဟို့
ရော့-က်လာဘီး စာတန်ရဲ့ ခွမ့်အာဏာထဲဟှနေဘီး ဘုရားသခင်နားဟို့
ပ့လောန်းလဲလာဘီးဟှာ ပြစ်လွတ်ခံရဟို့ကြောန်း၊ ငါ့ဟို့ ယောင်ကြည်လိုက်ဟူန
သန့်ရှင်းဇာရဟှားဟူ လူလေန မွေခံရဟူကြောန်း သူးနို့်လေရဲ့ မျစ်စိဟို့ ဖွမ့်ပေးဟို့တွပ်
သူးနို့်နားဟို့ ငါ နန့်ဟို့လွတ်မယ် ဆိုဘီး မိန့်တော်မူလေဟှယ်။

ပေါလု သတ်သေခံဟူကြောန်း

19 "အယ်ကြောန့် အဂြိပ့ပမန်းဂီး၊ ကျွန်တော်ဟှာ ကောန်းဂန်ဘောင်ဟှနေရဟူ
ဗျာဒိတ်ရူပါရောင်ဟို့ လွန်ဆန်နိုင်ဟှ။
20 'လူလေဟှာ နောန်ဒရဘီး ဘုရားသခင်နားဟို့ ပ့လောန်းလဲရဂေ့မယ်။
နောန်ဒနတန်ဟူ ကျင့်ဟို့လည်း ကျင့်ရမယ်' ဆိုဘီး ဦးဆောင်း ဒမာသက်ဖြို့၊
အယ်ဘီးန ယေရုရှလင်ဖြို့ဟှနေ စဘီး ယုဒပြည် တပြည်လောင်းမာရှိဟူ
လူလေဟို့ရော၊ လူမျိုးခြားလေဟို့ရော၊ ကျွန်တော် ဟောပြောဟှယ်။
21 အယ်ကြောန့် ယုဒလူမျိုးလေဟှာ ကျွန်တော့်ဟို့ ဗိမာန်တော်ထဲမာ ဖမ်းဘီးဟှာ
သတ်ဟို့တွပ် ကြိုးစာဂေ့ဟှယ်။
22-23 အယ်ဘေမဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ကျွန်တော်ခံရဟူကြောန့်
ခုထတ်ထိရှိနေဟှယ်။ မေရှိယဟှာ သေခံရမယ် ဆိုဇာဟို့ရော၊ သေဘီးဟှာ ဦးဆောင်း
ရှင်ပ့လန်ထမြော့-က်ဘီးဟှာ ကွသရေလလူမျိုးလေန၊ လူမျိုးခြားလေဟို့
ကယ်တန်ဇာနဆိုင်ဟူ လန်းတရားဟို့ ကြေညာလေ့မယ် ဆိုဇာဟို့ရော မောရှေဟှစဘီး
ပရောဖက်လေဟှ ဟောဘီး ဒီပေးရစ်ဟူတိုင်းဘဲ့ ကျွန်တော်ဟှာ လူဂီးလူငယ်လေဟို့
သတ်သေခံဘီး နေဟှယ်" ဆိုဘီး ပ့လန်လျှော့-က်လိုက်ဟှယ်။

---

* **26:16** **၂၆.၁၆** တချို့ မူရင်းလတ်ရေးမူလေမာငါ့ရဲ့၊ ဆိုဇာဟှာ မြေ့ဟှ။ **26:20** **၂၆.၂၀** တ ၉.၂၀,၂၈,၂၉
26:22-23 **၂၆.၂၂-၂၃** ၁ ကော ၁၅.၂၀

24 အယ်မျိုး လျှော့-က်ဟူ ခီမာ ဖေတ့်တုမန်းဟ့ “ပေါလု၊ နန်ဟ့ာ ရူးဟ့ားဘီ။
တတ်လွန်ဘီးဟ့ာ ရူးဟ့ားဘီ!” ဆိုဘီး အော်ပြောလိုက်ဟ့ယ်။

25 ပေါလုဟ့ “ဖေတ့်တုမန်း၊ ကျွန်တော်ဟ့ာ ရူးနေဇာ မူဟ့။ သခင်ဟို့
လေးလေးနတ်နတ်န သမ္မာတရားဟို့ ပြောနေဇာဖြစ်ဟ့ယ်။

26 အဂြိပ္ပမန်းဂီး၊ အယ်မူဇာလေကြောန်းဟို့ သခင်ဟ့ာ သိဟူကြောန့် ကျွန်တော်ဟ့ာ
သခင်ရဲ့ ရှေ့မာ ရဲရဲရင့်ရင့်ဟ့ား လျှော့-က်ဟ့ားရှင်း ဖြစ်ဟ့ယ်။ အယ်မူဇာလေဟ့ာ
ခ့လောန်းကြိုခ့လောန်းကြားလေမာ ဖြစ်လာဇာ မူဟ့။ အယ်ကြောန်းရာလေ
ဂူလောင်းဟို့ သခင် သိဟ့ယ် ဆိုဇာဟို့ ကျွန်တော် လတ်ခံယောင်ကြည်ဟ့ယ်။

27 အဂြိပ္ပမန်းဂီး၊ သခင်ဟ့ာ ပရောဖက်လေဟို့ ယောင်ကြည်ဘဲ့လော။ သခင်ဟ့
ယောင်ကြည်ဟ့ယ် ဆိုဇာဟို့ ကျွန်တော်သိဟ့ယ်!” ဆိုဘီး လျှော့-က်လိုက်ဟ့ယ်။

28 အဂြိပ္ပမန်းဂီးဟ့ “နန်ဟ့ာ ငါဟို့ ရှစ်ဟ့ားဒဲန ခရစ်ယာန်ဖြစ်အောန်
သွီးဆောန်နိုင်မယ် ဆိုဘီး ထန်နေလော” ဆိုဘီး ပေါလုဟို့ ပြောဟ့ယ်။

29 ပေါလုဟ့ “ခီဗြန်ဇာလေ၊ ခီကြာဇာလေဟ့ာ ဓိကမူဟ့။ သခင်နတူးဒူ အယ်နေ့
ကျွန်တော်ပြောဇာဟို့ နားထောန်နေဟ့ူ လူလေဟ့ာ အယ်မျိုး တောက်နှောန်ခံရဟ့ူ
မူဟ့လွဲဘီး ကျွန်တော်မျိုး ဖြစ်လာဂေ့ဟို့တွပ် ဘုရားသခင်ဟို့ ကျွန်တော်ဟ့ာ
ဆုတောန်းဟ့ယ်” ဆိုဘီး လျှော့-က်လိုက်ဟ့ယ်။

30 အယ်ခီမာ မန်းဂီးန ဖေတ့်တုမန်းလေဟ့ာ မိဖုရား ဗေရနိတ်န ဖွဲ့ဝမ်လေဟ့ာ
ထိုင်နေဟ့ူနေရာဟ့ ထဟ့ားဂေ့ဟ့ယ်။

31 သူးနို့ဟ့ာ အယ်နေရာဟ့ ထွပ်ဟ့ားဘီးန “အယ်လူဟ့ာ သေဒန် အယ်မျိုးမူဘဲနေဟ့ာ
တောက်နှောန်ခံရဟ့ူပြစ်လေ ခုလည်း ကျူးလွန်ဟ့” ဆိုဘီး ရှင်းရှင်း ပြောဂေ့ဟ့ယ်။

32 အဂြိပ္ပမန်းဂီးဟ့ “အယ်လူဟ့ာ ကဲသာမန်းဂီးနားဟို့ ယူခံဝမ်ဟို့တွပ်
တောန်းခံဘဲနေဟ့ာ သူဟို့ လွတ်ပေးနိုင်ဟ့ယ်” ဆိုဘီး ဖေတ့်တုမန်းဟို့ ပြောဟ့ယ်။

27

ပေါလုဟ့ာ ရောမဗြို့ဟို့ သန်းဖောန သွားဟူကြောန်း

1 ဖေတ့်တုမန်းဟ့ာ ကျွန်တော့်လေဟို့ ကွတလိပြည်ဟို့ သန်းဖောန ပို့ဟို့တွပ်
ဆောင်းဖြတ်လိုက်ဘီးန ပေါလုန တခြားကျဉ်းသား တချို့လေဟို့ မန်းဂီးတပ်ခေါ်ဟူ
တထောန်တပ်ဟ့နေ ယုလိနာမယ်ရှိဟူ တပ်မှူးလတ်ထဲဟို့ အပ်လိုက်ဟ့ယ်။

2 ကျွန်တော့်လေဟ့ာ အာရှိပြည် ကမ်းခြေ တရှော့-က်လောင်းမာရှိဟူ
သန်းဖောဆိုဗြို့လေဟို့ သွားဟို့လောက်နေဟူ သန်းဖောတစင်းထတ်ဟို့ တတ်ဘီးဟ့ာ
သွားဂေ့ဟ့ယ်။ အယ်သန်းဖောဟ့ာ အာဒြမုတ့တိဗြို့ဟ့နေလာဟူ သန်းဖောဖြစ်ဟ့ယ်။
မာကေဒေါနိပြည် သက်သာလောနိတ်ဗြို့သား အာရိတ့တာခုဟ့လည်း
ကျွန်တော့်လေနတူးဒူ ပါလာဟ့ယ်။

3 နော့-က်တနေ့မာ ကျွန်တော့်လေဟှာ ဇိဒုန်ဗြို့ဟို့ ရော့-က်ဟှားဂေ့ဟှယ်။ ယုလိဟှာ
ပေါလုဟို့ သနားဟူစိ ရှိဟူကြောန့် မိဆွေလေနားဟို့ သွားဘီး လောက်ကျွေး
ပြုစုခံဟို့တွပ် ခွမ့်ပြုလိုက်ဟှယ်။
4 အယ်လူလေဟှာ ပေါလုဟို့ ပြုစုဘီး လောက်ကျွေးဂေ့ဟှယ်။ အယ်ဗြို့ဟှနေ
ထွပ်ဟှားဂေ့ဟူ ခီမာ လေဆန်န တွိရဟူကြောန့် ကုပရုကျွန်းရိဟို့ ခိဘီး သွားဂေ့ဟှယ်။
5 အယ်ဘီးန ကိလိကိပြည်န ပံဖုလိပြည်ဟှ ပန်လယ်ဟို့ ဖြတ်ကူးဂေ့ဘီးန လုကိပြည်
မုရဗြို့ဟို့ ရော့-က်ဟှားဂေ့ဟှယ်။
6 အယ်ဗြို့မာ ကွတလိပြည်ဟို့ သွားဟို့ အာလေဇန္ဒြိဗြို့ဟှ ရော့-က်လာဟူ
သန်းဖောတစင်းဟို့ တွိဟူကြောန့် တပ်မူးဟှာ ကျွန်တော့်လေဟို့ အယ်သန်းဖောထတ်ဟို့
တတ်ခိုင်းလိုက်ဟှယ်။
7 ကျွန်တော့်လေဟှာ တဖြေးဖြေးဟှားန ရစ်လေကြောဂီး သွားဘီးန
နော့-က်ဆောင်းမာ ကနိဒ်ဗြို့နားဟို့ ခတ်ခတ်ခဲခဲန ရော့-က်ဟှားဂေ့ဟှယ်။
လေလာနိုင်ဘဲဟူကြောန့် ရှေ့ဟို့ သွားနိုင်ဘဲဟှ ကျွန်တော့်လေဟှာ သာလမုန်ဂူ နားဟှနေ
ဖြတ်ဘီး ကရေတေကျွန်း တောန်ဖတ်ဟှနေ သွားဂေ့ဟှယ်။
8 ပန်လယ်ကမ်းန နီးနီးဟှားသွားဘီးဟှာ ခတ်ခတ်ခဲခဲန လာသဲဗြို့နားဟှ ဆိကမ်းသာ
နာမယ်ရှိဟူ နေရာဟို့ ရော့-က်ဟှားဂေ့ဟှယ်။
9 ကျွန်တော့်လေဟှာ အယ်နေရာမာ ကြာဂီးနားဂေ့ခီမာ ပြစ်ဖြေဟူပွဲနေ့*ဟို့
လွန်လာဟှယ်။ အယ်ကြောန့် ပန်လယ်ခရီးသွားဟို့တွပ် ဘေးအန္တရာယ် ရှိလာဟူကြောန့်
ပေါလုဟှ ဒီပေးဘီး
10 “မိဆွေလေ၊ ခု ပန်လယ်ခရီးသွားမယ် ဆိုဟှာ သန်းဖောန ကူပစ်စီးလေဟို့ဘဲ့
မူဘဲန ကျွန်တော့်လေ သတ်လည်း ဆောင်းရှောင်းဇာ ရှိဟူကြောန်းဟို့ ငါဖြင်ဟှယ်”
ဆိဘီး ပြောလေဟှယ်။
11 အယ်ဘေမဲ့ တပ်မူးဟှာ ပေါလု စည်းရောင်းဟူစကားထတ် ပဲ့နန်းန
သန်းဖောဇရှင်ရဲ့ စကားဟို့ ပိုဘီး ဟှာ ယောင်ကြည်ဟှယ်။
12 အယ်ဆိကမ်းမာ ဆောန်းဒွမ်းလောင်းလောင်း နားနေဟို့တွပ် ကောန်းဘဲကြောန့်
လူတိုင်းဟှ အယ်ဆိကမ်းဟှနေ ထွပ်ရှင်ဂေ့ဟှယ်။ ဖြစ်နိုင်မယ် ဆိုဟှာ ဖိနိတ်ဗြို့ဟို့
ရော့-က်အောန်သွားဘီး ဆောန်းကာလမာ နားရှင်ဂေ့ဟှယ်။ ဖိနိတ်ဆိကမ်းဟှာ
ကရေတေကျွန်းမာရှိဘီး နော့-က်တောန်ဖတ်န နော့-က်မြော့-က်ဖတ်†ဟို့
မျစ်နှာလှည့်ဟှားဟှယ်။

ပန်လယ်မာ လေမှောန်ဒိုင်းက့လကြောန်း

* **27:9 ၂၇.၉ ပြစ်ဖြေဟူပွဲနေ့၊** စက်တင်ဘာလ ကူခါနီးမာ မူဘဲနေဟှာ အောက်တိုဘာလ စမာ ကျင်းပဟူပွဲ
အယ်မျိုးခီမာ ရာသီဥတုဟှ ရရာတိုင်း ဆိုးဟူကြောန့် သန်းဖောန ဝှပ်လွပ်ဟို့တွပ် ခတ်ခဲဟှယ်။ † **27:12 ၂၇.၁၂**
နော့-က်တောန်ဖတ်န နော့-က်မြော့-က်ဖတ်၊ အယ်မျိုးမူဘဲနေဟှာ ရှေ့မြော့-က်ဖတ်န ရှေ့တောန်ဖတ်။

13 တောနဖတ်ဟုလေဟှာ စဘီးတိုက်လာဟှူ ခီမာ သန်းဖောသားလေဟှာ သူးနို့ကြဲ
အောန်လေ့မယ် ထန်ဘီးဟှာ က္လော့-က်ဆူးဟှိုနှုဘီး သန်းဖောဟှို့ ကရေတောကမ်းခြေ
ဒေါ့-က်ရှော့-က် သွားဂေ့ဟှယ်။
14 များများကြာဟှ မြော့-က်ဖတ်ဟှနေဘီး ရှေ့မြော့-က်ဟှ လေဟုနာမယ်ရှိဟှူ
မှောန်ဒိုင်းဟှာ စဘီးဟှာ ပြင်းပြင်းထန်းထန်ဟှား တိုက်လာဟှယ်။
15 သန်းဖောဟှာ မှောန်ဒိုင်းတိုက်ခံရဟှူကြောန့် အယ်မှောန်ဒိုင်းဟှို့
ခံနိုင်ဘဲဖြစ်ဟှားဟှယ်။ အယ်ကြောန့် ကျွန်တော့်လေဟှာ လတ်ရှော့လိုက်ဂေ့ဟှယ်။
လေတိုက်ဟှူ နေရာဟှို့ ပါလိုက်ဟှားဂေ့ဘီးန၊
16 ကလောဒေကျွန်းငယ် တောန်ဖတ်ဟှို့ ရော့-က်ဟှားဟှူ ခီမာ လေတိုက်ဟှူ ဒန်ဟှနေ
နဲနဲဟှား ကာကွယ်ရဂေ့ဟှယ်။ အယ်နေရာမာ သန်းဖောပဲ့ဖတ်မာ သတ်ကယ်လှေလေဟှို့
ပျစ်စီးဘဲနေအောန် ခတ်ခတ်ခဲခဲန ပ့လန်ဘီး ထီးသီးနိုင်ဟှားဂေ့ဟှယ်။
17 သန်းဖောသားလေဟှာ လှေဟှို့ဆွဲဒန်ဘီးဟှာ သန်းဖောဝန်းဟှို့ ကြိုးနပတ်ဘီး
ခိုင်အောန်လောက်ဂေ့ဟှယ်။ သူးနို့ဟှာ သုရတိ သောန်ပ့လန်မာ သန်းဖောတန်နေမယ်
ဆိုဘီး စိုးရိမ်ဟှူကြောန့် ဝှပ်လေဟှို့ ခ့လလိုက်ဘီးန သန်းဖောဟှို့ လေတိုက်ဟှူတိုင်
မျောပါဟှားဂေ့ဟှယ်။
18 နော့-က်တနေ့မာလည်း လေမှောန်ဒိုင်းဟှာ ဆစ်ဘီးတိုက်နေဟှူကြောန့်
ကူပစ်စီးတချို့ဟှို့ သန်းဖောထတ်ဟှနေ ပစ်ခ့လဂေ့ဟှယ်။
19 တတိယနေ့မာ သန်းဖောနဆိုင်ဟှူ ကူပစ်စီးတချို့လည်း ပစ်ခ့လဂေ့ဟှယ်။
20 ကျွန်တော့်လေဟှာ ရစ်ပေါ်နိုးကြာဂီး နေလေ၊ ကြယ်လေဟှို့ ဗြင်ရဂေ့ဟှ။
လေဟှာဆစ်ဘီးဟှာ ရှိပြင်းပြင်းဟှား တိုက်ဘီးနေဟှယ်။ နော့-က်ဆောင်းမာ
ကျွန်တော့်လေဟှာ သေဘေးဟှနေလွတ်ဟှို့ မျော်လင့်ချစ် မှေ့ဟှ ဆိုဘီး
စိရှော့လိုက်ဂေ့ဟှယ်။
21 လူလေဟှာ ရစ်ကြာဂီး စားဇာစားဘဲ နေဂေ့ဘီးန ပေါလုဟှာ သူးနို့လယ်မာ
ရပ်ဘီးဟှာ "မိဆွေလေ၊ နန်းနို့ဟှာ ငါ့စကားဟှို့ နားထောန်ဘီး ကရေတောကျွန်းဟှနေ
ထွပ်ဘဲန နေသင့်ဟှယ်။ အယ်မျိုးနေမယ် ဆိုဟှာ အယ်မျိုး ပျစ်စီးဆောင်းရှောင်းဇာန
ရင်ဆိုင်ရဂေ့ဟှို့ မှူဟှ။
22 အယ်ဘေမဲ့ အားငယ်ဂေ့န။ နန်းနို့ထဲမာ ဖယ်သူလဲ သတ်ဆောင်းရှောင်းရဟှို့ မှူဟှ။
သန်းဖောဘဲ့ ဆောင်းရှောင်းရလေ့မယ်။
23 ငါ့သခင်၊ ငါကိုးကွယ်ဟှူ ဘုရားသခင်ရဲ့ ကောန်းဂန်တမန်ဟှာ ပီးဟှားဟှူ
ညဉ့်ခန်းဒူးဟှ ငါ့နားဟှိုလာဘီး၊
24 'ပေါလု၊ ကြော့-က်နန။ နန်ဟှာ ကဲသာမန်းဂီး ရှေ့ဟှို့ ရော့-က်ရမယ်။
ဘုရားသခင်ဟှာ နန့်ဟှို့ ထော့-က်ထားကြောန့် နန့်နတူးဒူ သန်းဖောစီးလာဂေ့ဟှူ
လူလေဟှာ သေဘေးဟှနေဘီးဟှာ လွတ်မြော့-က်လေ့မယ်' ဆိုဘီး ပြောဟှယ်။
25 အယ်ကြောန့် မိဆွေလေ၊ အားငယ်ဂေ့န။ ငါဟှာ ဘုရားသခင်ဟှို့
ယောင်ကြည်ဟှူသူ ဖြစ်ဟှယ်။ အယ်ကြောန့် ငါ့ဟှို့ ကောန်းဂန်တမန်ဟှ

ဖော်ပြဟုန်းတိုင်းဘဲ့ ဖြစ်ပျစ်လေ့မယ်။
26 အယ်ဘေမဲ့ နို့လေရဲ့ သန်းဖောဟုန် ကျွန်းတခုထတ်မာ သောန်တန်လေ့မယ်”
ဆိုဘီး ပြောဟုန်။
27 ဆယ့်လေးရစ်လော့-က် ရော့-က်ဟုန်းဟူနေ့ ညဥ့်ခန်းဇာမာ ကျွန်တော့်လေ
သန်းဖောဟုန် အာဒြိပန်လယ်မာ လေမှောန်ဒိုင်းတိုက်ဟူ နေရာထဲဟို့
မျောပါဘီးနေဟုန်။ ညဥ့်နတ်ဟုန်းခီမာ သန်းဖောသားလေဟုန် ကမ်းတခုခုနားဟို့
နီးလာဟုန် ဆိုဇာဟို့ ရိမိဂေ့ဟုန်။
28 သူးနို့ဟုန် ရေဟို့ တိုင်းဂေ့ဟူ ခီမာ ပေတရာ့နေ့ဆယ်ရှိဟုန် ဆိုဇာ တွိရဂေ့ဟုန်။
ရှေ့ဟို့နဲနဲဟုန်း သွားဘီးန တခါတိုင်းဂေ့ဟူ ခီမာ ပေကိုးဆယ်ဘဲ့ရှိဟုန် ဆိုဇာဟို့
တွိရဟုန်။
29 သူးနို့ဟုန် က့လော့-က်ဆောန်န တိုက်မိဟို့ဇာဟို့ စိုးရိမ်ဟူကြောန့်
သန်းဖောပဲ့ဖတ်ဟုန် က့လော့-က်ဆူးလေးခုဟို့ ခ့လဘီးဟုန် “မိုးလန်းပါစေ” ဆိုဘီး
ဆုတောန်းဂေ့ဟုန်။
30 သန်းဖောသားလေဟုန် သန်းဖောရဲ့ ဦးဖတ်မာ က့လော့-က်ဆူးဟို့ ခ့လဟို့
ဟန်ဆောန်ဘီးဟုန် သတ်ကယ်လှေ့ဟို့ ရှောခ့လဘီးဟုန်း ထွပ်ပ့လေးဟို့တွပ်
ကြိုးစားနေဂေ့ဟူ ခီမာ
31 ပေါလုဟုန် တပ်မူးန စစ်သားလေဟို့ “အယ်သန်းဖောသားလေဟုန်
သန်းဖောထတ်မာ နေဟုဆိုဟုန် နန်းနို့ကိုယ်တိုင် သတ်ဘေးဟု လွတ်ဟို့တွပ်
မျော်လင့်ချစ်ရှိဟို့ မူဟု” ဆိုဘီး ပြောဟုန်။
32 အယ်ခီမာ စစ်သားလေဟုန် သတ်ကယ်လှေ့ရဲ့ ကြိုးဟို့ ခွတ်ဖြတ်ဘီးဟုန် လှေ့ဟို့
အော့-က်ဟို့ ခ့လလိုက်ဟုန်။
33 မိုးလန်းခါနီးမာ ပေါလုဟုန် အယ်လူလေဟို့ စာစားဟို့တွပ် တိုက်တွန်းရှင်ကြောန့်
“နန်းနို့ဟုန် ဖယ်မျိုးဖြစ်မယ် ဆိုဘီး စားငတ်ခံဘီး နေဂေ့ဇာဟုန် ဆယ့်လေးရစ်လော့-က်
ရှိဟုန်းဘီ။ နန်းနို့ဟုန် ဖြားစာဟို့လည်း စားဂေ့ဟု။
34 နန်းနို့ဟုန် ဆစ်ဘီးဟုန် သတ်ရှင်ဟို့တွပ်၊ စားစာဂေ့ဟို့တွပ် ငါတောန်းဗန်ဟုန်။
နန်းနို့ရဲ့ ခေါန်းဟု ဆန်းဗန်တဗန်လည်း ပျစ်စီးရဟို့ မူဟု” ဆိုဘီး ပြောဟုန်။
35 အယ်ဘီးန ပေါလုဟုန် မုဟို့ ယူဘီးဟုန် အယ်လူလေ အားလောင်းရှေ့မာ
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းဘီးန မုဟို့ဖဲ့ဘီး စားဂေ့ဟုန်။
36 အယ်ခီမာ အယ်လူလေ ဂူလောင်းဟုန် အားတတ်လာဂေ့ဘီးဟုန် စားဇာဟို့
စားဂေ့ဟုန်။
37 သန်းဖောထတ်မာ လူလေ ဂူလောင်းဟု ၂၇၆ ယော့-က်‡ လော့-က်ရှိဟုန်။
38 လူလေဟုန် ဝအောန်စားဂေ့ဘီးန သန်းဖောဟို့ ပေါ့စေဟို့တွပ် ကျောင်ဆန်ရှိမျှဟို့
ပန်လယ်ထဲဟို့ ပစ်ခ့လဂေ့ဟုန်။

‡ **27:37** **ꤟꤢ꤬.꤭꤭** ၂၇၆ ယော့-က်၊ တချို့ မူရင်းလတ်ရေးမူလေမာ ၂၇၅ ယော့-က်၊ ဆိုဘီး ပါရှိဟုန်၊
တခြားကျမ်းလေမာ ၇၆ ယော့-က်လော့-က် ရှိဟုန်၊ ဆိုဘီး ပါရှိဟုန်။

သန်းဖောပျစ်ဟူကြောင်း

39 မိုးလန်းဟူ ခိမာ သန်းဖောသားလေဟှာ သူးနို့ဟှာ ဖယ်နေရာဟို့ ရော့-က်နေမှန်း
သိဂေ့ဘဲကြောန့် ပန်လယ်ကွေ့ ကမ်းခြေတခုဟို့ ဖြင်ရဂေ့ဟူ ခိမာ ဖြစ်နိုင်မယ် ဆိုဟှာ
အယ်ကမ်းခြေထတ်ဟို့ သန်းဖောဟို့ ထိုးဒန်ဟို့တွပ် ဆောင်းဖြတ်ဂေ့ဟှယ်။
40 သူးနို့ဟှာ က့လော့-က်ဆူးကြိုးဟို့ ဖြတ်ဘီးဟှာ က့လော့-က်ဆူးလေဟို့
ပန်လယ်ထဲဟို့ ခ့လလိုက်ဂေ့ဟှယ်။ တခိဒဲမာဘဲ့ ပဲ့နန်းလေဟှလည်း ကြိုးလေဟို့
ဖြေလိုက်ဂေ့ဟှယ်။ အယ်ဘီးန သန်းဖောဦးဟှနေဘီး ဍပ်လေဟို့ တန်ဘီး
ကမ်းခြေဖတ်ဟို့ သွားလိုက်ဟှယ်။
41 အယ်ခိမာ သန်းဖောဟှာ ရေတီဟူနေရာဟို့ ရော့-က်ဘီးဟှာ
သောန်တန်ဘီးနေဟှယ်။ သန်းဖောဦးဟှာ သောန်မာစိုက်ဘီးနေကြောန့်
လှောန်ဟို့မျှဟှမ်း။ သန်းဖောပဲ့ဖတ်ဟှနေဘီး လှိုင်းလောင်းလေရိုက်ကြောန့်
က့လိုးဘီးဟှာ ပျစ်စီးလာဟှယ်။
42 အယ်ခိမာ စစ်သားလေဟှာ ကျဉ်းသားလေ ရေကူးဘီး ထွပ်ပ့လေးမာဟို့
စိုးရိမ်ဟူကြောန့် သူးနို့ဟို့ သတ်ဟို့တွပ် ကြဲစည်ဂေ့ဟှယ်။
43 အယ်ဘေမဲ့ တပ်မှူးဟှာ ပေါလုဟို့ ကယ်ရှင်ဟူကြောန့် စစ်သားလေရဲ့
ကြဲစည်တိုင်း လောက်ဘဲဟို့တွပ် တားဘီးဟှာ ဦးဆောင်းပထမ ရေကူးတတ်ဟူ
လူလေဟို့ သန်းဖောဟှနေ ခူခ့လခိုင်းဘီး ကူးခိုင်းလိုက်ဟှယ်။
44 အယ်ဘီးန ကျန်နေဟူ လူလေဟို့ သစ်ပ့လားလေနရော၊ သန်းဖောပျစ်ဟှ
သစ်ပိုင်းစလေန စီးဘီးဟှာ ကူးဂေ့ဟို့တွပ် ပြောလိုက်ဟှယ်။ အယ်မျိုးနည်းနဘဲ့
ကျွန်တော့်လေ ဂူလောင်းဟှာ ဘေးဟှလွတ်ဘီး ကူးထတ်ဟို့ ရော့-က်ဟှားဂေ့ဟှယ်။

28

မေလိတေကျွန်းဟို့ ရော့-က်ဟှားဂေ့ကြောန်း

1 ကျွန်တော့်လေဟှာ ဘေးဟှလွတ်ဘီးဟှာ ကူးထတ်ဟို့ ရော့-က်ဟှားဂေ့ဟူ ခိမာ
အယ်ကျွန်းဟို့ မေလိတေကျွန်း ဆိုဘီး ခေါ်ဇာဟို့ သိရဂေ့ဟှယ်။
2 ကျွန်းသူကျွန်းသားလေဟှာ ကျွန်တော့်လေဟို့ ထူခြေားဟူ ရှစ်ရှင်းမြစ်တာဟို့
ပြဂေ့ဟှယ်။ မိုးဝါဟူကြောန့် အေးလာဟူ ခိမာ အယ်လူလေဟှာ မီးဖိုလောက်ဘီးဟှာ
ကျွန်တော့်လေဟို့ ဧည့်ခံဂေ့ဟှယ်။
3 ပေါလုဟှာ ထန်းတဇဟို့ ယူဘီးဟှာ မီးထဲဟို့ ထဲ့လိုက်ဟှယ်။ အယ်ခိမာ
မီးပူရှိကြောန့် ထန်းဇထဲဟှနေ မွိမွေးတကောန်ဟှ ထွပ်လာဘီးန ပေါလုရဲ့ လတ်မာ
ပတ်နေဟှယ်။
4 သူ့လတ်ဟှနေ တန်းလန်းက့လနေဟူ ဗွီဟို့ ကျွန်းသူကျွန်းသားလေဟှ ဖြင်ဟူ ခိမာ
“အယ်လူဟှာ လူသတ်မားဖြစ်နိုင်ဟှယ်။ ပန်လယ်ဘေးဟှလွတ် ဘေမဲ့လည်း
တရားမျှတဇာဟှ သူ့ဟို့ သတ်ရှင်ခွမ့်ပေးဟှ” ဆိုဘီး ရှင်းရှင်းပြောနေဂေ့ဟှယ်။

5 အယ်ဘေမဲ့ ပေါလုဟာ ဗီဟို့ မီးထဲဟို့ ခါခ့လလိုက်ဟုယ်။ အယ်ဘေမဲ့ သူဟာ
ဖြားလည်းဖြစ်ဟု။
6 အယ်လူလေဟု ပေါလုဟာ တကိုယ်လောင်း ရောန်လာလေ့မယ်။
အယ်မျိုးမှုဘဲနေဟာ ခုရှစ်ရှင်းဘဲ့ သေလေ့မယ် ဆိုဘီး စောန့်နေဂေ့ဟုယ်။ အယ်မျိုး
ကြာဂီးစောန့်ကေ့ဘေမဲ့ ဖြားလည်း ပေါလုမာ ဖြစ်လာဘဲ့ဇာဟို့ ဗြင်ဂေ့ဟု ခီမာ
သူးနို့ဟာ စိသဘောလေ ပ့လောန်းလဲဘီးဟာ "အယ်လူဟု နတ်ဘုရားဖြစ်ဟုယ်" ဆိုဘီး
ပြောဂေ့ဟုယ်။
7 အယ်နေရာမာ ပုဗလိ နာမယ်ရှိဟူ ကျွန်းလူဂီးပိုင်ဟူ မ့လေယာလေရှိဟုယ်။
အယ်လူဟာ နို့လေဟို့ လတ်ခံဘီးန သောင်းရစ်လောင်းလောင်း ဧည့်ခံဘီး
ကျွေးမွေးဟုယ်။
8 ပုဗလိရဲ့ ဖဟာ ဖျားနေဘီးဟာ ဝန်းကိုက်ဟူ ရောဂါဖြစ်ဘီး လဲနေဟုယ်။ ပေါလုဟာ
သူ့ခန်းထဲဟို့ ဝမ်ဘီး ဆုတောန်းဘီးန သူ့ကိုယ်ထတ်မာ လတ်တန်ဘီး သူ့ဟို့
ကျန်းမာစေဟုယ်။
9 အယ်မျိုးဇာလေ ဖြစ်ပျစ်ဟုားဟူကြောန့် ကျွန်းမာနေဟူ၊ နေကောန်းဘဲဟူ
လူလေဟာ ပေါလုနားဟို့ လာဂေ့ဟုယ်။ ပေါလုဟာ သူးနို့ဟို့ ကျန်းမာစေဟုယ်။
10 သူးနို့ဟာ ကျွန်တော့်လေဟို့ လတ်ဆောန်လေပေးဂေ့ဟုယ်။ ကျွန်တော့်လေဟ
ထွပ်ဟုားဟို့ လောက်နေဂေ့ခီမာ လိုအပ်ဟူ စားဇာရိခါလေဟို့ သန်းဖောထတ်ဟို့
ပို့ပေးဂေ့ဟုယ်။

မေလိတေကျွန်းဟုနေ ရောမဗြို့ဟို့ ရော့-က်ဟုားကြောန်း

11 သောင်းလလော့-က် ကြာဘီးန ကျွန်တော့်လေဟာ အယ်ကျွန်းမာ ဆောန်းခိုနေဟူ
သန်းဖောန သွားဂေ့ဟုယ်။ အယ်သန်းဖောဟာ အာလေဇန္ဒြဲဗြို့ဟုလာဘီး
မွာဘ့လူးနတ်ရောက်ထုပါဟူ သန်းဖောဖြစ်ဟုယ်။
12 ကျွန်တော့်လေဟာ သုရကုတ်ဗြို့ဟို့ သန်းဖောနရော့-က်ဟုားဘီး အယ်ဗြို့မာ
သောင်းရစ်လော့-က် နေဂေ့ဟုယ်။
13 အယ်ဗြို့ဟုနေ ပ့လန်ဟုားဟူ ခီမာ ရေဂျုန်ဗြို့ဟို့ ရော့-က်ဟုားဂေ့ဟုယ်။
နော့-က်တနေ့မာ တောန်လေဟာ လာဟူကြောန့် နေ့ရစ်လော့-က် ကြာဟူ ခီမာ
ပေါတယောလိဗြို့ဟို့ ရော့-က်ဟုားဂေ့ဟုယ်။
14 အယ်ဗြို့မာ ညီကို မောန်နမလေ တချို့ဟို့ တွိဘီး သူးနို့ဟု ခွန်နစ်ရစ်လော့-က်
သူးနို့န တူးဒူနေဟို့တွပ် တောန်းဗန်ဘီး ပြောဟူတိုင်းဘဲ့ နေဘီးဟာ ရောမဗြို့ဟို့
ပ့လန်ဟုားဂေ့ဟုယ်။
15 ရောမဗြို့မာရှိဟူ ညီကို မောန်နမလေဟာ ကျွန်တော့်လေ ရော့-က်လာကြောန်းဟို့
ကြားရဂေ့ဟူ ခီမာ အပ့ပိဆေးနားဟို့ရော၊ တဲခိုရိသာ သောင်းဆောန်နားဟို့ရော၊
ရော့-က်လာဘီးဟာ ကြိုဆိုဂေ့ဟုယ်။ ပေါလုဟာ အယ်လူလေဟို့ ဗြင်ဟူ ခီမာ
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းဘီး အားတတ်လာဟုယ်။

ရောမဗြို့မာ မှူတော်ဆောန်ကြောန်း

16 ရောမဗြို့ဟို့ ရော့-က်ဟူ ခီမာ ပေါလုဟှာ သူ့ဟို့ စောန့်ပေးနေဟူ
စစ်သားတယော့-က်နတူးဒူ နေရဟှယ်။
17 နော့-က်သောင်းရစ် ကြာဟူ ခီမာ ပေါလုဟှာ ဗြို့မာနေဟူ
ယုဒလူမျိုးခေါန်းဆောန်လေဟို့ ဖိခေါ်လိုက်ဟှယ်။ အယ်လူလေဟှာ လာဘီး စုနေဟူ
ခီမာ ပေါလုဟှ "ညီကိုလေ၊ ငါဟှာ ကိုယ့်လူမျိုးဟို့ရော၊ ဘိုးဘေးလေရဲ့
ထောင်းဒန်းစဉ်လာလေဟို့ရော၊ ဆန့်ကျင်ဟူမူလေ ခုလည်းလောက်ဟှ။ အယ်ဘေမဲ့
ယုဒလူမျိုးလေဟှာ ယေရုရှလင်ဗြို့မာ ငါ့ဟို့ ဖမ်းဘီးဟှာ ရောမလူမျိုးလတ်ထဲဟို့
အပ်ဂေ့ဟှယ်။
18 အယ်လူလေဟှာ ငါ့ဟို့ စစ်ဆေးဘီး ငါ့ရဲ့မူမာ သေဒန်ပေးထိုက်ဟူကြောန်း
ခုလည်းတိုဘဲကြောန့် ငါ့ဟို့ လွှတ်လိုက်ဂေ့ဟှယ်။
19 အယ်ဘေမဲ့ ယုဒလူမျိုးလေဟှာ ကန့်ကွက်ဂေ့ဟူကြောန့် ငါဟှာ
လွဲရှောန်သာဘဲဟူကြောန့် ကဲသာမန်းဂီးနားဟို့ ယူခံဝမ်ရဟှယ်။ အယ်မျိုး
ပြောရဟူဇာဟှာ ကိုယ့်လူမျိုးဟို့ ပြစ်တန်ဇာ တခုခုရှိကြောန့် ပြောဇာ မူဟှ။
20 အယ်ကြောန့် ခန်ဗျားလေန တိုဆောင်ခွမ့်ဟို့ တောန်းရှော့-က်ဇာ ဖြစ်ဟှယ်။ ငါဟှာ
အယ်သံကြိုးန ခယ်ခံရဇာဟှာ ဣသရေလလူလေ မျှော်လင့်ဘီး စောန့်နေဂေ့ဟူ
သခင်တွပ်ကြောန့်ဘဲ့ ဖြစ်ဟှယ်" ဆိုဘီး ပြောဟှယ်။
21 အယ်လူလေဟှ "နို့လေဟှာ နန့်ကြောန်းဟို့ ယုဒပြည်ဟှနေ စာတစောန်လည်း
ရဂေ့ဟှ။ နို့လေရဲ့ ယုဒလူမျိုးလေထဲဟှနေ ညီကိုလေတယော့-က်လည်း လာဘီးဟှာ
နန့်ရဲ့ ကောန်းဘဲဟူ ဒန်းဟို့ပြောဟှ။
22 အယ်ဘေမဲ့ အယ်ဂိုဏ်းကြောန်းဟို့ ဆန့်ကျင်ဘီး နေရာတိုင်းမာ ပြောနေဂေ့ဇာဟို့
နို့လေသိရဟှယ်။ အယ်ကြောန့် နန်ရဲ့ ယူဝါဒဟို့ နို့လေဟှ ကြားရှင်ဟှယ်" ဆိုဘီး
ပြောဂေ့ဟှယ်။
23 အယ်လူလေဟှာ ရစ်ချီးပေးဂေ့ဟှယ်။ ချီးလိုက်ဟူနေ့မာ ပေါလုနေဟူ နေရာဟို့
လူဘောင်ဂီးဟှ ရော့-က်လာဂေ့ဟှယ်။ ပေါလုဟှာ မိုးလန်းဟှနေ နေဒန်ထိ
ဘုရားသခင်ရဲ့ နိုင်ငံတော်နဆိုင်ဟူ တရားတော်ကြောန်းဟို့ သွီးဆောန်ဘီးဟှာ
ရှင်းလန်းဖော်ပြဟှယ်။ သခင်ယေရှုရဲ့ ကြောန်းလေ မောရှေရဲ့ ပညတ်ကျမ်းန
ပရောဖက်ကျမ်းလေဟို့ ကော့-က်နှုဘီးဟှာ အယ်လူလေနားလည်
ဘောပေါ့-က်လာဟို့တွပ် ကြိုးစားဘီးဟှာ ဟောပြောဟှယ်။
24 သူးနို့ထဲဟှ တချို့ဟှာ ပေါလုရဲ့ စည်းရောင်းဟူစကားလေဟို့ ယောင်ကြည်လာဂေ့
ဘေမဲ့လည်း တချို့ဟှ ယောင်ကြည်ဂေ့ဟှ။
25 အယ်မျိုး ပေါလုပြောဟူ ခီမာ ယုဒလူမျိုးလေဟှာ ရှစ်ရှင်းဘဲ့
ပြင်းပြင်းထန်းထန်ဟှား ငြင်းဂေ့ဘီး ထွပ်ဟှားဂေ့ဟှယ်။ ပေါလုဟှ

28:19 ၂၈.၁၉ တ ၂၅.၁၁

“ပရောဖက်ဟေရှာယဟု နန်းနို့ ဘိုးဘေးလေဟို့ သန့်ရှင်းဟူဝိညာဉ်တော်
ဖော်ပြဟုးဟူဇာဟု မှန်ပါဟုယ်။ ဖော်ပြဟုးဟူဇာဟု အယ်မျိုးဖြစ်ဟုယ်။
26 “‘အယ်လူမျိုးလေဟို့ ပြောကြားဂေ့ပါ။
“နန်းနို့ဟု ကြိုးစားဘီး နားထောန်ဘေမဲ့လည်း နားလည်လေ့မယ် မူဟု။
ကြိုးစားဘီး ကေ့ဘေမဲ့လည်း ဖြင်ဟို့ မူဟု။”
27 ဖြားဖြစ်ကြောန့်နူးဆိုဟု အယ်လူမျိုးရဲ့ စိနှလောင်းဟု ထိုင်းမို့င်းဘီး၊
သူးနို့နားလေဟု လေးနေဘီး သူးနို့ရဲ့ မျစ်စိလေဟု ပိနေဂေ့ကြောန့် ဖြစ်ဟုယ်။
တကယ်ဆိုဟု အယ်မျိုးမှနဘဲ့ သူးနို့ မျစ်စိလေဟု ဖြင်ဘီး၊
နားလေဟု ကြားနိုင်ဘီး၊ စိနှလောင်းလေဟု သိဘီး နားလည်ဂေ့မယ် ဆိုဟု
သူးနို့ စိသဘောလေဟု ပ့လောန်းလဲလာဂေ့ဘီးဟု
ငါဟုလည်း သူးနို့လေဟို့ ကျန်းမာစေမယ်။’” ဆိုဘီး ပြောလိုက်ဟုယ်။
28 နော့-က်ဆောင်းနေန ပေါလုဟု “အယ်ကြောန့် ဘုရားသခင်ရဲ့
ကယ်တန်ရှင်းတရားဟို့ လူမျိုးခြားလေဟု ကြားရဟို့တွပ် ဟောပြောဟို့လူလေဟို့
လွှတ်ဘီးဖြစ်ဟူကြောန့် သူးနို့ဟု ကြားရဂေ့လေ့မယ် ဖြစ်ဟူကြောန်း နန်းနို့ဟု
သိမှတ်ဟုးဂေ့” ဆိုဘီး ပြောဟုယ်။
29 *
30 ပေါလုဟု အယ်ဖြို့မာ နှေ့နှစ်လောင်းလောင်း သူဌားဟုးဟူ အိမာနေဘီးဟု။
သူနားဟို့ ရော့-က်လာဂေ့ဟူ လူလေဟို့ ကြိုဆိုဧည့်ခံဘီး၊
31 ဘုရားသခင်ရဲ့ နိုင်ငံတော်ကြောန်းဟို့ ဟောပြောဘီး သခင်ယေရှုခရစ်တော်ရဲ့
ကြောန်းဟို့ ဆီးတားမှေ့ဘဲန ရဲရဲရင့်ရင့်ဟုး ဟောပြောဘီးနေဟုယ်။

* **28:29** **၂၈.၂၉** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၂၉ ဟို့၊ အယ်မျိုး ပေါလုဟု ပြောဘီးန
ယုဒလူမျိုးလေဟု သူးနို့ရှင်းရှင်းထဲမာ ပြင်းပြင်းထန်းထန်ဟုး ငြင်းဂေ့ဘီးဟု ထွပ်ဟုးဂေ့ဟုယ်၊ ဆိုဘီး
ထပ်ပေါန်းထဲ့ဟုးဟုယ်။

ရောမ
ရောမ သင်းတော်ဟို့ ပေါလုရဲ့ ပေးစာ
နိဒါန်း

ရောမ သင်းတော်ဟို့ ပေါလုရဲ့ ပေးစာ ဟာ ခရစ်တော် မီးဘီးန ၅၄ န ၅၈ ခုနှစ်ကြားမာ တမန်တော် ပေါလုဟ့ ရေးဟ့ားဟ့ယ်။ ပေါလုဟ့ာ ရောမဗြို့ဟို့ သွားရသေးဘဲဟ့ကြောန့် ရောမဗြို့မာရှိဟ့ူ ယုဒလူမျိုးန လူမျိုးခြား ခရစ်ယာန်လေဟို့ သွန်သန်ဟို့တွပ် အယ်စာဟို့ ရေးလိုက်ဟ့ယ်။ သူဟ့ာ အယ်ခီဒူးဟ့ ကောရိန့်ဗြို့မာ နေနေဟ့ူကြောန့် အယ်ဗြို့ဟ့နေဘီး အယ်စာဟို့ ရေးလိုက်ဟ့ူဇာဖြစ်ဟ့ယ်။ လူမျိုးလေ ဂူလောင်းဟ့ာ ယေရှုခရစ်တော်ဟို့ ယောင်ကြည်ဘီး နားထောန်ပါ ဆိုဘီး ပေါလုဟ့ ရေးဟ့ားလေဟ့ယ် (၁၆.၂၆)။

ရောမသင်းတော်ဟို့ ပေါလုရဲ့ ပေးစာဟ့ာ နေရာတိုင်းမာရှိဟ့ူ ခရစ်ယာန်လေတွပ် ရေးကီးဟ့ူ စာဖြစ်ဟ့ယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ ပေါလုဟ့ာ ယေရှုခရစ်တော် အားဖြင့်ဘဲ့ ကယ်တန်ရှင်း ရနိုင်ဟ့ယ် ဆိုဘီး ရှင်းရှင်းလန်းလန်းဟ့ား ရှင်းပြဟ့ားဟ့ယ်။ ပေါလုဟ့ာ ယေရှုခရစ်တော်ရဲ့ ဒန်းကောန်းဟို့ ခမ္မဟောန်ကျမ်းနလည်း ခိဆစ်ပေးဟ့ားဟ့ယ်။ ကျမ်းစာပညာရှင်လေ ဘောင်ဂီးဟ့ာ “ငါဟ့ာ ခရစ်တော်ရဲ့ ဒန်းကောန်းတွပ် လောင်းဝ ယ့စ်ကြော့-က်ဇာ မ့ေဟ့ာ။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ အယ်ဒန်းကောန်းဟ့ာ ရင်ဦးဆောင်း ယုဒလူမျိုး၊ နော့-က်မ့ လူမျိုးခြားလေထဲမာ ယောင်ကြည်လတ်ခံလာဟို့ သူလေဂူလောင်းဟို့ ကယ်တန်ပေးဟ့ူ ဘုရားသခင်ရဲ့ တဂိုးတော်ဖြစ်ပါဟ့ယ်” ဆိုဘီး အယ်ကျမ်းထဲဟ့ ရရာတိုင်း ရေးကီးဇာဟို့ ၁.၁၆ ထော့-က်ခံဂေ့ဟ့ယ်။ ရောမကျမ်းရဲ့ ပထမပိုင်းဟ့ာ (၁—၁၂) နတ်နဲဟ့ူ သီအိုလော်ဂျီ ဖြစ်ဘီး ဒုတိယပိုင်းဟ့ာ (၁၃—၁၅) ခရစ်ယာန် သတ်ရှင်ရှင်း ပေါင်ဇံတွပ် လတ်တွိက့်လဟ့ူ လမ်းညွန်ချစ်လေ ဘောင်ဂီးပါဝမ်လေဟ့ယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟ့ာ ထောင်းဇံတိုင်းဘဲ့ သူ့ကိုယ်သူ မိတ်ဆစ်ရှင်းအားဖြင့် အယ်ကျမ်းဟို့ စပြုဟ့ားဘီး ဖယ်လူလေနားဟို့ ရေးဟ့ားဟ့ယ် ဆိုဘီး ပြောနေဟ့ူကြောန်း (၁.၁–၁၅)

၂။ သူဟ့ာ လူ့သားမျိုးနွယ်ရဲ့ ခြေနေန ဆိုင်ဟ့ူဇာန ယေရှုခရစ်တော်အားဖြင့်ဘဲ့ ကယ်တန်ခံရမယ် ဆိုဇာဟို့ ရေးဟ့ားဟ့ူကြောန်း (၁.၁၆—၁၁.၃၆)

၃။ ပေါလုဟ့ာ ခရစ်ယာန်သတ်ရှင်ရှင်း ပေါင်ဇံတွပ် လတ်တွိက့်လဟ့ူ လမ်းညွန်ချစ်လေ ဘောင်းဂီးဟို့ ရေးဟ့ားဟ့ူကြောန်း (၁၂.၁—၁၅.၁၃)

၄။ သူဟ့ာ ရောမသင်းတော်ဟ့ သင်းဝမ်သူလေဟို့ နှောက်ဆစ်စကား ဘောင်းဂီး ပြောရှင်းအားဖြင့် ရောမကျမ်းဟို့ နိဂေါင်းချောက်ဟ့ားဟ့ူကြောန်း (၁၆.၁–၂၇)

1 ဒန်းကောန်းဟို့ ဟောပြောဟို့တွပ် တမန်တော်ဖြစ်န ဘုရားသခင်ဝီးကော့-က်ဘီး
ခန့်အပ်ခံရဟူ ခရစ်တော်ယေရှုရဲ့ စေခံ ငါပေါလုဟာ အယ်စာဟို့ ရေးလိုက်ပါဟုယ်။
2 ရှေးခါဒှုးဟ့ ဘုရားသခင်ဟာ သူ့ရဲ့ ပရောဖက်လေအားဖြင့်
အယ်မူဒန်းကောန်းတွပ် ဂဒိထားဟားကြောန်းဟို့ သန့်ရှင်းဟူ ကျမ်းစာအားဖြင့်
ဖော်ပြဟားလေဟုယ်။
3 အယ်မူဒန်းကောန်းဟာ ဘုရားသခင်ရဲ့ သားတော် ယေရှုခရစ်တော်ရဲ့ ကြောန်းဘဲ့
ဖြစ်ပါဟုယ်။ သားတော်ဟာ လူဇာတိအားဖြင့် ဒါဝိဒ်မျိုးနွယ်ဟုနေ ပေါ်ထွပ်လာဘီး၊
4 သူ့ရဲ့ မြင့်မြတ် သန့်ရှင်းရှင်းအားဖြင့် ဘုရားသခင်ရဲ့ သားတော်ဖြစ်ဟူကြောန်းဟို့
ထန်ရှားစေဟို့တွပ် ဘုရားသခင်ဟာ မဟာတဂိုးတော်အားဖြင့် သခင်ယေရှုခရစ်ဟို့
သေရှင်းဟုနေဘီး ထမြော့-က်စေတော်မူဟုယ်။
5 အယ်သခင်ရဲ့ နာမတော်တွပ် လူမျိုးလေ ဂူလောင်းထဲမာ
ယောင်ကြည်ရှင်းနဆိုင်ဟူ နာခံမှုရှိစေဟို့တွပ် ကျေးဇူးတော်န တမန်တော်ဖြစ်ဟူခွမ့်ဟို့
ကိုယ်တော်အားဖြင့် နို့လေရရှိဂေ့ဟုယ်။
6 နန်းနို့လေလည်း အယ်လူမျိုးထဲမာပါဘီး ယေရှုခရစ်တော်ရဲ့ တမဲ့ဖြစ်ဟို့တွပ်
ဝီးကော့-က်ခံရဟူ သူလေဖြစ်ဂေ့ဟုယ်။
7 အယ်မျိုး ဘုရားသခင်ရဲ့ ရှစ်ရှင်းမြစ်တာတော်အားဖြင့် သူ့ရဲ့ လူမျိုးတော်ထဲဟို့
ရော့-က်စေဟို့တွပ် ဝီးကော့-က်ခံရဟူ ရောမမြို့ဟ့ သန့်ရှင်းဟူ
သင်းဝမ်သူလေနားဟို့ အယ်စာရေးလိုက်ပါဟုယ်၊
သခင်ယေရှုခရစ်တော်န နို့လေရဲ့ဖဖြစ်ဟူ ဘုရားသခင်နားဟ့ ကျေးဇူးတော်န
ငြိသတ်ရှင်းဟ့ နန်းနို့လေ ခံစားရဂေ့ပါစေ။

ကျေးဇူးတော် ချီးမွမ်းဟူကြောန်း

8 နန်းနို့လေရဲ့ ယောင်ကြည်ဟူ ကြောန်းရာလေဟ့ တကမ္ဘာလောင်းဟို့ ပ့လဲ့နှံ့ဘီး
ကျော်ကြားဟူကြောန့် နန်းနို့လေ ဂူလောင်းဟို့ ယေရှုခရစ်တော်အားဖြင့် ငါကိုးကွယ်ဟူ
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းပါဟုယ်။
9 သားတော်ရဲ့ကြောန်း ဒန်းကောန်းဟို့ ဟောပြောဟူဇာအားဖြင့် ငါဟ့
ဘုရားသခင်ရဲ့ မူတော်ဟို့ စိဝိညာဉ်နထပ်တူ လောက်ဆောန်နေဘီး၊
10 ငါဟ့ ဆုတောန်းဟူ ခီတိုင်းမာ နန်းနို့လေဟို့ မြဲဒမ်း ဒီရနေကြောန်းဟို့
ငါကိုးကွယ်ဟူ ဘုရားသခင်ဟ့ ငါ့ရဲ့သတ်သေဖြစ်ပါဟုယ်။
ဘုရားသခင်လိုတော်ရှိဟုယ် ဆိုဟ့ ကြာခန်မာ နန်းနို့လေနားဟို့ လာနိုင်ဟို့တွပ်
လမ်းဖွမ့်ပေးမယ့်ကြောန်းဟို့ ဆုတောင်းပါဟုယ်။
11 နန်းနို့လေ ဂူလောင်းဟ့ တည်ကြည်ဘီး ခိုင်ခံဟို့တွပ် ဝိညာဉ်ဆုကျေးဇူးလေဟို့
ဝီမျပေးရှင်ဟူ ဆန္ဒရှိဟူကြောန့် ငါဟ့ နန်းနို့လေဟို့ ရရာတိုင်းဘဲ့ တွိရှင်ပါဟုယ်။
12 တနည်းအားဖြင့် အယ်မျိုးတွိဆောင်ဟူ ခီမာ နန်းနို့လေန ငါဟ့ သီးသီးမာရှိဟူ
ယောင်ကြည်ရှင်းလေဟို့ ပ့လန်လှန် သတ်သေခံဝီမျဘီး ခွန်းအားယူနိုင်ဟို့တွပ်

ဖြစ်ပါဟုယ်။
13 ညီကို မောန်နှမလေ ငါဟာ လူမျိုးခြားလေမာ သီးပွမ့်လေရဟူမျိုး
နန်းနို့လေမာလည်း သီးပွမ့်လေရဟို့တွပ် နန်းနို့လေနားဟို့ လာနိုင်အောန် ခါဘီးခါ
စီစဉ်ဟူလည်းဘဲ့ ခုခီထိ တားဆီးမူဟို့ ခံနေရဟူကြောန်းဟို့ နန်းနို့လေ
သိစေရှင်ပါဟုယ်။
14 ငါဟာ ဂရိလူမျိုးဘဲ့ဖြစ်ဖြစ်၊ ရိုင်းဟူလူဘဲ့ဖြစ်ဖြစ်၊ ပညာရှိဘဲ့ဖြစ်ဖြစ်၊
ပညာမဲ့ဘဲ့ဖြစ်ဖြစ်၊ လူဘောန်းဇောင်ဟို့ ဟောပြောရမယ့် ဒန်းကောန်းရဲ့ ကြွေးဟာ
ငါ့မာတန်နေပါဟုယ်။
15 အယ်ကြောန့် ရောမဗြို့မာရှိဟူ နန်းနို့လေဟို့လည်း အယ်ဒန်းကောန်းဟို့
ဟောပြောဟို့တွပ် ငါဟာ ရရာတိုင်း စိအားထတ်သန်နေပါဟုယ်။

ဒန်းကောန်းရဲ့ တဂိုးကြောန်း

16 ငါဟာ ခရစ်တော်ရဲ့ ဒန်းကောန်းတွပ် လောင်းဝ ယှစ်ကြွေ-ဂ်မူမွေ့ဟု
ဖြားဖြစ်ကြောန့်နူးဆိုဟာ အယ်မူဒန်းကောန်းဟာ ရင်ဦးဆောင်း ယုဒလူမျိုး၊ နော့-ဂ်မှ
လူမျိုးခြားလေထဲမာ ယောင်ကြည်လတ်ခံလာမယ့် သူလေဂူလောင်းဟို့
ကယ်တန်ပေးဟူ ဘုရားသခင်ရဲ့ တဂိုးတော် ဖြစ်ပါဟုယ်။
17 ဖြားဖြစ်ကြောန့်နူးဆိုဟာ “ဖြောန့်မတ်ဟူသူဟာ ယောင်ကြည်ရှင်းအားဖြင့်
သတ်ရှင်လေ့မယ်”* ဆိုဘီး ကျမ်းစာမာရေးဟားတိုင်း ယောင်ကြည်ရှင်းနှိုက်တည်ဟူ
ဘုရားသခင်ရဲ့ ဖြောန့်မတ်ရှင်းတရားဟာ ယောင်ကြည်ရှင်းတွပ်
အယ်ဒန်းကောန်းအားဖြင့် ထန်ရှားနေပါဟုယ်။

လူသားရဲ့ ပြစ်ကြောန်း

18 ဘုရားသခင်ရဲ့ မျစ်တော်ဟာ ကောန်းဂန်ဘောင်ဟုနေ ထန်ရှားဘီး သမ္မာတရားဟို့
တရားဘဲဟူမူန လူလေသိဘဲနေအောန် ဆီးတားပိပန်ဟူ သူလေရဲ့
ဘုရားတရားမွေ့ရှင်းန တရားဘဲဟူမူ ဂူလောင်းထတ်ဟို့ သတ်ရောက်ဟုယ်။
19 ဖြားဖြစ်ကြောန့်နူးဆိုဟာ ဘုရားသခင်ဟာ သူန ပတ်သတ်ဘီး သိသင့်သိထိုက်ဟူ
ဇာလေဟို့ ရှင်းရှင်းလန်းလန်းဟားဟာ ဖော်ပြပေးဟားကြောန့် ဖြစ်ဟုယ်။
အယ်မူကြောန်းလေဟာ သူးနို့လေမာ ထန်ရှားဘီး ရှိနေပါဟုယ်။
20 တနည်းအားဖြင့် အယ်လောကဟို့ ဖန်ဆင်းဟူခီဟုနေစဘီး ဘုရားသခင်ရဲ့
ဗြင်ရဘဲဟူ ဂေါင်အင်္ဂါလေဖြစ်ဟူ ကိုယ်တော်ရဲ့ ထာဝရ တဂိုးတော်န ဘုရားသခင်ရဲ့
ဖြစ်တော်လေဟာ ဖန်ဆင်းတော်မူဟူ ရာလေအားဖြင့် ရှင်းရှင်းလန်းလန်း
သိနိုင်ဟူကြောန့် သူးနို့လေဟာ ကိုယ့်ပြစ်လေတွပ် ဆင်ခေပေးဟို့ ရနိုင်ဂေ့ဟု!
21 ဖြားဖြစ်ကြောန့်နူးဆိုဟာ သူးနို့လေဟာ ဘုရားသခင်ဟို့ သိဂေ့ဟူလည်းဘဲ့
ကိုယ်တော်ရဲ့ ဖောင်းသရေတော်ဟို့ ချီးမွမ်းသင့်ဟူတိုင်း ချီးမွမ်းဘဲ၊

1:13 ခ.၁၃ တ ၁၉.၂၁ **1:16 ခ.၁၆** မာ ၈.၃၈ * **1:17 ခ.၁၇** ဖြောန့်မတ်ဟူသူဟာ ယောင်ကြည်ရှင်းအားဖြင့် သတ်ရှင်လေ့မယ်၊ အယ်မျိုးမူဘဲနေဟာ ယောင်ကြည်ရှင်းအားဖြင့်ဘဲ့ ဖြောန့်မတ်ဟူသူဟာ သတ်ရှင်လေ့မယ်။ **1:21 ခ.၂၁** ဧ ၄.၁၇,၁၈

ကျေးဇူးတော်ဟိုလည်း သိမှတ်ဘဲန ကျိုးမွှေဘဲဟူ ဇာလေဟိုဘဲ့ တွေးနေဂေ့ဟူကြောန့်
သူးနို့ရဲ့ သိတရားမဲ့ဟူ စိနလောင်းဟို မှောန်မိုက် ဖောင်းလွှမ်းဟူးလေဟုယ်။
22 သူးနို့လေဟှာ ကိုယ့်ကိုယ်ကိုယ် ပညာရှိဖြစ်ဟုယ် ဆိုဘီး ပြောဂေ့ဟူလည်းဘဲ့
မိုက်မဲဟူ သူလေဖြစ်လာဘီး၊
23 ဖော့-က်ပ့လန် ပျစ်စီးရှင်းန ကင်းဟူ ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို
ပယ်ဘီး ဖော့-က်ပ့လန်တတ်ဟူ လူ့ရောက်ထု၊ ငှတ်ရောက်ထု၊ ခလေးရှောန်း
သတ္တဝါန တွားဘီးသွားတတ်ဟူ လိဆန်လေရဲ့ ရောက်ထုဟို ဘုရားသခင်နေရာမာ
ချီးမြှော့-က်ဂေ့ဟုယ်။
24 အယ်ကြောန့် ဘုရားသခင်ဟှာ သူးနို့ရှင်းရှင်း ကိုယ်ခန္ဓာရဲ့ အသရေဟို
ပျစ်စီးစေဟို့တွပ် သူးနို့လေရဲ့ ကိလေသာစိ ညစ်ညူးရှင်းလတ်ဟို အပ်လိုက်လေဟုယ်။
25 အယ်သူလေဟှာ ဘုရားသခင်ရဲ့ သမ္မာတရားဟို မှားဟူနေရာမာ ထားဂေ့ဘီး
ဖန်ဆင်းရှင်ဟို ကိုးကွယ်ရဟို့စား ဖန်ဆင်းဟှားဟူ ဇာလေဟို
ဝတ်ပြုကိုးကွယ်ဂေ့လေဟုယ်။ ဖန်ဆင်းရှင်ဟှာ ထာဝရမင်္ဂလာ ရှိတော်မူဟုယ်။ အာမင်။
26 အယ်မျိုးလောက်ဟူကြောန့် ဘုရားသခင်ဟှာ သူးနို့လေဟို ယုစ်ဇာကောန်းဟူ
ကိလေသာလတ်ထဲဟို အပ်လိုက်တော်မူလေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ
သူးနို့ထဲဟှ မီးမလေဟှာ သဘာဝဆစ်ဆံမှုဟို ပယ်ဘီးဟှာ သဘာဝန
ဆန့်ကျင်ဖတ်ဖြစ်ဟူ ဆစ်ဆံရှင်းနော့-က်ဟို လိုက်ဂေ့လေဟုယ်။
27 အယ်တိုင်းဘဲ့ ယော့-က်ကျားလေလည်း မီးမန သဘာဝဆစ်ဆံမှုဟို ပယ်ဘီးဟှာ
ရှင်းရှင်း ရာဂမီးတော့-က်လောန်ဂေ့ဘီး ယှစ်ဇာကောန်းဟူဇာဟို
ယော့-က်ကျားရှင်းရှင်း ပြုဂေ့ဟူကြောန့် သူးနို့လေရဲ့ ဆိုးညစ်ဟူကျင့်တွပ်
ထိုက်သင့်ဟူ ပြစ်ဒန်လေဟို ခံရဂေ့ဟုယ်။
28 အယ်သူလေဟှာ ဘုရားသခင်ဟို သိမှတ်ဘဲန လျစ်လျူရှုဂေ့ဟူကြောန့်
ဘုရားသခင်ဟှာ သူးနို့လေဟို ယောက်ညံ့ဟူစိလတ်ဟို အပ်လိုက်တော်မူဟူကြောန့်
သူးနို့လေဟှာ ပြုသင့်ဘဲဟူဇာလေဟို ပြုကျင့်ဂေ့လေဟုယ်။
29 အယ်သူလေဟှာ မျိုးမျိုးဖြစ်ဟူ ဆိုးယောက်မိုက်မဲရှင်း၊ တရားဘဲဟူ
မေထုန်ပြုရှင်း၊ ညစ်ညမ်းရှင်း၊ လောဘတတ်မတ်ရှင်း၊ ကျင့်ပျစ်ရှင်း၊ မနာလိုရှင်း၊
လူ့သတ်ဟို သတ်ရှင်း၊ ရန်ဖြစ်ရှင်း၊ လှည့်ဇားရှင်း၊ ရန်ငြိုးထားရှင်းန
သူများတင်းပြောဆိုရှင်း၊
30 ပေါက်ခတ်ပြောဆိုရှင်း၊ ဘုရားသခင်ဟို မူးရှင်း၊ မိုက်ရိုင်းရှင်း၊†
မာန်မာနထောန်လွှားရှင်း၊ ဝါကြွားရှင်း၊ ကောန်းဘဲဟူမူလေဟို တီထွမ်ရှင်း၊ မိဖစကားဟို
နားထောန်ဘဲနေရှင်း၊
31 သိတရားကင်းမဲ့သူ၊ ဂဒိတည်ဘဲဟူသူ၊ ကြင်နာဟူစိကင်းမဲ့သူ၊
သနားရှင်းစိကင်းမဲ့သူလေ ဖြစ်ဂေ့ဟုယ်။

† **1:30 ၁.၃၀** ဘုရားသခင်ဟို မူးရှင်း၊ မိုက်ရိုင်းရှင်း၊ အယ်မျိုးမူဘဲနေဟှာ ဘုရားသခင်ဟို မူးဟူသူန မိုက်ရိုင်းဟူ
သူလေ ဖြစ်ဂေ့ဟုယ်။

32 အယ်မျိုး ကျင့်ဂေ့ဟူသူလေဟှာ သေဒန်ဟို့ ခံထိုက်ဟှယ်ဆိုဘီး ဘုရားသခင်
စီရင်ဟှားဇာဟို့ သိဂေ့ဟူလည်းဘဲ့ သူးနို့ကိုယ်တိုင်လည်းကျင့်ဘီး အယ်မျိုး
ကျင့်ဂေ့ဟူသူလေဟို့လည်း အားပေးဂေါင်ယူဂေ့လေဟှယ်။

2

ဘုရားသခင်ခ့လမှတ်ဟှားဟူ တရားစီရင်ဟူကြောန်း

1 အယ်ကြောန့် သူများဟို့ စစ်ကြောစီရင်တတ်ဟူသူ၊ နန်ဟှာ ကိုယ့်ပြစ်ဟို့
မဖောင်းနိုင်ဟှ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်ဟှာ စစ်ကြောစီရင်ဟူမူဟို့
ကိုယ်တိုင်ပြုဟူဇာအားဖြင့်၊ သူများဟို့စစ်ကြောစီရင်ရာမာ ကိုယ့်မာပြစ်ရှိဟူကြောန်းဟို့
စီရင်ဆောင်းဖြတ်ရာရော့-က်ဟှယ်။

2 အယ်မျိုးဟူ ကျင့်လေဟို့ ကျင့်ဟူသူလေဟို့ ဘုရားသခင်
တရားစီရင်တော်မူဟူဇာဟှာ ဖြောန့်မတ် မှန်ကန်ကြောန်းဟို့ နို့လေသိဂေ့ပါဟှယ်။

3 အယ်ဘေဲ့ မိဆွေ၊ နန်ဟှာ သူတပါးဟို့စီရင်ဘီး ကိုယ်တိုင်လည်း ကျူးလွန်နေမား!
နန်ဟှာ ဘုရားသခင်ရဲ့ တရားစီရင်ရှင်းဟှနေဘီး လွတ်မယ်ထန်နေလော။

4 အယ်မျိုးမူဘဲနေဟှာ နန်ဟှာ ဘုရားသခင်ရဲ့ ကျေးဇူးပြုဟူဇာဟှာ နောန်ဒရဟို့တွပ်
လမ်းပြပို့ဆောန်ပေးနေဇာဟို့ သိမှတ်ဘဲ့န ကီးမားဟူ ကရုဏာတော်န စိရှယ်ရှင်းလေ၊
သီးခံတော်မူရှင်းလေဟို့ ထီမဲ့မြင်ပြုနေလော။

5 အယ်ဘေဲ့ နန်ဟှာ စိခိုင်မာဘီး နောန်ဒရဘဲနေဟှယ် ဆိုဟှာ ဘုရားသခင်ရဲ့
မျစ်တော်ထန်ရှားဟူနေ့၊ ဖြောန့်မတ်ဟူ တရားစီရင်မယ့်နေ့ရစ်မာ ပိုဘီး ကီးလေးဟူ
ပြစ်ဒန်ဟို့ ခံရလေ့မယ်။

6 ဘုရားသခင်ဟှာ လူတိုင်းကျင့်ဟူ ကျင့်နထပ်တူ ကျိုးပြစ်ဟို့
ဆပ်ပေးတော်မူလေ့မယ်။

7 ကောန်းဟူ ကျင့်ဟို့ မြဲဒမ်းကျင့်ဘီး ဖောင်းသရေတော်၊ ဂေါင်သရေတော်န
ဖော့-က်ပ့လန်ပျစ်စီးရှင်းန ကင်းဟူဇာလေဟို့ ရှာဟူသူလေဟို့ ဘုရားသခင်ဟှ
ထာဝရသတ်ဟို့ ပေးတော်မူလေ့မယ်။

8 အယ်ဘေဲ့ တကိုယ်ကောန်းဆန်ဘီး သမ္မာတရားဟို့ ကိုးစားနားထောန်ဘဲန
တရားဘဲဟူ မူလေနော့-က်ဟို့ လိုက်ဂေ့ဟူသူလေဟှာ ဘုရားသခင်ရဲ့ မျစ်တော်ဟို့
ခံရဂေ့လေ့မယ်။

9 ရင်ဦးဆောင်း ယုဒလူ၊ အယ်ဘီးန လူမျိုးခြားလေ ဒုစရိုက်ဟို့ ပြုဂေ့ဟူ
လူလေဂူလောင်းဟှာ ပြင်းထန်ဟူ ဒေါက်ခဝေဒနာလေဟို့ ခံရဂေ့လေ့မယ်။

10 အယ်ဘေဲ့ ရင်ဦးဆောင်း ယုဒလူ၊ အယ်ဘီးန လူမျိုးခြားလေ ကောန်းဟူ
ကျင့်လေဟို့ ကျင့်ဂေ့ဟူ သူလေ ဂူလောင်းဟှာ ဖောင်းသရေတော်၊ ဂေါင်တော်န
ငြိသတ်ရှင်းဟို့ ခံစားရလေ့မယ်။

11 ဘုရားသခင်ဟှာ မျစ်နှာလိုက်ဘဲန တရားစီရင်တော်မူလေဟှယ်။

2:1 **ဂ.ၖ** မ ၇.၁: လု ၆.၃၇

12 ပညတ်တရားဟို့ သိဘဲန၊ ပြစ်ကျူးလွန်ဟူ သူရှိဟူမျှဟှာ ပညတ်တရားပါဘဲန
ပျစ်စီးရလေ့မယ်။ ပညတ်တရားရှိရစ်န ပြစ်ကျူးလွန်သူလေဟှာ၊
ပညတ်တရားအားဖြင့် စီရင်ရှင်းဟို့ ခံရဂေ့လေ့မယ်။
13 လူဟှာ ပညတ်တရားဟို့ ကြားနာဟူမျှန ဘုရားသခင် ရှေ့တော်မာ ဖြောန့်မတ်
မှန်ကန်ဇာ မူဟှ။ ပညတ်တရားလေဟို့ လိုက်ရှော့-က်ကျင့်သောင်းမှ ဘုရားသခင်
ရှေ့တော်မာ ဖြောန့်မတ် မှန်ကန်ဟှယ် ဆိုဘီး သိမှတ်ပြုဟူဇာဟို့ ခံရဇာဖြစ်ဟှယ်။
14 လူမျိုးခြားလေဟှာ ပညတ်တရားဟို့ ကျင့်ဘဲန၊ ပညတ်တရားဟို့ သိဘဲန၊
ကိုယ့်ဖာသာ တရားဟို့ကျင့်ဂေ့ဟူ ခီမာ အယ်မူတရားလေဟှာ သူးနို့လေတွပ်
ပညတ်တရား ဖြစ်လာလေဟှယ်။
15 ပညတ်တရားရဲ့ ပြဋ္ဌဌာန်းဟှားဟူ ဇာလေဟှာ အယ်သူလေရဲ့ နှလောင်းသားမာ
ရေးဟှားဟူကြောန် သူးနို့လေရဲ့ ပြုမူလေဟှ ထော့-က်ခံလေဟှယ်။ သူးနို့လေရဲ့
သိစိဟှလည်း ထော့-က်ခံလေဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူးနို့လေရဲ့
စိန္နလောင်းဟှာ တခါတလေ သူးနို့ဟို့ ပြစ်တန်ဘီး တခါတလေလည်း သူးနို့ဟို့
ထော့-က်ခံဟူကြောန့် ဖြစ်ဟှယ်။
16 အယ်မူမှုရာလေဟှာ ငါဟောပြောဟူ ဒန်းကောန်းတိုင်း လူလေရဲ့ လျှို့ဝှက်ဟူ
ကျင့်လေဟို့ ယေရှုခရစ်တော်အားဖြင့် ဘုရားသခင် စစ်ကြောစီရင်ဟူနေ့မာ
ဖြစ်လေ့မယ်။

ယုဒလူမျိုးလေန ပညတ်တရားကြောန်း

17 နန်ဟှာ ကိုယ့်ကိုယ်ကိုယ် ယုဒလူမျိုးဖြစ်ဟှယ် ဆိုဘီး ပညတ်တရားဟို့ ကိုးစားဘီး
ဘုရားသခင်နို့က် ဝါကြွားဟူသူ၊
18 လိုတော်ဟို့သိဘီး၊ ပညတ်တရားရဲ့ သွန်သန်မှဟို့ ခံယူပီးဘီဖြစ်ဟူကြောန့်
မြင့်မြတ်ဟူ ရာလေဟို့ ပိုင်းခြားသိရဲ့န၊
19 မျစ်စိကန်းဟူသူလေဟို့ လမ်းပြဟူသူ၊ မှောန်မိုက်ထဲမာ နေဟူသူလေတွပ်
လန်းရောန်ပေးဟူသူ၊
20 မိုက်ဟူသူလေဟို့ ဆောန်းမဟူသူ၊ သိနားလည်ဘဲဟူ သူလေရဲ့ ဆရာဖြစ်ဟူသူ၊
ပညတ်တရားအားဖြင့် ပညာန သမ္မာတရားဟို့ သိနားလည်ဟူသူ ဆိုဘီး
ကိုယ့်ကိုယ်ကိုယ် ယောင်ကြည်ဟှယ် ဆိုဟှာ
21 သူများဟို့ သွန်သန်ဘီး ကိုယ့်ကိုယ်ကိုယ် သွန်သန်ဟှလော။ နန်ဟှာ သူများဟို့
ခိုးဝှပ်န ဆိုဘီး သွန်သန်ဘီးဟှာ ဖြားဖြစ်ကြောန့် နန်ကိုယ်တိုင် ခိုးဝှပ်နေနူး။
22 အီထောန်ရေးဖော့-က်ပ့်လန်န ဆိုဘီး ဆောင်းမနေရဲ့န နန်ကိုယ်တိုင်
ဖော့-က်ပ့်လန်နေလော။ ရောက်ထုဟို့ ရွံ့ရှာရဲ့န ဗိမာန်တော်ဟို့ လုယူဖျစ်ဆီးရလော။
23 ပညတ်တရားဟို့ မှီပြုဘီး ဝါကြွားရဲ့န အယ်မူတရားဟို့ လွန်ကျူးဘီး
ဘုရားသခင်ရဲ့ ဂေါင်တော်ဟို့ ရှောက်ခ့လနေလော။

24 ဖြားဖြစ်ကြောန့်နူးဆိုဟှာ “လူမျိုးခြားလေဟှာ နန်းန့်ိလေရဲ့ ကျင့်ဟှိ ထော့-က်ဘီး
ဘုရားသခင်ရဲ့ နာမတော်ဟှိ ကဲ့ရဲ့တတ်ဂေ့ဟှယ်” ဆိုဘီး ကျမ်းစာမာ
ဖော်ပြဟှားလေဟှယ်။

25 နန်ဟှာ ပညတ်တရားဟှိ လိုက်ရှော့-က်ဟှူသူ ဖြစ်ဟှယ် ဆိုဟှာ နန့်ရဲ့
ရေဖျားလှီးရှင်းဟှာ ကျိုးရှိလေ့မယ်။ အယ်ဘေမဲ့ ပညတ်တရားဟှို ကျူးလွန်ဟှူသူ
ဖြစ်ဟှယ် ဆိုဟှာ ရေဖျားလှီးရှင်းဟှို ခံဘဲန နေဇာဟှ ပိုဘီး ကောန်းလေ့မယ်။

26 အယ်မျိုးမှုဘဲနေဟှာ ရေဖျားလှီးရှင်းဟှို ခံဘဲဟှူသူ လူမျိုးခြား တယော့-က်ဟှာ
ပညတ်တော်မာပါဟှူ တရားလေဟှို လိုက်ရှော့-က် ကျင့်သောင်းဟှယ် ဆိုဟှာ
အယ်သူဟှို ရေဖျားလှီးရှင်းဟှို ခံယူဟှူသူ ဆိုဘီး မှတ်ယူမယ် မှုဟှလော။

27 ရေဖျားလှီးရှင်းဟှို ခံဘဲဟှူသူဟှာလည်း ကိုယ်လိုတိုင်း ပညတ်တရားဟှို ကျင့်မယ်
ဆိုဟှာ ကျမ်းစာန ရေဖျားလှီးရှင်း ရှိရစ်န ပညတ်တရားဟှို လွန်ကျူးဟှူ နန့်ဟှို
တရားစီရင်ဘီး ရှောင်းခံစေမယ် မှုဟှလော။

28 ဇာတိအားဖြင့် ယုဒလူမျိုးဖြစ်ဟှူသူဟှာ ယုဒလူမှန် မှုဟှ၊ အယ်မျိုးဘဲ့
ဇာတိအားဖြင့် ကိုယ့်သားမာ ရေဖျားလှီးဇာဟှလည်း ရေဖျားလှီးရှင်းမှန် မှုဟှ။

29 တွင်းသဘောအားဖြင့် ယုဒလူမျိုးဖြစ်ဟှူသူဟှဘဲ့ ယုဒလူမျိုးမှန်ဖြစ်ဘီး
ကျမ်းဟောန်းတရားမှုဘဲန ဝိညာဉ်တော်အားဖြင့်ဘဲ့ဖြစ်ဟှူ စိန္နလောင်းရဲ့
ရေဖျားလှီးရှင်းဟှဘဲ့ ရေဖျားလှီးရှင်းမှန် ဖြစ်ဟှယ်။ အယ်မျိုးသူဟှို လူလေနားဟှမှုဘဲန
ဘုရားသခင်နားဟှနေဘီး ချီးမွမ်းဟှူဇာဟှို ခံရလေဟှယ်။

3

1 အယ်မျိုးဆိုဟှာ ယုဒလူမျိုးဟှ ဖယ်မျိုးသာလွန်ဘီး ထူးခြားန့ူး။ သူးန့်ိလေ
ရေဖျားလှီးဟှူဇာအားဖြင့် ဖြားကျိုးရှိကြောန်နူး။

2 ဖတ်ဖတ်မာ ကျိုးဘောင်ဂီးရှိဟှယ်! ပထမနေန ယုဒလူမျိုးလေဟှာ ဘုရားသခင်ရဲ့
ဗျာဒိတ်တော်ဟှို ယောင်ကြည်ခံယူဂေ့ဟှယ်။

3 အယ်ဘေမဲ့ သူးန့်ိလေထဲမာ တချို့လူလေ ယောင်ကြည်ဘဲနေဇာဟှို
ဖယ်မျိုးပြောရဟှို့နူး။ ဘုရားသခင်ရဲ့ သစ်စာတော်ဟှာ သူးန့် ယောင်ကြည်ဘဲဟှူကြောန့်
ပျစ်ပြယ်ဟှားဟှို့လော။

4 ဖယ်မျိုးလည်း ပျစ်ပြယ်နိုင်ဟှ! လူလေဟှာ ဖြောန့်မတ်ဟန်ဆောန်ဘီး
လီလယ်ဂေ့ဟှူ လည်းဘဲ့ ဘုရားသခင်ရဲ့ ဖြောန့်မတ်ရှင်းဟှာ မြဲဒမ်းဘဲ့ တည်နေမယ်
ဖြစ်ဟှယ်။ ကျမ်းစာလာဟှူဇာဟှ
“ကိုယ်တော် မိန့်တော်မှုဟှူ စကားတော်ဟှာ မှန်ကန်လှုပါဟှယ်။
တရားစီရင်တော်မှုဟှူ ခီမာ အောင်မြင်ရမယ်” ဆိုဘီး ဖော်ပြဟှားဟှူတိုင်းဘဲ့
ဖြစ်ပါဟှယ်။

5 အယ်ဘေမဲ့ နန့်ိလေရဲ့ တရားဘဲဟှူမှုဟှ ဘုရားသခင်ရဲ့ ဖြောန့်မတ်မှန်ကန်ရှင်းဟှို
ပိုဘီး ထန်ရှားစေဟှယ် ဆိုဟှာ ဖယ်မျိုးပြောရမယ်နူး။ ဘုရားသခင် ပြစ်ပေးဇာဟှို

လူသားတယောဒ်-က်နေန တရားဟု ဆိုဘီး ပြောဟို့ရကြောန့်လော။ (အယ်မျိုး
ငါပြောဇာဟု လူလေ ပြောဆိုလေ့ရှိဟူတိုင်း ငါပြောဇာဖြစ်ဟုယ်။)
6 အယ်မျိုးမူဟု။ အယ်မျိုးဆိုဟာ ဘုရားသခင်ဟာ အယ်လောကဟို့ ဖယ်မျိုး
တရားစီရင်နိုင်မယ်နူး။
7 အယ်ဘေမဲ့ ငါဟာ သစ်စာပျစ်ဟူဇာအားဖြင့် ဘုရားသခင်ရဲ့ သမ္မာတရားဟာ
ဖောင်းသရေတော် တိုးပွားထန်ရှားစေဟုယ် ဆိုဟာ ဖြားဖြစ်ကြောန့် ငါ့ဟို့
ပြစ်ကျူးလွန်သူနေန ပြစ်ဒန်စီရင်ရသေးနူး။
8 “ကောန်းဟူကျိုးလေ သတ်ရော့-က်လာဟို့တွပ် ကောန်းဘဲဟူကျင့်လေဟို့
ကျင့်ဂေ့ဇို့” ဆိုဘီး ပြောရဟို့လော။ အယ်မျိုး ငါပြောဟုယ်ဆိုဘီး တချို့လူလေဟာ
ပြစ်တန်စွပ်စွဲဘီး ငါ့ဟို့ကဲ့ရဲ့ဂေ့ဟုယ်။ အယ်သူလေဟာ ပြစ်ဒန်စီရင်ဇာဟို့
ခံထိုက်ဟူမျှလော့-က် ခံရဂေ့လေ့မယ်။

ဖြောန့်မတ်ဟူသူ ယော့-က်လည်းမှေ့ဘဲဟူကြောန်း

9 အယ်မျိုးဆိုဟာ နို့ယုဒလူမျိုးလေဟာ လူမျိုးခြားလေထတ် ပိုဘီး
ကောန်းမြတ်ကြောန့်လော။ လောင်းဝမူဟု!* ယုဒလူမျိုးဘဲ့ဖြစ်ဖြစ်၊
လူမျိုးခြားလေဘဲ့ဖြစ်ဖြစ် လူလေ ဂူလောင်းဟာ ပြစ်ရဲ့တဂိုးအော့-က်မာ ရှိဟုယ်
ဆိုဇာဟို့ ငါဖော်ပြပီးဘီ။
10 ကျမ်းစာတော်ဟု၊
“ဖြောန့်မတ်ဟူသူ မှေ့ဟု တယော့-က်လည်းမှေ့ဟု၊
11 သိနားလည်သူ မှေ့ဟု၊
ဘုရားသခင်ဟို့ ရှာဟူသူ မှေ့ဟု။
12 လူလေ ဂူလောင်းဟာ လမ်းလွဲဟုးဂေ့ဘီ။
တပေါင်ဇဲဒဲ သောင်းရဘဲဟူသူလေ ဖြစ်ဂေ့ဘီ။
ကောန်းဟူကျင့်ဟို့ ကျင့်ဟူသူမှေ့ဟု၊ တယော့-က်လည်း မှေ့ဟု။
13 သူးနို့လေရဲ့ လည်ခေါင်းဟာ ဖွမ့်ဟုးဟူ သန်းခ့လိုင်းတွမ်း ဖြစ်ဟုယ်။
သူးနို့လေဟာ လျှာန လှည့်ဇားတတ်ဂေ့လေဟုယ်။
သူနို့ဇပ်ပေါ့-က်မာလည်း ဗွီဆိုးဆိလေ ရှိလေဟုယ်။
14 သူးနို့လေဟာ ကီဆဲဟူစကားလေ၊ ခါးသီးဟူ စကားလေန ပ့လဲ့ဝဂေ့လေဟုယ်။
15 သူးနို့လေရဲ့ ခေလတ်ဟာ လူသတ်ဟို့ သတ်ဟို့ ရရာတိုင်း ဗြန်ဆန်ဂေ့ဟုယ်။
16 သူးနို့ သွားဟူလမ်းနှိုက် ပျစ်စီးမူလေန ဒေါက်ခဆင်းရဲလေရှိဟုယ်။
17 ငြိသတ်ရှင်းလမ်းဟို့ သူးနို့လေ သိဂေ့ဟု။
18 သူးနို့ရဲ့ မျစ်စိမာ ဘုရားသခင်ဟို့ ကြော့-က်ရွံ့မူမှေ့ဟု” ဆိုဘီး ကျမ်းစာလာဟူ
တိုင်းဘဲ့ ဖြစ်လေဟုယ်။

---

* **3:9** ၃.၉ လူမျိုးခြားလေထတ် ပိုဘီး ကောန်းမြတ်ကြောန့်လော။ လောင်းဝမူဟု! အယ်မျိုးမူဘဲနေဟာ
လူမျိုးခြားလေထတ် ပိုဘီး ဆိုးကြောန့်လော။ လောင်းဝမူဟု!

19 ပညတ်တရားအားဖြင့် တားမြစ်ဟုဲ့ဟူ ကြောန်းရာလေဟု
ပညတ်တရားအော့-က်မာ ရှိနေဟူ လူလေ အားလောင်းတွပ် ဖြစ်ဟူဇာဟို ခု
နို့လေသိဂေ့ဘီ။ အယ်ကြောန့် လောကသား ဂူလောင်းဟု ဇပ်ပေါ့-က်အားလောင်း
ပိခံရဘီး ဘုရားသခင် ရှေ့တော်မာ တရားစီရင်ဇာဟို ခံရဟို့တွပ် ဖြစ်လေဟုယ်။
20 အယ်ကြောန့် ပညတ်တရားရဲ့ ကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်မာ
ဖယ်လူလည်း ဖြောန့်မတ်ရာဟို ရော့-က်နိုင်ဟု။ ဖြားဖြစ်ကြောန့်နူးဆိုဟု
ပညတ်တရားအားဖြင့် နို့လေမာ ပြစ်ရှိဟူကြောန်းဟို သိစေဟို့တွပ်ဘဲ့ ဖြစ်လေဟုယ်။

ဘုရားသခင်ရှေ့တော်မာ ဖယ်မျိုးအားဖြင့်ဖြောန့်မတ်ဟူကြောန်း

21 ခုမာ မောရှေရဲ့ ပညတ်ကျမ်းန ပရောဖက်ကျမ်းလေဟု သတ်သေခံဟူတိုင်း၊
ပညတ်တရားရဲ့ကျင့်န လောင်းဝစပ်ဆိုင်ဘဲဟူ ဘုရားသခင်ရဲ့ ဖြောန့်မတ်ဟူတရားဟု
ထန်ရှားလေဘီ။
22 ယေရှုခရစ်တော်ဟို ယောင်ကြည်ဟူဇာအားဖြင့် ယောင်ကြည်ဟူသူလေထတ်မာ
သတ်ရော့-က်စေဟူ ဘုရားသခင်ရဲ့ဖြောန့်မတ်ရှင်း ဖြစ်ဟုယ်။ လူလေဟု ခြားနားမှု
လောင်းဝမှေ့ဟု။
23 ဖြားဖြစ်ကြောန့်နူးဆိုဟု လူလေ ဂူလောင်းဟု ပြစ်ကျူးလွန်ဘီး ဘုရားသခင်ရဲ့
မျစ်မှော့-က်တော်န ဝီးကွာဟုားဂေ့ဘီ။
24 အယ်ဘေမဲ့ ယေရှုခရစ်တော်ရဲ့ ဝီးကော့-က်ရှင်းအားဖြင့် ဖိုးခပေးဇာလိုဘဲဟူ
ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောန့် ဖြောန့်မတ်ရာဟို ရော့-က်ရဂေ့ဟုယ်။
25 ဘုရားသခင်ဟု သူ့ရဲ့ ဖြောန့်မတ်ရှင်းဟို ထန်ရှားစေဟို့တွပ် ခရစ်တော်ဟို
ခန့်ဟုားဘီး ယောင်ကြည်ရှင်းတွပ် ခရစ်တော်ရဲ့ သွီးတော်ဟို[†] သနားခံဟူပူဇော်သကာ
ဖြစ်စေတော်မူဟုယ်။ တနည်းအားဖြင့် စိရှယ်သီးခံဘီးဟု လွန်လာဘီးဟူ ပြစ်လေဟို
မူထားဘဲန နေတော်မူဟုယ်။
26 ခုကာလမာ သူ့ရဲ့ ဖြောန့်မတ်ရှင်းတရားဟို ထန်ရှားစေဟို့တွပ်န
ဘုရားသခင်ကိုယ်တိုင် ဖြောန့်မတ်ရှင်းရဲ့ သခင် ဖြစ်ဟူကြောန်း ယေရှုဟို
ယောင်ကြည်ဟူသူဟို ဖြောန့်မတ်ဟူသူ ဖြစ်ဟုယ် ဆိုဘီး သိမှတ်ပြုဟို့တွပ် ဖြစ်ဟုယ်။
27 အယ်မျိုးဆိုဟု ဝါကြွားရဟို့ကြောန်းဟု ဖယ်မာရှိသေးနူး။ နို့လေ
ဝါကြွားဟို့ကြောန်း မ့ေဟု။ ပယ်လိုက်ဘီ။ ဖယ်တရားန ပယ်နူး။ ပညတ်တရားအားဖြင့်
ပယ်ဟူဇာလော။ မူဟု။ ယောင်ကြည်ရှင်းတရားန ပယ်လိုက်ဟူဇာ ဖြစ်ဟုယ်။
28 အယ်ကြောန့် လူဟုာ ပညတ်တရားနဆိုင်ဟူ ကျင့်အားဖြင့်မူဘဲ
ယောင်ကြည်ရှင်းအားဖြင့် ဖြောန့်မတ်ဟုယ်ဆိုဘီး သိမှတ်ပြုဟူဇာဟို
နို့လေခံရဂေ့ဟုယ်။

3:20 **ရ.၂၀** ဂလာ ၂.၁၆ **3:22** **ရ.၂၂** ဂလာ ၂.၁၆ † **3:25** **ရ.၂၅** ခရစ်တော်ရဲ့ သွီးတော်ဟို၊ အယ်မျိုးမူဘဲနေဟု ခရစ်တော်ရဲ့ သေခံရှင်းအားဖြင့်။

29 ဘုရားသခင်ဟာ ယုဒလူမျိုးလေရဲ့ ဘုရားဘဲ့ဖြစ်ဟူဇာလော။ လူမျိုးခြားလေရဲ့
ဘုရားလည်းဖြစ်ဟုယ် မှုဟုလော။ အယ်ဘဲ့ လူမျိုးခြားလေရဲ့
ဘုရားလည်းဖြစ်လေဟုယ်။
30 ယောင်ကြည်ရှင်းအားဖြင့် ရေဖျားလှီးရှင်းခံဟူသူဟို ဖြောန့်မတ်ဟုယ် ဆိုဘီး
သိမှတ်ပြုတော်မူဟူ ဘုရားသခင်ဟု ရေဖျားလှီးရှင်းခံရဘဲသူဟိုလည်း
ယောင်ကြည်ရှင်းအားဖြင့် ဖြောန့်မတ်ဟုယ်ဆိုဘီး သိမှတ်ပြုပေးဟူ ဘုရားသခင်ဟာ
တပါးဒဲဘဲ့ ရှိတော်မူဟုယ်။
31 အယ်မျိုးဆိုဟာ နိုလေဟာ ယောင်ကြည်ရှင်းအားဖြင့် ပညတ်တရားဟို
ပယ်ဂေ့ဟူဇာလော။ လောင်းဝ ပယ်ဟု၊ ပိုဘီး တည်စေဂေ့ဟုယ်။

4

အာဗြဟံရဲ့ ယောင်ကြည်မှုစံနမူနာကြောန်း

1 အယ်မျိုးဆိုဟာ နိုလေရဲ့ဖ အာဗြဟံဟာ ဇာတိအားဖြင့် ဖယ်မူကျိုးဟိုရနူး။
2 အာဗြဟံဟာ ကျင့်အားဖြင့် ဖြောန့်မတ်ရာဟို ရော့-က်ဟုယ် ဆိုဟာ
ဝါကြွားဟို့ကြောန်းရှိဟုယ်။ အယ်ဘေမဲ့ ဘုရားသခင်ရဲ့ရှေ့တော်မာ အယ်မျိုး မှုဟု။
3 ကျမ်းစာမာ လာဟူဇာဟု “အာဗြဟံဟာ ဘုရားသခင်ဟို ယောင်ကြည်ဟူကြောန့်
အယ်မှုယောင်ကြည်ရှင်းဟို သူ့ရဲ့ ဖြောန့်မတ်ရှင်းဖြစ် လတ်ခံတော်မှုလေဟုယ်” ဆိုဘီး
ပြောဟူးလေဟုယ်။
4 လောက်လောက်ဟူကြောန့် ရဟူခဟာ ကျေးဇူးပြုဟူကြောန့် ရဟူခ မှုဘဲန
ရသင့်ရထိုက်ဟူကြောန့် ရဟူဇာဖြစ်ဟုယ်။
5 အယ်ဘေမဲ့ ကျင့်မှေဘဲသူဟာ တရားဘဲဟူ သူ့ရဲ့ပြစ်ဟို ဖြေပေးဟူ ဘုရားသခင်ဟို
ယောင်ကြည်ဟုယ် ဆိုဟာ သူ့ရဲ့ ယောင်ကြည်ရှင်းဟို ဖြောန့်မတ်ရှင်း ဆိုဘီး
သတ်မှတ်တော်မူဟုယ်။
6 အယ်မျိုးဘဲ့ ဒါဝိဒ်ဟုလည်း ဘုရားသခင်ဟာ ကျင့်ဟို ထော့-က်ဘဲန
ဖြောန့်မတ်ဟူသူဖြစ် သတ်မှတ်ရှင်းဟို ခံရဟူသူလေရဲ့ မ်ဂလာဟို ပြောဆိုဟူ ခီမာ
7 “ပြစ်ဟုလွတ်ဟူခွမ့်မန ဒုစရိုက်ပြစ်လေဟို
ဖောင်းအောက်ခံရဟူသူလေဟာ မင်္ဂလာရှိလေဟုယ်!
8 ဘုရားသခင် ပြစ်တန်ဇာဟုနေဘီး လွတ်ဟူသူလေဟာ မင်္ဂလာရှိလေဟုယ်!” ဆိုဘီး
ပြောဆိုလေဟုယ်။
9 ဒါဝိဒ်ပြောဟူမ်ဂလာဟို ရေဖျားလှီးရှင်းဟို ခံဟူသူလေဘဲ့ ရဂေ့ဇာလော။
ရေဖျားလှီးရှင်းဟို ခံရဘဲသူလေလည်း ရဂေ့လေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
“အာဗြဟံရဲ့ ယောင်ကြည်ရှင်းဟို ဖြောန့်မတ်ရှင်းဖြစ် လတ်ခံတော်မှုလေဟုယ်။”

3:30 **၃.၃၀** ဂလာ ၃.၂၀ **4:3** **၄.၃** ဂလာ ၃.၆

10 ဖယ်ခီမာ သတ်မှတ်ခံရနူး။ ရေဖျားလှီးရှင်းဟို ခံဘီးမှလော။ အယ်မျိုးမူဘဲနေဟှာ
ရေဖျားလှီးရှင်းဟို ခံခန်လော။ ခံဘီးမှ သတ်မှတ်ဟူဇာ မူဟှ။ ခံယူခန်မာ
သတ်မှတ်ခံရရှင်း ဖြစ်ဟှယ်။
11 အယ်မျိုး လတ်ခံတော်မူဘီးမှ အာဗြဟံဟှာ ရေဖျားလှီးရှင်းဟို ခံရလေဟှယ်။
အယ်မူ ရေဖျားလှီးရှင်းဟှ ဘုရားသခင်ဟှာ အာဗြဟံရဲ့ ယောင်ကြည်ရှင်းဟို
ထော့-က်ဘီးဟှာ ရေဖျားလှီးရှင်းဟို ခံယူခန်ဟှ ဖြောန်မတ်ဟူသူဖြစ်
လတ်ခံပေးတော်မူဟူ ကြောန်းဟို သတ်သေပြေးဟူ မှတ်လတ်ခဏာဘဲ့
ဖြစ်လေဟှယ်။ အယ်ကြောန့် အာဗြဟံဟှာ ရေဖျားလှီးရှင်းဟို ခံဘဲဟူလည်းဘဲ့
ယောင်ကြည်ရှင်းအားဖြင့် ဖြောန်မတ်ဟူ သူဖြစ်န ဘုရားသခင် လတ်ခံပေးတော်မူဟူ
သူလေဂူလောင်းရဲ့ ဖဖြစ်လာလေဟှယ်။
12 တနည်းအားဖြင့် အာဗြဟံဟှာ ရေဖျားလှီးရှင်းဟို ခံဟူသူလေရဲ့ဖ ဖြစ်စေဟို့တွပ်န
ရေဖျားလှီးရှင်းဟို ခံဟူသူလေနမကဘဲ ရေဖျားလှီးခန်ကဲဟှ နို့လေရဲ့ဖ
အာဗြဟံနှိုက်ရှိဟူ ယောင်ကြည်ရှင်းခေရာဟို လိုက်လျော့-က်ဟူ သူလေရဲ့ ဖလည်း
ဖြစ်စေဟို့တွပ် ဖြစ်ဟှယ်။

ယောင်ကြည်ရှင်းအားဖြင့် ကဒိတော်ဟို ခံစားရဟူကြောန်း

13 ဘုရားသခင်ဟှာ အာဗြဟံန သူ့ရဲ့ သားမှလေးလေဟို အယ်လောကဟို မွီခံစေမယ်
ဆိုဘီး ဂဒိပေးဟူ ခီမာ အာဗြဟံဟှ ပညတ်တရားဟို နာခံရှင်းကြောန်မူဘဲန
ဘုရားသခင်ဟို ယောင်ကြည်ဘီး ရဟူ ဖြောန်မတ်ရှင်းကြောန့် ဖြစ်ဟှယ်။
14 တကယ်ဟူကြောန့် ပညတ်တရားဟို ကျင့်ဂေ့ဟူသူလေဘဲ့ ဂဒိတော်ဟို ခံစားရမယ်
ဆိုဟှာ ဘုရားသခင်ဟို ယောင်ကြည်ဟူဇာဟှာ ဓိပါယ်မှေဘဲန ဂဒိတော်ဟှလည်း
ချည်းနှီးသတ်သတ်ဘဲ့ ဖြစ်ဟှားလေ့မယ်။
15 ပညတ်တရားဟှာ မျစ်ဒေါသဟို ဖြစ်စေဟှယ်။ အယ်ဘေမဲ့
ပညတ်တရားမှေဘဲနေဟှာ ပြစ်ရဲ့ သဘောသဘာဝဟို့လည်း သိဟို့မူဟှ
လွန်ကျူးဟူလည်းဘဲ့ ရေးယူဟို့မရဟှ။
16 အယ်မျိုးဖြစ်ကြောန့် ဂဒိတော်ဟှာ ယောင်ကြည်ရှင်းနဘဲ့ ဆိုင်လေဟှယ်။ အယ်မူ
ဂဒိတော်ဟို ကျေးဇူးတော်အားဖြင့်ဘဲ့ ဖြစ်စေဘီး ပညတ်တရားဟို နာခံကျင့်သောင်းဟူ
သူလေတွပ်ဘဲ့ကဘဲန အာဗြဟံရဲ့ ယောင်ကြည်ရှင်းန ဆိုင်ဟူ မျိုးနွယ်လေန
သားစဉ်မှလေးဆစ်လေ အားလောင်းလေတွပ် ဆုလတ်ဆောန်ဖြစ် တည်မြဲစေဘီး
အာမခံဟှားလေဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ အာဗြဟံဟှာ နို့လေ ဂူလောင်းရဲ့
ယောင်ကြည်ရှင်းဖခင် ဖြစ်ဟူကြောန်ဖြစ်ဟှယ်။
17 “ငါဟှာ နန့်ဟို လူမျိုးအားလောင်းလေရဲ့ ဖ ဖြစ်စေဘီ” ဆိုဘီး ကျမ်းစာမာ
ဖော်ပြဟှားတိုင်း အာဗြဟံဟှာ သူယောင်ကြည်ဟူ ဘုရားဖြစ်ဟူ၊ သေနေလူလေဟို

4:13 **၄.၁၃** ဂလာ ၃.၂၉ **4:14** **၄.၁၄** ဂလာ ၃.၁၈ **4:16** **၄.၁၆** ဂလာ ၃.၇

သတ်ပုလန်ရှင်စေဟူ ဘုရား ဖြစ်လာသေးဘဲဟူ ရာလေဟို ဖြစ်လာအောန် မိန့်ပေးနိုင်ဟူ
ဘုရားသခင် ရှေ့တော်နှိုက် နို့လေ ဂူလောင်းရဲ့ဖ ဖြစ်တော်မူဟုယ်။
18 အာဗြဟံဟုာ မျော်လင့်ဇာ ကြောန်းရာလေ မှေ့ဘဲဟူ ခြေနေမာ ဘုရားသခင်ဟို
မျော်လင့် ယောင်ကြည်ဟူကြောန့် "နန့်ရဲ့ မျိုးနွယ်ဟုာ ကြယ်လေမျိုးဘဲ့
ရေတွပ်နိုင်ဘဲနေအောန် များပြားလေ့မယ်" ဆိုဘီး မိန့်မှာခံရဟူတိုင်း ရရာတိုင်း များဟူ
လူမျိုးလေရဲ့ဖ ဖြစ်လာလေဟုယ်။
19 အာဗြဟံဟု သူသတ်ဟုာ ၁၀၀ လော့-က်ရှိဟူကြောန့် သူကိုယ်ခန့ဓာဟုာ
သေဖြစ်နေကြောန်းဟို သိဘီး သူမယား စာရာဟုာလည်း သားရနိုင်ဘဲဟူ ဇာဟို
သိဟူလည်းဘဲ့ ဘုရားသခင်ဟို စိခ့လယောင်ကြည်လေဟုယ်။
20 ဘုရားသခင်ရဲ့ ဂဒိတော်ဟို သံသယမှေ့ဘဲန ယောင်ကြည်မူ အားကီးဘီးဟုာ
ဘုရားသခင်ရဲ့ ဂေါင်တော်ဟို ချီးမွမ်းဘီး
21 ဂဒိပေးဟူ ဘုရားသခင်ဟုာ ဂဒိတော်တိုင်း တတ်စွမ်းနိုင်ဟုယ် ဆိုဇာဟို ကြွင်းမဲ့
သူယောင်ကြည်လေဟုယ်။
22 အယ်ကြောန့် အယ်ယောင်ကြည်ရှင်းဟို သူရဲ့ ဖြောန့်မတ်ရှင်းဖြစ်
လတ်ခံတော်မူဟုယ်။
23 အယ်ဘေမဲ့ "သူဟို ဖြောန့်မတ်ဟူသူဖြစ် လတ်ခံတော်မူဟုယ်" ဆိုဘီး
မိန့်တော်မူဟူ ကျမ်းစကားတော်ဟုာ သူတွပ်လော့-က်ဘဲ့ မူဟု။
24 နို့လေတွပ်လည်း ရေးဟုားလေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ သခင်ယေရှုဟို
ရှင်ပုလန်ထမြော့-က်စေဟူ ဘုရားသခင်ဟို နို့လေ ယောင်ကြည်ဟူကြောန့် နို့လေရဲ့
ယောင်ကြည်ရှင်းဟို ဖြောန့်မတ်ဟုယ် ဆိုဘီး လတ်ခံတော်မူဟူကြောန့် ဖြစ်လေဟုယ်။
25 အယ်သခင်ဟုာ နို့လေ ကျူးလွန်ဟူ ပြစ်လေကြောန့် အပ်ဇာဟို ခံရဘီး နို့လေ
ဖြောန့်မတ်ဟို့တွပ် ထမြော့-က်တော်မူလေဟုယ်။

5

ယောင်ကြည်ရှင်းအားဖြင့် ဘုရားသခင်နှိုက်ငြိသတ်ရှင်း

1 အယ်ကြောန့် ယောင်ကြည်ရှင်းအားဖြင့် ဖြောန့်မတ်ဟုယ် ဆိုဘီး သိမှတ်ပြုခံရဟူ
နို့လေဟုာ သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ရဲ့ ငြိသတ်ရှင်းဟို
ရရှိဂေ့ဟုယ်။*
2 အယ်သခင်ဟို နို့လေယောင်ကြည်ဂေ့ကြောန့် အယ်မျိုး ကျေးဇူးတော်ဟို
ခံစားရဟူဇာ ဖြစ်ဟုယ်။ အယ်ကြောန့် ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို
မျော်လင့်ဘီးဟုာ နို့လေ ဝါကြွားဘီး ဝမ်းမြော့-က်ဂေ့ဟုယ်!†
3 အယ်လော့-က်နကဟု ဆင်းရဲဒေါက်ခလေနှိုက်လည်း
ဝါကြွားဝန်းသာမူရှိဂေ့ဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ ဆင်းရဲဒေါက်ခလေဟုာ
သီးခံရှင်းဟို ဖြစ်စေကြောန့် ဖြစ်ဟုယ်။

* **5:1 ၅.၁** ရရှိဂေ့ဟုယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ နို့လေမာရှိပါစေ၊ ဆိုဘီး ပါရှိဟုယ်။ † **5:2 ၅.၂** နို့လေ ဝါကြွားဘီး ဝမ်းမြော့-က်ဂေ့ဟုယ်၊ အယ်မျိုးမှသဲနေဟုာ နို့လေ ဝါကြွားဂေ့ဇို့။

4 သီးခံမှုဟာ ခံနိုင်ရည် ခွန်အားဟိုရဘီး ဘုရားသခင်ရဲ့ မျှစ်နှာသာဟို ပိုဘီး
ခံစားရလေဟုယ်။ ဘုရားသခင်ရဲ့ မျှစ်နှာသာဟုလည်းဘဲ့ မျော်လင့်ရှင်းဟို
တိုးပွားစေဟုယ်။
5 အယ်မျော်လင့်ရှင်းဟုလည်း ယုစ်ကြော့-က်စီပျစ်မှုလေန လွတ်ကင်းစေဟုယ်။
ဖြားဖြစ်ကြောန်နှုးဆိုဟာ နို့လေဟိုပေးသနားတော်မူဟူ သန့်ရှင်းဟူဝိညာဉ်တော်ဟာ
ဘုရားသခင်ရဲ့ မြစ်တာတော်ဟို နို့လေရဲ့နှလုံးသားထဲဟို
သွန်းလောင်းပေးတော်မူဟူကြောန့် ဖြစ်လေဟုယ်။
6 နို့လေဟာ ကျိုးနဲဖြစ်နေခီမာ ခီတန်မှ ခရစ်တော်ဟာ တရားဘဲဟူ
သူလေတွပ်ကြောန့် သေခံတော်မူဟုယ်။
7 ဖြောန့်မတ်ဟူ သူလေတွပ်ကြောန့် သေခံပေးဟို့သူ ရှိဟို့ခဲယဉ်းဟုယ်။
သူတော်ကောန်းတွပ်ကြောန့် သေခံရဲဟူသူလေ ရှိရှင်ဟာရှိလေ့မယ် မှန်စေဝေါ့။
8 အယ်ဘေမဲ့ နို့လေပြစ်ရှိနေဟူ ခီမာဘဲ့ ခရစ်တော်ဟာ နို့လေတွပ်
သေခံတော်မူဟူဇာအားဖြင့်၊ ဘုရားသခင်ဟာ နို့လေဟို ဖယ်မျလော့-က် ရှစ်နှုးဆိုဇာဟို
ထန်းထန်ရှားရှား ဖော်ပြတော်မူလေဟုယ်!
9 အယ်ကြောန့် ခုခီမာ ခရစ်တော်ရဲ့ သွီးတော်အားဖြင့်‡ ဖြောန့်မတ်ဟုယ် ဆိုဘီး
သိမှတ်ပြုခံရဟူ နို့လေဟာ ကိုယ်တော်အားဖြင့် ဘုရားသခင်ရဲ့ မျစ်တော်ဟုနေ ပိုဘီး
ကယ်တန်ခံရလေ့မယ်!
10 ဖြားဖြစ်ကြောန့်နှုးဆိုဟာ နို့လေဟာ ဘုရားသခင်ရဲ့ ရန်သူလေ ဖြစ်ဂေ့ဟူလည်းဘဲ့
ကိုယ်တော်ဟာ သားတော်ဟို့ သေခံစေရှင်းအားဖြင့် နို့လေဟို့ သူ့ရဲ့မိဆွေလေ
ဖြစ်စေတော်မူဟုယ်။ ခု နို့လေဟာ ဘုရားသခင်ရဲ့ မိဆွေလေဖြစ်ဂေ့ဟူကြောန့်
ခရစ်တော်ရဲ့ သတ်တော်အားဖြင့် ကယ်တန်ရှင်းကျေးဇူးဟို ပိုဘီး ဟာ ခံရဂေ့လေ့မယ်!
11 အယ်လော့-က်နမကဘဲ မိတ်သဟာယဖွဲ့ရှင်းခွမ့်နှ ကျေးဇူးတော်ဟို ခုခံစားစေဟူ၊
နို့လေသခင် ယေရှု ခရစ်တော်အားဖြင့် ဘုရားသခင်နှိုက် ဝါကြွားဝန်းသာရှင်း
ရှိဂေ့လေဟုယ်။

အာဒံန ခရစ်တော်ဟို နှိုင်းယှဉ်ဟူကြောန်း

12 အယ်မူကြောန်းရာဟု ပြစ်တရားဟာ လူတယော့-က်အားဖြင့် အယ်လောကထဲဟို
ဝမ်ရော့-က်လာဘီး၊ အယ်ပြစ်တရားအားဖြင့် သေရှင်းတရား ဝမ်ရော့-က်လာဘီး
လူလေ ဂူလောင်းဟာ ပြစ်ရှိဟူကြောန့် သေဂေ့ရလေဟုယ်။
13 ပညတ်တရားဟို ပေးခန်ကဒဲဟု အယ်လောကမာ ပြစ်ရှိဟူဇာ ဖြစ်ဟုယ်။
ဖယ်ပညတ်တရားမှ မွေ့ဘဲနေဟာ ပြစ်ရှိဟုယ် ဆိုဘီး မှတ်ယူဟို့ကြောန်း မွေ့ဟု။
14 အယ်ဘေမဲ့ သေရှင်းတရားဟာ အာဒံ လတ်ထတ်ဟုနေစဘီး မောရှေ
လတ်ထတ်ထိ လူလေ ဂူလောင်းဟို စိုးရလေဟုယ်။ အာဒံ ပြစ်မှားဟူမျိုး ပြစ်မှားဘဲဟူ
သူလေဟိုလည်း စိုးရလေဟုယ်။

‡ **5:9 ၅.၉** ခရစ်တော်ရဲ့ သွီးတော်အားဖြင့်၊ အယ်မျိုးမူဘဲနေဟာ ခရစ်တော်ရဲ့ သေခံတော်မူရှင်းအားဖြင့်။

အယ်မူအာဒံဟာ နော့-က်ကြွလာမယ့်သူရဲ့ ပေါင်ပမာ ဖြစ်လေဟုယ်။
15 အယ်ဘေမဲ့ ပြစ်မှားဟူ သဘောန ကျေးဇူးတော် သဘောတူဟု။
ဖြားဖြစ်ကြောန်နူးဆိုဟာ တယော့-က်သောသူ အာဒံ ပြစ်ကျူးလွန်ဟူကြောန့် လူလေ
ဂူလောင်း သေရဟုယ် ဆိုဟာ တယော့-က်သောသူ ယေရှု ခရစ်တော်အားဖြင့်
ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောန့် ကျေးဇူးတော်ရဲ့ ကျိုးဟို့ လူလေ ဂူလောင်းနှိုက်
ပိုဘီး ကြွယ်ဝပွလဲ့ဇောင်လေဟုယ်။
16 နော့-က်ဘီး လူတယော့-က် ပြစ်မှားဟူဇာန ကျေးဇူးတော်ဟာ တူဟု။
ဖြားဖြစ်ကြောန်နူးဆိုဟာ တရားစီရင်ခီမာ ပြစ်ကြောန့် "ဒန်ခံစေ" ဆိုဘီး စီရင်ဟုယ်
ဆိုဟာ ကျေးဇူးတော်ဟု ပြစ်ဘောင်ဂီးရှိနေဘေမဲ့ "လွတ်စေ!" ဆိုဘီး
စီရင်ခ့လမှတ်လေဟုယ်။
17 နော့-က်ဘီးဟာ လူတယော့-က် ပြစ်မှားကြောန့် သေရှင်းတရားဟာ
အယ်သူအားဖြင့် စပြုဘီး ဝမ်ရော့-က်လာဟုယ် ဆိုဟာ တယော့-က်သောသူဖြစ်ဟူ
ယေရှုခရစ်တော်ရဲ့ လောက်ဆောန်ရှင်းအားဖြင့် ဘုရားသခင်ရဲ့ ကြွယ်ဝဟူ
ကျေးဇူးတော်န ဖြောန့်မတ်ရှင်း ကောန်းဂျီးဟို့ ခံစားခွမ့်ရဟူ သူလေဟာ
ယေရှုခရစ်အားဖြင့် သတ်ရှင်ဘီး စိုးစံလေ့မယ်!
18 အယ်ကြောန့် လူတယော့-က်ဟ ပြစ်ကျူးလွန်ဟူ ဇာအားဖြင့် လူလေ
ဂူလောင်းဟာ ပြစ်စီရင်ဇာဟို့ ခံရဂေ့ဟူမျိုး လူတယော့-က်ရဲ့ ဖြောန့်မတ်ရှင်းအားဖြင့်
လူလေ ဂူလောင်းဟာလည်း ပြစ်စီရင်ဟူဇာဟ လွတ်ဘီးဟာ ထာဝရသတ်န ဆိုင်ဟူ
ဖြောန့်မတ်ရှင်းဟို့ ရလေဟုယ်။
19 ဖြားဖြစ်ကြောန်နူးဆိုဟာ လူတယော့-က် နားထောန်ဘဲကြောန့် လူလေ ဂူလောင်း
ပြစ်ထဲဟို့ က့လရော့-က်ဟူမျိုး လူတယော့-က် နားထောန်ရှင်းအားဖြင့် လူလေ
ဂူလောင်းဟာ ဘုရားသခင်ရဲ့ ရှေ့တော်မာ ဖြောန့်မတ်ရှင်းဟို့ ရဂေ့လေဟုယ်။
20 နော့-က်ဘီး ပညတ်တရားဟာ ကျူးလွန်ဟူ ပြစ်လေဟို့ ထန်ရှားစေဟို့တွပ်
ဝမ်ရော့-က်လာဟူကြောန့် ဒုစရိုက်ပြစ်လေဟာ ပွားများလာဟုယ်။ အယ်ဘေမဲ့
ပြစ်ပွားများလေလေ ကျေးဇူးတော်ဟာ ပိုဘီး ကြွယ်ဝလေလေ ဖြစ်ဟုယ်။
21 အယ်မျိုးဖြစ်ကြောန့် ပြစ်တရားဟာ သေရှင်းတရားအားဖြင့် စိုးရဟူမျိုး
ကျေးဇူးတော်ဟာ ဖြောန့်မတ်ရှင်း အားဖြင့်စိုးရဘီး နို့လေရဲ့သခင် ယေရှု
ခရစ်တော်အားဖြင့် ထာဝရသတ်ဟို့ ရရှိစေဟုယ်။

6

ခရစ်တော်န တလောင်းတဝဲဖြစ်ဘီး သတ်ရှင်ဟူကြောန်း

1 အယ်မျိုးဆိုဟာ ဖယ်မျိုးပြောရမယ်နူး။ ကျေးဇူးတော် များပြားလာဟို့တွပ်
ပြစ်ထဲမာဘဲ့ ကျင်လည်နေရဟို့လော။
2 အယ်မျိုး နေဟို့ ရဟ့! ပြစ်တရားထဲမာ သေဘီးဟူ နို့လေဟာ ပြစ်တရားထဲမာ
ဖယ်မျိုး သတ်ရှင်ရအူးမယ်နူး။

3 ခရစ်တော်ယေရှုန တလောင်းတဝဲ ဖြစ်ဟို့တွပ် ဗတ္တိဇံခံဟူ နို့လေဟှာ
တခီဒဲမာဘဲ့ ကိုယ်တော်နတူးဒူ သေခံဟို့တွပ် ဗတ္တိဇံဟို့ ခံဂေ့ဟှယ်။
4 အယ်မျိုး နို့လေရဲ့ ဗတ္တိဇံခံရှင်းဟှာ သေခံဟူဇာအားဖြင့် ခရစ်တော်နတူးဒူ
သဂြိုဟ်ရှင်းဟို့ ခံလေဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ခရစ်တော်ဟှာ ဖရဲ့
ဖောင်းတဂိုးတော်အားဖြင့် သေရှင်းဟှနေ ရှင်ပ့လန်ထမြော့-က်လာဟူတိုင်းဘဲ့
နို့လေလည်း သတ်တာသစ်န ကျင်လည်ရဂေ့ဟို့တွပ် ဖြစ်ပါဟှယ်။
5 တနည်းအားဖြင့် သေခံတော်မူရှင်းရဲ့ ပေါင်သဏ္ဌာန်ဟို့ ဆောန်ဘီးဟှာ
ကိုယ်တော်နတူးဒူ နို့လေစိုက်ပျိုး မ့လောက်နှံဟှယ် ဆိုဟှာ ထမြော့-က်ဟူ
ပေါင်သဏ္ဌာန်ဟို့လည်း ဆောန်ဟူဇာအားဖြင့် စိုက်ပျိုးမ့လောက်နှံဟူဇာ ဖြစ်ပါဟှယ်။
6 နို့လေရဲ့ လူဟောန်းဟှာ ခရစ်တော်နတူးဒူ လတ်ဝါးကပ်တိုင်မာ သေခံရပီးဘီ
ဆိုဟူဇာဟို့ နို့လေသိဂေ့ဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နို့လေဟှာ နော့-က်မှ
ပြစ်တရားဟို့ စေခံဘဲနေဟို့တွပ် ပြစ်တရားရဲ့ကိုယ်ဟို့ ဖျစ်ဆီးပစ်ဟို့တွပ် ဖြစ်ဟှယ်။
7 ခရစ်တော်နတူးဒူ သေဟူသူဟှာ ပြစ်တရားရဲ့ လတ်ဟှနေဘီး
လွတ်မြော့-က်ဟှားဘီ ဖြစ်ဟှယ်။
8 နို့လေဟှာ ခရစ်တော်နတူးဒူ သေပီးဘီဖြစ်ဟူကြောန့် ကိုယ်တော်နတူးဒူ
သတ်ရှင်ရမယ်ဆိုဘီး ယောင်ကြည်ဂေ့လေဟှယ်။
9 သေရှင်းဟှနေ ရှင်ပ့လန်ထမြော့-က်ဟူ ခရစ်တော်ဟှာ နော့-က်ထပ်
လောင်းဝမသေဘီ ဆိုဇာဟို့ နို့လေသိဂေ့လေဟှယ်။ သေရှင်းတရားဟှ ကိုယ်တော့်ဟို့
နော့-က်ထပ် အောက်စိုးဟို့ မရဟန်း။
10 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ခရစ်တော် သေခံဟူဇာဟှ ပြစ်တရားတွပ်ကြောန့်
တခါဘဲ့ သေခံတော်မူဟှယ်။ ခုသတ်ရှင်ရှင်းဟှာ ဘုရားသခင်နှိုက်
သတ်ရှင်တော်မူဟှယ်။
11 အယ်မျိုးဘဲ့ နန်းနို့လေဟှာ ပြစ်တရားနဆိုင်ဟှယ် ဆိုဟှာ သေဟှားဘီ၊
ဘုရားသခင်န စပ်ဆိုင်ဟှယ် ဆိုဟှာ ခရစ်တော်ယေရှုအားဖြင့် သတ်ရှင်ဟှယ်ဆိုဘီး
ကိုယ့်ကိုယ်ကိုယ် ထန်မှတ်ဂေ့ပါ။
12 အယ်ကြောန့် နန်းနို့လေဟှာ ကိုယ့်ရဲ့ ကိုယ်ခန္ဓာ တပ်မတ်မှနော့-က်ဟို့
လိုက်မိဘဲနေအောန် ပြစ်တရားဟှာ နန်းနို့လေရဲ့ သေတတ်ဟူ ကိုယ်ခန့ဓာဟို့
အောက်စိုးစေန။
13 နန်းနို့လေရဲ့ ကိုယ်အင်္ဂါလေဟို့လည်း ဒုစရိုက် လတ်နတ်လေဖြစ် ပြစ်တရားဟို့
ဆစ်သဂေ့နန။ အယ်မျိုးလောက်မယ့်စား သေနေဟူ လူလေထဲဟှ သတ်ရှင်နေသူမျိုး
ကိုယ့်ရဲ့ကိုယ်ဟို့ ဘုရားသခင်ဟို့ ဆစ်သဘီး နန်းနို့လေရဲ့ ကိုယ်အင်္ဂါလေဟို့
ဖြောန့်မတ်ရှင်းရဲ့ လတ်နတ်ဖြစ်န ဘုရားသခင်ဟို့ ဆစ်သဂေ့ပါ။
14 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေဟှာ ပညတ်တရားရဲ့ လတ်အော့-က်မာ မှေ့ဟှ။
ဘုရားသခင်ရဲ့ ကျေးဇူးတရား လတ်အော့-က်မာ ရှိဟူကြောန့် ပြစ်တရားဟှ

6:4 **၆.၄** ကော ၂.၁၂

နန်းနှိမ်လေဟို့ အောက်စိုးဟို့ ရဟှ။

ဖြောန့်မတ်ဟူ တရားရဲ့ ကျွန်လေကြောန်း

15 အယ်မျိုးဆိုဟှာ ဖယ်မျိုးနူး။ နှိလေဟှာ ပညတ်တရားလတ်မာ မှေ့ဘဲန
ဘုရားသခင်ရဲ့ ကျေးဇူးတရားလတ်မာ ရှိဟူကြောန့် ပြစ်ပြုရဟို့လော။
လောင်းဝပြုဟို့ရဟှ!
16 နန်းနှိလေဟှာ ယော့-က်ယော့-က်နားမာ ကျွန်ဖြစ်န စေခံဟှယ် ဆိုဟှာ အယ်သူဟှာ
သေရှင်းန ယှဉ်ဟူ ပြစ်တရားဘဲ့ဖြစ်ဖြစ်၊ ဖြောန့်မတ်ရာဟို့ ရော့-က်ဟူဇာန ယှဉ်ဟူ
နားထောန်ရှင်း တရားဘဲ့ဖြစ်ဖြစ် နန်းနှိရဲ့ သခင်ဖြစ်ဟှယ် ဆိုဇာဟို့ သိဂေ့ဟှလော။
17 နန်းနှိလေဟှာ စဟှ ပြစ်တရားရဲ့ ကျွန်လေ ဖြစ်ဖူးဟူလည်းဘဲ့ ခုခံယူဘီးဟူ
ဩဝါဒ နည်းဥပဒေသ စကားလေဟို့ စိနှလောင်းကြွင်းမဲ့န နားထောန်ဂေ့ဟူကြောန့်
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းပါဟှယ်။
18 နန်းနှိလေဟှာ ပြစ်တရားလတ်ဟှ လွတ်ဘီး ဖြောန့်မတ်ဟူ တရားရဲ့
ကျွန်ဖြစ်ဂေ့ဟှယ်။
19 (နန်းနှိလေဟှာ ဇာတိတွေးခေါ်အားနဲဟူကြောန့် လောကီဝေါဟာရတိုင်း
ငါပြောဟူဇာဖြစ်ဟှယ်။) တခီဟှ နန်းနှိလေဟှာ ကိုယ့်ရဲ့ ဘဝသတ်တာဟို့
ဒုစရိုက်သားကောန်ရဲ့ ကျွန်ဖြစ်န အပ်ဘီး ညစ်ညူးမှုလေဟို့ ပြုဂေ့မျိုး ခုလည်း
အယ်မျိုးဘဲ့ ကိုယ့်ရဲ့ ဘဝသတ်တာဟို့ စောင်လင်သန့်ရှင်းဘီး ကောန်းဟူ ကျင့်လေဟို့
ကျင့်ဟို့တွပ် ဖြောန့်မတ်ဟူ တရားလတ်ထဲဟို့ ကျွန်ဖြင့်န ကြွင်းမဲ့အပ်ဂေ့ပါ။
20 နန်းနှိလေဟှာ ပြစ်တရားရဲ့ လတ်မာ ကျွန်ဖြစ်န ရှိနေဟူ ခီမာ
ဖြောန့်မတ်ရှင်းတရားရဲ့ လတ်ဟှနေ လွတ်ဂေ့လေဟှယ်။
21 ခု နန်းနှိယှစ်ကြော့-က်နေဟူ အယ်မူကျင့်လေဟို့ ကျင့်နေဟူ ခီဒူးဟှ ဖယ်မူကျိုးဟို့
ရဂေ့ကြောန်နူး။ အယ်မျိုးကျင့်ဟှာ သေရှင်းရဲ့ လမ်းဆောင်းဘဲ့ ဖြစ်ပါဟှယ်!
22 ခုဆို နန်းနှိလေဟှာ ပြစ်တရားရဲ့ လတ်ဟှနေ လွတ်မြော့-က်ဘီးဟှာ
ဘုရားသခင်ရဲ့ ကျွန်လေဖြစ်ဟှယ်။ အယ်မူကျိုးကြောန့် သန့်ရှင်းရှင်းဟို့ ရဘီးဟှာ
ဆောင်းမာ ထာဝရသတ်ဟို့ ရဂေ့လေ့မယ်။
23 ပြစ်တရားရဲ့ ခဟှာ သေရှင်းဘဲ့ဖြစ်ဟှယ်။ အယ်ဘေမဲ့ ဘုရားသခင်
အလဂါးပေးတော်မူဟူ ဆုကျေးဇူးတော်ဟှာ နှိလေရဲ့ သခင် ယေရှု ခရစ်တော်အားဖြင့်
ထာဝရသတ် ဖြစ်လေဟှယ်။

7

မင်္ဂလာဆောန်ဟူဇာရဲ့ သာဓကကြောန်း

1 ပညတ်တရားဟို့သိဟူ ညီကို မောန်နှမလေ နန်းနှိဟို့ ငါပြောရှင်ဇာဟှ
ပညတ်တရားဟှာ လူတယော့-က်ဟို့ သူသတ်ရှင်နေဟူကာလပတ်လောင်း
ချောက်ကိုင်ဟှားဇာဟို့ နန်းနှိသိဂေ့ဟှလော။

2 ဥပမာ လန်ရှိဟူ မီးမတယော့-က်ဟှာ ပညတ်တရားတိုင်း သူလန် သတ်ရှင်နေဟူ
ကာလပတ်လောင်း လန်ရဲ့ချည်နှောင်မှုဟို့ ခံရလေဟုယ်။ လန်သေမှဘဲ့
ပညတ်တရားအရ လန်ရဲ့ ချည်နှောင်မှုဟုနေဘီး လွတ်လေဟုယ်။
3 အယ်ကြောန့် လန်သတ်ရှင်ရစ်န နော့-က်အီထောန်ပြုဟုယ် ဆိုဟှာ
ဖော့-က်ပ့လန်ဟူမီးမဆိုဘီး ပြောခံရလေ့မယ်။ တကယ်ဟူကြောန့်
လန်သေဟားကြောန့်ဆိုဟှာ အယ်မူပညတ်တရားဟု လွတ်ဟားဘီဖြစ်ဟူကြောန့်
နော့-က်အီထောန်ပြုဟူလည်းဘဲ့ ဖော့-က်ပ့လန်ဟူမီးမ ဆိုဘီး ပြောခံရဟူကြောန်း
မ့ေဟု။
4 အယ်မျိုးဘဲ့ ညီကို မောန်နှမလေ နန်းနို့လေဟှာ တခြားသူဖြစ်ဟူ
သေရှင်းဟုထမြော့-က်ဟူသူရဲ့ မယားဖြစ်ဟူကြောန့် ဘုရားသခင်ရဲ့လိုတော်တိုင်း
တိုးပွားလာဟို့တွပ် ခရစ်တော်ရဲ့ ကိုယ်ခန္ဓာအားဖြင့် သေဘီးဟှာ ပညတ်တရားန
ကွားဟှားဂေ့ဘီ။
5 နို့လေဟှာ ဇာတိသွီးသားထဲမာ ကျင်လည်နေဟူခီဟု ပညတ်တရားရဲ့
နှိုးဆော်ပေးမှုကြောန့် ဖြစ်ပေါ်လာဟူ ပြစ်လောက်ရှင်ဟူ စိဆန္ဒလေဟှာ နို့လေရဲ့
ကိုယ်အင်္ဂါလေမာ ထန်ရှားလာဘီး သေရှင်းတရားဟို့ ဖြစ်ပေါ်လာစေဟုယ်။
6 ခုဆို နို့လေဟှာ နို့လေဟို့ချောက်ကိုင်ဟှားဟူ ပညတ်တရားရဲ့ လတ်ထဲမာ
သေပီးဟှာ ပညတ်တရားလတ်ဟုနေ လွတ်မြော့-က်ဂေ့ဘီဖြစ်ဟူကြောန့်
ကျမ်းစာမာပါဟူ တရားဟောန်းဟို့ မှီပြုဘဲန ဝိညာဉ်တော်ရဲ့ တရားလမ်းစဉ်သစ်တိုင်း
မူတော်ဟို့ စေခံဂေ့ဟုယ်။

ပညတ်တရားန ပြစ်တရားကြောန်း

7 အယ်မျိုးဆိုဟှာ ဖယ်မျိုးနူး၊ ပညတ်တရားဟို့ ပြစ်ပြောရဟို့လော။ ပြစ်လုံးဝ
ပြောဟို့မရဟု! ပညတ်တရားအားဖြင့်ဘဲ့ ပြစ်ရဲ့သဘောတရားဟို့ နို့လေသိရဂေ့ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ “တပ်မတ်လိုရှင်စိရှိန” ဆိုဘီး ပညတ်တရားဟှာ
တားမြစ်ဘဲနေဟှာ လောဘလွန်ကြူးမှုရဲ့ ဆိုးကျိုးဟို့ ငါသိဟို့ မှုဟု။
8 ပြစ်တရားဟှာ ပညတ်တရားအားဖြင့် ငါ့ဟို့ချောက်ကိုင်ဘီး လောဘစိ
မျိုးမျိုးလေဟို့ ဖြစ်ပေါ်စေဟုယ်။ ပညတ်တရားမ့ေဘဲနေဟှာ ပြစ်တရားလည်းသေ
ဖြစ်ဟုယ်။
9 စဟု ပညတ်တရားမ့ေဘဲကြောန့် ငါသတ်ရှင်ဟုယ်။
ပညတ်တရားပေါ်ပေါ့-က်လာဟူ ခီမာ ပြစ်တရားဟှာ ပ့လန်ရှင်လာဘီး ငါလည်း
သေဟုယ်။
10 ငါ့ဟို့ သတ်ရှင်ဟို့ပေးဟူ ပညတ်တရားဟုဘဲ့ ငါ့ဟို့သေစေဇာဟို့ တွိရဟုယ်။
11 ပြစ်တရားဟှာ ပညတ်တရားအားဖြင့် ခွမ့်ရဟူကြောန့် ငါ့ဟို့လှည့်ဇားဘီးဟှာ
အယ်ပညတ်တော်အားဖြင့် ငါ့ဟို့ သတ်လေဟုယ်။
12 အယ်ကြောန့် ပညတ်တရားဟှာ သန့်ရှင်းလေဟုယ်။ ပညတ်တော်လည်းဘဲ့
သန့်ရှင်းရှင်း ဖြောန့်မတ်ရှင်း ကောန်းမြတ်စောင်လင်ရှင်း ရှိလေဟုယ်။

13 အယ်မျိုးဆိုဟာ အယ်မူကောန်းမြတ်ဟူရာဟာ ငါ့တွပ် သေရဟူကြောန်းရာ
ဖြစ်ဟူကြောန့်လော။ ဖြစ်နိုင်ဟ့! ငါ့ဟို့ သေစေဟူဇာဟာ ပြစ်တရားဘဲ့ ဖြစ်ဟုယ်။
ပြစ်တရားဟာ သူ့ရဲ့ပင်ကိုသဘောဟို့ ထန်ရှားစေဟို့တွပ်
ကောန်းမြတ်ဟူဇာလေအားဖြင့် ငါ့ဟို့သေစေဟူဇာ ဖြစ်ဟုယ်။ အယ်ကြောန့်
ပြစ်တရားဟာ တအားဆိုးဝါးဟူ ပြစ်ဖြစ်ဟူကြောန်းဟို့ ပညတ်တော်အားဖြင့်
သိရလေဟုယ်။

လူစိထဲမာရှိဟူ တရားနှေ့မျိုးကြောန်း

14 ပညတ်တရားဟာ ဝိညာဉ်ရေးရာန ဆိုင်ဟူကြောန်းဟို့ နို့လေသိဂေ့ဟုယ်။
အယ်ဘေမဲ့ ငါဟာ ဇာတိသွီးသားနှိုက်ရှိဟူ လူတယော့-က်ဖြစ်ဘီး ပြစ်တရား၏
လတ်အော့-က်မာ ရောန်းဇားခံရဟူသူ ဖြစ်ဟုယ်။
15 ငါဟာ ကိုယ်ဖြစ်နေဇာဟို့ ကိုယ်တိုင်နားလည်ဟ့။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
ကိုယ်ကျင့်ရှင်ဟူတိုင်း ကျင့်ဟိုရဘဲန ရွံရှာဟူ ကျင့်လေဟို့ ကျင့်လေဟုယ်။
16 အယ်မျိုး ငါဟာ ကိုယ်ပြုရှင်ဘဲန ပြုကျင့်နေရဟုယ် ဆိုဟာ ပညတ်တရားဟာ
မှန်ကန်ဟူကြောန်းဟို့ ငါဝန်ခံပါဟုယ်။
17 အယ်မျိုးဆိုဟာ အယ်မူ ကောန်းဘဲကျင့်ဟို့ ငါကိုယ်တိုင် ကျင့်နေဟူဇာမူဘဲ
ငါ့ထဲမာ ရှိနေဟူ ပြစ်တရားဟ့ ကျင့်စေဟူဇာဖြစ်ဟုယ်။
18 ငါ့ရဲ့ ဇာတိသွီးသားထဲမာ ကောန်းဟူဇာလေ တခုလည်း မှေ့ဘဲဟူကြောန်းဟို့
ငါသိလေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါဟာ ကောန်းဟူကျင့်ဟို့ ကျင့်ရှင်ဟူ
စိဆန္ဒရှိဟူလည်းဘဲ့ ကျင့်နိုင်ဟူခွန်အား ငါ့မာ မှေ့ဟ့။
19 ငါဟာ ကောန်းဟူ ကျင့်လေဟို့ ကျင့်ရှင်ဟူလည်းဘဲ့ ကျင့်ရှင်ဘဲဟူ
ကျင့်ဆိုးလေဟိုဘဲ့ ငါ့ထဲမာနေဟူ ပြစ်တရားဟ့ ကျင့်နေဟူဇာ ဖြစ်ဟုယ်။
20 အယ်မျိုး ကျင့်ရှင်ဘဲဟူ ကျင့်ဆိုးလေဟို့ ငါကျင့်နေရဟုယ် ဆိုဟာ ငါကိုယ်တိုင်
ကျင့်နေဇာမူဘဲန ငါ့ထဲမာရှိနေဟူ ပြစ်တရားဟ့ ငါ့အားဖြင့် ကျင့်နေဟူဇာဖြစ်ပါဟုယ်။
21 အယ်မျိုး ကောန်းဟူကျင့်လေဟို့ ကျင့်ရှင်ဟူငါ့မာ ကောန်းဘဲဟူ
ကျင့်ဆိုးလေဟိုဘဲ့ ပြုကျင့်စေဟူ ပညတ်တပါးဟို့ ငါတွိရဟုယ်။
22 ငါဟာ တွင်းလူအားဖြင့် ဘုရားသခင်ရဲ့ ပညတ်တရားတော်ဟို့ ရရာတိုင်း
နှစ်သက်ဟုယ်။
23 အယ်ဘေမဲ့ ငါ့ရဲ့ ကိုယ်အင်္ဂါလေထဲမာ လွှမ်းမိုးချောက်ကိုင်နေဟူ
ပညတ်တပါးဟာ စိဝိညာဉ်တရားဟို့ တိုက်ခိုက်တွန်းလှန်ဘီး ငါ့ကိုယ်အင်္ဂါလေမာရှိဟူ
ပြစ်တရားလတ်ထဲဟို့ ငါဟို့ ဖမ်းဆီးအပ်လိုက်ဟူဇာဟို့ ငါဖြင်ရဟုယ်။
24 ငါဟာ ရရာတိုင်း စိပျစ်ဇာကောန်းဟူ လူတယော့-က်ဖြစ်ဟုယ်! သေတတ်ဟူ
အယ်မူခန္ဓာ ပေါက်ကောန်ဟုနေဘီး ငါ့ဟို့ ဖယ်သူကယ်တန်ပေးမယ်နူး။
25 နို့လေရဲ့ သခင် ယေရှုခရစ်တော်အားဖြင့် ကယ်လွတ်ပေးတော်မူဟူ
ဘုရားသခင်ဟာ ရရာတိုင်းဘဲ့ ကျေးဇူးကီးမားလှပါဟုယ်!

7:15 ဂု.၁၅ ဂလာ ၅.၁၇

အယ်မျိုး ငါဟာ ကိုယ့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ရဲ့ ပညတ်တော် အော့-က်မာ
စေခံဟူလည်းဘဲ ဇာတိသွေးသားအားဖြင့် ပြစ်တရားဟို့ စေခံနေရဇာ ဖြစ်ဟုယ်။

8

ဝိညာဉ်တော်အားဖြင့် သတ်ရှင်ဟူကြောန်း

1 အယ်ကြောန့် ခုခီမာ ခရစ်တော်ယေရှုနှိုက် ရှိဟူသူလေဟာ ပြစ်စီရင်ဇာဟို့
ခံရဟန်း။
2 ဖြားဖြစ်ကြောန့်နူးဆိုဟာ ခရစ်တော်ယေရှုနှိုက် သတ်ရှင်ဟို့တွပ်
ဝိညာဉ်တော်တရားဟာ ပြစ်တရားန သေရှင်းတရားဟုနေဘီး ငါ့ဟို့*
လွတ်မြော့-က်စေတော်မူဘီ။
3 ဇာတိပကတိကြောန့် ပညတ်တရားဟာ အားနဲဘီး တတ်နိုင်ဘဲဟူမူဟို့ ဘုရားသခင်
ပြုတော်မူဟို့တွပ် ပြစ်နပ္ပလဲ့ဝဟူ ဇာတိပကတိရဲ့ သဏ္ဌာန်ဟို့ ဆောန်ဟူ သူ့ရဲ့
သားတော်ဟို့ စေလွှတ်ဘီးဟာ ပြစ်ဖြေဟို့တွပ် ဇာတိပကတိနှိုက် ပြစ်ဟို့
ဒန်ပေးတော်မူလေဟုယ်။
4 ဖြားဖြစ်ကြောန့်နူးဆိုဟာ နို့လေဟာ ဇာတိသွေးသားတိုင်း သတ်ရှင်ဘဲ
ဝိညာဉ်တော်အားဖြင့် သတ်ရှင်နေထိုင်ဟို့တွပ် ပညတ်တော်မာပါဟူ တရားတော်ဟို့
လိုက်နာကျင့်သောင်းဟို့တွပ် ဖြစ်လေဟုယ်။
5 ဇာတိသွေးသားရဲ့ လိုဆန္ဒတိုင်း သတ်ရှင်ဟူသူလေဟာ ဇာတိသွေးသားန
သတ်ဆိုင်ဟူဇာလေဟို့ဘဲ့ စိစွဲလမ်းဂေ့ဟုယ်။ ဝိညာဉ်တော်ရဲ့ လိုတော်တိုင်း သတ်ရှင်ဟူ
သူလေဟာ ဝိညာဉ်တော်န သတ်ဆိုင်ဟူ ဇာလေဟို့ဘဲ့ စိစွဲလမ်းလေဟုယ်။
6 ဇာတိသွေးသားနဆိုင်ဟူ ဇာလေဟို့ စိစွဲလမ်းဟူ သူလေဟာ
သတ်ဆောင်းရှောင်းလေ့မယ်။ ဝိညာဉ်တော်န ဆိုင်ဟူဇာဟို့ စိစွဲလမ်းဟူ သူလေဟာ
သတ်ရှင်ရှင်းန ငြိသတ်ရှင်းဟို့ ရလေ့မယ်။
7 ဖြားဖြစ်ကြောန့်နူးဆိုဟာ ဇာတိသွေးသားန ဆိုင်ဟူဇာလေဟို့ စိစွဲလမ်းဟူ သူလေဟာ
ဘုရားသခင်န ဆန့်ကျင်ဖတ်ပြုဟူသူ ဖြစ်ဟုယ်။ အယ်မျိုး စိစွဲလန်းဟူ သူလေဟာ
ဘုရားသခင်ရဲ့ ပညတ်တော်ဟို့ လိုက်ရှော့-က်တတ်ဟု။ လိုက်လည်း
လိုက်ရှော့-က်နိုင်ဂေ့ဟု။
8 အယ်ကြောန့် ဇာတိသွေးသားတိုင်း သတ်ရှင်သူလေဟာ ဘုရားသခင်ရဲ့ စိတော်န
တွိနိုင်ဟု။

9 အယ်ဘေမဲ့ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟာ နန်းနို့ထဲမာ ကိန်းဝပ်တော်မူဟာ
နန်းနို့လေဟာ ဇာတိပကတိဖတ်မာ မှေ့ဟု ဝိညာဉ်ပကတိဖတ်မာ ရှိလေဟုယ်။
ခရစ်တော်ရဲ့ ဝိညာဉ်ဟို့ ရဘဲသူဟာ ခရစ်တော်န လောင်းဝ သတ်ဆိုင်ဟု။

---

* **8:2 ၈.၂** ငါ့ဟို့၊ တချို့ မူရင်းလတ်ရေးမူလေမာ နန်ဟို့၊ ဆိုဘီး ပါရှိဘီး၊ တချို့ မူရင်းလတ်ရေးမူလေမာ နို့လေဟို့၊ ဆိုဘီး ပါရှိဟုယ်။

10 အယ်ဘေမဲ့လည်း ခရစ်တော်ဟာ နန်းနဲ့ထဲမာ သတ်ရှင်နေဟုယ် ဆိုဟာ
ကိုယ်ခန့်ဓာဟာ ပြစ်ကြောန့် သေရဟူလည်းဘဲ့ ဝိညာဉ်ဟ ဖြောန့်မတ်ရှင်းကြောန့်
သတ်ရှင်လေဟုယ်။†
11 အယ်လော့-က်နကဟ သခင်ယေရှုဟို့ သေရှင်းဟုနေဘီး
ရှင်ပ့လန်ထမြော့-က်စေဟူ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟာ နန်းနဲ့ထဲမာ ကိန်းဝပ်ဟုယ်
ဆိုဟာ ခရစ်တော်ဟို့ သေရှင်းဟုနေ ရှင်ပ့လန်ထမြော့-က်စေဟူ သခင်ဟာ နန်းနဲ့ထဲမာ
ကိန်းဝပ်ဟူ သူ့ရဲ့ ဝိညာဉ်တော်အားဖြင့် သေတတ်ဟူ နန်းနဲ့ ကိုယ်ခန့်ဓာဟို့လည်း
ရှင်စေတော်မူလေ့မယ်။
12 အယ်ကြောန့် ညီကို မောန်နမလေ နဲ့လေဟာ ဇာတိလိုတိုင်း သတ်ရှင်ရအောန်
ဇာတိရဲ့ ကျွန်ဖြစ်ဂေ့ဟူဇာ မူဟ။
13 ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်းနဲ့လေဟာ လူဇာတိလိုဟို့လိုက်ဘီး သတ်ရှင်မယ်
ဆိုဟာ သေဂေ့ရလေ့မယ်။ အယ်ဘေမဲ့ ဝိညာဉ်တော်အားဖြင့် နန်းနဲ့ရဲ့
ကိုယ်ခန္ဓာကျင့်လေဟို့ သေစေမယ် ဆိုဟာ သတ်ရှင်ရလေ့မယ်။
14 ဘုရားသခင်ရဲ့ ဝိညာဉ်တော် ဆောင်းမပဲ့ပြင်တော်မူရှင်းဟို့ ခံရဟူသူလေဟာ
ဘုရားသခင်ရဲ့ သားမီးလေဖြစ်ဟုယ်။
15 ဖြားဖြစ်ကြောန့်နူးဆိုဟာ ဘုရားသခင် ပေးတော်မူဟူ ဝိညာဉ်တော်ဟာ နန်းနဲ့ဟို့
ကြော့-က်တတ်ဟူ ကျွန်ရဲ့စိသဘောဟို့ ပေးဟူဇာမူဘဲန နဲ့လေဟို့ ဘုရားသခင်ရဲ့
သားမီးလေဖြစ်စေဘီးဟာ ဝိညာဉ်တော်အားဖြင့် “အဗ္ဗ! ဖ!” ဆိုဘီး ခေါ်ရဟူခွန့်ဟို့
ပေးတော်မူဟူဇာ ဖြစ်ဟုယ်။
16 နဲ့လေဟာ ဘုရားသခင်ရဲ့ သားမီးလေ ဖြစ်ဟူကြောန်းဟို့ ဝိညာဉ်တော်ကိုယ်တိုင်
နဲ့လေရဲ့ဝိညာဉ်နတူးဒူ သတ်သေခံလေဟုယ်။
17 နဲ့လေဟာ ဘုရားသခင်ရဲ့ သားမီးလေဖြစ်ဟူကြောန့် မွီစားမွီခံလေဖြစ်ဟုယ်။
ခရစ်တော်နတူးဒူ ချီးမြော့-က်ဟူဇာဟို့ ခံရဟို့တွပ် ကိုယ်တော်နတူးဒူ ဆင်းရဲဒေါက်ခဟို့
ခံရဟုယ် ဆိုဟာ ကိုယ်တော်နတူးဒူ ဆစ်နွယ်ဟူ မွီခံလည်း ဖြစ်လေဟုယ်။

နာဂတ်ဖောင်းသရေတော်ကြောန်း

18 ခုမျစ်မှော့-က်ကာလမာ နဲ့လေခံရဟူ ဆင်းရဲဒေါက်ခဟာ နော့-က်တခီမာ
ထန်ရှားလာမယ့် ဖောင်းသရေတော်န နှိုင်းယှဉ်မယ် ဆိုဟာ ပမာဇာထားဇာ
ကြောန်းမှေ့ဟ ဆိုဘီး ငါမှတ်ယူဟုယ်။
19 ဖန်ဆင်းခံလောက တခုလောင်းဟာ ဘုရားသခင်ရဲ့ သားလေ ထန်ရှားဘီး
ပေါ်ထွပ်လာဟို့တွပ် ရရာတိုင်းဘဲ့ မျော်လင့်တောန့်တ နေလေဟုယ်။
20 ဖြားဖြစ်ကြောန့်နူးဆိုဟာ ဖန်ဆင်းခံလောကဟာ အနတ္တဖြစ်ဟို့ ရော့-က်ဟူဇာဟ
သူ့ရဲ့ဆန္ဒအားဖြင့်မူဘဲ ဘုရားသခင်ရဲ့ လိုတော်ကြောန့်ဘဲ့ဖြစ်ဟုယ်။

† **8:10** **၈.၁၀** ဝိညာဉ်ဟ ဖြောန့်မတ်ရှင်းကြောန့် သတ်ရှင်လေဟုယ်၊ အယ်မျိုးမူဘဲနေဟာ နန်းရဲ့ ဝိညာဉ်ဟာ
သတ်ရှင်လေဟုယ်။ **8:11** **၈.၁၁** ၁ ကော ၃.၁၆ **8:15** **၈.၁၅-၁၇** ဂလာ ၄.၅-၇ **8:15** **၈.၁၅** မာ
၁၄.၃၆; ဂလာ ၄.၆

21 အယ်ဘေမဲ့ အယ်မျှော်လင့်ချစ်ဟုဘ တနေ့တခီမာ ဖန်ဆင်းခံ လောကကိုယ်တိုင်
ပျစ်စီးရှင်းကျွန်ဖြစ်ဟုနေ လွတ်မြော့-က်ဘီး ဘုရားသခင် သားမီးလေရဲ့
ဖောင်းသရေတော်န ပ္လဲ့ဝဟ္ဟ လွတ်ရှင်းချမ်းသာထဲဟို့ ခေါ်ဆောန်ဟို့တွပ် မျှော်လင့်ရှင်း
ရှိဟ္ဟကြောန်ဖြစ်ဟုယ်။
22 ဖန်ဆင်းခံ ကမ္ဘာလောက တခုလောင်းဟုဘ ခုခီထိ တူးဒူညည်းတွားဘီး သားမွီးဟ္ဟ
ဝေဒနာဟ္ဟမျိုး ဒေါက်ခဝေဒနာလေဟို့ ခံစားရဇာဟို့ နို့လေသိဂေ့ဟုယ်။
23 အယ်လော့-က်နမကဟ ဝိညာဉ်တော်ရဲ့ ကျေးဇူးတော်ဟို့ ရင်ဦးဆောင်း ခံရဟ္ဟ
နို့လေလည်း သားမီးရာဟို့ ရဟ္ဟဇာဖြစ်ဟ္ဟ‡ နို့လေရဲ့ ကိုယ်ခန္ဓာ ဝီးကော့-က်ခံရဟ္ဟ ဇာဟို့
စောန့်မျှော်ဘီး စိနှလောင်းထဲဟ ညီးတွားနေဂေ့ဟုယ်။
24 ဖြားဖြစ်ကြောန့်နူးဆိုဟုဘ နို့လေဟုဘ မျှော်လင့်ရှင်းအားဖြင့် ကယ်တန်ရှင်းဟို့
ခံရလေဟုယ်။ နို့လေဟုဘ ကိုယ်မျှော်လင့်ဟ္ဟ ဇာလေဟို့ ဖြင်ရဟုယ် ဆိုဟုဘ
မျှော်လင့်ဟို့ကြောန်း မ့ေဟု။ တွိဖြင်နေရဟ္ဟ ဇာလေဟို့ ဖယ်သူ မျှော်လင့်နေမယ်နူး။
25 အယ်ဘေမဲ့ နို့လေဖြင်တွိရဘဲဟ္ဟ ဇာလေဟို့ မျှော်လင့်ဂေ့ဟုယ် ဆိုဟုဘ
အယ်ရာလေဟို့ စိရှယ်ရှယ်နသီးခံဘီး စောန့်မျှော်ဂေ့ဟုယ်။
26 အယ်ဘေမဲ့ နို့လေတတ်နိုင်ဘဲဟ္ဟ ဇာလေဟို့ ဝိညာဉ်တော်ဟုဘ
မစတော်မူလေဟုယ်။ နို့လေဟုဘ ဆုတောန်းသင့်ဟ္ဟတိုင်း ဖယ်မျိုး ဆုတောန်းရမယ်
ဆိုဇာဟို့ သိဂေ့ဟု။ အယ်ဘေမဲ့ နို့လေ စကားအားဖြင့် ဖော်ပြဘီးဟုဘ
ဆုတောန်းတတ်ဘဲန ညည်းတွားနေဟ္ဟရာလေအားဖြင့် ဝိညာဉ်တော်ဟုဘ နို့လေကိုယ်စား
ဘုရားသခင်နားမာ တောန်းလျော့-က် သနားခံပေးတော်မူဟုယ်။
27 လူလေရဲ့ စိသဘောဟို့ သိတော်မူဟ္ဟ ဘုရားသခင်ဟုဘ ဝိညာဉ်တော်ရဲ့
စိသဘောဟို့လည်း သိတော်မူလေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုဘ ဝိညာဉ်တော်ဟုဘ
သန့်ရှင်းသူလေရဲ့ ဆုတောန်းဟ္ဟမူရာဟို့ ဘုရားသခင်ရဲ့ လိုတော်နညီ
သနားခံပေးတော်မူလေဟုယ်။
28 ဘုရားသခင်ဟို့ ရှစ်ဟ္ဟသူ၊ ကြဲစည်တော်တိုင်း ခေါ်တော်မူရှင်းခံရဟ္ဟ သူလေရဲ့
ကောန်းဟ္ဟ ကျိုးလေတွပ် ရှိမျှဂူလောင်းဟုဘ တညီတညွတ်ဒဲ ပြုစုဂေ့ဟုယ် ဆိုဇာဟို့
နို့လေ သိဂေ့ဟုယ်။§
29 ဘုရားသခင် ဝီးကော့-က်တော်မူဟ္ဟ သူလေဟုဘ သူ့ရဲ့သားတော်ရဲ့
ပေါင်သဏ္ဌာန်တော်နတူဟို့တွပ် ရှေးဆွေဟုနေဘီး ခွဲခန့်မှတ်သားဟုားလေဟုယ်။
အယ်မျိုး ဝီးကော့-က်မှတ်သားဟ္ဟကြောန်းဟ သားတော်ဟုဘ ညီလေဘောင်ဂီးထဲမာ
နောန်ဂီးဖြစ်ဟို့တွပ် ဖြစ်ဟုယ်။
30 အယ်မျိုး ခွဲခန့်မှတ်သားဟုားဟ္ဟသူလေဟို့ ခေါ်တော်မူဘီးဟုဘ

8:23 ဂ.၂၃ ၂ ကော ၅.၂-၄ ‡ **8:23 ဂ.၂၃** တချို့ မူရင်းလတ်ရေးမူလေမာ နို့လေလည်း သားမီးရာဟို့ ရဟ္ဟဇာဖြစ်ဟ္ဟ ဆိုဇာဟုာ မ့ေဟု။ § **8:28 ဂ.၂၈** ဘုရားသခင်ဟို့ ရှစ်ဟ္ဟသူ၊ ကြဲစည်တော်တိုင်း ခေါ်တော်မူရှင်းခံရဟ္ဟ သူလေရဲ့ ကောန်းဟ္ဟ ကျိုးလေတွပ် ရှိမျှဂူလောင်းဟုဘ တညီတညွတ်ဒဲ ပြုစုဂေ့ဟုယ် ဆိုဇာဟို့ နို့လေ သိဂေ့ဟုယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ ကိုယ်တော့်ဟို့ ရှစ်မြတ်နိုးဟ္ဟ သူလေရဲ့ကျိုးတွပ် ဘုရားသခင်ဟုဘ ရှိမျှဂူလောင်းဟို့ လောက်ဆောန်ပေးနေဟုယ်၊ ဆိုဘီး ပါရှိဟုယ်။

သန့်ရှင်းဖြောင့်မတ်ဟူရာမာ တည်စေတော်မူဟုယ်။ အယ်မျိုး
တည်စေဟူသူလေဟိုလည်း ချီးမြှော့-က်တော်မူဟုယ်။

ခရစ်တော်ယေရှုထဲမာ ထန်ရှားဟူ ဘုရားသခင်ရဲ့ မြစ်တာတော်ကြောန်း

31 အယ်မျိုးဆိုဟုာ အယ်မူကြောန်းရာလေဟို ဖယ်မျိုးပြောဇာရှိနူး။ နို့လေဖတ်မာ
ဘုရားသခင်ရှိဟုယ် ဆိုဟုာ ဖယ်သူဟု နို့လေဟို ဆန့်ကျင်နိုင်မယ်နူး။
32 နို့လေအားလောင်းတွပ် သူ့ရဲ့သားတော်ရင်းဟိုမှ မြောဘဲန စွန့်တော်မူဟူရှင်ဟုာ
သားတော်နတူးဒူ ရှိမှုဂူလောင်းဟို့ ပေးဘဲန ဖယ်မျိုးနေမယ်နူး။
33 ဖယ်သူဟု ဘုရားသခင် ဝီးကော့-က်ဟူ သူလေဟို့ ပြစ်စီရင်မယ်နူး။ နို့လေဟို့
ဖြောင့်မတ်ဟူရာမာ တည်စေဟူရှင်ဟုာ ဘုရားသခင်ဘဲ့ ဖြစ်ဟုယ်။
34 ပြစ်စီရင်သူဟုာ ဖယ်သူနူး။ နို့လေတွပ် သေခံဟူမှုနမကဘဲ သေရှင်းဟုနေ
ရှင်ပ္ပလန်ထမြော့-က်ဘီး ဘုရားသခင်ရဲ့ ညာဖတ်ဟုနေ သနားခံ
ဆုတောန်းပေးဟူသူဟုာ ခရစ်တော်ယေရှုဘဲ့ ဖြစ်ဟုယ်!
35 အယ်ကြောန့် ဖယ်သူဟုာ နို့လေဟို့ ခရစ်တော်ရဲ့ မြစ်တာတော်န
ခွဲခွာစေနိုင်မယ်နူး။ ဆင်းရဲဒေါက်ခ၊ နာကြင်ရှင်းဝေဒနာ၊ ညှဉ်းဆဲရှင်း၊
ငတ်မွတ်ခေါန်းပါးရှင်း၊ ခ့လေးပ္ပလန်းဗ့လန်းနေရရှင်း၊ သတ်ခံရရှင်းန ဘေးအန္တရာယ်န
တွိရှင်းလေဟုာ ခရစ်တော်ရဲ့ မြစ်တာတော်န နို့လေဟို့ ကွဲကွာစေနိုင်မယ်လော။
36 ကျမ်းစာဟု
“ကျွန်တော်ဟုားလေဟုာ ကိုယ်တော်တွပ် တနေ့လောင်း သေဘေးန ရင်ဆိုင်ဘီး
နေရဂေ့ပါဟုယ်။
သတ်ဟို့ ထားဟုားဟူ သိုးလေမျိုး သူးနို့လေ ထန်မှတ်ဂေ့ပါဟုယ်” ဆိုဘီး
ပြောဟုားလေဟုယ်။
37 အယ်ဘေမဲ့ နို့လေဟို့ ရှစ်တော်မူဟူ သခင်ရဲ့ ကျေးဇူးတော်အားဖြင့်
အယ်မူရှိမှုဂူလောင်းဟို့ ခံနေရဟူ ခီမာ ထူးသဖြင့် အောန်မြင်ဂေ့လေဟုယ်!
38 ဖြားဖြစ်ကြောန်နူးဆိုဟုာ နို့လေယောင်ကြည်ရှင်းဟုာ သေရှင်းတရားဘဲ့ဖြစ်ဖြစ်၊
သတ်ရှင်ရှင်းဘဲ့ဖြစ်ဖြစ်၊ ကောန်းဂန်တမန်ဘဲ့ဖြစ်ဖြစ်၊ ထွင့်မြတ်ဘဲ့ဖြစ်ဖြစ်၊
အာဏာတဂိုးဘဲ့ဖြစ်ဖြစ်၊ ပစ့စုပ္ပပန်ဘဲ့ဖြစ်ဖြစ်၊ နာဂတ်ဘဲ့ဖြစ်ဖြစ်၊
39 ကောန်းဂန်ထတ်ရာဘဲ့ဖြစ်ဖြစ်၊ မ့လေဂီးအော့-က်ရာဘဲ့ဖြစ်နေပါစေ၊
ဖန်ဆင်းခံဟုားဇာ ဖယ်ဇာမဆို သခင် ယေရှုခရစ်တော်အားဖြင့် ခံစားရဟူ
ဘုရားသခင်ရဲ့ မြစ်တာတော်န နို့လေဟို့ ကွာစေနိုင်ဟူဇာ ခုလည်း မ့ေဟု ဆိုဘီး ငါ
ယောင်ကြည်စိခ့လဟုယ်။

9

ဘုရားသခင်န လူစုတော်ကြောန်း

1 ငါဟုာ ခရစ်တော်အားဖြင့် မုသားပါဘဲန မှန်တိုင်းပြောဟုယ်။ ငါ့ရဲ့သိစိထဲမာ
သန့်ရှင်းဟူ ဝိညာဉ်တော်ဟုာ ငါနတူးဒူ သတ်သေခံဟူဇာဟု၊

2 ငါဟာ စိနလုံးထဲမာ ပူပန်ရှင်းဝေဒနာဟို့ ခဲတိုင်းခံစားရဘီး ရရာတိုင်း
ဝန်းနဲပူဆွေးနေရပါဟုယ်။
3 ဖြားဖြစ်ကြောန်နူးဆိုဟုာ သွီးသားဇာတိအားဖြင့် ကိုယ့်လူမျိုးလေဖြစ်ဟူ ငါ့ရဲ့
ညီကို မောန်နှမလေတွပ် ငါကိုယ်တိုင် ခရစ်တော်နကွာဘီးဟုာ ကိရှင်းအမ်ဂလာဟို့ဘဲ့
ခံလိုဟူ ဆန္ဒရှိဟုယ်။
4 သူးနို့လေဟုာ ဣသရေလလူမျိုးလေ ဖြစ်ဟူကြောန့် သားမီးရာနဖြစ်ဖြစ်
ဖောင်းအာနုဘော်တော်နဖြစ်ဖြစ်၊ ပဋိညာဉ်တရားလေ*နဘဲ့ဖြစ်ဖြစ်၊
ပညတ်တော်လေပေးရှင်းဘဲ့ဖြစ်ဖြစ်၊ ဝတ်ပြုကိုးကွယ်ရှင်းနဘဲ့ဖြစ်ဖြစ်၊
ဂဒိတော်လေနဘဲ့ဖြစ်ဖြစ် စပ်ဆိုင်သူလေဖြစ်ဂေ့ဟုယ်။
5 သူးနို့လေဟုာ ရှေးဘိုးဘေးလေဟု ဆင်းသတ်လာဟူ သူလေဖြစ်ဂေ့ဟုယ်။
ခရစ်တော်ဟုလည်းဘဲ့ လူဇာတိအားဖြင့် သူးနို့လေရဲ့ မျိုးနွယ်ဖြစ်လေဟုယ်။
ကိုယ်တော်ဟုာ ရှိမျှဂူလောင်းဟို့ စိုးရဘီး ထာဝရမင်္ဂလာရှိဟူ ဘုရားသခင်
ဖြစ်တော်မူဟုယ်!† အာမင်။
6 အယ်မျိုးပြောဇာဟု ဘုရားသခင်ရဲ့ ဂဒိတော် တည်ဟု ဆိုဘီး ငါဆိုလိုဇာ မူဟု။
ဖြားဖြစ်ကြောန်နူးဆိုဟုာ ဣသရေလနွယ်ဟုနေဘီး ဆင်းသတ်လာဟူ
လူလေဂူလောင်းဟုာ ဣသရေလလူမျိုးမှန် မူဟု။
7 အယ်မျိုးဘဲ့ အာဗြဟံဟုနေ ဆင်းသတ်လာဟူ လူလေလည်း အာဗြဟံရဲ့သားမှန်
မူဟု။ "ဣဇာက်အားဖြင့်ဘဲ့ နနို့မျိုးနွယ် တည်ရမယ်" ဆိုဘီး ဂတိတော်ရှိလေဟုယ်။
8 အယ်ကြောန့် ဇာတိအားဖြင့် မွီးဖွားလာဟူ သားလေဟုာ‡ ဘုရားသခင်ရဲ့ သားမီးမှန်
မူဟု။ ဘုရားသခင်ရဲ့ ဂဒိတော်အားဖြင့် မွီးဖွားလာဟူ သားမီးလေဟို့ဘဲ့ စစ်မှန်ဟူ
မျိုးနွယ်ဖြစ် သတ်မှတ်တော်မူလေဟုယ်။
9 ဖြားဖြစ်ကြောန်နူး၊ ဆိုဟုာ ဂဒိတော်ဟု "ခီတန်ဟုာ§ ငါပ့လန်လာမယ်။ စာရာဟု
သားဟို့ ရလေ့မယ်" ဆိုဘီး ဖြစ်ဟုယ်။
10 အယ်လော့-က်ဘဲ့ မူဟု နို့လေရဲ့ ဘိုးဘေး ဣဇာက်ဟုာ ရေဗက္ကာ န
အီထောန်ပြုဘီး ဗိုက်ရလာဟူ ခီမာ
11 သားလေမွီးဖွားခန်မာ အယ်သားလေဟုာ ကောန်းဇာရော၊ ဆိုးဇာရော
လောက်ခန်ဂဒဟု ဘုရားသခင်ရဲ့ ဝီးကော့-က်တော်မူရှင်းန စပ်ဆိုင်ဟူ
ကြဲစည်တော်ဟုာ ကျင့်အားဖြင့်မှုဘဲန ခေါ်တော်မူဟူသူအားဖြင့်ဘဲ့ တည်စေဘီး၊
12 "သားဂီးဟုာ သားငယ်မာ ဣရွန်ခံရလေ့မယ်" ဆိုဘီး ရေဗက္ကာဟို့
မိန့်တော်မူလေဟုယ်။

---

* **9:4 ၉.၄** ပဋိညာဉ်တရားလေ၊ တချို့ မူရင်းလတ်ရေးမူလေမာ ပဋိညာဉ်၊ ဆိုဘီး ပါရှိဟုယ်။ † **9:5 ၉.၅** ကိုယ်တော်ဟုာ ရှိမျှဂူလောင်းဟို့ စိုးရဘီး ထာဝရမင်္ဂလာရှိဟူ ဘုရားသခင် ဖြစ်တော်မူဟုယ်! အယ်မျိုးမူဘဲနေဟုာ ရှိမျှဂူလောင်းဟို့ စိုးရဟူ ဘုရားသခင်ဟုာ ထာဝရမင်္ဂလာရှိပါစေ! ‡ **9:8 ၉.၈ ဇာတိအားဖြင့် မွီးဖွားလာဟူ သားလေဟုာ၊** အာဗြဟံဟုနေဘီး ဆင်းသတ်လာဟူ ဣရွှေမေလဟုာ ဟာဂရဲ့ သားဖြစ်ဟုယ် ဆိုဇာဟို့ ရည်ညွှန်းဟုယ် (ရှု ဂလာ ၄.၂၂-၂၃)။ § **9:9 ၉.၉** ခီတန်ဟုာ၊ အယ်မျိုးမူဘဲနေဟုာ နော့-က်နှစ် အယ်ခီမာ။

13 ကျမ်းစာလာဇာဟု “ယာကုပ်ဟို့ ငါရှစ်ဟုယ်။ ဧသောဟို့ မူးဟုယ်” ဆိုဘီး
လာလေဟုယ်။
14 အယ်မျိုးဆိုဟှာ ဖယ်မျိုးပြောရမယ်နူး။ ဘုရားသခင်ဟု တရားဘဲဟူမှုဟို့
လောက်နေဇာလော။ လောင်းဝမူဟု။
15 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ဟု မောရှေဟို့ “ငါ ကျေးဇူးပြုရှင်သူဟို့
ကျေးဇူးပြုမယ်။ သနားရှင်သူဟို့ သနားမယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
16 အယ်ကြောန့် ရှိမျှဂူလောင်းဟှာ လူလေရဲ့ လိုအင်ဆန္ဒန
ကြိုးစားလောက်ဆောန်ရှင်းထတ်မာ မူတည်ဘဲန ကျေးဇူးပြုတော်မူဟူ ဘုရားသခင်ရဲ့
ကရုဏာထတ်မာဘဲ့ မူတည်ဇာ ဖြစ်လေဟုယ်။
17 ကျမ်းစာမာ ဖာရောမန်းဂီးဟို့ မိန့်တော်မူဇာဟု “နန့်ဟို့ မန်းဂီးရာမာ
ငါချီးမြှော့-က်ဟူ ဇာဟှာ နန့်အားဖြင့် ငါ့တဂိုးဟို့ ထန်ရှားပြဘီး ငါ့နာမဟို့
တလောကလောင်းမာ ကျော်ဇောသွားစေဟို့တွပ် ဖြစ်ဟုယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
18 အယ်ကြောန့် ဘုရားသခင်ဟှာ သနားရှင်သူဟို့ သနားတော်မူဘီးဟှာ
မော့-က်မာစေရှင်သူဟို့ မော့-က်မာစေတော်မူလေဟုယ်။

ဘုရားသခင်ရဲ့ မျစ်တော်န ကရုဏာတော်ကြောန်း

19 “အယ်မျိုးဆိုဟှာ ဘုရားသခင်ဟု လူလေဟို့ ဖယ်မျိုးဖြစ်ကြောန့် ပြစ်တန်သေးနူး။
ဖယ်သူဟှ ကိုယ်တော်ရဲ့ လိုတော်ဟို့ ဆန့်ကျင်နိုင်မယ်နူး” ဆိုဘီး ငါ့ဟို့ မေးလေ့မယ်။
20 မိဆွေ နန်ဟှာ ဖယ်မျိုးသူဖြစ်ဟူကြောန့် ဘုရားသခင်ဟို့ ပ့လန်ခံပြောဆိုနူး။
ဖန်းဆင်းခံဟှ ဖန်ဆင်းရှင်ဟို့ “ဖြားဖြစ်ကြောန့် ကိုယ်တော်ဟှာ ကျွန်တော်ဟို့
အယ်မျိုးလောက်ရနူး” ဆိုဘီး ပြောခွမ့်ရှိဟူကြောန့်လော။
21 အိုးလောက်မားဟှ အိုးမ့်လေဟို့ သူကြိုက်ဟူ ပေါင်စံဟို့ လောက်ပိုင်ခွမ့် ရှိဟုယ်
မူဟှလော။ အိုးမ့်လေတခုဒဲန အသရေရှိဟူအိုးန အသရေမ့ဲ့ဘဲဟူအိုးဟို့
လောက်ပိုင်ဟုယ် မူဟှလော။
22 အယ်ဘေမဲ့ ဘုရားသခင်ဟှာ မျစ်တော်ဟို့ ပြဟို့တွပ်န သူ့ရဲ့တဂိုးတော်ဟို့
သိစေဟို့တွပ် လိုတော်ရှိရစ်န ဖျစ်ဆီးဟို့ပြင်ဟှားဟူ မျစ်တော်နဆိုင်ဟူ အိုးခွပ်လေဟို့
ရရာတိုင်း စိရှယ်ဘီး သီးခံတော်မူဟုယ် ဆိုဟှာ ဖယ်မျိုး ပြောဇာရှိအူးမယ်နူး။
23 နော့-က်ဘီး ဖောင်းသရေတော်တွပ် ကြိုတန်ပြင်ဆင်ဟှားဟူ
ကရုဏာတော်နဆိုင်ဟူ အိုးခွပ်လေမာ သူ့ရဲ့ဖောင်းသရေတော်ရဲ့ ကြွယ်ဝမှုဟို့
သိဟို့တွပ် ပြုတော်မူဟုယ် ဆိုဟှာ ဖယ်မျိုးနူး။
24 ဘုရားသခင်ဟှာ နို့လေဟို့ အယ်ကရုဏာတော်န ဆိုင်ဟူ အိုးလေဖြစ်
ယုဒလူမျိုးလေ သတ်သတ်ဘဲ့မူဘဲန လူမျိုးခြားလေထဲမာလည်း ခေါ်တော်မူလေဟုယ်။
25 ဟောရှေရဲ့ ကျမ်းစာနှိုက်
“ငါ့ရဲ့လူမူဘဲဟူ သူလေဟို့

‘ငါ့ရဲ့လူလေ’ ဆိုဘီး ငါခေါ်မယ်။
ငါရွစ်ဘဲဟူ လူမျိုးလေဟို့
‘ငါရွစ်ဟူ လူမျိုး’ ဆိုဘီး ငါခေါ်မယ်။
26 ‘နှန်းနို့ဟာ ငါ့ရဲ့လူ မှူဟ့’ ဆိုဘီး ပြောဟူအရပ်မာ
သူးနို့လေဟာ ‘သတ်ရှင်တော်မူဟူ ဘုရားသခင်ရဲ့ သားလေ’ ဆိုဘီး
ခေါ်ခံရလေ့မယ်” ဆိုဘီး မိန့်တော်မူလေဟ့ယ်။
27 ပရောဖက် ဟေရှာယဟ့လည်း ဣသရေလ လူမျိုးလေဟို့ ရည်ရွယ်ဘီး ပြောဟူဇာဟ့
“ဣသရေလ လူမျိုးလေဟာ ပန်လယ်သဲလောင်းနမ့ျ များဟူလည်းဘဲ့ နဲစုလော့-က်ဘဲ့
ကယ်တန်ခံရလေ့မယ်။
28 ဖြားဖြစ်ကြောန်နူးဆိုဟ့ ဘုရားသခင်ဟ့ မိန့်တော်ရှိဟူတိုင်း မ့လေဂီးထတ်မာ
ပ့လဲဇောင်စေဘီး ခီဆွဲဘဲန ပြုလောက်တော်မူလေ့မယ်” ဆိုဘီး ကြွေးကြော်လေဟ့ယ်။
29 နော့-က်ဘီး ဟေရှာယဟ့ “ကောန်းဂန်ဗိုလ်ခေရှင် ဘုရားသခင်ဟ့ နို့လေတွပ်
မျိုးနွယ်ဟို့ ချန်ဟ့ားဘဲနနေဟ့ နို့လေလည်း သောဒုံဗြို့နတူဘီး ဂေါမောရဗြို့မျိုး
ဖြစ်ရလေ့မယ်” ဆိုဘီး ကြိုတန်ပြောဟူတိုင်းဘဲ့ ဖြစ်လေဟ့ယ်။

ဣသရေလလူမျိုးန ဒန်းကောန်းကြောန်း

30 အယ်မျိုးဆိုဟ့ နို့လေ ဖယ်မျိုးပြောရဟို့နူး။ ဖြောန့်မတ်ရှင်းဟို့ ရဟို့တွပ်
ကြိုးစားဘဲဟူ လူမျိုးခြားလေဟ့ ဖြောန့်မတ်ရှင်းဟို့ ခံရဂေ့လေဟ့ယ်။
အယ်မျိုးခံရဇာဟ့ ယောင်ကြည်ရှင်းအားဖြင့် ခံရဟူ ဖြောန့်မတ်ရှင်းဟို့
ဆိုလိုဇာဖြစ်ဟ့ယ်။
31 အယ်ဘေမဲ့ ပညတ်တရားဟို့ မှီအောန်လိုက်ဟူ ဣသရေလ လူမျိုးလေဟ့
ဖြောန့်မတ်ရှင်း တရားဟို့ မှီဂေ့ဟ့။
32 ဖြားဖြစ်ကြောန့် မှီဟ့နူး။ ယောင်ကြည်ရှင်းအားဖြင့် လိုက်ဘဲန၊ ပညတ်တရားရဲ့
ကျင့်အားဖြင့် လိုက်ဘီး ကျမ်းစာမာ ဖော်ပြဟ့ားဟူ “ထိမိဘီးလဲတတ်ဟူကၠလော့-က်”
ဟို့ တိုက်မိဘီးလဲဟူကြောန့် ဖြစ်လေဟ့ယ်။
33 ကျမ်းစာဟ့၊
“ကေ့ရွှဂေ့၊
လူလေ ထိမိလဲတတ်ဟူ ကၠလော့-က်ဟို့ ဇီအုန်တောန်ထတ်မာ ငါခ့လဟ့ားမယ်။
အယ်ကၠလော့-က်ဟို့ လူလေ ထိမိလဲဂေ့လေ့မယ်။
အယ်ဘေမဲ့ အယ်ကၠလော့-က်ဟို့ မှီပြုဟူ သူလေဟ့ ယှစ်ကြော့-က်စိပျစ်မှု
မွေ့ဟ့” ဆိုဘီး ဖော်ပြဟ့ားလေဟ့ယ်။

10

1 ညီကို မောန်နှမလေ ငါဟ့ ဣသရေလလူမျိုးလေ ကယ်တန်ရှင်းရဟို့တွပ်
စေတနာစိပ့လဲဝန ဘုရားသခင်ဆီမာ ဆုတောန်းလေ့ရှိပါဟ့ယ်။

2 အယ်သူလေဟှာ မှန်ဟူပညာ မျှော်ဘဲဟူလည်းဘဲ့ ဘုရားသခင်ဖတ်မာ ရရာတိုင်း
စိအားကီးကြောန်းဟို့ သူးနို့်လေတွပ် ငါသတ်သေခံပါဟှယ်။
3 သူးနို့်လေဟှာ ဘုရားသခင်ပြင်ဆင်ပေးဟူ ဖြောန့်မတ်ရှင်းတရားဟို့ သိဘဲန
ကိုယ့်ဖြောန့်မတ်ရှင်းဟို့ တည်စေဟို့တွပ် ရှာကြဲဟူကြောန့် ဘုရားသခင်ပြင်ဆင်ပေးဟူ
ဖြောန့်မတ်ရှင်းတရားဟို့ ဝန်ခံဂေ့ဟှ။
4 ယောင်ကြည်ဟူ လူလေ ဂူလောင်းဟှာ ဖြောန့်မတ်ရာဟို့ ရော့-က်ဟို့တွပ်ကြောန့်
ပညတ်တရားဟှာ ခရစ်တော်အားဖြင့် ပ့လဲ့ဇောင်စေဟှယ်။

လူလေ ဂူလောင်းတွပ် ကယ်တန်ရှင်းကြောန်း

5 မောရှေဟှလည်း "အယ်ကျင့်ဟို့ ကျင့်ဟူသူဟှာ အယ်ကျင့်အားဖြင့်ဘဲ့
သတ်ရှင်လေ့မယ်" ဆိုဘီး ပညတ်တရားနဆိုင်ဟူ ဖြောန့်မတ်ရှင်းဟို့ ရည်ရွယ်ဘီးဟှာ
ရေးဟှားလေဟှယ်။
6 ယောင်ကြည်ရှင်းအားဖြင့်ရဟူ ဖြောန့်မတ်ရှင်းနပတ်သတ်ဘီး ကျမ်းစာတော်ဟှ
"ဖယ်သူဟှ ကောန်းဂန်ဟို့ တတ်မယ်နူး၊ ဆိုဘီး စိနှလောင်းထဲဟှမေးန။ (ဆိုလိုဇာဟှ
ခရစ်တော်ဟို့ အော့-က်ဟို့ခေါ်ပန့်ဟို့တွပ်)
7 ဖယ်သူဟှ အော့-က်အရပ် နတ်နဲရာထဲဟို့ ဆင်းမယ်နူး၊ ဆိုဘီး မေးဂေ့န"
(ဆိုလိုဇာဟှ ခရစ်တော်ဟို့ သေဟူသူလေထဲဟှ ခေါ်ပန့်ဟို့တွပ်ဖြစ်ဟှယ်)။
8 နော့-က်ဘီး ကျမ်းစာတော်ဟှ "တရားတော်ဟှာ နန့်ရဲ့နီးနားမာရှိဟှယ်။
နန့်ရဲ့နှောက်မာဖြစ်ဖြစ် နန့်ရဲ့ နှလောင်းမာဖြစ်ဖြစ် ရှိဟှယ်" ဆိုဘီး ပြောဟှားဟှယ်။
အယ်မျိုးပြောဟူဇာဟှ နို့လေ ဟောပြောကြေညာဟူ ယောင်ကြည်ရှင်းတရားဘဲ့
ဖြစ်လေဟှယ်။
9 ဖယ်မျိုးနူးဆိုဟှာ နန်ဟှာ သခင်ယေရှုဟို့ နှောက်နဝန်ခံဘီး ဘုရားသခင်ဟှ သူ့ဟို့
သေရှင်းဟှနေ ထမြော့-က်စေဘီ ဆိုဘီး စိနှလောင်းထဲဟှနေ ယောင်ကြည်ဟှယ်
ဆိုဟှာ ကယ်တန်ရှင်းဟို့ ရော့-က်လေ့မယ်။
10 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဖြောန့်မတ်ရာဟို့ ရော့-က်ဟို့တွပ် စိနှလောင်းန
ယောင်ကြည်ဘီးဟှာ ကယ်တန်ရှင်းဟို့ ရော့-က်ဟို့တွပ် နှောက်နဝန်ခံရဟှယ်။
11 ကျမ်းစာလာဟူဇာဟှ "အယ်ကလော့-က်ဟို့ မှီပြုဟူသူလေဟှာ
ယှစ်ကြော့-က်ရှင်းမှေ့ဟှ" ဆိုဘီး လာလေဟှယ်။
12 ယုဒလူမျိုး လူမျိုးခြားဆိုဘီး ခွဲခြားဟှ လူမျိုးဂူလောင်းရဲ့
သခင်တပါးဒဲဖြစ်ဟှယ်။ ကိုယ်တော့်ဟို့ ဆုတောန်းဟူသူလေဟို့ ကြွယ်ဝအောန
ကောန်းဂျီးပေးတော်မူဟှယ်။
13 ကျမ်းစာတော်ဟှ "ဘုရားသခင်ရဲ့ နာမတော်ဟို့ အော်ခေါ်ဂေ့ဟူ လူလေ
ဂူလောင်းဟှာ ကယ်တန်ရှင်း ခံရဂေ့လေ့မယ်" ဆိုဘီး လာလေဟှယ်။
14 အယ်ဘေမဲ့ ယောင်ဘဲနနေဟှာ ဖယ်မျိုး ဆုတောန်းနိုင်မယ်နူး။ ဒန်းကောန်းဟို့
ကြားဘဲနနေဟှာလည်း ဖယ်မျိုး ယောင်ကြည်နိုင်မယ်နူး။ ဟောပြောဟူသူလေ
မျှော်ဘဲနနေဟှာ ဖယ်မျိုး ကြားနိုင်ဂေ့မယ်နူး။

15 လူလေဟို့ စေလွှတ်ဘဲနနေဟာ ဖယ်မျိုး ဟောပြောနိုင်မယ်နူး။ ကျမ်းစာတော်ဟု
“ဒန်းကောန်းဟို့ သယ်ဆောန်လာဟူသူလေရဲ့ခေဟာ ရရာတိုင်းဘဲ့ အသရေရှိဘီး
တင့်တယ်လေဟုယ်!” ဆိုဘီး လာလေဟုယ်။
16 အယ်ဘေမဲ့လည်း ဝန်းမြော့-က်ဇာကောန်းဟူ အယ်ဒန်းကောန်းဟို့
လူတိုင်းနားထောန်ဂေ့ဇာ မူဟု ပရောဖက်ဟေရှာယဟု “အို၊ ဘုရားသခင်
ကျွန်တော့်ဟုားလေဟောပြောဟူ အယ်ဒန်းကောန်းဟို့ ဖယ်သူလေ
ယောင်ကြည်ကြောန့်နူး” ဆိုဘီး ပြောလေဟုယ်။
17 အယ်မျိုးဖြစ်ကြောန့် ယောင်ကြည်ရှင်းဟာ ဒန်းကောန်းဟို့
ကြားနာရှင်းအားဖြင့်ဖြစ်ဘီး ကြားနာရှင်းဟာလည်း ခရစ်တော်ရဲ့ စကားတော်
ဟောပြောရှင်းအားဖြင့် ဖြစ်လေဟုယ်။
18 အယ်ဘေမဲ့ အယ်ဒန်းကောန်းဟို့ လူလေ ကြားရဂေ့ဟုလော။ တကယ်ဘဲ့
ကြားရဂေ့ဘီ။ ကျမ်းစာတော်ဟု၊
“သူးနို့ရဲ့ သံဟာ လောကလောင်းဟို့ ပ့လံ့နှံ့ဟုားလေဟုယ်။
သူးနို့လေ ဟောပြောဟူ စကားဟုာလည်း မ့လေဂီးစွန်းထိအောန် ရော့-က်လေဘီ”
ဆိုဘီး လာလေဟုယ်။
19 နော့-က်ဘီး ငါမေးအူးမယ်။ ဣသရေလ လူမျိုးလေဟာ အယ်မူဇာလေဟို့
သိဂေ့ဟုလော။ မောရှေဟု၊
“ငါဟာ ရေရာဘဲဟူ လူမျိုးလေဟို့ သောင်းပြုရှင်းအားဖြင့်
နန်းနို့လေဟို့ နာလိုဘဲစိဟို့ ဖြစ်စေမယ်
မိုက်မဲဟူ လူမျိုးလေအားဖြင့်
စိဆိုးအောန် ငါပြုမယ်” ဆိုဘီး ရှေ့ဦးဆောင်း ပြောလေဟုယ်။
20 ပရောဖက် ဟေရှာယဟု၊
“ငါ့ဟို့ ရှာဂေ့ဘဲဟူ သူလေဟာ ငါ့ဟို့ တွိရလေ့မယ်။
ငါ့ရဲ့ ကြောန်းဟို့ စောင်ဇမ်း မေးမြန်းဘဲဟူ သူလေနားမာ ငါထန်ရှားမယ်” ဆိုဘီး
ရဲရဲရင့်ရင့် ပြောလေဟုယ်။
21 ဣသရေလ လူမျိုးလေန ပတ်သတ်ဘီး နော့-က်ထပ် ပြောဟူဇာဟု “ငါ့ဟို့
ဆန့်ကျင်ပေါင်ကန်ဘီး ငါ့စကားဟို့ နားထောန်ဘဲဟူ အယ်လူမျိုးလေနားဟို့
တနေ့လောင်း ငါ့လတ်ဟို့ ကမ်းဟုားရဟုယ်” ဆိုဘီး ပြောလေဟုယ်။

11

ဘုရားသခင်ရဲ့ ကရုဏာတော်ကြောန်း

1 အယ်မျိုးဆိုဟာ ဘုရားသခင်ဟု သူ့ရဲ့လူမျိုးနွယ်ဟို့ ပယ်လိုက်ဘီလော၊ ဆိုဘီး
မေးမယ် ဆိုဟာ လောင်းဝပယ်ဟု! ငါကိုယ်တိုင်ဘဲ့ ဣသရေလလူမျိုးဖြစ်ဘီး
အာဗြဟံဟုနေ ဆင်းသတ်လာဟူ ဗ်ိုယာမိန်နွယ်ဖြစ်ဟုယ်။

11:1 ၁၁.၁ ဖိ ၃.၅

2 ဘုရားသခင်ဟာ စစဒူးဟု သူဝီးကော့-က်ဟူ သူလူမျိုးလေဟို့ စွန့်ပယ်တော်မူဟု။
ပရောဖက်ဧလိယဟု ဣသရေလ လူမျိုးလေရဲ့ မိုက်မဲမှုဟို့ ဘုရားသခင်နား
ကြားလျှော့-က်ဟူ ကြောန်းရာဟို့ ကျမ်းစာမာ ဖယ်မျိုးဖော်ပြဟုား နူးဆိုဇာ
နန်းနို့သိဂေ့လေဟုယ်။
3 သူဟု "အိုး၊ ဘုရားသခင်၊ သူးနို့လေဟုာ ကိုယ်တော်ရဲ့ ပရောဖက်လေဟို့
သတ်ဘီးဟုာ ယဇ်ပလ္လင်လေဟို့ ဖြိုဖျစ်ဂေ့ပါဘီ။ ကျွန်တော်တယော့-က်ဒဲဘဲ့
ကျန်ရစ်ဘီး ကျွန်တော်ဟို့လည်း သတ်ဟို့ရှာနေဂေ့ပါဟုယ်" ဆိုဘီး
လျှော့-က်လေဟုယ်။
4 အယ်မျိုးလျှော့-က်ဟူ ခီမာ ဘုရားသခင်ဟု ဧလိယဟို့ ဖယ်မျိုး
ဗျာဒိတ်ပေးဟုယ်နူး။ ဘုရားသခင်ဟု "ဗာလရှေ့မာ ဒူးထော့-က်ဝတ်ပြုဘဲသူ ၇,၀၀၀
ဟို့ ငါ့တွပ် ချန်ဟုားဟုယ်" ဆိုဘီး မိန့်တော်မူလေဟုယ်။
5 အယ်မျိုးဘဲ့ ခုကာလမာလည်း ကျေးဇူးတော်အားဖြင့် ဝီးကော့-က်ခံရဟူသူ
ကြွင်းကျန်ရှိသေးဟုယ်။
6 ကျေးဇူးတော်အားဖြင့် ဝီးကော့-က်ရှင်းခံရဟုယ် ဆိုဟုာ ကိုယ့်ရဲ့ကျင့်အားဖြင့်
မှုဟု။ ကိုယ့်ရဲ့ကျင့်ကြောန့် ဆိုဟုာလည်း ကျေးဇူးတော်စစ်မှန် မှုဟု။
7 အယ်ဆိုဟုာ ဖယ်မျိုးပြောရမယ်နူး။ ဣသရေလလူမျိုးလေဟုာ သူးနို့ကြိုးစားဘီး
ရှာဖွေဇာဟို့ တွိဂေ့ဟု။ အယ်ရာဟို့ ဝီးကော့-က်ရှင်းခံရသူလေဘဲ့ တွိရဘီး
ကျန်ဟူသူလေဟုာ မှောန်မိုက်ဖောင်းလွှမ်းကြောန့်နေဂေ့ဟုယ်။
8 ကျမ်းစာဟု "ဘုရားသခင်ဟုာ သူးနို့လေရဲ့ စိန္နလောင်းဟို့ မိုက်စေတော်မူဘီး
မြင်ဘဲဟူမျစ်စိန၊ ကြားဘဲနားဟို့ ပေးတော်မူဘီ" ဆိုဘီး လာလေဟုယ်။ အယ်ကြောန့်
အယ်နေ့ထိ သူးနို့လေဟုာ မမြင်နိုင် မကြားနိုင်ဂေ့ဟု။
9 နော့-က်ဘီး ဒါဝိဒ်ဟုလည်း၊
"သူးနို့ရဲ့ စားဗွဲဟုာ သူးနို့တွပ် ကျော့ကွမ်းဟူမျိုး၊
ထောန်ချော့-က်ဟူမျိုး၊ မှားယွင်းစေတတ်ဟူရာဟူမျိုး၊ လတ်တုံ့ပြန်ဇာမျိုး
ဖြစ်ပါစေ။
10 သူးနို့ရဲ့ မျစ်စိ ကေ့ဟို့ ဖြင်ဘဲနေအောင် ကွယ်ပါစေ။
သူးနို့ရဲ့ ခါးလည်းဘဲ့ မြဲဒမ်း ကူးပါစေ" ဆိုဘီး ဆိုဟုားလေဟုယ်။
11 အယ်မျိုးဆိုဟုာ ဣသရေလလူမျိုးလေ ထိမိဘီး လဲဂေ့ဘီလော။ လဲဂေ့ဟု!
သူးနို့လေ ပြစ်မှားဟူဇာအားဖြင့် လူမျိုးခြားလေဆီဟို့ ကယ်တန်ရှင်း
သတ်ရော့-က်စေဘီး အယ်မှုရာအားဖြင့် ယုဒလူမျိုးလေရဲ့ နာလိုဘဲဟူ စိဟို့
ဖြစ်ပေါ်လာစေဟုယ်။
12 သူးနို့လေရဲ့ ပြစ်ကျူးလွန်မှုဟုာ လောကီသားလေရဲ့ ကြွယ်ဝမှုဟို့ ဖြစ်စေဘီး
သူးနို့လေရဲ့ ဆောင်းရှောင်းမှုဟုာ လူမျိုးခြားလေဟို့ ကောန်းဂျီးဖြစ် စေဟုယ် ဆိုဟုာ
သူးနို့ရဲ့ ပုလဲဇောင်မှုဟုာ ဖယ်မျှလော့-က်များဟူ ကျိုးဟို့ ဖြစ်စေလေ့မယ်နူး။
လူမျိုးခြားလေ ကယ်တန်ရှင်း ခံရဟူကြောန်း

13 အယ်ကြောန့် လူမျိုးခြားဖြစ်ဟူ နန်းနို့ဟို့ ငါပြောရှင်ဇာဟု၊ ငါဟာ
လူမျိုးခြားလေနဆိုင်ဟူ တမန်တော်ဖြစ်ဘီး ငါ့ရဲ့ မှုဆောန်လောက်ငန်းဟို့
ဂေါင်ယူဝါကြွားဘီး
14 တနည်းအားဖြင့် ငါ့လူမျိုးလေရဲ့ မနာလိုစိဟို့ ဖြစ်ပေါ်စေရှင်းအားဖြင့်
သူးနို့လေထဲဟု လူတချို့ဟို့ ကယ်တန်နိုင်ဟို့တွပ် မျော်လင့်နေပါဟုယ်။
15 ဖြားဖြစ်ကြောန်နူးဆိုဟု သူးနို့လေပစ်ပယ်ခံရဟူဇာဟု လောကသားလေတွပ်
မိတ်သဟာယဖွဲ့ရှင်းခွမ် ဖြစ်ဟုယ် ဆိုဟု၊ သူးနို့ဟို့ ပ့လန်ဘီးလတ်ခံဟူဇာဟု
သေဟုးဘီးသူလေ သတ်ပ့လန်ရှင်လာဟူဇာမျိုး ဖြစ်လေ့မယ် မှုဟုလော။
16 ရင်ဦးဆောင်းနယ်ဟူ မုညစ်ဟု သန်ရှင်းဟုယ်ဆို တအိုးလောင်း
သန်ရှင်းလေ့မယ်။ သစ်ပြစ် သန်ရှင်းဟုယ် ဆိုဟု ကိုင်းခတ်လေ ဂူလောင်း
သန်ရှင်းလေ့မယ်။
17 အယ်ဘေမဲ့ တချို့ သံလွင်ခတ်ဟို့ ခွတ်ဖြတ်ဘီး၊ ရိုင်းဟူ သံလွင်ဗန်ဖြစ်ဟူ
နန်းနို့လေဟို့ အယ်မူသံလွင်ဗန်ငုထတ်မာ ကိုင်းဆစ်စိုက်ပျိုးဟူကြောန့် သံလွင်ဗန်ရဲ့
သစ်ပြစ်ဟုနေဘီး ဆီနှစ်ခ သြဇာဟို့ မျှဝီခံစားဟူ သူဖြစ်လာဟုယ် ဆိုဟု
18 အယ်မူကိုင်းခတ်လေထတ်မာ ဝါကြွားဟူစိ ရှိဂေ့ခ။ ဝါကြွားဟုယ် ဆိုဟုလည်း
နန်ဟု သစ်ပြစ်ဟို့ ထော့-က်မဟူ ဇာမူဟု။ သစ်ပြစ်ဟု နန့်ဟို့ထော့-က်မဟူ
ဇာဖြစ်ဟုယ်။
19 အယ်ဘေမဲ့ နန်ဟု "ကျွန်တော့်ဟို့ ကိုင်းဆစ်ကူးဟို့တွပ် အယ်မူကိုင်းခတ်လေဟို့
ခွတ်ပစ်ခံရဟုယ်" ဆိုဘီး ပြောလေ့မယ်။
20 နန်းနို့ပြောဟူတိုင်း မှန်ဟုယ်။ သူးနို့လေဟု ယောင်ကြည်ဘဲကြောန့်
ခွတ်ပစ်ခံရဘီး နန်းနို့လေဟု ယောင်ကြည်ဂေ့ဟူကြောန့် တည်နေလေဟုယ်။
အယ်ဘေမဲ့ မော့-က်မာထောန်လွားဟူစိ မေ့ဘဲန ကြော့-က်ရွံ့ဟူ စိရှိဂေ့ပါ။
21 ဖြားဖြစ်ကြောန့်နူးဆိုဟု ဘုရားသခင်ဟု နဂိုသံလွင်ဗန်ရဲ့ ကိုင်းခတ်ဟို့ ဗြောဘဲန
ခွတ်ပစ်ဟုယ် ဆိုဟု နန်းနို့လေဟို့လည်း ဗြောဟို့ မှုဟု။
22 အယ်ကြောန့် ဘုရားသခင်ရဲ့ ပြင်းထန်ဟူစီရင်ရှင်းန ကျေးဇူးပြုရှင်းလေဟို့
ကေ့ဂေ့ပါ။ ပြင်းထန်ဟူစီရင်ရှင်းဟု လဲဟူသူလေထတ်မာရှိဘီး ဘုရားသခင်ရဲ့
ကျေးဇူးပြုတော်မူရှင်းကြောန်းရာဟု၊ နန်ဟု အယ်မူကျေးဇူးတော်န တည်နေမယ်
ဆိုဟု ဘုရားသခင်ရဲ့ ကရုဏာတော်ဟု နန့်ထတ်မာရှိဟုယ်။ တည်ဘဲနနေဟု
နန်လည်း ခွတ်ပစ်ရှင်းခံရလေ့မယ်။
23 ယုဒလူမျိုးလေဟု ယောင်ကြည်ဘဲဟူစိဟို့ စွန့်ပစ်ဘီး ယောင်ကြည်မယ် ဆိုဟု
ပန်ငုထတ်မာ နော့-က်ထပ်စိုက်ပျိုးဟို့တွပ် ဘုရားသခင်တတ်နိုင်တော်မူဟုယ်။
24 ဖြားဖြစ်ကြောန့်နူးဆိုဟု လူမျိုးခြားလေဖြစ်ဟူ နန်းနို့လေဟို့
နဂိုရိုင်းဟူသံလွင်ဗန်ဟုနေ ခွတ်ယူဘီးဟု ယဉ်ဟူသံလွင်ဗန်မာ ကိုင်းဆစ်ဘီး
စိုက်ပျိုးရဟုယ် ဆိုဟု၊ ယဉ်ဟူသံလွင်ဗန်ရဲ့ နဂိုကိုင်းလေဖြစ်ဟူ ယုဒလူမျိုးလေဟို့
ပ့လန်ဘီးလာစိုက်ပျိုးမယ် ဆိုဟု ပိုဘီး ဟု လွယ်ကူလေ့မယ် မှုဟုလော။

လူလေဂူလောင်းဟို့ ဘုရားသခင်ထားဟူ ကရုဏာတော်ကြောန်း

25 ညီကို မောန်နှမလေ၊ နန်းနို့လေဟှာ ကိုယ့်ကိုယ်ကိုယ် ပညာသတိရှိဟူသူ ဆိုဘီး
ထန်မှတ်ဘဲနေဟို့တွပ် အယ်မူလျှို့ဝှပ်နတ်နဲဟူရာဟို့ သိဘဲန နေစေရှင်ဟှ။
အယ်မူလျှို့ဝှပ်နတ်နဲဟူရာဟှ ဂ္ဂသရေလ လူမျိုးလေမာ မာကျောခတ်ထန်ဟူ သူတချို့
ရှိဟူဇာကြောန်းဟှ လူမျိုးခြားလေ စောင်းစောင်လင်းလင် ဝမ်ရော့-က်လာဟူ
ခီထိဖြစ်ဘီး၊
26 အယ်ဘီးမှ ဂ္ဂသရေလ လူမျိုးလေဟှာ ကယ်တန်ရှင်းခံရလေ့မယ် ဖြစ်ဟှယ်။
ကျမ်းစာဟှ၊
“ကယ်တန်ဟူ သခင်ဟှာ ဇိအုန်တောန်ဟှနေ ကြွလာဘီး၊
ယာကုပ်မျိုးနွယ်ထဲဟှနေ တရားဘဲဟူမှလေ ဂူလောင်းဟို့
ဖယ်ရှားတော်မူလေ့မယ်။
27 သူးနို့လေရဲ့ ပြစ်လေဟို့ ငါဖယ်ရှားပေးဟူ ခီမာ
သူးနို့လေဟို့ ငါပေးဟူ ပဋိညာဉ်တရားဟှ အယ်မျိုး တရားဘဲ့ ဖြစ်ဟှယ်” ဆိုဘီး
လာလေဟှယ်။
28 ကောန်းမြတ်ဟူ ဒန်းကောန်းအားဖြင့် သူးနို့လေဟှာ နန်းနို့တွပ်ကြောန့် ရန်သူလေ
ဖြစ်လာဂေ့ဘီး ဝီးကော့-က်တော်မူဟူ ဇာအားဖြင့် ရှေးဘိုးဘေးလေကြောန်းကြောန့်
ရှစ်ရဟူသူ ဖြစ်လာဂေ့ဟှယ်။
29 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ပေးတော်မူဟူ ဝီးကော့-က်ရှင်း
ကောန်းဂျီးမ်ဂလာဟှာ ပ့လောန်းလဲမှုမှေ့တတ်ဟှ။
30 နန်းနို့လေဟှာ စဒူးဟှ ဘုရားသခင်ရဲ့ စကားတော်ဟို့ နားထောန်ဘဲနေဟူလည်းဘဲ့ ခု
သူးနို့လေ နားထောန်ဘဲနေကြောန့် နန်းနို့လေဟှာ ကရုဏာတော်ဟို့ ခံစားရဂေ့ဟှယ်။
31 အယ်မျိုးဘဲ့ ဘုရားသခင်ရဲ့ ကရုဏာတော်ဟို့ နန်းနို့ခံစားရဟူမျိုး
ယုဒလူမျိုးလေလည်း ကရုဏာဟို့ ခံစားရဟို့တွပ် ဘုရားသခင်ရဲ့ စကားတော်ဟို့ ခု *
နားထောန်ဘဲ နေရဂေ့ဟှယ်။
32 ဘုရားသခင်ဟှာ သူ့ရဲ့ ကရုဏာတော်ဟို့ လူလေ ဂူလောင်း ခံစားရရှိဟို့တွပ်
လူလေဟို့ နားမထောန်ရှင်းအားဖြင့် ချောက်ဟှားလေဟှယ်။

ဘုရားသခင်ရဲ့ ဂေါင်တော်ဟို့ ချီးမွမ်းဟူကြောန်း

33 ဘုရားသခင်ရဲ့ ပညာန ဉာဏ်တော်ဟှာ ရရာတိုင်းဘဲ့ နတ်နဲလွန်းပါဟှယ်!
စီရင်တော်မူချစ်လေဟို့ ဖယ်သူလည်း လေ့လာဟိုကူနိုင်ဟှ။
ဖယ်သူရှင်းပြနိုင်ဟူကြောန့်နူး။ ကြွတော်မူဟူလမ်းလေဟို့ လိုက်ရှာဟူလည်းဘဲ့
တွိလည်းမတွိ မှီလည်းမမှီနိုင်ဟှ။
34 ကျမ်းစာဟှ
“ဖယ်သူဟှ ဘုရားသခင်ရဲ့ စိတော်ဟို့ သိနူး။

* **11:31** ၁၁.၃၁ တချို့ မူရင်းလတ်ရေးမူလေမာ ခု၊ ဆိုဇာဟှာ မ့ေဟှ။

ဖယ်သူဟု ကိုယ်တော်ရဲ့ တိုင်ပင်ခံဖြစ်ဖူးနူး။
35 ကိုယ့်ဟို ကျေးဇူးဆပ်ရအောန်၊
ဖယ်သူဟု ကိုယ်တော့်ဟို ကျေးဇူးပြုဖူးနူး” ဆိုဘီး ဖော်ပြဟုဘုယ်။
36 ရှိမျှဂူလောင်းဟု ကိုယ်တော်ရဲ့ ထဲဟု ကိုယ်တော်အားဖြင့် ကိုယ်တော်ရဲ့ တွပ်ဘဲ့
ဖြစ်လေဟုယ်။ ကိုယ်တော်ဟု ကမ္ဘာဆစ်ဆစ် ဖောင်းကီးတော်မူပါစေ! အာမင်။

12

ဘုရားသခင်ရဲ့ မှုတော်ဟို ဆောန်ဟို့တွပ် ဖယ်မျိုးသတ်ရှင်ရဟို့ကြောန်း

1 အယ်မျိုးဖြစ်ကြောန့် ညီကို မောန်နှမလေ၊ ဘုရားသခင်ရဲ့ ကရုဏာတော်အားဖြင့်
နန်းနို့လေဟို ငါတိုက်တွန်းနှိုးဆော်ရှင်ဇာဟု နန်းနို့လေရဲ့ ကိုယ်ခန့်ဓာဟို ဘုရားသခင်
နှစ်သက်ဟူ သန့်ရှင်းရှင်း လတ်ခဏာဘောန်းဇောင်န ပ့လဲ့ဇောင်ဟူ သတ်ရှင်ရှင်း
ယဇ်ဖြစ် ဆစ်ကပ်ပူဇော်ဂေ့ပါ။ အယ်မျိုးပြုဟူဇာဟု နန်းနို့လေဟာ မှန်ကန်ဟူ
ဝတ်ပြုကိုးကွယ်ရှင်း ဖြစ်လေဟုယ်။
2 နန်းနို့လေဟာ လောကီ ပေါင်သဏ္ဌာန်ဟို့ ဆောန်ဂေ့န။ ကောန်းမြတ်ဟူဇာ၊
စောင်လင်ဟူဇာဖြစ်ဟူ ဘုရားသခင် လိုတော်ရှိဟူဇာဟာ ဖယ်မျိုးဇာဖြစ်ဟုယ် ဆိုဇာဟို့
ပိုင်းခြားနိုင်ဟို့တွပ် စိန္နလောင်းဟို့ သစ်ပြုပြင်ရှင်းအားဖြင့် ပေါင်သဏ္ဌာန်
ပ့လောန်းလဲရှင်း ရှိဂေ့ပါ။
3 နန်းနို့လေဟာ ကိုယ့်ကိုယ်ကိုယ် တိုင်းထက်လွန် ထန်ဘဲနေဟို့တွပ် ငါခံရဟူ
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ အားကိုးဘီးဟာ မှာကြားရှင်ပါဟုယ်။ နန်းနို့လေဟို့
ဘုရားသခင်ခွဲဝီပေးဟူ ယောင်ကြည်ရှင်း တိုင်းတာန ကိုယ့်ကိုယ်ကိုယ် ထန်သင့်ဟူတိုင်း
ထန်မှတ်ဂေ့ပါ။
4 ဥပမာ ကိုယ်ခန္ဓာ တခုမာရှိဟူ အင်္ဂါစိပိုင်းလေဟာ တူညီဘဲဟူလောက်ဆောန်မူ
ကိုယ်စီရှိဟူမျိုး၊
5 ဘောင်ဂီးဖြစ်ဟူ နို့လေဟာလည်း ခရစ်တော်န တလောင်းတဝဲဖြစ်ဘီး
ဂူလောင်းဟာ ကိုယ်ခန္ဓာရဲ့ ကွဲပြားခြားနားဟူ အင်္ဂါစိပိုင်းလေဖြစ်န ရှင်းရှင်း
ပေါန်းစည်းဟာဇာဖြစ်ဘီး၊
6 နို့လေမာ ပေးအပ်တော်မူဟူ ကျေးဇူးတော်တိုင်း ထူးထူးပြားပြားရှိဟူ
ဆုကျေးဇူးတော်လေဟို့ ရရှိဂေ့ဟုယ်။ အယ်ကြောန့် အယ်ဆုကျေးဇူးဟာ ပရောဖက်ပြု
ဟောပြောရှင်းဖြစ်ဟုယ် ဆိုဟာ ယောင်ကြည်မူ ပမာဏဟို့ ရဟူတိုင်း ပရောဖက်ပြု
ဟောပြောစေ။
7 ဓမ္မမူဆောန် ရာဟို့ ရဟုယ် ဆိုဟာ ဓမ္မမူဟို့ ဆောန်ရွပ်စေ။ ဆောင်းမဩဝါဒ
ပေးဟူသူ ဖြစ်ဟုယ် ဆိုဟာ အယ်မူဟို့ လောက်ဆောန်စေ။
8 တိုက်တွန်းအားပေးဟူသူ ဖြစ်ဟုယ် ဆိုဟာ တိုက်တွန်းအားပေးရှင်းမူဟို့ ပြုစေ။
ဝီမျှပေးကမ်းသူဟာ ရစ်ရစ်ရောရော ပေးကမ်းစေ။ စီမံအောက်ချောက်ဟူ သူဟာ

11:36 **၁၁.၃၆** ၁ ကော ၈.၆ **12:4** **၁၂.၄.၅** ၁ ကော ၁၂.၁၂ **12:6** **၁၂.၆-၈** ၁ ကော ၁၂.၄-၁၁

လောင်းလဝီရိယန စီမံအောက်ချောက်စေ။ သူတပါးဟို့ မစသနားရှင်းမှုဟို့ ပြုသူဟာ
စေတနာစိန ကူညီမဇစေ။
9 မြစ်တာဟာ ဟန်ဆောန်မှုကင်းစေပါ။ ကောန်းဘဲဇာလေဟို့ ရွံမူးဂေ့ပါ။
ကောန်းမြတ်ဟူဇာလေဟို့ ဆည်းပူးဂေ့ပါ။
10 ညီကို မောန်နှမရှင်းရှင်း၊ ရှစ်ဟူမြစ်တာအားဖြင့်၊ ရှင်းရှင်းရှစ်ခင်ကြင်နာဘီး
ချီးမွမ်းဟူနေရာမာ သူများဟို့ ကိုယ့်ထတ် ချီးမြှော့-က်ဂေ့ပါ။
11 အားထုရဟို့နေရာမာ ပျင်းကိုးဘဲန၊ စိအားထတ်သန်ဘီး ဘုရားသခင်ရဲ့ မှုတော်ဟို့
ဆောန်ရွပ်ဂေ့ပါ။
12 မျှော်လင့်ရှင်းနှိုက် ဝန်းသာဘီး၊ ဆင်းရဲဒေါက်ခခံရဟူ ခီမာ သီးခံဂေ့ပါ။
ဆုတောန်းရှင်းမှုဟို့ မြဲဒမ်းပြုဂေ့ပါ။
13 ဆင်းရဲဟူ သန့်ရှင်းသူလေဟို့ ဝီမျပေးကမ်းဂေ့ပါ။ ည့်သည်လေဟို့ ကြိုးစားဘီး
ည့်ဝတ်ပြုဂေ့ပါ။
14 နန်းနို့လေဟို့ ညှဉ်းဆဲဟူသူလေတွပ် ကောန်းဂျီးပေးဘီး၊ ကီဆဲဘဲန
မြစ်တာပို့ဂေ့ပါ။
15 ဝန်းသာသူလေနတူးဒူ ဝန်းသာဘီး၊ ငိုဟူသူလေနတူးဒူ ငိုဂေ့ပါ။
16 ရှင်းရှင်း စိဝန်းမကွဲဘဲ ညီးညီညွတ်ညွတ် ရှိဂေ့ပါ။ ထောန်လွားဟူစိမ့ေဘဲန
နှိခ့လဟူ သူလေဟို့ လတ်ခံဂေ့ပါ။* ကိုယ့်ကိုယ်ကိုယ် ပညာရှိဆိုဘီး ထန်မှတ်ဂေ့န။
17 ဖယ်သူ့ဟို့မှလည်း ပ့ုလန်ဘီးရန်တို့ပ့ုလန်န။ လူလေရှေ့မာ
အသရေရှိတင့်တယ်အောင် ပြုကျင့်ဂေ့ပါ။
18 လူတိုင်းန တတ်နိုင်ဟူမျ သင့်မြတ်အောန်နေဂေ့ပါ။
19 ရှစ်ရဟူသူလေ၊ သူများလေ နန်းနို့ဟို့ ပြစ်မှားဟာ ကိုယ်တိုင်
ပ့ုလန်ဘီးရန်တို့ပ့ုလန်ဂေ့န၊ ဘုရားသခင်ဟာဲ့ စီရင်တော်မူပါစေ။ ဘုရားသခင်
မိန့်တော်မူဇာဟ “ငါဟာ ပြစ်တရားဟို့ စီရင်ပိုင်ဟာယ်။ ပြစ်ရှိဟူတိုင်း ငါဆပ်ပေးမယ်”
ဆိုဘီး ကျမ်းစာလာလေဟာယ်။
20 အယ်ကြောန့် ကျမ်းစာလာဇာဟ “နန့်ရန်သူဟာ စားရမဲ့သော့-က်ရမဲ့ ဖြစ်ဟူ ခီမာ
စားဇာကျွေးပါ။ ရေငတ်နေဟာယ် ဆိုဟာ သော့-က်ဟို့ရေပေးပါ။
အယ်မျိုးပြုရှင်းအားဖြင့် နန်ဟာ သူ့ရဲ့ ခေါန်းထတ်မာ မီးခဲဟို့ ပေါင်ဟားလေ့မယ်”
ဆိုဘီး ဖော်ပြဟားဟာယ်။
21 ဆိုးအားဖြင့် ရှောင်းခံန၊ ကောန်းအားဖြင့်ဘဲ့ ဆိုးဟို့နိုင်ယူပါ။

13

စိုးရမန်းဟို့ ပြုအပ်ဟူဝတ်ကြောန်း

12:14 ၁၂.၁၄ မ ၅.၄၄; လု ၆.၂၈ * **12:16 ၁၂.၁၆** နှိခ့လဟူ သူလေဟို့ လတ်ခံဂေ့ပါ၊ အယ်မျိုးမူဘဲနေဟာ နှိခ့လဟူ သူလေဟို့ မိဆွေဖွဲ့ပါ။

1 လူတိုင်း စိုးရမန်းရဲ့ မိန့်အာဏာဟို့ လိုက်နာဂေ့ရမယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ၊
ဘုရားသခင်ရဲ့ ခွမ့်မှေ့ဘဲနေဟှာ၊ မန်းအာဏာဆိုဇာလည်း မှေ့ဟှ။ အာဏာပိုင်လေ
ဂူလောင်းဟို့ ဘုရားသခင် ခန့်အပ်ဟှားကြောန့် ဖြစ်ဟှယ်။
2 အယ်ကြောန့်၊ မန်းရဲ့ ခွမ့်အာဏာဟို့ လွန်ဆန်သူဟှာ ဘုရားသခင်ဟို့ လွန်ဆန်သူ
ဖြစ်ဟှယ်။ အယ်မျိုးပြုဟှ သူလေဟှာ ပြစ်ဒီရင်ရှင်းဟို့ ခံရမယ်။
3 မန်းဆိုဇာဟှ ကောန်းဟှ ကျင့်ဟို့ ကျင့်ဟှသူလေ ကြော့-က်ရဟို့ မှူဘဲန
ကောန်းဘဲကျင့်လေဟို့ ပြုကျင့်သူလေ ကြော့-က်ရဟို့ ဖြစ်ဟှယ်။ မန်းရဲ့ ခွမ့်အာဏာဟို့
ကြော့-က်ဘဲန နေရှင်လော။ အယ်ဆိုဟှာ ကောန်းဟှ ကျင့်ဟို့ ကျင့်ပါ။
အယ်မျိုးကျင့်ဟှယ် ဆိုဟှာ သူရဲ့ ချီးမွမ်းရှင်းဟို့ ခံရလေ့မယ်။
4 ဖြားဖြစ်ကြောန့်နူးဆိုဟှာ မန်းဟှာ နန်းနို့လေရဲ့ ကျိုးတွပ် ဘုရားသခင်ရဲ့
စေခံကျွန်လေဖြစ်ဟှယ်။ ကောန်းဘဲကျင့်ဟို့ ကျင့်ဟှယ် ဆိုဟှာ ကြော့-က်ဂေ့ပါ။
သူဟှာ ထားဟို့ သတ်သတ်မဲ့ ကိုင်ဟှားဇာ မှုဟှ။ သူးနို့လေဟှာ ဘုရားသခင်ရဲ့
စေခံကျွန်လေဖြစ်ကြောန့် ကောန်းဘဲဟှ ကျင့်လေဟို့ ကျင့်ဟှသူလေဟို့
ဘုရားသခင်ကိုယ်စား ပြစ်ဒန်စီရင်သူလေဖြစ်ဟှယ်။
5 အယ်ကြောန့် ပြစ်ဒန်ဟို့ ကြော့-က်ဟှကြောန့် မန်းအာဏာရဲ့ အောက်စိုးမှုဟို့
ဝန်ခံဇာ မှုဘဲန၊ ဘုရားသခင်ရဲ့ စီရင်ရှင်းဟို့ ကြော့-က်ဟှကြောန့်လည်း မှုဘဲန
ကိုယ့်ကိုယ်ကိုယ် သိဟှုစိဟို့ ထော့-က်ဘီးဟှာ ဝန်ခံရမယ်။
6 အယ်ကြောန့် နန်းနို့လေ အခွန်ဟို့ ပေးဆောန်ဂေ့ပါ။ စိုးရအာဏာပိုင်လေဟှာ
သူးနို့တာဝန်ဟို့ ကျေပွန်အောန် ထမ်းဆောန်နေဟှ ဘုရားသခင်ရဲ့
မှုဆောန်လေဖြစ်ဟှယ်။
7 အယ်ကြောန့် နန်းနို့လေ ပေးဆောန်ဇာရှိဟှုတိုင်း ပေးဆောန်ဂေ့ပါ။
ခွန်ခံထိုက်ဟှသူဟို့ ခွန်ပေးဂေ့ပါ။ ကြော့-က်ထိုက်ဟှသူဟို့ ကြော-က်ဂေ့ပါ။
ရိုသေထိုက်ဟှသူဟို့ ရိုသေဂေ့ပါ။

ရှင်းရှင်းပြုအပ်ဟှုဝတ်ကြောန်း

8 ရှင်းရှင်း ရှစ်ရှင်းမြစ်တာကြွေးဟှနေဘီး ဖယ်ကြွေးဟို့မှလည်း တန်စေန။ သူများဟို့
ရှစ်ဟှုသူဟှာ ပညတ်တရားဟို့ စောန့်ထီးဟှုသူဖြစ်ဟှယ်။
9 ဖြားဖြစ်ကြောန့်နူးဆိုဟှာ "အီထောန်ရေးဖော့-က်ပ့လန်န၊ လူလေရဲ့သတ်ဟို့
သတ်န၊ သူများအောက်စာဟို့ ခိုးန၊ သူများအောက်စာဟို့ တပ်မတ်လိုရှင်စိရှိန" ဆိုဟှု
ပညတ်ဟှစဘီး တခြားပညတ်လေ ဂူလောင်းဟှာ "ကိုယ်နစပ်ဆိုင်သူဟို့
ကိုယ်နထပ်တူရှစ်ပါ" ဆိုဟှု ပညတ်တခုဒဲမာ ပါဝမ်နေဇာဖြစ်ဟှယ်။
10 ရှစ်ရှင်းမြစ်တာရှိဟှုသူဟှာ ကိုယ်နစပ်ဆိုင်သူရဲ့ကျိုးဟို့ ဖျစ်ဆီးတတ်ဟှ။
အယ်ကြောန့် ရှစ်ရှင်းမြစ်တာဟှာ ပညတ်တရားလေ ဂူလောင်းရဲ့ ပ့လဲ့ဇောင်ရာ
ဖြစ်လေဟှယ်။

13:6 ၁၃.၆.၇ မ ၂၂.၂၁; မာ ၁၂.၁၇; လု ၂၀.၂၅

11 နန်းနို့လေဟှာ အိမွိရာဟှနေဘီး နိုးထရဟှိုဲခီ ရော့-က်လာဘီ ဖြစ်ဟှူကြောန်းဟှိုဲ
သိဂေ့ဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နို့လေ ကယ်တန်ရှင်းခံရဟှိုဲ နေ့ရစ်ကာလဟှာ
ယောင်ကြည်ခါစဒူးဟှထတ် ပိုဘီး နီးကပ်လာကြောန့် ဖြစ်ဟှယ်။
12 ညဉ့်ခီကူဘီး နေ့ခီဟှိုဲ ရောက်ဟှမယ် ဖြစ်ဟှူကြောန့် မှောန်မိုက်ရဲ့ ကျင့်လေဟှိုဲ
ဖယ်ရှားဘီးဟှာ လန်းရောန်ရဲ့ လတ်နတ်စောင်ဟှိုဲ ဝတ်ဆင်ဂေ့ဇိုဲ။
13 ပွဲလောက်ဟှဇာလေ၊ မောယစ် သော့-က်စားဇာလေ၊ တရားဘဲဟှူ မေထုန်ဟှိုဲ
မှီဝဲဇာလေ၊ ကိလေသာညစ်ညူးဇာလေ၊ ရန်ဖြစ်ဇာလေန ဂေါင်ပြိုင်ဝါကြွားဇာလေဟှိုဲ
ရှောန်ဘီးဟှာ လန်းရောန်မာ ကျင်လည်ဟှူသူမျိုး အသရေရှိအောန် ကျင့်သောင်းဂေ့ဇိုဲ။
14 သခင်ယေရှုခရစ်တော်ဟှိုဲ ဝတ်ဆင်ဂေ့ပါ။ ဇာတိသွီးသား
တတ်မတ်ရှင်းနော့-က်ဟှိုဲ လိုက်ဂေ့န။

14

ညီကို မောန်နှမလေဟှိုဲ ပြစ်တန်ဝေဖန်မှု မလောက်ဟှိုဲကြောန်း

1 ယောင်ကြည်ရှင်းအားနဲသူလေဟှိုဲ လတ်ခံဂေ့ပါ။ အယ်ဘေမဲ့ သူခံယူဇာန
ပတ်သတ်ဘီး ဂြင်းခူလောက်ဂေ့န။
2 တချို့သူလေဟှာ စားဇာဘောန်းဇောင်ဟှိုဲ စားအပ်ဟှယ် ဆိုဘီး
ယောင်ကြည်ဂေ့ဟှယ်။ အားနဲဟှူသူဟှာ ဟန်းသီးဟန်းဝပ်လေဟှိုဲဘဲ့ စားတတ်ဟှယ်။
3 စားဇာဘောန်းဇောင်ဟှိုဲ စားဟှူသူဟှ စားဘဲနေသူဟှိုဲ ထီမဲ့မြင်လောက်န။
စားဘဲနနေဟှူသူဟှလည်း စားဟှူသူဟှိုဲ စစ်ကြောစီရင်န။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ
ဘုရားသခင်ဟှာ သူ့ဟှိုဲ လတ်ခံတော်မူဘီ။
4 နန်ဟှ ဖယ်မျိုးဟှူသူဖြင့်ကြောန့် သူများပိုင်ဟှူ စေခံဟှိုဲ စစ်ကြောစီရင်ဟှယ်နူး။
သူဟှာ သူသခင် စီရင်ဇာအားဖြင့် ပြစ်လွတ်ရှင်းန ပြစ်စီရင်ရှင်းဟှိုဲ ရော့-က်လေ့မယ်။
သူဟှာ ပြစ်လွတ်လေ့မယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ဟှ သူ့ရဲ့ပြစ်ဟှိုဲ
လွတ်ပေးဟှိုဲတွပ် တတ်နိုင်တော်မူဟှယ်။
5 တချို့လူလေဟှာ နေ့ရစ်တရစ်ထတ် တရစ်ဟှာ ပိုဘီး ရေးကီးဟှယ် ဆိုဘီး
စီရင်ဂေ့ဟှယ်။ တချို့လူလေဟှလည်း နေ့ရစ်တိုင်းဟှာ တူးဒူဘဲ့ဖြစ်ဟှယ် ဆိုဘီး
ယူဆဂေ့ဟှယ်။ လူတိုင်း ကိုယ့်ရဲ့ယောင်ကြည်ချစ်တိုင်း ခိုင်မြဲပါစေ။
6 နေ့ရစ်ဟှိုဲ စောန့်ထီးဟှူသူဟှာ ဘုရားသခင်တွပ် စောန့်ဟှယ်။ စားဟှူသူဟှလည်း
ဘုရားသခင်ဟှိုဲ ထော့-က်ဘီး စားဟှယ်။ စားဘဲနေဟှူ သူဟှလည်း
ဘုရားသခင်ဟှိုဲထော့-က်ဟှကြောန့် စားဘဲနနေဘီး ကျေးဇူးတော်ဟှိုဲ
ချီးမွမ်းဝန်ခံလေဟှယ်။
7 နို့လေထဲမာ ဖယ်သူဟှလည်းဘဲ့ ကိုယ့်တွပ် သတ်ရှင်ဟှ။ ဖယ်သူဟှလည်း
ကိုယ့်တွပ် သေဟှ။

14:1 ၁၄.၁ ကော ၂.၁၆

8 နို့လေ သတ်ရှင်ဟှာ သခင်ဘုရားတွပ်ဖြစ်ဘီး သေဟှာလည်း သခင်ဘုရားတွပ်
ဖြစ်ဟှယ်။ အယ်ကြောန့် နို့လေသတ်ရှင်နေဟူဘဲ့ဖြစ်ဖြစ်၊ သေဟူဘဲ့ဖြစ်ဖြစ်
သခင်ဘုရား ပိုင်ဆိုင်လေဟှယ်။
9 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ခရစ်တော်ဟှာ သေဟူသူလေ သတ်ရှင်ဟူသူလေရဲ့
စိုးရဟူ သခင်ဖြစ်ဟို့တွပ် သေခံဘီး ရှင်ပ့လန်ထမြော့-က်တော်မူလေဟှယ်။
10 အယ်ကြောန့် နန်းနို့လေဟှာ ဖြားဖြစ်ဟို့ ကိုယ့်ညီကို မောန်နှမလေဟို့
လိုက်စစ်ကြောစီရင်နေနူး။ ဖြားဖြစ်ကြောန့် ထီမဲ့မြင်ပြုရနူး။ နို့လေဂူလောင်းဟှာ
ဘုရားသခင်ရဲ့ တရားပလွင်ရှေ့ဟို့ ရော့-က်ရဂေ့မယ်။
11 ကျမ်းစာလာဟူဇာဟှ၊
“ငါသတ်ရှင်ဟူတိုင်း၊
ငါ့ရှေ့မာ လူတိုင်း ဒူးထော့-က်ရမယ်,
ငါဟှာ ဘုရားသခင်ဖြစ်ကြောန်းဟို့ လူတိုင်း နှောက်နဝန်ခံရမယ်” ဆိုဘီး
ဘုရားသခင် မိန့်တော်မူလေဟှယ်။
12 အယ်ကြောန့် နို့လေဂူလောင်းဟှာ ဘုရားသခင်ရဲ့ စစ်ကြောတော်မူရှင်းဟို့
ခံရဂေ့မယ်။

သူတပါးဟို့ မှားယွင်းအောင်လောက်န

13 အယ်ကြောန့် နို့လေဟှာ နော့-က်ထပ် ရှင်းရှင်းဟို့ စစ်ကြောစီရင်ဘဲန နေဂေ့ဖို့။
ညီကို မောန်နှမဟို့ ထိမိလဲတတ်ဟူ မူရာလေဟို့ ကြဲစည်ဂေ့န။
14 ဖယ်စားဇာလည်း နဂိုတိုင်း ညစ်ညူးဟှ ဆိုဇာဟို့ သခင်ယေရှုအားဖြင့်
ငါမှန်းမှန်သိဟှယ်။ အယ်ဘေမဲ့လည်း ညစ်ညူးဟှယ် ဆိုဘီး နန်းနို့ယောင်ကြည်ဟှာ
ယောင်ကြည်ဟူသူတွပ် အယ်စားဇာဟှာ ညစ်ညူးဟှယ်။
15 တကယ်ဟို့ နန်ဟှာ ကိုယ်စားဟူစားဇာအားဖြင့် ညီကို မောန်နှမဟို့ ထိမိဘီး
လဲစေဟှယ် ဆိုဟှာ နန်ဟှာ မြစ်တာတရားဟို့ ကျင့်ဘဲနေဇာ ဖြစ်ဟှယ်။ ခရစ်တော်ရဲ့
သေခံတော်မူဟူ ကျေးဇူးတော်ဟို့ ခံရဟူသူဟို့ နန့်ရဲ့စားဇာအားဖြင့် ကျိုးနဲစေန!
16 နန်းနို့ ကောန်းဟှယ် ဆိုဘီး ယောင်ကြည်ခံယူဇာဟို့ သူများကဲ့ရဲ့စေန။
17 ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှာ စားသော့-က်န တည်ဟူဇာ မူဟှ
သန့်ရှင်းဟူဝိညာဉ်တော်အားဖြင့် ခံရဟူ ဖြောန့်မတ်ရှင်း၊ ငြိသတ်ရှင်း၊
ဝန်းသာရှင်းလေနဘဲ့ တည်ဟှယ်။
18 အယ်မျိုးကျင့်ဘီး ခရစ်တော်ရဲ့မူတော်ဟို့ ဆောန်ရွပ်ဟူသူလေဟှာ
ဘုရားသခင်ရှေ့တော်မာ နှစ်သက်ဖွယ်ဖြစ်ဘီး လူလေလည်း ချီးမွမ်းဂေ့ဟှယ်။
19 အယ်ကြောန့် ငြီးငြီးချမ်းချမ်းနေထိုင်ဇာန ပတ်သတ်ဟူကြောန်းရာလေဟို့
ပြုစုပေးဘီးဟှာ ရှင်းရှင်း တယော့-က်ဟို့တယော့-က် နို့လေ မြဲဒမ်း
တည်ဆော့-က်ပေးဟို့ ပေးရမယ်။*

14:10 **၁၄.၁၀** ၂ ကော ၅.၁၀ * **14:19** **၁၄.၁၉** နို့လေ မြဲဒမ်း တည်ဆော့-က်ပေးဟို့ ပေးရမယ်၊ တချို့
မူရင်းလတ်ရေးမူလေမာ နို့လေ မြဲဒမ်း တည်ဆော့-က်ပေးဟှယ်၊ ဆိုဘီး ပါရှိဟှယ်။

20 ဘုရားသခင်ရဲ့မှုတော်ဟို့ နန်ရဲ့စားဇာအားဖြင့် ဖျစ်ဆီးန။ စားဇာဘောန်းဇောင်ဟာ
စင်ကြယ်ဟုယ်။ အယ်ဘေမဲ့ သူများထိမိဘီး လဲတတ်ဟူစားဇာဟို့ စားဟူသူဟာ
ပြစ်ဖြစ်ဟုယ်။
21 မဲသားဟို့ စားဟူဇာန စဗျစ်ဝိုင်ဟို့ သော့-က်ဟူဇာအားဖြင့် ညီကို မောန်နမဟို့
ထိမိဘီးလဲဇာ ဖြစ်ဘဲနေအောန် ရှောန်သင့်ဟုယ်။
22 နန်ယောင်ကြည်ရှင်းရှိမယ် ဆိုဟာ ကိုယ့်ဖာသာ ဘုရားသခင်ရှေ့မာ ရှိပါစေ။
ကိုယ်လတ်ခံဟူဇာအားဖြင့် ကိုယ့်ကိုယ်ကိုယ် စစ်ကြောစီရင်ဘဲသူဟာ မင််လာရှိဟုယ်!
23 အယ်ဘေမဲ့ သံသယစိန တခုခုဟို့စားဟူသူဟာ ဘုရားသခင်ရဲ့ စီရင်ရှင်းဟို့
ခံရလေ့မယ်။ ဖြားဖြစ်ကြောန်နူးဆိုဟာ ယောင်ကြည်ရှင်းမှေ့ဘဲကြောန့် ဖြစ်ဟုယ်။
ယောင်ကြည်ရှင်းမှေ့ဘဲန ကျင့်ဟူဇာမှန်ဟူမျှလည်း ပြစ်ဖြစ်ဟုယ်။

15

ကိုယ့်လိုဟို့ လိုက်ဘဲန သူတပါးရဲ့ လိုဟို့ လိုက်ရှင်းကြောန်း

1 အယ်ကြောန့် ယောင်ကြည်ရှင်းခိုင်ခံဟူ နို့လေဟာ အားနဲဟူသူလေရဲ့
အားနဲရှင်းလေဟို့ ထော့-က်ရှုပေးရမယ်။ ကိုယ့်လိုဟို့လိုက်ဘီး လောက်ဆောန်သင့်ဟု။
2 နို့လေဂူလောင်းဟာ ယောင်ကြည်မှုအားနဲဟူ ညီကို မောန်နမလေဟို့
ယောင်ကြည်ရှင်း ခိုင်မာလာစေဟို့တွပ် သူးနို့လေရဲ့ ကောန်းကျိုးဟို့ ထော့-က်ဘီးဟာ
သူးနို့လိုဟို့ လိုက်ဘီး တည်ဆော့-က်ပေးသင့်ဟုယ်။
3 ဖြားဖြစ်ကြောန်နူးဆိုဟာ ခရစ်တော်ဟာ ကိုယ့်လိုဟို့ လိုက်ဟု။
ကျမ်းစာလာဟူဇာဟု "ကိုယ်တော့်ဟို့ ကဲ့ရဲ့ဟူသူလေရဲ့ စကားဟာ ကျွန်တော့်ထတ်ဟို့
ရော့-က်ပါဟုယ်" ဆိုဘီး လာလေဟုယ်။
4 ကျမ်းစာမာ ဖော်ပြဘီး ရေးဟာ်းဟူ ရှိမျှဂူလောင်းဟာ နို့လေဟို့
သွန်သန်ဆောင်းမဟို့တွပ် ရေးဟာ်းဇာ ဖြစ်ဟုယ်။ အယ်မျိုး ဖော်ပြရဇာဟု နို့လေဟာ
ကျမ်းစာတော်မာရရှိဟူ သီးခံရှင်းန နှစ်သိမ့်မှုလေအားဖြင့် မျှော်လင့်ရှင်းရှိဟို့တွပ်
ဖြစ်ဟုယ်။
5 နန်းနို့လေ ဂူလောင်းဟာ ခရစ်တော်ယေရှုရဲ့ ပေါင်သတ်သေဟို့ လိုက်ရော့-က်ဘီး
တစိတဝန်းဒဲရှိဟို့တွပ် သီးခံရှင်းန နှစ်သိမ့်မှုရဲ့ သခင် ဘုရားသခင်ဟာ နန်းနို့လေဟို့
ကူမတော်မူပါစေ။
6 အယ်မျိုးမှ နန်းနို့လေ ဂူလောင်းဟာ တလောင်းတဝဲန နို့လေရဲ့သခင်
ယေရှုခရစ်တော်ရဲ့ ဖ ဘုရားသခင်ရဲ့ ဂေါင်တော်ဟို့ ချီးမွမ်းနိုင်ဂေ့လေ့မယ်။

လူမျိုးခြားလေတွပ် ဒန်းကောန်း

7 အယ်ကြောန့် ခရစ်တော်ဟာ နန်းနို့ဟို့ လတ်ခံဟူမျိုး ဘုရားသခင်ရဲ့
ဖောင်းသရေတော် ထန်ရှားစေဟို့တွပ် ရှင်းရှင်း တယော့-က်ဟို့တယော့-က်
လတ်ခံဂေ့ပါ။

8 နော့-က်ထပ် ငါပြောရှင်ဇာဟု ခရစ်တော်ဟုာ ဘုရားသခင်ရဲ့ သမ္မာတရားဟို့
ထန်ရှားစေဟို့တပ် ရေဖျားလှီးဟုားဟူ သူလေရဲ့ စေခံဖြစ်တော်မူဟုယ်။ အယ်မျိုး
ဖြစ်ဟူဇာဟု ရှေးဘိုးဘေးလေဟို့ ပေးဟုားဟူ ဂဒိတော်လေဟို့ တည်မြဲစေဟို့တပ်နှ၊
9 လူမျိုးခြားလေလည်း ကရုဏာတော်ကြောန့် ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့
ချီးမွမ်းဂေ့ဟို့တပ် ဖြစ်ဟုယ်။ ကျမ်းစာတော်ဟု၊

“အယ်ကြောန့် ကျွန်တော်ဟုာ လူမျိုးခြားလေထဲဟုနေ ကိုယ်တော့်ဟို့ ချီးမွမ်းပါမယ်။
ကိုယ်တော့်ဟို့ ထောမနာသီချင်း ဆိုပါမယ်” ဆိုဘီး ဖော်ပြဟူတိုင်းဘဲ
ဖြစ်လေဟုယ်။

10 နော့က်ဘီး ကျမ်းစာဟု၊

“လူမျိုးခြားလေ ဘုရားသခင်ရဲ့ လူမျိုးတော်လေနတူးဒူ ဝန်းသာဂေ့ပါ!” ဆိုဘီး
လာလေဟုယ်။

11 နော့-က်ဘီး လာဇာဟု၊

“လူမျိုးခြားပေါန်းလေ ဘုရားသခင်ဟို့ ချီးမွမ်းဂေ့ပါ!
လူနွယ်ပေါန်းလေ ကိုယ်တော့်ဟို့ ချီးမွမ်းဂေ့ပါ” ဆိုဘီး လာလေဟုယ်။

12 နော့-က်ဘီး ဟေရှာယပြောဇာဟု၊

“ယေရှဲရဲ့သစ်ပြစ် ပေါ့-က်လေ့မယ်။
အယ်သူဟုာ လူမျိုးခြားလေဟို့ အောက်စိုးဟို့သူ ဖြစ်ဟူကြောန့်
အယ်သူဟို့ လူမျိုးခြားလေ မျှော်လင့်ကိုးစားလေ့မယ်” ဆိုဘီး
ပြောဟုားလေဟုယ်။

13 နန်းနို့လေဟုာ သန့်ရှင်းဟူဝိညာဉ်တော်ရဲ့ တဂိုးတော်အားဖြင့် မျှော်လင့်ရှင်းန
ကြွယ်ဝဟို့တပ် မျှော်လင့်ရှင်းရဲ့ရှင် ဘုရားသခင်ဟုာ ယောင်ကြည်ရှင်းဟုလာဟူ
ဝန်းသာဇာဘောန်းဇောင်န ငြိသတ်ရှင်းဟို့ ပေးသနားတော်မူပါစေ။

ပေါလုရဲ့ ရဲရဲရင့်ရင့် ရေးသားရဟူကြောန်း

14 ညီကို မောန်နှမလေ နန်းနို့လေဟုာ ကောန်းမြတ်ဟူ ပါရမီ သိပညာဘောန်းဇောင်န
ပ့လဲ့ဝဘီး ရှင်းရှင်း သွန်သန်နိုင်ဂေ့မယ် ဆိုဇာဟို့ ငါစိခ့လ ယောင်ကြည်ပါဟုယ်။
15 အယ်ဘေမဲ့ အယ်စာမာ တချို့ကြောန်းရာလေန ပတ်သတ်ဘီး နန်းနို့လေဟို့
ဒီပေးရာမာ ငါ့ဟို့ ဘုရားသခင် ပေးသနားဟူ ကျေးဇူးတော်ဟို့ မှီပြုဘီး ရဲရဲရင့်ရင့်
ရေးဟုားဇာဖြစ်ဟုယ်။

16 အယ်မူခွမ့်ရေးဟုာ လူမျိုးခြားလေတပ် မူတော်ဆောန်ဟို့ ခရစ်တော်ယေရှုရဲ့
စေခံဖြစ်ရဟူ ခွမ့်ထူးဘဲ့ဖြစ်ဟုယ်။ လူမျိုးခြားလေဟုာ ဘုရားသခင် နှစ်သက်ဖွယ်ရာ
ပူဇော်သကာဖြစ်န ဘုရားသခင်ဟို့ သန့်ရှင်းဟူဝိညာဉ်တော်ဟု ဆစ်ကပ်ဟူသူလေ
ဖြစ်လာဟို့တပ် ငါဟုာ ယဇ်ပုရောဟိတ် တာဝန်ဟို့ ထမ်းဆောန်ဘီး ဘုရားသခင်ရဲ့
ဒန်းကောန်းဟို့ ဟောပြောကြေညာပါဟုယ်။

17 အယ်ကြောန့် ငါဟှာ ဘုရားသခင်န စပ်ဆိုင်ဟှူ ရာလေနှိုက် ခရစ်တော်
ယေရှုအားဖြင့် ဝါကြွားဇာကြောန်းရှိဟှယ်။
18 ဖြားဖြစ်ကြောန့်နှူးဆိုဟှာ လူမျိုးခြားလေဟှာ နာခံမှုရှိစေဟို့တွပ် ခရစ်တော်ဟှာ
ငါ့ဟို့ သုံးပြုဘီး တရားစကားန လောက်ဆောန့်ရှင်းအားဖြင့်ရော၊
19 နိမိတ်လတ်ခဇာလေန အံ့သြဘွယ်ရာလေရဲ့ တဂိုးအားဖြင့်ရော ဘုရားသခင်ရဲ့
ဝိညာဉ်တော် တဂိုးအားဖြင့်ရော၊ ပြုတော်မူဟူ ဇာလေဟှနေတခြား ငါဟှာ ဖယ်ဇာဟို့မှ
ရဲရဲဝံ့ဝံ့ ပြောရှင်ဟှ။ အယ်မျိုးဖြစ်ကြောန့် ငါဟှာ ယေရှုရှလင်ဗြို့ဟှနေ
ဣလုရိတ်ပြည်ထိ ရော့-က်ဟူနေရာတိုင်းမာ ခရစ်တော်ရဲ့ ဒန်းကောန်းဟို့ ကူစင်အောန်
ဟောပြောဟှယ်။
20 အယ်မျိုး တခြားလူလေ ခ့လဟှားဟူ အုပြစ်ထတ်မာ ငါဆစ်ဘီး
တည်ဆော့-က်ဟှ။ ခရစ်တော်ရဲ့ နာမဟို့ ကြားဖူးသေးဘဲဟူ နေရာလေမာ
ဒန်းကောန်းဟို့ ဟောပြောဟို့တွပ် စေတနာစိန ငါကြိုးစားအားထုလေ့ရှိဟှယ်။
21 အယ်မျိုးဘဲ့ ကျမ်းစာလာဇာဟှ၊

“အယ်သူရဲ့ ကြောန်းဟို့ ဖယ်သူလည်း ပြဖူးဘဲနေဟူလည်းဘဲ့ ဖြင်ဂေ့လေ့မယ်။
ကြားဖူးဘဲဟူသူလေဟှာ နားလည်ဂေ့လေ့မယ်” ဆိုဘီး လာလေဟှယ်။

ရောမဗြို့ဟို့သွားဟို့တွပ် ပေါလုကြံစည်ဟူကြောန်း

22 အယ်မူကြောန်းကြောန့်၊ ငါဟှာ နန်းနို့လေနားဟို့ လာဟို့တွပ် ခါဘီးခါ
ကြိုးစားဟူလည်းဘဲ့ တားဆီးခံရဟှယ်။
23 အယ်ဘေမဲ့လည်း ခုခီမာ ငါဟှာ အယ်ဒေသလေမာ လောက်ဆောန်သင့်ဟူ
မူကိစလေဟို့ လောက်ဆောန်ဘီးဟှာ နန်းနို့လေနားဟို့ လာဟို့တွပ် နှစ်ပေါန်း
ဘောင်ဂီးဟှနေဘီး ဆန္ဒရှိဟူတိုင်း၊
24 စပါနိပြည်ဟို့ ငါသွားဟူ ခီမာ နန်းနို့လေဟို့ ဖြင်တွိရှင်ကြောန့် လည်လာရင်းန
ဝမ်လာဟို့ စိကူးဟှားဘီး၊ နန်းနို့လေနားမာ ရှစ်ဟှား တဲခိုဘီးဟှာ စပါနိပြည်ဟို့
ခရီးသွားဟို့တွပ် ငါ့ဟို့ ကူညီပေးလေ့မယ် ဆိုဘီး မျော်လင့်ဟှားပါဟှယ်။
25 ခု ငါဟှာ သန်ရှင်းသူလေရဲ့ မူဟို့ လောက်ကျေးပြုဟို့တွပ် ယေရုရှလင်ဗြို့ဟို့
သွားရမယ်။
26 ဖြားဖြစ်ကြောန့်နှူးဆိုဟှာ မာကေဒေါနိ ပြည်သားလေန အခါယ ပြည်သားလေဟှာ၊
ယေရုရှလင်ဗြို့မာရှိဟူ ဆင်းရဲဟူ သန်ရှင်းသူလေဟို့ ကူညီ ထော့-က်ပံ့ပေးဟို့တွပ်
စေတနာစိ ရှိဂေ့ကြောန်ဖြစ်ဟှယ်။
27 သူးနို့လေ စေတနာစိရှိဟူဇာ မှန်ဟူလည်းဘဲ့ ယုဒလူမျိုးလေဟို့ ကူညီ
ထော့-က်ပံ့ပေးဟို့တွပ် တာဝန်ရှိပါဟှယ်။ ဖြားဖြစ်ကြောန့်နှူးဆိုဟှာ ယုဒလူမျိုးလေဟှာ
သူးနို့ခံစားရဟူ ဝိညာဉ်ဆုကျေးဇူးလေဟို့ လူမျိုးခြားလေဟို့ ဝိမ္မခံစားစေဟူကြောန့်၊

15:22 **၁၅.၂၂** ရော ၁.၁၃ **15:25** **၁၅.၂၅.၂၆** ၁ ကော ၁၆.၁-၄ **15:27** **၁၅.၂၇** ၁ ကော ၉.၁၁

လူမျိုးခြားလေဟုလည်း ယုဒလူမျိုးလေရဲ့ ရောက်ပိုင်းဆိုင်ရာ အောက်စာလေဟို့
ဝိဉ္ဉပေးကမ်းသင့်ပါဟုယ်။
28 အယ်ကြောန့် အယ်မူဟို့ လောက်ဆောန်ဘီး လူငွေလတ်ဆောန်ဟို့ သူးနို့လတ်ထဲဟို့
အပ်ပေးဘီးဟုာ နန်းနို့ဟို့ ဝမ်တွိဘီးဟုာ စပါနိပြည်ဟို့ သွားမယ်။
29 နန်းနို့နှားဟို့ ငါလာဟူ ခီမာ ခရစ်တော်ရဲ့ ကောန်းဂျီးန ပ့ုလဲ့ဝဘီး ရော့-က်လာမယ်
ဆိုဇာဟို့ ငါသိဟုယ်။
30 ညီကို မောန်နှမလေ နို့လေရဲ့ သခင် ယေရှုခရစ်တော်န ဝိညာဉ်တော်ဟု
ပေးသနားဟူ ရှစ်ရှင်းမြစ်တာဟို့ မှီပြုဘီးဟုာ ငါ့တွပ် ငါ့နတူးဒူ ဘုရားသခင်ထံတော်မာ
စိအားထတ်သန်ဘီးဟုာ ဆုတောန်းပေးဟို့တွပ် နန်းနို့လေဟို့
ငါတိုက်တွန်းနှိုးဆော်ရှင်ဟုယ်။
31 ယုဒပြည်မာရှိဟူ ယောင်ကြည်ဘဲဟူသူ ယုဒလူမျိုးလေရဲ့ ဘေးရန်ဟုနေ
လွတ်ကင်းဟို့တွပ်န ယေရုရှလင်မြို့မာ ငါကူညီမဇရှင်းမှုရာဟို့ သန့်ရှင်းသူလေ
နှစ်သက်ဘီး ဝန်းသာအားရန လတ်ခံနိုင်အောန် ဆုတောန်းဂေ့ပါ။
32 ဘုရားသခင် လိုတော်ရှိဟုယ် ဆိုဟုာ ငါဟုာ ဝန်းမြော့-က်ရှင်းန နန်းနို့နားဟို့
လာဘီး နန်းနို့လေနတူးဒူ ပျော်ပျော်ရွှင်ရွှင်န နားရဟူခွမ့်ဟို့ ရပါလေ့မယ်။
33 ငြိသတ်ရှင်းရဲ့ရှင် ဘုရားသခင်ဟုာ နန်းနို့လေနတူးဒူ ရှိတော်မူပါစေ။ အာမင်။

16

ပေါလုရဲ့ နှောက်ဆစ်ဟူစကား

1 ကင်ခြေဗြို့ သင်းတော်ဟု သင်းထော့-က်ဖြစ်ဟူ နို့လေရဲ့ညီမ ဖိဗေဟို့
နန်းနို့လေဆီဟို့ မိဆစ်ပေးဘီး အပ်လိုပါဟုယ်။
2 သန့်ရှင်းဟူသူလေ ပြုသင့်ဟူတိုင်း သခင်ဘုရားဟို့ထော့-က်ဘီးဟုာ
သူ့ဟို့လတ်ခံဂေ့ပါ။ ကူညီလိုအပ်ဟူရာလေဟို့ သူ့ဟို့ကူညီမဇဂေ့ပါ။ သူဟုာ ငါ့ဟုစဘီး
လူဘောင်ဂီးဟို့ ကူညီမဇဟူသူဖြစ်ပါဟုယ်။
3 ခရစ်တော်ယေရှုနှိုက် ငါ့ရဲ့ လောက်ဖော်ဆောန်ဖတ်ဖြစ်ဟူ ပြစ်ကိလန
အာကုလဟို့လည်း နှောက်ဆစ်ဂေ့ပါ။
4 သူးနို့လေဟုာ ငါ့တွပ် သတ်ပေးဟို့ ဝန်လေးဘဲသူလေဖြစ်ဟုယ်။ သူးနို့ရဲ့ကျေးဇူးဟို့
ငါတယော့-က်ထဲ ဝန်ခံရှင်းမှုဘဲန လူမျိုးခြားလေရဲ့ သင်းတော်လေဟုလည်း
ဝန်ခံဂေ့ဟုယ်။
5 သူးနို့အီမာ စုဘီးဝတ်ပြုဟူ သင်းတော်ဟို့လည်း နှောက်ဆစ်ဂေ့ပါ။
အာရှပြည်မာ ရင်ဦးဆောင်း ခရစ်တော်ဟို့ ယောင်ကြည်ဟူ ငါရှစ်ရဟူ ငါ့မိတ်ဆွေ
ဧပဲနက်ဟို့ နှောက်ဆစ်ဂေ့ပါ။
6 နန်းနို့လေတွပ် ရရာတိုင်း ကြိုးစားဘီး လောက်ကျွေးပြုဟူ မာရိဟို့လည်း
နှောက်ဆစ်ဂေ့ပါ။

7 ငါ့ရဲ့လူမျိုးဖြစ်ဟူ ငါနတူးဒူ ကျဉ်းခ့ဲလခံရဟူ အနှဲ့ဒြောနိတ်န ယုနိ *ဟို
နှောက်ဆစ်ဂေ့ပါ။ သူးနှဲ့လေဟှာ တမန်တော်လေ ကြားမာ ထန်ပေါ်ဟူ သူလေဖြစ်ဘီး
ငါ့ထတ်ရင်ဦးဆောင်း ခရစ်တော်ဟို ယောင်ကြည်ဟူ သူလေဖြစ်ဟှယ်။
8 သခင်ဘုရားအားဖြင့် ငါရှစ်ရဟူမိဆွေ အမှုပလိဟို နှောက်ဆစ်ဂေ့ပါ။
9 ငါ့နတူးဒူ ခရစ်တော်ရဲ့မူတော်တွပ် စေခံဟူ လောက်ဖော်ဆောန်ဖတ် ဥရဗန်န
ငါရှစ်ရဟူသား သတာခုဟို နှောက်ဆစ်ဂေ့ပါ။
10 အပေလေဟို နှောက်ဆစ်ဂေ့ပါ။ သူဟှာ ခရစ်တော်ဟို သစ်စာရှိဘီး
နှစ်သက်ဖွယ်ကောန်းဟူသူ ဖြစ်ဟှယ်။ အာရိတ္တောဗုလုရဲ့ အီသူအီသားလေဟိုလည်း
နှောက်ဆစ်ဂေ့ပါ။
11 ယုဒလူမျိုးရှင်းဖြစ်ဟူ ဟေရောဒျုန်ဟို နှောက်ဆစ်ဂေ့ပါ။ သခင်ဘုရားနှိုက်
တဗဲတော်လေဖြစ်ဟူ နာကိသုရဲ့ အီသူအီသားလေဟို နှောက်ဆစ်ဂေ့ပါ။
12 သခင်ဘုရားရဲ့မူတော်ဟို ကြိုးစားဘီး လောက်ဆောန်ဟူမီးမ တရုဖဲနန
တရုဖောသဟို နှောက်ဆစ်ဂေ့ပါ။ ငါရရာတိုင်းရှစ်ရဟူမိဆွေ ပေရသိဟို
နှောက်ဆစ်ဂေ့ပါ။ သူဟှာ သခင်ဘုရားရဲ့မူတော်ဟို ရရာတိုင်းကြိုးစားဘီး
လောက်ဆောန်သူဖြစ်ဟှယ်။
13 သခင်ဘုရားဝီးကော့-က်ခံရဟူသူ ရုဖု န ငါ့ရဲ့မိခင်မျိုးဖြစ်ဟူ သူမိဟိုလည်း
နှောက်ဆစ်ဂေ့ပါ။
14 အသုံကြိတ်၊ ဖလေကုန်၊ ဟေရမ၊ ပတ်ရောဘ၊ ဟေရမေဟှစဘီး
သူးနှဲ့နတူးဒူနေဟူ ညီကို မောန်နှမလေဟို နှောက်ဆစ်ဂေ့ပါ။
15 ဖိလောလုပ်၊ ယုလိ၊ နေရု၊ နေရုညီမန သြလုမ့ပဟှနေစဘီး သူးနှဲ့နတူးဒူနေဟူ
သန့်ရှင်းသူလေဟို နှောက်ဆစ်ဂေ့ပါ။
16 ယော့-က်နယော့-က် သန့်ရှင်းဟူနမ်းန နှောက်ဆစ်ဂေ့ပါ။ ခရစ်တော်ရဲ့
သင်းတော်အားလောင်းဟှ နန်းနှဲ့လေဟို နှောက်ဆစ်လိုက်ပါဟှယ်။

ပေါလုရဲ့ နော့-က်ဆောင်း ညွှန်ကြားချစ်လေကြောန်း

17 ညီကို မောန်နှမလေ နန်းနှဲ့ခံယူဘီးဟူ ဆောန်းမသြဝါဒန ဆန့်ကျင်ဖတ်ဖြစ်ဟူ
သင်းခွဲဘီး ရှင်းရှင်းစိဝန်းကွဲအောန် ယောင်ကြည်မူ မှားယွင်းအောန် လောက်ဟူ
သူလေဟို ဒိန ရှောန်ရှားဟို့တွပ် နန်းနှို့ဟို ငါတိုက်တွန်းပါဟှယ်!
18 ဖြားဖြစ်ကြောန်နူးဆိုဟှာ သူးနှဲ့လေဟှာ နှဲ့လေရဲ့ သခင် ခရစ်တော်ရဲ့ မှုဟို
ဆောန်ရွပ်ဘဲန သူးနှဲ့ရဲ့ ဝန်းဇာတွပ်ဘဲ့ လောက်ဆောန်သူလေ ဖြစ်ဟှယ်။ သူးနှဲ့လေဟှာ
နူးညံ့ချိုသာဟူ စကားန မ့လော့-က်ပြောဘီးဟှာ စိကောန်းရှိဟူ သူလေန
ရိုးသားသူလေဟို လှည့်ဇားတတ်ဂေ့ဟှယ်။

---

* **16:7** **၁၆.၇** ယုနိ၊ အယ်မျိုးမူဘဲနေဟှာ ယုနိယ၊ တချို့ မူရင်းလတ်ရေးမူလေမာ ယုလိ၊ ဆိုဘီး ပါရှိဟှယ်။
16:13 **၁၆.၁၃** မာ ၁၅.၂၁

19 နန်းနို့လေရဲ့ နာခံမှုရှိဟူကြောင်းဟို လူလေ ဘောင်ဂီးရှေ့မာ ထန်ရှားဟူကြောန့်
နန်းနို့လေထတ်မာ ငါဝန်းသာပါဟုယ်။ အယ်ဘေမဲ့ နန်းနို့လေ ကောန်းဟူ မှုမာ
ပညာရှိဖြစ်ဘီး ကောန်းဘဲမှုလေမာ ပြစ်ကင်းသူလေ ဖြစ်ဟို့တွပ် ငါလိုရှင်ဟုယ်။
20 ဦသတ်ရှင်းရဲ့ သခင် ဘုရားသခင်ဟှာ စာတန်ဟို့ နန်းနို့ရဲ့ ခေအော့-က်မာ ကြာခန်
နို့စစ်တော်မှုလေ့မယ်။
နို့လေသခင် ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်ဟှာ နန်းနို့နတူးဒူ ရှိပါစေ။†
21 ငါ့ရဲ့ လောက်ဖော်ဆောန်ဖတ် တိမောသေန၊ ငါ့လူမျိုးရှင်းဖြစ်ဟူ လုကိ၊ ယာသုန်၊
သောသိပတရုလေဟှ နန်းနို့ဟို့ နှောက်ဆစ်ဂေ့ဟုယ်။
22 အယ်စာဟို့ ရေးပေးဟူ ကျွန်တော်တေရတိဟှာ ခရစ်တော်အားဖြင့် ညီကို
မောန်နှမလေဟို့ နှောက်ဆစ်ပါဟုယ်။
23 ငါ့နှ သင်းတော်တခုလောင်းဟို့ လတ်ခံည့်ဝတ်ပြုဘီး သူ့အီဟို့
ဘုရားဝတ်ပြုဟို့တွပ် ဆစ်ကပ်ဟို့နေရာပေးဟူ ဂါယုဟှလည်း နန်းနို့လေဟို့
နှောက်ဆစ်လိုက်ပါဟုယ်။ ဗြို့ဘဏ္ဍာစိုး ရေတ့်တုန နို့လေရဲ့ညီ ကွာတုလေဟှလည်း
နန်းနို့လေဟို့ နှောက်ဆစ်ဂေ့ဟုယ်။
24 ‡

ဂေါင်တော်ချီးမွမ်းရှင်းန ဆုတောန်းရှင်းအားဖြင့် ဆောင်းသတ်ဟှားဟူကြောန်း

25 ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို့ ထောမနာပြုဂေ့ဇို့! ယေရှုခရစ်ကြောန်းဟို့
ငါဟောပြောဟူ ဒန်းကောန်းတိုင်း ရှေးကာလဟှနေဘီး ဖောင်းကွယ်ဘီး ဝှပ်ဟှားဟူ
မှန်တရား ပေါ်ထွပ်ထန်ရှားလာန ထပ်တူ ခရစ်တော်ယေရှုဟှာ နန်းနို့လေရဲ့
ယောင်ကြည်ရှင်းဟို့ ခိုင်ခံ့စေနို့င်တော် မူဟုယ်။
26 အယ်ဘေမဲ့ ခုခီမာ အယ်မူဖောင်းကွယ်ဟှားဟူ သမ္မာတရားဟှာ ပရောဖက်လေရဲ့
ကျမ်းလေအားဖြင့် ထန်ရှားလာဘီ။ လူဘောန်းဇောင်ဟှာ ဘုရားသခင်ဟို့
ယောင်ကြည်ဘီး ကိုယ်တော်ရဲ့ မိန့်တော်ဟို့ နာခံလာဂေ့ဟို့တွပ် နိစ္စထာဝရ
သတ်ရှင်တော်မူဟူ ဘုရားသခင်ရဲ့ မိန့်တော်အားဖြင့် အယ်ဒန်းကောန်းဟို့
ကြေညာတော်မူဘီ။
27 ဉာဏ်တော်အနန္တန ပ့လဲ့ဇောင်တော်မူဘီး တပါးဒဲရှိဟူ ဘုရားသခင်ဟှာ
ယေရှုခရစ်တော်အားဖြင့် ကမ္ဘာဆစ်ဆစ် ဖောင်းသရေတော် ကီးပါစေ! အာမင်။§

---

† **16:20 ၁၆.၂၀** တချို့ မူရင်းလတ်ရေးမူလေမာ အယ်စာကြောန်းဟို့ ဖျွဟှားဟုယ်။ **16:21 ၁၆.၂၁** တ ၁၆.၁
16:23 ၁၆.၂၃ ၈ တ ၁၉.၂၉: ၁ ကော ၁.၁၄: **ခ** ၂ တိ ၄.၂၀ ‡ **16:24 ၁၆.၂၄** တချို့ မူရင်းလတ်ရေးမူလေမာ
ခန်းငယ် ၂၄ ဟို့၊ နို့လေရဲ့ သခင် ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်ဟှာ နန်းနို့လေ ဂူလောင်းနတူးဒူ ရှိပါစေ။ အာမင်၊
ဆိုဘီး ဖွဲ့ထဲ့ဟှားဟုယ်၊ တခြား ကျမ်းလေမာ အယ်စာကြောန်းဟို့ ခန်းငယ် ၂၇ နှော့-က်မာ ပေါ်နိုးထဲ့ဟှားဟုယ်။
§ **16:27 ၁၆.၂၇** တချို့ မူရင်းလတ်ရေးမူလေမာ ခန်းငယ် ၂၅-၂၇ ဟှ အယ်နေရာမာ ရှိဘီး ၁၄.၂၃ ဟှာ နှော့-က်မာ
ရှိဟုယ်။ တချို့ မူရင်းလတ်ရေးမူလေမာ အယ်ခန်းငယ်ဟှာ ၁၄.၂၃ ရဲ့ နှော့-က်မာ ရှိဟုယ်။ တခြား မူရင်းလတ်ရေးမူ
တခုမာ အယ်ခန်းငယ်ဟှာ ၁၅.၃၃ ရဲ့ နှော့-က်မာ ရှိဟုယ်။

၁ ကောရိန္သု
ကောရိန္သု သင်းတော်ဟို့ ပေါလုရဲ့ ပထမပေးစာ
နိဒါန်း

ကောရိန္သု သင်းတော်ဟို့ ပေါလုရဲ့ ပထမပေးစာ ဟာ ခရစ်တော် မိုးဘီးန ၅၅ ခုနှစ်လော့-က်ဟ့ တမန်တော် ပေါလုဟ့ ရေးဟ့းလေဟ့ယ် (၁.၁)။ အယ်စာဟ့ာ ကောရိန်ဗြို့မာရှိဟ့ူ သင်းတော်ဟို့ ပေါလုရေးဟ့ူ ပေးစာနှေ့စောန်ထဲဟ့ ပထမစောန် ဖြစ်ဟ့ယ်။ သူဟ့ာ မာကေဒေါနိပြည်ဟို့ ဖြတ်ဘီး ကောရိန်ဗြို့ဟို့ ရော့-က်လာခန် ဧဖော်ဗြို့မာ နေနေဒူး အယ်စာဟို့ ရေးဟ့းဇာ ဖြစ်နိုင်ဟ့ယ် (၁၆.၅-၉)။

အယ်စာဟ့ာ သင်းတော်ထဲမာ ကွဲပြားမှုလေ၊ တရားဘဲဟ့ူ မေထုန်မှုလေန ကောန်းဘဲဟ့ူ ကျင့်လေဘောန်းဇောင်ကြောန်းဟို့ ရေးဟ့းဟ့ူစာဟို့ သင်းဝမ်သူ တချို့နားဟ့နေ ပေါလုဟ့ လတ်ခံရရှိဟ့ူကြောန့် ပ့လန်ဘီးဖြေရှင်းဟ့းဇာ ဖြစ်လေဟ့ယ်။ ကောရိန်ဗြို့ဟ့ာ တရားဘဲဟ့ူ မေထုန်နှ ပတ်သက်ဘီး နာမယ်ကီးဟ့ူကြောန့် အယ်သင်းတော်မာ အယ်မျိုးပြဿနာန ရင်ဆိုင်နေရဇာဟ့ာ အံ့သြဇာ မွေ့ဟ့။ ကောရိန္သု သင်းတော်ဟို့ ပေါလုရဲ့ ပထမပေးစာမာလည်း မြစ်တာန ပတ်သက်ဘီး ထန်ရှားဟ့ူ ခန်းလေ ပါဝမ်လေဟ့ယ် (၁၃)။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟ့ာ ကောရိန္သု သင်းတော်ဟို့ နှောက်ဆစ်ဘီးန သူးနို့တွပ် ဘုရားသခင်ဟို့ ချီးမွမ်းဟ့ားဟ့ူကြောန်း (၁.၁-၉)

၂။ သူဟ့ာ ကောရိန္သု သင်းတော်ထဲမာ ကွဲပြားမှုလေန ပတ်သက်ဟ့ူ စာဟို့ လတ်ခံရရှိဟ့ူကြောန့် ပ့လန်ဘီး ဖြေရှင်းဟ့ားဟ့ူကြောန်း (၁.၁၀—၄.၂၁)

၃။ သူဟ့ာ တရားဘဲဟ့ူ မေထုန်ပြဿနာန တရားစီရင်ဟို့တွပ် ပ့လန်ဘီး ရှင်းပြဟ့ားဟ့ူကြောန်း (၅.၁—၆.၂၀)

၄။ အယ်ဘီးမှ သူဟ့ာ လတ်ထတ်ရှင်းကြောန်း၊ ရောက်ထုဟို့ ပူဇော်ပသရှင်းကြောန်း၊ ဝတ်ပြုကိုးကွယ်ရှင်းကြောန်း၊ ဝိညာဉ်ဆုကျေးဇူးန ထမြော့-က်ရှင်းကြောန်းန ပတ်သက်ဘီး ညွှန်ကြားဟ့ားဟ့ူကြောန်း (၇.၁—၁၅.၅၈)

၅။ နော့-က်ဆောင်းမာ သူဟ့ာ လူပေါက်ကိုန ဆိုင်ဟ့ူဇာလေ၊ လတ်တို့ လောက်ဆောင်ရဟို့ဇာလေန နိဂေါင်းချောက်ဟ့ားဟ့ူကြောန်း (၁၆.၁-၂၄)

[1] ဘုရားသခင်ရဲ့ လိုတော်တိုင်း ယေရှုခရစ်တော်ရဲ့ တမန်တော်ဖြစ်န ခန့်အပ်ဟ့ူ ကျေးဇူးဟို့ ခံရဟ့ူ ငါပေါလုန ငါ့ညီသုဿင်ဟ့ာ —

[2] ကောရိန်ဗြို့မာရှိဟ့ူ ဘုရားသခင်ရဲ့ သင်းဝမ်ဟ့ူ သူလေန နေရာတိုင်းမာရှိဟ့ူ နို့လေန သူးနို့လေရဲ့ သခင် ယေရှုခရစ်တော်ရဲ့ နာမတော်ဟို့ ကိုးကွယ်ဟ့ူသူ

1:2 ၁.၂ တ ၁၈.၁

ယေရှုခရစ်တော်နှိုက် တလောင်းတဝဲ ဖြစ်ရှင်းအားဖြင့် ဘုရားသခင်ရဲ့
သန့်ရှင်းဖြောန့်မတ်ဟူ သူဖြစ် ဝီးကော့-က်ခံရဟူ လူတိုင်းနားဟို
စာရေးလိုက်ပါဟုယ်။
3 နို့လေရဲ့ သခင် ယေရှုခရစ်တော်န နို့လေရဲ့ဖ ဘုရားသခင်နားဟုနေဘီး
ကျေးဇူးတော်န ငြိသတ်ရှင်းဟာ နန်းနို့ ဂူလောင်းမာ ရှိပါစေ။

ဆုကျေးဇူးတော်လေကြောန်း

4 ယေရှုခရစ်တော်အားဖြင့် နန်းနို့လေဟို ပေးသနားတော်မူဟူ ဘုရားသခင်ရဲ့
ကျေးဇူးတော်ကြောန့် ငါဟာ နန်းနို့လေတွပ် နို့လေရဲ့ဘုရားသခင်ကျေးဇူးတော်ဟို
မြဲဒမ်း ချီးမွမ်းပါဟုယ်။
5 ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်းနို့လေဟာ နှောက်သတ်ဘိ၊ ဉာဏ်သတ်ဘိန စစရာရာမာ
ခရစ်တော်အားဖြင့် ကြွယ်ဝပ္လဲ့ဇောင်ဂေ့ဟူကြောန့်၊
6 ယေရှုခရစ်တော်နဆိုင်ဟူ သတ်သေခံချစ်ဟာ နန်းနို့လေမာ တည်ပြုဟူဇာဟို
ခံရလေဟုယ်။
7 အယ်ကြောန့် နို့လေရဲ့သခင် ယေရှုခရစ်တော် ပေါ်ထွပ်လာဟူဇာဟို မျော်လင့်နေဟူ
ခီမာ ဆုကျေးဇူး တဇောင်တခုလည်း လျော့ဘဲန စောင်လင်ဂေ့ဟုယ်။
8 နို့လေရဲ့သခင် ယေရှုခရစ်တော် ပေါ်ထွပ်လာဟူနေ့ရစ်မာ ပြစ်တန်ခွမ့်န
လွတ်ကင်းဟို့တွပ်၊ ကိုယ်တော်ဟာ ဆောင်းထိအောန်ဘဲ့ နန်းနို့ဟို ခိုင်ခံ့စေလေ့မယ်။
9 သူရဲ့ သားတော်ဖြစ်ဟူ နို့လေရဲ့ သခင် ယေရှုခရစ်တော်ရဲ့ မိတ်သဟာယဖွဲ့ရှင်း
ထဲဟို့ နန်းနို့လေဟို ခေါ်တော်မူဟူ ဘုရားသခင်ဟာ သစ်စာန
ပ္လဲ့ဇောင်တော်မူလေဟုယ်။

သင်းတော်ထဲမာ စိဝန်းကွဲဟူကြောန်း

10 ညီကို မောန်နှမလေ၊ နန်းနို့လေရှင်းရှင်း စိဝန်းကွဲရှင်းမှေ့ဘဲန
စည်းစည်းလောင်းလောင်း ညီးညီညွတ်ညွတ်နေဘီး စိတူကိုယ်တူဖြစ်ဟို့တွပ် သခင်
ယေရှုခရစ်တော်ရဲ့ နာမတော်ဟို့မှီပြုဘီးဟာ နန်းနို့လေဟို့ ငါတောန်းဗန်ပါဟုယ်။
11 ဖြားဖြစ်ကြောန့်နူးဆိုဟာ ညီကို မောန်နှမလေ နန်းနို့လေ ရှင်းရှင်း ရန်များဂေ့ဟုယ်
ဆိုဇာဟို့ ကလောဂ္ဂ အီသူအီသားလေ ပြောပြဟူကြောန့် ငါကြားသိရဟုယ်။
12 နန်းနို့လေဟာ ရှင်းရှင်း စိဝန်းကွဲဟူ စကားလေဟို့ ပြောဂေ့ဟုယ်။ တယော့-က်ဟု
“ငါဟာ ပေါလုရဲ့တဗဲ့၊” တယော့-က်ဟုလည်း “ငါဟာ အာပေါလုရဲ့ တဗဲ့၊”
နော့-က်တယော့-က်ဟုလည်း “ငါဟာ ကေဖရဲ့တဗဲ့၊” “ငါဟာ ခရစ်တော်တဗဲ့”
ဖြစ်ဟုယ် ဆိုဘီး နန်းနို့ရှင်းရှင်း ပြောနေဂေ့ဟူကြောန့် ငါပြောရဟူ ဇာဖြစ်ဟုယ်။
13 ခရစ်တော်ဟာ ကွဲပြားဟူကြောန့်* လော။ ပေါလုဟု နန်းနို့လေတွပ်
လတ်ဝါးကပ်တိုင်မာ သေခံဟူဇာလော။ အယ်မျိုးမူဘဲနေဟာ ပေါလုရဲ့ နာမန
ဗတ္တိဇံခံဂေ့ဟို့ကြောန့်လော။

1:12 ၁.၁၂ တ ၁၈.၂၄ * **1:13 ၁.၁၃** ခရစ်တော်ဟာ ကွဲပြားဟူကြောန့်၊ တချို့ မူရင်းလတ်ရေးမူလေမာ
ခရစ်တော်ဟာ ကွဲပြားနိုင်ဟု၊ ဆိုဘီး ပါရှိဟုယ်။

14 ငါဟာ ကရိုပ့ပုန ဂါယုဟာလွဲဘီး နန်းနို့လေထဲဟာ ဖယ်သူဟို့မှလည်း
ဗတ္တိဇံပေးဘဲကြောန့် ဘုရားသခင်ရဲ့ကျေးဇူးတော်ဟို့ ချီးမွမ်းပါဟာယ်။
15 အယ်ကြောန့် နန်းနို့လေဟာ ငါ့နာမန ဗတ္တိဇံဟို့ ခံဟာယ် ဆိုဘီး ဖယ်သူလည်း
ပြောဇာကြောန်း မ့ေဟာ့။
16 (ငါဟာ သတေဖန်ရဲ့ အီသူအီသားလေဟို့ ဗတ္တိဇံပေးဟာယ်။ နော့-က်ထပ်
ဖယ်သူလေဟို့ ဗတ္တိဇံပေးဟာယ် ဆိုဇာ ငါမ့တ်မိဟာမ်း။)
17 ခရစ်တော်ဟာ ဗတ္တိဇံပေးဟို့တွပ် ငါ့ဟို့ စေလွတ်ဟူဇာ မူဟာ့။ အယ်ဘေမဲ့လည်း
ခရစ်တော်ရဲ့ လတ်ဝါးကပ်တိုင် တရားဟို့ ချည်းနှီးသတ်သတ် ဖြစ်ဘဲနေအောန်
လူလေရဲ့ ဉာဏ်ပညာန ယှဉ်ဟူ စကားဟို့ သုံးပြုဘဲ ဒန်းကောန်းဟို့ ပြောဟို့တွပ် ငါ့ဟို့
စေလွတ်ဇာဖြစ်ဟာယ်။

ဘုရားသခင်ရဲ့ တဂိုးတော်န ဉာဏ်ပညာ ဖြစ်တော်မူဟူ ခရစ်တော်

18 ဖြားဖြစ်ကြောန်နူးဆိုဟာ လတ်ဝါးကပ်တိုင်တော်န ဆိုင်ဟူ တရားစကားဟာ
ပျစ်စီးရှင်းဟို့ ရော့-က်ဟူ သူလေတွပ် မိုက်မဲဟူရာ ဖြစ်ဟူလည်းဘဲ့
ကယ်တန်ရှင်းခံရဟူ နို့လေတွပ်ဟာ ဘုရားသခင်ရဲ့ တဂိုးတော်ဖြစ်လေဟာယ်။
19 ဖြားဖြစ်ကြောန်နူးဆိုဟာ ကျမ်းစာလာဟူဇာဟာ့၊
“ပညာရှိလေရဲ့ ပညာဟို့ ငါဖျစ်ဆီးမယ်။
ဉာဏ်ကောန်းဟူသူလေရဲ့ ဉာဏ်ဟို့လည်း ငါဖယ်ရှားမယ်” ဆိုဘီး လာလေဟာယ်။
20 အယ်မျိုးဖြစ်ဟာယ် ဆိုဟာ့၊ ပညာရှိဟူသူဟာ ဖယ်မာရှိနူး။ ကျမ်းပြုဆရာဟာ
ဖယ်မာရှိနူး။ လောကီရေးရာမာ ကွျမ်းကျင်သူလေဟာ ဖယ်မာရှိနူး၊ ဘုရားသခင်ဟာ
လောကီပညာလေဟို့ မိုက်မဲစေတော်မူဟာယ် မူဟာလော။
21 ဖြားဖြစ်ကြောန်နူးဆိုဟာ ဘုရားသခင်ဟာ သူ့ရဲ့ ဉာဏ်ပညာတော်အားဖြင့်
စီရင်ဟာ့ဟူကြောန့်၊ လောကသားလေဟာ သူးနို့ရဲ့ပညာအားဖြင့် ဘုရားသခင်ဟို့
သိဘဲနေဟူ ခီမာ ဘုရားသခင်ဟာ ယောင်ကြည်ဟူသူလေဟို့ မိုက်မဲဟူဒေသနာ
ဟောပြောရှင်းအားဖြင့် ကယ်တန်ဟို့တွပ် စေတနာတော်ရှိလေဟာယ်။
22 ယုဒလူမျိုးလေဟ့ နိမိတ်လတ်ခဏာဟို့ တောန်းခံတတ်ဂေ့ဟာယ်။
လူမျိုးခြားလေဟ့ ဉာဏ်ပညာဟို့ ရှာဂေ့လေဟာယ်။
23 နို့လေဟ့ လတ်ဝါးကပ်တိုင်မာ သေခံတော်မူဟူ ခရစ်တော်ရဲ့ကြောန်းဟို့
ဟောပြောလေဟာယ်။ အယ်မူကြောန်းရာဟာ့ ယုဒလူမျိုးလေတွပ်
မှားယွင်းဟူကြောန်းဖြစ်ဘီး၊ လူမျိုးခြားလေတွပ်ဟ့ မိုက်မဲဟူကြောန်း ဖြစ်ဟာယ်။
24 အယ်ဘေမဲ့လည်း ယုဒလူမျိုးဘဲ့ဖြစ်ဖြစ်၊ လူမျိုးခြားလေဘဲ့ဖြစ်ဖြစ်
ဝီးကော့-က်ရှင်းဟို့ ခံရဟူသူလေတွပ်ဟ့ ဘုရားသခင်ရဲ့တဂိုးတော်န ဘုရားသခင်ရဲ့
ပညာတော်ဖြစ်ဟူ ခရစ်တော်ရဲ့ တရားဖြစ်လေဟာယ်။

1:14 ၁.၁၄ ၈ တ ၁၈.၈: **ခ** တ ၁၉.၂၉: ရော ၁၆.၂၃ **1:16 ၁.၁၆** ၁ ကော ၁၆.၁၅

25 ဘုရားသခင်ရဲ့ မိုက်မဲဟူဇာဟာ လူလေရဲ့ ဉာဏ်ပညာထက် ပိုဘီး
ပညာရှိလေဟုယ်။ ဘုရားသခင်ရဲ့ အားနဲချစ်ဟာ လူလေရဲ့ စွမ်းထက် ပိုဘီး
စွမ်းအားကီးဟုယ်။

26 ညီကို မောန်နှမလေ၊ နန်းနို့ဟို ဝီးကော့-က်ဟူ ကြောန်းရာဟို့ ပ္ပလန်ဘီး
ဆင်ခြင်ကေ့ဂေ့ပါ။ လူ့အဖြင်အားဖြင့် ပြောရမယ် ဆိုဟာ နန်းနို့လေဟို့ ခေါ်ဟူဇာဟာ
ပညာရှိဟူသူလေ၊ အသရေရှိဟူသူလေ၊ မန်းမျိုးမန်းနွယ်လေ လော့-က်ဘီးပါဟု။

27 အယ်ဘေမဲ့ ဘုရားသခင်ဟာ သူ့ရဲ့ ကြံစည် ရည်ရွယ်ချစ်အားဖြင့် ပညာရှိလေဟို့
ယှစ်ရစေဟို့တွပ် လောကမာ မိုက်မဲဟူသူလေဟို့ ဝီးကော့-က်တော်မူဟုယ်။
စွမ်းသတ္တိရှိဟူ လူလေဟို့ ယှစ်ရစေဟို့တွပ် လောကမာ အားနဲဟူ သူလေဟို့
ဝီးကော့-က်တော်မူဟုယ်။

28 နော့-က်ဘီး မြတ်ဟူသူလေဟို့ ဖယ်ရှားဟို့တွပ် လောကမာ ဆင်းရဲဟူသူ၊
ရေရာဘဲဟူသူ၊ ယုတ်ညံ့ဟူသူလေဟို့ ဘုရားသခင် ဝီးကော့-က်တော်မူဟုယ်။

29 အယ်မျိုးဖြစ်ကြောန့် ဘုရားသခင်ရဲ့ ရှေ့တော်မာ ဖယ်လူလည်း
ဝါကြွားဟို့ကြောန်း မ့ေဟု။

30 နန်းနို့လေဟာ ဘုရားသခင်အားဖြင့် ယေရှုခရစ်တော်နှိုက် တည်နေဂေ့ဟုယ်။
အယ်သခင်ဟာ နို့လေတွပ် ဘုရားသခင်နားဟုလာဟူ ဉာဏ်ပညာ ဖြစ်တော်မူဘီး
ဖြောန့်မတ်ရှင်း၊ သန့်ရှင်းရှင်းန ဝီးနှုကယ်တန်ရှင်း ဖြစ်တော်မူလေဟုယ်။

31 အယ်ကြောန့် ကျမ်းစာဟု “ဝါကြွားဟူသူဟာ ဘုရားသခင်အားဖြင့်ဘဲ့
ဝါကြွားပါစေ” ဆိုဘီး ပြောဟုားဟုယ်။

2

ခရစ်တော် သေခံတော်မူဟူကြောန်းဖြစ်ဟူ တရားတော်

1 ညီကို မောန်နှမလေ၊ ငါဟာ နန်းနို့လေနားဟို့ ရော့-က်လာဟူ ခီမာ
ထူးမြတ်ဟူစကားန ထူးမြတ်ဟူပညာအားဖြင့် ဘုရားသခင်ရဲ့ နတ်နဲဟူ သမ္မာတရားဟို့*
နန်းနို့လေဟို့ ဟောပြောဇာ မူဟု။

2 ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါဟာ နန်းနို့လေနတူးဒူ ရှိနေခီဟု
ယေရှုခရစ်တော်ရဲ့ကြောန်း ထူးသဖြင့် လတ်ဝါးကပ်တိုင်မာ သေခံဟူ
ကြောန်းရာဟုလွဲဘီး တခြားဖယ်ဇာလေဟို့မှ သိမှတ်ဘဲနေဟို့တွပ်
ဆောင်းဖြတ်ဟုားပါဟုယ်။

3 အယ်ကြောန့် နန်းနို့လေန ငါတူးဒူရှိဟူခီဟု အားနဲဘီး ကြော့-က်ရွံ့ တူလော့က်မှုန
နေရဟုယ်။

4 ငါဟောပြောဟူ တရားစကားဟာ လူလေရဲ့ ပညာအားဖြင့် တည်ဘီးပြောဟူဇာ
မူဟု။ ဘုရားသခင်ရဲ့ ဝိညာဉ်တော် တဂိုးပါဟူ စကားလေဟို့ဘဲ့ ငါဟောပြောဟုယ်။

---

* **2:1** **၂.၁** ဘုရားသခင်ရဲ့ နတ်နဲဟူ သမ္မာတရားဟို့၊ တချို့ မူရင်းလတ်ရေးမူလေမာ ဘုရားသခင်ရဲ့ သတ်သေလေ၊ ဆိုဘီး ပါရှိဟုယ်။ **2:3** **၂.၃** တ ၁၈.၉

5 အယ်ကြောင့် နန်းနို့လေရဲ့ ယောင်ကြည်ရှင်းဟာ လူလေရဲ့ ဉာဏ်ပညာထက်မာ
တည်ဟူဇာမူဘဲန ဘုရားသခင်ရဲ့ တဂိုးထက်မာဘဲ့ တည်ဟူဇာဖြစ်ဟုယ်။

ဘုရားသခင်ရဲ့ ဉာဏ်ပညာတော်ကြောန်း

6 အယ်ဘေမဲ့လည်း နို့လေဟာ စောင်လင်ဟူသူလေထဲမာ
ပညာစကားဟို့ပြောဆိုဟုယ်။ အယ်ဘေမဲ့ အယ်ပညာဟာ လောကီပညာဟို့ ပြောရှင်ဇာ
မူဟု။ ပယ်ဖျစ်ခံရမယ့် လောကီမန်းလေရဲ့ ဉာဏ်ပညာလည်း မူဟု။
7 အယ်လောက တည်ခန်ကဒဲဟု နို့လေရဲ့ ဖောင်းသရေတော်ဖြစ်ဟို့တွပ်
ဘုရားသခင်စီရင်ဟားဟူပညာ၊ နတ်နဲဟူရာနှိုက် ဝှတ်ဟားဟူ ဘုရားသခင်ရဲ့ပညာဟို့
နို့လေပြသဂေ့ဟုယ်။
8 အယ်ပညာဟို့ လောကီမန်းလေ တယော့-က်လည်း သိဂေ့ဟု။ တကယ်ဟို့ သိမယ်
ဆိုဟာ ဖောင်းကီးတော်မူဟူ အယ်သခင်ဟို့ လတ်ဝါးကပ်တိုင်မာ တန်သတ်ဂေ့ဟို့ မူဟု။
9 အယ်ဘေမဲ့လည်း ကျမ်းစာလာဟူတိုင်းဘဲ့
“ဖယ်သူလည်းဘဲ့ ဖြင်ဖူးဟု၊
ဖယ်သူလည်း ကြားဖူးဟု၊
ဖယ်သူလည်း စိန္နလောင်းထဲဟု ကြံစည်သေးဘဲဟူ ရာလေဟို့ ဘုရားသခင်ဟာ
သူ့ဟို့ ရှစ်ဟူ သူလေတွပ် ပြင်ဆင်ဟားလေဟုယ်။”
10 အယ်ဘေမဲ့[†] ဘုရားသခင်ဟာ အယ်ရာလေဟို့ သူ့ရဲ့ ဝိညာဉ်တော်အားဖြင့် နို့လေဟို့
ဖော်ပြပေးတော်မူဟုယ်။ ဝိညာဉ်တော်ဟုလည်း ဘုရားသခင်ရဲ့ နတ်နဲဟူ
ရာလေထိအောန် ရှိမျှဂူလောင်းဟို့ စစ်တော်မူဟုယ်။
11 နို့လေရဲ့ ထဲမာရှိဟူ နတ်နဲဟူ ကြောန်းရာလေဟို့ နို့လေရဲ့ စိဝိညာဉ်ဟုလွဲဘီး
ဖယ်သူဟု သိဟို့ကြောန့်နူး။ အယ်မူတိုင်းဘဲ့ ဘုရားသခင်ရဲ့ နတ်နဲဟူ ကြောန်းရာလေဟို့
ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟုလွဲဘီး ဖယ်သူလည်း သိနိုင်ဟု။
12 နို့လေဟာ အယ်လောကန ဆိုင်ဟူ ဝိညာဉ်ဟို့ ခံယူဂေ့ဟူဇာ မူဟု။ ဘုရားသခင်
ပေးတော်မူဟူ ရာလေဟို့ သိဟို့တွပ် ဘုရားသခင်နားဟ ကြွလာဟူ ဝိညာဉ်တော်ဟို့
ခံရဂေ့ဇာဖြစ်ဟုယ်။
13 ဘုရားသခင် ပေးတော်မူဟူ ရာလေဟို့ နို့လေဟာ လူရဲ့ပညာအားဖြင့်
ဟောပြောဟူဇာ မူဟု။ အယ်ဘေမဲ့ သန်ရှင်းဟူဝိညာဉ်တော်ဟာ ဝိညာဉ်န စပ်ဆိုင်ဟူ ရာ
[‡]ဟို့ ဝိညာဉ်စကားအားဖြင့် ဖွမ့်ပြဘီး ပဲ့ပြင်တော်မူဟူ စကားအားဖြင့်
နို့လေဟောပြောဟုယ်။
14 ဇာတိလူဟာ ဘုရားသခင်ရဲ့ ဝိညာဉ်ရေးရာန ဆိုင်ဟူ ရာလေဟို့ ခံယူဟု။
ဖြားဖြစ်ကြောန့်နူးဆိုဟာ အယ်မူရာလေဟာ သူ့တွပ် မိုက်မဲဟူ ဇာလေဖြစ်ဟုယ် ဆိုဘီး
ထန်မှတ်တတ်လေဟုယ်။ အယ်မူရာလေဟို့ ဝိညာဉ်တော်အားဖြင့်ဘဲ့ ပိုင်းခြားဘီး
နားလည်နိုင်ဟူကြောန့် ဇာတိလူဟာ နားလည်ဟု။

---

† **2:10 ၂.၁၀** အယ်ဘေမဲ့၊ တချို့ မူရင်းလတ်ရေးမူလေမာ တွပ်၊ ဆိုဘီး ပါရှိဟုယ်။ ‡ **2:13 ၂.၁၃** ဝိညာဉ်န စပ်ဆိုင်ဟူ ရာ၊ အယ်မျိုးမူဘဲနေဟာ ဝိညာဉ်တော်ပေးဟူ စကား။

15 ဝိညာဉ်လူဟာ အယ်မူဇာလေ ဂူလောင်းဟို့ ပိုင်းခြားဘီး နားလည်တတ်ဟုယ်။
အယ်ဘေမဲ့ အယ်သူဟို့ ဖယ်သူလည်း ပိုင်းခြားဘီး သိနိုင်ဟု။
16 ဖြားဖြစ်ကြောန်နူးဆိုဟာ ကျမ်းစာဟု
ဘုရားသခင်ရဲ့ စိတော်ဟို့ ဖယ်သူသိနူး။
ဖယ်သူဟာ ကိုယ်တော့်ဟို့ ကြံဉာဏ်ပေးနိုင်နူး
ဆိုဘီး ဖော်ပြဟားလေဟုယ်။ အယ်ဘေမဲ့ နို့လေဟာ ခရစ်တော်ရဲ့စိဟို့ ခံရဂေ့ဟုယ်။

3

ဘုရားသခင်ရဲ့ စေခံလေကြောန်း

1 ညီကို မောန်နှမလေ၊ တကယ်ဒမ်းဆိုဟာ ငါဟာ နန်းနို့လေဟို့ ဝိညာဉ်လူလေဟို့
ဟောပြောဟူမျိုး ပြောဟို့မရဘဲ၊ ဇာတိလူဖြစ်ဟူ လောကသားလေမျိုး၊
ခရစ်ယာန်သတ်တာမာ ယေရှုခရစ်တော်နှိုက် သာဂန်းဟားလေမျိုးဘဲ့ နန်းနို့ဟို့
ဟောပြောရဟုယ်။
2 ခုထတ်ထိ နန်းနို့လေဟာ မာဟူစာဟို့ မစားနိုင်သေးဘဲကြောန့် ငါဟာ
နို့ဟို့ဘဲ့တိုက်ရဟုယ်။ ခုလည်းဘဲ့ နန်းနို့လေဟာ မာဟူစာဟို့ စားနိုင်သေးဟု။
3 ခုလည်း နန်းနို့လေဟာ ဇာတိလူဖြစ်ဂေ့သေးဟုယ်။ ရှင်းရှင်း မနာလိုဟူဇာလေ၊
ကွဲပြားဟူဇာလေ၊ ဂေါင်ပြိုင်ဟူဇာလေ၊ ရန်ဖြစ်ဟူဇာလေဟာ ဇာတိလူလေ
ဖြစ်ဂေ့သေးဟုယ် မူဟုလော။ လောကီထောင်းစံတိုင်းဘဲ့ နန်းနို့လေ
ကျင့်သောင်းနေဂေ့ဇာ မူဟုလော။
4 ဖြားဖြစ်ကြောန်နူးဆိုဟာ တယော့-က်ဟ “ငါဟာ ပေါလုတမဲ့ ဖြစ်ဟုယ်။”
နော့-က်တယော့-က်ဟုလည်း “ငါဟာ အာပေါလုတမဲ့ ဖြစ်ဟုယ်” ဆိုဘီး နန်းနို့လေ
ပြောဆိုနေဂေ့ဇာဟာ လောကသားလေမျိုးဘဲ့ ပြုမူနေဂေ့ဇာဘဲ့ မူဟုလော။
5 အာပေါလုဟ ဖယ်သူနူး။ ပေါလုဟုလည်း ဖယ်သူနူး။ နို့လေဟာ နန်းနို့
ယောင်ကြည်လာဟို့တွပ် ဟောပြောသတ်သေခံဟူ ဓမ္မမူတော်ဆောန်ဘဲ့ ဖြစ်ဟုယ်။
နို့လေဂူလောင်းဟာ သခင်ဘုရားရဲ့ မူတော်ဟို့ စေခံလောက်ဆောန်ဟူ
သူလေဘဲ့ဖြစ်ဟုယ်။
6 ငါဟာ စိုက်ပျိုးဟူ သူဖြစ်ဟုယ်။ အာပေါလုဟ ရေလောန်းဟူ သူဖြစ်ဟုယ်။ ပန်ဟို့
ပေါ့-က်စေဘီး ကီးထွားစေသူဟ ဘုရားသခင်ဘဲ့ ဖြစ်ဟုယ်။
7 စိုက်ပျိုးဟူ သူန ရေလောန်းဟူ သူဟ ဖြားဇာလည်းတတ်နိုင်ဟု။ ပန်ဟို့
ကီးထွားစေဟူ ဘုရားသခင်ဟုဘဲ့ ရှိမျှဂူလောင်းဟို့ တတ်နိုင်တော်မူဟုယ်။
8 စိုက်ပျိုးဟူ သူန ရေလောန်းဟူ သူဟာ တလောင်းတဝဲ ဖြစ်ဘီး လူတိုင်းဟာ
ကိုယ်ကြိုးစား လောက်ဆောန်တိုင်း ကျိုးဟို့ ခံရလေ့မယ်။
9 နို့လေဟာ ဘုရားသခင်နားမာ လောက်လောက်ဟူ လောက်ဖော်ဆောန်ဖတ်လေ
ဖြစ်ဟုယ်။ နန်းနို့လေဟာ ဘုရားသခင်ရဲ့ ဥယျာဉ်တော် ဖြစ်ဂေ့ဟုယ်။

3:2 **ခ.၂** ဟေ ၅.၁၂,၁၃ **3:4** **ခ.၄** ၁ ကော ၁.၁၂ **3:6** **ခ.၆** **က** တ ၁၈.၄–၁၁; **ခ** တ ၁၈.၂၄–၂၈

ဘုရားသခင်ရဲ့ ကူလောန်းတော်တိုက်လည်း ဖြစ်ရှေ့ဟုယ်။
10 ငါ့ဟို့ ဘုရားသခင်ပေးအပ်တော်မူဟူ ကျေးဇူးတော်တိုင်း ပညာရှိဟူပရံဆရာမျိုး
အုပြစ်ဟို့ခူလဟုားဘီ။ တခြားသူလေဟုာ ထပ်ဆစ်ဘီး တည်ဆော့-က်လေဟုယ်။
အယ်ဘေမဲ့ ဖယ်မျိုးထပ်ဆစ်ဘီး တည်ဆော့-က်ဟူဆိုဇာဟို့ လူတိုင်းဒိပြုရမယ်။
11 ဖြားဖြစ်ကြောန်နူးဆိုဟုာ ယေရှုခရစ်တော်ဖြစ်ဟူ ခူလဟုားဘီးဟူ အုပြစ်ဟုလွဲဘီး၊
တခြားအုပြစ်ဟို့ ဖယ်သူလည်းမခူလနိုင်ဟု။
12 အယ်မူအုပြစ်ထတ်မာ ရွှေ၊ ငွေ၊ ကူလော့-က်မြတ်ရတနာ၊ သစ်သား၊ ဗြစ်ပန်၊
ကော့-က်ရိုးလေန ထပ်ဆစ်ဘီး တည်ဆော့-က်ဟူသူရှိဟူမျှ၊
13 လူတိုင်းလောက်ဟူ လောက်ဟုာ ထန်ရှားလေ့မယ်။ ဖြားဖြစ်ကြောန်နူးဆိုဟုာ
ဖော်ပြဟူနေ့ရစ်ဟုာ မီးအားဖြင့်ထန်ရှားစေလေ့မယ်။ လူတိုင်းလောက်ဟူ လောက်ဟုာ
ဖယ်မျိုးလောက် ဖြစ်ဟုယ်ဆိုဇာဟို့ မီးဟုာစစ်ဆေးလေ့မယ်။
14 အယ်မူအုပြစ်ထတ်မာ ထပ်ဆစ်ဘီး တည်ဆော့-က်ဟူ သူရဲ့လောက်ဟုာ
တည်မြဲဟုယ် ဆိုဟုာ၊ အယ်သူဟုာ ကျိုးရလေ့မယ်။
15 အယ်ဘေမဲ့ ယော့-က်ယော့-က်လောက်ဟူရာဟုာ မီးလောန်ဟုယ် ဆိုဟုာ
ရှောင်းခံရလေ့မယ်။ အယ်ဘေမဲ့လည်း သူကိုယ်တိုင် မီးနလွတ်ဟူသူမျိုး
ကယ်တန်ရှင်းဟို့ ခံရလေ့မယ်။

16 နန်းနို့လေဟုာ ဘုရားသခင်ရဲ့ ဗိမာန်တော် ဖြစ်ဟုယ် ဆိုဟူဇာန ဘုရားသခင်ရဲ့
ဝိညာဉ်တော်ဟုာ နန်းနို့လေထဲမာ ကိန်းဝပ်နေဟုယ် ဆိုဇာဟို့ နန်းနို့လေ သိရှေ့ဟုလော။
17 ဘုရားသခင်ရဲ့ ဗိမာန်တော်ဟို့ ဖျစ်ဆီးဟူသူဟို့ ဘုရားသခင် ဖျစ်ဆီးလေ့မယ်။
ဘုရားသခင်ရဲ့ ဗိမာန်တော် ဆိုဇာဟုာ သန့်ရှင်းရဟုယ်။ နန်းနို့လေလည်း
အယ်ဗိမာန်တော် ဖြစ်ရှေ့ဟုယ်။

18 ဖယ်သူလည်းဘဲ့ ကိုယ့်ကိုယ်ကိုယ် လှည့်ဇားစေန။ နန်းနို့လေမာ
ယော့-က်ယော့-က်ဟု ငါဟုာ အယ်လောကရဲ့ ပညာရှိဖြစ်ဟုယ် ဆိုဘီး ထန်မှတ်ဟုယ်
ဆိုဟုာ အယ်လူဟုာ ပညာရှိဖြစ်ဟို့တွပ် မိုက်မဲဟူသူ ဖြစ်ပါစေ။
19 ဖြားဖြစ်ကြောန်နူးဆိုဟုာ အယ်လောကရဲ့ ဉာဏ်ပညာဟုာ ဘုရားသခင်ရဲ့
မျစ်မှော့-က်တော်မာ မိုက်မဲဟူဇာဘဲ့ ဖြစ်ဟုယ်။ ကျမ်းစာဟု၊ “ဘုရားသခင်ဟုာ
ပညာရှိလေဟို့ ပရိယာယ်အားဖြင့် ဖမ်းဆီးတော်မူဟုယ်” ဆိုဘီး လာဟုယ်။
20 နော့-က်ထပ် ကျမ်းစာဟု “ပညာရှိလေရဲ့ ကြံစည်ဟုာ ချည်းနို့းသတ်သတ်
ဖြစ်ဟူကြောန်းဟို့ သခင်ဘုရား သိတော်မူဟုယ်” ဆိုဘီး လာဟုယ်။
21 အယ်မျိုးဖြစ်ကြောန့် လူလေရဲ့ စွမ်းစန ပတ်သတ်ဘီး ဖယ်သူလည်း ဝါကြွားစေန။
ဖြားဖြစ်ကြောန်နူးဆိုဟုာ ရှိမျှဂူလောင်းဟုာ နန်းနို့လေတွပ် ဖြစ်ဟုယ်။
22 ပေါလုဘဲ့ဖြစ်ဖြစ်၊ အာပေါလုဘဲ့ဖြစ်ဖြစ်၊ ကေဖဘဲ့ဖြစ်ဖြစ်၊
အယ်လောကဘဲ့ဖြစ်ဖြစ်၊ သတ်ရှင်ရှင်းဘဲ့ဖြစ်ဖြစ်၊ သေရှင်းဘဲ့ဖြစ်ဖြစ်၊

3:16 ခူ.၁၆ ၁ ကော ၆.၁၉; ၂ ကော ၆.၁၆

မျစ်မှော့-က်ရာဘဲ့ဖြစ်ဖြစ်၊ နော့-က်ဖြစ်လာတတ်ဟူ ရာဘဲ့ဖြစ်ဖြစ် ရှိမျှဂူလောင်းဟှာ
နန်းနို့လေတွပ် ဖြစ်ဟှယ်။
23 နန်းနို့လေလည်း ခရစ်တော်တွပ် ဖြစ်ဟှယ်။ ခရစ်တော်ဟှာလည်း
ဘုရားသခင်တွပ် ဖြစ်တော်မူဟှယ်။

4

ခရစ်တော်ရဲ့ တမန်တော်လေကြောန်း

1 နို့လေဟှာ ခရစ်တော်ရဲ့ မှုဆောန်ဖြစ်ဟူဇာန ဘုရားသခင်ရဲ့ နတ်နဲဟူသမှာတရားဟို့
စောန့်ရှော့-က်ဟူ ဘဏ္ဍာထီးဖြစ်ဟူဇာဟို့ သူများလေ မှတ်ယူပါစေ။
2 အယ်ဘဏ္ဍာထီးဟှာ သစ်စာရှိဟူသူ ဖြစ်ဟူကြောန်းဟို့
သိမှတ်ပြုခံရဟူသူဖြစ်ရမယ်။
3 ငါဟှာ နန်းနို့လေနားမာဘဲ့ဖြစ်ဖြစ်၊ လူလေရဲ့စဉ်လာနဘဲ့ဖြစ်ဖြစ် စစ်ခံရမယ် ဆိုဟှာ
ငါမှထားဟှ။ ငါဟှာ ကိုယ့်ကိုယ်ကိုယ်လည်း စီရင်ဟှ။
4 ဖြားဖြစ်ကြောန်နူးဆိုဟှာ ငါ့ရဲ့သြတ္တပ္ပစီဟှာ ရှင်းရှင်းလန်းလန်းဘဲ့ရှိဟှယ်။
အယ်ဘေမဲ့ ငါ့မာပြစ်မှေ့ဟှ ဆိုဘီး ဆိုလိုဟူဇာ မှုဟှ။ ငါ့ဟို့ စစ်ကြောစီရင်သူဟှာ
သခင်ဘုရားဘဲ့ ဖြစ်ဟှယ်။
5 အယ်မျိုးဖြစ်ကြောန့် သခင်ဘုရား ကြွလာခန် ဖယ်ရာဟို့မှ ခီတန်ဘဲ စီရင်ဂေ့န။
အယ်သခင်ဟှာ မှောန်မိုက်မာ ကွယ်ဝှပ်ဟှားဟူ ရာလေဟို့ လန်းရောန်ထဲဟို့
ယူဆောန်လာဘီး စိန့လောင်းကြဲစည်လေဟို့ ထန်ရှားစေတော်မူလေ့မယ်။ အယ်ခီမာ
လူလေဟှာ ဘုရားသခင်နားဟှ ချီးမွမ်းဟူဇာဟို့ ခံရလေ့မယ်။
6 ညီကို မောန်နှမလေ၊ နန်းနို့လေဟှာ ကျမ်းစာဟို့ ကျော်လွန်ဘီး သူများလေဟို့
ရိုသေအပ်ဘဲဇာဟို့ နို့လေဟို့ ထော့-က်ဘီး နားလည်ဂေ့ဟို့တွပ်န
မာနထောန်လွှားဟူကြောန့် တယော့-က်ဟို့ မှီဘီး တယော့-က်ဟို့
ထီမဲ့မြင်ပြုဘဲနေဟို့တွပ် ငါပြောဟူ ချစ်လေအားဖြင့် နန်းနို့ကျိုးဟို့ ထော့-က်ဘီး ငါ့န
အာပေါလုဟို့ ကြောန်းပြုဘီး ပြောဟူဇာဖြစ်ဟှယ်။
7 ဖယ်သူဟှ နန်းနို့လေဟို့ သူများထတ် ထူးကဲစေနူး။ သူတပါးလတ်ဟှခံယူဘဲန
လိုလိုရဟူဇာ တစောင်တခု နန့်မာရှိလော။ သူတပါးလတ်ဟှခံယူဇာမှန်ဟှယ် ဆိုဟှာ
ခံယူဘဲဟူမျိုး ဖြားဖြစ်ကြောန့် ဝါကြွားဟှယ်နူး။
8 နန်းနို့လေဟှာ ရာရာပ္ပလွဲဇောင်ဂေ့ဘီ။ နန်းနို့လေ ကြွယ်ဝဂေ့ဘီ။ နို့လေပါဘဲန
မန်းဂီးလေ ဖြစ်ဂေ့ဘီ။ နို့လေလည်း နန်းနို့နတူးဒူ စိုးစံနိုင်ဟို့တွပ် နန်းနို့လေ
တကယ်မန်းဂီးလေ ဖြစ်ဟို့တွပ် လိုရှင်ပါဟှယ်။
9 ဘုရားသခင်ဟှ တမန်တော်လေဖြစ်ဟူ နို့လေဟို့ နော့-က်ဆောင်းမာထားဘီး
သတ်ဟို့ထားဟှားဟူသူလေမျိုး ထုပြတော်မူဟှယ် ဆိုဘီး ငါထန်ဟှယ်။
ဖြားဖြစ်ကြောန်နူးဆိုဟှာ နို့လေဟှာ လောကသားလေန ကောန်းဂန်တမန်လေရှေ့မာ
ပွဲဝမ်ဟူသူလေ ဖြစ်ဂေ့ဟှယ်။

10 နို့လေဟှာ ခရစ်တော်တွပ်ကြောန့် လူမိုက်ဖြစ်ဂေ့ဟှယ်။ အယ်ဘေမဲ့ နန်းနို့လေဟှာ
ခရစ်တော်နှိုက် ပညာရှိလေ ဖြစ်ဂေ့ဟှယ်! နို့လေဟှာ အားနဲဟှသူလေဖြစ်ဟှယ်။
အယ်ဘေမဲ့ နန်းနို့လေဟှာ စွမ်းအားရှိသူလေဖြစ်ဟှယ်! နို့လေဟှာ
အသရေမွေ့ဘဲသူဖြစ်ဟှယ်။ အယ်ဘေမဲ့ နန်းနို့လေဟှာ အသရေရှိသူလေဖြစ်ဟှယ်!
11 ခုခီထိ နို့လေဟှာ စာရေဇာငတ်ဘီး နေရဟှယ်။ ဝတ်စုပဲ့န နေရဂေ့ဟှယ်။
ရိုက်ပုတ်ညှဉ်းဆဲဇာလေဟှို ခံရဂေ့ဟှယ်။ အိမ့ေရာမ့ေန လှည့်လည်သွားဂေ့ရဘီး၊
12 ကိုယ့်လတ်န ပန်ပန်ဗန်းဗန်း လောက်ဆောန်ဂေ့ရဟှယ်။ နို့လေဟှာ ကီဆဲခံရဟှ
ခီမာ ကောန်းဂျီးပေးဂေ့ဟှယ်။ ညှဉ်းဆဲခံရခီမာ သီးခံဂေ့ဟှယ်။
13 စော်ကားခံရခီမာ တောန်းဗန်ဂေ့ဟှယ်။ နို့လေဟှာ ခုခီထိ
အယ်လောကရဲ့ပယ်ခံလေ၊ လူတကာလေ စွန့်ပစ်ဟှားဟှ မှိုက်လေ ဖြစ်ဂေ့ဟှယ်!
14 နန်းနို့လေဟှို ယှစ်ခွဲရှင်ဟှကြောန့် အယ်မျိုး ငါရေးလိုက်ဟှဇာ မှုဟှ။ ငါရှစ်ရဟှ
သားမီးလေနေန နန်းနို့လေဟှို ဒီပေးရှင်ကြောန့် အယ်မျိုး ငါရေးလိုက်ဇာဖြစ်ဟှယ်။
15 နန်းနို့လေမာ ခရစ်တော်ကြောန်းဟှို သွန်သန်ပေးဟှဆရာလေ ၁၀,၀၀၀
လော့-က်ရှိဟှလည်းဘဲ့ ဖတယော့-က်ဘဲ့ရှိဟှယ်။ ခရစ်တော်ရဲ့ ဒန်းကောန်းအားဖြင့်
ငါဟှာ ယေရှုခရစ်တော်နှိုက် နန်းနို့လေဟှို မွီးဖွားပေးဟှ နန်းနို့လေရဲ့ ဖဖြစ်ဟှယ်။
16 အယ်ကြောန့် ငါနေထိုင်ကျင့်သောင်းမျိုး နန်းနို့လေ နေဂေ့ဟှို့တွပ်
ငါတိုက်တွန်းရှင်ပါဟှယ်။
17 အယ်ကြောန်းကြောန့် သခင်ဘုရားနှိုက် သစ်စာရှိဟှ ငါရှစ်ရဟှသား
တိမောသေဟှို နန်းနို့လေနားဟှ ငါလွှတ်လိုက်ပါဟှယ်။ သူဟှာ နေရာတိုင်းမာရှိဟှ
သင်းတော်လေမာ ငါသွန်သန်ဟှမျိုး ယေရှုခရစ်တော်နှိုက် ငါလိုက်ရော့-က်ဟှ
လမ်းလေဟှို နန်းနို့ဟှို ဒီရစေလေ့မယ်။
18 နန်းနို့လေနားဟှို ငါလာဟှို့ မှုဟှ ဆိုဘီး ထန်ဘီးဟှာ နန်းနို့လေထဲဟှ
တချို့လူလေဟှာ မာနထောန်နေဂေ့ဟှယ်။
19 အယ်ဘေမဲ့ သခင်ဘုရားလိုတော်ရှိဟှယ် ဆိုဟှာ နန်းနို့လေနားဟှို
မကြောခန်လာမယ်။ ငါလာဟှ ခီမာ မာနထောန်ဟှသူလေရဲ့ စကားဟှိုမှုဘဲန
သူးနို့လေရဲ့တဂိုးဟှို သိရလေ့မယ်။
20 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟှာ စကားအားဖြင့်တည်ဇာ
မှုဟှ။ တဂိုးအားဖြင့်ဘဲ့ တည်ဟှဇာဖြစ်ဟှယ်။
21 ငါဟှာ ကီလောင်းဟှိုကိုင်ဘီး နန်းနို့လေနားဟှို လာရဟှို့လော။ အယ်မျိုးမှုဘဲနေဟှာ
မြစ်တာနဖြစ်ဖြစ်၊ နူးညံ့သိမွေ့ဟှစိနဖြစ်ဖြစ် လာရဟှို့လော။ နန်းနို့ ဖြားဇာဟှို
လိုရှင်ဂေ့နူး။

5

ကိုယ်ကျင့်တရားဖော့-က်ပ့လန်ဟှ သင်းသားလေကြောန်း

4:12 ၄.၁၂ တ ၁၈.၃ **4:16 ၄.၁၆** ၁ ကော ၁၁.၁: ဖိ ၃.၁၇

1 ခု နန်းနို့လေထဲမာ ကိုယ့်ဖမယားငယ်န မှားယွင်းဟူ တရားဘဲဟူ
မေထုန်ပြုဟူဒန်းဟှာ ပ့လုံနှံ့နေဟှယ်။ အယ်မျိုး တရားနညီဘဲဟူ မေထုန်ပြုဟူဇာဟှာ
လူမျိုးခြားလေထဲမာဟိုဘဲ့ မှေ့ဟှ။
2 နန်းနို့လေဟှာ ဝန်းနံဘီး အယ်မျိုးလွန်ကျူးဟူသူဟို့ နန်းနို့လေထဲဟှ
ဖယ်ရှားရမယ့်စား မာနထောန်လွားဘီး နေနေဂေ့ဟှယ်။
3 ငါဟှာ ကိုယ်ခန္ဓာအားဖြင့် နန်းနို့နကွာဘီး နေရလည်းဘဲ့ စိဝိညာဉ်အားဖြင့်
နန်းနို့လေနတူးဒူ ရှိနေဟှယ်။ အယ်နေရာမာ တူးဒူရှိနေဘီး အယ်နေရာမာ တူးဒူရှိနေမျိုး
အယ်မှုဟို့ လောက်ဟူသူဟို့ စီရင်ဟှားလေဘီ။
4 နို့လေရဲ့ သခင်ယေရှုခရစ်ရဲ့ နာမတော်အားဖြင့် နန်းနို့စုဝီးဟူ ခီမာ ငါ့ရဲ့
စိဝိညာဉ်ဟှာလည်း နို့လေရဲ့ သခင်ယေရှုရဲ့ တဂိုးတော်အားဖြင့် နန်းနို့နတူးဒူရှိဘီး၊
5 အယ်သူရဲ့ဝိညာဉ်ဟှာ သခင်ယေရှုခရစ်ရဲ့ တရားစီရင်ဟူ နေ့ရစ်မာ
ကယ်တန်ရှင်းရအောန် သူရဲ့ကိုယ်ခန္ဓာ ပျစ်စီးဟို့တွပ် စာတန်လတ်ဟို့ အပ်ဂေ့ဆိုဘီး
ငါစီရင်ဟုယ်။
6 နန်းနို့လေ ဝါကြွားမှုဟှာ ကောန်းဟူဇာ မှုဟှ။ “တဆေးနဲနဲဟှာ
မုညစ်တဖောင်းလောင်းဟို့ ဖောန်းပွစေတတ်ဟှယ်” ဆိုဘီး ပြောဟှားဟူ ဆိုရိုးစကားဟို့
နန်းနို့လေသိဂေ့ဟှယ်။
7 နန်းနို့လေဟှာ တဆေးမဲ့ဖြစ်ဟူကြောန့် သစ်ဟူ မုညစ်ဖြစ်ဟို့တွပ်
ဟောန်းဟူတဆေးဖြစ်ဟူ ဒုစရိုက်ပြစ်လေဟို့ ဖယ်ရှားပစ်ဂေ့ပါ။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ နို့လေရဲ့ သိုးသားဂန်းဟှားဖြစ်ဟူ ခရစ်တော်ဟှာ
ပသခါပွဲတော်တွပ် ယဇ်ပူဇော်ဟို့ သေသတ်ဟူဇာဟို့ ခံရလေဘီ။
8 အယ်ကြောန့် နို့လေဟှာ တဆေးဟောန်းဖြစ်ဟူ ဆိုးညစ်ဟူဇာလေ၊
မိုက်မဲဟူဇာလေရဲ့ တဆေးပါဟူမုအားဖြင့်မူဘဲ သန့်ရှင်းစင်ကြယ်မှုန
သမ္မာတရားဖြစ်ဟူ တဆေးပါဘဲဟူမုန ပသခါပွဲဟို့ ကျင်းပဂေ့ဇိ။
9 စဒူးဟှ နန်းနို့လေနားဟို့ ငါရေးလိုက်ဟူစာမာ ကာမဂေါင်လိုက်စားဟူ သူလေန
ပေါ်းဘဲနေဂေ့ဟို့တွပ် ငါမှာဟှားဟှယ်။
10 အယ်မျိုးပြောဇာဟှ အယ်လောကမာရှိဟူ ကာမဂေါင်လိုက်စားဟူသူလေ၊
လောဖကီးဟူသူလေ၊ ခိုးတတ်ဟူသူလေန ရောက်ထုကိုးကွယ်သူလေဟို့
ပေါ်းသင်းဟို့ရဟှ ဆိုဘီး ဆိုလိုဇာ မှုဟှ။ သူးနို့လေဟို့ ရှောန်မယ် ဆိုဟှာ
နန်းနို့လေဟှာ အယ်လောကထဲဟှနေ ထွပ်ဟှားရလေ့မယ်ဆိုဘီး ထန်မှတ်ဇာရှိဟှယ်။
11 ဆိုလိုဟူဇာဟှ ကိုယ့်ကိုယ်ကိုယ် ညီကို ဆိုပြောဘီးဟှာ
ကာမဂေါင်လိုက်စားဟူသူလေ၊ လောဖကီးဟူသူလေ၊ ရောက်ထုကိုးကွယ်ဟူသူလေ၊
သူများအသရေဟို့ ဖျစ်ဟူသူလေ၊ ယစ်မောသော့-က်စားသူလေန ခိုးဟူသူလေဟို့
ပြောရှင်ဇာဖြစ်ဟှယ်။ အယ်မျိုးသူလေန ပေါ်းသင်းလောက်ဂေ့န တူးဒူထိုင်ဘီးလည်း
စားသော့-က်ဂေ့န။

5:6 **၅.၆** ဂလာ ၅.၉

12 ဖြားဖြစ်ကြောင်းနှုးဆိုဟုဘာ ပုလန်ဟုလူလေဟို့ စီရင်ဟူ ဇာဟုဘာ ငါ့နု ဖြားဇာဆိုင်နူး။
တွမ်းဟုလူလေဟို့ နန်းနို့ စီရင်ရမယ် မှုဟုလော။
13 ပုလန်ဟုလူလေဟို့ ဘုရားသခင် စီရင်လေ့မယ်။ “အယ်ဆိုးညစ်ဟူ သူဟို့
နန်းနို့လေထဲဟု နုန်ထုဂေ့ပါ” ဆိုဘီး ကျမ်းစာဟု ပြောဟုားဟုယ်။

6

ညီကိုရှင်းရှင်း တရားစွဲဟူကြောန်း

1 နန်းနို့လေ ရှင်းရှင်းပြဿနာဖြစ်ဟူ ခီမာ ဘုရားသခင်ရဲ့
သန့်ရှင်းသူလေနားဟုနေဘီး စီရင်ဆောန်းဖြတ်ပေးဇာဟို့ ခံယူဘဲန
ယောင်ကြည်ဘဲဟူသူလေရှေ့မာ ခံရဲဟူသူ ယော့-က်ယော့-က်ရှိလော။
2 ဘုရားသခင်ရဲ့ သန့်ရှင်းသူလေဖြစ်ဟူ နို့လေဟုာ အယ်လောကဟို့
တရားစီရင်ရမယ်ဆိုဇာဟို့ နန်းနို့လေသိဂေ့ဟုလော။ အယ်လောကဟို့
တရားစီရင်ရဟို့သူလေဟုာ အယ်မူ မှုကိစသေးငယ်ဟုားဟို့မှ
စီရင်ဆောင်းဖြတ်နိုင်ဟုလော။
3 နို့လေဟုာ ကောန်းဂန်တမန်လေဟို့ တရားစီရင်ဂေ့ရဟို့ကြောန်းဟို့
နန်းနို့သိဂေ့ဟုလော။ အယ်မျိုးဖြစ်ဟုယ် ဆိုဟုာ အယ်လောကီမှုရာလေဟို့ ပိုဘီး
စီရင်သင့်ဟုယ် မှုဟုလော။
4 အယ်ကြောန့် နန်းနို့လေဟုာ လောကီမှုပြဿနာလေဟို့ စီရင်ဟို့တွပ် သင်းတော်ဟု
အသရေနဲ့ဟူသူလေဟို့ တရားသူကြီးနေရာမာ ခန့်ဟုားဂေ့ဟို့လော။
5 နန်းနို့လေဟို့ ယှစ်ရအောန် အယ်မျိုး ငါပြောဟူဇာဖြစ်ဟုယ်။ ခရစ်ယာန်ညီကို
မောန်နှမလေရှင်းရှင်း ပြဿနာဖြစ်ဟူ ခီမာ သင်းတော်မာ စီရင်ဆောင်းဖြတ်ပေးနိုင်ဟူ
ပညာရှိ ယော့-က်လည်းမှေ့ဟုလော။
6 ခုဟု ညီကိုရှင်းရှင်း တရားစီရင်ဟူဇာနမကဟု အယ်မူဟို့
ယောင်ကြည်ဘဲဟူသူလေရှေ့မာ ပြုမူနေဂေ့ပါလား!
7 အယ်မျိုး ရှင်းရှင်းတရားစွဲဂေ့ဟူဇာဟုာ နန်းနို့လေတွပ် ရရာတိုင်း
ဆောင်းရှောင်းဟူဇာ ဖြစ်ဟုယ်။ အယ်မျိုး တရားစွဲဂေ့မယ့်စား ညှဉ်းဆဲဟူဇာဟို့
ဖြားဖြစ်ကြောန့် ခံဟို့ရဲဂေ့ဟုနူး။ လီလည်လုယူဟူဇာဟို့ ဖြားဖြစ်ကြောန့် ခံဂေ့ဟုနူး။
8 နန်းနို့လေဟုာ အယ်မျိုးခံမယ့်စား ညီကိုရှင်းရှင်းဟို့ တရားဘဲဇာဟို့ လောက်ဘီး
လီလည်လုယစ်ဂေ့ဟုယ်!
9 တရားဘဲဟူ လူလေဟုာ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ မွီခံရဟို့ မှုဟု ဆိုဇာဟို့
နန်းနို့သိဂေ့ဟုလော။ တလွဲယူဂေ့နု။ ကာမဂေါင် လိုက်စားဟူသူလေ၊ ရောက်ထုဟို့
ကိုးကွယ်ဟူသူလေ၊ အီထောန်ရေး ဖော့-က်ပ္လန်ဟူသူလေ၊ ယော့-က်ကျားရှင်းရှင်း
မေထုန်ပြုဟူသူလေ၊ အယ်မျိုးဇာဟို့ခံဟူသူ၊
10 ခိုးဟူသူလေ၊ လောဖကီးဟူသူလေ၊ သော့-က်စား မောယစ်ဟူသူလေ၊ သူများ
အသရေဖျစ်ဟူသူလေ၊ လီလည်လုယူသူလေဟုာ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ မွီခံရဟို့
မှုဟု။

11 စဒုံးဟု နန်းနို့လေထဲဟု တချို့လူလေဟှာ အယ်မျိုးသူလေဖြစ်ဂေ့ဟူလည်းဘဲ့ ခု
သခင်ယေရှု ခရစ်တော်ရဲ့ နာမတော်န ဘုရားသခင်ရဲ့ ဝိညာဉ်တော်အားဖြင့် ပြစ်ဟှနေ
ဆေးကြောရှင်း၊ သန့်ရှင်းရှင်းခံရဘီး ဖြောန့်မတ်ရာဟို့ ရော့-က်ဂေ့ဘီ။

ကိုယ်ခန္ဓာဟှာ ဘုရားသခင်ရဲ့ ဖောင်းသရေတော်တွပ် ဖြစ်ဟူကြောန်း

12 နန်းနို့လေဟှ "ငါဟှာ ဂူလောင်းဟို့ လောက်ခွမ့်ရှိဟှယ်" ဆိုဘီး ပြောဂေ့လေ့မယ်။
နန်းနို့ပြောဟူတိုင်း မှန်ဟှယ်။ အယ်ဘေမဲ့ ရှိမျှဂူလောင်းဟှာ နန်းနို့တွပ် ကျိုးရှိဟူဇာ
မူဟှ။ ငါဟှာ ဂူလောင်းဟို့ လောက်ပိုင်ခွမ့်ရှိဟှယ်။ အယ်ဘေမဲ့ ဖယ်မူရာလေရဲ့
စိုးမိုးဟူဇာဟို့မှ ငါခံဟှ။

13 "စားဇာဟှာ ဝန်းတွပ်ဖြစ်ဟှယ်။ ဝန်းဟှလည်း စားဇာတွပ်ဖြစ်ဟှယ်" ဆိုဘီး
ပြောလေ့မယ်။ အယ်ဘေမဲ့ ဘုရားသခင်ဟှာ အယ်နေ့ပါးလောင်းဟို့ ဖျစ်ဆီးလေ့မယ်။
ကိုယ်ခန္ဓာဟှာ ကာမဂေါင်ခံစားဟို့တွပ်မူဘဲန သခင်ဘုရားတွပ်ဖြစ်ဟှယ်။
သခင်ဘုရားဟှာလည်း ကိုယ်ခန္ဓာတွပ် ဖြစ်တော်မူဟှယ်။

14 ဘုရားသခင်ဟှာ တဂိုးတော်အားဖြင့် သခင်ဘုရားဟို့
ရှင်ပ့လန်ထမြော့-က်စေဟူမျိုး နို့လေဟို့လည်း တဂိုးတော်အားဖြင့်
ထမြော့-က်စေတော်မူလေ့မယ်။

15 နန်းနို့လေရဲ့ကိုယ်ခန္ဓာဟှာ ခရစ်တော်ရဲ့ ကိုယ်အင်္ဂါလေဖြစ်ဟှယ် ဆိုဇာဟို့
သိဂေ့ဟှလော။ အယ်မျိုးဆိုဟှာ ခရစ်တော်ရဲ့ ကိုယ်အင်္ဂါဟို့ ယူဘီးဟှာ
ပြည်တန်ဆာမရဲ့ ကိုယ်အင်္ဂါဖြစ်စေရဟို့လော။ လောင်းဝဖြစ်စေဟှ!

16 ပြည်တန်ဆာမန ပေါန်းဖော်ဟူလူဟှာ အယ်ပြည်တန်ဆာမန တသားတကိုယ်ဒဲ
ဖြစ်ဟှားဟှယ် ဆိုဇာဟို့ နန်းနို့သိဂေ့ဟှလော။ ကျမ်းစာဟှ "အယ်သူနှေ့ယော့-က်ဟှာ
တသားတကိုယ်ဒဲ ဖြစ်ရဂေ့လေ့မယ်" ဆိုဘီး လာဟှယ်။

17 အယ်ဘေမဲ့ သခင်ဘုရားနှိုက် မှီဝဲသူဟှာ အယ်သခင်န တစိတဝိညာဉ်ဒဲ ဖြစ်ဟှယ်။

18 တရားဘဲဟူ မေထုန်ပြုဟူဇာဟို့ ရှောန်ဂေ့ပါ။ လူပြုတတ်ဟူ တခြားပြစ်လေဟှာ
ကိုယ်ခန္ဓာ ပ့လန်ဖတ်မာဘဲ့ရှိဟှယ်။ တရားဘဲဟူ မေထုန်ပြုဟူသူဟှာ ကိုယ့်ရဲ့
ကိုယ်ခန္ဓာဟို့ ပြစ်မှားဟူဇာ ဖြစ်ဟှယ်။

19 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေရဲ့ ကိုယ်ခန္ဓာဟှာ ဘုရားသခင်ပေးသနားဟူ
ဝိညာဉ်တော်ဖြစ်ဟူ နန်းနို့ထဲမာ ကီးဝပ်ဟူ သန့်ရှင်းဟူဝိညာဉ်တော်ရဲ့
ဗိမာန်တော်ဖြစ်ဟူကြောန်းန နန်းနို့လေဟှာ ကိုယ့်ကိုယ်ကိုယ် ပိုင်ဘဲဟူကြောန်းဟို့
သိဂေ့ဟှလော။

20 ကိုယ်တော်ဟှာ နန်းနို့လေဟို့ ဖိုးခပေးဘီး ဝယ်ဟှားကြောန့်
နန်းနို့လေရဲ့ကိုယ်ခန္ဓာအားဖြင့် ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို့ ထန်ရှားစေဂေ့ပါ။

7

အီထောန်ပြုရှင်း ပြဿနာ

6:12 **၆.၁၂** ၁ ကော ၁၀.၂၃ **6:19** **၆.၁၉** ၁ ကော ၃.၁၆; ၂ ကော ၆.၁၆

1 နန်းနို့ ရေးပေးလိုက်ဟူ ကြောန်းရာန ပတ်သတ်ဘီး
ယော့-က်ကျားဟှာ အီထောန်ပြုဘဲ နေနိုင်မယ် ဆိုဟှာ ကောန်းဟှယ်။*
2 အယ်ဘေမဲ့ တရားဘဲဟူ မေထုန်ပြုဟူ ဇာလေ များနေဟူကြောန့်
ယော့-က်ကျားတိုင်း ကိုယ့်မယားရှိစေပါ။ မီးမတိုင်း ကိုယ့်လန်ရှိစေပါ။
3 လန်ယော့-က်ကျားဟှာ ကိုယ့်မယားဟို့ ပြုသင့်ဟူ ဝတ်ဟို့ ပြုရမယ်။
မယားဟှာလည်း ကိုယ့်လန်ဟို့ ပြုသင့်ဟူ ဝတ်ဟို့ ပြုရမယ်။
4 မယားဟှာ ကိုယ့်ကိုယ်ခန့်ဓာဟို့ ပိုင်ဟှ။ လန်ဟှဘဲ့ ပိုင်ဟှယ်။ အယ်မျိုးဘဲ့
လန်ဟှလည်း ကိုယ့်ကိုယ်ခန့်ဓာဟို့ ပိုင်ဟှ။ မယားဟှဘဲ့ ပိုင်ဟှယ်။
5 နန်းနို့ဟှာ ဆုတောန်းဟို့တွပ် ခီပေးဟို့ ကြိုတန်ဘောတူချစ်ရ ရှစ်ဟှား
ဆိုင်းငံ့ဟှားဇာဟှလွဲဘီး နန်းနို့ရဲ့ လန်မယားဝတ်ဟို့ ပျစ်ကွပ်စေဂေ့န။ ဆုတောန်းဘီးဟူ
ခီမာ အီထောန်ရဲ့ ဆစ်ဆံရေးဟို့ ပေါင်မှန်တိုင်း ပ့လန်နေဂေ့ပါ။ အယ်မျိုးမှဘဲ့
ကိုယ့်စိဟို့ ချောက်ထီးနိုင်ဘီး စာတန်ရဲ့ သွီးဆောန်ဇာဟို့ ခံနိုင်လေ့မယ်။
6 အယ်မျိုး ငါပြောဇာဟှာ နန်းနို့လေဟို့ မိန့်ပေးဇာမူဘဲန ခွမ့်ပေးဇာဘဲ့ ဖြစ်ဟှယ်။
7 တကယ်ဘဲ့ လူတိုင်းဟို့ ငါ့ဟူမျိုးဘဲ့ ဖြစ်စေရှင်ဟှယ်။ အယ်ဘေမဲ့
လူယော့-က်ချင်းစီတိုင်းဟှာ ဘုရားသခင်ပေးဟူ ဆုကျေးဇူးတော်ဟို့
သီးသီးခံရဂေ့ဟှယ်။
8 အယ်မျိုးဖြစ်ကြောန့် အီထောန်မှေဘဲသူလေန မောက်ဆိုးမလေဟှာ ငါ့ဟူမျိုး
တယော့-က်ဒဲ ဆစ်ဘီးနေနိုင်ဟှာ ကောန်းဟှယ်။
9 အယ်ဘေမဲ့ ကိုယ့်ကိုယ်ကိုယ် ချောက်ထီးနိုင်ဘဲနေဟှာ အီထောန်ပြုဂေ့ပါ။
ကိလေသာစိဟို့ ချောက်တီးနိုင်ဘဲနေဟှာ အီထောန်ပြုဟူဇာဘဲ့ ပိုကောန်းလေ့မယ်။
10 အီထောန်ရှိဟူသူလေဟို့ ငါပညတ်ဟူ ဇာလော့-က်မူဘဲ သခင်ဘုရား ပညတ်ဇာဟှ
မယားဟှာ ကိုယ့်ရဲ့ လန်န ကွာရှင်းစေန။
11 အယ်ဘေမဲ့ ကွာရှင်းဟှယ် ဆိုဟှာ နော့-က်အီထောန်ယူဘဲန နေရမယ်။
အယ်မျိုးမူဘဲနေဟှာ ကိုယ့်လန်န ပ့လန်ပေါန်းဘီး သင့်သင့်မြတ်မြတ် နေရမယ်။
လန်ဟှလည်းဘဲ့ ကိုယ့်မယားန ကွာစေန။
12 ခြားသူလေဟို့ (သခင်ဘုရား ပညတ်ဇာမူဘဲန) ငါပညတ်ဇာဟှ ယောင်ကြည်သူ
ညီကိုတယော့-က်ဟှာ ယောင်ကြည်သူမူဘဲဟူ မယားရှိဟှယ် ဆိုဟှာ အယ်မီးမဟှ
သူနဆစ်ဘီး ပေါန်းရှင်ဟှယ် ဆိုဟှာ သူဟို့ အယ်မီးမန ကွာစေန။
13 အယ်မျိုးဘဲ့ ယောင်ကြည်သူ မီးမတယော့-က်ဟှာ မယောင်ကြည်ဘဲဟူ
လန်ရှိဟှယ် ဆိုဟှာ သူလန်ဟှ သူနဆစ်ဘီးပေါန်းရှင်ဟှယ် ဆိုဟှာ သူဟို့ကွာစေန။
14 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ယောင်ကြည်သူမူဘဲဟူ လန်ယော့-က်ကျားဟှာ
သူမယားတွပ် သန့်ရှင်းဟှယ်။ ယောင်ကြည်ဘဲဟူ မယားဟှလည်း သူလန်တွပ်

* **7:1 ၇.၁** ယော့-က်ကျားဟှာ အီထောန်ပြုဘဲ နေနိုင်မယ် ဆိုဟှာ ကောန်းဟှယ်၊ အယ်မျိုးမူဘဲနေဟှာ ယော့-က်ကျားဟှာ အီထောန်ပြုဘဲန နေနိုင်မယ် ဆိုဟှာ ကောန်းဟှယ် ဆိုဘီး နန်ပြောဟှယ်။ **7:10 ၇.၁၀,၁၁** မ ၅.၃၂; ၁၉.၉; မာ ၁၀.၁၁,၁၂; လု ၁၆.၁၈

သန့်ရှင်းဟုယ်။ အယ်မျိုးမှုဘဲနေဟှာ နန်းနို့ရဲ့ သားမီးလေဟှာ ညစ်ညူးဂေ့လေ့မယ်။
အယ်ဘေမဲ့ ခု သူးနို့လေဟှာ သန့်ရှင်းဂေ့ဟှယ်။

15 အယ်ဘေမဲ့လည်း ယောင်ကြည်ဘဲသူဟှာ ကွာရှင်းရှင်ဟုယ် ဆိုဟှာ ကွာရှင်းစေ။
အယ်မျိုး ကြောန်းရာဟို့ ယောင်ကြည်သူ ညီကို မောန်နှမလေဟှာ လွတ်လွတ်လပ်လပ်
ဝီးကော့-က်ခွမ့်ရှိဟုယ်။ ဘုရားသခင်ဟှာ နန်းနို့လေဟို့ သင့်သင့်မြတ်မြတ်န
ငြိုးငြိုးချမ်းချမ်းနေဂေ့ဟို့တွပ် ခေါ်ဟှားဇာဖြစ်ဟုယ်။

16 ဧ့ေမီးမ၊ နန်ဟှာ ကိုယ့်လန်ဟို့ ကယ်တန်မယ် ကယ်တန်ဟှ ဆိုဇာဟို့ ဖယ်မျိုး
သိနိုင်နူး။† ဧ့ေယော့-က်ကျား၊ နန်ဟှာ ကိုယ့်မယားဟို့ ကယ်တန်မယ်၊ ကယ်တန်ဟှ
ဆိုဇာဟို့ ဖယ်မျိုး သိနိုင်ဟို့နူး။‡

ဘုရားသခင်ဝီးကော့-က်ဟူတိုင်း သတ်ရှင်ပါ

17 လူသီးသီးလေဟှာ ကိုယ့်ဟို့ သခင်ဘုရားပေးဟူ ဆုကျေးဇူးတော်လေန
ယော့-က်တိုင်းဟို့ ဘုရားသခင်ခေါ်ဟူ ခြေနေတိုင်းဘဲ့ သတ်ရှင်ပါစေ။ အယ်ဇာဟှာ
သင်းတော်တိုင်းဟို့ ငါ့ရဲ့မှာကြားချစ် ဖြစ်ဟုယ်။

18 ရေဖျားလှီးရှင်းဟို့ ခံဘီးသူဟှာ ဝီးကော့-က်ရှင်းခံရဟုယ် ဆိုဟှာ
ရေဖျားလှီးရှင်းနဆိုင်ဟူ မှတ်သားဟို့ စွန့်ပစ်ဇာလိုဟှ။ ရေဖျားလှီးရှင်းဟို့
ခံယူဘဲဟူသူဟှာ ဝီးကော့-က်ရှင်းဟို့ ခံရဟုယ် ဆိုဟှာ ရေဖျားလှီးရှင်းဟို့ ခံယူဇာလိုဟှ။
19 ရေဖျားလှီးရှင်းခံဟူဇာ ခံဘဲဟူဇာဟုဓိက မှုဟှ။ ဘုရားသခင်ရဲ့ ပညတ်တော်ဟို့
စောန့်ထီးဟူဇာဟှဘဲ့ ဓိကဖြစ်ဟုယ်။

20 လူတိုင်း ဘုရားသခင်ရဲ့ ခေါ်ဟှားရှင်းခံရဟူ ခြေနေမာဘဲ့ ဆစ်ဘီး ရှိနေပါစေ။

21 ဝီးကော့-က်ခံရဟူ ခီမာ နန်ဟှာ ကျွန်ဖြစ်ဟုယ် ဆိုဟှာ စိန္နော့-က်ယှစ်ဖြစ်စေန။
အယ်ဘေမဲ့ လွတ်မြော့-က်ခွမ့်ရမယ် ဆိုဟှာ အယ်ခွမ့်ရေးဟို့ သောင်းပြုပါ။§

22 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ကျွန်ဖြစ်ဟူ ခီမာ သခင်ဘုရားနှိုက်
ဝီးကော့-က်ခံရဟူသူဟှာ သခင်ဘုရားအားဖြင့် လွတ်မြော့-က်ဟူ သူဖြစ်ဟုယ်။
အယ်မျိုးဘဲ့ လူလွတ်ဖြစ်ဟူ သူဟှာ သခင်ဘုရားရဲ့ ဝီးကော့-က်ရှင်းဟို့ ခံရဟူ ခီမာ
ခရစ်တော်ရဲ့ ကျွန်ဖြစ်ဟုယ်။

23 နန်းနို့လေဟို့ ဘုရားသခင်ဟှာ ဖိုးခပေးဘီး ဝယ်ဟှားကြောန့် လူလေနားမာ
ကျွန်ခံဂေ့န။

24 ညီကို မောန်နှမလေ၊ နန်းနို့လေ ဝီးကော့-က်ရှင်း ခံရဟူခီဟှ ခြေနေတိုင်းဘဲ့
ဘုရားသခင်န မိတ်သဟာယဖွဲ့ဘီး ဆစ်နေထိုင်ဂေ့ပါ။

အီထောန်ပြုဘဲသူလေန မောက်ဆိုးမ ပြဿနာကြောန်း

† **7:16** **ဥ.၁၆** ဧ့ေမီးမ၊ နန်ဟှာ ကိုယ့်လန်ဟို့ ကယ်တန်မယ် ကယ်တန်ဟှ ဆိုဇာဟို့ ဖယ်မျိုး သိနိုင်နူး။
အယ်မျိုးမှုဘဲနေဟှာ နန်ဟှာ ကယ်တန်ခံရမယ် ကယ်တန်ခံရဟှ ဆိုဇာဟို့ ဖယ်မျိုး သိနိုင်ဟို့နူး။ ‡ **7:16**
ဥ.၁၆ ဧ့ေယော့-က်ကျား၊ နန်ဟှာ ကိုယ့်မယားဟို့ ကယ်တန်မယ်၊ ကယ်တန်ဟှ ဆိုဇာဟို့ ဖယ်မျိုး သိနိုင်ဟို့နူး၊
အယ်မျိုးမှုဘဲနေဟှာ နန်ဟှာ ကယ်တန်ခံရမယ် ကယ်တန်ခံရဟှ ဆိုဇာဟို့ ဖယ်မျိုး သိနိုင်ဟို့နူး။ § **7:21** **ဥ.၂၁**
အယ်ဘေမဲ့ လွတ်မြော့-က်ခွမ့်ရမယ် ဆိုဟှာ အယ်ခွမ့်ရေးဟို့ သောင်းပြုပါ၊ အယ်မျိုးမှုဘဲနေဟှာ အယ်ဘေမဲ့ နန်ဟှာ
လွတ်မြော့-က်ဟို့ ခွမ့်ရေးရမယ် ဆိုဟှာ နန့်ရဲ့ ကောန်းဆောင်း ခြေနေဟို့ ဝီးကော့-က်ပါ။

25 အီထောန်ပြေဘဲသူလေန ပတ်သတ်ဘီး ပြောရမယ် ဆိုဟှာ သခင်ဘုရား
ပညတ်ဟှားဟူဇာ မွေ့ဘဲဟူလည်းဘဲ့ သခင်ဘုရားရဲ့ ကရုဏာတော်ကြောန့်
ယောင်ကြည်ထိုက်ဟူ သူတယော့-က်နေန ငါ့ခံယူချစ်ဟို့ ပြောရမယ် ဆိုဟှာ၊
26 ခု တွိကြောင်နေရဟူ ခေတ်ဆိုးခါဆိုးဟို့ ကေ့ဟူဇာအားဖြင့်
ယော့-က်ကျားတယာ့-က်ဟှာ အယ်ခြေနေတိုင်း ဆစ်ဘီးနေဟူဇာဟှာ
ပိုကောန်းလေ့မယ်။
27 နန်ဟှာ အီထောန်ရှိဟှယ် ဆိုဟှာ ကိုယ့်မယားဟို့ ခွာဟို့ ကြဲစည်န။
အီထောန်မွေ့ဘဲနေဟှာလည်း အီထောန်ပြေဟို့တွပ် စဉ်းစားန။
28 အယ်ဘေမဲ့ အီထောန်ပြေဟှယ် ဆိုဟှာလည်း ပြစ်ကျူးလွန်ဟူဇာ မူဟှ။
အီထောန်မွေ့ဘဲဟူ မီးမပျိုဟှာ အီထောန်ပြေဟှယ် ဆိုဟှာ ပြစ်ကျူးလွန်ဇာ မူဟှ။
အယ်ဘေမဲ့ အီထောန်သယ်လေ နေ့တိုင်း တွိကြောင်ရမယ့် ကိုယ်ကာယ
ဆင်းရဲဒေါက်ခလေန နန်းန့်ဟို့ လွတ်ကင်းစေရှင်ကြောန့် အယ်မျိုး
ငါပြောရဇာဖြစ်ဟှယ်။
29 ညီကို မောန်နမလေ၊ ငါဆိုလိုဇာဟှ ခီကာလ ကူဆောန်းဟှမယ် ဖြစ်ဟူကြောန့်
ခုခီဟှနေစဘီး မယားရှိဟူသူဟှာ မယားမွေ့ဘဲသူမျိုး၊
30 ငိုဟူသူဟှလည်း ငိုဘဲဟူမျိုး၊ ဝန်းသာဟူသူဟှလည်း ဝန်းသာဘဲဟူသူမျိုး၊
ပစ်စီးအောက်စာ ဝယ်ဟူသူလည်း ဖယ်အောက်စာဟို့မှ ပိုင်ဘဲဟူမျိုး ဖြစ်ရမယ်။
31 လောကအောက်စာ ဘဏ္ဍာဟို့ သောင်းပြေဟူ သူလေဟှာ သောင်းဘဲမျိုး
ဖြစ်ရမယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ခုလတ်ရှိ ကမ္ဘာဂီးဟှာ တာရှယ်ခံဟို့
မူဘဲကြောန့်ဖြစ်ဟှယ်။
32 ငါဟှာ နန်းန့်လေဟို့ ပူပန်သောကန ကင်းစေရှင်ဟှယ်။ အီထောန်မွေ့ဘဲဟူ
ယော့-က်ကျားဟှာ သခင်ဘုရား နှစ်သက်ဟူမူဟို့ လောက်ရှင်ကြောန့် သခင်ဘုရားရဲ့
မူတော်ဟို့ဘဲ့ လေးနတ်ထားတတ်ဟှယ်။
33 အယ်ဘေမဲ့ အီထောန်ရှိဟူ ယော့-က်ကျားဟှာ သူမယားရဲ့ စိလိုဟို့ လိုက်ဘီး
လောကီရေးရာဟို့ဘဲ့ လေးနတ်ထားတတ်ဟှယ်။
34 အယ်ကြောန့် သူဟှာ စိနှေ့ခွ ဖြစ်ရဟှယ်။ မီးမပျိုဟှာ သခင်ဘုရားဟို့
သူ့ရဲ့ကိုယ်ခန္ဓာန စိဝိညာဉ်နှေ့ခုလောင်းဟို့ သန့်ရှင်းမှုန ဆစ်ကပ်ရှင်ကြောန့်
သခင်ဘုရားရဲ့ မူတော်ဟို့ လေးနတ်ထားတတ်ဟှယ်။ အယ်ဘေမဲ့ အီထောန်ရှင်မီးမဟှာ
သူ့လန်နှစ်သက်အောန် စိဆန္ဒရှိကြောန့် လောကီမူရာဟို့ဘဲ့ လေးနတ်ထားတတ်ဟှယ်။
35 အယ်မျိုး ငါပြောဇာဟှ နန်းန့်လေရဲ့ကျိုးဟို့ လိုရှင်ကြောန့် ပြောဇာဖြစ်ဟှယ်။
နန်းန့်လေဟို့ ချောက်ချယ်ရှင်ကြောန့် မူဟှ။ နန်းန့်ဟို့ မှန်းမှန်ကန်းကန် ပြုသင့်တိုင်း
ပြုကျင့်ဟို့တွပ်န သခင်ဘုရားရဲ့ မူတော်ဟို့ စိပါလတ်ပါ စေခံနိုင်ဂေ့ဟို့တွပ်
လိုလားကြောန့်ဖြစ်ဟှယ်။
36 စေ့စပ်ဟှားဘီးန အီထောန်ပြေဘဲန နေဟို့တွပ် ဘောတူဘီး တိုင်တယ်ဟှားဟူသူ
နှေ့ယော့-က်န ပတ်သတ်ဘီး ပြောရမယ် ဆိုဟှာ ယော့က်ကျားဟှာ မီးမပျိုဟို့ သူ့ရဲ့

ပြုမူပေါင်စံ သင့်တော်ဟု ဆိုဘီး သိဟူ ခီမာဘဲ့ဖြစ်ဖြစ်၊ ကိုယ့်စိဟို့ ထီးချောက်နိုင်ဘဲဟူ ခီမာဘဲ့ဖြစ်ဖြစ် အီထောန်ပြုရဟုယ်။ အယ်မျိုးပြုမယ် ဆိုဟှာ ပြစ် မ့ေဟှ။*

37 အယ်ဘေမဲ့ ကိုယ့်စိနလောင်း တည်ကြည်မှုရှိဘီး ပြုရှင်တိုင်း ပြုပိုင်ဟူခွမ့်န ကိုယ်စိလိုဟို့ ချောက်တီးနိုင်ဟူ ခွမ့်ရှိဟူကြောန့် အီထောန်ပြုဘဲန နေဟို့တွပ်† စိနလေင်းထဲမာ စီရင်ဆောင်းဖြတ်ဟူသူဟှာ ပိုဘီး ကောန်းလေဟုယ်။ သူဟှာ အယ်မီးမပျိုဟို့ လတ်ထပ်ဟို့‡ လောင်းဝ ဆောင်းဖြတ်ဟန်း။

38 အယ်ကြောန့် ကိုယ့်န စ့ေစပ်ဟှားဟူ မီးမပျိုဟို့ လတ်ထပ်ဟူသူ§ဟှာ ကောန်းလေဟုယ်။ လတ်ထပ်ဘဲနနေဟူ သူဟှာလည်း ပိုဘီး ကောန်းလေဟုယ်။

39 မီးမဟှာ သူရဲ့လန် သတ်ရှင်နေဟူ ခီကာလပတ်လောင်း တရားအားဖြင့် ချည်နှောန်မှုရှိနေဟုယ်။ လန်သေဟှားဟုယ် ဆိုဟှာ ကိုယ်လိုရှင်ဟူတိုင်း သခင်ဘုရားအားဖြင့်ဘဲ့ တခြားသူရဲ့ မယားဖြစ်ဟို့ ခွမ့်ရှိလေဟုယ်။

40 အယ်ဘေမဲ့ သူဟှာ အီထောန်ပြုဘဲနေဇာဟှ ပိုဘီး မဂ်လာရှိဟုယ်ဆိုဘီး ငါခံယူဟုယ်။ ငါနှိုက်လည်း ဘုရားသခင်ရဲ့ ဝိညာဉ်တော်ရှိဟုယ် ဆိုဘီး ငါမှတ်ယူဟုယ်။

8

ရောက်ထုဟို့ပူဇော်ဟူ စားဇာပြဿနာကြောန်း

1 ရောက်ထုဟို့ ပူဇော်ဟှားဟူရာလေနပတ်သတ်ဘီး၊

နန်းနို့လေ ပြောဟူတိုင်း “နို့လေဂူလောင်းဟှာ သိပညာရှိဟုယ်” ဆိုဇာဟို့ နို့လေသိဟုယ်။ အယ်ဘေမဲ့ သိပညာဟှာ လူဟို့မာနထောန်လွှားစေတတ်ဟုယ်။ ရှစ်ရှင်းမြစ်တာဟှဘဲ့ တည်ဆော့-က်တတ်ဟုယ်။

2 ကိုယ့်ကိုယ်ကိုယ် ပညာရှိဆိုဘီး ထန်မှတ်ဟူသူဟှာ တကယ်ဘဲ့ အယ်သူဟှာ သိသင့်ဟူတိုင်း သိသေးဟှ။

3 အယ်ဘေမဲ့ ဘုရားသခင်ဟို့ရှစ်ဟူသူဟှာ ဘုရားသခင် သိမှတ်တော်မူဟူဇာဟို့ ခံရဟုယ်။

4 အယ်ကြောန့် ရောက်ထုဟို့ ပူဇော်ဟှားဟူ ယဇ်ကောန်ဟို့ စားဟူဇာဟှာ ရောက်ထုဟှာ အယ်လောကမာ ချည်းနှီးသတ်သတ် ဖြစ်ဟုယ် ဆိုဟူဇာန တပါးဘဲရှိဟူ ဘုရားသခင်ဟှလွဲဘီး ဖယ်ဘုရားသခင်လည်း မ့ေဟှ ဆိုဇာဟို့ နို့လေ သိဂ့ေဟုယ်။

5 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ကောန်းဂန်န မ့ေလဂီးထတ်မာ “ဘုရားလေ” “သခင်လေ” ဆိုဘီး နာမယ်မှတ်ခေါ်ဟူ ဇာလေ ဘောင်ဂီးရှိဟူလည်းဘဲ့

---

* **7:36 ၇.၃၆** စ့ေစပ်ဟှားဘီးန ... အယ်မျိုးပြုမယ် ဆိုဟှာ ပြစ် မ့ေဟှ၊ အယ်မျိုးမှုဘဲနေဟှာ ယော့-က်ကျားန လတ်ထပ်ရသေးဘဲဟူ မီးမပျိုဟို့ သူဟှာ ပေါ်နိုးဟို့ သင့်တော်ဟှ ဆိုဘီး စိပိုင်းဖြတ်ဟုယ်။ အယ်ဘေမဲ့ အယ်မီးမပျိုဟှာ လတ်ထတ်ဟို့ ရွယ်ရော့-က်ဟှားဘီ ဆိုဟှာ လတ်ထပ်ပေါ်နိုးသင်းနိုင်ဟုယ်။ † **7:37 ၇.၃၇** အီထောန်ပြုဘဲန နေဟို့တွပ်၊ အယ်မျိုးမှုဘဲနေဟှာ သူရဲ့ သမီးဟို့ လတ်ထပ်ခွမ့်ပေးဟှ။ ‡ **7:37 ၇.၃၇** အယ်မီးမပျိုဟို့ လတ်ထပ်ဟို့၊ အယ်မျိုးမှုဘဲနေဟှာ သူဟို့ လတ်ထပ်ခွမ့် ပြုလိုက်ဟုယ်။ § **7:38 ၇.၃၈** လတ်ထပ်ဟူသူ၊ အယ်မျိုးမှုဘဲနေဟှာ သူရဲ့ သမီးဟို့ လတ်ထပ်ဘဲန နေဟူသူ။

6 အယ်မူ ဘုရားသခင်ထဲဟုဘဲ့ ရာအားလောင်းဖြစ်လာဘီး၊ အယ်မူ
ဘုရားသခင်တွပ်ဘဲ့ နို့လေဖြစ်ဂေ့ဟုယ်။ အယ်မူ ဖဘုရားသခင်တပါးဒဲဟုဘဲ့
နို့လေမာရှိဟုယ်။ အယ်မူသခင်အားဖြင့် နို့လေဟုနေစဘီး
ရာအားလောင်းဖြစ်လာဂေ့ဟုယ်။ အယ်သခင် ယေရှုခရစ်တော်တပါးဒဲဟုဘဲ့ နို့လေမာ
ရှိတော်မူဟုယ်။

7 အယ်ဘေမဲ့လည်း လူတိုင်း အယ်မူသိပညာရှိဂေ့ဟူ ဇာမူဟု။ တချို့လူလေဟု
ခုခီထိ ရောက်ထူရှေ့မာ ပူဇော်ဟုးဟူစားဇာဟို့ စားဟူ ခီမာ ရောက်ထုဟို့
ထွေ့-က်ဟူစိနစားဂေ့ဘီး ကိုယ့်ကိုယ်ကိုယ် သိဟူ စိအားနဲဟူကြောန့် ညစ်ညူးစေဟုယ်
ဆိုဘီး ထန်ဂေ့လေဟုယ်။

8 စားဇာဟု ဘုရားသခင်ရဲ့ ရှေ့တော်မာ နို့လေဟို့ မျစ်နှာရစေဟူဇာ မူဟု။
စားဘဲနနေဟူလည်း ရှောင်မှေ့ဘဲဟူမျိုး စားဟုယ် ဆိုဟုလည်း မ့လတ်မရဟု။

9 အယ်ဘေမဲ့ နန်းနို့လေ အယ်မျိုး လွတ်လွတ်လပ်လပ် စားပိုင်ခွမ့်ရှိဟူလည်းဘဲ့
ယောင်ကြည်မှုအားနဲဟူသူလေတွပ် ထိမိဘီးလဲဇာ ဖြစ်ဘဲနေအောန် ဒိပြုဂေ့ပါ။

10 ဖြားဖြစ်ကြောန့်နူးဆိုဟု သိပညာရှိဟူနန်ဟု ရောက်ထုက့်လောန်းထဲမာ ထိုင်ဘီး
စားသော့-က်နေဟူဇာဟို့ ယော့-က်ယော့-က်ဟု တွိဟုယ် ဆိုဟု အယ်သူရဲ့ အားနဲဟူ
သိစိဟု ရောက်ထုဟို့ ပူဇော်ဟုးဟူ ဇာလေဟို့ စားဟိုရဲတန်းလာမယ် မူဟုလော။

11 အယ်မျိုးဖြစ်ဟုယ် ဆိုဟု အားနဲဟူ ညီကိုတွပ် ခရစ်တော်ဟု
သေခံပေးဟူလည်းဘဲ့ နန့်ရဲ့ “သိပညာ” ကြောန့် အယ်သူဟု ပျစ်စီးမူဟို့
ရော့-က်ရဟုယ်။

12 အယ်မျိုးဆိုဟု နန်းနို့လေဟု ညီကို မောန်နှမလေဟို့ ပြစ်မှားဘီး သူးနို့လေရဲ့
သိစိဟို့ ထိခိုက်စေရှင်းအားဖြင့် ခရစ်တော်ဟို့ ပြစ်မှားရာ ရော့-က်ဟုယ်။

13 အယ်ကြောန့် ငါ့ရဲ့ စားသော့-က်ဟူမူဟု ညီကို မောန်နှမလေဟို့
မှားယွင်းစေဟုယ် ဆိုဟု ညီကို မောန်နှမလေဟို့ မှားယွင်းစေဘဲနေအောန် မဲသားဟို့
စားဘဲန မြဲဒမ်းရှောန်မယ်။

9

တမန်တော်ရဲ့ ရပိုင်ခွမ့်နှ တာဝန်လေကြောန်း

1 ငါဟု လွတ်လပ်ဟူလူဖြစ်ဟုယ် မူဟုလော။ တမန်တော်တယော့-က်ဖြစ်ဟုယ်
မူဟုလော။ နို့လေရဲ့ ယေရှုခရစ်ဟို့ ဗြင်ရဘီ မူဟုလော။ နန်းနို့လေဟု သခင်ဘုရားရဲ့
မူတော်ဟို့ ငါစေခံလောက်ဆောန်ဇာဟုနေဘီး ရလာဟူသီးပွမ့်လေ မူဟုလော။

2 ငါဟု တခြားသူလေထတ်မာ တမန်တော်ဖြစ်ဘဲနေဟူလည်းဘဲ့ နန်းနို့လေတွပ်
တမန်တော်ဖြစ်ဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟု ငါဟု သခင်ဘုရားရဲ့
တမန်တော်ဖြစ်ဟုယ် ဆိုဇာဟို့ နန်းနို့လေဟု ဒဗဲတော်ဖြစ်ဟူဇာအားဖြင့် ငါ့ဟို့
တံဆိခတ်ဂေ့ဟုယ်။

3 ငါ့ဟို့ စစ်ဆေးဝေဖန်ဟူသူလေဟို့ အယ်မျိုး ငါဖြေရှင်းပြောဆိုဟုယ်။

4 နို့လေရဲ့ လောက်ဆောန်မှုအားဖြင့် နို့လေမာ စားသော့-က်ပိုင်ခွမ့် မှေ့ဟ့လော။
5 နို့လေဟ့ာ ကေဖန သခင်ဘုရားရဲ့ ညီတော်လေ တခြားတမန်တော်လေဟ့ုမျိုး
နို့လေခရီးထွပ်ဟ့ု ခီမာ ယောင်ကြည်သူညီမဖြစ်ဟ့ု မယားဟ့ို ခေါ်ဆောန်ပိုင်ခွမ့်
မှေ့ဟ့လော။
6 ငါန ဗာနဗဟ့ဘဲ့ လောက်မလောက်ဘဲ နေရဟ့ုခွမ့်မှေ့ဟ့ု ဆိုဘီး ပြောရလော။
7 ဖယ်စစ်သားလေဟ့ု ကိုယ်စရိုနကိုယ် စစ်မှုထမ်းရကြောန့်နူး။ ဖယ်သူဟ့ု
ကိုယ်စိုက်ဟ့ားဟ့ု စဗျစ်ခြဲဟ့ုစဗျစ်သီးဟ့ို မစားဘဲနေနူး။ ဖယ်သိုးထီးမားလေဟ့ု
ကိုယ်ထီးဟ့ု သိုးလေဟ့ု သိုးနို့ဟ့ို မသောင်းဆောန်ဘဲနေဂေ့နူး။
8 ငါဟ့ု အယ်ကြောန်းရာဟ့ို လူသဘောန ပြောနေဟ့ုဇာလော။
ပညတ်တရားဟ့ုလည်း အယ်မျိုးပြောဟ့ားဟ့ယ် မှုဟ့လော။
9 မောရှေရဲ့ ပညတ့်တိကျမ်းဟ့ု "ဗားနန်းဟ့ု နွားရဲ့ဇပ်ပေါ့-က်ဟ့ို ချောက်တီးန"
ဆိုဘီး လာဟ့ယ်။ အယ်မျိုး မိန့်တော်မူဟ့ုဇာဟ့ု ဘုရားသခင်ဟ့ု နွားဟ့ိုဘဲ့
ပြောရှင်ဇာလော။
10 အယ်မျိုးမှုဘဲနေဟ့ု နို့လေတွပ်ဘဲ့ မိန့်တော်မူဟ့ုဗားဇာလော။ တကယ်ဘဲ့
နို့လေတွပ် ရေးဟ့ားဇာ ဖြစ်ဟ့ယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ု လယ်ထွန်မားန
ရိသီးမားလေဟ့ု ကိုယ့်ရဲ့ ရထိုက်ဟ့ု လောက်ခဟ့ို မျော်လင့်ဘီးဟ့ု
လောက်ဆောန်ဂေ့ဇာ ဖြစ်ဟ့ယ်။
11 နို့လေဟ့ု ဝိညာဉ်ပိုင်းဆိုင်ရာ မျိုးစေ့အားဖြင့် နန်းနို့ဟ့ို စိုက်ပျိုးဘီးဟ့ု
နန်းနို့နားဟ့ု ရောက်ပိုင်းဆိုင်ရာလေဟ့ို ရိသီးဟ့ုဇာဟ့ု လွန်ရာက့လလော။
12 နန်းနို့လေနားမာ တခြားသူလေ ခံယူပိုင်ခွမ့်ရှိဟ့ယ် ဆိုဟ့ု နို့လေဟ့ု ပိုဘီး
ခံယူခွမ့်ရှိဟ့ယ် မှုဟ့လော။

အယ်ဘေမဲ့လည်း နို့လေဟ့ု အယ်မှုခွမ့်ရေးဟ့ို ယူဂေ့ဟ့။ ခရစ်တော်ရဲ့
ဒန်းကောန်းဟ့ို ဆီးတားဖြစ်ဘဲအောန် တွိကြောင်ရဟ့ု ခတ်ခဲလေဟ့ို ရာရာတိုင်းမာ
သီးခံဘီး လောက်ဆောန်ဂေ့ဟ့ယ်။
13 ဗိမာန်တော်ရဲ့ မှုကိစလေဟ့ို လောက်ဆောန်ဟ့ု သူလေဟ့ု ဗိမာန်တော်န
ဆိုင်ဟ့ုဇာလေဟ့ို စားရဂေ့ဘီး၊ ယဇ်ပလ္လင်နှိုက် ထမ်းဆောန်ဟ့ု သူလေဟ့ုလည်း
ယဇ်ပလ္လင်နု ဆိုင်ဟ့ုဇာလေဟ့ို မျှဝီခံစားခွမ့် ရှိဟ့ယ် ဆိုဇာ နန်းနို့လေ သိဂေ့ဟ့လော။
14 အယ်မျိုးဘဲ့ ဒန်းကောန်းဟ့ို ဟောပြောသူလေလည်း ဒန်းကောန်းအားဖြင့်
သတ်မှီးရမယ် ဆိုဘီး သခင်ဘုရား မိန့်မှာတော်မူဟ့ယ်။

15 အယ်ဘေမဲ့ နို့လေဟ့ု အယ်ခွမ့်ရေးလေဟ့ို သောင်းဂေ့ဟ့။ အယ်မျိုးခွမ့်ဟ့ို
တောန်းဆိုရှင်ကြောန့် အယ်စာဟ့ို ရေးဟ့ုဇာ မှုဟ့။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ု ငါ့ရဲ့
ဝါကြွားဇာကြောန်းဟ့ို သူများလေဟ့ု ချည်းနှီးဖြစ်စေရှင်းထတ် သေဟ့ားဇာဘဲ့
ပိုကောန်းဟ့ယ်!

9:9 ဧ.၉ ၁ တိ ၅.၁၈ **9:11 ဧ.၁၁** ရော ၁၅.၂၇ **9:14 ဧ.၁၄** မ ၁၀.၁၀; လု ၁၀.၇

16 ငါဟာ ဒန်းကောန်းဟို့ ဟောပြောရောင်မျှန ဝါကြွားဇာကြောန်း မ့ေသေးဟု။
ဖြားဖြစ်ကြောန်နူးဆိုဟာ ဟောပြောဘဲန နေနိုင်ဟု။ အယ်ဒန်းကောန်းဟို့ ဟောပြောဘဲန
နေမယ် ဆိုဟာ အမင်္ဂလာရှိဟုယ်!
17 တကယ်ကြောန့် ငါဟာ အယ်မူတော်ဟို့ ငါ့ရဲ့ ဆန္ဒတိုင်း ဆောန်ရွပ်မယ် ဆိုဟာ
ငါ့တွပ် ဆုလာဘ် ရှိဟုယ်။ အယ်ဘေမဲ့ ငါ့ရဲ့ ဆန္ဒတိုင်းမူဘဲ ဆိုဟာလည်း
အယ်စီမံခန့်ခွဲမှုဟို့ ငါ့နှိုက် ယောင်ကြည် အပ်ဟာ်းဘီး ဖြစ်ဟုယ်။
18 အယ်မျိုးဆိုဟာ ငါ့တွပ် ဖြားကျိုးရှိနူး။ ငါခံစားရဟူ ကျိုးဟု ဒန်းကောန်းဟို့
ခယူဘဲ ဟောပြောဟူ ခွမ့်န အယ်မျိုး ဟောပြောဟို့တွပ် ရပိုင်ခွမ့်လေဟို့ သောင်းပြဘဲန
နေနိုင်ခွမ့်လေဘဲ့ ဖြစ်ဟုယ်။
19 ငါဟာ ဖယ်သူ့ကျွန်လည်းမူဘဲ လွတ်လပ်ဟူသူ တယော့-က် ဖြစ်ဟူလည်းဘဲ့
ယောင်ကြည်လာဟူ သူလေ ဘောင်ဂီးရဟို့တွပ် လူတိုင်းရဲ့ ကျွန်ဖြစ်ဟုယ်။
20 ငါဟာ ယုဒလူမျိုးလေဟို့ ရဟို့တွပ် ယုဒလူမျိုးလေနားမာ ယုဒလူမျိုးလေမျိုး
ဖြစ်ဟုယ်။ ငါကိုယ်တိုင် ပညတ်တရားအော့-က်မာ မ့ေဘေမဲ့လည်း
ပညတ်တရားအော့-က်မာ ရှိဟူသူလေဟို့ ရဟို့တွပ် ပညတ်တရားအော့-က်မာ
ရှိဟူသူလေတွပ် ပညတ်တရားအော့-က်မာ ရှိဟူသူမျိုးဘဲ့ ဖြစ်ဟုယ်။
21 ငါဟာ ဘုရားသခင်ရဲ့ ပညတ်တရားန ကင်းဝေးဟူသူမူဘဲ ခရစ်တော်ရဲ့
ပညတ်တရားအော့-က်မာ ရှိဟူလည်းဘဲ့ ပညတ်တရားန ကင်းဝေးဟူ
လူမျိုးခြားလေဟို့ ရဟို့တွပ် ပညတ်တရားန ကင်းဝေးဟူ သူလေထဲမာ ပညတ်တရားန
ကင်းဝေးဟူ သူလေမျိုး ဖြစ်ဟုယ်။
22 ငါဟာ အားနဲဟူသူဟို့ ရဟို့တွပ် အားနဲဟူ သူလေထဲမာ အားနဲဟူသူ ဖြစ်ဟုယ်။
လူတချို့ဟို့ တနည်းနည်းန ကယ်တန်နိုင်ဟို့တွပ် လူဘောန်းဇောင်ထဲမာ
လူဘောန်းဇောင်မျိုးဘဲ့ ဖြစ်ဟုယ်။
23 ဒန်းကောန်းရဲ့ ကောန်းဂျီးမ်ဂလာဟို့ ဝီမျှနိုင်ဟို့တွပ် ငါဟာ ဒန်းကောန်းရဲ့
ကျိုးတွပ် အယ်မူဇာ ဂူလောင်းဟို့ ပြုဟူဇာ ဖြစ်ဟုယ်။
24 ပ့လေးပြိုင်ပွဲမာ လူလေ ဘောင်ဂီး ဝမ်ပြိုင် ဘေမဲ့လည်း တယော့-က်ဟာ်းဘဲ့
ဆုဟို့ ရဟုယ် ဆိုဇာဟို့ နန်းနို့လေ သိဂေ့ဟုလော။ အယ်မျိုးဖြစ်ကြောန့် နန်းနို့လေ
ဆုဟို့ ရဟို့တွပ် ပ့လေးဂေ့ပါ။
25 ပြိုင်ပွဲဝမ်ဟို့တွပ် လေ့ကျင့်ဟူ အားကစားသမားလေဟာ ရာရာတိုင်းဟို့
ချောက်တီးတတ်ဟုယ်။ အယ်သူလေဟာ ညှိုးဘီး ပျစ်စီးတတ်ဟူ ပန်းဦးရစ် သရဖူဟို့
ရဟို့တွပ် အယ်မျိုး ပြုနေဂေ့ဟုယ်။ နို့လေဟာ ညှိုးဘီး ပျစ်စီးတတ်ဘဲဟူ ပန်းဦးရစ်
သရဖူဟို့ ရဟို့တွပ် အယ်မျိုး ပြုနေဂေ့ဇာ ဖြစ်ဟုယ်။
26 အယ်ကြောန့် ငါပ့လေးဟူ ခီမာ ခေဦးတည့်ရာဟို့ ပ့လေးဟူဇာ မှုဟု။ ငါဟာ
လတ်ဝွေ့ထိုးဟူ ခီမာ ထိုးချစ်ဟို့ ချည်းနှီးထိုးဘဲဟူ လတ်ဝွေ့ထိုးမားမျိုး ဖြစ်ဟုယ်။
27 သူများလေဟို့ သွန်သန်ဘီးမှ ငါကိုယ်တိုင် ကွလရှောင်းဟူသူ ဖြစ်ဘဲနေအောင်
ငါဟာ ကိုယ့်ရဲ့ ကိုယ်ခန့ာဟို့ နှိစစ်ဘီး ပြင်ဆင်လေဟုယ်။

10

ဒိပေးဟူကြောင်း

1 ညီကို မောန်နှမလေ အယ်မူကြောင်းရာဟို့ နန်းနို့လေသိဘဲန နေစေရှင်ဟု။
နို့ဘိုးဘေးလေဟာ မိုးတီအော့-က်မာရှိဘီး ပန်လယ်လယ်မာ ရှော့-က်သွားရဂေ့ဘီးဟာ၊
2 မိုးတီနပန်လယ်ထဲမာ မောရှေနှိုက် ဗတ္တိဇံဟို့ ခံယူဂေ့ဟုယ်။
3 သူးနို့လေ ဂူလောင်းဟာ ဝိညာဉ်ရေးရာန ဆိုင်ဟူ စာတမျိုးဒဲဟို့ဘဲ့ စားဂေ့ဘီး၊
4 ဝိညာဉ်ရေးရာနဆိုင်ဟူ ရေဟို့ သော့-က်ရဂေ့ဟုယ်။ သူးနို့လေ ဂူလောင်းဘဲ့ ကိုယ့်နလိုက်ပါလာဟူ ခမ္မမက္လော့-က်ဟ ရေဟို့ သော့-က်ရဂေ့ဟုယ်။ အယ်က္လော့-က်ဟာ ခရစ်တော်ဘဲ့ဖြစ်ဟုယ်။
5 အယ်ဘေမဲ့လည်း ဘုရားသခင်ဟာ သူးနို့လေထဲဟ လူများစုဟို့ နှစ်သက်တော်မူဟု။ အယ်ကြောန့် သူးနို့လေဟာ တောကန္တာရထဲမာ သေကျေပျစ်စီးဂေ့ဟုယ်။
6 အယ်သူလေဟာ ကောန်းဘဲဇာလေဟို့ တတ်မတ်ဂေ့ဟူမျိုး နို့လေ တတ်မတ်ဘဲနနေအောန် အယ်ကြောန်းရာလေဟာ နို့လေတွပ် ပေါင်သတ်သေဖြစ်ဟုယ်။
7 “လူလေဟာ စားသော့-က်ဘီး ထိုင်နေဂေ့ဟုယ်။ နော့-က်တခါ ထဘီး ကခူမြူးတူးဂေ့ဟုယ်” ဆိုဘီး ကျမ်းစာလာဟူတိုင်း တချို့လူလေဟာ ရောက်ထုဟို့ ပူဇော်ပသဟူမျိုး နို့လေ ပူဇော်ပသဘဲနေဟို့တွပ် ဒိပေးဟူဇာ ဖြစ်ဟုယ်။
8 သူးနို့ထဲဟ့ တချို့လေဟာ တရားဘဲဟူ မေထုန်ဟို့ ပြုဟူမျိုး နို့လေပြုဘဲနေဂေ့ဇို့။ သူးနို့လေထဲဟ့ လူတချို့ဟာ တရားဘဲဟူ မေထုန်ဟို့ ပြုဟူကြောန့် တရစ်ဒဲမာဘဲ့ လူ ၂၃,၀၀၀ လဲဘီးသေဟူးဂေ့ဟုယ်။
9 အယ်လူလေထဲဟ့ တချို့လေဟာ စောင်ဇမ်းရှင်းဟို့ လောက်ဂေ့ဟူကြောန့် ဗွီအားဖြင့် ပျစ်စီးဟူးဂေ့ဟူမျိုး နို့လေပြုဘဲန ခရစ်တော်*ဟို့ စောင်ဇမ်းဘဲနေဂေ့ဇို့။
10 နန်းနို့လေဟာ အယ်သူလေထဲဟ့ တချို့ ညည်းညူဟူမျိုး ညည်းညူဂေ့န။ အယ်မျိုး ညည်းညူဟူ သူလေဟာ ဖျစ်ဆီးရှင်း တမန်အားဖြင့် ဖျစ်ဆီးခံရဂေ့ဟုယ်။
11 အယ်သူလေ အယ်မျိုး ဖြစ်ရဟူဇာဟာ တခြားလူလေ သင်ဂန်းစာရဂေ့ဟို့တွပ် ဖြစ်ဟုယ်။ နို့လေဟာ ကပ်ကာလ ကူဆောန်းခါနီးမာ သတ်ရှင်ရဟူ သူလေဖြစ်ကြောန့် နို့လေဟို့ ဒိပေးဟူနေန အယ်ကြောန်းရာလေဟို့ ကျမ်းစာမာ ရေးဟူးဇာ ဖြစ်ဟုယ်။
12 အယ်ကြောန့် ကိုယ့်ကိုယ်ကိုယ် ခိုင်းခိုင်ခန့်ခန့် ရပ်တည်နေဟုယ် ဆိုဘီး ထန်ဟူသူဟာ ယိုင်လဲဘဲနေအောန် ဒိပြုပါစေ။
13 လူမာ ဖြစ်တတ်ဟူ စောင်ဇမ်း နှော့-က်ယှစ်မှုလေဟို့ဘဲ့ နန်းနို့လေ ခံစားရဂေ့ဟုယ်။ ဘုရားသခင်ဟာ သစ်စာန ပုလဲဇောင်ဟူကြောန့် နန်းနို့ခံနိုင်ဘဲဟူ စောင်ဇမ်း နှော့-က်ယှစ်မှုလေဟို့ နန်းနို့နားဟို့ ရော့-က်ဟို့တွပ် ခွမ့်ပေးဟို့ မှုဟ့။ နန်းနို့လေ ခံနိုင်ဟို့တွပ် စောင်ဇမ်း နှော့-က်ယှစ်ခံရဟူ ကြောန်းရာန ထပ်တူ လွတ်မြော့-က်ဟူ လမ်းဟို့လည်း စီရင်ပြုပြင်တော်မူလေ့မယ်။

* **10:9 ၁၀.၉** ခရစ်တော်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဘုရားသခင်၊ ဆိုဘီး ပါရှိဟုယ်။

14 အယ်မျိုးဖြစ်ကြောင့် ငါရှစ်ရဟူ သူလေ၊ ရောက်ထု ကိုးကွယ်ဇာဟို ရှောန်ဂေ့ပါ။
15 နှန်းနို့လေဟို ပညာရှိဟူ သူလေနေန ငါပြောရှင်း ဖြစ်ဟုယ်။ ငါ့စကားဟို
ဆင်ခြင်စီရင်ဂေ့ပါ။
16 နို့လေဟာ ကျေးဇူးတော် ချီးမွမ်းဟူ မင်္ဂလာခွပ်ဖလားဟာ၊ ခရစ်တော်ရဲ့ သွီးဟို
ဆစ်ဆံဟူဇာ ဖြစ်ဟုယ် မူဟုလော။ နို့လေဖဲ့ဟူ မုဟာ။ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာတော်ဟို
ဆစ်ဆံဘီး ဝိမ္မသောင်းဆောန်ဂေ့ဟူဇာ မူဟုလော။
17 မုဟာ တလောင်းဒဲ ဖြစ်ဟူမျိုး ဘောင်ဂီးဖြစ်ဟူ နို့လေဟာလည်း ကိုယ်ခန္ဓာတခုဒဲ
ဖြစ်ဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ နို့လေ ဂူလောင်းဟာ တလောင်းဒဲ ဖြစ်ဟူမုဟို
ဆစ်ဆံဘီး သောင်းဆောန်ဂေ့ဟူကြောန့် တလောင်းတကိုယ်ဒဲ ဖြစ်ဂေ့ဟုယ်။

18 ဇာတိအားဖြင့် ဣသရေလ လူမျိုးလေဖြစ်ဟူ သူလေဟို ကေ့ဘီး ဆင်ခြင်ဂေ့ပါ။
ယဇ်ပူဇော်ဟုားဟူ ယဇ်ကောန်လေဟို စားဟူ သူးနို့လေဟာ ယဇ်ပလ္လင်န ဆစ်ဆံဟူ
သူလေ ဖြစ်ဂေ့ဟုယ် မူဟုလော။
19 အယ်မျိုးဆိုဟာ ရောက်ထုဟို ပူဇော်ဟူရာဟာ ရေးပါဟူဇာ ဖြစ်ဟုယ်။
အယ်မျိုးမူဘဲနေဟာ ရောက်ထုဟာ ရေးပါဟူဇာ ဖြစ်ဟုယ် ဆိုဘီး ငါဆိုလိုဟူဇာလော။
20 အယ်မျိုးငါဆိုလိုဇာ မူဟု။ သူးနို့ပူဇော်ဟူ ယဇ်ကောန်ဟာ ဘုရားသခင်ဟို
ပူဇော်ဇာမူဘဲန နတ်ဆိုးလေဟို ပူဇော်ဇာဖြစ်ဟုယ်။ နန်းနို့လေဟို နတ်ဆိုးလေန
ဆစ်ဆံဟူဇာဟို ငါမလိုရှင်ဟု။
21 နန်းနို့လေဟာ သခင်ဘုရားရဲ့ ခွပ်ဟို သော့-က်မယ် ဆိုဟာ နတ်ဆိုးလေရဲ့ ခွပ်ဟို
သော့-က်နိုင်ဟု။ သခင်ဘုရားရဲ့ စားဗွဲမာ စားမယ် ဆိုဟာ နတ်ဆိုးလေရဲ့ စားဗွဲမာ
စားနိုင်ဂေ့ဟု။
22 နို့လေဟာ သခင်ဘုရားဟို မျစ်ထွပ်အောန် ဆန့်ကျင်ဖတ်
လောက်ရှင်ဂေ့ကြောန့်လော။ နို့လေဟာ သခင်ဘုရားထတ် ပိုဘီး
တဂိုးကီးဟူကြောန့်လော။

23 “နို့လေဟာ ဖယ်မူဟို့မဆို ပြုလောက်ခွမ့်ရှိဟုယ်” ဆိုဘီး
ပြောဟူတိုင်းမှန်ဟူလည်းဘဲ့ ရာအားလောင်းကျိုးရှိဟူဇာ မူဟု။ “နို့လေဟာ
ဖယ်မူဟို့မဆို ပြုခွမ့်ရှိဟုယ်” ဆိုဘီး ပြောဟူလည်းဘဲ့ ရှိမ္မဂူလောင်းဟာ နို့လေဟို့
ကျိုးပြုပေးဇာ မူဟု။
24 ဖယ်သူလည်း ကိုယ့်ကျိုးဟို့မရှာစေန။ သူများကျိုးဟို့ဘဲ့ လူတိုင်းရှာပါစေ။

25 နန့်ရဲ့ ကိုယ့်ကိုယ်ကိုယ် သိဟူစိဟို ထော့-က်ရဟူကြောန့် ဆေးမာ ရောန်းဇာလေ
ဂူလောင်းဟို့ စစ်ဆေးမေးမြန်းဘဲန စားဂေ့ပါ။
26 ဖြားဖြစ်ကြောန့်နူးဆိုဟာ “မ့လေဂီးနတူးဒူ မ့လေဂီးထတ်မာရှိဟူ ရှိမ္မဂူလောင်းဟို့
ဘုရားသခင် ပိုင်တော်မူဟုယ်” ဆိုဘီး ကျမ်းစာဟုပြောဟုယ်။

10:16 ၁၀.၁၆ မ ၂၆.၂၆–၂၈; မာ ၁၄.၂၂–၂၄; လု ၂၂.၁၉,၂၀ **10:23 ၁၀.၂၃** ၁ ကော ၆.၁၂

27 တကယ်ဟို့ ယောင်ကြည်ဘဲသူ တယော့-က်ဟှာ နန်းနို့လေဟို့ ဧည့်ခံဘီး
ကျွေးမွေးဟို့ခေါ်ဟူ ခီမာ နန်းနို့သွားဂေ့ဘီး သိစိဟို့ ထော့-က်ရဟူကြောန့်
ထဲ့ကျွေးဇာလေ ဂူလောင်းဟို့ စစ်ဆေးမေးမြန်းဘဲန စားဂေ့ပါ။
28 အယ်ဘေမဲ့ လူယော့-က်ယော့-က်ဟှ “အယ်ဇာဟှာ ရောက်ထုဟို့ ပူဇော်ဟှားဟူ
သားဖြစ်ဟှယ်” ဆိုဘီး ပြောဟှာ အယ်မျိုးပြောဟူ သူန သိစိဟို့ ထော့-က်ဘီးဟှာ
အယ်ဇာဟို့ စားဂေ့န —
29 သိစိ ဆိုဘီး ပြောဟူဇာဟှာ နန်းနို့ရဲ့သိစိဟို့ ပြောဟူဇာ မူဟှ။ တခြားသူရဲ့ သိစိဟို့
ပြောဟူဇာဖြစ်ဟှယ်။
နန်းနို့လေထဲဟှ ယော့-က်ယော့-က်ဟှ “ငါ့ရဲ့လွတ်လပ်မူဟို့ ဖြားဖြစ်ကြောန့်
သူများရဲ့သိစိဟှ လာဘီးစစ်ကြောစီရင်ရနူး။
30 ငါဟှာ ကိုယ်စားဟူစားသော့-က်တွပ် ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့
ချီးမွမ်းဟှယ် ဆိုဟှာ အယ်မျိုး ကျေးဇူးတော်ဟို့ ချီးမွမ်းဘီး စားဟူစားဇာန
ပတ်သတ်ဘီးဟှာ ငါ့ဟို့ ဖြားဖြစ်ကြောန့် ကဲ့ရဲ့ပြစ်တန်ရနူး” ဆိုဘီး မေးလေ့မယ်။
31 နန်းနို့လေဟှာ စားဟူဇာဘဲ့ဖြစ်ဖြစ်၊ သော့-က်ဟူဇာဘဲ့ဖြစ်ဖြစ်၊
ဖယ်မျိုးမူဟို့ဘဲ့ပြုပြု ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို့ ထော့-က်ဘီး
မူရှိမျှဂူလောင်းဟို့ ပြုဂေ့ပါ။
32 ယုဒလူမျိုးဘဲ့ဖြစ်ဖြစ်၊ လူမျိုးခြားလေဘဲ့ဖြစ်ဖြစ်၊ ဘုရားသခင်ရဲ့
သင်းတော်ဝမ်ဟူ သူလေဟို့ဘဲ့ဖြစ်ဖြစ် ကဲ့ရဲ့ဇာကြောန်း မေ့ဘဲနေအောန် နေထိုင်ဂေ့ပါ။
33 အယ်မျိုးဘဲ့ ငါလည်း လူလေ ကယ်တန်ရှင်းရဟို့တွပ် ကိုယ့်ကျိုးဟို့ ငဲ့ဘဲန
သူများလေရဲ့ကျိုးဟို့ ငဲ့ကွပ်ဘီးဟှာ မူရှိမျှဂူလောင်းဟို့ လူလေနှစ်သက်အောန်
ကြိုးစားနေဟှယ်။

11

1 အယ်မျိုးဖြစ်ကြောန့် ငါဟှာ ခရစ်တော်ဟို့ တုယူဟူမျိုး နန်းနို့လေလည်း ငါ့ဟို့
တုယူဂေ့ပါ။

ခေါန်းဟို့ ဖောင်းအောက်ဟူကြောန်း

2 နန်းနို့လေဟှာ ငါ့ဟို့ မြဲဒမ်း ဒီရဘီး ငါပေးဟူ နည်းဥပဒေသလေဟို့ လိုက်နာ
ကျင့်သောင်းဂေ့ဟူကြောန့် နန်းနို့လေဟို့ ငါချီးကျူးပါဟှယ်။
3 အယ်ဘေမဲ့ နန်းနို့လေဟို့ သိစေရှင်ဟူဇာဟှ ခရစ်တော်ဟှာ ယော့-က်ကျားတိုင်းရဲ့
ခေါန်းဖြစ်ဟှယ်။ မီးမရဲ့ခေါန်းဟှာ ယော့-က်ကျားဖြစ်ဟှယ်။ ခရစ်တော်ရဲ့ ခေါန်းဟှာ
ဘုရားသခင် ဖြစ်ဟှယ်။
4 အယ်မျိုးဖြစ်ကြောန့် ယော့-က်ကျားဟှာ ကိုယ့်ခေါန်းဟို့ ဖောင်းဘီး
ဆုတောန်းဇာဘဲ့ဖြစ်ဖြစ်၊ ပရောဖက်ပြုဇာဘဲ့ဖြစ်ဖြစ် ကိုယ့်ခေါန်းရဲ့ အသရေဟို့
ရှောက်ခ့လသူ ဖြစ်ဟှယ်။

11:1 **၁၁.၁** ၁ ကော ၄.၁၆; ဖိ ၃.၁၇

5 မီးမဟုတ် ကိုယ့်ရဲ့ခေါင်းဟို့ ဖောင်းဘဲန ဆုတောန်းဇာဘဲ့ဖြစ်ဖြစ်၊
ပရောဖက်ပြုဇာဘဲဖြစ်ဖြစ် ကိုယ့်ခေါင်းရဲ့ အသရေဟို့ ရှောက်ခ့လဟူဇာ ဖြစ်ဟုယ်။
အယ်မျိုးပြုမယ် ဆိုဟုာ ခေါင်းရိဟုားဟူသူန တူးဒူဘဲ့ဖြစ်ဟုယ်။
6 အယ်ကြောန့် မီးမဟုာ ကိုယ့်ရဲ့ခေါင်းဟို့ ဖောင်းဘဲန နေမယ် ဆိုဟုာ ဆားဗန်ဟို့
ဖြတ်ပါစေ။ အယ်ဘေမဲ့ ဆားဗန်ဖြတ်ဟူဇာ၊ ခေါင်းရိဟူဇာဟုာ မီးမလေတွပ်
ယုစ်ဇာဖြစ်မယ် ဆိုဟုာ ခေါင်းဟို့ ဖောင်းဟုားပါစေ။
7 ယော့-က်ကျားဟုာ ဘုရားသခင်ရဲ့ ပေါင်သဏ္ဌာန်တော်န
ဖောင်းသရေတော်ဖြစ်ဟူကြောန့် ကိုယ့်ရဲ့ခေါင်းဟို့ ဖောင်းသင့်ဟု။ အယ်ဘေမဲ့ မီးမဟုာ
ယော့-က်ကျားရဲ့ ဖောင်းသရေတော်ဖြစ်ဟုယ်။
8 ဖြားဖြစ်ကြောန့်နူးဆိုဟုာ ယော့-က်ကျားဟုာ မီးမအားဖြင့် ဖြစ်လာဟူဇာ မူဟု။
မီးမဟုဘဲ့ ယော့-က်ကျားအားဖြင့် ဖြစ်လာဟူဇာဖြစ်ဟုယ်။
9 ယော့-က်ကျားဟို့ မီးမတွပ် ဖန်ဆင်းဟူဇာ မူဟု။ မီးမဟို့ဘဲ့ ယော့-က်ကျားတွပ်
ဖန်ဆင်းဟုားဇာဖြစ်ဟုယ်။
10 အယ်မျိုးဖြစ်ကြောန့် ကောန်းဂန်တမန်လေဟို့ ထော့-က်ဘီးဟုာ မီးမဟုာ ကိုယ့်ဟို့
ယော့-က်ကျားအောက်စိုးဟူဇာဟို့ ဖော်ပြဟူနေန ကိုယ့်ရဲ့ခေါင်းဟို့ ဖောင်းသင့်ဟုယ်။
11 အယ်ဘေမဲ့ သခင်ဘုရားနှိုက် ယော့-က်ကျားပါဘဲန မီးမဖြစ်ဟူဇာ မူဟု။
မီးမပါဘဲန ယော့-က်ကျားဖြစ်ဟူဇာ မူဟု။
12 ဖြားဖြစ်ကြောန့်နူးဆိုဟုာ မီးမဟုာ ယော့-က်ကျားကြောန့်ဖြစ်လာဟူမျိုး
ယော့-က်ကျားဟုလည်း မီးမအားဖြင့် မွီးလာဟူဇာဖြစ်ဟုယ်။ အယ်ဘေမဲ့
မူရှိမျှဂူလောင်းဟို့ ဖန်ဆင်းဟူသူဟုာ ဘုရားသခင် ဖြစ်ဟုယ်။
13 မီးမဟုာ ခေါင်းဟို့ ဖောင်းဘဲန ဘုရားသခင်ဟို့ ဆုတောန်းဟို့ သင့်လား
သင့်ဟုလား ဆိုဇာဟို့ နန်းနို့ကိုယ်တိုင် ဆင်ခြင်စီရင်ဂေ့ပါ။
14 ယော့-က်ကျားဟုာ ဆားဗန်ရှယ်ထားဟုယ် ဆိုဟုာ သူ့တွပ်
ယုစ်ဇာဖြစ်ဟူကြောန်းဟို့ သဘာဝတရားကိုယ်နှိုက်ဟု နန်းနို့ဟို့ သွန်သန်ဟုယ်
မူဟုလော။
15 မီးမဟုာ ရှယ်ဟူဆားဗန်ရှိဟုယ် ဆိုဟုာ သူ့တွပ် ဖောင်းသရေတော်ဖြစ်ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟုာ ဆားဗန်ဟို့ သူ့တွပ်ခြောင်ထယ်ဖြစ် ပေးဟုားဇာဖြစ်ဟုယ်။
16 အယ်ဘေမဲ့လည်း အယ်ကိစန ပတ်သတ်ဘီး ယော့-က်ယော့-က်ဟု
ငြင်းခူလောက်ရှင်ဟုယ် ဆိုဟုာ နို့လေနဘဲ့ဖြစ်ဖြစ် ဘုရားသခင်ရဲ့
သင်းတော်နဘဲ့ဖြစ်ဖြစ် အယ်မျိုး ထောင်းဇံ မေ့ဟု။

သခင်ဘုရားရဲ့ ပွဲတော်မင်္ဂလာကြောန်း
(မဿဲ ၂၆.၂၆-၂၉; မာကု ၁၄.၂၂-၂၅; လုကာ ၂၂.၁၄-၂၀)

17 အယ်ဘေမဲ့ အယ်ညွှန်ကြားချစ်လေပေးရာမာ နန်းနို့ဟို့ ငါချီးကျူးဟု။
ဖြားဖြစ်ကြောန့်နူးဆိုဟုာ နန်းနို့လေရဲ့ ဝတ်ပြုဟူဇာဟုာ ကောန်းကျိုးထတ် ဆိုးကျိုးဟု
ပိုဘီး များဟူကြောန့် ဖြစ်ဟုယ်။

18 ပထမဆောင်းနေန နန်းနို့လေရဲ့ သင်းတော်စည်းဝေးလေမာ
စိဝန်းကွဲဇာလေရှိနေကြောန်းဟို့ ငါကြားသိရဟုယ်။ ကြားရဟူတိုင်းဘဲ့
တချို့မှန်မယ်ဆိုဇာ ငါယောင်ကြည်ဟုယ်။
19 (နန်းနို့လေ စိဝန်းကွဲဟူဇာလေ ရှိရမယ်မှန်ဟုယ်။ အယ်မျိုးမှဘဲ့ မှန်တရားဖတ်မာ
ရပ်တည်သူလေဟို့ သိရမယ်။)
20 နန်းနို့ တူးဒူစုဝေးဂေ့ဟူ ခီမာ သခင်ဘုရားရဲ့ ပွဲတော်မင်္ဂလာဝမ်ဟို့တွပ် စုဝေးဇာ
မူဟု။
21 ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်းနို့လေ စားသော့-က်ဂေ့ခီမာ လူတိုင်းဟု
သူများလေဟို့ စောန့်ဘဲန ကိုယ့်ညဉ့်ခန်းဇာဟို့ စားဟူကြောန့် မောဟူသူဟု မောဂေ့ဘီး
ဆာဟူသူဟု ဆာနေဂေ့ဟုယ်။
22 နန်းနို့လေမာ စားသော့-က်ဟို့ အီမွေ့ဂေ့ဟုလော။ အယ်မျိုးမူဘဲနေဟာ
ဘုရားသခင်ရဲ့ သင်းတော်ဟို့ ထီမဲ့မြင်ပြုဘီး ဆင်းရဲသားလေဟို့
ယှစ်ခွဲရှင်ကြောန့်လော။ နန်းနို့လေဟို့ ငါဖယ်မျိုးပြောရဟို့နူး။ နန်းနို့လေဟို့
ငါချီးကျူးရဟို့လော။ အယ်မူရာဟို့ ဖယ်မျိုးလည်း ချီးကျူးဟို့ရဟု!
23 ဖြားဖြစ်ကြောန့်နူးဆိုဟာ သခင်ဘုရားနားဟု ငါခံယူရရှိဟားဟူ ဇာဟို့ နန်းနို့လေဟို့
ငါအပ်ပေးဟုယ်။ အယ်မူဇာဟု သခင်ယေရှုဟာ ရန်သူလေ လတ်ဟို့ အပ်ရှင်းဟို့
ခံတော်မူဟူညဉ့်မာ မုဟို့ယူဘီး၊
24 ကျေးဇူးတော်ဟို့ ချီးမွမ်းဘီးမှ မုဟို့ဖဲ့ဘီးဟာ “အယ်မုဟာ နန်းနို့တွပ် ခ့လိုးဖဲ့ဟူ
ငါ့ရဲ့ ကိုယ်ခန္ဓာ ဖြစ်ဟုယ်။ ငါ့ဟို့ အော့-က်မေ့ဟို့တွပ် အယ်မျိုးပြုဂေ့ပါ” ဆိုဘီး
မိန့်တော်မူဟုယ်။
25 အယ်တိုင်းဘဲ့ ညဉ့်ဇာစားဘီးန ခွပ်ဟို့လည်း ယူဘီးဟာ “အယ်ခွပ်ဟာ
ငါ့သွီးနတည်ဟူ ပဋိညာဉ် တရားသစ် ဖြစ်ဟုယ်။ အယ်ခွပ်ဟို့ သော့-က်ဟူ ခီတိုင်း
ငါ့ဟို့ အော့-က်မေ့ဟို့တွပ် အယ်မျိုးပြုဂေ့ပါ” ဆိုဘီး မိန့်တော်မူဟုယ်။
26 အယ်ကြောန့် နန်းနို့လေဟာ အယ်မုဟို့ စားဘီး အယ်ခွပ်ဟို့သော့-က်ဟူခီတိုင်းမာ
သခင်ဘုရားရဲ့ သေခံတော်မူဟူကြောန်းဟို့ ကြွလာဟူခီထိ ကြေညာဟူဇာဖြစ်ဟုယ်။
27 အယ်မျိုးဖြစ်ကြောန့် သခင်ဘုရားရဲ့ မုနခွပ်ဟို့ ထိုက်တန်ဘဲန
စားသော့-က်ဟူသူဟာ သခင်ဘုရားရဲ့ ကိုယ်ခန္ဓာတော်န သွီးတော်ဟို့
ပြစ်မှားရာရော့-က်ဟုယ်။
28 အယ်ကြောန့် လူတိုင်း ကိုယ့်ကိုယ်ကိုယ် စစ်ဆေးဘီးမှ မုဟို့ စားပါစေ။
အယ်တိုင်းဘဲ့ ခွပ်ဟို့လည်း သော့-က်ပါစေ။
29 ဖြားဖြစ်ကြောန့်နူးဆိုဟာ သခင်ဘုရားရဲ့ ကိုယ်ခန့်ဓာဟို့ ပိုင်းခြားဘီး နားလည်ဘဲန
စားသော့-က်ဟူ သူဟာ ကိုယ့်ထတ်ဟို့ ပြစ်ဒန်ရော့-က်အောန် စားသော့-က်ဟူသူ
ဖြစ်ဟုယ်။
30 အယ်ကြောန့် နန်းနို့လေထဲဟု တချို့ဟာ အားနဲသူလေန ကျန်းမာရေးကောန်းဘဲသူ
ဘောင်ဂီးရှိဂေ့ဟုယ်။ သေဟူးဂေ့ဟူ သူလည်းရှိဟုယ်။

31 နို့လေဟှာ ကိုယ့်ကိုယ်ကိုယ် ရင်ဦးဆောင်း စစ်ဆေးမယ် ဆိုဟှာ အယ်မျိုး
စီရင်ရှင်းဟို့ ခံရဂေ့ဟို့ မှုဟှ။
32 စီရင်ရှင်းခံရဟှယ် ဆိုဟှာလည်း လောကသားလေနတူးဒူ ပြစ်ဒန်စီရင်ဟူဇာဟို့
ခံရဘဲနေဟို့တွပ် သခင်ဘုရားရဲ့ ဆောင်းမတော်မူဟူဇာဟို့ ခံရဂေ့ဟှယ်။
33 အယ်ကြောန့် ညီကို မောန်နှမလေ၊ သခင်ဘုရားရဲ့ ပွဲတော်မ်ဂလာဟို့ ဝမ်ဟို့တွပ်
စုဝေးဂေ့ခီမာ ယော့-က်ဟို့ယော့-က် စောန့်နေဂေ့ပါ။
34 ယော့-က်ယော့-က်ဟှ ရရာတိုင်း ဗိုက်ဆာနေဟှယ် ဆိုဟှာ ပြစ်ဒန်စီရင်ခံရမယ့်
စုဝေးရှင်းမျိုးဖြစ်ဘဲနေအောန် အယ်သူဟို့ သူ့အီမာ စားစေပါ။ ကျန်ဟူကိစလေဟို့
ငါလာဟူခီမှ စီရင်မယ်။

12

ဝိညာဉ်ဆုကျေးဇူးလေကြောန်း

1 ညီကို မောန်နှမလေ ဝိညာဉ်ဆုကျေးဇူးလေရဲ့ ကြောန်းရာလေဟို့
နန်းနို့သိဘဲနနေဟို့တွပ် ငါလိုမ့ေဟှ။
2 နန်းနို့လေဟှာ စဒူးဟှ လူမျိုးခြေားလေဖြစ်ဟူကြောန့်
သူများသွီးဆောန်ဟူနော့-က်ဟို့ လိုက်ပါဘီး သတ်မ့ေဘဲဟူ ရောက်ထုလေဟို့
ကိုးကွယ်ဂေ့ဟူကြောန်းဟို့ နန်းနို့လေ သိဘဲ့ဖြစ်ဟှယ်။
3 အယ်ကြောန့် နန်းနို့လေဟို့ သိစေရှင်ဇာဟှ ဖယ်သူလေမှလည်း ဘုရားသခင်ရဲ့
ဝိညာဉ်တော်အားဖြင့် “ယေရှုဟှာ ကီရှင်းခံရပါစေ!” ဆိုဘီး ပြောဟို့မှုဟှ။ အယ်မျိုးဘဲ့
သန့်ရှင်းဟူဝိညာဉ်တော်အားဖြင့် မှုဟှဆိုဟှာ “ယေရှုဟှာ သခင်ဖြစ်တော်မူဟှယ်”
ဆိုဘီး ဖယ်သူလည်းဘဲ့ ဝန်ခံနိုင်ဘဲကြောန်းဟို့ နန်းနို့ဟို့ သိစေရှင်ဟှယ်။
4 ဝိညာဉ်တော်ရဲ့ ဆုကျေးဇူးတော်ဟှာ မျိုးမျိုးရှိဟူလည်းဘဲ့ ဝိညာဉ်တော်ဟှာ
တပါးဒဲဘဲ့ရှိဟှယ်။
5 မှုတော်လောက်ငန်း မျိုးမျိုးရှိဟူလည်းဘဲ့ သခင်ဘုရားဟှာ တပါးဒဲဘဲ့ရှိဟှယ်။
6 လောက်ဆောန်ချစ် ဘောန်းဇောင်ရှိလည်းဘဲ့ လူလေထတ်မာ ရှိမျှဂူလောင်းဟို့
ပြုတော်မူဟူ ဘုရားသခင်ဟှာ တပါးဒဲဘဲ့ ရှိဟှယ်။
7 ကောန်းဟူကျိုးတွပ် ဝိညာဉ်တော်ဟို့ လူသီးသီးဟို့ ထန်ရှားအောန်
ပေးတော်မူဟှယ်။
8 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဝိညာဉ်တော်အားဖြင့် တယော့-က်ဟို့ ပညာတရားဟို့
ပေးတော်မူဟှယ်။ အယ်ဝိညာဉ်တော်အားဖြင့် တခြားတယော့-က်ဟို့
ထိုးထွင်းရှင်းပညာဟို့ ပေးတော်မူဟှယ်။
9 အယ်ဝိညာဉ်တော်ဟှ တယော့-က်ဟို့ ယောင်ကြည်ရှင်း ဆုကျေးဇူးဟို့ဘဲ့ဖြစ်ဖြစ်၊
တခြားတယော့-က်ဟို့ ရောဂါပျော့-က်ကင်းစေနိုင်ဟူ တဝိုးဟို့ဘဲ့ဖြစ်ဖြစ်၊
10 တယော့-က်ဟို့ နိမိတ်လတ်ခဏာပြနိုင်ဟူ တဝိုးဟို့ဘဲ့ဖြစ်ဖြစ်၊
တခြားတယော့-က်ဟို့ ပရောဖက်ပြုခွမ့်ဟို့ဘဲ့ဖြစ်ဖြစ်၊ နော့-က်တယော့-က်ဟို့

စိဝိညာဉ်ဟို့ ပိုင်းခြားဘီး သိနိုင်ဟူ ခွမ့်ဟို့ဘဲ့ဖြစ်ဖြစ်၊ နော့-က်တယော့-က်ဟို့လည်း
ထူးဆန်းဟူ ဘာသာစကားမျိုးမျိုးဟို့ ပြောနိုင်ဟူခွမ့်ဟို့ဘဲ့ဖြစ်ဖြစ်၊
နော့-က်တယော့-က်ဟို့ အယ်ဘာသာစကားရဲ့ နတ်ဓိပါယ်ဟို့
ဖော်ပြပေးနိုင်ဟူခွမ့်ဟို့ဘဲ့ဖြစ်ဖြစ် ပေးတော်မူဟုယ်။
11 အယ်ဝိညာဉ်တော် တပါးဲဒဟုဘဲ့ အယ်မူရှိမျှဂူလောင်းဟို့
လောက်ဆောန်တော်မူဘီး လိုတော်ရှိဟူတိုင်း အယ်ဆုကျေးဇူးလေဟို့
ယော့-က်စီတိုင်းဟို့ သီးသီးခွဲဝေပေးတော်မူဟုယ်။

အင်္ဂါစိပိုင်းလေရှိဟူ ကိုယ်ခန္ဓာကြောန်း

12 ခရစ်တော်ဟာ အင်္ဂါစိပိုင်းလေဘောင်ဂီးရှိဟူ ကိုယ်ခန္ဓာနတူဟုယ်။ ကိုယ်ခန္ဓာမာ
အင်္ဂါစိပိုင်းလေ ဘောင်ဂီးရှိဟူလည်းဘဲ့ ကိုယ်တကိုယ်ဒဲဘဲ့ ဖြစ်ဟုယ်။
13 ဖြားဖြစ်ကြောန်နူးဆိုဟာ ယုဒလူမျိုးဘဲ့ဖြစ်ဖြစ်၊ လူမျိုးခြားဘဲ့ဖြစ်ဖြစ်၊
ကျွန်ဘဲ့ဖြစ်ဖြစ်၊ လူလွတ်ဘဲ့ဖြစ်ဖြစ်၊ နို့လေ ဂူလောင်းဟာ ဝိညာဉ်တော်
တပါးဲဒအားဖြင့် ကိုယ်ခန္ဓာ တခုဲဒဟို့ ဗတ္တိတိဇံခံယူဂေ့ဟုယ်။ နို့လေရှိဟူ ဂူလောင်းဟာ
ဝိညာဉ်တော် တပါးဲဒဟို့ သော့-က်ဂေ့ရဟုယ်။
14 ကိုယ်ခန္ဓာမာ အင်္ဂါစိပိုင်းဟာ တခုဲဒဘဲ့ရှိဟူဇာ မူဟု။ ဘောင်ဂီးဘဲ့ ရှိဟုယ်။
15 ခေဟု “ငါဟာ လတ်မူဘဲကြောန့် ကိုယ်ခန္ဓာန စပ်ဆိုင်ဟု” ဆိုဘီး ပြောဟူကြောန့်
တကယ်ဘဲ့ ကိုယ်ခန္ဓာန စပ်ဆိုင်ဟန်းဘဲဇာ မူဟု။
16 နားဟုလည်း “ငါဟာ မျစ်စိမူဘဲကြောန့် ကိုယ်ခန္ဓာန စပ်ဆိုင်ဟု” ဆိုဘီး ပြောဟုယ်
ဆိုဟာလည်း တကယ်ဘဲ့ ကိုယ်ခန္ဓာန စပ်ဆိုင်ဟန်းဘဲဇာ မူဟု။
17 ကိုယ်ခန္ဓာ တခုလောင်းဟာ မျစ်စိဘဲ့ဖြစ်နေဟုယ် ဆိုဟာ ဖယ်မျိုး ကြားနိုင်မယ်နူး။
ကိုယ်ခန္ဓာ တခုလောင်းဟာ နားဘဲ့ဖြစ်နေဟုယ် ဆိုဟာလည်း ဖယ်မျိုး နံ့ခံနိုင်ဟို့နူး။
18 အယ်ဘေမဲ့ ဘုရားသခင်ဟာ ကိုယ်ခန္ဓာမာရှိဟူ အင်္ဂါစိပိုင်းလေဟို့
သူ့လိုတော်ရှိဟူတိုင်း သူ့နေရာနသူ ရှိစေတော်မူဟုယ်။
19 ဂူလောင်းဟာ အင်္ဂါတခုဲဒဘဲ့ ဖြစ်ဟုယ် ဆိုဟာ ကိုယ်ခန္ဓာဟာ
ဖယ်မာရှိဦးမယ်နူး။
20 ခုဟု အင်္ဂါစိပိုင်းလေ ဘောင်ဂီးရှိဟူလည်းဘဲ့ ကိုယ်ခန္ဓာတခုဲဒဟုဘဲ့ရှိဟုယ်။
21 အယ်ကြောန့် မျစ်စိဟု “နန့်ဟို့ ငါမလိုဟု” ဆိုဘီး လတ်ဟို့ပြောမရဟု!
ခေါန်းဟုလည်း “နန့်ဟို့ ငါမလိုဟု” ဆိုဘီးလည်း ခေဟို့ပြောမရဟု!
22 အယ်လော့-က်နကဟု ကိုယ်ခန္ဓာမာ ပိုဘီး အားနဲဟုယ် ဆိုဘီး ထန်ရဟူ
အင်္ဂါစိပိုင်းလေဟာ ပိုဘီး လိုအပ်ဟူ အင်္ဂါလေဖြစ်ဟုယ်။
23 အသရေမဲ့ဟုယ် ဆိုဘီး ထန်ရဟူ အင်္ဂါစိပိုင်းလေဟို့ ပိုဘီး ကီးဟူ
အသရေအားဖြင့် ဆင်ယင်တတ်ဂေ့ဟုယ်။ တင့်တယ်မှုမွှေ့ဘဲဟူ
ကိုယ်အင်္ဂါစိပိုင်းလေဟို့ ပိုဘီး တင့်တယ်အောန် ဆင်ယင်တတ်ဂေ့ဟုယ်။

12:12 ၁၂.၁၂ ရော ၁၂.၄.၅

24 တင့်တယ်ဟူ ကိုယ်အင်္ဂါစိပ်ပိုင်းလေဟို့ မွန်းမံဇာလိုအပ်ဟု။ အယ်ဘေမဲ့
ဘုရားသခင်ဟာ ဂေါင်ငယ်ဟူ အင်္ဂါစိပ်ပိုင်းလေဟို့ ပိုဘီး ကီးဟူ ဂေါင်သရေဟို့ ပေးဘီး
ကိုယ်ခန္ဓာဟို့ ပေါန်းစပ်ဖွဲ့စည်းဟုးတော်မူဟုယ်။
25 အယ်ကြောန့် ကိုယ်ခန္ဓာမာ ကွဲပြားမှုမွေ့ဘဲ အင်္ဂါစိပ်ပိုင်းလေ ရှင်းရှင်း
ဂရုစိုက်ဂေ့ဟို့တွပ် ဖြစ်ဟုယ်။
26 တကယ်ကြောန့် ကိုယ်အင်္ဂါစိပ်ပိုင်းတခုဟု ဝေဒနာခံစားနေရဟုယ် ဆိုဟု
တခြားအင်္ဂါစိပ်ပိုင်းလေဟုလည်း ဒန်းတူခံစားရဂေ့ဟုယ်။ အင်္ဂါစိပ်ပိုင်းတခုဟု
ချီးမြှေ့-က်ရှင်းခံရဟုယ် ဆိုဟု တခြားအင်္ဂါစိပ်ပိုင်းလေဟုလည်း
တူးဒူတဲ့ဝန်းသာဂေ့ဟုယ်။
27 နန်းနို့ဂူလောင်းဟု ခရစ်တော်ရဲ့ ကိုယ်ခန္ဓာတော် ဖြစ်ဂေ့ဟုယ်။ နန်းနို့သီးသီးဟု
ကိုယ်ခန္ဓာရဲ့ အင်္ဂါစိပ်ပိုင်းလေ ဖြစ်ဂေ့ဟုယ်။
28 ဘုရားသခင်ဟု ပထမအနေန တမန်တော်လေ၊ ဒုတိယနေန ပရောဖက်လေ၊
တတိယနေန ဆရာလေ၊ အယ်ဘီးန နိမိတ်လတ်ခဏာ တဂိုးပြဟူသူလေ၊
ရောဂါပျော့-က်စေနိုင်ဟူ ဆုကျေးဇူးဟို့ ရဟူသူလေ၊ ကူညီမဇဟူသူလေ၊
စီမံအောက်ချောက်ဟူ သူလေ၊ ထူးဆန်းဟူ ဘာသာစကား ဘောန်းဇောင်ဟို့
ပြောနိုင်သူလေဟို့ဘဲဖြစ်ဖြစ် သင်းတော်မာ ခန့်ဟုးတော်မူဟုယ်။
29 ဂူလောင်းဟု တမန်တော်လေ ဖြစ်ဂေ့ကြောန့်လော။ ဂူလောင်းဟု ပရောဖက်လေ
ဖြစ်ဂေ့ကြောန့်လော။ ဂူလောင်းဟု ဆရာလေ ဖြစ်ဂေ့ကြောန့်လော။ ဂူလောင်းဟု
တဂိုးနိမိတ်လတ်ခဏာ ပြုနိုင်ကြောန့်လော။
30 ဂူလောင်းဟု ရောဂါပျော့-က်စေနိုင်ဟူ ဆုကျေးဇူးဟို့ ရဟူသူလေ
ဖြစ်ကြောန့်လော။ ဂူလောင်းဘဲ့ ထူးဆန်းဟူ ဘာသာစကားဟို့ ပြောနိုင်ဟူ သူလေ
ဖြစ်ကြောန့်လော။ ဂူလောင်းဟု အယ်မူနတ်ခိပါယ်ဟို့ ဖော်ပြပေးနိုင်ဟို့ကြောန့်လော။
31 အယ်မျိုးဖြစ်ကြောန့် နန်းနို့လေဟု ပိုဘီး မြတ်ဟူ ဆုကျေးဇူးလေဟို့ ရရာတိုင်း
လိုရှင်ဟူ စိရှိဂေ့ပါ။
ငါဟု နန်းနို့ဟို့ ပိုဘီး ထူးမြတ်ဟူလမ်းဟို့ ပြအူးမယ်။

13

မြစ်တာကြောန်း

1 ငါဟု လူ့ဘာသာစကားန ကောန်းဂန်တမန်ဘာသာစကားဟို့ ပြောနိုင်ဟူလည်းဘဲ့
မြစ်တာမွေ့ဘဲနေဟု သံကွလယ်ကွလယ်ဗြယ်ဘီး ဆူညံနေဟူ ဗိုးမှုဟူသံန
ချမ်းချမ်းဟူမျိုးဘဲ့ ဖြစ်လေ့မယ်။
2 ငါဟု ဗျာဒိတ်တော်အားဖြင့် ဟောပြောနိုင်ဟူဇာဘဲ့ဖြစ်ဖြစ်၊ နတ်နဲရာလေရှိဟူမျှန
တတ်ပညာမျိုးမျိုးလေဟို့ နားလည်တတ်ကျွမ်းဇာဘဲ့ဖြစ်ဖြစ်၊ တောန်ဟို့ရွှေ့နိုင်ဟူ

12:28 ၁၂.၂၈ ဧ ၄.၁၁ **13:2 ၁၃.၂** မ ၁၇.၂၀; ၂၁.၂၁; မာ ၁၁.၂၃

ယောင်ကြည်ရှင်းရှိဟူဇာဘဲ့ဖြစ်ဖြစ် မြစ်တာမ့ေဘဲနေဟှာ ချည်းနှီးသတ်သတ်ဘဲ့
ဖြစ်ဟှယ်။
3 သူတပါးဟှိ ငါကျွေးမွေးဘီး ငါ့မာရှိဟူ ပစ်စီးအောက်စာလေ ဂူလောင်းဟှိ
စွန့်လွတ်ရုံမျှမက ကိုယ်ခန့ာဟှိ မီးရှို့ခံဟှိ့တွပ်* ပေးအပ်ဟူလည်းဘဲ့
မြစ်တာမ့ေဘဲနေဟှာ ငါ့မာ ဖြာကျိုးလည်း မ့ေဟှ။
4 မြစ်တာဟှာ စိရှယ်တတ်ဟှယ်။ သနားကြင်နာတတ်ဟှယ်။ မြစ်တာဟှာ
နာလိုဘဲဟူဇာ မ့ေဟှ။ ဝါကြွားဟူဇာ မ့ေဟှ။ မာန်မာန မ့ေဟှ။
5 ယဉ်ကျေးဘဲမူဟှိ ပြုတတ်ဟှ။ ကိုယ့်ရဲ့ကျိုးဟှိ ရှာတတ်ဟှ။
ဒေါသမျစ်ထွပ်တတ်ဟှ။ သူများရဲ့ ပြစ်ဟှိ မှတ်တတ်ဟှ။
6 တရားဘဲဟူမှုမာ ဝန်းသာရှင်း မ့ေတတ်ဟှ။ သမ္မာတရားအားဖြင့်ဘဲ့
ဝန်းသာတတ်ဟှယ်။
7 ရှိမ္ျဂူလောင်းဟှိ ဖောင်းအောက်ပေးတတ်ဟှယ်။ ရှိမ္ျဂူလောင်းဟှိ
ယောင်ကြည်တတ်ဟှယ်။ ရှိမ္ျဂူလောင်းဟှိ မ္ျော်လင့်တတ်ဟှယ်။ ရှိမ္ျဂူလောင်းဟှိ
သီးခံတတ်ဟှယ်။
8 မြစ်တာဟှာ ဖော့-က်ပ့်လန်တတ်ဟူ သဘောန မြဲကင်းစင်ဟှယ်။
ပရောဖက်ဉာဏ်ဘဲ့ဖြစ်ဖြစ်၊ ထူးဆန်းဟူ ဘာသာစကားလေဟှိ ပြောနိုင်ဇာဘဲ့ဖြစ်ဖြစ်၊
တီထွမ်ဖန်တီးနိုင်ဟူ သိပ္ပံတတ်ဘဲ့ဖြစ်ဖြစ် ကွယ်ပျော့-က်လေ့မယ်။
9 ခု နို့လေဟှာ စောင်လင်ဘဲန သိဂေ့ဟှယ်။ ပရောဖက်ဉာဏ်န စောင်လင်ဘဲန
ဟောတတ်ဟှယ်။
10 အယ်ဘေမဲ့ စောင်လင်မ္ျရော့-က်လာဟူ ခီမာ စောင်လင်ဘဲဇာလေ ဂူလောင်းဟှာ
ပျော့-က်ကွယ်ဟှားလေ့မယ်။
11 ငါဟှာ သားဂန်းဟှားဖြစ်ဟူ ခီမာ သားဂန်းဟှားမျိုးဘဲ့ စကားပြောဟှယ်။
သားဂန်းဟှားမျိုးဘဲ့ စဉ်းစားဟှယ်။ သားဂန်းဟှားမျိုးဘဲ့ တွေးတောဆင်ခြင်ဟှယ်။
ကီးလာဟူ ခီမာ သားဂန်းဟှားရဲ့ ကျင့်ဓလေ့လေဟှိ ငါဖယ်ရှားဟှယ်။
12 ခုခီမာ နို့လေဟှာ မှန်ရှေ့မာ မှုံဝါးဝါးပေါ်လာဟူ ပေါင်သဏ္ဌာန်မျိုးဘဲ့ ထန်ရှားဘဲန
တိွဖြင်ရဂေ့ဟှယ်။ အယ်မူခီမာ ဆိုဟှာ မျစ်ဝါးထန်ထန် တိွဖြင်ရလေ့မယ်။ ခုခီမာ
ငါဟှာ စောင်းစောင်လင်းလင် သိဖြင်ရသေးဟှ။ အယ်ခီမာ ဆိုဟှာ ဘုရားသခင်ဟှ
ငါ့ဟှိ့ စောင်းစောင်လင်းလင် သိဖြင်တော်မူဟူမျိုး ငါဟှာ စောင်းစောင်လင်းလင်
သိဖြင်ရလေ့မယ်။
13 ခုမာ ပါရမီသောင်းပါးဖြစ်ဟူ ယောင်ကြည်ရှင်း၊ မ္ျော်လင့်ရှင်း၊ ရှစ်ရှင်း
အယ်သောင်းပါးတည်ဘီး ရှိနေဟှယ်။ အယ်သောင်းပါးမာ ရှစ်ရှင်းမြစ်တာဟှာ
မြတ်ဆောင်း ဖြစ်ဟှယ်။

* **13:3 ၁၃.၃** မီးရှို့ခံဟှိ့တွပ်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဝါကြွားနိုင်ဟှိ့တွပ်၊ ဆိုဘီး ပါရှိဟှယ်။

14

ဝိညာဉ်ဆုကျေးဇူးလေကြောင်း

1 အယ်ကြောင့် ရှစ်ရှင်းမြစ်တာဟို့ မိုအောန်လိုက်ဂေ့ပါ။ ဝိညာဉ်ဆုကျေးဇူးလေဟို့
လိုရှင်တောန်းတရာမာ ပရောဖက်ပြုနိုင်ဟူ ဆုကျေးဇူးဟို့ ရရာတိုင်း လိုရှင်ဟူစိရှိဂေ့ပါ။
2 ဖြားဖြစ်ကြောန်နူးဆိုဟှာ ထူးဆန်းဟူ ဘာသာစကားဟို့ ပြောဆိုဟူသူဟှာ
လူလေနပြောဟူဇာမှုဘဲ ဘုရားသခင်န ပြောဟူဇာဖြစ်ဟှယ်။ သူ့ရဲ့စကားဟို့
ဖယ်သူလည်းနားလည်နိုင်ဟှ။ သူဟှာ ဝိညာဉ်တော်တဂိုးအားဖြင့်
လျှို့ဝှပ်နတ်နဲ့ဟူကြောန်းရာလေဟို့ ပြောဆိုဇာဖြစ်ဟှယ်။
3 ပရောဖက်ပြုသူဟှာ လူလေဟို့ တည်ဆော့-က်ပေးဟူစကား၊
ခွန်အားပေးဟူစကားန နှစ်သိမ့်ပေးဟူစကားလေဟို့ဘဲ့ ပြောဟှယ်။
4 ထူးဆန်းဟူ ဘာသာစကားဟို့ ပြောဟူသူဟှာ ကိုယ့်ကိုယ်ကိုယ်ဘဲ့
တည်ဆော့-က်ဇာဖြစ်ဟှယ်။ ပရောဖက်ပြုသူဟှာ သင်းတော်ဟို့ ပြုစုပေးဇာဖြစ်ဟှယ်။
5 နန်းနို့ဂူလောင်းဟှာ ထူးဆန်းဟူဘာသာစကားဟို့ ပြောဟို့တွပ် ငါလိုရှိဟှယ်။
အယ်ဘေမဲ့ ပရောဖက်ပြုဘီး ဟောပြောဟို့တွပ် ပိုဘီး လိုရှိဟှယ်။
ဖြားဖြစ်ကြောန်နူးဆိုဟှာ၊ ထူဆန်းဟူ ဘာသာစကားဟို့ ပြောဟူသူဟှာ သင်းတော်ဟို့
တည်ဆော့-က်ပေးဟို့တွပ် နတ်ဟို့ဖော်ပြဘဲနေဟှာ၊ သူ့ထတ် ပရောဖက်ပြုဘီး
ဟောပြောဟူသူဟှာ ပိုဘီး မြတ်ဟှယ်။
6 အယ်မျိုးဖြစ်ကြောန့် ညီကို မောန်နှမလေ၊ ငါဟှာ နန်းနို့နားဟို့ လာဘီး ထူးဆန်းဟူ
ဘာသာစကားမျိုးမျိုးလေန ဟောပြောဟူလည်းဘဲ့ ငါဟောပြောဟူ စကားလေဟှာ
ဗျာဒိတ်တော်ဟို့ ပုလန်ဟူဇာလေ၊ ပညာအတတ်ဟို့ သင်ဟူဇာလေ၊
ပရောဖက်ပြုဟူဇာလေ၊ ဆောန်းမသွန်သန်ဟူ ဇာလေဟို့ တခုလည်း ပြုဘဲန နန်းနို့ဟို့
ဟောပြောဟှယ် ဆိုဟှာ ဖြားကျိုးရှိမယ်နူး။
7 အယ်မျိုးဘဲ့ သတ်မဲ့ဖြစ်ဟူ နဲ့နစောန်းဟူမျိုးဘဲ့ အယ်မူတီးမှုဟူဇာလေဟှာ
သံဟို့ပီးပီသသ ထွပ်လာဘဲနေဟှာ စောန်းသံမှန်း နဲ့သံမှန်း ဖယ်မျိုးသိနိုင်မယ်နူး။
8 ဗို့းမှုသံလည်းဘဲ့ ပီးပီသသန ဗြယ်ဟှ ဆိုဟှာ စစ်ပွဲဝမ်ဟို့တွပ်
ဖယ်မျိုးပြင်ဆင်မယ်နူး။
9 အယ်မျိုးဘဲ့ ထူးဆန်းဟူ ဘာသာစကားမျိုးမျိုးလေန နန်းနို့ပြောဟူစကားဟှာ
ဓိပါယ်သိဘဲနေဟှာ ဖယ်သူနားလည်နိုင်မယ်နူး။ နန်းနို့လေဟှာ လေထဲမာ
စကားပြောနေဟူမျိုးဘဲ့ ဖြစ်လေ့မယ်!
10 ကမ္ဘာမာ ဘာသာစကားလေ ဘောင်ဂီးရှိဟူလည်းဘဲ့ ဖယ်စကားလည်းဘဲ့
ဓိပါယ်မှေ့ဘဲဟူ စကားဆိုဇာ မှေ့ဟှ။
11 အယ်ကြောန့် ဘာသာစကားရဲ့ နတ်ဓိပါယ်ဟို့ ငါနားလည်ဘဲနေဟှာ
အယ်ဘာသာစကားဟို့ ပြောဟူသူဟှာ ငါ့တွပ်လူမျိုးခြား ဖြစ်ဟှယ်။ ငါလည်း သူ့တွပ်
လူမျိုးခြား ဖြစ်ဟှယ်။

12 အယ်မျိုးဖြစ်ကြောင့် နှန်းနှံ့လေဟ့ဘှာ ဝိညာဉ်ဆုကျေးဇူးလေဟ့ဘို့
လိုရှင်တောန်းတဂေ့ဟ့ဘူတိုင်း သင်းတော်တည်ဆော့-က်ရာမာ တိုးပွားလာဟ့ဘို့တွပ်
အယ်ဆုကျေးဇူးအားဖြင့် ကြွယ်ဝပ့လဲ့ဇောင်ဟ့ဘို့တွပ် ကြိုးစားအားထုဂေ့ပါ။
13 အယ်ကြောန့် ထူးဆန်းဟ့ဘူ ဘာသာစကားပြောဟ့ဘူသူဟ့ဘာ နတ်ဓိပါယ်ဟ့ဘို
ဖော်ပြပေးနိုင်ဟ့ဘို့တွပ် ဆုတောန်းရမယ်။
14 ဖြားဖြစ်ကြောန့်နူးဆိုဟ့ဘာ ငါဟ့ဘာ ထူးဆန်းဟ့ဘူ ဘာသာစကားမျိုးမျိုးန ဆုတောန်းဟ့ဘူ
ခီမာ ငါ့ရဲ့စိနှလောင်းဟ့ဘာ ဆုတောန်းနေဟ့ဘူလည်းဘဲ့ ငါ့သိဉာဏ်ဟ့ဘာ
ဖြားကျိုးလည်းပေးဟ့ဘူ။
15 အယ်မျိုးဆိုဟ့ဘာ ဖယ်မျိုး ငါပြုရမယ်နူး။ ငါဟ့ဘာ စိနှလောင်းအားဖြင့်မူဘဲန
ဉာဏ်အားဖြင့်လည်း ဆုတောန်းမယ်။ စိနှလောင်းအားဖြင့်ဘဲ့ ချင်းဆိုဇာမူဘဲန
ဉာဏ်အားဖြင့်လည်း ချင်းဆိုမယ်။
16 အယ်မျိုးမူဘဲ နှန်းနှံ့လေဟ့ဘာ စိနှလောင်းအားဖြင့်ဘဲ့ ဘုရားသခင်ဟ့ဘို ချီးမွမ်းဘီး
ဆုတောန်းဟ့ဘယ် ဆိုဟ့ဘာ ပရိသတ်ထဲမာ ဝတ်ပြုနေဟ့ဘူ သာမန်လူတယော့-က်ဟ့ဘာ
နှန်းနှံ့ပြောဟ့ဘူစကားလေဟ့ဘို နားလည်ဘဲကြောန့် နှန်းနှံ့လေ ဆုတောန်းဟ့ဘူဇာဟ့ဘို ဖယ်မျိုး
“အာမင်” ဆိုဘီး ဝန်ခံနိုင်မယ်နူး။
17 ကျေးဇူးတော် ချီးမွမ်းဟ့ဘူ နှန်းနှံ့ရဲ့ ဆုတောန်းရှင်းဟ့ဘာ ကောန်းနေဟ့ဘူလည်းဘဲ့
သူများလေတွပ် ဖြားကျိုးလည်း မှေ့ဟ့ဘ။
18 ငါဟ့ဘာ ထူးဆန်းဟ့ဘူ ဘာသာစကားဟ့ဘို နှန်းနှံ့လေထတ် ပိုဘီး ပြောဆိုနိုင်ကြောန့်
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟ့ဘို ချီးမွမ်းပါဟ့ဘယ်။
19 အယ်ဘေမဲ့ သင်းတော်ဝတ်ပြုရှင်းမာ ထူးဆန်းဟ့ဘူဘာသာစကား
ခွန်းပေါန်းထောန်သောန်းထတ်မက ဟောပြောဟ့ဘူဇာထတ်
နားလည်နိုင်ဟ့ဘူစကားငါးခွန်းဟ့ဘိုဘဲ့ ပိုဘီး ပြောရှင်ပါဟ့ဘယ်။
20 ညီကို မောန်နှမလေ၊ နှန်းနှံ့လေရဲ့ စဉ်းစားတွေးခေါ်ဟ့ဘူဇာဟ့ဘာ
သားဂန်းဟ့ဘားလေမျိုး ဖြစ်ဂေ့န။ ကောန်းဘဲဟ့ဘူဇာလေမာ သားဂန်းဟ့ဘားလေမျိုး
ဖြစ်ဂေ့ဘီး စဉ်းစားတွေးခေါ်ဟ့ဘူဇာမာ စောင်လင်ရင့်ကျက်ဟ့ဘသူ ဖြစ်ဂေ့ပါ။
21 ပညတ္တိကျမ်းစာမာ လာဟ့ဘူဇာဟ့ဘ
“ငါ့ရဲ့လူစုဟ့ဘို ထူးဆန်းဟ့ဘူ ဘာသာစကားအားဖြင့်
လူမျိုးခြားလေရဲ့နှောက်န ငါပြောမယ်။
အယ်ဘေမဲ့ ငါ့ရဲ့လူစုတော်ဟ့ဘာ
ငါ့စကားဟ့ဘို နားထောန်ဟ့ဘို့ မှုဟ့ဘ ဆိုဘီး ဘုရားသခင် မိန့်တော်မူဟ့ဘယ်” ဆိုဘီး
ဖော်ပြဟ့ဘားဟ့ဘယ်။
22 အယ်ကြောန့် ထူးဆန်းဟ့ဘူ ဘာသာစကားဟ့ဘို ဟောပြောရှင်းဟ့ဘာ
ယောင်ကြည်သူလေတွပ် နိမိတ်လတ်ခဏာမူဘဲန ယောင်ကြည်သူလေတွပ်
နိမိတ်လတ်ခဏာသတ်သေ ဖြစ်ဟ့ဘယ်။ ပရောဖက်ပြုဘီး ဟောပြောဟ့ဘူ ဆုကျေးဇူးဟ့ဘာ

ယောင်ကြည်ဘဲသူလေတွပ် နိမိတ်လတ်ခဏာမူဘဲ ယောင်ကြည်သူလေတွပ်
နိမိတ်လတ်ခဏာ ဖြစ်ဟုယ်။

23 အယ်ကြောန့် သင်းတော်တခုလောင်း စုဝေးဘီး ထူးဆန်းဟူ ဘာသာစကား
ပြောဆိုနေဟူ ခီမာ သာမန်လူလေဘဲ့ဖြစ်ဖြစ် ယောင်ကြည်ဘဲသူလေဘဲ့ဖြစ်ဖြစ်
ဝမ်လာဟုယ် ဆိုဟှာ နန်းန့်ိဟှိ ရူးလေ ဆိုဘီး ပြောဂေ့လေ့မယ် မူဟှလော။
24 အယ်မျိုးမူဘဲနေဟှာ သင်းဝမ်သူဂူလောင်းဟှာ ပရောဖက်ပြုနေဟူ ခီမာ
ယောင်ကြည်ဘဲဟူသူ၊ နားလည်ဘဲသူလေ ဝမ်လာဟုယ် ဆိုဟှာ သင်းဝမ်ဟူသူ
ဂူလောင်းဟှာ သူပြစ်ဟှိ ဖော်ပြဘီး စစ်ဆေးစီရင်ခံရဟူ ခီမာ
25 အယ်သူရဲ့ စိနှလောင်းထဲမာ ထန်ရှားဘဲဇာလေဟှာ ထန်ရှားလာဟူကြောန့်
“ဘုရားသခင်ဟှာ နန်းန့်ိလေနတူးဒူ တကယ်ရှိတော်မူဟုယ်!” ဆိုဘီး ဝန်ခံဘီးဟှာ
ဘုရားသခင်ဟှိ ပျပ်ဝပ်ကိုးကွယ်လေ့မယ်။

ဝတ်ပြုကိုးကွယ်မှုကြောန်း

26 ညီကို မောန်နှမလေ ဖယ်မျိုးပြောရဟှိန္နူး။ နန်းန့်ိစုဝေးဂေ့ဟူ ခီမာ
ဆာလံချင်းဆိုဟူသူ၊ သွန်သန်ပေးဟူသူ၊ ဗျာဒိတ်တော်ဟှိ ဟောပြောဟူသူ၊ ထူးဆန်းဟူ
ဘာသာစကားဟှိ ပြောဟူသူ၊ နတ်ဓိပါယ်ဟှိ ဖော်ပြပေးဟူသူ သီးသီးရှိဂေ့ဟူကြောန့်
အယ်မူဇာ ဂူလောင်းဟှာ သင်းတော် တည်ဆော့-က်ဟှိတွပ်ဘဲ့ လောက်ဂေ့ပါ။
27 ထူးဆန်းဟူ ဘာသာစကားဟှိ ပြောမယ် ဆိုဟှာ နှေ့ယော့-က်ဘဲ့ဖြစ်ဖြစ်၊
များဆောင်းသောင်းယော့-က်ဘဲ့ဖြစ်ဖြစ် ယော့-က်လှည့်ဇီ ပြောဘီး တယော့-က်ဟှ
နတ်ဓိပါယ်ဟှိ ရှင်းပြပေးရမယ်။
28 တကယ်ဟှိကြောန့် နတ်ဟှိဖော်ပြပေးဟူသူ မှေ့ဟု ဆိုဟှာ ထူးဆန်းဟူ
ဘာသာစကားပြောဟူသူဟှာ သင်းတော်မာ တိတိဆိုဆိုနေဘီး
ကိုယ့်ကိုယ်ကိုယ်ဘဲ့ဖြစ်ဖြစ် ဘုရားသခင်ဟှိဘဲ့ဖြစ်ဖြစ် ပြောပါစေ။
29 ပရောဖက် နှေ့ယော့-က်ဘဲ့ဖြစ်ဖြစ် သောင်းယော့-က်ဘဲ့ဖြစ်ဖြစ် ဟောပြောဘီး
ကျန်ဟူသူလေဟှ သူးန့်ိဟောဟူကြောန်းရာလေဟှိ စီရင်သောင်းသပ်ရမယ်။
30 အယ်ဘေမဲ့ ထိုင်နေဟူတခြားတယော့-က်ဟှိ တခုခုဖွမ့်ပြရှင်းခံရဟုယ် ဆိုဟှာ
ပထမလူဟှာ တိတိဆိုဆိုနေပါစေ။
31 ဖြားဖြစ်နူးဆိုဟှာ ရှိဟူလူတိုင်း သွန်သန်ရှင်းခံရဘီး ရှိဟူလူတိုင်း
တိုက်တွန်းအားပေးခံရဟှိတွပ်၊ နန်းန့်ိဂူလောင်းဟှာ လှည့်ကွလ
ပရောဖက်ပြုရဟူခွမ့်ရှိဟုယ်။
32 ပရောဖက်လေလည်း ကိုယ့်စိဝိညာဉ်ဟှိကိုယ် ချောက်တီးနိုင်ဂေ့ဟုယ်။
33 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ဟှာ ရောန်းရင်းဆန်ခတ်ဖြစ်ဟူဇာနဆိုင်ဟူ
ဘုရားမူဘဲ ငြိသတ်ရှင်းနဆိုင်ဟူ ဘုရားဖြစ်တော်မူဟုယ်။

သန့်ရှင်းသူလေရဲ့ သင်းတော်တိုင်းမာ ကျင့်သောင်းဟူတိုင်း၊

34 မီးမလေဟှာ သင်းတော်စည်းဝေးမာ တိတိဆိဆိနေရမယ်။ သူးနို့လေဟှာ
ဟောပြောရဟူခွမ့် မ့ေဟှ။ ပညတ်တရားမာ ဖော်ပြဟှားတိုင်း သူးနို့ဟှာ
ယော့-က်ကျားရဲ့ အောက်စိုးမူဟို့ ဝန်ခံရဂ့ေမယ်။
35 သူးနို့ဟှာ တခုခုဟို့ သန်ယူရှင်ဟှာ အီမာ သူးနို့လန်ယော့-က်ကျားဟို့ မေးရမယ်။
ဖြားဖြစ်ကြောန်နှးဆိုဟှာ သင်းတော်မာ မီးမလေ ဟောပြောဟူဇာဟှာ
ယှစ်ဇာကောန်းဟှယ်။
36 ဘုရားသခင်ရဲ့ စကားတော်ဟှာ နန်းနို့လေနားဟှ ထွပ်လာဟှိကြောန့်လော။
အယ်မျိုးမူဘဲနေဟှာ နန်းနို့လေနားဟို့ဘဲ့ ရ့ော-က်လာဟူကြောန့်လော။
37 ငါဟှာ နန်းနို့လေဟို့ ရေးဘီးပေးလိုက်ဟူ စကားလေဟှာ သခင်ဘုရားရဲ့
ပညတ်တော်ဖြစ်ဟူ ကြောန်းဟို့ ပရောဖက်ဖြစ်ဟူသူန ဝိညာဉ်ဆုကျေးဇူးဟို့ ခံရဟူ
သူမှန်ဟှာ သိမ့တ်ပါစေ။
38 ဖယ်သူဘဲ့ဖြစ်ဖြစ် အယ်ဇာဟို့ သိမ့တ်ပြုဘဲနေဟှာ အယ်သူဟို့လည်း
သိမ့တ်ပြုဂ့ေန။
39 အယ်မျိုးဖြစ်ကြောန့် ညီကို မောန်နမလေ၊ ပရောဖက်ပြုဟောပြောဇာဟို့
လိုရှင်တောန်းတဂ့ေပါ။ ထူးဆန်းဟူ ဘာသာစကားပြောဆိုမူဟို့ တားမြစ်ဂ့ေန။
40 ဂူလောင်းဟို့ တင့်တယ်လျောက်ပတ်အောန် လောက်ဆောန်ဂ့ေပါ။

15

ခရစ်တော်သေရှင်းဟှနေ ထမြော့-က်ဟူကြောန်း

1 ညီကို မောန်နမလေ၊ နန်းနို့လေဟို့ ငါဟောပြောဟူ ဒန်းကောန်းဟို့
နန်းနို့လတ်ခံဟူမျနမူဘဲ အယ်ထတ်မာ နန်းနို့ရပ်တည်ဂ့ေဟှယ်။ နော့-က်ထပ်
အယ်ကောန်းမြတ်ဟူ ဒန်းကောန်းဟို့ နန်းနို့ဟို့ သိစေရှင်ပါဟှယ်။
2 ငါဟောပြောဟှားဟူ အယ်ဒန်းကောန်းဟို့ စွဲစွဲမြဲမြဲ ယောင်ကြည်မယ် ဆိုဟှာ
အယ်ဒန်းကောန်းအားဖြင့် နန်းနို့ဟှာ ကယ်တန်ရှင်းဟို့ ခံရမယ်။ အယ်မျိုး
ယောင်ကြည်ဘဲဟှ ဆိုဟှာ နန်းနို့ ယောင်ကြည်ဟှားဇာဟှာ ဖြားကျိုးလည်းမ့ေဟှ။
3 ငါဟှာ ကိုယ်တိုင်ခံယူဘီး နန်းနို့လေဟို့ ဦးဆောင်းပေးအပ်ဟူ၊
ရေးကီးဆောင်းဖြစ်ဟူ ကြောန်းရာဟှ ခရစ်တော်ဟှာ ကျမ်းစာလာဟူတိုင်း
နို့လေပြစ်တွပ် သေခံတော်မူဟူကြောန်း၊
4 သ ဂြိုဟ်ခံဘီး ကျမ်းစာလာဟူတိုင်း သောင်းရစ်မြော့-က်ဟူနေ့မာ
ရှင်ပ့လန်ထမြော့-က် တော်မူဟူကြောန်း၊
5 ကေဖဟှာ ကိုယ်တော့်ဟို့ ဖြင်ရဟူကြောန်းန ဆယ့်နှေ့ပါးဖြစ်ဟူ တမဲ့တော်လေ
ဖြင်ရဟူကြောန်းလေဘဲ့ ဖြစ်ဟှယ်။

15:4 **၁၅.၄** မ ၁၂.၄၀; တ ၂.၂၄-၃၂ **15:5** **၁၅.၅ ၈** လု ၂၄.၃၄; **ခ** မ ၂၈.၁၆,၁၇; မာ ၁၆.၁၄; လု ၂၄.၃၆; ယော ၂၀.၁၉

6 အယ်ဘီးန ခရစ်ယာန်ညီကို မောန်နှမ ငါးရာကျော်ဟု တပြိုင်ဒဲ ဖြင်ရဂေ့ဟုယ်။
အယ်သူလေထဲဟု တချို့လူလေဟု သေဟုးဂေ့ဘီ တော်တော်များများဟု
ခုထိရှိနေသေးဟုယ်။
7 အယ်ဘီးန ယာကုပ်ဖြင်ရဟုယ်။ နော့-က်မှ တမန်တော်လေ
အားလောင်းဖြင်ရဟုယ်။

8 နော့-က်ဆောင်းမာ ခီတန်ဘဲန မွီးဟူသူ* မျိုးဖြစ်ဟူ ငါလည်း ဖြင်ရဟုယ်။
9 ငါဟု တမန်တော်လေထဲမာ ညံ့ဆောင်းဖြစ်ဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟု
ဘုရားသခင်ရဲ့ သင်းတော်ဟို ညှဉ်းဆဲဟူသူဖြစ်ဘီး တမန်တော် ဆိုဘီး ခေါ်ဟူဇာဟိုမှ
ခံထိုက်ဟု။
10 အယ်ဘေမဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောန့် ငါဟု ခုခြေနေဟို
ရော့-က်ရဇာဖြစ်ဟုယ်။ ငါခံရဟူ ကျေးဇူးတော်ဟိုလည်း ကျိုးမွှဘဲန ခံရဟူဇာ မူဟု။
ငါဟု တခြားတမန်တော်လေထတ် ပိုဘီး ကြိုးစားလောက်ဆောန်ဟုယ်။
အယ်မျိုးလောက်ဆောန်နိုင်ဇာလည်း ငါရဲ့စွမ်းစကြောန့်မူဘဲန
ငါ့နတူးဒူလောက်ဆောန်ဟူ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောန့် ဖြစ်ဟုယ်။
11 အယ်ကြောန့် ငါဘဲ့ဖြစ်ဖြစ်၊ သူးနို့လေဘဲ့ဖြစ်ဖြစ် အယ်တိုင်းဟောပြောဂေ့ဟုယ်။
နန်းနို့လေလည်း အယ်တိုင်းဘဲ့ ယောင်ကြည်ဂေ့ဟုယ်။

သေဟုးသူလေ ထမြော့-က်ဟူကြောန်း

12 ခရစ်တော်ဟု သေရှင်းဟုနေဘီး ရှင်ပုလန်ထမြော့-က်ဟူကြောန်းဟို
နို့လေဟောပြောနေရစ်န ဖြားဖြစ်ကြောန့် နန်းနို့လေထဲဟု လူတချို့ဟု သေဘီးလူလေ
ထမြော့-က်ရှင်းမှေ့ဟုဆိုဘီး ပြောဆိုနေဂေ့နူး။
13 သေဟုးသူလေ ထမြော့-က်ရှင်းမှေ့ဘဲနေဟု ခရစ်တော်လည်း
ထမြော့-က်ဟုးဟို့ မူဟု။
14 ခရစ်တော်ဟု ထမြော့-က်တော်မူဘဲနေဟု နို့လေဟောပြောဇာလည်း
ဖြားကျိုးလည်း မှေ့ဟု။ နန်းနို့လေ ယောင်ကြည်ဇာလည်း ဖြားကျိုးလည်း မှေ့ဟု။
15 အယ်လော့-က်နမကဟု နို့လေဟု ဘုရားသခင်န ပတ်သတ်ဘီး
မမှန်ဘဲဟူသတ်သေခံလေ ဖြစ်ဟုးဂေ့လေ့မယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟု
သေဟုးသူလေဟို့ ထမြော့-က်စေတော်မူဘဲနေဟု
ဘုရားသခင်ထမြော့-က်စေတော်မူဘဲဟူ ခရစ်တော်ဟို့ ဘုရားသခင်
ထမြော့-က်စေတော်မူဘီ ဆိုဘီး နို့လေ သတ်သေခံနေဟူကြောန့် ဖြစ်ဟုယ်။
16 ဖြားဖြစ်ကြောန့်နူးဆိုဟု သေဟုးသူလေ ထမြော့-က်ရှင်းမှေ့ဘဲနေဟု
ခရစ်တော်လည်း ထမြော့-က်တော်မူဟုးမယ် မူဟု။

15:8 **၁၅.၈** တ ၉.၃-၆ * **15:8** **၁၅.၈** ခီတန်ဘဲန မွီးဟူသူ၊ အယ်မျိုးမူဘဲနေဟု ခီမှားဘီး မွီးဖွားလာသူ။
15:9 **၁၅.၉** တ ၈.၃

17 ခရစ်တော်ဟာ ထမြော့-က်ဘဲနေဟာ နန်းနို့ယောင်ကြည်ရှင်းဟာ
ချည်းနှီးသတ်သတ်ဖြစ်ဘီး နန်းနို့လေဟာ ပြစ်ဒုစရိုက်အော့-က်မာဘဲ
ရှိနေသေးဂေ့ဟုယ်။
18 အယ်မျိုးဖြစ်ဟုယ် ဆိုဟာ ခရစ်တော်နှိုက် အိမွိဟားသူလေလည်း
ဆောင်းရှောင်းမှုဟို ရော့-က်ဂေ့ရမယ်။
19 ခရစ်တော်နှိုက် နို့လေရဲ့ မျော်လင့်ရှင်းဟာ ခုဘဝ ကျိုးတွပ်ဘဲ့ ဖြစ်ဟုယ် ဆိုဟာ
ဖြားလည်းကျိုးထူးဟ့ ဆိုဟာ အယ်လောကမာ နို့လေလော့-က် သနားဇာကောန်းဟူလူ
ရှိဟို့မှုဟ့။†
20 မှန်ဆိုဟာ ခရစ်တော်ဟာ သေဟားသူလေထဲမာ ထမြော့-က်တော်မူဘီး အိမွိဟူ
သူလေထဲမာ ဦးဆောင်းသီး ဖြစ်တော်မူဟုယ်။
21 ဖြားဖြစ်ကြောန်နူးဆိုဟာ လူတယော့-က်အားဖြင့် အယ်လောကထဲမာ
သေရှင်းတရားဖြစ်ပေါ်လာဟူမျိုး လူတယော့-က်အားဖြင့်ဘဲ့ သေရှင်းဟ့
ရှင်ပ့လန်ထမြော့-က်ရှင်းတရားဟာလည်း ဖြစ်ပေါ်လာဟုယ်။
22 လူလေ ဂူလောင်းဟာ အာဒံအားဖြင့် သေဂေ့ရဟူမျိုး လူလေ ဂူလောင်းဟာ
ခရစ်တော်အားဖြင့် သတ်ရှင်ရှင်းဟို ရော့-က်ရလေ့မယ်။
23 အယ်ဘေမဲ့ လူသီးသီးဟာ လှည့်က့လ ထမြော့-က်ဂေ့လေ့မယ်။ ခရစ်တော်ဟာ
ရင်ဦးဆောင်း ထမြော့-က်ဟူ ဦးဆောင်းသီး ဖြစ်ဟုယ်။ ခရစ်တော် ကြွလာဟူ ခီမာ
တမဲ့တော်ဖြစ်ဟူ သူလေဟာ ထမြော့-က်ဂေ့လေ့မယ်။
24 အယ်ဘီးမှ ကပ်ကမ္ဘာ ကူဆောင်းဟူခီ ရော့-က်လေ့မယ်။ အယ်ခီမာ
ခရစ်တော်ဟာ အောက်ချောက်မှုရှိဟူမျှ၊ တဂိုးန အာဏာစစ်ရှိဟူမျှ ဂူလောင်းဟို
ဖျစ်ဆီးဘီးဟာ နိုင်ငံတော်ဟို ဖဘုရားသခင် လတ်ထဲဟို အပ်တော်မူလေ့မယ်။
25 ဖြားဖြစ်ကြောန်နူးဆိုဟာ ရန်သူလေ ဂူလောင်းဟို ခရစ်တော်ရဲ့
ခေဖွားအော့-က်မာ ခ့လဟ့ားခန်ခီထိ ခရစ်တော်ဟာ အောက်စိုးရမယ်။
26 ဖျစ်ဆီးခံရမယ့် နော့-က်ဆောင်းဟူ ရန်သူဟာ သေမန်းဘဲ့ ဖြစ်ဟုယ်။
27 ကျမ်းစာဟ့ “ဘုရားသခင်ဟာ ဂူလောင်းဟို ကိုယ်တော်ရဲ့ ခေဖွားအော့-က်မာ
ခ့လဟ့ားတော်မူဟုယ်” ဆိုဘီး ဖော်ပြဟ့ားဟုယ်။ “ဂူလောင်း” ထဲမာ ဘုရားသခင်
ပါဟ့။ ဖြားဖြစ်ကြောန်နူးဆိုဟာ ဂူလောင်းဟို ခရစ်တော်ရဲ့ ခေဖွားအော့-က်ဟို
ရော့-က်စေဟူသူဟ့ ဘုရားသခင်ဘဲ့ ဖြစ်ဟုယ်။
28 ဂူလောင်းဟို သားတော်ဟာ အောက်စိုးတော်မူဟူ ခီမာ သူရဲ့ ခေဖွားအော့-က်ဟို
ဂူလောင်းဟို ခ့လဟ့ားတော်မူဟူ ဘုရားသခင်ရဲ့ အောက်စိုးရှင်းဟို သားတော်
ကိုယ်တိုင် ဝန်ခံလေ့မယ်။ ဖြားဖြစ်ကြောန်နူးဆိုဟာ ဘုရားသခင်ဟာ လောင်းဇောင်
ဖြစ်တော်မူဟုယ်။

† **15:19** **၁၅.၁၉** ခရစ်တော်နှိုက် နို့လေရဲ့ မျော်လင့်ရှင်းဟာ ခုဘဝ ကျိုးတွပ်ဘဲ့ ဖြစ်ဟုယ် ဆိုဟာ ဖြားလည်းကျိုးထူးဟ့ ဆိုဟာ အယ်လောကမာ နို့လေလော့-က် သနားဇာကောန်းဟူလူ ရှိဟို့မှုဟ့၊ အယ်မျိုးမှုဘဲနေဟာ နို့လေဂူလောင်းဟာ ခုဘဝမာဘဲ့ ခရစ်တော်အားဖြင့် မျော်လင့်ရှင်းရှိဟုယ်။

29 သေဟ့ားဘီးသူလေ ကိုယ်စား ဗတ့်တိဇံခံဟ့ူ သူလေဟ့ာ ဖြားကျိုးရှိဟ့ူကြောန့်
အယ်မျိုးလောက်ဂေ့နူး။ သေဟ့ားဘီး သူလေဟ့ာ ရှင်ပ့လန်ထမြေ့-က်ရှင်းမ့ေဟ့
ဆိုဟ့ာ ဖြားဖြစ်ကြောန့် သူးန့်ိကိုယ်စား ဗတ့်တိဇံခံနေဂ့ေနူး။
30 ဖြားဖြစ်ကြောန့် နှ့ိလေဟ့ာ ဘေးအန္တရာယ်န မြဲဒမ်း တွ့ိကြောင်ရဂ့ေနူး။
31 ညီကို မောန်နမလေ၊ နှ့ိလေဟ့ာ သခင် ယေရှုခရစ်တော်နှ့ိုက် နန်းန့ိုအားဖြင့်
ငါရရှိဟ့ူ ဝါကြွားဝန်းသာရှင်းဟ့ို တိုင်တည်ဘီး ငါဟ့ာ နေ့တိုင်းသေရဟ့ယ် ဆိုဘီး
ငါပြောဟ့ယ်။
32 တကယ်ဟ့ို ငါဟ့ာ လူ့သဘောအားဖြင့် ဧဖက်ဗြို့မာ သားရဲလိဆန်လေန
တိုက်ခိုက်ရဟ့ယ် ဆိုဟ့ာ ငါ့တွပ် ဖြားကျိုးရှိမယ်နူး။ သေဟ့ားဘီးသူလေ
ရှင်ပ့လန်ထမြေ့-က်ရှင်း မ့ေဘဲနေဟ့ာ “နန်ကီးမိုးလန်းဟ့ာ သေရဂ့ေမယ်ဖြစ်ကြောန့်
နှ့ိလေဟ့ာ စားရင်း၊ သော့-က်ရင်း၊ ပျော်ပါးရင်းနေဂ့ေဇို့” ဆိုဘီး ဆိုဟ့ူတိုင်းဘဲ့
နေဂ့ေရအောန်။
33 တလွဲယူဂ့ေန။ “ကောန်းဘဲဟ့ူ သူလေန ပေါန်းသင်းဟ့ူ ဇာအားဖြင့် ကောန်းဟ့ူ
ကျင့်ခလေ့ ပျစ်စီးတတ်ဟ့ယ်။”
34 ဗြင်မှန်ရဂ့ေပါ။ ပြစ်လောက်ဂ့ေန။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ တချို့လူလေဟ့ာ
ဘုရားသခင်ဟ့ို သိဂ့ေဟ့ာ။ နန်းန့ိုလေ ယှစ်ကြော့-က်အောန် အယ်မျိုးငါပြောဇာ
ဖြစ်ဟ့ယ်။

ရှင်ပ့လန်ထမြေ့-က်ဟ့ူ ကိုယ်ခန္ဓာကြောန်း

35 အယ်ဘေမဲ့ လူတချို့ဟ့ာ “သေဟ့ားသူလေဟ့ာ ဖယ်မျိုး
ရှင်ပ့လန်ထမြေ့-က်မယ်နူး။ ဖယ်မျိုး ကိုယ်ခန္ဓာန ပေါ်လာမယ်နူး” ဆိုဘီး
မေးဂ့ေလ့ေမယ်။
36 ဥ့ေ လူမိုက်! နန်စိုက်ဟ့ူ မျိုးစ့ေ ရင်ဦးဆောင်း ပျစ်ဟ့ားဘဲနေဟ့ယ် ဆိုဟ့ာ
ရှင်လာဟ့ို့ မူဟ့ာ။
37 မျိုးစ့ေဟ့ို့ မ့လေမာ စိုက်ဟ့ူ ခီမာ နော့-က်မ့ ဖြစ်လာဟ့ူ ကိုယ်ထည်ဟ့ို့ စိုက်ဟ့ူဇာ
မူဟ့ာ။ ကျောင်စ့ေဘဲ့ဖြစ်ဖြစ်၊ တခြား မျိုးစ့ေဘဲ့ဖြစ်ဖြစ် စ့ေဟ့ို့ဘဲ့ စိုက်ဟ့ူဇာ ဖြစ်ဟ့ယ်။
38 အယ်ဘေမဲ့ ဘုရားသခင်ဟ့ာ သူလိုတော်ရှိဟ့ူတိုင်း မျိုးစ့ေ ကိုယ်ထည်ဟ့ို့
ပေးတော်မူဟ့ယ်။ မျိုးစ့ေ သီးသီးဟ့ိုလည်း သူးန့်ိရဲ့ မျိုးစားလိုက် ကိုယ်ထည်ဟ့ို
ပေးတော်မူဟ့ယ်။
39 သတ်ရှိသတ္တဝါလေရဲ့ သားဟ့လည်း တမျိုးဒဲရှိဇာ မူဟ့ာ။ လူလေရဲ့ သားဟ့
တမျိုး၊ မဲသားဟ့ တမျိုး၊ ငှတ်သားဟ့ တမျိုး၊ ငါးသားဟ့ တမျိုး ဖြစ်ဟ့ယ်။
40 ကောန်းဂန်ရဲ့ ကိုယ်ထည်လည်း တမျိုး၊ မ့လေဂီးရဲ့ ကိုယ်ထည်လည်း တမျိုး
ရှိဟ့ယ်။ ကောန်းဂန်ကိုယ်ထည်ရဲ့ ဂေါင်သရေဟ့ တမျိုး၊ မ့လေဂီးကိုယ်ထည်ရဲ့
ဂေါင်သရေဟ့ တမျိုး ဖြစ်ဟ့ယ်။
41 နေရဲ့ ဂေါင်သရေ၊ လရဲ့ ဂေါင်သရေ၊ ကြယ်ရဲ့ ဂေါင်သရေဟ့ာ တမျိုးစီ
ဖြစ်ဟ့ယ်။ ကြယ်ဟ့ာ လောင်းနလောင်းဟ့ိုဘဲ့ ဂေါင်သရေရှင်း တူဟ့ာ။

42 သေဟုံးသူလေရဲ့ ထမြော့-က်ရှင်းဟုလည်း အယ်တိုင်းဘဲ့ ဖြစ်ဟုယ်။
ကိုယ်ခန့်ဓာဟို့ သင်္ကြိုဟ်ဟူ ခီမာ ပေါက်ပျစ်တတ်ဟူ သဘောရှိဟုယ်။ ထမြော့-က်ဟူ
ခီမာ ဆိုဟုာ ပေါက်ပျစ်နိုင်ဘဲဟူ ဖြစ်နတည်ဟုယ်။
43 စိုက်ဟူ ခီမာ ဂေါင်သရေပျစ်ဘီး ခွန်အားမ့ေဟု။ ထမြော့-က်ဟူ ခီမာ
ဖောင်းသရေတော်ရှိဘီး တဂိုးန ပ့လဲ့ဇောင်လေ့မယ်။
44 စိုက်ဟူ ခီမာ ကိုယ်ကာယခန္ဓာ ဖြစ်ဟုယ်။ ထမြော့-က်ဟူ ခီမာ ဝိညာဏကိုယ်
ဖြစ်ဟုယ်။ ရောက်ပိုင်းဆိုင်ရာ ခန္ဓာရှိဟူမျိုး ဝိညာဉ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာလည်း
ရှိရဟုယ်။
45 အယ်ကြောန့် ကျမ်းစာလာဟူဇာဟု “ပထမ လူအာဒံဟုာ သတ်ရှင်ဟူ သတ္တဝါ
ဖြစ်ဟုယ်” ဆိုဘီး ရေးဟုားဟုယ်။ နော့-က်ဆောင်းဖြစ်ဟူ အာဒံဟုာ
သတ်ရှင်စေတတ်ဟူ ဝိညာဉ် ဖြစ်ဟုယ်။
46 ဝိညာဏကိုယ်ဟုာ ရင်ဦးဆောင်း ဖြစ်လာဇာ မူဟု။ ရောက်ခန္ဓာ ဖြစ်ဘီးမှ
ဝိညာဏကိုယ် ဖြစ်လာဟူဇာ ဖြစ်ဟုယ်။
47 ပထမအာဒံဟုာ မ့လေဂီးဟု ဖန်ဆင်းဟူကြောန့် မ့လေဂီးသား ဖြစ်ဟုယ်။ ဒုတိယ
အာဒံဟုာ ကောန်းဂန်ဘောင်ဟုနေ လာဟူသူ ဖြစ်ဟုယ်။
48 မ့လေဂီးသားလေဟုာ အယ်မ့လေဂီးသားမျိုးဘဲ့ ဖြစ်ဂေ့ဟုယ်။ ကောန်းဂန်ဘောင်န
ဆိုင်ဟူ သူလေဟုာ ကောန်းဂန်ဘောင်န ဆိုင်ဟူသူန တူလေ့မယ်။
49 နို့လေဟုာ မ့လေဂီးသားရဲ့ ပေါင်သဏ္ဌာန်ဟို့ ဆောန်ဟူမျိုးဘဲ့
ကောန်းဂန်ဘောင်ဟု ကြွလာဟူသူရဲ့ ပေါင်သဏ္ဌာန်ဟို့လည်း ဆောန်ဂေ့လေ့မယ်။‡
50 ညီကို မောန်နမလေ၊ လူ့ရဲ့သွိုးသားဟုာ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို့ ခံယူနိုင်ဟု။
ပေါက်ပျစ်တတ်ဟူဇာဟုာ ပေါက်ပျစ်တတ်ဘဲဟူဇာဟို့ ခံယူနိုင်ဟု။
51 နားထောန်ဂေ့ပါ။ လျှို့ဝှပ်နတ်နဲဟူ ဇာတခုဟို့ ငါပြောအူးမယ်။ နို့လေဂူလောင်းဟုာ
သေဂေ့ရဟို့ မူဟု။
52 အယ်ဘေမဲ့ နော့-က်ဆောင်းဗို့းမူဟူ ခီမာ မျစ်စိတမှိ ရှစ်ဟုားဒဲန
ပ့လောန်းလဲဂေ့လေ့မယ်။ နော့-က်ဆောင်းဗို့းမူဟူ ခီမာ သေဟုားဘီးသူလေဟုာ
ရှင်ပ့လန်ထမြော့-က်ဘီး သေရှင်းန ထာဝရ ကင်းလွတ်လေ့မယ်။ နို့လေ
အားလောင်းလည်း ပ့လောန်းလဲမူဟို့ ရော့-က်ဂေ့လေ့မယ်။
53 ဖြားဖြစ်ကြောန့်နူးဆိုဟုာ ခုပေါက်ပျစ်တတ်ဟူ ဇာဟုာ ပေါက်ပျစ်တတ်ဘဲဟူ
ဇာဖြစ်ဟို့ ပ့လောန်းလဲရမယ်။ သေတတ်ဟူ ဇာဟုာ သေနိုင်ဘဲဟူ ဇာဖြစ်ဟို့
ပ့လောန်းလဲရမယ်။
54 အယ်ကြောန့် အယ်ပေါက်ပျစ်တတ်ဟူ ဇာဟုာ ပေါက်ပျစ်နိုင်ဘဲဟူ ဇာဖြစ်န
သေတတ်ဟူ ဇာဟုာ သေနိုင်ဘဲဟူ ဇာဖြစ်ဟို့ ပ့လောန်းလဲဟူ ခီမာ “သေရှင်းဟုာ

---

‡ **15:49** **၁၅.၄၉** ဆောန်ဂေ့လေ့မယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဝတ်ခွမ်ပေးလေ့မယ်၊ ဆိုဘီး ပါရှိဟုယ်။
15:51 **၁၅.၅၁-၅၂** ၁ သက် ၄.၁၅-၁၇

အောန်မြင်ရှင်းနှိုက် နှစ်မ့လောက်ဘီ!” ဆိုဘီး ပြောဟ့ားဟ့ူ ကျမ်းစကားဟ့ာ
ပ့လဲ့ဇောင်လေ့မယ်။
55 “အိုး၊ မရဏာနိုင်ငံ၊ နန်ရဲ့ အောန်မြင်ရှင်းဟ့ာ ဖယ်မာရှိနူး။
အိုး၊ သေမန်း၊ နန်ရဲ့ လတ်နတ်ဟ့ာ ဖယ်မာရှိနူး။”
56 သေမန်းရဲ့ လတ်နတ်တဂိုးဟ့ာ ပြစ်ဒုစရိုက် ဖြစ်ဟ့ယ်။ ဒုစရိုက်ပြစ်ရဲ့ တဂိုးဟ့ာ
ပညတ်တရား ဖြစ်ဟ့ယ်။
57 အယ်ဘေမဲ့ နို့လေရဲ့ သခင် ယေရှုခရစ်တော်အားဖြင့် အောန်မြင်မ့ဟ့ို ပေးတော်မ့ဟ့ူ
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟ့ာ ကီးမားလ့ပါဟ့ယ်!
58 အယ်မျိုးဖြစ်ကြောန့် ငါရှစ်ရဟ့ူ ညီကို မောန်နမလေ၊ နန်းနို့လေဟ့ာ
သခင်ဘုရားရဲ့ မ့တော်ဟ့ို ကြိုးစား လောက်ဆောန်ဟ့ူဇာဟ့ာ ချည်းနှီး
ဖြစ်ဘဲဟ့ူကြောန်းဟ့ို သိမ့တ်ဘီးဟ့ာ တည်ကြည်ဟ့ူစိန ပ့လဲ့ဇောင်ဘီး
ဖော့-က်ပ့လန်ရှင်း မ့ေဘဲန သခင်ဘုရားရဲ့ မ့တော်ဟ့ို မြဲဒမ်း ကြိုးစားဆောန်ရွပ်ဂေ့ပါ။

16

လိုအပ်နေဟ့ူ ယောင်ကြည်သူလေတွပ် လ့ူငွေကြောန်း

1 သန့်ရှင်းဟ့ူသူလေဟ့ို ထော့-က်ပံ့ဟ့ို့တွပ် လ့ူငွေနပတ်သတ်ဘီးဟ့ာ
ဂလာတိပြည်မာရှိဟ့ူ သင်းတော်လေဟ့ို ငါညွန်ကြားဟ့ားတိုင်း နန်းနို့လေ
လောက်ဂေ့ပါ။
2 ငါရော့-က်လာဟ့ူ ခီမာ လ့ူငွေကော့-က်ခံရဘဲနေအောန် နန်းနွေနေ့တိုင်း
နန်းနို့ယော့-က်ချင်းစီတိုင်းရဲ့ ဝမ်ငွေနဲများလိုက် လ့ူဒန်းဟ့ို့တွပ် စုဆောန်းဟ့ားဂေ့ပါ။
3 ငါရော့-က်လာဟ့ူ ခီမာ စာရေးဘီး နန်းနို့လေ ဝီးကော့-က်ဟ့ူသူလေဟ့ို အပ်ပေးဘီး
အယ်လတ်ဆောန်ဟ့ို ယေရှုရှလင်ဗြို့ဟ့ို ပို့ဆောန်ဟ့ို့တွပ် ငါလွတ်မယ်။
4 တကယ်ဟ့ို ငါကိုယ်တိုင်သွားဟ့ို့ လိုအပ်ဟ့ယ် ဆိုဟ့ာ သူးနို့လေနငါ တူးဒူသွားမယ်။

ပေါလုရဲ့ကြံစည်ကြောန်း

5 မာကေဒေါနိပြည်လမ်းဟ့နေ ငါသွားမယ်ဖြစ်ဟ့ူကြောန့် မာကေဒေါနိပြည်ဟ့ို
လ့ည့်လည်ဘီးမ့ နန်းနို့နားဟ့ိုလာမယ်။
6 ငါဟ့ာ နန်းနို့လေနတူးဒူ ဆောန်းကာလပတ်လောင်း နေရှင်ဟ့ာနေမယ်။ နော့-က်မ့
ငါသွားရှင်ဟ့ူနေရာဟ့ို သွားဟ့ို့တွပ် နန်းနို့ကူညီလေ့မယ် ဆိုဇာဟ့ို ငါမျော်လင့်ပါဟ့ယ်။
7 ငါဟ့ာ နန်းနို့လေနားဟ့ို ရှစ်ဟ့ားတည်းခိုမ့ဒဲမ့ူဘဲန သခင်ဘုရားခွမ့်ပြုမယ် ဆိုဟ့ာ
နန်းနို့လေနားမာ ကြားကြာနေဟ့ို့ မျော်လင့်ဟ့ားပါဟ့ယ်။
8 ပင်တေကုတ့်တေပွဲနေထိ ဧဖက်ဗြို့မာ ငါနေအူးပါမယ်။
9 ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ မ့ူတော်တွပ် ရရာတိုင်း ကီးဟ့ူခွဇော့-က်ဟ့ာ ငါ့တွပ်
ဆင်သင့်ဖွမ့်ဘီး ရှိနေပါဟ့ယ်။ တားဆီးဟ့ူသူလည်း ဘောင်ဂီးရှိပါဟ့ယ်။

16:1 ၁၆.၁ ရော ၁၅.၂၅,၂၆ **16:5 ၁၆.၅** တ ၁၉.၂၁ **16:8 ၁၆.၈,၉** တ ၁၉.၈–၁၀

10 နန်းနို့လေနားဟို့ တိမောသေဟှာ ရော့-က်လာဟှယ် ဆိုဟှာ သူဟှာ စိုးရိမ်မှုမွေ့ဘဲ
နန်းနို့နတူးဒူနေထိုင်ဟို့တွပ် ဂရုစိုက်ဂေ့ပါ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူဟှာ ငါ့ဟူမျိုးဘဲ့
သခင်ဘုရားရဲ့မှုတော်ဟို့ လောက်ဆောန်ဟူသူ ဖြစ်ဟှယ်။
11 အယ်ကြောန့် သူဟို့ ဖယ်သူလည်းဘဲ့ ထီမဲ့မြင်ပြုစေန။ ငါဟှာ ယောင်ကြည်သူ
ညီကို မောန်နှမလေနတူးဒူ သူရော့-က်လာဟို့ဇာဟို့ စောန့်မျော်နေဟူကြောန့် သူဟှာ
ငါ့နားဟို့ဘေးကင်းဘီး ရော့-က်လာနိုင်ဟို့တွပ် ကူညီဂေ့ပါ။
12 ငါ့ညီအာပေါလုန ပတ်သတ်ဘီး ပြောရမယ် ဆိုဟှာ သူဟှာ တခြားခရစ်ယာန်
ညီကို မောန်နှမလေနတူးဒူ နန်းနို့လေနားဟို့ လာလည်ဟို့တွပ် သူဟို့
ငါအားပေးတိုက်တွန်းဟှယ်။ အယ်ဘေမဲ့ သူဟှာ အယ်ခီဒူးဟှ လာဟို့ လောင်းဝ
ဆန္ဒမှေ့ဟှ။ * အယ်ဘေမဲ့လည်း ခွမ့်သာဟူ ခီမာ သူလာလေ့မယ်။

နော့-က်ဆောင်းမှာဟူ စကား

13 နန်းနို့လေ နိုးနိုးကြားကြားနေဂေ့ပါ။ ယောင်ကြည်ရှင်းန
ခိုင်းခိုင်မားမာရပ်တည်ဂေ့ပါ။ ရဲစွမ်းသတ္တိရှိဂေ့ပါ။ သန်မာဂေ့ပါ။
14 ဂူလောင်းဟို့ မြစ်တာစိနပြုဂေ့ပါ။
15 ညီကို မောန်နှမလေ၊ သတေဖန်ရဲ့ အီသူအီသားလေဟှာ အခါယပြည်မာ
ဦးဆောင်းခရစ်ယာန်လေဖြစ်ဘီး သန့်ရှင်းသူလေရဲ့မှုဟို့ ကူညီဆောန်ရွပ်ဟို့တွပ်
သူးနို့လေဟှာ ကိုယ့်ကိုယ်ကိုယ် ဆစ်ကပ်ဟှားဟူကြောန်းဟို့ နန်းနို့လေသိဂေ့ဟို့တွပ်
ငါတိုက်တွန်းဟှယ်။
16 အယ်မျိုးသူလေဟှနေစဘီး သူးနို့နတူးဒူ မှုတော်ဟို့ လောက်ဆောန်ဂေ့ဟူ
သူလေရဲ့ ဦးဆောန်မှုဟို့ နာခံဂေ့ဟို့တွပ် နန်းနို့လေဟို့ မြစ်တာရပ်ခံဟှယ်။
17 သတေဖန်၊ ဖော်တုနက်န အခါယကုဟှားလေ ရော့-က်လာဟူကြောန့်
ငါဝန်းသာဟှယ်။ သူးနို့လေဟှာ နန်းနို့ကိုယ်စား ငါ့ဟို့ပြုစုဂေ့ဟှယ်။
18 သူးနို့လေဟှာ နန်းနို့စိဟို့ သတ်သာစေဟူမျိုး ငါရဲ့စိဟို့လည်း
သတ်သာစေဂေ့ဟှယ်။ အယ်မျိုးသူလေဟို့ သိမှတ်ပြုဂေ့ပါ။
19 အာရှပြည်မာရှိဟူ သင်းတော်လေဟှာ နန်းနို့လေဟို့ နှောက်ဆစ်ဂေ့ဟှယ်။
အာကုလန ပြစ်ကိလဟှနေစဘီး သူးနို့အီမာ ဝတ်ပြုကိုးကွယ်ဂေ့ဟူ
သင်းဝမ်သူလေဟှလည်း သခင်ဘုရားရဲ့ နာမတော်အားဖြင့် နှောက်ဆစ်ဂေ့ဟှယ်။
20 ညီကိုအားလောင်းဟှလည်း နန်းနို့ဟို့ နှောက်ဆစ်ဂေ့ဟှယ်။
နန်းနို့ဟှ ယော့-က်နယော့-က် သန့်ရှင်းဟူနမ်းန နှောက်ဆစ်ဂေ့ပါ။
21 အယ်နှောက်ဆစ်စကားဟို့ ငါပေါလုကိုယ်တိုင် ငါ့လတ်န ရေးလိုက်ပါဟှယ်။
22 သခင်ဘုရားဟို့ ရှစ်ဘဲဟူ ဖယ်သူဘဲ့ဖြစ်ဖြစ် ကီရှင်းဟို့ ခံရပါစေ!
မာရာနာ သာ သခင်ဘုရား ကြွလာတော်မူပါ!
23 သခင်ယေရှုခရစ်ရဲ့ ကျေးဇူးတော်ဟှာ နန်းနို့လေမာရှိပါစေ။

16:10 ၁၆.၁၀ ၁ ကော ၄.၁၇ * **16:12 ၁၆.၁၂** သူဟှာ အယ်ခီဒူးဟှ လာဟို့ လောင်းဝ ဆန္ဒမှေ့ဟှ၊ အယ်မျိုးမှုဘဲနေဟှာ ဘုရားသခင်လိုတော် လောင်းဝ မှေ့ဟှ။ **16:15 ၁၆.၁၅** ၁ ကော ၁.၁၆ **16:19 ၁၆.၁၉** တ ၁၈.၂

24 ယေရှုခရစ်တော်နှိုက် တဗဲတော်ဖြစ်ဟူ နန်းနှိုလေမာ ငါရဲ့ရှစ်ရှင်းမြစ်တာရှိဟုယ်။
အာမင်။

၂ ကောရိန္သု
ကောရိန္သု သင်းတော်ဟို့ ပေါလုရဲ့ ဒုတိယပေးစာ
နိဒါန်း

ကောရိန္သုသင်းတော်ဟို့ ပေါလုရဲ့ ဒုတိယပေးစာ ဟာ ခရစ်တော် မွီးဘီးန ၅၅-၅၈ ခုနှစ်လော့-က်မာ တမန်တော်ပေါလုဟ့ ရေးဟ့ားလေဟ့ယ် (၁.၁)။ အယ်စာဟ့ာ ကောရိန်ဖြို့မာရှိဟ့ူ သင်းတော်ဟို့ ပေါလုရေးဟ့ားဟ့ူ ပေးစာနှေ့စောန်ထဲဟ့ု ဒုတိယပေးစာ ဖြစ်ဟ့ယ်။ ပေါလုဟ့ာ ကောရိန္သု သင်းတော်ဟို့ ရရာတိုင်း ကြမ်းထန်ဟ့ူ စာဟို့ ရေးဟ့ားဟ့ယ် ဆိုဘီး ကျမ်းစာပညာရှင်လေဟ့ု ယောင်ကြည်လေဟ့ယ်။ ကျွန်တော်ဟ့ားလေထဲဟ့ု ၂.၃-၄ သူရည်ညွှန်ဟ့ားဟ့ူ အယ်စာရဲ့ မိတ္တူလေဟ့ု မှေ့ဟ့မ်း။ ကောရိန္သု သင်းတော်ဟို့ ပေါလုရဲ့ ဒုတိယပေးစာဟ့ာ မာကေဒေါနိပြည်မာ ပေါလုရှိနေခီဒူးဟ့ု ရေးဟ့ားဇာ ဖြစ်နိုင်ဟ့ယ် (၂.၁၃)။

ကောရိန္သု ဒုတိယပေးစာဟ့ာ ပေါက်ကိုရေးဆန်ဘီး စိခံစားချစ်ခန ရေးဟ့ားဟ့ူ တခုဒဲဟ့ူ ပေးစာဖြစ်ဟ့ယ်။ ပေါလုဟ့ာ ကောရိန်ဖြို့ဟ့ု သင်းတော်ရဲ့ ကောန်းဟ့ူဒန်းဟို့ တိတုနားဟ့နေ ကြားရဟ့ူကြောန့် ဝန်းသာကြောန်းဟို့ ဖော်ပြဟ့ားဟ့ယ်။ ပေါလုဟ့ာ ယုဒပြည်ဟ့ု ယောင်ကြည်သူလေဟို့ ကူညီမဇဟို့တွပ် ကပ်လေကော့-က်ဟို့ ညွှန်ကြားချစ် ပေးဟ့ားဟ့ူကြောန့် ဓမ္မသစ်ကျမ်းဟ့နေ ပေးကမ်းဇာနဆိုင်ဟ့ူ ကြောန်းရာဟို့ သေးစိသွန်သန်ဟ့ားဇာဟို့ တွိရဟ့ယ် (၂ ကော ၈—၉)။ အယ်ပေးစာဟ့ာ ပေါလုဟို့ ဆန့်ကျင်ဟ့ူ သင်းတော်ထဲဟ့ု လူတချို့ဟို့ သင်းတော်ပ့လန်ဟ့ု တမန်တော်တုယောန်တချို့ဟ့ု သောင်းခ့လနေဟ့ယ် ဆိုဘီး ထန်ရဟ့ယ်။ အယ်လူလေဟ့ာ ပေါလုရဲ့ ခွမ့်အာဇာဟို့ သံသယရှိဂေ့ဟ့ယ်။ အယ်ကြောန့် ကောရိန္သု ဒုတိယပေးစာရဲ့ ဆောင်းထိအောန် ယေရှုရဲ့ တမန်တော် တပါးဖြစ်ဟ့ူကြောန်း သူ့ရဲ့ ခွမ့်အာဇာဟို့ ခိုင်းခိုင်မားမာဟ့ား ဖော်ပြဟ့ားဟ့ယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟ့ာ သင်းတော်ဟို့ နှောက်ဆစ်ဇာန သူ့ပေးစာဟို့ နိဒါန်းပျိုးဟ့ားဟ့ူကြောန်း (၁.၁-၇)

၂။ ပေါလုဟ့ာ သူ့ခရီးစဉ် ပ့လောန်းလိုက်ဟ့ူ ကြောန်းန သူ့ရဲ့ ပထမပေးစာဟို့ သူးနို့ရဲ့ တုံ့ပ့လန်ချစ်ဟို့လည်း လတ်ခံရရှိဟ့ယ် ဆိုဘီး ပြောပြဟ့ားဟ့ူကြောန်း (၁.၈—၇.၁၆)

၃။ ပေါလုဟ့ာ ယုဒပြည်ဟ့ု ယောင်ကြည်သူလေတွပ် ကပ်လေကော့-က်ဟို့ ညွှန်ကြားချစ် ပေးဟ့ားဟ့ူကြောန်း (၈.၁—၉.၁၅)

၄။ ပေါလုဟ့ာ သူ့ရဲ့ တမန်တော် ရိုက်ရာတွပ် ကာကွယ်ဟ့ားကြောန်းန သူ့ရဲ့ နော့-က်ထပ် ခရီးစဉ်ကြောန်းဟို့ ဒီပေးဇာန နိဂေါန်းချောက်ဟ့ားဟ့ူကြောန်း

(၁၀.၁—၁၃.၁၀)

1 ဘုရားသခင်ရဲ့ လိုတော်ကြောင့် ယေရှုခရစ်တော်ရဲ့ တမန်တော်ဖြစ်ခန့်ဟားခံရဟူ ပေါလုန နိုဉီ တိမောသေနားဟုနေ —
ကောရိန်ဗြိုမာရှိဟူ ဘုရားသခင်ရဲ့ သင်းတော်နှ သင်းဝမ်ဟူ လူလေန အခါယပြည်နယ်မာရှိဟူ ဘုရားသခင်ရဲ့ သန့်ရှင်းဟူ လူမျိုးတော်လေ ဂူလောင်းဟို့ စာရေးလိုက်ဟုယ်။
2 နိုလေရဲ့ဖ ဖြစ်ဟူ ဘုရားသခင်နှ သခင် ယေရှုခရစ်တော်နားဟုနေဘီး ကျေးဇူးတော်နှ ငြိသတ်ရှင်းဟုာ နန်းနိုထတ်ဟို့ ရော့-က်လာပါစေ။

ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းဟူကြောန်း

3 နှစ်သိမ့်ပေးဟူ သခင်၊ ကရုဏာတော်လေန ပုလဲ့ဇောင်ဘီး ကြွယ်ဝဟူဖ ဖြစ်ဟူ၊ နိုလေရဲ့ သခင် ယေရှုခရစ်တော်ရဲ့ဖ ဘုရားသခင်ဟို့ နိုလေ ချီးမွမ်းဂေ့ဇို့။
4 နိုလေဟုာ ဆင်းရဲဒေါက်ခမျိုးမျိုး ခံရဂေ့ဟူ ခီမာ ကိုယ်တော်ဟုာ နိုလေဟို့ နှစ်သိမ့်မူလေဟို့ ပေးဟုယ်။ အယ်ကြောန့် နိုလေဟုလည်း ဘုရားသခင်နားဟုနေ အယ်မျိုးရဟူ နှစ်သိမ့်မူလေန ဒေါက်ခခံရဂေ့ဟူ လူလေဟို့ ပ့လန်ဘီးဟုာ အားပေးနိုင်ဟုယ်။
5 နိုလေဟုာ ခရစ်တော်ခံစားရဟူ ရရာတိုင်းများဟူ ဒေါက်ခဆင်းရဲလေဟို့ ခံစားရမျိုးဘဲ့ ခရစ်တော်အားဖြင့် နှစ်သိမ့်မူလေဟို့ ခံရဂေ့ဟုယ်။
6 နိုလေဟုာ ဆင်းရဲဒေါက်ခ ခံရဇာဟုာ နန်းနိုတွပ် နှစ်သိမ့်မူန ကယ်တန်ရှင်း ကျိုးတွပ်ဘဲ့ဖြစ်ဟုယ်။ နိုလေဟုာ နှစ်သိမ့်မူ ခံစားရဂေ့ဟူ ခီမာ နန်းနိုလေရဲ့ နှစ်သိမ့်ဟူရှင်း တွပ်ဘဲ့ဖြစ်ဘီး အယ်မျိုးနှစ်သိမ့်ဇာဟုာ နိုလေခံရဟူ ဆင်းရဲဒေါက်ခလေမျိုးမာ နန်းနိုဟုာ သီးခံနိုင်ဟူ ခွန်အားဟို့ ဖြစ်စေဟုယ်။
7 နန်းနိုတွပ် နိုလေရဲ့ မျှော်လင့်ဇာဟုာ ခိုင်မြဲဘီး ရှိနေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ နန်းနိုဟုာ နိုလေရဲ့ ဆင်းရဲဒေါက်ခလေဟို့ မျှဝီခံစားရဟူမျိုးဘဲ့ နိုလေရဲ့ နှစ်သိမ့်မူလေဟို့လည်း မျှဝီခံစားရမယ် ဆိုဇာဟို့ နိုလေ သိဂေ့ဟုယ်။
8 ညီကို မောန့်နမလေ၊ အာရှိပြည်မာ နိုလေခံရဟူ ဆင်းရဲဒေါက်ခ ကြောန်းလေဟို့ နန်းနိုလေဟို့ သိဘဲန နေစေရှင်ဟု။ နိုလေဟုာ ကိုယ့်ရဲ့ ခံနိုင်ဟူစွမ်းရည်ထတ် ပိုဘီး ဟုာ ရရာတိုင်းကီးဟူ ဆင်းရဲဒေါက်ခဟို့ ခံရဟူကြောန့် သတ်ရှင်ဟို့တွပ် မျှော်လင့်ချစ် မွေ့ဂေ့ဟုမ်း။
9 နိုလေဟုာ သေဒန်စီရင်ခံရဟူ လူလေဖြစ်ဟုယ် ဆိုဘီး ကိုယ့်ကိုယ်ကိုယ် ထန်မှတ်ဂေ့ဟုယ်။ အယ်ဘေမဲ့ အယ်မျိုးဖြစ်ပျစ်ဇာဟုာ နိုလေဟုာ ကိုယ့်ကိုယ်ကိုယ် အားကိုးဘဲန သေဟုားဟူ လူလေဟို့ ရှင်ပ့လန်ထမြော့-က်စေဟူ ဘုရားသခင်ဟို့ အားကိုးဂေ့ဟို့တွပ် ဖြစ်ဟုယ်။
10 ကိုယ်တော်ဟုာ အယ်မျိုး ကြော့-က်ဇာကောန်းဟူ သေဘေး * ဟုနေဘီး နိုလေဟို့

1:1 ၁.၁ တ ၁၈.၁ **1:8 ၁.၈** ၁ ကော ၁၅.၃၂ * **1:10 ၁.၁၀** ကြော့-က်ဇာကောန်းဟူ သေဘေး၊ တချို့ မူရင်းလတ်ရေးမူလေမာ ဆိုးဝါးဟူ သေဘေး၊ ဆိုဘီး ပါရှိဟုယ်။

ကယ်တန်လိုက်ဟုယ်။ ကိုယ်တော်ဟာ နို့လေဟို့ နော့-က်တခါလည်း ကယ်တန်မယ်
ဆိုဇာဟို့ နို့လေဟာ ကိုယ်တော့်ဟို့ မျှော်လင့်ဟူကြောန့်၊
11 ဘုရားသခင်ဟာ နန်းနို့ တောန်းလျှော့-က်ဘီး ဆုတောန်းဇာလေဟို့ နားထောန်ဘီး
နို့လေဟို့ ကောန်းဂျီးပေးလေ့မယ်။ လူလေဘောင်ဂီးဟုလည်း နို့လေတွပ် ကျေးဇူးတော်
ချီးမွမ်းဂေ့လေ့မယ်။

ပေါလု စီစဉ်ပ့လောန်းဟူကြောန်း

12 နို့လေရဲ့ သိစိဟို့ ထော့-က်ခံဘီး ဝါကြွားဇာတခုဟု အယ်လောကမာ သတ်ရှင်ဟူ
ခီကာလမာ နန်းနို့န ဆစ်ဆံဟူ ခီမာ လူလေရဲ့ ဇာတိသိပညာလေဟို့ မှီပြုဘဲန
ဘုရားသခင်ရဲ့ ကျေးဇူးတော် တဂိုးဟို့ဘဲ့ မှီပြုဘီး နို့လေဟာ
ဘုရားသခင်ပေးသနားဟုားဟူ စိရိုးသဘောရိုးန ပွမ့်ပွမ့်လန်းလန်းဟုား[†]
သတ်သေခံဘီးဟုား သတ်ရှင်ဂေ့ဟုယ်။
13 ခု နို့လေရေးပေးလိုက်ဟူ စာလေဟာ နန်းနို့လေဖတ်ဘီး နားလည်နိုင်ဟူ
ကြောန်းရာလေဘဲ့ ဖြစ်ဟုယ် ဆိုဇာဟို့ နို့လေမျှော်လင့်ဟုယ်။
14 နို့လေရဲ့ သခင်ယေရှု ကြွလာဟူနေ့ရစ်မာ နို့လေဟာ နန်းနို့တွပ်
ဂေါင်ယူဝါကြွားနိုင်ဟို့မျိုးဘဲ့ နန်းနို့ဟုလည်း နို့လေတွပ် ဂေါင်ယူဘီး ဝါကြွားနိုင်ဟို့တွပ်
နန်းနို့ဟုခု တစိတဒေသအားဖြင့် သိဘီး နားလည်ဂေ့ဟူ ကြောန်းရာလေဟို့
ပ့လဲ့ဝစောင်လင်ဘီး နားလည်လာဂေ့လေ့မယ် ဆိုဇာဟို့ ငါမျှော်လင့်ဟုယ်။
15 အယ်မျိုး စိခ့လကြောန့် နန်းနို့ဟာ ကျေးဇူးတော်ဟို့ နှေ့ထပ်ကွမ်း
ခံစားရစေပို့တွပ် နန်းနို့နားဟို့ ဦးဆောင်းလာရှင်ဟုယ်။
16 အယ်ကြောန့် မာကေဒေါနိပြည်ဟို့ သွားဟူ ခီမာလည်း တခါ၊ အယ်ပြည်ဟုနေဘီး
ပ့လန်လာဟူ ခီမာလည်း တခါ နန်းနို့နားဟို့ ဝမ်ဘီးန ယုဒပြည်ဟို့ သွားနိုင်ဟို့တွပ်
နန်းနို့နားမာ ကူညီတောန်းဟို့ ကြဲရှိဟုယ်။
17 အယ်မျိုး ကြဲစည်ဇာဟုာ ငါမာ စိနှေ့ခွရှိနေကြောန့်လော။ ငါဟုာ ကြဲစည်ဘီး
ဆောင်းဖြတ်ဟူ ခီမာလည်း တကိုယ်ကောန်း သဘောန ဆောင်းဖြတ်နေလော။
တခီထဲမာဘဲ့ ဟောက်မှန်ဟုယ် ဆိုဇာရော၊ ဟောက်မှန်ဟု ဆိုဇာရော စကားဟုာ
နှေ့ခွဖြစ်နေလော
18 ဘုရားသခင်ဟုာ သစ်စာန ပ့လဲ့ဇောင်ဟူမျိုးဘဲ့ နို့လေပြောဟူ
စကားဟုလည်းနှေ့ခွ မူဟု။
19 သိလွာန၊ တိမောသေန ငါအားဖြင့် နန်းနို့ထဲမာ ဟောပြောဟုားဟူ ဘုရားသခင်ရဲ့
သားတော် ယေရှုခရစ်ဟုာ “ဟောက်မှန်ဟုယ်” “ဟောက်မှန်ဟု” ဆိုဇာဟုာ မှေ့ဟု။
အယ်ဘေမဲ့ ကိုယ်တော်နှိုက် မြဲဒမ်း “ဟောက်မှန်ဟုယ်” ဆိုဇာဘဲ့ ရှိဟုယ်။
20 ဖြားဖြစ်ကြောန့်နူးဆိုဟုာ ဘုရားသခင်ရဲ့ ဂဒိတော်လေ ဂူလောင်းဟုာ
ခရစ်တော်နှိုက် “ဟောက်မှန်ဟုယ်။” အယ်ကြောန့် နန်းနို့လေဟာ ဘုရားသခင်ရဲ့

---

† **1:12 ခ.၁၂** ပွမ့်ပွမ့်လန်းလန်းဟုား၊ တချို့ မူရင်းလတ်ရေးမူလေမာ သန့်သန့်ရှင်းရှင်းဟုား။ **1:16 ခ.၁၆** တ ၁၉.၂၁ **1:19 ခ.၁၉** တ ၁၈.၅

ဖောင်းသရေတော်ဟို့ ချီးမြှော့-က်ဟို့တွပ် ကိုယ်တော်အားဖြင့် “အာမင်” ဆိုဘီး
ပြောဂေ့ဟုယ်။
21 နန်းနို့်နဲ့ နို့်လေဟို့ ခရစ်တော်နဲ့ တလောင်းတဝဲ့ ဖြစ်စေဘီး ဘိသိပေးသူဟုာ
ဘုရားသခင် ကိုယ်တိုင်ဘဲ့ ဖြစ်ဟုယ်။
22 သူ့ရဲ့ လူစုဝမ်းလေဟို့ တဇီခတ်လိုက်ဘီး၊ လာဟို့ နာဂတ်ကာလမာ နို့်လေတွပ်
အာမခံချစ်ဖြစ် ဘုရားသခင်ဟုာ နို့်လေရဲ့ စိန္နလောင်းထဲမာ သန်းရှင်းဟူဝိညာဉ်တော်ဟို့
ထဲ့ဟုားဟုယ်။
23 ကောရိန္ဒိုဖြို့ဟို့ လာဘဲဟို့တွပ် ဆောင်ဖြတ်ဇာဟုာ နန်းနို့်ဟို့ ညာ့တာဟူကြောန့်
ဖြစ်ဟုယ် ဆိုဇာဟို့ ဘုရားသခင်ဟုာ ငါ့ရဲ့ သတ်သေဖြစ်ဟုယ်။
24 နန်းနို့်ဟုာ ဖြားဇာဟို့ ယောင်ကြည်ရမယ်နူး၊ ဆိုဘီး နန်းနို့်ဟို့ မိန့်ပေးဟို့တွပ် ငါဟုာ
ကြိုးစားနေဇာ မူဟု။ နန်းနို့်ရဲ့ ယောင်ကြည်ရှင်းဟုာ ခိုင်မာနေဇာဟို့ နို့်လေ သိဂေ့ဟုယ်။
အယ်ကြောန့် နို့်လေဟုာ နန်းနို့်လေဟုာ ရွှင်လန်းဘီး ဝန်းသာနေဟို့တွပ် နန်းနို့်လေရဲ့
လောက်ဖော်ဆောန်ဖတ်လေဘဲ့ ဖြစ်ဟုယ်။

2

1 အယ်ကြောန့် နန်းနို့်နားဟို့ ငါ နော့-က်တခါ လာဟူ ခီမာ နန်းနို့်ဟို့ ဝန်းနဲစေမယ်
ဖြစ်ဟူကြောန့် ငါလာဘဲဟို့တွပ် စိဆောင်းဖြတ်လိုက်ဟုယ်။
2 ငါဟုာ နန်းနို့်ဟို့ ဝန်းနဲစေမယ် ဆိုဟုာ ငါ့ဟို့ ဝန်းသာစေဟူသူ ဖယ်မာရှိမယ်နူး။
ငါ့ကြောန့် ဝန်းနဲရဟူ လူလေဟုလွဲဘီး ဖယ်သူဟုာ ငါ့ဟို့ ဝန်းသာစေဟို့နူး။
3 ငါလာမယ် ဆိုဟုာ ငါ့ဟို့ ဝန်းသာစေဟူ လူလေဟု ငါ့ဟို့ ဝန်းနဲစေမာဟို့
စိုးရိမ်ဟူကြောန့် ရင်ဟုစာဟို့ ငါရေးဘီး ပို့ပေးလိုက်ဇာ ဖြစ်ဟုယ်။ ငါဟု ဝန်းသာမယ်
ဆိုဟုာ နန်းနို့်လေဟုလည်း ဝန်းသာဂေ့မယ် ဆိုဇာ ငါဟုာ ယောင်ကြည်ဟုယ်။
4 ငါဟုာ ရရာတိုင်း စိန္နလောင်း ပူပန်သောက ရော့-က်ဘီး မျစ်ရယ်ဘောင်ဂီး
က့လဘီးဟုာ အယ်စာဟို့ ရေးလိုက်ဇာဖြစ်ဟုယ်။ အယ်ကြောန့် နန်းနို့်ဟို့
ဝန်းနဲစေရှင်ကြောန့် မူဘဲ နန်းနို့်ဟို့ ငါဟုာ ရရာတိုင်း ရှစ်ကြောန်းဟို့ သိစေရှင်ဟူကြောန့်
ရေးလိုက်ဇာ ဖြစ်ဟုယ်။

ပြစ်မှားဟူလူဟို့ ပြစ်လွတ်ဟူကြောန်း

5 လူတယော့-က်ဟု တယော့-က်ဟို့ ဝန်းနဲအောန် လောက်ဟူ ခီမာ ငါ့ဟို့ဘဲ့မူဘဲန
နန်းနို့်အားလောင်း အယ်မျိုးမူဘဲနေဟုာ နန်းနို့်ထဲဟု တချို့ဟို့ ဝန်းနဲစေဟုယ်။
(အယ်လူလေဟို့ ကျပ်ကျပ်တဲတဲဟုား စီရင်ရှင်ဘဲကြောန့် အယ်မျိုးပြောဇာ ဖြစ်ဟုယ်။)
6 နန်းနို့် လူဘောင်ဂီးရဲ့ ဒန်ပေးဇာဟို့ ခံရဇာဟုာ အယ်လူတွပ် လောင်လော့-က်ဟူ
ပြစ်ဒန်ဖြစ်ဟုယ်။
7 အယ်ဘေမဲ့ အယ်လူဟုာ ခံနိုင်ဘဲဟူ ဝန်းနဲမူ ဖြစ်ဘဲအောန် ခု နန်းနို့်ဟု သူ့ဟို့
ပြစ်လွတ်ဘီး အားပေးဂေ့ပါ။

8 အယ်ကြောင့် နန်းနို့ဟာ သူဟို့ တကယ်ဘဲ့ မြစ်တာထားဟုယ် ဆိုဇာဟို့ သူသိဟို့တွပ်
နန်းနို့ဟို့ ငါဟု တောန်းဗန်ဟုယ်။
9 ရင်ဟု ငါဟာ စာရေးရဟူကြောန်းဟု နန်းနို့ဟာ စောင်ဇမ်းနှောက်ယုစ်ဇာဟို့
ဖယ်မျလော့-က် ခံနိုင်ဟုယ် ဆိုဇာရော၊ ငါပြောဟုားဟူ ဇာလေဟို့ လိုက်နာဟို့တွပ်
နာခံမူ ရှိမရှိ ဆိုဇာဟို့ရော သိဟို့တွပ်ဘဲ့ ဖြစ်ဟုယ်။
10 နန်းနို့ဟာ ယော့-က်ယော့-က်ဟို့ ပြစ်လွတ်ဟူ ခီမာ ငါဟုလည်း တခုခုဟို့
ခွမ့်လွတ်ဟို့တွပ် လိုမယ် ဆိုဟာ နန်းနို့ရဲ့ မျစ်နာဟို့ ထော့-က်ဘီး ခရစ်တော်ရဲ့ရှေ့မာ
အယ်လူရဲ့ ပြစ်ဟို့ ငါလွတ်ဟုယ်။
11 အယ်မျိုးလောက်မှ စာတန်ဟု နို့လေဟို့ နိုင်ဘဲဟို့တွပ် တားဟုားနိုင်ဟုယ်။
ဖြားဖြစ်ကြောန်နူးဆိုဟာ နို့လေဟာ စာတန်ရဲ့ ကြံစည်လေဟို့ သိဂေ့ကြောန့် ဖြစ်ဟုယ်။

တရောဗြို့မာ ပေါလုရဲ့ စိန့လောင်း ပူပန်ရဟူကြောန်း

12 ခရစ်တော်ရဲ့ ဒန်းကောန်းဟို့ ဟောပြောဟို့တွပ် တရောဗြို့ဟို့ ငါဟာ ရော့-က်ဟူ
ခီမာ မူတော်ဟို့ ထမ်းဆောန်နိုင်ဟို့တွပ် ခွဗော့-က်လေဟို့ သခင်ဘုရားဟု
ဖွမ့်ပေးဟုားဟုယ်။
13 အယ်ဘေမဲ့ နို့လေရဲ့ညီ တိတုဟို့ တွိဘဲ့ကြောန့် ငါဟာ ရရာတိုင်း စိသောက
ဖြစ်ဟုယ်။ အယ်ကြောန့် အယ်ဗြို့မာရှိဟူ လူလေဟို့ နှောက်ဆစ်ဘီးဟာ ငါဟာ
မာကေဒေါနိပြည်ဟို့ သွားဟုယ်။

ခရစ်တော်ကြောန့် အောန်မြင်ဟူကြောန်း

14 အယ်ဘေမဲ့ နို့လေဟို့ ခရစ်တော်အားဖြင့် မြဲဒမ်းအောန်ဗဲ့ဟို့ ခံစေဘီးဟာ
ကိုယ်တော့်ဟို့ သိရှင်းရဲ့ မွှီးနုံ့ဟာ နေရာတိုင်းဟို့ နို့လေအားဖြင့် ပုလုံ့နှံ့စေဟူ
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းဟုယ်။
15 ဖြားဖြစ်ကြောန်နူးဆိုဟာ နို့လေဟာ ဘုရားသခင်ဟို့ ခရစ်တော်ပူဇော်ဟူ ရရာတိုင်း
မွှီးဟူနုံသာနံ့ ဖြစ်ဟုယ်။ အယ်နံ့ဟာ ကယ်တန်ရှင်း ခံရခါနီးဟူ လူလေနားဟို့ရော၊
ပျစ်စီးဆောင်းရှောင်းခါနီးဖြစ်ဟူ လူလေနားဟို့ရော ပုလုံ့နှံ့ဟုားဟုယ်။
16 ပျစ်စီးဆောင်းရှောင်းခါနီးဖြစ်ဟူ လူလေတွပ် အယ်နံ့ဟာ သေရှင်းရဲ့နံ့ ဖြစ်ဘီး
ကယ်တန်ခံနေရဟူ လူလေတွပ် သတ်ရှင်ရှင်းရဲ့နံ့ ဖြစ်ဟုယ်။ အယ်ကြောန့်
အယ်မျိုးမူဟို့ ဖယ်သူဟု လောက်နိုင်ဟို့နူး။
17 နို့လေဟာ တခြားလူဘောင်ဂီးလေမျိုး ဘုရားသခင်ရဲ့ စကားတော်ဟို့
ပေါဇားကူပစ်စီးမျိုး ရောန်းဝယ်ဇာလေမျိုး လောက်ဂေ့ဟု။ အယ်ဘေမဲ့ နို့လေဟာ
ဘုရားသခင် စေလွတ်ဟုားဟူ လူလေဖြစ်ဘီး ခရစ်တော်နှိုက် စေခံလေနေန
ဘုရားသခင်ရဲ့ ရှေ့မာ စကားတော်ဟို့ စိရှင်းရှင်းန ဟောပြောဂေ့ဟုယ်။

3

ပဋိညာဉ်တရားသစ်ရဲ့ စေခံလေကြောန်း

1 အယ်မျိုးပြောဇာဟု နို့လေဟု ဝါကြွားဇာဖြစ်ဟုးလော။ တချို့လူလေမျိုး
နို့လေဟု ထော့-က်ခံစာလေဟို့ နန်းနို့ဟို့ ပေးဟို့တွပ် လိုဘဲ့လော။ အယ်မျိုးမှုဘဲနေဟု
နန်းနို့နားမာ နို့လေဟု ထော့-က်ခံစာလေဟို့ တောန်းရဟို့လော။
2 နန်းနို့ကိုယ်တိုင်ဘဲ့ နို့လေရဲ့ ထော့-က်ခံစာလေ ဖြစ်ဂေ့ဟုယ်။ အယ်စာဟို့
လူတိုင်းဖတ်နိုင်ဘီး သိနိုင်ဟို့တွပ် နို့လေရဲ့ နှလောင်းသားထဲမာ ရေးဟုးဟုယ်။
3 အယ်စာဟို့ ခရစ်တော်ကိုယ်တိုင်ဟု ရေးဘီး ပေးပို့လိုက်ဇာဟု ထန်ရှားဟုယ်။
အယ်စာဟု မှန်ရယ်န ရေးဟုးဟူစာ မူဟု။ အယ်ဘေမဲ့ သတ်ရှင်ဟူဘုရားသခင်ရဲ့
ဝိညာဉ်တော်န ရေးဟုးဟူစာ ဖြစ်ဟုယ်။ အယ်စာဟို့ ကွလော့-က်ပ့လားထတ်မာ
ရေးဘဲန လူနှလောင်းသား ကွလော့-က်ပ့လားထတ်မာ ရေးဘီး နို့လေပြုစုဟုးဟူ
ခရစ်တော်ဟို့ ထန်ရှားစေဟူ စာဖြစ်ဟုယ်။
4 နို့လေဟု ခရစ်တော်ဟို့ မှီပြုဘီး ဘုရားသခင်ရဲ့ရှေ့မာ အယ်မျိုး
ယောင်ကြည်စိခ့လမူဟို့ ရဂေ့ဟုယ်။
5 အယ်ကြောန့် နို့လေဟု အယ်မူဟို့ ထမ်းဆောန်နိုင်ဟုယ်ဆိုဇ ပြောနိုင်ဟို့တွပ်
နို့လေမာ ဖြားစွမ်းရည် သတ်တိလေလည်း မှေ့ဟု။ နို့လေမာရှိဟူ စွမ်းရည်ဟု
ဘုရားသခင်နားဟုဘဲ့ ရလာဟုယ်။
6 နို့လေဟု ပဋိညာဉ်တရားသစ်တွပ် မူဆောန်နိုင်ဟို့တွပ် ဘုရားသခင်ဟု နို့လေဟို့
စွမ်းသတ်တိလေဟို့ ပေးဟုးဟုယ်။ အယ်ပဋိညာဉ် တရားသစ်ဟု အကွရာတန်ဟုးဟူ
ပညတ်တရား မူဟု။ ဝိညာဉ်တော်တရား ဖြစ်ဟုယ်။ အကွရာတန်ဟုးဟူ ပညတ်ဟု
သတ်ဟို့ သေစေတတ်ဘေမဲ့ ဝိညာဉ်တော်ဟု သတ်ရှင်စေဟုယ်။
7 ကွလော့-က်ပ့လားထတ်မာ အကွရာတန်ဟုးဟူ သေတတ်ဟူ မူဟုာလည်း
ဘုရားသခင်ရဲ့ ဖောင်းသရေတော်န ရော့-က်လာဟုယ်။ အယ်ကြောန့် မောရှေရဲ့
မျစ်နှာမာ တော့-က်ပမူဟု ရောန်မှေးလာဘေမဲ့လည်း ဖောင်းသရေတော်ကြောန့်
ကွသရေလ လူမျိုးလေဟု သူ့ဟို့ စေ့စေ့ကေ့နိုင် ဂေ့ဟု ဆိုဟု
8 ဝိညာဉ်တော်န ဆိုင်ဟူ မူဟု ပိုဘီး ဟု ဖောင်းသရေတော်န တော့-က်ပလေ့မယ်
မူဟုလော။
9 ပြစ်ဒန်စီရင်ဇာန ဆိုင်ဟူ ဇာဟု ဖောင်းသရေတော်န ပ့လဲ့ဇောင်ဟုယ် ဆိုဟု
ဖြောန့်မတ်ရှင်းန ဆိုင်ဟူ ဇာဟု ပိုဘီး ကီးမားဟူ ဖောင်းသရေတော်န
ပ့လဲ့ဇောင်လေ့မယ်။
10 ခုခါမာ ရရာတိုင်း မြတ်ဟူ ဖောင်းသရေတော်ကြောန့် ရင်းရင်ဒူးဟု ရရာတိုင်း
တော့-က်ပဟူ ဖောင်းသရေတော်ဟု ပျော့-က်ကွယ်ဟုးဟုယ်။
11 ရှစ်ဟုးဘဲ့ တည်ဟူဇာဟု ရှိဖူးဟုယ် ဆိုဟု ထာဝရတည်ဟူဇာမာ ဖယ်မျှထိ
ပိုဘီး ဟု ဂေါင်သရေ ရှိလေ့မယ်နူး။
12 နို့လေဟု အယ်မျိုး မျော်လင့်ဇာရှိဟူကြောန့် ရရာတိုင်း ရဲရင့်ဂေ့ဟုယ်။
13 နို့လေဟု မောရှေမျိုး မူဟု။ သူမျစ်နှာမာ ရရာတိုင်း တော့-က်ပဟူရောန်ဟု
မှေးဟုးဘီး ပျော့-က်ဟုးဟူဇာဟို့ ကွသရေလလူမျိုးလေဟု ဗြင်နိုင်ဘဲ့နေအောန်

မျစ်နှာဟို့ ပဝါန ဖောင်းဟှားရဟှယ်။
14 ကွသရေလလူမျိုးလေရဲ့ စိန္နလောင်းဟှာ ထိုင်းမိုင်းဘီးနေဟှယ်။ ခုခီထိဘဲ့
ပဋိညာဉ်တရားဟောန်းဟို့ ဖတ်ဟူခါတိုင်းမာ သူးနို့ စိန္နလောင်းဟှာ အယ်ပဝါန
ဖောင်းဟှားဘီး ရှိနေဟှယ်။ ခရစ်တော်နှိုက် ပဝါဟို့ ဖယ်ပစ်နိုင်ဟှယ်။
15 ခုထတ်ထိဘဲ့ မောရှေရဲ့ ပညတ်ကျမ်းဟို့ ဖတ်ဂေ့ဟူ ခီမာလည်း သူးနို့ရဲ့
စိန္နလောင်းဟှာ ပဝါန ဖောင်းဟှားမျိုးဘဲ့ ရှိသေးဟှယ်။
16 အယ်ဘေမဲ့ သူဟှာ သခင်ဘုရားနားဟို့ ပ့လောန်းလဲလာဟူ ခီမာ သူ့ရဲ့
ဖောင်းဟှားဟူပဝါဟှာ ဖယ်ရှားခံလိုက်ရဟှယ်။
17 အယ်ကြောန့် “သခင်ဘုရား” ဆိုဘီး ခေါ်ဇာဟှာ ဝိညာဉ်တော်ဟို့ ခေါ်ဇာဖြစ်ဟှယ်။
သခင်ဘုရားရဲ့ ဝိညာဉ်တော်ရှိဟူ နေရာမာ လွတ်လပ်မှုရှိဟှယ်။
18 အယ်ကြောန့် နို့လေဂူလောင်းဟှာ မျစ်နှာဖောင်းမှေဘဲန သခင်ဘုရားရဲ့
ဖောင်းသရေတော်ဟို့ ရောန်ပ့လန်ဟပ်ဘီး ရှိဂေ့ဟှယ်။ ဝိညာဉ်တော်တရားဖြစ်ဟူ
သခင်ဘုရားလွတ်လိုက်ဟူ ဖောင်းသရေတော်ဟှာ နို့လေဟို့ မြဒမ်းဖောင်းသရေတော်
တိုးပွားစေဘီး ကိုယ်တော်ရဲ့ ပေါင်သဏ္ဌာန်တော်နတူးဒူ ပ့လောန်းလဲခံရဂေ့ဟှယ်။

4

မ့လေအိုးထဲဟှ ဝိညာဉ်ဘဏ္ဍာကြောန်း

1 ဘုရားသခင်ဟှာ သူ့ရဲ့ ကရုဏာတော်နညီ နို့လေဟို့ အယ်မူဆောန်လောက်ငန်းဟို့
ပေးအပ်ဟူ ခီမာ နို့လေဟှ စိပျစ်အားရော့-က်ဇာ မ့ေဟှ။
2 နို့လေဟှာ ယှစ်ဖွယ်ဖြစ်ဟူ လျှို့ဝှက်ဇာလေဟို့ စွန့်ပစ်ဂေ့ဟှယ်။ နို့လေဟှာ
ကော့-က်ကျစ်ဇာလည်း လောက်ဂေ့ဟှ။ ဘုရားသခင်ရဲ့ စကားတော်ဟို့
မ့ောက်လှန်ဘီးလည်း ဟောပြောဟှ။ နို့လေဟှာ ဘုရားသခင်ရဲ့
မျစ်မ့ောက်တော်မာရော၊ သမ္မာတရားရဲ့ လန်းရောန်မာရော၊ သတ်ရှင်လ့ောက်ရှာဘီး
လူလေရဲ့ သိစိဟှာ ရှင်းရှင်းလန်းလန်းဟှား ဖြစ်ဟို့တွပ် လောက်ဆောန်ဂေ့ဟှယ်။
3 နို့လေ ဟောပြောဟူ ဒန်းကောန်းဟှာ ဖောင်းအောက်ခံရမယ် ဆိုဟှာ သတ်ဝိညာဉ်
ဆောင်းရှောင်းနေဟူ လူလေတွပ်ဘဲ့ ဖောင်းအောက်ခံရဟှယ်။
4 အယ်လောကဟို့ စိုးရဟူ ဘုရားဟှာ အယ်လူလေရဲ့ စိဟို့ မ့ောန်န
ဖောင်းအောက်ဟှားဟူကြောန့် သူးနို့ဟှာ ဒန်းကောန်းဟို့ ယောင်ကြည်ဂေ့ဟှ။
အယ်ကြောန့် ဘုရားသခင်ရဲ့ ပေါင်သဏ္ဌာန်ဖြစ်ဟူ၊ ခရစ်တော်ရဲ့
ဖောင်းသရေတော်ဖြစ်ဟူ ဒန်းကောန်းဟှနေ ထွပ်ပေါ်လာဘီး သူးနို့ထတ်ဟို့
ရော့-က်လာဟူ လန်းရောန်ဟို့ ဗြင်ရဂေ့ဟှ။
5 နို့လေဟှာ ကိုယ့်ကြောန်းလေဟို့ ဟောပြောဇာ မူဟှ။ ယေရှုခရစ်တော်ဟှာ
သခင်ဖြစ်ကြောန်း၊ နို့လေဟှာ သခင်ယေရှုတွပ် နန်းနို့ရဲ့ စေခံလေဖြစ်ကြောန်းဟို့
ဟောပြောဂေ့ဟှယ်။

6 ယေရှုခရစ်တော်ရဲ့ မျက်နှာတော်ဟုနေဘီး ထွန်းတော့-က်နေဟူ
ဖောင်းသရေတော်ကြောန်းဟို့ သိဘီးဟုာ နားလည်နိုင်ဟို့တွပ် နို့လေရဲ့ စိန့လောင်းထဲမာ
လန်းရောန်ပို့ ထွန်းလန်းစေဟို့ ဘုရားသခင်ဟု “မှောန်ထဲဟုနေ လန်းရောန်
ပေါ်ထွပ်လေ့မယ်” ဆိုဘီး ပြောဟုာ်ဟူ ဘုရားသခင်ဖြစ်ဟုယ်။

7 အယ်ကြောန့် နို့လေမာ ချောက်ချာ အာဏာတဂိုး မွေ့ဟု။ ဘုရားသခင်မာဘဲ့
ရှိကြောန်းဟို့ ထန်ရှားစေဟို့တွပ် ဝိညာဉ်ဘဏ္ဍာဟို့ ထီးသီးရဟူ နို့လေဟုာ
မ့လေအိုးလေမျိုး ဖြစ်ဂေ့ဟုယ်။

8 နို့လေဟုာ ခါဘီးခါ ဆင်းရဲဒေါက်ခ ရော့-က်ဂေ့ဘေမဲ့လည်း ပ့လန်ထူဘဲနိုင်အောန်
ဖြစ်ဟု။ တခါတခါမာ စိရောက်ထွေးဘေမဲ့လည်း ဖယ်ခါလည်း စိပြစ်ဟု
9 နို့လေမာ ရန်သူဘောင်ဂီး ရှိဘေမဲ့လည်း မိဆွေမ့ဘဲဟူသူ မူဟု။ လဲက့လအောန်
ထိုးခံရဘေမဲ့လည်း သေဂေ့ဟု။

10 သခင်ယေရှုဟုာ နို့လေရဲ့ ကိုယ်ခန္ဓာမာ သတ်ရှင်ကြောန်းဟို့ ပေါ်စေဟို့တွပ်
နို့လေရဲ့ သေတတ်ဟူ ကိုယ်ခန္ဓာမာ သခင်ယေရှုရဲ့ သေခံရဟူဇာဟို့ နို့လေ မြဲဒမ်း
ဆောန်ဟုားရဟုယ်။

11 နို့လေရဲ့ ပျစ်စီးတတ်ဟူ ကိုယ်ခန္ဓာမာ သခင်ယေရှု သတ်ရှင်ကြောန်းဟို့
ပေါ်လာဟို့တွပ် နို့လေဟုာ သတ်ရှင်နေဟူ ခီကာလမာ သခင်ယေရှုတွပ်
မြဲဒမ်းသေဘေးန ရင်ဆိုင်နေရဂေ့ဟုယ်။ အယ်ကြောန့် နို့လေမာ သေရှင်းဟုာ
လောက်လောက်နေဘေမဲ့ နန်းနို့မာ သတ်ရှင်ရှင်းဟုာ လောက်လောက်နေဟုယ်။

12 အယ်ကြောန့် နို့လေမာ သေရှင်းဟုာ လောက်လောက်နေဘေမဲ့ နန်းနို့မာ
သတ်ရှင်ရှင်းဟုာ လောက်လောက်နေဟုယ်။

13 အယ်မျိုး ယောင်ကြည်ရှင်းစိ ရှိဟူကြောန့် ကျမ်းစာမာ “ငါဟုာ
ယောင်ကြည်ဟူကြောန့် ပြောဟုယ်” ဆိုဘီး ပါလာတိုင်းဘဲ့ နို့လေဟုလည်း
အယ်မျိုးယောင်ကြည်ကြောန့် ပြောဂေ့ဟုယ်။

14 သခင်ယေရှုဟို့ ရှင်ပ့လန်ထမြော့-က်စေဟူ ဘုရားသခင်ဟုာ နို့လေဟို့လည်း
သခင်ယေရှုနတူးဒူ ရှင်ပ့လန်ထမြော့-က်စေဘီးဟုာ နန်းနို့လေနတူးဒူ ရှေ့တော်ဟို့
ခေါ်ဆောန်ဟုားဟူဇာဟို့ နို့လေဟုာ သိဂေ့ဟုယ်။

15 အယ်မှုရာလေဟုာ နန်းနို့ရဲ့ ကျိုးတွပ်ဘဲ့ ဖြစ်ဂေ့ဘီး ဘုရားသခင်ရဲ့
ကျေးဇူးတော်ဟို့ ခံစားရဟူလူလေဟု များလာလေလေ ဘုရားသခင်ရဲ့
ဖောင်းသရေတော်တွပ် ချီးမွမ်းဇန ဆုတောန်းဇာဟုာ ပိုများလာလေ့မယ်။

ယောင်ကြည်ရှင်းန သတ်ရှင်ဟူကြောန်း

16 အယ်ကြောန့် နို့လေဟုာ ဖယ်ခါလည်း စိပျစ်ဟု။ နို့လေရဲ့ ကိုယ်ခန့ဓာဟုာ
တဖြေးဖြေးန ပျစ်စီးလာဘေမဲ့ နို့လေရဲ့ ဝိညာဉ်ဟု နေ့ဘီးနေ့ သစ်ပြုပြင်ဇာဟို့
ခံနေရဟုယ်။

17 နို့လေဟှာ ရှစ်ဟှားခံရဟှူ၊ ရရာတိုင်း ပေါ့ပါးဟှူ ဆင်းရဲဒေါက်ခဟှာ ရရာတိုင်း
ကီးမြတ်ဟှူ ထာဝရ ဖောင်းသရေတော်ဟှိ နို့လေတွပ် ဖြစ်စေမယ်။
18 နို့လေဟှာ မျစ်စိန ဗြင်ရဟှူဇာလေဟှိ အာရောင်စိုက်ဘဲန မျစ်စိန ဗြင်ရဘဲ့ဟှူ
ဇာလေဟှိဘဲ အာရောင်စိုက်ဂေ့ဟှယ်။ မျစ်စိန ဗြင်ရဟှူဇာလေဟှာ ရှစ်ဟှားဘဲ့တည်ဘီး
မျစ်စိန ဗြင်ရဘဲဟှူဇာလေဟှ ထာဝရတည်ဟှယ်။

5

1 နို့လေနေဟှူ မှ့လေဂီးအီဖြစ်ဟှူ ကိုယ်ခန္ဓာ ယာယီတဲဟှာ ပျစ်ဟှူ ခီမာ
ကောန်းဂန်ဘောင်မာ ဘုရားသခင်ကိုယ်တိုင် ဆော့-က်ဟှားဟှူ ထာဝရအီ ရှိကြောန်းဟှိ
နို့လေသိဂေ့ဟှယ်။
2 အယ်ယာယီတဲမာ နေဟှူ ခီမာ ကောန်းဂန်ဘောင်မာရှိဟှူ အီဟှိ ရရာတိုင်းဘဲ့
တောန်းတဟှူကြောန့် နို့လေဟှာ ညည်းတွားဘီး နေဂေ့ဟှယ်။
3 ကောန်းဂန်ဘောင်ဟှ အီဟှိ ရော့-က်ဟှူ ခီမာ နို့လေဟှာ ကိုယ်ခန့ာမ့ေဘဲန
ဖြစ်လေ့မယ် မှုဟှ။
4 ရောက်ကိုယ်ခန္ဓာတဲမာ နေရဟှူ ခီမာ နို့လေဟှာ ညည်းတွားဂေ့ဟှယ်။ အယ်မျိုး
ညည်းတွားဂေ့ဇာဟှာ နို့လေရဲ့ ရောက်ခန့ာဟှိ ဖယ်ရှားရှင်ကြောန့် မှုဟှ။ သေဘီးဟှာ
ပျစ်စီးတတ်ဟှူဇာဟှိ ထာဝရသတ်ရှင်ရှင်းဟှိ ပ့လောန်းလဲဟှိတွပ် ကောန်းဂန်ဘောင်ရဲ့
ကိုယ်ခန့ာဟှိ ရရှင်ကြောန့် ဖြစ်ဟှယ်။
5 အယ်မျိုးပ့လောန်းလဲဟှိတွပ် နို့လေဟှိ ပြင်ဆင်ပေးဟှူ သခင်ဟှ ဘုရားသခင်ဘဲ့
ဖြစ်ဟှယ်။ နို့လေခံစားရဟှိတွပ်န ကိုယ်တော်ရဲ့ ဆုကျေးဇူးတွပ် အာမခံချစ်ဖြစ်န
ဝိညာဉ်တော်ဟှိ နို့လေဟှိ ပေးလေဟှယ်။
6 အယ်ကြောန့် နို့လေဟှာ မြဲဒမ်းဘဲ့ ရဲရင့်ဟှူစိ ရှိဂေ့ဟှယ်။ အယ်ကိုယ်ခန္ဓာ
အီမာနေဟှူ ကာလပတ်လောင်း နို့လေဟှာ သခင်ဘုရားရဲ့ အီတော်နဝီးဘီးဟှာ
ရှိနေဂေ့ဟှယ်။
7 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နို့လေဟှာ ဗြင်အားဖြင့် မှုဘဲ ယောင်ကြည်ရှင်းအားဖြင့်
သတ်ရှင်ဟှယ်။
8 နို့လေဟှာ ရဲရင့်ဟှူစီရှိဘီး အယ် ကိုယ်ခန္ဓာအီဟှနေဘီး ထွပ်ဟှားဘီးဟှာ
သခင်ဘုရားနတူးဒူ နေဟှိတွပ် ပိုလိုရှင်ဂေ့ဟှယ်။
9 နို့လေဟှာ အယ်နေရာမာ ရှိနေပါစေ၊ တခြားနေရာမာ ရှိနေပါစေ၊ နို့လေဟှာ
သခင်ဘုရား နှစ်သက်ဟှူသူ ဖြစ်ဟှိတွပ် ရရာတိုင်း လိုလာဂေ့ဟှယ်။
10 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နို့လေဂူလောင်းဟှာ တရားစီရင်ခံရဟှိတွပ် ခရစ်တော်ရဲ့
တရားပလွင်ရှေ့ဟှိ ရော့-က်ရဂေ့လေ့မယ်။ ကိုယ်ခန္ဓာနေဟှူအီမာ ရှိနေဒူးဟှ
ကောန်းမကောန်း ကျင့်လေတွပ် ကျိုးပြစ်ဟှိ နို့လေဟှ သီးသီး ခံရဂေ့လေ့မယ်။

ခရစ်တော်အားဖြင့် ဘုရားသခင်နမိဖွဲ့ရကြောန်း

5:10 ၅.၁၀ ရော ၁၄.၁၀

11 နို့လေဟှာ ဖြားဖြစ်ကြောန့် သခင်ဘုရားဟို့ ကြေ့-က်ရဟှယ် ဆိုဇာဟို့
သိဟှကြောန့် လူလေဟို့ စည်းရောင်းဘီး နှိုးဆော်ဟှယ်။ နို့လေရဲ့ ကြောန်းဟို့လည်း
ဘုရားသခင်ဟှ ဂူလောင်း သိဟှယ်။ နန်းနို့ရဲ့ သိစိထဲဟှနေ ငါ့ကြောန်းဟို့လည်း
ကောန်းကောန်းသိဂေ့မယ် ဆိုဇာဟို့ ငါမျော်လင့်ဟှယ်။
12 အယ်မျိုးပြောဇာဟှာ နို့လေဟှာ နော့-က်တခါ ကိုယ့်ကိုယ်ကိုယ်
ဂေါင်ဖော်ရှင်ကြောန့် မှုဟှ။ နို့လေဟို့ နန်းနို့ဟှ ဝါကြွားနိုင်ဟို့ခွမ့်ဟို့ ရရှိဂေ့ဟို့တွပ်
ဖြစ်ဟှယ်။ အယ်မျိုးဖြစ်မှဘဲ့ လူလေရဲ့ စိနှလောင်းဟို့ ကေ့ဘဲန
ပ့္လန်ဟှဆင်းသဏ္ဌာန်ဟို့ဘဲ့ ကေ့ဘီး ဝါကြွားတတ်ဟှ လူလေရဲ့ စကားဟို့ နန်းနို့ဟှာ
ပ့္လန်ဘီးဟှာ ချေပနိုင်မယ်။
13 နို့လေဟှာ ရှုးဟှာဘီလော။ နို့လေဟှာရှုးမယ် ဆိုဟှာ ဘုရားသခင်တွပ်ဘဲ့
ဖြစ်ဟှယ်။ နို့လေဟှာ ရှုးဟှ ဆိုဟှာ နန်းနို့တွပ်ဘဲ့ ဖြစ်ဟှယ်။
14 ယော့-က်ယော့-က်ဟှ လူလေ ဂူလောင်းတွပ် သေခံကြောန့် လူလေ ဂူလောင်းဟှာ
အယ်လူနတူးဒူ သေခံဂေ့ကြောန်းဟို့ နို့လေဟှာ ဆောင်းဖြတ်ဟှကြောန့် နို့လေဟို့
ခရစ်တော်ရဲ့ မြစ်တာတော်ဟှာ အောက်စိုးလိုက်ဟှယ်။
15 ကိုယ်တော်ဟှာ လူလေတွပ် သေခံဇာဟှ လူလေဟှာ သတ်ရှင်ဟှ ခီမာ
ကိုယ်ကျိုးတွပ် ဆစ်ဘီးဟှာ သတ်ရှင်ဂေ့ဘဲန သူးနို့တွပ် သတ်စွန့်ဘီးန သေဘီးဟှာ
ရှင်ပ့္လန်ထမြော့-က်ဟှ သခင်တွပ် သတ်ရှင်ဂေ့ဟို့တွပ် ဖြစ်ဟှယ်။
16 အယ်ကြောန့် နို့လေဟှာ ခုဟှစဘီး ဖယ်သူဟို့လည်း လူရဲ့သွီးသား ဇာတိသဘောန
ဆောင်းဖြတ်ဂေ့ဟှ။ ရင်ဟှ ခရစ်တော်ဟို့ လူလေရဲ့သွီးသား ဇာတိသဘောန နို့လေဟှ
ဆောင်းဖြတ်လာဂေ့ဘေမဲ့ ခုဟှ အယ်မျိုးလောက်ဟှမ်း။
17 ခရစ်တော်နှိုက် တလောင်းတဝဲ ရှိဟှူလူဟှာ သတ္တဝါသစ် ဖြစ်ဟှယ်။ သူဟှာ
ဘဝဟောန်းဟို့ စွန့်ဘီးဟှာ ဘဝသစ်ဟို့ ဝမ်စားဟှယ်။
18 အယ်မှုလေဟှာ ဘုရားသခင်ရဲ့ တဂိုးကြောန့် ဖြစ်ဟှယ်။ ဘုရားသခင်ဟှာ
နို့လေဟို့ သူ့ရဲ့ ရန်သူဟှနေဘီးဟှာ ခရစ်တော်အားဖြင့် မိဆွေဖြစ်ဟို့တွပ်
ပ့္လောန်းလဲပေးဘီး ကိုယ်တော်နှ ပ့္လန်ဘီးဟှာ သင့်မြတ်စေဟှယ်။ အယ်
သင့်မြတ်ဇာနဆိုင်ဟှ မှုဆောန်ဟို့တွပ် တာဝန်ဟို့ နို့လေဟို့ ပေးအပ်လေဟှယ်။
19 ဘုရားသခင်ဟှာ ခရစ်တော်အားဖြင့် လောကသား ဂူလောင်းဟို့ သူ့ရဲ့ မိဆွေလေ
ဖြစ်စေရှင်းဟှာ နို့လေရဲ့ တရားဖြစ်ဟှယ်။* ကိုယ်တော်ဟှာ လူသားလေရဲ့ ပြစ်လေဟို့
မှတ်ဟှားဟှ။ လူသားလေဟို့ ကိုယ်တော်နပ့္လန်ဘီး သင့်မြတ်စေဟှ တရားဟို့ နို့လေဟို့
အပ်ပေးဟှားဟှယ်။
20 အယ်ကြောန့် နို့လေဟှာ ခရစ်တော်ရဲ့ သံတမန်ဖြစ်န နန်းနို့လေဟို့
မြစ်တာရပ်ခံဟှယ်။ ဘုရားသခင် ကိုယ်တိုင်ဘဲ့ နို့လေဟှနေဘီးတဆင့် နန်းနို့ဟို့
မြစ်တာရပ်ခံမျိုးဘဲ့ မြစ်တာရပ်ခံဟှယ်။ နန်းနို့ဟှာ ဘုရားသခင်ရဲ့ရန်သူ

* **5:19** **၅.၁၉** ဘုရားသခင်ဟှာ ခရစ်တော်အားဖြင့် လောကသား ဂူလောင်းဟို့ သူ့ရဲ့ မိဆွေလေ ဖြစ်စေရှင်းဟှာ နို့လေရဲ့ တရားဖြစ်ဟှယ်၊ အယ်မျိုးမှုဘဲ့နေဟှာ ဘုရားသခင်ဟှာ ခရစ်တော်အားဖြင့် လူလေ ဂူလောင်းဟို့ သူ့ရဲ့ မိဆွေ ဖြစ်စေဟှယ်။

ဖြစ်နေဇာဟုနေဘီး မိဆွေဖြစ်န ပ္လောန်းလဲဂေ့ပါ ဆိုဘီး ခရစ်တော်ရဲ့ ကိုယ်စား
နို့လေဟှာ တောန်းဗန်ဟုယ်။
21 ဘုရားသခင်ဟှာ ပြစ်မှေ့ဘဲဟူ သခင်ဟို့ နို့လေတွပ်ကြောန့် ပြစ်ရှိဟူသူ
ဖြစ်ဟှားဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နို့လေဟှာ အယ်လူအားဖြင့်
ဘုရားသခင်ရှေ့မာ ဖြောန့်မတ်သူ ဖြစ်ဟို့တွပ် ဖြစ်ဟုယ်။

6

1 နို့လေဟှာ ဘုရားသခင်ရဲ့ လောက်ဖော်ဆောန်ဖတ်လေ ဖြစ်ဂေ့ဟူကြောန့်
နန်းနို့ရဟှားဟူ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချည်းနှီးဖြစ်စေဘဲဟို့တွပ် နန်းနို့ဟို့
တောန်းဗန်ပါဟုယ်။
2 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ဟှာ
“ငါဟှာ နန်းနို့ဟို့ ကျေးဇူးပြုဟို့တွပ် ခီရော့-က်လာဟူ ခီမာ
နန်းနို့ရဲ့ စကားဟို့ ငါ နားထောန်ဟုယ်။
ကယ်တန်ဟို့နေ့ရစ် ရော့-က်လာဟူ ခီမာ နန်းနို့ဟို့ ကူညီဟုယ်”
ဆိုဘီး မိန့်တော်မူဟုယ်။ နားထောန်ဂေ့! ဘုရားသခင်ရဲ့ ကျေးဇူးပြုဇာဟို့
လတ်ခံဟို့ခီဟှ ခုဘဲ့ဖြစ်ဟုယ်။ ကယ်တန်ခံရဟို့ နေ့ဟှာလည်း အယ်နေ့ဘဲ့ဖြစ်ဟုယ်။
3 နို့လေရဲ့ မူဆောန်လောက်ဟို့ ဖယ်သူလည်း ပြစ်ရှာဇာဟို့ လိုရှင်ဘဲ့ကြောန့်
နို့လေဟှာ တခြားလူလေရဲ့ရှေ့မာ ထိမိဘီးလဲဇာဟို့ ခုလည်းလောက်ဟှ။
4 အယ်မျိုး လောက်မယ့်စား ဆင်းရဲဒေါက်ခလေ၊ ခတ်ခဲဇာလေန ကျတ်တဲဇာလေဟို့
စိရှယ်သီးခံဘီး ကိစဂူလောင်းဟို့ နို့လေဟှာ ဘုရားသခင်ရဲ့စေခံလေ ဖြစ်ဟူကြောန်းဟို့
ပြဂေ့ဟုယ်။
5 နို့လေဟှာ ရိုက်ခံရရှင်းလေ၊ ထောန်ခ့လခံရရှင်းလေ၊ ရောင်းရင်းဆန်ခတ်
လောက်ရှင်း ခံရရှင်းလေ၊ လောက်ကြိုးစားရှင်းလေ၊ အိရေးပျစ်ဟူ ညဉ့်လေန
စာငတ်ခံရရှင်းလေ၊
6 စင်ကြယ်သန့်ရှင်း၊ ပညာဒိရှိရှင်း၊ သီးခံရှင်းန ကြင်နာသနားရှင်းလေ၊
သန့်ရှင်းဟူဝိညာဉ်တော်နရော၊ စစ်မှန်ဟူ မြစ်တာလေနရော၊
7 သမ္မာတရားန ဘုရားသခင်ရဲ့ တဂိုးတော်ဟို့ရော၊ ဘယ်လတ်န ညာလတ်ထဲမာရှိဟူ
ဖြောန့်မတ်ရှင်းရဲ့ လတ်နတ်လေဟို့ရော၊
8 ချီးမြှော့-က်ရှင်းန ရှောက်ခ့လရှင်း၊ ကဲ့ရဲ့ရှင်းန ချီးမွမ်းရှင်း၊ လူလီလူညာလေဖြစ်
သတ်မှတ်ဂေ့ဘေမဲ့ ဟောက်မှန်ဟူသူ၊
9 လူသိနဲဟူလူဖြစ် သတ်မှတ်ဘေမဲ့ လူသိများဟူလူ၊ လူသေမျိုးဖြစ်ဘေမဲ့ နို့လေဟှာ
သတ်ရှင်နေဟူလူ၊ ပြစ်ဒန်ခံရဘေမဲ့ သတ်ခံရဘဲဟူလူ၊
10 ဝန်းနဲဘေမဲ့ မြဲဒမ်းဝန်းသာဟူသူ၊ ဆင်းရဲသားမျိုး ဖြစ်ဘေမဲ့ လူလေဘောင်ဂီးဟို့
ကြွယ်ဝစေဟူသူ၊ ဖြားလည်းမှေ့ဘဲမျိုး ဖြစ်ဘေမဲ့ ဂူလောင်းဟို့ ပိုင်ဟူသူလေ
ဖြစ်ဂေ့ဟုယ်။

6:5 **၆.၅** တ ၁၆.၂၃

11 ကောရိန္သုမြို့မာရှိဟူ မိဆွေလေ၊ နို့လေဟှာ နန်းနို့ဟို့ ပွမ့်ပွမ့်လန်းလန်းဟှား
ပြောဟှားဟှယ်။ နို့လေရဲ့ စိနှလောင်းဟို့ နန်းနို့တွပ် က္လယ်ဂီး ဖွမ့်ဟှားဟှယ်။
12 စိနှလောင်းဟို့ ပိဟှားဟူလူဟှာ နို့လေမူဟှ။ နန်းနို့ဟှဘဲ့ စိနှလောင်းဟို့ နို့လေတွပ်
ပိဟှားဂေ့ဟှယ်။ ခု ငါဟှာ သနားကြင်နာမှုန ငါ့ရဲ့ သားမီးလေမျိုး ပြောနေဟှယ်။
13 နို့လေဟို့ ကျေးဇူးဆပ်ဟူနေန နန်းနို့ရဲ့ စိနှလောင်းလေဟို့
က္လယ်ဂီးဖွမ့်ဟှားဂေ့ပါ။

ယောင်ကြည်ဘဲဟူ သူလေန ပတ်သတ်ဘီးဟှာ ဒိပေးကြောန်း

14 ယောင်ကြည်ဘဲဟူ လူလေန တွဲဘီးဟှား လောက်ဂေ့န။
တွဲဘီးလောက်ဆောန်ဟို့တွပ်လည်း ဖြစ်နိုင်ဟှ။ တရားဘဲဟူဇာန ဖြောန်မတ်ဟူဇာဟှာ
ဖယ်မျိုး မိတ်သဟာယ ဖွဲ့နိုင်ဟို့နူး။ လန်းရောန်န မှောန်ဟှာ ဖယ်မျိုးတွဲဘီး နေနိုင်ဟို့နူး။
15 ခရစ်တော်ဟှာ စာတန်န ဖယ်မျိုး ဘောတူနိုင်ဟို့နူး။ ယောင်ကြည်ဟူလူဟှာ
ယောင်ကြည်ဘဲဟူလူန ဖယ်မျိုး ဘောတူညီဘီး နေနိုင်ဟို့နူး။
16 ဘုရားသခင်ရဲ့ ဗိမာန်တော်ဟှာ ရောက်ထုလေန ဖယ်မျိုး ဘောတူညီချစ်
ရနိုင်ဟို့နူး။ နို့လေဟှာ သတ်ရှင်ဟူ ဘုရားသခင်ရဲ့ ဗိမာန်တော် ဖြစ်ဂေ့ဟှယ်။
ဘုရားသခင်ဟှ၊
“ငါဟှာ ငါ့ရဲ့ လူစုထဲမာ ကိန်းဝပ်မယ်။ သူးနို့နားမာ နေမယ်။
ငါဟှာ သူးနို့ရဲ့ ဘုရားသခင်ဖြစ်ဘီး သူးနို့ဟှလည်း ငါ့ရဲ့ လူမျိုးစု
ဖြစ်ဂေ့လေ့မယ်၊”
17 အယ်ကြောန့် ဘုရားသခင်ဟှ
“အယ်လူလေထဲဟှ ထွပ်လာဂေ့။ သူးနို့န ပေါန်းဂေ့န။
စင်ကြယ်ဘဲဟူ ဇာလေဟို့ လတ်န ထိဂေ့န။ အယ်မျိုးဆိုဟှာ ငါဟှာ နန်းနို့ဟို့
လတ်ခံမယ်။
18 ငါဟှာ နန်းနို့ရဲ့ ဖဖြစ်မယ်။ နန်းနို့ဟှလည်း ငါ့ရဲ့ သားမီးလေ ဖြစ်ဂေ့လေ့မယ် ဆိုဘီး
အနန္တတဂိုးရှင် ဘုရားသခင်ဟှ မိန့်တော်မူဟှယ်” ဆိုဘီး ပြောလေဟှယ်။

7

1 ရှစ်ရဟူသူလေ၊ အယ်ဂဒိတော်လေဟှ နို့လေတွပ်ဘဲ့ ဖြစ်ဟှယ်။ အယ်ကြောန့်
နို့လေဟှာ ကိုယ့်ရဲ့ ဇာတိညစ်ကြေးန ဝိညာဉ်ညစ်ကြေးရှိမ္ဟုန ကင်းစေဟို့တွပ်
ဘုရားသခင်ဟို့ ကြော့-က်ဘီး ရိုသေဇာန ကိုယ့်ကိုယ်ကိုယ် လောင်းဝသန့်ရှင်းဂေ့ဇို့။

ပေါလု ဝန်းသာကြောန်း

2 နို့လေတွပ် နန်းနို့ဟှာ စိနှလောင်းဟို့ ဖွမ့်ဟှားဂေ့ပါ။ နို့လေဟှာ ဖယ်သူဟို့လည်း
ပြစ်မှားဟှ။ ကျိုးနဲအောန်လည်း လောက်ဟှ။ ဖယ်သူမာလည်း ခွမ့်ရေးယူဟှ။
3 အယ်မျိုးပြောဇာဟှာ နန်းနို့ဟို့ ပြစ်ဒန်စီရင်ရှင်ကြောန့် မှုဟှ။
ရင်ဟှဖော်ပြဟှားတိုင်းဘဲ့ နန်းနို့ဟှာ နို့လေရဲ့ စိနှလောင်းထဲမာ သေမယ် ဆိုဟှာ တူးဒှ၊
သတ်ရှင်နေမယ် ဆိုဟှာ ခွဲဘဲရှိနေဂေ့ဟှယ်။

6:16 **၆.၁၆** ၁ ကော ၃.၁၆; ၆.၁၉

4 ငါဟာ နှန်းနှိမ့်ဟို့ ယောင်ကြည်စိခ့လဟ့ယ်။ နှန်းနှိမ့်တွပ် ဂေါင်ယူဘီး ဝါကြွားဟ့ယ်။
သတ်သာဟ့ူဇာနလည်း ပ့လဲ့ဇောင်ဟ့ယ်။ ဆင်းရဲဒေါက်ခမျိုးမျိုး ခံရဘေမဲ့လည်း
ငါဟာ အားတတ်ဘီးဟာ ရရာတိုင်းဝန်းသာဟ့ယ်။
5 မာကေဒေါနိပြည်ဟို့ ရော့-က်ဟာ်းဟ့ူ ခီမာ နှိုလေဟာ ကိုယ်ခန္ဓာ သတ်သာမ့ူလေဟို့
ရဂေ့ဟ့။ နေရာတိုင်းမာ ခတ်ခဲမ့ူလေ ရှိဟ့ယ်။ ငြင်းပွားမ့ူလေလည်း ရှိဟ့ယ်။
နှိုလေမာလည်း ကြော့-က်စိရှိဟ့ယ်။
6 အယ်ဘေမဲ့ စိအားငယ်ဟ့ူ လူလေဟို့ အားပေးဟ့ူ ဘုရားသခင်ဟာ နှိုလေနားဟို့
ရော့-က်လာဟ့ူ တိတုအားဖြင့် နှိုလေဟို့ နှစ်သိမ့်ဟ့ယ်။ တိတု ရော့-က်လာဟ့ူ
တွပ်ကြောန့်ရော၊ တိတုဟို့ နန်းနှိုဟ့ အားပေးဂေ့ဟ့ူ ဒန်းဟို့ ကြားရဟ့ူ တွပ်ကြောန့်ရော
နှိုလေဟာ အားတတ်ဟ့ားဟ့ယ်။
7 တိတု ရော့-က်လာဟ့ူကြောန့် နှစ်သိမ့်မ့ူရဟ့ားဇာ မ့ူဟ့။ တိတုခံစားရဟ့ူ
နှစ်သိမ့်မ့ူအားဖြင့်ကြောန့် နှိုလေဟို့ နှစ်သိမ့်ပေးဟ့ယ်။ နန်းနှိုဟ့ ငါဟို့ ရရာတိုင်း
စိအားကီးဘီး တွိရှင်ဂေ့ဟ့ူကြောန်းလေ၊ ရရာတိုင်း ဝန်းနဲဘီးဟာ ရှိနေကြောန်းလေဟို့
ပြောပြကြောန့် ငါဟာ ပိုဘီး ဟာ ဝန်းသာဟ့ယ်။
8 ငါပေးလိုက်ဟ့ူ စာဟာ နန်းနှိုဟို့ ဝန်းနဲစေကြောန့် ငါဟာ ရင်းရင်ဒူးဟ့
နောန်ဒရှိဘေမဲ့ ခုခီမာ မ့ေဟ့။ ဖြားဖြစ်ကြောန့်နှုးဆိုဟာ အယ်စာဟာ နန်းနှိုဟို့
ရှစ်ဟ့ားဘဲ့ ဝန်းနဲစေမယ် ဆိုဇာဟို့ ငါမြင်ဟ့ယ်။
9 ခုဝန်းသာဟ့ယ်။ နန်းနှိုဟို့ စိကောန်းဘဲနေအောန် လောက်ဇာမ့ုဟ့။
စိကောန်းဘဲနေဟ့ူ မ့ုလေဟ့ နန်းနှိုဟို့ နောန်ဒတရားဟို့ ရစေဟို့တွပ်ကြောန့်
ဝန်းသာရဇာဖြစ်ဟ့ယ်။ ဘုရားသခင်ဟာ စိကောန်းဘဲဟ့ူ ဇာလေဟို့
သောင်းပြဟ့ူကြောန့် နှိုလေဟာ နန်းနှိုဟို့ ဖယ်မျိုးလည်း နစ်နာခိုင်းဟ့။
10 ဘုရားသခင်သောင်းပြဟ့ူ ဝန်းနဲဇာဟာ ကယ်တန်ဇာဟို့ ရစေဟ့ူ နောန်ဒစိဟို့
ဖြစ်ပေါ်စေဟ့ယ်။ အယ်ကြောန့် ပ့လောန်းလဲနိုင်ဘဲဟ့ူ နောန်ဒစိဟို့ ပြဲပြင်တတ်ဟ့ယ်။
အယ်ဘေမဲ့ လောကဝန်းနဲဇာဟာ သေဇာဟို့ဘဲ့ ပြပြင်တတ်ဟ့ယ်။
11 ဘုရားသခင်ဟာ နန်းနှိုလေရဲ့ ဝန်းနဲဇာလေဟို့ သောင်းပြဇာဟို့ ကေ့ကေ့ပါ။
နန်းနှိုဟာ စိအားကီးလာဂေ့ဟ့ယ်။ ကိုယ့်ရဲ့ ပြစ်လေ မ့ေဘဲကြောန်းဟို့ လိုရှင်ဂေ့ဟ့ယ်။
ဒေါသထွပ်ဂေ့ဟ့ူဇာ၊ ကြော့-က်ဂေ့ဟ့ူဇာ၊ ရရာတိုင်း လိုရှင်ဂေ့ဟ့ူဇာ၊
စိအားထတ်သန်ဂေ့ဟ့ယ်။ ပြစ်ရှိနေဟ့ူလူဟို့ ပြစ်ဒန်စီရင်ဟို့တွပ် လိုရှင်ဂေ့ဟ့ယ်။
နန်းနှိုလေဟာ အယ်မ့ုမာ ကိုယ့်ကိုယ်ကိုယ် ပြစ်ကင်းစင်ဟ့ူ ကြောန်းဟို့
ထန်ရှာရှင်ဂေ့ဟ့ယ်။
12 အယ်ဘေမဲ့ ရင်းရင်ဒူးဟ့ နန်းနှိုနားဟို့ ရေးရဟ့ူစာဟ့ ပြစ်မှားဟ့ူလူလေရဲ့
ကိစကြောန့် မ့ုဟ့။ ပြစ်မှားဇာဟို့ ခံရဟ့ူ လူလေရဲ့ ကိစကြောန့်လည်း မ့ုဟ့။
ဘုရားသခင်ရဲ့ ရှေ့မာ နှိုလေဟို့ နန်းနှိုဟ့ ဖယ်မ့ျလော့-က် စိအားထတ်သန်ဘီး
ရှစ်ဟ့ယ် ဆိုဇာဟို့ ကောန်းကောန်းဟ့ား သိစေရှင်ကြောန့် ရေးရဇာ ဖြစ်ဟ့ယ်။

7:5 ၉.၅ ၂ ကော ၂.၁၃

13 အယ်ကြောန်းကြောန့် နို့လေဟှာ နှစ်သိမ့်မှုဟှို ခံစားရဂေ့ဟှယ်။
နို့လေဟှာ နှစ်သိမ့်မှု ရဟှုမျှမှုဘဲန ရရာတိုင်းလည်း ဝန်းသာဂေ့ဟှယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့ဟှာ တိတုဟှို ဝန်းသာစေကြောန့် သူ့ရဲ့ စိနှလောင်းဟှာ
ရရာတိုင်း ဝန်းသာနေဇာဟှို နို့လေအားလောင်းဟှ တွိရကြောန့် ဖြစ်ဟှယ်။
14 ငါဟှာ တိတုဟှို နန်းနို့ကြောန်းဟှို ကြွားဘီးပြောရစ်ဟှယ်။
အယ်မျိုးကြွားဟှားတိုင်းဘဲ့ မှန်ဘဲဖြစ်နေဇာဟှို နန်းနို့ ပြလိုက်ဟှယ်။ နို့လေဟှာ နန်းနို့ဟှို
မှန်ဟှုဇာလေဟှိုဘဲ့ မြဲဒမ်းပြောဟှယ်။ တိတုဟှို နို့လေဟှာ ကြွားဘီးပြောဇာလေဟှာ
ဟောက်မှန်နေဟှယ်။
15 သူ့ရဲ့စကားဟှို နန်းနို့ဟှ လိုက်နာဟှို့တွပ် ဆင်သင့်ရှိနေဇာန ရရာတိုင်း
ကြော့-က်ဘီးဟှာ သူ့ဟှို ကြိုဆိုလတ်ခံဂေ့ဇာဟှို ဒိရဟှုကြောန့် နန်းနို့ဟှို ပိုဘီး
ရှစ်ဘီးဟှာ သနားကြင်နာလာဟှယ်။
16 ငါဟှာ နန်းနို့ဟှို လောင်းဝ စိခ့လနိုင်ဟှုကြောန့် ရရာတိုင်း ဝန်းသာဟှယ်။

8

ခရစ်ယာန်လေရဲ့ ပေးကမ်းရှင်းကြောန်း

1 ညီကို မောန်နှမလေ မာကေဒေါနိပြည်မာရှိဟှု သင်းတော်လေဟှို့
ဘုရားသခင်ပေးဟှားဟှု ကျေးဇူးတော်ကြောန်းဟှို နန်းနို့လေဟှို ငါပြောပြရှင်ဟှယ်။
2 သူးနို့လေဟှာ ဆင်းရဲဒေါက်ခလေဟှို ရရာတိုင်း ခံရဂေ့ဟှယ်။ အယ်ဘေမဲ့
ရရာတိုင်း ဝန်းသာဂေ့ဟှယ်။ သူးနို့ဟှာ ရရာတိုင်း ဆင်းရဲဘေမဲ့လည်း ပေးကမ်းဟှုမှုမာ
ရရာတိုင်း ရစ်ရောဘီးပေးဂေ့ဟှယ်။
3 သူးနို့လေဟှာ စွမ်းစရှိမျှထတ် ပိုဘီး ဟှာ သူ့လိုလို ပေးကမ်းဂေ့ဟှယ် ဆိုဇာဟှို
နန်းနို့ဟှို ငါသတ်သေခံနိုင်ဟှယ်။
4 သူးနို့ဟှာ ယုဒပြည်မာရှိဟှု ဘုရားသခင်ရဲ့ သန့်ရှင်းဟှု လူလေဟှို ကူညီမဇဟှု
မှုလေမာ စိအားထတ်သန်ဘီး ကူညီထော့-က်ပံ့ဂေ့ဟှယ်။ အယ်မျိုး
ကျေးဇူးပြုရဟှို့တွပ် သူးနို့ဇာ သူးနို့ ငါ့ဟှို့ တောန်းဗန်ဂေ့ဟှယ်။
5 အယ်မျိုးလောက်ဇာဟှာ နို့လေ မျှော်လင့်ဟှားဟှုထတ် ပိုဂေ့ဟှယ်။ သူးနို့ဟှာ
ဦးဆောင်းပထမ သခင်ဘုရားဟှို့ သူးနို့ကိုယ်တိုင် ပေးကမ်းဂေ့ဟှယ်။ အယ်ဘီးန
ဘုရားသခင်ရဲ့ လိုတော်တိုင်း နို့လေဟှို့လည်း သူးနို့ကိုယ်တိုင် ပေးကမ်းဂေ့ဟှယ်။
6 အယ်ကြောန့် စဘီးဟှာ တာဝန်ယူဟှု တိတုဟှို့ အယ်ကျေးဇူးပြုဇာဟှို့ ပီးဟှားအောန်
နန်းနို့လေဟှို့ ကူညီပေးဟှို့တွပ် ငါဟှာ သူ့ဟှို့ တိုက်တွန်းဟှယ်။
7 နန်းနို့ဟှာ ယောင်ကြည်ရှင်း၊ နှောက်သတ်တိ၊ ပညာဉာဏ်၊ ကူညီဟှုစေတနာ၊
နို့လေဟှို့ ရှစ်ဟှု မြစ်တာလေန ကြွယ်ဝဂေ့ဟှယ်။* အယ်ကြောန့် နို့လေဟှာ
ကျေးဇူးပြုဇာနဆိုင်ဟှု ပေးကမ်းဇာမာလည်း ရစ်ရောဟှယ် ဆိုဇာဟှို ပြဂေ့ပါ။

8:1 **၈.၁–၄** ရော ၁၅.၂၆ * **8:7** **၈.၇** နို့လေဟှို့ ရှစ်ဟှု မြစ်တာလေန ကြွယ်ဝဂေ့ဟှယ်၊ တချို့
မူရင်းလတ်ရေးမှုလေမာ နို့လေရဲ့ ရှစ်မြစ်တာဟှာ နန်းနို့တွပ်၊ ဆိုဘီး ပါရှိဟှယ်။

8 အယ်မျိုးပြောဇာဟာ မိန့်ပေးဇာ မူဟု။ တခြားသူလေရဲ့ စိအားထတ်သန်ဇာအားဖြင့်
နန်းနို့ရဲ့ မြစ်တာဟာ ဖယ်မျလော့-က် စစ်မှန်ဟုယ် ဆိုဇာဟို့ သိရှင်ဟူကြောန့်
စစ်ဆေးဇာဖြစ်ဟုယ်။

9 နန်းနို့ဟာ နို့လေရဲ့ သခင်ယေရှု ခရစ်တော်ရဲ့ ကျေးဇူးတော်ဟို့ သိဂေ့ဟုယ်။
ကိုယ်တော်ဟာ ကြွယ်ဝဘေမဲ့ နန်းနို့ရဲ့ကျိုးတွပ် ဆင်းရဲခံဟုယ်။ အယ်မျိုး
ဆင်းရဲခံရဇာဟာ နန်းနို့လေဟု ကြွယ်ဝလာဟို့တွပ် ဖြစ်ဟုယ်။

10 ရင်နှစ်ဟု နန်းနို့ စပြုလာဟူမှုဟို့ ခုမှ ဆောင်းသတ်ဂေ့ဟုယ် ဆိုဇာ ငါထန်ဟုယ်။
နန်းနို့ဟာ စေတနာန ပေးကမ်းဇာဟို့ စလောက်ဂေ့ဟုယ်။

11 အယ်ကြောန့် အယ်မှုဟို့ ဆစ်လောက်ဘီးဟာ ဆောင်းသတ်ဂေ့ပါ။ နန်းနို့ဟာ
အယ်မှုဟို့ ကြံစည်ဂေ့ဟူ ခီမာ စိအားထတ်သန်မျိုးဘဲ့ လောက်ဟူ ခီမာလည်း
စိအားထတ်သန်ဂေ့ပါ။ နန်းနို့ဟာ တတ်နိုင်မျ ပေးကမ်းဂေ့ပါ။

12 နန်းနို့ဟာ ပေးရှင်ဟူ စေတနာစိရှိမယ် ဆိုဟာ ဘုရားသခင်ဟ နန်းနို့တတ်နိုင်ဘဲဟူ
မူလေဟို့ ကေ့ဘဲန တတ်နိုင်ဟူ မူလေဟို့ ထော့-က်ဘီး နန်းနို့လေရဲ့ မူဟို့
လတ်ခံလေ့မယ်။

13 အယ်မူဇာလေအားဖြင့် တခြားသူလေဟို့ သတ်သာစေဘီး နန်းနို့ဟို့
ဒေါက်ခရော့-က်စေဟို့ မူဟု။ ညီတူညီမျဖြစ်ဟို့တွပ် ပြောနေဇာ ဖြစ်ဟုယ်။

14 ခုလည်း နန်းနို့လေရဲ့ ကြွယ်ဝဇာလေဟာ အယ်လူလေရဲ့ ဆင်းရဲဇာလေဟို့
ဖ့လဲ့ပေးဟူမျိုးဘဲ့ အယ်လူလေရဲ့ ကြွယ်ဝဇာဟာ နန်းနို့လေရဲ့ ဆင်းရဲဇာလေဟို့
ဖ့လဲ့ပေးနိုင်လေ့မယ်။

15 ကျမ်းစာဟု “ဘောင်ဂီးရဟူလူဟု ပိုဟု၊ ဒစ်သားရဟူလူဟု လိုဟု” ဆိုဘီး
ဖော်ပြဟားဟူမျိုးဘဲ့ ဖြစ်ဟုယ်။

တိတုန သူ့ရဲ့ပေါန်းဖော်လေကြောန်း

16 နန်းနို့ဟို့ ကူညီပေးဟို့တွပ် နို့လေမာ စိအားထတ်သန်ဇာ ရှိဟူမျိုးဘဲ့ တိတုမာလည်း
ရှိနေဟူကြောန့် ဘုရားသခင်ဟို့ ကျေးဇူးတန်ဟုယ်။

17 တိတုဟာ နို့လေရဲ့ မြစ်တာရပ်ခံချစ်ဟို့ လတ်ခံဇာလေမျိုး မူဘဲန ကူညီဟို့တွပ်
စေတနာစိရှိဟူကြောန့် နန်းနို့နားဟို့ သွားဟို့တွပ် သူ့ကိုယ်သူ စိဆောင်းဖြတ်လိုက်ဟုယ်။

18 နို့လေဟာ တိတုနတူးဒူ ယောင်ကြည်သူ တယော့-က်ဟို့ လွှတ်လိုက်ဟုယ်။
အယ်လူဟာ ဒန်းကောန်းဟို့ ဟောပြောဟူ မူတော်ဆောန် တယော့-က်နေန
သင်းတော်လေရဲ့ လေးစားကြည်ညိုဇာဟို့ ခံရဟူလူ ဖြစ်ဟုယ်။

19 သခင်ဘုရား ကိုယ်တော်တိုင်ရဲ့ ဖောင်းသရေတော်န နို့လေရဲ့ စေတနာစိလေဟို့
ထန်ရှားစေဟို့တွပ် နို့လေဟာ ပြုစုနေဟူကြောန့် အယ်မျိုး ကျေးဇူးပြုဟူမှုမာ
နို့လေနတူးဒူ လိုက်ဟို့တွပ် သင်းတော်ဟာနေဘီး ခန့်ဟားခံရဟူ သူလည်းဖြစ်ဟုယ်။

20 အယ်မျိုး ပေးကမ်းဂေ့ဟူ လူငွေလေဟို့ ကိုင်ဟူ ခီမာ နို့လေဟာ တခြားသူလေ
ပြစ်တန်ဇာန လွတ်ဟို့တွပ် ဒိနလောက်နေရဟုယ်။

21 သခင်ဘုရား၏ ရှေ့မာကို မှုတဲ့ခန လူလေရဲ့ ရှေ့မာလည်း မှန်ကန်ဟူ မှုလေဟိုဘဲ့
လောက်ဟို့တွပ် ရည်ရွယ်ချစ် ရှိဂေ့ဟုယ်။
22 အယ်ကြောန့် နို့လေဟုာ အယ်လူနှေ့ယော့-က်နတူးဒူ တခြားညီကို
တယော့-က်ဟိုလည်း လွတ်လိုက်ဂေ့ဟုယ်။ အယ်လူဟို့ နို့လေဟုာ
သေးသေချားချာဟုား ကဲခတ်ဂေ့ဟူ ခီမာ သူဟုာ မြဲဒမ်းဘဲ ကူညီတတ်ဟူလူ
ဖြစ်ကြောန်းဟို့ တွိရဟုယ်။ သူဟုာ နန်းနို့ဟို့ ဘောင်းဂီးယောင်ကြည်ကြောန့် သူ့ရဲ့
စိစေတနာဟုာ ပိုဘီး ဟုာ ထတ်သန်နေဟုယ်။
23 တိတုန ပတ်သတ်ဘီး ပြောရမယ် ဆိုဟုာ သူဟုာ နန်းနို့လေရဲ့ မူကိစလေမာ
ငါနတူးဒူ ဝိုင်းဘီးဟုာ ကူညီဟူ ငါ့ရဲ့ လောက်ဖော်ဆောန်ဖတ် ဖြစ်ဟုယ်။ သူ့နတူးဒူ
လိုက်ပါလာဂေ့ဟူ တခြားညီကိုလေဟု သင်းတော်လေရဲ့ စေတမန်လေ ဖြစ်ဘီး
ခရစ်တော်ဟို့ ချီးမြှော့-က်သူ ဖြစ်ဟုယ်။
24 အယ်ကြောန့် နန်းနို့ကြောန်းဟို့ နို့လေဟုာ ဂေါင်ယူဘီး ကြွားဟုားတိုင်းဘဲ့
မှန်နေကြောန်းဟို့ သူးနို့လေန သင်းတော်လေဟို့ သိနိုင်ဟို့တွပ် မြစ်တာပြဂေ့ပါ။

9

ခရစ်ယာန်ရှင်းရှင်း ကူညီထော့-က်ပုံကြောန်း

1 ယုဒပြည်မာရှိဟူ ဘုရားသခင်ရဲ့ သန့်ရှင်းဟူလူမျိုးတော်လေဟို့
ကူညီထော့-က်ပုံဟူ ကြောန်းဟို့ နန်းနို့နားဟို့ စာရေးဘီး ဖော်ပြဇ လိုဟု။
2 နန်းနို့ဟုာ ကူညီထော့-က်ပုံဟို့တွပ် စိအားထတ်သန်ဂေ့ဟုယ် ဆိုဇာဟို့ ငါသိဟုယ်။
အယ်ကြောန့် နန်းနို့ကြောန်းဟို့ မာကေဒေါနိပြည်သားလေဟို့ ငါဟုာ ကြွားဟုယ်။
“အခါယပြည်မာရှိဟူ ယောင်ကြည်သူလေဟုာ ရင်နှစ်ဟုဘဲ့ ပေးကမ်းဟို့တွပ်
ဆင်သင့်ရှိနေဂေ့ဟုယ်” ဆိုဘီး သူးနို့ဟို့ ငါဟု ပြောရစ်ဟုယ်။ နန်းနို့ဟုာ
စိအားကီးဟူကြောန့် အယ်လူလေ ဂူလောင်းလည်း စိအားထတ်သန်လာဂေ့ဟုယ်။
3 နန်းနို့ကြောန်းဟို့ နို့လေဟု ကြွားဘီးပြောဟူစကားဟုာ ချည်းနှီးသတ်သတ်မူဘဲ
မှန်ကန်ဟူကြောန်းဟို့ သိရှင်တွပ်ကြောန့် အယ်ယောင်ကြည်သူလေဟို့ နန်းနို့နားဟို့ ငါဟု
လွတ်လိုက်ဟုယ်။ ငါပြောပြဟုားဟူတိုင်းဘဲ့ နန်းနို့လေရဲ့ လတ်ဆောန်လေဟို့
ဆင်သင့်ပြင်ဆင်ဟုားဂေ့။
4 အယ်မျိုးမူဘဲနေဟုာ ငါ့နတူးဒူ မာကေဒေါနိပြည်သား တချို့လေဟု
လိုက်လာကြောန့် နန်းနို့လေဟုာ ဆင်သင့်ပြင်ဆင်ဘဲန ဖြစ်နေဇာဟို့ ဗြင်ရဟူ ခီမာ
နန်းနို့လေဘဲ့ ယုစ်ရလေ့မယ် မှုဟု။ နို့လေဟုလည်း နန်းနို့ဟို့ ရရာတိုင်း ယောင်ကြည်ဘီး
စိခ့လမိတွပ်ကြောန့် ယုစ်ရဂေ့လေ့မယ်။
5 အယ်ကြောန့် နန်းနို့ဟုာ ဂဒိထားဟုားတိုင်းဘဲ့ အယ်လတ်ဆောန်ဟို့
ပြင်ဆင်နိုင်ဟို့တွပ် အယ်ယောင်ကြည်သူလေဟို့ နန်းနို့နားဟို့ ကြိုဘီးဟုာ လွတ်ဟို့တွပ်
လိုအပ်ဟုယ် ဆိုဇာ ငါထန်ဟုယ်။ ငါဟုာ ရော့-က်လာဟူ ခီမာ လတ်ဆောန်လေဟုာ

ဆင်သင့်ထားဟုဆိုကြောင့် နှန်းနှိမ့်ဟု တိုက်တွန်းကြောင်းမှာဘဲ စေတနာနပေးဟုယ် ဆိုဏာ
ထန်ရှာလေဟုယ်။

6 မျိုးစေ့နဲနဲဟုား ကြဲဟုလူဟု နဲနဲဟုားဘဲ့ ရိရလေ့မယ်။ မျိုးစေ့ဟို့
ဘောင်ဂီးကြဲဟုလူဟု ဘောင်ဂီးဟို့ ပ့လန်ဘီးဟုာ ရိရမယ် ဆိုဏာဟို့ အော့-က်မေ့ဂေ့ပါ။
7 လူတိုင်း စေတနာစိရှိတိုင်း ပေးကမ်းရဟုယ်။ ရရာဖြောဟုစိနရော၊
ပေးကမ်းရဟို့တွပ် ဝတ်တရားရှိဟုယ်ဆိုဟုစိန ပေးကမ်းဂေ့န။ ဖြားဖြစ်ကြောင့်နူးဆိုဟုာ
ဘုရားသခင်ဟုာ စေတနာန ပေးကမ်းတတ်ဟုလူဟို့ နှစ်သက်ဟုယ်။
8 နန်းနှိမ့်ဟုာ လိုဏာမှန်မျှဟို့ မြဲဒမ်းရဂေ့ဘီးဟုာ ကောန်းမှုဘောန်းဇောင်လေတွပ်
ကူညီဘီး ကျေးဇူးပြုနိုင်ဟုတွပ်ကြောင့် ဘုရားသခင်ဟုာ နန်းနှိ့ လိုအပ်ဟုဏာလေထတ်
ပေးဟို့တတ်နိုင်ဟုယ်။
9 ကျမ်းစာထဲမာ၊

“သူဟုာ ဆင်းရဲဟုလူလေဟို့ ရစ်ရောဘီး ပေးကမ်းစွန့်ကြဲဟုယ်။
သူ့ရဲ့ ဖြောန့်မတ်ဟုဏာဟုာ ထာဝရတည်ဟုယ်”
ဆိုဘီး ရေးဟုားဟုယ်။
10 မျိုးစေ့ကြဲဟုလူဟို့ မျိုးစေ့န စားဏာလေဟို့ပေးဟု ဘုရားသခင်ဟုာ နှိ့လေ လိုအပ်မျှ
မျိုးစေ့ဟို့လည်း ပေးဘီး ပန်ပေါ့-က်ဘီးဟုာ ရှင်ခိုင်းလေ့မယ်။ နန်းနှိ့ရဲ့
ရစ်ရောဏနဆိုင်ဟု သီးပွမ့်လေဟို့လည်း ဖြစ်စေလေ့မယ်။
11 နန်းနှိ့ဟုာ ခီတိုင်းမာ ရစ်ရောဘီး ပေးကမ်းနိုင်ဂေ့ဟို့တွပ် ကိုယ်တော်ဟုာ နန်းနှိ့ဟို့
မြဲဒမ်း ကြွယ်ဝ စေလေ့မယ်။ နှိ့လေဟုနေတဆင့် နန်းနှိ့ပေးကမ်းဟု လတ်ဆောန်လေဟို့
ခံရဟုလူလူလေဟုာ ဘုရားသခင်ဟို့ ကျေးဇူးတန်ဂေ့လေ့မယ်။
12 နန်းနှိ့ဟုာ အယ်ကောန်းမှုလေန ဘုရားသခင်ရဲ့ သန့်ရှင်းဟုလူစုလေ ဆင်ပြေဘဲဟု
ခီမာ ကူညီဏာကဘဲန ဘုရားသခင်ဟို့ ကျေးဇူးတန်ဏာလေလည်း ရရာတိုင်း
တိုးပွားလာစေဟုယ်။
13 အယ်ကောန်းမှုဟို့ ထော့-က်ဘီးဟုာ လူဘောင်ဂီးဟု ခရစ်တော်ရဲ့ ဒန်းကောန်းဟို့
သစ်စာရှိရှိ ခံယူဘီးဟုာ ယောင်ကြည်ဂေ့ဟို့တွပ်မန နန်းနှိ့ဟုာ ရစ်ရစ်ရောရောန
တခြားသူလေဟို့ပါ ကူညီထော့-က်ပံ့ ပေးဟုကြောင့် ဘုရားသခင်ဟို့ ချီးမွမ်းဟုယ်။
14 နန်းနှိ့ဟုာ ထူးခြားဟု ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ခံစားရဂေ့ဟုကြောင့်
သူးနှိ့လေဟုာ နန်းနှိ့ဟို့ ရရာတိုင်း လွမ်းဟုကြောင့် နန်းနှိ့တွပ် ဆုတောန်းဂေ့လေ့မယ်။
15 နှိ့လေဟုာ တန်းဖိုးဖြတ်နိုင်ဘဲဟု ဆုကျေးဇူးတော်တွပ် ဘုရားသခင်ဟို့
ကျေးဇူးတန်ဂေ့ဇိ့။

10

1 ခရစ်တော်ရဲ့ စိနိခ့လဇာန ကြင်နာဟူ ဇာလေဟို့ ထော့-က်ဘီးဟာ ငါဟာ နန်းန့်ိဟို့
မြစ်တာရပ်ခံဟုယ်။ ငါပေါလုဟာ နန်းန့်ိရှေ့မာ နူးညံ့ဘေမဲ့ နန်းန့် နော့-က်ကွယ်မာ
သတ်တိရှိဟူသူ ဖြစ်ဟုယ်။
2 နို့လေဟာ လောကီရဲ့ ကျိုးလေဟို့ မျော်ဘီးဟာ လောက်ဆောန်လူလေ ဖြစ်ဟုယ်
ဆိုဘီး စွပ်စွဲဝေဖန်ဂေ့ဟူ လူလေဟို့ ငါဟာ ကိုယ့်ရဲ့ စွမ်းသတ်တိဟို့ ပြန့ိုင်ဟုယ်
ဆိုဇာဟို့ သိစေရှင်ဟုယ်။ အယ်ကြောန့် နန်းန့်ိနားဟို့ ငါရော့-က်လာဟူ ခီမာ
အယ်စွမ်းသတ်တိလေဟို့ ပြရဟူဇာန တို့ကြောင်ရစေန။
3 နို့လေဟာ သွီးသားဇာတိန သတ်ရှင်နေဂေ့ဟုယ် ဆိုဇာ မှန်ဘေမဲ့ လောကီကျိုးဟို့
မျော်ဘီးဟာ တိုက်ပွဲဝမ်နေဂေ့ဇာ မူဟု။
4 နို့လေ စွဲကိုင်ဟုားဟူ လတ်နတ်လေဟာ လူသားလေ စွဲကိုင်ဟူ
ဇာတိလတ်နတ်လေမျိုး မူဟု။ ခံတပ်လေဟို့ ဖြိုန့ိုင်ဟူ ဘုရားသခင်ရဲ့ တဂိုးန
ပ့လဲ့ဇောင်ဟူ လတ်နတ်လေ ဖြစ်ဟုယ်။ နို့လေဟာ မှန်ဘဲန ဆွေနွေးဘီး ဂြင်းခူဇာလေန၊
5 ဘုရားသခင်ဟို့ သိကျွမ်းဟူ ပညာဟို့ ဖောင်းဟုာဟူ မာန်မာန မှန်မျလေဟို့ရော၊
ဖြိုခ့လဘီး ဖျစ်ဆီးဟုယ်။ နို့လေဟာ လူလေရဲ့ ကြံစည်ရှိမျဟို့ ဖမ်းချောက်ဘီးဟာ
ခရစ်တော်ဟို့ နာခံခိုင်းဟုယ်။
6 နန်းန့်ိဟာ နားထောန်ရှင်းန ပ့လဲ့ဇောင်ဟူ ခီမာ နားထောန်ဘဲဟူသူ ရှိမျဟို့
တရားဟူနည်းန စီရင်ဟို့ နို့လေဟာ ဆင်သင့် ရှိဂေ့ဟုယ်။
7 နန်းန့်ိဟာ ပ့လန်ဟ လတ်ခဏာလေဟို့ဘဲ့ ကေ့ဂေ့ဟုယ်။ နန်းန့်ိလေမျှမူဘဲန
တခြားသူလေဟုလည်း ခရစ်တော်ဟို့ အားကိုးဟုယ် ဆိုဘီး စိထန်ဟူလူ ရှိဟုယ် ဆိုဟာ
အယ်လူဟာ ခရစ်တော်ရဲ့ တဗဲ့ဖြစ်မျိုး နို့လေဟုလည်း ခရစ်တော်ရဲ့ တဗဲ့လေ
ဖြစ်ဟုယ် ဆိုဇာဟို့ စဉ်းစားသင့်ဟုယ်။
8 ငါဟာ သခင်ဘုရားပေးဟုားဟူ ခွမ့်အာဏာန ပတ်သတ်ဘီး ရရာတိုင်း ကြွားမိမယ်
ဆိုဟာ ယ့စ်ဟု။ အယ်ခွမ့်အာဏာဟာ နန်းန့်ိဟို့ ဖျစ်ဆီးဟို့တွပ် မူဟု။
တည်ဆော့-က်ပေးဟို့တွပ်ဘဲ့ ဖြစ်ဟုယ်။
9 ငါရေးလိုက်ဟူ စာလေဟာ နန်းန့်ိဟို့ ချီးချော့-က်နေဟုယ် ဆိုဘီး ထန်ဂေ့န။
10 “ပေါလုရဲ့ စာလေဟာ ပြင်းထန်ဘီးဟာ လေးနတ်ဟူ စာလေဖြစ်ဘေမဲ့
လူကိုယ်တိုင် တွိရဟူ ခီမာ သတ်တိမ့ေဘဲဟူလူ၊ ဟောပြောဇာလေဟ ထန်ကီးဇာ
ကောန်းဘဲ့ဟူလူဖြစ်ဟုယ်” ဆိုဘီး ပြောဟူလူ ရှိဟုယ်။
11 နို့လေဟာ ဝီးမာရှိနေဟူ ခီမာ စာရေးဘီးပြောလိုက်ဟူတိုင်းဘဲ့ လူကိုယ်တိုင်
ရော့-က်လာဟူ ခီမာ လောက်ဆောန်ကြောန်းဟို့ အယ်လူလေဟို့ သိပေးလိုက်ဟုယ်။
12 ကိုယ့်ကိုယ်ကိုယ် ချီးမြှော-က်ဘီးပြောနေဟူ လူလေထဲမာ နို့လေပါဟု။
နန်းန့်ိနှလည်း နှိုင်းရှင်ဟု။ ကိုယ့်ကိုယ်ကိုယ်ဘဲ့ နမူနာထားဘီးဟာ
ဆောင်းဖြတ်ဟူလူဟာ ရရာတိုင်း မိုက်ဟူလူ ဖြစ်ဟုယ်။
13 နို့လေဟု ဝါကြွားရှင်ဟူ တိုင်းတာထတ် ကျော်ဘီးဟာ ကြွားဟို့မူဟု။ နန်းန့်ိမာ
နို့လေ လောက်ဟူလောက်ငန်းဟို့ လောက်ဆောန်ဟို့တွပ် ဘုရားသခင် ကိုယ်တိုင်ဘဲ့

သတ်မှတ်ပေးဟ့ားဟ့ူ လောက်ငန်းထဲမာဘဲ့ နို့လေဟ့ာ ကြွားဂေ့ဟ့ယ်
14 နန်းနို့ဟ့ာ နို့လေတွပ် ဘုရားသခင် သတ်မှတ်ပေးဟ့ားဟ့ူ လောက်ငန်းထဲမာ
ပါဝမ်ဟ့ူကြောန့် နို့လေဟ့ာ ခရစ်တော်ကြောန်းဖြစ်ဟ့ူ ဒန်းကောန်းဟ့ို နန်းနို့နားဟ့ို
ယူဆောန်လာရဟ့ယ်။
15 အယ်ကြောန့် နို့လေဟ့ာ ဘုရားသခင် သတ်မှတ်ပေးဟ့ာဟ့ူ လောက်ငန်းဟ့နေ
လွဲဘီးဟ့ာ တခြားသူလေရဲ့ လောက်ဆောန်ဇာန ဂေါင်ယူဘီး ကြွားဟ့ာ။ နန်းနို့လေရဲ့
ယောင်ကြည်ရှင်းပါရမီဟ့ို ရင်းဘီးဟ့ာ နို့လေတွပ် ဘုရားသခင်ဟ့ာ
သတ်မှတ်ပေးဟ့ားဟ့ူ နယ်ပယ်ဖြစ်ဟ့ူ နန်းနို့နားမာ မူတော်ဟ့ို ပိုဘီး ဟ့ာ
လောက်နိုင်ဟ့ို့တွပ် မျော်လင့်ဟ့ယ်။
16 အယ်ဘီးန နို့လေဟ့ာ နန်းနို့ရဲ့ ဒေသဟ့ို ကျော်ဘီးဟ့ာ တခြားဒေသလေမာ
သခင်ယေရှုကြောန်းဖြစ်ဟ့ူ ဒန်းကောန်းဟ့ို ဟောပြောကြေညာ နိုင်ဟ့ူကြောန့်
တခြားသူလေရဲ့ နယ်ပယ်ထဲမာ ပီအောန်လောက်ဟ့ူ ဇာလေတွပ် နို့လေဟ့ာ ဂေါင်ယူဘီး
ကြွားဇာလိုဟ့မ်း။
17 အယ်ဘေမဲ့ ကျမ်းစာဟ့ာ “ဝါကြွားဟ့ူသူဟ့ာ ဘုရားသခင်အားဖြင့်ဘဲ့
ဝါကြွားပါစေ” ဆိုဘီး ပြောဟ့ားဟ့ယ်။
18 ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ သခင်ဘုရား နှစ်သက်ဟ့ူဇာဟ့ာ ကိုယ့်ကိုယ်ကိုယ်
ချီးမြှော-က်လူ မူဟ့ာ။ ကိုယ်တော်ရဲ့ ချီးမြှော-က်ခံရဟ့ူ လူဘဲ့ဖြစ်ဟ့ယ်။

11

ပေါလုန တမန်တော်တုယောန်လေကြောန်း

1 ငါမိုက်မဲဟ့ူပြစ်ဟ့ို နန်းနို့ဟ့ာ သီးခံဂေ့လေ့မယ် ဆိုဇာဟ့ို ငါဟ့ာ မျော်လင့်ဟ့ယ်။
ကျေးဇူးပြဘီးဟ့ာ သီးခံဂေ့ပါ။
2 ဘုရားသခင်ဟ့ာ နန်းနို့ဟ့ို နာလိုဘဲ့စိ ရှိဟ့ူမျိုးဘဲ့ ငါဟ့လည်း နန်းနို့ဟ့ို စိုးရိမ်ဟ့ူစိန၊
နန်းနို့ဟ့ို ခရစ်တော်တယော့-က်တည်းန မင်္ဂလာဆောန်ပေးဟ့ို့တွပ် ငါဟ့ ဂဒိပြုဟ့ားဟ့ူ၊
သန့ရှင်းစင်ကြယ်ဟ့ူ ပျိုကညာန တူဂေ့ဟ့ယ်။
3 ဧဝဟ့ာ ဗွီရဲ့ကော့-က်ကျစ်မူန လှည့်ဇားခံရဟ့ူမျိုး နန်းနို့ဟ့ာလည်း
စိဖော့-က်ပ့လန်ဘီးဟ့ာ ခရစ်တော်ဟ့ို ကြွင်းမဲ့ချစ်ဘီး စွဲလန်းဟ့ူစိ ပျော့-က်ဟ့ားမာဟ့ို
ငါစိုးရိမ်ဟ့ယ်။
4 လူတယော့-က်ဟ့ာ နန်းနို့နားဟ့ို ရော့-က်လာဘီး နို့လေပြောဖူးဘဲဟ့ူ
တခြားတပါးဖြစ်ဟ့ူ ယေရှုရဲ့ကြောန်းဟ့ို ဟောပြောဟ့ူ ခီမာ နန်းနို့ဟ့ာ လတ်ခံဂေ့ဟ့ယ်။
နန်းနို့ဟ့ာ နို့လေနားဟ့နေ ကြားရဟ့ူ ဒန်းကောန်းန လောင်းဝတူဘဲ့ဟ့ူ
ဒန်းကောန်းဟ့ိုရော၊ ရင်းရင်ဒူးဟ့ာ ခံယူဟ့ားဟ့ူ ဝိညာဉ်တော်န လောင်းဝတူဘဲ့ဟ့ူ
ဝိညာဉ်တော်ဟ့ိုရော လတ်ခံဂေ့ဟ့ယ်။
5 ငါဟ့ာ နန်းနို့ရဲ့ ကီးဆောင်းဖြစ်ဟ့ူ တမန်တော်လေထတ် နိကျ့လဟ့ာ ဆိုဇာဟ့ို
ငါသိဟ့ယ်။

6 ငါဟာ ဟောပြောဇာ ကောန်းဟုဘေမဲ့ သိပညာမာ ညံ့ဟု။ နို့လေဟာ အယ်ချစ်ဟို
ခြေနေဘောန်းဇောင်မာ နန်းနို့ဟို ကောန်းကောန်းဟား သိစေဟုယ်။
7 ငါဟာ နန်းနို့ ချီးမြှော့-က်ခံရဟို့တွပ် ကိုယ့်ကိုယ်ကိုယ် နှိ့ခ့လဘီးဟာ
ဘုရားသခင်ရဲ့ ဒန်းကောန်းဟို့ နန်းနို့ဟို့ အလဂါးဟောပြောဇာဟာ ပြစ်ရှိလော။
8 ငါဟာ နန်းနို့နားမာ မှုတော်ဆောန်ဟူခီဒူးဟု ကူဟားဟူ စရိလေဟို့
တခြားသင်းတော်လေဟို့ ကူညီခိုင်းဟုယ်။ နို့လေဟာ နန်းနို့ဟို့ ကူညီနိုင်ဟို့တွပ်
သင်းတော်လေမာ မ့လတိုက်ရဟူမျိုးဘဲ့ဖြစ်ဟုယ်။
9 ငါဟာ နန်းနို့နားမာ ရှိနေဟူ ခီမာ ကပ်လိုနေဟူ ခီမာ နန်းနို့ဟို့ ငါဟု ဒေါက်ခပေးဟု။
မာကေဒေါနိပြည်ဟုနေ လာဂ့ေဟူ ယောင်ကြည်သူလေဟု ငါလိုရှင်မျှဟို့
ယူလာဂ့ေဟုယ်။ ငါဟာ ကိုယ့်တွပ်နှ ဖယ်သူဟို့လည်း ဝန်လေးခိုင်းဟု။
နော့-က်မာလည်း ဝန်လေးခိုင်းဟု။
10 အယ်မျိုး ငါဟု ကြွားဘီးပြောဇာဟို့ အခါယပြည် တရှော့-က်လောင်းမာ
ဖယ်သူလည်း တားဟို့ရဘဲဟူကြောန်းဟို့ ငါ့မာရှိဟူ ခရစ်တော်ရဲ့ သမ္မာတရားဟို့
မှီပြုဘီးဟာ ငါပြောဟုယ်။
11 ဖြားဖြစ်ကြောန့်နူး။ ငါဟု နန်းနို့ဟို့ ရှစ်ဘဲ့ကြောန့်လော။ ငါရှစ်ကြောန်းဟို့
ဘုရားသခင်ဟု သိဟုယ်။
12 အယ်ဘေမဲ့ နို့လေမျိုး လောက်ဆောန်ဟုယ် ဆိုဘီး ကြွားဘီးပြောဟူဇာလေဟို့
အယ်တမန်တော်လေဟု ရနိုင်ဂ့ေဘဲတွပ် ငါဟာ ခုတိုင်းဘဲ ဆစ်ဘီးဟာ
လောက်ဆောန်ဟုားမယ်။
13 အယ်လူလေဟာ တမန်တော်တုယောန်လေဘဲ့ ဖြစ်ဂ့ေဟုယ်။ သူးနို့ကိုယ်သူးနို့
ခရစ်တော်ရဲ့ တမန်တော်လေဖြစ် ယောန်ဆောန်ဘီးဟာ လှည့်ဇားဘီး လောက်ဆောန်ဟူ
လူလေဖြစ်ဟုယ်။
14 သူးနို့လေဟာ အယ်မျိုးလောက်ဟူဇာဟာ အံ့သြဇာ မူဟု။ စာတန်ကိုယ်တိုင်ဘဲ့
လန်းဟူ ကောန်းဂန်တမန် ပေါင်ဇံန ယောန်ဆောန်နိုင်ဟုယ်။
15 အယ်ကြောန့် သူ့ရဲ့ တဗဲ့လေဟာ ဖြောန့်မတ်ရှင်းရဲ့ စေခံဖြစ်န
ယောန်ဆောန်ဂ့ေဇာဟာ အံ့သြဇာ မ့ေဟု။ နော့-က်ဆောင်းမာ သူးနို့ဟာ သူးနို့
ကျင့်ကြံပြုမူဟုားဟူတိုင်းဘဲ့ ကျိုးပြစ်လေဟို့ ခံစားရဂ့ေလေ့မယ်။

တမန်တော်နေန ပေါလုခံရဟူ ဆင်းရဲဒေါက်ခကြောန်း

16 နော့-က်ထပ် ငါပြောမယ်။ ငါ့ဟို့ လူမိုက် ဆိုဘီး ဖယ်သူလည်း ထန်မှတ်စေန။
အယ်ဘေမဲ့ နန်းနို့ဟာ ထန်မှတ်ဂ့ေမယ် ဆိုဟာလည် လူမိုက်နေနဘဲ့ ငါဟို့ လတ်ခံဂ့ေပါ။
အယ်မျိုးဖြစ်မှ ငါ့မာဝကြွားဇာ နဲနဲဟုားရနိုင်မယ်။
17 ခု ငါဟာ ရဲရင့်ဘီးဟာ ကြွားဘီးပြောနေဇာဟာ သခင်ဘုရားရဲ့ လိုတော်ရ မူဟု။
လူမိုက်မျိုးဘဲ့ ဝကြွားနေဇာ ဖြစ်ဟုယ်။

11:9 **၁၁.၉** ဖိ ၄.၁၅-၁၈

18 အယ်ဘေမဲ့ လူလေဟု လောကရာလေတွပ်ကြောန့် ဝါကြွားတတ်ဂေ့ကြောန့်
ငါဟုလည်း ဝါကြွားဟုယ်။
19 နန်းနို့ဟုာ ပညာရှိဟူလူလေ ဖြစ်ဟူကြောန့် လူမိုက်လေဟို့ ဝန်းသာဘီးဟုာ
သီးခံဂေ့ဟုယ်။
20 တခြားလူလေဟု နန်းနို့ဟို့ ကျွန်ခံခိုင်းဇာ၊ ခွမ့်ရေးယူဇာ၊ မ့လတ်ထုဇာ၊
ထန်သေးဇာ၊ ပါးရိုက်ဟူဇာလေဟို့ သီးခံဂေ့ဟုယ်။
21 နို့လေဟုာ အယ်မျိုးမူလေဟို့ နန်းနို့ဟို့လောက်ဟို့ သတ်တိမ့ေဘဲကြောန့်
ယှစ်ယှစ်ကြော့-က်ကြော့-က်နဘဲ့ ဝန်ခံရဟုယ်။

အယ်ဘေမဲ့ လူမိုက်နေန ပြောရမယ် ဆိုဟုာ ယော့-က်ယော့-က်ဟု တခုခုဟို့
ဝါကြွားမယ် ဆိုဟုာ ငါဟုလည်း ဝါကြွားနိုင်ဟုယ်။
22 သူးနို့ဟုာ ဟေဗြဲလူမျိုး ဖြစ်ဟုယ် ဆိုဟုာ ငါလည်း ဖြစ်ဟုယ်။ သူးနို့ဟုာ
ဣသရေလလူမျိုး ဖြစ်ဟုယ် ဆိုဟုာ ငါလည်း ဖြစ်ဟုယ်။ သူးနို့ဟုာ အာဗြဟံမျိုးနွယ်
ဖြစ်ဟုယ် ဆိုဟုာ ငါလည်း ဖြစ်ဟုယ်။
23 သူးနို့လေဟုာ ခရစ်တော်ရဲ့ စေခံလေ ဖြစ်ဟုယ် ဆိုဟုာ ငါဟုာ ထူးသဖြင့်
ဖြစ်ဟုယ် ဆိုဘီး ရူးတယော့-က်မျိုး ငါပြောဟုယ်။ ငါဟုာ အယ်လူလေထတ် ပိုဘီး
ဟုာ ပန်ဗန်းခံဘီးဟုာ မူတော်ဆောန့်ဟုယ်။ သူးနို့ထတ် ပိုဘီး ဟုာ ခါဘီးခါ
ထောန်ကွ့လဖူးဟုယ်။ ပိုဘီး ဟုာ ကီဒန်ခံရဟုယ်။ သေဘေးလေန ခါဘီးခါ
ရင်ဆိုင်ရဟုယ်။
24 ယုဒလူမျိုးလေဟုာ ငါ့ဟို့ သောင်းဆယ်ကိုးချစ် ရိုက်ခံရဟူဇာဟို့ ငါးခါတိတိ
ခံရဟုယ်။
25 ရောမလူမျိုးလေနားမာ သောင်းခါတိတိ ကီဒန်ခံရဟုယ်။ ကွ့လော့-က်ခဲနလည်း
တခါပစ်ခံရဟုယ်။ သန်းဖောပျစ်ဇာလည်း သောင်းခါလော့-က် ဖြစ်ဟုယ်။
ပန်လယ်ပွ့လန်မာလည်း တရစ်လောင်းလောင်း နေရဟုယ်။
26 ငါဟုာ ခါဘီးခါ ခရီးသွားဟူ ခီမာ ရေကီးဟူဘေး၊ မ့လတိုက်ခံရဟူဘေး၊
ငါ့လူမျိုးလေဟု လောက်ဟူဘေး၊ လူမျိုးခြားလေဟု လောက်ဟူဘေး၊ ဗြို့ဂီးလေမာ
တွိရဟူဘေး၊ တောဝါလေမာ တွိရဟူဘေး၊ ပန်လယ်ဘေး၊ မိဆွေယောင်ဆောန့်ဟူ
ဘေးလေန တွိကြောင်ရဟုယ်။
27 လောက်လေဟို့ ခတ်ခတ်ခဲခဲ လောက်ရဟူဇာ၊ မကြာမကြာ အိပျစ်ဇာ၊
စာငတ်ခံရဟူဇာ၊ ရေလည်းငတ်ဟူဇာ၊ မကြာမကြာ စားဇာမ့ေဘဲဟူဇာ၊
အေးဒန်ခံရဟူဇာ၊ ဝတ်ဇာမ့ေဘဲန နေရဇာ၊ အယ်မျိုး ဆင်းရဲဟူဇာလေဟို့ ငါခံရဟုယ်။
28 အယ်မျိုး ဆင်းရဲဒေါက်ခရော၊ တခြား ဆင်းရဲဒေါက်ခလေနဟို့ မူဘဲန
သင်းတော်တွပ်လည်း နေတိုင်း စိုးရိမ်ပူပန်နေရဟုယ်။

11:23 ၁၁.၂၃ တ ၁၆.၂၃ **11:25 ၁၁.၂၅ က** တ ၁၆.၂၂း **ခ** တ ၁၄.၁၉ **11:26 ၁၁.၂၆ က** တ ၉.၂၃း **ခ** တ ၁၄.၅

29 အားနဲ့ဟူလူ ရှိဟူ ခီမာ ငါ့ဟုလည်း အားနဲ့ရဟုယ်။ ယော့-က်ယော့-က်ဟု
ပြစ်လောက်ဆိုဟုလည်း ငါဟာ ပူပန်ရဟုယ်။
30 ငါဟာ ကြွားရမယ် ဆိုဟာ ငါ့ရဲ့အားနဲ့ဟူ ဇာလေဟိုဘဲ့ ကြောန်းပြုဘီးဟာ
ကြွားရဟုယ်။
31 ငါဟာ လီညာဘီး ပြောဘဲကြောန်းဟို သခင်ယေရှုရဲ့ ဖ ဘုရားသခင်ဟု သိဟုယ်။
အယ်သခင်ရဲ့ နာမတော်ဟာ ထာဝရမင်္ဂလာ ရှိပါစေ။
32 ငါဟာ ဒမာသက်ဖြို့မာ ရှိဟူ ခီမာ အရေတမန်းဂီးရဲ့ လတ်အော့-က်ခံဖြစ်ဟူ
လူဟာ ငါ့ဟို ဖမ်းဟို့တွပ် ဖြို့ခွမော့-က်လေမာ တပ်သားလေဟို စောန့်ခိုင်းဟုးဟုယ်။
33 တမဲ့တော်လေဟာ ငါ့ဟို ခြင်းတောန်းထဲဟို ထဲ့ဘီးဟာ လတ်တန်မော့-က်ဟုနေ
တဆင့် ဖြို့ရိုးထတ်ဟုနေ ရှောခ့လဂေ့ကြောန့် ငါဟာ အယ်လူလေ လတ်ဟုနေဘီး
လွတ်ဟုးဟုယ်။

12

ပေါလုခံရဟူ ရူပါရောင်န ဗျာဒိတ်တော်ကြောန်း

1 ကြွားရဟူဇာဟာ ကျိုးမှေ့ဘေမဲ့ ငါဟာ ကြွားအူးမယ်။ သခင်ဘုရားဟု ငါ့ဟိုပြဟူ
ရူပါရောင်လေန ဗျာဒိတ်တော်ကြောန်းလေဟို ပြောပြမယ်။
2 ခရစ်တော်နှိုက်ရှိဟူ တမဲ့တော် တယော့-က်ဟာ ပီးဟုားဟူ
ဆယ်လေးနှစ်လော့-က်ဒူးဟု ကောန်းဂန်ဘောင် တတိယထပ်ဟို ခီဆောန်ခံရဟုယ်
ဆိုဇာဟို ငါသိဟုယ်။ အယ်မျိုး ခီဆောန်ခံရဟူ ဇာဟာ ကိုယ်ခန္ဓာပါလား၊ ပါဟုလား
ဆိုဇာ ငါသိဟု။ တကယ်ဘဲ့လား၊ အယ်မျိုးမူဘဲနေဟာ ရူပါရောင်ဘဲ့လား ဆိုဇာ
ငါသိဟု။ ဘုရားသခင်ဘဲ့ သိဟုယ်။
3 အယ်လူဟာ ပရဒိသုဘောင်ဟို ခီဆောန်ခံရဟုယ်။ အယ်မျိုး ခီဆောန်ခံရဟူ ဇာဟာ
ကိုယ်ခန္ဓာပါဘီး ခီဆောန်ခံရဇာလော၊ အယ်မျိုးမူဘဲနေဟာ ကိုယ်ခန္ဓာပါဘဲန
ခီဆောန်ခံရဇာလော၊ ငါသိဟု။ ဘုရားသခင်ဟုဘဲ့ သိဟုယ်။
4 အယ်လူဟာ လူလေပြောခွမ့် မှေ့ဟု။ ပြောဟို့လည်း ရနိုင်ဘဲဟူ စကားလေဟို
ကြားဟုးရဟုယ်။
5 အယ်ကြောန့် အယ်လူရဲ့ ကြောန်းဟို ငါကြွားမယ်။ အယ်ဘေမဲ့ ကိုယ့်ရဲ့
အားနဲ့ချစ်လေန တခြားကြောန်းလေဟို ကြွားဟု။
6 ငါဟု ကြွားရှင်ဟုယ် ဆိုဟာ ရူးဖြစ်ဟို့ မှုဟု။ ဖြားဖြစ်ကြောန့်နူးဆိုဟာ မှန်ကန်ဟူ
စကားဟို့ဘဲ့ ပြောဟူကြောန့် ဖြစ်ဟုယ်။ အယ်ဘေမဲ့ ဖယ်သူလည်း ကိုယ့်ကိုယ်ကိုယ်
ဖြင်ရကြားရဟူ ဇာထတ် ပိုဘီး ငါ့ဟို ထန်ကီးဘဲဟို့တွပ် ငါဟာ ဝါကြွားဟု။
7 ငါဖြင်ရဟူ အံ့သြဘွယ် ရူပါရောင်ကြောန့် ကိုယ့်ကိုယ်ကိုယ် ထန်ကီးဘဲဟို့တွပ် ငါ့ရဲ့
ကိုယ်ခန္ဓာမာ နာဟူဝေဒနာတခုဟို့ ခံစားနေရဟုယ်။ အယ်ဝေဒနာဟာ စာတန်ရဲ့
တမန်မျိုးဖြစ်ဟူ ငါ့ဟို ဒန်ခတ်ဘီး ငါ့ရဲ့မာနဟို့ နှိခ့လဟုားဟုယ်။

11:32 ၁၁.၃၂.၃၃ တ ၉.၂၃-၂၅

8 အယ်ဝေဒနာဟို့ ဖယ်ရှားပစ်ပေးဟို့တပ် ငါဟာ သခင်ဘုရားဟို့ သောင်းခါတိတိ
ဆုတောန်းဘီး သနားခံဟုယ်။
9 အယ်ဘေမဲ့ ငါ့ကျေးဇူးဟာ နန့်တွပ် လောင်လော့-က်ဟုယ်။ ငါ့တဂိုးဟာ အားနဲဟူ
ခီမာ စောင်လင်ဟုယ် ဆိုဘီး ပြောဟုယ်။ အယ်ကြောန့် ခရစ်တော်ရဲ့ တဂိုးဟာ
ငါ့ထတ်မာ ကိန်းဝပ်ဟို့တွပ် ငါ့ကိုယ်ခန္ဓာမာ အားနဲဟူ ဇာဟုနေဘီး ဝန်းသာဟူစိန
ကြွားဟူဇာဟိုဘဲ့ ငါလိုရှင်ဟုယ်။
10 ငါဟာ အားနဲနေဟူ ခီမာ တဂိုးနပ္လဲ့ဇောင်ဘီး ခရစ်တော်တွပ်ကြောန့်
အားနဲဇာလေ၊ စော်ကားခံရဇာလေ၊ ဆင်းရဲဇာလေ၊ နှိစ်ညှဉ်းဆဲဇာလေ၊
နှောက်ရှစ်ဇာလေဟို့ ခံရဟူ ခီမာ သီးခံနိုင်ဟုယ်။

ကောရိန္သုသုသင်းသားလေတွပ် ပေါလုစိုးရိမ်ကြောန်း

11 ငါဟာ လူမိုက်မျိုးဖြစ်လော။ အယ်မျိုးမှုဘဲနေဟာ နန်းနို့ဟ ငါ့ဟို့
လူမိုက်ဖြစ်အောန် လောက်ဂေ့ဟုယ်။ နန်းနို့ဟာ ငါ့ဟို့ ထော့-က်ခံပေးသင့်ဟူ
လူလေဖြစ်ဟုယ်။ ငါဟာ ရေရာဘဲဟူလူ ဖြစ်ဘေမဲ့ နန်းနို့ရဲ့ ထူခြားဟူ
တမန်တော်လေထတ် ဖယ်မျိုးလည်း နိကျ့လဟု။
12 ငါဟာ တမန်တော်တပါး ဖြစ်ကြောန်းဟို့ နမိတ်လတ်ခဏာလေ၊
အံ့သြဘွယ်ရာလေန၊ ထူးဆန်ဟူ တဂိုးလေအားဖြင့် နန်းနို့ဟို့ ငါဟာ စိရှယ်လတ်ရှယ်န
သတ်သေပြဟုားဟုယ်။
13 နန်းနို့ဟို့ ငါဟာ ငွေကြေးကိစန တာဝန်ပေးဘဲဇာဟုလွဲဘီး ငါဟာ နန်းနို့ဟို့
တခြားသင်းတော်လေန ဒန်းဒူထားဘီးဟာ ဆစ်ဆံဟုယ်။ အယ်မျိုးတရားဘဲဟူဇာ
လောက်မိတွပ်လည်း ငါ့ဟို့ ခွမ့်လွတ်ပေးဂေ့ဟို့တွပ် တောန်းဗန်ဟုယ်။
14 ငါဟာခု နန်းနို့နားဟို့ တတိယခါ ရော့-က်လာဟို့တွပ် ဆင်သင့်ရှိနေဟုယ်။
အယ်ဘေမဲ့ ငါ့တွပ် နန်းနို့ဟို့ တာဝန်လေးခိုင်းဟု။ နန်းနို့ရဲ့ ငွေကြေးအောက်စာလေဟို့
ငါလိုဟု။ နန်းနို့ဟိုဘဲ့ ငါဟာ လိုရှင်ဟုယ်။ သားမီးလေဟ မိဖလေတွပ် ထော့-က်ပံ့ရဇာ
မှုဟု။ မိဖလေဟုဘဲ့ သားမီးလေတွပ် ထော့-က်ပံ့ဂေ့ရဟုယ်။
15 ငါဟာ နန်းနို့လေဟို့ ကူညီဟို့တွပ် ဝန်းသာဘီး ကိုယ့်ရဲ့အောက်စာန
အင်အားလေဟို့ သောင်းပြုဟုယ်။ ငါဟာ နန်းနို့လေဟို့ အယ်မျှလော့-က် ရှစ်ဟုယ်
ဆိုဟာ နန်းနို့ဟ ငါဟို့ နဲနဲဟားဘဲ့ ရှစ်ဟို့လော။
16 ငါဟာ နန်းနို့ဟို့ ဝန်လေးစေဟ ဆိုဇာဟို့ နန်းနို့ဟာ ဝန်ခံဂေ့လေ့မယ်။ အယ်ဘေမဲ့
ငါဟာ နန်းနို့ဟို့ လှည့်ဇားဟုယ် ဆိုဘီး ယော့-က်ယော့-က်ဟ စွပ်စွဲလေ့မယ်။
17 ဖယ်မျိုး ငါဟာ ခွမ့်ရေးယူဟို့နူး။ နန်းနို့နားဟို့ ငါဟာ လူတယော့-က်ယော့-က်ဟို့
လွတ်ဘီးဟာ ခွမ့်ရေးယူဖူးဘဲ့လော။
18 ငါဟာ တိတုဟို့ နန်းနို့နားဟို့ သွားဟို့တွပ် တောန်းဗန်ဘီးဟာ လွတ်လိုက်ဟုယ်။
တခြားယောင်ကြည်သူ တယော့-က်ဟို့လည်း သူနတူးဒူ လွတ်လိုက်ဟုယ်။ တိတုဟာ

နန်းနို့နားဟု ခွမ့်ရေးယူဟုယ် ဆိုဘီး ပြောဟို့လော။ သူနငါဟာ စိဘောတူဘီး တလမ်းဒဲ
လိုက်ရွှေ့-က်ဘီးဟာ ကျင့်နေဂေ့ဟူဇာ မူဟုလော။

19 နို့လေဟာ တခီလောင်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဘီးဟာ ပြောနေဟုယ် ဆိုဇာဟို့
နန်းနို့လေဟာ ထန်ဂေ့လေ့မယ်။ နို့လေဟာ အယ်မျိုးပြောနေဇာ မူဟု။
ခရစ်တော်အားဖြင့် ဘုရားသခင်ရှေ့မာ ပြောနေဇာဖြစ်ဟုယ်။ ရှစ်ရဟူ မိဆွေလေ၊
နို့လေ လောက်ဟူဇာလေဟာ နန်းနို့ဟို့ တည်ဆော့-က်ဟို့တွပ်ဘဲ့ ဖြစ်ဟုယ်။

20 နန်းနို့နားဟို့ ရော့-က်လာဟူ ခီမာ ငါဟာ နန်းနို့ဟို့ တွိရှင်ဇာတိုင်းဟို့
တွိရဘဲနေမာဟို့ စိုးရိမ်မျိုးဘဲ့ နန်းနို့ဟုလည်း ငါ့ဟို့ တွိရှင်ဇာတိုင်းဘဲ့ တွိရဘဲနေမာဟို့
ငါလည်း စိုးရိမ်ဟုယ်။ နန်းနို့ဟာ ရန်တွိရှင်း၊ နာလိုရှင်း၊ ဒေါသထွပ်ရှင်း၊ ဂေါင်ပြိုင်ရှင်း၊
စော်ကားဘီးပြောရှင်း၊ ရှောက်ခ့လရှင်း၊ မော့-က်မာရှင်း၊ ရောင်းရင်းဆန်ခတ်
လောက်ရှင်းလေဟို့ ငါဟာ တွိရမာဟို့ စိုးရိမ်ဟုယ်။

21 နော့-က်တခါ နန်းနို့နားဟို့ လာဟူ ခီမာ ငါ့ရဲ့ ဘုရားသခင်ဟာ ငါ့ဟို့ နန်းနို့ရှေ့မာ
နှိခ့လဘီးဟာ ရင်ဟုပြစ်မှားဘီး ကိုယ့်ကိုယ်ကိုယ်ကျင့်နေဟူ ညစ်ညူးရှင်း၊
တရားနညီဘဲဟူ မေထုန်လောက်ရှင်း ကာမဂေါင်လိုက်စားရှင်းလေဟို့
နောန်ဒရသေးဘဲ့ဟူလူလေ ဘောင်ဂီးရှိဟူကြောန့် ငါဟာ ဝန်းနဲဘီး ကြေကွဲရဟို့တွပ်
ငါဟာ စိုးရိမ်ဟုယ်။

13

နော့-က်ဆောင်း ဒိပေးဘီးဟာ နောက်ဆစ်ကြောန်း

1 ခုငါဟာ တတိယခါ နန်းနို့နားဟို့ လာမယ်။ ကျမ်းစာဟု ဖော်ပြဟုားဟူမျိုး
“မူကိစမှန်မျှဟို့ သတ်သေနှေ့ယော့-က် သောင်းယော့-က်ရဲ့ စကားထွပ်ဆိုဇာန
ဆောင်းဖြတ်ရဟုယ်။”

2 ဒုတိယခါမာ ရော့-က်လာဒူးဟု “နော့-က်တခါ နန်းနို့နားဟို့ လာမယ် ဆိုဟု ငါဟာ
ငဲ့ညာဟို့မူဘီ” ရင်းရင်ဒူးဟု ပြစ်ကျူးလွန်ဟူလူလေန တခြားလူလေဟို့ ငါဟာ
ကြိုတန်ဘီးဟာ ဒိပေးဟုားဟုယ်။ ခုလည်း အယ်တိုင်းဘဲ့ ဝီးဂီးဟုနေဘီးဟာ ငါထပ်ဘီး
ဒိပေးလိုက်ဟုယ်။

3 ခရစ်တော်ဟာ ငါ့အားဖြင့်ပြောဟူ သတ်သေဟို့ နန်းနို့တောန်းဆိုဂေ့တိုင်း ငါလာဟူ
ခီမာ ရစေမယ်။ ခရစ်တော်ဟာ နန်းနို့န ပေါန်းဟူ ခီမာ အားနဲတော်မူဘဲ သူ့ရဲ့
တဂိုးတော်ဟို့ နန်းနို့ဟို့ ပြလေ့မယ်။

4 ကိုယ်တော်ဟာ လတ်ဝါးကပ်တိုင်မာ သတ်ခံရဟူ ခီမာ စွမ်းအားမှေ့ဘဲဟူမျိုး
ရှိဘေမဲ့ ခုခါမာ ဘုရားသခင်ရဲ့ တဂိုးတော်ကြောန့် သတ်ရှင်ဘီးနေဟုယ်။
နို့လေဟုလည်း ကိုယ်တော်န တလောင်းတဝဒဲရှိကြောန့် စွမ်းအားနဲဂေ့ဟုယ်။
အယ်ဘေမဲ့ နို့လေဟာ ဘုရားသခင်ရဲ့ တဂိုးတော်ကြောန့် ခရစ်တော်နတူးဒူ
သတ်ရှင်ဘီး နန်းနို့န ပေါန်းဖော်ရဟုယ်။

5 နန်းနို့ဟှာ ယောင်ကြည်ရှင်းမာ တည်ဟှယ်၊ တည်ဟှ ဆိုဇာဟို့ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးဂေ့။ အယ်မျိုး စစ်ဆေးဟူ ခီမာ အောန်မြင်မယ် ဆိုဟှာ နန်းနို့ဟှာ ကိုယ့်စိနှလောင်းထဲမာ ယေရှုခရစ်တော်ဟှ ရှိနေဟူကြောန်းဟို့ သေးသေချားချာ သိဂေ့ဟှယ်။ အယ်မျိုးမှုဟှ ဆိုဟှာ နန်းနို့လေဟှာ စစ်ဆေးမှုမာ ရှောန်းနိလေ့မယ်။

6 နို့လေဟှာ စစ်ဆေးခံရဟူ ခီမာ အောန်မြင်ဟူ လူလေဖြစ်ကြောန်းဟို့ နန်းနို့ဟှာ သိဂေ့မယ် ဆိုဇာဟို့ ငါဟှာ မျော်လင့်ဟှယ်။

7 နန်းနို့ဟှာ ကောန်းဘဲဟူဇာလေဟို့ ရှောန်ဟို့တွပ် ဘုရားသခင်ဟို့ နို့လေဟှာ ဆုတောန်းရဟှယ်။ အယ်မျိုးလောက်ဟူဇာဟှာ နို့လေဟှာ ကိုယ့်ကိုယ်ကိုယ် အောန်မြင်ဟူလူလေ ဖြစ်ဇာဟို့ ပေါ်ရှင်ကြောန့် လောက်ဇာမှုဟှ။ နို့လေဟှာ အောန်မြင်ဘဲဟူမျိုးဖြစ်ဘေမဲ့ နန်းနို့ဟို့ ကောန်းမြတ်ဟူမှုလေဟို့ လောက်ဟို့တွပ် ဆုတောန်းရဟှယ်။

8 နို့လေဟှာ သမ္မာတရားဟို့ ဆန့်ကျင်ဘီးဟှာ ဖယ်မှုဟို့လည်း လောက်နိုင်ဂေ့ဟှ။ သမ္မာတရားဖတ်မာနေမှဘဲ့ လောက်နိုင်ဂေ့ဟှယ်။

9 နို့လေဟှာ အားနဲဘီး နန်းနို့ဟှ အားကီးဟူ ခီမာ နို့လေဟှ ဝန်းသာဟှယ်။ အယ်ကြောန့် နန်းနို့ဟှာ ပြစ်ပြောဇာ မှေ့ဘဲနေအောန် ဖြစ်လာဟို့တွပ် နို့လေဟှာ ဆုတောန်းဂေ့ဟှယ်။

10 နန်းနို့န ဝီးနေဟူ နေ့ရစ်လေမာ အယ်စာဟို့ ရေးရဇာဟှာ ငါလာဟူ ခီမာ သခင်ဘုရားဟှ ငါ့ဟို့ ပေးဟှားဟူ ခွမ့်အာဏာဟို့ ပြင်းပြင်းထန်းထန်ဟှား သောင်းစေရှင်ဟှ။ အယ်ခွမ့်အာဏာဟှာ နန်းနို့ဟို့ တည်ဆော့-က်ပေးဟို့တွပ်ဘဲ့ ဖြစ်ဟှယ်။ ဖြိုဖျစ်ဟို့တွပ် မှုဟှ။

11 ယောင်ကြည်သူလေ၊ ဝန်းသာဂေ့ပါ! ပြစ်ပြောဇာမှေ့ဘဲ့နေအောန် ဆစ်ဘီးဟှာကြိုးစာဂေ့။ ငါရဲ့ မြစ်တာရပ်ခံဇာလေဟို့ နာခံဘီးဟှာ ရှင်းရှင်းအားပေးဂေ့ဘီးဟှာ သင့်သင့်မြတ်မြတ်ဟှားနေဂေ့ပါ။ အယ်ဆိုဟှာ မြစ်တာတော်န ဦသတ်မှုရဲ့သခင် ဘုရားသခင်ဟှာ နန်းနို့နတူးဒူ ရှိလေ့မယ်။

12 နန်းနို့ဟှာ ယော့-က်နယော့-က် သန့်ရှင်းဟူနမ်းန နှောက်ဆစ်ဂေ့ပါ။

13 ဘုရားသခင်ရဲ့ လူလေ ဂူလောင်းဟှ နန်းနို့ဟို့ နှောက်ဆစ်ဂေ့ဟှယ်။

14 သခင်ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်၊ ဘုရားသခင်ရဲ့ မြစ်တာတော်န၊ သန့်ရှင်းဟူဝိညာဉ်တော်ရဲ့ မိတ်သဟာယလေဟှာ နန်းနို့လေ ဂူလောင်းနတူးဒူ ရှိပါစေ။

ဂလာတိ
ဂလာတိ သင်းတော်ဟို့ ပေါလုရဲ့ ပေးစာ
နိဒါန်း

ဂလာတိ သင်းတော်ဟို့ ပေါလုရဲ့ ပေးစာ ဟို့ တမန်တော်ပေါလုဟ့ ရေးဟ့ားဟ့ယ် (၁.၁)။ အယ်ပေးစာဟို့ ခရစ်တော် မွီးဘီးန ၄၈—၅၇ ခုနှစ်ကြားမာ ပေါလုဟ့ာ ဂလာတိ သင်းတော်လေဟို့ ရေးဟ့ားဟ့ယ်။ ဂလာတိ လူလေဟ့ာ ရောမပြည်ရဲ့ ဂလာတိဗြို့မာ နေဂေ့ဟ့ယ် ဆိုဘီး ယူဆဂေ့ဟ့ယ်။ ပေါလုဟ့ာ အယ်ပေးစာဟို့ ဖယ်နေရာဟ့နေ ရေးဟ့ားဟ့ယ် ဆိုဇာဟို့ ကျမ်းစာပညာရှင်လေ သိဂေ့ဟ့။ အယ်ဘေမဲ့ ကောရိန္ဗြို့နဖေက်ဗြို့ဟ့နေ ရေးဟ့ားဟ့ယ် ဆိုဘီး သူးနို့ဟ့ ခန့်မှန်းဂေ့ဟ့ယ်။

ပေါလုဟ့ာ ဂလာတိဗြို့ဟ့ သင်းတော်လေမာရှိဟ့ူ ယုဒလူမျိုး ခရစ်ယာန်လေန ယုဒလူမျိုးမူဘဲဟ့ူ ခရစ်ယာန်လေနားဟို့ ရေးဟ့ားဟ့ယ်။ သူဟ့ာ ဓမ္မဟောန်းကျမ်းထဲဟ့ ယုဒလူမျိုးလေရဲ့ ပညတ်တရားတိုင်း ယုဒလူမျိုး ခရစ်ယာန်လေလည်း ရေဖျားလှီးဟို့ လိုအပ်ဟ့ယ် ဆိုဘီး မှားယွင်းဟ့ူ သွန်သင်ဇာဟို့ ဆန်ကျင်ဟို့ ရေးဟ့ားဟ့ယ်။ အယ်နေရာမာ ယုဒလူမျိုး ခရစ်ယာန်လေဟ့ ယုဒလူမျိုးမူဘဲဟ့ူ ခရစ်ယာန်လေဟို့ ရေဖျားလှီးရမယ် ဆိုဘီး တောန်းဆိုနေဂေ့ဟ့ယ်။ သူးနို့ဟ့ာ ပေါလုရဲ့ တမန်တော် ခွမ့်အာဏာဟို့လည်း မေးခွန်းထုဟ့ားဟ့ယ်။ ပေါလုဟ့ာ ဖြစ်ပျစ်တချို့ဟို့ ပြောပြဘီး သူ့ရဲ့ တမန်တော် ခွမ့်အာဏာဟို့ ခုခံဖြေရှင်းဟ့ားဟ့ယ် (၁.၁၁—၂.၁၄)။ သူဟ့ာ ယေရှုခရစ်ဟို့ ယောင်ကြည်ဇာအားဖြင့်ဘဲ့ ကယ်တန်ခံရမယ် ဆိုဘီး ရှင်းပြဇာအားဖြင့် ဒန်းကောန်းဟို့ ခုခံဖြေရှင်းဟ့ားဟ့ယ် (၂.၁၆)။ အယ်မျိုးဖြစ်လာဇာဟ့ာ လူလေရဲ့ လုပ်ဆောန်ဇာကြောန့်မူဘဲ ဘုရားသခင်ရဲ့ ကရုဏာကြောန့် ဖြစ်ဟ့ယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟ့ာ ဂလာတိဗြို့ဟ့ သင်းတော်လေဟို့ နှော့-က်ဆစ်ဇာန နိဒါန်းပျိုးဟ့ားဟ့ူကြောန်း (၁.၁-၅)

၂။ ပေါလုဟ့ာ သူ့ရဲ့ မှန်ဟ့ူ သွန်သင်ဇာဟ့ ခုခံဖြေရှင်းဟို့တွပ် သူ့ရဲ့ နော့-က်ကြောန်း ရာဇဝင်န ပညတ်တရားထဲမာ သတ်ရှင်ဟို့ ကြိုးစာဘေမဲ့ ကြိုးစားနိုင်ဟ့ ဆိုဘီး ရှင်းပြဟ့ားဟ့ူကြောန်း (၁.၆—၂.၂၁)

၃။ သူဟ့ာ ပညတ်တရားကြောန်းန ကယ်တန်ဇာန ဆိုင်ဟ့ူ ကျေးဇူးတော်ကြောန်းဟို့ နော့-က်ထပ် ရှင်းပြဟ့ူကြောန်း (၃.၁—၄.၃၁)

၄။ သူဟ့ာ ကောန်းဟ့ူခရစ်ယာန် သတ်ရှင်ပေါင်ဇံတွပ် ညွှန်ကြားချစ်လေ တချို့ဟို့ ပေးဟ့ားဟ့ူကြောန်း (၅.၁—၆.၁၀)

၅။ ပေါလုဟ့ာ ဘုရားသခင်အားဖြင့် လူသစ်ဖြစ်ပ့လောန်းလဲဇာဟ့ ပြင်ပလတ်ခဏာဖြစ်ဟ့ူ ရေဖျားလှီးဇာထတ် ပိုဘီး ရေးကီးကြောန်းဟို့

အော့-က်မေ့ဟို့ တောန်းဆိုဟှားဘီး အယ်ပေးစာဟို့ နှောက်ဆစ်ဇာန
နိဂေါင်းချောက်ဟှားဟူကြောန်း (၍.၁၁–၁၈)

1 ငါပေါလုဟှာ လူတယော့-က်အားဖြင့်လည်းမှု၊ လူလေအားဖြင့်လည်းမှုဘဲန
ယေရှုခရစ်တော်ရဲ့ ခွမ့်အားဖြင့်နရော၊ အယ်သခင်ဟို့ သေရာဟှနေ ပ့လန်ရှင်စေဟူ
ဖဘုရားသခင်ရဲ့ ခွမ့်အားဖြင့်နရော တမန်တော်ရာဟို့ ပေးအပ်ခံရသူဖြစ်ဟှယ်။
2 ငါ့နတူးဒူရှိနေဟူ ယောင်ကြည်သူလေ အားလောင်းဟှာ၊
ဂလာတိပြည်မာရှိဟူ သင်းတော်လေဟို့ နှောက်ဆစ်လိုက်ပါဟှယ်၊
3 နို့လေရဲ့ဖဖြစ်ဟူ ဘုရားသခင်နှ သခင်ယေရှု ခရစ်တော် ထံတော်ဟှနေ
ကျေးဇူးတော်နှ ငြိသတ်ရှင်းဟှာ နန်းနို့မာရှိပါစေ၊
4 နို့လေရဲ့ဖ ဘုရားသခင်ရဲ့ လိုတော်ဟို့ နားထောန်ဘီး ခရစ်တော်ဟှာ နို့လေဟို့
အယ်မူဆိုးရောက်ဟူ ပစ္စုပ္ပန်ဘဝဟှ ကယ်တန်နိုင်ဟို့ နို့လေရဲ့ ပြစ်လေတွပ်
ကိုယ့်ကိုယ်ကိုယ် ပေးအပ်တော်မူဟှယ်။
5 အယ်ဘုရားသခင်ဟှာ ကမ္ဘာဆစ်ဆစ် ဖောင်းကီးတော်မူပါစေ။ အာမင်။

တခုဒဲရှိဟူ ဧဝံဂေလိတရား
6 ခရစ်တော်ရဲ့ ကျေးဇူးတော်အားဖြင့်* နန်းနို့ဟို့ ခေါ်တော်မူဟူသူဟို့
အယ်မျိုးဗြန်းဗြန် စွန့်ဘီးဟှာ တခြားဧဝံဂေလိတရားဟို့ လတ်ခံလိုက်ဟူကြောန့်
ငါရရာတိုင်း အံ့သြဟှယ်!
7 မှန်ဆိုဟှာ “တခြား ဧဝံဂေလိတရား” ဆိုဇာမ့ေဟှ။ ဖြားဖြစ်ကြောန့်
ငါအယ်မျိုးပြောရနူးဆိုဇာဟှ နန်းနို့ဟို့ ရွတ်ထွေးအောန်လောက်ဘီး ခရစ်တော်ရဲ့
ဧဝံဂေလိတရားဟို့ မ့ော့-က်လှန်ရှင်ဟူလူတချို့ ရှိနေကြောန်ဖြစ်ဟှယ်။
8 နို့လေဖြစ်ဖြစ်၊ ကောန်းဂန်ဘောင်ဟှနေလာဟူ ကောန်းဂန်တမန်ဖြစ်ဖြစ် နန်းနို့ဟို့
နို့လေဟောပြောဟှားဟူ ဒန်းကောန်းန တူဘဲဟူ ဒန်းကောန်းဟို့ ဟောပြောမယ် ဆိုဟှာ
ဟောပြောဟူသူဟှာ ဘုရားသခင်ရဲ့ ကီရှင်းဟို့ ခံရစေ!
9 နန်းနို့ခံယူဟှားဟူ ဒန်းကောန်းနတူဘဲဟူ ဒန်းကောန်းဟို့ ဟောပြောမားဟှာ
ဘုရားသခင်ရဲ့ ကီရှင်းဟို့ ခံရစေ ဆိုဘီး နို့လေပြောဟှားဟူတိုင်းဘဲ့ ခု ငါထပ်ဘီး
ပြောဟှယ်။
10 ခု ငါဟှာ လူလေရဲ့ ထော့-က်ခံမှုဟို့ လိုက်ဇာလော။ ဘုရားသခင်ရဲ့
ထော့-က်ခံမှုဟို့ လိုက်ဇာလော။ ငါဟှာ လူလေကျေနပ်ဟို့တွပ်ဘဲ့ စည်းရောင်းနေမယ်
ဆိုဟှာ ငါဟှာ ခရစ်တော်ရဲ့ စေခံဖြစ်ဟို့မှုဟှ။

ပေါလု တမန်တော်ဖြစ်လာကြောန်း
11 ယောင်ကြည်သူလေ၊ နန်းနို့ဟို့ ငါဟောပြောဟူဒန်းကောန်းဟှာ
လူလေတီထွမ်ဟှားဟူ ဒန်းကောန်းမှုဟှ ဆိုဇာဟို့ နန်းနို့ဟို့ ငါသိစေရှင်ဟှယ်။

---

* **1:6** **၁.၆** ခရစ်တော်ရဲ့ ကျေးဇူးတော်အားဖြင့်၊ တချို့ မူရင်းလတ်ရေးမူလေမာ ကိုယ်တော်ရဲ့ ကျေးဇူးတော်အားဖြင့်၊ ဆိုဘီး ပါရှိဟှယ်။

12 အယ်ဒန်းကောန်းဟို့ ငါဟာ ဖယ်သူ့ထံဟုလည်း လတ်ခံဟုားဇာမူဟု။
ဖယ်သူဟုလည်း ငါ့ဟို့ သန်ပေးဟုားဇာမူဟု။ အယ်ဒန်းကောန်းဟို့
ယေရှုခရစ်တော်ထံဟုနေ ဖွမ့်ပြမူအားဖြင့် ငါလတ်ခံရရှိဇာဖြစ်ဟုယ်။
13 ရင်ဟု ယုဒဘာသာထဲမာ ငါ့ရဲ့ သတ်ရှင်မှ နည်းလမ်းဟို့ နန်းနို့ကြားဟုားပီးဘီ။
ငါဟာ ဘုရားသခင်ရဲ့ သင်းတော်ဟို့ ရရာတိုင်း ညှဉ်းဆဲဘီးဟာ သင်းတော်ဟို့
ဖျစ်ဆီးဟို့ ကြိုးစားဟုားဟုယ်။
14 ငါ့ဘိုးဘေးလေရဲ့ ထောင်းဒမ်းစဉ်လာလေဟို့ ရရာတိုင်း စိအားထတ်သန်ဘီး
ငါ့နရွယ်ဒူ ယုဒလူမျိုးလေထတ် ငါဟာ ယုဒဘာသာထဲမာ ပိုဘီး ကျင်လည်ဟုယ်။
15 အယ်ဘေမဲ့ ငါမွီးခန်ဂဒဲဟု ဘုရားသခင်ဟာ ကျေးဇူးတော်အားဖြင့် ငါ့ဟို့
ခေါ်တော်မူဟုားဘီး မူတော်ဆောန်ဟို့ ဝီးကော့-က်ဟုားဟုယ်။ အယ်ဘီးဟာ
16 လူမျိုးခြားလေဟို့ သားတော်ရဲ့ ဒန်းကောန်းဟို့ ဟောပြောဟို့ ကိုယ်တော်ရဲ့
လိုတော်တိုင်း သားတော်ဟို့ ငါ့ဟို့ ပြတော်မူဟူ ခီမာ ငါဟာ သွီးသားတော်စပ်ဟူသူ
ဖယ်သူနလည်း တိုင်ဗန်ဇာဟို့ လောက်ဘဲန
17 ငါ့ထတ်စောဟူ တမန်တော်လေန တွိဟို့ ယေရှုရှလင်ဗြို့ဟို့လည်း သွားဘဲန
ရှင်းရှင်းဘဲ့ အာရေဗျပြည်ဟို့ သွားဘီး ဒမာသက်ဗြို့ဟို့ ပ့ုလန်ဟုားလိုက်ဟုယ်။
18 သောင်းနှစ်ကြာဘီးန ငါဟာ ပေတရုဟို့ တွိဟို့ ဆိုဘီး ယေရှုရှလင်ဗြို့ဟို့
တတ်ဟုားဘီးဟာ သူ့နတူးဒူ ဆယ့်ငါးရစ် နေဟုားဟုယ်။
19 ငါဟာ သခင်ဘုရားရဲ့ညီ ယာကုပ်ဟုလွဲဘီး တခြားတမန်တော်လေဟို့ တွိဟု။†
20 ငါရေးလိုက်ဇာလေဟာ တကယ် ဖြစ်ဟုယ်။ ငါဟာ လီညာနေဇာမူဟု ဆိုဇာဟို့
ဘုရားသခင် သိတော်မူဟုယ်။
21 အယ်ဘီးန ငါဟာ ရှုရိပြည်န ကိလိကိပြည်လေဟို့ သွားလိုက်ဟုယ်။
22 အယ်ခီဒူးဟု ယုဒပြည်မာရှိဟူ သင်းတော်လေရဲ့ သင်းဝမ်သူလေဟာ ငါန
ရရာတိုင်း ရင်းနှီးကျွမ်းဝမ်မူ မွေ့သေးဟု။
23 “နို့လေဟို့ ညှဉ်းဆဲဖူးဟူ အယ်လူဟာ ရင်းရင်ဒူးဟု ဖျစ်ဆီးဟို့ ကြိုးစားဟုားဟူ
ယောင်ကြည်မှ တရားဟို့ ခု ဟောပြောနေဟုယ်” ဆိုဘီး သူးနို့ဟာ တခြားလူလေ
ပြောနေဇာဟို့ဘဲ့ ကြားဟုားဂေ့ဟုယ်။
24 အယ်ကြောန့် သူးနို့ဟာ ငါ့ကြောန့် ဘုရားသခင်ဟို့ ချီးမွမ်းဂေ့ဟုယ်။

2

ပေါလုန တခြားတမန်တော်လေ

1 ဆယ့်လေးနှစ်ကြာဘီးန ငါဟာ တိတုဟို့ ခေါ်ဘီး ဗာနဗနတူးဒူ ယေရှုရှလင်ဗြို့ဟို့
ပ့ုလန်တတ်ဟုားလိုက်ဟုယ်။

1:13 ၁.၁၃ တ စ.၃: ၂၂.၄.၅: ၂၆.၉–၁၁ **1:14 ၁.၁၄** တ ၂၂.၃ **1:15 ၁.၁၅.၁၆** တ ဥ.၃–၆: ၂၂.၆–၁၀: ၂၆.၁၃–၁၈ **1:18 ၁.၁၈** တ ဥ.၂၆–၃၀ † **1:19 ၁.၁၉** ယာကုပ်ဟုလွဲဘီး တခြားတမန်တော်လေဟို့ တွိဟု၊ အယ်မျိုးမူဘဲနေဟာ ယာကုပ်တယော့-က်ဘဲ့ ငါတွိရဘီး တခြားတမန်တော်လေဟို့ တွိရဟု။ **2:1 ၂.၁** တ ၁၁.၃၀: ၁၅.၂

2 ဖြားဖြစ်ကြောင်နှူးဆိုဟှာ ဘုရားသခင်ဟှ ငါသွားရမယ် ဆိုဘီး ငါ့ဟှို ဖွမ့်ပြကြောင်
သွားလိုက်ဇာဖြစ်ဟှယ်။ ခေါင်းဆောင်လေန သီးသန့်တွိဆောင်ဘီး လူမျိုးခြားလေဟှို
ငါဟောပြောဟှူ ဒန်းကောန်းဟှို ရှင်းလန်းပြဟှယ်။ ဖြားဖြစ်ကြောင်နှူးဆိုဟှာ
လောက်ဆောန်ဟှားဘီးဟှူဇာလေန ခုလောက်ဆောန်နေဇာလေဟှို
ချည်းနှီးဖြစ်ရှင်ဘဲကြောန် ဖြစ်ဟှယ်။

3 ငါ့နတူးဒူ ပါလာဟှူ တိတုဟှာ ဂရိလူမျိုးဖြစ်ဘေမဲ့ ငါဟှာ ရေဖျားလှီးဇာဟှို
အတင်းခံစေဟှ။

4 ယေရှုခရစ်တော်နှိုက် နို့လေရရှိဟှူ လွတ်လပ်မှုဟှို စောင်ဇမ်းဟှို့ နို့လေအောက်စုထဲ
တိတိဟှားဝမ်လာဟှူ ယောင်ကြည်သူ တုယောန် တချို့ဟှာ အယ်မျိုး ရေဖျားလှီးဇာဟှို
လိုရှင်ဂေ့ဟှယ်။ သူးနို့ဟှာ နို့လေဟှို ကျွန်ပ့လန်ဖြစ်စေရှင်ဘေမဲ့၊

5 မှန်ဟှူ ဧဝံဂေလိတရားဟှာ နန်းနို့ထဲမာ တည်ရှိနေကြောန် နို့လေဟှာ သူးနို့ဟှို
ရှစ်ဟှားမျှ လျော့ပေးဟှ။

6 ခေါင်းဆောန်လေ ဆိုဘီး ထန်မှတ်ရဟှူ လူလေဟှာ ငါ့ရဲ့ ဟောပြောဇာလေဟှို
ထပ်ဘီး ဖြားဇာလည်း ဆွေးနွေးဂေ့ဟှမ်း။ သူးနို့ဟှာ တကယ်ဘဲ့ ခေါင်းဆောန်လေ
ဖြစ်ဟှယ်၊ ဖြစ်ဟှ ဆိုဇာ ငါ့တွပ်ရေးကီးဟှ။ ဖြားဖြစ်ကြောင်နှူးဆိုဟှာ ဘုရားသခင်ဟှာ
ပြင်ပ လတ်ခဏာလေဟှို ကေ့ဘီး စီရင်တော်မူဘဲကြောန် ဖြစ်ဟှယ်။

7 သူးနို့ဟှာ ဆွေးနွေးဟှို့စား ဘုရားသခင်ဟှာ ပေတရုဟှို ရေဖျားလှီးဟှားဟှူ
လူလေထံဟှို ဒန်းကောန်းဟောပြောဟှို့ တာဝန်ပေးဟှားဟှယ် ဆိုဘီး
ယောင်ကြည်ဂေ့မျိုးဘဲ့ ငါ့ဟှိုလည်း ရေဖျားလှီးဘဲဟှူ လူလေထံဟှို
ဒန်းကောန်းဟောပြောဟှို့ တာဝန်ပေးဟှားဟှယ် ဆိုဘီး ဗြင်ဟှားဂေ့ဟှယ်။

8 ဖြားဖြစ်ကြောင်နှူးဆိုဟှာ ဘုရားသခင်ရဲ့ တဂိုးတော်အားဖြင့် ပေတရုဟှာ
ရေဖျားလှီးဟှားဟှူ လူလေတွပ် တမန်တော်ရာနှိုက် မှုတော်ဆောန်ဘီး ငါဟှာ
လူမျိုးခြားလေတွပ် တမန်တော်ဖြစ် မှုတော်ဆောန်ဟှို့ဖြစ်ဟှယ်။

9 မဏ္ဍိုင်မျိုးဖြစ်ဟှူ ယာကုပ်၊ ပေတရု၊ ယောဟန်လေဟှာ ငါ့ရဟှားဟှူ
ကျေးဇူးတော်ဟှို သိဂေဟှူကြောန် မိတ်သဟာယဖွဲ့ဘီး နို့လေဂူလောင်းဟှာ
လောက်ဖော်ဆောန်ဖတ်လေ ဖြစ်ဟှယ် ဆိုဇာဟှို လတ်ခဏာတခုဖြစ် သူးနို့ဟှာ ဗာနဗန
ငါ့ဟှို့ လတ်ဆွဲနှုတ်ဆွဲဂေ့ဟှယ်။ ဗာနဗန ငါဟှာ လူမျိုးခြားလေထဲမာ မှုတော်ဆောန်ဘီး
သူးနို့ဟှာ ရေဖျားလှီးဟှူ လူလေထဲမာ မှုတော်ဆောန်ဟှို့ ဘောတူဂေ့ဟှယ်။

10 နို့လေဟှာ ဆင်းရဲသားလေဟှို ကူညီမဇဟှို့တွပ် သူးနို့လိုရှင်ဘီး အယ်မျိုး
လောက်ဆောန်ဟှို့တွပ် ငါလည်း စိအားထတ်သန်မှု ရှိဟှယ်။*

အန္တိအုတ်ဗြို့မာ ပေါလုဟှာ ပေတရုဟှို ပြစ်တန်ကြောန်း

11 အန္တိအုတ်ဗြို့ဟှို ပေတရုရော့-က်လာခီမာ သူ့ရဲ့အပြုမူလေဟှာ
မှားနေဇာထန်ရှားကြောန် ငါဟှာ သူ့ဟှို လူလေရှေ့မာ ပြစ်တန်ဟှယ်။

* **2:10** ၂.၁၀ ရှိဟှယ်၊ အယ်မျိုးမှုဘဲနေဟှာ ရှိဟှားဟှယ်။

12 ယာကုပ်စေလွှတ်လိုက်ဟူ လူအချို့ ရောဒ်-က်လာခန်မာ ပေတရုဟာ
လူမျိုးခြားလေနတူးဒူ စားနေဂေ့ဟုယ်။ အယ်ဘေမဲ့ ယာကုပ်စေလွှတ်လိုက်ဟူ
လူလေရောဒ်-က်လာဘီးန သူဟာ လူမျိုးခြားလေနတူးဒူ စားဘဲန ခပ်ခွာခွာဟား
နေဟုယ်။ ဖြားဖြစ်ကြောန်နူးဆိုဟာ သူဟာ ရေဖျားလှီးဟားဟူ လူလေဟို
ကြော့-က်ဟူကြောန် ဖြစ်ဟုယ်။
13 တခြားယုဒလူမျိုး ယောင်ကြည်သူလေလည်း ပေတရုမျိုးဘဲ့ ဟန်ဆောန်ဟူ
ပြုမူလေဟို စဘီး လောက်ဆောန်လာဟူ ခီမာ သူးနို့ရဲ့ သူရဲဘောကြောန်ဟူ
ပြုမူလေအားဖြင့် ဗာနဗလည်း သူးနို့ဖတ်ဟို ပါဟားဟုယ်။
14 သူးနို့ဟာ မှန်ဟူ ဧဝံဂေလိတရားန တည့်တည့်မတ်မတ် သွားဂေ့ဟ ဆိုဇာဟို
ငါဖြင်ဟားဟူ ခီမာ ငါဟာ ပေတရုဟို လူလေရဲ့ ရှေ့မာ ပြောလိုက်ဇာဟ “နန်ဟာ
ယုဒလူမျိုးတယော့-က်ဖြစ်ဘီး ယုဒလူလေမျိုး သတ်ရှင်ဘဲန
လူမျိုးခြားတယော့-က်လို သတ်ရှင်ဟုယ်။ အယ်ဘီးဟာ လူမျိုးခြားလေဟို
ယုဒလူမျိုးလို နေထိုင်ဟို့ ဖြားဖြစ်ဟို ကြိုစားနေနူး”

ယုဒလူမျိုးလေန လူမျိုးခြားလေဟာ ယောင်ကြည်မှုအားဖြင့် ကယ်တန်ခံရကြောန်း

15 နို့လေဟာ မွီးဂဒဲဟ ယုဒလူမျိုးလေဖြစ်ဘီး “လူမျိုးခြား ပြစ်သားလေ” မှုဟ။
16 အယ်ဘေမဲ့ လူဟာ ပညတ်တရားဟို့ လိုက်ရော့-က်ဟူဇာအားဖြင့်
ဖြောန်မတ်ဟားဇာမှုဟ။ ယေရှုခရစ်ဟို့ ယောင်ကြည်ရှင်းအားဖြင့်ဘဲ့
ဖြောန်မတ်ဟားဟုယ် ဆိုဇာဟို့ နို့လေသိဂေ့ဟုယ်။ အယ်ကြောန် နို့လေလည်း
ပညတ်တရားဟို့ လိုက်ရော့-က်ဟူဇာအားဖြင့်မှုဘဲ ခရစ်တော်ဟို့
ယောင်ကြည်ရှင်းအားဖြင့်ဘဲ့ ဖြောန်မတ်ဟို့တွပ် ခရစ်တော်ယေရှုဟို့
ယောင်ကြည်ဂေ့ဟုယ်။ ဖြားဖြစ်ကြောန်နူးဆိုဟာ ပညတ်တရားဟို့
လိုက်ရော့-က်ရှင်းအားဖြင့် ဖယ်သူလည်း ဖြောန်မတ်မှုဟို့ ရနိုင်ဘဲကြောန်ဖြစ်ဟုယ်။
17 အယ်ဆိုဟာ နို့လေဟာ ခရစ်တော်နှိုက် ဖြောန်မတ်ဟို့တွပ် ကြိုးစားနေခီမာ
နို့လေလည်း လူမျိုးခြားလေလို ပြစ်သားလေဖြစ်ကြောန်း တွိရှိဟားမယ် ဆိုဟာ
ခရစ်တော်ဟာ နို့လေဟို့ ပြစ်လောက်ဟို့ စေခံဟုယ် ဆိုဘီး ဆိုနိုင်လော။ လောင်းဝ
ဆိုနိုင်ဟု။
18 ငါဖျစ်ဆီးဟားဟူဇာဟို့ ပုလန်တည်ဆော့-က်မယ် ဆိုဟာ ငါဟာ ပညတ်တရားဟို့
ခုလိုးဖော့-က်မားဖြစ်ဟုယ် ဆိုဇာဟို့ ဖော်ပြနေဇာဖြစ်ဟုယ်။
19 ဖြားဖြစ်ကြောန်နူးဆိုဟာ ငါဟာ ဘုရားသခင်နှိုက် သတ်ရှင်နိုင်ဟို့တွပ်
ပညတ်တရားအားဖြင့် ပညတ်တရားနှိုက် သေဟားပီးဘီး။ ငါဟာ ခရစ်တော်နတူးဒူ
လတ်ဝါးကပ်တိုင်မာ သေခံဘီ။
20 အယ်ဘေမဲ့ သတ်ရှင်သေးဟုယ်။ အယ်မျိုးဆိုဟာ ငါဟာ ကိုယ်တိုင်ရှင်ဇာမှုဟ
ခရစ်တော်ဟာ ငါနှိုက်ရှင်ဟူ ဇာဖြစ်ဟုယ်။ ကိုယ်ခန္ဓာနှိုက် ခု ငါရှင်နေဟူ သတ်ဟာ

2:16 ၂.၁၆ ၈ ရော ၃.၂၀: **ခ** ရော ၃.၂၂

ဘုရားသခင်ရဲ့ သားတော်ဟို့ ယောင်ကြည်ဇာအားဖြင့် ရှင်နေဟူ သတ်ဖြစ်ဟုယ်။
သားတော်ဟာ ငါ့ဟို့ ရှစ်ဟူကြောန့် ငါ့တွပ် သတ်ဟို့ စွန့်ပေးတော်မူဟုယ်။
21 ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ငါပယ်ဟု။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
ပညတ်တရားအားဖြင့် ဖြောန့်မတ်နိုင်မယ် ဆိုဟာ ခရစ်တော်ဟာ ချည်းနှီး
သေခံတော်မူဘီ။

3

ပညတ်တရား အယ်မျိုးမူဘဲနေဟု ယောင်ကြည်တရား

1 မိုက်မဲဟူ ဂလာတိ သင်းသားလေ! နန်းနှိပ်ဟို့ ဖယ်လူဟု ပြုစားဟုးနူး။
လတ်ဝါးကပ်တိုင် ထတ်မာ ယေရှုခရစ်တော် သေခံတော်မူဇာဟို့ နန်းနှိပ်မျစ်စိရှေ့မာ
ရှင်းရှင်းလန်းလန်း ဖော်ပြဟုးပီးဘီ!
2 ပညတ်တရားဟို့ လိုက်ရှော့-က်ဇာအားဖြင့် အယ်မျိုးမူဘဲနေဟာ ဧဝံဂေလိတရားဟို့
ကြားဘီး ယောင်ကြည်ဇာအားဖြင့် ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟို့ လတ်ခံရရှိဇာလော။
အယ်မူဇာ တခုဟို့ဘဲ့ ငါသိရှင်ဟုယ်။
3 အယ်မျလော့-က် မိုက်မဲဂေ့လော! နန်းနှိပ်ဟာ ဘုရားသခင်ရဲ့ ဝိညာဉ်တော်အားဖြင့်
စပြုဘီးန ခု ဇာတိန ဆောင်းသတ်ဟို့လော။
4 နန်းနှိပ်ဂူလောင်းရဲ့ တွိကြောင်ခံစားရဇာဟာ ချည်းနှီး ဖြစ်ဟုးဘီလော။ မှန်ဆိုဟာ
ချည်းနှီး ဖြစ်နိုင်ဟု!
5 ဘုရားသခင်ဟာ နန်းနှိပ်ဟို့ ဝိညာဉ်တော်ဟို့ ပေးဘီး နန်းနှိပ်ထဲမာ
နိမိတ်လတ်ခဏာလေ လောက်နေဇာဟာ ပညတ်တရားအားဖြင့် လောက်ဇာလော၊
အယ်မျိုးမူဘဲနေဟာ ဧဝံဂေလိတရားဟို့ ကြားဘီး ယောင်ကြည်ရှင်းအားဖြင့်
လောက်ဇာလော။
6 အာဗြဟံရဲ့ တွိကြောင်ခံစားမူဟို့ ကျမ်းစာမာ ပြောဟုးဇာဟု "အာဗြဟံဟာ
ဘုရားသခင်ဟို့ ယောင်ကြည်ဟူကြောန့် သူ့ရဲ့ ယောင်ကြည်ဇာအားဖြင့်
ဘုရားသခင်ဟာ သူ့ဟို့ ဖြောန့်မတ်ဟူမျိုး လတ်ခံတော်မူဟုယ်။"
7 အယ်ကြောန့် ယောင်ကြည်ရှင်းရှိဟူ လူလေဟာ အာဗြဟံရဲ့
မှလေးမှလစ်စစ်ဖြစ်ဟုယ် ဆိုဇာဟို့ နားလည်ဂေ့ပါ။
8 ဘုရားသခင်ဟာ ယောင်ကြည်ရှင်းအားဖြင့် လူမျိုးခြားလေဟို့
ဖြောန့်မတ်စေလေ့မယ် ဆိုဘီး ကျမ်းစာမာ ကြိုတန်ဘီး ပြောဟုးဟုယ်။ အယ်ကြောန့်
ကျမ်းစာမာ အာဗြဟံဟို့ ဟောဟုးဟူ ဒန်းကောန်းဟု "လူမျိုးဂူလောင်းဟာ နန့်အားဖြင့်
ကောန်းဂျီးမ်ဂလာဟို့ ခံစားရလေ့မယ်။"
9 အယ်ကြောန့် ယောင်ကြည်ရှင်းရှိဟူသူလေဟာ ယောင်ကြည်ဟူ အာဗြဟံနတူးဒူ
ကောန်းဂျီးဟို့ ခံစားရဟုယ်။
10 ပညတ်တရားဟို့ လိုက်ရှော့-က်ဟူ လူလေဟာ ကီဇာန သတ်ဆိုင်ဂေ့ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ကျမ်းစာဟု "ပညတ်တရားမာ ပါဇာလေဂူလောင်းဟို့

3:6 ၃.၆ ရော ၄.၃ 3:7 ၃.၇ ရော ၄.၁၆

လိုက်ရှော့-က်နိုင်ဘဲဟူ လူတိုင်းဟာ ဘုရားသခင်ရဲ့ ကီဇာဟို့ ခံရမယ်” ဆိုဘီး
ပြောဟားဟုယ်။
11 ပညတ်တရားအားဖြင့် ဖယ်သူလည်း ဘုရားသခင်ရှေ့မာ ဖြောန့်မတ်ဟု ဆိုဇာ
ထန်ရှားဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ကျမ်းစာမာ “ဖြောန့်မတ်ဟူသူဟာ
ယောင်ကြည်ရှင်းအားဖြင့် သတ်ရှင်လေ့မယ်”* ဆိုဘီး ပြောဟားဟုယ်။
12 ပညတ်တရားဟာ ယောင်ကြည်ရှင်းထတ်မာ ခြေခံဟားဇာမူဟု။ အယ်ဘေမဲ့
ကျမ်းစာဟုလည်း “ပညတ်တရားဟို့ လိုက်ရှော့-က်ဟူလူဟာ
အယ်ပညတ်တရားအားဖြင့်ဘဲ့ သတ်ရှင်လေ့မယ်” ဆိုဘီး အယ်မျိုးဘဲ့ပြောဟားဟုယ်။
13 “သစ်တိုင်မာ ခိဆွဲခံရဟူသူဟာ ဘုရားသခင်ရဲ့ ကီဇာဟို့ ခံရဟူသူဖြစ်ဟုယ်”
ဆိုဘီး ကျမ်းစာမာ ပြောဟားမျိုးဘဲ့ ခရစ်တော်ဟာ နို့လေတွပ် ကီဇာဟို့ ခံဘီးန
နို့လေဟို့ ပညတ်တရားရဲ့ ကီဇာဟုနေ ဝီးနှတော်မူဟုယ်။
14 အယ်မျိုးလောက်ဇာဟာ လူမျိုးခြားလေဟာ ခရစ်တော်ယေရှုနှိုက် အမှီပြုဘီး
အာဖြဟံခံစားရဟူ ကောန်းဂျီးဟို့ ခံစားရဘီး နို့လေဟို့ ဘုရားသခင် ဂဒိပေးဟားဟူ
ဝိညာဉ်တော်ဟို့ ယောင်ကြည်ဇာအားဖြင့် လတ်ခံရရှိဟို့ဖြစ်ဟုယ်။

ပညတ်တော်နဂဒိတော်

15 ယောင်ကြည်သူလေ၊ နေ့တိုင်း တွိကြောန်နေဇာလေထဲဟုနေ ဥပမာတခုဟို့
ပြောရမယ် ဆိုဟာ လူနေ့ယော့-က်ဟာ ကြောန်းရာတခုဟို့ ပဋိညာဉ်ပြုဘီး
လတ်မှတ်ရေးထိုးလိုက်ဘီးခီမာ ဖယ်လူလည်း ပယ်ဖျစ်ဟို့လည်းမရ၊
ထပ်ဖုလဲ့ဟို့လည်းရဟု။
16 ဘုရားသခင်ရဲ့ ဂဒိတော်လေဟာ အာဖြဟံန သူ့ရဲ့ မှလေးမှလစ်တွပ် ဖြစ်ဟုယ်။
ကျမ်းစာမာ “မှလေးမှလစ်လေ” ဆိုဘီး များကိန်းဟို့ သောင်းပြုဘဲန
“နှန့်ရဲ့မှလေးမှလစ်” ဆိုဘီး အနဲကိန်းဟို့ သောင်းပြုဟားကြောန့် လူတယော့-က်ဟို့ဘဲ့
ဆိုလိုဇာဖြစ်ဘီး အယ်လူဟာ ခရစ်တော်ဖြစ်ဟုယ်။
17 ငါဆိုလိုဇာဟု ဘုရားသခင်ဟာ အာဖြဟံန ပဋိညာဉ်ပြုဘီး ပဋိညာဉ်ဟို့
စောန့်ထီးဟို့ ဂဒိပေးဟားတော်မူဟုယ်။ နှစ်ပေါန်း လေးရာသောင်းဆယ် ကြာဘီးမှ
ပေးတော်မူဟူ ပညတ်တရားဟာ အယ်ပဋိညာဉ်ဟို့ ပယ်နိုင်ဟု။ ဘုရားသခင်ရဲ့
ဂဒိတော်ဟို့ ပယ်နိုင်ဟု။
18 ဖြစ်ကြောန့်နူးဆိုဟာ ဘုရားသခင်ရဲ့ မွီတော်ဟာ ပညတ်တရားထတ်မာ
တည်နေမယ် ဆိုဟာ အယ်မွီတော်ဟာ ဂဒိတော်ထတ်မာ တည်ဟု။ အယ်ဘေမဲ့
ဘုရားသခင်ဟာ ဂဒိတော်အားဖြင့် အာဖြဟံဟို့ အယ်မွီတော်ဟို့ ပေးတော်မူဟုယ်။
19 အယ်ဆိုဟာ ပညတ်တရားရဲ့ ရည်ရွယ်ချစ်ဟု ဖြားဇာနူး။ ဂဒိတော်ခံရဟူ
အာဖြဟံမှလေးမှလစ် ရော့-က်လာခန်ခီထိ ဒုစရိုက်လေဟို့ ပြဟို့တွပ် အယ်တရားဟို့

* **3:11** **ဒု.၁၁** ဖြောန့်မတ်ဟူသူဟာ ယောင်ကြည်ရှင်းအားဖြင့် သတ်ရှင်လေ့မယ်၊ အယ်မျိုးမူဘဲနေဟာ
ယောင်ကြည်ရှင်းအားဖြင့် သတ်ရှင်ဟူ လူဟာ ဖြောန့်မတ်လေ့မယ်။ **3:18** **ဒု.၁၈** ရော ၄.၁၄

ထပ်ပေးတော်မူဟုယ်။ အယ်ပညတ်တရားဟို့ ကောန်းဂန်တမန်လေအားဖြင့်
ကြားဝမ်စေ့စပ်မား တယော့-က်မှတဆင့် ပေးတော်မူဟုယ်။
20 အယ်ဘေမဲ့ တယော့-က်ဒဲဘဲ့ ပါဝမ်လောက်ဆောန်ခီမာ ကြားဝမ်စေ့စပ်မားဟို့
လိုအပ်ဟုမ်း။ အယ်ဘီးဟုာ ဘုရားသခင်ဟုာ တပါးဒဲ ဖြစ်တော်မူဟုယ်။†

ပညတ်တရားရဲ့ ရည်ရွယ်ချစ်

21 အယ်မျိုးဆိုဟုာ ပညတ်တရားဟု ဘုရားသခင်ရဲ့ ဂဒိတော်ဟို့
ဆန့်ကျင်နေဇာလော။ လောင်းဝမှုဟု! သတ်ရှင်စေနိုင်ဟူ ပညတ်တရားဟို့ လူသားလေ
လတ်ခံရရှိမယ် ဆိုဟုာ အယ်ပညတ်တရားဟို့ လိုက်ရှော့-က်ဇာအားဖြင့်
ဖြောန့်မတ်မှုဟို့ ရလေ့မယ်။
22 အယ်ဘေမဲ့ ယေရှုခရစ်တော်ဟို့ ယောင်ကြည်ရှင်းန စပ်ဆိုင်ဟူ ဂဒိတော်ဟို့
ယောင်ကြည်ဟူ သူလေဟို့ ပေးအပ်ဟို့တွပ် ကျမ်းစာဟု လူလေ ဂူလောင်းဟို့
ပြစ်တရားအော့-က်မာ ချောက်ဟုားလေဟုယ်။
23 အယ်ယောင်ကြည်မှုတရား လာခန်ထိ ပညတ်တရားဟုာ နို့လေဂူလောင်းဟို့
ပညတ်တရားရဲ့ ကျဉ်းသားလို ချောက်နှောန်ဟုားဇာဟို့ ခံရဟုယ်။
24 အယ်ကြောန့် နို့လေဟုာ ယောင်ကြည်မှုအားဖြင့် ဖြောန့်မတ်ဟို့တွပ်
ပညတ်တရားဟုာ ခရစ်တော် ကြွလာခီထိအောန် နို့လေရဲ့ အောက်ထီးမားဖြစ်ဟုယ်။
25 ခု အယ်ယောင်ကြည်မှု တရားဟုာ ရော့-က်လာဘီ နို့လေဟုာ အောက်ထီးမားရဲ့
လတ်အော့-က်ဟု လွတ်ဟုားဂေ့ဟုယ်။
26 အယ်ကြောန့် နန်းနို့ဂူလောင်းဟုာ ခရစ်တော်ယေရှုနှိုက် ယောင်ကြည်မှုအားဖြင့်
ဘုရားသခင်ရဲ့ သားမီးလေဖြစ်ဂေ့ဟုယ်။
27 ခရစ်တော်နှိုက် ဗတ္တိဇံခံဟူ လူလေဂူလောင်းဟုာ ခရစ်တော်ဟို့
ဝတ်ဆင်ဟုားဟူ လူလေဖြစ်ဟုယ်။
28 အယ်ကြောန့် ယုဒလူမျိုးလေ၊ လူမျိုးခြားလေ၊ ကျွန်လေ၊ လွတ်လပ်ဟူလူလေ၊
ယော့-က်ကျားလေ မီးမလေ ဆိုဘီး ခွဲခြားဟုားဇာလေမှေ့ဘဲ နန်းနို့ဂူလောင်းဟုာ
ခရစ်တော်ယေရှုနှိုက် တလောင်းတဝဲ ဖြစ်ဂေ့ဟုယ်။
29 နန်းနို့ဟုာ ခရစ်တော်ဟူ ပိုင်ဆိုင်ဟုယ် ဆိုဟုာ အာဗြဟံရဲ့ မ့လေးမ့လစ်လေဖြစ်ဘီး
ဘုရားသခင်ရဲ့ ဂဒိတော်ဟို့ လတ်ခံရရှိလေ့မယ်။

4

1 ဆစ်ဘီးဖော်ပြရမယ် ဆိုဟုာ ဖရဲ့ အောက်စာလေ ဂူလောင်းဟို့ မွီရဟူသားဟုာ
ပိုင်ဆိုင်သူတယော့-က် ဖြစ်ဘေမဲ့လည်း ရွယ်ရော့-က်ခန်ခီထိ ကျွန်တယော့-က်မျိုး
နေရဟုယ်။
2 သူဟုာ ငယ်ဟူ ခီမာ သူ့ရဲ့ဖ သတ်မှတ်ဟုားဟူ ခီရော့-က်ခန်ခီထိ
အောက်ထီးမားလေန ဘဏ္ဍာထီးလေရဲ့ လတ်အော့-က်မာနေရဟုယ်။

† **3:20** ၃.၂၀ အယ်ဘီးဟုာ ဘုရားသခင်ဟုာ တပါးဒဲ ဖြစ်တော်မူဟုယ်၊ အယ်မျိုးမူဘဲနေဟုာ အယ်ဘီဟုာ
ဘုရားသခင်ဟုာ တပါးဒဲဘဲ လောက်ဆောန်ဟုယ်။ **3:29** ၃.၂၉ ရော ၄.၁၃

3 အယ်မျိုးဘဲ့ နို့လေလည်း ဝိညာဉ်ရေးရာ ရင့်ကျတ်သေးဘဲဟူ ခီမာ လောကရဲ့
ခြေခံတရားအော့-က်မာ ကျွန်ဖြစ်ဂေ့ဟုယ်။
4 အယ်ဘေမဲ့ ခီပ့လဲဇောင်ဟုးခီမာ ဘုရားသခင်ဟုာ သူ့ရဲ့ သားတော်ဟို
စေလွှတ်တော်မူဟုယ်။ ကိုယ်တော်ဟုာ ယုဒလူလေရဲ့ ပညတ်တရားအော့-က်မာ
လူမီးမဟုနေ မီးဖွားဇာဟို ခံဟို့တွပ် ကြွလာတော်မူဘီး၊
5 ပညတ်တရား လတ်အော့-က်မာရှိဟူ လူလေ ဂူလောင်းဟို
ဝီးနှတော်မူလိုက်ဟူကြောန့်၊ နို့လေဟုာ ဘုရားသခင်ရဲ့ သားလေ ဖြစ်ခွမ့်ရဂေ့ဟုယ်။
6 နန်းနို့ဟုာ ဘုရားသခင်ရဲ့ သားဖြစ်ဟုယ် ဆိုဇာဟို ပြဟို့တွပ်* ဘုရားသခင်ဟုာ
“အဗ္ဗ၊ ဖ” ဆိုဘီး ခေါ်ဟူသားတော်ရဲ့ ဝိညာဉ်တော်ဟို နို့လေရဲ့ စိန့လောင်းထဲဟို
စေလွှတ်တော်မူဟုယ်။
7 အယ်ကြောန့် နန်းနို့ဟုာ ကျွန်မူဟုမ်း။ သားဖြစ်ဟုားဘီ။ အယ်ဘီးဟုာ နန်းနို့ဟုာ
သားဖြစ်ဟုားကြောန့်၊ ဘုရားသခင်ဟုာ သူ့ရဲ့ သားလေတွပ် မွှဂူလောင်းဟို
ပေးတော်မူဟုယ်။

ဂလာတိ သင်းတော်တွပ် စိုးရိမ်ကြောန်း

8 နန်းနို့ဟုာ ဘုရားသခင်ဟို သိသေးဘဲဟူခီဒူးဟု နန်းနို့ဟုာ မှန်ဘဲဟူ ဘုရားလေရဲ့
ကျွန်လေဖြစ်ဟုားဟုယ်။
9 ခု နန်းနို့ဟုာ ဘုရားသခင်ဟို သိဟုားဘီ။ မှန်ဆိုဟုာ နန်းနို့ဟို ဘုရားသခင်ဟု
သိဟုားဇာဖြစ်ဟုယ် ဆိုဘီး ငါပြောရမယ်။ အယ်ဆိုဟုာ နန်းနို့ဟုာ အားနဲဘီး
သနားဇာကောန်းဟူ လောကီတရားရဲ့ ဝိညာဉ်လေနားဟို ဖယ်မျိုး
ပ့လန်လှည့်ဟုားဂေ့နူး။ ဖြားဖြစ်ကြောန့် သူးနို့ရဲ့ကျွန်လေ ပ့လန်ဖြစ်ရှင်ဂေ့နူး။
10 နန်းနို့ဟုာ နေ့ဂီးရစ်ဂီးလေ၊ လလေ၊ နှစ်လေ၊ ရာသီလေဟို့ဘဲ့ ရရာတိုင်း
ရေးပေးနေဂေ့ဟုယ်။
11 နန်းနို့တွပ် ငါလောက်ဆောန်ဟုားဇာလေဟုာ ချည်းနှီးဖြစ်ဟုားဘီလော၊ ဆိုဘီး
ငါဟုာ နန်းနို့တွပ် စိုးရိမ်မိဟုယ်!
12 ယောင်ကြည်သူလေ နန်းနို့ဟုာ ငါ့မျိုးဖြစ်ဂေ့ဟို့ ငါတောန်းဗန်ဟုယ်။ ငါဟုာ
နန်းနို့မျိုးဘဲ့ဖြစ်ဟုယ်။ နန်းနို့ဟုာ ငါ့ဟို့ ဖယ်မျိုး တရားဘဲဟူ ဇာလည်း လောက်ဂေ့ဟု။
13 နန်းနို့ဟို့ ပထမခါ ဒန်းကောန်း ဟောပြောဒူးဟု ငါ့ရဲ့ ခန့ဓာဟုာ
နာမကျန်းဖြစ်နေဟုယ် ဆိုဇာဟို့ နန်းနို့သိဂေ့ဟုယ်။
14 ငါ့ရဲ့ ခန့ဓာဟုာ ကျမ်းမာရေး ခြေနေကြောန့် နန်းနို့လေတွပ် နှော့-က်ယှစ်
ဖြစ်နေဟူလည်းဘဲ့ နန်းနို့ဟုာ ငါ့ဟို့ ထန်သေးဂေ့ဟု။ ပစ်ပယ်ဂေ့ဟု။ နန်းနို့ဟုာ
ဘုရားသခင်ရဲ့ ကောန်းဂန်တမန်မျိုး၊ ခရစ်တော်ယေရှုမျိုး ငါ့ဟို့ လတ်ခံဂေ့ဟုယ်။

4:5 **၄.၅-၇** ရော ၈.၁၅-၁၇ * **4:6** **၄.၆** နန်းနို့ဟုာ ဘုရားသခင်ရဲ့ သားဖြစ်ဟုယ် ဆိုဇာဟို့ ပြဟို့တွပ်၊ အယ်မျိုးမူဘဲနေဟုာ ဖြားဖြစ်ကြောန့်နူးဆိုဟုာ နန်းနို့ဟုာ ဘုရားသခင်ရဲ့ သားဖြစ်ဟုယ်။

15 အယ်ခီဒူးဟု နန်းနို့ဟာ မင်္ဂလာရှိဘီး ပျော်ဂေ့ဟုယ်! ခု ဖြားမျိုးဖြစ်ဟားဂေ့နူး။
အယ်ခီဒူးဟု နန်းနို့ဟာ ဖြစ်နိုင်မယ် ဆိုဟု၊ နန်းနို့ရဲ့ မျစ်စိလေထုဘီးဟာ ငါ့ဟို့
ပေးဟို့ရမယ် ဆိုဟု ပေးရှင်ဂေ့ဟုယ် ဆိုဘီး ငါကိုယ်တိုင် သတ်သေခံဟုယ်။
16 ခု ငါဟာ နန်းနို့ဟို့ သမ္မာတရားပြောဟူကြောန့် နန်းနို့ရဲ့ ရန်သူဖြစ်ဟားဘီလော။
17 ငါ့ဟို့ ဆန့်ကျင်ဟူ လူလေဟာ နန်းနို့ဟို့ ရရာတိုင်း စိဝမ်စားနေဟုယ်။ အယ်ဘေမဲ့
ကောန်းဟူစိဝမ်စားဇာမူဟု။ နန်းနို့ရဲ့ စိဝမ်စားဇာဟို့ ရယူဘီး နန်းနို့ဟို့ ငါ့နှ
ဆစ်ဖြတ်စေရှင်ကြောန့် ဖြစ်ဟုယ်။
18 ကောန်းဟူ ရည်ရွယ်ချစ်ရှိမယ် ဆိုဟာ အယ်မျိုး စိဝမ်စားဇာဟာ ကောန်းဟုယ်။
အယ်ဘေမဲ့ ငါဟာ နန်းနို့နတူးဒူရှိနေဟူ ခီမာဘဲ့ စိဝမ်စားဇာမူဘဲ မြဲဒမ်း စိဝမ်စားဇာ
ဖြစ်ရမယ်။
19 ငါ့ရဲ့ ချစ်သားမီးလေ! ခရစ်တော်ရဲ့ စိနေသဘောထားမျိုး နန်းနို့မရမရှင်း ငါဟာ
မွီးခါနီး နာကျင်မူ ခံစားနေရဟူ မိခင်မျိုးဘဲ့ နော့-က်တခါ နာကျင်မူဟို့ ခံစားနေရဟုယ်။
20 နန်းနို့ဟို့ နူးညံ့ဟူ စကားပြောဟို့ ငါဟာ ခုဘဲ့ နန်းနို့နတူးဒူ ရှိရှင်ဟုယ်။ ငါဟာ
နန်းနို့တွပ် ရရာတိုင်း စိုးရိမ်နေဟုယ်။

ဟာဂရန စာရာ

21 ပညတ်တရားအော့-က်မာ နေရှင်ဟူလူလေဟို့ မေးရအူးမယ်။ နန်းနို့ဟာ
ပညတ်တော်ဟု ပြောဟားဇာလေဟို့ ကြားဂေ့ဟုလော။
22 ကျမ်းစာမာပြောဟားဇာဟု အာဗြဟံမာ သားနှေ့ယော့-က်ရှိဘီး တယော့-က်ဟု
ကျွန်မီးမနရဟူသား၊ တခြားတယော့-က်ဟု ကျွန်မူဘဲဟူ မီးမနရဟူသားဖြစ်ဟုယ်။
23 ကျွန်မီးမနရဟူသားဟာ ဇာတိအားဖြင့် မွီးလာဘီး ကျွန်မူဘဲဟူ မီးမ
†နရဟူသားဟု ဘုရားသခင်ရဲ့ ဂဒိတော်အားဖြင့် မွီးလာဟူသားဖြစ်ဟုယ်။
24 အယ်မူဇာလေဟို့ ဥပမာန နားလည်အောန် ပြောပြဟားဇာဟု
အယ်မီးမနှေ့ယော့-က်ဟာ ပဋိညာဉ်တရား နှေ့မျိုးဖြစ်ဟုယ်။ ဟာဂရဖြစ်ဟူ
မီးမတယော့-က်ဟု မွီးလာဟူသားမီးလေဟာ ကျွန်ဖြစ်ဂေ့ဟုယ်။ ဟာဂရဟာ
သိနတောန်မာ ပြဟူပဋိညာဉ်တရားဟို့ ကိုယ်စားပြုဟုယ်။
25 ဟာဂရဟာ အာရေဗျပြည်မာရှိဟူ သိနတောန်ဟို့ ကိုယ်စားပြုဘီး ခုကျွန်ခံနေရဟူ
ယေရုရှလင်ဗြို့န ဗြို့သူဗြို့သားလေဟို့ ကိုယ်စားပြုဟုယ်။‡
26 အယ်ဘေမဲ့ ကောန်းဂန်ဘောင်ဟု ယေရုရှလင်ဗြို့ဟာ လွတ်လပ်ဘီး၊ အယ်မီးမှာ
နို့လေရဲ့ မိခင်ဖြစ် ဟုယ်။
27 ဖြားဖြစ်ကြောန့်နူးဆိုဟာ ကျမ်းစာဟု
“မှလုံနေဟူမီးမ၊ ဝန်းသာဂေ့!
သားမွီးဟူ နာကျင်မူဟို့ လောင်းဝ မခံစားဖူးဘဲဟူမီးမ ဝန်းသာအားရ အော်ဟစ်ဂေ့!

† **4:23** **၄.၂၃** အာဗြဟံရဲ့မယား စာရာ ဖြစ်ဟုယ်၊ ဆိုဇာဟို့ ရည်ညွှန်းဟုယ်။ ‡ **4:25** **၄.၂၅** ဟာဂရဟာ
အာရေဗျပြည်မာရှိဟူ သိနတောန်ဟို့ ကိုယ်စားပြုဘီး ခုကျွန်ခံနေရဟူ ယေရုရှလင်ဗြို့န ဗြို့သူဗြို့သားလေဟို့
ကိုယ်စားပြုဟုယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ သိနဟာ အာရေဗျမာရှိဟူ တောန်တတောန်ဖြစ်ဟုယ်၊ ဆိုဘီး
ပါရှိဟုယ်။

ဖြားဖြစ်ကြောင်နှူးဆိုဟှာ လန်ထားရစ်ဟှူ မီးမဟှာ
လန်ရှိဟှူ မီးမထတ် ပိုဘီး သားမီးလေဟှို မွီးလေ့မယ်” ဆိုဘီး ပြောဟှားဟှယ်။
28 ယောင်ကြည်သူလေ နန်းနို့ဟှာ ဣဇာက်မျိုးဘဲ့ ဘုရားသခင်ရဲ့ ဂဒိတော်နဆိုင်ဟှူ
သားမီးလေဖြစ်ဟှယ်။
29 အယ်ခီဒူးဟှ ဇာတိအားဖြင့် မွီးဟှူသားဟှာ ဝိညာဉ်တော်အားဖြင့် မွီးဟှူသားဟှို
နိုင်ကျင့်ဘီး ခုလည်း အယ်မျိုးဘဲ့ဖြစ်ဟှယ်။
30 အယ်ဘေမဲ့ ကျမ်းစာဟှ ဖြားမျိုးပြောဟှားနူး။ ကျမ်းစာမာ ပြောဟှားဇာဟှ
“ကျွန်မီးမန သူ့ရဲ့သားဟှို နှံထုလိုက်။ ဖြားဖြစ်ကြောင်နှူးဆိုဟှာ ကျွန်မရဲ့သားဟှာ
လွတ်လပ်ဟှူ မီးမရဲ့သားနတူးဒူ မွီခံရဟှ။”
31 အယ်ကြောန့် ယောင်ကြည်သူလေ နို့လေဟှာ ကျွန်မီးမရဲ့ သားလေမူဟှ။
ကျွန်မူဘဲဟှမီးမရဲ့ သားလေဖြစ်ဟှယ်။

5

နန်းနို့ရဲ့ လွတ်လပ်မူဟှို ထီးသီးဂေ့

1 ခရစ်တော်ဟှာ နို့လေဟှို ကျွန်ဘဝဟှနေ လွတ်မြော့-က်စေဟှူ လွတ်လပ်မူဟှာ
နို့လေမာရှိဟှယ်! အယ်ကြောန့် လွတ်လပ်ဟှူသူလေမျိုး မားမားမတ်မတ်ရပ်ဂေ့ဘီး
ကျွန်ခံဟှူ ထမ်းဘိုးဟှို နော့-က်တခါ ထမ်းဂေ့နှ။
2 နားထောန်ဂေ့ပါ! ငါပေါလု ပြောမယ် နန်းနို့ဟှာ ရေဖျားလှီးဇာဟှိုခံမယ် ဆိုဟှာ
ခရစ်တော်အားဖြင့် ဖြားကျိုးလည်းရဂေ့မူဟှ။
3 ရေဖျားလှီးဇာဟှို ခံဟှူလူလေဟှာ ပညတ်တရား ဂူလောင်းဟှို လိုက်ရှော့-က်ရမယ်
ဆိုဇာဟှို ခုထပ်ဘီး ဒီပေးဟှို့တွပ် ငါ့မာ တာဝန်ရှိဟှယ်။
4 ပညတ်တရားအားဖြင့် ဖြောန့်မတ်ရာဟှို ရော့-က်ဟှူနန်းနို့ဟှာ ခရစ်တော်ဟှနေ
ကွာဟှားဘီ။ နန်းနို့ဟှာ ဘုရားသခင်ရဲ့ ကျေးဇူးတရား လတ်အော့-က်မာမှေ့ဘီ။
5 နို့လေဟှာ ဘုရားသခင်ရဲ့ ဝိညာဉ်တော်တဂိုးဟှို အမှီပြုဘီး ယောင်ကြည်မူအားဖြင့်
ဖြောန့်မတ်ရာဟှို ရော့-က်လေ့မယ် ဆိုဇာဟှို မျော်လင့်နေဂေ့ဟှယ်။
6 ဖြားဖြစ်ကြောင်နှူးဆိုဟှာ ခရစ်တော်ယေရှုထဲမာ ရေဖျားလှီးဇာလည်း ရေးကီးဟှ။
ရေဖျားလှီးဘဲလည်း ရေးကီးဟှ။ ရေးကီးဇာဟှာ မြစ်တာတရားဟှို ဖော်ပြနိုင်ဟှူ
ယောင်ကြည်မူဘဲ့ဖြစ်ဟှယ်။
7 နန်းနို့ဟှာ ပ့လေးပြိုင်ပွဲမာ ကောန်းဆောင်းပ့လေးဂေ့ဟှယ်။ သမ္မာတရားဟှို
ယောင်ကြည်ဘဲနေအောန် နန်းနို့ဟှို ဖယ်သူဟှ တားဆီးနူး။ အယ်သူဟှာ နန်းနို့ဟှို
ဖယ်မျိုးသွီးဆောန်နူး။
8 အယ်မျိုးသွီးဆောန်ဇာဟှာ နန်းနို့ဟှို ခေါ်တော်မူဟှူ ဘုရားသခင်နားဟှနေ
လာဇာမူဟှ။
9 “တဆေးနဲနဲဟှာ မုညစ်တမောင်းလောင်းဟှို ဖောန်းပွစေတတ်ဟှယ်” ဆိုဘီး
ဆိုရိုးစကားရှိဟှယ်။

5:9 **၅.၉** ၁ ကော ၅.၆

10 အယ်ဘေမဲ့ နန်းနို့ဟာ တခြားလူလေရဲ့ ကွဲလွဲဟူယူဟို့ လတ်ခံလေ့မယ် မှုဟု
ဆိုဇာဟို့ ငါဟာ ခုထိ ယောင်ကြည်စိခ့လမှု ရှိဟုယ်။ ငါ့နန် နန်းနို့ဟာ သခင်ဘုရားနှိုက်
ရှိနေကြောန့် နန်းနို့ဟာ ကွဲလွဲဟူအယူဟို့ လတ်ခံဂေ့လေ့မယ် မှုဟု ဆိုဇာဟို့
ငါယောင်ကြည်စိခ့လဘီး နန်းနို့ဟို့ နှော့-က်ယှစ်ဟူ ဖယ်လူဘဲ့ဖြစ်ဖြစ် ဘုရားသခင်ရဲ့
ပြစ်ဒန်ပေးဇာဟို့ ခံရလေ့မယ်။

11 ယောင်ကြည်သူလေ၊ ငါဟာ ရေဖျားလှီးရှင်းတရားဟို့ ဟောပြောနေသေးဟုယ်
ဆိုဟာ ဖြားဖြစ်ကြောန့် ညှဉ်းဆဲဇာဟို့ ခံနေရသေးနူး။ တကယ်ကြောန့်
အယ်မျိုးဟောပြောဇာ မှန်ဟုယ် ဆိုဟာ ခရစ်တော်ရဲ့ လတ်ဝါးကပ်တိုင်ကြောန်းဟို့
ငါဟောပြောဇာဟာ ထိမိဘီး လဲဇာမွေ့ဟု။

12 နန်းနို့ဟို့ နှော့-က်ယှစ်ဟူ လူလေဟာ ရေဖျားလှီးဇာဟို့ ခံယူရောင်မျှမကဘဲ
သူးနို့ကိုယ်တိုင် သင်းလိုက်ဇာဟို့ ငါလိုရှင်ဟုယ်။

13 ယောင်ကြည်သူလေ၊ လွတ်လပ်မှုရစေဟို့ ဘုရားသခင်ဟာ နန်းနို့ဟို့
ခေါ်ဟားဇာဖြစ်ဟုယ်။ အယ်ဘေမဲ့ အယ်လွတ်လပ်မှုဟို့ ကြောန်းပြဘီး လူဇာတိလိုဟို့
ခွမ့်ပေးဂေ့နှ။ နန်းနို့ဟာ ရှင်းရှင်းရှစ်ဘီး စေခံဂေ့ပါ။

14 ဖြားဖြစ်ကြောန့်နူးဆိုဟာ “နန့်ရဲ့ အီဇနီးရှင်းဟို့ နန့်ကိုယ်နန် ရှစ်မျိုးဘဲ့ ရှစ်ဂေ့ပါ”
ဆိုဘီး ပြောဟားဟူ ပညတ်ဟာ ပညတ်တရား တခုလောင်းရဲ့ ချောက်ခြာ ဖြစ်ဟုယ်။

15 အယ်ဘေမဲ့ နန်းနိုဟာ သားရဲလိဆန်လေ ရှင်းရှင်း ကိုက်သတ်ဂေ့မျိုး နန်းနို့
လောက်ဂေ့မယ် ဆိုဟာ နန်းနို့ ရှင်းရှင်း ဖျစ်ဆီးရာ ရော့-က်လေ့မယ် ဆိုဇာဟို့
ဒိထားဂေ့ပါ။

ဝိညာဉ်နှ လူဇာတိ

16 ငါပြောမယ်။ ဝိညာဉ်တော် ညွှန်ကြားလိုက်တိုင်းဘဲ့ လိုက်ရှော့-က်ဂေ့ပါ။
လူဇာတိလိုဟို့ လိုက်ဂေ့နှ။

17 ဖြားဖြစ်ကြောန့်နူးဆိုဟာ လူဇာတိလိုဟာ ဝိညာဉ်တော်လိုန ဆန့်ကျင်နေဘီး
ဝိညာဉ်တော် လိုဟာလည်း လူဇာတိလိုန ဆန့်ကျင်နေဟူ ကြောန့်ဖြစ်ဟုယ်။
လူဇာတိလိုန ဝိညာဉ်တော်လိုဟာ ရန်သူလေဖြစ်ကြောန့် နန်းနို့ဟာ နန်းနို့လောက်ရှင်မျိုး
လောက်နိုင်ဂေ့ဟု။

18 အယ်ဘေမဲ့ ဝိညာဉ်တော်ဟာ နန်းနို့ဟို့ ဦးဆောန် လမ်းပြမယ် ဆိုဟာ နန်းနို့ဟာ
ပညတ်တရား အော့-က်မာ ရှိဟို့မူဘီ။

19 လူဇာတိန ဆိုင်ဟူ ပြုမူလေဟာ သိသာထန်ရှားဟုယ်။ အယ်ပြုမူလေဟု
တရားဘဲဟူ မေထုန်ပြုဇာ၊ ညစ်ညူးဇာ၊ ကိလေသာ လွန်ကျူးဇာ၊

20 ရောက်ထုလေ ကိုးကွယ်ဇာ၊ စုန်းပညာန ပြုစားဇာဖြစ်ဟုယ်။ လူလေဟာ
ရန်သူလေ ဖြစ်လာဘီး ရန်ဖြစ်ဇာ၊ နာလိုဇာလေဖြစ်လာဘီး ဒေါသထွပ်ဇာ၊
ဂေါင်ပြိုင်ဇာလေ ဖြစ်လာဟုယ်။ သူးနို့ဟာ သင်းကွဲဇာ၊ ဂိုဏ်းကွဲဇာ၊

5:17 **၅.၁၇** ရော ၇.၁၅-၂၃

21 ငြူစူဇာ၊ ယစ်မောဇာ၊ သော့-က်စားပျော်ပါးဇာလေ ဖြစ်ဟုယ်။ အယ်ပြုမူမျိုး
လောက်ဟူ လူလေဟှာ ဘုရားသခင်ရဲ့ နိုင်ငံတော်ဟို ဝမ်ရဟို့မှုဟှ ဆိုဇာဟို့
ရင်းရင်ဒူးဟှ ငါဒိပေးဟှားတိုင်း ခုလည်း ငါဒိပေးဟှယ်။

22 ဝိညာဉ်တော်ရဲ့ ကျိုးကျေးဇူးလေဟှ ရှုစ်ဟူဇာ၊ ဝန်းသာဇာ၊ ငြိသတ်ဇာ၊ စိရှယ်ဇာ၊
သနားဇာ၊ ကောန်းမြတ်ဇာ၊ သစ်စာစောန့်ဇာ၊

23 နူးညံ့ဇာ၊ ကိုယ့်ကိုယ်ကိုယ် ထီးချောက်ဇာလေ ဖြစ်ဟုယ်။ အယ်မူဇာလေဟို့
ဆန့်ကျင်ဟူတရား မှေ့ဟှ။

24 ခရစ်တော်ယေရှုဟို့ ပိုင်ဆိုင်ဟူ လူလေဟှာ လူဇာတိစိန ဖြစ်ရှင်ဟူ ဆန္ဒလေဟို့
လတ်ဝါးကပ်တိုင်ထတ်မာ သတ်လိုက်ဂေ့ဘီ။

25 ဝိညာဉ်တော်ဟှာ နို့လေဟို့ သတ်ရှင်စေဘီး ဝိညာဉ်တော်ရဲ့ လမ်းပြဟူမျိုးဘဲ့
လိုက်ရှော့-က်ရမယ်။

26 နို့လေဟှာ မာန်မာနလေ၊ မျစ်ထွပ်ဇာလေန နာလိုဘဲဇာလေဟို့ ရှောန်ရမယ်။

6

ရှင်းရှင်း ဝန်ထောက်လေဟို့ ကူညီပေးဂေ့ကြောန်း

1 ယောင်ကြည်သူလေ၊ ယော့-က်ယော့-က်ဟှ ကောန်းဘဲဟူ မှုတခုခု
ကျူးလွန်နေဇာဟို့ နန်းနို့တွိလိုက်ဟှယ် ဆိုဟှာ ဝိညာဉ်တော်အားဖြင့် သတ်ရှင်ဟူ
နန်းနို့ဟှာ နူးညံ့မှုန အယ်လူလေဟို့ ပြုပြင်ပေးရမယ်။ အယ်ဘီးဟှာ
နန်းနို့ကိုယ်တိုင်လည်း သွီးဆောန်ဇာနော့-က်ဟို့ ပါဘဲ့ဟို့တွပ် ဒိထားဂေ့ပါ။

2 ရှင်းရှင်းရဲ့ ဝန်ထောက်လေဟို့ ကူညီပေးဂေ့ပါ။ အယ်မျိုးလောက်ရှင်းဟှာ နန်းနို့ဟှာ
ခရစ်တော်ရဲ့ ပညတ်တော်ဟို့ ပ့လဲ့ဇောင်စေလေ့မယ်။*

3 ယော့-က်ယော့-က်ဟှ ဖြားလည်းမှုဘဲန ကိုယ့်ကိုယ်ကိုယ် ရေးပါရာရော့-က်ဟှယ်
ဆိုဘီး ထန်မှတ်မယ် ဆိုဟှာ သူဟှာ ကိုယ့်ကိုယ်ကိုယ် လှည့်ဇားဟူ လူဖြစ်ဟှယ်။

4 နန်းနို့လေယော့-က်တိုင်းဟှာ ကိုယ့်ရဲ့ ပြုမူလေဟို့ စစ်ဆေးရမယ်။ အယ်မျိုးဆိုဟှာ
သူများဟို့မှုဘဲ ကိုယ့်ရဲ့ ပြုမူဟှာ ကောန်းဟှယ် ဆိုဘီး နန်းနို့ဟှာ
ဂေါင်ယူဝါကြွားနိုင်လေ့မယ်။

5 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့ယော့-က်တိုင်းဟှာ နန်းနို့ရဲ့ ဝန်ဟို့
လောက်ဆောန်ရဟို့ ဖြစ်ဟှယ်။

6 နန်းနို့ဟှာ တရားတော်ဟို့ သန်ယူဟူ လူလေဖြစ်ဟှယ် ဆိုဟှာ သန်ပေးဟူ ဆရာဟို့
ကောန်းဟူ ရာရှိမ္ပဟို့ ဝီမ္ပရမယ်။

7 လွဲယူဂေ့နန။ ဘုရားသခင်ဟှာ ထီမဲ့မြင်ပြုဇာဟို့ ခံတော်မူဟှ။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ လူဟှာ မျိုးစေ့ကြဲဟူတိုင်း သီးနှံဟို့ ရိရလေ့မယ်။

---

* **6:2** **၆.၂** နန်းနို့ဟှာ ခရစ်တော်ရဲ့ ပညတ်တော်ဟို့ ပ့လဲ့ဇောင်စေလေ့မယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ
ပ့လဲ့ဇောင်ဟှယ်၊ ဆိုဘီး ပါရှိဟှယ်။

8 နန်းနှိမ်ဟာ လူဇာတိမ့်လေမာ မျိုးစေ့ကြဲမယ် ဆိုဟာ ပေါက်ပျစ်ဟူ သီးနှံဟို့
ရိသီးရဘီးဟာ ဝိညာဉ်တော်မ့်လေမာ မျိုးစေ့ကြဲမယ် ဆိုဟာ ထာဝရသတ်ရှင်ဟူ
သီးနှံဟို့ ရိသီးရလေ့မယ်။
9 အယ်မျိုးလောက်မယ် ဆိုဟာ နို့လေဟာ အားငယ်စိပျစ်ဘဲ ကောန်းဟူ
လောက်ဆောန်မှုဟို့ လောက်ဆောန်မယ် ဆိုဟာ နို့လေဟာ သီးနှံရိဟို့ခီရော့-က်လာခီမာ
သီးနှံဟို့ ရိသီးရလေ့မယ်။
10 အယ်ဘီဟာ နို့လေဟာ ခွမ့်ရေးရတိုင်း လူတိုင်းရဲ့ကောန်းကျိုးဟို့
လောက်ဆောန်ဘီး ထူးအားဖြင့် ယောင်ကြည်သူဖြစ်ဟူ မိသားစုဝမ်လေရဲ့
ကောန်းကျိုးဟို့ လောက်ဆောန်ရမယ်။

နော့-က်ဆောင်းဒိပေးဇာန နှောက်ဆစ်ဇာ

11 ခု ဖယ်မျကီးဟူ စာလောင်းလေန နန်းနို့နားဟို့ ငါ့လတ်န ရေးလိုက်ဇာဟို့
နန်းနို့ကေ့ဂေ့။
12 နန်းနို့ဟို့ ရေဖျားလှီးဇာခံဟို့ တင်းတိုက်တွန်းဟူ လူလေဟာ
ပြင်ပလတ်ခဏာလေဟို့ ဝါကြွားရှင်ကြောန့် ဖြစ်ဟုယ်။ သူးနို့လေ
အယ်မျိုးလောက်ဇာဟာ ခရစ်တော်ရဲ့ လတ်ဝါးကပ်တိုင် တရားတော်ကြောန့်
ညှဉ်းဆဲနှိစ်ဇာဟို့ ခံရှင်ဘဲကြောန့်ဖြစ်ဟုယ်။
13 ရေဖျားလှီးဟုားဟူ လူလေဟာ ပညတ်တရားဟို့ သူးနို့ကိုယ်တိုင်လည်း
လိုက်ရှော့-က်ဂေ့ဟာ။ ရေဖျားလှီးဟုားဟူ လူလေဟာ ပြင်ပလက်ခဏာလေဟို့
ဝါကြွားရှင်ကြောန့် နန်းနို့ဟို့ ရေဖျားလှီးခံစေရှင်ဇာဖြစ်ဟုယ်။
14 ငါဟာ သခင်ယေရှုခရစ်တော်ရဲ့ လတ်ဝါးကပ်တိုင်တော်ကြောန်း တခုဘဲ့
ဝါကြွားရလေ့မယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ကိုယ်တော်ရဲ့ လတ်ဝါးကပ်တိုင်တော်မာ
အယ်လောကဟာ ငါ့တွပ်သေဟုားဘီ ငါဟာလည်း အယ်လောကတွပ် သေခံဘီ။
15 အယ်ကြောန့် ရေဖျားလှီးလည်း ဖြားကျိုးလည်း မှေ့ဟု။ ရေဖျားလှီးဘဲဇာလည်း
ဖြားကျိုးလည်း မှေ့ဟု။ သတ္တဝါသစ် ဖြစ်ဇာဘဲ့ကျိုး ရှိဟုယ်။
16 အယ်နည်းတိုင်း လိုက်ရှော့-က် သတ်ရှင်ဟူ လူလေန ဘုရားသခင်ရဲ့
လူမျိုးထတ်ဟို့ ငြိသတ်မှုန ကရုဏာတော်ဟာ သက်ရောက်ပါစေ!
17 နိဂေါင်းချောက်ရမယ် ဆိုဟာ ငါ့ဟို့ ဖယ်လူလည်း နော့-က်ထပ်
နော့-က်ယှစ်ဂေ့နှ။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါ့ကိုယ်မာရှိဟူ ဒန်ရာလေဟာ
သခင်ယေရှုခရစ်တော်ရဲ့ ကျွန်ဖြစ်ဟုယ် ဆိုဇာဟို့ ပြနေဇာဖြစ်ဟုယ်။
18 ယောင်ကြည်သူလေ၊ နို့လေသခင် ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်ဟာ နန်းနို့
ဝိညာဉ်နတူးဒူ ရှိပါစေ။ အာမင်။

ဧဖက်
ဧဖက် သင်းတော်ဟို့ ပေါလုရဲ့ ပေးစာ
နိဒါန်း

ဧဖက် သင်းတော်ဟို့ ပေါလုရဲ့ ပေးစာ ဟာ ခရစ်တော် မွီးဘီးန ၆၀ ခုနှစ်လော့-က်ဟ့ ကောလောသဲ သင်းတော်ဟို့ ပေါလုရဲ့ ပေးစာန တခီဒဲ ရေးဟ့ားဟ့ယ်။ စာရေးသူဟ့ာ သူကိုယ်သူ တမန်တော် ပေါလုဖြစ် ဖော်ပြဟ့ားဟ့ယ် (၁.၁)။ ကောလောသဲကျမ်းထဲမာ လူပေါက်ကိုလေဟို့ နှောက်ဆစ်ဟ့ားဇာ တွိရဘေမဲ့ ဧဖက်ကျမ်းထဲမာ နဲနဲဟ့ားဘဲ တွိရဟ့ယ်။ ပေါလုဟ့ာ အယ်ပေးစာဟို့ ရေးဟ့ားဟ့ယ် ဆိုဘီး ကျမ်းစာပညာရှင်လေဟ့ ဘောတူဟ့ားဟ့ယ်။ အယ်ကြောန်းကြောန့် အယ်ပြည်ဟ့ သင်းတော်လေထဲမာ ပုလံ့နှံ့ဟို့ ရည်ရွယ်ဟ့ားဟ့ယ်။ ပေါလုဟ့ာ အယ်ပေးစာဟို့ ထောန်ထဲဟ့နေ ရေးဟ့ားဟ့ယ် ဆိုဘီးလည်း ဖော်ပြဟ့ားဟ့ယ် (၃.၁: ၄.၁: နှ ၆.၂၀)။ ပေါလုဟ့ာ ဧဖက် သင်းတော်ဟို့ ခရီးပြုနေဟ့ူ တုခိတ်နတူးဒု အယ်ပေးစာဟို့ ဆောန်းဗါးပါးလိုက်ဟ့ယ် (၆.၂၁–၂၂)။

ဧဖက်ဗြို့ဟ့ာ အာရှမိုင်းနားပြည်ရဲ့ ရရာတိုင်း ကီးမားဟ့ူ ရောမဗြို့တော်ဖြစ်ဟ့ယ်။ အယ်ဗြို့ဟ့ာ ဂရိနတ်ဖုရားမ အာတေမိဟို့ ပူဇော်ဟ့ူ ဗိမာန်ရှိဟ့ူကြောန့် ထန်ရှားလေဟ့ယ် (တ ၁၉.၂၃–၃၁)။ ဧဖက် သင်းတော်ဟ့ာ စမာ အားကောန်းဘေမဲ့ နော့-က်ပိုင်းမာ အားပျော့လာဟ့ယ် (ဗျာ ၂.၁–၇)။

ပေါလုဟ့ာ အယ်ပေးစာရဲ့ တဝပ်လော့-က်မာ ဘုရားသခင်ဟ့ာ သူ့ရဲ့ လူမျိုးတော်လေဟို့ ဖယ်မျိုး ဝီးကော့-က်ခံရဘီး ယေရှုခရစ်တော်အားဖြင့် သူးနို့ရဲ့ ပြစ်ဟ့နေ ဖယ်မျိုး ကယ်တန်ခံရဟ့ယ် ဆိုဇာဟို့ ရှင်းပြဟ့ားဟ့ယ်။ သူဟ့ာ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာဖြစ်ဟ့ူ သင်းတော်ဟို့ ဦးခေါန်းဖြစ်န ခရစ်တော်ရဲ့ ဆောက်ဦးဟို့ တိုက်ဒေါ့-က်ချောက်ဖြစ် နှိုင်းယှဉ်ဟ့ားဟ့ယ်။ သင်းတော်ဟ့ာ ဒို့သမီးဖြစ်ဘီး ခရစ်တော်ဟ့ာ ဒို့သားဖြစ်ဟ့ယ် ဆိုဘီး နှိုင်းယှဉ်ဟ့ားဟ့ယ်။ ပေါလုဟ့ာ အယ်ပေးစာရဲ့ ဒုတိယတဝပ်မာ ခရစ်ယာန်သတ်တာန ဆိုင်ဟ့ူ ညွန်းကြားချစ်လေဟို့ ပေးဟ့ားဟ့ယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ခန်းဂီး ၁ ထဲမာ ပေါလုဟ့ာ သူကိုယ်သူ မိတ်ဆစ်ဟ့ားဘီး ဧဖက် သင်းတော်ဟို့ နှောက်ဆစ်ဇာအားဖြင့် နိဒါန်းပျိုးဟ့ားဟ့ူကြောန်း (၁.၁–၂)

၂။ သူဟ့ာ ခရစ်တော်န သင်းတော်ရဲ့ ဆစ်နွယ်ရှင်းဟို့ ရှင်းပြဟ့ားဟ့ူကြောန်း (၁.၃—၃.၂၁)

၃။ ပေါလုဟ့ာ ခရစ်ယာန်လေ သတ်ရှင်ရမယ့် နည်းလမ်းဟို့ ရေးဟ့ားဟ့ူကြောန်း (၄.၁—၆.၂၀)

၄။ ပေါလုဟ့ာ ညွန်ကြားချစ်တချို့ဟို့ ပေးပြီး နိဂေါင်းချောက်ဟ့ားဟ့ူကြောန်း (၆.၂၁–၂၄)

1 ဘုရားသခင်ရဲ့ လိုတော်အားဖြင့် ခရစ်တော်ယေရှုရဲ့ တမန်တော်ဖြစ်ဟူ
ငါပေါလုဟာ —
ခရစ်တော်နှိုက် သစ်စာရှိဘီး ဧဖက်ဗြို့* မာနေဂဲ့ဟူ သန့်ရှင်းသူလေနားဟို့
စာရေးလိုက်ဟုယ်။
2 နို့လေရဲ့ဖဖြစ်ဟူ ဘုရားသခင်နဲ့ ယေရှုခရစ်တော်နားဟုနေ ကျေးဇူးတော်နဲ့
ငြိသတ်ရှင်းဟာ နန်းနို့လေဟာ ခံစားရပါစေ။

ခရစ်တော်အားဖြင့်ရဟူ ဝိညာဉ်ဆုကျေးဇူးကြောန်း

3 နို့လေဟာ သခင်ယေရှုခရစ်တော်ရဲ့ဖ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့
ချီးမွမ်းဂဲ့ဇို့။ ဖြားဖြစ်ကြောန်နူးဆိုဟာ ကိုယ်တော်ဟာ ကောန်းဂန်လောကနဆိုင်ဟူ
ဝိညာဉ်ကောန်းဂျီးမင်္ဂလာလေဟို့ ယေရှုခရစ်တော်အားဖြင့် တလောင်းတဝဲ ဖြစ်ဟူ
နို့လေဟို့ ပေးသနားဟုားကြောန် ဖြစ်ဟုယ်။
4 နို့လေဟာ ခရစ်တော်နဲ့ တလောင်းတဝဲ ဖြစ်ဟူကြောန် ရှေ့တော်မာ သန့်ရှင်းဘီး
ပြစ်တန်ဇာမွေ့ဘဲန လွတ်ကင်းဟူ လူလေ ဖြစ်ဂဲ့ဟို့တွပ် အယ်ကမ္ဘာလောက
မွေ့ခန်ဒူးဟု နို့လေဟို့ ဘုရားသခင်ဟာ ဝီးကော့-က်ဟုားဇာ ဖြစ်ဟုယ်။
ကိုယ်တော့် မြစ်တာကြောန်
5 ဘုရားသခင်ဟု†သူ့ရဲ့ သားမီးလေ ဖြစ်စေဟို့တွပ် ယေရှုခရစ်တော်အားဖြင့်
ကြိုတန်ဘီး သတ်မှတ်ဟုားရှင်း ဖြစ်ဟုယ် — အယ်မူဇာဟာ ကိုယ်တော်ရဲ့ လိုတော်နဲ
ကြဲစည်တော်လေဘဲ့ ဖြစ်ဟုယ်။
6 ကိုယ်တော်ဟာ ရရာတိုင်း ရှစ်ဟူ သားတော်အားဖြင့် နို့လေဟို့ လတ်ဆောန်ပေးဟူ
ဖောင်းသရေတော်နဲ ပုလဲ့ဇောင်ဟူ ကျေးဇူးတော်တွပ် နို့လေဟာ ဘုရားသခင်ဟို့
ချီးမွမ်းဂဲ့ဇို့။
7 ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟာ ကြွယ်ဝဟူကြောန် နို့လေဟာ ခရစ်တော်ရဲ့
သွီးတော်အားဖြင့်‡ ဝီးကော့-က်ရှင်းဖြစ်ဟူ လွန်ကျူးဟူပြစ်လေ
ခွမ့်လွတ်ရှင်းကျေးဇူးဟို့ အယ်သားတော်အားဖြင့် ရရှိဂဲ့ဟုယ်။
8 ဘုရားသခင်ဟာ အယ်ကျေးဇူးတော်ဟို့ နို့လေမာ ကြွယ်ဝပုလဲ့ဇောင်စေဘီး
ဂူလောင်းဟို့ သိဟူ ဉာဏ်ပညာနရော၊ သိပညာလေနရော၊
9 သူ့ရဲ့ရည်ရွယ်ချစ်တိုင်း လောက်လိုက်ဟုယ်။ ခရစ်တော်ကြောန် နတ်နဲဟူ
ကြဲစည်လေဟို့ နို့လေဟို့ သိစေဟုယ်။
10 အယ်မျိုးကြဲစည်လေဟာ ခီကလလာဟူ ခီမာ ကောန်းဂန်ဘောင်မာရှိဟူ
ဇာလေရော၊ မ့လေဂီးထတ်မာရှိဟူ ဇာလေရော ဂူလောင်းဟို့ ခရစ်တော်အော့-က်မာ
ပေါန်းစည်းဟို့တွပ် စီမံဘီးဟာ ခွဲခန့်ဟုားဇာ ဖြစ်ဟုယ်။

1:1 ၁.၁ တ ၁၈.၁၉–၂၁; ၁၉.၁ * **1:1 ၁.၁** တချို့ မူရင်းလတ်ရေးမူလေမာ ဧဖက်ဗြို့၊ ဆိုဇာ
မွေ့ဟု။ † **1:5 ၁.၅** ကိုယ်တော့် မြစ်တာကြောန် ၅ ဘုရားသခင်ဟု၊ အယ်မျိုးမူဘဲနေဟာ ကိုယ်တော်ရဲ့ ရှေ့တော်န
မြစ်တာထဲမာ နေဟုယ်၊ ဘုရားသခင်ဟု။ **1:7 ၁.၇** ကော ၁.၁၄ ‡ **1:7 ၁.၇** ခရစ်တော်ရဲ့ သွီးတော်အားဖြင့်၊
အယ်မျိုးမူဘဲနေဟာ ခရစ်တော်ရဲ့ သေခံရှင်းအားဖြင့်။

11 ရှိမျှဂူလောင်းဟို့ ဘုရားသခင်ရဲ့ ကြဲစည်န ဆောင်းဖြတ်ဟားတိုင်း
ဖြစ်လာရဟ့ယ်။ ဘုရားသခင်ဟာ သူ့ရဲ့လိုတော်ကြောန့် ရှေးရှေးဒူးဟုနေ စီရင်ဘီး
ဆောင်းဖြတ်ဟားဟူတိုင်း နို့လေဟို့ ခရစ်တော်န တလောင်းတဝဲ ဖြစ်စေဘီးဟာ သူ့ရဲ့
လူမျိုးတော်ဖြစ်န ဝီးကော့-က်ဟားဇာ ဖြစ်ဟ့ယ်။
12 အယ်ကြောန့် ခရစ်တော်ဟို့ ဦးဆောင်းပထမ မျော်လင့်ဟူနို့လေဟာ
ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို့ ချီးမွမ်းဂေ့ဇို့။
13 နန်းနို့လေဟာ ကယ်တန်ရှင်းနဆိုင်ဟူ ဒန်းကောန်းဖြစ်ဟူ သမ္မာတရားဟို့ ကြားရဟူ
ခီမာ ဘုရားသခင်ရဲ့ လူမျိုးလေ ဖြစ်လာဂေ့ဟ့ယ်။ နန်းနို့ဟာ ခရစ်တော်ဟို့
ယောင်ကြည်ဘီး ဘုရားသခင်ဟာ သူ့ရဲ့ ဂဒိထားဟားတိုင်း သန်ရှင်းဟူဝိညာဉ်တော်ဟို့
ပေးဇာအားဖြင့် နန်းနို့ဟို့ သူပိုင်ဟူကြောန့် ဇိခတ်ဇာဟို့ ခံရဂေ့ဟ့ယ်။
14 ဝိညာဉ်တော်ဟာ ဘုရားသခင်ရဲ့ လူမျိုးတော်ဟို့ ဂဒိထားဟားတိုင်း နို့လေဟား
ခံစားရမယ်ဖြစ်ကြောန်း အာမခံချစ်ဖြစ်ဟ့ယ်။ အယ်ကြောန့် ဘုရားသခင်ဟာ
သူပိုင်ဟူလူလေဟို့ လွတ်မြော့-က်စေမယ် ဖြစ်ဟူကြောန့် နို့လေဟာ
ယောင်ကြည်စိခ့လနိုင်ဟ့ယ်။ နို့လေဟာ ကိုယ်တော်ရဲ့ ဖောင်းသရေတော်ဟို့
ချီးမွမ်းဂေ့ဇို့။

ပေါလု ဆုတောန်းကြောန်း

15 အယ်ကြောန့် နန်းနို့ဟာ သခင်ယေရှုဟို့ ယောင်ကြည်ဘီး သန်ရှင်းသူလေဟို့
ရှစ်ဟူကြောန်းဟို့ ကြားရဟူခီဟုစဘီး၊
16 ငါဟာ နန်းနို့ကြောန်မြဲဒမ်း ကျေးဇူးတော်ဟို့ ချီးမွမ်ဟ့ယ်။ နန်းနို့တွပ်လည်း
ဆုတောန်းပေးနေဟ့ယ်။
17 နို့လေရဲ့ သခင်ယေရှုခရစ်တော်ရဲ့ ဘုရားသခင်ဖြစ်ဟူ ဖောင်းသရေတော်န
ပ့လဲ့ဇောင်ဟူဖဟာ သူဟို့သိဟို့တွပ် ဉာဏ်ပညာဟို့ ပေးဘီး ဗျာဒိတ်တော်နဆိုင်ဟူ
ဝိညာဉ်ဟို့ နန်းနို့ဟို့ ပေးဟို့ကြောန်းန၊
18 ဘုရားသခင်ဟာ နန်းနို့ရဲ့ စိနှလောင်းမျစ်စိဟို့ ဖွမ့်ဟို့တွပ်န ခေါ်ဟားဟူဇာနဆိုင်ဟူ
မျော်လင့်ဇာဟာ ဖယ်မျိုးဇာဖြစ်ဟ့ယ် ဆိုဇာရော၊ သန်ရှင်းဟူသူလေဟ ခံရဟူမွီဟာ
ဖောင်းသရေတော်န ဖယ်မျလော့-က် ကြွယ်ဝဟူဇာရော၊
19 ကိုယ်တော်ရဲ့ စွမ်းသတ္တိန ပ့လဲ့ဇောင်ဟူ တဂိုးရှိဝါရဲ့ လောက်ဆောန်ဇာအားဖြင့်
ယောင်ကြည်ဟူ နို့လေထတ်ဟို့ ရော့-က်လာဟူတဂိုးဟာ ဖယ်မျလော့-က်ထူးခြားဘီး
ရရာတိုင်း ကီးဟ့ယ် ဆိုဇာဟို့ရော နန်းနို့လေဟာ သိဟို့တွပ် ငါဆုတောန်းဟ့ယ်။
20 ခရစ်တော်ဟို့ သေရာဟုနေ ပ့လန်ရှင်စေဘီး ကောန်းဂန်ဘောင်မာ သူ့ရဲ့
ညာဖတ်မာ ထိုင်နေဟူခီဒူးဟ့ ဘုရားသခင်ဟ့ သောင်းပြုလိုက်ဟူ တဂိုးတော်ဘဲ့
ဖြစ်ဟ့ယ်။
21 အယ်ကောန်းဂန်ဘောင်မာ ခရစ်တော်ဟာ ကောန်းဂန်လောကဟို့
အောက်စိုးဟူသူလေ၊ အာဏာပိုင်လေ၊ တဂိုးလေန သခင်ဂူလောင်းရဲ့

ဘွဲ့နာမလေထတ်မာ အောက်စိုးဘီး ကိုယ်တော်ရဲ့ နာမတော်ဟာ ဖြင်နေရဟူလောကန
နာဂတ်လောကမာ ခေါ်နေဟူဘွဲ့နာမ ဂူလောင်းထတ် ကီးမြတ်ဟုယ်။
22 ဘုရားသခင်ဟာ ရှိမျှဂူလောင်းဟိုလည်း ခရစ်တော်ရဲ့ ခေဖွားအော့-က်မာ
ခ့လဟုားဘီးဟာ ကိုယ်တော့်ဟို ရှိမျှဂူလောင်းရဲ့ထတ်မာ ဦးခေါ်နိုးဖြစ်စေဘီး
သင်းတော်ဟို ပေးဟုယ်။
23 အယ်သင်းတော်ဟာ ရှိမျှဂူလောင်းဟို ပ့လဲ့ဝစောင်လင်စေဟူ ခရစ်တော်ရဲ့
ကိုယ်ခန္ဓာ ဖြစ်ဟုယ်။§

2

သေရာဟုနေ သတ်ရှင်ဟုားဟူကြောန်း

1 တခီဒူးဟု နန်းနို့ဟာ နာခံဘဲဇာလေန ပြစ်လေကြောန့် ဝိညာဉ်ရေးမာ
သေနေဂေ့ဟုယ်။
2 လောကရဲ့ ပြစ်လမ်းစဉ်တိုင်း သတ်ရှင်ဂေ့ဟုယ်။ အာကာသမာရှိဟူ
ဝိညာဉ်တဂိုးလေဟို အောက်စိုးဟူမန်းဟို နာခံဟူလူလေ ဖြစ်ဂေ့ဟုယ်။
ဘုရားသခင်ရဲ့မိန့်ဟို နာခံဘဲဟူလူလေဟာ ခုခီမာ အယ်သူရဲ့ အောက်ချောက်ဇာဟို
ခံနေရဂေ့ဟုယ်။
3 နို့လေအားလောင်းဟုလည်း တခီဒူးဟု အယ်လူလေထဲမာ ပါဘီးဟာ ကိုယ့်ရဲ့
ဇာတိသွီးသား တတ်မတ်မူထဲမာ သတ်ရှင်လာဘီး၊ ကိုယ်ကာယန စိနလောင်းရဲ့လိုတိုင်း
လောက်ဂေ့ဘီး တခြားလူလေမျိုးဘဲ့ ဘုရားသခင်ရဲ့ ဆောင်းမဇာဟို ခံရဟူလူလေ
ဖြစ်ဂေ့ဟုယ်။
4 အယ်ဘေမဲ့ ကရုဏာတော်န ရရာတိုင်း ကြွယ်ဝဟူ ဘုရားသခင်ဟာ
နို့လေဟိုရှစ်ဘီး ရရာတိုင်းကီးမားဟူ မြစ်တာတော်ကြောန့်၊
5 လွန်ကျူးဟူပြစ်လေမာ သေနေဟူနို့လေဟို ခရစ်တော်နတူးဒူ သတ်ရှင်စေဟုယ်။
နန်းနို့ဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောန့် ကယ်တန်ဇာဟို ခံရဂေ့ဟုယ်။
6 အယ်ကြောန့် ခရစ်တော်ယေရှုအားဖြင့် နို့လေဟို ကိုယ်တော်နတူးဒူ
ထမြော့-က်ခိုင်းဘီးဟာ ထတ်ဟု ကောန်းဂန်ဘောင်မာ ကိုယ်တော်နတူးဒူ
ထိုင်ခိုင်းဟုယ်။
7 အယ်ဇာဟာ ခရစ်တော်ယေရှုနှိုက် နို့လေဟို ကရုဏာတော်န ကျေးဇူးပြုဟူကြောန့်
သူရဲ့ ထူးခြားဟူကျေးဇူးတော်ရဲ့ ကြွယ်ဝဟူဇာလေဟို နော့-က်လာဟို့
ကပ်ကာလလောကမာ မြဲဒမ်းပြဟို့တွပ် ဖြစ်ဟုယ်။
8 ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်းနို့ဟာ ကျေးဇူးတော်ကြောန့် ယောင်ကြည်ရှင်းအားဖြင့်
ကယ်တန်ဇာဟို ခံရဂေ့ဟုယ်။ အယ်မူဇာဟာ နန်းနို့ကိုယ်တိုင်ကြောန့် မူဟု။ ဘုရားသခင်
ပေးတော်မူဟူ လတ်ဆောန်ဖြစ်ဟုယ်။

1:22 ၁.၂၂.၂၃ ကော ၁.၁၈ § **1:23 ၁.၂၃** ရှိမျှဂူလောင်းဟို ပ့လဲ့ဝစောင်လင်စေဟူ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာ ဖြစ်ဟုယ်၊ အယ်မျိုးမူဘဲနေဟာ ရှိမျှဂူလောင်းဟို ပ့လဲ့ဇောင်စေဟူ ဘုရားသခင်ရဲ့ ပ့လဲ့ဇောင်ရှင်း ဖြစ်ဟုယ်။ **2:1 ၂.၁-၅** ကော ၂.၁၃

9 ကိုယ်လောက်ဟူ မှုကြောန့် မှုဟု။ အယ်ကြောန့် ဖယ်သူလည်း ဝါကြွားဇာကြောန်း
မွေ့ဟု။
10 ဖြားဖြစ်ကြောန်နှုးဆိုဟှာ နို့လေဟှာ ကောန်းဟူဇာလေဟို့ လောက်ဟို့တွပ်
ခရစ်တော်ယေရှုနှိုက် ဖန်ဆင်းခံဟှားရဟူ ဘုရားသခင်ရဲ့ လတ်ရာတော်လေ
ဖြစ်ဂေ့ဟှယ်။ ကောန်းဟူမှုလေမာ နို့လေဟှာ သတ်ရှင်ဂေ့ဟို့တွပ် ဘုရားသခင်ဟှာ
အယ်မှုလေဟို့ ကြိုဘီးဟှာ ပြင်ဆင်ဟှားဟှယ်။

ခရစ်တော်န တလောင်းတဝဲဖြစ်ကြောန်း

11 ဇာတိအားဖြင့် လူမျိုးခြားဖြစ်ဂေ့ဟူ နန်းနို့ဟို့ ရေဖျားလှီးဇာဟို့ ခံဘဲဟူသူလေ
ဆိုဘီး ယုဒလူမျိုးလေဟှ ခေါ်ဂေ့ဟှယ်။ ယုဒလူမျိုးလေဟှ သူးနို့ကိုယ်သူးနို့
ရေးဖျားလှီးဇာဟို့ ခံဟူသူလေ ဆိုဘီး ခေါ်ဂေ့ဟှယ်။ ရေဖျားလှီးဇာ ဆိုဘီး
ပြောဟူဇာဟှာ ကိုယ်ကာယနဆိုင်ဟူ မှုဖြစ်ဟှယ်။ ရင်းရင်ဒူးဟှ နန်းနို့ ခြေနေလေဟို့
ဒိရဂေ့ပါ။
12 အယ်ခီဒူးဟှ နန်းနို့ဟှာ ခရစ်တော်န ဝီးနေဘီးဟှာ ဘုရားသခင်
ဝီးကော့-က်ဟှားဟူ ကသရေလလူမျိုး စာရင်းထဲမာလည်း ဝမ်ဟှ။ သူ့ရဲ့လူမျိုးဟို့
ဘုရားသခင်ထားဟှားဟူ ဂဒိတော်နဆိုင်ဟူ ပဋိညာဉ်လေနလည်း ဆိုင်ဟှ၊
အယ်လောကမာ မျော်လင့်ဇာမှေ့ဘဲ၊ ဘုရားတရားမှေ့ဘဲ ဖြစ်နေဂေ့ဟှယ်။
13 အယ်ခီမာ တခီဒူးဟှ ဝီးနေဟူ နန်းနို့ဟှာ ခုခီမာ ခရစ်တော်ရဲ့ သွီးတော်အားဖြင့်*
ခရစ်တော်ယေရှုနှိုက် တလောင်းတဝဲဖြစ်ဘီး နီးဟို့ ရော့-က်ဟှားဂေ့ဟှယ်။
14 ခရစ်တော်ဟှာ ယုဒလူမျိုးလေန လူမျိုးခြားလေဟို့ လူမျိုးတမျိုးဒဲ ဖြစ်စေဘီးဟှာ
နို့လေဟို့ ရန်ငြီးပေးဟှယ်။ ကိုယ်တော်ဟှာ သူ့ရဲ့ ကိုယ်ခန္ဓာအားဖြင့် နို့လေဟို့
ရန်သူလေမျိုးခွဲဟှားဟူ တံတိုင်းဟို့ ဖြိုခ့လိုက်ဟှယ်။
15 ကိုယ်တော်ဟှာ ဥပဒေစည်းမျဉ်းလေန ယုဒပညတ်တရားဟို့ ပယ်လိုက်ဘီးဟှာ
ယုဒလူမျိုးလေန လူမျိုးခြားလေဟို့ သူ့ရဲ့ ကိုယ်ခန္ဓာအားဖြင့် တလောင်းတဝဲ
ဖြစ်စေဘီး လူမျိုးသစ်ဖြစ်စေဘီး အယ်နည်းအားဖြင့် ရန်ငြီးမှုဟို့ ဖြစ်စေဟှယ်။
16 ခရစ်တော်ဟှာ လတ်ဝါးကပ်တိုင်မာ သေခံဇာအားဖြင့် သူးနို့ရှင်းရှင်း
ပ့လန်သင့်မြတ်စေဘီးဟှာ လတ်ဝါးကပ်တိုင်အားဖြင့် လူမျိုးနှေ့မျိုးဟို့ ကိုယ်ခန္ဓာတခုဲ
ဖြစ်စေဘီးဟှာ ဘုရားသခင်နားဟို့ ပ့လန်ဘီးဟှာ ပို့ဆောန်ပေးလေဟှယ်။
17 အယ်ကြောန့် ဘုရားသခင်က ဝီးနေဟူ လူမျိုးခြားလေန ဘုရားသခင်န နီးနေဟူ
ယုဒလူမျိုးလေနားဟို့ ခရစ်တော်ဟှာ ကြွလာဘီးဟှာ ရန်ငြီးဇာနဆိုင်ဟူ ဒန်းကောန်းဟို့
ဟောပြောဟှယ်။
18 လူမျိုးခြားလေန ယုဒလူမျိုးဖြစ်ဂေ့ဟူ နို့လေဟှာ ခရစ်တော်ကြောန့် တပါးဒဲဖြစ်ဟူ
ဝိညာဉ်တော်ဟို့ အားကိုးဘီးဟှာ ဖဘုရားသခင်ရဲ့ ရှေ့ဟို့ ဝမ်ခွမ့်ရဂေ့ဟှယ်။

---

* **2:13 ၂.၁၃** ခရစ်တော်ရဲ့ သွီးတော်အားဖြင့်၊ အယ်မျိုးမှုဘဲနေဟှာ ခရစ်တော်ရဲ့ သေခံဇာအားဖြင့်။ **2:15 ၂.၁၅** ကော ၂.၁၄ **2:16 ၂.၁၆** ကော ၁.၂၀

19 အယ်ကြောင့် နန်းနှိပ်ဟာ လူမျိုးခြား မှုဟု။ ဧည့်သည်လည်း မှုဟု။ သန့်ရှင်းဟူ
လူလေရဲ့ မျိုးသားရှင်း ဖြစ်ဂေ့ဟုယ်။ ဘုရားသခင်ရဲ့ မိသားစုဝမ်းလေလည်း
ဖြစ်ဂေ့ဟုယ်။
20 ဖြားဖြစ်ကြောန့်နူးဆိုဟာ တမန်တော်လေန ပရောဖက်လေအားဖြင့်
တိုက်ထော့-က် အုပြစ်ထတ်မာ နှိုလေဟာ တည်ဆော့-က်ဟားဟုယ်။†
အယ်တိုက်ထော့-က်အုပြစ်ဟာ ခရစ်တော်ယေရှုကိုယ်တိုင်ဘဲ့ ဖြစ်ဟုယ်။
21 ကိုယ်တော်ဟာ အယ်ဆော့-က်ဦး တတိုက်လောင်းဟို့ သေးသေချားချာဟား
ခိုင်ခံ့စေဘီး၊ ကီးထွားလာဘီးဟာ သခင်ဘုရားတွပ် သန့်ရှင်းဟူ ဗိမာန်တော်ဖြစ်ဟုယ်။
22 နန်းနှိပ်ဟုလည်း ခရစ်တော်န တလောင်းတဝဒဲဖြစ်ဘီး တခြားလူလေနတူးဒူ
တည်ဆော့-က်ဇာဟို့ ခံရဘီး ဝိညာဉ်တော်အားဖြင့် ဘုရားသခင် ကိန်းဝပ်ဟူနေရာ
ဖြစ်လာဂေ့ဟုယ်။

3

လူမျိုးခြားလေတွပ် ပေါလု မှုတော်ဆောန်ကြောန်း

1 အယ်ကြောန်းကြောန့် ခရစ်တော်ယေရှုရဲ့ ကျဉ်းသားဖြစ်ဟူ ငါပေါလုဟုာ
လူမျိုးခြားဖြစ်ဟူ နန်းနှိပ်တွပ် ဘုရားသခင်ဟို့ ဆုတောန်းဟုယ်။
2 ဘုရားသခင်ဟုာ သူ့ရဲ့ ကျေးဇူးတော်ကြောန့် နန်းနှိကျိုးတွပ် အယ်မှုဟို့
လောက်ဟို့တွပ် ငါ့ဟို့ အပ်ပေးဟူကြောန်းဟို့ နန်းနှိဟုာ တကယ်ဘဲ့ ကြားသိရဂေ့ဟုယ်။
3 ဘုရားသခင်ဟုာ သူ့ရဲ့နတ်နဲဟူ ကြိစည်လေဟို့ ငါ့ဟို့ ဖော်ပြဟုယ်။
အယ်ကြောန်းရာလေန ပတ်သတ်ဘီးဟုာ နန်းနှိဟို့ ငါဟုာ ကျဉ်းချောင်း
ဖော်ပြပေးပီးဘီ။
4 နန်းနှိဟုာ အယ် ဖော်ပြချစ်လေဟို့ ဖတ်ဘီးဟုာ ခရစ်တော်ရဲ့ နတ်နဲဟူဇာလေဟို့
နားလည်ကြောန်းဟို့ သိနိုင်ဂေ့ဟုယ်။
5 ဘုရားသခင်ဟုာ အယ် နတ်နဲဟူဇာဟို့ ရင်းရင်ဒူးဟု လူလေဟို့ ဖွမ့်ပြဟုားဘေမဲ့
ခုခါမာ ကိုယ်တော်ရဲ့ သန့်ရှင်းဟူ သူလေဖြစ်ဂေ့ဟူ တမန်တော်န ပရောဖက်လေဟို့
ဝိညာဉ်တော်အားဖြင့် ဖွမ့်ပြလိုက်ဘီ။
6 အယ်မျိုး နတ်နဲဟူဇာဟုာ ဒန်းကောန်းအားဖြင့် လူမျိုးခြားလေဟုာ
ယုဒလူမျိုးနတူးဒူ ဘုရားသခင်ရဲ့ ကောန်းဂျီးမ်ဂလာဟို့ ခံစားခွမ့်ရဂေ့ဟုယ်။ သူးနှိဟုာ
ကိုယ်ခန္ဓာတော်ရဲ့ အင်္ဂါလေဖြစ်ဘီးဟုာ ခရစ်တော်ယေရှုအားဖြင့်
ဘုရားသခင်ပေးဟုားဟူ ဂဒိတော်မာ ပါဝမ်ခံစားခွမ့် ရဂေ့ဟုယ်။
7 တဂိုးအားဖြင့် လောက်ဆောန်ဟူကြောန့် နှိုလေဟို့ အပ်ပေးဟုားဟူ ဘုရားသခင်ရဲ့
ကျေးဇူးတော်နဆိုင်ဟူ ကောန်းဂျီး လတ်ဆောန်နတူးဒူ ငါဟုာ အယ်မျိုး ကောန်းမြတ်ဟူ
ဒန်းနဆိုင်ဟူ မှုဆောန်ဖြစ်လာဟုယ်။

---

† **2:20** **J.Jo** တမန်တော်လေန ပရောဖက်လေအားဖြင့် တိုက်ထော့-က် အုပြစ်ထတ်မာ နှိုလေဟုာ
တည်ဆော့-က်ဟုားဟုယ်၊ အယ်မျိုးမှုဘဲနေဟုာ အုပြစ်ဟုာ တမန်တော်လေန ပရောဖက်လေ ဖြစ်ဟုယ်။ **3:4**
၃.၄-၆ ကော ၁.၂၆.၂၇

8 ငါဟာ ဘုရားသခင်ရဲ့ သန့်ရှင်းဟူလူလေ ဂူလောင်းထဲမာ ငယ်ဆောင်းထတ်
ပိုဘီးငယ်ဟူ ငါ့ဟို အယ်ကျေးဇူးတော်ဟို အပ်ပေးလိုက်ဟူဇာဟာ ခန့်မှန်းဟို့ရနိုင်ဘဲဟူ
ခရစ်တော်ရဲ့ ကြွယ်ဝဟူဇာဟို လူမျိုးခြားလေဟို ဒန်းကောန်းဟောဟို့တွပ်န၊
9 ရှိမျှဂူလောင်းဟို ဖန်ဆင်းဟာ်းဟူ ဘုရားသခင်မာ ရှေးရှေးကာလဒူးဟုစဘီး
ဂုပ်ဟာ်းခံရဟူ လျှို့ဝှပ်နတ်နဲ့ဟူ ဇာနဆိုင်ဟူ စီမံခွဲခန့်ဟာ်းဟူဇာဟာ
ဖယ်မျိုးဇာဖြစ်နူးဆိုဟာ လူလေဟို သိသိသာသာဟာ်း ထန်ရှာ်းဟို့တွပ် ဖြစ်ဟုယ်။
10 အယ်မျိုးလောက်ဟူဇာဟာ ကောန်းဂန်ဘောင်ဟို အောက်စိုးဟူသူလေန
အာဏာပိုင်လေဟာ ဘုရားသခင်ရဲ့ ထူးခြားဟူ ဉာဏ်ပညာလေဟို ခုခီမာ
သင်းတော်အားဖြင့် သိလာဂေ့ဟို့တွပ် ဖြစ်ဟုယ်။
11 ဘုရားသခင်ဟာ သူ့ရဲ့ ထာဝရကြဲစည်တိုင်းဘဲ့ နို့လေရဲ့ သခင်ခရစ်တော်
ယေရှုအားဖြင့် အယ်မျိုးဘဲ့ ပုလဲ့ဇောင်စေဟုယ်။
12 နို့လေဟာ ခရစ်တော်နဲ့ တလောင်းတဝဲဖြစ်ဇာန အယ်သခင်ဟို့
ယောင်ကြည်ကြောန့် ဘုရားသခင်နားဟို့ ရဲရဲရင့်ရင့်ဟာ်း ယောင်ကြည်စိခ့လဘီးဟာ
တိုးဝမ်ဟူခွမ့် ရဂေ့ဟုယ်။
13 အယ်ကြောန့် နန်းနို့တွပ် ငါခံရဟူ ဆင်းရဲဒေါက်ခကြောန့် နန်းနို့ဟာ စိပျစ်ဂေ့န။
နန်းနို့ဟို့ ချီးမြှော့-က်တွပ်ဘဲ့ ငါခံရဟူဇာဘဲ့ ဖြစ်ဟုယ်။

ခရစ်တော်ရဲ့ မြစ်တာကြောန်း

14-15 အယ်ကြောန်းကြောန့် ငါဟာ ကောန်းဂန်ဘောင်န ကမ္ဘာမ္ဘလေဂီးထတ်ဟု
အီထောန်စုဂူလောင်းရဲ့ နာမယ်ရင်းမြစ်ဖြစ်ဟူ ဖဘုရားသခင်ရှေ့မာ ဒူးထော့-က်ဘီး
ဆုတောန်းဟုယ်။
16 ဘုရားသခင်ဟာ ဖောင်းသရေတော်န ကြွယ်ဝဟူဇာမျိုး သူ့ရဲ့
ဝိညာဉ်တော်အားဖြင့် နန်းနို့ထဲဟ ဝိညာဉ်လူဟို့ တဂိုးနတူးဒူ ကြဲခိုင်သန်မာစေဘီး၊
17 ယောင်ကြည်ရှင်းအားဖြင့် နန်းနို့လေရဲ့ စိန္နလောင်းထဲမာ ခရစ်တော်ဟာ
ကိန်းဝပ်ဟူကြောန်းန နန်းနို့ဟာ မြစ်တာတော်မာ အုပြစ်ခ့လဟာ်းဘီး၊
18 အယ်မြစ်တာတော်ရဲ့ လျာ်း၊ နံ၊ ဗြစ်၊ နတ်လေဟာ ဖယ်မျှလော့-က် ရှိဟုယ်
ဆိုဇာဟို့ သန့်ရှင်းဟူသူလေ ဂူလောင်းနတူးဒူ သဘောပေါ့-က်နိုင်ဟူစွမ်း ရှိဟူကြောန့်၊
19 သိပညာထတ်ထူးခြားဟူ ခရစ်တော်ရဲ့ ရှစ်ရှင်းမြစ်တာတော်ဟို့ သိဘီး၊
နားလည်လာဂေ့ဘီး ဘုရားသခင်ဟာ ပုလဲ့ဇောင်မျိုးဘဲ့ ပုလဲ့ဇောင်ဟို့တွပ်
ဆုတောန်းဟုယ်။

20 နို့လေထဲမာ လောက်ဆောန်နေဟူ တဂိုးအားဖြင့် နို့လေ
တောန်းလျှော့-က်ကြဲစည်ဟူ ဇာလေထတ် ပိုဘီး ပေးနိုင်ဟူ ဘုရားသခင်ဟာ
21 သင်းတော်အားဖြင့်ရော၊ ခရစ်တော် ယေရှုအားဖြင့်ရော ကမ္ဘာဆစ်ဆစ်
ဖောင်းကီးတော်မူပါစေ! အာမင်။

4

ခရစ်တော်ရဲ့ ကိုယ်ခန္ဓာန တလောင်းတဝဲ ဖြစ်ကြောန်း

1 အယ်ကြောန့် သခင်ဘုရားရဲ့မှုတော်ဟို့ လောက်ဆောန်ကြောန့်
ထောန်ခ့လခံရဟူငါဟှာ နန်းန့်လေဟို့ တိုက်တွန်းဟှယ်။ နန်းန့်ဟှာ ဘုရားသခင်
ခေါ်ဟှားဇာန ထိုက်တန်မျိုး ကျင့်ကြံဂေ့ပါ။
2 မြဲဒမ်း စိန္နလောင်းဟို့ နှိခ့လဂေ့ပါ၊ သိမ်မွေန္ဆးညံ့ဂေ့ပါ၊ စိရှယ်ဂေ့ပါ၊
ယော့-က်နယော့-က်သီးခံဘီး မြစ်တာပြဂေ့ပါ။
3 နန်းန့်ဟို့ စည်းလောင်းစေဘီး ငြိသတ်ရှင်းအားဖြင့် ဝိညာဉ်တော်ဟှပေးဟူ
စည်းလောင်း ညီညွတ်ဇာဟို့ ထီးသီးဂေ့ပါ။
4 နန်းန့်ဟို့ ဘုရားသခင်ဟှ ဝီးကော့-က်ဘီး ခေါ်ဟှားဟူကြောန့် မျော်လင့်ဇာ
တပါးဘဲ့ရှိမျိုး ကိုယ်ခန္ဓာတပါးဒဲ၊ ဝိညာဉ်တော်တပါးဒဲ ရှိဟှယ်။
5 သခင်တပါးဒဲ၊ ယောင်ကြည်ရှင်းတပါးဒဲ၊ ဗတ္တိဇံတပါးဒဲ၊
6 လူလေ ဂူလောင်းရဲ့ ဖဘုရားသခင် တပါးဒဲရှိဟှယ်။ အယ်ကိုယ်တော်ဟှာ လူလေ
ဂူလောင်းဟို့ အောက်စိုးဘီး လူလေအားဖြင့် လောက်ဆောန်ဘီး လူလေထဲမာလည်း
ရှိနေဟှယ်။
7 ခရစ်တော်ပေးဟှားတိုင်း နှိလေ တယော့-က်ချင်းစီဟှာ ထူးခြားဟူဆုကျေးဇူးဟို့
ခံစားရဂေ့ဟှယ်။
8 ကျမ်းစာလာဟှားတိုင်း
“ကိုယ်တော်ဟှာ ထတ်ဟို့ တတ်ကြွဟှားဟူ ခီမာ
လူလေဘောင်ဂီးဟို့ ဖမ်းဆီးခေါ်ဆောန်ဟှားဘီးဟှာ
လူလေဟို့ ဆုကျေးဇူးလေဟို့ ပေးဟှယ်။”
9 တတ်ဟှားဟှယ် ဆိုဘီး ပြောဇာဟှာ မ့လေဂီးရဲ့ အော့-က်ဆောင်းဟို့* ဆင်းဟှားဟှယ်
ဆိုဘီး ပြောဇာမူဘဲနေဟှာ ဖြားဇာ ဖြစ်အူးမယ်နူး။
10 အယ်ကြောန့် ဆင်းဟှားဟူ ကိုယ်တော်ဟှာ ရှိမ့ျဂူလောင်းဟို့ ပ့လဲ့ဇောင်စေဟို့တွပ်
ကောန်းဂန်ဘောင်ဟို့ တတ်ဟှားဟူ ကိုယ်တော်လည်း ဖြစ်ဟှယ်။
11 အယ်ဘီးန ကိုယ်တော်ဟှာ တချို့လေဟို့ တမန်တော်ဖြစ်၊ တချို့လေဟို့
ပရောဖက်ဖြစ်၊ တချို့လေဟို့ ဒန်းကောန်းဟောပြောသူဖြစ်၊ တချို့လေဟို့
သင်းအောက်ဖြစ်ခ ဆရာဖြစ် ခန့်ဟှားလေဟှယ်။
12 အယ်မျိုးလောက်ဇာဟှာ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာဟို့ တည်ဆော့-က်ဟို့တွပ်
ဘုရားသခင်ရဲ့ သန့်ရှင်းဟူလူလေဟို့ ကူညီဟို့တွပ် ပြင်ဆင်ဟှားဟူဇာ ဖြစ်ဟှယ်။
13 အယ်ကြောန့် နှိလေရဲ့ ယောင်ကြည်ရှင်းအားဖြင့်ရော၊ ဘုရားသခင်ရဲ့ သားတော်ဟို့
သိကျွမ်းရှင်းအားဖြင့်ရော၊ နှိလေ ရဂေ့ဟူဇာဟှာ တလောင်းတဝဲဖြစ်ဂေ့ဘီး
ခရစ်တော်ရဲ့ ပ့လဲ့ဇောင်မှုတိုင်း ရင့်ကျက်ဟူ လူလေဖြစ်ဟို့ ရော့-က်ဟှားဂေ့ဟှယ်။

4:2 ၄.၂ ကော ၃.၁၂,၁၃ * **4:9** ၄.၉ မ့လေဂီးရဲ့ အော့-က်ဆောင်းဟို့၊ အယ်မျိုးမူဘဲနေဟှာ၊ မ့လေဂီးရဲ့ အော့-က်ဟို့။

14 အယ်ခီမာ နို့လေဟှာ လီညာဘီးဟှား လူလေဟို့ လမ်းလွဲအောန်ပြောတတ်ဟူ
လူလေရဲ့ ဩဝါဒ လို့င်းလောင်းလေထဲမာ ပါဟှားဟူ သားဂန်ဟှားမျိုး ဖြစ်ဂေ့ဇာ မူဟှ။
15 အယ်ဘေမဲ့ နို့လေဟှာ မြစ်တာန သမ္မာတရားဟို့ ပြောဟူကြောန့် သင်းတော်ရဲ့
ဦးခေါန်းဖြစ်ဟူ ခရစ်တော်မာ စစရာရာမာ ကီးထွားရှင်းဟို့ ရဂေ့ဟုယ်
16 ကိုယ်တော်ရဲ့ စီမံအောက်ချောက်ရှင်း အော့-က်မာ ကိုယ်အင်္ဂါရှိမျှဟှာ တခုနခု
ဆစ်ပိုင်းဟှားလေန ဆစ်စပ်ဘီးနေဂေ့ဟုယ်။ အယ်ကြောန့် ကိုယ်အင်္ဂါတိုင်းဟှာ
သူးနို့နဆိုင်ဟူ လောက်တာဝန်ဟို့ လောက်ဆောန်ဂေ့ဟူ ခီမာ ကိုယ်ခန္ဓာတခုလောင်းဟို့
မြစ်တာန တည်ဆော့-က်ဟှားဘီးဟှာ ကီးထွားစေဟုယ်။

ခရစ်တော်ကြောန့်ရဟူ ဘဝသစ်ကြောန်း

17 အယ်ကြောန့် နန်းနို့ဟှာ ဘုရားတရားမ္မေဘဲဟူ လူမျိုးခြားလေမျိုး
ကျင့်ဂေ့ဘဲဟို့တွပ် သခင်ဘုရားရဲ့ နာမတော်ဟို့ မှီပြုဘီးဟှာ ငါဟှာ ဒီပေးရှင်ဟုယ်။
သူးနို့ကြဲစည်လေဟှာ ချည်းနှီးဘဲ့ ဖြစ်ဟုယ်။
18 သူးနို့ဟှာ စိနလောင်းမာဘီး ဉာဏ်ပညာမ္မေဘဲ သိတရားလောင်းဝမ္မေဘဲန
ခေါန်းမာဟူကြောန့် ဘုရားသခင် ပေးဟှားဟူသတ်န ကွားဘီးဟှာ ရှိနေဂေ့ဟုယ်။
19 သူးနို့ဟှာ ရှစ်ကြော့-က်ဟူစိ မ္မေဘဲ ညစ်ညူးဟူဇာ မျိုးမျိုးဟို့ ရရာတိုင်း
တတ်မတ်ဟူစိန လောက်ဟူကြောန့် သူးနို့ဟို့ ကာမဂေါင်လိုက်စားရှင်းရဲ့ လတ်ထဲဟို့
အပ်လိုက်ဂေ့ဟုယ်။
20 ခရစ်တော်ရဲ့ လမ်းစဉ်ဟှာ အယ်မျိုးလမ်းစဉ် မူဘဲကြောန်းဟို့ နန်းနို့ဟှာ
သွန်သန်ခံရပီးဘီ။
21 ကိုယ်တော်ရဲ့ကြောန်းဟို့ မှန်ဘဲ့ နန်းနို့ဟှာ ကြားရဂေ့ပီးဘီ။ ကိုယ်တော်ရဲ့
တဗဲ့တော်လေနေန သခင်ယေရှုရဲ့ သမ္မာတရားကြောန်းဟို့ နန်းနို့ ကြားရပီးဘီ။
22 အယ်ကြောန့် ရင်ဟှ သတ်ရှင်လာဟူ လူဟောန်းဘဝဟို့ လွှတ်ပစ်ဂေ့။
လှည့်ဇားတတ်ဟူ စိဆန္ဒလေကြောန့် သောင်းဟို့မျှဘဲဟူ လူဟောန်းဟို့ လွှတ်ပစ်ဂေ့ပါ။
23 နန်းနို့ဟှာ စိနလောင်းသဘောဟို့ သစ်ပြုပြင်ခံရဘီး၊
24 ဘုရားသခင်ရဲ့ ပေါင်သဏ္ဌန်တော်နညီ ဖန်ဆင်းဇာဟို့ခံရဘီး
သမ္မာတရားနဆိုင်ဟူ ဖြောန့်မတ်သန့်ရှင်းဟူ လူသစ် ဖြစ်ရဂေ့ဟုယ်။
25 အယ်ကြောန့် မုသားစကားဟို့ ပြောဂေ့န။ နို့လေ ဂူလောင်းဟှာ ခရစ်တော်ရဲ့
ကိုယ်ခန္ဓာစိပိုင်းလေ ဖြစ်ဂေ့ဟူကြောန့် ယောင်ကြည်သူ ရှင်းရှင်းဟှာ မှန်ဟူ စကားဟို့ဘဲ့
ပြောဂေ့ပါ။
26 ဒေါသထွပ်ဘေမဲ့ ပြစ်လောက်ဂေ့န။ ဒေါသပြေဘဲန နေဝမ်စေန။
27 မာရ်နတ်ဟို့လည်း ခွမ့်ပေးဂေ့န။
28 ခိုးတတ်ဟူလူဟှာ နော့-က်ထပ်ခိုးဘဲန လိုရှင်နေဟူ လူလေဟို့ ပေးဇာရှိဟို့တွပ်
သူ့ရဲ့လတ်န ကောန်းဟူ လောက်လေဟို့ အားထုဘီး လောက်စေ။

4:16 ၄.၁၆ ကော ၂.၁၉ **4:22** ၄.၂၂ ကော ၃.၉ **4:24** ၄.၂၄ ကော ၃.၁၀

29 နှုတ်နှုန်းနှောက်ထဲဟု ကောန်းဘဲဟူ စကားလေ တခွန်းလည်း ထွပ်စေန။ ကြားရဟူ
လူလေဟု ကျိုးရှိဟူစကား၊ တည်ဆော့-က်ဟူစကားဟိုဘဲ့ ပြောဂေ့ပါ။ အယ်မျိုးမှ
နှုတ်နှုန်စကားဟို ကြားရဟူ လူလေဟု ကျိုးကျေးဇူးဟို ခံရလေ့မယ်။
30 ဘုရားသခင်ရဲ့ သန့်ရှင်းဟူဝိညာဉ်တော်ဟို စိနာစေန။ ဖြားဖြစ်ကြောန့်နူးဆိုဟု
ဝိညာဉ်တော်ဟု နှုတ်နှုန်ဟို ဘုရားသခင်ပိုင်ဟူကြောန်းဟို သတ်သေခံဟူတဇီ
မှတ်သားဖြစ်ဘီး နော့-က်ဆောင်း နေ့ရစ်ကာလမာ နှုတ်နှုန်ဟု ကိုယ်တော်ရဲ့
ကယ်တန်ဇာဟို ခံရလေ့မယ်ဖြစ်ဟုယ် ဆိုဇာဟို အာမခံချစ် ဖြစ်ဟူကြောန့် ဖြစ်ဟုယ်။
31 အယ်ကြောန့် နာကြည်းရှင်း၊ စိဆိုရှင်း၊ ဒေါသထွပ်ရှင်း၊ အော်ဘီးပြောရှင်း၊
တခြားသူဟို့ကဲ့ရဲ့ရှင်း၊ လူလေဟို့မူးရှင်းလေဟို့ ဖယ်ရှာဂေ့ပါ။
32 နှုတ်နှုန်ဟု ယော့-က်နယော့-က် ကရုဏာထားဘီး ရှစ်ဂေ့ပါ။ ဘုရားသခင်ဟု
ခရစ်တော်အားဖြင့် နှုတ်နှုန်ဟု ပြစ်ခွမ့်လွတ်ခံရမျိုး နှုတ်နှုန်ဟု ယော့-က်နယော့-က်
ပြစ်ဟို့ လွတ်ဂေ့ပါ။

5

လန်းရောန်မာ သတ်ရှင်ကြောန်း

1 နှုတ်နှုန်ဟု ဘုရားသခင်ရဲ့ ရှစ်ရဟူ သားမီးလေဖြစ်ဟူကြောန့် ကိုယ်တော်န
တူအောန် ကျင့်ဂေ့ပါ။
2 ခရစ်တော်ဟု နှုလေဟို့ ရှစ်ဟူကြောန့် နှုလေတွပ် သူ့ကိုယ်သူ ဘုရားသခင်
ကြိုက်ဟူ၊ ရရာတိုင်း မွှီးဟူ နှုံဖြစ်န ဘုရားသခင်ဟို့ ဆစ်ကပ်အပ်မျိုးဘဲ့ နှုတ်နှုန်ဟု
ရှစ်ရှင်းမြစ်တာနှိုက် သတ်ရှင်ဘီး ရှော့-က်လှမ်းဂေ့ပါ။
3 နှုတ်နှုန်ဟု သန့်ရှင်းဟူ လူလေဖြစ်ဟူကြောန့် ကာမဂေါင်လိုက်စားရှင်း၊ ညစ်ညူးဘီး
လောဘကီးဟူကြောန်းလေ ဂူလောင်းဟို့ နှုတ်နှုန်လေဟု ပြောဂေ့န။
4 ညစ်ညူးဟူစကား၊ ယောက်မာဟူစကား၊ ရိုင်းစိုင်းဟူစကားလေဟို့ ပြောဂေ့ဘဲ၊
ချီးမွမ်းဟူ စကားလေဟို့ဘဲ့ ဘုရားသခင်ဟို့ ပြောဂေ့ပါ။
5 ကာမဂေါင်လိုက်စားဇာ၊ ညစ်ညူးဟူဇာ၊ လောဘကီးဟူဇာလေဟု ရောက်ထုဟို့
ကိုးကွယ်ဟူမျိုးဘဲ့ ဖြစ်ဟူကြောန့် ခရစ်တော်န ဘုရားသခင်ရဲ့ နိုင်ငံတော်ထဲဟို့
ဝမ်ရဟို့မူဟု ဆိုဇာဟို့ နှုတ်နှုန်ဟု သိဂေ့ဟုယ်။
6 ကျိုးမွေ့ဘဲဟူ စကားလေန ဖယ်သူလည်း နှုတ်နှုန်ဟို့ လှည့်ဇားစေန။
အယ်မူလေကြောန့် ဘုရားသခင်ရဲ့ မိန့်တော်ဟို့ နာခံဘဲဟူလူလေဟု မျစ်တော်ဟို့
ခံရလေ့မယ်။
7 အယ်ကြောန့် နှုတ်နှုန်ဟု အယ်မျိုးလူလေန လောင်းဝ ဆစ်ဆံဂေ့န။
8 တခီဒူးဟု နှုတ်နှုန်ဟု မှောန်ထဲမာ နေလာဂေ့ဟုယ်။ ခုခီမာ ဘုရားသခင်ရဲ့
လူမျိုးတော်လေ ဖြစ်လာဂေ့ဘီး လန်းရောန်ထဲဟို့ ရော့-က်လာဂေ့ဟုယ်။ အယ်ကြောန့်
လန်းရောန်ထဲမာ ကျင်လည်ဟူ လူလေမျိုးဘဲ့ ကျင့်ဂေ့ပါ။

4:32 ၄.၃၂ ကော ၃.၁၃

9 ဖြားဖြစ်ကြောင်နှူးဆိုဟှာ လန်းရောန်*ရဲ့ သီးလေဟှာ ကောန်းမြတ်ဇာလေ
ဘောင်ဂီး၊ ဖြောန့်မတ်ဇာန မှန်တရားဟို ဖြစ်စေဟူကြောန့် ဖြစ်ဟှယ်။
10 သခင်ဘုရား ကြိုက်ဟူဇာဟှာ ဖြားဇာလေဖြစ်ဟှယ် ဆိုဇာ ကြိုးစားဘီးဟှာ
သန်ယူဂေ့ပါ။
11 ကျိုးမှေ့ဘဲဟူ မှောန်ထဲဟှမူလေန ဆစ်ဆံဘဲန အယ်မူလေရဲ့ ပြစ်လေဟို ပြဂေ့ပါ။
12 ဖြားဖြစ်ကြောင်နှူးဆိုဟှာ သူးနို့ဟှာ လူနော့-က်ကွယ်မာ လောက်ဟူ မူလေဟို
စကားပြောဟူနဘဲ့ ညစ်ညူးဇာလေ ပါသေးဟှယ်။
13 ပြစ်ထန်ရှားဇာ ရှိမျှဟှာ လန်းရောန်အားဖြင့်ဘဲ့ ထန်ရှားဂေ့ဟှယ်။
14 ဖြားဖြစ်ကြောင်နှူးဆိုဟှာ လန်းရောန်ဟှာ ရှိမျှဂူလောင်းဟို ထန်ရှားစေကြောန့်
ဖြစ်ဟှယ်။† အယ်ကြောန်းကြောန့် ကျမ်းစာထဲမာ၊
“အိမွိနေဟူသူ နိုးလိုက်။ သေရာဟှနေ ပ့လန်ရှင်လိုက်။
ခရစ်တော်ဟှာ နန်းနို့ဟို လန်းရောန်ပေးလေ့မယ်” ဆိုဘီး ပြောဟှယ်။
15 အယ်ကြောန့် နန်းနို့ကျင့်ဟူ ဇာလေဟို ဒဲပြုဂေ့ပါ။ ပညာမှေ့ဘဲဟူ လူလေမျိုး
မူဘဲန ပညာရှိဟူ လူလေမျိုး ကျင့်ဂေ့ပါ။
16 အယ်ခု နေ့ရစ်ကာလဟှာ ဆိုးလာဟူ ကာလဖြစ်ကြောန့် နန်းနို့ရဟူ ခွမ့်ရေးရှိမျှဟို
ကျိုးရှိအောန် သောင်းခ့လဂေ့ပါ။
17 အယ်ကြောန့် နန်းနို့ဟှာ မိုက်မဲဘီး နေဂေ့ဘဲန သခင်ဘုရားရဲ့ လိုတော်ဟို
နားလည်ဂေ့ပါ။
18 နန်းနို့လေဟို ဖျစ်စီးတတ်ဟူ စဗျစ်ဝိုင်န မောယစ်ဇာဟို ရှောန်ဘီး ဝိညာဉ်တော်န
ပ့လဲ့ဝဂေ့ပါ။
19 ယော့-က်နယော့-က် စကားပြောဟူ ခီမာ ဆာလံချင်း၊ ဓမ္မချင်းန
ဝိညာဉ်ရေးနဆိုင်ဟူ ချင်းလေဟို ရှင်းရှင်းဆိုဂေ့ဘီး သခင်ဘုရားရှေ့မာ နန်းနို့ရဲ့
စိန္နလောင်းထဲဟှနေ ချင်းဆိုဂေ့ပါ။
20 နို့လေ သခင် ယေရှုခရစ်တော်ရဲ့ နာမတော်ဟို မှီပြုဘီး ရှိမျှဂူလောင်းတွပ်
ဖဘုရားသခင်ဟို မြဲဒမ်း ကျေးဇူးတော်ဟို ချီးမွမ်းဂေ့ပါ။

မယားန လန်ကြောန်း

21 ခရစ်တော်ဟို ရိုသေလေစားဘီး ကြော့-က်မျိုးဘဲ့ နန်းနို့ဟှာ တယော့-က်လိုဟို
တယော့-က် လိုက်ဂေ့ပါ။
22 မယားဖြစ်ဟူသူလေ၊ နန်းနို့ဟှာ သခင်ဘုရားရဲ့ အောက်စိုးဇာဟို ခံဂေ့မျိုး
ကိုယ့်လန်ရဲ့ အောက်စိုးဇာဟို ခံဂေ့ပါ။

---

* **5:9** **၅.၉** လန်းရောန်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဝိညာဉ်တော်၊ ဆိုဘီး ရှိဟှယ်။ † **5:14** **၅.၁၄** လန်းရောန်ဟှာ ရှိမျှဂူလောင်းဟို ထန်ရှားစေကြောန့် ဖြစ်ဟှယ်၊ အယ်မျိုးမူဘဲနေဟှာ ရှိမျှဂူလောင်းဟို ထန်ရှားစေဟူ လန်းရောန်ဖြစ်ဟှယ်။ **5:16** **၅.၁၆** ကော ၄.၅ **5:19** **၅.၁၉.၂၀** ကော ၃.၁၆,၁၇ **5:22** **၅.၂၂** ကော ၃.၁၈; ၁ ပေ ၃.၁

23 ခရစ်တော်ဟာ သင်းတော်ရဲ့ ဦးခေါင်းဖြစ်မျိုးဘဲ လန်လေဟာ မယားလေရဲ့
ဦးခေါင်းဖြစ်ဟုယ်။ ခရစ်တော်ဟာ သူ့ရဲ့ ကိုယ်ခန္ဓာဖြစ်ဟူ သင်းတော်ရဲ့
ကယ်တန်ရှင်ဖြစ်ဟုယ်။
24 အယ်ကြောန့် သင်းတော်ဟာ ခရစ်တော်ရဲ့ အောက်စိုးဇာဟို ခံယူမျိုးဘဲ့
မယားလေဟာ နန်းနို့ လန်လေရဲ့ အောက်စိုးဇာဟို ကြွင်းမဲ့ခံယူရမယ်။
25 လန်ဖြစ်ဟူလူလေ၊ ခရစ်တော်ဟာ သင်းတော်ဟို ရှစ်ဟူကြောန့် သင်းတော်တွပ်
သူ့ရဲ့သတ်ဟို စွန့်လွတ်မျိုးဘဲ့ နန်းနို့ရဲ့ မယားလေဟို ရှစ်ဂေ့ပါ။
26 ကိုယ်တော်ဟာ သူ့ရဲ့သတ်ဟို စွန့်ဇာဟာ သင်းတော်ဟို ရေနသန့်ရှင်းစေဘီး
စကားတော်န ဘုရားသခင်ဟို ဆစ်ကပ်ဟူကြောန့်၊
27 သင်းတော်ဟို သူဆစ်ကပ်ဇာဟာ ညစ်ကြေးလေမှေဘဲ သန့်ရှင်းဘီး
ပြစ်တန်ဇာမှေဘဲန လွတ်ကင်းဟူ သူဖြစ်န ရရာတိုင်း လှဘီး သန့်ရှင်းဟူအသရေန
ပ့လဲ့ဇောင်စေဟို့တွပ်ဘဲ့ ဖြစ်ဟုယ်။
28 လန်ဖြစ်ဟူသူလေဟာ ကိုယ့်ရဲ့ကိုယ်ခန္ဓာဟို ရှစ်မျိုး မယားလေဟို ရှစ်ဂေ့ပါ။
မယားလေဟို ရှစ်ဟူလူဟာ ကိုယ့်ကိုယ်ကိုယ် ရှစ်ဟူသူဖြစ်ဟုယ်။
29 ဖယ်သူလည်း ကိုယ့်ရဲ့ ကိုယ်ခန္ဓာဟို မူးဟုယ်ဆိုဇာ မွေ့ဟု။ မူးဟို့နေနေသာသာ
သူ့ကိုယ်သူ စားကျွေးဘီး ပြုစုဟုယ်။ သင်းတော်ဟို ခရစ်တော်ဟာ စားကျွေးဘီး
ပြုစုမျိုးဘဲ့၊
30 နို့လေဟာ သူ့ကိုယ်ခန္ဓာရဲ့ အင်္ဂါလေဖြစ်ဂေ့ဟုယ်။
31 ကျမ်းစာထဲမာ၊
“အယ်ကြောန်းကြောန့် ယော့-က်ကျားဟာ မိဖနားဟ ထွပ်ဘီးဟာ မယားနနေဟူကြောန့်
သူးနို့လေဟာ နှေ့ယော့-က်မှုဟ တသားတကိုယ်ဒဲ ဖြစ်ရဂေ့လေ့မယ်”
ဆိုဘီး ဖော်ပြဟ်ားဟုယ်။
32 အယ်ဇာဟာ ရရာတိုင်းနတ်နဲဟူ သစ်စာစကားဖြစ်ဘီး ခရစ်တော်န သင်းတော်ဟို
ရည်ညွန်းဘီး ပြောဟူစကားဖြစ်ဟုယ် ဆိုဘီး ငါပြောဟုယ်။
33 အယ်ကြောန့် နန်းနို့ တယော့-က်စီနလည်း ဆိုင်ဟုယ်။ လန်ဖြစ်သူဟာ မယားဟို
ကိုယ့်ကိုယ်ကိုယ် ရှစ်မျိုးဘဲ့ ရှစ်ရမယ်။ မယားဖြစ်ဟူ သူဟုလည်း လန်ဟို
ရိုသေလေးစားရမယ်။

6

သားမီးလေန မိဖလေကြောန်း

1 သားမီးလေ၊ သခင်ဘုရားရဲ့ လိုတော်တိုင်း မိဖစကားဟို နားထောန်ဂေ့ပါ။
မိဖစကားဟို နားထောန်ဇာဟာ မှန်ဟူမှု ဖြစ်ဟုယ်။*
2 ဂဒိတော်မာပါဟူ ပထမပညတ်ဟု “နန့်ရဲ့ မိဖဟို ရိုသေပါ၊

5:25 **၅.၂၅** ကော ၃.၁၉; ၁ ပေ ၃.၇ **6:1** **၆.၁** ကော ၃.၂၀ * **6:1** **၆.၁** တချို့ မူရင်းလတ်ရေးမူလေမာ မှန်ဟူမှု ဖြစ်ဟုယ်၊ ဆိုဇာဟာ မွေ့ဟု။

3 အယ်ဆိုဟှာ နန်ဟှာ ကောန်းဇားဘီး မ္ဒလေဂီးထတ်မာ သတ်ရှယ်လေ့မယ်” ဆိုဘီး
ဖြစ်ဟှယ်။
4 မိဖလေ၊ သားမီးလေဟှို စိဆိုးအောန် လောက်ဂေ့န။ သူးနို့လေဟှို သခင်ဘုရား
လိုတော်တိုင်း ပြုစုပျိုးထောန်ဂေ့ပါ။

ကျွန်လေန သခင်လေကြောန်း

5 ကျွန်ဖြစ်ဟှုလူလေ၊ နန်းနို့ဟှာ ခရစ်တော်ရဲ့စေဟှို ခံဂေ့မျိုး ရရာတိုင်း
ကြော့-က်လန့်ဘီး ရိုးသားဟှု စိန္နလောင်းန နန်းနို့ရဲ့ လောကသခင်လေဟှို နာခံဂေ့ပါ။
6 သခင်လေနှစ်သက်ဟှို့တွပ် သူးနို့ရှေ့မာဘဲ့ နားထောန်ဇာမှုဘဲ့ခန ခရစ်တော်ရဲ့
ကျွန်နေန ဘုရားသခင်ရဲ့ လိုတော်တိုင်း စိပါလတ်ပါ စေခံဂေ့ပါ။
7 လူလေရဲ့စေဟှို ခံမျိုးမှုဘဲ့ခန ဘုရားသခင်ရဲ့ စေဟှိုခံမျိုး စေတနာစိန စေခံဂေ့ပါ။
8 ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ကောန်းဇာတခုခု လောက်ဟှုလူဟှာ
သခင်ဘုရားနားဟှ ကျိုးခံစားခွမ့်ရမယ် ဆိုဇာ သိမှတ်ဟှားဂေ့ပါ။
9 သခင်လေ၊ နန်းနို့ဟှလည်း ကျွန်လေဟှို အယ်မျိုးဘဲ့လောက်ဂေ့။ သူးနို့ဟှို
ချီးခြေ့-က်ဂေ့န။ နန်းနို့နှ သူးနို့လေရဲ့ သခင်ဟှာ ကောန်းဂန်ဘောင်မာရှိနေဘီး
အယ်သခင်ဟှာ မျစ်နှာလိုက်ဟှ ဆိုဇာဟှို သိဟှားဂေ့ပါ။

ဘုရားသခင်ရဲ့ လတ်နတ်စောင်ကြောန်း

10 နန်းနို့ဟှာ သခင်ဘုရားန တလောင်းတဝဲဖြစ်ဘီး ကိုယ်တော်ရဲ့ တဂိုးအားဖြင့်
ခိုင်ခံ့ဟှို့တွပ် ငါဟှာ နော့-က်ဆောင်းနေန မှာရှင်ပါဟှယ်။
11 မာရ်နတ်ရဲ့ လှည့်ဇာဟှု ဇာလေဟှို ကာကွယ်နိုင်ဟှို့တွပ် ဘုရားသခင်ဟှ
ပြင်ဆင်ဟှားဟှု လတ်နတ်စောင်လေဟှို ဝတ်ဂေ့ပါ။
12 နို့လေဟှာ သွီးသားရှိဟှုလူလေန တိုက်ခိုက်ဂေ့ဇာ မှုဟှ။ ကောန်းဂန်မာနေဟှု
ရရာတိုင်းဆိုးဟှု ဝိညာဉ်တဂိုးရှင်လေန၊ အယ်မှောန်လောကဟှို စိုးရဟှု တဂိုးရှင်လေ၊
အာဏာပိုင်လေန တိုက်ခိုက်ဂေ့ရဟှယ်။
13 အယ်ကြောန့် ဘုရားသခင်ရဲ့ လတ်နတ်စောင်လေဟှို ကိုင်ဟှားဂေ့ပါ။
အယ်မျိုးလောက်မှ ဆိုးယောက်ဟှု ကာလ ရော့-က်လာဟှု ခီမာ နန်းနို့ဟှာ
ရန်သူတိုက်လာဟှုဇာဟှို ကာကွယ်နိုင်လေ့မယ်။ ဆောင်းထိ တိုက်ခိုက်ဟှု ခီမာ
နန်းနို့ဟှာ ရပ်နိုင်လေ့မယ်။
14 အယ်ကြောန့် ဆင်သင့်ရှိဂေ့ပါ။ သမ္မာတရားဖြစ်ဟှု ခါးဗတ်န၊
ဖြောန့်မတ်ရှင်းဖြစ်ဟှု ရင်ဖတ်ကာဟှုဇာဟှိုရော၊
15 ငြိသတ်ရှင်းနဆိုင်ဟှု ဒန်းကောန်းဟှို ဟောပြောဟှို့တွပ် ပြင်ဆင်ဟှားဇာဖြစ်ဟှု
ခေနပ်စီးဘီး ခံရပ်ဟှားဂေ့ပါ။
16 ယောင်ကြည်ရှင်း ဒိုင်းလွှားဟှိုလည်း မြဲဒမ်းကိုင်ဟှားဂေ့ပါ။ နန်းနို့ဟှာ
အယ်ဒိုင်းလွှားအားဖြင့် မာရ်နတ်ပစ်ဟှု မီးမြှားလတ်နတ်ဟှို ကာကွယ်နိုင်လေ့မယ်။

6:4 **၆.၄** ကော ၃.၁ **6:5** **၆.၅-၈** ကော ၃.၂၂-၂၅ **6:9** **၆.၉ ၈** ကော ၄.၁: **ခ** ကော ၃.၂၅

17 ကယ်တန်ရှင်းဖြစ်ဟူ သံခမျော့-က်န ဝိညာဉ်တော်ဟုပေးဟူ ဘုရားသခင်ရဲ့
စကားတော်ဖြစ်ဟူ ဓားဟိုရော ယူဆောန်ဂေ့ပါ။
18 နန်းနို့ဟို ကူညီစောန်ရှော့-က်ဟို့တွပ် ဘုရားသခင်ဟို မြဲဒမ်းဆုတောန်းဂေ့ပါ။
ဝိညာဉ်တော်ပြောဟုားတိုင်း မြဲဒမ်းဆုတောန်းဂေ့ပါ။ အယ်ကြောန့် နိုးနိုးကြားကြားဟုား
နေဂေ့ပါ။ ဇွဲသတ်တိလည်း ရှိဂေ့ပါ။ ခီတိုင်းမာ ဘုရားသခင်ရဲ့ သန်ရှင်းဟူ
လူမျိုးတော်တွပ် ဆုတောန်းဂေ့ပါ။
19 ငါဟောပြောဟူ ခီမာ ဘုရားသခင်ဟာ ငါ့ဟို့ နှောက်သတ်တိဟို့ ပေးဟို့တွပ်ရော၊
ဒန်းကောန်းရဲ့ နတ်နဲ့ဟူ ဇာလေဟို့ ရဲရဲရင့်ရင့်ဟုား ဖွမ့်ပြနိုင်အောန် ငါ့တွပ်လည်း
ဆုတောန်းပေးဂေ့ပါ။
20 ငါဟာ ကျဉ်းထောန်ထဲမာ နေရဘေမဲ့ အယ်ဒန်းကောန်းတွပ် သံတမန် ဖြစ်ဟုယ်။
အယ်ဒန်းကောန်းဟို့ ဟောပြောသင့်တိုင်းဘဲ့ ငါဟာ ရဲရဲရင့်ရင့်ဟုား ဟောပြောနိုင်ဟို့တွပ်
ဆုတောန်းဂေ့ပါ။

နော့-က်ဆောင်း နှောက်ဆစ်ကြောန်း

21 ငါ့နပတ်သတ်ဟူ ကြောန်းလေဟို့ နန်းနို့သိဟို့တွပ် ဒန်းဂူလောင်းဟို့ နန်းနို့လေဟို့
တုခိတ်ဟု ပြောပြလေ့မယ်။ သခင်ဘုရား့ရဲ့ မူတော်ဆောန်ဟူ ခီမာ သူဟုာ နို့လေဟို့
သစ်စာရှိရှိန စေခံဟူသူ၊ နို့လေရှစ်ရဟူညီ ဖြစ်ဟုယ်။
22 အယ်ကြောန့် နို့လေနဆိုင်ဟူ ဒန်းဂူလောင်းဟို့ ပြောပြဟို့တွပ်နာ သူဟုာ နန်းနို့ဟို့
အားပေးကူညီဘီး နန်းနို့စိန့လောင်း သတ်သာစေဟို့တွပ် ငါဟာ လွတ်လိုက်ဟုယ်။
23 ဖဘုရားသခင်နာ သခင်ယေရှု ခရစ်တော်ဟာ ယောင်ကြည်သူလေဟို့ ငြိသတ်ရှင်း၊
ရှစ်ရှင်း၊ ယောင်ကြည်ရှင်းလေဟို့ ခုလပေးပါစေ။
24 ဖယ်ခါလည်း ပျစ်စီးဘဲဟူ မြစ်တာန နို့လေရဲ့ သခင်ယေရှု ခရစ်တော်ဟို့ ရှစ်ဂေ့ဟူ
လူလေ ဂူလောင်းထတ်ဟို့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟာ ရော့-က်လာပါစေ။

6:21 **၆.၂၁** တ ၂၀.၄; ၂ တိ ၄.၁၂ **6:21** **၆.၂၁.၂၂** ကော ၄.၇.၈

ဖိလိပ္ပိ
ဖိလိပ္ပိ သင်းတော်ဟို့ ပေါလုရဲ့ ပေးစာ
နိဒါန်း

ပေါလုဟာ ခရစ်တော် မြီးဘီးန ၆၁ ခုနှစ်လော့-က်ဟ့ ဖိလိပ္ပိပိဖြို့မာရှိဟူ ယောင်ကြည်သူလေနားဟို့ အယ်စာဟို့ ရေးဟ့ားလေဟ့ယ်။ သူဟ့ာ ရောမဖြို့မာ ထောန်က့လနေဒူးမာ အယ်စာဟို့ ရေးဟ့ားဟ့ယ် (၁.၁၃)။ အယ်စာဟ့ာ ဖိလိပ္ပိပိဖြို့မာရှိဟူ သင်းတော်ဟို့ ရေးဟ့ားလေဟ့ယ်။ ကျွန်တော့်ဟ့ားလေးဟ့ာ တမန်တော်လေရဲ့ လောက်ဆောန်ရှင်း ကျမ်းထဲဟ့နေ ဖိလိပ္ပိပိဖြို့ကြောန်းဟို့ နဲနဲဟ့ားဘဲ့ သိနိုင်ဟ့ယ်။ ဖိလိပ္ပိပိဖြို့ဟ့ာ မာကေဒေါနိပြည်နယ်ရဲ့ ဖြို့တော်ဖြစ်ဟ့ယ်။ အယ်ဘီးဟ့ာ မာကေဒေါနိပြည်နယ်မာ ပထမဆောင်း သင်းတော်ဟို့ တည်ထောန်ဟူ ဖြို့လည်းဖြစ်ဟ့ယ်။ အယ်ဖြို့မာရှိနေဒူးမာ ပေါလုန သိလဟ့ာ တညဉ့်လောင်း ထောန်ထဲမာ လှောန်ဟ့ားခံရဘေမဲ့လည်း သူးနို့နှေ့ယော့-က်ဟ့ာ သင်းတော်ဟို့ တူးဒူ စပြုဟ့ားလေဟ့ယ် (တ ၁၆)။

ပေါလုဟ့ာ အယ်စာဟို့ ရည်ရွယ်ချစ်ဘောန်းဇောင်န ရေးဟ့ားလေဟ့ယ်။ ပေါလုဟ့ာ ထောန်က့လနေဟ့ယ် ဆိုဇာဟို့ သင်းဝမ်လူလေဟ့ာ ဒန်းကြားရဟူ ခီမာ သူးနို့ဟ့ာ လတ်ဆောန်ပို့ပေးလိုက်ဟူကြောန့် သင်းတော်ဟို့ ကျေးဇူးတန်ဟို့တွပ် သူဟ့ာ သောင်းပြုဟ့ားဟ့ယ် (၄.၁၀–၁၉)။ သူဟ့ာ ထောန်ထဲဟ့ သူ့ရဲ့ နော့-က်ဆောင်းခြေနေဟို့လည်း သူးနို့ဟို့ ပြောပြဟ့ားဘီး သင်းတော်တွပ် တိမောသေန ပေဖြောဒိတ်ဟို့ ထော့-က်ခံပေးလေဟ့ယ် (၂.၁၉–၃၀) အယ်မျိုးလောက်မှဘဲ့ သူးနို့ဟ့ာ အယ်လူနှေ့ယော့-က်ဟို့ လတ်ခံဘီး သူးနို့နှေ့ယော့-က်ရဲ့ ဦးဆောန်ဇာဟို့ လေးစားလေ့မယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟ့ာ ဖိလိပ္ပိပိဖြို့မာရှိဟူ သင်းတော်ဟို့ နှောက်ဆစ်ရှင်းအားဖြင့် အယ်စာဟို့ စပြုဟ့ားဟူကြောန်း (၁.၁–၂)

၂။ သူ့ရဲ့ ခြေနေတချို့န သူ့မာဖြစ်နေဟူ စိုးရိမ်းဇာတချို့ဟို့ မျှဝီဟ့ားဟူကြောန်း (၁.၃—၂.၃၀)

၃။ အယ်ဘီးန သူဟ့ာ ခရစ်ယာန်သတ်ရှင်ဟူဇာ ပေါင်ဇံတွပ် လတ်တွိပြုဟူ လမ်းညွှန်ချစ်လေ ဘောန်းဇောင်ဟို့ ပေးဟ့ားဟူကြောန်း (၃.၁—၄.၉)

၄။ ပေါလုဟ့ာ သူးနို့ရဲ့ လတ်ဆောန်တွပ် ဖိလိပ္ပိသင်းတော်ဟို့ ကျေးဇူးတန်ရှင်းန သူ့ရဲ့ နှောက်ဆစ်စကားပြောရှင်းအားဖြင့် နဂေါင်းချောက်ဟ့ားဟူကြောန်း (၄.၁၀–၂၃)

1 ယေရှုခရစ်တော်ရဲ့ စေခံဖြစ်ဟူ ပေါလုန တိမောသေလေဟုနေ —
ဖိလိပ္ပုပိဗြိုမာနေဂေဟူ သင်းအောက်လေန သင်းတော်လူဂီးလေဟိုရော၊
ယေရှုခရစ်တော်နှ တလောင်းတဝဲ ဖြစ်ဂေဟူ သခင်ဘုရားရဲ့ သန့်ရှင်းဟူလူလေ
ဂူလောင်းနားဟို စာရေးလိုက်ဟုယ်၊
2 နှန်းနို့ဟှာ နို့လေရဲ့ဖဖြစ်ဟူ ဘုရားသခင်နှ သခင်ယေရှုခရစ်တော်နားဟုနေ
ကျေးဇူးတော်နှ ငြိသတ်ရှင်းလေဟို ခံစားရပါစေ။

ဖိလိပ္ပုပိသင်းသားလေတွပ် ပေါလု ဆုတောန်းပေးဟူကြောန်း

3 နှန်းနို့ ကြောန်းလေဟို ဒိရဟူခီတိုင်းမာ ငါဟှာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို
ချီးမွမ်းပါဟုယ်။
4 ဝမ်းမြော့-က်ဟူစိန နှန်းနို့တွပ် ငါဟှာ မြဲဒမ်း ဆုတောန်းပေးနေဟုယ်။
5 ဖြားဖြစ်ကြောန်နူးဆိုဟှာ နှန်းနို့ဟှာ ကောန်မြတ်ဟူ ဒန်းကောန်းတွပ်
ပထမနေ့ဟုစဘီး ခုတိုင်အောန် စုပေါန်းဘီးဟှာ ပါဝမ်ကြောန်းဟို သိဟူကြောန့်
ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းဟုယ်။
6 နှန်းနို့မာ အယ်မျိုးကောန်းမြတ်ဟူမှုဟို စဘီးလောက်ဟူ ဘုရားသခင်ဟှာ
ယေရှုခရစ်တော်ရဲ့ နေ့ရစ် ရော့-က်လာခီထိ အယ်မှုဟို ပီးအောန်လောက်မယ်ဆိုဇာဟို
ငါဟှာ ယောင်ကြည်စိခ့လဟုယ်။
7 နှန်းနို့ဟို ငါဟှာ ဒိရဟုယ်။ အယ်ကြောန့် ငါဟှာ နှန်းနို့နှ ပတ်သတ်ဘီးဟှာ အယ်မျိုး
စိသဘော ထားဟှားဟုယ်။ ခုငါဟှာ တောက်နောန်ခံရဘီး နေရဟူခီန ဒန်းကောန်းဟို
လွတ်လွတ်လပ်လပ်ဟှား သတ်သေခံခွမ့် ရဟူခီဒူးဟှ နှန်းနို့ဟှာ ငါ့နတူးဒူ
ကျေးဇူးတော်ဟိုတူးဒူ ဝီမျခံစားဟူ လူလေဖြစ်ဟူကြောန့် နှန်းနို့ဟှာ ငါ့ရဲ့
နှလောင်းထဲမာ စိစွဲလမ်းဘီး ရှိဂေ့ဟုယ်။
8 ငါဟှာ ယေရှုခရစ်တော်ရဲ့ မြစ်တာကရုဏာန နှန်းနို့ဟို ရရာတိုင်း
လွမ်းဟူကြောန်းဟို ဘုရားသခင်ဟှာ ငါ့ရဲ့သတ်သေ ဖြစ်ဟုယ်။
9 နှန်းနို့ဟှာ ကောန်းဆောင်းဟို ဝီးကော့-က်နိုင်ဟို့တွပ် သိပညာန
ပိုင်ခြားဝေဖန်တတ်ဟူ စွမ်းရည်လေန ပုလဲ့ဇောင်ဘီး မြစ်တာပါရမီလေဟှာ
တိုးတတ်လာဂေ့ဟို့ နှန်းနို့လေတွပ် ငါဟှာ ဆုတောန်းဟုယ်။
10 မြင့်မြတ်ဟူ ဇာလေဟို နှန်းနို့လေဟှာ ပိုင်းခြားဘီး သိနိုင်ဟို့ကြောန်းန နှန်းနို့ဟှာ
ခရစ်တော်ကြွလာဟူ နေ့ရစ်မာ ဖုလူစင်ဘီး ပြစ်တန်ဇာဟူမှေ့ဘဲ့ ညစ်ကြေးန
ကင်းလေ့မယ်။
11 ဘုရားသခင်ရဲ့ ဖောင်းသရေတော် ထွန်းတော့-က်ဟို့တွပ်နှ ဂေါင်တော်ဟို
ချီးမွမ်းဂေ့ဟို့တွပ် ယေရှုခရစ်တော်ကြောန့် ရနိုင်ဟူ ဖြောန့်မတ်ဘီး စစ်မှန်ဟူ
ရည်သွေးကောန်းလေန ပုလဲ့ဇောင်လေ့မယ်။

သတ်ရှင်နေဇာဟှာ ခရစ်တော်တွပ် ဖြစ်ဟူကြောန်း

1:1 **၁.၁** တ ၁၆.၁၂

12 ညီကို မောန်နှမလေ ငါ့မာတို့ကြောင်ရဟူ ဖြစ်ပျစ်လေဟှာ ဒန်းကောန်းဟို့
ကြေညာဟူ ခီမာ တကယ်ဘဲ့ ထော့-က်ကူပေးကြောန်းဟို့ နန်းနို့ဟို့ သိစေရှင်ဟှယ်။
13 ငါဟှာ ခရစ်တော်ရဲ့ စေခံဖြစ်တွပ်ကြောန့် ငါဟှာ တောက်နှောန်ခံရဘီး
နေရဟူကြောန်းဟို့ နန်းတော်မာ စောန့်နေဟူ တပ်သားလေန တခြားသူလေဟှာ
သိဂေ့ဟှယ်။
14 အယ်မျိုး တောက်နှောန်ခံရဟူကြောန့် ညီကို မောန်နှမလေဟှ သခင်ဘုရားဟို့
ပိုဘီး ဟှာ ယောင်ကြည်စိခ့လလာဂေ့ဟှယ်။ အယ်ကြောန့် သူးနို့ဟှာ ကြေ့-က်ဘဲန
စကားတော်*ဟို့ ပိုဘီး ဟှာ ဟောပြောရဲဂေ့ဟှယ်။
15 တချို့လူလေဟှာ နာလိုဘဲ့ဟူစိ၊ ရန်ရှာရှင်ဟူစိလေန ခရစ်တော်ကြောန်းဟို့
ဟောပြောဂေ့ဟှယ်။ အယ်ဘေမဲ့ တချို့လူလေဟှ စေတနာစိန ဟောပြောဂေ့ဟှယ်။
16 အယ်လူလေဟှာ သခင်ယေရှုကြောန်း ဒန်းကောန်းဟို့ ကာကွယ်ဘီးဟောပြောတွပ်
ငါ့ဟို့ ဘုရားသခင်ဟှ ခန့်ဟှားဟူကြောန်းဟို့ သိဟူကြောန့် မြစ်တာန ဟောပြောဂေ့ဇာ
ဖြစ်ဟှယ်။
17 တခြားလူလေဟှ ခရစ်တော်ရဲ့ကြောန်းဟို့ ရိုးသားမှုမှေ့ဘဲန ကျော်ကြားရှင်ဟူစိန
ဟောပြောဂေ့ဟှယ်။ သူးနို့ရဲ့ ကြဲစည်လေဟှာ တောက်နှောန်ခံနေရဟူ ငါ့ဟို့ ပိုဘီး ဟှာ
စိဒေါက်ခရော့-က်စေဟှယ်။
18 ဖယ်မျိုးဟောပြောနူးဆိုဟှာ ရေးကီးဟှ။ မှားယွင်းဟူ ရည်ရွယ်ချစ်န
ဟောပြောရှင်းဖြစ်စေ၊ မှန်ကန်ဟူ ရည်ရွယ်ချစ်န ဟောပြောရှင်းဖြစ်စေ
ခရစ်တော်ကြောန်းဟိုဘဲ့ ဟောပြောနေဟူကြောန့် ငါဟှာ ဝန်းသာဟှယ်။ ဆစ်ဘီးဟှာ
ဝန်းသာနေဟှယ်။
19 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေရဲ့ ဆုတောန်းရှင်းလေ၊
ယေရှုခရစ်ဝိညာဉ်တော်ရဲ့ ငါ့ဟို့ ကူညီမဇပေးရှင်းအားဖြင့် အယ်ကြောန်းရာလေဟှာ
ငါ့ဟို့ ကယ်တန်ဟူ ကြောန်းရာလေဖြစ်ဟှယ်။
20 ငါဟှာ ဖယ်ခါလည်း ကိုယ့်တာဝန်ဟို့ ပြစ်ကွပ်ဘဲ့ ခီတိုင်းမာရော၊ ထူးသဖြင့်
အယ်မျိုးခီမာရော ရဲရင့်ဟူသတ်တိန ပုလဲ့ဇောင်ဘီး ငါဟှာ သတ်ရှင်ဇာဖြစ်စေ၊
သေဇာဖြစ်စေ ငါ့ကိုယ်ခန္ဓာအားဖြင့် ခရစ်တော်ရဲ့ ဖောင်းသရေတော်ဟို့
ထန်ရှားလာဟို့တွပ် မျော်လင့်ဟှယ်။
21 သတ်ရှင်ဇာဟှာ ဖယ်မျိုးနူး။ ငါသတ်ရှင်နေဇာဟှာ ခရစ်တော်ဘဲ့ဖြစ်ဟှယ်။
သေမယ် ဆိုဟှာ ပိုဘီး ဟှာ ကျိုးရှိဟှယ်။
22 အယ်ဘေမဲ့ ငါဟှာ ကိုယ်ခန္ဓာမာ ဆစ်ဘီးဟှာ သတ်ရှင်မယ် ဆိုဟှာ ကျိုးရှိဟူမှုဟို့
လောက်နိုင်ဟှယ်။ အယ်ခီမာ ဖယ်ဇာဟို့ ဝီးကော့-က်ရဟို့နူး၊ ဆိုဇာဟို့ ငါသိဟှ။
23 ငါ့မာ စိနှေ့ခွ ဖြစ်ဘီးနေဟှယ်။ ငါဟှာ အယ်ဘဝဟို့ စွန့်ဘီးဟှာ ခရစ်တော်နတူးဒူ
နေရှင်ဟှယ်။ အယ်မျိုးလောက်ဇာဟှာ ငါ့တွပ် ပိုဘီး ကျိုးရှိဟှယ်။

1:13 ၁.၁၃ တ ၂၈.၃၀ * **1:14 ၁.၁၄** စကားတော်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဘုရားသခင်ရဲ့ တရားတော်။

24 အယ်ဘေမဲ့ နန်းနို့လေရဲ့ကျိုးလေဟို့ ထော့-က်ဟူကြောန့် ငါဟှာ
အယ်ကိုယ်ခန္ဓာမာ သတ်ရှင်ဘီးနေဟို့တွပ် ပိုဘီး ဟှာ ရေးကီးဟှယ်။
25 အယ်မျိုးဘဲ့ ယောင်ကြည်စိခ့လကြောန့် ငါဟှာ နန်းနို့နတူးဒူ နေမယ်၊ နန်းနို့ဟို့
ကြီးပွားတိုးတတ် စေရှင်ဟူကြောန့် ယောင်ကြည်ရှင်းမာ ဝန်းသာဟို့တွပ် ငါဟှာ
နန်းနို့နတူးဒူ နေမယ်။
26 ငါဟှာ နန်းနို့န နော့-က်တခါ နေရမယ် ဆိုဟှာ ယေရှုခရစ်တော်နာ တလောင်းတဝဲ
ဖြစ်ဂေ့ဟူ နန်းနို့ဟှာ ငါ့တွပ်ကြောန့် ပိုဘီး ဟှာ ဂေါင်ယူဘီး ကြွားနိုင်ဂေ့လေ့မယ်။
27 ခုနန်းနို့တွပ် ရေးကီးဆောင်းဟှ ခရစ်တော်ရဲ့ တရားတော်နညီ သတ်ရှင်နေဘီး
နေနိုင်ဂေ့ဟို့တွပ် ဖြစ်ဟှယ်။ နန်းနို့နားဟို့ ပ့လန်လာဇာဖြစ်စေ၊ လာဘဲ့ဖြစ်စေ၊ နန်းနို့န
ဝီးနေဘီး နန်းနို့ကြောန်းဟို့ ကြားဇာဖြစ်စေ သာသနာတော်ဟှာ ခိုင်မြဲဘီး
ကြီးပွားဟို့တွပ် ခိုင်းခိုင်မားမာဟှားရပ်ဘီး တစိ တသဘောဒဲ၊ ရည်ရွယ်ချစ်တခုဒဲန
ဒန်းကောန်းနဆိုင်ဟူ ယောင်ကြည်ရှင်းတရားတွပ် နန်းနို့လေဟှာ
တိုက်ပွဲဝမ်နေဂေ့ကြောန်းဟို့ ငါဟှာ ကြားရှင်ဟှယ်။
28 နန်းနို့ရဲ့ ရန်သူလေဟို့ ကြော့-က်ဂေ့န။ မြဲဒမ်းဘဲ့ ရဲရဲရင့်ရင့်ဟှာ နေဂေ့ပါ။
အယ်မျိုးနေဇာဟှာ ရန်သူလေဟှ ရှောင်းဟှားဟူကြောန်းန နန်းနို့ဟှ
အောန်မြင်မယ်ဖြစ်ကြောန်း ရန်သူလေဟို့ သတ်သေပြေဂေ့လေ့မယ်။
ဖြားဖြစ်ကြောန်နူးဆိုဟှာ နန်းနို့ဟို့ အောန်ဗွဲခံစေဟူ သခင်ဟှာ ဘုရားသခင်ဘဲ့
ဖြစ်ဟှယ်။
29 နန်းနို့ဟှာ ခရစ်တော်ဟို့ ယောင်ကြည်ရှင်းမျာဘဲ့ ကဘဲ့န ခရစ်တော်တွပ်ကြောန့်
ဒေါက်ခ ခံရရှင်းနရော၊ ခရစ်တော်ရဲ့မူတော်ဟို့ လောက်ဟို့တွပ်ရော ခွမ့်ရေးလေဟို့
ရဂေ့ဟှယ်။
30 ခုနန်းနို့ဟှာ ငါ့နတူးဒူ တိုက်ပွဲဟို့ ဝမ်နိုင်ဟှားဘီး ရင်းရင်ဒူးဟှ ငါဟှာ
တိုက်ပွဲဝမ်ဇာဟို့ နန်းနို့ဟှာ ဗြင်ရဂေ့ဟှယ်။ နန်းနို့ ကြားရဟူတိုင်းဘဲ့ ခုလည်း ငါဟှာ
တိုက်ပွဲဝမ်နေသေးဟှယ်။

2

ခရစ်တော်ရဲ့ နှိခ့လရှင်း

1 နန်းနို့ဟှာ ခရစ်တော်ထဲမာ သတ်ရှင်ဟူကြောန့် ခွန်အားလေ ရလာဂေ့ဟှယ်။
ကိုယ်တော်ရဲ့ မြစ်တာတော်ဟှာ နန်းနို့ဟို့ နှစ်သိမ့်မှုဟို့ ပေးဟှယ်။ နန်းနို့ဟှာ
ဝိညာဉ်တော်န မိတ်သဟာယဖွဲ့ရဟူ ခွမ့်ရဂေ့ဟှယ်။* နန်းနို့လေဟှာ သနားကြင်နာဟူ
စိရှိဂေ့ပါ။
2 အယ်ဘီးဟှာ နန်းနို့ဟှာ စိသဘောတူးဒူရှိရှင်း၊ နန်းနို့ရှင်းရှင်း ရှစ်ရှင်း၊ စိစွဲလမ်းဘီး
တူးဒူရှိဂေ့ဇာအားဖြင့် ငါ့ဟို့ ရရတိုင်း ဝန်းသာစေဂေ့ပါ။

1:30 ၁.၃၀ တ ၁၆.၁၉-၄၀ * **2:1 ၂.၁** ဝိညာဉ်တော်န မိတ်သဟာယဖွဲ့ရဟူ ခွမ့်ရဂေ့ဟှယ်၊ အယ်မျိုးမူဘဲ့နေဟှာ ဝိညာဉ်တော်ဟှာ ရှင်းရှင်း မိတ်သဟာယဖွဲ့စေဟှယ်။

3 ဝါကြွားရှင်ဟူစိ၊ ကျော်ကြားရှင်ဟူ စိဟို့ တတ်မတ်ဘီးဟှာ ဖြားမူလည်း
လောက်ဂေ့န။ တခြားလူဟှ ကိုယ်ထတ်သာဟှယ် ဆိုဇာဟို့ မြဲဒမ်း မှတ်ဟှားဘီးဟှာ
စိန့်ခ့လဂေ့ပါ။
4 ကိုယ်ကျိုးတွပ်ဘဲ့ ကေ့ဘဲ့န ရှင်းရှင်းလေရဲ့ ကျိုးဟို့ ရှာဂေ့ပါ။
5 ယေရှုခရစ်တော်ထဲမာရှိဟူ စိသဘောမျိုး နန်းန့်လေမာလည်း ရှိဂေ့ပါ။
6 ကိုယ်တော်ဟှာ ဘုရားဇာတိတော်န ထာဝရပ္လဲဇောင်ဟှယ်။
ဘုရားသခင်န ဒန်းဒူဖြစ်ဟို့တွပ်† ကြိုးစားအားထုမူမျိုး စဉ်းစားဟှ။
7 အယ်မျိုးလောက်ဟို့ နေနေသာသာ ကိုယ့်ကိုယ်ကိုယ်
ဖောင်းသရေတော်ဟို့စွန့်ဘီး စေခံကျွန်ရဲ့ ပေါင်ဇံဟို့ ခံယူလိုက်ဟှယ်။
ကိုယ်တော်ဟှာ လူပေါင်ဇံဟို့ ဆောန်ဘီးဟှာ လူလေမျိုး မွီးဖွားလာဟှယ်။
8 သူ့ကိုယ်သူ နှိခ့လဘီးဟှာ လတ်ဝါးကပ်တိုင်ထတ်မာ
သေခံဟှားဟူထိ နာခံမူလမ်းစဉ်ဟို့ လိုက်လျှော့-က်ဟှားဟှယ်။
9 အယ်ကြောန်းကြောန့် ဘုရားသခင်ဟှာ
ကိုယ်တော့်ဟို့ ရရာတိုင်း ချီးမြှော-က်ဘီး၊
ဘွဲ့နာမဂူလောင်းထတ် ကီးမြတ်ဟူ ဘွဲ့နာမဟို့ ပေးဟှားဟှယ်။
10 အယ်ကြောန့် ကောန်းဂန်၊ မ့လေဂီးထတ်န မ့လေဂီးအော့-က်မာ‡ ရှိနေဟူ
သတ္တဝါဂူလောင်းဟှာ
သခင်ယေရှုရဲ့ နာမတော်ဟို့ ရိုသေဦးညွတ်ဘီးဟှာ၊
11 ယေရှုခရစ်တော်ဟှာ သခင်ဖြစ်ဟှယ် ဆိုဇာဟို့ နှောက်နဝန်ခံဘီး၊
ဖဘုရားသခင်ရဲ့ ဖောင်းတော်ဟို့ ထန်ရှား စေဂေ့လေ့မယ်။

လောကမာ လန်းရောန်မျိုးဘဲ့ ထွန်းလန်းဟူကြောန်း

12 ရှစ်ရဟူသူလေ၊ နန်းန့်နှ ငါဟှာ ရှိနေဟူခီဒူးဟှ နန်းန့်ဟှာ ငါ့စကားဟို့ မြဲဒမ်း
နားထောန်မျိုးဘဲ့ ငါ့နော့-က်ကွယ်မာလည်း မြဲဒမ်းနားထောန်ဘီးဟှာ ရရာတိုင်း
ကြော့-က်ဟူစိန ကိုယ့်ကိုယ်ကိုယ် ကယ်တန်ဟို့တွပ် ကိုယ်တိုင် ကြိုးစာအား‌ထုဂေ့ပါ။
13 ဖြားဖြစ်ကြောန့်နူးဆိုဟှာ စေတနာစိ ရှိဟူတိုင်း ဆန္ဒရှိဟို့န
လောက်ဆောင်ဂေ့ဟို့တွပ် နန်းန့်ထဲမာ လောက်ဆောင်တော်မူဟူ သခင်ဟှာ
ဘုရားသခင်ဖြစ်ဟှယ်။
14 နန်းန့်ဟှာ ဖြားဘဲ့လောက်လောက် ညီးတွားရှင်း၊ ဂြင်းခူရှင်း ရှိဘဲန
လောက်ဆောန်ဂေ့ပါ။
15 အယ်မျိုးလောက်မှ နန်းန့်ဟှာ ဖော့-က်ပ္လန်ဘီးဟှာ ပြစ်ကျူးလွန်နေဟူ
လူလေရှိဟူ အယ်လောကမာ ဘုရားသခင်ရဲ့ ပြစ်တန်ဇာမွေ့ဘဲ့ဟူ သားမီးနေန
စိန့်လောင်း ဖ့လူစင်သန့်ရှင်းဘီးဟှာ ပြစ်ကင်းဟူလူလေ ဖြစ်ဂေ့လေ့မယ်။

---

† **2:6** **ဒ.၆**ဖြစ်ဟို့တွပ်၊ အယ်မျိုးမူဘဲနေဟှာ ဖြစ်လာဟို့တွပ်။ ‡ **2:10** **ဒ.၁၀** **မွေ့ဂီးအော့-က်မာ၊** သေဟှားဟူလူလေဟှာ မှောန်ထဲမာ ဆစ်ဘီးဟှာ ရှိနေဟှယ် ဆိုဘီး ယူဆဂေ့ဟှယ်။

16 နန်းနို့ဟာ ထာဝရသတ်န ဆိုင်ဟူ တရားတော်ဟို ဟောပြောဘီးဟာ
အယ်လူလေလယ်မာ ကြယ်လေမျိုးဘဲ့ လန်းဘီးဟာ တော့-က်ပဂေ့လေ့မယ်။
အယ်မျိုးလောက်မယ် ဆိုဟာ ငါဟာ အားထုဘီးဟာ လောက်ဆောန်ဇာမှန်မျှဟာ
ချည်းနှီးဖြစ်ဘဲန ခရစ်တော်ရဲ့ နေ့ရစ်မာ ငါ့မာ ဂေါင်ယူဝါကြွားဇာ ကြောန်းလေ
ရှိလေ့မယ်။

17 နန်းနို့ရဲ့ ယောင်ကြည်ရှင်းဟ ဘုရားသခင်ဟို ပူဇော်ဟူယဇ်ထတ်မာ ငါ့ရဲ့
သတ်နသွီးဟို သွန်းလောင်းရမယ် ဆိုဟာ ငါဟာ ဝန်းသာဘီး နန်းနို့နတူးဒူ
ဝန်းသာဟုယ်။

18 နန်းနို့ဟာ ဝန်းသာဘီးဟာ ငါ့နတူးဒူ ဝန်းသာဂေ့ပါ။

တိမောသေန ဧပဖြောဒိတ်ကြောန်း

19 ငါဟာ နန်းနို့ကြောန်း ဒန်းကောန်းဟို ကြားဘီးဟာ အားတတ်လာဟို့
သခင်ယေရှုဟာ လိုတော်ရှိမယ် ဆိုဟာ တိမောသေဟို နန်းနို့နားဟို ကြာခန်မာ
လွှတ်ဟို့တွပ် ငါဟာ မျော်လင့်ဟုယ်။

20 တိမောသေ တယော့-က်ဘဲ့ ငါ့နဘောတူဘီး နန်းနို့ရဲ့ ကျိုးဖြစ်ဟို့တွပ်
မှန်တကယ်လိုရှင်ဟူ လူဖြစ်ဟုယ်။

21 တခြားလူလေဟာ ကိုယ်ကျိုးဘဲ့ ရှာဂေ့ဟုယ်။ ယေရှုခရစ်တော်ရဲ့ကျိုးဟို
ရှာဂေ့ဟု။

22 တိမာသေန ငါဟာ သားဖမျိုးဘဲ့ တူးဒူ ဒန်းကောန်းဟို ပ့လံ့နှံ့ဟို့တွပ် မူတော်ဟို
ဖယ်မျိုးစေခံဟုယ်နူး၊ ဆိုဇာဟို နန်းနို့ဟာ သိဂေ့ဟုယ်။

23 အယ်ကြောန် ငါ့ရဲ့ မူကိစလေဟာ ဖယ်မျိုးဖြစ်နူး၊ ဆိုဇာဟို သိဟူ ခီမာ သူ့ဟို
နန်းနို့နားဟို လွှတ်နိုင်ဟို့တွပ် ငါဟာ မျော်လင့်နေဟုယ်။

24 သခင်ဘုရားဟို ယောင်ကြည် ကိုးစားဘီး ငါကိုယ်တိုင်ဘဲ့ ကြာခန်မာ နန်းနို့နားဟို
လာနိုင်လေ့မယ်။

25 ငါ့ရဲ့ လောက်ဖော်ဆောန်ဖတ်၊ ငါ့နတူးဒူ တိုက်ပွဲဝမ်ဟူလူ၊ ငါ့ဟို့ ပြုစုဟို့တွပ်
နန်းနို့လေ လွှတ်လိုက်ဟူလူ၊ နို့လေရဲ့ညီ စေတမန်ဖြစ်ဟူ ဧပဖြောဒိတ်ဟို့ နန်းနို့နားဟို့
လွှတ်ဟို့တွပ် လိုအပ်နေဟုယ် ဆိုဇာဟို ငါဟ ယူဆဟုယ်။

26 သူဟာ နန်းနို့ဂူလောင်းဟို့ လွမ်းဘီးဟာ မြဲဒမ်းဒိရနေဟုယ်။ သူဖျားနေဟူ ဒန်းဟို့
နန်းနို့ဟ ကြားဟူကြောန် သူဟာ စိကောန်းဘဲ ဖြစ်နေဟုယ်။

27 သူဟာ တကယ်ဘဲ့ သေခါနီးဖြစ်အောန် ဖျားနေဟုယ်။ အယ်ဘေမဲ့
ဘုရားသခင်ဟာ သူ့ဟို့ သနားလေဟုယ်။ သူ့ဟို့ဘဲ့ သနားဇာမှုဟ။ ငါ့ဟို့လည်း
ထတ်ဘီးဟာ ဝန်းနဲ့ဟူ ဇာလေန တွိကြောင်ဘဲနေ ရဟို့တွပ် သနားဟုယ်။

28 အယ်ကြောန် နန်းနို့ဟာ သူ့ဟို့ နော့-က်တခါ တွိရဟူကြောန်
ဝန်းသာဂေ့ဟို့တွပ်ရော၊ ငါ့ရဲ့ ဝန်းနဲ့ဟူ ဇာလေလည်း ပျော့-က်ဟားဟို့တွပ်ရော သူ့ဟို့
နန်းနို့နားဟို့ လွှတ်ဟို့တွပ် ငါဟာ ပိုဘီး ဟာ စိအားထတ်သန်ဘီး နေဟုယ်။

29 နန်းနို့ဟာ သခင်ဘုရားဟို့ ထော့-က်ဘီး သူ့ဟို့ ညီကိုတယော့-က်နေန
ဝန်းသာဘီးဟာ ကြဲဆိုဂေ့ပါ။ အယ်မျိုးလူဟို့လည်း ရိုသေဘီးဟာ လေးစားဂေ့ပါ။
30 သူဟာ နန်းနို့လေကိုယ်တိုင် ပေးနိုင်ဘဲ့ဟူ ကူညီလေဟို့ ငါ့ဟို့ ပေးနိုင်ဘီးဟာ
သတ်စွန့်ဘီးဟာ ခရစ်တော်ရဲ့မှုတော်ဟို့ သေခါနီးထိ ကြိုးစားဘီးဟာ
ထမ်းဆောန်ဟုယ်။

3

စစ်မှန်ဟူ ဖြောန့်မတ်ရှင်းကြောန်း

1 ညီကို မောန်နှမလေ၊ နော့-က်ဆောင်း ပြောရမယ် ဆိုဟာ သခင်ဘုရားန
တလောင်းတဝဲဖြစ်ဘီး ဝန်းသာဂေ့ပါ။ ရင်ဟု ငါရေးဘီးဟာ ဖော်ပြဟုားဟူ
ကြောန်းရာလေဟို့ ခုလည်းထပ်ဘီးဟာ ဖော်ပြရဟူဇာဟာ ဝန်လေးဟု၊ နန်းနို့လေ ပိုဘီး
ဟာ လောင်ခြောင်ဟို့တွပ်ဖြစ်ဟုယ်။
2 ခွီးဖြစ်ဟူလူ၊ ကောန်းဘဲ့ဟူကျင့်ဟို့ ကျင့်ဟူလူ၊ ကိုယ်အင်္ဂါဟို့ လှီးဖြတ်ရမယ်
ဆိုဘီး ပြောဟူလူလေဟို့ ဒိနရှောန်ဂေ့ပါ။
3 ရေဖျားလှီးရှင်းဟို့ ခံရဟူ လူလေဟာ အယ်လူလေမူဘဲ့န နို့လေဘဲ့ဖြစ်ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ နို့လေဟာ ကိုယ်တော်ရဲ့ ဝိညာဉ်တော်ကြောန့် ဘုရားသခင်ဟို့
ကိုးကွယ်ဝတ်ပြုဘီး ယေရှုခရစ်တော်န တလောင်းတဝဲ ဖြစ်ဟူကြောန့် ရွှင်လန်းဘီး
ဝန်းသာဟူ လူလေ ဖြစ်ဟုယ်။ နို့လေဟာ ပ့လန်ဟု လတ်ခဏာလေဟို့ ကိုးစားဟု။
4 အယ်ဘေမဲ့ ဇာတိနှိုက် အားကိုးဇာလည်း ငါ့မာ ရှိဟုယ်။ ယော့-က်ယော့-က်ဟု
ပ့လန်ဟု လတ်ခဏာလေဟို့ အားကိုးဇာ ရှိမယ် ဆိုဟာ ငါ့မာလည်း သူ့ထတ် ပိုဘီး ဟာ
အားကိုးနိုင်ဟူ ကြောန်းလေရှိဟုယ်။
5 ငါဟာ ရှစ်ရစ်မြော့-က်နေ့မာ ရေဖျားလှီးရှင်းဟို့ ခံဘီးဟာ ဣသရေလလူမျိုး
ဗ်ယာမိန်နွယ်ဝမ်၊ ယုဒလူမျိုးဖြစ်ဟူ မိဖလေဟုနေဘီးဟာ မွီးလာဟူလူ ဖြစ်ဟုယ်။
ပညတ်တရား စောန့်ထီးဟူဇာန ပတ်သတ်ဘီး ပြောရမယ် ဆိုဟာ ငါဟာ ဖာရိရှဲ
ဂိုဏ်းဝမ် ဖြစ်ဟုယ်။
6 ဘာသာရေး စိအားကီးဟူ ဖတ်မာပြောမယ် ဆိုဟာ သင်းတော်လေဟို့ ညှဉ်းဆဲ
နှိစစ်ဟူလူ ဖြစ်ဟုယ်။ ပညတ်တရားဟို့ လိုက်ရှော့-က်ရှင်းအားဖြင့် ဖြောန့်မတ်မယ်
ဆိုဟာ ငါဟာ ပြစ်တန်ဇာမွေ့ဘဲ့ဟူ လူဖြစ်ဟုယ်။
7 အယ်ဘေမဲ့ အယ်ဇာလေဟု ငါ့တွပ် မ့လတ်ဖြစ်ဟုယ် ဆိုဘီး ပြောနိုင်ဘေမဲ့ ခုဟု
ခရစ်တော်တွပ်ကြောန့် ရှောင်းဘဲ့ဖြစ်ဟုယ် ဆိုဘီး မှတ်လိုက်ဟုယ်။
8 အယ်မျှလော့-က်ဘဲ့ မူဘဲန ငါ့ရဲ့ သခင်ခရစ်တော်ဟို့ သိကျွမ်းရဇာဟာ
အယ်ဇာလေနရော၊ ရှိမျှဂူလောင်းထတ် တဂိုးရှိဟူကြောန့် အယ်ဇာလေဟို့ရော
ရှောင်းဘဲ့ဖြစ်ဟုယ် ဆိုဘီး ငါမှတ်ဟုယ်။ ငါဟာ ကိုယ်တော်တွပ် ရှိမျှဂူလောင်းဟို့

3:5 ၃.၅ က ရော ၁၁.၁: **ခ** တ ၂၃.၆: ၂၆.၅ **3:6 ၃.၆** တ ၈.၃: ၂၂.၄: ၂၆.၉–၁၁

ပစ်လိုက်ဟုယ်။ ယေရှုခရစ်တော်ဟို့ မှ့လတ်ရဟို့ရော၊ ကိုယ်တော်နှ တလောင်းတဝဒဲ
ဖြစ်နိုင်ဟို့ရော အယ်ဇာလေဟို့ မှိုက်လေမျိုးဘဲ့ ငါဟှာ သတ်မှတ်ဟုယ်။
9 ငါဟှာ ပညတ်တရားဟို့ စောန့်ထီးဟူကြောန့် ဖြောန့်မတ်ဟူဇာဟို့ ရဇာမူဟှ
ခရစ်တော်ဟို့ ယောင်ကြည်ကြောန့်ဘဲ့ ဖြောန့်မတ်ရှင်းဟို့ ရဟုယ်။ အယ်မျိုးဘဲ့
ဘုရားသခင်ပေးသနားဟူ ဖြောန့်မတ်ရှင်းဟှာ ယောင်ကြည်ရှင်းမာဘဲ့ ခြေခံဟုယ်။
10 ငါဟှာ ခရစ်တော်ဟို့ သိကျွမ်းဇာ၊ ရှင်ပ့လန်ထမြော့-က်ဟူ တဂိုးတော်ဟို့
ခံစားရဟူဇာ၊ ခရစ်တော်နဂူးဒူ ဆင်းရဲဒေါက်ခခံရဟူဇာ၊ ကိုယ်တော်သေခံဟူဇာမာ
ပါဝမ်နိုင်ဟို့တွပ် လိုရှင်တောန်းတဟုယ်။
11 အယ်မျိုးမူဘဲ ငါကိုယ်တိုင်သေဘီးဟှာ ရှင်ပ့လန်ထမြော့-က်ဟူခွမ့်ဟို့ ရမယ်
ဆိုဇာဟို့ မျော်လင့်နိုင်ဟုယ်။

ပန်းတိုင်ဟို့ကေ့ဘီး ပ့လေးဟူကြောန်း

12 ငါဟှာ အောန်မြင်ဘီးဟှာ ပြစ်မှေ့ဟှ ဆိုဇာဟို့ ပြောရှင်ဇာ မူဟှ။ အယ်ဘေမဲ့
အယ်ဆုဟို့ ငါ့ဟို့ပေးဟို့တွပ် ယေရှုခရစ်တော်ဟှာ ငါ့ဟို့ ဆွဲခေါ်ဘီး ရဟှားဟူကြောန့်
ငါဟှာ အယ်ဆုဟို့ ရနိုင်ဟို့တွပ် ကြိုးစားဘီးနေဟုယ်။
13 ညီကို မောန်နှမလေ၊ ငါဟှာ အယ်ဆုဟို့ ရဟှားဟုယ် ဆိုဘီး ထန်ဟှ၊*
ငါလောက်ဟူ တခုဒဲဖြစ်ဟူဇာဟှ ငါ့နော့-က်မာ ရှိနေဟူဇာလေဟို့ မေ့ပစ်ဘီးဟှာ
ငါ့ရှေ့မာ ရှိနေဟူဇာလေနားဟို့ ရော့-က်ဟို့တွပ် စွမ်းဂူကြိုးစားဟုယ်။
14 အယ်ကြောန့် ငါဟှာ ဆုဟို့ရဟို့တွပ် ပန်းတိုင်ဟို့ ရှေ့ရှုဘီးဟှာ ပ့လေးဟုယ်။
အယ်ဆုဟှာ ထတ်ရပ်မာ သတ်ရှင်ဟို့တွပ် ယေရှုခရစ်တော်ကြောန့် ဘုရားသခင်ဟှ
ဖိခေါ်ဇာဘဲ့ ဖြစ်ဟုယ်။
15 အယ်ကြောန့် ဝိညာဉ်ရေးရာမာ ကီးထွားလူလေဟှာ အယ်မျိုးစိသဘောလေ
ရှိသင့်ဟုယ်။ တချို့လေဟှ တူဘဲဟူ စိသဘောရှိမယ် ဆိုဟှာ ဘုရားသခင်ဟှ
အယ်ဇာဟို့ ရှင်းရှင်းလန်းလန်းဟှား ဖော်ပြပေးလေ့မယ်။
16 ဖယ်မျိုးဘဲ့ဖြစ်ဖြစ် နို့လေဟှာ ခုထတ်ထိ ကိုယ်ရှော့-က်လာဟူ ပေါင်ဇံတိုင်းဘဲ့
ကျင့်ဂေ့ဇို့။
17 ညီကို မောန်နှမလေ၊ နန်းနို့လေဟှာ ငါ့နားမာ တုယူဂေ့။ နို့လေပြဟူ
စံနမူနာကောန်းလေဟို့ သတ်ရှင်ဘီး လိုက်နာဂေ့ဟူလူလေဟို့ ရှုမှတ်ဂေ့ပါ။
18 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့ဟို့ မကြာမကြာ ငါဟှာ ဖော်ပြဖူးဟုယ်။ ခုလည်း
မျစ်ရယ်ကလဘီးဟှာ ဖော်ပြဟုယ်။ ခရစ်တော်ရဲ့ လတ်ဝါးကပ်တိုင်ထတ်မာ
သေခံရှင်းတရားန ဆန့်ကျင်ဘီးကျင့်နေဟူ လူလေဘောင်ဂီး ရှိနေဟုယ်။
19 အယ်လူလေဟှာ ငရဲမာလမ်းဆောင်းဘီး ပျစ်စီးဂေ့လေ့မယ်။ သူးနို့လေရဲ့
ဘုရားဟှ သူးနို့ဗိုက်ဘဲ့ ဖြစ်ဟုယ်။ သူးနို့ဟှာ ရှစ်ကြော့-က်ရဟူဇာလေဟို့ ချီးမွမ်းဘီး
ကြားဂေ့ဟုယ်။ လောကဟှ ဇာလေဟို့ဘဲ့ စိစွဲလမ်းဂေ့ဟုယ်။

* **3:13** **၃.၁၃** ထန်ဟှ၊ တချို့ မူရင်းလတ်ရေးမူလေမာ ခုထိ ထန်ဟှ။ **3:17** **၃.၁၇** ၁ ကော ၄.၁၆; ၁၁.၁

20 နို့လေဟ့ ကောန်းဂန်နိုင်ငံသား ဖြစ်ဟူကြောန့် ကောန်းဂန်ဘောင်မာ နို့လေရဲ့
ကယ်တန်ရှင် သခင်ယေရှုခရစ်တော် ကြွလာဟူဇာဟို့ စောန့်မျော်ဘီး ရှိနေဂေ့ဟုယ်။
21 ကိုယ်တော်ဟာ ရာအားလာင်းဂူဟို့ သူ့ရဲ့ အာဏာစစ်အော့-က်မာ ရော့-က်စေဟူ
တဂိုးတော်ကြောန့် နို့လေရဲ့ သေတတ်ဟူ ကိုယ်ခန့်ဓာဟို့ ဖောင်းသရေတော်နဲ
ပ့လဲ့ဇောင်ဟူ ကိုယ်ခန္ဓာနတူအောန် ပ့လောန်းလဲပေးလေ့မယ်။

4

ညွန်ကြားချစ်လေကြောန်း

1 အယ်ကြောန့် ငါဝန်းသာဟူဇာကြောန်းန ငါ့ရဲ့ သရဖူဖြစ်ဟူ ငါ့ညီကို မောန်နှမလေ၊
နန်းနို့ဟို့ ငါဟာ ရရာတိုင်းရှစ်ဘီးဟာ လွမ်းနေဟုယ်။ ငါဟာ နန်းနို့လေကြောန်းကြောန့်
ဂေါင်ယူဟုယ်။ ငါရှစ်ရဟူ ညီကို မောန်နှမလေ၊ သခင်ဘုရားမာ ခိုင်ခိုင်မြဲမြဲဟား
ရပ်နေဂေ့ပါ။
2 ဧဝေါဒိန သုန့်တုတ်လေ၊ သခင်ဘုရားရဲ့ တဗဲ့တော်မ ပီသဘီး
စိသဘောညီညွတ်ဟူဇာ ရှိဂေ့ဟို့တွပ် ငါဟာ တောန်းဗန်ဟုယ်။
3 ငါ့ရဲ့ လောက်ဖော်ဆောန်ဖတ်ဖြစ်ဟူ နန်ဟာ အယ်မီးမလေဟို့ ကူညီမဇပါ။ နန့်ဟို့
ငါဟာ တိုက်တွန်းဟုယ်။ သူးနို့လေဟာ ဒန်းကောန်းပြောဟူ ခီမာ ငါ့နတူးဒူ ကြိုးစားဘီး
လောက်ဆောန်ဟူ လောက်ဖော်ဆောန်ဖတ် ဖြစ်ဂေ့ဟုယ်။ အယ်မျိုး လောက်ဆောန်ဟူ
လူလေထဲမာ ကလေမန်းနတူးဒူ ဘုရားသခင်ရဲ့ သတ်စာစောန်မာ နာမယ်ပါဟူ တခြား
ငါ့ရဲ့ လောက်ဖော်ဆောန်ဖတ်လေလည်း ပါဝမ်ဟုယ်။
4 နန်းနို့ဟာ သခင်ဘုရားန တလောင်းတဝဲ ဖြစ်ဟူကြောန့် ဝန်းသာဂေ့ပါ။
နော့-က်တခါ ငါပြောမယ် ဝန်းသာဂေ့ပါ။
5 နန်းနို့လေရဲ့ နူးညံ့သိမ်မွေ့ဟူ စိသဘောဟို့ လူလေဟို့ ဗြင်စေဂေ့ပါ၊ သခင်ဘုရား
ပ့လန်ကြွလာဟို့ခီ နီးနေဘီ။
6 ဖယ်မူဟို့လည်း စိုးရိမ်ဘဲ့န ဖြစ်လာဟူ မူရာလေတွပ် ကျေးဇူးတော် ချီးမွမ်းရှင်းန
ဆုတောန်းဘီးဟာ နန်းနို့ လိုရှင်ဇာလေဟို့ ဘုရားသခင်မာ တောန်းလျော့-က်ဂေ့ပါ။
7 အယ်မျိုးလောက်မယ် ဆိုဟာ ဖယ်သူလည်း ကြဲစည်တတ်စွမ်းနိုင်ဟို့ မှီဘဲ့ဟူ
ဘုရားသခင်ရဲ့ ငြီသတ်ရှင်းဟာ ယေရှုခရစ်တော်န နန်းနို့ဟာ တလောင်းတဝဲ
ဖြစ်ဟူကြောန့် နန်းနို့ရဲ့ စိနှလောင်းန ကြဲစည်လေဟို့ ကာကွယ် စောန့်ရှော့-က်လေ့မယ်။
8 ညီကို မောန်နှမလေ၊ နိဂေါင်းချောက် ပြောရမယ် ဆိုဟာ နန်းနို့ဟာ ဖြောန့်မတ်ရှင်း၊
မှန်ကန်ရှင်း၊ မွန်မြတ်ရှင်း၊ စင်ကြယ်ရှင်း၊ နှစ်သက်ဇာကောန်းရှင်း၊
အသရေရှိရှင်းဖြစ်ဟူ ကောန်းမြတ်ရှင်းလေန ချီးမွမ်းဇာဖြစ်ရှင်းလေ ရှိဟူမျှလေဟို့
နှလောင်းသွမ်းဂေ့ပါ။
9 ငါ့နားဟုနေ နန်းနို့ကြားဘီး ဗြင်ရဟူဇာလေဟို့ ကျင့်ဂေ့ပါ။ အယ်မျိုးကျင့်မယ်
ဆိုဟာ ငြီသတ်ရှင်းရဲ့သခင် ဘုရားသခင်ဟာ နန်းနို့နတူးဒူ ရှိလေ့မယ်။

လူလေဟို့ လတ်ခံရတွပ် ကျေးဇူးတန်ကြောန်း

10 ခီလေဘောင်ဂီးကြာဘီးမှ နန်းနို့ဟှာ ငါဟ့ဂိ လေးထားဘီးဟှာ စဉ်းစားပေးဟ့ူစိဟှာ
နော့-က်တခါ ပြဂေ့ဟ့ူကြောန့် ငါဟှာ သခင်ဘုရားန တလောင်းတဝဲ ဖြစ်ဟ့ူသူ
တယော့-က်နေန ရရာတိုင်း ဝန်းသာဟှယ်။ ရင်ခါဒ့ူးဟှ နန်းနို့ဟှာ ငါဟ့ဂိ
မြစ်တာစေတနာ ထားဘဲ့နေဟှယ် ဆိုဘီး ငါပြောဟှ။ အယ်စေတနာမြစ်တာဟ့ဂိ
ပြနိုင်ဘဲ့ဟ့ူကြောန်းဘဲ့ ပြောဇာဖြစ်ဟှယ်။
11 ငါ့ဟ့ဂိ နန်းနို့ဟှ ပယ်ဘီးဟှာ ထားဟှားဟ့ူကြောန့် ယူဆဘီးဟှာ အယ်စကားဟ့ဂိ
ပြောဟ့ူဇာလည်း မ့ူဟှ။ ငါဟှာ ကိုယ့်မာရှိဟ့ူဇာနဘဲ့ ရောက်ရဲဘီး နေနိုင်ဟ့ဂိတွပ်
သန်ယူဟှားဟှယ်။
12 ငါဟှာ ရရာတိုင်း ငတ်နေဇာဘဲ့ ဖြစ်စေ၊ ရရာတိုင်း စားရဟ့ူဇာဘဲ့ ဖြစ်စေ၊
ချိုချို့တတ်တတ်ဘဲ့ ဖြစ်စေ၊ ပိုလျှံနေဟ့ူဇာဘဲ့ ဖြစ်စေ၊ ဖယ်မျိုးခြေနေ၊
ဖယ်မျိုးနေရာမာဘဲ့ ဖြစ်စေ၊ ကျေကျေနပ်နပ်ဟှား နေနိုင်ဟ့ဂိတွပ် သန်ယူဟှားဟှယ်။
13 ခရစ်တော်နားဟှရဟ့ူ ခွန်အားကြောန့် ငါဟှာ ဖယ်မျိုးခြေနေမျိုးဘဲ့
ကြောင်ရကြောင်ရ ရင်ဆိုင်နိုင်ဟှယ်။
14 ဖယ်မျိုးဘဲ့ဖြစ်ဖြစ် ငါဟှာ ဆင်းရဲဒေါက်ခ တွိကြောင်ရဟ့ူ ခီမာ နန်းနို့ဟှာ
မ့ျဝီခံစားဘီး ကောန်းကောန်းဟှား ပြုစုဂေ့ဟှယ်။
15 ဖိလိပ္ပိသင်းသားလေ၊ ငါဟှာ မာကေဒေါနိပြည်ဟှနေ ထွပ်ဟှားဘီး
ဒန်းကောန်းဟ့ဂိ စဘီးကြေညာဟ့ူ ခီမာ နန်းနို့သင်းတော်ဟှဘဲ ငါ့ဟ့ဂိ ကူညီဟ့ူကြောန့်
မ့ူတော်ဆောန်လောက်ငန်းမာ နန်းနို့ဘဲ့ ငါ့နတူးဒူတွဲဘီးဟှာ ပေးလ့ူရှင်းန လတ်ခံရှင်း
ရှိဘီးဟှာ ဝီမ့ျဂေ့ဟ့ူကြောန်းဟ့ဂိ နန်းနို့ ကိုယ်တိုင်ဘဲ့ ကောန်းကောန်းသိဟှယ်။
16 သက်သာလောနိတ်ဗြို့မာ ရှိဟ့ူခီဒူဟှ ငါလိုရှင်ဟ့ူကူညီဟ့ဂိ နန်းနို့ဟှာ
နှေ့ခါတိုင်အောန် ပို့ပေးဂေ့ဟှယ်။
17 အယ်မျိုးပြောဇာဟှာ ငါဟှာ လ့ူဟ့ဂိ လိုရှင်ဟ့ူကြောန့် မ့ူဟှ။ နန်းနို့ရဲ့
ကပ်စာရင်းလေမာ မ့ုလတ်တိုးလာဇာဟ့ဂိ ငါဟှာ လိုရှင်ဟှယ်။
18 နန်းနို့ပေးလိုက်ဟ့ူ လ့ူပစ်စီးဂူလောင်းဟ့ဂိ ရဟ့ူကြောန်းဟ့ဂိ အယ်မ့ူဖော်ပြဟှားဟှယ်။
အယ်လ့ူ ပစ္စည်းလေဟ့ဂိ ဧပဖြောဒိတ်ဟှ ယူလာပေးဟ့ူကြောန့် ငါလိုရှင်ဇာလေရဟှယ်။
အယ်ဇာလေဟှာ မီးကြိုင်ဟ့ူပူဇော်သကာ၊ ဘုရားသခင်လတ်ခံဘီး နှစ်သက်ဟ့ူ
ယစ်မျိုးဘဲဖြစ်ဟှယ်။
19 ငါ့ရဲ့ ဘုရားသခင်ဟှာ ဂေါင်သရေန စည်းဇိမ်အောက်စာ ကြွယ်ဝမျိုး၊ နန်းနို့ဟ့ဂိ
ယေရှုခရစ်တော်ကြောန့် နန်းနို့ လိုရှင်ဇာမှန်မ့ျဟ့ဂိ ပေးသနားပါစေ။
20 နို့လေရဲ့ဖ ဘုရားသခင်ဟှာ ကမ္ဘာဆစ်ဆစ် ဖောင်းကီးတော်မူပါစေ။ အာမင်။

နော့-က်ဆောင်း နှောက်ဆစ်ဟ့ူစကား

21 ယေရှုခရစ်တော်နှိုက် ရှိဟ့ူ သန့်ရှင်းသူလေဟ့ဂိ နှောက်ဆစ်ပေးဂေ့ပါ။ ငါ့နတူးဒူ
ရှိဂေ့ဟ့ူ ညီကို မောန်နှမလေဟှလည်း နန်းနို့ဟ့ဂိ နှောက်ဆစ်လိုက်ဟှယ်။

4:15 ၄.၁၅.၁၆ ၂ ကော ၁၁.၉ **4:16 ၄.၁၆** တ ၁၇.၁

22 ယေရှုခရစ်တော်နှိုက် ရှိဟ္ဟူ သန့်ရှင်းသူလေဟို့ နှောက်ဆစ်ပေးဂေ့ပါ။ ထူးသဖြင့်
ကဲသာမန်းဂီးရဲ့ အီမာရှိနေဟ္ဟူ ညီကိုမောန်နှလေဟှ နှောက်ဆစ်လိုက်ဟှယ်။
23 သခင်ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်ဟှာ နန်းနို့ ဝိညာဉ်နတူးဒူ ရှိပါစေ။

ကောလောသဲ
ကောလောသဲ သင်းတော်ဟို့ ပေါလုရဲ့ ပေးစာ
နိဒါန်း

ကောလောသဲ သင်းတော်ဟို့ ပေါလုရဲ့ ပေးစာ ဟို့ တမန်တော် ပေါလုဟု ရေးဟုးလေဟုယ် (၁.၁)။ သူဟုာ အယ်စာဟို့ ခရစ်တော် မွီးဘီးန ၆၀ ခုနှစ်လော့-က်ဟု ရောမမြို့မာ ထောန်က့လနေဒူးခီမာ ရေးဟုးလေဟုယ်။ ပေါလုဟုာ ကောလောသဲ သင်းတော်ဟို့ ပေးဟူစာ၊ ဧဖော် သင်းတော်ဟို့ ပေးဟူစာန ဖိလေမုန်ဟို့ ပေးဟူစာလေဟို့ ထောန်က့လနေဒူးမာ ရေးဟုးဟူကြောန့် အယ်မူစာလေဟို့ ထောန်ထဲဟု ပေးဟူစာ ဆိုဘီး ခေါ်လေဟုယ်။ အယ်မူစာဟုာ ကောလောသဲမြို့မာရှိဟူ သင်းတော်ဟို့ ရေးဟူစာဖြစ်လေဟုယ်။ ၂.၁ မာ ဖော်ပြဟုးတိုင်း ဆိုဟုာ ပေါလုဟု ကောလောသဲမြို့မာ သင်းတော်ဟို့ စပြုသေးဟု ဘေမဲ့လည်း အယ်သင်းတော်တွပ် တာဝန်လေရှိဟုယ် ဆိုဘီး မှတ်ယူလေဟုယ်။ ဧပေဖြာဟုာ ကောလောသဲမြို့မာ ရှိနေဂဲဟု အယ်သင်းတော်ဟို့ တည်ထောန်ဟုးဇာဖြစ်နိုင်ဟုယ်။

ပေါလုဟုာ ကောလောသဲ သင်းတော်ထဲမာ မှားယွင်းဟူ သွန်သန်ရှင်းလေ ရှိနေဟူကြောန့် ရရာတိုင်း စိုးရိမ်လေဟုယ်။ သူဟုာ အယ်မူဇာန ပတ်သက်ဘီး စာလေဘောင်ဂီး ရေးဟုးလေဟုယ်။ အယ်နေရာမာ ယုဒခရစ်ယာန် အောက်စုတစုရှိဘီး သူးနို့လေဟုာ တခြား ခရစ်ယာန်လေဟို့ ဓမ္မဟောန်းကျမ်းထဲဟု ရေဖျားလှီးရှင်းန ဆိုင်ဟူ ယုဒပညတ်လေဟို့ လိုက်နာဟို့တွပ် ကြိုးစားနေဟူ လူလေဖြစ်ဟုယ်။ ပေါလုဟု ဘုရားသခင်အားဖြင့် ခရစ်တော်ဟို့ လတ်ခံရှင်းဟုလွဲဘီး ဖြားဇာလည်း လိုအပ်ဟု ဆိုဘီး ပေါလုဟု လေးလေးနတ်နတ်ဟုး ရေးဟုးဘီး (၁.၁၅-၂၀) အယ်မျိုးသွန်သန်ချစ်ဟုာ လူသားရဲ့ ဆင်ခြင်တုံတရားဟုာ သောင်းဇာဟို့ရဟု ဆိုဇာဟို့ ခြေခံဟုးဟုယ် (၂.၈)။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟုာ ကောလောသဲမြို့မာရှိဟူ သင်းတော်ဟို့ နှောက်ဆစ်ရှင်းအားဖြင့် အယ်စာဟို့ စပြုဟုးဟူကြောန် (၁.၁-၂)

၂။ သူဟုာ ကောလောသဲ သင်းတော်ထဲမာ မှားယွင်းဟူ သွန်သန်ရှင်းလေဟို့ ပုလန်ဖြေရှင်းဟုးဟူ ဇာလေထဲမာ ခရစ်တော်ရဲ့ ကီးမြတ်ရှင်းကြောန်းဟို့ ရေးဟုးဟူကြောန် (၁.၃—၃.၄)

၃။ ပေါလုရဲ့ စာလေဘောင်ဂီးထဲမာ တဝပ်လော့-က်ဟုာ ကောန်းဟူခရစ်ယာန် သတ်ရှင်မှုတွပ် ညွန်ကြားချစ်လေ ပေးဟုးဟူ စာလေဖြစ်ဟူကြောန် (၃.၅—၄.၆)

၄။ ပေါလုဟုာ နှောက်ဆစ်ဘီးန တခြား သင်းတော်လေမာလည်း အယ်စာဟို့ ဖတ်ဟို့တွပ် ညွန်ကြားဘီး နိဂေါင်းချောက်ဟုးဟူကြောန် (၄.၇-၁၈)

1 ဘုရားသခင်ရဲ့ လိုတော်အားဖြင့် ယေရှုခရစ်တော်ရဲ့ တမန်တော်ဖြစ်ဟူ
ငါပေါလုန နှိုလေရဲ့ညီ တိမောသေဟာ —
2 ကောလောသဲမြို့မာရှိဟူ ခရစ်တော်ဟို့ ယောင်ကြည်ဘီး သစ်စာရှိဟူ သန့်ရှင်းသူ
ညီကို မောန်နှမလေနားဟို့ စာရေးလိုက်ပါဟုယ်၊
နှိုလေရဲ့ဖဖြစ်ဟူ ဘုရားသခင်နားဟ ကျေးဇူးတော်န ငြိသတ်ရှင်းဟာ နန်းနှိုလေမာ
ရှိပါစေ။

ကျေးဇူးတော် ချီးမွမ်းဘီး ဆုတောန်းဟူကြောန်း

3 နှိုလေဟာ နန်းနှိုလေတွပ် ဆုတောန်းဟူခီတိုင်းမာ သခင်ယေရှုခရစ်တော်ရဲ့ ဖဖြစ်ဟူ
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းဂေ့ပါဟုယ်။
4 ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်းနှိုလေဟာ ယေရှုခရစ်တော်ဟို့ ယောင်ကြည်ဘီး
သန့်ရှင်းသူလေဟို့ ရှစ်ဂေ့ဟူကြောန်းဟို့ ကြားရဟူကြောန့် ဖြစ်ဟုယ်။
5 အယ်မူယောင်ကြည်ရှင်းန ရှစ်ရှင်းမြစ်တာလေဟာ နန်းနှိုလေတွပ်
ကောန်းဂန်ဘောင်မာ သိုဟုားဟူ မျော်လင့်ရှင်းအားဖြင့် ဖြစ်ပေါ်လာဘီး
အယ်မျော်လင့်ရှင်းကြောန်းဟာ နန်းနှိုလေနားဟို့ ရော့-က်လာဟူ ကောန်းမြတ်ဟူ
ဒန်းကောန်းနဆိုင်ဟူ သမ္မာတရားရဲ့ နှောက်တော်ထွပ်စကားဟို့ နန်းနှိုလေ ကြားရဂေ့ဘီ။
6 အယ်မူဒန်းကောန်းဟာ တကမ္ဘာလောင်းဟို့ ပုလုံနှံ့ဘီး တိုးပွားဟူမျိုး
အယ်ဒန်းကောန်းဟို့ ကြားနာရဟူ နန်းနှိုလေလည်း ဘုရားသခင်ရဲ့ကျေးဇူးတော်ဟို့
မှန်းမှန်ကန်းကန် သိဟူနေ့ဟ့နေစဘီး နန်းနှိုထဲမာလည်း သီးသီးဘီးဟာ
တိုးပွားနေဟုယ်။
7 ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ နန်းနှိုလေဟို့ သန်ပေးဟူသူဟာ နှိုလေရဲ့ *
ကိုယ်စား ခရစ်တော်ရဲ့ မူဆောန်ဟူ နှိုလေရှစ်ရဟူ ဧပေဖြဘဲ့ ဖြစ်ပါဟုယ်။ သူဟာ
နှိုလေရဲ့ကိုယ်စား သစ်စာရှိရှိန ခရစ်တော်ရဲ့ မူတော်ဟို့ ထမ်းဆောန်ဟူသူ ဖြစ်ဘီး၊
8 ဝိညာဉ်တော်အားဖြင့်ရရှိဟူ နန်းနှိုလေရဲ့မြစ်တာကြောန်းဟို့ နှိုလေဟို့
သူပြောပြဟုယ်။
9 အယ်ကြောန့် နှိုလေလည်း နန်းနှိုလေဒန်းဟို့ ကြားရဟူနေ့ဟ့စဘီး မြဲဒမ်းဘဲ့
ဆုတောန်းဘီးဟာ နန်းနှိုလေဟာ ဝိညာဉ်တော်ပေးတော်မူဟူ ဉာဏ်ပညာန
တတ်သိနားလည်မူ စောင်လင့်ရှင်းအားဖြင့် ဘုရားသခင်ရဲ့လိုတော်ဟို့
သိဟူဉာဏ်နပ္ပလဲ့ဝဘီး၊
10 ကောန်းဟူမူ မျိုးမျိုးဖြစ်ဟူ သီးဟို့သီးဘီးဟာ ဘုရားသခင်ဟို့ သိဟူဉာဏ်န
ကီးထွားလာရှင်းအားဖြင့် ရာရာတိုင်းမာ သခင်ဘုရား နှစ်သက်စေဘီး ကိုယ်တော်န
ထိုက်ထိုက်တန်တန် သတ်ရှင်ရှော့-က်လှမ်းနိုင်ဟို့တွပ် တောန်းလျော့-က်ဂေ့ဟုယ်။

1:7 ၁.၇ ကော ၄.၁၂; ဖိလေ ၂.၃ * **1:7 ၁.၇** နှိုလေရဲ့၊ တချို့ မူရင်းလတ်ရေးမူလေမာ နန်းနှိုလေ၊ ဆိုဘီး ပါရှိဟုယ်။

11 နော့-က်ဘီး နန်းနို့လေဟှာ ကိုယ်တော်ရဲ့ ဖောင်းတဂိုး အာနုဘော်တော်ဟှနေ
ဆင်းသတ်လာဟှ စွမ်းသတ်တိရှိဟှမျှန အားဖှလဲ့ဇာခံရဘီး သီးခံရှင်း၊ စိရှယ်ရှင်းန
ပှလဲ့ဝဘီးဟှာ၊
12 နန်းနို့ဟို့ လန်းရောန်နှိုက်ရှိဟှ သန့်ရှင်းသူလေရဲ့ မို့တော်မာ ပါဝမ်ထိုက်ဟှသူ
ဖြစ်စေတော်မူဟှ ဖဘုရားသခင်ဟို့ ဝန်းသာဟှ စိန ကျေးဇူးတော်ဟို့ ချီးမွမ်းဂေ့ပါ။†
13 ဖဘုရားသခင်ဟှာ နို့လေဟို့ မှောန်မိုက်ရဲ့တဂိုးဟှ ကယ်နှုတော်မူဘီးဟှာ
သူရှစ်မြတ်နိုးတော်မူဟှ သားတော်ရဲ့ နိုင်ငံတော်ထဲဟို့ ခေါ်သွမ်းတော်မူဟှယ်။
14 နို့လေဟှာ အယ်သားတော်အားဖြင့် ဝီးနှုရှင်းဖြစ်ဟှ ပြစ်လေ ခွမ့်လွတ်ရှင်း
ကျေးဇူးဟို့ ရရှိဂေ့ဟှယ်။

ခရစ်တော်ရဲ့ ဇာတိတော်န လောက်ဆောန်မူကြောန်း

15 သားတော်ဟှာ မျစ်စိနဖြင်နိုင်ဘဲဟှ ဘုရားသခင်ရဲ့ ပေါင်သဏ္ဌာန်တော်ဖြစ်ဘီး
ဖန်ဆင်းတော်မူဟှ ဝဂေနယျသတ္တဝါလေ ဂူလောင်းထဲမာ သားဦးဖြစ်ဟှယ်။
16 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ကောန်းဂန်ထတ်န မ့လေဂီးထတ်မာ ရှိဟှုရာလေ
ဂူလောင်းနတူးဒှ လူမျစ်စိန ဖြင်နိုင်ဟှုရာ၊ ဖြင်နိုင်ဘဲဟှုရာ၊ ရာဇပလွှင်လေဖြစ်ဖြစ်၊
စိုးရဟှ တဂိုးလေဖြစ်ဖြစ်၊ ထွဋ်ဒြတ်ခွမ့်အာဏာလေဖြစ်ဖြစ် ရှိဟှုမျှရာလေ ဂူလောင်းဟို့
ဘုရားသခင်ဟှာ အယ်မူသားတော်အားဖြင့် ဖန်ဆင်းတော်မူဟှုကြောန့် ဖြစ်ဟှယ်။
ရှိမျှဂူလောင်းဟှာ အယ်သင်အားဖြင့်န အယ်သင်တွပ် ဖန်ဆင်းတော်မူလေဟှယ်။
17 သားတော်ဟှာ ရှိမျှဂူလောင်း ဖြစ်ခန်ဒဲဟှ ရှိတော်မူဘီး ရှိမျှဂူလောင်းဟို့လည်း
တဂိုးတော်အားဖြင့် တည်နေဂေ့ဟှယ်။
18 ကိုယ်တော်ဟှာ သင်းတော်ဖြစ်ဟှ ကိုယ်ခန္ဓာရဲ့ ဦးခေါန်းဖြစ်တော်မူဟှယ်။
ရှိမျှဂူလောင်းမာ ထူးမြတ်ဟှ နဂိုမူလရင်းမြစ်ဖြစ်ဘီး သေဟှားဟှ သူလေထဲမာ
သားဦးဖြစ်တော်မူလေဟှယ်။
19 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ဟှာ ရှိမျှဂူလောင်း ပှလဲ့ဇောင်ရှင်းလေဟို့
သားတော်ထဲမာ ကိန်းဝပ်စေဟို့တွပ်န၊
20 လတ်ဝါးကပ်တိုင်ထတ်မာ သွန်းဟှ သားတော်ရဲ့ သွီးတော်အားဖြင့်‡ ရန်ဟို့
ငြီးစေဘီး ကောန်းဂန်ဘောင်မာ ရှိဟှ ဇာလေရော၊ မ့လေဂီးထတ်မာ ရှိဟှ ဇာလေရော
ဂူလောင်းဟို့ သားတော်အားဖြင့် သူန ပှလန်သင့်မြတ်လာစေဟို့တွပ်
လိုတော်ရှိတော်မူဟှယ်။
21 တခီဒူးဟှ နန်းနို့လေဟှာ ဆိုးညစ်ဟှကျင့်န ကြံစည်လေကြောန့် ဘုရားသခင်န
ဝီးကွာဟှားဘီး စိန့လောင်းနှိုက် ရန်သူဖြစ်ဂေ့ဟှယ်။
22 အယ်ဘေမဲ့ ခုခီမာ သွီးသားနဆိုင်ဟှ ကိုယ်ခန္ဓာနှိုက် သားတော်ဟို့
သေခံစေရှင်းအားဖြင့် ဘုရားသခင်ဟှာ နန်းနို့လေဟို့ သူန

† **1:12 ၁.၁၂** ဝန်းသာဟှ စိန ကျေးဇူးတော်ဟို့ ချီးမွမ်းဂေ့ပါ၊ အယ်မျိုးမူဘဲနေဟှာ စိရှယ်သီးခံဘီး ဝန်းသာဟှ စိန
ချီးမွမ်းဂေ့ပါ။ **1:14 ၁.၁၄** ဧ ၁.၇ **1:18 ၁.၁၈** ဧ ၁.၂၂,၂၃ **1:20 ၁.၂၀** ဧ ၂.၁၆ ‡ **1:20 ၁.၂၀**
သားတော်ရဲ့ သွီးတော်အားဖြင့်၊ အယ်မျိုးမူဘဲနေဟှာ သားတော်ရဲ့ ယဇ်ပူဇော်ရှင်းန သေခံရှင်း အားဖြင့်။

ပ့ုလန်သင့်မြတ်စေတော်မူဟုယ်။ အယ်မျိုးလောက်ရှင်းအားဖြင့် သန့်ရှင်းဘီး
ပြစ်မှေ့ဘဲဟူ နန်းနို့လေဟို သူ့ရဲ့ ရှေ့တော်မာ ဆစ်သနိုင်ဟို့တွပ် ဖြစ်ဟုယ်။
23 အယ်ဘေမဲ့ နန်းနို့လေဟုာ ကြားနာရဟူ ကောန်းမြတ်ဟူ ဒန်းကောန်းရဲ့
မျော်လင့်ရှင်းဟုနေ ယီးယိုင်သွားဘဲန ခိုင်းခိုင်မားမာ အုပြစ်ခ့ုလဟုားဟူ
ယောင်ကြည်ရှင်းမာ ဆစ်ဘီးတည်နေရမယ်။ ကောန်းဂန်အော့-က်ဟု
ဖန်ဆင်းခံလောက တခုလောင်းဟို ပ့ုလံ့နှံ့နေဟူ အယ်မူဒန်းကောန်းဟို
ဟောပြောစေခံနေဟူ သူဟုာ ငါပေါလုဘဲ့ ဖြစ်ဟုယ်။

ပေါလုရဲ့ မှုတော်ဆောန်ဟူကြောန်း

24 ငါဟုာ နန်းနို့လေတွပ် ခံရဟူ ဆင်းရဲဒေါက်ခလေဟို ခု ဝန်းသာခံယူဘီး
ခရစ်တော်ရဲ့ ဆင်းရဲဒေါက်ခမာ လိုအပ်သေးဟူ ပိုင်းလေဟို့ ကိုယ်တော်ရဲ့
ကိုယ်ခန္ဓာဖြစ်ဟူ သင်းတော်တွပ် ကျန်ရှိနေဟူ ဆင်းရဲဒေါက်ခ ကြွင်းကျန်လေဟို ငါ့ရဲ့
ကိုယ်ခန္ဓာမာ ပ့ုလဲ့ဇောင်စေဟုယ်။
25 နန်းနို့ကျိုးတွပ် ဘုရားသခင်ဟုာ ငါ့ဟို့ သင်းတော်ရဲ့ မှုဆောန်ဖြစ် ခန့်ဟုားဟုယ်။
ငါ့ဟို့ ပေးအပ်တော်မူဟူ တာဝန်ဟုာ စကားတော်ရှိဟူမျှ ပ့ုလဲ့ပ့ုလဲ့ဝဝဟို့
ဟောပြောဟို့တွပ်ဖြစ်ဟုယ်။
26 ကိုယ်တော်ဟုာ အယ်မူ နတ်နဲဟူဇာလေဟို့ လောကမာရှိဟူ လူလေ ဂူလောင်းဟို့
လွန်လာဘီးဟူ ရှေးကာလလေမာ သိခွမ့်ပေးဘဲဟူလည်းဘဲ့ ခုခီမာ
သူ့ရဲ့သန့်ရှင်းသူလေဟို့ ဖော်ပြပေးတော်မူဘီ။
27 လူမျိုးခြားလေမာ အယ်မူနတ်နဲရာနဆိုင်ဟူ မဟာစည်းဇိမ်ဟုာ
ဖယ်မျှလော့-က်ကီးဟုယ် ဆိုဇာဟို့ သန့်ရှင်းဟူသူလေ သိစေဟို့တွပ် ဘုရားသခင်
လိုရှိတော်မူဟုယ်။ အယ်မူစည်းဇိမ်ဟု ဖောင်းသရေတော်ဟို့ မျော်လင့်ဟို့ကြောန်းဖြစ်ဟူ
နန်းနို့ထဲမာ တည်တော်မူဟူ ခရစ်တော်ဘဲ့ဖြစ်ဟုယ်။
28 နို့လေဟုာ လူတိုင်းဟို့ ခရစ်တော်နှုက် စောင်လင်ရင့်ကျတ်ဟူ သူဖြစ်
ဆစ်သနိုင်ဟို့တွပ် လူတိုင်းဟို့ ဒီပေး ဆောင်းမဘီးဟုာ ဉာဏ်ပညာရှိဟူမျှန သွန်သန်ဘီး
ခရစ်တော်ရဲ့ ကြောန်းဟို့ ဟောပြောဂေ့ပါဟုယ်။
29 အယ်မူတာဝန်ဟို့ ငါကြိုးစား လောက်ဆောန်ဟူ ခီမာ ခရစ်တော်ဟုာ ငါ့ဟို့
ကီးမားဟူ တဂိုးဟို့ ပေးတော်မူဟုယ်။ အယ်မူတဂိုးဟုာ ငါ့ထဲမာ
လောက်ဆောန်နေဟုယ်။

2

1 ငါဟုာ နန်းနို့လေန လောဒိကိဗြို့သူဗြို့သားလေဟုနေစဘီး ငါ့ဟို့ မြင်ဖူးသေးဘဲဟူ
တခြားလူလေတွပ် ဖယ်လော့-က်ထိ ကြိုးစားဘီး လောက်ဆောန်ဟူဇာလေဟို့
နန်းနို့လေဟို့ သိစေရှင်ပါဟုယ်။
2 အယ်မျိုး ကြိုးစားဘီး လောက်ဆောန်ရဟူကြောန်းဟု နန်းနို့လေ ဂူလောင်းဟုာ
စိအားထတ်သန်ဘီး ရှင်းရှင်း တယော့-က်ဟို့တယော့-က် ရှစ်ရှင်းမြစ်တာန

စည်းလောင်းစေဟို့တပ် စစ်မှန်ဟူ သိနားလည်မှုအားဖြင့် စိခ့လမူအာမခံချစ်ဟို့
ပ့လဲ့ပ့လဲ့ဝဝ ရရှိဂေ့ဟို့တပ်ပန်၊ ဘုရားသခင်ရဲ့ လျှို့ဝှပ်နတ်နဲဟူရာဖြစ်ဟူ ခရစ်တော်ဟို့
သိရဂေ့ဟို့တပ် ဖြစ်ဟုယ်။*
3 အယ်မူခရစ်တော်ထဲမာ ဘုရားသခင်ရဲ့ ဉာဏ်ပညာဘဏ္ဍာ၊
သိပညာဘဏ္ဍာရှိဟူမျှဟို့ ဝှက်ဟုားတော်မူဟုယ်။
4 အယ်ကြောန့် ဖယ်သူလည်း နန်းနို့လေဟို့ ဖြားရောန်းဟူ စကားလေန လှည့်ဇားစေန။
5 ငါဟုာ ကိုယ်ခန္ဓာအားဖြင့် နန်းနို့လေန ကွာဘီးနေရဟူလည်းဘဲ့ စိဝိညာဉ်အားဖြင့်
နန်းနို့လေနတူးဒူရှိပါဟုယ်။ နန်းနို့လေဟုာ တစည်းတလောင်းဒဲရှိဂေ့ဘီး ခရစ်တော်ဟို့
ခိုင်းခိုင်မြဲမြဲန ယောင်ကြည်ဂေ့ဟူဇာဟို့ ငါဖြင်ရဟူကြောန့် ရရာတိုင်းဘဲ့
ဝန်းသာပါဟုယ်။

ခရစ်တော်နှိုက် ကြွယ်ဝဟူဘဝကြောန်း

6 အယ်ကြောန့် နန်းနို့လေဟုာ ခရစ်တော် ယေရှုဟို့ သခင်ဖြစ်န လတ်ခံဂေ့ဟူကြောန့်
ကိုယ်တော်န တလောင်းတဝဒဲ ဖြစ်ရှင်းအားဖြင့် သတ်ရှင်ဂေ့ပါ။
7 သွန်သန်ဇာလေဟို့ ခံရဟူတိုင်း ကိုယ်တော်နှိုက် နတ်နတ်နဲနဲ ပြစ်စွဲဘီးဟုာ
ကိုယ်တော်ထတ်မာ ကိုယ့်ရဲ့ ဘဝသတ်တာဟို့ တည်ဆော့-က်ဘီး နန်းနို့လေရဲ့
ယောင်ကြည်မူ ခိုင်မြဲစေရှင်းအားဖြင့် ကျေးဇူးတော် ချီးမွမ်းရှင်းန ပ့လဲ့ဇောင်ဂေ့ပါ။
8 ခရစ်တော်ရဲ့ တရားဟို့ ခြေပြုဘဲန လောကရဲ့ ခြေခံတရားလေ လူလေရဲ့
ဓလေ့ထောင်းဒမ်းလေဟို့ ခြေပြုဟုားဟူ တွေးခေါ်ပညာလေန နှစ်သာရမွေ့ဘဲဟူ
လှည့်ဇားမူလေအားဖြင့် ဖယ်သူလည်း နန်းနို့လေဟို့ လုယူဖျစ်ဆီးဘဲနေဟို့တွပ်
ဒိပြုဂေ့ပါ။
9 ဖြားဖြစ်ကြောန့်နူးဆိုဟုာ ဘုရားရဲ့ ဇာတိတော်ရဲ့ ရှိဟူမျှ ပ့လဲ့ဇောင်ရှင်းလေဟို့
ခရစ်တော်ထဲမာ ကိုယ်ထန်ရှားဘီး ကိန်းဝပ်တော်မူလေဟုယ်။
10 နန်းနို့လေဟုာ အောက်ချောက်ရှင်း ခွမ့်အာဏာဂူလောင်းရဲ့ ဦးခေါန်းဖြစ်တော်မူဟူ
အယ်သခင်အားဖြင့် ပ့လဲ့ဇောင်ဂေ့ဟုယ်။
11 ခရစ်တော်နဆိုင်ဟူ ရေဖျားလှီးရှင်းအားဖြင့် သွီးသားဇာတိနဆိုင်ဟူ ကိုယ်ခန့ဓာဟို့
ခလွတ်ပယ်ဘီးဟုာ လူအားဖြင့်မူဘဲဟူ ရေဖျားလှီးရှင်းဟို့ အယ်သခင်နှိုက်
ခံယူဂေ့ဟုယ်။
12 နန်းနို့လေ ဗတ္တိဇံခံဟူ ဇာအားဖြင့် ကိုယ်တော်နတူးဒူ သဂြိုဟ်ဇာဟို့ ခံဂေ့ဘီး
ခရစ်တော်ဟို့ သေရှင်းဟုနေ ရှင်ပ့လန်ထမြော့-က်စေတော်မူဟူ ဘုရားသခင်ရဲ့
တဂိုးတော်ဟို့ ယောင်ကြည်ဂေ့ဟူကြောန့် ကိုယ်တော်နတူးဒူ
ရှင်ပ့လန်ထမြော့-က်ဂေ့လေဟုယ်။

---

* **2:2** **J.J** ဘုရားသခင်ရဲ့ လျှို့ဝှပ်နတ်နဲဟူရာဖြစ်ဟူ ခရစ်တော်ဟို့ သိရဂေ့ဟို့တွပ် ဖြစ်ဟုယ်၊ တချို့
မူရင်းလတ်ရေးမူလေမာ ဘုရားသခင်ရဲ့နတ်နဲဟူရာ၊ တချို့လေမာ ခရစ်တော်ရဲ့ ဖ ဘုရားသခင်ရဲ့ နတ်နဲဟူရာ၊
တချို့လေမာ ခရစ်တော်န ဖ ဘုရားသခင်ရဲ့ နတ်နဲဟူရာ၊ ဆိုဘီး ပါရှိဟုယ်။ **2:12** **J.ɔJ** ရော ၆.၄

13 နန်းနှိုလေဟှာ စဟှ ပြစ်ကျူးလွန်ဟှူ သူလေဖြစ်ဂေ့ဘီး ကိုယ်ကာယရဲ့
ရေဖျားလှီးဘဲဟှူ ဖြစ်န သေနေဟှူ နန်းနှိုဟှို ဘုရားသခင်ဟှာ ခရစ်တော်နတူးဒူ
သတ်ရှင်စေတော်မူဘီးဟှာ နှိုလေကျူးလွန်ဟှူ ပြစ်ရှိဟှူမျှဟှို ခွမ့်လွတ်ဘီး၊
14 နှိုလေရဲ့ ပြစ်ကြွေးစာရင်းန၊ အယ်ပြစ်စာရင်းနဆိုင်ဟှူ ဥပဒေစည်းမျဉ်းလေ
ဂူလောင်းဟှို လတ်ဝါးကပ်တိုင်မာ ရိုက်ရှင်းအားဖြင့် ပယ်ဖျစ်တော်မူလေဟှယ်။
15 အယ်လတ်ဝါးကပ်တိုင်ထတ်မာ ခရစ်တော်ဟှာ ဝိညာဉ်ရေးရာနဆိုင်ဟှူ
တဂိုးရှင်လေန ခွမ့်အာဏာရှိဟှူမျှဟှို ဖယ်ရှားတော်မူဘီးဟှာ† သူးနှိုလေဟှို
စစ်သုံးပန်းဖြစ် ဖမ်းဆီးခေါ်ဘီး အောင်ပွဲခံ လှည့်လည်ရာမာ လူလေ ဂူလောင်းဟှို
ပြဟှို့တွပ် နော့-က်ဟှနေ လိုက်ပါစေတော်မူလေဟှယ်။
16 အယ်ကြောန့် စားသော့-က်န ပတ်သတ်ဟှူ ဇာဘဲ့ဖြစ်ဖြစ်၊ ဘာသာရေးပွဲန့၊
လဆန်းန့၊ ဒန်းနေ့န ပတ်သတ်ဇာဘဲ့ဖြစ်ဖြစ် နန်းနှိုလေဟှို ဖယ်သူလေဟှလည်းဘဲ့
စီရင်စေန။
17 အယ်မူဇာလေဟှာ နော့-က်တခီမာ ဖြစ်ပေါ်လာမယ့် ဇာလေရဲ့
ရိရောန်မျှဘဲ့ဖြစ်ဘီး ကိုယ်စစ်ဟှ ခရစ်တော်ဘဲ့ဖြစ်ဟှယ်။
18 မှန်ဘဲဟှူ နှိုခ့လမူလေ၊ ကောန်းဂန်တမန်လေဟှို ဝတ်ပြုကိုးကွယ်မှုလေဟှို
လေးနတ်ပြောဆိုဘီး သူးနှိုတွိဖြင်ရဟှူ ဗျာဒိတ်ရူပါရောင်လေဟှို ကြောန်းပြုဘီးဟှာ
သူးနှိုဟှ တခြားသူလေထတ် သာဟှယ်ဆိုဘီး ပြောဆိုတတ်ဟှူ သူလေဟှာ နန်းနှိုလေဟှို
ရှုံ့ခ့လဟှူခွမ့်ဟှို ပေးဂေ့န။ သူးနှိုလေဟှာ လူ့သဘောအားဖြင့် စဉ်းစားဆင်ခြင်ဘီး
ချည်းနှီးသတ်သတ် စိဘဝင်မြင့်နေဂေ့ဟှယ်။
19 သူးနှိုလေဟှာ ကိုယ်ခန္ဓာရဲ့ ဦးခေါင်းဖြစ်ဟှူ ခရစ်တော်ဟှို မှီခိုအားကိုးမှု မွေဂေ့ဟှ။
ခရစ်တော်ရဲ့ ထီးသီးမှုအော့-က်မာ ဆစ်လေန ရိုးရှင်းဆစ်ပေးဟှူ ရွတ်လေအားဖြင့်
ကိုယ်ခန္ဓာ တခုလောင်းဟှာ အဟာရဟှိုခံယူဘီး ဘုရားသခင် လိုတော်ရှိဟှူတိုင်း
ကီးထွားတတ်လေဟှယ်။

ခရစ်တော်နတူးဒူ သေရှင်းန သတ်ရှင်ရှင်းကြောန်း

20 နန်းနှိုလေဟှာ ခရစ်တော်နတူးဒူ သေပီးဟှာ အယ်လောကရဲ့ ခြေခံတရားဟှနေဘီး
ကင်းကွာဟှယ် ဆိုဟှာ ဖြားဖြစ်ကြောန့် လောကမာ သတ်ရှင်ဟှူမျိုး၊
21 “ထိန” “ကိုင်န” “ဗြဲန” ဆိုဟှူ စည်းမျဉ်းလေဟှို လိုက်နာနေဂေ့နူး။
22 အယ်မူရာ ဂူလောင်းဟှာ လူလေရဲ့ ပညတ်န သွန်သန်ချစ်လေ ဖြစ်ဟှူကြောန့်
သောန်းပြုရင်းန ပျော့-က်ကွယ် ပျစ်စီးဟှားမယ့် ရာလေဘဲ့ဖြစ်ဟှယ်။
23 အယ်မျိုး ဘာသာတရား စည်းမျဉ်းလေဟှာ ကိုယ်ခန္ဓာကျိုးန ဆိုင်ဘဲ
ကိုယ်လိုလျောက် ကိုးကွယ်ဟှူဇာလေ၊ မှန်ဘဲဟှူ စိနှိခ့လဟှူဇာလေ၊ ကိုယ်ကာယဟှို

2:13 **ယော.၁၃** ၈ ယော.၁-၅ **2:14** **ယော.၁၄** ၈ ယော.၁၅ † **2:15** **ယော.၁၅** ခရစ်တော်ဟှာ ဝိညာဉ်ရေးရာနဆိုင်ဟှူ တဂိုးရှင်လေန ခွမ့်အာဏာရှိဟှူမျှဟှို ဖယ်ရှားတော်မူဘီးဟှာ၊ အယ်မျိုးမူဘဲနေဟှာ ခရစ်တော်ဟှာ ဝိညာဉ်ရေးရာ အောက်ချောက်မားလေန အာဏာပိုင်လေဟှို ဖယ်ရှားတော်မူလေဟှယ်။ **2:16** **ယော.၁၆** ရော ၁၄.၁-၆ **2:19** **ယော.၁၉** ၈ ၄.၁၆

နှိစ်ဟူဇာလေန ပတ်သတ်ဘီး ပညာရှိဟန်ပေါ်ဟူလည်းဘဲ့ သွီးသားဇာတိရဲ့
တတ်မတ်မူဟို ချောက်တီးရာမာ ဖယ်မျိုးလည်းကျိုးပြုဟု။

3

1 အယ်မျိုးဖြစ်ကြောန့် နန်းနို့လေဟှာ ခရစ်တော်နတူးဒူ ထမြော့-က်ဂေ့ဟှယ် ဆိုဟှာ
ဘုရားသခင်ရဲ့ ညာဖတ်မာ ထိုင်တော်မူဟူ ခရစ်တော်ရှိဟူနေရာ
ထတ်ရပ်မာရှိဟူဇာလေဟို ရှာဂေ့ပါ။
2 လောကမာ ရှိဟူရာလေဟို စိစွဲလန်းဘဲန ထတ်ရပ်မာ ရှိဟူရာလေဟိုဘဲ့
စိစွဲလန်းဂေ့ပါ။
3 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေဟှာ သေဘီးဟူသူလေ ဖြစ်ဟူကြောန့်
နန်းနို့သတ်ဟှာ ခရစ်တော်နတူးဒူ ဘုရားသခင်နှိုက် ဝှပ်ဟှားဟူကြောန့် ဖြစ်ဟှယ်။
4 နန်းနို့ရဲ့ သတ်ဖြစ်ဟူ ခရစ်တော်ဟှာ ထန်ရှားတော်မူဟူ ခီမာ နန်းနို့လေလည်း
အယ်သခင်နတူးဒူ ဖောင်းကီးဘီး ထန်ရှားလာလေ့မယ်။

ဘဝဟောန်းန ဘဝသစ်ကြောန်း

5 အယ်ကြောန့် ကာမဂေါင်လိုက်စားရှင်းလေ၊ ကိလေသာ ပူပန်ရှင်းလေ၊
ညစ်ညူးရှင်းလေ၊ ရောက်ထုဟို ကိုးကွယ်ရှင်းဖြစ်ဟူ လောဘလွန်ကျူးရှင်းလေဟို
မ့လေဂီးထတ်မာရှိဟူ နန်းနို့ရဲ့ ကိုယ်အင်္ဂါလေဟို သေစေဂေ့ပါ။
6 အယ်မာမျိုးလေကြောန့် ဘုရားသခင်ရဲ့ မျစ်တော်ဟှာ ငြင်းဆန်ဟူ
သူလေထတ်ဟို* သတ်ရော့-က်လေဟှယ်။
7 စဟှ နန်းနို့လေလည်း အယ်သူလေန ပေါန်းဖော်ဒူးဟှ အယ်မူမှုရာလေအားဖြင့်
ကျင်လည်သတ်ရှင်ဂေ့ဟှယ်။
8 အယ်ဘေမဲ့လည်း ခုခီမာ နန်းနို့လေဟှာ မျစ်ထွပ်ရှင်းလေ၊ စိဆိုးရှင်းလေ၊
မူးတီးရှင်းလေ၊ သူများရဲ့ အသရေဖျစ်ရှင်းလေ၊ ညစ်ညူးဟူစကား ပြောဆိုရှင်းလေဟို
နန်းနို့လေရဲ့ နှောက်ဟှနေဘီး ဖယ်ရှားဂေ့ပါ။
9 ယော့-က်ဟို့ယော့-က် မုသာသောင်းဂေ့န။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေဟှာ
လူဟောန်းရဲ့ကျင့်လေန လူဟောန်းရဲ့ကိုယ်ဟို့ ခလွတ်ပယ်ဘီးဟှာ၊
10 ဖန်ဆင်းတော်မူဟူသူရဲ့ ပေါင်သဏ္ဌာန်တော်နညီ မှန်ဟူသိပညာအားဖြင့်
သစ်ပြုပြင်ဟူ လူသစ်ဟို့ ယူတန်ဝတ်ဆောန့်ဟူသူလေ ဖြစ်ဂေ့လေဟှယ်။
11 အယ်မူ ဖန်ဆင်းတော်မူဟူထဲမာ လူမျိုးခြားမ့ေဟှ၊ ယုဒလူမ့ေဟှ၊
ရေဖျားလှီးဟှားသူန လှီးဟှားဘဲဟူသူမ့ေဟှ၊ ယဉ်ကျေးဘဲဟူသူမ့ေဟှ၊ လူရိုင်းမ့ေဟှ၊
ကျွန်မ့ေဟှ၊ ကျွန်မူဘဲဟူလူမ့ေဟှ၊ ခရစ်တော်ဟှာ လောင်းဇောင်ထဲဟှ လောင်းဇောင်
ဖြစ်တော်မူလေဟှယ်။

---

* **3:6 ၃.၆** တချို့ မူရင်းလတ်ရေးမူလေမာ ငြင်းဆန်ဟူ သူလေထတ်ဟို့၊ ဆိုဘီး မ့ေဟှ။ **3:9 ၃.၉** ဧ ၄.၂၂ **3:10 ၃.၁၀** ဧ ၄.၂၄

12 အယ်ကြောန့် နန်းနို့လေဟှာ ဘုရားသခင် ဝီးကော့-က်ဟူသူ၊ သန့်ရှင်းဟူသူ၊
ရှစ်အပ်ဟူ သူမျိုးဘဲ့ သနားစောင်မတ်ရှင်း၊ ကျေးဇူးပြုရှင်း၊ စိန့်ခ့်လရှင်း၊
နူးညံ့သိမ့်မှိရှင်း၊ စိရှယ်ရှင်းလေဟို့ ဝတ်ဆင်ဂေ့ပါ။
13 ရှင်းရှင်းလေရဲ့ပြစ်ဟို့ သီးခံဘီး ယော့-က်နယော့-က် ပြစ်တန်ဇာရှိဟှယ် ဆိုဟှာ
သခင်ဘုရားဟှာ နန်းနို့လေရဲ့ပြစ်ဟို့ ခွမ့်လွတ်ဟူမျိုး နန်းနို့လေလည်း ရှင်းရှင်း
ခွမ့်လွတ်ဂေ့ပါ။
14 အယ်မူဇာဂူလောင်းထတ်မာ စောင်လင်ဟူ ဖွဲ့စည်းဖြစ်ဟူ ရှစ်ရှင်းမြစ်တာဟို့
ထပ်ဘီးဟှာ ယူတန်ဝတ်ဆောန်ဂေ့ပါ။
15 နန်းနို့လေရဲ့ စိနှလောင်းထဲမာ ခရစ်တော်ရဲ့ ငြိသတ်ရှင်း အောက်စိုးစေ။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေဟှာ အယ်မူငြိသတ်ရှင်း ခံစားရဟို့တွပ် ကိုယ်ခန္ဓာ
တခုဒဲထဲဟို့ ခေါ်ဟှားတော်မူရှင်းဟို့ ခံရဟူကြောန့် ကျေးဇူးသိတတ်ဟူ စိရှိဂေ့ပါ။
16 ခရစ်တော်ရဲ့ စကားတော်ဟှာ ပညာဘောန်းဇောင်န နန်းနို့ထဲမာ ကြွယ်ဝဘီး
တည်နေဟူကြောန့် နန်းနို့လေဟှာ ဆာလံချင်းဟှနေစဘီး ခမ္မချင်း၊ ဝိညာဉ်ရေးရာ
ချင်းဘောန်းဇောင်အားဖြင့် ရှင်းရှင်းလေဟို့ ဒီပေးဆောင်းမ သွန်သန်ဘီး နူးညွတ်ဟူ
စိနှလောင်းန ဘုရားသခင် ရှေ့တော်မာ တင့်တယ်လျောက်ပတ်အောန် ချီးမွမ်းဂေ့ပါ။
17 စကားပြောရှင်းဖြစ်စေ၊ မူဆောန်ရွက်ရှင်းဖြစ်စေ သခင်ယေရှုရဲ့ နာမတော်ဟို့
ထော့-က်ဘီး ရှိမ္မာဂူလောင်းဟို့ လောက်ဘီးဟှာ ကျေးဇူးတော် ကီးလှပါဟှယ် ဆိုဘီး
အယ်သခင်ဟို့ မိုပြုဘီးဟှာ ဖဘုရားသခင်ရှေ့မာ ကျေးဇူးတော်ဟို့ ချီးမွမ်းဂေ့ပါ။

ခရစ်ယာန်မိသားစုရဲ့ တာဝန်ကြောန်း

18 မယားဖြစ်ဟူသူလေ၊ သခင်ဘုရားနှိုက် လျောက်ပတ်ဟူတိုင်း ကိုယ့်လန်ရဲ့
အောက်စိုးမှုဟို့ ဝန်ခံဂေ့ပါ။
19 လန်ယော့-က်ကျားလေ၊ ကိုယ့်ရဲ့မယားဟို့ ရှစ်ဂေ့ပါ။ ကြမ်းကြမ်းထန်းထန်း
လောက်ဂေ့န။
20 သားမီးလေ၊ မိဖစကားဟို့ ရာရာမာ နားထောန်ဂေ့ပါ။ မိဖစကားဟို့
နားထောန်ဟူဇာဟှာ သခင်ဘုရား နှစ်သက်တော်မူဟူဇာ ဖြစ်ဟှယ်။
21 မိဖလေ၊ ကိုယ့်သားမီးလေဟို့ စိဆိုးအောန် ပြုဂေ့န။ အယ်မျိုးပြုဟှယ် ဆိုဟှာ
သူးနို့လေဟှာ အားလျော့စိပျစ်ဂေ့လေ့မယ်။
22 စေခံဟူကျွန်လေ၊ နန်းနို့လေရဲ့ လောကီသခင်လေဟို့ ရာရာမာ နာခံဂေ့ပါ။
မျစ်နှာလိုမျစ်နှာရ လောက်ဟူသူလေမျိုး မျစ်မှော့-က်မာဘဲ့
လောက်ဆောန်ရှင်းမျိုးမူဘဲန သခင်ဘုရားဟို့ ကြော့-က်ရွံ့ဘီး ရိုးသားဟူ
စိနှလောင်းအားဖြင့် နာခံဂေ့ပါ။

3:12 ၃.၁၂.၁၃ ဧ ၄.၂ **3:13 ၃.၁၃** ဧ ၄.၃၂ **3:16 ၃.၁၆,၁၇** ဧ ၅.၁၉.၂၀ **3:18 ၃.၁၈** ဧ ၅.၂၂: ၁ ပေ ၃.၁ **3:19 ၃.၁၉** ဧ ၅.၂၅: ၁ ပေ ၃.၇ **3:20 ၃.၂၀** ဧ ၆.၁ **3:21 ၃.၂၁** ဧ ၆.၄ **3:22 ၃.၂၂-၂၅** ဧ ၆.၅-၈

23 လူလေရဲ့မှုဟိုဘဲ့ လောက်ဆောန်ဟူမျိုးမှုဘဲန သခင်ဘုရားရဲ့မှုတော်ဟို
လောက်ဆောန်ဟူမျိုး ရာရာဟို စေတနာစိန လောက်ဂေ့ပါ။
24 နန်းနို့လေဟှာ သခင်ခရစ်တော်ရဲ့ စေခံဟူသူလေဖြစ်ဟူကြောန့် မိုဲတော်ဖြစ်ဟူ
ကျိုးဟို အယ်သခင်ဘုရားရဲ့ လတ်တော်ဟှ ခံရဂေ့လေ့မယ် ဆိုဘီး သိမှတ်ဂေ့ပါ။
25 တရားဘဲဟူမှုဟို ပြုဟူသူဟှာ ကိုယ်ပြုဟူမှုရဲ့ ကျိုးပြစ်ဟို ခံရလေ့မယ်။
ဖယ်သူ့ဟို့လည်း မျစ်နှာလိုက်တော်မှုဟှ။

4

1 သခင်ဖြစ်ဟူသူလေ၊ နန်းနို့လေရဲ့သခင်ဟှာ ကောန်းဂန်ဘောင်မာ ရှိတော်မူဟှယ်
ဆိုဇာဟို သိမှတ်ဘီး ဖြောန့်မတ်ဟူတရားတိုင်း မှန်ကန်မှုတမှုအားဖြင့်
ကိုယ့်ကျွန်လေဟို ပြုဂေ့ပါ။

ညွှန်ကြားချစ်လေကြောန်း

2 ဆုတောန်းရှင်းဟို မြဲဒမ်းပြုဘီး ကျေးဇူးချီးမွမ်းရှင်းအားဖြင့် ဒဲဝံရိယရှိဂေ့ပါ။
3 ဘုရားသခင်ဟှာ စကားတော်တွပ် ခွမော့-က်ဟို ဖွမ့်ပေးဟှားဘီး ခရစ်တော်ရဲ့
နတ်နဲဟူရာလေဟို ဟောပြောနိုင်ဟို့ နို့လေတွပ်လည်း ဆုတောန်းပေးဂေ့ပါ။ ငါဟှာ
အယ်မူနတ်နဲဟူရာလေကြောန့် ထောန်ကူလနေပါဟှယ်။
4 အယ်မူနတ်နဲဟူရာဟို ဟောပြောသင့်ဟူတိုင်း ရှင်းရှင်းလန်းလန်း
ပြတ်ပြတ်သားသားန ငါဟောပြောနိုင်ဟို့တွပ် ဆုတောန်းဂေ့ပါ။
5 ယောင်ကြည်ဘဲဟူသူလေရှေ့မာ ဉာဏ်ပညာရှိရှိန ကျင့်ဆောန်ဘီးဟှာ ခီခါဟို
ကောန်းကောန်းသောင်းခ့လဂေ့ပါ။
6 လူသီးသီးဟို ဖယ်မျိုး ပ့လန်ပြောရမယ်ဆိုဇာဟို သိနိုင်ဟို့တွပ်
နန်းနို့လေပြောဟူစကားဟှာ ဆားဟူမျိုး ရသာရှိဟို့တွပ် မြဲဒမ်းမျစ်နှာသာရဘီး
တင့်တယ်မှုရှိပါစေ။

နော့-က်ဆောင်း နောက်ဆစ်ဟူကြောန်း

7 သခင်ဘုရားနှိုက် သစ်စာရှိဟူ မှုဆောန်၊ နို့လေရဲ့လောက်ဖော်ဆောန်ဖတ်ဖြစ်ဟူ
ငါရှစ်ရဟူညီ တုခိတ်ဟှာ ငါ့နဆိုင်ဟူ ကြောန်းရာရှိဟူမျှဟို နန်းနို့လေဟို
ပြောပြလေ့မယ်။
8 သူ့ဟို့ နန်းနို့နားဟို့ လွတ်လိုက်ဟူကြောန်းရာဟှ နို့လေရဲ့ကြောန်းဟို့
နန်းနို့သိရဟို့တွပ်န သူဟှာ နန်းနို့လေရဲ့စိန့လောင်းဟို့ နှစ်သိမ့်အားပေးဟို့တွပ်
ဖြစ်ဟှယ်။
9 နန်းနို့ထဲဟှ တယော့-က်ဖြစ်ဟူ၊ သစ်စာရှိဟူသူ နို့လေရှစ်ရဟူညီ သြနေသိမ်လည်း
သူနတူးဒူပါလာဟှယ်။ သူးနို့လေဟှာ အယ်ရပ်မာဖြစ်ပျစ်နေဟူ ကြောန်းရာလေ
ဂူလောင်းဟို့ နန်းနို့လေဟို့ ပြောပြလေ့မယ်။

3:25 ၃.၂၅ ဧ ၆.၉ **4:1** ၄.၁ ဧ ၆.၉ **4:5** ၄.၅ ဧ ၅.၁၆ **4:7** ၄.၇ တ ၂၀.၄ ၂ တိ ၄.၁၂ **4:7** ၄.၇.၈ ဧ ၆.၂၁.၂၂ **4:9** ၄.၉ ဖိလေ ၁၀–၁၂

10 ငါ့နတ္ထုဒူ ချောက်ကွလခံနေရဟူ အာရိတ္တတာခု၊ ဗာနဗရဲ့တူ မာကုဟုားလေဟုာ
နန်းနို့လေဟို့ နှောက်ဆစ်လိုက်ပါဟုယ်။ သူဟုာ နန်းနို့နားဟို့ရော့-က်လာဟူ ခီမာ
ကြိုဆိုဂေ့ဟို့တွပ် ညွန်ကြားဟူဇာလေဟို့ နန်းနို့ရဂေ့ပီးဘီ ဖြစ်ဟုယ်။
11 ယုတ္တတုဆိုဘီးခေါ်ဟူ ယေရှုဟုလည်း နန်းနို့လေဟို့ နှောက်ဆစ်လိုက်ပါဟုယ်။
ရေဖျားလျီးဟုားဟူသူလေထဲမာ အယ်လူသောင်းယော့-က်ဟုာ
ဘုရားသခင်ရဲ့နိုင်ငံတော်တွပ် ငါ့ရဲ့ လောက်ဖော်ဆောန်ဖတ်ဖြစ်ဟူ ယုဒလူမျိုး
ယောင်ကြည်သူလေဖြစ်ဘီး၊ ငါ့ဟို့ နှစ်သိမ့်အားပေးဟူသူလေ ဖြစ်ဟုယ်။
12 နန်းနို့လေထဲဟုဖြစ်ဟူ ယေရှုခရစ်တော်ရဲ့ကျွန် ဧပြေဟုာ နန်းနို့ဟို့
နှောက်ဆစ်လိုက်ပါဟုယ်။ နန်းနို့လေဟုာ စောင်လင်ရင့်ကျတ်ဘီး၊
ဘုရားသခင်ရဲ့လိုတော်ဟို့ ကူစင်အောန် လောက်ဆောန်နိုင်ဟို့တွပ် သူဟုာ နန်းနို့တွပ်
ခီတိုင်းမာ ကြိုးစားဘီးဟုာ ဆုတောန်းတတ်ပါဟုယ်။
13 မှန်တကယ်ဘဲ့ သူဟုာ နန်းနို့လေဟုနေစဘီး လောဒိကိဗြို့မာရှိဟူ
သူလေတွပ် ရရာတိုင်း ကြိုးစားလောက်ဆောန်ဟုယ် ဆိုဇာဟို့ ငါသတ်သေခံပါဟုယ်။
14 နို့လေရှစ်ရဟူ ဆေးဆရာလုကာန ဒေမဟုာ နန်းနို့လေဟို့ နှောက်ဆစ်ဂေ့ဟုယ်။
15 လောဒိကိဗြို့ဟု ညီကိုလေဖြစ်ဟူ၊ နို့ဖန သူ့အီမာရှိဟူ သင်းတော်*ဟို့လည်း
နှောက်ဆစ်ဂေ့ပါ။
16 အယ်စာဟို့ နန်းနို့လေဖတ်ဘီးမှ လောဒိကိဗြို့မာရှိဟူ သင်းတော်ဟို့လည်း
ဖတ်စေဂေ့ပါ။ အယ်ဗြို့ဟုရဟူ စာဟို့လည်း နန်းနို့လေ ဖတ်ဂေ့ပါ။
17 အာခိပ္ပုပုဟို့ “သခင်ဘုရား ပေးအပ်ခံရဟူ ဓမ္မဆရာရဲ့ မှုတော်ဟို့ ဆောင်းထိ
ပ့လဲ့ဇောင်အောန် လောက်ဆောန်ပါ” ဆိုဘီး ပြောဂေ့ပါ။
18 ငါပေါလုဟုာ နန်းနို့တွပ် အယ်နှောက်ဆစ်စကားဟို့ ငါ့လတ်န ရေးလိုက်ပါဟုယ်။
ငါခံရဟူ တောက်နှောန်ရှင်းဟို့ အော့-က်မေ့ဂေ့ပါ!

နန်းနို့လေမာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ရှိပါစေ။

4:10 **၄.၁၀ ၈** တ ၁၉.၂၉း ၂၇.၂း ဖိလေ ၂၄း **ခ** တ ၁၂.၁၂.၂၅း ၁၃.၃၃-၃၉ **4:12** **၄.၁၂** ကော ၁.၇း ဖိလေ 23 **4:14** **၄.၁၄ ၈** ၂ တိ ၄.၁၁း ဖိလေ ၂၄း **ခ** ၂ တိ ၄.၁၀း ဖိလေ ၂၄ * **4:15** **၄.၁၅** နို့ဖန သူ့အီမာရှိဟူ သင်းတော်၊ တချို့ မူရင်းလတ်ရေးမူလေမာ နို့ဖန သူ့အီမာရှိဟူ သင်းတော်၊ ဆိုဘီး ပါရှိဟုယ်။ **4:17** **၄.၁၇** ဖိလေ ၂

၁ သက်သာလောနိုတ်
သက်သာလောနိုတ် သင်းတော်ဟို့ ပေါလုရဲ့ ပထမပေးစာ
နိဒါန်း

သက်သာလောနိုတ် သင်းတော်ဟို့ ပေါလုရဲ့ ပထမပေးစာ ဟို့ တမန်တော်ပေါလုဟု ရေးဟုးဟုယ် (၁.၁)။ ကျမ်းစာရဲ့ တစိတပိုင်းဖြစ်လာဟူ အယ်စာဟုာ ပေါလုရေးဟုးဟူ ပထမပေးစာဖြစ်ဘီး အယ်ပေးစာဟုာ ခရစ်တော် မွီးဘီးန ၅၁ ခုနှစ်လော့-က်ဟု ရေးဟုးလေဟုယ်။ သက်သာလောနိကဗြို့မာရှိဟူ သင်းတော်ဟို့ အယ်ပေးစာရေးဟူ ခီဒူးဟု ပေါလုဟုာ ကောရိန့်ဗြို့မာ ရှိနေဘီး အယ်သင်းတော်ဟို့ သူ့ရဲ့ ဒုတိယသာသနာ ခရီးမာ တည်ထောန်ဟုးဟုယ် (တ ၁၇.၁–၁၀)။ အယ်သင်းတော်ဟို့ ယုဒလူလေတချို့န လူမျိုးခြားလေ ဘောင်ဂီးန ဖွဲ့စည်းဟုးဟုယ် ဆိုဘီး တမန်တော်လေရဲ့ လောက်ဆောန်ရှင်း ကျမ်းထဲမာ အယ်မူကြောန်းဟို့ ပြောဟုးဟုယ်။

အယ်သင်းတော်ဟို့ တည်ထောန်ဘီးန ပေါလုဟုာ သက်သာလောနိကဗြို့မာ ခီကြာဂီး နေနိုင်ဘဲဟူကြောန့် သူဟုာ အယ်နေရာမာရှိဟူ ယောင်ကြည်သူလေဟို့ အားပေးဟို့တွပ် အယ်ပေးစာဟို့ ပို့ပေးလေဟုယ်။ အယ်ပေးစာမာ ကြောန်းရာလေ ဘောင်ဂီးပါဝမ်ဘီး ခရစ်ယာန်လေဟုာ ဖယ်မျိုးသတ်ရှင်ရမယ် ဆိုဇာနဆိုင်ဟူ ညွှန်ကြားချစ်လေ ဘောင်ဂီးပါဟုယ်။ ပေါလုဟု ခရစ်တော်ရဲ့ ဒုတိယခါ ကြွလာမယ် ဆိုဇာဟို့ လေးထားဘီး ရေးဟုးဟုယ်။ သက်သာလောနိတ် သင်းတော်မာရှိဟူ ယောင်ကြည်သူလေဟုာ အယ်ကြောန်းရာဟို့ ရရာတိုင်း စိဝမ်ဇားဟူကြောန့် ဖြစ်နိုင်ဟုယ်။ ဘုရားသခင်နှစ်သက်ဟူ သတ်ရှင်မှုန သတ်ရှင်ဟို့တွပ် နှိုးဆော်ရှင်ဟူကြောန့် ပေါလုဟု ခရစ်တော်ရဲ့ ဒုတိယခါ ကြွလာဟို့ကြောန်းဟို့ သောင်းပြုဟုးဟုယ် (၅.၆–၈)။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟုာ သင်းတော်ဟို့ နှော့-က်ဆစ်ရှင်းန သူးနို့တွပ် ဘုရားသခင်ဟို့ ကျေးဇူးတန်ရှင်းအားဖြင့် အယ်ပေးစာဟို့ စပြုဟုးဟူကြောန်း (၁.၁–၁၀)

၂။ သူ့ရဲ့ လောက်ဆောန်မှုန တိမောသေဟို့ ခေါ်ဆောန်လာဟူဒန်းဟို့ ရှင်းပြဟုးဟူကြောန်း (၂.၁—၃.၁၃)

၃။ ပေါလုဟုာ ယေရှုဒုတိယခါ ကြွလာရှင်းရဲ့ လန်းရောန်ထဲမာ ခရစ်ယာန်လေဟုာ ဖယ်မျိုးသတ်ရှင်ရမယ် ဆိုဘီး ညွှန်ကြားချစ်လေ ပေးဟုးဟူကြောန်း (၄.၁—၅.၁၅)

၄။ ပေါလုဟုာ သင်းတော်ဟို့ ထပ်နှော့-က်ဆစ်ဘီးဟုာ အယ်ပေးစာဟို့ သင်းတော်ထဲမာရှိဟူ လူတိုင်း သေးသေချားချာဟုား ဖတ်ဟို့တွပ် သူးနို့ဟို့

ပြောကြားဘီး နဂေါင်းချောက်ဟားဟူကြောန်း (၅.၁၆-၂၈)

1 ပေါလု၊ သိလွာနုန တိမောသေလေဟုနေဘီး —
သက်သာလောနိကဗြို့ သင်းတော်ဟု သင်းဝမ်ဟူသူလေဟို့
နှော့-က်ဆစ်လိုက်ပါဟုယ်။ သခင်ယေရှုခရစ်န နို့လေရဲ့ဖ ဖြစ်ဟူ
ဘုရားသခင်နားဟုနေ၊
ကျေးဇူးတော်န ငြိသတ်ရှင်းဟာ နန်းနို့လေမာ ရှိပါစေ။

သက်သာလောနိတ် သင်းတော်ရဲ့ ယောင်ကြည်ရှင်းကြောန်း

2 နို့လေဟုာ နန်းနို့ဂူလောင်းတွပ် ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ မြဲဒမ်း ချီးမွမ်းဘီး
နို့လေ ဆုတောန်းဟူ ခိတိုင်းမာ ဒိရဘီးဟုာ၊
3 နန်းနို့လေရဲ့ ယောင်ကြည်ရှင်းနဆိုင်ဟူ လောက်ဆောန်မူလေ၊ မြစ်တာန
ကြိုးစားအားထုရှင်းလေန နို့လေရဲ့သခင် ယေရှုခရစ်တော်ဟို့ မျော်လင့်ရှင်းအားဖြင့်
ဖြစ်ပေါ်လာဟူ သီးခံမူလေဟို့ နို့လေရဲ့ဖ ဘုရားသခင်ရှေ့တော်မာ မြဲဒမ်း
ဒိရအော့-က်မေ့ဂေ့ပါဟုယ်။
4 ညီကို မောန်နမလေ၊ ဘုရားသခင်ဟု နန်းနို့ဟို့ရှစ်ဟူကြောန့် ဝီးကော့-က်ဟုားဟုယ်
ဆိုဇာဟို့ နို့လေသိဂေ့ဟုယ်။
5 ဖြားဖြစ်ကြောန့်နူးဆိုဟုာ နို့လေဟောပြောဟူ ကောန်းမြတ်ဟူဒန်းကောန်းဟုာ
စကားအားဖြင့်မူဘဲန တဂိုးတော်အားဖြင့်ဘဲ့ဖြစ်ဖြစ်၊
သန့်ရှင်းဟူဝိညာဉ်တော်အားဖြင့်ဘဲ့ဖြစ်ဖြစ် ပ္ပလဲ့ဝဟူစိခ့လမူအားဖြင့် နန်းနို့လေနားဟို့
ရော့-က်လာရှင်းဖြစ်ဟုယ်။ နို့လေဟုာ နန်းနို့လေနတူးဒူ ရှိဟူခီဒူးဟု နန်းနို့လေတွပ်
ဖယ်မျိုးဟူသူလေ ဖြစ်ဟုယ် ဆိုဇာဟို့ နန်းနို့သိဂေ့ပါဟုယ်။
6 နန်းနို့လေဟုာ ရရာတိုင်း ကီးမားဟူ ဆင်းရဲမူလေဟို့ ခံရဟူလည်းဘဲ့
သန့်ရှင်းဟူဝိညာဉ်တော်နဆိုင်ဟူ ဝန်းသာရှင်းလေနတူးဒူ စကားတော်ဟို့ ခံယူဘီး
နို့လေဟူမျိုးသူ၊ သခင်ဘုရားမျိုးဟူ သူလေဖြစ်ဂေ့ဟုယ်။
7 အယ်ကြောန့် နန်းနို့လေဟုာ မာကေဒေါနိပြည်၊ အခါယပြည်မာရှိဟူ
ယောင်ကြည်ဟူသူ အားလောင်းတွပ် ပေါင်သတ်သေပေးဟူသူလေ ဖြစ်ဂေ့ဟုယ်။
8 ဖြားဖြစ်ကြောန့်နူးဆိုဟုာ ဘုရားသခင်ရဲ့ စကားတော်ဟုာ နန်းနို့နားဟုနေ
မာကေဒေါနိပြည်န အခါယပြည်ထိ ကျော်ကြားဟူမျှနမူဘဲ ဘုရားသခင်ဟို့
နန်းနို့ရဲ့ယောင်ကြည်ရှင်းဒန်းဟုာ နေရာတိုင်းမာ ပ္ပလဲ့နှံ့နေရှင်းဖြစ်ကြောန့် နို့လေဟုာ
ဖြားကြောန်းလေဟို့လည်း ပြောဇာ မှေ့ဟု။
9 ဖြားဖြစ်ကြောန့်နူးဆိုဟုာ နန်းနို့လေဟုာ နို့လေဟို့ ဖယ်မျိုး လတ်ခံဂေ့ဟူဆိုဇာန
သတ်ရှင်တော်မူဘီး စစ်မှန်ဟူ ဘုရားသခင်ဟို့ စေခံဟို့တွပ်
10 က့လရော့-က်လာမယ့် ဘေးဒန်ဟု နို့လေဟို့ကယ်နှပေးဟူ ယေရှု တနည်းအားဖြင့်
သေရှင်းဟုနေ ဘုရားသခင်ထမြော့-က်စေတော်မူဟူ သားတော်ဟုာ

1:1 **ခ.၁** တ ၁၇.၁ **1:6** **ခ.၆** တ ၁၇.၅-၉

ကောန်းဂန်ဘောင်ဟ့ ကြွလာတော်မူမယ့်ရာဟို့ စောန့်မျော်နိုင်ဟို့တွပ် ရောက်တုလေဟို့
ဖယ်ရှားဘီး ဘုရားသခင်နားဟို့ ပုလောန်းလဲဂေ့ဟူ ကြောန်းရာလေဟို့လည်း
သူးနို့ကိုယ်တိုင် ပြောပြဂေ့ပါဟ့ယ်။

2

သက်သာလောနိုတ်ဗြို့မာ ပေါလုမှုတော်ဆောန်ဟူကြောန်း

1 ညီကို မောန်နှမလေ နို့လေ နန်းနို့နားဟို့လာဟူဇာဟ့ ချည်းနှီးသတ်သတ် မဖြစ်ဟ့
ဆိုဇာဟို့ နန်းနို့လေ ကိုယ်တိုင်သိဂေ့ပါဟ့ယ်။
2 နို့လေဟ့ နန်းနို့နားဟို့ ရော့-က်လာခန်မာ ဖိလိပ္ပိဗြို့မာ
ဆင်းရဲဒေါက်ခဘောန်းဇောင်န ညှဉ်းဆဲခံရဟူလည်းဘဲ့ ရရာတိုင်းကီးဟူ
ဆန့်ကျင်တိုက်ခိုက်မှုထဲမာ ဘုရားသခင်ရဲ့ ကောန်းမြတ်ဟူဒန်းကောန်းဟို့ နို့လေရဲ့
ဘုရားသခင်အားဖြင့် နန်းနို့လေဟို့ ရဲရဲရင့်ရင့်န ဟောပြောဂေ့ပါဟ့ယ်။
3 နို့လေဟ့ မှားယွင်းဟူဇာလေ၊ ညစ်ညူးဟူဇာလေ၊ လှည့်ဇားဟူဇာလေအားဖြင့်
နန်းနို့လေဟို့ ဟောပြောတိုက်တွန်းဂေ့ဇာ မူဟ့။
4 ဘုရားသခင်ဟ့ နို့လေဟို့ သိမှတ်ပြုဘီး ကောန်းမြတ်ဟူဒန်းကောန်းဟို့
ယောင်းယောင်ကြည်ကြည်န အပ်ဟ့းဟူတိုင်း နို့လေဟ့ လူလေ
နှစ်သက်စေဟို့တွပ်မှုဘဲန နို့လေရဲ့ စိနှလောင်းဟို့ စစ်ဆေးတော်မူဟူ ဘုရားသခင်ဟို့
နှစ်သက်စေဟို့တွပ် ဟောပြောဂေ့ဟ့ယ်။
5 ဖြားဖြစ်ကြောန့်နူးဆိုဟ့ နန်းနို့လေ သိဂေ့ဟူတိုင်းဘဲ့ နို့လေဟ့ မြော့-က်ပင့်ဟူ
စကားဟို့ တခါလည်း သောင်းဂေ့ဟ့။ ဖောင်းကွယ်ဟ့းဟူ လောဖစိလည်း
လောင်းဝမ္မေဘဲကြောန်းဟို့ ဘုရားသခင်ဟ့ နို့လေရဲ့ သတ်သေဖြစ်ပါဟ့ယ်။
6 နို့လေဟ့ ခရစ်တော်ရဲ့ တမန်တော်နေန ခွမ့်အာဏာဟို့ သောင်းပိုင်ဟူလည်းဘဲ့
နန်းနို့နားဟ့ဘဲ့ဖြစ်ဖြစ်၊ တခြားလူလေနားဟ့ဘဲ့ဖြစ်ဖြစ်၊ ဂေါင်ပြုချီးမွမ်းဇာဟို့
ခံရဟို့တွပ် လောက်ဆောန်ဇာမူဘဲ၊
7 ခရစ်တော်ရဲ့ တမန်တော်ဖြစ်ဟူလည်းဘဲ့ နန်းနို့လေဟို့ ရှစ်ဟူကြောန့် နို့တိုက်ဟူ
မိခင်ဟ့ သူသားမီးလေဟို့ ကြင်နာဟူမျိုးဘဲ့ နန်းနို့လေထတ်မာ နူးညံ့သိမွေ့ဟူ သူလေ
ဖြစ်ဂေ့ဟ့ယ်။*
8 နို့လေဟ့ နန်းနို့လေဟို့ ဗြောစောင်မတ်ဘီး ရရာတိုင်း ရှစ်ရဟူကြောန့်
ဘုရားသခင်ရဲ့ ဒန်းကောန်းတရားတော် လော့-က်နမကဘဲ ကိုယ့်သတ်ဟို့ဘဲ့ ပေးရှင်ဟူ
စေတနာစိ ရှိဂေ့ပါဟ့ယ်။
9 ညီကို မောန်နှမလေ နို့လေဟ့ ပန်ပန်ဘန်းဘန်း လောက်ဆောန်ဘီး
ကြိုးစားအားထုဟူ ကြောန်းဟို့ နန်းနို့လေ မှတ်မိဂေ့ပါဟ့ယ်။ နို့လေဟ့ နန်းနို့လေဟို့
တယော့-က်မှလည်း ဝန်ထောက်ဝန်ဘိုး ဖြစ်ဘဲနေအောန် နေ့ရောညဉ့်ရော

2:2 **J.J ကာ** တ ၁၆.၁၉-၂၄: **ခ** တ ၁၇.၁-၉ * **2:7** **J.ရ** နို့တိုက်ဟူ မိခင်ဟ့ သူသားမီးလေဟို့ ကြင်နာဟူမျိုးဘဲ့ နန်းနို့လေထတ်မာ နူးညံ့သိမွေ့ဟူ သူလေ ဖြစ်ဂေ့ဟ့ယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ နန်းနို့နတူးဒူ ရှိနေဟူ ခီမာ နို့လေဟ့ သူငယ်မျိုး ဖြစ်ဘီး မိခင်လေမျိုးလည်း ဖြစ်ဟ့ယ်၊ ဆိုဘီး ပါရှိဟ့ယ်။

လောက်လောက်ဘီးဟှာ ဘုရားသခင်ရဲ့ ဒန်းကောန်းဟို့ နန်းနို့လေဟို့
ဟောပြောဂေ့ပါဟှယ်။

10 နို့လေဟှာ ယောင်ကြည်သူဖြစ်ဟူ နန်းနို့လေဟို့ ဖယ်မျိုး ဖ့လူစင်သန့်ရှင်းမှုန
ဖြောန့်မတ်မှန်ကန်အောန် ပြုမူဘီးဟှာ ပြစ်တန်ဇာမှေ့ဘဲ နေအောန် နေထိုင်ဂေ့ဟူဇာဟို့
နန်းနို့လေသတ်သေ ဖြစ်ဟှယ်။ ဘုရားသခင်ဟှာလည်း နို့လေရဲ့ သတ်သေ
ဖြစ်တော်မူဟှယ်။

11 မိဖဟှာ သူ့သားမီးလေဟို့ ပြုမူဆစ်ဆံဟူမျိုး နို့လေဟှာ နန်းနို့လေရှိဟူမျှန
ဖယ်မျိုး ပြုမူဆစ်ဆံဟူ ကြောန်းဟို့ နန်းနို့သိဂေ့ပါဟှယ်။

12 နန်းနို့လေဟို့ သူ့ရဲ့ နိုင်ငံတော်န ဖောင်းသရေတော်ထဲဟို့ ခေါ်တော်မူဟူ
ဘုရားသခင်န ထိုက်ထိုက်တန်တန် သတ်ရှင်ဘီး ကျင့်ကြံ နေထိုင်ဂေ့ဟို့တွပ် နန်းနို့
ယော့-က်ရှင်းစီတိုင်းဟို့ တိုက်တွန်း နှိုးဆော်ဘီး နှစ်သိမ့်အားပေးရင်းန
ဒိပေးဂေ့ပါဟှယ်။

13 နို့လေဟောပြောဟူ ဘုရားသခင်ရဲ့ တရားဟို့ နန်းနို့လေခံယူခီမာ လူ့ရဲ့ စကားဟို့
ခံယူဟူ ဇာမူဘဲန ဘုရားသခင်ရဲ့ စကားစစ်မှန်ဖြစ်ဟူတိုင်း ယောင်ကြည်ဟူ နန်းနို့ထဲမာ
ပြုပြင်ပေးဟူ ဘုရားသခင်ရဲ့ တရား ဖြစ်ဟှယ် ဆိုဘီး ခံယူဂေ့ဟူကြောန့် နို့လေဟှာ
ခီတိုင်းမာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ ချီးမွမ်းဂေ့ပါဟှယ်။

14 ညီကို မောန်နှမလေ နန်းနို့တွိကြောင်ရဟူ ဇာဟှ ယုဒပြည်ဟှ ယေရှုခရစ်တော်ရဲ့
ဘာသာဝမ်လေဖြစ်ဟူ ဘုရားသခင်ရဲ့ သင်းတော်ဟှ သင်းဝမ်ဟူသူလေ တွိကြောင်ရဟူ
တွိကြောင်န တူပါဟှယ်။ အယ်သူလေဟှာ ယုဒလူမျိုးရဲ့ လတ်မာ ဆင်းရဲဒေါက်ခ
ရော့-က်ဂေ့ဟူမျိုး နန်းနို့လေလည်း ကိုယ့်လူမျိုးလေရဲ့ လတ်ထဲမာ ဆင်းရဲဒေါက်ခ
ရော့-က်ဂေ့ရပါဟှယ်။

15 ယုဒလူမျိုးလေဟှာ သခင်ယေရှုန ပရောဖက်လေဟို့ သတ်ဂေ့ဘီး နို့လေဟို့လည်း
ညှဉ်းဆဲဂေ့ဟှယ်။ ဘုရားသခင်ရဲ့ လိုတော်ဟို့ လိုက်ဘဲန လူလေရဲ့ ရန်သူလေ
ဖြစ်ဂေ့ဟှယ်!

16 လူမျိုးခြားလေ ကယ်တန်ရှင်းရဟို့တွပ် နို့လေ ဟောပြောဂေ့ဟူဇာဟို့ ဆီးတားဘီး
ကိုယ့်ကိုယ်ကိုယ် ပြစ်ကီးလေးအောန် လောက်ဂေ့ဟှယ်။ အယ်ကြောန့် မျစ်တော်ဟှာ
သူးနို့ထတ်ဟို့ ကူစင်အောန် ကုလရော့-က်လေဟှယ်။

သက်သာလောနိတ်ဟို့ နော့-က်ထပ်ပုလန်လာရှင်ဟူကြောန်း

17 ညီကို မောန်နှမလေ နို့လေဟှာ နန်းနို့လေန စိန္နလောင်းအားဖြင့်မူဘဲ၊
ကိုယ်ခန္ဓာအားဖြင့် ရှစ်ဟှားခွဲခွာဘီး နေရဟူလည်းဘဲ့ နန်းနို့လေဟို့ ဖယ်ခီလည်းမေ့ဟှ၊
နို့လေဟှာ နန်းနို့လေဟို့ ရရာတိုင်းအော့-က်မေ့ဟူကြောန့် နန်းနို့လေဟို့ နော့-က်တခါ
ပုလန်ဘီးတွိနိုင်ဟို့တွပ် ကြိုးစားနေဂေ့ပါဟှယ်။

2:14 **ယ.၁၄** တ ၁၇.၅ **2:15** **ယ.၁၅** တ ဧ.၂၃.၂၉; ၁၃.၂.၅; ၁၇.၅.၁၉; ၁၈.၁၂

18 နို့လေဟှာ နန်းနို့လေနားဟို့ နော့-က်တခေါ့-က် လာရှင်ပါဟှယ်။ ငါ
ပေါလုကိုယ်တိုင်လည်း နန်းနို့လေနားဟို့ လာဟို့တွပ် နှေ့ခါကြိုးစားဟူလည်းဘဲ့
စာတန်ဟှာ ငါ့ဟို့ တာဆီးလေဟှယ်။
19 နို့လေရဲ့ သခင်ယေရှု ကြွလာတော်မူဟူ ခီမာ ကိုယ်တော်ရဲ့ ရှေ့တော်မာ နို့လေရဲ့
မျော်လင့်ရဟူကြောန်း ဝမ်းမြေ့-က်ရဟူကြောန်းန ဝါကြွားရဟူ
သရဖူဖြစ်ဟူသူလေဟှာ ဖယ်သူနူး။ နန်းနို့လေဘဲ့ မှုဟှလော။
20 တကယ်ဘဲ့ နန်းနို့လေဟှာ နို့လေရဲ့ ဖောင်းသရေတော်န၊ နို့လေရဲ့ ဝန်းသာရှင်း
ဖြစ်လေဟှယ်။

3

1 အယ်ကြောန့် နို့လေဟှာ အော့-က်ဘီးနေနိုင်ဘဲဟူကြောန့် အာသင်ဗြို့မာ
နေရစ်ဟို့တွပ် ဆောင်းဖြတ်ဘီးဟှာ၊
2 ခရစ်တော်ရဲ့ ကောန်းမြတ်ဟူဒန်းကောန်းနှိုက်
နို့လေရဲ့လောက်ဖော်ဆောန်ဖတ်ဖြစ်ဟူ ဘုရားသခင်ရဲ့မှုတော်ဟို့ စေခံလောက်ဆောန်ဟူ
နို့လေရဲ့ညီ တိမောသေဟို့ နန်းနို့လေနားဟို့ လွတ်လိုက်ပါဟှယ်။ သူ့ဟို့
လွတ်ရဟူကြောန်းရာဟှ နန်းနို့ရဲ့ ယောင်ကြည်မှုဟို့ ခိုင်မြဲဟို့န ခွန်အားပေးဟို့တွပ်၊
3 အယ်မူဆင်းရဲဒေါက်ခအားဖြင့် ဖယ်သူလည်း ယီးယိုင်သွားဘဲန
နေဟို့တွပ်ဖြစ်ဟှယ်။ ဖြားဖြစ်ကြောန်နူးဆိုဟှာ အယ်မူဆင်းရဲဒေါက်ခဟို့ ခံရဟူဇာဟှာ
ဘုရားသခင်ရဲ့ လိုတော်ဖြစ်ဟူကြောန်းဟို့ နန်းနို့သိဂေ့ပါဟှယ်။
4 ဖြားဖြစ်ကြောန်နူးဆိုဟှာ နန်းနို့လေနတူးဒူ ရှိနေဟူခီဟှ ညှဉ်းဆဲနှိစစ်မူလေဟို့
ခံရမယ် ဆိုဇာဟို့ နို့လေ ဒီပေးဟှားပီးဘီဖြစ်ပါဟှယ်။ နို့လေဒီပေးဟူတိုင်းဘဲ့
ခုဖြစ်နေဇာဟို့ နန်းနို့သိဂေ့ပါဟှယ်။
5 အယ်ကြောန့် စောင်ဇမ်းသို့းဆောန်တတ်ဟူသူဟှာ နန်းနို့ဟို့
ဖြားယောင်းသို့းဆောန်ဟူကြောန့် နို့လေ ပန်ပန်ဗန်းဗန်းလောက်ဆောန်ဟူဇာဟှာ
ချည်းနှီးသတ်သတ် ဖြစ်ဟှားမယ်ဆိုဇာဟို့ စိပူဘီး နေနိုင်ဘဲခီမာ
နန်းနို့လေရဲ့ယောင်ကြည်မှုဟို့ သိနိုင်ဟို့တွပ် သူ့ဟို့ ငါလွတ်လိုက်ပါဟှယ်။
6 အယ်ဘေမဲ့ ခုခီမာ တိမောသေဟှာ နန်းနို့လေနားဟှ ပုလန်ရော့-က်လာဘီး၊ သူဟှာ
နန်းနို့လေရဲ့မြစ်တာန ယောင်ကြည်ရှင်းကြောန်း ဒန်းကောန်းဟို့ နို့လေဟို့
ပြောပြပါဟှယ်။ နန်းနို့လေဟှာ နို့လေဟို့ မြဒမ်းဒိရဟူကြောန်း၊ နန်းနို့လေဟို့
နို့လေတိုရှင်ဟူမျိုး နန်းနို့လေလည်း နို့လေဟို့ တိုရှင်ဟူကြောန်းလေဟို့ တိမောသေဟှ
ပြောပြပါဟှယ်။
7 အယ်ကြောန့် ညီကို မောန်နှမလေ နို့လေဟှာ ရာရာမာ ခတ်ခဘောန်းဇောင်န
ဆင်းရဲဒေါက်ခလေ ခံရဟူလည်းဘဲ့ နန်းနို့လေရဲ့ ယောင်ကြည်မှုအားဖြင့် နို့လေဟှာ
သတ်သာမှုဟို့ ခံစားရဂေ့ပါဟှယ်။

3:1 ၃.၁ တ ၁၇.၁၅ **3:6** ၃.၆ တ ၁၈.၅

8 နန်းနို့လေဟှာ သခင်ဘုရားန တလောင်းတဝဲဖြစ်ဟူရာမာ ကြုံကြုံခိုင်ခိုင်
ရပ်တည်နိုင်ဂေ့ဟူကြောန့် နို့လေ သတ်ရှင်ဟို့တွပ် အားရှိဂေ့ပါဟှယ်။
9 နို့လေဟှာ ဘုရားသခင်ရဲ့ ရှေ့တော်မာ နန်းနို့လေအားဖြင့် ခံစားရဟူ
အယ်မူဝန်းသာရှင်း ဂူလောင်းဟို့ ထော့-က်ဘီး နန်းနို့တွပ် ဘုရားသခင်ဟို့ ဖယ်မျိုး
ကျေးဇူးတုံ့ပ့လန်နိုင်မယ်နူး။
10 နို့လေဟှာ နန်းနို့လေန တွိဆောင်ဘီး နန်းနို့လေရဲ့ ယောင်ကြည်မူမာ
လိုအပ်ချစ်ရှိဟူ ရာလေဟို့ ဖ့လဲ့ဆည်းပေးနိုင်ဟို့တွပ် နေ့ရောညဉ့်ပါ
စိအားထတ်သန်ဘီး ဆုတောန်းနေဂေ့ပါဟှယ်။
11 နို့လေရဲ့ဖ ဘုရားသခင်န နို့လေရဲ့ သခင်ယေရှုဟှာ နန်းနို့လေနားဟို့
နို့လေရော့-က်လာနိုင်ဟို့တွပ် လမ်းဖွမ့်ပေးတော်မူပါစေ။
12 နို့လေဟှာ နန်းနို့ဟို့ ရှစ်ဟူမျိုး နန်းနို့လည်း ရှင်းရှင်းရှစ်ဟူ မြစ်တာနဖြစ်ဖြစ်၊
လူလေ ဂူလောင်းဟို့ ရှစ်ဟူ မြစ်တာနဖြစ်ဖြစ် တိုးပွားဘီး ကြွယ်ဝဟို့တွပ် နန်းနို့လေဟို့
သခင်ဘုရား ပြုတော်မူပါစေ။
13 အယ်သခင်ယေရှုဟှာ သူ့ရဲ့သန့်ရှင်းသူ ဂူလောင်းနတူးဒူ* ကြွလာဟူ ခီမာ
နို့လေရဲ့ဖ ဘုရားသခင်ရှေ့တော်မာ နန်းနို့လေရဲ့ စိနှလောင်းဟို့ ပြစ်တန်ခွမ့်န
လွတ်ကင်းဘီး သန့်ရှင်းရှင်းန ခိုင်မြဲပါစေ။

4

ဘုရားသခင်နှစ်သက်ဟူ သတ်တာကြောန်း

1 နော့-က်ဆောင်းပြောရှင်ဟူဇာဟှ ညီကို မောန်နှမလေ နန်းနို့လေဟှာ ဘုရားသခင်
နှစ်သက်စေဟို့တွပ် ဖယ်မျိုး ပြုမူကျင့်ကြံရမယ် ဆိုဇာဟို့ နို့လေသွန်သန်ဟူတိုင်း နန်းနို့
ပြုကျင့်ဂေ့ဟူမျိုး အယ်ထတ် ပိုဘီး ကြိုးစားအားထုဂေ့ဟို့တွပ် သခင်ယေရှုနာမဟို့
မီ့ပြုဘီး နို့လေ တိုက်တွန်းနှိုးဆော်ဘီးဟှာ တောန်ဗန်ပါဟှယ်။
2 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နို့လေဟှာ သခင်ယေရှုအားဖြင့် နန်းနို့လေဟို့ ဖယ်မျိုး
ညွှန်ကြားဟှားဟူဇာလေဟို့ နန်းနိုသိဂေ့ဟှယ်။
3 ဘုရားသခင်ရဲ့လိုတော်ဟှ နန်းနိုလေဟို့ တရားဘဲဟူ မေထုန်ဟို့ ရှောန်ဘီး
သန့်ရှင်းစေဟို့တွပ်န၊
4 နန်းနို့ယော့-က်ရှင်းစီဟှာ သန့်ရှင်းရှင်း၊ ဂေါင်သရေရှိရှင်းလေန ကိုယ့်ရဲ့
ကိုယ်ခန့်ဓာဟို့ ဖယ်မျိုး ထီးသီးရမယ် ဆိုဇာဟို့ သိဘီးဟှာ*
5 ဘုရားသခင်ဟို့ သိဘဲဟူ လူမျိုးခြားလေ ကိလေသာစိ တတ်မတ်ဟူမျိုး
တတ်မတ်ဘဲနေဟို့တွပ်န၊
6 အယ်မျိုးဇာလေဟို့ လွန်ကျူးဘီး ကိုယ့်ညီကို မောန်နှမလေဟို့ ပရိယာယ်အားဖြင့်
ပြစ်မှားဘဲနေဟို့တွပ် လိုတော်ရှိပါဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နို့လေဟှာ စစဒူးဟှ

* **3:13 ခ.၁၃** သူ့ရဲ့သန့်ရှင်းသူ ဂူလောင်းနတူးဒူ၊ အယ်မျိုးမူဘဲနေဟှာ သူ့ရဲ့ ကောန်းကန်တမန်လေနတူးဒူ။ * **4:4 ၄.၄** ကိုယ့်ရဲ့ ကိုယ်ခန္ဓာဟို့ ဖယ်မျိုး ထီးသီးရမယ် ဆိုဇာဟို့ သိဘီးဟှာ၊ အယ်မျိုးမူဘဲနေဟှာ ကိုယ့်မယားန ဖယ်မျိုး
နေထိုင်ရမယ် ဆိုဇာဟို့ သိဟှယ်။

ဟောပြောဘီး ဒီပေးဟုးတိုင်း သခင်ဘုရားဟှာ အယ်မျိုးပြစ်မှားဇာဟို့ ခံဟူသူလေဟို့
တရားစီရင်လေ့မယ်။
7 ဖြားဖြစ်ကြောန်နူးဆိုဟှာ ဘုရားသခင်ဟှာ ညစ်ညူးစေဟို့တွပ် နို့လေဟို့
ခေါ်ဟှားဇာ မှုဟှ။ သန့်ရှင်းစေဟို့တွပ် ခေါ်ဟှားဇာဖြစ်ဟှယ်။
8 အယ်ကြောန့် နို့လေဟို့ ငြင်းပယ်ဟူသူဟှာ လူဟို့မျှဘဲ့ ငြင်းပယ်ရှင်းမှုဘဲန သူ့ရဲ့
သန့်ရှင်းဟူဝိညာဉ်တော်ဟို့ နို့လေဟို့ပေးတော်မူဟူ ဘုရားသခင်ဟို့လည်း
ငြင်းပယ်လိုက်ရှင်း ဖြစ်ဟှယ်။
9 ညီကိုမောင်နှမလေရှင်းရှင်းဟှာ ရှစ်ရှစ်ခင်ခင်နေဟို့ကြောန်းနပတ်သတ်ဘီး
နန်းနို့လေဟို့ စာရေးဘီး ပေးလိုက်ဟို့ကြောန်း မှေ့ဟှ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ
နန်းနို့လေဟှာ ရှင်းရှင်း ရှစ်ရှစ်ခင်ခင်နေဟို့တွပ် ဘုရားသခင်နားဟှ သွန်သန်ခံဟှားရဟူ
သူလေ ဖြစ်ဂေ့ဟူကြောန့် ဖြစ်ဟှယ်။
10 အယ်လော့-က်နမကဟှ နန်းနို့လေဟှာ မာကေဒေါနိပြည် တပြည်လောင်းမာရှိဟူ
ခရစ်ယာန်ညီကိုလေဟို့ မြစ်တာပြဂေ့ပါဟှယ်။ အယ်ဘေမဲ့ ညီကိုမောင်နှမလေ
နန်းနို့လေဟှာ အယ်ထတ်မက ပိုဘီး ရှစ်ရှင်းမြစ်တာပြဟို့တွပ် ငါတိုက်တွန်းပါဟှယ်။
11 နန်းနို့လေဟို့ ရင်းရင်ဒူးဟှ နို့လေမှာဟှားဟူတိုင်း ငြီးငြဝပ်ဝပ်န နေထိုင်နိုင်ဟို့တွပ်
ကိုယ့်မူကိစဟို့ အာရောင်စိုက်ဘီး ကိုယ့်လတ်န ကြိုးစားလောက်ကိုင်ဂေ့ဟို့တွပ်
နို့လေတိုက်တွန်းနှိုးဆော် ပါဟှယ်။
12 အယ်မူနည်းအားဖြင့် နန်းနို့လေဟှာ ယောင်ကြည်ဘဲဟူ သူလေရဲ့
ကြည်ညိုလေးစားမှုဟို့ ခံရဂေ့လေ့မယ်။ ဖယ်သူဟို့မှလည်း မှီခိုဇာလိုဟို့ မှုဟှ။

သခင်ဘုရား ကြွလာတော်မူဟူကြောန်း

13 ညီကို မောန်နှမလေ သေဟှားဘီးန မျော်လင့်ရှင်းမှေ့ဘဲဟူ သူလေမျိုး နန်းနို့လေ
ကြေကွဝန်းနဲ့ရှင်း ဖြစ်ဘဲဟို့တွပ် နို့လေဟှာ သေဟှားဘီးသူလေနဆိုင်ဟူ မှန်တရားဟို့
နန်းနို့လေသိစေရှင်ပါဟှယ်။
14 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ယေရှုဟှာ သေခံတော်မူဘီးန
ရှင်ပ့လန်ထမြော့-က်ရှင်းဟို့ နို့လေယောင်ကြည်ဟှယ် ဆိုဟှာ ဘုရားသခင်ဟှ ယေရှုဟို့
ယောင်ကြည်ဘီး သေဟှားသူလေဟို့လည်း အယ်သခင်နတူးဒူ
ပို့ဆောန်တော်မူလေ့မယ်။
15 သခင်ဘုရားရဲ့ ဗျာဒိတ်တော်အားဖြင့် နော့-က်ထပ်ငါပြောဟူဇာဟှ
သခင်ဘုရားကြွလာဟူ ခီမာ သတ်ရှင်ဘီး ရှိနေဟူနို့လေဟှာ သေဟှားဘီးသူလေထတ်
ရင်ဦးဆောန်း နေရာက့လလေ့မယ်မှုဟှ။
16 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ကြွေးကြော်ဟူသံ၊ ကောန်းဂန်တမန်မန်းရဲ့သံ၊
ဘုရားသခင်ရဲ့ တံပိုးမှုဟူသံလေနတူးဒူ သခင်ဘုရားကိုယ်တိုင် ကောင်းဂန်ဘောင်ဟှ
ဆင်းကြွလာဘီး ခရစ်တော်နှိုက် သေဟှားဘီးသူလေဟှာ ရင်ဦးဆောင်း
ထမြော့-က်ဂေ့လေ့မယ်။

4:15 ၄.၁၅ ၁ ကော ၁၅.၅၁.၅၂

17 အယ်ခီမာ သတ်ရှင်ဘီး ကျန်နေဟူနို့လေဟှာ အာကာသကောန်းဂန်ထတ်မာ
သခင်ဘုရားန တွိဆောင်ဟို့တွပ် အယ်သူလေနတူးဒူ မိုးတီထတ်ဟို ခီဆောန်ခံရဘီး
သခင်ဘုရားနတူးဒူ မြဲဒမ်းနေရဂေ့လေ့မယ်။
18 အယ်ကြောန့် အယ်မူစကားအားဖြင့် ယော့-က်နယော့-က်
တိုက်တွန်းအားပေးဂေ့ပါ။

5

သခင်ဘုရားကြွလာဟို့တွပ် ဆင်သင့်ရှိနေဟို့ကြောန်း

1 ညီကို မောန်နှမလေ အယ်မူမှုရာလေ ဖြစ်ပျစ်လာမယ့် ခီကာလကြောန်းဟို့
နန်းနို့လေဟို့ ရေးဘီးပေးလိုက်ဇာကြောန်းမှေ့ဟှ။
2 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ခိုးဟှာ ညဉ့်ဖတ်ဟို့ လာတတ်ဟူမျိုး သခင်ဘုရားရဲ့
နေ့ရစ်ဟှာ လာလေ့မယ် ဆိုဇာဟို့ နန်းနို့ ကောန်းကောန်းသိဂေ့ဟှယ်။
3 လူလေဟှာ "ငြိုးချမ်းဟှားဘီ၊ လောင်ခြောင်ဟှားဘီ" ဆိုဘီး ပြောနေဟူ ခီမာဘဲ့
ဗိုက်ပိုက်နေဟူမီးမမာ သားမွီးဟူဝေဒနာ ကွ်လရော့-က်လာဟူမျိုး သူးနို့ထတ်မာ
ရရာတိုင်း ဗြန်ဟူပျစ်စီးမူဟှာ ရောက်တရစ် ကွ်လရော့-က်လာဟူကြောန့် သူးနို့လေဟှာ
လောင်းဝလွတ်နိုင်ဟို့ မူဟှ။
4 အယ်ဘေမဲ့ ညီကို မောန်နှမလေ နန်းနို့လေဟှာ မှောန်မိုက်ထဲမာရှိနေဇာမူဘဲကြောန့်
အယ်နေ့ရစ်ဟှာ ခိုးလာဟူမျိုး နန်းနို့နားဟို့ ရော့-က်လာဟို့ကြောန်း မှေ့ဟှ။
5 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့ဂူလောင်းဟှာ လန်းရောန်ရဲ့ သားလေ၊ နေ့ရဲ့
သားလေ ဖြစ်ဂေ့ဟှယ်။ ညဉ့်ရဲ့ သားလေ၊ မှောန်မိုက်ရဲ့ သားလေ မူဟှ။
6 အယ်ကြောန့် တခြားသူလေ အိမွိနေဂေ့ဟူမျိုး နို့လေအိမွိဘဲ နိုးနိုးကြားကြားန
သမ္မာဒိရှိရှိ စောန့်နေဂေ့ဇို့။
7 ဖြားဖြစ်ကြောန့်နူးဆိုဟှာ အိမွိဟူ သူလေဟှာ ညဉ့်ဖတ်မာဘဲ့ အိမွိတတ်ဂေ့ဟှယ်။
ယစ်မော သော့-က်စားသူလေလည်း ညဉ့်ဖတ်မာဘဲ့ ယစ်မောတတ်ဂေ့ဟှယ်။
8 အယ်ကြောန့် နို့လေဟှာ နေ့ရဲ့ သားလေဖြစ်ဟူကြောန့် ယောင်ကြည်မှုန
ရှစ်ရှင်းမြစ်တာဖြစ်ဟူ ရင်ဖတ်ကာဟို့ ဝတ်ဆင်ဘီးဟှာ ကယ်တန်ရှင်းဟို့
ရော့-က်ဟို့တွပ် မျော်လင့်ရှင်းဖြစ်ဟူ သံခမော့-က်လောင်းဟို့ ဝတ်ဆင်ဘီး သမ္မာဒိရှိရှိန
နေဂေ့ဇို့။
9 ဖြားဖြစ်ကြောန့်နူးဆိုဟှာ မျစ်တော်ဟို့ ခံရဟို့တွပ် ဘုရားသခင်ဟှာ နို့လေဟို့
ဝီးကော့-က်ဟှားဇာ မူဟှ။ နို့လေဟှာ သခင်ယေရှု ခရစ်တော်အားဖြင့် ကယ်တန်ရှင်းဟို့
ပိုင်ရဟို့တွပ် ဝီးကော့-က်ခံရဇာဖြစ်ဟှယ်။
10 နို့လေဟှာ နိုးနေဟူခီဖြစ်ဖြစ်၊ အိမွိနေဟူခီဘဲဖြစ်ဖြစ် ကိုယ်တော်နတူးဒူ
သတ်ရှင်ဟို့တွပ် ကိုယ်တော်ဟှာ နို့လေတွပ် သေခံတော်မူဘီ။

5:2 ၅.၂ မ ၂၄.၄၂; လု ၁၂.၃၉; ၂ ပေ ၃.၁၀ **5:8 ၅.၈** ဧ ၆.၁၃–၁၇

11 အယ်မျိုးဖြစ်ကြောင့် နန်းနို့လေဟှာ ခုပြုနေဟူမျိုး ယော့-က်နယော့-က်
တိုက်တွန်းဘီး အားပေးတည်ဆော့-က်ဂေ့ပါ။

နော့-က်ဆောင်းညွှန်ကြားချစ်လေန နှောက်ဆစ်ဟူကြောန်း

12 ညီကို မောန်နှမလေ နန်းနို့လေထဲမာ မှုတော်ဟိုလောက်ဆောန်ဘီး
လမ်းပြသွန်သန်ဟို့တွပ် သခင်ဘုရားခန့်ဟှားဟူသူလေဟို့
ကြည်ညိုလေစားဂေ့ဟို့တွပ်နှ၊
13 သူးနို့ပြုဟူမှုဟို့ထော့-က်ဘီး သူးနို့လေဟို့ မြစ်တာစိန ရှစ်ခင်ရိုသေဂေ့ဟို့တွပ်
နို့လေတောန်းဗန်ပါဟှယ်။ နန်းနို့လေရှင်းရှင်း သင့်သင့်မြတ်မြတ်နေဂေ့ပါ။
14 ညီကို မောန်နှမလေ နန်းနို့လေဟို့ ငါတိုက်တွန်းနှိုးဆော်ရှင်ဟူဇာဟှ
တရားဘဲလောက်ဟူလူလေဟို့ ဒိပေးဆောင်းမဂေ့ပါ။ စိအားငယ်သူလေဟို့
အားပေးဂေ့ပါ။ အားနဲဟူသူလေဟို့ ထော့-က်မပေးဂေ့ပါ။ လူလေ ဂူလောင်းဟို့
စိရှယ်သီးခံဂေ့ပါ။
15 ဖယ်သူလေဟို့မှလည်း ဆိုးဟို့ဆိုးန တုံ့ပုလန်ဘဲနေဟို့တွပ် ဒိထားဂေ့ပါ။
ရှင်းရှင်းလေန လူလေ ဂူလောင်းဟို့ ကောန်းကျိုးပြုဟို့တွပ်
ခီတိုင်းကြိုးစားအားထုဂေ့ပါ။
16 မြဒမ်း ဝန်းသာရွှင်လန်းဂေ့ပါ။
17 ခီတိုင်းမာ ဆုတောန်းဂေ့ပါ။
18 ရာရာမာ ကျေးဇူးတော်ဟို့ ချီးမွမ်းဂေ့ပါ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေဟှာ
အယ်မျိုးကျင့်ဂေ့ဟို့တွပ် ယေရှုခရစ်နှိုက် ဘုရားသခင်လိုတော်ရှိဟှယ်။
19 ဝိညာဉ်တော်ရဲ့ရှီဟို့ ငြီးဟှားစေဂေ့နှ။
20 ပရောဖက်ပြုဇာဟို့ ထီမဲ့မြင်ပြုဂေ့နှ။
21 အယ်ဘေမဲ့ ရှိမျှဂူလောင်းဟို့ စစ်ကြောစောင်ဇမ်းဘီး ကောင်းဟူဇာလေဟို့
မြဒမ်းခံယူကိုင်စွဲဂေ့ပါ။
22 ကောန်းဘဲဟူဇာ မျိုးမျိုးလေဟို့ ရှောန်ဂေ့ပါ။
23 ငြီသတ်ရှင်းရဲ့ရှင် ဘုရားသခင်ကိုယ်တိုင် နန်းနို့လေဟို့ ကူစင်အောန်
သန့်ရှင်းစေတော်မူပါစေ။ နို့လေရဲ့ သခင်ယေရှုခရစ် ကြွလာဟူ ခီမာ နန်းနို့လေရဲ့
ဝိညာဉ်၊ စိ၊ ကိုယ်ခန္ဓာဟို့ ပြစ်တန်ခွမ့်နလွတ်ကင်းအောန် စောန့်မတော်မူပါစေ။
24 နန်းနို့လေဟို့ ခေါ်တော်မူဟူသူဟှာ သစ်စာန ပုလဲဇောင်တော်မူဟူကြောန့် အယ်မျိုး
ပြုတော်မူလေ့မယ်။
25 ညီကို မောန်နှမလေ၊ နို့လေတွပ်လည်း ဆုတောန်းပေးဂေ့ပါ။
26 ညီကို မောန်နှမလေ ဂူလောင်းဟို့ သန့်ရှင်းဟူနမ်းန နှောက်ဆစ်ဂေ့ပါ။
27 အယ်မူစာဟို့ သန့်ရှင်းဟူ ညီကိုမောန်နှလေ ဂူလောင်းဟို့ ဖတ်စေဟို့တွပ်
သခင်ဘုရားဟို့ တိုင်တည်ဘီးဟှာ နန်းနို့လေဟို့ လေးလေးနတ်နတ်ဟှား
တိုက်တွန်းရှင်ပါဟှယ်။
28 နို့လေသခင်ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်ဟှာ နန်းနို့လေနတူးဒူ ရှိပါစေ။

၂ သက်သာလောနိတ်
သက်သာလောနိတ် သင်းတော်ဟို့ ပေါလုရဲ့ ဒုတိယပေးစာ

နိဒါန်း

သက်သာလောနိတ် သင်းတော်ဟို့ ပေါလုရဲ့ ဒုတိယပေးစာ ဟို့ တမန်တော် ပေါလုဟု ရေးဟုးဟုယ် (၁.၁)။ သက်သာလောနိတ် သင်းတော်ဟို့ ပေးဟူ ပထမပေးစာရေးဘီး ကြောခန်မာ သူဟုာ အယ်ပေးစာဟို့ ခရစ်တော် မွီးဘီးန ၅၁ ခုနှစ်လော့-က်ဟု ရေးဟုးဟုယ်။ သက်သာလောနိကဗြို့မာရှိဟူ သင်းတော်ဟို့ အယ်ပေးစာ ရေးဟူခီဒူးဟု ပေါလုဟုာ ကောရိန်ဗြို့မာ ရှိနေဘီး အယ်သင်းတော်ဟို့ သူ့ရဲ့ ဒုတိယသာသနာခရီးမာ တည်ထောန်ဟုးဟုယ် (တ ၁၇.၁–၁၀)။ အယ်သင်းတော်ဟို့ ယုဒလူလေတချို့န လူမျိုးခြားလေ ဘောင်ဂီးန ဖွဲ့စည်းဟုးဟုယ် ဆိုဘီး တမန်တော်လေရဲ့ လောက်ဆောန်ရှင်း ကျမ်းထဲမာ အယ်ကြောန်းဟို့ ပြောဟုးဟုယ်။

သက်သာလောနိတ် သင်းတော်ဟို့ နော့-က်ဆောင်းဟူကာလန ခရစ်တော် ဒုတိယခါကြွလာမယ် ဆိုဇာဟို့ ဂဒိပေးဟုးဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ ပေါလုဟုာ သက်သာလောနိတ် သင်းသားလေဟို့ သူ့ရဲ့ ပေးစာနှေ့စောန်လောင်းမာ အယ်ကြောန်းဟို့ ဘောင်ဂီးရေးဟုးလေဟုယ်။ သက်သာလောနိတ် သင်းတော်ဟို့ ပေးဟူဒုတိယပေးစာရဲ့ တဝပ်နီးနီးလော့-က်ဟုာ နော့-က်ဆောင်းဟူ ကာလကြောန်း ဖြစ်လေဟုယ်။ ပေါလုဟုာ ပျင်းရိမှုဟို့ တွန်းလှန်ဟို့လည်း ဒီပေးဟုးဟုယ်။ လူတိုင်းဟုာ စားဟို့တွပ် လောက်လောက်ရမယ် (၃.၆–၁၀)။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟုာ သူ့ကိုယ်သူန သူ့ရဲ့ လောက်ဖော်ဆောန်ဖတ်လေဟို့ မိတ်ဆစ်ပေးဇာအားဖြင့် အယ်ပေးစာဟို့ စတန်ဟုးဟူကြောန်း (၁.၁–၂)
၂။ သူဟုာ သက်သာလောနိကဗြို့မာရှိဟူ သင်းတော်တွပ် ဘုရားသခင်ဟို့ ကျေးဇူးတန်ဟုးဘီး သူးနို့လေတွပ် ဆုတောန်းပေးဟူကြောန်း (၁.၃–၁၂)
၃။ ပေါလုဟုာ နော့-က်ဆောင်းဟူ ကာလကြောန်းဟို့ ပြောဟုးဟူကြောန်း (၂.၁–၁၇)
၄။ သူဟုာ ပျင်းရိမှုဟို့ ဆန့်ကျင်ဟုးဘီး လောက်လောက်ဟို့ လိုအပ်ဟုယ် ဆိုဘီး ပြောဟုးဟူကြောန်း (၃.၁–၁၅)
၅။ ပေါလုဟုာ သင်းတော်ဟို့ နော့-က်တခါ နော့-က်ဆစ်ဇာအားဖြင့် နိဂေါင်းချောက်ဟုးဟူကြောန်း (၃.၁၆–၁၈)

1 ပေါလု၊ သိလွာနု၊ တိမောသေလေဟုာ —
နို့လေရဲ့ ဖဘုရားသခင်နု သခင်ယေရှုခရစ်တော်ရဲ့ လူစုလေဖြစ်ဂေ့ဟူ
သက်သာလောနိကဗြို့ရဲ့ သင်းတော်ဟို့ နှောက်ဆစ်လိုက်ဟုယ်။

1:1 **၁.၁** တ ၁၇.၁

2 နို့လေရဲ့ဖဖြစ်ဟူ ဘုရားသခင်န ယေရှုခရစ်တော်နားဟ နေဘီးဟာ
ကျေးဇူးတော်န ငြိသတ်ရှင်းလေဟို နန်းနို့ဟာ ခံစားရပါစေ။

ခရစ်တော်ကြွလာဟူ ခီမာ တရားစီရင်ဟူကြောန်း

3 ငါ့ညီကို မောန်နမလေ၊ နန်းနို့တွပ်ကြောန့် ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို
နို့လေဟာ နေတိုင်း ချီးမွမ်းနေဂေ့ရဟ့ယ်။ ဖြားဖြစ်ကြောန်နူးဆိုဟာ နန်းနို့လေရဲ့
ယောင်ကြည်ရှင်းဟာ ရရာတိုင်းတိုးပွားဘီး ရှင်းရှင်း တယော့-က်ဟို တယော့-က် ပိုဘီး
ဟာ ရှစ်နေဂေ့ကြောန့် ဖြစ်ဟ့ယ်။

4 အယ်ကြောန့် နို့လေကိုယ်တိုင်ဘဲ့ နန်းနို့ကြောန်းဟို ဘုရားသခင်ရဲ့
သင်းတော်လေမာ ဂေါင်ယူဘီး ပြောဂေ့ဟ့ယ်။ နန်းနို့ဟာ ညှဉ်းဆဲနှိစ်ဟူဇာန
ဆင်းရဲဒေါက်ခလေဟို ခံရဘေမဲ့ ခိုင်ခံဘီး၊ ယောင်ကြည်ရှင်းခိုင်မြဲဘီး
ရှိနေဇာဟိုထော့-က်ဘီး နို့လေဟာ ဂေါင်ယူဘီးပြောဂေ့ဟ့ယ်။

5 အယ်ဇာဂူလောင်းဟာ ဘုရားသခင်စီရင်ဇာဟာ မှန်ကန်ဟူကြောန်းဟို
ထန်ရှားဟ့ယ်။ အယ်ကြောန့် နန်းနို့ဟာ ကိုယ်တော်ရဲ့ နိုင်ငံတော်န ထိုက်တန်ဟူ
လူလေဖြစ်လာဂေ့ဟို့တွပ် နန်းနို့ဟာ နိုင်ငံတော်တွပ်ကြောန့် ခုဆင်းရဲဒေါက်ခ
ခံနေရဂေ့ဟ့ယ်။

6 ဘုရားသခင်ဟာ ဖြောန့်မတ်ဟူ တရားတိုင်းဘဲ့ စီရင်ဟူ သခင်ဖြစ်မျိုးဘဲ့ နန်းနို့ဟို
ဆင်းရဲဒေါက်ခ ရော့-က်ခိုင်းဟူလူဟို ဆင်းရဲဒေါက်ခ ရော့-က်ခိုင်းလေ့မယ်။

7 ခု ဆင်းရဲဒေါက်ခရော့-က်နေဟူ နန်းနို့နတူးဒူ နို့လေဟို့လည်း စိသတ်သာဇာဟို
ရဂေ့လေ့မယ်။ သခင်ယေရှုဟာ တဂိုးကီးဟူ ကောန်းဂန်တမန်လေနတူးဒူ
ကောန်းဂန်ဘောင်ဟ့နေ ကြွလာဟူ ခီမာ

8 ဘုရားသခင်ဟာ သူ့ဟို ငြင်းပယ်ဟူလူလေန နို့လေသခင်ယေရှုရဲ့ ဒန်းကောန်းဟို
နားထောန်ဘဲဟူ လူလေဟို မီးန တရားစီရင်လေ့မယ်။

9 အယ်သခင်ဟာ သန့်ရှင်းသူလေန ဖောင်းသရေတော်နရော၊
ယောင်ကြည်ဟူလူလေရဲ့ ကြည်ညိုလေးစားမှုလေဟို ခံယူဟို့တွပ်ရော တရားစီရင်ဟူ
နေ့ရစ်မာ ကြွလာဟူ ခီမာ အယ်လူလေ ခံရဟူပြစ်ဒန်ဟာ ထာဝရပျစ်စီးဘီး
ဆောင်းရှောင်းမှုဟို ခံရမယ်။

10 သခင်ဘုရားရှေ့မာရော၊ ကိုယ်တော်ရဲ့ ကီးမြတ်ဟူ ဖောင်းသရေတော်ရှေ့မာရော
ငြင်းပယ်ဇာဟို ခံရမယ်။ နန်းနို့ဟာ နို့လေဟောပြောဟူ သတ်သေခံချစ်ဟို
ယောင်ကြည်ဟူကြောန့် ကိုယ်တော့်ဟို ဂေါင်ပြုချီးမွမ်းဟူ သန့်ရှင်းဟူ လူမျိုးထဲမာ
ပါရလေ့မယ်။

11 အယ်ကြောန့် နို့လေဟာ နန်းနို့တွပ် မြဲဒမ်း ဆုတောန်းပေးနေဟ့ယ်။ နန်းနို့ဟာ
ဝီးကော့-က်ခံရဟူ ကျေးဇူးတော်နညီ ပြုမူကျင့်ကြံနေနိုင်ဟို့တွပ် နို့လေရဲ့
ဘုရားသခင်ဟို တောန်းလျှာ-က်ဂေ့ဟ့ယ်။ ကိုယ်တော်ဟာ တဂိုးတော်န နန်းနို့ရဲ့

ကောန်းမြတ်ဟူ လိုအင်ဆန္ဒရှိမျှဟို့ ပုလဲဇောင်စေဘီး နန်းနို့ရဲ့ ယောင်ကြည်ရှင်းန
လောက်ဟူမူလေဟို့ ပီးဟို့တွပ် ခွမ့်ပေးပါစေ။
12 အယ်နည်းအားဖြင့် နို့လေ သခင်ယေရှုရဲ့ နာမတော်ဟာ နန်းနို့အားဖြင့်
ဖောင်းသရေတော် ထွန်းတော့-က်လေ့မယ်။ နို့လေရဲ့ ဘုရားသခင်*န
သခင်ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်ဟာ နန်းနို့နတူးဒူး ရှိပါစေ။

2

လူယောက်မာဂီး

1 ညီကို မောန်နမလေ၊ နို့လေရဲ့ သခင်ယေရှုခရစ်တော်ဟာ ကြွလာဘီး
ကိုယ်တော်နတူးဒူ ရှိဟို့တွပ် နို့လေဟာ စုရောင်းရဂေ့ကြောန်းန ပတ်သတ်ဘီး နန်းနို့ဟို့ငါ
တိုက်တွန်းဘီး ပြောရှင်ဟုယ်။
2 သခင်ဘုရား ကြွလာဟို့နေ့ရစ် က့လလာဘီးဖြစ်ကြောန်းဟို့ လူလေပြောဇာဟို့
ကြားရဂေ့ဟူ ခီမာ နန်းနို့ဟာ ရောက်တရစ် စိရှောက်ထွေးဘီး မတည်မငြိဘဲ့ ဖြစ်ဂေ့န။
အယ်မျိုးပြောဇာဟာ နို့လေဟာ ပရောဖက်ပြုဘီး ပြောဟူစကားဘဲ့ဖြစ်စေ၊ နို့လေ
တရားဟောဟူ ခီမာ ပြောဟူစကားဘဲ့ဖြစ်စေ၊ နို့လေရဲ့ စာမာပါဟူ စကားဘဲ့ဖြစ်စေ
ဖြစ်ကောန်းဖြစ်မယ်။
3 အယ်ကြောန်းန ပတ်သတ်ဘီးဟာ လူလေဟာ မှားယွင်းဘီး ပြောနေဂေ့ဇာဟို့
လောင်းဝယောင်ဂေ့န။ နော့-က်ဆောင်း ပေါင်ကန်မူဖြစ်ခန်မာ ငရဲဟို့သွားရဟို့
ပျစ်စီးမူရဲ့သား ဖြစ်ဟူ အယ်အဓမ္မလူပေါ်ခန် အယ်နေ့ရစ်ဟာ ရော့-က်လာဟို့ မူဟု။
4 သူဟာ လူလေကိုးကွယ်ဟူ ဘုရားမှန်မျှဟို့ ရန်ဖတ်ပြုဘီးဟာ သူဟာ ဘုရားလေ
ဂူလောင်းထတ် တဂိုးကီးဟုယ် ဆိုဘီး ပြောလေ့မယ်။ သူဟာ ဘုရားသခင်ဟို့
ဝတ်ပြုဟူ ဗိမာန်တော်ထဲမာ ဝမ်ထိုင်ဘီးဟာ သူ့ကိုယ်သူ ဘုရားသခင်ဖြစ်ဟုယ် ဆိုဘီး
ကြေညာလေ့မယ်။
5 ငါဟာ နန်းနို့နတူးဒူ ရှိဟူခါဒူးဟ အယ်ကြောန်းရာလေဟို့ နန်းနို့ဟို့ ပြောပြရစ်ဟုယ်။
နန်းနို့ မုတ်မိဂေ့ဟုလော။
6 ခုခီမာ အယ်ကြောန်းရာလေ ဖြစ်သေးဘဲဇာဟာ တားဟားဟူဇာ ရှိနေဟူကြောန့်
ဖြစ်ဟုယ်။ အယ်ဇာဟာ ဖြားဇာဖြစ်နူးဆိုဟာ နန်းနို့ဟ သိဂေ့ဟုယ်။ အယ်ကြောန့်
လူယောက်မာဂီးဟာ ခီက့လလာဟူ ခီမာ ပေါ်လာလေ့မယ်။
7 လျှို့ဝှက်ဘီးရှိဟူ အဓမ္မမူဟာ ခုခီမာ လျောက်ရှားဘီး ရှိနေဟုယ်။ အယ်ဘေမဲ့
တားဟားဟူ သူဟို့ ဖယ်လိုက်ဟူ ခီမာ ဖြစ်လာရဟူ ကြောန်းရာလေဟာ
ဖြစ်လာရလေ့မယ်။
8 အယ်ခီမာ အယ်အဓမ္မလူဟာ ပေါ်လာလေ့မယ်။ အယ်ဘေမဲ့ သခင်ယေရှု
ကြွလာဟူ ခီမာ သူ့ရဲ့နှောက်ထွပ် ဝိညာဉ်တော်အားဖြင့် ဖျစ်ဆီးဘီး ဖောင်းတဂိုးတော်န
ဖယ်ရှားလေ့မယ်။

---

* **1:12 ခ.ခ၂** နို့လေရဲ့ ဘုရားသခင်၊ အယ်မျိုးမူဘဲ့နေဟာ နို့လေရဲ့ ဘုရားသခင် ထာဝရဘုရား ဖြစ်ဟုယ်။ **2:1**
၂.၁ ၁ သက် ၄.၁၅-၁၇

9 အယ်အဓမ္မလူဟ့ဟာ စာတန်ရဲ့ တဂိုးဟို့ ယူဘီးဟ့ဟာ ရော့-က်လာဟ့ဟူ ခီမာ
အံ့ဩြဘွယ်ဇာလေန ထူးဆန်းဟ့ဟူ နိမိတ်လတ်ခဏာ တုယောန်မျိုးမျိုးဟို့ ပြလေ့မယ်။
10 အယ်ဘီးန သေကြေပျစ်စီးဂေ့ဟ့ဟူ လူလေဟို့ တရားဘဲဟ့ဟုနည်း မျိုးမျိုးန
လှည့်ဇားလေ့မယ်။ အယ်လူလေဟ့ဟာ ကယ်တန်ရှင်းဟို့ ရနိုင်ဟို့တွပ် သမ္မာတရားဟို့
ရှစ်ဘီး လတ်ခံဂေ့ဘဲကြောန့် အယ်မျိုးဘဲ့ သေကြေပျစ်စီးရဟ့ယ်။
11 အယ်ကြောန့် ဘုရားသခင်ဟ့ဟာ သူးနို့လေဟို့ လှည့်ဇားရှင်းရဲ့ တဂိုးဟို့
ခံခိုင်းဘီးဟ့ဟာ မှားနေဇာဟို့မုန်ဟ့ယ် ဆိုဘီး ယောင်ကြည်စေဟ့ယ်။
12 သမ္မာတရားဟို့ ယောင်ကြည်ဘဲန ပြစ်လောက်ဟို့တွပ် နှစ်သက်ဂေ့ဟူလူလေဟ့ဟာ
ပြစ်ဒန်စီရင်ဇာဟို့ လောင်းဝခံရမယ်။

ကယ်တန်ခံရဟို့တွပ် နန်းနို့ဟို့ ဝီးကော့-က်ဟူကြောန်း

13 ညီကို မောန်နှမလေ၊ သခင်ဘုရားရှစ်ဟူ နန်းနို့ဟို့ တိုင်တယ်ဘီး နို့လေဟ့ဟာ
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ မြဲဒမ်း ချီးမွမ်းဂေ့ဟ့ယ်။ နန်းနို့ဟ့ဟာ သမ္မာတရားဟို့
ယောင်ကြည်ဂေ့ဟူကြောန့်၊ ဝိညာဉ်တော်တဂိုးန ကိုယ်တော်ရဲ့ သန့်ရှင်းဟူ
လူစုဖွဲ့ဝမ်လေ ဖြစ်လာဂေ့ဟူကြောန့်၊ ဘုရားသခင်ဟ့ဟာ ပထမဦးဆောင်း*
ဝီးကော့-က်ဘီး ကယ်တန်ဟ့ဟူ လူစုထဲမာ နန်းနို့ ပါဝမ်ဂေ့ဟူကြောန့်
ကျေးဇူးတော်ဟို့ ချီးမွမ်းရဟ့ယ်။
14 နန်းနို့ဟ့ဟာ အယ်မျိုး ကယ်တန်ဇာဟို့ ခံရဘီး နို့လေရဲ့ သခင်ယေရှုခရစ်တော်နတူးဒူ
ဖောင်းသရေတော်ဟို့ ခံယူနိုင်ဂေ့ဟို့တွပ် ဘုရားသခင်ဟ့ဟာ နို့လေ ဟောပြောကြေညာဟူ
ဒန်းကောန်းအားဖြင့် နန်းနို့ဟို့ ဝီးကော့-က်လိုက်ဟ့ယ်။
15 အယ်ကြောန့် ညီကို မောန်နှမလေ၊ နန်းနို့ဟ့ဟာ ခိုင်ခိုင်ခံ့ခံ့ဟ့ဟူး ရပ်နေဂေ့ပါ။
ဟောပြောဇာနရော၊ စာအားဖြင့်နရော နန်းနို့ဟို့ နို့လေသွန်သန်ရစ်ဟူ သစ်စာတရားဟို့
လတ်လွတ်ဂေ့န။
16 နို့လေရဲ့ ယေရှုခရစ်တော်ကိုယ်တိုင် နို့လေဟို့ ရှစ်ဘီး ကျေးဇူးတော်အားဖြင့်
ထာဝရနှစ်သိမ့်ရှင်းန ကောန်းမြတ်ဟူ မျှော်လင့်ရှင်းဟို့ ပေးသနားဟူ နို့လေရဲ့ဖ
ဘုရားသခင်ဟ့ဟာ၊
17 နန်းနို့ရဲ့ စိန့လောင်းဟို့ သတ်သာစေဘီး ကောန်းမြတ်ဟူစကားန၊ ကောန်းမြတ်ဟူ
မူမျိုးမျိုးဟို့ မြဲဒမ်းအားပေး ပြောဆိုဘီး ပြုမူနိုင်ဟို့တွပ် နန်းနို့ဟို့ ခိုင်ခံ့မြဲမြံပါစေ။

3

နို့လေတွပ် ဆုတောန်းဂေ့

1 ညီကို မောန်နှမလေ၊ နော့-က်ဆောင်းနေန ပြောရှင်ဟ့ယ်။ သခင်ဘုရားရဲ့
တရားတော်ဟ့ဟာ နန်းနို့နားဟို့ ရော့-က်လာမျိုး နေရာတိုင်းဟို့ ဖြန်းဖြန်ဟ့ဟားပ့လှံနှံ့ဘီး
ဖောင်းသရေတော်ထန်ရှားနိုင်ဟို့တွပ် နို့လေတွပ် ဆုတောန်းဂေ့ပါ။

2:9 ၂.၉ မ ၂၄.၂၄ * **2:13 ၂.၁၃** ပထမဦးဆောင်း၊ တချို့ မူရင်းလတ်ရေးမူလေမာ စစဂဒဲ့ဟ့၊ ပါရှိဟ့ယ်။

2 ဘုရားသခင်ဟာ နို့လေဟို့ လူယောက်မာန ကောန်းဘဲဟူလူလေရဲ့
အနှတရာယ်ဟုနေ ကယ်တန်နိုင်ဟို့တွပ်လည်း ဆုတောန်းဂေ့ပါ။
ဖြားဖြစ်ကြောန့်နူးဆိုဟာ တရားတော်ဟို့ လူတိုင်းဟု ယောင်ကြည်ဘဲကြောန့် ဖြစ်ဟုယ်။
3 သခင်ဘုရားဟာ သစ်စာရှိဟူရှင် ဖြစ်ဟူကြောန့် နန်းနို့လေဟို့ ခိုင်ခံ့စေဘီး
မာရ်နတ်ရဲ့ဘေးဟု ကာကွယ်ပေးလေ့မယ်။
4 သခင်ဘုရားဟာ နို့လေဟို့ နန်းနို့လေထတ်မာ ယောင်ကြည်စိခ့လစေဟုယ်။
နန်းနို့ဟာ နို့လေပြောဟားတိုင်း ခုခီမာ ကျင့်ဂေ့ဟူမျိုးဘဲ့ နော့-က်မာလည်း ဆစ်ဘီးဟာ
ကျင့်မယ် ဆိဇာဟို့ နို့လေဟာ ယောင်ကြည်စိခ့လဟုယ်။
5 သခင်ဘုရားဟာ နန်းနို့ရဲ့ စိနှလောင်းဟို့ ဘုရားသခင်ရဲ့ ရှစ်ရှင်းမြစ်တာတော်န
ခရစ်တော်ရဲ့ သီးခံနိုင်ဟူ မူထဲဟို့ နန်းနို့ဟို့ လမ်းပြပါစေ။

လူတိုင်း လောက်လောက်ရဟို့ကြောန်း

6 ညီကို မောန်နှမလေ၊ ရရာတိုင်း ပျင်းဟူလူလေန နို့လေပေးဟူ ညွှန်ကြားချစ်လေဟို့
လိုက်နာဘဲဟူ လူလေဟို့ ပေါန်းဂေ့ဘဲဟို့တွပ် သခင်ယေရှုခရစ်တော်ရဲ့ နာမတော်ဟို့
မှီပြုဘီးဟာ နန်းနို့ဟို့ ငါပညတ်ဟုယ်။
7 နန်းနို့ဟာ နို့လေလောက်ဟူ ပေါင်သတ်သေလေဟို့ လိုက်ဘီး ကျင့်ရမယ် ဆိဇာဟို့
နန်းနို့ကိုယ်တိုင် ကောန်းကောန်းသိဂေ့ဟုယ်။ နန်းနို့န တူးဒူရှိနေဂဲဟာ နို့လေဟာ
လောက်လောက်ဘဲန နေဂေ့ဟု။
8 နို့လေရဲ့ စားဇရိလေဟို့ နို့လေဘဲ့ ကူကူလခံဟုယ်။ နန်းနို့ထဲဟု တယော့-က်ဟို့မျ
နို့လေတွပ် တာဝန်ယူခိုင်းဘဲန နို့လေဟာ လောက်ဟို့ ပန်ဗန်းခံဘီးဟာ နေ့ရောညဉ့်ရော
လောက်လောက်ဂေ့ဟုယ်။
9 အယ်မျိုးလောက်ဂေ့ဇာဟာ နို့လေမာ ခွမ့်အာဇာမှေ့ဘဲကြောန့် မူဟု။ နို့လေဟို့
တုယူနိုင်ဟို့တွပ် နို့လေကိုယ်တိုင်ဟု နန်းနို့လေဟို့ ပေါင်သတ်သေပြန်ဟူကြောန့်
ဖြစ်ဟုယ်။
10 နန်းနို့နတူးဒူ ရှိနေဟူခီဒူးဟု နို့လေဟာ နန်းနို့ဟို့ “လောက်လောက်ဘဲဟူလူဟာ
စာလည်းစားန” ဆိုဘီး သွန်သန်ဟုယ်။
11 နန်းနို့ထဲမာ ရရာတိုင်း ပျင်းဘီးဟာ လောက်လောက်ဘဲန
တခြားသူလေရဲ့ကိစလေမာ ဝမ်ဘီးဟာ ပါနေဟူလူရှိဟုယ် ဆိဇာဟို့ တွိရဟုယ်။
12 အယ်မျိုးလူလေဟို့ အေးအေးဆေးဆေးဟားး လောက်ဟို့လောက်ဘီး
သတ်မီးဟို့တွပ်၊ သခင်ယေရှုခရစ်တော်ရဲ့ နာမတော်ဟို့ မှီပြုဘီး မိန့်ပေးဘီး
တိုက်တွန်းဟုယ်။
13 ညီကို မောန်နှမလေ၊ နန်းနို့ဟာ ဖယ်ခါလည်း စိပျစ်အားရှော့ဘဲန
ကောန်းဟူကျင့်ဟို့ ကျင့်ဂေ့ပါ။
14 လူတယော့-က်ဟာ အယ်စာထဲမာ ပါနေဟူ ညွှန်ကြားချစ်လေဟို့ လိုက်နာဘဲန
နေဟုယ် ဆိုဟာ အယ်လူဟို့ ဒိပြုဘီးဟာ ယှစ်ရဟို့တွပ် သူန ပေါန်းဂေ့န။

15 အယ်ဘေမဲ့ သူ့ဟို့ရန်သူမျိုး ဘောထားဘဲန ညီကို မောန်နှမမျိုး ဘောထားဘီး
ဒိပေးဂေ့ပါ။

နော့-က်ဆောင်းနှောက်ဆစ်ဟူစကား

16 ငြိသတ်ရှင်းရဲ့ရှင် သခင်ဘုရားကိုယ်တိုင် နန်းနို့ဟို့ ခီတိုင်းမာ နည်းမျိုးမျိုးန
ငြိသတ်ရှင်းဟို့ ပေးသနားပါစေ၊ သခင်ဘုရားဟှာ နန်းနို့နတူးဒူ ရှိပါစေ။
17 အယ်နှောက်ဆစ်စကားဟို့ ငါ့လတ်န ရေးလိုက်ပါဟှယ်။ ငါပေါလုဟှာ နန်းနို့ဟို့
နှောက်ဆစ်ဟှယ်။ ငါပို့ပေးဟူ စာလေမာ အယ်မျိုးဘဲ့ လတ်မှတ်ထိုးဟှားဟှယ်။
အယ်မျိုးဘဲ့ ငါရေးဟှယ်။
18 နို့လေ သခင်ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်ဟှာ နန်းနို့ ဂူလောင်းနတူးဒူ ရှိပါစေ။

၁ တိမောသေ
တိမောသေဟို့ ပေါလုရဲ့ ပထမပေးစာ
နိဒါန်း

တိမောသေဟို့ ပေါလုရဲ့ ပထမပေးစာ ဟာ တမန်တော် ပေါလုဟာနေ သူ့တမဲ့ တိမောသေဟို့ ရေးဟားဟူ ပေးစာဖြစ်ဟာယ်။ တိမောသေဟာနေ ပထမပေးစာဟာ ခရစ်တော် မီးဘီးန ၆၂-၆၄ ခုနှစ်လော့-က်ဟု ရေးဟားဇာ ဖြစ်နိုင်ဟာယ်။ အယ်ပေးစာဟာ ပေါလုရဲ့ ဘဝနိဂေါင်းချောက် ခါနီးမာ ရေးဟားလေဟာယ်။ ပေါလုဟာ တိမောသေန ရင်းနှီးဟူ ပေါန်းသင်းဆစ်ဆံမှုရှိဘီး သူ့ဟို့လည်း သားတယော့-က်ဖြစ် ခါဘီးခါ ရည်ညွှန်းဟားလေဟာယ် (ဖိ ၂.၂၂; ၁ တိ ၁.၂; ၁.၁၈)။

အယ်ပေးစာဟာ သင်းတော်ဟို့ လိစာတပ်ဘဲန လူပေါက်ကိုဟို့ လိစာတပ်ဟားဘီး ပေါလုဟာနေ ပေးဟားဟူ ပေးစာလေးစောန်ထဲဟု တစောန်ဖြစ်ဟာယ်။ တခြားပေးစာ သောင်းစောန်ဟာ ၂ တိမောသေ၊ တိတုန ဖိလေမုန်ဖြစ်ဟာယ်။ ၁ တိမောသေဟာ သင်းတော်ထဲမာ ကိုးကွယ်ဟူဇာန ဆိုင်ဟူ ညွှန်ကြားချစ်လေ (၂.၁–၁၅)၊ သင်းတော်ခေါန်းဆောန်လေတွပ် ရည်ချင်းလေ (၃.၁–၁၃) အယ်ဘီးဟာ မှားယွင်းဟူ ဆရာလေဟို့ ဆန့်ကျင်ဟို့တွပ် ဒီပေးဟားဇာလေ (၁.၃–၁၁; ၄.၁–၅; ၆.၂–၅) ဘောင်ဂီး ပါဝမ်လေဟာယ်။ အယ်မူဇာဟု သင်းတော်လေ ကြားထဲမာ ခေါန်းဆောန် တယော့-က် ဖြစ်လာဟို့တွပ် ပေါလုဟာ တိမောသေဟို့ ဖယ်မျိုး လေ့ကျင့်ပေးဟားဟာယ် ဆိုဇာဟာ ထန်ရှားနေလေဟာယ်။ တိမောသေဟာနေ ပထမပေးစာဟာ ကျွန်တော်ဟားလေ ခေတ်မာရှိဟူ ဒေသခံသင်းတော်ရဲ့ သာသနာလောက်ငန်းဟို့ စီမံခန့်ခွဲဟို့တွပ် သင်းတော် ခေါန်းဆောန်လေဟို့ ကူညီနိုင်ဟို့ ဆိုဘီး စည်းမျဉ်းဘောင်ဂီး ပါဝမ်လေဟာယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟာ တိမောသေဟို့ နော့-က်ဆစ်ဟူဇာအားဖြင့် စပြုဟားဟူကြောန်း (၁.၁–၂)

၂။ သူဟာ တိမောသေဟို့ မှားယွင်းဟူ ဆရာလေဟို့ ဆန့်ကျင်ဟို့တွပ် ဒီပေးဟားဟူကြောန်း (၁.၃–၁၁)

၃။ ယေရှုခရစ်ကြောန့် သူရှိနေရဇာတွပ် ရရာတိုင်း ကျေးဇူးတန်ဟာယ် ဆိုဘီး ရှင်းပြဇာအားဖြင့် ပေါလုဟ ဆစ်ဘီးရေးဟားဟူကြောန်း (၁.၁၂–၁၉)

၄။ နော့-က်ဘီးန သူဟာ ကိုးကွယ်ဟူဇာန သင်းတော် ခေါန်းဆောန်လေန ပတ်သတ်ဘီး ညွှန်ကြားဟားဟာယ် (၂.၁—၃.၁၆)

၅။ ပေါလုဟာ တိမောသေဟို့ နော့-က်ဆောင်း ညွှန်ကြားချစ်လေအားဖြင့် သူ့ရဲ့ ပေးစာဟို့ နိဂေါင်းချောက်ဟားဟူကြောန်း (၄.၁—၆.၂၀)

[1] နို့လေရဲ့ ကယ်တန်ရှင် ဘုရားသခင်န နို့လေရဲ့ မျှော်လင့်ရာဖြစ်တော်မူဟူ

ယေရှုခရစ်တော်ရဲ့ တမန်တော် ငါပေါလုဟာ —
2 ယောင်ကြည်ရှင်းအားဖြင့် ငါ့သားစစ်စစ်ဖြစ်ဟူ တိမောသေနားဟို့
စာရေးလိုက်ပါဟယ်၊
နို့လေရဲ့ဖဖြစ်ဟူ ဘုရားသခင်နှ သခင်ယေရှုခရစ်တော်နားဟ ကျေးဇူးတော်၊
ကရုဏာတော်နှ ငြိသတ်ရှင်းဟာ နန့်မာ ရှိပါစေ။

ဆရာတုယောန်လေတွပ် ဒိပေးဟူကြောန်း

3 မာကေဒေါနိပြည်ဟို့ နို့လေသွားဟူခီဟ နန့်ဟို့ ငါတိုက်တွန်းနှိုးဆော်ဟူတိုင်း
ဖေက်ဗြို့မာ နေရစ်ဘီး လူတချို့ဟို့ လွဲမှားဟူယူဝါဒလေဟို့
ဟောပြောသွန်သန်ဘဲနေဟို့တွပ်န
4 ပီးဆောင်းနိုင်ဘဲဟူ ဒဏ္ဍာရီလေ ဆွေစဉ်မျိုးဆစ်စာရင်းလေဟို့ အာရောင်စိုက်ဘဲ
နေဂေ့ဟို့တွပ် ညွှန်ကြားပါ။ အယ်မူမှုရာလေဟာ ယောင်ကြည်ဇာနဆိုင်ဟူ
ဘုရားသခင်ရဲ့ စီမံခန့်ခွဲမှုထတ် ငြင်းခုံဟူဇာလေဟို့ဘဲ့ ဖြစ်စေတတ်ဟုယ်။
5 အယ်မျိုး ပညတ်ရဟူကြောန်းဟ စင်ကြယ်ကောန်းမြတ်ဟူ စိန္နလောင်း၊
ကြည်လင်ဟူသိစိန မှန်ဟူယောင်ကြည်ရှင်းဟုနေဘီး ဖြစ်ပေါ်လာဟူ ရှစ်ရှင်းမြစ်တာ
ဖြစ်လေဟုယ်။
6 တချို့လူလေဟာ အယ်မူဇာလေဟုနေ လွဲချော်ဟုားဘီး ကျိုးမွေ့ဘဲဟူ
စကားပြောဆိုရှင်းအားဖြင့် လွဲဟုားဂေ့ဘီ။
7 အယ်သူလေဟာ သူးနို့ပြောဆိုဟူဇာလေန သူးနို့ ခိုင်းခိုင်မားမာ
ခံယူရပ်တည်ဟူဇာလေဟို့ နားလည်ဘဲန ကျမ်းတတ်ဆရာလေ ဖြစ်ရှင်ဂေ့သေးဟုယ်။
8 ပညတ်တရားဟို့ စည်းမျဉ်းတိုင်း သောင်းပြုမယ် ဆိုဟာ ပညတ်တရားဟာ
ကောန်းမြတ်ဟုယ် ဆိုဇာဟို့ နို့လေသိဂေ့ဟုယ်။
9 ပညတ်တရားဟာ လူကောန်းလေတွပ်မှုဘဲန တရားဘဲဟူသူလေ၊
နာခံမှုမွေ့ဘဲဟူသူလေ၊ ဘုရားတရားမွေ့ဘဲသူလေ၊ ပြစ်ကျူးလွန်သူလေ၊ ဘာသာတရား
ကိုင်းရှိုင်းမှုမွေ့ဘဲသူလေ၊ မိဖဟို့ သတ်ဟူသူန လူသတ်သမားလေ၊
10 ကျင့်စာရိတ္တပျစ်ဟူသူလေ၊ ယော့-က်ကျားရှင်းရှင်း၊ မီးမရှင်းရှင်း
မေထုန်ပြုဟူသူလေ၊ လူကုန်ကူးဟူသူလေ၊ လီလည်ပြောဟူသူလေ၊
မှန်ဘဲဟူသတ်သေဟို့ ခံဟူသူလေန မှန်ဟူယူဝါဒန ဆန့်ကျင်တတ်ဟူ သူလေတွပ်ဘဲ့
ပညတ်ဟုားဟူကြောန်းဟို့ နို့လေသိဂေ့ပါဟုယ်။
11 အယ်မူသွန်သန်ချစ်ဟာ ဖောင်းသရေတော်နပူလွဲဝဘီး မင်္ဂလာရှိတော်မူဟူ
ဘုရားသခင်နားဟုလာဟူ ဒန်းကောန်းတိုင်းဘဲ့ ဖြစ်ပါဟုယ်။ အယ်မူဒန်းကောန်းဟို့
ကြေညာဟို့တွပ် ငါ့ဟို့ ယောင်ကြည်အပ်ပေးတော်မူဘီ။

ပေါလုရဲ့ ကျေးဇူးတော် ချီးမွမ်းဟူကြောန်း

1:2 ၁.၂ တ ၁၆.၁

12 ငါ့ဘို့ ခွန်အားန ပု့လဲ့ဇောင်စေတော်မူဟူ နို့လေရဲ့သခင် ယေရှုခရစ်တော်ရဲ့
ကျေးဇူးတော်ဟို့ ငါချီးမွမ်းဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ ကိုယ်တော်ဟုာ ငါ့ဘို့
မူတော်လောက်ငန်းတွပ် ခွဲခန့်ဟုားဘီး သစ်စာရှိဟူသူဖြစ်န
မှတ်ယူတော်မူဟူကြောန့်ဖြစ်ဟုယ်။
13 စဟု ငါဟုာ စော်ကားပြောဆိုဟူသူ၊ ကဲ့ရဲ့ဟူသူ၊ ညှဉ်းဆဲကြမ်းကြုတ်ဟူသူ၊
မိုက်ရိုင်းဟူသူတယော့-က် ဖြစ်ဟူလည်းဘဲ့ ယောင်ကြည်ဘဲဟူခီဒူးဟု သိနားလည်ဘဲန
ပြုမိဟူကြောန့် ကရုဏာတော်ဟို့ ခံစားရဟူဇာဖြစ်ဟုယ်။
14 နို့လေသခင်ဘုရားရဲ့ ကျေးဇူးတော်ဟုာလည်း ယေရှုခရစ်တော်နှိုက်ရှိဟူ
ယောင်ကြည်ဇာလေ ရှစ်ရှင်းမြစ်တာလေဟုာ ရရာတိုင်း များပြားလေဟုယ်။
15 ယေရှုခရစ်တော်ဟုာ ပြစ်ရှိဟူသူလေဟို့ ကယ်တန်ဟို့တွပ် အယ်လောကဟို့
ကြွလာဟုယ် ဆိုဟူစကားဟုာ သစ်စာစကားဖြစ်ဟုယ်။ ကြွင်းမဲ့ ယောင်ကြည်အပ်ဟူ
စကားလည်းဖြစ်ဟုယ်။ ပြစ်ရှိဟူသူလေထဲမာ ငါဟုာ ဆိုးဆောင်းဖြစ်ဟုယ်။
16 အယ်ဘေမဲ့ ထာဝရသတ်ရဟို့ ယောင်ကြည်လာမယ့် သူလေရှေ့မာ
ပေါင်သတ်သေဖြစ်ဟို့တွပ် ရရာတိုင်း ပြစ်ကီးဟူငါ့ဘို့ ယေရှုခရစ်တော်ဟုာ
သီးခံတော်မူဇာဟို့ ပြဟို့တွပ် ငါ့ဘို့ သနားတော်မူလေဟုယ်။
17 ထာဝရမန်းဂီး ဖြစ်တော်မူဟူ၊ ဖော့-က်ပ့လန်ဇာနကင်းဟူ၊ လူမျစ်စိန ဗြင်နိုင်ဘဲ
တပါးဒဲရှိဟူ ဘုရားသခင်ဟုာ ကမ္ဘာဆစ်ဆစ် ဖောင်းကီးတော်မူပါစေ! အာမင်။
18 ငါ့သား တိမောသေ၊ နန်နှ ပတ်သတ်ဘီး စဟု ပရောဖက်ပြုဟုားဟူ
ရာလေနထပ်တူ အယ်မူညွှန်ကြားဟုားဟူ ဇာလေဟို့ နန်ဟို့ ငါအပ်ပေးပါဟုယ်။
အယ်မူဇာဟု နန်ဟုာ ယောင်ကြည်မူန ကြည်လင်ဟူသိစိဟို့ ဆောက်ကိုင်ဘီးဟုာ
အယ်မူ ပရောဖက်ပြု ဟောပြောဟုားဟူ ဇာလေအားဖြင့် ကောန်းဟူ တိုက်ပွဲဟို့
တိုက်ခိုက်နိုင်ဟို့တွပ်၊
19 တချို့လေဟုာ အယ်မူ ကောန်းမြတ်ဟူ ကိုယ့်ကိုယ်ကိုယ် သိဟူစိဟို့
ပစ်ပယ်ဟူကြောန့် ယောင်ကြည်ရှင်း သန်းဖော ပျစ်စီးဆောင်းရှောင်းဇာဟို့
ခံရဂေ့လေဟုယ်။
20 အယ်သူလေထဲမာ ဟုမေနဲန အာလေဇန္ဒြလေလည်း ပါဂေ့ဟုယ်။ သူးနို့လေဟုာ
ဘုရားသခင်ဟို့ ပြစ်မှားဘီး ကဲ့ရဲ့ပြောဆိုဟူဇာ ပြုဘဲနေအောန် သင်ခန်းစာရဟို့တွပ်
သူးနို့လေဟို့ စာတန်လတ်ထဲ ငါအပ်လိုက်ဘီ။

2

သင်းတော်မာ ဝတ်ပြုကိုးကွယ်ဟူကြောန်း

1 အယ်ကြောန့် လူလေ ဂူလောင်းတွပ် သနားခံဟူမူ၊ ဆုတောန်းဟူမူ၊ ကြားခံ
တောန်းရှော့-က်ပေးဟူမူန ကျေးဇူးတော်ဟို့ ချီးမွမ်းရှင်းလေဟို့ ပြုဟို့တွပ် ပထမ
ဦးဆောင်း ငါတိုက်တွန်း နှိုးဆော်ရှင်ပါဟုယ်။

1:13 ၁.၁၃ တ စ.၃: ၉.၄.၅

2 နို့လေဟှာ ဘုရားဝတ်န မွေ့လျော်ဘီး ငြိးငြိုးချမ်းချမ်း နေနိုင်ဟို့တွပ်လည်း
မန်းဂီးလေန အာဏာရှိဟူသူလေ ဂူလောင်းတွပ် ဆုတောန်းပေးဂေ့ပါ။
3 အယ်မျိုးပြုဟူဇာဟှာ ရရာတိုင်း ကောန်းဟူ မူဖြစ်ဘီး နို့လေရဲ့ ကယ်တန်ရှင်ဖြစ်ဟူ
ဘုရားသခင် ရှေ့တော်မာ နှစ်သက်ဇာကောန်းဟူ မူလည်းဖြစ်ဟှယ်။
4 လူလေဂူလောင်းဟှာ ကယ်တန်ရှင်းဟို့ ရော့-က်ဘီး သမ္မာတရားဟို့ သိဟို့တွပ်
ဘုရားသခင် လိုတော်ရှိဟှယ်။
5 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ဟှာ တပါးဒဲဘဲ့ ရှိတော်မူဘီး ဘုရားသခင်န
လူလေကြားမာ အာမခံဖြစ်ဟူ ယေရှုခရစ် တပါးဒဲဘဲ့ ရှိတော်မူဟှယ်။ အယ်သခင်ဟှာ
လူဖြစ်ဟူ ယေရှုခရစ်တော်ဘဲ့ ဖြစ်လေဟှယ်။
6 အယ်မူအာမခံဟှာ လူလေ ဂူလောင်းဟို့ ဝီးနှုဟို့တွပ် ဖိုးခနေန ကိုယ့်ကိုယ်ကိုယ်
စွန့်တော်မူဟှယ်။ အယ်မူကြောန်းရာဟှာ ခီတန်လာဟူ ခီမာ ပေးတော်မူဟူ
သတ်သေဖြစ်ဟှယ်။
7 ငါဟှာ အယ်မူကြောန်းရာဟို့ သတ်သေခံ ဝီဌဟို့တွပ် တမန်တော်ရာန
ယောင်ကြည်ရှင်းန သမ္မာတရားဟို့ လူမျိုးခြားလေဟို့ ဟောပြော သွန်သန်ဟူ
ဆရာဖြစ်န ခန့်ဟှားသူဖြစ်ဟှယ် ဆိုဇာဟှာ မုသားစကားဟို့ ပြောဟူဇာမူဘဲ မှန်ဟူ
စကားဟို့ ပြောဟူ ဇာဖြစ်ဟှယ်။
8 အယ်မျိုးဖြစ်ကြောန့် နေရာတိုင်းမာ ယော့-က်ကျားလေဟှာ စိဆိုးဟူဇာ၊ ငြင်းခုံဟူ
ဇာမ့ေဘဲ သန်ရှင်းဟူ လတ်ဟို့ ချီဘီးဟှာ ဆုတောန်းဂေ့ဟို့တွပ် ငါလိုရှင်ပါဟှယ်။
9 အယ်မျိုးဘဲ့ မီးမလေလည်း ဆန်းဗန်ဟို့ လှဆင်ဟူ ဇာလေ၊ ရွှေတန်ဆာလေ၊
ကွလော့-က်မြတ်ပုလဲလေ၊ ဖိုးကီးဟူ ဝတ်စားလေန ကိုယ့်ကိုယ်ကိုယ် ဆင်ဘဲန
ယှစ်ကြော့-က်ရှင်း၊ ဂ္ဂန္ဒြေစောန့်ရှင်းအားဖြင့် တင့်တယ်ဟူ ဝတ်န
10 ဘုရားသခင်ဟို့ ရိုသေကြည်ညိုမူ ရှိမယ် ဆိုဘီး ဝန်ခံ ဂဒိပြုဟူ မီးမလေ
ဆင်သင့်ဟူတိုင်း ကောန်းဟူ ကျင့်အားဖြင့် ကိုယ့်ကိုယ်ကိုယ် တန်ဆာဆင်ဟို့တွပ်
ငါလိုရှိပါဟှယ်။
11 မီးမလေဟှာ ရာရာမာ နာခံမူရှိဘီး တိတိဆိုဆိုဟှား သန်ယူပါစေ။
12 မီးမလေဟှာ သွန်သန်ပေးဟူဇာန ယော့-က်ကျားလေဟို့ စိုးတရပြုဟူ ခွမ့်ဟို့
ငါပေးဟှ။ မီးမလေဟှာ တိတိဆိုဆို နေရမယ်။
13 ဖြားဖြစ်ကြောန့်နူးဆိုဟှာ အာဒံဟို့ ပထမဆောင်း ဖန်ဆင်းဘီးန ဧဝဟို့
ဖန်ဆင်းတော်မူဟှယ်။
14 နော့-က်ဘီး အာဒံဟှာ လှည့်ဇားဇာဟို့ ခံဟှ။ မီးမလေဟှဘဲ့ လှည့်ဇားဇာဟို့ ခံဘီး
ဘုရားသခင်ရဲ့ ပညတ်တော်ဟို့ ခွလိုးဖော့-က်ဟှယ်။
15 အယ်ဘေမဲ့လည်း မီးမလေဟှာ ဂ္ဂန္ဒြေစောန့်ရှင်း၊ ယောင်ကြည်ရှင်း၊ ရှစ်ရှင်း၊
သန်ရှင်းရှင်းန ဆစ်ဘီးဟှာ ရှိနေမယ်* ဆိုဟှာ သားမီးလေ ရှိရှင်းအားဖြင့်

2:7 ၂.၃ ၂ တိ ၁.၁၁ **2:9 ၂.၉** ၁ ပေ ၃.၃ * **2:15 ၂.၁၅** ဆစ်ဘီးဟှာ ရှိနေမယ်၊ အယ်မျိုးမူဘဲနေဟှာ သားမီးဟူ မူအားဖြင့် ကယ်တန်ရှင်း ခံရလေ့မယ်။

ကယ်တန်ရှင်း ခံရလေ့မယ်။†

3

သင်းထော့-က်လေကြောန်း

1 သင်းအောက်ရာဟို့ မျော်လင့်ဟူသူဟာ ကောန်းဟူမှုရာဟို့ လိုလားတောန်းတဟူသူ
ဖြစ်ဟုယ် ဆိုဟူစကားဟာ မှန်ဟူသစ်စာစကား ဖြစ်ဟုယ်။
2 အယ်ကြောန့် သင်းအောက်ဟာ ပြစ်တန်ခွမ့်န လွတ်ကင်းရမယ်။ သူဟာ
မယားတယော့-က်ဘဲ့ ရှိရမယ်။* သမ္မာဒိရှိသူ၊ ဣန္ဒြေစောန့်သူ၊ လျောက်ပတ်အောန်
နေထိုင်ကျင့်ကြံသူ၊ ဧည့်ဝတ်ကျေသူ၊ ဆောင်းမဩဝါဒပေးနိုင်သူ ဖြစ်ရမယ်။
3 သော့-က်တတ်စားတတ်ဟူသူ၊ သူများဟို့ ကိုယ်ထိလတ်ရော့-က် စော်ကားဟူသူ၊
စင်ကြယ်ဘဲဟူ စီးပွားဟို့ တတ်မတ်ဟူသူမူဘဲ၊ နူးညံ့သိမ်မွေ့ဘီး ရန်လိုဘဲန ကပ်ဟို့
တတ်မတ်ရှင်း မှေ့ဘဲဟူသူ၊
4 ကိုယ့်ရဲ့အီထောန် မိသားစုဟို့ ကောန်းကောန်းမွန်မွန် အောက်ချောက်ဘီး
သမ္မာဒိရှိရှိန ကိုယ့်သားမီးလေဟို့ ဆောင်းနိုင်ဟူသူ ဖြစ်ရမယ်။
5 ကိုယ့်ရဲ့ အီထောန်ဟို့ ကောန်းကောန်းမွန်မွန် အောက်ချောက်နိုင်ဘဲသူဟာ
ဘုရားသခင်ရဲ့ သင်းတော်ဟို့ ဖယ်မျိုး ပြုစုဘီး အောက်ချောက်နိုင်မယ်နူး။
6 သူဟာ ယောင်ကြည်ခါစ လူသစ်ဖြစ်ရဟု။ အယ်မျိုးမူဘဲနေဟာ ကိုယ့်ကိုယ်ကိုယ်
ဘဝင်မြင့်ဘီး မာရ်နတ်နတူးဒူ ပြစ်ဒန်စီရင်မူထဲဟို့ ကွ်လခံရဟို့တွပ် စိုးရိမ်ဇာရှိဟုယ်။
7 ကဲ့ရဲ့ပြစ်တန်ခံရဘီး မာရ်နတ်ရဲ့ ထောန်ချော့-က်ထဲဟို့ ကွ်လရော့-က်ဘဲနေဟို့တွပ်
သင်းတော်ပ့လန်ရဲ့ သိုင်းဝိုင်းမာလည်း အသရေရှိဟူ သူဖြစ်န သိမှတ်ပြုခံရဟူ
သူဖြစ်ရမယ်။

သင်းထော့-က်လူဂီးလေကြောန်း

8 အယ်မျိုးဘဲ့ သင်းထော့-က်လေလည်း တည်းတည်ကြည်းကြည်းန
နေဟူသူဖြစ်ရမယ်။ လျာနှေ့ခွရှိဟူသူ၊ သော့-က်စား မောယစ်တတ်ဟူသူ၊
ကပ်မတ်မားလေမူဘဲန
9 ကိုယ့်ကိုယ်ကိုယ် သိဟူစိ ကြည်လင်ဘီးဟာ ယောင်ကြည်ရှင်းရဲ့ လျှို့ဝှပ်နတ်နဲဟူ
ရာလေဟို့ စိစွဲလမ်းဟူသူ ဖြစ်ရမယ်။
10 သူးန့်လေဟာ ရင်ဦးဆောင်း စစ်ဆေးခံဘီးမှ ပြစ်တန်ခွမ့်နလွတ်ဟာ
သင်းထော့-က်မူဟို့ လောက်ဆောန်ပါစေ။
11 သူးန့်လေရဲ့ မယားလေဟာ† တည်းတည်ကြည်းကြည် နေဟူသူ ဖြစ်ရမယ်။
ဂူးတိုက်ဟူသူ၊ သူများချင်းပြောဟူသူ ဖြစ်ဘဲန ရှိမျှဂူလောင်းမာ သစ်စာရှိဟူသူ
ဖြစ်ရမယ်။

---

† **2:15 ၂.၁၅** သားမီးလေ ရှိရှင်းအားဖြင့် ကယ်တန်ရှင်း ခံရလေ့မယ်၊ အယ်မျိုးမူဘဲနေဟာ သားမွီးဟူ မူအားဖြင့်
ကယ်တန်ရှင်း ခံရလေ့မယ်။ **3:2 ၃.၂-၇** တိ ၁.၆-၉ * **3:2 ၃.၂** မယားတယော့-က်ဘဲ့ ရှိရမယ်၊
အယ်မျိုးမူဘဲနေဟာ တခါဘဲ့ လတ်ထပ်ရမယ်။ † **3:11 ၃.၁၁** သူးန့်လေရဲ့ မယားလေဟာ၊ အယ်မျိုးမူဘဲနေဟာ
ကူညီမဇဟူ မီးမလေ။

12 သင်းထော့-က်လူဂီးလေဟှာ မယား တယော့-က်ဘဲ့ ရှိရမယ်။‡ ကိုယ့်သားမီးလေန
အီထောန်ဟို့ ကောန်းကောန်း စီမံအောက်ချောက်နိုင်ဟူသူ ဖြစ်ရမယ်။
13 ဖြားဖြစ်ကြောန့်နူးဆိုဟှာ သင်းထော့-က်လောက်ဟို့ ကောန်းကောန်း
လောက်ဆောန်ဟူသူဟှာ ကိုယ့်တွပ် ကောန်းဟူ ဂေါင်သရေဟို့ ရဘီးဟှာ
ယေရှုခရစ်တော်ဟို့ ယောင်ကြည်ဟူ ရာမာလည်း ရဲရင့်ရှင်းဟို့ ရလေဟှယ်။

နတ်နဲပ်ဟူဇာလေကြောန်း

14 ငါ အယ်စာဟို့ ရေးရဟူဇာဟှ နန့်နားဟို့ ဗြန်းဗြန်လာဟို့တွပ် မျော်လင့်ဟူလည်းဘဲ့
15 နော့-က်ကူလနေမယ် ဆိုဟှာ နန်ဟှာ ဘုရားသခင်ရဲ့ အီတော်မာ ဖယ်မျိုး ကျင့်ကြံ
လောက်ဆောန်ရမယ် ဆိုဇာဟို့ သိရဟို့တွပ် အယ်စာဟို့ ငါရေးဘီး
ပေးလိုက်ဟူဇာဖြစ်ဟှယ်။ အယ်အီတော်ဟှ သတ်ရှင်တော်မူဟူ ဘုရားသခင်ရဲ့
သင်းတော်ဖြစ်ပါဟှယ်။ အယ်သင်းတော်ဟှ သမ္မာတရားရဲ့ မှီတကဲဖြစ်ဟူမျိုး
သမ္မာတရားရဲ့ မဏ္ဍိုင်လည်း ဖြစ်ပါဟှယ်။
16 မှန်ဟူကိုးကွယ်မှုရဲ့ နတ်နဲပ်ဟူရာဟှာ ရရာတိုင်း ကီးမြတ်ဟှယ် ဆိုဇာဟို့
ဂြင်းခူလောက်ဇာကြောန်း မှေ့ဟှ။
ကိုယ်တော်ဟှာ လူကိုယ်ခန္ဓာအားဖြင့် ထန်ရှားတော်မူဘီ။
မှန်ကန်ဟှယ် ဆိုဇာဟို့ ဝိညာဉ်တော်အားဖြင့် ထန်ရှားစေတော်မူဘီ။§
ကောန်းဂန်တမန်လေဟှာ ကိုယ်တော့်ဟို့ ရှုဖြင်ရဂေ့ဘီ။
လူမျိုးခြားလေဟှာ ဒန်းကောန်းကြေညာဇာဟို့ ကြားဂေ့ရဘီ။
လောကသားလေဟှာ ကိုယ်တော်ဟို့ ယောင်ကြည်ဂေ့ဘီ။
ကိုယ်တော်ဟှာ ဖောင်းသရေတော်နတူးဒူ ကောန်းဂန်ဘောင်ဟို့ ဆောန်ယူဟူဇာဟို့
ခံတော်မူဘီ။

4

ဆရာတုယောန်လေကြောန်း

1 နော့-က်လာမယ့် ခီကာလလေမာ လူတချို့ဟှာ လှည့်ဇားတတ်ဟူ ဝိညာဉ်လေန
နတ်ဆိုးလေရဲ့ သွန်သန်ချစ်လေဟို့ အာရောင်စိုက်ဘီး ယောင်ကြည်မှုဟို့
စွန့်ခွာဂေ့လေ့မယ် ဆိုဇာဟို့ ဝိညာဉ်တော်ဟှာ ရှင်းရှင်းလန်းလန်း ဖော်ပြဟှားပါဟှယ်။
2 ကိုယ့်ကိုယ်ကိုယ် သိဟူစိဟို့ သံပူန ခတ်ခံရဟူမျိုး လှည့်ဇားတတ်ဟူ သူလေရဲ့
လျှို့ဝှပ်ရှင်းအားဖြင့် အယ်မူသြဝါဒလေဟို့ အားပေးဂေ့ဟှယ်။
3 သူးနို့လေဟှာ အီထောန်ပြုဟူဇာဟို့ တားမြစ်ဘီးဟှာ ယောင်ကြည်ဘီး
သမ္မာတရားဟို့ သိဟူသူလေဟှာ ကျေးဇူးတော်ဟို့ ချီးမွမ်းဘီး စားသောင်းဟို့တွပ်
ဘုရားသခင် ဖန်ဆင်းဟှားဟူ ဇာလေဟို့ ရှောန်ရမယ် ဆိုဘီး ပညတ်ဟှားလေ့မယ်။

---

‡ **3:12 ၃.၁၂** မယား တယော့-က်ဘဲ့ ရှိရမယ်၊ အယ်မျိုးမူဘဲနေဟှာ တခါဘဲ့ လတ်ထပ်ဟှားဟုယ်။ § **3:16 ၃.၁၆** မှန်ကန်ဟှယ် ဆိုဇာဟို့ ဝိညာဉ်တော်အားဖြင့် ထန်ရှားစေတော်မူဘီ၊ အယ်မျိုးမူဘဲနေဟှာ ဝိညာဉ်ပေါင်ဇံထဲမာ မှန်ကန်ဟှယ် ဆိုဇာဟို့ ထန်ရှားစေတော်မူဟှယ်။

4 ဘုရားသခင် ဖန်ဆင်းဟ့ားဟ့ူ ဇာလေရှိဟ့ူမျှဟ့ာ ကောန်းဟ့ူကြောန့်
ကျေးဇူးတော်ဟ့ို ချီးမွမ်းဘီး ခံယူမယ် ဆိုဟ့ာ ဖယ်ဇာဟ့ိုလည်း ပစ်ပယ်ဇာလိုဟ့။
5 ဖြောဖြစ်ကြောန့်နူးဆိုဟ့ာ ဘုရားသခင်ရဲ့ စကားအားဖြင့်ရော၊ ဆုတောန်းရှင်း
အားဖြင့်ရော အယ်မူဇာလေဟ့ာ စင်ကြယ်ဟ့ားကြောန့် ဖြစ်လေဟ့ယ်။

ယေရှုခရစ်တော်ရဲ့ စေခံကောန်းကြောန်း

6 အယ်ကြောန်းရာလေဟ့ို ညီကို မောန်နှမလေဟ့ို ကြားပြောမယ် ဆိုဟ့ာ နန်ဟ့ာ
ကိုယ်လိုက်နာဟ့ူ ယောင်ကြည်ရှင်းန မှန်ကန်ဟ့ူ ယူဝါဒရဲ့ ပြုစုပျိုးထောန်ဇာခံရဟ့ူ
ယေရှုခရစ်တော်ရဲ့ စေခံကောန်းတယော့-က် ဖြစ်လေ့မယ်။
7 အယ်ဘေမဲ့ မီးမအိုပြောတတ်ဟ့ူ၊ တရားမ့ေဘဲဟ့ူ ဒဏ္ဍာရီစကားလေဟ့ို
ရှောန်ရှားဘီး ဘုရားဝတ်မာ ပျော်မွေ့ရှင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ပေးပါ။
8 ကိုယ်ကာယနဆိုင်ဟ့ူ လေ့ကျင့်မှုဟ့ာ ကျိုးနဲနဲဟ့ားဘဲ့ ရဟ့ူလည်းဘဲ့ ဘုရားဝတ်န
မွေ့လျော်ရှင်းဟ့ု ခုဘဝ၊ နော့-က်ဘဝန စပ်ဆိုင်ဇာဟ့ူ ဂဒိတော်ဟ့ို ခံစားရဟ့ယ်။
9 အယ်မူစကားဟ့ာ သစ်စာစကားဖြစ်ဘီး ကြွင်းမဲ့ယောင်ကြည်ထိုက်ဟ့ူ
စကားလည်းဖြစ်ဟ့ယ်။
10 အယ်ကြောန့် နို့လေဟ့ာ အယ်မူကျိုးဟ့ို မျှော်လင့်ဟ့ူကြောန့် ကြိုးစားအားထုဘီး*
လောက်ဆောန်ဂ့ေဟ့ယ်။ ဖြောဖြစ်ကြောန့်နူးဆိုဟ့ာ လူလေ ဂူလောင်းရဲ့ ကယ်တန်ရှင်
ထူးသဖြင့် ယောင်ကြည်သူလေရဲ့ ကယ်တန်ရှင်ဖြစ်ဟ့ူ၊ သတ်ရှင်တော်မူဟ့ူ
ဘုရားသခင်ဟ့ို နို့လေ ကိုးစားဟ့ူကြောန့် ဖြစ်ဟ့ယ်။
11 အယ်မူဇာလေဟ့ို ညွှန်ကြားဘီး ဆောန်းမဩဝါဒပေးပါ။
12 နန့်ရဲ့ သတ်ရွယ်နုပျိုဟ့ူ ဇာဟ့ို ဖယ်သူဟ့ာလည်း ထီမဲ့မြင်ပြုစေန။
စကားပြောဆိုဟ့ူဇာ၊ ကျင့်ကြံနေထိုင်ဟ့ူဇာ၊ သူတပါးဟ့ို ရှစ်ဟ့ူဇာ၊
ဝိညာဉ်သဘောရှိဟ့ူဇာ၊ သစ်စာစောန့်ဟ့ူ ဇာလေန သန့်ရှင်းဟ့ူ ဇာလေဟ့ို
ယောင်ကြည်သူလေရှေ့မာ ပေါင်သတ်သေဖြစ်စေပါ။
13 ငါလာဟ့ူ ခီထိ ကျမ်းစာဖတ်ရှင်း၊ တိုက်တွန်း သွီးဆောန်ရှင်း၊ ဆောန်းမ
ဩဝါဒပေးရှင်းလေဟ့ို ကြိုးစားဘီး လောက်ဆောန်ပါ။
14 သင်းတော်ကြီးကဲလေဟ့ု လတ်တန်မင်္ဂလာပေးဘီး ပရောဖက်ပြု
ဟောပြောဟ့ူဇာအားဖြင့် နန်ဟ့ို ပေးအပ်ဟ့ားဟ့ူ ဆုကျေးဇူးလေဟ့ို လျစ်လ့ျူရှုန။
15 နန့်ရဲ့ တိုးတတ်မှုဟ့ာ လူလေရှေ့မာ ထန်ရှားဟ့ို့တွပ် အယ်မူ မှုရာလေဟ့ို
စိစွဲလန်းဘီး ကြိုးစားအားထုပါ။
16 ကိုယ့်ရဲ့ ဆောန်းမဩဝါဒန ကိုယ့်ကိုယ်ကိုယ် ဒိပြုဘီး မြဲတည်အောန်နေပါ။
အယ်မျိုးပြုဟ့ယ် ဆိုဟ့ာ နန့်ကိုယ်နန်လည်း ကယ်တန်ဘီး နားထောန်ဟ့ူ
သူလေဟ့ိုလည်း ကယ်တန်လေ့မယ်။

---

* **4:10 ၄.၁၀** ကြိုးစားအားထုဘီး၊ တချို့ မူရင်းလတ်ရေးမူလေမာ ပုတ်ခတ်ပြောဆိုဂ့ေဟ့ယ်၊ ဆိုဘီး ပါရှိဟ့ယ်။

5

ယောင်ကြည်သူလေတွပ် တာဝန်လေကြောန်း

1 သတ်ကီးဟူသူဟို ပြစ်တန်ဘီး ဆောန်းမရှင်းဟို ပြုဘဲန ကိုယ့်ရဲ့ဖဟူမျိုး
သဘောထားဘီး တောန်းဗန်ပါ။ ကိုယ့်ထတ်သတ်ငယ်သူဟို ညီတယော့-က်ဟူမျိုး၊
2 ကိုယ့်ထတ်သတ်ကီးဟူ မီးမလေဟို ကိုယ့်မိဟူမျိုး၊ ကိုယ့်ထတ်သတ်ငယ်ဟူ
မီးမလေဟို ဖ့လူစင်သန့်ရှင်းဟူစိန ကိုယ့်ညီမဟူမျိုး သဘောထားဘီး နှိုးဆော်ပါ။
3 မောက်ဆိုးမ တကယ်ဖြစ်ဟူ မောက်ဆိုးမလေဟို ရိုသေဂေ့ပါ။
4 အယ်ဘေမဲ့ မောက်ဆိုးမ ယော့-က်ယော့-က်မာ သားမ့လေးရှိဟုယ် ဆိုဟှာ အယ်မူ
သားမ့လေးလေဟှာ ဘာသာရေး ကျင့်ဝတ်ဖြစ်ဟူ ကိုယ့်ရဲ့ မိသားစုဟို ပြုစုဟူဇာန
မိဖဖိုးဖွားလေဟို ကျေးဇူးဆပ်ဟို့တွပ် ရင်ဦးဆောင်း သန်ယူပါစေ။ အယ်မျိုး
လောက်ဟူမှုဟှာ ဘုရားသခင် ရှေ့တော်မာ နှစ်သက်တော်မူဟူ မူဖြစ်ဟုယ်။
5 မောက်ဆိုးမ တကယ်ဖြစ်ဘီး တယော့-က်ဒဲ ကျန်ရစ်ဟူ မီးမဟှာ ဘုရားသခင်ဟို
မျော်လင့်ကိုးစားဘီး နေညဉ့်မပြတ် ဆုတောန်းရှင်းအားဖြင့် တည်နေတတ်ဟုယ်။
6 ပျော်ပါးလိုက်စားဟူ မောက်ဆိုးမဟှာ သတ်ရှင်ရဲ့နေ သေနေဟူ မျိုးဘဲ့ဖြစ်ဟုယ်။
7 အယ်ကြောန့် အယ်သူလေ ပြစ်တန်ခွမ့်နေ လွတ်ကင်းဟို့တွပ် အယ်ရာလေဟို
ညွန်ကြားပါ။
8 ကိုယ့်ဆွေမျိုးလေဟို ပြုစုဘဲဟူသူ ထူးသဖြင့် ကိုယ့်ရဲ့ အီသူအီသားလေဟို
ပြုစုဘဲဟူသူဟှာ ယောင်ကြည်ရှင်း တရားဟို ငြင်းပယ်သူ ဖြစ်ဟူကြောန့်
ယောင်ကြည်ဘဲဟူ သူလေထတ် ပိုဘီး ဆိုးယုတ်လေဟုယ်။
9 မောက်ဆိုးမ တယော့-က်ဟှာ သတ်ခြော့-က်ဆယ် ပ့လွဲသေးဟှ ဆိုဟှာ
မောက်ဆိုးမ စာရင်းဝမ်စေန။ အယ်မီးမဟှာ တခါဘဲ့ လတ်ထပ်ဟှားဘီး၊*
10 ကောန်းဟူကျင့်ဟို ကျင့်ဟူသူ၊ အသရေရှိဟူသူ၊ သားဂန်းဟှားလေဟို
ကျွေးမွေးဟူသူ၊ ဧည့်သယ်ဝတ်ဟို ပြုဟူသူ၊ သန့်ရှင်းသူလေဟို ကူညီမဇဟူသူ၊
ဆင်းရဲသားလေဟို လောက်ကျွေးဟူသူ၊ ကောန်းဟူ မူရှိဟူမျှလေမာ
ကြိုးစားလောက်ဆောန်မှုဟို ပြုဖူးဟူသူ ဖြစ်ဟုယ် ဆိုဟှာ မောက်ဆိုးမ စာရင်းဝမ်စေ။
11 သတ်ငယ်ဟူ မောက်ဆိုးမလေဟို စာရင်းသွမ်းန။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ
သူးနို့လေဟှာ ကိုယ့်ရဲ့ လိုဆန့ဒဟို ထီးနိုင်ဘဲဟူ ခီမာ အီထောန်ပြုရှင်ဟူစိ
ရှိလာဟူကြောန့် ခရစ်တော်ဟို ဥပေက္ခာပြုဘီး၊
12 ရင်းရင်ဒူးဟှ ပြုဟှားဟူ သစ်စာဟို ဖျစ်ဟူကြောန့် ပြစ်စီရင်ရှင်းဟို ခံရလေ့မယ်။
13 နော့-က်ဘီး အီနအီ လည်ဘီးဟှာ ပျင်းကိုးဟူစိ ရှိလာတတ်ဟုယ်။ အယ်မျိုး
ပျင်းကိုးဟူနမကဘဲ သူများချင်းပြောဘီး ကိုယ့်န ဆိုင်ဘဲဟူ သူတပါး ကိစလေမာ
ဝမ်ရောနှောတတ်ဟုယ်။

---

* **5:9 ၅.၉** တခါဘဲ့ လတ်ထပ်ဟှားဘီး၊ အယ်မျိုးမူဘဲနေဟှာ လန်ဟို သစ်စာရှိဟူ မီးမ။

14 အယ်ကြောန့် သတ်ငယ်ဟူ မောက်ဆိုးမလေဟှာ အီထောန်ပြုသားမွီးဘီး
အီမူကိစဟို့ စီမံကွပ်ကဲဘီး ရန်သူဟို့ ကဲ့ရဲ့ပြစ်တန်ဟူခွမ့် ပေးဘဲနေဟို့တွပ်
ငါလိုရှင်ပါဟုယ်။
15 ဖြားဖြစ်ကြောန်နှုးဆိုဟှာ တချို့ မောက်ဆိုးမလေဟှာ လမ်းလွဲဘီး
စာတန်နေ့-က်ဟို့ လိုက်ဟှားဂေ့ဟူကြောန့် ဖြစ်ဟုယ်။
16 ယောင်ကြည်ဟူမီးမ တယော့-က်ယော့-က်မာ ဆွေမျိုးတော်စပ်ဟူ
မောက်ဆိုးမလေ ရှိဟုယ် ဆိုဟှာ သင်းတော်တွပ် ဝန်ထောက်ဝန်ဘိုးလေ
ဖြစ်ဘဲနေအောန် သူကိုယ်တိုင် ကူညီစောန့်ရှော့-က်ပေး ရမယ်။ အယ်မျိုးဆိုဟှာ
အားကိုးရာမဲ့ဟူ မောက်ဆိုးမလေဟို့ သင်းတော်ဟှ ပြုစုကျွေးမွေးနိုင်လေ့မယ်။
17 ကောန်းကောန်းမွန်မွန်ဟှား အောက်ချောက်ဟူ သင်းအောက်လေ ထူးသဖြင့်
တရားဟောရှင်း၊ ဆောန်းမ သွန်သန်ရှင်းဟို့ ကြိုးစားဘီး လောက်ဆောန်ဟူ သူလေဟှာ
လူနှေ့ဆဟို့ ခံထိုက်ဟုယ် ဆိုဘီး မှတ်ယူအပ်ဟုယ်။
18 ဖြားဖြစ်ကြောန်နှုးဆိုဟှာ ကျမ်းစာဟှ “ဗာနန်းဟူ နွားရဲ့ ဇပ်ပေါ့-က်ဟို့
ချောက်တီးန” ဆိုဟူဇာန “လောက်လောက်ဟူ သူဟှာ လောက်ခဟို့ ရထိုက်ဟုယ်”
ဆိုဘီး ဖော်ပြဟှားကြောန့် ဖြစ်ဟုယ်။
19 သတ်သေခံ နှေ့ယော့-က်၊ သောင်းယော့-က် မှေ့ဘဲနေဟှာ သင်းအောက်ဟို့
ပြစ်တန်စွပ်စွဲရှင်းဟို့ လတ်ခံန။
20 ကျန်ဟူ သူလေလည်း ကြော့-က်ရွံ့မှရှိဟို့တွပ် ပြစ်လောက်ဟူ သူလေဟို့
လူလေရှေ့မာ ဆောင်းမပါ။
21 နန်ဟှာ အယ်မူဇာလေဟို့ ခွဲခြားရှင်းမှေ့ဘဲ စောန့်ရှော့-က်ဘီးဟှာ ဖြားဇာဟို့မှ
ဘက်လိုက်ဘဲန လောက်ဟို့တွပ် ဘုရားသခင်န ယေရှုခရစ်တော် ရှေ့မာရော၊
ဝီးကော့-က်ခံရဟူ ကောန်းဂန်တမန်လေ ရှေ့မာရော ငါနန့်ဟို့ လေးလေးနတ်နတ်ဟှား
တိုက်တွန်းပါဟုယ်။
22 ဖယ်သူလေရဲ့ ထတ်မာဘဲ့ဖြစ်ဖြစ် လတ်ဟို့ ဗြန်းဗြန်တန်န။ တခြားသူလေရဲ့
ပြစ်နှိုက် ဆစ်ဆံန။ ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းစင်ကြယ်အောန် စောန့်ရှော့-က်ပါ။
23 နန့်ရဲ့ စာအီန ခါဘီးခါ ဖြစ်တတ်ဟူ ဖျားနာမှုလေကြောန့် ရေဟို့ လော့-က်ဘဲ့
သော့-က်ဘဲန ပိုင်နဲနဲဟို့လည်း သောင်းဆောန်ပါ။
24 တချို့လူလေရဲ့ ပြစ်လေဟှာ တရားစီရင်ခန်ဟှ သိသာထန်ရှားတတ်ဟုယ်။
တချို့လူလေရဲ့ ပြစ်လေဟှာလည်း နော့-က်မှဘဲ့ ထန်ရှားတတ်လေဟုယ်။
25 အယ်မျိုးဘဲ့ တချို့သူလေရဲ့ သုစရိုက်ဟှာ သိသာထန်ရှားတတ်ဟုယ်။
ထန်ရှားသေးဘဲဟူ သုစရိုက်ဟို့လည်း ဖောင်းကွယ်ဘီး ထားနိုင်ဟှ။

6

1 ဘုရားသခင်ရဲ့ နာမတော်န တရားတော်ဟို့ ကဲ့ရဲ့ခံရဘဲနေအောန် စေခံဟူ
ကျွန်ထမ်းဘိုးအော့-က်မာ ရှိဟူသူလေဟှာ ကိုယ့်ရဲ့ သခင်လေဟို့ ပ့ုလဲ့ပ့ုလဲ့ဝဝ

5:18 **၅.၁၈** မ ၁၀.၁၀; လု ၁၀.၇

ရှိသေထိုက်ဟူသူ ဖြစ်ဟုယ် ဆိုဘီး မှတ်ယူဂေ့ပါ။
2 ကိုယ့်ရဲ့သခင်ဟာ ယောင်ကြည်သူ ဖြစ်ဟုယ် ဆိုဟာ သူးနို့လေဟာ ညီကို
မောန်နမလေဘဲ့ ဖြစ်ဟုယ် ဆိုဘီး ထီမဲ့မြင်လောက်ဘဲန ပိုကောန်းအောန် စေခံဂေ့ပါ။
ဖြားဖြစ်ကြောန်နူးဆိုဟာ ကောန်းကောန်းစေခံရှင်းရဲ့ကျိုးဟို့ ခံစားရဟူသူဟာ
ကိုယ်ရှစ်ရဟူ ယောင်ကြည်သူလေ ဖြစ်ဟူကြောန့် ဖြစ်ဟုယ်။ နန်ဟာ အယ်မူဇာလေဟို့
သွန်သန်ဘီး တိုက်တွန်းနှိုးဆော်ပါ။

ဆရာတုယောန်လေန စစ်မှန်ဟူ စည်းဇိမ်ကြွယ်ဝရှင်းကြောန်း

3 ခြားနားဟူ ယူဝါဒဟို့ သန်ပေးဘီး နို့လေရဲ့ သခင်ယေရှုခရစ်ရဲ့
မှန်ကန်ပုလဲ့ဇောင်ဟူ တရားစကားန ဘုရားဝတ်မာ မွေ့လျော်ရှင်းန ဆိုင်ဟူ
သွန်သန်ရှင်းလေဟို့ လိုက်နာဘဲနေဟူသူဟာ
4 ဘဝင်မြင့်ဘီး ဖယ်ဇာဟို့လည်း နားလည်ဘဲ ဂြင်းခူလော့-က်ဟူဇာန စကားလောင်း
သောင်းနှုံးထတ်မာဘဲ့ အာရောင်စိုက်ဘီး ဂြင်းခူလောက်ဟို့တွပ်ဘဲ့ စွဲလမ်းနေသူ
ဖြစ်ဟုယ်။ အယ်ပြမူကြောန့် နာလိုမူးထားဟူ ဇာလေ၊ ငြင်းပွားတတ်ဟူ ဇာလေ၊
စော်ကားတတ်ဟူ ဇာလေ၊ ဆိုးဝါးဟူ သံသယစိဖြစ်ဟူ ဇာလေဟို့ဘဲ့ ဖြစ်စေတတ်ဟုယ်။
5 အယ်မျိုး စိန္နလောင်းယိုယွင်းဘီး သမ္မာတရားဟို့သိဘဲ ဘုရားဝတ်မာ
မွေ့လျော်ဟူဇာဟု ရရာတိုင်း ကီးဟူ ကျိုးစီးပွားဘဲ့ ဖြစ်ဟုယ် ဆိုဘီး ထန်တတ်ဟူ
လူလေကြားမာ ပီးဆောင်းနိုင်ဘဲဟူ ဂြင်းခူမူလေဟို့ ဖြစ်စေတတ်ဟုယ်။
6 ရောင့်ရဲဟူစိ ရှိမယ် ဆိုဟာ ဘုရားဝတ်မာ မွေ့လျော်ရှင်းဟု ကီးမားဟူ
ကျိုးစီးပွားဘဲ့ ဖြစ်ဟုယ်။
7 ဖြားဖြစ်ကြောန်နူးဆိုဟာ နို့လေဟာ အယ်လောကထဲဟို့ ဖယ်ဇာဟို့လည်း
ယူလာဟို့ရဘဲဟူမျိုး ထွပ်ဟူ ခီမာလည်း ဖယ်ဇာဟို့လည်း ယူဟူးနိုင်ဂေ့ဟု။
8 အယ်မျိုးဖြစ်ကြောန့် နို့လေဟာ စားဇာန ဝတ်ဇာရှိဟုယ် ဆိုဟာ ရှိဟို့မျှန
ကျေနပ်ရောင့်ရဲဂေ့ဇို့။
9 ကြွယ်ဝရှင်းဟူ သူလေဟာ ပြစ်သွီးဆောန်ရှင်းဟို့ ခံရဘီး မိုက်မဲဖျစ်ဆီးတတ်ဟူ
တတ်မတ်မူလေရဲ့ ထောန်ချော့-က်ထဲဟို့ ကွ်လရော့-က်တတ်ဂေ့ဟုယ်။
အယ်မျိုးအားဖြင့် လူလေဟာ ကျိုးနဲရှင်းလေ၊ ပျစ်စီးရှင်းလေနဘဲ့
နစ်မွန်းတတ်ဂေ့ဟုယ်။
10 ဖြားဖြစ်ကြောန့်နူးဆိုဟာ ကပ်မတ်ရှင်းဟာ ကောန်းဘဲဇာလေ ဂူလောင်းရဲ့
ရင်းမြစ်ဖြစ်ဟုယ်။ လူတချို့ဟာ ကပ်ဟို့ မတ်ဂေ့ဟူကြောန့် ယောင်ကြည်ရှင်း
လမ်းဟုနေ လွဲဟုားဘီး ပူပန်ရှင်း ဝေဒနာလေန ကိုယ့်ကိုယ်ကိုယ် ထိုးဖော့-က်ဘီး
နာကျင်စေဂေ့ဘီ။

ကိုယ်ရေးကိုယ်တာ ညွှန်ကြားချစ်လေကြောန်း

11 အယ်မျိုးဖြစ်ဟူကြောင့် အို၊ ဘုရားသခင်ရဲ့လူ၊ နန်ဟာ အယ်မူဇာ ဂူလောင်းဟို့
ရှောန်ကြဉ်ဘီး ဖြောန်မတ်ရှင်း၊ ဘုရားဝတ်မာ မွေ့လျော်ရှင်း၊ ယောင်ကြည်ရှင်း၊
ရှစ်ရှင်း၊ သီးခံရှင်း၊ နူးညံ့သိမ်မွေ့ရှင်းလေဟို့ မှီအောန်လိုက်ပါ။
12 ယောင်ကြည်ရှင်းန ဆိုင်ဟူ ကောန်းဟူ တိုက်ပွဲဟို့ တိုက်ဘီး ထာဝရသတ်ဟို့
ရယူပါ။ နန်ဟာ အယ်မူသတ်တွပ် ဘုရားသခင် ခေါ်ယူတော်မူရှင်းဟို့ ခံရဘီး ရရာတိုင်း
များဟူ သတ်သေလေရှေ့မာ နန်ရဲ့ ယောင်ကြည်ရှင်းဟို့ ဝန်ခံလေဘီ။
13 ဂူလောင်းတွပ် သတ်ပေးတော်မူဟူ ဘုရားသခင် ရှေ့တော်မာရော၊ ပုန္တိပိလတ်ရဲ့
ရှေ့မာ သတ်သေခံဟူ ခီမာ ကောန်းဟူ ဝန်ခံချစ်ဟို့ ပေးတော်မူဟူ ယေရှုခရစ်
ရှေ့တော်မာရော နန့်ဟို့ ညွှန်ကြားဟူဇာဟု
14 နန်ဟာ နို့လေရဲ့ သခင်ယေရှုခရစ် ပေါ်ထွပ်လာဟူ ခီထိ အယ်ပညတ်လေဟို့
စွန်းထင်းကင်းဘီး ပြစ်တန်ဇာ မှေ့ဘဲနေအောင် စောန့်ထီးပါ။
15 မင်္ဂလာရှိတော်မူဟူ တပါးဒဲဟူသခင်၊ မန်းဂီးလေရဲ့ မန်းဂီး၊ သခင်လေရဲ့ သခင်
ဖြစ်တော်မူဟူ ဘုရားသခင်ဟာ ခီကာလရော့-က်ဟူ ခီမာ ကိုယ်တော့်ဟို့
ထန်ရှားပေါ်ထွပ် စေတော်မူလေ့မယ်။
16 ဘုရားသခင် တပါးဒဲဘဲ့ သေရှင်းန ကင်းတော်မူဟုယ်။ ကိုယ်တော်ဟာ
ဖယ်သူလည်း ချဉ်းကပ်နိုင်ဘဲဟူ လန်းရောန်ထဲမာ ကိန်းဝပ်တော်မူဟုယ်။ ကိုယ်တော့်ဟို့
ဖယ်သူလည်း မြင်ဖူးဘဲဟူမျိုး မြင်လည်းမြင်နိုင်ဟု။ ကိုယ်တော်ဟာ ဂေါင်တော်န
ထာဝရ ဖောင်းသရေတော် ရှိတော်မူပါစေ။ အာမင်။
17 အယ်လောကမာ ကပ်ပေါ်ဟူ သူလေဟာ မာန်မာနစိန ကင်းလွတ်ဘီး မြဲဘဲဟူ
စည်းဇိမ် အောက်စာလေဟို့ ကိုးစားဘဲန နို့လေခံစားဟို့တွပ် ရှိမျှဂူလောင်းဟို့
ကြွယ်ကြွယ်ဝဝ ပေးသနားတော်မူဟူ သတ်ရှင်တော်မူဟူ ဘုရားသခင်ဟို့
မျှော်လင့်ကိုးစားရဟို့ ကြောန်းန၊
18 သူတပါးဟို့ ကောန်းဟူမူဟို့ ပြုဘီး ကောန်းဟူ ကျင့်လေဟို့ ကျင့်ရှင်းအားဖြင့်
ကြွယ်ကြွယ်ဝဝ ရစ်ရစ်ရောရော ဝိဉ်ပေးကမ်းတတ်ဟို့တွပ် သူးနို့လေဟို့
ဆောန်းမသွန်သန်ပါ။
19 အယ်နည်းအားဖြင့် သူးနို့လေဟာ နော့-က်ဘဝတွပ် ခိုင်ခံ့ဟူ အုပြစ်ဖြစ်ဟူ
ဘဏ္ဍာဟို့ စုဆောန်းရာ ရော့-က်ဘီး စစ်မှန်ဟူ သတ်ဟို့ ရလေ့မယ်။
20 အို၊ တိမောသေ၊ နန်မာ ငါအပ်ပေးဟားဟူ ရာဟို့ စောန့်ရှော့-က်ပါ။ ဘုရားတရားန
ဆိုင်ဘဲ ကျိုးမွေ့ဘဲဟူ စကားလေန သိပညာဆိုဘီး မှားယွင်းဘီးခေါ်ဟူ
ကွဲလွဲဆန့်ကျင်ဟူ ရာလေဟို့ ရှောန်ရှားပါ။
21 တချို့လူလေဟာ သိပညာဟို့ ဝန်ခံ ပြုစုရှင်းအားဖြင့် ယောင်ကြည်ရှင်း
တရားလမ်းဟုနေ လွဲဟားဂေ့ဘီ။

ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟာ နန်းနို့လေ ဂူလောင်းနတူးဒူး ရှိဂေ့ပါစေ။

6:13 **၆.၁၃** ယော ၁၈.၃၇

၂ တိမောသေ
တိမောသေဟို့ ပေါလုရဲ့ ဒုတိယပေးစာ
နိဒါန်း

တိမောသေဟို့ ပေါလုရဲ့ ဒုတိယပေးစာ ဟာ တမန်တော် ပေါလုဟာနေ သူ့တဖဲ့
တိမောသေဟို့ ရေးဟာ်းဟူ ဒုတိယပေးစာ ဖြစ်ဟာ်။ အယ်ပေးစာဟာ ပေါလုရဲ့
ဘဝနိဂေါင်းချောက် ခါနီးမာ ရေးဟာ်းလေဟာ်။ သူဟာ အယ်ခီဒူးဟ ရောမဗြို့မာ
ထောန်ကၠလနေလေဟာ်(၁.၁၆)။ ပေါလုဟာ တိမောသေန ရင်းနှီးဟူ
ပေါန်းသင်းဆစ်ဆံမှုရှိဘီး သူ့ဟို့လည်း သားတယော့-က်ဖြစ် ခါဘီးခါ
ရည်ညွှန်းဟာ်းလေဟာ်(ဖိ ၂.၂၂: ၁ တိ ၁.၂: ၁.၁၈)။

အယ်ပေးစာဟာ သင်းတော်ဟို့ လိစာတပ်ဘဲန လူပေါက်ကိုဟို့ လိစာတပ်ဟာ်းဘီး
ပေါလုဟာနေပေးဟာ်းဟူ ပေးစာလေးစောန်ထဲဟ တစောန်ဖြစ်ဟာ်။ တခြားပေးစာ
သောင်းစောန်ဟ ၁ တိမောသေ၊ တိတုန ဖိလေမုန်ဖြစ်ဟာ်။ တိမောသေ
ဒုတိယပေးစာဟို့ ရေးဟူခီဟာ ရောမအင်ပါယာထဲမာရှိဟူ ခရစ်ယာန်လေဟို့
ညှဉ်းဆဲနေဟူ ခီဖြစ်လေဟာ်။ အယ်ပေးစာဟ ပေါလုဟာ ထောန်ကၠလနေဘီး
ခတ်ခဲမှုဟို့ သီးခံဟို့တွပ် တိမောသေဟို့ ညွှန်ကြားနေဟာ်ဆိုဘီး ယူဆနိုင်လေဟာ်။
တိမောသေ ပထမပေးစာမာမျိုးဘဲ့ ပေါလုဟာ ဆရာတုယောန်လေန ပတ်သတ်ဘီး
တိမောသေဟို့ ဘောင်ဂီးဒီပေးဟာ်းလေဟာ်(၁ တိ ၁.၁၆-၁၈)။ သူဟာ တိမောသေဟို့
ဆစ်ဘီးလည်း ခတ်ခဲဟူ ကာလဟာ ဖြစ်လာအူးမယ် ဆိုဘီး ပြောဟာ်းလေဟာ်(၃.၁)။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟာ တိမောသေဟို့ နှော့-က်ဆစ်ဟာ်းဘီးန (၁.၁-၂) သူ့ဟို့
အားပေးရှင်းအားဖြင့် စပြုဟာ်းဟူကြောန်း (၁.၃-၁၈)
၂။ သူဟာ တိမောသေဟို့ သီးခံဟို့တွပ် ညွှန်ကြားဟာ်းဟူကြောန်း (၂.၁-၁၃)
၃။ သူဟာ တိမောသေဟို့ ထွေထွေ ညွှန်ကြားချစ်တချို့ဟို့ ပေးဟာ်းဟူကြောန်း
(၂.၁၄-၂၆)
သူဟာ နာဂတ်မာ ဖြစ်ပျစ်လာဟို့ဇာန ပတ်သတ်ဘီး မှန်ဟူနည်းလမ်းန ခုခံနိုင်ဟို့တွပ်
သူ့ဟို့ ဒီပေးဟာ်းဟူကြောန်း (၃.၁—၄.၈)
၄။ ပေါလုဟာ တိမောသေတွပ် ပေါက်ကိုရေးန ဆိုင်ဟူ မှတ်ချစ်တချို့န
နိဂေါင်းချောက်ဟာ်းဟူကြောန်း (၄.၉-၂၂)

1 ယေရှုခရစ်တော်နှိုက်ရှိဟူ သတ်နဆိုင်ဟူ ဂဒိတော်တိုင်း ဘုရားသခင်ရဲ့
လိုတော်အားဖြင့် ယေရှုခရစ်ရဲ့ တမန်တော်ဖြစ်ဟူ ငါပေါလုဟာ —
2 ငါ့ချစ်ရဟူသား တိမောသေနားဟို့ စာရေးလိုက်ပါဟာ်၊

1:2 ၁.၂ တ ၁၆.၁

နို့လေရဲ့ ဖဖြစ်ဟူ ဘုရားသခင်နှ သခင်ယေရှုခရစ်တော်နားဟှ ကရုဏာတော်၊
ကျေးဇူးတော်နှ ငြိသတ်ရှင်းဟှာ နန့်မာ ရှိပါစေ။

ကျေးဇူးတော် ချီးမွမ်းရှင်းနှ အားပေးစကားကြောန်း

3 ငါဟှာ နေ့ရောညဉ့်ရော ဆုတောန်းဟူ ခီမာ နန့်ဟို့ မြဲဒမ်းဒိရဘီး ဘုရားသခင်ရဲ့
ကျေးဇူးတော်ဟို့ ချီးမွမ်းပါဟှယ်။ ငါဟှာ ငါ့ရဲ့ဘိုးဘေးလေမျိုး ကိုယ်တော်ရဲ့
မူတော်ဟို့ ကြည်လင်ဟူသိစိန လောက်ဆောန်ဟူသူ ဖြစ်ဟှယ်။
4 ငါဟှာ နန်မျစ်ရယ်က့လဟူဇာဟို့ အော့-က်မေ့ဒိရဟူကြောန့် ဝန်းသာဇာန
ပ့လဲ့ဝဟို့တွပ် နန့်နတိုနိုင်ဟို့ တောန်းတနေပါဟှယ်။
5 နန်ဟှာ နန်ရဲ့ဖွား လောကျန မိဖြစ်ဟူ ဥန်တ်လေမျိုးဘဲ့ ဟန်ဆောန်မူကင်းဟူစိန
ယောင်ကြည်ကြောန်းဟို့ ငါဒိရပါဟှယ်။ သူးနို့လေရဲ့ ယောင်ကြည်မူမျိုးဟှာ
နန့်မာလည်းရှိဟှယ် ဆိုဘီး ငါစိခ့လပါဟှယ်။
6 အယ်ကြောန့် ငါလတ်တန်ဟူ ဇာအားဖြင့် နန့်မာရှိဟူ ဘုရားသခင်ရဲ့
ဆုကျေးဇူးတော်ဟို့ ပ့လန်ဘီးလှဲ့ဆော်ဟို့တွပ် နန့်ဟို့ ငါဒိပေးပါဟှယ်။
7 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟှာ နို့လေဟို့
ကြော့-က်တတ်ဟူစိဟို့ ပေးဘဲန တဂိုးပါဟူစိ၊ ရှစ်တတ်ဟူစိ၊ ရှင်းလန်းဟူစိဟို့
ပေးတော်မူဟှယ်။
8 အယ်ကြောန့် နို့လေရဲ့ သခင်ဘုရားကြောန်းဟို့ သတ်သေခံဟူ ဇာဘဲ့ဖြစ်ဖြစ်၊
ခရစ်တော်တွပ် ကျဉ်းသားဖြစ်ဟူသူ နို့လေတွပ်ဘဲ့ဖြစ်ဖြစ် ယှစ်ကြော့-က်ဘဲန
ဘုရားသခင် ပေးတော်မူဟူ တဂိုးတော်ဟို့ ရဟူတိုင်း ကောန်းမြတ်ဟူ ဒန်းကောန်းတွပ်
ငါ့နတူးဒူ ဆင်းရဲဒေါက်ခဟို့ ခံပါ။
9 ဘုရားသခင်ဟှာ နို့လေကျင့်ဟူ ကျင့်ဟို့ ထော့-က်ထားတော် မူဘဲန
ရှေးကာလရော့-က်ခန်ဂဒဲဟှ ယေရှုခရစ်အားဖြင့် နို့လေတွပ် ကိုယ်တော်တိုင်ဘဲ့
ကြဲစည်တော်မူဟူ ကျေးဇူးတော်တိုင်း နို့လေဟို့ ကယ်တန်ဘီး သန့်ရှင်းဟူသူရာမာ
ခေါ်ဟှားတော်မူဟှယ်။
10 အယ်ကျေးဇူးတော်ဟှာ နို့လေရဲ့ကယ်တန်ရှင် ယေရှုခရစ်တော် ပေါ်ထွပ်တော်မူဟူ
ဇာအားဖြင့် ခု ထန်ရှားနေဟှယ်။ အယ်သခင်ဟှာ သေရှင်းဟို့ ဖယ်ရှားဘီး သတ်နတူးဒူ
ဖော့-က်ပ့လန်ဇာမှေ့ဘဲဟူ ဒန်းကောန်းအားဖြင့် ထန်ရှားစေတော်မူဘီ။
11 ငါဟှာ အယ်ဒန်းကောန်းဟို့ ဟောပြောဟူ ဆရာနေနဘဲ့ဖြစ်ဖြစ်၊
တမန်တော်နေနဘဲ့ဖြစ်ဖြစ် ခန့်အပ်ဟှားဇာဟို့ ခံရဟှယ်။
12 အယ်ကြောန်းကြောန့် ငါဟှာ ဆင်းရဲဒေါက်ခဟို့ ခံရပါဟှယ်။ အယ်ဘေမဲ့
ယှစ်ကြော့-က်ရှင်း မှေ့ဟှ။ ဖယ်သူဟို့ ငါယောင်ကြည်ဟှယ် ဆိုဇာ ငါသိဟှယ်။
ကိုယ်တော်နားမာ ငါအပ်ဟှားဟူ ရာဟို့လည်း* အယ်နေ့ရစ်ထိအောန်
စောန့်ထီးပေးနိုင်တော်မူဟှယ် ဆိုဘီး ငါယောင်ကြည်စိခ့လဟှယ်။

1:5 ခ.၅ တ ၁၆.၁ **1:11 ခ.၁၁** ၁ တိ ၂.၇ * **1:12 ခ.၁၂** ငါအပ်ဟှားဟူ ရာဟို့လည်း၊ အယ်မျိုးမူဘဲနေဟှာ သူ့ဟို့ အပ်ပေးဟှားဟူရာ။

13 နန်ဟှာ ယေရှုခရစ်တော် ထတ်မာရှိဟှူ ယောင်ကြည်မှုန
ရှစ်ရှင်းမြစ်တာလေအားဖြင့် ငါ့နားဟှ ကြားနာရဟှူ မှန်ကန်ပ္ပလဲဇောင်ဟှူ
တရားစကားလေဟှိ စံနမူနာဖြစ် ကိုင်ဆွဲဟှားပါ။
14 နန်မာအပ်ဟှားဟှူ ကောန်းမြတ်ဟှူ ဇာလေဟှိ နို့လေထဲမာ ကိန်းဝပ်တော်မူဟှူ
သန်ရှင်းဟှူဝိညာဉ်တော် တဂိုးအားဖြင့် စောန့်ရှော့-က်ပါ။
15 နန်သိဟှူတိုင်းဘဲ့ အာရှိပြည်မာရှိဟှူ သူလေ ဂူလောင်းဟှာ ငါ့ဟှိ စွန့်ပယ်ဂေ့ဘီ။
အယ်သူလေထဲမာ ဖုဂေလုန ဟေရမောဂင်လေလည်း ပါဟှယ်။
16 သခင်ဘုရား‌ရဲ့ ကရုဏာတော်ဟှာ ဩနေသိဖော်ရဲ့ အီမာ သက်ရော့-က်ပါစေ။
ဖြားဖြစ်ကြောန်နူးဆိုဟှာ သူဟှာ ငါ့ဟှိ ခါဘီးခါ သတ်သာစေပါဟှယ်။ ငါဟှာ
သံကြိုးနခယ်ဘီး ဖမ်းဟှူဇာဟှိ ခံရဟှူလည်းဘဲ့ သူဟှာ ယှစ်ကြော့-က်မှုမှေ့ဘဲန
17 ရောမဗြို့ဟှိ ရော့-က်လာဟှူ ခီမာ ငါ့ဟှိ တွိတွိအောန် ကြိုးစားရှာဘီး
လာတွိပါဟှယ်။
18 အယ်နေ့ရစ်ဟှ သူပြုဟှူဇာလေဟှိ ဘုရားသခင်ဟှာ သခင်ဘုရား လတ်တော်ဟှနေ
ကရုဏာတော်ဟှိ ပေးသနားတော်မူပါစေ။ သူဟှာ ဧဖက်ဗြို့မာရှိဟှူ ခီဒူးဟှလည်း ငါ့ဟှိ
ဖယ်မျှလော့-က် ပြုစုလောက်ကျွေးဟှယ် ဆိုဇာ နန်းနို့ ကောန်းကောန်း သိပါဟှယ်။

2

ယေရှုခရစ်တော်ရဲ့ သစ်စာရှိဟှူ စစ်သည်တော်ကြောန်း

1 ငါ့သား၊ နန်ဟှာ ယေရှုခရစ်တော်၌ ရှိဟှူ ကျေးဇူးတော်အားဖြင့် ခိုင်ခံ့မှုရှိပါ။
2 သတ်သေလေရှေ့မာ ငါ့နားဟှ ကြားနာရဟှူ ဇာလေဟှိ သစ်စာရှိဘီး သူများလေဟှိ
ပ္ပလန်သွန်သန်ပေးနိုင်ဟှူ သူလေဟှိ အပ်ပေးပါ။
3 နန်ဟှာ ယေရှုခရစ်တော်ရဲ့ စစ်သားကောန်းတယော့-က်ဖြစ်န ငါ့နတူးဒူ
ဆင်းရဲဒေါက်ခဟှိ သီးခံပါ။
4 စစ်မှုထမ်းဟှူသူဟှာ ကိုယ့်ဟှိ စစ်သားရာမာ ခန့်ဟှားသူ နှစ်သက်အောန် ဆိုဘီး
လောကီရေးရာန ရောနှောရှောက်ထွေးဘီး နေတတ်ဟှ။
5 ဖယ်သူဘဲ့ဖြစ်ဖြစ် အားကစားဗွဲမာ ယှဉ်ပြိုင်မယ် ဆိုဟှာ စည်းမျဉ်းစည်းကမ်းတိုင်း
ပြိုင်ဘဲနေဟှာ ဆုရဟှို့ မှုဟှ။
6 လယ်လောက်ဟှူ သူဟှလည်း ကြိုးစားဘီး ရင်ဦးဆောင်း လောက်ဆောန်ဘီးမှ
သီးနှံဟှိ ရဟှယ်။
7 ငါ့စကားဟှိ ဆင်ခြင်ပါ။ သခင်ဘုရားဟှာ ရှိမျှဂူလောင်းဟှိ နားလည်ဟှူ ဉာဏ်ပညာ
နန့်ဟှိ ပေးသနားတော်မူလေ့မယ်။
8 ဒါဝိဒ်မျိုးနွယ်ဖြစ်ဟှူ ယေရှုခရစ်တော်ဟှာ ငါဟောပြောဟှူ ဒန်းကောန်းတိုင်း
သေရှင်းဟှနေ ထမြော့-က်တော်မူဟှယ် ဆိုဇာဟှိ ဒိရပါ။

9 ငါဟာ အယ်မူဒန်းကောန်းတရားကြောင့် လူဆိုးတယော့-က်ဟူမျိုး
တောက်နှောန်ခံရလော့-က်ထိ ဆင်းရဲဒေါက်ခဟို့ ခံရဟုယ်။ အယ်ဘေမဲ့ ဘုရားသခင်ရဲ့
စကားတော်ဟာ တောက်နှောန်ရှင်းခံရဇာ မူဟု။
10 အယ်ကြောန့် ဝီးကော့-က်ခံရဟူ သူလေဟာ ယေရှုခရစ်တော်နှိုက် ရှိဟူ
ကယ်တန်ရှင်းဟို့ ထာဝရ ဖောင်းသရေတော်နတူးဒူ ရရှိနိုင်ဟို့တွပ် ငါဟာ သူးနို့လေတွပ်
ရာရာမာ သီးခံပါဟုယ်။
11 အယ်စကားလေဟာ သစ်စာစကား ဖြစ်ဟုယ်။
နို့လေဟာ ကိုယ်တော်နတူးဒူ သေဟုယ် ဆိုဟာ
ကိုယ်တော်နတူးဒူ သတ်ရှင်လေ့မယ်။
12 နို့လေ သီးခံမယ် ဆိုဟာ
ကိုယ်တော်နတူးဒူ စိုးစံရဂေ့လေ့မယ်။
နို့လေဟာ ကိုယ်တော့်ဟို့ ငြင်းပယ်မယ် ဆိုဟာ
ကိုယ်တော်လည်း နို့လေဟို့ ငြင်းပယ်လေ့မယ်။
13 နို့လေ ဟာ သစ်စာမ့ေဘဲနေဟူလည်းဘဲ့
ကိုယ်တော်ရဲ့ သစ်စာတော်ဟာ တည်တော်မူဟုယ်။
ဖြားဖြစ်ကြောန်နူးဆိုဟာ ကိုယ်တော်ဟာ သူ့ရဲ့ သစ်စာတော်ဟို့ ဖယ်မျိုးလည်း
ပယ်ဖျစ်နိုင်ဘဲကြောန့် ဖြစ်ဟုယ်။

ဘုရားသခင် နှစ်သက်တော်မူဟူ ကောန်းဟူလောက်သမားကြောန်း

14 အယ်မူကြောန်းရာလေအားဖြင့် သူးနို့လေဟို့ ဒီပေးနှိုးဆော်ပါ။ ဖယ်မျိုးလည်း
ကျိုးမ့ေဘဲန ကြားနာဟူသူလေဟို့ ပျစ်စီးစေတတ်ဟူ စကားလောင်း
သောင်းနှံးလေအားဖြင့် ငြင်းခူမူလေ လောက်ဂေ့ဘဲန နေဟို့တွပ် ဘုရားသခင်ရှေ့မာ
သူးနို့လေဟို့ လေးလေးနတ်နတ် တိုက်တွန်းပါ။
15 နန်ဟာ ဘုရားသခင် ရှေ့တော်မာ ယောင်ကြည် စိခ့လရဟူသူ၊
နှစ်သက်ဖွယ်ကောန်းဟူသူ တယော့-က်နေနဖြစ်ဖြစ်၊ သမ္မာတရားဟို့ ပိုင်းခြားတတ်ဟူ
သူတယော့-က်နေနဖြစ်ဖြစ် ယှစ်ကြော့-က်မူမ့ေဘဲဟူ လောက်သမား တယော့-က်မျိုး
ကိုယ့်ကိုယ်ကိုယ် ဆစ်သနိုင်ဟို့တွပ် ကြိုးစားအားထုပါ။
16 အယ်ဘေမဲ့ တရားမ့ေဘဲဟူ ချည်းနှီးစကားလေဟို့ ရှောန်ဂေ့ပါ။
ဖြားဖြစ်ကြောန်နူးဆိုဟာ အယ်မူစကားလေအားဖြင့် ဘုရားတရားန ပိုဘီး
ဝီးကွာဟူးစေတတ်ဟုယ်။
17 သူးနို့လေရဲ့ စကားဟာ သားဟို့စားဘီး ပွားတတ်ဟူ ခူနာနတူဟုယ်။
အယ်သူလေထဲမာ ဟုမေနဲန ဖိလက်လည်းပါဟုယ်။
18 သူးနို့ဟု သေဘီးသူလေဟာ ထမြော့-က်ဟူးဂေ့ဘီ ဆိုဇာ ပြောဘီးဟာ
သမ္မာတရားလမ်းဟု လွဲချော်ဟူးဂေ့ဘီး တချို့သူလေရဲ့ ယောင်ကြည်မူဟို့
မှော့-က်လှန်တတ်ဂေ့ဟုယ်။

2:12 ၂.၁၂ မ ၁၀.၃၃; လု ၁၂.၉

19 အယ်ဘေမဲ့ ဘုရားသခင်ရဲ့ ခိုင်မာဟူ အုပြစ်ဟာ အယ်မူကမွည်းစာအားဖြင့်
ဇိခပ်ဟားပါဟုယ်။ အယ်မူအုပြစ်ထတ်မာ “ဘုရားသခင်ဟာ သူ့ရဲ့ လူလေဟို
သိတော်မူဟုယ်” ဆိုဟူဇာန “သခင်ဘုရားရဲ့ နာမတော်ဟို ဝန်ခံရဟူ သူလေဟာ
ဒုစရိုက်တရားဟုနေ လွဲရှောန်ရမယ်” ဆိုဘီး ဖြစ်ဟုယ်။
20 ရရာတိုင်း ကီးဟူ အီမာ ရွှေနလောက်ဟူ တန်ဆာ၊ ငွေနလောက်ဟူ တန်ဆာလေဘဲ့
ရှိဟူဇာ မူဟု။ သစ်သားနလောက်ဟူ တန်ဆာ၊ မှ့လေနလောက်ဟူ
တန်ဆာလည်းရှိဟုယ်။ အသရေရှိဟူ တန်ဆာ၊ အသရေမွေ့ဘဲဟူ
တန်ဆာလည်းရှိဟုယ်။
21 အယ်မျိုးဖြစ်ကြောန့် ခုဖော်ပြဟူ ကောန်းဘဲကျင့်လေဟို ဖယ်ရှားဘီး
ကိုယ့်ကိုယ်ကိုယ် စင်ကြယ်စေဟူ သူဟာ အသရေရှိဟူတန်ဆာ၊ သန့်ရှင်းဘီး
အီရှင်သောင်းဟို့ ကောန်းဟူတန်ဆာ၊ ကောန်းဟူ ဇာလေတွပ် ပြင်ဆင်ဟူ
တန်ဆာဖြစ်လေ့မယ်။
22 အယ်ကြောန့် လူငယ်လေရဲ့ တတ်မတ်မှုလေဟို ရှောန်ဘီး ဖြောန့်မတ်ရှင်း၊
ယောင်ကြည်ရှင်း၊ ရှစ်ရှင်း၊ ငြိသတ်ရှင်းန စင်ကြယ်ဟူ စိရှိဘီး သခင်ဘုရားဟို
ဆုတောန်းဟူ သူလေနတူးဒူ သင့်တင့်အောန်နေဟူ ဇာဟို မှီအောန်လိုက်ဂေ့ပါ။
23 မိုက်မဲဘီး ပညာမွေ့ဘဲဟူ မေးခွန်းလေဟာ ငြင်းခုံဘီး ရန်များတတ်ဟူ
ဇာဖြစ်ဟုယ် ဆိုဇာဟို သိမှတ်ဘီး ရှောန်ရှားဂေ့ပါ။
24 သခင်ဘုရားရဲ့ စေခံဟာ ရန်ဖြစ်ဟိုရဟု။ သူဟာ လူတိုင်းဟို သနားတတ်ဘီး
သီးခံတတ်ဟူသူ ဖြစ်ရမယ်။
25 ဆန့်ကျင်ဟူ သူလေဟို နူးညံ့သိမ့်ဟူစိန ဆောင်းမ သွန်သန်ရမယ်။
အယ်မျိုးပြုဟုယ် ဆိုဟာ ဘုရားသခင်ဟာ သူးနို့လေဟို နောန်ဒရဟူခွန့်ဟို
ပေးတော်မူဟူကြောန့် သူးနို့လေဟာ သမ္မာတရားဟို သိလာဘီး
26 မာရ်နတ်ဟ သူ့လိုတိုင်းပြုဟို့တွပ် သူးနို့ဟို ဖမ်းဟားဟူလည်းဘဲ့ သူးနို့ဟာ
မာရ်နတ်ရဲ့ ထောန်ချော့-က်ထဲဟ လွတ်မြော့-က်ဘီး ဗြင်မှန်ရကောန်းရလေ့မယ်။

3

နော့-က်ဆောင်းနေ့ရစ်ကာလကြောန်း

1 နော့-က်ဆောင်းကာလဟာ ခတ်ခဲဟူကာလဖြစ်မယ် ဆိုဇာဟို သိမှတ်ပါ။
2 ဖြားဖြစ်ကြောန့်နူးဆိုဟာ လူလေဟာ ကိုယ့်ကိုယ်ကိုယ် ရှစ်ဟူသူ၊ ကပ်ဟို
တတ်မတ်ဟူသူ၊ ဝါကြွားဟူသူ၊ မာနထောန်လွှားဟူသူ စော်ကားပြောဆိုဟူသူ၊
မိဖစကားဟို နားထောန်ဘဲဟူသူ၊ ကျေးဇူးသိတတ်ဘဲဟူသူ၊ သန့်ရှင်းမှုမွေ့ဘဲဟူသူ၊
3 ကြင်နာစိမွေ့ဘဲဟူသူ၊ ရန်ငြိုးထားဟူသူ၊ သူများအသရေဖျစ်ဟူသူ၊ ကိုယ့်စိဟို့ကိုယ်
ချောက်တီးနိုင်ဘဲသူ၊ ကြမ်းတမ်းဟူသူ၊ ကောန်းဟူမှုဟို မူးဟူသူ၊
4 သစ်စာဖော့-က်ဟူသူ၊ မဆင်မခြင်ပြုဟူသူ၊ မောက်မာဟူသူ၊ ဘုရားသခင်ဟို
နှစ်သက်ဟူဇာထတ် ကာမဂေါင်ခံစားဟူဇာဟို ပိုဘီး နှစ်သက်ဟူသူ၊

5 ဘုရားဝတ်မာ မွေ့လျော်ဟန်ရှိဟူလည်းဘဲ့ ဘုရားဝတ်မာ မွေ့လျော်မှုတဂိုးဟို့
ငြင်းပယ်ဟူသူလေ ဖြစ်ဂေ့လေ့မယ်။ အယ်မျိုးလူလေဟို့ ရှောန်ပါ။
6 ဖြားဖြစ်ကြောန်နူးဆိုဟှာ သူးနို့ထဲဟှ တချို့လေဟှာ အီလေဟို့ မသိမသာဝမ်ဘီး
တပ်မတ်ရှင်းဘောန်းဇောင်ရဲ့ သွီးဆောန်မှုနော့-က်ဟို့ လိုက်ဘီး ပြစ်ဟို့ ခါဘီးခါ
လောက်ဟူ မီးမလေဟို့ သွီးဆောန်တတ်ဂေ့ဟှယ်။
7 အယ်မီးမလေဟှာ မြဲဒမ်း သန်ယူနေဟူလည်းဘဲ့ သမ္မာတရားဟို့ ဖယ်ခါလည်း
နားလည်နိုင်စွမ်းမှေ့ဘဲဟူ သူလေ ဖြစ်ဂေ့ဟှယ်။
8 ယန္နေန ယံဗြေဟှာ မောရှေဟို့ ဆန့်ကျင်ဟူမျိုး အယ်သူလေလည်း သမ္မာတရားဟို့
ဆန့်ကျင်ဂေ့ဟှယ်။ အယ်သူလေဟှာ စိန္ဒလောင်း ပျစ်စီးယိုယွင်းဘီး
ယောင်ကြည်ရှင်းရာမာ ကုလဆောင်းဟူ သူလေ ဖြစ်ဂေ့ဟှယ်။
9 အယ်သူလေဟှာ နော့-က်ထပ် တိုးတတ်ဘီး တတ်လှမ်းနိုင်ဂေ့ဟို့ မှုဟှ။
ဖြားဖြစ်ကြောန်နူးဆိုဟှာ သူးနို့လေရဲ့ မိုက်မဲမှုဟှာ အယ်သူနှေ့ယော့-က်ရဲ့
မိုက်မဲမှုဟူမျိုး လူလေရှေ့မာ ထန်ရှားလာလေ့ဟူကြောန့် ဖြစ်ဟှယ်။

နော့-က်ဆောင်းညွှန်ကြားချစ်ကြောန်း

10 အယ်ဘေမဲ့ နန်ဟှာ ငါ့ရဲ့ဆောန်းမသွန်သန်မှုလေ၊ ကျင့်ကြံနေထိုင်မှုလေ၊
ကြံစည်မှုလေ၊ ယောင်ကြည်မှုလေ၊ စိရှယ်မှုလေ၊ ရှစ်ရှင်းန သီးခံဟူဇာလေဟို့ဖြစ်ဖြစ်၊
11 အန္နတိအုတ်ဗြို့၊ ဣကောနိဗြို့၊ လုတ့တရဗြို့လေမာ ငါခံရဟူ ညှဉ်းဆဲရှင်းန
ဒေါက်ခလေဟို့ဘဲ့ဖြစ်ဖြစ် နန်ဗြင်တွိဟှားပါဟှယ်။ အယ်မျိုးညှဉ်းဆဲမှုလေဟို့
ငါခံရဟူလည်းဘဲ့ သခင်ဘုရားဟှာ အယ်မူဂူလောင်းထဲဟှ ငါ့ဟို့ ကယ်နှုတော်မူဟှယ်။
12 ယေရှုခရစ်ရဲ့ တရားတော်တိုင်း ဘုရားဝတ်မာမွေ့လျော်ဘီး
သတ်ရှင်လိုဟူသူလေဟှာ ညှဉ်းဆဲမှုလေဟို့ ခံရလေ့မယ်။
13 ဆိုးညစ်ဟူသူလေန လှည့်ဇားဟူသူလေဟှာ သူများဟို့လည်း လှည့်ဇားဘီး၊
သူးနို့ကိုယ်တိုင်လည်း လှည့်ဇားခံရဘီး ဆိုးညစ်မှုထဲဟို့ ကုလဆင်းဟှားဂေ့လေ့မယ်။
14 နန်ဟှာ ကိုယ်တိုင်သန်ယူဘီး ခိုင်းခိုင်မားမာ ယောင်ကြည်ဟူဇာထတ်မာ
တည်နေပါ။ ဖြားဖြစ်ကြောန်နူးဆိုဟှာ နန်ဟှာ ဖယ်သူနားမာ သန်ယူဇာန၊
15 ယေရှုခရစ်တော်ဟို့ ယောင်ကြည်ရှင်းအားဖြင့် ကယ်တန်ရှင်းဟို့
ရော့-က်စေဟူပညာဟို့ ပေးနိုင်ဟူ သမ္မာကျမ်းစာဟို့ ငယ်ငယ်ဂဒဲဟှနေ
ရင်းနှီးလာဟှားဟူဇာဟို့ နန်သိပါဟှယ်။
16 အယ်မူကျမ်းစာထဲမာ ရှိဟူဇာလေ ဂူလောင်းဟှာ ဘုရားသခင်
မူသွမ်းတော်မူရှင်းအားဖြင့် ဖြစ်ဘီး* သြဝါဒပေးဟို့တွပ်ရော၊ ပြစ်ဟို့
ဖော်ပြဟို့တွပ်ရော၊ မှားပြုပြင်ဟို့တွပ်ရော၊ ဖြောန့်မတ်ရှင်းနှိုက်
ဆောင်းမပဲ့ပြင်ဟို့တွပ်ရော ကျိုးကျေးဇူးရှိလေဟှယ်။

3:11 ၃.၁၁ ၈ တ ၁၃.၁၄-၅၁၂ **ခ** တ ၁၄.၁-၇၊ **ဂ** တ ၁၄.၈-၂၀ * **3:16 ၃.၁၆** အယ်မူကျမ်းစာထဲမာ ရှိဟူဇာလေ ဂူလောင်းဟှာ ဘုရားသခင် မူသွမ်းတော်မူရှင်းအားဖြင့် ဖြစ်ဘီး၊ အယ်မျိုးမူဘဲနေဟှာ ဘုရားသခင် မူသွမ်းတော်မူဟူ ကျမ်းစာရှိဟူမျှဟှာ သောင်းဝမ်ဟှယ်။

17 အယ်ဇာဟ့ ဘုရားသခင်ရဲ့လူဟာ ကောန်းဟူမှုလေ ဘောန်းဇောင်တွပ်
ပြင်ဆင်ရှင်းဟို့ ခံရဘီး ပ့လဲ့ဝစောင်လင်ဟူသူ ဖြစ်ဟို့တွပ်ဖြစ်ဟ့ယ်။

4

1 ကိုယ်တော်ဟ့ ပေါ်ထွပ်လာဘီး နိုင်ငံတော်ထန်ရှားဟူကာလ၊ သေဟူသူ၊
သတ်ရှင်ဟူသူလေဟို့ တရားစီရင်တော်မူဟူ ယေရှုခရစ်တော်ရှေ့မာဘဲ့ဖြစ်ဖြစ်၊
ဘုရားသခင်ရှေ့တော်မာဘဲ့ဖြစ်ဖြစ် ငါဟ့ နန့်ဟို့ သစ်စာပေးဟူဇာဟ့၊
2 တရားတော်ဟို့ ဟောပြောပါ။ ခီရှိဟူဇာဘဲ့ဖြစ်ဖြစ်၊ ခီမ့ေဘဲဟူဇာဘဲ့ဖြစ်ဖြစ်
ကြိုးစားအားထုပါ။ စိရှယ်ရှယ်နသွန်သန်ဘီး ပြစ်ဟို့ဖော်ပြဟူဇာလေ၊ ဒီပေးဟူဇာလေ၊
တိုက်တွန်းအားပေးဟူဇာလေဟို့ ပြုပါ။
3 ဖြားဖြစ်ကြောန်နူးဆိုဟ့ နော့-က်လာမယ့်ကာလမာ လူလေဟ့
မှန်ကန်ဟူသြဝါဒဟို့ နားထောန်ဘဲန သူးနို့ကြားကောန်းဟူစကားဟို့ ပြောဆိုဟူသူလေ
နော့-က်ဟို့ လိုက်ဘီး သူးနို့တတ်မတ်မှုတိုင်း ရရာတိုင်းများဟူ ဆရာလေနော့-က်ဟို့
လိုက်ဂေ့လေ့မယ်။
4 သမ္မာတရားဟို့ နားထောန်ဘဲန ဒဏ္ဍာရီစကားဟို့ နားထောန်ဘီးဟ့
လွဲဟ့ားဂေ့လေ့မယ်။
5 နန်ဟ့ ရာရာမာ သမ္မာဒီရှိပါစေ။ ဆင်းရဲဒေါက်ခဟို့ သီးခံဘီး သာသနာပြု
ဆရာတယော့-က်နေန လောက်ဆောန်ရမယ့် မှုဟို့ လောက်ဆောန်ပါ။ ဘုရားသခင်ရဲ့
စေခံတယော့-က်နေန နန့်ရဲ့တာဝန်ရှိဟူမျှ ဂူလောင်းဟို့ ပ့လဲ့ပ့လဲ့ဝဝ လောက်ဆောန်ပါ။
6 ငါဟ့ သွန်းလောင်းပူဇော်ရမယ့် ခီကာလ က့လရော့-က်လာဘီ။ အယ်လောကဟ့
ထွပ်ခွာရဟို့ခီ နီးကပ်လာဘီ။
7 ကောန်းဟူ တိုက်ပွဲဟို့ ငါတိုက်ပီးဘီ။ ပ့လေးရမယ့်လမ်းဟို့ ဆောင်းထိပ့လေးပီးဘီ။
ယောင်ကြည်ရှင်းဟို့ စောန့်ထီးပီးဘီ*။
8 ခုဟ့နေစဘီး ဖြောန့်မတ်ရှင်း သရဖူဟ့ ငါ့တွပ် ဆင်သင့်ရှိနေဘီ။ အယ်မူနေ့ရစ်မာ
ဖြောန့်မတ်ဟူ တရားစီရင်သူ ဖြစ်တော်မူဟူ သခင်ဘုရားဟ့ အယ်မူသရဖူဟို့ ငါ့ဟို့
ပေးအပ်တော်မူလေ့မယ်။ ငါ့ဟို့မျှဘဲ့မူဘဲန ကိုယ်တော် ပေါ်ထွပ်တော်မူဟူဇာဟို့
မျှော်လင့်တောန့်တဟူ သူလေဂူလောင်းဟို့လည်း ပေးတော်မူလေ့မယ်။

ကိုယ်ရေးကိုယ်တာဆိုင်ရာ မှာဟူစကားလေကြောန်း

9 ငါ့နားဟို့ ဗြန်းဗြန်လာဟို့တွပ် ကြိုးစားပါ။
10 ဖြားဖြစ်ကြောန်နူးဆိုဟ့ ဒေမဟ့ ခုဘဝဟို့ နှစ်သက်ဟူကြောန့် ငါ့ဟို့ စွန့်ပစ်ဘီး
သက်သာလောနိတ်ဗြို့ဟို့ သွားလေဘီ။ ကရက့ကေဟ့ ဂလာတိပြည်ဟို့ သွားဘီး
တိတုဟ့ ဒါလမာတိပြည်ဟို့ သွားဂေ့ဘီ။

---

* **4:7 ၄.၇** ယောင်ကြည်ရှင်းဟို့ စောန့်ထီးပီးဘီ၊ အယ်မျိုးမူဘဲနေဟ့ ငါ့ရဲ့ ဂဒိတော်ဟို့ သစ်စာစောန့်ပါ။ **4:10**
၄.၁၀ က ကော ၄.၁၄; ဖိလေ ၂၄; **ခ** ၂ ကော ၈.၂၃; ဂလာ ၂.၃; တိ ၁.၄

11 လုကာတယော့-က်ဟှားဘဲ့ ငါ့နတူးဒူ ရှိဟှယ်။ မာကုဟို့ နန့်နတူးဒူ ခေါ်လာပါ။
သူဟှာ ငါ့တွပ် မူတော်လောက်ငန်းမာ ကူညီပေးနိုင်ဟူသူ ဖြစ်ဟှယ်။
12 ငါဟှာ တုခိတ်ဟို့ ဧဖက်ဖြို့ဟို့ စေလွှတ်လိုက်ပါဟှယ်။
13 နန်လာဟူ ခီမာ တရောဖြို့ဟှ ကာပုနားမာ ငါအပ်ဟှားဟူ ဝတ်လောင်န စာလိလေ
ထူးသဖြင့် သားရေစာစောန်လေဟို့ ယူလာပေးပါ။
14 ကြေးပန်းတိမ်ဆရာ အာလေဇန္ဒြဟှာ ငါ့ဟို့ ရရာတိုင်းဒေါက်ခပေးဟှယ်။
သူလောက်ဟူ မူတိုင်း သခင်ဘုရား ဆပ်ပေးတော်မူလေ့မယ်။
15 နန်လည်း သူဟို့ ဒိထားပါ။ ဖြားဖြစ်ကြောန်နူးဆိုဟှာ သူဟှာ နို့လေရဲ့စကားဟို့
ရရာတိုင်း ဆန့်ကျင်ဟှယ်။
16 ငါရဲ့မူဟို့ ပထမခီ စစ်ဆေးဒူးဟှ ဖယ်သူလည်း ငါ့ဖတ်မာနေဘဲန ဂူလောင်းဟှာ
ငါ့ဟို့ စွန့်ပစ်ဂေ့ဟှယ်။ အယ်မူရာကြောန့် သူးနို့ရဲ့ပြစ်ဟို့ မှတ်တော်မူပါစေန။
17 အယ်ဘေမဲ့ လူမျိုးခြားဂူလောင်းဟို့ တရားတော်ဟို့ ကူစင်အောန်
ဟောပြောဟို့တွပ် သခင်ဘုရားဟှာ ငါ့ဖတ်မာနေဘီး ငါ့ဟို့ ခွန်အားန
ပ့လဲ့ဇောင်စေဟှယ်။ အယ်မျိုးအားဖြင့် ခြသေ့ဇတ်ပေါ့-က်ထဲဟှနေ ကယ်နှုရှင်းဟို့
ငါခံဟှယ်။
18 အယ်မျှလော့-က်နမကဟှ သခင်ဘုရားဟှာ ကောန်းဘဲဟူဇာ ဂူလောင်းဟှနေ ငါ့ဟို့
ကယ်နှုတော်မူဘီး ထတ်ကောန်းဂန်ရပ်မာရှိဟူ သူ့ရဲ့ နိုင်ငံတော်ထဲဟို့
လောင်ခြောင်မူပ့လဲ့ဝန ပို့ဆောန်တော်မူလေ့မယ်။ အယ်သခင်ဟှာ ကမ္ဘာဆစ်ဆစ်
ဖောင်းကီးတော်မူပါစေ။ အာမင်။

နော့-က်ဆောင်းနှောက်ဆစ်ဟူ စကားလေကြောန်း

19 ပြစ်ကိလန အာကုလဟှနေစဘီး သြနေသိဖော်ရဲ့ အီသူအီသားလေဟို့
နှောက်ဆစ်ပါ။
20 ဧရက္ကုဟှာ ကောရိန့်ဖြို့မာ နေရစ်ဟှယ်။ တရောဖိမ်ဟှာ
နေကောန်းဘဲဖြစ်နေဟူကြောန့် မိလက်ဖြို့မာ ငါထားရစ်ဟှယ်။
21 ဆောင်းကာလရော့-က်ခန် လာနိုင်အောန်ကြိုးစားပါ။
ဥဗုလု၊ ပုဒေ၊ လိနု၊ ကလောဒိလေဟှနေစဘီး ညီကို မောန်နှမလေ ဂူလောင်းဟှာ
နန့်ဟို့ နှောက်ဆစ်ဂေ့ဟှယ်။
22 သခင်ဘုရားဟှာ နန့်ရဲ့ စိဝိညာဉ်နတူးဒူ ရှိပါစေ။
ကျေးဇူးတော်ဟှာ နန်နှတူးဒူရှိပါစေ။

4:11 ၄.၁၁ ၈ ကော ၄.၁၄; ဖိလေ ၂၄; **ခ** တ ၁၂.၁,၂၅; ၁၃.၃၇–၃၉; ကော ၄.၁၀; ဖိလေ ၂၄ **4:12** **၄.၁၂** တ ၂၀.၄; ဧ ၆.၂၁,၂၂; ကော ၄.၇,၈ **4:13 ၄.၁၃** တ ၂၀.၆

တိတု
တိတုဟို့ ပေါလုရဲ့ ပေးစာ
နိဒါန်း

တိတုဟို့ ပေါလုရဲ့ ပေးစာ ဟာ သင်းတော်ဟို့ လိစာတပ်ဘဲန လူပေါက်ကိုဟို့ လိစာတပ်ဟားဘီး ပေါလုဟုနေ ပေးဟားဟူ ပေးစာလေးစောန်ထဲဟု တစောန်ဖြစ်ဟုယ်။ တခြားပေးစာ သောင်းစောန်ဟု ၁ တိမောသေ၊ ၂ တိမောသေ၊ တိတုန ဖိလေမုန်ဖြစ်ဟုယ်။ ပေါလုဟာ တိတုနားဟို့ ရေးနေဘေမဲ့လည်း လူလေဘောင်ဂီးဟို့ သံက့်လယ်ဂီးန စာဖတ်ပြနေမျိုး ရေးဟားလေဟုယ်။ သူဟု တမန်တော် တယော့-က်ရဲ့ ရည်ချင်းလေဟို့ ရှင်းပြဟားဟူကြောန့် အယ်မူဇာဟို့ ကျွန်တော့်ဟားလေ သိရဘီး တချို့ဇာလေဟို့ တိတုဟု သိဟားဘီးဇာလေ ဖြစ်ဟုယ်။ ပေါလုဟာ အယ်ပေးစာဟို့ ခရစ်တော် မွီးဘီးန ၆၃-၆၅ ခုနှစ်လော့-က်မာ ရေးဟားဇာ ဖြစ်နိုင်လေဟုယ်။

ပေါလုဟာ တိတုဟို့ ကရာတေကျွန်းမာရှိဟူ သင်းတော်လေဟို့ ဦးဆောန်ဟို့တွပ် ညွှန်ကြားဟားဟုယ်။ ပေါလုဟု သင်းတော်ခေါန်းဆောင်းလေဟို့ ဝီးကော့-က်ဘီး လေ့ကျင့်ပေးဟို့တွပ်န တိတုဟို့ ညွှန်ကြားဟို့တွပ် အယ်ပေးစာဟို့ ရေးဟားဟုယ်။ သူဟာ တိမောသေရဲ့ ပေးစာထဲဟု တူညီဟူ ညွှန်ကြားချစ်လေဟို့ ပေးဟားဟုယ်။ သင်းတော် ခေါန်းဆောန်လေဟာ ဖယ်မျိုးဖြင့်မားဟူ စံခီရှိရမယ် ဆိုဇာဟို့ သူ့ပေးစာဟု ဖော်ပြဟားဟုယ်။ အယ်နေ့ခေတ် သင်းတော်လေန သင်းတော် ခေါန်းဆောန်လေဟာ ခေါန်းဆောန်မှု စံနှုန်းလေဟို့ လေးလေးနတ်နတ်ဟား ဂရုစိုက်ဟို့ လိုအပ်ဟုယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟာ တိတုဟို့ ခေါန်းဆောန်လေ ခန့်အပ်ဟို့တွပ် ညွှန်ကြားဟားဟူကြောန်း (၁.၁-၁၆)

၂။ သူဟု ဘုရားနှစ်သက်ဟူ သတ်ရှင်မှု ပေါင်စံန သတ်ရှင်ဟို့တွပ် လူလေဟို့ လေ့ကျင်ပေးဟို့လည်း ညွှန်ကြားဟားဟူကြောန်း (၂.၁—၃.၁၁)

၃။ နော့-က်ဆောင်းမာ ပေါလုဟာ သူ့ရဲ့ စီစဉ်တချို့ဟို့ ဝီမျှဘီးဟာ နော့-က်ဆစ်စကား ပြောဇာအားဖြင့် နိဂေါင်းချောက်ဟားဟူကြောန်း (၃.၁၂-၁၅)

1 ဘုရားသခင်ရဲ့ စေခံဖြစ်ဟူ၊ ယေရှုခရစ်တော်ရဲ့ တမန်တော်ဖြစ်ဟူ ငါပေါလုဟာ စာရေးလိုက်ဟုယ်။

ဘုရားသခင် ဝီးကော့-က်ဟားဟူ လူမျိုးလေရဲ့ ယောင်ကြည်ရှင်းဟို့ ကူညီဟို့တွပ် နို့လေရဲ့ ဘာသာတရားမာ သွန်သန်ဟူ သမ္မာတရားကြောန်းဟို့ အယ်လူလေဟာ ဘောပေါ့-က်ဘီး နားလည်းနိုင်ဟို့တွပ် ငါ့ဟို့ ဝီးကော့-က်ဘီးဟာ လွှတ်လိုက်ဟုယ်။

2 အယ်ဘာသာဟုာ ထာဝရသတ်ဟို့ မျှော်လင့်ရှင်းမာ ဓိကခြေခံ ဖြစ်ဟုယ်။
လီညာရှင်းမျှေဘဲဟူ ဘုရားသခင်ဟုာ ရှေးရှေးဒူးဟု နေ့ရစ်ကာလလေ ဖြစ်ခန်မာ
ထာဝရသတ်ဟို့ နို့လေဟို့ပေးဟို့တွပ် ဒီပေးဟုားဟုယ်။
3 အယ်ဘီးန ခီက့လလာဟူ ခီမာ အယ်ထာဝရသတ်ဟို့ တရားတော်အားဖြင့်
ထန်ရှားစေဟုယ်။ နို့လေရဲ့ ကယ်တန်ရှင် ဘုရားသခင်ဟုာ နို့လေဟို့
ယောင်ကြည်ဟူကြောန့် အယ်မူတရားဟို့ အပ်ပေးဘီးဟုာ ငါဟုာ ကိုယ်တော်ရဲ့
မိန့်တော်တိုင်း အယ်မူတရားဟို့ ကြေညာဟုယ်။
4 နို့လေမျိုးဘဲ ယောင်ကြည်ရှင်းအားဖြင့် ငါသား စစ်စစ်ဖြစ်ဟူ တိတုနားဟို့
အယ်စာဟို့ငါရေးဘီး ပေးလိုက်ဟုယ်။
နို့လေရဲ့ဖဖြစ်ဟူ ဘုရားသခင်န နို့လေဟို့ ကယ်တန်ဟူသခင် ယေရှုခရစ်တော်ဟုာ
နန်းနို့လေဟို့ ကျေးဇူးတော်န ငြိသတ်ရှင်းလေ ပေးသနားပါစေ။

ကရေတေကျွန်းမာ တိတု မူတော်ဆောန်ကြောန်း

5 ကရေတေကျွန်းမာ လောက်ဇာရှိဟူ မူကိစလေဟို့ လောက်ဆောန်ဟို့တွပ်န
ဗြို့လေမာ သင်းအောက်လေဟို့ ခန့်ဟုားဟို့တွပ် နန့်ဟို့ ငါ ထားရစ်ဟုယ်။ ငါခုပေးဟူ
ညွန်ကြားချစ်လေဟို့ မေ့န။
6 သင်းတော်လူဂီးဟုာ ပြစ်တန်ခွမ့်မျှေဘဲဟူလူ ဖြစ်ရမယ်။ အယ်လူဟုာ
မယားယော့-က်ဘဲ့ ရှိရမယ်။* သူ့ရဲ့ သားလေမီးလေဟုာ ယောင်ကြည်သူဖြစ်ရမယ်။
ပျော်ပါးလေလွန်ကျူးဘီး စကားနားထောန်ဘဲ့ဟူလူ ဖြစ်ဟို့ရဟု။
7 သင်းတော်ဟို့ ဦးဆောန်ဟူ သင်းတော်လူဂီးဟုာ ဘုရားသခင်ရဲ့ မူတော်ဟို့
တာဝန်ယူဘီးလောက်ဟူလူ ဖြစ်ဟူကြောန့် ဘဏ္ဍာထီးမျိုးဘဲ့ ပြစ်တန်ခွမ့်မျှေဘဲဟူလူ
ဖြစ်ရမယ်။ မာနကီးဟူသူ၊ စိတိုဟူသူ၊ ယစ်သော့-က်ဟူသူ၊ စိကြမ်းဟူသူ၊ ကပ်ဟို့
ရရာတိုင်း လိုရှင်ဟူသူလည်း ဖြစ်ဟို့ရဟု။
8 ဧည့်ဝတ်ကျေဟူသူ၊ ကောန်းဟူဇာလေဟို့ ကြိုက်ဟူလူ ဖြစ်ရမယ်။ သူဟုာ
ကိုယ့်ကိုယ်ကိုယ် ထီးချောက်နိုင်ရမယ်၊ ဖြောန့်မတ်ရမယ်၊ သန်ရှင်းဟူသူ၊
ဘုရားတရားဟို့ ရိုသေဟူလူ ဖြစ်ရမယ်။ စည်းကမ်းရှိရမယ်။
9 သူဟုာ မှန်ကန်ဟူယူဝါဒဟို့ စွဲစွဲမြဲမြဲဟုား ယောင်ကြည်ရမယ်၊ အယ်မျိုးနည်းနဘဲ့
သူဟုာ စစ်မှန်ဟူ တရားဟို့ အားပေး တိုက်တွန်းနိုင်လေ့မယ်။ စစ်မှန်ဟူ တရားဟို့
တိုက်ခိုက်ဟူ လူလေရဲ့မှားဟို့ ထော့-က်ပြနိုင်လေ့မယ်။
10 အယ်မူတရားဟို့ ဆန့်ကျင်ဘီး ကျိုးမျှေဘဲဟူ စကားလေန လှည့်ဇားဟူလူလေ
ဘောင်ဂီးရှိဟုယ်။ ထူးသဖြင့် ရေဖျားလှီးဟုားဟူ လူလေထဲဟုနေ ခရစ်ယာန်
ဘာသာထဲဟို့ ပုလောန်းလဲလာဟူ လူလေထဲမာ ရှိဟုယ်။
11 အယ်လူလေရဲ့ ဇပ်ပေါ့-က်လေဟို့ ပိရမယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ သူးနို့ဟုာ
စင်ကြယ်ဘဲဟူ စီးပွားလေဟို့ တတ်မတ်ဟူ ရည်ရွယ်ချစ်ကြောန့် ဟောပြောသင့်ဘဲဟူ

1:4 ၁.၄ ၂ ကော ၈.၂၃; ဂလာ ၂.၃; ၂ တိ ၄.၁၀ **1:6 ၁.၆-၉** ၁ တိ ၃.၂-၇ * **1:6 ၁.၆** မယားယော့-က်ဘဲ့ ရှိရမယ်၊ အယ်မျိုးမူဘဲ့နေဟုာ တခါဘဲ့ လတ်ထပ်ဟုားဟုယ်။

ဇာလေဟို့ သွန်သန်ဘီးဟှာ အီထောန်ရေးလေဟို့ ပြိုကွဲအောန် လောက်ဟူကြောန့်
ဖြစ်ဟှယ်။
12 သူးနို့ရဲ့ ပရောဖက်ဖြစ်ဟူ ကရေတေ ကျွန်းသား တယော့-က်ဟှ “ကရေတေ
ကျွန်းသားလေဟှာ မြဲဒမ်းလီညာဟူသူလေ၊ သားရဲဆိုးလေ၊ ရရာတိုင်း ပျင်းဘီးဟှာ
စားကီးဟှယ်” ဆိုဘီး ပြောရစ်ဟှယ်။
13 အယ်လူပြောဇာဟှာ ရရာတိုင်း မှန်ဟှယ်။ အယ်ကြောန့် သူးနို့ဟှာ တကယ်
ယောင်ကြည်လာဟို့တွပ်ရော၊
14 ယုဒဘာသာရဲ့ ဒဏ္ဍာရီစကားလေန သမ္မာတရားဟို့ ပယ်ဘီး သူးနို့ရဲ့ ပညတ်ဟို့
စွန့်ပစ်ဂေ့ဟို့တွပ်ရော၊ သူးနို့လေဟို့ သေးသေးချားချာဟှာ ဆောင်းမရမယ်။
15 ကိုယ့်ကိုယ်ကိုယ် စိန္နလောင်း သန့်ရှင်းစင်ကြယ်ဟူ လူလေတွပ်ဟှ ဂူလောင်းဟှာ
သန့်ရှင်းဟှယ်။ အယ်ဘေမဲ့ ကိုယ့်ကိုယ်ကိုယ် စင်ကြယ်ဟှ ဆိုဟှာ
ယောင်ကြည်မူမှေ့ဘဲဟူ သူလေတွပ်ဟှ ဖြားဇာလည်း စင်ကြယ်သန့်ရှင်းဟှယ် ဆိုဇာ
မှေ့ဟှ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ အယ်လူလေရဲ့ စိန္နလောင်းန သိစိဟှာ
ညစ်ညူးနေဟူကြောန့် ဖြစ်ဟှယ်။
16 သူးနို့ဟှာ ဘုရားသခင်ဟို့ သိဟှယ် ဆိုဘီး ဝန်ခံဘေမဲ့လည်း သူးနို့ရဲ့ကျင့်လေဟှ
ထော့-က်ခံဟှ။ သူးနို့လေဟှာ မူးဇာကောန်းဟူလူ၊ နားထောန်းဘဲ့ဟူလူ၊
ကောန်းဟူဇာလေဟို့ ခုလည်းလောက်ဟို့ ထိုက်ဘဲ့ဟူလူလေ ဖြစ်ဂေ့ဟှယ်။

2

စင်ကြယ်ဟူ ယူဝါဒကြောန်း

1 နန်းနို့ဟှာ စင်ကြယ်ဟူယူဝါဒန ကိုက်ညီရှင်းလေဟို့ ဟောပြောရမယ်။
2 သတ်ကီးဟူ ယော့-က်ကျားလေဟှာ သမ္မာဒိရှိဟူလူ၊ တည်ကြည်ဘီးဟှာ
သိခါစောန့်ဟူလူ၊ စစ်မှန်ဟူ ယောင်ကြည်ရှင်းလေ၊ ရှစ်ရှင်းလေ၊ ခံနိုင်ရည်ရှိဟူလူလေ
ဖြစ်ဟို့တွပ် သွန်သန်ရမယ်။
3 အယ်မျိုးဘဲ့ သတ်ကီးဟူ မီးမဂီးလေဟှာ ဘုရားတရားဟို့ ကြည်ညိုဟူ
လူလေဖြစ်ဟို့တွပ် သွန်သန်ပါ။ သူးနို့ဟှာ တခြားလူလေရဲ့ အသရေဖျစ်ဟူ လူလေန
ယစ်ရဲ့ကျေးကျွန်ဖြစ်စေန။ ကောန်းဟူ ဇာလေဟို့ သန်ပေးဟူ လူလေ ဖြစ်ရမယ်။
4 အယ်မျိုးဖြစ်မှ သူးနို့ဟှာ ကိုယ့်ထတ် သတ်ငယ်ဟူ မီးမလေဟှာ
ကိုယ့်ယော့-က်ကျားန သားမီးလေဟို့ ရှစ်ဘီးဟှာ၊
5 ဂေါင်သိခါ စောန့်ဟူသူ၊ စင်ကြယ်ဟူသူ၊ ကိုယ့်အီဟို့ ပြုစုဟူသူ၊ ကောန်းဟူသူ၊
ကိုယ့်ယော့-က်ကျားရဲ့ စကားဟို့ နားထောန်ဟူသူ ဖြစ်ဟို့တွပ် သတ်ကီးဟူ
မီးမဂီးလေဟှ သန်ပေးရမယ်။ အယ်မျိုးဆိုဟှာ ဘုရားသခင်ရဲ့ တရားတော်ဟို့ ကဲ့ရဲ့ဘီး
ပြောနေဟူလူလေ မှေ့ဟို့မူဘီ။
6 အယ်မျိုးဘဲ့ ကောန်သား ယော့-က်ကျားလေဟှလည်း ဂေါင်သိခါလေဟို့
ထီးနိုင်ဟို့တွပ် တိုက်တွန်းဂေ့ပါ။

7 နေရာတိုင်းမာ နန်းနို့ကိုယ်တိုင် ပေါင်သတ်သေဟို့ ပြဂေ့ပါ။ ဆောင်းမသွန်သန်ဟူ
ခီမာ သေးသေချားချာဟ့ား သန်ပေးပါ။
8 နန်းနို့ ရန်သူလေဟ့ နန်းနို့လေဟို့ ဖယ်မူမာလည်း ပြစ်ရှာနိုင်ဘဲန ရှစ်ကွဲဘဲနေအောန်
တခြားလူလေရဲ့ရှေ့မာ ပြစ်တန် ဝေဖန်နိုင်ဘဲနေအောန် ကောန်းဟူ စကားလေဟို့
ပြောဂေ့ပါ။
9 ကျွန်လေဟ့ာ သူ့သခင်လေရဲ့ စကားဟို့ နားထောန်ရမယ်။ နေရာတိုင်းမာ
သခင်ကြိုက်အောန် လောက်ရမယ်။
10 သူများပစ်စီးဟို့ ခိုးဘဲန သူးနို့ဟ့ာ မြဲဒမ်းကောန်းဘီး သစ်စာရှိဟူလူ ဖြစ်ရမယ်။
အယ်နည်းနဘဲ့ သူးနို့ဟ့ာ ကိုယ်လောက်ဟူ မူလေထဲမာ နို့လေရဲ့ ကယ်တန်ရှင်
ဘုရားသခင်ရဲ့ တရားတော်ဟို့ ပိုဘီး ဟ့ာ ထန်ရှားစေလေ့မယ်။
11 ဘုရားသခင်ဟ့ာ လူလေဂူလောင်းဟို့ ကယ်တန်ဟူ သူ့ရဲ့ ကျေးဇူးတော်ဟို့
ထန်ရှားစေဟ့ယ်။
12 နို့လေဟ့ာ ဘုရားတရားမှေ့ဘဲန လောက တတ်မတ်ရှင်းလေဟို့ ဖယ်ရှားဘီး
အယ်လောကမာ ဘုရားဝတ်နှိုက် ပျော်မွေ့ရှင်း၊ တင့်တယ်လျောက်ပတ်ရှင်း၊
ဖြောန့်ဖြောန့်မတ်မတ် သတ်ရှင်ရှင်းန
13 ကီးမြတ်ဟူ ဘုရားသခင်ဖြစ်ဟူ နို့လေရဲ့ ကယ်တန်ရှင် ယေရှုခရစ်တော်ရဲ့
ဖောင်းသရေတော် ပေါ်လာရှင်းအားဖြင့် မင်္ဂလာရှိဟူ မျှော်လင့်ရှင်းဟို့ စောန့်နေဘီးဟ့ာ
ဆောင်းမသွန်သန်ဘီး ရှိနေဟ့ယ်။
14 နို့လေဟို့ ဆိုးညစ်ရှင်းလေ ဂူလောင်းထဲဟ့နေဘီး လွတ်မြော့-က်ဟို့တွပ်န
နို့လေဟ့ာ စိန့လောင်းဖြူစင် သန့်ရှင်းဘီး ကိုယ်တော်ဘဲ့ ပိုင်ဆိုင်ဟူ လူဖြစ်ဘီး
ကောန်းဟူ ကျင့်လေမာ စိအားထတ်သန်ဂေ့ဟို့တွပ် ခရစ်တော်ဟ့ာ နို့လေတွပ်
သူ့ကိုယ်သူ စွန့်လိုက်ဟ့ယ်။
15 နန်ဟ့ာ အယ်ကြောန်းရာလေဟို့ ဟောပြောသွန်သန်ပါ။ တိုက်တွန်းအားပေးဘီး
သွန်သန်ဟူ ခီမာ နန့်မာရှိဟူ ခွမ့်အာဏာလေဟို့ သောင်းပြုပါ။ နန့်ဟို့ ဖယ်သူလည်း
ထန်သေးစေန။

3

ခရစ်ယာန်လေ ဖယ်မျိုး သတ်ရှင်ရဟူကြောန်း

1 တိုင်းပြည်ဟို့ အောက်ချောက်ဟူ လူလေန အာဏာပိုင်လေရဲ့ အောက်စိုးရှင်းလေဟို့
ဝန်ခံဘီး သူးနို့စကားဟို့ နားထောန်ဂေ့ဟို့တွပ်ရော၊ ကောန်းမြတ်ရှင်းကိစ မှန်မှုဟို့
လောက်ဟို့တွပ် ဆင်သင့်ဖြစ်နေဟို့တွပ်ရော၊ ယောင်ကြည်သူလေဟို့ ဒိပေးပါ။
2 ဖယ်သူကြောန်းဟို့လည်း ကောန်းဘဲဟူဇာဟို့ ပြောဘဲန အေးအေးချမ်းချမ်းဟ့ား
နေထိုင်ဂေ့ဟို့တွပ်န ခီတိုင်းမာ လူလေဟို့ နူးညံ့သိမ်မွေ့ဘီး ဆစ်ဆံဂေ့ဟို့တွပ်
သူးနို့လေဟို့ ပြောပါ။

2:14 ၂.၁၄ ၁ ပေ ၂.၉

3 တခါဒူးဟု နို့လေဟှာ နာခံဘဲန မိုက်မဲဘီးဟှာ လမ်းမှားဘီးနေဟှယ်။
ကာမဂေါင်ဘောန်းဇောင်န ပျော်ပါးလိုက်စားရှင်းလေထဲမာ ကျွန်ဖြစ်လာဟှယ်။
နို့လေမာ မြဲဒမ်းဘဲ့ နာလိုဘဲဟှူစိ၊ မူးနေဟှူ သဘောလေလည်း ရှိဂေ့ဟှယ်။
တခြားသူလေဟှာ နို့လေဟှို မူးဂေ့ဟှယ်။ နို့လေဟှလည်း သူးနို့ဟှို မူးဂေ့ဟှယ်။
4 အယ်ဘေမဲ့ နို့လေရဲ့ ကယ်တန်ရှင် ဘုရားသခင်ရဲ့ ကရုဏာတော်န
ရှစ်ရှင်းမြစ်တာတော်ဟှာ ထန်ရှားလာဟှူ ခီမာ၊
5 နို့လေဟှာ ကယ်တန်ရှင်းဟှို ခံရဂေ့ဟှယ်။ အယ်မျိုးကယ်တန်ရှင်း ခံရဟှူဇာဟှ
နို့လေရဲ့ ဖြောန်မတ်ဟှူ ကျင့်အားဖြင့်မူဘဲ ကိုယ်တော်ဟှာ သူ့ရဲ့ ကရုဏာတော်နညီ
သန်ရှင်းဟှူဝိညာဉ်တော်ကြောန့် နို့လေဟှို နော့-က်တခါ ပ့ုလန်မီးဘီးဟှာ
သစ်ဖြစ်ဟှူသက်တာန ဘဝသစ်ဟှို ပေးကြောန်ဖြစ်ဟှယ်။
6 ဘုရားသခင်ဟှာ နို့လေဟှို ကယ်တန်ဟှူရှင် ယေရှုခရစ်တော်ကြောန့်
သန်ရှင်းဟှူဝိညာဉ်တော်ဟှို နို့လေထတ်ဟှို ကြွယ်ဝစွာ လောန်းခ့ုလပေးဟှယ်။
7 အယ်မျိုးလောက်ဇာဟှာ နို့လေဟှာ ကိုယ်တော်ရဲ့ ကျေးဇူးတော်ကြောန့်
ဖြောန်မတ်ဟှယ် ဆိုဇာဟှို သိမှတ်ပြုခံရဘီးဟှာ ထာဝရသတ်ဟှို မျှော်လင့်ဘီး မွီခံလဲ
ဖြစ်လာဂေ့ရဟှယ်။

8 အယ်စကားဟှာ သစ်စာစကားဖြစ်ဟှယ်။ ဘုရားသခင်ဟှို ယောင်ကြည်လူလေဟှာ
ကောန်းဟှူကျင့်၊ လူလေဟှို ကျိုးပြုဟှူကျင့်လေ ရှိနေဂေ့ဟှို့တွပ် စစဒူးဟှ
ပြောဟှားဟှူဇာလေဟှို ဂရုစိုက်ဘီးဟှာ နှိုးဆော်တိုက်တွန်းဂေ့ပါ။
9 အယ်ဘီးဟှာ ကျိုးမှေ့ဘဲနပြောရှင်း၊ ရရာတိုင်းရှည်ဟှူ
ဆွေမျိုးစာရင်းလေလောက်ရှင်း၊ ရန်ဖြစ်ရှင်း၊ ပညတ်တရားန ပတ်သတ်ဘီးဟှာ
စကားများရှင်းလေဟှို ရှောန်ဂေ့ပါ။ အယ်မျိုးလောက်ဇာလေဟှာ သောင်းဝမ်ဟှ။
ဖြားကျိုးလည်း မှေ့ဟှ။
10 စိဝန်းကွဲရှင်းလေဖြစ်အောန် လောက်ဟှူလူဟှို နဲဆောင်း နှေ့ခါလော့-က်
ဒီပေးဘီးန သူ့ဟှို ထပ်ဘီးဟှာ ပေါန်းဂေ့န။
11 အယ်မျိုးလူဟှာ ဖော့-က်ပ့ုလန်ဟှူလူ ဖြစ်ကြောန်းဟှို နန်းနို့ဟှသိဟှယ်။
သူပြစ်ရှိကြောန်းဟှို သူ့ကိုယ်သူ သတ်သေပြဟှယ်။

နော့-က်ဆောင်းပြောဟှူကြောန်း

12 အာတေမဟှိုဘဲ့ ဖြစ်ဖြစ်၊ တုခိတ်ဟှိုဘဲ့ ဖြစ်ဖြစ် နန်းနို့နားဟှို လွတ်လိုက်ဟှူ ခီမာ
ငါရှိနေဟှူ နိကောပလိဗြို့ဟှို ကြိုးစားဘီးဟှာလာဂေ့။ အယ်ဗြို့မာ
ဆောင်းကာလမှာဘဲ့နေဟှို့ ငါဆောင်းဖြတ်ဟှားဟှယ်။
13 ရှေ့နေဖြစ်ဟှုဇေနန အာပေါလုလေဟှာ ခရီးသွားနိုင်ဟှို့တွပ် ကြိုးစားဘီးဟှာ
ကူညီပေးပါ။ သူးနို့လေ လိုရှင်ဇာမှန်မျှဟှို့ ကူညီလိုက်ပါ။

3:12 **ခ.၁၂** တ ၂၀.၄: ၈ ၆.၁၁.၂၂: ကော ၄.၇.၈: ၂ တိ ၄.၁၂ **3:13** **ခ.၁၃** တ ၁၈.၂၄: ၁ ကော ၁၆.၁၂

14 စားဝတ်နေရေတွပ် တကယ် လိုအပ်ဇာလေဟှိ ရဟှိ့တွပ် နို့လေရဲ့လူလေဟှာ
ကောန်းဇာနသတ်မွီးဟှိ့တွပ် သွန်သန်ဂေ့ပါ။ ကိုယ့်ရဲ့လောက်အားဟှိ
ချည်းနှီးဖြစ်စေဂေ့န။
15 ငါနတူးဒူ နေဟူလူလေဟှ နန့်ဟှိ နှောက်ဆစ်လိုက်ဟှယ်။ ယောင်ကြည်ရှင်းတရားန
နို့လေရှစ်ရဟူ မိဆွေလေဟှိ နှောက်ဆစ်လိုက်ဟှယ်။
ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟှိ နန်းနို့ဂူလောင်းဟှာ ခံစားရဂေ့ပါစေ။

ဖိလေမုန်
ဖိလေမုန်ဟို့ ပေါလုရဲ့ ပေးစာ
နိဒါန်း

တိုးတိုဟုားဘဲ့ရှိဟူ ဖိလေမုန်စာစောန်ဟို့ တမန်တော် ပေါလုဟ့ ရေးဟုားဟုယ် (၁.၁)။ ပေါလုဟ့ာ အယ်မူပေးစာဟို့ ရေးနေဟူ ခီမာ သူဟ့ာ ထောန်ကူလနေဟုယ်။ အယ်ကြောန့် သူဟ့ာ အယ်မူပေးစာဟို့ ရောမဗြို့ဟုနေ ရေးဟုားဇာဖြစ်နိုင်ဟုယ်။ သူဟ့ာ ရောမဗြို့မာရှိနေဟုယ် ဆိုဟ့ာ အယ်မူပေးစာဟို့ ခရစ်တော် မိုးဖွားဘီးန ၆၁ ခုနှစ်လော့-က်မာ ရေးဟုားဇာဖြစ်လေ့မယ်။ အယ်ဆိုဟ့ာ သူဟ့ာ အယ်ပေးစာဟို့ ကောလောသဲဗြို့ဟို့ ရေးဟူစာန တခီဒဲဖြစ်လေ့မယ်။

သူဟ့ာ အယ်မူပေးစာဟို့ ဖိလေမုန် နာမယ်ရှိဟူ လူတယော့-က်နားဟို့ ရေးဟုားဟုယ်။ ဖိလေမုန်ဟ့ာ သင်းသား တယော့-က်ဖြစ်ဘီး ကျွန်ဇရှင် တယော့-က်လည်း ဖြစ်လေဟုယ်။ ဖိလေမုန်နားဟုနေ ထွပ်ပုလေးဟုားဟူ သူ့ရဲ့ ကျွန်ဩနေသိမ်ဟို့ ပြစ်ဒန်ပေးဘဲနေအောန် တောန်းဆိုဟို့တွပ် ပေါလုဟ့ာ သူ့နားဟို့ စာရေးဟုားလေဟုယ်။ ရောမဥပဒေရ ဖိလေမုန်ဟ့ာ ဩနေသိမ်ဟို့ သတ်ပိုင်ခွမ့်ရှိဟုယ်။ ခရစ်ယာန်ညီကို တယော့-က်ဖြစ် ဩနေသိမ်ဟို့ လတ်ခံဟို့တွပ် ဖိလေမုန်ဟို့ အားပေးဟို့ ဆိုဘီး ပေါလုဟ့ာ စည်းရောင်းမူ အားကောန်းဟူ ဂြင်းခူချစ်လေဟို့ သောင်းပြဲဟုားဘီး ဩနေသိမ်ဟို့ ပေါလုနားမာ ကူညီဟို့တွပ် ခွမ့်ပြုပေးဟို့ ဆိုဘီး ကြိုတောင်းပေးဟုားသေးဟုယ် (၁.၁၃-၁၄)။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေါလုဟ့ာ ဖိလေမုန်ဟို့ နှော့-က်ဆစ်ဟုားဟူကြောန်း (၁-၃)
၂။ ဖိလေမုန်ဟ့ာ ဩနေသိမ်ဟို့ ခရစ်ယာန်ညီကို တယော့-က်ဖြစ် လတ်ခံပေးဟို့ ဆိုဘီး ပေါလုဟ့ာ ဩနေသိမ်ကိုယ်စား တောန်းဆိုပေးဟုားဟူကြောန်း (၄-၂၁)
၃။ ပေါလုဟ့ာ အီးခ့လယ်သွားဟို့န နှော့-က်ဆစ်စကား ပြောရှင်းအားဖြင့် နိဂေါင်းချောက်ဟုားဟူကြောန်း (၂၂-၂၅)

1 ယေရှုခရစ်တော်ရဲ့ မူတော်အားဖြင့် ကျဉ်းကူလခံနေရဟူသူ ငါပေါလုန
ငါ့ညီတိမောသေဟ့ာ —
နို့လေရှစ်ရဟူ လောက်ဖော်ဆောန်ဖတ် ဖိလေမုန်ဟ့နေစဘီး 2 နို့လေရှစ်ရဟူညီမ
အပ့ပါ၊ နို့လေရဲ့စစ်သူရဲလေဖြစ်ဟူ အာခိပ့ပုဟ့နေစဘီး နန်ရဲ့အီမာ စုဝီးဟူ
သင်းတော်ဟ့ သင်းဝမ်ဟူသူလေ ဂူလောင်းနားဟို့ စာရေးလိုက်ပါဟုယ်။
3 နို့လေရဲ့ဖ ဘုရားသခင်န ယေရှုခရစ်တော်နားဟ့ ကျေးဇူးတော်န ငြိသတ်ရှင်းဟ့ာ
နန်းနို့လေမာ ရှိဂေ့ပါစေ။

1:2 ၂ ကော ၄.၁၇

ဖိလေမုန်ရဲ့ မြစ်တာန ယောင်ကြည်မှုကြောင်း

4 ငါဟာ ငါ့ရဲ့ ဆုတောင်းချစ်လေမာ နန့်ဟို့ မြဲဒမ်းဒိရဘီး ဘုရားသခင်ရဲ့
ကျေးဇူးတော်ဟို့ ချီးမွမ်းပါဟုယ်။
5 ဖြားဖြစ်ကြောန့်နူးဆိုဟာ သခင်ယေရှုန သန်ရှင်းသူလေ ဂူလောင်းဟို့ နန်ထားဟူ
ရှစ်ရှင်းမြစ်တာန ယောင်ကြည်မှုကြောန်းဟို့ နို့လေကြားသိရဟုယ်။
6 အယ်ကြောန့် ယောင်ကြည်သူလေဖြစ်ဟူ နန်းနို့န နို့လေဟာ ရှင်းရှင်း
မိတ်သဟာယဖွဲ့ရှင်းအားဖြင့် ခရစ်တော်န တလောင်းတဝဖြစ်ဘီး နို့လေခံစားရဟူ
ကောန်းဂျီးမင်္ဂလာလေဟို့ ပိုဘီး နတ်နတ်ရှိုင်းရှိုင်း သိနားလည်နိုင်ဂေ့ဟို့တွပ်
ငါဆုတောန်းပါဟုယ်။
7 ငါ့ညီ၊ နန်ဟာ ဘုရားသခင်ရဲ့ သန်ရှင်းသူလေရဲ့ စိန့လောင်းဟို့
သတ်သာစေဟူကြောန့် နန်ရဲ့မြစ်တာဟို့ ထော့-က်ဘီး နို့လေဟာ ရရာတိုင်း
ဝန်းသာဂေ့ပါဟုယ်။

သြနေသိမ်တွပ် မြစ်တာရပ်ခံဟူကြောန်း

8 အယ်ကြောန့် ငါဟာ နန်လောက်ရဟို့ဇာလေဟို့ ပညတ်ဟားဟို့တွပ်
ခရစ်တော်အားဖြင့် မိန့်ပေးခွမ့်ရှိဟူလည်းဘဲ့၊
9 ရှစ်ရှင်းမြစ်တာအားဖြင့်ဘဲ့ နန့်ဟို့ တောန်းဗန်ရှင်းမူဟို့ ပြုပါဟုယ်။ အယ်မျိုး
သက်ကီးဟူသူဖြစ်ဘီး ခုဆိုဟာ ခရစ်တော်ယေရှုရဲ့ သံတမန်ဖြစ်ဟူ၊
ကျဉ်းသားလည်းဖြစ်ဟူ* ငါပေါလုဟာ၊
10 တောက်နှောန်ခံနေရဟူ ခီမာ ခရစ်တော်နှိုက် ငါ့သားဖြစ်ဟူ သြနေသိမ်တွပ်
မြစ်တာရပ်ခံပါဟုယ်။
11 သူဟာ စဟု နန့်တွပ် သောင်းဝမ်ဘဲဟူလည်းဘဲ့ ခုခီမာ နန့်တွပ်ရော ငါ့တွပ်ပါ
သောင်းဝမ်သူ† ဖြစ်လာပါဘီ။
12 သူဟို့ နန့်နားဟို့ ပ့လန်လွတ်လိုက်ဟူကြောန့် သူဟို့ ငါ့ရင်သွေးမျိုး လတ်ခံပေးပါ။
13 ငါဟာ ဒန်းကောန်းဟို့ ဟောပြောဟူကြောန့် တောက်နှောန်ခံနေရဟူ ခီမာ
နန့်ရဲ့ကိုယ်စား ငါ့ဟို့ကူညီဟို့တွပ် သူဟို့ခေါ်ဟားရှင်ပါဟုယ်။
14 အယ်ဘေမဲ့ နန်ပြုဟူကောန်းမူဟာ လွဲရှောန်ရဘဲဟို့ ပြုဟူဇာမျိုးမူဘဲန
နန့်စေတနာအားဖြင့်ဘဲ့ ပြုစေရှင်ပါဟုယ်။
15 သြနေသိမ်ဟာ နန်နမြဲဒမ်းနေရဟို့တွပ် ရှစ်ဟားခွဲခွာနေရဟုယ် ဆိုဘီး
ထန်မှတ်ဇာရှိဟုယ်။
16 အယ်မျိုးပြောဟူဇာဟာ စေခံကျွန်ဟို့ရဟူမျိုး ဆိုလိုဇာမူဟာ။ ထူးသဖြင့် ငါ့တွပ်ဟ
ရှစ်ရဟူညီ နန့်တွပ်ဟ ဇာတိအားဖြင့်ဘဲ့ဖြစ်ဖြစ်၊ သခင်ဘုရားအားဖြင့်ဘဲ့ဖြစ်ဖြစ် ပိုဘီး
ရှစ်ဟူ ညီတယော့-က်ဟို့ရဟူမျိုး ဆိုလိုဇာဖြစ်ဟုယ်။

---

* **1:9** ၉ ခရစ်တော်ယေရှုရဲ့ သံတမန်ဖြစ်ဟူ၊ ကျဉ်းသားလည်းဖြစ်ဟူ၊ အယ်မျိုးမူဘဲနေဟာ သတ်ကီးသူ၊
အယ်ဘီးဟာ ခရစ်တော်ယေရှုရဲ့ သံတမန်။ **1:10 ၁၀** ကော ၄.၉ † **1:11 ၁၁** သြနေသိမ်ရဲ့ ဟေလသနာမယ်ရဲ့
ခိပါယ်ဟ "သောင်းဝမ်သူ"။

17 အယ်မျိုးဖြစ်ကြောင့် နန်ဟာ ငါ့ဘို့ လောက်ဖော်ဆောန်ဖတ်တယော့-က်နေန
မှတ်ယူဟုယ် ဆိုဟာ ငါ့ဟို့လတ်ခံမျိုးဘဲ့ သူ့ဟို့လည်းလတ်ခံပါ။
18 တကယ်ကြောင့် သူဟာ နန့်ဟို့ ပြစ်မှားမိဟူ ဇာဘဲ့ဖြစ်ဖြစ်၊ တန်ဟူကြွေးဘဲ့ဖြစ်ဖြစ်
တခုခုပေးဇာရှိမယ် ဆိုဟာ ငါတာဝန်ယူပါဟုယ်။
19 ငါပေါလုဟာ အယ်ကြွေးလေဟို့ ဆပ်ပေးပါမယ် ဆိုဘီး ငါ့လတ်န
ရေးလိုက်ပါဟုယ်။ နန်ကိုယ်တိုင် နန့်ရဲ့ဘဝသစ်တွပ် ငါ့ဟို့ ပေးဆပ်ဇာရှိဟုယ် ဆိုဘီး
ပြောရှင်ဇာ မူဟု။
20 အယ်ကြောန့် ငါ့ညီ၊ သခင်ဘုရားရဲ့ မျစ်နှာဟို့ ထော့-က်ဘီး ငါ့ဟို့
ကျေးဇူးပြုစေရှင်ပါဟုယ်။ ခရစ်တော်နှိုက် ညီကိုတယော့-က်နေန ငါ့စိန့လောင်းဟို့
သတ်သာစေပါ။
21 နန်ဟာ ငါမြစ်တာရပ်ခံဟူတိုင်း လောက်လေ့မယ် ဆိုဇာဟို့ စိခ့်လယောင်ကြည်ဘီး
အယ်စာဟို့ ရေးလိုက်ပါဟုယ်။ တကယ်ဘဲ့ အယ်ထပ် ပိုဘီး လောက်လေ့မယ် ဆိုဇာ
ငါသိပါဟုယ်။
22 နော့-က်ဘီး ငါတည်းခိုဟို့နေရာ ခန်းတခန်းဟို့လည်း ဆင်သင့်ပြင်ဟုးပါ။
ဖြားဖြစ်ကြောင်နှုးဆိုဟာ ဘုရားသခင်ဟာ နန်းနို့လေရဲ့ ဆုတောန်းရှင်းဟို့
နားညောန်းဟူကြောင့် ငါ့ဟို့ နန်းနို့နားဟို့ ပ့လန်ဘီးပို့ဆောန်ပေးတော်မူလေ့မယ် ဆိုဘီး
မျော်လင့်ဟူကြောန့်ဖြစ်ပါဟုယ်။

နော့-က်ဆောင်း နှောက်ဆစ်ဟူကြောန်း

23 ခရစ်တော်ယေရှုကြောင့် ငါနတူးဒူ ကျဉ်းက့်လခံရဟူ ပေဖြဟုနေစဘီး၊
24 ငါ့ရဲ့လောက်ဖော်ဆောန်ဖတ်လေဖြစ်ဟူ မာကု၊ အာရိတ့်တာခု၊ ဒေမ၊
လုကာလေဟုလည်း နန့်ဟို့ နှောက်ဆစ်ဂေ့ပါဟုယ်။
25 နို့လေသခင်ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်ဟာ နန်းနို့ဝိညာဉ်နတူးဒူ ရှိပါစေ။

1:23 ၂၃ ကော ၁.၇: ၄.၁၂ **1:24** **၁.၂၄ က** တ ၁၂.၁၂.၂၅: ၁၃.၃၇–၃၉: ကော ၄.၁၀: **ခ** တ ၁၉.၂၉: ၂၇.၂: ကော ၄.၁၀: **ဂ**ကော ၄.၁၄: ၂ တိ ၄.၁၀: **ဃ** ကော ၄.၁၄: ၂ တိ ၄.၁၁

ဟေဗြဲ
ဟေဗြဲ ခရစ်ယာန်လေဟို့ ပေးစာ
နိဒါန်း

ဟေဗြဲ ခရစ်ယာန်လေဟို့ ပေးစာ ဟာ ခွန်အားပေးဟာ်းဟူ ပေးစာတစောန်ဖြစ်ဘီး အယ်ပေးစာဟာ ဓမ္မဟောန်းကျမ်းရဲ့ ပရောဖက်ပြုချစ်လေ ဘောင်ဂီးဟာ ယေရှုအားဖြင့် ပ္ဒလဲ့ဇောင်ဟာ်းဘီး ဆိုဇာဟို့ ဖော်ပြဟာ်းဟုယ်။ ဟေဗြဲခရစ်ယာန်လေရဲ့ စာစောန်ထဲမာ ဓမ္မဟောန်းကျမ်းဟို့ ညွှန်းဟာ်းဟူ ကျမ်းပိုဒ်ပေါန်း ၆၀ ကျော်ရှိဘီး အယ်ကျမ်းပိုဒ်လေဟ ပရောဖက်ပြုချစ်န ယုဒလူမျိုး ယဇ်ပုရောဟိတ်မန်းရဲ့ တာဝန်လေဟာ ယေရှုအားဖြင့် ပ္ဒလဲ့ဇောင်ဟာ်းဘီး ဆိုဇာဟို့ ရှင်းရှင်းလန်းလန်း ဖော်ပြဟာ်းလေဟုယ်။ အယ်မူ ကြောန်းရာလေကြောန့် အယ်စာစောန်ဟာ ယုဒလူမျိုး ခရစ်ယာန်လေဟို့ ခွန်အားပေးဟာ်းဇာ ဖြစ်ဟုယ် ဆိုဇာဟာ ဓိပါယ် ထန်ရှာနေလေဟုယ်။ ဟေဗြဲစာစောန်ဟ ပညတ်တရားဟာ ယေရှုအားဖြင့် ပ္ဒလဲ့ဇောင်ဟာ်းဘီ။ အယ်ကြောန့် ယဇ်ပုရောဟိတ်လေဟာ နော့-က်တခါ ယဇ်ပူဇော်ဇာ လိုဟုမ်း ဆိုဘီး ဖော်ပြဟုယ်။ ယေရှုဟာ ပြစ်ဂူလောင်းတွပ် တခါဒဲန ကာလပတ်လောင်းတွပ် ပူဇော်ပေးဟူ ယဇ်ကောန်ဖြစ်ဟုယ်။ ဘုရားသခင်ဟို့ အားကိုးနိုင်အောန် ကျွန်တော့်ဟာ်းလေတွပ် လောက်ဆောန်ပေးဟူ ယေရှုခရစ်တော် နော့-က်ဟို့လိုက်ဟို့န ကိုယ်တော့်ဟို့ အားကိုးဟို့တွပ် ကျွန်တော့်ဟာ်းလေ ခေတ်မာရှိဟူ ခရစ်ယာန်လေဟို့ ခွန်အားပေးဟာ်းဇာလေဟို့လည်း ဟေဗြဲခရစ်ယာန်လေဟို့ ပေးစာထဲမာ တွိနိုင်ဟုယ် (၁၂.၂)။

ဟေဗြဲပေးစာဟို့ ဖယ်လူရေးဟုယ် ဆိုဇာဟို့ ဖယ်လူလည်း သိဂေ့ဟ့။ အယ်ဘေမဲ့ ကျမ်းစာပညာရှင်လေဟ တမန်တော် ပေါလု၊ လုကာ အယ်မျိုးမူဘဲနေဟာ ဗာနဗ ဆိုဘီး ကြံပြုဂေ့ဟုယ်။ ရေးသားဟာ်းဟူ နေ့ရစ်ဟို့လည်း သိဂေ့ဟ့။ အယ်ဘေမဲ့ အယ်ပေးစာဟို့ ခရစ်တော် မီးဖွားဘီးန ၇၀ ခုနှစ်တိုင်ခန်ဟ ရေးဟာ်းဟုယ် ဆိုဘီး များစုဟ ယောင်ကြည်ဂေ့ဟုယ်။ အေဒီ ၇၀ ခုနှစ်မာ ယေရုရှလင်မြို့ဟာ ဖျစ်ဆီးခံရဟုယ်။ အယ်ဘေမဲ့ အယ်ပေးစာဟို့ ရေးဟူစာရေးသူဟ ယေရုရှလင်မြို့ဟာ ဖျစ်ဆီးခံရသေးဟုမျိုး ပြောဟာ်းလေဟုယ်။ ဟေဗြဲပေးစာဟာ ရောမမြို့မာ ရေးဟာ်းဘီး (၁၃.၂၄) သင်းတော်လေ ဘောင်ဂီးကြားထဲမာ ပ္ဒလံ့နှံ့ဟာ်းဟုယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ စာရေးသူဟ ယေရှုဟာ ဘုရားသခင်ရဲ့ ပရောဖက်လေန ကောန်းဂန်တမန်လေထဲမာ ဗြင့်ဆောင်းဖြစ်ဟုယ် ဆိုဘီး ဖော်ပြဟာ်းဟူကြောန်း (၁.၁—၄.၁၃)

၂။ အယ်ဘီးန သူဟ ယေရှုဟာ ယေရုရှလင်မြို့မာရှိဟူ ဘုရားသခင်ရဲ့

ဗိမာန်တော်ထဲဟု မှုဆောန်ဖြစ်ဟူ ယဇ်ပုရောဟိတ်လေထဲမာ ဗြင့်ဆောင်းဖြစ်ဟုယ်
ဆိုဘီး ထပ်ဆစ်ဖော်ပြဟုးဟူကြောန်း (၄.၁၄—၇.၂၈)
၃။ ယေရှုရဲ့ မှုတော်မြတ်ဟုလည်း မောရှေဟို ပေးဟုးဟူ ပညတ်တရားအားဖြင့်
ကိုယ်တော်ရဲ့ လူမျိုးတော်နတူးဒူ ဘုရားသခင်လောက်ဟုးဟူ
ဘောတူညီမှုဟောန်းထဲမာ ဗြင့်ဆောင်းဖြစ်ဟူကြောန်း (၈.၁—၁၀.၃၁)
၄။ ယေရှုဟုဘ ဂူလောင်းထဲမာ ဗြင့်ဆောင်းဖြစ်ဟုယ် ဆိုဘီး ရှင်းပြဘီးန စာရေးသူဟု
လတ်တိုက်လဟူ ညွှန်ကြားချစ်လေ ဘောင်ဂီးဟို ပေးဟုးဟူကြောန်း
(၁၀.၃၂—၁၃.၁၇)
၅။ နော့-က်ဆောင်းမာ စာရေးသူဟုဘ ခွန်အားပေးဇာလေချို့န နော့-က်ဆစ်ဘီးဟုဘ
အယ်ပေးစာဟို နိဂေါင်းချောက်ဟုးဟူကြောန်း (၁၃.၁၈-၂၅)

သားတော်ဟုနေတဆစ် ပေးတော်မူဟူ ဗျာဒိတ်တော်ကြောန်း

1 ရှေးကာလမာ ဘုရားသခင်ဟုဘ ပရောဖက်လေအားဖြင့် နို့ဘိုးဘေးလေဟို
နည်းဘောန်းဇောင်န ခါဘီးခါ ဗျာဒိတ်ပေးတော်မူဟုယ်။
2 အယ်ဘေဲ့ အယ်မူ နော့-က်ဆောင်းဖြစ်ဟူ ကာလမာ သားတော်အားဖြင့် နို့လေဟို
ဗျာဒိတ်ပေးတော်မူဟုယ်။ ဘုရားသခင်ဟုဘ အယ်မူသားတော်ဟို ရှိမျှဂူလောင်းရဲ့
မွီခံဖြစ်န ခန့်ဟုးဘီးဟုဘ လောကဓာတ်လေဟို သားတော်အားဖြင့်
ဖန်ဆင်းတော်မူဟုယ်။
3 အယ်သားတော်ဟုဘ ဘုရားသခင်ရဲ့ ဖောင်းရောန်ခြည်တော်န ဇာတိဖြစ်တော်ရဲ့
ပေါင်သဏ္ဌာန်ဖြစ်ဟူကြောန့် တဂိုးတော်န ပ့လဲ့ဇောင်ဟူ သူ့ရဲ့ စကားတော်အားဖြင့်
ရှိမျှဂူလောင်းဟို တည်စေတော်မူဘီး ပြစ်လေတွပ် စင်ကြယ်ရှင်းဝတ်ဟို ပြုဘီးဟုဘ
ဗြင့်ဟူရပ် ထတ်ကောန်းဂန်မာ အနန္တတဂိုးရှင် ဘုရားသခင်ရဲ့ ညာဖတ်မာ
ထိုင်နေတော်မူလေဟုယ်။

သားတော်ဟုဘ ကီးမြတ်တော်မူဟူကြောန်း

4 သားတော်ဟုဘ ကောန်းဂန်တမန်လေထတ် ကီးမြတ်ဟူ ဘွဲ့နာမတော်ဟို့ခံရဟူမျိုး
ကောန်းဂန်တမန်လေထတ် ကီးမြတ်ဟူသူလည်း ဖြစ်တော်မူဟုယ်။
5 ဖြားဖြစ်ကြောန့်နူးဆိုဟုဘ ဘုရားသခင်ဟု ဖယ်ကောန်းဂန်တမန်လေဟို့မှ၊
“နန်ဟုဘ ငါ့သား ဖြစ်ဟုယ်။
အယ်နေ့ဘဲ့ နန့်ဟို့ ငါဖွားမြင်စေဘီ” ဆိုဟူဇာန၊

“ငါဟုဘ သူ့ဖ ဖြစ်မယ်။
သူလည်း ငါ့သား ဖြစ်လေ့မယ်” ဆိုဘီး
ဖယ်ခါဒူးဟု မိန့်တော်မူဖူးနူး။

6 နော့-က်ဘီး ဘုရားသခင်ဟုဘ သူ့ရဲ့ သားဦးဟို့ အယ်လောကဟို့ စေလွှတ်တော်မူဟူ
ခီမာ၊

“ဘုရားသခင်ရဲ့ ကောန်းဂန်တမန်လေ ဂူလောင်းဟာ ပျပ်ဝပ်ကိုးကွယ်ရမယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
7 နော့-က်ဘီး ကောန်းဂန်တမန်လေန ပတ်သတ်ဘီး ဖော်ပြရာမာ၊
“ဘုရားသခင်ဟာ သူ့ရဲ့ ကောန်းဂန်တမန်လေဟို ဝိညာဉ်မျိုးရော၊
သူ့ရဲ့ စေခံလေဟို မီးလျှံမျိုးရော ဖြစ်စေတော်မူဟုယ်” ဆိုဘီး မိန့်တော်မူဟုယ်။

8 အယ်ဘေမဲ့ သားတော်ဟို မိန့်တော်မူဟူ ခီမာ ကိုယ်တော်ဟု၊
“အိုး၊ ဘုရားသခင်၊ ကိုယ်တော်ရဲ့ ရာဇပလ္လင်ဟာ ကမ္ဘာဆစ်ဆစ် တည်လေ့မယ်။*
ကိုယ်တော်ရဲ့ †နိုင်ငံဟာ တရားသဖြင့်စီရင်ဟူ နိုင်ငံဖြစ်ပါဟုယ်။
9 ကိုယ်တော်ဟာ ဖြောန့်မတ်ဟူ တရားဟို ရှစ်မြတ်နိုးဘီး တရားဘဲဟူ ဇာလေဟို
မူးတော်မူဟုယ်။
အယ်ကြောန့် အိုး၊ ဘုရားသခင်၊ ကိုယ်တော်ရဲ့ ဘုရားသခင်ဟာ
ကိုယ်တော်ရဲ့ ပေါ်နိုးဖော်လေထတ် ကိုယ်တော့်ဟို ချီးမြှော့-က်ဘီး
ရွှင်လန်းဝန်းသာဟူ ဆီန ဘိသိက်ပေးတော်မူဘီ” ဆိုဘီး မိန့်တော်မူလေဟုယ်။

10 နော့-က်ဘီး၊
“အိုး၊ ဘုရားသခင်၊ ကိုယ်တော်ဟာ ဦးဆောင်း မ့လေဂီးဟို တည်တော်မူပါဟုယ်။
ကောန်းဂန်ဟိုလည်း လတ်တော်န ဖန်ဆင်းတော်မူဟူဇာ ဖြစ်ပါဟုယ်။
11 အယ်မူဇာလေဟာ ပျစ်စီးသွားရဟူလည်းဘဲ့ ကိုယ်တော်ဟာ မြဲဒမ်း
တည်တော်မူဟုယ်။
အယ်မူဇာလေ ရှိဟူမျှဟာ ဝတ်လေမျိုး ဟောန်းနွမ်းဟားလေ့မယ်။
12 ကိုယ်တော်ဟာ အယ်ဇာလေဟို ဝတ်လောင်လိဟူမျိုး လိတော်မူလေ့မယ်။
အယ်ဇာလေဟာ ဝတ်လောင်ဟူမျိုး ပ့လောန်းလဲဟားလေ့မယ်။
အယ်ဘေမဲ့ ကိုယ်တော်ဟာ ပ့လောန်းလဲတော်မူဟု။
သတ်တော်လည်း ကူဆောင်းဟု” ဆိုဘီး မိန့်တော်မူလေဟုယ်။

13 နော့-က်ဘီး ဘုရားသခင်ဟု၊
“နန်ရဲ့ ရန်သူလေဟို နန်ရဲ့ ခေဖွားအော့-က်ဟို ငါ့လထားခန်ခီထိ၊
ငါ့ရဲ့ ညာဖတ်မာ ထိုင်နေပါ” ဆိုဘီး
ဖယ်ကောန်းဂန်တမန်လေဟို မိန့်ဖူးဟူကြောန့်နူး။
14 ကောန်းဂန်တမန်လေဟာ ကယ်တန်ရှင်းမီဟို ခံရဟို့ သူလေဟို
ပြုစုစောန့်ရှော့-က်ဟို့တွပ် ဘုရားသခင် စေလွှတ်တော်မူဟူ စေခံဝိညာဉ်လေ
ဖြစ်ဂေ့ဟုယ် မူဟုလော။

---

* **1:8 ၁.၈** အိုး၊ ဘုရားသခင်၊ ကိုယ်တော်ရဲ့ ရာဇပလ္လင်ဟာ ကမ္ဘာဆစ်ဆစ် တည်လေ့မယ်၊ အယ်မျိုးမူဘဲနေဟာ ဘုရားသခင်ဟာ ကိုယ်တော်ရဲ့ နိုင်ငံဖြစ်ဟုယ်။ † **1:8 ၁.၈** ကိုယ်တော်ရဲ့၊ တချို့ မူရင်းလတ်ရေးမူလေမာ သူ့ရဲ့၊ ဆိုဘီး ပါရှိဟုယ်။

2

ထူးမြတ်ဟူ ကယ်တန်ရှင်းကြောန်း

1 အယ်ကြောန့် နို့လေဟှာ လွဲချော်သွားဘဲနေအောန် ကြားရဟူ ဒေသနာတော်လေဟို
စိန္နလောင်းထဲမာ မှတ်မိစွဲလန်းမူရှိဂေ့ရမယ်။
2 ကောန်းဂန်တမန်လေအားဖြင့် ထားတော်မူဟူ ဗျာဒိတ်တော်ဟှာ မှန်ကန်ဘီး
ပြစ်မှားကျူးလွန်ဟူမူ မျိုးမျိုးလေဟှာ ခံထိုက်ဟူပြစ်ဒန်လေဟို ခံရဟို့မှန်မယ် ဆိုဟှာ၊
3 စဉီးဟှနေဘီး သခင်ဘုရားဟောတော်မူဟူ တရားစကားတော်ဟို
ကြားရဟူသူလေဟှ ယောင်လော့-က်ဟူသတ်သေအားဖြင့် နို့လေဟို ဟောပြောဟူ
အယ်မျှလော့-က်ဂီးမားဟူ ကယ်တန်ရှင်းတရားဟို နို့လေနားထောန်ဘဲနေဟှာ ပြစ်ဒန်န
ဖယ်မျိုးလွတ်ဂေ့လေ့မယ်နူး။
4 အယ်မူသတ်သေခံဟူ သူလေနတူးဒူ ဘုရားသခင်ဟှာ နိမိတ်လတ်ခဏာနဖြစ်ဖြစ်၊
အံ့သြဘွယ်ဟူ မူလေနဖြစ်ဖြစ်၊ ထူးဆန်းဟူတဂိုး ဘောန်းဇောင်နဘဲ့ဖြစ်ဖြစ်၊
သန်ရှင်းဟူဝိညာဉ်တော်ဟှာ သူ့ရဲ့ လိုတော်ရှိဟူတိုင်း ဝီမျပေးဟူ
ဆုကျေးဇူးလေနဖြစ်ဖြစ် သတ်သေခံတော်မူဟှယ်။

ကယ်တန်ရှင်းဟို ပို့ဆောန်ဟူသူကြောန်း

5 နို့လေပြောဆိုဟူ နော့-က်ကပ်ကမ္ဘာဟို အောက်စိုးရဟူခွဓ်ဟို
ကောန်းဂန်တမန်လေရဲ့ လတ်မာ အပ်ပေးဟှားဇာ မူဟှ။
6 ကျမ်းစာတချစ်မာ၊
“လူဟှာ ဖယ်မျိုးသူဖြစ်ဟူကြောန့် ကိုယ်တော်ဟှာ အော့-က်မေ့လေးထားရပါနူး။
လူသားဟှာ ဖယ်မျိုးသူဖြစ်ဟူကြောန့် ကေ့ရှုရပါနူး။
7 ကိုယ်တော်ဟှာ သူ့ဟို ကောန်းဂန်တမန်လေထတ် နဲနဲဟှား နိုက့လစေတော်မူဘီးဟှာ
သူ့ရဲ့ ခေါန်းဟို ဖောင်းသရေတော်န ပတ်ရစ်တော်မူဘီး၊*
8 ရှိမျှဂူလောင်းဟို ကိုယ်တော်ရဲ့ ခေဖွားအော့-က်မာ ခ့လဟှားတော်မူဟှယ်”
ဆိုဘီး ဖော်ပြဟှားလေဟှယ်။
“ဂူလောင်းဟို ခ့လဟှားတော်မူဟှယ်” ဆိုဘီး သတ်သေခံဟှားဇာဟှာ ခ့လဟှားဘဲန
ကျန်ရစ်ဟူ ဇာလေ ဖြားဇာလည်း မ့ေဟှ။ ခုဆိုဟှာ ဂူလောင်းဟို ခ့လဟှားဇာလေဟို
နို့လေဖြင်ရလေးဟှ။
9 အယ်ဘေမဲ့ ယေရှုဟှာ ဘုရားသခင်ရဲ့ ကျေးဇူးတော်အားဖြင့် လူလေ ဂူလောင်းတွပ်
သေခံရဟူခွဓ် ရှိစေဟို့ ကောန်းဂန်တမန်လေထတ် နဲနဲဟှား နိုက့လခံရဘီးမှ
သေခံရဟူကြောန့် ခေါန်းတော်မာ ဖောင်းသရေတော်န ပတ်ရစ်ဘီး ရှိနေဇာဟို့
နို့လေဖြင်ရဂေ့ဟှယ်။
10 ဖြားဖြစ်ကြောန်နူးဆိုဟှာ သားမီးလေ ဘောင်ဂီးဟို့ ကယ်တန်ဘီး ဖောင်းစည်းဇိမ်
စံစားရာဟို့ ပို့ဆောန်ဟူ သခင်ဟှာ ဒေါက်ခဝေဒနာလေအားဖြင့် စောင်လင်ရှင်းဟို့

* **2:7** **ဟ.၇** မူရင်းလတ်ရေးမူလေ ဘောင်ဂီးမာ ကိုယ်တော် ဖန်ဆင်းဟှားဟူရာလေ ဂူလောင်းထတ်မာ သူးနို့ဟို့
အောက်ချောက်သူလေဖြစ်န ဖန်ဆင်းဟှားဟှယ်၊ ဆိုဘီး ပေါန်းထဲ့ဟှားဟှယ် (ရူ ဆာ ၈.၆)။

ရော့-က်ရဟို့တွပ် ရှိမ္ဟဂူလောင်းဟို့ ဖန်ဆင်းဘီး အောက်စိုးတော်မူဟူ ဘုရားသခင်ဟာ
စီရင်တော်မူလေဟုယ်။
11 သန်ရှင်းပေးဟူသူန သန်ရှင်းခံရဟူ သူဟာ ဖတယော့-က်ဒဲဘဲ့ ရှိဟုယ်။
အယ်ကြောန့် သန်ရှင်းပေးဟူ ယေရှုဟာ သန်ရှင်းခံရဟူ သူလေဟို့ ညီကို မောန်နှမလေ
ဆိုဘီး ခေါ်ဟူဇာဟို့ ယှစ်ကြော့-က်တော်မူဟု။
12 ယေရှုဟု၊
“ကျွန်တော်ဟာ ကိုယ်တော်ရဲ့ နာမတော်ဟို့ ကျွန်တော့်ရဲ့ ညီကို မောန်နှမလေဟို့
ကြားပြောပါမယ်။
ပရိသတ်စည်းဝေးလယ်မာ ကိုယ်တော့်ဟို့ ချီးမွမ်းဘီး ချင်းဆိုပါမယ်” ဆိုဘီး
မိန့်တော်မူလေဟုယ်။
13 နော့-က်တချစ်ဟု “ငါဟာ ဘုရားသခင်ဟို့ အားကိုးမယ်” ဆိုဘီး လာဟုယ်။
နော့-က်ဘီး “ငါဟုနေစဘီး ငါ့ဟို့ ဘုရားသခင်ပေးဟားဟူ သားမီးလေရှိဟုယ်” ဆိုဘီး
လာလေဟုယ်။
14 အယ်သားမီးလေဟာ သွီးသားဇာတိန ဆစ်ဆံဟူ သူလေဖြစ်ဟူကြောန့်
ကိုယ်တော်ဟာ သွီးသားဟို့ ခံယူဘီး သေခံတော်မူဟူ ဇာအားဖြင့် သေရှင်းတရားဟို့
စိုးရဟူသူဖြစ်ဟူ မာရ်နတ်ရဲ့ တဂိုးဟို့ ခ့လိုးဖဲ့ဖျစ်ဆီးဟို့တွပ်နှ၊
15 တသတ်လောင်း သေဘေးဟို့ ကြော့-က်ဘီး ကျွန်ခံနေရဟူ သူလေဟို့
လွှတ်ရှင်းပေးဟို့တွပ် ဖြစ်ဟုယ်။
16 တကယ်ဘဲ့ ကိုယ်တော်ဟာ ကောန်းဂန်တမန်လေဟို့ မဇဟူဇာမူဘဲ
အာဗြဟံမျိုးနွယ်ဟို့ မဇတော်မူဟူဇာ ဖြစ်ဟုယ်။
17 အယ်ကြောန့် ကိုယ်တော်ဟာ လူလေရဲ့ ပြစ်လေဟို့ ဖြေလွှတ်ဟို့တွပ် သစ်စာ၊
ကရုဏာနပ္ပလဲ့ဝဟူ ယဇ်ပုရောဟိတ်မန်းဖြစ်န ဘုရားသခင်ရဲ့ မူတော်ဟို့
လောက်ဆောန်နိုင်ဟို့တွပ် ရာရာမာ သူ့ရဲ့ ညီကိုလေန တူရဟို့ကြောန်း ရှိလေဟုယ်။
18 အယ်ကြောန့် ကိုယ်တော်ဟာ အယ်မျိုး စောင်ဇမ်းနှော့-က်ယှစ်ရှင်းလေဟို့
ကိုယ်တိုင်ခံဘီး ဆင်းရဲဒေါက်ခလေန ကျင်လည်ဖူးဟူကြောန့်
စောင်ဇမ်းနှော့-က်ယှစ်ရှင်းမူရာလေန တွိကြောင်ရဟူသူလေဟို့ ကူညီမဇဟို့တွပ်
တတ်နိုင်တော်မူလေဟုယ်။

3

မောရှေထတ် သခင်ယေရှု ကီးမြတ်ဟူကြောန်း

1 အယ်ကြောန့် ကောန်းဂန်ဘောင်ခ စပ်ဆိုင်ဟူ ခေါ်ယူရှင်းကျေးဇူးဟို့ ခံရဟူသူ
သန်ရှင်းဟူ ညီကို မောန်နှမလေ၊ နို့လေဝန်ခံဟူ တမန်တော်ခ
ယဇ်ပုရောဟိတ်မန်းဖြစ်ဟူ ယေရှုရဲ့ကြောန်းဟို့ စေ့စေ့ဆင်ခြင်ဂေ့ပါ။
2 မောရှေဟာ ဘုရားသခင်ရဲ့ အီတော်တအီလောင်းဟို့ သစ်စာစောန့်ဟူမျိုး ယေရှုဟာ
သူ့ဟို့ ခန့်အပ်ဟားဟူသူရဲ့ မူတော်ဟို့ သစ်စာစောန့်တော်မူဟုယ်။

3 အီဟ္ဝိဆော့-က်ဟူသူဟုာ အီထတ် ပိုဘီး ဂေါင်သရေရှိဟူမျိုး ယေရှုဟုာ
မောရှေထတ် ပိုဘီး မြင့်မြတ်ဟူ ဖောင်းသရေတော်ဟို့ ခံထိုက်ဟူသူ ဖြစ်ဟုယ်။
4 ဖြားဖြစ်ကြောန်နူးဆိုဟုာ အီဟို့ ယော့-က်ယော့-က်ဟု ဆော့-က်ရဟူဇာဖြစ်ဟုယ်။
ရှိမျှဂူလောင်းဟို့ တည်ဆော့-က်ဟူသူဟုာ ဘုရားသခင်ဘဲ့ဖြစ်ဟုယ်။
5 မောရှေဟုာ နာဂတ်ကာလတွပ် ဟောပြောမယ့် ရာလေဟို့ သတ်သေခံဟို့တွပ်
စေခံကျွန်တယာ့-က်ဟူမျိုး အီတော်တအီလောင်းဟို့ သစ်စာစောန့်လေဟုယ်။
6 ခရစ်တော်ဟုာ ဘုရားသခင်ရဲ့ အီတော်ဟို့ စိုးရဟူ သားတော်နေန အောက်စိုးဘီး
သစ်စာစောန့်တော်မူဟုယ်။ နို့လေဟုာ ရဲရင့်ရှင်း၊ မျှော်လင့်ရှင်းလေန
ဝါကြွားဝန်းသာဘီး ဆောင်းထိ ယောင်ကြည်စိခ့လရှင်းရှိမယ် ဆိုဟုာ နို့လေဟုာ
ကိုယ်တော်ရဲ့ အီတော်ဖြစ်လေဟုယ်။

ဘုရားသခင်ရဲ့လူစုတော်တွပ် ငြိဝပ်ရှင်းကြောန်း

7 အယ်ကြောန့် သန့်ရှင်းဟူဝိညာဉ်တော် မိန့်တော်မူဟူဇာဟုာ၊
“အယ်နေ့မာ နန်းနို့လေဟာ ဘုရားသခင်ရဲ့ ဗျာဒိတ်တော်သံဟို့ ကြားရဂေ့ဟူကြောန့်
8 စိနှလောင်း ခိုင်မာဂေ့န။
နန်းနို့ဘိုးဘေးလေဟုာ ကိုယ်တော့်ဟို့ ပေါင်ကန်ဘီး တောကန္တာရမာ မျိုးမျိုး
စောင်ဇမ်းဂေ့ဟုယ်။ သူးနို့လေ ခေါန်းမာဟူမျိုး နန်းနို့ခေါန်းမာဂေ့န။
9 နန်းနို့ဘိုးဘေးလေဟုာ နှစ်လေးဆယ်လောင်းလောင်း
ငါပြုဟူ မူရာလေဟို့ ဖြင်ရဟူလည်းဘဲ့ ငါ့ဟို့ဆန့်ကျင်ဘီး စောင်ဇမ်းဂေ့ဟုယ်။
10 အယ်မျိုးဖြစ်ဟို့ အယ်မျိုးဆစ်ဟို့ ငါမျစ်ထွပ်ဘီး ‘သူးနို့လေဟုာ မြဲဒမ်းဘဲ့ စိသဘော
မှားယွင်းတတ်ဂေ့ဟုယ်။
ငါ့ရဲ့ အလေ့လာ ငါ့ရဲ့ တရားလမ်းဟို့ သိဂေ့ဟု’ ဆိုဘီး ငါဆိုရဟုယ်။
11 အယ်ကြောန့် သူးနို့လေဟုာ ‘ငါ့ရဲ့ ငြိဝပ်ရှင်းထဲဟို့ ဝမ်ရဂေ့ဟို့ မူဟု’ ဆိုဘီး
မျစ်ထွပ်ဟူကြောန့် ငါကီဆိုဟုယ်” ဆိုဘီး မိန့်တော်မူဟူတိုင်း၊
12 ညီကို မောန်နှမလေ၊ သတ်ရှင်တော်မူဟူ ဘုရားသခင်ဟို့ ကျောခိုင်းဟူဇာအားဖြင့်
မယောင်ကြည်ဘဲ ဆိုးညစ်ဟူစိနှလောင်း မှေ့ဘဲနေဟို့တွပ် ဒိထားဂေ့ပါ။
13 ပြစ်ဒုစရိုက် လှည့်ဇားဟူဇာအားဖြင့် နန်းနို့စိနှလောင်း ခိုင်မာဘဲနေဟို့တွပ် အယ်နေ့
ဆိုဘီး ခေါ်ဟူခဲ ရှိဟူမျှ ကာလပတ်လောင်း ရှင်းရှင်း တယော့-က်ဟို့တယော့-က်
အားပေးဘီး တိုက်တွန်းနှိုးဆော်ဂေ့ပါ။
14 ဖြားဖြစ်ကြောန့်နူးဆိုဟုာ နို့လေဟုာ စိစွဲလန်းရှင်းန စပြုဟူမျိုး ဆောင်းထိ
စိခ့လယောင်ကြည်မယ် ဆိုဟုာ ခရစ်တော်န စပ်ဆိုင်ဟူသူလေ ဖြစ်ဟုယ်။
15 ကျမ်းစာတော်ဟု
“အယ်နေ့မာ နန်းနို့လေဟုာ ဘုရားသခင်ရဲ့ ဗျာဒိတ်တော်သံဟို့ ကြားရဂေ့ဟူကြောန့်
ဆန့်ကျင်ဖတ်ပြုဟူ ကာလမာရှိဟူမျိုး
စိနှလောင်းခိုင်မာဂေ့န” ဆိုဘီး ဖော်ပြလေဟုယ်။

16 အယ်မျိုး ကြားဘီးမှ ဆန့်ကျင် ပေါင်ကန်ဟူသူလေဟု ဖယ်သူလေနူး။
မောရှေနော့-က်ဟိုလိုက်ဘီး အဲဂုတ္တုပြည်ဟု ထွပ်လာဟူသူ ဂူလောင်းဟာ
အယ်မျိုးပြုဂေ့ဟုယ် မူဟုလော။
17 နှစ်လေးဆယ်လောင်းလောင်း ဘုရားသခင်ရဲ့ မျစ်တော်ဟို ခံရဟူသူဟာ
ဖယ်သူလေနူး။ ဒုစရိုက်ပြစ်ဟို ပြုဟူကြောန့် တောကန္တာရထဲမာ လဲဘီး
သေဂ့ဟူသူလေဘဲ့ မူဟုလော။
18 “နန်းနို့လေဟာ ငါ့ရဲ့ ငြိဝပ်ရှင်းထဲဟို ဝမ်ရဂ့ေဟု” ဆိုဘီး ကီဆိုခံရဟူသူလေဟာ
ယောင်ကြည်ဘဲဟူ သူဟုလွဲဘီး ဖယ်သူရှိနူး။
19 အယ်ကြောန့် သူးနို့လေဟာ ယောင်ကြည်ဘဲဟူကြောန့် ဝမ်နိုင်ဘဲဇာဟို
နို့လေသိရဂ့ေဟုယ်။

4

1 အယ်ကြောန့် ဘုရားသခင်ရဲ့ ငြိဝပ်ရှင်းထဲဟို ဝမ်ရဟူခွမ့်ဟို ပေးဟူ ဂဒိတော်ဟာ
နို့လေမာရှိနေရဲ့န နန်းနို့ထဲဟု ဝမ်စားရဘဲဟူသူ တယော့-က်လည်း မ့ေဘဲနေအောန်
ဒိပြုဂေ့ဇို့။
2 ဖြားဖြစ်ကြောန့်နူးဆိုဟာ နို့လေလည်း အယ်သူလေမျိုး ဝန်းသာဇာ ဒန်းကောန်းဟို
ကြားရဂ့ေဘီ။ အယ်ဘေမဲ့ သူးနို့ကြားရဟူ ဒန်းကောန်းဟာ
ယောင်ကြည်ရှင်းပါဘဲကြောန့် သူးနို့တွပ် ကျိုးမြဟု။
3 ယောင်ကြည်ဟူ နို့လေဟာ ဘုရားသခင် ဂဒိထားတော်မူဟူ ငြိဝပ်ရှင်းထဲဟို
ဝမ်ရဂ့ေဟုယ်။ အယ်မူတိုင်းဘဲ့ ဗျာဒိတ်တော်ဟု၊
“သူးနို့လေဟာ ငါ့ရဲ့ ငြိဝပ်ရှင်းထဲဟို ဝမ်ရဂ့ေဟ ဆိုဘီး
မျစ်ထွပ်ဟူကြောန့် ငါကီဆိုဟုယ်” ဆိုဘီး လာဟုယ်။
ငြိဝပ်ရှင်း ဆိုဇာဟာ ကမ္ဘာဦးစဟု ဖန်ဆင်းဟူမူရာလေ ပီးဆောင်းဘီး ငြိဝပ်နားယူဟူ
ငြိဝပ်ရှင်းဟို ဆိုလိုဟူဇာဖြစ်ဟုယ်။
4 ကျမ်းစာဟု ခွန်နစ်ရစ်မြေ့-က်ဟူ နေ့နပတ်သတ်ဘီး “ဘုရားသခင်ဟာ
ခွန်နစ်ရစ်မြေ့-က်ဟူနေ့မာ သူ့ရဲ့မူရာလေ ရှိဟူမျှအားလောင်း ပီးစီးဟူကြောန့်
ငြိဝပ်ဘီး နေတော်မူဟုယ်” ဆိုဘီး လာလေဟုယ်။
5 နော့-က်ဘီး “သူးနို့လေဟာ ငါ့ရဲ့ ငြိဝပ်ရှင်းထဲဟို ဝမ်ရဂ့ေမယ် မူဟု” ဆိုဘီး
အယ်နေရာမာ ဆိုဟုးဟုယ်။
6 အယ်ကြောန့် အယ်မူ ငြိမ်ဝပ်ရှင်းထဲဟို ဝမ်ရဟူခွမ့်ဟာ တချို့လူလေတွပ်
ရှိသေးဟုယ်။ ဝန်းသာဇာ ဒန်းကောန်းဟို ပထမဦးဆောင်း ကြားရဟူသူလေဟာ
ယောင်ကြည်ဂ့ေဘဲကြောန့် ဝမ်ရဂ့ေဟု။
7 အယ်ကြောန့် ဘုရားသခင်ဟာ နေ့တနေ့ဟို “အယ်နေ့” ဆိုဘီး ဆစ်ဘီး
ခ့လမှတ်တော်မူဘီးဟာ နော့-က်နှစ်ပေါန်း ကြာလာဟူ ခီမာ စဟု ဖော်ပြဟူးဟူတိုင်း၊
“အယ်နေ့မာ နန်းနို့လေဟာ ဘုရားသခင်ရဲ့ ဗျာဒိတ်တော်သံဟို ကြားရဂ့ေဟူကြောန့်
ခိုင်မာဟူ စိန္နလောင်း ရှိဂ့ေန”

ဆိုဘီး ဒါဝိဒ်အားဖြင့် မိန့်တော်မူလေဟုယ်။
8 တကယ်ဟို့ ယောရှုပေးဟူ ငြိဝပ်ရှင်းဟှာ ဘုရားသခင် ဂဒိထားတော်မူဟူ ငြိဝပ်ရှင်း
ဖြစ်ဟုယ် ဆိုဟှာ တခြား နေ့ရစ်တရစ်ကြောန်းဟို့ မိန့်တော်မူဟို့ မူဟှ။
9 အယ်မျိုးဖြစ်ကြောန့် ဘုရားသခင်ရဲ့ လူမျိုးတော်တွပ် ငြိဝပ်ရှင်း
တမျိုးကျန်ရှိသေးဟုယ်။
10 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ဟှာ သူ့ရဲ့ ဖန်ဆင်းဟူမူရာလေ
ပီးစီးဟူကြောန့် ငြိဝပ်ဘီး နေဟူမျိုး အယ်ငြိဝပ်ရှင်းထဲဟို့ ဝမ်ရဟူသူဟှလည်း
ကိုယ့်ရဲ့မူရာလေဟို့ ပီးစီးဟူကြောန့် ငြိဝပ်ဘီး နေရလေဟုယ်။
11 အယ်ကြောန့် သူးနို့ရဲ့ နာခံဘဲဟူ ပေါင်ဇံဟို့လိုက်ဘီး ဖယ်သူတယော့-က်လည်း
ပြိုလဲဘဲ အယ်ငြိဝပ်ရှင်းထဲဟို့ ဝမ်ရဟို့တွပ် ကြိုးစားအားထုဂေ့ဇို့။
12 ဘုရားသခင်ရဲ့ စကားတော်ဟှာ သတ်ရှင်ရှင်း၊ တဂိုးနပြုပြင်ရှင်း၊
သန်လျက်လေထတ် ထတ်ရှင်းမှန ပ့လဲ့ဇောင်ဟူကြောန့် သတ်န စိဝိညာဉ်ဟို့ဖြစ်ဖြစ်၊
ရိုးဆစ်န ခြင်ဆီဟို့ဖြစ်ဖြစ် ပိုင်းခြားဘီး ထောက်ချင်းခွမ်းတတ်ဟုယ်။ စိနလောင်း
ကြဲစည်လေဟို့လည်း ထိုးထွမ်းဘီး သိဖြင်နိုင်ဟုယ်။
13 ဘုရားသခင်ရဲ့ မျစ်မှော့-က်တော်မာ ထန်ရှားဘဲဟူဇာ ဖြားဇာလည်း မှေ့ဟှ။
ဖန်ဆင်းဟှားဟူ ရှိမျှဂူလောင်းဟို့ မျစ်မှော့-က်တော်မာ ကွယ်ကာမှေ့ဘဲန
လှန်ဟှားလေဟုယ်။ နို့လေဂူလောင်းဟှာ ကိုယ်ပြုဟူ မူရာလေရှိဟူမျှ ကိုယ်တော်ရဲ့
စစ်ကြောစီရင်ဇာဟို့ ခံရဂေ့လေ့မယ်။

ကီးမြတ်ဟူ ယဇ်ပုရောဟိတ်မန်းဂီး ယေရှုကြောန်း

14 အယ်ကြောန့် ကောန်းဂန်ဘောင်ထဲဟို့ ကြွဝမ်တော်မူဟူ ယဇ်ပုရောဟိတ်
မန်းဂီးဖြစ်ဟူ ဘုရားသခင်ရဲ့ သားတော်ယေရှုဟှာ နို့လေရဲ့ ယဇ်ပုရောဟိတ်မန်းဂီး
ဖြစ်ဟူကြောန့် နို့လေဟှာ ယောင်ကြည်ဝန်ခံဟူ ရာလေဟို့ စွဲစွဲမြဲမြဲ ကိုင်ဆွဲဟှားဂေ့ဇို့။
15 နို့လေရဲ့ ယဇ်ပုရောဟိတ် မန်းဂီးဟှာ နို့လေခံရဟူ ဆင်းရဲ ဒေါက်ခလေကြောန့်
ကြင်နာနိုင်ဘဲဟူသူ မူဟှ။ နို့လေခံရဟူမျိုး စောင်ဇမ်း နှော့-က်ယုစ်ရှင်း မျိုးမျိုးဟို့
ခံစားဖူးဟူသူ ဖြစ်ဟုယ်။ အယ်ဘေမဲ့ ကိုယ်တော်ဟှာ ဒုစရိုက်ပြစ်န
လွတ်ကင်းတော်မူဟုယ်။
16 အယ်ကြောန့် နို့လေဟှာ သနားကရုဏာတော်န မစရှင်းကျေးဇူးဟို့ ခံရဟို့တွပ်
ရဲရင့်ဟူစိန ကျေးဇူးပလွင်တော် ခေရင်းဟို့ တိုးဝမ်ဂေ့ဇို့။

5

1 လူလေထဲဟှ ဝီးကော့-က်ခံရဟူ ယဇ်ပုရောဟိတ်မန်းလေဟှာ ပြစ်ဖြေဟူယဇ်န
ပူဇော်သက္ကာလေဟို့ လူလေကိုယ်စား ဘုရားသခင်ဟို့ ဆစ်ကပ်ပူဇော်ဟို့တွပ်
ခန့်အပ်ခံရဟူ သူဖြစ်ဟုယ်။
2 သူဟှာ ကိုယ်တိုင်အားနဲချစ် ရှိဟူကြောန့် မိုက်မဲဟူသူ၊ မှားယွင်းဟူသူလေဟို့
သီးခံဟို့တွပ် တတ်နိုင်လေဟုယ်။

3 အယ်ကြောန့်လည်းဘဲ့ သူများလေရဲ့ ပြစ်တွပ်ဘဲ့မှုဘဲန သူ့ပြစ်တွပ်လည်း
ပြစ်ဖြေရာယဇ်ဟို့ ပူဇော်ရဟုယ်။
4 အယ်မျိုး ဂေါင်သရေရှိဟူ ရပ်ရာဟို့ ဖယ်သူလည်း ကိုယ့်ကိုယ်ကိုယ် ခံယူရဟူဇာ
မှုဟု။ အာရုန်ဟူမျိုး ဘုရားသခင် ခေါ်ယူတော်မူဟူ ဇာအားဖြင့်ဘဲ့ ခံယူရရှိနိုင်ဟုယ်။
5 အယ်မျိုးဘဲ့ ခရစ်တော်ဟာ ယဇ်ပုရောဟိတ်မန်းရဲ့ ရပ်ရာဟို့ ကိုယ့်ကိုယ်ကိုယ်
ချီးမြှော့-က်ဟူ ဇာမှုဘဲ့ဒန
"နန်ဟာ ငါ့သား ဖြစ်ဟုယ်။
အယ်နေ့ဘဲ့ ငါဟာ နန့်ရဲ့ဖ ဖြစ်လာဟုယ်" ဆိုဘီး မိန့်တော်မူဟူ သခင်ဟာ
ခရစ်တော်ဟို့ ချီးမြှော့-က်တော်မူဟူဇာ ဖြစ်ဟုယ်။
6 တခြားကျမ်းလေမာလည်း
"နန်ဟာ မေလခိဇေဒက်ဟူမျိုး*
ထာဝရ ယဇ်ပုရောဟိတ် ဖြစ်ဟုယ်" ဆိုဘီး ပြောဟုားဟုယ်။
7 ခရစ်တော်ဟာ လူဇာတိန သတ်တော်ထန်ရှား ရှိနေဟူခီဟု သူ့ဟို့ သေရှင်းဟုနေ
ကယ်တန်နိုင်ဟူ ဘုရားသခင်နားဟို့ ကြွေးကြော် မျစ်ရယ်က့လဘီး
ဆုတောန်းသနားခံဟူကြောန့် အယ်မူ ကြည်ညိုမှုအားဖြင့် ဘုရားသခင်ဟာ
နားထောန်တော်မူဟုယ်။
8 ကိုယ်တော်ဟာ ဘုရားသခင်ရဲ့ သားတော် ဖြစ်ဟူလည်းဘဲ့ ဆင်းရဲဒေါက်ခဟို့
ခံဟူဇာအားဖြင့် နားထောန်ရှင်း ကျိုးကြောန်းဟို့ သန်ယူတော်မူဘီး၊
9 စောင်လင်ရှင်းဟို့ ရော့-က်ဘီးမှ ယောင်ကြည်နားထောင်ဟူ သူလေဟို့
ထာဝရကယ်တန်ရှင်း ကျေးဇူးဟို့ ပြုဟူသူ ဖြစ်တော်မူဘီး၊
10 မေလခိဇေဒက်ဟူမျိုး† ယဇ်ပုရောဟိတ်မန်း ဆိုဘီး ဘုရားသခင် သမုတ်ဇာဟို့
ခံရလေဟုယ်။

ယောင်ကြည်ရှင်းဟို့ စွန့်ဘဲနေဟို့တွပ် ဒီပေးဟူကြောန်း

11 အယ်မူ မေလခိဇေဒက်ရဲ့ ကြောန်းဟို့ နို့လေ ပြောဇာဘောင်ဂီး ရှိဟူလည်းဘဲ့
နန်းနို့လေဟာ ဉာဏ်နဲ့ဟူကြောန့် ပြောပြရခတ်ဟုယ်။
12 တကယ်ဘဲ့ နန်းနို့လေဟာ ခီကာလလေ ကြာလာဘီ ဖြစ်ဟူကြောန့် ဆရာဖြစ်ဟို့
ရော့-က်သင့်ဟူလည်းဘဲ့ ဘုရားသခင်ရဲ့ တရားတော်ဟို့ ခြေခံဟုနေစဘီး
သူများလေနားမာ သန်ယူရဟို့ကြောန်း ရှိဟူကြောန့် ကြေခဲဟူစာဟို့ စားနိုင်ဘဲန နို့ဟို့ဘဲ့
သော့-က်ရဟူသူ ဖြစ်ဂေ့ဟုယ်။
13 နို့ဟို့ဘဲ့ သော့-က်ဘီး သတ်ရှင်ဟူသူဟာ နို့စို့သားဂန်းဟုား ဖြစ်ဟူကြောန့်
ဖြောန့်မတ်ဟူ တရားန ရင်းနှီးကျွမ်းဝမ်ရှင်း မှေ့ဟု။

---

* **5:6** **၅.၆** မေလခိဇေဒက်ဟူမျိုး၊ အယ်မျိုးမှုဘဲနေဟုာ မေလခိဇေဒက်နတူဟုယ်၊ အယ်မျိုးမှုဘဲနေဟုာ မေလခိဇေဒက်ထိ ဆင်းသတ်လာဟူမျိုးရိုး။ **5:7** **၅.၇** မ ၂၆.၃၆-၄၆; မာ ၁၄.၃၂-၄၂; လု ၂၂.၃၉-၄၆

† **5:10** **၅.၁၀** မေလခိဇေဒက်ဟူမျိုး၊ အယ်မျိုးမှုဘဲနေဟုာ မေလခိဇေဒက်န တူဟုယ်၊ အယ်မျိုးမှုဘဲနေဟုာ မေလခိဇေဒက်ထိ ဆင်းသတ်လာဟူ မျိုးရိုး။ **5:12** **၅.၁၂.၁၃** ၁ ကော ၃.၂

14 ကောန်းလော၊ ကောန်းဟုလော၊ ဆိုဇာဟို့ ပိုင်းခြားဘီး သိဟူဉာဏ်န
လေ့ကျင့်ရှင်းရှိဘီး စောင်လင်ဟူ ရွယ်ဟာ ကြေခဲဟူစားဇာဟို့ဘဲ့ စားဂေ့ဟုယ်။

6

1 အယ်ကြောန့် နို့လေဟုာ ခရစ်တော်န ဆိုင်ဟူ ခြေခံသွန်သန်ချစ်လေဟို့ ထားရစ်ဘီး
စောင်လင်ရင့်ကျတ်ရှင်းဟို့ တတ်လှမ်းဂေ့ဖို့။ သေရှင်းန ဆိုင်ဟူကျင့်လေဟု
နောန်ဒရရှင်းလေ၊ ဘုရားသခင်ဟို့ ယောင်ကြည်ရှင်းလေ၊
2 ဗတ္တိဇံ*န ဆိုင်ဟူသွန်သန်ရှင်းလေ၊ လတ်တန်မင်္ဂလာလေ၊ သေဟုားဘီးသူလေ
ရှင်ပ့လန်ထမြော့-က်ဟူကြောန်းလေ၊ ထာဝရပြစ်ဒန်စီရင်ဟူ ကြောန်းရာလေဟို့
ထပ်ဘီး ခြေပြုဘဲနေဂေ့ဖို့။
3 ဘုရားသခင် ခွမ့်ပေးမယ် ဆိုဟုာ နို့လေ အယ်မျိုးလောက်ဂေ့မယ်။
4 လန်းရောန်ထဲဟို့ တခါရော့-က်ဘီး၊ ကောန်းဂန် ဆုကျေးဇူးလေဟို့ ဖြဲစမ်းရဘီး၊
သန်ရှင်းဟူဝိညာဉ်တော်ဟို့ ခံယူဘီး၊
5 ဘုရားသခင်ရဲ့ ကောန်းမြတ်ဟူ စကားတော်န နော့-က်ကပ်ကာလ တဂိုးလေဟို့
ဖြဲစမ်းရဘီးမှ၊
6 ရွှေ့လျော့ဘီး ဖော့-က်ပ့လန်ဟူ သူလေဟုာ ဘုရားသခင်ရဲ့ သားတော်ဟို့
သူးနို့ကိုယ်တိုင် လတ်ဝါးကပ်တိုင်မာ ကွပ်မျစ်ဘီး လူလေရှေ့မာ ကဲ့ရဲ့ရှုတ်ခ့လဟူ
သူလေဖြစ်ဟူကြောန့် နော့-က်ထပ် နောန်ဒရရှင်းဟို့ ရော့-က်စေနိုင်ဟု။
7 ဥပမာ မှလေဂီးဟုာ သူ့ထတ်ဟို့ ခါဘီးခါ ကှလဟူ မိုးရေဟို့ သော့-က်ဘီး
စိုက်ပျိုးဟူသူလေတွပ် သီးနှံလေဟို့ ဖြစ်ထွန်းစေတတ်ဟုယ် ဆိုဟုာ ဘုရားသခင်နားဟု
ကောန်းဂျီမ်ကလာဟို့ ခံစားရဟုယ်။
8 အယ်ဘေ့ဲ အယ်မ့လေဂီးဟုာ ဆူးဗန်မျိုးမျိုးဟို့ ပေါက်စေဟုယ် ဆိုဟုာ
သောင်းဇားမရဘဲ့ကြောန့် ကြာခန်မာ ကိရှင်းဟို့ခံရဘီး နော့-က်ဆောင်းမာ
မီးရှို့ရှင်းခံရလေဟုယ်။
9 ရှစ်ရဟူ ညီကို မောန်နမလေ နို့လေအယ်မျိုးပြောဟူလည်းဘဲ့ နန်းနို့တွပ်ဟု
ကယ်တန်ရှင်းန ဆိုင်ဟူဇာလေ၊ ပိုဘီး ကောန်းဟူဇာလေန ဆိုင်ဟုယ် ဆိုဇာဟို့ နို့လေ
ယောင်ကြည်စိခ့လဂေ့ဟုယ်။
10 ဖြားဖြစ်ကြောန့်နူးဆိုဟုာ နန်းနို့လေဟုာ သန့်ရှင်းဟူသူလေဟို့ ရင်းရင်ဒူးဟု
လောက်ကျွေးပြုစုဟူမျိုးဘဲ ခုလည်း လောက်ကျွေးပြုစုဘီး ကိုယ်တော်ရဲ့ နာမတော်ဟို့
ထော့-က်ဘီး နန်းနို့ပြဟူ ရှစ်ရှင်းမြစ်တာလေဟို့ မေ့ဟုားရလော့-က်အောန်
ဘုရားသခင်ဟုာ တရားဘဲဟူသခင် မှုဟု။
11 နန်းနို့ ယော့-က်စီတိုင်းဟုာ မျော်လင့်ရှင်းနဆိုင်ဟူ စိခ့လမှု
ပ့လဲ့ပ့လဲ့ဝဝရှိဂေ့ဟို့တွပ်န အယ်မျိုး စိအားထတ်သန်ရှင်းဟို့ ဆောင်းထိ ပြနိုင်ဟို့တွပ်
နို့လေလိုရှင်ပါဟုယ်။

* 6:2 ၆.၂ ဗတ္တိဇံ၊ အယ်မျိုးမှုဘဲနေဟုာ စင်ကြယ်ရှင်း ခမ်းနားလေ။

12 အယ်မျိုး နန်းနှိုလေဟှာ ပျင်းဂေ့ဘဲန ကြိုးစားအားထုဘီး ယောင်ကြည်ရှင်း၊
စိရှယ်ရှင်းအားဖြင့် ဂဒိတော်ဟို့ မွီဆစ်ခံဟူသူလေ ဖြစ်ဂေ့ဟို့တွပ် ဖြစ်ဟုယ်။

စိခ့လရဟူ ဂဒိတော်ကြောန်း

13 ဘုရားသခင်ဟှာ အာဗြဟံဟို့ ဂဒိပေးဟူ ခီမာ တိုင်တည်ကီဆိုဟို့တွပ်
သူ့ထတ်ကီးမြတ်ဟူသူ မွေ့ဘဲဟူကြောန့် ကိုယ့်ကိုယ်ကိုယ် တိုင်တည်ကီဆိုတော်မူဘီး၊
14 “ငါဟှာ နန့်ဟို့ မြဲဒမ်းကောန်းဂျီးပေးဘီး နန့်ရဲ့ မျိုးနွယ်ဟို့ ပွားများစေမယ်” ဆိုဘီး
မိန့်တော်မူဟုယ်။
15 အယ်မျိုး အာဗြဟံဟှာ စိရှယ်ရှယ်န စောန့်နေဟူကြောန့် ဂဒိတော်ဟို့
ခံစားရလေဟုယ်။
16 လူလေဟှာ ကိုယ့်ထတ်ကီးမြတ်ဟူ သူလေဟို့ တိုင်တည်ကီဆိုလေ့ရှိဘီး အယ်မျိုး
တည်ပြုပြောဆိုဟူ ဂဒိသစ်စာဟှာ ရှင်းရှင်း ဂြင်းခူမှုဟို့ ငြီးအေးစေတတ်ဟုယ်။
17 အယ်ကြောန့် ဂဒိတော်ဟို့ မွီခံရဟူသူလေဟှာ ဘုရားသခင်ရဲ့ ကြဲစည်တော်
ဖော့-က်ပ္လန်ဘဲဟူ ကြောန်းဟို့ သိရဟို့တွပ် ဘုရားသခင်ဟှာ ကီဆိုရှင်းအားဖြင့်
အာမခံတော်မူလေဟုယ်။
18 ဖြားဖြစ်ကြောန်နူးဆိုဟှာ ဘုရားသခင်ဟှာ မုသားသောင်းနိုင်ဘဲဟူ ရာဖြစ်ဟူ
ဖော့-က်ပ္လန်ဘီး ပ္လောန်းလဲနိုင်ဘဲဟူ ရာနှေ့ပါးဟို့ မှီပြုဘီး ကိုယ့်ရှေ့မာ
ထားဟှားဟူ မျော်လင့်ရာဟို့ ခိုလှုံဟို့တွပ် ပ္လေးဟူနို့လေဟှာ သတ်သာမှု
ကီးကီးမားမား ရဟို့တွပ် ဖြစ်ဟုယ်။
19 အယ်မျော်လင့်ချစ်ဟှာ နို့လေရဲ့စိဝိညာဉ်တွပ် မြဲမြံခိုင်ခန့်ဟူ စိနှလောင်းရဲ့
က္လော့-က်ဆူးဟူမျိုး နို့လေမာရှိဘီး ဗိမာန်တော်လိုက်ကာထဲဖတ်ဟို့
ဝမ်ရော့-က်လေဟုယ်။
20 မေလခိဇေဒက်ဟူမျိုး† ထာဝရ ယဇ်ပုရောဟိတ်မန်းဖြစ်ဟူ ယေရှုဟှာ နို့လေတွပ်
အယ်ဌာနတော်ထဲဟို့ ရှေ့ဆောန်ဘီး ဝမ်ဟူသူဖြစ်လေဟုယ်။

7

ယဇ်ပုရောဟိတ် မေလခိဇေဒက်ကြောန်း

1 အယ်မူ မေလခိဇေဒက်ဟှာ ရှာလင်မန်းဂီးဖြစ်ဘီး ဗြင့်ဆောင်းဖြစ်ဟူ
ဘုရားသခင်ရဲ့ ယဇ်ပုရောဟိတ်ဖြစ်ဟုယ်။ သူဟှာ မန်းဂီးလေးပါးဟို့ စစ်နိုင်ဘီး
ပ္လန်လာဟူ အာဗြဟံဟို့ ခရီးဦးကြိုပြုဘီးဟှာ ကောန်းဂျီးပေးဟူသူ ဖြစ်ဟုယ်။
2 အာဗြဟံဟှာ သူတိုက်ယူလာဟူ အောက်စာပစ်စီးလေရဲ့ ဆယ်ဖို့တဖို့ဟို့ သူ့ဟို့
ပေးလူလေဟုယ်။ (မေလခိဇေဒက် ဆိုဘီး ခေါ်ဟူ နာမယ်ရဲ့ ဓိပါယ်ဟှာ
“ဖြောန့်မတ်ရှင်းရဲ့ မန်းဂီး” ဖြစ်ဟုယ်။ သူဟှာ ရှာလင်မြို့ရဲ့ မန်းဂီးလည်း ဖြစ်ဟူကြောန့်
သူနာမယ်ဟှာ “ငြီသတ်ရှင်းရဲ့ မန်းဂီး” ဆိုဘီးလည်း ဓိပါယ်ရလေဟုယ်။)

† **6:20 ၆.၂၀** မေလခိဇေဒက်ဟူမျိုး (ရှ ၅.၆)။

3 သူမာ ဖလည်း မေ့ဟု။ မိလည်း မေ့ဟု။ ရှေးမျိုးရိုးစဉ်ဆစ်လည်း မေ့ဟု။
သတ်တာရဲ့ စလည်း မေ့ဟု။ ဆောင်းလည်း မေ့ဘဲဟု။ ဘုရားသခင်ရဲ့
သားတော်နတူဘီး ယဇ်ပုရောဟိတ်ရာမာ မြဲဒမ်း တည်လေဟုယ်။
4 နို့မျိုးနွယ်လေရဲ့ ထန်ရှားဟူဖ အာဗြဟံဟာ စစ်ပွဲဟုနေ သီးယူရလာဟူ
အောက်စာပစ်စီးလေဟို့ ဆယ်ဖို့တဖို့လှူဟူကြောန့် သူလှူဇာဟို့ ခံယူဟူ အယ်မန်းဂီးဟာ
ဖယ်လော့-က် ကီးမြတ်မယ် ဆိုဇာဟို့ ဆင်ခြင်ကေ့ဂေ့ပါ။
5 ယဇ်ပုရောဟိတ်ရပ်ရာဟို့ ခံရဟူ လေဝိသားလေဟာ အာဗြဟံအမျိုးဖြစ်ဟူ သူးနို့ရဲ့
ညီကို မောန်နှမလေလတ်ဟု ပညတ်တရားတိုင်း ဆယ်ဖို့တဖို့ဟို့ ခံယူရဟူခွမ့်
ရှိဂေ့ဟုယ်။
6 မေလခိဇေဒက်ဟာ လေဝိမျိုးနွယ် မူဘဲဟူလည်းဘဲ့ အာဗြဟံနားဟု
ဆယ်ဖို့တဖို့လှူဟို့ ခံယူဘီး ဘုရားသခင်ရဲ့ ဂဒိတော်ခံရဟူ အာဗြဟံဟို့လည်း
ကောန်းဂျီးပေးလေဟုယ်။
7 ကီးဟူသူဟာ ငယ်ဟူသူဟို့ ကောန်းဂျီးပေးတတ်ဟူဇာဟို့ ဂြင်းခူဇာကြောန်းမေ့ဟု။
8 အယ်နေရာမာ သေတတ်ဟူသူလေဟာ ဆယ်ဖို့တဖို့ဟို့ ခံယူလေ့ရှိဟုယ်။
အယ်မူခီမာဟု သတ်ရှင်ဟုယ် ဆိုဘီး သတ်သေခံဟူဇာဟို့ ရဟူသူဟာ ဆယ်ဖို့တဖို့ဟို့
ခံရဟုယ်။
9 အယ်ကြောန့် ဆယ်ဖို့တဖို့ခံယူဟူ လေဝိဟာ အာဗြဟံအားဖြင့် ဆယ်ဖို့တဖို့ဟို့
ပေးလှူဟုယ် ဆိုဘီး ပြောဟို့ရဟုယ်။
10 ဖြားဖြစ်ကြောန့်နူးဆိုဟာ အာဗြဟံဟာ မေလခိဇေဒက်နတွိဟူ ခီမာ
မီးဖွားလာမယ့်လေဝိဟာ သူဖအာဗြဟံရဲ့ ကိုယ်ထဲမာ ရှိနေဟူကြောန့်ဖြစ်ဟုယ်။
11 လူလေဟာ လေဝိနွယ်နဆိုင်ဟူ ယဇ်ပုရောဟိတ် ရပ်ရာထတ်မာ ခြေခံဘီး
ပညတ်တရားဟို့ ခံရဂေ့ဟူဖြစ်ကြောန့် အယ်မျိုးနွယ်အားဖြင့်
စောင်လင်ရှင်းဟို့ရော့-က်မယ် ဆိုဟာ အာရုန်နတူဟူ ယဇ်ပုယောဟိတ်မျိုးမူဘဲန
မေလခိဇေဒက်ဟူမျိုး* ယဇ်ပုရောဟိတ်ဟာ နော့-က်ထပ် ပေါ်ထွပ်လာဟို့
ဖယ်မျိုးလိုအူးမယ်နူး။
12 ယဇ်ပုရောဟိတ်အမျိုး ပ္လောန်းလဲတတ်ဟုယ် ဆိုဟာ ပညတ်တရားဟာ
ပ္လောန်းလဲဘဲန နေဟု။
13 နို့လေရဲ့ သခင်ဘုရားဟာ လေဝိနွယ်ဝမ် မူဟု၊ တခြားမျိုးနွယ်ဟု
ဆင်းသတ်ဟူသူဖြစ်ဟုယ်။ အယ်ကြောန့် တခြားမျိုးနွယ်လေဟာ ယဇ်ပလ္လင်ဝတ်ဟို့
တယော့-က်မှလည်း လောက်ဆောန်ဖူးဇာ မူဟု။
14 ဖြားဖြစ်ကြောန့်နူးဆိုဟာ နို့လေရဲ့သခင်ဟာ ယုဒမျိုးနွယ်ထဲဟုနေ
ပေါ်ထွပ်လာဟုယ် ဆိုဇာ ထန်ရှားပါဟုယ်။ ယဇ်ပုရောဟိတ်ရာဟာ ယုဒမျိုးနွယ်န
စပ်ဆိုင်ဟုယ် ဆိုဇာဟို့ မောရှေဟာ တခွန်းလည်းဘဲ့ ပြောဟု။

မေလခိဇေဒက်နတူဟူ ယဇ်ပုရောဟိတ်ကြောန်း

* **7:11 ဥ.၁၁** မေလခိဇေဒက်ဟူမျိုး (ရှ ၅.၆)။

15 နော့-က်ဘီး မေလခိဇေဒက်နတူဟ္ဂူ တခြားယဇ်ပုရောဟိတ်တပါး
ပေါ်ထွပ်လာဟ့ယ် ဆိုဟ့ာ ယဇ်ပုရောဟိတ်အမျိုး ပ့လောန်းလဲဟ့ားဘီ ဆိုဇာ ပိုဘီး
ထန်ရှားဟုယ်။
16 အယ်သခင်ဟ့ာ ကိုယ်ခန္ဓာနစပ်ဆိုင်ဟ္ဂူ ပညတ်တရားတိုင်း ခန့်ဟ့ားဇာမူဘဲ
ပျစ်စီးနိုင်ဘဲဟ္ဂူ ထာဝရသတ်ရဲ့ တဂိုးအာနုဘော်တော်အားဖြင့် ယဇ်ပုရောဟိတ်ရာမာ
ခန့်ဟ့ားဇာဖြစ်ဟုယ်။
17 ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ ကျမ်းစာတော်ဟ့ “နန်ဟ့ာ မေလခိဇေဒက်ဟ္ဂူမျိုး†
ထာဝရ ယဇ်ပုရောဟိတ် ဖြစ်ဟုယ်” ဆိုဘီး သတ်သေခံဟ့ားလေဟုယ်။
18 ရင်းရင်ဒူးဟ့ာ ပညတ်ဟောင်းဟ့ာ အားနဲဘီး ဖယ်သူဟ့ိုမှလည်း စောင်လင်ရှင်းဟ့ို
ရော့-က်စေနိုင်ဘဲကြောန့် ပယ်ဖျစ်ဟ္ဂူ ဇာဟ့ို ခံရဟုယ်။
19 မောရှေရဲ့ ပညတ်တရားဟ့ာ အားမှေ့ဘဲ ကျိုးဟ့ိုပေးနိုင်ဘဲကြောန့်
ဖယ်ရှားဟ္ဂူဇာဟ့ို ခံရဟုယ်။ အယ်ဘေမဲ့ ခုခီမာ နို့လေဟ့ာ အယ်ပညတ်တရားထတ်
ပိုဘီး ကောန်းဟ္ဂူ မျော်လင့်ရှင်းခွမ့် ရဘီဖြစ်ဟ္ဂူကြောန့် အယ်မူ မျော်လင့်ရှင်းအားဖြင့်
ဘုရားသခင် နားဟ့ို တိုးဝမ်ချဉ်းကပ်ဂေ့ဟုယ်။
20 အယ်လော့-က်နမကဟ့ အယ်မူမူရာဟ့ာ ဂဒိသစ်စာ ပြုဟ္ဂူဇာပါဘဲန ဖြစ်လာဟ္ဂူဇာ
မူဟ့။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ တခြား ယဇ်ပုရောဟိတ်လေဟ့ာ ဂဒိသစ်စာပြုဟ္ဂူ
ဇာပါဘဲ ယဇ်ပုရောဟိတ်လေ ဖြစ်လာဂေ့ဟုယ်။
21 ကိုယ်တော့်ဟ့ို မိန့်တော်မူဟ္ဂူဇာဟ့

“‘နန်ဟ့ာ ထာဝရ ယဇ်ပုရောဟိတ် ဖြစ်ရမယ်’ ဆိုဘီး
ဘုရားသခင် ဂဒိပေးတော်မူဟ္ဂူကြောန့်

ကိုယ်တော်ဟ့ာ သူ့ရဲ့ ဂဒိဟ့ို ပ့လောန်းလဲလေ့မယ် မူဟ့” ဆိုဘီး ဂဒိသစ်စာပြုဘီး
ကိုယ်တော့်ဟ့ို မိန့်တော်မူဟ္ဂူ ဇာအားဖြင့် ယဇ်ပုရောဟိတ် ဖြစ်လာဟုယ်။
22 အယ်မျိုး ကွာခြားမှုရှိဟ္ဂူကြောန့် ယေရှုဟ့ာ ပိုဘီး မြတ်ဟ္ဂူ ပဋိညာဉ်တရားသစ်ရဲ့
အာမခံ ဖြစ်တော်မူဟုယ်။
23 တခြား ယဇ်ပုရောဟိတ်လေဟ့ာ သေရှင်းတရားအားဖြင့် တာဝန်ဟ့ို ဆစ်ဘီး
ထမ်းဆောန်နိုင်ဘဲဟ္ဂူကြောန့် ယဇ်ပုရောဟိတ်လေ တဘောင်ဂီး ဖြစ်လာဂေ့ဟုယ်။
24 အယ်ဘေမဲ့ ယေရှုဟ့ာ နိစ္စထာဝရ သတ်ရှင်ဟ္ဂူကြောန့် ပ့လောန်းလဲဘဲဟ္ဂူ
ယဇ်ပုရောဟိတ်ရာဟ့ို ရရှိလေဟုယ်။
25 အယ်ကြောန့် ကိုယ်တော်ဟ့ာ သူ့အားဖြင့် ဘုရားသခင်နားဟ့ို ချဉ်းကပ်ဟ္ဂူ
သူလေဟ့ို ပ့လဲ့ပ့လဲ့ဝဝ ကယ်တန်နိုင်လေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ
ကိုယ်တော်ဟ့ာ အယ်သူလေတွပ် ဘုရားသခင်နားမာ သနားခံဟ့ို့တွပ် ထာဝရ
သတ်ရှင်တော်မူဟ္ဂူကြောန့် ဖြစ်ဟုယ်။

† **7:17** **ဒု.၁၀** မေလခိဇေဒက်ဟ္ဂူမျိုး (ရှ ၅.၆)။

26 အယ်မျိုး ယဇ်ပုရောဟိတ်မန်းဟာ သန့်ရှင်းစင်ကြယ်ဘီး ညစ်ကျေးမွေ့ဘဲ
ပြစ်ရှိဟူ သူလေန ဆစ်ဆံဘဲဟို ကောန်းဂန်သားလေထတ် မြင့်မြတ်ဟူ
သူဖြစ်ဟူကြောန့် နို့လေန သင့်တော်လေဟုယ်။
27 တခြား ယဇ်ပုရောဟိတ်မန်းလေဟာ ကိုယ့်ပြစ်တွပ်န သူများပြစ်လေတွပ် နေ့တိုင်း
ယဇ်ပူဇော်ရဟူမျိုး အယ်သခင်ဟာ ယဇ်ပူဇော်ဇာကြောန်း မွေ့ဟု။
ဖြားဖြစ်ကြောန်နူးဆိုဟာ သူကိုယ်ဟိုသူ တခါဒဲန ပီးဆောင်းအောန် ယဇ်ပူဇော်ဟူ
ဇာအားဖြင့် အယ်မူ မူဟို ပီးစီးစေတော်မူဟုယ်။
28 မောရှေရဲ့ ပညတ်တရားဟာ အားနဲဘီး စောင်လင်ဘဲဟူ သူလေဟို
ယဇ်ပုရောဟိတ်ရာမာ ခန့်ဟူားဟုယ်။ အယ်ဘေမဲ့ ပညတ်တရားနော့-က်မာ ထာဝရ
ကာလပတ်လောင်း စောင်လင်တော်မူဟူ သားတော်ဟို ယဇ်ပုရောဟိတ်မန်းဖြစ်
ကီဆိုတော်မူဟူ ဗျာဒိတ်တော်အားဖြင့် ခန့်ဟူားတော်မူဟုယ်။

8

ပဋိညာဉ်တရားသစ်ရဲ့ ယဇ်ပုရောဟိတ်မန်းကြောန်း

1 ခုပြောဟူ ကြောန်းရာလေရဲ့ ဓိကချစ်ဟု အယ်မျိုး ယဇ်ပုရောဟိတ်မန်းဟာ
နို့လေမာရှိဟုယ်။ ကောန်းဂန်ဘောင်မာ အနန္တတဂိုးရှင်ရဲ့ ပလ္လင်တော် ညာဖတ်မာ
ထိုင်နေတော်မူဘီးဟာ၊
2 လူလေဆော့-က်ဟူ ဇာမူဘဲ ဘုရားသခင် ဆော့-က်တော်မူဟူ၊
တဲတော်စစ်မှန်ဖြစ်ဟူ သန့်ရှင်းရာဌာနထဲမာ ကိုယ်တော်ဟာ မူဆောန်တော်မူလေဟုယ်။
3 ယဇ်ပုရောဟိတ်မန်းဆိုဇာဟာ ပူဇော်သကွာန ယဇ်ဟိုပူဇော်ဟို့တွပ်
ခန့်ဟူားသူဖြစ်ဟူကြောန့် နို့လေရဲ့ ယဇ်ပုရောဟိတ်မန်းမာလည်း ပူဇော်ဆစ်သဟို့တွပ်
ယဇ်တခုခုရှိရဟုယ်။
4 ကိုယ်တော်ဟာ အယ်လောက မ့လေဂီးထတ်မာရှိမယ် ဆိုဟာ ယဇ်ပုရောဟိတ်
လောက်ဇာကြောန်း မွေ့ဟု။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ပညတ်တရားတိုင်း
ပူဇော်သက္ကာဟို့ ဆစ်ကပ်ဟူ ယဇ်ပုရောဟိတ်လေဟာ လောကမာ တဘောင်ဂီး
ရှိဂေ့ဟူကြောန့်ဖြစ်ဟုယ်။
5 မောရှေဟာ တဲတော်ဟို့ ဆော့-က်ဟို့လောက်ဟူခီဟု "တောန်ထတ်မာ နန့်ဟို့
ငါပြဟူပေါင်စံတိုင်း ဂူလောင်းဟို့ လောက်ဟို့တွပ် ဒိပြုပါ" ဆိုဘီး ဗျာဒိတ်တော်ဟို့
ခံရဟူဇာဖြစ်ဟူကြောန့် အယ်မူ ယဇ်ပုရောဟိတ်လေဟာ ကောန်းဂန်ထတ်မာရှိဟူ
ရာလေရဲ့ နမူနာ ပေါင်ရိုနဆိုင်ဟူ ဝတ်ဟို့ စေခံလောက်ဆောန်နေဂေ့ဇာ ဖြစ်ဟုယ်။
6 အယ်ဘေမဲ့ ခုခီမာ ယေရှုဟာ ပိုဘီး မြတ်ဟူ ဂဒိတော်လေနတည်ဘီး ပိုဘီး မြတ်ဟူ
ပဋိညာဉ်တရားရဲ့ အာမခံဖြစ်ဟူကြောန့် ပိုဘီး မြတ်ဟူ ယဇ်ပုရောဟိတ်ခွမ့်ရာဟို့
ရတော်မူဟုယ်။
7 တကယ်ကြောန့် ပထမပဋိညာဉ်တရားဟု ပြစ်တန်ခွမ့်န လွတ်ကင်းမယ် ဆိုဟာ
ဒုတိယပဋိညာဉ်တရားဟာ တည်ဟို့လိုအပ်ဟု။

8 အယ်ဘေမဲ့ ဘုရားသခင်ဟာ သူ့လူမျိုးလေဟို့ ပြစ်တန်ဘီး မိန့်တော်မူဟူဇာဟ
“ဣသရေလမျိုးသားန ယုဒမျိုးသားလေတွပ်
ပဋိညာဉ်တရားသစ်ဟို့ ငါပြုဟူခီကာလ ရော့-က်လေ့မယ်။
9 အယ်ပဋိညာဉ်ဟာ သူးနို့ဘိုးဘေးလေဟို့
အဲဂုတ္တုတုပြည်ဟုနေ လတ်ဆွဲဘီး ငါခေါ်ဆောန်လာဟူခီဟ
သူးနို့လေဟို့ ပေးဖူးဟူ ပဋိညာဉ်နတူဟို့ မူဟ့။
သူးနို့လေဟာ ငါပေးဟူပဋိညာဉ်န တည်ဂေ့ဘဲကြောန့် ငါ ဘုရားသခင်လည်း
သူးနို့လေဟို့ ကေ့ရှုဘဲနေဟ့ယ်။
10 နော့-က်တခီမာ
ဣသရေလမျိုးသားလေဟို့ ငါပေးမယ့် ပဋိညာဉ်တရားဟ
ငါဘုရားသခင်ဟာ ငါ့ပညတ်လေဟို့ သူးနို့လေရဲ့စိဝိညာဉ်ထဲဟို့ သွမ်းမယ်။
သူးနို့လေရဲ့ နှလောင်းမာ ရေးဟ့းမယ်။
ငါဟ့ သူးနို့လေရဲ့ ဘုရားဖြစ်ဘီး
သူးနို့လေဟာ ငါ့ရဲ့လူမျိုးတော် ဖြစ်ဂေ့လေ့မယ်။
11 ဖယ်သူလေဟ့မှ ကိုယ့်မျိုးသားရှင်းဘဲ့ဖြစ်ဖြစ်၊
ညီကိုရှင်းရှင်းဟ့ဘဲ့ဖြစ်ဖြစ်၊
‘ဘုရားသခင်ဟို့ သိဘဲ့လော’ ဆိုဘီး သွန်သန်ပေးဟို့လိုဟ့။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ငယ်ဆောင်းဟ့နေဘီး ကီးဆောင်းထိ
အယ်သူလေ ဂူလောင်းဟာ ငါ့ဟို့ သိကျွမ်းဂေ့လေ့မယ်။
12 ဖြားဖြစ်ကြောန့်နူးဆိုဟာ ငါဟ့ သူးနို့ရဲ့ ပြစ်လေဟို့ သီးခံမယ်။
သူးနို့လေရဲ့ တရားဘဲဟူ ဇာလေဟို့ အော့-က်မေ့ဘဲန နေမယ်” ဆိုဘီး
မိန့်တော်မူဟ့ယ်။
13 ဘုရားသခင်ဟာ ပဋိညာဉ်သစ် ဆိုဘီး မိန့်တော်မူဟူဇာဟ ပထမပဋိညာဉ်တရားဟို့
ဟောန်းစေတော်မူကြောန့် ဖြစ်ဟ့ယ်။ ရွှေလျော့ဘီး ဟောန်းနွမ်းဟ့းဟူ ဇာဟ့
ကြာခန်မာ ပျော့-က်ကွယ်ဟ့းလေ့မယ်။

9

လောကသားလေ ဝတ်ပြုကိုးကွယ်ဟူကြောန်းန ကောန်းဂန်သားလေ ဝတ်ပြုကိုးကွယ်ဟူကြောန်း

1 တနည်းဟ့ ပထမပဋိညာဉ်တရားဟာ ဝတ်ပြုရှင်းနဆိုင်ဟူ
စီရင်ပြဌာန်းချစ်ဘဲ့ဖြစ်ဖြစ်၊ လောကီ သန့်ရှင်းရာဌာနတော်နဖြစ်ဖြစ် စပ်ဆိုင်လေဟ့ယ်။
2 ဖြားဖြစ်ကြောန့်နူးဆိုဟာ တဲတော်ဟို့ ပြင်ဆင်ရာမာ သန့်ရှင်းဆောင်းဌာန ဆိုဘီး
ခေါ်ဟူ ပထမခန်းထဲမာ ဆီမီးခေါင်၊ ဗွဲ၊ ရှေ့တော်မုန ပြင်ဆင်ဟ့းလေဟ့ယ်။
3 ဒုတိယ လိုက်ကာနော့-က်မာ ရရာတိုင်း သန့်ရှင်းဆောင်းတဲတော် ဆိုဘီး ခေါ်ဟူ
ခန်းရှိဟ့ယ်။

4 အယ်ထဲမာ နံ့သာလေဟ့ဲ မီးရှို့ဟ့ဲ ရွှေယဇ်ပလ္လင်နှ ရွှေနမွှန်းမံဟ့ားဟ့ဲ
ပဋိညာဉ်သစ်တာရှိဟ့ယ်။ အယ်သစ်တာထဲမာ မန္နနမုထဲ့ဟ့ားဟ့ဲ ရွှေအိုး၊ ဖူးထွပ်ဟ့ဲ
အာရုန်ရဲ့လုံ့တံန ပဋိညာဉ် က့လော့-က်ပ့လားလေရှိဟ့ယ်။
5 အယ်မူ သစ်တာထတ်မာ ဖောင်းကီးဟ့ဲ ခေရုဗိမ်လေဟ့ာ ပြစ်ဖြေရာပလ့်လင်ဟ့ဲ
အောက်မိုးဟ့ားဂေ့ဟ့ယ်။ အယ်ရာလေဟ့ဲ ခု သေးသေချားချာ ပြောပြဟ့ဲ့ မရဟ့ာ။
6 အယ်မျိုး ရှိမ့ျဂူလောင်းလေဟ့ဲ ပြင်ဆင်ဘီးခီမာ ယဇ်ပုရောဟိတ်လေဟ့ာ တဲတော်
ပထမခန်းထဲဟ့ိုဝမ်ဘီး ဝတ်ပြုဟ့ူမှုရာဟ့ဲ နေ့တိုင်း လောက်ဆောန်ရဂေ့ဟ့ယ်။
7 အယ်ဘေမဲ့ ဒုတိယခန်းထဲဟ့ဲ ယဇ်ပုရောဟိတ်မန်း တပါးဒဲဘဲ့ သူ့တွပ်န
သူများလေရဲ့ပြစ်တွပ် ပူဇော်ဟ့ူ သွီးဟ့ိုယူဘီး တနှစ်မာ တခါဒဲဘဲ့ ဝမ်ရလေဟ့ယ်။
8 တဲတော်ရဲ့ ပထမခန်း ရှိနေဟ့ူ ကာလပတ်လောင်း သန်ရှင်းဆောင်းဌာနတော်ဟ့ဲ
သွားဟ့ူလမ်း ပွမ့်သေးဘဲကြောန်းဟ့ဲ သန်ရှင်းဟ့ူဝိညာဉ်တော်ဟ့ာ အယ်ဇာအားဖြင့် ရိဟ့ဲ
ပေးလေဟ့ယ်။
9 အယ်တဲတော်ဟ့ာ မျစ်မှော့-က်ကာလပတ်လောင်းတွပ် ပေါင်ဥပမာ ဖြစ်ဘီး
ပူဇော်ဟ့ူ ပူဇော်သကာန ယဇ်လေဟ့ာ ကိုယ့်ကိုယ်ကိုယ် သိဟ့ူစိဟ့ဲ ထော့-က်မယ်
ဆိုဟ့ာ ဝတ်ပြုဟ့ူသူဟ့ဲ စောင်လင်ဟ့ူ ကျိုးဟ့ဲ ပေးနိုင်ဘဲကြောန်းဟ့ဲ ဖော်ပြဟ့ူဇာ
ဖြစ်ဟ့ယ်။
10 အယ်မူဇာလေဟ့ာ စားဇာ၊ သော့-က်ဇာန ဆေးကြောရှင်း ဘောန်းဇောင်ဖြစ်ဟ့ူ၊
ကိုယ်ခန္ဓာနဆိုင်ဟ့ူ စီရင်ထောင်းဖွဲ့လေနတူးဒူ သစ်ပြုပြင်ဟ့ူ ကာလထိဘဲ့
တည်ရှိနေဇာဖြစ်ဟ့ယ်။
11 ခုဆိုဟ့ာ လူ့လတ်န လောက်ဘဲ၊ အယ်လောကနဆိုင်ဘဲ ပိုဘီး ကောန်းမြတ်
စောင်လင်ဟ့ူ တဲတော်မာ ရော့-က်လာပီးဘီဖြစ်ဟ့ူ* နော့-က်မင်္ဂလာကျိုးလေရဲ့
ယဇ်ပုရောဟိတ် မန်းဂီးဖြစ်ဟ့ူ ခရစ်တော်ဟ့ာ၊
12 နို့လေတွပ် ဘဲ့သွီး၊ နွားသားဂန်းရဲ့ သွီးနမူဘဲ သူ့ရဲ့ သွီးတော်န သန်ရှင်းဆောင်း
ဌာနထဲဟ့ိုဲ တခါဒဲ ဝမ်တော်မူဘီး ထာဝရ ဝီးနှုကယ်တန်ရှင်း ကျေးဇူးဟ့ိုဲ
သတ်ရော့-က်စေ လေဟ့ယ်။
13 ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ ညစ်ကျေးရှိဟ့ူ သူလေဟ့ိုဲ ဖျန်းဟ့ူ နွားသွီး၊ ဘဲ့သွီး၊
နွားမဒန်းဟ့ားရဲ့ ပ့လာဟ့ာ သူးနို့လေရဲ့ ကိုယ်ကာယဟ့ိုဲ စင်ကြယ်သန်ရှင်းမှု
ပေးနိုင်မယ် ဆိုဟ့ာ၊
14 အယ်လော့-က်နမကဟ့ာ ပြစ်တန်ဇာမှော့ဘဲဟ့ူ ကိုယ်တော့်ဟ့ိုဲ ထာဝရ
ဝိညာဉ်တော်အားဖြင့် ဘုရားသခင် ရှေ့တော်နှိုက် တန်လူပူဇော်ဟ့ူ ခရစ်တော်ရဲ့
သွီးတော်ဟ့ာ သေရှင်းန စပ်ဆိုင်ဟ့ူ ကျင့်ဟ့ိုဲ ပယ်ရှင်းဘီး နန်းနို့လေဟ့ာ
သတ်ရှင်တော်မူဟ့ူ ဘုရားသခင်ဟ့ိုဲ ဝတ်ပြုဟ့ိုဲ့ကြောန်းကြောန့် ကိုယ့်ကိုယ်ကိုယ် သိဟ့ူစိ
ကြည်လင် သန်ရှင်းစေဟ့ိုဲ့တွပ် ပိုဘီး တတ်နိုင်တော်မူဟ့ယ် မူဟ့လော။

* **9:11 ဓ.၁၁** ရော့-က်လာပီးဘီဖြစ်ဟ့ူ၊ တချို့ မူရင်းလတ်ရေးမူလေမာ လာနေဟ့ယ်၊ ဆိုဘီး ပါရှိဟ့ယ်။

15 အယ်ကြောန့် ပထမ ပဋိညာဉ်တရား လတ်ထတ်မာ ပြစ်မှားဟူ ပြစ်ဟိုလည်း
လွတ်ဟို့တွပ် ခရစ်တော်ဟာ ကြားဝမ်စေ့စပ်ဘီး သေခံတော်မူဟူကြောန့် ခေါ်တော်မူဟူ
သူလေဟာ ဂဒိတော်နယှဉ်ဟူ ထာဝရမွိဟို့ ခံရဟို့တွပ် အယ်သခင်ဟာ
ပဋိညာဉ်တရားသစ်ရဲ့ အာမခံ ဖြစ်တော်မူဟုယ်။
16 မွိခံရဟို့ ခွမ့်ဟို့ ပေးဘီး စာချောက်ချောက်ဟူ မူရာမာလည်း စာချောက်တည်ဟုယ်
ဆိုဟာ စာချောက်ချောက်ဟူ သူဟာ တကယ်သေဟားဘီ ဖြင့်ဟူကြောန်း
ထွေ့-က်ထားပြဟို့ လိုအပ်ဟုယ်။
17 တကယ်ကြောန့် သတ်ရှင်နေသေးဟာ အယ်စာချောက်ဟာ တည်ဟု သေမှဘဲ့
တည်ဟူဇာ ဖြစ်ဟုယ်။
18 အယ်ကြောန့် ပထမ ပဋိညာဉ်တရား†ဟို့မှ စီရင်ဟူ ခီမာ သွီးန လွတ်ကင်းဘီး
စီရင်ဟူဇာ မူဟု။
19 တရားတော်မာပါဟူ ပညတ်လေဟို့ မောရှေဟာ လူလေရှိဟူမျှဟို့ ဟောပြောဘီးမှ
ရေနရောဟားဟူ နွားသားဂန်းသွီးန ဘဲ့သွီးဟို့ ယူဘီး နီရောန်ဆိုးဟားဟူ သိုးမွီးန
ဟုသုပ်ဗန်ခတ်အားဖြင့် ကျမ်းစာလိန လူလေဟို့ ဖျန်းဘီး၊
20 “အယ်သွီးဟာ နန်းနို့ဟို့ ဘုရားသခင် ဝန်ခံတော်မူဟူ ပဋိညာဉ်ရဲ့ သွီးဖြစ်ဟုယ်”
ဆိုဘီး ပြောဆိုဟုယ်။
21 အယ်ဘီးန တဲတော်န ဝတ်ပြုဟူ တန်ဆာလေ ရှိဟူမျှဟို့လည်း အယ်မျိုးဘဲ့ သွီးန
ဖျန်းလေဟုယ်။
22 ပညတ်တရားတိုင်းဘဲ့ ရှိမျှဂူလောင်းဟို့ ကူအောန် သွီးအားဖြင့်
စင်ကြယ်စေရဟုယ်။ သွီးသွန်းလောင်းရှင်း မှေ့ဘဲနေဟာ ပြစ်လွတ်ရှင်း မှေ့ဟု။

ခရစ်တော်ရဲ့ ပူဇော်ရှင်းအားဖြင့် ပြစ်လွတ်ဟူကြောန်း

23 အယ်ကြောန့် ကောန်းဂန်ဘောင်မာ ရှိဟူဇာလေရဲ့ ပေါင်လေဟို့ အယ်မျိုး
ယဇ်ပူဇော်ဟူ ဇာအားဖြင့် စင်ကြယ်စေရဟူ ဖြစ်ကြောန့် ကောန်းဂန်မာရှိဟူ ဇာလေဟို့
ပိုဘီး မြတ်ဟူ ယဇ်ပူဇော်ဟူ ဇာအားဖြင့် စင်ကြယ်စေရဟူ ဇာဖြစ်ဟုယ်။
24 အယ်မျိုးတိုင်းဘဲ့ စစ်မှန်ဟူ သန့်ရှင်းဟူ ဌာနလေရဲ့ ပေါင်ဖြစ်ဟူ၊ လူ့လတ်န
လောက်ဟူ သန့်ရှင်းဆောင်း ဌာနထဲဟို့ ခရစ်တော်ဝမ်ဘဲန နို့လေတွပ်ကြောန့် ခု
ဘုရားသခင်ရဲ့ ရှေ့တော်မာ ကိုယ်ဟို့ ပြဟို့တွပ် ကောန်းဂန်ကိုယ်ထဲဟို့ ဝမ်တော်မူဘီ။
25 ယဇ်ပုရောဟိတ်မန်းဟာ သန့်ရှင်းဆောင်း ဌာနထဲဟို့ လိဆန်လေရဲ့ သွီးန
နှစ်စဉ်နှစ်တိုင်း ဝမ်ရဟူမျိုး ခရစ်တော်ဟာ သူ့ရဲ့ ကိုယ်ဟို့ ခါဘီးခါ ပူဇော်ရဟူဇာ မူဟု။
26 အယ်မျိုးဘဲ့ ပူဇော်ရမယ် ဆိုဟာ ကမ္ဘာဦးဟုနေစဘီး ခါပေါန်းမြော့-က်များစွာ
သေခံရလေ့မယ်။ ခုဆိုဟာ အယ်ကပ်ကာလဆောင်းမာ တခါဒဲ ကိုယ်ဟို့
ပူဇော်ရှင်းအားဖြင့် ပြစ်ရှိဟူမျှဟို့ ဖယ်ရှားဟို့တွပ် ပေါ်ထွပ်တော်မူလေဟုယ်။
27 လူဟာ တခါဘဲ့ သေရဘီး အယ်ဘီးန တရားစီရင်ဇာဟို့ ခံရဟူမျိုး၊

† **9:18 ဥ.၁၈ ပဋိညာဉ်တရား၊** တူညီဟူ ဂရိစကားလောင်းရဲ့ ဓိပါယ်ဟု “သေဒမ်းစာ” နှ “ပဋိညာဉ်”။

28 ခရစ်တော်ဟာ လူလေပြစ်ဟို့ ဖြေလွှတ်ဟို့တွပ် ကိုယ်ဟို့ တခါဒဲပူဇော်ဘီးမှ
နော့-က်တခါ အယ်သခင်ဟို့ မျော်လင့်ဘီး နေဟူသူလေဟို့ ကယ်တန်ဟို့တွပ်
ပြစ်နဆိုင်ဘဲန ပေါ်ထွပ်တော်မူလေ့မယ်။

10

1 ပညတ်တရားဟာ နော့-က်ဖြစ်လာမယ့် ကောန်းကျိုးလေရဲ့ ရိလော့-က်ဘဲ့ဖြစ်ဘီး
အယ်မူဇာလေဟာ ပေါင်သဏ္ဌာန် စစ်မှန်မူဘဲဟူကြောန့် နှစ်စဉ်မပြတ် ပူဇော်ဟူ
ယဇ်အားဖြင့် ကိုယ်တော်နားဟို့ ချဉ်းကပ်ဟူ သူလေဟို့ စောင်လင်စေနိုင်ဟု။
2 တကယ်ဟို့ စောင်လင်စေနိုင်ဟုယ် ဆိုဟာ ဝတ်ပြုဟူ သူလေဟာ တခါဒဲန
စင်ကြယ်ရှင်းဟို့ ရော့-က်ဘီးမှ နော့-က်ထပ် ပြစ်ရှိနေသေးဟုယ် ဆိုဘီး သံဝေဂတရား
ရဇာကြောန်း လောင်းဝမ့္ဒေဘဲကြောန့် အယ်ယဇ်လေဟို့ တခါဒဲ ပူဇော်ဘီးဟာ
နော့-က်ထပ် ပူဇော်ဘဲန နေမယ်မူဟုလော။
3 ခုဆို ယဇ်ပူဇော်ရှင်းအားဖြင့် ပြစ်လေဟို့ဘဲ့ နှစ်စဉ်နှစ်တိုင်း ပ္ပလန်အော့-က်မေ့
ဒိရစေဟုယ်။
4 ဖြားဖြစ်ကြောန့်နူးဆိုဟာ နွားသွီး၊ ဘဲ့သွီးဟာ ပြစ်လေဟို့ ဖယ်ရှားပေးနိုင်ဘဲကြောန့်
ဖြစ်ဟုယ်။
5 အယ်ကြောန့် ခရစ်တော်ဟာ အယ်လောကဟို့ ဆင်းကွလာဟူ ခီမာ၊
“ကိုယ်တော်ဟာ ယဇ်နေ ပူဇော်သကာဟို့ လိုတော်မ့ေဘဲကြောန့်
ကျွန်တော့်တွပ် ကိုယ်ခန့္ဓာဟို့ ပြင်ဆင်တော်မူဘီ။
6 ကိုယ်တော်ဟာ မီးရှို့ရာယဇ်နေ ပြစ်ဖြေရာယဇ် ရှိဟူမျှဟို့ နှစ်သက်တော်မူဟု။
7 အယ်ခီမာ ကျွန်တော်ဟု ကျမ်းစာလိမာ ကျွန်တော်ဟို့ ရည်ရွယ်ဘီး ရေးဟားတိုင်း
‘အို၊ ဘုရားသခင် ကျွန်တော်ဟာ
ကိုယ်တော်ရဲ့ လိုတော်ဟို့ ဆောန်ဟို့တွပ်
ကျွန်တော် လာပါဟုယ်’ ကျွန်တော်ဝန်ခံပါဟုယ်” ဆိုဘီး လျွော့-က်ဆိုလေဟုယ်။
8 ပထမနေန “ကိုယ်တော်ဟာ ပညတ်တရားအရ ပူဇော်ဟူ ရာလေဖြစ်ဟူ ယဇ်ကောန်န
ပူဇော်သကာလေ၊ မီးရှို့ရာယဇ်နေ ပြစ်ဖြေရာ ယဇ်လေရှိဟူမျှဟို့ လိုတော်မ့ေဟု
နှစ်သက်တော်မူရှင်းလည်း မ့ေဟု” ဆိုဘီး ဆိုဟုယ်။
9 အယ်ဘီးန “အို၊ ဘုရားသခင် ကျွန်တော်ဟာ ကိုယ်တော်ရဲ့ လိုတော်ဆောန်ဟို့တွပ်
လာပါဟုယ်” ဆိုဘီး ပြောရာမာ ဒုတိယ ယဇ်ပူဇော်ရှင်းဟို့ တည်စေဟို့တွပ် ပထမ
ယဇ်ပူဇော်ရှင်းဟို့ ပယ်လေဟုယ်။
10 အယ်လိုတော်တိုင်းဘဲ့ ယေရှုခရစ်ရဲ့ ကိုယ်ခန့္ဓာဟို့ တခါဒဲပူဇော်ဟူ ဇာအားဖြင့်
နို့လေဟာ စင်ကြယ်ရှင်းဟို့ ရော့-က်ဂေ့လေဟုယ်။
11 ယဇ်ပုရောဟိတ် ဆိုဇာဟု နေ့တိုင်းဝတ်ပြုဘီး ပြစ်လေဟို့ ဖြေနိုင်ဘဲဟူ ယဇ်ဟို့
ခါဘီးခါ ပူဇော်နေရဟုယ်။

12 အယ်ဘေမဲ့ ခရစ်တော်ဟာ ပြစ်ဖျိုဖြေဖျို့တွပ် ယဇ်တခုဒဲဟို့ ပူဇော်ဘီးဟာ
ဘုရားသခင်ရဲ့ ညာဖတ်မာ မြဲဒမ်းထိုင်ဘီး
13 သူ့ရဲ့ ရန်သူလေဟို့ သူ့ခေအော့-က်ဟို့ ခ့လဟားခန်ခီထိ မျော်လင့်ဘီး
နေတော်မူဟုယ်။
14 ဖြားဖြစ်ကြောန်နူးဆိုဟာ ကိုယ်တော်ဟာ ကိုယ့်ကိုယ်ကိုယ် တခါဒဲပူဇော်ဟူ
ဇာအားဖြင့် သန်ရှင်းရှင်းခံရဟူ သူလေဟို့ ထာဝရစောင်လင် စေတော်မူဟုယ်။
15 သန်ရှင်းဟူဝိညာဉ်တော်ဟာ နို့လေဟို့ သတ်သေခံဟူဇာဟု၊
16 “နော့-က်ကာလမာ သူးနို့လေဟို့ ငါပေးဟူ ပဋိညာဉ်တရားဟု
ငါဘုရားသခင်ဟာ ငါ့ပညတ်လေဟို့
သူးနို့လေရဲ့ စိန့လောင်းထဲဟို့ သွမ်းပေးမယ်။
သူးနို့လေရဲ့ စိဝိညာဉ်ထတ်မာ ရေးဟားမယ်” ဆိုဘီး မိန့်တော်မူဘီးန
17 နော့-က်ထပ် “သူးနို့လေရဲ့ ပြစ်မှားရှင်းန လွန်ကျူးရှင်း ဘောန်းဇောင်ဟို့
အော့-က်မေ့ဘဲန နေမယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
18 အယ်ပြစ်လေဟို့ လွတ်ဘီးဟာ နော့-က်တခါ ပြစ်ဖြေဟူ ပူဇော်သကာလေဟို့
ဆစ်သဟို့ လိုဟုမ်း။

ဘုရားသခင်နားဟို့ ချဉ်းကပ်ဂေ့ဟို့ကြောန်း

19 အယ်ကြောန် ညီကို မောန်နမလေ ယေရှုရဲ့ သေခံတော်မူရှင်းအားဖြင့် နို့လေဟာ
သန်ရှင်းဆောင်း ဌာနတော်ထဲဟို့ သွီးတော်ဟို့ မှီပြုဘီး ဆီးတားမ့ေဘဲ
ဝမ်ခွမ့်ရဂေ့ဟုယ်။
20 အယ်သွီးတော်အားဖြင့် ကိုယ်တော်ဟာ သူ့ရဲ့ ကိုယ်ခန္ဓာဖြစ်ဟူ လိုက်ကာဟုနေဘီး
ဘုရားသခင်ရဲ့ ရှေ့တော်ဟို့ ရော့-က်ဟူ သတ်လမ်းသစ်ဟို့ ဖွမ့်ပေးတော်မူဘီ။
21 အယ်လော့-က်နမကဟု နို့လေမာ ဘုရားသခင်ရဲ့ အီတော်ဟို့ အောက်စိုးဟူ
ယဇ်ပုရောဟိတ်မန်း ရှိဟူဖြစ်ကြောန့်
22 နို့လေရဲ့ စိန့လောင်းဟို့ ဆိုးညစ်ဟူ စိသဘောန ကင်းစေဟို့တွပ် ပတ်ဖျမ်းရှင်းဟို့
ခံယူဘီး ကိုယ်ခန့ာဟို့လည်း စင်ကြယ်ဟူ ရေအားဖြင့် ဆေးကြောဘီး
ယောင်ကြည်ရှင်းနဆိုင်ဟူ စိခ့လမူ ပ့လဲ့ပ့လဲ့ဝဝန မှန်ကန်ဟူ စိန့လောင်းအားဖြင့်
ဘုရားသခင်နားဟို့ တိုးဝမ်ဂေ့ဖို့။
23 ဖြားဖြစ်ကြောန်နူးဆိုဟာ ဂဒိထားတော်မူဟူ သူဟာ သစ်စာန
ပ့လဲ့ဇောင်တော်မူဟူကြောန့် ဖော့-က်ပ့လန်ဘီး ယီးယိုင်သွားဘဲ နို့လေဝန်ခံဟူ
မျော်လင့်ရှင်းဟို့ စွဲစွဲမြဲမြဲဆုပ်ကိုင်ဟားဂေ့ဖို့။
24 နို့လေဟာ မြစ်တာထားဟို့န ကောန်းဟူကျင့်ဟို့ ကျင့်စေဟို့တွပ်
ယော့-က်ဟို့ယော့-က် ဖြားမျိုး တိုက်တွန်း နှိုးဆော်ရမယ် ဆိုဇာဟို့ ဆင်ခြင်ဂေ့ဖို့။

25 လူတချို့ ထောင်းဇံရှိဟူတိုင်း ရှင်းရှင်းစည်းဝေးရှင်းဟို့ ရှောန်လွှဲဘဲနေဟို့တွပ်
ရှင်းရှင်း အားပေးဘီး တိုက်တွန်း နှိုးဆော်ဂေ့ဇို့။ ခီကာလ နီးလာဇာဟို့ ထော့-က်ဘီး
ပိုဘီး ကြိုးစားဂေ့ဇို့။
26 ဖြားဖြစ်ကြောန့်နူးဆိုဟှာ သမ္မာတရားဟို့ သိဘီးမှ ကိုယ့်လိုဟို့ လိုက်ဘီး
ပ့လန်ပြစ်မှားမယ် ဆိုဟှာ နော့-က်ထပ် ပြစ်ဖြေဟို့ယဇ်ဟို့ ပူဇော်ခွမ့်မှေ့ဘဲ၊
27 ရရာတိုင်း ပြင်းထန်ဟူ ဒန်စီရင်ရှင်းဟို့ ခံရမယ် ဆိုဘီး
ကြော့-က်ဇာကောန်းဟူဇာဟို့ မျော်လင့်ရဟူကြောန်း ရှိဟူကြောန့် ငြင်းဆန်ဟူ
သူလေဟို့ ဖျစ်ဆီးဟို့တွပ် ဘုရားသခင်ရဲ့ မျစ်တော်မီးလောန်ဇာဟို့
ခံရဟို့ကြောန်းရှိဟှယ်။
28 မောရှေရဲ့ ပညတ်တရားဟို့ ပယ်ဟူသူဟှာ သတ်သေခံ နှေ့ယော့-က်၊
သောင်းယော့-က် ရှိဟှယ် ဆိုဟှာ သနားညှာတာရှင်းဟို့ ခံရဘဲန သေခံရဟှယ်။
29 အယ်လော့-က်နမကဟှ ဘုရားသခင်ရဲ့ သားတော်ဟို့ ခေနနန်းဘီး ကိုယ့်ဟို့
စင်ကြယ်စေဟူ ပဋိညာဉ်တရားရဲ့ သွီးတော်ဟို့ စင်ကြယ်ဘဲဟူဇာ ဆိုဘီး
ထန်မှတ်ဘီးဟှာ ဆုကျေးဇူးဟို့ ပေးဟူ ဝိညာဉ်တော်ဟို့ ထီမဲမြင်ပြုဟူ သူဟှာ
ဖယ်မျှလော့-က်ကီးဟူ ဒန်ဟို့ ခံရမယ်ဆိုဇာ နန်းနို့လေ ဖယ်မျိုးထန်ဂေ့နူး။
30 ဖြားဖြစ်ကြောန့်နူးဆိုဟှာ “ငါဟှာ ပြစ်တရားဟို့ စီရင်ပိုင်ဟှယ်။ ပြစ်ရှိဟူတိုင်း
ငါဆပ်ပေးမယ်” ဆိုဟူဇာန “ဘုရားသခင်ဟှာ သူ့ရဲ့ လူစုတော်လေတွပ်
တရားစီရင်မယ်” ဆိုဘီး မိန့်တော်မူဟူ သခင်ဟို့ နို့လေသိဂေ့ဟှယ်။
31 သတ်ရှင်တော်မူဟူ ဘုရားသခင်ရဲ့ လတ်တော်ဟို့ ကၠလရော့-က်ဟူ မူဟှာ
ကြော့-က်ဇာကောန်းဟူ မူဖြစ်ဟှယ်။
32 နန်းနို့လေဟှာ ဘုရားသခင်ရဲ့ လန်းရောန်ဟို့ ခံယူဘီးန ဆင်းရဲဒေါက်ခဟို့
ခံစားရဘီး ပြင်းထန်ဟူ တိုက်ခိုက်ရှင်းဟို့ သီးခံဘီးဟူ ရင်းရင်ဒူးဟှ နေ့ရစ်လေဟို့
ဒိရဂေ့ပါ။
33 နန်းနို့လေဟှာ တခါတလေ လူလေရှေ့မာ ကဲ့ရဲ့ညှဉ်းဆဲဇာဟို့ ခံရဂေ့ဟှယ်။
တခါတလေလည်း တခြားသူလေ ကဲ့ရဲ့ညှဉ်းဆဲဇာဟို့ ခံရဟူ ခီမာ နန်းနို့လည်း
ထပ်တူထပ်မျှခံဟို့တွပ် ဆင်သင့်ရှိဂေ့ဟှယ်။
34 နန်းနို့လေဟှာ ထောန်ကၠလနေဟူ သူလေတွပ်ကြောန့် စာနာစိရှိဟူမျှမူဘဲ
ကိုယ့်ပစ်စီး အောက်စာလေဟို့ သူများဖျစ်ဆီးဟူလည်းဘဲ့ ကိုယ်သောင်းစွဲဟို့တွပ်
ကောန်းဂန်ဘောင်မာ ပိုဘီး မြတ်ဘီး စဉ်မြဲတည်ဟူ ဘဏ္ဍာရှိဟှယ် ဆိုဇာဟို့
သိဟူကြောန့် လုယူဖျစ်ဆီးခံရဇာဟို့ ဝန်းသာဟူ စိန သီးခံဂေ့ဟှယ်။
35 အယ်ကြောန့် ရရာတိုင်း ကီးမားဟူ ကျိုးနယှဉ်ဟူ နန်းနို့ရဲ့ ရဲရင့်မူစိဟို့
စွန့်လွှတ်ဂေ့န။
36 ဘုရားသခင်ရဲ့ လိုတော်ဟို့ ဆောန်ဘီးမှ ဂဒိတော်တိုင်း ကျိုးဟို့ ရဟို့တွပ်
သီးခံရှင်းစိရှိရမယ်။
37 ဖြားဖြစ်ကြောန့်နူးဆိုဟှာ၊

“ကြွလာမယ့် သူဟာ
ခီဆိုင်းဘဲ
ကြာခန်မာ ရော့-က်လာလေ့မယ်။
38 ဖြောန့်မတ်ဟူ သူဟာ ယောင်ကြည်ရှင်းအားဖြင့် သတ်ရှင်လေ့မယ်။
အယ်ဘေမဲ့ ရွှေ့လျော့ဖော့-က်ပ့လန်ဟာ ငါ့စိဝိညာဉ်ဟာ
အယ်သူဟို့ နှစ်သက်မှု မေ့ဟု” ဆိုဘီး ဘုရားသခင် မိန့်တော်ရှိဟုယ်။
39 နို့လေဟာ ပျစ်စီးရှင်းဟို့ ရော့-က်ဟို့တွပ် ရွှေ့လျော့ ဖော့-က်ပ့လန်ဟူ သူလေ မှုဟု။
စိဝိညာဉ်ဟာ ကယ်တန်ရှင်းဟို့ ရော့-က်ဟို့တွပ် ယောင်ကြည်ဟူ သူလေ ဖြစ်ဂေ့ဟုယ်။

11

ယောင်ကြည်ရှင်းကြောန်း

1 ယောင်ကြည်ရှင်း ဆိုဇာဟာ ကိုယ်မျော်လင့်ဟူ ဇာလေဟို့ မျစ်မှော့-က်ပြုဟူဇာ
ဖြစ်ဟုယ်။ မြင်ရသေးဘဲဇာလေဟို့ သိမှတ်စွဲလန်းရှင်းကြောန်း ဖြစ်ဟုယ်။
2 အယ်မှု ယောင်ကြည်ရှင်း ပါရမီကြောန့် ရှေးလူဂီးလေဟာ ဘုရားသခင်ရဲ့
ထော့-က်ခံချီးကျူးဟူဇာဟို့ ခံရဂေ့ဟုယ်။
3 ခုမြင်ရဟူ ဇာလေဟာ ရင်းရင်ဒူးဟ့ ထန်ရှားဟူ ဇာလေထဲဟ့ ဖြစ်ဟူဇာမှုဘဲ
စကြဝဠာဟာ ဘုရားသခင်ရဲ့ စကားတော်အားဖြင့် ဖြစ်လာဟူဇာဟို့ နို့လေဟာ
ယောင်ကြည်မှုအားဖြင့် သိဂေ့ဟုယ်။
4 အာဗေလဟာ ကာကြန ပူဇော်ဟူ ယဇ်ထတ် ပိုဘီး မြတ်ဟူ ယဇ်ဟို့
ယောင်ကြည်ရှင်းအားဖြင့် ဘုရားသခင်ဟို့ ပူဇော်ဟုယ်။ အယ်မျိုးယဇ်ဟို့
ပူဇော်ဟူကြောန့် သူဟာ ဖြောန့်မတ်ဟုယ် ဆိုဘီး သတ်သေခံဟူဇာဟို့ ရလေဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ဘုရားသခင်ဟာ သူ့ရဲ့ ပူဇော်သကာဟို့
သိမှတ်ပြုတော်မူဟုယ်။ အယ်ကြောန့် အာဗေလဟာ သေဟူးဘီ ဖြစ်ဟူလည်းဘဲ
အယ်မှု ယောင်ကြည်ရှင်းအားဖြင့် ခု တရားဟောနေသေးဟုယ်။
5 ဧနောက်ဟာ ယောင်ကြည်ရှင်းအားဖြင့် သေရှင်းန လွတ်ဟူးဘီး
ဘဝကူးပ့လောန်းခွမ့် ရဟုယ်။ ဘုရားသခင်ဟာ သူဟို့ ဘဝပ့လောန်းစေဟူကြောန့်
နော့-က်ထပ်ခါ သူဟို့ တွိရဟုမ်း။ သူဟာ ဘဝပ့လောန်းခန် ဘုရားသခင်ရဲ့ စိတော်န
တွိဟူသူ ဖြစ်ဟုယ် ဆိုဘီး သတ်သေခံဟူ ဇာဟို့ ရလေဟုယ်။
6 ယောင်ကြည်ရှင်းမှေ့ဟ ဆိုဟာ ဘုရားသခင်ရဲ့ စိတော်န တွိနိုင်ဟ့။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ဘုရားသခင်နားဟို့ ချဉ်းကပ်ဟူ သူဟာ ဘုရားသခင် ရှိဟုယ်
ဆိုဇာဟို့ရော၊ ကိုယ်တော့်ဟို့ ရှာဟူသူဟို့ ကျိုးပေးတော်မူဟုယ် ဆိုဇာဟို့ရော
ယောင်ကြည်ရမယ်။
7 နောဟော့ဟာ မြင်ရသေးဘဲဟူ မှုရာလေဟို့ ဖော်ပြဟူ ဗျာဒိတ်တော်ဟို့ ခံရဘီးမှ
ယောင်ကြည်ရှင်းအားဖြင့် ကြော့-က်ရွံ့ဟူ စိရှိဟူကြောန့် သူ့ရဲ့ အီသူအီသားလေဟို့
ကယ်တန်ဟို့တွပ် သန်းဖောဟို့ ဆော့-က်လေဟုယ်။ အယ်မှု ယောင်ကြည်ရှင်းအားဖြင့်

11:3 ၁၁.၃ ယော ၁.၃

လောကသားလေရဲ့ ပြစ်ဟို့ စီရင်ဘီးဟှာ ယောင်ကြည်ရှင်းန ယှဉ်ဟူ ဖြောန့်မတ်ရှင်းဟို့ မွီခံရလေဟုယ်။

8 အာဗြဟံဟှာ သူမွီခံရမယ့် ပြည်ဟို့ ထွပ်ဟှားဟို့တွပ် ဘုရားသခင် ခေါ်တော်မူဟူ ခီမာ သူသွားဟူ ရပ်ဒေသဟို့ သူကိုယ်တိုင် သိဘဲန ယောင်ကြည်ရှင်းအားဖြင့် နာခံဘီး ထွပ်ဟှားလေဟုယ်။

9 သူဟှာ ယောင်ကြည်ရှင်းအားဖြင့် ဂဒိထားတော်မူဟူ ပြည်မာ ဧည့်သယ်ဖြစ်နန နေလေဟုယ်။ သူမျိုးဘဲ့ ဂဒိတော်ဟို့ မွီခံရဟူ သူလေဖြစ်ဟူ ဣဇာက်၊ ယာကုပ်ဟူမျိုး တဲလေန နေလေဟုယ်။

10 ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူဟှာ ဘုရားသခင် တည်ထောန် ပြုစုတော်မူဟူ၊ ခိုင်ခံ့တည်မြဲဟူ ဗြို့ဟို့ မျော်လင့်ဟူကြောန့် ဖြစ်ဟုယ်။

11 သူရဲ့မယား စာရာဟှလည်း ရွယ်လွန်ဘီး သားရနိုင်ဘဲဟူ ခီမာ ဗိုက်ရနိုင်ဟူ ခွမ့်တဂိုးဟို့ ယောင်ကြည်ရှင်းအားဖြင့် ခံရလေဟုယ်။ သူ *ဟှာ ဂဒိပေးဟူ သူဟို့ သစ်စာရှိဟုယ် ဆိုဘီး မှတ်ယူဟူကြောန့် ဖြစ်ဟုယ်။

12 အယ်မူ မူရာအားဖြင့် လူသေနတူဟူ သူတယော့-က်ဟှာ ရေတွပ်အားဖြင့် ကောန်းဂန်ဟှ ကြယ်ဟူမျိုး၊ ပန်လယ်ကမ်းနားဟှ ရေတွပ်နိုင်ဘဲဟူ သဲလောင်းလေမျိုး လူလေ ဂူလောင်းရဲ့ ဖတယော့-က် ဖြစ်လေဟုယ်။

13 ခုပြောဟူ လူလေဟှာ ဂဒိတော်န စပ်ဆိုင်ဟူ ကျိုးကျေးဇူးလေဟို့ ခံစားရဘဲ ဝီးဟှနေဘဲ့ဗြင်ဘီး စိန့လောင်းန ဖတ်ယမ်းဘီးဟှာ သူးနို့လေဟှာ မ့လေဂီးမာ ဧည့်သယ်ဖြစ်ဟုယ် ဆိုဇာဟို့ ထန်းထန်ရှားရှား ဝန်ခံဘီး ယောင်ကြည်ရှင်းစိန သေလွန်ဟှားဂေ့လေဟုယ်။

14 အယ်မျိုး ဝန်ခံဟူ သူလေဟှာ သူးနို့လေရဲ့ နေရင်းပြည်ဟို့ ကြိုးစားရှာဂေ့ဟုယ် ဆိုဘီး ပြတ်ပြတ်သားသား ပြောဆိုဂေ့ဟုယ်။

15 အယ်သူလေဟှာ သူးနို့ထွပ်လာဟူ ပြည်ဟို့ တကယ် အော့-က်မေ့မယ် ဆိုဟှာ ပ့လန်နိုင်ဟူ ခွမ့်လမ်း ရှိဂေ့ဟုယ်။

16 အယ်ဘေဲ့ အယ်ပြည်ဟို့ အော့-က်မေ့ဘဲ အယ်ပြည်ထတ် သာလွန်ဟူ ကောန်းဂန်ရွှေပြည်ဟို့ တောန်းတဂေ့လေဟုယ်။ အယ်ကြောန့် ဘုရားသခင်ဟှာ သူးနို့ရဲ့ ဘုရား ဆိုဘီး ခေါ်ဟူဇာဟို့ ယှစ်တော်မူဟှ။ သူးနို့နေဟို့ ဗြို့ဟို့လည်း တည်ထောန်တော်မူဘီ။

17 အာဗြဟံဟှာ စောင်ဇမ်းရှင်းဟို့ ခံရဟူ ခီမာ ယောင်ကြည်ရှင်းအားဖြင့် သားဣဇာက်ဟို့ ပူဇော်လေဟုယ်။ ဂဒိတော်လေဟို့ ရဟူသူဟှာ တယော့-က်ဒဲရှိဟူ သားဟို့ ပူဇော်ဟို့တွပ် ပြင်ဆင်လေဟုယ်။

---

* **11:11 ၁၁.၁၁** သူရဲ့မယား စာရာဟှလည်း ရွယ်လွန်ဘီး သားရနိုင်ဘဲဟူ ခီမာ ဗိုက်ရနိုင်ဟူ ခွမ့်တဂိုးဟို့ ယောင်ကြည်ရှင်းအားဖြင့် ခံရလေဟုယ်။ သူ၊ တချို့ မူရင်းလတ်ရေးမူလေမာ စာရာဟှ သားရဟို့တွပ် ရရာတိုင်း သတ်ကီးနေဟူ လည်းဘဲ့ သူကိုယ်တိုင်ဟှ ဗိုက်ပိုက်နိုင်ဟုယ် ဆိုဘီး ယောင်ကြည်လေဟုယ်။ သူ၊ ဆိုဘီး ပါရှိဟုယ်။

18 အယ်သားန ပတ်သတ်ဘီး “ဣဇာက်အားဖြင့်ဘဲ နန့်မျိုးနွယ် တည်ရမယ်” ဆိုဟူ
ဂဒိတော်လေဟို့ ခံရဟူသူဟာ သူမာ တယော့-က်ဒဲရှိဟူ သားဟို့ ပူဇော်လေဟုယ်။
19 အယ်မျိုး ပူဇော်ဟူ ခီမာ သေရှင်းဟုနေ ပုလန်ရှင်ဘီး ထမြော့-က်ဟို့တွပ်
ဘုရားသခင် တတ်နိုင်ဟုယ် ဆိုဇာဟို့ သူအော့-က်မေ့လေဟုယ်။ အယ်သားဟို့
ဆိုရိုးစကားအားဖြင့် သေဒွမ်းထဲဟု ပုလန်ရလေဟုယ်။
20 ဣဇာက်ဟာလည်း ယောင်ကြည်ရှင်းအားဖြင့် နော့-က်ဖြစ်လာမယ့် ရာလေဟို့
ရည်ဇူးဘီး ယာကုပ်န သောဟို့ ကောန်းဂျီးပေးလေဟုယ်။
21 ယာကုပ်လည်း သေခီနီးလာဟူ ခီမာ ယောင်ကြည်ရှင်းအားဖြင့် ယောသပ်သား
နှေ့ယော့-က်ဟို့ ကောန်းဂျီးပေးဘီး သူ့တောန်အူးထိဟို့ မှီဘီးဟာ ဘုရားသခင်ဟို့
ကိုးကွယ်လေဟုယ်။
22 ယောသပ်ဟာ သေခါနီးဟူ ခီမာ ယောင်ကြည်ရှင်းအားဖြင့် ဣသရေလ
လူမျိုးလေ အဲဂုတ္တုပြည်ဟု ထွပ်မြော့-က်ဟို့ ကြောန်းရာဟို့ ပြောဘီး သူသေခါနီးမာ
သူ့ရိုးန ပတ်သတ်ဘီး မှာဟုးလေဟုယ်။
23 မောရှေဟို့ မိုးဖွားဘီးန ရှစ်ဇာကောန်းဟူ သားဂန်းဟုးဖြစ်ဇာဟို့ သူ့မိဖငြင်ဟူ
ခီမာ ယောင်ကြည်ရှင်းအားဖြင့် မန်းဂီးရဲ့ မိန့်ဟို့ ကြော့-က်ဘဲ သောင်းလ
လောင်းလောင်း သူ့ဟို့ ဝှပ်ဟုးလေဟုယ်။
24 မောရှေဟာ သတ်ရွယ်ကီးလာဟူ ခီမာ ယောင်ကြည်ရှင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ်
ဖာရောမန်းဂီး သမီးတော်ရဲ့ သားဆိုဘီး ခေါ်ဟူခွမ့်ဟို့ ငြင်းပယ်ဘီးဟုး၊
25 ပြစ်ရှိဟူ ကာမဂေါင်ဟို့ ရှစ်ဟုးခံစားရဟူ ဇာထတ် ဘုရားသခင်ရဲ့
လူမျိုးတော်လေနတူးဒူ ဆင်းရဲဒေါက်ခခံရဟူ ဇာဟို့ ယောင်ကြည်ရှင်းအားဖြင့်
ဝီးကော့-က်လေဟုယ်။
26 သူဟုာ နော့-က်ရလာမယ့် ကျိုးဟို့ မျော်လင့်ဟူကြောန့် ခရစ်တော်တွပ် ခံရဟူ
ကဲ့ရဲ့ပြစ်တန်ရှင်းဟို့ အဲဂုတ္တုပြည်ရဲ့ စည်းဇိမ်ထတ် ပိုဘီး မြတ်ဟူ စည်းဇိမ်ဖြစ်ဟုယ်
ဆိုဘီး ယောင်ကြည်ရှင်းအားဖြင့် မှတ်ယူလေဟုယ်။
27 ယောင်ကြည်ရှင်းအားဖြင့် မန်းဂီးရဲ့ မျစ်တော်ဟို့ ကြော့-က်ဘဲန အဲဂုတ္တုပြည်ဟို့
စွန့်ဘီးသွားလေဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ သူဟုာ မျစ်စိန ဗြင်ရဘဲဟူ
ဘုရားသခင်ဟို့ ဗြင်ရဟူမျိုး တည်ကြည်မှု ရှိလေဟုယ်။
28 သားဦးလေဟို့ ဖျစ်ဆီးဟူသူဟုာ ဣသရေလ လူမျိုးလေရဲ့ သားဦးလေဟို့
ဒန်ခတ်ဘဲနေဟို့တွပ် ယောင်ကြည်ရှင်းအားဖြင့် ပသခါပွဲဟို့ စီမံဘီးဟုာ
ခွဗော့-က်တိုင်လေဟို့ သွီးန ဖျန်းလေဟုယ်။
29 ဣသရေလ လူမျိုးလေဟုာ ကူးကြောန်းသွားရဟူမျိုး ယောင်ကြည်ရှင်းအားဖြင့်
ဧဒုံပန်လယ်ရဲ့ လယ်မာ ခေဂျင်ရှော့-က်သွားရလေဟုယ်။ သူးနို့လေမျိုး
အဲဂုတ္တုတူလူမျိုးလေ နော့-က်ဟု လိုက်ဟူ ခီမာ ရေမ့လုပ်ဘီး သေဂေ့လေဟုယ်။
30 ယေရိခေါဗြို့ဟို့ ခွန်နန်ရစ် လောင်းလောင်း လှည့်ပတ်ဘီးမှ
ယောင်ကြည်ရှင်းအားဖြင့် ဗြို့ရိုးပြိုလဲလေဟုယ်။

31 ကောန်းဘဲဟ္ဂ မီးမ ရာခပ်ဟ့ဂ ယောင်ကြည်ရှင်းအားဖြင့် ဣသရေလ
သူလျှိုလေဟ့ဂိ မိဆွေဖွဲ့ဘီး ငြီးချမ်းမှုအားဖြင့် လတ်ခံဟ့ဂကြောန့် ယောင်ကြည်ဘဲဟ့ဂ
သူလေနတူးဒူ ပျစ်စီးရှင်းခံရဟ့ဂ။
32 နော့-က်ထပ် ဖယ်မျိုး ကြောန်းရာလေဟ့ဂိ ပြောပြရအူးမယ်နူး။ ဂိဒေါင်၊ ဗာရက်၊
ရှံဆုံ၊ ယေဖေသ၊ ဒါဝိဒ်၊ ရှမွေလဟ့ဂနေစဘီး ပရောဖက်လေကြောန်းဟ့ဂိ ပြောပြဟ့ဂို့
ကူဟ့ဂ။
33 အယ်သူလေဟ့ဂ ယောင်ကြည်ရှင်းအားဖြင့် တခြား တိုင်းနိုင်ငံလေဟ့ဂိ
အောန်ဟ့ဂယ်။ ဖြောန့်မတ်ရှင်းအားဖြင့် အောက်ချောက်ဟ့ဂယ်။ ဘုရားသခင်ရဲ့
ဂဒိတော်ဟ့ဂိ ဝမ်စားဟ့ဂယ်။ ခြသေ့်နှောက်ဟ့ဂိ ပိဟ့ဂယ်။
34 တော့-က်လောန်နေဟ့ဂ မီးရှိဟ့ဂိ ငြီးစေဟ့ဂယ်။ ထားလတ်နပ်ဘေးဟ့ဂ လွတ်ဟ့ဂယ်။
နာဟ့ဂနေ လွတ်မြော့-က်ဘီး ကျမ်းမာရဟ့ဂယ်။ စစ်တိုက်ဟ့ဂ ခီမာ စွမ်းရည်ခွန်အားန
ပ့လဲ့ဝရဟ့ဂယ်။ တခြားလူမျိုးလေရဲ့ တပ်လေဟ့ဂိ တိုက်ယူဖျစ်ဆီးရှင်း မှုရာလေဟ့ဂိ
ပြုဂေ့လေဟ့ဂယ်။
35 မီးမလေလည်း ယောင်ကြည်ရှင်းအားဖြင့် သေဟ့ဂားဘီးဟ့ဂ သူးနို့သားလေ
သတ်ပ့လန်ရှင်လာဇာဟ့ဂိ ပ့လန်ရဂေ့ဟ့ဂယ်။
တချို့လူလေဟ့ဂ ပိဘီး မြတ်ဟ့ဂ ထမြော့-က်ရှင်းဟ့ဂိ ရော့-က်ရှင်ကြောန့်
လွတ်မြော့-က်ဟ့ဂ ဇာဟ့ဂိ ခံယူဘဲ ရစ်ရစ်ဆစ်ဆစ် ညှဉ်းဆဲဇာဟ့ဂိ ခံဂေ့လေဟ့ဂယ်။
36 တချို့လူလေဟ့ဂ ကဲ့ရဲ့ခံရဘီး၊ ရိုက်ခံရဘီး တချို့လူလေဟ့ဂ ထောန်ထဲမာ
သံကြိုးန ခယ်ဟ့ဂားဇာဟ့ဂိ ခံရလေဟ့ဂယ်။
37 သူးနို့ လေဟ့ဂ က့လော့-က်ခဲန ပစ်ခံရရှင်းလေ၊ လွန ပိုင်းပိုင်း
တိုက်ဖြတ်ခံရရှင်းလေ၊ စောင်ဇမ်း နော့-က်ယှစ်ခံရရှင်းလေ၊ ထားန သတ်ခံရရှင်းလေ၊
ဆင်းရဲရှင်းလေ၊ ညှဉ်းဆဲနှိစစ်ခံရဘီး သိုးသရေလေ၊ ဘဲ့သရေလေဟ့ဂိ ဝတ်ဘီး
လှည့်လည် သွားလာရဂေ့ဟ့ဂယ်။
38 အယ်လောကဟ့ဂ အယ်သူလေန ထိုက်တန်ဟ့ဂ။ သူးနို့လေဟ့ဂ တောကန္တာရလေ၊
တောန်တန်းလေ၊ လှိုင်ဂူလေန မ့လေတွမ်းလေမာ လှည့်လည်ဘီး နေရလေဟ့ဂယ်။
39 အယ်လူလေ ဂူလောင်းဟ့ဂ ယောင်ကြည်ရှင်းအားဖြင့် ထော့-က်ခံ
ချီးကျူးဟ့ဂဇာဟ့ဂို့ ခံရဟ့ဂူလည်းဘဲ့ ဂဒိတော်တိုင်း ကျိုးကျေးဇူးလေဟ့ဂို့ ခံရဂေ့ဟ့ဂ။
40 ဖြားဖြစ်ကြောန့်နူးဆိုဟ့ဂ အယ်လူလေဟ့ဂ နို့လေပါဘဲ စောင်လင်ရှင်းဟ့ဂို့
ရော့-က်ဘဲနေဟ့ဂို့တွပ် ဘုရားသခင်ဟ့ဂ နို့လေတွပ်ကြောန့် ပိုဘီး မြတ်ဟ့ဂ ကျေးဇူးဟ့ဂို့
ကြံစည်တော်မူလေဟ့ဂယ်။

12

နို့လေရဲ့ ဖဘုရားသခင်

1 အယ်ကြောန့် အယ်မျှလော့-က်များဟ့ဂ သတ်သေလေဟ့ဂ နို့လေဟ့ဂို့ ဝိုင်းရံဟ့ဂားဟ့ဂ
ဖြစ်ကြောန့် နို့လေဟ့ဂ ဝန်လေ ဂူလောင်းန နော့-က်ယှစ်တတ်ဟ့ဂ ပြစ်လေဟ့ဂို့

ဖယ်ရှားဘီး နို့မျစ်မှော့-က်ရှေ့မာ ထားဟှားဟှူ ပန်းတိုင်ဟှိ ရော့-က်ဟှိတွပ်
အားလျှောဘဲန ပ့လေးဂေ့ဇိ။
2 ယောင်ကြည်ရှင်းဟှိ စပြုတည်စောဘီး စောင်လင်စတော်မူဟှူ သခင်ယေရှုဟှိ
စေ့စေ့ထော့-က်ရှုဂေ့ဇိ။ အယ်သခင်ဟှာ သူ့ရှေ့မာထားဟှူ ဝန်းသာရှင်း ကြောန်းကြောန့်
ယှစ်ကြော့-က်ဟှူ ဇာလေဟှိ မှတ်ဘဲန လတ်ဝါးကပ်တိုင်မာ ခံဘီးမှ ဘုရားသခင်ရဲ့
ပလ္လင်တော် ညာဖတ်မာ ထိုင်နေတော်မူဟှယ်။
3 ပြစ်ရှိဟှူ သူလေ လတ်ထဲမာ အယ်မျှလော့-က်ကီးဟှူ ဆီးတား နှော့-က်ယှစ်ရှင်းဟှိ
ခံတော်မူဟှူ သခင်ဟှိ ထော့-က်ရှု ဆင်ခြင်ရှင်းအားဖြင့် အားလျှော့ စိပျစ်မှုလေန
လွတ်ကင်းဟှိတွပ် ကြိုးစားဂေ့ပါ။
4 နန်းနို့လေဟှာ ဒုစရိုက်ပြစ်ဟှိ တွန်းလှန်ဟှူကြောန့် သွီးထွပ်အောန်ထိ ခံရဖူးသေးဟှ။
5 ကျမ်းစာတော်မာ ဘုရားသခင်ဟှ၊
“ငါ့သား၊ ဘုရားသခင် ဆောင်းမ ပဲ့ပြင်တော်မူဟှူ ဇာဟှိ လေးထားဘဲနေန။
ဆောင်းမခံရဟှူ ခီမာ စိပျစ်န။
6 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဘုရားသခင်ဟှာ ရှစ်တော်မူဟှူ သားဟှိ
ဆောင်းမတတ်ဟှယ်။
သားဖြစ် လတ်ခံဟှူ သူရှိဟှူမျှဟှိ ရိုက်ဘီး ဒန်ခတ်တော်မူတတ်ဟှယ်” ဆိုဘီး
သားဂန်းဟှားလေဟှိ ပြောဟှူမျိုး နန်းနို့လေဟှိ ပြောဟှူ တိုက်တွန်း
အားပေးစကားဟှိ နန်းနို့မေ့ဟှားဂေ့ ဘီလော။
7 ဘုရားသခင်ဟှာ နန်းနို့ဟှိ သားဟှူမျိုး ပြုမူတော်မူဟှူကြောန့် နန်းနို့လေဟှာ
ဆောင်းမတော်မူဟှူ ဇာဟှိ သီးခံဂေ့ရမယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ
ဖဆောင်းမဘဲဟှူသား တဇောင်တယာ့-က် ရှိဟှူကြောန့်လော။
8 လူတိုင်းခံရတတ်ဟှူ ဆောင်းမရှင်းဟှိ နန်းနို့ခံရဘဲနေဟှာ သားရင်းမှူဘဲ
တရားဝမ်ဘဲဟှူ သားလေဘဲ့ ဖြစ်ဂေ့ဟှယ်။
9 နော့-က်ဘီး နို့လေဟှာ ကိုယ်ကာယနဆိုင်ဟှူ ဖခင်လေလတ်န ဆောင်းမဟှူဇာဟှိ
ခံရဟှူ ခီမာ သူးနို့လေဟှိ ရိုသေလေးစားဂေ့ဟှယ်။ အယ်လော့-က်နမကဟှ
ဝိညာဉ်ရေးရာန ဆိုင်ဟှူ ဖခင်လေဟှိ ပိုဘီး နာခံမယ် ဆိုဟှာ နို့လေဟှာ
သတ်ချမ်းသာရာ ရဂေ့မယ် မှူဟှလော။
10 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဇာတိဖခင်လေဟှာ သူးနို့ကောန်းမယ်ဆိုဘီး ထန်ဟှူတိုင်း
ရှစ်ဟှားဘဲ့ ဆောင်းမပေးတတ်ဟှယ်။ အယ်ဘေမဲ့ ဘုရားသခင်ဟှာ သူ့ရဲ့ သန့်ရှင်းရှင်း
ပါရမီတော်ဟှိ နို့လေခံစားရဟှိတွပ် နို့လေရဲ့ ကျိုးဟှိ ထော့-က်ဘီး
ဆောင်းမပေးတော်မူဟှယ်။
11 ဆောင်းမခံရဟှူ ဇာလေဟှာ ခံရဟှူ ခီမာ ဝန်းသာရမယ့် ကြောန်းရာ ဖြစ်ဟှယ် ဆိုဘီး
ထန်ဘဲန ဝန်းနဲဇာ ဖြစ်ဟှယ် ဆိုဘီး ထန်တတ်လေဟှယ်။ အယ်ဘေမဲ့လည်း
ဆောင်းမခံရဟှူ သူလေဟှာ နော့-က်မှ ငြိသတ်ရှင်းန စပ်ဆိုင်ဟှူ ဖြောန့်မတ်ရှင်း
ကျိုးဟှိ ခံစားရဂေ့လေဟှယ်။

ညွှန်ကြားဟူဇာန ဒီပေးချစ်လေကြောန်း

12 အယ်ကြောန့် အားကူနေဟူ လတ်လေန အားမွေ့ဘဲဟူ ဒူးလေဟို့ ခိုင်ခံ့စေပါ။
13 ခေသန်ဘဲဟူ သူလေဟာ ဆစ်လေပ့်လုထွပ်ဘဲန ကောန်းတိုင်း
ပ့်လန်ဖြစ်လာစေဟို့တွပ် နန်းနို့ရဲ့ ခေတွပ် ဖ့်လောန့်ဟူလမ်းဟို့ ပြင်ဆင်ဂေ့ပါ။
14 လူလေန သင့်သင့်တင့်တင့်နေဘီး ငြိသတ်ရှင်းန သန့်ရှင်းရှင်း ပါရမီဟို့
မှီအောန်လိုက်ဂေ့ပါ။ သန့်ရှင်းရှင်း ပါရမီ မွေ့ဘဲနေဟာ ဖယ်သူလည်း ဘုရားသခင်ဟို့
ဖူးဖြင်ရဟို့ မူဟ့။
15 နန်းနို့လေဟာ တဇောင်တယော့-က်လည်း ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟုနေ
ကွာဟ့ားဘဲနေဟို့တွပ်န၊ ခါးဟူ ပန်ပြစ်ပေါ့-က်ထွပ်ဘီး နန်းနို့လေဟို့
နော့-က်ယုစ်ဟူကြောန့် လူလေဟာ အယ်ရာလေအားဖြင့် ပြစ်န ညစ်ညူးဘဲနေဟို့တွပ်
ဒီပြုဂေ့ပါ။
16 တရားဘဲဟူ မေထုန်ပြုဟူသူ မွေ့ဘဲနေဟို့တွပ်န ဧသောဟာ မှန်းတနပ်စာတွပ်
သားဦးရပ်ရာဟို့ ရောန်းဟူမျိုး ဘုရားတရားဟို့ ရိုသေဘဲဟူ သူလေ ယော့-က်လည်း
မွေ့ဘဲနေဟို့တွပ် ဒီပြုဂေ့ပါ။
17 နန်းနို့ သိဂေ့ဟူတိုင်းဘဲ့ သူဟာ နော့-က်မှ ကောန်းဂျီးမ််ဂလာဟို့
မှီဆစ်ခံရှင်ဟူလည်းဘဲ့ ငြင်းပယ်ဇာဟို့ ခံရဘီး ကောန်းဂျီးမ််ဂလာဟို့ ရရာတိုင်း
လိုရှင်ကြောန့်* မျစ်ရယ်က့လဘီး တောန်းခံဟူလည်းဘဲ့ သူဖ စိပ့်လောန်းလဲလာဇာဟို့
ဖြင်ရဟ့။
18 နန်းနို့လေဟာ လတ်န တို့ထိနိုင်ဟူ တောန်ဟို့ဖြစ်ဖြစ်၊ လောန်ဟူ မီးဟို့ဖြစ်ဖြစ်၊
မှောန်မဲဟူ မိုးတီတိုက်ဟို့ဖြစ်ဖြစ်၊ မှောန်မိုက်ဟို့ဖြစ်ဖြစ်၊ မိုးသတ်မှောန်တိုင်းဟို့ဖြစ်ဖြစ်၊
19 တံပိုးမှုဟူ သံဟို့ဘဲ့ဖြစ်ဖြစ်၊ စကားတော်ဟို့ဘဲ့ဖြစ်ဖြစ် ချည်းကပ်ဂေ့ဟူဇာမူဟ့။
အယ်မူသံဟို့ ကြားဟူလူလေဟာ နော့-က်ထပ် မိန့်တော်မူဘဲနေဟို့တွပ်
တောန်းဗန်ဂေ့ဟုယ်။
20 ဖြားဖြစ်ကြောန့်နူးဆိုဟာ “လိဆန်ဖြစ်ဟူလည်းဘဲ့ အယ်တောန်ဟို့ ထိမိဟုယ်
ဆိုဟာ က့လော့-က်ခဲနပစ်သတ်စေ” ဆိုဘီး မိန့်တော်မူဟူ သံတော်ဟို့ လူလေဟာ
နားခံနိုင်ဘဲကြောန့် ဖြစ်ဟုယ်။
21 အယ်မျိုး ထန်းထန်ရှားရှား ဗြင်ရဟူဇာဟာ ရရာတိုင်း
ကြော့-က်ဇာကောန်းဟူကြောန့် မောရှေဟ “ငါဟာ ကြော့-က်ရွံ့ တူလော့က်ဘီး
နေရဟုယ်” ဆိုဘီး ပြောလေဟုယ်။
22 နန်းနို့လေဟာ ဇီအုန်တောန်န သတ်ရှင်တော်မူဟူ ဘုရားသခင်ရဲ့ ဗြို့တော်ဖြစ်ဟူ
ကောန်းဂန် ယေရုရှလင်ဗြို့ဟို့ဘဲ့ဖြစ်ဖြစ်၊ တိုင်းမသိ ရရာတိုင်း များဟူ
ကောန်းဂန်တမန်လေရဲ့ စည်းဝေးရာဟို့ဘဲ့ဖြစ်ဖြစ်၊

---

* **12:17 ၁၂.၁၇** ကောန်းဂျီးမဂ််လာဟို့ ရရာတိုင်း လိုရှင်ကြောန့်၊ အယ်မျိုးမူဘဲနေဟာ သူဟာ ကောန်းဂျီးရဟို့တွပ်
ကြိုးစားဟုယ်။

23 ကောန်းဂန်စာရင်းဝမ်ဟူ သားဦးလေရဲ့ သင်းတော်ဟိုဘဲ့ဖြစ်ဖြစ်၊ လူလေ
ဂူလောင်းဟို တရားစီရင်တော်မူဟူ ဘုရားသခင်နားဟိုဘဲ့ဖြစ်ဖြစ်၊
စောင်လင်ရှင်းဟိုရော့-က်ဟူ ဖြောန့်မတ်ဟူ သူလေရဲ့ စိဝိညာဉ်လေဟိုဘဲ့ဖြစ်ဖြစ်၊
24 ပဋိညာဉ်တရားသစ်ရဲ့ အာမခံဖြစ်ဟူ ယေရှုနားဟိုဘဲ့ဖြစ်ဖြစ်၊ အာဗေလရဲ့သွီး
ပြောဆိုဟူဇာထတ် ပိုဘီး မြတ်ဟူရာဟို ပြောဆိုဟူ ပတ်ဖျန်းဟူ
သွီးတော်နားဟိုဘဲ့ဖြစ်ဖြစ် ရော့-က်ဂေ့ဟုယ်။

25 အယ်ကြောန့် နန်းန့်လေဟုာ မိန့်တော်မူဟူ သူရဲ့ စကားတော်ဟို
ငြင်းဆန်မိဘဲနေဟို့တွပ် ဒိပြုဂေ့ပါ။ မ့လေဂီးထတ်မာ ဗျာဒိတ်တော် ဆင့်ဆိုသူရဲ့
စကားဟို ငြင်းဆန်ဟူ သူလေဟုာ ပြစ်လွတ်ခွမ့်မှေ့ဘဲနေဟုာ အယ်လော့-က်နမကဟု
ကောန်းဂန်ဘောင်ဟု မိန့်တော်မူဟူ သူရဲ့ စကားဟို့ နှိုလေ နားထောန်ဘဲနေဟုာ ပိုဘီး
ကီးလေးဟူ ပြစ်န ဖယ်မျိုး လွတ်ကင်းနိုင်မယ်နူး။

26 ရင်းရင်ဒူးဟု ဗျာဒိတ်တော်သံဟုာ မ့လေဂီးဟို လှောက်ဟူ ဇာဖြစ်ကြောန့်
ကိုယ်တော်ဟု "နော့-က်ထပ်ခါ ငါဟုာ မ့လေဂီးန ကောန်းဂန်ဟို့ လှောက်အူးမယ်"
ဆိုဘီး ဂဒိတော်ရှိဟုယ်။

27 "နော့-က်ထပ်ခါ" ဆိုဘီး ပြောဟူ စကားရဲ့ ဓိပါယ်ဟုာ လှောက်ဘဲဟူ ဇာလေဟို
တည်စေဟို့တွပ် လှောက်ဟူရာလေဟို့ လောကရာလေမျိုး ပယ်ဖျစ်လေ့မယ် ဆိုဘီး
ဆိုလိုဇာဖြစ်ဟုယ်။

28 အယ်ကြောန့် နှိုလေဟုာ လှောက်နိုင်ဘဲဟူ နိုင်ငံဟို့ ရဟူသူလေဖြစ်ကြောန့် ခန့်ညား
ကြော့-က်ရွှံ့ဟူ သဘောန ဘုရားသခင် နှစ်သက်ဟူ နည်းတိုင်း ဝတ်ပြုကိုးကွယ်ဟို့တွပ်
ကျေးဇူးတော်လေဟို့ စွဲလန်းဂေ့ဇို့။

29 ဖြားဖြစ်ကြောန့်နူးဆိုဟုာ နှိုလေရဲ့ ဘုရားသခင်ဟုာ လောင်ဟူမီး ဖြစ်တော်မူဟုယ်။

13

ဘုရားသခင်နှစ်သက်တော်မူဟို့ လောက်ဆောန်ဟူနည်းကြောန်း

1 ညီကို မောန့နှမရှင်းရှင်း ရှစ်ရှင်းမြစ်တာန တည်နေဂေ့ပါ။
2 ဧည့်ဝတ်ပြုဟူဇာဟို့ မေ့ဂေ့န။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ တချို့လူလေဟုာ
ဧည့်ဝတ်ပြုဟူ ခီမာ ကောန်းဂန်တမန်လေဟို့ မှတ်တမဲ့ ဧည့်ခံဂေ့ဟုယ်။
3 နန်းန့်လေဟုာ ကျဉ်းကျလခံနေရဟူ သူလေနတူးဒူ ကိုယ်လည်းခံနေရဟူမျိုး
မှတ်ယူဘီး သူးန့်လေဟို့ ဒိရဂေ့ပါ။ နန်းန့်လေဟုာ ကိုယ်ခန္ဓာန လွတ်ကင်းဘဲဟူ
သူလေဖြစ်ဟူကြောန့် ညှဉ်းဆဲခံရဟူသူလေဟို့ အော့-က်မေ့ဂေ့ပါ။

4 လူလေ ဂူလောင်းဟုာ သူးန့်ရဲ့မင်္ဂလာဆောန်ရှင်းန သစ်စာသံဝါသပြုဟူ မှုရာဟို့
ညစ်ညူးမှုမေ့ဘဲန အသရေရှိစေပါ။ တရားဘဲဟူ မေထုန်ဟို့ ပြုဟူသူလေန
သူမယားဟို့ ပြစ်မှားဟူသူလေဟို့ ဘုရားသခင် စစ်ကြောစီရင်တော်မူလေ့မယ်။

5 နန်းနို့လေရဲ့ ကျင့်ကြံပြုမူရှင်းဟာ ကပ်ဟို့ တတ်မတ်မူ မှေ့ဘဲန ကိုယ့်မာရှိဟူ
အောက်စာန ရောင့်ရဲမူ ရှိဂေ့ပါ။ ဖြားဖြစ်ကြောန့်နူးဆိုဟာ “ငါဟာ နန့်ဟို့ စွန့်ဟားဟ့။
နန့်ဟို့ လောင်းဝ ပစ်ဟားဟ့” ဆိုဘီး ဂဒိတော် ရှိဟ့ယ်။
6 အယ်ကြောန့်၊
“ဘုရားသခင်ဟာ ငါ့ဟို့ မစတော်မူဟူ သခင် ဖြစ်ဟူကြောန့်
လူဟာ ငါ့ဟို့ ပြုနိုင်သမျှဟို့ ငါကြော့-က်ဟ့” ဆိုဘီး
နို့လေဟာ ရဲရင့်ဟူ စိန ပြောဆိုရဟူခွမ့် ရှိဂေ့ဟ့ယ်။
7 ဘုရားသခင်ရဲ့ စကားတော်ဟို့ ဟောပြောဟူ နန်းနို့လေရဲ့ ခေါန်းဆောန်လေဟို့
အော့-က်မေ့ဂေ့ပါ။ သူးနို့လေဟာ ဖယ်မျိုး ကျင့်ကြံပြုမူဘီး သေဟ့ားဂေ့ဟူ ဆိုဇာဟို့
စေ့စေ့ဆင်ခြင်ဘီး သူးနို့လေရဲ့ ယောင်ကြည်ရှင်းဟို့ မှီအောန်လိုက်ဂေ့ပါ။
8 ယေရှုခရစ်ဟာ နန့်ကီး၊ အယ်နေ့၊ နော့-က်ကာလစဉ်ဆစ် ပ့လောန်းလဲဘဲန
နေတော်မူဟ့ယ်။
9 ထူးထူးပြားပြား ယူဝါဒသစ်လေ နော့-က်ဟို့ လိုက်ဘီး စိဖော့-က်ပ့လန်ဂေ့န။
ဖြားဖြစ်ကြောန့်နူးဆိုဟာ စာအားဖြင့်မူဘဲ ကျေးဇူးတော်အားဖြင့် စိနှလောင်းဟို့
တည်ကြည်စေဟူဇာဟ့ ပိုဘီး ကောန်းမြတ်ဟ့ယ်။ စာအားဖြင့်
သတ်ရှင်ရှော့-က်လှမ်းဟူ သူဟာ ကျိုးဟို့ရဂေ့ဟ့။
10 တဲတော်မာ ဝတ်ပြုဟူ သူလေ စားပိုင်ခွမ့် မှေ့ဘဲဟူ ယဇ်ပလ့လင်ဟာ နို့လေမာ
ရှိဟ့ယ်။
11 ဖြားဖြစ်ကြောန့်နူးဆိုဟာ ယဇ်ပုရောဟိတ်မန်းဟာ ပြစ်ဖြေဟူ ယဇ်ကောန်ရဲ့ သွီးဟို့
သန့်ရှင်းဆောင်းဌာနထဲဟို့ ယူသွမ်းဆောန်ဘီးမှ ယဇ်ကောန်လေရဲ့ ကိုယ်ဟို့
တပ်ပ့လန်မာ မီးရို့ရဟ့ယ်။
12 အယ်မျိုးတိုင်းဘဲ့ ယေရှုဟာ သူ့ရဲ့သွီးန လူလေဟို့ စင်ကြယ်စေဟို့တွပ်
ဗြို့ခွဖော့-က်ပ့လန်မာ သေခံတော်မူလေဟ့ယ်။
13 အယ်ကြောန့် နို့လေဟာ အယ်သခင်နတူးဒူ ကဲ့ရဲ့ခံဘီး တပ်ပ့လန်
ကိုယ်တော်နားဟို့ ထွပ်ဟားဂေ့ဇီ။
14 ဖြားဖြစ်ဟူကြောန့်နူးဆိုဟာ အယ်လောကဟာ နို့လေတွပ် တည်မြဲဟူဗြို့ မှေ့ဟ့။
နော့-က်ဖြစ်လာမယ့်ဗြို့ဟို့ဘဲ့ မျှော်လင့်နေဂေ့ဇာ ဖြစ်ဟ့ယ်။
15 အယ်ကြောန့် နို့လေဟာ နာမတော်ဟို့ ဝန်ခံဘီး နှောက်ခမ်းသီးဖြစ်ဟူ
ချီးမွမ်းရှင်းယဇ်ဟို့ သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်မာ မြဲဒမ်း
ပူဇော်ဂေ့ဇီ။
16 ကျေးဇူးပြုဟူမူ အောက်စာဝီမျှဟူ မူလေဟို့ မေ့ဂေ့န။ အယ်မျိုးပြုဟူ ယဇ်ဟို့
ဘုရားသခင်ဟာ နှစ်သက်တော်မူဟ့ယ်။
17 နန်းနို့လေရဲ့ ခေါန်းဆောန်လေ စကားဟို့ နှိခ့လဘီး နားထောန်ဂေ့ပါ။
သူးနို့လေဟာ ကိုယ်တိုင် စစ်ကြောခံရဟူ သူလေမျိုး နန်းနို့စိဝိညာဉ်ရဲ့ ကျိုးတွပ်
စောန့်ရှော့-က်နေဂေ့ဟ့ယ်။ နန်းနို့လေဟာ သူးနို့စကားဟို့ နားထောန်ဟ့ယ် ဆိုဟာ

သူးနို့လေ ဝန်းသာရှင်းန လောက်ဆောန်ဂေ့လေ့မယ်။ အယ်မျိုးမှုဘဲနေဟှာ သူးနို့လေ ဝန်းနဲရဟှူကြောန့် နန်းနို့လေ ဖယ်မျိုးလည်း ကျိုးရှိဟို့ မှုဟှ။

18 နို့လေတွပ်လည်း ဆုတောန်းပေးဂေ့ပါ။ နို့လေဟှာ ကိုယ့်ကိုယ်ကိုယ် သိဟှူစိ ကြည်လင်ဟှယ် ဆိုဇာဟို့ ယောင်ကြည်ဘီး ရာရာတိုင်းမာ ကောန်းကောန်းမွန်မွန် ကျင့်ကြံနေဂေ့ဟို့တွပ် လိုရှင်သူ ဖြစ်ဟှယ် ဆိုဇာ စိစွဲလမ်းမှု ရှိဂေ့ဟှယ်။

19 ငါဟှာ နန်းနို့လေနားဟို့ ဗြန်းဗြန်ဟှား လာနိုင်ဟို့တွပ် နို့လေဟို့ ဆုတောန်းပေးဟို့ ပိုဘီး နှိုးဆော်တောန်းဗန်ပါဟှယ်။

နိဂေါင်းချောက် ဆုတောန်းရှင်းကြောန်း

20 ထာဝရပဋိညာဉ်န ဆိုင်ဟူ သူ့သွီးတော်*အားဖြင့် သိုးလေရဲ့ သိုးထီးဂီးဖြစ်ဟူ နို့လေရဲ့ သခင်ယေရှုဟို့ သေရှင်းဟှ နှုဆောန်တော်မူဟူ ဋြိသတ်ရှင်းရဲ့သခင် ဘုရားသခင်ဟှာ၊

21 ရှေ့တော်မာ နှစ်သက်တော်မူဟူ မှုရာလေဟို့ ယေရှုခရစ်အားဖြင့် နန်းနို့လေဟို့ ပြုတော်မူဘီး နန်းနို့လေဟှာ လိုတော်ဟို့ လိုက်ရှော့-က်ဂေ့ဟို့တွပ် ကောန်းဟူ ကျင့်ဘောန်းဇောင်လေန ပြုပြင်တော်မူပါစေ။ အယ်သခင်ယေရှုခရစ်ဟှာ ကမ္ဘာဆစ်ဆစ် ဖောင်းကီးတော်မူပါစေ! အာမင်။

နိဂေါင်းချောက် မှာဟူစကားကြောန်း

22 ညီကို မောန်နှမလေ၊ ငါဟှာ နန်းနို့နားဟို့ လိုရင်းတိုရှင်းအားဖြင့် ရေးပို့လိုက်ဟူ အယ်မူ တိုက်တွန်း အားပေးစကားဟို့ သီးခံဘီး ခံယူဟို့တွပ် ငါတောန်းဗန်ပါဟှယ်။

23 နို့လေရဲ့ညီ တိမောသေဟှာ လွတ်လာဘီ ဖြစ်ဟူကြောန်းဟို့ နန်းနို့လေဟို့ သိစေရှင်ပါဟှယ်။ သူဗြန်းဗြန် ရော့-က်လာဟှယ် ဆိုဟှာ ငါဟှာ သူနတူးဒူ နန်းနို့လေဟို့ လာတွိမယ်။

24 နန်းနို့ ခေါန်းဆာန်လေန သန့်ရှင်းသူလေ ဂူလောင်းဟို့ နှောက်ဆစ်ပါဟှယ်။ ကြတလိ ပြည်သူပြည်သားလေဟှာ နန်းနို့လေဟို့ နှောက်ဆစ်ဂေ့ပါဟှယ်။

25 နန်းနို့လေ ဂူလောင်းမာ ကျေးဇူးတော် ရှိပါစေ။

---

* **13:20 ၁ဒ့.၂၀** သူ့သွီးတော်၊ အယ်မျိုးမှုဘဲနေဟှာ သူ့ရဲ့ သေခံပူဇော်မှု။

ယာကုပ်
ယာကုပ်ဟုနေ ပေးစာ
နိဒါန်း

ယာကုပ်ဟုနေ ပေးစာ ဟို့ ယာကုပ်ဟု ရေးဟုံးဟူ့ စာဖြစ်ဟုယ်။ သူဟုံ ယေရှုရဲ့ ညီလည်းဖြစ်ဟုယ်။ သူဟုံ ယေရှုရှလင် ကောန်စီဝမ်ဖြစ်ဘီး ကနဉီးသင်းတော်ရဲ့ ခေါင်းဆောန်လည်း ဖြစ်ဟုယ် (တ ၁၅.၁၃)။ တမန်တော် ပေါလုဟု ဂလာတိ ၂.၉ ထဲမာ သူ့ဟို့ သင်းတော်ရဲ့ "ဒေါ့-က်တိုင်" ဆိုဘီးလည်း ခေါ်ဟုံးဟုယ်။ ယာကုပ်ရဲ့ ကျမ်းဟို့ ခရစ်တော် မွီးဘီးန ၅၀ ခုနှစ်လော့-က်မာ ရေးဟုံးဟုယ် ဆိုဘီး ကျမ်းစာပညာရှင်လေဟု ယောင်ကြည်ဂေ့ဟုယ်။ ယာကုပ်ဟုံ ယေရှုရှလင် ကောန်စီဝမ်တယော့-က် ဖြစ်ဟူကြောန့် အယ်ဗြို့မာနေဒူး အယ်ကျမ်းဟို့ ရေးဟုံးရှင်း ဖြစ်နိုင်ဟုယ်။

ယာကုပ်ဟုံ သူ့ပေးစာဟို့ "နေရာတိုင်းဟို့ ဖှလဲဖှလဲစင်ဖြစ်ဟုံးဟူ့ လူမျိုး ဆယ့်နှေ့မျိုးဟို့" လိစာတပ်ဟုံးဟုယ် (၁.၁)။ ယာကုပ်ရဲ့ ကျမ်းထဲဟု သင်ဂန်းဇာလေဟုံ ခရစ်ယာန်လေ ဂူလောင်းန သတ်ဆိုင်ဟုယ်။ အယ်ဘေမဲ့ "လူမျိုး ဆယ့်နှေ့မျိုး" ဆိုဘီး သောင်းပြုံဟုံးဟူကြောန့် ယာကုပ်ဟုံ ယုဒလူမျိုး ခရစ်ယာန်လေဟို့ တိုက်ရိုက် ရေးနေဇာ ဖြစ်နိုင်ဟုယ်။ အယ်ကျမ်းဟုံ တိုင်းတပါးမာ ရော့-က်နေဟူ့ စာဖတ်မားလေဟို့ ရည်ညွှန်းဟုံးဟူ့ ကြောန်းရာ ဘောင်ဂီးဟို့ ပြောဟုံးလေဟုယ်။ ယာကုပ်ဟုံ လောက်ဆောန်ရှင်းန ယောင်ကြည်ရှင်းဟို့ လေးထားဟုံးဟုယ်။ စစ်မှန်ဟူ့ ယောင်ကြည်ရှင်းဟို့ လောက်ဆောန်ရှင်းန ပြရဟုယ် (၂.၁၇)။ သူဟုံ ကပ်ပေါဟူ့ လူလေဟို့ မျစ်နှာလိုက်ဘဲဟို့တွပ် ဒိပေးဟုံးဘီး (၂.၁-၄) ကျွန်တော့်ဟုံးလေ ဖြားဇာဘဲ့ပြောပြော ဂရုစိုက်ဟို့တွပ် ပြောဟုံးဟုယ် (၃.၁-၁၂)။

ကြောန်းရာ ကျဉ်းချောက်

၁။ ယာကုပ်ဟုံ သူ့ပေးစာမာ စာဖတ်မားလေဟို့ နှောက်ဆစ်ဟုံးဟူကြောန်း (၁.၁)
၂။ ခရစ်ယာန်လေဟုံ ဒေါက်ခရော့-က်ဟူ ခီမာ သီးခံဟို့ အားပေးဟုံးဟူကြောန်း (၁.၂-၂၇)
၃။ လောက်ဆောန်ရှင်းအားဖြင့် ယောင်ကြည်ရှင်းဟို့ ပြဟို့တွပ် ရရာတိုင်း လိုအပ်ဟုယ် ဆိုဘီး ပြောဟုံးဟူကြောန်း (၂.၁-၂၆)
၄။ ရရာတိုင်း တဂိုးပါဟူ စကားလေဟုံ ဖြစ်နိုင်ဟုယ် ဆိုဘီး ပြောဟုံးဟူကြောန်း (၃.၁-၁၂)
၅။ ယာကုပ်ဟုံ ဘုရားသခင်ပညာန လောကီပညာဟုံ ရရာတိုင်း ကွာခြားဟုယ် ဆိုဘီး ရှင်းပြဟုံးဟူကြောန်း (၃.၁၃—၄.၁၀)
၆။ ဝါကြွားဇာဟို့ ရှောန်ရမယ် ဆိုဘီး ဒိပေးဟုံးဟူကြောန်း (၃.၁၁—၅.၆)

၇။ ယာကုပ်ဟာ ညွှန်ကြားချစ် တချို့ဟို့ ပေးဘီး နိဂေါင်းချောက်ဟားဟူကြောန်း (၅.၇–၂၀)

1 ဘုရားသခင်နဲ သခင်ယေရှုခရစ်ရဲ့ စေခံ ယာကုပ်ဟာ၊
ကမ္ဘာတဝန်းလောင်းမာ ပုလံ့နှံ့ဟားဟူ ဘုရားသခင်ရဲ့ လူလေ ဂူလောင်းဟို့၊
နှောက်ဆစ်လိုက်ဟုယ်။

ယောင်ကြည်ရှင်းန ဉာဏ်ပညာကြောန်း

2 ငါ့ညီကို မောန်နှမလေ၊ နန်းနို့လေဟာ စောင်ဇမ်းနှောက်ရှစ်ဇာ မျိုးမျိုးဟို့ တွိရဟူ
ခီမာ ဝန်းသာဇာဘဲ့ဖြစ်ဟုယ် ဆိုဇာ ခံယူဂေ့ပါ။
3 ဖြားဖြစ်ကြောန်နှူးဆိုဟာ နန်းနို့ရဲ့ ယောင်ကြည်ရှင်းဟို့ စောင်ဇမ်းဇာဟာ
ခံနိုင်ရည်ဟို့ တိုပွားစေဟုယ် ဆိုဇာ နန်းနို့ သိဂေ့ဟုယ်။
4 နန်းနို့ဟာ ဖယ်ဇာလည်း ချို့တတ်ဇာမှေ့ဘဲ့ ပုလဲ့ဝစောင်လင်ဂေ့ဟို့တွပ် ဆောင်းထိ
ခံနိုင်ရည်ရှိရမယ်။
5 နန်းနို့ထဲမာ ယော့-က်ယော့-က်ဟ ပညာဟို့လိုရှင်ဟုယ် ဆိုဟာ ကဲ့ရဲ့ပြစ်တန်ဘဲ့န၊
လူလေ ဂူလောင်းဟို့ စေတနာစိန ပေးသနားဟူ ဘုရားသခင်နားမာ တောန်းစေ။
တောန်းမယ် ဆိုဟာ ရလေ့မယ်။
6 အယ်ဘေမဲ့ သံသယမှေ့ဘဲ့န ယောင်ကြည်ဟူစိန တောန်းရမယ်။ ယောင်မှားဘီး
သံသယစိရှိဟူလူဟာ လေတိုက်ဟူ ခီမာ လှောက်ရှာနေဟူ ပန်လယ်ဟ
ရေလှိုင်းနတူဟုယ်။
7 အယ်လူဟာ ဘုရားသခင်နားဟုနေ ဖြားဇာခုလည်းရမယ် ဆိုဇာ ထန်မှတ်စေန။
8 အယ်မျိုးလူဟာ စိနှေ့ခွရှိဟူကြောန် သူလောက်နေဟူဇာလေမာ
တည်ကြည်ရှင်းမှေ့ဘဲဟူ သူဖြစ်ဟုယ်။

ဆင်းရဲ့ရှင်းန ကြွယ်ဝရှင်းကြောန်း

9 ညီကို ယော့-က်ယော့-က်ဟာ နှိက့်လနေဟူ ခြေနေဟုနေဘီး ဘုရားသခင်ဟ
ချီးမြော့-က်လိုက်ဟူ ခီမာ ဝန်းသာပါစေ။
10 ကြွယ်ဝဟူ ညီကိုဟို့ ဘုရားသခင်ဟ နှီခ့လဟူ ခီမာ ဝန်းသာရမယ်။
ဖြားဖြစ်ကြောန်နှူးဆိုဟာ ကြွယ်ဝဟူ လူလေဟာ တောထဲဟ ဗြစ်ပန်မျိုးဘဲ့ ညှိုးဘီးဟာ
ပျော့-က်ကွယ်ဟားကြောန် ဖြစ်ဟုယ်။
11 နေပူရှိဟာ ဗြစ်ပန်ဟို့ ခြော့-က်ဟားစေဘီးဟာ ပွမ့်လည်း ကွိက့်လဟားစေဟုယ်။
အယ်ကြောန် တင့်တယ်လှပရှင်းလေဟာ ပျစ်စီဟားဟူမျိုးဘဲ ကြွယ်ဝဟူ လူဟာလည်း
သူ့ရဲ့ စီပွားဟို့ လောက်နေဒူးဟူခီမာ ပျော့-က်ကွယ်ဟားလေ့မယ်။

စောင်ဇမ်းရှင်းန သွီးဆောန်ရှင်းကြောန်း

1:1 **၁.၁** မ ၁၃.၅၅; မာ ၆.၃; တ ၁၅.၁၃; ဂလာ ၁.၁၉

12 စောင်ဇမ်းရှင်းဟို့ သည်းခံနိုင်ဟူလူဟာ မင်္ဂလာရှိဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
အယ်လူဟာ အယ်မျိုးခံဘီးမှ ဘုရားသခင်ဟို့ ရှစ်ဟူလူဟို့ ကိုယ်တော်ဟု
ဒိထားဟုတိုင်း သတ်သရဖူဟို့ ရလေ့မယ်။
13 သွီးဆောန်ခံရဟူလူဟာ "ဘုရားသခင်ဟာ ငါ့ဟို့ သွီးဆောန်နေဟုယ်" ဆိုဇာ
ဖယ်သူလဲ ပြောစေန။ ကောန်းဘဲ့ဟူဇာလေဟာ ဘုရားသခင်ဟို့ သွီးဆောန်နိုင်ဟု။
ကိုယ်တော်ဟုလည်း ဖယ်သူဟို့လည်း သွီးဆောန်ဟု။
14 လူဟာ သွီးဆောန်ခံရဟုယ် ဆိုဇာဟာ ကိုယ်စိဟု ကောန်းဘဲဇာဖြစ်ဟူ
လိုရှင်ဟူဆန္ဒဒဟု ဆွဲဆောန်ဘီး လိုက်ပါဟုားဟူကြောန့် ဖြစ်ဟုယ်။
15 အယ်မျိုးလိုရှင်ဟူ ဆန္ဒလေဟာ ကိုယ်ဝန်ဆောန်ဘီးဟာ ဒုစရိုက်ဟို့
မွီးဖွားစေဟုယ်။ ဒုစရိုက်ဟာ ကီးလာဟူ ခီမာ သေရှင်းဟို့ မွီးဖွားစေဟုယ်။
16 ငါရှစ်ရဟူ ညီကို မောန်နှမလေ၊ လွဲယူဂေ့န။
17 ကောန်းမြတ်စောင်လင်ဟူ ဆုကျေးဇူးမှန်မျှဟာ ကောန်းဂန်မာရှိဟူ ဇာလေဟို့
ဖန်ဆင်းဟူ ဘုရားသခင်နားဟုနေ ရော့-က်လာဟုယ်။ ကိုယ်တော်ဟာ
ပ့လောန်းလဲတတ်ဟူ ရိုနလည်းကင်းဟုယ်။
18 ကိုယ်တော်ဟာ ဖန်ဆင်းဟုားဟူ သတ္တဝါလေထဲမာ ဦးဆောင်းနေရာဟို့
ရစေဟို့တွပ် သမ္မာတရားအားဖြင့် သူ့ရဲ့ လိုတော်နတူးဒူ နို့လေဟို့ မွီးဖွားစေဟုယ်။

ကြားရှင်းန ကျင့်သောင်းရှင်းကြောန်း

19 ငါရှစ်ရဟူ ညီကို မောန်နှမလေ၊ အယ်ချစ်ဟို့ မှတ်ဟုားဂေ့ပါ။ နန်းနို့ ဂူလောင်းဟာ
ကြားရှင်းမာ ရရာတိုင်းဗြန်စေပါ။ စကားပြောရှင်းန ဒေါသထွပ်ရှင်းမာ နှေးဂေ့ပါ။
20 လူလေရဲ့ မျစ်ဒေါသဟာ ဘုရားသခင်ရဲ့ ဖြောန့်မတ်ဟူ ကြိစည်လေဟို့ ရနိုင်ဟု။
21 အယ်ကြောန့် နန်းနို့ဟာ ညစ်ညူးရှင်းန ကောန်းဘဲဟူကျင့်လေဟို့ ဖယ်ပစ်ဂေ့ပါ။
နန်းနို့ရဲ့ စိထဲမာ ဘုရားသခင်ထဲပေးဟုားဟူ တရားတော်ဟာ နန်းနို့ဟို့
ကယ်တန်နိုင်ဟုယ်။ တရားတော်ဟို့ နူးညံ့သိမ့်မွေ့ဟူစိန ခံယူဂေ့ပါ။
22 တရားတော်ဟို့ ကြားနာရောင်ဘဲ့ ကြားနာရှင်းအားဖြင့် နန်းနို့ကိုယ် နန်းနို့
လှည့်ဇားဂေ့န။ တရားတော်ဟို့ လတ်တွေ့ ကျင့်သောင်းဂေ့ပါ။
23 တရားတော်ဟို့ လတ်တွေ့ ကျင့်သောင်းဘဲန ကြားနာရောင်ဘဲ ကြားနာရဟူလူဟာ
ကိုယ့်ရဲ့ ပကတိမျစ်နှာဟို့ မှန်မာကေ့ဟူ လူနတူဟုယ်။
24 သူဟာ အယ်မျိုး ကေ့ဘီးဟာ ထွပ်ဟုားဟူ ခီမာ သူ့ရဲ့ ပေါင်ဇံဟို့
မေ့ဟုားတတ်ဟုယ်။
25 အယ်ကြောန့် လူလေဟို့ ပြစ်ချည်နှောင်ရှင်းထဲဟုနေ လွတ်မြော့-က်စေဘီး
စောင်လင်ဟူ ပညတ်တရားဟို့ သေးသေချားချာဟုား လေ့လာကေ့ရှုဟူလူဟာ
တရားဟို့နာဘီးဟာ မေ့ဟုားဇာမျိုးမူဘဲန ဆစ်ဘီး အာရောင်ပြုဘီးဟာ
လတ်တွေကျင့်သောင်းလူ ဖြစ်ဟူကြောန့် ဖြားမူဘဲလောက်လောက် ဘုရားသခင်ရဲ့
ကောန်းဂျီးမ်ကလာဟို့ ခံစားရလေ့မယ်။

26 လူတယောက်-က်ဟာ သူ့ကိုယ်သူ ဘုရားတရားဟို့ ကြည်ညိုဟုယ် ဆိုဘီး
ယူဆဘေမဲ့ သူ့ရဲ့ လျှာဟို့ ထီးနိုင်ဟု ဆိုဟာ သူ့ရဲ့ စိနှလောင်းဟို့ လှည့်ဇာဟူလူ
ဖြစ်ဟုယ်။ သူ့ရဲ့ ဘုရားတရား ကိုင်းရှိုင်းရှင်းဟာ ချည်းနှီးဘဲဖြစ်ဟုယ်။
27 ဖဘုရားသခင်ရှေ့မာ စင်ကြယ်ဟူတရားဟို့ ကြည်ညိုဟုယ် ဆိုဇာ
ဒေါက်ခရော့-က်နေဟူ၊ မိဖမွေ့ဘဲဟူ သားဂန်းလေန မောက်ဆိုးမလေဟို့
ကွေ့ရှုစောန့်ရှောန်ရှင်း၊ လောကရဲ့ ညစ်ညူးရှင်းလေန ကင်းအောန် ကိုယ့်ကိုယ်ကိုယ်
စောန့်ထီးရှင်းဘဲ ဖြစ်ဟုယ်။

2

မျစ်နှာလိုက်ဘဲဟို့တွပ် ဒိပေးကြောန်း

1 ညီကို မောန်နှမလေ၊ နန်းနို့ဟာ ဖောင်းတဂိုးကီးဟူ သခင်ယေရှုခရစ်တော်ဟို့
ယောင်ကြည်ဟူ လူလေဖြစ်ဟူကြောန့် လူလေဟို့ မျစ်နှာလိုက်ဘီး ဆစ်ဆံဂေ့န။
2 နန်းနို့လေရဲ့ ဝါလယ်ဇရပ်ဟို့ ဝမ်လာဟူ လူနှေ့ယော့-က်မာ
ရွှေလတ်စွပ်ဝတ်ဟူးဘီး ရရာတိုင်းကောန်းဟူ အန်းဂီလေဟို့ ဝတ်ဟူးလေဟုယ်။
တခြားတယော့-က်ဟု ဆင်းရဲဟူကြောန့် စုနေဟူအန်းဂီဟို့ ဝတ်ဟူးမယ် ဆိုဟာ၊
3 နန်းနို့ဟာ ကောန်းဟူအန်းဂီဟို့ ဝတ်ဟူးဟူလူဟို့ ဦးစားပေးဘီးဟာ
“အယ်နေရာကောန်းမာ ထိုင်ပါ” ဆင်းရဲသားဟို့ “ငါရဲ့ ခေရင်းမာထိုင်ပါ” ဆိုဘီး
ပြောမယ် ဆိုဟာ၊
4 ရှင်းရှင်းဘဲ့ လူဒန်းဇားခွဲခြားဘီး ကောန်းဘဲဟူကြဲစည်ဟို့ စီရင်ဂေ့ဇာ မူဟုလော။
5 ငါရှစ်ရဟူ ညီကို မောန်နှမလေ၊ နားထောန်ဂေ့ပါ။ ယောင်ကြည်ရှင်းမာ ကြွယ်ဝဟူ
လူလေဖြစ်ဂေ့ဟို့တွပ်၊ ဒိထားဟုားဟူ နိုင်ငံတော်ဟို့ မွီခံရဟူလူလေ ဖြစ်ဂေ့ဟို့တွပ်
ဘုရားသခင်ဟာ လောကမာ ဆင်းရဲဟူလူလေဟို့ ဝီးကော့-က်ဟုားဇာ မူဟုလော။
6 အယ်ဘေမဲ့ နန်းနိုဟာ ဆင်းရဲသားလေဟို့ စော်ဂါးဂေ့ဟုယ် ကြွယ်ဝဟူ လူလေဟာ
နန်းနို့လေဟို့ နှိစစ်ဘီးဟာ တရားသူဂီးလေရှေ့မာ ဆွဲခေါ်ဟုားဂေ့ဟုယ် မူဟုလော။
7 နန်းနို့ဟို့ ခေါ်ဟုားဘီး နာမတော်ဟို့ ကဲ့ရဲ့ဂေ့ဇာ မူဟုလော။
8 နန်းနို့ဟာ “ကိုယ့်နဆိုင်ဟူလူဟို့ ကိုယ်နမျှရှစ်ပါ” ဆိုဘီး ကျမ်းစာမာပါဟူ
ရွှေပညတ်တော်ဟို့ ကျင့်မယ် ဆိုဟာ ကောန်းဟူဇာဟို့ ကျင့်ဟူဇာ ဖြစ်ဟုယ်။
9 အယ်မျိုးမူဘဲနေဟာ လူမျစ်နှာဟို့ ထော့-က်မယ် ဆိုဟာ ပြစ်လောက်ဟူလူ
ဖြစ်ဟုယ် ဆိုဇာ အယ်ပညတ်အားဖြင့် ထန်ရှားဟုယ်။
10 ပညတ်တော်တခုဟို့ ခှလိုးဖော့-က်ဟူလူဟာ ပညတ်တော် ဂူလောင်းဟို့
ခှလိုးဖော့-က်ဇာန တူးဒူဘဲ့။
11 ဖြားဖြစ်ကြောန့်နူးဆိုဟာ “အီထောန်ရေးဖော့-က်ပ့လန်န” ဆိုဘီး
ပြောဟုားဟူသခင်ဟာ “လူသတ်ဟို့လည်း သတ်န” ဆိုဇာလည်း ပြောဟုားကြောန့်
ဖြစ်ဟုယ်။ နန်ဟာ အီထောန်ရေး ဖော့-က်ပ့လန်ဘေမဲ့ လူသတ်ဟူသတ်ဟုယ် ဆိုဟာ
ပညတ်တော်ဟို့ ခှလိုးဖော့-က်ဇာန တူးဒူဘဲ့ ဖြစ်ဟုယ်။

12 အယ်ကြောန့် နန်းနို့ဟှာ လွတ်မြော့-က်ရှင်းနဆိုင်ဟှူ တရားတော်အားဖြင့်
စီရင်ရှင်းဟှိ ခံရမယ်သူလေမျိုးဘဲ ပြောဆိုကျင့်ကြံဂေ့ပါ။
13 ကရုဏာမှေ့ဘဲ့ဟှူ လူဟှာ ကရုဏာမှေ့နဟှူ တရားစီရင်ရှင်းဟှိ ခံရလေ့မယ်။
အယ်ဘေမဲ့ ကရုဏာဟှာ တရားစီရင်ရှင်းထတ်မာ အောန်ဗွဲခံတတ်ဟှယ်။

ယောင်ကြည်ရှင်းနကျင့်

14 ငါ့ညီကို မောန်နှမလေ၊ လူတယော့-က်ဟှ ငါမာ ယောင်ကြည်ရှင်းရှိဟှယ် ဆိုဘီး
ပြောဘေမဲ့လည်း ကျင့်အားဖြင့် သတ်သေပြနိုင်ဟှ ဆိုဟှာ ဖယ်ကျိုးရှိနူး။ အယ်လူရဲ့
ယောင်ကြည်ရှင်းဟှာ သူ့ဟှိ ကယ်တန်နိုင်ဘဲ့လော။
15 ညီကို မောန်နှမလေဟှာ စားဝတ်နေရေး ဆင်းရဲနေဟှူ ခီမာ
16 နန်းနို့ဟှ "နန်းနို့လေဟှိ ဘုရားသခင် ကောန်းဂျီးပေးပါစေ။ ငြီးငြီးချမ်းချမ်းဟှား
နေဂေ့ပါ။ ဝဝဟှားစားဂေ့" ဆိုဘီး ပြောဘီးဟှာ သူးနို့ရဲ့ ကိုယ်ခန္ဓာတွပ် လိုအပ်နေဟှူ
ဇာလေဟှိ ပေးဘဲ့န နေမယ် ဆိုဟှာ ဖြာကျိုးရှိမယ်နူး။
17 ယောင်ကြည်ရှင်းဟှလည်း အယ်မျိုးဘဲ့ဖြစ်ဟှယ်။ ကျင့်မှေ့ဘဲ့ဟှူ
ယောင်ကြည်ရှင်းဟှာ ခုဒဲဘဲဖြစ်ဟှူကြောန့် သေဖြစ်ဟှယ်။
18 အယ်ကြောန့် ယော့-က်ယော့-က်ဟှ "ငါ့မာ ယောင်ကြည်ရှင်းရှိဟှယ်" ဆိုဘီး
ပြောမယ် ဆိုဟှာ "ကျင့်မှေ့ဘဲ့န နန့်ရဲ့ယောင်ကြည်ရှင်းဟှိ ငါ့ဟှိ ပြပါ။ ငါဟှကျင့်န ငါရဲ့
ယောင်ကြည်ရှင်းဟှိ ပြမယ်" ဆိုဘီး ပြောဇာရှိဟှယ်။
19 ဘုရားသခင်တပါးဘဲ့ ရှိဟှယ် ဆိုဘီး ယောင်ကြည်ဇာဟှာ ကောန်းဟှယ်။
နတ်ဆိုးလေဟှလည်း အယ်မျိုးဘဲ့ ယောင်ကြည်ဘီးဟှာ ကြော့-က်ဘီး တူနေဂေ့ဟှယ်။
20 အိုး လူမိုက်၊ ကျင့်မှေ့ဘဲ့ဟှူ ယောင်ကြည်ရှင်းဟှာ ချည်းနှီး*ဖြစ်ဟှယ် ဆိုဇာဟှိ
သိရှင်လော။
21 နို့လေရဲ့ဖိုး အာဗြဟံဟှာ ဘုရားသခင်န မှန်းမှန်ကန်းကန် ပေါန်းသင်းဆစ်ဆံဇာဟှိ
ဖယ်မျိုးရဟှယ်နူး။ သူဟှာ သူ့သားကြဇာက်ဟှိ ယဇ်ပလ္လင်ထတ်မာ တန်ဘီးဟှာ
ပူဇော်ဟှူ ခီမာ ကျင့်ကြောန့် ဖြောန့်မတ်ရှင်းဟှိ ရဟှယ်။
22 သူ့ရဲ့ယောင်ကြည်ရှင်းဟှာ ကျင့်နတွဲနေဇာဟှိ နန်းနို့လေဟှာ ဖြင်ဂေ့ဟှလော။
ကျင့်ကြောန့်သူ့ရဲ့ ယောင်ကြည်ရှင်းဟှာ ပ့လဲ့ဝစောင်လင်လာဟှယ်။
23 အယ်ကြောန့် "အာဗြဟံဟှာ ဘုရားသခင်ဟှိ ယောင်ကြည်ဟှယ်။ သူ့ရဲ့
ယောင်ကြည်ရှင်းကြောန့် ဘုရားသခင်ဟှာ သူဟှိ ဖြောန့်မတ်ဟှူသူနေန
လတ်ခံလိုက်ဟှယ်" ဆိုဇာ ကျမ်းစကားဟှာ ပ့လဲ့ဇောင်လာဟှယ်။ အယ်ကြောန့်
အာဗြဟံဟှာ ဘုရားသခင်ရဲ့ မိဆွေ ဆိုဘီး ခေါ်ခံရဟှယ်။
24 အယ်ကြောန့် လူဟှာ ယောင်ကြည်ရှင်း အားဖြင့်ဘဲ့ ဖြောန့်မတ်ရှင်းဟှိ
ရော့-က်ဇာမှုဟှ။ ကျင့်အားဖြင့်ရော့-က်ဟှယ် ဆိုဇာဟှိ နန်းနို့ သိရဂေ့ဟှယ်။

* **2:20** J.Jo ချည်းနှီး၊ တချို့လတ်ရေးမှုလေမာ သေရှင်း၊ ဆိုဘီး ပါရှိဟှယ်။

25 ကောန်းဘဲ့ဟူမီးမ ရာခပ်ရဲ့ကြောန်းဟ့လည်း အယ်မျိုးဘဲ့ ဖြစ်ဟ့ယ်။ သူဟ့ာ
ကျသရေလ တလျိုလေဟို့ လတ်ခံဘီးန တခြောလမ်းဟ့နေ ထွပ်ဟ့ားဟို့တွပ်
ကူညီပေးဟ့ယ်။ အယ်မူကြောန့်သူဟ့ာ ကျင့်ကြောန့် ဖြောန့်မတ်ရှင်းဟို့ ရော့-က်ဟ့ားဇာ
မူဟ့လော။
26 အယ်ကြောန့် ဝိညာဉ်မှေ့ဘဲဟူ ကိုယ်ခန့ာဟ့ာ သေဖြစ်ဟူမျိုးဘဲ့ ကျင်မှေ့ဘဲ့ဟူ
ယောင်ကြည်ရှင်းဟ့လည်း သေဖြစ်ဟ့ယ်။

3

လျာကြောန်း

1 ငါ့ညီကို မောန်နှမလေ၊ ဆရာဖြစ်ဂေ့ဟူ နို့လေဟ့ာ တခြားလူလေထတ် ပိုဘီး ဟ့ာ
စစ်ကြောစီရင်ရှင်းဟို့ ခံရမယ် ဆိုဇာ နန်းနို့ဟ့ာ သိဟူကြောန့် ဆရာလေ ဖြစ်ရှင်ဂေ့န။
2 နို့လေရှိမျှဟ့ာ မကြာမကြာ မှားဂေ့ဟ့ယ်။ ဖယ်ခါလည်း စကားမှားဘဲ့ဟူလူဟ့ာ
ပ့လဲ့ဝစောင်လင်ဟူလူ ဖြစ်ဟ့ယ်။ အယ်မျိုးလူဟ့ာ ကိုယ့်ကိုယ်ကိုယ်
ထီးချောက်နိုင်ဟူလူ ဖြစ်ဟ့ယ်။
3 နို့လေဟ့ာ ဗြင်းဇတ်ပေါ့-က်ဟို့ ခယ်ဟ့ားဘီးဟ့ာ ဗြင်းတကိုယ်လောင်းဟို့
လှည့်စေဟို့တွပ် နို့လေရဲ့ စကားဟို့ နားထောန်ခိုင်းဘီးဟ့ာ သွားရှင်ဟူနေရာဟို့
သွားခိုင်းနိုင်ဟ့ယ်။
4 ရရာတိုင်းကီးဟူ သန်းဖော်လေဟို့ လေတိုက်နေဟူ ခီမာ ပဲ့ဟို့ကိုင်ဘီးဟ့ာ
ထီးချောက်ဘီး ပဲ့ထီးဟူလူဟ့ာ သွားရှင်ဟူနေရာဟို့ လှည့်တတ်ဟ့ယ်။
5 လျာဟ့လည်း အယ်မျိုးတိုင်းဘဲ့ ဖြစ်ဟ့ယ်။ ကိုယ်ခန္ဓာမာ
ငယ်ဆောင်းအင်္ဂါဖြစ်ဘေမဲ့ ရရာတိုင်းကီးဟူဇာလေဟို့ ဝါကြွားတတ်ဟ့ယ်။
ရရာတိုင်းကီးဟူသစ်တောဟို့ ရရာတိုင်းငယ်ဟူမီးပွားဟ့ လောန်နိုင်ဟ့ယ် ဆိုဇာ
ကေ့ကေ့ပါ။
6 လျာဟ့ာ မီးနတူဟ့ယ်။ ပြစ်ဒုစရိုက်လေန ပ့လဲ့ဝဟူ လောကဖြစ်ဟ့ယ်။ အယ်မျိုးဘဲ့
ကိုယ်ခန္ဓာမာ အင်္ဂါတခုနေန ရှိနေဘီး နို့လေရဲ့ ကိုယ်ခန္ဓာ တခုလောင်းဟို့
ပြစ်ဒုစရိုက်လေန ကူးစစ်ဘီး ပ့လုံ့နှံ့စေဟ့ယ်။ လျာဟ့ာ ငရဲမီးန နို့လေရဲ့
ဘဝဂူလောင်းဟို့ လောန်စေဟ့ယ်။
7 လူဟ့ာ တခြားသတ္တဝါလေဖြစ်ဟူ လိဆန်၊ ဌတ်၊ တွားတတ်ဟူ သတ္တဝါန
ပန်လယ်မှာနေဟူ သတ္တဝါလေဟို့ လူလေဟ့ာ ယဉ်အောန်လောက်နိုင်ဟ့ယ်။
လောက်လဲလောက်လာဟ့ယ်။
8 အယ်ဘေမဲ့ လျာဟို့ ဖယ်သူလည်း နိုင်အောန်လောက်နိုင်ဟ့။ လျာဟ့ာ
သေစေတတ်ဟူ ဆိနပ့လဲ့ဝဘီး ထီးချောက်ဟို့ မျှဘဲ့နေအောန် ဆိုးဟ့ယ်။
9 နို့လေဟ့ာ ဖဘုရားသခင်ရဲ့ ဂေါင်တော်ဟို့ ချီးမွမ်းဟူ ခီမာ လျာလေဟို့
သောင်းဂေ့ဟ့ယ်။ ဘုရားသခင်ရဲ့ ပေါင်ဇနတူးအောန် ဖန်ဆင်းဟ့ားဟူ လူလေဟို့
ကီဆဲဟူ ခီမာလည်း သောင်းပြဂေ့ဟ့ယ်။

10 နှောက်တခုထဲဟု ကျေးဇူးတော်ဟို့ ချီးမွမ်းရှင်းန ကီဆဲရှင်းလေ
ထွပ်တတ်ဘဲ့လော။ ညီကို မောန်နှမလေ အယ်မျိုးဖြစ်သင့်ဟု။
11 စမ်းရေ တပေါ့-က်ထဲဟု ရှိုဟူရေန ခါးဟူရေလေ ထွပ်တတ်ဘဲ့လော။
12 ညီကို မောန်နှမလေ၊ သဖန်းပန်မာ သံလွင်သီးဟို့ သီးနိုင်ဘဲ့လော။ စဗျစ်နွယ်ဗန်မာ
သဖန်းသီးဟို့ သီးနိုင်ဘဲ့လော။ အယ်မျိုးဘဲ့ ငန်ဟူရေဟု ရှိုဟူရေ ဖြစ်နိုင်ဟု။

ထတ်ဟုလာဟူ ဉာဏ်ပညာကြောန်း

13 နန်းနို့ထဲမာ လိမာဟူဉာဏ်နပ္လဲ့ဇောင်ဟူ ပညာရှိတယော့-က်ရှိမယ် ဆိုဟု သူဟု
သူ့ရဲ့ ပညာရှိဟူ ဉာဏ်ပညာန နှိ့ခ္လဟူစိန သတ်ရှင်ဘီး ကောန်းဟူကျင့်လေဟို့
သတ်သေပြပါစေ။
14 အယ်မျိုးမှဘဲနေဟု နန်းနို့လေရဲ့ စိန္နလောင်းထဲမာ မာနကီးဟူစိ၊ နာလိုဘဲ့ဟူစိ၊
တကိုယ်ကောန်ဆန်ဟူစိလေ ရှိမယ် ဆိုဟု ဉာဏ်ပညာတွပ် ဝါးကြွားဘီ ပြောဟူဇာန
သမ္မာတရားဟို့ ဆန့်ကျင်ဂေ့နန။
15 အယ်မျိုးပညာဟု ထတ်ဟုရော့-က်လာဟူ ပညာမူဟု၊ လောကဆန်ဘီး
ဇာတိသွီးသားနဆိုင်ဟူ၊ နတ်ဆိုးလေန ပတ်သတ်ဟူ ပညာဘဲ့ဖြစ်ဟုယ်။
16 ဖြားဖြစ်ကြောန့်နူးဆိုဟု နာလိုဘဲ့ဟူစိ၊ တကိုယ်ကောန်ဆန်ဟူ စိလေဟု
အေးချမ်းဘဲန ရှောက်ရှစ်ခတ်ရှင်း၊ ကောန်းဘဲ့န ယောက်မာရှင်းလေ ဖြစ်စေတွပ်ကြောန့်
ဖြစ်ဟုယ်။
17 အယ်ဘေမဲ့ ထတ်ဟုလာဟူ ပညာဟု ဦးဆောင်းဟု သန်ရှင်းစင်ကြယ်ဟုယ်။
အယ်ဘီးန ငြီးချမ်းဘီးဟု သာယာရှင်း၊ နူးညံ့သိမ်မွေ့ရှင်း၊ ရှစ်ရှစ်ခင်ခင် ဖြစ်စေဟုယ်။
ကရုဏာန ကြွယ်ဝပ္လဲ့ဇောင်ဘီး ကောန်းမြတ်ဟူ ကျင့်လေဖြစ်ဟူ သီးပွမ့်လေဟို့လည်း
ဖြစ်စေဟုယ်။ မျစ်နှာလည်းလိုက်ဟု။ ဟန်ဆောန်မှုလေလည်း မွေ့ဟု။
18 ငြီးချမ်းမူလေဟို့ လောက်ဆောန်လူလေဟု ဖြောန့်မတ်ဟူသီးရဲ့ မျိုးစေ့ဟို့
ငြီးချမ်းစွာ ကြဲတတ်ဟုယ်။

4

လောကန မိတ်သဟာယဖွဲ့ရှင်း

1 နန်းနို့လေဟု ဖြားဖြစ်ကြောန့် ရန်ဖြစ်ရှင်းလေန ငြင်းပွားရှင်းလေဟို့ ဖြစ်စေနူး။
နန်းနို့လေရဲ့ ကိုယ်ကာယရဲ့ လိုအပ်ဟူ ဆန္ဒလေကြောန့် ဖြစ်ဇာ မှုဟုလော။
2 နန်းနို့လေဟု ကိုယ်လိုရှင်ဇာလေ ရဘဲ့ကြောန့် လူလေဟို့ သတ်ဟို့တွပ်
ဆင်သင့်ရှိနေဂေ့ဟုယ်။ ရရာတိုင်း လိုရှင်ဇာလေဟို့ ရနိုင်ဘဲ့ဟူကြောန့်
ငြင်းနေဂေ့ဟုယ်။ ရန်လည်းဖြစ်ဂေ့ဟုယ်။ နန်းနို့လိုရှင်ဇာလေ ရဂေ့ဘဲ့ဇာဟု
ဘုရားသခင်မာ တောန်းဂေ့ဘဲကြောန့် ဖြစ်ဟုယ်။
3 နန်းနို့ တောန်းရှော့-က်ဇာဟု ရည်ရွယ်ချစ် လွဲမှားဘီး ကိုယ့်ရဲ့ စည်းဇိမ်အောက်စာ
ခံစားဟို့တွပ်ဘဲ့ တောန်းရှော့-က်ဂေ့ဟူကြောန့် ဖြစ်ဟုယ်။

4 နန်းနို့ဟာ သစ်စာမဲ့ဘဲန ဆိုးညစ်ဟူလူလေ ဖြစ်ဂေ့ဟုယ်။ လောကန ခင်ရှင်ဟူ
လူလေဟာ ဘုရားသခင်ဟို့ ရန်ရှာဟူလူ ဖြစ်ဟုယ် ဆိုဇာ နန်းနို့ သိဘီး
နားလည်ဂေ့ဟုလော။ လောကန မိဆွေဖြစ်ရှင်ဟူလူဟာ ဘုရားသခင်ရဲ့
ရန်သူဖြစ်ဟုယ်။
5 ကျမ်းစာဟု "နို့လေထဲဟို့ ဘုရားသခင်ပေးဟူ ဝိညာဉ်တော်ဟာ သဝန်တိုဟူဘောန
တောန်းတတော်မူဟုယ်"* ဆိုဘီး ကြောန်းမွေ့ဘဲန ဖော်ပြဟားဟုယ် ဆိုဘီး နန်းနို့
ထန်နေဂေ့လော။
6 အယ်ဘေမဲ့ နို့လေဟို့ ဘုရားသခင်ပေးဟာဟူ ကျေးဇူးတော်ဟာ ပိုဘီး ဟာ
စွမ်းအားကီးဟုယ်။ "ဘုရားသခင်ဟာ မာနကီးဟူလူလေဟို့ နှိ့ခ့လဟူ လူလေဟို့
ကျေးဇူးတော်ဟို့ ခ့လပေးဟုယ်" ဆိုဘီး ကျမ်းစာလာဟူဇာန ညီဟုယ်။
7 အယ်ကြောန့် ဘုရားသခင်ရဲ့ လိုတော်ဟို့ လိုက်ဂေ့ပါ။ မာရ်နတ်ဟို့ ဆီးတာဂေ့ပါ။
အယ်မျိုးလောက်မယ် ဆိုဟာ သူဟာ နန်းနို့နားဟုနေဘီးဟာ ထွပ်ပ့လေးဟားလေ့မယ်။
8 ဘုရားသခင်နားဟို့ သွားဂေ့။ အယ်မျိုးဆိုဟာ ကိုယ်တော်ဟာ နန်းနို့နားဟို့
ကြွလာလေ့မယ်။ ပြစ်ကျူးလွန်ဟူလူလေ၊ နန်းနို့လတ်လေဟို့ ဆေးဂေ့ပါ။
မာနကီးဟူလူလေ၊ နန်းနို့လေရဲ့ စိန့လောင်းဟို့ သန့်ရှင်းစင်ကြယ်အောန်လောက်ဂေ့ပါ။
9 ဝန်းနည်းကြေကွဲဂေ့ပါ။ ငိုဘီးဟာ ညီးတွားဂေ့ပါ။ နန်းနို့ ရယ်ဇာလေဟို့
ငိုဇာဖြစ်စေဂေ့ပါ။ နန်းနို့ ဝန်းသာဇာဟို့ ဝန်းနည်းဇာ ဖြစ်စေဂေ့ပါ။
10 နန်းနို့ဟာ ကိုယ့်ကိုယ်ကိုယ် ဘုရားသခင်ရှေ့မာ နှိ့ခ့လဂေ့ပါ။ အယ်မျိုးဆိုဟာ
ကိုယ်တော်ဟာ နန်းနို့ဟို့ ချီးမြှော့-က်လေ့မယ်။

စစ်ကြောစီရင်ဂေ့ဘဲဟို့တွပ် ဒိပေးကြောန်း

11 ညီကို မောန်နှမလေ၊ နန်းနို့ဟာ ရှင်းရှင်း ယော့-က်နယော့-က် ပေါက်ခတ်ဘီး
ဝေဖန်ရှင်းန စစ်ကြောစီရင်ရှင်းလေဟာ ပညတ်တရားဟို့ ပေါက်ခတ်ဘီး
ပြောနေဇာနတူဟုယ်။ ပညတ်တရားဟို့ စီရင်ဂေ့မယ် ဆိုဟာ နန်းနို့ဟာ အယ်မူတရားဟို့
ကျင့်ဟူလူမှုဘဲန စစ်ကြောစီရင်ဟူ လူလေဘဲ့ ဖြစ်ဂေ့ဟုယ်။
12 ဘုရားသခင်တပါးဘဲ့ ပညတ်တရားဟို့ ပေးဘီး စီရင်ပိုင်ဟူ သခင်ဖြစ်ဟုယ်။
ကိုယ်တော် တပါးဒဲဘဲ့ ကယ်တန်နိုင်တွပ်ရော၊ ဖျစ်ဆီနိုင်ဟို့တွပ် တတ်နိုင်ဟုယ်။ နန်ဟ
ဖယ်သူဖြစ်ကြောန့် အီဇနီးရှင်းဟို့ စီရင်ရနူး။

ဝါကြွားဘဲဟို့တွပ် ဒိပေးကြောန်း

13 "အယ်နေမှုဘဲနေဟာ နတ်ကီးတိုင်ဟာ အယ်ဗြို့ဟို့ နို့လေသွားဘီး
တနှစ်လော့-က်နေဂေ့ဇို့။ အယ်ဗြို့မာ ကူသယ်လောက်ဘီး ကပ်လေဘောင်ဂီးရှာဂေ့ဇို့"
ဆိုဘီး နန်းနို့ထဲဟု တချို့ပြောဂေ့ဟုယ်။ အယ်ဘေမဲ့ ငါပြောဇာဟို့ နားထောန်ဂေ့။
14 နန်းနို့ဟာ နတ်ကီးတိုင်ဟာ ဖယ်မျိုးဖြစ်မယ် ဆိုဇာ သိနိုင်ဂေ့ဟု။ နန်းနို့သတ်ဟာ
ရှစ်ဟားပေါ်လာဘီးန ပျော့-က်ဟားတတ်ဟူ မီးခိုးနတူဟုယ်။

* **4:5** ၄.၅ ဝိညာဉ်တော်ဟာ သဝန်တိုဟူဘောန တောန်းတတော်မူဟုယ်၊ အယ်မျိုးမှုဘဲ့နေဟာ ဘုရားသခင်ဟာ
ကျွန်တော့်လေထဲမာ ရှိနေဟူ ဝိညာဉ်တော်ဟို့ သဝန်တိုဟူဘောန တောန်းတဟုယ်။

15 “ဘုရားသခင် လိုတော်ရှိမယ် ဆိုဟာ နို့လေဟာ သတ်ရှင်ဘီး အယ်မှုလေဟို့
အယ်မျိုးလောက်မယ်။ အယ်မျိုးလောက်ဂေ့ဖို့” ဆိုဘီး နန်းနို့ပြောဂေ့ဟုယ်။
16 ခုနန်းနို့ဟာ မာန်မာနကီးဘီး ဝါကြွားတတ်ဂေ့ဟုယ်။ အယ်မျိုးဝါကြွားဇာဟာ
ပြစ်ဖြစ်ဟုယ်။
17 အယ်ကြောန့် ကောန်းဟူကျင့်ဟို့ သိဘီးဟာ လောက်ဘဲနေဟူလူဟာ ပြစ်ရှိဟုယ်။

5

ကြွယ်ဝဟူ လူလေဟို့ ဒိပေးကြောန်း

1 ကြွယ်ဝဟူ လူလေ၊ ငါစကားဟို့ နားထောန်ဂေ့ပါ။ နန်းနို့ဟာ ကိုယ်တွိကြောင်ရဟူ
ဆင်းရဲဒေါက်ခလေတွပ် ဝိုဘီးဟာအော်ဟစ်ဂေ့။
2 နန်းနို့ရဲ့ စည်းဇိမ်အောက်စာဟာ ဆွီးဟားဘီ။ နန်းနို့ရဲ့ ဝတ်လေဟာ
ပိုးကိုက်စားလိုက်ဘီ။
3 နန်းနို့ရဲ့ ရွှေလေ၊ ငွေလေဟာလည်း သံခ့လေးတတ်နေဟုယ်။ အယ်သံခ့လေးဟာ
နန်းနို့ဖတ်မာ သတ်သေထော့-က်ထားဖြစ်ဘီး မီးလေမျိုးဘဲ့ နန်းနို့သားလေဟို့
လောန်ဘီးဟာ ပျစ်စီးစေလေ့မယ်။ နော့-က်ဆောင်းနေ့ရစ် ကာလမာ နန်းနို့ဟာ
အောက်စာဘဏ္ဍာလေဟို့ စုဆောန်းနေဂေ့ဟုယ်။
4 နန်းနို့သီးနှံလေဟို့ ရိပေးဟူလူလေရဲ့ လောက်အားခဟို့လည်း ပေးဂေ့ဟု။ သူးနို့
တိုင်ပြောဟူဇာလေဟို့ နားထောန်ဂေ့ပါ။ သူးနို့ဟာ သံက့လယ်က့လယ်န
တောန်းဟူဇာဟို့ ကောန်းဂန်ဗိုလ်ခေ အနန္တတဂိုးရှင် ဘုရားသခင်ဟ ကြားနေရဟုယ်။
5 နန်းနို့ဟာ လောကမာ စည်းဇိမ်ခံစားဘီးဟာ ပျော်နေဂေ့ဟုယ်။ သတ်ခံရဟူနေ့တွပ်
ကိုယ့်ကိုယ်ကိုယ် ဝလာအောန် ကျွေးဂေ့ဟုယ်။
6 ပြစ်မှေ့ဘဲန ဖြောန့်မတ်ဟူ လူလေဟို့ သေဒန်စီရင်ဘီး သတ်ဂေ့ဟုယ်။ အယ်ဘေမဲ့
သူးနို့လေဟာ နန်းနို့ဟို့ တားဂေ့ဟု။*

သည်းခံရှင်းန ဆုတောန်းကြောန်း

7 အယ်ကြောန့် ညီကို မောန်နှမလေ၊ နန်းနို့ဟာ သခင်ဘုရား ကြွလာဟူခီထိ
သည်းခံဘီးဟာ စောန့်နေဂေ့ပါ။ လယ်သမားဟာ သူ့ရဲ့ လယ်မာ ဖိုးကီးဟူ သီးနှံလေ
ထွပ်လာဟို့တွပ် ရင်မိုးန နော့-က်မှဝါဟူ မိုးဟို့ စောန့်မျော်နေဟုယ်။
8 နန်းနို့ဟာ သည်းခံဟူစိန စောန့်နေဂေ့ပါ။ သခင်ဘုရား ကြွလာဟူ နေ့ရစ်ကာလဟာ
နီးလာဘီ ဖြစ်ဟူကြောန့် နန်းနို့လေ မျော်လင့်ဇာလေဟို့ ခိုင်းခိုင်မားမာ ထားဂေ့ပါ။
9 ညီကို မောန်နှမလေ၊ နန်းနို့ကိုယ်တိုင် ဘုရားသခင်ရဲ့ စစ်ကြောစီရင်ရှင်းန
လွတ်ဟို့တွပ် ရှင်းရှင်း တယော့-က်ဟူယော့-က် ပြစ်တန်ဂေ့န။ တရားစီရင်ပိုင်ဟူ
သခင်ဟာ ရော့-က်လာဘီး ခွဗော့-က်ဝမာ ရပ်နေဟုယ်။

5:2 **၅.၂.၃** မ ၆.၁၉ * **5:6** **၅.၆** သူးနို့လေဟာ နန်းနို့ဟို့ တားဂေ့ဟု၊ အယ်မျိုးမှုဘဲ့နေဟာ ဘုရားသခင်ဟာ
နန်းနို့ဟို့ ဆီးတားမယ် မှုဟုလော။

10 ညီကို မောန်နှမလေ၊ ဘုရားသခင်ရဲ့ နာမတော်ဟို့ မှိုပြုဘီး ဟောပြောရစ်ဟူ
ပရောဖက်လေရဲ့ ကြောန်းဟို့ ဒိရဂေ့ပါ။ ဆင်းရဲ့ဒေါက်ခ ရော့-က်ဟူ ခီမာ သူးနို့လေရဲ့
သည်းခံရှင်းလေဟို့ စံနမူနာ ယူဂေ့ပါ။
11 သူးနို့လေဟာ ခံနိုင်ရည်ရှိဟူ လူလေဖြစ်ဟူကြောန့် သူးနို့ဟို့ မင်္ဂလာရှိဟူလူလေ
ဆိုဘီး နို့လေဟု ခေါဂေ့ဟုယ်။ ယောဘဟာ ဖယ်မျိုးသည်းခံဟုယ် ဆိုဇာ နန်းနို့လေ
ကြေားရဂေ့ဟုယ်။ နော့-က်ဆောင်းမာ သူဟို့ ဘုရားသခင်ဟု ဖယ်မျိုးကေ့ရူကြောန်းဟို့
နန်းနို့လေ သိဂေ့ဟုယ်။ ဖြားဖြစ်ကြောန်နူးဆိုဟာ ထာဝရဘုရားဟာ သနားကြင်နာဘီး
ကရုဏာတော်န ပုလဲဇောင်ဟူ သခင်ဖြစ်ဟူကြောန့် ဖြစ်ဟုယ်။
12 ငါ့ညီကို မောန်နှမလေ၊ ကီဆိုရှင်းဟို့ လောက်ဂေ့န။ ကောန်းဂန်ဘောင်န
မ့လေဂီးဟို့ တိုင်တယ်ဘီး ကီဆိုဂေ့န။ ဖယ်ဇာဟို့လည်း တိုင်တယ်ဘီးဟာ ကီဆိုဂေ့န။
နန်းနို့စကားဟာ “မှန်ဇာဟို့” မှန်ဖြစ်စေဘီး “မှဘဲဇာဟို့” မှုဟု ဆိုဘီး ဖြစ်စေဂေ့ပါ။
အယ်မျိုးဆိုဟာ နန်းနို့ဟာ ဘုရားသခင်ရဲ့ တရားစီရင်ရှင်းဟုနေ လွတ်ဂေ့လေ့မယ်။
13 နန်းနို့ထဲမာ ဒေါက်ခရော့-က်နေဘီး အားငယ်နေဟူလူဟာ ဆုတောန်းစေ။
ဝန်းသာဟူလူဟာ ချင်းဆိုစေ။
14 ဖျားနေဟူလူဟာ သင်းတော်ဟို့ အောက်ထီးဟူ သင်းအောက် လူဂီးလေဟို့
ခေါဂေ့။ သူးနို့ဟာ သခင်ဘုရားရဲ့ နာမတော်ဟို့ မှိုပြုဘီးဟာ လူနာဟို့ ဆီနလူးဘီးဟာ
ဆုတောန်းဂေ့ပါ။
15 ယောင်ကြည်ရှင်းန ဆုတောန်းရှင်းဟာ လူနာဟို့ ကျန်းမာစေလေ့မယ်။
သခင်ဘုရားဟာ သူဟို့ ကျန်းမာစေဘီး သူလောက်ဟာ်းဟူ ပြစ်လေဟို့လည်း
လွတ်ပေးလေ့မယ်။
16 အယ်ကြောန့် နန်းနို့ရှင်းရှင်း ကိုယ်ပြစ်လေဟို့ ဖော်ပြဝန်ခံဘီး ရှင်းရှင်းလေတွပ်
ဆုတောန်းမယ် ဆိုဟာ ရောဂါလေ ပျော့-က်လေ့မယ်။ သူတော်ကောန်း
ဆုတောန်းရှင်းဟာ ရရာတိုင်း တဂိုးပါဟုယ်။
17 ဧလိယဟာ နို့လေမျိုးဘဲ့ သာမန်လူဖြစ်ဟုယ်။ သူဟာ မိုးဝါဘဲဟို့တွပ်
စိအားထတ်သန်ဘီး ဆုတောန်းဟူ ခီမာ ကမ္ဘာမ့လေဂီးထတ်မာ သောင်းနှစ်န
ခြော့-က်လတိတိ မိုးဝါဘဲနေလေဟုယ်။
18 နော့-က်တခါ ဧလိယ ဆုတောန်းဟူ ခီမာ ကောန်းဂန်ဟု မိုးဝါခ့လဘီး
မ့လေဆီလွာဟာ သီးနှံလေဟို့ ပိုဘီး သီးစေဟုယ်။
19 ညီကို မောန်နှမလေ၊ နန်းနို့ထဲမာ ယော့-က်ယော့-က်ဟု သမ္မာတရားလမ်းဟု
လွဲဟုားဟူ ခီမာ တခြားလူတယော့-က်ဟု လမ်းမှန်ဟို့ ပ့လန်ခေါလာဟုယ် ဆိုဟု၊
20 ပြစ်ရှိဟူ လူတယော့-က်ဟို့ မှားနေဟူ လမ်းဟုနေ ပ့လန်ဘီး
ခေါဆောန်လာဟူလူဟာ အယ်ပြစ်သားရဲ့ ဝိညာဉ်[†]ဟို့ သေရဟူမှုဟုနေ ကယ်တန်ဘီး
ပြစ်ဘောင်ဂီးဟုနေ လွတ်ခွမ့ရဟို့တွပ် လောက်ဆောန်ပေးဟူလူ ဖြစ်လေ့မယ်။

5:12 ၅.၁၂ မ ၅.၃၄-၃၇ **5:14 ၅.၁၄** မာ ၆.၁၃ **5:20 ၅.၂၀** ၁ ပေ ၄.၈ † **5:20 ၅.၂၀** အယ်ပြစ်သားရဲ့ ဝိညာဉ်၊ အယ်မျိုးမှုဘဲ့နေဟာ သူရဲ့ ဝိညာဉ်။

၁ ပေတရု
ပေတရုဟုနေ ပထမပေးစာ
နိဒါန်း

ပေတရုဟုနေ ပထမပေးစာ ဟို့ တမန်တော် ပေတရုဟု ရေးဟုးဟုယ်။ သူဟုာ ဖယ်လူဖြစ်ဘီး ဖယ်လူနားဟို့ ရေးဟုးဟုယ် ဆိုဘီး သူ့ရဲ့ ပေးစာဟို့ စပြုဟုးဟုယ်။ အယ်စာဟို့ "ဇီးလူလေ" ဆိုဘီး ခေါ်ရှင်းခံရဟူ ခရစ်ယာန်လေ ဂူလောင်းနားဟို့ လိစာတတ်ဟုးလေဟုယ် (၁.၁: ၁.၁၇; ၂.၁၁)။ သူ့ရဲ့ စာဖတ်မားလေဟုာ နိုင်ငံလေ ဘောင်ဂီးဟို့ ဖွဲ့လဲဖွဲ့လဲစင်ဖြစ်ဟုးဟူကြောန့် ခါဘီးခါ အယ်မူစကားဟို့ ပြောဟုးဟုယ်။ အယ်ပေးစာဟုာ ဧဖော် သင်းတော်ဟို့ ပေါလုရဲ့ ပေးစာန နဲနဲဆင်တူနေဟူကြောန့် ခရစ်တော် မွီးဘီးန ၆၅ ခုနှစ်လော့-က်မာ ရေးဟုးဟုယ် ဆိုဘီး လတ်ခံဂေ့ဟုယ်။ ပေတရုဟုာ အယ်ပေးစာဟို့ ဗာဗုလုန်ဗြို့ ဆိုဘီး ခေါ်ဟူရောမဗြို့ဟုနေ ရေးဟုးဟုယ် (၅.၁၃)။

ပေတရုဟုာ "ငါဟုာ နန်းနို့လေဟို့ တိုက်တွန်းနှိုးဆော်ဘီး နန်းနို့ မှီပြုဟူ အယ်မူဇာလေဟုာ ဘုရားသခင်ရဲ့ စစ်မှန်ဟူ ကျေးဇူးတော်ဖြစ်ဟုယ် ဆိုဇာဟို့ သတ်သေခံဟုယ်" ဆိုဘီး အယ်ပေးစာရဲ့ ရည်ရွယ်ချစ်ဟို့ ဖော်ပြဟုးဟုယ် (၅.၁၂)။ အယ်ပေးစာဟုာ ၁ ပေ ၂.၁၁—၃.၇; ၄ ၅.၁၈—၆.၉; ကော ၃.၁၈—၄.၆ လေန တူညီဇာလေ ဘောင်ဂီး ရှိလေဟုယ်။ ပိုင်းသောင်းပိုင်းလောင်းမာ အာဇာပိုင်လေဟို့ နာခံဟို့နှ မိသားစုဆစ်ဆံရေးန ဆိုင်ဟူဇာလေဟို့ ညွှန်ကြားချစ် ပေးဟုးဟုယ်။ ဆောင်းသတ်ခဲ နီးလာဟူကြောန့် ဒေါက်ခလေခံရဟူ ခဲမာ သီးခံဟို့ ခရစ်ယာန်လေဟို့ အားပေးဟုးဟုယ် (၄.၁)။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေတရုဟုာ သူ့ကိုယ်သူ မိတ်ဆစ်ဟုးဘီး သူ့ရဲ့ စာဖတ်မားနားဟို့ ရေးဟုးဟူကြောန်း (၁.၁–၂)

၂။ ကယ်တန်ရှင်းန သတ်ရှင်ရှင်းတွပ် ဘုရားသခင်ဟို့ ချီးမွမ်းဟုးဟူကြောန်း (၁.၃— ၂.၁၀)

၃။ ယောင်ကြည်သူလေဟို့ လောကမာ ဖယ်မျိုး ကောန်းဆောင်း သတ်ရှင်ရမယ် ဆိုဘီး ညွှန်ကြားဟုးဟုယ်။ လန်န မယားကြား၊ ကျွန်န သခင်ကြား ဖယ်မျိုး ဆစ်ဆံရမယ် ဆိုဘီးလည်း ရေးဟုးဟူကြောန်း (၂.၁၁—၄.၁၁)

၄။ ပေတရုဟုာ ဒေါက်ခခံရဟူ ခဲမာ သီးခံဟို့ သူးနို့ဟို့ အားပေးဟုးဟူကြောန်း (၄.၁၂—၅.၁၁)

၅။ နော့-က်ဆောင်းမာ သူ့ရဲ့ ပေးစာဟို့ နိဂေါင်းချောက်ဟုးဟူကြောန်း (၅.၁၂–၁၄)

[1] ယေရှုခရစ်တော်ရဲ့ တမန်တော် ငါပေတရုဟုာ —

ပုန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်နှ ဗိသုနိပြည်လေမာ
ည့်သည်ဖြစ် ပ္ဍံနှံ့နေထိုင်ဂေ့ဟ္ဟသူလေ တနည်းအားဖြင့် 2 ယေရှုခရစ်တော်ရဲ့
စကားတော်ဟို့ နားထောန်ဟို့တွပ်နှ ကိုယ်တော်ရဲ့ သွီးတော်နှ ဖျန်ရှင်းကျေးဇူးဟို့
ခံရဟို့တွပ် ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေရှင်းဟို့ ခံရဘီး နို့လေရဲ့ဖဖြစ်ဟူ
ဘုရားသခင်ရဲ့ ကြိုတန်သိမြင်ဟူ ဉာဏ်တော်တိုင်း ဝီးကော့-က်ခံရဟူ သူလေနားဟို့
စာရေးလိုက်ပါဟုယ်၊

ကျေးဇူးတော်နှ ငြိသတ်ရှင်းဟှာ နန်းနို့မာ တိုးပွားပါစေ။

သတ်ရှင်ဟူ မျော်လင့်ရှင်းကြောန်း

3 နို့လေ သခင်ယေရှုခရစ်ရဲ့ ဖ ဘုရားသခင်ဟှာ မင်္ဂလာရှိပါစေ။ ကိုယ်တော်ဟှာ
သူ့ရဲ့ ကီးမြတ်ဟူ ကရုဏာတော်နှ ယေရှုခရစ်တော်ဟို့ သေရှင်းဟှနေ
ရှင်ပ္ဍလန်ထမြော့-က် စေရှင်းအားဖြင့် နို့လေဟို့ သတ်ရှင်ဟူ မျော်လင့်ရှင်းန
4 နန်းနို့လေတွပ် ကောန်းကန်ဘောင်မာ ထီးသီးဟှားဟူ ယိုယွင်းပျစ်စီးမှုလေ၊
ညစ်ညူးမှုလေန မှေးမှိန်မှုလေ မှေ့ဘဲဟူ မီတော်ထဲဟို့ ပ္ဍလန်ဘီး သစ်မွီးဖွား
စေတော်မူဟုယ်။

5 နန်းနို့လေဟှာ နော့-က်ဆောင်းကာလမာ ဖော်ပြဟို့တွပ် ဆင်သင့်ပြင်ဆင်ဟှားဟူ
ကယ်တန်ရှင်းတွပ် ဘုရားသခင်ရဲ့ တဂိုးတော်နှိုက် ယောင်ကြည်မှုအားဖြင့်
စောန့်ရှော့-က်ရှင်းဟို့ ခံရဂေ့ဟုယ်။

6 နန်းနို့လေဟှာ ခုခီမာ စောင်ဇမ်းနှော့-က်ယှစ်ရှင်း ဘောန်းဇောင်ကြောန့် ရှစ်ဟှား
ဝန်းနဲရဟူလည်းဘဲ့ ရင်းရင်ဒူးဟှ ပြောဟှားဟူ ကြောန်းရာလေအားဖြင့် ရှွင်လန်းဟူစိ
ရှိဂေ့ပါ။

7 ရယ်ကျိုဘီး စောင်ဇမ်းရှင်းဟို့ ခံနိုင်ဟူလည်းဘဲ့ ပျစ်စီးတတ်ဟူ ရွှေထတ်
ရရာတိုင်း ဖိုးကီးဟူ နန်းနို့လေရဲ့ ယောင်ကြည်ရှင်းဟို့ စစ်ကြောစောင်ဇမ်းရှင်းဟှာ
ယေရှုခရစ်တော် ပေါ်ထွပ်တော်မူဟူ ခီမာ ချီးမွမ်းရှင်း၊ ဖောင်းသရေတော်နှ
ဂေါင်သရေဖြစ်ဟို့ ရော့-က်ဟို့တွပ် ဖြစ်ဟုယ်။

8 နန်းနို့လေဟှာ အယ်သခင်ဟို့ မြင်ဖူးဘဲနေဟူလည်းဘဲ့ ရှစ်ဂေ့ဟုယ်။ ခုလည်း
မြင်ဘဲန ယောင်ကြည်ရှင်းအားဖြင့် ဖောင်းသရေတော်နှ စပ်ဆိုင်ဟူ ပြောဟို့မှီနိုင်ဘဲဟူ
ရွှင်လန်းရှင်းန ဝန်းသာဂေ့ဟုယ်။

9 အယ်ဇာဟှ စိဝိညာဉ်ဟို့ ကယ်တန်ရှင်းဖြစ်ဟူ ယောင်ကြည်ရှင်းရဲ့ ကျိုးဟို့
ခံစားရရှင်း ဖြစ်ဟုယ်။

10 အယ်ကယ်တန်ဟူ ကြောန်းရာဟို့ ပရောဖက်လေဟှာ သေးသေချားချာ
စောင်ဇမ်းရှာဖွေဘီး နန်းနို့ခံစားရမယ့် ကျေးဇူးတော်ကြောန်းဟို့ ဟောပြောဂေ့ဟုယ်။
11 ခရစ်တော်ခံရမယ့် ဆင်းရဲရှင်းန ဆင်းရဲခံဘီးမှ ဝမ်စားရမယ့်
ဖောင်းစည်းဇိမ်ကြောန်းဟို့ သူးနို့ထဲမာရှိဟူ ခရစ်တော်ရဲ့ ဝိညာဉ်တော်ဟှာ

သက်သေခံဟူ ခီမာ ဖယ်သူဖယ်ဝါ ဖယ်ခီကာလဟို ဆိုလိုဟူကြောန်း*ဟို
မေးမြန်းရှာဖွေဂေ့ဟုယ်။
12 ကိုယ်ဟောပြော ပြုစုရှင်းလေဟု သူးနို့လေတွပ်မူဘဲန နန်းနို့လေတွပ် ဖြစ်ဟုယ်
ဆိုဇာဟို အယ်သူလေဟို ဖွမ်ပြတော်မူဟုယ်။ ကောန်းဂန်ဘောင်ဟုနေ
စေလွတ်တော်မူဟူ သန့်ရှင်းဟူဝိညာဉ်တော်အားဖြင့် ကောန်းမြတ်ဟူ ဒန်းကောန်းဟို
ဟောပြောဟူ သူလေဟု အယ်ရာလေဟို ခု နန်းနို့လေဟို ဟောပြောဂေ့ဘီ။
ကောန်းဂန်တမန်လေဟုဘဲ့ အယ်ရာလေဟို ရရာတိုင်း ကေ့ရှင်ဂေ့ဟုယ်။

သန့်သန်ရှင်းရှင်းန သတ်ရှင်ဟို့ နှိုးဆော်ဟူကြောန်း

13 အယ်မျိုးဖြစ်ကြောန့် နန်းနို့ရဲ့ စိနှလောင်းဟို သင့်ပြင်ဆင်ဘီးဟု သမ္မာဒိရှိဂေ့ပါ။
ယေရှုခရစ် ကြွလာဟူ ခီမာ နန်းနို့နားဟို ရော့-က်လာမယ့် ကျေးဇူးတော်ဟို
ဆောင်းထိမ္မျော်လင့်ပါ။
14 စဟု နန်းနို့လေ နားလည်ဘဲဟူ ခီဒူးဟု တတ်မတ်မှ နော့-က်ဟို လိုက်ဟုားမျိုး
ခုလိုက်ဂေ့ဘဲန နာခံမှုရှိဟူ သားမီးလေမျိုး၊
15 နန်းနို့ဟို ခေါ်တော်မူဟူ သခင်ဟု သန့်ရှင်းတော်မူဟူမျိုး နန်းနို့လေလည်း
ပြုမူကျင့်ကြံရှင်းလေမာ သန့်ရှင်းမှုရှိဂေ့ပါ။
16 ဖြားဖြစ်ကြောန့်နူးဆိုဟု “ငါဟု သန့်ရှင်းတော်မူဟူကြောန့် နန်းနို့လေဟု
သန့်ရှင်းရှင်း ရှိဂေ့ရမယ်” ဆိုဘီး ရေးဟုားလေဟုယ်။
17 နန်းနို့လေဟု လူမျစ်နာဟို့ ထော့-က်ဘဲန လူလေ ဂူလောင်းရဲ့ ကျင့်တိုင်း
စီရင်တော်မူဟူ ဖဟို့ နန်းနို့ဆုတောန်း ကိုးကွယ်ဟုယ် ဆိုဟု ဧည့်သည်ဖြစ်ဟူ
ကာလပတ်လောင်းမာ ကြော့-က်ရွံ့ရိုသေဟူ စိန နေထိုင်ဂေ့ပါ။
18 ဖြားဖြစ်ကြောန့်နူးဆိုဟု နန်းနို့လေဟု မိစဉ်ဖဆစ် ကျင်လည်ဟူ
ချည်းနှီးကျင့်ကြံ ပြုမူရှင်းဟုနေဘီး ရွှေလေ၊ ငွေလေ ဖော့-က်ပ့်လန် ပျစ်စီးတတ်ဟူ
အောက်စာလေန နန်းနို့လေဟို ဝီးနှဘီး လွတ်မြော့-က်လာရှင်းမူဘဲ
19 ဖြားပြစ်လည်းမှေ့ဘဲ ညှစ်ကြေးလေန ကင်းစင်ဟူ သိုးသားဂန်းဟုားဟူမျိုး
ခရစ်တော်ရဲ့ သွီးတော်မြတ်န ဝီးတော်မူဟူ ကြောန်းဟို နန်းနို့လေ သိဂေ့ပါဟုယ်။
20 အယ်ခရစ်တော်ဟု အယ်ကမ္ဘာလောက မှေ့ခန်ဂဒဲဟု ဘုရားသခင် သတ်မှတ်
ဝီးကော့-က်ရှင်းဟို ခံရဘီး အယ်နော့-က်ဆောင်း ကာလမာ နန်းနို့လေရဲ့ ကျိုးတွပ်
ပေါ်ထွပ်တော်မူဘီ။
21 ကိုယ်တော့်ဟို သေဟုားသူလေထဲဟုနေ ထမြော့-က်စေဘီး
ဖောင်းသရေတော်ပေးတော်မူဟူ ဘုရားသခင်ဟို အယ်သခင်အားဖြင့်
နန်းနို့ယောင်ကြည်ဂေ့ဟုယ်။ အယ်မျိုးဖြစ်ကြောန့် နန်းနို့လေဟု ဘုရားသခင်ဟို
မှီပြုဘီး ယောင်ကြည်မျော်လင့်ရှင်း ရှိဂေ့ဟုယ်။

* **1:11 ၁.၁၁** ဖယ်ခီကာလဟို ဆိုလိုဟူကြောန်း၊ အယ်မျိုးမူဘဲနေဟု ဖယ်သူဖယ်ဝါဟို ဆိုလိုဟူကြောန်း။

22 နန်းနှိုလေဟှာ သမ္မာတရားဟို့ လိုက်လျှော-က် ကျင့်သောင်းရှင်းအားဖြင့်
နန်းနှိုလေရဲ့ စိဝိညာဉ်ဟို့ သန့်ရှင်း စင်ကြယ်စေဂေ့ဘီး ဟန်ဆောန်ရှင်းမှေ့ဘဲဟူ
ညီကိုရှင်း ရှစ်ဟူ မြစ်တာဟို့ ရဟူကြောန့် ဖ့လူစင်ဟူ စိန့လောင်းအားဖြင့်† ရှင်းရှင်း
ခိုင်းခိုင်မြဲမြဲ ရှစ်ဂေ့ပါ။
23 နန်းနှိုလေဟှာ ဖော့-က်ပ့လန် ပျစ်စီးတတ်ဟူ မျိုးစေ့အားဖြင့် မူဘဲန
ဖော့-က်ပ့လန် ပျစ်စီးမူန ကင်းဟူ မျိုးစေ့ဖြစ်ဟူ သတ်ရှင်ဘီး မြဲတည်ဟူ
ဘုရားသခင်ရဲ့ စကားတော်အားဖြင့် ဒုတိယခါ ပ့လန်မွီးရှင်းဟို့ ခံရဂေ့ဘီ။
24 ဖြားဖြစ်ကြောန်နူးဆိုဟှာ၊
“လူလေ ဂူလောင်းဟှာ ဗြစ်ပန်ဟူမျိုး ဖြစ်ဘီး
သူးနှိုလေရဲ့ ဖောင်းသရေတော်ဟှာ ဗြစ်ပွမ့်ဟူမျိုး ဖြစ်ဟှယ်။
ဗြစ်ပန်ဟှာ ညှိုးနွမ်းဘီး သွိခြော့-က်ဟှားတတ်ဟှယ်။
ဗြစ်ပွမ့်လေလည်း ကွိတတ်လေဟှယ်။
25 ဘုရားသခင်ရဲ့ စကားတော်ဟှာ ကာလစဉ်ဆစ် တည်ဟှယ်။”
အယ်စကားတော်ဟှာ နန်းနှိုလေဟို့ ဟောပြောဟူ ဒန်းကောန်းဘဲ့ဖြစ်ပါဟှယ်။

2

သတ်ရှင်ဟူကလော့-က်န သန့်ရှင်းဟူလူမျိုးကြောန်း

1 အယ်ကြောန့် နန်းနှိုလေဟှာ ကောန်းဘဲဟူမူ ဘောန်းဇောင်နတူးဒူ လှည့်ဇားမူ၊
ဟန်ဆောန်မူ၊ နာလိုမူန ပေါက်ခတ်ပြောဆိုဟူမူ ဘောန်းဇောင်ဟို့ ဖယ်ရှားဂေ့ပါ။
2 သန့်ရှင်းဟူ၊ ဝိညာဉ်ရေးရာနဆိုင်ဟူ မှန်ဟူ နှိုစစ်အားဖြင့် ကယ်တန့်ရှင်းနှိုက်
ကီးထွားလာဟို့တွပ် မွီးခါဇ သားဂန်းဟှားမျိုး အယ် တရားနှိုရယ်ဟို့ မြဲဒမ်း
လိုရှင်တောန်းတဂေ့ပါ။
3 ဘုရားသခင်ရဲ့ ကောန်းမြတ်ဟူကြောန်းဟို့ နန်းနှိုလေ မြဲစမ်းကေ့ပီးဘီ ဖြစ်ဟှယ်။
4 လူလေရဲ့ ငြင်းပယ်ရှင်းဟို့ ခံရဟူလည်းဘဲ့ ဘုရားသခင် ဝီးကော့-က်တော်မူဟူ
ဖိုးကီးဟူ၊ သတ်ရှင်ဟူကလော့-က် ဖြစ်တော်မူဟူ အယ်သခင်နားဟို့ လာဘီး၊
5 နန်းနှိုလေလည်း သတ်ရှင်ဟူကလော့-က်မျိုး ဝိညာဉ်ရေးရာ အီတော်ဖြစ်
တည်ဆော့-က်ရှင်းဟို့ ခံယူဂေ့ပါ။ အယ်ဇာဟှ နန်းနှိုလေဟှာ သန့်ရှင်းဟူ
ယဇ်ပုရောဟိတ်မျိုးဖြစ်ဘီး ဘုရားသခင် နှစ်သက်လတ်ခံတော်မူဟူ ဓမ္မယဇ်လေဟို့
ယေရှုခရစ်တော်အားဖြင့် ပူဇော်နိုင်ဟို့တွပ် ဖြစ်ဟှယ်။
6 ဖြားဖြစ်ကြောန်နူးဆိုဟှာ ကျမ်းစာတော်ဟှ၊
“ကေ့ရှုဂေ့ ဝီးကော့-က်ဟှားဟူ၊ ဖိုးကီးဟူ တိုက်ထော့-က်ဗြစ်ကလော့-က်ဟို့
ဇီအုန်တောန်ထတ်မာ ငါခ့လဟှားဟှယ်။
အယ်ကလော့-က်ဟို့ ယောင်ကြည်ဟူသူဟှာ ယှစ်ကြော့-က်မူမှေ့ဟှ” ဆိုဘီး
လာလေဟှယ်။

† **1:22 ၁.JJ** စိန့လောင်းအားဖြင့်၊ တချို့ မူရင်းလတ်ရေးမူလေမာ ဖွူစင်ဟူ စိန့လောင်းအားဖြင့်၊ ဆိုဘီး ပါရှိဟှယ်။

7 အယ်ကြောန့် အယ်ကၠလော့-က်ဟှာ ယောင်ကြည်ဟှူ နန်းနို့တွပ်ဟှ
ဖောင်းသရေတော်ရှိဟှယ်။ ယောင်ကြည်ဘဲဟှူ သူလေတွပ်ဟှ၊
“တိုက်ဆော့-က်ဟှူသူလေ ဖယ်ဟှားဟှူကၠလော့-က်ဟှာ
တိုက်ထော့-က် ထိဖျားဟို့ ရော့-က်လာဟှူ ရေးကီးဟှူကၠလော့-က်” ဖြစ်ဘီး၊
8 စကားတော်ဟို့ ယောင်ကြည်ဘဲကြောန့် ထိမိဘီး လဲဂေ့ဟှယ်။
“ထိမိဘီး လဲဟှူကၠလော့-က်
မှားယွင်းစေဟှူကၠလော့-က် ဖြစ်ဟှယ်။”
အယ်မျိုးဖြစ်ဟို့တွပ် သူးနို့ဟို့ သတ်မှတ်ဟှားဇာလည်း ဖြစ်ဟှယ်။
9 နန်းနို့လေဟှာ မှောန်မိုက်ထဲဟှနေဘီး အံ့ဘွယ်ဖြစ်ဟှူ လန်းရောန်ထဲဟို့
ခေါ်သွမ်းပေးတော်မူဟှူ သူရဲ့ ဂေါင်ကျေးဇူးလေဟို့ ဖော်ပြဟို့တွပ်
ဝီးကော့-က်တော်မူဟှူ မျိုးဖြစ်ဂေ့ဟှယ်။ မန်းစည်းဇိမ်ရှိဟှူ ယဇ်ပုရောဟိတ်မျိုး၊
သန့်ရှင်းဟှူလူမျိုး၊ ပိုင်ထိုက်ဟှူ လူမျိုးတော် ဖြစ်ဂေ့ဟှယ်။
10 နန်းနို့လေဟှာ စစဒူးဟှ ဘုရားသခင်ရဲ့ လူမျိုးတော်မူဘဲန ခုခီမာ ဘုရားသခင်ရဲ့
လူမျိုးတော် ဖြစ်ဂေ့ဘီ။ စစဒူးဟှ ကရုဏာတော်ဟို့ ခံစားရဘဲန ခုခီမာ
ကရုဏာတော်ဟို့ ခံစားရဂေ့ဘီ။

ဘုရားသခင်ရဲ့ စေခံကျွန်လေကြောန်း

11 ရှစ်ရဟူသူလေ နန်းနို့လေဟှာ ည့်သည်လေဖြစ်ဟူကြောန့် စိဝိညာဉ်ဟို့
ဆန့်ကျင်တိုက်ခိုက်ဟူ ကိုယ်ကာယရဲ့ တတ်မတ်မူလေဟို့ ရှောန်ကြဉ်ဂေ့ဟို့တွပ်
ငါတိုက်တွန်း နှိုးဆော်ပါဟှယ်။
12 ယောင်ကြည်ဘဲဟှူ လူမျိုးခြားလေဟှာ နန်းနို့လေဟို့ ကောန်းဘဲဟှူမူလေဟို့
လောက်ဟှူသူလေ ဆိုဘီး ပြစ်တန်စွန်စွဲဘီး နေဟှူလည်းဘဲ့ ဘုရားသခင်စီရင်တော်မူဟှူ
နေ့ရစ်မာ နန်းနို့လေရဲ့ ကောန်းဟှူကျင့်ဟို့ ဗြင်ဟှူကြောန့် ဘုရားသခင်ဟို့
ချီးမွမ်းဂေ့ဟို့တွပ် သူးနို့ရှေ့မာ တင့်တယ်သင့်မြတ်အောန် ကျင့်နေဂေ့ပါ။
13 သခင်ဘုရားရဲ့ မျစ်နှာတော်ဟို့ ထော့-က်ဘီး အာဏာပိုင်လေရဲ့ အောက်စိုးမူဟို့
ဝန်ခံဂေ့ပါ။ မန်းဂီးရဲ့ ချောက်ခြာအာဏာဟို့ဘဲ့ ဖြစ်ဖြစ်၊
14 ဒုစရိုက်လောက်ဟှူသူလေဟို့ ပြစ်ဒန်ပေးဘီး ကောန်းဟှူကျင့်ဟို့ ကျင့်ဟှူ
လူကောန်းလေဟို့ ချီးမွမ်းဂေါင်ပြဟို့တွပ် မန်းဂီးခန့်ဟှားဟှူ ဝန်ဂီးလေဟို့ နာခံဂေ့ပါ။
15 ဖြားဖြစ်ကြောန့်နူးဆိုဟှာ ကောန်းဟှူကျင့်ဟို့ ကျင့်ရှင်းအားဖြင့် မိုက်မဲသူလေရဲ့
သိဉာဏ်ကင်းမဲ့မှုဟို့ ချေပဟို့တွပ် ဘုရားသခင် လိုတော်ရှိဟှယ်။
16 လွတ်လပ်ဟှူသူလေဖြစ် သတ်ရှင်နေထိုင်ဂေ့ပါ။ အယ်ဘေမဲ့ အယ်လွတ်လပ်မှုဟို့
ကောန်းဘဲဇာလေဟို့ ဖောင်းကွယ်ရှင်းဖြစ် သောင်းခ့လဂေ့ဘဲန ဘုရားသခင်ရဲ့
ကျွန်လေအားဖြင့် ပြုမူနေထိုင်ဂေ့ပါ။
17 လူလေ ဂူလောင်းဟို့ ရိုသေဂေ့ပါ။ ညီကို မောန်နှမလေဟို့ ရှစ်ဂေ့ပါ။
ဘုရားသခင်ဟို့ ကြော့-က်ရွံ့ဘီး မန်းဂီးလေဟို့ ရိုသေဂေ့ပါ။

2:9 ၂.၉ တိ ၂.၁၄

ခရစ်တော်ဒေါက်ခံခံရှင်းရဲ့ စံနမူနာကြောင်း

18 စေခံဘူးသူလေ ကြော့-က်ရွံ့ရိုသေဘူးစိ ပ့လဲ့ပ့လဲ့ဝဝန နန်းနို့ရဲ့
သခင်လေအောက်စိုးမူဟို့ ဝန်ခံဂေ့ပါ။ သခင်ဟှာ စိသဘောကောန်းဘီး
ညင်သာရှင်းဘဲ့ဖြစ်ဖြစ် ကြမ်းတမ်းဟူ သဘောရှိရှင်းဘဲ့ဖြစ်ဖြစ် ဝန်ခံဂေ့ပါ။
19 ဖြားဖြစ်ကြောန်နူးဆိုဟှာ ဘုရားသခင်ဟို့ ထော့-က်ထားဘီး တရားဘဲဟူ
ညှဉ်းဆဲရှင်းလေဟို့ သီးခံဟုယ် ဆိုဟှာ ကျေးဇူးရှိပါဟုယ်။
20 နန်းနို့လေဟှာ ကိုယ်ပြစ်ကြောန့် ဒန်ခံရဟူ ခီမာ သီးခံဟုယ် ဆိုဟှာ ဖယ်မျိုး
ချီးမွမ်းရအူးမယ်နူး။ အယ်ဘေမဲ့ ကောန်းဟူမူဟို့ပြုဘီး ဆင်းရဲခံရဟူ ခီမာ သီးခံဟုယ်
ဆိုဟှာ ဘုရားသခင်ရှေ့တော်မာ ကျေးဇူးရှိဟုယ်။
21 အယ်မျိုး ပြုမူဟို့တွပ် နန်းနို့လေဟို့ ဝီးကော့-က်တော်မူဘီ။ ခရစ်တော်
ကိုယ်တိုင်ဘဲ့ နန်းနို့တွပ် ဒေါက်ခဝေဒနာလေဟို့ ခံတော်မူဟူကြောန့် ခေတော်ရာဟို့
လိုက်ရှော့-က်ဟို့တွပ် ပေါင်သတ်သေဟို့ ထားတော်မူဘီ။
22 ကိုယ်တော်ဟှာ လောင်းဝ ပြစ်ဟို့ လောက်ဟှ။ ဖယ်လူလည်း လောင်းဝ လီညာဟှ။
23 ပေါက်ခတ်ပြောဆို ခံရဟူ ခီမာ ပ့လန်ဘီး ပေါက်ခတ်ပြောဆိုတော်မူဟှ။
ဒေါက်ခဝေဒနာ ခံဟူ ခီမာ ချီးခြော့-က်တော်မူဘဲန တရားသဖြင့်
စီရင်တော်မူဟူသူနို့က် ကိုယ့်ကိုယ်ကိုယ် အပ်တော်မူလေဟုယ်။
24 နို့လေဟှာ ပြစ်နဆိုင်ဟူဇာမာ သေဖြစ်ဘီး ဖြောန့်မတ်ရှင်းနဆိုင်ဟူဇာမာ
သတ်ရှင်ဟို့တွပ် နို့ရဲ့ ပြစ်လေဟို့ ကိုယ်တော်ကိုယ်တိုင် လတ်ဝါးကပ်တိုင်မာ
ဝေဒနာခံတော်မူဘီ။ နို့လေဟှာ ကိုယ်တော်ရဲ့ ဒန်ချစ်တော်လေအားဖြင့် ရောဂါ
ပျော့-က်ဂေ့လေဟုယ်။
25 စစဒူးဟှ နန်းနို့လေဟှာ လမ်းလွဲဘီး ပျော့-က်ဟှားဟူ သိုးလေမျိုး ဖြစ်ဂေ့ဟုယ်။
ခုဟှ သိုးထီးဖြစ်တော်မူဟူ နန်းနို့ရဲ့ စိဝိညာဉ်ဟို့ ထီးသီးစောန့်ရှော့-က်ဟူ သခင်နားဟို့
ပ့လန်ရော့-က်ဂေ့ဘီ။

3

လန်န မယားကြောန်း

1 အယ်မျိုးဘဲ့ မယားဖြစ်ဟူသူလေ ကိုယ့်လန်ရဲ့ အောက်စိုးမူဟို့ ဝန်ခံဂေ့ပါ။
အယ်နည်းအားဖြင့် နန်းနို့လေမာ ဘုရားသခင်ရဲ့ စကားတော်ဟို့ ယောင်ကြည်ဘဲဟူ
လန်လေရှိဟုယ် ဆိုဟှာ နန်းနို့လေရဲ့ ရိုသေကြော့-က်ရွံ့မှန သန့်ရှင်းစင်ကြယ်ဟူ
သတ်တာအားဖြင့် ယောင်ကြည်လာဂေ့လေ့မယ်။
2 ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်းနို့လေ သန့်ရှင်းစင်ကြယ်ဘီး ဖယ်လော့-က်
စိထားဖ့လူစင်ရှင်းန ဘုရားတရားဟို့ ကြော့-က်ရွံ့ရိုသေရှင်းဟို့ သူးနို့လေ
မြင်တွိရဟူကြောန့် ဖြစ်ဟုယ်။

3:1 **ခ.၁** ဧ ၅.၂၂; ကော ၃.၁၈

3 နန်းနို့လေရဲ့ လှပပြင်ဆင်ရှင်းဟာ ဆားဗန်ကျစ်ရှင်း၊ ရွှေတန်ဆာဆင်ရှင်း၊
ဝတ်စားဆင်ရှင်းလေဖြစ်ဟူ ပုလန်ပန်းဆင်ရင်မူလေ ဖြစ်စေဘဲန၊
4 နူးညံ့သိမ်မွေ့ဘီး တည်ငြိမ်ဟူ စိသဘောဖြစ်ဟူ ဖော့-ဂ်ပုလန်ပျစ်စီးရှင်းန ကင်းဟူ၊
စိန္နလောင်းနဆိုင်ဟူ ထဲဟုဝိညာဉ်လူရဲ့ တန်ဆာဆင်ရှင်း ဖြစ်စေဂေ့ပါ။ အယ်မျိုးဇာဟု
ဘုရားသခင်ရဲ့ ရှေ့တော်မာ ရရာတိုင်း ဖိုးကီးဇာ ဖြစ်ဟုယ်။
5 ဘုရားသခင်ဟို့ မျော်လင့်ကိုးစားဟူ ရှေးကာလဟု သန့်ရှင်းဟူ မီးမလေလည်း
အယ်မျိုးဘဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဆာဆင်ဘီး စာရာဟာ အာဗြဟံဟို့ သခင် ဆိုဘီး
ခေါ်ဘီး နာခံဟူမျိုး ကိုယ့်ရဲ့ လန်လေဟို့ နာခံဂေ့ပါ။
6 နန်းနို့လေဟာ ဖယ်မျိုးမှုရာလေဟို့မှ ကြော့-ဂ်ရွှံ့ဘဲန ကောန်းဟူ ကျင့်ဟို့
ကျင့်မယ် ဆိုဟာ စာရာရဲ့ သားမီးလေ ဖြစ်ဂေ့လေ့မယ်။
7 လန်လေ နန်းနို့လေဟာ ကိုယ့်မယားဟု အားနွဲ့ဟူသူ ဖြစ်ဇာဟို့
စာနာထော့-ဂ်ထားဘီး သတ်နဆိုင်ဟူ ကျေးဇူးတော်ဟို့ တူးဒူ မွီဆစ်ခံဟူသူဖြစ်
တန်ဖိုးထားဘီး တူးဒူ ပေါန်းသင်းနေထိုင်ဂေ့ပါ။ အယ်မျိုးမှ နန်းနို့ ဆုတောန်းဟူ ခီမာ
တားဆီးဖြစ်ဘဲန နေလေ့မယ်။

သုစရိုက်ဟို့ ပြုဟူကြောန့် ဆင်းရဲခံဟူကြောန်း

8 နော့-ဂ်ဆောင်း ခြောင်ငုံဘီး ပြောရမယ် ဆိုဟာ နန်းနို့ ဂူလောင်းဟာ
တစိတဝန်းဒဲရှိဂေ့ပါ။ ကြင်နာတတ်ဟူသဘော၊ ညီကိုရှင်းရှင်း ရှစ်တတ်ဟူသဘော၊
သနားစောင်မတ်တတ်ဟူ သဘောန နှိခ့လဟူ သဘော ရှိဂေ့ပါ။
9 နန်းနို့လေဟာ ကောန်းဂျီးမ်ဂလာဟို့ မွီဆစ်ခံရဟို့တွပ် ခေါ်တော်မူရှင်းဟို့
ခံရဂေ့ဟူကြောန့် ဆိုးဟို့ ဆိုးန ကဲ့ရဲ့ပြစ်တန်ရှင်းဟို့ ကဲ့ရဲ့ပြစ်တန်ရှင်းန တုံ့ပုလန်ဘဲ
ကောန်းဂျီးဟို့ဘဲ့ ပေးဂေ့ပါ။
10 ဖြားဖြစ်ကြောန့်နူးဆိုဟာ ကျမ်းစာလာဟူဇာဟု၊
“သတ်ရှင်ဇာဟို့ နှစ်သက်ဘီး
ကောန်းဟူနေ့ရစ်ဟို့ ဗြင်တွိရှင်ဟူ သူဟာ
ကိုယ့်ရဲ့လျှာဟို့ ချောက်တီးရမယ်။
ကိုယ့်ရဲ့နှောက်ဟို့လည်း ချောက်တီးဘီး မုသားဟို့ ပြောဇေန။
11 ကောန်းဘဲဟူ ဒုစရိုက်ဟို့ရှောန်ဘီး ကောန်းဟူ သုစရိုက်ဟို့ ပြုရမယ်။
သင့်သင့်တင့်တင့် နေထိုင်ဘီး ငြီးချမ်းမှုတွပ် ကြိုးစားရမယ်။
12 ဖြားဖြစ်ကြောန့်နူးဆိုဟာ ဘုရားသခင်ဟာ ဖြောန့်မတ်ဟူသူဟို့ ကေ့ရှု
စောန့်ရှော့-ဂ်တော်မူဘီး
သူးနို့လေရဲ့ ဆုတောန်းသံဟို့ နားညောန်းတော်မူဟုယ်။
အယ်ဘေမဲ့ ဒုစရိုက်ပြုဟူ သူလေနားဟု ဘုရားသခင်ဟာ မျစ်နှာလွဲတော်မူဟုယ်။”
13 နန်းနို့လေဟာ ကောန်းဟူမှုလေမာ စိအားထတ်သန်ဟူသူ ဖြစ်ဟုယ် ဆိုဟာ ဖယ်သူ
ညှဉ်းဆဲမယ်နူး။

3:3 ၃.၃ ၁ တိ ၂.၉ **3:7** ၃.၇ ဧ ၅.၂၅; ကော ၃.၁၉

14 အယ်ဘေမဲ့ ဖြောန်မတ်ဟူတရားကြောန့် ဆင်းရဲဒေါက်ခ ခံရဟုယ် ဆိုဟုာ
နန်းနို့လေဟုာ မင်္ဂလာရှိလေဟုယ်။ ဖယ်သူဟိုလည်း ကြော့-က်ဂေ့န။
15 နန်းနို့ စိနလောင်းထဲမာ ခရစ်တော်ဟို ရှင်သခင်ဖြစ် ရိုသေဂေ့ပါ။
နန်းနို့မျော်လင့်ရှင်းရဲ့ ကြောန်းရာဟို မေးဂေ့ဟူသူ ရှိဟူမျှဟို လေးလေးစားစားန
ဖြေရှင်းပြောဆို ပေးနိုင်ဟို့တွပ် မြဲဒမ်း ဆင်သင့်ဖြစ်နေဂေ့ပါ။
16 အယ်ဘေမဲ့ နူးညံ့သိမွေ့ဟူစိ ကြော့-က်ရွဲ့ ရိုသေဟူစိန ကြည်လင်ဟူ
စိနလောင်းအားဖြင့် ဖြေရှင်းပြောဆိုဂေ့ပါ။ အယ်မျိုးဆိုဟုာ ခရစ်တော်နှိုက်ရှိဟူ
နန်းနို့လေရဲ့ ကောန်းဟူ သတ်ရှင်နေထိုင်မူဟို ကဲ့ရဲ့ ရူတ်ခ့လဟူသူလေဟုာ နန်းနို့ဟို
ပေါက်ခတ် ပြောဆိုဟူတွပ်ကြောန့် ယှစ်ရဂေ့လေ့မယ်။
17 ဖြားဖြစ်ကြောန်နူးဆိုဟုာ ကောန်းဟူသုစရိုက်ဟို လောက်ဟူကြောန့်
ဆင်းရဲဒေါက်ခရော့-က်ရှင်းဟုာ ဘုရားသခင်ရဲ့ လိုတော်ရ ဖြစ်ဟုယ် ဆိုဟုာ
ကောန်းဘဲဟူဇာဟို လောက်ဘီး ခံရရှင်ထတ် ပိုဘီး ကောန်းပါဟုယ်။
18 ဖြားဖြစ်ကြောန်နူးဆိုဟုာ ခရစ်တော်ဟုာ ကိုယ်ခန္ဓာတော်အားဖြင့် သေဟုားဘီး*၊
ဝိညာဉ်တော်အားဖြင့် သတ်ရှင်ဇာဟို ရော့-က်တော်မူဟူကြောန့် နို့လေဟို
ဘုရားသခင်နားဟို ပို့ဆောန်ဟို့တွပ် ဖြောန့်မတ်တော်မူဟူ သူဟုာ ဖြောန့်မတ်ဘဲဟူ
သူလေတွပ် ဒုစရိုက်ပြစ်လေကြောန့် တခါဒဲ ခံတော်မူဟုယ်။
19 အယ် ဝိညာဉ်တော်အားဖြင့်လည်း ကြွဟုားတော်မူဘီး ခုထောန်ထဲမာ
ချောက်ဟုားဟူ ဝိညာဉ်လေဟို တရားဟောလေဟုယ်။
20 အယ် ဝိညာဉ်လေဟုာ ရှေးကာလဟု နောဧလေတ်ထတ်မာ လူနဲစုဖြစ်ဟူ
လူရှစ်ယော့-က်ဟို ရေအားဖြင့် ကယ်ဆယ်ဟူ သန်းဖောဟို ဆော့-က်လောက်ဟူ ခီမာ
ဘုရားသခင်ဟုာ စိရှယ်ရှယ်န စောန့်ဟူလည်းဘဲ့ နားထောန်ဘဲဟူ ဝိညာဉ်လေ
ဖြစ်ဟုယ်။
21 အယ်မျိုး ဥပမာတိုင်းဘဲ့ ခုခီမာ ဗတ္တိဇံဟုာ ယေရှုခရစ်
ထမြော့-က်တော်မူရှင်းအားဖြင့် နို့လေဟို ကယ်တန်လေဟုယ်။ ဗတ္တိဇံဆိုဟူဇာဟုာ
ကိုယ်ကာယရဲ့ ညစ်ကြေးဆေးရှင်းဟို ဆိုလိုဇာမူဟု။ ကိုယ့်ကိုယ်ကိုယ် သိဟူစိ
ကောန်းကောန်းကြည်လင်ဘီး ဘုရားသခင်ရှေ့မာ ဝန်ခံရှင်းဟို ဆိုလိုဇာဖြစ်ဟုယ်။
22 အယ်သခင်ဟုာ ကောန်းဂန်ဘောင်ဟို ကြွဝမ်တော်မူဘီး ကောန်းဂန်တမန်လေ
အာဏာစစ်တဂိုးလေဟို အောက်စိုးဘီး ဘုရားသခင်ရဲ့ ညာဖတ်မာ
ရှိနေတော်မူလေဟုယ်။

4

ပ့လောန်းလည်းဟူ ဘဝကြောန်း

3:14 ဒု.၁၄ မ ၅.၁၀ * **3:18 ဒု.၁၈** သေဟုားဘီး၊ မူရင်းလတ်ရေးမူလေ ဘောင်ဂီးထဲမာ ဝေဒနာခံဟုယ်၊ ဆိုဘီး
ပါရှိဟုယ်။

1 ခရစ်တော်ဟာ ကိုယ်ခန္ဓာတော်နှိုက် နှိုလေတွပ် ခံတော်မူဟူကြောန့် နန်းနှိုလေလည်း
အယ်မျိုးသဘောဟို့ လတ်နတ်ဖြစ် သောင်းစွဲဂေ့ပါ။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
ကိုယ်ခန္ဓာနှိုက် ဝေဒနာခံဟူသူဟာ ပြစ်နပြတ်စဲဟားဘီ ဖြစ်ဟုယ်။
2 အယ်ဇာဟု ကိုယ်ခန္ဓာနှိုက် သတ်ရှင်ရမယ့် ကျန်နေဟူ ခီကာလဟို့ လူလေရဲ့
တပ်မတ်ရှင်းအားဖြင့် မူဘဲန ဘုရားသခင်ရဲ့ လိုတော်အားဖြင့် သတ်ရှင်နိုင်ဟို့တွပ်
ဖြစ်ဟုယ်။
3 လူမျိုးခြားလေရဲ့ လိုဟို့လိုက်ဘီး ညစ်ညူးဟူ ကာမလိုက်စားရှင်းလေ၊
တတ်မတ်ရှင်းလေ၊ ယစ်မောရှင်းလေ၊ ပျော်လွန်ကျူးရှင်းလေ၊
သော့-က်စားကြူးရှင်းလေ၊ အဓမ္မရောက်ထုဟို့ ကိုးကွယ်ရှင်းလေဟို့ ကျင်လည်ဘီးဟူ
ပီးဟားဟူ ခီကာလဟာ နန်းနှိုလေတွပ် တော်လောက်ပါဟုယ်။
4 ခုခီမာ နန်းနှိုလေဟာ သူးနှိုလေနတူးဒူ ဆစ်ဆံဘဲန၊ ကာမဂေါ်မာ
လွန်ကြူးညစ်ညူးမူ ပြုဘဲန နေဇာဟို့ သူးနှိုလေဟာ အံ့သြဘီး ကဲ့ရဲ့တတ်ဂေ့ဟုယ်။
5 အယ်မျိုးလောက်ဟူကြောန့် သူးနှိုလေဟာ သတ်ရှင်ဟူ သူလေန သေဟူသူလေဟို့
တရားစီရင်ဟို့တွပ် သင့်ရှိတော်မူဟူ ဘုရားသခင်နားမာ စစ်ဆေးစီရင်ရှင်းဟို့
ခံရဂေ့လေ့မယ်။
6 အယ်ကြောန်းကြောန့် အယ်သူလေဟာ ကိုယ်ခန္ဓာန စပ်လျဉ်းဘီး လူစံနှုံးတိုင်း
တရားစီရင်ရှင်းဟို့ ခံရဟူလည်းဘဲ့ ဘုရားသခင်ရဲ့ ရှေ့တော်မာ စိဝိညာဉ်အားဖြင့်
သတ်ရှင်ရဟို့တွပ်၊ သေဟူးဟူသူလေဟာ ဒန်းကောန်းဟို့ ကြားရဂေ့ဟုယ်။

ဘုရားသခင်ရဲ့ ဆုကျေးဇူးလေဟို့ ထီးသီးစောန့်ရှော့-က်ဟူ သူလေကြောန်း

7 ရှိမျှဂူလောင်းဟာ ဆောင်းဟို့ ရော့-က်ခါနီးဘီ ဖြစ်ဟူကြောန့် ဆုတောန်းရှင်းမူဟို့
ပြုနိုင်ဟို့တွပ် တည်ငြိမ့်နကန်ဟူစိန သမ္မာဒိ ရှိဂေ့ပါ။
8 ရှစ်ရှင်းမြစ်တာဟာ ရရာတိုင်းများဟူ ပြစ်လေဟို့
ဖောင်းအောက်ပေးတတ်ဟူကြောန့် ရှိမျှဂူလောင်းထတ် ရှင်းရှင်းကြားမာ ခိုင်မြဲဟူ
ရှစ်ရှင်းမြစ်တာန ရှစ်ဂေ့ပါ။
9 ညည်းညူမူ မွေ့ဘဲန ရှင်းရှင်း ဧည့်သည်ဝတ်ဟို့ ပြုဂေ့ပါ။
10 နန်းနှိ့ ယော့-က်စီတိုင်းဟာ ကိုယ်ခံစားရရှိဟူ ဆုကျေးဇူးရှိဟူတိုင်း ဘုရားသခင်ရဲ့
မျိုးမျိုးရှိဟူ ကျေးဇူးတော်နဆိုင်ဟူ ကောင်းဟူဘဏ္ဍာထီးမျိုး အယ်ဆုကျေးဇူးအားဖြင့်
ရှင်းရှင်း ကူညီဝိဉ်ပေးဂေ့ပါ။
11 ဟောပြောမားဟာ ဘုရားသခင်ရဲ့ စကားတော်တိုင်း ဟောပြောစေ။ စေခံဟူသူဟာ
ဘုရားသခင် ပေးတော်မူဟူ စွမ်းသတ်တိတိုင်း လောက်ဆောန်စေ။ အယ်ဆိုဟာ
လောက်ဆောန်ဇာလေဟာ ယေရှုခရစ်အားဖြင့် ဘုရားသခင်ရဲ့ ဖောင်းသရေတော်
ထွန်းလန်းလေ့မယ်။ သခင်ယေရှုခရစ်ဟာ ကမ္ဘာဆစ်ဆစ် ဖောင်းကီးတော်မူပါစေ။
အာမင်။

ခရစ်ယာန်လေခံစားရဟူ ဒေါက်ခဝေဒနာလေကြောန်း

12 ရှစ်ရဟူသူလေ၊ နန်းနို့လေရဲ့ ယောင်ကြည်ရှင်းဟို့ စစ်ဆေးဟို့တွပ် နန်းနို့ ခုခံရဟူ
ပြင်းပြဟူ စောင်ဇမ်းနှော့-က်ယှစ်ရှင်းလေ ခံနေရဇာဟို့ အံ့သြဇာဖြစ်ဟုယ် ဆိုဘီး
ထန်မှတ်ဟူ အယ် မူရာလေဟို့ အံ့သြဂေ့န။
13 နန်းနို့လေဟှာ ခရစ်တော်ရဲ့ ဒေါက်ခဝေဒနာလေဟို့ ဆစ်ဆံခွမ့် ရဟူကြောန့်
ဝန်းသာဂေ့ပါ။ အယ်ဇာဟှာ ဖောင်းသရေတော် ထန်ရှားပေါ်ထွပ်ဟူ ခီမာ နန်းနို့လေဟှာ
ရရာတိုင်း ဝန်းသာရဟို့ကြောန်း ဖြစ်ဟုယ်။
14 နန်းနို့လေဟှာ ခရစ်တော်ရဲ့ နာမကြောန့် ကဲ့ရဲ့ပြစ်တန်ဇာဟို့ ခံရဟုယ် ဆိုဟှာ
မင်္ဂလာရှိပါဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ဖောင်းသရေတော်န ပှလဲ့ဇောင်တော်မူဟူ
ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟှာ နန်းနို့ထတ်မာ ကိန်းဝပ်တော်မူဟူကြောန့် ဖြစ်ဟုယ်။
15 နန်းနို့လေဟှာ လူသတ်ဟူမှု၊ ခိုးဟူမှု၊ ရာဇဝတ်မှု၊ သူများကိစလေမာ
ဝမ်စွက်ဖက်ဟူမှုအားဖြင့် ယော့-က်လည်း ပြစ်ဒန်ခံရစေန။
16 အယ်ဘေမဲ့ ခရစ်ယာန်ဖြစ်ဟူကြောန့် ခံရဟုယ် ဆိုဟှာ ယှစ်ကြော့-က်ရှင်း ရှိဂေ့န။
ခရစ်တော်ရဲ့ နာမကြောန့် ခံရဟုယ် ဆိုဟှာ ဘုရားသခင်ရဲ့ နာမတော်ဟို့ ချီးမွမ်းပါစေ။
17 ဘုရားသခင်ရဲ့ အိတော်သားလေဟို့ ရင်ဦးဆောင်း စစ်ကြောစီရင်ရဟူခီ ရှိဘီး
နို့လေဟို့ ရင်ဦးဆောင်း စစ်ကြောစီရင်ဟုယ် ဆိုဟှာ ဘုရားသခင်ရဲ့ ဒန်းကောန်း
တရားစကားဟို့ နားထောန်ဘဲဟူ သူလေရဲ့မူဟှာ ဖယ်မျိုး ပီးလေ့မယ်နူး။
18 အယ်မျိုးဘဲ့
ဖြောန့်မတ်ဟူသူဟှာ ခဲခဲယဉ်းယဉ်းန ကယ်တန်ရှင်း ခံရဟုယ် ဆိုဟှာ
ဘုရားသခင်ဟို့ ကိုးကွယ်ဘဲဟူ သူန ပြစ်ကျူးလွန်ဟူ သူလေဟှာ
ဖယ်မျိုးဖြစ်လေ့မယ်နူး။
19 အယ်ကြောန့် ဘုရားသခင်ရဲ့ လိုတော်တိုင်း ဆင်းရဲဒေါက်ခခံရဟူ သူလေဟှာ
ကောန်းဟူကျင့်ဟို့ ကျင့်ဘီး ကိုယ့်ဟို့ ဖန်ဆင်းတော်မူဟူရှင်၊ သစ်စာတည်တော်မူဟူ
ရှင်ရဲ့ လတ်တော်ဟို့ ကိုယ့်စိဝိညာဉ်ဟို့ အပ်ဂေ့စေ။

5

ဘုရားသခင်ရဲ့ သိုးစုကြောန်း

1 သင်းတော်လူဂီး တယော့-က်ဖြစ်ဘီး ခရစ်တော်ရဲ့ ဆင်းရဲဒေါက်ခ ဝေဒနာလေဟို့
တွဲဖြင်ရဟူ သတ်သေခံဟူသူန ထန်ရှားလာမယ့် ဖောင်းသရေတော်ဟို့
မျှဝေခံစားဟူသူဖြစ်ဟူ ငါပေတရုဟှာ နန်းနို့မာရှိဟူ လောက်ဖော်ဆောန်ဖတ်လေဖြစ်ဟူ
သင်းတော်လူဂီးလေဟို့ တိုက်တွန်းနှိုးဆော်ပါဟုယ်။
2 နန်းနို့မာရှိဟူ ဘုရားသခင်ရဲ့ သိုးစုလေဟို့ အောက်ထီးဟူမှုမာ တာဝန်ရမူဘဲ
ဘုရားသခင်ရဲ့ လိုတော်တိုင်း စိအားထတ်သန်ဘီး ဝန်းသာရှင်းအားဖြင့်
စောန့်ထီးဂေ့ပါ။ စင်ကြယ်ဘဲဟူ ကျိုးစီးပွားဟို့ တတ်မတ်ဟူကြောန့်မူဘဲ
စေတနာစိအားဖြင့် ကေ့ရူအောက်ထီးဂေ့ပါ။

5:2 ၅.၂ ယော ၂၁.၁၅-၁၇

3 နန်းနို့ သီးသီးအောက်ချောက်ဟူ သင်းတော်လေဟို့ အာဏာသောင်းဘီး
စိုးတရပြုရှင်းမှုဘဲ၊ သိုးစုလေရှေ့မှာ ပေါင်သတ်သေကောန်းဟူသူ ဖြစ်စေဂေ့ပါ။
4 အယ်မျိုးဆိုဟှာ သိုးထီးဂီး ပေါ်ထွပ်လာဟူ ခီမာ နန်းနို့လေဟှာ ညှိုးနွမ်းတတ်ဘဲဟူ၊
ဖောင်းကီးဟူ ပန်းဦးရစ်သရဖူဟို့ ရဂေ့လေ့မယ်။
5 အယ်မျိုးဘဲ သတ်ငယ်ဟူသူလေ၊ လူဂီးလေရဲ့ စကားဟို့ နားထောန်ဂေ့ပါ။
နန်းနို့ရှင်းရှင်း တယော့-က်အော့-က်ယော့-က် စိန္ဒိခ္ဒလရှင်းတန်ဆာဟို့ ဆင်ယင်ဂေ့ပါ။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ “မာနထောန်လွှားဟူ သူလေဟို့ ဘုရားသခင်ဟှာ ဆီးတားဘီး
စိန္ဒိခ္ဒလဟူသူလေဟို့ ကျေးဇူးပြုတော်မူဟှယ်။”
6 အယ်ကြောန့် ခီတန်ဟှယ် ဆိုဟှာ နန်းနို့လေဟို့ ချီးမြော့-က်ဟို့တွပ် ဘုရားသခင်ရဲ့
ဖောင်းကီးဟူ လတ်တော်အော့-က်မာ ကိုယ့်ကိုယ်ကိုယ် နှိခ္ဒလဂေ့ပါ။
7 ဘုရားသခင်ဟှာ နန်းနို့လေဟို့ စောန့်ရော့-က်တော်မူဟူကြောန့် နန်းနို့လေရဲ့
စိုးရိမ်ပူပန်မှုလေ ရှိဟူမျှဟို့ ကိုယ်တော်နှိုက် အပ်ဂေ့ပါ။
8 သမ္မာဒိရှိရှိန အိဘဲန စောန့်နေဂေ့ပါ။ နန်းနို့လေရဲ့ ရန်သူဖြစ်ဟူ မာရ်နတ်ဟှာ
ဟောက်ဟူ ခြံသေ့ဟူမျိုး ဖယ်သူ့ဟို့ မျိုရမယ်နူး၊ ဆိုဘီး လှည့်လည်ဘီး
လိုက်ရှာနေဟှယ်။
9 အယ်ကြောန့် ယောင်ကြည်ရှင်းမာ ခိုင်းခိုင်ခန့်ခန့် ရပ်တည်ဘီး မာရ်နတ်ဟို့
ဆီးတားဂေ့ပါ။ တကမ္ဘာလောင်းမာရှိဟူ နန်းနို့လေရဲ့ ညီကို မောန်နမလေလည်း
အယ်မျိုး ဆင်းရဲဒေါက်ခလေန ရင်ဆိုင်ကျော်လွှား နေရဟူကြောန့်ဟို့ သိမှတ်ဂေ့ပါ။
10 ယေရှုခရစ်တော်အားဖြင့် နို့လေဟို့ ထာဝရ ဖောင်းသရေတော်ထဲဟို့
ခေါ်တော်မူဟူကျေးဇူး ဂူလောင်းဟို့ ပြုတော်မူဟူ ဘုရားသခင်ဟှာ
ဆင်းရဲဒေါက်ခလေဟို့ ရှစ်ဟှားခံစားရဟူ နန်းနို့လေဟို့ စောင်လင်စေဘီး
တည်ကြည်ခိုင်ခံ့ မြဲမြံစေတော်မူလေ့မယ်။
11 ဘုရားသခင်ဟှာ ကမ္ဘာဆစ်ဆစ် ဖောင်းကီးတော်မူပါစေ။ အာမင်။

နော့-က်ဆောင်းနှောက်ဆစ်စကား

12 ငါဟှာ နန်းနို့လေဟို့ တိုက်တွန်းနှိုးဆော်ဘီး နန်းနို့ မှီပြုဟူ အယ်ဇာလေဟှာ
ဘုရားသခင်ရဲ့ စစ်မှန်ဟူ ကျေးဇူးတော်ဖြစ်ဟှယ် ဆိုဇာဟို့ သတ်သေခံဘီး အယ်စာဟို့
ရေးဘီးမှ ငါစိထန်ဟူတိုင်း နန်းနို့မှုမာ သစ်စာရှိဟူညီကို သိလွာနုလတ်န
ခုပေးလိုက်ပါဟှယ်။
13 ငါ့သား မာကုဟှနေစဘီး ဗာဗုလုန်ဖြို့*မာရှိဟူ နန်းနို့နတူးဒူ
ဝီးကော့-က်ခံရဟူသင်းတော်ဟှာ နန်းနို့လေဟို့ နှောက်ဆစ်ဂေ့ပါဟှယ်။
14 ယော့-က်နယော့-က် မြစ်တာနမ်းန နှောက်ဆစ်ဂေ့ပါ။
ခရစ်တော်နှိုက်ရှိဂေ့ဟူ နန်းနို့လေ ဂူလောင်းမာ ငြိသတ်ရှင်းရှိဂေ့ပါစေ။

5:6 **၅.၆** မ ၂၃.၁၂; လု ၁၄.၁၁; ၁၈.၁၄; ၁၃.၁၇; ၁၃.၃၇–၃၉; ကော ၄.၁၀; ဖိလေ ၂၄ ရောမဗြို့ဟို့ ရည်ညွှန်းဟှားဟှယ်။ **5:12** **၅.၁၂** တ ၁၅.၂၂,၄၀ **5:13** **၅.၁၃** တ ၁၂.၁၂,၂၅; * **5:13** **၅.၁၃ ဗာဗုလုန်ဖြို့၊** ဗျာဒိတ်ကျမ်းထဲမာ ဆိုဟှာ အယ်ဇာဟှာ

၂ ပေတရု
ပေတရုဟုနေ ဒုတိယပေးစာ
နိဒါန်း

ပေတရုဟုနေ ဒုတိယပေးစာ ဟာ တမန်တော် ပေတရု ရေးဟားဟုယ် ဆိုဘီး
ဖော်ပြဟားဘေမဲ့ အယ်နေ့ခေတ် ကျမ်းစာပညာရှင်လေဟာ လတ်ခံဂေ့ဟု။
အယ်ပေးစာဟို့ တခြားတယော့-က်ဟုနေ ပေတရုကိုယ်စား ရေးပေးဟားဇာ
ဖြစ်နိုင်ဟုယ်။ စာရေးသူဟု ယေရှုရဲ့ သတ်ရှင်ရှင်းန ပေါင်သဏ္ဌာန် ပ့လောန်းလဲရှင်းဟို့
ဗြင်ရဟူ သတ်သေဖြစ်ဟုယ် ဆိုဘီး ပြောဟားဟုယ် (၁.၁၄-၁၈)။ ပေတရုဟာ
အယ်ပေးစာဟို့ ရေးဟားမယ် ဆိုဟာ ခရစ်တော် မီးဘီးန ၆၅-၆၉ ခုနှစ်ကြား
သူသေခန် ရောမဗြို့မာ ရေးဟားဇာ ဖြစ်နိုင်ဟုယ်။ ပထမပေးစာရေးဘီးန
ဒုတိယပေးစာဟို့ ရေးဟုယ် ဆိုဘီး ဖော်ပြဟားဟုယ် (၃.၁)။ သူဟာ အယ်ပေးစာဟို့
ခရစ်ယာန်လေ ဂူလောင်းနားဟို့ လိစာတပ်ဟားဟုယ်။

ပေတရုဟာ အယ်ပေးစာထဲမာ ယောင်ကြည်သူလေဟို့ ကောန်းဟူ ပေါင်သတ်သေန
သတ်ရှင်ဟို့တွပ် အားပေးဟားဘီး ဆရာတုယောန်လေရဲ့ နော့က်ဟို့ လိုက်ဘဲနေအောန်
ဒိပေးဟားဟုယ် (၂)။ ယေရှုပ့လန်ကြွလာဟို့တွပ် ရရာတိုင်း ခီကြာဟုယ် ဆိုဘီး
ပြောနေဂေ့ဟူ လူလေဟို့ လျစ်လျူရှုဟို့လည်း အားပေးဟားဟုယ်။ လူတိုင်း
ကယ်တန်ခံရဟို့တွပ် ဘုရားသခင်ဟာ ခီဆွဲနေရှင်း ဖြစ်ဟုယ် ဆိုဘီး
ထော့-က်ပြဟားဟုယ် (၃.၈-၉)။ အယ်ကြောန်းကြောန့် ကောန်းဟူ ပေါင်သတ်သေန
သတ်ရှင်ဟို့ ဖြစ်ဟုယ် (၃.၁၄)။

ကြောန်းရာ ကျဉ်းချောက်

၁။ ပေတရုဟာ သူ့ကိုယ်သူ မိတ်ဆစ်ဟားဘီး သူ့ရဲ့ စာဖတ်မားနားဟို့
ရေးဟားဟူကြောန်း (၁.၁-၂)

၂။ ဘုရားသခင်ဟာ တတ်နိုင်တော်မူဟူကြောန့် ကောန်းဟူ ပေါင်သတ်သေန
သတ်ရှင်ဟို့ ဒိပေးဟားဟူကြောန်း (၁.၃-၂၁)

၃။ ဆရာတုယောန်လေရဲ့ နော့-က်ဟို့ လိုက်ဘဲနေအောန် ဒိပေးဟားဘီး
ဆရာတုယောန်လေဟို့ နော့-က်ဆောင်းမာ ဖြားမျိုးဖြစ်လေ့မယ် ဆိုဘီး
ပြောဟားဟူကြောန်း (၂.၁-၂၂)

၄။ ပေတရုဟာ ယေရှုဒုတိယခါ ပ့လန်ကြွလာမယ် ဖြစ်ဟူကြောန့် ကောန်းဟူ
ပေါင်သတ်သေန သတ်ရှင်ဘီး ပြင်ဆင်ဟို့ ယောင်ကြည်သူလေဟို့
အားပေးရှင်းအားဖြင့် နိဂေါင်းချောက်ဟားဟူကြောန်း (၃.၁-၁၇)

[1] ယေရှုခရစ်တော်ရဲ့ စေခံန တမန်တော်ဖြစ်ဟူ ငါ ရှိမုန်ပေတရုဟာ —

နို့လေရဲ့ ဘုရားသခင်နဲ့ ကယ်တန်ရှင် ဖြစ်တော်မူဟူ ယေရှုခရစ်ရဲ့ ဖြောန်မတ်ရှင်းတရားဟို နို့လေယောင်ကြည်ဟူမျိုး ဖိုးကီးဟူ ယောင်ကြည်ရှင်းဟို ရရှိဂေ့ဟူ သူလေနားဟို စာရေးလိုက်ပါဟုယ်၊

2 နို့လေရဲ့ဖ ဖြစ်ဟူ ဘုရားသခင်နဲ့ သခင်ယေရှုဟို သိဟူဉာဏ်အားဖြင့် ကျေးဇူးတော်နဲ့ ငြိသတ်ရှင်းဟာ နန်းနို့လေမာ တိုးပွားဂေ့ပါစေ။

ဘုရားသခင်ဟု ဝီးကော့-က်တော်မူဟူကြောန်း

3 နို့လေဟို သူ့ရဲ့ ဖောင်းသရေတော်နဲ့ ကောန်းမြတ်ရှင်းထဲဟို ခေါ်ယူတော်မူဟူ သခင်ဟို နို့လေ သိရှင်းအားဖြင့် သတ်ရှင်မှုနတူးဒူ ဘုရားဝတ်နဲ့ မွေ့လျော်ရှင်းအားဖြင့် စပ်ဆိုင်ဟူရာလေ ဂူလောင်းဟို ကိုယ်တော်နှိုက်ရှိဟူ ဘုရားရဲ့ ဖောင်းတဂိုးတော်အားဖြင့် ပေးသနားတော်မူဘီ။*

4 အယ်မျိုးအားဖြင့် ရရာတိုင်း ကောန်းမြတ်ဘီး ဖိုးကီးဟူ ဂဒိတော်လေဟို နို့လေဟို အပ်ပေးတော်မူဘီ။ ဖြားဖြစ်ကြောန်နူးဆိုဟာ အယ်ဂဒိတော်လေဟို မှီပြုဘီး နန်းနို့လေဟာ လောကီတပ်မတ်မှုလေ၊ ညစ်ကြေးလေန လွတ်ကင်းဘီးဟာ ဘုရားပကတိဟို ဆစ်ဆံရဟူသူလေ ဖြစ်ဂေ့ဟို့တွပ် ဖြစ်ဟုယ်။

5 အယ်ကြောန်းကြောန့် နန်းနို့လေဟာ ယောင်ကြည်ရှင်းနှိုက် ကောန်းမြတ်ရှင်းဟို၊ ကောန်းမြတ်ရှင်းနှိုက် ပညာဟို၊

6 ပညာနှိုက် ကာမဂေါင် ချောက်တီးရှင်းဟို၊ ကာမဂေါင် ချောက်တီးရှင်းနှိုက် သီးခံရှင်းဟို၊ သီးခံရှင်းနှိုက် ဘုရားဝတ်နှိုက် မွေ့လျော်ရှင်းဟို၊

7 ဘုရားဝတ်မာ မွေ့လျော်ရှင်းနှိုက် ညီကိုစောင်မတ်ရှင်းဟို၊ ညီကိုစောင်မတ်ရှင်းနှိုက် ရှစ်ရှင်းမြစ်တာလေဟို စွမ်းကူကြိုးစားဘီး ထပ်ဆစ်ဂေ့ပါ။

8 ဖြားဖြစ်ကြောန်နူးဆိုဟာ အယ်ပါရမီလေဟာ နန်းနို့လေမာရှိဘီး တိုးပွားနေဟုယ် ဆိုဟာ နန်းနို့လေဟာ နို့လေရဲ့ သခင် ယေရှုခရစ်ဟို သိကျွမ်းရှင်းနှိုက် ပျင်းဘဲနေဟို့တွပ်ရော၊ ကျိုးမှေ့ဘဲဇာလေ ဖြစ်ဘဲနေဟို့တွပ်ရော ပြုပြင်တတ်ဂေ့ဟုယ်။

9 အယ်ပါရမီ မှေ့ဘဲဟူ သူလေဟာ မျစ်စိကန်းဟူသူ၊ မျစ်စိမှန်ဟူသူ ဖြစ်ဟုယ်။ ကိုယ့်ပြစ်ဟောန်း ဆေးကြောခံရကြောန်းဟို မေ့နေဂေ့ဟုယ်။

10 အယ်ကြောန့် ညီကို မောန်နှမလေ နန်းနို့ခံရဟူ ခေါ်တော်မူရှင်းန ဝီးကော့-က်တော်မူရှင်းဟို တည်မြဲစေဟို့တွပ် ပိုဘီး ကြိုးစားအားထုဂေ့ပါ။ အယ်မျိုးပြုနေမယ် ဆိုဟာ ထိမိဘီးလဲဇာန မြဲဒမ်း ကင်းလွတ်လေ့မယ်။†

11 နော့-က်ဘီး နို့လေဟို ကယ်တန်တော်မူဟူ သခင်ယေရှုခရစ်ရဲ့ ထာဝရ နိုင်ငံတော်ထဲဟို ဝမ်စားဟူခွမ့်ဟို နန်းနို့လေဟို ကြွယ်ဝအောန် ပေးသနားတော်မူလေ့မယ်။

---

* **1:3 ၁.၃** ဖောင်းတဂိုးတော်အားဖြင့် ပေးသနားတော်မူဘီ၊ တချို့ မူရင်းလတ်ရေးမူလေမာ သူ့အားဖြင့်၊ ဆိုဘီး ရှိဟုယ်။ † **1:10 ၁.၁၀** ထိမိဘီးလဲဇာန မြဲဒမ်း ကင်းလွတ်လေ့မယ်၊ အယ်မျိုးမှုဘဲနေဟာ ပြစ်ထဲဟို ကျွရော့-က်လေ့မယ်။

12 အယ်ကြောင့် ခုဟောပြောဟူ သမ္မာတရားဟို့ နှန်းနို့လေ နားလည်ဘီး တည်ကြည်မှု
ရှိဂေ့ဟူလည်းဘဲ့ အယ်မျိုးစကားလေန နှန်းနို့လေဟို့ မြဲဒမ်း ဒီပေးနှိုးဆော်ဟို့တွပ်
ငါမေ့လျော့ဟု။
13 အယ်ခန္ဓာတဲမာ ငါရှိနေဟူမျှ ကာလပတ်လောင်း အယ်ကြောန်းရာလေဟို့ နှန်းနို့ဟို့
ဒီပေးနှိုးဆော်သင့်ဟယ် ဆိုဘီး ငါတကယ်ဘဲ့ မှတ်ယူဟူးပါဟုယ်။
14 ဖြားဖြစ်ကြောန်နူးဆိုဟှာ နို့လေရဲ့ သခင် ယေရှုခရစ်တော်ဟှာ ငါ့ဟို့
ဖော်ပြတော်မူဟူတိုင်း ငါ့ရဲ့ ခန္ဓာတဲဟို့ ကြာခန်မာ စွန့်ပယ်ရမယ် ဆိုဇာဟို့ ငါသိဟုယ်။
15 အယ်မျိုးဖြစ်ကြောန့် ငါဟှာ အယ်လောကဟုနေ ထွပ်ဟူးဘီးန နှန်းနို့လေဟှာ
အယ်ကြောန်းရာလေဟို့ မြဲဒမ်း မှတ်မိနေဟို့တွပ် ငါကြိုးစားမယ်။

ခရစ်တော်ရဲ့ ဖောင်းသရေတော်ဟို့ ကိုယ်တိုင်ဖြင်ဖူးဟူ သူလေကြောန်း

16 နို့လေရဲ့သခင် ယေရှုခရစ် တဂိုးတော်န ကြွလာတော်မူမယ် ဆိုဇာဟို့ နှန်းနို့ဟို့
ဖော်ပြရာမာ နို့လေဟှာ ပရိယာယ်န တီထွင်ဟှားဟူ ဒဏ္ဍာရီ ပေါင်ပြင်လေဟို့
ပြောနေဂေ့ရှင်း မူဟု။ နို့လေဟှာ ကိုယ်တော်ရဲ့ ဖောင်းသရေတော်ဟို့ ကိုယ်တိုင်
ဖြင်ဖူးဟူသူလေ ဖြစ်ဂေ့ဟုယ်။
17 ဖြားဖြစ်ကြောန်နူးဆိုဟှာ "အယ်သူဟှာ ငါမြတ်နိုးဟူ ငါ့ရဲ့ ရှစ်သား ဖြစ်ဟုယ်"
ဆိုဟူ သံတော်ဟှာ ထူးမြတ်ဟူ ရောန်တော်ထဲဟှ အယ်သခင်နားဟို့ ရော့-က်လာဟူ
ခီမာ ဖ ဘုရားသခင်နားဟှ ဂေါင်တော်န ဖောင်းသရေတော်ဟို့ ကိုယ်တော်ဟှာ
ခံရတော်မူဟုယ်။
18 အယ်ခီမာ နို့လေ ကိုယ်တိုင်ဘဲ့ သန့်ရှင်းဟူ တောန်ထတ်မာ ကိုယ်တော်နတူးဒူ
ရှိနေဟူခီ ကောန်းဂန်ဟုနေ ရော့-က်လာဟူ အယ်သံတော်ဟို့ ကြားရဂေ့ဟုယ်။
19 နော့-က်ဘီး ပိုဘီး ခိုင်လောင်ဟူ ပရောဖက်လေရဲ့ စကားဟှာ နို့လေမာရှိဟုယ်။
နန်းနို့လေရဲ့ စိနှလောင်းထဲမာ အာရောင်တတ်ဘီး ကြယ်နီပေါ်ထွပ်ဟူ ကာလထိအောန်
အယ်စကားတော်ဟို့ မှောန်မိုက်ဟူ နေရာမာ ထွန်းလန်းဟူ ဆီမီးဟူမျိုး ထန်မှတ်ဘီး
မှီပြုသင့်ပါဟုယ်။
20 ကျမ်းစာမာပါဟူ ပရောဖတ်ပြု ဟောပြောချစ်လေဟှာ ကိုယ့်ဖာသာ
နတ်ခိပါယ်ပေါ်ဘဲဟူ ကြောန်းဟို့ ရင်ဦးဆောင်း သိမှတ်ဂေ့ပါ။
21 ဖြားဖြစ်ကြောန်နူးဆိုဟှာ ပရောဖတ်ပြု ဟောပြောချစ်လေဟှာ ဖယ်ခါမှ လူရဲ့
လိုဆန္ဒအားဖြင့် ဖြစ်ပေါ်လာရှင်း မူဟု။ ဘုရားသခင်ရဲ့ သန့်ရှင်းဟူ သူလေဟှာ
သန့်ရှင်းဟူဝိညာဉ်တော်ရဲ့ တိုက်တွန်းတော်မူရှင်းဟို့ ခံရဟူကြောန့် ဟောပြောဂေ့ရှင်း
ဖြစ်ဟုယ်။

2

ဆရာတုယောန်လေကြောန်း

1:17 ၁.၁၇.၁၈ မ ၁၇.၁-၅; မာ ၉.၂-၇; လု ၉.၂၈-၃၅

1 အယ်ဘေမဲ့ ပရောဖက် တုယောန်လေဟှာ ယုဒလူမျိုးလေထဲမာ ပေါ်လာဂေ့ဟူမျိုး
နန်းနို့လေထဲမာလည်း ပရောဖက် တုယောန်လေ ပေါ်လာဂေ့လေ့မယ်။ အယ်သူလေဟှာ
ပျစ်စီးရှင်းဟို့ ရော့-က်စေမယ့် မှားယွင်းဟူ ယူဝါဒလေဟို့ ခိုးခိုးဝှပ်ဝှပ်န
ယူဆောန်လာဂေ့ဘီး ကိုယ့်ဟို့ ဖိုးခန ဝီးဝယ်တော်မူဟူ သခင်ဟို့ ပစ်ပယ်ဘီး
ကိုယ့်ထတ်ဟို့ ရရာတိုင်း ဗြန်ဟူ ပျစ်စီးမူဟို့ ရော့-က်စေဟူ ပရောဖက်
တုယောန်လေဟှာ နန်းနို့လေမာ ရှိဂေ့လေ့မယ်။

2 ရရာတိုင်းများဟူ လူလေလည်း သူးနို့လေရဲ့ ညစ်ညူးဟူ ကောန်းဘဲဟူ
ကျင့်လေ့နော့-က်ဟို့ လိုက်ပါရှင်းအားဖြင့် သမ္မာတရားလမ်း အသရေဟှာ
ပျစ်စီးလေ့မယ်။

3 သူးနို့လေဟှာ လောဘစိန ချော့မော့ဟူ စကားလေဟို့ ပြောဘီး နန်းနို့လေဟို့
မ့လတ်ထုလေ့မယ်။ ရှေးကာလဟုနေဘီး သူးနို့ဟို့ ပြစ်ဒန်စီရင်မယ့် သခင်ဟှာ
ဆင်သင့်ရှိနေတော်မူဟှယ်။ သူးနို့ဟို့ သုတ်သင်ဖျစ်ဆီးမယ့် သခင်ဟှာ
အိပ်ငိုက်တော်မူဟှ။

4 ဖြားဖြစ်ကြောန်နူးဆိုဟှာ ဘုရားသခင်ဟှာ ပြစ်မှားဟူ ကောန်းဂန်တမန်လေဟို့
ဖြောဘဲန ငရဲထဲမာ ထီးသီးဟှားဘီး တရားစီရင်ဟို့တွပ် မှောန်မိုက်ထဲမာ သံကြိုးန
ခယ်ဟှားတော်မူလေဟှယ်။*

5 ရှေးလောကဓာတ်ဟို့လည်း ဖြောတော်မူဟှ။ ဖြောန့်မတ်ရှင်းတရားဟို့ ဟောဟူ
နောဧန လူခွန်နစ်ယော့-က်ဟို့ ကယ်တန်တော်မူဘီး ဘုရားဟို့ ကိုးကွယ်ဘဲဟူ
လောကီသား ဂူလောင်းဟို့ ရေလွှမ်းမိုးစေတော်မူဟှယ်။

6 သောဒုံန ဂေါမောရဗြို့ဟို့ ပြစ်ဒန်စီရင်တော်မူဘီး မီးလောန်စေရှင်းအားဖြင့်
နော့-က်တခီမာ တရားဘဲဟူကျင့်ဟို့ ကျင့်ဟူ သူလေတွပ် ပေါင်သတ်သေဟို့
ထားတော်မူလေဟှယ်။

7 အယ်ခီမာ တရားဘဲဟူ သူလေရဲ့ ညစ်ညူးဟူ ကျင့်အားဖြင့်
စိနှော့-က်ယှစ်ခံရဟူသူ ဖြောန့်မတ်ဟူ လောတဟို့ ကယ်နှုတော်မူဟှယ်။

8 အယ်ဖြောန့်မတ်ဟူသူဟှာ တရားဘဲဟူ သူလေနတူးဒူ နေရဟူ ခီမာ သူးနို့လေရဲ့
အဓမ္မမူရာလေဟို့ ဗြင်ရကြားရဟူကြောန့် သူ့ရဲ့ ဖြောန့်မတ်ဟူ စိဝိညာဉ်မာ ရရာတိုင်း
ညှဉ်းဆဲခံရလေဟှယ်။

9 အယ်ကြောန့် ဘုရားဝတ်မာ မွေ့လျော်ဟူသူလေဟို့ စောင်ဇမ်း နှော့-က်ယှစ်မူထဲဟှ
ကယ်နှုဟို့တွပ်န တရားဘဲဟူ သူလေဟို့ တရားစီရင်ဟူ နေ့ရစ်မာ ပြစ်ဒန်ခံစေဟို့
ချောက်နှောင်ဟှားဟို့တွပ် ဘုရားသခင် တတ်နိုင်တော်မူလေဟှယ်။

10 ထူးသဖြင့် ညစ်ညူးဟူ တတ်မတ်မူအားဖြင့် သွီးသားဇာတိ နော့-က်ဟို့ လိုက်ဘီး
အာဏာစစ်ဟို့ ထီမဲ့မြင်ပြုဟူ သူလေဟို့ အယ်မျိုး ချောက်ဟှားတော်မူလေ့မယ်။
အယ်သူလေဟှာ တင့်ရဲဟူသူ မာန်မာနထောန်လွှားဟူ သူလေဖြစ်ဘီး

* **2:4** **J.6** မှောန်မိုက်ထဲမာ သံကြိုးန ခယ်ဟှားတော်မူလေဟှယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ မှောန်မိုက်တွမ်းလေထဲမာ၊ ဆိုဘီး ရှိဟှယ်။

ကြော့-က်ရွံ့မှုမျှော်ဘဲ ဖောင်းတဂိုးကီးဟူ သူလေဟိုု ကဲ့ရဲ့စော်ကားတတ်လေဟုယ်။
11 ကောန်းဂန်တမန်လေဟုာ သူးနို့်လေထတ် ခွန်အား တဂိုးကီးဟူလည်းဘဲ
ဘုရားသခင် ရှေ့တော်မာ သူးနို့်လေဟိုု ကဲ့ရဲ့ပြစ်တန်ဘီး စီရင်ရှင်းဟိုု ပြုဂေ့ဟု။
12 သူးနို့်လေဟုာ ဖမ်းဆီးဖျစ်ဆီးဟို့်တွပ် ပေါ့-က်ဖွားလာဟူ၊ သိပညာမဲ့ဘီး
ဆင်ခြင်တုံတရား မျှော်ဘဲဟူ လိဆန်လေမျိုး ဖြစ်ဂေ့ဘီး ကိုယ်နားလည်ဘဲဟူ ဇာလေဟိုု
ကဲ့ရဲ့ဘီး ပြောဆိုတတ်ဂေ့ဟုယ်။ သူးနို့်လေဟုာ သိဉာဏ်မျှော်ဘဲဟူ လိဆန်လေ
ပျစ်စီးဟူမျိုး ပျစ်စီးရဂေ့လေ့မယ်။
13 တရားဘဲဟူဇာရဲ့ ဖိုးခနေန တရားဘဲဟူ ပြုရှင်းဟိုု ခံရဂေ့လေ့မယ်။ သူးနို့်လေဟုာ
နေ့ဖတ်မာ သော့-က်စားယစ်မောရှင်းလေဟိုု ပျော်ရွှင်ရှင်း ဖြစ်ဟုယ် ဆိုဘီး
ထန်မှတ်ဂေ့တတ်ဟုယ်။ နန်းနို့်နတူးဒူ စားသော့-က်ဟူ ခီမာ ကိုယ့်ရဲ့ မှားယွင်းဟူ
သဘောန မွေ့လျော်ဂေ့ဘီး နန်းနို့်လေမာ ညစ်ကြေးစွန်းကွက်ဟူမျိုး ဖြစ်ဂေ့ဟုယ်။
14 သူးနို့်ဟုာ ဖော့-က်ပ့လန်ဟူ ကိလေသာန ပ့လဲ့ဝဟူ မျစ်စိကြောန့် ဒုစရိုက်ဟိုု
ပြုဘဲနေနိုင်ဂေ့ဟု။ သူးနို့်လေဟုာ တည်ကြည်မှ စိန္နလောင်းမျှော်ဘဲဟူ သူလေဟိုု
ပြစ်ထဲဟိုု သွီးဆောန်တတ်ဂေ့ဟုယ်။ လောဘလွန်ကြူးမှုမာ ကျင်လည်ဘီး
ကီရှင်းခံရဟူ သားမီးလေဖြစ်ဂေ့ဟုယ်။
15 သူးနို့်လေဟုာ ဖြောန့်မတ်ဟူလမ်းဟု ထွပ်ဟူကြောန့် လမ်းလွဲဟုားဘီး တရားဘဲဟူ
နည်းလမ်းအားဖြင့် ရဟုားဟူ ဖိုးခဟိုု နှစ်သက်ဟူ ဗောသော်ရဲ့သား ဗာလမ်ရဲ့
လမ်းစဉ်ဟိုု လိုက်ဂေ့ဟုယ်။
16 အယ်ဘေမဲ့ ဗာလမ်ဟုာ တရားဘဲနရဟူခဟိုု တတ်မတ်ဟူကြောန့် ကိုယ်ပြုဟူ
ဒုစရိုက်အားဖြင့် ဆောင်းမရှင်းဟိုု ခံရဟုယ်။ ဖြားဖြစ်ကြောန်နူးဆိုဟုာ မြည်းဟုာ
လူ့ဘာသာအားဖြင့် စကားပြောဘီး အယ်ပရောဖက်ရဲ့ မိုက်မဲမှုဟို့ တားမြစ်လေဟုယ်။
17 အယ်သူလေဟုာ ရေမျှော်ဘဲဟူ ရေတွမ်းမျိုး၊ လေတိုက်ဟူကြောန့် လွမ့်ပါဟုားဟူ
မိုးတီမျိုး ဖြစ်ဂေ့ဟုယ်။ သူးနို့်လေတွပ် ထာဝရမှောန်မိုက်ဟိုု သိုဟုားလေဟုယ်။
18 ဖြားဖြစ်ကြောန်နူးဆိုဟုာ သူးနို့်လေဟုာ မှားယွင်းမှုထဲမာ ကျင်လည်ဂေ့ဟူ
သူလေထဲဟု လွတ်မြေ့-က်ခါဇရှိဟူ သူလေဟိုု ဝါကြွားဟူ ချည်းနီးစကားလေဟိုု
သောင်းဘီး သွီးသားဇာတိတတ်မတ်ရှင်း၊ ကာမဂေါင် လိုက်စားရှင်းအားဖြင့် ပြစ်ထဲဟိုု
သွီးဆောန်တတ်ဂေ့ဟုယ်။
19 သူးနို့်လေဟုာ လွတ်ရှင်းခွမ့်ရှိဟုယ် ဆိုဘီး ဝန်ခံရဲ့န ကိုယ်ကိုယ်တိုင် ပျစ်စီးမှုရဲ့
ကျေးကျွန်လေ ဖြစ်ဂေ့ဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ လူဟို့ နိုင်ဟူဇာဟုာ လူ့ရဲ့သခင်
ဖြစ်ဟုယ်။
20 နို့်လေရဲ့ သခင်န ကယ်တန်ရှင်ဖြစ်ဟူ ယေရှုခရစ်ဟိုု သိကျွမ်းရှင်းအားဖြင့်
လောကီညစ်ညူးမှုန လွတ်ကင်းဘီးမှ နော့-က်ထပ်တခါ ထောန်ချော့-က်မိဘီး
ရှောင်းဟုယ် ဆိုဟုာ နော့-က်ဖြစ်ဟူဇာဟုာ ရှေ့ဖြစ်ဟူ ဇာထတ် ပိုဘီး ဆိုးလေဟုယ်။
21 ဖြားဖြစ်ကြောန်နူးဆိုဟုာ ဖြောန့်မတ်ဟူ လမ်းဟိုု သိရဲ့န ကိုယ့်ဟိုု ပေးအပ်ဟုားဟူ
သန့်ရှင်းဟူ ပညတ်တော်ဟိုု စွန့်ပစ်ဟူဇာထတ် အယ်မူတရားလမ်းဟိုု

သိဘဲနနေရဟူဇာဟု ပိုဘီး ကောန်းဟုယ်။
22 “ခွီးဟုာ ကိုယ့်ရဲ့ အန်ဖတ်ဟို့ ပ့လန်စားတတ်ဟုယ်။ ရေချိုးပေးဟုားဟူ
ဝပ်ဟုာလည်း ဇီးဗ့လစ်အိုင်မာ ပ့လန်ဘီး လူးတတ်ဟုယ်” ဆိုဘီး ပြောဟူ မှန်ဟူ
စကားပေါင်ဟုာ အယ်သူလေအားဖြင့် ပ့လဲဇောင်လေဟုယ်။

3

သခင်ဘုရားကြွလာတော်မူမယ့် ဂဒိတော်ကြောန်း

1 ရှစ်ရဟူသူလေ ခု အယ်စာဟို့ ဒုတိယကြိ ငါရေးဘီးပေးလိုက်ပါဟုယ်။ ငါဟုာ
အယ်စာနှေ့စောန်လောင်းမာ နန်းနို့လေရဲ့ ဖ့လူစင်ဟူ စိဝိညာဉ်လေဟို့
ဒိပေးနှိုးဆော်ဟုားပါဟုယ်။
2 သန်ရှင်းဟူ ပရောဖက်လေဟုာ ကြိုတန်ဘီး ပြောဟုားဟူ စကားလေန နန်းနို့ရဲ့
တမန်တော်လေဟုနေတဆင့် ပေးအပ်ဟုားဟူ ကယ်တန်ရှင် သခင်ဘုရားရဲ့
ပညတ်တော်လေဟို့ နန်းနို့လေ ပ့လန်ဘီး ဒိရစေဟို့တွပ် ဖြစ်ဟုယ်။
3 နန်းနို့လေ ရင်ဦးဆောင်း သိဟုားရဟို့ချစ်မာ နော့-က်ဆောင်းဟူကာလမာ
ပြစ်ရယ်ပြုတတ်ဟူ လူလေဟုာ ကိုယ့်ရဲ့ တတ်မတ်မှုတိုင်း ကျင့်နေဘီး၊
4 “သခင်ဘုရား ကြွလာမယ်ဆိုဟူ ဂဒိတော်ဟုာ ဖယ်မာရှိဟို့ကြောန့်နူး။
နို့ဘိုးဘေးလေ သေဟုားဘီးဟူ ခီဟုနေစီး ရှိမျှဂူလောင်းဟုာ ဖန်းဆင်းစဟုတိုင်းဘဲ့
ဆစ်ဘီးရှိနေဟုယ်” ဆိုဘီး ပြောဆိုဂေ့လေ့မယ်။
5 ဖြားဖြစ်ကြောန့်နူးဆိုဟုာ ဘုရားသခင်ဟုာ ရှေးကာလမာ ကောန်းဂန်န
ရေထဲဟုထွပ်ဘီး ရေအားဖြင့်တည်ဟူ မ့လေဂီးဟို့ စကားတော်အားဖြင့်
ဖန်ဆင်းဟူကြောန်းန၊
6 ရှေးကမ့ဘာမ့လေဂီးဟုာ ရေလွှမ်းမိုးခံရဘီး ရေအားဖြင့် ဖျစ်ဆီးခံရဟူကြောန်းဟို့
သူးနို့လေဟုာ တမင်သတ်သတ် မေ့ဟုားဂေ့ဟုယ်။
7 ခုရှိနေဟူ ကောန်းဂန်န မ့လေဂီးဟုာ အဓမ္မလူလေဟို့ တရားစီရင်ဘီး ဖျစ်ဆီးဟူ
နေ့ရစ်ထိ အယ် စကားတော်အားဖြင့် သိုဟုားဘီး မီးရှို့ဟို့တွပ် ထီးသီးဟုားလေဟုယ်။
8 အယ်ဘေမဲ့ ရှစ်ရဟူသူလေ၊ ဘုရားသခင်တွပ် နေ့ရစ်တရစ်ဟုာ
နှစ်တထောန်ဖြစ်ဟူမျိုး နှစ်တထောန်ဟုာ နေ့ရစ်တရစ်ဟူမျိုး ဖြစ်ဟုယ် ဆိုဇာဟို့
မေ့ဂေ့န။
9 နှေးဟုယ် ဆိုဘီး တချို့လူလေ ထန်မှတ်နေဘေမဲ့ ဘုရားသခင်ဟုာ ဂဒိတော်ရာမာ
နှေးတော်မူဟု။ ဖယ်သူလည်း ပျစ်စီးဘဲန လူတိုင်းနောန်ဒရဟို့တွပ် လိုတော်ရှိဟူကြောန့်
နန်းနို့လေဟို့ သီးခံတော်မူလေဟုယ်။
10 ခိုးဟုာ ညဉ့်ဖတ်မာလာတတ်ဟူမျိုး သခင်ဘုရားရဲ့ နေ့ရစ်ဟုာ လာလေ့မယ်။
အယ်နေ့ရစ်မာ ကောန်းဂန်ဟုာ ရရာတိုင်း ကွ့လယ်ဟူသံနတူးဒူ

3:3 **ခ.၃** ယု ၁၈ **3:10** **ခ.၁၀** မ ၂၄.၄၃; လု ၁၂.၃၉; ၁ သက် ၅.၂; ဗျာ ၁၆.၁၅

ပျော့-က်ဟုားလေ့မယ်။* လောကဓာတ်လေဟုာ ရရာတိုင်းပူအာကီးဟူကြောန့်
ပျစ်စီးဟုားလေ့မယ်။ မ့လေဂီးဟုနေစဘီး မ့လေဂီးထတ်မာရှိဟူဇာလေ ဂူလောင်းဟုာ
လောန်ကျွမ်းကူလေ့မယ်။

11 အယ်ဇာလေ ဂူလောင်းဟုာ အယ်မျိုး ပျစ်စီးဟုားမယ် ဖြစ်ဟူကြောန့်
နန်းနို့လေဟုာ ဖယ်မျိုးဟူသူလေ ဖြစ်ဟို့သင့်ဟုယ်နူး။ နန်းနို့လေဟုာ သန်ရှင်းဟူကျင့်ဟို့
ကျင့်ဘီး ဘုရားဝတ်န မွေ့လျော်ရှင်းအားဖြင့်
12 ဘုရားသခင်ရဲ့ နေ့ရစ်ဟို့ စောန့်မျော်ဘီး အယ်နေ့ရစ် ဗြန်းဗြန်းရော့-က်လာဟို့
မျော်လင့်သင့်ဟုယ်။ အယ်နေ့မာ ကောန်းဂန်ဟုာ မီးလောန်ကျွမ်းဘီး
ပျစ်စီးဟုားလေ့မယ်။ လောကဓာတ်လေလည်း ရရာတိုင်း ပြင်းထန်ဟူ ပူရှိအားဖြင့်
ရယ်ပျော်ဟုားဂေ့လေ့မယ်။

13 အယ်ဘေမဲ့ နို့လေဟုာ ဘုရားသခင် ဂဒိထားတော်မူဟူ ဖြောန့်မတ်ရှင်းတရားရဲ့
တည်ဟူနေရာ ကောန်းဂန်သစ်န မ့လေဂီးသစ်ဟို့ စောန့်မျော်နေဂေ့ဟုယ်။
14 အယ်မျိုးဖြစ်ကြောန့် ရှစ်ရဟူသူလေ၊ အယ်နေ့ရစ်ဟို့ စောန့်မျော်နေဂေ့ဟူကြောန့်
ပြစ်ကင်းဘီး ဖြားစွန်းထင်းလည်းမွေ့ဘဲဟူ သူဖြစ်န ကိုယ်တော်ရဲ့ ရှေ့တော်ဟို့
ငြိုးငြိုဝပ်ဝပ် ရော့-က်နိုင်ဟို့တွပ် ကြိုးစားအားထုဂေ့ပါ။
15 နို့လေရှစ်ရဟူ ညီကိုပေါလုဟုာ ဘုရားသခင်ပေးဟူ ဉာဏ်ပညာအားဖြင့်
နန်းနို့လေဟို့ ရေးဘီးပေးလိုက်ဟူတိုင်း နို့လေရဲ့ သခင်ဘုရား သီးခံတော်မူရှင်းဟုာ
နန်းနို့လေ ကယ်တန်ရှင်းခံရဟို့တွပ် ခွမ့်ရေးပေးရှင်း ဖြစ်ဟုယ် ဆိုဇာဟို့ မှတ်ယူဂေ့ပါ။
16 သူဟုာ အယ်ကြောန်းရာလေန ပတ်သတ်ဘီး စီရင်ရေးဟုားဟူ စာစောန်လေမာ
နားလည်ရ ခတ်ခဲမူလေ ရှိဟုယ်။ သိပညာမွေ့ဘဲဟူ၊ တည်ကြည်မူမွေ့ဘဲဟူ သူလေဟုာ
အယ်စာစောန်ဟုနေစဘီး ကျန်ဟူ ကျမ်းစာလေရဲ့ နတ်ခိပါယ်ဟို့ မှော့-က်လှန်ဘီး
ကိုယ့်ကိုယ်ကိုယ် ဖျစ်စီးတတ်ဂေ့ဟုယ်။
17 အယ်ကြောန့် ရှစ်ရဟူသူလေ အယ်ကြောန်းရာလေဟို့ နန်းနို့သိဟုားပီးဘီ
ဖြစ်ဟူကြောန့် တရားဘဲဟူသူလေရဲ့ ပရိယာယ်အားဖြင့် သွီးဆောန်ရှင်းနော့-က်ဟို့
လိုက်ပါဟုားဘီး နန်းနို့လေရဲ့ တည်ကြည်မူဟို့ ဆောင်းရှောန်းဘဲ နေဟို့တွပ်
ကိုယ့်ကိုယ်ကိုယ် စောန့်ရှောက်ဂေ့ပါ။
18 နို့လေရဲ့သခင်န ကယ်တန်ရှင် ဖြစ်တော်မူဟူ ယေရှုခရစ်တော်ရဲ့
ကျေးဇူးတော်နရော၊ ကိုယ်တော့်ဟို့ သိကျွမ်းဟူ ပညာနရော ကီးထွားဂေ့ပါ။
အယ်သခင်ဟုာ ခုဟုနေစဘီး ထာဝရ ကာလပတ်လောင်း ဖောင်းသရေတော်ရှိပါစေ!
အာမင်။

---

* **3:10** **၃.၁၀** ပျော့-က်ဟုားလေ့မယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ ပါရှိဟုယ်၊ တချို့လေမာလည်း
မီးရှို့ခံရဟုယ်၊ မူရင်းလတ်ရေးမူတခုမာ ဖျစ်ဆီးခံရဟုယ် ဆိုဘီး တွိရှိရဟုယ်၊ ဆိုဘီး ပါရှိဟုယ်။ **3:13** **၃.၁၃**
ဗျာ ၂၁.၁

၁ ယောဟန်

ယောဟန်ရဲ့ ပထမပေးစာ

နိဒါန်း

ယောဟန်ရဲ့ ပထမပေးစာ ဟာ့် ခရစ်တော် မိုးဘီးန ၅၀ န ၁၀၀ ခုနှစ်ကြားမာ တမန်တော် ယောဟန်ဟ့ ရေးဟ့ားဟ့ယ်။ ယောဟန်ဟ့ာ သူ့ကိုယ်သူ စာရေးသူဖြစ် ဖော်ပြဟ့ားမျိုးဘဲ့ သူဟ့ာ ယေရှုရဲ့ ရှင်ပ့လန်ထမြောက်ရှင်းန သတ်ရှင်ရှင်းဟ့ို ဗြင်ရဟ့ူ သတ်သေ တယော့-က် ဖြစ်ဟ့ယ် ဆိုဘီးလည်း ဖော်ပြဟ့ားဟ့ယ် (၁.၁–၃)။ “ယောဟန်ရဲ့ ပထမပေးစာ” ရဲ့ စာရေးသားပေါင်စံဟ့ာ “ယောဟန်ရေးဟ့ားဟ့ူ ခရစ်တော်ရဲ့ ဒန်းကောန်း” ရဲ့ စာရေးသားပေါင်စံန ရရာတိုင်း ဆင်တူဟ့ယ်။ ယောဟန်ရေးဟ့ားဟ့ူ ခရစ်တော်ရဲ့ ဒန်းကောန်းန ယောဟန်ရဲ့ ပထမ၊ ဒုတိယ၊ တတိယ ပေးစာလေဟ့ို ဖေက်ဗြို့မာ နေနေဒူးမာ ယောဟန်ရေးဟ့ားဟ့ယ် ဆိုဘီး လတ်ခံဟ့ားဂေ့ဟ့ယ်။

သင်းတော်ဟ့ို “နောစတိ” ဆိုဘီး ခေါ်ဟ့ူ လူအောက်စုဟ့ ရရာတိုင်း ဒေါက်ခပေးနေဟ့ူ ခီမာ ယောဟန်ဟ့ာ အယ်ပေးစာဟ့ို ခရစ်ယာန်လေနားဟ့ို ရေးဟ့ားရှင်းဖြစ်ဟ့ယ်။ အယ်လူလေဟ့ ယေရှုဟ့ာ ဘုရားသခင် ဖြစ်ဟ့ယ် ဆိုဘီး ယောင်ကြည်ဘေမဲ့လည်း မ့လေဂီးထတ်မာ နေဒူးဟ့ လူ့ရဲ့ သွီးသားခန္ဓာန မူဟ့ ဆိုဘီးလည်း ယောင်ကြည်ဂေ့ဟ့ယ်။ အယ်ကြောန်းလေကြောန့် ယောဟန်ဟ့ာ ယေရှုရဲ့ သတ်ရှင်ရှင်းဟ့ို ဗြင်ဟ့ူသတ်သေ တယော့-က် ဖြစ်ဟ့ူကြောန်းန ယေရှုဟ့ို သူ့ရဲ့ လတ်လေန ထိတွိဟ့ားကြောန်းဟ့ိုလည်း ရေးဟ့ားလေဟ့ယ် (၁.၁–၃)။ အယ်ပေးစာရဲ့ ရည်ရွယ်ချစ်ဟ့ာ ဝန်းသာမူဟ့ို ပ့လဲ့ဝ ခံစားနိုင်ဂေ့ဟ့ို့တွပ် (၁.၄)၊ ယောင်ကြည်သူလေဟ့ို ပြစ်ဟ့နေ တားဆီးဟ့ို့တွပ် (၂.၁)၊ ယောင်ကြည်သူလေဟ့ို မ့ားယွင်းဟ့ူ သွန်သန်ရှင်းလေဟ့နေ ကာကွယ်ဟ့ို့တွပ်နာ (၂.၂၆) ယောင်ကြည်သူလေဟ့ို ကယ်တန်ခံရပီးဘီ ဆိုဇာဟ့ို စိခ့လဟ့ို့တွပ် ဖြစ်ဟ့ယ် (၅.၁၃)။

ကြောန်းရာ ကျဉ်းချောက်

၁။ ယောဟန်ဟ့ာ သူ့ရဲ့ ပေးစာဟ့ို နိဒါန်းပျိုးဟ့ားဘီး အယ်ပေးစာတွပ် ရည်ရွယ်ချစ်တခုဟ့ို ပေးဟ့ားဟ့ူကြောန်း (၁.၁–၄)

၂။ ဘုရားသခင်ဟ့ာ လန်းတော်ဖြစ်ဘီး ယေရှုသတ်ရှင်ဟ့ူကြောန့် နို့လေလည်း သတ်ရှင်ဟ့ယ် ဆိုဘီး ရှင်းပြဟ့ားဟ့ူကြောန်း (၁.၅—၂.၁၀)

၃။ ရှင်းရှင်းချစ်ဟ့ို့တွပ် ကျွန်တော်ဟ့ားလေဟ့ို ပ့လန်ဒီပေးဟ့ားဟ့ူကြောန်း (၂.၁၁—၅.၁၂)

၄။ သူ့ရဲ့ ပေးစာဟ့ို နိဂေါင်းချောက်ဟ့ားဟ့ူကြောန်း (၅.၁၃–၂၁)

သတ်ရှင်ဟူ စကားတော်

1 သတ်ရှင်ဟူ စကားတော်ကြောန်းဟို့ နို့လေဟ့ စာရေးလိုက်ဟ့ယ်။
အယ်စကားတော်ဟ့ စစဒူးဟ့ ရှိနေဟ့ယ်။ အယ်စကားတော်ဟို့ နို့လေဟ့
ကြားရဂေ့ဟ့ယ်။ နို့လေ ကိုယ်တိုင်ဟ့ မျစ်စိန ဗြင်ရဂေ့ဟ့ယ်။ နို့လေရဲ့လတ်န
စမ်းသပ်ဘီး ကေ့ရှုဂေ့ဟ့ယ်။
2 အယ်သတ်ဟ့ ပေါ်လာဟူ ခီမာ နို့လေဗြင်ရဂေ့ဟ့ယ်။ အယ်ကြောန့်
အယ်ကြောန်းဟို့ နို့လေဟ့ ဟောပြောဂေ့ဟ့ယ်။ ဖန တူးဒူရှိနေဟူ သတ်ဟ့ နို့လေမာ
ထန်ရှားဟူကြောန့် နို့လေဟ့ အယ်ထာဝရသတ်ကြောန်းဟို့ နန်းနို့ဟို့ သတ်သေခံဘီး
ကြေညာဂေ့ဟ့ယ်။
3 နို့လေဟ့ ဖနရော၊ သားတော် ယေရှုခရစ်နရော၊ မိတ်သဟာယဖွဲ့ရဂေ့ဟူကြောန့်
နန်းနို့ဟ့လည်း နို့လေနတူးဒူ အယ်မိတ်သဟာယမာ ပါဝမ်ခွမ့် ရဂေ့ဟို့တွပ် နို့လေ
ဗြင်ရကြားရဟူ ဇာလေဟို့ နန်းနို့ဟို့ ဖော်ပြဟ့ယ်။
4 နို့လေရဲ့* ဝန်းသာရှင်းဟို့ ပ့လဲ့ဝ ခံစားနိုင်ဂေ့ဟို့တွပ် အယ်ကြောန်းရာလေဟို့
စာရေးလိုက်ဟ့ယ်။

ဘုရားသခင်ဟ့ လန်းရောန်ဖြစ်ဟူကြောန်း

5 ဘုရားသခင်ဟ့ လန်းရောန်ဖြစ်ဟ့ယ်။ ကိုယ်တော်မာ မှောန်လောင်းဝ မွေ့ဟ့
ဆိုဘီး တရားစကားဟို့ နို့လေဟ့ ကိုယ်တော်ရဲ့ သားတော်နားဟ့နေ
ကြားရသိရဟူကြောန့် နန်းနို့ဟို့ ကြေညာဟ့ယ်။
6 အယ်ကြောန့် နို့လေဟ့ ကိုယ်တော်န မိတ်သဟာယဖွဲ့ ရဂေ့ဟ့ယ် ဆိုဘီး
မှောန်ထဲမာ ကျင်လည်နေဂေ့ဇာဟ့ နို့လေဟ့ လီညာပြောဆိုဟူ သူဖြစ်ဘီး
သမ္မာတရားဟို့ ကျင့်နေဂေ့ဇာ မူဟ့။
7 ကိုယ်တော်ဟ့ လန်းရောန်ထဲမာ ရှိနေမျိုးဘဲ့ နို့လေဟ့ လန်းရောန်ထဲမာ
ကျင်လည်ဂေ့ဟူကြောန့် ရှင်းရှင်း ယော့-က်နယော့-က် မိတ်သဟာယ ဖွဲ့ဂေ့ဟ့ယ်။
ဘုရားသခင်ရဲ့ သားတော် သခင်ယေရှုရဲ့ သွီးတော်ဟ့ နို့လေရဲ့ ပြစ်ဂူလောင်းဟ့နေ
စင်ကြယ်စေဟ့ယ်။
8 နို့လေဟ့ ပြစ်သားလေ မူဟ့ ဆိုဘီး ပြောမယ် ဆိုဟ့ နို့လေဟ့ ကိုယ့်ကိုယ်ကိုယ်
လှည့်ဇားဂေ့ဟ့ယ်။ နို့လေမာ သမ္မာတရားလည်း မွေ့ဟ့။
9 ကိုယ်ပြစ်လေဟို့ ဝန်ခ့လ တောန်းဗန်မယ် ဆိုဟ့ ဘုရားသခင်ဟ့
ဒိသစ်စာတည်ဘီး ဖြောန့်မတ်ဟူရှင် ဖြစ်ဟူကြောန့် နို့လေရဲ့ ပြစ်လေဟို့ လွှတ်ပေးဘီး
နို့လေဟို့ ဒုစရိုက်ညစ်ကြေး ဂူလောင်းဟ့နေ စင်ကြယ်စေဟ့ယ်။
10 နို့လေဟ့ ပြစ်ကျူးလွန်ဟူလူလေ မူဟ့ ဆိုဘီး ပြောမယ် ဆိုဟ့ ဘုရားသခင်ဟို့
မုသားပြစ်တန်ဂေ့ဟ့ယ်။ ဘုရားစကားဟ့လည်း နို့လေမာ မွေ့ဟ့။

1:1 ခ.၁ ယော ၁.၁ **1:2 ခ.၂** ယော ၁.၁၄ * **1:4 ခ.၄** နို့လေရဲ့၊ တချို့ မူရင်းလတ်ရေးမူလေမာ နန်းနို့ရဲ့၊ ဆိုဘီး ပါဟ့ယ်။

2

နို့လေဟို့ ကူညီဟူခရစ်တော်

1 ငါ့သားမီးလေ၊ နန်းနို့ဟို့ ပြစ်လောက်စေရှင်ဘဲကြောန့် အယ်စာဟို့
ငါရေးပေးလိုက်ဟုယ်။ ယော့-က်ယော့-က်ဟာ ပြစ်လောက်မိမယ် ဆိုဟာ ဖနားမာ
နို့လေတွပ် ကူညီဖြေရှင်းပေးဟူ ဖြောန့်မတ်ဟူ သခင်ယေရှုခရစ်တော် ရှိနေဟုယ်။
2 ကိုယ်တော်ဟာ နို့လေပြစ်မှု မကဘဲန ကမ္ဘာသူ ကမ္ဘာသား ဂူလောင်းရဲ့
ပြစ်ဖြေဇာကြောန်း ပူဇော်ဆစ်ကပ်ဟာ်းဟူ သခင်ဖြစ်တော်မူဟုယ်။
3 နို့လေဟာ ဘုရားသခင်ရဲ့ ပညတ်တော်လေဟို့ စောန့်ထီးနိုင်မှဘဲ့ ကိုယ်တော့်ဟို့
သိကျွမ်းဟူ လူလေဖြစ်ဂေ့ကြောန်းဟို့ သေးသေချားချာဟာ်း သိနိုင်ဟုယ်။
4 ကိုယ်တော့်ဟို့ ငါသိဟုယ် ဆိုဘီး ပညတ်တော်လေဟို့ စောန့်ဘဲ့ဟူလူဟာ
လူလီလူညာဖြစ်ဘီး သူမာလည်း သမ္မာတရား မ့ေဟု။
5 ကိုယ်တော်ရဲ့ စကားတော်ဟို့ နားထောန်လူဟာ တကယ်ဘဲ့ ဘုရားသခင်ရဲ့
ရှစ်ရှင်းမြစ်တာဟာ အယ်သူမာ မှန်တိုင်းဘဲ့ ပ့လဲဇောင်ဟုယ်။ အယ်မျိုးမှ
ကျွန်တော့်လေဟာ ဘုရားသခင်နန တလောင်းတဝဲ ဖြစ်ဟူကြောန်းဟို့
သေးသေချားချာဟာ်း သိဂေ့ဟုယ်။
6 ဘုရားသခင်နန တလောင်းတဝဲ ဖြစ်ဟူကြောန်းဟို့ သေးသေချားချာ သိဟူလူဟာ
သခင်ယေရှု ကျင့်မျိုး လိုက်ကျင့်ဟူလူ ဖြစ်ဟုယ်။

ပညတ်တော်သစ်ကြောန်း

7 ရှစ်ရဟူသူလေ၊ နန်းနို့နားဟို့ ငါရေးလိုက်ဟူစာလေဟာ ပညတ်တော်သစ် မူဟု။
စစဒူးဟု နန်းနို့ရဟာ်းဟူ ပညတ်ဟောန်းဘဲ့ ဖြစ်ဟုယ်။ အယ်ပညတ်တော်ဟောန်းဟာ
နန်းနို့ကြားရဟူ တရားတော်ဘဲ့ ဖြစ်ဟုယ်။
8 အယ်ဘေမဲ့ ခုနန်းနို့ဟို့ ငါရေးပေးလိုက်ဟူ ပညတ်တော်ဟာ သစ်ဖြစ်ဟုယ်။
အယ်မျိုး မှန်ဖြစ်ဟူကြောန်း ခရစ်တော်နရော၊ နန်းနို့နရော၊ သစ်ဖြစ်ဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ မ့ောန်ဟာရွေ့လျားကွယ်ပျော့-က်ဟာ်းဘီး စစ်မှန်ဟူ
လန်းရောန်ဟ့ ပေါ်လာကြောန့် ဖြစ်ဟုယ်။
9 လန်းရောန်မာ ကျင်လည်ဟုယ် ပြောဘီး ကိုယ့်ရဲ့ ညီကို မောန့နမဟို့ မူးနေဟူလူဟာ
ခုထိမ့ောန်မာ ကျင်လည်နေဟူလူ ဖြစ်ဟုယ်။
10 ညီကို မောန့နမဟို့ ရှစ်ဟူလူဟာ လန်းရောန်မာ ကျင်လည်ဟူလူ ဖြစ်ဟုယ်။ သူဟာ
ဖယ်သူ့ဟို့လည်း* မှားယွင်းစေဟို့ မူဟု။
11 အယ်ဘေမဲ့ ညီကို မောန့နမဟို့ မူးနေဟူ လူဟာ မ့ောန်မာနေဟူလူ ဖြစ်ဟုယ်။
မ့ောန်မာနေဟူကြောန့် သူဟာ ဖယ်နေရာဟို့ သွားဟုယ် ဆိုဇာ သိဟု။
12 သားမီးလေ၊ နန်းနို့ဟာ ခရစ်တော်ရဲ့ နာမတော်ကြောန့် ပြစ်လွတ်ဟာ်းဘီ ဆိုဇာ
နန်းနို့နားဟို့ ငါစာရေးလိုက်ဟုယ်။

2:7 ၂.၇ ယော ၁၃.၃၄ * **2:10** ၂.၁၀ ဖယ်သူ့ဟို့လည်း၊ အယ်မျိုးမှုဘဲနေဟာ နို့လေ။

13 ဖခင်လေ၊ နှန်းနို့လေဟှာ စစဒ္ဒးဟှ ရှိနေဟ္ဟသခင်ဟ့ိ သိဟ္ဟလူလေ ဖြစ်ဟ္ဟကြောန့်
နှန်းနို့လေနားဟ့ိ စာရေးလိုက်ဟှယ်။ ပျိုလူပျိုလေ၊ နှန်းနို့ဟှာ မာရ်နတ်ဟ့ိ
အောန်နိုင်ဟ္ဟကြောန့် နှန်းနို့နားဟ့ိ ငါစာရေးလိုက်ဟှယ်။

14 သားမီးလေ၊ နှန်းနို့ဟှာ ဖဟ့ိ သိဟ္ဟလူလေ ဖြစ်ဟ္ဟကြောန့် နှန်းနို့နားဟ့ိ ငါဟှာ
စာရေးလိုက်ဟှယ်။ နှန်းနို့လေဟှာ စစဒ္ဒးဟှ ရှိနေဟ္ဟ သခင်ဟ့ိ သိဟ္ဟလူလေ
ဖြစ်ဟ္ဟကြောန့် နှန်းနို့နားဟ့ိ ငါစာရေးလိုက်ဟှယ်။ ပျိုလူပျိုလေ၊ နှန်းနို့ဟှာ ခွန်အားရှိဘီး
ဘုရားသခင်ရဲ့ စကားတော်ဟ့ိ နှန်းနို့လေဟှာ မှီဝဲဆည်းကပ်ဘီး၊ မာရ်နတ်ဟ့ိ
အောန်ဟ္ဟကြောန့် နှန်းနို့နားဟ့ိ ငါစာရေးလိုက်ဟှယ်။

15 နှန်းနို့ဟှာ လောကန လောကီမာ ရှိဇာလေဟ့ိ ရှစ်ဂေ့န။ လောကဟ့ိ ရှစ်ဟ္ဟလူဟှာ
ဖဟ့ိ ရှစ်ဟှ။
16 ဖြားဖြစ်ကြောန်နှးဆိုဟှာ လောကီမာ ရှိဟ္ဟဇာလေဖြစ်ဟ္ဟ ကိုယ်ကာယ
တတ်မတ်စွဲလန်းရှင်းလေ၊ မျစ်စိနဖြင်ဘီး လိုရှင်တတ်မတ်ရှင်းလေ၊
စည်းဇိမ်အောက်စာ ဝါကြွားရှင်းလေဟှာ ဖန ဆိုင်ဟှ။ လောကနဘဲ့ ဆိုင်ဟှယ်။
17 လောကနတူးဒူ လူလေ တတ်မတ်ဟ္ဟဇာလေဟှာ ပျော့-က်ဟှားလေဟှယ်။
ဘုရားသခင်ရဲ့လိုတော်ဟ့ိ ဆောန်ဟ္ဟလူဟှာ ထာဝရတည်ဟှယ်။

ခရစ်တော်ရဲ့ ရန်သူကြောန်း

18 သားမီးလေ၊ နော့-က်ဆောင်းကာလမာ ခရစ်တော်ရဲ့ ရန်သူ ပေါ်လာဟ္ဟကြောန်းဟ့ိ
နှန်းနို့ ကြာရဂေ့ဟှယ်။ ခုဘဲ့ ခရစ်တော်ရဲ့ရန်သူ ဘောင်ဂီးပေါ်လာဟှယ်။ အယ်ချစ်ဟ့ိ
ကေ့ဟ္ဟ ဒီမာ ခုကာလဟှာ နော့-က်ဆောင်းကာလ ရော့-က်လာကြောန်းဟ့ိ နို့လေ
သိဂေ့ဟှယ်။

19 အယ်လူလေဟှာ ဖယ်ခါလည်း နို့လေန မိတ်သဟာယထဲမာ ပါဂေ့ဘဲန နို့လေ
နားဟှနေ ထွပ်ဟှားဂေ့ဟှယ်။ တကယ်ဟ့ိ နို့လေန ဆိုင်မယ် ဆိုဟှာ နို့လေန တူးဒူ
ရှိနေဂေ့လေ့မယ်။ သူးနို့ဟှာ မှန်ဘဲ့ နို့လေန ဆိုင်ဘဲဇာဟ့ိ ထန်ရှားဟ့ိုတွပ် သူးနို့ဟှာ
နို့လေနားဟှနေ ထွပ်ဟှားဂေ့ဟှယ်။

20 ခရစ်တော်ဟှာ နှန်းနို့ထတ်ဟ့ိ သန့်ရှင်းဟ္ဟဝိညာဉ်တော်ဟ့ိ
လောန်းခ့လလိုက်ဟ္ဟကြောန့် နှန်းနို့ ဂူလောင်းဟှာ သမ္မာတရားဟ့ိ သိဂေ့ဟှယ်။
21 နှန်းနို့နားဟ့ိ ငါစာရေးရဟ္ဟကြောန်းဟှ သမ္မာတရားဟ့ိ နှန်းနို့ သိဂေ့ဘဲကြောန့် မူဟှ။
သမ္မာတရားဟ့ိုရော၊ မုသားစကားဟှာ သမ္မာတရားန ဖယ်မျိုးလည်း ဆိုင်ဘဲ့ဇာဟ့ိ နှန်းနို့
သိဂေ့ဟ္ဟကြောန့် ဖြစ်ဟှယ်။

22 အယ်ကြောန့် ဖယ်သူဟှာ မုသားစကားဟ့ိ ပြောန္ဒး။ သခင်ယေရှုဟှာ
ခရစ်တော်မူဟှ ဆိုဘီး ပြောဟ္ဟလူဟှာ မုသားစကားဟ့ိ ပြောဟ္ဟသူဖြစ်ဟှယ်။
အယ်မျိုးလူဟှာ ခရစ်တော်ရဲ့ရန်သူ ဖြစ်ဟှယ်။ သူဟှာ ဖန သားတော်ဟ့ိ
ငြင်းပယ်ဟ္ဟလူ ဖြစ်ဟှယ်။

23 သားတော်ဟို့ ငြင်းပယ်လူဟှာ ဖဟို့ သိဟှ။ သားတော်ဟို့ ဝန်ခံဟူလူဘဲ့ ဖဟို့
သိဟှယ်။
24 အယ်ကြောန့် နန်းနို့ဟှာ စစဒူးဟှ ကြားရဟူ တရားတော်ဟို့ စိနှလောင်းထဲမာ
ထီးသီးဟှားဂေ့ပါ။ အယ်မျိုးလောက်မယ် ဆိုဟှာ သားတော်နရော၊ ဖနရော၊
တလောင်းတဝဲ ရှိဂေ့လေ့မယ်။
25 အယ်ဇာဟှ နို့လေဟို့ ခရစ်တော်ကိုယ်တိုင် ဒိထားဟှားဟူ ထာဝရသတ်ဘဲ့
ဖြစ်ဟှယ်။
26 နန်းနို့ဟို့ လမ်းမှားအောန် ကြိုးစားနေဂေ့ဟူ လူလေရဲ့ ကြောန်းနပတ်သတ်ဘီး
နန်းနို့နားဟို့ ငါစာရေးလိုက်ဟှယ်။
27 နန်းနို့ဟို့ ခရစ်တော်ဟှ သူ့ရဲ့ ဝိညာဉ်တော်ဟို့ နန်းနို့ထတ်ဟို့ လောန်းခ့လဟှယ်။
ဝိညာဉ်တော်ဟှာ နန်းနို့စိနှလောင်းထဲမာ ကိန်းဝပ်နေဟူ ကာလပတ်လောင်း နန်းနို့ဟို့
တခြားဖြားဇာလည်း သွန်သန်ပေးဇာ လိုဟှ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ ကိုယ်တော်ရဲ့
ဝိညာဉ်တော်ဟှာ နန်းနို့ဟို့ ရှိမျှဂူလောင်းဟို့ သွန်သန်ပေးဟူကြောန့် ဖြစ်ဟှယ်။
ဝိညာဉ်တော်ရဲ့ သွန်သန်ရှင်း ဂူလောင်းဟှာ မှန်ကန်ဘီး လီညာဟှားဇာ မှေ့ဟှ။
အယ်ကြောန့် နန်းနို့ဟှာ ဝိညာဉ်တော်ဟှ သွန်သန်ဟှားဟူတိုင်း လိုက်နာဘီး
လောက်ဆောန်ဂေ့ပါ။ ခရစ်တော်နှ တလောင်းတဝဲ ရှိဂေ့ပါ။
28 သားမီးလေ၊ ကိုယ်တော်ကြွလာဟူနေ့မာ နို့လေဟှာ ရှုစ်ကြော့-က်ရှင်းမှေ့ဘဲ့
ရှေ့တော်မာ ရဲရဲရင့်ရင့်ဖြစ်ဟို့တွပ် ကိုယ်တော်နှ တလောင်းတဝဲ ရှိနေဂေ့ပါ။
29 ဘုရားသခင်ဟှာ ဖြောန့်မတ်ဟှယ် ဆိုဇာဟို့ နန်းနို့ သိဂေ့ဟှယ်။ အယ်ကြောန့်
ဖြောန့်မတ်ရှင်းတရားဟို့ ကျင့်ဟူလူဟှာ ဘုရားသခင်ရဲ့ သားမီးလေ ဖြစ်ဟူကြောန်းဟို့
နန်းနို့သိဂေ့ဟှယ်။

3

ဘုရားသခင်ရဲ့ သားမီးလေကြောန်း

1 နို့လေဟှာ ဘုရားသခင်ရဲ့ သားမီးလေ ဆိုဘီး ခေါ်ခဲရဟူခွမ့်ဟို့ ရဂေ့ဟူကြောန့်
နို့လေဟို့ ဖဘုရားဟှာ ဖယ်မျလော့-က် ရှစ်နူးဆိုဟှာ ဆင်ခြင်ဂေ့ပါ။ နို့လေဟှာ
တကယ်ဘဲ့ ဘုရားသခင်ရဲ့ သားမီးလေ ဖြစ်ဂေ့ဟှယ်။ အယ်ကြောန့်
အယ်လောကသားလေဟှ နို့လေဟို့ သိဟှ။ ဖဟို့လည်း သိဟှ။
2 ရှစ်ရဟူသူလေ၊ ခုဟှ နို့လေဟှာ ဘုရားသခင်ရဲ့ သားမီးလေ ဖြစ်ဂေ့ဟှယ်။
နော့-က်မှ ဖယ်မျိုးဖြစ်မယ် ဆိုဇာ သေးသေချားချာဟှာ သိဟှဘေမဲ့
ခရစ်တော်ကြွလာဟူ ခီမာ ကိုယ်တော်ဖြစ်နေတိုင်း ဖူးဖြင်ရမယ် ဖြစ်ဟူကြောန့်
နို့လေဟှာ ကိုယ်တော်နှ တူဂေ့မယ် ဆိုဇာ သိရဂေ့ဟှယ်။
3 ခရစ်တော်ဟို့ မှိပြုဘီး အယ်မျိုးမျော်လင့်ဘီး တောန်းတလူဟှာ
ခရစ်တော်စင်ကြယ်မျိုးဘဲ ကိုယ့်ကိုယ်ကိုယ် စင်ကြယ်အောန် နေတတ်ဟှယ်။

3:1 ၃.၁ ယော ၁.၁၂

4 ပြစ်ဒုစရိုက်ဟို့ လောက်ရှင်းဟှာ ပညတ်တော်ဟို့ ခ့လိုးဖေ့-က်ရှင်း ဖြစ်ဟူကြောန့်
ပြစ်လွန်ကျူလူ မှန်မျှဟှာ ပညတ်တရားဟို့ ခ့လိုးဖေ့-က်ဟူလူ ဖြစ်ဟှယ်။
5 ကိုယ်တော်ဟှာ ပြစ်ဟို့ယူဆောန်ဟှားဟို့တွပ် ပေါ်လာဟူကြောန်းဟို့
နန်းနို့သိဂေ့ဟှယ်။ ကိုယ်တော်နှိုက် ပြစ် မ့ေဟှ။
6 ကိုယ်တော်န တလောင်းတဝဲ့ တည်နေဟူ လူတိုင်းဟှာ ပြစ်လောက်တတ်ဟှ။
ပြစ်လောက်နေဟူ လူတိုင်းဟှာ ကိုယ်တော့်ဟို့ သိမြင်သေးဟှ။
7 သားမီးလေ၊ ဖယ်သူလည်း နန်းနို့ဟို့ လှည့်ဇားစေန။ ခရစ်တော်ဟှာ
ဖြောန့်မတ်ဟူမျိုးဘဲ့ ဖြောန့်မတ်ရှင်းတရားဟို့ ကျင့်သောင်းဟူ လူဟှာ ဖြောန့်မတ်ဟူလူ
ဖြစ်ဟှယ်။
8 ပြစ်လောက်ဟူလူဟှာ မာရ်နတ်န ဆိုင်ဟူလူ ဖြစ်ဟှယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ
မာရ်နတ်ဟှာ စစဒူးဟှ ပြစ်လွန်ကျူဟူသူ ဖြစ်ဟှယ်။ ဘုရားသခင်ရဲ့
သားတော်ပေါ်လာရှင်းဟှ မာရ်နတ်လောက်ဟှားဟူ မူလေဟို့ ဖျစ်ပစ်ဟို့တွပ် ဖြစ်ဟှယ်။
9 ဘုရားသခင်ဟှနေ မွီးလာဟူ သားမီးလေဖြစ်ဟူကြောန့် ပြစ်လောက်တတ်ဟှ။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူမ ဘုရားသခင်ရဲ့ ဇာတိသဘောလေ ပါနေဟူကြောန့်
ဖြစ်ဟှယ်။ သူဟှာ ဘုရားသခင်ဟှနေ ပေါ့-က်လာဟူ သားမီးလေဖြစ်ဟူကြောန့်
ပြစ်ဟို့လောက်နိုင်ဟှ။
10 အယ်မျိုးလတ်ခဏာဟို့ ကေ့မယ် ဆိုဟှာ ဘုရားသခင်ရဲ့ သားမီးလေန မာရ်နတ်ရဲ့
သားမီးဟှာ ကွာခြားရှင်းဟို့ သိရဟှယ်။ ဖြောန့်မတ်ရှင်းတရားဟို့ ကျင့်ဘဲ့ဟူလူ၊
ကိုယ့်ရဲ့ ညီကို မောန်နှမလေဟို့ ရှစ်ဘဲ့ဟူလူဟှာ ဘုရားသခင်ရဲ့ သားမီး မူဟှ။

ရှင်းရှင်းရှစ်ဂေ့ပါ

11 နို့လေဟှာ ရှင်းရှင်းရှစ်ရမယ် ဆိုဟှားဟူ တရားတော်ဟို့ စစဒူးဟှ နန်းနို့ဟှာ
ကြားရဟူ ဒန်းစကားဖြစ်ဟှယ်။
12 မာရ်နတ်နဆိုင်ဟူ သူညီ အားဗေလဟို့ သတ်ဟူ ကာဂ္ဂနမျိုး ဖြစ်ဂေ့န။
ကာဂ္ဂနဟှာ သူညီဟို့ ဖြားဖြစ်ကြောန့်သတ်နူး။ သူကျင့်ဟှ ကောန်းဘဲဟူကြောန့်
သူညီကျင့်ဟှ ဖြောန့်မတ်ဟူကြောန့် ဖြစ်ဟှယ်။
13 အယ်ကြောန့် ညီကို မောန်နှမလေ၊ လောကသားလေဟှ နန်းနို့ဟို့ မူးဂေ့ဟူ ခီမာ
အံ့သြဂေ့န။
14 နို့လေဟှာ ကိုယ့်ရဲ့ ညီကို မောန်နှမလေဟို့ ရှစ်ဂေ့ဟူကြောန့် သေရှင်းဟှနေ
သတ်ရှင်ဟူနေရာဟို့ ကူးရဂေ့ကြောန်းဟို့ နို့လေဟှ သိဂေ့ဟှယ်။ ကိုယ့်ရဲ့ ညီကို
မောန်နှမလေဟို့ ရှစ်ဘဲ့ဟူလူဟှာ သေနေဟူ ဘဝမာဘဲ့ ရှိနေသေးဟှယ်။
15 ကိုယ့်ရဲ့ ညီကို မောန်နှမဟို့ မူးနေဟူလူဟှာ လူသတ်မားဖြစ်ဟှယ်။
လူသတ်မားဟှာ ထာဝရသတ်ဟို့ ရဘဲ့ကြောန်းဟို့ သိဂေ့ဟှယ်။
16 ခရစ်တော်ဟှာ နို့လေတွပ် သတ်စွန့်ဟူ မြစ်တာကြောန်းဟို့ နို့လေဟှာ သိဂေ့ဟှယ်။
နို့လေဟှလည်း ကိုယ့်ရဲ့ ညီကို မောန်နှမလေတွပ် သတ်ဟို့ စွန့်ရဂေ့ဟှယ်။

3:11 ၃.၁၁ ယော ၁၃.၃၄ **3:14 ၃.၁၄** ယော ၅.၂၄

17 လောကီစည်းစိမ် အောက်စာလေ ကြွယ်ဝဟူလူဖြစ်ဘီး ကိုယ့်ရဲ့ ညီကို
ယော့-က်ယော့-က်ဟု ဆင်းရဲရှင်းဟို ဗြင်ဟူ ခီမာ သနားကြင်နာမှု မွေ့ဘဲနေဆိုဟု
ဖယ်မျိုး ဘုရားသခင်ရဲ့ မြစ်တာတော်ဟု ရှိနိုင်ဟို့နူး။
18 သားမီးလေ၊ နို့လေရဲ့ မြစ်တာဟု နှောက်ဖြားမာဘွဲ့ရှိဟူ ရှစ်ရှင်းမြစ်တာမျိုး
ဖြစ်သင့်ဟု။ လတ်တို့ ဖော်ပြရဟူ မြစ်တာစစ်မြစ်တာမှန် ဖြစ်ရမယ်။

ဘုရားသခင်ရှေ့မာ ရဲရင့်ဟူခွမ့်

19 အယ်မျိုးနည်းအားဖြင့် နို့လေဟု သမ္မာတရားနဆိုင်ဟူ လူဖြစ်ဟူကြောန်းဟို့
သိနိုင်ဟုယ်။ ဘုရားသခင်ရဲ့ ရှေ့မာလည်း ကိုယ့်ရဲ့ စိနှလောင်းဟု
သတ်သာဂေ့လေ့မယ်။
20 နန့်စိနှလောင်းဟု နန့်ဟို့ ပြစ်တန်ခံရဟူ ခီမာ ဘုရားသခင်ဟု နို့လေရဲ့
စိနှလောင်းထတ် ကီးမြတ်ကြောန်း၊ ကိုယ်တော်ဟု မှုရှိမျှဂူလောင်းဟို့ သိကြောန်းဟို့
နို့လေဟု သိဂေ့ဟုယ်။
21 အယ်ကြောန့် ရှစ်ရဟူသူလေ၊ နို့လေရဲ့ စိနှလောင်းဟု နို့လေဟို့ ပြစ်တန်ဘဲန
နေမယ် ဆိုဟု နို့လေဟု ဘုရားသခင်ရှေ့မာ ရဲရင့်ဟူခွမ့်ဟို့ ရဂေ့ဟုယ်။
22 နို့လေဟု ကိုယ်တော်ရဲ့ ပညတ်တော်ဟို့ စောန့်ဟူလူလေ၊ ကိုယ်တော်
နှစ်သက်ဟူမူလေဟို့ လောက်ဟူလူလေ ဖြစ်ဟူကြောန့် နို့လေ တောန်းရှော့-က်ရှင်း
မှန်မျှဟု ဘုရားသခင်နားဟု ရဂေ့ဟုယ်။
23 ကိုယ်တော်ရဲ့ ပညတ်တော်ဟု နို့လေဟု ဘုရားသခင်ရဲ့ သားတော် ယေရှုခရစ်ရဲ့
နာမတော်ဟို့ ယောင်ကြည်ရမယ်။ အယ်သခင် ပြောဟုားဟူတိုင်းဘဲ့ ရှင်းရှင်း
တယော့-က်ဟို့ယော့-က် ရှစ်ရမယ် ဆိုဘီး ပြောဟုားဟုယ်။
24 ဘုရားသခင်ရဲ့ ပညတ်တော်လေဟို့ စောန့်ဟူလူဟု ဘုရားသခင်န
တလောင်းတဝဲဖြစ်ဘီး ဘုရားသခင်ဟုလည်း အယ်လူန တလောင်းတဝဲ ဖြစ်ဟုယ်။
အယ်မျိုး ဖြစ်ဟူကြောန်းဟို့ ကိုယ်တော်ပေးဟုားဟူ ဝိညာဉ်တော်ကြောန့် နို့လေ
သိဂေ့ဟုယ်။

4

သမ္မာတရားဝိညာဉ်တော်န မိဆာဝိညာဉ်

1 ရှစ်ရဟူသူလေ၊ ရရာတိုင်းများဟူ ပရောဖက်တုယောန်လေဟု အယ်လောကမာ
ပေါ်လာဂေ့ဘီ ဖြစ်ဟူကြောန့် ဝိညာဉ်တိုင်းဟို့ ယောင်ကြည်ဘဲန အယ်ဝိညာဉ်လေဟု
ဘုရားသခင်န ဆိုင်လား၊ ဆိုင်ဟုလား ဆိုဇာ စစ်ဆေးဂေ့ပါ။
2 ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟောက်လော၊ ဟောက်ဟုလော၊ ဆိုဇာ နန်းနို့ဟု
အယ်မျိုးနည်းအားဖြင့် သိနိုင်ဟုယ်။ သခင်ယေရှုခရစ်ဟု လူဇာတိခံယူဘီးဟု
ကြွလာဟုယ် ဆိုဇာဟို့ ဝန်ခံဟူလူဟု ဘုရားသခင်နားဟုနေ ကြွလာဟူ ဝိညာဉ်တော်ဟို့
ခံရဟူလူ ဖြစ်ဟုယ်။

3:23 ၃.၂၃ ယော ၁၃.၃၄; ၁၅.၁၂,၁၇

3 လူဇာတိအားဖြင့် ကြွလာဟူ ယေရှုခရစ်ဟို ဝန်ခံဘဲဟူလူဟာ ဘုရားသခင်နားဟ
ကြွလာဟူ ဝိညာဉ်တော်ဟို ခံရဟ်ားဟူလူ မူဟ့။ အယ်လူထဲမာ
ကိန်းဝပ်နေဟူဝိညာဉ်ဟာ ခရစ်တော်ရဲ့ ရန်သူဖြစ်ဟ့ယ်။ ခရစ်တော်ရဲ့ရန်သူ ဝိညာဉ်ဟာ
အယ်လောကဟို ရော့-က်လာဟို့ကြောန်းဟို နန်းနို့ဟာ ကြားရဟ်ားဘီး ဖြစ်ဟူကြောန့်
သူဟာ ခုဘဲ့ ရော့-က်လာနေဘီ ဖြစ်ဟ့ယ်။

4 သားမီးလေ၊ နန်းနို့ဟာ ဘုရားသခင်န ဆိုင်ဂေ့ဟူကြောန့် အယ်လူလေဟို့လည်း
အောန်ဂေ့ဟ့ယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်းနို့ဖတ်မာ ရှိနေဟူသူဟာ လောကဖတ်မာ
ရှိနေဟူလူထတ် ပိုဘီး ဟာ အားကီးဟ့ယ်။

5 အယ်လူလေဟာ လောကနဆိုင်ဟူ လူလေဖြစ်ဂေ့ဟ့ယ်။ အယ်ကြောန့် လောကရဲ့
ကြောန်းရာလေဟို့ဘဲ ပြောဂေ့ဟ့ယ်။ လောကသားလေဟ့လည်း သူးနို့စကားဟို့ဘဲ
နားထောန်ဂေ့ဟ့ယ်။

6 နို့လေဟ့ ဘုရားသခင်န ဆိုင်ဟ့ယ်။ ဘုရားသခင်ဟို့ သိဟူလူဟာ နို့လေရဲ့
စကားဟို့ နားထောန်တတ်ဟ့ယ်။ ဘုရားသခင်န ဆိုင်ဘဲဟူလူဟာ နို့လေရဲ့ စကားဟို့
နားထောန်တတ်ဟ့။ အယ်ကြောန့် သမ္မာတရားဝိညာဉ်န မိဆာဝိညာဉ်ဟို့ ပိုင်းခြားဘီး
သိဂေ့ဟ့ယ်။

ဘုရားသခင်ဟာ ရှစ်ရှင်းမြစ်တာဖြစ်ကြောန်း

7 ရှစ်ရဟူသူလေ၊ နို့လေဟာ ရှင်းရှင်းရှစ်ဂေ့ဇို့။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
ရှစ်ရှင်းမြစ်တာဟာ ဘုရားသခင်န ဆိုင်ဟူကြောန့် ရှစ်တတ်ဟူလူဟာ ဘုရားသခင်ဟာနေ
ပေါ့-က်လာဟူ သားမီးလေဖြစ်ဟ့ယ်။ ဘုရားသခင်ဟို့သိဟူ လူလည်းဖြစ်ဟ့ယ်။

8 ရှစ်ရှင်းမြစ်တာ မ့ေဘဲဟူလူဟာ ဘုရားသခင်ဟို့ သိဟ့။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
ဘုရားသခင်ဟာ ရှစ်ရှင်းမြစ်တာဖြစ်တော်မူဟ့ယ်။

9 နို့လေဟာ သားတော်အားဖြင့် သတ်ရှင်ဟို့တွပ် ဘုရားသခင်ဟာ သူ့ရဲ့
တပါးဒဲဖြစ်ဟူ သားတော်ဟို့ အယ်လောကဟို့ စေလွတ်လိုက်ဇာဟာ နို့လေဟို့
ရရာတိုင်းရှစ်ဟူ မြစ်တာတော်ဟာ ထန်ရှားနေဟ့ယ်။

10 နို့လေဟာ ဘုရားသခင်ဟို့ရှစ်ဇာ မူဟ့။ ဘုရားသခင်ဟာဘဲ့ နို့လေဟို့ ရှစ်ဘီးဟာ
နို့လေဟာ ပြစ်ဖြေလွတ်ခံရဘီး ပူဇော်ဆစ်ကပ်ဟူဖြစ်န သူ့ရဲ့ သားတော်ဟို့
စေလွတ်လိုက်ဇာမာ ရှစ်ရှင်းမြစ်တာရှိဟ့ယ်။

11 ရှစ်ရဟူသူလေ၊ ဘုရားသခင်ဟာ နို့လေဟို့ အယ်မျလော့-က်ရှစ်ဟ့ယ် ဆိုဇာဟို့
မှန်ဟ့ယ် ဆိုဟာ နို့လေဟ့လည်း ရှင်းရှင်းရှစ်ရမယ်။

12 ဘုရားသခင်ဟို့ ဖယ်သူလည်း မြင်ရဘေမဲ့ နို့လေဟာ ရှင်းရှင်းရှစ်မယ် ဆိုဟာ
ဘုရားသခင်ဟာ နို့လေမာတည်နေဘီး ဘုရားသခင်ရဲ့ ရှစ်ရှင်းမြစ်တာဟာ
နို့လေမာလည်း ပ့လဲဇောင်လေဟ့ယ်။

4:12 ၄.၁၂ ယော ၁.၁၈

13 ဘုရားသခင်ဟာ သူ့ရဲ့ ဝိညာဉ်တော်ဟို့ နို့လေဟို့ ပေးဟူကြောန့် နို့လေဟာ
ဘုရားသခင်မာတည်ဘီး ဘုရားသခင်ဟာလည်း နို့လေမာ တည်နေဟူကြောန်းဟို့ နို့လေ
သိဂေ့ဟာယ်။
14 ဖဟာ သားတော်ဟို့ လောကရဲ့ ကယ်တန်ရှင်နေန လွှတ်လိုက်ဇာဟို့ နို့လေဟာ
ဖြင်ဘီး သတ်သေခံဂေ့ဟာယ်။
15 ဖယ်သူမဆို ယေရှုဟာ ဘုရားသခင်ရဲ့ သားတော် ဖြစ်ဟူကြောန်းဟို့ ဝန်ခံမယ်
ဆိုဟာ ဘုရားသခင်ဟာ အယ်လူမာတည်ဘီး အယ်လူဟာလည်း ဘုရားသခင်မာ
တည်နေဟာယ်။
16 နို့လေမာ ဘုရားသခင်ထားဟားဟူ ရှစ်ရှင်းမြစ်တာဟို့သိဘီး
ယောင်ကြည်ဂေ့ဟာယ်။ ဘုရားသခင်ဟာ ရှစ်ရှင်းမြစ်တာဖြစ်တော်မူဟာယ်။
ရှစ်ရှင်းမြစ်တာနှိုက် ရှိဟူလူဟာ ဘုရားသခင်နှိုက်ရှိဟာယ်။ ဘုရားသခင်ဟာလည်း
အယ်လူနှိုက်ရှိတော်မူဟာယ်။
17 နို့လေမာ ကိုယ်တော်ရဲ့ မြစ်တာဟာ ပုလဲ့ဝစောင်လင်ဟူကြောန့်
တရားစီရင်ဟူနေ့မာ နို့လေဟာ ရဲရင့်တည်ကြည်ဇာဟို့ ရဂေ့လေ့မယ်။
ဖြားဖြစ်ကြောန်နှးဆိုဟာ လောကမာ နို့လေဟာ ခရစ်တော်မျိုးဘဲ့
သတ်ရှင်ဂေ့ကြောန့်ဖြစ်ဟာယ်။
18 ရှစ်ရှင်းမြစ်တာမာ ကြော့-က်စိ မ့ေဟာ့။ ပုလဲ့ဝစောင်လင်ဟူ မြစ်တာဟာ
ကြော့-က်စိဟို့ ဖယ်ရှားပေးဟာယ်။ ကြော့-က်စိဟာ ပြစ်ဒန်ခံရဇာဟို့
စောန့်မျော်တတ်ဟူကြောန့် ကြော့-က်စိရှိဟူသူမာ မြစ်တာနပုလဲ့ဇောင်ဇာ မ့ေဟာ့။
19 ဘုရားသခင်ဟာ နို့လေဟို့ ရင်ဦးဆောင်း ရှစ်ဟူကြောန့် နို့လေဟာ ကိုယ်တော့်ဟို့
ရှစ်ဂေ့ဟာယ်။
20 ဘုရားသခင်ဟို့ ရှစ်ဟာယ် ဆိုဘီး ညီကိုဟို့ မူးနေဟူလူဟာ လီညာဟူလူ ဖြစ်ဟာယ်။
ဖြားဖြစ်ကြောန်နှးဆိုဟာ မျစ်စိန ဖြင်ရဟူ ညီကိုဟို့ ရှစ်နိုင်ဘဲ့ဟူလူဟာ မျစ်စိန
ဖြင်ရဘဲ့ဟူ ဘုရားသခင်ဟို့ ဖယ်မျိုးရှစ်နိုင်ဟို့နှး။
21 ဘုရားသခင်ဟို့ ရှစ်ဟူလူဟာ ကိုယ့်ရဲ့ ညီကိုဟို့ ရှစ်ရမယ် ဆိုဘီး ပညတ်တော်ဟို့
နို့လေဟာ ခရစ်တော်နားဟ ခံရဂေ့ဟာယ်။

5

လောကဟို့ အောန်ဟူကြောန်း

1 ယေရှုဟာ ခရစ်တော်ဖြစ်ဟာယ် ဆိုဇာဟို့ ယောင်ကြည်ဟူလူဟာ ဘုရားသခင်ဟ့နေ
ပေါ့-က်လာဟူ သားမီးလေဘဲ့ ဖြစ်ဟာယ်။ ဖဟို့ ရှစ်ဟူလူဟာ သားဟို့လည်း
ရှစ်တတ်ဟာယ်။
2 နို့လေဟာ ဘုရားသခင်ဟို့ ရှစ်ဘီး ဘုရားသခင်ရဲ့ ပညတ်တော်လေဟို့
လိုက်နာဘီးကျင့်မယ် ဆိုဟာ အယ်မူရာလေအားဖြင့် နို့လေဟာ ဘုရားသခင်ရဲ့
သားမီးလေဟို့ ရှစ်ကြောန်းဟို့ နို့လေ သိဂေ့ဟာယ်။

3 ဘုရားသခင်ဟို့ ရှစ်ဟုယ် ဆိုဇာဟုာ ဘုရားသခင်ရဲ့ ပညတ်တော်လေဟို့
လိုက်ရှော့-က်ရှင်းဘဲ့ ဖြစ်ဟုယ်။ ဘုရားသခင်ရဲ့ ပညတ်တော်လေဟို့
လိုက်ရှော့-က်ရှင်းဟုာ ခတ်ခဲဇာ မူဟု။
4 ဖြားဖြစ်ကြောန့်နူးဆိုဟုာ ဘုရားသခင်ဟုနေ ပေါ့-က်လာဟူ သားမီးလေဟုာ
လောကဟို့ အောန်နိုင်ဂေ့ဟုယ်။ နို့လေရဲ့ ယောင်ကြည်ရှင်းကြောန့် လောကဟို့
အောန်ဂေ့ဟုယ်။
5 သခင်ယေရှုဟုာ ဘုရားသခင်ရဲ့ သားတော်ဖြစ်ဟုယ် ဆိုဇာဟို့ ယောင်ကြည်ဟူသူမှ
တပါး ဖယ်သူဟု လောကဟို့ အောန်နိုင်နူး။

သခင်ယေရှုကြောန်း သတ်သေခံကြောန်း

6 ယေရှုခရစ်ဟုာ ရေအားဖြင့် ဗတ္တိဇံဟို့ခံဘီး၊ သွီးတော်ဟို့ သွန်းဘီး၊ သေခံဘီး
ကြွလာဟူသခင် ဖြစ်ဟုယ်။ ကိုယ်တော်ဟုာ ရေအားဖြင့်ဘဲ့ ကြွလာရှင်း မူဟု။
ရေနရော၊ သွီးနရော ကြွလာဟုယ်။ ဝိညာဉ်တော်ဟုာ သမ္မာတရားဖြစ်ဘီး
ကြွလာဟူကြောန်းဟို့ သတ်သေခံဟုယ်။
7 သတ်သေခံ သောင်းပါး ရှိလေဟုယ်။
8 အယ်သောင်းပါးဟုာ ဝိညာဉ်တော်၊ ရေ၊ သွီးလေဖြစ်ဂေ့ဘီး အယ်သောင်းပါးဟုာ
တလောင်းတဝဲ ဖြစ်ဂေ့ဟုယ်။
9 နို့လေဟုာ လူလေရဲ့ သတ်သေခံဇာဟို့ လတ်ခံတတ်ဂေ့ဟုယ်။ ဘုရားသခင်ရဲ့
သတ်သေခံချစ်ဟုာ လူလေရဲ့ သတ်သေခံချစ်ထတ် ပိုဘီး ဟုာ ခိုင်လောင်ဟုယ်။
ဘုရားသခင်ဟုလည်း သားတော်ကြောန်းဟို့ သတ်သေခံရှင်း ဖြစ်ဟုယ်။
10 ဘုရားသခင်ရဲ့ သားတော်ဟို့ ယောင်ကြည်လူဟုာ အယ်သတ်သေခံချစ်ဟို့
စိနှလောင်းထဲမာ ရဟုာ်းဟုယ်။ ဘုရားသခင်ဟို့ ယောင်ကြည်ဘဲ့ဟူ လူဟုာ
ဘုရားသခင်ဟို့ မုသားသောင်းဘီး ပြစ်တန်ဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟုာ
ဘုရားသခင်ဟုာ သူ့ရဲ့ သားတော်န ပတ်သတ်ဘီး သတ်သေခံရှင်းလေဟို့ အယ်လူဟုာ
ယောင်ကြည်ဘဲကြောန့် ဖြစ်ဟုယ်။
11 အယ်သတ်သေခံချစ်ဟု ဘုရားသခင်ဟုာ နို့လေဟို့ ထာဝရသတ်ဟို့ပေးဘီး
အယ်သတ်ဟုာ သားတော်မာပါဟုယ်။
12 သားတော်ဟို့ ရဟူလူဟုာ သတ်ဟို့ရဟုယ်။ ဘုရားသခင်ရဲ့ သားတော်ဟို့
ရဘဲ့ဟူလူဟုာ သတ်ဟို့ရဟု။

ထာဝရသတ်ကြောန်း

13 ဘုရားသခင်သားတော်ရဲ့ နာမတော်ဟို့ ယောင်ကြည်ဟူ နန်းနို့ဟုာ ထာဝရသတ်ဟို့
ကိုယ်တိုင်ရဟုယ် ဆိုဇာဟို့ သိစေဟို့တွပ် အယ်ဇာလေဟို့ နန်းနို့လေဟို့
ငါရေးပေးလိုက်ဟုယ်။

5:3 ၅.၃ ယော ၁၄.၁၅ **5:11 ၅.၁၁** ယော ၃.၃၆

14 ဘုရားသခင်မာ နို့လေထားဟုားဟူ ယောင်ကြည်စိခ့လမူဟုာ နို့လေဟုာ
လိုတော်နညီဟူဇာ တခုခုဟို့ တောန်းမယ် ဆိုဟုာ ဘုရားသခင်ဟုာ နားထောန်လေ့မယ်။
15 နို့လေ ဆုတောန်းဇာမုန်မျှဟို့ နားထောန်ဟုယ် ဆိုဘီး နို့လေသိဟုယ် ဆိုဟုာ
ဘုရားသခင်နားဟု တောန်းလျှော့-က်ဇာလေဟို့ နို့လေရပီးဘီ ဆိုဇာဟို့ နို့လေ
သိဂေ့ဟုယ်။
16 ညီကိုတယော့-က်ဟုာ သတ်ဝိညာဉ် ဆောင်းရှောင်းရှင်းဟုလွဲဘီး တခြားပြစ်
တခုခုဟို့ လွန်ကျူးမယ် ဆိုဟုာ သူ့တွပ်ဘုရားသခင်မာ တောန်းလျှော့-က်လိုက်။
ကိုယ်တော်ဟုာ သူ့ဟို့ သတ်ပေးလေ့မယ်။ အယ်ဘေမဲ့ သတ်ဝိညာဉ်ဆောင်းရှောင်းဟူ
ပြစ်ဆိုဇာရှိဟုယ်။ အယ်ပြစ်မျိုးဟို့ လွန်ကျူးဟူ လူလေတွပ် ဆုတောန်းရမယ် ဆိုဘီး
ငါဆိုလိုဟု။
17 ဒုစရိုက်မုန်မျှဟုာ ပြစ်ဖြစ်ဟုယ်။ အယ်ဘေမဲ့ သတ်ဝိညာဉ်ဟို့
ဆောင်းရှောင်းနိုင်ဘဲဟူ ပြစ်လည်းရှိဟုယ်။
18 ဘုရားသခင်ဟုနေ ပေါ့-က်လာဟူ သားမီးလေ ဖြစ်ဟူကြောန့်
ပြစ်လောက်တတ်ဘဲဟူကြောန်းဟို့ နို့လေသိဂေ့ဟုယ်။ သူ့ဟို့ ဘုရားသခင်ဟုာ
စောန့်ထီးပေးဟူကြောန့် မာရ်နတ်ဟုာ အယ်လူဟို့ ထိခိုက်နိုင်ဟု။
19 ကမ္ဘာလောက တခုလောင်းဟုာ မာရ်နတ်ရဲ့တဂိုးလေ လွှမ်းမိုးဟုားကြောန့်
နို့လေဟုာ ဘုရားသခင်န ဆိုင်ဟူကြောန်းဟို့ နို့လေဟု သိဂေ့ဟုယ်။
20 ဘုရားသခင်ရဲ့ သားတော်ဟုာ လောကဟို့ ကြွလာဘီးဟုာ နို့လေဟို့
ဘုရားစစ်ဘုရားမှန်ဟို့ သိနိုင်ဟူဉာဏ်ဟို့ ပေးဟူကြောန့် နို့လေဟု သိရဟုယ်။
နို့လေဟုာ ဘုရားသခင်ရဲ့ သားတော် ယေရှုခရစ်နရော၊ ဘုရားစစ် ဘုရားမှန်ဖြစ်ဟူ
ဘုရားသခင်နရော၊ တလောင်းတဝဲ ရှိဂေ့ဟုယ်။ ကိုယ်တော်ဟုာ ဘုရားစစ်ဘုရားမှန်
ဖြစ်ဟုယ်။ ထာဝရသတ်လည်း ဖြစ်ဟုယ်။
21 သားမီးလေ၊ နန်းနို့ဟုာ ဘုရားတုယောန်လေဟို့ ရှောန်ဂေ့ပါ! ယောဟန်ရဲ့
ပေးစာပီးဘီ။

၂ ယောဟန်
ယောဟန်ရဲ့ ဒုတိယပေးစာ
နိဒါန်း

ယောဟန်ရဲ့ ဒုတိယပေးစာ ဟာ ခရစ်တော် မိုးဘီးန ၅၀ န ၁၀၀ ခုနှစ်ကြားမာ
တမန်တော် ယောဟန်ဟု ရေးဟားဟုယ်။ ယောဟန်ဟာ သူ့ကိုယ်သူ စာရေးသူဖြစ်
ဖော်ပြဘဲန သတ်ကီးသူဖြစ် ဖော်ပြဟားဟုယ်။ ယောဟန်ရဲ့ ဒုတိယပေးစာထဲဟု
ရရာတိုင်း တူဟူကြောန်းရာလေဟို့ ယောဟန်ရေးဟားဟူ ခရစ်တော်ရဲ့
ဒန်းကောန်းထဲမာ တွိရဟုယ်။ ရှင်းရှင်းရှစ်ရမယ် ဆိုဘီး ယေရှုရဲ့ ပညတ်ဟားဟူဇာန
ကိုယ်တော်ရဲ့ ပညတ်တော်ဟို့ လိုက်ရှော့-က်ရှင်းဟာ ယေရှုဟို့ ရှစ်ဟူဇာ ဖြစ်ဟုယ်
ဆိုဇာဟာ တူးဒူဖြစ်ဟုယ် ဆိုဘီး လေးလေးနတ်နတ်ဟား ဖော်ပြဟားဟုယ် (၁.၅-၆;
ယော ၁၅.၉-၁၀)။ ယောဟန်ရေးဟားဟူ ခရစ်တော်ရဲ့ ဒန်းကောန်းန ယောဟန်ရဲ့
ပထမ၊ ဒုတိယ၊ တတိယ ပေးစာလေဟို့ ဖေက်ဗြို့မာ နေနေဒူးမာ
ယောဟန်ရေးဟားဟုယ် ဆိုဘီး လတ်ခံဟားဂေ့ဟုယ်။

ယောဟန်ဟာ အယ်ပေးစာဟို့ ဝီးကော့-က်ခံရဟူ မီးမန သူ့သားမီးလေဟို့
ရေးဟားဟုယ်။ သူဟာ သင်းတော်တပါးဟို့ ရည်ညွှန်းဟားလေဟုယ်။ အယ်ပေးစာရဲ့
ရည်ရွယ်ချစ်ဟာ သင်းတော်ဟို့ အားပေးဟို့နှ ဆရာတုယောန်လေအားဖြင့်
လမ်းလွဲဘဲအောန် ဒီပေးဟို့တွပ် ဖြစ်ဟုယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ယောဟန်ဟာ အယ်ပေးစာဟို့ ဖယ်လူတွပ် ဖြစ်ဟုယ် ဆိုဇာဟို့ ပြောရင်းန
မိတ်ဆစ်ဟားဘီး ပေးစာလတ်ခံရရှိဟူ လူလေဟို့ နှောက်ဆစ်ဟားဟူကြောန်း
(၁.၁-၃)

၂။ သူဟာ သင်းတော်ဟို့ အားပေးဘီးန ကီးမြတ်ဟူ စေခိုင်းချစ်ဟို့ မေ့ဘဲနေအောန်
ပုလန်ဘီး ဒီပေးဟားဟူကြောန်း (၁.၄-၆)

၃။ သူဟာ ဆရာတုယောန်လေအားဖြင့် လမ်းလွဲဘဲအောန် ဒီပေးဟားဟူကြောန်း
(၁.၇-၁၁)

၄။ ယောဟန်ဟာ သူ့ပေးစာဟို့ သူ့ရဲ့ သင်းသားလေနားဟုနေ သယ်ဆောန်လာဟူ
နှောက်ဆစ်စကားလေန နိဂေါင်းချောက်ဟားဟူကြောန်း (၁.၁၂-၁၃)

1 သတ်ကီးဟူ သူဖြစ်ဟူ ငါဟာ —
သမ္မာတရားအားဖြင့် ငါရှစ်ရဟူ၊ ဝီးကော့-က်ခံရဟူ၊ ဂေါင်သရေရှိဟူ မီးမဂီးန
သူ့ရဲ့ သားမီးလေ *နားဟို့ စာရေးလိုက်ပါဟုယ်။ နန်းနို့လေဟို့ ငါတယော့-က်ဟားဘဲ့

* **1:1 ၁ မီးမဂီးန သူ့ရဲ့ သားမီးလေ၊** အယ်ကြောန်းရာဟု သင်းတော်န သင်းဝမ်သူလေဟို့ ရည်ညွှန်းဟားဟုယ် (ခန်းငယ် ၄-၅ မာလည်း)။

ရှစ်ဟူဇာမူဘဲ သမ္မာတရားဟို့ သိဟူ သူအားလောင်းဟုလည်း နန်းနို့လေဟို့
ရှစ်ဂေ့ပါဟုယ်။ 2 ဖြားဖြစ်ကြောန့်နူးဆိုဟုာ သမ္မာတရားဟုာ နို့လေရဲ့
စိနှလောင်းမာတည်ဘီး နို့လေနတူးဒူ ကာလစဉ်ဆစ် ရှိနေဟူကြောန့် ဖြစ်ပါဟုယ်။
3 နို့လေရဲ့ဖ ဖြစ်ဟူ ဘုရားသခင်နားဟုရော၊ ဖရဲ့ သားတော်
ယေရှုခရစ်တော်နားဟုရော ကျေးဇူးတော်၊ ကရုဏာတော်နဲ့ ငြိသတ်ရှင်းဟုာ
သမ္မာတရားဟို့ သိဘီး ရှင်းရှင်းရှစ်ဂေ့ဟူ နို့လေထတ်ဟို့ သတ်ရော့-က်ပါစေ။

သမ္မာတရားန မြစ်တာတရားကြောန်း

4 နို့လေဟုာ ဖဘုရားနားမာ ပညတ်တော်ဟို့ ခံရဟူတိုင်း နန့်ရဲ့ သားမီးတချို့ဟုာ
သမ္မာတရားထဲမာ ကျင်လည်နေဂေ့ရှင်းဟို့ ငါတွံရဟူ ခီမာ ရရာတိုင်း ဝန်းသာရပါဟုယ်။
5 အယ်ကြောန့် ဂေါင်သရေရှိဟူ မီးမဂီး ခု ပညတ်တော်သစ်ဟို့ ရေးဘဲန နို့လေမာ
ရင်ဂဒဲဟုရှိနေဟူ ပညတ်တော်တိုင်း နို့လေရှင်းရှင်း ရှစ်ရှင်းမြစ်တာ ရှိဂေ့ဟို့တွပ် နန့်ဟို့
ငါ တိုက်တွန်းပါဟုယ်။
6 ရှစ်ရှင်းမြစ်တာ ဆိုဇာဟုာ ကိုယ်တော်ရဲ့ ပညတ်တော်တိုင်း
သတ်ရှင်ရှော့-က်လှမ်းရှင်း ဖြစ်ဟုယ်။ အယ်ပညတ်တော်ဟု စဉ်းဟုနေဘီး
နန်းနို့ကြားရဟူတိုင်း ရှစ်ရှင်းမြစ်တာဟို့ ကျင့်သောင်းရမယ် ဆိုဘီး ဆိုလိုရှင်း
ဖြစ်ဟုယ်။
7 ဖြားဖြစ်ကြောန့်နူးဆိုဟုာ လူသားဖြစ်န ကြွလာတော်မူဟူ ယေရှုခရစ်တော်ဟို့
ငြင်းပယ်ဘီး လှည့်ဇားတတ်ဟူ လူလေဟုာ အယ်လောကမာ ပေါ်လာဂေ့ဘီ။
အယ်လူဟုာ လှည့်ဇားဟူ လူဖြစ်ဘီး ခရစ်တော်ဟို့ ဆန့်ကျင်ဟူ ခရစ်တော်ရဲ့
ရန်သူလည်း ဖြစ်ဟုယ်။
8 နို့လေ†ဟုာ ကိုယ်ပြုစုဟူ ဇာလေဟို့ ပျော့-က်ပျစ်ဘဲန စောင်လင်ဟူ ကျိုးဟို့
ရဟို့တွပ် နန်းနို့လေ ကိုယ့်ကိုယ်ကိုယ် ဒိပြုဘီး စောန့်ရှော့-က်ဂေ့ပါ။
9 ခရစ်တော်ရဲ့ တရားတော်နတည်ဘဲ လွန်ကြူးဟူလူ ဆိုဟုာ ဘုရားသခင်ဟို့ ရဟု။
ခရစ်တော်ရဲ့ တရားတော်မာ တည်ဟူလူ ဆိုဟုာ ဖန သားတော်ဟို့ ရဟုယ်။
10 အယ်ဒေသနာတော် ပါဘဲသူဟုာ နန်းနို့နားဟို့ လာဟုယ် ဆိုဟုာ သူဟို့ နန်းနို့အီမာ
လတ်ခံဂေ့န။ မင်္ဂလာပါ ဆိုဘီးလည်း နှောက်ဆစ်ဂေ့န။
11 မင်္ဂလာပါ ဆိုဘီး အယ်လူဟို့ နှောက်ဆစ်ဟုယ် ဆိုဟုာ သူရဲ့ ဆိုးရောက်ဟူ
ကျင့်လေန ဆစ်ဆံရာရော့-က်ဟုယ်။

နိဂေါင်းချောက် စကားကြောန်း

12 နန်းနို့ဟို့ ငါပြောဇာလေ ဘောင်ဂီးရှိဟူလည်းဘဲ့ မှန်ရယ်န စက္ကူမာရေးဘဲန
နို့လေရဲ့ ဝန်းမြော့-က်ရွှင်လန်းရှင်း စောင်လင်ဟို့တွပ် ငါဟုာ နန်းနို့လေနားဟို့ ငါလာဘီး
နန်းနို့န မျစ်နှာရှင်းဆိုင်ဘီး တွိဆောင်ပြောဆိုဟို့တွပ် မျှော်လင့်ဟုားပါဟုယ်။

1:5 ၅ ယော ၁၃.၃၄; ၁၅.၁၂,၁၇ † **1:8 ၈** နို့လေ၊ တချို့ မူရင်းလတ်ရေးမူလေမာ နန်းနို့လေ၊ ဆိုဘီး ပါရှိဟုယ်။

13 ဝီးကော့-က်ခံရဟူ့ နန့်ညီမရဲ့ သားမီးလေ ‡ဟာ နန့်ဟို့ နှောက်ဆစ်ဂေ့ပါဟုယ်။

‡ **1:13 ၁၃ နန့်ညီမရဲ့ သားမီးလေ၊** အယ်ကြောန်းရာဟု စာရေးသူန သတ်ဆိုင်ဟူ့ သင်းတော်ဟို့ ရည်ညွှန်းဟုးဟုယ်။

၃ ယောဟန်
ယောဟန်ရဲ့ တတိယပေးစာ
နိဒါန်း

ယောဟန်ရဲ့ တတိယပေးစာ ဟာ ခရစ်တော် မီးဘီးန ၅၀ န ၁၀၀ ခုနှစ်ကြားမာ တမန်တော်ယောဟန်ဟ ရေးဟားဟယ်။ ယောဟန်ဟာ သူ့ကိုယ်သူ စာရေးသူဖြစ် ဖော်ပြဘဲန သတ်ကီးသူဖြစ် ဖော်ပြဟားဟယ် (၁.၁)။ သူဟာ ယောဟန်ရဲ့ ဒုတိယပေးစာမာလည်း အယ်မျိုးဘဲ့ ဖော်ပြဟားဟယ် (၂ ယော ၁.၁)။ ယောဟန်ရေးဟားဟ္ဂ ခရစ်တော်ရဲ့ ဒန်းကောန်းန ယောဟန်ရဲ့ ပထမ၊ ဒုတိယ၊ တတိယပေးစာလေဟို့ ဖေက်ဗြို့မာ နေနေဒူးမာ ယောဟန် ရေးဟားဟယ် ဆိုဘီး လတ်ခံဟားဂေ့ဟယ်။

ယောဟန်ဟာ အယ်ပေးစာဟို့ ဂါယု နာမယ်ရှိဟ္ဂ ယောင်ကြည်သူနားဟို့ ရေးဟားဟယ်။ သူဟာ ဂါယုဟို့ ငယ်ဂျင်း တယော့-က်ဖြစ် ဖော်ပြဟားဘီး အယ်ဒေသမာ ခရီးသွားနေဂေ့ဟ္ဂ ခရစ်ယာန် ညီကိုလေဟို့ ဧည်ဝတ်ကျေဟို့တွပ် ညွှန်ကြားဟားဟယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ယောဟန်ဟာ အယ်ပေးစာဟို့ မိတ်ဆစ်ပေးဟားဟ္ဂကြောန်း (၁.၁)
၂။ သူဟာ ဂါယုဟို့ အားပေးဘီးန ညီကိုလေဟို့ ဧည့်ဝတ်ကျေကြောန်း ပြသဟို့ ညွှန်ကြားဟားဟ္ဂကြောန်း (၁.၂-၈)
၃။ သူဟာ ဒယောတရပ်န ဒေမေတရိကြောန်းဟို့ ပြောပြဟ္ဂကြောန်း (၁.၉-၁၂)
၄။ နော့-က်ဆောင်းမာ သူ့ပေးစာဟို့ နိဂေါန်းချောက်ဟားဟ္ဂကြောန်း (၁.၁၃-၁၄)

[1] သတ်ကီးဟ္ဂ သူဟာ —
သမ္မာတရားအားဖြင့် ငါရှစ်ရဟ္ဂ ဂါယုနားဟို့ စာရေးလိုက်ပါဟယ်။

[2] ရှစ်ရဟ္ဂမိဆွေ၊ နန့်စိန္နလောင်း ကောန်းစားဟ္ဂမျိုး နန်ဟာ ရာရာမာ ကောန်းစားဘီး ကျန်းမာဟို့တွပ် ငါဆုတောန်းပါဟယ်။
[3] နန်ဟာ သမ္မာတရားန ကျင်လည်သတ်ရှင်ဟ္ဂတိုင်း နန့်မာရှိဟ္ဂ သမ္မာတရားကြောန်းဟို့ ညီကို မောန်နမလေ လာဘီးဟာ သတ်သေခံဟ္ဂ ခိမာ ငါဟာ ရရာတိုင်း ဝန်းသာရဟယ်။
[4] ငါ့သားမီးလေဟာ သမ္မာတရားန ကျင်လည်နေဟယ် ဆိုဇာဟို့ ငါကြားရဟ္ဂကြောန့် ဝန်းမြေ့-က်ရှင်းထတ်သာဟ္ဂ ဝန်းမြေ့-က်ရှင်းမျိုးမှေ့ဟ့။

ဂါယုဟို့ ချီးမွမ်းဟ္ဂကြောန်း

1:1 ၁ တ ၁၉.၂၉; ရော ၁၆.၂၃; ၁ ကော ၁.၁၄

5 ရှစ်ရဟူမိဆွေ၊ နန်ဟာ ညီကို မောန်နှမလေန တခြားသူလေဟို
ပြုမူဆစ်ဆံရာမာလည်း သစ်စာန ပြုတတ်ဟုယ်။
6 အယ်သူလေဟာ နန့်ရဲ့ ရှစ်ရှင်းမြစ်တာကြောန်းဟို သင်းတော်လေရှေ့မာ
သတ်သေခံဂေ့ဟုယ်။ နန်ဟာ အယ်သူလေဟို ရှေ့ဆစ်ဘီး ခရီးဆစ်နိုင်ဟို့တွပ်
ဘုရားသခင် လိုတော်ရှိဟူတိုင်း ကူညီမဇမယ် ဆိုဟာ ကောန်းဟူမူဟို
ပြုရှင်းဖြစ်လေ့မယ်။
7 ဖြားဖြစ်ကြောန့်နူးဆိုဟာ အယ်သူလေဟာ နာမတော်ဟို ထော့-က်ဘီး
ဘုရားသိဘဲဟူ လူလေနားဟုနေဘီး ဖယ်ဇာဟို့လည်း လူခံဘဲန သွားဂေ့ဟုယ်။
8 အယ်ကြောန့် နို့လေဟာ သမ္မာတရား ပ့လန့်ဟွားလာအောန် ကူညီမဇဟူသူ
ဖြစ်ဟို့တွပ် လောက်ဖော်ဆောန်ဖတ်ရှင်းဖြစ်ဟူ အယ်သူလေဟို
ကူညီထော့-က်ပံ့သင့်ဟုယ်။

ဒယောတရပ်န ဒေမေတရိကြောန်း

9 ငါဟာ သင်းတော်ဟို စာရေးဘီး ပေးလိုက်ဟူလည်းဘဲ့ ခေါန်းဆောန်လောက်ရှင်ဟူ
ဒယောတရပ်ဟာ နို့လေဟို ခွမ့်ပေးဘဲန ငြင်းပယ်ဟုယ်။
10 အယ်ကြောန့် ငါလာဟူ ခီမာ သူပြုဟူမူရာဟို သူသိရအောန် ငါထော့-က်ပြမယ်။
အယ်သူဟာ ဆန့်ကျင်ဟူ စကားန နို့လေဟို ကဲ့ရဲ့လော့-က်န စိပြေဟု။ ညီကို
မောန်နှမလေဟို ကိုယ်တိုင်လတ်ခံဟု။ လတ်ခံဟူ သူလေဟိုလည်း တားဘီးဟာ
သင်းတော်ဟုနေ နှန်ထုတတ်ဟုယ်။
11 ရှစ်ရဟူမိဆွေ ကောန်းဘဲဇာဟို တုယူန။ ကောန်းဟူဇာဟို့သာ တုယူပါ။
ကောန်းဟူကျင့်ဟို ကျင့်ဟူသူဟာ ဘုရားသခင်န စပ်ဆိုင်ဟုယ်။ ကောန်းဘဲကျင့်ဟို
ကျင့်ဟူသူဟာ ဘုရားသခင်ဟို သိဖြင်ရသေးဘဲသူ ဖြစ်ဟုယ်။
12 လူတိုင်းဟာ ဒေမေတရိရဲ့ သတ်သေ ဖြစ်ဂေ့ဟုယ်။ သမ္မာတရားဟာလည်း
သူ့ရဲ့သတ်သေ ဖြစ်ဟုယ်။ နို့လေလည်းဘဲ့ အယ်သူဖတ်မာ သတ်သေခံ ဖြစ်ဂေ့ဟုယ်။
နို့လေရဲ့ သတ်သေခံရှင်းဟာ မှန်ကန်ဟုယ် ဆိုဇာဟို့ နန်သိပါဟုယ်။

နော့-က်ဆောင်း နောက်ဆစ်စကားကြောန်း

13 နန်းနို့ဟို့ ငါပြောဇာလေ ဘောင်ဂီးရှိဟူ လည်းဘဲ့ မှန်ရယ်န မှန်တံအားဖြင့်
စာရေးဟို့တွပ် လိုရှင်ဘဲကြောန့်
14 ငါဟာ နန်နှားဟို့ ကြာခန်ရော့-က်လာဘီး နန်နှ မျစ်နှာချင်းဆိုင်
စကားပြောဆိုနိုင်လေ့မယ် ဆိုဘီး မျော်လင့်ဟုယ်။
15 နန့်မာ ငြိသတ်ရှင်းရှိပါစေ။
အယ်ရပ်မာရှိဟူ မိဆွေလေဟာ နန့်ဟို့ နှောက်ဆစ်ဂေ့ဟုယ်။ နန့်နားမာရှိဟူ
မိဆွေလေ နာမယ်ဟို့ ခေါ်ဘီးနှောက်ဆစ်ပါ။

ယုဒ
ယုဒဟုနေ ပေးစာ
နိဒါန်း

ယုဒဟုနေ ပေးစာ ဆိုဘီး ခေါ်ဇာဟု အယ်ပေးစာဟို့ ရေးဟူစာရေးသူရဲ့ နာမယ်ဟို့ ခေါ်ရှင်းဖြစ်ဟုယ်။ ယုဒဟု ယေရှုရဲ့ ညီတော်၊ ယာကုပ်ရဲ့ညီ ဖြစ်ဟုယ် ဆိုဘီး သူ့ကိုယ်သူ ဖော်ပြဟုးဟုယ်။ အယ်ကြောန့် သူဟု ယေရှုရဲ့ ညီတော်လေထဲဟု တယော့-က်ဖြစ်ဟုယ် ဆိုဘီးလည်း ယောင်ကြည်ဟုးဂေ့ဟုယ် (၁)။ အယ်ပေးစာဟု ဓမ္မဟောန်းကျမ်းဟို့ ကိုးကားဟုးဟူကြောန့် ယုဒရဲ့ မူလစာဖတ်မားလေဖြစ်ဟူ ယုဒလူမျိုးလေဟို့ ရည်ညွန်းဟုးဇာလော၊ သင်းတော်တပါးဟို့ ရည်ညွန်းဟုးဇာလော၊ ဆိုဇာဟို့ ကျွန်တော့်ဟုးလေ သိဂေ့ဟု။ အယ်ဘေမဲ့လည်း သူ့ပေးစာဟို့ "ဘုရားသခင် ဝီးကော့-က်ဘီး ခေါ်ဟုးဟူ၊ ဖဘုရားသခင်ရဲ့ ရှစ်ရှင်းမြစ်တာမာ ခိုလှုံနေဟူ၊ ယေရှုခရစ်ဟု စောန့်ထီးပေးဟုးဟူ လူလေနားဟို့" ရေးဟုးဟုယ် (၁)။ အယ်ပေးစာဟု ခရစ်တော် မွီးဘီးန ၆၀ ခုနှစ်လော့-က်ဟု ရေးဟုးဟုယ်။

ခရစ်ယာန်လေ ဂူလောင်းနားဟို့ ရေးဟုးဟူ အယ်ပေးစာရဲ့ ရည်ရွယ်ချစ်ဟု ဆရာတုယောန်လေအားဖြင့် လမ်းလွဲဘဲနေအောန် သူးနို့ဟို့ ဒီပေးဟို့တွပ် ဖြစ်ဟုယ် (၄)။ သူဟု ဓမ္မဟောန်ကျမ်းထဲဟု ဖြစ်ပျစ်လေဟို့ ကိုးကားဘီး တိုက်တွန်းဟုးလေဟုယ်။ အယ်ပေးစာဟု ဆရာတုယောန်လေအားဖြင့် လမ်းလွဲဘဲအောန် ဒီပေးဟုးဟူ ပေတရုရဲ့ ဒုတိယပေးစာထဲဟု ခံယူချစ်ဘောင်ဂီးဟို့ ဝီမျှဟုးဟူမျိုးဘဲ ကောန်းဂန်တမန်လေ သောဒုံဗြို့နု ဂေါမောရဗြို့လေဟို့လည်း ကိုးကားဟုးလေဟုယ် (ယု ၄: ၂ ပေ ၂.၁)။

ကြောန်းရာ ကျဉ်းချောက်

၁။ ယုဒဟု သူ့စာဖတ်မားလေဟို့ ဦးဆောင်းနှောက်ဆစ်ဟုးဟူကြောန်း (၁-၂)
၂။ သူဟု ဆရာတုယောန်လေအားဖြင့် လမ်းလွဲဘဲအောန် ဒီပေးဟို့တွပ် အယ်ပေးစာဟို့ ရေးရဟုယ် ဆိုဘီး ကြောန်းပြချစ်ပေးဟုးကြောန်း (၃-၄)
၃။ သူဟု ဓမ္မဟောန်းကျမ်းထဲဟု လူလေန ဖြစ်ပျစ်လေဟို့ နမူနာပေးဟုးကြောန်း (၅-၁၆)
၄။ သူဟု ဒီပေးဟို့ တာဝန်ရှိဟုယ် ဆိုဘီး သူ့ဟို့ ပြောဟုးဟူကြောန်း (၁၇-၂၃)
၅။ သူဟု ဘုရားသခင်ဟို့ ချီးမွမ်းဘီး အယ်ပေးစာဟို့ နိဂေါန်းချောက်ဟုးဟူကြောန်း (၂၄-၂၅)

[1] ယေရှုခရစ်တော်ရဲ့စေခံန ယာကုပ်ရဲ့ ညီဖြစ်ဟူ ယုဒနားဟု —

1:1 ၁ မ ၁၃.၅၅; မာ ၆.၃

ဘုရားသခင် ဝီးကော့-က်ဘီး ခေါ်ဟုးဟူ့ ဖဘုရားသခင်ရဲ့ ရှစ်ရှင်းမြစ်တာဟို့
ခံစားဘီး ယေရှုခရစ်တော်ဟု စောန့်ရှော့-က်ပေးဟုးဟူ့ လူလေနားဟို့
စာရေးလိုက်ဟုယ်။

2 ကရုဏာတော်၊ ငြိသတ်ရှင်းန မြစ်တာတော်ဟာ နန်းနို့လေမာ တိုးပွားဂေ့ပါစေ။

ဆရာတုယောန်လေကြောန်း

3 ရှစ်ရဟူ့မိဆွေလေ၊ နို့လေအားလောင်း ဝီမျှနေဂေ့ဟူ့ ကယ်တန်ရှင်းကြောန်းဟို့
ငါဟု့ နန်းနို့နားဟို့ စာရေးဟို့တွပ် ကြိုးစားဟုးဟုယ်။ အယ်ဘေမဲ့ ကိုယ်တော်ရဲ့
သန့်ရှင်းဟူ့သူလေဟို့ ဘုရားသခင်ဟု ပိုင်ပေးဟုးဟူ့ ယောင်ကြည်ရှင်းဟို့
သေးသေချားချာဟုး ကာကွယ်ဂေ့ဟို့တွပ် နန်းနို့နားဟို့ ရှစ်ရှင်းဘဲ့ စာရေးအားပေးဘီး
တိုက်တွန်းနိုးဆော်ဟို့တွပ် လိုအပ်လာဟုယ်။

4 ဖြားဖြစ်ကြောန့်နူးဆိုဟု့ တရားမ့ေဘဲ့ဟူ့ လူတချို့ဟု့ နန်းနို့လေထဲဟို့
ဝမ်ရော့-က်လာကြောန့် ဖြစ်ဟုယ်။ သူးနို့ဟု့ ဘုရားတရားမ့ေဘဲ့ဟူ့ လူလေဖြစ်ဘီး
နို့လေဘုရားသခင်ရဲ့ ကျေးဇူးတော်ဟို့ သူးနို့လေရဲ့ ပျော်ပါးလိုက်စားဟူ့မူတွပ်ဘဲ့
လွဲသောင်းစာ လောက်ဂေ့ဘီးဟု့ နို့လေရဲ့ တပါးဒဲဖြစ်ဟူ့ သခင်ယေရှုခရစ်တော်ဟို့
ပယ်ဂေ့လေ့မယ်။ အယ်လူလေဟု့ ရင်းရင်ဂဒဲဟုဘဲ့ ပြစ်ဒန်စီရင်ဟို့တွပ်
သတ်မှတ်ခံဟုးရဟူ့ လူလေဘဲ့ဖြစ်ဟုယ်။

5 ဘုရားသခင်*ဟု့ ဣသရေလူမျိုးလေဟို့ ကယ်တန်ဘီး အဲဂုတ္တုတုပြည်ဟုနေ
ခေါ်ဆောန်လာဘီးန သူ့ဟို့ ယောင်ကြည်ဘဲဟူ့ လူလေဟု့ ပျစ်စီးဟုးဟုယ် ဆိုဇာဟို့
နန်းနို့လေဟု့ သိဂေ့ဘေမဲ့ နန်းနို့ဟို့ ငါဟု့ ပ့ုလန်ဘီးဟု့ ဒီရစေရှင်ဟုယ်။

6 ကိုယ်ရဟုးဟူ့ အာဇာနာ ရောက်ရဲဘဲ့ မူရင်းနေရာဟို့ စွန့်ဟုးဂေ့ဟူ့
ကောန်းဂန်တမန်လေကြောန်းဟို့လည်း ဒီရဂေ့ပါ။ ဘုရားသခင်ဟု့
သူတရားစီရင်ဟူ့နေ့မာ သူးနို့လေဟို့ ပြစ်ဒန်ပေးဟို့တွပ် မ့ောန်မိုက်နေဟူ့
အော့-က်ရပ်မာ ထာဝရ သံကြိုးန ခယ်ဟုးလေဟုယ်။

7 သောဒုံဗြို့န ဂေါမောရဗြို့လေဟို့ရော၊ အယ်ဗြို့ရဲ့ ပတ်ဝန်ကျင်မာရှိဟူ့
ဗြို့လေဟို့ရော ဒီရဂေ့ပါ။ အယ်ဗြို့ဟု့ ဗြို့သူဗြို့သားလေဟု့ ပြောဟုးဟူ့
ကောန်းဂန်တမန်လေမျိုး ကာမဂေါင်လိုက်စားဘီး သဘာဝန ဆန့်ကျင်ဖတ်ဖြစ်ဟူ့
ပျော်ပါးလေဟို့ လိုက်စားဂေ့ဟုယ်။ လူလေဟို့ ရှင်းရှင်းလန်းလန်းဟု့ ဒီပေးဟူ့နေန
သူးနို့ဟု့ ထာဝရတော့-က်လောန်နေဟူ့ မီးထဲမာ ပြစ်ဒန်ဟို့ ခံရဂေ့လေ့မယ်။

8 ဘုရားတရားမ့ေဘဲဟူ့ လူလေဟုလည်း အယ်မျိုးဘဲ့ ဖြစ်ဂေ့မယ်။ သူးနို့ဟု့
သူးနို့ဗြင်ဂေ့ဟူ့ ရူပါရောင်လေကြောန့် သူးနို့ရဲ့ ကိုယ်ခန္ဓာလေဟို့ ညစ်ညူးစေဂေ့ဟုယ်။
ဘုရားသခင်ရဲ့ အာဇာဟို့ ထီလေးစားလောက်ဘီး ထတ်ဟု့ ဖောင်းတဂိုးကီးဟူ့
သူလေဟို့ ကဲ့ရဲ့ဂေ့ဟုယ်။

---

* **1:5 ၅** ဘုရားသခင်၊ တချို့ မူရင်းလတ်ရေးမူလေမာ ပါဟူ့ ယေရှု၊ ဟု့ ဟေလသ ဘာသာမာ ယောရှု၊ နှ တူဟုယ်။

9 ကောန်းဂန်တမန်မန်း မိက္ခဲလေဟု မာရ်နတ်န ဂြင်းဂေ့ဘီးဟှာ မောရှေရဲ့
ကိုယ်ခန္ဓာန ပတ်သတ်ဘီးဟှာ ချေတင်ပြောဂေ့ဟှူ ခီမာ ပြစ်တန်ကဲ့ရဲ့ဘီးဟှာ ပြောဘဲန
“ဘုရားသခင်ဟှာ နန့်ဟှိ တရားစီရင်ပါစေ” ဆိုဘီး ပြောဟှယ်။
10 သူးနို့လေဟှာ ကိုယ်နားလည်ဘဲဟှူ ဇာလေဟှိ ပြစ်မှားကဲ့ရဲ့ဂေ့ဘီး
ဆင်ခြင်ဉာဏ်မွေ့ဘဲန လိဆန်လေမျိုးဘဲ့ သဘာဝရ သိဟှားဇာလေနဘဲ့ ပျစ်စီးရှင်းဟှိ
ရော့-က်တတ်ဂေ့ဟှယ်။
11 သူးနို့ဟှာ အမင်္ဂလာရှိဂေ့ဟှယ်။ သူးနို့ဟှာ ကာက္ကနရဲ့ လမ်းစဉ်ဟှိ လိုက်ဂေ့ဟှယ်။
ကပ်ဟှိ လိုရှင်ဘီး ဗာလမ်ရဲ့ မှားမျိုးဟှိ လောက်ဂေ့ဟှယ်။ ကောရမျိုးဘဲ့
ပေါင်ကန်ဂေ့ဟှူကြောန့် ဆောင်းရှောင်းပျစ်စီးဂေ့ဟှယ်။
12 သူးနို့ဟှာ ရှစ်ကြော့-က်လေမွေ့ဘဲ ပျော်ပါးစားသော့-က်ဂေ့ဘီး သူးနို့လေရဲ့
မိတ်သဟာယ စားဗွဲလေမာ သူးနို့လေရဲ့ ဂေါင်သိက္ခာဟှိ ညစ်ညူးစေဟှယ်။
အယ်လူလေဟှာ သူးနို့ကျိုးဟှိဘဲ့ ကေ့တတ်ဟှူလူလေ ဖြစ်ဟှယ်။ သူးနို့ဟှာ
မိုးရေပါဘဲ့ဟှူ မိုးတီန ဆောင်းဦးကာလမာ သီးသီးဘဲဟှူ၊ ပြစ်ဟှနေဘီး ဆွဲနုဟှားဟှူ၊
နှေ့ခါသေဟှားဟှူ သစ်ပန်နတူဟှယ်။
13 သူးနို့ရဲ့ ယှစ်ကြော့-က်ရှင်းလေဟှိ ပွမ့်စေတတ်ဟှူ လှိုင်းလေမျိုး၊ ကြယ်ပျံလေမျိုး
ဖြစ်ဂေ့ဟှယ်။ အယ်ကြယ်ပျံလေတွပ် ရောက်တရစ် ထာဝရမှောန်မိုက်ဟှိ
သိုဟှားလေဟှယ်။

14 အာဒံဟှနေဘီး ခွန်နစ်ဆစ်မြော့-က်†ဖြစ်ဟှူ နောက်ဟှလည်း သူးနို့လေန
ပတ်သတ်ဘီးဟှာ ပရောဖက်ပြဘီး ပြောဟှားဇာဟှ “ကေ့ကေ့၊ ဘုရားသခင်ဟှာ
ရေတွပ်နိုင်ဘဲ့ဟှူ သူ့ရဲ့သန့်ရှင်းသူလေနတူးဒူ ကြွလာလေ့မယ်။
15 အယ်ဇာဟှာ လူလေ ဂူလောင်းဟှိ တရားစီရင်ဟှိတွပ်န၊ ဘုရားတရားမွေ့ဘဲန
သတ်ရှင်ဟှူလူလေတွပ်န၊ ဘုရားတရားမွေ့ဘဲဟှူ ပြစ်သားလေတွပ်န၊ ဘုရားသခင်ဟှိ
ကဲ့ရဲ့ဆန့်ကျင်ဘီး ပြောဟှူ စကားအားလောင်းတွပ်န သူးနို့လေ ဂူလောင်းရဲ့ ပြစ်လေဟှိ
ဖော်ပြဟှိတွပ် ဖြစ်ဟှယ်” ဆိုဘီး ပြောဟှားဟှယ်။

16 အယ်လူလေဟှာ မြဲဒမ်းညစ်ညူးဘီး တခြားသူလေဟှိ ပြစ်တန်ဘီးဘဲ့နေဟှယ်။
သူးနို့ရဲ့ ဆိုးညစ်ဟှူ လိုအင်ဆန္ဒဟှိ လိုက်ဘီး ကျင့်နေဂေ့ဟှယ်။ သူးနို့ကြောန်းဟှိ
ကြွားဂေ့ဟှယ်။ ကိုယ်ကျိုးလေဟှိ ရဟှိတွပ် တခြားသူဟှိ မြှော့-က်ဘီး
ပြောတတ်ဟှယ်။

ဒိပေးဘီး ပြောဟှူကြောန်း

17 ရှစ်ရဟှူမိဆွေလေ၊ နို့လေ သခင်ယေရှုခရစ်တော်ရဲ့ တမန်တော်လေဟှ
ကြိုဘီးဟှာ ပြောဟှားရစ်ဟှူ စကားလေဟှိ ဒိရဂေ့ပါ။

1:9 ဓ ဗျာ ၁၂.၇ † **1:14 ၁၄ ခွန်နစ်ဆစ်မြော့-က်၊** အာဒံဟှနေ နောက်ထိ ခွန်နစ်ဆစ် ရှိဟှယ်။

18 သူးနို့ဟု “နော့-က်ဆောင်းကာလာမာ ကိုယ့်ကိုယ်ကိုယ် ဘုရားတရားမ့ေဘဲန
တတ်မတ်ရှင်းလေတိုင်း သတ်ရှင်ဘီးဟှာ ပြစ်ရယ်ပြုတတ်ဟူ လူလေဟှာ
ပေါ်လာလေ့မယ်” ဆိုဘီး နန်းနို့လေဟို့ ပြောဟှားရစ်ဟှယ်
19 အယ်လူလေဟှာ သင်းတော်မာ စိဝန်းကွဲစေဟူလူလေ၊ ဇာတိနဆိုင်ဟူလူလေ၊
ဝိညာဉ်တော်ဟို့ ရဂ့ေဘဲဟူလူလေ ဖြစ်ဂ့ေဟှယ်။
20 ရှစ်ရဟူမိဆွေလေ၊ နန်းနို့ဟှာ ကိုယ့်ကိုယ်ကိုယ် ရရာတိုင်း သန်ရှင်းဟူ
ယောင်ကြည်ရှင်းထတ်မာ ကိုယ့်ကိုယ်ကိုယ် တည်ဆော့-က်ဘီး
သန်ရှင်းဟူဝိညာဉ်တော်ဟို့ မှီပြုဘီး ဆုတောန်းဂ့ေပါ။
21 ဘုရားသခင်ရဲ့ မြစ်တာတော်န ကိုယ့်ကိုယ်ကိုယ် စောန့်ထီးဘီးဟှာ ထာဝရသတ်ဟို့
ပို့ဆောန်ဟူ နို့လေ သခင်ယေရှုခရစ်ရဲ့ ကရုဏာဟို့ စောန့်မျှော်ဂ့ေပါ။
22 ယောင်မှားဘီး သံသယရှိနေဟူ လူလေဟို့ သနားကရုဏာထားဂ့ေပါ၊
23 တချို့လေဟို့ မီးထဲဟှနေ ဆွဲထုဘီးဟှာ ကယ်တန်ဂ့ေပါ။ တချို့လေဟို့
ကြော့-က်ဟူစိန သနားကရုဏာပြဂ့ေပါ။ ဇာတိသွီးသားရဲ့ ကာမဂေါင်ညစ်ကြေးန
စွန်းနေဟူ အန်းဂီလေဟို့ မူးဘီးဟှာ ရွံ့ရှာဂ့ေပါ။

ကောန်းဂျီး ပေးဟူကြောန်း

24 နန်းနို့လေဟို့ မှားယွင်းရှင်းန လွတ်စေဟို့တွပ် နန်းနို့ဟို့ စောန့်ရှော့-က်ပေးဘီး
ပြစ်တန်ဇာမ့ေဘဲ ဝန်းသာရှင်းန ပ့လဲ့ဇောင်စေဘီး နန်းနို့ဟို့ ဖောင်းသရေတော်ရှေ့မာ
ဆစ်သဟို့တွပ် တတ်နိုင်ဟူသူဖြစ်ဟူ —
25 နို့လေရဲ့ ကယ်တန်ရှင် တဆူဒဲဖြစ်ဟူ ဘုရားသခင်ဟှာ နို့လေရဲ့
သခင်ယေရှုခရစ်တော်အားဖြင့် ဖောင်းသရေတော်၊ အာနုဘော်၊ တဂိုးရှိန်ဝါန
ခွမ့်အာဏာစစ်လေဟှာ ရင်ကာလဟှနေဘီး ခုကာလန နော့-က်ကမ္ဘာဆစ်ဆစ်ထိ
ရှိပါစေ! အာမင်။

1:18 ၁၈ ၂ ပေ ၃.၃

ဗျာဒိတ်တော်
ယောဟန်ဟို့ ဖွမ့်ပြဟူ ဗျာဒိတ်တော်
နိဒါန်း

ယောဟန်ဟို့ ဖွမ့်ပြဟူ ဗျာဒိတ်တော်ဟာ ဓမ္မသစ်ကျမ်းရဲ့ နော့-က်ဆောင်းကျမ်း ဖြစ်ဟုယ်။ အယ်ကျမ်းဟို့ တမန်တော် ယောဟန်ဟု ခရစ်တော် မွီးဘီးန ၉၅ ခုနှစ်လော့-က်ဟု ရေးဟုားလေဟုယ် (၁.၁)။ သူဟုာ ယောဟန်ရေးဟုားဟူ ဒန်းကောန်းန ပေးစာသောင်းစောင်ဖြစ်ဟူ ယောဟန်ရဲ့ ပထမပေးစာ၊ ယောဟန်ရဲ့ ဒုတိယပေးစာန ယောဟန်ရဲ့ တတိယပေးစာလေဟို့လည်း ရေးဟုားလေဟုယ်။ ယောဟန်ဟုာ "ယေရှုရဲ့ ရှစ်ဆောင်း" တမဲ့တော်တပါးဖြစ်နလည်း သိဂ့ေဟုယ် (ယော ၁၃.၂၃)။ သူဟုာ ယေရှုခရစ်တော်ရဲ့ ဒန်းကောန်းဟို့ ဟောဟူကြောန့် ပတ်မုကျွန်းဟို့ နယ်နှင်ဒန်ခံရလေဟုယ်။ သူဟုာ အယ်ကျွန်းမာရှိနေဒူးမာ ဗျာဒိတ်တော်ဟို့ ရေးလေဟုယ် (၁.၉)။

ဗျာဒိတ်တော် ထဲမာရေးဟုားဟူ ယောဟန်ရဲ့ ရည်ရွယ်ချစ်ဟုာ ယေရှုပ့လန်လာဟို့ခီဟုာ နီးနေဘီ ဖြစ်ဟူကြောန့် ယေရှုခရစ်တော်ဟို့ သစ်စာရှိဟို့နမျှော်လင့်ချစ်ပေးဟို့တွပ် စာဖတ်မားလေဟို့ တိုက်တွန်းအားပေးဟုားဟုယ် (၁.၃; ၂၂.၇)။ သူဟုာ ယေဘုယျအားဖြင့် ခရစ်ယာန်လေ ဂူလောင်းန ခန်းဂီး ၂—၃ ထဲမာ သင်းတော်ခွန်နစ်ပါးနာဟို့ သီးသန့် ရေးဟုားဟုယ်။ ယောဟန်ဟုာ ပရောဖက်ပြုချစ်ဖြစ် (၁.၃) ရေးဟုားဘီး သူဖြင်ဟုားဇာလေဟို့ ဖော်ပြဟို့တွပ် စာစောန်တခုလောင်းမာ ပေါင်ဆောန်ချစ်လေ ဘောင်ဂီးဟို့ သောင်းဟုားဟုယ်။ အယ်ကျမ်းဟုာ ဓမ္မဟောန်းကျမ်းထဲဟု ထူးသဖြင့် ဇာခရိကျမ်း ၆.၁–၈ ရဲ့ စိပိုင်းတချို့န တူဂ့ေဟုယ်။ တံပိုးခွန်နစ်လောင်းန ဖလားခွန်နစ်လောင်းဟုာလည်း ဘုရားသခင်ဟုာ အဲဂုတ္တုပြည်ဟို့ ဒန်ပေးဟို့တွပ် စေလွှတ်လိုက်ဟူ ကပ်ရောဂါန ရရာတိုင်း တူလေဟုယ် (ထွက်မြောက်ရာကျမ်း ၇—၉)။ ဗျာဒိတ်တော် ဟုာ နော့-က်ဆောင်းကာလကြောန်း၊ ယေရှုဟုာ အောန်မြင်သူဖြစ်ဟူကြောန်း၊ ယေရှုဟို့ ယောင်ကြည်ကိုးစားဟူ လူလေဂူလောင်းဟုာ ကိုယ်တော်နတူးဒူ ထာဝရသတ်ရှင်သူ ဖြစ်ဟူကြောန်းဟို့ ရေးဟုားဟုယ်။ အယ်ကျမ်းမာ ယေရှုဟုာ ကြာခန်မာ ပ့လန်ကြွလာမယ် ဆိုဘီး ဒီပေးဟုားဟူ ကျမ်းန မျှော်လင့်ချစ် ပေးဟုားဟူ ကျမ်းလည်းဖြစ်လေဟုယ်။

ကြောန်းရာ ကျဉ်းချောက်

၁။ ယောဟန်ဟုာ သူဟုာ ဖယ်သူဖြစ်ဟုယ် ဆိုဇာန အယ်ပရောဖက်ပြုရှင်းနဆိုင်ဟူ ရှုပါရောင်ဟို့ ဖယ်မျိုး လတ်ခံရရှိဟုယ် ဆိုဇာဟို့ ပြောရှင်းအားဖြင့် စပြုဟုားဟူကြောန်း (၁.၁—၁.၂၀)

၂။ သူဟာ ယေရှုနားဟုနေ ဒိုက်ရိုက်ရဟားဟူ ဒန်းစကားဟို သင်းတော်ခွန်နစ်ပါးဟို
ပေးဟားဟူကြောန်း (၁.၁—၃.၂၂)
၃။ သူဟ ဇီခွန်နစ်ခုန (၄.၁—၈.၅) တံပိုးခွန်နစ်လောင်းဟို ဖော်ပြဟားဟူကြောန်း
(၈.၆—၁၁.၁၉)
၄။ ယောဟန်ဟာ ခေါန်းခွန်နစ်လောင်းရှိဟူ နဂါးဟို တိုက်ခိုက်ဟူ
ယော့-က်ကျားသားရဲ့ တိုက်ပွဲဟို ဖော်ပြဟားဟူကြောန်း (၁၂.၁—၁၄.၂၀)
၅။ သူဟ မျစ်တော်ဖလား ခွန်နစ်လောင်းဟို ရေးဟားဟူကြောန်း (၁၅.၁—၁၆.၁၈)
၆။ ယောဟန်ဟာ ကောန်းဂန်ဘောင်မာ ဘုရားသခင်ဟ ရန်သူလေဟို
ဖယ်မျိုးနိုင်ယူလိုက်ဟယ် ဆိုဇာဟို ဖော်ပြဟားဟူကြောန်း (၁၇.၁—၂၀.၁၅)
၇။ နော့-က်ဆောင်းမာ သူဟာ ကောန်းဂန်သစ်န မ္နလေဂီးသစ် ပေါ်လာမယ် ဆိုဇာဟို
ဖော်ပြဟားကြောန်း (၂၁.၁—၂၂.၂၁)

1 အယ်ကျမ်းစာမာ ယေရှုခရစ်တော် ဖွမ့်ပြဟားဟူ ဗျာဒိတ်တော်ကြောန်းဟို
မှတ်တမ်းတန်ဟားဟှယ်။ ဘုရားသခင်ဟာ ခရစ်တော်ဟို အယ်ဗျာဒိတ်တော်ဟို
ပေးရရှင်းဟာ ကြာခန်မာဖြစ်ရဟူ ဇာလေဟို သူရဲ့ စေခံလေဟို သိစေရှင်ဟူကြောန့်
ဖြစ်ဟှယ်။ အယ်ကြောန့် ခရစ်တော်ဟာ သူ့ရဲ့စေခံ ယောဟန်နားဟို
ကောန်းဂန်တမန်ဟို လွတ်လိုက်ဘီးဟာ အယ်ဗျာဒိတ်တော်ဟို
ပ္နလန်ဘီးဖော်ပြစေဟှယ်။

2 ယောဟန်ဟှလည်း သူဗြင်ရ ကြားရဟူဇာ မှန်မျှန ဘုရားသခင်ရဲ့ စကားတော်န
ယေရှုခရစ်တော်နဆိုင်ဟူ သတ်သေခံချစ်လေဟို အယ်စာစောန်မှာ ရေးဟှားပေးဟှယ်။

3 ခီဟှ ရရာတိုင်း နီးလာဘီ ဖြစ်ဟူကြောန့် ပရောဖက်ပြုဘီး
ဟောပြောဟှားဟူစကားဟို ဖတ်ဟူသူန အယ်စကားဟို ကြားရဘီး ရေဟှားဟူဇာ
မှန်မျှဟို လိုက်နာဘီး စောန့်ထီးဟူသူလေဟှာ မင်္ဂလာရှိဟှယ်။

သင်းတော်ခွန်နစ်ပါးဟို နှောက်ဆစ်ဟူကြောန်း

4 ငါယောဟန်ဟှာ၊
အာရှိပြည်မာရှိဟူ သင်းတော်ခွန်နစ်ပါးဟို စာရေးလိုက်ဟှယ်။
ခုလည်းရှိဘီး၊ ရင်းရင်ဒူးဟှလည်း ရှိဟှားဘီး နော့-က်တခီမာ ကြွလာဟူ
သခင်နားဟှရော၊ ပလ္လင်တော်ရှေ့မာရှိဟူ ဝိညာဉ်ခွန်နစ်ပါးနားဟှရော ကျေးဇူးတော်န
ငြိသတ်ရှင်းဟှာ နန်းနို့လေမာရှိပါစေ။ 5 သစ်စာရှိဟူသတ်သေ၊ သေဟူလူလေထဲမာ
ဦးဆောင်မီးလာဟူသူ၊ မ္နလေဂီးရဲ့ မန်းဂီးလေဟို အောက်ချောက်သူဖြစ်ဟူ
ယေရှုခရစ်တော်နားဟှ ကျေးဇူးတော်န ငြိသတ်ရှင်းဟှာ နန်းနို့လေမာ ရှိပါစေ။

နို့လေဟို ရှစ်ဘီး၊ သူ့ရဲ့သွီးတော်အားဖြင့် နို့လေရဲ့ ပြစ်လေဟှနေ ဖြေလွှတ်ပေးဘီး

1:4 **၁.၄** ဗျာ ၄.၅

6 နို့လေဟို့ နိုင်ငံတော်သားဖြစ်စေဘီး သူ့ရဲ့ဖ ဘုရားသခင်ရဲ့ မှုတော်ဟို့
လောက်ဆောန်နိုင်ဟို့တွပ် နို့လေဟို့ မန်းဂီးရာနရော၊ ယဇ်ပုရောဟိတ်ရာနရော
ပေးတော်မှုဟူ့ ယေရှုခရစ်တော်ဟာ ကမ္ဘာဆစ်ဆစ် ဖောင်းကီးတော်မူပါစေ။ အာမင်။
7 “ကေ့ကေ့။ ကိုယ်တော်ဟာ မိုးတီဟို့ စီးဘီးဟာ ကြွလာလေ့မယ်”
“ကိုယ်တော့်ဟို့ ထိုးဖော့-က်လိုက်ဟူ့ လူလေန
လူလေ ဂူလောင်းဟာ မြင်ရဂေ့လေ့မယ်။”
ကမ္ဘာမာ လူမျိုးလေရှိမျှဟာ “ဝန်းနဲ့ ကြေကွဲဂေ့လေ့မယ်။”
အယ်တိုင်းမှန်ပါစေ! အာမင်။
8 ခုလည်းရှိဘီး၊ ရင်းရင်ဒူးဟုလည်း ရှိဘီး နော့-က်တခါမာ ကြွလာဟို့ အနန္တတဂိုးန
ပုလဲဇောင်ဟူ ထာဝရဘုရားသခင်ဟ “ငါဟာ စနဆောင်းဖြစ်ဟုယ်” ဆိုဘီး
မိန့်တော်မူဟုယ်။

ရူပါရောင်န ခရစ်တော်ဟို့ ဗြင်ဟူကြောန်း

9 ငါဟာ နိုင်ငံတော်သားလေခံရဟူ ဆင်းရဲဒေါက်ခဟို့ နန်းနို့နတူးဒူ ခံနေရဘီး
လောက်ဖော်ကိုင်ဖတ်ဖြစ်ဟူ နန်းနို့လေရဲ့ ညီကို ယောဟန်ဖြစ်ဟုယ်။ ငါဟာ
ဘုရားသခင်ရဲ့ စကားတော်န ယေရှုနဆိုင်ဟူ သမ္မာတရားလေဟို့
ဟောပြောကြေညာဟို့တွပ် ပတ်မုကျွန်းဟို့ ပိုခံရဟုယ်။
10 သခင်ဘုရားရဲ့ နေ့မာ ဝိညာဉ်တော်ဟာ ငါ့ထတ်ဟို့ ရော့-က်လာဘီး ငါဟာ
တံပိုးခရာသံနတူဟူ သံတခုဟာ ငါ့နော့-က်မာ ကြားရဟုယ်။
11 အယ်သံဟ “နန်ဗြင်ရဟူ ဇာလေဟို့ စာစောန်မာရေးဘီးဟာ ဧဖေက်ဗြို့၊ စမုနရဗြို့၊
ပေရဂံဗြို့၊ သွာတိရဗြို့၊ သာဒိဗြို့၊ ဖိလဒေလဖိဗြို့၊ လောဒိကိဗြို့လေမာရှိဟူ
သင်းတော် ခွန်နစ်ပါးနာဟို့ ပေးလိုက်ပါ” ဆိုဘီး ပြောဟုယ်။
12 အယ်ခီမာ ငါဟို့ ပြောဟူသံဟာ ဖယ်သူရဲ့သံဖြစ်နူး။ ဆိုဇာဟို့ လှည့်ဘီးဟာ
ကေ့လိုက်ဟူ ခီမာ ရွှေမီးခွပ် ခွန်နစ်လောင်းန၊
13 အယ်မီးခွပ်လေရဲ့ လယ်မာ လူသားနတူဟူ သူတယော့-က်ဟို့လည်း တွီဟုယ်။
အယ်လူဟာ ခေဖျားထိ ရော့-က်အောန် ဝတ်လောင်ဟို့ ဝတ်ဘီးဟာ ရင်ဖတ်မာ
ရွှေခါးဗတ်ဟို့လည်း ဝတ်ဟားလေဟုယ်။
14 အယ်လူရဲ့ ခေါင်းဟ ဆံဗန်ဟာ ဖုလူဟူသိုးမွီးမျိုး၊ နှမ်းပွမ့်မျိုး ဖုလူဘီးဟာ သူ့ရဲ့
မျစ်စိလေဟာ မီးလျှံမျိုး ဖြစ်နေဟုယ်။
15 သူ့ရဲ့ ခေလေဟာ ရရာတိုင်း ပြင်းဟူ မီးဖိုမာ သန့်စင်ဟားဘီး ရရာတိုင်း လန်းဟူ
ကြေးဝါစစ်စစ်န တူဟုယ်။ သူသံဟုလည်း ရရာတိုင်း ကီးဟူ ရေလှိုင်းသံန တူဟုယ်။
16 သူဟာ ညာလတ်မာ ကြယ်ခွန်နစ်လောင်းဟို့ ကိုင်ဟားဟုယ်။ သူ့ရဲ့
ဇပ်ပေါ့-က်ထဲဟ သွားနှေ့ဖတ်ပါဟူ သန်လျက် ထွပ်လာဟုယ်။ သူ့ရဲ့ မျစ်နှာဟာ
ရှိတဂိုးန တော့-က်နေဟူ၊ ရရာတိုင်း လန်းဟူ နေမျိုးဖြစ်နေဟုယ်။

1:6 ၁.၆ ဗျာ ၅.၁၀ **1:7 ၁.၇ က** မ ၂၄.၃၀; မာ ၁၃.၂၆; လု ၂၁.၂၇; ၁ သက် ၄.၁၇; **ခ** ယော ၁၉.၃၄,၃၇; **ဂ** မ ၂၄.၃၀ **1:8 ၁.၈** ဗျာ ၂၂.၁၃

17 ငါဟာ အယ်လူဟို့ ဖြင်ဟူ ခီမာ သူ့ရဲ့ ခေရင်းမာ လဲက့်လဘီး လူသေမျိုး
ဖြစ်ဟုးဟုယ်။ အယ်ခီမာ သူဟာ ငါ့ထတ်ဟို့ သူ့ရဲ့ညာလတ်ဟို့ တန်ဘီးဟာ
“ကြော့-က်န။ ငါဟာ ဦးဆောင်းန နော့-က်ဆောင်းဖြစ်ဟုယ်။
18 ငါဟာ သတ်ရှင်ဟူသူလည်း ဖြစ်ဟုယ်။ ငါဟာ ရင်သေဟုးဟုယ်။ အယ်ဘေမဲ့
ကေ့ကေ့ ငါဟာ ကမ္ဘာဆစ်ဆစ် သတ်ရှင်နေဟုယ်။ ငါဟာ သေရှင်းတရားန
မရဏာနိုင်ငံရဲ့ သော့-က်လေဟို့လည်း ကိုင်ဟုးဘီး စိုးရဟုယ်။
19 “အယ်ကြောန့် နန်ဖြင်ရဟူဇာလေ၊ ခုဖြစ်နေဟူဇာလေန နော့-က်မာဖြစ်လာရဟို့
ဇာလေဟို့ ရေးဟုးလိုက်။
20 ငါ့ရဲ့ ညာဖတ်လတ်မာ နန်ဖြင်ရဟူ ကြယ်ခွန်နစ်လောင်းန ရွှေမီးခွပ်
ခွန်နစ်လောင်းလေရဲ့ နတ်နဲ့ဟူခီပါယ်ဟု ကြယ်ခွန်နစ်လောင်းဟာ သင်းတော်ခွန်နစ်ပါးရဲ့
စေတမန်လေ ဖြစ်ဂေ့ဘီး ဆီမီးခွပ် ခွန်နစ်လောင်းဟာ သင်းတော်ခွန်နစ်ပါး
ဖြစ်ဂေ့ဟုယ်။

2

ဧဖက်သင်းတော်တွပ် ဒန်းစကား

1 “ဧဖက်ဗြို့မာရှိဟူ သင်းတော်ရဲ့ စေတမန်ဟို့ အယ်မျိုးရေးလိုက်ဟုယ်။
“ညာလတ်မာ ကြယ်ခွန်နစ်လောင်းဟို့ ကိုင်ဟုးဟူသူ၊ ရွှေမီးခွပ် ခွန်နစ်လောင်းရဲ့
လယ်မာ သွားလာနေဟူသူဟု အယ်မျိုးမိန့်တော်မူဟုယ်။
2 နန့်ရဲ့ လောက်ဆောန့်ရှင်းလေ၊ နန်ရဲ့ ကြိုးစာအားထုမှုန သီးခံရှင်းလေဟို့
ငါသိဟုယ်။ နန်ဟာ ရရာတိုင်း ဆိုးဟူ လူလေဟို့ လတ်ခံဘဲဟူကြောန်းန
ကိုယ့်ကိုယ်ကိုယ် တမန်တော် ဆိုဘီး ခေါ်ဂေ့ဘေမဲ့ တမန်တော်မှုဘဲဟူ လူလေဟို့
စမ်းသပ်စစ်ဆေးဘီး သူးနို့လေဟာ လီညာဟူသူလေ ဖြစ်ဂေ့ဟုယ် ဆိုဇာဟို့ နန်ဟာ
တွိရဟူ ကြောန်းဟို့လည်း ငါသိဟုယ်။
3 နန်ဟာ သီးခံဘီး ငါ့ရဲ့ နာမတွပ် ပန်ဗန်းဘေမဲ့ အားလျော့ဟု။
4 အယ်ဘေမဲ့ နန့်ဟို့ ငါ့ဟာ ပြစ်ပြောဇာရှိဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်ဟာ
စစဒူးဟုဖြစ်ဟူ ရှစ်ရှင်းမြစ်တာဟို့ စွန့်ဟုးဘီ။
5 အယ်ကြောန့် နန်ဟာ ဖယ်မျလော့-က် က့်လဆင်းလာဟုယ် ဆိုဇာဟို့ ဒီရဂေ့ဘီး၊
နောန်ဒရဂေ့ဘီး စစဒူးဟ ကျင့်ဟူတိုင်းဘဲ့ ပ့်လန်ကျင့်ပါ။ အယ်မျိုးမှုဘဲနေဟာ
နန်ရှိဟူနေရာဟို့ ငါလာမယ်။ နန်ဟာ နောန်ဒရဘဲနေမယ် ဆိုဟာ နန်ရဲ့ မီးခွပ်ဟို့
နေရာဟုနေ ငါဟာ ဖယ်ပစ်မယ်။
6 အယ်ဘေမဲ့ နိကောလ တမဲ့လေရဲ့ ကျင့်ကြဲရှင်းလေဟို့ ငါဟာမူးမျိုး နန်လည်း
မူးဟူကြောန့် နန့်ဟို့ ချီးမွမ်းဇာရှိဟုယ်။
7 “ဝိညာဉ်တော်ဟု သင်းတော်ဟို့ မိန့်တော်မူဟူ ဇာလေဟို့ နားရှိဟူသူလေ ကြားပါစေ!

1:17 ခ.၁၇ ဗျာ ၂.၈; ၂၂.၁၃ **2:7** **၂.၇** ဗျာ ၂၂.၂

“အောန်မြင်ဟူသူဟို့ ဘုရားသခင်ရဲ့ ပရဒိသုဘောင်မာ သတ်ပန်ရဲ့သီးဟို့
စားရဟူခွမ့်ဟို့ ငါပေးမယ်။

စမုရနသင်းတော်တွပ် ဒန်းစကား

8 “စမုနရဖြို့မာရှိဟူ သင်းတော်ရဲ့ စေတမန်ဟို့ အယ်မျိုးရေးလိုက်ဟုယ်။
“ဦးဆောင်းန နှော့-က်ဆောင်းဖြစ်ဟူသူ၊ သေဘီးမှ သတ်ပ့လန်ရှင်လာဟူသူဟု
အယ်မျိုးမိန့်တော်မူဟုယ်။
9 နန်ရဲ့ ဒေါက်ခဝေဒနာန ဆင်းရဲရှင်းလေဟို့ ငါသိဟုယ်။ မှန်ဆိုဟာ နန်ဟာ
ကြွယ်ဝဟုယ်။ ကိုယ့်ကိုယ်ကိုယ် ယုဒလူမျိုးဖြစ်ဟုယ် ဆိုဘီး ပြောဂေ့ဟူ၊
ယုဒလူမျိုးမူဘဲဟူ၊ စာတန်ရဲ့ သင်းဝမ်လေဖြစ်ဂေ့ဟူ သူလေနားဟုနေ ကဲ့ရဲ့ဘီး
ပြောခံရရှင်းလေဟို့လည်း ငါသိဟုယ်။
10 နန်ခံစားရဟို့ ဒေါက်ခဝေဒနာလေဟို့ ကြော့-က်န။ နန်ဟာ
စောင်ဇမ်းနှော့-က်ယှစ်ရှင်းဟို့ ခံရဟို့ကြောန်း မာရ်နတ်ဟာ နန်းနို့ထဲမာ တချို့လေဟို့
ထောန်ထဲမာ ထဲ့ဟားဟုယ်။ နန်နို့ဟာ ဆယ်ရစ်လောင်းလောင်း ဆင်းရဲဒေါက်ခဟို့
ခံရဂေ့လေ့မယ်။ သေဒဲ့ထိ သစ်စာစောန့်ပါ။ အယ်မျိုးဆိုဟာ သတ်သရဖူဟို့ နန့်ဟို့
ငါပေးမှယ်။
11 “ဝိညာဉ်တော်ဟ သင်းတော်ဟို့ မိန့်တော်မူဇာလေဟို့ နားရှိဟူသူလေ ကြားပါစေ!
“အောန်မြင်ဟူသူဟို့ ဒုတိယသေရှင်းဟာ ညှဉ်းဆဲဟို့ရဟ့။

ပေရဂံသင်းတော်တွပ် ဒန်းစကား

12 “ပေရဂံဖြို့မာရှိဟူ သင်းတော်ရဲ့ စေတမန်ဟို့ အယ်မျိုးရေးလိုက်ဟုယ်။
“သွားနေဖတ်ပါဟူ၊ ရရာတိုင်းထတ်ဟူ၊ သန်လျက်ရှိဟူသူဟ အယ်မျိုး
မိန့်တော်မူဟုယ်။
13 နန်ဟာ ဖယ်နေရာမာ ထိုင်နေဟုယ် ဆိုဇာဟို့ ငါသိဟုယ်။ အယ်နေရာမှာ စာတန်ရဲ့
ပလ္လင်ရှိဟုယ်။ ငါ့ဟို့ သစ်စာရှိဟူ ငါ့ရဲ့သတ်သေ အနှတိပဟာ စာတန်ရဲ့နေရာဖြစ်ဟူ
နန်နို့နားမာ သတ်ခံရဟူ ခီမာ နန်ဟာ ငါ့ရဲ့နာမဟို့ စွဲကိုင်ဘီး ငါ့မာဟားဟူ
ယောင်ကြည်ရှင်းဟို့ စွန့်ပစ်ဟ့။
14 အယ်ဘေမဲ့ နန်းနို့ဟို့ ငါဟာ ပြစ်ပြောဇာ နဲနရှိဟုယ်။ ဖြားဖြစ်ကြောန်းနူးဆိုဟာ
နန်းနို့မာ ဗာလရဲ့ ယူဝါဒဟို့ ခံယူဘီးဟာ ကျင့်နေဂေ့ဟူ သူလေရှိနေဟုယ်။
ဣသရေလလူမျိုးလေဟာ ရောက်ထုဟို့ ပူဇော်ဟားဟူဇာလေဟို့ စားဂေ့ဟို့တွပ်ရော၊
တရားဘဲဟူ မေထုန်ဟို့ လောက်ဂေ့ဟို့တွပ်ရော သူးနို့ရှေ့မာ မှားယွင်းဂေ့ဟူ ဇာလေဟို့
ခ့လဟားဟို့ကြောန်း ဗာလမ်ဟာ ဗာလက်မန်းဟို့ သန်ပေးဟုယ်။
15 အယ်မျိုးဘဲ့ နန်းနို့မာ နိကောလ တဗဲ့လေရဲ့ ယူဝါဒဟို့ ခံယူဘီး ကျင့်နေဂေ့ဟူ
သူလေလည်း ရှိနေဟုယ်။
16 အယ်ကြောန့် နောန်ဒရပါ။ အယ်မျိုးမူဘဲနေဟာ ငါဟာ နန်းနို့နားဟို့
ဖြန်းဖြန်ဟားလာဘီး ငါ့ဇပ်ပေါ့-က်ထဲဟ သန်လျက်န နန်းနို့ဟို့ တိုက်ခိုက်မယ်။

2:11 **ဂ.၁၁** ဗျာ ၂၀.၁၄; ၂၁.၈

17 “ဝိညာဉ်တော်ဟု သင်းတော်ဟို့ မိန့်တော်မူဇာလေဟို့ နားရှိဟူသူလေ ကြားပါစေ!
“အောန်မြင်ဟူသူဟာ ဖွပ်ဟားဟူ မန္နဟို့ ငါပေးမယ်။ ကွ်လော့-က်ဖ့်လူဟို့လည်း
ငါပေးမယ်။ အယ်ကွ်လော့-က်ဟို့ ရဟူသူဟာလွဲဘီး ဖယ်သူလည်း အယ်နာမယ်သစ်ဟို့
သိဂေ့ဟု။

သွာတိရသင်းတော်တွပ် ဒန်းစကား

18 “သွာတိရဗြို့မာရှိဟူ သင်းတော်ရဲ့ စေတမန်ဟို့ အယ်မျိုးရေးလိုက်ဟုယ်။
“မီးလျှံမျိုး မျစ်စိန ရရာတိုင်း တော့-က်ဟူ၊ ကြေးဝါနတူဟူ၊ ခေရှိဟူ ဘုရားသခင်ရဲ့
သားတော်ဟု အယ်မျိုးမိန့်တော်မူဟုယ်။
19 နန်ရဲ့ လောက်ဆောန်ရှင်းလေန နန်ရဲ့ရှစ်ရှင်း၊ ယောင်ကြည်ရှင်း၊
မူတော်ဆောန်ရှင်း၊ သီးခံရှင်းလေဟို့ ငါသိဟုယ်။ နန်ဟု
နော့-က်ဆောင်းလောက်ဆောန်ရှင်းလေဟု ရင်ဟုလောက်ဆောန်ရှင်းထတ်
သာနေဟူကြောန်းဟို့လည်း ငါသိဟုယ်။
20 အယ်ဘေမဲ့ နန်ဟို့ ငါဟု ပြစ်ပြောဇာရှိဟုယ်။ ဖြားဖြစ်ကြောန်းဆိုဟု နန်ဟု
ကိုယ့်ကိုယ်ကိုယ် ပရောဖက်မ ဆိုဘီး ခေါ်ဟူမီးမ ယေဇေလဟို့ လောက်ရှင်ဟူမျိုး
လောက်ဟို့ ခွမ့်ပေးဟုားဟုယ်။ အယ်ကြောန့် သူဟု ငါ့ရဲ့ စေခံလေဟို့ တရားဘဲဟူ
မေထုန်ပြုဟို့တွပ် ရောက်ထုဟို့ ပူဇော်ဟုားဟူဇာလေဟို့ စားဂေ့ဟို့တွပ် သွန်သန်ဘီးဟု
သူးနို့်လေဟို့ လှည့်ဇားနေဟုယ်။
21 ငါဟု သူဟို့ နောန်ဒရဟို့တွပ် ခီပေးဘေမဲ့ သူဟု တရားဘဲဟူ မေထုန်ဟို့
နောန်ဒရရှင်ဟူစိ မွေ့ဟု။
22 အယ်ကြောန့် ငါဟု သူဟို့ အိယာထတ်မာ လဲစေဟုယ်။ သူန
အီထောန်ရေးဖော့-က်ပ့လန်ဘီး ပြစ်မှားဟူ လူလေဟို့လည်း သူးနို့်လောက်ဟူ
မူလေတွပ် နောန်ဒရဘဲနေဟု ရရာတိုင်း ကီးဟူ ဆင်းရဲဒေါက်ခဟို့ ရော့-က်စေမယ်။
23 သူရဲ့ သားမီးလေဟို့လည်း သေဘေးန ငါစီရင်မယ်။ အယ်ခီမာ ငါဟု
စိန့လောင်းဟို့ သိဟူသူဖြစ်ဟုယ် ဆိဇာ သင်းတော်ဂူလောင်းဟု သိရဂေ့လေ့မယ်။
နန်းနို့် ဂူလောင်းဟို့လည်း ကိုယ်လောက်ဟုားဟူတိုင်းဘဲ့ ကျိုးပြစ်ဟို့ ငါဟုပေးမယ်။
24 “အယ်ဘေမဲ့ အယ်မီးမရဲ့ ယူဝါဒန စာတန်ရဲ့ နတ်နဲရှင်းဖြစ်ဟူ၊ သူးနို့်
ခေါ်ဂေ့ဟူဇာလေ သိဘဲန သွာတိရဗြို့မာ ကျန်နေဟူလူလေဟို့ ငါပြောရှင်ဟူဇာဟု
နန်းနို့်ထတ်မာ တခြားဝန်ထောက်လေဟို့ ငါတန်ဟု။
25 နန်နို့်လေမာ ရှိဟူဇာလေဟို့ဘဲ့ ငါကြွလာဟူခီထိ စွဲကိုင်ဟုားဂေ့။
26 အောန်မြင်ဟူ သူလေန ငါ့ရဲ့မူဟို့ ဆောင်းထိစောန့်ထီးဟူ သူလေဟု
လူမျိုးဂူလောင်းဟို့ အောက်စိုးရဟူ ခွမ့်ဟို့ ငါပေးမယ်။
27 အယ်လူလေဟု ငါကိုယ်တိုင် ငါ့ရဲ့ ဖနားဟုရဟူ အောက်စိုးခွမ့်နတူဟူ
မ့လေအိုးလေဟို့ ရိုက်ခွဲမျိုးဘဲ့ သံလုံတန သူးနို့်ဟို့ အောက်စိုးရလေ့မယ်။
28 ငါဟု မိုးသော့-က်ကြယ်ဟို့လည်း အယ်လူလေဟို့ ပေးမယ်။

2:17 ၂.၁၇ ယော ၆.၄၈-၅၀

29 “ဝိညာဉ်တော်ဟာ သင်းတော်ဟို့ မိန့်တော်မူဇာလေဟို့ နားရှိဟူသူလေ ကြားပါစေ။

3

သာဒိသင်းတော်တွင်ပ် ဒန်းစကား

1 “သာဒိဗြို့မာရှိဟူ သင်းတော်ရဲ့ စေတမန်ဟို့ အယ်မျိုးရေးလိုက်ဟုယ်။

“ဘုရားသခင်ရဲ့ဝိညာဉ် ခွန်နစ်ပါးန ကြယ်ခွန်နစ်လောင်းရှိဟူသူဟု
အယ်မျိုးမိန့်တော်မူဟုယ်။ နန်ရဲ့ လောက်ဆောန်ရှင်းလေဟို့ ငါသိဟုယ်။ နန်ဟာ
သတ်ရှင်နေဟုယ် ဆိုဘီး နာမယ်ခံဘေမဲ့ သေနေဟူလူ ဖြစ်ဟုယ်။

2 ဒိနစောန်နေပါ။ သေခါနီးဖြစ်နေဘီး ကျန်နေဟူသူလေဟို့ ခိုင်ခံ့စေပါ။
ဖြားဖြစ်ကြောန်းနူးဆိုဟာ နန်ရဲ့ လောက်ဆောန်ရှင်းလေဟာ ငါ့ရဲ့ ဘုရားသခင်ရှေ့မာ
ပြစ်ပြောဇာရှိသေးဟုယ် ဆိုဇာ ငါမြင်ရဟုယ်။

3 အယ်ကြောန် နန်ဟာ ဖယ်မျိုးခံယူဘီး ကြားနာရဟူဇာလေဟို့ ဒိရဘီး
အယ်ဇာလေဟို့ စောန်ထီးပါ။ နောန်ဒရပါ။ နန်ဟာ ဒိနစောန်ဘဲနေဟာ ခိုးလာဟူမျိုး
နန်နားဟို့ ငါလာဇာဟို့ နန်ဟာ လောင်းဝသိဟို့ မူဟု။

4 အယ်ဘေမဲ့ သာဒိဗြို့မာ ကိုယ့်ရဲ့ဝတ်ဟို့ ညစ်ညူးစေဘဲဟူသူ နဲနဲဟား
ရှိသေးဟုယ်။ အယ်လူလေဟာ ထိုက်တန်ဟူသူလေ ဖြစ်ဂေ့ဟူကြောန့်
ဝတ်ဖ့လူဟို့ဝတ်ဘီး ငါ့နာမနတူးဒူး သွားလာရလေ့မယ်။

5 အောန်မြင်ဟူသူဟာ အယ်မျိုးဘဲ့ ဝတ်ဖ့လူဟို့ ဝတ်ရလေ့မယ်။ ငါဟ့လည်း
သူ့ရဲ့နာမယ်ဟို့ သတ်စာစောန်မာ လောင်းဝဖျစ်ပစ်ဟု။ ငါဟာ သူ့ရဲ့နာမယ်ဟို့
ငါ့ဖရှေ့မာရော၊ ကောန်းဂန်တမန် ရှေ့မာရော ဝန်ခံမယ်။

6 “ဝိညာဉ်တော်ဟ သင်းတော်ဟို့ မိန့်တော်မူဟူ ဇာလေဟို့ နားရှိဟူသူလေ
ကြားပါစေ။

ဖိလဒေလဖိသင်းတော်တွင်ပ် ဒန်းစကား

7 “ဖိလဒေလဖိဗြို့မာရှိဟူ သင်းတော်ရဲ့ စေတမန်ဟို့ အယ်မျိုးရေးလိုက်ဟုယ်။

“သန့်ရှင်းဟူသူ၊ ရရာတိုင်း မှန်ဟူသူ၊ ဒါဝိဒ်ရဲ့သော့-က်ဟို့ ကိုင်ဟားဟူသူ၊
ဖယ်သူလည်း ပိနိုင်ဘဲနေအောန် ဖွမ့်ဟားဟူသူ၊ ဖယ်သူလည်း ဖွမ့်နိုင်ဘဲနေအောန်
ပိဟားဟူသူဟ အယ်မျိုးမိန့်တော်မူဟုယ်။

8 နန်ရဲ့ လောက်ဆောန်းရှင်းလေဟို့ ငါသိဟုယ်။ ကေ့ကေ့။ ဖယ်သူလည်း ပိနိုင်ဘဲဟူ
ခွမော့-က်ဟို့ နန့်ရှေ့မာ ငါဖွမ့်ဟားဟုယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ နန်ဟာ
စွမ်းရည်နဲနဲဟားဘဲ ရှိဘေမဲ့ ငါ့ရဲ့ စကားတော်ဟို့ လိုက်နာစောန့်ထီးဘီး
ငါ့ရဲ့နာမဟို့လည်း ပယ်ဟု။

9 ကေ့ကေ့။ ကိုယ့်ကိုယ်ကိုယ် ယုဒလူမျိုးဖြစ်ဟုယ် ဆိုဘီး ယုဒလူမျိုးမူဘဲန စာတန်ရဲ့
ပေါန်းသင်းဝမ်လေဖြစ်ဂေ့ဟူ၊ လီညာဘီးပြောဂေ့ဟူ လူလေဟို့ နန်ရဲ့ခေရင်းမာ လာဘီး
ရှိခိုးစေဘီးဟာ ငါဟာ နန်းနို့ဟို့ ရှစ်ဟုယ် ဆိုဇာဟို့ သူးနို့ဟို့ သိစေမယ်။

3:3 ၃.၃ မ ၂၄.၄၃.၄၄: လု ၁၂.၃၉.၄၀: ဗျာ ၁၆.၁၅ **3:5 ၃.၅ ၈** ဗျာ ၂၀.၁၂: **ခ** မ ၁၀.၃၂: လု ၁၂.၈

10 နန်ဟာ သီးခံရှင်းနဆိုင်ဟူ ငါ့ရဲ့ စကားတော်ဟို့ လိုက်နာဘီး စောန့်ထီးဟူကြောန့်
မ့လေဂီးထတ်မာ နေထိုင်ဂေ့ဟူ သူလေဟို့ စမ်းသပ်စစ်ဆေးဟို့ ရော့-က်လာဟူ ခီမာ
ငါဟာ နန့်ဟို့ စောန့်ရော့-က်မယ်။
11 ငါဟာ ဗြန်းဗြန်ဟားလာမယ်။ နန့်ရဲ့ သရဖူဟို့ ဖယ်သူလည်း လုယူဘဲဟို့တွပ်
နန့်မာရှိဟူဇာလေဟို့ စွဲကိုင်းဟားပါ။
12 ငါဟာ အောန်မြင်ဟူသူဟို့ ငါ့ရဲ့ ဘုရားသခင် ဗိမာန်တော်မာ တိုင်ဖြစ်စေမယ်။
သူဟာ ဖယ်ခါလည်း ပ့လန်ဟို့ထွပ်ဟားရဟို့ မူဘီ။ ငါဟာ ငါ့ဘုရားသခင်ရဲ့
နာမတော်ဟို့ရော၊ ငါ့ဘုရားသခင်ရဲ့ မြို့တော်ဖြစ်ဟူ ကောန်းဂန်ဘောင်ဟုနေ
ဆင်းလာဘီး ယေရုရှလင်မြို့သစ်ရဲ့ နာမဟို့ရော၊ ငါ့ရဲ့ နာမသစ်ဟို့ရော သူ့ထတ်မာ
ရေးဟားမယ်။
13 "ဝိညာဉ်တော်ဟ သင်းတော်ဟို့ မိန့်တော်မူဟူ ဇာလေဟို့ နားရှိဟူသူလေ
ကြားပါစေ။

လောဒိကိသင်းတော်တွပ် ဒန်းစကား

14 "လောဒိကိမြို့မာရှိဟူ သင်းတော်ရဲ့ စေတမန်ဟို့ အယ်မျိုးရေးလိုက်ဟုယ်။
"အာမင်ဖြစ်ဟူသူ၊ သစ်စာရှိဘီး ဖြောန့်မတ်ဟူသတ်သေ၊ ဘုရားသခင်ရဲ့
ဖန်ဆင်းဟုးဟူထဲမာ ဦးဆောင်းဖြစ်ဟူသူဟ အယ်မျိုးမိန့်တော်မူဟုယ်။
15 နန့်ရဲ့လောက်ဆောန်ရှင်းလေဟို့ ငါသိဟုယ်။ နန်ဟာ အေးလည်း မူဟ့။ ပူလည်း
မူဟ့။ ငါဟာ နန့်ဟို့ အေးဆိုဟာအေး၊ ပူဆိုဟာပူ တခုခုဟို့ဘဲ ဖြစ်စေရှင်ဟုယ်။
16 နန်ဟာ ပူလည်းမူဘဲန၊ အေးလည်းမူဘဲန၊ မပူမအေး ဖြစ်နေဟူကြောန့် နန့်ဟို့
ငါ့ဇပ်ပေါ့-က်ထဲဟ ထွီးထူမယ်။
17 နန်ဟ 'ငါဟာ ရရာတိုင်း ကြွယ်ဝဟူကြောန့် ဖြားဇာလည်း လိုဟ့ ဆိုဘီး'
ပြောနေဟုယ်။ အယ်ဘေမဲ့ နန်ဟာ ရရာတိုင်း စိပြစ်ဇာကောန်းဟူသူ၊
နားဇာကောန်းဟူသူ၊ ဆင်းရဲဟူသူ၊ မျစ်စိကန်းနေဟူသူန ခ့လေးပ့လန်းဗ့လန်း
ဖြစ်နေဟုယ် ဆိုဇာဟို့ နန်သိဟ့။
18 နန်ဟာ ကြွယ်ဝဟို့တွပ် မီးနသန့်စင်ဟားဟူ ရွှေဟို့ရော၊ နန်ဟာ
ခ့လေးပ့လန်းဗ့လန်း ဖြစ်နေဘီး ယ့စ်လေပေါ်ဘဲနေအောန် နန့်ဝတ်ဟို့ ဖ့လူဟူ
ဝတ်ရောင်ဟို့ရော၊ နန့်ရဲ့ မျစ်စိ ပ့လန်ဘီးဗြင်လာဟို့တွပ် မျစ်စဉ်ခတ်ဟို့ ဆေးဟို့ရော၊
ငါ့နားမာ ဝယ်ဟို့တွပ် နန့်ဟို့ ငါဟာ ကြံပေးရှင်ဟုယ်။
19 ငါဟာ ငါရှစ်ဟူသူ မှန်မျှရဲ့ ပြစ်လေဟို့ ဖော်ပြဘီးဟာ ဆောင်းမတတ်ဟုယ်။
အယ်ကြောန့် ကိုယ့်စိကိုယ် နှိုးဆော်ဘီး နောန်ဒရပါ။
20 နားထောန်ဂေ့။ ငါဟာ ခွဖော့-က်ရှေ့မာ ရပ်ဘီး ခေါ့-က်ဘီးနေဟုယ်။ ဖယ်သူမဆို
ငါ့ရဲ့သံဟို့ ကြားဘီး ခွဖော့-က်ခွမ့်မယ် ဆိုဟာ အယ်လူရှိဟူ နေရာဟို့ ဝမ်ဘီး သူ့နတူးဒူ
စာစားမယ်။ သူဟ့လည်း ငါ့နတူးဒူ စားသော့-က်ရလေ့မယ်။

3:12 ခ.၁၂ ဗျာ ၂၁.၂ **3:19 ခ.၁၉** ဟေ ၁၂.၆

21 ငါဟာ အောန်မြင်ဘီး ငါ့ဖနတူးဒူ ပလ္လင်ထတ်မာ ထိုင်ရမျိုးဘဲ အောန်မြင်ဟူ
သူဟာ ငါ့ရဲ့ ပလ္လင်ထတ်မာ ငါ့နတူးဒူ ထိုင်ရဟို့ ခွမ့်ဟို့ ငါပေးမယ်။
22 “ဝိညာဉ်တော်ဟာ သင်းတော်ဟို့ မိန့်တော်မူဟူ ဇာလေဟို့ နားရှိဟူသူလေ
ကြားပါစေ” ဆိုဘီး မိန့်တော်မူလေဟာယ်။

4

ကောန်းဂန်ဘောင်းဟာ ပလ္လင်တော်

1 အယ်ဘီးန ငါကေ့လိုက်ဟူ ခီမာ ကောန်းဂန်မာဖွမ့်ဟားဟူ
ခွဗော့-က်တဗော့-က်ရှိဟာယ်။
အယ်ခီမာ ပထမဆောင်း ငါ့ဟို့ မိန့်တော်မူဇာဟို့ ကြားရဟူ၊ တံပိုးခရာသံမျိုးဖြစ်ဟူ
သံဟာ “အယ်နေရာဟို့ တတ်လာလိုက်။ အယ်ဖြစ်ပျစ်လေရဲ့ နော့-က်မာ
ဖြစ်ရဟို့ဇာလေဟို့ နန့်ဟို့ ငါပြမယ်။” ဆိုဘီး ပြောဟာယ်။
2 အယ်ခီမာ ရှစ်ရှင်းဘဲ ဝိညာဉ်တော်ဟာ ငါ့ထတ်ဟို့ ရော့-က်လာလေဟာယ်။
ကောန်းဂန်ဘောင်မာ ပလ္လင်တခုရှိဟာယ်။ ပလ္လင်ထတ်မာထိုင်နေဟူသူ တပါးရှိဟာယ်။
3 ထိုင်နေဟူသူဟာ နဂါးသွဲန ပတ္တတမြားက့လော့-က်နီမျိုး ရောန်ရှိဘီး
ပလ္လင်ပတ်ပတ်လည်မာ မြမျိုးဆင်းရောန်ရှိဟူ သက်တံ့ရှိဟာယ်။
4 ပလ္လင်ရဲ့ ပတ်ပတ်လည်မာ တခြားပလ္လင် နှေ့ဆယ်လေးခုရှိဘီး
အယ်ပလ္လင်လေထတ်မာ ဖုလူဟူဝတ်ရောင်ဟို့ ဝတ်ဟားဘီး ခေါန်းထတ်မာ ရွှေသရဖူဟို့
ဆောန်းဟားဟူ သတ်ကီးဝါဂီး နှေ့ဆယ့်လေးပါးဟာ ထိုင်နေဂေ့ဟာယ်။
5 ပလ္လင်ထဲဟာ လန့်စစ်ဖုလတ်ရှင်း၊ မိုးချောင်းသံလေ၊ မိုးကြိုးသံလေ ထွပ်လာဟာယ်။
ဘုရားသခင်ရဲ့ ဝိညာဉ်ခွန်နစ်ပါးဖြစ်ဟူ မီးခွပ်ခွန်နစ်လောင်းဟာ ပလ္လင်ရှေ့မာ
တော့-က်လောန်ဘီး ရှိနေဟာယ်။
6 အယ်ဘီးဟာ ပလ္လင်ရှေ့မာ ကုလော့-က်သလင်းနတူဟူ ဖန်ရေကန်မျိုးရှိဟာယ်။
ပလ္လင်ရဲ့လယ်နရော၊ ပတ်ပတ်လည်မာရော၊ ရှေ့ဖတ်န နော့-က်ဖတ်လေမာရော
မျစ်စိလေနပ္လဲ့နေဟူ သတ္တဝါလေးပါးရှိဟာယ်။
7 ပထမ သတ္တဝါဟာ ခြသေ့်နတူဘီး ဒုတိယ သတ္တဝါဟာ နွားသားဂန်းနတူဟာယ်။
တတိယ သတ္တဝါဟာ လူနတူဟူ မျစ်နှာရှိဘီး စတုတ္ထ သတ္တဝါဟာ ပုလန်နေဟူ
လင်းယောင်နတူဟာယ်။
8 အယ်သတ္တဝါ လေးပါးလောင်းဟာ တောန်ပံခြော့-က်ခုစိရှိဘီး ပတ်ပတ်လည်န
ထဲဖတ်မာ မျစ်စိလေန ပုလဲ့ဘီးရှိနေဟာယ်။ သူးနို့ဟာ နေ့ရောညဉ့်ရော နားဘဲန
“ထာဝရ ဘုရားသခင်ဟာ
သန့်ရှင်းတော်မူဟာယ်။ သန့်ရှင်းတော်မူဟာယ်။ သန့်ရှင်းတော်မူဟာယ်။
ကိုယ်တော်ဟာ ခုရှိဘီး ရင်ဟာလဲရှိဟူ နော့-က်တခီမာ ကြွလာဟို့
အနန္တတဂိုးနပ္လဲ့ဇောင်ဟူ သခင်ဖြစ်ဟာယ်” ဆိုဘီး

4:5 ၄.၅ ၈ ဗျာ ၈.၅: **ခ** ဗျာ ၁.၄

ပြောဆိုဂေ့ဟုယ်။
9 အယ်မျိုး ပလ္လင်ထတ်မာထိုင်ဘီး ကမ္ဘာဆစ်ဆစ်သတ်ရှင်ဟူ သခင်ရဲ့
ဖောင်းသရေတော်၊ ဂေါင်တော်နှ ကျေးဇူးတော်လေဟို့ သတ္တဝါလေးပါးဟှာ
ချီးမွမ်းဂေ့ဟူ ခီမာ
10 သတ်ကီးဟူသူ နှေ့ဆယ့်လေးပါးဟှာ ပလ္လင်ထတ်မာထိုင်ဟူ သခင်ရဲ့ရှေ့မာ
ပျပ်ဝပ်ဘီးဟှာ ကမ္ဘာဆစ်ဆစ်သတ်ရှင်ဟူ သခင်ဟို့ ကိုးကွယ်ဘီးဟှာ သူးနို့လေရဲ့
သရဖူလေဟို့ ပလ္လင်ရှေ့မာ ခုလဟှားဘီးဟှာ၊
11 “ကျွန်တော့်ဟှားလေရဲ့သခင် ဘုရားသခင်ဟှာ
ကိုယ်တော်ဟှာ ရှိမျှဂူလောင်းဟို့ ဖန်ဆင်းဟူကြောန့်
ကိုယ်တော်ရဲ့ လိုတော်ကြောန့်ဘဲ့ ရှိမျှဂူလောင်းဟှာ သတ်ရှင်ရဂေ့ဟုယ်။
အယ်ကြောန့် ကိုယ်တော်ဟှာ ဖောင်းသရေတော်၊ ဂေါင်တော်၊ တဂိုးတော်လေဟို့
ခံထိုက်ဟုယ်” ဆိုဘီး
ပြောဆိုဂေ့ဟုယ်။

5

စာစောန်န သိုးသားဂန်းဟှားကြောန်း

1 အယ်ဘီးန ပလ္လင်ထတ်မာ ထိုင်ဟူသခင်ရဲ့ ညာဖတ်လတ်မာ ထဲရောပ့လန်ရော
နှေ့ဖတ်လောင်း စာလောင်းလေ ရေးဟှားဘီး၊ မှတ်လတ်ခဏာတန်ဘီး တဇီခွန်နစ်ခုန
ပိဟှားဟူ စာစောန်တစောန် ရှိနေဇာဟို့ ငါဟှာ မြင်ရဟုယ်။
2 အယ်ခီမာ ရရာတိုင်း ခွန်အားကီးဟူ ကောန်းဂန်တမန်တပါးဟှာ “ဖယ်သူဟှာ
အယ်စာစောန်ဟို့ ဖွမ့်ဘီး အယ်တဇီလေဟို့ ခွာထိုက်နူး” ဆိုဘီး သံက့်လယ်ဂီးန
ကြေညာနေဇာဟို့ ငါဟှာ မြင်ရဟုယ်။
3 အယ်ဘေမဲ့ ကောန်းဂန်မာဖြစ်စေ၊ မ့လေဂီးထတ်မာဖြစ်စေ၊
မ့လေဂီးအော့-က်မာ*ဘဲ့ဖြစ်စေ စာစောန်ဟို့ဖွမ့်ဘီး ကေ့နိုင်ဟူသူ ဖယ်သူလည်း မ့ေဟှ။
4 အယ်စာစောန်ဟို့ ဖွမ့်ဘီးဟှာကေ့ဟို့တွပ် ထိုက်တန်ဟူသူ ယော့-က်လည်း
တွိဘဲဟူကြောန့် ငါဟှာ ရရာတိုင်း ငိုဟုယ်။
5 အယ်ခီမာ သတ်ကီးဟူသူ တပါးဟှာ “ငိုန၊ ကေ့ကေ့။ ယုဒမျိုးနွယ်ဟှနေ
ပေါ်လာဟူခြေသေ့၊ ဒါဝိဒ်ရဲ့ မူလရင်းမြစ်ဖြစ်ဟူ သခင်ဟှာ အောန်မြင်ဟူကြောန့်
အယ်စာစောန်န တဇီခွန်နစ်ချစ်ဟို့ ဖွမ့်နိုင်ဟုယ်။” ဆိုဘီး ငါ့ဟို့ပြောဟုယ်။
6 အယ်ဘီးန သေသတ်ခံဟှားရဟူ ပေါင်ဖြစ်နေဟူ သိုးသားဂန်းဟှားဟှာ ပလ္လင်န
သတ္တဝါလေးပါးရဲ့ ကြားထဲဟှ သတ်ကီးဟူ သူလေရဲ့လယ်မာ ရပ်နေဇာဟို့
ငါဖြင်ရဟုယ်။ အယ်သိုးသားဂန်းဟှားမာ ချိုခွန်နစ်ရှောန်းန မျစ်စိခွန်နစ်လောင်းရှိဟုယ်။
အယ်မျစ်စိလေဟှာ မ့လေဂီးတဗ့လန်လောင်းဟို့ လွတ်လိုက်ခံရဟူ ဘုရားသခင်ရဲ့
ဝိညာဉ်ခွန်နစ်ပါး ဖြစ်ဟုယ်။

* **5:3 ၅.၃ မ့လေဂီးအော့-က်မာ၊** မရဏာနိုင်ငံ အယ်မျိုးမူဘဲနေဟှာ လူသေလေရဲ့ ကမ္ဘာ (ရှု ၁.၁၈)။

7 သိုးသားဂန်းဟုးဟုာ လာဘီး ပလ္လင်ထတ်မာ ထိုင်နေဟူသခင်ရဲ့
ညာဖတ်လတ်မာရှိဟူ စာစောန်ဟို ယူလိုက်ဟုယ်။
8 အယ်စာစောန်ဟို ယူလိုက်ဟူ ခီမာ သတ္တဝါလေးပါးန သတ်ကီးဟူသူ
နှေ့ဆယ့်လေးပါးဟုာ သန့်ရှင်းသူလေရဲ့ ဆုတောန်းချစ်လေဖြစ်ဟူ မီးရှို့ဟူ
နံ့သာပေါန်းန ပ့လဲ့နေဟူ ရွှေဖလားလေဟိုရော၊ စောန်းလေဟိုလည်း ကိုင်ဟုးဂေ့ဘီး
သိုးသားဂန်းဟုးရှေ့မာ ပျပ်ဝပ်ဘီး၊
9 ကိုယ်တော်ရှင်ဟုာ သေသတ်ရှင်းဟို ခံရဟူကြောန့်
“တိုင်းနိုင်ငံ ဂူလောင်းမာရှိဟူ သာသာစကားလေ မျိုးမျိုးပြောဂေ့ဟူ
လူမျိုးလေထဲဟုနေဘီး ကျွန်တော့်ဟုးလေဟို ယူဘီး၊ သွီးတော်န
ဘုရားသခင်တွပ် ဖိုးခပေးဘီး ဝီးကော့-က်လိုက်ဟုယ်။
အယ်ကြောန့် ကိုယ်တော်ဟုာ အယ်စာစောန်ဟို ယူဘီး တဇီလေဟို ဖွမ့်ထိုက်ဟူသူ
ဖြစ်ပါဟုယ်။
10 ကျွန်တော့်ဟုးလေရဲ့ ဘုရားသခင်ရှေ့မာ မန်းဂီးနေနရော၊ ယဇ်ပုရောဟိတ်နေနရော
ခန့်ဟုးဘီး၊
မ့လေဂီးထတ်မာ အောက်ချောက်ရဟူခွမ့်ဟို ပေးဟုယ်” ဆိုဘီး
ချင်းသစ်ဟို ဆိုဂေ့ဟုယ်။
11 အယ်ခီမာ ငါဟုာ ကေ့လိုက်ဟူ ခီမာ ပလ္လင်ပတ်ပတ်လည်မာရော၊
သတ္တဝါလေးပါးန သတ်ကီးဟူလူလေရဲ့ ပတ်ပတ်လည်မာရော၊ ရပ်ဘီးနေဟူ
ကောန်းဂန်တမန်လေရဲ့ သံဟို ကြားရဟုယ်။ အယ်ကောန်းဂန်တမန်လေဟုာ
သီးသန်းကုဋ္ဌေ ကဘဲန ဘောင်ဂီးဘွဲ့ရှိဟုယ်။
12 သူးနို့ဟုာ
“သေသတ်ခံရဟူ သိုးသားဂန်းဟုးဟုာ
တဂိုး၊ စည်းဇိမ်၊ ဉာဏ်ပညာ၊ ခွန်အားစွမ်းရည်၊ ဖောင်းသရေတော်၊
ဖောင်းအာနုဘော်၊
ချီးမွမ်းရှင်းဟို ခံထိုက်ဟုယ်” ဆိုဘီး
သံကျလယ်ဂီးန ပြောဆိုဂေ့ဟုယ်။
13 နှေ့-က်ထပ် ကောန်းဂန်၊ မ့လေဂီး၊ မ့လေဂီးအော့-က်ဟု ပန်လယ်ရဲ့ နေရာတိုင်းမာ
သတ္တဝါဂူလောင်းဟု
“ပလ္လင်ထတ်မာ ထိုင်နေဟူသခင်န သိုးသားဂန်းဟုးဟုာ
ကမ္ဘာဆစ်ဆစ် ချီးမွမ်းရှင်းဟို ခံရပါစေ။
ဖောင်းကီးတော်မူပါစေ”
ဆိုဘီး သံကျလယ်ဂီးန ပြောဂေ့ဇာဟို ငါဟုာ ကြားဟုယ်။
14 သတ္တဝါလေးပါးဟု “အာမင်” ဆိုဘီး ပ့လန်ပြောဂေ့ဟုယ်။
သတ်ကီးဝါဂီးလေဟုလည်း ပျပ်ဝပ်ဘီး ကိုးကွယ်ဂေ့ဟုယ်။

5:10 ၅.၁၀ ဗျာ ၁.၆

6

စာစောန်ထဲဟှ တဇိလေကြောန်း

1 သိုးသားဂန်းဟှားဟှာ တဇိခွန်နစ်ချစ်မာ ပထမတချစ်ဟို့ ဖွမ့်ဟူ ခီမာ
ငါကေ့လိုက်ဟူ ခီမာ မိုးကြိုးသံနတူဟူ သံမျိုးန သတ္တဝါလေးပါးထဲမာ တပါးဟှ
“လာဂေ့” ဆိုဘီး ပြောဇာဟို့ ငါကြားရဟှယ်။
2 အယ်ခီမာ ငါကေ့လိုက်ဟူ ခီမာ မြင်းဖ့လူတကောန်ဟို့ တွိရဟှယ်။ မြင်းစီဟူသူဟှာ
လေးဟို့ ကိုင်ဟှားဟှယ်။ သူ့ဟို့ သရဖူဟို့ ပေးဟှယ်။ သူဟှာ အောန်ဗွဲခံဘီးဟူသူ နေန
အောန်ဗွဲခံဟို့တွပ် ထွပ်ဟှားဟှယ်။
3 သိုးသားဂန်းဟှားဟှာ ဒုတိယတဇိဟို့ ဖွမ့်လိုက်ဟူ ခီမာ ဒုတိယသတ္တဝါဟှ “လာဂေ့”
ဆိုဘီး ပြောဇာဟို့ ငါကြားဟှယ်။
4 အယ်ခီမာ မြင်းနီတကောန်ဟှာ ထွပ်လာဘီး စီးဟူသူဟှာ လူလေဟို့
ရှင်းရှင်းသတ်ဂေ့ဟို့တွပ် မ့လေဂီးထတ်မာ ငြိဝပ်ရှင်းဟို့ ရောက်သီးဟူ ခွမ့်ဟို့ရဟှယ်။
ရရာတိုင်း ကီးဟူ ထားတလတ်ဟို့လည်း သူ့ဟို့ ပေးလေဟှယ်။
5 သိုးသားဂန်းဟှားဟှာ တတိယတဇိဟို့ ဖွမ့်လိုက်ဟူ ခီမာ တတိယသတ္တဝါဟှ
“လာဂေ့” ဆိုဘီး ပြောဇာဟို့ ငါကြားရဟှယ်။ ငါဟှာ ကေ့လိုက်ဟူ ခီမာ
မြင်းမဲတကောန်ဟို့ တွိရဟှယ်။ အယ်မြင်းထတ်မာ စီးနေဟူသူဟှာ သူ့ရဲ့လတ်မာ
ခီခွမ်ဟို့ ကိုင်ဟှားဟှယ်။
6 အယ်ဘီးန သတ္တဝါလေးပါးလယ်ဟှ ထွပ်လာဟူ စကားသံနတူဟူ သံဟှ
“ဂျောင်ဆန်တခွပ် ဆိုဟှာ ဒေနာရိတပြား၊ မုယောဆန်သောင်းခွပ် ဆိုဟှာ
ဒေနာရိတပြားဖြစ်ဟှယ်။ ဆီန စဗျစ်ဝိုင်ဟို့ ပျစ်စီးစေန” ဆိုဇာဟို့ ငါကြားရဟှယ်။
7 သိုးသားဂန်းဟှားဟှာ စတုတ္တတဇိဟို့ ဖွမ့်လိုက်ဟူ ခီမာ စတုတ္တသတ္တဝါဟှ
“လာဂေ့” ဆိုဘီး ပြောဇာဟို့ ငါကြားရဟှယ်။
8 ငါကေ့လိုက်ဟူ ခီမာ မြင်းမဲတကောန်ဟို့ တွိရဟှယ်။ အယ်မြင်းထတ်မာ
စီးနေဟူသူဟှာ သေမန်း ဆိုဘီး နာမယ်ဖြစ်ဟှယ်။ သူ့ရဲ့နော့-က်မာ မရဏာနိုင်ငံ*ဟှာ
လိုက်လာဟှယ်။ သူးနို့ဟှာ ထားဘေးနရော၊ ငတ်မွတ်ခေါန်ပါးဟူ ဘေးနရော၊
သေဘေးနရော၊ မ့လေဂီးထတ်မာရှိဟူ သားရဲလိဆန်ဘေးနရော လူလေဟို့
သတ်ဟို့တွပ် မ့လေဂီးရဲ့ လေးပေါင်တပေါင် ခွမ့်အာဏာဟို့ ရဂေ့ဟှယ်။
9 သိုးသားဂန်းဟှားဟှာ ပဥမတဇိဟို့ ဖွမ့်လိုက်ဟူ ခီမာ ဘုရားသခင်ရဲ့
စကားတော်နရော၊ သစ်စာရှိဟူ သတ်သေခံချစ်နရော၊ သေသတ်ခံရဟူ သူလေရဲ့
ဝိညာဉ်လေဟို့ ယဇ်ပလ္လင်အော့-က်မာ ငါဖြင်ရဟှယ်။
10 အယ်လူလေဟှာ “သန်ရှင်း ဖြောန့်မတ်မှန်ကန်ဘီး စိုးပိုင်တော်မူဟူ သခင်၊
ကျွန်တော့်လေရဲ့ သွီးတွပ် မ့လေဂီးထတ်မာ နေဂေ့ဟူလူလေဟို့ တရားစီရင်ဘဲန၊
ကလဲ့စားချေဘဲန ဖယ်မျှထိကြာအောန် နေဟို့နူး” ဆိုဘီး သံက့လယ်ဂီးန
အော်ပြောဂေ့ဟှယ်။

---

* **6:8 ၆.၈ မရဏာနိုင်ငံ၊** လူသေလေရဲ့ ကမ္ဘာ (ရှု ၁.၁၈)။

11 အယ်ခီမာ သူးနို့လေဟို့ ဝတ်လောင်ဖ့လူဟို့ ပေးဘီးဟှာ သူးနို့မျိုးဘဲ့
သေသတ်ခံရဟို့ မူဆောန်ဟူ ညီကို မောန်နှမလေ ရေတွပ်တိုင်း ပ့လဲ့ဇောင်ဟို့ခီထိ
ရှစ်ဟှားနားယူဂေ့ဟို့တွပ် သူးနို့လေဟို့ မိန့်တော်မူဟုယ်။
12 သိုးသားဂန်းဟှားဟှာ ဆဋ္ဌမ တဇီဟို့ ဖွမ့်လိုက်ဟူ ခီမာ ငလျင်ဟှာ
ပြင်းပြင်ထန်းထန်ဟှား လျောက်ဟူကြောန့် နေဟှာ ဘဲ့မီးန လောက်ဟှားဟူ
ဝတ်ကြမ်းမျိုး မဲဟှားဘီး လဟှလည်း သွီးမျိုး ဖြစ်ဟှားဟုယ်။
13 ကောန်းဂန်ဟှ ကြယ်လေဟှာ ရရာတိုင်း ပြင်းဟူလေ လျောက်ဟူ ခီမာ
သဖန်းဗန်ဟှ သီးစီးလေဟှ ကွိက့လမျိုးဘဲ့ မ့လေဂီးထတ်ဟို့ က့လဂေ့ဟုယ်။
14 ကောန်းဂန်ဟှလည်း စာစောန်ဟို့ လိလိုက်ဟူမျိုး ပျော့-က်ဟှားဘီး တောန်န
ကျွန်းရှိမျှဟှာ သူးနို့နေရာဟှနေဘီး ဝိဟှားဂေ့ဟုယ်။
15 အယ်ခီမာ မ့လေဂီးမာရှိဟူ မန်းဂီးလေ၊ အာဏာပိုင်လေ၊ စစ်ဗိုလ်ချုပ်လေ၊
ဌေးလေ၊ ခွန်အားကီးဟူ သူလေန ကျွန်န လွတ်လတ်ဟူ သူလေ ရှိမျှဟှာ
လှိုင်ဂူလေမာရော၊ တောန်လေထတ်မာ က့လော့-က်ဆောန် ကြားလေမာရော
ပူးနေဘီးဟှာ
16 တောန်လေန က့လော့-က်ဆောန်လေဟို့ "နို့လေထတ်ဟို့ ပြိုက့လဘီးဟှာ
ပလွှင်ထတ်မာ ထိုင်ဟူ သခင်ရဲ့ မျစ်နှာတော်န သိုးသားဂန်းဟှားရဲ့ မျစ်ဒေါသဟှနေဘီး
နို့လေဟို့ ဖောင်းဘီးကွယ်ဂေ့ပါ။
17 ဖြားဖြစ်ကြောန့်နူးဆိုဟှာ အယ်သခင်လေရဲ့ မျစ်ဒေါသ ထန်ရှားဟူ နေ့ရစ်ဂီးဟှာ
က့လလာဘီး ဖြစ်ဟူကြောန့် ဖယ်သူဟှ ခံနိုင်ဟို့နူး" ဆိုဘီး ပြောဂေ့ဟုယ်။

7

ဣသရေလလူမျိုး ၁၄၄,၀၀၀

1 အယ်ဘီးန ကောန်းဂန်တမန် လေးပါးဟှာ မ့လေဂီးရဲ့ ဒေါ့-က်လေးဒေါ့-က်မာ
ရပ်ဘီးဟှာ မ့လေဂီးထတ်ဟို့ရော၊ ပန်လယ်ထတ်ဟို့ရော၊ သစ်ပန်ရှိမျှ ထတ်ဟို့ရော၊
လေတိုက်ဘဲဟို့တွပ် မ့လေဂီးလေးဖတ်ဟှ လေဟို့ ထီးချောက်ဟှားဟူ ဇာဟို့
ငါဖြင်ရဟုယ်။
2 နော့-က်တခါ တခြား ကောန်းဂန်တမန် တပါးဟှာ သတ်ရှင်ဟူ ဘုရားသခင်ရဲ့
တဇီဟို့ ကိုင်ဘီးဟှာ နေထွပ်လာဟူ နေရာဟှနေဘီး တတ်လာဇာဟို့ ငါဖြင်ရဟုယ်။
အယ်ဘီးန ကောန်းဂန်တမန် တပါးဟှ မ့လေဂီးန ပန်လယ်လေဟို့
ဘေးရော့-က်စေဟို့တွပ် ခွမ့်ရဟှားဟူ ကောန်းဂန်တမန် လေပါးဟို့၊
3 "နို့လေရဲ့ ဘုရားသခင်ဟို့ စေခံဟူ သူလေရဲ့ ဖူးမာ တဇီခတ်ဇာ မပီးမချင်း
မ့လေဂီး၊ ပန်လယ်န သစ်ပန်လေဟို့ ဘေးဒေါက်ခ ဖြစ်စေန" ဆိုဘီး သံက့လယ်ဂီးန
အော်ပြောဟုယ်။

6:12 ဓ.၁၂ ၈ ဗျာ ၁၁.၁၃; ၁၆.၁၈; **ခ** မ ၂၄.၂၉; မာ ၁၃.၂၄,၂၅; လု ၂၁.၂၅ **6:14 ဓ.၁၄** ဗျာ ၁၆.၂၀
6:16 ဓ.၁၆ လု ၂၃.၃၀

4 အယ်ဘီးန တဇီခတ်ခံရဟူ သူလေရဲ့ ရေတွပ်ဟို ငါကြားဟုယ်။ ဣသရေလ
လူမျိုးလေရဲ့ မျိုးနွယ်ထဲမာ ၁၄၄,၀၀၀ လေဟာ တဇီခတ်ရှင်းဟို ခံရဂေ့ဟုယ်။

5 ယုဒမျိုးနွယ်ထဲမာ ၁၂,၀၀၀၊ တဇီခတ်ခံရဘီး၊
ရုဗင်မျိုးနွယ်ထဲမာ ၁၂,၀၀၀၊
ဂဒ်မျိုးနွယ်ထဲမာ ၁၂,၀၀၀၊
6 အာရှာမျိုးနွယ်ထဲမာ ၁၂,၀၀၀၊
နဿလိမျိုးနွယ်ထဲမာ ၁၂,၀၀၀၊
မနာရှေမျိုးနွယ်ထဲမာ ၁၂,၀၀၀၊
7 ရှိမောင်မျိုးနွယ်ထဲမာ ၁၂,၀၀၀၊
လေဝိမျိုးနွယ်ထဲမာ ၁၂,၀၀၀၊
ဣသခါမျိုးနွယ်ထဲမာ ၁၂,၀၀၀၊
8 ဇာဗုလုန်မျိုးနွယ်ထဲမာ ၁၂,၀၀၀၊
ယောသပ်မျိုးနွယ်ထဲမာ ၁၂,၀၀၀၊
ဗင်္ယာမိန်မျိုးနွယ်ထဲမာ ၁၂,၀၀၀ လေဟာ တဇီခတ်ဇာဟို ခံရဂေ့ဟုယ်။

လူအောက်ဂီး

9 အယ်ဘီးန ငါကေ့လိုက်ဟူ ခီမာ တိုင်းနိုင်ငံ၊ လူမျိုးနွယ်စု၊ လူမျိုးလေန
ဘာသာစကား ဘောန်းဇောင်ပြောဟူ သူလေထဲဟုနေဘီး ဖယ်သူလည်း ရေဟို့နိုင်ဘဲဟူ
လူအောက်ဂီးဟာ ဝတ်လောင်ဖ့လူဟို ဝတ်ဟားဘီး သူးနို့လတ်မာ
စွန်ပလွံခတ်လေဟို့လည်း ကိုင်ဟားဂေ့ဘီးဟာ ပလွင်န သိုးသားဂန်းဟားရှေ့မာ
ရပ်နေဂေ့ဟုယ်။

10 သူးနို့ဟု၊
“ကယ်တန်ရှင်း ကျေးဇူးဟာ
ပလွင်ထတ်မာ ထိုင်ဟူ နို့လေရဲ့ ဘုရားသခင်န
သိုးသားဂန်းမာ ရှိဟုယ်” ဆိုဘီး ရရာတိုင်း က့လယ်ဟူ သံန အော်ပြောဂေ့ဟုယ်။
11 ကောန်းဂန်တမန် ဂူလောင်းဟု ပလွင်မာရော၊ သတ်ကီးဝါဂီးလေန သတ္တဝါ
လေးပါးလေရဲ့ ပတ်ပတ်လည်မာရော ရပ်နေဂေ့ဟုယ်။ သူးနို့လေဟာ ပလွင်ရှေ့မာ
ဘုရားသခင်ဟို ပျပ်ဝပ်ကိုးကွယ်ဘီး၊
12 သူးနို့ဟု၊
“အာမင်
ကောန်းဂျီးမင်္ဂလာ၊ ဖောင်းသရေတော်၊
ဉာဏ်ပညာ၊ ကျေးဇူးတော် ချီမွမ်းရှင်း၊ ဂေါင်တော်၊
တဂိုးန စွမ်းသတ်တိလေဟာ
နို့လေ ဘုရားသခင်မာ ကမ္ဘာဆစ်ဆစ် ရှိပါစေ။
အာမင်!” ဆိုဘီး ပြောဆိုဂေ့ဟုယ်။

13 အယ်ဘီးန သတ်ကီးဝါဂီးလေထဲဟ့ တပါးဟ့ “ဝတ်လောင်ဖ့လူဟ့ိ ဝတ်ဟ့ားဟ့ူ
သူလေဟ့ာ ဖယ်သူလေနူး။ ဖယ်နေရာဟ့ လာဂေ့နူး” ဆိုဘီး ငါ့ဟ့ိ မေးဟ့ယ်။
14 ငါဟ့လည်း “သခင်၊ ကိုယ်တော်ဟ့ဘဲ့ သိဟ့ယ်” ဆိုဘီး ပ့လန်လ့ျော့-က်ဟ့ူ ခီမာ
အယ်သူဟ့၊
“အယ်လူလေဟ့ာ ရရာတိုင်း ကီးဟ့ူ ဆင်းရဲဒေါက်ခထဲဟ့ ထွတ်လာဟ့ူ သူလေ
ဖြစ်ဂေ့ဟ့ယ်။ သူးနို့လေဟ့ာ ကိုယ့်ရဲ့ ဝတ်လောင်လေဟ့ိ သိုးသားဂန်းဟ့ားရဲ့
သွီးအားဖြင့် လ့ျော်ဘီးဟ့ာ ဖ့လူစေဟ့ားဂေ့ဟ့ယ်။
15 အယ်ကြောန့်၊
“သူးနို့လေဟ့ာ ဘုရားသခင်ရဲ့ ပလ္လင်ရ့ှေမာ နေရာရဘီး
ဗိမာန်တော်မာ ဘုရားသခင်ရဲ့ ဝတ်ဟ့ိ နေ့ညမပြတ်ဘဲ စေခံဂေ့ဟ့ယ်။
ပလ္လင်ထတ်မာ ထိုင်နေဟ့ူ သူဟ့ာ
သူးနို့လေနတူးဒူး ရှိဘီး ကာကွယ် စောန့်ရ့ှော့-က်လေ့မယ်။
16 သူးနို့ဟ့ာ နော့-က်တခါ ရေလေ၊
စားဇာလေ ငတ်ရဟ့ို့ မူဟ့၊
နေရောန်လည်း ထိရဟ့ို့ မူဟ့၊
ဖြားပူဒန်ဟ့ိုလည်း ခံရဂေ့ဟ့။
17 ဖြားဖြစ်ကြောန်နူးဆိုဟ့ာ ပလ္လင်လယ်မာ ရှိဟ့ူ သိုးသားဂန်းဟ့ားဟ့ာ
သူးနို့လေဟ့ို့ လောက်ကျွေးဘီး
သတ်စမ်းရေဒွမ်းဟ့ို့ လမ်းပြလေ့မယ်။
ဘုရားသခင်ဟ့ာလည်း သူးနို့လေရဲ့ မျစ်စိမာရှိဟ့ူ မျစ်ရယ်ရှိမ့ျဟ့ို့ သုပေးမယ်”
ဆိုဘီး ပြောလေဟ့ယ်။

8

သတ္တမဇို

1 သိုးသားဂန်းဟ့ား သတ္တမဇိဟ့ို့ ဖွမ့်လိုက်ဟ့ူ ခီမာ ကောန်းဂန်ဘောင်မာ
နာရီဝပ်လော့-က် တိတိဆိဆိဟ့ား ဖြစ်ဟ့ားဟ့ယ်။
2 အယ်ဘီးန ဘုရားသခင်ရဲ့ ရ့ှေမာ ရပ်နေဟ့ူ ကောန်းဂန်တမန် ခွန်နစ်ပါးဟ့ို့
ငါဗြင်ဟ့ယ်။ သူးနို့လေဟ့ို့ တံပိုးခရာ ခွန်နစ်လောင်းဟ့ို့ ပေးဟ့ယ်။
3 တခြား ကောန်းဂန်တမန် တပါးဟ့ာ လာဘီးဟ့ာ ရ့ွေလန်းဗန်းဟ့ို့ ကိုင်ဘီး
ယဇ်ပလ္လင်နားမာ ရပ်နေဟ့ယ်။ ပလ္လင်ရ့ှေမာ ရှိဟ့ူ ရ့ွေယဇ်ပလ္လင်ထတ်မာ သန့်ရှင်းဟ့ူ
သူလေဟ့ာ ဆုတောန်းရှင်းနတူးဒူ ဆစ်ကပ်ဘီး မီးရှို့ဟ့ူ နံ့သာပေါန်းလေဟ့ို့
ပေးလိုက်ဟ့ယ်။
4 နံ့သာပေါန်းရဲ့ မီးခိုးလေဟ့ာ သန့်ရှင်းသူလေရဲ့ ဆုတောန်းရှင်းနတူးဒူ
ကောန်းဂန်တမန်ရဲ့ လတ်ထဲဟ့နေဘီး ဘုရားသခင်ရဲ့ ရ့ှေ့ဟ့ို့ တတ်ဟ့ားလေဟ့ယ်။

7:14 **ဒု.၁၄** မ ၂၄.၂၁ မာ ၁၃.၁၉

5 အယ်ဘီးန ကောန်းဂန်တမန်ဟှာ လန်းဗန်းဟို့ ယူဘီး ယဇ်ပလ္လင်ရဲ့ မီးန ပ့လဲ့စေဘီး
မ့လေဂီးထတ်ဟို့ ခ့လလိုက်ဟူ ခီမာ သံဗြယ်ရှင်း၊ မိုးချောင်းရှင်း၊ လန့်စစ်ဖ့လတ်ရှင်း၊
မ့လေဂီးလှောက်ရှင်းလေ ဖြစ်ဂေ့ဟှယ်။

တံပိုးလေ

6 အယ်ဘီးန တံပိုးခွန်နစ်လောင်းရှိဟူ ကောန်းဂန်တမန် ခွန်နစ်ပါးဟှာ တံပိုးမူဟို့တွပ်
ပြင်ဆင်ဂေ့ဟှယ်။

7 ပထမ ကောန်းဂန်တမန်ဟှာ တံပိုးမူဟူ ခီမာ မိုးသီးလေ ဖြစ်ဟှားဟှယ်။ သွီးန
ရောနေဟူ မီးမျိုးဖြစ်ဟှယ်။ မ့လေဂီးထတ်ဟို့ ခ့လလိုက်ဟူ ခီမာ မ့လေသောင်းစုတစု၊
သစ်ပန် သောင်းစုတစု၊ စီးဟူ ဗြစ်ပန် ရှိမ့လေဟှာ လောန်ဟှားလေဟှယ်။

8 ဒုတိယ ကောန်းဂန်တမန်ဟှာ တံပိုးမူဟူ ခီမာ မီးလောန်နေဟူ၊ ရရာတိုင်း ကီးဟူ
တောန်ဟို့ ပန်လယ်ထဲဟို့ ခ့လလိုက်ဟူ ခီမာ ပန်လယ် သောင်းစု တစုဟှာ
သွီးဖြစ်ဟှားဟှယ်။

9 ပန်လယ်မာ သတ်ရှင်ဟူ သတ္တဝါ သောင်းစု တစုဟှာ သေဟှားဟှယ်။ သန်းဖော
သောင်းစု တစုလည်း ပျစ်စီးဟှားဟှယ်။

10 တတိယ ကောန်းဂန်တမန်ဟှာ တံပိုးမူဟူ ခီမာ မီးတိုင်မျိုး ရရာတိုင်း လန်းဟူ
ကြယ်ဂီး တလောင်းဟှာ ကောန်းဂန်ဟှ ကၠလဘီး မ့လစ်သောင်းစု တစုဟို့ရော၊
စမ်းရေဒွမ်းလေနားဟို့ရော ရော့-က်ဟှားဟှယ်။

11 အယ်ကြယ်ဟှာ ဒေါန ဆိုဘီး နာမယ်ရှိဟှယ်။ ရေသောင်းစု တစုဟှာ ဒေါနဖြစ်ဘီး
အယ်ခါးဟူ ရေဟို့ သော့-က်ဟူကြောန့် လူလေဟှာ သေဂေ့ဟှယ်။

12 စတုတ္ထ ကောန်းဂန်တမန်ဟှာ တံပိုးမူဟူ ခီမာ နေသောင်းစု တစု၊ လသောင်းစု
တစု၊ ကြယ်သောင်းစု တစုဟှာ ကြတ်ဟှားဘီး မိုက်ဟှားဟှယ်။ နေ့သောင်းစု တစုန
ည၌သောင်းစု တစုဟှလည်း လန်းရောန်ဟို့ ရဂေ့ဟှမ်း။

13 အယ်ဘီးန ငါကေ့ဟူ ခီမာ လင်းယောင် တကောန်ဟှာ ကျန်နေဟူ
ကောန်းဂန်တမန် သောင်းပါးရဲ့ တံပိုးမူဟူ သံကြောန့် မ့လေဂီးသားလေဟှာ အမင််လာ၊
အမင််လာ၊ အမင််လာ ရှိဂေ့ဟှယ် ဆိုဘီး ကောန်းဂန်လယ်မာ ပ့လန်နေဘီး
သံက့လယ်ဂီးန ပြောနေဇာဟို့ ငါကြားရဟှယ်။

9

1 ပဉ္စမ ကောန်းဂန်တမန်ဟှာ တံပိုးမူဟူ ခီမာ ကြယ်တလောင်းဟှာ ကောန်းဂန်ဟှနေ
မ့လေဂီးထတ်ဟို့ ကၠလလာဇာဟို့ ငါဖြင်ဟှယ်။ သူဟို့ နတ်ဆောင်းတွမ်း* ရဲ့
သော့-က်ဟို့ ပေးလိုက်ဟှယ်။

2 သူဟှာ နတ်ဆောင်းတွမ်းရဲ့ သော့-က်ဟို့ ဖွမ့်လိုက်ဟူ ခီမာ မီးဖိုဂီးတခုရဲ့
မီးခိုးလေမျိုး အယ်တွမ်းထဲဟှ တတ်လာဘီး အယ်နတ်ဆောင်းတွမ်းဟှ
မီးခိုးလေကြောန့် နေန အာကာသလေဟှာ မှောန်ဟှားလိုက်ဟှယ်။

8:5 ၈.၅ ဗျာ ၁၁.၁၉; ၁၆.၁၈ * **9:1 ၉.၁ နတ်ဆောင်းတွမ်း၊** မွေ့ဂီးရဲ့ နတ်ဆောင်းမာရှိဘီး နတ်ဆိုးလေဟို့ နော့-က်ဆောင်း ပြစ်ပေးရှင်း ခံရခန်ထိ ချောက်နှောန်ဟှားဟူ နေရာဖြစ်ဟှယ်။

3 အယ်ဘီးန အယ်မီးခိုးလေထဲမာ ကျိုင်းကောန်လေဟှာ မ့လေဂီးထတ်ဟို့
ထွပ်လာဂေ့ဟှယ်။ သူးနို့ဟှာ မ့လေဂီးမာရှိဟူ ကန်းမီးဂေါ့-က်လေရဲ့ တဂိုးလေမျိုး
ရဂေ့ဟှယ်။

4 မ့လေဂီးထတ်မာရှိဟူ ဖြက်ပန်လေန စီးဟူသစ်ပန်ဂီ၊ သစ်ပန်ငယ် ရှိမ္ဘလေဟို့
ဘေးလေဖြစ်စေဘဲ ဖူးမာ ဘုရားသခင်ရဲ့ ဇိမ္မေဘဲ့ဟူ သူလေဟို့ဘဲ့ ဘေးဖြစ်စေဟို့တွပ်
သူးနို့ဟို့ မှာဟှားဟှယ်။

5 အယ်လူလေဟို့ သေသတ်ဘဲန ငါးလလောင်းလောင်း ညှဉ်းဆဲဟို့ခွမ့်ဟို့
ပေးဟှားဟှယ်။ အယ်ကျိုင်းကောန်ရဲ့ ညှဉ်းဆဲရှင်းကြောန့် ခံရဟူ ဝေဒနာဟှာ လူဟို့
ကန်းမီးဂေါ့-က် ထိုးခံရဟူ ခီမာ နာဟူဝေဒနာန တူဟှယ်။

6 အယ်နေ့ရစ်လေမာ လူလေဟှာ သေမန်းဟို့ ရှာဂေ့လေ့မယ်။ အယ်ဘေမဲ့
တွိရဂေ့ဟှ။ ရရာတိုင်း သေရှင်ဘေမဲ့ သေရှင်းဟှာ သူးနို့နားဟှနေ
ထွပ်ပ့လေးဟှားလေ့မယ်။

7 အယ်ကျိုင်းကောန်လေရဲ့ သဏ္ဌာန်ဟှာ စစ်ပွဲတွပ် ပြင်ဟှားဟူ စစ်ဗြင်းနတူဟှယ်။
သူးနို့ရဲ့ ခေါန်းထတ်မာ ရွှေသရဖူလေ ဆောန်းဟှားဟူဇာနတူဘီး သူးနို့ရဲ့
မျစ်နှာလေဟှာ လူမျစ်နှာနတူဟှယ်။

8 သူးနို့မာ မီးမဆန်းဗန်နတူဟူ ဆန်းဗန်ရှိဘီး သူးနို့သွားဟှာ ခြသေ့်သွားမျိုး
ဖြစ်ဟှယ်။

9 သူးနို့မာ သံရင်အောက်တဇာနတူဟူ ရင်အောက်တဇာရှိဘီး သူးနို့ရဲ့
တောန်ပံခတ်လိုက်ဟူသံဟှာ စစ်ပွဲဟို့ပ့လေးဟှားဟူ ရရာတိုင်းများဟူ ဗြင်းရထားရဲ့
သံနတူဟှယ်။

10 သူးနို့လေမာ ကန်းမီးဂေါ့-က်မျိုး ဆူးပါဟူဗွီးရှိဘီး အယ်ဗွီးန လူလေဟို့
ငါးလလောင်းလောင်း ဘေးဖြစ်စေနိုင်ဟူ တဂိုးရှိဟှယ်။

11 သူးနို့ရဲ့ မန်းဂီးဟှာ နတ်ဆောင်းတွမ်းရဲ့ စေတမန်ဖြစ်ဟှယ်။ အယ်သူရဲ့
နာမယ်ဟှာ ဟေဗြဲစကားအားဖြင့် အဗဒ္ဒုန် (ဓိပါယ်ဟှ “ဖျစ်ဆီးရှင်း”) ဖြစ်ဘီး
ဂရိစကားအားဖြင့် အပေါလျွန် (ဓိပါယ်ဟှ “ဖျစ်ဆီးမား”) ဆိုဘီး ဖြစ်ဟှယ်။

12 ပထမ အမ်ဴဂလာဟှာ လွန်ဟှားဘီ။ နော့-က်ထပ် အမဂ််လာ နှေ့ပါးလာအူးမယ်။

13 ဆဋ္ဌမ ကောန်းဂန်တမန်ဟှာ တံပိုးမှလိုက်ဟူ ခီမာ ဘုရားသခင်ရဲ့ ရှေ့မာရှိဟူ
ရွှေယဇ်ပလ္လင်ရဲ့ ချိုလေးရှောန်းနားဟှ ထွပ်လာဟူ သံဟှ၊

14 အယ်တံပိုးရှိဟူ ဆဋ္ဌမ ကောန်းဂန်တမန်ဟို့ “ရရာတိုင်း ကီးဟူ ဥဖရတ်မြစ်နားဟှ
ခယ်ဟှားဟူ ကောန်းဂန်တမန်လေးပါးဟို့ လွတ်လိုက်ပါ” ဆိုဘီး ပြောဇာဟို့
ငါကြားရဟှယ်။

15 အယ်ခီမာ အယ်နှစ်၊ အယ်လ၊ အယ်ရစ်၊ အယ်နာရီတွပ် ပြင်ဆင်ဟှားဟူ
ကောန်းဂန်တမန်လေးပါးဟှာ လူသောင်းစုတစုဟို့ သတ်ဟို့တွပ် လွတ်ပေးရှင်းဟို့
ခံရဟှယ်။

16 ဖြင်းစီးသူ ဦးရေဟု ကုဋေပေါင်းနှေ့ဆယ် ဖြစ်ဟုယ် ဆိုဘီး သူးနို့လေဟု
ရေနေဇာဟို့ ငါကြားရဟုယ်။
17 ဗျာဒိတ်ရူပါရောင်မာ ငါဖြင်ရဟူ့ ဖြင်းစီးဟူ့ သူရဲလေဟုာ မီးတော့-က်နေဟူ့ရောန်၊
နတ်ပြာရောန်၊ ကန်မျိုးဖြစ်ဟူ့ ဝါရောန် ရင်အောက်တဇာလေ ရှိဂေ့ဟုယ်။
ဖြင်းလေရဲ့ခေါင်းဟု ခြသေ့်ခေါင်းနတူဘီး သူးနို့လေရဲ့ ဇပ်ပေါ့-က်ထဲဟု
မီးတော့-က်နေဟူ့ မီးခိုးန ကန့်လေထွပ်နေဟုယ်။
18 သူးနို့ရဲ့ ဇပ်ပေါ့-က်ထဲဟုထွပ်ဟူ့ မီး၊ မီးခိုးန ကန့်လေဟုနေဖြစ်လာဟူ့
ဘေးဒန်သောင်းခုကြောန့် လူလေ သောင်းစုတစု သေဂေ့ဟုယ်။
19 ဖြင်းလေရဲ့ တဂိုးဟုာ သူးနို့လေရဲ့ ဇပ်ပေါ့-က်န ဗွီးမာရှိဟုယ်။ သူးနို့ရဲ့ ဗွီးဟုာ
ဗွီနတူဟူ့ ခေါင်းရှိဘီးဟုာ အယ်ခေါင်းနဘဲ့ လူလေဟို့ ဘေးဒန်ရော့-က်စေဟုယ်။
20 အယ်ဘေးဒန်လေကြောန့် သေဘဲန ကျန်နေဟူ့ သူလေဟုာ နတ်ဆိုးလေဟို့ရော၊
ရွေ၊ ငွေ၊ ကြေးနီ၊ ကွလော့-က်၊ သစ်သားလေန လောက်ဟုားဟူ့ ဖြင်နိုင်ဘဲ၊
ကြားနိုင်ဘဲ၊ လမ်းရော့-က်နိုင်ဘဲဟူ့ ရောက်ထုလေဟို့ရော၊ ကိုယ့်လတ်န
လောက်ဟုားဟူ့ဇာလေဟို့ ကိုးကွယ်ဘဲန နေဟို့တွပ် နောန်ဒရဂေ့ဟု။
21 လူသတ်ရှင်း၊ ပြုစားရှင်း၊ တရားဘဲဟူ့ မေထုန်လောက်ရှင်းန
ခိုးရှင်းလေတွပ်လည်း နောန်ဒရဘဲန နေဂေ့ဟုယ်။

10

ကောန်းဂန်တမန်န စာစောန်ငယ်

1 အယ်ဘီးန ခွန်အားကီးဟူ့ ကောန်းဂန်တမန်တပါးဟုာ မိုးတီဟို့ ခြောင်ဘီး
ကောန်းဂန်ဟု ဆင်းလာဇာဟို့ ငါဖြင်ရဟုယ်။ သူ့ရဲ့ ခေါင်းထတ်မာ သက်တံ့ရှိဘီး သူ့ရဲ့
မျစ်နှာဟုာ နေမျိုးဖြစ်ဘီး သူ့ရဲ့ ခေဟုာလည်း မီးခဲတိုင်မျိုး ဖြစ်ဟုယ်။
2 သူ့ရဲ့လတ်မာ ဖွမ့်ဟုားဟူ့ စာစောန်ငယ်ဟုား တခုရှိဟုယ်။ သူ့ရဲ့
ဘယ်ခေဒေါ့-က်ဟို့ ပန်လယ်ထတ်မာန ညာခေဒေါ့-က်ဟို့ ကူးထတ်မာ ခွလဟုားဟုယ်။
3 ခြသေ့်ဟောန်မျိုး ရရာတိုင်း ကွလယ်ဟူသံန ကြွေးကြော်ဟုယ်။ အယ်မျိုး
ကြွေးကြော်ဟူ ခီမာ မိုးချောက်ဟူသံ ခွန်နစ်ချစ်ဟုာ ဗြယ်လေဟုယ်။
4 မိုးချောက်ဟူသံ ခွန်နစ်ချစ် ဗြယ်ဟူ ခီမာ၊ ငါဟုာ ရေးဘီးမှတ်ဟို့ လောက်နေဟူ
ခီမာ ကောန်းဂန်ဟု သံဟု “မိုးချောက်ဟူသံ ခွန်နစ်ချစ် ဗြယ်ဟူဇာဟို့ ဇိခတ်ဟုား။
အယ်ဇာလေဟို့ ရေးဟုားန” ဆိုဘီး ပြောဇာဟို့ ငါကြားရဟုယ်။
5 အယ်ခီမာ ပန်လယ်န ကူးထတ်မာ ရပ်နေဟူဇာဟို့ ငါဖြင်ရဟူ ကောန်းဂန်တမန်ဟု
သူ့ရဲ့ ညာလတ်ဟို့ ကောန်းဂန်ဟို့ မှလောက်ဘီး၊
6 ကမ္ဘာဆစ်ဆစ် သတ်ရှင်ဘီး ကောန်းဂန်န ကောန်းဂန်မာ ရှိဟူဇာလေဟို့ရော၊
မှလေဂီးန မှလေဂီးမာရှိဟူ ဇာလေဟို့ရော ဖန်ဆင်းဟူ သခင်ဟို့ တိုင်တယ်ဘီး
“ခီကာလဟုာ ကြာဟို့ မှုဘီ။

7 သတ္တမ ကောန်းဂန်တမန် မှုရဟို့ တံပိုးမှုသံဗြယ်ဟူ နေ့ရစ်ကာလမာ ဘုရားသခင်ရဲ့
နတ်နဲ့ဟူဇာဟာ သူ့ရဲ့ စေခံ ပရောဖက်လေဟို့ ပြောဟာ်းဟူ ဒန်းကောန်းတိုင်းဘဲ့
ပီးဟာ်းလေ့မယ်” ဆိုဘီး ပြောဟုယ်။
8 အယ်ဘီးန ငါကြားရဟူ ကောန်းဂန်ဟု သံဟု “ပန်လယ်န ကူးထတ်မာ ရပ်နေဟူ
ကောန်းဂန်တမန်ရဲ့ လတ်မာရှိဘီး ဖွမ့်ဟာ်းဟူ စာစောန်ဟို့ သွားယူလိုက်” ဆိုဘီး ငါ့ဟို့
ပ့လန်ဘီးပြောဟုယ်။
9 အယ်ကြောန့် ငါဟာ ကောန်းဂန်တမန်နားဟို့ သွားဘီး စာစောန်ငယ်ဟို့ ငါ့ဟို့
ပေးဟို့တွပ် တောန်းလိုက်ဟူ ခီမာ သူဟု “စာစောန်ဟို့ ယူဘီး စားလိုက်ပါ။ အယ်ဇာဟာ
နန့်ရဲ့ ဝန်းထဲမာ ခါးဘေမဲ့ နန့်ရဲ့ ဇပ်ပေါ့-က်ထဲမာ ပျားရယ်မျိုး ရှိုလေ့မယ်” ဆိုဘီး
ငါ့ဟို့ ပြောဟုယ်။
10 ငါဟုလည်း ကောန်းဂန်တမန်ရဲ့ လတ်ဟု စာစောန်ငယ်ဟို့ ယူဘီး စားလိုက်ဟူ ခီမာ
ငါ့ရဲ့ ဇပ်ပေါ့-က်ထဲမာ ပျားရယ်မျိုးရှိုဘေမဲ့ စားဘီးန ငါ့ရဲ့ဝန်းထဲမာ ခါးလေဟုယ်။
11 အယ်ခီမာ နန်ဟာ ရရာတိုင်း များဟူလူမျိုး၊ တိုင်းနိုင်ငံလေ၊ ဘာသာစကား
ဘောန်းဇောင်ပြောဟူ လူမျိုးလေ၊ မန်းဂီးလေန ပတ်သတ်ဘီး နော့-က်ထပ်
ပရောဖက်ပြုဘီး ဟောပြောရမယ် ဆိုဘီး ငါဟို့ ပြောလေဟုယ်။

11

သတ်သေခံ နှေ့ယော့-က်

1 အယ်ဘီးန တောန်အူးန တူဟူတိုင်းဇာ ကျူးရိုးတရှောန်းဟို့ ငါ့ဟို့ ပေးဘီးဟာ
“ထဘီး ဘုရားသခင်ရဲ့ ဗိမာန်တော်န ယဇ်ပလ့်လင်ဟို့ တိုင်းဘီးဟာ အယ်နေရာမာ
ဝတ်ပြုကိုးကွယ်နေဟူ သူလေဟို့ ရေလိုက်ပါ။
2 အယ်ဘေမဲ့ ဗိမာန်တော်ရဲ့ ခြံဝမ်း ပ့လန်ဖတ်မာရှိဟူ တံဒိုင်းဟာ လူမျိုးခြားလေဟို့
ပေးဟာ်းဟူကြောန့် တိုင်းဘဲန ချန်ဟာ်းလိုက်။ အယ်သူလေဟာ သန်ရှင်းဟူ ဗြို့ဟို့
လေးဆယ်နှေ့လ လောင်းလောင်း ခေန နန်းဂေ့လေ့မယ်။
3 အယ်ခီမာ ငါဟာ ငါ့ရဲ့ သတ်သေခံနှေ့ပါးဟို့ လွတ်မယ်။ သူးနို့ဟာ ဝတ်ကြမ်းဟို့
ဝတ်ဘီးဟာ ရစ်ပေါန်း ၁,၂၆၀ လောင်းလောင်း ပရောဖက်ပြုဘီးဟာ
ဟောပြောဂေ့လေ့မယ်” ဆိုဘီး ပြောဟုယ်။
4 အယ်လူလေဟာ မ့လေဂီးရဲ့ သခင်ရှေ့မာ ရှိဟူ သံလွင်ပန်နှေ့ပန်န ဆီမီးခွပ်
နှေ့လောင်းဖြစ်ဂေ့ဟုယ်။
5 တယော့-က်ယော့-က်ဟာ သူးနို့ဟို့ ညှဉ်းဆဲပေးဟို့ လောက်ဟုယ် ဆိုဟာ သူးနို့ရဲ့
ဇပ်ပေါ့-က်ထဲဟု မီးထွတ်လာဘီးဟာ သူးနို့ရဲ့ ရန်သူလေဟို့ လောန်စေဟုယ်။
တယော့-က်ယော့-က်ဟု သူးနို့ဟို့ ညှဉ်းဆဲဟုယ် ဆိုဟာ သေသတ်ဇာဟို့ ခံရမယ်။
6 သူးနို့ ပရောဖက်ပြုဘီး ဟောပြောဟူ နေ့ရစ်လေမာ မိုးဝါဘဲဟို့တွပ် ကောန်းဂန်ဟို့
ပိဟာ်းနိုင်ဟူ ခွမ့်ရှိဘီး ရေဟို့ သွီးမျိုး ဖြစ်ဟို့တွပ် ပ့လောန်းလဲနိုင်ဟို့ ခွမ့်ရဘီး

11:2 **၁၁.၂** လု ၂၁.၂၄

သူးနို့လိုရှင်ဟူ ခီတိုင်း မ့လေဂီးဟို ဘေးဒန်ဘောန်းဇောင်န ဒန်ခတ်နိုင်ဟူ
ခွမ့်လေရှိဂေ့ဟုယ်။
7 သူးနို့လေဟှာ သတ်သေခံဘီးန နတ်ဆောင်းတွမ်းထဲဟု တတ်လာဟူ
သားရဲလိဆန်ဟှာ သူးနို့န စစ်တိုက်ဟူကြောန့် အောန်မြင်ဘီး သူးနို့ဟို သတ်လေ့မယ်။
8 သူးနို့ရဲ့ လောန်းလေဟှာ ဗြို့ဂီးလေရဲ့ လမ်းမထတ်မာ ကျန်ရစ်ဂေ့လေ့မယ်။
အယ်ဗြို့ဟာ သူးနို့ရဲ့ သခင်ဟို လက်ဝါးကပ်တိုင်ထတ်မာ တန်ဘီးသတ်ခံရဟူဗြို့
ဖြစ်ဟုယ်။ အယ်ဗြို့ဟှာ သောဒုံန အဲဂုတ္တုပြည်ဟို ပေါန်ဆောန်ဟှားဟူ ဗြို့ဖြစ်ဟုယ်။
9 အယ်ခီမာ လူမျိုးနွယ်စုလေ၊ ဘာသာစကား ဘောန်းဇောင်ပြောဟူ လူမျိုးလေန၊
တိုင်းနိုင်ငံ ဂူလောင်းဟှ လူလေဟှာ သူးနို့ရဲ့ လောန်းဟို သောင်းရစ်ခွဲ လောင်းလောင်း
ကေ့ဂေ့ဘီးဟှာ အယ်လောန်းလေဟို သန်းခွလိုင်းမာ သဂြိုဟ်ခွမ့် ပေးဘဲန
နေဂေ့လေ့မယ်။
10 မ့လေဂီးထတ်မာ နေဂေ့ဟူ သူလေဟှာ အယ်လူလေရဲ့ ဖျစ်ပျစ်ကြောန့်
ဝန်းသာဂေ့ဘီး၊ ပျော်ဂေ့ဘီးဟှား ယော့-က်နယော့-က် လတ်ဆောန်လေဟို
ပို့ပေးဂေ့လေ့မယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ အယ်ပရောဖက် နှေ့ယော့-က်ဟှာ
မ့လေဂီးထတ်မာ နေဂေ့ဒူးဟှ သူးနို့လေဟို ညှဉ်းဆဲဟှားကြောန့် ဖြစ်ဟုယ်။
11 အယ်ဘီးန သောင်းရစ်ခွဲ ကြာဟှားဟူ ခီမာ ဘုရားသခင်နားဟှ သတ်ဝိညာဉ်ဟှာ
အယ်သူလေထဲဟို ဝမ်ဟှားဘီး သူးနို့ဟှာ ထဘီးဟှာ မတ်တတ်ရပ်ဂေ့ဟုယ်။
အယ်လူလေဟို ဗြင်ရဟူ သူလေဟှာ ရရာတိုင်း ကြော့-က်ဂေ့ဟုယ်။
12 အယ်ခီမာ ကောန်းဂန်ဟှ ရရာတိုင်း ကီးဟူ သံဟှာ “အယ်နေရာဟို
တတ်လာဂေ့ပါ” ဆိုဘီး အယ်လူ နှေ့ယော့-က်ဟို ပြောဇာဟူ ကြားဟူ ခီမာ သူးနို့ဟှာ
မိုးတီန ကောန်းဂန်ဘောင်ဟို တတ်ဟှားဂေ့ဟုယ်။ သူးနို့ရဲ့ ရန်သူလေဟှာ သူးနို့ဟို
ကေ့နေဂေ့ဟုယ်။
13 အယ်ခီနာရီမာဘဲ ရရာတိုင်း ကြမ်းဟူ မ့လေဂီးလျောက်ဟူ ခီမာ ဗြို့ဆယ်ပေါင်
တပေါင်ဟှာ ပြိုကျလဟှားဟုယ်။ အယ်မျိုး မ့လေဂီလျောက်ရှင်းကြောန့် လူ ၇,၀၀၀
သေဂေ့ဟုယ်။ ကျန်ရစ်ဟူ သူလေဟှာ ရရာတိုင်း ကြော့-က်ဘီး ကောန်းဂန်ဘောင်ဟှ
ဘုရားသခင်ရဲ့ နာမတော်န ဂေါင်တော်ဟို ချီးမွမ်းဂေ့ဟုယ်။
14 ဒုတိယ အမင်္ဂလာ လွန်ဟှားဘီ။ တတိယ အမင်္ဂလာ မြန်းမြန်ဟှား
ရော့-က်လာလေ့မယ်။

သတ္တမ တံပိုးမှုဟူကြောန်း

15 သတ္တမ ကောန်းဂန်တမန်ဟှာ တံပိုးမှုလိုက်ဟူ ခီမာ ကောန်းဂန်ဘောင်မာ ရရာတိုင်း
ကူလယ်ဟူ သံဟှာ ပေါ်လာဘီး၊
“ကမ္ဘာလောကဟှာ နို့လေရဲ့
ဘုရားသခင်န ခရစ်တော် ပိုင်ဟူဇာ ဖြစ်ဟှားဘီ။

11:7 **၁၁.၇** ဗျာ ၁၃.၅-၇; ၁၇.၈ **11:13** **၁၁.၁၃** ဗျာ ၆.၁၂; ၁၆.၁၈

ကိုယ်တော်ဟုလည်း ကမ္ဘာဆစ်ဆစ် အောက်ချောက်လေ့မယ်” ဆိုဘီး ပြောဟုယ်။
16 အယ်ခီမာ ဘုရားသခင်ရှေ့မာ ပလ္လင်ထတ်မာ ထိုင်နေဂေ့ဟူ သတ်ကီးဟူသူ ၂၄
ပါးဟာ ဘုရားသခင်ဟို ပျပ်ဝပ်ကိုးကွယ်ဘီး၊
17 “ခုရှိဘီး ရင်းရင်ဒူးဟုလည်းရှိဟူ အနန္တတဂိုးရှင် ဘုရားသခင်!
ကိုယ်တော်ဟာ မဟာတဂိုးတော်ဟို သောင်းပြုဘီးဟာ
လောကဟို အောက်စိုးဟူကြောန့် ကျေးဇူးတော်ဟို ချီးမွမ်းပါဟုယ်။
18 ကိုယ်တော်ရဲ့ မျစ်ဒေါသ ရော့-က်လာဟူ ကာလရော၊
သေဟုားဟူ သူလေဟို တရားစီရင်ဟူ ကာလရော၊
ခုခီမာ က့လရော့-က်လာဘီ ဖြစ်ဟူကြောန့် လူမျိုးခြား ဂူလောင်းဟာ မျစ်ဒေါသထွပ်
ဂေ့ဟုယ်။
ကိုယ်တော်ရဲ့ စေခံ ပရောဖက်လေ၊ ကိုယ်တော်ရဲ့ သန့်ရှင်းဟူ သူလေ၊
ကိုယ်တော်ရဲ့ နာမတော်ဟို ကြော့-က်ဘီး ရိုသေဟူသူ ကီးလေ ငယ်လေဟာ
ဆုလာဘ်ဟို ယူဟို့တွပ်
ခီကာလရော၊ မ့လေဂီးဟို ဖျစ်စီးဟူ သူလေဟို
ဖျစ်ဆီးဟို့ ခီကာလရော ရော့-က်လာဘီ”
ဆိုဘီး ဘုရားသခင်ဟို လျော့-က်ဟုားဂေ့ဟုယ်။
19 အယ်ဘီးန ကောန်းဂန်ဘောင်မာ ရှိဟူ ဘုရားသခင်ရဲ့ ဗိမာန်တော်ဟာ ပွမ့်ဟုားဘီး
ဗိမာန်တော်ထဲမာ ကိုယ်တော်ရဲ့ ပဋိညာဉ် သစ်တာဟို ဖြင်ရဟုယ်။ လန်စစ်ဖ့လတ်ဇာ၊
သံဖြယ်ဇာ၊ မိုးချောင်းဇာ၊ မ့လေဂီးလျောက်ဇာန ရရာတိုင်း ကီးဟူ မိုးသီးက့လဇာလေ
ဖြစ်လေဟုယ်။

12

မီးမန နဂါးဂီး

1 အယ်ဘီးန ကောန်းဂန်မာ ရရာတိုင်း ကီးဟူ နိမိတ်လတ်ခဇာ တွိရဟုယ်။
မီးမတယော့-က်ဟာ နေဟို့ ဝတ်ဘီး လဟို့ ခေအော့-က်မာ နန်းဟုားဘီး ခေါန်းထတ်မာ
ကြယ်ဆယ့်နှေ့လောင်းပါဟူ သရဖူဟို့ ဆောန်းဟုားဟုယ်။
2 အယ်မီးမဟာ ဗိုက်ပိုက်နေဘီး သားမွီးဟူ ဝေဒနာကြောန့် အော်ဘီး သားမွီးဟို့တွပ်
ရရာတိုင်း ခံစားနေရဟုယ်။
3 ကောန်းဂန်မာ တခြား နိမိတ်လတ်ခဇာဟို့ ဖြင်ရဟုယ်။ ခေါန်းခွန်နစ်လောင်းန
ချိုဆယ်ရှောန်းရှိဘီး သူ့ရဲ့ ခေါန်းထတ်မာ သရဖူ ခွန်နစ်ခုဟို့ ဆောန်းဟုားဘီး နီရဲနေဟူ
နဂါးဂီး တကောန်ရှိဟုယ်။
4 သူ့ရဲ့ ဗွီးဟာ ကောန်းဂန်မာ ရှိဟူကြယ် သောင်းစုတစုဟို့ ဆွဲဘီး မ့လေဂီးထတ်ဟို့
ပစ်ခ့လလိုက်ဟုယ်။ နဂါးဟာ သားမွီးခါနီး ဖြစ်နေဟူ မီးမရှေ့မာရပ်ဘီး သားမွီးဟူ ခီမာ
သူ့ရဲ့သားဟို့ မျိုဟို့တွပ် စောန့်နေဟုယ်။

11:19 **၁၁.၁၉ ၈** ဗျာ ၈.၅: ၁၆.၁၈: **ခ** ဗျာ ၁၆.၂၁

5 အယ်မီးမဟှာ လူမျိုးဘောန်းဇောင်ဟှို သံလှံတံန အောက်စိုးရဟှူ
ယော့-က်ကျားသားဟှို မွီးဟှယ်။ အယ်သားဟှာ ဘုရားသခင်နားဟှိုရော၊
ပလ္လင်နားဟှိုရော၊ ခီဆောန်ရှင်းဟှို ခံရဟှယ်။
6 အယ်မီးမဟှလည်း တောကန္တာရထဲဟှို ထွပ်ပုလေးရဟှယ်။ အယ်တောထဲမာ
ရစ်ပေါန်း ၁,၂၆၀ လောင်းလောင်း သူ့ဟှို ကေ့ဘီး စောန့်ရှော့-က်ဟှို့တွပ် ဘုရားသခင်
ပြင်ဆင်ဟှားဟူ နေရာ တနေရာ ရှိဟှယ်။
7 အယ်ဘီးန ကောန်းဂန်မာ စစ်ဖြစ်ဟှယ်။ မိက္ခဲလန သူ့ရဲ့
ကောန်းဂန်တမန်လေဟှာ နဂါးဟှို တိုက်ဂေ့ဟှယ်။ နဂါးနသူရဲ့ စေတမန်လေဟှာ
ပ့လန်ဘီးတိုက်ဂေ့ဟူ ခီမာ
8 နိုင်ဂေ့ဟှ။ ကောန်းဂန်မာလည်း သူးန့်တွပ်နေရာ မ့ေဟှမ်း။
9 အယ်ခီမာ တကမ္ဘာလောင်းဟှို လှည့်ဇားဘီး စာတန်မာရ်နတ် နာမယ်ရှိဟူ
ရှေးဗ့ီဟောန်းဖြစ်ဟူ နဂါးဂီးဟှို မ့လေဂီးထတ်ဟှို ပစ်ခ့လရှင်းဟှို ခံရဟှယ်။ သူ့နတူးဒူ
သူ့ရဲ့ စေတမန်လေဟှလည်း ပစ်ခ့လရှင်းဟှို ခံရဂေ့ဟှယ်။
10 အယ်ဘီးန ကောန်းဂန်ဘောင်မာ ရရာတိုင်း က့လယ်ဟူသံဟှ
“နို့လေဘုရားသခင်ရဲ့ ကယ်တန်ရှင်း၊ တဂိုး၊ နိုင်ငံတော်န ခရစ်တော်မာရှိဟူ
အာဏာစစ်လေဟှာ ခုပေါလေဘီ။ ဖြားဖြစ်ကြောန့်နူးဆိုဟှာ နို့လေရဲ့ ညီကိုလေဟှို
စွပ်စွဲဟူသူဖြစ်ဟူ နို့လေရဲ့ ဘုရားသခင်ရှေ့မာ နေရောညဉ့်ရော သူးန့်ဟှို စွပ်စွဲဟူ
သူဟှာ ပစ်ခ့လရှင်းဟှို ခံရလေဟှယ်။
11 ညီကို မောန်နမလေဟှာ သိုးသားဂန်းဟှားရဲ့ သွီးတော်အားဖြင့်ရော၊
ကိုယ့်ကိုယ်ကိုယ် သတ်သေခံဟူ စကားတော်အားဖြင့်ရော သူ့ဟှို အောန်နိုင်ဂေ့ဟှယ်။
သူးန့်ဟှာ သေခံရအောန်ထိ သူးန့်ရဲ့ သတ်ဟှို မြောဂေ့ဟှ။
12 အယ်ကြောန့် ကောန်းဂန်ဘောင်န ကောန်းဂန်ဘောင်မာ စံမြန်းဟူ သူလေ
ရရာတိုင်း ဝန်းသာဂေ့ပါ။ မ့လေဂီးန ပန်လယ်လေဟှာ အမင်္ဂလာရှိဂေ့ဟှယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ မာရ်နတ်ရဲ့ခီဟှာ ရှစ်ဟှားဘဲရှိဟူ ကြောန်းဟှို သိဟူကြောန့်
ရရာတိုင်း ဒေါသန နန်းန့်နားဟှို ဆင်းလာဘီ” ဆိုဘီး ပြောဇာဟှို ငါကြားရဟှယ်။
13 နဂါးဟှာ မ့လေဂီးထတ်ဟှို ပစ်ခ့လခံရရှင်းဟှို သိဟူ ခီမာ ယော့-က်ကျားသားဟှို
မွီးဟူ မီးမဟှို ရှာဘီးဟှာ ညှဉ်းဆဲလေဟှယ်။
14 အယ်ဘေမဲ့ အယ်မီးမဟှာ တောကန္တာရထဲမာ ရှိဟူ သူ့ရဲ့ နေရာဟှို ပ့လန်ဘီး
သွားနိုင်ဟှို့တွပ် ရရာတိုင်း ကီးဟူ လင်းယောင်ရဲ့ တောန့်နှေ့ခုဟှို ရဟှားဟှယ်။ သူဟှာ
အယ်နေရာမာ ဗ့ီလတ်ဟှနေ လွတ်ဟှို့တွပ် သောင်းနှစ်ခွဲ လောင်းလောင်း
ပြုစုစောန့်ရှော့-က်ရှင်းဟှို ခံရဟှယ်။
15 ဗ့ီဟှာ အယ်မီးမဟှို ရေန မျောပါဟှို့တွပ် သူ့ရဲ့ ဇပ်ပေါ့-က်ထဲဟှနေ ရေဟှို
မ့လစ်ရေစီးမျိုး သူ့ရဲ့ ဇပ်ပေါ့-က်ထဲဟှ မှုထုလိုက်ဟှယ်။

12:7 **ဒ၂.၇** ယု ၉ **12:9** **ဒ၂.၉** လု ၁၀.၁၈

16 အယ်ဘေမဲ့ မှလေဂီးဟှာ အယ်မီးမဟို့ ကူညီပေးဟှယ်။ မှလေဂီးဟှာ သူ့ရဲ့
ဇပ်ပေါ့-က်ဟို့ ဖွမ့်ဘီး နဂါးရဲ့ ဇပ်ပေါ့-က်ထဲဟှ မှုထုလိုက်ဟူ မှလစ်ရေဟို့
မျိုခ့လလိုက်ဟှယ်။
17 အယ်ခီမာ နဂါးဟှာ အယ်မီးမဟို့ ဒေါသထွပ်ဘီး ဘုရားသခင်ရဲ့
ပညတ်တော်လေဟို့ စောန့်ထီးဟူ သူလေန ယေရှုန ဆိုင်ဟူ၊ သတ်သေခံချစ်လေဟို့
ရဟှားဟူ သူလေ ဖြစ်ဂေ့ဟူ၊ အယ်မီးမရဲ့ မျိုးနွယ်ထဲဟှ ကျန်နေဟူ သူလေဟို့
စစ်တိုက်ဟို့တွပ် ထွပ်ဟှားဘီး၊
18 နဂါးဟှာ ပန်လယ်ရဲ့ သဲပ့လန်မာ ရပ်နေဟှယ်။*

13

ပန်လယ်ထဲဟှ တတ်လာဟူသားရဲ

1 အယ်ဘီးန ချိုဆယ်ရှောန်းန ခေါန်းခွန်နစ်လောင်းရှိဟူ သားရဲတကောန်ဟှာ
ပန်လယ်ထဲဟှ တတ်လာဇာဟို့ ငါဖြင်ရဟှယ်။ အယ်ချိုလေထတ်မာ သရဖူဆယ်ခုရှိဘီး
သူ့ရဲ့ ခေါန်းတလောင်းစီမာ ဘုရားသခင်ဟို့ စော်ကားတတ်ဟူ နာမယ်လေရှိဟှယ်။
2 ငါဖြင်ရဟူ အယ်သားရဲဟှာ ကုလားသစ်တကောန်နတူဟှယ်။ သူ့ရဲ့ ခေဟှာ
ဝပ်ဝံခေမျိုးဖြစ်ဘီး သူ့ရဲ့ ဇပ်ပေါ့-က်ဟှာ ခြင်္သေ့ဇပ်ပေါ့-က်မျိုး ဖြစ်ဟှယ်။ နဂါးဟှာ
သူ့ရဲ့ တဂိုးလေ၊ ပလွင်လေ ရရာတိုင်းကီးဟူ ခွမ့်အာဏာလေဟို့ သူဟို့ ပေးလေဟှယ်။
3 အယ်သားရဲရဲ့ ခေါန်းတလောင်းဟှာ သေအောန်သတ်ခံရဟူမျိုး ဖြစ်ဘေမဲ့
သေစေတတ်ဟူ နာပျော့-က်ဟှားလေဟှယ်။ အယ်ခီမာ တကမ္ဘာလောင်းဟှာ အံ့သြဘီး
အယ်သားရဲနော့-က်ဟို့ လိုက်ဂေ့ဟှယ်။
4 နဂါးတကောန်ဟှာ သားရဲဟို့ ခွမ့်အာဏာပေးဟူကြောန့် သူးနို့ဟှာ နဂါးဟို့
ကိုးကွယ်ဂေ့ဟှယ်။ သူးနို့ဟှ “ဖယ်သူဟှာ သားရဲနတူနူး။ ဖယ်သူဟှ သူဟို့
တိုက်နိုင်ဟို့နူး” ဆိုဘီး သားရဲဟို့လည် ကိုးကွယ်ဂေ့ဟှယ်။
5 အယ်သားရဲဟှာ ရရာတိုင်းကြွားဘီး ဘုရားသခင်ဟို့ စော်ကားတတ်ဟူ
ဇာတ်ပေါ့-က်ရှိဘီး လေးဆယ့်နှေ့လ လောင်းလောင်း အောက်စိုးဟူခွမ့်ဟို့
ရဟှားဟှယ်။
6 အယ်ခီမာ သူ့ရဲ့ ဇာတ်ပေါ့-က်ဟို့ ဖွမ့်ဘီး ဘုရားသခင်ဟို့ စော်ကားဟူ
စကားဟို့ပြောဘီး ကိုယ်တော်ရဲ့ နာမတော်ဟို့ရော၊ ကိုယ်တော်ရဲ့ တဲတော်ဟို့ရော၊
ကောန်းဂန်ဘောင်မာ စံမြန်းဟူ သူလေဟို့ရော ပြစ်မှားဘီး ပြောဟှယ်။
7 သူဟှာ သန့်ရှင်းဟူသူလေဟို့ စစ်တိုက်ဘီး အောန်နိုင်ဟှားဟူကြောန့် မျိုးနွယ်စုလေ၊
လူမျိုးလေ၊ ဘာသာစကားန တိုင်းနိုင်ငံတိုင်းမာရှိဟူ လူလေဟို့ အောက်စိုးဟူ
ခွမ့်ဟို့လည်း ရဂေ့ဟှယ်။

---

* **12:18** **၁၂.၁၈** နဂါးဟှာ ပန်လယ်ရဲ့ သဲလွန်မာ ရပ်နေဟှယ်၊ တချို့ မူရင်းလတ်ရေးမူလေမာ ငါရပ်နေဟှယ်၊ ဆိုဘီး
နော့-က်ဟှလိုက်လာဟူ အယ်ကျမ်းပိုဒ်န ဆစ်ပေးဟှားဟှယ်။ **13:1** **၁၃.၁** ဗျာ ၁၇.၃,၇-၁၂

8 သေသတ်ရှင်းဟို့ ခံရဟူ သိုးသားဂန်းဟုားရဲ့ သတ်စာစောန်မာ ကမ္ဘာဦးဟုနေစဘီး
နာမယ်ရေးဟုားဘဲဟူ၊ မ္ဂလေဂီးထတ်မာ နေဂေ့ဟူသူလေ ဂူလောင်းဟုာ အယ်သားရဲဟို့
ကိုးကွယ်ဂေ့လေဟုယ်။
9 “နားရှိဟူသူလေ ကြားပါစေ။
10 ဖမ်းခံရဟူသူဟုာ ဖမ်းခံရဟို့ဘဲ ဖြစ်ဟုယ်။ ထားနသတ်ခံရဟူသူဟုာ
ထားနသတ်ခံရဟို့ဘဲ ဖြစ်ဟုယ်။ အယ်နေရာမာ သန့်ရှင်းသူလေရဲ့ သီးခံရှင်းန
သစ်စာစောန်ရှင်းလေ ရှိဂေ့ဟုယ်။”
11 အယ်ဘီးန မ္ဂလေဂီးထဲဟု ထွပ်လာဟူ တခြားသားရဲတကောန်ဟို့ ငါဖြင်ရဟုယ်။
သူဟုာ သိုးသားဂန်းဟုားရဲ့ ချိုနတူဟူ ချိုနေ့ရှောန်းရှိဘီး နဂါးမျိုးဘဲ့ စကားပြောဟုယ်။
12 အယ်သားရဲဟုာ ပထမသားရဲရဲ့ တဂိုးရှိမျှဟို့ သူ့ရဲ့ရှေ့မာသောင်းဘီး
သေတတ်ဟူ၊ နာပျော့-က်ဟုားဟူ ပထမသားရဲတကောန်ဟို့ မ္ဂလေဂီးထတ်မာ နေဂေ့ဟူ
သူလေဟုာ ကိုးကွယ်ဟို့တွပ် လောက်ဟုယ်။
13 ရရာတိုင်းကီးဟူ နိမိတ်လတ်ခဏာလေဟို့ လောက်ဘီး လူလေရှေ့မာ
ကောန်းဂန်ဟုနေ မ္ဂလေဂီးထတ်ဟို့ မီးဟို့ကူလစေဟုယ်။
14 သူဟုာ ပထမသားရဲတကောန်ရှေ့မာ လောက်ခွမ့်ရဟုားဟူ နိမိတ်လတ်ခဏာလေန
မ္ဂလေဂီးထတ်မာနေဂေ့ဟူ သူလေဂူလောင်းဟို့ လှည့်ဖြားဘီး ထားဒန်ရာရဘေမဲ့
သေဘဲနသတ်ရှင်နေဟူ သားရဲရဲ့ရောက်ထုဟို့ လောက်ဟို့တွပ် မ္ဂလေဂီးထတ်မာ
နေဂေ့ဟူသူလေဟို့ လောက်ခိုင်းဟုယ်။
15 သားရဲရဲ့ ရောက်ထုဟုာ စကားပြောနိုင်ဟို့တွပ်န သားရဲရဲ့ရောက်ထုဟို့
ကိုးကွယ်ဘဲဟူသူ ရှိမျှဟို့ သတ်နိုင်ဟို့တွပ်ရော၊ သားရဲရဲ့ရောက်ထုဟို့
သတ်သွမ်းပေးနိုင်ဟူခွမ့်ဟို့ ရလေဟုယ်။
16 လူဂီးရော၊ လူငယ်ရော၊ ကြွယ်ဝဟူသူရော၊ ဆင်းရဲဟူသူရော၊
လွတ်လတ်ဟူသူရော၊ ကျွန်ဖြစ်ဟူသူရော၊ လူလေ ဂူလောင်းဟို့ သူးနို့ရဲ့
ညာလတ်မာရော၊ ဖူးထတ်မာရော ဇီခတ်ခိုင်းဘီး
17 သားရဲရဲ့နာမယ် အယ်မျိုးမူဘဲနေဟုာ ကိုယ်စားပြုဟူ ဂဏန်းဟို့ ဇီခတ်ရှင်း
မ္ဒေဘဲဟူသူဟို့ ရောန်းဝယ်လောက်ဘဲဟို့တွပ် စီရင်ဟုားဟုယ်။
18 အယ်နေရာမာ ဉာဏ်ပညာရှိဟို့တွပ် လိုအပ်ဟုယ်။ ထိုးထွင်းဟူ ဉာဏ်ရှိဟူသူဟုာ
သားရဲရဲ့ ကိန်းဂဏာန်းဟို့ တွပ်ချစ်ပါစေ။ ဖြားဖြစ်ကြောန်နူးဆိုဟုာ အယ်ဇာဟုာ
လူတယော့-က်ရဲ့ ကိန်းဂဏာန်းဖြစ်ဘီး အယ်ကိန်းဂဏာန်းဟုာ ၆၆၆ ဖြစ်ဟုယ်။

14

သိုးသားဂန်းဟုားန လူ ၁၄၄,၀၀၀

1 အယ်ဘီးန ငါကေ့လိုက်ဟူ ခီမာ သိုးသားဂန်းဟုားဟုာ ဇီအုန်တောန်ထတ်မာ
ရပ်နေဟုယ်။ သိုးသားဂန်ဟုားရဲ့ နာမန ဖဘုရားသခင်ရဲ့ နာမလေဟို့ သူးနို့ရဲ့
ဖူးမာရေးဟုားဟူသူ ၁၄၄,၀၀၀ လေဟုာ သိုးသားဂန်းဟုားန တူးဒူရှိနေဂေ့ဟုယ်။

14:1 ၁၄.၁ ဗျာ ၇.၃

2 အယ်ဘီးန ရေကဒန်ဟုက္‌လဟ္ဟု ရေသံနရော၊ ရရာတိုင်းက္‌လယ်ဟ္ဟု
မိုးကြိုးသံနတူဟ္ဟု ကောန်းဂန်ဟုသံဟို့ ငါကြားရဟုယ်။ ငါကြားရဟ္ဟု အယ်သံဟုာ
စောန်းသမားလေဟုာ သူးနို့လေရဲ့ စောန်းလေဟို့ တီးနေဟ္ဟု သံနလည်းတူဟုယ်။
3 သူးနို့ဟုာ ပလ္လင်ရှေ့မာရော၊ သတ္တဝါလေးပါးန သတ်ကီးဝါဂီးလေရဲ့
ဇာတ်ပေါ့-က်လေ ရှေ့မာရော ချင်းသစ်ဟို့ ဆိုဂေ့ဟုယ်။ မ့လေဂီးထတ်မာ
ဝီးကော့-က်ဘီး ကယ်တန်ခံရဟ္ဟုသူ ၁၄၄,၀၀၀ ဟု လွဲဘီးဟုာ ဖယ်သူလည်း
အယ်ချင်းဟို့ သန်ယူနိုင်ဟု။
4 အယ်သူလေဟုာ မီးမလေန ညစ်ညူးစေဘဲဟ္ဟု သူလေဖြစ်ဂေ့ဟုယ်။
ဖြားဖြစ်ကြောန်နူးဆိုဟုာ သူးနို့ဟုာ လူပျိုစစ်စစ်ဖြစ်ဂေ့ဟုယ်။ သူးနို့ဟုာ
သိုးသားဂန်းဟုာ သွားဟ္ဟုနေရာဟို့ လိုက်ဂေ့ဟ္ဟုသူလေ ဖြစ်ဂေ့ဘီး ဘုရားသခင်န
သိုးသားဂန်းဟုာတွပ် ဦးသီးဖြစ်ဘီး လူလေထဲမာ ဝီးကော့-က်ခံရဟ္ဟု
သူလေဖြစ်ဂေ့ဟုယ်။
5 သူးနို့ရဲ့ ဇပ်ပေါ့-က်မာ လီညာရှင်း မွေ့ဟု။ သူးနို့ဟုာ ပြစ်တန်ဇာမွေ့ဘဲသူလေ
ဖြစ်ဂေ့ဟုယ်။

ကောန်းဂန်တမန် သောင်းပါးကြောန်း

6 အယ်ဘီးန တခြားကောန်းဂန်တမန် တပါးဟုာ ကောန်းဂန်လယ်မာ ပ့လန်နေဇာဟို့
ငါမြင်ရဟုယ်။ သူဟုာ မ့လေဂီးထတ်မာနေဂေ့ဟ္ဟု သူလေဖြစ်ဟ္ဟု တိုင်းနိုင်ငံ၊ မျိုးနွယ်စု၊
ဘာသာစကား ဘောန်းဇောင်ပြောဂေ့ဟ္ဟု လူမျိုးလေဟို့ ဟောပြောဟို့တွပ်
ထာဝရတည်ဟ္ဟု၊ ကောန်းမြတ်ဟ္ဟု ဒန်းကောန်းဟို့ ယူဆောန်လာဟုယ်။
7 အယ်ကောန်းဂန်တမန်ဟု “ဘုရားသခင်တရားစီရင်ဟ္ဟု ခီဟုာ
က္‌လလာဘီးဖြစ်ဟ္ဟုကြောန့် ကိုယ်တော့်ဟို့ ကြော့-က်ဂေ့ဘီး ဂေါင်သရေဟို့
ချီးမွမ်းဂေ့ပါ။ ကောန်းဂန်၊ မ့လေဂီး၊ ပန်လယ်န စမ်းရေလေဟုာ ဖန်ဆင်းရှင်ဟို့
ကိုးကွယ်ဂေ့ပါ” ဆိုဘီး ရရာတိုင်းက္‌လယ်ဟ္ဟုသံန ကြွေးကြော်လေဟုယ်။
8 အယ်ဘီးန ဒုတိယကောန်းဂန်တမန်ဟုာ လိုက်လာဘီး “တရားဘဲဟ္ဟုမေထုန်
မှားယွင်းဟ္ဟုကြောန့် ရရာတိုင်း ပြင်းထန်ဟ္ဟု ဒေါသစဗျစ်ဝိုင်ဟို့ လူမျိုးဂူလောင်းဟို့
တိုက်ဟ္ဟု ဗာဗုလုန်မြို့ဂီးဟုာ ပြိုက္‌လဟုားဘီ၊ ပြိုက္‌လဟုားဘီ!” ဆိုဘီး
ကြွေးကြော်လေဟုယ်။
9 နော့-က်ထပ် တတိယ ကောန်းဂန်တမန်ဟုာ သူးနို့နော့-က်ဟု လိုက်လာဘီး၊
“သားရဲန သူးနို့ရဲ့ ရောက်ထုဟို့ ကိုးကွယ်ဘီး သူးနို့ရဲ့ ဖူးမာဖြစ်စေ၊ လတ်မာဘဲဖြစ်စေ
သူ့ရဲ့ဇီဟို့ ခံဟ္ဟုသူလေဟုာ
10 ဘုရားသခင်ရဲ့ မျစ်တော်ဖလားဟု ရရာတိုင်း ပြင်းထန်ဟ္ဟု မျစ်တော် စဗျစ်ဝိုင်ဟို့
သော့-က်ရလေ့မယ်။ အယ်သူလေဟုာ သန့်ရှင်းဟ္ဟု ကောန်းဂန်တမန်လေန
သိုးသားဂန်းဟုာရဲ့ ရှေ့မာ ကန့်နရောဟုားဟ္ဟု မီးထဲမာ ညှဉ်းဆဲရှင်းဟို့ ခံရလေ့မယ်။

14:8 **၁၄.၈** ဗျာ ၁၈.၂

11 သူးနို့ ညှဉ်းဆဲခံရရှင်းရဲ့ မီးခိုးဟာ ကမ္ဘာဆစ်ဆစ် တတ်ဘီးနေဟုယ်။ သားရဲန
သူ့ရဲ့ ရောက်ထုဟို့ ကိုးကွယ်ဘီး သူနာမယ်ရဲ့ ဇိဟို့ ခံယူဟူသူလေဟာ နေ့ရောညဉ့်ရော
သတ်သာရဟို့ မူဟု” ဆိုဘီး သံက့်လယ်ဂီးန ကြွေးကြော်လေဟုယ်။
12 အယ်နေရာမာ ဘုရားသခင်ရဲ့ ပညတ်တော်လေဟို့ရော၊ ယေရှုဟို့
ယောင်ကြည်ရှင်းဟို့ရော၊ စောန့်ထီးဟူ သန့်ရှင်းသူလေရဲ့ သီးခံရှင်း ရှိဟုယ်။
13 အယ်ဘီးန ကောန်းဂန်ဘောင်ဟုသံဟာ “ရေးဟားလိုက်။ ခုဟုစဘီး သခင်ဘုရားရဲ့
မူဟို့ဆောန်ဘီး သေဟားဟူ သူလေဟာ မင်္ဂလာရှိဟုယ်!” ဆိုဘီး ပြောဇာဟို့
ငါကြားရဟုယ်။ ဝိညာဉ်တော်ဟုလည်း “မှန်ဟုယ်! သူးနို့ဟာ ဆင်းရဲပန်ဗန်းဘီး
လောက်ဆောန်ရှင်းဟုနေဘီး နားယူရဟူခွမ့်ဟို့ ရဂေ့လေ့မယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ
သူးနို့လောက်ဆောန်ဟူ ကျိုးလေဟာ သူးနို့နတူးဒူ ပါလိုက်ဟားကြောန့် ဖြစ်ဟုယ်”
ဆိုဘီး မိန့်တော်မူလေဟုယ်။

မှလေးဂီးမာ သီးနှံရိသီးရှင်း

14 နော့-က်တခါ ငါကေ့လိုက်ဟူခီမာ ဖုလူဟူမိုးတီရှိဘီး အယ်မိုးတီထတ်မာ
ခေါန်းထတ်မာ ရွှေသရဖူဟို့ ဆောန်ဘီး လတ်မာ ရရာတိုင်း ထတ်ဟူဇင်ဟို့ ကိုင်ဟားဟူ
လူသားနတူဟူ တယော့-က်ဟာ ထိုင်နေဟုယ်။
15 အယ်ဘီးန တခြားကောန်းဂန်တမန် တပါးဟာ ဗိမာန်တော်ထဲဟ ထွပ်လာဘီး
မိုးတီထတ်မာ ထိုင်နေဟူသူဟို့ “မှလေဂီးထတ်မာ ရိရဟို့ဇာလေဟာ
မှည့်ဟားဘီဖြစ်ဟူကြောန့် ရိသီးဟို့တွပ် ခီကလဟားဘီး ဖြစ်ဟူကြောန့် ကိုယ်တော်ရဲ့
ဇင်ဟို့လွတ်ဘီး ရိသီးပါ” ဆိုဘီး ရရာတိုင်း က့လယ်ဟူသံန ကြွေးကြော်လေဟုယ်။
16 အယ်ခီမာ မိုးတီထတ်မာ ထိုင်နေဟူသူဟာ သူ့ရဲ့ ဇင်ဟို့ မှလေဂီးဟို့
သွမ်းလိုက်ဘီးဟာ မှလေဂီးဟာ ရိသီးရှင်းဟို့ ခံရလေဟုယ်။
17 အယ်ဘီးန တခြားကောန်းဂန်တမန် တပါးဟာ ကောန်းဂန်မာရှိဟူ ဗိမာန်တော်ထဲဟ
ထွပ်လာဟုယ်။ သူ့မာလည်း ရရာတိုင်း ထတ်ဟူဇင် ပါဟုယ်။
18 အယ်ဘီးန မီးဟို့အောက်စိုးဟူ တခြားကောန်းဂန်တမန်တပါးဟာ ယဇ်ပလ္လင်ထဲဟ
ထွပ်လာဘီး ရရာတိုင်း ထတ်ဟူဇင်ပါဟူသူဟို့ “စဗျစ်သီးလေ မှည့်ဟားဘီ
ဖြစ်ဟူကြောန့် နန်ရဲ့ ရရာတိုင်း ထတ်ဟူဇင်ဟို့ လွတ်ဘီး မှလေဂီးထတ်မာရှိဟူ
စဗျစ်ခိုင်လေဟို့ ရိသီးလိုက်” ဆိုဘီး ရရာတိုင်း က့လယ်ဟူသံန ပြောလေဟုယ်။
19 အယ်ကောန်းဂန်တမန်ဟုလည်း သူ့ရဲ့ဇင်ဟို့ မှလေဂီးထတ်မာ သွမ်းလိုက်ဘီး
မှလေဂီးထတ်ဟ စဗျစ်ပန်လေဟို့ ရိသီးဘီး ဘုရားသခင်ရဲ့ ရရာတိုင်းပြင်းဟူ
ဒေါသနဆိုင်ဟူ၊ ရရာတိုင်းကီးဟူ စဗျစ်သီးနယ်ဟူ တွမ်းထဲဟို့ လွန်းခ့လလိုက်ဟုယ်။
20 ဗြိုပ့လန်မာရှိဟူ စဗျစ်သီးနယ်ဟူ တွမ်းမာ နန်းလိုက်ဟူ ခီမာ သွီးဟာ
အယ်စဗျစ်သီးနယ်ဟူ တွမ်းထဲဟ စီးထွပ်လာဘီး ဗြင်းရဲ့ ဇစ်ကြိုးထိမီဘီး ၁၈၄
မိုင်လော့-က်ထိ ပံ့နှံ့ဟားလေဟုယ်။

14:20 **၁၄.၂၀** ဗျာ ၁၉.၁၅

15

နော့-က်ဆောင်းဘေးဒန်လေ သယ်လာဟူ ကောန်ဂန်းတမန်လေ

1 အယ်ဘီးန ကောန်းဂန်မာ ရရာတိုင်း ကီးဘီး အံ့ဩြဇာကောန်းဟူ
တခြားနိမိတ်လတ်ခဏာဖြစ်ဟူ နော့-က်ဆောင်းဘေးဒန် ခွန်နစ်မျိုးရှိဟူ
ကောန်းဂန်တမန် ခွန်နစ်ပါးဟို ငါဗြင်ရဟုယ်။ အယ်ဘေးဒန်လေအားဖြင့်
ဘုရားသခင်ရဲ့ ရရာတိုင်း ပြင်းဟူ ဒေါသဟုာ ပ့လဲ့ဇောင်လေ့မယ်။

2 နော့-က်ထပ် မီးနရောဟုားဟူ ဖန်ပန်လယ်မျိုးဇာဟို့ရော၊ သားရဲတကောန်ဟုာ သူ့ရဲ့
ရောက်ထုန သူ့နာမယ်ရဲ့ ကိန်းဂဏာန်းဟို နိုင်ရဟုားဟူ သူလေဟုာ ဘုရားသခင်ရဲ့
စောန်းလေဟို ကိုင်ဆောန်ဘီးဟုာ အယ်ဖန်ပန်လယ်ထတ်မာ ရပ်နေဂေ့ဟူဇာဟို့ရော
ငါဗြင်ရဟုယ်။

3 သူးနို့ဟုာ ဘုရားသခင်ရဲ့စေခံ မောရှေရဲ့ချင်းန သိုးသားဂန်းဟုားရဲ့ ချင်းဟို့ ဆိုဘီး
“အနန္တတဂိုးရှင်ဘုရားသခင်၊ ကိုယ်တော်လောက်ဟူ မူလေဟုာ
ရရာတိုင်း ကီးမြတ်ဘီး အံ့ဩြဘွယ် ကောန်းပါဟုယ်။
လူမျိုးဘောန်းဇောင်လေ*ရဲ့ မန်းဂီး၊ ကိုယ်တော်ရဲ့ နည်းလမ်းလေဟုာ
ရရာတိုင်း မှန်ပါဟုယ်။
4 အို၊ ဘုရားသခင်၊ ကိုယ်တော့်ဟို့ ကြော့-က်ဘီး ရိုသေဘဲန နာမတော်ဟို့ ချီးမွမ်းဘဲ
ဖယ်သူဟုာ နေနိုင်ဟို့နူး။
ကိုယ်တော်တပါးဘဲ့ သန့်ရှင်းစင်ကြယ်ပါဟုယ်။
ကိုယ်တော်စီရင်ဟူ မူလေဟုာ တရားမျှတကြောန်းဟို့ ထန်ရှားနေဟူကြောန့်
လူမျိုးဂူလောင်းဟုာ ရှေ့တော်ဟို့ လာဘီးဟုာ ပျပ်ဝပ်ကိုးကွယ် ဂေ့လေ့မယ်”
ဆိုဘီး ပြောနေဂေ့ဟုယ်။

5 အယ်ဘီးန ငါကေ့လိုက်ဟူ ခီမာ ကောန်းဂန်ဘောင်မာရှိဟူ သတ်သေခံချစ်
တဲတော်ရှိဟူ ဗိမာန်တော်ဟုာ ဖွမ့်ဘီးရှိနေဟုယ်။
6 ဘေးဒန်ခွန်နစ်မျိုးဟို့ ယူဆောန်လာဟူ ကောန်းဂန်တမန်ခွန်နစ်ပါးဟုာ
အယ်ဗိမာန်တော်ထဲဟုာ ထွပ်လာဂေ့ဟုယ်။ သူးနို့ဟုာ စင်ကြယ်တော့-က်ပဟူ ပိချောဟို့
ဝတ်ဟုားဘီး ရင်ဖတ်မာ ရွှေရင်စည်းဟို့ စည်းဟုားဟုယ်။
7 အယ်ဘီးန သတ္တဝါလေးပါးထဲဟုာ တပါးဟုာ ကမ္ဘာဆစ်ဆစ် သတ်ရှင်ဟူ
ဘုရားသခင်ရဲ့ ရရာတိုင်း ပြင်းဟူဒေါသန ပ့လဲ့နေဟူ ရွှေဖလား ခွန်နစ်လောင်းဟို့
အယ်ကောန်းဂန်တမန်လေဟို့ ပေးလေဟုယ်။
8 ဗိမာန်တော်ဟုာ ဘုရားသခင်ရဲ့ ဖောင်းသရေတော်န တဂိုးတော်လေဟုနေ
ထွပ်လာဟူ မီးခိုးလေန ပ့လဲ့နေဟူကြောန့် ကောန်းဂန်တမန် ခွန်နစ်ပါးဟုာ
ဘေးဒန်ခွန်နစ်မျိုး မပီးမရှင်း ဖယ်သူလည်း ဗိမာန်တော်ထဲဟို့ ဝမ်နိုင်ဂေ့ဟု။

* **15:3 ၁၅.၃** လူမျိုးဘောန်းဇောင်လေ၊ တချို့ မူရင်းလတ်ရေးမူလေမာ ခေတ်လေ၊ ဆိုဘီး ပါရှိဟုယ်။

16

ပထမမျစ်တော်ဖလား

1 အယ်ဘီးန ဗိမာန်တော်ထဲဟု ရရာတိုင်း ကၠလယ်ဟူသံဟု “သွားဂေ့ပါ။
ဘုရားသခင်ရဲ့ ရရာတိုင်း ပြင်းဟူ မျစ်တော်ဖလား ခွန်နစ်လောင်းဟို့ မ့လေဂီးထတ်ဟို့
လွန်းခ့လလိုက်ပါ” ဆိုဘီး ကောန်းဂန်တမန် ခွန်နစ်ပါးဟို့ ပြောဇာဟို့ ငါကြားရဟ့ယ်။

2 ပထမကောန်းဂန်တမန်ဟ့ာ သွားဘီး သူ့ရဲ့ ဖလားဟို့ မ့လေဂီးထတ်ဟို့
လွန်းခ့လလိုက်ဟူ ခီမာ သားရဲတကောန်ရဲ့ ဇိရှိဟူသူန သူ့ရဲ့ ရောက်ထုဟို့
ကိုးကွယ်ဟူသူလေမာ ရရာတိုင်း ဆိုးဟူ အိုင်းနာလေ ပေါ့-က်လေဟ့ယ်။

3 ဒုတိယကောန်းဂန်တမန်ဟ့ာ သူ့ရဲ့ ဖလားဟို့ ပန်လယ်ထတ်ဟို့ လွန်းခ့လလိုက်ဟူ
ခီမာ ရေဟ့ာ သေဟ့ားဟူလူလေရဲ့ သွီးမျိုးဖြစ်ဘီး ပန်လယ်ထဲမာရှိဟူ သတ်ရှိဟူ
လိဆန်ဂူလောင်း သေဂေ့ဟ့ယ်။

4 တတိယကောန်းဂန်တမန်ဟ့ာ သူ့ရဲ့ ဖလားဟို့ မ့လစ်လေန စမ်းရေလေထတ်ဟို့
လွန်းခ့လလိုက်ဟူ ခီမာ ရေဟ့ာ သွီးဖြစ်ဟ့ားလေဟ့ယ်။

5 အယ်ခီမာ ရေနဆိုင်ဟူ ကောန်းဂန်တမန်ဟ့ာ “ခုရှိဘီး ရင်ဟ့လည်းရှိဟူ သန်ရှင်းဟူ
သခင်၊ အယ်ဇာလေဟို့ ကိုယ်တော်စီရင်ဟူကြောန့် ကိုယ်တော်ဟ့ာ ဖြောန့်မတ်ပါဟ့ယ်။

6 ဖြားဖြစ်ကြောန့်နူးဆိုဟ့ာ အယ်သူလေဟ့ာ သန်ရှင်းသူလေန ပရောဖက်လေရဲ့
သွီးဟို့ လွန်းဟ့ားဂေ့ဟူကြောန့် ကိုယ်တော်ဟ့ာ အယ်သွီးလေဟို့ သူးနို့ဟို့
သော့-က်ဟို့တွပ် ပေးတော်မူဟ့ယ်။ သူးနို့ဟ့ာ အယ်မျိုးခံဟို့တွပ် ထိုက်တန်ဟ့ယ်”
ဆိုဘီး ပြောဇာဟို့ ငါကြားရဟ့ယ်။

7 အယ်ဘီးန ယဇ်ပလ့လင်ဟ့လည်း “မှန်ပါဟ့ယ်။ အနန္တတဂိုးန ပ့လဲဇောင်ဟူ
ဘုရားသခင်၊ ကိုယ်တော်ရဲ့ စီရင်ရှင်းလေဟ့ာ မှန်ကန်ဘီး တရားမျှတပါဟ့ယ်” ဆိုဘီး
ပြောဟူဇာဟို့ ငါကြားရဟ့ယ်။

8 စတုတ္ထကောန်းဂန်တမန်ဟ့ာ သူ့ရဲ့ ဖလားဟို့ နေထတ်ဟို့ လွန်းခ့လလိုက်ဟူ ခီမာ
နေဟ့ာ လူလေဟို့ မီးနလောန်းရဟူ ခွမ့်ဟို့ရဟ့ယ်။

9 လူလေဟ့ာ ရရာတိုင်းပြင်းဟူ ပူရှိကြောန့် နေလောန်ဒန်ဟို့ ခံရဘီး
အယ်ဘေးဒန်လေမာ ခွမ့်အာဏာရှိဟူ ဘုရားသခင်ရဲ့ နာမတော်ဟို့ ကီဆဲဘီး
နောန်ဒလည်းရဂေ့ဟ့။ ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟို့လည်း ချီးမွမ်းဂေ့ဟ့။

10 ပဉ္စမကောန်းဂန်တမန်ဟ့ာ သူ့ရဲ့ ဖလားဟို့ သားရဲရဲ့ ပလ္လင်ထတ်ဟို့
လွန်းခ့လလိုက်ဟူ ခီမာ သားရဲရဲ့ နိုင်ငံဟ့ာ မှောန်မိုက်ဟ့ားဘီး လူလေဟ့ာ
နာကျင်ဟူဝေဒနာကြောန့် သူးနို့ရဲ့ လျှာလေဟို့ ကိုက်ဂေ့ဟ့ယ်။

11 လူလေဟ့ာ သူးနို့ခံရဟူ နာကျင်ဟူဝေဒနာန သူးနို့ရဲ့ အိုင်းနာလေကြောန့်
ကောန်းဂန်ဘောင်ရဲ့ ဘုရားသခင်ဟို့ ကီဆဲဂေ့ဘီး သူးနို့ လောက်ဟူမူလေတွပ်
နောန်ဒရဂေ့ဟ့။

12 ဆဋ္ဌမကောန်းဂန်တမန်ဟှာ သူ့ရဲ့ ဖလားဟို့ ရရာတိုင်း ကီးဟူ
ဥဖရတ်မ့လစ်ထတ်ဟို့ လွန်းခ့လလိုက်ဟူ ခီမာ ရှေ့ပြည်ဟ့ မန်းဂီးလေတွပ် လမ်းဟို့
ပြင်ဆင်ပေးဟို့တွပ် မ့လစ်ရေဟှာ ခန်းဟှားလေဟှယ်။
13 အယ်ဘီးန နဂါးဇပ်ပေါ့-က်ထဲဟ့ရော၊ သားရဲတကောန်ရဲ့ ဇပ်ပေါ့-က်ထဲဟ့ရော၊
ပရောဖက်တုယောန် ဇပ်ပေါ့-က်ထဲဟ့ရော၊ ဖားနတူဘီး ညစ်ညူးဟူ ဝိညာဉ်သောင်းပါး
ထွပ်လာဇာဟို့ ငါဖြင်ရဟှယ်။
14 အယ်ဝိညာဉ်လေဟှာ နိမိတ်လတ်ခဏာလေ လောက်ဟူ နတ်ဆိုးလေရဲ့
ဝိညာဉ်လေ ဖြစ်ဂေ့ဟှယ်။ အယ်ဝိညာဉ်လေဟှာ ကမ္ဘာမာရှိဟူ မန်းဂီးလေဟို့
အနန္တတဂိုးန ပ့လဲ့ဇောင်ဟူ ဘုရားသခင်ရဲ့ နေ့ရစ်ဂီးမာ စစ်ပွဲတွပ် စုဂေ့ဟို့
အယ်မန်းဂီးလေနားဟို့ ထွပ်ဟှားဂေ့ဟှယ်။
15 “ကေ့ကေ့။ ငါဟှာ ခိုးလာဟူမျိုး လာမယ်။ ခ့လေးဗ့လန်းဗ့လန်း သွားနေဘီး
ကိုယ့်ရဲ့ယ့စ်ဟို့ လူလေဖြင်ရဘဲနေအောန် ကိုယ့်ရဲ့ဝတ်ဟို့ ထီးသီးဘီး
ဒိနစောန့်နေဟူသူဟှာ မင်္ဂလာရှိဟှယ်!”
16 အယ်ဘီးန ဝိညာဉ်လေဟှာ မန်းဂီးလေဟို့ ဟေဗြဲစကားန အာမဂေဒုန်ခေါ်ဟူ
နေရာမာ စုဝီးဂေ့လေ့မယ်။
17 သတ္တမကောန်းဂန်တမန်ဟှာ သူ့ရဲ့ ဖလားဟို့ အာကာသထဲဟို့ လွန်းခ့လလိုက်ဟူ
ခီမာ ဗိမာန်တော်ထဲမာရှိဟူ ပလ္လင်ထဲဟ့ ရရာတိုင်း က့လယ်ဟူသံဟ့ ပေါ်လာဘီး
“မူပီးဟှားဘီ” ဆိုဘီး ပြောဟှယ်။
18 အယ်ခီမာ လန့်စီးလတ်ရှင်း၊ သံဗြယ်ရှင်းန မိုးချောက်ရှင်းလေ ဖြစ်လာဘီး
ငလျင်လေလည်း ရရာတိုင်း ပြင်းထန်ဘီး လှောက်လေဟှယ်။ မ့လေဂီးထတ်မာ
လူဖြစ်လာဟူ ခီဟှစဘီး အယ်မျလော့-က်ကီးဘီး ရာရာတိုင်း ပြင်းထန်ဟူ
ငလျင်မျိုးဖြစ်ဖူးဟှ။
19 ဗြို့ဂီးလေဟှာ သောင်းပိုင်းကွဲဟှားဘီး လူဘောန်းဇောင်နေဟူ တိုင်းနိုင်ငံလေရဲ့
ဗြို့လေဟှာလည်း ပြိဟှားဂေ့ဟှယ်။ ဘုရားသခင်ဟှာ သူ့ရဲ့ မျစ်တော်နဆိုင်ဟူ
ပြင်းထန်ဟူ ဒေါသ စဗျစ်ဝိုင်ခွပ်ဟို့ပေးဘီး ဗာဗုလုန်ဗြို့ဂီးဟို့ ဒိရစေဟှယ်။
20 ကျွန်းရှိမျှဟှာ ပျော့-က်ဟှားဘီး တောန်လေလည်း တွိရဂေ့ဟှမ်း။
21 ကောန်းဂန်ဟှလည်း ပေါန်တရာလော့-က်လေးဟူ မိုးသီးလေဟှာ လူလေထတ်ဟို့
က့လလေဟှယ်။ အယ်ဘေးဒန်ဟှာ ရရာတိုင်း ပြင်းထန်ဟူကြောန့် လူလေဟှာ
အယ်မိုးသီးဘေးဒန်ကြောန့် ဘုရားသခင်ဟို့ ကီဆဲဂေ့ဟှယ်။

17

ကောန်းဘဲဟူမီးမဂီးန သားရဲကြောန်း

16:15 **၁၆.၁၅** မ ၂၄.၄၃,၄၄; လု ၁၂.၃၉,၄၀; ဗျာ ၃.၃ **16:18** **၁၆.၁၈** ဗျာ ၈.၅; ၁၁.၁၃,၁၉ **16:20** **၁၆.၂၀** ဗျာ ၆.၁၄ **16:21** **၁၆.၂၁** ဗျာ ၁၁.၁၉

1 အယ်ဘီးန ဖလားခွန်နစ်လောင်းရှိဟူ ကောန်းဂန်တမန် ခွန်နစ်ပါးထဲဟု
တပါးဟုလာဘီး၊ ငါနစကားပြောဘီး "လာပါ၊ ရရာတိုင်းများဟူ ရေထတ်မာထိုင်ဟူ
ကောန်းဘဲဟူမီးမဂီး ခံရမယ့် တရားစီရင်ရှင်းဟို့ နန့်ဟို့ ငါပြမယ်။
2 မ့လေဂီးရဲ့ မန်းဂီးလေဟုဟ သူနတူးဒူ တရားဘဲဟူ မေထုန်ဟို့ လောက်ဂေ့ဘီး
မ့လေဂီးထတ်မာ နေဂေ့ဟူသူလေလည်း သူန တရားဘဲဟူ မေထုန်ဟို့ လောက်ဟူ
စဗျစ်ဝိုင်န မောဂေ့ဟုယ်" ဆိုဘီး ပြောဟုယ်။
3 ငါ့ဟို့ ဝိညာဉ်တော်အားဖြင့် တောကန္တာရထဲဟို့ ခေါ်ဆောန်ဟုားလေဟုယ်။
အယ်ခီမာ ခေါန်းခွန်နစ်လောင်းန ချိုဆယ်ရှောန်းရှိဘီး ဘုရားသခင်ဟို့ စော်ကားဟူ
နာမယ်န ပုလဲ့နေဘီး နီနေဟူ သားရဲ တကောန်ထတ်မာ ထိုင်နေဟူ မီးမ တယော့-က်ဟို့
ငါဖြင်ရဟုယ်။
4 အယ်မီးမဟုာ နီရောန်န ခရမ်းရောန်ဟို့ ဝတ်ဟုားဘီး ရွှေတန်ဆာ၊
ကုလော့-က်မြတ်ရတနာန ပုလဲတန်ဆာလေဟို့ ဆင်ဟုားဘီး သူ့ရဲ့လတ်မာ
ရွံဇာကောန်းဟူ ဇာလေန တရားဘဲဟူ မေထုန်လောက်ဘီး ညစ်ညူးရှင်းလေန
ပုလဲ့နေဟူ ရွှေခွပ်ဟို့ ကိုင်ဟုားဟုယ်။
5 သူ့ရဲ့ ဖူးထတ်မာ ရေးဟုားဟူ လျှို့ဝှက်နတ်နဲ့ဟူ နာမဟုာ၊

"ဗာဗုလုန်ဗြို့ဂီး
ကောန်းဘဲဟူ မီးမလေန
မ့လေဂီးထတ်မာ ရွံဇာကောန်းဟူ ဇာလေရဲ့ မိ"
ဆိုဘီး ဖြစ်ဟုယ်။

6 အယ်မီးမဟုာ သန့်ရှင်းဟူ သူလေရဲ့ သွီးန၊ ယေရှုရဲ့ သတ်သေခံလေရဲ့ သွီးန
ယစ်မောနေဇာဟို့ ငါဖြင်ရဟုယ်။ ငါဟုာ သူ့ဟို့ ဖြင်ရဟူ ခီမာ ရရာတိုင်း
အံ့သြဟုားဟုယ်။
7 အယ်ခီမာ ကောန်းဂန်တမန်ဟု "နန်ဟုာ ဖြားဖြစ်ကြောန့် အံ့သြနူး" အယ်မီးမန
သူ့ဟို့ သယ်ဆောန်ဟူ ခေါန်းခွန်နစ်လောင်းန ချိုဆယ်ရှောန်းရှိဟူ သားရဲတကောန်ရဲ့
လျှို့ဝှက်နတ်နဲချစ်ဟို့ နန့်ဟို့ ငါပြောပြမယ်။
8 နန်ဖြင်ရဟူ သားရဲ တကောန်ဟုာ ရင်ဟုရှိဘီး ခုမ့ေဘဲဟူ ကြာခန်မာ
နတ်ဆောင်းတွမ်းထဲဟု တတ်လာဘီး ဖျစ်ဆီးရှင်းဟို့ ခံရလေ့မယ်။ မ့လေဂီးထတ်မာ
နေဂေ့ဟူ သူလေထဲမာ ကမ္ဘာတည်ဟူ ခီဟုစဘီး သတ်စာစောန်မာ နာမယ်
စာရင်းဝမ်ဘဲဟူ သူလေဟုာ ရင်ဟုရှိဘီး ခုမ့ေဘဲဟူ ကြာခန်မာ ရော့-က်လာဟို့
အယ်သားရဲဟို့ ဖြင်ဘီးဟုာ အံ့သြဂေ့လေ့မယ်။
9 အယ်နေရာမာ ဉာဏ်ပညာန သိတရားရှိဟို့တွပ် လိုအပ်ဟုယ်။
ခေါန်းခွန်နစ်လောင်းဟုာ အယ်မီးမထိုင်နေဟူ တောန်ခွန်နစ်လောင်းဖြစ်ဘီး
မန်းဂီးခွန်နစ်ပါးလည်း ဖြစ်ဟုယ်။

17:3 **ဝှေ.၃** ဗျာ ၁၃.၁ **17:8** **ဝှေ.၈** ဗျာ ၁၁.၇

10 ငါးပါးဟာ ကုလဆောင်းဟားဘီ။ တပါးဟာ ခုရှိဟုယ်။ ကျန်ဟူတပါးဟာ
ပေါ်သေးဟု။ ပေါ်လာဟူ ခဏလည်း ရှစ်ဟားဘဲ ခံလေ့မယ်။
11 ရင်ဟုရှိဘီး ခုမွေ့ဘဲဟူ သားရဲတကောန်ဟာ အဋ္ဌမ မန်းဂီးဖြစ်ဟုယ်။ သူဟာ
အယ်ခွန်နစ်ပါးထဲမာ တပါးလည်းဖြစ်ဘီး ဖျစ်ဆီးရှင်းဟို ခံရလေ့မယ်။
12 "နန်ဗြင်ရဟူ ချိုဆယ်ရှောန်းဟာ တိုင်းနိုင်ငံဟို ရသေးဘဲဟူ မန်းဂီးဆယ်ပါး
ဖြစ်ဂေ့ဟုယ်။ အယ်ဘေမဲ့ သူးနို့ဟာ သားရဲ တကောန်နတူဒူး မန်းဂီးလေမျိုး
ခွမ့်အာဏာဟို ရရာတိုင်း တိုဟူ ခဏာလတခုမာ အောက်စိုးရဂေ့လေ့မယ်။
13 အယ်မန်းဂီးလေဟာ တလောင်းတဝဲ ရှိဂေ့ဘီး သူးနို့လေရဲ့ တဂိုးလေဟို
သားရဲဟို အပ်ဂေ့လေ့မယ်။
14 သူးနို့ဟာ သိုးသားဂန်းဟားန စစ်တိုက်ဂေ့လေ့မယ်။ အယ်ဘေမဲ့
သိုးသားဂန်းဟားဟာ သူးနို့ဟို နိုင်ရလေ့မယ်။ ဖြားဖြစ်ကြောန့်နူးဆိုဟာ ကိုယ်တော်ဟာ
သခင်လေရဲ့ သခင်၊ မန်းဂီးလေရဲ့ မန်းဂီး ဖြစ်တော်မူဟုယ်။ ကိုယ်တော်နာ တူဒူးရှိနေဟူ
သူလေဟုလည်း ကိုယ်တော်ခေါ်ယူဘီး ဝီးကော့-က်ခံရဟူ သူလေန သစ်စာရှိဟူ
သူလေဖြစ်ဂေ့ဟုယ်" ဆိုဘီး ပြောဟုယ်။
15 အယ်ဘီးန အယ်ကောန်းဂန်တမန်ဟာ နန်ဗြင်ရဟူ ကောန်းဘဲဟူမီးမ
ထိုင်နေဟူရေဟာ တိုင်းနိုင်ငံလေ၊ ဘာသာစကားဘောန်းဇောင် ပြောဂေ့ဟူ လူမျိုးလေန
ပြည်သူပြည်သားလေ ဖြစ်ဂေ့ဟုယ်။
16 နန်ဗြင်ရဟူ ချိုဆယ်ရှောန်းန သားရဲလေဟာ အယ်ကောန်းဘဲဟူ မီးမဟို မူးဘီး၊
သူ့ဟို ပျစ်စီးစေဘီး သူ့ရဲ့ ဝတ်ဟို ခလွတ်ပစ်ဂေ့ဘီး သူ့ရဲ့ သားဟို ကိုက်စားဘီး သူ့ဟို
မီးရှို့ဂေ့လေ့မယ်။
17 ဖြားဖြစ်ကြောန့်နူးဆိုဟာ ဘုရားသခင်ဟာ သူ့ရဲ့ စကားတော်ဟာ
ပုလဲ့ဇောင်ရှင်းဟို ရော့-က်ဟို့ထိ သူးနို့ဟာ တလောင်းတဝဲ ဖြစ်ဘီး သူးနို့ရဲ့
နိုင်ငံလေဟို သားရဲတကောန်ရဲ့ လတ်ထဲဟို အပ်လိုက်ရှင်းအားဖြင့် ဘုရားသခင်ရဲ့
ကြဲစည်တိုင်း သူးနို့ရဲ့ စိန္နလောင်းထဲဟို ထဲ့သွမ်းလိုက်ဟုယ်။
18 "နန်ဗြင်ရဟူ မီးမဟာ ကမ္ဘာလောကရဲ့ မန်းဂီးလေဟို အောက်စိုးဟူဗြို့ဂီး
ဖြစ်ဟုယ်" ဆိုဘီး ငါဟို ပြောဟုယ်။

18

ဗာဗုလုန်ဗြို့ ပြိုကုလဟူကြောန်း

1 အယ်ဘီးန ရရာတိုင်း ကီးဟူ ခွမ့်အာဏာန ကောန်းဂန်ဟ ဆင်းလာဟူ တခြား
ကောန်းဂန်တမန်တပါးဟို ငါဖြင်ရဟုယ်။ မ့လေဂီးဟာ သူ့ရဲ့ ဖောင်းသရေတော်ကြောန့်
လန်းဘီးတော့-က်ပလေဟုယ်။
2 သူဟာ ရရာတိုင်း ကုလယ်ဟူသံန ကြွေးကြော်ဘီး "ဗာဗုလုန်ဗြို့ဂီးဟာ
ပြိုကုလဟုားဘီ! ပြိုကုလဟုားဘီး! အယ်ဗြို့ဟာ နတ်ဆိုးနေဟူ နေရာ၊

18:2 ဒ၈.၂ ဗျာ ၁၄.၈

ညစ်ညူးဟူနတ်လေ နေဟူနေရာ၊ ညစ်ညူးဟူ ငှတ်ဘောန်းဇောင် မှီခိုဟူနေရာန
ညစ်ညူးဘီး ရုံဇာကောန်းဟူ လိဆန်လေဂူလောင်း မှီခိုဟူနေရာ ဖြစ်ဟုးဘီ။
3 ဖြားဖြစ်ကြောန့်နူးဆိုဟှာ လူမျိုးဂူလောင်းဟှာ သူ့ရဲ့ တရားဘဲဟူ မေထုန်နဆိုင်ဟူ
ဒေါသ စဗျစ်ဝိုင်ဟို့ သော့-က်ဂေ့ဘီး မှ့လေးဂီးရဲ့ မန်းဂီးလေဟှာ သူ့နတူးဒူ တရားဘဲဟူ
မေထုန်လောက်ဂေ့ဘီး ကမ့ဘာ့ကူသယ်လေဟှာ သူ့ရဲ့ လွန်ကျူးဟူ ဇိမ်ခံရှင်း
ရှီဝါကြောန့် ကြွယ်ဝလာဂေ့ဟှယ်” ဆိုဘီး ပြောဟှယ်။
4 အယ်ဘီးန ကောန်းဂန်ဘောင်ဟှ တခြားသံတခုဟို့ ငါကြားရဟှယ်။ အယ်သံဟှ
“ထွပ်လာဂေ့။ ငါ့ရဲ့ လူစုလေ၊ သူ့နားဟှနေ ထွပ်လာဂေ့ပါ။
သူ့ရဲ့ ပြစ်လေထဲဟို့ ဆစ်ဆံဘီး ပါဝမ်ဂေ့န။
သူ့နတူးဒူ ပြစ်ဒန်ဟို့ ခံဂေ့န။
5 ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူ့ရဲ့ ပြစ်လေဟှာ ကောန်းဂန်ဘောင်ထိ ရော့-က်ဘီး
သူ့ရဲ့ တရားဘဲဟူမှုလေဟှာ ဘုရားသခင်ဟို့ ဒိရစေဟူကြောန့် ဖြစ်ဟှယ်။
6 သူပေးဟှားတိုင်း သူ့ဟို့ ပုလန်ပေးဂေ့ပါ။
သူလောက်ဟှားဇာလေဟို့ နှေ့ဆတိုးဘီး ပုလန်ပေးဂေ့ပါ။
သူရောစပ်ဟှားဟူ ခွပ်မာ
သူ့တွပ်နှေ့ဆ ရောစပ်ပေးဂေ့ပါ။
7 သူဟှာ ကိုယ့်ကိုယ်ကိုယ် ချီးမြှော့-က်ဘီး စည်းဇိမ်ခံစားဟှားမျှ
သူ့ဟို့ ညှဉ်းဆဲရှင်းန ဝန်းနဲကြေကွဲရှင်းလေဟို့ ပေးဂေ့ပါ။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ ငါဟှာ မိဖုရားဖြစ်ဟှယ်။ မောက်ဆိုးမ မူဟှ။
ငါဟှာ ဝန်းနဲကြေကွဲရှင်းလေဟို့ ဖယ်ခါလည်း တွိကြောင်ရဟို့ မူဟှ ဆိုဘီး
သူစိထဲမာ ပြောဟူကြောန့်ဖြစ်ဟှယ်။
8 အယ်ကြောန်းကြောန့် ရောဂါဘေး၊ ဝန်းနဲကြေကွဲဟူဘေး၊
စာရေဇာ ရရာတိုင်း ခေါန်းပါးဟူဘေးလေဟှာ
သူ့ရဲ့ထတ်မာ တရစ်ဒဲ ရော့-က်လာလေ့မယ်။
သူဟှာ မီးရှို့ရှင်းဟို့လည်း ခံရလေ့မယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟှာ သူ့ဟို့
တရားစီရင်ဟူ ဘုရားသခင်ဟှာ
တဂိုးကီးဟူကြောန့် ဖြစ်ဟှယ်” ဆိုဘီး ပြောဟှယ်။
9 သူ့နတူးဒူ တရားဘဲဟူမေထုန် လောက်ဂေ့ဘီး စည်းဇိမ်ခံစားဂေ့ဟူ မှ့လေဂီးရဲ့
မန်းဂီးလေဟှာ သူ့ဟို့ လောန်နေဟူမီးခိုးဟို့ ဗြင်ဂေ့ဟူ ခီမာ သူ့တွပ် ရရာတိုင်း
ငိုဂေ့ဟှယ်။
10 အယ်လူလေဟှာ သူခံရဟူညှဉ်းဆဲရှင်းဟို့ ကြော့-က်ဂေ့ဟူကြောန့် ဝီးဟှရပ်ဘီး
“ရရာတိုင်း ကီးဟူဗြို့၊ အားကီးဟူ ဗာဗုလုန်ဗြို့! နန်ဟှာ ဖြစ်မှဖြစ်ရလေ!
ဖြစ်မှဖြစ်ရလေ! ဖြားဖြစ်ကြောန့်နူးဆိုဟှာ နန်ခံရဟူ တရားစီရင်ရှင်းဟှာ ရရာတိုင်း
တိုဟူ ခီတခုမာ ပြစ်ဒန်စီရင်ရှင်းဟို့ ခံရလေဘီ!” ဆိုဘီး ပြောဂေ့ဟှယ်။

11 မ္နလေဂီးထတ်မာရှိဟ္ဂ ကူသယ်လေဟ့ဂလည်း သူ့ရဲ့ ကူပစ်စီးလေဟို့ ဝယ်ဟို့သူ
ယော့-က်လည်း မ္နေဘဲဟ္ဂကြောန့် သူ့တွပ် ဝန်းနဲကြေကွဲဘီး ဝိုဂေ့ဟ့ယ်။
12 သူးနို့လေရဲ့ ကူပစ်စီးလေဟ့ဂ ရွှေ၊ ငွေ၊ က့လော့-က်မြတ်ရတနာ၊ ပုလဲ၊ ပိချော၊
ခရမ်းရောန်ဝတ်ထည်၊ ပိုးထည်၊ နီဟ္ဂထည်၊ သစ်မွီးဘောန်းဇောင်၊
ဆင်စွယ်ပစ်စီးဘောန်းဇောင်၊ ဖိုးကီးဟ္ဂသစ်သား၊ ကြေးသံ၊ က့လော့-က်ဖ့လူလေန
လောက်ဟ့ဂးဟ္ဂ ပစ်စီးဘောန်းဇောင်၊
13 သစ်ကြဲပိုး၊ ဟမ်းရှစ်ဟ္ဂမွီးကြိုင်၊ နံ့သာပေါန်း၊ ဆီမွီး၊ လောဗန်၊ စဗျစ်ဝိုင်၊ ဆီ၊
မုညစ်၊ ဂျောင်ဆန်၊ ကွဲနွားလိဆန်၊ သိုး၊ ဗြင်း၊ ဗြင်းရထား၊ လူ့ကိုယ်ခန္ဓာန လူလေရဲ့
သတ်လေဘဲ ဖြစ်ဂေ့ဟ့ယ်။
14 ကူသယ်လေဟ့ “နန်းနို့ရဲ့ စိန့လောင်းတတ်မတ်ဟ္ဂ ရရာတိုင်း ကောန်းဟ္ဂ
သစ်သီးလေလည်း ပျော့-က်ဟ့ားဘီ။ စည်းဇိမ် ဂေါင်သရေလေလည်း
ပျော့-က်ဟ့ားဘီ။ အယ်ဇာလေဟ့ဂ ဖယ်ခါလည်းရဟို့ မ္ဘူဘီ” ဆိုဘီး ပြောဟ့ယ်။
15 သူ့အားဖြင့် ကြွယ်ဝလာဂေ့ဘီး အယ်ကူပစ်စီးလေဟို့ ပိုင်ဂေ့ဟ္ဂ သူလေဟ့ဂ
သူခံရဟ္ဂ ညှဉ်းဆဲရှင်းဟို့ ကြော့-က်ဂေ့ဟ္ဂကြောန့် ဝီးဟ့ရပ်ဘီးဟ့ဂ ဝိုဘီး၊ ရရာတိုင်း
ဝန်းနဲဘီး
16 “ပိချော၊ ခရမ်းရောန်ထည်နန နီရောန်ထည်ဟို့ ဝတ်ဟ့ားဘီး ရွှေတန်ဆာ၊
က့လော့-က်မြတ်ရတနာန ပုလဲလေဟို့ ဆင်ဟ့ားဟ္ဂဗြို့ဂီး! နန်ဟ့ဂ ဖြစ်မ့ဖြစ်ရလေ!
ဖြစ်မ့ဖြစ်ရလေ!
17 ဖြားဖြစ်ကြောန့်နူးဆိုဟ့ဂ အယ်မ္ဘလော့-က် များဟ္ဂစည်းဇိမ်ဟ့ဂ တနာရီထဲမာ
လောင်းဝ ဖျစ်ဆီးရှင်းဟို့ ခံရဟ့ယ်” ဆိုဘီး ပြောလေ့မယ်။ ရေယာဉ်မူးန
ခရီးသယ်လေဂူလောင်း၊ သန်းဖောသားလေန ရေလမ်းမာ ကူသယ်လောက်နေဂေ့ဟ္ဂ
လူလေ ဂူလောင်းဟ့ဂ ဝီးဟ့ရပ်ဘီး
18 သူ့ဟို့ လောန်နေဟ္ဂမီးဟ့ဂ မီးခိုးလေဟို့ ဗြင်ဘီး “ဖယ်ခါဒူးဟ့ဂလည်း အယ်ဗြို့ထတ်
ခမ်းနားဟ္ဂဗြို့ ရှိဖူးဟ့!” ဆိုဘီး အော်ပြောဂေ့ဟ့ယ်။
19 သူးနို့ဟ့ဂ မ္နလေမုဟို့ သူးနို့ခေါန်းထတ်ဟို့ ပစ်တန်ဘီး၊ ဝန်းနဲကြွေကွဲဘီး၊
ဝိုဂေ့ဘီးဟ့ဂ “သူးနို့ရဲ့ ဖိုးတန်ဟ္ဂ ပစ်စီးလေကြောန့် ပန်လယ်ထဲမာရှိဟ္ဂ သန်းဖောလေဟို့
ပိုင်ဂေ့ဟ္ဂသူ ရှိမ့ဟို့ ကြွယ်ဝစေဟ္ဂ ရရာတိုင်း ကီးဟ္ဂဗြို့! နန်ဟ့ဂ တနာရီထဲမာဘဲ
လောင်းဝ ဖျစ်ဆီးရှင်းဟို့ ခံရဟ္ဂကြောန့် ဖြစ်မ့ဖြစ်ရလေ! ဖြစ်မ့ဖြစ်ရလေ!” ဆိုဘီး
အော်ဘီးပြောဂေ့ဟ့ယ်။
20 ကောန်းဂန်ဘောင်ဟ့စဘီး သန်ရှင်းဟ္ဂသူလေ၊ တမန်တော်လေန ပရောဖက်လေ၊
အယ်ဗြို့ရဲ့ ဖြစ်ပျစ်ကြောန့် ဝန်းသာဂေ့ပါ။ ဖြားဖြစ်ကြောန့်နူးဆိုဟ့ဂ ဘုရားသခင်ဟ့ဂ
နန်းနို့ ဖတ်မာနေဘီး အယ်ဗြို့ထတ်ဟို့ ပြစ်ဒန်စီရင်ရှင်းဟို့ ရော့-က်စေဟ့ယ် ဆိုဘီး
ပြောဇာဟို့ ငါကြားရဟ့ယ်။
21 အယ်ဘီးန ခွန်အားကီးဟ္ဂ ကောန်းဂန်တမန်တပါးဟ့ဂ ရရာတိုင်း ကီးဟ္ဂ
က့လိဆောင်မျိုး က့လော့-က်တောင်း တတောင်းဟို့ ခီဘီးဟ့ဂ ပန်လယ်ထဲဟို့ ခ့လဘီး

“ဗာဗုလုန်ဗြို့ဂီးဟှာ အယ်မျိုးဘဲ ပစ်ခ့လရှင်းဟို့ ခံရဘီး လောင်းဝ တွိရဟို့ မှုဘီ။
22 စောန်းသမား၊ ဂီတသမား၊ ပလွေသမား၊ တံပိုးခရာမှုမားလေရဲ့ တီးမှုသံဟို့ နန်းနို့ထဲမာ လောင်းဝ တွိရဟို့ မှုဘီ။ ကုလိဆောင်သံဟို့လည်း လောင်းဝ ကြားရဟို့ မှုဘီ။
23 ဆီမီးရဲ့ လန်းရောန်ဟို့လည်း နန်းနို့ထဲမာ လောင်းဝ လန်းဟို့ မှုဘီ။ ဒို့သားန ဒို့သမီးလေရဲ့ သံဟို့လည်း နန်းနို့ထဲမာ လောင်းဝ ကြားရဟို့ မှုဘီ။
ဖြားဖြစ်ကြောန့်နှုးဆိုဟှာ နန့်ရဲ့ ကူသယ်လေဟှာ မ့လေဂီးရဲ့ အာဏာကီးမားဟူ သူလေ ဖြစ်ဂေ့ဟှယ်။ လူမျိုးဂူလောင်းဟှာ နန်းနို့ရဲ့ ပြုစားရှင်းန လှည့်ဇားဇာဟို့ ခံရဂေ့ဟှယ်” ဆိုဘီး ပြောလေဟှယ်။
24 ပရောဖက်လေ၊ သန့်ရှင်းဟူသူလေန မ့လေဂီးထတ်မာ သေသတ်ခံရဟူ လူလေ ဂူလောင်းရဲ့ သွီးလေဟို့လည်း အယ်ဗြို့မာတွိရဟှယ်။

19

1 အယ်ဘီးန ကောန်းဂန်မာရှိဟူ လူလေဘောင်ဂီးရဲ့ ရရာတိုင်း ကုလယ်ဟူ သံမျိုး ငါကြားရဟှယ်။ သူးနို့ဟှ “ဟာလေလုယာ! ကယ်တန်ရှင်း၊ ဖောင်းသရေတော်နဲ တဂိုးတော်လေဟှာ နို့လေရဲ့ ဘုရားသခင်န ဆိုင်ဟှယ်။
2 ဖြားဖြစ်ကြောန့်နှုးဆိုဟှာ ကိုယ်တော်ရဲ့ တရားစီရင်ရှင်းလေဟှာ ဖြောန့်မတ်မှန်ကန်ဟှယ်။ တရားဘဲဟူမေထုန် လောက်ရှင်းလေန မ့လေးဂီးဟို့ ပျစ်စီးစေဟူ ကောန်းဘဲဟူမီးမဟို့ ကိုယ်တော်ဟှာ စီရင်ဘီး သူ့ရဲ့ လတ်မာမွဲနေဟူ ကိုယ်တော်စေခံလေရဲ့ သွီးတွပ် ဒန်ခတ်လိုက်ဟှယ်” ဆိုဘီး ပြောဂေ့ဟှယ်။
3 အယ်ဘီးန သူးနို့လေဟှာ “ဟာလေလုယာ! မီးခိုးဟှာ ကမ္ဘာဆစ်ဆစ် တတ်ဘီးရှိနေဟှယ်” ဆိုဘီး ပြောဂေ့ဟှယ်။
4 သတ်ကီးဝါဂီးလေ ၂၄ ပါးန သတ္တဝါလေးပါးဟှလည်း ပျပ်ဝပ်ဘီးဟှာ ပလ္လင်ထတ်မာ ထိုင်နေဟူ ဘုရားသခင်ဟို့ ကိုးကွယ်ဘီးဟှာ “အာမင်! ဟာလေလုယာ!” ဆိုဘီး ပြောဂေ့ဟှယ်။

သိုးသားဂန်းဟှားရဲ့ အီတတ်ဗွဲ

5 ပလ္လင်ထဲဟှ ထွပ်လာဟူ သံဟှလည်း “ဘုရားသခင်ရဲ့ စေခံလေန ဘုရားသခင်ဟို့ ကြော့-က်ဂေ့ဟူ လူဂီးလူငယ်လေ ဂူလောင်းဟှ နို့လေရဲ့ ဘုရားသခင်ဟို့ ချီးမွမ်းဂေ့ပါ” ဆိုဘီး ပြောဟှယ်။
6 အယ်ဘီးန လူဘောင်ဂီးရဲ့ သံလေနရော၊ ရေကဒန်ဟှနေ ကုလဟူရေသံနရော၊ ပြင်းထန်ဟူ မိုးကြိုးသံနရော တူဟူသံဟှ “ဟာလေလုယာ! အနန္တတဂိုးန ပုလဲ့ဇောင်ဟူ နို့လေရဲ့ ဘုရားသခင်ဟှာ စိုးစံတော်မူဟှယ်။
7 နို့လေဟှာ ဝန်းသာရွှင်လန်းဘီး ကိုယ်တော်ရဲ့ ဖောင်းသရေတော်ဟို့ ချီးမွမ်းဂေ့ဇို့။ ဖြားဖြစ်ကြောန့်နှုးဆိုဟှာ သိုးသားဂန်းဟှားရဲ့ အီတတ်ဗွဲဟှာ ခီကုလလာဟူကြောန့် သူ့ရဲ့ ဒို့သမီးဟှာ သူ့ကိုယ်သူ သင့်ပြင်ဆင်လေဘီ။

8 အယ်ဒို့သမီးဟာ စင်ကြယ်တော့-က်ပဟူ ပိချောထည်ဟို့ ဝတ်ဆင်ခွမ့်ရဟုယ်။
အယ်ပိချောဟာ သန့်ရှင်းသူလေရဲ့ ဖြောန့်မတ်ဟူကျင့် ဖြစ်ဟုယ်” ဆိုဘီး ပြောဇာဟို့
ငါကြားရဟုယ်။
9 အယ်ဘီးန ကောန်းဂန်တမန်ဟ “သိုးသားဂန်းဟားရဲ့ အီတတ်ဗွဲဟို့ ဖိခေါ်ခံရဟူ
သူလေဟာ မင်္ဂလာရှိဂေ့ဟုယ် ဆိုဘီး ရေးဟားပါ” ဆိုဘီး ငါ့ဟို့ ပြောဘီးဟာ
“အယ်ဇာဟာ ဘုရားသခင်ရဲ့ ဖြောန့်မတ်မှန်ကန်ဟူ စကားတော်ဖြစ်ဟုယ်” ဆိုဘီး
ပြောလေဟုယ်။
10 အယ်ခီမာ ငါဟာ အယ်ကောန်းဂန်တမန်ဟို့ ကိုးကွယ်ဟို့တွပ် ပျပ်ဝပ်ဟူ ခီမာ
သူဟ “အယ်မျိုးလောက်နမ။ ငါဟာ နန်ဟုနေစဘီး ယေရှုနဆိုင်ဟူ သတ်သေခံချစ်ဟို့
ရဟုားဟူ နန်းနို့လေရဲ့ ညီကို့၊ လောက်ဖော်ဆောန်ဖတ် စေခံဘဲ့ ဖြစ်ဟုယ်။
ဘုရားသခင်ဟို့ဘဲ့ ကိုးကွယ်ပါ” ဆိုဘီး ပြောဟုယ်။
ဖြားဖြစ်ကြောန့်နူးဆိုဟာ ယေရှုနဆိုင်ဟူ သတ်သေခံချစ်ဟာ ပရောဖက်ပြုဘီး
ဟောပြောဟူဝိညာဉ် ဖြစ်ဟုယ်။

ဗြင်းဖ့လူစီးဟူသူကြောန်း

11 အယ်ဘီးန ငါကေ့လိုက်ဟူ ခီမာ ကောန်းဂန်ဟာ ပွမ့်နေဘီး ဗြင်းဖ့လူတကောန်
ရှိဟုယ်။ ဗြင်းထတ်မာ ထိုင်နေဟူသူဟာ သစ်စာရှိဟူသူ၊ မှန်ကန်ဟူသူ ဆိုဘီး
ခေါ်ရှင်းဟို့ ခံရဟုယ်။ သူဟာ ဖြောန့်ဖြောန့်မတ်မတ်ဟား တရားစီရင်ဘီး
စစ်တိုက်လေဟုယ်။
12 သူ့ရဲ့ မျစ်စိလေဟာ မီးလျှံမျိုးဖြစ်ဘီး သူ့ရဲ့ ခေါန်းထတ်မာ သရဖူလေ
ဆောန်းဟားဟုယ်။ သူ့မာရေးဟားဟူ နာမတခုရှိဘီး အယ်ဇာဟို့ သူကိုယ်တိုင်ဘဲ့သိဘီး
ဖယ်သူလည်းသိဟ့။
13 သူဟာ သွီးန နှစ်ဟားဟူဝတ်ဟို့ ဝတ်ဟားဘီး သူ့ရဲ့နာမယ်ဟာ ဘုရားသခင်ရဲ့
စကားတော် ဆိုဘီး ခေါ်ဟုယ်။
14 ကောန်းဂန် ဗိုလ်ခေလေဟာ စင်ကြယ်ဟူ ပိချောထည်ဟို့ ဝတ်ဟားဂေ့ဘီး
ဗြင်းဖ့လူဟို့ စီးဘီးဟာ သူနော့-က်ဟို့ လိုက်ဂေ့ဟုယ်။
15 လူမျိုးဘောန်းဇောင်ဟို့ နှိမ်နင်းဟို့တွပ် ထတ်ဟူ သန်လျက်ဟာ သူ့ရဲ့
ဇပ်ပေါ့-က်ထဲဟ ထွပ်နေဟုယ်။ သူဟာ အယ်သူလေဟို့ သံလုံတံန
အောက်စိုးလေ့မယ်။ သူဟာ အနန္တတဂိုးန ပ့လဲ့ဇောင်ဟူ ဘုရားသခင်ရဲ့ မျစ်တော်န
ဆိုင်ဘီး ပြင်းထန်ဟူ စဗျစ်ဝိုင်န စဗျစ်သီးနယ်ဟူ တွမ်းဟို့ တတ်နန်းလေ့မယ်။
16 သူ့ရဲ့ဝတ်န ပေါ်နမာ မန်းဂီးလေရဲ့ မန်းဂီး၊ သခင်လေရဲ့ သခင် ဆိုဘီး ရေဟားဟူ
ဘွဲ့နာမရှိဟုယ်။
17 အယ်ဘီးန နေထဲမာရပ်နေဟူ ကောန်းဂန်တမန် တပါးဟို့ ငါဗြင်ရဟုယ်။ သူဟာ
ကောန်းဂန်လယ်မာ ပ့လံနေဟူ ငှတ်ဂူလောင်းဟို့ “ဘုရားသခင်ရဲ့ ညဉ့်ဇာစားဗွဲဟို့
လာဘီးစုဂေ့ပါ။

19:9 **၁၉.၉** မ ၂၂.၂၃ **19:15** **၁၉.၁၅** ဗျာ ၁၄.၂၀

18 မန်းဂီးလေရဲ့ သား၊ တပ်မှူးလေရဲ့ သား၊ စစ်သားလေရဲ့ သား၊ မြင်းနဲ့ မြင်းစီးဟူ
သူလေရဲ့ သား၊ လူလွတ်နဲ့ ကျွန်လေဟူစဘီး လူဂီးလူငယ်ရှိမျှလေရဲ့ သားဟို
လာဘီးစားဂေ့ပါ” ဆိုဘီး ရရာတိုင်းက္ခလယ်ဟူသံန ကြွေးကြော်ဂေ့ဟုယ်။
19 အယ်ခီမာ သားရဲတကောန်ဟုစဘီး မှလေဂီးရဲ့ မန်းဂီးလေန သူးနို့ရဲ့
ဗိုလ်ခေလေဟုာ မြင်းစီးဟူသူန သူ့ရဲ့ ဗိုလ်ခေလေဟို စစ်တိုက်ဟို့တွပ် စုနေဇာဟို
ငါမြင်ရဟုယ်။
20 သားရဲန ပရောဖက် တုယောန်လေဟုာ ဖမ်းခံရဟုယ်။ အယ်ပရောဖက်
တုယောန်ဟုာ သားရဲရဲ့ရှေ့မာ နိမိတ်လတ်ခဏာလေဟို လောက်ဘီး၊
အယ်နိမိတ်လတ်ခဏာအားဖြင့် သားရဲရဲ့ဇိဟို ယူဘီး သူ့ရဲ့ရောက်ထုဟို ကိုးကွယ်ဟူ
သူလေဟို လှည့်ဇားဟူ သူဖြစ်ဟုယ်။ သတ်ရှင်ဘီးရှိနေဟူ အယ်သူ
နှေ့ယော့-က်လောင်းဟုာ ကန့်နရောဘီး လောန်နေဟူ မီးအိုင်ထဲဟို ရှင်လတ်လတ်
ပစ်ခ့လရှင်းဟို ခံရဂေ့ဟုယ်။
21 ကျန်ရစ်ဟူ သူလေဟု ဖြင်းစီးဟူသူရဲ့ ဇပ်ပေါ့-က်ထဲဟုထွပ်ဟူ သန်လျက်န
သတ်ပစ်ရှင်းဟို ခံရဘီး ဌတ်ဂူလောင်းဟုာ သူးနို့လေရဲ့ သားဟို ဗိုက်ဝအောန်
စားရဂေ့ဟုယ်။

20

နှစ်တထောန်

1 အယ်ဘီးန ကောန်းဂန်တမန်တပါးဟုာ နတ်ဆောင်းတွမ်းရဲ့ သော့-က်န ရရာတိုင်း
ကီးဟူ သံကြိုးလေဟို သူ့ရဲ့လတ်မာ ကိုင်ဟုားဘီး ကောန်းဂန်ဘောင်ဟု ဆင်းလာဇာဟို
ငါမြင်ရဟုယ်။
2 သူဟုာ စာတန်မာရိန်တ်ဖြစ်ဟူ၊ ရှေးဗီဟောန်းဖြစ်ဟူ နဂါးဟို ဖမ်းဘီး
နှစ်တထောန်ခယ်ဟုားဟုယ်။
3 နှစ်တထောန်ကူဟူခီထိ လူလေဟို နော့-က်ထပ် လှည့်ဇားနိုင်ဘဲနေအောန် သူဟို
နတ်ဆောင်းတွမ်းထဲဟို ပစ်ခ့လဘီး၊ ပိဟုားလိုက်ဘီး ဇိနခတ်ဟုားလေဟုယ်။
အယ်ခီကာလကူဘီးမှ သူဟို ရှစ်ဟုားလွတ်ပေးရဟုယ်။
4 အယ်ဘီးန ပလွင်လေန အယ်ပလွင်ထတ်မာ ထိုင်နေဟူ သူလေဟို ငါမြင်ရဟုယ်။
အယ်သူလေဟုာ တရားစီရင်ဟို့ ခွမ့်အာဏာဟို ရဂေ့ဟုယ်။ အယ်ဘီးဟုာ
ယေရှုနဆိုင်ဟူ သတ်သေခံချစ်တွပ်ရော၊ ဘုရားသခင်ရဲ့ စကားတော်တွပ်ရော၊
ခေါန်းဖြတ်ခံရဟူ သူလေရဲ့ ဝိညာဉ်လေန သားရဲန သားရဲရဲ့ရောက်ထုဟို ကိုးကွယ်ဘဲ
သူ့ရဲ့ဇိဟို့ရော၊ သူးနို့လေရဲ့ ဖူးမာ အယ်မျိုးမှုဘဲဟုာ လတ်မာ ခံဘဲဟူ သူလေဟို့ရော
ငါမြင်ရဟုယ်။ သူးနို့ဟုာ သတ်ပ့လန်ရှင်ဘီး နှစ်တထောန်လောင်းလောင်း
ခရစ်တော်နတူးဒူ အောက်စိုးရဂေ့ဟုယ်။
5 ရင်ဟုသေဟုားဟူ သူလေဟုာ နှစ်တထောန်ကူခန်ထိ သတ်ရှင်ရဂေ့ဟု။
အယ်ဇာဟုာ ပထမ ထမြော့-က်ရှင်း ဖြစ်ဟုယ်။

6 ပထမ ထမြောက်ရှင်းမာ ပါဟူသူဟာ မင်္ဂလာရှိဟူသူ၊ သန့်ရှင်းဟူသူ ဖြစ်ဟုယ်။
ဒုတိယ သေရှင်းဟာ သူးနို့လေထတ်မာ တဂိုးမှေ့ဟုမ်း။ သူးနို့ဟာ ဘုရားသခင်နဲ
ခရစ်တော်ရဲ့ ယဇ်ပုရောဟိတ်လေ ဖြစ်ဂေ့ဘီး ခရစ်တော်နတူးဒူ နှစ်တထောန်
အောက်စိုးဂေ့လေ့မယ်။

စာတန် ရှောင်းဟားဟူကြောန်း

7 အယ်နှစ်တထောန် ကူဟားဟူ ခီမာ စာတန်ဟာ သူခယ်ဟားခံရဟူ တွမ်းထဲဟုနေ
လွတ်ပေးရှင်းဟိုခံရဘီး
8 မ့လေဂီးလေးမျစ်နှာမာရှိဟူ လူမျိုးလေဖြစ်ဂေ့ဟူ ဂေါဂ၊ မာဂေါဂဟို
လှည်းဖြားဟို့တွပ်နဲ စစ်ပွဲတွပ်၊ သူးနို့ဟို စုဝီးဂေ့ဟို့တွပ် ထွပ်ဟားလေ့မယ်။
သူးနို့လေဟာ ပန်လယ်သဲလောင်းလော့-က် များဂေ့ဟုယ်။
9 သူးနို့လေဟာ မ့လေဂီးရဲ့ ရရာတိုင်း က့လယ်ဟူနေရာဟို့ တတ်လာဂေ့ဘီး
သန့်ရှင်းသူလေရဲ့ တပ်စခန်းန ရှစ်ဇာကောန်းဟူဗြို့ဟို့ ဝိုင်းဟားဂေ့ဟုယ်။ အယ်ခီမာ
ကောန်းဂန်ဘောင်းဟ မီးဟာ က့လလာဘီး သူးနို့လေဟာ လောန်ဘီးဟာ
ဖျစ်ဆီးခံရဂေ့ဟုယ်။
10 သူးနို့ဟို့ လှည့်ဇားဟူ မာရ်နတ်ဟို့လည်း သားရဲ့နဲ ပရောဖက်တုယောန်ရှိဟူ၊
ကန့်နရောဟားဟူ မီးအိုင်ထဲဟို့ ပစ်ခ့လရှင်းဟို့ ခံရဟုယ်။ သူးနို့လေဟာ
နေ့ရောညဉ့်ရော ကမ္ဘာဆစ်ဆစ် ညှဉ်းဆဲရှင်းဟို့ ခံရဂေ့လေ့မယ်။

နော့-က်ဆောင်း တရားစီရင်ဟူကြောန်း

11 အယ်ဘီးန ဖ့လူဟူပလ့လင်ဂီးန အယ်ပလ္လင်ထတ်မာ ထိုင်နေဟူ သခင်ဟို့ ငါဟာ
ဗြင်ရဟုယ်။ ကောန်းဂန်န မ့လေဂီးဟာ အယ်သခင်ရဲ့ရှေ့မာ ပျော့-က်ဟားဘီးဟာ
နေဟို့နေရာ မှေ့ဟုမ်း။
12 ရင်ဟုသေဟားဂေ့ဟူ ကီးငယ်လေဟာ ပလ္လင်ရှေ့မာ ရပ်နေရှင်းဟို့ ငါဗြင်ရဟုယ်။
စာစောန်လေဟို့ ဖွမ့်ဟားဘီး သတ်စာစောန်န တခြားစာစောန်ဟို့လည်း ဖွမ့်ဟားဟုယ်။
ရင်ဟုသေဟားဟူ သူလေဟာ အယ်စာစောန်လေမာ ရေးဟားတိုင်း သူးနို့လေရဲ့
လောက်ဟူမှုလေတိုင်းဘဲ တရားစီရင်ရှင်းဟို့ ခံရဂေ့ဟုယ်။
13 ပန်လယ်ဟာ သူမာရှိဟူ လူသေလေဟို့ ပေးလေဟုယ်။ သေရှင်းန
မရဏာနိုင်ငံလေဟုလည်း သူမာရှိဟူ လူသေလေဟို့ ပေးလေဟုယ်။ အယ်ခီမာ လူလေ
ဂူလောင်းဟာ သူးနို့ လောက်ဟားဟူတိုင်း တရားစီရင်ရှင်းဟို့ ခံရဂေ့ဟုယ်။
14 အယ်ဘီးန သေရှင်းန မရဏာနိုင်ငံဟုလည်း မီးအိုင်ထဲဟို့ ပစ်ခ့လရှင်းဟို့
ခံရဂေ့လေ့မယ်။ (အယ်မီးအိုင်ဟာ ဒုတိယ သေရှင်း ဖြစ်ဟုယ်။)
15 သတ်စာစောန်မာ စာရင်းဝမ်ဘဲဟူသူ ရှိမျှဟို့လည်း မီးအိုင်ထဲဟို့ ပစ်ခ့လရှင်းဟို့
ခံရဂေ့ဟုယ်။

21

ကောန်းဂန်သစ်န မ့လေဂီးသစ်

1 အယ်ဘီးန ကောန်းဂန်သစ်န မ့လေဂီးသစ်ဟို့ ငါဖြင်ရဟုယ်။
ဖြားဖြစ်ကြောန်နူးဆိုဟှာ ရင်ဟ့ ကောန်းဂန်န မ့လေဂီးဟှာ ပျော့-က်ဟှားဘီး
ပန်လယ်လေလည်း မ့ေဟုမ်း။
2 အယ်ဘီးဟှာ သန်ရှင်းဟူ ယေရုရှလင်ဗြို့သစ်ဟှာ ဒို့သားတွပ် တန်ဆာဆင်ဟှားဟူ
ဒို့သမီးမျိုး ပြင်ဆင်ဘီး ဘုရားသခင်နားဟ့ ကောန်းဂန်ဘောင်ဟ့ ဆင်းလာဇာဟို့
ငါဖြင်ရဟုယ်။
3 အယ်ဘီးန ပလ္လင်ထဲဟ့ ရရာတိုင်း က့လယ်ဟူသံဟ့ "ကေ့ကေ့ပါ။
ဘုရားသခင်နေဟူ တဲတော်ဟှာ လူလေထဲမာရှိဘီး ကိုယ်တော်ဟှာ သူးနို့နတူးဒူ
စံမြန်းမယ်။ သူးနို့ဟ့လည်း ကိုယ်တော်ရဲ့ လူမျိုးတော်ဖြစ်ဂေ့ဘီး၊
ဘုရားသခင်ကိုယ်တိုင် သူးနို့လေနရှိဘီး သူးနို့လေရဲ့ ဘုရားသခင် ဖြစ်တော်မူမယ်။
4 ကိုယ်တော်ဟှာ သူးနို့လေရဲ့ မျစ်စိဟ့ မျစ်ရယ်ရှိမျှဟို့ သုပေးလေ့မယ်။
သေရှင်းလည်း ရှိဟို့မူဘီ။ ဝန်းနဲကြေကွဲဇာ၊ ငိုဇာန နာကျင်ဟူ ဝေဒနာလေလည်း
ရှိဟို့မူဘီ။ ဖြားဖြစ်ကြောန်နူးဆိုဟှာ ရင်းရင်ဒူးဟ့ ဖြစ်ဟှားဟူ ဇာလေဟှာ
ပျော့-က်ဟှားဘီ" ဆိုဘီး ပြောဇာဟို့ ငါကြားရဟုယ်။
5 ပလ္လင်ထတ်မာ ထိုင်နေဟူ သခင်ဟ့လည်း "ကေ့ကေ့ပါ။ ငါဟှာ ဂူလောင်းဟို့
သစ်ဖြစ်စေဟုယ်" ဆိုဘီး မိန့်တော်မူဘီးန အယ်စကားဟှာ သစ်စာစကား၊ မှန်ဟူစကား
ဖြစ်ဟူကြောန့် ရေးဟှားပါ ဆိုဘီး မိန့်တော်မူလေဟုယ်။
6 မူပီးဘီ။ "ငါဟှာ အာလဖန သြမေဃဖြစ်ဟုယ်။ စနဆောင်းလည်းဖြစ်ဟုယ်။
ရေတစ်ဟူသူဟို့ သတ်စမ်းရေဟို့ ဖိုးယူဘဲနပေးဟုယ်။
7 အောန်မြင်ဟူသူဟှာ အယ်ဇာလေဟို့ မွီဆစ်ခံရလေ့မယ်။ ငါဟှာ သူ့ရဲ့
ဘုရားသခင်ဖြစ်မယ်။ သူဟ့လည်း ငါရဲ့ သားမီးလေ ဖြစ်လေ့မယ်။
8 အယ်ဘေမဲ့ ကြေ့-က်တတ်ဟူသူလေ၊ ယောင်ကြည်ဘဲဟူသူလေ၊
ရွံဇာကောန်းဟူသူလေ၊ လူသတ်ဟူသူလေ၊ တရားဘဲဟူမေထုန် လောက်ဟူသူလေ၊
ပြုစားဟူသူလေ၊ ရောက်ထုပ်ဟို့ ကိုးကွယ်ဟူသူလေန လီညာဟူသူ ဂူလောင်းဟှာ
ကန့်နလောန်နေဟူ မီးအိုင်ထဲဟို့ ရော့-က်ရဂေ့လေ့မယ်။ အယ်ဇာဟှာ ဒုတိယ
သေရှင်းဖြစ်ဟုယ်" ဆိုဘီး မိန့်တော်မူလေဟုယ်။

ယေရုရှလင်ဗြို့သစ်

9 အယ်ဘီးန နော့-က်ဆောင်းဘေးဒန် ခွန်နစ်ခုနပ့လဲ့နေဟူ ဖလားခွန်နစ်လောင်းဟို့
ကိုင်ဟှားဟူ ကောန်းဂန်တမန် ခွန်နစ်ပါးထဲဟ့ တပါးဟှာလာဘီး ငါ့နစကားပြောဘီး
"လာပါ။ သိုးသားဂန်းဟှားရဲ့ မီးမဖြစ်ဟူ ဒို့သမီးဟို့ ငါပြမယ် ဆိုဘီး" ငါ့ဟို့ ပြောဟုယ်။
10 အယ်ကောန်းဂန်တမန်ဟ့ ရရာတိုင်း ကီးဘီး ဖြစ်ဟူတောန်ထတ်ဟို့
ဝိညာဉ်တော်အားဖြင့် ငါ့ဟို့ ခေါ်ဆောန်ဟှားဘီး ဘုရားသခင်နားဟ့ ကောန်းဂန်ထတ်ဟ့
ဆင်းလာဟူ သန့်ရှင်းဟူ ယေရုရှလင်ဗြို့ဟို့ ငါ့ဟို့ ပြလေဟုယ်။

21:1 ၂၁.၁ ၂ ပေ ၃.၁၃ **21:2 ၂၁.၂** ဗျာ ၃.၁၂

11 အယ်ဗြို့ဟာ ဘုရားသခင်ရဲ့ ဖောင်းသရေတော်နဲ့ ပဲ့လဲ့ဇောင်ဘီး လန်းရောန်ဟာ
က့်လော့-က်မြတ်ရတနာနဲတူဘီး က့်လော့-က်သလင်းမျိုး ရရာတိုင်း လန်းနေဟူ
နဂါးသွဲ့က့်လော့-က်မျိုး ဖြစ်ဟုယ်။
12 အယ်ဗြို့မာ ရရာတိုင်း ကီးဘီး ဗြစ်ဟူဗြို့ရိုးရှိဘီး ခွဖော့-က်ဆယ်နှေ့ပေါ့-က်
ရှိဟုယ်။ ခွဖော့-က်လေမာ ကောန်းဂန်တမန် ဆယ့်နှေ့ပါးရှိဘီး အယ်ခွဖော့-က်ထတ်မာ
ဂ္ဂသရေလလူမျိုးလေရဲ့ မျိုးနွယ်စု ဆယ့်နှေ့နွယ်လေရဲ့ နာမယ်လေဟို့ ရေးဟ့ားဟုယ်။
13 ရှေ့ဖတ်မာ ခွဖော့-က်သောင်းပေါ့-က်၊ မြော့-က်ဖတ်မာ
ခွဖော့-က်သောင်းပေါ့-က်၊ တောန်ဖတ်မာ ခွဖော့-က်သောင်းပေါ့-က်၊ နော့-က်ဖတ်မာ
ခွဖော့-က်သောင်းပေါ့-က် ရှိဟုယ်။
14 ဗြို့ရိုးဟာ အုပြစ်ဆယ့်နှေ့ခုရှိဘီး အယ်ထတ်မာ သိုးသားဂန်းဟ့ားရဲ့ တမန်တော်
ဆယ့်နှေ့ပါးလေရဲ့ နာမယ်ဆယ့်နှေ့ခုဟို့ ရေးဟ့ားဟုယ်။
15 ငါန စကားပြောဟူ ကောန်းဂန်တမန်မာ အယ်ဗြို့ဟို့ရော၊ ဗြို့ရဲ့ခွဖော့-က်န
ဗြို့ရိုးဟို့ရော တိုင်းဟို့တွပ် တိုင်းဇာ ရွှေကျူလောင်းရှိဟုယ်။
16 အယ်ဗြို့ဟာ လေးထောန့်ပေါင်ရှိဘီး လျားနနံဟာ တူဟုယ်။ ကောန်းဂန်တမန်ဟာ
ရွှေကျူလောင်းန ဗြို့ဟို့တိုင်းဟူ ခီမာ မိုင်ပေါန်း ၁,၃၈၀ လော့-က် ရှိဘီး လျား၊ နံ၊
ဗြစ်လေဟာ တူဂေ့ဟုယ်။
17 ဗြို့ရိုးဒုဟို့လည်း တိုင်းဟူ ခီမာ ကောန်းဂန်တမန် တိုင်းဟူဇာရော၊
လူလေတိုင်းဟူဇာအားဖြင့် ဗြစ်* ၂၁၆ ပေ ရှိဟုယ်။†
18 အယ်ဗြို့ရိုးဟို့ နဂါးသွဲ့က့်လော့-က်န ဆော့-က်ဟ့ားဘီး ဗြို့ဟာ ရရာတိုင်း
လန်းဟူ ဖန်သားမျိုး ကြည်လင်ဘီး ရွှေစင်ဖြစ်ဟုယ်။
19 ဗြို့ရိုးရဲ့ အုပြစ်ဟို့ က့်လော့-က်မြတ်ရတနာ ဘောန်းဇောင်န
တန်ဆာဆင်ဟ့ားဟုယ်။ ပထမ အုပြစ်ဟာ နဂါးသွဲ့၊ ဒုတိယ အုပြစ်ဟာ နီလာ၊ တတိယ
အုပြစ်ဟာ မဟူရာ၊ စတုတ္ထထဟာ မြ၊
20 ပဉ္စမ ပြစ်ဟာ ကြောင်၊ ဆဋ္ဌမ ပြစ်ဟာ ပတ္တမြား၊ သတ္တမ ပြစ်ဟာ သလင်းဝါ၊
အဋ္ဌမ ပြစ်ဟာ မျက်ရွဲ၊ နဝမ ပြစ်ဟာ ဥဿဖရား၊ ဒသမ ပြစ်ဟာ မဟူရာစိမ်း၊
ဧကဒသမ ပြစ်ဟာ နီလာသွီး၊ ဒွါဒသမ ပြစ်ဟာ နီလာခရမ်းလေ ဖြစ်ဂေ့ဟုယ်။
21 ဗြို့ခွဖော့-က် ဆယ့်နှေ့ပေါ့-က်လေဟာ ပုလဲဆယ့်နှေ့လောင်းဖြစ်ဂေ့ဘီး
ခွဖော့-က်တဖော့-က်မာ ပုလဲတလောင်းစီန လောက်ဟ့ားဟုယ်။ ဗြို့ရဲ့ လမ်းမဟာ
ရရာတိုင်း စင်ကြယ်ဟူ ဖန်သားနတူဟူ ရွှေစင်ဖြစ်ဟုယ်။
22 အယ်ဗြို့မာ ဗိမာန်တော်ဟို့ ငါတွိရဟု့။ ဖြားဖြစ်ကြောန့်နူးဆိုဟာ အနန္တတဂိုးန
ပဲ့လဲ့ဇောင်ဟူ ဘုရားသခင်န သိုးသားဂန်းဟ့ားဟာ အယ်ဗြို့ရဲ့ ဗိမာန်တော်ဖြစ်ဟုယ်။
23 ဘုရားသခင်ရဲ့ ဖောင်းသရေတော်ဟာ အယ်ဗြို့ဟို့ လန်းစေဘီး
သိုးသားဂန်းဟ့ားဟာ အယ်ဗြို့ရဲ့ ဆီမီးဖြစ်ဟူကြောန့် အယ်ဗြို့ဟို့ လန်းစေဟူကြောန့်

* **21:17 ၂ဘ.၁၇** ဗြစ်၊ အယ်မျိုးမူဟုဆိုဟာ ထူ။ † **21:17 ၂ဘ.၁၇** ဂရိကျမ်းရဲ့ ခန်းငယ် ၁၆ နဲ ၁၇ ထဲမာ "၁၂,၀၀၀ ဖာလုံ" နဲ "၁၄၄ ကုဗပေ" ဆိုဘီး ဖော်ပြဟ့ားဟုယ်။ အယ်တိုင်းတာဟာ ပေါင်ဆောန်ချစ် ဖြစ်နိုင်ဟုယ်။

နေန လလေဟျိ လိုအပ်ဟု။
24 လူမျိုးဘောန်းဇောင်ဟာ အယ်ဗြိုရဲ့ လန်းရောန်ဟို မှိပြုဘီး သွားလာဂေ့လေ့မယ်။
မ့လေဂီးမာရှိဟူ မန်းဂီးလေဟာ သူးနို့လေရဲ့ ဖောင်းသရေတော်ဟို အယ်ဗြိုထဲဟို
ယူဆောန်လာဂေ့လေ့မယ်။
25 အယ်နေရာမာ ညဉ့်မှေ့ဘဲဟူကြောန့် ဗြိုခွဇော့-က်လေဟို ဖယ်ခါလည်း ပိဟုားဟု။
26 လူမျိုးဘောန်းဇောင်ဟာ ဖောင်းသရေတော်နေ ဂေါင်သရေလေဟို အယ်ဗြိုထဲဟို
ယူလာဂေ့လေ့မယ်။
27 စင်ကြယ်ဘဲဟူဇာ ခုလည်း အယ်ဗြိုထဲဟို ဝမ်ရဟို့ မူဟု။ ရွံဇာကောန်းသူန
လီညာသူလေလည်း ဝမ်ရဟို့ မူဟု။ သိုးသားဂန်းဟုားရဲ့ သတ်စာစောန်မာ စာရင်းဝမ်ဟူ
သူလေဟုဘဲ့ ဝမ်ရဂေ့လေ့မယ်။

22

1 အယ်ဘီးန ကောန်းဂန်တမန်ဟာ ကုလော့-က်သလင်းမျိုး ရရာတိုင်း လန်းဘီး
တော့-က်ပနေဟူ သတ်ရေစီးဟူမ့လစ်ဟို ငါ့ဟို ပြလေဟုယ်။ အယ်မ့လစ်ဟာ
ဘုရားသခင်နေ သိုးသားဂန်းဟုားရဲ့ ပလ့လင်ဟုထွပ်ဘီး
2 ဗြိုရဲ့ လမ်းမလယ် တရော့-က်လောင်းဟို စီးဆင်းနေဟုယ်။ မ့လစ်ရဲ့ တဖတ်မာ
ဆယ့်နှေ့မျိုးသီးဟူ၊ တလဟို တခါသီးဟူ၊ ဆယ့်နှေ့ခါသီးဟူ သတ်ပန်ရှိဟုယ်။
အယ်ပန်ရဲ့ ဝပ်ဟု လူမျိုးဘောန်းဇောင်ဟို ကျန်းမာစေဟုယ်။
3 ကီဆဲခံရဇာ ခုလည်း ရှိဟို့မူဘီ။
ဘုရားသခင်နေ သိုးသားဂန်းဟုားရဲ့ ပလ့လင်ဟာ အယ်ဗြိုမာရှိဘီး ကိုယ်တော်ရဲ့
စေခံလေဟာ ကိုယ်တော့်ဟို့ ကိုးကွယ်ဂေ့လေ့မယ်။
4 သူးနို့ဟာ ကိုယ်တော်ရဲ့ မျစ်နှာဟို ဖြင်ရဂေ့လေ့မယ်။ ကိုယ်တော်ရဲ့
နာမတော်ဟုလည်း သူးနို့ဖူးမာ ရှိဂေ့လေ့မယ်။
5 ညဉ့်လည်းရှိဟို့ မူဘီ။ ဘုရားသခင်ဟာ သူးနို့ဟို လန်းရောန်ပေးဟုားဟူကြောန့်
ဆီမီးရဲ့ လန်းရောန်န နေရဲ့ လန်းရောန်လေဟို့လည်း လိုအပ်ဟို့ မူဘီ။ သူးနို့ဟာ
ကမ္ဘာဆစ်ဆစ် အောက်စိုးဂေ့လေ့မယ်။

ယေရှုကြွလာဟူကြောန်း

6 အယ်ဘီးန ကောန်းဂန်တမန်ဟ “အယ်စကားဟာ သစ်စာစကား၊ မှန်ကန်ဟူ
စကားဖြစ်ဟုယ်။ ပရောဖက်လေရဲ့ ဝိညာဉ်လေဟို ပိုင်ဟူ ဘုရားသခင်ဟာ ကြာခန်မာ
ဖြစ်ရဟို့ ဇာလေဟို သူ့ရဲ့ စေခံလေဟို ပြဟို့တွပ် သူ့ရဲ့ ကောန်းဂန်တမန်ဟို
လွတ်လိုက်ဟုယ်” ဆိုဘီး မိန့်တော်မူလေဟုယ်။
7 ယေရှုဟ “နားထောန်ပါ။ ငါဟာ ဖြန်းဖြန်ဟုားလာမယ်။ အယ်စာစောန်ထဲမာ
ပရောဖက်ပြုဘီး ဟောပြောဟူ စကားလေဟို လိုက်နာဘီး စောန့်ထီးဟူသူဟာ
မင်္ဂလာရှိဟုယ်” ဆိုဘီး မိန့်တော်မူဟုယ်။

8 ငါယောဟန်ဟာ အယ်ကြောန်းရာလေဟို့ ဖြင်ရကြားရဟူသူ ဖြစ်ဟုယ်။ ငါဟာ
ဖြင်ရကြားရဟူ ခီမာ အယ်ဇာလေဟို့ပြဟူ ကောန်းဂန်တမန်ဟို့ ကိုးကွယ်ဟို့တွပ်
သူ့ရဲ့ခေရင်းမာ ပျပ်ဝပ်ဟူ ခီမာ၊
9 သူဟု “အယ်မျိုးလောက်န။ ငါဟာ နန်ဟုနေစဘီး နန့်ရဲ့ညီကိုလေ ဖြစ်ဂေ့ဟူ
ပရောဖက်လေန အယ်စာစောန်မာပါဟူ စကားလေဟို့ လိုက်နာစောန့်ထီးဟူ သူလေရဲ့
စေခံဖြစ်ဟုယ်။ ဘုရားသခင်ဟို့ ကိုးကွယ်ပါ” ဆိုဘီး ပြောဟုယ်။
10 အယ်ဘီးန ကောန်းဂန်တမန်ဟု “အယ်စာစောန်ထဲမာ ပရောဖက်ပြုဟူ
စကားလေဟို့ ဇိခပ်န။ ဖြားဖြစ်ကြောန့်နူးဆိုဟု ခီဟု နီးကပ်လာဘီ။
11 တရားဘဲဟူသူဟု ဆစ်ဘီးဟု တရားဘဲဟူဇာဟို့ လောက်ပါစေ။
ညစ်ညူးဟူသူဟု ညစ်ညူးဘီး နေပါစေ။ ဖြောန့်မတ်ဟူသူဟု ဆစ်ဘီးဟု
ဖြောန့်မတ်ဟူမှုဟို့ လောက်ပါစေ။ သန့်ရှင်းဟူသူဟု ဆစ်ဘီးဟု သန့်ရှင်းပါစေ”
ဆိုဘီး ငါ့ဟို့ပြောဟုယ်။
12 ယေရှုဟု “နားထောန်ပါ။ ငါဟု ဗြန်းဗြန်ဟုားလာမယ်။ ငါပေးဟို့ ကျိုးပြစ်လေဟို့
ယူလာဘီး လူလေ ဂူလောင်းဟို့ သူးနို့လောက်ဟူ ဇာလေတိုင်း ငါပေးမယ်။
13 ငါဟာ အာလဖန သြမေဃလည်း ဖြစ်ဟုယ်။ ဦးဆောင်းန နော့-က်ဆောင်းဖြစ်ဘီး
စနဆောင်းလည်း ဖြစ်ဟုယ်။
14 “ကိုယ့်ရဲ့ ဝတ်လောင်ဟို့ လျော်ဘီး ဖုလူအောန်လောက်ဟူ သူဟု
သတ်ပန်ရဲ့သီးဟို့ စားရဟူခွမ့်န ခွဇော့-က်ဟုနေဘီး ဗြို့ထဲဟို့ ဝမ်ရဟူခွမ့်ဟို့ ရဂေ့ဟူ
သူလေဟု မင်္ဂလာရှိဂေ့ဟုယ်။
15 ပ့လန်မာဟု ခွီးဖြစ်ဟူသူ၊ ပြုဇားတတ်ဟူသူ၊ တရားဘဲဟူ မေထုန်လောက်ဟူသူ၊
လူဟို့သတ်ဟူသူ၊ ရောက်ထုဟို့ ကိုးကွယ်ဟူသူန မုသားဟို့ နှစ်သက်ဘီး
ကျင့်ဂေ့ဟူသူလေ ရှိဂေ့ဟုယ်။”
16 “ငါယေရှုဟာ သင်းတော်လေတွပ် အယ်ကြောန်းရာလေဟို့ နန်းနို့ဟို့
သတ်သေခံဟို့တွပ် ငါ့ရဲ့ ကောန်းဂန်တမန်ဟို့ လွတ်လိုက်ဟုယ်။ ငါဟာ ဒါဝိဒ်ရဲ့မှလစ်န
မျိုးနွယ်ဖြစ်ဘီး ရရာတိုင်း လန်းဟူ မိုးသော့-က်ကြယ် ဖြစ်ဟုယ်” ဆိုဘီး
မိန့်တော်မူဟုယ်။
17 ဝိညာဉ်တော်န ဒို့သမီးလေဟာ “လာဂေ့ပါ” ဆိုဘီး ပြောဟုယ်။
ကြားရဟူသူဟုလည်း “လာဂေ့ပါ” ဆိုဘီး ပြောဂေ့စေ။
ရေငတ်ဟူသူဟာ လာပါစေ။ သတ်ရေဟို့ လိုရှင်ဟူသူဟာ အလဂါး ယူပါစေ။

နိဂေါင်း

18 အယ်စာစောန်မာပါဟူ ပရောဖက်ပြုဘီး ဟောပြောဟူ စကားလေဟို့ ကြားရဟူ
သူတိုင်းဟို့ ငါ့သတ်သေခံရှင်းလေဟို့ ဖယ်သူဘဲ့ဖြစ်ဖြစ် သစ်ပ့လန်ထဲ့မယ် ဆိုဟာ
ဘုရားသခင်ဟာ အယ်စာစောန်မာ ရေးဟုားဟူ ဘေးဒန်လေဟို့ အယ်သူထတ်မာ
ရော့-က်စေလေ့မယ်။

22:13 **ᎫᎫ.ᎾᎽ ᎳᎳ** ဗျာ ၁.၈; **ခ** ဗျာ ၁.၁၇; ၂.၈

19 ဖယ်သူဘဲ့ဖြစ်ဖြစ် အယ်ပရောဖက်ပြုဘီး ဟောပြောဟုးဟူ စာစောန်ထဲမာ
စကားလေဟို ဖယ်ပစ်မယ် ဆိုဟှာ အယ်စာစောန်မာ ရေးဟုးဟူ သတ်ပန်နရော၊
သန့်ရှင်းဟူဖြို့ဟိုရော၊ အယ်သူနဆိုင်ဟူ ဇာလေဟိုရော ဘုရားသခင်ဟှာ
နုပစ်လေ့မယ်။

20 အယ်ကြောန်းရာလေဟို သတ်သေခံဟူ သခင်ဟှာ "မှန်ပါဟှယ်! ငါဟှာ
ဗြန်းဗြန်ဟုးလာမယ်!" ဆိုဘီး မိန့်တော်မူလေဟှယ်။

အာမင်! သခင်ယေရှု ကြွလာတော်မူပါ!

21 သခင်ယေရှုရဲ့ ကျေးဇူးတော်ဟှာ သန့်ရှင်းဟူသူ ဂူလောင်း*နတူးဒူ ရှိပါစေ။
အာမင်။

* **22:21** ᏻᏻ.ᏻᏃ ဂူလောင်း၊ တချို့ မူရင်းလတ်ရေးမူလေမာ ဘုရားသခင်ရဲ့ လူမျိုးတော်၊ ဆိုဘီး ပါရှိဟှယ်။ တခြား မူရင်းလတ်ရေးမူလေမာ ဘုရားသခင်ရဲ့ လူမျိုးတော်လေ ဂူလောင်း၊ ဆိုဘီး ပါရှိဟှယ်။